# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – ပဉ္စမတွဲ

## ဝိပဿနာပိုင်း နှင့် သမထကမ္မဋ္ဌာန်းပိုင်း

ဖားအောက်တောရဆရာတော်

# နိဗ္ဗာနဂါမိနိပဋိပဒါ – ပဉ္စမတွဲ

Volume 5

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – ပဉ္စမတွဲ

## ဝိပဿနာပိုင်း နှင့် သမထကမ္မဋ္ဌာန်းပိုင်း

ဖားအောက်တောရဆရာတော်

# နိဗ္ဗာနဂါမိနိပဋိပဒါ

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – ပဥ္စမတွဲ

## ဝိပဿနာပိုင်း နှင့် သမထကမ္မဋ္ဌာန်းပိုင်း

### ဖားအောက်တောရဆရာတော်



**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။

မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။

ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

## ဓမ္မဒါန

**ဖားအောက်တောရ၌ ဓမ္မဒါနအဖြစ် အသုံးပြုရန် အတွက်သာ ဖြစ်သည်။**

**ဤကျမ်းစာကို မည်သူမဆို ကူးယူခွင့် ပုံနှိပ်ခွင့် ရှိသည်။**

First Edition

Copyright ©1998 Pa Auk Sayadaw

This book belongs to the Public Domain and may be reproduced without any further permission from the author.

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဗ္ဗာနဂါမိနိပဋိပဒါ
# နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ် – ပဉ္စမတွဲ

## မာတိကာ


စာမျက်နှာ စာမျက်နှာ

**နိဒါနကထာ** A

**ဝိပဿနာပိုင်း**

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ**

**သမ္မသနဉာဏ်စခန်း**

ကလာပသမ္မသန ခေါ် နယဝိပဿနာ 1
ထင်ရှားရာ လွယ်ကူရာက စပါ 6
သတိပြု၍ မှတ်သားပါ 7
အကြောင်း ဥပါယ်တံမျဉ် 7
ရုပ်နာမ် နှစ်ပါးနည်းအားဖြင့် ရှုနည်း 9
လက္ခဏာရေး သုံးတန် 9
အနိစ္စလက္ခဏာက စ၍ ရှုပုံ 13
သတိပြုရန် အချက်တစ်ရပ် 14
ဒုက္ခလက္ခဏာ 15
အနတ္တလက္ခဏာ 15
နာမ်တရားများကို ဝိပဿနာ ရှုပုံ 17
ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ 18
ရံခါ အဇ္ဈတ္တ ရံခါ ဗဟိဒ္ဓ, ရံခါ ရုပ်တရား
ရံခါ နာမ်တရား 19
သတိပဋ္ဌာန်လေးပါးသို့ ဝင်သွားပုံ 21
အထူးသတိပြုရန်အချက် 22
ဓမ္မာနုပဿနာ သတိပဋ္ဌာန် 22
အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌
ဝိပဿနာရှုပုံ 22
ခန္ဓာ (၅) ပါး ရှုနည်း 25
ဩဠာရိကရုပ် - သုခုမရုပ် 29
ဟီနရုပ် - ပဏီတရုပ် 30
ဒူရရုပ် - သန္တိကရုပ် 31
ဩဠာရိက ဝေဒနာ - သုခုမ ဝေဒနာ 34
ဇာတိ = ဇာတ်၏ အစွမ်းဖြင့်
ဩဠာရိက သုခုမ ဖြစ်ပုံ 34
သဘာဝ၏ အစွမ်းဖြင့် ဩဠာရိက
သုခုမ ဖြစ်ပုံ 37
လှုပ်ရှားမှု - ချောက်ချားမှု 38
ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဩဠာရိက
သုခုမ ဖြစ်ပုံ 38
လောကီ လောကုတ္တရာ၏ အစွမ်းဖြင့်
ဩဠာရိက သုခုမ ဖြစ်ပုံ 39
ရှောင်ရှားသင့်သော အချက် 39
အချင်းချင်း ထောက်ဆ၍ ထောက်ဆ၍
ဩဠာရိက သုခုမ ယူပုံ 40
တစ်နည်း ဩဠာရိက သုခုမ ခွဲပုံ 41
ဟီန - ပဏီတ = အယုတ် - အမြတ် 43
ဒူရ - သန္တိက = အဝေး - အနီး 43
သင်္ခါရက္ခန္ဓာ 43
အကျုံးဝင်နိုင်ပုံ 44
နာမ်ခန္ဓာ လေးပါး 45
ရူပက္ခန္ဓာ၌ ခွဲ၍ ရှုပုံ 45
လက္ခဏဝတ္ထာန ဝါရ = အနိစ္စသမ္မသန,
ဒုက္ခသမ္မသန, အနတ္တသမ္မသန 47
သီဟောပမသုတ္တန် 47

သင်္ခါရဒုက္ခသည်သာ လိုရင်းဖြစ်သည် 50
သမ္မသနအပြား 50
အနိစ္စာနုပဿနာ ပရိယာယ် 51
ရှုပုံစနစ် 52
အာယတန (၁၂) ပါးနည်း,
ဓာတ် (၁၈) ပါးနည်း 52
သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်ရှုကွက်များ 53
သတိပဋ္ဌာန်ကျင့်ထုံး ဥပဒေသများ 54
ဝေဒနာနုပဿနာ သတိပဋ္ဌာန် 55
လွယ်ကူသော စနစ်တစ်ခု 56
စိတ္တာနုပဿနာ သတိပဋ္ဌာန် 57
ဓမ္မာနုပဿနာ သတိပဋ္ဌာန် 57
အတိတ်, အနာဂတ်, ပစ္စုပ္ပန် 58
အသုဘ ဘာဝနာ 58
သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့်
မူလဋီကာ အဖွင့် 58
အနုပါဒိန္နက ပက္ခ 59
စေတိယပဗ္ဗတဝါသီ မဟာတိဿထေရ် 60
အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပုံ 61
သဝိညာဏကအသုဘ - အဝိညာဏက
အသုဘ 62
သမထနှင့် ဝိပဿနာ 62
ဟတ္ထေဂဟိတပဉ္စဝတ္ထု = လက်ကိုကိုင်၍
ပြောပြသော ဝတ္ထု 62
သဘာဂ - ဝိသဘာဂ 62
ဝိပဿနာပိုင်း အဝိညာဏကအသုဘ =
သေအသုဘ ရှုကွက် 64
သူသေကောင် (၉) မျိုး 66
လက္ခဏာယာဉ် တင်ပါ 67
ခြင်းချက် အနည်းငယ် 67
အခက်အခဲတစ်ရပ် 68
ရာဂကိုတိုက်ဖျက်ရေး 68
သဝိညာဏကအသုဘ = ရှင်အသုဘရှုကွက် 69
ရုပ်ပရမတ်တရားတို့ကိုလည်း အသုဘရှုပုံ 70
အာဒီနဝါနုပဿနာ 71
သမထနှင့် ဝိပဿနာ 71
နာမ်တရားတို့၏ အသုဘသဘော 72
အဋ္ဌကထာကြီးများ၏ သတ်မှတ်ချက် 73
ရုပ်-နာမ် တွဲ၍လည်း ရှုပါ 74
ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များ 75
**သဘော (၄၀) ရှုကွက်** 76
**အနိစ္စလက္ခဏာ (၁၀) ချက်** 76
၁။ အနိစ္စတော 77
၂။ ပလောကတော 77
၃။ စလတော 78
၄။ ပဘင်္ဂုတော 78
၅။ အဒ္ဓုဝတော 78
၆။ ဝိပရိဏာမဓမ္မတော 79
၇။ အသာရကတော 79
၈။ ဝိဘဝတော 79
၉။ မရဏဓမ္မတော = မစ္စု 80
၁၀။ သင်္ခတတော 80
**ဒုက္ခလက္ခဏာ (၂၅) ချက်** 81
၁။ ဒုက္ခတော 82
ဝိပဿနာ မဟုတ်သေးသည်ကို သတိပြုပါ 83
၂။ ရောဂတော 84
၃။ အဃတော 85
၄။ ဂဏ္ဍတော 85
၅။ သလ္လတော 86
၆။ အာဗာဓတော 87
၇။ ဥပဒ္ဒဝတော 87
၈။ ဘယတော 88
၉။ ဤတိတော 88
၁၀။ ဥပသဂ္ဂတော 89
၁၁။ အတာဏတော 90
၁၂။ အလေဏတော 91
၁၃။ အသရဏတော 91
၁၄။ ဝဓကတော 91
၁၅။ အဃမူလတော 92
၁၆။ အာဒီနဝတော 92
၁၇။ သာသဝတော 93

၁၈။ မာရာမိသတော 93
၁၉။ ဇာတိဓမ္မတော, ၂၀။ ဇရာဓမ္မတော,
၂၁။ ဗျာဓိဓမ္မတော 94
၂၂။ သောကဓမ္မတော, ၂၃။ ပရိဒေဝဓမ္မတော,
၂၄။ ဥပါယာသဓမ္မတော, 95
၂၅။ သံကိလေသိကဓမ္မတော 95
**အနတ္တလက္ခဏာ (၅) ချက်** 96
၁။ အနတ္တတော 97
၂။ ပရတော 97
၃။ ရိတ္တတော 98
၄။ တုစ္ဆတော 98
၅။ သုညတော 99
ကိုယ့်တွက်ကိုယ်တာ ကျင့်ကြံပါ 100
ဣန္ဒြေထက်မြက်ကြောင်းတရား (၉) ပါး 101
ရှုလို့ရနိုင်ပါသလား 105
အရူပနိဗ္ဗတ္တိပဿနာကာရ(ဝိသုဒ္ဓိ-၂-၂၅၂။) 106
ဉာဏ်၏ အာနုဘော် ကြီးမားပုံ 108
ပညာဘာဝနာ ပြည့်စုံနိုင်ပါသည် 110
ရှေးဟောင်းလမ်းရိုးကြီးသာ ဖြစ်သည် 110
အနတ္တလက္ခဏသုတ္တန် ဒေသနာတော် 112
အနတ္တလက္ခဏသုတ္တန်
ဒေသနာတော် မြန်မာပြန် 114
အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး 119
အရှင်သာရိပုတ္တကိုယ်တော်မြတ်ကြီး 120
အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး 121
အာနန္ဒသုတ္တန် ဒေသနာတော် 121
အာနန္ဒသုတ္တန် မြန်မာပြန် 121
အသိဉာဏ်၌ မထင်လာသောတရားများ 127
အနိစ္စသုတ္တန် 129
အနုလောမိကာခန္တီ 130
**ရူပသတ္တကရှုနည်း** 131
၁။ အာဒါနနိက္ခေပနအားဖြင့် ရှုနည်း 131
အနိစ္စအခြင်းအရာ 131
ဒုက္ခအခြင်းအရာ 133
အနတ္တ အခြင်းအရာ 134
အနှစ်တစ်ရာဟူသည် 135
၂။ ဝယောဝုဍ္ဎတ္ထင်္ဂမအားဖြင့် ရှုနည်း 135
"ကြွ - ဆောင် - လွဲ - လွှတ် - ချ - ဖိ" 137
ခတ်လွန် - ခတ်ယုတ် 138
၃။ အာဟာရမယရုပ် - ရှုနည်း 139
၄။ ဥတုမယရုပ် - ရှုနည်း 140
၅။ ကမ္မဇရုပ် - ရှုနည်း 140
၆။ စိတ္တသမုဋ္ဌာန်ရုပ် - ရှုနည်း 140
၇။ ဓမ္မတာရုပ် - ရှုနည်း 143
**အရူပသတ္တက ဝိပဿနာ ရှုနည်း** 144
၁။ ကလာပအားဖြင့် ရှုနည်း 144
ရှေ့စိတ် - နောက်စိတ် 145
၂။ ယမက = အစုံအားဖြင့် ရှုနည်း 149
၃။ ခဏိကအားဖြင့် ရှုနည်း 149
၄။ ပဋိပါဋိ = အစဉ်အားဖြင့် ရှုနည်း 150
၅။ ဒိဋ္ဌိဥဂ္ဃါဋန = ဒိဋ္ဌိကို ခွာသော
အားဖြင့် ရှုနည်း 151
၆။ မာနဥဂ္ဃါဋန = မာနကို ခွာသော
အားဖြင့် ရှုနည်း 151
၇။ နိကန္တိပရိယာဒါန = တဏှာ (= နိကန္တိ)
ကုန်အောင် မဖြစ်အောင် ရှုနည်း 152
ဒိဋ္ဌိဥဂ္ဃါဋန - မာနဥဂ္ဃါဋန -
နိကန္တိပရိယာဒါန (၅ - ၆ - ၇။) 152
အဝသဝတ္တနဋ္ဌေန အနတ္တာ 153
ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ 154
ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာ 155
လိုရင်းအကျဉ်းချုပ်မှတ်သားရန် 156
ပဂုဏ ဖြစ်လေပြီ 158
မဟာဝိပဿနာ (၁၈) မျိုး 158
အနိမိတ္တာနုပဿနာ အပ္ပဏိဟိတာနုပဿနာ
သုညတာနုပဿနာ 161
အနိမိတ္တာနုပဿနာ 161
အပ္ပဏိဟိတာနုပဿနာ 164
သုညတာနုပဿနာ 165
အဓိပညာဓမ္မဝိပဿနာ 165
ယထာဘူတဉာဏဒဿန 165

## ဥဒယဗ္ဗယဉာဏ်ခန်း


ဥဒယဗ္ဗယဒဿန (၂) မျိုး 167
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌
ဟောကြားထားတော်မူပုံ 167
ပစ္စုပ္ပန်ဟူသည်မှာ 168
စဉ်းစားရန် အချက်များ 172
ဤ၌ ဆိုလိုသော သဘောတရား 173
အဓိပ္ပါယ်ယူဆပုံ 175
ဘဝကို အဆုံးထား၍ ဟောကြားတော်
မူရခြင်း 177
ရှုပုံစနစ် 179
လက္ခဏာယာဉ်ကို တင်ပါ 180
တူညီပုံကို ဤသို့ သဘောပေါက်ပါ 185
မြတ်သောအသက်ရှင်ခြင်း 186
ဥဒယဗ္ဗယ အကျယ် ရှုပွားနည်း - 187
ရူပက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 187
ရူပက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 187
ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 187
ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 187
သညာက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 188
သညာက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 188
သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 188
သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 188
ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 189
ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 189
နိဗ္ဗတ္တိလက္ခဏာ 192
အဝိဇ္ဇာနိရောဓာ ရူပနိရောဓော 193
အရဟတ္တမဂ်ကို ရရှိမည့် အချိန် 193
ဥပ္ပါဒနိရောဓ - အနုပ္ပါဒနိရောဓ 196
နိရောဓ (၅) မျိုး 196


**သမုဒယဓမ္မာနုပဿီပိုင်း – ဥဒယဒဿန = အဖြစ်သက်သက် ရှုနည်း**


ပဋိသန္ဓေ - ရူပက္ခန္ဓာ 197
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 198
ပဋိသန္ဓေ - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 199
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ပထမနည်း) 199
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ဒုတိယနည်း) 199
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 200
ဘဝင် - ရူပက္ခန္ဓာ၌ ဥဒယရှုပုံ 200
ဘဝင် - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 201
ဘဝင် - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 202
ဘဝင် - သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ပထမနည်း) 202
ဘဝင် - သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ဒုတိယနည်း) 202
ဘဝင် - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 203
ပဉ္စဒွါရာဝဇ္ဇန်း - ရူပက္ခန္ဓာ၌ ဥဒယရှုပုံ 203
ရူပါရုံလိုင်း - ပဉ္စဒွါရာဝဇ္ဇန်း -
ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 203
ပဉ္စဒွါရာဝဇ္ဇန်း - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 204
ပဉ္စဒွါရာဝဇ္ဇန်း - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ
(ပထမနည်း) 204
ပဉ္စဒွါရာဝဇ္ဇန်း - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ
(ဒုတိယနည်း) 204
ပဉ္စဒွါရာဝဇ္ဇန်း - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 205
စက္ခုဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 205
စက္ခုဝိညာဏ် - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 205
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ -
(ပထမနည်း) 206
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ
(ဒုတိယနည်း) 206
စက္ခုဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 206
သမ္ပဋိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 207
သမ္ပဋိစ္ဆိုင်း - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 207
သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ပထမနည်း) 207
သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာ၌
ဥဒယရှုပုံ (ဒုတိယနည်း) 208

သမ္မသနစ္ဆိုင်း - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 208
စက္ခုဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော
ဝေဒနာက္ခန္ဓာ 209
ရူပါရုံလိုင်း - မနောဒွါရဝီထိ - မဟာကုသိုလ်
ဒုတိယဇော ဝေဒနာက္ခန္ဓာ 209

**ဝယဓမ္မာနုပဿီပိုင်း**

ဝယဓမ္မာနုပဿီဟူသည် 210
ပဋိသန္ဓေ - ရူပက္ခန္ဓာ၌ ဝယရှုပုံ 211
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 212
ပဋိသန္ဓေ - သညာက္ခန္ဓာ၌ ဝယရှုပုံ 212
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ
(ပထမနည်း) 212
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ
(ဒုတိယနည်း) 213
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 213
စက္ခုဝိညာဏ် - ရူပက္ခန္ဓာ၌ ဝယရှုပုံ 214
စက္ခုဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 214
စက္ခုဝိညာဏ် - သညာက္ခန္ဓာ၌ ဝယရှုပုံ 215
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ
(ပထမနည်း) 215
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ
(ဒုတိယနည်း) 215
စက္ခုဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 216
ယေဘုယျ အကြံပေးချက် 216
သောတဝိညာဏ် - ရူပက္ခန္ဓာ၌ ဥဒယရှုပုံ 217
သောတဝိညာဏ် - ရူပက္ခန္ဓာ၌ ဝယရှုပုံ 217
သောတဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 218
သောတဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 218
သောတဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 218
သောတဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 219

**သမုဒယဝယဓမ္မာနုပဿီပိုင်း**

သမုဒယဝယဓမ္မာနုပဿီဟူသည် 221
ပဋိသန္ဓေ - ရူပက္ခန္ဓာ၌ ဥဒယ-ဝယ ရှုပုံ 222
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဥဒယ-ဝယ ရှုပုံ 223
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဥဒယ-ဝယရှုပုံ
(ဒုတိယနည်း) 224
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဥဒယ-ဝယရှုပုံ 225
ဘဝင် ရူပက္ခန္ဓာ စသည့် ရူပက္ခန္ဓာ၌
ဥဒယ-ဝယရှုပုံ 226
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ အဆို 228
မဟာဋီကာ၏ ပြန်လည်ချေပချက် 229
ထပ်မံ ရှင်းလင်းချက် 231
အဋ္ဌကထာကြီးများနှင့် နှီးနှောမိပါသည် 234
သစ္စ - ပဋိစ္စသမုပ္ပါဒ် - နယ - လက္ခဏာတို့
ထင်ရှားပြီ - သစ္စာလေးပါး ထင်ရှားပုံ 236
ပဋိစ္စသမုပ္ပါဒ် သဘောတရား ထင်ရှားလာပုံ 239
နည်းလေးပါး ထင်ရှားလာပုံ 240
လက္ခဏာ ငါးပါး ထင်ရှားလာပုံ 242
တရုဏ ဝိပဿနာဉာဏ် 245
သစ္စကအမေး - ဘုရားရှင်အဖြေ 245
သတိပဋ္ဌာန်ကျင့်စဉ် - တတိယဆင့် 248
ဝိပဿနုပက္ကိလေသ (၁၀) ပါး 249
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြား
ထားတော်မူပုံ 250
၁။ ဩဘာသ = အရောင်အလင်း 251
မဟာနာဂမထေရ် 254
၂။ ဉာဏ = ဝိပဿနာဉာဏ် 256
၃။ ပီတိ = ဝိပဿနာပီတိ 256
၄။ ပဿဒ္ဓိ = ဝိပဿနာပဿဒ္ဓိ 256
၅။ သုခ = ဝိပဿနာသုခ 258
၆။ အဓိမောက္ခ = သဒ္ဓါဓိမောက္ခ 259
၇။ ပဂ္ဂဟ = ဝိပဿနာဝီရိယ 259
၈။ ဥပဋ္ဌာန = ဝိပဿနာသတိ 259
၉။ ဥပေက္ခာ = ဝိပဿနုပေက္ခာ +
အာဝဇ္ဇနုပေက္ခာ 260
အာဝဇ္ဇန်း၏ ထက်မြက်မှု 261
၁၀။ နိကန္တိ = ဝိပဿနာနိကန္တိ 261
ဥပက္ကိလေသနှင့် ဥပက္ကိလေသဝတ္ထု 262
အရိယမဂ် ဟုတ်သည် မဟုတ်သည်ကို
ပိုင်းခြားမှတ်သားခြင်း 263
အကျိုးဂုဏ်အင် အာနိသင် 266

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ


ဥပက္ကိလေသမှ လွတ်မြောက်သွားသော တဇ္ဇာပညတ် 273
ဥဒယဗ္ဗယဉာဏ် 267
လက္ခဏာရေး သုံးတန် မထင်မှု ထင်မှု 269
လက္ခဏာယာဉ်ကို တင်ပါ 275
ဣရိယာပထ - သမ္ပဇည ရှုကွက် 276


## ဘင်္ဂါနုပဿနာဉာဏ်ခန်း


ဘင်္ဂါနုပဿနာဉာဏ်ဟူသည် 278
ဥပ္ပါဒ - ဌိတိ - ပဝတ္တ 279
နိမိတ္တ 281
ချုပ်မှုဟူသည် 283
ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံ ပရမတ်တရားများ 284
အချုပ်မှတ်သားရန် 285
လက္ခဏာရေး သုံးတန် 286
ရှုစိတ်ဟူသည် 287
ရှုကွက်ပုံစံများ 287
ဘင်ဉာဏ်၏ မှတ်ကျောက် တစ်ခု 288
သတိပဋ္ဌာန်လေးပါး = အနုပဿနာလေးပါး 291
ဝတ္ထု + အာရုံ + ဝေဒနာ 293
ဝတ္ထု + အာရုံ + ဝိညာဏ် 293
ဝတ္ထု + အာရုံ + ဖဿ 293
ဝိပဿနာရှုသည့် ဉာဏ် 294
အကျိုးဂုဏ်အင် အာနိသင် 295
လက္ခဏာယာဉ်ကို တင်ပါ 296
ဝိပဿနာ အခိုက် သမုဒယ ချုပ်ပုံ 297
အန္ဝယဉာဏ်ဖြင့် မှန်းဆရှုပုံ 297
ခွာနိုင် ပယ်နိုင်သည် 300
အကျိုးအာနိသင် (၈) ပါးဖြင့် ခြံရံအပ်သော ဘင်္ဂါနုပဿနာဉာဏ် 308
သတိပဋ္ဌာန်လေးပါးသို့ သက်ဝင်ပုံ 309
(၁) ပထမ စတုက္က 309
(၂) ဒုတိယ စတုက္က 310
(က) ပီတိ ပဋိသံဝေဒီ 311
(ခ) သုခ ပဋိသံဝေဒီ 311
(ဂ) စိတ္တသင်္ခါရ ပဋိသံဝေဒီ 313
(ဃ) ပဿမ္ဘယံ စိတ္တသင်္ခါရံ 313
ဝေဒနာနုပဿနာ 314
ဝေဒနာ တစ်ခုတည်းကိုပင် ရှုရမည်လော? 314
(၃) တတိယ စတုက္က 314
(က) စိတ္တ ပဋိသံဝေဒီ 315
(ခ) အဘိပ္ပမောဒယံ စိတ္တံ 316
(ဂ) သမာဒဟံ စိတ္တံ 317
(ဃ) ဝိမောစယံ စိတ္တံ 318
ဒိဋ္ဌ - အဒိဋ္ဌ တရား 320
စိတ်တစ်ခုတည်းကိုပင် ရှုရမည်လော? 321
(၄) စတုတ္ထ စတုက္က 321
(က) အနိစ္စာနုပဿီ 322
(ခ) ဝိရာဂါနုပဿီ 324
(ဂ) နိရောဓာနုပဿီ 325
(ဃ) ပဋိနိဿဂ္ဂါနုပဿီ 325
သုဒ္ဓဝိပဿနာနှင့် သမထဝိပဿနာ 326
သတိပဋ္ဌာန်ကျင့်စဉ် စတုတ္ထဆင့်သို့ ဆိုက်ပြီ 327
ဣရိယာပထ - သမ္ပဇည ရှုကွက် 328
သေသူ - ရှင်သူ = လူသေ နှင့် လူရှင် 329


## ဘယတုပဋ္ဌာနဉာဏ်ခန်း


ဘယဉာဏ်ဟူသည် 330
ဘယဉာဏ်သည် ကြောက်တတ်ပါသလော? 330
ပစ္စုပ္ပန်ဟူသည် 331
လောကဥပမာများ 331
ကြောက်မက်ဖွယ် ဘယသဘောအားဖြင့် ထင်ပုံ 332
ဘယဉာဏ်၏ အရှုခံအာရုံတရား 333

## အာဒီနဝါနုပဿနာဉာဏ်ခန်း


အာဒီနဝါနုပဿနာဉာဏ် 334
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြား ထားတော်မူပုံ 335
ဒုက္ခ - သာမိသ - သင်္ခါရ 337
ဉာဏ် (၁၀) ပါး 339


## နိဗ္ဗိဒါနုပဿနာဉာဏ်ခန်း


နိဗ္ဗိဒါနုပဿနာဉာဏ် = နိဗ္ဗိန္ဒဉာဏ် 340
တရားကိုယ် အနက်သဘောတူသော ဉာဏ်သုံးပါး 341


## မုဉ္စိတုကမျတာဉာဏ်ခန်း


သင်္ခါရတရားတို့မှ လွတ်မြောက် လိုသောဉာဏ် 342


## ပဋိသင်္ခါနုပဿနာဉာဏ်ခန်း


ပဋိသင်္ခါနုပဿနာဉာဏ် 343
အနိစ္စဟု ရှုပုံ 344
ဒုက္ခဟု ရှုပုံ 344
အသုဘဟု ရှုပုံ 346
အနတ္တဟု ရှုပုံ 346
လောကဥပမာ တစ်ရပ် 347
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ ဟောကြားတော်မူချက် 347


## သင်္ခါရုပေက္ခာဉာဏ်ခန်း


ဒွိကောဋိကာ သုညတာနုပဿနာ 349
စတုကောဋိကာ သုညတာနုပဿနာ 350
၁။ နာဟံ ကွစနိ 351
၂။ ကဿစိ ကိဉ္စနတသ္မိံ 351
အတ္တ အတ္တနိယ သုညတ 352
၃။ န စ (မမ) ကွစနိ 352
၄။ မမ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ 352
ဆကောဋိက - ဆဟာကာရ- သုညတာနုပဿနာ 353
အဋ္ဌ အာကာရ = အဋ္ဌကောဋိက- သုညတာနုပဿနာ 354
ဒသဟာကာရ = ဒသကောဋိက သုညတာနုပဿနာ 354
ဒွါဒသဟာကာရ သုညတာနုပဿနာ 355
ဒွါစတ္တာလီသာ အာကာရ- သုညတာနုပဿနာ 356
(၄၂) ပါးသော အခြင်းအရာ 358
ရှင်သေမင်း မမြင်နိုင်သူ 359
ဘယနှင့် နန္ဒီ 359
ငြိမ်နေတတ်ပုံ 361
အရေးအကြီးဆုံးသော အချိန်တစ်ချိန် 362
ဣရိယာပထ - သမ္ပဇည ရှုကွက် အမြွက် 363
မျက်စိဖွင့်၍ ရှုကြည့်ပါ 363
ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ သင်္ခါရအာရုံ၌ ကပ်၍ တည်နေခဲ့သော် 364
ပုဂ္ဂလဇ္ဈာသယ 364
ယုဂနဒ္ဓသုတ္တန် (အံ-၁-၄၇၅။) 366
ဘာသာပြန်နှင့် အဓိပ္ပါယ် ရှင်းလင်းချက် 367
ဒိသာကာက - ကျီး 372
ဝိမောက္ခမုခ (၃) မျိုး 374
အနိစ္စာနုပဿနာ = အနိမိတ္တဝိမောက္ခ 374
သဒ္ဓိန္ဒြေ အဖြစ်များပုံ 375

ဒုက္ခာနုပဿနာ = အပ္ပဏိဟိတဝိမောက္ခ 376
အနတ္တာနုပဿနာ = သုညတဝိမောက္ခ 377
မုချနှင့် ပရိယာယ် 378
သုညတ အမည်ရပုံ 379
အပ္ပဏိဟိတ အမည်ရပုံ 381
လက္ခဏာရေး သုံးတန် 382
အရိယပုဂ္ဂိုလ် (၇) မျိုး - ဝေဖန်ပုံ 384
မေးမြန်းဖွယ် အချက် 384
မုချအားဖြင့် ယူပုံ 385
နိပ္ပရိယာယ = မုချအားဖြင့် ယူပုံ -
ပုဂ္ဂိုလ် (၇) မျိုး 386
သုံးမည်ရ ဉာဏ် 387
ဝုဋ္ဌာနဂါမိနီဝိပဿနာ 388
မန္ဒပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ 389
တိက္ခပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ 389
ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အာရုံ 390
အဘိနိဝေသနှင့် ဝုဋ္ဌာန အမျိုးအစား 391
တေဘူမက ကမ္မဋ္ဌာနိက ပုဂ္ဂိုလ်မြတ်ကြီး 395
ပုဂ္ဂိုလ် အမျိုးအစား 396
ဥပမာ (၁၂) ရပ် 397
၁။ ဝဂ္ဂုလိ = လင်းနို့ 397
၂။ ကဏှသပ္ပ = မြွေဟောက် 398
၃။ ဃရံ = အိမ် 399
၄။ ဂေါ = နွား 400
၅။ ယက္ခီ = ဘီလူးမ 400
၆။ ဒါရက = သူငယ် 401
ကြွင်းဥပမာ (၆) ရပ် 401
အမတရသံ ကာယဂတာသတိဘောဇနံ 402
တွန့်လိပ်သော စိတ်ထားရှိသူ 404
ဗောဇ္ဈင် - မဂ္ဂင် - ဈာနင် - ပဋိပဒါ -
ဝိမောက္ခ - ထူးခြားမှု 404
၁။ ပထမတ္ထေရဝါဒ - ပါဒကဈာနဝါဒ 405
၂။ ဒုတိယတ္ထေရဝါဒ = သမ္မသိတဈာနဝါဒ 408
၃။ တတိယတ္ထေရဝါဒ =
ပုဂ္ဂလဇ္ဈာသယ ဈာနဝါဒ 409
တိပိဋကစူဠနာဂမထေရ်၏ဝါဒ၌ စိစစ်ချက် 410
မောရဝါပီဝါသီ မဟာဒတ္တမထေရ်၏ ဝါဒ၌
စိစစ်ချက် 412
တိပိဋကစူဠာဘယမထေရ်၏ဝါဒ၌ စိစစ်ချက် 413
ပဋိပဒါ (၄) မျိုး 415
အဋ္ဌသာလိနီ အဋ္ဌကထာ၏ သုံးသပ်ချက် 415
အဋ္ဌကထာဆရာတော်တို့ နှစ်သက်သည့်ဝါဒ 416
၁။ ပထမ - ရူပါရူပပရိဂ္ဂဟ ဝါဒ 416
၂။ ဒုတိယ - နာမရူပဝဝတ္ထာပန ဝါဒ 417
၃။ တတိယ - ပစ္စယပရိဂ္ဂဟ ဝါဒ 418
၄။ စတုတ္ထ - လက္ခဏပဋိဝေဓ ဝါဒ 418
၅။ ပဉ္စမ - နိကန္တိပရိယာဒါနဝါဒ 418
အဋ္ဌကထာဆရာတော်တို့
နှစ်သက်တော်မူသော ဝါဒ 419
မဟာဋီကာဆရာတော်၏ သုံးသပ်ချက် 419
ပဋိပဒါ ကွဲပြားမှု တူညီမှု 420
တစ်နည်းအရိယမဂ်ဉာဏ်၏အမည်များ ရရှိပုံ 422
ပဋိသန္ဓေကျိုးကို ပေးနိုင်သည့်
သင်္ခါရုပေက္ခာမျိုး 424
အရေးအကြီးဆုံးသော အချိန် 426
သောတာနုဂတသုတ္တန် 426

## အနုလောမဉာဏ်ခန်း

သစ္စာနုလောမိကဉာဏ် 433
ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အမည်များ 437
၁။ အတမ္မယတာ 437
၂။ နိဗ္ဗိဒါ 439
၃။ မုဉ္စိတုကမျတာဉာဏ် 439
၄။ သညဂ္ဂ 441
၅။ ပါရိသုဒ္ဓိပဓာနိယင်္ဂ 441
၆။ မုဉ္စိတုကမျတာဉာဏ် + ပဋိသင်္ခါ-
နုပဿနာဉာဏ် + သင်္ခါရုပေက္ခာဉာဏ် 441
၇။ အနုလုံ ဂေါတြဘု ဝေါဒါန် 442
၈။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ 442
နိမိတ္တနှင့် ပဝတ္တမှ ထပုံ ဖြတ်ထုံး 443

၁။ မဟာပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
၂။ မဇ္ဈိမပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
၃။ မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
အနုပါဒိန္နက ဝုဋ္ဌာန = အနုပါဒိန္နက ခန္ဓာအစဉ်မှ ထပုံ 448
ဥပါဒိန္နက ဝုဋ္ဌာန = ဥပါဒိန္နက ခန္ဓာအစဉ်မှ ထပုံ 449
(၇) ဘဝ အယူအဆ 449
သောတာပန် သုံးမျိုး 450
သတ်မှတ်ပေးသောတရား 450
ထပ်မံ ရှင်းလင်းချက်များ 451
သမ္မောဟဝိနောဒနီ အဋ္ဌကထာ၏ ဖွင့်ဆိုချက် 452
အထက်မဂ် သုံးပါးတို့ ပဝတ္တမှ ထပုံ 453
အနုပဒဓမ္မ ဝိပဿနာ 457
အဝိဇ္ဇာနှင့် ဝိဇ္ဇာ 460

## ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

ပထမမဂ်ဉာဏ် = သောတာပတ္တိမဂ်ဉာဏ် 463
သောတာပန် ပုဂ္ဂိုလ် 466
ဒုတိယမဂ်ဉာဏ်ပိုင်း 469
ကိလေသာ ခေါင်းပါးမှု 469
တစ်ကြိမ်သာပြန်လာသူ 470
တတိယမဂ်ဉာဏ်ပိုင်း 471
စတုတ္ထမဂ်ဖိုလ် = အရဟတ္တမဂ်ဖိုလ် 472
သတိပဋ္ဌာန် လေးပါး ပြည့်စုံပြီ 473
ဗောဓိပက္ခိယတရား (၃၇) ပါး 474
အရိယမဂ်ခဏ၌ ဗောဓိပက္ခိယတရား (၃၇) ပါး ဖြစ်ပုံ 479
တရားကိုယ် ကောက်ယူပုံ 481
နိမိတ္တ-ပဝတ္တမှ ထပုံ ဝုဋ္ဌာနပိုင်း 483
ဂေါတြဘုဉာဏ် 484
ဥဘတောဝုဋ္ဌာန - မဂ်ဉာဏ် 485
သမထဗလ ဝိပဿနာဗလ = သမထစွမ်းအား ဝိပဿနာစွမ်းအား 489
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားပုံ 489
အရိယမဂ်တရားက ပယ်ရှားသည့်ကိလေသာ 490
ဘူမိလဒ္ဓုပ္ပန္န ကိလေသာ 492
ဘူမိအမည် မရနိုင်သည့် ခန္ဓာ 495
မည်သည့် ခန္ဓာ၌ ကိန်းသနည်း? 495
သစ္စာလေးပါးကို တစ်ပြိုင်နက် သိပုံ 497
ယုတ္တိသာဓက ပါဠိတော် 499
ဥပမာ ဥပမေယျ နှီးနှောချက် 500
သစ္စာအနက် (၁၆) ချက် 501
ဒုက္ခသစ္စာအနက် (၄) ချက် 501
မှတ်သားထားရန် ထူးခြားချက် 504
သမုဒယသစ္စာအနက် (၄) ချက် 504
နိရောဓသစ္စာအနက် (၄) ချက် 505
မဂ္ဂသစ္စာအနက် (၄) ချက် 507
စောဒနာဖွယ် အချက်များ 510
ပရိညာဘိသမယ 513
ပဟာနာဘိသမယ 515
မဟာဝိပဿနာ (၁၈) မျိုး 516
သစ္ဆိကိရိယာဘိသမယ 518
ဘာဝနာဘိသမယ 520
ပညာဘာဝနာ၏ အကျိုးဂုဏ်အင် အာနိသင် 522
ဖလသမာပတ္တိကထာ 522
အသိစိတ် မချုပ်ပါ 528
အရှည်တည်တံ့ရန် အကြောင်း သုံးမျိုး 531
ဖလသမာပတ်မှ ထနိုင်ခြင်း၏ အကြောင်း နှစ်မျိုး 532
ဝိပဿနာ သုံးမျိုး 535
ဘုရားရှင်၏ တိုက်တွန်းချက် ဥယျောဇဉ် 536
အာနာပါနဿတိ၏ အကျိုးဂုဏ်အင် အာနိသင် 537

# သမထကမ္မဋ္ဌာန်းပိုင်း


ရည်ညွှန်းချက် အာသီသ 540
ကမ္မဋ္ဌာန်း အမျိုးအစား 540
သဗ္ဗတ္ထက - ပါရိဟာရိယ 541
သဗ္ဗတ္ထကကမ္မဋ္ဌာန်း 541
အကျိုးဂုဏ်အင် အာနိသင် 541
စတုရာရက္ခ ကမ္မဋ္ဌာန်း = အစောင့်လေးပါး
ကမ္မဋ္ဌာန်း 543
ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း 543
ဥပစာရကမ္မဋ္ဌာန်း - အပ္ပနာကမ္မဋ္ဌာန်း 544
(၃၂) ကောဋ္ဌာသ 545
ဗဟိဒ္ဓလောကသို့ စိတ်ကို စေလွှတ်ကြည့်ပါ 549
စိတ်ဓာတ်၏ ထက်မြက်သော စွမ်းအင်သတ္တိ 549
လုပ်ငန်းခွင်စတင်ပုံ 549
လမ်းသုံးသွယ် 550
ပဋိကူလမနသိကာရ 552
မဟာတိဿမထေရ်မြတ်ကြီး 553
သံဃရက္ခိတမထေရ်မြတ်ကြီး၏
အလုပ်အကျွေး သာမဏေ 554
မလ္လကမထေရ်မြတ် 556
အရိုးစုကမ္မဋ္ဌာန်း 557
စျာန်အင်္ဂါ ငါးပါး 558
ဗဟိဒ္ဓသို့ 559
မေးမြန်းတတ်သော မေးခွန်းတစ်ရပ် 560
အရိုးစု ကမ္မဋ္ဌာန်း (၂) မျိုး 560
အဘိဘာယတနစျာန် 562
အမှတ် (၁) ပုဂ္ဂိုလ် 566
အမှတ် (၂) ပုဂ္ဂိုလ်မှ အမှတ် (၈) ပုဂ္ဂိုလ် 568
စရိုက်နှင့် လျော်စွာ ဟောကြားတော်မူပုံ 569
အဇ္ဈတ္တံ ရူပသညီ - ဟု ဟောတော်မူခြင်း 570
ဩဒါတကသိုဏ်း 572
နိမိတ္တဝဍ္ဍနနယ = နိမိတ်ကို တိုးပွားအောင်
ပြုလုပ်နည်း 576
အထူးသတိပြုရန် အချက်တစ်ရပ် 580
နိမိတ်သုံးမျိုးနှင့် ဘာဝနာသုံးမျိုး 581
စျာန်အင်္ဂါ ငါးပါး 583
ဒုတိယစျာန်သို့ 584
တတိယစျာန်သို့ 585
စတုတ္ထစျာန်သို့ 585
အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၌
ဖြစ်တတ်ပုံ 587
နီလကသိုဏ်း = အညိုရောင်ကသိုဏ်း 588
ပီတကသိုဏ်း = အဝါရောင်ကသိုဏ်း 589
ပန်းပိတောက်နှင့် ငုရွှေဝါ 590
လောဟိတကသိုဏ်း = အနီရောင်ကသိုဏ်း 590
ပထဝီကသိုဏ်း = မြေကသိုဏ်း 591
အာပေါကသိုဏ်း = ရေကသိုဏ်း 594
တေဇောကသိုဏ်း = မီးကသိုဏ်း 595
ဝါယောကသိုဏ်း = လေကသိုဏ်း 597
အာလောကကသိုဏ်း = အလင်းရောင်
ကသိုဏ်း 597
အာကာသကသိုဏ်း = ကောင်းကင်ကသိုဏ်း 599


## အရူပါဝစရစျာန်ပိုင်း


အာကာသာနဉ္စာယတနစျာန် 601
ဝိညာဏဉ္စာယတနစျာန် 605
အာကိဉ္စညာယတနစျာန် 607
နေဝသညာနာသညာယတနစျာန် 610

## ဗြဟ္မဝိဟာရနိဒ္ဒေသပိုင်း


| | |
|---|---|
| မေတ္တာဘာဝနာ | 616 |
| ပွားများပုံ | 617 |
| ဈာန်အင်္ဂါငါးပါး | 619 |
| သီမာသမ္ဘေဒ = အပိုင်းအခြားဖြိုရန် | 621 |
| အနောဓိသောဖရဏာ မေတ္တာ<br>စေတောဝိမုတ္တိ (၅) မျိုး | 623 |
| ဩဓိသောဖရဏာ မေတ္တာ<br>စေတောဝိမုတ္တိ (၇) မျိုး | 624 |
| ပွားများအားထုတ်ပုံ အစီအစဉ် | 625 |
| ဒိသာဖရဏာ မေတ္တာ<br>စေတောဝိမုတ္တိ (၁၀) မျိုး | 625 |
| မေတ္တာဈာန်၏ အကျိုး (၁၁) ပါး | 626 |
| ကရုဏာဘာဝနာ | 627 |
| မုဒိတာဘာဝနာ | 628 |
| ဥပေက္ခာဘာဝနာ | 629 |
| လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် | 631 |
| ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း | 634 |
| အဝိညာဏက အသုဘ ကမ္မဋ္ဌာန်း (၁၀) မျိုး | 635 |
| အာဒီနဝါနုပဿနာ | 637 |
| မရဏာဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်း | 638 |
| အောင်မြင်မှု ရရှိနေသော ကျင့်စဉ် | 640 |
| ဥပသမာနုဿတိကမ္မဋ္ဌာန်း | 642 |
| **မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း** | 645 |


**မာတိကာ ပြီး၏။**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဗ္ဗာနဂါမိနိပဋိပဒါ – ပဉ္စမတွဲ

## နိဒါနကထာ
## အကြောင်းပြစာတမ်းလွှာ

## ယောက်ျားမြတ်တို့၏ အကြံ

မြတ်စွာဘုရားရှင်သည် တစ်ဝါ ရတော်မူပြီးနောက် ပထမအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူပြီးလျှင် ထိုမှ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်တော်သို့ ပြန်လည် ကြွချီတော်မူလာရာ လမ်းခုလတ် တစ်နေရာ၌ တည်ရှိသော အနုပိယသရက်ဥယျာဉ် တောအုပ်ကြီးအတွင်း၌ ခေတ္တသီတင်းသုံးနေတော်မူစဉ် အနုရုဒ္ဓမင်းသား, ဘဒ္ဒိယမင်းသား, အာနန္ဒမင်းသား, ဘဂုမင်းသား, ကိမိလမင်းသား, ဒေဝဒတ္တမင်းသား – ဤမင်းညီမင်းသား ခြောက်ဦးတို့သည် ဥပါလိဆေတ္တာသည်နှင့် အတူတကွ မြတ်စွာဘုရားရှင်၏ ထံတော်မှောက်သို့ လာရောက်၍ ရှင်ရဟန်း ပြုကြလေသည်။

ထိုခုနစ်ပါးတို့အနက် အရှင်ဘဒ္ဒိယမထေရ်သည် ထိုဝါတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ အရှင်အနုရုဒ္ဓါမထေရ်သည် လောကီစျာန်သမာပတ် ရှစ်ပါးနှင့်တကွ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ဖြစ်စေတော်မူလေသည်။ အရှင်ဒေဝဒတ်မထေရ်သည် လောကီစျာန်သမာပတ် ရှစ်ပါးတို့နှင့်အတူတကွ လောကီ အဘိညာဏ်တို့ကို ရရှိတော်မူလေသည်။ အရှင်အာနန္ဒာမထေရ်သည် သောတာပတ္တိဖိုလ်၌ တည်တော်မူလေသည်။ အရှင်ဘဂုမထေရ်, အရှင်ကိမိလမထေရ်တို့ကား နောက်အခါမှာမှ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြလေသည်။

အထူးသဖြင့် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ရဟန်းပြုတော်မူပြီးနောက် ထိုပထမဝါတွင်းမှာပင် လောကီစျာန်သမာပတ် ရှစ်ပါးတို့ကို ရရှိတော်မူကာ လောကဓာတ် စကြဝဠာတိုက်ပေါင်း တစ်ထောင်ကို ရှုမြင်ခြင်းငှာ စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဏ် အသိဉာဏ်ကို ရရှိတော်မူခဲ့လေသည်။ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ဆက်လက်၍ ကြိုးပမ်းတော်မူရာ ထိုဝါတွင်း၌ အောင်မြင်မှု မရ ဖြစ်နေ၏။ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် တစ်နေ့သ၌ အရှင်သာရိပုတ္တရာမထေရ်မြတ်ထံသို့ သွားရောက်ပြီးလျှင် ဤသို့ လျှောက်ထားတော်မူ၏။ —

၁။ အရှင်ဘုရား သာရိပုတ္တရာ . . . တပည့်တော်သည် အထူးသဖြင့် စင်ကြယ်သော, လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဏ်မျက်စိဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်စွမ်းရှိပါ၏။

၂။ တပည့်တော်သည် တွန့်ဆုတ်မှုမရှိဘဲ သမထဝိပဿနာ ဘာဝနာတို့၌ အပြင်းအထန် ကြိုးစားအားထုတ်ခြင်း လုံ့လ ဝီရိယကို အားထုတ်အပ်ပါ၏။ ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသော အကြောင်းတရားနှင့် တကွသော သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို သိမ်းဆည်းတတ်သော သတိသည် မေ့ပျောက်ခြင်း မရှိမူ၍ ထင်နေပါ၏။ ကိုယ်စိတ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပါ၏။ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်ပါ၏။

၃။ ထိုသို့ ဖြစ်ပါလျက်လည်း တပည့်တော်၏ စိတ်သည် ဥပါဒါနက္ခန္ဓာငါးပါး သင်္ခါရတရားတို့၌ တဏှာ ဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ဟာ" ဟု မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ ဘုရား - ဟူ၍ —

ဤသို့ လျှောက်ထားလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်ကို ဤသို့ မိန့်ဆိုတော်မူ၏။ —

၁။ ငါ့ရှင် အနုရုဒ္ဓါ . . . "ငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခု အဘိညာဏ် မျက်စိဖြင့် တစ်ထောင်သော လောကဓာတ်ကို မြင်နိုင်စွမ်း ရှိပါ၏"ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် မာနဖြစ်၍ နေ၏။

၂။ ငါ့ရှင် အနုရုဒ္ဓါ . . . "ငါသည် တွန့်ဆုတ်မှုမရှိဘဲ သမထ ဝိပဿနာ ဘာဝနာတို့၌ အပြင်းအထန် ကြိုးစား အားထုတ်ခြင်း လုံ့လဝီရိယကို အားထုတ်အပ်ပါ၏၊ ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသော အကြောင်းတရားနှင့်တကွသော သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို သိမ်းဆည်းတတ်သောသတိသည် မေ့ပျောက်ခြင်းမရှိမူ၍ ထင်နေပါ၏၊ ကိုယ်စိတ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပါ၏၊ စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာ တည်ကြည်ပါ၏" ဟု ဤသို့ အကြံ ဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် စိတ်ပျံ့လွင့်ခြင်း = ဥဒ္ဓစ္စ ဖြစ်၍ နေ၏။

၃။ ငါ့ရှင် အနုရုဒ္ဓါ . . . "ထိုသို့ ဖြစ်ပါလျက်လည်း ငါ၏ စိတ်သည် ဥပါဒါနက္ခန္ဓာငါးပါး သင်္ခါရတရားတို့၌ တဏှာ ဒိဋ္ဌိတို့ဖြင့် 'ငါ-ငါ့ဟာ'ဟု မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်ကင်းသေးပါ"ဟု ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်သန္တာန်ဝယ် တွေးတော ပူပန်မှု သံသယကုက္ကုစ္စ ဖြစ်၍ နေ၏။

ငါ့ရှင် အနုရုဒ္ဓါ . . . တပည့်တော် တိုက်တွန်းတောင်းပန်စကား ပြောကြားလိုသည်မှာ အရှင်အနုရုဒ္ဓါသည် မိမိသန္တာန်၌ ဖြစ်ပွားနေသော ဤ မာန, ဥဒ္ဓစ္စ, ကုက္ကုစ္စ တရားသုံးမျိုးတို့ကို ပယ်စွန့်၍ ဤတရားသုံးမျိုးတို့ကို နှလုံးမသွင်းဘဲ အမြိုက်နိဗ္ဗာန်ဓာတ်သို့ = မသေရာအမြိုက် နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် သမထ အာရုံ ဝိပဿနာအာရုံသို့ မိမိ၏ စိတ်ကို ပို့ဆောင်စေချင်ပါသည် ဘုရား — ဟူ၍ ကမ္မဋ္ဌာန်းတရားကို ပြင်ပေးတော်မူလေသည်။ (အံ-၁-၃-၂၂၅။)

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ကမ္မဋ္ဌာန်းကို သင်ယူပြီးနောက် မြတ်စွာဘုရားရှင်ကို ပန်ကြား လျှောက်ထားပြီးလျှင် စေတိတိုင်းသို့ သွားရောက်ကာ ထိုစေတိတိုင်းဝယ် အရှေ့ဝါးတောအရပ်၌ နေထိုင်သီတင်းသုံးတော်မူ၍ ရဟန်းတရားကို ပွားများအားထုတ်တော်မူလေသည်။ ထိုအချိန်တွင် ဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ သားတို့ကို ဘေးမဲ့ပေးရာ ဘေသကဠာဝန အမည်ရသော တောအုပ်ကြီး အတွင်း ဘေသကဠာဝနကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ဘုရားရှင် သီတင်းသုံးတော်မူရာ ဘဂ္ဂတိုင်း ဘေသကဠာဝန တောအုပ်မှာ အနောက်ဘက်တွင် တည်ရှိ၍ အရှင်အနုရုဒ္ဓါမထေရ်မြတ် သီတင်းသုံးတော်မူရာ စေတိတိုင်း ဝါးတော အရပ်မှာ အရှေ့ဘက်တွင် တည်ရှိနေပေသည်။

အရှင်အနုရုဒ္ဓါကိုယ်တော်မြတ်သည် တစ်ဆယ့်ငါးရက် = လဝက်ပတ်လုံး မအိပ်မနေ စင်္ကြံသွား၍ သမထ ဝိပဿနာဘာဝနာတရားတို့ကို အပြင်းအထန်ကြိုးစားအားထုတ်တော်မူလေသည်။ မထေရ်မြတ်သည် ကမ္မဋ္ဌာန်း အလုပ် အားထုတ်မှု ဒဏ်ချက် ပြင်းထန်စွာ နှိပ်စက်အပ်ရကား ပင်ပန်း နွမ်းနယ်သော ကိုယ်ရှိသည် ဖြစ်၍ ဝါးရုံတစ်ခု၏ အောက်ဝယ် မြက်သစ်ရွက်တို့ကို စုရုံးလျက် အခင်းပြုကာ အပေါ်မှ အခင်းတစ်ခု ထပ်ခင်းလျက် ထိုအခင်းထက်၌ ခေတ္တ အပန်းဖြေ ထိုင်နေတော်မူလေသည်။ ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်မြတ်၏ စိတ်အစဉ်ဝယ် **မဟာပုရိသဝိတက္က** အမည်ရသော ယောကျ်ားမြတ်တို့၏ အကြံများသည် ထင်ရှားစွာ ဖြစ်ပွားလာလေသည်။ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် မဟာပုရိသဝိတက်ကြီး ခုနစ်မျိုးတို့ကို ကြံစည်စဉ်းစားဆင်ခြင်ပြီးနောက် ရှေ့သို့

တစ်ဆင့်တက်၍ ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဆက်လက်၍ ကြံစည်ဆင်ခြင်ရန် ပင်ပန်းလျက် ရှိလေ၏။ မှန်ပေသည် —— သာဝကတို့အဖို့ရာ ပညာတိုင်အောင်သော ခုနစ်မျိုးသော မဟာပုရိသဝိတက်တို့ကို စဉ်းစားဆင်ခြင် ပြီးသောအခါ ထို့ထက် အထက်သို့ တက်၍ တရားတစ်မျိုးကို စဉ်းစားဆင်ခြင်ရန် ဝန်လေးမြဲ ပင်ပန်းမြဲ ဓမ္မတာဖြစ်လေသည်။ သာဝကတို့အဖို့ရာ ပညာတွင်ရွေ့သော တရားဆုံး၍နေမြဲ ဓမ္မတာ ဖြစ်သည်။ ထိုကြောင့်ပင်လျှင် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ခုနစ်ခုမြောက် ပညာနှင့်စပ်သော မဟာပုရိသဝိတက်ကြီးကို ကြံစည်စဉ်းစား ဆင်ခြင်ပြီးနောက် ရှစ်ခုမြောက်ဖြစ်သော မဟာပုရိသဝိတက်ကြီးကို ဆက်လက်၍ ကြံစည် ဆင်ခြင်ရန် ပင်ပန်းလျက် ရှိလေသည်။

ထိုအခါ ဘုရားရှင်သည် ထိုသို့ ပင်ပန်းနေကြောင်းကို သိရှိတော်မူသဖြင့် တန်ခိုးအဘိညာဏ်ဖြင့် တစ်ခဏချင်းမှာပင် ကြွလာတော်မူကာ ရှစ်ခုမြောက် မဟာပုရိသဝိတက်ကိုပါ ဖြည့်စွက်တော်မူလျက် မဟာပုရိသဝိတက်ကြီး (၈)မျိုးကို ဟောကြားပြသပေးတော်မူ၏။

ထိုနောင် ဤ မဟာပုရိသဝိတက်ကြီး ရှစ်မျိုးကို ကြံစည်စိတ်ကူးနေလျှင် လောကီ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အလွယ်တကူ ရယူဝင်စားနိုင်ကြောင်းကိုလည်းကောင်း, ဤ မဟာပုရိသ ဝိတက်ကြီး ရှစ်မျိုးကို ကြံစည်ကာ လောကီဈာန်လေးပါးတို့ကို အလွယ်တကူ ရယူဝင်စားနေလျှင် —

၁။ ရရသမျှသော ပံ့သကူသင်္ကန်းဖြင့် ရောင့်ရဲလွယ်ခြင်း စီဝရသန္တောသ,
၂။ ဆွမ်းခံဝတ်ဖြင့် ရရသမျှသော ဆွမ်းဖြင့် ရောင့်ရဲလွယ်ခြင်း ပိဏ္ဍပါတသန္တောသ,
၃။ ရရသမျှသော သစ်ပင်ရင်းတည်းဟူသော ကျောင်းဖြင့် ရောင့်ရဲလွယ်ခြင်း သေနာသနသန္တောသ,
၄။ ရရသမျှသော မြက်သစ်ရွက်အခင်းဖြင့် ရောင့်ရဲလွယ်ခြင်း သယနာသနသန္တောသ,
၅။ ရရသမျှသော နွားကျင်ငယ်ပုပ်ဖြင့် စိမ်ထုံထားအပ်သော ဇီးဖြူသီး ဖန်ခါးသီးစသော ဆေးဖြင့် ရောင့်ရဲ-လွယ်ခြင်း ဘေသဇ္ဇသန္တောသ —

ဤ သန္တောသတရား ငါးပါးတို့နှင့် ပြည့်စုံလာနိုင်ကြောင်းကိုလည်းကောင်း, ဤ မဟာပုရိသဝိတက်ကြီး ရှစ်မျိုးကို ကြံစည်စိတ်ကူးနေလျှင်, ရူပါဝစရဈာန်လေးပါးတို့ကို မငြိုမငြင် မပင်မပန်း လွယ်လွယ်ကူကူ ရယူဝင်-စားနိုင်လျှင်, ဤသန္တောသတရားငါးမျိုးနှင့် ပြည့်စုံညီညွတ်နေလျှင် သမထဝိပဿနာ ဘာဝနာတို့၌ မွေ့လျော် ပျော်ပိုက်နှစ်ခြိုက်ခြင်း ဘာဝနာရာမတာ အရိယဝံသပဋိပဒါကိုလည်းကောင်း, ကိလေသာဟူ အပူခပ်သိမ်းမှ အငြိမ်းကြီး ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကြီးကိုလည်းကောင်း အလွယ်တကူ ရယူနိုင်ကြောင်းတို့ကို အကျယ်တဝင့် ဟောကြားပေးတော်မူ၏။ ထိုနောင် ဘုရားရှင်သည် အရှင်အနုရုဒ္ဓါအား ပါစိနဝံသဒါယ အမည် ရသော ဤ အရှေ့ဝါးတောအရပ်၌ပင် နောက်နှစ် ဝါ၌ ဝါဆို ဝါကပ်လျက် ရဟန်းတရားများကို ပွားများအား-ထုတ်ရန် မိန့်မှာတော်မူပြီးနောက် ဘေသကဠာဝန ကျောင်းတိုက်သို့ ပြန်ကြွတော်မူ၏။ ဘုရားရှင်သည် ဘေသကဠာဝနကျောင်းတိုက်သို့ ပြန်လည်ဆိုက်ရောက်တော်မူလာသောအခါ ရဟန်းသံဃာတော်အပေါင်းအား **မဟာပုရိသဝိတက္က** အမည်ရသည့် **ယောက်ျားမြတ်တို့၏ အကြံ** (၈)မျိုးကို အကျဉ်း အကျယ် နှစ်သွယ် ပိုင်းခြား-လျက် ဟောကြားပြသ ဆိုဆုံးမတော်မူလေသည်။ ဤ၌ ယင်းအကြံ ရှစ်မျိုး၏ ဆိုလိုရင်းအချက်ကို ကောက်နုတ်၍ တင်ပြပေအံ့။ —

၁။ အပ္ပိစ္ဆဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော မဟိစ္ဆဿ။
၂။ သန္တုဋ္ဌဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ။
၃။ ပဝိဝိတ္တဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။

၄။ အာရဒ္ဓဝီရိယဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော ကုသီတဿ။
၅။ ဥပဋ္ဌိတဿတိဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော မုဋ္ဌဿတိဿ။
၆။ သမာဟိတဿာယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော အသမာဟိတဿ။
၇။ ပညဝတော အယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿ။
၈။ နိပ္ပပဉ္စာရာမဿာယံ ဘိက္ခဝေ ဓမ္မော နိပ္ပပဉ္စရတိနော၊ နာယံ ဓမ္မော ပပဉ္စာရာမဿ ပပဉ္စရတိနော။ (အံ-၃-၆၅။)

၁။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် အလိုနည်းပါးသော = လိုချင်မှု ဣစ္ဆာ တဏှာမရှိသော အပ္ပိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရား ကိုးပါးသည် အလိုရမ္မက်ကြီး-မားလှသော မဟိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

ပစ္စည်းလေးပါးကို များများ လှူလျှင် နည်းနည်းသာ အလှူခံ၍, နည်းနည်း လှူလျှင်လည်း လှူသည့်အောက် ယုတ်လျော့၍ နည်းနည်းကိုသာ အလှူခံပြီးလျှင် အကုန်လုံးကို အလှူမခံသော ပစ္စည်းလေးပါး၌ အလိုနည်းသော ပစ္စယ အပ္ပိစ္ဆပုဂ္ဂိုလ်, မိမိ မဂ်ဖိုလ်တရားထူး တရားမြတ်ရသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော အဓိဂမ အပ္ပိစ္ဆပုဂ္ဂိုလ်, မိမိ ပရိယတ် ဗဟုသုတ ပေါများတတ်ကျွမ်းသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ပရိယတ္တိ အပ္ပိစ္ဆပုဂ္ဂိုလ်, မိမိဓုတင်ဆောက်တည်ထား-သည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ဓုတင် အပ္ပိစ္ဆပုဂ္ဂိုလ်ဟု အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ် လေးမျိုး ရှိ၏။

ထို အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ်သည် အပ္ပိစ္ဆပုဂ္ဂိုလ်ဖြစ်သော်လည်း အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ်ဟု သူတစ်ပါးတို့သိမှာကို အလိုမရှိ။ ရရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်သူဖြစ်လျက် ရောင့်ရဲလွယ်သူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ဝိဝေကတရား သုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ ဖြစ်လျက် ဝိဝေကတရားသုံးပါး၌ မွေ့ လျော် ပျော်ပိုက် နှစ်ခြိုက်သူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ထက်သန်သော လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်ဖြစ်လျက် ထက်သန်သော လုံ့လဝီရိယရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ထင်လင်းသော သတိရှိသူဖြစ်လျက် ထင်လင်းသော သတိရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိရှိသူ ဖြစ်လျက် သမာဓိရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်လျက် ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ သံသရာကိုချဲ့ထွင်တတ်သည့် တဏှာ မာန ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားကင်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ ဖြစ်လျက် ပပဉ္စတရား ကင်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။ ထိုမျှ အလိုနည်းပါးသူ ဖြစ်၏။ (အံ-၃-၆၆။)

၂။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ရရသမျှသော, မျှတရုံသာဖြစ်သော, ကြည်ညိုဖွယ်-ရုံမျှသာဖြစ်သော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရား ကိုးပါးသည် မရောင့်ရဲနိုင်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

၃။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ဝိဝေကသုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ပုဂ္ဂိုလ်သတ္တဝါအပေါင်းအဖော် ကိလေသာအပေါင်းအဖော်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကဟု ဝိဝေကသုံးပါးရှိ၏။ ဂိုဏ်းအပေါင်းအဖော်ကို စွန့်လွှတ်၍ တစ်ယောက်ထီးတည်း သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း စားခြင်းစသည်ဖြင့် တစ်ယောက်ထီးတည်း နေလေ့ရှိခြင်းသည် ကာယဝိဝေကမည်၏။ ကာယဝိဝေကမှုနှင့်ကား လောကုတ္တရာတရား ကိုးပါးသည် မပြီးစီး မပြည့်စုံနိုင်ရကား ကသိုဏ်းပရိကံများကို ပြု၍ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၏၊ ဤသမာပတ်ရှစ်ပါးသည် စိတ္တဝိဝေကမည်၏။ သမာပတ်ရှစ်ပါးမှုဖြင့်လည်း လောကုတ္တရာတရား ကိုးပါးသည် မပြီးစီး မပြည့်စုံနိုင်ရကား ယင်းစျာန်သမာပတ်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ ဝိပဿနာရှုပွားသုံးသပ်လေသော် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ ဤအရဟတ္တဖိုလ် နိဗ္ဗာန်သည်ကား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဥပဓိဝိဝေကမည်၏။ ထိုနိဗ္ဗာန်သည် ကာမဂုဏ်တို့မှလည်း ကင်းဆိတ်၏၊ ကိလေသာတို့မှလည်း ကင်းဆိတ်၏၊ ဘဝသစ်ကို ပြုပြင်တတ်သော အဘိသင်္ခါရတရားတို့မှလည်း ကင်းဆိတ်၏၊ ခန္ဓာငါးပါးတို့မှလည်း ကင်းဆိတ်၏။ ထိုကြောင့် ယင်းနိဗ္ဗာန်သည် ဥပဓိဝိဝေကမည်၏။ ဤသို့ ဝိဝေကသုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်သည် ဆိုက်ရောက်လာသော ပရိသတ်အား ဝိဝေကသုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော စိတ်ထားရှိရန် ဝိဝေကသုံးဖြာသို့ ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ်ရှိရန် ညွှန်ကြားလျက် ပြန်လွှတ်ကာ သမထဝိပဿနာ ဘာဝနာတို့ကိုသာ အားထုတ်လေသည်။

(အံ-၃-၆၆။ အံ-၄-၃-၂၆။)

၄။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် အကုသိုလ်တရားတို့ကို ပယ်နိုင်ရန် ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် သမထဝိပဿနာ ဘာဝနာတို့ကို အပြင်းအထန် ကြိုးစားအားထုတ်သော စွမ်းအားနှင့် ပြည့်စုံသော ထက်သန်မြဲမြံသော ဖွဲလုံ့လဝီရိယရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

၅။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည်, ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ, ယင်း ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အကြောင်းတရားတို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ, အကြောင်းတရားနှင့်တကွသော ယင်းရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ — ဤကဲ့သို့သော ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ သတိ လွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅-၆၇။)

၆။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ဥပစာရ အပ္ပနာ နှစ်ဖြာသောသမာဓိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိ မရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

ဤ၌ သမာဓိအရ ပဌမစျာန်သမာဓိ ဒုတိယစျာန်သမာဓိ တတိယစျာန်သမာဓိ စတုတ္ထစျာန်သမာဓိတို့ကို ဆိုလိုကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင်က ထို အနုရုဒ္ဓမဟာဝိတက္ကသုတ္တန် (အံ-၃-၆၇။) တွင် ရှင်းလင်းဟောကြားထားတော်မူ၏။ အထွတ်အထိပ်သို့ ရောက်နေသော ဥပစာရသမာဓိဟူသော ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိဟု သမာဓိသုံးမျိုးရှိရာ အလယ်၌တည်ရှိသော ရူပါဝစရသမာဓိကို ယူသဖြင့် အစဖြစ်သော ကာမာဝစရသမာဓိ, အဆုံးဖြစ်သော အရူပါဝစရသမာဓိတို့ကိုလည်း သိမ်းကျုံးယူရသော မဇ္ဈေဒီပကနည်းအားဖြင့် ဟောကြားထားတော်မူခြင်း ဖြစ်၏။ ဥပစာရသမာဓိနှင့် တကွ သမာပတ်ရှစ်ပါးတို့သည် **စိတ္တဝိသုဒ္ဓိ** မည်၏ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၂၂၂။) အဆိုကို ထောက်ရှုပါ။

၇။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် ဝိပဿနာဉာဏ်ပညာ အရိယမဂ်ပညာ ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ဝိပဿနာဉာဏ်ပညာမဲ့သော အရိယမဂ်ပညာမဲ့သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။

၈။ ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် သံသရာကို ချဲ့ထွင်တတ်သည့် တဏှာ မာန ဒိဋ္ဌိ-တည်းဟူသော ပပဉ္စတရားမှ ကင်းလွတ်ရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ပပဉ္စတရား၌ = ငါ-ငါ့ဟာ-ငါ၏အတ္တ — ဟု စွဲလမ်းနေရမှု၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ-၃-၆၅။)

ဤ (၈)ချက်တို့ကား လောကုတ္တရာတရား ကိုးပါးကို လိုလားတောင့်တလျက်ရှိသော သူတော်ကောင်းတိုင်း သူတော်ကောင်းတိုင်း လိုက်နာပြုကျင့်ရမည့် အင်္ဂါရပ်တို့သာ ဖြစ်ကြ၏။ ဤ (၈)ပါးတို့တွင် အမှတ် (၅-၆-၇) ဖြစ်သည့် သတိ သမာဓိ ပညာတို့၏ အကြောင်းအရာကို အနည်းငယ်ထပ်မံ၍ ရှင်းလင်းတင်ပြပါရစေ။

**သတိ** — အယံ ပန ယသ္မာ သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ၊ န ဟိ သတိ-ဝိရဟိတဿ အနုပဿနာ နာမ အတ္ထိ။ (မ-ဋ္ဌ-၁-၂၄၈။)

ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်တွင် သတိ၏တည်ရာ အာရုံတို့ကို ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ ဟု လေးမျိုးခွဲခြား၍ ဟောကြားထားတော်မူခဲ့၏။ ထိုတွင် ကာယအရ၌ အာနာပါနဿတိသမာဓိစသည့် သမထ ရှုကွက်များလည်း ပါဝင်၏။ အာနာပါနဿတိသမာဓိကဲ့သို့သော သမာဓိတစ်ခုခုကို အောင်အောင်မြင်မြင် ထူထောင်ပြီးနောက် ရှေ့ဦးစွာ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ကာယ ဝေဒနာ စိတ္တ ဓမ္မ အမည်ရသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို သိမ်းဆည်းရန် ညွှန်ကြားထားတော်မူ၏။ ထိုနောင် သမုဒယဓမ္မာနုပဿီ ဝါ စသည်ဖြင့် အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ ထင်ရှားဖြစ်ပုံ, အကြောင်းတရားများ ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ ချုပ်ငြိမ်းပုံဖြစ်သည့် ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်မှုပျက်မှုကိုလည်းကောင်း, ခဏတော ဥဒယဗ္ဗယဒဿန = အကြောင်း အကျိုး နှစ်ရပ်လုံးတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှု ဥဒယ-ဝယကိုလည်းကောင်း သိမ်းဆည်းရန် ညွှန်ကြားထားတော်မူ၏။ ထိုနောင် အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အပျက်သက်သက်ကို သိမ်းဆည်းရန် ညွှန်ကြားထားတော်မူ၏။ အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကို ရှုသည့်အပိုင်းနှင့် အပျက်သက်သက်ကို ရှုသည့်အပိုင်းတို့၌ လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသည့်အပိုင်းလည်း ပါဝင်ပေသည်။

ထိုသို့ သိမ်းဆည်း ရှုပွားရာ၌ သတိက ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို သိမ်းဆည်း၏၊ ပညာက ယင်း ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ပရမတ်သို့ဆိုက်အောင် ထိုးထွင်းသိ၏။ သတိက အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ ထင်ရှားဖြစ်ပုံကို သိမ်းဆည်း၏၊ ပညာက အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ ထင်ရှား ဖြစ်ပုံကို ထိုးထွင်း သိ၏။ သတိက အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ချုပ်ငြိမ်းပုံကို သိမ်းဆည်း၏၊ ပညာက အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုး ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ချုပ်ငြိမ်းပုံကို ထိုးထွင်းသိ၏။ သတိက အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း, အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကိုလည်းကောင်း သိမ်းဆည်း၏။ ပညာက အကြောင်းတရားနှင့်တကွသော ယင်း ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း, အနိစ္စအချက်

ဒုက္ခအချက် အနတ္တအချက်ကို လည်းကောင်း ထိုးထွင်းသိ၏။ သတိက အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အပျက်သက်သက်ကိုလည်းကောင်း, အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကိုလည်း-ကောင်း သိမ်းဆည်း၏၊ ပညာက ယင်းအကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အပျက်သက်သက်ကိုလည်းကောင်း, အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကိုလည်းကောင်း ထိုးထွင်းသိ၏။

ဤသို့လျှင် သတိက သမထအာရုံ ဝိပဿနာအာရုံကို သိမ်းဆည်းတတ်၍ ပညာက ဟုတ်တိုင်းမှန်စွာ အဖန်ဖန် အထပ်ထပ် ရှုတတ်၏။ သတိကင်းသော အနုပဿနာ မည်သည် မရှိစကောင်းပေ။ ထိုကြောင့် အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့၌ ထင်လင်းသော သတိရှိသည့် ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ဤလောကုတ္တရာတရား ကိုးပါးသည် ပြည့်စုံနိုင်၏။ အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့၌ ထင်လင်းသော သတိမရှိသည့် သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဤလောကုတ္တရာတရား ကိုးပါးသည် မပြည့်စုံနိုင်။ အကြောင်းမူ အမှတ် (၇) အဖြစ် ဟောကြားထားတော်မူသော ဝိပဿနာဉာဏ်သည် တစ်နည်း ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာသည် သတိနှင့်ကင်း၍ မဖြစ်နိုင်သော-ကြောင့်ပင် ဖြစ်၏။

**သမာဓိ** — သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။
(သံ-၂-၁၂။ သံ-၃-၃၆၃။)

ရဟန်းတို့ . . . သမာဓိကို ပွားများကြပါ ထူထောင်ကြပါ။ ရဟန်းတို့ . . . သမာဓိရှိသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ (သံ-၂-၁၂။ သံ-၃-၃၆၃။)

သမာဓိရှိသော ရဟန်းသည် ဤကား ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ ဤကား ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၏ ဖြစ်ကြောင်းသဘောတရားနှင့် ဖြစ်ခြင်းသဘောတရားဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ ဤကား ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၏ ချုပ်ကြောင်းသဘောတရားနှင့် ချုပ်ခြင်းသဘောတရားဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။ (သံ-၂-၁၂။)

သမာဓိရှိသော ရဟန်းသည် ဤကား ဒုက္ခအရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ ဤကား ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ ဤကား ဒုက္ခချုပ်ရာ နိရောဓအရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ ဤကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ် = မဂ္ဂအရိယသစ္စာတည်းဟု ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိ၏။ (သံ-၃-၃၆၃။)

ဤပါဠိတော်များ၌ ဘုရားရှင်ညွှန်ကြားထားတော်မူသည်နှင့်အညီ အသင်သူတော်ကောင်းသည် ဘုရားရှင် ဟောကြားထားတော်မူသည့် ဒုက္ခသစ္စာ အမည်ရသည့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ဥပါဒါန-က္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိရေးအတွက်, သမုဒယသစ္စာ အမည်ရသည့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးခန္ဓာငါးပါး ထင်ရှားဖြစ်ပုံကို ဟုတ်တိုင်းမှန်စွာ သိရေးအတွက်, လောကီနိရောဓသစ္စာ အမည်ရသည့် အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုး ခန္ဓာငါးပါး ချုပ်ငြိမ်းပုံကို ဟုတ်တိုင်းမှန်စွာ သိရေးအတွက်, လောကီမဂ္ဂသစ္စာ အမည်ရသည့် အကြောင်းတရားနှင့်တကွသော ဥပါဒါန-က္ခန္ဓာ ငါးပါးတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ဟုတ်တိုင်းမှန်စွာ သိသည့် ဝိပဿနာဉာဏ် ရရှိရေးအတွက်, အရိယမဂ်ဉာဏ် အရိယဖိုလ်ဉာဏ်တို့ဖြင့် လောကုတ္တရာ နိရောဓသစ္စာ လောကုတ္တရာ မဂ္ဂသစ္စာ အဝင်အပါဖြစ်သည့် အရိယသစ္စာလေးပါးလုံးကို ဟုတ်တိုင်းမှန်စွာ သိရေးအတွက် ပထမဈာန်သမာဓိ ဒုတိယ-

ဈာန်သမာဓိ တတိယဈာန်သမာဓိ စတုတ္ထဈာန်သမာဓိတို့ကို ထူထောင်ရတော့မည် ဖြစ်၏၊ တစ်နည်းဆိုရသော် ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော နှစ်မျိုးသော သမာဓိတို့တွင် တစ်မျိုးမျိုးသော သမာဓိကို မလွဲမရှောင်သာ ထူထောင်ရတော့မည် ဖြစ်ပေသည်။ အကြောင်းမူ သမာဓိရှိပါမှ သိနိုင်သောတရားများ ဖြစ်သောကြောင့်တည်း။ ထိုကြောင့် **နိဗ္ဗာနဂါမိနိပဋိပဒါ**အမည်ရှိသော ဤကျမ်း၌လည်း **အာနာပါနဿတိသမာဓိပိုင်း**တွင် အာနာပါန ကျင့်စဉ်မှ စတုတ္ထဈာန်သမာဓိသို့ဆိုက်အောင် သမာဓိကို ထူထောင်ပုံအပိုင်းကိုလည်းကောင်း, သမထကမ္မဋ္ဌာန်း-ပိုင်းတွင် ကသိုဏ်းဆယ်ပါး သမာပတ်ရှစ်ပါးစသည့် သမာဓိထူထောင်ပုံ အပိုင်းများကိုလည်းကောင်း ရေးသား တင်ပြထားပေသည်။

ဒုက္ခခပ်သိမ်းမှ ပူပန်ခပ်သိမ်းမှ အငြိမ်းကြီး ငြိမ်းရာ အအေးကြီး အေးရာ ဖြစ်သည့် မဟာအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အရိယမဂ်ဉာဏ် အရိယဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုလိုသော အသင်သူတော်ကောင်းသည် — “ဤလောကုတ္တရာတရား ကိုးပါးသည် သမာဓိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ သာလျှင် ပြည့်စုံနိုင်၏၊ ဤလောကုတ္တရာတရား ကိုးပါးသည် သမာဓိမရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်” ဟူသော ဘုရားရှင်၏ အဆုံးအမတော်ကို ဦးထိပ်ရွက် ပန်ဆင်သင့်လှပေသည်။

**ပညာ** — “ပညဝတော အယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿာ”တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။ ဣဓ ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။ “ပညဝတော အယံ ဘိက္ခဝေ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿာ”တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။ (အံ-၃-၆၇။)

“ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် (ဝိပဿနာပညာ အရိယမဂ်ပညာဟူသော) ပညာရှိ ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ ဤလောကုတ္တရာတရား ကိုးပါးသည် (ဝိပဿနာပညာ အရိယမဂ်-ပညာဟူသော) ပညာမဲ့သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်” ဟု ဟောကြားအပ်သော ထိုစကားကို အဘယ်ကို အစွဲပြု၍ ဟောကြားအပ်ပါသနည်းဟူမူ — ရဟန်းတို့ . . . ဤသာသနာတော်၌ ယောဂါဝစရရဟန်းသည် (ဝိပဿနာပညာ အရိယမဂ်ပညာဟူသော) ပညာ ရှိ၏။ အကြောင်းတရားနှင့်တကွသော ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ဖောက်ခွဲ၍ သိမြင်နိုင်သော လောဘထုအစိုင်အခဲ ဒေါသထုအစိုင်အခဲ မောဟထု အစိုင်အခဲတို့ကို ဖြိုခွဲ ဖျက်ဆီးနိုင်သော ဝဋ်ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်ကြောင်း ဖြစ်သော ယင်း သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို သိစွမ်းနိုင်သော ဖြူစင်မြင့်မြတ်သော (ဝိပဿနာပညာ အရိယမဂ်-ပညာဟူသော) ပညာနှင့် ပြည့်စုံ၏။ “ရဟန်းတို့ . . . ဤလောကုတ္တရာတရား ကိုးပါးသည် (ဝိပဿနာပညာ အရိယမဂ်ပညာဟူသော) ပညာရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ဤလောကုတ္တရာတရား ကိုးပါးသည် (ဝိပဿနာပညာ အရိယမဂ်ပညာဟူသော) ပညာမဲ့သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်” — ဟု ဟောအပ်သော ထိုစကားကို ဤသည်ကိုပင် အစွဲပြု၍ ဟောကြားတော်မူအပ်၏။ (အံ-၃-၆၇။)

ဤအထက်ပါ ပါဠိတော်၏ ဘာသာပြန်ကို အောက်ပါ အဋ္ဌကထာအဖွင့်ကို မှီငြမ်းပြု၍ ရေးသားထား-ပါသည်။

**ဥဒယတ္ထဂါမိနိယာ**တိ ပဥ္စန္နံ ခန္ဓာနံ ဥဒယဝယဂါမိနိယာ ဥဒယဥ္စ ဝယဥ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယ။ **အရိ-ယာယာ**တိ ဝိက္ခမ္ဘနဝသေန စ သမုစ္ဆေဒဝသေန စ ကိလေသေဟိ အာရကာ ဌိတာယ ပရိသုဒ္ဓါယ။ **ပညာယ သမန္နာဂတော**တိ ဝိပဿနာပညာယ စေဝ မဂ္ဂပညာယ စ သမင်္ဂီဘူတော။ **နိဗ္ဗေဓိကာယာ**တိ သာယေဝ နိဗ္ဗိဇ္ဈနတော နိဗ္ဗေဓိကာတိ ဝုစ္စတိ၊ တာယ သမန္နာဂတောတိ အတ္ထော။ တတ္ထ မဂ္ဂပညာယ သမုစ္ဆေဒဝသေန

အနိပ္ဖိဒ္ဓပုဗ္ဗံ အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ ဒေါသက္ခန္ဓံ မောဟက္ခန္ဓံ နိဗ္ဗိဇ္ဈတိ ပဒါလေတီတိ နိဗ္ဗေဓိကာ။ ဝိပဿနာပညာယ တဒင်္ဂဝသေန နိဗ္ဗေဓိကာယ မဂ္ဂပညာယ ပဋိလာဘသံဝတ္တနတော စာတိ ဝိပဿနာ "နိဗ္ဗေဓိကာ"တိ ဝတ္တုံ ဝဋ္ဋတိ။ **သမ္မာ ဒုက္ခက္ခယဂါမိနိယာ**တိ ဣဓာပိ မဂ္ဂပညာ သမ္မာဟေတုနာ နယေန ဝဋ္ဋဒုက္ခံ ခေပယမာနာ ဂစ္ဆတီတိ သမ္မာ ဒုက္ခက္ခယဂါမိနီ နာမ။ ဝိပဿနာ တဒင်္ဂဝသေန ဝဋ္ဋဒုက္ခဉ္စ ကိလေသဒုက္ခဉ္စ ခေပယမာနာ ဂစ္ဆတီတိ ဒုက္ခက္ခယဂါမိနီ။ ဒုက္ခက္ခယဂါမိနိယာ ဝါ မဂ္ဂပညာယ ပဋိလာဘသံဝတ္တနတော ဧသာ ဒုက္ခက္ခယဂါမိနီတိ ဝေဒိတဗ္ဗာ။ (မ-ဋ္ဌ-၃-၂၂။ အံ-ဋ္ဌ-၃-၂။)

**ဥဒယတ္ထဂါမိနိယာ** — ဟူသည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယ ဝယ သဘောကို ထိုးထွင်း သိမြင်ခြင်းငှာ စွမ်းနိုင်သောဟု ဆိုလို၏။ **အရိယာယ = ဖြူစင်မြင့်မြတ်သော** — ဟူသည် သမထပိုင်း၌ ကိလေသာတို့ကို တစ်နာရီ နှစ်နာရီစသည်ဖြင့် ခပ်ကြာကြာ ခွာထားနိုင်သော ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့်, အရိယမဂ်အခိုက်၌ ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်တောက်တတ်သော သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့် ကိလေ-သာတို့မှ ဝေးကွာသောအရပ်၌ တည်နေသဖြင့် ဖြူစင်မြင့်မြတ်သောဟု ဆိုလို၏။ **ပညာယ သမန္နာဂတော = ပညာနှင့် ပြည့်စုံ၏** — ဟူသည် ဝိပဿနာပညာနှင့်လည်းကောင်း အရိယမဂ်ပညာနှင့်လည်းကောင်း ပြည့်စုံ၏ဟု ဆိုလို၏။ **နိဗ္ဗေဓိကာယ = ဖောက်ခွဲနိုင်သော ပညာ**ဟူသည် ထို ဝိပဿနာပညာ အရိယမဂ်ပညာကိုပင်လျှင် ကိလေသာထုအစိုင်အခဲကို ဖောက်ခွဲနိုင်သောကြောင့် နိဗ္ဗေဓိကာပညာဟူ၍ ဆိုအပ်၏၊ ထိုနိဗ္ဗေဓိကာပညာနှင့် ပြည့်စုံ၏ဟု ဆိုလို၏။ ထိုနိဗ္ဗေဓိကာပညာအမည်ရသော ဝိပဿနာပညာ အရိယမဂ်ပညာတို့တွင် အရိယမဂ်-ပညာသည် အကြွင်းမဲ့ပယ်သတ်ခြင်း သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့် မထိုးဖောက်ဖူးသေးသော မဖောက်ခွဲဖူး-သေးသော လောဘထုအစိုင်အခဲ ဒေါသထုအစိုင်အခဲ မောဟထုအစိုင်အခဲကို ထိုးဖောက်တတ်၏ ဖောက်ခွဲ-တတ်၏၊ ထိုကြောင့် နိဗ္ဗေဓိကာပညာ မည်၏။ ဝိပဿနာပညာသည် တဒင်္ဂ = ခဏခေတ္တပယ်သည်၏ အစွမ်းဖြင့် လောဘထုအစိုင်အခဲ ဒေါသထုအစိုင်အခဲ မောဟထုအစိုင်အခဲကို ထိုးဖောက်တတ်၏၊ ဖောက်ခွဲတတ်၏၊ ထိုကြောင့် နိဗ္ဗေဓိကာပညာမည်၏။ တစ်ဖန် နိဗ္ဗေဓိကာ အမည်ရသော အရိယမဂ်ပညာကို ရခြင်းကို ဖြစ်စေ-တတ်သောကြောင့်လည်း ဝိပဿနာပညာကို နိဗ္ဗေဓိကာဟူ၍ ဆိုခြင်းငှာ သင့်ပေ၏။ **သမ္မာ ဒုက္ခက္ခယဂါမိနိယာ = ကောင်းမွန်မှန်ကန်စွာ သံသာရဝဋ်ဒုက္ခ ကိလေသဝဋ်ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သောပညာ** ဟူသည် — ဤ၌လည်း အရိယမဂ်ပညာသည် ကောင်းမွန်မှန်ကန်သော အကြောင်းတရားဖြင့် နည်းလမ်းဖြင့် သံသာရဝဋ္ဋဒုက္ခ ကိလေသဝဋ္ဋဒုက္ခကို ကုန်စေလျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် သမ္မာဒုက္ခက္ခယဂါမိနီ ပညာ မည်၏ = ကောင်းမွန်မှန်ကန်စွာ သံသာရဝဋ္ဋဒုက္ခ ကိလေသ ဝဋ္ဋဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေ-တတ်သော ပညာ မည်၏။ ဝိပဿနာပညာသည် တဒင်္ဂ၏ အစွမ်းဖြင့် သံသာရဝဋ္ဋဒုက္ခကိုလည်းကောင်း ကိလေ-သဝဋ္ဋဒုက္ခကိုလည်းကောင်း ကုန်စေလျက် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသောအားဖြင့် နိဗ္ဗာန်ဘက်သို့ သွားတတ်-သောကြောင့် ဒုက္ခက္ခယဂါမိနီ ပညာ = ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ မည်၏။ တစ်နည်း သံသာရဝဋ္ဋဒုက္ခ ကိလေသဝဋ္ဋဒုက္ခကို ကုန်စေတတ်သော အရိယမဂ်ပညာကို ရရှိခြင်းကို ဖြစ်စေတတ်သော-ကြောင့် ဤဝိပဿနာပညာသည် ဒုက္ခက္ခယဂါမိနီ ပညာ = ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ မည်၏ဟု သိရှိပါလေ။ (မ-ဋ္ဌ-၃-၂၂။ အံ-ဋ္ဌ-၃-၂။)

**နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရှိသော ဤကျမ်းစာ၌လည်း သံသရာဝဋ္ဋဆင်းရဲဒုက္ခ ကိလေသာဝဋ္ဋဆင်းရဲ ဒုက္ခကို ကုန်ခန်းစေတတ်သော ဝိပဿနာပညာ အရိယမဂ်ပညာ ရရှိရေးအတွက် ရည်ရွယ်တောင့်တ၍ —

၁။ ဥပါဒါနက္ခန္ဓာ ငါးပါးတို့တွင် အကျုံးဝင်သော ရူပက္ခန္ဓာ အမည်ရသော ရုပ်တရားတို့ကို ပရမတ်သို့ဆိုက်-အောင် ဟုတ်တိုင်းမှန်စွာ သိရှိရန် ရှုပွားပုံစနစ်များကို **ရုပ်ကမ္မဋ္ဌာန်းပိုင်း**တွင် ရေးသားတင်ပြခဲ့၏။

၂။ ဥပါဒါနက္ခန္ဓာငါးပါးတို့တွင် အကျုံးဝင်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူသော နာမ်ခန္ဓာ လေးပါး = နာမ်တရားတို့ကို ပရမတ်သို့ ဆိုက်အောင် ဟုတ်တိုင်းမှန်စွာ သိရှိရန် ရှုပွားပုံစနစ်များကို **နာမ်ကမ္မဋ္ဌာန်းပိုင်း**တွင် ရေးသားတင်ပြခဲ့၏။

၃။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်တရား နာမ်တရားတို့၏ အကြောင်းတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိရှိရန် ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့် ပိုင်းခြားယူတတ်ရန် သိမ်းဆည်းတတ်ရန် ရှုပွားပုံ သိမ်းဆည်းပုံစနစ်များကို **ပဋိစ္စသမုပ္ပါဒ်ပိုင်း**တွင် ရေးသားတင်ပြခဲ့၏။ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက်လည်းကောင်း, ပစ္စယတော ဥဒယဗ္ဗယဒဿနဟူသော အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံ, အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံ, အကြောင်းအကျိုး နှစ်ရပ်လုံး-တို့၏ ဖြစ်မှုပျက်မှုကို ရှုမြင်တတ်သော ဥဒယဗ္ဗယဉာဏ် သို့မဟုတ် ဝိပဿနာဉာဏ် ရရှိရေးအတွက်လည်းကောင်း အထူးရည်ညွှန်း၍ ရေးသားတင်ပြခဲ့၏။

၄။ အကြောင်းတရားနှင့်တကွသော ထို ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အသိဉာဏ် သန့်ရှင်းသထက် သန့်ရှင်းရန် ရည်ရွယ်တောင့်တ၍ အဋ္ဌကထာကြီးများ၌ ညွှန်ကြားပြသထားသည့်အတိုင်း လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် နည်းအားဖြင့် ယင်း ရုပ်-နာမ်-ကြောင်း-ကျိုး သင်္ခါရတရားတို့ကို သိမ်းဆည်းရှုပွားပုံစနစ်များကို **လက္ခဏာဒိစတုက္ကပိုင်း**တွင် ရေးသားတင်ပြခဲ့၏။

၅။ ယခုတစ်ဖန် အကြောင်းတရားနှင့်တကွသော ထို ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍လည်းကောင်း, အပျက်သက်သက်ကို အာရုံယူ၍လည်းကောင်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာရှုပွားပုံစနစ်များကို ဝိပဿနာပညာ အရိယမဂ်ပညာနှင့် ပြည့်စုံလာရေးအတွက် ရည်ရွယ်တောင့်တ၍ ဤ **ဝိပဿနာပိုင်း**တွင် ရေးသားတင်ပြထားပါသည်။

## တထာဂတ အမည်ရတော်မူခြင်း

သုံးလောကထွဋ်ထား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို တထာဂတဟူ၍ ခေါ်ဆိုရခြင်း၌ အကြောင်း-တရားများ များစွာ ရှိနေ၏။ ထိုအကြောင်းတရား များစွာတို့အနက် အကြောင်းတရား တစ်မျိုးမှာ ဤသို့ ဖြစ်၏။

ယဉ္စ ဘိက္ခဝေ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ၊ ယဉ္စ ရတ္တိံ အနုပါဒိသေ-သာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ယံ ဧတသ္မိံ အန္တရေ ဘာသတိ လပတိ နိဒ္ဒိသတိ၊ သဗ္ဗံ တံ တထေဝ ဟောတိ နော အညထာ။ တသ္မာ “တထာဂတော”တိ ဝုစ္စတိ။ (ဒီ-၃-၁၁၁။ အံ-၁-၃၃၂။)

ရဟန်းတို့ . . . တထာဂတ အမည်ရတော်မူသော သင်တို့ဆရာ ငါဘုရားသည် အကြင်ညဥ့်၌လည်း အတုမရှိ အမြတ်ဆုံးဖြစ်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ထိုးထွင်း၍ သိမြင်တော်မူ၏။ (မဟာသက္ကရာဇ် - ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ ည ဖြစ်၏။) အကြင်ညဥ့်၌လည်း ဝိပါက်ကမ္မဇရုပ် အကြွင်း မရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏။ (မဟာသက္ကရာဇ် -၁၄၈-ခုနှစ် ကဆုန်လပြည့်နေ့ ည ဖြစ်၏။) ထိုညဥ့် နှစ်ညဥ့်တို့၏ အတွင်း၌ လေးဆဲ့ငါးဝါ ကာလပတ်လုံး အကြင်တရားတော်ကို ဟောကြား-တော်မူ၏ မြွက်ဟတော်မူ၏ ညွှန်ပြတော်မူ၏။ ထိုဟောပြောမြွက်ဟညွှန်ပြတော်မူအပ်သော တရားအလုံးစုံသည် ဟောကြားတော်မူသည့်အတိုင်း မြွက်ဟတော်မူသည့်အတိုင်း ညွှန်ပြတော်မူသည့်အတိုင်း မှန်သည်သာလျှင် ဖြစ်၏၊ မမှန်ဟူသော အခြားတစ်မျိုးသော အခြင်းအရာအားဖြင့် မဖြစ်ပေ။ ထိုကြောင့် သင်တို့ဆရာ ငါဘုရားကို **တထာဂတ**ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ဒီ-၃-၁၁၁။ အံ-၁-၃၃၂။)

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရရှိတော်မူသည့်နေ့မှ စ၍ ပရိနိဗ္ဗာန် စံတော်မူသည့်နေ့အထိ လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားညွှန်ပြ ဆိုဆုံးမထားတော်မူအပ်သော တရားတော် မှန်သမျှသည် ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့်အတိုင်း မှန်သည်သာလျှင် ဖြစ်၏၊ မမှန်ဟူသော အခြားတစ်မျိုးသော အခြင်းအရာအားဖြင့် မဖြစ်ပေ။ ထို့ကြောင့် —

"ဤလောကုတ္တရာတရား ကိုးပါးသည် — အလိုနည်းပါးသော အပ္ပိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ အလိုရမ္မက်ကြီးမားသော မဟိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ ရောင့်ရဲလွယ်သော သန္တုဋ္ဌိတရား ထင်ရှားရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ရောင့်ရဲလွယ်သော သန္တုဋ္ဌိတရား ထင်ရှားမရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ ဝိဝေကတရားသုံးပါး၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ လူသူအပေါင်းအဖော် ကိလေသာအပေါင်းအဖော်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ သမထဝိပဿနာ ဘာဝနာတို့ကို အပြင်းအထန်ကြိုးစားအားထုတ်သော လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ပျင်းရိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့၌ ထင်လင်း-သော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ မေ့လျော့တတ်သော ပျောက်ပျက်သော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော တစ်မျိုးမျိုးသော သမာဓိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ သမာဓိမရှိသော ပုဂ္ဂိုလ်၏သန္တာန်၌ မပြည့်စုံနိုင်။ ဝိပဿနာပညာ အရိယမဂ်ပညာ ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ဝိပဿနာပညာ အရိယမဂ်ပညာမရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ ပပဉ္စတရားသုံးပါး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော စိတ်ဓာတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏၊ ပပဉ္စတရားသုံးပါး၌ မွေ့-လျော်ပျော်ပိုက် နှစ်ခြိုက်သော စိတ်ဓာတ်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။" —

ဤသို့ ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့် — **မဟာပုရိသဝိတက္က = ယောကျ်ားမြတ်တို့၏ အကြံ** အမည်ရသော ဤတရားဒေသနာတော်သည်လည်း ဟောကြား မြွက်ဟ ညွှန်ပြတော်မူသည့်အတိုင်း မှန်သည်သာလျှင် ဖြစ်၏၊ မမှန် - ဟူသော အခြားတစ်ပါးသော အခြင်းအရာအားဖြင့် ပြောင်းလဲ၍ ဖြစ်ရိုး ဓမ္မတာ မရှိပေ။

ထို့ကြောင့် အသင်သူတော်ကောင်းသည်လည်း လောကုတ္တရာတရား ကိုးပါးကို အလိုရှိခဲ့ပါမူ —

၁။ အလိုနည်းပါးခြင်း အပ္ပိစ္ဆတရားနှင့် ပြည့်စုံအောင်,
၂။ ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရားနှင့် ပြည့်စုံအောင်,
၃။ ဝိဝေကတရား သုံးပါးနှင့် ပြည့်စုံအောင်,
၄။ သမထဝိပဿနာ ဘာဝနာတို့၌ အပြင်းအထန် ကြိုးစားအားထုတ်ခြင်း လုံ့လဝီရိယနှင့် ပြည့်စုံအောင်,
၅။ အကြောင်းတရားနှင့်တကွသော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ ထင်လင်းသော သတိနှင့် ပြည့်စုံအောင်,
၆။ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော တစ်မျိုးမျိုးသော သမာဓိနှင့် ပြည့်စုံအောင်,
၇။ ဝိပဿနာပညာ အရိယမဂ်ပညာနှင့် ပြည့်စုံအောင်,
၈။ ပပဉ္စတရား သုံးပါး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သော စိတ်ထားနှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လေရာသတည်း။

ဖားအောက်တောရဆရာတော်
ဖားအောက်တောရ - စိတ္တလတောင်ကျောင်း
၁၃၅၆ - ခု၊ ပြာသိုလဆန်း (၉) ရက်၊ တနင်္လာနေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဝိပဿနာပိုင်း

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ – သမ္မသနဉာဏ်ခန်း

### ကလာပသမ္မသန ခေါ် နယဝိပဿနာ

တံ သမ္မာဒေတုကာမေန **ကလာပသမ္မသန**သင်္ခါတာယ **နယဝိပဿနာယ** တာဝ ယောဂေါ ကရဏီယော။ (ဝိသုဒ္ဓိ-၂-၂၄၁။)

ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသ တရားများမှ လွတ်မြောက်သွားသော ဝိပဿနာလမ်းမှန် လမ်းရိုးအတိုင်း သွားနေသော ဝိပဿနာပညာသည် အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော လမ်းမှန်လမ်းရိုး ပုဗ္ဗဘာဂ-မဂ်တည်း။ ဩဘာသ = အရောင်အလင်းစသော ဥပက္ကိလေသတရားများသည်ကား အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော လမ်းမှန် လမ်းရိုး ပုဗ္ဗဘာဂမဂ် မဟုတ်။ ဤသို့လျှင် အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော လမ်းမှန် လမ်းရိုး ဖြစ်သော ပုဗ္ဗဘာဂမဂ်ကိုလည်းကောင်း, လမ်းမှန် လမ်းရိုး မဟုတ်သော ပုဗ္ဗဘာဂမဂ်ကိုလည်းကောင်း မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း နားလည် ပိုင်းခြား ကောင်းစွာ မှတ်သား၍ တည်သော ဉာဏ်သည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = ဤကား လမ်းမှန် ဤကား လမ်းမှားဟု သိမြင်သည်ဖြစ်၍ ဝိပဿနာအညစ်–အကြေးမှ စင်ကြယ်သော ဉာဏ်** မည်၏။ (ဝိသုဒ္ဓိ-၂-၂၄၁။)

ထို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဉာဏ်အမြင်ကို ပြည့်စုံစေလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် **ကလာပ သမ္မသန** ဟု ခေါ်ဆိုအပ်သော **နယဝိပဿနာ**၌ ရှေးဦးစွာ အစဉ်သဖြင့် အားထုတ်ခြင်းကို ပြုသင့်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၄၁။)

အတီတာဒိဝသေန အနေကဘေဒဘိန္နေ ဓမ္မေ ကလာပတော သင်္ခိပိတွာ သမ္မသနံ **ကလာပသမ္မသနံ**၊ အယံ ကိရ ဇမ္ဗုဒီပဝါသီနံ အဘိလာပေါ။ "ယံ ကိဉ္စိ ရူပ"န္တိအာဒိနာ နယေန ဟိ ဓမ္မာနံ ဝိပဿနာ **နယဝိပဿနာ**၊ အယံ ကိရ တမ္ဗပဏ္ဏိဒီပဝါသီနံ အဘိလာပေါ။ (မဟာဋီ-၂-၃၈၆။)

ကထံ အဂ္ဂိဝေဿန မမ သာဝကော ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ။ (မ-၁-၂၉၇။)

**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿာမီ**တိ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ။ (မ-ဋ္ဌ-၄-၂၃၂။ ဆန္နောဝါဒသုတ္တန်။)

အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ဟူသော (၁၁)မျိုးသော အခြင်းအရာတို့ဖြင့် ကွဲပြားကုန်သော ရုပ်တရား နာမ်တရားတို့ကို ကလာပ = အပေါင်းအစု အားဖြင့် ချုံငုံ၍ အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာယာဉ် သုံးချက်တင်၍ ရှုပွားသုံးသပ်ခြင်းသည် **ကလာပ သမ္မသန**မည်၏။ ဤ ကလာပသမ္မသနဟူသော ဝေါဟာရကား ဇမ္ဗူဒိပ်ကျွန်း၌ သီတင်းသုံးတော်မူကြကုန်သော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရ ဖြစ်သည်။

ယင်း အတိတ် အနာဂတ် ပစ္စုပ္ပန် စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိကြကုန်သော အလုံးစုံသော ရုပ် (ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်) တရားကို —

နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ — ဟု

= ငါ့ဟာ မဟုတ် ၊ ငါ မဟုတ်၊ ငါ၏အတ္တ မဟုတ် — ဟု

= အနိစ္စဟု ဒုက္ခဟု အနတ္တဟု

ဤသို့ ဝိပဿနာရှုခြင်းသည် **နယဝိပဿနာ** မည်၏။ ဤ နယဝိပဿနာဟူသော အမည်သည် သီဟိုဠ်-ကျွန်း၌ သီတင်းသုံးတော်မူကြကုန်သော မထေရ်မြတ်ကြီးတို့၏ အသုံးပြုသော ဝေါဟာရဖြစ်သည်။

(မဟာဋီ-၂-၃၈၆။)

ဤ ကလာပသမ္မသနဉာဏ်မည်သည် တစ်ခုခုသော ဝိသုဒ္ဓိကျင့်စဉ်၌သော်လည်း အကျုံးမဝင်ပေ။ အချို့-သော ဆရာတို့သည်လည်း ထိုကလာပသမ္မသနကို မသုံးသပ်မူ၍သာလျှင် ဝိပဿနာစာရ = ဝိပဿနာဉာဏ်၏ ကျက်စားမှုကို ဖွင့်ဆိုကုန်၏။ သို့သော်လည်း ထိုကလာပသမ္မသနကို ထိုထို သုတ္တန်တို့၌ (အနတ္တလက္ခဏသုတ္တန် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်စသော ထိုထို သုတ္တန်တို့၌) တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း, အကြွင်းမဲ့ အားဖြင့်လည်းကောင်း ရှုပွားသုံးသပ်ရန် ဘုရားရှင်သည် ညွှန်ကြားထားတော်မူ၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော် (စာမျက်နှာ ၅၁-စသည်) ၌လည်း ဝိပဿနာကို အားသစ်စ ပုဂ္ဂိုလ်တို့အဖို့ ကလာပသမ္မသန ရှုပွားနည်းမှာ နှလုံးသွင်းရ လွယ်ကူသည့်အတွက် ဝိပဿနာ၏ အစအဖြစ်ဖြင့် တည်ထားတော်မူအပ်၏။ ဝိပဿနာရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဩဘာသဟူသော ထူးကဲသော အရောင်အလင်းစသည်တို့သည် ဖြစ်ပေါ်-လာလတ်ကုန်သော် မဂ္ဂါမဂ္ဂဉာဏ်= လောကုတ္တရာမဂ်ဉာဏ်၏ ရှေးအဖို့၌ ဖြစ်သော လမ်းမှန်လမ်းမှားကို ပိုင်းခြား သိမြင်သည်ဖြစ်၍ ဝိပဿနာအညစ်အကြေးတို့မှ စင်ကြယ်သော ဝိပဿနာဉာဏ်= ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ပေါ်လာတတ်၏။ ဤသုံးမျိုးသော အကြောင်းကြောင့် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**ကို ပြည့်စုံစေလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ ကလာပသမ္မသနဟု ခေါ်ဆိုအပ်သော နယဝိပဿနာကို ကြိုးစားအား-ထုတ်သင့်ကြောင်းကို အဋ္ဌကထာဆရာတော်က စိစစ် တင်ပြနေခြင်း ဖြစ်ပေသည်။

ယေပိ စ သမ္မသနုပဂါ၊ တေသု **ယေ ယဿ ပါကဋာ ဟောန္တိ သုခေန ပရိဂ္ဂဟံ ဂစ္ဆန္တိ၊ တေသု တေန သမ္မသနံ အာရဘိတဗ္ဗံ**။ (ဝိသုဒ္ဓိ-၂-၂၄၄။)

**ယေ** ရူပါရူပဓမ္မာ။ **ယဿာ**တိ ယောဂိနော။ **တေသု တေန သမ္မသနံ အာရဘိတဗ္ဗံ** ယထာပါကဋံ ဝိပဿနာဘိနိဝေသောတိ ကတွာ။ ပစ္ဆာ ပန အနုပဋ္ဌဟန္တေပိ ဥပါယေန ဥပဋ္ဌဟာပေတွာ အနဝသေသတောဝ သမ္မသိတဗ္ဗာ။ (မဟာဋီ-၂-၃၉၁။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သမ္မသနဉာဏ်ပိုင်းတွင် ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၅၁-၅၂-၅၅၊ ၆-၉။) သံယုတ် ပါဠိတော် အဘိညေယျသုတ္တန် (သံ-၂-၂၅၈။) စသည်တို့ကို ကိုးကား၍ သမ္မသနဉာဏ်စသော ဝိပဿနာ-ဉာဏ်တို့ဖြင့် ရှုပွားသုံးသပ်ရမည့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ပရမတ္ထဓာတ်သားတို့ကို နည်းအမျိုးမျိုးဖြင့် အောက်ပါအတိုင်း ရေးသားဖွင့်ဆိုထားတော်မူ၏။ —

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကတည်းဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ (၅) ပါး,

၂။ ဒွါရ အာရုံတို့နှင့် တကွ ဒွါရ၌ ဖြစ်ကုန်သော ပရမတ္ထဓမ္မများ,

၃။ ဥပါဒါနက္ခန္ဓာ (၅) ပါး,

၄။ ဒွါရ (၆) ပါး,

၅။ အာရုံ (၆) ပါး,
၆။ ဝိညာဏ် (၆) ပါး,
၇။ ဖဿ (၆) ပါး,
၈။ ဝေဒနာ (၆) ပါး,
၉။ သညာ (၆) ပါး,
၁၀။ စေတနာ (၆) ပါး,
၁၁။ တဏှာ (၆) ပါး,
၁၂။ ဝိတက် (၆) ပါး,
၁၃။ ဝိစာရ (၆) ပါး,
၁၄။ ဓာတ် (၆) ပါး (ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏ-ဓာတ်),
၁၅။ ကသိုဏ်း (၁၀) ပါး,
၁၆။ (၃၂) ကောဋ္ဌာသ,
၁၇။ အာယတန (၁၂) ပါး,
၁၈။ ဓာတ် (၁၈) ပါး,
၁၉။ ဣန္ဒြေ (၂၂) ပါး,
၂၀။ ဓာတ်သုံးပါး (ကာမဓာတ် ရူပဓာတ် အရူပဓာတ်),
၂၁။ ဘဝကြီး (၉) ပါး (ကာမဘဝ ရူပဘဝ အရူပဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ),
၂၂။ ဈာန်လေးပါး (ရူပါဝစရဈာန် လေးပါး),
၂၃။ အပ္ပမညာတရား (၄) ပါး (မေတ္တာဈာန် ကရုဏာဈာန် မုဒိတာဈာန် ဥပေက္ခာဈာန်),
၂၄။ သမာပတ်လေးပါး (အာကာသာနဉ္စာယတနဈာန် ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန် နေဝသညာနာသညာယတနဈာန် ဟူသော အရူပဈာန်သမာပတ် လေးပါး),
၂၅။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါး —

ဤသို့ ရေတွက်ပြထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၂၄၂-၂၄၃-၂၄၄။)

ပရိဂ္ဂဟ (၅) မျိုးလုံး၌ တစ်ဘက်ကမ်းခပ်အောင် ပေါက်ရောက်ပြီးသော လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် နည်းအားဖြင့် အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို သိမ်းဆည်းထားပြီးသော အသင် ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အဖို့ အထက်ပါ တရားတို့မှာ အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ ဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိကြသော စိတ်+စေတသိက်+ရုပ် ပရမတ္ထတရား-တို့သည်သာဖြစ်ကြကုန်၏ ဟူသောအချက်ကို သဘောပေါက်နိုင်လောက်ပေပြီ။ ယင်းတရားတို့မှာ ရုပ်နာမ် နှစ်ပါး, ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ် တစ်ဆယ့်ရှစ်ပါး, ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် တစ်ဆယ့်နှစ်ပါးတို့သာ ဖြစ်ကြသည်ကိုလည်း သဘောပေါက်ပြီး ဖြစ်နိုင်ပေလိမ့်မည်။ သို့သော် မည်သို့သော အကြောင်းကြောင့် ဤသို့ (၂၅)မျိုး ခွဲ၍ ဖွင့်ဆိုထားရသည်ဟူသော အချက်နှင့် ပတ်သက်၍ မဟာဋီကာ (-၂-၃၈၉)တွင် ဤသို့ ရှင်းလင်း တင်ပြထား၏။ —

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့ကို ပိုင်းခြားမှတ်သားပုံကို ဤ ဆိုလတ္တံ့သော နည်းဖြင့် သိရှိပါလေ။ —

ဤပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး၌ ဝိပဿနာကို အားသစ်စဖြစ်ကုန်သော ယောဂါဝစရပုဂ္ဂိုလ်တို့အား ဝိပ-ဿနာနှလုံးသွင်းခြင်း၌ ချမ်းသာလွယ်ကူပါစေခြင်း အကျိုးငှာ ရည်သန်တောင့်တတော်မူ၍ ရှေးဦးစွာ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ စသည်ဖြင့် (၁၁)မျိုးသော အခြင်းအရာအားဖြင့်တည်နေသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် စသည်ကို ဝေဖန်ခြင်းကို ပဓာနပြုသဖြင့် ဝိပဿနာဉာဏ်၏ အရှုခံ အာရုံအဖြစ် ယူထားအပ်ပေသည်။

ထိုခန္ဓာတို့သည်ကား ဒွါရအာရုံတို့နှင့် အတူတကွ ဒွါရ၌ဖြစ်သော တရားတို့၏ အစွမ်းအားဖြင့် ဝေဖန်ခြင်းကို ရအပ်ကုန်၏။ (ရုပ်တရားတို့ကား ဒွါရတရား အာရုံတရားတို့ ဖြစ်ကြ၏၊ နာမ်တရားတို့ကား မနောဒွါရတရား, ဒွါရခြောက်ပါး၌ ဖြစ်သောတရား အာရုံတရားတို့ ဖြစ်ကြ၏။) ထို့ကြောင့် ထိုခန္ဓာတို့၏ အခြားမဲ့၌ ဒွါရဆက္က စသည်တို့၏ အစွမ်းဖြင့် ဆယ်ပါးသော ဆက္ကတို့ကို = ( ဒွါရ ၆-ပါးမှသည် ဝိစာရ ၆-ပါးသို့ တိုင်အောင် ဆက္က-၁၀-ပါးတို့ကို) ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ယူ၍ ဖွင့်ပြတော်မူအပ်ကုန်၏။

တစ်ဖန် လက္ခဏာရေးသုံးတန်တို့တွင် အနတ္တလက္ခဏာကား ခဲခဲယဉ်းယဉ်း ခွဲခြားဝေဖန်၍ သိရသော သိနိုင်ခဲသော လက္ခဏာတစ်ခု ဖြစ်၏။ ထို့ကြောင့် ထိုအနတ္တလက္ခဏာကို ထင်စွာပြခြင်းငှာ ပထဝီဓာတ် အာပေါ-ဓာတ် တေဇောဓာတ် ဝါယောဓာတ် အာကာသဓာတ် ဝိညာဏဓာတ်ဟူသော ဓာတ်ခြောက်ပါးတို့ကို ဝိပဿနာ-ဉာဏ်၏ အရှုခံ အာရုံအဖြစ် ယူ၍ ဟောကြားတော်မူအပ်၏။

ထို့နောင်မှ အကြင်ကသိုဏ်းတို့၌ ဤသာသနာတော်မှ အပြင်အပ၌ ဖြစ်ကြကုန်သော သာသနာတော်၏ ပြင်ပအယူအဆ ရှိကြကုန်သော တိတ္ထိတို့သည် အတ္တဟု နှလုံးသွင်းကြကုန်၏။ ယင်းတိတ္ထိတို့ သန္တာန်၌ ယင်း ကသိုဏ်းတို့ကို အတ္တဟု နှလုံးသွင်းခြင်းသည် ဖြစ်နေ၏။ ထို ကသိုဏ်းတို့သည်ကား ဤစျာန်တို့၏ (ဤ ရူပါဝစရ-စျာန် အရူပါဝစရစျာန်တို့၏) အာရုံ၏ အဖြစ်ဖြင့် ထင်သောအခြင်းအရာမျှတို့သည်သာတည်း။ ဤသို့ ထင်ရှား ပြတော်မူခြင်း အကျိုးငှာ ကသိုဏ်း (၁၀) ပါးတို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံစာရင်းတွင် ယူ၍ ဖွင့်ဆိုတော် မူခြင်းဖြစ်၏။ (ကသိုဏ်းပညတ်တို့ကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့ကား မဟုတ်ကြကုန်၊ ကသိုဏ်းပညတ်-တို့ကိုအာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စျာန်သမာပတ်တရားတို့သည်သာလျှင် ဝိပဿနာဉာဏ်၏ အရှုခံ အာရုံ ဖြစ်ကြ၏။ သို့သော် သာသနာပ အယူအဆရှိသူ တိတ္ထိတို့က ယင်း ကသိုဏ်းတို့ကို အတ္တဟု နှလုံးသွင်း နေကြ၏။ ထိုအယူအဆကို တိုက်ဖျက်ရန် ကသိုဏ်းပညတ်တို့ကို ယူ၍ ဖွင့်ဆိုထားသည်ဟူလို။)

ထို့နောင် ဒုက္ခာနုပဿနာ၏ အခြံအရံ၏ အဖြစ်ဖြင့် ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလမနသိကာရ၏ အစွမ်းဖြင့် နှလုံးသွင်း ရှုပွားနိုင်ရန် ရည်သန် တောင့်တတော်မူ၍ (၃၂) ပါးသော ကောဋ္ဌာသတို့ကို ယူ၍ ဖွင့်ဆိုထားတော်မူ၏။ [ ဂိရိမာနန္ဒသုတ္တန် (အံ-၃-၃၄၃) ၌ ၃၂-ကောဋ္ဌာသတို့ကို အသုဘသညာအနေဖြင့် ပွားများရန် ဘုရားရှင်သည် ညွှန်ကြားထားတော်မူ၏။ အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ။ (ဥဒါန်းပါဠိတော်-၁၂၀) မေဃိယ သုတ္တန်၌ ရာဂကိုတိုက်ဖျက်ရန်အတွက် ဝိပဿနာပိုင်းတွင်လည်း အသုဘဘာဝနာကို ပွားများရန် ညွှန်ကြားတော် မူခဲ့၏။ သဝိညာဏကအသုဘ, အဝိညာဏကအသုဘဟူသော အသုဘနှစ်မျိုးတို့တွင် သဝိညာဏကအသုဘ တည်း။ ယင်း အသုဘသညာကို သမထပိုင်းတွင် ပဋိကူလမနသိကာရဟု ခေါ်ဆို၍ ဝိပဿနာပိုင်းတွင် ဒုက္ခာ-နုပဿနာ၏ အခြံအရံ အသုဘသညာဟု ခေါ်ဆိုသည်။ သမထပိုင်း၌ (၃၂)ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ ပထမစျာန်သမာဓိသို့ ဆိုက်အောင် နှလုံးသွင်းရ၏။ ဝိပဿနာပိုင်း၌ကား ခန္ဓာ-

အိမ်၏ အပြစ်အာဒီနဝကို ဉာဏ်ဖြင့်မြင်အောင် အာဒီနဝါနုပဿနာအနေဖြင့် ဒုက္ခာနုပဿနာ၏ အခြံအရံအဖြစ် ရှုပွားသုံးသပ်ခြင်းဖြစ်၏။]

ရှေး၌ ခန္ဓာငါးပါးနည်း၏ အစွမ်းဖြင့် အကျဉ်းအားဖြင့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ယူ၍ ဖွင့်ဆိုထားအပ်ကုန်သော ပရမတ္ထတရားတို့ကိုပင် မကျယ်လွန်း မကျဉ်းလွန်းသော နည်းဖြင့်လည်းကောင်း အကျယ်နည်းဖြင့်လည်းကောင်း ဝိပဿနာနှလုံးသွင်းခြင်းကို ပြုအပ်ကုန်၏ဟု ညွှန်ပြခြင်း အကျိုးငှာ အာယတန (၁၂) ပါးတို့ကိုလည်းကောင်း, ဓာတ် (၁၈) ပါးတို့ကိုလည်းကောင်း ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ယူ၍ ဖွင့်ဆိုအပ်ကုန်၏။

ထို ဆိုအပ်ခဲ့ပြီးသော ခန္ဓာ အာယတန ဓာတ် တရားတို့တွင် ဤ ဆိုလတ္တံ့သော ဣန္ဒြေထိုက်သော တရားတို့သည် အတ္တမှ ဆိတ်သုဉ်းသည်၏အဖြစ်, အားထုတ်ခြင်း မရှိသည်၏အဖြစ်, ကြောင့်ကြဗျာပါရ ကင်းသည်၏ အဖြစ်သည် ထင်ရှားရှိငြားသော်လည်း ပရမတ္ထဓမ္မသဘာဝအားဖြင့် သဟဇာတ်တရားတို့ကိုလည်းကောင်း အမှီခံတရားတို့ကိုလည်းကောင်း အစိုးရသည်၏ အဖြစ်၏ အစွမ်းဖြင့် ဖြစ်ကြကုန်၏ဟု အနတ္တလက္ခဏာကို ထင်ရှားစွာ ပြခြင်းအကျိုးငှာ ဣန္ဒြေတရားတို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ယူ၍ ဖွင့်ဆိုအပ်ကုန်၏။ (ဝိပဿနာ ရှုကောင်းသော ဣန္ဒြေထိုက်သော တရားတို့ကို အထူးရည်ညွှန်းထားပါသည်။)

ဤသို့လျှင် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့မှာ နည်းအမျိုးမျိုး ကွဲပြားကုန်သော်လည်း ဤတရားတို့သည် ဘုံသုံးပါးအပေါင်း၌ အကျုံးဝင်သည်၏ အဖြစ်ဖြင့် ဘုံသုံးပါးအပေါင်း၌သာ အကျုံးဝင်သည်၏ အဖြစ်ကြောင့် သုံးပါးသာလျှင် အပြားရှိကုန်၏ဟု ညွှန်ပြခြင်း အကျိုးငှာ ကာမဓာတ် ရူပဓာတ် အရူပဓာတ် ဟူသော ဓာတ် သုံးပါးတို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံ အဖြစ်ဖြင့် ယူ၍ ဖွင့်ဆိုတော်မူပြန်သည်။

ဤမှုဖြင့် ဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သည့် သင်္ခါရနိမိတ်ကို ညွှန်ပြပြီး၍ အဝိဇ္ဇာ တဏှာ ဉပါဒါန် သင်္ခါရ ကံဟူသောအကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော အကျိုးတရားများ ထင်ရှားဖြစ်ပုံ ဟူသော ဉပါဒိန္နကပဝတ္တကို ညွှန်ပြခြင်း အကျိုးငှာ = အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ရုပ်တရား + အကျိုး နာမ်တရား + အကျိုး ရုပ်နာမ်တရားတို့တည်း ဟူသော ဘဝများ ထင်ရှားဖြစ်ပုံကို ညွှန်ပြတော်မူခြင်းငှာ ကာမဘဝစသော ဘဝကြီး (၉) ဘဝတို့ကို ယူ၍ ဝိပဿနာဉာဏ်၏ အရှုခံအာရုံ အဖြစ်ဖြင့် ဖွင့်ဆိုတော်မူအပ်ပြန်ပေသည်။

ဤမှုသော ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိထိုက်သော အထက်ပါ ပရမတ္ထဓမ္မတည်းဟူသော အဘိဓေယျ တရားထူး၌ ဖြစ်ပေါ်နေသော ဝိပဿနာဘာဝနာ နှလုံးသွင်းမှု၌ ကျွမ်းကျင်လိမ္မာမှုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် သိမ်မွေ့နူးညံ့ကုန်သော ဖြစ်စေအပ်ပြီးသော မိမိရရှိထားပြီးသော မဟဂ္ဂုတ် ဈာန်တရားတို့၌ ဝိပဿနာ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏ဟု ညွှန်ပြတော်မူခြင်းငှာ — (၁) ရူပါဝစရဈာန် လေးပါး, (၂) ပြဟ္မစိုရ်တရား = ပြဟ္မဝိဟာရဈာန် လေးပါး, (၃) အရူပါဝစရဈာန် လေးပါးတို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ယူ၍ ဖွင့်ဆိုတော်မူအပ်ပြန်ပေသည်။

**[မှတ်ချက်** — ရှေးယခင်က များသောအားဖြင့် သမာပတ်ရှစ်ပါးတို့ကိုလည်းကောင်း, စတုရာရက္ခဟူသော အစောင့်ကမ္မဋ္ဌာန်းလေးမျိုးတို့ကိုလည်းကောင်း ပွားများပြီးမှ သမထယာနိကပုဂ္ဂိုလ်များသည် ဝိပဿနာသို့ ကူးလေ့ရှိကြ၏။ ထိုတွင် မေတ္တာဈာန်ကို အနန္တစကြဝဠာသို့တိုင်အောင် ဖြန့်ကြက်လျက် ပွားများနိုင်သော ဈာန်ဝင်စားနိုင်သော သူတော်ကောင်းတို့သည် ကရုဏာဈာန် မုဒိတာဈာန် ဉပေက္ခာဈာန်တို့ကိုလည်း

လွယ်လွယ်ကူကူပင် ဝင်စားတော်မူနိုင်ကြသဖြင့် ဗြဟ္မစိုရ်တရား လေးပါး = အပ္ပမညာတရား လေးပါးလုံးကိုပင် အဋ္ဌကထာဆရာတော်က ဝိပဿနာဉာဏ်၏ အရှုခံ အာရုံအဖြစ် ယူ၍ ဖွင့်ဆိုသွားခြင်း ဖြစ်ပေရာသည်။ သို့သော် — လာဘိနော ဧဝ ပန မဟဂ္ဂတစိတ္တာနိ သုပါကဋ္ဌာနိ ဟောန္တိ = မဟဂ္ဂုတ်ဈာန်တို့ကို ရရှိတော်မူကြသည့် သူတော်ကောင်းတို့၏ ဝိပဿနာဉာဏ်၌သာလျှင် မဟဂ္ဂုတ်ဈာန်တရားတို့သည် ကောင်းကောင်းကြီး ထင်ရှားကြကုန်၏။ (မဟာဋီ-၂-၃၅၃။) ဤသို့ ဖွင့်ဆိုထားတော်မူသောကြောင့် ဤဈာန်တရားတို့ကို ဝိပဿနာ ရှုရန် ဖွင့်ဆိုချက်မှာ ယင်းဈာန်တို့ကို ရရှိတော်မူကြသည့် ဈာနလာဘီ သမထယာနိက သူတော်ကောင်းတို့ အတွက်သာဟု မှတ်ပါ။]

အဋ္ဌကထာဆရာတော်သည် ကသိုဏ်း (၁၀)ပါးတို့ကို အထက်တွင် ရေးသားဖွင့်ဆိုထားတော်မူပြီး ဖြစ်သဖြင့် ကသိုဏ်းဈာန်တို့ကိုလည်း ဖွင့်ဆိုပြီးပင် ဖြစ်သွား၏။ ထို့ကြောင့် ယခုအကြိမ် ထပ်မံ၍ ဖွင့်ဆိုထားသော — စတ္တာရိ ဈာနာနိ၊ စတဿော အပ္ပမညာ၊ စတဿော သမာပတ္တိယော။ (ဝိသုဒ္ဓိ-၂-၄၃။)၌ စတ္တာရိ ဈာနာနိ အရ အထက်တွင် ဖွင့်ဆိုခဲ့ပြီးသော ကသိုဏ်းစသည်လျှင် အာရုံရှိသော ဈာန်တို့မှ ကြွင်းသော အာနာပါနပဋိဘာဂ နိမိတ်စသော သမထနိမိတ်လျှင် အာရုံရှိသော ရူပါဝစရဈာန်တို့ပေတည်း။

အကြောင်းတရားနှင့် အကျိုးတရားတို့ကို ခွဲခြားဝေဖန်သောအားဖြင့် ဤအထက်ပါ ပရမတ္ထတရား မှန်သမျှတို့ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ဝိပဿနာနှလုံးသွင်းအပ်ကုန်၏ဟု ဤသို့ ညွှန်ပြတော်မူခြင်းငှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ရပ်တို့ကိုယူ၍ ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ် ဖွင့်ဆိုတော်မူအပ်ပေသည်။ မှန်ပေသည် — ပစ္စယာကာရအမည်ရသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၌ အကြောင်းတရားနှင့် အကျိုးတရားကို ဉာဏ်ဖြင့် ခွဲခြမ်း စိတ်ဖြာ၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာ နှလုံးသွင်းခြင်းသည် လက္ခဏာရေး သုံးပါး အပေါင်းကို ချမ်းချမ်းသာသာ လွယ်လွယ်ကူကူဖြင့်လည်းကောင်း အလွန့်အလွန် ကောင်းမွန်စွာလည်းကောင်း ထင်ရှားစေ၏။ ထို့ကြောင့် နောက်ဆုံး၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံအဖြစ်ဖြင့် ယူအပ်ကုန်၏။ (မဟာဋီ-၂-၃၈၉။)

အကယ်၍ အသင်သူတော်ကောင်းသည် ကသိုဏ်း (၁၀)ပါး သမာပတ် (၈)ပါး ဗြဟ္မစိုရ်တရား (၄)ပါး တို့ကိုပါ ပွားများထားပြီးသူ ယင်း ဈာန်သမာပတ်တို့ကိုပါ ရရှိထားပြီးသူ ဖြစ်ပါက အထက်ပါ (၂၅) မျိုးသော ရှုကွက်တို့မှာ ပရိဂ္ဂဟ (၅) မျိုးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူထားနိုင်ပြီးသော အသင်သူတော်ကောင်းအဖို့ အခက် အခဲ မရှိနိုင်တော့ပြီ ဖြစ်သည်။ အကယ်၍ ကသိုဏ်း (၁၀) ပါး သမာပတ် (၈) ပါးတို့ကိုလည်းကောင်း ဗြဟ္မစိုရ် တရား (၄) ပါး တို့ကိုလည်းကောင်း မလေ့လာရသေးပါက အာနာပါနကျင့်စဉ်လမ်းမှ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကိုသာ ဝိပဿနာရှုရန် ဖြစ်ပါသည်။ အကယ်၍ စတုရာရက္ခကမ္မဋ္ဌာန်းများကို အသင် သူတော်ကောင်းသည် ပွားများထားပြီးဖြစ်ပါက ယင်း ဈာန်တရားများကိုလည်း ထည့်သွင်း၍ ဝိပဿနာရှုရမည် ဖြစ်ပါသည်။ — ဤတရားတို့မှာ ဝိပဿနာရှုရမည့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားတို့ ဖြစ်ကြသည်။ ထိုမျှ များပြားလှသော တရားတို့တွင် မည်သည့်တရားက စ၍ ဝိပဿနာ ရှုရမည်နည်းဟု မေးရန်ရှိ၏၊ အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

## ထင်ရှားရာ လွယ်ကူရာက စပါ

ထိုသို့ **ကလာပသမ္မသန**ဟု ခေါ်ဆိုအပ်သော **နယဝိပဿနာ**ကို စတင်၍ အားသစ်လိုသော ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် အထက်၌ ပါဠိတော် အဋ္ဌကထာ ဋီကာတို့က ညွှန်ကြားပြသ ဖွင့်ဆိုထားတော်မူသည့်အတိုင်း အကြင် ရုပ်တရား နာမ်တရားတို့သည်လည်း အနိစ္စဟုလည်းကောင်း ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်း-

ကောင်း လက္ခဏာရေးသုံးတန်သို့ တင်ကာ ရှုပွားသုံးသပ်ခြင်းငှာ ထိုက်ကုန်၏၊ ထိုရုပ်တရား နာမ်တရားတို့တွင် အကြင် ရုပ်တရား နာမ်တရားတို့သည် အကြင် ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ အသိဉာဏ်၌ ထင်ရှားကုန်၏။ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူဖြင့် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ခြင်း သိမ်းဆည်းနိုင်ခြင်းသို့ ရောက်ကုန်၏။ ထိုသို့ ထင်ရှားရာ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူဖြင့် ဉာဏ်ဖြင့် ပိုင်းခြားယူ၍ သိမ်းဆည်း၍ ရနိုင်ရာ ရုပ်တရား နာမ်တရားတို့၌ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသုံးသပ်ခြင်း သမ္မသနအမှုကို ကြိုးစားအားထုတ်ထိုက်ပေ၏။ (ဝိသုဒ္ဓိ-၂-၂၄၄။)

ဝိပဿနာကို စ၍ နှလုံးသွင်းခြင်းသည် ထင်ရှားရာက စ၍ နှလုံးသွင်း ရှုပွားသင့်၏ဟု နှလုံးပိုက်တော်မူ၍ အဋ္ဌကထာဆရာတော်က ထိုရုပ်နာမ်တို့တွင် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားရာ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူဖြင့် ဉာဏ်ဖြင့် ပိုင်းခြားယူ၍ သိမ်းဆည်း၍ ရနိုင်ရာ ရုပ်တရား နာမ်တရားတို့၌ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးတန်တင်ကာ ရှုပွားသုံးသပ်ခြင်း သမ္မသနအမှုကို ကြိုးစားအား-ထုတ်ထိုက်၏ဟု ဖွင့်ဆိုတော်မူခြင်း ဖြစ်၏။ သို့သော် ထင်ရှားရာ လွယ်ကူရာ ရုပ်နာမ်တို့၌ ဝိပဿနာရှုပြီးရာ နောက်ပိုင်းကာလ၌ကား အသိဉာဏ်၌ မထင်လာ မမြင်လာသေးသော ရုပ်တရား နာမ်တရားတို့ကိုလည်း အကြောင်း ဥပါယ်တံမျဉ်ဖြင့် အသိဉာဏ်၌ ထင်လာမြင်လာစေ၍ ရုပ်တရား နာမ်တရားတို့ကို အကြွင်းအကျန် မရှိ ကုန်စင်အောင်သာလျှင် လက္ခဏာရေး သုံးတန်တင်ကာ ရှုပွားသုံးသပ်ထိုက်ကုန်၏။ (မဟာဋီ-၂-၃၉၁။)

## သတိပြု၍ မှတ်သားပါ

အထက်ပါအဋ္ဌကထာအဖွင့်နှင့် ဋီကာအဖွင့် စကားရပ်တို့ကို အထူးသတိပြု၍ မှတ်သားပါ ။ အသိဉာဏ်၌ ထင်ရှားရာ လွယ်ကူရာရုပ်နာမ်ကသာ စ၍ ဝိပဿနာရှုရန် ညွှန်ကြားခြင်း ဖြစ်၏ ။ အသိဉာဏ်၌ မထင်ရှားသော ရုပ်နာမ်တို့ကို ဝိပဿနာ မရှုရဟု ဆိုလိုနေသည်ကား မဟုတ်။ တစ်ဖန် ပရိဂ္ဂဟငါးမျိုး ကမ်းတစ်ဘက်သို့ ပေါက်-ရောက်ပြီးသူ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ရရှိပြီးသူ သူတော်ကောင်းတို့ကိုသာ အသိဉာဏ်၌ ထင်ရှားရာ လွယ်ကူရာ ရုပ်နာမ်ကစ၍ ဝိပဿနာရှုရန် ညွှန်ကြားတော်မူနေခြင်းဖြစ်၏။ ရုပ်-ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ရုပ်တရားကို ပရမတ္ထသို့ဆိုက်အောင် မသိသေးသော, နာမ်-ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း နာမ်တရားကိုလည်း ပရမတ္ထသို့ဆိုက်အောင် မသိမ်းဆည်း မရှုပွားတတ်သေးသော, အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရား ကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံကိုလည်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိမမြင်သေးသော — ဤသို့လျှင် မသိမှုတွေ တစ်ပုံကြီး ထမ်းလျက် ယခုမှ ကမ္မဋ္ဌာန်းကျောင်း အတွင်းသို့ ဝင်ရောက်လာသော ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးကို ပညတ် ပရမတ် မခွဲဘဲ ပညတ် ပရမတ် မကွဲဘဲ များသော အားဖြင့် ပညတ် အတုံးအခဲများကို အာရုံယူ၍ အသိဉာဏ်၌ ထင်ရှားလွယ်ကူရာ ပေါ်ရာကို ဝိပဿနာ ရှုရန် ညွှန်ကြားနေခြင်း မဟုတ်သည်ကိုကား အထူးသတိပြု၍ မှတ်သားလေရာသည်။

## အကြောင်း ဥပါယ်တံမျဉ်

ဝိပဿနာကို စ၍ အားသစ်စ အားထုတ်စ ရှေ့ပိုင်း၌သာ ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားရာ လွယ်ကူရာက စ၍ ဝိပဿနာရှုရန်သာ ညွှန်ကြားခြင်းဖြစ်၏။ နောက်ပိုင်း၌ကား အသိဉာဏ်၌ မထင်ရှားသော ရုပ်နာမ်တို့ကိုလည်း အကြောင်းဥပါယ်တံမျဉ်ဖြင့် ထင်ရှားအောင်ပြုလုပ်၍ အကြွင်းအကျန်မရှိ ကုန်စင်အောင်

ဝိပဿနာရှုရန် (မဟာဋီ-၂-၃၉၁။)၌ ထပ်ဆင့်ညွှန်ကြားထားတော်မူသဖြင့် ယင်း အကြောင်းဥပါယ်တံမျဉ်များကို ဆက်လက်၍ ဆွေးနွေးတင်ပြအပ်ပါသည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(သံ-၂-၁၂။ သံ-၃-၃၆၃။)

၁။ ဤအထက်ပါ သမာဓိသုတ္တန်များ၌ ဘုရားရှင်၏ ညွှန်ကြားထားတော်မူချက်နှင့် အညီ —

(က) ခန္ဓာငါးပါးကို ဟုတ်တိုင်းမှန်စွာ ပရမတ္ထသို့ ဆိုက်အောင် သိရှိရေး,

(ခ) အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးခန္ဓာ (၅) ပါး ထင်ရှားဖြစ်ပုံ,

(ဂ) အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားများ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာ (၅) ပါး ချုပ်ငြိမ်းပုံတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ရေး,

(ဃ) သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ရေး —

ဤသို့ ဟုတ်တိုင်းမှန်စွာ သိမြင်ရေးတို့အတွက် သမာဓိကို ထူထောင်ရန် အထူးလိုအပ်ပါသည်။ ဤကား အကြောင်း ဥပါယ်တံမျဉ် တစ်မျိုးတည်း။

ဣမေ စတ္တာရော မဟာဘူတေ ပရိဂ္ဂဏှန္တဿ ဥပါဒါရူပံ ပါကဋံ ဟောတိ။ (အဘိ-ဋ္ဌ-၂-၂၄၁။)

၂။ ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်-တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူရာ သိမ်းဆည်းရာ၌ ဥပါဒါရုပ်တို့ကို သိမ်းဆည်းဖို့ရန် အခက်အခဲ ကြုံခဲ့သော် ယင်း (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော မိမိသိမ်းဆည်းလိုသော ဥပါဒါရုပ်တို့၏ မှီရာ ကလာပ်တူ မဟာဘုတ်လေးပါးတို့ကို ထပ်ကာ ထပ်ကာ သိမ်းဆည်းပါ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။ ဥပါဒါရုပ်များသည် တစ်စ တစ်စ ထင်ရှားလာမည်သာ ဖြစ်ပေသည်။ ဤသည်မှာလည်း အကြောင်း ဥပါယ်တံမျဉ် တစ်မျိုးပင်တည်း။

သစေ ပနဿ တေန တေန မုခေန ရူပံ ပရိဂ္ဂဟေတွာ အရူပံ ပရိဂ္ဂဏှတော သုခုမတ္တာ အရူပံ န ဥပဋ္ဌာတိ၊ တေန ဓုရနိက္ခေပံ အကတွာ ရူပမေဝ ပုနပ္ပုနံ သမ္မသိတဗ္ဗံ မနသိကာတဗ္ဗံ ပရိဂ္ဂဟေတဗ္ဗံ ဝဝတ္ထ-ပေတဗ္ဗံ။ ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ ဟောတိ နိဇ္ဇဋံ သုပရိသုဒ္ဓံ၊ တထာ တထာ တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ။ (ဝိသုဒ္ဓိ-၂-၂၂၅။)

၃။ ထိုထို ရုပ်နာမ်ကို သိမ်းဆည်းကြောင်း ဉာဏ်ဖြင့် ပိုင်းခြားယူကြောင်း နည်းအမျိုးမျိုး (ခန္ဓာ ငါးပါးနည်း အာယတန တစ်ဆယ့်နှစ်ပါးနည်း ဓာတ် တစ်ဆယ့်ရှစ်ပါးနည်း စသော နည်းအမျိုးမျိုး) တို့ကို အဦးမူသဖြင့် ရုပ်တရားကို သိမ်းဆည်းပြီး၍ နာမ်တရားကို သိမ်းဆည်းသော ထို ယောဂါဝစရပုဂ္ဂိုလ်အား သိမ်မွေ့သည်၏ အဖြစ်ကြောင့် နာမ်တရားသည် အသိဉာဏ်၌ အကယ်၍ မထင်လာ မမြင်လာသည် ဖြစ်ငြားအံ့၊ ထို ယောဂါဝစရ ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းတာဝန် ဝန်ထုပ်ဝန်ပိုးကြီးကို လုံ့လဝီရိယ လျှော့ချခြင်းကို လက်လွှတ်လိုက် စွန့်ပစ်လိုက်-ခြင်းကို မပြုမူ၍ ရုပ်တရားကိုပင်လျှင် အဖန်တလဲလဲ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့် ကောင်းစွာ စူးစမ်းဆင်ခြင် သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ ဉာဏ်ဖြင့် ပိုင်းခြားယူအပ်၏၊ အချင်းချင်း မရောယှက်သော အားဖြင့် ရုပ်တရားတို့၏ ကိုယ်ပိုင်သဘာဝ လက္ခဏ စသည်တို့ ကွဲပြားအောင် ပိုင်းခြား မှတ်သားအပ်၏။ အကျိုးထူးကား — အထက်ပါအတိုင်း ကြိုးစားအားထုတ်ခြင်းဖြင့် ထို ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ရုပ်တရားသည် ကောင်းစွာ သုတ်သင်အပ်သည်, မရောယှက်သောအားဖြင့် ထင်ခြင်းကြောင့် အချင်းချင်း ရော-

ယှက်ရှုပ်ထွေးခြင်း ကင်းသည်, အလွန် ထက်ဝန်းကျင်မှ စင်ကြယ်သည် ဖြစ်၏။ ထိုထို အခြင်းအရာအားဖြင့် ထိုရုပ်တရားသာလျှင် အာရုံရှိကုန်သော နာမ်တရားတို့သည် မိမိပင်ကိုသဘာဝလက္ခဏာအတိုင်း အလိုလိုပင်လျှင် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်လာကုန်၏။ (ဝိသုဒ္ဓိ-၂-၂၂၅။)

ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟဿ ဥပါယော, ဥပတ္ထမ္ဘော စ။ (မဟာဋီ-၂-၃၅၅။)

ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်းသည် နာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်း၏ အကြောင်းဥပါယ်တံမျဉ် တစ်မျိုးဖြစ်၏၊ အထောက်အပံ့ တစ်မျိုးဖြစ်၏။ (မဟာဋီ-၂-၃၅၅။)

ဤသို့စသည့် အကြောင်းဥပါယ်တံမျဉ်တို့ကို လိုက်နာပြုကျင့်လျက် အသိဉာဏ်၌ မထင်လာ မမြင်လာ-သေးသော ရုပ်နာမ်တို့ကိုလည်း အသိဉာဏ်၌ ထင်လာမြင်လာအောင် ပြုလုပ်၍ ရုပ်နာမ် ပရမတ္ထ ဓာတ်သားတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသုံးသပ်ရမည်ဟုသာ မုချပုံသေ မှတ်သား နာယူလေရာသည် နိဗ္ဗာန်ကို အလိုရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့ . . . ။

## ရုပ်နာမ် နှစ်ပါးနည်းအားဖြင့် ရှုနည်း

ဤအထက်ပါ စည်းကမ်းသတ်မှတ်ချက်များအရ ပစ္စုပ္ပန် ရုပ်တရား နာမ်တရားတို့မှာ အသင်ယောဂီ သူတော်ကောင်း၏ ဉာဏ်တွင် ပို၍ ထင်လွယ် မြင်လွယ် သိမ်းဆည်းလွယ်မည် ဖြစ်သဖြင့် ယင်း ပစ္စုပ္ပန် ရုပ်တရား နာမ်တရားတို့ကို ရုပ်တစ်စု နာမ်တစ်စုထား၍ ဝိပဿနာရှုပွားပုံစနစ်ကို စတင်၍ ရေးသားတင်ပြအပ်ပါသည်။ ထိုသို့ ဝိပဿနာရှုရာ၌ အဇ္ဈတ္တက စ၍လည်းကောင်း ဗဟိဒ္ဓက စ၍လည်းကောင်း မိမိနှစ်သက်ရာက စ၍ ရှုနိုင်ပါသည်။ ဤကျမ်းတွင်ကား ရုပ်နာမ်တို့ကို သိမ်းဆည်းခဲ့စဉ်က အဇ္ဈတ္တရုပ်တရားက စ၍ သိမ်းဆည်းရှုပွား-ပုံကို ရေးသားတင်ပြခဲ့သဖြင့် ဤ ဝိပဿနာပိုင်း၌လည်း အဇ္ဈတ္တရုပ်တရားကပင် စတင်၍ ဝိပဿနာရှုပွား သုံးသပ်ပုံကို စတင်၍ ရေးသားတင်ပြအပ်ပါသည်။

ဤအချိန်မှစ၍ ရုပ်အတုများသာဖြစ်ကြသည့် အနိပ္ဖန္နရုပ် (၁၀)မျိုးတို့ကို ဝိပဿနာဉာဏ်၏ အရှုခံအာရုံ စာရင်းမှ ထုတ်ပယ်ချန်လှပ်ထားပါ။ လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာ မရှုကောင်းသော ရုပ်တရားများ ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ရုပ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်အစစ်များကိုသာ ပဓာနထား၍ ဝိပဿနာရှုပါ။

ထိုသို့ ရှုရာ၌ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်အစစ် အားလုံးတို့ကို ခြုံငုံ၍လည်း ဝိပဿနာရှုလိုက ရှုနိုင်ပါသည်။ သို့သော် ဉာဏ်နုသူ ဖြစ်ခဲ့ပါမူ (၆)ဒွါရတို့တွင် ဒွါရတစ်ခုစီခွဲ၍လည်းကောင်း, (၄၂)ကောဋ္ဌာသတို့တွင်လည်း ကောဋ္ဌာသ တစ်ခုစီခွဲ၍လည်းကောင်း ရုပ်တရားများကို ခြုံငုံ၍ ဝိပဿနာ ရှုလို-ကလည်း ရှုနိုင်ပါသည်။

**ဥပမာ** — စက္ခုဒွါရ = စက္ခုဋ္ဌာန၌ ရှိကြသော (၅၄) မျိုးကုန်သော ရုပ်တို့ကို ခြုံငုံ၍ သိမ်းဆည်းပါ။ ယင်း ရုပ်တရားတို့ကို ခြုံငုံ၍ ဝိပဿနာရှုပါ။

## လက္ခဏာရေး သုံးတန်

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၃၀၁) တွင် - သင်္ခါရတရားတို့ကို —

၁။ အနိစ္စလက္ခဏာ သက်သက်တင်၍ ဝိပဿနာ ရှုရုံမျှဖြင့်လည်း အရိယမဂ်သို့ မဆိုက်နိုင်၊

၂။ ဒုက္ခလက္ခဏာ သက်သက်တင်၍ ဝိပဿနာ ရှုရုံမျှဖြင့်လည်း  အရိယမဂ်သို့ မဆိုက်နိုင်၊

၃။ အနတ္တလက္ခဏာ သက်သက်တင်၍ ဝိပဿနာ ရှုရုံမျှဖြင့်လည်း  အရိယမဂ်သို့ မဆိုက်နိုင်၊

၄။ ထို့ကြောင့် သင်္ခါရတရားတို့ကို ရံခါ အနိစ္စလက္ခဏာ, ရံခါ ဒုက္ခလက္ခဏာ, ရံခါ အနတ္တလက္ခဏာ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ရန် ညွှန်ကြားထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၀၁။)

အချို့ ဆရာမြတ်တို့ကား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသော **သဟေတုအနိစ္စသုတ္တန် သဟေတုဒုက္ခသုတ္တန် သဟေတုအနတ္တသုတ္တန်** (သံ-၂-၂၀။) သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသော **အဇ္ဈတ္တာနိစ္စသုတ္တန် အဇ္ဈတ္တဒုက္ခသုတ္တန် အဇ္ဈတ္တာနတ္တသုတ္တန် ဗာဟိရာနိစ္စသုတ္တန် ဗာဟိရဒုက္ခသုတ္တန် ဗာဟိရာနတ္တသုတ္တန်** (သံ-၂-၂၃၈။) – ဤသို့စသည့် သုတ္တန်အရပ်ရပ်တို့ကို ကိုးကား၍ လက္ခဏာရေးသုံးတန်လုံး ရှုဖို့ မလိုကြောင်း, လက္ခဏာတစ်ပါးရှုရုံမျှဖြင့် ကိစ္စပြီးနိုင်သည် အရိယမဂ်သို့ဆိုက်နိုင်သည်ဟု အယူရှိတော်မူကြ၏။ ဤပြဿနာ-ရပ် ပြေလည်ရန်အတွက် အောက်ပါ အဋ္ဌကထာအဖွင့်များနှင့် နှိုးနှောကြည့်သင့်ပေသည်။

ဣတိ ဣဒံ သုတ္တံ ဆသု အဇ္ဈတ္တိကာယတနေသု တီဏိ လက္ခဏာနိ ဒဿေတွာ ကထိတေ ဗုဇ္ဈနကာနံ အဇ္ဈာသယေန ဝုတ္တံ။ (သံ-ဋ္ဌ-၃-၂။)

ဒုတိယံ ဒွေ လက္ခဏာနိ, တတိယံ ဧကလက္ခဏံ ဒဿေတွာ ကထိတေ ဗုဇ္ဈနကာနံ အဇ္ဈာသယေန ဝုတ္တံ။ သေသာနိ ပန တေဟိ သလ္လက္ခိတာနိ ဝါ ဧတ္တကေန ဝါ သလ္လက္ခေဿန္တီတိ။ (သံ-ဋ္ဌ-၃-၂။)

ဣဒမ္ပိ ဗာဟိရေသု ဆသု အာယတနေသု တိလက္ခဏံ ဒဿေတွာ ကထိတေ ဗုဇ္ဈနကာနံ ဝသေန ဝုတ္တံ။ ပဉ္စမေ ဆဋ္ဌေ စ ဒုတိယတတိယေသု ဝုတ္တသဒိသောဝ နယော။ (သံ-ဋ္ဌ-၃-၂။)

သတ္တမာဒီနိ အတီတာနာဂတေသု စက္ခာဒီသု အနိစ္စလက္ခဏာဒီနိ သလ္လက္ခေတွာ ပစ္စုပ္ပန္နေသု ဗလဝဂါ-ဟေန ကိလမန္တာနံ ဝသေန ဝုတ္တာနိ။ (သံ-ဋ္ဌ-၃-၃။)

**သလ္လက္ခိတာနီ**တိ သမ္မဒေဝ ဥပဓာရိတာနိ။ **ဧတ္တကေနာ**တိ ဒွိန္နံ ဧကဿေဝ ဝါ လက္ခဏဿ ကထနေန။ (သံ-ဋီ-၂-၂၈၃။)

ဤအထက်ပါ အဋ္ဌကထာဋီကာတို့၏ ဖွင့်ဆိုချက်များ၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။ —

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် –– **အဇ္ဈတ္တာနိစ္စသုတ္တန်**တွင် လက္ခဏာရေးသုံးတန်, **အဇ္ဈတ္တဒုက္ခသုတ္တန်**တွင် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဟူသော လက္ခဏာရေး နှစ်တန်, **အဇ္ဈတ္တာနတ္တသုတ္တန်**တွင် အနတ္တလက္ခဏာတစ်ခုကို, **ဗာဟိရာနိစ္စသုတ္တန်, ဗာဟိရဒုက္ခသုတ္တန်, ဗာဟိရာနတ္တသုတ္တန်** တို့တွင်လည်း အလားတူပင် လက္ခဏာရေး သုံးတန်, လက္ခဏာရေး နှစ်တန်, လက္ခဏာရေး တစ်တန်တို့ကို အသီးအသီး အစဉ်အတိုင်း ဟောကြားတော်မူ၏။

ထိုသို့ လက္ခဏာရေး သုံးတန်, နှစ်တန်, တစ်တန်တို့ကို  ညွှန်ပြ၍ ဟောကြားတော်မူရာ၌ သစ္စာလေးပါးကို အရိယမဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ထိုက်ကုန်သော ယောဂါဝစရပုဂ္ဂိုလ်တို့၏ အလိုအဇ္ဈာသယဓာတ်နှင့် လျော်-ညီစွာ ဟောကြားတော်မူခြင်းဖြစ်၏။

၁။ သင်္ခါတရားတို့ကို (အဇ္ဈတ္တ၌ဖြစ်စေ ဗဟိဒ္ဓ၌ဖြစ်စေ) လက္ခဏာရေးသုံးတန်လုံး တင်ကာ ရှုပွားသုံးသပ်ဖို့ရန် လိုနေသေးသော ရဟန်းတော်တို့ကို လက္ခဏာရေး သုံးတန်လုံးတင်ကာ ရှုပွားသုံးသပ်ရန် ဘုရားရှင်သည် ညွှန်ကြားတော်မူ၏။ (အဇ္ဈတ္တာနိစ္စသုတ္တန် ဗာဟိရာနိစ္စသုတ္တန် — သံ-၂-၂၃၆-၂၃၇။)

၂။ ထိုရဟန်းတော်တို့တွင် အချို့ရဟန်းတို့သည် လက္ခဏာရေးသုံးတန်တို့တွင် အနိစ္စလက္ခဏာကို ထိုးထွင်းသိမြင်ပြီး ဖြစ်နေကြ၏။ အနိစ္စာနုပဿနာဉာဏ်မှာ အားကောင်းနေကြ၏၊ ဒုက္ခာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာဉာဏ်တို့ကား အားပျော့နေကြ၏။ ထို့ကြောင့် ထိုလိုအပ်နေသော လက္ခဏာနှစ်ပါးတို့ကို ရှုပွားသုံးသပ်ရန် ဟောကြားပေးတော်မူလိုက်သည်ရှိသော် သစ္စာလေးပါးကို သိမြင်ကြပေလိမ့်မည်ဟု ဘုရားရှင်သည် ထိုဝေနေယျတို့၏ အဇ္ဈာသယဓာတ်ကို သိတော်မူပြီး ဖြစ်နေ၏။ တစ်နည်းဆိုရသော် ဒုက္ခာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာဉာဏ်တို့ကို ရင့်သန်အောင် ကြိုးပမ်းလိုက်ပါက အနိစ္စာနုပဿနာဉာဏ်လည်း ရင့်သန်လာကာ သစ္စာလေးပါးကို ထိုးထွင်းသိလိမ့်မည်ဟု ဘုရားရှင်သည် သိတော်မူပြီး ဖြစ်နေ၏။ ထို့ကြောင့် ဒုက္ခာနုပဿနာနှင့် အနတ္တာနုပဿနာနှစ်မျိုးကို ရှုရန် ဘုရားရှင်က (ဒုတိယ အဇ္ဈတ္တဒုက္ခသုတ်၌) ညွှန်ကြားတော်မူခြင်း ဖြစ်၏။ (ဗာဟိရဒုက္ခသုတ်၌လည်း နည်းတူ မှတ်ပါ။)

၃။ တစ်ဖန် အဇ္ဈတ္တာနတ္တသုတ် (သံ-၂-၂၃၇။) ဗာဟိရာနတ္တသုတ် (သံ-၂-၂၃၈။) တို့၌ အနတ္တလက္ခဏာကို ဦးစားပေး၍ သင်္ခါရတရားတို့ကို ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ ထိုရဟန်းတို့ကား အနိစ္စာနုပဿနာဉာဏ်နှင့် ဒုက္ခာနုပဿနာဉာဏ်တို့ ရင့်ကျက်နေသူတို့ ဖြစ်ပြီးလျှင် အနတ္တာနုပဿနာဉာဏ်က အားပျော့နေ၏။ အားပျော့နေသော အနတ္တာနုပဿနာဉာဏ်ကို ဦးစားပေး၍ သင်္ခါရတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်လိုက်ပါက ထို ရဟန်းတော်တို့သည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်လတ္တံ့ဟု ဘုရားရှင်က သိမြင်တော်မူနေ၏။ တစ်နည်းဆိုသော် အနတ္တာနုပဿနာဉာဏ်ကို ဦးစားပေး၍ သင်္ခါရတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်တို့ကိုလည်း ကောင်းစွာ မှတ်သားနိုင်ကြကုန်၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကုန်နိုင်လတ္တံ့ဟု ဘုရားရှင်သည် သိမြင်တော်မူပြီး ဖြစ်၏။ ထို့ကြောင့် အနတ္တာနုပဿနာဉာဏ်ကို ဦးစားပေးရှုရန် ညွှန်ကြားတော်မူခြင်းဖြစ်၏။

ဤကား အထက်ပါ အဋ္ဌကထာဋီကာ အဖွင့်တို့၏ ဆိုလိုရင်း အနက်သဘောတည်း။ အကယ်၍ ထို အဋ္ဌကထာ ဋီကာအဖွင့်တို့သည် ပါဠိတော်နှင့် မညီညွတ်ပါဟု အသင်သူတော်ကောင်းဘက်က အယူအဆ ရှိနေပါသေးလျှင် ယင်း မူရင်းပါဠိတော်များကိုပင် ဖတ်ရှုကြည့်ပါ။

၁။ စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၃၆။)

ရူပါ ဘိက္ခဝေ အနိစ္စာ။ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၃၇။)

ရဟန်းတို့ . . . စက္ခုအကြည်ဓာတ်သည် အနိစ္စတည်း။ အနိစ္စဖြစ်သော ထို စက္ခုအကြည်ဓာတ်သည် ဒုက္ခတည်း။ ဒုက္ခဖြစ်သော ထို စက္ခုအကြည်ဓာတ်သည် အနတ္တတည်း။ အနတ္တဖြစ်သော ထို စက္ခုအကြည်ဓာတ်ကို **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤစက္ခုအကြည်ဓာတ်သည် ငါ့ဟာ မဟုတ်၊ ဤစက္ခု-အကြည်ဓာတ်သည် ငါ မဟုတ်၊ ဤစက္ခုအကြည်ဓာတ်သည် ငါ၏အတ္တ မဟုတ်"** —— ဟု ဤသို့လျှင် ဤစက္ခုအကြည်ဓာတ်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၃၆။)

ရဟန်းတို့ . . . ရူပါရုံတို့သည် အနိစ္စတို့သာတည်း။ အနိစ္စဖြစ်သော ထို ရူပါရုံသည် ဒုက္ခတည်း၊ ဒုက္ခဖြစ်သော ထိုရူပါရုံသည် အနတ္တတည်း။ အနတ္တဖြစ်သော ထိုရူပါရုံကို — **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤရူပါရုံသည် ငါ့ဟာ မဟုတ်၊ ဤရူပါရုံသည် ငါ မဟုတ်၊ ဤရူပါရုံသည် ငါ၏အတ္တ မဟုတ်"**-

ဟု ဤသို့လျှင် ဤ ရူပါရုံကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၇၇။) ကြွင်းကျန်သော အတွင်းအာယတန အပြင်အာယတန တို့၌လည်း ပုံစံတူပင် ဟောကြားထားတော်မူပါသည်။

၂။ စက္ခုံ ဘိက္ခဝေ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၇၇။)

ရူပါ ဘိက္ခဝေ ဒုက္ခာ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၇၈။)

ရဟန်းတို့ . . . စက္ခုအကြည်ဓာတ်သည် ဒုက္ခတည်း၊ ဒုက္ခဖြစ်သော စက္ခုအကြည်ဓာတ်သည် အနတ္တတည်း။ အနတ္တဖြစ်သော ထိုစက္ခုအကြည်ဓာတ်ကို **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤစက္ခုအကြည်ဓာတ်သည် ငါ့ဟာ မဟုတ်၊ ဤစက္ခုအကြည်ဓာတ်သည် ငါ မဟုတ်၊ ဤစက္ခုအကြည်ဓာတ်သည် ငါ၏အတ္တ မဟုတ်"**— ဟု ဤသို့လျှင် ဤစက္ခုအကြည်ဓာတ်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၇၇။)

ရဟန်းတို့ . . . ရူပါရုံတို့သည် ဒုက္ခတို့တည်း၊ ဒုက္ခဖြစ်သော ထိုရူပါရုံသည် အနတ္တတည်း၊ အနတ္တဖြစ်သော ထိုရူပါရုံကို —**"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤရူပါရုံသည် ငါ့ဟာ မဟုတ်၊ ဤရူပါရုံသည် ငါ မဟုတ်၊ ဤရူပါရုံသည် ငါ၏အတ္တ မဟုတ်"** — ဟု ဤသို့လျှင် ဤရူပါရုံကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၇၈။) ကြွင်းကျန်သော အာယတနအားလုံးတို့၌လည်း ပုံစံတူပင် ဆက်လက် ဟောကြားထားတော်မူပါသည်။

၃။ စက္ခုံ ဘိက္ခဝေ အနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၇၇။)

ရူပါ ဘိက္ခဝေ အနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၂၇၈။)

ရဟန်းတို့ . . . စက္ခုအကြည်ဓာတ်သည် အနတ္တတည်း၊ အနတ္တဖြစ်သော ထိုစက္ခုအကြည်ဓာတ်ကို — **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤစက္ခုအကြည်ဓာတ်သည် ငါ့ဟာ မဟုတ်၊ ဤစက္ခုအကြည်ဓာတ်သည် ငါ မဟုတ်၊ ဤစက္ခုအကြည်ဓာတ်သည် ငါ၏အတ္တ မဟုတ် "**— ဟု ဤသို့လျှင် ဤစက္ခုအကြည်ဓာတ်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲ ဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၇၇။)

ရဟန်းတို့ . . . ရူပါရုံတို့သည် အနတ္တတို့တည်း၊ အနတ္တဖြစ်သော ထိုရူပါရုံကို — **"နေတံ မမ၊ နေသော–ဟမသ္မိ၊ န မေသော အတ္တာ = ဤရူပါရုံသည် ငါ့ဟာ မဟုတ်၊ ဤရူပါရုံသည် ငါ မဟုတ်၊ ဤရူပါရုံသည် ငါ၏အတ္တ မဟုတ်"**— ဟု ဤသို့လျှင် ဤရူပါရုံကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့် ရှုပါ။ (သံ-၂-၂၇၈။) ကြွင်းကျန်သော အာယတနအားလုံးတို့၌ ပုံစံတူပင် ဆက်လက်၍ ဟောကြားထားတော်မူပေသည်။

ဤအထက်ပါ သုတ္တန်များ၌ အဇ္ဈတ္တာနိစ္စသုတ္တန် ဗာဟိရာနိစ္စသုတ္တန်တို့တွင် အတွင်းအာယတန (၆)ပါး, အပြင်အာယတန (၆)ပါးတည်းဟူသော အာယတန (၁၂)ပါး သင်္ခါတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဖြစ်ကြောင်း

ဟောကြားတော်မူပြီးနောက် ယင်း သင်္ခါရတရားတို့ကို — **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"** ဟု ဆက်လက်၍ ဝိပဿနာရှုရန် ညွှန်ကြားတော်မူ၏။

တစ်ဖန် အဇ္ဈတ္တဒုက္ခသုတ္တန် ဗာဟိရဒုက္ခသုတ္တန်တို့တွင် အတွင်းအာယတန (၆)ပါး အပြင်အာယတန (၆)ပါးတည်းဟူသော အာယတန (၁၂)ပါး သင်္ခါရတရားတို့ကို ဒုက္ခ အနတ္တတရားတို့ ဖြစ်ကြောင်းကို ဟောကြား-တော်မူပြီးနောက် ယင်းသင်္ခါရတရားတို့ကို — **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**— ဟု ဆက်လက်၍ ဝိပဿနာရှုရန် ညွှန်ကြားတော်မူပြန်၏။

တစ်ဖန် အဇ္ဈတ္တာနတ္တသုတ္တန် ဗာဟိရာနတ္တသုတ္တန်တို့တွင် အတွင်းအာယတန (၆)ပါး အပြင်အာယ-တန (၆)ပါး တည်းဟူသော အာယတန (၁၂)ပါး သင်္ခါရတရားတို့ကို အနတ္တတရားတို့ ဖြစ်ကြောင်း ဟောကြား-ပြသတော်မူပြီးနောက် ယင်းသင်္ခါရတရားတို့ကို — **"နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"**ဟု ဆက်လက်၍ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူပြန်၏။

**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿာမီ**တိ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ။ (မ-ဋ္ဌ-၄-၂၃၂။)

ဤအထက်ပါ ဆန္နောဝါဒသုတ္တန် အဋ္ဌကထာအဖွင့်နှင့်အညီ — **နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ** — ဟု ဝိပဿနာရှုရန် ညွှန်ကြားတော်မူခြင်းသည် သင်္ခါရတရားတို့ကို **အနိစ္စဟုလည်းကောင်း ဒုက္ခဟု လည်းကောင်း အနတ္တဟုလည်းကောင်း** ရှုပါဟု ညွှန်ကြားတော်မူခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု မှတ်ပါ။

ထို့ကြောင့် အထက်ပါ အဋ္ဌကထာဋီကာ အဖွင့်များသည် ပါဠိတော်၌ ဘုရားရှင်၏ ဟောကြားတော်မူချက် နှင့် ဂင်္ဂါရေနှင့် ယမုနာရေ ရောသကဲ့သို့ တစ်သားတည်း ညီညွတ်လျက် ရှိသည်ဟု မှတ်ပါ။ အလားတူပင် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ လာရှိသော အနိစ္စသုတ္တန် ဒုက္ခသုတ္တန် အနတ္တသုတ္တန် ယဒနိစ္စသုတ္တန် ယံဒုက္ခသုတ္တန် ယဒနတ္တာသုတ္တန် သဟေတုအနိစ္စသုတ္တန် သဟေတုဒုက္ခသုတ္တန် သဟေတုအနတ္တသုတ္တန် တို့၌လည်း ထိုထို ကျွတ်ထိုက်သသူ သတ္တဝါလေးပါးကို ထိုးထွင်းသိထိုက်သသူတို့၏ အလိုအဇ္ဈာသယဓာတ်နှင့် လျော်ညီစွာ တရား-တော်ကို ဟောကြားတော်မူခြင်းသာ ဖြစ်ပေသည်။ လက္ခဏာရေး သုံးတန်လုံးကိုကား ရှုရမည်သာဟု မှတ်ပါ။

အနိစ္စဝဂ္ဂေ ပရိယောသာနသုတ္တံ ပုစ္ဆာဝသိကံ၊ သေသာနိ တထာ တထာ ဗုဇ္ဈနကာနဉ္စ ဝသေန ဒေသိတာနီတိ။ (သံ-ဋ္ဌ-၂-၂၄၂။)

အကျယ်ကို အရူပသတ္တက ရှုနည်းအပိုင်းတွင် ထပ်မံ၍ ရေးသားတင်ပြပါဦးမည်။ ဤအပိုင်းတွင် လက္ခဏာ-ရေး သုံးတန်လုံးကို တစ်လှည့်စီ လှည့်၍ ဝိပဿနာရှုရမည်ဟုသာ မှတ်သားထားနှင့်ပါဦး။

## အနိစ္စလက္ခဏာက စ၍ ရှုပုံ

လက္ခဏာရေးသုံးတန်တွင် မိမိ ယောဂါဝစရပုဂ္ဂိုလ် ကြိုက်နှစ်သက်ရာ လက္ခဏာက စ၍ ဝိပဿနာရှုနိုင်-သည်သာ ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၃၀၁ - ကို ကြည့်ပါ။) ဤကျမ်းတွင်ကား အနိစ္စလက္ခဏာက စ၍ ဝိပဿနာ ရှုပွားပုံကို ဦးစားပေး၍ တင်ပြအပ်ပါသည်။

ရှေးဦးစွာ စက္ခုဒွါရ၌ ရှိသော (၅၄)မျိုးသော ပရမတ်တရား (= ရုပ်အစစ်) တို့ကို သိမ်းဆည်းပါ။ ယင်း ပရမတ်ရုပ်တရားတို့၏ ဖြစ်ပြီး ပျက်သွားသော သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ကုန်ကုန်သွားသော သဘော ပျောက်ပျောက်သွားသော သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ ယင်း ရုပ်တရားတို့၏

ဖြစ်ပျက်သဘောကား မြန်နေမည် ဖြစ်သည်၊ မြန်သော်လည်း အနိစ္စဟုရှုမှုမှာ ခပ်ဖြည်းဖြည်းသာ ရှုပါ။ ဖြစ်ပျက် မြန်သလောက် အနိစ္စဟု ရှုမှုမှာ မြန်နေသော် မလိုက်နိုင်ဘဲ မောလာတတ်သည်။ ဖြစ်မှုပျက်မှု အကြိမ်မှာ အလွန် အရေအတွက်များသော် အနိစ္စဟု ရှုမှုမှာ နှေးသော်လည်း အပြစ်မဖြစ်ပါ။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်က ယင်း ရုပ်ပရမတ်တရားတို့၏ ဖြစ်ပျက်သဘောကို ခပ်နှေးနှေး ခပ်ဖြည်းဖြည်းသာ ဉာဏ်ဖြင့် မြင်နေလျှင်လည်း ဖြစ်ပျက်သဘောတရားတို့ကို မြန်မြန်မြင်အောင် စူးစူးစိုက်စိုက် ရှုပါ။ အဇ္ဈတ္တ၌ အောင်မြင်မှု ရရှိသောအခါ ဗဟိဒ္ဓ၌လည်း ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံလျက် စကြ္ဝဠာ၌ ရှိသော (၅၄)မျိုးသော ရုပ်အစစ်တို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍ အနိစ္စဟု ရှုပါ။ ရံခါ အဇ္ဈတ္တ၌ ရံခါ ဗဟိဒ္ဓ၌ သွက်အောင် ရှုပါ။ ဗဟိဒ္ဓကို ရှုရာ၌ ရှေးဦးစွာ အနီးက စ၍ သာမန် ခြုံငုံရှုပါ။ နောက်ပိုင်း သွက်လာသောအခါ၌ တစ်စတစ်စ တိုးချဲ့၍ ရှုသွားပါ။ (၃၁)ဘုံအတွင်း၌တည်ရှိသော ရုပ်လောကအားလုံးကို ခြုံငုံ၍ ရှုနိုင်သည်အထိ ကြိုးပမ်းပါ။ အောင်မြင်မှု ကျေနပ်မှု ရရှိသောအခါ သောတဒွါရစသည်တို့၌လည်း နည်းမှီး၍ ရှုပါ။ ဥပမာ — သောတဒွါရ၌ (၅၄)မျိုးသောရုပ် ကာယဒွါရ၌ (၄၄)မျိုးသောရုပ် ဆံပင်၌ (၄၄)မျိုးသောရုပ် — ဤသို့စသည်ဖြင့် ရုပ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း ဒွါရတစ်ခုစီ တစ်ခုစီ၌ တည်ရှိသော ရုပ်တရားတို့ကိုလည်းကောင်း ကောဋ္ဌာသတစ်ခုစီ တစ်ခုစီ၌ တည်ရှိသော ရုပ်တရားတို့ကိုလည်းကောင်း ခြုံငုံ၍ ယင်း ရုပ်တရားတို့၏ ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟုသာ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် တွင်တွင်ရှုနေပါ။

## သတိပြုရန် အချက်တစ်ရပ်

ထိုသို့ ရှုရာ၌ သတိပြုရန် အချက်တစ်ရပ်မှာ ရုပ်ကလာပ်များ၏ ပြိုပြိုပျက်ပျက်နေမှု သဘောကို အာရုံယူ၍ အနိစ္စဟု ရှုခြင်းပင်ဖြစ်၏။ ယင်းသို့ ရုပ်ကလာပ်တို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍ အနိစ္စဟုကား မရှုပါနှင့်၊ ရုပ်ကလာပ် ဟူသည် ရုပ်လောကဝယ် သမူဟဃနစသည့် ရုပ်အတုံးအခဲများ မပြိုသေးသည့် အသေးဆုံး ရုပ်အဖွဲ့ အစည်း တစ်ခုမျှသာဖြစ်၏။ သမူဟပညတ် မကွာသေးသည့် ပညတ်အတုံးအခဲကလေးမျှသာ ဖြစ်၏။ ပညတ်ကိုကား လက္ခဏာယာဉ် သုံးချက်တင်၍ ဝိပဿနာ မရှုကောင်း၊ ယင်းရုပ်ကလာပ် တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိကြသော (၈)မျိုး (၉)မျိုး (၁၀)မျိုး စသော ရုပ်ပရမတ်အစစ်တို့ကိုသာ ဝိပဿနာ ရှုကောင်းသည်။ သတိရှိစေ။

ထိုသို့ ပညတ်မှာ သောင်တင်၍ နေမည်စိုးသည်က တစ်ကြောင်း, ဝိပဿနာကို အားသစ်စတွင် ဉာဏ်က အလွန်ကြီးမထက်မြက် မစူးရှသေးသဖြင့် ရုပ်တရား အားလုံးကို အသိဉာဏ် သန့်သန့်ရှင်းရှင်းဖြင့် မခြုံနိုင် မငုံနိုင် ဖြစ်တတ်သေးသည်က တစ်ကြောင်း ဤအကြောင်းနှစ်ချက်ကြောင့် (၆)ဒွါရတို့၌လည်း ဒွါရတစ်ခုစီ တစ်ခုစီ၌ တည်ရှိသော ရုပ်တရားတို့ကို, (၄၂)ကောဋ္ဌာသတို့၌လည်း ကောဋ္ဌာသ တစ်ခုစီ တစ်ခုစီ၌ တည်ရှိသော ရုပ်တရား တို့ကို ရှေးဦးစွာ ခြုံငုံ၍ ဝိပဿနာ ရှုခိုင်းခြင်း ဖြစ်ပါသည် ။

ထိုကဲ့သို့ ဒွါရတစ်ခုစီ၌ တည်ရှိကြသော ရုပ်တရား, ကောဋ္ဌာသ တစ်ခုစီ၌ တည်ရှိကြသော ရုပ်တရား တို့ကို ဒွါရတစ်ခုစီ ကောဋ္ဌာသတစ်ခုစီ ခွဲ၍ ခြုံငုံ၍ ဝိပဿနာ ရှုရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ပင် အားရ ကျေနပ်မှုရှိလာသောအခါ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားအားလုံးကို ခြုံငုံ၍ ယင်း ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုကို အာရုံယူ၍ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ခြုံငုံ၍လည်း ရှုပါ။ တစ်စ တစ်စ (၃၁)ဘုံကို ခြုံငုံ၍ သို့မဟုတ် စကြဝဠာတစ်ခုလုံးကို ခြုံငုံ၍ ရှုနိုင်သည်အထိ တိုးချဲ့၍ ရှုပါ။

**သတိပြုရန်** — ဤ၌ သတိပြုရန် အချက်တစ်ရပ်မှာ —

၁။ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့တွင် ဒွါရ (၁)ခုစီ၌ ကောဋ္ဌာသ (၁)ခုစီ၌ရှိသော ရုပ်တရားတို့ကို ခြုံငုံ၍ရှုနည်း,

၂။ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားအားလုံးကို ခြုံငုံ၍ရှုနည်းဟု ခြုံငုံ၍ရှုသော ကလာပသမ္မသနဟု ခေါ်သော နယဝိပဿနာ နှစ်မျိုးကို သတိပြု၍ မှတ်သားထားပါ။

သက်ရှိလောက၌ ရှိသော ရုပ်တရားတို့ကို ခြုံငုံ၍ အနိစ္စဟု တွင်တွင် ရှုနိုင်သော် ဗဟိဒ္ဓ သက်မဲ့လောက၌ ရှိသော ဥတုဇ ဩဇဋ္ဌမကရုပ် ဥတုဇ သဒ္ဒနဝကကလာပ်ရုပ်တို့ကိုလည်း အနီးမှ စ၍ တဖြည်းဖြည်း စကြဝဠာ တစ်ခုလုံး ခြုံငုံမိအောင် တိုးချဲ့၍ အနိစ္စဟုရှုပါ။ ဤသက်မဲ့လောက၌လည်း ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရုပ်တရားတို့ကို သိမ်းဆည်း၍ ယင်း ပရမတ်တရားတို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍ အနိစ္စဟု တွင်တွင် ရှုပါ။ ရုပ်ကလာပ်အမှုန်များ၏ ဖြစ်မှု ပျက်မှုကို အာရုံယူ၍ မရှုပါနှင့်။

ထိုသို့ ရုပ်လောက၌ အနီးမှသည် အဝေးသို့တိုင်အောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံးတို့၌ စကြဝဠာတစ်ခုလုံးကို ခြုံငုံ၍ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် တွင်တွင်ကြီး ရှုနိုင်သောအခါ မိမိဉာဏ်စွမ်းရှိသမျှ အနန္တစကြဝဠာသို့ တိုင်အောင် ဉာဏ်ကို ဖြန့်ကြက်၍ ရုပ်တရားတို့ကို သိမ်းဆည်းပြီးလျှင် ယင်း ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုကို အာရုံယူ၍ အနိစ္စဟု အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် တွင်တွင်ကြီး ရှုနေပါ။

## ဒုက္ခလက္ခဏာ

အနိစ္စလက္ခဏာကို အထက်ပါအတိုင်း တွင်တွင်ကြီး ရှုနိုင်၍ အားရကျေနပ်မှု ရရှိလာသောအခါ အလား- တူပင် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့တွင် ဒွါရ (၁)ခုစီ ကောဋ္ဌာသ (၁)ခုစီ၌ တည်ရှိကြသော ရုပ်တရားတို့ကို ခြုံငုံ၍လည်းကောင်း, (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရား အားလုံးကို ခြုံငုံ၍လည်းကောင်း ယင်းရုပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍လည်းကောင်း, ယင်း ရုပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက် ခံရသည့်အတွက်ကြောင့် ကြောက်လန့်ဖွယ်ကောင်းသော အနက်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လည်းကောင်း **ဒုက္ခ ဒုက္ခ**ဟု ရှုပါ။ သက်ရှိလောက၌ အဇ္ဈတ္တ တစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှု၍ ကျေနပ်မှု ရရှိသောအခါ သက်မဲ့လောက၌လည်း နည်းတူပင် အနိစ္စလက္ခဏာ ရှုကွက်၌ တင်ပြခဲ့သည့်အတိုင်း နည်းမှီး၍ ရှုပါ။ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ နှစ်ပါး၌ အနန္တစကြဝဠာသို့ တိုင်အောင် ဉာဏ်ကို ဖြန့်ကြက်၍ ရှုလာရာ၌ အားရကျေနပ်မှု ရသောအခါ အနတ္တလက္ခဏာသို့ ပြောင်း၍ ရှုနိုင်ပေပြီ။

## အနတ္တလက္ခဏာ

(၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့၏ အနိစ္စသဘော ဒုက္ခသဘောများသည် ဉာဏ်၌ ပေါ်လောကြီး ပေါ်လာသောအခါ ယင်း ဖြစ်ပျက် နေသော ရုပ်တရား, ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက် ခံနေရသော ရုပ်တရား ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်း နှိပ်စက်ခံနေရသည့် အတွက်ကြောင့် ကြောက်လန့်ဖွယ် ကြောက်မက်ဖွယ် ရုပ်သဘောတရားတို့၌ —

၁။ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် ခန္ဓာအိမ်အသစ်လဲသော်လည်း မပျက်စီးဘဲ တစ်ဘဝပြီးတစ်ဘဝ အမြဲတည်နေသော နိဝါသီအတ္တ,

၂။ ပြုလုပ်ဖွယ် မှန်သမျှကို ပြုလုပ်တတ်သော ကာရကအတ္တ,

၃။ ခံစားဖွယ် မှန်သမျှကို ခံစားတတ်သော ဝေဒကအတ္တ,

၄။ မိမိအတ္တ၏ အလိုအတိုင်း ဖြစ်စေနိုင်သော သယံဝသီအတ္တ,

၅။ ခန္ဓာအိမ်ကို ပိုင်ဆိုင်သော သာမိအတ္တ,

၆။ ပြုလုပ်ဖွယ်မှန်သမျှကို စီမံခန့်ခွဲတတ်သော အဓိဋ္ဌာယကအတ္တ —

ဤသို့စသည့် သာသနာပအယူအဆရှိသူ အတ္တဝါဒသမားတို့ ပြောဆိုလေ့ စွဲယူလေ့ရှိသော အတ္တ၏ မရှိမှု သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ — **အနတ္တ အနတ္တ** ဟု တွင်တွင် ရှုပါ။ အနိစ္စလက္ခဏာ၌ ဖော်ပြခဲ့သည့်အတိုင်း အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌လည်းကောင်း, သက်ရှိလောက သက်မဲ့လောက နှစ်မျိုးလုံး၌ လည်းကောင်း အနန္တစကြဝဠာသို့တိုင်အောင် ဖြန့်ကြက်၍ ရှုပါ။

ရုပ်လောကဝယ် အနန္တစကြဝဠာသို့တိုင်အောင် ဉာဏ်ကို ဖြန့်ကြက်၍ ရုပ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြား၍ ယူကြည့်ရာဝယ် ယင်းရုပ်တရားတို့၏ ဖြစ်ပြီးလျှင် ပျက်နေသည့် သဘောကိုသာ ဉာဏ်ဖြင့် မြင်တွေ့နေသော အခါ ယင်းရုပ်လောက၌ ဖြစ်ပြီးနောက် မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တကို ယောဂါဝစရပုဂ္ဂိုလ်သည် ရှာမတွေ့ဖြစ်နေ၏။ (နာမ်လောက၌လည်း နည်းတူပင် မှတ်ပါ။) ဤသို့လျှင် အနိစ္စသညာ ကောင်းစွာ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ သန္တာန်၌ အနတ္တသညာလည်း တည် လာနိုင်သဖြင့် —

**အနိစ္စသညိနော ဟိ မေဃိယ အနတ္တသညာ သဏ္ဌာတိ**။ (ဥဒါန်းပါဠိတော်-၁၂၀။)

ချစ်သား မေဃိယ . . . အနိစ္စသညာရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အနတ္တသညာသည် ကောင်းစွာ တည်လာ၏။ (ဥဒါန-၁၂၀။)

ဤသို့ ဘုရားရှင် ဟောကြားတော်မူခြင်း ဖြစ်၏။ ဥဒါန်းအဋ္ဌကထာကလည်း အောက်ပါအတိုင်း ဖွင့်ဆိုထား၏။ —

အနိစ္စလက္ခဏေ ဟိ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ တီသု ဟိ လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။ (ဥဒါန-ဋ္ဌ-၂၁၄။)

အနိစ္စလက္ခဏာကို ကောင်းစွာ မြင်သော် အနတ္တလက္ခဏာကိုလည်း ကောင်းစွာ မြင်နိုင်သည်သာလျှင် ဖြစ်၏။ မှန်ပေသည် — လက္ခဏာရေးသုံးတန်တို့တွင် လက္ခဏာတစ်ပါးကို မြင်က ကျန်လက္ခဏာ နှစ်ပါးကို မြင်နိုင်သည်သာ ဖြစ်ပေသည်။ (ဥဒါန-ဋ္ဌ-၂၁၄။)

ဤအရာ၌ အယူအဆ မမှားစေလိုပါ။ လက္ခဏာရေး သုံးတန်တို့တွင် တစ်ခုရှုလျှင်လည်း လိုရင်းကိစ္စ ပြီးသည်၊ မဂ်ဉာဏ်ကို ရနိုင်သည်ဟု ဆိုလိုရင်း မဟုတ်သည်ကိုကား သတိပြုစေလိုသည်။

၁။ သင်္ခါရတရားတို့ကို အနိစ္စဟု ရှုရာ၌လည်း ယင်းသင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် မြင်နေရမည်ဖြစ်၏။

၂။ ယင်းသင်္ခါရတရားတို့ကိုပင် ဒုက္ခဟု ရှုရာ၌လည်း ယင်း သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် သဘောကို ဉာဏ်ဖြင့် မြင်နေရမည် ဖြစ်၏။

၃။ ယင်းသင်္ခါရတရားတို့ကိုပင် အနတ္တဟု ရှုရာ၌လည်း ဖြစ်ပြီးလျှင် ပျက်နေသည့် ယင်းသင်္ခါရတရားတို့၌ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တ မရှိသည့် သဘောကို ဉာဏ်ဖြင့် မြင်နေရမည် ဖြစ်၏။

သို့အတွက် လက္ခဏာရေး သုံးတန်တို့တွင် မည်သည့်လက္ခဏာကိုပင် ဖြစ်စေ တင်၍ သင်္ခါရတရားတို့ကို ရှုရာ၌ ယင်း သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှု = ဖြစ်ပြီးသည်နှင့် ပျက်သွားမှုသဘောကို ဉာဏ်ဖြင့် တွေ့မြင်နေ-ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် လက္ခဏာတစ်ပါးကို မြင်က ကျန်လက္ခဏာ နှစ်ပါးကိုလည်း ဉာဏ်ဖြင့် တွေ့မြင်ရခြင်း တွေ့မြင်နိုင်ခြင်း ဖြစ်သည်ဟုသာ ဆိုလိုရင်း ဖြစ်ပေသည်။

## နာမ်တရားများကို ဝိပဿနာ ရှုပုံ

နာမ်တရားတို့ကို သိမ်းဆည်းခဲ့စဉ်က ယင်း နာမ်တရားတို့ကို ခြုံငုံ၍ အာယတနဒွါရအလိုက် သိမ်းဆည်း-ထားနိုင်သဖြင့် နာမ်တရားတို့ကို ဝိပဿနာရှုရာ၌လည်း အာယတနဒွါရအလိုက် ခြုံငုံ၍ ဝိပဿနာရှုရန် အားသစ်စ ယောဂါဝစရပုဂ္ဂိုလ်များအတွက် စတင်၍ ရေးသားတင်ပြအပ်ပါသည်။

ရုပ်တရားများ၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ကျေနပ်မှု ရအောင် ရှုပြီးသောအခါ သို့မဟုတ် သွက်သွက်လက်လက် ရှုနိုင်သောအခါ နာမ်တရားများကို ပြောင်း၍ တစ်လှည့် ဝိပဿနာ ရှုနိုင်ပါသည်။ ရှေးဦးစွာ နာမ်တရားများကို နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများအတိုင်း —

၁။ အသိစိတ် = ဝိညာဏ်က စ၍ ဖြစ်စေ,

၂။ ဖဿက စ၍ ဖြစ်စေ,

၃။ ဝေဒနာက စ၍ ဖြစ်စေ —

မိမိနှစ်သက်ရာကစ၍ အာယတနဒွါရအလိုက် နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများအတိုင်း သိမ်းဆည်းပါ။ ထိုသို့ သိမ်းဆည်းရာ၌ အသင်သူတော်ကောင်းသည် အာနာပါနစတုတ္ထဈာန်သို့ တိုင်အောင်သော ဈာန်တရားများကို ရရှိထားပြီးသူဖြစ်သဖြင့် သို့မဟုတ် ဖြစ်နေပါက ယင်းဈာန်နာမ်တရားတို့ကစ၍ သိမ်းဆည်းနိုင်ပါသည်။ ယင်းသို့ သိမ်းဆည်းရာ၌ ဈာနသမာပတ္တိဝီထိ ဇယားများအတိုင်း နာမ်တရားတို့ကို ခြုံငုံ၍ သိမ်းဆည်းပါ။ ယင်းသို့ သိမ်းဆည်းပြီးနောက် ဉာဏ်ဖြင့် ပိုင်းခြားယူပြီးနောက် ယင်း ဈာန်နာမ်တရားတို့၏ ဖြစ်ပြီးလျှင် ပျက်သွားမှု သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **အနိစ္စ အနိစ္စ** ဟု ရှုပါ။ ယင်းသို့ ရှုခြင်းကိုပင် အနိစ္စလက္ခဏာရေး တင်သည်ဟု ဆိုသည်။ ထိုသို့ ရှုရာ၌ ဖြစ်ပျက်ကား မြန်နိုင်သမျှ မြန်ပါစေ၊ အနိစ္စဟု ရှုမှုကား ခပ်ဖြည်းဖြည်းသာ ရှုပါ။ ပဌမဈာနသမာပတ္တိဝီထိ ဒုတိယဈာနသမာပတ္တိဝီထိ တတိယဈာနသမာပတ္တိဝီထိ စတုတ္ထဈာနသမာပတ္တိ ဝီထိ နာမ်တရားတို့ကို တစ်ဝီထိပြီး တစ်ဝီထိ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ အကယ်၍ အသင်သူတော်-ကောင်းသည် ကသိုဏ်း (၁၀)ပါး သမာပတ် (၈)ပါးတို့ကိုလည်းကောင်း စတုရာရက္ခကဲ့သို့သော အခြားအခြားသော ဈာန်တရားများကိုလည်းကောင်း ရရှိထားပြီးသူ ဖြစ်ပါက ယင်း ဈာန်နာမ်တရားတို့ကိုလည်း ပုံစံတူပင် ရှုပါ။ အားရကျေနပ်မှုရရှိသောအခါ ကြွင်းကျန်သော နာမ်တရားများကို ဆက်လက် သိမ်းဆည်း၍ ဝိပဿနာရှုပါ။

ထိုသို့ ရှုရာ၌ နာမ်တရားများကို သိမ်းဆည်းခဲ့စဉ်က အာယတနဒွါရအလိုက် သိမ်းဆည်းခဲ့သဖြင့် ယခု ဝိပဿနာပိုင်းတွင်လည်း အာယတနဒွါရအလိုက် ရှုခြင်းကပင် များသောအားဖြင့် ပို၍ အသိဉာဏ် သန့်ရှင်း တတ်ပေသည်။ ရှုပြီးသည့် နာမ်တရား, မရှုရသေးသည့် နာမ်တရားတို့ကိုလည်း အလွယ်တကူ သိနိုင်ပေသည်။ ထို့ကြောင့် နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြထားသည့်အတိုင်း တစ်တန်းပြီး တစ်တန်း တစ်တန်းစီ တစ်တန်းစီ ရှုပါလေ။ ထိုသို့ ရှုရာ၌ ရှေးက စက္ခုဒွါရစသောပဉ္စဒွါရဝီထိ တစ်ကြိမ်ဖြစ်က နောက်က ယင်းရူပါရုံ စသည့် ပဉ္စာရုံကိုပင် ထိုက်သလို အာရုံပြုသည့် မနောဒွါရဝီထိများသည် ဝီထိတစ်ခုနှင့် တစ်ခု အကြားတွင်

ဘဝင်များ ခြားလျက် အကြိမ်များစွာ ဖြစ်နိုင်သည်ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ဝိပဿနာရှုပါ။ ဝီထိပေါင်းများစွာကို ခြုံငုံ၍ လက္ခဏာတစ်ချက်ပင် တင်ပါက လုံလောက်ပါသည်။ ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်း စသည်တို့၌လည်း နည်းတူသဘောပေါက်ပါ။ ဥဒယဗ္ဗယဉာဏ်စသည်တို့၌လည်း နည်းတူပင်တည်း။

ရူပါရုံလိုင်း သဒ္ဒါရုံလိုင်း ဂန္ဓာရုံလိုင်း ရသာရုံလိုင်း ဖောဋ္ဌဗ္ဗာရုံလိုင်း ဓမ္မာရုံလိုင်း ဟူသော (၆)လိုင်းလုံး၌ နာမ်တရားတို့ကို ကျွမ်းကျွမ်းကျင်ကျင် သိမ်းဆည်းနိုင် ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ပြီးသော အသင်သူတော်ကောင်း-သည် ယခုကဲ့သို့ ဈာနသမာပတ္တိဝီထိများ အတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကို ကျေနပ်အောင် အားရ-အောင် အနိစ္စလက္ခဏာတင်၍ ဝိပဿနာရှုပွားသုံးသပ်နိုင်သောအခါ ရူပါရုံလိုင်း နာမ်တရားတို့ကစ၍ (၆)လိုင်း-လုံးအတွင်း၌ တည်ရှိကြသော နာမ်တရားတို့ကို တစ်လိုင်း တစ်လိုင်း၌ အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် သိမ်းဆည်း၍ ယင်းနာမ်တရားတို့၏ ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စ အနိစ္စဟု တွင်တွင်ကြီး ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ တဖြည်းဖြည်း ဗဟိဒ္ဓ၌ (၃၁)ဘုံကို ခြုံငုံ၍ ရှုနိုင်သည့်တိုင်အောင် ဉာဏ်ကို ဖြန့်ကြက်၍ ကြိုးစားအားထုတ်ပြီး ဝိပဿနာရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများအတိုင်း အတန်းလိုက် ရှုပါ။

## ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ

ထိုသို့ ဝိပဿနာရှုရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရုပ်နာမ်တို့ကို သိမ်းဆည်းထားပြီးသော အသင်ယောဂါဝစရပုဂ္ဂိုလ်အဖို့ အဇ္ဈတ္တမှသာစ၍ ဝိပဿနာရှုနိုင်သည် မဟုတ်ပါ။ ဗဟိဒ္ဓကစ၍ ဝိပဿနာ နှလုံးသွင်းလိုကလည်း နှလုံးသွင်းနိုင် ရှုနိုင်သည်သာ ဖြစ်သည်။ အကယ်၍ အထက်ပါအတိုင်း အဇ္ဈတ္တကစ၍ ဝိပဿနာရှုပါက အဇ္ဈတ္တ၌ (၆)လိုင်းလုံးကို တစ်လိုင်းပြီး တစ်လိုင်း အနိစ္စလက္ခဏာတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြီးသောအခါ ဗဟိဒ္ဓ၌လည်း ဆက်လက်၍ ဝိပဿနာရှုပါ။ သွက်လာသောအခါ တစ်လိုင်း တစ်လိုင်းမှာပင် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် သွက်အောင် ရှုပါ။

ထိုသို့ရှုရာ၌ ရှေ့က စက္ခုဒွါရဝီထိစသော ပဉ္စဒွါရဝီထိများ တစ်ကြိမ်ဖြစ်လျှင် ယင်းရူပါရုံစသည့် ပဉ္စာရုံကိုပင် ထိုက်သလိုအာရုံယူကြသည့် နောက်လိုက် မနောဒွါရဝီထိစသော မနောဒွါရဝီထိများသည် တစ်ဝီထိနှင့် တစ်ဝီထိ အကြား၌ ဘဝင်များခြားလျက် အကြိမ်များစွာ ဖြစ်နိုင်ကြသည်ကို သို့မဟုတ် ဖြစ်နေကြသည်ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟု တွင်တွင် ရှုနေပါ။ ဒုက္ခဟု အနတ္တဟု ရှုရာတို့၌လည်း နည်းတူပင် မှတ်ပါ။

ရူပါရုံလိုင်း နာမ်တရားတို့ကို အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် အနိစ္စ အနိစ္စဟု ဝိပဿနာရှုရာ၌ သွက်လက်လာသောအခါ အလားတူပင် သဒ္ဒါရုံလိုင်း = အသံလိုင်းမှသည် ဓမ္မာရုံလိုင်းသို့တိုင်အောင် နာမ်တရား-တို့ကိုလည်း အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ တစ်လှည့်စီ အနိစ္စဟု ရှုနေပါ။ တစ်စတစ်စ တိုးချဲ့၍ စကြဝဠာတစ်ခုလုံး-ကိုလည်းကောင်း အနန္တစကြဝဠာသို့တိုင်အောင်လည်းကောင်း ဉာဏ်ကို ဖြန့်ကြက်၍ ယင်း နာမ်တရားတို့ကို အနိစ္စဟု တွင်တွင် ရှုပေးပါ။

ယောဂီအများစု၌ကား ဗဟိဒ္ဓဝယ် အနီးမှ စ၍ ရှုပါမှ အနိစ္စာနုပဿနာ စသော အနုပဿနာဉာဏ်များ အရှိန်အဝါ အားကောင်းတတ်သည်ကို တွေ့ရ၏။ အဝေးမှစ၍ ဗဟိဒ္ဓနာမ်တရားတို့ကို ရှုပါက ဉာဏ်မှာ မငုံမိ ရှိတတ်၏၊ မထင်မရှားသော်လည်း ရှိတတ်၏။

တသ္မာ သသန္တာနဂတေ သဗ္ဗဓမ္မေ, ပရသန္တာနဂတေ စ တေသံ သန္တာနဝိဘာဂံ အကတွာ ဗဟိဒ္ဓါဘာဝ-သာမညတော သမ္မသနံ၊ အယံ သာဝကာနံ သမ္မသနစာရော။ (မ-ဋ္ဌီ-၃-၂၇၄-၂၇၅။)

မိမိသန္တာန်၌ ရှိသော ရုပ်တရား နာမ်တရားအားလုံးတို့ကိုလည်းကောင်း, သူတစ်ပါးသန္တာန်၌ ရှိသော ရုပ်တရား နာမ်တရားတို့ကိုလည်း ထို ရုပ်နာမ်တို့ကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မည်သူမည်ဝါ စသည်ဖြင့် သန္တာန် ခွဲခြားဝေဖန်မှုကို မပြုမူ၍ ဗဟိဒ္ဓချင်း တူညီ၍ သာမညအားဖြင့် ပေါင်းစုခြုံငုံ၍လည်းကောင်း လက္ခဏာ-ရေးသုံးတန်တင်ကာ ဝိပဿနာရှုပွားသုံးသပ်ခြင်းသည်ကား သာဝကတို့၏ သမ္မသနစာရခေတ်ပင် ဖြစ်ပေသည်။ (မ-ဋီ-၃-၂၇၄-၂၇၅။)

ဤအထက်ပါ အနုပဒသုတ္တန်ဋီကာ ဖွင့်ဆိုချက်နှင့်အညီ ဗဟိဒ္ဓကို ရှုရာ၌ ယောကျ်ားမိန်းမ မည်သူမည်ဝါ စသည်ဖြင့် သန္တာန်ခွဲခြားဝေဖန်မှုကို မပြုဘဲ ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍ ရှုခြင်းမျှသာ ဖြစ်သည်။ အနိစ္စလက္ခဏာကို တဖြည်းဖြည်း အနီးမှသည် အဝေးသို့ တိုးချဲ့၍ ရှုလာရာ၌ အနန္တစကြဝဠာသို့ တိုင်အောင် ခြုံငုံ၍ ဉာဏ်ကို ဖြန့်ကြက်၍ ရှုနိုင်သောအခါ ဒုက္ခလက္ခဏာသို့ ပြောင်း၍ ရှုပါ။

**ဒုက္ခလက္ခဏာ** — အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ နာမ်တရားတို့၏ အနိစ္စသဘောကို ကျေကျေနပ်နပ် ရှုပြီး-သောအခါ ယင်း နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်းနှိပ်စက်ခံရမှုသဘော, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်ပန်းနှိပ်စက်ခံနေရသည့်အတွက် ကြောက်လန့်ဖွယ်ကောင်း-သောသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဒုက္ခ ဒုက္ခ** ဟု ရှုပါ။ အနိစ္စနည်းတူ – (၆)လိုင်းလုံး၌ အကောင်းအုပ်စု မကောင်းအုပ်စု ကုန်စင်အောင် ရှုပါ၊ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ (၁၁)ဘုံပေါင်း များစွာ = စကြဝဠာပေါင်းများစွာကို ခြုံငုံ၍ ရှုနိုင်သည်တိုင်အောင် တစ်စတစ်စ တိုးချဲ့၍ ရှုသွားပါ။

**အနတ္တလက္ခဏာ** — ဒုက္ခလက္ခဏာသဘော ဉာဏ်အမြင် သန့်ရှင်းလာသောအခါ အနတ္တသဘောကို ဆက်လက်၍ ရှုပါ။ ထိုနာမ်တရားတို့၌ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း (သာမီ နိဝါသီ ကာရက ဝေဒက အဓိဋ္ဌာယက) ဟူသော မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမရှိမှု သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ — **အနတ္တ အနတ္တ** — ဟုရှုပါ။ (၆)လိုင်းလုံး၌ အကောင်းအုပ်စု နာမ်တရား မကောင်းအုပ်စု နာမ်တရားတို့ကို ကုန်စင်အောင် ရှုပါ။

## ရံခါ အဇ္ဈတ္တ ရံခါ ဗဟိဒ္ဓ, ရံခါ ရုပ်တရား ရံခါ နာမ်တရား

သော ကာလေန အဇ္ဈတ္တံ သမ္မသတိ၊ ကာလေန ဗဟိဒ္ဓါ။ ပ ။ သော ကာလေန ရူပံ သမ္မသတိ၊ ကာလေန အရူပံ။ (အဘိ-ဋ္ဌ-၁-၂၇၀-၂၇၁။ ဝိသုဒ္ဓိ-၂-၃၀၀။)

ထိုသို့ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်၍ သင်္ခါရတရားတို့ကို ဝိပဿနာ ရှုရာ၌ အထက်ပါ အဋ္ဌကထာကြီးများ၏ ညွှန်ကြားသတ်မှတ်ပေးတော်မူသည့်အတိုင်း —

၁။ ရံခါ အဇ္ဈတ္တ သင်္ခါရတရားကို,
၂။ ရံခါ ဗဟိဒ္ဓသင်္ခါရတရားကို – ထိုတွင်လည်း —
၃။ ရံခါ ရုပ်တရားကို,
၄။ ရံခါ နာမ်တရားကို —

၅။ ရံခါ အနိစ္စလက္ခဏာတင်၍,
၆။ ရံခါ ဒုက္ခလက္ခဏာတင်၍,
၇။ ရံခါ အနတ္တလက္ခဏာတင်၍ —

ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဝိပဿနာရှုနေပါ။ ထိုသို့ ရှုရာ၌ နာမ်တရားများကို သိမ်းဆည်းခဲ့စဉ်က

လည်းကောင်း, ရုပ်နာမ်ကို သိမ်းဆည်းခဲ့စဉ်ကလည်းကောင်း အာယတနဒွါရအလိုက် သိမ်းဆည်းခဲ့သဖြင့် ယခု ဝိပဿနာပိုင်းတွင်လည်း အာယတနဒွါရအလိုက် ရှုခြင်းကပင် ပို၍ အသိဉာဏ် သန့်ရှင်းပေသည်။ ရှုပြီးသည် မပြီးသည်ကိုလည်း အလွယ်တကူ သိနိုင်ပေသည်။ နာမ်ကမ္မဋ္ဌာန်းကို သိမ်းဆည်းခဲ့စဉ်ကလည်းကောင်း ရုပ်နာမ်ကို ပူးတွဲ သိမ်းဆည်းခဲ့စဉ်ကလည်းကောင်း ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တို့ကို အာရုံပြု၍ ဖြစ်ပေါ်လာကြသော နာမ်တရားတို့ကို ရူပါရုံလိုင်းစသည့် (၆)လိုင်းလုံး၌ တစ်လိုင်းတစ်လိုင်းတွင် အကောင်းအုပ်စု ဟု ခေါ်ဆိုသော ကုသိုလ်ဇောများ ပါဝင်သည့်ဇောဝီထိ, မကောင်းအုပ်စုဟု ခေါ်ဆိုသော အကုသိုလ်ဇောများ ပါဝင်သည့် ဇောဝီထိများကို ကုန်စင်အောင် သိမ်းဆည်းထားသကဲ့သို့ ဤဝိပဿနာပိုင်းတွင်လည်း ထိုသို့ သိမ်းဆည်းခဲ့သည့် ပုံစံအတိုင်း ရူပါရုံလိုင်းမှ စ၍ ဖြစ်စေ , သို့မဟုတ် ဓမ္မာရုံလိုင်းမှ စ၍ ဖြစ်စေ တစ်လိုင်း တစ်လိုင်းတွင် အကောင်းအုပ်စု မကောင်းအုပ်စုများကို ကုန်စင်အောင် ရှုပါ။

ထိုသို့ ရှုရာ၌ ဖြစ်မှုပျက်မှု သဘောတရားတို့ကို အလွန် လျင်လျင်မြန်မြန် မြင်အောင် ရှုပါ။ လက္ခဏာ တင်မှုကိုကား ခပ်ဖြည်းဖြည်းသာ တင်ပါ။ ဝီထိ စိတ္တက္ခဏတိုင်း၌ ပါဝင်တည်ရှိကြသော စိတ် စေတသိက်တို့ကို လုံးထွေးမနေပါစေနှင့်၊ တစ်လုံးစီ တစ်လုံးစီ ဉာဏ်၌ ကွဲပြားနေပါစေ။ ဃနမပြိုပါက သမူဟပညတ်စသည့် ပညတ်တွင် သောင်တင်နေမည် ဖြစ်သည်။ ရုပ်ဃန နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ် ရုပ်နာမ်တို့၏ ခဏတိုင်း ခဏတိုင်း ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့်မြင်အောင် ကြည့်၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ တစ်လှည့်စီ ရှုပါ။ ဝီထိစိတ်များ အကြားအကြား၌ရှိသော ဘဝင်စိတ်စေတသိက် နာမ်တရားစု တို့ကိုလည်း အလားတူပင် ဃနအသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ယင်းဘဝင် နာမ်ပရမတ် တရားတို့၏ ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ လက္ခဏာယာဉ် သုံးတန် တစ်လှည့်စီတင်ကာ ဝီထိ နာမ်တရားစုတို့နှင့်အတူ ရောနှော၍သာ ရှုပါ။

ထိုသို့ရှုရာ၌ အဇ္ဈတ္တက စ၍လည်းကောင်း ဗဟိဒ္ဓက စ၍လည်းကောင်း မိမိနှစ်ခြိုက်ရာ လွယ်ကူရာက စ၍ ရှုနိုင်ပါသည်။ သို့သော် —

၁။ အဇ္ဈတ္တသင်္ခါရတရား သက်သက်ကို ဝိပဿနာရှုနေရုံမျှဖြင့်,
၂။ ဗဟိဒ္ဓသင်္ခါရတရား သက်သက်ကို ဝိပဿနာရှုနေရုံမျှဖြင့်,
၃။ ရုပ်တရား သက်သက်ကို ဝိပဿနာရှုနေရုံမျှဖြင့်,
၄။ နာမ်တရား သက်သက်ကို ဝိပဿနာရှုနေရုံမျှဖြင့် —

အရိယမဂ်သို့ မဆိုက်နိုင်ရကား —

၁။ ရံခါ အဇ္ဈတ္တ သင်္ခါရတရားကို,
၂။ ရံခါ ဗဟိဒ္ဓ သင်္ခါရတရားကို — ထိုတွင်လည်း —
၃။ ရံခါ ရုပ်တရားကို,
၄။ ရံခါ နာမ်တရားကို —

၅။ ရံခါ အနိစ္စလက္ခဏာ တင်၍,
၆။ ရံခါ ဒုက္ခလက္ခဏာတင်၍,
၇။ ရံခါ အနတ္တလက္ခဏာတင်၍ —

တစ်လှည့်စီ လှည့်၍ကား ဝိပဿနာ ရှုရမည်ဖြစ်သည်။ (အဘိ-ဋ္ဌ-၁-၂၇၀-၂၇၁။ ဝိသုဒ္ဓိ-၂- ၃၀၀။)

ဤစည်းကမ်း သတ်မှတ်ချက်တို့ကား ဝိပဿနာ ဘာဝနာလုပ်ငန်းကို စတင်၍ အားသစ်နေသော အသင် သူတော်ကောင်းအဖို့ ကျောက်ထီးတန္တကဲ့သို့ အလွန့်အလွန် အလေးဂရုပြုရမည့် ရိုသေစွာ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များပင် ဖြစ်ကြပေသည်။ ထိုသို့ ရှုရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရုပ်တုံးရုပ်ခဲ နာမ်တုံး နာမ်ခဲတည်းဟူသော ရုပ်ဃန နာမ်ဃနများကို ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးလျက် ပရမတ် ရုပ်နာမ်တို့ကိုသာ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုနိုင်ရန် ကြိုးစားအားထုတ်ပါ။

သွက်သွက်လက်လက် ရှုနိုင်သောအခါ ရူပါရုံလိုင်းတစ်ခုကိုပင် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် အနိစ္စ တစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် ရုပ်တစ်လှည့် (မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်) နာမ်တစ်လှည့် ဤသို့ လှည့်၍ ရှုနေပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ရုပ်တရားအရ မှီရာဝတ္ထုရုပ် (၅၄) (၄၄) စသည်ဖြင့် တင်ပြခဲ့သည့် ရုပ်တရားများနှင့် ဆိုင်ရာ အာရုံရုပ်တရားတို့ကို ဆိုလိုသည်ဟု မှတ်ပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများအတိုင်း တစ်တန်းပြီးတစ်တန်း အတန်းလိုက် ရုပ်တစ်လှည့် နာမ်တစ်လှည့် လှည့်၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်ကာ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ ဝီထိများ၏ အကြားအကြား၌ တည်ရှိကြသော ဘဝင်နာမ်တရားများနှင့် ဘဝင်၏မှီရာဟဒယဝတ္ထုနှင့်တကွ (၅၄)မျိုးသော ရုပ်တရားတို့ကိုလည်း ရုပ်ဃန နာမ်ဃန ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲလျက် ရောနှော၍သာ ဝိပဿနာရှုပါ။ အထူးသဖြင့် အာရုံ ရုပ်တရား-များကိုလည်း ရှုရာ၌ ဃနပြိုပါစေ၊ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ပါစေ။

**သဒ္ဒနဝကကလာပ်** = အသံလျှင် (၉)ခုမြောက်ရှိသော ရုပ်ကလာပ် — အသံသည် အာရုံ (၆)ပါးတွင် တစ်ပါး အပါအဝင်ဖြစ်၏။ အသက်ရှူသံစသည့် အဇ္ဈတ္တအသံကိုသော်လည်းကောင်း, ဗဟိဒ္ဓ အသံတစ်ခုခုကို သော်လည်းကောင်း အာရုံယူ၍ ရှုနိုင်ပါသည်။ သို့သော် အသံသည် ရုပ်တရားတို့၏ ဓမ္မတာအတိုင်း ရုပ်ကလာပ် အနေဖြင့်သာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ ဤဝိပဿနာပိုင်းတွင်ကား ရုပ်အစစ်တို့ကိုသာ ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်သဖြင့် သဒ္ဒနဝကကလာပ်ရုပ်ကိုသာ ဦးစားပေး၍ ရှုပါ။ အလားတူပင် ဝဏ္ဏဓာတ် = ရူပါရုံကို ရှုရာ၌လည်း မိမိ ဝိပဿနာရှုလိုက်သော ရူပါရုံသည် အဋ္ဌကလာပ်၌ ပါဝင်သော ရူပါရုံဖြစ်လျှင် ရူပါရုံနှင့်တကွ (၈)မျိုးသော ရုပ်တရားတို့ကို, ဇီဝိတနဝကကလာပ်ကဲ့သို့သော နဝကကလာပ်၌ ပါဝင်သော ရူပါရုံဖြစ်လျှင် (၉)မျိုးသော ရုပ်တရားတို့ကို, ကာယဒသကကလာပ် စသည်တို့ကဲ့သို့သော ဒသကကလာပ်၌ ပါဝင်သော ရုပ်တရားဖြစ်ခဲ့လျှင် (၁၀)မျိုးသော ရုပ်တရားတို့ကို ဃနပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျက် ဝိပဿနာ ရှုရန် သတိပြုပါ။ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

## သတိပဋ္ဌာန်လေးပါးသို့ ဝင်သွားပုံ

ထိုသို့ ရုပ်တရား နာမ်တရားတို့ကို ဝိပဿနာရှုရာ၌ —

၁။ ရုပ်တရားကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော် **ကာယာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၂။ ဝေဒနာကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် **ဝေဒနာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၃။ အသိစိတ်ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွား သုံးသပ်ခဲ့သော် **စိတ္တာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၄။ ဖဿကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

## အထူးသတိပြုရန်အချက်

ဝေဒနာကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းပြီးလျှင် ယင်းနာမ်တရားတို့၏ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တည်းဟူသော ဘူတရုပ် ဥပါဒါရုပ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုရာ၌ မိမိရှုပွားနေသော နာမ်တရား-တို့၏ စိတ္တက္ခဏတိုင်း၌ တည်ရှိသော သုခဝေဒနာ, သို့မဟုတ် ဒုက္ခဝေဒနာ, သို့မဟုတ် သောမနဿဝေဒနာ, သို့မဟုတ် ဒေါမနဿဝေဒနာ, သို့မဟုတ် ဥပေက္ခာဝေဒနာတို့ကို အလေးဂရုပြု၍ ရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများကို ပြန်ကြည့်ပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း (၆)လိုင်းလုံးအတွင်း၌ တည်-ရှိသော သုခဝေဒနာ, သောမနဿဝေဒနာ, ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို အဦးမူ၍ နာမ်ရုပ်တို့ကို ကုန်စင်အောင်သိမ်းဆည်းလျက် ဝိပဿနာရှုနိုင်လျှင် —

၁။ ကာမဂုဏ်နှင့် စပ်သော သာမိသ သုခ ဒုက္ခ ဥပေက္ခာဝေဒနာ,

၂။ ကာမဂုဏ်နှင့် မစပ်သော နိရာမိသ သုခ ဒုက္ခ ဥပေက္ခာဝေဒနာ –

ဤ ဝေဒနာရှုကွက်တို့သည်လည်း အကျုံးဝင်သွားပြီ ဖြစ်ပေသည်။ ဒုက္ခ ဒုက္ခ အမည်ရသော ကာယိက ဒုက္ခဝေဒနာ, ဝိပရိဏာမ ဒုက္ခ အမည်ရသော သုခဝေဒနာတို့သည်လည်း ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသောကြောင့် သင်္ခါရဒုက္ခအတွင်းသို့ပင် အကျုံးဝင်သွားသည်ဟု မှတ်ပါ။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်

တစ်နည်းအားဖြင့်ဆိုသော် ယင်း ရုပ်တရား နာမ်တရား ပရမတ္ထဓာတ်သားတို့ကို —

၁။ (၅) ပုံ ပုံ၍ ခန္ဓာ (၅)ပါးနည်းအားဖြင့်,

၂။ (၁၂) ပုံ ပုံ၍ အာယတန (၁၂)ပါးနည်းအားဖြင့်,

၃။ (၁၈) ပုံ ပုံ၍ ဓာတ် (၁၈)ပါးနည်းအားဖြင့်,

၄။ ဒုက္ခသစ္စာ သမုဒယသစ္စာ အနေဖြင့် (၂) ပုံ ပုံ၍ သစ္စာဒေသနာတော်နည်းအားဖြင့် အသီးအသီး ဝိပဿနာ ရှုခဲ့လျှင်လည်း **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သို့ပင် သက်ဝင်ပေသည်။

ခန္ဓာ (၅)ပါးနည်း ရှုကွက် စသည်ကို နောက်တွင် ဆက်လက်၍ ရေးသားတင်ပြပါမည်။ ယခုတစ်ဖန် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးအတွင်း၌ တည်ရှိကြသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပုံကို ဆက်လက်၍ တင်ပြအပ်ပါသည်။

## အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ ဝိပဿနာရှုပုံ

ပစ္စုပ္ပန်၌ သင်္ခါရတရားတို့ကို အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရုပ်တစ်လှည့် နာမ်တစ်လှည့် အနိစ္စ တစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် လှည့်လည်၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုခြင်း လုပ်ငန်း-ရပ်ဝယ် အတော်အသင့် အားရကျေနပ်မှု ရရှိလာသောအခါ အတိတ် ပစ္စုပ္ပန် အနာဂတ် ဟူသော ကာလသုံးပါး၏ အတွင်း၌ တည်ရှိကြသော ရုပ်တရား နာမ်တရားတို့ကိုလည်း နည်းတူ ရှုနိုင်ပေသည်။

ရှေးဦးစွာ အသင်သူတော်ကောင်းသည် နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းတုန်းက မိမိသိမ်းဆည်းနိုင်သမျှသော အတိတ်ဘဝမှစ၍ အတိတ်ဘဝအဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဘဝဆုံးသည်တိုင်အောင် အနာဂတ်အဆက်ဆက်သို့ —

၁။ အဇ္ဈတ္တ၌လည်းကောင်း,
၂။ ဗဟိဒ္ဓ၌လည်းကောင်း - ထိုတွင်လည်း —
၃။ ရုပ်တရားသက်သက်ကိုလည်းကောင်း,
၄။ နာမ်တရားသက်သက်ကိုလည်းကောင်း,
၅။ ရုပ်နာမ်ကိုလည်းကောင်း —

သိမ်းဆည်းခဲ့ပုံကို ပြန်လည်၍ အာရုံယူထားပါ။ ထိုသို့ သိမ်းဆည်းခဲ့သည့် ပုံစံအတိုင်း ယခုအခါ ဝိပဿနာ ရှုရန် ဖြစ်ပါသည်။

မိမိသိမ်းဆည်းနိုင်သမျှ (၁၀-ခုမြောက် အတိတ်ဘဝ သို့မဟုတ် ၉-ခုမြောက် အတိတ်ဘဝစသည့်) ထိုထို အတိတ်ဘဝ၏ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဘဝတစ်ခု တစ်ခု၏ အတွင်း၌ တည်ရှိသော ရုပ်တရားတို့၏ ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် သဘောကို တစ်နည်းဆိုရသော် ဖြစ်မှုပျက်မှုသဘောကို ဉာဏ်ဖြင့် မြင်နိုင်သမျှ မြင်အောင်ကြည့်၍ အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည် တိုင်အောင် အတိတ် ပစ္စုပ္ပန် အနာဂတ် တိုးလျှိုပေါက် ရုပ်တရားသက်သက်ကို အနိစ္စ အနိစ္စဟု ရှုပါ။ အဇ္ဈတ္တ-ရုပ်တရား၌ ကာလသုံးပါးလုံး တိုးလျှိုပေါက် အနိစ္စဟု ရှုပြီးသောအခါ အဖန်ဖန် အထပ်ထပ် အခေါက်ပေါင်းများစွာ ရှုပြီးသောအခါ ဗဟိဒ္ဓရုပ်တရားကိုလည်း ကာလသုံးပါးလုံး၌ တိုးလျှိုပေါက် အနိစ္စဟု နည်းတူ ရှုပါ။ အဖန်ဖန် အထပ်ထပ် အခေါက်ပေါင်းများစွာ ရှုပါ။ ခပ်စိပ်စိပ် ရှုပါ၊ ကာလသုံးပါးလုံး၌ရှိသော ရှုလိုက်မိသော ရုပ်တရားတိုင်း၌ ယနအသီးအသီး ပြိုနေပါစေ။ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်နေပါစေ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ တည်ရှိသော ရုပ်တရားတို့ကို အနိစ္စဟု အဖန်ဖန် ရှုရာ၌ အနိစ္စာနုပဿနာ ဉာဏ်အမြင် သန့်ရှင်းလာသောအခါ ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်များ ဉာဏ်အမြင် သန့်ရှင်း-အောင် ဆက်လက်၍ နည်းတူပင် ဝိပဿနာရှုပါ။

ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြသော ရုပ်တရားတို့ကို တစ်စ တစ်စ တဖြည်းဖြည်း တိုးချဲ့၍ (၃၁)ဘုံသို့တိုင်အောင်လည်းကောင်း, အနန္တစကြဝဠာသို့တိုင်အောင်လည်းကောင်း ဖြန့်-ကြက်၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာရှုပွားသုံးသပ်ခြင်းအမှု၌ အတော်အသင့် အားရ ကျေနပ်မှုကို ရရှိလာသောအခါ နာမ်တရားတို့ကိုလည်း အတိတ်အနာဂတ်ပစ္စုပ္ပန် ကာလသုံးပါး အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးအတွင်း၌ ပုံစံတူပင် လက္ခဏာရေးသုံးချက် တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

ထိုသို့ ရှုရာ၌ ကာလသုံးပါးလုံးအတွင်း၌ တည်ရှိကြသော နာမ်တရားများကို သိမ်းဆည်းခဲ့စဉ်က ပုံစံအတိုင်း, ဝိပဿနာရှုရာ၌လည်း မိမိရှုနိုင်သမျှ အတိတ်ဘဝမှ စ၍ = (၁၀-ခုမြောက်ဘဝ, ၉-ခုမြောက်ဘဝ စသည့် မိမိ ရှုနိုင်သမျှ အတိတ်ဘဝမှစ၍) ထိုထိုဘဝ၏ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင်သော ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ခဲ့သမျှ ဖြစ်နေသမျှ ဖြစ်လတ္တံ့ မှန်သမျှ နာမ်တရားတို့ကို ခြုံငုံ၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်ကာ ခပ်စိပ်စိပ် ရှုပါ။ ကြိမ်ဖန်များစွာ ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ရှုပါ။ ဗဟိဒ္ဓ၌ကား အဇ္ဈတ္တ၌ ရှုသည့်ပုံစံအတိုင်း ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍သာ တစ်စ တစ်စ တိုးချဲ့၍ (၃၁)ဘုံကို ခြုံငုံ၍ ရှုပါ။ စွမ်းနိုင်ပါက အနန္တစကြဝဠာသို့ တိုင်အောင် ဖြန့်ကြက်၍ ရှုပါ။

ထိုသို့ ဝိပဿနာရှုရာ၌ ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ခဲ့သည့် ရုပ်နာမ်မှန်သမျှ, ဖြစ်ဆဲ ရုပ်နာမ်မှန်သမျှ, ဖြစ်လတ္တံ့ ရုပ်နာမ်မှန်သမျှကို ကုန်စင်အောင်ကား သာဝကတစ်ဦးသည် မရှုနိုင်၊ ယုတ်စွအဆုံး တစ်နာရီအတွင်း၌ ဖြစ်ခဲ့သမျှ ရုပ်နာမ်မှန်သမျှကိုပင် ကုန်စင်အောင် ဝိပဿနာရှုဖို့ရန်မှာ အလွန်ဖြစ်နိုင်ခဲသော အရာဖြစ်ပေသည်။ သို့သော် ရှုနိုင်သမျှ ခပ်စိပ်စိပ် ခြုံငုံ၍သာ ဝိပဿနာရှုရန် ဖြစ်ပါသည်။ **ကေဒေသ = တစ်စိတ်တစ်ဒေသ** အယူ အဆပိုင်းတွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပေသည်။ မိမိ၏အတိတ်ဘဝထိုထိုက ဆည်းပူးခဲ့ဖူးသော ပါရမီအပေါင်း- ကြောင့် ကောင်းစွာစုပေါင်း၍ ဖြစ်ပေါ်လာသော ဉာဏ်၏ အာနုဘော်နှင့် ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်ထားသော သမာဓိ၏ စွမ်းအားရှိန်စော် အာနုဘော်တို့အပေါ်၌ အခြေစိုက်၍ ခပ်များများ တစ်စိတ်တစ်ဒေသနှင့် ခပ်နည်းနည်း တစ်စိတ်တစ်ဒေသ ထိုက်သလို ဖြစ်နိုင်၏။ ဗဟိဒ္ဓကို ဝိပဿနာရှုရာ၌ကား —

**ယဋ္ဌိကောဋိယာ ဥပ္ပီဠေန္တော ဝိယ ကေဒေသမေဝ သမ္မသန္တော . . .** (မ-ဋ္ဌ-၄-၅၈။)

အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးတို့ကဲ့သို့သော သာဝကတို့သည် မြေကြီးကို တောင်ဝှေးစွန်းဖြင့် ထောက်သွားသကဲ့သို့ ဗဟိဒ္ဓတရားကို ရှုရာ၌ ရှုလိုက်နိုင်သော ဗဟိဒ္ဓတရားကား တောင်ဝှေးစွန်းထိပ်ဖြင့် ထိလိုက်- မိသော မြေကြီး ပမာဏလောက်သာရှိ၍ မရှုလိုက်မိသော မရှုလိုက်နိုင်သော ဗဟိဒ္ဓတရားတို့ကား တောင်ဝှေး- စွန်းထိပ်ဖြင့် မထိလိုက်မိသော မြေကြီးထုပမာဏလောက် များပြားပေသည်။ အဇ္ဈတ္တ၌လည်း နည်းတူပင်မှတ်ပါ။ သို့သော် အမျိုးအစားကိုကား ကုန်စင်အောင် ဝိပဿနာ ရှုရပေမည်။

အထူးသဖြင့် သာဝက ပါရမီဉာဏ်အရာ၌ ဗဟိဒ္ဓကို ဝိပဿနာရှုရာဝယ် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မည်သူမည်ဝါစသည်ဖြင့် သန္တာန်ခွဲခြား ဝေဖန်မှုမပြုဘဲ သာမန်ပေါင်းစုခြုံငုံ၍သာ ရုပ်နာမ်တို့ကို သိမ်းဆည်း လျက် ဝိပဿနာရှုပွားသုံးသပ်လျှင်လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သည်သာ ဖြစ်ပေသည်။

(မ-ဋီ-၃-၂၇၄-၂၇၅ - အနုပဒသုတ္တန်အဖွင့်တွင် ကြည့်ပါ။)

သို့သော် —

ထေရော ပန ဗဟိဒ္ဓါဓမ္မေပိ သန္တာနဝိဘာဂေန ကေစိ ကေစိ ဥဒ္ဓရိတွာ သမ္မသိ၊ တဉ္စ ခေါ ဉာဏေန ဖုဋ္ဌမတ္တံ ကတွာ။ (မ-ဋီ-၃-၂၇၅။)

အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည်ကား ဗဟိဒ္ဓတရားတို့ကိုလည်း သန္တာန်ခွဲခြမ်း ဝေဖန်- ခြင်းဖြင့် အချို့အချို့သော ဗဟိဒ္ဓတရားကို သီးသန့်ထုတ်ဆောင်၍ ဝိပဿနာ ရှုပွားသုံးသပ်တော်မူ၏။ ထို သီးသန့်ထုတ်ဆောင်၍ ဝိပဿနာ ရှုပွားသုံးသပ်အပ်သော ဗဟိဒ္ဓတရားကိုလည်း ဝိပဿနာဉာဏ်တော်မြတ်ဖြင့် တွေ့ထိအပ်ကာမျှကိုသာ ပြု၍ ဝိပဿနာ ရှုပွားသုံးသပ်တော်မူလေသည်။ (မ-ဋီ-၃-၂၇၅။)

ဤအထက်ပါ ကျမ်းဂန်များ၏ ဖွင့်ဆိုတော်မူချက်အရ အသင်သူတော်ကောင်းသည် ဗဟိဒ္ဓတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ရာ၌ အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်ရောင်ဖြင့် တွေ့ထိမိရာ သတ္တဝါတို့ကို ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍လည်းကောင်း ဝိပဿနာဉာဏ်ဖြင့် တွေ့ထိမိရာ အချို့အချို့သော သတ္တဝါတို့၏ ရုပ်နာမ်တို့ကို သီးသန့်ထုတ်နှုတ်၍ မိမိ၏ဝိပဿနာဉာဏ်ဖြင့် တွေ့ထိအပ်ကာမျှ ပြု၍လည်းကောင်း ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါသည်။ သို့သော် အချို့အချို့သော ရုပ်နာမ်တို့ကို သီးသန့်ထုတ်ဆောင်၍ ဝိပဿနာ ရှုခြင်းမှာ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးတို့ကဲ့သို့ အဘိညာဉ်ရသူ သူတော်ကောင်းကြီးများ အတွက်သာ ပို၍ လွယ်ကူဖွယ်ရာရှိပေသည်။

တသ္မာ သသန္တာနဂတေ သဗ္ဗဓမ္မေ, ပရသန္တာနဂတေ စ တေသံ သန္တာနဝိဘာဂံ အကတွာ ဗဟိဒ္ဓါ- ဘာဝသာမညတော သမ္မသနံ၊ အယံ သာဝကာနံ သမ္မသနစာရော။ (မ-ဋီ-၃-၂၇၄-၂၇၅။)

မိမိ၏သန္တာန်၌ တည်ရှိသော ရုပ်နာမ်အမျိုးအစား အားလုံးတို့ကိုလည်းကောင်း, သူတစ်ပါးသန္တာန်၌ တည်ရှိသော ရုပ်နာမ်တို့ကိုလည်း ထို သူတစ်ပါးသန္တာန်၌ တည်ရှိသော ရုပ်နာမ်တို့ကို ယောကျ်ား မိန်းမ မည်သူ မည်ဝါ စသည်ဖြင့် သန္တာန်ခွဲခြမ်းဝေဖန်ခြင်းကို မပြုမူ၍ ဗဟိဒ္ဓချင်း တူညီသဖြင့် ဗဟိဒ္ဓအဖြစ် သာမန်ပေါင်းစု ခြုံငုံ၍လည်းကောင်း ဝိပဿနာ ရှုပွားသုံးသပ်ခြင်းသည် သာဝကတို့၏ သမ္မသနစာရခေတ်ပင် ဖြစ်ပေသည်။ (မ-ဋီ-၃-၂၇၄-၂၇၅။)

ဤအထက်ပါ အနုပဒသုတ္တန်ဋီကာအဖွင့်နှင့် အညီ အသင်သူတော်ကောင်းသည် ဗဟိဒ္ဓ ရုပ်နာမ်တို့ကို ဝိပဿနာရှုရာ၌ ယောကျ်ားမိန်းမ မည်သူမည်ဝါစသည်ဖြင့် သန္တာန်ခွဲခြမ်းဝေဖန်ခြင်း မပြုမူ၍ ဗဟိဒ္ဓချင်း တူညီသဖြင့် ဗဟိဒ္ဓအဖြစ် သာမန်ပေါင်းစု ခြုံငုံ၍ဝိပဿနာရှုလျှင်လည်း အသင်သူတော်ကောင်းအတွက် လုံလောက်သည်သာဖြစ်ပါသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်သည်သာ ဖြစ်ပါသည်။

ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သည့် စိတ် + စေတသိက် + ရုပ်တည်းဟူသော ပရမတ္ထဓာတ်သားတို့ကို ရုပ်တစ်ပုံ နာမ်တစ်ပုံ နှစ်ပုံခွဲ၍ ရုပ်+နာမ် နှစ်ပါးနည်းဖြင့် ဝိပဿနာရှု၍ အားရကျေနပ်မှု အတော်အသင့် ရသောအခါ လက္ခဏာရေး သုံးတန်တွင် သုံးတန်လုံးကိုလည်း အကွက်စေ့အောင် ရှုပြီးသောအခါ ယင်း လက္ခဏာရေးသုံးတန်မှ မိမိကြိုက်နှစ်သက်ရာ လက္ခဏာတစ်ခုကို ဦးစားပေး၍လည်း ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနိုင်ပါသည်။ ယင်းသို့ ရှုနိုင်ခဲ့သော် — အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ —

၁။ ရံခါ အဇ္ဈတ္တ (ရုပ်-နာမ်),
၂။ ရံခါ ဗဟိဒ္ဓ (ရုပ်-နာမ်) - ထိုတွင်လည်း —
၃။ ရံခါ ရုပ်တရားတို့၏,
၄။ ရံခါ နာမ်တရားတို့၏ —
၅။ ရံခါ အနိစ္စသဘော,
၆။ ရံခါ ဒုက္ခသဘော,
၇။ ရံခါ အနတ္တသဘောတို့ကို —

ဝိပဿနာ ရှုပွားပြီး ဖြစ်သွားပေသည်။ ထိုသို့ ရှုပွားနိုင်သော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ — "ရုပ်တရား နာမ်တရားတို့သည် ထိုထိုခဏ ထိုထိုဘဝ၌သာ ဖြစ်ပြီးလျှင် ပျက်သွားကြ၏၊ ခဏတစ်ခုမှ ခဏတစ်ခုသို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့၍ မဖြစ်နိုင်" — ဟူသော ဉာဏ်အမြင်သည် သန့်ရှင်းလျက်ရှိနေမည် ဖြစ်သည်။ ယင်းသဘောတရားများကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေမည် ဖြစ်သည်။ သို့သော် ဝိပဿနာကို အားသစ်စဖြစ်သော ဤကဲ့သို့သော သမ္မသနဉာဏ် အစပိုင်းတွင် ရုပ်နာမ် ပရမတ်တရားတို့၏ ဥပါဒ်-ဌီ-ဘင် ဟူသော ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်မှုမှာ အချို့အဝက်မျှသာ ရှိနေဦးမည် ဖြစ်သည်။ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာဉာဏ်ဖြင့် မရှုလိုက်နိုင်သေးသော ပရမတ်ရုပ်နာမ်အချို့တို့သည်လည်း ရှိနေဦးမည်သာ ဖြစ်ပေသည်။

## ခန္ဓာ (၅) ပါး ရှုနည်း

ယခုတစ်ဖန် ဓမ္မာနုပဿနာသတိပဋ္ဌာန်တွင် အကျုံးဝင်သော ခန္ဓာ(၅)ပါးရှုနည်းကို ဆက်လက်၍ ရေးသား တင်ပြအပ်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သော စိတ် + စေတသိက် + ရုပ် ပရမတ်တရားတို့ကို ရုပ်တစ်စု နာမ်တစ်စုပြု၍ ရုပ်နာမ် နှစ်ပါးနည်းဖြင့် ဝိပဿနာ ရှုပြီးသော အခါ ခန္ဓာ (၅)ပါးနည်းသို့ ပြောင်း၍ ရှုလိုက ရှုနိုင်ပါသည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော စိတ္တက္ခဏ အသီးအသီး၌ —

၁။ ယင်းစိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော နာမ်တရားစု၏ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်များကို တစ်ပုံ,
၂။ စိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော ဝေဒနာကို တစ်ပုံ,
၃။ စိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော သညာကို တစ်ပုံ,
၄။ စိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော ဝေဒနာ သညာမှ ကြွင်းသော စေတသိက် သင်္ခါရတရားစုတို့ကို တစ်ပုံ,
၅။ စိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော အသိစိတ် ဝိညာဏ်ကို တစ်ပုံ —

ဤသို့လျှင် စိတ္တက္ခဏတိုင်း၌ ရုပ်တရားကို တစ်ပုံ နာမ်တရားကို ( ၄ )ပုံ ပုံ၍ ဝိပဿနာရှုသော နည်းစနစ် ဖြစ်သည်။ ဉာဏ်ပညာထက်မြက်သူ တိက္ခပညဝါ ယောဂါဝစရပုဂ္ဂိုလ်တို့အတွက် ဝိပဿနာရှုရမည့် ရှုကွက်လည်း ဖြစ်သည်။ ရုပ်တရား၌ အသိဉာဏ် သန့်ရှင်း၍ နာမ်တရား၌ အသိဉာဏ် မသန့်ရှင်းသူ တွေဝေသူ ယောဂါဝစရ ပုဂ္ဂိုလ်တို့အတွက် ဝိပဿနာ ရှုကွက်လည်း ဖြစ်သည်။ ဝိပဿနာအရာဝယ် အကျဉ်းနည်းကိုသာ နှစ်ခြိုက်ကြသည့် = သံခိတ္တရုစိ ပုဂ္ဂိုလ်တို့အတွက် ဝိပဿနာရှုကွက်လည်း ဖြစ်သည်။

ထိုသို့ရှုရာ၌ ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အတန်းလိုက် တစ်တန်းပြီး တစ်တန်း ရှုခြင်းက ပိုကောင်းပါသည်။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ပြန်ကြည့်ပါ။ ရှုပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဉာဏ်ပီတိ နှစ်မျိုးလုံး ယှဉ်သည့် စက္ခုဒွါရဝီထိ မနောဒွါရဝီထိဖြစ်သည့် ဇယားပထမတန်းကို ပြန်အာရုံယူကြည့်ပါ။ ရှေးက စက္ခုဒွါရဝီထိ တစ်ဝီထိဖြစ်က နောက်က မနောဒွါရဝီထိပေါင်းများစွာ ဘဝင်ခြားလျက် ဖြစ်နိုင်သည်ကို သဘောပေါက်အောင် သိမ်းဆည်းရှုပွားပါ။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကိုလည်း သိမ်းဆည်းရှုပွားပါ။ ထိုသို့ တစ်တန်းတစ်တန်း၌ ရုပ်နှင့်နာမ်ကို သိမ်းဆည်းရှုပွားနိုင်သော အသင်သူတော်ကောင်းသည် ခန္ဓာငါးပါးနည်း ရှုကွက်ကို ရှုနိုင်ပေပြီ။ —

၁။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်များကို အာရုံပြု၍ တစ်တန်းလုံး တိုးလျှိုပေါက် ဝိပဿနာရှုပါ။ စိတ္တက္ခဏတိုင်း၏ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်ဖြစ်သည်။
၂။ စိတ္တက္ခဏတိုင်း၌ တည်ရှိသော ဝေဒနာကိုအာရုံပြု၍ တစ်တန်းလုံး တိုးလျှိုပေါက် ဝိပဿနာရှုပါ။
၃။ စိတ္တက္ခဏတိုင်း၌ တည်ရှိသော သညာကိုအာရုံပြု၍ တစ်တန်းလုံး တိုးလျှိုပေါက် ဝိပဿနာရှုပါ။
၄။ စိတ္တက္ခဏတိုင်း၌ တည်ရှိသော သင်္ခါရကို အာရုံပြု၍ တစ်တန်းလုံး တိုးလျှိုပေါက် ဝိပဿနာရှုပါ။
၅။ စိတ္တက္ခဏတိုင်း၌ တည်ရှိသော ဝိညာဏ်ကိုအာရုံပြု၍ တစ်တန်းလုံး တိုးလျှိုပေါက် ဝိပဿနာရှုပါ။

ပထမအတန်း၌ ကျေနပ်မှုရအောင် ဝိပဿနာ ရှုပြီးသောအခါ ဒုတိယအတန်း၌လည်း ပုံစံတူပင် ရှုပါ။ တတိယအတန်းစသည်တို့၌လည်း သဘောပေါက်နိုင်လောက်ပေပြီ။ (၆)လိုင်းလုံး ကုန်အောင် ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် နှစ်မျိုးလုံး၌ ရှုပါ။ ထိုသို့ရှုရာ၌ ရှေးက စက္ခုဒွါရဝီထိစသော ပဉ္စဒွါရဝီထိ တစ်ကြိမ်ဖြစ်က နောက်က မနောဒွါရဝီထိများ ကြိမ်ဖန်များစွာ ဘဝင်များခြားလျက် ဖြစ်နိုင်သည်ကို သဘောပေါက်အောင် ရှုပါ။ ဝီထိပေါင်း မည်မျှပင်များစေကာမူ ယင်း ဝီထိပေါင်းများစွာကို ခြုံငုံ၍ လက္ခဏာယာဉ်တစ်ချက်မျှလောက် တင်မိလျှင်လည်း လုံလောက်သည်သာ ဖြစ်ပေသည်။

နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရုပ်နာမ်တို့ကို သိမ်းဆည်းခဲ့စဉ်က — နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြ-ခဲ့သည့်အတိုင်း ဇယား တစ်တန်းစီ တစ်တန်းစီ၌ —

၁။ ရုပ်နာမ် နှစ်ပါးနည်း,
၂။ ခန္ဓာ (၅)ပါးနည်း,
၃။ အာယတန တစ်ဆယ့်နှစ်ပါးနည်း,
၄။ ဓာတ် တစ်ဆယ့်ရှစ်ပါးနည်း —

ဤသို့စသော နည်းအမျိုးမျိုးတို့ဖြင့် သိမ်းဆည်းခဲ့၏။ ထိုသို့ သိမ်းဆည်းခဲ့သည့်အတိုင်း ဤဝိပဿနာပိုင်း-၌လည်း လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာ ရှုပါ။ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်စသည့် အထက်ပိုင်း ဝိပဿနာဉာဏ်ရှုကွက်တို့၌လည်း နည်းတူ သဘောပေါက်ပါ။

ထိုသို့ ရှုရာ၌ ပစ္စုပ္ပန်တွင် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်း စသည်-တို့ဖြင့် ဝိပဿနာရှု၍ ကျေနပ်မှု အထိုက်အလျောက် ရရှိသောအခါ အတိတ်ပစ္စုပ္ပန်အနာဂတ် ဟူသည့် ကာလ သုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကိုလည်း ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်း စသည်တို့ဖြင့် ဆက်လက်၍ ဝိပဿနာ ရှုနိုင်၏။ ထိုသို့ ရှုရာ၌ကား — အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည်တိုင်အောင် —

၁။ ရုပ်သက်သက်ကို တိုးလျှိုပေါက်,
၂။ ဝေဒနာသက်သက်ကို တိုးလျှိုပေါက်,
၃။ သညာသက်သက်ကို တိုးလျှိုပေါက်,
၄။ သင်္ခါရသက်သက်ကို တိုးလျှိုပေါက်,
၅။ ဝိညာဏ်သက်သက်ကို တိုးလျှိုပေါက် —

ခြုံငုံ၍သာ ဝိပဿနာရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။ ထိုသို့ ရှုရန် အောက်ပါဒေသနာတော်များက ညွှန်ကြားလျက် ရှိ၏။ —

ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနံ။ ဒုက္ခတော အနတ္တတော ဝဝတ္ထပေတိ၊ ဧကံ သမ္မသနန္တိ။ (ဝိသုဒ္ဓိ-၂-၂၄၄။)

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ **အနိစ္စံ ခယဋ္ဌေန**။ (ပဋိသံ-၅၁။ ဝိသုဒ္ဓိ-၂-၂၄၅။)

တသ္မာ ဧသ ယံ **အတီတံ** ရူပံ၊ တံ ယသ္မာ အတီတေယေဝ ခီဏံ၊ နယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန။ ယံ အနာဂတံ အနန္တရဘဝေ နိဗ္ဗတ္တိဿတိ၊ တမ္ပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ **ပစ္စုပ္ပန္နံ** ရူပံ၊ တမ္ပိ ဣဓေဝ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ **အဇ္ဈတ္တံ**၊ တမ္ပိ အဇ္ဈတ္တမေဝ ခီယတိ၊ န ဗဟိဒ္ဓါဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ **ဗဟိဒ္ဓါ**၊ တမ္ပိ ဗဟိဒ္ဓါယေဝ ခီယတိ၊ န အဇ္ဈတ္တဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။ (ဝိသုဒ္ဓိ-၂-၂၄၅။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီး ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကြီးတို့၏ ညွှန်ကြားသတ်မှတ်ချက်အရ အသင်သူတော်ကောင်းသည် ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ရုပ်တရား နာမ်တရားတို့ကို (၅)ပုံ ပုံ၍ ခန္ဓာ (၅)ပါးနည်းဖြင့်လည်း ဝိပဿနာ ရှုနိုင်ပါသည်။ ရှေးဦးစွာ အဇ္ဈတ္တကစ၍ ရှုပုံကို ရေးသား တင်ပြအပ်ပါသည်။

၁။ **ရူပက္ခန္ဓာ** — အသင်သူတော်ကောင်းသည် ရုပ်နာမ်နှစ်ပါးနည်း ရှုကွက်တွင် ရေးသား တင်ပြခဲ့သည့် အတိုင်း အသင်သူတော်ကောင်း၏ ရုပ်နာမ်သန္တာန်အစဉ်တွင် အသင်သူတော်ကောင်း ကိုယ်တိုင်ရှု၍ ရနိုင်သမျှ-သော အတိတ်ဘဝအဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည်တိုင်အောင် တိုးလျှိုပေါက် ရုပ်တရား အားလုံးကို ခြုံငုံ၍ အနိစ္စ အနိစ္စ ဟုရှုပါ။ ခပ်စိပ်စိပ် ရှုပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူ ဆက်ရှုပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

၂။ **ဝေဒနာက္ခန္ဓာ** — အသင်သူတော်ကောင်းသည် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်၌ အကျုံးဝင်သော ကာလ သုံးပါးအတွင်း၌ တည်ရှိသော မိမိ သိမ်းဆည်းနိုင်သမျှ အဆုံးစွန်သော အတိတ်ဘဝမှစ၍ အနာဂတ်ဆုံးသည် တိုင်အောင် ထိုထို ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ဖြစ်သော ထိုထို စိတ္တက္ခဏ အသီးအသီး၏ နာမ်တရားစုမှ ဝေဒနာကို ရွေးထုတ်၍ ထိုဝေဒနာကို အနိစ္စဟု တွင်တွင်ရှုပါ။ မိမိ သိမ်းဆည်းနိုင်သမျှ အတိတ်မှ သည် အနာဂတ်ဆုံးသည်တိုင်အောင် တိုးလျှိုပေါက် ရှုပါ၊ ခပ်စိပ်စိပ် ရှုပါ။ ထိုထို ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ဖြစ်သမျှ စိတ္တက္ခဏတိုင်း၌ ပါဝင်တည်ရှိသော ဝေဒနာတိုင်းကို ကုန်စင်အောင် မရှုနိုင်စေကာမူ ရှုနိုင်သမျှ ဝေဒနာတို့ကို မိမိဉာဏ်စွမ်းအား ရှိသလောက် ရှုပါ။ ထိုသို့ ရှုရာ၌ ထိုထိုဘဝ ထိုထိုစိတ္တက္ခဏ အသီးအသီး၏ အတွင်း၌ တည်ရှိသော သုခဝေဒနာ, သို့မဟုတ် ဒုက္ခဝေဒနာ သို့မဟုတ် သောမနဿဝေဒနာ သို့မဟုတ် ဒေါမနဿဝေဒနာ သို့မဟုတ် ဥပေက္ခာဝေဒနာတို့ကို အသီးအသီး ကွဲပြားအောင် ရှုပါ။ (မည်သည့် စိတ္တက္ခဏ၌ မည်သည့်ဝေဒနာ ယှဉ်သည်ကို နာမ်ကမ္မဋ္ဌာန်းပိုင်း၌ ဆိုခဲ့ပြီးသည့်အတိုင်း သိပါလေ။)

အနိစ္စာနုပဿနာဉာဏ်၌ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှု၍ အတော်အသင့် အားရကျေနပ်မှု ရသော အခါ ဒုက္ခာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာဉာဏ်များကို ရရှိအောင်လည်း နည်းတူပင် ဆက်လက်၍ ကြိုးပမ်းပါ။ အဇ္ဈတ္တ၌ အောင်မြင်မှု ရရှိသောအခါ ဗဟိဒ္ဓ၌လည်း နည်းတူပင် ရှုပါ။ ရံခါ အဇ္ဈတ္တ ရံခါ ဗဟိဒ္ဓ တစ်လှည့်စီ လှည့်၍ ရှုပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။

၃။ **သညာက္ခန္ဓာ** — သညာက္ခန္ဓာကို ဝိပဿနာ ရှုရာ၌လည်း ဝေဒနာက္ခန္ဓာ၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ထိုထိုဘဝ ထိုထိုစိတ္တက္ခဏ အတွင်း၌ တည်ရှိသော နာမ်တရားစုမှ သညာကို ရွေးထုတ်၍ အနိစ္စ အနိစ္စဟု ကြိမ်ဖန်များစွာရှုပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူပင်ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်မျိုးလုံး၌ တစ်လှည့်စီ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ ထိုသို့ ရှုရာ၌ ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ ရသသညာ ဖောဋ္ဌဗ္ဗသညာ ဓမ္မသညာဟူသော သညာ (၆)မျိုးကို ကွဲကွဲပြားပြား သိအောင် ရှုပါ။ ဘဝတစ်လျှောက်အတွင်း ထိုက်သည့် အားလျော်စွာဖြစ်ပေါ်သွားသော စက္ခုဒွါရဝီထိစသော ဝီထိ (၆)မျိုးနှင့် ပဋိသန္ဓေ ဘဝင် စုတိဟူသော ဝီထိမုတ်စိတ် တို့ကို ဖြစ်ခဲ့သည့်အတိုင်း ဖြစ်ပေါ်ဆဲအတိုင်း ဖြစ်လတ္တံ့အတိုင်း ဝီထိအမျိုးအစားများကို ကုန်စင်အောင် သိမ်း-ဆည်းလျက် ဝိပဿနာရှုနိုင်ပါက သညာ (၆)မျိုးတို့လည်း စုံလင်စွာ ပါဝင်သွားမည်သာ ဖြစ်ပေသည်။ သညာနှင့် ယှဉ်တွဲလျက်စိတ္တက္ခဏ တစ်ခုအတွင်းဝယ် အတူဖြစ် သွားကြသော ဝေဒနာ သင်္ခါရ ဝိညာဏ် နာမ်တရားစုတို့-သည်လည်း စုံလင်သွားကြမည်သာ ဖြစ်ပေသည်။

၄။ **သင်္ခါရက္ခန္ဓာ** — ဝေဒနာက္ခန္ဓာတွင် ရေးသား တင်ပြခဲ့သည့်အတိုင်း ထိုထိုဘဝ ထိုထိုစိတ္တက္ခဏ အသီး အသီး၏ နာမ်တရားစုမှ ဝေဒနာသညာကို နုတ်၍ ကြွင်းကျန်သော စေတသိက်တို့ကို တစ်စုတစ်ပုံထား၍ စေတနာ-ကို ပဓာနဦးတည်လျက် ဝိပဿနာရှုရမည့်အပိုင်း ဖြစ်သည်။ မိမိသိမ်းဆည်းနိုင်သမျှ အတိတ်ဘဝမှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည်တိုင်အောင် စိတ္တက္ခဏ အသီးအသီး၌ ယှဉ်တွဲလျက်ရှိသော သင်္ခါရက္ခန္ဓာ စေတ-သိက်တရားစုတို့ကို ယင်းတရားတို့၏ ဖြစ်ပြီးလျှင် ပျက်သွားသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍

အနိစ္စ အနိစ္စဟု တွင်တွင်သာ ရှုနေပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူပင် ရှုနေပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓ တစ်လှည့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနေပါ။ ဝေဒနာ သညာတို့ နည်းတူ — အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်ပါး လုံး၌ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးလုံးဝယ် တိုးလျှိုပေါက်အောင် ခပ်စိပ်စိပ် ဝိပဿနာရှုပါ။ ရူပသဉ္စေတနာ သဒ္ဒသဉ္စေတနာ ဂန္ဓသဉ္စေတနာ ရသသဉ္စေတနာ ဖောဋ္ဌဗ္ဗသဉ္စေတနာ ဓမ္မသဉ္စေတနာဟူသော စေတနာ (၆)မျိုး ဦးဆောင်သည့် သင်္ခါရက္ခန္ဓာ တရားစုတို့ကို ကွဲကွဲပြားပြား သိအောင် သိမ်းဆည်းလျက် ဝိပဿနာ ရှုပါ။

၅။ **ဝိညာဏက္ခန္ဓာ** — အထက်ပါ ဝေဒနာ သညာ သင်္ခါရအမည်ရသော စေတသိက်တရားစုတို့နှင့် စိတ္တက္ခဏ အသီးအသီး၌ အတူယှဉ်တွဲဖြစ်သည့် ကာလသုံးပါးလုံးအတွင်း၌ တည်ရှိသော စိတ္တက္ခဏ အသီးအသီး၌ ပါဝင် တည်ရှိသော အသိစိတ် ဝိညာဏ်ကို ရွေးထုတ်၍ အနိစ္စ အနိစ္စဟု ရှုပါ။ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါး ဝယ် တိုးလျှိုပေါက် ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူ ရှုပါ။

ဤသို့လျှင် ကာလသုံးပါးလုံး တိုးလျှိုပေါက်အောင် ခန္ဓာငါးပါးလုံးကို တစ်ခုစီခွဲ၍ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓ တစ်လှည့် အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ အနိစ္စာ-နုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်ဟူသော ဝိပဿနာဉာဏ်အမြင်များ သန့်ရှင်း-အောင် ဆက်လက်၍ ကြိုးပမ်းပါလေ။

ဤ ရေးသားတင်ပြထားသည့် အတိုင်း ခန္ဓာငါးပါးတို့ကို စနစ်တကျ အဝါးဝစွာ ဝိပဿနာ ရှုနိုင်သောအခါ ယင်းသို့ ဖော်ပြထားသော —

၁။ အတိတ်ခန္ဓာ ငါးပါး,
၂။ ပစ္စုပ္ပန်ခန္ဓာ ငါးပါး,
၃။ အနာဂတ်ခန္ဓာ ငါးပါး,
၄။ အဇ္ဈတ္တခန္ဓာ ငါးပါး,
၅။ ဗဟိဒ္ဓခန္ဓာ ငါးပါးတို့၌ —
၆။ ဩဠာရိက = ရုန့်ရင်းကြမ်းတမ်းသော ခန္ဓာငါးပါး,
၇။ သုခုမ = သိမ်မွေ့နူးညံ့သော ခန္ဓာငါးပါး,
၈။ ဟီန = ယုတ်ညံ့သော ခန္ဓာငါးပါး,
၉။ ပဏီတ = မွန်မြတ်သော ခန္ဓာငါးပါး,
၁၀။ ဒူရ = ဝေးသော ခန္ဓာငါးပါး,
၁၁။ သန္တိက = နီးသော ခန္ဓာငါးပါး —

ဤ (၆)မျိုးသော ခန္ဓာငါးပါးတို့သည်လည်း အကျုံးဝင်သွားပေသည်။

## ဩဠာရိကရုပ် – သုခုမရုပ်

(၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့ကို ခြုံငုံ၍ ဝိပဿနာရှုရာ၌ ယင်းရုပ်တရား တို့တွင် — စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှါအကြည် ကာယအကြည်ဟူသော အကြည်ရုပ် = ပသာဒရုပ် (၅ )ပါး, ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ (ပထဝီ တေဇော ဝါယော) ဟူသော အာရုံရုပ် = ဂေါစရရုပ် (၇)ပါး, နှစ်ရပ်ပေါင်း (၁၂)မျိုးသော ရုပ်တရားတို့သည် ဝိသယီ ဝိသယဖြစ်၍ ထိခိုက်သည်၏

အစွမ်းဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် ပိုင်းခြား၍ ယူအပ်သည်၏ အဖြစ်ကြောင့် သြဠာရိက = ရုန့်ရင်းကြမ်းတမ်းသော ရုပ်မည်၏။ (ပသာဒရုပ်ငါးခုတို့ကား ဝိသယီရုပ်တို့ ဖြစ်ကြ၏၊ အာရုံရုပ် ခုနစ်မျိုးတို့ကား ဝိသယရုပ်တို့ ဖြစ်ကြ၏။ စက္ခုပသာဒစသော ဆိုင်ရာ ဝိသယီရုပ်သို့ ရူပါရုံစသော ဆိုင်ရာဝိသယရုပ်က ရှေးရှုထိခတ်သောအခါ ထိုသို့ ရှေးရှုထိခတ်သောအချိန်၌ ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ဝိပဿနာဉာဏ်ဖြင့် "ဤကား စက္ခုပသာဒ, ဤကား ရူပါရုံ" ဤသို့စသည်ဖြင့် ပိုင်းခြား၍ ယူနိုင်၏။ ယောဂါဝစရပုဂ္ဂိုလ်၏အသိဉာဏ်၌ ထင်လွယ် မြင်လွယ်၏။ ထို့ကြောင့် ယင်းရုပ် ၁၂-မျိုးတို့သည် ရုန့်ရင်းကြမ်းတမ်းသော သြဠာရိကရုပ် မည်ကုန်၏။)

အာပေါဓာတ်, ဘာဝရုပ် (= ဣတ္ထိဘာဝရုပ် ပုရိသဘာဝရုပ် ), ဇီဝိတ, ဟဒယဝတ္ထု, ဩဇာ ဟူသော ဤရုပ်အစစ်တို့ကား ဝိသယီ ဝိသယဖြစ်၍ ထိခိုက်သည်၏ အစွမ်းဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် ပိုင်းခြား၍ ယူရသော ရုပ်တရားများကား မဟုတ်ကြပေ။ မဟာကုသိုလ် (မဟာကြိယာ) မနောဒွါရိကဇောဝီထိ စိတ်အစဉ်-ဖြင့်သာ သို့မဟုတ် ယင်း ဇောဝီထိစိတ်အစဉ်တွင် အကျုံးဝင်သော ဝိပဿနာဉာဏ်ဖြင့်သာ ပိုင်းခြား၍ ယူရသော ယူနိုင်သော ရုပ်တရားတို့ ဖြစ်ကြ၏။ ထို့ကြောင့် ယင်း ရုပ်တရားတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ သိမ်မွေ့သော သုခုမရုပ်တို့မည်၏။ (အနိပ္ဖန္နရုပ် ဆယ်မျိုးတို့သည်လည်း သုခုမရုပ်တို့ပင် ဖြစ်ကြ၏။ သို့သော် ဝိပဿနာ မရှုကောင်းသော ရုပ်တရားများသာ ရုပ်အတုတို့သာ ဖြစ်ခြင်းကြောင့် ချန်လှပ်ထားပါသည်။)

(ဝိသုဒ္ဓိ-၂-၈၁။)

## ဟီနရုပ် – ပဏီတရုပ်

ဟီနရုပ် ပဏီတရုပ် အမျိုးအစားသည် —

၁။ ပရိယာယ်အားဖြင့်လည်းကောင်း,

၂။ မုချအားဖြင့်လည်းကောင်း —

နှစ်မျိုးနှစ်စား ရှိကြောင်းကို သိသင့်ပေ၏။ ထိုတွင် အကနိဋ္ဌပြဟ္မာတို့၏ ရုပ်အောက် သုဒဿီပြဟ္မာတို့၏ ရုပ်သည် ယုတ်ညံ့၏၊ ထို သုဒဿီပြဟ္မာတို့၏ ရုပ်သည်ပင်လျှင် သုဒဿာပြဟ္မာတို့၏ ရုပ်ထက် မွန်မြတ်၏။ ဤသို့သောနည်းဖြင့် ငရဲသားသတ္တဝါတို့၏ ရုပ်သို့တိုင်အောင် ပရိယာယ်အားဖြင့် အဆင့်ဆင့် ယုတ်ညံ့ပုံကိုလည်းကောင်း အဆင့်ဆင့် မွန်မြတ်ပုံကိုလည်းကောင်း သိရှိပါလေ။

မုချအားဖြင့်ကား အကြင်ရုပ်တရား၌ အကုသိုလ်ကံ၏ အကျိုးဖြစ်သော အကုသလဝိပါက်ဝိညာဏ်သည် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထို အကုသလဝိပါက်ဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် ယုတ်ညံ့၏။ အကြင်ရုပ်တရား၌ ကုသိုလ်ကံ၏ အကျိုးဖြစ်သော ကုသလဝိပါက်ဝိညာဏ်သည် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ထို ကုသလ-ဝိပါက်ဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် မွန်မြတ်၏။ (ဝိသုဒ္ဓိ-၂-၁၀၃။)

ဤအပိုင်း၌ အသင်သူတော်ကောင်းသည် စက္ခုဒွါရဝီထိစသော ဝီထိစဉ်များကို ပြန်လည်၍သတိပြုထားပါ။ ထိုဝီထိ (၆)မျိုးတို့တွင် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ ဟူသော ဝိပါက်ဝိညာဏ်များ ပါဝင်ကြ၏။ အကြင်ရုပ်တရားကို အာရုံပြု၍ ယင်း ဝိပါက်ဝိညာဏ်များသည် အကုသလဝိပါက်ဝိညာဏ်များ ဖြစ်ကြငြားအံ့၊ ထို အကုသလဝိပါက်ဝိညာဏ်၏ အာရုံဖြစ်သော ထိုရုပ်သည် အနိဋ္ဌစင်စစ်ဖြစ်သောကြောင့် **ဟီနရုပ်** မည်၏။

အကြင်ရုပ်တရားကို အာရုံပြု၍ ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံဟူသော ဝိပါက်ဝိညာဏ်များ-သည် ကုသလဝိပါက်ဝိညာဏ်များ ဖြစ်ကြငြားအံ့၊ ထိုရုပ်တရားသည် ကုသိုလ်ကံ၏ အစွမ်းကြောင့် ဖြစ်ပေါ်လာ-သော စင်စစ်အလိုရှိအပ် ကောင်းမြတ်သော ဣဋ္ဌရုပ်ဖြစ်သောကြောင့် **ပဏီတ = မွန်မြတ်သောရုပ်** မည်၏။

ယထာ ဟိ အကုသလဝိပါကော သယံ အနိဋ္ဌော အနိဋ္ဌေ ဧဝ ဉပ္ပဇ္ဇတိ၊ န ဣဋ္ဌေ၊ ဧဝံ ကုသလဝိပါကောပိ သယံ ဣဋ္ဌော ဣဋ္ဌေ ဧဝ ဉပ္ပဇ္ဇတိ၊ န အနိဋ္ဌေ။ တထာ ဟိ ဝုတ္တံ **အဋ္ဌကထာယံ** —

"အကုသလကမ္မဇဝသေန အနိဋ္ဌာ ပဉ္စ ကာမဂုဏာ ဝိဘတ္တာ၊ ကုသလကမ္မဇံ ပန အနိဋ္ဌံ နာမ နတ္ထိ၊ သဗ္ဗံ ဣဋ္ဌမေဝ။ ကုသလကမ္မဇဝသေန ဣဋ္ဌာ ပဉ္စ ကာမဂုဏာ ဝိဘတ္တာ။ ကုသလကမ္မဇဉ္ဟိ အနိဋ္ဌံ နာမ နတ္ထိ၊ သဗ္ဗံ ဣဋ္ဌမေဝါ"တိ။ (မဟာဋီ-၂-၁၅၆-၁၅၇။ အဘိ-ဋ္ဌ-၂-၈။)

ထင်ရှားအောင် ဆိုရသော် ဤသို့ ဖြစ်၏၊ — အကုသလဝိပါက်ဝိညာဏ်သည် မိမိကိုယ်တိုင်က အလိုမရှိ-အပ်သော အနိဋ္ဌတရားဖြစ်၍ အလိုမရှိအပ်သော အနိဋ္ဌအာရုံ၌သာလျှင် ဖြစ်သကဲ့သို့ အလိုရှိအပ် ကောင်း-မြတ်သော ဣဋ္ဌအာရုံ၌ မဖြစ်သကဲ့သို့, ဤအတူ ကုသလဝိပါက်ဝိညာဏ်သည်လည်း မိမိကိုယ်တိုင်က အလိုရှိအပ် ကောင်းမြတ်သော ဣဋ္ဌတရားဖြစ်၍ အလိုရှိအပ် ကောင်းမြတ်သော ဣဋ္ဌအာရုံ၌သာလျှင် ဖြစ်၏။ အလိုမရှိ အပ်သော အနိဋ္ဌအာရုံ၌ မဖြစ်ပေ။ မှန်ပေသည် — **သမ္မောဟဝိနောဒနီအဋ္ဌကထာ**၌ အောက်ပါအတိုင်း ဖွင့်ဆိုထား၏။ —

"အကုသိုလ်ကံကြောင့်ဖြစ်သော အကုသိုလ်ကမ္မဇရုပ်၏ အစွမ်းဖြင့်သာလျှင် အလိုမရှိအပ်ကုန်သော အနိဋ္ဌဖြစ်ကုန်သော အာရုံ (၅)ပါး ကာမဂုဏ်တရားတို့ကို ခွဲခြားဝေဖန်၍ ဘုရားရှင်သည် ဟောကြားတော်မူအပ်-ကုန်၏။ ကုသိုလ်ကံကြောင့်ဖြစ်သော ကုသိုလ်ကမ္မဇရုပ်သည်ကား အလိုမရှိအပ်သော အနိဋ္ဌာရုံမည်သည် မရှိ။ ကုသိုလ်ကံကြောင့်ဖြစ်သော ကုသိုလ်ကမ္မဇရုပ်အားလုံးသည် အလိုရှိအပ် ကောင်းမြတ်သော ဣဋ္ဌအာရုံရုပ်ချည်း သာတည်းဟုလည်းကောင်း, ကုသိုလ်ကံကြောင့်ဖြစ်သော ကုသိုလ်ကမ္မဇရုပ်၏ အစွမ်းဖြင့်သာလျှင် အလိုရှိအပ် ကောင်းမြတ်ကုန်သော ဣဋ္ဌဖြစ်ကုန်သော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခွဲခြားဝေဖန်၍ ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ကုန်၏။ မှန်ပေသည် — ကုသိုလ်ကံကြောင့်ဖြစ်သော ကုသိုလ်ကမ္မဇရုပ်သည် အလို မရှိအပ် မနှစ်သက်အပ်သော အနိဋ္ဌဖြစ်သော ရုပ်တရားမည်သည် မရှိစကောင်းပေ။ ကုသိုလ်ကံကြောင့်ဖြစ်သော ကုသိုလ်ကမ္မဇရုပ်အားလုံးသည် အလိုရှိအပ် ကောင်းမြတ်သော ဣဋ္ဌအာရုံရုပ်တရားချည်းသာတည်းဟုလည်း-ကောင်း" — ဤသို့လျှင် သမ္မောဟဝိနောဒနီအဋ္ဌကထာကြီး၌ ဖွင့်ဆိုထားတော်မူပေသည်။

(မဟာဋီ-၂-၁၅၆-၁၅၇။ အဘိ-ဋ္ဌ-၂-၈-၉။)

## ဒူရရုပ် – သန္တိကရုပ်

အထက်တွင် ဖော်ပြခဲ့သော သိမ်မွေ့သော သုခုမရုပ်သည်ပင်လျှင် သိမ်မွေ့သည်ဖြစ်၍ ထိုးထွင်း၍ သိနိုင်-ခဲသော သဘောရှိသည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ ရှုနေသောအသိဉာဏ်နှင့် ဝေးရကား ဒူရေရုပ် = ဒူရရုပ် မည်၏။ ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကရုပ်သည် ရုန့်ရင်းသည်၏ အဖြစ်ဖြင့် ထိုးထွင်း၍ သိလွယ်သော သဘောရှိသည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ ရှုနေသောအသိဉာဏ်နှင့် နီးကပ်ရကား သန္တိကေရုပ် = သန္တိကရုပ် မည်၏။ (ဝိသုဒ္ဓိ-၂-၈၁။)

တစ်နည်း — အရပ်ဩကာသအားဖြင့်လည်း ဤ ဒူရဒုက်၌ အဆင့်ဆင့် ထောက်၍ထောက်၍ ဒူရ သန္တိက အဖြစ်ကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၄။)

ထိုစကားရပ်၌ အဘယ်မျှသော အရပ်မှစ၍ ရုပ်တရားသည် တည်ရာအရပ် ဩကာသ၏ အစွမ်းဖြင့် သန္တိကေရုပ် = ယောဂါဝစရပုဂ္ဂိုလ်၏ ရှုနေသောဉာဏ်နှင့် နီးသည် မည်သနည်း၊ တစ်ဖန် အဘယ်မျှသော အရပ်မှ စ၍ ရုပ်တရားသည် တည်ရာအရပ်ဩကာသ၏ အစွမ်းဖြင့် ဒူရေရုပ် = ယောဂါဝစရပုဂ္ဂိုလ်၏ ရှုနေသောဉာဏ်နှင့် ဝေးသည် မည်သနည်း —

ပကတိသော စကားဖြင့် ပြောဆိုသောသူတို့၏ (၁၂)တောင်တို့သည် သဝနူပစာရမည်၏။ ထို သဝနူပ-စာရ၏ အတွင်းဘက်၌ တည်ရှိသောရုပ်သည် သန္တိကေရုပ်, အပြင်ဘက်၌ တည်ရှိသောရုပ်သည် ဒူရေရုပ် မည်၏။

ထိုဒူရသန္တိက အရုပ်နှစ်မျိုးတို့တွင် သုခုမရုပ်သည် သဝနူပစာရ (၁၂)တောင်အရပ်မှ ပြင်ဘက် ဝေးသော အရပ်၌ ဖြစ်လတ်သော် လက္ခဏာအားဖြင့်လည်းကောင်း, ဩကာသ = တည်ရာအရပ်အားဖြင့်လည်းကောင်း ဒူရရုပ်မည်သည် ဖြစ်၏။ ဝေးသောရုပ် မည်၏။ သဝနူပစာရဟူသော (၁၂)တောင် အတွင်း နီးသောအရပ်၌ ဖြစ်လတ်သော်ကား တည်ရာအရပ် ဩကာသအားဖြင့်သာလျှင် သန္တိကေရုပ် = နီးသော ရုပ်မည်၏၊ လက္ခဏာ အားဖြင့်ကား သန္တိကေရုပ် = နီးသောရုပ် မမည်။

ဩဠာရိကရုပ် = ရုန့်ရင်းသောရုပ်သည်ကား သဝနူပစာရဟူသော (၁၂)တောင်အတွင်း နီးသောအရပ်၌ ဖြစ်လတ်သော် လက္ခဏာအားဖြင့်လည်းကောင်း, တည်ရာအရပ် ဩကာသအားဖြင့်လည်းကောင်း သန္တိကေရုပ် = နီးသောရုပ် မည်၏။ (၁၂)တောင်ဟူသော သဝနူပစာရအရပ်၏ ပြင်ဘက် ဝေးသောအရပ်၌ ဖြစ်လတ်သော် တည်ရာအရပ် ဩကာသအားဖြင့်သာလျှင် ဒူရေရုပ် = ဝေးသောရုပ် မည်၏၊ လက္ခဏာအားဖြင့်ကား ဒူရေရုပ် = ဝေးသောရုပ် မမည်။ (မဟာဋီ-၂-၁၅၈။)

တစ်ဖန် — **ဥပါဒါယုပါဒါယ = ထောက်ဆ၍ ထောက်ဆ၍** တည်ရာအရပ် ဩကာသအားဖြင့် ရုပ်တရား၏ ဒူရသန္တိကဖြစ်ပုံကို သိရှိရန် အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူသောကြောင့် မိမိ၏ ရုပ်သည် သန္တိကေရုပ် = နီးသောရုပ် မည်၏။ မိမိ၏ဝမ်းတွင်း၌ (ကိုယ်ဝန်သားငယ် သို့မဟုတ် ပိုးလောက်သတ္တဝါ စသည် အဖြစ်ဖြင့်) တည်ရှိငြားသော်လည်း သူတစ်ပါး၏ ရုပ်သည် ဒူရေရုပ် = ဝေးသောရုပ် မည်၏။

မိမိ၏ ဝမ်းတွင်း၌ တည်သော (ကိုယ်ဝန်သားငယ် သို့မဟုတ် ပိုးလောက်သတ္တဝါ စသော) သတ္တဝါ၏ ရုပ်သည် သန္တိကေရုပ် = နီးသောရုပ် မည်၏။ မိမိခန္ဓာအိမ်၏ ပြင်ပ၌ တည်ရှိသောရုပ်သည် ဒူရေရုပ် မည်၏။ ဝေးသောရုပ်မည်၏။ ဤသို့စသော နည်းဖြင့် —

၁။ တိုက်ခန်းအတွင်းအရပ်,
၂။ ကျောင်းဦးမျက်နှာစာအရပ်,
၃။ ပရိဝုဏ်အရပ် = ကျောင်းဆောင် တစ်ဆောင်၏ ပတ်ဝန်းကျင်အရပ်,
၄။ သံဃာ့အာရမ်ခေါ်သော ကျောင်းတိုက် တစ်တိုက်လုံး = ဥပစာရသိမ်အရပ်,
၅။ ရွာတစ်ရွာ,
၆။ ဇနပုဒ်တစ်ခု (တိုင်းနှင့် ပြည်နယ်),
၇။ တိုင်းပြည် တစ်ပြည် = နိုင်ငံ တစ်နိုင်ငံ,
၈။ သမုဒ္ဒရာ,
၉။ စကြဝဠာတို့တွင် —

ထိုထိုသော အရပ်၏ အတွင်း၌ တည်သောရုပ်၊ အပ၌ တည်သောရုပ်တို့၏ အစွမ်းဖြင့် ဒူရရုပ် = ဝေးသော ရုပ်, သန္တိကရုပ် = နီးသောရုပ် အဖြစ်ကို သိရှိပါလေ။ (မဟာဋီ-၂-၁၅၈။)

အတိတ် အနာဂတ် ပစ္စုပ္ပန်ရုပ်, အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်များ၏ ခွဲခြားသတ်မှတ်ပုံ အခြင်းအရာကို အထက်တွင် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပေသည်။ ဤအထက်ပါ ရှင်းလင်းချက်များကို သဘောပေါက်ပြီးသော ဖတ်ရှုပြီးသော အသင်သူတော်ကောင်းသည် အနတ္တလက္ခဏသုတ္တန်စသော ထိုထိုသုတ္တန်တို့၌ ခန္ဓာ (၅)ပါးနည်းဖြင့် သင်္ခါရ

တရားတို့ကို ဝိပဿနာရှုပွားသုံးသပ်ရန် ဘုရားရှင်၏ညွှန်ကြားတော်မူချက်များကို သဘောပေါက်နိုင်ပေလိမ့်မည်။ ပုံစံတစ်ခုကို အောက်တွင် ဖော်ပြအပ်ပါသည်။

တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၅၆-အနတ္တလက္ခဏသုတ်။)

ရဟန်းတို့ . . . ထိုသို့ ခန္ဓာငါးပါးတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ခြင်းကြောင့် သင်ချစ်သားတို့သည် ဤ သာသနာတော်မြတ်အတွင်း၌ —

၁။ အတိတ်ရုပ်တရား အားလုံးသည်လည်းကောင်း,
၂။ အနာဂတ်ရုပ်တရား အားလုံးသည်လည်းကောင်း,
၃။ ပစ္စုပ္ပန်ရုပ်တရား အားလုံးသည်လည်းကောင်း,
၄။ အဇ္ဈတ္တရုပ်တရား အားလုံးသည်လည်းကောင်း,
၅။ ဗဟိဒ္ဓရုပ်တရား အားလုံးသည်လည်းကောင်း,
၆။ ရုန့်ရင်းသော ဩဠာရိကရုပ်တရား အားလုံးသည်လည်းကောင်း,
၇။ သိမ်မွေ့သော သုခုမရုပ်တရား အားလုံးသည်လည်းကောင်း,
၈။ ယုတ်ညံ့သော ဟီနရုပ်တရား အားလုံးသည်လည်းကောင်း,
၉။ မွန်မြတ်သော ပဏီတရုပ်တရား အားလုံးသည်လည်းကောင်း,
၁၀။ ဝေးသော ဒူရေရုပ်တရား အားလုံးသည်လည်းကောင်း,
၁၁။ နီးသော သန္တိကေရုပ်တရား အားလုံးသည်လည်းကောင်း ရှိ၏။

ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဤအလုံးစုံသော ရုပ်တရားကို —

နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

= ဤရုပ်တရားသည် ငါ့ဟာ မဟုတ်၊ ဤရုပ်တရားသည် ငါ မဟုတ်၊ ဤရုပ်တရားသည် ငါ၏အတ္တ မဟုတ်ဟု

= အနိစ္စဟု ဒုက္ခဟု အနတ္တဟု —

မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုပါ။ (သံ-၂-၅၆။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၂၄၅)တွင် ဩဠာရိကရုပ်, သုခုမရုပ်, ဟီနရုပ်, ပဏီတရုပ်, ဒူရေရုပ်, သန္တိကေရုပ်တို့ကိုလည်း သီးသန့်ခွဲခြား၍ ဝိပဿနာရှုရန် ညွှန်ကြားထားပေသည်။ ထို ညွှန်ကြားတော်မူသည့်အတိုင်း အသင်သူတော်ကောင်းသည် ခွဲရှုလိုကလည်း ရှုပါ။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်တရားအားလုံးကို သိမ်းကျုံး၍ ခြုံငုံ၍ ဝိပဿနာရှုနိုင်-ပါက ယင်း ရုပ်တရားတို့တွင် ဩဠာရိကရုပ်, သုခုမရုပ်, ဟီနရုပ်, ပဏီတရုပ်, ဒူရေရုပ်, သန္တိကေရုပ် အားလုံး-တို့သည်လည်း အကျုံးဝင်သွားကြပြီးပင် ဖြစ်ကြ၏။ ထို့ကြောင့် ယင်း ရုပ်တရားတို့ကို သီးသန့်ခွဲခြား ရှုလိုကလည်း ရှုပါ။ ခြုံရှုလိုကလည်း ရှုပါ။ ဝေဒနာက္ခန္ဓာစသော နာမ်ခန္ဓာတို့၌လည်း ထိုနည်းတူပင် သဘောပေါက်ပါ။
(ပဋိသံ-၄-၁-၂၃၃ - ကြည့်ပါ။)

ဝေဒနာက္ခန္ဓာ စသော နာမ်ခန္ဓာတို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန်, အဇ္ဈတ္တ ဗဟိဒ္ဓ ခွဲခြားသတ်မှတ်ပုံကို ရှေးပိုင်းတွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။ ယခုအခါတွင် ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ခွဲခြား သတ်မှတ်ပုံကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ —

## ဩဠာရိက ဝေဒနာ – သုခုမ ဝေဒနာ

အကုသလာ ဝေဒနာ ဩဠာရိကာ၊ ကုသလာဗျာကတာ ဝေဒနာ သုခုမာ။ (အဘိ-၂-၄။)

= အကုသိုလ်ဝေဒနာသည် ဩဠာရိက မည်၏၊ ကုသိုလ် အဗျာကတဝေဒနာသည် သုခုမ မည်၏။ ဤသို့ စသော နည်းဖြင့် ဝိဘင်းပါဠိတော် (အဘိ-၂-၄)၌ ဘုရားရှင် ဟောကြားထားတော်မူအပ်သော —

၁။ ဇာတိ = ဇာတ်၏အစွမ်းဖြင့် လည်းကောင်း,
၂။ သဘာဝ = သဘာဝ၏အစွမ်းဖြင့် လည်းကောင်း,
၃။ ပုဂ္ဂလ = ပုဂ္ဂိုလ်၏အစွမ်းဖြင့် လည်းကောင်း,
၄။ လောကီ လောကုတ္တရာတို့၏ အစွမ်းဖြင့် လည်းကောင်း —

ဩဠာရိက, သုခုမဖြစ်ပုံကို သိသင့်ပေ၏။

## ၁။ ဇာတိ = ဇာတ်၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ

အကုသိုလ်ဝေဒနာသည် ပါဏာတိပါတ = သူ့အသက်ကို သတ်ခြင်းစသော ကဲ့ရဲ့ထိုက်သော အပြစ်နှင့်တကွ ဖြစ်သော အကုသိုလ်ကိုပြုခြင်း၏ အကြောင်းတရား ဖြစ်သောကြောင့်လည်းကောင်း (ကြက်သား၊ ဝက်သားစသည်-တို့၏ အရသာကို သုံးဆောင်ခံစားဖူးသော ယင်းအရသာ၌ တွယ်တာတပ်မက်တတ်သော ရသတဏှာနှင့် ယှဉ်တွဲ-နေသော အကုသိုလ်ဝေဒနာသည် လှုံ့ဆော်အပ်သဖြင့် နောက်ထပ်စားလိုသောအခါ ယင်း ကြက် ဝက်တို့ကို ထပ်မံ၍ သတ်ခဲ့သော် ယင်း အကုသိုလ်ဝေဒနာမျိုးကို ဩဠာရိကဝေဒနာဟု ဆိုလိုသည်။), ကိလေသာတည်း ဟူသော မီးဖြင့် ပူလောင်ခြင်းရှိသည် အဖြစ်ကြောင့်လည်းကောင်း အပူမငြိမ်းသော ဖြစ်ခြင်းရှိ၏။ ထို့ကြောင့် ကိလေသာမီးဖြင့် မပူပန်ခြင်း ကိလေသာမီး၏ ငြိမ်းအေးခြင်းသဘောရှိသော ကုသိုလ်ဝေဒနာအောက် ရုန့်ရင်း၏။

အကုသိုလ်ဝေဒနာသည် အကျိုးကို ဖြစ်စေခြင်းငှာ လျှောက်ပတ်သဖြင့် ကြောင့်ကြဗျာပါရနှင့် အတူတကွ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော ကမ္မသတ္တိထူးနှင့် အတူ တကွ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဂတိဝိပတ္တိ ဥပဓိဝိပတ္တိ, ကာလဝိပတ္တိ, ပယောဂဝိပတ္တိတည်း ဟူသော အခြားအကြောင်းတရားတို့နှင့် ပေါင်းဆုံမိလတ်သော် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သဖြင့် အကျိုးဝိပါက် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, တစ်နည်းဆိုရသော် — ကာယကံစသော ဗျာပါရ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ဇောတည်းဟူသော ဥဿာဟ၏ အစွမ်းအားဖြင့် အားထုတ်ခြင်း ဥဿာဟ ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌လည်း စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သတ္တိ ရှိသည်၏အစွမ်းအားဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိ ထင်ရှားသည်၏ အဖြစ်ကြောင့်လည်း-ကောင်း, ကိလေသာတည်းဟူသော မီးဖြင့် ပူလောင်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ကဲ့ရဲ့ထိုက်သော ရာဂ ဒေါသ မောဟ စသော အပြစ်နှင့်တကွဖြစ်သော ဓမ္မ၏ အဖြစ်ကြောင့်လည်းကောင်း, ဝိပါက် အဗျာကတ ဝေဒနာအောက် ရုန့်ရင်း၏။

အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌လည်း စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော သတ္တိရှိသည်၏ အစွမ်းအားဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိထင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ကိလေသာတည်းဟူသော မီးဖြင့် ပူလောင်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ကိလေသဒုက္ခရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ကဲ့ရဲ့ထိုက်သော ရာဂ ဒေါသ မောဟစသော အပြစ်နှင့်တကွ ဖြစ်သော ဓမ္မ၏ အဖြစ်ကြောင့်လည်းကောင်း ကိရိယာ အဗျာကတဝေဒနာအောက် ရှုန့်ရင်း၏၊ ဩဠာရိကဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၄။)

ကုသိုလ်ဝေဒနာ အဗျာကတဝေဒနာတို့သည် အပြစ်ကင်းသော အပြုအမူ၏ အဖြစ်ကြောင့်လည်းကောင်း, ကိလေသာဟူသော ပူပန်ခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း, ကိလေသာဟူသော ဆင်းရဲ၏ မရှိခြင်းကြောင့်လည်းကောင်း ငြိမ်းအေးသော ဖြစ်ခြင်း ရှိ၏။ ဤသို့ အကုသိုလ်ဝေဒနာ၌ ဆိုအပ်ပြီးသည်မှ ပြောင်းပြန်အားဖြင့် အကုသိုလ်ဝေဒနာထက် သိမ်မွေ့ပုံ = သုခုမဖြစ်ပုံကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၄။ မဟာဋီ-၂-၁၅၉။)

ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာ နှစ်မျိုးလုံးတို့သည်လည်း ကာယကံစသော ဗျာပါရ ထင်ရှားရှိသည့် အဖြစ်ကြောင့်လည်းကောင်း, ဇောတည်းဟူသော အားထုတ်ခြင်း ဥဿာဟ၏အစွမ်းဖြင့် အားထုတ်ခြင်း လုံ့လဥဿာဟ ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌လည်း စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သတ္တိရှိသည်၏ အစွမ်းအားဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ယှဉ်သင့်သည့်အားလျော်စွာ ဝိပါက်အဗျာကတဝေဒနာ ကြိယာအဗျာကတဝေဒနာ ဟူသော အဗျာကတဝေဒနာနှစ်မျိုးအောက် ရှုန့်ရင်းကုန်၏ = ဩဠာရိက ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၁၀၄)

ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့သည် ဝိပါက်အဗျာကတဝေဒနာအောက် အထက်ပါ အကြောင်းတရား သုံးမျိုးလုံးတို့ကြောင့်ပင် ဩဠာရိက = ရှုန့်ရင်းကုန်၏။ ကြိယာအဗျာကတဝေဒနာအောက်မူကား အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သတ္တိရှိသည်၏ အစွမ်းအားဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ဩဠာရိက = ရှုန့်ရင်းကုန်၏။ တစ်နည်း အကျိုးကို ဖြစ်စေတတ်သော စွမ်းအင်ကမ္မသတ္တိရှိသော သဝိပါကတရား၏ အဖြစ်ဖြင့် ကြိယာအဗျာကတဝေဒနာထက် ထူးကဲသော ကြောင့်ကြဗျာပါရ, အားထုတ်ခြင်း လုံ့လဥဿာဟရှိသည်၏ အဖြစ်ကြောင့် ဩဠာရိက = ရှုန့်ရင်းကုန်၏။ ဤသို့ သိရှိပါလေ။ (မဟာဋီ-၂-၁၅၉။)

ဝိပါက်အဗျာကတဝေဒနာသည် ကာယကံစသော ဗျာပါရ၏ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ဇောဟူသော အားထုတ်ခြင်း လုံ့လဥဿာဟ၏ အစွမ်းအားဖြင့် အားထုတ်ခြင်း လုံ့လဥဿာဟ၏ မရှိခြင်းကြောင့်လည်းကောင်း, အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်တည်းဟူသော သတ္တိမရှိသည်၏ အစွမ်းဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိ၏ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ထက် သိမ်မွေ့၏၊ သုခုမ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၅။ မဟာဋီ-၂-၁၆၀။)

ကိရိယာအဗျာကတဝေဒနာသည်ကား အကျိုးဝိပါက်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်တည်းဟူသော သတ္တိမရှိသည်၏ အစွမ်းဖြင့် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ကမ္မသတ္တိ၏ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်, တစ်နည်း — အကျိုးဝိပါက်ကို ဖြစ်စေတတ်သည့် စွမ်းအင်ကမ္မသတ္တိ မရှိသော အဝိပါကတရား၏ အဖြစ်ဖြင့် ထူးခြားသော ကာယကံစသော ဗျာပါရ, ဇောဟူသော အားထုတ်ခြင်း လုံ့လဥဿာဟ၏ အစွမ်းဖြင့် အားထုတ်ခြင်း လုံ့လဥဿာဟ၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာထက် သိမ်မွေ့၏။ ဤသို့လျှင် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာ၌ ဆိုအပ်ခဲ့ပြီးသောနည်းမှ ပြောင်းပြန်အားဖြင့် ဝိပါက်အဗျာကတဝေဒနာ ကြိယာအဗျာကတဝေဒနာတို့သည် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ထက် သုခုမဖြစ်ပုံ = သိမ်မွေ့ပုံကို

သိရှိပါလေ။ မှန်ပေသည် — ကံ၏အဟုန်သည် ပစ်ချအပ်သောကြောင့်လည်းကောင်း, ကံ၏ ပုံတူသဘော ဖြစ်သောကြောင့်လည်းကောင်း ကာယကံမှုစသည်တို့၌ ကြောင့်ကြဗျာပါရ ကင်းခြင်းကြောင့် အားထုတ်ခြင်း လုံ့လ ဥဿာဟမရှိသော ဝိပါက်ဝေဒနာသည်လည်းကောင်း အားထုတ်ခြင်း လုံ့လဥဿာဟရှိသော ကြိယာဝေဒနာ- သည်လည်းကောင်း အကျိုးပေးခြင်းသဘော မရှိသောကြောင့် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ထက် သိမ်မွေ့၏။

[ရဟန္တာအရှင်မြတ်တို့သည်လည်း သီလစောင့်ထိန်းမှုတည်းဟူသော ကာယကံမှု ဝစီကံမှု, တရားဟောမှု စသော ဝစီကံမှု, သမထဝိပဿနာ ပွားများအားထုတ်မှုဟူသော မနောကံမှုများကို ပြုတော်မူကြ၏။ ထိုအမှုတို့ကို ပြုစဉ် ဇောများ စောကြသည်သာဖြစ်ကြ၏။ သို့သော် ရဟန္တာအရှင်မြတ်ကြီးတို့သည်ကား ကုသိုလ် အကုသိုလ်တို့ကို ပယ်စွန့်ထားပြီး ဖြစ်တော်မူကြရကား ထိုဇောတို့မှာ ကြိယာဇောတို့သာ ဖြစ်ကြ၏။ ကြိယာဇောတို့၌လည်း အကျိုးဝိပါက် တစ်စုံတစ်ရာကို ဖြစ်ထွန်းစေနိုင်သော ကမ္မသတ္တိကား မရှိပေ။ အထက်ပါ စကားရပ်များက ဤ သဘောတရားများကို ရည်ညွှန်းထားသည်ဟု မှတ်ပါ။]

မှန်ပေသည် — အကျိုးပေးခြင်းသဘောရှိသော ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့သည် အကျိုးတည်း ဟူသော ကိုယ်ဝန်ကို ဆောင်ကုန်ဘိသကဲ့သို့ ဖြစ်ကုန်၍ ဩဠာရိက = ရုန့်ရင်းကုန်၏။

(ဝိသုဒ္ဓိ-၂-၁၀၅။ မဟာဋီ-၂-၁၆၀။)

အကုသလာ ဝေဒနာ ဩဠာရိကာ၊ ကုသလာဗျာကတာ ဝေဒနာ သုခုမာ။ ကုသလာကုသလာ ဝေဒနာ ဩဠာရိကာ၊ အဗျာကတာ ဝေဒနာ သုခုမာ။ (အဘိ-၂-၄။)

အကုသိုလ်ဝေဒနာတို့သည် ကိလေသာဟူသော အပူနှင့်တကွ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်လည်း- ကောင်း, မကောင်းသော အနိဋ္ဌ အကျိုးရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဩဠာရိကာ = ရုန့်ရင်း ကြမ်းတမ်းကုန်၏။ (အဘိ-ဋ္ဌ-၂-၁၃။)

ကုသိုလ်ဝေဒနာတို့သည် ကိလေသာဟူသော အပူမရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ကောင်း- မြတ်သော ဣဋ္ဌ အကျိုးရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း သုခုမာ = သိမ်မွေ့ကုန်၏။

(အဘိ-ဋ္ဌ-၂-၁၃။)

အဗျာကတဝေဒနာတို့သည် အားထုတ်ခြင်း လုံ့လဥဿာဟ (= အကျိုးတရား ဖြစ်ပေါ်လာအောင် အား- ထုတ်ခြင်း လုံ့လဥဿာဟ) မရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးမရှိကုန်သည်၏ အဖြစ်ကြောင့် = အကျိုးဝိပါက်တရားကို ဖြစ်ပေါ်စေတတ်သော စွမ်းအင်ကမ္မသတ္တိ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း သုခုမာ = သိမ်မွေ့ကုန်၏။ (နိရုဿာဟဘ္ဝေန = အကျိုးတရားဖြစ်ပေါ်လာအောင် အားထုတ်ခြင်း လုံ့လဥဿာဟ မရှိကုန်သည်၏ အဖြစ်ကြောင့်ဟူသော စကားရပ်ဖြင့် ဝိပါက်အဗျာကတဝေဒနာကို ပြ၏။ အဝိပါကဘ္ဝေန = အကျိုးဝိပါက်တရားကို ဖြစ်ပေါ်စေတတ်သော စွမ်းအင်ကမ္မသတ္တိ မရှိသည်၏ အဖြစ်ကြောင့် — ဟူသော စကားရပ်ဖြင့် ကြိယာအဗျာကတဝေဒနာကို ပြသည်။) (အဘိ-ဋ္ဌ-၂-၁၃။)

ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့သည် အကျိုးတရားကို ဖြစ်ပေါ်လာအောင် ဇောတည်းဟူသော အားထုတ်ခြင်း လုံ့လဥဿာဟနှင့်တကွ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးဝိပါက်တရားကို ဖြစ်ပေါ်စေတတ်သော စွမ်းအင် ကမ္မသတ္တိနှင့် အတူတကွ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဩဠာ- ရိကာ = ရုန့်ရင်းကြမ်းတမ်းကုန်၏။ (အဘိ-ဋ္ဌ-၂-၁၃။)

အဗျာကတဝေဒနာတို့သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကျိုးတရား ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း လုံ့လဥဿာဟ မရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးဝိပါက်တရားကို ဖြစ်ပေါ်စေတတ်သော စွမ်းအင်ကမ္မသတ္တိ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း သုခုမာ = သိမ်မွေ့ကုန်၏။ (အဘိ-ဌ-၂-၁၃။)

ဤသို့လျှင် ကုသိုလ်ဇာတ်, အကုသိုလ်ဇာတ် , ဝိပါက် + ကြိယာဟူသော အဗျာကတဇာတ် — ဟူသော ဇာတ်၏အစွမ်းဖြင့် ရှေးဦးစွာ ဩဠာရိက-သုခုမ ဖြစ်ပုံကို သိရှိပါလေ။

## ၂။ သဘာဝ၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ

ဒုက္ခာ ဝေဒနာ ဩဠာရိကာ၊ သုခါ စ အဒုက္ခမသုခါ စ ဝေဒနာ သုခုမာ။ သုခဒုက္ခာ ဝေဒနာ ဩဠာရိကာ၊ အဒုက္ခမသုခါ ဝေဒနာ သုခုမာ။ (အဘိ-၂-၄။)

သဘာဝလက္ခဏာ၏ အစွမ်းအားဖြင့် ဒုက္ခဝေဒနာသည် သာယာအပ်သော သဘောမရှိခြင်းကြောင့်လည်း-ကောင်း = သာယာအပ်သော သုခကိုပယ်ခြင်းအားဖြင့်လည်းကောင်း, တုန်လှုပ်ခြင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း = မငြိမ်သက်သောအားဖြင့်လည်းကောင်း, ချောက်ချားခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း, ထိတ်လန့်ဖွယ် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, နှိပ်စက်လွှမ်းမိုးတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း သုခဝေဒနာ ဥပေက္ခာဝေဒနာတို့အောက် ရှုန့်ရင်းကြမ်းတမ်း၏ ဩဠာရိကဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၅။)

သုခဝေဒနာ ဥပေက္ခာဝေဒနာတို့သည် သာယာအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ငြိမ်သက်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မွန်မြတ်သည်၏အဖြစ်ကြောင့်လည်းကောင်း, စိတ်နှလုံးကို ပွားစေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, လျစ်လျူရှုတတ် အလယ်အလတ်၌တည်သောသဘော ရှိတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း ယှဉ်သင့်သည်အားလျော်စွာ ဒုက္ခဝေဒနာထက် သိမ်မွေ့ကုန်၏ = သုခုမ ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၁၀၅။) အာရုံကိုလျစ်လျူရှုတတ် အလယ်အလတ်ခံစားတတ်သော မဇ္ဈတ္တတာသဘောသည် သုခဝေဒနာ၌ မရှိ၊ သာယာအပ်သော သာတသဘောသည် ဥပေက္ခာဝေဒနာ၌ မရှိ၊ ငြိမ်သက်မှုသဘော သန္တတာစသည်တို့ကား သုခ ဥပေက္ခာ နှစ်မျိုးလုံးတို့၌ ရအပ်ကုန်၏၊ ထို့ကြောင့် ယထာယောဂံ = ယှဉ်သင့်သည့် အားလျော်စွာဟု ဆိုသည်။ (မဟာဋီ-၂-၁၆၀။)

တစ်ဖန် သုခဝေဒနာ ဒုက္ခဝေဒနာနှစ်မျိုးလုံးတို့သည် တုန်လှုပ်ခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း = မငြိမ်သက်သောအားဖြင့်လည်းကောင်း, ချောက်ချားခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း အဒုက္ခမသုခအမည်ရသော ဥပေက္ခာဝေဒနာအောက် ရှုန့်ရင်း ကုန်၏ = ဩဠာရိကဖြစ်ကုန်၏။ ထိုအဒုက္ခမသုခ = ဥပေက္ခာဝေဒနာသည် ဆိုအပ်ပြီးသည်မှ ပြောင်းပြန်သော အားဖြင့် ထိုသုခဝေဒနာ ဒုက္ခဝေဒနာနှစ်မျိုးထက် သိမ်မွေ့၏ = သုခုမ ဖြစ်၏။ ဤသို့လျှင် သဘာဝလက္ခဏာ၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၅။)

ဒုက္ခဝေဒနာတို့သည် မသာယာအပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ခဲယဉ်းသဖြင့် ခံစားအပ်ကုန်-သည်၏ အဖြစ်ကြောင့်လည်းကောင်း = အခံခက်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မခံနိုင်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဩဠာရိကာ = ရှုန့်ရင်းကြမ်းတမ်းကုန်၏။ ။ သုခဝေဒနာတို့သည် သာယာအပ်ကုန်-သည်၏ အဖြစ်ကြောင့်လည်းကောင်း, လွယ်ကူသဖြင့် ခံစားအပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း သုခုမာ = သိမ်မွေ့ကုန်၏။ ။ အဒုက္ခမသုခ = ဥပေက္ခာဝေဒနာတို့သည် ငြိမ်သက်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း, မွန်မြတ်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း သုခုမဖြစ်ကုန်၏ = သိမ်မွေ့ကုန်၏။ (အဘိ-ဌ-၂-၁၃။)

သုခဝေဒနာ ဒုက္ခဝေဒနာတို့သည် လှုပ်ရှားစေတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း = ချောက်-ချားစေတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဖြန့်တတ် = ပျံ့နှံ့စေတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဩဠာရိက ဖြစ်ကုန်၏ = ရုန့်ရင်းကြမ်းတမ်းကုန်၏။ မှန်ပေသည် သုခဝေဒနာသည်လည်း လှုပ်ရှားစေတတ်၏ = ချောက်ချားစေတတ်၏၊ ဖြန့်တတ်၏ = ပျံ့နှံ့စေတတ်၏။ ဒုက္ခဝေဒနာသည်လည်း ထို့အတူပင်တည်း။ အကျယ်မှာ ဤသို့တည်း။ —

သုခဝေဒနာသည် ဖြစ်ပေါ်လာလတ်သော် တစ်ကိုယ်လုံးကို လှုပ်ရှားစေလျက် ချောက်ချားစေလျက်လည်းကောင်း, မွေ့နှောက်လျက်လည်းကောင်း, စိုစွတ်စေလျက်လည်းကောင်း, မိမိကိန်းရာ သတ္တဝါ၏ ဇိမ်ယစ်မှုကို ပြုလျက်လည်းကောင်း, နှစ်သက်စေလျက် လွှမ်းမိုးလျက်လည်းကောင်း, အေးမြသော ရေအိုးဖြင့် လောင်းလိုက်သကဲ့သို့ ဖြစ်ပေါ်လာ၏။ ။ ဒုက္ခဝေဒနာသည် ဖြစ်ပေါ် လာလတ်သော် အလွန်ပူသော ထယ်သွားကို ခန္ဓာကိုယ်၏အတွင်းသို့ သွင်းလိုက်ဘိသကဲ့သို့လည်းကောင်း, မြက်မီးရှူးဖြင့် ခန္ဓာကိုယ်၏ ပြင်ဘက်က လောင်မြိုက်ပေးလိုက်သကဲ့သို့လည်းကောင်း ဖြစ်ပေါ်လာ၏။ ။ အဒုက္ခမသုခ = ဥပေက္ခာဝေဒနာတို့သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ငြိမ်သက်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မွန်မြတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း သုခုမ ဖြစ်ကုန်၏ = သိမ်မွေ့ကုန်၏။

## လှုပ်ရှားမှု – ချောက်ချားမှု

အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်နှင့် ယှဉ်သော ကာယိက သုခဝေဒနာသည် တစ်နည်း ဆိုရသော် သုခဝေဒနာနှင့် တကွသော ယင်း သုခသဟဂုတ် ကာယဝိညာဏ် စိတ်စေတသိက် တရားစု-သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပေ။ သို့သော် —

ဥပတ္ထမ္ဘိတာနံ ဓာတူနံ ပစ္စယဘာဝေန သုခါ **ခေါဘေတိ** ဝိဗာဓိတာနံ ပစ္စယဘာဝေန ဒုက္ခာ စ။

(မူလဋီ-၂-၁၃။)

ကာယိကသုခဖြစ်သောအခါ နောက်နောက်စိတ်များက ဓာတ်ကြီးလေးပါးကို တိုးပွားစေနိုင်၏ = များစွာဖြစ်စေနိုင်၏၊ ထို့ကြောင့် သုခဝေဒနာသည် ဓာတ်ကြီးလေးပါး တိုးပွားခြင်း၏ အရင်းခံဖြစ်သည်။ ထိုသုခကို အကြောင်းပြု၍ စိတ္တဇရုပ်ဖြစ်သော ဓာတ်ကြီးလေးပါး တိုးပွားလာသောအခါ ခန္ဓာကိုယ်ရှိ ရုပ်များသည် နဂိုအတိုင်း မငြိမ်သက်ဘဲ လှုပ်ရှားလာရသည်၊ ဥပမာ — ပရိသတ်အတွင်း၌ လူတိုးလာသောအခါ ပရိသတ် မငြိမ်သက်သ-ကဲ့သို့တည်း။ ကာယိကဒုက္ခကို အကြောင်းပြု၍ နာကျင်သောအခါ၌လည်း စိတ္တဇရုပ်ဓာတ်များသည် နည်းတူပင် မငြိမ်မသက် လှုပ်လှုက်သည်ပင်တည်း။ (မူလဋီ-၂-၁၃။)

## ၃။ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ

တစ်ဖန် ပုဂ္ဂိုလ်၏ အစွမ်းဖြင့် သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် အာရုံအမျိုးမျိုး၌ ပျံ့လွင့်-သည်၏ အဖြစ်ကြောင့် သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာအောက် ဩဠာရိကဖြစ်၏ = ရုန့်ရင်း၏။ ပြောင်းပြန်အားဖြင့် သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ-ထက် သုခုမဖြစ်၏ = သိမ်မွေ့၏။ ဤသို့လျှင် ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဩဠာရိက သုခုမဖြစ်ပုံကို သိရှိပါလေ။

(ဝိသုဒ္ဓိ-၂-၁၀၅။ အဘိ-ဋ္ဌ-၂-၁၃-၁၄။)

သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် လောကီဈာန်သမာပတ်ဖြစ်လျှင်လည်း မိမိ အာရုံပြုသည့် အာနာပါနပဋိဘာဂနိမိတ်အာရုံ သို့မဟုတ် ကသိုဏ်းပဋိဘာဂနိမိတ်အာရုံစသည့် အာရုံတစ်ခုတည်း၌သာ လှည့်လည်ဖြစ်ပေါ်နေ၏၊ လောကုတ္တရာသမာပတ်ဖြစ်လျှင်လည်း အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တည်း

ဟူသော အာရုံတစ်ခုတည်း၌သာ လှည့်လည်ဖြစ်ပေါ်နေ၏၊ ထို့ကြောင့်သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ-သည် သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာထက် သုခုမဖြစ်၏ = သိမ်မွေ့၏။ (အဘိ-ဋ္ဌ-၂-၁၄။)

## ၄။ လောကီ လောကုတ္တရာ၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ

တစ်ဖန် လောကီ လောကုတ္တရာ၏အစွမ်းဖြင့် အာသဝေါတရားလေးပါးတို့၏ အာရုံဖြစ်သော ဝေဒနာသည် လောကိယမည်၏၊ ထိုလောကီဝေဒနာသည် အာသဝေါတရား (လောဘ ဒိဋ္ဌိ မောဟ) ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း, ဩဃလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့်လည်း-ကောင်း, ယောဂလေးပါးတို့သည် အာရုံပြု၍ လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း, အာရုံ၏အဖြစ်ဖြင့် ဖြစ်တတ်သည်ဖြစ်၍ အာရုံနှင့်စိတ်ကို ထုံးဖွဲ့ထားတတ်ကုန်သော (လောဘ ဒိဋ္ဌိ ဒေါသ) ဂန္ထတရားတို့၏အစီးအပွား ဖြစ်သောကြောင့် လည်းကောင်း, နီဝရဏတရားတို့သည် အာရုံပြုသောအားဖြင့် မြေးယှက် ပိတ်ဖုံးအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း = နီဝရဏတရားတို့၏ အစီးအပွား ဖြစ်ခြင်းကြောင့်လည်းကောင်း, ဥပါဒါန်တရားတို့၏ အစီးအပွားဖြစ်ခြင်းကြောင့်လည်းကောင်း, ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်းငှာ ထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ပုထုဇန်ပုဂ္ဂိုလ်တို့အား ဆက်ဆံသည်၏ အဖြစ်ကြောင့်လည်းကောင်း အနာသဝ ဝေဒနာအောက် ဩဠာရိက ဖြစ်၏ = ရုန့်ရင်း၏။ အနာသဝဝေဒနာဟူသည် လောကုတ္တရာစိတ်နှင့် ယှဉ်သော ဝေဒနာတည်း။ ထိုအနာသဝဝေဒနာသည် ပြောင်းပြန်အားဖြင့် အာသဝဝေဒနာထက် သုခုမဖြစ်၏ = သိမ်မွေ့၏။ ဤသို့လျှင် လောကီ လောကုတ္တရာ၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၅။)

## ရှောင်ရှားသင့်သော အချက်

ထိုဆိုအပ်ခဲ့ပြီးသော ဩဠာရိက သုခုမအဖြစ်၌ ဇာတ်စသည်တို့၏ အစွမ်းဖြင့် ရောယှက်ရှုပ်ထွေးမှုကို ရှောင်ရှားသင့်ပေသည်။ ထင်ရှားစေအံ့ —

အကုသလဝိပါက် ကာယဝိညာဏ်နှင့် ယှဉ်သော ဒုက္ခဝေဒနာသည် ဝိပါက်အဗျာကတတရား ဖြစ်ခြင်း-ကြောင့် ဇာတ်၏အစွမ်းဖြင့် သုခုမဖြစ်သော်လည်း သဘာဝ ပုဂ္ဂလ လောကိယတို့၏ အစွမ်းဖြင့် ဩဠာရိက ဖြစ်ပြန်၏။ မှန်ပေသည် —

အဗျာကတာ ဝေဒနာ သုခုမာ၊ ဒုက္ခာ ဝေဒနာ ဩဠာရိကာ၊ သမာပန္နဿ ဝေဒနာ သုခုမာ။ အသမာ-ပန္နဿ ဝေဒနာ ဩဠာရိကာ။ သာသဝါ ဝေဒနာ ဩဠာရိကာ။ အနာသဝါ ဝေဒနာ သုခုမာ။ (အဘိ-၂-၄။)

အဗျာကတဝေဒနာသည် သုခုမ ဖြစ်၏၊ ဒုက္ခဝေဒနာသည် ဩဠာရိက ဖြစ်၏။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် သုခုမ ဖြစ်၏၊ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာသည် ဩဠာရိက ဖြစ်၏။ အာသဝေါတရားတို့၏ အာရုံ ဖြစ်သော သာသဝဝေဒနာ = လောကီဝေဒနာသည် ဩဠာရိက ဖြစ်၏၊ အာသဝေါ တရားတို့၏ အာရုံမဟုတ်သော အနာသဝဝေဒနာ = လောကုတ္တရာဝေဒနာသည် သုခုမဖြစ်၏။ (အဘိ-၂-၄။)

ဤသို့လျှင် ဤစကားတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ခဲ့လေပြီ။

တစ်ဖန် ဒုက္ခဝေဒနာသည် ဇာတိ = ဇာတ်အားဖြင့် ဝိပါက်အဗျာကတဇာတ်ဖြစ်၍ သုခုမ ဖြစ်ငြား သော်လည်း သဘာဝစသည်တို့၏ အစွမ်းဖြင့် ဩဠာရိကဖြစ်သကဲ့သို့, ဤအတူ အကုသိုလ် သုခဝေဒနာ = သောမနဿဝေဒနာသည် အကုသိုလ်ဇာတ်ဖြစ်၍ ဇာတိ = ဇာတ်၏အစွမ်းဖြင့် ဩဠာရိကဖြစ်၏။ သဘာဝ၏ အစွမ်းဖြင့်ကား သုခုမဖြစ်၏။ ကုသိုလ်ဈာန်နှင့် အတူတကွဖြစ်သော သုခဝေဒနာ = သောမနဿဝေဒနာသည်

ကုသိုလ်ဇာတ်ဖြစ်၍ ဇာတ်၏အစွမ်းဖြင့် ဩဠာရိကဖြစ်၏။ ဈာန်သမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်၏ ဈာန်သမာ-ပတ်နှင့် ယှဉ်သောသုခ = သောမနဿဝေဒနာတို့ကား ပုဂ္ဂိုလ်၏အစွမ်းဖြင့် သုခုမဖြစ်ကုန်၏။ ဤသို့လျှင် သုခ = သောမနဿစသော ဝေဒနာတို့သည်လည်း ဇာတ်၏ အစွမ်းဖြင့် ဩဠာရိက ဖြစ်ကုန်သော်လည်း သဘာဝ ပုဂ္ဂလစသည်တို့၏ အစွမ်းဖြင့် သုခုမဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၁၀၅။ မဟာဋီ-၂-၁၆၀။)

ထို့ကြောင့် အကြင်အခြင်းအရာအားဖြင့် ဇာတ်စသည်တို့၏အစွမ်းဖြင့် ရောယှက်ရှုပ်ထွေးခြင်းသည် မဖြစ်၊ ထိုအခြင်းအရာအားဖြင့် ဝေဒနာတို့၏ ဩဠာရိက သုခုမအဖြစ်ကို သိရှိအပ်ပေ၏။ ဤ ရောယှက် ရှုပ်ထွေးခြင်း မဖြစ်သော အခြင်းအရာသည် အဘယ်နည်း။ —

အဗျာကတဝေဒနာသည် ဇာတိ၏အစွမ်းဖြင့် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ထက် သုခုမဖြစ်၏၊ ထိုအဗျာကတဝေဒနာသည် ဇာတိ၏အစွမ်းဖြင့် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာတို့ထက် သုခုမဖြစ်၏ဟူသော စကားရပ်၌ —

၁။ အဘယ်အဗျာကတဝေဒနာနည်း၊

၂။ ဒုက္ခဝေဒနာလော၊

၃။ သုခဝေဒနာလော၊

၄။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာလော၊

၅။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာလော၊

၆။ သာသဝ ဝေဒနာလော၊

၇။ အနာသဝ ဝေဒနာလော —

ဤသို့လျှင် ယင်း အဗျာကတဝေဒနာ၏ သဘာဝ ပုဂ္ဂလစသော အပြားကို = အမျိုးအစားကို မသုံးသပ်-သင့်ပေ = မဆန်းစစ်သင့်ပေ။

၁။ ဇာတိ,

၂။ သဘာဝ,

၃။ ပုဂ္ဂလ,

၄။ သာသဝ-အနာသဝ = လောကိယ-လောကုတ္တရာ —

ဤလေးမျိုးသော ကောဋ္ဌာသတို့ကို အချင်းချင်း မရောနှော မရောယှက်သည်တို့ကိုသာလျှင် ပြု၍ ယူအပ်-ကုန်၏။ ဤသို့သော အခြင်းအရာအားဖြင့် ရောယှက်ခြင်းကို ရှောင်လွှဲခြင်းသည် ဖြစ်၏။ အခြားတစ်ပါးသော အခြင်းအရာအားဖြင့် ရှောင်လွှဲခြင်းသည် မဖြစ်။ ဤသို့သော အနက်အဓိပ္ပါယ်ကို ညွှန်ပြ၏။ အဗျာကတဝေဒနာကို အရင်းခံပြုသဖြင့် ညွှန်ပြထားသကဲ့သို့ အလားတူပင် ကုသိုလ်ဝေဒနာ အကုသိုလ်ဝေဒနာကို အဦးမူသဖြင့်လည်း ညွှန်ပြအပ်ပေ၏။ သည်မျှသာမကသေး ဇာတိကို အရင်းခံပြုသဖြင့် ညွှန်ပြအပ်သကဲ့သို့ သဘာဝ ပုဂ္ဂလ စသည်တို့ကို အရင်းခံပြုသဖြင့်လည်း ညွှန်ပြသင့်ပေ၏။ (ဝိသုဒ္ဓိ-၂-၁၀၅-၁၀၆။ မဟာဋီ-၂-၁၆၀-၁၆၁။)

## အချင်းချင်း ထောက်ဆ၍ ထောက်ဆ၍ ဩဠာရိက သုခုမ ယူပုံ

တစ်နည်းလည်း ထိုထိုဝေဒနာကို ထောက်ဆ၍ ထောက်ဆ၍ ဝေဒနာကို ဩဠာရိကဖြစ်သည် သို့မဟုတ် သုခုမဖြစ်သည်ဟု မှတ်သားပါ။ ဤသို့ ဟောကြားတော်မူသောကြောင့် အကုသလဝေဒနာစသည်တို့တွင်လည်း လောဘနှင့် အတူတကွ ဖြစ်သော လောဘသဟဂုတ်ဝေဒနာအောက် ဒေါသနှင့် အတူတကွ ဖြစ်သော ဒေါသ

သဟဂုတ်ဝေဒနာသည် မီးကဲ့သို့ မိမိ၏မှီရာ ဟဒယဝတ္ထုကို လောင်တတ်သောကြောင့် တစ်နည်းဆိုသော် မိမိ၏ မှီရာခန္ဓာကို လောင်တတ်သည်၏ အဖြစ်ကြောင့် ဩဠာရိက မည်၏။ လောဘသဟဂုတ် ဝေဒနာသည် ဒေါသ သဟဂုတ်ဝေဒနာထက် သိမ်မွေ့၏ သုခုမ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၆။)

ဒေါသနှင့် အတူတကွဖြစ်သော ဒေါသသဟဂုတ်ဝေဒနာသည်လည်း အမိကိုသတ်ခြင်း, အဖကိုသတ်ခြင်း, ရဟန္တာပုဂ္ဂိုလ်အား သတ်ခြင်း, ဘုရားရှင်အား သွေးစိမ်းတည်စေခြင်း, သံဃာသင်းခွဲခြင်းတည်းဟူသော သေသည်၏ အခြားမဲ့၌ အပါယ်လေးဘုံ၌ အကျိုးပေးမြဲသော အလွန်လေးလံသော အာနန္တရိယကံအဖြစ်သို့ ရောက်သော မိစ္ဆတ္တနိယတဝေဒနာသည် ဩဠာရိက ဖြစ်၏၊ အနိယတဖြစ်သောအကျိုးပေး ကိန်းသေမမြဲသော ဒေါသသဟဂုတ် ဝေဒနာသည် သုခုမဖြစ်၏။ အာနန္တရိယအဖြစ်သို့ ရောက်သော မိစ္ဆတ္တနိယတ ဒေါသသဟဂုတ် ဝေဒနာသည်-လည်း ကမ္ဘာပတ်လုံး ငရဲ၌ တည်ကောင်းသော ဝိပါက်အကျိုးရှိသော ဝေဒနာသည် ဩဠာရိက ဖြစ်၏။ ကမ္ဘာ-ပတ်လုံး ငရဲ၌ တည်ကောင်းသော ဝိပါက်အကျိုးမရှိသော = ကပ္ပဋ္ဌိတိက မဟုတ်သော အာနန္တရိယကံအဖြစ်သို့ ရောက်သော မိစ္ဆတ္တနိယတ ဒေါသသဟဂုတ်ဝေဒနာသည် သုခုမဖြစ်၏။ (အရှင်ဒေဝဒတ်၏ အာနန္တရိယကံကား ကပ္ပဋ္ဌိတိက ဒေါသသဟဂုတ်ဝေဒနာနှင့်ယှဉ်၏။ အဇာတသတ်၏ အာနန္တရိယကံကား ကပ္ပဋ္ဌိတိကမဟုတ်သော ဒေါသသဟဂုတ်ဝေဒနာနှင့် ယှဉ်၏ — ဤသို့ စသည်ဖြင့် သဘောပေါက်ပါ။) (ဝိသုဒ္ဓိ-၂-၁၀၆။)

ကပ္ပဋ္ဌိတိက ဒေါသသဟဂုတ်ဝေဒနာတို့တွင်လည်း အသင်္ခါရိက ဒေါသသဟဂုတ်ဝေဒနာသည် ဩဠာရိက ဖြစ်၏၊ သသင်္ခါရိက ဒေါသသဟဂုတ်ဝေဒနာသည် သုခုမ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၆။)

တစ်ဖန် လောဘသဟဂုတ်ဝေဒနာသည် ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်မူ ဩဠာရိက ဖြစ်၏၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ဝေဒနာသည် သုခုမ ဖြစ်၏။ ထို ဒိဋ္ဌိဂတသမ္ပယုတ်ဝေဒနာသည်လည်း နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်အံ့၊ ဩဠာရိက ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိ မဖြစ်အံ့ (= နိယတမိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော လောဘသဟဂုတ်ဝေဒနာ ဖြစ်အံ့) သုခုမ ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်ဝေဒနာသည်လည်း ကပ္ပဋ္ဌိတိကဝေဒနာသည် ဩဠာရိက ဖြစ်၏၊ ကပ္ပဋ္ဌိတိက မဟုတ်သော ဒိဋ္ဌိဂတသမ္ပယုတ်ဝေဒနာသည် သုခုမ ဖြစ်၏။ ကပ္ပဋ္ဌိတိကဝေဒနာတို့တွင်လည်း အသင်္ခါရိကဝေဒနာသည် ဩဠာရိက ဖြစ်၏၊ သသင်္ခါရိကဝေဒနာသည် သုခုမ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၆။)

လောဘသဟဂုတ် ဒေါသသဟဂုတ်ဟု မခွဲဘဲ သာမန်အားဖြင့်ကား အကုသိုလ်ဝေဒနာသည် များသော အကျိုးရှိမူ ဩဠာရိက ဖြစ်၏။ အကျိုးနည်းမူ သုခုမ ဖြစ်၏။ တစ်ဖန် ကုသိုလ်ဝေဒနာသည် အကျိုးနည်းမူ ဩဠာရိက ဖြစ်၏။ အကျိုးများမူ သုခုမ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၁၀၆။)

## တစ်နည်း ဩဠာရိက သုခုမ ခွဲပုံ

တစ်နည်းလည်း ကာမာဝစရ ကုသိုလ်ဝေဒနာသည် ဩဠာရိကဖြစ်၏၊ ရူပါဝစရ ကုသိုလ်ဝေဒနာသည် သုခုမဖြစ်၏။ ထို ရူပါဝစရ ကုသိုလ်ဝေဒနာထက် အရူပါဝစရ ကုသိုလ်ဝေဒနာသည် သုခုမဖြစ်၏။ ထိုအရူပါဝစရ ကုသိုလ်ဝေဒနာထက် လောကုတ္တရာ ကုသိုလ်ဝေဒနာသည် သုခုမဖြစ်၏။

ဆက်၍ဆိုဦးအံ့၊ — ဒါနဖြစ်သော ကာမာဝစရကုသိုလ်ဝေဒနာသည် ဩဠာရိကဖြစ်၏၊ သီလဖြစ်သော ကာမာဝစရ ကုသိုလ်ဝေဒနာသည် သုခုမဖြစ်၏။ ထိုသီလဖြစ်သော ကာမာဝစရကုသိုလ် ဝေဒနာထက် ဘာဝနာ ဖြစ်သော ကာမာဝစရကုသိုလ်ဝေဒနာသည် သုခုမဖြစ်၏။ ဘာဝနာဖြစ်သော ကာမာဝစရကုသိုလ် ဝေဒနာ-သည်လည်း ဒွိဟိတ်ဖြစ်မူ ဩဠာရိကဖြစ်၏၊ တိဟိတ်ဖြစ်မူ သုခုမဖြစ်၏။ ဘာဝနာဖြစ်သော တိဟိတ် ကာမာဝစရ ကုသိုလ်ဝေဒနာသည်လည်း သသင်္ခါရိကဖြစ်မူ ဩဠာရိကဖြစ်၏၊ အသင်္ခါရိကဖြစ်မူ သုခုမဖြစ်၏။

တစ်ဖန် —

၁။ ပထမစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သြဠာရိက,
ဒုတိယစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သုခုမ၊

၂။ ဒုတိယစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သြဠာရိက,
တတိယစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သုခုမ၊

၃။ တတိယစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သြဠာရိက,
စတုတ္ထစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သုခုမ၊

၄။ စတုတ္ထစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သြဠာရိက,
ပဥ္စမစျာန်၌ ယှဉ်သော ရူပါဝစရကုသိုလ်ဝေဒနာသည် သုခုမတည်း။

တစ်ဖန် အရူပါဝစရဖြစ်သော —

၁။ အာကာသာနဉ္စာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
ဝိညာဏဉ္စာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သုခုမ၊

၂။ ဝိညာဏဉ္စာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
အာကိဉ္စညာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သုခုမ၊

၃။ အာကိဉ္စညာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
နေဝသညာနာသညာယတနစျာန်၌ ယှဉ်သော ဝေဒနာသည် သုခုမတည်း။

တစ်ဖန် လောကုတ္တရာဖြစ်သော —

၁။ သောတာပတ္တိမဂ်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
သကဒါဂါမိမဂ်၌ ယှဉ်သော ဝေဒနာသည် သုခုမ၊

၂။ သကဒါဂါမိမဂ်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
အနာဂါမိမဂ်၌ ယှဉ်သော ဝေဒနာသည် သုခုမ၊

၃။ အနာဂါမိမဂ်၌ ယှဉ်သော ဝေဒနာသည် သြဠာရိက,
အရဟတ္တမဂ်၌ ယှဉ်သော ဝေဒနာသည် သုခုမတည်း။

ထိုထိုဘုံ၌ဖြစ်သော ဝိပါက်ဝေဒနာ ကြိယာဝေဒနာတို့၌လည်းကောင်း, ဒုက္ခစသည်, အသမာပန္နစသည် (= သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာစသည်), သာသဝစသည်တို့၏ ဖွင့်ဆိုအပ်ခဲ့ပြီးသော ဝေဒနာတို့၌ လည်းကောင်း ဤနည်းကို မှတ်သားပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၆။)

သြကာသ၏ အစွမ်းအားဖြင့်လည်း ငရဲ၌ဖြစ်သော ဒုက္ခဝေဒနာသည် သြဠာရိကဖြစ်၏။ တိရစ္ဆာန်ဘုံ၌ ဖြစ်သော ဒုက္ခဝေဒနာသည် သုခုမဖြစ်၏။ ပ ။ ပရနိမ္မိတဝသဝတ္တိ နတ်ဘုံတို့၌ ဖြစ်သော ဒုက္ခဝေဒနာသည် သုခုမသာတည်း။ ။ ဒုက္ခဝေဒနာကို ယှဉ်အပ်သကဲ့သို့လည်း အလားတူပင် သုခဝေဒနာကိုလည်း အလုံးစုံသော ဘုံတို့၌ ထိုက်သည့်အားလျော်စွာ ယှဉ်စေထိုက်၏။ ။ ဝေဒနာ၏ ဖြစ်ရာတည်ရာ အာရုံဖြစ်သော ဝတ္ထုအားဖြင့်လည်း ယုတ်သောဝတ္ထုကို အာရုံပြု၍ဖြစ်သော အမှတ်မရှိသော ဝေဒနာသည် သြဠာရိကမည်၏။ မွန်မြတ်သော ဝတ္ထုကို အာရုံပြု၍ ဖြစ်သော အမှတ်မရှိသော ဝေဒနာသည် သုခုမ မည်၏။ (ဝိသုဒ္ဓိ-၂-၁၀၆။)

## ဟီန – ပဏီတ = အယုတ် – အမြတ်

ဟီန-ပဏီတ = အယုတ် အမြတ် ကွဲပြားမှု၌ အကြင် ဝေဒနာသည် ဩဠာရိကဖြစ်၏၊ ထို ဝေဒနာသည် ဟီနဖြစ်၏။ အကြင် ဝေဒနာသည်ကား သုခုမဖြစ်၏၊ ထို ဝေဒနာသည်ကား ပဏီတဖြစ်၏၊ မွန်မြတ်၏။ ဤသို့လျှင် ဟီန = အယုတ်, ပဏီတ = အမြတ် ဖြစ်ပုံကို မှတ်သားပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၆။)

## ဒူရ – သန္တိက = အဝေး – အနီး

အကုသိုလ်ဝေဒနာသည် ဇာတ်စသောအားဖြင့် မတူသော ကောဋ္ဌာသ = အဖို့အစုရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း, ဆင်းရဲသော အကျိုးတရားကိုဖြစ်စေခြင်း စသောအားဖြင့် မတူသောကိစ္စရှိသည်၏အဖြစ်ဟူသော မနီးနှောသောအားဖြင့်လည်းကောင်း, မတူသောသဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ကုသလဝေဒနာ, အဗျာကတဝေဒနာတို့မှ ဝေး၏။ ထို့အတူ ကုသိုလ်ဝေဒနာ အဗျာကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။ ဩဠာရိက သုခုမကွဲပြားမှု၌ ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီးသဖြင့် ဖွင့်ဆိုအပ်ကုန်သော ခပ်သိမ်း-သော ဝါရတို့၌ ကြွင်းသောနည်းကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၇။)

တစ်ဖန် — အကုသိုလ်ဝေဒနာသည် ဇာတ်စသောအားဖြင့် တူသော ကောဋ္ဌာသ = အဖို့အစုရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ဆင်းရဲသော အကျိုးတရားကို ဖြစ်စေခြင်း စသောအားဖြင့် တူသောသဘော ရှိ-သည်၏ အဖြစ်ကြောင့်လည်းကောင်း အကုသိုလ်ဝေဒနာနှင့် သန္တိက = နီး၏။ ဤကား ဝေဒနာက္ခန္ဓာ၌ အတိတ် စသည်၏အဖြစ်ကို ဝေဖန်ရာ၌ အကျယ်စကားအမြွက်တည်း။

ထိုထို ဝေဒနာက္ခန္ဓာနှင့် ယှဉ်ကုန်သော — သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့၏ အတိတ် စသည်ကို ခွဲခြားဝေဖန်ရာ၌ ဤဝေဒနာက္ခန္ဓာ၌ ဆိုခဲ့သော အကျယ်စကားအမြွက်အတိုင်းသာလျှင် သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၁၀၇။)

## သင်္ခါရက္ခန္ဓာ

**စေတနာ**တိ ဟေဋ္ဌိမကောဋိယာ ပဓာနသင်္ခါရဝသေန ဝုတ္တံ။ ဟေဋ္ဌိမကောဋိယာ ဟိ အန္တမသော စက္ခု-ဝိညာဏေန သဒ္ဓိံ ပါဠိယံ အာဂတာ စတ္တာရော သင်္ခါရာ ဥပ္ပဇ္ဇန္တိ။ တေသု စေတနာ ပဓာနာ, အာယူဟနဋ္ဌေန ပါကဋ္ဌတ္တာ။ တသ္မာ အယမေဝ ဂဟိတာ။ တံသမ္ပယုတ္တသင်္ခါရာ ပန တာယ ဂဟိတာယ ဂဟိတာဝ ဟောန္တိ။ (အဘိ-ဋ္ဌ-၂-၁၉။)

ဘုရားရှင်သည် ဝိဘင်းပါဠိတော်ဝယ် သင်္ခါရက္ခန္ဓာကို ဝေဖန်ဟောကြားတော်မူရာ၌ စေတနာတစ်ခုကိုသာ ဝေဖန်ဟောကြားသွားတော်မူ၏။ ယင်းသို့ ဟောကြားတော်မူရာ၌ စေတနာဟူသော ပုဒ်ကို အောက်ထစ်ပိုင်းခြား အယုတ်ဆုံး စိတ္တုပ္ပါဒ် အပိုင်းအခြားအားဖြင့် ပဓာနဖြစ်သော သင်္ခါရတရားကို ပြတော်မူသည်၏ အစွမ်းဖြင့် ဘုရားရှင်သည် ဟောကြားတော်မူအပ်၏။ အောက်ထစ်ဆုံး စိတ္တုပ္ပါဒ် အပိုင်းအခြားအားဖြင့် အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် စက္ခုဝိညာဏ်နှင့် အတူအကွ ဓမ္မသင်္ဂဏီပါဠိတော်၌ တိုက်ရိုက်လာကုန်သော ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေဟူသော လေးမျိုးကုန်သော သင်္ခါရက္ခန္ဓာတရားတို့သည် ဖြစ်ကြကုန်၏။ (မနသိကာရသည် ဓမ္မသင်္ဂဏီပါဠိတော်၌ တိုက်ရိုက်မလာ၊ ယေဝါပနက တရားအဖြစ်ဖြင့်သာလာသည်၊ ဝေဒနာ သညာကား သီးခြား ခန္ဓာအဖြစ်ဖြင့် နုတ်ပြီးတည်း။) ထိုသင်္ခါရက္ခန္ဓာတရားစုတွင် စေတနာကား ပြဓာန်း၏= ပဓာနဖြစ်၏။ အဘယ်-

ကြောင့်နည်း? — စေတနာ၏ အာယူဟနဋ္ဌ = အားထုတ်သည်၏ အဖြစ်ဟူသော အနက်သဘောအားဖြင့် ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။ ထိုသို့ ပဓာနဖြစ်သောကြောင့် ဤစေတနာကိုသာလျှင် စက္ခုသမ္ဖဿဇာ စေတနာစသည်ဖြင့် စေတနာကိုသာ ခေါင်းတပ်၍ သင်္ခါရက္ခန္ဓာအရာ၌ ယူတော်မူသည်၊ ထိုသို့ပင် စေတနာကိုသာ ခေါင်းတပ်၍ ဟောကြားတော်မူအပ်ပါသော်လည်း ထိုစေတနာနှင့် သမ္ပယုတ်ဖြစ်သော သင်္ခါရက္ခန္ဓာ စေတသိက် တရားစုတို့ကို ထိုစေတနာကို ယူအပ်ပြီးသော် ယူအပ်ပြီးသာ ဖြစ်ကုန်၏။ (အဘိ-ဋ္ဌ-၂-၁၉။)

## အကျုံးဝင်နိုင်ပုံ

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့ကို အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါမူ အထက်ပါ ရှင်းလင်းချက်များအရ ဩဠာရိက-သုခုမ-ဟီန-ပဏီတ-ဒူရ-သန္တိက ဟူသော ခန္ဓာငါးပါးတို့သည်လည်း အကျုံးဝင်သွားပြီဖြစ်သည်ကို လက်ခံနိုင်ဖွယ်ရာရှိပေသည်။ ဩဠာရိက-သုခုမ-ဟီန-ပဏီတ-ဒူရ-သန္တိက ဟူသော ခန္ဓာငါးပါးတို့မှ အလွတ်ဖြစ်သော ခန္ဓာငါးပါးတို့ကား မရှိစကောင်းသည်သာတည်း။ ဤအကျုံးဝင်မှုကို လက်ခံနိုင်ပါလျှင် ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ စသည်ဖြင့် ဟောကြားထားတော်မူသော တေပရိဝဋ္ဋဓမ္မ ဒေသနာတော်များ၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်းလည်း ယူဆနိုင်ပေသည်။ —

ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ (၅)ပါးသည် —

၁။ အတိတ်ပင် ဖြစ်စေ,
၂။ အနာဂတ်ပင် ဖြစ်စေ,
၃။ ပစ္စုပ္ပန်ပင် ဖြစ်စေ,
၄။ အဇ္ဈတ္တပင် ဖြစ်စေ,
၅။ ဗဟိဒ္ဓပင် ဖြစ်စေ,
၆။ ဩဠာရိကပင် ဖြစ်စေ,
၇။ သုခုမပင် ဖြစ်စေ,
၈။ ဟီနပင် ဖြစ်စေ,
၉။ ပဏီတပင် ဖြစ်စေ,
၁၀။ ဒူရပင် ဖြစ်စေ,
၁၁။ သန္တိကပင် ဖြစ်စေ —

ယင်းအလုံးစုံသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာငါးပါးအားလုံးကို —

**နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ** ဟု —

= **ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏အတ္တ မဟုတ်** ဟု —

= **အနိစ္စဟု ဒုက္ခဟု အနတ္တ** ဟု —

မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုပါ။ ဤသို့ ဆိုလိုရင်းဖြစ်သည်ကို သဘောကျလေရာသည်။

## နာမ်ခန္ဓာ လေးပါး

တစ်ဖန် အထက်ပါ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ခွဲခြားသတ်မှတ်ပုံများကို ပြန်လည်၍ အာရုံယူကြည့်ပါ။ နာမ်ခန္ဓာလေးပါးကို ခွဲခြားသတ်မှတ်ရာ၌ ကိရိယာအဗျာကတဇောများနှင့် လောကုတ္တရာဇောများလည်း ပါဝင်နေ၏။ ပုထုဇန် ယောဂီအဆင့်တွင်သာ ရှိနေသေးသော အသင်သူတော်ကောင်း၏ သန္တာန်၌ ကြိယာအဗျာကတဇောများမှာ ဖြစ်နိုင်ခွင့်မရှိသေး၍ ချန်လှပ်ထားပါ။ လောကုတ္တရာဇောများမှာလည်း ဝိပဿနာဉာဏ်၏ အရှုခံအာရုံ မဟုတ်၍ ချန်လှပ်ထားပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြခဲ့သည့်အတိုင်း ကုသိုလ်ဇောများ စောသည့် ဇောဝီထိများ, အကုသိုလ်ဇောများ စောသည့် ဇောဝီထိများကို (၆)လိုင်းလုံးဝယ် ကုန်စင်အောင် သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါက ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိက နာမ်ခန္ဓာလေးပါးတို့လည်း အကျုံးဝင်သွားပြီး ဝိပဿနာရှုပွားပြီး ဖြစ်သည်ကိုလည်း သဘောကျလေရာသည်။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ရုပ်နာမ်မှန်သမျှကို ခြုံငုံ၍ (အမျိုးအစား ကုန်စင်အောင်) ခပ်စိပ်စိပ် သိမ်းဆည်းလျက် ဝိပဿနာ ရှုပွား သုံးသပ်နိုင်လျှင်လည်း ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိက ခန္ဓာငါးပါး ရုပ်နာမ်တရားအားလုံး အကျုံးဝင်သွားပြီး ဖြစ်သည်ကိုလည်း သဘောကျလေရာသည်။

## ရူပက္ခန္ဓာ၌ ခွဲ၍ ရှုပုံ

အကယ်၍ အသင်သူတော်ကောင်းသည် အဘိဓမ္မာအခြေခံပညာ၌ အတော်အသင့် ကျွမ်းကျင်လိမ္မာသူ ဆည်းပူးလေ့လာထားပြီးသူ ယောဂီသူတော်ကောင်းဖြစ်၍ ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိက ခန္ဓာငါးပါးတို့ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (၂-၂၄၄-၂၄၅။)စသော အဋ္ဌကထာကြီးများ၏ သတ်မှတ်ချက်အတိုင်း ခန္ဓာတစ်ပါး တစ်ပါးစီ၌ (၁၁)မျိုးသော အခြင်းအရာအားဖြင့် ဝိပဿနာ ရှုပွားလိုခဲ့သော် ရှုနိုင်ပါသည်။

၁။ အတိတ် —

အသင်ယောဂီသူတော်ကောင်းသည် သိမ်းဆည်း၍ရနိုင်သမျှ အတိတ်ဘဝများစွာတို့တွင် အစွန်ဆုံးအတိတ်ဘဝမှစ၍ (ဥပမာ ၉-ခုမြောက်အတိတ်ဘဝ သို့မဟုတ် ၅-ခုမြောက်အတိတ်ဘဝမှစ၍) ရုပ်တရားများ၏ ထိုထို ခဏ ထိုထိုအတိတ်ဘဝမှာပင် ဖြစ်ပြီးနောက် ကုန်ကုန်ပျောက်ပျောက်သွားသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စ အနိစ္စဟု ရှုပါ။ ထိုသို့ရှုရာ၌ ထိုထိုရုပ်တရား၏ ထိုထိုခဏ ထိုထိုဘဝမှာပင် ဖြစ်ပြီးနောက် ကုန်ကုန် ပျောက်ပျောက်သွားမှု, ခဏတစ်ခုမှ ခဏတစ်ခုသို့ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့ဖြစ်ရိုး မရှိမှု သဘောကိုကား အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်တွင် ထင်ထင်လင်းလင်းကြီး မြင်နေအောင် ကြိုးစား၍ ရှုပါ။ ဤအပိုင်းတွင်ကား ဘဝတစ်ခုမှ ရုပ်တရားများ ဘဝတစ်ခုသို့ ပြောင်းရွှေ့မှု မရှိပုံကို ဦးစားပေး၍ ရှုပါ။

၂။ ပစ္စုပ္ပန် —

၃။ အနာဂတ်ရုပ်တို့၌ အနာဂတ်အဆက်ဆက် ဆုံးသည့်တိုင်အောင် နည်းတူရှုပါ။

၄။ အဇ္ဈတ္တရုပ် —

၅။ ဗဟိဒ္ဓရုပ်တရားတို့ကိုလည်း ထိုထိုခဏ ထိုထိုသန္တာန်၌သာ ဖြစ်ပြီးနောက် ကုန်ကုန်ပျောက်ပျောက် သွားသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍, အဇ္ဈတ္တသန္တာန်မှ ဗဟိဒ္ဓသန္တာန်သို့ ဗဟိဒ္ဓသန္တာန်မှ အဇ္ဈတ္တ သန္တာန်သို့ ပြောင်းရွှေ့မဖြစ်သည်ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ရှုပါ။ ဗဟိဒ္ဓရှုရာ၌ အနီးမှသည် အဝေးသို့ တစ်စတစ်စ တိုးချဲ့၍ (၃၁)ဘုံကို စွမ်းနိုင်ပါက အနန္တစကြဝဠာကို ခြုံငုံ၍ ရှုနိုင်သည့်တိုင်အောင် လေ့ကျင့်ပါ။

၆။ ဩဠာရိကရုပ်
၇။ သုခုမရုပ်
၈။ ဟီနရုပ်
၉။ ပဏီတရုပ်
၁၀။ ဒူရရုပ်
၁၁။ သန္တိကရုပ်တို့ကိုလည်း —

ကာလသုံးပါး, သန္တာန်နှစ်ပါး အတွင်း၌ အထက်တွင် ဖော်ပြခဲ့သော ခွဲခြားသတ်မှတ်ပုံအတိုင်း ဩဠာရိက ရုပ်ကို တစ်ပုံ, သုခုမရုပ်ကို တစ်ပုံ ဤသို့စသည်ဖြင့် တစ်ပုံစီ တစ်ပုံစီ ပုံ၍ ထိုထို ရုပ်တရားတို့၏ ထိုထို ခဏ၌ ဖြစ်ပြီးနောက် ကုန်ကုန် ပျောက်ပျောက် သွားမှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စ အနိစ္စဟု တွင်တွင် ရှုနေပါ။ အနိစ္စလက္ခဏာယာဉ်တင်၍ ရှုသည့်ပုံစံအတိုင်း ဒုက္ခလက္ခဏာယာဉ်တင်၍လည်း ရှုပါ၊ အနတ္တလက္ခဏာ-ယာဉ်တင်၍လည်း ရှုပါ။

ထိုသို့ ရှုရာ၌ အတိတ်ပစ္စုပ္ပန်အနာဂတ် ကာလသုံးပါးကို မူလထား၍ အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကတို့ကို မူလီသွတ်၍ ရှုရန်ဖြစ်သည်။ ဆိုလိုသည်မှာ —

အတိတ်ရုပ် = အတိတ်ရူပက္ခန္ဓာ၌လည်း —

၁။ အဇ္ဈတ္တရုပ်
၂။ ဗဟိဒ္ဓရုပ်
၃။ ဩဠာရိကရုပ်
၄။ သုခုမရုပ်
၅။ ဟီနရုပ်
၆။ ပဏီတရုပ်
၇။ ဒူရရုပ်
၈။ သန္တိကရုပ်တို့ကို ဝိပဿနာရှုရန် ဖြစ်သည်။

တစ်ဖန် အတိတ် အဇ္ဈတ္တရုပ်၌လည်း —

၁။ ဩဠာရိကရုပ်
၂။ သုခုမရုပ်
၃။ ဟီနရုပ်
၄။ ပဏီတရုပ်
၅။ ဒူရရုပ်
၆။ သန္တိကရုပ် ဟု (၆)မျိုး ခွဲ၍ ရှုပါ။

အလားတူပင် အတိတ်ဗဟိဒ္ဓရုပ်၌လည်း (၆)မျိုးပင်ခွဲ၍ ရှုပါ။ အတိတ်အဇ္ဈတ္တရုပ် အတိတ်ဗဟိဒ္ဓရုပ်၌ (၆)မျိုးစီ ခွဲရှုသကဲ့သို့ အလားတူပင် ပစ္စုပ္ပန်အဇ္ဈတ္တရုပ် ပစ္စုပ္ပန်ဗဟိဒ္ဓရုပ်, အနာဂတ်အဇ္ဈတ္တရုပ် အနာဂတ် ဗဟိဒ္ဓရုပ်တို့၌လည်း (၆)မျိုးစီပင် ခွဲ၍ ရှုပါ။ ဝေဒနာက္ခန္ဓာစသည့် နာမ်ခန္ဓာတို့၌လည်း နည်းမှီး၍ ပုံစံတူပင်ရှုပါ။

အတိတ်ပဲဖြစ်ဖြစ်, ပစ္စုပ္ပန်ပဲဖြစ်ဖြစ်, အနာဂတ်ပဲဖြစ်ဖြစ်, အဇ္ဈတ္တပဲဖြစ်ဖြစ်, ဗဟိဒ္ဓပဲဖြစ်ဖြစ်, ဩဠာရိကပဲ ဖြစ်ဖြစ်, သုခုမပဲဖြစ်ဖြစ်, ဟီနပဲဖြစ်ဖြစ်, ပဏီတပဲဖြစ်ဖြစ်, ဒူရပဲဖြစ်ဖြစ်, သန္တိကပဲဖြစ်ဖြစ်, ဤ (၁၁)မျိုးသော

အခြင်းအရာအားဖြင့် တည်နေသော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်ဟူသော ခန္ဓာငါးပါးတို့ကို ခန္ဓာတစ်ပါးစီ တစ်ပါးစီ ခြုံငုံ၍ အတိတ်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် တိုးလျှိုပေါက် လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာရှုနိုင်ပါကလည်း သာဝကပါရမီဉာဏ်အရာ၌ လုံလောက်သည်ပင် ဖြစ်သည်ဟု ဤကျမ်းက လက်ခံလျက်ပင် ရှိပါသည်။ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ = ဖြစ်သောတရား မှန်သမျှ အားလုံး ပျက်၏ဟု တေဘူမက သင်္ခါရတရားအားလုံးကို ခြုံရှုသော ရှုကွက်ကို ထောက်ပါ။ (သံ-၃-၃၉၇။) (ကီသုကောပမ သုတ္တန်။) တေဘူမက ကမ္မဋ္ဌာနိက ရဟန္တာမထေရ်မြတ်ကြီး၏ ရှုကွက် ဖြစ်သည်။

## လက္ခဏာဝေတ္တာန ဝါရ = အနိစ္စသမ္မသန, ဒုက္ခသမ္မသန, အနတ္တသမ္မသန

ဤသို့လျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့်ပြားသော ရုပ်တရားကို ဝိပဿနာဉာဏ်ဖြင့် သုံးသပ်ရှုပွား-ခြင်းကြောင့် (၁၁)မျိုးအပြားရှိသည်လည်း ဖြစ်သော ဤအလုံးစုံသော သမ္မသနသည် **အနိစ္စံ ခယဋ္ဌေန**= ယင်း ရုပ်တရား၏ ဖြစ်ပြီးနောက် ကုန်ကုန်ပျောက်ပျောက်သွားခြင်းကြောင့် **အနိစ္စ**ဟူသော တစ်ခုသော အခြင်းအရာ အားဖြင့် ဖြစ်သော ဤသမ္မသန၏အစွမ်းဖြင့် အနိစ္စဟူသော တစ်ခုသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်းပြု၍ တစ်ခုသော သမ္မသန မည်၏။ အနိစ္စဟု တစ်ခုသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်းပြု၍ တစ်ခုသော သမ္မသန မည်သော်လည်း အတိတ်စသော တည်ရာ ဩကာသ အပြားအားဖြင့် (၁၁)မျိုး အပြားရှိပေသည်။ (ဝိသုဒ္ဓိ-၂-၂၄၅။)

တစ်ဖန် အလုံးစုံသာလျှင် ဖြစ်သော ထို (၁၁)မျိုး အပြားရှိသည်လည်း ဖြစ်သော ရုပ်သည် **ဘယဋ္ဌေ** = ကြောက်အပ်သောသဘော ရှိသည်၏ အဖြစ်ကြောင့် ဒုက္ခမည်၏ဟု သုံးသပ်ရှုပွား၏ = ဒုက္ခ ဒုက္ခဟု ရှု၏။ **ဘယဋ္ဌ**-ဟူသည်ကား ကြောက်အပ်သော အနက်သဘောရှိသည်၏ အဖြစ်ကြောင့်ဟု ဆိုလို၏။ မှန်ပေသည် - အကြင်ရုပ်သည် ဖြစ်ပြီးလျှင် ပျက်တတ်သည့် မမြဲသော အနိစ္စသဘော ရှိ၏၊ ထိုအနိစ္စဖြစ်သော ရုပ်သည် ကြောက်မက်ဖွယ်ဘေးကို ဆောင်တတ်၏။ အဘယ်သူတို့အား ကြောက်မက်ခြင်းကို ဖြစ်စေသကဲ့သို့နည်းဟူမူကား **သီဟောပမသုတ္တန်**ကို ဘုရားရှင်သည် ဟောကြားတော်မူအပ်သည်ရှိသော် အသက်ရှည်ကြသော နတ်ဗြဟ္မာ-တို့အား ကြောက်ရွံ့ထိတ်လန့်ခြင်းသည် ဖြစ်သကဲ့သို့တည်း။ —

## သီဟောပမသုတ္တန်

ရဟန်းတို့ . . . သားတို့သနင်း ကေသရာဇာခြင်္သေ့မင်းသည် ညချမ်းအခါ နေရာမှထွက်၍ စမွှင်ပြီးလျှင် ထက်ဝန်းကျင်အရပ်လေးမျက်နှာတို့ကို ကြည့်၍ သုံးကြိမ်တိုင်တိုင် ခြင်္သေ့သံကို ဟောက်လျက် ကျက်စားရာ အရပ်သို့သွား၏၊ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်း၏ဟောက်သံကို ကြားရသော တိရစ္ဆာန်သတ္တဝါ အားလုံး-တို့သည် များသောအားဖြင့် ထိတ်ခြင်း လန့်ခြင်းသို့ ရောက်ကုန်၏။ တွင်းနေသတ္တဝါတို့သည် တွင်းသို့ ဝင်ကုန်၏၊ ရေနေသတ္တဝါတို့သည် ရေသို့ ဝင်ကုန်၏၊ တောနေသတ္တဝါတို့သည် တောသို့ ဝင်ကုန်၏၊ ငှက်တို့သည် ကောင်း-ကင်သို့ ပျံကုန်၏၊ ရဟန်းတို့ ရွာနိဂုံးမင်းနေပြည်တို့၌ ခိုင်ခံ့သော ကြိုးတို့ဖြင့် ချည်ထားအပ်ကုန်သော မင်းတို့၏ ဆင်တို့သော်မှလည်း ထိုကြိုးတို့ကို ဖြတ်ကုန်လျက် ချိုးဖဲ့ပြီးလျှင် ကြောက်သဖြင့် ကျင်ငယ်ကျင်ကြီးတို့ကို စွန့်ကြကာ ထိုမှ ဤမှ ပြေးသွားကုန်၏၊ ရဟန်းတို့ သားတို့သနင်း ခြင်္သေ့မင်းသည် တိရစ္ဆာန်သတ္တဝါတို့တွင် ဤသို့ တန်ခိုး ကြီး၏၊ ဤသို့ အစိုးရ၏၊ ဤသို့ အာနုဘော်ကြီး၏။

ရဟန်းတို့ . . . ဤဥပမာအတူပင် အကြင်အခါ၌ လူနတ်ဗြဟ္မာသတ္တဝါတို့၏ မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်တော်, အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, အသိဉာဏ် = ဝိဇ္ဇာ, အကျင့် = စရဏနှင့် ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်, ကောင်းသောစကားကို ဆိုတော်မူတတ်သော သုဂတဂုဏ်တော်, လောကကိုသိတော်မူသော လောကဝိဒူဂုဏ်-တော်, ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်, နတ်လူတို့၏ ဆရာဖြစ်တော်မူသော သတ္ထာဒေဝမနုဿာနဂုဏ်တော်, ကျွတ်ထိုက်သသူ ဝေနေယျတို့အား သစ္စာလေးပါးတရားတို့ကို သိစေတော်မူတတ်သော ဗုဒ္ဓဂုဏ်တော်, ဘုန်းတန်ခိုး ကြီးမြတ်တော်မူသော ဘဂဝါဂုဏ်တော် — ဤသို့ ဂုဏ်တော် (၉)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်းပေါ်ပေါက်တော်မူလာ၏။ ထိုမြတ်စွာဘုရားသည် —

၁။ ဤကား ရုပ်တရားတည်း၊
၂။ ဤကား ရုပ်တရား၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း၊
၃။ ဤကား ရုပ်တရား၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

၁။ ဤကား ဝေဒနာတည်း၊
၂။ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း၊
၃။ ဤကား ဝေဒနာ၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

၁။ ဤကား သညာတည်း၊
၂။ ဤကား သညာ၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း၊
၃။ ဤကား သညာ၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

၁။ ဤသည်တို့ကား သင်္ခါရတို့တည်း၊
၂။ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း၊
၃။ ဤကား သင်္ခါရတို့၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

၁။ ဤကား ဝိညာဏ်တည်း၊
၂။ ဤကား ဝိညာဏ်၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောတည်း၊
၃။ ဤကား ဝိညာဏ်၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတည်း။

ဤသို့လျှင် တရားတော်ကို ဟောကြားတော်မူ၏။ ရဟန်းတို့ . . . ထိုအခါ အသက်ရှည်ကုန်သော အဆင်းလှကုန်သော ချမ်းသာများကုန်သော မြင့်သောဗိမာန်တို့၌ ကြာမြင့်စွာတည်ကုန်သော နတ်တို့သော်မှလည်း မြတ်စွာဘုရား၏ တရားသံကို ကြားနာရ၍ —

အချင်းတို့ . . . ငါတို့သည် မမြဲသူတို့သာ ဖြစ်ကုန်လျက် မြဲကြကုန်၏ဟု ထင်မိခဲ့ကုန်၏၊ အချင်းတို့ ငါတို့-သည် မခိုင်ခံ့သူတို့သာ ဖြစ်ကြကုန်လျက် ခိုင်ခံ့ကုန်၏ဟု ထင်မိခဲ့ကုန်၏၊ အချင်းတို့ ငါတို့သည် မတည်တံ့သူတို့သာ ဖြစ်ကြကုန်လျက် တည်တံ့ကုန်၏ဟု ထင်မိခဲ့ကုန်၏။ အချင်းတို့ ငါတို့သည်လည်း မမြဲကြဘူးတဲ့ မခိုင်ခံ့ကြဘူးတဲ့ မတည်တံ့ကြဘူးတဲ့ သက္ကာယ၌ အကျုံးဝင်ကုန်သတဲ့ (= ထင်ရှားရှိသော ခန္ဓာငါးပါး၌ အကျုံးဝင်ကုန်သတဲ့)ဟု အများအားဖြင့် ကြောက်ခြင်း ထိတ်ခြင်း လန့်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ . . . မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ ဤသို့ တန်ခိုးကြီးတော်မူ၏။ ဤသို့ အစိုးရတော်မူ၏။ ဤသို့ အာနုဘော်ကြီးမြတ်တော်မူ၏။ (သံ-၂-၇၀။)

ဤသို့လျှင် အတိတ်စသောအားဖြင့် ပြားသောရုပ်ကို ဒုက္ခ ဒုက္ခဟု သုံးသပ်ခြင်းကြောင့် (၁၁)မျိုး အပြား ရှိသည်လည်းဖြစ်သော ဤအလုံးစုံသော သမ္မသနသည်လည်း — **ဒုက္ခံ ဘယဋ္ဌေန** = ကြောက်လန့်ဖွယ် အနက် သဘောကြောင့် ဒုက္ခဟူသော အခြင်းအရာအားဖြင့် သုံးသပ်သော ဤသမ္မသန၏ အစွမ်းဖြင့် ဒုက္ခဟူသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်းပြု၍ တစ်ခုသော သမ္မသန မည်၏။ ထိုသို့ပင် မည်ပါသော်လည်း အတိတ်စသော တည်ရာ ဩကာသအားဖြင့် (၁၁)မျိုး ပြား၏။ (ဝိသုဒ္ဓိ-၂-၂၄၅။)

အလုံးစုံသောရုပ်သည် ဒုက္ခချည်းသာလျှင် ဖြစ်သကဲ့သို့ ဤအတူ အလုံးစုံလည်းဖြစ်သော ထိုရုပ်သည် **အနတ္တာ အသာရကဋ္ဌေန** = အတ္တဟူသော အနှစ်သာရ မရှိသည်၏ အဖြစ်ကြောင့် အနတ္တမည်၏ = အနတ္တဟု သုံးသပ်၏။ **အသာရကဋ္ဌေန**-ဟူသည်ကား ခန္ဓာငါးပါးအပေါင်းကိုသော်လည်းကောင်း, ထိုခန္ဓာငါးပါး၏ တစ်စိတ် တစ်ဒေသကိုသော်လည်းကောင်း, အတ္တဝါဒသမားတို့က အတ္တကောင်ဟု ကြံဆအပ်၏၊ ထို အတ္တကောင်ဟု ကြံဆ-အပ်သော ထိုခန္ဓာငါးပါး အပေါင်းသည်လည်း အနိစ္စသာ မှန်၏၊ ဒုက္ခသာ မှန်၏။ သို့သော် အတ္တဝါဒသမားတို့က ယင်းခန္ဓာငါးပါး၏ အပေါင်းကို သို့မဟုတ် တစ်စိတ်တစ်ဒေသကို —

၁။ အတ္တ = မပျက်စီးဘဲ အကျိတ်အခဲ အမြဲတည်နေသည့် အတ္တကောင်ဟု,
၂။ နိဝါသီ = ခန္ဓာအိမ်ထဲ၌ အမြဲနေလေ့ရှိသည့် နိဝါသီ အတ္တဟု,
၃။ ကာရက = ပြုလုပ်ဖွယ် မှန်သမျှကို ပြုလုပ်တတ်သော အတ္တဟု,
၄။ ဝေဒက = ခံစားဖွယ် သုခဒုက္ခမှန်သမျှကို ခံစားတတ်သော အတ္တဟု,
၅။ သယံဝသီ = ခန္ဓာအိမ်ကို မိမိအလိုသို့ လိုက်ပါစေတတ်သော အတ္တဟု —

ကြံဆတတ်၏။ ဤသို့ အတ္တဝါဒသမားတို့က ကြံဆအပ်သော အတ္တဟူသော အနှစ်သာရ၏ မရှိသည်၏ အဖြစ်ကြောင့် အနိစ္စ ဒုက္ခဖြစ်သော ခန္ဓာအပေါင်းသည် အနတ္တမည်၏။ မှန်ပေသည် — အကြင် ရုပ်တရားသည် အနိစ္စဖြစ်၏၊ ထိုရုပ်တရားသည် ဒုက္ခသာတည်း။ ထို အနိစ္စ ဒုက္ခဖြစ်သော ရုပ်သည် မိမိရုပ်တရား၏သော်လည်း အနိစ္စ၏အဖြစ်ကိုလည်းကောင်း, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်း ဒုက္ခ၏အဖြစ်ကို လည်းကောင်း တားမြစ်ခြင်းငှာ မစွမ်းနိုင် ဖြစ်ရတုံသေး၏။ ထိုအနိစ္စဖြစ်သော ရုပ်တရား၏ ပြုစီရင်တတ်သူ ကာရကအစရှိသော အဖြစ်သည် အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် ဘုရားရှင်သည် ဤသို့ ဟောကြား ထားတော်မူ၏။ —

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

(သံ-၂-၅၅ — အနတ္တလက္ခဏသုတ်။)

ရဟန်းတို့ . . . ဤရုပ်တရားသည်ကား အကယ်၍ အတ္တသာ (နိဝါသီ ကာရက ဝေဒက သယံဝသီ အတ္တသာ) ဖြစ်ဘိပါမူကား ဤရုပ်တရားသည် ညှဉ်းပန်းနှိပ်စက်ခြင်းငှာ မဖြစ်လေရာ။ (သံ-၂-၅၅။)

ဤသို့လျှင် အတိတ်စသောအားဖြင့် ပြားသောရုပ်တရားကို အနတ္တဟု သုံးသပ်ခြင်းကြောင့် (၁၁)ပါး အပြား ရှိသည်လည်းဖြစ်သော ဤသမ္မသနသည်လည်း — **အနတ္တာ အသာရကဋ္ဌေန** = အတ္တဟူသော အနှစ်သာရ မရှိခြင်းကြောင့် အနတ္တဟု တစ်ခုသော အခြင်းအရာအားဖြင့် သုံးသပ်သော ဤသမ္မသန၏ အစွမ်းဖြင့် အနတ္တဟု တစ်ခုသော အခြင်းအရာအားဖြင့် သုံးသပ်ခြင်းကို အကြောင်းပြု၍ တစ်ခုသော သမ္မသန မည်၏။ ထိုသို့ပင် ဖြစ်သော်လည်း အတိတ်စသော တည်ရာ ဩကာသ အပြားအားဖြင့် (၁၁)မျိုး ပြား၏။ ဝေဒနာက္ခန္ဓာ စသော နာမက္ခန္ဓာလေးပါးတို့၌ ဤရူပက္ခန္ဓာ၌ ဆိုအပ်သောနည်းကို ဆောင်အပ်ပေ၏။ (ဝိသုဒ္ဓိ-၂-၂၄၆။)

## သင်္ခါရဒုက္ခသည်သာ လိုရင်းဖြစ်သည်

၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်နှင့်ယှဉ်သော ကာယိက ဒုက္ခဝေဒနာ, ဒေါသနှင့်ယှဉ်သော ဒေါမနဿ = စေတသိကဝေဒနာသည် သဘာဝအားဖြင့်လည်းကောင်း အမည်နာမအားဖြင့်လည်းကောင်း ဒုက္ခအစစ် ဖြစ်သောကြောင့် **ဒုက္ခဒုက္ခ** မည်၏။

၂။ သုခဝေဒနာသည် ဖောက်ပြန်ပျက်စီးခြင်းဖြင့် ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် **ဝိပရိဏာမ ဒုက္ခ** မည်၏။

၃။ ဥပေက္ခာဝေဒနာသည်လည်းကောင်း, ဝေဒနာသုံးမျိုးမှ ကြွင်းကုန်သော တေဘူမက = ဘုံသုံးပါးအတွင်း၌ ရှိသော သင်္ခါရတရားမှန်သမျှသည်လည်းကောင်း, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်း နှိပ်စက်ခံရတတ်သည့် အတွက်ကြောင့် **သင်္ခါရဒုက္ခ** မည်၏။ (ဝိသုဒ္ဓိ-၂-၁၃၀။)

တီသု ဒုက္ခတာသု သင်္ခါရဒုက္ခတာဝ ဗျာပိနီ, "ယဒနိစ္စံ၊ တံ ဒုက္ခ"န္တိ စ အဓိပ္ပေတာတိ ဝုတ္တံ **"အနိစ္စတံ ဝါ ဥဒယဗ္ဗယပဋိပီဠနံ ဝါ"**တိ။ (မဟာဋီ-၂-၃၉၂။)

ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော ယင်းဒုက္ခတာသုံးမျိုးတွင် သင်္ခါရဒုက္ခတာဟူသော သင်္ခါရ ဒုက္ခလက္ခဏာသည်သာလျှင် ဒုက္ခသုံးမျိုးလုံးသို့ ပျံ့နှံ့၍တည်၏။ (ဆိုလိုသည်မှာ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ တို့သည်လည်း ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရသည်သာ ဖြစ်ကြ၏၊ ထို့ကြောင့် ယင်း ဒုက္ခနှစ်မျိုးတို့သည်လည်း သင်္ခါရဒုက္ခဟူသော အမည်ကို ရရှိနိုင်သည်သာ ဖြစ်၏။ သို့သော် ဒုက္ခဒုက္ခ ဝိပရိဏာမ ဒုက္ခဟူသော အမည်ထူးကို ရရှိထားသောကြောင့်သာ သင်္ခါရဒုက္ခဟု မဆိုခြင်းဖြစ်သည်၊ သင်္ခါရဒုက္ခ မဟုတ်၍ သင်္ခါရဒုက္ခဟု မဆိုသည်ကား မဟုတ်၊ ထို့ကြောင့် သင်္ခါရဒုက္ခတာဟူသော သင်္ခါရဒုက္ခလက္ခဏာသည်သာလျှင် ဒုက္ခသုံးမျိုးလုံးသို့ ပျံ့နှံ့၍ တည်ပေ၏ ဟူလိုသည်။) ယဒနိစ္စံ၊ တံ ဒုက္ခံ = အကြင်တရားသည် အနိစ္စတည်း၊ ထိုတရားသည် ဒုက္ခတည်း — ဤသို့လည်း အလိုရှိအပ်သည်သာတည်း။ ထို့ကြောင့် —

အနိစ္စတံ ဝါ ဥဒယဗ္ဗယပီဠနံ ဝါ ဝါရေတုံ န သက္ကောတိ။ (ဝိသုဒ္ဓိ-၂-၂၄၅။)

အကြင်ရုပ်တရားသည် အနိစ္စဖြစ်၏၊ ထိုရုပ်တရားသည် ဒုက္ခသာတည်း၊ ထိုအနိစ္စဒုက္ခဖြစ်သော ရုပ်သည် မိမိရုပ်တရား၏သော်လည်း အနိစ္စ၏ အဖြစ်ကိုလည်းကောင်း, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်း ဒုက္ခ၏ အဖြစ်ကိုလည်းကောင်း, တားမြစ်ခြင်းငှာ မစွမ်းနိုင်ဖြစ်တုံသေး၏၊ ထိုအနိစ္စဖြစ်သော ရုပ်တရား၏ ပြုစီရင်တတ်သူ ကာရကအစရှိသော အဖြစ်သည် အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း — ဤသို့ စသည်ဖြင့် အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်းဖြစ်၏။ (မဟာဋီ-၂-၃၉၂။)

## သမ္မသနအပြား

ရူပက္ခန္ဓာ၌ အတိတ်အနာဂတ် စသည်ဖြင့် ခွဲခြားကွဲပြားမှုကို မပြုဘဲ အနိစ္စဟု သုံးသပ်မှု, ဒုက္ခဟု သုံးသပ်မှု, အနတ္တဟု သုံးသပ်မှုကိုသာ ယူခဲ့သော် အဘေဒအားဖြင့် သမ္မသနသုံးမျိုး ပြား၏။ အနိစ္စာနုပဿနာဉာဏ်စသော အနုပဿနာဉာဏ်တို့၏ တည်ရာဩကာသ အပြားအားဖြင့်ကား အနိစ္စာနုပဿနာဉာဏ်၌ (၁၁)မျိုး, ဒုက္ခာ-နုပဿနာဉာဏ်၌ (၁၁)မျိုး, အနတ္တာနုပဿနာဉာဏ်၌ (၁၁)မျိုးစီ ပြားရကား ရူပက္ခန္ဓာ၌ အတိတ်အနာဂတ် စသော အပြားအားဖြင့် = ဘေဒအားဖြင့် (၃၃)မျိုး ပြား၏။

၁။ ရူပက္ခန္ဓာ၌ အဘေဒအားဖြင့် (၃) မျိုး, ဘေဒအားဖြင့် (၃၃) မျိုး ပြားသကဲ့သို့ အလားတူပင် —

၂။ ဝေဒနာက္ခန္ဓာ၌ အဘေဒအားဖြင့် (၃) မျိုး, ဘေဒအားဖြင့် (၃၃) မျိုး,
၃။ သညာက္ခန္ဓာ၌ အဘေဒအားဖြင့် (၃) မျိုး, ဘေဒအားဖြင့် (၃၃) မျိုး,
၄။ သင်္ခါရက္ခန္ဓာ၌ အဘေဒအားဖြင့် (၃) မျိုး, ဘေဒအားဖြင့် (၃၃) မျိုး,
၅။ ဝိညာဏက္ခန္ဓာ၌ အဘေဒအားဖြင့် (၃) မျိုး, ဘေဒအားဖြင့် (၃၃) မျိုး —

ဤသို့ အသီးအသီး ပြားသည်ဟု မှတ်ပါ။ အားလုံးပေါင်းသော် သမ္မသနဝါရပေါင်း (၁၆၅)ဝါရတို့ကို အဋ္ဌကထာဆရာတော်က ညွှန်ပြအပ်ကုန်၏။ ဒွါရ-ဆက္က စသည်တို့၌လည်း နည်းမှီး၍ သိလေ။

(မဟာဋီ-၂-၃၉၂-၃၉၄။)

## အနိစ္စာနုပဿနာ ပရိယာယ်

တစ်ဖန် အကြင်ရုပ်တရားသည် အနိစ္စတည်း၊ ထိုအနိစ္စဖြစ်သော ရုပ်သည် ကိန်းသေဧကန်မြဲသော နိယမ သဘောအားဖြင့် သင်္ခတအဖြစ်စသော ထူးခြားမှု ဝိသေသ ရှိ၏၊ ထို့ကြောင့် ထိုအနိစ္စ၏ ပရိယာယ်ကို ပြခြင်းငှာ လည်းကောင်း, အထူးထူးသော အခြင်းအရာတို့ဖြင့် အနိစ္စအဖြစ် အနိစ္စာနုပဿနာဉာဏ်ကို တိုးပွားစေသော နှလုံးသွင်းမှု၏ ဖြစ်ပုံအခြင်းအရာကို ညွှန်ပြခြင်းငှာလည်းကောင်း —

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။

ဤသို့ စသော ပါဠိတော်ကို တစ်ဖန်ဟောတော်မူအပ်၏။ ဝေဒနာက္ခန္ဓာစသည်တို့၌လည်း ဤနည်းကို ဆောင်ထိုက်ပေ၏။

၁။ အနိစ္စံ = ဖြစ်ပြီးလျှင် ပျက်ခြင်းသဘော = မရှိခြင်းသဘော၊
၂။ သင်္ခတံ = အကြောင်းတရားတို့သည် ပေါင်းစု၍ ပြုပြင်မှ ဖြစ်ပေါ်လာရသောသဘော၊
၃။ ပဋိစ္စသမုပ္ပန္နံ = အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပေါ်လာရသောသဘော၊
၄။ ခယဓမ္မံ = ကုန်တတ်သောသဘော၊
၅။ ဝယဓမ္မံ = ပျက်တတ်သောသဘော၊
၆။ ဝိရာဂဓမ္မံ = သင်္ခါရတို့၏ ခဏအားဖြင့် ပျက်ခြင်းသဘော၊
(**ခယဝိရာဂေါ**တိ သင်္ခါရာနံ ဘင်္ဂေါ။) (ဝိသုဒ္ဓိ-၁-၂၈၂။)
၇။ နိရောဓဓမ္မံ = သင်္ခါရတို့၏ ခဏအားဖြင့် ချုပ်ခြင်းသဘော —

ယင်း (၇)ပုဒ်တို့တွင် — ခယဓမ္မ, ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓဓမ္မ ဟူသော (၄)ပုဒ်တို့ကား အနိစ္စ၏ ပရိယာယ်တို့တည်း။ အမှတ် (၁) ဖြစ်သော အနိစ္စကား အနိစ္စ၏ ပရိယာယ်မဟုတ်၊ အနိစ္စသည်ပင် အနိစ္စ၏ ပရိယာယ်မဟုတ်သောကြောင့်တည်း။ အမှတ် (၂) သင်္ခတပုဒ်, အမှတ် (၃) ပဋိစ္စသမုပ္ပန္နပုဒ်တို့လည်း အနိစ္စ၏ ပရိယာယ်ပုဒ်တို့ မဟုတ်ကုန်။ အဘယ်ကြောင့်နည်းဟူမူ အနိစ္စပုဒ်က ဖြစ်ပြီးနောက် မရှိခြင်း အနက်သဘောကို ပြသောကြောင့်လည်းကောင်း, သင်္ခတပုဒ် ပဋိစ္စသမုပ္ပန္နပုဒ်တို့က အကျိုးတရားတို့ ဖြစ်ပေါ်လာအောင် မပြု-အပ်သေးမီ, အကြောင်းမညီညွတ်သေးမီ ရှေးမဆွက မရှိသေးခြင်း အနက်သဘောကိုသာ ပြခြင်းကြောင့်တည်း။ စင်စစ်မှာမူ ရှေးမဆွက မရှိသေးခြင်းကို ပြသဖြင့် အနိစ္စအဖြစ်ကို ပြီးစေသောအဖို့၌ကား တည်ကုန်၏။ မှန်ပေ-သည် ထို့ကြောင့်ပင်လျှင် ခပ်သိမ်းကုန်သော (၇)ပုဒ်လုံးတို့၏ အနိစ္စ၏ ပရိယာယ်အဖြစ်၏ မဟုတ်ခြင်း မရှိခြင်းကြောင့် နာနာကာရေဟိ ဝါတိ = အထူးထူးသော အခြင်းအရာတို့ဖြင့် အနိစ္စအဖြစ် အနိစ္စာနုပဿနာဉာဏ်ကို တိုးပွားစေသော နှလုံးသွင်းမှု၏ ဖြစ်ပုံ အခြင်းအရာကို ညွှန်ပြခြင်းငှာလည်းကောင်း ဟု ရည်ရွယ်ချက်တစ်မျိုးကို ထပ်မံ၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။ (မဟာဋီ-၂-၃၉၃။)

## ရှုပုံစနစ်

၁။ (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်အစစ်အားလုံးတို့၏ ဖြစ်ပြီးလျှင် ပျက်သွားမှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အနိစ္စ–အနိစ္စ**ဟု ရှုပါ။ (နာမ်ခန္ဓာတို့၌လည်း နည်းတူ ရှုပါ။)

၂။ (က) ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကို ကံနှင့် အကြောင်း အကျိုးစပ်လျက် **သင်္ခတ–သင်္ခတ** ဟု ရှုပါ = ကံကြောင့် ကမ္မဇရုပ်ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သင်္ခတ–သင်္ခတ** ဟု ရှုပါ။

(ခ) စိတ်ကြောင့် စိတ္တဇရုပ်ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သင်္ခတ–သင်္ခတ** ဟု ရှုပါ။

(ဂ) ဥတုကြောင့် ဥတုဇရုပ်ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သင်္ခတ–သင်္ခတ** ဟု ရှုပါ။

(ဃ) အာဟာရကြောင့် အာဟာရဇရုပ်ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သင်္ခတ–သင်္ခတ** ဟု ရှုပါ။

[**ဝေဒနာက္ခန္ဓာ** စသော နာမ်ခန္ဓာတို့၌လည်း ဆိုင်ရာဆိုင်ရာ အကြောင်းတို့က ပြုပြင်ပေးပါမှ ယင်း အကျိုးတရားတို့၏ ဖြစ်ပေါ်လာရပုံကို ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သင်္ခတ–သင်္ခတ** ဟု ရှုပါ။]

၃။ အလားတူပင် ယင်း ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ကို အစွဲပြု၍ ဆိုင်ရာဆိုင်ရာ အကျိုးတရားတို့ ဖြစ်ပေါ်လာရပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ပဋိစ္စသမုပ္ပန္န–ပဋိစ္စသမုပ္ပန္န** ဟု ရှုပါ။

၄။ ယင်းရုပ်တရားတို့၏ (ဝေဒနာက္ခန္ဓာစသည်တို့၏) ဘင်ကာလ၌ ကုန်ကုန်သွားမှု သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ခယဓမ္မ–ခယဓမ္မ** ဟု ရှုပါ။

၅။ ယင်းရုပ်တရားတို့၏ (ဝေဒနာက္ခန္ဓာစသည်တို့၏) ဘင်ကာလ၌ ပြိုပြိုပျက်ပျက်သွားမှု သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **ဝယဓမ္မ–ဝယဓမ္မ** ဟု ရှုပါ။

၆။ ယင်းရုပ်တရားတို့၏ (ဝေဒနာက္ခန္ဓာစသည်တို့၏) ဘင်ကာလ၌ ကင်းပျောက်သွားမှုသဘောကို ဝိပဿနာဉာဏ်ဖြင့်မြင်အောင်ကြည့်၍ **ဝိရာဂဓမ္မ–ဝိရာဂဓမ္မ** ဟု ရှုပါ။

၇။ ယင်းရုပ်တရားတို့၏ (ဝေဒနာက္ခန္ဓာစသည်တို့၏) ဘင်ကာလတိုင်း၌ ခဏမစဲ တသဲသဲ ချုပ်ဆုံးသွားမှုသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **နိရောဓဓမ္မ–နိရောဓဓမ္မ** ဟု ရှုပါ။

ခန္ဓာငါးပါးလုံး၌ ခန္ဓာတစ်ပါးစီ တစ်ပါးစီခွဲ၍ ပုံစံတူ ရှုရမည် ဖြစ်ပေသည်။ ဗဟိဒ္ဓ၌လည်းကောင်း အတိတ်အနာဂတ်၌လည်းကောင်း ခန္ဓာငါးပါးနည်းဖြင့် ပုံစံတူပင် ရှုပါ။

## အာယတန (၁၂) ပါးနည်း, ဓာတ် (၁၈) ပါးနည်း

နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း စိတ္တက္ခဏ တစ်ခုတစ်ခု၏ အတွင်း၌ အာယတန (၄) ပါးစီ ဓာတ် (၄) ပါးစီခွဲ၍ အာယတန (၁၂) ပါးနည်း, ဓာတ် (၁၈) ပါးနည်းတို့ဖြင့်လည်း ဝိပဿနာရှုလိုက ဆက်လက်ရှုနိုင်ပါသည်။

ရှုကွက်ပုံစံတစ်ခုကို ထုတ်ဆိုရသော် (မ-ဋ္ဌ-၁-၂၆၈။)စသောအဋ္ဌကထာတို့၌ ဤသို့ ညွှန်ကြားထားတော်မူ၏။

စက္ခုဝိညာဏ် စိတ္တက္ခဏ အခိုက်၌ —

၁။ စက္ခုပသာဒ = စက္ခုအကြည်သည် = စက္ခာယတန = စက္ခုဓာတ်,

၂။ ရူပါရုံသည် = ရူပါယတန = ရူပဓာတ်,

၃။ စက္ခုဝိညာဏ်သည် = မနာယတန = စက္ခုဝိညာဏဓာတ်,
၄။ စက္ခုဝိညာဏ်နှင့် ယှဉ်ဖက်စေတသိက် (၇) လုံးတို့သည် = ဓမ္မာယတန = ဓမ္မဓာတ် —

ဤသို့လျှင် အာယတန (၄) ပါး, ဓာတ် (၄) ပါး ရှိကြောင်း ဖွင့်ဆိုထားတော်မူ၏။ ထိုသို့ ဖွင့်ဆိုထားတော်မူသည့်အတိုင်း စိတ္တက္ခဏတိုင်း၌ အာယတန ဓာတ်တို့ကို ထိုက်သည့်အားလျော်စွာ ဖွဲ့၍ ယင်း အာယတန ဓာတ် ပရမတ်တရားတို့ကိုလည်း လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါသည်။

## သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ရှုကွက်များ

ဘုရားရှင်သည် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်တွင် အာယတနဒေသနာနည်းရှုကွက်, ဓာတုဒေသနာ-နည်းရှုကွက်များကို များစွာ ဟောကြားထားတော်မူခဲ့၏။ ဤတွင် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် အာဒိတ္တ-ပရိယာယသုတ္တန်၌လာသော ရှုကွက်တစ်မျိုးကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ ယင်း ရှုကွက်မှာ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၌လာရှိသော ရှုကွက်အားလုံးကို ခြုံမိ ငုံမိသော ရှုကွက်လည်း ဖြစ်ပေသည်။

ဣတိ စက္ခု အနိစ္စံ၊ ရူပါ အနိစ္စာ၊ စက္ခုဝိညာဏံ အနိစ္စံ၊ စက္ခုသမ္ဖဿော အနိစ္စော၊ ယမ္ပိဒံ စက္ခုသမ္ဖဿ-ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စံ။ (သံ-၂-၃၇၈။)

အထက်ပါ ပါဠိတော်၏ ဆိုလိုရင်း ရှုကွက်မှာ ဤသို့ဖြစ်၏။

၁။ စက္ခုပသာဒ = စက္ခုအကြည်ဓာတ်ကို အနိစ္စဟု ရှုပါ။
၂။ ရူပါရုံကို အနိစ္စဟု ရှုပါ၊
၃။ စက္ခုဝိညာဏ်ကို အနိစ္စဟု ရှုပါ။
၄။ စက္ခုသမ္ဖဿကို အနိစ္စဟု ရှုပါ။
၅။ စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော သုခဝေဒနာ, သို့မဟုတ် ဒုက္ခဝေဒနာ, သို့မဟုတ် ဥပေက္ခာဝေဒနာကို အနိစ္စဟု ရှုပါ။

ဤကား အထက်ပါ ပါဠိတော်၏ ဆိုလိုရင်းတည်း။ ဤအရာတွင် အမှတ် (၅) ဖြစ်သည့် စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာသည့် သုခဝေဒနာကိုလည်းကောင်း ဒုက္ခဝေဒနာကိုလည်းကောင်း ဥပေက္ခာဝေဒနာ-ကိုလည်းကောင်း ဤသုံးမျိုးသော ဝေဒနာတို့ကိုလည်း ဝိပဿနာရှုရန် ဘုရားရှင်၏ ညွှန်ကြားတော်မူချက်မှာ ဝေဒနာတစ်ခုတည်းကိုသာ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူသည်ကား မဟုတ်၊ အောက်တွင် ဖော်ပြထား-သော စူဠရာဟုလောဝါဒသုတ္တန်နှင့်အညီ စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြသော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူသော ယှဉ်ဖက်သမ္ပယုတ်တရားအားလုံးကိုပင် ဝိပဿနာရှုရမည်ဟု မှတ်သားပါ။

ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ . . .
(မ-၃-၃၂၅။ သံ-၂-၃၂၄။) (**စူဠရာဟုလောဝါဒသုတ္တန်**)

ဤ စူဠရာဟုလောဝါဒသုတ္တန်၌ ဘုရားရှင်သည် စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြကုန်-သော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသော နာမ်ခန္ဓာလေးပါးကို ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ စက္ခုသမ္ဖဿကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြကုန်သော နာမ်ခန္ဓာတို့မှာ —

၁။ ပဥ္စဒွါရာဝဇ္ဇန်း နာမ်ခန္ဓာ (၄)ပါး,
၂။ စက္ခုဝိညာဏ် နာမ်ခန္ဓာ (၄)ပါး,

၃။ သမ္ပဋိစ္ဆိုင်း နာမ်ခန္ဓာ (၄) ပါး,
၄။ သန္တီရဏ နာမ်ခန္ဓာ (၄) ပါး,
၅။ ဝုဋ္ဌော နာမ်ခန္ဓာ (၄) ပါး,
၆။ ဇော အသီးအသီး၌ နာမ်ခန္ဓာ (၄) ပါးစီ,
၇။ တဒါရုံ အသီးအသီး၌ နာမ်ခန္ဓာ (၄) ပါးစီ,
*(ဘဝင်နာမ်ခန္ဓာများ)
၈။ မနောဒွါရာဝဇ္ဇန်း နာမ်ခန္ဓာ (၄) ပါး,
၉။ ဇော အသီးအသီး၌ နာမ်ခန္ဓာ (၄) ပါးစီ,
၁၀။ တဒါရုံ အသီးအသီး၌ နာမ်ခန္ဓာ (၄) ပါးစီ —

ဤသို့စသည့် နာမ်ခန္ဓာ အသီးအသီးတို့ ဖြစ်၏။ စက္ခုဒွါရဝီထိ နာမ်တရားများနှင့် မနောဒွါရဝီထိ နာမ်တရားများ၏ အကြားအကြား၌ တည်ရှိကြသော ဘဝင်နာမ်ခန္ဓာလေးပါးတို့မှာ စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာကြသည့် နာမ်ခန္ဓာတို့ မဟုတ်ကြသော်လည်း ဝိပဿနာရှုရာ၌ ရောနှော၍ကား ရှုနိုင်သည်သာ ဖြစ်၏။ ရှုကောင်းသည်သာ ဖြစ်၏။ ပဉ္စဒွါရာဝဇ္ဇန်း နာမ်ခန္ဓာလေးပါးတို့ကိုလည်း မကင်းစကောင်းသော အဝိနာဘာဝ နည်းအရ ဝိပဿနာရှုခြင်းပင် ဖြစ်ပေသည်။

## သတိပဋ္ဌာန်ကျင့်ထုံး ဥပဒေသများ

ထိုသို့ နာမ်တရားတို့ကို ဝိပဿနာရှုရာ၌ စိတ္တက္ခဏတိုင်းဝယ် နာမ်ခန္ဓာလေးပါးလုံးကို ကုန်စင်အောင် ဝိပဿနာရှုစေလိုလျှင် အဘယ်ကြောင့် ဘုရားရှင်သည် —

၁။ စက္ခုဝိညာဏ်စသည့် ဝိညာဏ်,
၂။ စက္ခုသမ္ဖဿစသည့် ဖဿ,
၃။ စက္ခုသမ္ဖဿပစ္စယာ ဝေဒနာစသည့် ဝေဒနာ —

ဤ ဝိညာဏ်, ဖဿ, ဝေဒနာသုံးမျိုးတို့ကိုသာ ရွေးထုတ်၍ ဟောတော်မူရပါသနည်းဟု မေးရန်ရှိ၏။ အဖြေကား နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားရာ၌ —

၁။ ဝိညာဏ်ကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုနည်း,
၂။ ဖဿကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက်ဝိပဿနာရှုနည်း,
၃။ ဝေဒနာကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုနည်း —

ဤသို့လျှင် နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားပုံ နည်းဥပဒေသ သုံးမျိုး ရှိကြောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတော်မူလိုသည်ဖြစ်၍ ဘုရားရှင်သည် နာမ်တရားတို့ကို ဝိပဿနာရှုရန် ညွှန်ကြားပြသတော်မူရာ၌ ဝိညာဏ်, ဖဿ, ဝေဒနာသုံးမျိုးတို့ကို နာမ်တရားအပေါင်းမှ ရွေးထုတ်၍ ညွှန်ကြားတော်မူခြင်း ဖြစ်သည်။ ဤညွှန်ကြားချက်များကို ဦးထိပ်ရွက်ပန်ဆင်လျက် အဋ္ဌကထာကြီးများကလည်း နာမ်ကမ္မဋ္ဌာန်းပိုင်း၌ သိမ်းဆည်းပုံ ရှုပွားပုံ သုံးနည်းရှိကြောင်းကို ဖွင့်ဆိုရေးသားတော်မူခြင်း ဖြစ်ကြသည်။ (အကျယ်ကို နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ပြန်ကြည့်ပါ။)

ထိုသို့ နာမ်တရားများကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားရာ၌ ရှေးဦးစွာ ယောဂါဝစရပုဂ္ဂိုလ်သည် အထူးသဖြင့် ကာမာဝစရ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားလိုခဲ့သော် ပရိဂ္ဂဟိတေ ရူပကမ္မ-

ဌာနေ (မ-ဋ္ဌ-၁-၂၈၀။) စသည့် အဋ္ဌကထာကြီးများ၏ ညွှန်ကြားချက်များအတိုင်း ရုပ်ကမ္မဋ္ဌာန်းကို = ရုပ်တရားတို့ကို သိမ်းဆည်းထားပြီး သိမ်းဆည်းနိုင်ပြီး ဖြစ်ရပေမည်။ ထိုရုပ်တရားများကို သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ရှုကွက်အရ သို့မဟုတ် သဠာယတန ရှုကွက်အရ —

၁။ ဝတ္ထုရုပ် = မှီရာဝတ္ထုရုပ်,
၂။ အာရုံရုပ် = ရူပါရုံစသည့် အာရုံရုပ်ဟု

ရုပ်တရားတို့ကို နှစ်မျိုးခွဲ၍ ဝိပဿနာ ရှုရမည် ဖြစ်ပေသည်။ ထိုသို့ ဝိပဿနာရှုရာ၌ —

၁။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် ကာယာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။

၂။ ဝေဒနာကို အဦးမူ၍ နာမ်ရုပ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် ဝေဒနာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။

၃။ ဝိညာဏ်ကို အဦးမူ၍ နာမ်ရုပ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် စိတ္တာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။

၄။ ဖဿကိုအဦးမူ၍ နာမ်ရုပ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော် ဓမ္မာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။

သို့အတွက် ဤ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသော ဒေသနာတော်များနှင့် အညီ ဝေဒနာ-နုပဿနာသတိပဋ္ဌာန်စသည့် သတိပဋ္ဌာန်တရားတို့ကို ရှုပွားလိုသော် အောက်ပါအတိုင်း ဝိပဿနာရှုပါ။ —

## ဝေဒနာနုပဿနာ သတိပဋ္ဌာန်

၁။ ဝတ္ထု . . . အနိစ္စ,
၂။ အာရုံ . . . အနိစ္စ,
၃။ ဝေဒနာ . . . အနိစ္စ,

## ရှင်းလင်းချက်များ

**၁။ ဝတ္ထု** — ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ ဝီထိစိတ္တက္ခဏတိုင်း၌ ဤသုံးချက်ရှုနိုင်သည်။ ပဉ္စဒွါရာဝဇ္ဇန်းသည် တစ်နည်း ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော ဥပေက္ခာဝေဒနာနှင့် တကွသော ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရားစုသည် ဟဒယ-ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သဖြင့် ဝတ္ထုအရ ယင်းနာမ်တရားစု၏မှီရာ ဟဒယဝတ္ထုရုပ်ကို သိမ်းဆည်းလျက် ယင်းဟဒယ-ဝတ္ထုရုပ်၏ ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟု ရှုပါ။ သို့သော် ဃန အသီးအသီး ပြိုရေး ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရေးအတွက် ဟဒယဝတ္ထုရုပ်ကိုဦးတည်၍ ဟဒယဝတ္ထုရုပ်နှင့်တကွ နှလုံး၌ တည်-ရှိသော (၅၄)မျိုးသော ရုပ်တရားများကိုပင် ခြုံငုံ၍ ယင်းရုပ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။

**၂။ အာရုံ** — အာရုံအရ ရူပါရုံလိုင်းဖြစ်လျှင် ရူပါရုံ, သဒ္ဒါရုံလိုင်းဖြစ်လျှင် သဒ္ဒါရုံ ဤသို့စသည့် အာရုံ (၆)ပါးကို ထိုက်သလို ကောက်ယူပါ။ အကယ်၍ အာရုံမှာ ရူပါရုံဖြစ်လျှင် ယင်းရူပါရုံမှာလည်း ရုပ်ကလာပ်အနေဖြင့်သာ ဖြစ်ရိုးဓမ္မတာရှိသဖြင့် မိမိဝိပဿနာရှုသည့် ရူပါရုံသည် သို့မဟုတ် ဝိပဿနာရှုမည့် ရူပါရုံသည် အဋ္ဌကကလာပ် ရုပ်တို့၌ အကျုံးဝင်သော ရူပါရုံဖြစ်လျှင် ရူပါရုံနှင့်တကွ (၈)မျိုးသော ရုပ်တရားတို့ကို, နဝကကလာပ်၌ အကျုံး

ဝင်သော ရူပါရုံဖြစ်လျှင် ရူပါရုံနှင့်တကွ (၉)မျိုးသော ရုပ်တရားတို့ကို, ဒသကကလာပ်၌ အကျုံးဝင်သော ရူပါရုံ ဖြစ်လျှင် ရူပါရုံနှင့်တကွ (၁၀)မျိုးသော ရုပ်တရားတို့ကို သိမ်းဆည်းလျက် ယင်းရုပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်လျက် အနိစ္စဟု ရှုပါ။ ရူပါရုံအမျှားစုကို ခြုံငုံ၍ ရှုရာ၌လည်း နည်းတူပင် သဘောပေါက်ပါလေ။ ထိုသို့ ရှုနိုင်ပါမှသာလျှင် ယနပြုမည်၊ ယနပြုမှသာလျှင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်မည်။ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်မှသာလျှင် ဝိပဿနာဉာဏ် အစစ်အမှန် ဖြစ်နိုင်မည်။ စစ်မှန်သော ဝိပဿနာဉာဏ်-ကသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်အား အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်မည်ဖြစ်-ပေသည်။ သဒ္ဒါရုံစသည့် အာရုံတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ သဒ္ဒါရုံမှာ သဒ္ဒနဝကကလာပ်အနေဖြင့် ဖြစ်ရိုးဓမ္မတာ ရှိရကား ဝိပဿနာအရာဝယ် ယင်း (၉)မျိုးသော ရုပ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပါ။

**၃။ ဝေဒနာ** — ပဉ္စဒွါရာဝဇ္ဇန်း၌ ဥပေက္ခာဝေဒနာယှဉ်သဖြင့် ယင်းဥပေက္ခာဝေဒနာကို အဦးမူလျက် ဥပေ-က္ခာဝေဒနာနှင့် တကွ (၁၁)လုံးသော ယှဉ်ဖက်သမ္ပယုတ် နာမ်တရားစုအားလုံးကို ဉာဏ်ဖြင့် သိမ်းဆည်းလျက် ယင်းနာမ်တရားစု၏ ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု တွင်တွင်ရှုပါ။

ပဉ္စဒွါရာဝဇ္ဇန်း၌ ဝတ္ထု, အာရုံ, ဝေဒနာဟု (၃)ချက်ခွဲ၍ ဝိပဿနာရှုသကဲ့သို့ အလားတူပင် စက္ခုဝိညာဏ် စသော စိတ္တက္ခဏတိုင်း၌လည်း (၃)ချက်ခွဲ၍ပင် အသီးအသီး ဝိပဿနာရှုနိုင်ပါသည်။ အသင်ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ပြန်လည်၍ အာရုံယူထားပါ။

ထို စက္ခုဒွါရဝီထိနာမ်တရားစုနှင့် ရူပါရုံကိုပင် ဆက်လက်၍ အာရုံယူသည့် မနောဒွါရဝီထိနာမ်တရားစု တို့တွင် စက္ခုဝိညာဏ် နာမ်တရားစုမှလွဲ၍ ကြွင်းကျန်သော ဝီထိစိတ္တက္ခဏ အသီးအသီး၌ တည်ရှိသော နာမ်-တရားစုဟူသမျှသည် ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်ကြ၏။ စက္ခုဝိညာဏ်နှင့်တကွသော နာမ်တရားစုတို့ကား စက္ခုဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကြ၏။ ထိုတွင် စက္ခုဝတ္ထုအရ စက္ခုဝတ္ထုရုပ်နှင့်တကွ စက္ခု = မျက်စိ၌ တည်ရှိသော (၅၄)မျိုးသော ရုပ်တရားတို့ကိုပင် သိမ်းဆည်း၍ ဝိပဿနာရှုပါ။

ဤနည်းအတိုင်း အာရုံ (၆)မျိုးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်သွားကြကုန်သော ဝီထိတို့၏ စိတ္တက္ခဏ-တိုင်း စိတ္တက္ခဏတိုင်း၌ (၁) ဝတ္ထု, (၂) အာရုံ, (၃) ဝေဒနာဟု သုံးမျိုးစီ ခွဲ၍ ခွဲ၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါလေ။ (၆)လိုင်းလုံး၌ တစ်လိုင်းတစ်လိုင်းဝယ် အကောင်းအုပ်စု, မကောင်းအုပ်စု ကုန်စင်အောင် ရှုပါ။ အလားတူပင် ဝီထိစိတ်တို့၏ အကြားအကြား၌ ဖြစ်ပေါ်သွားကြကုန်သော ဘဝင် စိတ္တက္ခဏတို့၌လည်း (၁) ဝတ္ထု, (၂) ဆိုင်ရာအာရုံ = ဘဝင်၏ အာရုံ, (၃) ဝေဒနာဟု (၃)မျိုးစီ ခွဲ၍ ယင်းဘဝင် အခိုက် နာမ်ရုပ်တို့ကိုလည်း လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

## လွယ်ကူသော စနစ်တစ်ခု

ထိုသို့ဝိပဿနာရှုရာ၌ ပို၍လွယ်ကူသော စနစ်တစ်ခုမှာ ဤသို့ ဖြစ်၏။ —

၁။ အသင်သူတော်ကောင်းသည် နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ပြန်လည်၍ အာရုံယူထားပါ။ စက္ခုဒွါရဝီထိ နာမ်တရားစုနှင့် ရူပါရုံကို ဆက်လက်အာရုံယူကြသည့် မနောဒွါရဝီထိ နာမ်တရားစုတို့တွင် စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုရုပ်ကိုမှီ၍ ကြွင်းကျန်သော ဝီထိစိတ်အားလုံးတို့မှာ ဟဒယဝတ္ထုရုပ်ကိုချည်း မှီ၍ဖြစ်ကြ၏။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်း၏ မှီရာ ဟဒယဝတ္ထုရုပ်မှ စ၍ ဝီထိစိတ္တက္ခဏတိုင်း၏ မှီရာ ဝတ္ထုရုပ်တို့ကိုလည်းကောင်း, ဝီထိ အကြားအကြား၌ တည်ရှိကြသော ဘဝင်၏မှီရာ ဝတ္ထုရုပ်တို့ကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ပဉ္စဒွါရာဝဇ္ဇန်း၏မှီရာ ဝတ္ထုရုပ်မှသည် တဒနုဝတ္တက မနောဒွါရဝီထိစသော ရူပါရုံကို ဆက်လက်အာရုံယူကြသော

မနောဒွါရဝီထိတို့၏ ဒုတိယတဒါရုံ၏မှီရာ ဟဒယဝတ္ထုရုပ်သို့ တိုင်အောင်သော ရုပ်တရားတို့ကို (= ၅၄-၅၄ စသော ရုပ်တရားတို့ကို) ခြုံငုံ၍ ယင်းရုပ်တရားတို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍ အနိစ္စ အနိစ္စဟု ရှုပါ။

၂။ ယင်းစက္ခုဒွါရဝီထိ၏ အာရုံနှင့် ရူပါရုံကို ဆက်လက်အာရုံယူကြသည့် မနောဒွါရဝီထိတို့၏ အာရုံမှာ ရူပါရုံပင်ဖြစ်၏။ ဝီထိ အကြားအကြား၌ တည်ရှိသော ဘဝင်၏အာရုံမှာ ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံ (၃)မျိုးတို့တွင် ထိုက်သလို တစ်မျိုးမျိုး ဖြစ်၏။ ယင်း ရူပါရုံကို ဃနပြိုအောင်, ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းလျက်, ဘဝင်၏အာရုံမှာ ပရမတ်ဖြစ်လျှင်လည်း ယင်းပရမတ်တရားတို့ကိုပါ သိမ်းဆည်းလျက် ယင်းစက္ခုဒွါရဝီထိ, မနောဒွါရဝီထိ နာမ်တရားစုတို့၏ အာရုံဖြစ်သည့် ရူပါရုံနှင့် ဘဝင်၏ အာရုံဖြစ်သည့် ပရမတ်အာရုံတို့ကို သိမ်းဆည်းလျက် ယင်းပရမတ်တရားတို့၏ ဖြစ်မှုပျက်မှုကို အာရုံပြု၍ အနိစ္စ အနိစ္စဟု ရှုပါ။

၃။ ဝီထိစိတ္တက္ခဏတိုင်း၌လည်းကောင်း, ဘဝင်စိတ္တက္ခဏတိုင်း၌လည်းကောင်း ဝေဒနာကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ယင်းနာမ်တရားတို့၏ ဖြစ်မှုပျက်မှုကို အာရုံယူ၍ အနိစ္စ အနိစ္စဟု ရှုပါ။ ဃနပြိုပါစေ။ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ပါစေ။ ထိုသို့ ရှုရာ၌ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက်ဟူသော အချိန်ကာလအတွင်းဝယ် အကြိမ်ကုဋေတစ်သိန်းခန့် ဖြစ်ပျက်သွားကြသော နာမ်တရားစုတို့တွင် ဝိပဿနာ ရှုလိုက်နိုင်သော ရှုလိုက်မိသော နာမ်တရားစုတို့လည်း ရှိလေရာ၏၊ ဝိပဿနာ မရှုလိုက်နိုင်သော မရှုလိုက်မိသော နာမ်တရားအချို့တို့လည်း ရှိလေရာ၏။ ဝိပဿနာရှုလိုက်နိုင်သော ဝီထိနာမ်တရားစု ဘဝင်နာမ်တရားစုတို့၌ သန္တတိဃန သမူဟဃန ကိစ္စဃနဟူသော ဃန အသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် သိမ်းဆည်းလျက် ဝိပဿနာရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြထားသည့် အတန်းတိုင်း အတန်းတိုင်းတွင် ဝတ္ထု, အာရုံ, ဝေဒနာ ဟု သုံးချက်စီ သုံးချက်စီ ဝိပဿနာရှုပါ။ ကုသိုလ်ဇောဝီထိများ, အကုသိုလ်ဇော ဝီထိများကို ကုန်စင်အောင်ရှုပါ။ ဒုက္ခနှင့် အနတ္တတို့၌လည်း နည်းတူပင် ရှုပါ။

## စိတ္တာနုပဿနာ သတိပဋ္ဌာန်

၁။ ဝတ္ထု . . . အနိစ္စ,
၂။ အာရုံ . . . အနိစ္စ,
၃။ ဝိညာဏ် . . . အနိစ္စ,

ဤရှုကွက်၌ ဝတ္ထုနှင့်အာရုံရှုကွက်မှာ အထက်ပါအတိုင်း နည်းတူပင်ဖြစ်သည်။ ဝိညာဏ်အရ ဝိညာဏ်ကို အဦးမူ၍ ဝိညာဏ်နှင့် ယှဉ်ဖက် နာမ်တရားစုအားလုံးကို သိမ်းဆည်းလျက် ဝေဒနာနုပဿနာသတိပဋ္ဌာန်တွင် ရေးသားခဲ့သည်အတိုင်း ရှုပါ။ ဒုက္ခ, အနတ္တတို့ကိုလည်း ရှုပါ။

## ဓမ္မာနုပဿနာ သတိပဋ္ဌာန်

၁။ ဝတ္ထု . . . အနိစ္စ,
၂။ အာရုံ . . . အနိစ္စ,
၃။ ဖဿ . . . အနိစ္စ,

ဝတ္ထုနှင့် အာရုံတို့မှာ အထက်ပါအတိုင်း နည်းတူမှတ်ပါ။ ဖဿအရ ဖဿကို အဦးမူ၍ ဖဿနှင့်တကွ ယှဉ်ဖက်သမ္ပယုတ်တရား အားလုံးကို ဝီထိစိတ္တက္ခဏတိုင်း၌လည်းကောင်း, ဝီထိများ အကြား၌ တည်ရှိသော ဘဝင်စိတ္တက္ခဏတို့၌လည်းကောင်း သိမ်းဆည်းလျက် လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ ရေးသားခဲ့သည့်အတိုင်း နည်းတူ မှတ်ပါ။ (၆)လိုင်းလုံး၌ ကုသိုလ်ဇောဝီထိ, အကုသိုလ်ဇောဝီထိများကို ကုန်စင်အောင် ရှုပါ။

**အဇ္ဈတ္တ–ဗဟိဒ္ဓ** — အဇ္ဈတ္တ၌ ဝိပဿနာရှုသည့် ပုံစံအတိုင်း ဗဟိဒ္ဓ၌လည်း ပုံစံတူပင် ဝိပဿနာရှုပါ။ ရံခါ အဇ္ဈတ္တ၊ ရံခါ ဗဟိဒ္ဓ တစ်လှည့်စီ ရှုပါ။ လက္ခဏာရေးသုံးတန်တွင်လည်း ရံခါ အနိစ္စ, ရံခါ ဒုက္ခ, ရံခါ အနတ္တ — ဤသို့ လှည့်၍ တစ်လှည့်စီ ရှုပါ။

## အတိတ်, အနာဂတ်, ပစ္စုပ္ပန်

ပစ္စုပ္ပန်၌ ရှုကွက်အသားကျ၍ အားရမှု ကျေနပ်မှု အသင့်အတင့် ရရှိသောအခါ အတိတ်အဆက်ဆက်မှ-သည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည့်တိုင်အောင် တိုးလျှိုပေါက် နည်းတူပင် ဝိပဿနာ ရှုပါလေ။ ဤသို့ ရှုရာ၌လည်း အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့်, အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်-လှည့် လှည့်၍ ဝိပဿနာရှုပါလေ။

## အသုဘ ဘာဝနာ

အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ။ (ဥဒါန-၁၂၀။)

= ရာဂကို ပယ်ရှားရန်အတွက် အသုဘဘာဝနာကို ပွားများအားထုတ်ပါဟု ဘုရားရှင်သည် မေဃိယသုတ္တန် (ဥဒါန-၁၂၀။) ၌ တိုက်တွန်းထားတော်မူ၏။

သမထပိုင်း အသုဘဘာဝနာ, ဝိပဿနာပိုင်း အသုဘဘာဝနာဟု အသုဘဘာဝနာကို ပွားများအားထုတ်ပုံ နှစ်မျိုးရှိ၏။ သမထပိုင်း အသုဘဘာဝနာ၌လည်း —

၁။ ဗဟိဒ္ဓအလောင်းကို အာရုံယူ၍ အသုဘဘာဝနာ ရှုနည်း,
၂။ (၃၂)ကောဋ္ဌာသတို့ကို အာရုံယူ၍ အသုဘဘာဝနာ ရှုနည်း —

ဤသို့ ရှုနည်း နှစ်မျိုးလာရှိ၏။ သမထပိုင်း၌ ဗဟိဒ္ဓအလောင်းကို အာရုံယူ၍ အသုဘဘာဝနာကို ပွားများ-ခဲ့သော် ပထမဈာန်သမာဓိသို့ ဆိုက်၏။ ရှုပွားပုံကို သမထကမ္မဋ္ဌာန်းပိုင်းတွင် ကြည့်ပါ။

တစ်ဖန် (၃၂)ကောဋ္ဌာသတို့ကို ပဋိကူလမနသိကာရအဖြစ်ဖြင့် နှလုံးသွင်းရန် မဟာသတိပဋ္ဌာနသုတ္တန်တွင် (မ-၁-၇၂။) ဘုရားရှင်သည် ညွှန်ကြားထားတော်မူခဲ့၏။ ယင်းညွှန်ကြားထားတော်မူချက်မှာ (၃၂)ကောဋ္ဌာသ-တို့ကို အပ္ပနာဈာန်သမာဓိသို့ ဆိုက်အောင် ရှုပွားရန် အပ္ပနာကမ္မဋ္ဌာန်းအဖြစ် ဟောကြားထားတော်မူကြောင်းကို မဟာသတိပဋ္ဌာနသုတ္တန်အဋ္ဌကထာ (မ-ဋ္ဌ-၁-၃၀၅။)တွင် ဖွင့်ဆိုထားတော်မူ၏။

## သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့် မူလဋီကာ အဖွင့်

ဧတ္ထ ပန အတ္တနော ဇီဝမာနကသရီရေ ပဋိကူလန္တိ ပရိကမ္မံ ကရောန္တဿ အပ္ပနာပိ ဥပစာရမ္ပိ ဇာယတိ။ ပရဿ ဇီဝမာနက သရီရေ ပဋိကူလန္တိ မနသိကရောန္တဿ နေဝ အပ္ပနာ ဇာယတိ၊ န ဥပစာရံ။ နနု စ ဒသသု အသုဘေသု ဥဘယမ္ပေတံ ဇာယတီတိ။ အာမ ဇာယတိ။ တာနိ ဟိ အနုပါဒိန္နကပက္ခေ ဌိတာနိ၊ တသ္မာ တတ္ထ အပ္ပနာပိ ဥပစာရမ္ပိ ဇာယတိ။ ဣဒံ ပန ဥပါဒိန္နကပက္ခေ ဌိတံ၊ တေနေဝေတ္ထ ဥဘယမ္ပေတံ န ဇာယတိ။ အသုဘာနုပဿနာသင်္ခါတာ ပန ဝိပဿနာဘာဝနာ ဟောတီတိ ဝေဒိတဗ္ဗာ။ ဣမသ္မိံ ပဗ္ဗေ ကိံ ကထိတန္တိ၊ သမထဝိပဿနာ ကထိတာ။ (အဘိ-ဋ္ဌ-၂-၂၄၈။)

**အနုပါဒိန္နကပက္ခေ ဌိတာနီ**တိ ဧတေန စေတိယပဗ္ဗတဝါသီ မဟာတိဿတ္ထေရော ဝိယ, သံဃရက္ခိတ-ထေရုပဋ္ဌာကသာမဏေရော ဝိယ စ အနုပါဒိန္နကပက္ခေ ဌပေတွာ ဂဟေတုံ သက္ကောန္တဿ ဒသဝိဓာသုဘဝသေန ဇီဝမာနကသရီရေပိ ဥပဋ္ဌိတေ ဥပစာရပ္ပတ္တိ ဒဿိတာ ဟောတီတိ ဝေဒိတဗ္ဗာ။ "အတ္ထိဿ ကာယေ"တိ ပန သတ္တဝသေန ကေသာဒီသု ဂယှမာနေသု ယထာ "က္ကမသ္မိံ ကာယေ"တိ သတ္တ-ဂ္ဂဟဏရဟိတေ အဟံကာရဝတ္ထုမှိ ဝိဒ္ဓဿွာဟံကာရေ သဒါ သန္နိဟိတေ ပါကဋေ့ စ အတ္တနော ကာယေ ဥပဋ္ဌာနံ ဟောတိ၊ န တထာ တတ္ထာတိ အပ္ပနံ အပ္ပတ္တာ အာဒီနဝါနုပဿနာဝ တတ္ထ ဟောတီတိ အဓိပ္ပါယေနာဟ **"အသုဘာနုပဿနာသင်္ခါတာ ပန ဝိပဿနာဘာဝနာ ဟောတီတိ ဝေဒိတဗ္ဗာ"**တိ။ (မူလဋီ-၂-၁၅၆။)

**သတ္တဂ္ဂဟဏရဟိတေ**တိ သတ္တပညတ္တိမ္ပိ အနာမသိတွာ ဒေသိတတ္တာ ဝုတ္တံ။ သသန္တာနတာယ အဟံ-ကာရဝတ္ထုမှိ အပ္ပဟီနမာနဿ ပဟီနာကာရံ သန္ဓာယာဟ **"ဝိဒ္ဓဿွာဟံကာရေ"**တိ။ (အနုဋီ-၂-၁၅၇။)

ဤ မိမိ၏ကိုယ် သူတစ်ပါး၏ကိုယ်တို့တွင် မိမိ၏ အသက်ရှင်ဆဲဖြစ်သော ကိုယ်၌ **"ပဋိကူလ = ရွံရှာ-စက်ဆုပ်ဖွယ်"**— ဟူ၍ စီးဖြန်းခြင်း ပရိကမ်ကို ပြုသော ပုဂ္ဂိုလ်၏ သန္တာန်၌ အပ္ပနာဈာန်သည်လည်းကောင်း, ဥပစာရဈာန်သည်လည်းကောင်း ဖြစ်နိုင်၏။ သူတစ်ပါး၏ အသက်ရှင်ဆဲဖြစ်သော ကိုယ်၌ **"ပဋိကူလ = ရွံရှာ-စက်ဆုပ်ဖွယ်"** ဟူ၍ စီးဖြန်းခြင်း ပရိကမ်ကို ပြုသော ထိုသို့ နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အပ္ပနာဈာန်သည်လည်း မဖြစ်နိုင်၊ ဥပစာရဈာန်သည်လည်း မဖြစ်နိုင်။ ယင်းသို့ ဖြစ်သော် အသုဘ (= ဗဟိဒ္ဓ အသုဘ)ဆယ်မျိုးတို့၌ ဤ အပ္ပနာဈာန်, ဥပစာရဈာန် နှစ်မျိုးလုံးသည်လည်း ဖြစ်နိုင်သည် မဟုတ်ပါလောဟု မေးရန်ရှိ၏။ ဖြစ်နိုင်သည်ကား မှန်၏။ သို့သော် ထိုအသုဘ (၁၀)မျိုးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်-အပ်သောကံသည် "ငါ၏ အကျိုး"ဟု အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သော သက်မဲ့လောကအဖို့အစု၌ တည်-ကုန်၏။ ထို့ကြောင့် ထိုအသုဘ (၁၀)ပါးတို့၌ အပ္ပနာဈာန်သည်လည်းကောင်း, ဥပစာရဈာန်သည်လည်းကောင်း ဖြစ်နိုင်၏။ (၃၂)ကောဋ္ဌာသတို့ကို ပဋိကူလသဘောအားဖြင့် ရှုသည့် ဤအပိုင်း၌ကား ဗဟိဒ္ဓဖြစ်သော ဤ သူတစ်ပါး၏ (၃၂)ကောဋ္ဌာသသည် "ငါ-ငါ့ဥစ္စာ"ဟု တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းအပ်သော သက်ရှိ ဥပါဒိန္နက အဖို့အစု၌ တည်နေ၏။ ထို့ကြောင့်ပင်လျှင် ဤ သူတစ်ပါးကိုယ်၌ အကျုံးဝင်သော (၃၂)ကောဋ္ဌာသ၌ အပ္ပနာဈာန် ဥပစာရဈာန် နှစ်မျိုးလုံးသည်လည်း မဖြစ်နိုင်။ သို့သော် **အသုဘဘာဝနာ**ဟု ဆိုအပ်သော **ဝိပဿနာဘာဝနာ**ကား ဖြစ်နိုင်၏ဟု သိရှိပါလေ။ ဤကာယာနုပဿနာအပိုင်းအခန်း၌ (၃၂)ကောဋ္ဌာသတို့နှင့် ပတ်သက်၍ မည်ကဲ့သို့သော ရှုပုံစနစ်ကို ဘုရားရှင်သည် ဟောကြားတော်မူအပ်ပါသနည်းဟူမူ သမထရှုနည်း ဝိပဿနာရှုနည်း နှစ်မျိုးလုံးကိုပင် ဟောတော်မူအပ်၏ဟု ဖြေဆိုလေရာ၏။ (အဘိ-ဋ္ဌ-၂-၂၄၈။)

## အနုပါဒိန္နက ပက္ခ

အဋ္ဌကထာဆရာတော်က ဗဟိဒ္ဓဖြစ်သော အသုဘ (၁၀)မျိုးတို့၌ အပ္ပနာဈာန် ဥပစာရဈာန် နှစ်မျိုးလုံး ဖြစ်နိုင်ကြောင်းကို ဖွင့်ဆိုသွားတော်မူ၏။ ထိုအသုဘ (၁၀)မျိုးတို့သည် အနုပါဒိန္နကပက္ခ = တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် "ငါ၏ အကျိုး"ဟု အကျိုး၏အဖြစ်ဖြင့် မစွဲယူအပ်သော သက်မဲ့လောကအဖို့အစု၌ တည်သောကြောင့် အပ္ပနာဈာန် ဥပစာရဈာန် နှစ်မျိုးလုံး ဖြစ်နိုင်ကြောင်းကိုလည်း ဖွင့်ဆိုသွားတော်မူ၏။ ထိုအသုဘ (၁၀)မျိုးတို့တွင် အဋ္ဌိက = အရိုးစုလည်း ပါဝင်လျက် ရှိ၏။

တသ္မာ အဋ္ဌိကန္တိ ပဋိက္ကူလဝသေနေဝ ဩလောကေတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၈၆။)

"အဋ္ဌိကပဋိက္ကူလံ အဋ္ဌိကပဋိက္ကူလ"န္တိ မနသိကာရော ပဝတ္တေတဗ္ဗော။ (ဝိသုဒ္ဓိ-၁-၁၈၆-၁၈၇။)

ယင်း အရိုးစုအသုဘ၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကိုပင် အာရုံယူ၍ “အဋ္ဌိက-ပဋိက္ကူလ = အရိုးစု-ရွံစရာ” ဟု ရှုခဲ့သော်အပ္ပနာဈာန်, ဥပစာရဈာန်များကို ရနိုင်ကြောင်း ဖွင့်ဆိုထား၏။

ဗဟိဒ္ဓသက်ရှိသတ္တဝါတို့၏ (၃၂)ကောဋ္ဌာသ အစုအဝေး၌လည်း အရိုးကောဋ္ဌာသ = အရိုးအစုအပုံ ပါဝင်လျက် ရှိ၏။ ယင်းအရိုးစုကား ဥပါဒိန္နကပက္ခ = တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သောကံသည် “ငါ၏ အကျိုး”ဟု အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သော သက်ရှိအဖို့အစု၌ တည်နေ၏။ ကြွင်းကောဋ္ဌာသတို့၌လည်း နည်းတူ မှတ်ပါ။

အထက်ပါ အနုပါဒိန္နကပက္ခ = သက်မဲ့အဖို့အစု၌တည်နေသော အရိုးတို့၌ အပ္ပနာဈာန် ဥပစာရဈာန်များ ဖြစ်နိုင်ကြောင်း ဖွင့်ဆိုထားသော ထိုစကားရပ်ဖြင့် စေတိယတောင်၌ သီတင်းသုံးတော်မူသော **မဟာတိဿ မထေရ်မြတ်ကြီး**ကဲ့သို့လည်းကောင်း, သံဃရက္ခိတမထေရ်မြတ်ကြီး၏ အလုပ်အကျွေးဖြစ်သော သာမဏေကဲ့သို့ လည်းကောင်း ဥပါဒိန္နကအဖို့အစု၌ တည်နေသော သက်ရှိအရိုးစုကို အနုပါဒိန္နကပက္ခ သက်မဲ့အရိုးစု အဖို့အစု၌ ထား၍ = သက်မဲ့အရိုးစုအရာထား၍ ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းငှာ စွမ်းနိုင်သော ယောဂါဝစရပုဂ္ဂိုလ်အဖို့ (၁၀)မျိုးအပြားရှိသော အသုဘ၏အဖြစ်ဖြင့် အသက်ရှင်ဆဲဖြစ်သော ကိုယ်၌လည်း ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလ သဘော = အသုဘသဘောသည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာလတ်သော် ဥပစာရဈာန်သို့ ရောက်ခြင်း-ကို ညွှန်ပြအပ်၏ဟု သိထိုက်ပေ၏။ တစ်ဖန် —

“အတ္ထိဿ ကာယေ”ဟူ၍ သတ္တဝါ၏အဖြစ်ဖြင့် ဆံပင်အစရှိသည်တို့ကို ယူအပ်ကုန်လတ်သော် “ဣမသ္မိံ ကာယေ = ဤကိုယ်”ဟူ၍ သတ္တဝါဟု စွဲယူခြင်းမှကင်းသော, ငါဟု ပြုအပ်သော ကိုယ်၌ ဖျက်ဆီးအပ်ပြီးသော ငါဟု နှလုံးသွင်းခြင်းရှိသော (= ငါ၏ကိုယ်ဟု မဆိုသောကြောင့် ဖျက်ဆီးအပ်ပြီးသော ငါဟု ပြုခြင်းကင်းသော = ငါဟု နှလုံးသွင်းခြင်း ကင်းသော), အခါခပ်သိမ်း မိမိယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၏အနီး၌ ကောင်းစွာ စုဝေး တည်နေသော, ထင်ရှားသည်လည်းဖြစ်သော, မိမိကာယ၌ ထင်လာခြင်းကဲ့သို့ ထို့အတူ ထိုသူတစ်ပါး၏ ကိုယ်-ကာယ၌ ထင်လာခြင်းသည် မဖြစ်ရကား အပ္ပနာဈာန်သို့ မရောက်သော **အာဒီနဝါနုပဿနာ** = ခန္ဓာအိမ်၏ အပြစ်အာဒီနဝကို အဖန်ဖန် ရှုတတ်သော အာဒီနဝါနုပဿနာဉာဏ်သည်သာလျှင် ထိုသူတစ်ပါး၏ ကိုယ်ကာယ၌ ဖြစ်နိုင်၏။ — ဤသို့သော အဓိပ္ပါယ်သဘောအားဖြင့် “အသုဘာနုပဿနာဟု ခေါ်ဆိုအပ်သော ဝိပဿနာ ဘာဝနာသည်ကား ဖြစ်နိုင်၏ဟု သိရှိပါလေ”ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။ (မူလဋီ-၂-၁၅၅-၁၅၆။)

## စေတိယပဗ္ဗတဝါသီ မဟာတိဿထေရ်

မဟာတိဿ မထေရ်မြတ်ကြီးသည် မိမိ သီတင်းသုံးတော်မူရာ စေတိယတောင်ကျောင်းမှ အနုရာဓမြို့တွင်း-သို့ ဆွမ်းခံကြွဝင်တော်မူလာ၏။ မထင်ရှားသော အမျိုးသမီးတစ်ဦးသည် အိမ်ရှင်ယောကျ်ားနှင့်အတူ စကား များပြီးနောက် နတ်သမီးကဲ့သို့ ကောင်းစွာ ဖီးလိမ်းပြုပြင် တန်ဆာဆင်ယင်ကာ ခပ်စောစောပင်လျှင် အနုရာဓမြို့မှ ထွက်ခဲ့၍ မိမိ၏ အမျိုးအိမ် = မိဘအိမ်သို့ ပြန်လာခဲ့၏။ လမ်းခုလတ်တစ်နေရာ၌ စေတိယတောင်ကျောင်းမှ အနုရာဓမြို့သို့ ဆွမ်းအလို့ငှာ ကြွလာတော်မူသော မဟာတိဿမထေရ်မြတ်ကြီးကို တွေ့မြင်လေသော် မထေရ်-မြတ်ကြီး၏ အပေါ်၌ ရာဂဖြင့် ဖောက်ပြန်သော စိတ်ထားရှိသည်ဖြစ်၍ ထိုအမျိုးသမီးက အသံထွက်အောင် ရယ်မောလိုက်၏။ ထိုအချိန်တွင် မဟာတိဿမထေရ်မြတ်ကြီးကား ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ကြွလာတော် မူခိုက်ဖြစ်၏။ ပဌမဈာန်၏ ရှေးအဖို့၌ဖြစ်သော ပဌမဈာန်သို့ ရောက်ကြောင်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း ပုဗ္ဗဘာဂမနသိကာရကား အသံနှင့် ထိပ်တိုက် ဆန့်ကျင်ဘက် ဖြစ်၏။ အသံသည် ဆူးငြောင့်ခလုတ် ဖြစ်၏။

ထို့ကြောင့် အသံသို့ အစဉ်လိုက်ခါ ဤတခိခိရယ်မောသော အသံကား အဘယ်အသံနည်းဟု ကြည့်လတ်သော် အသံထွက်အောင် ပြုံးရယ်နေသော ထိုအမျိုးသမီး၏ သွားရိုး၌ အဋ္ဌိကအသုဘသညာကို ရရှိတော်မူ၏။

အဋ္ဌိကကမ္မဋ္ဌာနံ ဟိ ထေရော တဒါ ပရိဟရတိ။ (မဟာဋီ-၁-၄၈။)

ထိုအချိန်အခါ၌ မထေရ်မြတ်ကြီးသည် အဋ္ဌိကကမ္မဋ္ဌာန်း = အရိုးစုကမ္မဋ္ဌာန်းကို ဆောင်လျက် ဆွမ်းခံကြွလာတော်မူဆဲဖြစ်၏။ (မဟာဋီ-၁-၄၈။)

မထေရ်မြတ်ကြီးသည် အဋ္ဌိက အသုဘသညာကို ရရှိသည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူ၏။ ထို့ကြောင့် ရှေးအဋ္ဌကထာဆရာတော်တို့က ဤသို့ မိန့်ဆိုတော်မူကြ၏။

> တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
> တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။ (ဝိသုဒ္ဓိ-၁-၂၀။)

မဟာတိဿမထေရ်မြတ်ကြီးသည် ထိုအမျိုးသမီး၏ သွားရိုးကို မြင်တော်မူသည်ဖြစ်၍ ရှေး၌ရအပ်ဖူးသော အဋ္ဌိကသညာကို နှလုံးသွင်းတော်မူ၏။ ထိုနေရာ၌ပင်လျှင် ရပ်တော်မူလျက် ထိုမထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့ပြီ။ (ဝိသုဒ္ဓိ-၁-၂၀။)

## အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပုံ

**အရဟတ္တံ ပါပုဏီ**တိ ထေရော ကိရ တဿာ ဟသန္တိယာ ဒန္တဋ္ဌိဒဿနေနေဝ ပုဗ္ဗဘာဂဘာဝနာယ သုဘာဝိတတ္တာ ပဋိဘာဂနိမိတ္တံ, သာတိသယဥ္စ ဥပစာရဇ္ဈာနံ လဘိတွာ ယထာဌိတောဝ တတ္ထ ပဌမဇ္ဈာနံ အဓိဂန္တွာ တံ ပါဒကံ ကတွာ ဝိပဿနံ ဝဍ္ဎေတွာ မဂ္ဂပရမ္ပရာယ အာသဝက္ခယံ ပါပုဏိ၊ **ပုဗ္ဗသညံ အနုဿရီ**တိ ပုဗ္ဗကံ ယထာရဒ္ဓံ ကာလေန ကာလံ အနုယုဥ္ဇိယမာနံ အဋ္ဌိကကမ္မဋ္ဌာနံ အနုဿရိ သမန္နာဟရိ။

(မဟာဋီ-၁-၄၈-၄၉။)

မဟာတိဿမထေရ်မြတ်ကြီးကား အဋ္ဌိကသညာ အသုဘဘာဝနာကို ပွားများ အားထုတ်နေကျ ဖြစ်၏။ ထို အဋ္ဌိကသညာ = အရိုးစုကမ္မဋ္ဌာန်း၌ ပဌမဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်တော်မူလျက် ထို ပဌမဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးနေကျလည်း ဖြစ်တော်မူ၏။ မထေရ်မြတ်ကြီးသည် ယခုအကြိမ်တွင်လည်း ပြုံးရယ်လိုက်သော ထိုအမျိုးသမီး၏ သွားရိုးကို မြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်တည်းမှာပင်လျှင် အရိုးစုကမ္မဋ္ဌာန်း၌ ဆွမ်းခံလမ်းတစ်လျှောက်လုံး၌လည်းကောင်း, ရှေးယခင်ကလည်းကောင်း, ပဌမဈာန်၏ ရှေးအဖို့ဖြစ်သော ပုဗ္ဗဘာဂဘာဝနာကို ကောင်းစွာ ပွားများထားအပ်ပြီးသည့် အတွက်ကြောင့် ပဋိဘာဂနိမိတ်ကိုလည်းကောင်း, အလွန်အကဲနှင့်တကွ ဥပစာရဈာန်ကိုလည်းကောင်း ရရှိတော်မူခဲ့၏။ အမျိုးသမီး၏ သွားရိုးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပင်လျှင် မထေရ်မြတ်ကြီး၏ ဘာဝနာဉာဏ်၌ ထိုအမျိုးသမီး၏ တစ်ကိုယ်လုံးသည် အရိုးစုတို့၏ အပေါင်းအစုအဖြစ်ဖြင့် ထင်လာ၏။ ထိုအခါ ထိုအရိုးစု၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိက္ကူလသဘောကို ဆက်လက်၍ အားထုတ်တော်မူရာ ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်တော်မူ၏၊ ဥပစာရဈာန် ဥပစာရသမာဓိသို့လည်း ဆိုက်ရောက်တော်မူ၏။ တစ်ဖန် အဇ္ဈတ္တအရိုးစုသို့ ပြောင်း၍ ရွံရှာစက်ဆုပ်ဖွယ် ပဋိက္ကူလသဘောကို နှလုံးသွင်းတော်မူရာ ပဌမဈာန်သို့ ဆိုက်ရောက်တော်မူ၏။ ထိုပဌမဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဝိပဿနာဉာဏ်များကို တိုးပွားအောင် ပြုတော်မူရာ မဂ်ဉာဏ် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့တိုင်အောင် ဆိုက်ရောက်တော်မူ၏။ (မဟာဋီ-၁-၄၈-၄၉။)

အိမ်ရှင်ယောကျ်ားကလည်း ခရီးစဉ်အတိုင်း နောက်ကလိုက်လာခဲ့သော် မထေရ်မြတ်ကြီးကို မြင်၍

"အရှင်ဘုရား . . . အမျိုးသမီးတစ်ဦးကို တွေ့မြင်လိုက်ပါသလား"ဟု လျှောက်ထား၏။ မထေရ်မြတ်ကြီးက ဤသို့ မိန့်တော်မူလိုက်၏။

နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိစ အဋ္ဌိသင်္ဃာဋော၊ ဂစ္ဆတေ သ မဟာပထေ။

သူတော်ကောင်း . . . ဤမှသွားသသူသည် အမျိုးသမီးဟူ၍လည်းကောင်း, အမျိုးသားဟူ၍လည်းကောင်း ငါ မသိပေ၊ စင်စစ်မူကား ဤအရိုးစုသည် ခရီးလမ်းမကြီးပေါ်၌ သွားနေပေ၏။ (ဝိသုဒ္ဓိ-၁-၂၀-၂၁။)

**အသုဘသညာ** — အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ဂိရိမာနန္ဒသုတ္တန်တွင် (၃၂)ကောဋ္ဌာသတို့ကို ရွံရှာ စက်ဆုပ်ဖွယ် = ပဋိက္ကူလ အနေဖြင့် နှလုံးသွင်းခြင်းကို အသုဘသညာဟု ဟောကြားတော်မူခဲ့၏။

(အံ-၃-၃၄၃။)

## သဝိညာဏကအသုဘ – အဝိညာဏကအသုဘ

သုတ္တနိပါတ်ပါဠိတော် (၃၀၇-၃၀၈) ဝိဇယသုတ္တန်တွင် သဝိညာဏကအသုဘ = ရှင်အသုဘ, အဝိညာဏက အသုဘ = သေအသုဘဟု အသုဘဘာဝနာ (၂)မျိုးခွဲခြား၍ ဟောကြားထားတော်မူခဲ့၏။ သဝိညာဏကအသုဘ = ရှင်အသုဘဟူသည်မှာ သက်ရှိ (၃၂)ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို အာရုံယူ၍ ရှုခြင်းတည်း။ အဝိညာဏကအသုဘ = သေအသုဘဟူသည်မှာ အလောင်းကောင်၏ ရွံရှာစက်ဆုပ်ဖွယ် အသုဘ သဘောကို အာရုံယူ၍ ရှုခြင်းတည်း။

## သမထနှင့် ဝိပဿနာ

သမထပိုင်းတွင် သဝိညာဏကအသုဘ = ရှင်အသုဘကို ရှုရာ၌ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း အပ္ပနာစျာန်ကိုလည်းကောင်း, ဥပစာရစျာန်ကိုလည်းကောင်း အလိုရှိခဲ့သော် မိမိ၏ (၃၂)ကောဋ္ဌာသတို့၏ ရွံရှာ စက်ဆုပ်ဖွယ် = ပဋိက္ကူလသဘောကို အာရုံယူ၍ ရှုပါ။ ထိုသို့ ရှုရာ၌ (၃၂)ကောဋ္ဌာသလုံးကို ခြုံ၍ ဖြစ်စေ, ကောဋ္ဌာသတစ်ခုခုကို အာရုံယူ၍ဖြစ်စေ ရှုနိုင်၏။

## ဟတ္ထဂဟိတပဉ္စဝတ္ထု = လက်ကိုကိုင်၍ ပြောပြသော ဝတ္ထု

မလ္လကမထေရ်သည် သက်တော်ရှည် ဒီဃနိကာယ်ဆောင် ဒီဃဘာဏက အဘယမထေရ်ကို လက်၌ ဆွဲကိုင်၍ "ငါ့ရှင် အဘယ . . . ရှေးဦးစွာ ဤပြဿနာကို သင်ယူပါ"ဟု ဆို၍ ဤသို့ မိန့်ဆိုတော်မူ၏ — "မလ္လကမထေရ်သည် (၃၂)ကောဋ္ဌာသတို့၌ (၃၂)မျိုးသော ပဌမစျာန်ကို ရလေ့ရှိ၏၊ ညဥ့်၌ တစ်ခုသောစျာန်ကို နေ့၌ တစ်ခုသောစျာန်ကို အကယ်၍ ဝင်စားငြားအံ့၊ လခွဲကို လွန်သဖြင့် တစ်ဖန် စပ်မိ၏။ သို့မဟုတ် နေ့တိုင်း နေ့တိုင်း စျာန်တစ်ခုတစ်ခုကို အကယ်၍ ဝင်စားငြားအံ့၊ တစ်လကိုလွန်သဖြင့် တစ်ဖန် စပ်မိ၏။" ဤသို့ မိန့်ဆိုဖူးလေသတတ်။ (ဝိသုဒ္ဓိ-၁-၂၅၇။) ဤသို့ ရှုခြင်းကို ပဋိကူလမနသိကာရ = (ပဋိက္ကူလမနသိကာရ) ဟု ခေါ်ဆိုပေသည်။

## သဘာဂ – ဝိသဘာဂ

တစ်ဖန် ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသတို့၏ ပဋိကူလသဘောကို အာရုံယူ၍ ရှုရာ၌ကား အထက်တွင် ရှင်းပြ-ခဲ့သည့်အတိုင်း ဥပစာရစျာန် = ဥပစာရသမာဓိသို့ကား ဆိုက်နိုင်၏။

တစ်ဖန် အဝိညာဏကအသုဘ = သေအသုဘအလောင်းကို အာရုံယူ၍ ပထမစျာန်သမာဓိကို အလိုရှိ၍ ရှုလိုခဲ့သော် အမျိုးသားယောဂီသည် အမျိုးသားအလောင်းကောင်ကို, အမျိုးသမီးယောဂီသည် အမျိုးသမီးအလောင်းကောင်ကိုသာ ရှုရ၏။ အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့် ရှုရန်မလိုပါ။ ဤကား သမထပိုင်းအတွက်-တည်း။

ဝိပဿနာပိုင်း၌ကား သဝိညာဏကအသုဘ, အဝိညာဏကအသုဘ နှစ်မျိုးလုံး၌ သဘာဂ ဝိသဘာဂ = လိင်တူ လိင်မတူ ခွဲရန် မလိုပေ။ ဝိဇယသုတ္တန်တွင် သိရိမာ၏ အလောင်းကောင်တစ်ခုကိုပင် —

၁။ ရဟန်းယောကျ်ား ပရိသတ်,
၂။ ရဟန်းမိန်းမ ပရိသတ်,
၃။ လူယောကျ်ား ပရိသတ်,
၄။ လူမိန်းမ ပရိသတ် ဟူသော —

ပရိသတ် (၄)မျိုးတို့အား ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ အာဒီနဝါနုပဿနာ = မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ခန္ဓာအိမ်အပြစ်ကို မြင်အောင်ရှုရန် ညွှန်ကြားတော်မူသော အနုပဿနာ ဖြစ်၏။ သဝိညာဏက အသုဘ = ရှင်အသုဘ၌လည်း နည်းတူပင်တည်း။ သမထပိုင်း၌ စျာန်ကို ရရှိရန် ဦးတည်ချက်ရှိ၏၊ ဝိပဿနာပိုင်း၌ အပြစ်အာဒီနဝကို ရှုမြင်ရန် ဦးတည်ချက်ရှိ၏။ သမထပိုင်း၌ကား အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့် ရှုရန်မလို။ ဝိပဿနာပိုင်း၌ သဝိညာဏကအသုဘ, အဝိညာဏကအသုဘ နှစ်မျိုးလုံးကိုပင် အဇ္ဈတ္တတစ်လှည့်, ဗဟိဒ္ဓတစ်လှည့်ရှုရန် ဘုရားရှင်သည် ဝိဇယသုတ္တန်တွင် ဤသို့ညွှန်ကြားထားတော်မူ၏။ —

> ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
> အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

ဤ သက်ရှိ သဝိညာဏက အသုဘကောင်သည် —

၁။ အာယု = အသက်ဟူသော ရုပ်ဇီဝိတ,
၂။ ဥသ္မာ = ကိုယ်ငွေ့ဟူသော ကမ္မဇတေဇောဓာတ်,
၃။ ဝိညာဏ်ဟူသော အသိစိတ် —

ဤသုံးပါးကုန်သော တရားတို့၏ မကင်းမကွာသေး မချုပ်ငြိမ်းသေးခြင်းကြောင့် သွား,ရပ်,ထိုင်,လျောင်း သကဲ့သို့, ထို့အတူ ယခု သုသာန်၌ လျောင်းစက်နေသည့် သက်မဲ့ အဝိညာဏက အသုဘအလောင်းကောင်-သည်လည်း မသေမီ ရှေးအခါက အာယု-ဥသ္မာ-ဝိညာဏ်ဟူသော ထိုတရားသုံးမျိုးတို့၏ မကင်းကွာသေး မချုပ်-ငြိမ်းသေးခြင်းကြောင့် သွား, ရပ်, ထိုင်, လျောင်းခြင်း သဘောရှိသည် ဖြစ်ခဲ့လေပြီ။

ယခုသေနေသော ထို အဝိညာဏက အသုဘအလောင်းကောင်သည် အာယု, ဥသ္မာ, ဝိညာဏ်ဟူသော ထိုတရားသုံးမျိုးတို့၏ ချုပ်စဲပြတ်ကင်းခြင်းကြောင့် သွား, ရပ်, ထိုင်, လျောင်းခြင်းသဘော မရှိသကဲ့သို့ ထို့အတူ ဤသဝိညာဏက အသုဘကောင်သည်လည်း အာယု-ဥသ္မာ-ဝိညာဏ်ဟူသော ထိုတရားသုံးမျိုးတို့၏ ချုပ်စဲပြတ်ကင်းခြင်းကြောင့် သွား, ရပ်, ထိုင်, လျောင်းခြင်း သဘော မရှိသည် ဖြစ်ပေလတ္တံ့။

ဤသို့ ကျင့်ကြံ ကြိုးကုတ် ပွားများ အားထုတ်လျက်ရှိသော သံသရာဘေး ခန္ဓာရေးကို ထောက်တွေး မြော်မြင် ပညာရှင်သည် မိမိ၏ အတွင်းအဇ္ဈတ္တ ကိုယ်ကာယ၌လည်းကောင်း, အပြင်ဗဟိဒ္ဓ သူတစ်ပါး၏ ကိုယ်-ကာယ၌လည်းကောင်း တွယ်တာငြိကပ် တက်မက်ခြင်း ဆန္ဒရာဂဓာတ်ကို လေးပါးမဂ်ဉာဏ် သမုစ္ဆေဒပဟာန်ဖြင့် ကင်းကွာစေနိုင်ရာ၏။ (သုတ္တနိပါတ-၃၀၈။)

**အာယု ဥသ္မာ စ ဝိညာဏဉ္စ** ရူပဇီဝိတိန္ဒြိယံ, ကမ္မဇတေဇောဓာတု, စိတ္တံ . . . (မ-၄-၂-၂၅၀။)

ဤအထက်ပါ အဋ္ဌကထာအဖွင့်နှင့်အညီ အာယုအရ ရူပဇီဝိတိန္ဒြေကို = ရုပ်ဇီဝိတကို ကောက်ယူပါ။ နာမ်ဇီဝိတကား ဝိညာဏ်၌ ပူးတွဲ ပါဝင်သွားပေသည်။

ဤဂါထာ၌ ဆိုလိုရင်းသဘောကို ဤသို့ မှတ်သားပါ။ —

**ယထာ ဣဒံ တထာ ဧတံ** = ဤသက်ရှိ သဝိညာဏက ငါ၏ကိုယ်ကဲ့သို့ပင် ထိုသက်မဲ့အဝိညာဏက အသုဘကောင်သည်လည်း ရှေးကဖြစ်ခဲ့ဖူးလေပြီဟု မိမိနှင့် သေသော သူကောင်ကို ထပ်မျှပြုကာ ဝိပဿနာ-ဉာဏ်ဖြင့် ရှုကြည့်ခြင်းဖြင့် အပြင်ဗဟိဒ္ဓ ကိုယ်ကာယ၌ ဖြစ်ပေါ်လာမည့် ဒေါသကိလေသာကို ပယ်စွန့်နိုင်၏။

**ယထာ ဧတံ တထာ ဣဒံ** = ထို သေသော အဝိညာဏက သူသေကောင်ကဲ့သို့ပင် ဤ ငါ၏ သက်ရှိ သဝိညာဏက ကိုယ်ကောင်သည်လည်း နောင်တစ်ချိန်၌ ဖြစ်လိမ့်မည်ဟု သေသော အဝိညာဏက သူသေ-ကောင်နှင့် မိမိကို ထပ်မျှပြုကာ ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်ခြင်းဖြင့် မိမိ၏ အတွင်းအဇ္ဈတ္တ ကိုယ်ကာယအပေါ်၌ ဖြစ်ပေါ်လာမည့် ရာဂကိလေသာကို ပယ်စွန့်နိုင်၏။

အဇ္ဈတ္တ ဗဟိဒ္ဓ ကိုယ်ကာယနှစ်မျိုးလုံးကို တစ်နည်း သက်ရှိသက်မဲ့ ကိုယ်ကာယနှစ်မျိုးလုံးကို ထပ်မျှ ပြုကာ ဝိပဿနာဉာဏ်ပညာဖြင့် ကြည့်ရှုနိုင်၏။ အဇ္ဈတ္တ ဗဟိဒ္ဓ သက်ရှိသက်မဲ့ ကိုယ်ကာယနှစ်မျိုးလုံး၏ အသုဘ အခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် ကွဲကွဲပြားပြားသိခဲ့သော် ထိုကိုယ်ကာယနှစ်မျိုးလုံး၌ အသုဘအခြင်းအရာ သဘောသွားမှန်ကို မသိခြင်း = မောဟကိလေသာကို ပယ်စွန့်နိုင်၏။

ဤသို့လျှင် ရှေ့ပိုင်း ဝိပဿနာဉာဏ်အခိုက်၌ပင် အမှန်အတိုင်း သိမြင်သဖြင့် လောဘ ဒေါသ မောဟ တည်းဟူသော အကုသလ မူလတရားသုံးပါးကို တဒင်္ဂပဟာန်ဖြင့် ပယ်ရှားနိုင်ပြီးလျှင် ထိုဝိပဿနာဉာဏ်မှ အထက်၌ မဂ်လေးပါးအစဉ်ဖြင့် အလုံးစုံသော ဆန္ဒရာဂကို သမုစ္ဆေဒပဟာန်အနေအားဖြင့် အကြွင်းမဲ့ ပယ်စွန့်-နိုင်လေသည်ဟု ဆိုလိုရင်းအဓိပ္ပါယ်ကို သိမှတ်လေရာ၏။ (သုတ္တနိပါတ-၄-၂၄၂။)

ဤအထက်ပါ အရပ်ရပ်သော ညွှန်ကြားတော်မူချက်များနှင့်အညီ ယခုအခါ၌ ဝိပဿနာပိုင်း အဝိညာဏက အသုဘ, သဝိညာဏက အသုဘ ရှုကွက်များကို ဆက်လက်၍ တင်ပြအပ်ပါသည်။ သမထပိုင်း၌ကား အပ္ပနာစျာန် ဥပစာရစျာန်ကိုရအောင် ရှုပွားရသဖြင့် အသုဘအခြင်းအရာကို အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ရှုရန်မလို။ ဝိပဿ-နာပိုင်း၌ကား မိမိ သူတစ်ပါး နှစ်ဦးသားလုံးတို့၏ ခန္ဓာအိမ်၏ အပြစ်ကို မြင်အောင် ရှုရသော အာဒီနဝါနုပဿနာ-ပိုင်း ဖြစ်သဖြင့် အဇ္ဈတ္တ, ဗဟိဒ္ဓတစ်လှည့်စီ ရှုရ၏။ ဤ လိုရင်းအချက်ကို ကြိုတင်၍ မှတ်သားထားပါ။

## ဝိပဿနာပိုင်း အဝိညာဏကအသုဘ = သေအသုဘ ရှုကွက်

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သေယျထာပိ ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဧကာဟမတံ ဝါ ဒွီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ "အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီတော"တိ။ (မ-၁-၇၃။)

ရဟန်းတို့ . . . တစ်ဖန် ထို့ပြင်လည်း ရဟန်းသည် —

၁။ သေပြီး၍ တစ်ရက်ရှိသော သူသေကောင်,
၂။ သေပြီး၍ နှစ်ရက်ရှိသော သူသေကောင်,
၃။ သေပြီး၍ သုံးရက်ရှိသော သူသေကောင်,

၄။ ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော သူသေကောင်,

၅။ ရုပ်ဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်,

၆။ ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားအပ်သော သူသေကောင် —

ဤ သူသေကောင်ကို တွေ့မြင်ရာသကဲ့သို့ = တွေ့မြင်ရာ၏။ ထိုသို့ တွေ့မြင်သော ရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းဖြစ်သော ရူပကာယ = ကိုယ်သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့ မချွတ်ဧကန် ဖြစ်ပေလတ္တံ့၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤ မိမိ၏ ရူပကာယ = ကိုယ်ကိုပင် ဉာဏ်ဖြင့် (= ဝိပဿနာဉာဏ်ဖြင့်) ကပ်ဆောင်၍ ရှု၏။ (မ-၁-၇၃။)

ဒီဃဘာဏကမဟာသီဝတ္ထေရော ပန "နဝသိဝထိကာ အာဒီနဝါနုပဿနာဝသေန ဝုတ္တာ"တိ အာဟ။

(မ-ဋ္ဌ-၁-၃၀၅။)

ဒီဃဘာဏက မဟာသီဝမထေရ်မြတ်ကြီး၏ အယူအဆအားဖြင့် အထက်ပါ မဟာသတိပဋ္ဌာနသုတ္တန်၌ လာရှိသော အသုဘဘာဝနာရှုကွက်မှာ အာဒီနဝါနုပဿနာဟူသော မိမိ သူတစ်ပါး နှစ်ဦးသားလုံးတို့၏ ရူပကာယ = ကိုယ်၏ အပြစ်အာဒီနဝကို မြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုရန် ဘုရားရှင်၏ ညွှန်ကြားတော်မူချက် ဖြစ်သည်ဟု မှတ်ပါ။ ယင်း ညွှန်ကြားတော်မူချက်များအတိုင်း အဝိညာဏကအသုဘ = သေအသုဘကို ဝိပဿနာပိုင်း၌ ရှုပွားလိုခဲ့သော် အောက်ပါအတိုင်း ရှုပါ။ —

ဤအပိုင်းတွင် အသင်သူတော်ကောင်းသည် ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိကြသော သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်သော အဆင့်သို့ ရောက်ရှိနေပြီး ဖြစ်၏။ ဤအချိန်တွင် အသုဘဘာဝနာကို အာဒီနဝါနုပဿနာအနေဖြင့် ထပ်ဆင့်၍ ပွားတော့မည့် အချိန် ဖြစ်ပေသည်။ သို့အတွက် အသင်သူတော်ကောင်းသည် မိမိရရှိထားပြီးသည့် အာနာပါနစတုတ္ထစျာန်သမာဓိသို့ တိုင်အောင်, သို့မဟုတ် ဩဒါတကသိုဏ်း စတုတ္ထစျာန်သမာဓိသို့တိုင်အောင်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုစတုတ္ထစျာန်သမာဓိနှင့်ယှဉ်သော ဉာဏ်ကြောင့် လင်းရောင်ခြည်များသည် ပြိုးပြိုးပြက် တလက်လက် တောက်-ပလာသောအခါ ထိုလင်းရောင်ခြည် အကူအညီဖြင့် မိမိမြင်ဖူးသည့် ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံး အသုဘ အလောင်းကောင်တစ်ခုကို ပြန်လည်၍ အာရုံယူကြည့်ပါ။ ထိုအလောင်းကောင်မှာ လိင်တူအလောင်းကောင် သော်လည်းကောင်း, လိင်မတူ အလောင်းကောင်သော်လည်းကောင်း နှစ်မျိုးလုံး ရနိုင်၏။

ထိုအလောင်းကောင်၏ ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံး အနေအထား၌ မိမိ၏ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထား၍ အသုဘ-အသုဘဟု ရှုနေပါ။ အသုဘအခြင်းအရာသည် ဉာဏ်၌ ပေါလောပေါ်လာသောအခါ မိမိ၏ ရူပကာယ = ကိုယ်ကောင်ဘက်သို့ ဉာဏ်ကို ရှေးရှုကပ်ဆောင်၍ "ငါ၏ကိုယ်သည်လည်း ဤသို့ သဘော ရှိ၏။ ဤသို့ မချွတ်ဧကန် ဖြစ်ပေလတ္တံ့၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ရှုကြည့်ပါ။ မိမိသေ၍ ပုပ်ပွနေသော မိမိ၏ အလောင်းကောင်ကို ဉာဏ်ဖြင့် မြင်အောင် ကပ်ဆောင်၍ ကြည့်ပါ။ တွေ့မြင်လျှင်ကား ကောင်း၏။ အကယ်၍ မတွေ့မြင်သေးပါက ဗဟိဒ္ဓ အဝိညာဏကအလောင်းကောင်ကိုပင် တစ်ဖန်ပြန်၍ ရှုပါ။ ထို့နောင် မိမိ၏ အလောင်းကောင်ကို တစ်ဖန်ပြန်၍ရှုပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ လေ့ကျင့်ပါက မိမိ၏ အလောင်းကောင်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ထိုသို့ တွေ့မြင်ပါက ပုပ်ပွနေသော မိမိ၏ အလောင်းကောင်-ကိုလည်း အသုဘ-အသုဘဟု ရှုပါ။ အဇ္ဈတ္တအလောင်းကောင်ကို တစ်လှည့် ဗဟိဒ္ဓအလောင်းကောင်ကို တစ်လှည့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။

ထိုသို့ ရှုရာ၌ အသင်သူတော်ကောင်းကိုယ်တိုင် ရွေးချယ်၍ အသုဘဘာဝနာ ရှုပွားနေသော ဗဟိဒ္ဓ အလောင်းကောင်မှာ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က အလောင်းကောင်ဖြစ်ခဲ့သော် ထိုအလောင်းကောင်မှာ

ယခုကဲ့သို့ အသုဘ ဘာဝနာရှုနေသောအချိန်၌ အရိုးများ မှုန့်မှုန့်ညက်ညက် ကြေနေသော အဆင့်သို့လည်း ရောက်ကောင်းရောက်နေနိုင်၏။ ထိုသို့ ဖြစ်ခဲ့သော် ထိုအလောင်းကောင်၏ မိမိမြင်ခဲ့ဖူးသော ပုပ်ပွနေသော အခြေအနေမှသည် အရိုးများ မှုန့်မှုန့်ညက်ညက် ကြေနေသော အချိန်သို့တိုင်အောင် ဉာဏ်ကို စေလွှတ်၍ ထို အလောင်းကောင်ကို တစ်စတစ်စ ရှုကြည့်လာပါက အလောင်းကောင်၏ အနေအထားမှာ အဆင့်ဆင့် ပြောင်းလဲ လာ၍ နောက်ဆုံး အရိုးစု၏ မှုန့်မှုန့်ညက်ညက် ကြေနေသည့် အဆင့်သို့ တိုင်အောင် ဉာဏ်ဆိုက်ရောက်သွား-နိုင်၏။ ဤသို့ အဆင့်ဆင့် ပြောင်းလဲသွားရာ၌လည်း အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။

အကယ်၍ မိမိမြင်ဖူးသော အလောင်းကောင်မှာ သို့မဟုတ် မိမိ အသုဘဘာဝနာရှုရန် ရွေးချယ်ထားသော အလောင်းကောင်မှာ မကြာမီ ရက်ပိုင်းအတွင်းက အလောင်းကောင်ဖြစ်ခဲ့သော်လည်းကောင်း, အသုဘဘာဝနာ ရှုမည့်နေ့မှ လောလောလတ်လတ် တွေ့မြင်ရသော အလောင်းကောင်ဖြစ်သော်လည်းကောင်း, ထိုအလောင်း-ကောင်မှာ လောလောဆယ် မှုန့်မှုန့်ညက်ညက် ကြေနေသည့် အရိုးမှုန့်အဆင့်သို့ကား မရောက်နိုင်သေးပေ။ ထိုသို့ မရောက်နိုင်သေးသော်လည်း (အနာဂတ် ရုပ်နာမ်တို့ကိုပင် ဝိပဿနာရှုနိုင်ပြီး ဖြစ်နေသော အသင်သူ-တော်ကောင်းအဖို့) ထိုအလောင်းကောင်၏ အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ တစ်စတစ်စ တိုး၍ တိုး၍ ရှုလိုက်ပါက ထိုအလောင်းကောင်၏ အနေအထားမှာ အဆင့်ဆင့် ပြောင်းလဲသွားကာ နောက်ဆုံး မှုန့်မှုန့်ညက်-ညက် ကြေနေသည့် အရိုးအမှုန့် အစုအပုံအဆင့်သို့ တိုင်အောင် ဆိုက်ရောက်သွားနိုင်ပါသည်။ ဤအဆင့်များ-တွင်လည်း အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် တစ်လှည့်စီ အသုဘဘာဝနာကို ပွားများပါလေ။

## သူသေကောင် (၉) မျိုး

ဤတွင် မဟာသတိပဋ္ဌာနသုတ္တန်တွင် လာရှိသော အာဒီနဝါနုပဿနာ = ခန္ဓာကိုယ်၏ အပြစ်အာဒီနဝကို မြင်အောင် ရှုပွားရမည့် ဝိပဿနာပိုင်းဆိုင်ရာ အရှုခံအာရုံဖြစ်သည့် သူသေကောင် (၉)မျိုးကို ဆက်လက်၍ တင်ပြအပ်ပါသည်။ —

၁။ (က) သေပြီး၍ တစ်ရက်ရှိသော သူသေကောင်,
(ခ) သေပြီး၍ နှစ်ရက်ရှိသော သူသေကောင်,
(ဂ) သေပြီး၍ သုံးရက်ရှိသော သူသေကောင်,
(ဃ) ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော သူသေကောင်,
(င) ရုပ်ဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်,
(စ) ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည်ယိုစီးသော သူသေကောင်,

၂။ (က) ကျီးတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ခ) စွန်ရဲတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ဂ) လင်းတတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ဃ) ဘုံမတီးငှက်တို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(င) ခွေးတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(စ) ကျားတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ဆ) သစ်တို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ဇ) မြေခွေးတို့မှုလည်း ခဲစားအပ်သော သူသေကောင်,
(ဈ) ပိုးအမျိုးမျိုးတို့မှုလည်း ခဲစားအပ်သော သူသေကောင်,

၃။ အသားအသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့စပ်ထားသော အရိုးဆက်လျက်ရှိသေးသော သူသေကောင်,

၄။ အသားကင်း၍ (= အသားမရှိတော့ဘဲ) သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့စပ်လျက်ရှိသော အရိုးဆက်လျက်ရှိသေးသော သူသေကောင်,

၅။ အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့စပ်ထားသော သူသေကောင်,

၆။ တစ်နေရာ၌ လက်ရိုး, တစ်နေရာ၌ ခြေရိုး, တစ်နေရာ၌ ခြေဖမျက်ရိုး, တစ်နေရာ၌ မြင်းခေါင်းရိုး, တစ်နေရာ၌ ပေါင်ရိုး တစ်နေရာ၌ ခါးရိုး, တစ်နေရာ၌ နံရိုး, တစ်နေရာ၌ ကျောက်ကုန်းရိုး, တစ်နေရာ၌ ပခုံးရိုး, တစ်နေရာ၌ လည်ပင်းရိုး, တစ်နေရာ၌ မေးရိုး, တစ်နေရာ၌ သွားရိုး, တစ်နေရာ၌ ဦးခေါင်းခွံ အားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ်တို့၌ ပြန့်ကြဲနေကုန်သော အရိုးစုသူသေကောင်,

၇။ ခရုသင်းအဆင်းနှင့်အတူ ဖွေးဖွေးဖြူကုန်သော အရိုးစုသူသေကောင်,

၈။ နှစ်လွန်လျက် စုပုံနေသော အရိုးစုသူသေကောင်,

၉။ ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော အရိုးစုသူသေကောင် —

ဤ သူသေကောင် (၉)မျိုးတို့ကား အသုဘဘာဝနာရှုပွားရန် မဟာသတိပဋ္ဌာနသုတ္တန်တွင် ဘုရားရှင် ဟောကြားထားတော်မူသော သူသေကောင် (၉)မျိုးတို့ ဖြစ်ကြသည်။ သုသာန်သင်းချိုင်း၌ စွန့်ပစ်ထားအပ် ကုန်သော သူသေကောင်တို့ချည်းသာတည်း။ (မ-၁-၇၃-၇၄။မ-ဋ္ဌ-၁-၂၇၈။)

အသင်သူတော်ကောင်းသည် အထက်ပါ သူသေကောင် (၉)မျိုးလုံးကိုပင် ဖြစ်စေ, အချို့ကို ဖြစ်စေ အာဒီနဝါနုပဿနာအနေဖြင့် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။

## လက္ခဏာယာဉ် တင်ပါ

ကာလသုံးပါး, သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြသော ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကို လက္ခဏာရေး သုံးတန် တစ်လှည့်စီတင်ကာ နိုင်နိုင်နင်းနင်း ဝိပဿနာ ရှုပွားသုံးသပ်ပြီးပါမှ အသုဘဘာဝနာကို ဆက်လက် ကြိုးပမ်းလာသော အသင်သူတော်ကောင်းအဖို့ ထိုသို့အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ဌာနတို့၌ အသုဘသဘောကို အပြန်ပြန် အလှန်လှန် ရှုနေရင်းဖြင့် ရုပ်ကလာပ်အမှုန်များကိုလည်း ဉာဏ်ဖြင့် တွေ့မြင်လာတတ်၏။ အကယ်၍ အားရ ကျေနပ်မှု ရရှိသည့်တိုင်အောင် အသုဘသဘောကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုနေသော်လည်း ရုပ်ကလာပ် အမှုန်များကို မတွေ့ပါက ယင်း အဇ္ဈတ္တ ဗဟိဒ္ဓအလောင်းကောင်တို့၌ ဓာတ်ကြီးလေးပါးကို စိုက်၍ ရှုလိုက်ပါက ရုပ်ကလာပ်အမှုန်များကို တွေ့ရှိနိုင်ပေသည်။ ယင်း ရုပ်ကလာပ်အမှုန်များကို ယနပြိုအောင်, ပရမတ်သို့ ဉာဏ် အမြင်ဆိုက်အောင် ဉာဏ်ဖြင့်ပိုင်းခြားယူလျက် သိမ်းဆည်းလျက် ယင်းရုပ်ပရမတ်တရားတို့ကို လက္ခဏာရေး သုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ ယင်း အဝိညာဏကအသုဘ = သေအသုဘ၌ ဥတုဇသြဇဋ္ဌမက-ရုပ်တို့ကိုသာ (ယေဘုယျအားဖြင့်) တွေ့ရှိမည်ဖြစ်သည်။ ယင်းဥတုဇ ရုပ်ကလာပ်တို့ကား မကြည်ပေ။ ဓာတ်ခွဲ-လိုက်သော် ရုပ်ကလာပ်တစ်ခုတစ်ခု၌ ပရမတ်ရုပ်သဘောတရား (၈)မျိုးစီ ရှိ၏။

## ခြွင်းချက် အနည်းငယ်

အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ယင်းသေအသုဘအလောင်းကောင်၌ ဓာတ်ကြီးလေးပါးကို စိုက်၍ ရှုလိုက်သောအခါဝယ် ကြည်သော ရုပ်ကလာပ်အမှုန်များကိုလည်း မကြည်သော ရုပ်ကလာပ်တို့နှင့် ရောနှော၍တွေ့နေတတ်၏။ ထိုသို့တွေ့ရှိရခြင်း၏ အကြောင်းမှာ ထိုအလောင်းကောင်၌

ထိုအချိန်တွင် အသက်ရှင်နေဆဲ ပိုးလောက်များ ထကြွသောင်းကျန်းနေပါက ထိုပိုးလောက်တို့၌ ကာယအကြည်-ဓာတ်စသော အကြည်ဓာတ်များ ထိုက်သလိုပါရှိသော ရုပ်ကလာပ်တို့ကိုပါ ရောထွေး၍ ယောဂါဝစရပုဂ္ဂိုလ်က ဉာဏ်ဖြင့် တွေ့မြင်လိုက်ခြင်းကြောင့် ဖြစ်သည်။ အမှန်မှာမူ အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော သေအသုဘအလောင်း-ကောင် နှစ်မျိုးလုံး၌ကား ဥတုဇဩဇဋ္ဌမကရုပ် = ဥတုကြောင့်ဖြစ်သော ဩဇာလျှင် (၈)ခုမြောက်ရှိသော ရုပ်တရားများသာ ရှိပေသည်။

## အခက်အခဲတစ်ရပ်

ဗဟိဒ္ဓအလောင်းကောင်၏ အသုဘသဘောကို ရှုပြီးသောအခါ အဇ္ဈတ္တဝယ် သေအသုဘသဘောကို ဉာဏ်ဖြင့်ရှေးရှု ကပ်ဆောင်၍ ရှုရာ၌ အချို့ယောဂီများ၌ မိမိ၏ သေအသုဘသဘောကို လွယ်လွယ်ကူကူဖြင့် မတွေ့နိုင် ဖြစ်နေတတ်၏။ ထိုသို့ ဖြစ်ခဲ့သော် မိမိ၏ ဤဘဝ အနာဂတ်စုတိဘက်သို့ ဉာဏ်ကို စေလွှတ်၍ ယခု အချိန်မှစ၍ ဤဘဝစုတိသို့တိုင်အောင် ရုပ်တရား နာမ်တရားတို့ကို တစ်စတစ်စ သိမ်းဆည်းသွားပါ။ နောက်ဆုံး စုတိအခိုက်သို့ ဆိုက်ရောက်သွားသောအခါ မိမိ၏ သေအသုဘသဘောကိုလည်း ဉာဏ်ဖြင့် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။ ထိုအခါတွင် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။

အကယ်၍ အသင်သူတော်ကောင်းသည် ဗဟိဒ္ဓအလောင်းကောင်၏ အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်-၍ ရှုလိုက်မိသဖြင့် ထိုဗဟိဒ္ဓအသုဘအလောင်းကောင်၏ ပုပ်ရာမှ ပွလာပြီးလျှင် အပုပ်ရည်များ ယိုစီးကျလာပုံ, ညိုမည်းကွဲအက်လာပုံ, ပိုးလောက်များ ထကြွလာပုံ, အရိုးစုဖြစ်သွားပုံ, အရိုးစုမှ အမှုန့်ဖြစ်သွားပုံ စသည့်ပြောင်းလဲမှု အဆင့်ဆင့်တို့ကို ဉာဏ်ဖြင့် တွေ့မြင်ပါက ထိုသို့ တွေ့မြင်တိုင်း တွေ့မြင်တိုင်း အဇ္ဈတ္တအလောင်းကောင်သို့လည်း ဉာဏ်ကို ရှေးရှုဆောင်ယူ၍ အသုဘသဘောကို မြင်အောင်ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ရှုပါ။

## ရာဂကို တိုက်ဖျက်ရေး

ထိုသို့ အဇ္ဈတ္တနှင့် ဗဟိဒ္ဓကို တစ်လှည့်စီလှည့်၍ သေအသုဘသဘောကို ဝိပဿနာဉာဏ်ဖြင့် ရှုခြင်းသည် ရာဂကိုတိုက်ဖျက်ရာ၌ လက်နက်ကောင်းတစ်ခုပင် ဖြစ်သည်။ သို့သော် ဤမျှဖြင့် ရပ်နားမနေသေးဘဲ ဗဟိဒ္ဓသို့ တဖြည်းဖြည်း ဉာဏ်ကို စေလွှတ်၍ တိုးချဲ့ရှုပါ။ ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်နှင့် တွေ့ထိမိရာ အရပ်၌ တွေ့သမျှသတ္တဝါတို့၏ သေအသုဘသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဆက်လက်ရှုပါ။ ဉာဏ်-ရောင်ဖြင့် တွေ့ထိမိရာ သတ္တဝါတိုင်း၏ အသုဘသဘောကို မြင်တွေ့သောအခါ အဇ္ဈတ္တ၏ အသုဘသဘောကို-လည်း ရံခါ ပြန်၍ ရှုပေးပါ။

ထိုသို့ ရှုရာ၌ ရုပ်ကလာပ်အမှုန်များကို ဉာဏ်ဖြင့် တွေ့မြင်သော် ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ရုပ်-ပရမတ်တရားများကို လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာ ပြန်၍ရှုပါ။ အကယ်၍ ထိုသို့ အဇ္ဈတ္တ ဗဟိဒ္ဓတို့၌ အသုဘသဘောကို အားရကျေနပ်သည့် တိုင်အောင် ရှုပြီးသော်လည်း ရုပ်ကလာပ်အမှုန်များကို လွယ်လွယ်ကူကူ မတွေ့မြင်ပါက ယင်းအသုဘအလောင်းကောင်၌ ဓာတ်ကြီးလေးပါးကို စိုက်၍ရှုပါ။ ရုပ်ကလာပ် အမှုန်များကို တွေ့သောအခါ ရုပ်ကလာပ်များကို ဓာတ်ခွဲလျက် ရုပ်ပရမတ်တရားများကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာ ဆက်ရှုပါ။ အထူးသဖြင့် မိမိရာဂဖြစ်တတ်သည့် ပုဂ္ဂိုလ်သတ္တဝါများကို ခပ်များ များ ဦးစားပေး၍ ရှုပါ။

## သဝိညာဏကအသုဘ = ရှင်အသုဘ ရှုကွက်

ဤ သဝိညာဏကအသုဘ = ရှင်အသုဘပိုင်း၌ —

၁။ (၃၂)ကောဋ္ဌာသတို့၏ အသုဘသဘော,

၂။ ပိုးလောက်တို့နှင့် ပြည့်နေသော ခန္ဓာအိမ်၏ အသုဘသဘော,

၃။ ရုပ်ပရမတ်တို့၏ အသုဘသဘော —

ဤသို့လျှင် အသုဘသဘောကို သုံးမျိုးခွဲ၍ ရှုပါ။

၁။ (၃၂)ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အသုဘ, အသုဘဟု ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ ဗဟိဒ္ဓတွင်လည်း တိုးချဲ့၍ တစ်စတစ်စ ရှုပါ။ ရာဂဖြစ်နေကျ ပုဂ္ဂိုလ်သတ္တဝါများကို ဦးစားပေး၍ ရှုပါ။ သက်ရှိလောကတစ်ခုလုံးကို ငုံနိုင်သမျှ ငုံမိအောင် တိုးချဲ့၍ရှုပါ။

ထိုသို့ ရှုရာ၌ အသင်သူတော်ကောင်းသည် ဤအဆင့်တွင် အဇ္ဈတ္တ, ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ (၃၂) ကောဋ္ဌာသ၌ တည်ရှိသော ရုပ်တရားတို့ကို လက္ခဏာယာဉ် သုံးချက်သို့ တင်၍ တွင်တွင်ကြီး အဝါးဝစွာ ဝိပဿနာ ရှုထားပြီးဖြစ်သောကြောင့် ယင်း (၃၂) ကောဋ္ဌာသတို့မှာ "အသုဘ, အသုဘ"ဟု ရှုရင်း ရှုရင်းဖြင့် တဖြည်းဖြည်း ရုပ်ကလာပ်အမှုန်များ ဖြစ်သွားတတ်ပေသည်။ အကယ်၍ ရုပ်ကလာပ်အမှုန်များ ဖြစ်မလာခဲ့သော် ယင်း (၃၂) ကောဋ္ဌာသတို့၏ အသုဘအခြင်းအရာကို ရှု၍ အားရကျေနပ်မှု ရရှိလာသောအခါ ယင်းကောဋ္ဌာသတို့ကို ခြုံ၍ ဖြစ်စေ, ကောဋ္ဌာသတစ်ခုစီ ခွဲ၍ ဖြစ်စေ၊ ယင်းကောဋ္ဌာသတို့၌ တည်ရှိကြသော ဓာတ်ကြီးလေးပါးတို့ကို စိုက်၍ ရှုလိုက်ပါက ရုပ်ကလာပ်အမှုန်များကို လွယ်လွယ်ကူကူပင် တွေ့ရှိနိုင်ပေသည်။ ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသား တင်ပြခဲ့သည့်အတိုင်း ယင်းရုပ်ကလာပ်တို့ကို ဓာတ်ခွဲလျက် ယင်းရုပ်ပရမတ်တရားတို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာဆက်ရှုပါ။

၂။ ဤရူပကာယခန္ဓာအိမ်ကြီး၌ အမျိုးအစားအားဖြင့် ပိုးအမျိုးပေါင်း (၈၀)တို့ မှီတင်းနေထိုင်ကြ၏။ ထို့ကြောင့် ထိုခန္ဓာအိမ်ကြီးသည် ထိုပိုးအမျိုးမျိုးတို့၏အိမ်ထောင်ရာ, သားမွေးရာ အိမ်လည်းဖြစ်၏၊ ကျင်ကြီးစွန့်ရာ, ကျင်ငယ် စွန့်ရာ အိမ်လည်းဖြစ်၏၊ ဖျားနာရာ ဖျားနာဆောင်လည်းဖြစ်၏၊ သေလျှင် အသုဘချရာ သုသာန်သင်းချိုင်းလည်း ဖြစ်၏။ ထိုပိုးလောက်တို့သည် ဤခန္ဓာအိမ်မှ ပြင်ပတစ်နေရာ၌သွား၍ သားမွေးခြင်း, ကျင်ကြီးစွန့်ခြင်း, ကျင်ငယ် စွန့်ခြင်း, ဆေးကုခြင်း, အသုဘချခြင်းစသည်တို့ကို ပြုလုပ်ကြသည်ကား မဟုတ်ကုန်။ (သံ-ဋ္ဌ-၂-၂၉၄။) ထို့ကြောင့် ထိုပိုးလောက်အမျိုးမျိုးတို့ဖြင့် ပြည့်နှက်နေသော ဤခန္ဓာအိမ်ကြီးသည် ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောသာ ဧကန်ဖြစ်၏။ ယင်းသို့ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အသုဘ-အသုဘ ဟု ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ ထိုသို့ရှုရာ၌ ပိုးလောက်တို့ကိုလည်း ဉာဏ်ဖြင့်မြင်တွေ့ပါစေ၊ ပိုးလောက်တို့နှင့် ပြည့်နှက်နေသည့်ခန္ဓာအိမ်၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကိုလည်း ဉာဏ်ဖြင့် မြင်တွေ့နေပါစေ။ ဤအပိုင်းတွင်လည်း အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုဖန်များလာသောအခါ ရုပ်ကလာပ်အမှုန်များကို မကြာမီ တွေ့ရှိတတ်ပါသည်။ မတွေ့ပါကလည်း ပိုးလောက်တို့နှင့် ပြည့်နှက်နေသော ခန္ဓာအိမ်၌ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်ရှုလိုက်ပါက (ရုပ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားခဲ့သည့်အတိုင်း) ရုပ်ကလာပ်များကို တဖြည်းဖြည်း တွေ့ရှိနိုင်ပေသည်။ ယင်းရုပ်ကလာပ်တို့ကို ဓာတ်ခွဲလျက် ရုပ်ပရမတ်တရားတို့ကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာ ဆက်ရှုပါ။

## ၃။ ရုပ်ပရမတ်တရားတို့ကိုလည်း အသုဘရှုပုံ

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (မ-၁-၇၃-၇၄။ နဝသိဝထိကပဗ္ဗ။)

**ဣတိ အဇ္ဈတ္တံ ဝါ**တိ ဧဝံ ဥဒ္ဓုမာတာဒိပရိဂ္ဂဟဏေန အတ္တနော ဝါ ကာယေ, ပရဿ ဝါ ကာယေ ကာ-လေန ဝါ အတ္တနော, ကာလေန ဝါ ပရဿ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (မ-ဋ္ဌ-၁-၂၇၇။)

သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယ-ဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ (မ-၁-၇၃-၇၄။ နဝသိဝထိကပဗ္ဗ။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာတို့နှင့်အညီ အသင်သူတော်ကောင်းသည် အထက်တွင် ရေးသားခဲ့-သည့်အတိုင်း အဝိညာဏကအသုဘ = သေအသုဘကိုလည်းကောင်း, သဝိညာဏက အသုဘ = ရှင်အသုဘကို လည်းကောင်း ရှုပြီးသောအခါ —

၁။ အဝိညာဏကအသုဘ = သေအသုဘ၌ တည်ရှိသော ရုပ်ပရမတ်တရားတို့ကိုလည်းကောင်း,

၂။ (၃၂)ကောဋ္ဌာသဟူသော သဝိညာဏကအသုဘ = ရှင်အသုဘ၌ တည်ရှိသော ရုပ်တရားတို့ကိုလည်း-ကောင်း,

၃။ ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသော ခန္ဓာအိမ်၌ တည်ရှိသော ရုပ်တရားတို့ကိုလည်းကောင်း,

၄။ ယင်းရုပ်တရားတို့ကို အာရုံပြု၍ ယင်းရုပ်တရားတို့ကို မှီ၍ ဖြစ်ပေါ်လာကြကုန်သော နာမ်တရားတို့ကို လည်းကောင်း —

ဤ ရူပကာယ = ရုပ်တရားအပေါင်း, နာမကာယ = နာမ်တရားအပေါင်းတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်မျိုးလုံး၌ သိမ်းဆည်း၍, ယင်းရုပ်နာမ်တို့၏ အကြောင်းတရားတို့ကို ရှာဖွေပြီးလျှင် အကြောင်းတရားနှင့်တကွ ယင်းရုပ်နာမ်တို့ကို ဆက်လက်၍ ဝိပဿနာရှုရန် ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန် နဝသိဝထိကပဗ္ဗ = သူသေကောင် (၉)မျိုးကို ရှုသည့်အပိုင်းတွင် ဆက်လက်ညွှန်ကြားထားတော်မူ၏။ အကြောင်းတရားနှင့်တကွသော ထို ရုပ်နာမ် = သင်္ခါရတရားတို့ကို ဆက်လက်၍ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူသည့်အတွက် အထက်တွင် အဝိညာဏကအသုဘ = သေအသုဘအလောင်းကောင်၌ တည်ရှိသော ရုပ်တရား, သဝိညာဏကအသုဘ = ရှင်အသုဘ = (၃၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်တရားတို့ကို ဝိပဿနာရှုရန် ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပေ-သည်။

(၃၂)ကောဋ္ဌာသဟူသော ကောဋ္ဌာသပညတ်နှင့် အသုဘအလောင်းကောင်ဟူသော အသုဘပညတ်တို့ကို အာရုံယူ၍ ရှင်အသုဘ, သေအသုဘရှုကွက်ကို ရှုရသကဲ့သို့ အလားတူပင် ရုပ်ပရမတ်တရားတို့၏ အသုဘ သဘောကိုလည်း အာရုံယူ၍ ရုပ်ပရမတ်အစစ်တို့ကိုလည်း အသုဘဟုရှုရန် ဖေဏပိဏ္ဍူပမသုတ္တန် (သံ-၂-၁၀၄။) အာသီဝိသောပမသုတ္တန် (သံ-၂-၃၈၁။)စသော ထိုထိုသုတ္တန် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ အောက်ပါ အတိုင်း လာရှိပေသည်။ —

ဧဝံ ရူပမ္ပိ နိစ္စန္တိ ဝါ ဓုဝန္တိ ဝါ အဟန္တိ ဝါ မမန္တိ ဝါ ဂဟေတုံ န သက္ကာ၊ ဂဟိတမ္ပိ န တထာ တိဋ္ဌတိ၊ အနိစ္စံ ဒုက္ခံ အနတ္တာ အသုဘညေဝ ဟောတီတိ ဧဝံ ဖေဏပိဏ္ဍသဒိသမေဝ ဟောတိ။ (သံ-ဋ္ဌ-၂-၂၉၄။)

ဒုဂ္ဂန္ဓံ အသုစိံ ဗျာဓိံ၊ ဇရံ မရဏပဉ္စမံ။
အနတ္တာ ဟောန္တိ ပဉ္စေတေ၊ မိဋ္ဌလိတ္တေဝ ပန္နဂေ။ (သံ-ဋ္ဌ-၃-၅၉။)

ဤအထက်ပါ အဋ္ဌကထာတို့၌ ညွှန်ကြားသတ်မှတ်ထားသည်နှင့်အညီ ရုပ်ပရမတ်တရားတို့ကိုလည်း အနိစ္စ ဒုက္ခ အနတ္တဟု ရှုနိုင်ရုံသာမက အသုဘဟုလည်း ရှုနိုင်ပေသည်။ မည်သို့သော အသုဘနည်းဟု မေးရန်ရှိ၏။ ယင်း ရုပ်တရားတို့၌ —

၁။ ဒုဂ္ဂန္ဓ = မကောင်းသော အနံ့ရှိခြင်း,

၂။ အသုစိ = မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ်သဘောရှိခြင်း,

၃။ ဗျာဓိ = နာမှုသဘောရှိခြင်း,

၄။ ဇရာ = အိုမှုသဘော = ဦးသဘောရှိခြင်း,

၅။ မရဏ = သေမှုသဘော = ပျက်မှုသဘော = ဘင်သဘောရှိခြင်း —

ဤသဘောတရားတို့ကား ရုပ်တရားတို့၏ အသုဘအခြင်းအရာသဘောများပင် ဖြစ်ကြသည်။ ရုပ်ကလာပ် အသီးအသီး၌ တည်ရှိသော ဓာတ်ကြီး (၄)ပါးတို့သည် ယင်း ဒုဂ္ဂန္ဓ အသုစိ ဗျာဓိ ဇရာ မရဏဟူသော အကျိုးမဲ့ တရား (၅)မျိုးကို ယူဆောင်လျက်သာ ဖြစ်ပေါ်လာကြ၏။ ရုပ်တရားတို့၌ တည်ရှိသော ယင်းသဘောတရားများကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဉာဏ်ဖြင့် အာရုံယူ၍ ယင်းရုပ်ပရမတ်တို့ကို အသုဘ-အသုဘ ဟူ၍လည်း ရှုနိုင်ပေသည်။ ဤသို့လျှင် ရုပ်တရား၌ သို့မဟုတ် ကာယာနုပဿနာပိုင်း၌ ပညတ်ကို အသုဘရှုနည်း ရုပ်ပရမတ်ကို အသုဘရှုနည်းဟု နှစ်မျိုးရှိသည်ကို မှတ်သားပါလေ။

## အာဒီနဝါနုပဿနာ

ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။ (သံ-၂-၅၁။ သတ္တဋ္ဌာနသုတ်။)

အကြင်ရုပ်တရားသည် အနိစ္စလည်း ဖြစ်၏၊ ဒုက္ခလည်း ဖြစ်၏၊ ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမ-ဓမ္မလည်း ဖြစ်၏၊ ဤ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မသဘောသည် ရုပ်တရား၏ အပြစ်အာဒီနဝပင်တည်း။ ယင်း အပြစ်အာဒီနဝကို ရှုခြင်းသည် အာဒီနဝါနုပဿနာပင်တည်း။ ယင်းအာဒီနဝါနုပဿနာကိုပင် အထက်၌ ဖော်ပြ-ထားသော သံယုတ်အဋ္ဌကထာ (သံ-ဋ္ဌ-၃-၅၉)က အသုဘဘာဝနာအဖြစ် ဖွင့်ဆိုခြင်းပင်ဖြစ်ပေသည်။ ဝေဒနာ စသည့် နာမ်ခန္ဓာ (၄)ပါးတို့၌လည်း နည်းတူပင် ဟောကြားထားတော်မူပေသည်။ (သံ-၂-၅၁ - ကြည့်။)

## သမထနှင့်ဝိပဿနာ

(၃၂)ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ်သဘောကို အာရုံယူ၍ အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်လှည့်စီ ရှုပွားသုံး-သပ်ခြင်းကို အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ဝိဇယသုတ္တန်တွင် သဝိညာဏကအသုဘ = ရှင်အသုဘဟု လည်းကောင်း, ဂိရိမာနန္ဒသုတ္တန်တွင် အသုဘသညာဟုလည်းကောင်း ဟောကြားထားတော်မူခဲ့၏။ အပြစ် အာဒီနဝကို မြင်အောင်ရှုသော အာဒီနဝါနုပဿနာ တစ်မျိုးပင်ဖြစ်သည်။ ယင်း (၃၂)ကောဋ္ဌာသတို့ကို ရှုရာ၌ လမ်းသုံးသွယ် ရှိပေသည်။ —

အာကင်္ခမာနဿ ဝဏ္ဏတော, အာကင်္ခမာနဿ ပဋိကူလတော, အာကင်္ခမာနဿ သုညတော ကမ္မဋ္ဌာနံ ဥပဋ္ဌဟိဿတိယေဝ။ (အဘိ-ဋ္ဌ-၂-၂၄၃။)

၁။ အလိုရှိသသူအား ဝဏ္ဏကသိုဏ်း = အရောင်ကသိုဏ်းအားဖြင့်,

၂။ အလိုရှိသသူအား ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့်,

၃။ အလိုရှိသသူအား သုညတ = ဓာတ်ကမ္မဋ္ဌာန်းသဘောအားဖြင့် —

ကမ္မဋ္ဌာန်းသည် ထင်ရှားလာလိမ့်မည်သာ ဖြစ်ပေသည်။ (အဘိ-ဋ္ဌ-၂-၂၄၃။)

(၃၂)ကောဋ္ဌာသတို့ကို အဖ္ဓတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ နိုင်နိုင်နင်းနင်း အဝါးဝစွာ လေ့လာထားနိုင်သော သူ-တော်ကောင်းသည် ယင်း (၃၂)ကောဋ္ဌာသတို့၌ ဝဏ္ဏကသိုဏ်းလမ်း, ပဋိကူလမနသိကာရလမ်း, သုညတဓာတ်က မ္မဋ္ဌာန်းလမ်းဟူသော လမ်းသုံးသွယ်တို့တွင် ကြိုက်နှစ်သက်ရာလမ်းသို့ လိုက်၍ ရွေးချယ်၍ ရှုနိုင်သည်သာဖြစ်သည်။

ဣဒဥ္စ မဟာသတိပဋ္ဌာနေ ပဋိကူလဝသေနေဝ ကထိတံ၊ မဟာဟတ္ထိပဒေါပမ မဟာရာဟုလောဝါဒ ဓာတုဝိဘင်္ဂေသု ဓာတုဝသေန ကထိတံ။ ကာယဂတာသတိသုတ္တေ ပန ယဿ ဝဏ္ဏတော ဥပဋ္ဌာတိ၊ တံ သန္ဓာယ စတ္တာရိ ဈာနာနိ ဝိဘတ္တာနိ။ တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ၊ ပဋိကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။ (အဘိ-ဋ္ဌ-၂-၂၁၆။ ဝိသုဒ္ဓိ-၁-၂၃၅။)

ဤ (၃၂)ကောဋ္ဌာသကို မဟာသတိပဋ္ဌာနသုတ္တန် (ဒီ-၂-၂၃၃။) ၌ ပဋိကူလမနသိကာရ၏ အစွမ်းဖြင့် ဟောကြားထားတော်မူ၏။ မဟာဟတ္ထိပဒေါပမသုတ္တန် (မ-၁-၂၄၂။) မဟာရာဟုလောဝါဒသုတ္တန် (မ-၂-၈၄။) ဓာတုဝိဘင်္ဂသုတ္တန် (မ-၃-၂၈၃။)တို့၌ ဓာတုမနသိကာရ၏အစွမ်းဖြင့် ဟောကြားထားတော်မူ၏။ ကာယဂတာ-သတိသုတ္တန် (မ-၃-၁၃၂။)၌ကား အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အရောင်အဆင်း = ဝဏ္ဏအားဖြင့် ထင်လာ၏။ ထိုဝဏ္ဏကို = ဝဏ္ဏကသိုဏ်းကို ရည်ရွယ်တော်မူ၍ ဈာန်လေးပါးတို့ကို ဝေဖန်ဟောကြားထားတော်မူ၏။ ထိုတွင် ဓာတုမနသိကာရ၏ အစွမ်းဖြင့် ဟောကြားထားတော်မူအပ်သော ကမ္မဋ္ဌာန်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းဖြစ်သည်။ ပဋိကူလမနသိကာရ၏ အစွမ်းဖြင့် ဟောကြားထားတော်မူအပ်သော ကမ္မဋ္ဌာန်းသည် သမထ ကမ္မဋ္ဌာန်းဖြစ်၏။ (အဘိ-ဋ္ဌ-၂-၂၁၆။ ဝိသုဒ္ဓိ-၁-၂၃၅။)

ဤအထက်ပါ အဋ္ဌကထာများ၌ (၃၂)ကောဋ္ဌာသတို့၌ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် နှလုံး-သွင်းခြင်းကို သမထကမ္မဋ္ဌာန်းဖြစ်ကြောင်း ဖွင့်ဆိုချက်မှာ အပ္ပနာဈာန်, ဥပစာရဈာန်တို့ကို အလိုရှိသော သူတော်-ကောင်းတို့အဖို့ အပ္ပနာဈာန်, ဥပစာရဈာန်တို့ကိုရအောင် အားထုတ်ပုံစနစ်ကို ရည်ညွှန်းထားတော်မူခြင်းဖြစ်၏။ ဝိဇယသုတ္တန်, ဂိရိမာနန္ဒသုတ္တန် စသည်တို့၌ ညွှန်ကြားထားတော်မူသည့်အတိုင်း ယင်း (၃၂)ကောဋ္ဌာသတို့ကို အာဒီနဝါနုပဿနာအနေဖြင့် ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါကလည်း ယင်း အာဒီနဝါနုပဿနာမှာ ဝိပဿနာပိုင်းသို့ သက်ဝင်သည်သာဟု မှတ်ပါ။ ဒုက္ခာနုပဿနာ၏ အခြံအရံတည်း။ (မဟာဋီ-၂-၃၈၉။)

## နာမ်တရားတို့၏ အသုဘသဘော

အထက်တွင် တင်ပြခဲ့သော သတ္တဋ္ဌာနကုသလသုတ္တန် (သံ-၂-၅၁။)၌ ဟောကြားထားတော်မူသည့်အတိုင်း နာမ်ခန္ဓာ (၄)ပါးတို့၌လည်း အနိစ္စပြစ်ချက်ကြီး, ဒုက္ခပြစ်ချက်ကြီး, ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမဓမ္မ ပြစ်ချက်ကြီးများ ရှိကြသည်သာ ဖြစ်၏။ ယင်း ပြစ်ချက်ကြီးတို့ကား နာမ်တရားတို့၏ နာမှု အိုမှု သေမှုများပင် ဖြစ်ကြ၏၊ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောတို့သာ ဖြစ်ကြ၏။ ယင်းသဘောကို အာရုံယူ နှလုံးသွင်း၍ နာမ်ခန္ဓာ (၄)ပါးတို့ကိုလည်း အသုဘ-အသုဘဟု ရှုပါ။

ကိလေသာသုစိပဂ္ဃရဏတာယ စ။ ပ ။ အသုဘာကာရာနုပဿီ။ (မ-ဋီ-၁-၃၄၆။)

အကုသိုလ်ဇောနာမ်တရားစုတို့ကား မိမိအကုသိုလ်နာမ်တရားစုမှ မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ် ကိလေ-သာအပုပ်ရည်များ တစီစီ စီးကျ ယိုစီး စိမ့်ထွက်နေသဖြင့် ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောတရားတို့သာ ဖြစ်ကြ၏။ ထို့ကြောင့် ယင်းအကုသိုလ်ဇောများ စောကြသည့် မကောင်းအုပ်စု နာမ်တရားတို့ကိုလည်း- ကိလေ သာ အပုပ်ရည်များ ယိုစီးစိမ့်ထွက်လာမှုကို အာရုံယူ၍ အသုဘ-အသုဘဟု ရှုပါ။

တစ်ဖန် အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ကုသိုလ်ဇောများစောသည့် စက္ခုဒွါရဝီထိစသော ဝီထိ (၆)မျိုးတို့ ထိုက်သလို ဖြစ်ပေါ်လာကြရာ ယင်းကုသိုလ်ဇောနာမ်တရားတို့ကို အကြောင်းပြု၍ လောဘ-ဒေါသ-မောဟ-မာန်မာန-ကုက္ကုစ္စ-မစ္ဆရိယစသော ကိလေသာ အပုပ်ရည်များ စီးကျလာသည်ဖြစ်အံ့၊ ဤကဲ့သို့သော သမထဝိပဿနာ ဘာဝနာတို့အပေါ်၌ သာယာမှု နိကန္တိ ဖြစ်နေငြားအံ့၊ သို့မဟုတ် သမထဝိပဿနာကုသိုလ်တို့ အပေါ်၌ စိတ်တိုင်းမကျသဖြင့် ဒေါသဖြစ်နေအံ့၊ ငါမို့ ဤသို့ရှုရတာ၊ သင်းတို့ ဘယ်ရှုလို့ရနိုင်မတုန်း စသည်ဖြင့် တစ်ဖက်သားအပေါ်၌ အသာယူလိုသည့် ထောင်လွှားမှု မာန်မာနတရားတွေ ဖြစ်လာငြားအံ့၊ ကိုယ့်ထက်သာ မနာလိုသည့် ကုက္ကုစ္စတရား၊ မိမိတရားကို အထိမခံနိုင်သည့် မစ္ဆရိယတရားတို့ ဖြစ်လာငြားအံ့၊ ဤသမထဝိပဿနာ ဘာဝနာကုသိုလ် အဟုန်ကြောင့် လူတော်လူကောင်း၊ နတ်ကောင်းနတ်မြတ်၊ နတ်ထက်နတ်၊ ဗြဟ္မာထက်ဗြဟ္မာ ဖြစ်ရပါလို၏ဟူသော အဝိဇ္ဇာ တဏှာ ဥပါဒါန်တရားတို့ ထင်ရှားဖြစ်ပေါ်လာသည် ဖြစ်ငြားအံ့၊ ယင်းသို့ဖြစ်သော် ကုသိုလ်ဇော အကောင်းအုပ်စု နာမ်တရားစုမှ ကိလေသာအပုပ်ရည်များ ယိုစီးစိမ့်ထွက်လာခြင်းပင်ဖြစ်၏။ ယင်း သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကောင်းအုပ်စု နာမ်တရားများကိုလည်း အာယတနဒွါရအလိုက် အသုဘ-အသုဘဟု ရှုပါ။ (ကိလေသာသုစိပဋ္ဌာနတာယ စ ။ ပ ။ အသုဘာကာရာနုပဿီ။ မ-ဋ္ဌီ-၁-၃၄၆။) အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၊ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ နည်းတူ ရှုပါ။ ဤသို့ ရှုနိုင်ခဲ့သော် အောက်ပါအဋ္ဌကထာကြီးများ၏ သတ်မှတ်ချက် ဘောင်အတွင်းသို့ ဝင်သွားပြီ ဖြစ်ပေသည်။

## အဋ္ဌကထာကြီးများ၏ သတ်မှတ်ချက်

သော ကာလေန အဇ္ဈတ္တံ သမ္မသတိ၊ ကာလေန ဗဟိဒ္ဓါ။ (အဘိ-ဋ္ဌ-၁-၂၇၀။ ဝိသုဒ္ဓိ-၂-၃၀၀။)

သော ကာလေန ရူပံ သမ္မသတိ၊ ကာလေန အရူပံ။ (အဘိ-ဋ္ဌ-၁-၂၇၁။ ဝိသုဒ္ဓိ-၂-၃၀၀။)

ဤအထက်ပါ အဋ္ဌသာလိနီအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့က ရံခါ အဇ္ဈတ္တခန္ဓာငါးပါး၊ ရံခါ ဗဟိဒ္ဓ ခန္ဓာငါးပါး၊ ထိုတွင်လည်း ရံခါ ရုပ်တရား၊ ရံခါ နာမ်တရားတို့ကို ရံခါ အနိစ္စလက္ခဏာ၊ ရံခါ ဒုက္ခလက္ခဏာ၊ ရံခါ အနတ္တလက္ခဏာ၊ ရံခါ အသုဘလက္ခဏာတို့ကို တင်၍ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ ထိုညွှန်ကြား-တော်မူချက်များနှင့်အညီ အသင်သူတော်ကောင်းသည် —

၁။ ရံခါ အဇ္ဈတ္တရုပ်တရားတို့၏ ရံခါ အနိစ္စသဘော၊ ရံခါ ဒုက္ခသဘော၊ ရံခါ အနတ္တသဘော၊ ရံခါ အသုဘ သဘောတို့ကိုလည်းကောင်း၊

၂။ ရံခါ ဗဟိဒ္ဓရုပ်တရားတို့၏ ရံခါ အနိစ္စသဘော၊ ရံခါ ဒုက္ခသဘော၊ ရံခါ အနတ္တသဘော၊ ရံခါ အသုဘ သဘောတို့ကိုလည်းကောင်း၊

၃။ ရံခါ အဇ္ဈတ္တနာမ်တရားတို့၏ ရံခါ အနိစ္စသဘော၊ ရံခါ ဒုက္ခသဘော၊ ရံခါ အနတ္တသဘော၊ ရံခါ အသုဘ သဘောတို့ကိုလည်းကောင်း၊

၄။ ရံခါ ဗဟိဒ္ဓနာမ်တရားတို့၏ ရံခါ အနိစ္စသဘော၊ ရံခါ ဒုက္ခသဘော၊ ရံခါ အနတ္တသဘော၊ ရံခါ အသုဘ သဘောတို့ကို လည်းကောင်း —

ဤသဘောတို့ကို တစ်လှည့်စီ လှည့်၍ ရှုပါ။ အတိတ်၌လည်း ထိုနည်းလည်းကောင်း၊ အနာဂတ်၌လည်း ထိုနည်းလည်းကောင်း ရှုပါ။ ဝိပဿနာအရာ၌ ဤသို့ရှုရသော ရှုကွက်မှာ ဝုဋ္ဌာနဂါမိနိဝိပဿနာ အမျိုးမျိုးတို့ကို ရှင်းလင်းတင်ပြ ဖွင့်ဆိုထားကြသော၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ကျောက်ထီးတန္တု အလွန်အလေးဂရု ပြုထိုက်သော အထိကရ သာသနာ့မှတ်တိုင်ကြီးများ ဖြစ်ကြသော အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာ-၂၇၀-၂၇၁။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ-၃၀၀-၃၀၁ တို့၌လာရှိသော ညွှန်ကြားချက်များပင် ဖြစ်ကြသည်။

ဤညွှန်ကြားချက်များကို အသင်သူတော်ကောင်းသည် လက်ခံနိုင်ပါလျှင် ဝိပဿနာဟူသည် ပညတ် ပရမတ် မခွဲဘဲ ရှုချင်ရာကို စည်းမရှိ ကမ်းမရှိ ရှုချင်တိုင်း ရှုရသော စနစ် မဟုတ်ကြောင်းကို သဘောပေါက်သင့်ပေပြီ။

## ရုပ်–နာမ် တွဲ၍လည်း ရှုပါ

အသင်ယောဂီသူတော်ကောင်းသည် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရုပ်တရား နာမ်တရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် အသုဘအချက်တို့ကို သွက်သွက်လက်လက် ကျေကျေနပ်နပ်ရှုပြီး၍ ဉာဏ်အမြင် သန့်ရှင်းလာသောအခါ ရုပ်နှင့်နာမ် အတွဲလိုက် အတွဲလိုက် - ဖြစ်မှုပျက်မှုကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟုလည်းကောင်း, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟုလည်းကောင်း, မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမရှိမှုသဘောကို ဉာဏ်ဖြင့်မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း, ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အသုဘဟုလည်းကောင်း အသီးအသီး တစ်လှည့်စီ ရှုပါ။

ဤသို့ရှုရာ၌ ရှေး ရုပ်နာမ်ကို ပူးတွဲသိမ်းဆည်းခဲ့သည့် နာမရူပပရိဂ္ဂဟပိုင်းတွင် ရုပ်နာမ်ကို သိမ်းဆည်းပုံ ရုပ်နာမ်ခွဲပုံ၌ ပြဆိုခဲ့ပြီးသည့်အတိုင်း အာရုံ (၆)ပါးကို ထိုက်သလိုအာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော (၆)လိုင်းလုံး အတွင်း၌ တည်ရှိကြသော နာမ်တရားတို့၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌လည်းကောင်း, ဝီထိတို့၏ အကြား အကြား၌တည်ရှိကြသော ဘဝင်နာမ်တရားတို့၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌လည်းကောင်း (၅၄-၄၄)စသော မှီရာဝတ္ထုရုပ်, ရူပါရုံစသော အာရုံရုပ်များနှင့်တကွ အတွဲလိုက် အတွဲလိုက် ပြိုပြိုပျက်ပျက်နေသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အာရုံယူ၍ ဝိပဿနာရှုပါ။ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ တစ်လှည့်စီရှုပါ။ ပစ္စုပ္ပန်ဝယ် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ အားရကျေနပ်မှု ရရှိသောအခါ အသင်သူတော်ကောင်းကိုယ်တိုင် ရှု၍ရနိုင်သမျှသော အတိတ် အဆက်ဆက်မှသည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည် အထိ — (၁) ရုပ်သက်သက်ကို လည်းကောင်း, (၂) နာမ်သက်သက်ကိုလည်းကောင်း, (၃) ရုပ်နှင့်နာမ် တွဲ၍လည်းကောင်း, ယင်းရုပ်နာမ်တို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်, အသုဘအချက်တို့ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟု လည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း, အသုဘဟုလည်းကောင်း အသီးအသီး တစ်လှည့်စီ တစ်လှည့်စီ ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ ထိုထိုရုပ်တရား ထိုထိုနာမ်တရားတို့၏ ခဏပစ္စုပ္ပန်သို့ဆိုက်အောင် အထူးအလေးဂရုပြု၍ ရှုပါ။ ဥပါဒ်-ဌီ-ဘင်ကို မြင်နိုင်သမျှ မြင်အောင် ဉာဏ်စိုက်၍ ရှုပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် ယင်းသို့ရှုနိုင်ခဲ့သော် အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၌ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ, ရံခါ ရုပ်တရား, ရံခါ နာမ်တရားတို့၏ ရံခါ အနိစ္စသဘော, ရံခါ ဒုက္ခသဘော, ရံခါ အနတ္တသဘော, ရံခါ အသုဘသဘောတို့ကို ရှုပွားပြီး ဖြစ်သွားပေသည်။ (မှတ်ချက် — ရုပ်နာမ်ကို ပူးတွဲ၍ ရှုခြင်းမှာ ရုပ်နာမ်တို့၏ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ်အမြင် သန့်ရှင်း-သွားသော ဥဒယဗ္ဗယဉာဏ်စသော အထက်ပိုင်း ဝိပဿနာဉာဏ်သို့ တက်လှမ်းသွားသော ယောဂီတို့ကိုသာ ရည်ညွှန်းထားသည်ဟု မှတ်ပါ။)

ထိုသို့ ဝိပဿနာရှုပွားနိုင်သော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ "ရုပ်တရား နာမ်တရားတို့သည် ထိုထို ခဏ ထိုထိုဘဝ၌သာ ဖြစ်ပြီးလျှင် ပျက်သွားကြ၏။ ခဏတစ်ခုမှ ခဏတစ်ခုသို့, ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့၍ မဖြစ်နိုင်" ဟူသော ဉာဏ်အမြင်သည် သန့်ရှင်းလျက် ရှိနေမည်ဖြစ်သည်။ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေမည် ဖြစ်သည်။ သို့သော် ဤသမ္မသနဉာဏ်ပိုင်းတွင် ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဝိပဿနာ

ရှုလိုက်နိုင်သော ပရမတ္ထဓာတ်သား ရုပ်တရားနာမ်တရားတို့မှာ အချို့အဝက်မျှသာ ရှိကြပေမည်၊ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် = ဥပါဒ်-ဌီ-ဘင်သို့ ဆိုက်အောင် မရှုလိုက်နိုင်သေးသော ရုပ်နာမ်ပရမတ္ထဓာတ်သား အချို့တို့လည်း ရှိနေကြဦးမည်သာ ဖြစ်ပေသည်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်တွင် အကျုံးဝင်သော ခန္ဓာ ငါးပါးနည်း အာယတန တစ်ဆယ့်နှစ်ပါးနည်း ဓာတ် တစ်ဆယ့်ရှစ်ပါးနည်းတို့ကိုလည်း ဆက်လက်၍ရှုပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။ အားရကျေနပ်မှု အတော်အသင့် ရရှိသောအခါ အထူးသဖြင့် ဤပစ္စုပ္ပန်၌ မိမိရရှိထားသည့် ဈာန်နာမ်တရားတို့ကို ဦးစားပေး၍ ဝိပဿနာ ရှုပါလေ။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်များ

ဤအပိုင်း၌ကား ပဋိစ္စသမုပ္ပါဒ်ပထမနည်း၌ ရေးသားတင်ပြခဲ့သည့် ကြောင်း-ကျိုးဆက်နွယ်မှုသဘောကို အသင်သူတော်ကောင်းသည် ပြန်လည်၍ အာရုံယူထားပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည့်တိုင်အောင် အဝိဇ္ဇာသင်္ခါရစသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ တစ်ခုနှင့်တစ်ခု ကြောင်း-ကျိုးဆက်နွယ်-လျက် ဖြစ်ပေါ်ပုံကို ဉာဏ်ဖြင့် ရှေးဦးစွာ မြင်အောင်ကြည့်၍ ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို လက္ခဏာရေး သုံးတန် တစ်လှည့်စီတင်ကာ ဝိပဿနာရှုပွားရမည့် အပိုင်း ဖြစ်ပေသည်။ သမ္မသနဉာဏ်ဖြင့် ဝိပဿနာ ရှုပွား သုံးသပ်ရမည့် ဝိပဿနာဉာဏ်၏ အရှုခံ အာရုံစာရင်းတွင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များလည်း ပါဝင်ကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် —

အဝိဇ္ဇာ အဘိညေယျာ။ ပ ။ ဇရာမရဏံ အဘိညေယျံ။ (ဝိသုဒ္ဓိ-၂-၂၄၄။)

ဤသို့စသည်ဖြင့် (သံ-၂-၂၅၈။ ပဋိသံ-၆-၈။) စသည့် သံယုတ်ပါဠိတော် ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့ကို ကိုးကား၍ ဖွင့်ဆိုထားပေသည်။ ထိုဖွင့်ဆိုချက်များနှင့်အညီ အသင်သူတော်ကောင်းသည် ရှေးဦးစွာ အတိတ်က သို့မဟုတ် ပထမအတိတ်က အဝိဇ္ဇာကြောင့် ယင်းပထမအတိတ်၌ သင်္ခါရဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍-

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။

အဝိဇ္ဇာ (ဖြစ်-ပျက်) အနိစ္စ၊ သင်္ခါရ (ဖြစ်-ပျက်) အနိစ္စ။

ဤသို့စသည်ဖြင့် ဝိပဿနာရှုပါ။ ထိုသို့ ဝိပဿနာရှုရာ၌ ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရေးသားတင်ပြခဲ့သည့် အတိုင်း အဝိဇ္ဇာသည်လည်း အဝိဇ္ဇာတစ်လုံးတည်း ဖြစ်နိုင်သည့် စွမ်းအားမရှိ၊ နာမ်တရားတို့၏ ဓမ္မတာအတိုင်း အုပ်စုအလိုက် = နာမ်ကလာပ်အလိုက်သာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ အလားတူပင် သင်္ခါရသည်လည်း သင်္ခါရတစ်ခု-တည်း = စေတနာတစ်ခုတည်း ဖြစ်နိုင်သည့် စွမ်းအား မရှိ၊ နာမ်တရားတို့၏ ဓမ္မတာအတိုင်း အုပ်စုအလိုက် = နာမ်ကလာပ်အလိုက်သာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ တစ်ဖန် ယင်းအဝိဇ္ဇာနာမ်တရားအုပ်စု၊ သင်္ခါရနာမ်တရားအုပ်စု-တို့မှာလည်း ဝီထိခေါ်သည့် စိတ္တနိယာမလမ်းကြောင်းအတိုင်းသာ ဖြစ်ရိုးဓမ္မတာ ရှိ၏။ ပဋိသန္ဓေ ခန္ဓာငါးပါး စသည့် ဝိပါက်ခန္ဓာတို့ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော ဝီထိမှာလည်း မနောဒွါရဝီထိပင် ဖြစ်၏။ ယင်း မနောဒွါရဝီထိ၌ တဒါရုံမှာ ကျသော်လည်း ရှိရာ၏။ မကျသော်လည်း ရှိရာ၏။ ဖြစ်ခဲ့သည့်အတိုင်း ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အဝိဇ္ဇာပါဝင်သည့် မနောဒွါရဝီထိကြောင့် သင်္ခါရပါဝင်သည့် မနောဒွါရဝီထိဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏။

အဝိဇ္ဇာ (ဖြစ်-ပျက်) အနိစ္စ၊ သင်္ခါရ (ဖြစ်-ပျက်) အနိစ္စ။

ဤသို့ ရှုပါ။ တစ်ဖန် သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်ပုံကို ရှုသည့်အပိုင်း၌လည်း သင်္ခါရပါဝင်သော

မနောဒွါရဝီထိကြောင့် ပဋိသန္ဓေဝိညာဏ်စသည့် ဝိပါက်ဝိညာဏ်များဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍—

သင်္ခါရဖြစ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ် (နာမ်တရားစု) ဖြစ်၏။

သင်္ခါရ (ဖြစ်-ပျက်) အနိစ္စ၊ ပဋိသန္ဓေဝိညာဏ် (ဖြစ်-ပျက်) အနိစ္စ။

ဤသို့စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ပိုင်း ပထမနည်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အကြောင်း အကျိုး စပ်ကာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို ဝိပဿနာရှုပါ။ ယနအသီးအသီး ပြီးအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်-အောင် ရှုပါ။ မည်သည့်ဘဝ၌ မည်သို့သော အဝိဇ္ဇာ, မည်သို့သော သင်္ခါရ, မည်သို့သော ဝိညာဏ်ဖြစ်ခဲ့သည်ကို ပဋိစ္စသမုပ္ပါဒ် ပထမနည်းတွင် အကြောင်း အကျိုး သိမ်းဆည်းခဲ့စဉ်က ပုံစံအတိုင်း ရှုပါ။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် အားလုံးတို့၌ နည်းတူသဘောပေါက်ပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူပင် ရှုပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည်အထိ သုံးဘဝ သုံးဘဝတို့ကို ကြောင်း-ကျိုးဆက်စပ်လျက် ရှုပါ။ အဇ္ဈတ္တ၌ ရှုသကဲ့သို့ ဗဟိဒ္ဓ၌လည်း ဗဟိဒ္ဓချင်းတူညီ၍ ပေါင်းစုခြုံငုံလျက် ရှုပါလေ။ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မည်သူမည်ဝါ စသည်ဖြင့် သန္တာန်ခွဲခြားဝေဖန်၍ မရှုပါနှင့်။ ရုပ်နာမ်ကိုသိမ်းဆည်းခဲ့စဉ်က ဗဟိဒ္ဓချင်းတူညီ၍ သာမညအားဖြင့် ပေါင်းစု ခြုံငုံ၍ သိမ်းဆည်းရသကဲ့သို့ ဤဝိပဿနာပိုင်း၌လည်း အလားတူပင် ဗဟိဒ္ဓချင်းတူညီ၍ သာမညအားဖြင့် ပေါင်းစုခြုံငုံ၍သာ ဝိပဿနာရှုပါ။

## ဘော (၄၀) ရှုကွက်

ပဉ္စက္ခန္ဓေ အနိစ္စတော, ဒုက္ခတော, ရောဂတော, ဂဏ္ဍတော, သလ္လတော, အဃတော, အာဗာဓတော, ပရတော, ပလောကတော, ဤတိတော, ဥပဒ္ဒဝတော, ဘယတော, ဥပသဂ္ဂတော, စလတော, ပဘင်္ဂုတော, အဒ္ဓုဝတော, အတာဏတော, အလေဏတော, အသရဏတော, ရိတ္တတော, တုစ္ဆတော, သုညတော, အနတ္တတော, အာဒီနဝတော, ဝိပရိဏာမဓမ္မတော, အသာရကတော, အဃမူလတော, ဝဓကတော, ဝိဘဝတော, သာသဝတော, သင်္ခတတော, မာရာမိသတော, ဇာတိဓမ္မတော, ဇရာဓမ္မတော, ဗျာဓိဓမ္မတော, မရဏဓမ္မတော, သောကဓမ္မတော, ပရိဒေဝဓမ္မတော, ဥပါယာသဓမ္မတော, သံကိလေသိကဓမ္မတော။ (ပဋိသံ-၄၁၁။) (ဝိသုဒ္ဓိ-၂-၂၄၆။)

ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဉ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ . . . (ပဋိသံ-၄၁၁။) (ဝိသုဒ္ဓိ-၂-၂၄၆။)

ဤလက္ခဏသမ္မသနဉာဏ်ပိုင်းတွင် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အထက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီးကို ကိုးကား၍ ဘော (၄၀) ရှုကွက်များကို ဖွင့်ဆိုထားတော်မူ၏။ ဤ ဘော (၄၀) ရှုကွက်များကို မှတ်သားလွယ်ကူ စေရန်အတွက် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက မိမိ၏ **ပရမတ္ထသရူပဘေဒနီကျမ်း** ဒုတိယတွဲ စာမျက်နှာ (၅၂၉) စသည်၌ ဂါထာများဖြင့် ရေးသားသီကုံးထားတော်မူ၏။ ထိုဂါထာများ၌ လာသည့်အတိုင်း အနိစ္စလက္ခဏာ (၁၀)ချက်ကို တစ်စု၊ ဒုက္ခလက္ခဏာ (၂၅)ချက်ကို တစ်စု၊ အနတ္တလက္ခဏာ (၅)ချက်ကို တစ်စု ဤသို့ (၃)စုခွဲ၍ ရေးသားတင်ပြပေအံ့။ —

## အနိစ္စလက္ခဏာ (၁၀) ချက်

ရူပံ အနိစ္စံ ပလောကံ ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ။
ဝိပရိဏာမာသာရကံ၊ ဝိဘဝံ မစ္စုသင်္ခတံ။

ရူပံ = ရုပ်တရားသည် —

၁။ အနိစ္စံ = မြဲခြင်း သဘောမရှိ = မမြဲ။

၂။ ပလောကံ = ပျက်စီးခြင်းသဘော ရှိ၏။
၃။ စလံ = မတည်ကြည် မတံ့စား ရွေ့ရှားတုန်လှုပ်တတ်၏။
၄။ ပဘင်္ဂုံ = ဖရိုဖရဲပြိုကွဲခြင်း သဘောရှိ၏။
၅။ အဒ္ဓုဝံ = ခိုင်မာခြင်းသဘော မရှိ။
၆။ ဝိပရိဏာမဓမ္မံ = ဖောက်ပြန်ခြင်းသဘော ရှိ၏။
၇။ အသာရကံ = ခိုင်မာသည့် အနှစ်သာရ မရှိ။
၈။ ဝိဘဝံ = ဆုံးရှုံးခြင်းသဘော ရှိ၏။
၉။ မစ္စု = သေဆုံးခြင်းသဘော ရှိ၏။
၁၀။ သင်္ခတံ = အကြောင်းတရားတို့သည် အဖန်ဖန် ပြုပြင်အပ်၏။

## ၁။ အနိစ္စတော

အနစ္စန္တိကတာယ , အာဒိအန္တဝန္တတာယ စ **အနိစ္စတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ယောဂါဝစရပုဂ္ဂိုလ်သည် ခန္ဓာငါးပါးတို့တွင် ခန္ဓာတစ်ပါးစီ တစ်ပါးစီကို ခွဲ၍ ဤ တော (၄၀) ရှုကွက်ကို ရှုပါ။ ရုပ်-နာမ် နှစ်ပါးနည်းဖြင့် ရုပ်တစ်ပုံ နာမ်တစ်ပုံ ပုံ၍လည်း ရှုနိုင်ပါသည်။

ရုပ်နာမ် ခန္ဓာတို့သည် ဖြစ်ခြင်း = ဥပါဒ်ဟူသော ရှေ့အစွန်း, ပျက်ခြင်း = ဘင်ဟူသော နောက်အစွန်း ရှိသောတရားများ ဖြစ်ကြ၏။ ပျက်ခြင်း = ဘင်ဟူသော နောက်အစွန်းကို ကျော်လွန်၍ တည်တံ့နိုင်သော သဘော မရှိကြကုန်၊ ဘင်ကာလသို့ရောက်လျှင် ချုပ်ပျောက်သွားရိုး ဓမ္မတာရှိကြ၏။ မရှိခြင်းသဘောသို့ ရောက်ရှိသွားကြ၏။ ထိုသို့ ဘင်ကာလဟူသော နောက်အစွန်းကို ကျော်လွန်နိုင်သော မြဲသော သဿတ မဟုတ်သည်၏ အဖြစ်ကြောင့် ဘင်ကာလဟူသော နောက်အစွန်းကို မကျော်လွန်နိုင် ကျော်လွန်၍ မဖြစ်နိုင် မတည်နိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဖြစ်ခြင်း = ဥပါဒ်ဟူသော ရှေ့အစွန်း, ပျက်ခြင်း = ဘင်ဟူသော နောက်အစွန်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, မြဲခြင်းသဘော မရှိသော မမြဲသော အနိစ္စတရားများ ဖြစ်ကြ၏။ (ဥပါဒ်-စွန်းကို မလွန်နိုင်ဟူသည် ရုပ်တရားနာမ်တရားတို့သည် ဖြစ်ခြင်း ဥပါဒ်ကာလသို့ မရောက်မီ ကာလကလည်း မရှိကြသေး၊ ဖြစ်ရန် အသင့်ကြိုတင် စောင့်ဆိုင်းနေမှုသဘောမျိုး မရှိကြသေးဟု ဆိုလို၏။ ပျက်ခြင်း = ဘင် အစွန်းကို မလွန်နိုင်ဟူသည် ရုပ်တရားနာမ်တရားတို့သည် ပျက်ခြင်း = ဘင်ကာလ၏ နောက်၌လည်း တစ်နေရာ၌ သွားရောက်၍, အလောင်းကောင်များ စုပုံထပ်နေသကဲ့သို့ စုပုံထပ်နေမှုမျိုးလည်း မရှိဟု ဆိုလို၏။ မဖြစ်ခင်က မရှိခြင်း, ပျက်ပြီးနောက် မရှိခြင်းဟူသော "မရှိခြင်း" နှစ်မျိုးတို့၏ အလယ်အကြား၌သာလျှင် ဥပါဒ်-ဠီ-ဘင် = ဖြစ်-တည်-ပျက် အနေအထားအားဖြင့် အခိုက်အတန့် တစ်ခဏမျှသာ တည်ခြင်းသဘောရှိ၏။) ရုပ်နာမ်တို့သည် ထိုသို့ ဥပါဒ်စွန်း ဘင်စွန်းကိုလွန်၍ တည်နေခြင်းသဘော မရှိခြင်းကြောင့်လည်းကောင်း, ဥပါဒ်စွန်း ဘင်စွန်း ဟူသော အစနှင့်အဆုံး ထင်ရှားရှိခြင်းကြောင့်လည်းကောင်း, ရုပ်နာမ်တို့သည် အနိစ္စဟူသော အမည်ကို ရကြသည်။ ယင်း အနိစ္စသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အနိစ္စ အနိစ္စ** ဟု ရှုပါ။

## ၂။ ပလောကတော

ဗျာဓိဇရာမရဏေဟိ ပလုဇ္ဇနတာယ **ပလောကတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဗျာဓိဇရာမရဏ = နာမှု အိုမှု သေမှုတို့ဖြင့် ပြိုကွဲတတ် ပေါက်ပြဲတတ် ပျက်စီးတတ်သည်၏အဖြစ်, ဗျာဓိဇရာမရဏတို့ကြောင့် လွန်စွာပျက်စီးခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့်

ပလောက = ပျက်စီးခြင်း သဘောရှိ၏။ သမ္မုတိသစ္စာနယ်မှ ဆိုရမူ ဘဝတစ်ခုအတွင်း၌ နာမူ အိုမူ သေမူသည် ဗျာဓိဇရာမရဏတည်း။ ပရမတ္ထသစ္စာအားဖြင့်မူကား ဖြစ်လာသော ရုပ်တရားနာမ်တရားတို့၏ ခဏဌီတိဟူသော ဥပါဒ်-ဌီ-ဘင် ကာလသုံးပါးအတွင်း၌ အကျုံးဝင်သော အခိုက်အတန့်တည်မှု = ဌီကာလသည် ဇရာ, ပျက်မှု = ဘင်ကာလသည် မရဏတည်း။ ဖြစ်ပေါ်နေသော ခန္ဓာတို့၏ ဓာတ်သဘာဝတစ်ခုခုလွန်ကဲမှုသည် ဗျာဓိသဘော တရားတည်း၊ ဓာတ်သဘာဝတစ်ခုခု လွန်ကဲလာသောအခါ ဖောက်ပြန်ပျက်စီးလာသောအခါ ဖျားနာသည်ဟု ဆိုရ၏။ ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ယင်း ဗျာဓိ ဇရာ မရဏသဘော = ဓာတ်သဘာဝ တစ်ခုခု လွန်ကဲမှုသဘော, ဌီသဘော, ဘင်သဘောတို့ကြောင့် လွန်စွာပျက်စီးတတ်သည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ပလောက ပလောက** ဟု ရှုပါ။

## ၃။ စလတော

ဗျာဓိဇရာမရဏေဟိ စေဝ လာဘာလာဘာဒီဟိ စ လောကဓမ္မေဟိ ပစလိတတာယ **စလတော**။

(ဝိသုဒ္ဓိ-၂-၂၄၇။)

လောကဓမ္မာ လာဘာဒိဟေတုကာ အနုနယပဋိဃာ၊ တေဟိ, ဗျာဓိအာဒီဟိ စ အနဝဋ္ဌိတတာ, **ပစလိ–တတာ**။ (မဟာဋီ-၂-၃၉၆။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဗျာဓိဇရာမရဏတို့ကြောင့်လည်း မတည်ကြည် မတံ့စား အပြားအားဖြင့် တုန်လှုပ်တတ်၏။ လာဘ = လာဘ်ရခြင်း, ယသ = အခြံအရံများခြင်း, ဂုဏ်သတင်း အကျော်အစော ကြီးမားခြင်း, ပသံသ = အချီးမွမ်းခံရခြင်း, သုခ = ချမ်းသာသုခကို ခံစားရခြင်း — ဤအလိုရှိအပ်သော ဣဋ္ဌလောကဓံ (၄)မျိုးကြောင့် ချစ်မြတ်နိုးတတ် တွယ်တာမက်မောတတ်သော အနုနယ ခေါ် ရာဂဖြစ်ခြင်း၊ အလာဘ = လာဘ် မရခြင်း, အယသ = အခြွေအရံ မရှိခြင်း, ဂုဏ်သတင်းအကျော်အစောမဲ့ခြင်း, နိန္ဒ = အကဲ့ရဲ့ခံရခြင်း, ဒုက္ခ = ဆင်းရဲသည့်ဒုက္ခဝေဒနာကို ခံစားရခြင်း – ဤအလိုမရှိအပ်သော အနိဋ္ဌလောကဓံ (၄)မျိုးကြောင့် စိတ်ခက်ထန် ကြမ်းတမ်းခြင်း မကျေနပ်ခြင်းပဋိဃ ခေါ် ဒေါသတရားဖြစ်ခြင်း - ဤလာဘ်ရခြင်း လာဘ်မရခြင်း စသည်တို့ကို အကြောင်းခံ၍ ဖြစ်ပေါ်လာကုန်သော အနုနယခေါ်သော ရာဂ, ပဋိဃခေါ်သော ဒေါသတို့ကား လောကဓမ္မ = လောကဓံတို့ပင်တည်း။ ယင်းလောကဓံတရားတို့ကြောင့်လည်း ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မတည်ကြည် မတံ့စား ရွေ့ရှားတုန်လှုပ်တတ်၏။ ယင်းသို့သော မတည်ကြည် မတံ့စား အပြားအားဖြင့် ရွေ့ရှားတုန်လှုပ်-တတ်သော သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **စလ စလ** ဟု ရှုပါ။

## ၄။ ပဘင်္ဂုတော

ဥပက္ကမေန စေဝ သရသေန စ ပဘင်္ဂုပဂမနသီလတာယ **ပဘင်္ဂုတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မိမိ၏ လုံ့လပယောဂဖြင့်လည်းကောင်း, သူတစ်ပါး၏ လုံ့လပယောဂဖြင့် လည်းကောင်း, မိမိ၏ ပင်ကိုသဘောအားဖြင့်လည်းကောင်း, ဖရိုဖရဲပြိုကွဲပျက်စီးခြင်းသို့ ရောက်လေ့ရှိသည်၏ အဖြစ်ကြောင့် ပဘင်္ဂု = ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်း သဘောရှိ၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ပဘင်္ဂု ပဘင်္ဂု** ဟု ရှုပါ။

## ၅။ အဒ္ဓုဝတော

သဗ္ဗာဝတ္ထနိပါတိတာယ , ထိရဘာဝဿ စ အဘာဝတာယ **အဒ္ဓုဝတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**သမ္ဘာဝတ္ထနိပါတိတာယာ**တိ ရုက္ခဖလံ ဝိယ အတိတရုဏကာလတော ပဋ္ဌာယ သဗ္ဗာသု အဝတ္ထာသု နိပ-တနသီလတာယ။ အနိပတဿပိ သင္ဗေန သဗ္ဗံ အသာရတာယ **ထိရဘာဝဿ အဘာဝတာယ**။

(မဟာဋီ-၂-၃၉၆။)

အလွန်နုသော ကာလမှစ၍ တခြေခြေကြွေ၍ကျသော သစ်သီးကဲ့သို့ ငယ်ရွယ်နုနယ်သောအရွယ် ပျော်ရွှင်မြူးတူးကစားသောအရွယ် ဤသို့စသော အလုံးစုံသော အသက်အရွယ် အခိုက်အတန့်အမျိုးမျိုးတို့၌ ကြွေကျခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, မကြွေကျသော်လည်း ခပ်သိမ်းသော အခြင်းအရာအားဖြင့် အနှစ်မဲ့သည်ဖြစ်၍ မြဲမြံခိုင်ခံ့သောအဖြစ်၏ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, သင်္ခါရတရားတို့သည် မခိုင်ခံ့သည့် အဒ္ဓုဝတရားတို့သာ ဖြစ်ကြ၏။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **အဒ္ဓုဝ အဒ္ဓုဝ** ဟု ရှုပါ။

## ၆။ ဝိပရိဏာမဓမ္မတော

ဇရာယ စေဝ မရဏေန စာတိ ဒွေဓာ ပရိဏာမပကတိတာယ **ဝိပရိဏာမဓမ္မတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဇရာဟုခေါ်ဆိုအပ်သော ဋီကာလဖြင့်လည်းကောင်း, မရဏဟု ခေါ်-ဆိုအပ်သော ဘင်ကာလဖြင့်လည်းကောင်း - ဤသို့လျှင် နှစ်မျိုးသော အခြင်းအရာအားဖြင့် ဖောက်ပြန်ခြင်း ပြောင်းလဲခြင်း ဝိပရိဏာမသဘော ရှိ၏။ ဇာတိတည်းဟူသော ဥပါဒ်သဘောမှ ဇရာတည်းဟူသော ဋီသဘောသို့လည်းကောင်း , ဇရာတည်းဟူသော ဋီကာလမှ မရဏတည်းဟူသော ဘင်သဘောသို့လည်းကောင်း ခဏတိုင်း ခဏတိုင်း ဖောက်ပြန်ပြောင်းလဲနေကြ၏။ သင်္ခါရတရားတို့၌ ယင်းသို့သော ဝိပရိဏာမသဘောရှိသောကြောင့် ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဝိပရိဏာမဓမ္မ ဝိပရိဏာမဓမ္မ** ဟု ရှုပါ။

## ၇။ အသာရကတော

ဒုဗ္ဗလတာယ, ဖေဂ္ဂု ဝိယ သုခ ဘဥ္ဇနီယတာယ စ **အသာရကတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် မိမိသဘောအားဖြင့် အလိုလိုပင် ပျက်စီး-တတ်၍ အလွန်အားနည်းကြ၏။ အချို့ အားနည်းသော အားနွဲ့ပျော့ပျောင်းသော အရာဝတ္ထုသည် နူးညံ့ပျော့-ပျောင်းသည့်အတွက် အမှု၌ ခံ့ညားနေသည့်အတွက် ဖျက်ဆီး၍ ရနိုင်ခဲ၏။ ဤ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့-သည်ကား ထိုကဲ့သို့မဟုတ်၊ အကာကဲ့သို့ ပျက်စီးလွယ်ကြ၏။ ဤသို့လျှင် သင်္ခါရတရားတို့သည် မိမိသဘောအားဖြင့် အလိုလိုပင် ပျက်စီးတတ်၍ အားနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း, အကာကဲ့သို့ ပျက်စီးလွယ်သော-ကြောင့်လည်းကောင်း အသာရက = ခိုင်မာသည့် အနှစ်သာရ မရှိပေ။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **အသာရက အသာရက** ဟု ရှုပါ။

## ၈။ ဝိဘဝတော

ဝိဂတဘဝတာယ, ဝိဘဝသမ္ဘူတတာယ စ **ဝိဘဝတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

ခန္ဓာငါးပါး ရုပ်နာမ်သင်္ခါရတရားတို့သည် ဥပါဒ်ပြီးနောက် ဘင်ကာလသို့ရောက်လျှင် ချုပ်ပျောက်သွား-ရကား ဘင်ကာလ၏ နောက်၌ ဆက်လက်ကြီးပွားခြင်း စည်ပင်ခြင်း မရှိကြပေ။ ကြီးပွားစည်ပင်ခြင်းသဘောမှ ကင်းကုန်၏။ တစ်ဖန်ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည် အထူးသဖြင့် ဝိပါကဝဋ်တွင် အကျုံးဝင်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဝိဘဝတဏှာ ဝိဘဝဒိဋ္ဌိ = ဥစ္ဆေဒဒိဋ္ဌိမှ ပေါက်ဖွားလာရ၏၊ ဖြစ်ပေါ်လာရ၏။(ဝိဘဝတဏှာ ဝိဘဝဒိဋ္ဌိဟု သတ်မှတ်ပြခြင်းမှာ ဥပလက္ခဏနည်း, နိဒဿနနည်းဟုမှတ်ပါ။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ

ကံဟူသောအကြောင်းတရား ငါးပါးတွင် အကျုံးဝင်သော တဏှာဟူသမျှ တဏှာနှင့်ယှဉ်သည့် ဒိဋ္ဌိဟူသမျှကို ရည်ညွှန်းထားသည်ဟု မှတ်ပါ။) တစ်နည်း — မိမိကိုဖြစ်စေတတ်သော အဖနှင့်တူသော သဘောတူ သဘာဂ-ဖြစ်သော (အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော) အကြောင်းတရားစု၏ ဥပါဒ်-ဌီ-ဘင် သက်တမ်းစေ့၍ ချုပ်ပျက်ပြီးသည်မှ နောက်ကာလ၌ (ဝိပါကဝဋ်ဖြစ်ကုန်သော) ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဖြစ်ခြင်း သဘောမျိုး ရှိကြကုန်၏။ ဖခင် သေဆုံးပြီးမှ ဖြစ်ပေါ်လာရသော တရားမျိုးတို့ ဟူလိုသည်။ ယင်းသို့လျှင် သင်္ခါရ တရားတို့သည် ကြီးပွားစည်ပင်ခြင်း သဘောကင်းသောကြောင့်လည်းကောင်း, ဝိဘဝတဏှာ, ဝိဘဝဒိဋ္ဌိမှ ဖြစ်သည်၏ အဖြစ်ကြောင့် လည်းကောင်း, တစ်နည်း — ဖခင် ဆုံးရှုံးပျက်စီးပြီးသည်မှ နောက်ကာလ၌ ဖြစ်ပေါ်-လာရသည့် အဖြစ်ကြောင့်လည်းကောင်း ဝိဘဝံ = ဆုံးရှုံးခြင်းသဘောရှိ၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **ဝိဘဝ ဝိဘဝ** ဟု ရှုပါ။

## ၉။ မရဏဓမ္မတော = မစ္စု

မရဏပကတိတာယ **မရဏဓမ္မတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် သေခြင်း = ပျက်ခြင်း = ဘင်ဟူသော မရဏသဘောရှိခြင်းကြောင့် မရဏဓမ္မ = မစ္စု = သေခြင်းသဘော ရှိကြ၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **မရဏဓမ္မ မရဏဓမ္မ** (= မစ္စု မစ္စု) ဟု ရှုပါ။

## ၁၀။ သင်္ခတတော

ဟေတုပစ္စယေဟိ အဘိသင်္ခတတာယ **သင်္ခတတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် —

၁။ တိုက်ရိုက်ဖြစ်စေတတ်သော ဟေတုအကြောင်း = ဇနကအကြောင်း,

၂။ အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်း = ပစ္စယအကြောင်း,

ဤအကြောင်းတရားတို့သည် ပေါင်းစု၍ ပြုပြင်အပ်သည်၏ အဖြစ်ကြောင့် သင်္ခတံ = အကြောင်းတရား-တို့သည် အဖန်ဖန် ပြုပြင်အပ်သောသဘော ရှိ၏။

ဘဝတစ်ခုကို ရှေးဦးစွာစတင်၍ ပြည်တည်ပေးသော ရုပ်တရားတို့မှာ ကမ္မဇရုပ်တို့ ဖြစ်ကြ၏။ ယင်းကမ္မဇ-ရုပ်တရားများကို တိုက်ရိုက်ဖြစ်စေတတ်သော အကြောင်းတရားကား ကံပင်ဖြစ်၏။ ဇနကအကြောင်း ဟေတု အကြောင်းတည်း။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ် အကြောင်းတရားတို့ကား ထိုအတိတ်ကံကို အားပေးထောက်ပံ့တတ်ကုန်သော ဥပတ္ထမ္ဘက အကြောင်းတရားတို့တည်း။ သို့သော် ထိုကိလေသဝဋ်တို့သည် ကုသိုလ်ကံအား ဥပနိဿယပစ္စယသော သတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏၊ အကုသိုလ်ကံအားမူကား ဥပနိဿယပစ္စယသော သတ္တိတို့ဖြင့်လည်းကောင်း, သဟဇာတ အညမည နိဿယပစ္စယသော သတ္တိတို့ဖြင့်လည်းကောင်း ကျေးဇူးပြုပေး၏။ တစ်ဖန် စိတ် ဥတု အာဟာရတို့သည်လည်း အချို့သော စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့အား တိုက်ရိုက် ဖြစ်စေတတ်၍ အချို့ရုပ်တို့အား အားပေးထောက်ပံ့တတ်သော်လည်း ကမ္မသတ္တိက ကမ္မဇရုပ်တို့အားဖြစ်စေပုံနှင့် မတူဘဲ ရှိကြ၏။ စိတ်က စိတ္တဇရုပ်တို့အား သဟဇာတပစ္စယသော ပစ္စယသတ္တိတို့ဖြင့်, ဥတုက ဥတုဇရုပ်တို့အား ဥပနိဿယပစ္စယသော ပစ္စယသတ္တိတို့ဖြင့်, အာဟာရက အာဟာရဇရုပ်တို့အား အာဟာရပစ္စယသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏။ ထို့ကြောင့် ကမ္မသတ္တိ မဟုတ်သဖြင့် ဇနကအကြောင်းဟု မဆိုဘဲ ဥပတ္ထမ္ဘက အကြောင်းဟု ဆိုသည် မှတ်ပါ။

ဘဝတစ်ခုဝယ် ရှေးဦးစွာ ဖြစ်ကြသော နာမ်တရားတို့မှာ ပဋိသန္ဓေ ဝိပါက်နာမ်တရားစုတို့ ဖြစ်ကြ၏။ ယင်းဝိပါက်နာမ်တရားစုတို့၏ ဟေတုအကြောင်း ဇနကအကြောင်းမှာ ကံဖြစ်၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်တို့မှာ ရုပ်၌ ဆိုခဲ့သည့်နည်းတူ မှတ်ပါ။ ယင်းနာမ်တရားတို့၏ ပစ္စုပ္ပန်အကြောင်းတရား ဖြစ်ကုန်သော ဝတ္ထု အာရုံ ဖဿစသောတရားတို့သည်ကား ဥပတ္ထမ္ဘက အကြောင်းတရားတို့ပင်တည်း။

ဤအထက်ပါ သဘောတရားတို့ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ မိမိရှုပွားမည့် ရှုပွားနေသည့် ရုပ် (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်) တရားကို **သင်္ခတ သင်္ခတ** ဟု ရှုပါ။

ရူပက္ခန္ဓာ၌ ရှုသည့်နည်းတူ နာမ်ခန္ဓာ (၄)ပါးတို့၌လည်း အသီးအသီး ခန္ဓာတစ်ပါးစီ တစ်ပါးစီ ခွဲ၍ရှုပါ။ ခန္ဓာ တစ်ပါး တစ်ပါး၌ အနိစ္စာနုပဿနာဉာဏ် (၁၀)ပါး ဖြစ်သဖြင့် ခန္ဓာငါးပါးလုံး၌ အနိစ္စာနုပဿနာဉာဏ် (၅၀) ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၌လည်း ဤအနိစ္စလက္ခဏာ (၁၀)ချက်ကို ရှုနိုင်သည်သာ ဖြစ်ပေသည်။ ဤတွင် အနိစ္စလက္ခဏာ (၁၀)ချက် ပြီး၏။

## ဒုက္ခလက္ခဏာ (၂၅) ချက်

ဒုက္ခ္စ ရောဂါ-ယံ ဂဏ္ဍံ၊ သလ္လာ-ဗာဓံ ဥပဒ္ဒဝံ။
ဘယီ-တျု-ပသဂ္ဂါ-တာဏံ၊ အလေဏာ-သရဏံ ဝဓံ။
အဃမူလံ အာဒီနဝံ၊ သာသဝံ မာရအာမိသံ။
ဇာတိ-ဇ္ဇရံ ဗျာဓိသောကံ၊ ပရိဒေဝ-မုပါယာသံ။
သံကိလေသသဘာဝကံ။

၁။ ဒုက္ခံ = ယုတ်မာညစ်ဆိုး ဆင်းရဲသည့် ဒုက္ခမျိုးသာတည်း။
၂။ ရောဂံ = ကျင်နာ ညစ်ဆိုး ရောဂါမျိုးသာတည်း။
၃။ အဃံ = အကျိုးယုတ် အကျိုးမဲ့မျိုးသာတည်း။
၄။ ဂဏ္ဍံ = မဖွယ်ရုပ်ဆင်း ထွတ်မြင်းအနာမျိုးသာတည်း။
၅။ သလ္လံ = စူးဝင်ညစ်ဆိုး မြားငြောင့်မျိုးသာတည်း။
၆။ အာဗာဓံ = နှိပ်စက်လွှမ်းမိုး အနာမျိုးသာတည်း။
၇။ ဥပဒ္ဒဝံ = လွန်စွာ ကပ်ရပ် နှိပ်စက်တတ်သော ဥပဒ်မျိုးသာတည်း။
၈။ ဘယံ = ချမ်းသာစသည်နှင့် မရော ပြန့်ပြောများပြား ကြီးမားသော ဘေးမျိုးသာတည်း။ ဝါ ၊ ကြောက်ဖွယ် ညစ်ဆိုး ဘေးရန်မျိုးသာတည်း။
၉။ ဤတိ = ထိတ်လန့်စဖွယ် အန္တရာယ်မျိုးသာတည်း။
၁၀။ ဥပသဂ္ဂံ = တွယ်တာ စွဲကပ် နှိပ်စက်တတ်သော ဥပဒ်မျိုးသာတည်း။
၁၁။ အတာဏံ = စောင့်ရှောက်မဲ့လျှင်း ဘေး၏ အသင်းအပင်းသာတည်း။
၁၂။ အလေဏံ = ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းအပင်းသာတည်း။
၁၃။ အသရဏံ = ကိုးရာမဲ့လျှင်း ဘေး၏ အသင်းအပင်းသာတည်း။
၁၄။ ဝဓကံ = (သမ္မုတိသစ္စာ လျော်စွာ ပညတ် ခေါ်ဝေါ်အပ်သည့် လူနတ်ဗြဟ္မာ သတ္တဝါကို သုံးဖြာခဏ ဘင်သို့ကျအောင် ကာလမရှည် သန္တာန်စည်၍ နာရီမလပ် အတွင်သတ်သည့်) သူသတ်မျိုးရိုးသာတည်း။

၁၅။ အဃမူလံ = ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်သာတည်း။
၁၆။ အာဒီနဝံ = ဆိုးဝါးညစ်ကျူ အပြစ်စုသာတည်း။ဝါ။ ခိုကိုးရာမဲ့ အထီးကျန် သူဆင်းရဲသာတည်း။
၁၇။ သာသဝံ = အာသဝေါတရားလေးပါးတို့၏ အစီးအပွားသာတည်း။ အာသဝေါတရားတို့၏ အနီးကပ်ဆုံး အကြောင်းပဒဋ္ဌာန်သာတည်း။
၁၈။ မာရအာမိသံ = ကိလေသမာရ်, မစ္စုမာရ်တို့၏ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာသာတည်း။
၁၉။ ဇာတိ = သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိ၏။
၂၀။ ဇရံ = ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိ၏။
၂၁။ ဗျာဓိ = ဖျားနာခြင်း သဘောရှိ၏။
၂၂။ သောကံ = စိုးရိမ်ပူပန်ခြင်း သဘောရှိ၏။
၂၃။ ပရိဒေဝံ = ငိုကြွေးမြည်တမ်းရခြင်း သဘောရှိ၏။
၂၄။ ဥပါယာသံ = သက်ကြီးရှိုက်ငင် ပြင်းစွာ ပူပန်ရခြင်းသဘောရှိ၏။
၂၅။ သံကိလေသိကဓမ္မံ = သံကိလေသသဘာဝကံ = တဏှာ ဒိဋ္ဌိ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်း သုံးပါးကို ပွားစီးစေတတ်သော သဘောရှိ၏။

## ၁။ ဒုက္ခတော

ဥပ္ပါဒဝယပဋိပီဠနတာယ , ဒုက္ခဝတ္ထုတာယ စ **ဒုက္ခတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**ဥပ္ပါဒဝယပဋိပီဠနတာယာ**တိ ဥပ္ပါဒေန, ဝယေန စ ပတိ ပတိ ခဏေ ခဏေ တံသမင်္ဂိနော ဝိဗာဓနသဘာဝတ္တာ၊ တေဟိ ဝါ သယမေဝ ဝိဗာဓေတဗ္ဗတ္တာ။ ဥဒယဗ္ဗယဝန္တော ဟိ ဓမ္မာ အဘိဏှံ တေဟိ ပဋိပီဠိတာ ဧဝ ဟောန္တိ၊ ယာ ပီဠနာ "သင်္ခါရဒုက္ခတာ"တိ ဝုစ္စတိ။ **ဒုက္ခဝတ္ထုတာယာ**တိ တိဝိဓဿာပိ ဒုက္ခဿ, သံသာရဒုက္ခဿ စ အဓိဋ္ဌာနဘာဝတော။ (မဟာဋီ-၂-၃၉၅။)

ရုပ်တရား နာမ်တရားတို့သည် ဖြစ်ခြင်း = ဥပါဒ်ဖြင့်လည်းကောင်း, ပျက်ခြင်း = ဘင်ဖြင့်လည်းကောင်း ခဏတိုင်း ခဏတိုင်း၌ ထိုရုပ်နာမ်ခန္ဓာနှင့် ပြည့်စုံသောသတ္တဝါကို ညှဉ်းပန်းနှိပ်စက်ခြင်း သဘောရှိ၏။ တစ်နည်း ဆိုရသော် — ထို ဖြစ်ခြင်းပျက်ခြင်း ရှိသော ရုပ်နာမ်ခန္ဓာတို့သည် မိမိတို့ အလိုလို မိမိတို့သဘာဝ အတိုင်းပင် ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသော သဘောရှိ၏။ တစ်ဖန် ယင်းရုပ်တရား နာမ်တရားတို့သည် —

၁။ အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော ကာယဒွါရဝီထိ၏ အတွင်း၌ ပါဝင်တည်ရှိသော ဒုက္ခသဟဂုတ်ကာယဝိညာဏ် = ထိသိစိတ်နှင့် ယှဉ်သော ကာယိကဒုက္ခဝေဒနာနှင့် အနိဋ္ဌာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဒေါသမူဒွေး၌ ယှဉ်သော စေတသိကဒေါမနဿဝေဒနာ = စေတသိကဒုက္ခဝေဒနာ ဟူသော ဒုက္ခဒုက္ခ,

၂။ ဣဋ္ဌဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော ကာယဒွါရဝီထိ၏ အတွင်း၌ ပါဝင်တည်ရှိသော သုခသဟဂုတ်ကာယဝိညာဏ် = ထိသိစိတ်နှင့် ယှဉ်သော ကာယိကသုခဝေဒနာနှင့် ဣဋ္ဌာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော စေတသိကသောမနဿဝေဒနာ = စေတသိကသုခဝေဒနာဟူသော ဝိပရိဏာမဒုက္ခ,

၃။ ဥပေက္ခာဝေဒနာနှင့်တကွ ကြွင်းကျန်သော ရုပ်တရား နာမ်တရားတည်းဟူသော သင်္ခါရဒုက္ခ —

ဤ ဒုက္ခသုံးမျိုးတို့၏ တည်ရာဝတ္ထုလည်း ဖြစ်ကြ၏။ ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှတို့သည် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည်ချည်း ဖြစ်ကြ၏။ ယင်းသို့ အညှဉ်းပန်း အနှိပ်စက်ခံရခြင်းသဘောကိုပင် သင်္ခါရဒုက္ခဟူ၍ ခေါ်ဆို၏။ ဖြစ်ခြင်း = ဥဒယသဘော, ပျက်ခြင်း = ဝယ-သဘောရှိသော သင်္ခါရတရားတို့၏ ဓမ္မတာပင်ဖြစ်၏။ ထို့ကြောင့် ဒုက္ခဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခ အမည်ရသော သင်္ခါရတရားမှန်သမျှတို့သည် သင်္ခါရဒုက္ခအမည်ရကြသည်သာ ဖြစ်ကုန်၏။ တစ်နည်း — ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှတို့သည် ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော ဒုက္ခသုံးမျိုးတို့၏ တည်ရာဝတ္ထုလည်း ဖြစ်ကြ၏။ ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတည်းဟူသော သံသာရ-ဝဋ္ဋဒုက္ခ၏ တည်ရာဝတ္ထုလည်း ဖြစ်ကြ၏။ ယင်းသို့လျှင် သင်္ခါရတရားတို့သည် ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့်သဘောကြောင့်လည်းကောင်း, ဒုက္ခသုံးမျိုးတို့၏ တည်ရာဝတ္ထုဖြစ်-ခြင်းသဘောကြောင့်လည်းကောင်း, သံသာရဝဋ္ဋဒုက္ခ၏ တည်ရာဝတ္ထု ဖြစ်ခြင်းသဘောကြောင့်လည်းကောင်း, ဒုက္ခံ = ယုတ်မာညစ်ဆိုး ဆင်းရဲသည့် ဒုက္ခမျိုးသာ ဖြစ်၏။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဒုက္ခ ဒုက္ခ** ဟု ရှုပါ။ ဤသို့ ရှုမှုမျိုးကိုပင် သင်္ခါရတရားတို့ကို ဒုက္ခလက္ခဏာယာဉ်တင်၍ ဝိပဿနာရှုသည်ဟု ခေါ်ဆိုပေသည်။

## ဝိပဿနာ မဟုတ်သေးသည်ကို သတိပြုပါ

ဤဒုက္ခလက္ခဏာယာဉ်တင်၍ ဝိပဿနာရှုရသည့် တိုင်အောင်သော ဝိပဿနာရှုကွက်ကို အသင်သူတော်-ကောင်းသည် သတိပြု၍ အာရုံယူကြည့်ပါ။ ဒုက္ခလက္ခဏာကို ရှုပွားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ စတုပါရိသုဒ္ဓိသီလတည်းဟူသော အခြေခံသီလ စင်ကြယ်ပြီးဖြစ်သဖြင့် သီလဝိသုဒ္ဓိဖြစ်ခြင်း,

၂။ အာနာပါနစတုတ္ထဈာန်သမာဓိကဲ့သို့သော အပ္ပနာဈာန်သမာဓိ သို့မဟုတ် ဥပစာရသမာဓိတည်းဟူသော သမာဓိတစ်ခုခုကို အောင်အောင်မြင်မြင် ထူထောင်နိုင်သဖြင့် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံခြင်း,

၃။ ရုပ်ကလာပ် နာမ်ကလာပ်များကို ဓာတ်ခွဲနိုင်၍ ရုပ်ပရမတ် နာမ်ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရုပ်နာမ်တို့ကို သိမ်းဆည်းနိုင်၍ နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိထားပြီးဖြစ်သဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်နှင့် ပြည့်စုံနေခြင်း,

၄။ ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးအတွင်း၌ အကြောင်းတရားအဆက်ဆက် အကျိုးတရားအဆက်ဆက်တို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်း-နိုင်သဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိထားပြီး ဖြစ်သဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်ပြီးသူ ဖြစ်ခြင်း,

၅။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိကြသော အကြောင်းတရားနှင့်တကွသော ရုပ်တရားနာမ်တရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသုံးသပ်-နိုင်သဖြင့် သမ္မသနဉာဏ်ပိုင်းသို့ ဆိုက်ရောက်နေခြင်း —

ဤအထက်ပါ အင်္ဂါရပ် အသီးအသီးနှင့် ပြည့်စုံသူ သူတော်ကောင်း ဖြစ်ရပေမည်။ ဤအင်္ဂါရပ် အသီးအသီးနှင့် မပြည့်စုံသဖြင့် —

၁။ ရုပ်ကလာပ် နာမ်ကလာပ်ကိုလည်း ဉာဏ်ဖြင့် မမြင်သေးဘဲ, မြင်သော်လည်း ရုပ်ကလာပ် နာမ်ကလာပ်ကို ဓာတ်မခွဲနိုင်သေးသဖြင့် ပရမတ်သို့ ဉာဏ်အမြင် မဆိုက်သေးဘဲ ရုပ်နာမ်ပရမတ်အစစ် ဓာတ်အနှစ်ကို မသိသေးဘဲ,

၂။ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည့်တိုင်အောင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် နည်းများအရ အကြောင်းတရားအဆက်ဆက် အကျိုးတရားအဆက်ဆက်ကို ဉာဏ်ဖြင့် ပိုင်းခြား မယူ-တတ်သေးဘဲ, မသိမ်းဆည်းတတ်သေးဘဲ, သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိသေးဘဲ,

၃။ ရုပ်နာမ်ပရမတ်အစစ်သို့ ဉာဏ်အမြင် မဆိုက်သေးသဖြင့် ရုပ်နာမ်ပရမတ်တို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်-ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရမှုသဘောကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိသေးဘဲ —

ဤသို့ မသိမှုတွေကို တစ်ပုံကြီး ထမ်းလျက် ကမ္မဋ္ဌာန်းကျောင်းအတွင်းသို့ ဝင်ရောက်လာသော ယောဂါ-ဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ဝိပဿနာ မဖြစ်နိုင်သေးသည်ကိုကား သဘောပေါက်ပါလေ။ အောက်ပါ ကျမ်းဂန်အဆိုအမိန့်ကို ဖတ်ရှုကြည့်ပါ။

အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ **ဝိပဿနာ**။ (အဘိ-ဋ္ဌ-၁-၁၇၅။)

အကြောင်းတရားနှင့်တကွသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စစသော အထူးထူးသော အခြင်း-အရာတို့ဖြင့် သိအောင် မြင်အောင် ရှုတတ်သောကြောင့် ဝိပဿနာ မည်၏။ ဤဝိပဿနာဟူသည် ပရမတ္ထ တရားကိုယ် အနက်သဘောအားဖြင့် သမ္မာဒိဋ္ဌိ ဉာဏ်ပညာတည်း။ (အဘိ-ဋ္ဌ-၁-၁၇၅။)

## ၂။ ရောဂတော

ပစ္စယယာပနီယတာယ, ရောဂမူလတာယ စ **ရောဂတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ထိုက်သည့်အားလျော်စွာ အကြောင်းတရားတို့ဖြင့် မျှတစေအပ်သော တရားတို့ ဖြစ်ကြ၏။ ကမ္မဇရုပ်တို့ကို ကံတရားတို့က မျှတအောင် ပြုပြင်ပေးကြရ၏။ စိတ္တဇရုပ်တို့ကို စိတ်က, ဥတုဇရုပ်တို့ကို ဥတုက, အာဟာရဇရုပ်တို့ကို အာဟာရတို့က မျှတအောင် ပြုပြင်ပေးကြရ၏။ နာမ်တရား-တို့ကိုလည်း ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့က မျှတအောင် ပြုပြင်ပေးကြရ၏။ (ပဋိစ္စသမုပ္ပါဒ်ပိုင်းကို ပြန်ကြည့်ပါ။) မျှတမှုဟူသည် ဥပါဒ်မှသည် ဘင်တိုင်အောင် တည်တံ့စေမှု ဖြစ်သည်။ ယင်းသို့ ဥပါဒ်မှသည် ဘင်သို့တိုင်အောင် အသက်ရှည်မှု တည်တံ့မှုသည် ဆိုင်ရာအကြောင်းတရားတို့နှင့် ကင်း၍ မဖြစ်နိုင်ပေ။ တစ်ဖန် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ခန္ဓာကိုယ်ဝယ် အစဉ်တစိုက် လိုက်ပါနေသော နာတာရှည်ရောဂါ၏ အကြောင်း-ရင်းဖြစ်သော မူလအခြေခံ ယာပျအနာရောဂါ တစ်ခုခုနှင့်လည်း တူကြ၏။

၁။ သာဓျရောဂါ = ဆေးကုသည်ဖြစ်စေ, မကုသည်ဖြစ်စေ ပျောက်ကင်းနိုင်သောရောဂါ ,
၂။ အသာဓျရောဂါ = မပျောက်ကင်းနိုင်သောရောဂါ ,
၃။ ကိစ္ဆသာဓျရောဂါ = ဆေးကုမှ ပျောက်ကင်းသောရောဂါ ,
၄။ ယာပျရောဂါ = ဆေးကုလျှင် ရောဂါသက်သာရုံသာဖြစ်၍ မပျောက်ကင်းနိုင်သောရောဂါ = မတ်တတ်နာ

ဤသို့ အနာရောဂါ (၄)မျိုးရှိရာ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ခန္ဓာကိုယ်ဝယ် အစဉ်တစိုက် လိုက်-ပါနေသော နာတာရှည်ရောဂါတို့၏ အကြောင်းရင်းဖြစ်သော မူလအခြေခံ ယာပျအနာရောဂါတစ်ခုခုနှင့်လည်း တူကြ၏။ ဓာတ်ကြီးလေးပါးသည် မြွေကြီး (၄)ကောင်နှင့် တူ၏။ ခန္ဓာ (၅)ပါးသည် လူသတ်သမားကြီး (၅)ဦး နှင့်တူ၏ — ဤသို့စသည်ဖြင့် အာသီဝိသောပမသုတ္တန် (သံ-၂-၃၈၁။)၌ ဘုရားရှင်သည် ဟောကြားထားတော် မူ၏။ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော ဒုက္ခမှန်သမျှသည် ရုပ်နာမ်ခန္ဓာမှ ပေါက်ဖွားလာခြင်းသာ ဖြစ်၏။ ရုပ်နာမ်

ခန္ဓာ မရှိသော် ဒုက္ခဟူသမျှလည်း မရှိတော့ပြီ ဖြစ်၏။ ယင်းသို့လျှင် ရုပ်တရား နာမ်တရားတို့သည် ထိုက်သည့် အားလျော်စွာ အကြောင်းတရားတို့ဖြင့် မျှစေအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ခန္ဓာကိုယ်ဝယ် အစဉ် တစိုက် လိုက်ပါနေသော နာတာရှည်ရောဂါတို့၏ အကြောင်းရင်း မူလဖြစ်သော ယာပျအနာရောဂါနှင့် တူသည်၏ အဖြစ်ကြောင့်လည်းကောင်း ရောဂံ = ကျင်နာညစ်ဆိုး ရောဂါမျိုးသာတည်း။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်-အောင်ကြည့်၍ **ရောဂ ရောဂ** ဟု ရှုပါ။

ယာပျဗျာဓိ ဟိ ရောဂေါ၊ ဏ္ဍတရော အာဗာဓောတိ။ (မဟာဋီ-၂-၃၉၅။)

ဝိသုဒ္ဓိမဂ္ဂမဟာဋီကာဆရာတော်က ယာပျအနာကို ရောဂ၊ ကြွင်းသောအနာကို အာဗာဓဟု ဖွင့်ဆိုတော်မူ၏။ (မဟာဋီ-၂-၃၉၅။) ရုပ်နာမ်တို့သည် ခပ်သိမ်းသော ကာယိက စေတသိက ရောဂါအမျိုးမျိုးတို့၏ တည်ရာ ဖြစ်သောကြောင့် ယာပျအနာရောဂါနှင့်တူသည် ဟူလိုသည်။

## ၃။ အဃတော

ဝိဂရဟဏီယတာယ, အဝမ္ဂိအာဝဟနတာယ, အဃဝတ္ထုတာယ စ **အဃတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**အဃန္တိ** ပါပံ ဝိယ အရိယဇနေဟိ ဝိဂရဟိတဗ္ဗံ။ သတ္တာနံ အနတ္ထဇနနတော အဝမ္ဂိအာဝဟံ, ပါပဿ စ ဝတ္ထုဘူတံ ခန္ဓပဉ္စကန္တိ အာဟ **ဝိဂရဟာ၊ ပ ။ အဃတောတိ**။ (မဟာဋီ-၂-၃၉၅။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အကုသိုလ်တရားတို့ကဲ့သို့ ဘုရားအစရှိသော အရိယာသူတော်ကောင်း-တို့သည် ကဲ့ရဲ့တော်မူကုန်၏။ မစင်ဟူသမျှသည် အနည်းငယ်ပင်ဖြစ်သော်လည်း ရွံ့ရှာစက်ဆုပ်ဖွယ်သဘောသာ ကေန်ရှိသကဲ့သို့ ဘဝဟူသမျှသည် အနည်းငယ်ပင် ဖြစ်သော်လည်း ရွံ့ရှာစက်ဆုပ်ဖွယ်သဘောသာ ကေန်ရှိ၏၊ ထို့ကြောင့် ဘုရားရှင်သည် မည်သည့်ဘဝကိုမျှ ချီးမွမ်းတော် မမူပေ။ မစင်ကို စက်ဆုပ်ရွံ့ရှာတော်မူသကဲ့သို့ ဘဝဟူသော ရုပ်နာမ်ခန္ဓာကို စက်ဆုပ်ရွံ့ရှာတော်မူ၏။ (အံ-၁-၃၆။) ယင်းသို့လျှင် ရုပ်တရား နာမ်တရားတို့သည် အကုသိုလ်တရားတို့ကဲ့သို့ ကဲ့ရဲ့အပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, ရုပ်နာမ်ခန္ဓာ ရှိသူ-တို့သည်သာလျှင် ပဋိသန္ဓေဘေးဆိုးကြီး အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီး အပါယ်ဘေးဆိုးကြီး စသည့်ဘေးဆိုးကြီး အမျိုးမျိုးနှင့် တွေ့ရ၏၊ ရုပ်နာမ်ခန္ဓာမရှိသူတို့ကား ထိုဘေးဆိုးကြီးတို့နှင့် တစ်ရံတစ်ဆစ်မျှ မတွေ့ရတော့ပေ။ ရုပ်နာမ်ခန္ဓာတို့က ထိုဘေးဆိုးကြီးများကို သယ်ဆောင်ပေးနေတတ်သောကြောင့် ဖြစ်၏။ ပရမတ္ထသစ္စာအားဖြင့် ဆိုရမူကား သင်္ခတပရမတ္ထတရားတို့၌ ဖြစ်တည်ပျက် = ဥပါဒ်-ဌီ-ဘင် သဘောတရားများ ထင်ရှားရှိကြသည်ချည်းသာတည်း။ ယင်းသင်္ခတပရမတ်တရားတို့၏ ဖြစ်မှု တည်မှု ပျက်မှုတို့ကား ဘေးဆိုးကြီးများ ပင်တည်း။ ထို ဖြစ်တည်ပျက် ဘေးဆိုးကြီးများကို ရုပ်နာမ်ခန္ဓာတို့သည် မိမိတို့နှင့် တစ်ပါတည်း သယ်ဆောင် လာကြ၏။ ယင်းသို့လျှင် ရုပ်နာမ်ခန္ဓာတို့သည် သတ္တဝါအများတို့၏ အကျိုးစီးပွားမဲ့ကို လွန်စွာ ဆောင်တတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း, — အဃဟု ခေါ်ဆိုအပ်သော အကုသိုလ်ထိုထိုသည်လည်း ရုပ်နာမ်ခန္ဓာတို့ကို အစွဲပြု၍သာဖြစ်ပေါ်လာရ၏၊ ရုပ်နာမ်ခန္ဓာ မရှိက မဖြစ်နိုင်။ ယင်းသို့လျှင် အဃဟုခေါ်ဆိုအပ်သော အကုသိုလ် ထိုထို၏ တည်ရာ၏အဖြစ်ကြောင့်လည်းကောင်း, — ဤအကြောင်းတရားများကြောင့် ရုပ်နာမ်ခန္ဓာ ဟူသမျှသည် အဃံ = အကျိုးယုတ် အကျိုးမဲ့မျိုးသာဖြစ်၏။ ယင်းသဘောတရားများကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အဃ အဃ** ဟု ရှုပါ။

## ၄။ ဂဏ္ဍတော

ဒုက္ခတာသူလယောဂိတာယ, ကိလေသာသုစိပဂ္ဃရဏတာယ, ဥပ္ပါဒဇရာဘင်္ဂေဟိ ဥဒ္ဒုမာတ-ပရိပက္က-ပဘိန္နတာယ စ **ဂဏ္ဍတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ပကတိသော ထွတ်မြင်းအနာ အိုင်းအမာနာတို့သည် နာကျင်ကိုက်ခဲခြင်း ဒဏ်ချက်ဖြင့် ထိုးဆွခံရသကဲ့သို့ ရုပ်နာမ်ခန္ဓာတို့သည်လည်း, ကာယိကဒုက္ခဝေဒနာ စေတသိကဒုက္ခဝေဒနာ ဟူသော ဒုက္ခဒုက္ခ, တည်နေတုန်း အခိုက်အတန့် ဖြစ်တုန်း အခိုက်အတန့် ဥပါဒ်တုန်း အခိုက်အတန့်၌သာ သုခဖြစ်၍ ဘင်ကာလသို့ရောက်က ဖောက်ပြန် ပျက်စီးတတ်သော ကာယိကသုခဝေဒနာ စေတသိကသုခဝေဒနာ ဟူသော ဝိပရိဏာမဒုက္ခ, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသော သင်္ခါရဒုက္ခ — ဤသုံးမျိုးသော နာကျင်ကိုက်ခဲခြင်း ဒုက္ခတာဒဏ်ချက်ဖြင့် အမြဲမပြတ် အထိုးအဆွ ခံနေရ၏။ ယင်းသို့လျှင် သုံးမျိုးသော ဒုက္ခတာ ဟု ဆိုအပ်သော ထိုးကျင့်ကိုက်ခဲခြင်းနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

ပကတိသော အိုင်းအမာနာမှ အပုပ်ရည်များသည် တစစ်စစ် တစီစီ ယိုစီးကျကုန်သကဲ့သို့ ယင်းရုပ်နာမ် ခန္ဓာတို့ကို အာရုံပြု၍ ရာဂစသော ကိလေသာအပုပ်ရည်များသည်လည်း တစစ်စစ် တစီစီ ယိုစီးကျတတ်ကုန်၏။ ယင်းရာဂစသော ကိလေသာအပုပ်ရည်တို့သည် ရံခါအချို့သော အကုသိုလ်နာမ်တရားတို့နှင့် ယှဉ်တွဲ၍လည်း အတူဖြစ်တတ်ကုန်၏။ ဤသို့လျှင် ရုပ်နာမ်ခန္ဓာတို့သည် အာရုံအားဖြင့်လည်းကောင်း, သမ္ပယုတ်အားဖြင့် လည်းကောင်း ထိုက်သည့်အားလျော်စွာ ရာဂစသည့် ကိလေသာအပုပ်ရည်ဟူသော မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ် အညစ်အကြေးကို တစစ်စစ် တစီစီ ယိုတတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

ပကတိသော အိုင်းအမာနာသည် ဖူးဖူးရောင်တက်ခြင်း, မှည့်ကျက်ခြင်း, ဖရိုဖရဲပေါက်ကွဲခြင်း ရှိသကဲ့သို့ ရုပ်နာမ်ခန္ဓာတို့သည်လည်း —

(က) ရှေးကမရှိမူ၍ ယခုမှ ရုတ်ခြည်းဖြစ်ပေါ်လာသဖြင့် ယင်း ဖြစ်ခြင်း = ဥပါဒ်သဘောဖြင့် ဖူးဖူးရောင်-တက်ခြင်း,

(ခ) ဌီသဘော = ဇရာသဘောဖြင့် မှည့်ကျက်ခြင်း,

(ဂ) ဘင်သဘော = မရဏသဘောဖြင့် ဖရိုဖရဲ ပေါက်ပြဲ ကွဲအက် ပျက်စီးခြင်းသဘော ရှိသောကြောင့်-လည်းကောင်း —

ဤအကြောင်းများကြောင့် ရုပ်နာမ်ခန္ဓာဟူသမျှသည် ဂဏ္ဍံ = မဖွယ်ရုပ်ဆင်း ထွတ်မြင်းအိုင်းအမာနာ-မျိုးသာတည်း။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဂဏ္ဍ ဂဏ္ဍ** ဟု ရှုပါ။

## ၅။ သလ္လတော

ပီဠာဇနကတာယ, အန္တောတုဒနတာယ, ဒုန္နီဟရဏီယတာယ စ **သလ္လတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် ရုပ်နာမ်ကိန်းဝပ်ရာ သတ္တဝါကို ညှဉ်းပန်း နှိပ်စက်ခြင်းကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

ဒုက္ခဝေဒနာစသော ဝေဒနာအမျိုးမျိုးတို့သည် ကိုယ်တွင်း၌ ထိုးဆွတတ် ထိုးကျင့်တတ်သကဲ့သို့ ဤရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့သည်လည်း ခန္ဓာကိုယ်အတ္တဘော၏ အတွင်း၌ တည်ကုန်သည်သာလျှင် ဖြစ်ကုန်၍ ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့် ထိုးဆွတတ် နှိပ်စက်တတ်သောကြောင့်လည်းကောင်း,

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့အပေါ်၌ "ငါ-ငါ့ဟာ"ဟု တဏှာဒိဋ္ဌိတို့ဖြင့် နှလုံးသွင်းမှုသည် မြဲမြဲခိုင်ခံ့သည်-၏အဖြစ်ကြောင့် ယင်းတဏှာစွဲ ဒိဋ္ဌိစွဲတို့ကို အရိယမဂ်တည်းဟူသော မွေးညှပ်နှင့် ကင်း၍ နုတ်ပယ်ခြင်းငှာ တတ်နိုင်ခဲသည်၏ အဖြစ်ကြောင့်လည်းကောင်း —

ဤအကြောင်း တရားများကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှသည် သလ္လံ = စူးဝင်ညစ်ဆိုး မြား-ငြောင့်မျိုးသာတည်း။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သလ္လ သလ္လ** ဟု ရှုပါ။

## ၆။ အာဗာဓတော

အသေရိဘာဝဇနကတာယ, အာဗာဓပဒဋ္ဌာနတာယ စ **အာဗာဓတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

မကျန်းမမာသည့် အိပ်ရာတွင် လဲနေသော လူနာသည် ဣရိယာပုထ်လေးပါး၌ ကိုယ့်စွမ်းအားဖြင့် မတတ်နိုင်, သူတစ်ပါးတို့က လုပ်ကျွေးပြုစုပေးရခြင်း, အိပ်ရာ၌ လှဲသိပ်ပေးရခြင်း, အိပ်ရာမှ ထူမပေးရခြင်း စသည်ဖြင့် သူတစ်ပါးနှင့်စပ်သော ကိုယ်၏ဖြစ်ခြင်းရှိသည်ဖြစ်၍ အသေရီမည်သကဲ့သို့ ရုပ်နာမ်ခန္ဓာတို့သည်လည်း ဣရိယာပုထ်လေးပါး၌ ကိုယ့်စွမ်းအားဖြင့် မတတ်နိုင်၊ မိမိနှင့်စပ်ခြင်းမရှိ၊ အကြောင်းတရားဟူသော သူတစ်ပါးနှင့်သာ စပ်ခြင်းရှိ၏၊ ထို့ကြောင့် အသေရိဘာဝမည်၏။

ရုပ်နာမ်ခန္ဓာရှိမှ အနာရောဂါရှိ၏။ ရုပ်နာမ်ခန္ဓာမရှိသော် အနာရောဂါမရှိ၊ ထို့ကြောင့် ရုပ်နာမ်တို့သည် အသည်းအသန် လွန်စွာ နှိပ်စက်တတ်သော အနာရောဂါ၏ အနီးကပ်ဆုံး အကြောင်းရင်း ပဒဋ္ဌာန် ဖြစ်၏။ ဤသို့လျှင် ရုပ်နာမ်ခန္ဓာဟူသမျှသည် အကြောင်းတရားဟူသော သူတစ်ပါးနှင့်စပ်ခြင်း = စပ်၍ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, အသည်းအသန် လွန်စွာ နှိပ်စက်တတ်သော အနာရောဂါ၏ အကြောင်းရင်းဖြစ်သောကြောင့်လည်းကောင်း အာဗာဓံ = နှိပ်စက်လွှမ်းမိုး အနာမျိုးသာတည်း။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အာဗာဓ အာဗာဓ** ဟု ရှုပါ။

## ၇။ ဥပဒ္ဒဝတော

အဝိဒိတာနံယေဝ ဝိပုလာနံ အနတ္ထာနံ အာဝဟနတော, သဗ္ဗုပဒ္ဒဝဝတ္ထုတာယ စ **ဥပဒ္ဒဝတော**။
(ဝိသုဒ္ဓိ-၂-၂၄၇။)

ပကတိသော မင်းဘေး မင်းဒဏ်စသော ဘေးရန် ဥပဒ္ဒဝေါတို့သည် မင်းပြစ် မင်းဒဏ်သင့်သူ သတ္တဝါကို အကျိုးမဲ့ကို ဖြစ်စေလျက် လွှမ်းမိုးဖိစီး နှိပ်စက်တတ်၏။ ဤအတူ ရုပ်နာမ်ခန္ဓာတို့သည်လည်း "ဉထဲကြက်ငယ် ပေါက်ဝယ်ကျေးသို့" တွေးဆ၍ သိခြင်းငှာ မတတ်အားသည်သာလျှင် ဖြစ်ကုန်သော အိုဘေး နာဘေး သေဘေး မင်းဘေး မင်းဒဏ်စသော ပြန့်ပြောပေါများကုန်သော အကျိုးမဲ့အမျိုးမျိုးတို့ကို ရွက်ဆောင်ပေးတတ်ကုန်၏။

ကပ်၍နှိပ်စက်တတ်သော အလုံးစုံသော ဘေးဥပဒ္ဒဝေါ အမျိုးမျိုး၏ တည်ရာဝတ္ထုယာခင်းလည်း ဖြစ်၏။

ဤသို့လျှင် ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှသည် တွေးဆ၍ သိနိုင်ခဲသည့် အကျိုးမဲ့အမျိုးမျိုးကို သယ်ဆောင်တတ်သောကြောင့်လည်းကောင်း, လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဘေးဥပဒ္ဒဝေါ အမျိုးမျိုး၏ တည်ရာဝတ္ထုယာခင်း ဖြစ်သောကြောင့်လည်းကောင်း ဥပဒ္ဒဝံ = လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဘေးဥပါဒ်မျိုးသာတည်း။ (ယင်း ဘေးရန်ဥပဒ္ဒဝေါတို့တွင် သိနိုင်ခဲ မြင်နိုင်ခဲသော ဖြစ်ခြင်းပျက်ခြင်း ဘေးဒဏ်ဟူသော ဘေး ဥပဒ္ဒဝေါလည်း ပါဝင်၏။) ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဥပဒ္ဒဝ ဥပဒ္ဒဝ** ဟု ရှုပါ။

ဥပဒ္ဒဝတီတိ ဥပဒ္ဒဝေါ၊ အနတ္ထံ ဇနေန္တော အဘိဘဝတိ အဇ္ဈောတ္ထရတီတိ အတ္ထော၊ ရာဇဒဏ္ဍာဒီနံ ဇတံ အဓိဝစနံ။ ခန္ဓာ စ ဧဒိသာတိ ဝုတ္တံ **"အဝိဒိတာနံ။ ပ ။ ဥပဒ္ဒဝတော"**တိ။ (မဟာဋီ-၂-၃၉၅။)

ကပ်၍နှိပ်စက်တတ်သောကြောင့် ဥပဒ္ဒဝ = ဥပဒ္ဒဝေါ မည်၏။ အကျိုးမဲ့အမျိုးမျိုးကို ဖြစ်စေလျက် လွှမ်းမိုး ဖိစီး နှိပ်စက်တတ်၏ဟု ဆိုလို၏။ ဤဥပဒ္ဒဝ = ဥပဒ္ဒဝေါဟူသော အမည်သည် မင်းဘေး မင်းဒဏ် စသည်တို့၏ အမည်တည်း။ ခန္ဓာတို့သည်လည်း ဤသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာဆရာတော်က "ပကတိသော မင်းဘေး မင်းဒဏ်စသော ဘေးရန်ဥပဒ္ဒဝေါတို့သည် မင်းပြစ် မင်းဒဏ်သင့်သူ သတ္တဝါကို

အကျိုးမဲ့ကို ဖြစ်စေလျက် လွှမ်းမိုး ဖိစီး နှိပ်စက်တတ်၏။ ဤအတူ ရုပ်နာမ်ခန္ဓာတို့သည်လည်း 'ဥထဲကြက်ငယ် ပေါက်ဝယ်ကျေးသို့' တွေးဆ၍ သိခြင်းငှာ မတတ်အားသည်သာလျှင် ဖြစ်ကုန်သော အိုဘေး နာဘေး သေဘေး မင်းဘေး မင်းဒဏ်စသော ပြန့်ပြောပေါ်များကုန်သော အကျိုးမဲ့ အမျိုးမျိုးတို့ကို ရွက်ဆောင်ပေးတတ်ကုန်၏" ဟု ဖွင့်ဆိုတော်မူအပ်ပေသည်။ (မဟာဋီ-၂-၃၉၅။)

## ၈။ ဘယတော

သဗ္ဗဘယာနံ အာကရတာယ, ဒုက္ခဝူပသမသင်္ခါတဿ ပရမဿာသဿ ပဋိပက္ခဘူတတာယ စ **ဘယတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဒိဋ္ဌဓမ္မိကသမ္ပရာယိကဘယာဝဟတော, အဘယပဋိပက္ခတော စ ခန္ဓာ ဘယန္တိ အာဟ **"သဗ္ဗဘယာနံ ။ ပ ။ ဘယတော"**တိ။ (မဟာဋီ-၂-၃၉၅။)

ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် မျက်မြင်လောက ပစ္စုပ္ပန်ဘဝ၌ ကျရောက်သော ဘေးအမျိုးမျိုး တမလွန်လောက၌ ကျရောက်သော ဘေးအမျိုးမျိုးဟု ဆိုအပ်ကုန်သော အလုံးစုံသော ဘေးအမျိုးမျိုးတို့၏တည်ရာ ဘေးတွင်းကြီးသဖွယ် ဖြစ်ကြ၏။ ရုပ်နာမ်ခန္ဓာရှိမှ ယင်းဘေးဆိုးကြီးများ ဖြစ်နိုင်ကြ၏ တည်ရှိနိုင်ကြ၏။ ရုပ်နာမ် = ခန္ဓာတို့က ယင်းဘေးအမျိုးမျိုးတို့ကို သယ်ဆောင်ပေးတတ်ကုန်သောကြောင့် ဖြစ်၏။ ယင်းဘေးအမျိုးမျိုး တို့တွင် ပဋိသန္ဓေဘေးဆိုးကြီး, အိုဘေးဆိုးကြီး, နာဘေးဆိုးကြီး, သေဘေးဆိုးကြီး, (ရာဂမကင်းသေးသူတို့အတွက်) သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသဟူသော ဘေးဆိုးကြီး, ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့် သင်္ခါရဒုက္ခဘေးဆိုးကြီးစသည့် ဘေးဆိုးကြီး အမျိုးမျိုးတို့လည်း ပါဝင်ကြ၏။

တစ်ဖန် ယင်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဆင်းရဲဒုက္ခခပ်သိမ်း၏ အငြိမ်းကြီးငြိမ်းရာ အအေးကြီး အေးရာ အချမ်းသာကြီး ချမ်းသာရာ အသက်သာကြီး သက်သာရာဟု ဆိုအပ်သော နိဗ္ဗာန်တရားတော်မြတ်ကြီး၏-လည်း ထိပ်တိုက်ဆန့်ကျင်ဘက် ဖြစ်ကြ၏။

ဤသို့လျှင် ခန္ဓာငါးပါး = ရုပ်နာမ်တရားမှန်သမျှသည် မျက်မှောက် တမလွန် နှစ်တန်သော ဘေးဒုက္ခ အမျိုးမျိုးတို့၏တည်ရာ ဘေးတွင်းကြီးသဖွယ် ဖြစ်သောကြောင့်လည်းကောင်း, ဘေးအမျိုးမျိုးတို့၏ ငြိမ်းအေးရာ သက်သာရာ နိဗ္ဗာန်တရားတော်မြတ်ကြီး၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်လည်းကောင်း ဘယံ = ချမ်းသာ စသည်နှင့် မရော ပြန့်ပြောများပြား ကြီးမားသော ဘေးမျိုးသာ ဖြစ်၏။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဘယ ဘယ** ဟု ရှုပါ။

## ၉။ ဤတိတော

အနေကဗျသနာဝဟနတာယ **ဤတိတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဗျာဓိအာဒီဟိ စ ခန္ဓာနံ ဗျသနန္တိ ။ ဗျသနာဝဟဘာဝေန ဧတီတိ **ဤတိ**။ အာဂန္တုကာနံ အကုသလ-ပက္ခိယာနံ ဗျသနဟေတူနံ ဧတံ အဓိဝစနံ။ ခန္ဓာ စ ဧဒိသာတိ အာဟ **"အနေကဗျသနာဝဟတာယ ဤတိတော"**တိ။ (မဟာဋီ-၂-၃၉၅။)

ဗျာဓိ ဇရာ မရဏစသည်တို့ဖြင့် ခန္ဓာငါးပါး=ရုပ်နာမ်တရားတို့၏ ပျက်စီးခြင်းသည် ဗျသနတည်း။ ဤကား သမုတိသစ္စာတည်း။ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်တို့ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်းကြောင့် ရုပ်နာမ်ခန္ဓာတို့၏ ပျက်စီးခြင်းသည် ဗျသနတည်း။ ဤကား ပရမတ္ထသစ္စာတည်း။ တစ်နည်းဆိုရသော် သင်္ခတတရား မှန်သမျှ၌—

၁။ ဥပ္ပါဒ = ဖြစ်မှုသဘော,
၂။ ဝယ = ပျက်မှုသဘော,
၃။ ဌိတဿ အညထတ္တ = တည်သည့် ဌီကာလဟူသော ဖြစ်ပြီးနောက် ပျက်မည့် ဘင်ကာလဘက်သို့ ယိုင်လဲ-နေမှုသဘော —

ဤအထက်ပါ သင်္ခတလက္ခဏာသုံးပါးသည် ရှိမြဲဓမ္မတာ ဖြစ်၏။ သင်္ခတတရားမှန်သမျှသည် = သင်္ခါရတရားမှန်သမျှသည် ယင်းဖြစ်မှု-တည်မှု-ပျက်မှုဟူသော သင်္ခတဇာ်ချက် သုံးမျိုးဖြင့် အမြဲမပြတ် အညှဉ်းပန်းအနှိပ်စက်ခံနေရ၏။ သင်္ခတ ရုပ်နာမ်ခန္ဓာတို့၏ ပျက်စီးခြင်း ဗျသနပင်တည်း။ ခန္ဓာငါးပါး = ရုပ်နာမ်တရား-တို့သည် ဤပျက်စီးခြင်း ဗျသနတရားကို မိမိတို့နှင့်အတူတကွ တစ်ပါတည်း သယ်ဆောင်၍ လာတတ်သော-ကြောင့် **ဤတိ**မည်၏။ ဤ **ဤတိ**-ဟူသောအမည်သည် ဥပစာရအားဖြင့် ဧည့်သည်အာဂန္တုသဖွယ်ဖြစ်ကုန်သော အကုသိုလ်တရားတို့၏ အသင်းအပင်း ဘက်တော်သားဖြစ်ကုန်သော ပျက်စီးခြင်း ဗျသနတရား၏ အကြောင်း-ရင်းစစ် ဖြစ်ကြကုန်သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန် ဦးဆောင်သည့် ကိလေသဝဋ် တရားစုတို့၏ အမည် ဖြစ်-ပေသည်။

ကိလေသဝဋ်တည်းဟူသော အစိုဓာတ် အစေးဓာတ် ရှိမှသာလျှင် ကမ္မဝဋ်အမည်ရသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ဝိပါကဝဋ် အမည်ရသော ခန္ဓာငါးပါး ရုပ်နာမ် အကျိုးတရားတို့ကို ဖြစ်စေနိုင်ကြကုန်၏။ ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် ထင်ရှားတည်ရှိနေပါမှသာလျှင် ပျက်စီးခြင်း = ဗျသနတရားသည်လည်း ထင်ရှားဖြစ်ပေါ် လာနိုင်၏။ ထို့ကြောင့် ကိလေသဝဋ်တရားစုတို့သည် ဗျသနတရား၏ အကြောင်းရင်းစစ်ဖြစ်ကြ၍ **ဤတိ** မည်ကြ၏။ ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည်လည်း ဤနည်းအတူ ပျက်စီးခြင်း ဗျသနတရား အမျိုး-မျိုးကို ဆောင်တတ်သောကြောင့်- **ဤတိ** = ထိတ်လန့်စဖွယ် အန္တရာယ်မျိုးတို့သာတည်း။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဤတိ ဤတိ** ဟု ရှုပါ။

## ၁၀။ ဥပသဂ္ဂတော

အနေကေဟိ အနတ္ထေဟိ အနုဗဒ္ဓတာယ, ဒေါသူပသဋ္ဌတာယ, ဥပသဂ္ဂေါ ဝိယ အနဓိဝါသနာရဟတာယ စ **ဥပသဂ္ဂတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဗဟိဒ္ဓါ ဉာတိဗျသနာဒီဟိ, အဇ္ဈတ္တံ ရာဂါဒီဟိ အနတ္ထေဟိ ဥပသဇ္ဇနဋ္ဌေန, ဥပသဂ္ဂသဒိသတာယ စ ဥပသဂ္ဂေါ။ **ဥပသဂ္ဂေါ**တိ စ ဒေဝတူပသံဟာရဝသေန ပဝတ္တော ဗျာဓိအာဒိ အနတ္ထော။ သော အတ္တကာမေန မုဟုတ္တမ္ပိ န အဓိဝါသေတဗ္ဗော ဟောတိ။ တေန ဝုတ္တံ **“အနေကေဟိ။ ပ ။ ဥပသဂ္ဂတော”**တိ။

(မဟာဋီ-၂-၃၉၅-၃၉၆။)

ဆွေမျိုးတို့၏ ပျက်စီးခြင်း = ဉာတိဗျသနဘေး, စီးပွားဥစ္စာတို့၏ ပျက်စီးခြင်း ဘောဂဗျသနဘေးစသော ဗဟိဒ္ဓဘေးဆိုး အမျိုးမျိုးတို့သည်လည်းကောင်း, အကျိုးမဲ့ဟူသမျှကို အစွမ်းကုန် ရွက်ဆောင်ပေးတတ်သည့် ရာဂ, ဒေါသ, မောဟ, မာန်မာနစသည့် အဇ္ဈတ္တဘေးဆိုး အမျိုးမျိုးတို့သည်လည်းကောင်း, ခန္ဓာငါးပါး = ရုပ်နာမ်တရား-တို့၏ နောက်သို့ အစဉ်တစိုက်လိုက်၍ ဖွဲ့စပ်နေ၏၊ ကပ်ငြိနေ၏။ ယင်းသို့လျှင် ရုပ်နာမ်တို့သည် အကျိုးမဲ့ကို အစွမ်းကုန် ရွက်ဆောင်ပေးတတ်သည့် ဆွေမျိုးတို့၏ ပျက်စီးခြင်း, စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းစသော ဗဟိဒ္ဓဘေးဆိုးအမျိုးမျိုး, ရာဂ, ဒေါသ, မောဟ, မာန်မာနစသော အဇ္ဈတ္တဘေးဆိုးအမျိုးမျိုးတို့က အစဉ်တစိုက်လိုက်၍ ဖွဲ့စပ်အပ် ကပ်ငြိအပ်သောကြောင့် ဥပသဂ္ဂ မည်၏။

တစ်ဖန် ရုပ်နာမ်တို့သည် ဥပသဂ္ဂနှင့်တူသောကြောင့်လည်း ဥပသဂ္ဂမည်၏။ တူညီပုံကား ဤသို့တည်း။ နတ်တို့၏ ကပ်၍ဆောင်ခြင်း, ဆောင်ပေးခြင်း, ပြုစားခြင်း, လှည့်စားခြင်း၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ဖျားနာခြင်း ဗျာဓိစသော အကျိုးမဲ့သည့် ဥပသဂ္ဂတည်း။ ထိုအကျိုးမဲ့ ဥပသဂ္ဂကို အကျိုးစီးပွားကို လိုလားတောင့်-တလျက်ရှိသော ပုဂ္ဂိုလ်မှန်သမျှသည် တစ်မုဟုတ်မျှသော်လည်း လျစ်လျူမရှုအပ် မရှုထိုက်ဖြစ်၏။ အလားတူပင် ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် ဗျာဓိစသော အကျိုးမဲ့တို့ကို ကပ်၍ဆောင်လာကြ၏၊ ထို့ကြောင့် ဥပသဂ္ဂ-နှင့်တူ၏။ ယင်းဗျာဓိစသော အကျိုးမဲ့, ဖြစ်ခြင်းပျက်ခြင်းဟူသော အကျိုးမဲ့တို့ကို သယ်ပိုးရွက်ဆောင် လာတတ်-ကုန်သော ဥပသဂ္ဂအမည်ရသော ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကို မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော အကျိုးစီးပွား ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လိုလားတောင့်တသော အမျိုးကောင်းသား အမျိုးကောင်းသမီး မှန်ပါက တစ်မုဟုတ် တစ်ခဏကလေးမျှသော်လည်း သည်းခံထားခြင်း, လျစ်လျူရှုထားခြင်းငှာ မထိုက်တန်ပေ။

တစ်ဖန် ခန္ဓာငါးပါး = ရုပ်နာမ်တရားမှန်သမျှတို့သည် အာရုံအားဖြင့်လည်းကောင်း သမ္ပယုတ်အားဖြင့် လည်းကောင်း ရာဂစသော အပြစ်ဒေါသတို့နှင့် ကပ်ငြိယှက်တွယ်၍ နေကြ၏။ (အထက်၌ ရှင်းပြခဲ့ပြီ။)

ဤသို့လျှင် ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော များပြားလှစွာသော အကျိုးမဲ့-တို့က အစဉ်တစိုက်လိုက်၍ ဖွဲ့စပ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ရာဂစသော အပြစ်ဒေါသတို့နှင့် ကပ်ငြိယှက်တွယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အကျိုးမဲ့ကို ဆောင်တတ်သော ဥပသဂ္ဂကဲ့သို့ တစ်ခဏမျှ သော်လည်း သည်းမခံထိုက် လက်မခံထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း — ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှသည် ဥပသဂ္ဂံ = တွယ်တာစွဲကပ် နှိပ်စက်တတ်သော ဥပါဒ်မျိုးသာတည်း။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဥပသဂ္ဂ ဥပသဂ္ဂ** ဟု ရှုပါ။

## ၁၁။ အတာဏတော

အတာယနတာယ စေဝ, အလဗ္ဘနေယျခေမတာယ စ **အတာဏတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

တာယိတုံ ရက္ခိတုံ အသမတ္ထတာယ န တာယနောတိ အတာယနော၊ တဗ္ဘာဝေါ **အတာယနတာ**။ တာဏာသီသာယ ဥပဂတဿ **အလဗ္ဘနေယျခေမတာ**။ (မဟာဋီ-၂-၃၉၆။)

ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် ဖြစ်ပေါ်လာပြီးက မပျက်အောင် စောင့်ရှောက်ဖို့ရန် အလွန်ခဲယဉ်း-သော တရားမျိုးတို့ ဖြစ်ကြ၏၊ ယင်းသို့ စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

စောင့်ရှောက်စေလိုသော အာသာဆန္ဒဖြင့် ဆည်းကပ်ပါသော်လည်း မည်သည့်နည်းနှင့်မျှ မပျက်အောင် ပျက်ခြင်းဘေးကင်းအောင် မစောင့်ရှောက်နိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှသည် အတာဏံ = စောင့်ရှောက်မဲ့လျှင်း ဘေး၏အသင်းအပင်းသာတည်း။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အတာဏ အတာဏ** ဟု ရှုပါ။

သင်္ခါရတရားတို့ကား ဖြစ်ပေါ်လာပြီးနောက် မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ရန်လည်း ခက်ခဲ၏၊ စောင့်ရှောက်စေလိုသော အာသာဆန္ဒဖြင့် ဆည်းကပ်ပါသော်လည်း ပျက်ခြင်းတည်းဟူသော ဘေးကင်းမှုကို မည်သည့်နည်းနှင့်မျှ မရအပ်, မရနိုင်ပေ။ ကြောက်လန့်ဖွယ်ကောင်းသည့် ဘယဋ္ဌ ဘေးဒုက္ခ အနက်သဘောပင် ဖြစ်၏။

## ၁၂။ အလေဏတော

အလ္လီယိတုံ အနရဟတာယ, အလ္လီနာနမ္ပိ စ လေဏကိစ္စာကာရိတာယ **အလေဏတော**။
(ဝိသုဒ္ဓိ-၂-၂၄၇။)

ဒုက္ခဘီတိယာ ဥပလီယနာဓိပ္ပါယေန **အလ္လီယိတုံ**။ ဒုက္ခနိဝတ္တနံ **လေဏကိစ္စံ**။ (မဟာဋီ-၂-၃၉၆။)

ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှသည် ဆင်းရဲဒုက္ခမှ ကြောက်သည်ဖြစ်၍ (အထူးသဖြင့် ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရသည့် ဆင်းရဲဒုက္ခမှ ကြောက်သည်ဖြစ်၍) ခိုမှီကပ်ရပ်-လိုသော အာသာဖြင့် ကပ်ရပ်ခိုမှီးခြင်းငှာ မထိုက်တန်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

ဆင်းရဲဒုက္ခမှ ကြောက်သည်ဖြစ်၍ ခိုမှီကပ်ရပ်လိုသော အာသာဖြင့် ကပ်ရပ်ခိုမှီကြကုန်သော သူတို့၏-လည်း ဆင်းရဲဒုက္ခကို ပျောက်ကွယ် နစ်မြုပ်စေခြင်းဟူသော ပုန်းအောင်းရာကိစ္စကို မပြုလုပ်တတ်သည်၏ အဖြစ်-ကြောင့်လည်းကောင်း အလေဏံ = ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းအပင်းသာတည်း။ ဤသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အလေဏ အလေဏ** ဟု ရှုပါ။

## ၁၃။ အသရဏတော

နိဿိတာနံ ဘယသာရကတ္တာဘာဝေန **အသရဏတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဇာတိအာဒိဘယာနံ ဟိံသနံ ဝိဓမနံ **ဘယသာရကတ္တံ**။ (မဟာဋီ-၂-၃၉၆။)

ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့သည် မိမိတို့ကိုယ်တိုင်က ဇာတိ-ဇရာ-ဗျာဓိ-မရဏစသော သဘောတရား ထင်ရှားရှိနေကြသဖြင့် ဇာတိ-ဇရာ-ဗျာဓိ-မရဏစသော ဘေးဒုက္ခကို ကြောက်၍ မှီခိုကပ်ရပ်ကုန်သော သူတို့၏ ဇာတိ-ဇရာ-ဗျာဓိ-မရဏစသော ဘေးဒုက္ခကို ညှဉ်းဆဲတတ် ပယ်ဖျောက်တတ်သောသဘော၏ ထင်ရှားမရှိခြင်း-ကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှသည် အသရဏံ = ကိုးရာမဲ့လျှင်း ဘေး၏ အသင်းအပင်းသာတည်း။ ဤသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် စေ့စေ့ငုငု မြင်အောင်ကြည့်ရှု၍ **အသရဏ အသရဏ** ဟု ရှုပါ။

## ၁၄။ ဝဓကတော

မိတ္တမုခသပတ္တော ဝိယ ဝိဿာသဃာတိတာယ **ဝဓကတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

ဣမေ ရူပါဒယော သုခဟေတူ န ဒုက္ခဟေတူတိ ဇနိတဝိဿာသာနံ ဟနနသီလတာယ , ခန္ဓေသု ဟိ "ဧတံ မမာ"တိ ဂါဟဝသေန သတ္တာ ဗျသနံ ပါပုဏန္တိ ဝိဿာသံ ဝါ ဟနန္တီတိ **ဝိဿာသဃာတိနော**၊ တဗ္ဘာဝတော။ (မဟာဋီ -၂-၃၉၇။)

ခန္ဓာ (၅)ပါးတို့သည် သူသတ်သမားကြီး (၅)ဦးတို့ ဖြစ်ကြောင်းကို **အာသီဝိသောပမသုတ္တန်** (သံ-၂-၃၈၁-၃၈၃။) တွင် ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ ခန္ဓာတစ်ပါးပါးသည် ဖောက်ပြန်လွန်ကဲလာပါက ခန္ဓာရှင်သတ္တဝါသည် အချိန်မရွေး သေကျေပျက်စီးနိုင်၏။ သို့အတွက် ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှတို့သည် မိတ်ဆွေ၏ မျက်နှာနှင့်တူသော ပြုံးချိုသော မျက်နှာရှိသော ရန်သူကဲ့သို့ အကျွမ်းဝင်သော သူကို သတ်တတ်-သောကြောင့် ဝဓက = သူသတ်မျိုးရိုးတို့သာ ဖြစ်ကြ၏။ ပရမတ္ထသစ္စာအားဖြင့် ပရမတ်တရားတိုင်း၏ ခဏတိုင်း ခဏတိုင်းဝယ် ဘင်ကာလတိုင်း ဘင်ကာလတိုင်း၌ အတွင်သတ်နေ၏။ ထို့ကြောင့် ခန္ဓာတိုင်း ခန္ဓာတိုင်းသည် သမ္မုတိသစ္စာ လျော်စွာပညတ် ခေါ်ဝေါ်အပ်သည့် လူနတ်ဗြဟ္မာ သတ္တဝါကို သုံးဖြာခဏ ဘင်သို့ကျအောင် ကာလမရှည် သန္တာန်စည်၍ နာရီမလပ် အတွင်သတ်သည့် လူသတ်မျိုးရိုးသာတည်း။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဝဓက ဝဓက** ဟု ရှုပါ။

## ၁၅။ အဃမူလတော

အဃဟေတုတာယ **အဃမူလတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

အဃဿ ပါပဿ ဟေတုတာ **အဃဟေတုတာ**။ ခန္ဓပဋိဗဒ္ဓမေဝ ဟိ သဗ္ဗံ ကိဗ္ဗိသန္တိ။(မဟာဋီ-၂-၃၉၇။)

မကောင်းမှုမှန်သမျှတို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့နှင့် အမြဲတမ်း ဆက်စပ်လျက်ရှိကြ၏။ ခန္ဓာမရှိက မကောင်းမှုလည်း မရှိနိုင်တော့ပြီ။ ထို့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကြမ်းကြုတ် ရုန့်ရင်းသော မကောင်းမှုအကုသိုလ်၏ အကြောင်းရင်းစစ် အဖြစ်ကြီးဖြစ်သောကြောင့် အဃမူလံ = ကျိုးမဲ့ ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်သာတည်း။

ရုပ်တရားတို့ကို အာရုံပြု၍ဖြစ်စေ မှီ၍ဖြစ်စေ, နာမ်တရားတို့ကို အာရုံပြု၍ဖြစ်စေ နာမ်တရားတို့နှင့် ယှဉ်တွဲ၍ဖြစ်စေ မကောင်းမှုအကုသိုလ် ထိုထိုတရားစုတို့သည် ဖြစ်ပေါ်လာကြရ၏။ ယင်းသဘောတရားကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **အဃမူလ အဃမူလ** ဟု ရှုပါ။

## ၁၆။ အာဒီနဝတော

ပဝတ္တိဒုက္ခတာယ, ဒုက္ခဿ စ အာဒီနဝတာယ **အာဒီနဝတော**၊ အထဝါ အာဒီနံ ဝါတိ ဂစ္ဆတိ ပဝတ္တတီတိ အာဒီနဝေါ၊ ကပဏမနုဿဿေတံ အဓိဝစနံ၊ ခန္ဓာပိ စ ကပဏာယေဝါတိ အာဒီနဝသဒိသတာယ **အာဒီ-နဝတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**ပဝတ္တိဒုက္ခတာယာ**တိ ဘဝပဝတ္တိဒုက္ခဘာဝတော။ ဘဝပဝတ္တိ စ ပဉ္စန္နံ ခန္ဓာနံ အနိစ္စာဒိအာကာရေန ပဝတ္တနမေဝ၊ သော စ အာဒီနဝေါ။ ယထာဟ "ယံ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ။ အယံ ဘိက္ခဝေ ပဉ္စသု ဥပါဒါနက္ခန္ဓေသု အာဒီနဝေါ"တိ။ တေနာဟ **"ဒုက္ခဿ စ အာဒီနဝတာယာ"**တိ။

(မဟာဋီ-၂-၃၉၆။)

ခန္ဓာတို့၏ ဖြစ်ခြင်းကား ပဝတ္တိတည်း၊ ခန္ဓာတို့၏ မဖြစ်ခြင်း နစ်ခြင်းကား နိဝတ္တိတည်း။ ပဝတ္တိကား ဝဋ္ဋ-ဖြစ်၍ ဒုက္ခတည်း။ နိဝတ္တိကား — ပဉ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနံ - ဟူသည်နှင့်အညီ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းသည် နိရောဓနိဗ္ဗာနဖြစ်၍ သုခတည်း။

ခန္ဓာငါးပါးတို့၏ အနိစ္စစသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်ကား ဘဝပဝတ္တိ = ဘဝဖြစ်ခြင်း ဝဋ္ဋ-ဒုက္ခ၏ ဖြစ်ပေါ်လာခြင်း သဘောတရားပင်တည်း။ ယင်းသို့ ခန္ဓာငါးပါးတို့၏ အနိစ္စစသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ခန္ဓာငါးပါးတို့၏ အပြစ် = အာဒီနဝပင်တည်း။

"ရဟန်းတို့ . . . ဥပါဒါနက္ခန္ဓာငါးပါးတို့သည် အကြင်အကြောင်းတရားကြောင့် ဖြစ်ပြီးလျှင် ပျက်တတ်-သည့် အနိစ္စတရားတို့ ဖြစ်ကုန်၏၊ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့် ဒုက္ခတရားတို့ ဖြစ်ကုန်၏၊ ဇရာ-မရဏတို့ဖြင့် ဖောက်ပြန် ပျက်စီးတတ်သော ဝိပရိဏာမဓမ္မတို့ ဖြစ်ကုန်၏။ ရဟန်းတို့ . . . ဤ အနိစ္စ-ဒုက္ခ-ဝိပရိဏာမဓမ္မသဘောတရားသည် ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အပြစ်အာဒီနဝ-တည်း။ (သံ-၂-၂၃-၅၁ . . . ) — ဤသို့ဘုရားရှင်သည် ဟောကြားထားတော်မူပေ၏။

ဤသို့လျှင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဘဝပဝတ္တိဒုက္ခ၏ အဖြစ်ကြောင့်လည်းကောင်း, ယင်းခန္ဓာငါးပါး ဒုက္ခသစ္စာတရား၏ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ် = အာဒီနဝရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှသည် အာဒီနဝ = အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ်ရှိသော တရားစုသာဖြစ်၏။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။ (သံ-၂-၂၀။)

ရဟန်းတို့ . . . ရုပ်တရားသည် အနိစ္စတည်း၊ ရုပ်တရား၏ ဖြစ်ပေါ်လာဖို့ရန် တိုက်ရိုက်ဖြစ်ပေါ်စေ-တတ်သော အကြင် ဟေတုအကြောင်းတရား = ဇနကအကြောင်းတရားသည်လည်းကောင်း, အားပေးထောက်ပံ့တတ်သော ပစ္စယအကြောင်းတရား = ဥပတ္ထမ္ဘကအကြောင်းတရားသည်လည်းကောင်း ရှိ၏။ ထိုအကြောင်းတရားသည်လည်း အနိစ္စသာတည်း။ ရဟန်းတို့ . . . အနိစ္စတရားကြောင့် ဖြစ်ပေါ်လာရသော ရုပ်တရားသည် အဘယ်မှာလျှင် နိစ္စ ဖြစ်နိုင်ပါအံ့နည်း။ (သံ-၂-၂၀။)

ခန္ဓာငါးပါးလုံး၌ ပုံစံတူပင် ဟောကြားထားတော်မူပေသည်။ ဒုက္ခ အနတ္တ ဖြစ်ပုံကိုလည်း ပုံစံတူပင် ဟော-ကြားထားတော်မူပေသည်။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို တိုက်ရိုက်ဖြစ်ပေါ်စေတတ်ကုန်သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ-စိတ်-ဥတု-အာဟာရ-ဝတ္ထု-အာရုံ-ဖဿစသော ဟေတုအကြောင်းတရား ပစ္စယအကြောင်းတရားတို့ ကိုယ်တိုင်က အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ် = အာဒီနဝ ရှိနေသည့်အတွက်ကြောင့် ခန္ဓာငါးပါးတို့သည်လည်း အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ် = အာဒီနဝ ရှိကြရပေသည်။

တစ်နည်း — လောက၌ အထီးကျန်သူဆင်းရဲကို အာဒီနဝဟု ခေါ်ဆိုကြ၏။ အလွန်အထီးကျန်သည်ဖြစ်၍ ဆင်းရဲရှိရှား ပင်ပန်းလှစွာဖြစ်မှုကို အာဒီနဝဟုဆိုသည်။ ရုပ်နာမ်ခန္ဓာတို့သည်လည်း ခိုကိုးရာမဲ့သော အထီးကျန်သူဆင်းရဲနှင့် တူကုန်၏။ အထီးကျန်သူဆင်းရဲသည် ခိုကိုးရာမဲ့သကဲ့သို့ ခန္ဓာတို့သည်လည်း ဖြစ်ပြီးက မပျက်-အောင်, အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မသဘောသို့ မရောက်အောင် ပုန်းအောင်းလည်းလျှောင်းရာ ခိုကိုးရာ မရှိကြကုန်။ ဤသို့လျှင် ခန္ဓာတို့သည် ခိုကိုးရာမဲ့ အထီးကျန် သူဆင်းရဲနှင့်တူသည်၏ အဖြစ်ကြောင့် အာဒီနဝ = ခိုကိုးရာမဲ့ အထီးကျန်သူဆင်းရဲတို့သာ ဖြစ်ကြ၏။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ပညာဖြင့် မြင်အောင်ကြည့်၍ **အာဒီနဝ အာဒီနဝ** ဟု ရှုပါ။

## ၁၇။ သာသဝတော

အာသဝပဒဋ္ဌာနတာယ **သာသဝတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

အာသဝါနံ အာရမ္မဏာဒိနာ ပစ္စယဘာဝေါ **အာသဝပဒဋ္ဌာနတာ**။ (မဟာဋီ-၂-၃၉၇။)

ရုပ်နာမ်ခန္ဓာတို့၏ အကြောင်းရင်းစစ် သမုဒယသစ္စာ ဖြစ်ကြကုန်သော အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကား အာသဝေါတရားများပင် ဖြစ်ကြ၏။ ရုပ်နာမ်ခန္ဓာတို့သည် အာသဝေါတရားလျှင် အကြောင်းရင်းစစ် ရှိကြ၏။ အာသဝေါတရားတို့၏ အစီးအပွားတို့သာ ဖြစ်ကြ၏။ တစ်ဖန် အာသဝေါတရားတို့သည်လည်း ရုပ်နာမ်တို့ကိုသာ အာရုံပြု၍ ဖြစ်ပေါ်လာကြရကုန်၏။ ရုပ်နာမ်ခန္ဓာတို့က အာရမ္မဏပစ္စယသတ္တိစသည်တို့ဖြင့် ကျေးဇူးပြုပေး-တတ်ကြသောကြောင့် အာသဝေါတရားတို့သည် ဖြစ်ပေါ်လာကြရကုန်၏။ ယင်းသို့လျှင် ရုပ်နာမ်ခန္ဓာတို့သည် အာသဝေါတရားတို့၏ အနီးကပ်ဆုံးသော အကြောင်းပဒဋ္ဌာန်ဖြစ်သောကြောင့် သာသဝ = အာသဝေါတရားတို့၏ အစီးအပွား အာသဝေါတရားတို့၏ အာရုံဖြစ်ကြကုန်၏။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **သာသဝ သာသဝ** ဟု ရှုပါ။

## ၁၈။ မာရာမိသတော

မစ္စုမာရကိလေသမာရာနံ အာမိသဘူတတာယ **မာရာမိသတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

**မစ္စုမာရဿ** အဓိဋ္ဌာနဘာဝေန, **ကိလေသမာရဿ** ပစ္စယဘာဝေန သံဝမုနတော **အာမိသဘူတတာ၊** ခန္ဓာပိ ခန္ဓာနံ အာမိသဘူတာ ပစ္စယဘာဝေန သံဝမုနတော၊ တဒန္တောဂဓာ **အဘိသင်္ခါရာ။ ဒေဝပုတ္တမာရဿ** ပန "မမေတ"န္တိ အဓိမာနဝသေန အာမိသဘာဝေါတိ ခန္ဓာဒိမာရာနမ္ပိ က္လမေသံ ယထာရဟံ အာမိသဘူတတာ ဝတ္တဗ္ဗာ။ (မဟာဋီ-၂-၃၉၇။)

ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်ဟု မာရ်ငါးပါး ရှိ၏။ မိုးနတ်သား မာရ်နတ်မင်းနှင့် မာရ်နတ်၏ အသင်းအပင်းတို့ကို ဒေဝပုတ္တမာရ်ဟုခေါ်၏။ ကိလေသာမာရ်စစ်သည်တို့ကို ကိလေသမာရ်ဟုခေါ်၏။ ခန္ဓာငါးပါးတို့ကို ခန္ဓမာရ်ဟုခေါ်၏။ သေခြင်းမရဏတရားကို မစ္စုမာရ်ဟုခေါ်၏။ ဘဝ-သစ်ကို ဖြစ်ပေါ်လာအောင် ပြုပြင်စီမံတတ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို အဘိသင်္ခါရမာရ်ဟုခေါ်၏။

ရုပ်နာမ်ခန္ဓာတို့သည် သေခြင်း = မရဏဟူသော မစ္စုမာရ်၏ တည်ရာလည်း ဖြစ်ကြ၏။ အဝိဇ္ဇာ တဏှာ ဉပါဒါန်စသော ကိလေသာမာရ်စစ်သည်တို့၏ စွဲမှီ၍ ဖြစ်ရာ အကြောင်းတရား, ကြီးပွားတိုးတက်ရန် အကြောင်း-တရားလည်း ဖြစ်ကြ၏။ ထို့ကြောင့် ရုပ်နာမ်တို့သည် မစ္စုမာရ် ကိလေသမာရ်တို့၏ စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာ မာရာမိသ = မာရ + အာမိသတို့ ဖြစ်ကြ၏။

ဝိပါကဝဋ္ဋအမည်ရသော ခန္ဓာတို့ကို တစ်နည်းဆိုသော် ခန္ဓာငါးပါးတို့ကို အချိန်မီ ဝိပဿနာမရှုနိုင်ကြသော သတ္တဝါတို့၏ သန္တာန်၌ ယင်းခန္ဓာတို့အပေါ်၌ အယောနိသောမနသိကာရကို အကြောင်းခံ၍ ကိလေသဝဋ္ဋများ ထပ်ဖြစ်ကြ၏။ ယင်းကိလေသဝဋ္ဋကို အစွဲပြု၍ ကမ္မဝဋ္ဋတို့လည်း ထပ်ဖြစ်ကြပြန်ကုန်၏။ ယင်းကမ္မဝဋ္ဋကြောင့် ဝိပါကဝဋ္ဋအမည်ရသော ခန္ဓာတို့လည်း ထပ်မံ၍ ဖြစ်ကြရပြန်ကုန်၏။ (ပဋိစ္စသမုပ္ပါဒ်ပိုင်းကို ပြန်ကြည့်ပါ။) ထို့ကြောင့် ခန္ဓာတို့သည်လည်း အခြားအခြားသော အသစ်အသစ်ခန္ဓာတို့၏ ဖြစ်ပေါ်လာဖို့ရန် အကြောင်းတရား၏ အဖြစ်ဖြင့် ခန္ဓာအသစ်အသစ်ကို တိုးပွားစေတတ်သောကြောင့် အာမိသဖြစ်ကြကုန်၏။ ဘဝသစ်ကို ဖြစ်-ပေါ်လာအောင် ပြုစီမံတတ်ကုန်သော အဘိသင်္ခါရတရားတို့သည်လည်း ထိုခန္ဓာတို့၌ပင် အကျုံးဝင်ကြ၏။ ခန္ဓမာရ် အဘိသင်္ခါရမာရ်တို့တည်း၊ မာရာမိသတို့ပင်တည်း။

ဒေဝပုတ္တမာရ်၏မူကား — "ဤတရားအပေါင်းသည် ငါ၏ ဉစ္စာတည်း" ဟု ဤသို့ မှတ်ထင်သော အဓိ-မာန၏ အစွမ်းဖြင့် အာမိသ၏အဖြစ်ကို သိရှိပါလေ။ ထို့ကြောင့် ခန္ဓမာရ် အဘိသင်္ခါရမာရ် ဒေဝပုတ္တမာရ် တို့ကိုလည်း ဤခန္ဓာငါးပါးတို့၏ အာမိသဖြစ်သည်၏ အဖြစ်ကို ထိုက်သည့်အားလျော်စွာ ဆိုသင့် ဆိုထိုက်ပေ၏။

ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် မစ္စုမာရ် ကိလေသမာရ်တို့၏ တစ်နည်းဆိုရသော် မာရ်ငါးပါးတို့၏ စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာ ဖြစ်ခြင်းကြောင့် မာရာမိသ = မာရ + အာမိသ = ကိလေသမာရ် မစ္စုမာရ် တို့၏ တစ်နည်း မာရ်ငါးပါးတို့၏ စားဖတ်ဝါးဖတ် သုံးသပ်နင်းနယ်ရာသာတည်း။ ယင်းသဘောတရားကို ဝိပဿ-နာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **မာရာမိသ မာရာမိသ** ဟု ရှုပါ။

## ၁၉။ ဇာတိဓမ္မတော, ၂၀။ ဇရာဓမ္မတော, ၂၁။ ဗျာဓိဓမ္မတော

ဇာတိ-ဇရာ-ဗျာဓိ (မရဏ) ပကတိတာယ **ဇာတိ–ဇရာ–ဗျာဓိ (မရဏ) ဓမ္မတော။** (ဝိသုဒ္ဓိ-၂-၂၄၈။)

ဓမ္မသဒ္ဒေါ "ဇာတိဓမ္မာန"န္တိအာဒီသု ဝိယ ပကတိအတ္ထော, "ဓမ္မပဋိသမ္ဘိဒါ"တိအာဒီသု ဝိယ ဟေတု-အတ္ထော စာတိ အာဟ **"ဇာတိဇရာဗျာဓိမရဏပကတိတာယ, သောကပရိဒေဝဉပါယာသဟေတုတာယာ"**တိ။ (မဟာဋီ-၂-၃၉၇။)

( မရဏဓမ္မကား အနိစ္စလက္ခဏာ၌ ပါဝင်ပြီးဖြစ်၏။) ရုပ်နာမ်ခန္ဓာတို့သည် ဇာတိသဘော, ဇရာသဘော, ဗျာဓိသဘော, (မရဏသဘော) ရှိသည်၏အဖြစ်ကြောင့် —

၁၉။ ဇာတိ = ဖြစ်ချင်တိုင်း ဖြစ်တတ်သော သဘောရှိ၏။
၂၀။ ဇရာ = ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိ၏။
၂၁။ ဗျာဓိ = ဖျားနာခြင်း သဘောရှိ၏။

သမုတိသစ္စာနယ် = (သမ္မုတိသစ္စာနယ်) ပရမတ္ထသစ္စာနယ် နှစ်မျိုးလုံး၌ ယင်းဇာတိ ဇရာ ဗျာဓိ သဘောများကို ရှုနိုင်ပါသည်။ သို့သော် ပရမတ္ထသစ္စာသာ လိုရင်းဖြစ်သည်။ ယင်း ဇာတိသဘော, ဇရာသဘော, ဗျာဓိသဘော အသီးအသီးကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

၁၉။ **ဇာတိဓမ္မ ဇာတိဓမ္မ** ဟုလည်းကောင်း,
၂၀။ **ဇရာဓမ္မ ဇရာဓမ္မ** ဟုလည်းကောင်း,
၂၁။ **ဗျာဓိဓမ္မ ဗျာဓိဓမ္မ** ဟုလည်းကောင်း —

အသီးအသီး ရှုပါ။

## ၂၂။ သောကဓမ္မတော, ၂၃။ ပရိဒေဝဓမ္မတော, ၂၄။ ဥပါယာသဓမ္မတော,

သောက-ပရိဒေဝ-ဥပါယာသဟေတုတာယ **သောက–ပရိဒေဝ–ဥပါယာသဓမ္မတော**။(ဝိသုဒ္ဓိ-၂-၂၄၈။)

ရုပ်နာမ် = ခန္ဓာတို့ကို အကြောင်းပြု၍ အစွဲပြု၍ —

၁။ စိုးရိမ် ပူဆွေးရခြင်း သောကတရား,
၂။ ငိုကြွေး မြည်တမ်းရခြင်း ပရိဒေဝတရား,
၃။ ပြင်းစွာ ပူပန်ရခြင်း ပင်ပန်းရခြင်း ဥပါယာသတရားတို့ အသီးအသီး ဖြစ်ပေါ်လာကြရ၏။

ထို့ကြောင့် ရုပ်နာမ် = ခန္ဓာတို့သည် သောက - ပရိဒေဝ - ဥပါယာသတို့၏ အကြောင်းရင်းတို့ ဖြစ်ကြ၏။ သို့အတွက် ခန္ဓာငါးပါး ရုပ်နာမ်တရားမှန်သမျှသည် —

၂၂။ သောက = စိုးရိမ် ပူပန်ရခြင်း သဘောရှိ၏။
၂၃။ ပရိဒေဝ = ငိုကြွေး မြည်တမ်းရခြင်း သဘောရှိ၏။
၂၄။ ဥပါယာသ = သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်း သဘောရှိ၏။

ယင်းသဘောတရား အသီးအသီးကို ဝိပဿနာ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

၂၂။ **သောကဓမ္မ သောကဓမ္မ** ဟုလည်းကောင်း,
၂၃။ **ပရိဒေဝဓမ္မ ပရိဒေဝဓမ္မ** ဟုလည်းကောင်း,
၂၄။ **ဥပါယာသဓမ္မ ဥပါယာသဓမ္မ** ဟုလည်းကောင်း —

ဤသို့ အသီးအသီး ခွဲ၍ ရှုပါ။

## ၂၅။ သံကိလေသိကဓမ္မတော

တဏှာ-ဒိဋ္ဌိ-ဒုစ္စရိတသံကိလေသာနံ ဝိသယဓမ္မတာယ **သံကိလေသိကဓမ္မတော**။ (ဝိသုဒ္ဓိ-၂-၂၄၈။)

**သံကိလေသတ္တယ**ဂ္ဂဟဏေန တဒေကဋ္ဌာနံ ဒသန္နံ ကိလေသဝတ္ထူနမ္ပိ သင်္ဂဟော ဒဋ္ဌဗ္ဗော။ တဒါ-ရမ္မဏာပိ ဟိ ဓမ္မာ တဒနတိဝတ္တနတော သံကိလေသိကာ ဧဝ။ တထာ ခုဒ္ဒါ, တဏှာ, ဇဠာဒီသု သရီရဿ, သံကိလေသဿ စ သင်္ဂဟော ဒဋ္ဌဗ္ဗော။ (မဟာဋီ-၂-၃၉၇။) (ခုဒါတဏှာဇရာဒီသု ပရိဿမသံကိလေသဿ စ သင်္ဂဟော ဒဋ္ဌဗ္ဗော။ သီ - မူ။)

ရုပ်နာမ်ခန္ဓာတို့ကို အာရုံယူ၍ အာရုံပြု၍သာလျှင် တဏှာ-ဒိဋ္ဌိ-ဒုစ္စရိတ = ဒုစရိုက်ဟူသော စိတ်အစဉ်ကို ညစ်နွမ်းစေတတ်သော မိမိတို့ကိုယ်တိုင်လည်း ညစ်နွမ်းတတ်သော အကုသိုလ် တရားဆိုးတို့သည် ဖြစ်ပေါ်လာ-ကြရ၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် တဏှာသံကိလေသ, ဒိဋ္ဌိသံကိလေသ, ဒုစ္စရိတသံကိလေသတည်း ဟူသော စိတ်အစဉ်ကို ညစ်နွမ်းစေတတ်သော မိမိတို့ကိုယ်တိုင် ညစ်နွမ်းတတ်သော သံကိလေသတရားသုံးပါးတို့၏ အာရုံဓမ္မဖြစ်သောကြောင့် သံကိလေသိကဓမ္မ = သံကိလေသသဘာဝက = တဏှာ-ဒိဋ္ဌိ-ဒုစ္စရိတဟူသော ညစ်နွမ်းခြင်းသုံးပါးကို ပွားစီးစေတတ်သော သဘောရှိကြ၏။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သံကိလေသိကဓမ္မ သံကိလေသိကဓမ္မ** ဟု ရှုပါ။

သို့သော် မဟာဋီကာဆရာတော်က ဤသို့လည်း ဆက်လက်၍ ဖွင့်ဆိုထားတော်မူပေသည်။ —

တဏှာသံကိလေသ, ဒိဋ္ဌိသံကိလေသ, ဒုစ္စရိတသံကိလေသဟူသော သံကိလေသသုံးပါးအပေါင်းကို သံကိလေသိကဓမ္မအရ ယူခြင်းဖြင့် ထိုသံကိလေသတရား သုံးပါးနှင့် တူသောတည်ရာ ရှိကြကုန်သော ကိလေသ-ဝတ္ထု (၁၀)ပါးတို့ကိုလည်း သံကိလေသိကဓမ္မအဖြစ်သိမ်းကျုံးရေတွက်ယူပါ၊ မှတ်သားပါ။ မှန်ပေသည် - ထို သံကိလေသဝတ္ထု (၁၀)ပါးတို့၏ အာရုံဖြစ်ကုန်သော တရားတို့သည်လည်း ထိုသံကိလေသဝတ္ထုတို့၏ အာရုံ-အဖြစ်ကို မလွန်ခြင်းကြောင့် သံကိလေသိက မည်ကုန်သည်သာလျှင်တည်း။ အလားတူပင် ဆာလောင်ခြင်း မွတ်သိပ်ခြင်း အိုမင်းခြင်း သို့မဟုတ် စိတ်ရှုပ်ထွေးခြင်းစသည်တို့ကြောင့် စိတ်ပင်ပန်းခြင်းဟူသော သံကိလေသ-ကိုလည်း သံကိလေသိကဓမ္မဟူသောပုဒ်၌ သိမ်းကျုံးရေတွက်ယူအပ်၏ဟု မှတ်သားပါလေ။ (မဟာဋီ-၂-၃၉၇။)

ခန္ဓာ တစ်ပါး တစ်ပါး၌ ဒုက္ခလက္ခဏာ (၂၅) ပါး ဖြစ်သဖြင့် ခန္ဓာငါးပါးလုံး၌ ဒုက္ခလက္ခဏာပေါင်း — ၂၅ × ၅ = ၁၂၅ (ပါး) ဖြစ်သည်။

## အနတ္တလက္ခဏာ (၅) ချက်

အနတ္တာ စ ပရံ ရိတ္တံ၊ တုစ္ဆံ သုညန္တိ တာလီသံ။
ဝေဒနာဒယော ခန္ဓာပိ၊ တထေဝ ပဉ္စကာပိ ဝါ။
(ပရမတ္ထသရူပဘေဒနီ-၂-၅၂၉။)

၁။ အနတ္တာ = အတ္တ မဟုတ်ကုန်။

၂။ ပရံ = အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပသာတည်း။

၃။ ရိတ္တံ = နိစ္စ သုခ သုဘ အတ္တဟူသော အနှစ်သာရဟူသမျှနှင့် မြူမျှမယှဉ် အစဉ်ကင်းဆိတ်သော သဘောတရားသာတည်း။

၄။ တုစ္ဆံ = နိစ္စ သုခ သုဘ အတ္တ အနှစ်မမှီး အချည်းနှီးသာတည်း။ (ဝါ) သေးငယ်ယုတ်ညံ့ အချည်း-နှီးသော တရားသာတည်း။

၅။ သုညံ = သာမိ နိဝါသိ ကာရက ဝေဒက အဓိဋ္ဌာယကဟူသော အတ္တမှ ဆိတ်သုဉ်း၏။

## ၁။ အနတ္တတော

သယဉ္စ အသာရမိကဘာဝါဒိတာယ **အနတ္တတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ယထာ ကေနစိ သာမိအာဒိလက္ခဏေန အတ္တနာ သုညာ ဧတေ၊ ဧဝံ သယမ္ပိ အတံသဘာဝေါတိ အာဟ **"သယဉ္စ။ပ။ အနတ္တတော"**တိ။ န အတ္တာတိ ဟိ အနတ္တာတိ။ (မဟာဋီ-၂-၃၉၆။)

သာသနာပ အယူအဆရှိသူ အချို့အချို့သော အတ္တဝါဒသမားတို့က —

၁။ ခန္ဓာအိမ်ကို ပိုင်ဆိုင်သော သာမိအတ္တ ရှိ၏။

၂။ ခန္ဓာအိမ်အသစ်လဲသော်လည်း ပြောင်းလဲခြင်းမရှိ ခန္ဓာအိမ် အသစ် အသစ်၌ ဘဝတိုင်း အမြဲလိုက်ပါ၍ နေထိုင်သော နိဝါသိအတ္တ ရှိ၏။

၃။ ပြုလုပ်ဖွယ် လုပ်ငန်းကိစ္စရပ် ဟူသမျှကို ပြုလုပ်တတ်သော ကာရကအတ္တ ရှိ၏။

၄။ ခံစားဖွယ် အာရုံဟူသမျှကို ခံစားတတ်သော ဝေဒကအတ္တ ရှိ၏။

၅။ ကိစ္စအဝဝ လုပ်ငန်းရပ် ဟူသမျှကို စီရင်ဆုံးဖြတ်တတ်သော အဓိဋ္ဌာယကအတ္တရှိ၏။ —

ဤသို့ စသည်ဖြင့် အတ္တရှိကြောင်းကို ပြောဆိုကြ၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကား ယင်းကဲ့သို့သော သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တတို့မှ ဆိတ်သုဉ်းရကား, မိမိရုပ်နာမ်ခန္ဓာတို့ ကိုယ်တိုင်ကလည်း သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တ သဘောမရှိခြင်းကြောင့် အနတ္တာ = အတ္တ မဟုတ်ကြကုန်။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ပညာဖြင့် မြင်အောင်ကြည့်၍ **အနတ္တ အနတ္တ** ဟု ရှုပါ။

## ၂။ ပရတော

အဝသတာယ, အဝိဓေယျတာယ စ **ပရတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**အဝသတာယာ**တိ အဝသဝတ္တနတော။ ယထာ ပရောသတန္တော ပုရိသော ပရဿ ဝသံ န ဂစ္ဆတိ၊ ဧဝံ သုဘာသုခါဒိဘာဝေန ဝသေ ဝတ္တေတုံ အသက္ကုဏေယျတော။ **အဝိဓေယျတာယာ**တိ "မာ ဇီရထ၊ မာ မီယထာ"တိအာဒိနာ ဝိဓာတုံ အသက္ကုဏေယျတော။ (မဟာဋီ-၂-၃၉၅။)

ရုပ်နာမ်ခန္ဓာတို့သည် ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရှင်းလင်း တင်ပြခဲ့သည့်အတိုင်း အကြောင်းတရားနှင့် လျော်ညီစွာသာလျှင် ဖြစ်ပေါ်လာကြရ၏။ မိမိ၏အလိုအတိုင်းကား ဖြစ်နိုင်သည့်သဘော မရှိပေ။ မိမိကိုယ်ကို မိမိလျှင် ပြဓာန်းခြင်းရှိသော ယောကျာ်းသည် သူတစ်ပါး၏ အလိုသို့ မလိုက်ရသကဲ့သို့ အလားတူပင် ရုပ်နာမ် ခန္ဓာတို့သည် "ဤသို့ လှပတင့်တယ်ပါစေ, ဤသို့ ချမ်းသာသုခရှိပါစေ။" — ဤသို့စသော သုဘ သုခ စသည်၏ အဖြစ်ဖြင့် မိမိ၏ အလိုဆန္ဒရှိတိုင်း ရုပ်နာမ်တို့ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် အလိုသို့ မလိုက်ပါ-တတ်သော သဘောတရားများ ဖြစ်ကြ၏။

"မအိုစေလင့်, မနာစေလင့်, မသေစေလင့်, ဤသို့ ဖြစ်ပြီးပါက ဤသို့ မပျက်ပါစေလင့်" — ဤသို့ စသည်ဖြင့် စီရင်ခြင်းငှာ မတတ်ကောင်းသော သဘောတရားများလည်း ဖြစ်ကြ၏။

ဤသို့ အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အလိုရှိတိုင်း စီရင်ခြင်းငှာ မတတ်-ကောင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း ရုပ်နာမ်ခန္ဓာတို့သည် ပရ = အကျွမ်းဝင်ခြင်း အမြဲကင်းသော သူစိမ်းပြင်ပတို့သာဖြစ်ကြ၏။ ဤသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ပရ ပရ** ဟု ရှုပါ။

## ၃။ ရိတ္တတော

ယထာပရိကပ္ပိတေဟိ ဓုဝသုဘသုခတ္တဘာဝေဟိ ရိတ္တတာယ **ရိတ္တတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

**ယထာပရိကပ္ပိတေဟီ**တိ ပရမတ္ထတော အဝိဇ္ဇမာနေဟိ ဗာလေဟိ ပရိကပ္ပိတပ္ပကာရေဟိ။ **ရိတ္တတာ-ယာ**တိ ဝိဝိတ္တတာယ၊ဝိရဟိတတာယာတိ အတ္ထော။ (မဟာဋီ-၂-၃၉၆။)

ပရမတ္ထဉာဏ်ပညာမျက်စိ မရှိသူ လူပြိန်းအန္ဓ လူ့ဗာလတို့သည်ကား ရုပ်နာမ်ခန္ဓာတို့ကို —

၁။ ဓုဝ = ခိုင်ခံ့ကုန်၏ဟုလည်းကောင်း,

၂။ သုဘ = လှပတင့်တယ်ကုန်၏ဟုလည်းကောင်း,

၃။ သုခ = ချမ်းသာသုခ ဖြစ်ကုန်၏ဟုလည်းကောင်း,

၄။ အတ္တ = အသက်ကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, အတ္တကောင် ဖြစ်ကုန်၏ဟုလည်းကောင်း -

ဤသို့ ကြံဆထားအပ်ကုန်၏။ သို့သော် ရုပ်နာမ်ခန္ဓာတို့သည်ကား ထိုပရမတ်ဉာဏ်ပညာစက္ခုမရှိသူ လူပြိန်း လူအ လူန လူ့ဗာလတို့ တွေးတော ကြံဆထားအပ်သည့် ဓုဝ သုဘ သုခ အတ္တသဘောတို့မှ အမြဲတမ်း ကင်းဆိတ်-ကြကုန်၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် ရိတ္တ = ဓုဝ သုဘ သုခ အတ္တဟူသော အနှစ်သာရဟူသမျှနှင့် မြူမျှ မယှဉ် အစဉ်ကင်းဆိတ်သော သဘောတရားတို့သာတည်း။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ပညာဖြင့် အသီးအသီး မြင်အောင်ကြည့်၍ **ရိတ္တ ရိတ္တ** ဟု ရှုပါ။

## ၄။ တုစ္ဆတော

ရိတ္တတာယေဝ **တုစ္ဆတော** အပ္ပကတ္တာ ဝါ။ အပ္ပကမ္ပိ ဟိ လောကေ တုစ္ဆန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ-၂-၂၄၇။)

အန္တောသာရာဘာဝေါ **ရိတ္တတာ**။ သာ ဧဝ စ တုစ္ဆတာတိ အာဟ **"ရိတ္တတာယေဝ တုစ္ဆတော"**တိ။ **အပ္ပကတ္တာ**တိ ပရိတ္တတ္တာ၊ လာမကတ္တာ ဝါ။ (မဟာဋီ-၂-၃၉၆။)

ရုပ်နာမ်ခန္ဓာတို့၏ အတွင်းသား၌ —

၁။ နိစ္စဟူသော အနှစ်သာရ,

၂။ သုခဟူသော အနှစ်သာရ,

၃။ သုဘဟူသော အနှစ်သာရ,

၄။ အတ္တဟူသော အနှစ်သာရ —

ဤကဲ့သို့သော အနှစ်သာရတို့မှ အစဉ်ထာဝရ ကင်းဆိတ်နေသည့်အတွက်ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် တုစ္ဆ = ဓုဝ (= နိစ္စ), သုခ, သုဘ, အတ္တဟူသော အနှစ်မမှီး အချည်းနှီးသော တရားတို့သာတည်း။ ယင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **တုစ္ဆ တုစ္ဆ** ဟု ရှုပါ။

တစ်နည်း —— ရုပ်နာမ်ခန္ဓာတို့သည် ဓုဝ သုဘ သုခ အတ္တ သဘောတို့မှ ဆိတ်သုဉ်းကြသော်လည်း ပရမတ္ထသဘောအားဖြင့် တကယ်ထင်ရှား မရှိကြသည်ကား မဟုတ်၊ တကယ်ထင်ရှား ရှိကြသည်သာတည်း။ သို့သော် ယင်းသို့ထင်ရှားရှိမှုကား ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် အနေအားဖြင့် တကယ်ထင်ရှားရှိခြင်းသာ-တည်း။ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်ပေါ်ရကုန်သော ရုပ်နာမ် ပရမတ္ထတရားတို့၏ သက်တမ်းကား အလွန့်အလွန် တိုတောင်းလှ၏။ နာမ်တရားတို့သည် မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက်, တစ်စက္ကန့်ဟူသော အချိန်ကာလကို အကြိမ်ကုဋေ တစ်သိန်းခန့်ပုံလျှင် တစ်ပုံခန့်သာ သက်တမ်း ရှိကြ၏။

ရုပ်တရားတို့ကား ယင်းမျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက်, တစ်စက္ကန့်ဟူသော အချိန်ကာလကို အကြိမ်ကုဋေ ငါးထောင်ခန့်ပုံလျှင် တစ်ပုံခန့်လောက်သာ သက်တမ်းရှိကြ၏။ ဤသို့လျှင် ရုပ်နာမ်ပရမတ်တရားတို့သည် ဖြစ်ပေါ်ပြီးနောက် ရုတ်ခြည်း ချုပ်ပျောက်သွားကြရသည့် ဥပါဒ်-ဌီ-ဘင် ဟူသော အလွန့်အလွန်တိုတောင်းသော အနည်းငယ်သောအချိန်ကာလ သက်တမ်းအတွင်း၌သာ တည်ရှိနိုင်သော တရားမျိုးတို့ ဖြစ်ကြ၏။ အချိန်ကာလ အနည်းငယ်ကလေးမျှသာ ဖြစ်ခွင့်ရသောကြောင့် ယင်းရုပ်နာမ် = ခန္ဓာတို့ကို တုစ္ဆ = အချည်းနှီးဟူ၍ ခေါ်ဆို၏။ မှန်ပေသည် — လောက၌ အနည်းငယ်ကိုသော်လည်း တုစ္ဆ = အချည်းနှီးဟူ၍ ခေါ်ဝေါ်သုံးစွဲရိုး ရှိပေသည်။ ထို့ကြောင့် ရုပ်နာမ် = ခန္ဓာတို့သည် တုစ္ဆ = သေးငယ်ယုတ်ညံ့ အချည်းနှီးသော တရားမျိုးတို့သာ ဖြစ်ကြ၏။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **တုစ္ဆ တုစ္ဆ** ဟူ၍လည်း ရှုပါ။

## ၅။ သုညတော

သာမိ-နိဝါသိ-ကာရက-ဝေဒကာ-ဓိဋ္ဌာယကဝိရဟိတတာယ **သုညတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဓုဝသာရာဘာဝါဒီဟိ သဒ္ဓိံ အတ္တသာရာဘာဝံ ရိတ္တပဒေန ဝတွာ နိဗ္ဗတ္တိတမတ္တသာရာဘာဝမေဝ သုည-ပဒေန ဒဿေတုံ **"သာမိ**။ **ပ** ။ **သုညတော"**တိ ဝုတ္တံ။ (မဟာဋီ-၂-၃၉၆။)

အတ္တဝါဒီသမားတို့ကား သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တ ရှိ၏ဟု စွဲယူကြ၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ယင်းကဲ့သို့သော ပရမတ္ထဉာဏ်ပညာမျက်စိ ကင်းသူတို့ ကြံဆ-ထားအပ်သော သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တတို့ကား မရှိဧကန် ဖြစ်ခဲ့ကုန်၏။ ရုပ်နာမ်ခန္ဓာတို့၌ ယင်းအတ္တအမျိုးမျိုးတို့သည် အတ္တဝါဒီသမားတို့က ဖြစ်စေအပ်ရုံမျှသော အနှစ်သာရ အဖြစ်မျှသာ ရှိ၏။ ရုပ်နာမ်ခန္ဓာတို့၌ ယင်းကဲ့သို့သော အတ္တအမျိုးမျိုးမှ ကင်းဆိတ်သည်၏အဖြစ်ကြောင့် ရုပ်နာမ်ခန္ဓာတို့သည် သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တမှ ဆိတ်သုဉ်းကြကုန်၏။ ထို့ကြောင့် ရုပ်- နာမ် = ခန္ဓာတို့သည် သုည = သာမိအတ္တ, နိဝါသိအတ္တ, ကာရကအတ္တ, ဝေဒကအတ္တ, အဓိဋ္ဌာယကအတ္တမှ ဆိတ်သုဉ်းကြ၏။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **သုည သုည** ဟု ရှုပါ။

ခန္ဓာငါးပါးတို့တွင် ခန္ဓာတစ်ပါး တစ်ပါး၌ အနတ္တလက္ခဏာ (၅)ချက်စီ ရှိသဖြင့် ခန္ဓာ (၅)ပါးလုံး၌ အနတ္တလက္ခဏာ (၂၅)ချက် ဖြစ်သည်။ ခန္ဓာငါးပါးလုံး၌ —

၁။ အနိစ္စလက္ခဏာ — ၅၀ ၊
၂။ ဒုက္ခလက္ခဏာ — ၁၂၅ ၊
၃။ အနတ္တလက္ခဏာ — ၂၅ ၊

အားလုံးပေါင်းသော် ဘာဝနာပေါင်း (၂၀၀) ဖြစ်သည်။ တစ်နည်းဆိုသော် ခန္ဓာတစ်ပါးတစ်ပါးစီ၌ ဘာဝနာ (၄၀) ဖြစ်သဖြင့် ခန္ဓာငါးပါးလုံး၌ ဘာဝနာ (၂၀၀) ဖြစ်သည်။

ဤသို့လျှင် ဤ (၂၀၀)သော ဘာဝနာဉာဏ်ဖြင့် ခန္ဓာငါးပါးတို့ကို ရှုပွားသုံးသပ်ခဲ့သော် ထို**နယဝိပဿနာ** ဟု ခေါ်ဆိုအပ်သော လက္ခဏာယာဉ်သုံးချက်တင်၍ ရှုပွားသုံးသပ်မှု သမ္မသနလုပ်ငန်းရပ် = **သမ္မသနဉာဏ်** သည် မြဲမြံခိုင်ခံ့ခြင်း ဖြစ်လာ၏။ ဤကား ပါဠိတော်နည်းကို အစဉ်မှီးသဖြင့် **သမ္မသနဉာဏ်** အားထုတ်ပုံ အစီ-အရင် ဖြစ်သည်။ (ပဋိသံ-၄၁၁။ ဝိသုဒ္ဓိ-၂-၂၄၆-၂၄၈။)

အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်နှစ်ပါး, အတိတ်အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ ခန္ဓာငါးပါးနည်းဖြင့် အထက်ပါ တော (၄၀) ရှုကွက်ကို ကုန်စင်အောင်ရှုပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည့်တိုင်အောင် ရှုရမည်ဖြစ်ပေသည်။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနိုင်ပါက တိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်ချေသည်။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကိုပါ ဤ တော (၄၀) ရှုကွက်ဖြင့် ဝိပဿနာ ရှုပွား သုံးသပ်နိုင်ပါက သာ၍သာ၍ပင် ကောင်းသည်ထက် ကောင်းလှပေသည်။ ဤတွင် အလင်္ကာဂုဏ်မြောက်စွာ အနှစ်သာရ ပြည့်ဝစွာဖြင့် ဖွဲ့ဆိုသီကုံး ရေးသားထားတော်မူသော လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမလင်္ကာ တစ်ပုဒ်ကို ထည့်သွင်း၍ လက်ဆောင်ပါးလိုက်ပါသည်။ —

## ကိုယ့်တွက်ကိုယ်တာ ကျင့်ကြံပါ

**ဆိုပိန့်ဟုတ်ရာ**၊ စဉ်းစားပါလော့ . . .၊ ခန္ဓာဘာရ၊ ပဥ္စကကား (= ခန္ဓာငါးပါးတည်းဟူသော ဝန်ထုပ် ဝန်ပိုးကြီးကား) ယုယခင်မင်၊ စိန်ရွှေဆင်၍၊ ပြုပြင်ပိုက်ထွေး၊ နင်ကျွေးမွေးလည်း၊ အရေးမရောက်၊ သဲရေမှောက်သို့၊ နင့်နောက်မပါ၊ နင်လိုရာကို၊ ဘယ်ခါမလိုက်၊ နင့်အကြိုက်နှင့်၊ တိုက်ရိုက်ဖီလာ၊ ဆန့်ကျင်ပါခဲ့။

**ရုပ်ဝါနုနယ်**၊ ရှုစဖွယ်နှင့်၊ တင့်တယ်ရွှန်းစို၊ နင်လှလိုလည်း၊ အအိုစာရင်း၊ သူကသွင်း၏။

**ဘေးကင်းရန်ကွာ**၊ လွန်ချမ်းသာ၍၊ မနာရလို၊ တောင်းဆုဆိုလည်း၊ နင့်ကိုမညှာ၊ ဘေးရောဂါနှင့်၊ ခါခါမငဲ့၊ မိတ်ဆွေဖွဲ့၏။

**နင်နဲ့တူညီ**၊ ချစ်ကြိုးသီသား၊ ပလီပလာ၊ အပြစ်ကွာသည့်၊ ချစ်စွာမယား၊ သမီးသားနှင့်၊ စီးပွားဉစ္စာ၊ ဉာတကာကို၊ ဘယ်ခါမကွဲ၊ အတူတွဲ၍၊ အမြဲပြုံးချို၊ နေရလိုလည်း၊ နင့်ကိုမထောက်၊ နင့်နောက်မလိုက်၊ အပူ တိုက်၍၊ နင်ဟိုက်နင်ခွေ၊ နင့်ကိုသေအောင်၊ ကျားမြွေခံတွင်း၊ အစာသွင်းသို့၊ သေမင်းသူ့လက်၊ ပဏ္ဏာဆက်၏။

**လ–ရက်–နှစ်တွေ**၊ အသင်္ချေနှင့်၊လွန်လေဘဝ၊ အနန္တက၊ ဆုံးစမပိုင်၊ ယခုတိုင်အောင်၊ နိုင်နိုင်နင်းနင်း၊ ဉာဏ်မသွင်း၍၊ သေမင်းသူလျှို၊ ခန္ဓာကိုယ်ကို၊ မငြိုငြင်ရက်၊ စွဲလမ်းချက်ဖြင့်၊ မြိုင်နက်စွန်ဖျား၊ တောသစ်ကျားကို၊ မယ်ဘွားမိခင်၊ နွားငယ်ထင်သို့၊ အမြင်မဖြောင့်၊ ဝိပလ်မှောင့်၍၊ တကြောင့်ကြကြ၊ ပြုခဲ့လှပြီ။

**ဘုရားသာသနာ**၊ ခုအခါ၌၊ ပညာစက္ခု၊ ဖန်ဖန်ရှုလော့၊ . . . .

**ဥတုဂိမှန်**၊ အချိန်တန်သော်၊ သူရကန်ဝှေ့၊ အပူငွေ့ကြောင့်၊ ရေသွေ့ခန်းငြား၊ အိုင်ပက္ကားဝယ်၊ ကျက်စား- နေကြ၊ ငါးမစ္ဆတို့၊ ရေကလည်းနဲ၊ သိန်းစွန်ဝဲ၍၊ ပျော်ပွဲမြူမျှ၊ ရှာမရဘဲ၊သေကြဖို့သာ၊ နီးကပ်လာသို့။

**သူငါကစ**၊ ရှိသမျှလည်း၊ နေ့ညဥ့်မလပ်၊ အစဥ်စပ်လျက်၊ ဥပါဒ်-ဌီ-ဘင်၊ မပြတ်နှင်လျက်၊ ပျော်ရွှင်စရာ၊ မရှိပါဘဲ၊ ဖျားနာကိုက်ခဲ၊ ရောဂါစွဲ၍၊ သေပွဲသေတမ်း၊ သေစခန်းနှင့်၊ သေလမ်းသို့သာ၊ နီးကပ်လာ၏။

**ငါငါတက်ကြွ**၊ မာန်မာနနှင့်၊ လောဘဒေါသာ၊ အစဖြာသား၊ ယုတ်မာစွာလှ၊ အဓမ္မကို၊ ဝေးကမလာ၊ ကင်းရှင်းကွာအောင်၊ ခါခါမပွား၊ အပျင်းများမူ၊ လေးပါးပါယ်ရွာ၊ နင့်အိမ်သာဟု၊ စိတ်မှာစွဲကပ်၊ သတိချပ်လော့။

**လူ့ရပ်နတ်ရွာ**၊ ထက်ပြဟ္မာနှင့်၊ မဟာသုခ၊ နိဗ္ဗာနသို့၊ ရှစ်ဝမဂ္ဂင်၊ သဘော်ယာဉ်ဖြင့်၊ ဆောလျင်ကပ်ခို၊ ရောက်ရလိုမူ၊ ထိုထိုပုညာ၊ ကုသလကို၊ နေ့ညမစဲ၊ လုံ့လသဲလော့။

**ကြုံခဲလှစွာ**၊ သာသနာနှင့်၊ နင့်မှာမရွေ့၊ ယခုတွေ့ပြီ၊ မေ့မေ့မူးမူး၊ နင်မရူးနှင့်၊ ဆီဦးထောပတ်၊ ရသဓာတ်ကို၊ အမြတ်တစ်ခု၊ မှတ်မရှုဘဲ၊ ရှာသူ့ဝက်မိုက်၊ မစင်ကြိုက်သို့၊ အမြိုက်တရား၊ နင်ရှောင်ရှား၍၊ ငါးပါးအာရုံ၊ မစင်ပုံကို၊ စုံစုံမက်မက်၊ မနှစ်သက်နှင့်၊ထက်မြက်အဖျား၊ သင်တုန်းသွားဝယ်၊ ပျားသဖွယ်ဟု၊ ဉာဏ်ကျယ်သလောက်၊

အပြစ်ကောက်၍၊ တောင်ချောက်မြိုင်ကြား၊ သမင်များကို၊ သစ်ကျားပုန်းအောင်း၊ အရချောင်းသို့၊ တောင်ခေါင်းရိပ်မြောင်၊ သခ်မ်းချောင်ဝယ်၊ တိမ်းရှောင်တစ်ကိုယ်၊ **တော–တော**ဆို၍၊ မင်ဖိုလ်မနှောင်း၊ အရချောင်းမှ၊ အပေါင်းဒုက္ခ၊ ကင်းလွတ်ရဟု၊ ဗုဒ္ဓရွှေနှုတ်၊ ကြာကမုခ်မှ၊ လှစ်ထုတ်မြွက်ကြား၊ မိန့်တော်ထားသည်၊ နင်ကားနင့်တွက် ကျင့်တော့တည်း။

## ဣန္ဒြေ ထက်မြက်ကြောင်းတရား (၉) ပါး

သဒ္ဓါ-ဝီရိယ-သတိ-သမာဓိ-ပညာ-ဟူသော ဣန္ဒြေထက်မြက်၍ ဉာဏ်ပညာကြီးမားသော အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား **ကလာပသမ္မသန**ဟု ခေါ်ဆိုအပ်သော ဤ **နယဝိပဿနာ**ဖြင့်ပင်လျှင် ဥဒယဗ္ဗယ-ဉာဏ်သည် ဖြစ်ပေါ်လာနိုင်၏။ ဣန္ဒြေနုံ့နှေးသော ယောဂါဝစရပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ပေါ်မလာ-နိုင်သေးပေ။ မှန်ပေသည် ဤဝိပဿနာအရာ၌ ဥဒယဗ္ဗယဉာဏ်၏ ဖြစ်ပေါ်လာခြင်းသည် ကလာပသမ္မသနဟု ခေါ်ဆိုအပ်သော နယဝိပဿနာဖြင့်သာလျှင် ပြီးစီးပြည့်စုံနိုင်၏ ဖြစ်ပေါ်လာနိုင်၏ဟု အလိုရှိအပ်ပေသည်။ အဒ္ဓါပစ္စုပ္ပန်မှသည် သန္တတိပစ္စုပ္ပန်သို့ ဆိုက်အောင်, သန္တတိပစ္စုပ္ပန်မှသည် ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ကလာပသမ္မသနနည်းဖြင့် ရှုပွားသုံးသပ်၍လာရာ ဥဒယဗ္ဗယဉာဏ်အမြင်သို့ သန့်သန့်ရှင်းရှင်း ကျေကျေနပ်နပ် အားရပါးရ မဆိုက်သေး ဖြစ်နေပါက ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဣန္ဒြေထက်မြက်ကြောင်း တရား (၉)ပါးတို့ကို ပြုကျင့်၍, (၇)ပါးကုန်သော အသပ္ပါယတို့ကို ရှောင်ကြဉ်၍ (၇)ပါးကုန်သော သပ္ပါယတို့ကိုမှီဝဲလျက် နယဝိပဿနာနည်းဖြင့် ရုပ်တရား နာမ်တရားတို့ကို အဖန်ဖန် အထပ်ထပ်ရှုပွား သုံးသပ်အပ်ပေသည်။

(ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈။)

“နဝဟာကာရေဟိ ဣန္ဒြိယာနိ တိက္ခာနိ ဘဝန္တိ — ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ခယမေဝ ပဿတိ၊ တတ္ထ စ သက္ကစ္စကိရိယာယ သမ္ပာဒေတိ၊ သာတစ္စကိရိယာယ သမ္ပာဒေတိ၊ သပ္ပါယကိရိယာယ သမ္ပာဒေတိ၊ သမာဓိဿ စ နိမိတ္တဂ္ဂါဟေန၊ ဗောဇ္ဈင်္ဂါနဉ္စ အနုပဝတ္တနတာယ၊ ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေတိ၊ တတ္ထ စ အဘိဘုယျ နေက္ခမ္မေန၊ အန္တရာ စ အဗျောသာနေနာ”တိ ဇေံ ဝုတ္တာနံ နဝန္နံ အာကာရာနံ ဝသေန ဣန္ဒြိယာနိ တိက္ခာနိ ကတွာ **ပထဝီကသိဏနိဒ္ဒေသေ** ဝုတ္တနယေန သတ္တ အသပ္ပါယာနိ ဝဇ္ဇေတွာ သတ္တ သပ္ပါယာနိ သေဝမာနေန ကာလေန ရူပံ သမ္မသိတဗ္ဗံ၊ ကာလေန အရူပံ။ ရူပံ သမ္မသန္တေန ရူပဿ နိဗ္ဗတ္တိ ပဿိတဗ္ဗာ။

(ဝိသုဒ္ဓိ-၂-၂၄၈။)

ရူပါရူပဓမ္မာနံ အစ္စန္တဝိဓုရတာယ ဧကဇ္ဈံ အသမ္မသိတဗ္ဗတ္တာ, တထာ သမ္မသနဿ စ ဣဓ အနဓိပ္ပေတတ္တာ **“ကာလေန ရူပံ သမ္မသိတဗ္ဗံ၊ ကာလေန အရူပ”**န္တိ ဝုတ္တံ။ တတ္ထာပိ စ ရူပဿ ဩဠာရိကတာယ သုဝိညေယျတ္တာ ပဌမံ သမ္မသိတဗ္ဗတာ ဝုတ္တာ။ **နိဗ္ဗတ္တိ ပဿိတဗ္ဗာ**တိ ပဌမံ တာဝ အာဂမာနုသာရတော အနုမာနဝသေန ဒဋ္ဌဗ္ဗာ။ တတော ပရံ အနုက္កမေန ဗလပ္ပတ္တေ ဘာဝနာဉာဏေ ပစ္စက္ခတောပိ ဒိဿတီတိ။ (မဟာဋီ-၂-၃၉၉။)

၁။ သင်္ခတပရမတ်တရား မှန်သမျှသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် အကြောင်းမကုန်သေးသမျှ အမြဲတမ်း ဖြစ်ပေါ်နေကြ၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ဥပါဒ်-ဌီ-ဘင် ဟူသော ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေကြ-ကုန်သော ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော အကြောင်းတရားနှင့် တကွဖြစ်ကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှုသဘောကို ရှေးဦးစွာ မြင်အောင်ရှု၍ ယင်းဖြစ်မှု ဥပါဒ်ကို လွှတ်လိုက်၍ ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက်သွားသော ဘင်သဘောကိုသာလျှင် ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ရှုပေးပါ။

**ခယမေဝ**တိ ပဌမံ ဥပ္ပါဒံ ဒိသွာ တံ မုဥ္စိတွာ ခယမေဝ ဘင်္ဂမေဝ ပဿတိ။ တဿ တထာ ခယ-ဒဿနပသုတဿ ဝိပဿနာပညာ တိက္ခာ သူရာ ဝဟတိ၊ ဣတရာနိ စ ဣန္ဒြိယာနိ။ (မဟာဋီ-၂-၃၉၈။)

ယင်းသို့ ကုန်ကုန်ပျက်ပျက် ပြိုပြို ပျောက်ပျောက်သွားခြင်း ခယသဘော = ဘင်သဘောကို ရှုခြင်း၌ လေ့ကျင့်သားရလာသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ဝိပဿနာပညာ၏ ထက်မြက်စူးရှခြင်း ရဲရင့်ခြင်းကို ရွက်ဆောင်ပေးတတ်၏။ ဝိပဿနာပညာသည် ထက်မြက် စူးရှ ရဲရင့်ခဲ့သော် အခြားသော သဒ္ဓါ ဝီရိယ သတိ သမာဓိ တည်းဟူသော ဣန္ဒြေတို့သည်လည်း ထက်မြက်စူးရှ ရဲရင့်လာကုန်သည်သာ ဖြစ်ကြကုန်၏။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈။)

၂။ ထိုသို့သင်္ခါရတရားတို့၏ ခယသဘော = ဘင်ကို ရှုခြင်း၌ သင်္ခါရတရားတို့၏ ကုန်ခြင်း ခယသဘောကို ရှုသော ခယဒဿနဝိပဿနာဉာဏ်လျှင် အမြတ်ဆုံး အတိုင်းအရှည်ရှိအောင် ရိုရိုသေသေ လေးလေးစားစား ပြုခြင်းဖြင့် ခယဒဿနဝိပဿနာဘာဝနာကို = အပျက်ကိုသာ ရှုမြင်တတ်သော ဝိပဿနာဘာဝနာကို ပြည့်စုံ-စေ၏ = ပြည့်စုံအောင် ကြိုးစားအားထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈။)

၃။ ရှေးရှေး ဘာဝနာဉာဏ်နှင့် နောက်နောက် ဘာဝနာဉာဏ်တို့ကို ဆက်စပ်သွားအောင် အပြတ်အလပ် မရှိအောင် မပြတ်မလပ် အပတ်တကုတ် ပြုခြင်းဖြင့် ခယဒဿနဝိပဿနာဘာဝနာကို ပြည့်စုံစေ၏။ ပြည့်စုံ-အောင်ကြိုးစားအားထုတ်ပါ။ သင်္ခါရတရားတို့၏အပျက်ကို အဆက်မပြတ် ဆက်တိုက် မြင်သိနေသော ခယဒဿန ဝိပဿနာဉာဏ်များကို ရှေးဉာဏ်နှင့် နောက်ဉာဏ် ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေအောင် ကြိုးပမ်းပါ။

**သာတစ္စကိရိယာယာ**တိ အဝိစ္ဆေဒကိရိယာယ၊ ယထာ ဝိပဿနာဉာဏံ ခယဒဿနဝသေန နိရန္တရမေဝ ပဝတ္တတိ၊ ဧဝံ ယုတ္တပ္ပယုတ္တော နံ သမ္ပာဒေတိ။ (မဟာဋီ-၂-၃၉၈။)

၄။ ရှေး အာနာပါနဿတိသမာဓိပိုင်းတွင် ရှင်းလင်း တင်ပြခဲ့သည့်အတိုင်း အာဝါသသပ္ပါယစသော (၇)ပါးသော သပ္ပါယကို မှီဝဲခြင်းကို ပြုကျင့်လျက် သင်္ခါရတရားတို့၏ အပျက်ကို ရှုမြင်တတ်သော ခယဒဿနဝိပဿနာ ဘာဝနာကို ပြည့်စုံစေ၏ = ပြည့်စုံအောင် ကြိုးစားအားထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈။)

၅။ **နိမိတ္တဂ္ဂါဟေနာ**တိ ယထာ မနသိကရောန္တဿ ဝိပဿနာသမာဓိ ဥပ္ပန္နော၊ တဿ အာကာရဿ သလ္လ-က္ခဏဝသေန သမထနိမိတ္တဂ္ဂဟဏေန သမ္ပာဒေတီတိ သမ္ဗန္ဓော။ (မဟာဋီ-၂-၃၉၈။)

၅။ အကြင်သို့သော အခြင်းအရာအားဖြင့် သင်္ခါရတရားတို့၏အပျက်ကို ရှုမြင်တတ်သော ခယဒဿနဝိပဿနာ ဘာဝနာကို နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား ဝိပဿနာသမာဓိသည် ဖြစ်ပေါ်လာ၏။ ထိုဝိပဿနာ သမာဓိ၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော နိမိတ်အခြင်းအရာကို ကောင်းစွာ ဉာဏ်ဖြင့် ယူခြင်းဖြင့် ခယဒဿန ဝိပဿနာဘာဝနာကို ပြည့်စုံစေ၏ = ပြည့်စုံအောင် ကြိုးစားအားထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈။)

၆။ **အနုပဝတ္တနတာယာ**တိ အနုရူပတော ပဝတ္တနေန ဘာဝနာစိတ္တဿ လီနဘာဝေ ပီတိဝီရိယဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂါနံ ဥဒ္ဓတဘာဝေ ပဿဒ္ဓိသမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါနံ ပြူဟနေနာတိ အတ္ထော။(မဟာဋီ-၂-၃၉၈။)

၆။ အသင်သူတော်ကောင်းသည် **အာနာပါနဿတိသမာဓိပိုင်း**တွင် ရေးသားတင်ပြခဲ့သည့် ဗောဇ္ဈင်တရား (၇)ပါးတို့ကို ညီမျှအောင် ကျင့်ပုံအပိုင်းကို ပြန်လည်၍ ဖတ်ရှုကြည့်ပါ။ သမထပိုင်း၌ ဗောဇ္ဈင်တရား (၇)ပါးတို့ကို ညီမျှအောင် ဖြည့်ကျင့်ရသကဲ့သို့ ဝိပဿနာပိုင်း၌လည်း ဗောဇ္ဈင်တရား (၇)ပါးတို့ကို ညီမျှအောင် ကျင့်ရမည်သာ ဖြစ်ပေသည်။

အသင်သူတော်ကောင်း၏ ဝိပဿနာဘာဝနာစိတ်သည် ဝိပဿနာဘာဝနာလုပ်ငန်းခွင်၌ တွန့်ဆုတ်နစ်မှု ဖြစ်သောအခါ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင်တို့ကို ပွားစေသဖြင့်လည်းကောင်း, အသင် သူတော်ကောင်း၏ စိတ်သည် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သည့် သင်္ခါရ နိမိတ်အာရုံမှ ပျံ့လွင့်သွားသော အခါ ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားစေသဖြင့်လည်းကောင်း, ခယဒဿန

ဝိပဿနာ ဘာဝနာကို ပြည့်စုံစေ၏ = ပြည့်စုံအောင် ကြိုးစားအားထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။မဟာဋီ-၂-၃၉၈။)

၇။ **ကာယေ စ ဇီဝိတေ စ အနပေက္ခတန္တိ** အတ္တနော ကာယေ အသုစိဘာဝေန ဗဟိရကအဝိညာဏက-ကုဏပေ ဝိယ ဇီဝိတေ အဟိတာဝဟပစ္စတ္ထိကေ ဝိယ နိရပေက္ခစိတ္တံ ဥပဋ္ဌပေတိ။ (မဟာဋီ-၂-၃၉၈-၃၉၉။)

၇။ မိမိ၏ ရူပကာယကိုယ်ကောင်၌ အပြင်အပ ဗဟိဒ္ဓဖြစ်သော အဝိညာဏက = သက်မဲ့ သူသေကောင် ပုပ်ကဲ့သို့ မစင်မကြယ်ရွံရှာစက်ဆုပ်ဖွယ်၏ အဖြစ်ဖြင့် ငဲ့ကွက်မှုမရှိသော စိတ်ဓာတ်ကို ရှေးရှုဖြစ်စေအပ်၏။ ဇီဝိတဟု ခေါ်ဆိုအပ်သော အသက်၌လည်း အကျိုးစီးပွားမဲ့ကို ရွက်ဆောင်ပေးတတ်သော ရန်သူတို့ကဲ့သို့ ငဲ့ကွက်မှု မရှိသော စိတ်ဓာတ်ကို ရှေးရှုဖြစ်စေအပ်၏ = ထိုကဲ့သို့သော စိတ်ဓာတ်မျိုး ဖြစ်ပေါ်လာအောင် ကြိုးစားအား-ထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၈-၃၉၉။)

ဤအထက်ပါ ညွှန်ကြားချက်အရ ဤအပိုင်းတွင် ဝိပဿနာဉာဏ်များ၏ ထက်မြက်စူးရှရေးအတွက် အဝိညာဏက အသုဘ = သေအသုဘ ဘာဝနာကို အဇ္ဈတ္တ ဗဟိဒ္ဓတို့၌ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ပွားများပါ။ သင်္ခါရတရားတို့အပေါ်၌ အကျိုးစီးပွားမဲ့ကို ရွက်ဆောင်ပေးတတ်သော ရန်သူတို့ကဲ့သို့ သဘောထား-နိုင်ရန် အနတ္တာနုပဿနာဉာဏ်ကိုလည်း အထူးဦးစားပေး၍ သင်္ခါရတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ပါ။

၈။ **တတ္ထ စ အဘိဘုယျ နေက္ခမ္မေနာ**တိ တသ္မိံ ကာယစိတ္တေ အနပေက္ခဘာဝေန ဣန္ဒြိယာနံ တိက္ခဘာဝါ ပါဒနေန ဥပ္ပန္နံ ဥပ္ပန္နံ ဒုက္ခံ ဝီရိယေန အဘိဘဝိတွာ ဘာဝနံ သမ္မာဒေတိ။ (မဟာဋီ-၂-၃၉၉။)

၈။ ထိုသို့ ကိုယ်နှင့်စိတ်၌ မငဲ့ကွက်မှု၍ ဣန္ဒြေတို့ကို ထက်မြက်သည်၏အဖြစ်သို့ ရောက်စေခြင်းဖြင့် ဖြစ်ပေါ်-လာတိုင်း ဖြစ်ပေါ်လာတိုင်းသော ဆင်းရဲဒုက္ခကို ပျင်းရိခြင်းမှ ထွတ်မြောက်တတ်သော နိက္ကမဓာတ် လုံ့လဝီရိယဖြင့် လွှမ်းမိုးဖိစီး၍ ခယဒဿနဝိပဿနာဘာဝနာကို ပြည့်စုံစေ၏ = ပြည့်စုံအောင် ကြိုးစားအား ထုတ်ပါ။
(ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၉။)

၉။ **အန္တရာ**တိ ယထာဓိပ္ပေတာယ ဘာဝနာသိဒ္ဓိယာ အန္တရာဝ။ **အဇ္ဈောသာနေနာ**တိ အသင်္ကောစနေန။
(မဟာဋီ-၂-၃၉၉။)

၉။ အကြင်အကြင် မိမိအလိုရှိအပ်သော မိမိမြှော်မှန်းထားသော ဘာဝနာဉာဏ်၏ ပြည့်စုံပြီးပြေခြင်း၏ အကြား၌လည်း = ဘာဝနာဉာဏ်မပြည့်စုံမီ အကြားကာလ၌ မတွန့်မဆုတ် မရပ်မတန့်သဖြင့် ခယဒဿန ဝိပဿနာဘာဝနာကို ပြည့်စုံစေ၏ = ပြည့်စုံအောင် ကြိုးစားအားထုတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၉။)

ဤ (၉)ပါးသော အခြင်းအရာတို့ဖြင့် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်ခဲ့သော် ဣန္ဒြေတို့သည် စူးရှထက်မြက်လာကြကုန်၏။

ဤအရာ၌ သိသင့်သိထိုက်သော ဥပမာကား ဤသို့တည်း။ နူးညံ့သိမ်မွေ့ကုန်သော ပုလဲသန္တာ စသည်-တို့ကို ထွင်းဖောက်ရာ၌ ထွင်းဖောက်အပ်သော ပုလဲသန္တာစသည်တို့ထက် သာလွန်၍ သိမ်မွေ့နူးညံ့သော စူးသည် ဖြစ်သင့်၏သို့ — အလားတူပင်လျှင် နူးညံ့သိမ်မွေ့ကုန်သော ရုပ်တရားနာမ်တရားတို့ကိုလည်းကောင်း, ထိုရုပ်တရား နာမ်တရားတို့၏ အကြောင်းတရားတို့ကိုလည်းကောင်း ဉာဏ်ဖြင့် ပိုင်းခြားယူရာ သိမ်းဆည်းရာ ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ်ပိုင်း, ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း၌ ထက်မြက်စူးရှသော ဉာဏ်သည် ဖြစ်သင့်ဖြစ်ထိုက်လှ၏။ တစ်ဖန် အကြောင်းတရားနှင့် တကွသော ထိုရုပ်တရားနာမ်တရားတို့၏ ကုန်ခြင်းပျက်ခြင်း ခယဝယသဘောကို အာရုံယူ၍ လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုရာဖြစ်သော ခယဝယဒဿန ဝိပဿနာဉာဏ်အရာ၌ကား အကြောင်း-တရားနှင့် တကွသော ထိုရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းတတ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိ-ဂ္ဂဟဉာဏ်တို့ထက် သာလွန်၍ ထက်မြက်စူးရှသော ဝိပဿနာဉာဏ်သည် ပို၍ပင် ဖြစ်သင့်ဖြစ်ထိုက်လှပေသည်။

တစ်ဖန် ထိုသင်္ခါရတရားတို့၏ ကုန်တတ်ပျက်တတ်သော ခယဝယသဘောကို အာရုံယူ၍ ရှုနေသော ထို ခယဝယဒဿနဝိပဿနာဉာဏ်၏ သာ၍ထက်မြက်သည်၏အဖြစ်ကို ပြီးစေလိုမူ ဣန္ဒြေတို့ကို ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေခြင်းဖြင့် ပြီးစေအပ်၏။ ပုဆိန်သွေးရာ ကျောက်ပြင်တစ်ခုထက်၌ ပုဆိန်ကို သွေးလေရာ၏။ ကျောက်မျက်နှာပြင်ကို နူးညံ့ ချောညက်အောင် ပြုလုပ်ခြင်းဖြင့် ပုဆိန်သွားကို သွေးရာ၏။ ကျောက်မျက်နှာပြင်-သည် နူးညံ့ချောညက်သကဲ့သို့ သွေးနေသော ပုဆိန်သွားသည်လည်း နူးညံ့ချောညက်စွာ ထက်မြက်လာ၏။ ပုဆိန်ကို သွေးရာ ကျောက်မျက်နှာပြင်၌ နူးညံ့ချောညက်လာအောင် ပြုလုပ်ခြင်းဖြင့် ပုဆိန်သွားကို သွေးခဲ့သော် ပုဆိန်သွား၏ ထက်မြက်ခြင်းကိစ္စသည်လည်း ပြီးပြီးသား ဖြစ်သကဲ့သို့ — အလားတူပင် သင်္ခါရတရားတို့၏ ကုန်တတ်ပျက်တတ်သော ခယဝယသဘောကို ရှုသော ဝိပဿနာဉာဏ်၏ သာ၍ထက်မြက်စူးရှသည်၏ အဖြစ်ကို အလိုရှိပါမူ ဣန္ဒြေတို့ကို ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေခြင်းဖြင့် ပြီးစီးစေအပ်ပေသည်။ ဣန္ဒြေတို့သည် ထက်မြက်လာကြပါက ဝိပဿနာဉာဏ်များသည်လည်း ထက်မြက်စူးရှလာကြမည်သာ ဟူလိုသည်။ ဣန္ဒြေ ထက်မြက်အောင် ပြုခြင်းဟူသည်မှာလည်း (၉)ပါးသော အခြင်းအရာတို့ဖြင့် ထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ ကုန်တတ်ပျက်တတ်သော ခယဝယသဘောကို ရှုနေခြင်းပင် ဖြစ်ပေသည်။ ထိုသို့ ရှုရာ၌ —

၁။ ရံခါ ရုပ်တရားကို လက္ခဏာယာဉ် (၃)ချက် တစ်လှည့်စီတင်၍ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

၂။ ရံခါ နာမ်တရားကို လက္ခဏာယာဉ် (၃)ချက် တစ်လှည့်စီတင်၍ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

ရုပ်တရားနှင့် နာမ်တရားတို့သည်ကား စင်စစ် အချင်းချင်း ဝေးကွာသော သဘောရှိသည် ဖြစ်ကြရကား တပေါင်းတစည်းတည်း တစ်ပြိုင်နက် လက္ခဏာယာဉ်တင်၍ မသုံးသပ်ထိုက်သောကြောင့်လည်းကောင်း, ထိုသို့-သော သုံးသပ်ခြင်း လုပ်ငန်းရပ်၌လည်း ဤသမ္မသနဉာဏ်အရာ၌ အလိုမရှိအပ်သေးသည်၏ အဖြစ်ကြောင့် လည်းကောင်း ရံခါ ရုပ်တရားကို ရံခါ နာမ်တရားကို တစ်လှည့်စီ လက္ခဏာယာဉ် တင်၍ ရှုပွားသုံးသပ်ရန် ရှေးရှေးအဋ္ဌကထာများက ဖွင့်ဆိုထားတော်မူကြခြင်း ဖြစ်ပေသည်။

ထို ရုပ်တရားနာမ်တရား နှစ်မျိုးတို့တွင်လည်း ရုပ်တရားကား နာမ်တရားထက် သာလွန်၍ ကြမ်းတမ်း ထင်ရှားသဖြင့် သိလွယ်သော သဘောရှိရကား နာမ်တရား၏ ရှေ့ဦးစွာ ရုပ်တရားကို လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပွားသုံးသပ်ထိုက်သည်၏ အဖြစ်ကို အဋ္ဌကထာက ဖွင့်ဆိုထားတော်မူခြင်း ဖြစ်ပေသည်။

ထိုသို့ လက္ခဏာယာဉ် တင်၍ ဝိပဿနာရှုပွား သုံးသပ်ရာ၌ ရုပ်တရား နာမ်တရား သင်္ခတပရမတ်တရား-တို့၏ ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏသုံးပါးအပေါင်းဖြစ်သည့် ခဏတိုင်း ခဏတိုင်း၌ ဖြစ်မှု = နိဗ္ဗတ္တိလက္ခဏာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ရှုပါ။ ထိုသို့ ရှုရာ၌ ပထမရှေ့ဦးစွာ ဘုရားဟောဒေသနာတော်ကို ဉာဏ်ဖြင့် အစဉ်လျှောက်သဖြင့် ဘုရားဟော ဒေသနာကျမ်းဂန်များ အပေါ်၌ ယုံကြည်မှု သဒ္ဓါတရား အပြည့်အဝဖြင့် = သင်္ခတပရမတ်တရားတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သာဝကတို့၏ ဝိပဿနာဉာဏ်-ဖြင့်လည်း ရှု၍ ရနိုင်သည် ရှု၍ သိနိုင်သည် ရှု၍ မြင်နိုင်သည်ဟူသော ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝဖြင့် မှန်းဆခြင်း = အနုမာန၏အစွမ်းဖြင့် မျက်ရမ်းမှန်းဆ၍သာ ရှုနှင့်ပါဦး။ ထိုမှနောက်၌ အစဉ်အတိုင်း တဖြည်းဖြည်း ရှုလာရာ ဝိပဿနာ ဘာဝနာဉာဏ်သည် ခွန်အားရှိသည်၏ အဖြစ် စွမ်းအားကြီးသည်၏ အဖြစ်သို့ ရောက်ရှိ-လာလတ်သော် မျက်မှောက် ပစ္စက္ခအားဖြင့်လည်း သင်္ခတတရားတို့၏ ဖြစ်မှု ဥပါဒ်သဘော = **နိဗ္ဗတ္တိလက္ခဏာ**ကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်လာပေသည်။ သိမြင်လာပေလိမ့်မည်။ ထိုသို့ သင်္ခတ ပရမတ်တရား သင်္ခါရတရားတို့၏ ခဏတိုင်း ခဏတိုင်း၌ အသစ်အသစ်ဖြစ်မှု နိဗ္ဗတ္တိလက္ခဏာကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိသည်တိုင်အောင် ယောဂါဝစရပုဂ္ဂိုလ်သည် ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။
(ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၃၉၉။)

ရုပ်တရားတို့ကို ဝိပဿနာရှုရာဝယ် **ရုပ်ကမ္မဋ္ဌာန်းပိုင်း**တွင် ရှင်းလင်း တင်ပြထားသည့်အတိုင်း —

၁။ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေသော ကမ္မဇရုပ်,

၂။ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေသော စိတ္တဇရုပ်,

၃။ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေသော ဥတုဇရုပ်,

၄။ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေသော အာဟာရဇရုပ်,

ဤ (၄)မျိုးကုန်သော ရုပ်တရားတို့ကို အသီးအသီး ခွဲခြားစိတ်ဖြာ၍ ဝိပဿနာဉာဏ်ဖြင့် သိမြင်အောင်ရှုပါ။ (ဝိသုဒ္ဓိ-၂-၂၄၉-၂၅၂။ မဟာဋီ-၂-၃၉၉-၄၀၄။)

နာမ်တရားတို့ကို ဝိပဿနာရှုရာ၌လည်း **နာမ်ကမ္မဋ္ဌာန်းပိုင်း**တွင် ရေးသားတင်ပြခဲ့သည့် အတိုင်း ဒွါရ (၆)ပါး၌ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်နေကြကုန်သော ဝီထိစိတ်နှင့် ဝီထိမှအလွတ်ဖြစ်သော ဝီထိမုတ်စိတ် ဟူသော (၈၁)မျိုးသော လောကီစိတ္တုပ္ပါဒ် = လောကီစိတ်စေတသိက်တို့၏ အစွမ်းဖြင့်သာလျှင် နာမ်တရားတို့၏ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ အသစ်အသစ် ဖြစ်ပေါ်မှု = နိဗ္ဗတ္တိလက္ခဏာကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် သိသည့်တိုင်အောင် မြင်သည့်တိုင်အောင် ဝိပဿနာရှုပါ။ (ဝိသုဒ္ဓိ-၂-၂၅၃။ မဟာဋီ-၂-၄၀၄-၄၀၅။)

**သတိပြုရန်** — ဤ၌ လောကီစိတ် (၈၁)မျိုးလုံးကို ဝိပဿနာရှုရန် အဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၂၅၂။)က ဖွင့်ဆိုထားတော်မူခြင်းမှာ ပုဂ္ဂိုလ်အားလုံးတို့အတွက် သိမ်းကျုံး၍ ဖွင့်ဆိုသော သဗ္ဗသင်္ဂါဟိကဝစန စကားတော် ဟု မှတ်သားပါ။ လူသားတစ်ဦးသာ ဖြစ်နေသေးသော အသင်ယောဂီသူတော်ကောင်းသည် ယခုအခါ၌ ပြဟ္မာ-ပြည်ဝယ် တည်ရှိနေသည် မဟုတ်သေးသဖြင့် မဟဂ္ဂုတ်ဝိပါက်နာမ်တရားများသည် အသင်သူတော်ကောင်း၏ သန္တာန်ဝယ် မဖြစ်နိုင်သေးပေ။ သို့သော် အသင်ယောဂီသူတော်ကောင်းသည် ဈာန်တရားများကို ရရှိ၍ နောင် အနာဂတ်တွင် ထိုဈာန်ကြောင့် ရရှိနိုင်သည့် ပြဟ္မာ့ချမ်းသာကို ရည်ရွယ်တောင့်တခဲ့သည်ဖြစ်အံ့, ထိုဈာန်ကြောင့် နောင်အနာဂတ်တွင် ရရှိနိုင်သည့် ဆိုင်ရာ ပြဟ္မာ့ဝိပါက်ခန္ဓာတို့ကိုကား အနာဂတ်ရှုကွက်ဖြစ်သည့် ကြောင်းကျိုး-ဆက် ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင်လည်းကောင်း, ဝိပဿနာပိုင်းတွင်လည်းကောင်း ထည့်သွင်း၍ ရှုလိုက ရှုနိုင်ပေသည်။ ဈာန်တရားတို့တွင်လည်း မိမိရရှိသည့်ဈာန်ကိုသာ ဝိပဿနာရှုပွား သုံးသပ်နိုင်ပေသည်၊ ဤဘဝတွင် မိမိမရဖူး-သေးသော ဈာန်တရားများကို (မရရှိသေးသည့် အတွက်ကြောင့်) မိမိ၏ ဝိပဿနာရှုကွက်မှ ချန်လှပ်ထားနိုင်သည်။ အကယ်၍ အသင်သူတော်ကောင်းသည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် သက်သက်သာဖြစ်၍ ဈာန်လုံးဝမရရှိက ဈာန်တရားများကို လုံးဝ ဝိပဿနာမရှုဘဲ ထားနိုင်ပါသည်။ တစ်ဖန် ယခုအခါ အသင်သူတော်ကောင်းသည် ရဟန္တာ မဖြစ်သေးလျှင် ကြိယာဇောစိတ်များသည် အသင်သူတော်ကောင်း၏ သန္တာန်ဝယ် မဖြစ်နိုင်သေးသဖြင့် ချန်လှပ်ထားနိုင်ပါသည်။ ကြိယာဇောစိတ်တို့ကား ရဟန္တာ အရှင်မြတ်ကြီးတို့၏ ဝိပဿနာဉာဏ်၏သာလျှင် အရှုခံ အာရုံတို့ ဖြစ်ကြသည်။

## ရှုလို့ရနိုင်ပါသလား

ဧကစ္စရက္ခဏေ ကောဋိသတသဟဿသင်္ချာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ (သံ-ဋ္ဌ-၂-၂၉၅။)

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် တစ်စက္ကန့်ဟု ခေါ်ဆိုအပ်သော အချိန်ကာလအတွင်း၌ ကုဋေတစ်သိန်းဟု ခေါ်ဆိုအပ်သော နာမ်တရားတို့သည် = စိတ္တက္ခဏတို့သည် ဖြစ်ပြီးလျှင် ချုပ်ပျက်သွားကြ၏။ (သံ-ဋ္ဌ-၂-၂၉၅။)

ဤကဲ့သို့သော ဖေဏပိဏ္ဍူပမသုတ္တန်အဋ္ဌကထာအဖွင့်စသော ထိုထိုကျမ်းဂန်များ၌ လာရှိသော အဆို အမိန့်များနှင့်အညီ ထိုမျှ အလွန့်အလွန် လျင်လျင်မြန်မြန် ဖြစ်ပျက်နေသော ဘဝင်စိတ် ဝီထိစိတ်များကို ယှဉ်ဖက်

သမ္ပယုတ်တရားတို့နှင့် အတူတကွ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ဖြစ်မှုပျက်မှုကို ရှုလို့မြင်နိုင်ပါ့မလား, ဘုရားရှင်တို့၏ အရာသာဖြစ်သည် မဟုတ်ပါလား စသည်ဖြင့် အချို့အချို့သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်တို့က မေးမြန်းကြပြန်၏၊ သံသယလည်း ရှိကြ၏။

ဤအရာဝယ် နာမ်တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ခြင်းသည် သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အရာသာဖြစ်သည်, သာဝကတို့၏ အရာမဟုတ်ဟူသော အယူအဆများမှာ ပိဋကပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့၌ မလာရှိသော ကျမ်းဂန်အထောက်အထားကင်းမဲ့နေသော အဆိုအမိန့်စကားများသာ ဖြစ်ကြပေသည်။

အပရိဇာနနသုတ္တန် (သံ-၂-၂၄၉-၂၅၀။)စသော ထိုထိုဒေသနာတော်များ၌ ခန္ဓာငါးပါးဟူသော အလုံးစုံ-သော ရုပ်တရား နာမ်တရားတို့ကို ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာဟူသော ပရိညာသုံးမျိုးတို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိမမြင်ပါက သံသရာဝဋ် ဆင်းရဲဒုက္ခ ကုန်ခြင်းငှာ မထိုက်တန်ကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့၏။ ထိုဒေသနာတော်များနှင့်အညီ နာမ်တရားများကို သာဝက-တို့လည်း သိမ်းဆည်းရှုပွားရန် ဝိပဿနာရှုရန် ဖွင့်ဆိုထားသော အဋ္ဌကထာ ဋီကာ အဖွင့်များကိုလည်း **နာမ်–ကမ္မဋ္ဌာန်းပိုင်း**တွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပေသည်။

ဤတွင် — သာဝကများသည်လည်း ယင်းနာမ်တရားများကို ဝိပဿနာရှုရမည်သာ ဖြစ်သည်၊ ဝိပဿနာ-ဉာဏ်ဖြင့် ရှုမြင်နိုင်ပါမှ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်နိုင်ပါမှ ယင်းနာမ်တရားတို့၏ ဖြစ်မှု နိဗ္ဗတ္တိ လက္ခဏာကို မြင်၍ ရံခါ နာမ်တရားကို လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပွားသုံးသပ်သည် မည်ကြောင်းကို ဖွင့်ဆိုထားတော်မူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ဖွင့်ဆိုချက်ကို **ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်း**တွင် တင်ပြပြီး ဖြစ်သော်လည်း ဤအပိုင်းတွင် အဓိပ္ပါယ်ဆိုလိုရင်းကို လွယ်ကူစွာ သဘောပေါက်နိုင်ရန် ရည်သန်တောင့်တ၍ ထပ်မံပြီး ရေးသားတင်ပြအပ်ပါသည်။

## **အရူပနိဗ္ဗတ္တိပဿနာကာရ** (ဝိသုဒ္ဓိ-၂-၂၅၂။)

တစ်ဖန်ရုပ်တရားကို လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပွားသုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ရုပ်တရား၏ ဖြစ်ခြင်း = နိဗ္ဗတ္တိ လက္ခဏာကို ရှုအပ်သကဲ့သို့ အလားတူပင် နာမ်တရားကိုလည်း လက္ခဏာ-ယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် နာမ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိ လက္ခဏာကိုလည်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ရှုရမည်သာ ဖြစ်ပေသည်။ ထိုနာမ်တရား၏ ဖြစ်ခြင်း = နိဗ္ဗတ္တိလက္ခဏာကိုလည်း (လောကုတ္တရာတရားများ၏ ဝိပဿနာဉာဏ်၏ အရှုခံ အာရုံမဟုတ်ကြသဖြင့် ဝိပဿနာ ရှုပွားရမည့် အရာမဟုတ်သောကြောင့်) (၈၁)မျိုးသော လောကီစိတ္တုပ္ပါဒ် = လောကီစိတ်စေတသိက်၏ အစွမ်းဖြင့် သာလျှင် ဝိပဿနာ ရှုပွားသုံးသပ်အပ်ပေသည်။

ဤလောကီစိတ္တုပ္ပါဒ်၏ အစွမ်းဖြင့် ရှုပွားသုံးသပ်ရသော ဝိပဿနာဟူသည် အဘယ်နည်းဟူမူကား အကျယ်မှာ ဤသို့ဖြစ်၏။ —

ဤ နာမ်တရားမည်သည်ကား ရှေးဘဝ၌ အားထုတ်အပ်သော ကံ၏အစွမ်းဖြင့် ပဋိသန္ဓေအခါ၌ **ပဋိစ္စ–သမုပ္ပါဒ်ပိုင်း**တွင် ရှင်းလင်းတင်ပြထားခဲ့သည့်အတိုင်း (၁၉)မျိုးသော ပဋိသန္ဓေစိတ်တို့တွင် တစ်မျိုးမျိုးသော စိတ်သည် ဘဝတစ်ခုဝယ် ပဋိသန္ဓေစိတ်အဖြစ်ဖြင့် စတင်၍ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာပုံအခြင်းအရာကို ပဋိစ္စ-သမုပ္ပါဒ်ပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်းသာ သိရှိပါလေ။ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ယင်းပဋိသန္ဓေ စိတ္တက္ခဏ၏ အခြားမဲ့ဖြစ်သော စိတ်မှစ၍ ဘဝင်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အသက်၏ အဆုံး၌ စုတိ၏

အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ (ဘဝတစ်ခုဝယ် ပဋိသန္ဓေ-ဘဝင်-စုတိ စိတ်သုံးမျိုးတို့ကား တူမြဲဓမ္မတာပင်တည်း။) အကယ်၍ ထိုပဋိသန္ဓေစိတ်သည် ကာမာဝစရစိတ်ဖြစ်အံ့၊ ထိုကာမာဝစရပဋိသန္ဓေစိတ် (၁၀)မျိုးသည် ဒွါရ(၆)ပါး-တို့၌ အားရှိသောအာရုံ၌ တဒါရုံ၏အစွမ်းဖြင့် = ဇောယူသည့် အာရုံကိုပင် ဆက်လက်ယူသည့် အာရုံ၏အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။

တစ်ဖန် ပဝတ္တိအခါဝယ် စက္ခုပသာဒ မပျက်စီးသေးသည့် သတ္တဝါတို့၏သန္တာန်ဝယ် စက္ခုပသာဒ၏ မပျက်-စီးသေးသည်၏ အဖြစ်ကြောင့် စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရစသော အကြောင်းတရားများကို အစွဲပြု၍ ဌီကာလသို့ရောက်နေသော ရူပါရုံက ဌီကာလသို့ရောက်ရှိနေသော စက္ခုပသာဒနှင့် အိမ်ရှင်ဘဝင်မနော အကြည်ဓာတ်တို့ကို ပြိုင်တူရိုက်ခတ်သောအခါ အလင်းရောင် = အာလောကကိုမှီသော, မနသိကာရ = ပဉ္စဒွါရာ-ဝဇ္ဇန်းစိတ္တုပ္ပါဒ်လျှင်အကြောင်းရင်းရှိသော စက္ခုဝိညာဏ်စိတ်သည် သမ္ပယုတ်တရားတို့နှင့် အတူတကွ = ယှဉ်ဖက်စေတသိက်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်၍လာ၏။

ချဲ့၍ဆိုဦးအံ့ — စက္ခုပသာဒ၏ ဌီခဏ၌ ဌီခဏသို့ရောက်သည်သာလျှင်ဖြစ်သော ရူပါရုံသည် စက္ခုပသာ-ဒကို = စက္ခုအကြည်ဓာတ်နှင့် ဘဝင်မနောအကြည်ဓာတ်ကို ထိခိုက်မိ၏။ ထိုရူပါရုံသည် စက္ခုဒွါရ, မနောဒွါရ၌ ထိခိုက်သည်ရှိသော် ဘဝင်နှစ်ကြိမ် ဖြစ်၍ချုပ်၏။ ထိုဘဝင်ချုပ်သည်မှ နောက်ကာလ၌ ထိုရူပါရုံ၌ ပင်လျှင် = ထိုရူပါရုံကို အာရုံပြု၍ပင်လျှင် ကိရိယာမနောဓာတ်အမည်ရသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရူပါရုံကို ဆင်ခြင်ခြင်း ကိစ္စကို ပြီးစေလျက် ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။ ထိုပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထိုရူပါရုံကိုပင်လျှင် မြင်တတ်သော (ယင်းရူပါရုံသည် ဣဋ္ဌာရုံဖြစ်သော်) ကုသလဝိပါက်မူလည်းဖြစ်သော (ယင်း ရူပါရုံသည် အနိဋ္ဌာရုံဖြစ်သော်) အကုသလဝိပါက်မူလည်း ဖြစ်သော စက္ခုဝိညာဏ်စိတ်သည် သမ္ပယုတ်တရားတို့နှင့် အတူတကွဖြစ်ပေါ်လာ၏။ ထိုသို့ စက္ခုဝိညာဏ်စိတ်ဖြစ်သည်မှ နောက်ကာလ၌ ထိုရူပါရုံကိုပင်လျှင် ခံလင့်-သကဲ့သို့သော ဝိပါက်မနောဓာတ်အမည်ရသော (ကုသလဝိပါက် သို့မဟုတ် အကုသလဝိပါက်) သမ္ပဋိစ္ဆိုင်း-စိတ်သည် သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာ၏။ ထိုသမ္ပဋိစ္ဆိုင်းစိတ်ဖြစ်သည်မှ နောက်ကာလ၌ ထိုရူပါရုံကိုပင်လျှင် စုံစမ်းလင့်သကဲ့သို့သော (ကုသလဝိပါက် သို့မဟုတ် အကုသလဝိပါက်ဖြစ်သော) ဝိပါက် အဟိတ် မနောဝိညာဏဓာတ်အမည်ရသော သန္တီရဏစိတ်သည် ဖြစ်ပေါ်လာ၏။ ထို သန္တီရဏစိတ်ဖြစ်သည်မှ နောက်ကာလ၌ ထိုရူပါရုံကိုပင်လျှင် ဣဋ္ဌ သို့မဟုတ် အနိဋ္ဌစသည်ဖြင့် ပိုင်းခြားမှတ်သား ဆုံးဖြတ်လင့်သကဲ့သို့သော ကြိယာအဟိတ် မနောဝိညာဏဓာတ်အမည်ရသော ဥပေက္ခာသဟဂုတ် ဝုဋ္ဌောစိတ်သည် ဖြစ်ပေါ်လာ၏။ ထိုဝုဋ္ဌောစိတ်ဖြစ်သည်မှ နောက်ကာလ၌ ကာမာဝစရကုသိုလ် အကုသိုလ် ကြိယာစိတ်တို့တွင် တစ်မျိုးမျိုးသော စိတ်သည် (ယောနိသောမနသိကာရ, အယောနိသောမနသိကာရ အားလျော်စွာ) (၅)ကြိမ်သော်လည်းကောင်း, (၇)ကြိမ်သော်လည်းကောင်း ဇောကိစ္စကို ရွက်ဆောင်ကုန်သည်ဖြစ်၍ ဖြစ်ပေါ်လာ၏။ တစ်ကြိမ်သော မနော-ဒွါရာဝဇ္ဇန်းစိတ်သည်သော်မူလည်း ဇောအရာ၌ ဖြစ်ပေါ်လာတတ်၏။ (ဇောမစောတော့ဘဲ ဝုဋ္ဌောစိတ် = မနော-ဒွါရာဝဇ္ဇန်း စိတ်နှစ်ကြိမ်ဖြစ်မှုကို ရည်ရွယ်၍ မိန့်ဆိုခြင်းဖြစ်သည်။) ထိုဇောစိတ်ချုပ်သည်မှ နောက်ကာလ၌ ကာမာဝစရသတ္တဝါတို့၏ သန္တာန်ဝယ် (၁၁)မျိုးကုန်သော တဒါရုံစိတ်တို့တွင် ဇောအားလည်းကောင်း, အာရုံအား လည်းကောင်း လျော်စွာ အမှတ်မရှိ တစ်မျိုးမျိုးသော တဒါရုံစိတ်သည် ဖြစ်ပေါ်လာ၏။ ဤသို့ ဖြစ်ပေါ်လာသော စိတ်အစဉ်များကို သမ္ပယုတ်တရားတို့နှင့် အတူတကွ ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။ စက္ခုဒွါရမှ ကြွင်း-ကုန်သော သောတဒွါရစသော ပဉ္စဒွါရတို့၌လည်း ဤနည်းကို သိရှိပါလေ။ မနောဒွါရ၌ကား ဇောအရာဝယ် ကာမဇောတို့တွင်သာမက မဟဂ္ဂုတ်ဇောတို့သည်လည်း ဖြစ်နိုင်ကြကုန်၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် ဒွါရ (၆)ပါးတို့၌ နာမ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။ အကျိုးကို ဆိုရသော် ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် နာမ်တရား၏ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကို ဝိပဿနာဉာဏ်ဖြင့်

မြင်အောင်ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရံခါ နာမ်တရားကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်-သည် မည်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၅၂-၂၅၃။ မဟာဋီ-၂-၄၀၄-၄၀၅။)

ဤအထက်ပါ အဋ္ဌကထာ၏ ညွှန်ကြားထားတော်မူသည့် အဆိုအမိန့်များနှင့်အညီ အသင်ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် ဘဝတစ်ခု၏ အစဝယ် ရှေးဦးစွာ ဖြစ်ပေါ်လာသော ယှဉ်ဖက်သမ္ပယုတ်တရားနှင့်တကွသော ပဋိသန္ဓေစိတ်၏ ဖြစ်မှုသဘော နိဗ္ဗတ္တိလက္ခဏာကိုလည်းကောင်း၊ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဘဝတစ်-လျှောက်ဝယ် ဝီထိစိတ်များ မဖြစ်သည့်အချိန်၌ ဖြစ်လေ့ရှိသော ယှဉ်ဖက်သမ္ပယုတ်တရားနှင့်တကွသော ဘဝင်စိတ်၏ ခဏတိုင်းခဏတိုင်း၌ ဖြစ်မှုသဘော နိဗ္ဗတ္တိလက္ခဏာကိုလည်းကောင်း, ဘဝတစ်ခု၏ အဆုံး၌ ဖြစ်လေ့ရှိသော ယှဉ်ဖက်သမ္ပယုတ်တရားနှင့်တကွသော စုတိစိတ်၏ ဖြစ်မှုသဘော နိဗ္ဗတ္တိလက္ခဏာကိုလည်းကောင်း, ပဝတ္တိအခါ အာယတနဒွါရအလိုက် ထိုက်သည့်အားလျော်စွာ ဖြစ်နေကြကုန်သော ဒွါရ (၆)ပါး အတွင်း၌ တည်ရှိ-သော ယှဉ်ဖက်သမ္ပယုတ်တရားနှင့်တကွသော ထိုထိုဝီထိစိတ်တို့၏ ထိုထိုခဏတိုင်း ခဏတိုင်း၌ ဖြစ်မှုသဘော နိဗ္ဗတ္တိလက္ခဏာကိုလည်းကောင်း, ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ရှုနိုင်ပါမှ လက္ခဏာယာဉ်တင်၍ ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါမှ **အရူပဿ နိဗ္ဗတ္တိ** = နာမ်တရား၏ဖြစ်မှု နိဗ္ဗတ္တိသဘောလက္ခဏာကို ရှုမြင်သည် မည်ပေ-သည်။ ဤအဋ္ဌကထာများနှင့်အညီ — **နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသော ဤကျမ်းတွင်လည်း နာမ်တရားများကို ဉာဏ်ဖြင့်ပိုင်းခြားယူရာ သိမ်းဆည်းရာဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်ပိုင်း၌လည်း နာမ်တရားများကို အာယတန ဒွါရအလိုက် ဒွါရတစ်ခုပြီး တစ်ခု သိမ်းဆည်းရန်ကိုလည်းကောင်း, ဝိပဿနာပိုင်းတွင်လည်း အာယတနဒွါရ အလိုက် တစ်ခုပြီးတစ်ခု ဝိပဿနာရှုရန်ကိုလည်းကောင်း ရေးသားတင်ပြထားခြင်း ဖြစ်ပေသည်။

**ဇော** — ထိုသို့ ဝိပဿနာရှုရာ၌ ဇောအရတွင် အကုသိုလ်ဇောများကိုလည်း ဝိပဿနာရှုရန် အဋ္ဌကထာက ထည့်သွင်း၍ဖော်ပြထား၏။ ယင်းကဲ့သို့သော ဖွင့်ဆိုထားတော်မူချက်မှာ သရာဂံ ဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ စသော သတိပဋ္ဌာန်ဒေသနာတော်များနှင့်အညီ အကုသိုလ်တရားများကိုလည်း ဝိပဿနာရှုပွားရန် အဋ္ဌကထာ ဆရာတော်က ညွှန်ကြားတော်မူခြင်းသာ ဖြစ်သည်ဟု မှတ်သားပါလေ။

## ဉာဏ်၏ အာနုဘော် ကြီးမားပုံ

ဤအထက်ပါ အဋ္ဌကထာစကားရပ်များက ဝီထိမုတ်စိတ် အမည်ရသော ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိ-စိတ်တို့နှင့် ဒွါရ (၆)ပါး၌ ထိုက်သည့်အားလျော်စွာ အာယတနဒွါရအလိုက် ဖြစ်ပေါ်နေကြသော ဝီထိစိတ် အသီး အသီးတို့ကို စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ယှဉ်ဖက်သမ္ပယုတ်တရားများနှင့်အတူတကွ ဖြစ်မှုသဘော ပျက်မှု သဘောတို့ကို မြင်အောင် ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူသဖြင့် ဖြစ်မှုဖြစ်နိုင်ပါ့မလားဟု ရင်တမမနှင့် မေးမြန်းကြ၏၊ စိစစ်ကြ၏၊ ဆွေးနွေးကြ၏။

ဤအရာ၌ အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ဆင်းရဲခပ်သိမ်းမှ အငြိမ်းကြီးငြိမ်းရာ အအေးကြီး အေးရာဖြစ်သည့် မဟာအသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို လိုလားတောင့်တခဲ့ပါမူ သဗ္ဗညုသမ္မာ-သမ္ဗုဒ္ဓဘုရားရှင်၏ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကြီးကိုလည်းကောင်း, သဗ္ဗညုတဉာဏ်တော်, ဒေသနာ ဉာဏ်တော် စသည်တို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားပြသ ဆိုဆုံးမထားတော်မူသော သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်း အစစ် အဖြစ်ကြီး ဖြစ်တော်မူသော မဂ္ဂင်ရှစ်ပါး အကျင့်မြတ် တရားတော်ကြီးကိုလည်းကောင်း, ယုံကြည်မှုသဒ္ဓါတရား အပြည့်အဝရှိရန်ကား လိုအပ်သည်သာ ဖြစ်ပေသည်။ ဘုရားရှင်သည် သာဝကတို့ မသိနိုင် မမြင်နိုင် ဉာဏ်မမီနိုင်သည့် သစ္စာလေးပါးတရားတို့ကို သာဝကတို့သည် သိအောင် ပွားများအားထုတ်ရမည်ဟု မတိုက်တွန်းတန်လေရာဟုကား အသင်သူတော်ကောင်း၏ သန္တာန်၌

ယုံကြည်ချက် သဒ္ဓါတရားကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားရမည်သာ ဖြစ်ပေသည်။ ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကား ဒုက္ခသစ္စာတရားစုများ ဖြစ်ကြသဖြင့် ယင်းဒုက္ခသစ္စာ ဖြစ်ကြသည့် ရုပ်နာမ်တို့ကို ပရမတ်သို့ ဆိုက်အောင် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိလိုပါက ဥပစာရအပ္ပနာ နှစ်ဖြာသော သမာဓိတို့တွင် တစ်မျိုးမျိုးသော သမာဓိကို ဝိပဿနာ၏ အခြေပါဒကအဖြစ် သမာဓိထူထောင်၍ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော ရုပ်ဃန နာမ်ဃနတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုနိုင်ဖို့ လိုပေသည်။ အကြောင်းမူ — သစ္စာလေးပါးတရားတို့သည် ပရမတ္ထသစ္စာတရားများ ဖြစ်ကြသောကြောင့်တည်း။

ယင်းပရမတ္ထဒုက္ခသစ္စာတရားတို့တွင် နာမ်တရားတို့မှာ ပြောင်းလဲမှုမရှိသည့် ကိန်းသေမြဲသော စိတ္တနိယာမသဘောတရား လမ်းရိုးလမ်းဟောင်း လမ်းကြီးအတိုင်းသာ ပဋိသန္ဓေ ဘဝင်စုတိဟူသော ဝီထိမှအလွတ်ဖြစ်သော ဝီထိမုတ်စိတ်အနေဖြင့်သော်လည်းကောင်း, ဝီထိစိတ်အစဉ်အားဖြင့်သော်လည်းကောင်း, စိတ္တက္ခဏ တစ်ခုပြီးမှ တစ်ခု အစီအစဉ်အတိုင်း အမြဲတမ်း ဖြစ်ရိုးဓမ္မတာ ရှိကြ၏။ ယင်းစိတ္တနိယာမသဘောတရားကို ဆန့်ကျင်၍ ပုံစံပြောင်းကာ ဖြစ်ရိုးဓမ္မတာ မရှိပေ။ ယင်းနာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူလိုသော သိမ်းဆည်းလိုသော ဝိပဿနာရှုလိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ယင်းကဲ့သို့ စိတ္တနိယာမ ဓမ္မတာလမ်းရိုး လမ်းဟောင်းကြီးအတိုင်း သမရိုးကျ ဖြစ်နေကျ လမ်းရိုးကြီးအတိုင်း ဖြစ်နေကြသည့်အတိုင်းသာ ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရမည်သာဖြစ်သည်။ အကယ်၍ နာမ်တရားတို့သည် ယင်းစိတ္တနိယာမ ဓမ္မတာလမ်းကြောင်းမှ တိမ်းစောင်း၍-လည်းဖြစ်နိုင်ကြသည်ဟူသော သဘောတစ်မျိုးသည်လည်း ရှိနိုင်သည် ဖြစ်ငြားအံ့၊ ယင်းသို့ ဖြစ်နိုင်သေးခဲ့သော် အသင်သူတော်ကောင်း နှစ်ခြိုက်မှုရှိသည့်အတိုင်း ရှုနိုင်ပေသည်။ သို့သော် ယင်းကဲ့သို့သော စိတ္တနိယာမ ဓမ္မတာ လမ်းကြောင်းမှ တိမ်းစောင်း၍ ဖြစ်ရိုးဓမ္မတာရှိကြောင်း ပါဠိတော် အဋ္ဌကထာဋီကာ အဆိုအမိန့်များသည် မရှိကေန်သာ ဖြစ်ခဲ့၏။ ထို့ကြောင့် အသင်သူတော်ကောင်းသည် နာမ်တရားတို့ကို သိမ်းဆည်းလိုခဲ့သော် ဉာဏ်ဖြင့် ပိုင်းခြားယူလိုခဲ့သော် ဝိပဿနာရှုပွားလိုခဲ့သော် ယင်းစိတ္တနိယာမ ဓမ္မတာလမ်းရိုး လမ်းဟောင်းကြီးအတိုင်းသာ သိမ်းဆည်းရမည် ဉာဏ်ဖြင့် ပိုင်းခြားယူရမည် ဝိပဿနာ ရှုပွားသုံးသပ်ရမည် ဖြစ်ပေသည်။ အကြောင်းမူ — ယင်းကဲ့သို့သော စိတ္တနိယာမ ဓမ္မတာလမ်းရိုး လမ်းဟောင်းကြီးအတိုင်း ဖြစ်ပေါ်နေကြသော ဝီထိမုတ်စိတ် ဝီထိစိတ်တို့ကို စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် အတူတကွ နာမ်တုံးနာမ်ခဲ နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့်ဖြိုခွဲဖျက်ဆီးလျက် ရှုနိုင်ပါမှ မြင်နိုင်ပါမှ ပရမတ်သို့ဉာဏ်အမြင်ဆိုက်ကာ ပရမတ္ထဒုက္ခ-သစ္စာ တရားအစစ်ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိသည် မည်သောကြောင့်ပင်တည်း။ သမာဓိတည်းဟူသော မြတ်သောကျောက်ဖျာထက်၌ မြမြထက်အောင် သွေးထားအပ်သော ဉာဏ်တည်းဟူသော သန်လျက်၏ စွမ်းအားရှိန်စော် အာနုဘော်ကား ကြီးမားလှသည်သာ ဖြစ်ပေသည်။

သို့သော် သာဝကပါရမီဉာဏ်အရာ၌ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် အချိန်ကာလအတွင်း၌ စိတ္တက္ခဏပေါင်း အကြိမ်ကုဋေတစ်သိန်းခန့်မျှ ဖြစ်ပျက်သွားကြသော နာမ်တရားစုတို့တွင် သာဝက-တို့သည် ဝိပဿနာရှုလိုက်နိုင်သော နာမ်တရားတို့ကား အချို့အဝက် တစ်စိတ်တစ်ဒေသမျှသာ ရှိကြောင်းကို **ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်း**တွင် ရှင်းလင်းတင်ပြခဲ့ပြီးပင် ဖြစ်ပေသည်။ အတိတ်ဘဝ ထိုထိုက ဆည်းပူးစုဆောင်းခဲ့-သော ပါရမီတော်မြတ်တရားအပေါင်း,ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေသော ပါရမီတရားအပေါင်းနှင့် ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်ထားသော သမာဓိ၏ စွမ်းအင်အပေါ်တွင် အခြေစိုက်လျက် ဉာဏ်အာနုဘော်၏ စွမ်းအားရှိန်စော် အာနုဘော်မှာလည်း ကြီးထွားလာရသည်ဖြစ်ရကား ဉာဏ်အာနုဘော် ကြီးလျှင်ကြီးသလောက် ခပ်များများ တစ်စိတ်တစ်ဒေသကို ဝိပဿနာ ရှုပွားသုံးသပ်နိုင်၍ ဉာဏ်အာနုဘော် သေးလျှင်လည်း သေးသလောက် ခပ်-နည်းနည်း တစ်စိတ်တစ်ဒေသကိုသာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်မည် ဖြစ်ပေသည်။

အသင်သူတော်ကောင်းသည် မိမိ၏အနီးရင်ဆိုင်တွင် တည်ရှိနေသော သူတော်ကောင်းတစ်ဦး၏ ဆံပင်ကို လှမ်း၍ကြည့်စမ်းကြည့်ပါ။ အကယ်၍ အသင်သူတော်ကောင်း၏ စက္ခုပသာဒများမှာ အလွန်အားကောင်းနေ-ပါက မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်ဟု ခေါ်ဆိုအပ်သော အချိန်ကာလအတွင်း၌ ထိုမိမိ၏ ရှေ့ရှုရင်ဆိုင်၌ တည်နေသော သူတော်ကောင်း၏ ဆံပင်များကို မရေမတွက်နိုင်အောင် အလွန့်အလွန် များပြားစွာ တွေ့မြင်နိုင်မည်ဖြစ်ပေသည်။ ဤသည်မှာ ရိုးရိုးပကတိမျက်စိအမြင်ဟုခေါ်ဆိုအပ်သော စက္ခုဒွါရဝီထိနှင့် ဆံပင်ကို အာရုံပြုနေကြသော မနောဒွါရဝီထိတို့၏ စွမ်းအင်မျှသာဖြစ်သည်။ ပကတိသော မျက်စိအမြင်သည်ပင် ထိုမျှ-လောက် အာနုဘော်ကြီးမားလျှင် ဝိပဿနာဉာဏ်မျက်စိကား ထိုထက်ပင် အဆအရာအထောင်မက စွမ်းအား ရှိန်စော် အာနုဘော်ကြီးမားလှသည်ကိုကား အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် လက်ခံနိုင်ရမည်သာ ဖြစ်ပေ-သည်။ အသင်သူတော်ကောင်းသည် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးနှင့် အလွဲကြီး မလွဲမိအောင် အထူး သတိပြုသင့်လှပေသည်။

## ပညာဘာဝနာ ပြည့်စုံနိုင်ပါသည်

ဧဝံ ကာလေန ရူပံ ကာလေန အရူပံ သမ္မသိတွာပိ တိလက္ခဏံ အာရောပေတွာ အနုက္ကမေန ပဋိပဇ္ဇမာနော ဧကော ပညာဘာဝနံ သမ္ပာဒေတိ။ (ဝိသုဒ္ဓိ-၂-၂၅၃။)

**အနုက္ကမေနာ**တိ ဥဒယဗ္ဗယဉာဏာဒိဂမာနုက္ကမေန **ပညာဘာဝနံ သမ္ပာဒေတိ** အရဟတ္တံ အဓိဂစ္ဆတိ။ (မဟာဋီ-၂-၄၀၅။)

ဤသို့လျှင် ရံခါ ရုပ်တရားကို ရံခါ နာမ်တရားကို သုံးသပ်၍လည်း လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာဘာဝနာကို ရှုပွားခဲ့သည်ရှိသော် ဥဒယဗ္ဗယဉာဏ်ကို ရရှိခြင်းစသော အစီအစဉ်ဖြင့် အစဉ်အတိုင်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ပညာဘာဝနာကို ပြည့်စုံစေနိုင်၏။ အရဟတ္တဖိုလ်ကို ရရှိနိုင်ပေ၏။ (ဝိသုဒ္ဓိ-၂-၂၅၃။ မဟာဋီ-၂-၄၀၅။)

## ရှေးဟောင်းလမ်းရိုးကြီးသာ ဖြစ်သည်

ဝိပဿနာအရာ၌ ပရမတ္ထဓာတ်သား တစ်လုံးစီ တစ်လုံးစီကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံး-သပ်သော **အနုပဒဓမ္မဝိပဿနာ**ရှုပွားနည်းနှင့် ပရမတ္ထဓာတ်သားတို့ကို ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, အာယတနတစ်ဆယ့်နှစ်ပါးနည်း, ဓာတ်တစ်ဆယ့်ရှစ်ပါးနည်း စသည်ဖြင့် အုပ်စုအလိုက် ပေါင်းစုချုံ၍ ဝိပဿနာ ရှုပွားသုံးသပ်သော **ကလာပသမ္မသန** ဟုခေါ်ဆိုအပ်သော **နယဝိပဿနာ**ရှုပွားနည်းဟု နှစ်နည်းရှိကြောင်းကို အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်၏။ ဝိပဿနာဘာဝနာကို စတင်အားသစ်စဖြစ်သော အာဒိကမ္မိက ယော-ဂါဝစရပုဂ္ဂိုလ်သည် အနုပဒဓမ္မဝိပဿနာရှုနည်းဖြင့် စတင်၍ အားမထုတ်သေးဘဲ ကလာပသမ္မသနနည်းဖြင့် စတင်၍ အားသစ်သင့်ကြောင်းကိုလည်း ရှင်းလင်းတင်ပြခဲ့ပြီးပင် ဖြစ်၏။ ဤဝိပဿနာပိုင်းတွင် ယခုတိုင်အောင် ရေးသားတင်ပြခဲ့သော ဝိပဿနာဘာဝနာမှာလည်း ကလာပသမ္မသနနည်းမျှသာ ရှိပေသေးသည်။ ဤကလာပ သမ္မသနနည်း သက်သက်ဖြင့်လည်း ပညာဘာဝနာ ပြည့်စုံနိုင်ကြောင်း, အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်ကြောင်း ကို အထက်တွင် ရေးသား တင်ပြထားသည့်အတိုင်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကလည်း ဖွင့်ဆိုထားတော်မူ၏။ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူကြသော ရှေးဟောင်းထုံးများသည်လည်း သင်္ဂါယနာသုံးတန် တင်-ထားအပ်သော သို့မဟုတ် သင်္ဂါယနာ (၆)ကြိမ်တိုင်တိုင် တင်ထားအပ်သော ပိဋကပါဠိတော်များတွင် အထင်အရှား ရှိကြသည်သာဖြစ်ပေသည်။ ထိုပိဋကပါဠိတော်များမှ ထင်ရှားရာ ပုံစံအချို့ကို ဆက်လက်တင်ပြအပ်ပါသည်။

ဘုရားရှင်သည် ပဉ္စဝဂ္ဂီအမည်ရှိတော်မူကြသော မထေရ်မြတ်တို့အား **ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်** (သံ-၃-၃၆၈) ဟု ခေါ်ဆိုသော ဓမ္မစကြာတရားဒေသနာတော်ဖြင့် သောတာပတ္တိဖိုလ်၌ တည်စေတော်မူခဲ့၏။ ဓမ္မစကြာတရား ဒေသနာတော်မှာ **မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စသံယုတ်** (သံ-၃-၃၆၈)၌ ထည့်သွင်း၍ သင်္ဂါယနာ တင်ထား-တော်မူသော သစ္စဒေသနာတော်နည်းဖြစ်၏။ သစ္စဒေသနာတော်နည်းအရ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို အားသစ်လိုသော ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝဋ္ဋသစ္စာဖြစ်ကြသော ဒုက္ခသစ္စာ သမု-ဒယသစ္စာ တရားတို့၌ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို နှလုံးသွင်းရမည် ဖြစ်ကြောင်းကို အဋ္ဌကထာများကလည်း အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူကြ၏။ —

တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။ (အဘိ-ဌ-၂-၁၀၉။ ဒီ-ဌ-၂-၃၉၁။)

= ထို သစ္စာ (၄)ပါးတို့တွင် ဒုက္ခသစ္စာ သမုဒယသစ္စာဟူသော ရှေးသစ္စာ (၂)ပါးတို့ကား ဝဋ္ဋသစ္စာတည်း။ နိရောဓသစ္စာ မဂ္ဂသစ္စာဟူသော နောက်သစ္စာ (၂)မျိုးတို့ကား ဝိဝဋ္ဋသစ္စာတည်း။ ထိုဝဋ္ဋသစ္စာ ဝိဝဋ္ဋသစ္စာ နှစ်မျိုး-တို့တွင် ယောဂါဝစရပုဂ္ဂိုလ်သည် ဝဋ္ဋသစ္စာ ဖြစ်ကြသော ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်မျိုး၌သာလျှင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း နှလုံးသွင်းခြင်းသည် ဖြစ်၏။ (အဘိ-ဌ-၂-၁၀၉။ ဒီ-ဌ-၂-၃၉၁။)

ဝိပဿနာနှလုံးသွင်းရှုပွားရမည့် ဝဋ္ဋသစ္စာနှစ်မျိုးတို့တွင် – ဒုက္ခသစ္စာဟူသည် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ (သံ-၃-၃၆၉)ဟူသော ဓမ္မစကြာဒေသနာတော်နှင့်အညီ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာတရားတို့ ဖြစ်ကြ၏။ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာတို့-ပင်တည်း။

၁။ အာသဝေါတရားတို့၏ အာရုံဖြစ်သော တဏှာဒိဋ္ဌိတို့ဖြင့် "ငါ-ငါ့ဟာ"ဟု စွဲယူအပ်သော အတိတ်-အနာဂတ် ပစ္စုပ္ပန်-အဇ္ဈတ္တ-ဗဟိဒ္ဓ-ဩဠာရိက-သုခုမ-ဟီန-ပဏီတ-ဒူရ-သန္တိက ဟူသော (၁၁)မျိုးသော အခြင်းအရာ အားဖြင့် တည်နေသော ရုပ်တရားအစုအပုံသည် ရူပုပါဒါနက္ခန္ဓာ မည်၏။

၂။ ။ ပ ။ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဝေဒနာအစုအပုံသည် ဝေဒနုပါဒါနက္ခန္ဓာမည်၏။

၃။ ။ ပ ။ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော သညာအစုအပုံသည် သညုပါဒါနက္ခန္ဓာမည်၏။

၄။ ။ ပ ။ (၁၁)မျိုးသောအခြင်းအရာအားဖြင့်တည်နေသော သင်္ခါရတရားအစုအပုံသည် သင်္ခါရုပါဒါနက္ခန္ဓာ မည်၏။

၅။ ။ ပ ။ (၁၁)မျိုးသောအခြင်းအရာအားဖြင့် တည်နေသော ဝိညာဏ်တရားအစုအပုံသည် ဝိညာဏုပါဒါန-က္ခန္ဓာ မည်၏။ (သံ-၂-၃၉။ ခန္ဓသုတ္တန်။)

ယင်းဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ အကြောင်းရင်းစစ်ဖြစ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံထားအပ်သော သင်္ခါရ-ကံတို့သည် သမုဒယသစ္စာမည်၏။ တစ်နည်းဆိုရသော် ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့၏ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်နွယ်မှု သဘောတရားသည်ကား သမုဒယသစ္စာ မည်၏။

(အံ-၁-၁၇၈။ တိတ္ထာယတနသုတ္တန်။)

သစ္စာဒေသနာတော်နည်းအရ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လိုသော ယောဂါဝစရ ရဟန်းတော်သည် ယင်း (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါး = ဒုက္ခသစ္စာ တရားနှင့် အထက်ပါ သမုဒယသစ္စာတရား နှစ်ပါးတို့၌ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ရ၏။ ပဉ္စဝဂ္ဂီရဟန်းတော်တို့သည်လည်း ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို ဝိပဿနာရှုပွားသုံးသပ်တော်

မူကြသဖြင့် သောတာပတ္တိဖိုလ်သို့ အသီးအသီး ဆိုက်ရောက်သွားတော်မူကြ၏။

တစ်ဖန် ဘုရားရှင်သည် သောတာပန်တည်တော်မူပြီးကြသော ပဉ္စဝဂ္ဂီရဟန်းတော်တို့အား **အနတ္တလက္ခဏသုတ္တန်**ဒေသနာတော်ဖြင့် တစ်ဆင့်တက်၍ အရဟတ္တဖိုလ်သို့ တည်စေတော်မူခဲ့၏။ ယင်းအနတ္တလက္ခဏသုတ္တန် ဒေသနာတော်ကား ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံ ဒုက္ခဖြစ်ပုံ အနတ္တဖြစ်ပုံတို့ကို အနိစ္စတစ်ကျော့ ဒုက္ခတစ်ကျော့ အနတ္တတစ်ကျော့ တစ်ကျော့စီ တစ်ကျော့စီ အပြန်အလှန် အမေးအဖြေ ပြုလုပ်ပြီးမှ ပဉ္စဝဂ္ဂီရဟန်း- တော်တို့က ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ကြောင်း ဒုက္ခဖြစ်ကြောင်း အနတ္တဖြစ်ကြောင်းကို ဝန်ခံစကား လျှောက်ကြားလာတော်မူကြသောအခါ ဘုရားရှင်က အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်း- အရာအားဖြင့် တည်နေသည့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုရန် ညွှန်ကြားပြသပေးတော်မူသော **တေပရိ- ဝဋ္ဋဓမ္မဒေသနာတော်**ပင် ဖြစ်၏။ ဤတွင် အသင်သူတော်ကောင်းအပေါင်းတို့သည် ပဉ္စဝဂ္ဂီရဟန်းတော်တို့ အရဟတ္တဖိုလ်ပေါက် ရှုပွားသုံးသပ်သွားတော်မူသော ဝိပဿနာဟူသည် မည်ကဲ့သို့သော ဝိပဿနာမျိုးဖြစ်သည် ကို ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝဖြင့် မှတ်သားနာယူနိုင်ရန် အလို့ငှာ **အနတ္တလက္ခဏသုတ္တန် ဒေသနာ- တော်**ကို ဆက်လက်၍ ရေးသား တင်ပြအပ်ပါသည်။

## အနတ္တလက္ခဏသုတ္တန် ဒေသနာတော်

၁။ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ —

၂။ ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ “ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ”တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ “ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ”တိ။

၃။ ဝေဒနာ အနတ္တာ၊ ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝေဒနာယ “ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ”တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝေဒနာယ “ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ”တိ။

၄။ သညာ အနတ္တာ၊ သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ သညာယ “ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ သညာယ “ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ”တိ။

၅။ သင်္ခါရာ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ န စ လဗ္ဘတိ သင်္ခါရေသု “ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု”န္တိ။

၆။ ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ။

၇။ တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ “ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ”တိ။ နော ဟေတံ ဘန္တေ။

၈။ တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ “နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၉။ ယာ ကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၀။ ယာ ကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၁။ ယေ ကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တာ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၂။ ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၃။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ “ဝိမုတ္တ”မိတိ ဉာဏံ ဟောတိ။ “ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ”တိ ပဇာနာတီတိ။

ဣဒမဝေါစ ဘဂဝါ ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။ (သံ-၂-၅၅-၅၆။)

ယခုအခါ ယင်းအနတ္တလက္ခဏသုတ္တန် ဒေသနာတော်မြတ်၏ မြန်မာပြန်ကို ဆက်လက်၍ ရေးသားတင်ပြ-အပ်ပါသည်။

## အနတ္တလက္ခဏသုတ္တန်ဒေသနာတော် မြန်မာပြန်

၁။ အခါတစ်ပါး၌ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည်၏အနီး ဘုရား ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဈာန်အဘိညာဏ်ဖြင့် ကောင်းကင်မှ သက်ဆင်းရာ ကောင်းကင်သို့ တက်ရာ ဖြစ်ခြင်းကြောင့် ဣသိပတန အမည်ရသော သားပေါင်းစုံသည့် မိဂဒါဝုန် တောရဂုံ၌ သီတင်းသုံးစံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတော်တို့ကို "ရဟန်းတို့". . . ဟု မိန့်ခေါ်တော်မူ၏။ "အရှင်ဘုရား". . . ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤ**အနတ္တလက္ခဏ သုတ္တန်** တရားဒေသနာတော်မြတ်ကို ဤသို့ ဟောကြားတော်မူ၏။ —

၂။ ရဟန်းတို့ . . . ရုပ်တရားသည် အတ္တမဟုတ်။ ရဟန်းတို့ . . . ဤရုပ်တရားသည်လည်း အတ္တဖြစ်ခဲ့ငြားအံ့၊ ဤရုပ်တရားသည် နာကျင်ခြင်းငှာ မဖြစ်လေရာ။ "ငါ၏ ရုပ်တရားသည် ဤသို့ ဖြစ်ပါစေသတည်း၊ ငါ၏ ရုပ်တရားသည် ဤသို့ မဖြစ်ပါစေလင့်" ဟု ရုပ်တရား၌ တောင့်တသည့်အတိုင်း ရလည်းရလေရာ၏။ ရဟန်းတို့ ရုပ်တရားသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်၏။ "ငါ၏ ရုပ်တရားသည် ဤသို့ဖြစ်ပါစေသတည်း၊ ငါ၏ ရုပ်တရားသည် ဤသို့ မဖြစ်ပါစေလင့်" ဟု ရုပ်တရား၌ တောင့်တသည့်အတိုင်း ရလည်း မရအပ်ပေ။ (ရုပ်တရားသည် အတ္တ မဟုတ်သည့်အတွက် နာကျင်ခြင်းသာ ဖြစ်ရုံသာမက မနာပါလင့်ဟူ၍ တောင့်တတိုင်း လည်း မရအပ် မရနိုင် ဟူလိုသည်။)

၃။ ရဟန်းတို့ . . . ဝေဒနာသည် အတ္တမဟုတ်၊ ရဟန်းတို့ . . . ဤဝေဒနာသည်လည်း အတ္တဖြစ်ခဲ့ငြားအံ့၊ ဤဝေဒနာသည် နာကျင်ခြင်းငှာ မဖြစ်လေရာ။ "ငါ၏ ဝေဒနာသည် ဤသို့ဖြစ်ပါစေသတည်း၊ ငါ၏ ဝေဒနာ-သည် ဤသို့မဖြစ်ပါစေလင့်" ဟု ဝေဒနာတရား၌ တောင့်တသည့်အတိုင်း ရလည်းရလေရာ၏။ ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာဖြစ်၏။ "ငါ၏ဝေဒနာသည် ဤသို့ဖြစ်ပါစေသတည်း၊ ငါ၏ ဝေဒနာသည် ဤသို့ မဖြစ်ပါစေလင့် "ဟု ဝေဒနာတရား၌ တောင့်တသည့်အတိုင်း ရလည်းမရအပ်ပေ။

၄။ ရဟန်းတို့ . . . သညာသည် အတ္တမဟုတ်၊ ရဟန်းတို့ . . . ဤသညာသည်လည်း အတ္တဖြစ်ခဲ့ငြားအံ့၊ ဤသညာသည် နာကျင်ခြင်းငှာ မဖြစ်လေရာ။ "ငါ၏ သညာသည် ဤသို့ဖြစ်ပါစေသတည်း၊ ငါ၏ သညာသည် ဤသို့မဖြစ်ပါစေလင့်" ဟု သညာတရား၌ တောင့်တသည့်အတိုင်း ရလည်းရလေရာ၏။ ရဟန်းတို့ သညာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာဖြစ်၏။ "ငါ၏ သညာသည် ဤသို့ ဖြစ်ပါစေသတည်း၊ ငါ၏ သညာသည် ဤသို့ မဖြစ်ပါစေလင့်"ဟု သညာတရား၌ တောင့်တသည့်အတိုင်း ရလည်းမရအပ်ပေ။

၅။ ရဟန်းတို့ . . . (စေတသိက်) သင်္ခါရတရားတို့သည် အတ္တမဟုတ်ကုန်။ ရဟန်းတို့ . . . ဤ (စေတ-သိက်) သင်္ခါရတရားတို့သည်လည်း အတ္တဖြစ်ခဲ့ကုန်ငြားအံ့၊ ဤ (စေတသိက်) သင်္ခါရတရားတို့သည် နာကျင်ခြင်းငှာ မဖြစ်ကြလေကုန်ရာ။ "ငါ၏ (စေတသိက်) သင်္ခါရတရားတို့သည် ဤသို့ ဖြစ်ပါစေကုန်သတည်း၊ ငါ၏ (စေတသိက်) သင်္ခါရတရားတို့သည် ဤသို့ မဖြစ်ကြပါစေကုန်လင့်"ဟု (စေတသိက်) သင်္ခါရတရားတို့၌ တောင့်တသည့်အတိုင်း ရလည်းရလေကုန်ရာ၏။ ရဟန်းတို့ (စေတသိက်) သင်္ခါရတရားတို့သည် အတ္တမဟုတ်ကြကုန်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်ကုန်၏။ "ငါ၏ (စေတသိက်) သင်္ခါရတရားတို့သည် ဤသို့ ဖြစ်ပါစေကုန်သတည်း၊ ငါ၏ (စေတသိက်) သင်္ခါရတရားတို့သည် ဤသို့ မဖြစ်ကြပါစေကုန်လင့်"ဟု (စေတသိက်) သင်္ခါရတရားတို့၌ တောင့်-တသည့်အတိုင်း ရလည်းမရအပ်လေကုန်။

၆။ ရဟန်းတို့ . . . (အသိစိတ်) ဝိညာဏ်သည် အတ္တမဟုတ်၊ ရဟန်းတို့ . . . (အသိစိတ်) ဝိညာဏ်သည် အတ္တဖြစ်ခဲ့ငြားအံ့၊ ဤ (အသိစိတ်) ဝိညာဏ်သည် နာကျင်ခြင်းငှာ မဖြစ်လေရာ။ "ငါ၏ (အသိစိတ်) ဝိညာဏ်သည်

ဤသို့ဖြစ်ပါစေသတည်း၊ ငါ၏ (အသိစိတ်) ဝိညာဏ်သည် ဤသို့မဖြစ်ပါစေလင့်”ဟု (အသိစိတ်) ဝိညာဏ်တရား၌ တောင့်တသည့်အတိုင်း ရလည်းရလေရာ၏၊ ရဟန်းတို့ (အသိစိတ်) ဝိညာဏ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်၏။ “ငါ၏ (အသိစိတ်) ဝိညာဏ်သည် ဤသို့ ဖြစ်ပါစေသတည်း၊ ငါ၏ (အသိစိတ်) ဝိညာဏ်-သည် ဤသို့ မဖြစ်ပါစေလင့်”ဟု (အသိစိတ်) ဝိညာဏ်တရား၌ တောင့်တသည့်အတိုင်း ရလည်းမရအပ်ပေ။

၇။ ရဟန်းတို့ . . . ထိုငါဘုရား မေးမည့်အရာကို သင်ချစ်သားတို့သည် အဘယ်သို့ မှတ်ထင်ယူဆကြကုန်-သနည်း။ ရဟန်းတို့ . . . ရုပ်တရားသည် နိစ္စလေလော၊ အနိစ္စလေလော။

အနိစ္စပါ အရှင်ဘုရား။

အနိစ္စဖြစ်သော ရုပ်တရားသည် ဒုက္ခလေလော၊ သုခလေလော။

ဒုက္ခပါ အရှင်ဘုရား။

အနိစ္စဖြစ်သော ဒုက္ခဖြစ်သော ဖောက်ပြန်ပျက်စီးတတ်သည့် ဝိပရိဏာမဓမ္မဖြစ်သော ထိုရုပ်တရားကို “ဤရုပ်တရားသည် ငါ၏ ရုပ်တရားတည်း၊ ဤရုပ်တရားသည် ငါဖြစ်၏၊ ဤရုပ်တရားသည် ငါ၏အတ္တတည်း” ဟု စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်တင့်လျောက်ပတ်ပါမည်လော။

မသင့်လျော်ပါ အရှင်ဘုရား။

ဝေဒနာသည်။ ပ ။

သညာသည်။ ပ ။

(စေတသိက်) သင်္ခါရတရားစုတို့သည်။ ပ ။

(အသိစိတ်) ဝိညာဏ်သည် နိစ္စလေလော၊ အနိစ္စလေလော။

အနိစ္စပါ အရှင်ဘုရား။

အနိစ္စဖြစ်သော (အသိစိတ်) ဝိညာဏ်သည် ဒုက္ခလေလော၊ သုခလောလော။

ဒုက္ခပါ အရှင်ဘုရား။

အနိစ္စဖြစ်သော ဒုက္ခဖြစ်သော ဖောက်ပြန်ပျက်စီးတတ်သည့် ဝိပရိဏာမဓမ္မဖြစ်သော ထို (အသိစိတ်) ဝိညာဏ်တရားကို “ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါ၏ (အသိစိတ်) ဝိညာဏ်တရားတည်း၊ ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါဖြစ်၏၊ ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါ၏အတ္တတည်း”ဟု စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ သင့်တင့်လျောက်ပတ်ပါမည်လော။

မသင့်လျော်ပါ အရှင်ဘုရား။

၈။ ရဟန်းတို့ . . . ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ထိုသို့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သောကြောင့် (သံ-၄-၂-၂၅၆။) —

အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်းဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမူလည်း ဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, (ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်အသိဉာဏ်နှင့်) ဝေးသော ဒူရမူလည်းဖြစ်သော နီးသော သန္တိကမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း ရှိချေ၏။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော ရုပ်တရားကို —

ကျ။ နေတံ မမ = ဤရုပ်တရားသည် ငါ၏ ရုပ်တရား မဟုတ်။
ခ။ နေသောဟမသ္မိ = ဤရုပ်တရားသည် ငါ မဟုတ်။
ဂ။ န မေသော အတ္တာ = ဤရုပ်တရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့လျှင် ဤအလုံးစုံသော ရုပ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။

**[နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာတိ သမနုပဿာမိ**တိ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ။ (မ-ဋ္ဌ-၄-၂၃၂။) ဤအဋ္ဌကထာအဖွင့်နှင့်အညီ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ ဟု ရှုပါဟူသည် အနိစ္စဟု ရှုပါ၊ ဒုက္ခဟု ရှုပါ၊ အနတ္တဟု ရှုပါ ဟူသည်နှင့် အတူတူပင်ဟု မှတ်သားပါ။]

၉။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောအလုံးစုံသော ဝေဒနာတရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်း ဖြစ်သော ဗဟိဒ္ဓမူလည်း ဖြစ်သော အလုံးစုံသော ဝေဒနာတရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမူလည်းဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမူလည်းဖြစ်သော အလုံးစုံသော ဝေဒနာတရားသည်လည်း-ကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော ဝေဒနာ တရားသည်လည်းကောင်း, ဝေးသော ဒူရမူလည်းဖြစ်သော နီးသောသန္တိကမူလည်းဖြစ်သော အလုံးစုံသော ဝေဒနာတရားသည်လည်းကောင်း ရှိချေ၏။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော ဝေဒနာတရားကို —

ကျ။ နေတံ မမ = ဤဝေဒနာတရားသည် ငါ၏ ဝေဒနာတရား မဟုတ်။
ခ။ နေသောဟမသ္မိ = ဤဝေဒနာတရားသည် ငါ မဟုတ်။
ဂ။ န မေသော အတ္တာ = ဤဝေဒနာတရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့လျှင်အလုံးစုံသော ဝေဒနာတရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ ။

၁၀။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော သညာတရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်း ဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော သညာတရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမူလည်းဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမူလည်းဖြစ်သော အလုံးစုံသော သညာတရားသည်လည်း-ကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော သညာ တရားသည်လည်းကောင်း, ဝေးသော ဒူရမူလည်းဖြစ်သော နီးသော သန္တိကမူလည်းဖြစ်သော အလုံးစုံသော သညာတရားသည်လည်းကောင်း ရှိချေ၏။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော သညာတရားကို —

ကျ။ နေတံ မမ = ဤသညာတရားသည် ငါ၏ သညာတရား မဟုတ်။
ခ။ နေသောဟမသ္မိ = ဤသညာတရားသည် ငါ မဟုတ်။
ဂ။ န မေသော အတ္တာ = ဤသညာတရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့လျှင် အလုံးစုံသော သညာတရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံး နာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။

၁၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့သည်လည်းကောင်း, အဇ္ဈတ္တမူလည်းဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့သည်လည်းကောင်း,

ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမှုလည်းဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမှုလည်းဖြစ်သော အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့သည်လည်းကောင်း, ယုတ်ညံ့သော ဟီနမှုလည်းဖြစ်သော မွန်မြတ်သော ပဏီတမှု-လည်းဖြစ်သော အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့သည်လည်းကောင်း, ဝေးသော ဒူရမှုလည်းဖြစ်သော နီးသော သန္တိကမှုလည်း ဖြစ်သော အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့သည်လည်းကောင်း ရှိကြချေ၏။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေကြသော အလုံးစုံသော (စေတသိက်) သင်္ခါရတရားစုတို့ကို-

က။ နေတံ မမ = ဤ (စေတသိက်) သင်္ခါရတရားသည် ငါ၏ (စေတသိက်) သင်္ခါရတရား မဟုတ်။
ခ။ နေသောဟမသ္မိ = ဤ (စေတသိက်) သင်္ခါရတရားသည် ငါ မဟုတ်။
ဂ။ န မေသော အတ္တာ = ဤ (စေတသိက်) သင်္ခါရတရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့လျှင် အလုံးစုံသော (စေတသိက်) သင်္ခါရတရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။

၁၂။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားသည်လည်းကောင်း, အဇ္ဈတ္တမှုလည်းဖြစ်သော ဗဟိဒ္ဓမှုလည်းဖြစ်သော အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမှုလည်းဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမှုလည်းဖြစ်သော အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားသည်လည်းကောင်း, ယုတ်ညံ့သော ဟီနမှုလည်းဖြစ်သော မွန်မြတ်သော ပဏီတ-မှုလည်းဖြစ်သော အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားသည်လည်းကောင်း, ဝေးသော ဒူရမှုလည်းဖြစ်သော နီးသော သန္တိကမှုလည်းဖြစ်သော အလုံးစုံသော (အသိစိတ်) ဝိညာဏ် တရားသည်လည်းကောင်း ရှိချေ၏၊ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားကို —

က။ နေတံ မမ = ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါ၏ (အသိစိတ်) ဝိညာဏ်တရား မဟုတ်။
ခ။ နေသောဟမသ္မိ = ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါ မဟုတ်။
ဂ။ န မေသော အတ္တာ = ဤ (အသိစိတ်) ဝိညာဏ်တရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့လျှင် အလုံးစုံသော (အသိစိတ်) ဝိညာဏ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာ ဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။

၁၃။ ဤသို့ (၁၁)မျိုးသော အခြင်းအရာအားဖြင့်တည်နေသော ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်သော အာဂမသုတဟူသော သင်သိ, အဓိဂမသုတဟူသော ကျင့်သိ – ဤအသိနှစ်မျိုးဖြင့် အကြားအမြင် ဗဟုသုတရှိသော အရိယာတပည့်သာဝကသည် တစ်နည်း — အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် ရုပ်တရား၌လည်း ငြီးငွေ့တော့၏၊ ဝေဒနာတရား၌လည်း ငြီးငွေ့တော့၏၊ သညာတရား၌လည်း ငြီးငွေ့တော့၏၊ စေတသိက်သင်္ခါရတရားစု၌လည်း ငြီးငွေ့တော့၏၊အသိစိတ်ဝိညာဏ်တရား၌လည်း ငြီးငွေ့တော့၏။ ငြီးငွေ့ခဲ့သော် (= နိဗ္ဗိဒါနုပဿနာဉာဏ်နှင့်တကွသော ဝိပဿနာဉာဏ်အားလုံးတို့သည် အစဉ်အတိုင်း ဝိပဿနာ၏အထွတ်အထိပ်သို့ ရောက်အောင် ဖြစ်ပေါ်ခဲ့သော်) ဥပါဒါနက္ခန္ဓာငါးပါးတို့အပေါ်၌ တွယ်တာတပ်မက်ခြင်း ရာဂတရားသည် ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းတော့၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့အပေါ်၌ တွယ်တာတပ်မက်မှု ရာဂတရား၏ ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်း-ခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်တော့၏။ ကိလေသာတို့မှ လွတ်မြောက်လတ်သော် “ငါသည် ကိလေ-သာတို့မှ လွတ်မြောက်ရပေပြီ”ဟု အသိဉာဏ်သည် ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေတည်နေရမှုသည် ကုန်ဆုံးပျက်ပြုန်းခဲ့လေပြီ။ သီလ-သမာဓိ-ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသန

ပြဟ္မစရိယ, အရိယမဂ်ဉာဏ်တည်းဟူသော မဂ္ဂဗြဟ္မစရိယ - ဤဗြဟ္မစရိယနှစ်ပါးကို တစ်နည်း မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးပြီးပြီ၊ သာသနာတော်၌ ပြုသင့်ပြုထိုက်သော အရိယမဂ်ကိစ္စကို ပြုပြီးပြီ။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်ကိစ္စသည် မရှိတော့ပြီဟု သိ၏ — ဟု ဟောကြားတော်မူ၏။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် ဤ**အနတ္တလက္ခဏသုတ္တန် ဒေသနာတော်မြတ်**ကို ပဉ္စဝဂ္ဂီရဟန်းတော်တို့အား ဟောကြားပြသ ဆိုဆုံးမတော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်၏ ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သော တရားဒေသနာတော်ကို နှစ်လိုအားရမ်း ရွှင်လန်းဝမ်းမြောက်သော စိတ်ထား ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သော တရားဒေသနာတော်ကို အလွန် နှစ်သက်တော်မူကြလေကုန်ပြီ။

ဤဂါထာမဖက် သက်သက်သော အမေးအဖြေဖြစ်သော ဝေယျာကရဏအမည်ရသော အနတ္တလက္ခဏ သုတ္တန် တရားဒေသနာတော်မြတ်ကို ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတော်တို့၏ စိတ်တို့သည် ဉပါဒါနက္ခန္ဓာငါးပါးတို့အပေါ်၌ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်တော်မူကြလေကုန်၏။ (သံ-၂-၅၅-၅၆။)

ဤဒေသနာတော်ကား နောင်တော့်နောင်တော်များ ဖြစ်တော်မူကြသည့် ပဉ္စဝဂ္ဂီရဟန်းတော်တို့၏ နိဗ္ဗာန်သို့ ကြွသွားတော်မူရာ **ရှေးဟောင်းလမ်းရိုးကြီးသာ** ဖြစ်ပေသည်။ ပဉ္စဝဂ္ဂီရဟန်းတော်တို့သည် သောတာပတ္တိဖိုလ်၌ တည်တော်မူကြပြီးနောက် အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဉပါဒါနက္ခန္ဓာငါးပါးတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုပွားသုံးသပ်တော်မူကြသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့ကြ၏။ ယင်းသို့ဖြစ်လျှင် ဓမ္မစကြာဒေသနာတော်နှင့် ဤအနတ္တလက္ခဏသုတ္တန် ရှုကွက်သည် တူညီမှုရှိမှ ရှိပါ့မလားဟု အသင်သူတော်ကောင်းအနေဖြင့် သံသယဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ထိုသို့ကား သံသယမဖြစ်သင့်ပေ။ အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း သစ္စာဒေသနာတော်နည်းအရ ယောဂါဝစရ ရဟန်းတော်သည် စတုသစ္စဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုခဲ့သော် ဝဋ္ဋသစ္စာဖြစ်သော ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့၌ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုပွား သုံးသပ်အပ်ပေသည်။ ထိုတွင် ဒုက္ခသစ္စာ တရားဟူသည်မှာလည်း အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဉပါဒါနက္ခန္ဓာငါးပါးတို့ပင် ဖြစ်ကြသည်။ ယင်း ဉပါဒါနက္ခန္ဓာငါးပါးတို့ကိုပင် တစ်ဖန် အနတ္တလက္ခဏသုတ္တန် ဒေသနာတော်၌ လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ရန် အထူးသဖြင့် အနတ္တလက္ခဏာကို ဦးစားပေး၍ ဝိပဿနာရှုပွားသုံးသပ်ရန် ဘုရားရှင်က ထပ်မံ၍ ညွှန်ကြားတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ဓမ္မစကြာ ဒေသနာတော်ရှုကွက်နှင့် အနတ္တလက္ခဏသုတ္တန်ဒေသနာတော် ရှုကွက်တို့မှာ ပရမတ္ထဓာတ်သား တရားကိုယ် အနက်သဘောအားဖြင့် တူညီလျက်ပင်ရှိသည်ဟု မှတ်သားပါ။

ယင်းသို့ဖြစ်လျှင် အနတ္တလက္ခဏသုတ္တန်ဒေသနာတော်၌ သမုဒယသစ္စာကို ဝိပဿနာရှုသည့် ရှုကွက် မရှိတော့ပြီလောဟု မေးရန်ရှိ၏။ အဖြေမှာ ဤသို့ ဖြစ်၏။ —

သမုဒယသစ္စာကား အကြောင်းတရား၊ ဒုက္ခသစ္စာကား အကျိုးတရားတည်း။ ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အတိတ်အကြောင်းတရားငါးပါးဟူသည် အတိတ်ဉပါဒါနက္ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်၏။ အတိတ်ဉပါဒါနက္ခန္ဓာငါးပါးတွင် အကျုံးဝင်လျက်ရှိ၏။ ပစ္စုပ္ပန်အကျိုးတရားငါးပါး, ပစ္စုပ္ပန်အကြောင်းတရားငါးပါးတို့ဟူသည်မှာလည်း ပစ္စုပ္ပန်ဉပါဒါနက္ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်၏၊ ပစ္စုပ္ပန် ဉပါဒါနက္ခန္ဓာငါးပါးတို့တွင် အကျုံးဝင်လျက်ပင် ရှိကြ၏။ အနာဂတ်အကျိုးတရားငါးပါးတို့ ဟူသည်မှာလည်း အနာဂတ်ဉပါဒါနက္ခန္ဓာငါးပါးတို့၌ပင် အကျုံးဝင်လျက် ရှိကြ၏။

တစ်ဖန် ပဥ္စဝဂ္ဂီအမည်ရှိတော်မူကြသော မထေရ်မြတ်ကြီးတို့သည် ဒုက္ခသစ္စာ သမုဒယသစ္စာတရားတို့၌ ကြိမ်ဖန်များစွာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူကြပြီးသော သူတော်ကောင်းကြီးများ ဖြစ်တော်မူကြ၏။

ယဿ ပန ဧကဝါရံ ဉာဏေန ဖဿိတံ၊ ပုန တံ ဖဿိတဗ္ဗမေဝ၊ တာဒိသဿ ဝသေန ဝုတ္တန္တိ ဝဒန္တိ။ (မဟာဋီ-၂-၄၇၀။)

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ရုပ်နာမ် -ကြောင်းကျိုး = သင်္ခါရတရားတို့ကို တစ်ကြိမ်တစ်ခါမျှသော်လည်း ဝိပဿနာဉာဏ်ဖြင့် တွေ့ထိဖူး၏။ လက္ခဏာရေးသုံးတန်တင်ကာ တစ်ကြိမ်တစ်ခါမျှသော်လည်း ဝိပဿနာရှုပွား သုံးသပ်ဖူး၏။ ထို တစ်ကြိမ်တစ်ခါမျှသော်လည်း ဝိပဿနာဉာဏ်ဖြင့် တွေ့ထိအပ်ပြီးသော သင်္ခါရတရားသည် တွေ့ထိအပ်ပြီးသာလျှင် ဖြစ်ပေသည်။ နောက်ထပ်တစ်ဖန် ထိုသင်္ခါရတရားကို ဝိပဿနာဉာဏ်ဖြင့် မတွေ့ထိသော်လည်း ထိချက်နာပါက ကိစ္စပြီးစီးနိုင်၏၊ ဝိပဿနာဉာဏ်ဖြင့် ထပ်မံ၍ တွေ့ထိရန် မလိုတော့သည်သာတည်း။ (မဟာဋီ-၂-၄၇၀။) (အကျယ်ကို သင်္ခါရုပေက္ခာဉာဏ်ပိုင်းတွင် ကြည့်ပါ။)

ထက်မြက်သော ဉာဏ်ပညာရှိသော သူတော်ကောင်းတို့ကို ရည်ရွယ်တော်မူ၍ အထက်ပါ စကားရပ်ကို ဖွင့်ဆိုထားတော်မူခြင်း ဖြစ်ပေသည်။ ပဥ္စဝဂ္ဂီအမည်တော်ရှိပေသော ရဟန်းတော်တို့ကား ထက်မြက်လျင်မြန်သော ဉာဏ်ပညာရှိတော်မူကြသည့် သူတော်ကောင်းကြီးတို့ ဖြစ်တော်မူကြ၏။ ဝါဆိုလပြည့်နေ့မှစ၍ ဝါဆိုလပြည့်ကျော် ငါးရက်နေ့သို့တိုင်အောင် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် ယင်းသင်္ခါရတရားတို့ကို ထပ်ကာထပ်ကာ ကြိမ်ဖန်များစွာ ဝိပဿနာ ရှုပွားသုံးသပ်လျက် နေတော်မူကြသော ရဟန်းတော်တို့ ဖြစ်တော်မူကြ၏။ ဝါဆိုလပြည့်ကျော် ငါးရက်နေ့သို့ ဆိုက်ရောက်လာသောအခါ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူနိုင်လောက်သော ရင့်ကျက်သော ဣန္ဒြေများကို ရရှိတော်မူလာကြ၏။ ထိုအခါတွင် ဘုရားရှင်သည် အထက်ပါ **အနတ္တလက္ခဏသုတ္တန်ဒေသနာတော်မြတ်**ကို ဟောကြားပြသပေးတော်မူပေသည်။ ပဥ္စဝဂ္ဂီရဟန်းတော်တို့ကလည်း ဒေသနာတော်နောက်သို့ အစဉ်လိုက်၍ ဝိပဿနာ ရှုပွားသုံးသပ်တော်မူနိုင်ကြသဖြင့် ဒေသနာတော်နိဂုံး ပြီးဆုံးလတ်သောအခါ အရဟတ္တဖိုလ်၌ တည်သွားတော်မူကြလေသည်။ ထိုပဥ္စဝဂ္ဂီရဟန်းတော်တို့သည် သမုဒယသစ္စာတရားတို့ကို ဝိပဿနာ မရှုကြသည်ကား မဟုတ်၊ ဝိပဿနာ ရှုပွားတော်မူကြသည်သာ ဖြစ်ကြသည်ဟု မှတ်သားပါလေ။ တစ်ဖန် ရှေးဟောင်းထုံးတစ်ရပ်ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ —

## အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး

**မဟာမောဂ္ဂလ္လာနတ္ထေရော** ဟိ သာဝကာနံ သမ္မသနစာရံ ယဋ္ဌိကောဋိယာ ဥပ္ပိဋေန္တော ဝိယ ဧကဒေသမေဝ သမ္မသန္တော သတ္တဒိဝသေ ဝါယမိတွာ အရဟတ္တံ ပတ္တော။ (မ-ဋ္ဌ-၄-၅၈။ အနုပဒသုတ္တအဋ္ဌကထာ။)

အနုပဒဓမ္မဝိပဿနာယ အဘာဝတော **"ဧကဒေသမေဝ သမ္မသန္တော"**တိ ဝုတ္တံ။ (မ-ဋီ-၃-၂၇၄။)

အထာယသ္မာ မဟာမောဂ္ဂလ္လာနော ပဗ္ဗဇိတဒိဝသတော သတ္တမေဒိဝသေ မဂဓရဋ္ဌေ ကလ္လဝါဠဂါမကံ ဥပနိဿာယ သမဏဓမ္မံ ကရောန္တော ထိနမိဒ္ဓေ ဩက္ကမန္တေ သတ္ထာရာ သံဝေဇိတော ထိနမိဒ္ဓံ ဝိနောဒေတွာ တထာဂတေန ဒိန္နံ **ဓာတုကမ္မဋ္ဌာနံ** သုဏန္တောဝ ဥပရိမဂ္ဂတ္တယကိစ္စံ နိဋ္ဌာပေတွာ သာဝကပါရမီဉာဏဿ မတ္ထကံ ပတ္တော။ (သာရတ္ထဒီပနီဋီကာ-၃-၂၂၈။)

ဤအထက်ပါ အဋ္ဌကထာဋီကာတို့က ဖွင့်ဆိုထားတော်မူသည့်အတိုင်း အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည်လည်း ပရမတ္ထဓာတ်သားတို့ကို တစ်လုံးစီ တစ်လုံးစီ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွား

သုံးသပ်သည့် အနုပဒဓမ္မဝိပဿနာနည်းကို မရှုပွားမသုံးသပ်ဘဲ ပရမတ္ထစေတ်သား သင်္ခါရတရားတို့ကို ခြုံငုံ၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းဟူသော ကလာပသမ္မသနနည်းဖြင့်သာ ဝိပဿနာတရားကို ပွားများအားထုတ်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့လေသည်။

အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည် ရှေးဦးစွာ ပရိဗိုဇ်ဘဝတွင် တည်ရှိစဉ်က အရှင်သာရိပုတ္တရာ အလောင်းအလျာ ဖြစ်တော်မူသည့် ဥပတိဿပရိဗိုဇ်ထံမှ အရှင်အဿဇိမထေရ် ဟောကြားတော်မူလိုက်သော ယေ ဓမ္မာ ဟေတုပ္ပဘဝါ - စသော ဂါထာတရားဒေသနာတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ယင်းဒေသနာတော်မှာ သစ္စာဒေသနာတော်ပင်ဖြစ်၏။ တစ်ဖန် မဂဓတိုင်း ကလ္လဝါဠ ရွာငယ်ကို အမှီဂေါစရဂါမ်ပြု၍ ရဟန်းတရားများကို ပွားများအားထုတ်တော်မူရာ ကလာပသမ္မသနနည်းဖြင့်သာ ဝိပဿနာဘာဝနာကို ပွားများအားထုတ်တော်မူ၏။ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်ထံမှ (အံ-၂-၄၆၁-၄၆၄ ) အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်၌ လာရှိသော **ပစလာယမာနသုတ္တန်**တရားတော်မြတ်ကို နာကြားခွင့်ရရှိတော်မူ၏။ ယင်းသုတ္တန်၏ ရှေ့ပိုင်းတွင် ထိနမိဒ္ဓပယ်ဖျောက်ကြောင်း တရား (၇)မျိုးတို့ လာရှိ၏။ နောက်ပိုင်းဖြစ်သည့် ဝိပဿနာပိုင်းတွင် —

သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ၊ သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ။ (အံ-၂-၄၆၄။)

ဤသို့ စသည်ဖြင့် အလုံးစုံသော ဥပါဒါနက္ခန္ဓာတရားငါးပါးတို့ကို ပရိညာသုံးပါးတို့ဖြင့် ပိုင်းပိုင်းခြားခြား သိအောင် ဝိပဿနာရှုပွားသုံးသပ်ရန် ညွှန်ကြားထားတော်မူ၏။ အလုံးစုံသော ဥပါဒါနက္ခန္ဓာတရားငါးပါးတို့ကို ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ ယင်းညွှန်ကြားတော်မူချက်မှာ စေတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ဥပါဒါနက္ခန္ဓာတို့ကို သိမ်းဆည်း၍ ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူခြင်း ဖြစ်ကြောင်းကို အထက်ပါ သာရတ္ထဒီပနီဋီကာက ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးသည်လည်း ကလာပသမ္မသနနည်းဖြင့်ပင်လျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြောင်းကို သိရှိရပေသည်။

## အရှင်သာရိပုတ္တကိုယ်တော်မြတ်ကြီး

အဉေသု ဟိ ခန္ဓေသု အကတာဘိနိဝေသော ဘိက္ခု နေဝသညာနာသညာယတနက္ခန္ဓေ သမ္မသိတွာ နိဗ္ဗိဒံ ပတ္တုံ သမတ္ထော နာမ နတ္ထိ အပိစ **အာယသ္မာ သာရိပုတ္တော**။ ပကတိဝိပဿကော ပန မဟာပညော သာရိပုတ္တသဒိသောဝ သက္ကုဏေယျ၊ သောပိ “ဧဝံ ကိရိမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ” တိ ဧဝံ ကလာပသမ္မသနဝသေနေဝ, နော အနုပဒဓမ္မဝိပဿနာဝသေန။ ဧဝံ သုခုမတ္တံ ဂတာ ဧသာ သမာပတ္တိ။

(အဘိ-ဋ္ဌ-၁-၂၅၃။ ဝိသုဒ္ဓိ-၁-၃၃၁။)

ဤအထက်ပါ အဋ္ဌကထာများ၏ ဖွင့်ဆိုထားတော်မူချက်များနှင့်အညီ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည်လည်း သမာပတ် (၈)ပါးတို့တွင် ပထမဈာန်သမာပတ်မှသည် အာကိဉ္စညာယတနဈာန်သမာပတ်သို့ တိုင်အောင်သော အောက်ဈာန်သမာပတ် (၇)ပါးတို့၏အတွင်း၌ တည်ရှိကြသော နာမ်တရား အသီးအသီးတို့ကို တစ်လုံးစီ တစ်လုံးစီ ဝိပဿနာရှုပွားသုံးသပ်ခြင်းတည်းဟူသော အနုပဒဓမ္မဝိပဿနာ နည်းလမ်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်တော်မူ၍, နေဝသညာနာသညာယတနဈာန်သမာပတ်၌ကား ယင်းသမာပတ်အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့ကို ပေါင်းစုခြုံငုံ၍ ဝိပဿနာရှုပွားသုံးသပ်ရသော ကလာပသမ္မသနဟု ခေါ်ဆိုသော နယဝိပဿနာနည်းဖြင့်သာလျှင် ဝိပဿနာ ရှုပွားသုံးသပ်တော်မူပေသည်။

(အဘိ-ဋ္ဌ-၁-၂၅၃။ ဝိသုဒ္ဓိ-၁-၃၃၁။)

## အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး

အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးသည်လည်း မန္တာဏိပုဏ္ဏေးမ၏ သားဖြစ်တော်မူသော အရှင်ပုဏ္ဏမထေရ်၏ ထံတော်မှ ခန္ဓာငါးပါးနှင့်စပ်သည့် တေပရိဝဋ္ဋဓမ္မဒေသနာတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ရှေးသူဟောင်းတို့၏ နိဗ္ဗာန်သို့ ကြွသွားတော်မူရာ လမ်းရိုးလမ်းဟောင်းကြီးကို ကြည်ညိုသဒ္ဓါတရား ပွားသထက်ပွားနိုင်ရန်အလို့ငှာ အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး၏ သောတာပတ္တိဖိုလ်သို့ ဆိုက်-ရောက်တော်မူသည့် ရှေးဟောင်းထုံးတစ်ရပ်ကိုလည်း ထပ်မံ၍ ရေးသားတင်ပြအပ်ပါသည်။ —

## အာနန္ဒသုတ္တန် ဒေသနာတော်

၁။ သာဝတ္ထိနိဒါနံ။ တတြ ခေါ အာယသ္မာ အာနန္ဒော ဘိက္ခူ အာမန္တေသိ “အာဝုသော ဘိက္ခဝေ”တိ။ “အာဝုသော”တိ ခေါ တေ ဘိက္ခူ အာယသ္မတော အာနန္ဒဿ ပစ္စဿောသုံ။ အာယသ္မာ အာနန္ဒော ဧတဒဝေါစ-

၂။ ပုဏ္ဏော နာမ အာဝုသော အာယသ္မာ မန္တာဏိပုတ္တော အမှာကံ နဝကာနံ သတံ ဗဟူပကာရော ဟောတိ၊ သော အမှေ ဣမိနာ ဩဝါဒေန ဩဝဒတိ “ဥပါဒါယ အာဝုသော အာနန္ဒ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။ ကိဉ္စ ဥပါဒါယ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။ ရူပံ ဥပါဒါယ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ ဥပါဒါယ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။

၃။ သေယျထာပိ အာဝုသော အာနန္ဒ ဣတ္ထီ ဝါ ပုရိသော ဝါ ဒဟရော ယုဝါ မဏ္ဍနကဇာတိကော အာဒါသေ ဝါ ပရိသုဒ္ဓေ ပရိယောဒါတေ အစ္ဆေ ဝါ ဥဒကပတ္တေ သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ဥပါဒါယ ပဿေယျ နော အနုပါဒါယ။ ဧဝမေဝ ခေါ အာဝုသော အာနန္ဒ ရူပံ ဥပါဒါယ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ ဥပါဒါယ ‘အသ္မီ’တိ ဟောတိ နော အနုပါဒါယ။

၄။ တံ ကိံ မညသိ အာဝုသော အာနန္ဒ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ အာဝုသော။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ အာဝုသော။ တသ္မာ တိဟ။ ပ ။ ဧဝံ ပဿံ။ ပ ။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီ”တိ။ ပုဏ္ဏော နာမ အာဝုသော အာယသ္မာ မန္တာဏိပုတ္တော အမှာကံ နဝကာနံ သတံ ဗဟူပကာရော ဟောတိ၊ သော အမှေ ဣမိနာ ဩဝါဒေန ဩဝဒတိ။ ဣဒဉ္စ ပန မေ အာယသ္မတော ပုဏ္ဏဿ မန္တာဏိပုတ္တဿ ဓမ္မဒေသနံ သုတွာ ဓမ္မော အဘိသမိတောတိ။ (သံ-၂-၈၆-၈၇။)

## အာနန္ဒသုတ္တန် မြန်မာပြန်

၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အရှင်အာနန္ဒာ ကိုယ်တော်မြတ်သည် “ငါ့ရှင် ရဟန်းတို့” ဟု ရဟန်းတို့ကို ခေါ်တော်မူ၏။ “အရှင်ဘုရား” ဟု ထိုရဟန်းတော်တို့သည် အရှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကြကုန်၏။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်သည် ဤတရားစကားကို မိန့်ကြားတော်မူ၏။ —

၂။ ငါ့ရှင်တို့ . . . မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်တော်မူသော အရှင်ပုဏ္ဏ အမည်ရှိသော အရှင်မြတ်သည် သီတင်းငယ်ဖြစ်ကြကုန်သော တပည့်တော်တို့အား အလွန်ကျေးဇူးများလှ၏။ ထိုအရှင်မြတ်သည် တပည့်တော်-တို့ကို ဤတရားဒေသနာတော် အဆုံးအမဖြင့် ဆိုဆုံးမတော်မူ၏။ —

“ငါ့ရှင် အာနန္ဒာ . . . အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော တဏှာ-မာန-ဒိဋ္ဌိ = ပပဉ္စတရား = သံသရာကို ချဲ့ထွင်တတ်သော တရားသုံးပါးသည် ဖြစ်ပေါ်လာ၏။ အစွဲမပြုမူ၍သာလျှင် ဖြစ်ပေါ်လာသည်ကား မဟုတ်။

အဘယ်ကို အစွဲပြု၍ = အမှီပြု၍ ငါဖြစ်၏ဟူသော တဏှာ-မာန-ဒိဋ္ဌိ = ပပဉ္စတရား = သံသရာကို ချဲ့ထွင်-တတ်သော တရားသုံးပါးသည် ဖြစ်ပေါ်လာသနည်း။ အစွဲမပြုမူ၍ မမှီမူ၍ မဖြစ်ပေါ်လာလေသနည်း။ ရုပ်ကို ။ ပ။ ဝေဒနာကို။ သညာကို။ သင်္ခါရတရားတို့ကို။ ဝိညာဏ်ကို အစွဲပြု၍သာလျှင် "ငါဖြစ်၏"ဟူသော တဏှာ-မာန-ဒိဋ္ဌိ = ပပဉ္စတရား = သံသရာကို ချဲ့ထွင်တတ်သော တရားသုံးပါးသည် ဖြစ်ပေါ်လာ၏။ အစွဲမပြုမူ၍ သာလျှင် ဖြစ်ပေါ်လာသည်ကား မဟုတ်။

ငါ့ရှင် အာနန္ဒာ . . . ဥပမာသော်ကား ငယ်ရွယ်နုပျိုသော တန်ဆာဆင်ခြင်းသဘောရှိသော အမျိုးသမီးသည် သော်လည်းကောင်း, အမျိုးသားသည်သော်လည်းကောင်း ကြည်လင်တောက်ပသော မှန်၌ဖြစ်စေ, ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိ၏ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်လတ်သော် အစွဲပြု၍သာလျှင် မြင်ရာ၏၊ အစွဲမပြုမူ၍ကား မမြင်လေရာ။

ငါ့ရှင် အာနန္ဒာ . . . ဤဥပမာအတူပင်လျှင် —

က။ ရုပ်တရားကို အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော ပပဉ္စတရားသုံးပါးသည် ဖြစ်ပေါ်လာ၏။

ခ။ ဝေဒနာကို။

ဂ။ သညာကို။

ဃ။ စေတသိက်သင်္ခါရတို့ကို။

င။ အသိစိတ်ဝိညာဏ်ကို အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော ပပဉ္စတရားသုံးပါးသည် ဖြစ်ပေါ်လာ၏၊ အစွဲမပြုမူ၍ကား မဖြစ်ပေါ်လာပေ။

[ **မှတ်ချက်** — သုတ္တန်ဒေသနာတော်ကား မဆုံးသေးပါ။ ဤအရာတွင် မှတ်သားဖွယ်ရာ အချို့ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ —

က။ ပုထုဇန်သည် တန်ဆာဆင်ထားသော အမျိုးသား သို့မဟုတ် အမျိုးသမီးနှင့် တူ၏။

ခ။ ဥပါဒါနက္ခန္ဓာငါးပါးသည် မှန်အပြင်နှင့် တူ၏။

ဂ။ တဏှာ-မာန-ဒိဋ္ဌိ ဖြစ်ခြင်းသည် မျက်နှာရိပ်နှင့် တူ၏။

ဃ။ တဏှာ-မာန-ဒိဋ္ဌိ ဖြစ်သော် ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲ စသည်ဖြင့် စွဲလမ်းခြင်း အထူးသည် မျက်နှာရိပ်ကို မှီ၍ ထင်လာသော အဆင်းစသည်နှင့် တူ၏။ ဤသို့လျှင် ဤသုတ္တန်ဒေသနာတော်၌ ဥပမာနှင့် ဥပမေယျကို နှိုင်းနှောစပ်ဟပ်၍ ယူလေရာ၏။ (သံ-ဋ္ဌ-၂-၂၄၄။)

မှန်ထဲတွင်ထင်လာသော ထိုမျက်နှာရိပ်သည် စင်ကြယ်သန့်ရှင်းလျက် ကြည်လင်တောက်ပနေသော ကြေးမုံမှန်အပြင်ကို အစွဲပြု၍ ထင်ရှားလာ၏။ ထိုကြေးမုံမှန်အပြင်ကို ကြည့်ရှုသော် ကြေးမုံမှန်ထဲ၌ မိမိ၏ မျက်နှာရိပ်-သည်ပင် ထင်လာလေသလော, သူတစ်ပါး၏ မျက်နှာရိပ်သည်ပင် ထင်လာလေသလော၊ တစ်နည်းဆိုရသော် ထိုကြေးမုံပြင်မှန်ထဲ၌ထင်လာသော မျက်နှာရိပ်သည် မိမိလေလော သူတစ်ပါးလေလော၊ ဤသို့မေးရန် ရှိ၏။–

**အဖြေ** — အကယ်၍ ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာသည် မိမိဖြစ်ငြားအံ့၊ ကြေးမုံမှန်ကို ကြည့်နေသူ မိမိဘက်သို့ မျက်နှာမူ၍ တည်နေသော မျက်နှာရိပ်သည် မဖြစ်တန်ရာ = အကယ်၍ ကြေးမုံမှန်ကို ကြည့်သူ မိမိသည် အရှေ့ဘက်သို့ မျက်နှာမူ၍ မှန်၏ရှေ့တွင် ရပ်တည်နေငြားအံ့၊ ကြေးမုံမှန်အပြင်တွင် ထင်နေ-သော မျက်နှာရိပ်သည်လည်း မိမိသာ ဖြစ်ရိုးမှန်ပါက မိမိဘက်သို့ မျက်နှာမမူဘဲ အရှေ့ဘက်သို့သာ မျက်နှာမူ၍ တည်နေလေရာ၏။ ယခုမူကား မှန်ကိုကြည့်သူ မိမိဘက်သို့သာ မျက်နှာမူ၍ မျက်နှာရိပ်သည် ထင်လာပေသည်။

အကယ်၍ ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်သည် ကြေးမုံမှန်ကိုကြည့်နေသူ မိမိ၏မျက်နှာရိပ် မဟုတ်ဘဲ သူတစ်ပါး၏ မျက်နှာရိပ်သည် ဖြစ်ငြားအံ့။ ထိုမျက်နှာရိပ်သည် မိမိနှင့် ရုပ်အဆင်း ပုံသဏ္ဌာန် စသည်-တို့ဖြင့် တူညီမှု မရှိသည်ဖြစ်၍ ထင်ရှားလာလေရာ၏။ ဆိုလိုသည်မှာ ထိုကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်သည် မိမိနှင့်တူသော အခြားသူတစ်ဦး၏ မျက်နှာရိပ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်သော်ကား တစ်စုံတစ်ခုသော မတူညီမှုသည် ဖြစ်သင့်လေရာ၏ = ချွတ်စွပ်ထားသကဲ့သို့ကား မတူညီနိုင်ဟု ဆိုလိုသည်။

ထိုကြောင့် ထိုကြေးမုံမှန်အပြင်၌ ထင်မြင်လာသော မျက်နှာရိပ်သည် ကြေးမုံမှန်ကို ကြည့်နေသူ မိမိ၏ မျက်နှာလည်း မဟုတ်၊ သူတစ်ပါး၏ မျက်နှာလည်း မဟုတ်၊ သို့သော် ကြေးမုံမှန်ကို အစွဲပြု၍ အမှီပြု၍ နိဘာသ ရူပ အမည်ရသော ထိုပုံတူ မျက်နှာရိပ်သည် ထင်ရှားလာ၏ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူကြကုန်၏။ ထိုသို့ ဖြစ်လျှင် ကြည်လင်သောရေ၌ ထင်လာသော မျက်နှာရိပ်သည် အဘယ်အကြောင်းကြောင့် ထင်လာပါသနည်းဟု မေးရန်ရှိ၏။ သမုတိသစ္စာနယ်မှ ရေဟု ခေါ်ဝေါ်သမုတ်ထားသော ဓာတ်ကြီးလေးပါးတို့၏ အထူးသဖြင့် သန့်ရှင်း စင်ကြယ်သောကြောင့်ဟု ဖြေဆိုလေရာ၏။ (သံ-ဌ-၂-၂၈၃။ သံ-ဋီ-၂-၂၄၃-၂၄၄။)

အသင်သူတော်ကောင်းကိုယ်တိုင် စဉ်းစားနိုင်းချိန်နိုင်ရန် ဥပမာတစ်ရပ်ကို ထပ်မံ၍ တင်ပြအပ်ပါသည်။ အကယ်၍ ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်သည် မိမိဖြစ်ငြားအံ့ ၊ ထိုကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်ကို သေလောက်သော လက်နက်တစ်ခုခုဖြင့် ပစ်ခတ်ကြည့်ပါ။ ကြေးမုံမှန်သာ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားလေရာသည်။ ကြေးမုံမှန်ကို ကြည့်နေသူ မိမိကား မသေနိုင်လေရာ။ ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်သည် မိမိဖြစ်ရိုးမှန်ပါက မိမိလည်း သေလေရာ၏။ သို့သော် သေကား မသေ ဖြစ်ခဲ့၏။ အကယ်၍ မိမိနှင့်တူသူ အခြားတစ်စုံတစ်ယောက်၏ မျက်နှာဖြစ်ငြားအံ့ ၊ ထိုသို့ သေလောက်သော လက်နက်တစ်ခုခုဖြင့် ထိုကြေးမုံမှန်အပြင်၌ ထင်နေသော မျက်နှာရိပ်ကို ပစ်ခတ်လိုက်သောအခါ ထိုအခြားသူလည်း သေလေရာ၏။ သို့သော် သေကား မသေ ဖြစ်ခဲ့၏။ ထို့ကြောင့် ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်သည် မိမိ၏ မျက်နှာလည်း မဟုတ်၊ သူတစ်ပါး၏ မျက်နှာလည်း မဟုတ်။ ကြေးမုံမှန်အပြင်ကို အမှီပြု၍ ထင်လာသော ပုံတူ မျက်နှာရိပ်တစ်မျိုးမျှသာ ဖြစ်သည်ဟု အဋ္ဌကထာဆရာမြတ်တို့က မိန့်ဆိုတော်မူကြခြင်း ဖြစ်ပေသည်။

အလားတူပင် ပရမတ္ထဉာဏ်ပညာမျက်စိမရှိသော ပုထုဇန်သည် ကြေးမုံမှန်အပြင်နှင့် တူသော ဥပါဒါန-က္ခန္ဓာငါးပါးကို ကြေးမုံမှန်အပြင်၌ ထင်လာသော မျက်နှာရိပ်နှင့်တူသော တဏှာ-မာန-ဒိဋ္ဌိတို့ဖြင့် ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲ စသည်ဖြင့် အမှားမှားအယွင်းယွင်း စွဲယူမိလေသည်။ ဥပါဒါနက္ခန္ဓာငါးပါးတို့ အပေါ်၌ တဏှာ-မာန-ဒိဋ္ဌိတို့ ဖြစ်ပေါ်လာပေသည်။ သုတ္တန်ကို ဆက်ဖတ်ပါ။ ]

ငါ့ရှင် အာနန္ဒာ . . . ထို ငါမေးမည့် အကြောင်းအရာကို ငါ့ရှင်သည် အဘယ်သို့ အောက်မေ့မှတ်ထင် ယူဆလေသနည်း။

၁။ ရုပ်တရားသည် နိစ္စလေလော၊ အနိစ္စလေလော၊ အနိစ္စပါ အရှင်ဘုရား။

၂။ ငါ့ရှင် . . . ဝေဒနာသည်။

၃။ သညာသည်။

၄။ စေတသိက် သင်္ခါရတရားတို့သည်။

၅။ အသိစိတ် = ဝိညာဏ်သည် နိစ္စလေလော၊ အနိစ္စလေလော။ အနိစ္စပါ အရှင်ဘုရား။

ငါ့ရှင် . . . ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထိုသို့ အနိစ္စ (ဒုက္ခ-အနတ္တ) ဖြစ်သောကြောင့် ငါ့ရှင်သည် —

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်းဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမူလည်း

ဖြစ်သော သိမ်မွေ့နုညံ့သော သုခုမမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ဝေးသော ဒူရမူလည်းဖြစ်သော နီးသော သန္တိကမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း ရှိချေ၏။ ဤ (၁၁) မျိုးသော အခြင်းအရာအားဖြင့်တည်နေသော အလုံးစုံသော ရုပ်တရားကို —

က။ နေတံ မမ = ဤရုပ်တရားသည် ငါ၏ရုပ်တရားမဟုတ်။
ခ။ နေသောဟမသ္မိ = ဤရုပ်တရားသည် ငါမဟုတ်။
ဂ။ နမေသော အတ္တာ = ဤရုပ်တရားသည် ငါ၏အတ္တမဟုတ်။

ဤသို့လျှင် ဤအလုံးစုံသော ရုပ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံး ရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။ ပ ။

၂။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော ဝေဒနာတရားကို။ ပ ။
၃။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော သညာ တရားကို ။ ပ ။
၄။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော စေတသိက်သင်္ခါရတရားတို့ကို။ပ။
၅။ ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့်တည်နေသော အလုံးစုံသော အသိစိတ် = ဝိညာဏ်တရားကို –

က။ နေတံ မမ = ဤအသိစိတ် = ဝိညာဏ်တရားသည် ငါ၏အသိစိတ် = ဝိညာဏ်တရားမဟုတ်။
ခ။ နေသောဟမသ္မိ = ဤအသိစိတ် = ဝိညာဏ်တရားသည် ငါမဟုတ်။
ဂ။ နမေသော အတ္တာ = ဤအသိစိတ် = ဝိညာဏ်တရားသည် ငါ၏အတ္တမဟုတ်။

ဤသို့လျှင် အလုံးစုံသော အသိစိတ် = ဝိညာဏ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ် = ဝိပဿနာဉာဏ်ပညာဖြင့် ရှုပါ။

ဤသို့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်သော။ ပ ။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်ကိစ္စသည် မရှိပြီဟု သိ၏ဟု ဆုံးမ၏။

ငါ့ရှင်တို့ . . . မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်တော်မူသော ပုဏ္ဏအမည်ရှိတော်မူသော အရှင်မြတ်သည် သီတင်းငယ်ဖြစ်ကြကုန်သော တပည့်တော်တို့အား အလွန်ကျေးဇူးများလှ၏။ ထိုအရှင်မြတ်သည် တပည့်တော်တို့ကို ဤအဆုံးအမ ဒေသနာတော်ဖြင့် ဆိုဆုံးမတော်မူ၏။ မန္တာဏီပုဏ္ဏေးမ၏ သားဖြစ်တော်မူသော အရှင်ပုဏ္ဏ မထေရ်မြတ်၏ ဤတရားဒေသနာတော်ကို ကြားနာရ၍ တပည့်တော်သည် သစ္စာလေးရပ်တရားမြတ်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူပါပေ၏။ (သံ-၂-၈၆-၈၇။)

ဤဒေသနာတော်မှာလည်း **တေပရိဝဋ္ဋဓမ္မဒေသနာတော်**ပင် ဖြစ်၏။ ဝိပဿနာပိုင်း ဝိပဿနာရှုကွက်တွင် အနတ္တလက္ခဏသုတ္တန် ဒေသနာတော်မြတ်နှင့် ပုံစံတူပင် ဖြစ်ပေသည်။ အလားတူပင် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် တစ်လျှောက်၌ ဤကဲ့သို့သော ကလာပသမ္မသနဝိပဿနာရှုနည်း တေပရိဝဋ္ဋဓမ္မဒေသနာတော်နည်းဖြင့် ဝိပ-ဿနာ ရှုပွားသုံးသပ်တော်မူကြသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူကြသော ရှေးထုံးဟောင်းများသည် များစွာပင် လာရှိပေသည်။ အထက်တွင် ဖော်ပြထားသော အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်ပုဏ္ဏ အရှင်အာနန္ဒာ ပဥ္စဝဂ္ဂီရဟန်းတော်များ စသည့် သာသနာတော်၌ နေလအသွင် အလွန်ထင်ရှားတော်မူကြသော မထေရ်ကြီး မထေရ်ကျော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မော်တို့ကား ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ရှိတော်မူကြသော ပဋိသမ္ဘိဒါဉာဏ်ကို ရရှိတော်မူကြသည့် အရှင်မြတ်ကြီးတို့ ဖြစ်တော်မူကြ၏။ ပဋိသမ္ဘိဒါဉာဏ်ကို ရရှိ

တော်မူကြသည့် ပုဂ္ဂိုလ်မြတ်ကြီးတို့၏ ပဋိသမ္ဘိဒါဉာဏ်များ၏ သန့်ရှင်းစင်ကြယ်ရခြင်း၏ အကြောင်းရင်း ငါးရပ်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၇၂) ၌ ရှင်းလင်း တင်ပြထားတော်မူ၏။ ထိုတွင် အမှတ် (၅) အင်္ဂါရပ်မှာ အောက်ပါအတိုင်း ဖြစ်၏။ —

**ပုဗ္ဗယောဂေါ** နာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ ဂတပစ္စာဂတိကဘာဝေန ယာဝ အနုလောမံ ဂေါတြဘုသမီပံ၊ တာဝ ဝိပဿနာနုယောဂေါ။ (ဝိသုဒ္ဓိ-၂-၇၂။)

အထက်ပါ အဋ္ဌကထာ၏ ဖွင့်ဆိုတော်မူချက်နှင့်အညီ ပဋိသမ္ဘိဒါပတ္တ = ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ရှိတော်မူကြသော ရဟန္တာမထေရ်မြတ်ကြီးတို့ကား ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်မြတ်အတွင်း၌ ဆွမ်းခံသွားရာ၌ ကမ္မဋ္ဌာန်းကိုဆောင်ခြင်း, ဆွမ်းခံရွာမှ ပြန်ကြွလာရာ၌ ကမ္မဋ္ဌာန်းကို ဆောင်ခြင်းတည်းဟူသော ဂတပစ္စာဂတိကဝတ်ကို ဖြည့်ကျင့်တော်မူလျက် ဂေါတြဘုဉာဏ်၏အနီးဖြစ်သော အနုလောမအမည်ရသော သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ခဲ့ဖူးသူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတို့ ဖြစ်တော်မူကြ၏။ ဤအချက်ကိုကား အသင်သူတော်ကောင်းသည် အထူးသတိပြု၍ မှတ်သားထားသင့်ပေသည်။ တစ်ဖန် ပုဗ္ဗယောဂရှိပြီးသူ သူတော်ကောင်းကြီးတို့နှင့် ပုဗ္ဗယောဂ မရှိသူ သူတော်ကောင်းတို့ကို ဝိပဿနာနယ်ပယ်၌ တန်းတူထား၍ မဝေဖန် မသုံးသပ်ထိုက်သည်ကိုလည်း အထူးသတိပြု၍ မှတ်သားထားသင့်ပေသည်။

တစ်ဖန် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်တစ်လျှောက်၌လည်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်တို့ကို ကလာပသမ္မသနနည်းအရ ခြုံငုံ၍ ဝိပဿနာရှုပွားသုံးသပ်ပုံ နည်းစနစ်များကို ဘုရားရှင်သည် ကြိမ်ဖန်များစွာ ဟောကြားထားတော်မူခဲ့၏။ ဘုရားရှင်၏ မဟာဝဇိရဝိပဿနာဉာဏ်တော်မြတ်ကြီးသည်လည်း စကြဝဠာကုဋေတစ်သိန်းဖြင့် ပိုင်းခြားအပ်သော နယ်မြေအတွင်း၌ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိကြသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်တို့ကို ကလာပသမ္မသနနည်းအားဖြင့် ပေါင်းစုခြုံငုံ၍ လက္ခဏာယာဉ်သုံးချက်တင်ကာ ဝိပဿနာရှုပွားသုံးသပ်တော်မူသော ဉာဏ်တော်မြတ်ကြီးပင် ဖြစ်တော်မူပေသည်။ (မ-ဋီ-၃-၂၇၅-ကြည့်ပါ။)

ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်ဟူသည်မှာလည်း အဘိဓမ္မာဉာဏ်ပညာမျက်စိဖြင့် ခွဲခြားစိတ်ဖြာ၍ ကြည့်ခဲ့သော် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ ဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်တရားနာမ်တရား အစုအပုံမျှသာ ဖြစ်ပေသည်။ ဉပါဒါနက္ခန္ဓာငါးပါးတို့သာ ဖြစ်ကြသည်။

အလားတူပင် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်တစ်လျှောက်၌လည်း ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် ပရမတ္ထဓာတ်သားတို့ကို အာယတန (၁၂)ပါးနည်းအားဖြင့် (၁၂)ပုံ ပုံ၍, ဓာတ် (၁၈)ပါးနည်းအားဖြင့် (၁၈)ပုံ ပုံ၍ ကလာပသမ္မသနနည်းဖြင့် ပေါင်းစုခြုံငုံ၍ ဝိပဿနာရှုပွားသုံးသပ်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူသွားကြသော ရှေးဟောင်းထုံးများလည်း များစွာပင် လာရှိပေသည်။ ထို့ကြောင့် —

အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ သြဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော —

၁။ ရူပက္ခန္ဓာကို,

၂။ ဝေဒနာက္ခန္ဓာကို,

၃။ သညာက္ခန္ဓာကို,

၄။ သင်္ခါရက္ခန္ဓာကို,

၅။ ဝိညာဏက္ခန္ဓာကို –

အသီးအသီး လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပွားသုံးသပ်ရသော ခန္ဓာငါးပါးနည်းအားဖြင့် ဝိပဿနာရှုနည်း, အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော

၁။ ရုပ်တရားကို,

၂။ နာမ်တရားကို —

အသီးအသီး လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပွားသုံးသပ်ရသော ရုပ်နာမ် (၂)ပါး-နည်းအားဖြင့် ဝိပဿနာရှုနည်း, အာယတန (၁၂)ပါးနည်းအားဖြင့် ဝိပဿနာရှုနည်း, ဓာတ် (၁၈)ပါးနည်းအားဖြင့် ဝိပဿနာရှုနည်းစသော ထိုထိုကလာပသမ္မသနဝိပဿနာရှုနည်းများသည် ရွှေပြည်နိဗ္ဗာန်သို့ ဝင်စံခိုလှုံသွားတော်မူကြကုန်သော ရှေးရှေး အရိယာသူတော်ကောင်းကြီးတို့၏ **နိဗ္ဗာန်သို့ ကြွသွားတော်မူရာ လမ်းရိုး လမ်းဟောင်းကြီး**သာ ဖြစ်ပေသည်ဟု ယုံကြည်လေးနက် ထက်မြက်စူးရှသော သဒ္ဓါတရား, ခိုင်မြဲသော သတိတရားဖြင့် ရိုသေစွာ မှတ်သားနာယူလေရာသည်။

ထိုလမ်းရိုး လမ်းဟောင်းကြီး၌ —

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်တရားတို့ကို ခြုံငုံ၍ သိမ်းဆည်းနိုင်သောအခါ = ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ —

**"ရုပ် ရုပ်"** ဟု ဖြစ်စေ,

**"ရုပ်တရား ရုပ်တရား"** ဟု ဖြစ်စေ ရှုရ၏။

၂။ ယင်းကာလသုံးပါး, သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော နာမ်တရားတို့ကို အာယတနဒွါရအလိုက် ခြုံငုံ၍ သိမ်းဆည်းနိုင်သောအခါ = ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ —

**"နာမ် နာမ်"** ဟု ဖြစ်စေ,

**"နာမ်တရား နာမ်တရား"**ဟု ဖြစ်စေ ရှုရ၏။

၃။ တစ်ဖန် ယင်းရုပ်တရားနာမ်တရားတို့ကို နှစ်ဖို့နှစ်စုပြု၍ ရုပ်နာမ်တို့ကို သိမ်းဆည်းသောအခါ = ဉာဏ်ဖြင့် ပိုင်းခြားယူသောအခါ —

**"ရုပ်တရား နာမ်တရား"** ဟု ရှုရ၏။

၄။ တစ်ဖန် ယင်းရုပ်တရား နာမ်တရားတို့၌ ပုဂ္ဂိုလ် သတ္တဝါ လူနတ်ဗြဟ္မာ အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် မရှိမှုသဘော ရုပ်နာမ်မှ အလွတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ လူနတ်ဗြဟ္မာ အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် မရှိမှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ရုပ်နာမ်တို့ကို ပိုင်းခြားမှတ်သားရာ **နာမရူပပရိစ္ဆေဒဉာဏ်ပိုင်း**၌ —

**"ပုဂ္ဂိုလ် သတ္တဝါ လူနတ် ဗြဟ္မာ ဇီဝ အတ္တ မရှိ၊ ရုပ်နာမ် မျှသာ ရှိ၏"** ဟု ရှုရ၏။

၅။ ယင်းကာလသုံးပါး, သန္တာန်နှစ်ပါးအတွင်း၌တည်ရှိသော ရုပ်တရားနာမ်တရားတို့၏ အကြောင်းတရားတို့ကို သိမ်းဆည်းနိုင်သောအခါ = ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သောအခါ —

**"အကြောင်းတရား အကျိုးတရား"** ဟု ရှုရ၏။

၆။ လက္ခဏ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်နည်းအားဖြင့် ရုပ်နာမ်တို့ကို သိမ်းဆည်းရာ ဉာဏ်ဖြင့် ပိုင်းခြားယူရာ အပိုင်း၌ကား လက္ခဏာဒိစတုက္ကပိုင်းတွင် ဉာဏ်ဖြင့် ပိုင်းခြားယူရန် ရေးသားတင်ပြခဲ့သည့်အတိုင်း သိမ်းဆည်းရှုပွားရ၏။

၇။ ဝိပဿနာပိုင်းသို့ ရောက်ရှိလာသော အခါ၌မူကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်ကြကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသည့် ယင်းပရမတ္ထဓာတ်သား သင်္ခါရတရားတို့ကို —

(က) ရုပ်နာမ်နှစ်ပါးနည်းဖြင့် နှစ်ပုံ ပုံ၍ ဖြစ်စေ,
(ခ) ခန္ဓာငါးပါးနည်းဖြင့် ငါးပုံ ပုံ၍ ဖြစ်စေ,
(ဂ) အာယတန (၁၂)ပါးနည်းဖြင့် (၁၂)ပုံ ပုံ၍ ဖြစ်စေ,
(ဃ) ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)ပုံ ပုံ၍ ဖြစ်စေ,
(င) ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို (၁၂)ပုံ ပုံ၍ ဖြစ်စေ —

ဤသို့စသော နည်းအမျိုးမျိုးတို့ဖြင့် ဝိပဿနာရှုသောအခါ ယင်းသင်္ခါရတရားတို့တွင် အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ရုပ်တရား၏ —

(က) ဖြစ်ခြင်း ပျက်ခြင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရုပ်တရားကို ရံခါ **အနိစ္စ**ဟု လည်းကောင်း,
(ခ) ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်ပန်းနှိပ်စက်ခံရမှု သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရုပ်တရားကို ရံခါ **ဒုက္ခ**ဟု လည်းကောင်း,
(ဂ) မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမဟုတ်သည့်သဘောကို အတ္တမရှိမှုသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ရံခါ **အနတ္တ**ဟု လည်းကောင်း —

ဤသို့ အသီးအသီး ဝိပဿနာရှုရ၏။

အလားတူပင် အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓစသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော နာမ်တရားကိုလည်း —

(က) ရံခါ **အနိစ္စ** ဟုလည်းကောင်း,
(ခ) ရံခါ **ဒုက္ခ** ဟုလည်းကောင်း,
(ဂ) ရံခါ **အနတ္တ** ဟုလည်းကောင်း —

ဤသို့ အသီးအသီး ဝိပဿနာရှုရ၏။ ခန္ဓာငါးပါးနည်း စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ ဤရှုကွက်ကို တစ်နည်းတစ်ဖုံအားဖြင့် သဘောပေါက်အောင် ထပ်မံ၍ ဆိုရသော် ဤသို့ ဖြစ်၏။ —

(က) ရံခါ အဇ္ဈတ္တ ရုပ်တရားကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှုပါ။
(ခ) ရံခါ ဗဟိဒ္ဓ ရုပ်တရားကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှုပါ။
(ဂ) ရံခါ အဇ္ဈတ္တ နာမ်တရားကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှုပါ။
(ဃ) ရံခါ ဗဟိဒ္ဓ နာမ်တရားကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ရှုပါ။

ပစ္စုပ္ပန်၌ ဝိပဿနာရှုသကဲ့သို့ အတိတ်၌လည်းကောင်း, အနာဂတ်၌လည်းကောင်း နည်းတူပင် ဝိပဿနာ ရှုပါ။ ဤကား ဘုရားရှင်၏ လက်ထက်တော်မှ မူမပျက် ဆင်းသက်လာသော ဝိပဿနာ လမ်းရိုးလမ်းဟောင်း ကြီးပင် ဖြစ်ပေသည်။

## အသိဉာဏ်၌ မထင်လာသောတရားများ

ဤအရာဝယ် အချို့အချို့သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်တို့က "အသိဉာဏ်၌ ထင်မှသာ ရှုလို့ရ၏၊ မထင်လျှင် ဘယ်လိုလုပ် ရှုမလဲ" စသည်ဖြင့် မေးမြန်းတတ်ကြပြန်၏။ အကြောင်းပြတတ်ကြပြန်၏။

ဘုရားရှင်သည် ရုပ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူရာဝယ် ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း, ဓာတ်ကမ္မဋ္ဌာန်း အကျယ်နည်းဟု နှစ်နည်းသာ ဟောကြားထားတော်မူသဖြင့် ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်းဖြင့်ဖြစ်စေ, ဓာတ်-ကမ္မဋ္ဌာန်း အကျယ်နည်းဖြင့်ဖြစ်စေ, နှစ်နည်းလုံးဖြင့်ဖြစ်စေ ဓာတ်ကြီးလေးပါးကို ဃနအသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုပွားသိမ်းဆည်းတတ်ပြီး = ဉာဏ်ဖြင့် ပိုင်းခြားယူထားတတ်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အဖို့ ဤအဆင့်သို့ ဆိုက်ရောက်လာပါက ဓာတ်ကြီးလေးပါးကို ပြည်တည်၍ သိမ်းဆည်း ရှုပွားပါက မိမိဝိပဿနာရှုပွားလိုသော ရုပ်တရားတို့ကို အလွယ်တကူ ဝိပဿနာ ရှုပွားသုံးသပ်နိုင်မည်သာ ဖြစ်၏။ တစ်ဖန် ဆိုင်ရာဆိုင်ရာ ဝတ္ထု = ဒွါရနှင့် အာရုံတို့ကို ပူးတွဲကာ သိမ်းဆည်းနိုင်သော = ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အဖို့ မည်သည့် နာမ်တရားကိုမဆို ဝိပဿနာ ရှုပွားသုံးသပ်လိုသော အချိန်တွင် အချိန်မရွေး ဝိပဿနာရှုနိုင်မည်သာ ဖြစ်၏။ ဝတ္ထု = ဒွါရ, အာရုံ, အာလောက, မနသိကာရစသော ထိုထို ဆိုင်ရာဆိုင်ရာ အကြောင်းတရားများ စုံညီပါက ထိုထို ဆိုင်ရာဆိုင်ရာ နာမ်တရားတို့သည် ဖြစ်ရိုးဓမ္မတာပင် ရှိကြ၏။ ထိုတွင် ယောနိသောမနသိကာရနှင့် အယောနိသောမနသိကာရ အားလျော်စွာ ကုသိုလ်ဇော သို့မဟုတ် အကုသိုလ်ဇောဟူသော ဇောတို့သည် ထိုက်သလို စောကြမည် ဖြစ်သည်။ ဤသည့်သဘောတရားကိုပင် ရည်ရွယ်တော်မူ၍ မဟာဋီကာဆရာတော်က အောက်ပါအတိုင်း ဖွင့်ဆိုရေးသားသွားတော်မူပေသည်။

ပစ္ဆာ ပန အနုပဋ္ဌဟန္တေပိ ဥပါယေန ဥပဋ္ဌဟာပေတွာ အနဝသေသတော ဝ သမ္မသိတဗ္ဗာ။

(မဟာဋီ-၂-၃၉၁။)

= ဝိပဿနာပိုင်းသို့ ရောက်သစ်စဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာအစပိုင်းတွင် ထင်ရှားရာ လွယ်ကူရာ ရုပ်နာမ်ကစ၍ ဝိပဿနာရှုရသော်လည်း နောက်ပိုင်းတွင်ကား အသိဉာဏ်၌ မထင်လာမမြင်လာ-သေးသော ရုပ်တရား နာမ်တရားတို့ကိုလည်း အကြောင်း ဥပါယ်တံမျဉ်ဖြင့် အသိဉာဏ်၌ ထင်လာမြင်လာအောင် ပြု၍ အကြွင်းအကျန်မရှိ ကုန်စင်အောင်သာလျှင် ရုပ်တရား နာမ်တရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ပါလေ။

(မဟာဋီ-၂-၃၉၁။)

ဤဖွင့်ဆိုချက်နှင့် ပတ်သက်သည့် အကျယ်ရှင်းလင်းချက်ကို ရှေးတွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်၏။ ဤ ဖွင့်ဆိုချက်မှာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးတို့ကို ရရှိထားပြီးသော သမ္မသနဉာဏ်ပိုင်းသို့ ကူးတက်လာသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အတွက်သာ ဖွင့်ဆိုရေးသားထားတော်မူသော အဆိုအမိန့် တစ်ရပ်သာ ဖြစ်သည်ကိုကား အသင်သူတော်ကောင်းသည် မမေ့သင့်ပေ။ ထိုသို့ —

၁။ ရုပ်တရားဟု ရှုသင့်သော အချိန်၌ ရုပ်တရားဟု မရှုဘဲ,

၂။ နာမ်တရားဟု ရှုသင့်သော အချိန်၌ နာမ်တရားဟု မရှုဘဲ,

၃။ ရုပ်တရား နာမ်တရားဟု ရှုသင့်သော အချိန်၌ ရုပ်တရား နာမ်တရားဟု မရှုဘဲ,

၄။ ရုပ်နာမ်တို့ကို ပိုင်းခြားမှတ်သားရမည့် နာမရူပဝဝတ္ထာနဉာဏ်ပိုင်း၌ ရုပ်နာမ်တို့ကို မပိုင်းခြား မမှတ်သားဘဲ,

၅။ အကြောင်းတရား အကျိုးတရားတို့ကို ရှုသင့်သည့်အချိန်၌ အကြောင်းတရားအကျိုးတရားဟု မရှုဘဲ, တစ်နည်းဆိုသော် ရုပ်ကလာပ် နာမ်ကလာပ်တို့ကို ဃနအသီးအသီး ပြိုအောင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ဓာတ်မခွဲနိုင်သဖြင့် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရုပ်နာမ်ကြောင်းကျိုး = သင်္ခါရ တရားတို့ကို မသိမ်းဆည်းနိုင်ဘဲ, ယင်းသင်္ခါရတရားတို့ကို —

၆။ အနိစ္စဟု ရှုသင့်သည့် အချိန်၌ အနိစ္စဟု မရှုဘဲ,

၇။ ဒုက္ခဟု ရှုသင့်သည့် အချိန်၌ ဒုက္ခဟု မရှုဘဲ,

၈။ အနတ္တဟု ရှုသင့်သည့် အချိန်၌ အနတ္တဟု မရှုဘဲနေခဲ့သော် —

မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်၏ မဆိုက်ရောက်နိုင်၏ဟူသော အမေးပြဿနာနှင့် ပတ်သက်၍ အဖြေကို သိရှိလိုပါက အသင်သူတော်ကောင်းသည် အောက်ပါ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ်၌လာရှိသော **အနိစ္စသုတ္တန်** ကို ဖတ်ရှုကြည့်ပါ။

## အနိစ္စသုတ္တန်

သော ဝတ ဘိက္ခဝေ ဘိက္ခု ကဉ္စိ သင်္ခါရံ နိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ အနုလောမိကာယ ခန္တိယာ အသမန္နာဂတော သမ္မတ္တနိယာမံ ဩက္ကမိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ သမ္မတ္တနိယာမံ အနောက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

သော ဝတ ဘိက္ခဝေ ဘိက္ခု သဗ္ဗသင်္ခါရေ အနိစ္စတော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ၊ အနုလောမိကာယ ခန္တိယာ သမန္နာဂတော သမ္မတ္တနိယာမံ ဩက္ကမိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ၊ သမ္မတ္တနိယာမံ ဩက္ကမမာနော သောတာပတ္တိဖလံ ဝါ သကဒါဂါမိဖလံ ဝါ အနာဂါမိဖလံ ဝါ အရဟတ္တံ ဝါ (အရဟတ္တဖလံ ဝါ) သစ္ဆိကရိဿတီတိ ဌာနမေတံ ဝိဇ္ဇတိ။

(အံ-၂-၃၈၄-၃၈၅။)

= ရဟန်းတို့ . . . တစ်စုံတစ်ခုသော သင်္ခါရတရားကို မြဲသောနိစ္စသဘောအားဖြင့် (သုခသဘောအားဖြင့်၊ အတ္တသဘောအားဖြင့်) ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကာခန္တိ ဟု ခေါ်ဆိုအပ်သော လောကုတ္တရာတရားအားလျော်သော ဝိပဿနာပညာနှင့် ပြည့်စုံလိမ့်မည်ဟူသော ဤအကြောင်းသည် မရှိနိုင်။ အနုလောမိကာခန္တိဟု ခေါ်ဆိုအပ်သော လောကုတ္တရာတရားအားလျော်သော ဝိပဿနာပညာနှင့် မပြည့်စုံသည် ရှိသော် မဖောက်မပြန် ကိန်းသေမြဲသောသဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမ အမည်ရသော အရိယမဂ်တရားသို့ သက်ဝင်လိမ့်မည်ဟူသော ဤအကြောင်းသည်မရှိနိုင်။ မဖောက်မပြန် ကိန်းသေမြဲသော သဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမအမည်ရသော အရိယမဂ်တရားသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော ဤအကြောင်းသည် မရှိနိုင်။

ရဟန်းတို့ . . . အလုံးစုံသော သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် (ဒုက္ခအားဖြင့် အနတ္တအားဖြင့်) ရှုသော ထိုရဟန်းသည် စင်စစ်အားဖြင့် အနုလောမိကာခန္တိခေါ်သော လောကုတ္တရာတရားအားလျော်သော ဝိပဿနာပညာနှင့် ပြည့်စုံလိမ့်မည်ဟူသော ဤအကြောင်းသည် ရှိနိုင်၏။ အနုလောမိကာခန္တိဟုခေါ်သော လောကုတ္တရာတရားအားလျော်သော ဝိပဿနာပညာနှင့် ပြည့်စုံသည်ရှိသော် မဖောက်မပြန် ကိန်းသေမြဲသော သဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမအမည်ရသော အရိယမဂ်တရားသို့ သက်ဝင်လိမ့်မည်ဟူသော ဤအကြောင်းသည် ရှိနိုင်၏။ မဖောက်မပြန် ကိန်းသေမြဲသောသဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမ အမည်ရသော အရိယမဂ်တရားသို့ သက်ဝင်သည် ရှိသော် သောတာပတ္တိဖိုလ်ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော ဤအကြောင်းသည် ရှိနိုင်၏။ (အံ-၂-၃၈၄-၃၈၅။)

# အနုလောမိကာခန္တီ

**အနုလောမိကာယ ခန္တိယာ**တိ ဧတ္ထ ဝိပဿနာဉာဏမေဝ လောကုတ္တရမဂ္ဂံ အနုလောမေတီတိ အနုလောမိကံ။ တဒေဝ ခန္တိမပေက္ခိတွာ အနုလောမိကာ။ သဗ္ဗသင်္ခါရာ တဿ အနိစ္စတော ဒုက္ခတော အနတ္တတော ခမန္တိ ရုစ္စန္တီတိ ခန္တိ။ သာ မုဒုကာ မဇ္ဈိမာ တိက္ခာတိ တိဝိဓာ။ ကလာပသမ္မသနာဒိကာ ဥဒယဗ္ဗယဉာဏပရိယောသာနာ မုဒုကာနုလောမိကာ ခန္တိ။ ဘင်္ဂါနုပဿနာဒိကာ သင်္ခါရုပေက္ခာဉာဏပရိယောသာနာ မဇ္ဈိမာနုလောမိကာ ခန္တိ။ အနုလောမဉာဏံ တိက္ခာနုလောမိကာ ခန္တိ။ (ပဋိသံ-ဋ္ဌ-၂-၃၁၅။)

၎င်းအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာအဖွင့်နှင့်အညီ - **အနုလောမိကာခန္တိဉာဏ်**ဟူသည် လောကုတ္တရာအရိယမဂ်တရားအားလျော်သော ဝိပဿနာဉာဏ်အားလုံးပင် ဖြစ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်သည် ဝိပဿနာအခိုက်၌ သင်္ခါရတရားအားလုံးကို အနိစ္စအားဖြင့် = အနိစ္စဟု, ဒုက္ခအားဖြင့် = ဒုက္ခဟု, အနတ္တအားဖြင့် = အနတ္တဟု ဝိပဿနာရှုမှု၌ နှစ်သက်နေ၏။ ထိုသို့ လောကုတ္တရာအရိယမဂ်အားလျော်၍ သင်္ခါရတရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု ဝိပဿနာရှုမှု၌ နှစ်သက်သော ဉာဏ်ဖြစ်ခြင်းကြောင့် ယင်းဝိပဿနာဉာဏ်ကို **အနုလောမိကာခန္တီ** ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုအနုလောမိကာခန္တိ ဉာဏ်သည် အနုံ့စား, အလတ်စား, အမြတ်စားအားဖြင့် သုံးမျိုးသုံးစား ရှိ၏။

၁။ ကလာပသမ္မသနဉာဏ်အစ ဥဒယဗ္ဗယဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်သည် အနုံ့စား = အညံ့စား အနုလောမိကာခန္တိဉာဏ်တည်း။

၂။ ဘင်္ဂါနုပဿနာဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်သည် အလတ်စား အနုလောမိကာခန္တိဉာဏ်တည်း။

၃။ အနုလောမဉာဏ်သည် အထက်စား အမြတ်စား အနုလောမိကာခန္တိဉာဏ်တည်း။ (ပဋိသံ-ဋ္ဌ-၂-၃၁၅။)

ရုပ်ကလာပ် နာမ်ကလာပ်တို့ကို မမြင်ရသေး၍သော်လည်းကောင်း, ရုပ်ကလာပ် နာမ်ကလာပ်တို့ကို မြင်သော်လည်း ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော ရုပ်ဃန နာမ်ဃနတို့ကို ပြိုကွဲအောင် ဉာဏ်ဖြင့် မဖြိုခွဲနိုင်သေး၍သော်လည်းကောင်း ရုပ်ပရမတ်အစစ် နာမ်ပရမတ်အစစ်သို့ ဉာဏ်အမြင်မဆိုက်သေးသော ရုပ်ပရမတ်အစစ် နာမ်ပရမတ်အစစ်တို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟုလည်း ဝိပဿနာ မရှုနိုင်သေးသော ယောဂါဝစရပုဂ္ဂိုလ်တို့ကား အနုလောမိကာခန္တိဟု ခေါ်ဆိုအပ်သည့် လောကုတ္တရာ အရိယမဂ်တရားအား လျော်သည့် ဝိပဿနာဉာဏ်ပညာနှင့် မပြည့်စုံသေးဟု အထက်ပါ ပါဠိတော် အဋ္ဌကထာတို့က မိန့်ဆိုတော်မူလျက် ရှိ၏။

အနုလောမိကာခန္တိဟု ခေါ်ဆိုအပ်သော လောကုတ္တရာ အရိယမဂ်တရားအားလျော်သော ဝိပဿနာပညာနှင့် မပြည့်စုံသည်ရှိသော် မဖောက်မပြန် ကိန်းသေမြဲသော သဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမ အမည်ရသော အရိယမဂ်တရားသို့ သက်ဝင်လိမ့်မည်ဟူသော ဤအကြောင်းသည် မရှိနိုင်။ မဖောက်မပြန် ကိန်းသေမြဲသော သဘောဟု ခေါ်ဆိုအပ်သော သမ္မတ္တနိယာမ အမည်ရသော အရိယမဂ်တရားသို့ မသက်ဝင်နိုင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုလည်းကောင်း, သကဒါဂါမိဖိုလ်ကိုလည်းကောင်း, အနာဂါမိဖိုလ်ကိုလည်းကောင်း, အရဟတ္တဖိုလ်ကိုလည်းကောင်း မျက်မှောက်ပြုနိုင်လိမ့်မည်ဟူသော ဤအကြောင်းသည် မရှိနိုင်။ (အံ-၂-၃၈၄-၃၈၅။)

## ရူပသတ္တက ရှုနည်း

အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အထက်ပါ ကလာပသမ္မသန ဝိပဿနာရှုနည်းဖြင့် ဝိပဿနာ ရှုပါသော်လည်း အားရတင်းတိမ်မှုကို မရရှိသေးပါက ရူပသတ္တကရှုနည်း အရူပသတ္တကရှုနည်းများကို ဆက်လက်၍ ဝိပဿနာရှုပွားလိုပါက ဝိပဿနာ ရှုပွားနိုင်သည်သာ ဖြစ်သည်။ ဤရှုပွားပုံ နည်းစနစ်များကို ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာနှင့် မဟာဋီကာတို့မှ လိုရင်းကို ထုတ်နုတ်၍ ရေးသားတင်ပြအပ်ပါသည်။

အာဒါနနိက္ခေပနတော၊ ဝယောဝုဍ္ဎတ္ထဂါမိတော။
အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ။ (ဝိသုဒ္ဓိ-၂-၂၅၃။)

## ၁။ အာဒါနနိက္ခေပနအားဖြင့် ရှုနည်း

အာဒါနဟူသည် ဘဝသစ်ကို ယူခြင်း = ပဋိသန္ဓေ = ဇာတိတည်း၊ နိက္ခေပနဟူသည် ဘဝဟောင်းကို စွန့်ပစ်ခြင်း = မရဏ = စုတိတည်း။ ထိုကြောင့် အာဒါနနိက္ခေပနရှုနည်း ဟူသည် ပဋိသန္ဓေနှင့် စုတိအတွင်း၌ တည်ရှိသော ဘူတရုပ် ဥပါဒါရုပ်တို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ဉာဏ်ဖြင့် ပိုင်းခြားယူပြီးလျှင် ယေဘုယျစည်းကမ်းသို့ လိုက်၍ နှစ်ပေါင်း (၁၀၀)ဟု သတ်မှတ်ထားအပ်သော ဘဝတစ်လျှောက်အတွင်း၌ ဖြစ်ပွား တည်ရှိနေကြကုန်သော သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပွားသုံးသပ် ရသော ဝိပဿနာလုပ်ငန်းခွင်တစ်မျိုးပင် ဖြစ်သည်။ ထိုကြောင့် အသင်သူတော်ကောင်းသည် အသက် (၁၀၀) ရှည်သော်လည်း ရှည်လေရာ၏၊ မရှည်သော်လည်း ရှိလေရာ၏။ မည်သို့ပင်ဖြစ်စေ မိမိ၏ပဋိသန္ဓေမှသည် စုတိ ကာလသို့တိုင်အောင်သော အချိန်ကာလအတွင်း၌ ဖြစ်ပွားတည်ရှိနေသော ပရမတ်ရုပ်တရားတို့ကို ခြုံငုံ၍ ယင်း ရုပ်တရားတို့၏ အနိစ္စအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း, ဒုက္ခအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟုလည်းကောင်း, အနတ္တအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ ထိုသို့ ရှုရာ၌ ပဋိသန္ဓေနှင့် စုတိအကြား၌ တည်ရှိသော ရုပ်တရားတို့ကို ခပ်ကျဲကျဲ မရှုဘဲ ခပ်စိပ်စိပ်သာ ရှုပါ။ ဘဝတစ်လျှောက်အတွင်းဝယ် မည်သည့် အခိုက်အတန့်၌မဆို တည်ရှိနေသည့် ရုပ်တရားမှန်သမျှ အားလုံးသည် အနိစ္စချည်း ဒုက္ခချည်း အနတ္တချည်းသာ ဖြစ်ကြောင်းကို ဉာဏ်အမြင်သန့်ရှင်းအောင် လက္ခဏာရေးသုံးတန်တွင် တစ်ပါး တစ်ပါး၌ ကြိမ်ဖန်များစွာ အခေါက်ပေါင်းများစွာ ရှုပါ။

## အနိစ္စအခြင်းအရာ

ဥပ္ပါဒဝယဝတ္တိတော, ဝိပရိဏာမတော, တာဝကာလိကတော, နိစ္စပဋိက္ခေပတော စ။ (ဝိသုဒ္ဓိ-၂-၂၅၃။)

တတ္ထ **ဥပ္ပါဒဝယဝတ္တိတော**တိ ဥပ္ပဇ္ဇနဝသေန, နိရုဇ္ဈနဝသေန စ ပဝတ္တနတော၊ အဟုတွာ သမ္ဘဝတော ဟုတွာ ဝယူပဂမနတောတိ အတ္ထော။ (မဟာဋီ-၂-၄၀၆။)

၁။ **ဥပ္ပါဒဝယဝတ္တိတော —** ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှတို့သည် ဖြစ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း, ပျက်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်တတ်သောကြောင့် = ရှေးကမရှိသေးမူ မဖြစ်သေးမူ၍ ယခု ဥပါဒ် ကာလသို့ရောက်မှ ရုတ်ခြည်း ဖြစ်ပေါ်လာတတ်သောကြောင့်, ယခုဖြစ်ပြီး၍ ပျက်ခြင်းသို့ ကပ်ရောက်သွားတတ်-သောကြောင့် အနိစ္စမည်ကုန်၏။သင်္ခါရတရားတို့သည် မဖြစ်မီ ရှေးအဖို့က မရှိခြင်း ဖြစ်ပြီးနောက် မရှိခြင်းဟူသော

မရှိခြင်းနှစ်မျိုးတို့၏ အလယ်၌သာလျှင် ယာယီအခိုက်အတန့်အားဖြင့် ဖြစ်ပေါ်လာကြသော ဓမ္မသဘာဝတရား-တို့သာ ဖြစ်ကြ၏၊ ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် မရှိခြင်းသဘောသို့သာ ကပ်ရောက်သွားကြ၏။ ယင်းသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရုပ်တရားတို့ကို (= သင်္ခါရတရားတို့ကို) အနိစ္စဟု ရှုပါ။

၂။ **ဝိပရိဏာမတော**တိ သန္တာနဿ ပုရိမပုစ္ဆိမရိသဒိသဘာဝတော ဝဒန္တိ။ တံ ဝဿသတပရိစ္ဆိန္နေ ရူပေ ဣဒံ သမ္မသနန္တိ အဓိပ္ပါယေနေဝ ဝုတ္တံ သိယာ၊ ဇရာမရဏေန ဝိပရိဏာမေတဗ္ဗတောတိ အတ္ထော။ အသတိပိ ဓမ္မဘေဒေ အဝတ္ထာဘေဒေါ ဣစ္ဆိတဗ္ဗော။ န ဟိ ဥပ္ပါဒါဝတ္ထာ ဧဝ ဘင်္ဂါဝတ္ထာတိ ယုတ္တာ။ တထာ ဟိ ဝုတ္တံ "ဇရာယ စေဝ မရဏေန စာတိ ဒွေဓာ ပရိဏာမပကတိတာယာ"တိ ။ သဘာဝဝိဂမော ဧဝ ဝါ ဧတ္ထ ဝိပရိဏာမော။ (မဟာဋီ-၂-၄၀၆။)

၂။ **ဝိပရိဏာမ**ဟူသည် ရုပ်သန္တတိအစဉ်၏ ရှေးရှေးဖြစ်ပေါ်သွားသော ရုပ်သန္တတိအစဉ်နှင့် နောက်နောက်ဖြစ်ပေါ်သွားသော ရုပ်သန္တတိအစဉ်တို့၏ မတူသောဖြစ်ခြင်း ရှိမှုကို ဆိုလိုကြောင်းကို ဆရာမြတ်တို့က မိန့်ဆို-တော်မူကြကုန်၏။ ထိုဆရာမြတ်တို့၏စကားသည် – ဤအာဒါနနိက္ခေပနနည်းအားဖြင့် ရုပ်တရားတို့ကို ဝိပဿနာရှုပွားသုံးသပ်ခြင်း = သမ္မသနသည် နှစ်ပေါင်း (၁၀၀)ဖြင့် ပိုင်းခြားအပ်သော ရုပ်တရား၌ ဝိပဿနာရှုပွားသုံးသပ်ခြင်း သမ္မသနသာတည်း — ဤသို့သော အဓိပ္ပါယ်အလိုသဘောဖြင့်သာလျှင် ပြောဆိုအပ်သည် ဖြစ်တန်လေရာ၏။ ရုပ်ပရမတ်တရားတို့သည် အိုခြင်း ဇရာ, သေခြင်း မရဏတရားဖြင့် ဖောက်ပြန် ပြောင်းလဲစေအပ်သောကြောင့် ဝိပရိဏာမဓမ္မ မည်၏။ ဤကား ထိုဆရာမြတ်တို့၏ ဆိုလိုသော အနက်သဘောတရားတည်း။ ပရမတ္ထဓမ္မသဘောတရား = ပရမတ္ထဓာတ်သားတရားလုံး အမျိုးအစား၏ ထူးထွေကွဲပြားခြင်းသည် မရှိငြားသော်လည်း ယင်းပရမတ္ထဓမ္မတို့၏ ဖြစ်မှုပျက်မှု အခိုက်အတန့်၏ ကွဲပြားမှုကိုကား အလိုရှိအပ်ပေသည်။ မှန်ပေသည် — ဥပါဒ်အခိုက်အတန့်သည်ပင်လျှင် ဘင်အခိုက်အတန့်တည်း ဟူသော ဤသို့သော အနက်အဓိပ္ပါယ်သည် မသင့်သည်သာ ဖြစ်၏။ ထိုကြောင့်ပင်လျှင် အဋ္ဌကထာဆရာတော်သည် တော (၄၀) ရှုကွက်တွင် —

ဇရာယ စေဝ မရဏေန စာတိ ဒွေဓာ ပရိဏာမပကတိတာယ **ဝိပရိဏာမဓမ္မတော**။ (ဝိသုဒ္ဓိ-၂-၂၄၇။)

အိုခြင်း = ဇရာတရားဖြင့်လည်းကောင်း, သေခြင်း = မရဏတရားဖြင့်လည်းကောင်း ဤသို့ နှစ်ဖို့နှစ်စုအားဖြင့် ဖောက်ပြန်ခြင်းသဘောရှိသည်၏ အဖြစ်ကြောင့် ဇရာမရဏဟူသော နှစ်ဖို့နှစ်စုအားဖြင့် ဖောက်ပြန်ခြင်းသဘော ရှိသည့် ဝိပရိဏာမဓမ္မဟု ရှုပါ။ (ဝိသုဒ္ဓိ-၂-၂၄၇။)

ဤသို့ ဖွင့်ဆိုရေးသားထားတော်မူခဲ့၏။ တစ်နည်း — ဤအရာ၌ ပရမတ်တရားတို့၏ မိမိ မိမိတို့၏ ဆိုင်ရာပင်ကိုရင်း သဘာဝသတ္တိ၏ ကင်းခြင်း ချုပ်ပျက်သွားခြင်းသည်ပင်လျှင် **ဝိပရိဏာမ** မည်ပေသည်။ ယင်းဝိပရိဏာမသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ (မဟာဋီ-၂-၄၀၆။)

၃။ ခဏိကတာ **တာဝကာလိကတာ**။ (မဟာဋီ-၂-၄၀၆။)

၃။ **တာဝကာလိကတော** — သင်္ခါရတရားတို့သည် ဥပါဒ်-ဋ္ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော တစ်ခဏမျှသာ ရှည်ကြာသည်၏ အဖြစ်ကြောင့် အနိစ္စမည်ကုန်၏။ မဖြစ်ခင်က မရှိခြင်း, ဖြစ်ပြီးနောက် မရှိခြင်းဟူသော မရှိခြင်းနှစ်မျိုးတို့၏ အလယ်၌သာလျှင် ယာယီအခိုက်အတန့်ကလေးမျှသာ ဖြစ်ပေါ်လာကြရသော ဓမ္မသဘာဝ-တို့သာ ဖြစ်ကြ၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်ဟူသော အချိန်ကာလကို ကုဋေ (၅၀၀၀)ခန့် ပိုင်းလျှင် တစ်ပိုင်းခန့်လောက်သာ သက်တမ်းရှိသော ယာယီဖြစ်၏။ (ရုပ်သင်္ခါရတရားတို့ကိုသာ ဆိုလိုသည်။ နာမ်သင်္ခါရတရားတို့ကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်ဟူသော အချိန်ကာလကို ကုဋေတစ်သိန်းခန့် ပိုင်းလျှင် တစ်ပိုင်းခန့်သာ သက်တမ်းရှိကြ၏။) ထိုမျှ တိုတောင်းလှသော အခိုက်အတန့် သက်တမ်းရှိမှု သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရုပ်တရားတို့ကို အနိစ္စဟု ရှုပါ။

၄။ နိစ္စသဘာဝါဘာဝေါ ဧဝ **နိစ္စပဋိက္ခေပေါ**။ အနိစ္စဓမ္မာ ဟိ တေနေဝ အတ္တနော သဘာဝေန ဇာနန္တာနံ နိစ္စတံ ပဋိက္ခိပန္တိ နာမ။ (မဟာဋီ-၂-၄၀၆။)

၄။ **နိစ္စပဋိက္ခေပတော —** နိစ္စသဘောကို ပယ်ခြင်းကြောင့် အနိစ္စမည်ကုန်၏။ နိစ္စသဘော၏ မရှိခြင်းသည် ပင်လျှင် နိစ္စသဘောကို ပယ်သည်မည်၏။ မှန်ပေသည် အနိစ္စဓမ္မဖြစ်ကြကုန်သော သင်္ခါရတရားတို့သည် ထိုမမြဲသော အနိစ္စသဘောဖြင့်ပင်လျှင် ယင်း သင်္ခါရဓမ္မ = အနိစ္စဓမ္မတို့ကို သိကုန်သော ယောဂါဝစရပုဂ္ဂိုလ်-တို့အား ယင်းသင်္ခါရဓမ္မတို့၏ မြဲခြင်း နိစ္စအဖြစ်ကို ငြင်းပယ်သည် မည်ကုန်၏။ ယင်းအကြောင်းကြောင့်ပင်လျှင် နိစ္စ မဟုတ်၍ အနိစ္စ ဟူလိုသည်။ (ဝိသုဒ္ဓိ-၂-၂၅၃။ မဟာဋီ-၂-၄၀၆။)

## ဒုက္ခအခြင်းအရာ

ယသ္မာ ပန ဥပ္ပန္နာ သင်္ခါရာ ဌိတိံ ပါပုဏန္တိ၊ ဌိတိယံ ဇရာယ ကိလမန္တိ၊ ဇရံ ပတွာ အဝဿံ ဘိဇ္ဇန္တိ၊ တသ္မာ အဘိဏှသမ္ပဋိပီဠနတော, ဒုက္ခမတော, ဒုက္ခဝတ္ထုတော, သုခပဋိက္ခေပတော စ ဒုက္ခာ။ (ဝိသုဒ္ဓိ-၂-၂၅၃။)

ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှတို့သည် မြဲသည့် နိစ္စတရားများ မဟုတ်ခြင်းကြောင့် မမြဲသည့် အနိစ္စတရားတို့သာ ဖြစ်ကြကုန်၏။ ယင်းအနိစ္စဖြစ်ကြသည့် သင်္ခါရတရားတိုင်း၌ —

၁။ ဖြစ်ခြင်း = ဥပါဒ်ခဏ အခိုက်အတန့်,

၂။ တည်ခြင်း = ဌီခဏ အခိုက်အတန့်,

၃။ ပျက်ခြင်း = ဘင်ခဏ အခိုက်အတန့် —

ဤအခိုက်အတန့် သုံးမျိုးစီ အသီးအသီး ရှိ၏။ တစ်ဖန် ယင်းသင်္ခါရတရားတို့သည် —

၁။ ဥပါဒ်အခိုက်အတန့်၌ ဥပါဒ်အခိုက်အတန့်သာ ရှိ၏၊ ဌီအခိုက်အတန့် ဘင်အခိုက်အတန့်တို့ မရှိကုန်။

၂။ ဌီအခိုက်အတန့်၌လည်း ဌီအခိုက်အတန့်သာ ရှိ၏၊ ဥပါဒ်အခိုက်အတန့် ဘင်အခိုက်အတန့်တို့ မရှိကုန်။

၃။ ဘင်အခိုက်အတန့်၌လည်း ဘင်အခိုက်အတန့်သာ ရှိ၏၊ ဥပါဒ်အခိုက်အတန့် ဌီအခိုက်အတန့်တို့ မရှိကုန်။

ဖြစ်ပေါ်လာကြကုန်သော = ဥပါဒ်ကာလသို့ ရောက်ရှိလာကြကုန်သော သင်္ခါရတရားတို့သည် ဌီကာလ-သို့ ရောက်ရှိလာကြကုန်၏၊ ဌီကာလ၌ ဇရာသဘောဖြင့် ပင်ပန်းညှိုးနွမ်းကြရကုန်၏။ ဇရာသို့ ရောက်ရှိလာကြကုန်သော သင်္ခါရတရားတို့သည် မချွတ်ဧကန် ပျက်စီးကြရကုန်၏ = ဘင်ကာလသို့ ရောက်ရှိကြရကုန်၏။ ထို့ကြောင့် —

၁။ ဥပါဒ်, ဌီ (= ဇရာ), ဘင် သည် မပြတ်နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

၂။ ထိုသို့ နှိပ်စက်တတ်သည်ဖြစ်၍ သည်းခံနိုင်ခဲသည်၏ အဖြစ်ကြောင့်လည်းကောင်း,

၃။ (က) ကာယိကဒုက္ခဝေဒနာ စေတသိကဒုက္ခဝေဒနာဟူသော ဒုက္ခဒုက္ခ,

(ခ) ကာယိကသုခဝေဒနာ စေတသိကသုခဝေဒနာဟူသော ဝိပရိဏာမဒုက္ခ,

(ဂ) ကြွင်းသင်္ခါရတရား အားလုံးဟူသော သင်္ခါရဒုက္ခ,

(ဃ) သံသာရဝဋ်ဆင်းရဲဒုက္ခ = သံသာရဒုက္ခ —

ဤဒုက္ခအမျိုးမျိုး၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့်လည်းကောင်း,

၄။ သုခ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် သုခကို ပယ်တတ် မြစ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း

ရုပ်နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှတို့သည် **ဒုက္ခ** မည်ကုန်၏။ သုခ မဟုတ် ဒုက္ခစစ်စစ်တို့သာတည်း။

(ဝိသုဒ္ဓိ-၂-၂၅၃။ မဟာဋီ-၂-၄၀၆-၄၀၇။)

# အနတ္တ အခြင်းအရာ

ယသ္မာ စ "ဥပ္ပန္နာ သင်္ခါရာ ဌိတိံ မာ ပါပုဏန္တု၊ ဌာနပ္ပတ္တာ မာ ဇီရန္တု၊ ဇရပ္ပတ္တာ မာ ဘိဇ္ဇန္တူ"တိ ဣမေသု တီသု ဌာနေသု ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ၊ သုညာ တေန ဝသဝတ္တနာကာရေန၊ တသ္မာ သုညတော, အဿာမိကတော, အဝသဝတ္တိတော, အတ္တပဋိက္ခေပတော စ အနတ္တာတိ။ (ဝိသုဒ္ဓိ-၂-၂၅၃-၂၅၄။)

(က) တစ်ဖန် — ဖြစ်ပေါ်လာကြကုန်သော ဥပါဒ်ခဏနှင့် ပြည့်စုံကြကုန်သော သင်္ခါရတရားတို့သည် ဌီကာလသို့ မရောက်ကြပါစေကုန်လင့်။ (ဖြစ်ပေါ်လာတိုင်းသော ဥပါဒ်အခြင်းအရာအားဖြင့်သာ တည်-နေကြပါစေကုန်။)

(ခ) ဌီကာလသို့ ရောက်ရှိလာကြကုန်သော သင်္ခါရတရားတို့သည် မရင့်ကျက်ကြပါစေကုန်လင့် = မအိုကြပါစေကုန်လင့်။

(ဂ) ရင့်ကျက်ခြင်း အိုခြင်းဇရာကာလသို့ ရောက်ရှိလာကြကုန်သော သင်္ခါရတရားတို့သည် မပျက်စီးကြပါစေကုန်လင့် = မြဲကြပါစေ။

ဤကဲ့သို့သော ဤသုံးပါးသော အရာဌာနတို့၌ တစ်စုံတစ်ယောက်သောသူ၏ အလိုဆန္ဒသို့ လိုက်လျော-တတ်သည်၏ အဖြစ်သည် မရှိနိုင်ပေ။ ထိုသုံးပါးကုန်သော အရာဌာနတို့၌ အလိုဆန္ဒသို့ လိုက်လျောတတ်သော အခြင်းအရာမှ သင်္ခါရတရားတို့သည် ဆိတ်သုဉ်းကြကုန်၏။ ထိုကြောင့် သင်္ခါရတရားတို့သည် —

၁။ (က) ခန္ဓာအိမ် အသစ်သစ်လဲသော်လည်း ပြောင်းလဲမှုမရှိဘဲ မပျက်စီးဘဲ အသစ်သစ်သော ခန္ဓာအိမ်၌ အမြဲလိုက်ပါလျက် ကိန်းဝပ်တည်နေသော အမြဲလိုက်ပါနေထိုင်သော နိဝါသီအတ္တ,

(ခ) ပြုလုပ်ဖွယ် မှန်သမျှကို ပြုလုပ်တတ်သော ကာရကအတ္တ,

(ဂ) ခံစားဖွယ်ရာ အာရုံမှန်သမျှကို ခံစားတတ်သော ဝေဒကအတ္တ,

(ဃ) စီမံခန့်ခွဲမှု မှန်သမျှကို စီမံခန့်ခွဲတတ်သော အဓိဋ္ဌာယကအတ္တ –

ဤအတ္တအသီးအသီးမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

၂။ ခန္ဓာအိမ်ကို ပိုင်ဆိုင်သည့် ပိုင်ရှင်ဖြစ်သူ တစ်စုံတစ်ယောက်သော သာမိအတ္တ၏ မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း (ဤအမှတ် ၁,၂ - စကားရပ်တို့ဖြင့် သင်္ခါရတရားတို့သည် အတ္တ၏ဥစ္စာ မဟုတ်သည်၏ အဖြစ်ကို ပြ၏။),

၃။ သင်္ခါရတရားတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော သုံးပါးသော အရာဌာနတို့၌ တစ်စုံတစ်ယောက်သော သူ၏ = တစ်စုံတစ်ယောက်သော အတ္တ၏ အလိုဆန္ဒသို့ လိုက်ပါတတ်သော အဖြစ်၏ မရှိခြင်းကြောင့်လည်းကောင်း,

၄။ သာသနာပ အယူရှိကြကုန်သော တိတ္ထိတို့သည် ကြံဆအပ်သော အတ္တကို ပယ်ခြင်းကြောင့်လည်းကောင်း

ဤလေးမျိုးသော အကြောင်းတရားတို့ကြောင့် **အနတ္တ** မည်ကုန်၏၊ အတ္တ မဟုတ်ကုန်။

ဤအရာဝယ် —

၁။ **သုညတော** = အတ္တမှကင်းဆိတ်မှု (**သုညတတ္တ**),

၂။ **အဿာမိကတော** = ခန္ဓာအိမ်ကို ပိုင်ဆိုင်သည့် ပိုင်ရှင် သာမိအတ္တ၏ မရှိမှု (**အဿာမိကတ္တ**),

၃။ **အဝသဝတ္တိတော** = သင်္ခါရတရားတို့၏ ဥပါဒ်-ဌီ-ဘင် အခိုက်အတန့်တို့၏ တစ်စုံတစ်ခုသော အတ္တ၏ အလိုအတိုင်း မလိုက်ပါမှု (**အဝသဝတ္တနတ္တ**) –

ဤသုံးမျိုးသော အနက်သဘောတို့ဖြင့် သင်္ခါရဓမ္မတို့၏ သာသနာပ အယူအဆရှိသူ တိတ္ထိတို့ ကြံဆအပ်-သော အတ္တမှ ကင်းခြင်းဆိတ်ခြင်းကို ဆိုအပ်၏။

၄။ **အတ္တပဋိက္ခေပတော** = အတ္တရှိမှုကို ငြင်းပယ်မှုဟူသော ဤအနက်သဘောဖြင့်ကား ယင်းတိတ္ထိတို့သည် ကြံဆအပ်သော အတ္တသဘောတရား၏ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့် **အတ္တမဟုတ်**ဟု ပယ်မြစ်ခြင်း ပဋိက္ခေပကို ဆိုအပ်ပေသည်။

အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင်သော အချိန်ကာလအတွင်း၌ တည်ရှိသော ရုပ်တရားတို့ကို ခြုံငုံ၍ ယင်းအထက်ပါ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်းကောင်း တစ်လှည့်စီ ခွဲ၍ အခေါက်ပေါင်းများစွာ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင် အနိစ္စကို သပ်သပ်ရှုပါ။ အလားတူပင် ဒုက္ခကိုလည်း သပ်သပ်ရှုပါ။ အနတ္တကိုလည်း သပ်သပ်ရှုပါ။ အတိတ်အဆက်ဆက် မှသည် အနာဂတ်အဆက်ဆက် ဆုံးသည်တိုင်အောင်လည်း နည်းတူပင် ရှုလိုက ရှုနိုင်ပါသည်။ ထိုသို့ရှုရာ၌ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုလိုက ရှုပါ။

## အနှစ်တစ်ရာဟူသည်

“ယော စိရံ ဇီဝတိ ၊ သော ဝဿသတ”န္တိ ဝစနတော တတော ဉီနာဓိကဘာဝေါ အပ္ပမာဏန္တိ ဝုတ္တံ **“ဓော ဝဿသတံ ပရိစ္ဆိန္ဒိတွာ”**တိ။ (မဟာဋီ-၂-၄၀၆။)

အကြင်ပုဂ္ဂိုလ်သည် ရှည်မြင့်စွာ အသက်ရှင်၏၊ ထိုပုဂ္ဂိုလ်သည် အနှစ်တစ်ရာ ကာလပတ်လုံး အသက် ရှည်၏။ (ဒီ-၂-၃။ သံ-၁-၁၀၉-၁၁၀။ အံ-၂-၅၀၃။) ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် ထိုအနှစ်တစ်ရာကာလအောက် ယုတ်လျော့သည်၏ အဖြစ်, ထိုအနှစ်တစ်ရာကာလထက် ပိုလွန်သည်၏ အဖြစ်-သည် ပမာဏမဟုတ်၊ ဤသို့နှလုံးပိုက်တော်မူ၍ အဋ္ဌကထာဆရာတော်က ပဋိသန္ဓေမှ စုတိသို့တိုင်အောင်သော အချိန်ကာလကို နှစ်ပေါင်းတစ်ရာဖြင့် ပိုင်းခြား၍ ယင်းနှစ်ပေါင်းတစ်ရာ၏ အတွင်း၌ တည်ရှိသော ရုပ်ပရမတ် တရားတို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပွားသုံးသပ်ရန် ညွှန်ကြားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၂-၄၀၆။)

## ၂။ ဝယောဝုဍ္ဍတ္ထင်္ဂမအားဖြင့် ရှုနည်း

ဝယောဝုဍ္ဍတ္ထင်္ဂမ မည်သည်ကား အရွယ်၏ အစွမ်းဖြင့် အဆင့်ဆင့် ကြီးရင့်ပြီးသော ရုပ်တရား၏ အဆင့် ဆင့် ချုပ်ခြင်းတည်း။ ထိုသို့ အရွယ်အားဖြင့် အဆင့်ဆင့် ကြီးရင့်ပြီးသော ရုပ်တရား၏ အဆင့်ဆင့် ချုပ်ခြင်း၏ အစွမ်းဖြင့် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါဟု ဆိုလို၏။

ယေဘုယျသက်တမ်း သတ်မှတ်ချက်သို့ လိုက်၍ ဘဝတစ်ခု၏ သက်တမ်းကို အနှစ်တစ်ရာပတ်ဝန်းကျင် ထား၍ ယင်းဘဝတစ်ခု၏ အတွင်း၌ တည်ရှိသော ရုပ်တရားတို့ကို (၃)ပုံ, (၁၀)ပုံ စသည်ဖြင့် ပုံ၍ တစ်ပုံ တစ်ပုံ အတွင်း၌ ပါဝင်တည်ရှိသော ရုပ်တရားတို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုရမည့် အပိုင်း ကဏ္ဍရပ်ပင် ဖြစ်သည်။ သို့အတွက် ရှုပုံစနစ်ကို အကျဉ်းချုပ်၍ အောက်ပါအတိုင်း ရေးသားတင်ပြအပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ | အနှစ် (၁၀၀) ကို | (၃) ပုံ | ပုံ၍လည်းကောင်း | (၃၃-၃၄-၃၃ နှစ်စီ) |
| ၂။ | ။ | (၁၀) | ။ | (၁၀ - နှစ်စီ ) |
| ၃။ | ။ | (၂၀) | ။ | (၅ - နှစ်စီ ) |
| ၄။ | ။ | (၂၅) | ။ | (၄ - နှစ်စီ ) |
| ၅။ | ။ | (၃၃) | ။ | (၃ - နှစ်စီ ) |
| ၆။ | ။ | (၅၀) | ။ | (၂ - နှစ်စီ ) |
| ၇။ | ။ | (၁၀၀) | ။ | (၁ - နှစ်စီ ) |
| ၈။ | ။ | (၃၀၀) | ။ | (၁ - ဥတုစီ ) |
| ၉။ | ။ | (၆၀၀) | ။ | (၂ - လစီ ) |
| ၁၀။ | ။ | (၂၄၀၀) | ။ | (၁ - ပက္ခ = ၁၅ - ရက်စီ ) |

ထိုအပုံအသီးအသီးအတွင်း၌ ဖြစ်ပေါ်နေသော ရုပ်တရားတို့ကို အထက်ပါအတိုင်း အသီးအသီး တစ်ပုံစီ တစ်ပုံစီ ခွဲခြားစိတ်ဖြာ ပိုင်းခြား၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ တစ်ပုံပြီးမှ တစ်ပုံ တဖြည်းဖြည်း ရှုပါ။ တစ်ပုံတစ်ပုံ၌ တည်ရှိသော ရုပ်တရားများသည် နောက်နောက်သော အပုံသို့ ပြောင်းရွှေ့ မသွားပုံကိုလည်း ဉာဏ်ဖြင့် မြင်အောင်ရှုပါ။

ထိုနောင် တစ်ရက်တစ်ရက်အတွင်း၌ တည်ရှိသော ရုပ်တရားတို့ကို —

၁။ နေ့နှင့် ည ခွဲ၍ (၂)ပုံ ပုံ၍လည်းကောင်း,
၂။ နေ့၌ နံနက် နေ့လည် ညနေ ဟု (၃)ပုံ ပုံ၍လည်းကောင်း,
၃။ ည၌ ညဉ့်ဦးယာမ် သန်းခေါင်ယာမ် မိုးသောက်ယာမ်ဟု (၃)ပုံ ပုံ၍လည်းကောင်း —
(အနှစ်တစ်ရာအတွင်း၌ တည်ရှိသော ရက်တိုင်း ရက်တိုင်း၌ ၆-ပုံစီ ၆-ပုံစီ ပုံ၍ဟု ဆိုလိုသည်။)

ထိုအပုံအသီးအသီး အတွင်း၌ တည်ရှိသော ရုပ်တရားများကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

အထက်ပါအတိုင်း ဝိပဿနာရှုပြီးပါက ထိုတစ်နေ့တာ၏ ယင်းဖော်ပြပါ အချိန်ပိုင်း (၆)ပိုင်းအတွင်းဝယ် အချိန်ပိုင်း တစ်ပိုင်းစီ တစ်ပိုင်းစီ၏ အတွင်း၌ တည်ရှိသော ရုပ်တရားတို့ကို —

၁။ ရှေ့သို့တက်ရာ၌ ဖြစ်ပေါ်နေသော ရုပ်တရား,
၂။ နောက်သို့ဆုတ်ရာ၌ ဖြစ်ပေါ်နေသော ရုပ်တရား,
၃။ တည့်တည့်ကြည့်ခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရား,
၄။ စောင်းငဲ့ကြည့်ရာ၌ ဖြစ်ပေါ်နေသော ရုပ်တရား,
၅။ ကွေးရာ၌ ဖြစ်ပေါ်နေသော ရုပ်တရား,
၆။ ဆန့်ရာ၌ ဖြစ်ပေါ်နေသော ရုပ်တရား —

ဤရုပ်တရား အသီးအသီးကိုလည်း ဣရိယာပထပိုင်း သမ္ပဇညပိုင်းတို့၌ ရေးသားတင်ပြခဲ့သည့် ရှုကွက် အတိုင်း ရုပ်တရားတို့ကို သိမ်းဆည်း၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ အသင် သူတော်ကောင်း၏ ပဋိသန္ဓေမှသည် စုတိသို့တိုင်အောင်သော အချိန်ကာလအတွင်း၌ တည်ရှိသော ရက်တိုင်း ရက်တိုင်း၌ အထက်ပါ ရှုကွက်ကို ရှုရမည် ဖြစ်ပေသည်။

ထိုနောင် ထိုထို တစ်နေ့တာ တစ်နေ့တာအတွင်း၌ ရှေ့သို့တက်ခိုက် နောက်သို့ဆုတ်ခိုက်စသည့် ဣရိယာ-ပထပိုင်း သမ္ပဇညပိုင်းဆိုင်ရာ ထိုထိုအခိုက်အတန့်တို့၌ တစ်ခုသော ခြေလှမ်းအကြိမ်ကို (၆)ပိုင်း ပိုင်း၍ တစ်ပိုင်း တစ်ပိုင်းအတွင်း၌ ဖြစ်ပေါ်နေသော ရုပ်တရားတို့ကို သိမ်းဆည်းလျက် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ (၆)ပိုင်း ပိုင်းပုံမှာ ဤသို့ ဖြစ်၏။ —

၁။ **ဥဒ္ဓရဏ** = မြေမှ ခြေကို ကြွချီမြှောက်သော အခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ,

၂။ **အတိဟရဏ** = ကြွချီပြီး ခြေကို ရပ်ထားသော ခြေသို့ တိုင်အောင် ရှေ့သို့ ဆောင်ယူခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ,

၃။ **ဝီတိဟရဏ** = ရပ်ထားသော ခြေကို ကျော်လွန်သွားအောင် ရှေ့ဘက်သို့ လှမ်းနေသော ခြေကို ဆောင်ယူ-ခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ, တစ်နည်း — ခလုတ် သစ်ငုတ် စသည်ကို မြင်၍ ရှောင်လွှဲခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ,

၄။ **ဝေါဿဇ္ဇန** = ရပ်ထားသော ခြေကို ကျော်လွန်သွားအောင် ရှေ့သို့ ယူဆောင်လာသော ခြေကို အောက်သို့ လွှတ်ချသော အခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ,

၅။ **သန္နိက္ခေပန** = ထိုခြေကို မြေကြီးပေါ်၌ သို့မဟုတ် ကြမ်းပြင်ပေါ်၌ ချထားခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ,

၆။ **သန္နိရုမ္ဘန** = တစ်ဖန် ထိုခြေကို နောက်ထပ် ခြေတစ်လှမ်း လှမ်းရန် ယင်းခြေထောက်ကို မြေမှ သို့မဟုတ် ကြမ်းပြင်မှ မကြွခင် မြေကြီးကို သို့မဟုတ် ကြမ်းပြင်ကို ဖိနင်းလိုက်သော အခိုက်၌ ဖြစ်ပေါ်နေသော ရုပ်တရားများ —

ဤအခိုက်အတန့် (၆)မျိုးအတွင်း၌ ဖြစ်ပေါ်နေသော ရုပ်တရားတို့ကို အသီးအသီး လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ ခြေတစ်လှမ်းအတွင်း၌ ဖြစ်ပွားသွားကြသော ရုပ်တရားတို့ကို ယင်းကဲ့သို့ အခိုက်အတန့် (၆)မျိုး ခွဲ၍ ရှုရသည့် ရှုကွက် အတိုချုပ်ကို ဤသို့ မှတ်သားပါ။ —

## " ကြွ – ဆောင် – လွှဲ – လွှတ် – ချ – ဖိ "

ဤစကားရပ်များကား အရိပ်ပြလျှင် အကောင်ထင်ရမည့် ဥပလက္ခဏနည်း နိဒဿနနည်းအားဖြင့် ညွှန်ကြား ပြသသော စကားရပ်များ ဖြစ်ကြသည်။ အနှစ်တစ်ရာဖြင့် သတ်မှတ်ထားအပ်သော အချိန်ကာလ အတွင်းဝယ် ရက်တိုင်းရက်တိုင်း၌ ထိုထို သွား-ရပ်-ထိုင်-လျောင်း ဟူသော ဣရိယာပထအခိုက်အတန့်, ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တည့်တည့်ကြည့်ခြင်း, စောင်းငဲ့ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းစသော ထိုထိုသမ္ပဇဉ အခိုက်အတန့်တို့၌လည်း ထိုထိုရုပ်တရားတို့ကို သိမ်းဆည်း၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုရန် ညွှန်ကြားနေခြင်း ဖြစ်သည်ဟု သဘောပေါက်ပါ။ (ဝိသုဒ္ဓိ-၂-၂၅၄-၂၅၈။ ကြည့်ပါ။)

ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဣတရံ ဣတရံ ကောဋ္ဌာသံ အပ္ပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ တဋတဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ"တိ။ တဿေဝံ ပဗ္ဗ ပဗ္ဗ ဂတေ သင်္ခါရေ ဝိပဿတော ရူပသမ္မသနံ သုခုမံ ဟောတိ။

(ဝိသုဒ္ဓိ-၂-၂၅၇။)

ဤသို့လျှင် **"ကြွ–ဆောင်–လွှဲ–လွှတ်–ချ–ဖိ"** ဟူသော ထိုထိုကောဋ္ဌာသ = အဖို့အစု၌ ဖြစ်ပေါ်သွားကြ-ကုန်သော ရုပ်တရားအပေါင်းတို့သည် ဤမှ တစ်ပါးသော ဤမှ တစ်ပါးသော အခြားအခြားသော နောက်နောက်

ကောဋ္ဌာသ = အဖို့အစုသို့ မရောက်မူ၍ ထိုထိုကောဋ္ဌာသ၌သာလျှင် အဆစ်အဆစ် အစပ်အစပ် အပိုင်းအပိုင်း ဖြစ်၍ လောလောပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းတို့သည် တဖျစ်ဖျစ်မည်သော အသံကို ပြုကုန်လျက် ပျက်ကုန်သကဲ့သို့ ဘူတရုပ် ဥပါဒါရုပ်ဟူသော သင်္ခါရတရားတို့သည် ထိုထိုခဏ၌ ခဏမစဲ တသဲသဲ ပြိုပြိုပျက်ပျက် နေကြကုန်၏။ ထို့ကြောင့် အနိစ္စတို့တည်း၊ ဒုက္ခတို့တည်း၊ အနတ္တတို့တည်း။ ဤသို့ ဆင်ခြင်သုံးသပ်ရှုပွား၍နေ၏။ ဤသို့ အဆစ်အဆစ် အပိုင်းအပိုင်းဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ် သင်္ခါရတရားတို့ကို ဝိပဿနာရှုနေသော ထိုယောဂါဝစရရဟန်းတော်၏ ရုပ်တရားကို ဝိပဿနာ ရှုပွားသုံးသပ်လျက်ရှိသော ရူပသမ္မသန ဝိပဿနာ-ဉာဏ်သည် သိမ်မွေ့သော အဆင့်သို့ ရောက်ရှိသွားပြီ ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၅၇။)

## ဓာတ်လွန် – ဓာတ်ယုတ်

ထိုခြေတစ်လှမ်းအတွင်းဝယ် **"ကြွ–ဆောင်–လွှဲ–လွှတ်–ချ–ဖိ"**ဟူသော အခိုက်အတန့် (၆)မျိုးတို့တွင် ခြေကိုကြွချီသော အခိုက်အတန့်၌ ပထဝီဓာတ် အာပေါဓာတ်ဟူသော ဓာတ်နှစ်ပါးတို့သည် သဘာဝသတ္တိစွမ်းအင်အားဖြင့် ယုတ်ညံ့သော ပမာဏရှိကုန်၏။ နုံ့ကုန်၏။ တေဇောဓာတ် ဝါယောဓာတ် နှစ်ပါးတို့ကား သဘာဝသတ္တိစွမ်းအင်အားဖြင့် လွန်ကဲသော ပမာဏ ရှိကုန်၏၊ စွမ်းအား ကြီးမားကုန်၏၊ သန်မာသော စွမ်းအား ရှိကြကုန်၏။ ထို့အတူပင် အတိဟရဏ = ခြေကို ရှေ့သို့ ဆောင်ယူခိုက်၌လည်းကောင်း, ဝီတိဟရဏ = ခြေကို လွှဲခိုက်၌လည်း-ကောင်း, တေဇောဓာတ် ဝါယောဓာတ် နှစ်ပါးတို့သည် သဘာဝသတ္တိ စွမ်းအင်အားဖြင့် လွန်ကဲသော ပမာဏ ရှိကုန်၏၊ သန်မာသော စွမ်းအားရှိကုန်၏၊ စွမ်းအား ကြီးမားကုန်၏။ ဝေါဿဇ္ဇန = ခြေကို လွှတ်ခြင်း အောက်သို့ ချခြင်း၌ တေဇောဓာတ် ဝါယောဓာတ်ဟူသော ဓာတ်နှစ်ပါးတို့သည် သဘာဝသတ္တိစွမ်းအင်အားဖြင့် ယုတ်ညံ့သော ပမာဏရှိကုန်၏၊ နုံ့ကုန်၏။ ပထဝီဓာတ် အာပေါဓာတ် နှစ်ပါးတို့သည် သဘာဝသတ္တိစွမ်းအင်အားဖြင့် လွန်ကဲသော ပမာဏရှိကုန်၏၊ သန်မာသော စွမ်းအား ရှိကုန်၏။ မြေအပြင်၌ ခြေကိုချထားခြင်း = သန္နိက္ခေပန, ချီအပ်သော ခြေကို မြေနှင့်တကွ ကြပ်ကြပ်ဖိနှိပ်ခြင်း = သန္နိရုမ္ဘနတို့၌ အလားတူပင် ပထဝီဓာတ် အာပေါဓာတ် နှစ်ပါးတို့သည် သဘာဝသတ္တိစွမ်းအင်အားဖြင့် လွန်ကဲသော ပမာဏရှိကုန်၏၊ သန်မာသော စွမ်းအား ရှိကုန်၏။

ဤသို့လျှင် ဝယောဝုဍ္ဎတ္ထင်္ဂမရုပ်တရား၌ **ကြွ–ဆောင်–လွှဲ–လွှတ်–ချ–ဖိ** ဟု နေ့စဉ် နေ့စဉ် ထိုထို သွားခိုက်လာခိုက်တို့၌ (၆)ပုံ ပုံ၍ ထို (၆)ပါးသော ကောဋ္ဌာသတို့၏ အစွမ်းဖြင့် ယင်းရုပ်တရားတို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်သို့ တစ်လှည့်စီတင်ကာ ဝိပဿနာရှုပွားသုံးသပ်ပါ။ (ဝိသုဒ္ဓိ-၂-၂၅၇။)

ခြေကိုကြွချီသော အခြင်းအရာအားဖြင့် ဖြစ်သော စိတ္တသမုဋ္ဌာန်ရုပ်တို့တွင် စင်စစ်အားဖြင့် တေဇောဓာတ် ဝါယောဓာတ်တို့၏ လွန်ကဲသော ပမာဏရှိသည်၏ အဖြစ်ကို အလိုရှိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ — ထို တေဇောဓာတ် ဝါယောဓာတ်တို့၏ ပေါ့ပါးသော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုသို့ ခြေကို ကြွချီခိုက်၌ တေဇောဓာတ် ဝါယောဓာတ်တို့၏ လွန်ကဲသော ပမာဏရှိသည်၏ အဖြစ်ကြောင့်သာလျှင် ဤမှတစ်ပါးကုန်သော ပထဝီဓာတ် အာပေါဓာတ်တို့၏ ယုတ်ညံ့သော ပမာဏရှိသည်၏အဖြစ်ကို အလိုရှိအပ် ပေသည်။ အဘယ်ကြောင့်နည်းဟူမူ — ထိုပထဝီဓာတ် အာပေါဓာတ်တို့၏ လေးလံသော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

ထိုစိတ္တဇရုပ်နှင့် ဆက်စပ်နေသည်၏အဖြစ်ကြောင့် စိတ္တဇရုပ်မှကြွင်းသော ကမ္မဇရုပ် ဥတုဇရုပ် အာဟာ-ရဇရုပ်ဟူသော တိသမုဋ္ဌာန်ရုပ်သည်လည်း ထိုစိတ္တဇရုပ်၏ အလားရှိသည်သာလျှင် ဖြစ်၏။ ကာယဝိညတ်၏ ဖြစ်ခြင်း၌ ဝါယောဓာတ်၏ လွန်ကဲသော ပမာဏရှိသည်၏အဖြစ်, ဝစီဝိညတ်ဖြစ်ခြင်း၌ ပထဝီဓာတ်၏ လွန်ကဲသော ပမာဏရှိသည်၏အဖြစ်သည် ဤဆိုအပ်ခဲ့ပြီးသော အနက်ကို ညွှန်ပြကြောင်း ဥဒါဟရုဏ်ဟု မှတ်သားပါလေ။ ခြေကိုကြွချီခြင်း၌ကဲ့သို့ ခြေကို ရှေ့သို့ဆောင်ခြင်း ထိုမှ ဤမှ ဆောင်ခြင်း၌လည်း ပေါ့ပါးသော သလ္လဟုကသဘော

ရှိသော ရုပ်တရား၏ ဖြစ်ခြင်းသည် ဖြစ်ရကား ထိုနှစ်ပါးကုန်သော တေဇောဓာတ် ဝါယောဓာတ်တို့၏ လွန်ကဲသော ပမာဏရှိသည်၏ အဖြစ်ကို အလိုရှိအပ်၏။ ထို့ကြောင့် အတိဟရဏ ဝီတိဟရဏတို့၌လည်း နည်းတူ မှတ်ပါဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၀၉။)

## ၃။ အာဟာရမယရုပ် – ရှုနည်း

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း အမျိုးမျိုးသော အစုအပုံတို့ကို ပုံလျက် ဝယောဝုမ္မတ္ထင်္ဂမ ရုပ်၌ လက္ခဏာရေးသုံးတန်ကို တင်၍ ဝိပဿနာရှုပြီးနောက် တစ်ဖန် ထိုရုပ်တရားကိုပင်လျှင် ခွဲခြမ်းဝေဖန်၍ —

(က) အာဟာရမယရုပ် = အာဟာရကြောင့် ဖြစ်သောရုပ်,
(ခ) ဥတုမယရုပ် = ဥတုကြောင့် ဖြစ်သောရုပ်,
(ဂ) ကမ္မဇရုပ် = ကံကြောင့်ဖြစ်သောရုပ်,
(ဃ) စိတ္တသမုဋ္ဌာန်ရုပ် = စိတ်ကြောင့်ဖြစ်သောရုပ် —

ဤလေးမျိုးကုန်သော ရုပ်တို့၏ အစွမ်းဖြင့် လေးပါးကုန်သော ကောဋ္ဌာသ = အစုအပုံတို့ကို ပြု၍ တစ်ခု တစ်ခုသော ကောဋ္ဌာသ = အစုအပုံ၌ လက္ခဏာရေးသုံးတန်ကို တင်လျက် ဝိပဿနာ ရှုပွားသုံးသပ်၏။

ထိုရုပ်လေးမျိုးတို့တွင် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အာဟာရကြောင့်ဖြစ်သော အာဟာရမယ-ရုပ်သည် ဆာလောင်မွတ်သိပ်သောအခါ, အစာဝ၍ ရောင့်ရဲသောအခါ၏ အစွမ်းဖြင့် ထင်ရှား၏။ မှန်ပေသည် မွတ်သိပ်ဆာလောင်သောအခါ၌ ဖြစ်သော ရုပ်သည် ညှိုးနွမ်း၏ ပင်ပန်း၏။ မီးလောင်ငုတ်ကဲ့သို့လည်းကောင်း, မီးသွေးတောင်းထက်၌ နားနေသော ကျီးကဲ့သို့လည်းကောင်း အဆင်းမလှဖြစ်၏၊ မကောင်းသောသဏ္ဌာန် ရှိ၏။ အစာဝ၍ တင်းတိမ်ရောင့်ရဲသောအခါ၌ ဖြစ်သော ရုပ်သည် ရောင့်ရဲ၏၊ အသား၏ စိုစိုပြည်ပြည် ပွားတက် ပြည့်စုံခြင်းဖြင့် ပြို့ပြို့ဖြိုးဖြိုးရှိ၏၊ နူးညံ့၏၊ သိမ်မွေ့၏၊ ကောင်းသော အတွေ့အထိ ရှိ၏။

ထို့ကြောင့် အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အနှစ်တစ်ရာဖြင့် သတ်မှတ်ပိုင်းခြားထားအပ်သော တစ်သက်တာ ဘဝတစ်လျှောက်ဝယ် နေ့စဉ်နေ့စဉ် တစ်နေ့တာ တစ်နေ့တာအတွင်း၌ —

(က) အစာအာဟာရ ဆာလောင် မွတ်သိပ်သောအခါ၌ ဖြစ်သော ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရား လေးမျိုးကြောင့် ဖြစ်သော စတုသန္တတိရုပ်,
(ခ) အစာစားပြီး၍ အစာဝသောအခါ၌ ဖြစ်သော ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းတရား လေးမျိုးကြောင့် ဖြစ်သော စတုသန္တတိရုပ် —

ယင်းရုပ်တရားတို့ကို သိမ်းဆည်း၍ = ဉာဏ်ဖြင့် ပိုင်းခြားယူ၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

နေ့တိုင်း နေ့တိုင်း၌ ထိုစတုသန္တတိရုပ်ကို သိမ်းဆည်း၍ = ဉာဏ်ဖြင့်ပိုင်းခြားယူ၍ ဆာလောင်မွတ်သိပ်-သောအခါ၌ ဖြစ်သောရုပ်သည် အစာဝ၍ ပြည့်ဖြိုးသော အချိန်ကာလသို့ မရောက်ဘဲ ဆာလောင်မွတ်သိပ်သော အချိန်ကာလ၌ပင် ချုပ်ပျက်သွားပုံကိုလည်းကောင်း, အစာစားပြီး၍ ပြည့်ဖြိုးသော အချိန်ကာလ၌ ဖြစ်သော ရုပ်သည်လည်း ဆာလောင်မွတ်သိပ်သောအခါသို့ မရောက်ဘဲ ယင်းပြည့်ဖြိုးသော အချိန်ကာလ၌ပင် ချုပ်ပျက်-သွားပုံကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပါ။ (ဝိသုဒ္ဓိ-၂-၂၅၈-၂၅၉။)

## ၄။ ဥတုမယရုပ် – ရှုနည်း

အလားတူပင် အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် တစ်နေ့တာ တစ်နေ့တာအတွင်း၌ —

(က) ပူသောအခါ၌ ဖြစ်သော စတုသန္တတိ ရုပ်တရား,

(ခ) အေးသောအခါ၌ ဖြစ်သော စတုသန္တတိ ရုပ်တရား –

ဤ ရုပ်တရားတို့ကို သိမ်းဆည်း၍ = ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းရုပ်တရားတို့ကို လက္ခဏာယာဉ် သုံးတန်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ (ဝိသုဒ္ဓိ-၂-၂၅၉ - ကြည့်။)

## ၅။ ကမ္မဇရုပ် – ရှုနည်း

အလားတူပင် အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် တစ်နေ့တာ တစ်နေ့တာအတွင်း၌ —

၁။ စက္ခုဒွါရ = မျက်စိ၌ ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားများ,

၂။ သောတဒွါရ = နား၌ ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားများ,

၃။ ဃာနဒွါရ = နှာ၌ ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားများ,

၄။ ဇိဝှါဒွါရ = လျှာ၌ ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားများ,

၅။ ကာယဒွါရ = ကိုယ်၌ ဖြစ်ပေါ်နေသော (၄၄)မျိုးသော ရုပ်တရားများ,

၆။ မနောဒွါရ = နှလုံး၌ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားများ —

ဤ ရုပ်တရားတို့ကို သိမ်းဆည်း၍ = ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းရုပ်တရားတို့၏ ဒွါရတစ်ခုမှ ဒွါရတစ်ခုသို့ မပြောင်းမရွေ့ဘဲ ထိုထို ဒွါရအခိုက်အတန့်၌ပင် ဖြစ်မှု ပျက်မှု ချုပ်ပျက်မှုသဘော စသည်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာ ရှုပါ။ (ရုပ်အရေအတွက်နှင့် ပတ်သက်၍ ရုပ်ကမ္မဋ္ဌာန်းပိုင်းဇယားများကို ပြန်ကြည့်ပါ။) (ဝိသုဒ္ဓိ-၂-၂၅၉-ကြည့်။)

## ၆။ စိတ္တသမုဋ္ဌာန်ရုပ် – ရှုနည်း

အနှစ် (၁၀၀)ဖြင့် ပိုင်းခြားထားအပ်သော ထိုအချိန်ကာလ၏ တစ်နေ့တာ တစ်နေ့တာ အချိန်ကာလအတွင်း၌ —

(က) သောမနဿိတကာလ = ဝမ်းမြောက်မှု ဖြစ်ခိုက်၌ ဖြစ်ပေါ်နေသော စတုသန္တတိရုပ်တရားများ,

(ခ) ဒေါမနဿိတကာလ = စိတ်မချမ်းသာမှု ဝမ်းနည်းမှု ဖြစ်ရာအခိုက်၌ ဖြစ်ပေါ်နေသော စတုသန္တတိ ရုပ်တရားများ —

ထိုရုပ်တရားတို့ကို အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် သိမ်းဆည်း၍ = ဉာဏ်ဖြင့် ပိုင်းခြားယူ၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။ (ဝိသုဒ္ဓိ-၂-၂၅၉။)

ဤသို့လျှင် စိတ္တသမုဋ္ဌာန်ရုပ်ကို သိမ်းဆည်း၍ = ဉာဏ်ဖြင့် ပိုင်းခြားယူ၍ လက္ခဏာယာဉ်သုံးတန်ကို တင်၍ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော ထိုယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ ဉာဏ်၌ ဤဆိုအပ်လတ္တံ့သော သင်္ခါရတရားတို့၏ အလွန့်အလွန် တိုတောင်းသော ခဏရှိသည်၏ အဖြစ် အလွန့်အလွန် တိုတောင်းသော သက်တမ်းရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အနက်သဘောတရားသည် ထင်ရှားလာပေ၏။ —

၁။ ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။ ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။

၂။ စူဠာသီတိ သဟဿာနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။ နတွေဝ တေပိ တိဋ္ဌန္တိ၊ ဒွီဟိ စိတ္တေဟိ သမောဟိတာ။

၃။ ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။ သဗ္ဗေဝ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။
၄။ အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေ စ ဘဂ္ဂါ အနာဂတေ။ တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။
၅။ အနိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။ စိတ္တဘဂ်ါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ။
၆။ အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။ နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။
၇။ နိဗ္ဗတ္တာနဉ္စ ဓမ္မာနံ၊ ဘင်္ဂေါ နေသံ ပုရက္ခတော။ ပလောကဓမ္မာ တိဋ္ဌန္တိ၊ ပုရာဏေဟိ အမိဿိတာ။
၈။ 'အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တု'ဒဿနံ။ ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။
(မဟာနိဒ္ဒေသ-၃၂။ ဝိသုဒ္ဓိ-၂-၂၆၀။)

၁။ ဇီဝိတဉ္စ = ဇီဝိတိန္ဒြေသည်လည်းကောင်း။ အတ္တဘာဝေါ စ = ဇီဝိတ ဝေဒနာ ဝိညာဏ်ကို ကြဉ်ဖယ်ထား၍ ကြွင်းသော ပရမတ္ထဓမ္မဟု ဆိုအပ်သော အတ္တဘာဝသည်လည်းကောင်း။ သုခဒုက္ခာ စ = သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့သည်လည်းကောင်း။ (မဟာဋီ-၂-၄၁၁။) ကေဝလာ = အတ္တနှင့်လည်းကောင်း နိစ္စအဖြစ်နှင့် လည်းကောင်း မရောမယှက် သက်သက်ဖြစ်ကုန်၍။ ဧကစိတ္တသမာယုတ္တာ = တစ်ခု တစ်ခုသော စိတ်နှင့် ယှဉ်တွဲ၍ အတူတကွ ဖြစ်ပေါ်လာကြကုန်၏။ (ဧကစိတ္တက္ခဏိကတာယ = တစ်ခုသောစိတ္တက္ခဏ ရှိသည်၏အဖြစ်ကြောင့်) လဟုသော = အလွန်တိုတောင်းသော သက်တမ်းရှိသည် ဖြစ်၍ လျင်မြန်သော ဖြစ်ခြင်းရှိသော။ ခဏော = အသက်ရှင်သော ခဏသည်။ ဝတ္တတေ = ဝတ္တတိ = ဖြစ်ပေါ်၍ နေပေ၏။

၂။ ယေ မရူ = အကြင်နတ်ပြဟ္မာတို့သည်။ စုလ္လာသီတိသဟဿာနိ ကပ္ပံ = ရှစ်သောင်းလေးထောင် အတိုင်း အတာ ပမာဏရှိသော ကမ္ဘာကြီး ကာလပတ်လုံး။ တိဋ္ဌန္တိ = တည်နေကြကုန်၏။ တေပိ = ထိုသို့ အသက်ရှည်စွာ- သော နေဝသညာနာသညာယတန နတ်ပြဟ္မာတို့သည်လည်း။ ဒွီဟိ စိတ္တေဟိ = စိတ္တက္ခဏ နှစ်ချက်တို့နှင့်။ သမောဟိတာ = အတူတကွဖြစ်ကုန်၍။ နတွေဝ တိဋ္ဌန္တိ = မတည်ကုန်သည်သာတည်း။ [ကမ္ဘာပေါင်း (၈၄၀၀၀) အသက်ရှင်လျက် တည်နေနိုင်ကြကုန်သော နေဝသညာနာသညာယတန ပြဟ္မာကြီးတို့၏ သန္တာန်၌သော်မှလည်း ဇီဝိတ ဝေဒနာ သညာစသော စေတသိက် နာမ်တရားစုတို့သည် နှစ်မျိုးသော စိတ်တို့နှင့် အတူတကွ ဖြစ်ပေါ် တည်နေကြသည်ကား မဟုတ်ကုန်။ တစ်ခုသော စိတ်နှင့်သာလျှင် အတူတကွ ဖြစ်ကြကုန်၍ ထိုစိတ်နှင့်ပင် အတူတကွ ချုပ်ပျက်၍ သွားခြင်းကြောင့် ဒုတိယစိတ် ဖြစ်သည့်တိုင်အောင် မတည်နိုင်ကုန်ဟု ဆိုလို၏။ (မဟာဋီ- ၂-၄၁၁။) ]

၃။ မရန္တဿ = စုတေကွယ်လွန်သော သတ္တဝါ၏။ နိရုဒ္ဓါ = စုတိစိတ်နှင့် အတူတကွ ချုပ်လေကုန်သော။ ယေ ခန္ဓာ = အကြင်ခန္ဓာတို့သည်လည်းကောင်း။ ဣဓ = ဤ ပဝတ္တိအခါ၌။ တိဋ္ဌမာနဿ = တည်နေဆဲဖြစ်သော = အသက်ရှင်နေဆဲဖြစ်သော သတ္တဝါ၏။ ယေ ဝါ နိရုဒ္ဓါ = အကြင်ပျက်ခြင်း = ဘင်ကာလသို့ ရောက်ရှိသဖြင့် ချုပ်ပျက်သော ခန္ဓာတို့သည်လည်းကောင်း။ သန္တိ = ရှိကြလေကုန်၏။ တေ သဗ္ဗေပိ ခန္ဓာ = ထိုအလုံးစုံသော ခန္ဓာတို့သည်လည်း။ သဒိသာ = တစ်ချက်တည်း တူညီကြကုန်၏။ အပ္ပဋိသန္ဓိကာ = တစ်ဖန် ပြန်လာ၍ ဆက်စပ်ခြင်း မရှိကုန်မူ၍။ ဂတာ = ဝိဂတာ = ကင်းပျောက်၍ သွားကြလေကုန်၏။ (စုတိ၏ ဘင်ကာလ၌ စုတိခန္ဓာတို့၏ ချုပ်ပျက်ခြင်း, ပဝတ္တိအခါ ပရမတ်ခန္ဓာတို့၏ ဘင်ကာလ၌ချုပ်ပျက်ခြင်း, ဤချုပ်ပျက်ခြင်း နှစ်မျိုးကား တူညီ- လျက်ရှိ၏။ ချုပ်ပျက်သည့်အခါ မရှိခြင်းသဘောသို့သာ ရောက်ရှိသွား၏။ ချုပ်ပျက်ပြီးသော ခန္ဓာသည် အသစ် တစ်ဖန် ပြန်ဖြစ်ရိုးဓမ္မတာ မရှိ၊ မရှိခြင်း သုညသဘောသို့သာ ဆိုက်ရောက်သွား၏။ ယင်းမရှိခြင်း သုညသဘောသို့ ဆိုက်ရောက်သွားပြီးသော ခန္ဓာသည် အသစ်တစ်ဖန်ဖြစ်ပြန်၍ ဖြစ်ဆဲခန္ဓာနှင့် ပြန်လည်ဆက်စပ်ခြင်း သဘော- လည်း မရှိ။ စုတိခန္ဓာတို့သည် အသစ်တစ်ဖန် ပြန်လည်၍ မဖြစ်ကြကုန်သကဲ့သို့ အလားတူပင် ထိုစုတိစိတ်မှ ရှေး၌လည်း ခန္ဓာတို့သည်လည်း ချုပ်ပြီးနောက် အသစ်ပြန်လည်၍ ဖြစ်ခြင်းသဘော မရှိကြလေကုန်။ ထို့ကြောင့်

သတ္တဝါတို့၏ အသက်ဟု ခေါ်ဆိုအပ်သော ဇီဝိတိန္ဒြေသည် တစ်ခုသော စိတ္တက္ခဏသာလျှင် သက်တမ်းရှိ၏ဟု ဆိုလို၏။)

၄။ ယေ သင်္ခါရာ = အကြင်သင်္ခါရတရားတို့သည်။ အနန္တရာ စ = အနန္တရမေဝ = လွန်လေပြီးသော အခြားမရှိသည့် အခြားမဲ့ကာလ၌သာလျှင်။ ဘဂ္ဂါ = နိရုဒ္ဓါ = ချုပ်ပျက်ခဲ့လေကုန်ပြီ။ ယေ စ သင်္ခါရာ = အကြင် သင်္ခါရတရားတို့သည်လည်း။ အနာဂတေ = အနာဂတ်ကာလ၌။ ဘဂ္ဂါ = ဗျဥ္ဇနသီလာ = ချုပ်ပျက်ခြင်းသဘော ရှိကုန်သည်ဖြစ်၍။ ဘိဇ္ဇိဿန္တိ = ချုပ်ပျက်ကြကုန်လတ္တံ့။ တေသံ = ထိုအတိတ်အနာဂတ် သင်္ခါရတရားတို့၏ လည်းကောင်း။ တဒန္တရာ နိရုဒ္ဓါနံ = ထိုအတိတ်အနာဂတ် သင်္ခါရတရားတို့၏ အလယ်၌ ပစ္စုပ္ပန်၏ အဖြစ်သို့ ရောက်၍ ချုပ်ပျက်ကုန်သော သင်္ခါရတရားတို့၏လည်းကောင်း။ တေသံ = ထိုအတိတ် အနာဂတ် ပစ္စုပ္ပန်ဟု သုံးမျိုးပြားကုန်သော သင်္ခါရတရားတို့၏လည်း။ လက္ခဏေ = ပျက်ခြင်း = ဘင်ကာလဟူသော လက္ခဏာကြောင့်။ ဝါ။ ပျက်ခြင်း = ဘင်ကာလဟူသော အမှတ်လက္ခဏာနိမိတ်၌။ ဝေသမံ = မတူထူးခြားကွဲပြားသည်၏ အဖြစ်သည်။ နတ္ထိ = မရှိသည်သာတည်း။

၅။ အနိဗ္ဗတ္တေန = အနုပ္ပန္နေန = ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်းသို့ ရောက်ဆဲ မဟုတ်သော။ စိတ္တေန = စိတ်ဖြင့်။ ဇာတော = ဖြစ်သည် မည်သည်။ နဟောတိ = မဟုတ်။ ပစ္စုပ္ပန္နေန စိတ္တေန = ပစ္စုပ္ပန်စိတ်ဖြင့်။ ဇီဝတိ = အသက်ရှင်သည် မည်၏။ စိတ္တဘင်္ဂါ = စိတ်၏ ချုပ်ပျက်သွားခြင်းကြောင့်။ လောကော = ဤသတ္တလောကသည်။ မတော = သေသည်မည်၏။ ဧဝံ သန္တေပိ = ဤသို့ ဖြစ်ပါသော်လည်း။ ပညတ္တိ = သန္တာနပညတ်သည်။ ပရမတ္ထိယာ ပရမတ္ထဘူတာ = ပရမတ္ထနှင့် စပ်ခြင်းရှိရကား ပရမတ္ထဖြစ်၍ ဖြစ်၏။

[တစ်ဘဝ၌ တစ်ခါသေကျေ ပျက်စီးရခြင်းကား သမုတိသစ္စာ သမုတိမရဏတည်း။ ပရမတ္ထသစ္စာအားဖြင့် စုတိစိတ်၏ ဘင်ကာလသို့ရောက်ရှိခြင်း = ချုပ်ပျက်ခြင်းကိုပင် သေသည်ဟု ဆို၏။ စုတိစိတ်၏ ချုပ်ပျက်ခြင်းကဲ့သို့ ပဝတ္တိအခါ အလုံးစုံသော ထိုထိုစိတ်၏လည်း ချုပ်ပျက်ခြင်း ဘင်ကာလသို့ ရောက်ခြင်းကြောင့် ဤလောကသည် ပရမတ္ထသစ္စာအားဖြင့် သေသည်မည်၏။ အဘယ်ကြောင့်နည်း၊ ချုပ်ပျက်ပြီးသော စိတ်၏ တစ်ဖန်ပြန်လာ၍ မချုပ်ပျက်သေးသော စိတ်နှင့် ဆက်စပ်ခြင်းမည်သည် မရှိသည်၏ အဖြစ်ကြောင့်ပင်တည်း။ ယင်းသို့ဖြစ်ပါလျက် အဘယ်သဘောအားဖြင့် ပဋိသန္ဓေမှ စုတိတိုင်အောင် အသက်ရှင်၏ဟု ဆိုအပ်ပါသနည်းဟူမူ၊ ထိုထိုထင်ရှား ရှိသော မှီရာဝတ္ထုရုပ်နှင့် တကွသော စိတ်ကို အစွဲပြု၍ "တိဿသည် အသက်ရှင်၏၊ ဖုဿသည် အသက်ရှင်၏" ဤသို့ အခေါ်အဝေါ်စကားဖြစ်ခြင်း၏ အရာဖြစ်၍ ဖြစ်သော အကြင် အဆက်မပြတ် ရှေ့နှင့်နောက် ဆက်စပ်လျက် အထပ်ထပ်ဖြစ်နေသော ခန္ဓာအစဉ်ဟူသော အကြင်သန္တာနပညတ်သည် ရှိ၏။ ထိုလောကဝေါဟာရစကား ဖြစ်-ခြင်း၏ အရာဖြစ်သော သန္တာနပညတ်သည် "တိဿသည် အသက်ရှင်၏၊ ဖုဿသည်အသက်ရှင်၏"ဟူသော ဤလောကဝေါဟာရစကား ဖြစ်ခြင်း၌ ကိုးကွယ်အားထားရာ ပရမတ္ထပင် ဖြစ်၏။ မှန်ပေသည် — နာမဂေါတ္တံ န ဇီရတိ (သံ-၁-၄၀။) = အမည်နာမပညတ် အမျိုးအနွယ်ပညတ်သည် မအို" — ဤသို့ ဟောကြားထားတော် မူကုန်၏။ (မဟာဋီ-၂-၄၁၂။)]

၆။ ယေ = အကြင် သင်္ခါရတရားတို့သည်။ ဘဂ္ဂါ = ချုပ်ပျက်သွားကြကုန်၏။ တေ = ထိုချုပ်ပျက်သွားကြ-ကုန်သော သင်္ခါရတရားတို့သည်။ အနိဓာနဂတာ = တစ်စုံတစ်ခုသော အရပ်၌ သိုမှီးသိမ်းဆည်းထားအပ်သည်၏ အဖြစ်သို့ မရောက်ရှိကြလေကုန်။ (အထ ခေါ = တကယ်စင်စစ်အားဖြင့်မူကား။ အဘာဝမေဝ = မရှိခြင်း အဘာဝသဘောသို့သာလျှင်။ ဂတာ = ရောက်ရှိသွားကြလေကုန်၏။) ယတော = အကြင်သင်္ခါရတရား အစုအပုံ မှ။ ဝတ္တမာနဘာဝံ = ဖြစ်ဆဲဝတ္တမာန် = ပစ္စုပ္ပန်အဖြစ်သို့၊ အာဂစ္ဆေယျုံ = ရောက်ရှိလာကြလေကုန်ရာ၏။ အနာ

ဂတေ = နောင်အနာဂတ်အဖို့၌။ တာဒိသော = ထိုကဲ့သို့သော သဘောရှိသော။ ပုဉ္ဇော = သင်္ခါရတရားအစုအပုံသည်။ နတ္ထိ = မရှိသည်သာတည်း။ ယေ = အကြင်ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတရားတို့သည်။ နိဗ္ဗတ္တာ = မိမိ, မိမိ၏ ကိုယ်ပိုင်သဘာဝ လက္ခဏာအသီးအသီးသို့ ဥပါဒ်-ဌီ-ဘင်အနေအားဖြင့် ဆိုက်ရောက်လာကုန်သည် ဖြစ်၍ ရအပ်သော အတ္တဘောရှိကုန်၍ = ပရမတ္ထအထည်ကိုယ်ဒြပ် ထင်ရှားရှိကုန်၍ ဖြစ်ဆဲဖြစ်ကြကုန်၏။ တေပိ = ထိုပစ္စုပ္ပန်သင်္ခါရတရားတို့သည်လည်း။ အာရဂ္ဂေ = ပွတ်ဆောက်ဖျား စူးဖျား၌။ သာသပူပမာ = တင်ထားအပ်သော မုန်ညင်းစေ့လျှင် တူသောဥပမာ ရှိကုန်၍။ တိဋ္ဌန္တိ = တည်ကြကုန်၏။

[အပ်တစ်ချောင်းသည် ထောင်လျက် တည်နေသည် ဆိုကြစို့။ ထိုသို့ထောင်လျက် စိုက်ထူထားအပ်သော အလွန့်အလွန် သေးငယ်သိမ်မွေ့သော အပ်ဖျား၏ ထိပ်ပေါ်၌ ပစ်တင်ထားအပ်သော မုန်ညင်းစေ့သည် ထိုအပ်၏ အစွန်းထိပ်ဖျားကို ထိကာမျှသည်သာ ဖြစ်၍ လိမ့်ကျသွားကာ ကြာရှည်စွာ မတည်နိုင်သကဲ့သို့ အလားတူပင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိနေကြကုန်သော သင်္ခါရတရားတို့သည် ဖြစ်ပြီး-သည်နှင့် တစ်ပြိုင်နက် ချုပ်ပျက်၍သာ သွားကြကုန်၏။ ထိုသင်္ခါရတရားတို့၏ ကြာမြင့်စွာ တည်တံ့ခြင်း သဘော-သည် မရှိသည်သာတည်း။ ကာလသုံးပါးအတွင်း၌ တည်ရှိကြသော ထိုသင်္ခါရတရား မှန်သမျှတို့သည် မဖြစ်မီ မဖြစ်ခင် ရှေးအဖို့၌လည်း မရှိကြ။ ဖြစ်ပြီးနောက်၌လည်း မရှိကြ။ ထိုမရှိခြင်း နှစ်မျိုးတို့၏ အလယ်၌သာလျှင် ပွတ်ဆောက်ဖျား၌ တင်ထားအပ်သော မုန်ညင်းစေ့ပမာ အလွန့်အလွန် တိုတောင်းသော အချိန်ကာလ အတွင်း-၌သာ ဥပါဒ်-ဌီ-ဘင်-ဟူသော ယာယီအခိုက်အတန့်မျှသာ ထင်ရှားဖြစ်ပေါ်လာကြကုန်၏ဟု သိရှိပါလေ။ (မဟာဋီ-၂-၄၁၂။)]

၇။ နိဗ္ဗတ္တာနံ = ဖြစ်ပေါ်ပြီးကြကုန်သော။ နေသဥ္စ ဓမ္မာနံ = ထိုသင်္ခါရတရားတို့၏လည်း။ ဘင်္ဂေါ = ပျက်ခြင်း = ဘင် မည်သည်ကို။ ပုရက္ခတော = ရှေ့မှုပြုအပ်သည် = ရှေ့သွားပြုအပ်သည်။ ဟောတိ = ဖြစ်ပေ၏။ (စင်စစ် ပျက်လတ္တံ့ ဖြစ်၍ မလွှဲမရှောင်နိုင် ဟူလိုသည်။) ပုရာဏေဟိ = ရှေးအတိတ်ဟောင်း ခန္ဓာတို့နှင့်။ အမိဿိတာ = မရောမယှက်ကုန်သည် ဖြစ်၍။ ပလောကဓမ္မာ = ပျက်စီးခြင်း သဘောရှိကုန်သည် ဖြစ်၍။ တိဋ္ဌန္တိ = တည်နေ-ကြကုန်၏။

၈။ အဒဿနတော = မမြင်အပ်ရာ အရပ်မှ = အာယန္တိ = အာဂစ္ဆန္တိ = လာကုန် ဖြစ်ကုန်၏။ (ဤစကားရပ်ဖြင့် သင်္ခါရတရားတို့၏ တစ်စုံတစ်ခုသော အစုအပုံမှ လာခြင်း မရှိသည်ကိုပင် ဆိုလိုသည်။) ဘဂ္ဂါ = ဘဂ္ဂါပိ = ပျက်ကုန်ပြီးသော သင်္ခါရတရားတို့သည်လည်း။ အဒဿနံ = မမြင်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆန္တိ = ရောက်ကုန်၏။ (တစ်စုံတစ်ခုသော အစုအပုံသို့ ကပ်ရောက်ခြင်း မရှိသောကြောင့် အချင်းခပ်သိမ်း အဘာဝသို့သာလျှင် ရောက်-ကုန်၏ ဟူလိုသည်။) အာကာသေ = ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ = လျှပ်ပြက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ = ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိ စ = ပျက်လည်းပျက်ကုန်၏။ ဣတိ အယံ အတ္ထော = ဤသို့သော အနက်သဘောသည်။ ပါကဋော = ထင်ရှားသည်။ ဟောတိ = ဖြစ်၏။ (မဟာနိဒ္ဒေသ-၃၂။ ဝိသုဒ္ဓိ-၂-၂၆၀။)

## ၇။ ဓမ္မတာရုပ် – ရှုနည်း

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဇီဝိတိန္ဒြေ စသော ကမ္မဇရုပ်ဟူသော ဣန္ဒြေတို့နှင့် ဆက်စပ်မှုမရှိသော သံ-ကြေး-သလွဲဖြူ-သလွဲမည်း-ရွှေ-ငွေ-ပုလဲ-ပတ္တမြား-ကျောက်မျက်ရွဲ-ခရုသင်း-သန္တာ-ပတ္တမြားနီ-ပတ္တမြားပြောက်-မြေ-ကျောက်တောင်-မြက်-သစ်ပင်-နွယ်-စသည့် သက်မဲ့လောက၌ တည်ရှိသော အနိန္ဒြိယဗဒ္ဓအမည်ရသော ဩဇဋ္ဌမကရုပ် သဒ္ဒနဝကကလာပ်ရုပ်တရားတို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာ ရှုပါ။

ရှေးဦးစွာ အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် မိမိ ဝိပဿနာရှုပွားလိုသော သစ်ပင်-ရေ-မြေ-တော-တောင်-ရွှေ-ငွေ-ကျောက်-သံ-ပတ္တမြားစသည့် သက်မဲ့အရာဝတ္ထုတစ်ခုခုကို မိမိ၏ ဝိပဿနာဉာဏ်အရောင်အလင်းဖြင့် ထိုးစိုက်၍ ထိုအရာဝတ္ထု၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို စိုက်ရှုပါ။ ယင်းအရာဝတ္ထု၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့၏ အစုအပုံကို အတုံးအခဲကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သောအခါ ယင်းဓာတ်ကြီးလေးပါးတို့၏ အတုံးအခဲ၌ အာကာသဓာတ်ကို တစ်ဖန်မြင်အောင် ဆက်ရှုလိုက်ပါက ရုပ်ကလာပ်အမှုန်များကို လွယ်ကူစွာပင် တွေ့ရှိနိုင်ပါသည်။ သို့သော် ဤအဆင့်သို့ တိုင်အောင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ သင်္ခါရတရားတို့ကို တွင်တွင်ကြီး ဝိပဿနာရှုနိုင်သော ယောဂါဝစရပုဂ္ဂိုလ်အဖို့မူကား များသောအားဖြင့် မိမိ ဝိပဿနာရှုပွားလိုသော ရွှေ-ငွေ-စသော ယင်းအရာဝတ္ထု၌ တည်ရှိသော ဓာတ်ကြီးလေးပါးတို့ကို စိုက်၍ ရှုလိုက်ရုံမျှဖြင့်ပင် ယင်းရုပ်ကလာပ်အမှုန်များကို အလွယ်တကူပင် တွေ့ရှိနိုင်ပေသည်။ ယင်းရုပ်ကလာပ်တို့ကို ဓာတ်ခွဲပါ။ ယင်းရုပ်ကလာပ် အသီးအသီး၌ အသံမပါသော် ဩဇာလျှင် (၈)ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်များ ရှိကြ၏။ အသံပါသော် အသံလျှင် (၉)ခုမြောက်ရှိသော သဒ္ဒနဝကကလာပ်ရုပ်များ ရှိကြ၏။ ယင်းပရမတ်ရုပ်တရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။

ဤ ရူပသတ္တက ဝိပဿနာရှုနည်း (၇)နည်းတို့တွင် နံပါတ် (၁)မှ နံပါတ် (၆)တိုင်အောင်သော ရုပ်တရား-တို့ကား သက်ရှိလောက၌ တည်ရှိကြသော ရုပ်တရားများ ဖြစ်ကြ၏။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ပင် ဝိပဿနာရှုနိုင်ပါသည်။ နောက်ဆုံး၌ ရေးသားတင်ပြထားသော နံပါတ်(၇)ခုမြောက် ဖြစ်သော ဓမ္မတာရုပ်တရားများကား အနိန္ဒြိယဗဒ္ဓဖြစ်သော သက်မဲ့လောက၌ တည်ရှိသော ရုပ်တရားများသာ ဖြစ်ကြ၏။ ယင်းဓမ္မတာရုပ်တို့ကို ဗဟိဒ္ဓ သက်မဲ့လောက၌သာ ရှုပါ။

## အရူပသတ္တက ဝိပဿနာ ရှုနည်း

အရူပသတ္တက ဝိပဿနာရှုနည်း၌ —

၁။ ကလာပအားဖြင့်ရှုနည်း = ပေါင်းစုခြုံငုံ၍ ရှုနည်း,
၂။ ယမက = အစုံအားဖြင့် ရှုနည်း,
၃။ ခဏိကအားဖြင့် ရှုနည်း,
၄။ ပဋိပါဋိ = အစဉ်အတိုင်းအားဖြင့် ရှုနည်း,
၅။ ဒိဋ္ဌိဥဂ္ဃါဋန = ဒိဋ္ဌိကို ခွာသောအားဖြင့် ရှုနည်း,
၆။ မာနဥဂ္ဃါဋန = မာနကို ခွာသောအားဖြင့် ရှုနည်း,
၇။ နိကန္တိပရိယာဒါန = တဏှာ = နိကန္တိကို ကုန်အောင် မဖြစ်အောင် ရှုနည်း —

ဤသို့အားဖြင့် ဝိပဿနာရှုပွားသုံးသပ်ပုံ (၇)နည်း လာရှိပေသည်။

## ၁။ ကလာပအားဖြင့် ရှုနည်း

အထက်ပါ ရူပသတ္တက ရှုနည်း၌ လာရှိသော (၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားကို ပေါင်းစုခြုံငုံ၍ အနိစ္စဟုလည်းကောင်း ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း, တစ်လှည့်စီ ဝိပဿနာရှုနေသော စိတ်ကို နောက်စိတ်ဖြင့် အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း တစ်ဖန်ပြန်၍ တစ်လှည့်စီ ဝိပဿနာရှုပါ။ (ဝိသုဒ္ဓိ-၂-၂၆၁-၂၆၂။)

ဤမျှဖြင့် ဝိပဿနာရှုကွက်ကို သဘောမပေါက်သေးသော အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အတွက် ရှင်းလင်းချက်များကို ထပ်မံ၍ ရေးသားတင်ပြအပ်ပါသည်။ –

ရူပသတ္တကရှုနည်း၌ ရေးသားတင်ပြခဲ့သော အာဒါနနိက္ခေပနရုပ်မှသည် ဓမ္မတာရုပ်သို့တိုင်အောင်သော (၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားတို့ကို (၇)ဌာန မခွဲခြားတော့ဘဲ တစ်ပေါင်းတည်းပြု၍ ယင်းရုပ်တရားတို့ကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း တစ်လှည့်စီ ဝိပဿနာ ရှုပါ။ ထိုသို့ ရှုရာဝယ် အနိစ္စဟုရှုသော ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် တစ်ဖန်ပြန်၍ အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း တစ်လှည့်စီ ထပ်၍ ဝိပဿနာရှုရပြန်၏။

ဆိုလိုသည်မှာ ဤသို့ ဖြစ်၏ – ယင်း (၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားတို့ကို ပေါင်းစုခြုံငုံ၍ သိမ်းဆည်းပြီးလျှင် ယင်းရုပ်တရားတို့၏ ဖြစ်ပြီးလျှင် ပျက်သွားသည့်သဘောကို = အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ အနိစ္စဟုရှုသော ယင်းဝိပဿနာစိတ်ကိုပင် = အနိစ္စဟုရှုနေသော မနောဒွါရိက ဝိပဿနာဇောဝီထိ စိတ်အစဉ်ကိုပင် တစ်ဖန် ပြန်၍ နောက်ဝိပဿနာစိတ်ဖြင့် = နောက်ဝိပဿနာဇောဝီထိ စိတ်အစဉ်ဖြင့် ယင်း ရှေ့ဝိပဿနာဇောဝီထိ စိတ်အစဉ်၏ ဖြစ်ပြီးလျှင် ပျက်သွားသော အနိစ္စအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။

အလားတူပင် တစ်ဖန် ယင်းရုပ်တရားတို့ကို ပေါင်းစုခြုံငုံ၍ သိမ်းဆည်းပြီးလျှင် ယင်းရုပ်တရားတို့၏ အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ အနိစ္စဟုရှုသော ယင်းရှေ့ဝိပဿနာဇောစိတ်အစဉ်ကိုပင် တစ်ဖန်ပြန်၍ နောက်ဝိပဿနာစိတ်ဖြင့် = နောက်ဝိပဿနာဇောစိတ်အစဉ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရှေ့ဝိပဿနာစိတ်၏ = ရှေ့ဝိပဿနာဇောစိတ်အစဉ်၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့် သဘောကို = ဒုက္ခအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟု ရှုပါ။

အလားတူပင် တစ်ဖန် ယင်းရုပ်တရားတို့ကို ပေါင်းစုခြုံငုံ၍ သိမ်းဆည်းပြီးလျှင် ယင်းရုပ်တရားတို့၏ အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ အနိစ္စဟုရှုသော ယင်းရှေ့ဝိပဿနာဇောစိတ်အစဉ်ကိုပင် တစ်ဖန်ပြန်၍ နောက်ဝိပဿနာဇောစိတ်အစဉ်ဖြင့် မြင်အောင်ကြည့်၍ ယင်းရှေ့ဝိပဿနာစိတ်၏ = ရှေ့ဝိပဿနာဇောစိတ်အစဉ်၏ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမဟုတ်သည့် အနတ္တအခြင်းအရာကို အာရုံပြု၍ အနတ္တဟု ရှုပါ။

ယင်း(၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားတို့ကို ဒုက္ခဟု ရှု၍ ဒုက္ခဟု ရှုသော ယင်းရှေ့ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီးခွဲ၍ အလားတူပင် ဝိပဿနာရှုပါ။

အလားတူပင် ယင်း (၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားတို့ကို အနတ္တဟု ရှု၍ အနတ္တဟု ရှုသော ယင်း ရှေ့ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟု လည်းကောင်း ဝိပဿနာရှုပါ။ သဘောပေါက်နိုင်လောက်ပေပြီ။

## ရှေ့စိတ် – နောက်စိတ်

ဝိပဿနာရှုနေသော စိတ်ဟူသည် ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်များ၏ သန္တာန်၌ မဟာကုသိုလ် မနောဒွါရိက ဇောဝီထိစိတ်များ ဖြစ်၍ အသေက္ခ = ရဟန္တာအရှင်မြတ်တို့၏ သန္တာန်၌ မဟာကြိယာ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်များ ဖြစ်ကြ၏။ (အဘိ-ဋ္ဌ-၂-၃၈၈။)

ဤအရာ၌ **ရှေ့စိတ်–နောက်စိတ်**ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်းမှာ ယင်း မနော-ဒွါရိက ဝိပဿနာဇောဝီထိ စိတ်အစဉ်အားလုံးကိုပင် **ကေတ္တနည်း**အားဖြင့် ရှေ့စိတ် နောက်စိတ်ဟု ဖွင့်ဆို သွားတော်မူခြင်း ဖြစ်၏။ စိတ္တက္ခဏတစ်ခု တစ်ခု၏ အတွင်း၌ တည်ရှိသော စိတ်တစ်ခု တစ်ခုကိုသာလျှင် ရည်-ညွှန်း၍ ရှေ့စိတ်-နောက်စိတ်ဟု ဖွင့်ဆိုသွားတော်မူခြင်း မဟုတ်ပေ။ အကြောင်းမှာ ဤသို့ ဖြစ်၏။ —

အထက် ရူပသတ္တကရှုနည်းတွင် ရေးသားတင်ပြထားသော (၇)ဌာန၌ တည်ရှိကြသော ရုပ်တရားတို့ကို အာရုံအလိုက် ခွဲတမ်းချလိုက်သော် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု အာရုံ (၆)မျိုးပြားသည်ကို တွေ့ရှိနိုင်၏။ အနှစ် (၁၀၀)ဖြင့် ပိုင်းခြားထားအပ်သော အချိန်ကာလအတွင်း၌ တည်ရှိသော ရုပ်တရား အားလုံးကို ရည်ညွှန်းထားသောကြောင့် ဖြစ်၏။ ယင်းရုပ်တရားအားလုံးကို လောကီဝိပဿနာစိတ် တစ်ခုတည်းက တစ်ပြိုင်နက် တစ်ချက်တည်း လောကီဝိပဿနာ ဇောစိတ္တက္ခဏ တစ်ခုအတွင်း၌ကား မသိနိုင်။

(အညထာ) ဧကေနေဝ လောကိယစိတ္တေန ပဥ္စန္နံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒီနံ အသမ္ဘဝတော။ န ဟိ သနိဒဿနသပ္ပဋိဃာဒိံ ဧကဇ္ဈံ အာရမ္မဏံ ကာတုံ သက္ကာ။ (မဟာဋီ-၂-၄၇၀။)

ပုထုဇန်အဆင့်တွင်သာ တည်ရှိနေသေးသော အသင်သူတော်ကောင်း၏သန္တာန်၌ ဖြစ်နိုင်သော ဝိပဿနာ စိတ်တို့မှာ မဟာကုသိုလ်မနောဒွါရိက ဇောဝီထိစိတ်အစဉ်တို့သာ ဖြစ်ကြ၏။ တစ်ခုတည်းသော လောကီ ဝိပဿနာစိတ်ဖြင့် = လောကီဝိပဿနာ စိတ္တက္ခဏ တစ်ချက်တည်းဖြင့် ခန္ဓာငါးပါးတို့ကို သိမ်းဆည်းခြင်း ခန္ဓာငါးပါးတို့၏ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တို့ကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ပိုင်းပိုင်းခြားခြား သိခြင်းစသည်တို့၏ မဖြစ်သင့်သောကြောင့်ပင်တည်း။ မှန်ပေသည် လောကီဝိပဿနာ စိတ္တက္ခဏ တစ်ချက် တည်းဖြင့် ရူပါရုံ, သဒ္ဒါရုံစသည့် အာရုံ (၆)ပါးလုံးကို တစ်ပေါင်းတစ်စည်းတည်း အာရုံပြုခြင်းငှာကား မစွမ်းနိုင်ပေ။ ထို့ကြောင့် —

တမ္ပိ စိတ္တံ အပရေန စိတ္တေန "အနိစ္စံ ဒုက္ခမနတ္တာ"တိ သမ္မသတိ။ (ဝိသုဒ္ဓိ-၂-၂၆၂။)

ဤသို့ စသည်ဖြင့် ရှေ့ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် တစ်ဖန်ပြန်၍ ဝိပဿနာရှုရန် ညွှန်ကြား-တော်မူခြင်းသည် ရှေးရှေးသော ဝိပဿနာမနောဒွါရိကဇောဝီထိ စိတ်အစဉ်ကို နောက်နောက်သော ဝိပဿနာ မနောဒွါရိကဇောဝီထိ စိတ်အစဉ်ဖြင့် တစ်ဖန် ပြန်၍ ဝိပဿနာ ရှုပွားသုံးသပ်ရန် ညွှန်ကြားတော်မူခြင်းသာ ဖြစ်သည်ဟု မှတ်ပါ။ ယင်း ဝိပဿနာ မနောဒွါရိကဇောဝီထိ စိတ်အစဉ်တစ်ခုလုံးက မိမိရှုပွားသုံးသပ်နေသော သင်္ခါရတရား၏ သို့မဟုတ် သင်္ခါရတရားစု၏ အနိစ္စအချက်, သို့မဟုတ် ဒုက္ခအချက် သို့မဟုတ် အနတ္တအချက်-ကိုသာ အာရုံပြုနေသောကြောင့် ဧကတ္တနည်းအားဖြင့် –တံ စိတ္တံ အပရေန စိတ္တေန = ထိုရှေ့ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် ဝိပဿနာရှုပါ– ဤသို့စသည်ဖြင့် စိတ်တစ်ခုတည်းအနေဖြင့် ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။

ဤအရာဝယ် အသင်သူတော်ကောင်းသည် သဘာဝယုတ္တိဘက်ကလည်း တစ်ဖန် ဝေဖန်နှိုင်းချိန် စဉ်းစား သင့်လှပေ၏။ နိရောဓသမာပတ်မှ ထစဖြစ်သော အနာဂါမ်အရှင်မြတ်၏ သန္တာန်၌ အနာဂါမိဖိုလ်, ရဟန္တာ အရှင်မြတ်၏ သန္တာန်၌ အရဟတ္တဖိုလ်သည် အာဝဇ္ဇန်းမပါဘဲ ဖြစ်နိုင်သည့် ထုံးများရှိသော်လည်း ရိုးရိုး အာရုံ (၆)ပါးကို ထိုက်သလိုအာရုံပြုနေသည့် ကာမာဝစရစိတ်များ ဖြစ်ရာအခါ, ဝိပဿနာအရာစသည်တို့၌ ဝီထိစိတ်တို့သည် အာဝဇ္ဇန်းမပါဘဲ ဖြစ်နိုင်ရိုးဓမ္မတာ မရှိကြပေ။ အာဝဇ္ဇန်းပါမှသာ ဖြစ်နိုင်ရိုးဓမ္မတာ ရှိကြ၏။ တစ်ခု-တည်းသော အာဝဇ္ဇန်းကလည်း အာရုံ (၆)ပါးလုံးကို တစ်ပြိုင်နက် တစ်ချက်တည်း ဆင်ခြင်နိုင်သည့် စွမ်းအား-ကား မရှိပေ။ အာရုံ တစ်မျိုးပြီးမှ တစ်မျိုးကိုသာ ထိုက်သလို ဆင်ခြင်နိုင်၏။ အထက်တွင် တင်ပြထားသော

(၇)ဌာန၌ တည်ရှိသော ခြုံငုံ၍ ဝိပဿနာရှုရမည့် ရုပ်တရားတို့တွင် အာရုံ (၆)ပါးလုံး ထိုက်သလို ပါဝင်နေ၏။ ရူပါရုံကို ဆင်ခြင်သော အာဝဇ္ဇန်း သဒ္ဒါရုံကို ဆင်ခြင်သော အာဝဇ္ဇန်း စသည်ဖြင့် ရှုနေသော ဝိပဿနာဇော ဘက်၌လည်း အာဝဇ္ဇန်း အသီးအသီး ထိုက်သလို ရှိနိုင်၏။ အာဝဇ္ဇန်းတစ်မျိုးပါသော ဝိပဿနာဇောဝီထိ စိတ်အစဉ် တစ်ခုကို တစ်ဝီထိဟု ခေါ်ဆိုရကား အာဝဇ္ဇန်း အမျိုးမျိုး ထိုက်သလို ရှိနိုင်သကဲ့သို့ ဝိပဿနာဇောဝီထိ စိတ် အစဉ်လည်း အမျိုးမျိုးပင် ရှိနိုင်ပေသည်။

တစ်ဖန် ယင်းရုပ်တရားတို့ကို အာရုံပြု၍ ဝိပဿနာရှုနေသော မနောဒွါရိက ဝိပဿနာဇောဝီထိ စိတ်များကို တစ်ဖန်ပြန်၍ နောက်ဝိပဿနာမနောဒွါရိက ဇောစိတ်ဖြင့် ဝိပဿနာရှုရန် ညွှန်ကြားထား၏။ ဤ၌ ရှေ့ဝိပဿနာ မနောဒွါရိက ဇောစိတ်အစဉ်က ရုပ်တရားကို အာရုံပြု၏။ နောက်ဝိပဿနာ မနောဒွါရိက ဇောစိတ်အစဉ်က ရှေ့ဝိပဿနာ မနောဒွါရိက ဇောစိတ်အစဉ်ဟူသော နာမ်တရားစုကို အာရုံပြု၏။ ဤသို့လျှင် ရှေ့စိတ်နှင့် နောက်စိတ်တို့ကား အာရုံချင်းလည်း မတူညီကြပေ။

တစ်နည်းဆိုရသော် — ရှေ့စိတ်ဟု ခေါ်ဝေါ်သုံးစွဲထားအပ်သော ရှေ့ဝိပဿနာ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်များကား ယင်း (၇)ဌာနတို့၌ တည်ရှိသော ရုပ်တရားတို့၏ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်း-အရာ, သို့မဟုတ် အနတ္တအခြင်းအရာကို အာရုံပြု၏။ နောက်စိတ်ဟု ခေါ်ဝေါ်သုံးစွဲထားအပ်သော ဝိပဿနာ မနောဒွါရိကဇောဝီထိ စိတ်အစဉ်များက ရှေ့စိတ်ဟု ခေါ်ဝေါ်သုံးစွဲထားအပ်သော ရှေ့ဝိပဿနာ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်ဟူသော နာမ်တရားတို့၏ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာဟူသော အခြင်းအရာ တစ်မျိုးမျိုးကို အာရုံပြု၏။ ဤသို့လျှင် ရှေ့စိတ်နှင့် နောက်စိတ်တို့သည် = ရှေ့ဝီထိနှင့် နောက်ဝီထိတို့သည် အာရုံချင်းလည်း မတူကွဲပြား ခြားနားကြကုန်၏။ အာရုံချင်း မတူညီသဖြင့် အာဝဇ္ဇန်းချင်းလည်း မတူကွဲပြား ခြားနားလျက်ပင် ရှိ၏။ ရှေ့စိတ်၏ အာဝဇ္ဇန်းကား ရုပ်တရားတို့၏ အနိစ္စ အခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့တွင် တစ်မျိုးသော အခြင်းအရာကို ဆင်ခြင်တတ်သော အာဝဇ္ဇန်း ဖြစ်၏။ နောက်စိတ်၏ အာဝဇ္ဇန်းကား ရှေ့စိတ်ဟူသော နာမ်တရားစု၏ အနိစ္စအခြင်းအရာ, ဒုက္ခ အခြင်းအရာ, အနတ္တအခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာကို သိ၏။ ရှေ့စိတ်၏ အာဝဇ္ဇန်းနှင့် နောက်စိတ်၏ အာဝဇ္ဇန်းသည် မတူညီသဖြင့် ရှေ့စိတ်ကား ဝီထိစဉ် တစ်ခု, နောက်စိတ်ကား ဝီထိစဉ် တစ်ခုပင် ဖြစ်ပေသည်။

**တဒါရုံ** — တစ်ဖန် သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း ဝိညာဏပုဒ်အဖွင့်၌ (အဘိ-ဋ္ဌ-၂-၁၄၇။) လက္ခဏာရေးသုံးတန်ကို အာရုံပြုနေသော ဝိပဿနာဇောများ၏ နောင်၌ တဒါရုံကို မရနိုင်ကြောင်း ကိုလည်းကောင်း, ဝုဋ္ဌာနဂါမိနိဝိပဿနာ အမည်ရသော အလွန်အားကောင်းသော ဗလဝ ဝိပဿနာဇောများ၏ နောင်၌ တဒါရုံကို မရအပ် မရနိုင်ကြောင်းကိုလည်းကောင်း ဖွင့်ဆိုထားတော်မူ၏။ ယင်းဖွင့်ဆိုချက်မှာ အလွန် အားကောင်းသော ဗလဝဝိပဿနာပိုင်းကို ရည်ရွယ်၍ ဖွင့်ဆိုထားခြင်းပင် ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်နှင့် ပဋ္ဌာန်းအဋ္ဌကထာတို့ကို ကိုးကား၍ ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြခဲ့၏။ ယခုအခါ၌ အသင် သူတော်ကောင်း၏ သန္တာန်၌ ယုံမှားသံသယများ ကင်းရှင်းသွားစေရန် ရည်သန်၍ ယင်းပဋ္ဌာန်းပါဠိတော် မြတ်ကြီးနှင့် ပဋ္ဌာန်းအဋ္ဌကထာတို့ကို ထပ်မံ၍ တင်ပြအပ်ပါသည်။ —

သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ (ပဋ္ဌာန-၁-၁၃၃။)

**ကုသလေ နိရုဒ္ဓေ**တိ ဝိပဿနာဇဝနဝီထိယာ ပစ္ဆိန္နာယ။ **ဝိပါကော**တိ ကာမာဝစရဝိပါကော။ **တဒါ-ရမ္မဏတာ**တိ တဒါရမ္မဏတာယ။ တံ ကုသလဿ ဇဝနဿ အာရမ္မဏဘူတံ ဝိပဿိတကုသလံ အာရမ္မဏံ

ကတွာ ဥပ္ပဇ္ဇတီတိ အတ္ထော။ န ကေဝလဉ္စ တဒါရမ္မဏာဝသေနေဝ၊ ပဋိသန္ဓိ-ဘဝင်္ဂ-စုတိဝသေနာပိ။ ဝိပါကော ဟိ ကမ္မံ အာရမ္မဏံ ကတွာ ဂဟိတပဋိသန္ဓိကဿ ကုသလာရမ္မဏော ဟောတိယေဝ၊ သော ပန ဒုဗ္ဗိညေယျတ္တာ ဣဓ န ဒဿိတော။ (အဘိ-ဋ္ဌ-၃-၄၃၆။ ပဋ္ဌာနအဋ္ဌကထာ။)

သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း, ပုထုဇန်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ကုသိုလ်တရားကို အနိစ္စ-အားဖြင့် = အနိစ္စဟု, ဒုက္ခအားဖြင့် = ဒုက္ခဟု, အနတ္တအားဖြင့် = အနတ္တဟု ဝိပဿနာ ရှုပွားသုံးသပ်ကြကုန်၏။ ဝိပဿနာရှုနေသော ဝိပဿနာကုသိုလ်ဇောဝီထိသည် = ကုသိုလ်ဇောစိတ်အစဉ်သည် ပြတ်ခဲ့သော် ချုပ်ခဲ့သော် ယင်းဝိပဿနာကုသိုလ်ဇော၏ နောင်၌ ကာမာဝစရဝိပါက်စိတ်သည် ထိုဝိပဿနာကုသိုလ်ဇော၏ အာရုံဖြစ်သော ထိုဝိပဿနာကုသိုလ်ဇော၏ အရှုခံ ကုသိုလ်တရားအာရုံကိုပင် အာရုံပြု၍ တဒါရုံအဖြစ်ဖြင့် ဖြစ်ပေါ်လာ၏။ (ပဋ္ဌာန-၁-၁၃၃။)

အဋ္ဌကထာ၌ကား ယင်း ကာမာဝစရဝိပါက်တရားသည် ကုသိုလ်တရားကို အာရုံပြု၍ တဒါရုံ၏ အစွမ်း-ဖြင့်သာ ဖြစ်သည် မဟုတ်သေး၊ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ၏ အစွမ်းဖြင့်လည်း ဖြစ်နိုင်သေး၏ဟု ဖွင့်ဆိုထား၏။ ထင်ရှားအောင်ဆိုရသော် ဤသို့ ဖြစ်၏။ —

သံသရာခရီး မဆုံးသေးသော သတ္တဝါမှန်သမျှသည် သေခါနီးမရဏာသန္နကာလဝယ် ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော နိမိတ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြုမြဲ ဓမ္မတာ ဖြစ်၏။ အကယ်၍ ယောဂါဝစရ ပုဂ္ဂိုလ် တစ်ဦးသည် အတိတ်ဘဝ သေခါနီးကာလ မရဏာသန္နအခါဝယ် ကုသိုလ်တရားတို့၏ အနိစ္စအခြင်း-အရာကို အာရုံပြု၍ အနိစ္စဟုလည်းကောင်း, ဒုက္ခအခြင်းအရာကို အာရုံပြု၍ ဒုက္ခဟုလည်းကောင်း, အနတ္တ အခြင်းအရာကို အာရုံပြု၍ အနတ္တဟုလည်းကောင်း ဝိပဿနာရှုလျက် မရဏာသန္နဇောသည် စောခဲ့သည် ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဘဝသစ် ပဋိသန္ဓေ-ဘဝင်-စုတိဟူသော ဝိပါက်စိတ်သည် ထိုဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သော ကုသိုလ်ကံကိုပင် အာရုံပြု၏။ (အခြားကုသိုလ်ကံ အာရုံ တစ်ခုခု ထင်ရာ၌လည်း နည်းတူ မှတ်ပါ။) ထိုကုသိုလ်ကံအာရုံကို ပဋိသန္ဓေ-ဘဝင်-စုတိဟူသော ဝိပါက်တရားက အာရုံပြုမှုသည် သိနိုင်ခဲသော သဘောရှိသောကြောင့် ဤပဋ္ဌာန်းပါဠိတော် ပဉ္စာဝါရ အာရမ္မဏပစ္စည်းအရာ၌ ဘုရားရှင်သည် မညွှန်ပြတော်မူခြင်းဖြစ်သည်။ (ပဋ္ဌာန-ဋ္ဌ = အဘိ-ဋ္ဌ-၃-၄၃၆။)

ဤအထက်ပါ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ ဝိပဿနာကုသိုလ်ဇော၏ နောင်၌ တဒါရုံကျမှု လာရှိသော-ကြောင့် ယင်းတဒါရုံကျနိုင်၏ဟူသော အဆိုမှာ တရုဏဝိပဿနာဟု ခေါ်ဆိုအပ်သော နုနယ်သော ဇော၏ နောင်၌ တဒါရုံကျမှုကို ရည်ရွယ်သည်ဟု ဆရာမြတ်တို့ အယူရှိတော်မူကြသည်။ ဗလဝဝိပဿနာ အမည်ရသော အလွန်အားကောင်းသော ဝိပဿနာဇော၏ နောင်၌ကား အထက်ပါ သမ္မောဟဝိနောဒနီအဋ္ဌကထာကြီး၌ ဖွင့်ဆိုထားသည့်အတိုင်း တဒါရုံ မကျနိုင်ဟုပင် မှတ်ပါ။ ပညာရှိ သူတော်ကောင်းအပေါင်းတို့သည် စိစစ်စူးစမ်း၍ ယူရန် အချက်တစ်ရပ်ပင် ဖြစ်သည်။

အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အတွက်ကား လက်တွေ့ စမ်းသပ် ရှုပွားကြည့်ရန် အခွင့်ကောင်းကြီး တစ်ရပ်ပင် ဖြစ်ပေသည်။ ယင်း အထက်ပါ အဆိုအမိန့်များနှင့် အညီ ဝိပဿနာရှုသော စိတ်ဟူသည်မှာ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်ပင် ဖြစ်သည်။ ယင်း ဝိပဿနာ မနောဒွါရိက ဇောဝီထိ စိတ်အစဉ်မှာ တဒါရုံ ကျခဲ့သော် မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်, ဇော ခုနစ်ကြိမ်, တဒါရုံ နှစ်ကြိမ်တို့ ဖြစ်ကြ၏။ တဒါရုံ မကျခဲ့သော် မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်, ဇော ခုနစ်ကြိမ်တို့ ဖြစ်ကြ၏။

ဇော အသီးအသီး၌လည်းကောင်း, အကယ်၍ တဒါရုံကျခဲ့သော် တဒါရုံ အသီးအသီး၌လည်းကောင်း -

၁။ ဉာဏ်လည်း ယှဉ်၍ ပီတိလည်း ယှဉ်သော် နာမ်တရား — ၃၄ ၊
၂။ ဉာဏ်သာ ယှဉ်၍ ပီတိ မယှဉ်သော် နာမ်တရား — ၃၃ ၊
၃။ ဉာဏ် မယှဉ်ဘဲ ပီတိသာ ယှဉ်သော် နာမ်တရား — ၃၃ ၊
၄။ ဉာဏ်လည်း မယှဉ် ပီတိလည်း မယှဉ်သော် နာမ်တရား — ၃၂ ၊

ဤသို့ အသီးအသီး ဖြစ်ပေသည်။ (**စိတ္တန္တိ** စေတ္ထ သသမ္ပယုတ္တစိတ္တံ အဓိပ္ပေတံ။ ပဋိသံ-ဌ-၁-၂၃၉။)

ထို့ကြောင့် **ရှေ့စိတ်–နောက်စိတ်**ဟု စိတ်ကိုသာ မှတ်၍ ဆိုသော်လည်း ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် တကွသော ဝိပဿနာမနောဒွါရိကဇောဝီထိ စိတ်အစဉ် တစ်ခုလုံးကိုပင် ဧကတ္တနည်းအားဖြင့် ရှေ့စိတ်ဟုလည်း-ကောင်း၊ နောက်စိတ်ဟုလည်းကောင်း ဖွင့်ဆိုထားခြင်းဖြစ်သည်ဟု မှတ်ပါ။ အလားတူပင် ယှဉ်ဖက်သမ္ပယုတ် စေတသိက်များနှင့် အတူတကွသော ယင်းမနောဒွါရိကဇောဝီထိ စိတ်အစဉ်တစ်ခုလုံးကိုပင် အနိစ္စဟုရှုသော စိတ်၊ ဒုက္ခဟုရှုသော စိတ်၊ အနတ္တဟုရှုသော စိတ် စသည်ဖြင့်လည်းကောင်း၊ ပထမစိတ် ဒုတိယစိတ် စသည်ဖြင့် လည်းကောင်း ခေါ်ဝေါ်သုံးစွဲထားသည်ဟုလည်း မှတ်သားပါလေ။ ယမကအားဖြင့် ရှုနည်း စသည့် နောက်နောက် ရှုကွက်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

## ၂။ ယမက = အစုံအားဖြင့် ရှုနည်း

အာဒါနနိက္ခေပရုပ်ကို ယင်းရုပ်တရား၏ အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စဟု ရှုပါ။ ထိုသို့ရှုသော ဝိပဿနာစိတ်ကို = သမ္ပယုတ်တရားတို့နှင့် တကွသော မနောဒွါရိကဇောဝီထိ စိတ်အစဉ်ကို နောက်ဝိပဿနာစိတ်ဖြင့် = နောက်မနောဒွါရိကဇောဝီထိ စိတ်အစဉ်ဖြင့် ယင်းပထမဝိပဿနာ မနောဒွါရိကဇောဝီထိ စိတ်အစဉ်၏ အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု လည်းကောင်း၊ ဒုက္ခအခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟုလည်းကောင်း၊ အနတ္တ အခြင်းအရာကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း အသီးအသီး ရှုပါ။ အလား-တူပင် အာဒါနနိက္ခေပရုပ်ကို ဒုက္ခဟုရှုသော ဝိပဿနာစိတ်၊ အနတ္တဟုရှုသော ဝိပဿနာစိတ်တို့ကိုလည်း နည်း-တူပင် လက္ခဏာယာဉ် သုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။

ဝယောဝုဒ္ဓတ္ထင်္ဂမရုပ်၊ အာဟာရမယရုပ်၊ ဥတုမယရုပ်၊ ကမ္မဇရုပ်၊ စိတ္တသမုဋ္ဌာန်ရုပ်၊ ဓမ္မတာရုပ် အသီး အသီးကို အနိစ္စဟု (ဒုက္ခဟု၊ အနတ္တဟု) အသီးအသီး ရှု၍ ယင်း အနိစ္စဟု (ဒုက္ခဟု၊ အနတ္တဟု) ရှုသော ဝိပဿနာစိတ်ကို နောက်ဝိပဿနာစိတ်ဖြင့် အနိစ္စဟု (ဒုက္ခဟု၊ အနတ္တဟု) အသီးအသီး နည်းတူ ပြန်၍ ဝိပဿနာရှုပါ။ (ဝိသုဒ္ဓိ-၂-၂၆၂။)

[**မှတ်ချက် —** ကလာပအားဖြင့် ရှုနည်း၌ (၇)ဌာန၌ တည်ရှိသော ရုပ်တရားတို့ကို ဌာနတစ်ခုစီ မခွဲဘဲ ခြုံ၍ ဝိပဿနာရှု၏။ ဤယမကရှုနည်း၌ကား ဌာနတစ်ခုစီ ခွဲ၍ ဝိပဿနာရှု၏။ ဤမျှသာ ထူးထွေကွဲပြားသည်။]

## ၃။ ခဏိကအားဖြင့် ရှုနည်း

အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အာဒါနနိက္ခေပရုပ်ကို အနိစ္စဟု ဝိပဿနာ ရှုပွားသုံးသပ်ပါ။

၁။ ယင်းသို့ ရှုသော ပထမ ဝိပဿနာစိတ်ကို ဒုတိယ ဝိပဿနာစိတ်ဖြင့်၊
၂။ ဒုတိယ ဝိပဿနာစိတ်ကို တတိယ ဝိပဿနာစိတ်ဖြင့်၊
၃။ တတိယ ဝိပဿနာစိတ်ကို စတုတ္ထ ဝိပဿနာစိတ်ဖြင့်၊

၄။ စတုတ္ထ ဝိပဿနာစိတ်ကို ပဉ္စမ ဝိပဿနာစိတ်ဖြင့် —

အသီးအသီး အနိစ္စဟု ရှုပါ။ (ဒုက္ခဟု ရှုပါ။ အနတ္တဟု ရှုပါ။)

အာဒါနနိက္ခေပရုပ်ကို ဒုက္ခဟု ရှုရာ အနတ္တဟု ရှုရာတို့၌လည်း နည်းတူပင်မှတ်ပါ။ အလားတူပင် ဝယော-ဝုဍ္ဍိအတ္ထင်္ဂမရုပ်, အာဟာရမယရုပ်, ဥတုမယရုပ်, ကမ္မဇရုပ်, စိတ္တသမုဋ္ဌာန်ရုပ်, ဓမ္မတာရုပ် အသီးအသီးကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီး ဝိပဿနာရှု၍ ယင်းဝိပဿနာစိတ်ကို ဒုတိယဝိပဿနာစိတ်ဖြင့်, ဒုတိယဝိပဿနာစိတ်ကို တတိယဝိပဿနာစိတ်ဖြင့်, တတိယဝိပဿနာစိတ်ကို စတုတ္ထဝိပဿနာစိတ်ဖြင့်, စတုတ္ထဝိပဿနာစိတ်ကို ပဉ္စမဝိပဿနာစိတ်ဖြင့် တစ်ဖန်ပြန်၍ အသီးအသီး ဝိပဿနာရှုပါ။ ဤသို့လျှင် အာဒါနနိက္ခေပရုပ်စသော ရုပ်တရား အသီးအသီးကို သိမ်းဆည်းသော စိတ်မှ စ၍ လေးဆင့် လေးဆင့်သော စိတ်တို့ကို လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော် ခဏိကအားဖြင့် ဝိပဿနာရှုပွားသုံးသပ်သည် မည်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၆၂။)

ဤ၌လည်း ရူပသတ္တကရှုနည်း၌လာသော (၇)မျိုးသော ရုပ်တို့ကို ခွဲ၍ တစ်ခုစီ ရှုပါ။ ဝယောဝုဍ္ဍတ္ထင်္ဂမရုပ်၌ အဆင့်ဆင့် ရှုရန် မမေ့ပါနှင့်။ ရှေးဝီထိစိတ်ကို နောက်ဝီထိစိတ်ဖြင့် ဝိပဿနာရှုခြင်း ဖြစ်သည်ကိုလည်း သဘောပေါက်ပါ။

## ၄။ ပဋိပါဋိ = အစဉ်အားဖြင့် ရှုနည်း

အာဒါနနိက္ခေပရုပ်ကို အနိစ္စဟု ရှုပွားသုံးသပ်၍ ထိုသို့ ဝိပဿနာ ရှုပွားသုံးသပ်သော —

၁။ ပဌမဝိပဿနာစိတ်ကို ဒုတိယဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၂။ ဒုတိယဝိပဿနာစိတ်ကို တတိယဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၃။ တတိယဝိပဿနာစိတ်ကို စတုတ္ထဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၄။ စတုတ္ထဝိပဿနာစိတ်ကို ပဉ္စမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၅။ ပဉ္စမဝိပဿနာစိတ်ကို ဆဋ္ဌဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၆။ ဆဋ္ဌဝိပဿနာစိတ်ကို သတ္တမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၇။ သတ္တမဝိပဿနာစိတ်ကို အဋ္ဌမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၈။ အဋ္ဌမဝိပဿနာစိတ်ကို နဝမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၉။ နဝမဝိပဿနာစိတ်ကို ဒသမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ရှုပါ။

၁၀။ ဒသမဝိပဿနာစိတ်ကို ဧကာဒသမဝိပဿနာစိတ်ဖြင့် အနိစ္စဟု ဝိပဿနာ ရှုပါ။ ထို စိတ်ဟူသည် စိတ်ကို အဦးမူ၍ ညွှန်ပြပြောဆိုကြောင်း ဖြစ်သော စကားတည်း၊ စေတသိက်တို့လည်း ပါဝင်ကြသည်ဟု မှတ်ပါ။ (မဟာဋီ-၂-၄၁၄။)

တစ်ဖန် ယင်း အာဒါနနိက္ခေပရုပ်ကိုပင် အနိစ္စဟု ရှုနေသော ဝိပဿနာစိတ်ကို ဒုတိယဝိပဿနာစိတ်ဖြင့် ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီး ဝိပဿနာရှုပါ။ အထက်တွင် တင်ပြထားသည့် အတိုင်း (၁၀)ဆင့်တိုင်တိုင် ဝိပဿနာရှုပါ။ အလားတူပင် အာဒါနနိက္ခေပရုပ်ကို ဒုက္ခဟု ဝိပဿနာရှု၍ ယင်းဝိပဿနာစိတ်ကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း, ယင်းအာဒါန-နိက္ခေပရုပ်ကို အနတ္တဟု ဝိပဿနာရှု၍ ယင်းဝိပဿနာစိတ်ကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အထက်ပါအတိုင်း (၁၀)ဆင့်တိုင်တိုင် ဝိပဿနာ ရှုပါ။

ဝယောဝုဍ္ဍတ္ထင်္ဂမရုပ်, အာဟာရမယရုပ်, ဥတုမယရုပ်, ကမ္မဇရုပ်, စိတ္တသမုဋ္ဌာန်ရုပ်, ဓမ္မတာရုပ် ဤရုပ်တရား အသီးအသီးကိုလည်း အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီး ဝိပဿနာရှုပါ။ ယင်းဝိပဿနာစိတ်ကို ဒုတိယဝိပဿနာစိတ်ဖြင့်။ပ။ ဒသမဝိပဿနာစိတ်ကို ဧကာဒသမ ဝိပဿနာစိတ်ဖြင့် တစ်ဖန်ပြန်၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ (အထက်တွင် တင်ပြခဲ့သည့်အတိုင်း နည်းမှီး၍ ရှုပါ။) ဤသို့လျှင် ဝိပဿနာအစဉ်ဖြင့် အလုံးစုံသော နေ့အဖို့ပတ်လုံးလည်း ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ ဖြစ်သင့်လေရာ၏။ (= ရှေ့စိတ်ကို နောက်စိတ်ဖြင့် ဆက်လက်၍ ဆယ်ခုမြောက် စိတ်ထက် ပိုလွန်၍ ဝိပဿနာရှုနေခဲ့သော် တစ်နေ့ပတ်လုံးသော်လည်း ဝိပဿနာရှုပွားသုံးသပ်ခြင်းငှာ ဖြစ်သင့် လေရာ၏။) ထိုသို့ပင် ဖြစ်သင့်သော်လည်း ဆယ်ခုမြောက်ဖြစ်သော ဝိပဿနာစိတ်ကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်သည်တိုင်အောင်သော သမ္မသနလုပ်ငန်းရပ်ဖြင့် ရုပ်ကမ္မဋ္ဌာန်းသည်လည်း-ကောင်း, နာမ်ကမ္မဋ္ဌာန်းသည်လည်းကောင်း အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာအပ်ပြီး ဖြစ်သွား၏။ ထို့ကြောင့် ဒသမစိတ် = ဆယ်ခုမြောက်သော စိတ်၌သာလျှင် တန့်ရပ်လေရာ၏ဟု **အရိယဝံသကထာ**၌ ဖွင့်ဆိုထား၏။ ဤသို့ လက္ခဏာယာဉ်သုံးချက်ကို တင်၍ ဝိပဿနာ ရှုပွားသုံးသပ်သော ယောဂါဝစရရဟန်းတော်သည် ပဋိပါဋိ = အစဉ်အားဖြင့် ဝိပဿနာ ရှုပွားသုံးသပ်သည် မည်၏။ (ဝိသုဒ္ဓိ-၂-၂၆၂။) ဤ၌လည်း ရှေးဝီထိကို နောက် ဝီထိဖြင့် ဝိပဿနာ ရှုခြင်းကိုသာ ရည်ညွှန်းထားသည်ကိုလည်း သဘောပေါက်လေရာသည်။

## ၅။ ဒိဋ္ဌိဥဂ္ဃါဋနံ = ဒိဋ္ဌိကို ခွာသောအားဖြင့် ရှုနည်း

“အဟံ ဝိပဿာမိ၊ မမဝိပဿနာ = ငါသည် ဝိပဿနာရှု၏၊ ငါ၏ ဝိပဿနာတည်း”ဟု စွဲယူမိသော ယောဂါဝစရပုဂ္ဂိုလ်အား ဒိဋ္ဌိသမုဂ္ဃါဋနံ = ဒိဋ္ဌိ၏ ပျောက်ခြင်း ကွာခြင်း မည်သည် မဖြစ်သေး။ အလျော်အားဖြင့် ဆိုရမူ “သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ = သင်္ခါရတရားတို့သည်သာလျှင် သင်္ခါရတရားတို့ကို ဝိပဿနာရှုကုန်၏၊ လက္ခဏာယာဉ်ကိုတင်ကာ သုံးသပ်ကုန်၏၊ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ပိုင်းခြားမှတ်သားကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားယူကုန်၏။ ဤသို့ယူသော ယောဂါဝစရပုဂ္ဂိုလ်အား ဒိဋ္ဌိကို ခွာခြင်း မည်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၆၃။)

ဤ၌ ဝိပဿနာရှုတတ်သော သင်္ခါရတရားတို့မှာ ပုထုဇန်မျှသာ ဖြစ်နေသေးသော အသင် ယောဂါဝစရ ပုဂ္ဂိုလ် အတွက် ကွက်၍ ဆိုရမူ ဝိပဿနာဉာဏ်နှင့် အတူတကွဖြစ်သော မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့တည်း။ ယင်း ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော နာမ်တရားတို့မှာ ယင်း ဝိပဿနာ ဉာဏ်နှင့် အတူတကွဖြစ်သော မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်နာမ်တရားစုတို့ အဝင်အပါ ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော သင်္ခါရတရားစုတို့တည်း။

ဤ၌ “ငါ ဝိပဿနာရှု၏၊ ငါ၏ ဝိပဿနာတည်း”ဟု စွဲယူတတ်သော “ငါ”မှာ အတ္တကို ရည်ညွှန်းထား-သော စကားဟု မှတ်ပါ။

## ၆။ မာနဥဂ္ဃါဋနံ = မာနကို ခွာသောအားဖြင့် ရှုနည်း

“သုဋ္ဌု ဝိပဿာမိ၊ မနာပံ ဝိပဿာမိ = ကောင်းစွာ ဝိပဿနာရှု၏၊ စိတ်နှလုံးကို ပွားစေသော အခြင်းအရာ အားဖြင့် ဝိပဿနာရှု၏” ဤသို့ လွန်ကဲသော အဓိမာနဖြင့် စွဲယူသော ယောဂါဝစရပုဂ္ဂိုလ်အား မာနကို ခွာအပ်-သည် မည်သည် မဖြစ်သေး။ သင်္ခါရတရားတို့သည်သာလျှင် သင်္ခါရတရားတို့ကို ဝိပဿနာ ရှုကုန်၏၊ လက္ခဏာ-ယာဉ်ကို တင်ကာ သုံးသပ်ကုန်၏၊ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ပိုင်းခြားမှတ်သားကုန်၏၊ သိမ်းဆည်းကုန်၏၊

ပိုင်းခြားယူကုန်၏။ ဤသို့ ယူသော ယောဂါဝစရပုဂ္ဂိုလ်အား မာနကို ခွာအပ်သည် မည်သည် ဖြစ်ပေါ်လာ၏။
(ဝိသုဒ္ဓိ-၂-၂၆၃။)

## ၇။ နိကန္တိပရိယာဒါန = တဏှာ (= နိကန္တိ) ကုန်အောင် မဖြစ်အောင် ရှုနည်း

"ဝိပဿိတုံ သက္ကောမိ = ငါသည် ဝိပဿနာရှုခြင်းငှာ စွမ်းနိုင်၏" ဤသို့ ဝိပဿနာကို သာယာသော ယောဂါဝစရပုဂ္ဂိုလ်အား နိကန္တိ မည်သော တဏှာ၏ ရေကဲ့သို့ ခန်းခြောက်လျက် ကုန်ပျက်သော သဘော မည်သည် မဖြစ်နိုင်။ အလျော်အားဖြင့် ဆိုရမူ – သင်္ခါရတရားတို့သည်သာလျှင် သင်္ခါရတရားတို့ကို ဝိပဿနာ ရှုကုန်၏၊ လက္ခဏာယာဉ်ကို တင်ကာ သုံးသပ်ကုန်၏။ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ပိုင်းခြားမှတ်သားကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားယူကုန်၏။ ဤသို့ ယူသော ယောဂါဝစရပုဂ္ဂိုလ်အား နိကန္တိမည်သော တဏှာ၏ ရေကဲ့သို့ ခန်းခြောက်လျက် ကုန်ပျက်သော သဘောမည်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၆၃။)

တစ်ဖန် ဒိဋ္ဌိဥဂ္ဃါဋနမာနဥဂ္ဃါဋန နိကန္တိပရိယာဒါန ဖြစ်အောင် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲ ပြုအောင် ဝိပဿနာ ရှုပွားသုံးသပ်ရမည့် အစီအရင်ကိုလည်း အဋ္ဌကထာဆရာတော်က အောက်ပါအတိုင်း ဆက်လက်၍ ဖွင့်ဆို သွားတော်မူ၏။ —

## ဒိဋ္ဌိဥဂ္ဃါဋန – မာနဥဂ္ဃါဋန – နိကန္တိပရိယာဒါန (၅ – ၆ – ၇။)

၁။ သစေ သင်္ခါရာ အတ္တာ ဘဝေယျုံ၊ အတ္တာတိ ဂဟေတုံ ဝဋ္ဋေယျုံ၊ အနတ္တာ စ ပန အတ္တာတိ ဂဟိတာ၊ တသ္မာ တေ အဝသဝတ္တနဋ္ဌေန အနတ္တာ၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာတိ ပဿတော **ဒိဋ္ဌိဥဂ္ဃါဋနံ** နာမ ဟောတိ။

၂။ သစေ သင်္ခါရာ နိစ္စာ ဘဝေယျုံ၊ နိစ္စာတိ ဂဟေတုံ ဝဋ္ဋေယျုံ၊ အနိစ္စာ စ ပန နိစ္စာတိ ဂဟိတာ၊ တသ္မာ တေ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာတိ ပဿတော **မာနသမုဂ္ဃါဋော** နာမ ဟောတိ။

၃။ သစေ သင်္ခါရာ သုခါ ဘဝေယျုံ၊ သုခါတိ ဂဟေတုံ ဝဋ္ဋေယျုံ၊ ဒုက္ခာ စ ပန သုခါတိ ဂဟိတာ၊ တသ္မာ တေ ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာ၊ ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ အဝသဝတ္တနဋ္ဌေန အနတ္တာတိ ပဿတော **နိကန္တိပရိယာဒါနံ** နာမ ဟောတိ။

၄။ ဧဝံ သင်္ခါရေ အနတ္တတော ပဿန္တဿ **ဒိဋ္ဌိသမုဂ္ဃါဋနံ** နာမ ဟောတိ။ အနိစ္စတော ပဿန္တဿ **မာန သမုဂ္ဃါဋနံ** နာမ ဟောတိ။ ဒုက္ခတော ပဿန္တဿ **နိကန္တိပရိယာဒါနံ** နာမ ဟောတိ။ ဣတိ အယံ ဝိပဿနာ အတ္တနော အတ္တနော ဌာနေယေဝ တိဋ္ဌတီတိ။ (ဝိသုဒ္ဓိ-၂-၂၆၃-၂၆၄။)

ယသ္မာ ဒိဋ္ဌိသမုဂ္ဃါဋနံ နာမေတ္ထ ဝိသေသတော အနတ္တာနုပဿနာယ ဟောတိ၊ တသ္မာ တံ ဒဿေန္တေန **"သစေ သင်္ခါရာ"**တိအာဒိနာ အနတ္တာနုပဿနာဝိဓိံ ဝတွာ ယသ္မာ ပန အနတ္တတော အနုပဿန္တေန သင်္ခါရာ အနိစ္စတောပိ ဒုက္ခတောပိ အနုပဿိတဗ္ဗာ ဧဝ တဒုပဗြူဟနတော၊ တသ္မာ **"ဟုတွာ အဘာဝဋ္ဌေနာ"**တိအာဒိ ဝုတ္တံ။

ယသ္မာ မာနသမုဂ္ဃါဋနံ နာမ အနိစ္စာနုပဿနာယ ဟောတိ။ ခဏေ ခဏေ ဘိဇ္ဇနကေ သင်္ခါရေ ပဿန္တဿ ကုတော မာနဿ အဝသရော။ အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယာတိ ဟိ ဝုတ္တံ။

ယသ္မာ နိက္ကန္တိပရိယာဒါနံ နာမ ဒုက္ခာနုပဿနာယ ဟောတိ။ န ဟိ သဘာဝတော, ဒုက္ခဝတ္ထုတော စ ဒုက္ခဘူတေ သင်္ခါရေ ပဿန္တဿ တတ္ထ ဤသကမ္ပိ အဘိရတော ဟောတိ။ အဿာဒါနုပဿိနော ဟိ တတ္ထ တဏှာ ဥပ္ပဇ္ဇေယျ။ သေသံ အနတ္တလက္ခဏေ ဝုတ္တနယမေဝ။ အယံ ပနေတ္ထ သင်္ခေပတ္ထော — ဝုတ္တနယေန ပဋိပါဋိတော သမ္မသနံ ပဿတော ယောဂိနော ယဒါ အနတ္တာနုပဿနာ တိက္ခာ သူရာ ဝိသဒါ ပဝတ္တတိ၊ တ္တတရာ ဒွေပိ တဒနုဂတိကာ၊ တဒါနေန ဒိဋ္ဌုဂ္ဃါဋနံ ကတံ ဟောတိ။ အတ္တဒိဋ္ဌိမူလိကာ ဟိ သဗ္ဗာ ဒိဋ္ဌိယော။ အနတ္တာနုပဿနာ စ အတ္တဒိဋ္ဌိယာ ဥဇုပဋိပက္ခာ။

ယဒါ ပန အနိစ္စာနုပဿနာ တိက္ခာ သူရာ ဝိသဒါ ပဝတ္တတိ၊ ဣတရာ ဒွေပိ တဒနုဂတိကာ၊ တဒါနေန မာနသမုဂ္ဃါဋနံ ကတံ ဟောတိ။ သတိ ဟိ နိစ္စဂါဟေ မာနဇပ္ပနာ "ဣဒံ နိစ္စံ ၊ ဣဒံ ခုဝ"န္တိ အာဒိနာ **ဓကမြဟဒ္ဒနော** ဝိယ။ အနိစ္စာနုပဿနာ စ နိစ္စဂါဟဿ ဥဇုပဋိပက္ခာ။

ယဒါ ပန ဒုက္ခာနုပဿနာ တိက္ခာ သူရာ ဝိသဒါ ပဝတ္တတိ၊ ဣတရာ ဒွေပိ တဒနုဂတိကာ၊ တဒါနေန နိက္ကန္တိပရိယာဒါနံ ကတံ ဟောတိ။ သတိ ဟိ သုခသညာယ တဏှာဂါဟောဝ၊ ဒုက္ခာနုပဿနာ စ နိကန္တိယာ ဥဇုပဋိပက္ခာ။

ဧဝံ တိဿန္နံ အနုပဿနာနံ ကိစ္စဝိသေသဝသေန ဒိဋ္ဌုဂ္ဃါဋနာဒီနိ ဟောန္တိ။ တေန ဝုတ္တံ **"ဣတိ အယံ ဝိပဿနာ အတ္တနော အတ္တနော ဌာနေယေဝ တိဋ္ဌတိ"**တိ။ အနုပဿနာနံ ယထာရဟံ သကကိစ္စကရဏာဥ် သကဌာနေယေဝ ဌာနံ။ တသ္မာ ဝိသုံ သမ္မသနနယော နတ္ထီတိ န ဝတ္တဗ္ဗန္တိ အဓိပ္ပါယော။ (မဟာဋီ-၂-၄၁၆။)

## အဝသဝတ္တနဋ္ဌေန အနတ္တာ

၁။ သင်္ခါရတရားတို့သည် အကယ်၍ အတ္တဖြစ်ကုန်ငြားအံ့၊ အတ္တဟူ၍ ပညာဖြင့် ပိုင်းခြားယူခြင်းငှာ သင့်လေ-ကုန်ရာ၏။ သို့သော် သင်္ခါရတရားတို့သည်ကား အနတ္တစင်စစ် ဖြစ်ကုန်၏။ အနတ္တစင်စစ် ဖြစ်ကုန်လျက်လျှင် အတ္တဟူ၍ စွဲယူကြခြင်း ဖြစ်၏။ ထိုသို့ အနတ္တစင်စစ် ဖြစ်ပါလျက် အတ္တဟူ၍ အတ္တဝါဒသမားတို့က စွဲယူအပ်-သည်၏ အဖြစ်ကြောင့် ထိုသင်္ခါရတရားတို့သည် —

- က။ မိမိ အလိုသို့ လိုက်ပါစေတတ်သော အတ္တမရှိသည်၏ အဖြစ်တည်းဟူသော သကတ်အနက်ကြောင့် အနတ္တတို့တည်း။
- ခ။ ရှေးအဖို့၌ ထင်ရှားမရှိ ယခုမှ ရုတ်ခြည်းဖြစ်၍ ချက်တစ်ဖြုတ် ပျက်တတ်သည် ဖြစ်၍ မရှိသည်၏ အဖြစ်တည်းဟူသော သကတ်အနက်ကြောင့် အနိစ္စတို့တည်း။
- ဂ။ ဖြစ်ခြင်းပျက်ခြင်းသည် အဖန်တလဲလဲ ညှဉ်းပန်းနှိပ်စက်အပ်သည်၏ အဖြစ်တည်းဟူသော သကတ်အနက်ကြောင့် ဒုက္ခတို့တည်း။

ဤသို့ အနတ္တ အနိစ္စ ဒုက္ခ လက္ခဏာရေးကိုတင်ကာ သင်္ခါရတရားတို့ကို ဝိပဿနာရှုသော ယောဂါဝစရ ပုဂ္ဂိုလ်အား ဒိဋ္ဌိကို ပယ်ခွာခြင်း မည်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၆၃။)

ဤဝိပဿနာအရာ၌ ဒိဋ္ဌိကို ပယ်ခွာခြင်းမည်သည် အထူးအားဖြင့် အနတ္တာနုပဿနာကြောင့် ဖြစ်ပေါ်-လာရ၏။ ထို့ကြောင့် ထိုအနတ္တာနုပဿနာ ရှုပွားပုံ အစီအရင်ကို "အကယ်၍ သင်္ခါရတရားတို့သည် အတ္တ ဖြစ်ကုန်ငြားအံ့"စသည်ဖြင့် ဖွင့်ဆိုပြီးနောက် တစ်ဖန် သင်္ခါရတရားတို့ကို အနတ္တအားဖြင့် = အနတ္တဟု ဝိပဿနာ ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းသင်္ခါရတရားတို့ကို အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟုလည်းကောင်း လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ထိုက်သည်သာ ဖြစ်၏ဟု ဆက်လက်ဖွင့်ဆိုထားတော်မူ၏။

အကြောင်းမူ — ထိုအနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်တို့က အနတ္တာနုပဿနာဉာဏ်ကို တိုးပွား-စေသောကြောင့် ဖြစ်၏ = အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် နှစ်ပါးတို့က အနတ္တာနုပဿနာဉာဏ်အား ဒိဋ္ဌိကို ပယ်ခွာနိုင်သည့် စွမ်းအင်များ ပြည့်ဝလာအောင် အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့် အနတ္တာနုပဿနာဉာဏ်သည် စွမ်းအင် တိုးပွားလာသော ပြည့်ဝလာသော အနုပဿနာဉာဏ် ဖြစ်လာ၏၊ ထက်မြက်စူးရှလာ၏။ ထို့ကြောင့် သင်္ခါရတရားတို့ကို အနတ္တဟု လက္ခဏာယာဉ်တင်ကာ ရှုပွားသုံးသပ်ပြီးနောက် အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, လက္ခဏာယာဉ်တင်ကာ ရှုပွားသုံးသပ်ရန် ဆက်လက်၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၂-၄၁၅-၄၁၆။)

## ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ

အဋ္ဌကထာက အနိစ္စလက္ခဏာကို ဖော်ပြရာ၌ – ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ = ဖြစ်ပြီးနောက် မရှိခြင်း သဘောသို့ ရောက်ရှိသွားသော အနက်သဘောကြောင့် သင်္ခါရတရားတို့၏ အနိစ္စဖြစ်ကြောင်းကို ဖွင့်ဆိုသွားတော်မူ၏။ ထိုတွင် ဟုတွာ = ဖြစ်ပြီးနောက် ဟူသော စကားရပ်ဖြင့် သင်္ခါရတရားတို့၏ ဖြစ်ခြင်းဥပါဒ်မှ ရှေ့အဖို့၌ ထင်ရှားမရှိ၊ ဆိတ်သုဉ်းသည်၏အဖြစ် ရှေးရှိ၍ ဥပါဒ်-ဌီ-ဘင် ဟူသော ခဏသုံးပါးတို့၏ အပေါင်းဖြစ်သော အလယ်၌ ထင်ရှားရှိသည်၏ အဖြစ်ကို ပြသည်။ ထို ဟုတွာ = ဖြစ်ပြီးနောက်ဟူသော စကားရပ်ကို ဖွင့်ဆိုပြီး၍ အဘာဝကို ထပ်မံဆိုပြန်သဖြင့် သင်္ခါရတရားတို့၏ ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏသုံးပါးတို့၏ အပေါင်းဖြစ်သော အလယ်၌ ထင်ရှားရှိသည်၏ အဖြစ် ရှေးရှိ၍ ပျက်ခြင်း = ဘင်မှ အထက်ဖြစ်သော နောက်အဖို့၌ ထင်ရှားမရှိ ပျောက်ပျက်သည်၏အဖြစ်ကို ပြသည်။ ဟုတွာ အဘာဝ-ဟူသော စကားနှစ်ရပ်ဖြင့်လည်း သင်္ခါရတရားတို့သည် မဖြစ်ခင်က မရှိခြင်း, ဖြစ်ပြီးနောက် မရှိခြင်းဟူသော မရှိခြင်း နှစ်မျိုးတို့၏ အလယ်၌သာလျှင် ယာယီ အခိုက်အတန့်အားဖြင့်သာ တည်ရှိနိုင်၍ အခါခပ်သိမ်း မတည်ရှိခြင်းသည် အနိစ္စလက္ခဏာဟု ပြသတည်း။

(ပြည်နိဿယ-၅-၁၄၈-၌လည်း ကြည့်ပါ။)

၂။ သင်္ခါရတရားတို့သည် အကယ်၍ နိစ္စဖြစ်ကုန်ငြားအံ့၊ နိစ္စဟူ၍ ပညာဖြင့် ပိုင်းခြားယူခြင်းငှာ သင့်လေ-ကုန်ရာ၏။ သို့သော် သင်္ခါရတရားတို့သည် အနိစ္စစင်စစ် ဖြစ်ကုန်လျက်လျှင် ယင်းသင်္ခါရတရားတို့ကို နိစ္စဟူ၍ စွဲယူခြင်း ဖြစ်၏။ ထို့ကြောင့် ထိုသင်္ခါရတရားတို့သည် ရှေးအဖို့၌ ထင်ရှားမရှိ ယခုမှ ရုတ်ခြည်းဖြစ်၍ ချက်တဖြုတ် ပျက်တတ်သည် ဖြစ်၍ မရှိခြင်းအဘာဝသို့ ရောက်ရှိသွားတတ်သည်၏ အဖြစ်တည်းဟူသော သကတ်အနက်-ကြောင့် အနိစ္စတို့တည်း။ ဖြစ်ခြင်း ပျက်ခြင်းသည် အဖန်တလဲလဲ ညှဉ်းပန်းနှိပ်စက်တတ်သည်၏ အဖြစ်တည်း ဟူသော သကတ်အနက်ကြောင့် ဒုက္ခတို့တည်း။ မိမိ အလိုသို့ လိုက်ပါစေတတ်သော အတ္တမရှိသည်၏ အဖြစ်တည်း ဟူသော သကတ်အနက်ကြောင့် အနတ္တတို့တည်း။ ဤသို့လျှင် ဝိပဿနာ ရှုပွားသုံးသပ်လျက်ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ မာနကို ပယ်ခွာခြင်းမည်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၆၃။)

မာနကို ပယ်ခွာခြင်းမည်သည် အထူးသဖြင့် အနိစ္စာနုပဿနာကြောင့် ဖြစ်ပေါ်လာရ၏။ ခဏတိုင်း ခဏ-တိုင်း၌ ခဏမစဲ တသဲသဲ ပြိုပြို ပျက်ပျက်နေသော သင်္ခါရတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်လျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ "ငါ-ငါ" ဟု ထောင်လွှားတက်ကြွတတ်သော မာန်မာနတရား၏ ထောက်ရာတည်ရာ ဖြစ်နိုင်ရာသော အခွင့်အလမ်းသည် အတည်မှာလျှင် ရှိနိုင်ပါတော့အံ့နည်း။ (သုံးဆယ့်တစ်ဘုံအတွင်း၌လည်း သင်္ခါရတရား အစုအပုံတို့သာ ရှိကြ၏။ သင်္ခါရတရားတို့မှ လွဲ၍ ငါ-ဟူသည်, သူ-ဟူသည် မရှိဖြစ်ခဲ့၏။ သင်္ခါရတရားတို့သည်လည်း ခဏတိုင်း ခဏတိုင်း၌ ခဏမစဲ တသဲသဲ ပြိုပြို ပျက်ပျက်နေသော သဘာဝဓမ္မတို့သာ ဖြစ်ကြ၏။ ထိုသင်္ခါရတရားတို့၌ "ဤသင်္ခါရတရားက ငါပဲ, ဤသင်္ခါရတရားက သူပဲ"စသည်ဖြင့် စွဲယူလောက်သည့်

ပြောပြလောက်သည့် အချိန်ကာလသည်လည်း မရှိ ဖြစ်ခဲ့၏။ ထို့ကြောင့် "ငါ-ငါ"စသည်ဖြင့် ထောင်လွှားတက်ကြွ-တတ်သော မာန်မာနတရားသည် သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာကို ဝိပဿနာဉာဏ်ပညာမျက်စိဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထောက်ရာတည်ရာကို မရရှိနိုင်ပေဟူလိုသည်။) ဘုရားရှင်ကိုယ်တော်တိုင်က မေဃိယသုတ္တန် (ဥဒါန-၁၂၀)တွင် —

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ။

= "ငါ-ငါ"ဟု ထောင်လွှား တက်ကြွတတ်သော မာနတရားကို ပယ်နုတ်ရန် အလို့ငှာ အနိစ္စသညာကို ပွားများ အားထုတ်ပါဟု ဟောကြားထားတော်မူခဲ့၏။ (မဟာဋီ-၂-၄၁၆။)

## ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာ

၃။ သင်္ခါရတရားတို့သည် အကယ်၍ သုခဖြစ်ကုန်ငြားအံ့၊ သုခဟူ၍ ပညာဖြင့် ပိုင်းခြားယူခြင်းငှာ သင့်လေ-ကုန်ရာ၏။ သို့သော် သင်္ခါရတရားတို့သည် ဒုက္ခစင်စစ် ဖြစ်ကုန်လျက်လျှင် ယင်းသင်္ခါရတရားတို့ကို သုခဟူ၍ စွဲယူခြင်းဖြစ်၏။ (ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရသည့် ဒုက္ခတရား စင်စစ်ဖြစ်ပါကုန်လျက်လျှင် ယင်းသင်္ခါရတရားတို့ကို သုခဟူ၍ စွဲယူခြင်း ဖြစ်၏ ဟူလို။) ထို့ကြောင့် ထိုသင်္ခါရ တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရတတ်သော အနက် သဘောကြောင့် ဒုက္ခတို့တည်း။ ရှေးက မရှိ ယခုမှ ရုတ်ခြည်း ချက်တစ်ဖြုတ် ဖြစ်ပေါ်လာ၍ ဖြစ်ပေါ်ပြီးနောက် မရှိခြင်း = အဘာဝသဘောသို့သာ ဆိုက်ရောက်သွားတတ်သော အနက်သဘောကြောင့် အနိစ္စတို့တည်း။ မိမိအလိုသို့ လိုက်ပါစေတတ်သော အတ္တ မရှိသည်၏ အဖြစ်တည်းဟူသော သကတ်အနက်ကြောင့် အနတ္တတို့ တည်း။ ဤသို့ ဝိပဿနာဉာဏ်ပညာဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ တဏှာ = နိကန္တိတရား၏ ရေကဲ့သို့ ခန်းလျက် ကုန်ပျက်ခြင်းမည်သည် ဖြစ်ပေါ်၍လာပေ၏။ (ဝိသုဒ္ဓိ-၂-၂၆၄။)

တဏှာ = နိကန္တိတရား၏ ရေကဲ့သို့ ခန်းလျက် ကုန်ပျက်ခြင်းမည်သည် အထူးသဖြင့် ဒုက္ခာနုပဿနာ-ကြောင့် ဖြစ်ပေါ်လာရ၏။ မှန်ပေသည် — ပင်ကိုရင်း သဘာဝအားဖြင့်လည်းကောင်း, ဒုက္ခ၏တည်ရာ အကြောင်း တရားအားဖြင့်လည်းကောင်း ဒုက္ခစင်စစ် အဖြစ်ကြီး ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ယင်းသင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရသည့် အခြင်းအရာကို ဝိပဿနာ-ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခလက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်လျက်ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသင်္ခါရတရားတို့အပေါ်၌ အနည်းငယ်မျှသော်လည်း မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်း မည်သည် မဖြစ်တော့သည်သာတည်း။ မှန်ပေသည် — သင်္ခါရတရားတို့ကို သာယာဖွယ် အဿာဒ သဘော တရားဟု ရှုမြင်နေသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ထိုသင်္ခါရတရားတို့အပေါ်၌ နှစ်သက်မြတ်နိုးခြင်း၊ တွယ်တာမက်မောခြင်း တဏှာတရားသည် ထင်ရှားဖြစ်ပေါ်လာလေရာ၏ = ထင်ရှားဖြစ်ပေါ်နိုင်လေရာ၏။

(မဟာဋီ-၂-၄၁၆။)

ဤအနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်အရာတို့၌လည်း အနတ္တာနုပဿနာဉာဏ်အရာ၌ ဖွင့်ဆိုရေးသားတင်ပြခဲ့သည့်အတိုင်း နည်းတူ မှတ်သားရန် မဟာဋီကာဆရာတော်က (မဟာဋီ-၂-၄၁၆)၌ မိန့်မှာထားတော်မူပေသည်။ ထိုမိန့်မှာတော်မူချက်နှင့် အညီ ဉာဏ်နုသူများအတွက် ထပ်မံ၍ အနည်းငယ် ရှင်းလင်းတင်ပြအပ်ပါသည်။ —

အနိစ္စာနုပဿနာဉာဏ်သည် မာနစွဲကို ပယ်ခွာနိုင်သည်မှာ ဖြိုခွဲဖျက်ဆီးနိုင်သည်မှာ မှန်၏။ သို့သော် ယင်းအနိစ္စာနုပဿနာဉာဏ်သည် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်ပါးတို့က အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှ ထက်မြက်လာ၏၊ စူးရှလာ၏၊ ရဲရင့်လာ၏၊ တိုးပွားလာ၏၊ စွမ်းအင် ပြည့်ဝလာ၏။ ထိုကဲ့သို့ ထက်မြက် စူးရှ ရဲရင့်လာသော, တိုးပွားလာသော, စွမ်းအင်ပြည့်ဝလာသော, ဒုက္ခာ-နုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်ပါးတို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိထူးကြီးဖြင့် ကျေးဇူး ပြုပေးမှု အရှိန်အဝါထူးကြီးကို ဆက်ခံရသော အနိစ္စာနုပဿနာဉာဏ်ကသာလျှင် မာနစွဲကို ဖြိုခွဲဖျက်ဆီးနိုင်သော-ကြောင့် သင်္ခါရတရားတို့ကို အနိစ္စလက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြီးသော်လည်း ဒုက္ခလက္ခဏာ နှင့် အနတ္တလက္ခဏာကိုပါ တင်၍ ဆက်လက်ကာ ဝိပဿနာရှုပွားသုံးသပ်ရန် (ဝိသုဒ္ဓိ-၂-၂၆၄)၌ အဋ္ဌကထာ ဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။

အလားတူပင် ဒုက္ခာနုပဿနာဉာဏ်သည် တဏှာ = နိကန္တိကို ကုန်ခန်းစေနိုင်သည်ကား မှန်၏။ သို့သော် ယင်းဒုက္ခာနုပဿနာဉာဏ်အား အနိစ္စာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်ပါးတို့က တဏှာ = နိကန္တိကို ကုန်ခန်းစေနိုင်သည့် စွမ်းအင်များ ပြည့်ဝလာအောင် ပင်ကိုပကတိအားဖြင့် အားကြီးသော မှီရာ ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့် ယင်းဒုက္ခာနုပဿနာဉာဏ်သည် စွမ်းအင်တိုးပွားလာသော ပြည့်ဝလာသော အနုပဿနာဉာဏ်တစ်ခု ဖြစ်လာ၏၊ ထက်မြက်စူးရှလာ၏၊ ရဲရင့်လာ၏။ ထို့ကြောင့် သင်္ခါရတရားတို့ကို ဒုက္ခ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြီးနောက်လည်း ယင်းသင်္ခါရတရားတို့ကို အနိစ္စဟုလည်းကောင်း, အနတ္တဟုလည်းကောင်း လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်ရန် အဋ္ဌကထာဆရာတော်က (ဝိသုဒ္ဓိ-၂-၂၆၄)၌ ဆက်လက်၍ ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။

## လိုရင်းအကျဉ်းချုပ် မှတ်သားရန်

ဤအရာ၌ ဤဆိုလတ္တံ့သော စကားကား အကျဉ်းချုပ်ဆိုလိုရင်း အနက်သဘောတရားတည်း။ အထက်ပါ အရူပသတ္တက ရှုနည်းဝယ် **ပဋိပါဋိ = အစဉ်အားဖြင့် ရှုနည်း** ဟူသော ဝိပဿနာရှုနည်းကို ရေးသားတင်ပြခဲ့၏။ ဤသို့ ရေးသားဖွင့်ဆိုခဲ့သည့်အတိုင်း ပဋိပါဋိနည်းအားဖြင့် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်ကို တင်ကာ ဝိပဿနာရှုပွားသုံးသပ်ခြင်း သမ္မသနလုပ်ငန်းရပ်ကို အလေ့အကျက် များပြားသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ အကြင်အခါဝယ် အနတ္တာနုပဿနာဉာဏ်သည် ထက်မြက်လာ၏၊ ရဲရင့်လာ၏၊ သန့်သန့်ရှင်းရှင်း ဖြစ်ပေါ်လာ၏။ ထိုအခါဝယ် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် နှစ်မျိုးတို့သည်လည်း ထိုအနတ္တာနုပဿနာဉာဏ်၏ နောက်သို့ အစဉ်တစိုက် လိုက်ပါကြရ၏။ ထိုအခါ၌ အနတ္တာနုပဿနာဉာဏ်က ဒိဋ္ဌိကို ပယ်ခွာခြင်း လုပ်ငန်းရပ်ကို ပြုလုပ်ပြီး ဖြစ်တော့၏။ မှန်ပေသည် - မိစ္ဆာဒိဋ္ဌိမှန်သမျှတို့သည် အတ္တဝါဒ အတ္တဒိဋ္ဌိလျှင် အခြေခံအကြောင်းရင်း ဇစ်မြစ် ရှိကြကုန်၏။ အနတ္တာနုပဿနာဉာဏ်သည်လည်း အတ္တဒိဋ္ဌိနှင့် ဖြောင့်ဖြောင့်ထိပ်တိုက် ဆန့်ကျင်ဘက် အနုပဿနာဖြစ်၏။ ထို့ကြောင့် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်နှစ်ပါးတို့က အားကြီးသောမှီရာ ဥပနိဿယသတ္တိထူးကြီးဖြင့် ကျေးဇူးပြုပေးလိုက်သည့် အရှိန်အဝါသတ္တိထူးကြီးကို ဆက်ခံရသော စွမ်းအင်သတ္တိ ပြည့်ဝစုံညီလာသော, ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာသော အနတ္တာနုပဿနာဉာဏ်သည် အတ္တဒိဋ္ဌိကို ဖြိုခွဲနိုင်ခြင်း ဖြစ်ပေသည်။ (မဟာဋီ-၂-၄၁၆။)

အကြင်အခါ၌ကား အနိစ္စာနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာ၏၊ ရဲရင့်လာ၏၊ သန့်သန့်ရှင်းရှင်း ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်မျိုးတို့သည်လည်း ထိုအနိစ္စာ နုပဿနာဉာဏ်၏ နောက်သို့ အစဉ်တစိုက် လိုက်ပါကြရကုန်၏။ ထိုအခါဝယ် အနိစ္စာနုပဿနာဉာဏ်က မာနကို

ပယ်ခွာခြင်း လုပ်ငန်းရပ်ကို ပြုပြီး ဖြစ်တော့၏။ မှန်ပေသည် — သင်္ခါရတရားတို့ကို နိစ္စဟု စွဲယူခြင်းသည် ထင်ရှားရှိလတ်သော် "ဣဒံ နိစ္စံ ဣဒံ ဓုဝံ = ဤဌာနသည် မြဲသည့် နိစ္စတည်း၊ ခိုင်ခံ့သည့် ဓုဝတည်း" (မ-၁-၄၀၁။) — ဤသို့စသည်ဖြင့် ဗကဗြဟ္မာ၏ သန္တာန်၌ကဲ့သို့ မာန်မာနတရား ထောင်လွှားတက်ကြွခြင်းသည် ဖြစ်ပေါ်လာတတ်၏။ အနိစ္စာနုပဿနာသည်လည်း သင်္ခါရတရားကို နိစ္စဟု စွဲယူတတ်သော နိစ္စဂါဟ၏ ဖြောင့်-ဖြောင့် ထိပ်တိုက် ဆန့်ကျင်ဘက် အနုပဿနာဖြစ်၏။ ထို့ကြောင့် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် နှစ်ပါးတို့က အားကြီးသော မှီရာဥပနိဿယသတ္တိထူးကြီးဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသော စွမ်းအင်သတ္တိ ပြည့်ဝစုံညီလာသော, ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာသော အနိစ္စာနုပဿနာ-ဉာဏ်သည် မာနစွဲကို ဖြိုခွဲဖျက်ဆီးနိုင်ခြင်း ဖြစ်ပေသည်။ (မဟာဋီ-၂-၄၁၆။)

အကြင်အခါ၌ကား ဒုက္ခာနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာ၏၊ ရဲရင့်လာ၏၊ သန့်သန့်ရှင်းရှင်း ဖြစ်ပေါ်လာ၏။ ထိုအခါ၌ကား အနိစ္စာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ် နှစ်မျိုးတို့သည်လည်း ထို ဒုက္ခာနုပဿနာဉာဏ်၏ နောက်သို့ အစဉ်တစိုက် လိုက်ပါကြရကုန်၏။ ထိုအခါဝယ် ဒုက္ခာနုပဿနာဉာဏ်က တဏှာ = နိကန္တိတရားကို ကုန်ခန်းစေခြင်းကို ပြုပြီးဖြစ်တော့၏။ မှန်ပေသည် – သင်္ခါရတရားတို့၏ အပေါ်၌ သုခဟုထင်သော အမှတ်သညာသည် ထင်ရှားရှိလတ်သော် ယင်းသင်္ခါရတရားတို့ကို "ငါ့ဟာ"ဟု တဏှာဖြင့် စွဲယူခြင်း တဏှာဂါဟတရားသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဒုက္ခာနုပဿနာသည်လည်း တဏှာ = နိကန္တိတရား၏ ဖြောင့်ဖြောင့် ထိပ်တိုက် ဆန့်ကျင်ဘက် အနုပဿနာတစ်မျိုးဖြစ်၏။ ထို့ကြောင့် အနိစ္စာနုပဿနာဉာဏ် အနတ္တာ-နုပဿနာဉာဏ် နှစ်မျိုးတို့က အားကြီးသော မှီရာ ဥပနိဿယသတ္တိထူးကြီးဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသော, စွမ်းအင်သတ္တိ ပြည့်ဝစုံညီလာသော, ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာသော ဒုက္ခာနုပဿနာဉာဏ်သည် တဏှာ = နိကန္တိတရားကို ကုန်ခန်း ပျက်စီးစေနိုင်ခြင်း ဖြစ်ပေသည်။

(မဟာဋီ-၂-၄၁၆။)

ဤသို့လျှင် သင်္ခါရတရားတို့ကို အနတ္တဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဒိဋ္ဌိကို ပယ်ခွာခြင်းမည်သည် ဖြစ်ပေါ်လာ၏။ အနိစ္စဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ မာနကို ပယ်ခွာခြင်းမည်သည် ဖြစ်ပေါ်လာ၏။ ဒုက္ခဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ တဏှာ = နိကန္တိကို ကုန်ခန်းစေခြင်းမည်သည် ဖြစ်ပေါ်လာ၏။ ဤသို့လျှင် ဤဝိပဿနာသည် မိမိ မိမိ၏ အရာဌာန၌သာလျှင် ရပ်တည်၍ နေပေ၏ဟူသော ဤနည်းဥပဒေသကို ညွှန်ပြအပ်ပေသည်။

(ဝိသုဒ္ဓိ-၂-၂၆၄။)

ထို့ကြောင့် အသင်သူတော်ကောင်းသည် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်လုံး တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါမှ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲဟူသော အစွဲသုံးမျိုးလုံး ပြုတ်နိုင်မည်ဟူသော ဓမ္မုပဒေသ ရှေးဟောင်း ကျင့်စဉ်ထုံး တစ်ရပ်ကို ရိုသေစွာ နာယူမှတ်သားလေရာသည်။ ယင်း ဓမ္မုပဒေသအရ သင်္ခါရတရားတို့ကို အနတ္တဟု ရှုရုံသက်သက်မျှဖြင့်လည်း ယင်းအနတ္တာနုပဿနာဉာဏ်က ဒိဋ္ဌိကို တဒင်္ဂအားဖြင့် မခွာနိုင် မပယ်နိုင်။ အနိစ္စဟု ရှုရုံသက်သက်မျှဖြင့်လည်း ယင်းအနိစ္စာနုပဿနာဉာဏ်က မာနစွဲကို တဒင်္ဂအားဖြင့် မခွာနိုင် မပယ်နိုင်။ ဒုက္ခဟု ရှုရုံသက်သက်မျှဖြင့်လည်း ယင်းဒုက္ခာနုပဿနာဉာဏ်က သိမ်မွေ့သော နိကန္တိတဏှာကို မကုန်စေနိုင် တဒင်္ဂ အားဖြင့် မပယ်နိုင်။ အနုပဿနာဉာဏ်တစ်ခုကို ကျန်အနုပဿနာဉာဏ်နှစ်ခုတို့က အားကြီးသောမှီရာ ဥပနိဿယ သတ္တိဖြင့် အားပေးထောက်ပံ့မှသာလျှင် ဆိုင်ရာဆိုင်ရာ အနုပဿနာဉာဏ်က ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို တဒင်္ဂအားဖြင့် ခွာနိုင် ပယ်နိုင်သည်ဟု သိရှိလေရာသည်။

## ပဂုဏ ဖြစ်လေပြီ

ဇတ္တာဝတာ ပနဿ ရူပကမ္မဋ္ဌာနမ္ပိ အရူပကမ္မဋ္ဌာနမ္ပိ ပဂုဏံ ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၆၄။)

ဤသို့ ရေးသားတင်ပြခဲ့သည့်အတိုင်း ရူပသတ္တကရှုနည်း အရူပသတ္တကရှုနည်းတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း ဝိပဿနာ ရှုပွားသုံးသပ်နိုင်ခဲ့သော် ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးလုံးသည်လည်း အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာအပ်ပြီးသာ ဖြစ်တော့၏၊ ပဂုဏဖြစ်လေပြီ။ (ဝိသုဒ္ဓိ-၂-၂၆၄။)

## မဟာဝိပဿနာ (၁၈) မျိုး (ဝိသုဒ္ဓိ –၂–၂၆၄။)

ဤ လက်လည်စွာလှ အဝါးဝအောင် လေ့လာအပ်ပြီးသော ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းရှိသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် အထက်ဘင်္ဂါနုပဿနာမှစ၍ ပဟာနပရိညာ၏ အစွမ်းဖြင့် ဤသမ္မသနဉာဏ်ပိုင်း၌ကဲ့သို့ တစ်စိတ်တစ်ဒေသအားဖြင့်သာ မဟုတ်ဘဲ သရုပ်အားဖြင့်လည်းကောင်း, ကိစ္စအားဖြင့်လည်းကောင်း, အလုံးစုံသော အခြင်းအရာအားဖြင့် ဆိုအပ်လတ္တံ့ကုန်သော အကြင်မဟာဝိပဿနာ (၁၈)မျိုးတို့သည် ရှိကုန်၏။ ထို မဟာဝိပဿနာ (၁၈)မျိုးတို့၏ ဤတီရဏပရိညာစခန်းဖြစ်သည့် သမ္မသနဉာဏ်ပိုင်း၌ပင်လျှင် ရှေ့ဦးစွာ တစ်စိတ်တစ်ဒေသကို ထိုးထွင်းလျက်သိသည်ဖြစ်၍ ထိုအနုပဿနာဉာဏ် အသီးအသီးက ဤအရာ၌ ဖြစ်သင့် ဖြစ်ထိုက်ကုန်သော ထိုထိုအနုပဿနာ၏ ထိပ်တိုက်ဆန့်ကျင်ဘက် ဖြစ်ကုန်သော နိစ္စဟု အမှတ်မှားခြင်း နိစ္စသညာစသည်တို့ကို ပယ်စွန့်လေ၏။ ပယ်ခွာလေ၏။

အနိစ္စာနုပဿနာ အစရှိကုန်သော ဝိပဿနာပညာတို့သည် (၁၈)မျိုးကုန်သော မဟာဝိပဿနာတို့ မည်ကုန်၏။ ယင်း မဟာဝိပဿနာ (၁၈)မျိုးတို့တွင် သင်္ခါရတရားတို့အပေါ်၌ —

၁။ အနိစ္စာနုပဿနာကို ပွားစေသော ယောဂီသည် နိစ္စဟု အမှတ်မှားသော နိစ္စသညာကို ပယ်ခွာ၏။

၂။ ဒုက္ခာနုပဿနာကို ပွားစေသော ယောဂီသည် သုခဟု အမှတ်မှားသော သုခသညာကို ပယ်ခွာ၏။

၃။ အနတ္တာနုပဿနာကို ပွားစေသော ယောဂီသည် အတ္တဟု အမှတ်မှားသော အတ္တသညာကို ပယ်ခွာ၏။

၄။ အနိစ္စာနုပဿနာ စသည်တို့ကြောင့် ကောင်းစွာ ဖြစ်ပေါ်၍လာသော သင်္ခါရတရားတို့ကို ငြီးငွေ့သော အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှုသော နိဗ္ဗိဒါနုပဿနာကို ပွားစေသော ယောဂီသည် သင်္ခါရတရားတို့၌ နှစ်သက်မြတ်နိုးခြင်း နန္ဒီတရားကို ပယ်ခွာ၏။

၅။ သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်၍ အနိဋ္ဌအသုဘအခြင်းအရာကို သိမြင်သော ဝိပဿနာဉာဏ် ရှေ့သွားရှိ၍ ယင်းသင်္ခါရတရားတို့ကို ရွံရှာစက်ဆုပ်ဖွယ် အခြင်းအရာအားဖြင့် အဖန်တလဲလဲ ရှုသော ဝိရာဂါနုပဿနာကို ပွားစေသော ယောဂီသည် သင်္ခါရတရားတို့၌ တပ်မက်သော ရာဂကို ပယ်ခွာ၏။ (သင်္ခါရတရားတို့၏ ပျက်ခြင်းဘင်ကား ရွံရှာစက်ဆုပ်ဖွယ် ဝိရာဂသဘောတရား ဖြစ်၏။ ယင်းဝိရာဂသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီ တင်ကာ ရှုပွားသုံးသပ်သော ဝိပဿနာကို ဝိရာဂါနုပဿနာဟု ခေါ်သည်။ တစ်နည်း — သင်္ခါရတို့၏ ပျက်ခြင်းဘင်ကို အာရုံယူ၍ လက္ခဏာယာဉ်သုံးချက်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခိုက် ရာဂသည် တဒင်္ဂအားဖြင့် ချုပ်ငြိမ်းသွား၏။ ထို့ကြောင့် ယင်းအနုပဿနာကို ဝိရာဂါနုပဿနာဟု ဆိုသည်။ ရာဂ၏ စင်စစ်ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်ကိုလည်း ဝိရာဂါနုပဿနာဟုဆိုသည်။ ဝိသုဒ္ဓိ-၁-၂၈၂။)

၆။ သင်္ခါရတရားတို့၏ ခဏမစဲတသဲသဲ ချုပ်ပျက်ခြင်းခဏဘင်ကို အာရုံယူ၍ လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းတည်းဟူသော နိရောဓာနုပဿနာကို ပွားစေသော ယောဂီသည် သင်္ခါရတရားတို့၏ အကြောင်းရင်း သမုဒယကို ပယ်ခွာ၏။ (သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏဘင်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အနုပဿနာကိုလည်း နိရောဓာနုပဿနာဟု ဆိုသည်။ ကိလေသာတို့ကို တဒင်္ဂအားဖြင့် ချုပ်ငြိမ်းစေသော အနုပဿနာတည်း။ ရာဂ၏ စင်စစ်ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်ကိုလည်း နိရောဓာနုပဿနာဟုပင် ဆိုသည်။ - ဝိသုဒ္ဓိ-၁-၂၈၂။)

၇။ သင်္ခါရတရားတို့ကို တစ်ဖန် မစွဲယူ မစွဲလမ်းမူ၍ စွန့်လွှတ်ကြောင်းဖြစ်သော ပဋိနိဿဂ္ဂါနုပဿနာကို ပွားစေသော ယောဂီသည် တစ်ဖန် ဘဝသစ် အခြင်းအရာအားဖြင့် သင်္ခါရတရားတို့ကို စွဲယူခြင်း, နိစ္စစသည်တို့၏ အခြင်းအရာအားဖြင့် စွဲလမ်းခြင်းတို့ကို ပယ်ခွာ၏။ (သင်္ခါရတရားတို့၏ ပျက်ခြင်းဘင်ကို အာရုံယူ၍ လက္ခဏာယာဉ်ကို တင်ကာ ရှုပွားသုံးသပ်တတ်သော ဝိပဿနာသည် တဒင်္ဂ၏ အစွမ်းဖြင့် ခန္ဓာငါးပါး, ဘဝသစ်ကို ပြုပြင်တတ်သော အဘိသင်္ခါရတရားတို့နှင့် အတူတကွ ကိလေသာတို့ကို ပယ်စွန့်-တတ်သောကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂလည်း မည်၏၊ သင်္ခတတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်းတည်းဟူသော သင်္ခတအပြစ်ကို ရှုမြင်သဖြင့် ထိုသင်္ခတတရားနှင့် ထိပ်တိုက် ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်သော အသင်္ခတ နိဗ္ဗာန်တရားတော်မြတ်၌ ညွတ်ကိုင်းရှိုင်းသောအားဖြင့် ပြေးဝင်သောကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်းမည်၏။ အရိယမဂ်ဉာဏ်သည် အကြွင်းမဲ့ ပယ်သတ်တတ်သော သမုစ္ဆေဒ၏ အစွမ်းဖြင့် ခန္ဓအဘိသင်္ခါရတရားတို့နှင့်တကွ ကိလေသာတို့ကို ပယ်စွန့်တတ်သောကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂလည်း မည်၏၊ အာရုံမျက်မှောက်ပြုသည်၏ အစွမ်းဖြင့် အသင်္ခတ အငြိမ်းဓာတ် နိဗ္ဗာန်၌ ပြေးဝင်သောကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်း မည်၏။ ဝိသုဒ္ဓိ-၁-၂၈၂။ ယင်းပဋိနိဿဂ္ဂနှင့် ပြည့်စုံသော ဝိပဿနာဉာဏ်သည် ပဋိနိဿဂ္ဂါနုပဿနာမည်၏။)

၈။ သင်္ခါရတရားတို့၏ ခဏတိုင်း ခဏတိုင်း၌ ပျက်မှု ခဏဘင်ကို အာရုံယူ၍ လက္ခဏာယာဉ်တင်ကာ အဖန်တလဲလဲ ရှုသော ခယာနုပဿနာကို ဖြစ်စေသော ယောဂီသည် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော အတုံးအခဲပေါ်၌ အမှတ်မှားတတ်သော ဃနသညာကို ပယ်ခွာ၏။ (သင်္ခါရတရားတို့၏ သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃနတည်းဟူသော ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတို့ကို အကြင်ဝိပဿနာပညာဖြင့် ခွဲခြားဝေဖန် စိတ်ဖြာခြင်း ဖြိုခွဲဖျက်ဆီးခြင်းကို ပြု၍ ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော ယင်းသင်္ခါရတရားတို့ကို — အနိစ္စံ ခယဋ္ဌေန = ကုန်တတ် ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စဟု ရှု၏။ ထိုဝိပဿနာပညာသည် ခယာနုပဿနာ မည်၏။ သင်္ခါရတရားတို့၏ ခဏဘင်ကို အဖန်တလဲလဲ ရှုသည်မှ စ၍ ထိုခယာနုပဿနာ၏ ထက်ဝန်းကျင် ပြည့်စုံခြင်းသည် ဖြစ်လေရကား ဃနသညာ၏ ကွာ-ခြင်းသည် ဖြစ်၏။ ထိုဘင်္ဂါနုပဿနာ = ခယာနုပဿနာမှ ရှေးအဖို့၌ကား ခယာနုပဿနာ၏ ထက်ဝန်းကျင် မပြည့်စုံသေးသည်၏ အဖြစ်ကြောင့် ဃနသညာ၏ ကွာခြင်းသည် မဖြစ်သေး။ ဃနသညာဟူသည် သန္တတိ-ဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃနတို့၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို တစ်ခုတည်းအဖြစ် စွဲယူခြင်း အမှတ်မှားခြင်းတည်း။)

၉။ သင်္ခါရတရားတို့၏ ပျက်ခြင်း ချုပ်ခြင်းကို အဖန်တလဲလဲ ရှုသော ဝယာနုပဿနာကို ဖြစ်စေသော ယောဂီ-သည် အာယူဟနအမည်ရသော ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတို့ကို ပေါင်းစုရုံးစည်းခြင်းကို ပြုတတ်-သော တဏှာကို ပယ်ခွာ၏။ (ပစ္စက္ခအားဖြင့်လည်းကောင်း အနုမာန-ဆ၍ သိသော အန္ဝယအားဖြင့်

လည်းကောင်း သင်္ခါရတရားတို့၏ ဘင်ကို ရှု၍ ထိုဘင်ဟု ဆိုအပ်သော ချုပ်ခြင်း၌သာလျှင် နှလုံးသွင်း-
သည်၏အဖြစ် နှလုံးညွတ်သည်၏ အဖြစ်သည် ဝယာနုပဿနာ မည်၏။ သင်္ခါရတရားတို့၏ ထိုပျက်ခြင်း
ချုပ်ခြင်းကို ရှုသော ဝယာနုပဿနာဖြင့် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတည်း
ဟူသော သင်္ခါရတို့ကို ဆည်းပူးရုံးစုပေါင်းစည်းခြင်းကို ပြုသော တဏှာကို စွန့်ခွာနိုင်သတည်း။ အကြောင်
မပြတ် ဆက်ကာ ဆက်ကာ ဖြစ်သော ဝဋ္ဋတရားအကျိုးငှာ အကြောင်တဏှာဖြင့် ကုသိုလ်သင်္ခါရ အကုသိုလ်
သင်္ခါရတို့ကို ဆည်းပူးရုံးစု ပေါင်းစည်းခြင်းကို ပြု၏ = ပြုစုပျိုးထောင်၏။ ထိုဝဋ္ဋတရား၌ တဏှာဖြင့်
ထိုယောဂီ၏ စိတ်သည်ကား မညွတ်ပြီ၊ ထို့ကြောင့် ဝယာနုပဿနာကို ဖြစ်စေသောယောဂီသည် အာယူ-
ဟနကို ပယ်ခွာ၏ဟု မိန့်ဆိုခြင်း ဖြစ်သည်။ မဟာဋီ-၂-၄၁၇။)

၁၀။ သင်္ခါရတရားတို့၏ ဇရာ-မရဏ (= ဌီကာလ-ဘင်ကာလ) ဟူသော နှစ်ပါးသော အဖို့အစုတို့ဖြင့် ဖောက်ပြန်
ပျက်စီးခြင်း ဝိပရိဏာမသဘောကို အဖန်တလဲလဲ ရှုသော ဝိပရိဏာမာနုပဿနာကို ဖြစ်စေသော ယောဂါ-
ဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၌ မြဲမြံသည်၏ အဖြစ်ကို မှတ်တတ်သော ဓုဝသညာကို ပယ်ခွာ၏။

၁၁။ အနိမိတ္တာနုပဿနာ အမည်ရသော အနိစ္စာနုပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် သန္တတိ
ဃန သမူဟဃန မပြိုသဖြင့် ရုပ်သန္တတိ နာမ်သန္တတိ ရုပ်ကလာပ် နာမ်ကလာပ်တို့ကို ပရမတ္ထဓာတ်သား
တစ်ခုတည်း တစ်လုံးတစ်ခဲတည်း၏ အဖြစ်ကို မှတ်သားတတ်သော သညာဖြင့် စွဲယူအပ်သော လုံးလုံး
လျောင်းလျောင်း အထည်ကိုယ်ရှိသကဲ့သို့ ကပ်၍ ထင်ခြင်းဟူသော နိမိတ်ကို ပယ်ခွာ၏။

၁၂။ အပ္ပဏိဟိတာနုပဿနာ အမည်ရသော တောင့်တတပ်မက် နှစ်သက်ဖွယ် မရှိဟု အသိဉာဏ်ဖြစ်ကြောင်း
ဖြစ်သော ဒုက္ခာနုပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် သုခကို တောင့်တတတ်သော တဏှာ
ဟူသော ပဏိဓိကို ပယ်ခွာ၏။

၁၃။ သုညတာနုပဿနာအမည်ရသော သင်္ခါရတရားတို့၏ အတ္တမှ ဆိတ်သုဉ်းသည်၏ အဖြစ်ကို အဖန်တလဲလဲ
ရှုတတ်သော အနတ္တာနုပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၌ အတ္တဟု
မှားသောအားဖြင့် နှလုံးသွင်းခြင်း အတ္တာဘိနိဝေသကို ပယ်ခွာ၏။

၁၄။ သင်္ခါရတရားတို့၏ နိစ္စ သုခ အတ္တမှ ဆိတ်သုဉ်းသည်၏ အဖြစ်ကို အာရုံယူ၍ ဖြစ်ပေါ်လာသော လွန်ကဲ-
သော ဝိပဿနာဟု ဆိုအပ်သော အဓိပညာဓမ္မဝိပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရ
တရားတို့၌ နိစ္စသာရ စသည်တို့ကို စွဲယူသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော မှားသော နှလုံးသွင်းခြင်းဟု
ဆိုအပ်သော တဏှာနှင့်တကွသော ဒိဋ္ဌိကို = သာရာဒါနာဘိနိဝေသကို ပယ်ခွာ၏။

၁၅။ အကြောင်းတရားနှင့်တကွသော နာမ်ရုပ်ကို ဟုတ်တိုင်းမှန်စွာ ရှုမြင်တတ်သော ဝိပဿနာပညာ, အကြောင်း
တရားနှင့်တကွသော ယင်းနာမ်ရုပ်၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာကို
ဟုတ်တိုင်းမှန်စွာ ရှုမြင်တတ်သော ဝိပဿနာပညာဟူသော ယထာဘူတဉာဏဒဿနကို ဖြစ်စေသော
ယောဂါဝစရပုဂ္ဂိုလ်သည် "ငါသည် အတိတ်ဘဝက ဖြစ်ခဲ့လေသလော" ဤသို့ စသည်ဖြင့် ဖြစ်ပေါ်လာ-
သော မှားသောအားဖြင့် နှလုံးသွင်းတတ်သော သမ္မောဟာဘိနိဝေသ, "အစိုးရသော ပရမီသွာဖြဟ္မာ
စသည်ကြောင့် လောကသည် ဖြစ်ပေါ်လာ၏" ဤသို့စသည်ဖြင့် ဖြစ်ပေါ်လာသော မှားသောအားဖြင့်
နှလုံးသွင်းတတ်သော သမ္မောဟာဘိနိဝေသကို ပယ်ခွာ၏။

၁၆။ သင်္ခါရတရားတို့၏ အပျက်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ
ရှုပွားသုံးသပ်လျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ယင်းသင်္ခါရတရားတို့ကို ကြောက်လန့်ဖွယ်ရာ

ဘေးဆိုးကြီးများအဖြစ်ထင်လာ၏။ ယင်းသို့ ကြောက်လန့်ဖွယ်ရာ ဘေးဆိုးကြီးအဖြစ် ထင်လာသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ဘဝအားလုံးတို့၌ သင်္ခါရတရားတို့၏ ဖောက်ပြန် ပျက်စီးတတ်သည့် ဝိပရိဏာမဓမ္မအပြစ်ကို ရှုမြင်တတ်သော အာဒီနဝါနုပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရတရားမျှ၏လည်း ပုန်းအောင်းရာ မှီခိုရာ မရှိသည်၏ အဖြစ်ကို မြင်ခြင်းကြောင့် မှီခိုရာဟု ကပ်ငြိတတ်သောအားဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းတတ်သော တဏှာဟူသော အာလယာဘိနိဝေသကို ပယ်ခွာ၏။

၁၇။ သင်္ခါရတရားတို့ကို စွန့်လွှတ်ခြင်း၏ အကြောင်းဖြစ်သော ယင်းသင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်စသည်တို့၌ အဖန်တလဲလဲ ဆင်ခြင်တတ် ရှုပွားတတ်သော ဝိပဿနာဉာဏ်ဟု ဆိုအပ်သော ပဋိသင်္ခါနုပဿနာကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် အပ္ပဋိသင်္ခ် အမည်ရသော သင်္ခါရတရားတို့၏ အနိစ္စအချက် စသည်တို့၌ အဖန်တလဲလဲ ဆင်ခြင်တတ်သော ရှုပွားတတ်သော ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော အဝိဇ္ဇာကို ပယ်ခွာ၏။

၁၈။ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကင်းပြတ်ရပ်သိမ်း ချုပ်ငြိမ်းခြင်း အကျိုးငှာ အဖန်တလဲလဲ ရှုသော ဝိဝဋ္ဋာနုပဿနာအမည်ရသော သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်ကို ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်း အစရှိသော ကိလေသာ၏ ဖြစ်ခြင်းဟု ဆိုအပ်သော မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း ဟူသော သံယောဂါဘိနိဝေသကို ပယ်ခွာ၏။ (ဝိသုဒ္ဓိ-၂-၂၆၄။)

ထို (၁၈)ပါးသော မဟာဝိပဿနာတို့တွင် ဤ ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာသုံးပါးအပေါင်း၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို မြင်အပ်ကုန်သည်၏ အဖြစ်ကြောင့် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတို့သည် ရအပ်သည် မည်ကုန်၏။

## အနိမိတ္တာနုပဿနာ အပ္ပဏိဟိတာနုပဿနာ သုညတာနုပဿနာ

ယာ စ အနိစ္စာနုပဿနာ ယာ စ အနိမိတ္တာနုပဿနာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ ။ ယာ စ ဒုက္ခာနုပဿနာ ယာ စ အပ္ပဏိဟိတာနုပဿနာ၊ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။ ။ ယာ စ အနတ္တာနုပဿနာ ယာ စ သုညတာနုပဿနာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ (ပဋိသံ-၂၅၉။ ဝိသုဒ္ဓိ-၂-၂၆၅)

အနိစ္စာနုပဿနာ အနိမိတ္တာနုပဿနာဟူသော ဤအနုပဿနာ နှစ်မျိုးတို့သည် အနက်အားဖြင့် တူကုန်၏၊ သဒ္ဒါသည်သာလျှင် ထူး၏။ ဒုက္ခာနုပဿနာ အပ္ပဏိဟိတာနုပဿနာဟူသော ဤအနုပဿနာ နှစ်မျိုးတို့သည် အနက်အားဖြင့် တူကုန်၏၊ သဒ္ဒါသည်သာလျှင် ထူး၏။ အနတ္တာနုပဿနာ သုညတာနုပဿနာဟူသော ဤ အနုပဿနာ နှစ်မျိုးတို့သည် အနက်အားဖြင့် တူကုန်၏၊ သဒ္ဒါသည်သာလျှင် ထူး၏။

(ပဋိသံ-၂၅၉။ ဝိသုဒ္ဓိ-၂-၂၆၅။)

## အနိမိတ္တာနုပဿနာ

**နိမိတ္တန္တိ** သန္တတိယံ, သမူဟေ စ ဧကတ္တသညာယ ဂယှမာနံ ကာလန္တရာဝဋ္ဌာယိဘာဝေန, နိစ္စဘာဝေန စ သင်္ခါရာနံ သကိစ္စပရိစ္ဆေဒတာယ သဝိဂ္ဂဟံ ဝိယ (သဝိဂ္ဂဟာနံ ဝိယ) ဥပဋ္ဌာနမတ္တံ။ (မဟာဋီ-၂-၄၁၇။)

**နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ။ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ။ (မဟာဋီ-၂-၄၃၉။)

**နိမိတ္တဓမ္မေသူ**တိ သမူဟာဒိဃနဝသေန စ သကိစ္စပရိစ္ဆေဒတာယ စ သပရိဂ္ဂဟေသု ခန္ဓေသု။
(မူလဋီ-၁-၁၁၃။)

နိမိတ္တဓမ္မာ သင်္ခါရာ တေဟိ သနိမိတ္တာ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တီတိ တေသံ အဘာဝိတဘာဝနဿ ဘာဝိတဘာဝနဿ စ ဥပဋ္ဌာနာကာရံ ဒဿေန္တော **"သမူဟာဒိ"**တိအာဒိမာဟ။ (အနုဋီ-၁-၁၂၁။)

**နိမိတ္တ**န္တိ သင်္ခါရနိမိတ္တံ၊ အတီတာနာဂတပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။ (ဝိသုဒ္ဓိ-၂-၂၈၄။)

**သင်္ခါရနိမိတ္တ**န္တိ "သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာန"န္တိ ဝုတ္တော ဝါယမတ္ထော။ သင်္ခါရာနံ ပန တထာ ဥပဋ္ဌာနံ သင်္ခါရဝိနိမုတ္တံ န ဟောတီတိ အာဟ **"အတီတာ။ ပ ။ အဓိဝစန"**န္တိ။ (မဟာဋီ-၂-၄၄၇။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဆရာတော်က နိမိတ္တအရ သင်္ခါရနိမိတ်ကို ဆိုလိုကြောင်းကိုလည်းကောင်း, ထိုနိမိတ္တဟူသော အမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ အမည်ဖြစ်ကြောင်းကိုလည်းကောင်း (ဝိသုဒ္ဓိ-၂-၂၈၄)၌ ဖွင့်ဆိုထားတော်မူ၏။

ဤကဲ့သို့ ရှင်းလင်းဖွင့်ဆိုချက်နှင့် ဆက်စပ်၍ ဋီကာဆရာတော်များက "အဓိဝစနံ နာမံရှိရာ ဥပစာ"-ဟူသော သဒ္ဒါစည်းကမ်းနှင့်အညီ ဤသို့ ရှင်းလင်းတင်ပြထားတော်မူကြ၏။ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် တကယ့် ဝိပဿနာနယ်မြေ အစစ်သို့ ရောက်အောင် မစီးဖြန်းရသေးသော မစီးဖြန်းဖူးသေးသော ပုဂ္ဂိုလ်နှင့် စီးဖြန်းဖူးသော်လည်း ဝိပဿနာကမ္မဋ္ဌာန်းကို ခေတ္တယာယီ ဖြစ်စေ, ခပ်ကြာကြာ ဖြစ်စေ ချထားသော ပုဂ္ဂိုလ်တို့သည် ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို အတုံးလိုက် အခဲလိုက် မြင်နေတတ်၏၊ ရုပ်တရားတို့ကို သန္တတိဃန အတုံးအခဲ, သမူဟဃန အတုံးအခဲ, ကိစ္စဃန အတုံးအခဲ မပြိုဘဲ, နာမ်တရားတို့ကိုလည်း သန္တတိဃန အတုံးအခဲ, သမူဟဃန အတုံးအခဲ, ကိစ္စဃန အတုံးအခဲ, အာရမ္မဏဃန အတုံးအခဲ မပြိုဘဲ အတုံးလိုက် အခဲလိုက် မြင်နေတတ်၏။

ထိုသန္တတိဃန အတုံးအခဲ = ရုပ်နာမ် သန္တတိ အစဉ်အတန်း အတုံးအခဲ, သမူဟဃန အတုံးအခဲ = ရုပ်-နာမ် အပေါင်းအစု အတုံးအခဲ, ကိစ္စဃန အတုံးအခဲ = ရုပ်-နာမ် လုပ်ငန်းကိစ္စ အတုံးအခဲ, အာရမ္မဏဃန အတုံးအခဲ = အာရုံယူတတ်သော ဝိပဿနာရှုနေသော နာမ်တရားတို့၏ အတုံးအခဲ ဟူသော ဤအတုံးအခဲတို့မှာ ဝိပဿနာဘာဝနာကို မပွားများရသေးသော, သို့မဟုတ် ဝိပဿနာကမ္မဋ္ဌာန်းကို ချထားသော ပုဂ္ဂိုလ်တို့အဖို့ ထင်လာ မြင်လာသော ရုပ်-နာမ်ဓမ္မ သင်္ခါရတရားတို့၏ အတုံးအခဲတို့သာ ဖြစ်ကြ၏။ သင်္ခါရတရားတို့ မရှိက အတုံးအခဲ-လည်း မရှိနိုင်ပြီ။ သင်္ခါရတရားတို့မှ လွတ်သော အတုံးအခဲမည်သည် မရှိနိုင်သောကြောင့် ဖြစ်၏။

သင်္ခါရတရားတို့၏ အပေါင်းအစုဖြစ်သော သန္တတိဃန အတုံးအခဲ သမူဟဃန အတုံးအခဲ ကိစ္စဃန အတုံးအခဲ အာရမ္မဏဃန အတုံးအခဲတို့၏ **သင်္ခါရနိမိတ်**ဟူသော အမည်ကို အစိတ်အစိတ် ဖြစ်သော ဃနပြို-ပြီးသော ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော သင်္ခါရတရားတို့၌ တင်စား၍ သင်္ခါရတရားတို့ကိုပင် **သင်္ခါရနိမိတ်** ဟု ခေါ်ဆိုထားခြင်း ဖွင့်ဆိုထားခြင်း ဖြစ်ပေသည်။

ဤအဆိုအမိန့်များအရ ရုပ်တရား နာမ်တရားတို့ကို ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် မဖြိုခွဲရ-သေးဘဲ ပရမတ်သို့ ဉာဏ်အမြင် မဆိုက်သေးဘဲ အတုံးလိုက် အခဲလိုက်အတိုင်းသာ ဝိပဿနာ ရှုနေလျှင်ကား, အတုံးလိုက် အခဲလိုက်ကိုပင် ကြည့်၍ ဖြစ်ပျက် ရှုနေလျှင်ကား အနိစ္စဟု ရှုနေလျှင်ကား **နိမိတ္တ**ကိုသာ ဝိပဿနာ ရှုနေသေးသည် မည်၏။ **အနိမိတ္တ**ကို ရှုသည် မမည်။ နိမိတ္တကိုသာ ရှုနေသေးလျှင် အနိမိတ္တကို ဝိပဿနာ

မရှုနိုင်သေးလျှင် **အနိမိတ္တာနုပဿနာ** မမည်သေးပေ။ အနိမိတ္တာနုပဿနာ မမည်သေးပါက **အနိစ္စာနုပ–ဿနာ**လည်း မမည်သေးပေ။ အနိစ္စာနုပဿနာ မမည်သေးလျှင် ဝိပဿနာဉာဏ် အစစ်လည်း မဖြစ်သေးပေ။ ဘုရားဟော တကယ့် ဝိပဿနာအစစ်သို့ မဆိုက်ရောက်သေးပေ။

ထင်ရှားစေအံ့။ – ဘုရားဟော တကယ့်ဝိပဿနာအစစ်ကား ရုပ်ကလာပ် နာမ်ကလာပ်တို့ကို ဉာဏ်ဖြင့် တွေ့မြင်သောအခါ ယင်းရုပ်ကလာပ် နာမ်ကလာပ်တို့ကို ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော ရုပ်ဃန နာမ်ဃနတို့ကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်သော ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးလျှင် ယင်းရုပ်နာမ် ပရမတ်တရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်ကာ ရှုပွားသုံးသပ်ရသော လုပ်ငန်းခွင်မျိုးသာ ဖြစ်၏။ အကယ်၍ အသင်သူတော်ကောင်းသည် မိမိ၏ ခန္ဓာကိုယ်အတွင်းသို့ စိုက်ရှုလိုက်သောအခါ မာမှု ကြမ်းမှု လေးမှု ပျော့မှု ချောမှု ပေါ့မှု, ယိုစီးမှု ဖွဲ့စည်းမှု, ပူမှု အေးမှု, ထောက်မှု တွန်းမှု ဟူသော ဓာတ်သဘာဝတို့ကို အတုံးလိုက် အခဲလိုက်သာ တွေ့မြင်နေသည် ဖြစ်အံ့၊ ရုပ်ကလာပ် နာမ်ကလာပ်မျှကိုသော်လည်း ဉာဏ်ဖြင့် မတွေ့မြင်သေးသည် ဖြစ်အံ့၊ ရုပ်ကလာပ် နာမ်ကလာပ်ကို မြင်သော်လည်း ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရုပ်ဃန နာမ်ဃန အသီးအသီးကို ဖြိုခွဲဖျက်ဆီးလျက် ရုပ်ပရမတ် နာမ်ပရမတ်တို့ကို မသိမ်းဆည်းနိုင်သေးသည် ဖြစ်ငြားအံ့၊ ဤကဲ့သို့သော ပရမတ်သို့ ဉာဏ်အမြင် မဆိုက်သေးသော သသမ္ဘာရပထဝီ, သသမ္ဘာရအာပေါ, သသမ္ဘာရ တေဇော, သသမ္ဘာရဝါယောဓာတ်မျှလောက်ကိုသာ တွေ့မြင်နေသေးသော အသင်သူတော်ကောင်းသည် ယင်း အတုံးလိုက် အခဲလိုက်သာ တွေ့မြင်နေရသော ဓာတ်သဘာဝတို့ကို ဝိပဿနာရှုနေပါက သို့မဟုတ် ဝိပဿနာ ရှုနေသည်ဟု ဆိုပါက ထိုဝိပဿနာမှာ နိမိတ္တကိုသာ ရှုနေသော ဝိပဿနာ ဖြစ်၏၊ အနိမိတ္တကို ဝိပဿနာ ရှုနေသော အနိမိတ္တာနုပဿနာ အနိစ္စာနုပဿနာကား မဟုတ်သေးပေ။ ထို့ကြောင့် ရုပ်နာမ်တို့ကို ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် မသိမ်းဆည်းနိုင်သေးသော ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာကို တကယ့် ဘုရားဟော ဝိပဿနာအစစ် မဟုတ်သေးဟု ဆိုခြင်း ဖြစ်၏။

အကယ်၍ အသင်သူတော်ကောင်းသည် ပါရမီအားလျော်စွာ ရုပ်ကလာပ်များကို တွေ့ရှိ၍ ထိုရုပ်ကလာပ်-တို့၏ အလွန် လျင်လျင်မြန်မြန် ဖြစ်မှု ပျက်မှုကို ကြည့်၍ ဖြစ်ပျက်ဟုလည်းကောင်း, အနိစ္စဟုလည်းကောင်း ရှုနေလျှင်လည်း နိမိတ္တဓမ္မကို ဝိပဿနာရှုနေသေးသည် မည်၏။ ရုပ်ကလာပ်တို့ဟူသည် သမူဟပညတ် သဏ္ဌာန ပညတ်စသည့် ပညတ်များ မကွာသည့် ပညတ်များ မစင်သေးသည့် အသေးဆုံး ပညတ် အတုံးအခဲများ ဖြစ်ကြ၏။ ပညတ်ဟူသမျှသည် နိမိတ္တဓမ္မမျိုးသာ ဖြစ်၏။ ယင်းရုပ်ကလာပ်များကို ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာ၍ ရှုနိုင်ပါမှသာလျှင် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်၍ ယင်းပရမတ် ရုပ်တရားတို့သည်သာလျှင် အနိမိတ္တဓမ္မတို့ ဖြစ်ကြ၏။ ယင်းအနိမိတ္တဓမ္မတို့သည်သာလျှင် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့ ဖြစ်ကြ၏။

အကယ်၍ အသင်သူတော်ကောင်းသည် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ ရုပ်ကလာပ်များ-ကိုသော်မှ မမြင်ဖူးသေးဟု ဆိုလျှင်, တစ်နည်းဆိုရသော် ရုပ်ကလာပ် နာမ်ကလာပ်ကိုသော်မျှ မမြင်ဖူးသေးဘဲ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲအတိုင်း ဖြစ်ပျက်ရှုနေသည် အနိစ္စဟု ရှုနေသည်ဟုဆိုလျှင် ယင်းကဲ့သို့သော ရှုမှုမှာ ရုပ်ပရမတ် နာမ်ပရမတ် ဖြစ်သော အနိမိတ္တဓမ္မသို့ ဉာဏ်အမြင် မဆိုက်သေးသော ရှုမှုမျှသာ ဖြစ်နေသဖြင့် အနိမိတ္တာနုပဿနာ အနိစ္စာနုပဿနာဟူသော အမည်ကို မရရှိနိုင်ဟူသော ဤအချက်ကိုကား အထူးပြော-ဖွယ်ရာပင် မလိုတော့ပေ။ အနိမိတ္တာနုပဿနာ အနိစ္စာနုပဿနာ အမည်မရနိုင်လျှင် ဝိပဿနာအစစ်လည်း မဖြစ်နိုင်သေးဟူသော အချက်မှာလည်း ရှင်းလျက် လင်းလျက် ထင်းလျက်ပင် ရှိပေသည်။ ပညာရှိသော်လည်း သတိဖြစ်ခဲ၏။

ရုပ်ကလာပ် နာမ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော ရုပ်တရား, နာမ်တရား ပရမတ္ထဓာတ်သား အသီးအသီး၏ ဥပါဒ်စွန်း ဘင်စွန်းကို ဉာဏ်အမြင် ဆိုက်ပါမှ **သန္တတိဃန** ပြိုမည် ဖြစ်၏။ ဥပါဒ်စွန်း ဘင်စွန်းကို ဉာဏ်ဖြင့် ပိုင်းခြားမမြင်ဘဲ ရုပ်ကလာပ် နာမ်ကလာပ် တစ်ခုအတွင်း၌ တည်ရှိသော ပရမတ္ထဓာတ်သားတို့၏ ဘင်ကာလနှင့် အခြားရုပ်ကလာပ် နာမ်ကလာပ်တစ်ခုအတွင်း၌ တည်ရှိသော ပရမတ္ထဓာတ်သားတို့၏ ဥပါဒ်ကာလကို, တစ်နည်းဆိုရသော် ရှေးရှေး ပရမတ္ထဓာတ်သားတို့၏ ဘင်ကာလနှင့် နောက်နောက် ပရမတ္ထဓာတ်သားတို့၏ ဥပါဒ်ကာလကို တစ်ဆက်တည်း တစ်စဉ်တည်းကဲ့သို့ ထင်နေ မြင်နေ တွေ့နေလျှင် ဥပါဒ်စွန်း ဘင်စွန်းကို ကန့်၍ ပိုင်းခြား၍ မမြင်လျှင် သင်္ခါရတရားတို့သည် ဥပါဒ်-ဌီ-ဘင်ဟူသော ကာလတစ်ပါးမှ ဥပါဒ်-ဌီ-ဘင်ဟူသော အခြားကာလတစ်ပါးသို့ တိုင်အောင် တည်နေနိုင်သည်ဟူသော အယူအဆမှားသည် ဖြစ်ပေါ်လာတတ်၏။ ရှေးရှေး ပရမတ္ထဓာတ်သားနှင့် နောက်နောက် ပရမတ္ထဓာတ်သားကို တစ်ခုတည်းဟု ယူဆလာတတ်၏။ ဧကတ္တ သညာတည်း။ ယင်းသို့ ယူဆခဲ့သော် သင်္ခါရတရားတို့ကို နိစ္စအဖြစ် လက်ခံလာတတ်၏။

တစ်ဖန် ရုပ်ကလာပ် နာမ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော အုပ်စုအလိုက် အုပ်စုအလိုက် ဖြစ်နေကြသော ရုပ်တရား နာမ်တရား ပရမတ္ထဓာတ်သားတို့ကို — ဤကား ပထဝီ, ဤကား အာပေါ, ဤကား တေဇော, ဤကား ဝါယော စသည်ဖြင့်လည်းကောင်း - ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား ဝိညာဏ် စသည်ဖြင့်လည်းကောင်း တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ မယူနိုင် မရှုနိုင် မမြင်နိုင်လျှင် **သမူဟဃန = ရုပ်အပေါင်းအစု အတုံးအခဲ နာမ်အပေါင်းအစု အတုံးအခဲ** မပြိုပေ။ သမူဟဃန မပြိုလျှင် သမူဟပညတ် သဏ္ဌာနပညတ်များ မကွာနိုင်သေးသဖြင့် သဝိဂ္ဂဟဓမ္မ = သဏ္ဌာန်ဒြပ်ရှိသော တရားမျိုးသာ ဖြစ်နေ၏။ ယင်းသဝိဂ္ဂဟဓမ္မတို့ကို ပရမတ္ထဓာတ်သားတစ်ခုတည်း အနေ ထင်လာတတ် မြင်လာတတ် ယူဆလာတတ်၏၊ ဧကတ္တ သညာတည်း။ သဏ္ဌာန်ဒြပ်ရှိသော တရား မှန်သမျှ သဝိဂ္ဂဟဓမ္မ မှန်သမျှ နိမိတ္တဓမ္မတို့သာ ဖြစ်ကြ၏။ ယင်းနိမိတ္တဓမ္မတို့ကို ဝိပဿနာရှုနေသော် အနိမိတ္တာနုပဿနာ မမည်သဖြင့် အနိစ္စာနုပဿနာလည်း မမည်ရကား ဝိပဿနာ အစစ်အမှန်လည်း မဟုတ်သေးသည်သာဟု မှတ်သားလေရာသည်။

## အပ္ပဏိဟိတာနုပဿနာ

**ပဏိဓိန္တိ** သုခပတ္ထနံ၊ ရာဂါဒိပဏိဓိံ ဝါ ၊ အတ္ထတော တဏှာဝသေန သင်္ခါရေသု နိန္နတံ။

(မဟာဋီ-၂-၄၁၇။)

ချမ်းသာသုခကို လိုလားတောင့်တခြင်းကို ပဏိဓိဟု ခေါ်ဆိုသည်။ တစ်နည်း — ရာဂစသော တောင့်တခြင်းကို = ရာဂဟူသော တောင့်တခြင်းကို ပဏိဓိဟု ခေါ်ဆိုသည်။ ပရမတ္ထ တရားကိုယ် အနက်သဘောဖြင့်ကား တဏှာ၏ အစွမ်းဖြင့် ရုပ်နာမ်သင်္ခါရတရားတို့၌ ညွတ်ကိုင်းရှိုင်းသည်၏ အဖြစ်ကို ဆိုလိုပေသည်။ အပ္ပဏိဟိတဟူသည် ယင်းပဏိဓိ၏ ဆန့်ကျင်ဘက်တည်း။

အပ္ပဏိဟိတာနုပဿနာဟူသည် သင်္ခါရတရားတို့ အပေါ်၌ တဏှာဖြင့် လိုလားတောင့်တမှု ကင်းပြတ်အောင် ကျင့်သော အနုပဿနာတည်း။ သင်္ခါရတရားတို့၌ ဒုက္ခာနုပဿနာဉာဏ် ရင့်သန်လာလျှင် အပ္ပဏိဟိတသို့ ဆိုက်ရောက်လာမည် ဖြစ်ပေသည်။ ထို့ကြောင့် အပ္ပဏိဟိတာနုပဿနာနှင့် ဒုက္ခာနုပဿနာတို့သည် တရားကိုယ် အနက်သဘောအားဖြင့် တူညီကြပေသည်။

## သုညတာနုပဿနာ

သင်္ခါရတရားတို့၌ သာမိ-နိဝါသိ-ကာရက-ဝေဒက-အဓိဋ္ဌာယကဟု သာသနာပ အယူအဆရှိသူ အတ္တဝါဒ သမားတို့ ကြံဆအပ်သော အတ္တမှ ဆိတ်သုဉ်းမှုကို မြင်အောင် အဖန်ဖန် အထပ်ထပ် ရှုသော အနုပဿနာ-ဉာဏ်သည် **သုညတာနုပဿနာဉာဏ်** မည်၏။ ထို့ကြောင့် သုညတာနုပဿနာဉာဏ်နှင့် အနတ္တာနုပဿနာ-ဉာဏ်တို့သည် တရားကိုယ် အနက်သဘောအားဖြင့် တူကြသည်။

## အဓိပညာဓမ္မဝိပဿနာ

အဓိပညာဓမ္မဝိပဿနာ ပန သဗ္ဗာပိ ဝိပဿနာ။ (ဝိသုဒ္ဓိ-၂-၂၆၅။)

ရူပါဒိအာရမ္မဏံ ဉတွာ တဒါရမ္မဏဿ စိတ္တဿ ဘင်္ဂံ ဒိသွာ သင်္ခါရာ ဧဝ ဘိဇ္ဇန္တိ၊ သင်္ခါရာနံ မရဏံ၊ န အညော ကောစိ အတ္ထီတိ ဘင်္ဂဝသေန သုညတံ ဂဟေတွာ ပဝတ္တာ ဝိပဿနာ အဓိပညာ စ သာ ဓမ္မေသု စ ဝိပဿနာတိ **အဓိပညာ ဓမ္မဝိပဿနာ**၊ တာယ နိစ္စသာရာဒိအာဒါနဝသေန ပဝတ္တံ အဘိနိဝေသံ သတဏှံ ဒိဋ္ဌိံ ပဇဟတိ။ (မဟာဋီ-၂-၄၁၇။)

အဓိပညာဓမ္မဝိပဿနာဟူသည် ဝိပဿနာဉာဏ် အားလုံးကိုပင် ဆိုလိုသည်။ (ဝိသုဒ္ဓိ-၂-၂၆၅။)

ရုပ်တရား နာမ်တရားစသည့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော သင်္ခါရအာရုံကို သိပြီး၍ ထိုရုပ်တရား နာမ်တရား စသည်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်၏ = ဝိပဿနာမနောဒွါရိက ဇောဝီထိ စိတ်အစဉ်၏ ပျက်ခြင်း = ဘင်ကို မြင်၍ သင်္ခါရတရားတို့သည်သာလျှင် ပျက်ကုန်၏၊ သင်္ခါရတရားတို့၏သာလျှင် သေခြင်းသည် ဖြစ်၏၊ ပျက်သော သေသော သင်္ခါရတရားတို့မှ အခြားတစ်ပါးသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ မည်သည် မရှိဟု ပျက်ခြင်း = ဘင်၏ အစွမ်းဖြင့် သင်္ခါရတရားတို့၏ သုညဖြစ်မှုကို = အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတတ်သည့် အတ္တမှ ဆိတ်သုဉ်းမှုကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်သည် လွန်ကဲသော ပညာလည်း ဟုတ်၏၊ ထိုလွန်ကဲသော ပညာဟူသည် သင်္ခါရဓမ္မတို့၌ ရှုနေသော ဝိပဿနာဉာဏ်လည်း ဟုတ်၏၊ ထို့ကြောင့် **အဓိပညာဓမ္မဝိပဿနာ** မည်ပေသည်။ ထိုအဓိပညာဓမ္မဝိပဿနာဖြင့် သင်္ခါရတရားတို့၌ နိစ္စဟူသော အနှစ်သာရ, သုခဟူသော အနှစ်သာရ, အတ္တဟူသော အနှစ်သာရ ရှိ၏ စသည်ဖြင့် စွဲယူသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော သင်္ခါရဓမ္မတို့ကို နိစ္စ-သုခ-အတ္တ-ဓုဝ စသည်ဖြင့် မြဲမြံစွာ နှလုံး သွင်းခြင်းဟု ဆိုအပ်သော တဏှာနှင့်တကွသော ဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ (မဟာဋီ-၂-၄၁၇။)

## ယထာဘူတဉာဏဒဿန

ယထာဘူတဉာဏဒဿနံ ကင်္ခါဝိတရဏဝိသုဒ္ဓိယာ ဧဝ သင်္ဂဟိတံ။ (ဝိသုဒ္ဓိ-၂-၂၆၅။)

**ယထာဘူတဉာဏဒဿနံ** နာမ သပ္ပစ္စယနာမရူပဒဿနံ။ တေန "အဟောသိံ နု ခေါ အဟမတီတမဒ္ဓါန"န္တိ ဧဝမာဒိကံ, "ဣဿရတော လောကော သမ္ဘဝတီ"တိ ဧဝမာဒိကဉ္စ **သမ္မောဟာဘိနိဝေသံ ပဇဟတိ**။

(မဟာဋီ-၂-၄၁၇-၄၁၈။)

အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို သိမြင်တတ်သော ဉာဏ်သည် **ယထာဘူတဉာဏဒဿန** မည်၏။ ယင်းဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိပိုင်းဖြင့်သာလျှင် သိမ်းကျုံးရေတွက်အပ်၏။ ထိုဉာဏ်ဖြင့် "ငါသည် အတိတ်ကာလက ဖြစ်ခဲ့လေသလော," ဤသို့ စသော ပြင်းစွာ တွေဝေလျက် မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း-

ကိုလည်းကောင်း, "ဖန်ဆင်းရှင် ပိုင်ရှင် ဣဿရကြောင့် လောကသည် ဖြစ်ပေါ်လာရ၏။" ဤသို့ စသော ပြင်းစွာ တွေဝေလျက် မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကိုလည်းကောင်း ပယ်စွန့်နိုင်၏။ (မဟာဋီ-၂-၄၁၇-၄၁၈။)

ဤမျှဖြင့် ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်, အနိမိတ္တာနုပဿနာဉာဏ်, အပ္ပဏိဟိတာနုပဿနာဉာဏ်, သုညတာနုပဿနာဉာဏ်, အဓိပညာဓမ္မဝိပဿနာ, ယထာဘူတဉာဏဒဿနဟူသော ဤဝိပဿနာဉာဏ်တို့ကို ရအပ်သည် မည်သည်သာလျှင် ဖြစ်ပေ၏။ ကြွင်းကုန်သော နိဗ္ဗိဒါနုပဿနာစသော ဝိပဿနာဉာဏ် (၁၀)ပါးတို့၌ အချို့ကို ရရှိပြီး ဖြစ်၏၊ အချို့ကိုကား မရအပ်သေးပေ။ နောက်၌ ထင်ရှားလတ္တံ့။

**သမ္မသနဉာဏ်ခန်း ပြီး၏။**

## ဥဒယဗ္ဗယဉာဏ်ခန်း

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် အနိစ္စာနုပဿနာ စသည်တို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော နိစ္စသညာစသည့် သံကိလေသ အညစ်အကြေးတို့ကို ပယ်နိုင်ခြင်းကြောင့် အထူးသဖြင့် စင်ကြယ်သော ဝိပဿနာ-ဉာဏ်သည် ထိုပုဂ္ဂိုလ်၏သန္တာန်ဝယ် ဖြစ်ပေါ်လာ၏။ တိမ်တိုက်စသည်တို့၏ ကင်းစင်ခြင်းကြောင့် ကောင်းကင်၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းသည် ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း, ညွန်အညစ်အကြေး၏ ကင်းစင်ခြင်းကြောင့် ရေ၏ထက်ဝန်းကျင် စင်ကြယ်ခြင်းသည် ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း, သံစသော အညစ်အကြေး၏ ကင်းစင်ခြင်းကြောင့် ရွှေ၏ စင်ကြယ်ခြင်းသည် ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း ဝိပဿနာဉာဏ်၏ ညစ်နွမ်း-ကြောင်း ဖြစ်သော နိစ္စသညာစသော သံကိလေသ အညစ်အကြေး၏ ကင်းစင်ခြင်းကြောင့် ဝိပဿနာဉာဏ်၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းသည် ဖြစ်ပေါ်လာရပေသည်။

တစ်ပါးမက များပြားစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသော သင်္ခါရတရားတို့၌ လက္ခဏာယာဉ်တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းဟူသော သမ္မသနဉာဏ်၏ ကိစ္စ ပြေကုန်စွာ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် ထို ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မသနဉာဏ်၏ ကမ်းတစ်ဘက်သို့လည်း ဆိုက်ရောက်လာ၏။ ယင်းသမ္မသနဉာဏ် အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်အမြင်နှင့် ပြည့်စုံအောင် ဆက်လက်၍ အားသစ်-ရမည် ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၂၆၅။ မဟာဋီ-၂-၄၁၉။)

## ဥဒယဗ္ဗယဒဿန (၂) မျိုး

၁။ **ပစ္စယတော ဥဒယဗ္ဗယဒဿန** = အကြောင်းတရားအားဖြင့် ဖြစ်ပျက်ကို ရှုခြင်း,

၂။ **ခဏတော ဥဒယဗ္ဗယဒဿန** = ဥပါဒ်-ဌီ-ဘင် ဟူသော ခဏအားဖြင့် ဖြစ်ပျက်ကို ရှုခြင်း —

ဤသို့လျှင် ဥဒယဗ္ဗယဒဿန နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် ခဏတော ဥဒယဗ္ဗယဒဿန = ဥပါဒ်-ဌီ-ဘင် ဟူသော ခဏတ္တယအားဖြင့် = ခဏတ္တယသို့ ဆိုက်အောင် သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို သိမြင်သော ဥဒယဗ္ဗယဉာဏ်ကို ရရှိခြင်းငှာ ရှေးဦးစွာ ဥဒယဗ္ဗယအကျဉ်းနည်းကို စတင်၍ အားထုတ်ရ၏။ အားထုတ်ရန် ညွှန်ပြသော ပါဠိတော်မှာ အောက်ပါအတိုင်း ဖြစ်၏။ —

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပုံ

ကထံ ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ? ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ ဇာတာ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ။ ဇာတံ စက္ခု။ ပ ။ ဇာတော ဘဝေါ ပစ္စုပ္ပန္နော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ-လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ (ပဋိသံ-၅၂။ ဝိသုဒ္ဓိ-၂-၂၆၅။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နှင့်အညီ ဥဒယဗ္ဗယဉာဏ်ပိုင်း၌ ဝိပဿနာ စတင်ရှုရမည့် ဝိပဿ-နာဉာဏ်၏ အရှုခံ အာရုံတရားများမှာ ပစ္စုပ္ပန်ဖြစ်သော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်း၌ အကျုံး ဝင်သော ဥပါဒါနက္ခန္ဓာ (၅)ပါး, အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါး, လောကီဣန္ဒြေတရားများ, အဝိဇ္ဇာမှသည် ဘဝသို့ တိုင်အောင်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် (၁၀)ပါးတို့တည်း။

## ပစ္စုပ္ပန်ဟူသည်မှာ

ဧတ္ထ စ ခဏာဒိကထာဝ နိပ္ပရိယာယာ။ သေသာ သပရိယာယာ။ (ဝိသုဒ္ဓိ-၂-၁၀၃။)

ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော။ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိ-ပစ္စုပ္ပန္နဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။ (မဟာဋီ-၂-၄၁၉။)

အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန်ဟု ပစ္စုပ္ပန်သုံးမျိုးရှိရာ သမ္မသနဉာဏ်ပိုင်း၌ အဒ္ဓါပစ္စုပ္ပန်တရားတို့က စ၍ ဝိပဿနာ ရှုပွားနှလုံးသွင်းရ၏။ ဤဉဒယဗ္ဗယဉာဏ်ပိုင်း၌ကား သန္တတိပစ္စုပ္ပန်မှ စ၍ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာ ရှုပွားနှလုံးသွင်းရ၏။ အဒ္ဓါပစ္စုပ္ပန်တရားမှ စ၍ ဝိပဿနာ နှလုံးသွင်းသည်ပင် ဖြစ်စေ၊ သန္တတိပစ္စုပ္ပန်တရားမှ စ၍ ဝိပဿနာ နှလုံးသွင်းသည်ပင် ဖြစ်စေ၊ သင်္ခါရတရားတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏအားဖြင့် ဖြစ်မှု ပျက်မှု = ခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင်ဆိုက်အောင် ဝိပဿနာရှုရမည်သာ ဖြစ်ပေသည်။

ထိုပစ္စုပ္ပန် သုံးမျိုးတို့တွင် အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်တို့ကား ပရိယာယကထာ စကားတို့တည်း။ အဒ္ဓါပစ္စုပ္ပန် အမည်ရသော သင်္ခါရတရား, သန္တတိပစ္စုပ္ပန်အမည်ရသော သင်္ခါရတရားတို့၌ တရားကိုယ် ပရမတ္ထဓမ္မများသည် ရှေ့နှင့် နောက် ကွဲပြားမှု ရှိကြ၏။ ဆိုလိုသည်မှာ ဤသို့ ဖြစ်၏၊ — အဒ္ဓါပစ္စုပ္ပန် အမည်ရသော ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်သော ဘဝတစ်ခုဖြင့် ပိုင်းခြားထားအပ်သော တရားတို့ကား အမျိုးမျိုး အစားစားပင် ရှိကြ၏။ ဘဝတစ်လျှောက်လုံး၌ ပရမတ္ထဓာတ်သား တစ်ခုတည်းသာ ဖြစ်နေသည်ကား မဟုတ်ပေ။ ရုပ် အမျိုးမျိုး, နာမ် အမျိုးမျိုး, ကုသိုလ် အမျိုးမျိုး, အကုသိုလ် အမျိုးမျိုး, ဝိပါက် အမျိုးမျိုး, ကြိယာ အမျိုးမျိုးတို့ ဖြစ်ကြ၏။ သန္တတိပစ္စုပ္ပန်တရားတို့၌လည်း ထိုက်သလို နည်းတူပင် မှတ်ပါ။

ထိုအဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်တရားတို့တွင် တစ်ခုသော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း = ခဏတ္တယမှ စောင့်ကြည့်ခဲ့သော် အချို့ကား ခဏတ္တယကို လွန်ပြီး အတိတ်တရားများ ဖြစ်ကြ၏၊ အချို့ကား ခဏတ္တယသို့ မရောက်သေးသော အနာဂတ်တရားများ ဖြစ်ကြ၏။ အချို့ကား ခဏတ္တယသို့ ရောက်ဆဲ ပစ္စုပ္ပန်တရားများ ဖြစ်ကြ၏။ ထို့ကြောင့် အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်ဟု ဆိုသော စကားတို့ကား ပရိယာယကထာ = ပစ္စုပ္ပန်ဟု ပရိယာယ်အားဖြင့် ဆိုသော စကားတို့သာ ဖြစ်ကြ၏။ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးတို့၏ အပေါင်း ဖြစ်သော ခဏတ္တယနှင့် ပြည့်စုံသော တရားသည် မုချအားဖြင့် ပစ္စုပ္ပန်တရားမည်၏ဟု ဆိုသော ခဏပစ္စုပ္ပန်နှင့် ဆက်စပ်သော စကား, ယင်းခဏတ္တယမှ ရှေး၌ဖြစ်သော တရားကား အတိတ်တရား, ယင်းခဏတ္တယမှ နောက်၌ ဖြစ်သောတရားကား အနာဂတ်တရားဟု ဆိုသော စကားများသည်သာလျှင် နိပ္ပရိယာယကထာ = ပရိယာယ် မဖက်သည့် မုချစကားများ ဖြစ်ကြ၏။

ဆိုလိုသည်မှာ — ခဏပစ္စုပ္ပန်တရားသည်သာလျှင် မုချ ပစ္စုပ္ပန်တရားတည်း။ အဒ္ဓါပစ္စုပ္ပန်တရား သန္တတိပစ္စုပ္ပန်တရားတို့ကား ပရိယာယပစ္စုပ္ပန်တရားတို့တည်း။ အကြောင်းမူ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယအတွင်း၌ တည်ရှိသော ခဏပစ္စုပ္ပန်တရားတို့၌ ပရမတ္ထဓာတ်သား တရားလုံးများ ကွဲပြားခြားနားမှု မရှိ။ ပရမတ္ထဓာတ်သား အုပ်စုများသည် မျိုးတူလျက်သာ ရှိကြ၏။ ပရမတ္ထဓာတ်သား ကွဲပြားမှု ထူးခြားမှု မရှိဘဲ ဥပါဒ်ကာလ, ဌီကာလ, ဘင်ကာလဟူသော ကာလကွဲပြားမှုသာ ရှိ၏။ ယင်းခဏတ္တယအတွင်း၌ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်တရားတို့ကဲ့သို့ တစ်စုံတစ်ခုသော နည်းပရိယာယ်ဖြင့် ဤကား အတိတ်တရား, ဤကား အနာဂတ်တရားဟု ဆိုဖွယ် အထူး မရှိသောကြောင့် ဖြစ်၏။

အခြေခံအဘိဓမ္မာပညာ အားနည်းသူတို့အတွက် သဘောပေါက်စေရန် သန္တတိပစ္စုပ္ပန် အမည်ရသော စက္ခုဒွါရဝီထိ စိတ်အစဉ် တစ်ခုကို ပုံစံထုတ်၍ ထပ်မံ ရှင်းလင်း တင်ပြအပ်ပါသည်။ —

အတိမဟန္တာရုံ စက္ခုဒွါရိကဝီထိ စိတ်အစဉ် တစ်ခုအတွင်း၌ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ်ဟု ဝီထိစိတ်များ ရှိကြ၏။ ဤစက္ခုဒွါရဝီထိအတွင်း၌ တည်ရှိသော နာမ်တရား အားလုံးသည် သန္တတိပစ္စုပ္ပန်တရားစုတို့သာ ဖြစ်ကြ၏။

ထိုတွင် ပဉ္စဒွါရာဝဇ္ဇန်း စိတ္တက္ခဏအခိုက်၌ စိတ်+စေတသိက် = နာမ်တရား (၁၁)လုံးတို့ ပြိုင်တူ ဖြစ်ကြ၏၊ နာမ်ကလာပ် တစ်မျိုး အုပ်စုတစ်မျိုး ဖြစ်၏။ စက္ခုဝိညာဏ် စိတ္တက္ခဏအခိုက်၌ စိတ်+စေတသိက် = နာမ်တရား (၈)လုံးတို့ ပြိုင်တူ ဖြစ်ကြ၏၊ နာမ်ကလာပ် တစ်မျိုး အုပ်စုတစ်မျိုး ဖြစ်၏။ ဤသို့ စသည်ဖြင့် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ စိတ်+စေတသိက် = နာမ်တရားအုပ်စုချင်း တစ်မျိုး တခြား တစ်ပါးစီသာ အသီးအသီး ဖြစ်၏။ ရှေးရှေး စိတ္တက္ခဏအတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့ ချုပ်ပျက်သွားပါမှ နောက်နောက် စိတ္တက္ခဏ အတွင်း၌ တည်ရှိကြသော နာမ်တရားစုတို့သည် ဖြစ်ခွင့် ရရှိကြသဖြင့် ရှေးရှေး စိတ္တက္ခဏ၏ ပရမတ္ထဓာတ်သား တရားကိုယ်နှင့် နောက်နောက် စိတ္တက္ခဏ၏ ပရမတ္ထဓာတ်သားတရားကိုယ်တို့သည် မတူကြပေ။ ရှေ့ဖဿကား တခြား နောက်ဖဿကား တခြား, ရှေ့ဝေဒနာကား တခြား နောက်ဝေဒနာကား တခြား — ဤသို့ စသည်ဖြင့် တစ်မျိုးတခြားစီသာ ဖြစ်ကြ၏။ ဤသို့လျှင် ရှေ့စိတ္တက္ခဏနှင့် နောက်စိတ္တက္ခဏတို့သည် ပရမတ္ထ ဓာတ်သား အချင်းချင်းလည်း ကွဲပြားကြ၏။

တစ်ဖန် စက္ခုဝိညာဏ်၏ ဥပါဒ်-ဋ္ဌီ-ဘင် = ခဏတ္တယမှ ကြည့်ခဲ့သော် ပဉ္စဒွါရာဝဇ္ဇန်းသည် အတိတ် ဖြစ်၏၊ သမ္ပဋိစ္ဆိုင်းသည် အနာဂတ် ဖြစ်၏၊ ဤသို့ စသည်ဖြင့် အတိတ်အနာဂတ် ကွဲပြားမှုလည်း ရှိကြ၏။ ထို့ကြောင့် သန္တတိပစ္စုပ္ပန်ဟူသော စကား၌ —

၁။ ပရမတ္ထဓာတ်သား တရားကိုယ် ကွဲပြားခြားနားမှု အမျိုးမျိုး ရှိခြင်း,

၂။ အတိတ်တရား အနာဂတ်တရားတို့ ရောထွေးလျက် ပါဝင်နေခြင်း —

ဤအကြောင်းများကြောင့် သန္တတိပစ္စုပ္ပန်သည် တကယ့် ပစ္စုပ္ပန်စစ်စစ် မဟုတ်၊ ပရိယာယ်အားဖြင့်သာ ပစ္စုပ္ပန်ဟု ဆိုသော စကားဖြစ်သည်။ အဒ္ဓါပစ္စုပ္ပန်၌လည်း နည်းတူပင် သဘောပေါက်ပါလေ။

ဥပါဒ်-ဋ္ဌီ-ဘင် ဟူသော ခဏသုံးပါး အပေါင်း = ခဏတ္တယ၌ အကျုံးဝင်သော ခဏတ္တယနှင့် ပြည့်စုံသော ပရမတ်တရားကား ခဏပစ္စုပ္ပန် ဖြစ်၏၊ ယင်းခဏပစ္စုပ္ပန်တရားသည်သာလျှင် တကယ့် ပစ္စုပ္ပန်စစ်စစ် ဖြစ်၏၊ မုချပစ္စုပ္ပန် ဖြစ်၏။

ထို့ကြောင့် သန္တတိပစ္စုပ္ပန်မှ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သန္တတိပစ္စုပ္ပန်တရားမှ စတင်၍ ဝိပဿနာရှုမှုသည်ပင် တကယ့်ပစ္စုပ္ပန်တည့်တည့်ကို ဝိပဿနာရှုနေသည် မဟုတ်သေးသည်ကိုလည်းကောင်း, အတိတ်တရားနှင့် အနာဂတ်တရားတို့ ရောထွေးလျက် ပါဝင်နေသေးသည်ကိုလည်းကောင်း သဘောကျလေရာသည်။ ဤအထက်ပါ ရှင်းလင်းချက်များနှင့် အညီ အသင်သူတော်ကောင်းသည် —

၁။ ကာလသုံးပါးအတွင်း၌ တည်ရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် အသီးအသီးကို ယင်းအင်္ဂါရပ် အသီးအသီး၏ ထိုထိုခဏ၌ ဖြစ်မှု တည်မှု ပျက်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဝိပဿနာရှုပါ ဟူသော စကား,

၂။ သန္တတိပစ္စုပ္ပန်တရားမှသည် ခဏပစ္စုပ္ပန်တရားသို့ ဉာဏ်အမြင် ဆိုက်အောင် ဝိပဿနာ ရှုပါ ဟူသော စကား,

ဤစကားရပ်များနှင့် ဆက်စပ်၍ ဤတွင် ဆိုလိုသော ပစ္စုပ္ပန်ကို နေရာတကျ အဓိပ္ပါယ်မှန် ယူဆတတ်ဖို့လိုပေသည်။

ဣဒါနိ အနန္တရံ ဝုတ္တာသု သမ္မသနဉာဏာသု နာနာနယေဟိ ဘာဝနာထိရကရဏေန ပါရံ ဂန္တွာ ဌိတေန အနိစ္စာဒိတော ဒိဋ္ဌေ သင်္ခါရေ ဥဒယဗ္ဗယေန ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ဝိပဿနတ္ထံ ဝုတ္တာသု ဥဒယဗ္ဗယာနုပဿနာ ဉာဏာသု နိဒ္ဒေသေ **ဇာတံ ရူပန္တိ**အာဒီသု သန္တတိဝသေန ယထာသကံ ပစ္စယေဟိ နိဗ္ဗတ္တံ ရူပံ။ **တဿ** ဇာတဿ ရူပဿ **နိဗ္ဗတ္တိလက္ခဏံ** ဇာတိ ဥပ္ပါဒံ အဘိနဝါကာရံ **ဥဒယောတိ, ဝိပရိဏာမလက္ခဏံ** ခယံ ဘင်္ဂံ **ဝယောတိ, အနုပဿနာ** ပုနပ္ပုနံ နိသာမနာ၊ ဥဒယဗ္ဗယာနုပဿနာ ဉာဏန္တိ အတ္ထော။ ဝေဒနာဒီသုပိ ဧသေဝ နယော။

(ပဋိသံ-ဋ္ဌ-၁-၂၃၄။)

ယခုအခါ အခြားမဲ့၌ ဟောတော်မူအပ် ဖွင့်ဆိုအပ်ခဲ့သော သမ္မသနဉာဏ်၏ အထူးထူးသော နည်းတို့ဖြင့် ဝိပဿနာဘာဝနာကို မြဲမြံအောင် ပြုခြင်းဖြင့် ကမ်းတစ်ဘက်သို့ ရောက်ရှိ၍ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်-သည် အနိစ္စစသောအားဖြင့် ရှုမြင်အပ်ပြီးသော သင်္ခါရတရားတို့ကို ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား၍ အနိစ္စ စသောအားဖြင့် လက္ခဏာယာဉ် တင်၍ ဝိပဿနာရှုခြင်းငှာ ဖွင့်ဆိုတော်မူအပ် ဟောကြားတော်မူအပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ်၏ နိဒ္ဒေသ၌ —

**ဇာတံ ရူပံ** စသည့် ပါဠိရပ်တို့၌ သန္တတိ၏ အစွမ်းဖြင့် မိမိ မိမိတို့ ဆိုင်ရာ ကိုယ်ပိုင် အကြောင်းတရား-တို့သည် ဖြစ်စေအပ်သော ရုပ်တရားသည် **ဇာတ ရူပ**တည်း၊ ဖြစ်ဆဲ ရုပ်တည်း။ ထိုဖြစ်ဆဲ ဇာတ ရူပ ရုပ်တရား၏ **နိဗ္ဗတ္တိလက္ခဏာ**ဖြစ်သော ဇာတိသဘော ဥပါဒ်သဘောဟူသော အသစ်ဖြစ်သော အခြင်းအရာကို **ဥဒယ** = ဖြစ်မှုသဘောဟူ၍**, ဝိပရိဏာမလက္ခဏာ**ဖြစ်သော ကုန်ခြင်း ပျက်ခြင်းသဘောကို **ဝယ** = ပျက်မှုသဘောဟူ၍**,** ယင်းဖြစ်မှု ပျက်မှု ဖြစ်ခြင်း ပျက်ခြင်းသဘောကို အဖန်ဖန်အထပ်ထပ် ရှုတတ်သော ဉာဏ်ကို ဥဒယဗ္ဗယာ-နုပဿနာဉာဏ် = ဥဒယ-ဝယကို အဖန်ဖန် အထပ်ထပ် ရှုတတ်သော ဉာဏ်ဟူ၍ ဆိုလိုပေသည်။

(ပဋိသံ-ဋ္ဌ-၁-၂၃၄။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၌ —

၁။ သမ္မသနဉာဏ်၏ ကမ်းတစ်ဘက်သို့ ရောက်ရှိ၍ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် (သမ္မသန-ဉာဏ်ပိုင်း၌) အနိစ္စစသောအားဖြင့် ရှုမြင်အပ်ပြီးသော သင်္ခါရတရားတို့ကို ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား၍ အနိစ္စစသောအားဖြင့် လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုခြင်းငှာ ဖွင့်ဆိုတော်မူအပ် ဟောကြားတော်မူအပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ်ဟူသော စကားတစ်ရပ်,

၂။ သန္တတိ၏ အစွမ်းဖြင့် မိမိ မိမိတို့ ဆိုင်ရာ ကိုယ်ပိုင် အကြောင်းတရားတို့သည် ဖြစ်စေအပ်သော ရုပ်သည် ဇာတ ရူပ = ဖြစ်ဆဲ ရုပ်တည်း ဟူသော စကားတစ်ရပ် — ဤစကား နှစ်ရပ်ကို အသင်သူတော်ကောင်းသည် သေချာစွာ မှတ်သားထားပါ။

**ဇာတ**န္တိ နိဗ္ဗတ္တံ ပဋိလဒ္ဓတ္တဘာဝံ။ အယံ ဟိ ဇာတသဒ္ဒေါ ခဏတ္တယသမင်္ဂိတံ သန္ဓာယ ဝုတ္တော "ယေ ဓမ္မာ ဇာတာ ဘူတာ"တိအာဒီသု ဝိယ၊ န အတီတံ —

"ယေ တေ ဇာတာ, န တေ သန္တိ၊ ယေ န ဇာတာ, တတ္ထေဝ တေ။
လဒ္ဓတ္တဘာဝါ နော ဘဂ္ဂါ၊ တေဝ သန္တိ သဘာဝတော။"တိ —

အာဒီသု ဝိယ၊ နာပိ ဇာတတာမတ္တံ "ယံ တံ ဇာတံ ဘူတံ သင်္ခတ"န္တိအာဒီသု ဝိယ။ တေနာဟ **"ဇာတံ ရူပံ ပစ္စုပ္ပန္န"**န္တိ။ ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော။ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိပစ္စုပ္ပန္နဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။ (မဟာဋီ-၂-၄၁၉။)

**ဇာတ**–ဟူသည် ဖြစ်ပေါ်လာသော ရအပ်သော အတ္တဘောတည်း။ (ရုပ်နာမ်ပရမတ္ထဓာတ်သားတို့၏ ဥပါဒ်-ဌီ-ဘင်အားဖြင့် သရုပ်အထည် ထင်ထင်ရှားရှား ဖြစ်သည်ကိုပင် အတ္တဘောကို ရသည်ဟု ဆိုသည်။ ရုပ်ကလာပ်တစ်ခု၏ အတွင်း၌ – မာမှု ကြမ်းမှု လေးမှု သို့မဟုတ် ပျော့မှု ချော်မှု ပေါ့မှုဟူသော ပထဝီဓာတ်, ယိုစီးမှု သို့မဟုတ် ဖွဲ့စည်းမှုဟူသော အာပေါဓာတ်, ပူမှု သို့မဟုတ် အေးမှုဟူသော တေဇောဓာတ်, ထောက်ကန်မှု တွန်းကန်မှုဟူသော ဝါယောဓာတ် - ဤသို့ စသော ပရမတ္ထဓာတ်သားတို့၏ ဥပါဒ်-ဌီ-ဘင်အနေအားဖြင့် သရုပ်အထည်ကိုယ် ဒြပ် ထင်ထင်ရှားရှား ဖြစ်ပေါ်လာသည်ကိုပင် အတ္တဘောကို ရသည်ဟု ဆိုသည်။ နာမ်ကလာပ်-တို့၌လည်း နည်းတူပင် မှတ်ပါ။) ဤ ဇာတ-သဒ္ဒါကို –

ယေ ဓမ္မာ ဇာတာ ဘူတာ (အဘိ-၁-၂၁၃။) = အကြင်တရားတို့သည် ဖြစ်ကုန်၏ ထင်ရှားဖြစ်ကုန်၏– ဤသို့စသော ပါဠိရပ်တို့၌ကဲ့သို့ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယသမင်္ဂီ = ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကို ရည်ရွယ်၍–ဇာတံ ရူပံ ပစ္စုပ္ပန္နံ စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပေသည်။

“ယေ တေ ဇာတာ န တေ သန္တိ။ ပ ။ တေဝ သန္တိ သဘာဝတော = အကြင်တရားတို့သည် ဖြစ်ပြီးကုန်ပြီ၊ ထိုဖြစ်ပြီးကုန်သော အတိတ်တရားတို့သည် ရှိဆဲ မဟုတ်ကြကုန်။ အကြင်တရားတို့သည် မဖြစ်ကြကုန်သေး၊ ထို မဖြစ်ကြကုန်သေးသော အနာဂတ်တရားတို့သည် ထို့အတူပင် ရှိဆဲမဟုတ်ကြကုန်။ အကြင်တရားတို့သည် ဥပါဒ်-ဌီ-ဘင်အားဖြင့် သရုပ်အထည်ကိုယ်ဒြပ် ထင်ထင်ရှားရှား ဖြစ်ခြင်းဟူသော ရအပ်သော အတ္တဘော ရှိကြကုန်၏၊ မပျက်ကြကုန်သေး၊ ထိုတရားတို့သည်သာလျှင် သဒ်တပရမတ္ထ သဘာဝအားဖြင့် ထင်ရှားရှိဆဲ ဖြစ်ကြကုန်၏။”

ဤသို့ စသော အရာဌာနတို့၌ ဇာတ-သဒ္ဒါကို အတိတ်တရားကို ရည်ရွယ်၍ ဟောကြားထား၏။ ဤ – ဇာတံ ရူပံပစ္စုပ္ပန္နံ - စသော ပါဠိတော်၌ကား ထိုကဲ့သို့ အတိတ်တရားကို ရည်ရွယ်၍ ဟောကြားထားသည်ကား မဟုတ်ပေ။ တစ်ဖန် –

“ယံ တံ ဇာတံ ဘူတံ သင်္ခတံ (ဒီ-၂-၁၁၉။ သံ-၃-၁၄၁။) = အကြင်တရားသည် ဖြစ်ပေါ်လာ၏။ ထင်ရှားဖြစ်လာ၏။ အကြောင်းတရားတို့က ပေါင်းစု၍ ပြုပြင်အပ်၏။ ထိုတရားသည် စင်စစ် မပျက်စီးပါစေသတည်းဟု ဤသို့ တောင့်တ၍ ရနိုင်ခြင်း၏ အခွင့်အလမ်းသည် မရှိနိုင်”–

ဤသို့ စသော ပါဠိတော်တို့၌ ဇာတ-သဒ္ဒါသည် ဖြစ်ခြင်းမျှ = ဇာတမတ္တကိုသာ ဟော၏။ ဤ –ဇာတံ ရူပံ ပစ္စုပ္ပန္နံ - စသည်၌ ဇာတသဒ္ဒါသည် ထိုကဲ့သို့ ဇာတမတ္တ = ဖြစ်ခြင်းမျှ သဘောကိုလည်း မဟောပေ။ ဟောသည်မှာကား ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယသမင်္ဂီ = ခဏသုံးပါး အပေါင်းနှင့် ပြည့်စုံသည်၏ အဖြစ်-ကိုသာ ဟောပေသည်။ ထို့ကြောင့် ဇာတံ ရူပံ ပစ္စုပ္ပန္နံ = ပစ္စုပ္ပန်ရုပ်ဟူသည် ထင်ရှားဖြစ်ပေါ်လာသော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး၌ အကျုံးဝင်သော တရားပင်တည်းဟု ဟောတော်မူခြင်း ဖြစ်သည်။ ထိုခဏသုံးပါး အပေါင်းနှင့် ပြည့်စုံသည့် ခဏတ္တယသမင်္ဂီဖြစ်သော ပစ္စုပ္ပန်တရားကိုကား ဝိပဿနာကို အားသစ်စဖြစ်သော အာဒိကမ္မိကပုဂ္ဂိုလ်သည် သိမ်းဆည်းနိုင်ဖို့ရန် ခဲယဉ်းလှ၏၊ ထို့ကြောင့် သန္တတိပစ္စုပ္ပန်တရားကစ၍ ဝိပဿနာကို နှလုံးသွင်းရန် မဟာဋီကာဆရာတော်က ဖွင့်ဆိုထားပေသည်။ ဤညွှန်ကြားချက်အတိုင်း အသင်သူတော်-ကောင်းသည် သန္တတိပစ္စုပ္ပန်တရားမှတစ်ဆင့် ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် တဖြည်းဖြည်း ဆက်လက်၍ ဝိပဿနာ နှလုံးသွင်း ရှုပွားပါ။ (မဟာဋီ-၂-၄၁၉-ကြည့်ပါ။)

ဤစကားရပ်၌ ဥပါဒ်-ဌီ-ဘင်-အားဖြင့် သရုပ်အထည်ကိုယ် ထင်ထင်ရှားရှား ဖြစ်ပေါ်လာသော ပရမတ္ထဓာတ်သားတည်းဟူသော အထည်ကိုယ် အတ္တဘော ရစကောင်းသော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း = ခဏတ္တယ၌ အကျုံးဝင်သောတရားသည် **ပစ္စုပ္ပန်**တရား မည်၏ ဟူသော လိုရင်းအချက်ကို မှတ်သားထားပါ။

သို့မှသာလျှင် အောက်ပါ ပါဠိတော် ရှုကွက်ကို သဘောပေါက်နိုင်မည်။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ ။ ပ ။ ဇာတာ အဝိဇ္ဇာ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ (ပဋိသံ-၅၂။)

ဖြစ်ဆဲဖြစ်သော ဥပါဒ်-ဌီ-ဘင်အားဖြင့် သရုပ်အထည်ကိုယ် ထင်ထင်ရှားရှား ဖြစ်ခြင်းဟူသော ရအပ်သော အတ္တဘော ရှိသော = အတ္တဘောကို ရဆဲဖြစ်သော အဝိဇ္ဇာသည် ပစ္စုပ္ပန် မည်၏။ (ပစ္စုပ္ပန်ဖြစ်သော အဝိဇ္ဇာ မည်သည် ဖြစ်ဆဲ ဖြစ်၍ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်း၌ အကျုံးဝင်သော အဝိဇ္ဇာပင်တည်း ဟူလိုသည်။) ထိုပစ္စုပ္ပန်ဖြစ်သော အဝိဇ္ဇာ၏ စ၍ ဖြစ်ခြင်းဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာသည် ဥဒယ = ဖြစ်ခြင်း မည်၏။ ဖောက်ပြန်ပျက်စီးခြင်းဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာသည် ဝယ = ပျက်ခြင်း မည်၏။ ယင်း ဥဒယ-ဝယကို အဖန်တလဲလဲ ရှုသော ပညာသည် ဉာဏ် မည်၏။

## စဉ်းစားရန် အချက်များ

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ အဝိဇ္ဇာတွင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးလုံး အတွင်း၌ အကျုံးဝင်သော အဝိဇ္ဇာ အမျိုးမျိုး ပါဝင်နိုင်သည်ကို ရှေး**မဇ္ဈိမသမုပ္ပါဒ်ပိုင်း**တွင် ရေးသားတင်ပြခဲ့သော ရှုကွက်များနှင့် ဆက်စပ်၍ သဘောပေါက်ပါလေ။ ပစ္စုပ္ပန် ဝိပါက်ခန္ဓာ (၅)ပါးတို့၏ အကြောင်းတရားများတွင် ပါဝင်သော အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာလည်း ပါဝင်၏။ အတိတ် ဝိပါက်ခန္ဓာတို့၏ အကြောင်းတရားများတွင် ပါဝင်သော အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာလည်း ပါဝင်၏။ အနာဂတ် ဝိပါက်ခန္ဓာ ရရှိရေးအတွက် ပြုစုပျိုးထောင်နေသော ပစ္စုပ္ပန်အကြောင်းတရားများတွင် အကျုံးဝင်သော အဝိဇ္ဇာလည်း ပါဝင်၏။ အနာဂတ် သံသရာခရီး ဆက်လက်ရန် ရှိနေသေးသော သူတော်ကောင်းများအတွက် အနာဂတ်ဘဝထိုထို၌ တည်ရှိသော ဝိပါက်ခန္ဓာများ၏ အကြောင်းတရားစုတွင် ပါဝင်သော အနာဂတ် အဝိဇ္ဇာလည်း ပါဝင်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးလုံးဖြင့် သိမ်းကျုံးရေတွက်အပ်သော အဝိဇ္ဇာ အားလုံး ပါဝင်၏။ ယင်းအဝိဇ္ဇာတိုင်းကိုပင် —

ဇာတာ အဝိဇ္ဇာ ပစ္စုပ္ပန္နာ၊

ဖြစ်ဆဲဖြစ်သော ဥပါဒ်-ဌီ-ဘင်အားဖြင့် သရုပ်အထည်ကိုယ် ထင်ထင်ရှားရှား ဖြစ်ခြင်းဟူသော ရအပ်သော အတ္တဘော ရှိသော = အတ္တဘောကို ရဆဲဖြစ်သော အဝိဇ္ဇာသည် ပစ္စုပ္ပန် မည်၏ = ပစ္စုပ္ပန်ဖြစ်သော အဝိဇ္ဇာ မည်သည် ဖြစ်ဆဲ ဖြစ်၍ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်း၌ အကျုံးဝင်သော အဝိဇ္ဇာပင်တည်း။ ဤသို့ ဟောကြားထားတော်မူပေသည်။ ကြွင်းကျန်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၌လည်း နည်းတူ သဘောပေါက်ပါလေ။ ယင်းသို့ ဖြစ်လျှင် —

ဇာတံ ရူပံ ပစ္စုပ္ပန္နံ — စသည်ဖြင့် ဟောကြားထားတော် မူအပ်သော ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့သည်လည်း မည်သို့သော ခန္ဓာငါးပါးတို့ပါနည်းဟု မေးရန်ရှိ၏။ အဖြေမှာ — အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး၌ အကျုံးဝင်သော ခန္ဓာငါးပါးတို့ပင် ဖြစ်သည် ဟူ၍ ဖြေဆိုလေရာ၏။

အဘယ်ကြောင့်နည်းဟူမူ အထက်တွင် ရေးသားတင်ပြခဲ့သော ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (၁-၂၃၄) ၌ လာရှိသော စကားအတိုင်း ဥဒယဗ္ဗယဉာဏ်၏ အခြားမဲ့၌ ဖြစ်ခဲ့သော သမ္မသနဉာဏ်၏ ကမ်းတစ်ဘက်သို့ ရောက်၍ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စစသောအားဖြင့် ရှုအပ်ပြီး မြင်အပ်ပြီးသော သင်္ခါရ

တရားတို့ကိုပင် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယဖြင့် ပိုင်းခြား၍ အနိစ္စစသောအားဖြင့် ဝိပဿနာ ရှုပွားသုံးသပ်ရန် ဤဥဒယဗ္ဗယာနုပဿနာရှုပွားနည်းကို ဟောကြားထားတော်မူခြင်း ဖြစ်သောကြောင့်တည်း — ဟူ၍ ဖြေဆို-လေရာသည်။

သမ္မသနဉာဏ်ဖြင့် အနိစ္စစသောအားဖြင့် ရှုအပ်ပြီး မြင်အပ်ပြီးသော သင်္ခါရတရားတို့ကိုပင် ဤဥဒယဗ္ဗယဉာဏ်ကလည်း ဥဒယဗ္ဗယ = ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား၍ ထပ်မံ၍ ဝိပဿနာရှုခြင်း ဖြစ်၏။ သမ္မသနဉာဏ်ဖြင့် ရှုအပ်ပြီး မြင်အပ်ပြီးသော သင်္ခါရတရားတို့ဟူသည်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ ဖြစ်ကြသည်။ ယင်းတရားတို့တွင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် (၁၂)ပါးတို့သည်လည်း ပါဝင်ကြ၏။ ယင်းတရားတို့ကိုပင် ဤဥဒယဗ္ဗယဉာဏ်ကလည်း တစ်ဖန်ပြန်၍ အနိစ္စစသောအားဖြင့် ဝိပဿနာရှုရမည် ဖြစ်သည်။

ထို့ကြောင့် ဇာတံ ရူပံ ပစ္စုပ္ပန္နံ – စသည်ဖြင့် ဟောတော်မူအပ်သော ခန္ဓာငါးပါးတို့မှာ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ခန္ဓာငါးပါးတို့ပင် ဖြစ်ကြသည်။ ယင်းသို့ဖြစ်လျှင် ဇာတံ ရူပံ ပစ္စုပ္ပန္နံ-ဟု အဘယ်-ကြောင့် ဟောတော်မူရသနည်းဟု မေးရန်ရှိ၏။ ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော မည်သည့် တရားကို မဆို ဝိပဿနာရှုသောအခါ ယင်းတရား၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏပစ္စုပ္ပန်ကို မြင်အောင် ခဏ ပစ္စုပ္ပန်သို့ ဆိုက်အောင် ဝိပဿနာရှုရမည်ဟု သိစေလိုသောကြောင့် ဇာတံ ရူပံ ပစ္စုပ္ပန္နံ-ဟု ဟောကြားတော် မူရသည်ဟူပေ။ သို့ဖြစ်ရကား ပစ္စုပ္ပန္နံ-ဟူသည်မှာ ပစ္စုပ္ပန်ဘဝ၌ အကျုံးဝင်သော တရားသက်သက်ကိုသာ ဆိုလို သည် မဟုတ်ဘဲ ကာလသုံးပါးအတွင်းဝယ် ဥပါဒ်-ဌီ-ဘင် ဟူသော ခဏသုံးပါးအပေါင်း = ခဏတ္တယ၌ အကျုံး ဝင်သော ဖြစ်ဆဲဆဲတရားကိုသာ ဆိုလိုသည်ဟု မှတ်ပါ။

## ဤ၌ ဆိုလိုသော သဘောတရား

ဆိုလိုသည်မှာ ဤသို့ ဖြစ်၏။ ဤဥဒယဗ္ဗယဉာဏ်ပိုင်း၌ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ ရှုပွား-ရမည့် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားမှာ ဥပါဒ်-ဌီ-ဘင် ဟူသော ခဏသုံးပါးအပေါင်း = ခဏတ္တယ အတွင်း၌ တည်ရှိဆဲတရားသာ ဖြစ်သည်။

၁။ ထိုတရားသည် ကာလအားဖြင့် ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်အခွန့်ကာလတွင် အကျုံးဝင်သော တရားဖြစ်လျှင်-လည်း ထိုတရား၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း = ခဏတ္တယအတွင်း၌ တည်ရှိနေဆဲ အခိုက်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းခဏသုံးပါး၌ အကျုံးဝင်သော တရား၏ ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် အာရုံယူ၍ ဉာဏ်ဖြင့် ကြည့်၍ ယင်းတရားကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) အသီးအသီး လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုရမည် ဖြစ်သည်။

၂။ ထိုတရားသည် ကာလအားဖြင့် အတိတ်ဘဝ အတိတ်အခွန့်ကာလ၌ အကျုံးဝင်သော တရားဖြစ်လျှင်လည်း ထိုတရား၏ ထိုအတိတ်ကာလက ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယနှင့် ပြည့်စုံခိုက်ကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ယင်းခဏသုံးပါးအပေါင်း၏ အတွင်း၌ တည်ရှိသော တရား၏ ဖြစ်မှုပျက်မှု = ဥဒယ-ဝယ သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) အသီးအသီး လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုရမည် ဖြစ်သည်။

၃။ ထိုတရားသည် ကာလအားဖြင့် အနာဂတ်ဘဝ အနာဂတ်အခွန့်ကာလ၌ အကျုံးဝင်သော တရားဖြစ်-လျှင်လည်း ထိုတရား၏ ထိုအနာဂတ်အခွန့်ကာလ၌ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယနှင့် ပြည့်စုံခိုက်ကို ဉာဏ်ဖြင့်

မြင်အောင်ကြည့်၍ ယင်းခဏသုံးပါးအပေါင်း ခဏတ္တယအတွင်း၌ တည်ရှိသော တရား၏ ဖြစ်မှု ပျက်မှု ဥဒယ-ဝယကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) အသီးအသီး လက္ခဏာယာဉ်ကို တင်၍ ဝိပဿနာ ရှုရမည် ဖြစ်သည်။

ဥဒယဗ္ဗယဉာဏ်ဖြင့် ဝိပဿနာရှုပွားသုံးသပ်ရမည့် ထိုတရားသည် အတိတ်ဘဝ အတိတ်အခွန့်ကာလက ဖြစ်ခဲ့သော တရားပင် ဖြစ်ချင်ဖြစ်ပါစေ, ပစ္စုပ္ပန်ဘဝ ပစ္စုပ္ပန်အခွန့်ကာလတွင် အကျုံးဝင်သော တရားပင် ဖြစ်ချင်ဖြစ်ပါစေ, အနာဂတ်ဘဝ အနာဂတ်အခွန့်ကာလတွင် အကျုံးဝင်သော တရားပင် ဖြစ်ချင် ဖြစ်ပါစေ မည်သည့် တရားကို မဆို ဝိပဿနာရှုပါက ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော တရား၏ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယသမင်္ဂီ = ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက်ဝယ် ထိုတရား၏ ဥပါဒ်စွန်း ဘင်စွန်းဟူသော ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) လက္ခဏာယာဉ်ကို တင်၍ ဝိပဿနာ ရှုရမည်သာ ဖြစ်သည်။

အသင်သူတော်ကောင်းသည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို ပြန်လည်၍ အာရုံယူကြည့်ပါ။ ဤပစ္စုပ္ပန်တွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အကျိုး ဝိပါကဝဋ် ခန္ဓာငါးပါးတို့၏ အကြောင်းရင်းစစ် ဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသော အကြောင်းတရား ငါးပါးတို့ကား အတိတ်ခန္ဓာငါးပါး၌ အကျုံးဝင်ကြ၏။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့မှာ ကိလေသဝဋ် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ ဖြစ်ကြ၏။ သင်္ခါရနှင့် ကံတို့မှာ လူသားတစ်ဦး ဖြစ်နေသော အသင်သူတော်ကောင်းအတွက် ကွက်၍ ဆိုရမူ ကမ္မဝဋ် မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ ဖြစ်ကြ၏။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် တို့ ပါဝင်သော ဇောစိတ္တက္ခဏ အသီးအသီးသည် သောမနဿသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် အသင်္ခါရိကဖြစ်လျှင် နာမ်တရား အလုံး (၂၀)စီ ယင်းဇော အသီးအသီး၌ ပါဝင်တည်ရှိကြမည် ဖြစ်၏။

အကယ်၍ အသင်သူတော်ကောင်းသည် ယင်းအဝိဇ္ဇာကို လှမ်း၍ အာရုံယူကာ ဝိပဿနာ ရှုခဲ့သော် မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ဇော၏ရှေ့တွင် တည်ရှိသော မနောဒွါရာဝဇ္ဇန်း နာမ်တရားစု-ကိုလည်းကောင်း, ဇော၏ နောင်တွင် တဒါရုံကျခဲ့သော် ယင်းတဒါရုံ နာမ်တရားစုတို့ကိုလည်းကောင်း ရောနှော၍ ဝိပဿနာ ရှုရမည် ဖြစ်သည်။ ထိုသို့ ရှုရာ၌ ယင်းကိလေသဝဋ် မနောဒွါရိကဇောဝီထိ၏ စိတ္တက္ခဏတိုင်း၏ နာမ်တရားစုတို့၏ ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပါ။ အထူးသဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ဦးဆောင်သည့် ဇောစိတ္တက္ခဏ အသီးအသီး၌ တည်ရှိကြသော နာမ်-တရားစုတို့၏ ဖြစ်မှု ပျက်မှု = ဥပါဒ်စွန်း ဘင်စွန်းကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပါ။ ထိုသို့ ရှုနိုင်ခဲ့သော် အသင်သူတော်ကောင်းသည် အဝိဇ္ဇာကို တစ်နည်းဆိုသော် အဝိဇ္ဇာနှင့် တကွသော နာမ်တရားစုကို ပစ္စုပ္ပန်သို့ ဆိုက်အောင် ပစ္စုပ္ပန်တည့်အောင် ဝိပဿနာ ရှုနိုင်ပြီ ဖြစ်ပေသည်။

အလားတူပင် အသင်သူတော်ကောင်းသည် ကမ္မဝဋ်ဖြစ်သော သင်္ခါရ-ကံကို လှမ်း၍ အာရုံယူကာ ဝိပဿနာ ရှုခဲ့သော် မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ဇော၏ရှေ့တွင် တည်ရှိသော မနောဒွါရာဝဇ္ဇန်း နာမ်-တရားစုကိုလည်းကောင်း, ဇော၏ နောင်တွင် တဒါရုံကျခဲ့သော် ယင်းတဒါရုံ နာမ်တရားစုတို့ကိုလည်းကောင်း ရောနှော၍ ဝိပဿနာ ရှုရမည် ဖြစ်သည်။ ထိုသို့ ရှုရာ၌ ယင်းကမ္မဝဋ် မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ်ဝယ် စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်း၌ နာမ်တရားစုတိုင်း နာမ်တရားစုတိုင်း၏ အထူးသဖြင့် ဇော စိတ္တက္ခဏတိုင်း ဇောစိတ္တက္ခဏတိုင်း၌ တည်ရှိသော နာမ်တရားစုတိုင်း နာမ်တရားစုတိုင်း၏ ဖြစ်မှု ပျက်မှု = ဥဒယ-ဝယ သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပါ။ ထိုသို့ ရှုနိုင်ခဲ့သော် အသင်သူတော်ကောင်းသည် သင်္ခါရကို တစ်နည်းဆိုသော် သင်္ခါရနှင့်

တကွသော နာမ်တရားစုကို ပစ္စုပ္ပန်သို့ ဆိုက်အောင် ပစ္စုပ္ပန်တည့်အောင် ဝိပဿနာ ရှုနိုင်ပြီ ဖြစ်ပေသည်။ ကြွင်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။

ထို့ကြောင့် ဝိပဿနာအရာ၌ ဝိပဿနာရှုရာ၌ ပစ္စုပ္ပန်ဆတ်ဆတ်ကိုသာ ပစ္စုပ္ပန်တည့်တည့်ကိုသာ ပစ္စုပ္ပန် ပေါ်ရာပေါ်ရာကိုသာ ဝိပဿနာ ရှုကောင်း၏ အတိတ် အနာဂတ်ကို ဝိပဿနာ မရှုရဟု ဆိုလျှင် ထိုစကားမှာ အားလုံး မမှန်ချေ။ ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော မည်သည့်တရားကိုမဆို ဝိပဿနာရှုရာ၌ မိမိ ရှုပွားလိုသော တရား၏ ဥဒယ-ဝယ = ဖြစ်မှု ပျက်မှုကို မြင်အောင် ဖြစ်-တည်-ပျက်ဟူသော ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ပစ္စုပ္ပန်တည့်အောင် ဝိပဿနာရှုရ၏ဟု ဆိုလျှင် ထိုစကားမှာ ခြွင်းချက်မရှိ မှန်ကန်သော စကားပင် ဖြစ်ပေသည်။

ထို့ကြောင့် ဤဥဒယဗ္ဗယဉာဏ်ခန်း၌ ဇာတံ ရူပံ ပစ္စုပ္ပန္နံ – ဤသို့ စသည်ဖြင့် ဟောကြားတော်မူအပ်သော ပစ္စုပ္ပန်တရားဟူသည် — **ပစ္စုပ္ပန်ဖြစ်သော ဖြစ်ဆဲ ဖြစ်၍ ဥပါဒ်–ဌီ–ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော တရားတည်း**ဟု လိုရင်းကို မှတ်သားထားလေရာသည်။

အသင်သူတော်ကောင်းသည် ဤအထက်ပါ အယူအဆကို အကယ်၍ လက်မခံနိုင်ပါလျှင် —

၁။ သမ္မသနဉာဏ်ပိုင်း၌ ရှုခဲ့သော သင်္ခါရတရားတို့ကိုပင် ဥဒယဗ္ဗယဉာဏ်က တစ်ဖန်ထပ်၍ ဥပါဒ်စွန်း ဘင်စွန်းဖြင့် ပိုင်းခြား၍ ဝိပဿနာရှုရမည်ဟူသော အချက်အလက် အဆိုအမိန့်ကိုလည်း လက်မခံရာ ရောက်ရှိသွားနိုင်သည်။

၂။ ထိုသို့လက်မခံနိုင်သဖြင့် သမ္မသန-ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားနှင့် ဥဒယဗ္ဗယ-ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားတို့သည် မတူညီကြပေ — ဟူသော အပြစ်သို့လည်း ရောက်ရှိသွားနိုင်သည်။

၃။ ကာလသုံးပါး၌ အကျုံးဝင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကိုလည်း ဇာတာ အဝိဇ္ဇာ ပစ္စုပ္ပန္နာ – စသည်ဖြင့် ပစ္စုပ္ပန္နသဒ္ဒါဖြင့် ဟောကြားချက်ကိုလည်း ဖြေရှင်း၍ မရနိုင်သော အပြစ်များသည်လည်း ရောက်ရှိ၍ လာနိုင်ပေသည်။

ယင်းသို့ ဖြစ်လျှင် —

သန္တတိပစ္စုပ္ပန္နေ ခဏပစ္စုပ္ပန္နေ ဝါ ဓမ္မေ ဥဒယဗ္ဗယဒဿနာဘိနိဝေသော ကာတဗ္ဗော ၊ န အတီတာ-နာဂတေ။ (မဟာဋီ-၂-၄၁၉။)

= သန္တတိပစ္စုပ္ပန်တရား၌လည်းကောင်း ခဏပစ္စုပ္ပန်တရား၌လည်းကောင်း ဥဒယဗ္ဗယဉာဏ်ဖြင့် ဝိပဿနာ ရှုပွား နှလုံးသွင်းခြင်းကို ပြုအပ်၏။ အတိတ်အနာဂတ်တရား၌ ဥဒယဗ္ဗယဉာဏ်ဖြင့် ဝိပဿနာ ရှုပွား နှလုံး-သွင်းခြင်းကို မပြုအပ်။

ဤသို့ ဖွင့်ဆိုထားတော်မူသော မဟာဋီကာဆရာတော်၏ စကားကို မည်သို့ အဓိပ္ပါယ် ယူဆရမည်နည်းဟု မေးရန် ရှိ၏။

## အဓိပ္ပါယ်ယူဆပုံ

အတိတ် အနာဂတ် ပစ္စုပ္ပန် အဓွန့်ကာလသုံးပါးလုံး၌ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲ တရားမှန်သမျှတို့သည် ဖြစ်တုန်း ဖြစ်ခိုက် ဖြစ်စဉ်ဝယ် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏပစ္စုပ္ပန်အနေအထားဖြင့်သာ ဖြစ်ရိုးဓမ္မတာ ရှိကြ၏၊ ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲ တရားများ ဖြစ်ကြ၏။ ထို ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်း၏ ရှေ့အဖို့၌ဖြစ်သော တရားကား အတိတ်တရားတည်း။ ထို ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါး

အပေါင်း၏ နောက်အဖို့၌ ဖြစ်သော တရားကား အနာဂတ်တရားတည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် ဥဒယဗ္ဗယ-ဉာဏ်ပိုင်းသို့ ရောက်ရှိလာသောအခါ သင်္ခါရတရားတို့ကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ ရှုပွားသုံး-သပ်ရာဝယ် ထို မိမိ ရှုပွားလိုက်သော သင်္ခါရတရား၏ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်း၏ ရှေ့အဖို့ နောက်အဖို့၌ ဖြစ်သော အတိတ် အနာဂတ်တရားတို့ကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ မရှုရ၊ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်း၏ အတွင်း၌ တည်ရှိသော သင်္ခါရတရားကိုသာ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ ရှုရ၏၊ အကြောင်းမူ — ဥဒယဗ္ဗယဉာဏ်၏ ဝိပဿနာအရှုခံအာရုံ တရားမှာ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက်, ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော သင်္ခါရတရားသာ ဖြစ်သောကြောင့်တည်း။

ဆိုလိုသည်မှာ ဤသို့ ဖြစ်၏။ အတိတ်အခွန့်ကာလ၌ အကျုံးဝင်သော သင်္ခါရတရားပင် ဖြစ်ချင် ဖြစ်ပါစေ, အနာဂတ်အခွန့်ကာလ၌ အကျုံးဝင်သော သင်္ခါရတရားပင် ဖြစ်ချင် ဖြစ်ပါစေ, ပစ္စုပ္ပန်အခွန့်ကာလ၌ အကျုံး ဝင်သော သင်္ခါရတရားပင် ဖြစ်ချင် ဖြစ်ပါစေ၊ မည်သည့် သင်္ခါရတရားကို မဆို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် လှမ်း၍ အာရုံယူကာ ဝိပဿနာရှုရာ၌ ထို မိမိ ရှုပွားလိုက်သော သင်္ခါရတရား၏ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်းကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဝိပဿနာ ရှုရ၏၊ ထို မိမိ ရှုပွားလိုက်သော သင်္ခါရ တရား၏ ရှေ့အဖို့ နောက်အဖို့ ဖြစ်သော သင်္ခါရတို့ကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ ရှုရမည် မဟုတ်၊ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော သင်္ခါရတရားသည်သာလျှင် ဥဒယဗ္ဗယာ-နုပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သည် ဟူလို။ အကယ်၍ အသင်သူတော်ကောင်းသည် မိမိ ဝိပဿနာ ရှုလိုက်သော သင်္ခါရတရား၏ ရှေ့အဖို့၌ ရှိသော အတိတ်သင်္ခါရတရား, နောက်အဖို့၌ ရှိသော အနာဂတ်သင်္ခါရ တရားတို့ကိုလည်း ဝိပဿနာရှုလိုသည် ဖြစ်အံ့, ထို မိမိ ဝိပဿနာရှုပွားလိုသော ထိုတရား၏ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်းကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ထိုသင်္ခါရတရား၏ ဖြစ်မှု ပျက်မှုကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပါလေ။ ခဲစွ၊ သဘောကျနိုင်ခဲ၏။

ထို့ကြောင့် ဤဥဒယဗ္ဗယာနုပဿနာပိုင်း ရှုကွက်ကို ညွှန်ပြထားတော်မူသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီး၏ မြန်မာပြန် ဆိုလိုရင်းသဘောကို အောက်ပါအတိုင်း မှတ်သားလေရာသည်။ —

ကထံ ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ? ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ ဇာတာ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ။ ဇာတံ စက္ခု။ ပ ။ ဇာတော ဘဝေါ ပစ္စုပ္ပန္နော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ-လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။ (ပဋိသံ-၅၂။)

အဘယ်သို့လျှင် (သန္တတိပစ္စုပ္ပန်), ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ခဏ ပစ္စုပ္ပန် ဖြစ်ကုန်သော ဘုံသုံးပါး အတွင်း၌ တည်ရှိကြကုန်သော တေဘူမက သင်္ခါရတရားတို့၏ ဖောက်ပြန် ပျက်စီးခြင်း ဝိပရိဏာမသဘောကို အဖန်ဖန် အထပ်ထပ် ရှုခြင်း၌ ဖြစ်ပေါ်လာသော ပညာသည် ဖြစ်ခြင်း ပျက်ခြင်း = ဥဒယ-ဝယကို ရှုခြင်း၌ ဖြစ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်လေသနည်း။

ဥပါဒ်-ဋ္ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲဖြစ်သော = ပရမတ္ထ အထည်ကိုယ် အတ္တဘောကို ရဆဲဖြစ်သော ရုပ်သည် ပစ္စုပ္ပန် မည်၏ (= ပစ္စုပ္ပန်ဖြစ်သော ရုပ်မည်သည် ဖြစ်ဆဲ ဖြစ်၍ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ရုပ်တည်း)။ ထိုပစ္စုပ္ပန်ဖြစ်သော

ရုပ်၏ စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ဖြစ်ခြင်း = ဥဒယ မည်၏။ ဖောက်ပြန်ပျက်စီးခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ပျက်ခြင်း = ဝယ မည်၏။ ယင်း ဥဒယ-ဝယကို အဖန်တလဲလဲ ရှုတတ်သော ပညာသည် ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏။

ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲ ဖြစ်သော = ပရမတ္ထ အထည်ကိုယ် အတ္တဘောကို ရဆဲဖြစ်သော ဝေဒနာသည်။ ပ။ သညာသည်။ ပ။ သင်္ခါရတို့သည်။ ပ။ ဝိညာဏ်သည်။ ပ။ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတန ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတနသည်။ ပ။ ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲဖြစ်သော = ပရမတ္ထ အထည်ကိုယ် အတ္တဘောကို ရဆဲဖြစ်သော အဝိဇ္ဇာသည်။ ပ။ ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲဖြစ်သော = ပရမတ္ထ အထည်ကိုယ် အတ္တဘောကို ရဆဲဖြစ်သော ဘဝသည် (= ကမ္မဘဝ, ဥပပတ္တိဘဝသည်) ပစ္စုပ္ပန် မည်၏ (= ပစ္စုပ္ပန်ဖြစ်သော ဘဝမည်သည် ဖြစ်ဆဲဖြစ်၍ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ကမ္မဘဝ, ဥပပတ္တိဘဝတည်း)။ ထိုပစ္စုပ္ပန်ဖြစ်သော ဘဝ၏ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ဖြစ်ခြင်း ဥဒယ မည်၏။ ဖောက်ပြန်ပျက်စီးခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ပျက်ခြင်း = ဝယ မည်၏။ ယင်း ဥဒယ-ဝယကို အဖန်တလဲလဲ ရှုတတ်သော ပညာသည် ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏။ (ပဋိသံ-၅၂။)

## ဘဝကို အဆုံးထား၍ ဟောကြားတော်မူရခြင်း

သမ္မသနဉာဏ်ပိုင်းဝယ် ကလာပသမ္မသနစသည့် ဝိပဿနာဘာဝနာ လုပ်ငန်းရပ်တို့၌ အဝိဇ္ဇာမှသည် ဇရာမရဏသို့ တိုင်အောင် ဇာတိ-ဇရာ-မရဏကို အဦးမူသဖြင့် ဇာတိ-ဇရာ-မရဏသဘော ရှိကြကုန်သော = ဖြစ်-တည်-ပျက်သဘော ရှိကြကုန်သော ရုပ်တရား နာမ်တရားတို့ကို (သုတ္တန်နည်းအရ ဝိပါက်ခန္ဓာငါးပါးတို့ကို) ဟောကြားထားတော်မူ၏။ ဤဥဒယဗ္ဗယဉာဏ်ပိုင်း၌ကား —

ဇာတိ ပစ္စုပ္ပန္နာ၊ တဿာ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော —

ဤသို့ စသည်ဖြင့် ဇာတိ၌လည်း ဥဒယ-ဝယ ရှိမှုကို ဟောတော်မူခဲ့သော် ဇာတိ-ဇရာ- မရဏ အသီးအသီး၌ ဇာတိ-ဇရာ- မရဏ အသီးအသီး ရှိသည်၏ အဖြစ်ကို ခွင့်ပြုအပ်သကဲ့သို့ ဖြစ်နေ၏။ (ဖြစ်မှု = ဇာတိတရား၌လည်း ဥပါဒ်-ဌီ-ဘင် = ဖြစ်မှု-တည်မှု-ပျက်မှု သုံးမျိုးလုံးရှိသည်ဟုလည်းကောင်း, တည်မှု = ဇရာတရား၌လည်း ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် သုံးမျိုးလုံးရှိသည်ဟုလည်းကောင်း, ပျက်မှု = မရဏတရား၌လည်း ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် သုံးမျိုးလုံးရှိသည်ဟုလည်းကောင်း ခွင့်ပြုအပ်သကဲ့သို့ ဖြစ်နေ၏ ဟူလိုသည်။) ထို့ပြင်လည်း ယင်း ဇာတိ-ဇရာ-မရဏတရား အသီးအသီး၌ ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် အသီးအသီး ကိုယ်စီကိုယ်စီ ရှိသည်ဟုဆိုလျှင် ယင်း ဇာတိ-ဇရာ-မရဏတို့၏လည်း နိပ္ဖန္နရုပ်ဖြစ်သည်ဟု နိပ္ဖန္နရုပ်ဖြစ်မှုကိုလည်း ခွင့်ပြုအပ်သကဲ့သို့ ဖြစ်နေ၏။ ထို့ကြောင့် ထိုကဲ့သို့သော အပြစ်ဒေါသကို ရှောင်လွှဲခြင်းငှာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ —

ဇာတော ဘဝေါ ပစ္စုပ္ပန္နော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲဖြစ်သော = ပရမတ္ထ အထည်ကိုယ် အတ္တဘောကို ရဆဲဖြစ်သော ဘဝသည် ပစ္စုပ္ပန် မည်၏။ ထိုပစ္စုပ္ပန်ဖြစ်သော ဘဝ၏ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာသည် ဖြစ်ခြင်း = ဥဒယ မည်၏။ ဖောက်ပြန်ပျက်စီးခြင်းဟု

မှတ်အပ်သော သင်္ခတလက္ခဏာသည် ပျက်ခြင်း = ဝယ မည်၏။ ယင်း ဥဒယ-ဝယကို အဖန်တလဲလဲ ရှုတတ်သော ပညာသည် ဥဒယဗ္ဗယာနုပဿနာဉာဏ် မည်၏ — ဟု ဘဝအဆုံး ရှိသည်သာလျှင်ဖြစ်သော ဒေသနာတော်ကို ပြတော်မူအပ်ပေသည်။ (မဟာဋီ-၂-၄၂၀။)

ဇာတိဇရာမရဏဝန္တာနံယေဝ ဥဒယဗ္ဗယဿ ပရိဂ္ဂဟေတဗ္ဗတ္တာ ဇာတိဇရာမရဏာနံ ဥဒယဗ္ဗယာဘာဝတော ဇာတိဇရာမရဏံ အနာမသိတွာ **ဇာတံ စက္ခုံ ပ ။ ဇာတော ဘဝေါ**တိ ပေယျာလံ ကတံ။ (ပဋိသံ-ဋ-၁-၂၃၄။)

ရုပ်လောက၌ ဇာတိ-ဇရာ-မရဏဟူသည် ရုပ်အစစ်တို့၏ ဖြစ်မှု-တည်မှု-ပျက်မှု ဟု ခေါ်ဆိုအပ်သော ဥပစယ-သန္တတိ-ဇရတာ-အနိစ္စတာ ရုပ်တို့တည်း။ နာမ်တရားတို့၏ ဖြစ်မှု-တည်မှု-ပျက်မှုကိုလည်း ဇာတိ-ဇရာ-မရဏဟု ဆိုလိုသည်။ ပရမတ္ထသစ္စာတည်း။

ဇာတိ-ဇရာ-မရဏ = ဖြစ်-တည်-ပျက် ရှိကြကုန်သော သင်္ခတတရားတို့၏သာလျှင် ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယကို သိမ်းဆည်းအပ် သိမ်းဆည်းနိုင်သည်၏ အဖြစ်ကြောင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့တွင် ပါဝင်သော ဇာတိ-ဇရာ-မရဏတို့၏ ဥဒယ-ဝယ = ဖြစ်-ပျက် သဘော မရှိခြင်းကြောင့် (ဇာတိနှင့် ဥဒယကား တူ၏၊ ဝယနှင့် မရဏကား တူ၏။) ဇာတိ-ဇရာ-မရဏကို မသုံးသပ်မူ၍ — **ဇာတံ စက္ခုံ ပ။ ဇာတော ဘဝေါ** - ဟု ပေယျာလကို ပြုတော်မူသည်။ (ပဋိသံ-ဋ-၁-၂၃၄။)

ဤသို့ တိုင်အောင်သော စကားရပ်တို့ဖြင့် ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဝိပဿနာ ရှုပွားသုံးသပ်ရမည့် အရှုခံအာရုံတရားများကို စိစစ်တင်ပြ၍ ပြီးလေပြီ။ အကယ်၍ အသင်သူတော်ကောင်းသည် ပစ္စုပ္ပန်တရား သက်သက်ကိုသာ ပစ္စုပ္ပန်တရား တစ်မျိုးတည်းကိုသာ ဝိပဿနာရှုရမည် ဝိပဿနာရှုကောင်းသည်ဟု အစွဲသန် နေပါလျှင် အသင်သူတော်ကောင်းအဖို့ အဝိဇ္ဇာမှသည် ဘဝသို့ တိုင်အောင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို ပြည့်ပြည့်စုံစုံ စုံစုံလင်လင် ဝိပဿနာရှုရန် မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်တော့မည် မဟုတ်ပေ။ ဤပစ္စုပ္ပန် ဝိပါကဝဋ် တရားစု၏ အကြောင်းရင်းစစ် ဖြစ်သော အဝိဇ္ဇာ သင်္ခါရတို့မှာ အတိတ်ဘဝထိုထိုဝယ် ကမ္မဘဝကို ထူထောင်ခဲ့စဉ်က ဖြစ်ခဲ့သော အတိတ်ဘဝ၌ အကျုံးဝင်သော အတိတ်တရားစုတို့သာ ဖြစ်ကြ၏။ တစ်ဖန် ပစ္စုပ္ပန်တွင် ပြုစုပျိုး-ထောင်လိုက်သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ကြောင့် ဖြစ်ပေါ်လာမည့် ဥပပတ္တိဘဝ အမည်ရသော ဝိပါကဝဋ် ခန္ဓာတို့မှာလည်း အနာဂတ်ဘဝတွင် အကျုံးဝင်သော အနာဂတ် သင်္ခါရ တရားစုတို့သာ ဖြစ်ကြ၏။ ပစ္စုပ္ပန်ဘဝတွင် အကျုံးဝင်သော တရားစုတို့ကား မဟုတ်ကြပေ။ တစ်ဖန် ပစ္စုပ္ပန် ဝိပါကဝဋ်တွင် အကျုံးဝင်သော ဝိညာဏ်- နာမ်ရုပ်ဟူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့တွင် အရေးကြီးလှသော ပဋိသန္ဓေ ဝိညာဏ်-နာမ်ရုပ်တို့လည်း ပါဝင်လျက်ပင် ရှိကြ၏။ ထို ပဋိသန္ဓေ ဝိညာဏ်-နာမ်ရုပ်တို့မှာလည်း အချို့အချို့သော မျက်မှောက်ခေတ် ယောဂါဝစရပုဂ္ဂိုလ်တို့ လက်ခံယူဆထားသော ပစ္စုပ္ပန်တရားမျိုးကား မဟုတ်ပေ။ ပစ္စုပ္ပန် ပေါ်ဆဲပေါ်ဆဲ တရား-မျိုးကား မဟုတ်ပေ။ အမိဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေ တည်နေစက ဖြစ်ခဲ့ကြသော သင်္ခါရတရားစုတို့သာ ဖြစ်ကြ၏။ မုချအားဖြင့် ဆိုရမူ အတိတ်တရားစုတို့သာ ဖြစ်ကြ၏။ တစ်ဖန် ပစ္စုပ္ပန် သက်သက်ကိုသာ ဝိပဿနာ ရှုကောင်းပါသည်ဟု အစွဲသန်နေလျှင် —

အဝိဇ္ဇာသမုဒယာ ရူပသမုဒယော။ (ပဋိသံ-၅၄။)

အဝိဇ္ဇာဖြစ်ခြင်းကြောင့် (ကမ္မဇ)ရုပ် ဖြစ်၏။

ဤသို့စသော ဥဒယဗ္ဗယ အကျယ် ရှုပွားနည်းဟု ခေါ်ဆိုအပ်သော ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်ပျက် ရှုနည်းကိုလည်း မည်သည့်နည်းနှင့်မျှ ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ရှုနိုင်တော့မည်လည်း မဟုတ်ပေ။ ထို့ကြောင့် တရားစစ် တရားမှန်ကို လိုလား တောင့်-

တလျက် ရှိသော အသင်သူတော်ကောင်းသည် ဤအကြောင်းအရာများကို အထူး အလေးဂရုပြုကာ သတိထား သင့်လှပေသည်။

## ရှုပုံစနစ်

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဇာတံ ရူပံ ပစ္စုပ္ပန္နံ — ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူအပ်သော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နည်းကို အစဉ်မှီးသဖြင့် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သော ဖြစ်ဆဲဖြစ်သော နာမ်ရုပ်၏ စ၍ ဖြစ်ခြင်းဟု မှတ်အပ်သော သင်္ခတလက္ခဏာဖြစ်သော နိဗ္ဗတ္တိလက္ခဏာဟူသော ဖြစ်ခြင်း ဥပါဒ်ကို အသစ်ဖြစ်ပေါ်လာသော အခြင်းအရာကို ဥဒယ = ဖြစ်-ဟူ၍ အဖန်တလဲလဲ ရှု၏ = (လက္ခဏာယာဉ်ကို တင်ကာ အဖန်တလဲလဲ ရှု၏။) ဖောက်ပြန် ပျက်စီးခြင်း = ဝိပရိဏာမလက္ခဏာဟူ၍ မှတ်အပ်သော သင်္ခတလက္ခဏာဖြစ်သော ကုန်ခြင်း ချုပ်ခြင်း ပျက်ခြင်း ဘင်ကို ဝယ = ပျက်-ဟူ၍ လက္ခဏာယာဉ်ကို တင်ကာ အဖန်တလဲလဲ ဝိပဿနာရှု၏။ (ဝိသုဒ္ဓိ-၂-၂၆၆။)

ဤကဲ့သို့ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နေသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့သော အခြင်းအရာအားဖြင့် ကွဲကွဲပြားပြား သိ၏။

၁။ ဤနာမ်ရုပ်၏ ဖြစ်သည်မှ ရှေးအဖို့၌ မဖြစ်မီ ဖြစ်ဖို့ရန် အသင့်စောင့်ဆိုင်းနေသော အစုအပုံသည်လည်း-ကောင်း, အပေါင်းအစုသည်လည်းကောင်း မရှိပေ။ ပရမတ္ထဓမ္မသဘာဝလက္ခဏာဟူသော အထည်ကိုယ် အတ္တဘောကို မရရှိအပ်သေးသော တရား၏ အချင်းခပ်သိမ်း ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်တည်း။

၂။ ဖြစ်ဆဲ ဖြစ်နေသော နာမ်ရုပ်၏လည်း အသင့်ဖြစ်ရန် စောင့်ဆိုင်းနေသော အစုအပုံမှလည်းကောင်း အပေါင်းအစုမှလည်းကောင်း လာခြင်း မည်သည် မရှိပေ။

၃။ ချုပ်ဆဲဖြစ်သော နာမ်ရုပ်၏လည်း တူရူအရပ် အထောင့်အရပ်သို့ ကပ်ရောက်ခြင်း သွားခြင်းမည်သည် မရှိ။

၄။ ချုပ်ပြီးသော ရုပ်နာမ်၏လည်း တစ်ခုသော နေရာဌာန၌ အစုအပုံအားဖြင့်လည်းကောင်း အပေါင်းအစု အားဖြင့်လည်းကောင်း တည်နေခြင်း မည်သည် မရှိ။

ထိုစကားကို ထင်ရှားစေအံ့။ တီးအပ်သော စောင်းမှ ဖြစ်ပေါ်လာသော အသံ၏ အသံဖြစ်သည်မှ ရှေး၌ အသံမဖြစ်မီ တစ်နေရာ၌ စုဝေးနေသော အပေါင်းအစု အစိုင်အခဲသည် မရှိသာ ဖြစ်ခဲ့၏။ ဖြစ်ဆဲဖြစ်သော အသံသည်လည်း တစ်ခုသော အစိုင်အခဲ အပေါင်းအစုမှ ရောက်ရှိလာသည်လည်း မဟုတ်။ ချုပ်ဆဲဖြစ်သော အသံ၏လည်း တူရူအရပ် အထောင့်အရပ်သို့ သွားရောက်ခြင်း ကပ်ရောက်ခြင်းမည်သည် မရှိပေ။ ချုပ်ပြီးသော အသံသည်လည်း ချုပ်ပြီးနောက် တစ်စုံတစ်ခုသော အရပ်ဌာန၌ ပေါင်းစုစည်းဝေး၍ မတည်။ စင်စစ်သော်ကား စောင်းကိုလည်းကောင်း စောင်းကြိုက်သားရေကိုလည်းကောင်း စောင်းသမား၏ ထိုအသံဖြစ်ခြင်းအား လျော်က်-ပတ်သော စောင်းတီးခြင်း လုံ့လကိုလည်းကောင်း အစွဲပြု၍ ရှေးက မရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီး၍လည်း အရှည်မတည် ချက်တစ်ဖြုတ် ချုပ်ပျောက်ပျက်စီးသကဲ့သို့ ဤဥပမာတူ – ခပ်သိမ်းကုန်သော ရုပ်-နာမ်ဓမ္မ သင်္ခါရတရား မှန်သမျှတို့သည်လည်း ရှေးက မရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာကြကုန်၏၊ (ဟေတုအကြောင်း ပစ္စယအကြောင်းဟူသော အကြောင်းတရားတို့ ညီညွတ်ကြသည် ရှိသော် ဥပါဒ်အားဖြင့် ထင်ရှား ဖြစ်ပေါ်လာကြကုန်၏ ဟူလို။) ဖြစ်ပြီး၍လည်း အရှည်မတည် ချက်တစ်ဖြုတ် ချုပ်ပျောက် ပျက်စီးကြကုန်၏။ — ဤသို့ ကွဲကွဲပြားပြား သိ၏။ (ဝိသုဒ္ဓိ-၂-၂၆၆။)

ဤဖွင့်ဆိုချက်များနှင့် အညီ အသင်သူတော်ကောင်းသည် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော သင်္ခါရ တရားတို့ကို —

၁။ ရုပ်-နာမ် နှစ်ပါးနည်းဖြင့် (၂)ပုံ ပုံ၍ ဖြစ်စေ,

၂။ ခန္ဓာ (၅)ပါးနည်းဖြင့် (၅)ပုံ ပုံ၍ ဖြစ်စေ,

၃။ အာယတန (၁၂)ပါးနည်းဖြင့် (၁၂)ပုံ ပုံ၍ ဖြစ်စေ,

၄။ ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)ပုံ ပုံ၍ ဖြစ်စေ,

၅။ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အဝိဇ္ဇာမှသည် ဘဝသို့တိုင်အောင်သော အင်္ဂါရပ်တို့ကို (၁၀)ပုံ ပုံ၍ ဖြစ်စေ —

ဤသို့ စသော နည်းဖြင့် ယင်းသင်္ခါရတရားတို့ကို, ယင်းတို့၏ ဖြစ်မှု-ပျက်မှု = ဥဒယ-ဝယသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပါ။ မိမိ ဝိပဿနာ ရှုလိုက်သော သင်္ခါရတရား၏ ဖြစ်-ပျက် = ဥဒယ-ဝယကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် မြင်နေပါစေ။

## လက္ခဏာယာဉ်ကို တင်ပါ

အထက်တွင် တင်ပြထားသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (၂-၂၆၆) ၌ သင်္ခတလက္ခဏာ ရှိကြကုန်သော ရုပ်-နာမ်တို့၏ ဥပါဒ်စွန်း ဘင်စွန်းကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ **ဥဒယဟု, ဝယဟု = ဖြစ်–ပျက်**ဟု ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူ၏။ ထိုသို့ "ဖြစ်-ပျက်"ဟု ရှုရန် ညွှန်ကြားထားတော်မူသဖြင့် ယင်းသင်္ခါရ တရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာယာဉ်တင်၍ ဝိပဿနာ မရှုရတော့ပြီလောဟု မေးရန်ရှိ၏။ အဖြေကား ဤသို့တည်း။ —

အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ။ (ပဋိသံ-၂၉၁။ ဝိသုဒ္ဓိ-၂-၂၆၉။)

သင်္ခါရတရားတို့ကို အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု နှလုံးသွင်းနေသော ဝိပဿနာ ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဩဘာသ = အရောင်အလင်းနှင့်တကွ ပီတိ ပဿဒ္ဓိစသော ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသတရားများသည် ဖြစ်ပေါ်လာတတ်ကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (၂၉၁)ကို ကိုးကား၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ဖွင့်ဆိုထားတော်မူ၏၊ ဤဖွင့်ဆိုချက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ် သည် ဤ ဥဒယဗ္ဗယဉာဏ်ပိုင်း၌ သင်္ခါရတရားတို့၏ ဖြစ်-ပျက်ကိုလည်း မြင်ရမည်၊ ယင်းသင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) လက္ခဏာယာဉ်ကိုလည်း တင်၍ ဝိပဿနာ ရှုရမည်ဟု မှတ်သားပါ။

သမ္မသနဉာဏဿ။ ပ ။ ပါဠိံ ဂန္ဓာ ဌိတေန အနိစ္စာဒိတော ဒိဋ္ဌေ သင်္ခါရေ ဥဒယဗ္ဗယေန ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ဝိပဿနတ္ထံ . . . (ပဋိသံ-ဋ္ဌ-၁-၂၃၄။)

သမ္မသနဉာဏ်၏ ကမ်းတစ်ဘက်သို့ ရောက်၍ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် သမ္မသနဉာဏ်-ဖြင့် အနိစ္စစသောအားဖြင့် ရှုမြင်အပ်ပြီးသော သင်္ခါရတရားတို့ကိုပင် ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား၍ အနိစ္စ စသောအားဖြင့် ဝိပဿနာရှုခြင်းငှာ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဤဥဒယဗ္ဗယဉာဏ်ကို ဆက်လက်၍ ဟောကြား ထားတော်မူကြောင်းကို အထက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကလည်း ဖွင့်ဆိုထားတော်မူ၏။ ဤဖွင့်ဆိုချက်နှင့် အညီ သမ္မသနဉာဏ်ပိုင်း၌ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) လက္ခဏာယာဉ်ကို တင်ကာ ဝိပ-ဿနာ ရှုရသကဲ့သို့ အလားတူပင် ဤဥဒယဗ္ဗယဉာဏ်ပိုင်း၌လည်း ယင်းသင်္ခါရတရားတို့ကိုပင် အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုရမည်သာ ဖြစ်သည်။

တစ်ဖန် ဝုဋ္ဌာနဂါမိနိဝိပဿနာ အမျိုးမျိုးတို့ကို ဖွင့်ဆိုရာ အပိုင်း (အဘိ-ဌ-၁-၂၇၀-၂၇၁။ ဝိသုဒ္ဓိ-၂-၃၀၀-၃၀၁။)တွင်လည်း သင်္ခါရတရားတို့ကို အနိစ္စဟု ရှုခိုက် မဂ်ဆိုက်သည်လည်း ရှိ၏ဟုလည်းကောင်း, ဒုက္ခဟု ရှုခိုက် မဂ်ဆိုက်သည်လည်းရှိ၏ဟုလည်းကောင်း, အနတ္တဟု ရှုခိုက် မဂ်ဆိုက်သည်လည်း ရှိ၏ဟုလည်းကောင်း ဖွင့်ဆိုထား၏။ ယင်းသို့ ဖွင့်ဆိုထားသဖြင့် သင်္ခါရတရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုမှုမှာ ဝုဋ္ဌာနဂါမိနိဝိပဿနာသို့တိုင်အောင် တည်ရှိနေ၏ဟု မှတ်ပါ။ သို့သော် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့တိုင်အောင်ဟူသော စကားရပ်၌ ဝုဋ္ဌာနဂါမိနီဝိပဿနာ မပါဝင်ဟု မှတ်ပါ၊ အကြောင်းမူ ဝုဋ္ဌာနဂါမိနီ ဝိပဿနာအမည်ရသော အနုလောမဉာဏ်သို့တိုင်အောင်သော လောကီဝိပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့ဟုတ် အနတ္တအခြင်းအရာကိုသာ မြင်၏၊ ယင်းသင်္ခါရတရား-တို့ကို အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု လက္ခဏာယာဉ်ကို မတင်ပေ၊ ထင်ရှားသာ ထင်၍ မတင်ဟူလိုသည်။

ထို့ကြောင့် ဤဥဒယဗ္ဗယဉာဏ်ပိုင်းတွင်လည်း သင်္ခါရတရားတို့ကို **"ဖြစ်–ပျက်"**ဟု ရှုနေရုံမျှဖြင့် လိုရင်းကိစ္စ မပြီးစီးနိုင်သေး၊ ယင်းဖြစ်-ပျက်၏ နောက်မှ ယင်းသင်္ခါရတရားတို့၏ ဖြစ်-ပျက်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း, လက္ခဏာရေး သုံးတန်ကို တစ်လှည့်စီတင်ကာ ဝိပဿနာရှုပါမှသာလျှင် လိုရင်းကိစ္စ ပြီးစီးနိုင်သည်။ အရိယမဂ်သို့ ဆိုက်ရောက်-နိုင်မည်ဟု သန္နိဋ္ဌာန်ကျ မုချပုံသေ မှတ်သားနာယူလေရာသည်။

ထိုသို့ သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုရာ၌ ယင်းသင်္ခါရတရားတို့၏ ဖြစ်ပျက်ကို ဉာဏ်ဖြင့် အလွန့်အလွန် လျင်လျင်မြန်မြန် မြင်အောင် ကြိုးစားပါ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော မည်သည့်သင်္ခါရတရားကို မဆို ဝိပဿနာရှုရာ၌ ထိုသင်္ခါရတရား၏ ဖြစ်မှုပျက်မှုကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သန္တတိပစ္စုပ္ပန်မှသည် ခဏ ပစ္စုပ္ပန်သို့ ဆိုက်သည့်တိုင်အောင် ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ၊ သင်္ခါရတရားတို့၏ ဖြစ်-ပျက်မှာ အလွန့်အလွန် လျင်မြန်သော်လည်း အလွန့်အလွန်များပြား သော်လည်း အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာရှုမှုမှာ ခပ်ဖြည်းဖြည်းသာ ရှုပါ။

သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကား အလွန်လျင်မြန်လှ၏၊ မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်, လက်ဖျစ် တစ်တွက်ဟု ခေါ်ဆိုအပ်သော အလွန့်အလွန် တိုတောင်းသော အချိန်ကာလအတွင်း၌ပင် ကုဋေထောင်ပေါင်း များစွာသော ကုဋေသောင်းပေါင်းများစွာသော သင်္ခါရတရားတို့သည် ဖြစ်ပြီးလျှင် ပျက်သွားကြ၏၊ ထိုမျှ တိုတောင်း-လှသော အချိန်ကာလအတွင်း၌ ထိုမျှ များပြားစွာ ထိုမျှ လျင်မြန်စွာ ဖြစ်ပျက်သွားကြသော သင်္ခါရတရားတိုင်း၌ ကုဋေပေါင်းထောင်နှင့် သောင်းနှင့်ချီ၍ လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ မရှုနိုင်ပေ၊ ထို့ကြောင့် အသင်သူ-တော်ကောင်း၏ဝိပဿနာဉာဏ်တွင် သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုမှာ လျင်မြန်နိုင်သလောက် လျင်မြန်နေပါစေ၊ ခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင် ဆိုက်နေပါစေ၊ အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုမှုကိုကား ခပ်ဖြည်းဖြည်း ခပ်အေးအေးသာ ရှုပါ၊ သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှု မြန်သ-လောက် လက္ခဏာယာဉ်ကိုလည်း ခပ်မြန်မြန်ပင် လိုက်၍ တင်နေပါက ကြာလျှင် မောပန်းသွားတတ်ပေသည်၊ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း တစ်တန်းပြီး တစ်တန်း အတန်းလိုက် ရှုပါ။

သမ္မသနဉာဏ်ပိုင်းတွင် ဝိပဿနာရှုသည့်ပုံစံအတိုင်းပင် ဤဥဒယဗ္ဗယဉာဏ်ပိုင်း၌လည်း —

၁။ ရံခါ အဇ္ဈတ္တ ရုပ်တရားကို,
၂။ ရံခါ ဗဟိဒ္ဓ ရုပ်တရားကို,
၃။ ရံခါ အဇ္ဈတ္တ နာမ်တရားကို,
၄။ ရံခါ ဗဟိဒ္ဓ နာမ်တရားကို,

တစ်လှည့်စီ လှည့်လည်၍ လက္ခဏာယာဉ်သုံးတန်ကိုလည်း တစ်လှည့်စီတင်ကာ ဝိပဿနာရှုပါ၊ ဝိပဿနာဉာဏ်များသည် အလွန်ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာသောအခါ ယင်းဝိပဿနာဉာဏ်ဝယ် သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုတို့သည် အလွန်လျင်လျင်မြန်မြန် ထင်လာပေမည်၊ ဝိပဿနာဉာဏ်က ထက်မြက်စူးရှ၍ လျင်မြန်လာသောအခါ သန့်ရှင်းလာသောအခါ ရုပ်-နာမ်တို့၏ အဖြစ်အပျက်ကို သန္တတိပစ္စုပ္ပန်မှသည် ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှင်းရှင်းလင်းလင်း ကျေကျေနပ်နပ် တွေ့ရှိလာမည် ဖြစ်ပေသည်၊ ထိုသို့တွေ့ရှိခဲ့သော် ရုပ်နှင့်နာမ်ကို တွဲ၍ (နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြထားခဲ့သည့်အတိုင်း ရုပ်နာမ်ကို ပူးတွဲသိမ်းဆည်းခဲ့သည့်အတိုင်း) ယင်းရုပ်-နာမ်ဓမ္မ သင်္ခါရတရားတို့၏ အဖြစ် အပျက်ကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ၊ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ၊ ဗဟိဒ္ဓကို ရှုရာ၌ အနီးမှသည် အဝေးသို့တိုင်အောင် တစ်စတစ်စ တိုးချဲ့၍ (၃၁) ဘုံကို သို့မဟုတ် စွမ်းနိုင်ပါက (၃၁)ဘုံပေါင်းများစွာကို ခြုံငုံ၍ ဝိပဿနာရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ကြိမ်ဖန် များစွာ ထပ်ကာ ထပ်ကာ ရှုပွားသုံးသပ်ခဲ့သော် ဝိပဿနာဉာဏ်သည်လည်း အထူးသဖြင့် ထက်မြက်စူးရှလာတတ်၏၊ ရဲရင့်လာတတ်၏၊ သန့်ရှင်းလာတတ်၏။

ပစ္စုပ္ပန်သင်္ခါရတရားတို့ကို ဝိပဿနာရှုရာ၌ ဝိပဿနာဉာဏ်သည် အလွန် သွက်လက်လာ၍ သင်္ခါရတရားတို့၏ ခဏပစ္စုပ္ပန်သို့ ဉာဏ်အမြင် ဆိုက်သည့်တိုင်အောင် အထူးသဖြင့် ထက်မြက်စူးရှ ရဲရင့်လျက် အလွန်သန့်ရှင်းလာသောအခါ အတိတ် အနာဂတ် သင်္ခါရတရားတို့၌လည်း နည်းကိုဆောင်၍ နည်းတူပင် ရှုပါ။ ထိုသို့ရှုရာ၌ အသင်သူတော်ကောင်းသည် အကယ်၍ အတိတ်ဘဝ ငါးဘဝသို့ တိုင်အောင် ရုပ်-နာမ်-ကြောင်း-ကျိုး = သင်္ခါရတရားတို့ကို သိမ်းဆည်းထားခဲ့သည် ဖြစ်အံ့ —

၁။ ပဉ္စမအတိတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၂။ စတုတ္ထအတိတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၃။ တတိယအတိတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၄။ ဒုတိယအတိတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၅။ ပထမအတိတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၆။ ပစ္စုပ္ပန် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၇။ ပထမအနာဂတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,
၈။ (ရှိခဲ့သော်) ဒုတိယအနာဂတ် ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်,

ဤသို့စသည်ဖြင့် မိမိသိမ်းဆည်းထားသော အစွန်ဆုံး အတိတ်ဘဝမှသည် အနာဂတ်ဆုံးသည်အထိ — ဤ အတိတ်-ပစ္စုပ္ပန်-အနာဂတ်ဟူသော ကာလသုံးပါး အတွင်း၌ တည်ရှိသော အဇ္ဈတ္တ-ဗဟိဒ္ဓ သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော —

၁။ ရုပ်တရား သက်သက်ကိုလည်းကောင်း,
၂။ နာမ်တရား သက်သက်ကိုလည်းကောင်း,
၃။ ရုပ်နှင့်နာမ်ကို တွဲ၍လည်းကောင်း —

ပေါင်းစုခြုံငုံ၍ ယင်းသင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုကို = ဥပါဒ်စွန်း ဘင်စွန်းကို မြင်အောင်ကြည့်၍—

၁။ ရံခါ အနိစ္စဟုလည်းကောင်း,

၂။ ရံခါ ဒုက္ခဟုလည်းကောင်း,

၃။ ရံခါ အနတ္တဟုလည်းကောင်း —

ဤသို့ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်၍ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဝိပဿနာရှုပါ။ ထိုသို့ ရှုရာ၌ ရုပ်ကလာပ်တို့၏ ဖြစ်မှု ပျက်မှုကို အာရုံမယူပါနှင့်၊ ယင်းရုပ်ကလာပ်တို့၏ အတွင်း၌ တည်ရှိသော ရုပ်ပရမတ်တရားတို့ကိုသာ အာရုံယူ၍ ဝိပဿနာရှုပါ၊ နာမ်ပရမတ်တရားတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ ဥပမာ – ပဉ္စဒွါရာဝဇ္ဇန်း စိတ္တက္ခဏအခိုက်၌ - ရူပါရုံနှင့် ဟဒယဝတ္ထုနှင့်တကွသော (၅၄) မျိုးသော ရုပ်တို့လည်း ဖြစ်-ပျက်, ပဉ္စဒွါရာဝဇ္ဇန်း နာမ်တရား (၁၁)လုံးလည်း ဖြစ်-ပျက် အနိစ္စဟု ဤသို့စသည်ဖြင့် ရုပ်နှင့်နာမ် အစုံလိုက် အစုံလိုက် ဖြစ်ပျက်မှုကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပါ။ ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၌ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ် အမြင် သန့်ရှင်းခဲ့သော် သမ္မသနဉာဏ်မှ ဥဒယဗ္ဗယနယ်ထဲသို့ ဝင်ရောက်လာပြီ ဖြစ်ပေသည်။ သို့သော် ဝီထိ စိတ္တက္ခဏတို့၌လည်းကောင်း, ဝီထိမုတ်စိတ် စိတ္တက္ခဏတို့၌လည်းကောင်း, ရုပ်တရားတို့၌လည်းကောင်း ခဏ ပစ္စုပ္ပန်သို့ ဆိုက်အောင် ဉာဏ်အမြင် သန့်ရှင်းမှု ရှိမရှိကို အထူး အလေးဂရုပြု၍ ကြိမ်ဖန်များစွာ ဝိပဿနာရှုလျက် ဆန်းစစ်ပါ။

ရုပ်နာမ် နှစ်ပါးနည်းဖြင့် ရှု၍ အားရကျေနပ်မှုကို ရရှိသောအခါ —

၁။ ခန္ဓာငါးပါး နည်းဖြင့်လည်းကောင်း,

၂။ အာယတန (၁၂)ပါး နည်းဖြင့်လည်းကောင်း,

၃။ ဓာတ် (၁၈)ပါး နည်းဖြင့်လည်းကောင်း,

၄။ ပဋိစ္စသမုပ္ပါဒ် ပထမနည်းဖြင့် ကြောင်းကျိုးစပ်လျက် ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို အဝိဇ္ဇာမှသည် ဘဝသို့ တိုင်အောင် (၁၀) ပုံ ပုံ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်းကောင်း —

ဆက်လက်၍ ဝိပဿနာရှုကြည့်ပါ၊ တစ်ဖန် ရှေးသမ္မသနဉာဏ်ပိုင်းတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း-

၁။ ဝတ္ထု + အာရုံ + ဝေဒနာ = (ဝေဒနာနုပဿနာ)

၂။ ဝတ္ထု + အာရုံ + ဝိညာဏ် = (စိတ္တာနုပဿနာ)

၃။ ဝတ္ထု + အာရုံ + ဖဿ = (ဓမ္မာနုပဿနာ)

ဤ ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ ရှုကွက်တို့ကိုလည်း ဆက်လက်၍ ဝိပဿနာရှုပါ။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကို ဝိပဿနာရှုရာ၌ —

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏၊
အဝိဇ္ဇာလည်း ဖြစ်-ပျက် — အနိစ္စ,
သင်္ခါရလည်း ဖြစ်-ပျက် — အနိစ္စ,

ဤသို့ လက္ခဏာယာဉ်ကို တင်၍ ဝိပဿနာရှုပါ၊ ဒုက္ခ-အနတ္တတို့ကိုလည်း နည်းတူရှုပါ။ ထိုသို့ ရှုရာ၌ အဝိဇ္ဇာဦးဆောင်သည့် မနောဒွါရိကဇောဝီထိ, ကုသိုလ်စေတနာ စေတသိက်သင်္ခါရ ဦးဆောင်သည့် မနောဒွါရိက ဇောဝီထိတို့ကို ယန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် အဝိဇ္ဇာနှင့် တကွသော ပရမတ်တရား, သင်္ခါရနှင့်တကွသော ပရမတ်တရားတို့ကို သိမ်းဆည်းလျက် လက္ခဏာ-

ယာဉ်ကို တင်ကာ ဝိပဿနာရှုပါ။ ဘဝ၌ ကမ္မဘဝ, ဥပပတ္တိဘဝဟု ဘဝနှစ်မျိုးရှိရာ ဥပပတ္တိဘဝ၏ တရားကိုယ်ဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကား ဝိပဿနာ ရှုကောင်းသော တရားများပင် ဖြစ်ကြ၏။ ဇာတိကို ထပ်၍ ဝိပဿနာ မရှုကောင်းသော်လည်း ဇာတိ၏ တရားကိုယ်ဖြစ်သော ဥပပတ္တိဘဝအမည်ရသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကား ဝိပဿနာ ရှုကောင်းသည်သာ ဖြစ်သည်၊ ထိုကြောင့် ဤဥဒယဗ္ဗယဉာဏ်ပိုင်း၌ ဘဝကိုပါ ထည့်သွင်း၍ ဝိပဿနာရှုရန် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (၅၂)၌ ညွှန်ကြားထားတော်မူခြင်းပင် ဖြစ်ပေသည်။

ဤသို့လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ရုပ်နာမ်နှစ်ပါး = ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး သုံးတန်ကို တစ်လှည့်စီ တင်၍ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်သည်တိုင်အောင် အသင်သူတော်ကောင်းသည် ကျေကျေနပ်နပ်ကြီး ဝိပဿနာ ရှုပွားသုံးသပ်နိုင်ခဲ့သော် အောက်ပါ အနတ္တလက္ခဏသုတ္တန်၌ လာရှိသော ဝိပဿနာရှုကွက်ကို အကျေနပ်ကြီး ကျေနပ်၍ သဘောအကျကြီး ကျနိုင်မည် ဖြစ်ပေသည်၊ ဘုရားရှင်၏ အပေါ်၌လည်းကောင်း ပဉ္စဝဂ္ဂီငါးဦး အစဖြာသည့် ရှေးရှေး အရိယာသူတော်ကောင်းကြီးတို့၏ အပေါ်၌လည်းကောင်း အကြည်ညိုကြီး ကြည်ညိုနိုင်ပြီလည်း ဖြစ်နိုင်ပေသည်။

တသ္မာ တိဟ ဘိက္ခဝေ . . .

၁။ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၂။ ယာ ကာစိ ဝေဒနာ။ ပ ။

၃။ ယာ ကာစိ သညာ။ ပ ။

၄။ ယေ ကေစိ သင်္ခါရာ။ ပ ။

၅။ ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ-၂-၅၆။)

ရဟန်းတို့ . . . ထိုသို့ ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အနိစ္စ-ဒုက္ခ-အနတ္တတို့သာ ဖြစ်၍ နေခြင်းကြောင့် ဤ သာသနာတော်မြတ် အတွင်း၌ သင်တို့သည် —

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်းဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ရုန့်ရင်းကြမ်းတမ်းသော ဩဠာရိကမူလည်း ဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း, ဝေးသော ဒူရမူလည်းဖြစ်သော နီးသော သန္တိကမူလည်းဖြစ်သော အလုံးစုံသော ရုပ်တရားသည်လည်းကောင်း ရှိချေ၏။ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အလုံးစုံသော ရုပ်တရားကို "ဤရုပ်တရားသည် ငါ့ဟာ မဟုတ်၊ ဤရုပ်တရားသည် ငါ မဟုတ်၊ ဤရုပ်တရားသည် ငါ၏အတ္တ မဟုတ်"ဟု ဤသို့လျှင် ဤရုပ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုပါ။

၂။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ဝေဒနာ။ ပ ။

၃။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော သညာ။ ပ ။

၄။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော သင်္ခါရ။ ပ ။

၅။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော ဝိညာဏ်တရားသည်လည်းကောင်း, အဇ္ဈတ္တမူလည်း ဖြစ်သော ဗဟိဒ္ဓမူလည်းဖြစ်သော အလုံးစုံသော ဝိညာဏ်တရားသည်လည်းကောင်း, ရုန့်ရင်း ကြမ်းတမ်း-သော ဩဠာရိကမူလည်းဖြစ်သော သိမ်မွေ့နူးညံ့သော သုခုမမူလည်းဖြစ်သော ဝိညာဏ်တရားသည် လည်းကောင်း, ယုတ်ညံ့သော ဟီနမူလည်းဖြစ်သော မွန်မြတ်သော ပဏီတမူလည်းဖြစ်သော အလုံးစုံသော ဝိညာဏ်တရားသည်လည်းကောင်း, ဝေးသော ဒူရမူလည်းဖြစ်သော နီးသော သန္တိကမူလည်းဖြစ်သော အလုံးစုံသော ဝိညာဏ်တရားသည်လည်းကောင်း ရှိချေ၏။ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေ-သော အလုံးစုံသော ဝိညာဏ်တရားကို "ဤဝိညာဏ်တရားသည် ငါ့ဟာ မဟုတ်၊ ဤဝိညာဏ်တရားသည် ငါ မဟုတ်၊ ဤဝိညာဏ်တရားသည် ငါ၏အတ္တ မဟုတ်" ဟု ဤသို့လျှင် ဤဝိညာဏ်တရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဖြင့် ရှုပါ။ (သံ-၂-၅၆ — အနတ္တလက္ခဏသုတ္တန်။)

**[မှတ်ချက် —** ဤ၌ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ = ဤရုပ်တရားသည် ငါ့ဟာ မဟုတ်၊ ဤရုပ်တရားသည် ငါ မဟုတ်၊ ဤရုပ်တရားသည် ငါ၏အတ္တ မဟုတ်"ဟု ရှုပါဆိုသည်နှင့် ဤ (၁၁)မျိုး-သော အခြင်းအရာအားဖြင့် တည်နေသော ရုပ်တရားကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှုပါဆိုသည်မှာ အတူတူပင် ဖြစ်သည်ဟု မှတ်ပါ။ ခန္ဓာငါးပါးလုံး၌ နည်းတူ သဘောပေါက်ပါ။ (မ-ဋ္ဌ-၄-၂၇၂-ကြည့်ပါ။)]

## တူညီပုံကို ဤသို့ သဘောပေါက်ပါ

သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရမှုသဘောကို အာရုံယူ၍ ဒုက္ခဟု လက္ခဏာယာဉ် တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုခဲ့သော် ယင်းသင်္ခါရတရားတို့၏ ခဏ ပစ္စုပ္ပန်သို့ ဆိုက်အောင် ဖြစ်ခြင်းပျက်ခြင်း ဒုက္ခဒဏ်ချက်ဖြင့် အနှိပ်စက်ခံနေရမှု ဒုက္ခသဘောကို ကွက်ကွက် ကွင်းကွင်း ရှင်းရှင်းလင်းလင်း ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်-နေပါက ထိုသင်္ခါရတရားတို့အပေါ်၌ "ငါ့ဟာ-ငါ့ဟာ"ဟု စွဲယူတတ်သော တဏှာစွဲသည် စွဲယူဖို့ရန် အခွင့်-အလမ်းကို မရနိုင်တော့ပြီ၊ ထို့ကြောင့် သင်္ခါရတရားတို့ကို ဒုက္ခဟု ရှုခြင်းနှင့် "ငါ့ဟာ မဟုတ်"ဟု ရှုခြင်းသည် တူညီလျက် ရှိ၏။

တစ်ဖန် ယင်းသင်္ခါရတရားတို့ကိုပင် ယင်းတို့၏ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ဖြစ်မှု ပျက်မှုကို ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော် ခဏမစဲ တသဲသဲ ပြိုပြိုပျက်ပျက်နေသော သင်္ခါရတရားတို့၌ "ဤသင်္ခါရတရားက ငါပဲ၊ ဤသင်္ခါရတရားက သူပဲ" စသည်ဖြင့် စွဲယူဖို့ရန် အခွင့်အလမ်းကိုပင် စွဲယူဖို့ရန် အချိန်ကိုပင် မရရှိနိုင်တော့ပေ၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်ဟူသော အချိန်ကာလကို ကုဋေထောင်ပေါင်းများစွာ ပုံခဲ့သော် သို့မဟုတ် ကုဋေသိန်းနှင့် ချီ၍ ပုံခဲ့သော် တစ်ပုံခန့်သာ သက်တမ်းရှိသောကြောင့် ဖြစ်၏၊ ထို့ကြောင့် အနိစ္စဟု ရှုခြင်းနှင့် "ငါ မဟုတ်"ဟု ရှုခြင်းသည် တူညီလျက် ရှိ၏။

တစ်ဖန် ယင်းသင်္ခါရတရားတို့၌ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမရှိမှု သဘောကို အာရုံယူ၍ အနတ္တဟု လက္ခဏာယာဉ်ကို တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုခဲ့သော် ယင်းသင်္ခါရတရားတို့၌ အတ္တမရှိမှု အနတ္တသဘောကို ကျေကျေနပ်နပ်ကြီး လက်ခံနိုင်မည်ဖြစ်၏၊ ထိုအခါ ယင်း သင်္ခါရတရားတို့၌ အတ္တဟု စွဲနေသော အတ္တစွဲသည် ခြေကုတ်ယူ၍ မရရှိနိုင်တော့ပေ၊ အကြောင်းမူ ရုပ်တရားတို့၏

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် တစ်စက္ကန့်ဟူသော အချိန်ကာလကို ကုဋေငါးထောင်ခန့် ပုံလျှင် တစ်ပုံခန့်လောက်သာ သက်တမ်းရှိမှုကိုသော်လည်းကောင်း, နာမ်တရားတို့၏ ယင်းကဲ့သို့သော အချိန် ကာလကိုပင် ကုဋေတစ်သိန်းခန့် ပုံလျှင် တစ်ပုံခန့်လောက်သာ သက်တမ်းရှိမှုကိုသော်လည်းကောင်း ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်နေသည့်အတွက် ထိုရုပ်နာမ်ဓမ္မသင်္ခါရတရား- တို့၌ "ဤတရားကား ခိုင်မာသည့် အနှစ်သာရ အတ္တတည်း"ဟု စွဲယူဖို့ရန် အခွင့်အလမ်းသည် အဘယ်မှာလျှင် ထောက်ရာ တည်ရာကို ရရှိနိုင်တော့အံ့နည်း၊ ထိုကြောင့် အနတ္တဟု ရှုခြင်းနှင့် "ငါ၏အတ္တ မဟုတ်"ဟု ရှုခြင်းသည် တူညီလျက် ရှိ၏။

## မြတ်သောအသက်ရှင်ခြင်း

ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော အထက်ပါ ဥပါဒါနက္ခန္ဓာငါးပါးကို ခန္ဓာတစ်ပါး တစ်ပါး၌ အနိစ္စလက္ခဏာတစ်လှည့် ဒုက္ခလက္ခဏာတစ်လှည့် အနတ္တလက္ခဏာတစ်လှည့် ဤသို့ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာရှုပွားသုံးသပ်ရသော ဘာဝနာကျင့်စဉ်လမ်းသည် ဘုရားအစရှိသော ပဉ္စဝဂ္ဂီငါးဦး အမျုးရှိသော ရှေးရှေး အရိယာသူတော်ကောင်းတို့၏ နိဗ္ဗာန်သို့ ကြွသွားတော်မူရာ တစ်ကြောင်း တည်းသော လမ်းရိုးလမ်းဟောင်းကြီးသာ ဖြစ်၏။ အသင်သူတော်ကောင်းသည်လည်း ဘုရားရှင်ဆိုလိုသည့် အစစ် အမှန် နိဗ္ဗာန်တရားတော်မြတ်ကြီးကို တကယ်တမ်း လိုလားတောင့်တသည် ဖြစ်ငြားအံ့၊ ထိုလမ်းရိုးလမ်းဟောင်းကြီး အတိုင်းသာ ဣန္ဒြေရရ ဂုဏ်သိက္ခာရှိရှိဖြင့် ပိပိရိရိ ငြိမ်ငြိမ်သက်သက် လျှောက်သွားရမည်သာ ဖြစ်သည်၊ အကြောင်းမူ နိဗ္ဗာန်သို့ သွားရာ လမ်းကြောင်းမှာ နှစ်ကြောင်းမရှိ တစ်ကြောင်းတည်းသာ ရှိသောကြောင့် ဖြစ်၏။

> ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
> ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ (ဓမ္မပဒ-၃၀။)

ယော စ = အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ = ခန္ဓာငါးပါး = ရုပ်-နာမ်တရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယ သဘောကို။ အပဿံ = အပဿန္တော = ဝိပဿနာပညာ မဂ်ပညာဖြင့် မသိမမြင်ဘဲ။ ဝဿသတံ = နှစ်ပေါင်း (၁၀၀) ကာလကြာအောင်။ စေ ဇီဝေ = အကယ်၍ အသက်ရှင်ငြားအံ့။ တဿ = ထိုပုဂ္ဂိုလ်၏။ တံ ဇီဝိတံ = ထိုသို့ အသက်ရှည်ခြင်းသည်။ န သေယျော = မမြတ်သည်သာတည်း။

ယော စ = အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ = ခန္ဓာငါးပါး = ရုပ်-နာမ်တရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယသဘောကို။ ပဿတိ = ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်၏။ ဥဒယဗ္ဗယံ = ခန္ဓာငါးပါး = ရုပ်- နာမ်တရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယသဘောကို။ ပဿတော = ဝိပဿနာပညာ မဂ်ပညာဖြင့် သိမြင်သော။ တဿ = ထိုပုဂ္ဂိုလ်၏။ ဧကာဟံ = တစ်နေ့ တစ်ရက် တစ်နံနက်မျှ။ ဇီဝိတံ = အသက်ရှင်ရခြင်းသည်။ သေယျော = မြတ်လှပါပေ၏။ (ဓမ္မပဒ-၃၀။ ဂါထာနံပါတ်-၁၁၃။)

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယသဘောကို ဝိပဿနာပညာ သို့မဟုတ် အရိယမဂ်ပညာဖြင့် မသိမမြင်သော သူ၏ နှစ်ပေါင်း (၁၀၀) ကာလကြာအောင် အသက်ရှင်ရခြင်းကား မမြတ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း = ဥဒယ-ဝယ-သဘောကို ဝိပဿနာပညာ သို့မဟုတ် အရိယမဂ် ပညာဖြင့် သိမြင်သောသူ၏ တစ်နေ့တစ်ရက် တစ်နံနက်မျှ အသက်ရှင်ရခြင်းကသာ မြတ်၏၊ ဤသို့ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားပြသ ဆိုဆုံးမထားတော်မူခြင်းကြောင့် အသင်သူတော်ကောင်းသည်လည်း မိမိ၏ ဘဝကို ဘုရားရှင်၏ အလိုဆန္ဒတော်အတိုင်း အလွန် အဆင့်အတန်း မြင့်မားသည့် မြင့်မြတ်သော ဘဝတစ်ခု ဖြစ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လေရာသည်။

## ဉဒယဗ္ဗယ အကျယ် ရှုပွားနည်း – သမုဒယဓမ္မာနုပဿီပိုင်း

ပစ္စယတော ဉဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုနည်းကို, တစ်နည်းအားဖြင့် ဆိုရသော် အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုနည်းနှင့် ခဏအားဖြင့် ဖြစ်-ပျက်ရှုနည်းဟူသော နှစ်နည်းလုံးကို ပေါင်းစပ်၍ ဝိပဿနာရှုရသော နည်းကိုပင် ဉဒယဗ္ဗယ အကျယ်ရှုပွားနည်းဟု ခေါ်ဆို၏။ ဤတွင် ပါဠိကျွမ်းကျင်သူများအနေဖြင့် နှုတ်တက်ရအောင် ကြိုတင် ကျက်ထားသင့်သော ပါဠိတော်ကို ရှေးဦးစွာ ဖော်ပြအပ်ပါသည်။

### ရူပက္ခန္ဓာ၌ ဉဒယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဉဒယံ ပဿတိ။
၂။ တဏှာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဉဒယံ ပဿတိ။
၃။ ကမ္မသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဉဒယံ ပဿတိ။
၄။ အာဟာရသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဉဒယံ ပဿတိ။
၅။ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဉဒယံ ပဿတိ။
ရူပက္ခန္ဓဿ ဉဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

### ရူပက္ခန္ဓာ၌ ဝယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။
၂။ တဏှာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။
၃။ ကမ္မနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။
၄။ အာဟာရနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။
၅။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဝယံ ပဿတိ။
ရူပက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။
ဉဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ။

### ဝေဒနာက္ခန္ဓာ၌ ဉဒယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာသမုဒယာ ဝေဒနာ သမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿတိ။
၂။ တဏှာသမုဒယာ ဝေဒနာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿတိ။
၃။ ကမ္မသမုဒယာ ဝေဒနာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿတိ။
၄။ ဖဿသမုဒယာ ဝေဒနာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿတိ။
၅။ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿတိ။
ဝေဒနာက္ခန္ဓဿ ဉဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

### ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝေဒနာက္ခန္ဓဿ ဝယံ ပဿတိ။
၂။ တဏှာနိရောဓာ ဝေဒနာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝေဒနာက္ခန္ဓဿ ဝယံ ပဿတိ။

၃။ ကမ္မနိရောဓာ ဝေဒနာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝေဒနာက္ခန္ဓဿ ဝယံ ပဿတိ။
၄။ ဖဿနိရောဓာ ဝေဒနာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝေဒနာက္ခန္ဓဿ ဝယံ ပဿတိ။
၅။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ဝေဒနာက္ခန္ဓဿ ဝယံ ပဿတိ။
ဝေဒနာက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။
ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ။

## သညာက္ခန္ဓာ၌ ဥဒယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာသမုဒယာ သညာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သညာက္ခန္ဓဿ ဥဒယံ ပဿတိ။
၂။ တဏှာသမုဒယာ သညာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သညာက္ခန္ဓဿ ဥဒယံ ပဿတိ။
၃။ ကမ္မသမုဒယာ သညာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သညာက္ခန္ဓဿ ဥဒယံ ပဿတိ။
၄။ ဖဿသမုဒယာ သညာသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သညာက္ခန္ဓဿ ဥဒယံ ပဿတိ။
၅။ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ သညာက္ခန္ဓဿ ဥဒယံ ပဿတိ။
သညာက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

## သညာက္ခန္ဓာ၌ ဝယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာနိရောဓာ သညာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သညာက္ခန္ဓဿ ဝယံ ပဿတိ။
၂။ တဏှာနိရောဓာ သညာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သညာက္ခန္ဓဿ ဝယံ ပဿတိ။
၃။ ကမ္မနိရောဓာ သညာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သညာက္ခန္ဓဿ ဝယံ ပဿတိ။
၄။ ဖဿနိရောဓာ သညာနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သညာက္ခန္ဓဿ ဝယံ ပဿတိ။
၅။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ သညာက္ခန္ဓဿ ဝယံ ပဿတိ။
သညာက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စလက္ခဏာနိ ပဿတိ။
ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ။

## သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာသမုဒယာ သင်္ခါရသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿတိ။
၂။ တဏှာသမုဒယာ သင်္ခါရသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿတိ။
၃။ ကမ္မသမုဒယာ သင်္ခါရသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿတိ။
၄။ ဖဿသမုဒယာ သင်္ခါရသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿတိ။
၅။ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿတိ။
သင်္ခါရက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

## သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။
၂။ တဏှာနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။
၃။ ကမ္မနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။

၄။ ဖဿနိရောဓာ သင်္ခါရနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။

၅။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ သင်္ခါရက္ခန္ဓဿ ဝယံ ပဿတိ။

သင်္ခါရက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသလက္ခဏာနိ ပဿတိ။

## ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။

၂။ တဏှာသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။

၃။ ကမ္မသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။

၄။ နာမရူပသမုဒယာ ဝိညာဏသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။

၅။ နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿတိ။

ဝိညာဏက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

## ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ – ပါဠိတော်

၁။ အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။

၂။ တဏှာနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။

၃။ ကမ္မနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။

၄။ နာမရူပနိရောဓာ ဝိညာဏနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။

၅။ ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ဝိညာဏက္ခန္ဓဿ ဝယံ ပဿတိ။

ဝိညာဏက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ။ (ပဋိသံ-၅၂- ၅၅။)

အထက်ပါ ရှုကွက်တို့မှာ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ လာရှိသော ဥဒယဗ္ဗယ အကျယ်ရှုပွားနည်း ရှုကွက်တို့ပင် ဖြစ်ကြသည်။ ယင်းပါဠိတော်၌ လာရှိသော ရှုကွက် အပြည့်အစုံကို နောက်တွင် ဆက်လက်၍ ရေးသားတင်ပြ-ပါမည်၊ ယခုအခါတွင် ယင်းပါဠိတော်၏ ဆိုလိုရင်းသဘော အဓိပ္ပါယ်ကို ရှင်းလင်းဖွင့်ဆိုထားသော ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာအဖွင့် အချို့နှင့် မဟာဋီကာအဖွင့် အချို့ကို ရှေးဦးစွာ ရေးသားတင်ပြအပ်ပါသည်။

တတ္ထ **အဝိဇ္ဇာသမုဒယာ ရူပသမုဒယော**တိ "ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ"တိ ဝုတ္တာယ အဝိဇ္ဇာယ သတိ ဣမသ္မိံ ဘဝေ ရူပဿ ဥပ္ပါဒေါ ဟောတီတိ အတ္ထော၊ **ပစ္စယသမုဒယဋ္ဌေနာ**တိ ပစ္စယဿ ဥပ္ပန္နဘာဝေ-နာတိ အတ္ထော၊ အဝိဇ္ဇာ-တဏှာ-ကမ္မာနိ စေတ္ထ ဣဓ ပဋိသန္ဓိဟေတုဘူတာ အတီတပစ္စယာ၊ ဣမေသု စ တီသု ဂဟိတေသု သင်္ခါရုပါဒါနာနိ ဂဟိတာနေဝ ဟောန္တိ၊ **အာဟာရသမုဒယာ**တိ ပဝတ္တိပစ္စယေသု ကဗဠီကာရာ-ဟာရဿ ဗလဝတ္တာ သောယေဝ ဂဟိတော၊ တသ္မိံ ပန ဂဟိတေ ပဝတ္တိဟေတုဘူတာနိ ဥတုစိတ္တာနိပိ ဂဟိတာ-နေဝ ဟောန္တိ။ (ပဋိသံ-ဋ္ဌ-၁-၂၃၅။)

တတ္ထ **အဝိဇ္ဇာသမုဒယာ**တိ အဝိဇ္ဇာယ ဥပ္ပါဒါ၊ အတ္ထိဘာဝါတိ အတ္ထော။ နိရောဓဝိရောဓီ ဟိ ဥပ္ပါဒေါ အတ္ထိဘာဝဝါစကောပိ ဟောတီတိ ဝုတ္တော ဝါယမတ္ထော၊ တသ္မာ ပုရိမဘဝသိဒ္ဓါယ အဝိဇ္ဇာယ သတိ ဣမသ္မိံ ဘဝေ ရူပဿ ဥပ္ပါဒေါ ဟောတီတိ အတ္ထော။ **ပစ္စယသမုဒယဋ္ဌေနာ** တိ ပစ္စယဿ ဥပ္ပန္နဘာဝေန၊ အတ္ထိဘာဝ-

တောတိ အတ္ထော။ အဝိဇ္ဇာဒီဟိ စ တီဟိ အတီတကာလိကာနိ တေသံ သဟကာရီကာရဏဘူတာနိ ဥပါဒါနာဒီနိပိ ဂဟိတာနေဝါတိ ဒဋ္ဌဗ္ဗံ။

ပဝတ္တိပစ္စယေသု ကဗဠီကာရာဟာရဿ ဗလဝတာယ သော၀ ဂဟိတော **“အာဟာရသမုဒယာ”**တိ။ တသ္မိံ ပန ဂဟိတေ ပဝတ္တိပစ္စယတာသာမညေန ဥတုစိတ္တာနိပိ ဂဟိတာနေ၀ ဟောန္တီတိ စတုသမုဋ္ဌာနိကရူပဿ ပစ္စယတော ဥဒယဒဿနံ ဝိဘာဝိတမေဝါတိ ဒဋ္ဌဗ္ဗံ။ အဝိဇ္ဇာတဏှုပနိဿယယသဟိတေနေ၀ ကမ္မုနာ ရူပကာယဿ နိဗ္ဗတ္တိ။ အသတိ စ အဝိဇ္ဇုပနိဿယာယ ဘဝနိကန္တိယာ ဇာတိယာ အသမ္ဘဝေါ ဧဝါတိ။ ယထာ စ ရူပဿ အဝိဇ္ဇာတဏှုပနိဿယတာ၊ ဧဝံ ဝေဒနာဒီနမ္ပိ ဒဋ္ဌဗ္ဗာ။ အာဟာရော ပန ဥပ္ပန္နဿ ရူပဿ ပေါသကော၊ ကဗဠီ-ကာရာဟာရဿ အဓိပ္ပေတတ္တာ, ကာမဓာတာဓိဋ္ဌာနတ္တာ စ ဒေသနာယ။ ဥက္ကံသနိဒ္ဒေသေန ဝါ အာဟာရ-ဂ္ဂဟဏံ၊ **“နိဗ္ဗတ္တိလက္ခဏ”**န္တိအာဒိနာ ကာလဝသေန ဥဒယဒဿနမာဟ။ တတ္ထ အဒ္ဓါနဝသေန ပဂေဝ ဥဒယံ ပဿိတွာ ဌိတော ဣဒ္ဓ သန္တတိဝသေန ဒိသွာ အနုက္ကမေန ခဏဝသေန ပဿတိ။ (မဟာဋီ-၂-၄၂၀-၄၂၁။)

အထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်း အဓိပ္ပါယ်ကား ဤသို့တည်း။ —

အဝိဇ္ဇာသမုဒယာ ရူပသမုဒယော = အဝိဇ္ဇာဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏ — ဤသို့စသည်ဖြင့် ဟောကြားတော်မူရာဝယ် ရှေးရှေးဘဝဝယ် ကမ္မဘဝကို ပြုစုပျိုးထောင်ခဲ့စဉ်က ဖြစ်ခဲ့သော အဝိဇ္ဇာ-တဏှာ-ကံ၏ အကျိုးရုပ်ကို ဖြစ်စေနိုင်သော သဘာဝသတ္တိစွမ်းအင်သည် ထင်ရှားရှိနေသော် ဤဘဝ၌ (ကမ္မဇ) ရုပ်တရားသည် ထင်ရှားဖြစ်ပေါ်လာ၏ဟု ဆိုလို၏၊ ဤသို့ အကြောင်းတရား၏ ဖြစ်ပြီးသည်၏ အဖြစ်ဖြင့် ယင်းအကြောင်းတရား၌ အကျိုးတရားကို ဖြစ်စေနိုင်သော သဘာဝသတ္တိစွမ်းအင်၏ ထင်ရှားရှိနေသည်၏ အဖြစ်ဖြင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်း = ဥဒယကို ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ရှုရမည် ဖြစ်၏။

ထိုအကြောင်းတရားတို့တွင် အဝိဇ္ဇာနှင့် တဏှာကို တိုက်ရိုက်ယူ၍ ဟောကြားတော်မူလိုက်သဖြင့် ယင်းအဝိဇ္ဇာ-တဏှာတို့နှင့် ကိလေသဝဋ်ခြင်း တူညီသော ဥပါဒါန်ကိုလည်း ယူပြီး ဟောပြီးပင် ဖြစ်၏။ ကံ-ကို တိုက်ရိုက်ယူ၍ ဟောကြားတော်မူလိုက်သဖြင့် ယင်းကံနှင့် ကမ္မဝဋ်ချင်း တူညီသော သင်္ခါရကိုလည်း ယူပြီး ဟောပြီးပင် ဖြစ်၏။ ထိုကြောင့် ကမ္မဇရုပ်တရားနှင့် ဝိပါက်နာမ်တရားတို့ကို တိုက်ရိုက် ဖြစ်ပေါ်စေတတ်သော အကြောင်းတရားတို့မှာ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့က ခြံရံထားအပ်သော သင်္ခါရ-ကံတို့ပင် ဖြစ်ကြ၏၊ တစ်နည်းဆိုရသော် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့ပင် ဖြစ်ကြ၏။

ဘဝတစ်ခုဝယ် ပဋိသန္ဓေနှင့် စုတိ၏ အကြားကာလကို ပဝတ္တိဟု ခေါ်ဆို၏၊ ထိုပဝတ္တိကာလ၌ ဖြစ်ပေါ်-နေသော အကြောင်းတရားတို့ကို ပဝတ္တိဟေတု = ပဝတ္တိပစ္စယဟု ခေါ်ဆို၏၊ ယင်းပဝတ္တိပစ္စယကား အဒ္ဓါပစ္စုပ္ပန် အမည်ရသော ပစ္စုပ္ပန်ဘဝတွင် အကျုံးဝင်သော ပစ္စုပ္ပန်အကြောင်းတရားပင်တည်း။ ယင်းပဝတ္တိအကြောင်းတရားတို့တွင် = စိတ်-ဥတု-အာဟာရဟူသော ရုပ်တရားကို ဖြစ်စေတတ်သော အကြောင်းတရားတို့တွင် အာဟာရကား ပြဓာန်းလျက်ရှိ၏။ အားကြီးသော အားကောင်းသော အကြောင်းတရားဖြစ်၏။ ကဗဠီကာရာဟာရ၏ အထောက်အပံ့ကို ရရှိပါမှသာလျှင် ကာမဘုံ၌ ရုပ်တရားများသည် အခွန့်ရှည်စွာ ဆက်လက်တည်တံ့နိုင်၏။ ကဗဠီကာရာ-ဟာရသည် ဖြစ်ပြီးသော စတုသန္တတိရုပ်ကို စောင့်ရှောက်တတ်၏၊ မွေးမြူတတ်၏။ အကြောင်းမူ ကဗဠီကာရာ-ဟာရကို အလိုရှိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း = ဤဥဒယဗ္ဗယ အကျယ်ရှုပွားနည်း ရှုကွက်ဒေသနာ-တော်၏ ကဗဠီကာရာဟာရဟူသော အကြောင်းတရားကို အလိုရှိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဤရှုကွက်ဒေသနာတော်၏ ကာမဘဝဟူသော ကာမဓာတ်လျှင် တည်ရာရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း ဖြစ်ပေ၏။

တစ်နည်းဆိုရသော် ပဝတ္တိအကြောင်းတရားတို့တွင် အာဟာရဟူသော အကြောင်းတရားတစ်ခုကို ယူ၍ ဟောတော်မူခြင်းသည် အလွန်အမြတ်ကို ညွှန်ပြပြောဆိုသော ဥက္ကံသနိဒ္ဒေသ = ဥက္ကဋ္ဌနိဒ္ဒေသနည်း ဖြစ်၏။ နေတ္တိပါဠိတော်ကြီး၌ လာရှိသော လက္ခဏာဟာရနေတ္တိနည်းနှင့် ညှိ၍ ယူခဲ့သော် ပဝတ္တိအကြောင်းတရားတို့တွင် အာဟာရဟူသော အကြောင်းတရား တစ်ခုကို ယူ၍ ဟောတော်မူခြင်းဖြင့် ပဝတ္တိအကြောင်းတရားခြင်း တူညီသော ဥတုစိတ်တို့ကိုလည်း ယူပြီး ဟောပြီး ထင်ရှားပြပြီးသာ ဖြစ်၏၊ လက္ခဏာချင်းတူရာကို စုပေါင်းဟောကြားထားတော်မူသောကြောင့်တည်း။ ထို့ကြောင့် စိတ်-ဥတုတို့ကြောင့် ဖြစ်သော ရုပ်တရားတို့ကိုပါ ထည့်သွင်း၍ ဝိပဿနာ ရှုရန်ကိုလည်း ထင်ရှားပြပြီးသာ ဖြစ်သည်ဟု မှတ်ပါ။

ဤ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားတို့သည် အတိတ်ဘဝက ဖြစ်ခဲ့သော အတိတ်ဘဝတစ်ခုခုက ပြုစုပျိုးထောင်ခဲ့သော ကိလေသဝဋ် ကမ္မဝဋ်တရားများ ဖြစ်ကြ၏၊ ယခုကဲ့သို့ အသင် သူတော်ကောင်းကိုယ်တိုင် ဥဒယဗ္ဗယ အကျယ်ရှုပွားနည်းဟူသော ဝိပဿနာရှုကွက်ကို လက်တွေ့ ကျင့်သုံး နေသော အခါမျိုး၌ ယင်းအတိတ်အကြောင်းတရား ငါးမျိုးတို့သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား ဖြစ်နေ-ကြသော တရားမျိုးတို့ကား မဟုတ်ပေ၊ ထိုကြောင့် ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ ဖြစ်ခြင်းကြောင့် ရုပ်တရား ဖြစ်၏-ဟူရာဝယ် ယင်းအကြောင်းတရားတို့၏ ဖြစ်မှုဟူသည် ယင်းအကြောင်းတရားတို့၏ အကျိုး တရားကို ဖြစ်စေနိုင်သော သဘာဝသတ္တိ စွမ်းအင်၏ ထင်ရှားရှိမှုကို ဆိုလိုသည်၊ ထိုထင်ရှားရှိမှုဟူသည် ဥပါဒ်-ဌီ-ဘင်-အားဖြင့် ပရမတ္ထ သရုပ်အထည်ကိုယ် ထင်ထင်ရှားရှား ဖြစ်မှု ထင်ထင်ရှားရှား ရှိမှု ပရမတ္ထအတ္တဘောကို ရရှိမှုကို မဆိုလို၊ ယင်းအကြောင်းတရားတို့၏ အကျိုးတရားကို ဖြစ်စေနိုင်သည့် သဘာဝသတ္တိ စွမ်းအင်၏ ထင်ရှားရှိမှုဟူသော ဖြစ်ခြင်း ဥပ္ပါဒသဘော မချုပ်သေးသော စွမ်းအင်မကုန်သေးသော အနိရောဓသဘောကိုသာ ဆိုလိုသည်။

ထိုအနိရောဓ = မချုပ်သေးသော သဘောမည်သည် အဘယ်နည်းဟူမူ **—** အရိယမဂ်တရားဖြင့် မပယ်-သတ်အပ်သေးသည်၏ အဖြစ်ကြောင့် ထင်ရှားရှိနေသည်၏ အဖြစ်သည်လည်းကောင်း**,** မဖြစ်စေအပ်သေးသော အကျိုးတရားရှိသည်၏ အဖြစ် = အကျိုးမပေးရသေးသည်၏ အဖြစ်, အရိယမဂ်တရားဖြင့် ပယ်သတ်ခြင်းငှာ မထိုက်သည်၏ အဖြစ်တို့ဖြင့် အကျိုးတရားကို ဖြစ်စေခြင်းငှာ ထိုက်သည်၏ အဖြစ်သည်လည်းကောင်း **အနိရောဓ** မည်၏၊ အတ္ထိဘာဝ = ထင်ရှားရှိမှု ဥပ္ပါဒသဘော မည်၏။

ထင်ရှားစေအံ့ **—** အဝိဇ္ဇာ-တဏှာ-ဥပါဒါန်စသော အကုသိုလ်တရားတို့ကား အရိယမဂ်တရားဖြင့် ပယ်-သတ်ထိုက်သော အကုသိုလ်တရားတို့တည်း၊ ထိုအကုသိုလ်တရားတို့ကို အရိယမဂ်တရားက မပယ်သတ်ရသေးလျှင် ထိုတရားတို့သည် မချုပ်ငြိမ်းကြသေးသဖြင့် ယင်းအကုသိုလ်တရားတို့ကို အနိရောဓဟု ဆိုရ၏၊ ထင်ရှားရှိနေသေး သဖြင့် အတ္ထိဘာဝဟု ဆိုရ၏၊ ယင်းအနိရောဓသဘော အတ္ထိဘာဝသဘောကိုပင် ဤ၌ ဥပ္ပါဒ = ဖြစ်ခြင်းဟု ဆိုလိုသည်။ သမုဒယဟု ဆိုလိုသည်။

တစ်ဖန် ကုသိုလ်တရားနှင့် အဗျာကတ = ဝိပါက်ကြိယာတရားတို့ကား အရိယမဂ်တရားဖြင့် မပယ်သတ်အပ် မပယ်သတ်ထိုက်ကုန်သော တရားတို့ ဖြစ်ကြ၏။ ထိုကုသိုလ်-အဗျာကတ တရားတို့၌ ရဟန္တာ မဟုတ်ကုန်သေး မဖြစ်ကုန်သေးသော ပုဂ္ဂိုလ်တို့အား သံယောဇဉ်တရားတို့သည် ဖြစ်ကြကုန်၏။ လူ့ဘဝ လူ့ခန္ဓာ နတ်ဘဝ နတ်ခန္ဓာ တို့ကို တွယ်တာမက်မောခြင်း  လူ့ဘဝ လူ့ခန္ဓာ နတ်ဘဝ နတ်ခန္ဓာတို့ကို ရကြောင်း ရောက်ကြောင်း ဖြစ်သည့် ကုသိုလ်တရားတို့ကို တွယ်တာမက်မောခြင်း စသည်တို့တည်း။ ထိုသံယောဇဉ်တရားတို့၏ မကုန်သေးသည်၏ အဖြစ်သည်လည်း အပ္ပဟီနဘာဝ = အရိယမဂ်တရားဖြင့် မပယ်ရှားရသေးသည်၏ အဖြစ်ပင် မည်ပေသည်၊ မှန်ပေသည် **—** အနုသယဓာတ်ကို အရိယမဂ်တရားဖြင့် အကြွင်းမဲ့ မပယ်သတ်အပ်သေးသည်၏ အဖြစ်ကြောင့်

သံယောဇဉ်နှင့်တကွသော ခန္ဓာတို့၏ မပြတ်ဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်ပင် မည်ပေသည်။ အနုသယဓာတ်ကို မပယ်သတ်ရသေးလျှင် အကျိုးပေးနိုင်သော စွမ်းအင်သတ္တိ ထင်ရှား ရှိနေသေးသော သင်္ခါရ-ကံတို့ကား မြဲမသွား- ပေ။ နာနာက္ခဏိကကမ္မသတ္တိ အနေအားဖြင့် သင့်လျော်သော အကျိုးတရားကို ဖြစ်ထွန်းစေနိုင်သည့် စွမ်းအင် သတ္တိကား တည်ရှိနေသည်သာ ဖြစ်သည်။

ထိုကဲ့သို့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ဟူသော ကိလေသဝဋ်တရားတို့၏ အရိယမဂ်တရားဖြင့် မပယ်သတ် ရသေးခြင်း, ယင်းအနုသယဓာတ်တို့၏ ကိန်းဝပ်တည်ရှိနေသေးသဖြင့် သင်္ခါရ-ကံတို့က နာနာက္ခဏိကကမ္မသတ္တိ အနေဖြင့် ရုပ်နာမ်ခန္ဓာအစဉ်၌ တည်ရှိနေသေးခြင်းကိုပင် — အဝိဇ္ဇာသမုဒယာ . . . တဏှာသမုဒယာ . . . ကမ္မသမုဒယာ . . . , အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်. . . . တဏှာ ဖြစ်ခြင်းကြောင့် . . . ကံ ဖြစ်ခြင်းကြောင့် . . . ရုပ်ဖြစ်၏ ဤသို့စသည်ဖြင့် ဟောကြားတော်မူသည်ဟု မှတ်ပါ၊ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့၏ ဥပါဒ်- ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်နေသည့် ဖြစ်မှုမျိုး မဟုတ်သည်ကိုကား သတိပြုပါလေ။

## နိဗ္ဗတ္တိလက္ခဏာ

**နိဗ္ဗတ္တိလက္ခဏန္တိ** အဒ္ဓါ-သန္တတိ-ခဏဝသေန ရူပဿ ဥပ္ပါဒံ၊ ဥပ္ပါဒေါယေဝ သင်္ခတလက္ခဏတ္တာ လက္ခဏန္တိ စ ဝုတ္တော။ (ပဋိသံ-ဋ္ဌ-၁-၂၃၅။)

**"နိဗ္ဗတ္တိလက္ခဏ"**န္တိအာဒိနာ ကာလဝသေန ဥဒယဒဿနမာဟ။ တတ္ထ အဒ္ဓါနဝသေန ပဂေဝ ဥဒယံ ပဿိတွာ ဌိတော ကမေန သန္တတိဝသေန ဒိသွာ အနုက္ကမေန ခဏဝသေန ပဿတိ။ (မဟာဋီ-၂-၄၂၁။)

တီဏိ မာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။ (အံ-၁-၁၅၀။)

ဘုရားရှင်သည် သင်္ခတလက္ခဏသုတ္တန် (အံ-၁-၁၅၀။)တွင် သင်္ခတတရား မှန်သမျှတို့၌ —

၁။ ဥပ္ပါဒ = ဖြစ်မှု,

၂။ ဝယ = ပျက်မှု,

၃။ ဌိတဿ အညထတ္တ = တည်နေသော တရား၏ ပျက်မည့်ဘက်သို့ ယိုင်လဲနေသော အခြင်းအရာဟူသော တည်မှု ဌီကာလ —

ဤသို့ လက္ခဏာ သုံးမျိုးစီ ရှိကြောင်းကို ဟောကြားထားတော်မူ၏။

သမ္မသနညာဏ်ပိုင်း၌ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော အဓွန့်ကာလ၏ အစွမ်းဖြင့် ရုပ်တရား၏ ဖြစ်မှု ဥဒယသဘောကို ရှေးဦးစွာ ရှုပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဤ ဥဒယဗ္ဗယညာဏ်ပိုင်း၌ သန္တတိ၏ အစွမ်းဖြင့် ရုပ်တရား၏ ဖြစ်မှု = ဥဒယ သဘောကို ဝိပဿနာညာဏ်ဖြင့် မြင်အောင် ရှုရ၏။ သန္တတိ၏အစွမ်းဖြင့် ရုပ်တရား၏ ဖြစ်မှု = ဥဒယသဘောကို ဝိပဿနာညာဏ်ဖြင့် ရှုမြင်ပြီးသောအခါ တစ်ဖန် အစဉ်အတိုင်း ဆက်လက်၍ ခဏ၏ အစွမ်းဖြင့် ရုပ်တရား၏ ဖြစ်မှု = ဥဒယသဘောကို ဝိပဿနာညာဏ်ဖြင့် မြင်အောင် ဆက်လက်၍ ရှုရ၏၊ ထိုခဏ၏ အစွမ်းဖြင့် ရုပ်တရား၏ ဖြစ်မှု = ဥဒယသဘော = ဥပါဒ်သဘောသည်ပင်လျှင် နိဗ္ဗတ္တိမည်၏။ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ အလိုအားဖြင့် ထိုအဒ္ဓါ-သန္တတိ-ခဏ၏ အစွမ်းအားဖြင့် ရုပ်တရား၏ ဖြစ်မှု = ဥပါဒ်သဘော = ဥဒယသဘောသည်ပင်လျှင် နိဗ္ဗတ္တိ မည်၏။ ယင်းနိဗ္ဗတ္တိသည်ပင်လျှင် သင်္ခတ၏လက္ခဏာ ဖြစ်သောကြောင့် ယင်းနိဗ္ဗတ္တိကိုပင်လျှင် လက္ခဏဟူ၍လည်း ဟောတော်မူအပ်ပေသည်။ နိဗ္ဗတ္တိ နှင့် လက္ခဏ နှစ်ရပ်ကို ပေါင်းသော် နိဗ္ဗတ္တိလက္ခဏာ ဖြစ်သည်။ ဝေဒနာက္ခန္ဓာ စသည်တို့၌လည်း ဤနည်းကိုပင် အစဉ်လျှောက်၍ သိရှိပါလေ။

## အဝိဇ္ဇာနိရောဓာ ရူပနိရောဓော

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓော**တိ အနာဂတဘဝဿ ပစ္စယဘူတာယ ဣမသ္မိံ ဘဝေ အဝိဇ္ဇာယ အရဟတ္တမဂ္ဂဉာဏေန နိရောဓေ ကတေ ပစ္စယာဘာဝါ အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတီတိ အတ္ထော။ **ပစ္စယနိရောဓဋ္ဌေနာ**တိ ပစ္စယဿ နိရုဒ္ဓဘာဝေနာတိ အတ္ထော။ နိရောဓော စေတ္ထ အနာဂတ-ပဋိသန္ဓိပစ္စယာနံ ဣမေ အဝိဇ္ဇာ-တဏှာ-ကမ္မာနံ ယေဝ နိရောဓော။ (ပဋိသံ-ဌ-၁-၂၃၆။)

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓော**တိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။ **ပစ္စယနိရောဓဋ္ဌေနာ**တိ အဝိဇ္ဇာသင်္ခါတဿ အနာဂတေ ဥပ္ပဇ္ဇနကရူပပစ္စယဿ နိရုဒ္ဓဘာဝေန။ **တဏှာနိရောဓာ ကမ္မနိရောဓာ**တိ ဧတ္ထာပိ ဧသေဝ နယော။ (မဟာဋီ-၂-၄၂၁။)

အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ — ဤသို့စသည်ဖြင့် ဟောကြားထားတော်မူအပ်သော ဝိပဿနာရှုကွက်ဝယ် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကို အရဟတ္တမဂ်က အကြွင်းမဲ့ ပယ်သတ်လိုက်သောအခါ သို့မဟုတ် ပယ်သတ်နိုင်သောအခါ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ ဦးဆောင်သည့် ကိလေသဝဋ်တရားတို့သည် လုံးဝ ချုပ်ငြိမ်းသွားကြမည် ဖြစ်၏၊ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်း အနုပ္ပါဒနိရောဓသဘောသို့ ရောက်ရှိသွားကြမည် ဖြစ်၏၊ ကိလေသဝဋ်များ၏ အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် ကိလေသာ အစိုဓာတ် အစေးဓာတ် ရှိပါမှ အကျိုးပေးနိုင်စွမ်း ရှိကြသည့် သင်္ခါရ-ကံဟူသော ကမ္မဝဋ်တရားတို့သည်လည်း ချုပ်ငြိမ်းသွားကြမည် ဖြစ်၏။ နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် လုံးဝ ချုပ်ငြိမ်းသွားခြင်းကြောင့် အကြောင်းတရားများ ထင်ရှားရှိပါမှသာလျှင် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် ဖြစ်ပေါ်-လာနိုင်သော အနာဂတ် ဝိပါကဝဋ်တရားတို့သည်လည်း ဖြစ်နိုင်ခွင့် မရှိကြတော့သဖြင့် ချုပ်ငြိမ်းသွားကြပြန်၏။ (ယင်းဝိပါကဝဋ်တွင် ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောင်အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ရုပ်တရားများလည်း ပါဝင်ကြ၏။) အကြောင်းတရားများ၏ ထင်ရှား မရှိကြတော့ခြင်းကြောင့် အကျိုးတရားများသည်လည်း ထင်ရှား မရှိနိုင်ကြတော့ပေ။ ယောဂါဝစရပုဂ္ဂိုလ်သည် အရဟတ္တမဂ်သို့ ဆိုက်ရောက်သွားသောအခါ ယင်းအရဟတ္တမဂ်-ကြောင့် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံတို့၏ ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောင်အနာဂတ်ဘဝဝယ် ဖြစ်နိုင်ခွင့်ရှိသော ဝိပါကဝဋ်ဖြစ်သော ရုပ်တရား (နာမ်တရား)တို့၏ ချုပ်ငြိမ်းမှုကို ဝိပဿနာဉာဏ်ဖြင့် = ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဤရှုကွက်ကို မြင်အောင် ရှုရမည် ဖြစ်သည်။

## အရဟတ္တမဂ်ကို ရရှိမည့် အချိန်

အရဟတ္တမဂ်ဟူသည် မည်သည့် အချိန်အခါတွင် ဖြစ်ပေါ်လာမည့် အရဟတ္တမဂ်ပါနည်းဟု မေးရန်ရှိ၏။ ယခု ဤရှုကွက်မှာ ပုထုဇန်အဖြစ်မှသည် အရိယာအဖြစ်သို့ တက်လှမ်းလိုကြသူ ယောဂါဝစရပုဂ္ဂိုလ်မွန်တို့အတွက် အထူးအလေးပေး၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့က ဟောကြားထားတော်မူသော ဖွင့်ဆိုထားတော်မူသော ရှုကွက် ဖြစ်ပါသည်။ အရိယာသူတော်ကောင်းများသည်လည်း ဤရှုကွက်ကို မရှုကောင်းဟု မဆိုလိုပါ။ ပုထုဇန်ပင် ဖြစ်ချင် ဖြစ်ပါစေ, အရိယာသူတော်ကောင်းပင် ဖြစ်ချင် ဖြစ်ပါစေ, မည်သည့် ယောဂါဝစရပုဂ္ဂိုလ် မဆို အရဟတ္တမဂ်သို့ မဆိုက်ရောက်သေးသမျှ ကာလပတ်လုံး ဣန္ဒြေ မရင့်ကျက်သေးပါက ရှုပွားရမည့် ဝိပဿနာ ရှုကွက်တို့သာ ဖြစ်ကြသည်။ သို့သော် ပုထုဇန်သူတော်ကောင်းတစ်ဦးသည်လည်း အရိယာသူတော်ကောင်း အဖြစ်သို့ တက်လှမ်း-နိုင်ရန် အလို့ငှာ ဤဝိပဿနာရှုကွက်ကို ရှုပွားရန် ပါဠိတော် အဋ္ဌကထာ ဋီကာတို့က ညွှန်ကြားနေခြင်း ဖြစ်ကြောင်း-ကို သဘောပေါက်ရန် ပြောဆိုနေခြင်းသာ ဖြစ်သည်။ ယခုကဲ့သို့ ဥဒယဗ္ဗယဉာဏ်ကို ရရှိအောင် အားသစ်

နေဆဲဖြစ်သော ပုထုဇန်အဖြစ်၌သာ တည်ရှိနေသေးသော အသင်ယောဂါဝစရပုဂ္ဂိုလ်အဖို့ အရဟတ္တမဂ်ကိုလည်း မရရှိသေးသဖြင့် အရဟတ္တမဂ်ဟူသည် အချို့အချို့သော ဆရာမြတ်တို့ ယူဆကြသလို ပစ္စုပ္ပန်ဆတ်ဆတ် တရားမျိုး = ပစ္စုပ္ပန်တည့်တည့် တရားမျိုးကား မဟုတ်သေးပေ၊ ပုထုဇန်အဆင့်၌သာ တည်ရှိနေသေးသော အသင်သူတော်-ကောင်း၏ သန္တာန်ဝယ် ဤဥဒယဗ္ဗယဉာဏ် အဆင့်၌သာ တည်ရှိနေသေးခိုက် အရဟတ္တမဂ်ဉာဏ်သည်လည်း မဖြစ်ပေါ်သေးသောကြောင့်တည်း။

အကယ်၍ အသင်သူတော်ကောင်းသည် ပစ္စုပ္ပန်တည့်တည့်ကိုသာ ပစ္စုပ္ပန်ဆတ်ဆတ်ကိုသာ ဝိပဿနာ ရှုကောင်းပါသည်ဟု သံကုန်ဟစ်ကာ ကြွေးကြော်နေလျှင် – ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရား အားဖြင့် ဥဒယ-ဝယကို ရှုနည်းဟူသော ဤ ဥဒယဗ္ဗယ အကျယ်ရှုပွားနည်း ဝိပဿနာ ရှုကွက်သည် အသင်သူ-တော်ကောင်း အတွက် အဓိပ္ပါယ်ကင်းမဲ့နေသည့် ရှုကွက်တစ်မျိုးသာ ဖြစ်နေဖွယ်ရာ ရှိပေသည်၊ ဘုရားရှင်သည် ဤ ဝိပဿနာရှုကွက်ကို အသင်သူတော်ကောင်းအတွက် ဟောကြားထားတော်မူခဲ့သည် မဟုတ်ဟူသော သဘော အဓိပ္ပါယ်သို့လည်း သက်ရောက်သွားနိုင်ပေသည်၊ ဘုရားရှင်နှင့်လည်းကောင်း, ဘုရားရှင်၏ တရားတော်နှင့်လည်း-ကောင်း အလွဲကြီး လွဲမသွားရအောင် အထူး သတိပြုသင့်လှပေသည်။

ဤ ဥဒယဗ္ဗယဉာဏ်အဆင့်၌သာ တည်နေသေးသော ပုထုဇန်မျှသာ ဖြစ်နေသေးသော အသင်သူတော်-ကောင်းအတွက် အရဟတ္တမဂ်ဟူသည် နောင်အနာဂတ် တစ်ချိန်ချိန်၌သာ ဖြစ်ပေါ်မည့် တရားဖြစ်သည်၊ ထို အနာဂတ်ဟူသည်မှာ ဤဘဝအတွင်း တစ်ချိန်ချိန်ဟူသော အနာဂတ်လည်း ဖြစ်နိုင်၏၊ ဤဘဝစုတိ၏ နောက်၌ ဖြစ်လတ္တံ့သော အနာဂတ်ဘဝ တစ်ခုခုလည်း ဖြစ်နိုင်၏။

ထိုအရဟတ္တမဂ် ဖြစ်ပေါ်လာမည့် အချိန်အခါကို ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၌ "အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်၌ အကယ်၍ အကြောင်းတရား မကုန်သေးပါက ဖြစ်နိုင်ခွင့်ရှိသော အနာဂတ်ရုပ်တရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းသည် ဖြစ်ပေါ်လာ၏" ဤသို့စသည်ဖြင့် ဘဝအကန့်အသတ် မရှိဘဲ မည်သည့်ဘဝဟု မဆိုဘဲ သာမညသာ ဖွင့်ဆိုထားတော်မူ၏။ သို့သော် အထက်တွင် ရေးသားတင်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၌ကား — [ နိရောဓော စေတ္ထ အနာဂတပဋိသန္ဓိပစ္စယာနံ ဣမေ အဝိဇ္ဇာ-တဏှာ-ကမ္မာနံယေဝ နိရောဓော။ (ပဋိသံ-ဋ္ဌ-၁-၂၃၆။) ] "အနာဂတ်ဘဝ၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာ၏ (အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံ၏) ဤဘဝ၌ပင် အရဟတ္တမဂ်ဉာဏ်ကြောင့် ချုပ်ငြိမ်းခြင်းကို ပြုလုပ်နိုင်ခဲ့သော် အကြောင်းတရား၏ ထင်ရှား မရှိတော့ခြင်းကြောင့် နောင်အနာဂတ်ဖြစ်သော ဖြစ်လတ္တံ့သော ပဋိသန္ဓေရုပ်တရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်းသည် ဖြစ်ပေါ်လာ၏"။

ဤသို့စသည်ဖြင့် ဖွင့်ဆိုထားတော်မူ၏။ ထိုသို့ ဤဘဝ၌ ဖြစ်ပေါ်လတ္တံ့သော အရဟတ္တမဂ်ဟု ဖွင့်ဆိုခြင်းမှာ များရာသို့လိုက်၍ ယေဘုယျနည်းအားဖြင့် ဖွင့်ဆိုထားတော်မူခြင်းသာ ဖြစ်သည်ဟု ယူဆသင့်ပေသည်။ တစ်နည်း အားဖြင့် ဆိုရသော် အရိပ်ပြလျှင် အကောင်ထင်ရမည့် ဥပလက္ခဏနည်း နိဒဿနနည်းအားဖြင့် ဤဘဝတွင် အရဟတ္တမဂ်သို့ ဆိုက်မည့် ယောဂီသူတော်ကောင်းကို ပုံစံထုတ်၍ ဖွင့်ဆိုထားသည်ဟု ယူဆသင့်ပေသည်။ အကြောင်းမူ –– ဤဘဝတွင် အရိယမဂ်ဉာဏ်သို့ မဆိုက်ရောက်နိုင်သေးသော ဤဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာဉာဏ်မျှကိုသာ ရရှိနိုင်သော ပုထုဇန်, ဧကဗီဇီ သောတာပန်, ကောလံကောလ သောတာပန်, သတ္တ-က္ခတ္တုပရမ သောတာပန်, နတ်ပြည် ဗြဟ္မာ့ပြည်၌ ပရိနိဗ္ဗာန်စံတော်မူကြမည့် သကဒါဂါမ် အနာဂါမ်စသော သူတော်ကောင်းတို့သည် အနာဂတ် ဘဝတစ်ခုခုတွင်သာ အရဟတ္တမဂ်ကို ရရှိနိုင်သောကြောင့် ဖြစ်သည်။

မည်သို့ပင် ရှိစေ၊ ယောဂါဝစရပုဂ္ဂိုလ်သည် အကယ်၍ ဤဘဝတွင်ပင် အရဟတ္တမဂ်ကို ရရှိလတ္တံ့သည် ဖြစ်အံ့၊ ယင်း အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်း = အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့်, အကယ်၍ အရဟတ္တမဂ်ကို မရရှိပါက ဖြစ်နိုင်ခွင့်ရှိသော, လာမည့်အနာဂတ်ဘဝတွင် ရူပက္ခန္ဓာ၏ (ဝိပါက် နာမ်ခန္ဓာတို့၏) နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားမှု အနုပ္ပါဒနိရောဓသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဤဥဒယဗ္ဗယ အကျယ်ရှုပွားနည်း ရှုကွက်ကို ရှုရန် ဖြစ်ပေသည်။ (ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရေးသားတင်ပြခဲ့သော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ရှုကွက်ကို ပြန်လည်၍ အာရုံယူထားပါ။)

အကယ်၍ အသင်သူတော်ကောင်းသည် နောင်အနာဂတ် ဘဝတစ်ခုခုတွင်မှ အရဟတ္တမဂ်ကို ရရှိလတ္တံ့-သည် ဖြစ်ပါက ယင်းအရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှု အနုပ္ပါဒနိရောဓသဘောသို့ ရောက်ရှိသွားခြင်းကြောင့် ယင်းအရဟတ္တမဂ်ကို ရလတ္တံ့သည့် အနာဂတ်ဘဝ၏ နောက်၌ အရဟတ္တမဂ်ကို မရရှိက ဖြစ်နိုင်ခွင့်ရှိသော ရူပက္ခန္ဓာ၏ (ဝိပါက် နာမ်ခန္ဓာတို့၏) နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှု အနုပ္ပါဒနိရောဓသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ဤဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်း ရှုကွက်ကို ရှုရမည် ဖြစ်ပေသည်။

ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရေးသားတင်ပြခဲ့သော ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်ကို ပြန်လည်၍ အာရုံယူထားပါ။ ယင်းပဉ္စမနည်းအတိုင်း ဤ ဥဒယဗ္ဗယ အကျယ် ရှုပွားနည်းကို ရှုရမည်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့စဉ်က အနာဂတ်တွင် ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ် ရပ်စဲမည့်အချိန်သို့ တိုင်အောင် သို့မဟုတ် ဘဝသို့ တိုင်အောင် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့၏။ ထိုသံသရာခရီးကို အဆုံးသတ်မည့် ဘဝတွင် သံသရာခရီး မဆုံးမီ သံသရာစက်ရဟတ် အဆုံး မသတ်မီ တစ်ချိန်ချိန်၌ အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည် အနုပ္ပါဒနိရောဓသဘော အားဖြင့် ချုပ်ငြိမ်းသွားခဲ့ကြ၏။ ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရကံတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ခန္ဓာငါးပါးတို့၏လည်း အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ဝိပဿနာ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ – အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ - စသည့် ဤ ဥဒယဗ္ဗယ အကျယ်ရှုပွားနည်း ရှုကွက်ကို ရှုပါ။

သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ဖြင့် မှတ်အပ်သော ဝိပရိဏာမသဘောသည်လည်း သခ်တ၏ လက္ခဏာ-ပင် ဖြစ်၍ **ဝိပရိဏာမလက္ခဏ**ဟု ဆိုသည်။ ဝေဒနာက္ခန္ဓာ စသည်တို့၌လည်း နည်းတူ မှတ်ပါ။

**ဖဿ** –– ဖုဋ္ဌော ဝေဒေတိ၊ ဖုဋ္ဌော သဉ္ဇာနာတိ၊ ဖုဋ္ဌော စေတေတိ။ (သံ-၂-၂၉၂။)

အာရုံကို တွေ့ထိသော သူသည် အာရုံကို ခံစား၏၊ အာရုံကို တွေ့ထိသော သူသည် အာရုံကို မှတ်သား၏၊ အာရုံကို တွေ့ထိသော သူသည် အာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရောက်အောင် စေ့ဆော် အားထုတ်၏။ ဤသို့စသည်ဖြင့်လည်းကောင်း,

ဖဿပစ္စယာ ဝေဒနာ, စက္ခုသမ္ဖဿဇာ ဝေဒနာ, သညာ, စေတနာ။ (အဘိ-၂-၁၄၃။)

ဖဿဟူသော အကြောင်းကြောင့် ဝေဒနာသည် ဖြစ်၏၊ စက္ခုသမ္ဖဿဇာ ဝေဒနာလည်းကောင်း, သညာ လည်းကောင်း, စေတနာလည်းကောင်း ဖြစ်၏ –– ဤသို့ စသည်ဖြင့်လည်းကောင်း,

ဘုရားရှင်သည် ဟောကြားထားတော်မူခြင်းကြောင့် ဖဿသည် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တို့၏ ပဝတ္တိပစ္စယ = ပဝတ္တိအကြောင်းတရား = ပစ္စုပ္ပန်အကြောင်းတရား ဖြစ်၏။ ထိုဖဿ၏ အနုပ္ပါဒနိရောဓ

သဘောအားဖြင့် ချုပ်ခြင်းကြောင့်လည်း ထိုဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းခြင်းသည် ဖြစ်ပေါ်လာ၏။

**မဟာပဒါနသုတ်** (ဒီ-၂-၂၈။), **မဟာနိဒါနသုတ်** (ဒီ-၂-၄၈။) တို့၌လည်းကောင်း, **အဘိဓမ္မာ အညမည– ပစ္စယဝါရ** (အဘိ-၄-၃၇၁။) ၌လည်းကောင်း — နာမရူပပစ္စယာ ဝိညာဏံ - ဟု ဘုရားရှင်သည် ဟောကြား ထားတော်မူခြင်းကြောင့် နာမ်ရုပ်သည် ဝိညာဏက္ခန္ဓာ၏ ပဝတ္တိပစ္စယ = ပဝတ္တိအကြောင်းတရား = ပစ္စုပ္ပန် အကြောင်းတရား ဖြစ်သည်၊ ထိုနာမ်ရုပ်၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့် ဝိညာဏက္ခန္ဓာ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းသည်လည်း ဖြစ်ပေါ်လာ၏။ ထိုကြောင့် —

ဖဿသမုဒယာ ဝေဒနာသမုဒယော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော။ နာမရူပသမုဒယာ ဝိညာဏ သမုဒယော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော . . .

= ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏, ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။ နာမ်ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏ . . .

ဤသို့ စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပေသည်။ (မဟာဋီ-၂-၄၂၂။)

## ဥပ္ပါဒနိရောဓ – အနုပ္ပါဒနိရောဓ

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်စသော ကိလေသဝဋ္ဋတရားတို့သည် ဆိုင်ရာဆိုင်ရာ အရိယမဂ်တရားဖြင့် မပယ်ရှား ရသေးသမျှ ကာလပတ်လုံး သတ္တဝါတို့၏ ရုပ်နာမ် သန္တာန် အစဉ်ဝယ် အနုသယဓာတ်အနေဖြင့် ကိန်းဝပ်လျက် လိုက်ပါတည်နေလျက် ရှိကြ၏၊ ဥပါဒ်-ဌီ-ဘင်-အနေအားဖြင့် ထင်ရှား ဖြစ်ပေါ်လာဖို့ရန် အကြောင်းတရားများ- သည် အညီအညွတ် ပေါင်းဆုံမိပါက ယင်းကိလေသဝဋ္ဋတရားတို့သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား ဖြစ်ပွားလာကြ၏၊ ယင်းသို့ ဥပါဒ်ထင်ရှား ဖြစ်ပွားလာကြသောအခါ ပရမတ္ထဓမ္မသဘာဝတို့၏ ထုံးစံဓမ္မတာအတိုင်း ဥပါဒ်ပြီးနောက် ဘင်ကာလသို့ ရောက်က ပျက်စီးသွားကြရ၏၊ ယင်းသို့ ချုပ်ပျက်သွားခြင်းကား ဥပ္ပါဒနိရောဓ- တည်း။ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှား ဖြစ်ပေါ်လာဖို့ရန် အကြောင်းတရားတို့သည် အညီအညွတ် ပေါင်းဆုံ မိပါက နောက်ထပ် တစ်ဖန် ဥပါဒ်-ဌီ-ဘင်အနေဖြင့် ထင်ရှားဖြစ်ခွင့် ရှိနေသေးသော ချုပ်ခြင်းတည်း။ ကိလေသာ ဟူသမျှတို့သည် ယင်းတို့၏ အနုသယဓာတ်ငုတ်ကို ဆိုင်ရာဆိုင်ရာ အရိယမဂ်တရားဖြင့် အကြွင်းမဲ့ မပယ်သတ် ရသေးသမျှ ကာလပတ်လုံး ဤနည်းနှင်နှင် ချည်းပင်တည်း။ အကြင်အခါ၌ကား ယင်းအနုသယကိလေသာ ဓာတ်ငုတ်တို့ကို ဆိုင်ရာဆိုင်ရာ အရိယမဂ်တရားက အကြွင်းမဲ့ ပယ်သတ်လိုက်၏၊ ထိုအခါ ဆိုင်ရာဆိုင်ရာ ကိလေသာတို့သည် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားကြ၏၊ ယင်းသို့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းကို အနုပ္ပါဒနိရောဓဟု ဆိုသည်။

## နိရောဓ (၅) မျိုး

၁။ မဟာကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ မရှိခြင်း အဘာဝဟု ဆိုအပ်သော **တဒင်္ဂနိရောဓ,**

၂။ ရူပါဝစရကုသိုလ် အရူပါဝစရကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ မရှိခြင်း အဘာဝဟု ဆိုအပ်သော **ဝိက္ခမ္ဘနနိရောဓ,**

၃။ အရိယမဂ်တရားသည် အကြွင်းမဲ့ ပယ်ရှား ဖျက်ဆီးအပ်သော ကိလေသာ၏ မရှိခြင်း အဘာဝဟု ဆိုအပ်- သော **သမုစ္ဆေဒနိရောဓ,**

၄။ အရိယဖိုလ်သည် ပယ်အပ်သော ကိလေသာ၏ မရှိခြင်း အဘာဝဟု ဆိုအပ်သော **ပဋိပဿဒ္ဓိနိရောဓ,**

၅။ စိတ်-စေတသိက် (ရုပ်)တို့၏ ခဏတိုင်း ခဏတိုင်း ဘင်ကာလတိုင်း ဘင်ကာလတိုင်း၌ ပျက်ခြင်းဟု ဆိုအပ်သော **ခဏဘင်္ဂနိရောဓ** –– ဤသို့လျှင် နိရောဓ (၅)မျိုး ရှိပေသည်။ (အဘိ-ဋ္ဌ-၃-၃၁၁။)

ထိုတွင် တဒင်္ဂနိရောဓ ဝိက္ခမ္ဘနနိရောဓ ခဏဘင်္ဂနိရောဓတို့ကား ဥပ္ပါဒနိရောဓတည်း။ အကြောင်းမကုန်သေးပါက နောင်တစ်ဖန် ဖြစ်ခွင့်ရှိသော ချုပ်ခြင်းတည်း။ (ထိုတရားတို့တွင် ပရိနိဗ္ဗာနစုတိ မပါဝင်ပေ။) သမုစ္ဆေဒနိရောဓ နှင့် ပဋိပဿဒ္ဓိနိရောဓတို့ကား အနုပ္ပါဒနိရောဓတည်း။ နောင်တစ်ဖန် ဖြစ်ခွင့် မရှိသော နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားသော ချုပ်ငြိမ်းခြင်းမျိုးတည်း။ ပရိနိဗ္ဗာနစုတိ၏ နောက်၌ ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်းခြင်း ခန္ဓပရိနိဗ္ဗာန်သည်လည်း နောက်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်း အနုပ္ပါဒနိရောဓပင်တည်း။

ဤအထက်ပါ ရှင်းလင်းချက်များကို ကြည့်ပါက ဤဥဒယဗ္ဗယ အကျယ် ရှုပွားနည်းနှင့် ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်တို့သည် တစ်ခုနှင့် တစ်ခု ကျေးဇူးပြုလျက် ရှိသည်ကို အသင်သူတော်ကောင်းသည် သဘောပေါက်နိုင်လောက်ပေပြီ၊ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းတတ်ပါက ဤ ဥဒယဗ္ဗယ အကျယ်ရှုပွားနည်းကို လွယ်ကူစွာပင် သဘောပေါက်နိုင်မည် ဖြစ်ပေသည်။ ဤတွင် ရှုပွားပုံ နည်းစနစ် ပုံစံအချို့ကို သဘောပေါက်နိုင်ရုံမျှ ရေးသားတင်ပြအပ်ပါသည်။

## သမုဒယဓမ္မာနုပဿီပိုင်း

## ဥဒယဒဿန = အဖြစ်သက်သက် ရှုနည်း

## ပဋိသန္ဓေ – ရူပက္ခန္ဓာ

အသင်သူတော်ကောင်းသည် ပစ္စယတော ဥဒယဒဿန = အကြောင်းတရားအားဖြင့် အဖြစ် ရှုနည်း, ခဏတော ဥဒယဒဿန = ခဏအားဖြင့် အဖြစ် ရှုနည်းဟူသော နှစ်မျိုးသော ဥဒယဒဿနကို ရှုလိုပါက ရှေးဦးစွာ မိမိရှုပွားလိုသော ရုပ်ခန္ဓာ နာမ်ခန္ဓာကို သိမ်းဆည်းရမည် ဖြစ်သည်၊ ထိုနောင် ဆိုင်ရာဆိုင်ရာ အကြောင်းတရား-ကြောင့် ဆိုင်ရာဆိုင်ရာ အကျိုးတရား ဖြစ်ပေါ်ပုံကိုလည်းကောင်း, အကျိုးခန္ဓာ၏ ဖြစ်မှုသက်သက် ဥဒယ သဘောကိုလည်းကောင်း ဆက်လက်၍ ရှုပွားရမည် ဖြစ်သည်။

အသင်သူတော်ကောင်းသည် ပဋိသန္ဓေ ခန္ဓာငါးပါး၌ ဤရှုကွက်ကို ရှုလိုသည် ဖြစ်အံ့၊ ရှေးဦးစွာ ပဋိသန္ဓေ ခန္ဓာငါးပါးကို တစ်ဖန် ပြန်၍ သိမ်းဆည်းပါ၊ ထိုနောင် မိမိ ရှုလိုသော ရူပက္ခန္ဓာကို ထပ်မံ၍ သိမ်းဆည်းပါ။ ယင်းပဋိသန္ဓေ ရူပက္ခန္ဓာ၌ ကမ္မဇရုပ် အမျိုးအစား (၃၀) ပါဝင်၏။ ယင်းရူပက္ခန္ဓာသည်ကား အသင်သူတော်ကောင်း ကိုယ်တိုင် အတိတ်ဘဝတစ်ခုက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ဖြစ်ပေါ်-လာရသော တရား ဖြစ်၏။ ယင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကိုလည်းကောင်း, ယင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ပဋိသန္ဓေ ရူပက္ခန္ဓာ၏ ဖြစ်ပုံကိုလည်းကောင်း ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းဖြင့် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့စဉ်က အသင်သူတော်ကောင်းကိုယ်တိုင် သိမ်းဆည်းခဲ့ပြီးပင် ဖြစ်၏။ မည်ကဲ့သို့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံမျိုးဖြစ်သည်ကိုလည်း ထိုစဉ်က သိမ်းဆည်းခဲ့ပြီး သိခဲ့ပြီးပင် ဖြစ်၏။ အသင်သူတော်ကောင်းသည် ယင်း ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်းတွင် ရှုခဲ့သည့်အတိုင်း ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန်သင်္ခါရ ကံဟူသော အတိတ်အကြောင်းတရားများကြောင့် ပဋိသန္ဓေကမ္မဇရုပ် ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ မြင်သောအခါ အောက်ပါ ရှုကွက်ကို ရှုပါ။ ––

၁။ အဝိဇ္ဇာ(၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေကမ္မဇ) ရုပ်ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ ကမ္မဇ) ရုပ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ ကမ္မဇ) ရုပ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ ကမ္မဇ) ရုပ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ ကမ္မဇ) ရုပ် ဖြစ်၏။
* (ပဋိသန္ဓေ ကမ္မဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့ကို (၂၀)ဟု ပုံစံတစ်ခု အဖြစ်ဖြင့်သာ ဤ၌ တင်ပြထားပါသည်၊ (၁၉-၂၀-၂၁-၂၂) ထိုက်သလို ဖြစ်နိုင်ပါသည်၊ သင်္ခါရ-ကံတို့ကိုလည်း (၃၄)ဟု ပုံစံတစ်ခု အဖြစ်ဖြင့်သာ ရေးသားတင်ပြထားပါသည်၊ (၃၄-၃၃-၃၃-၃၂) ထိုက်သလို ဖြစ်နိုင်ပါသည်။ အသင်သူတော်ကောင်းသည် ဘဝတစ်ခု၌ မိမိ ရုပ်နာမ်သန္တာန်အစဉ်တွင် ဖြစ်ခဲ့သည့်အတိုင်းသာ ရှုရန် ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်းတွင် ရေးသား တင်ပြခဲ့သည့်အတိုင်း ဘဝတစ်ခုနှင့် ဘဝတစ်ခုဝယ် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည် အမည်ချင်းသာ တူညီ၍ ဖြစ်ပုံအခြင်းအရာချင်း အမျိုးအစားချင်း မတူညီကြသည်ကိုကား သတိပြုပါ။ ရှေးဦးစွာ ယခုပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ ရူပက္ခန္ဓာကို ဖြစ်ပေါ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကို သိမ်းဆည်းပါ။ တစ်ဖန် ယင်းအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ပဋိသန္ဓေ ရူပက္ခန္ဓာ ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အထက်ပါ ရှုကွက်ကို ရှုပါ။ ပစ္စယတော ဥဒယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်မှုကို ရှုခြင်းတည်း။ တစ်ဖန် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်းသဘောဟူသော ရှုကွက်တစ်ခုကို တင်ပြထား၏။ ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း သဘောဟူသော ရှုကွက်မှာ ခဏအားဖြင့် ပဋိသန္ဓေရူပက္ခန္ဓာ၏ ဖြစ်မှု ဥပါဒ် = နိဗ္ဗတ္တိလက္ခဏာကို ရှုခြင်းပင်တည်း။ ခဏတော ဥဒယဒဿနပင်တည်း။

## ပဋိသန္ဓေ – ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ

ရှေးဦးစွာ အသင်သူတော်ကောင်းသည် ပဋိစ္စသမုပ္ပါဒ်ပိုင်း ပဥ္စမနည်းတွင် အကြောင်းတရား အကျိုးတရား တို့ကို သိမ်းဆည်းခဲ့သည့် ပုံစံအတိုင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အတိတ်အကြောင်းတရား-များကြောင့် ပဋိသန္ဓေ ဝေဒနာက္ခန္ဓာ ဖြစ်ပုံကိုလည်းကောင်း, ပဋိသန္ဓေဝေဒနာက္ခန္ဓာနှင့်အတူ ဥပါဒ်ကြသော ဝတ္ထု (ဟဒယဝတ္ထု), အာရုံ, ဖဿ စသော ပဝတ္တိအကြောင်း = ပစ္စုပ္ပန် အကြောင်းတရားတို့ကြောင့် ပဋိသန္ဓေဝေဒနာက္ခန္ဓာ ဖြစ်ပုံကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။ မြင်သောအခါမှ အောက်ပါရှုကွက်ကို ရှုပါ။

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၇။ အာရုံ (ပဋိသန္ဓေ၏ အာရုံ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
၈။ ဖဿ (= ၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝေဒနာ ဖြစ်၏။
* (ပဋိသန္ဓေ) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

ဤ၌ ဝတ္ထုဟူသည်မှာ ပဋိသန္ဓေ ဝေဒနာက္ခန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုပင်တည်း၊ သို့သော် မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ဟဒယဝတ္ထုနှင့် တကွသော နှလုံး၌ တည်ရှိသော ရုပ်တရား အားလုံးကိုပင် အာရုံယူ၍ ရှုပါ၊ အရာရာတိုင်း၌ နည်းတူ မှတ်ပါ။ အာရုံဟူသည်မှာ ပဋိသန္ဓေ နာမ်တရားစု၏ အာရုံဖြစ်သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ် ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးပင်တည်း။ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ထိုအာရုံကို မည်သည့်အာရုံ ဖြစ်သည်ကို အသင်သူတော်ကောင်း ကိုယ်တိုင် ဆန်းစစ်ကြည့်ပါ။

## ပဋိသန္ဓေ – သညာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၇။ အာရုံ (= ပဋိသန္ဓေ၏ အာရုံ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။
၈။ ဖဿ (= ၃၄ - သညာ = ၃၃) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သညာ ဖြစ်၏။

* (ပဋိသန္ဓေ) သညာ၏ ဖြစ်ခြင်းသဘော။

## ပဋိသန္ဓေ – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ပထမနည်း)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ပဋိသန္ဓေ၏ အာရုံ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။
၈။ ဖဿ (= ၃၄ - စေတနာ = ၃၃) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) သင်္ခါရ ဖြစ်၏။

* (ပဋိသန္ဓေ) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

ဤနည်း၌ ပဋိသန္ဓေ ဝိညာဏ်နှင့် ယှဉ်သော စေတနာကိုသာ သင်္ခါရက္ခန္ဓာ-အရ ကောက်ယူထားသည်၊ ထို့ကြောင့် အကြောင်းတရားဘက်၌ စေတနာမှ ကြွင်းသော နာမ်တရား (၃၃) ဖြစ်သည်။

## ပဋိသန္ဓေ – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ဒုတိယနည်း)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။

၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ပဋိသန္ဓေ၏ အာရုံ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။
၈။ ကျန်နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ စေတသိက်) သင်္ခါရ ဖြစ်၏။

* (ပဋိသန္ဓေ စေတသိက်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

ဤသင်္ခါရက္ခန္ဓာဝယ် စေတနာကို သင်္ခါရက္ခန္ဓာဟု ကောက်ယူရသော ပထမနည်း, ဝေဒနာ-သညာမှ ကြွင်းသော စေတသိက်ဟူသမျှကို သင်္ခါရက္ခန္ဓာဟု ကောက်ယူရသော ဒုတိယနည်းဟု နှစ်နည်းရှိရာ အသင်သူတော်ကောင်းသည် ယင်းနှစ်နည်းလုံးကိုပင် ရှုပါ။ စေတနာကို သင်္ခါရက္ခန္ဓာဟု ကောက်ယူရသော ပထမနည်း၌ ဖဿဟူသော အကြောင်းတရားဘက်၌ စေတနာမှ ကြွင်းသော ဖဿနှင့်တကွသော ယှဉ်ဖက် သမ္ပယုတ်တရားမှန်သမျှသည် ထိုက်သလို တည်ရှိနေမည် ဖြစ်၏။ ဝေဒနာ-သညာမှ ကြွင်းကျန်သော စေတသိက်မှန်သမျှကို သင်္ခါရက္ခန္ဓာဟု အရကောက်ယူရသော ဒုတိယနည်း၌ကား ယင်းအမှတ် (၈) အကြောင်းတရားပိုင်းတွင် ဝေဒနာ သညာ ဝိညာဏ်ဟူသော ကြွင်းကျန်သော နာမ်ခန္ဓာသုံးပါးသာ ရှိပေသည်။ သင်္ခါရက္ခန္ဓာဟူသော အကျိုးတရားဘက်၌ ဝေဒနာ-သညာမှ ကြွင်းကျန်သော စေတသိက်ဟူသမျှ အားလုံးသည် ပါဝင်နေသောကြောင့် ဖြစ်၏။ အရာရာတိုင်းတွင် နည်းတူ မှတ်ပါ။

## ပဋိသန္ဓေ – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။
၆။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် (ပဋိသန္ဓေ) ဝိညာဏ် ဖြစ်၏။

* (ပဋိသန္ဓေ) ဝိညာဏ်၏ ဖြစ်ခြင်းသဘော။

ဤ၌ နာမ်-ဟူသည်မှာ ပဋိသန္ဓေဝိညာဏ်နှင့်ယှဉ်ဖက် စေတသိက်တရားစုတည်း၊ ရုပ်ဟူသည်မှာ မှီရာဝတ္ထုရုပ်ကိုလည်း ဆိုလို၏၊ အကယ်၍ ပဋိသန္ဓေ၏ အာရုံနိမိတ်သည် ရုပ်တရားဖြစ်ခဲ့သော် ယင်းအာရုံရုပ်တရားကိုလည်း ဆိုလို၏၊ ပဋိသန္ဓေ၏ အာရုံမှာ ရုပ်တရား ဟုတ်-မဟုတ်ကို အသင်သူတော်ကောင်း ကိုယ်တိုင် ဆန်းစစ်ကြည့်ပါလေ။

## ဘဝင် – ရူပက္ခန္ဓာ၌ ဥဒယရှုပုံ

ပဋိသန္ဓေနောင် ပထမဘဝင်မှ စ၍ ဘဝတစ်လျှောက်ဝယ် ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်နေသော ဘဝင်ဟူသမျှ၌ ခန္ဓာငါးပါးဖွဲ့၍ မိမိ ဉာဏ်မှီသမျှ ဤရှုကွက်ကို ရှုနိုင်ပါသည်။ ပဋိသန္ဓေနောင် ပထမဘဝင်၏ မှီရာ ရုပ်တရားမှာ ပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုပင် ဖြစ်သည်။ ထိုပထမဘဝင် အခိုက်၌ ကမ္မဇရုပ်တို့သာမက စိတ္တဇရုပ် ဥတုဇရုပ်တို့သည်လည်း ဖြစ်ပွားလာကြပြီ ဖြစ်၏။ အာဟာရဇရုပ်သာ မဖြစ်နိုင်သေးပေ။ ယင်းရုပ်တရားအားလုံးတို့ကို ရူပက္ခန္ဓာ၌ ထည့်သွင်း၍ ရှုပါ။ ယခုကဲ့သို့ ဝိပဿနာ ရှုပွားနေသော

အခိုက်၌ကား ထိုထိုဘဝင်၏ စိတ္တက္ခဏတို့၌ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဟူသော ရုပ်အားလုံး-တို့သည် ထိုက်သလို ဖြစ်နေကြ၏။ ဤတွင် ယခုကဲ့သို့ ဝိပဿနာ ရှုပွားနေသော အချိန်အခါ ကာလ၌ အသင်သူတော်ကောင်း၏ သန္တာန်ဝယ် ဖြစ်ပွားနေသော ဘဝင်စိတ္တက္ခဏ အခိုက်၌ ခန္ဓာငါးပါးရှုကွက်ကို နမူနာအဖြစ် ပုံစံထုတ်၍ ရေးသားတင်ပြအပ်ပါသည်။

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် ကမ္မဇ) ရုပ် ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် ကမ္မဇ) ရုပ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် ကမ္မဇ) ရုပ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင် ကမ္မဇ) ရုပ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင် ကမ္မဇ) ရုပ် ဖြစ်၏။
* (ဘဝင် ကမ္မဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၆။ စိတ် ဖြစ်ခြင်းကြောင့် (ဘဝင် စိတ္တဇ) ရုပ် ဖြစ်၏။
* (ဘဝင် စိတ္တဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၇။ ဥတု ဖြစ်ခြင်းကြောင့် (ဘဝင် ဥတုဇ) ရုပ် ဖြစ်၏။
* (ဘဝင် ဥတုဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၈။ အာဟာရ ဖြစ်ခြင်းကြောင့် (ဘဝင် အာဟာရဇ) ရုပ် ဖြစ်၏။
* (ဘဝင် အာဟာရဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

ပဋိသန္ဓေအခိုက်ဝယ် ဖြစ်ပေါ်နေသော ရုပ်တရားတို့ကို ပဋိသန္ဓေ ကမ္မဇရုပ်ဟု ခေါ်ဝေါ်သုံးစွဲသကဲ့သို့ အလားတူပင် ဘဝင် စိတ္တက္ခဏ အခိုက်ဝယ် ဖြစ်ပွားသွားကြသော ရုပ်တို့ကိုလည်း ဘဝင် ကမ္မဇရုပ်, ဘဝင် စိတ္တဇရုပ်, ဘဝင် ဥတုဇရုပ်, ဘဝင် အာဟာရဇရုပ်ဟု အသီးအသီး ခေါ်ဝေါ်သုံးစွဲထားပါသည်။

## ဘဝင် – ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၇။ အာရုံ (= ဘဝင်၏ အာရုံ) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
၈။ ဖဿ (= ၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝေဒနာ ဖြစ်၏။
* (ဘဝင်) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

ဤ၌ အာရုံဟူသည်မှာ အတိတ်ဘဝ သေခါနီးကာလဝယ် မရဏာသန္နဇောသည် ယူအပ်ခဲ့သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အာရုံပင်တည်း။ ဘဝင်၏ အာရုံနှင့် ပဋိ-သန္ဓေ နာမ်တရားစု၏ အာရုံသည် အတူတူပင် ဖြစ်သည်။ ဘဝင် နာမ်ခန္ဓာလေးပါးလုံး၌ နည်းတူ မှတ်ပါ။

## ဘဝင် – သညာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၇။ အာရုံ (= ဘဝင်၏ အာရုံ) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
၈။ ဖဿ (= ၃၄ - သညာ = ၃၃) ဖြစ်ခြင်းကြောင့် (ဘဝင်) သညာ ဖြစ်၏။
* (ဘဝင်) သညာ၏ ဖြစ်ခြင်းသဘော။

## ဘဝင် – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ပဌမနည်း)
### (သင်္ခါရအရ စေတနာကို ကောက်ပါ ။)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၈။ ဖဿ (= ၃၄ - စေတနာ = ၃၃) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
* (ဘဝင်-စေတသိက်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## ဘဝင် – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ဒုတိယနည်း)
### (သင်္ခါရအရ စေတသိက် ၃၁–လုံးကို ကောက်ပါ ။)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
၈။ ကျန်နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် (ဘဝင် စေတသိက်) သင်္ခါရ ဖြစ်၏။
* (ဘဝင် စေတသိက်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

ဤသင်္ခါရက္ခန္ဓာ ပဌမနည်း ရှုကွက်၌ကား စေတနာ တစ်ခုတည်းကိုသာ သင်္ခါရက္ခန္ဓာအရ ကောက်ယူထားသဖြင့် အကျိုးတရားဘက်၌ စေတနာ တစ်ခုတည်းသာ ရှိ၍ အကြောင်းတရားဘက်၌ စေတနာမှ ကြွင်းသော ဖဿနှင့် တကွသော နာမ်တရား အားလုံးသည် တည်ရှိနေပေ၏၊ သင်္ခါရက္ခန္ဓာ ဒုတိယနည်းရှုကွက်၌ကား ဝေဒနာ-သညာ-ဝိညာဏ်မှ ကြွင်းသော ဖဿနှင့်တကွသော စေတသိက် (၃၁)လုံးကို သင်္ခါရက္ခန္ဓာအရ ကောက်ယူထား၏၊ ဖဿသည် အကျိုးတရားဘက်၌ တည်ရှိနေ၏၊ ထို့ကြောင့် ဝေဒနာ-သညာ-ဝိညာဏ်ဟူသော ကျန်နာမ်ခန္ဓာ သုံးပါးသည် ယင်းသင်္ခါရက္ခန္ဓာ၏ အကြောင်းတရားပိုင်းတွင် တည်ရှိနေပေသည်၊ အရာရာတိုင်းတွင် နည်းတူ မှတ်ပါ။

## ဘဝင် – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။
၆။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် (ဘဝင်) ဝိညာဏ် ဖြစ်၏။

* (ဘဝင်) ဝိညာဏ်၏ ဖြစ်ခြင်းသဘော။

နာမ်အရ ဘဝင်ဝိညာဏ်နှင့်ယှဉ်ဖက် စေတသိက် အားလုံးကို ကောက်ယူပါ။ မိမိ သိမ်းဆည်း ရှုပွားလိုက်သော ဘဝင်ဝိညာဏ်နှင့် ယှဉ်ဖက် စေတသိက် နာမ်တရားတို့မှာ စိတ္တက္ခဏ တစ်ခု၏ အတွင်း၌ ပြိုင်တူဖြစ်ကြသော တရားတို့သာ ဖြစ်ကြ၏။ စိတ္တက္ခဏ မခြားပေ။ ရုပ်-ဟူသည်မှာ ဘဝင်၏ မှီရာ ဟဒယဝတ္ထုရုပ်နှင့် တကွ မကင်းစကောင်းသော နှလုံး၌ တည်ရှိသော (၅၄)မျိုးသော ရုပ်တရားများပင်တည်း။ အကယ်၍ ဘဝင်နာမ်တရားစု၏ အာရုံမှာ ရုပ်တရား ဖြစ်လျှင် ထိုရုပ်တရားကိုပါ "နာမ်-ရုပ်" စာရင်းတွင် ထည့်သွင်း၍ ရှုပါ။ ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်နေသော ဘဝင်စိတ္တက္ခဏတိုင်း၌ နည်းတူ မှတ်ပါ။

## ပဉ္စဒွါရာဝဇ္ဇန်း – ရူပက္ခန္ဓာ၌ ဥဒယရှုပုံ

အသင်သူတော်ကောင်းသည် နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများကို ပြန်လည်၍ အာရုံယူထားပါ။ ထိုဇယား-များတွင် ဖော်ပြထားသည့်အတိုင်း ဝီထိစိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါးဖွဲ့၍ ခန္ဓာ တစ်ပါး တစ်ပါး၌ ဤရှုကွက်ကို ရှုရမည် ဖြစ်ပါသည်။ ယင်း ပဉ္စဒွါရာဝဇ္ဇန်းအခိုက် ရူပက္ခန္ဓာ ရှုကွက်မှာ ဘဝင်ရူပက္ခန္ဓာ ရှုကွက်နှင့် အားလုံးတူပြီ။ ဝေဒနာက္ခန္ဓာစသည့် ရှုကွက်တို့ကိုသာ ရေးသားတင်ပြပေအံ့။

## ရူပါရုံလိုင်း – ပဉ္စဒွါရာဝဇ္ဇန်း – ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ ဝတ္ထု (= ဟဒယဝတ္ထု) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) ဝေဒနာ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) ဝေဒနာ ဖြစ်၏။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) ဝေဒနာ ဖြစ်၏။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁ - ဝေဒနာ = ၁၀) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) ဝေဒနာ ဖြစ်၏။

* (ပဉ္စဒွါရာဝဇ္ဇန်း) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

ဤ၌ ပဥ္စဒွါရာဝဇ္ဇန်း ဝေဒနာမှာ ဥပေက္ခာဝေဒနာ ပုံသေ ဖြစ်၏။ ယင်းပဥ္စဒွါရာဝဇ္ဇန်း၏ မှီရာ ဝတ္ထုမှာ ဟဒယဝတ္ထုပင် ဖြစ်၏။ မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ယင်းဟဒယဝတ္ထုနှင့် အတူတကွ တည်ရှိနေသော နှလုံးအိမ် အတွင်း၌ ဖြစ်ပေါ်နေသော (၅၄)မျိုးသော ရုပ်တရားတို့ကိုပင် အာရုံယူ၍ ရှုပါ။ အာရုံမှာလည်း ဤ၌ ရူပါရုံပင် ဖြစ်၏။ သို့သော် မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် ယင်းရူပါရုံနှင့် အတူတကွ ဖြစ်ကြသော ကလာပ်တူ ရုပ်တရားတို့ကိုပါ ဃနပြိုအောင် ပရမတ်သို့ ဆိုက်အောင် သိမ်းဆည်းလျက် ရှုပါ။ ဃနပြိုရေး ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ရေးအတွက်သာ ထိုသို့ ရှုခြင်း ဖြစ်ပါသည်။ အရာရာတွင် နည်းတူ မှတ်ပါ။

## ပဉ္စဒွါရာဝဇ္ဇန်း – သညာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သညာ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သညာ ဖြစ်၏။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သညာ ဖြစ်၏။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁ - သညာ = ၁၀) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သညာ ဖြစ်၏။

* (ပဉ္စဒွါရာဝဇ္ဇန်း) သညာ၏ ဖြစ်ခြင်းသဘော။

## ပဉ္စဒွါရာဝဇ္ဇန်း – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ပထမနည်း)

**(သင်္ခါရ–အရ စေတနာကို ကောက်ပါ။)**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
(ခ) ပဉ္စဒွါရာဝဇ္ဇန်း မနောသမ္ဖဿ (= ၁၁ - စေတနာ = ၁၀) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။

* (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## ပဉ္စဒွါရာဝဇ္ဇန်း – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ဒုတိယနည်း)

**(သင်္ခါရ–အရ စေတသိက် ၈–လုံးကို ကောက်ပါ။)**

၁။ ဝတ္ထု (= ဟဒယ = ၆ = ၅၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
၃။ ဖဿ = (က) ဘဝင်မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။
(ခ) ကျန်နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ ဖြစ်၏။

* (ပဉ္စဒွါရာဝဇ္ဇန်း) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ ဘဝင် မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း) ဝိညာဏ် ဖြစ်၏။

၂။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် (ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း) ဝိညာဏ် ဖြစ်၏။

* (ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း) ဝိညာဏ်၏ ဖြစ်ခြင်းသဘော။

ဤ၌ နာမ်ဟူသည် ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်းဝိညာဏ်နှင့်ယှဉ်ဖက် စေတသိက် (၁၀)လုံးကို ဆိုလိုသည်။ ရုပ်ဟူသည်မှာ ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း ဝိညာဏ်၏ မှီရာဟဒယဝတ္ထုရုပ်နှင့် တကွသော (၅၄)မျိုးသော ရုပ်နှင့် ရူပါရုံပင်တည်း။ ယခုတစ်ဖန် စက္ခုဝိညာဏ် စိတ္တက္ခဏအခိုက်၌ ခန္ဓာငါးပါး ဖွဲ့၍ ဥဒယ = အဖြစ် သက်သက် ရှုကွက်ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ ထိုတွင် ရူပက္ခန္ဓာမှာ စက္ခုဝိညာဏ်၏ မှီရာ စက္ခုဝတ္ထုရုပ်နှင့် တကွသော စက္ခု၌ ရှိသော (၅၄)မျိုးသော ရုပ်တရားများနှင့် ရူပါရုံပင်တည်း။ ရှုကွက်မှာ ဘဝင် ရူပက္ခန္ဓာ ရှုကွက်နှင့် အားလုံးတူပြီ။

## စက္ခုဝိညာဏ် – ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၆။ ဝတ္ထု (= စက္ခု၌ရှိသော ရုပ်-၅၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာဖြစ်၏။

၈။ ဖဿ (= စက္ခုသမ္ဖဿ = ၈ - ဝေဒနာ = ၇) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၉။ အာလောက (= အရောင်အလင်း) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

၁၀။ မနသိကာရ (= ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း = ၁၁) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ဖြစ်၏။

* (စက္ခုဝိညာဏ်) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

## စက္ခုဝိညာဏ် – သညာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၆။ ဝတ္ထု (= စက္ခုဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၈။ ဖဿ (= စက္ခုသမ္ဖဿ = ၈ - သညာ = ၇) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၉။ အာလောက (= အရောင်အလင်း) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

၁၀။ မနသိကာရ (= ပဋိစ္စသမုပ္ပါဒ်ဝဋ္ဋန်း = ၁၁) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ဖြစ်၏။

* (စက္ခုဝိညာဏ်) သညာ၏ ဖြစ်ခြင်းသဘော။

## စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ – (ပဌမနည်း)
### (သင်္ခါရ–အရ စေတနာကို ကောက်ပါ။)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၈။ ဖဿ (= စက္ခုသမ္ဖဿ = ၈ - စေတနာ = ၇) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၉။ အာလောက (= အရောင်အလင်း) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
* (စက္ခုဝိညာဏ်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ဒုတိယနည်း)
### (သင်္ခါရ–အရ စေတသိက် ၅–လုံးကို ကောက်ပါ။)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၈။ ကျန်နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၉။ အာလောက (= အရောင်အလင်း) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁) ဖြစ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ဖြစ်၏။
* (စက္ခုဝိညာဏ်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## စက္ခုဝိညာဏ် – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၆။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။

၇။ အာလောက (= အရောင်အလင်း) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။
၈။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁) ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏ် ဖြစ်၏။

* စက္ခုဝိညာဏ်၏ ဖြစ်ခြင်းသဘော။

နာမ် = ယှဉ်ဖက် စေတသိက် (၇) လုံးတည်း။
ရုပ် = စက္ခုဒွါရ၌ ရှိသော မှီရာ ဝတ္ထုရုပ် (၅၄) နှင့် ရူပါရုံတည်း။

## သမ္မဋိစ္ဆိုင်း – ဝေဒနာက္ခန္ဓာ၌ ဉဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၃။ ဉပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
၈။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁ - ဝေဒနာ = ၁၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) ဝေဒနာ ဖြစ်၏။

* (သမ္ပဋိစ္ဆိုင်း) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

## သမ္ပဋိစ္ဆိုင်း – သညာက္ခန္ဓာ၌ ဉဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၃။ ဉပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း)သညာ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
၈။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။
(ခ) သမ္ပဋိစ္ဆိုင်း မနောသမ္ဖဿ (= ၁၁ - သညာ = ၁၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သညာ ဖြစ်၏။

* (သမ္ပဋိစ္ဆိုင်း) သညာ၏ ဖြစ်ခြင်းသဘော။

## သမ္ပဋိစ္ဆိုင်း သင်္ခါရက္ခန္ဓာ၌ ဉဒယရှုပုံ (ပထမနည်း)

**(စေတနာကို ကောက်ပါ။)**

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္ပဋိစ္ဆိုင်း) သင်္ခါရ ဖြစ်၏။

၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၈။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
(ခ) သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ် မနောသမ္ဖဿ (= ၁၁ - စေတနာ = ၁၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
* (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ် သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ (ဒုတိယနည်း)

## (စေတသိက် ၈–လုံးကိုကောက်ပါ။)

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၆။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၇။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
၈။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
(ခ) ကျန်နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ ဖြစ်၏။
* (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) သင်္ခါရ၏ ဖြစ်ခြင်းသဘော။

## သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ် – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၂။ တဏှာ (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၃။ ဥပါဒါန် (၂၀) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၄။ သင်္ခါရ (၃၄) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၅။ ကံ (= သင်္ခါရ-၃၄-၏ ကမ္မသတ္တိ) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၆။ စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
၇။ (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) နာမ်-ရုပ် ဖြစ်ခြင်းကြောင့် (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ် ဖြစ်၏။
* (သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်) ဝိညာဏ်၏ ဖြစ်ခြင်းသဘော။

နာမ်-ဟူသည် သမ္မဒိဋ္ဌိစိတ္တုပ္ပါဒ်စိတ်နှင့် ယှဉ်ဖက် စေတသိက် (၁၀) တည်း။
ရုပ်-ဟူသည် ဟဒယ၌ရှိသော မှီရာဝတ္ထုရုပ် (၅၄) နှင့် ရူပါရုံတည်း။

ဤမျှ နည်းမှီရပါက ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်ကို ကျေပွန်ပြီးသော ကျေညက်ပြီးသော သူတော်-ကောင်း တစ်ဦးအဖို့ ရူပါရုံစသည့် ထိုထို အာရုံ (၆)ပါးကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝီထိစိတ္တက္ခဏတို့၌ စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းဝယ် ခန္ဓာငါးပါးဖွဲ့၍ ဤဥဒယဒဿန = အဖြစ်-ရှုပွားနည်းကို ရှုပွားတတ်လောက်ပေပြီ။ သို့သော် ဉာဏ်နုသူများအတွက် စက္ခုဒွါရဝီထိ၌ မဟာကုသိုလ်ဇော (၇)တန် စောခဲ့သော် ဒုတိယဇော ဝေဒနာက္ခန္ဓာ ရှုကွက် တစ်ခုကိုလည်းကောင်း, ရူပါရုံကို ဆက်လက်အာရုံယူသည့် မနောဒွါရဝီထိ၌ ဒုတိယဇော ဝေဒနာက္ခန္ဓာ ရှုကွက် တစ်ခုကိုလည်းကောင်း နမူနာ ပုံစံအဖြစ် ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။

## စက္ခုဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော ဝေဒနာက္ခန္ဓာ

၁။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၃။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
(ခ) ပထမဇော မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
(ဂ) ဒုတိယဇော မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၄။ ယောနိသောမနသိကာရ (= ဝုဋ္ဌော = ၁၂) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
* (ဒုတိယဇော) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

## ရူပါရုံလိုင်း – မနောဒွါရဝီထိ – မဟာကုသိုလ် ဒုတိယဇော ဝေဒနာက္ခန္ဓာ

၁။ ဝတ္ထု (= ဟဒယဝတ္ထု = ၅၄) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၂။ အာရုံ (= ရူပါရုံ) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၃။ (က) စက္ခုသမ္ဖဿ (= ၈) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
(ခ) ဘဝင် မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
(ဂ) ပထမဇော မနောသမ္ဖဿ (= ၃၄) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
(ဃ) ဒုတိယဇော မနောသမ္ဖဿ (= ၃၄ - ဝေဒနာ = ၃၃) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
၄။ ယောနိသောမနသိကာရ (= မနောဒွါရာဝဇ္ဇန်း = ၁၂) ဖြစ်ခြင်းကြောင့် (ဒုတိယဇော) ဝေဒနာ ဖြစ်၏။
* (ဒုတိယဇော) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

ဤတိုင်အောင်သော ရှုကွက်ပုံစံများကို နည်းမှီ၍ နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ရေးသားတင်ပြထား-သည့် ဝီထိစိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါးဖွဲ့၍ ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့သည့် နည်းအတိုင်း ဤ ပစ္စယတော ဥဒယဒဿနပိုင်း၌လည်း ဆိုင်ရာ အကြောင်းတရားကြောင့် ဆိုင်ရာ အကျိုးတရား ဖြစ်ပုံကို ရှုပါလေ။ (၆)လိုင်းလုံး၌ ကုန်စင်အောင် ရှုပါ။ ဤတွင် သမုဒယဓမ္မာနုပဿီပိုင်းကို အဆုံးသတ်လိုက်၍ ဝယဓမ္မာနုပဿီပိုင်း ရှုကွက် အရိပ်အမြွက် ပုံစံအနည်းငယ်ကို ဆက်လက်၍ ရေးသား တင်ပြအပ်ပါသည်။

## ဝယဓမ္မာနုပဿီပိုင်း

## ဝယဓမ္မာနုပဿီဟူသည်

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကြောင့် ရူပက္ခန္ဓာ၏ ဖြစ်မှု ဥဒယသဘောကို ရှုပွားတတ်ပြီးသော အသင်သူတော်ကောင်းသည် ယင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓ သဘောအားဖြင့် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် ယင်းပဋိသန္ဓေ ရူပက္ခန္ဓာနှင့် အမျိုးအစားတူသော အနာဂတ် ရူပက္ခန္ဓာ၏ ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းမှု အနုပ္ပါဒနိရောဓသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဤရှုကွက်ကို ရှုပါ။ အားလုံး၌ ဤနည်းချည်း မှတ်ပါ။

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓော**တိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။ **ပစ္စယနိရောဓဋ္ဌေနာ**တိ အဝိဇ္ဇာသင်္ခါတဿ အနာဂတေ ဥပ္ပဇ္ဇနကရူပပစ္စယဿ နိရုဒ္ဓဘာဝေန။ **တဏှာနိရောဓာ ကမ္မနိရောဓာ**တိ ဧတ္ထာပိ ဧသေဝ နယော။ (မဟာဋီ-၂-၄၂၁။)

အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟူသည် အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောက်၌ ဖြစ်ခွင့်ရှိသော အနာဂတ်ရုပ်တရား၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ငြိမ်းသွား၏။ အကြောင်းတရား ထင်ရှား မရှိသော် အကျိုး တရား၏ ထင်ရှားမရှိနိုင်ခြင်းကြောင့်တည်း။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟု ခေါ်ဆိုအပ်သော, ပရိနိဗ္ဗာန စုတိ၏ နောင်ဝယ် အနာဂတ်၌ ဖြစ်ပေါ်လတ္တံ့သော ရုပ်တရား၏ အကြောင်းတရား၏ ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုး ရုပ်တရားသည်လည်း ချုပ်ငြိမ်းသွားရပေသည်။ (မဟာဋီ-၂-၄၂၁။)

ထိုကြောင့် ပစ္စယတော ဝယဒဿန = အကြောင်းတရားအားဖြင့် ပျက်မှု ချုပ်မှုကို ရှုခြင်းဟူသည် မျိုးတူ ရုပ်တရားတို့၏ နောင်တစ်ဖန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်မှုကိုသာ လှမ်း၍ ရှုပါ။ သို့သော် မိမိ ရှုနေသော ပဋိသန္ဓေ ရူပက္ခန္ဓာကဲ့သို့သော ရူပက္ခန္ဓာ၏ ပျက်မှု ဝိပရိဏာမလက္ခဏာကို ရှုခြင်းကား ခဏတော ဝယဒဿန တည်း။ ယင်းကဲ့သို့ ရှုမှုကား အနာဂတ်ရုပ်တရားနှင့် မဆိုင်ပေ။ မိမိ ဝိပဿနာ ရှုနေသော ရူပက္ခန္ဓာနှင့်သာ ဆိုင်ပေသည်။ အသင်သူတော်ကောင်းသည် ပစ္စယတော ဝယဒဿန, ခဏတော ဝယဒဿနဟူသော ယင်း ဝယဒဿန နှစ်မျိုးလုံးကိုပင် ရှုရမည် ဖြစ်သည်။

ကမ္မဇရုပ်တို့ကား ပရိနိဗ္ဗာနစုတိနှင့် ပြိုင်၍ ချုပ်ကြ၏။ ပရိနိဗ္ဗာနစုတိစိတ်ကား စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ပရိနိဗ္ဗာနစုတိ မတိုင်မီ စိတ်တို့ကား စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြသေး၏။ ပရိနိဗ္ဗာနစုတိ၏နောင် စိတ္တက္ခဏ (၁၆) ချက်ခန့်ကိုသာ နောက်ဆုံးထား၍ စိတ္တဇရုပ်တို့ ချုပ်ငြိမ်းကြ၏။ အလားတူပင် အာဟာရဇရုပ်တို့၏ ဖြစ်မှုသည်လည်း ပြတ်စဲသွား၏။ ဥတုဇရုပ်ကား ပရိနိဗ္ဗာနစုတိ၏ နောင်၌ ထိုက်သည့်အားလျော်စွာ ရက်ပိုင်း လပိုင်း နှစ်ပိုင်းအထိ အချိန်ခပ်ကြာကြာ ဖြစ်နိုင်ခွင့် ရှိနေသေး၏။ အသင်သူတော်ကောင်းသည် ယင်း-ကံ-စိတ်-ဥတု-အာဟာရတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် နောင်အနာဂတ်ကာလ၌ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့၏ နောင်တစ်ဖန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှုကို ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ပစ္စယတော ဝယဒဿန = အကြောင်းတရားအားဖြင့် ပျက်မှု ချုပ်မှုကို ရှုပါ။ ခဏတော ဝယဒဿန =

ခဏအားဖြင့် ပျက်မှု ချုပ်မှုကို ရှုရာ၌ကား အသင်သူတော်ကောင်းကိုယ်တိုင် ဖြစ်မှု ဥဒယကို ရှုနေသော ခန္ဓာငါးပါး၌ အကျုံးဝင်သော ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့၏ပင် ပျက်မှု ဘင်ကာလကို အာရုံယူ၍ ရှုပါ။ ပဋိသန္ဓေအခိုက်၌ကား စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ မဖြစ်ကြသေးသဖြင့် ရှုရန် မလိုပါ။ စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တရားတို့ ထင်ရှားဖြစ်နေသော စိတ္တက္ခဏ၌သာ ရှုရန် ဖြစ်ပေသည်။ နာမ်ခန္ဓာ လေးပါး-တို့ကား ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထား၍ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားကြသည်။ ဝီထိစိတ် အသီးအသီး၏ သို့မဟုတ် နာမ်တရား အသီးအသီး၏ ဖြစ်မှုကို ရှုတတ်သော အသင်သူတော်ကောင်းသည် ပရိနိဗ္ဗာနစုတိ၏ နောင်တွင် မျိုးတူ နာမ်တရားအားလုံး၏ ချုပ်ငြိမ်းမှု အနုပ္ပါဒနိရောဓသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ပစ္စယတော ဝယဒဿန ရှုကွက်ကို ရှုပါ။ ခဏတောဝယဒဿနပိုင်း၌ကား မိမိ ရှုပွားနေသော ခန္ဓာတို့၏ ပျက်မှု ဘင်ကိုပင် အာရုံယူ၍ ရှုပါ။ ပဋိသန္ဓေ ခန္ဓာငါးပါးကို ရှုပါက ယင်းပဋိသန္ဓေ ခန္ဓာငါးပါးတို့၏ပင် ပျက်မှု, ဘဝင်ခန္ဓာငါးပါးကို ရှုပါက ယင်းဘဝင် ခန္ဓာငါးပါးတို့၏ပင် ပျက်မှု — ဤသို့စသည်ဖြင့် သဘောပေါက်ပါ။

## ပဋိသန္ဓေ – ရူပက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၂။ တဏှာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၅။ ကံ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
* (ကမ္မဇ) ရုပ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

အကြောင်းတရားတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်း တည်ရှိနေခြင်းကြောင့် အကျိုးတရားတို့၏ ထင်ရှားဖြစ်မှုကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် အကြောင်းတရားတို့၏ ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးတရားတို့၏ ချုပ်ငြိမ်းပုံကိုလည်း ဝိပဿနာဉာဏ်ဖြင့် လှမ်းမျှော်ကြည့်ပါက လွယ်ကူစွာပင် တွေ့ရှိနိုင်မည် ဖြစ်သည်။ ဘုရားရှင်၏ တရားတော်အပေါ်၌ ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝရှိဖို့ကား အလွန် လိုအပ်-နေပေသည်။ ဉာဏ်၏ စွမ်းအားရှိန်စော် အာနုဘော်ကို အထင်သေးနေလျှင် မိမိ၏ သာမန် စဉ်းစားတွေးခေါ်-နိုင်သည့် ဉာဏ်ဖြင့် မမှီနိုင်သည့် အရာကို = အတက္ကာဝစရ အမည်ရသော ကြိစည်စိတ်ကူးမှု ဝိတက်၏ကျက်စားရာ နယ်မြေမဟုတ်သော ပဋိစ္စသမုပ္ပါဒ် ချုပ်ပုံအစဉ်ကို အလွန်အကျွံ တစ်ဖက်သတ် ဆင်ကာဏ်းတောတိုး ဝေဖန်နေလျှင်ကား အသင်သူတော်ကောင်းအဖို့သာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အန္တရာယ်ဖြစ်နေဖွယ်ရာ ရှိပေသည်။ ထိုသို့ ဆိုင်ရာ အကြောင်းတရားများ၏ ထင်ရှား ရှိနေသေးခြင်းကြောင့် ဆိုင်ရာ အကျိုးတရားတို့၏ ထင်ရှား ဖြစ်မှုကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေသော အသင်သူတော်ကောင်းသည် ယင်းအကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် မျိုးတူ အကျိုးတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကိုလည်းကောင်း, အကျိုးတရားတို့၏ ပျက်မှု ဘင်ဟူသော ဥပ္ပါဒနိရောဓသဘောကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အောက်ပါ ရှုကွက်များကို ရှုပါ။

## ပဋိသန္ဓေ – ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၆။ ဝတ္ထု ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၇။ အာရုံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၈။ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။

(ဤကား အနုပ္ပါဒနိရောဓတည်း။)

* ဝေဒနာ၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

## ပဋိသန္ဓေ – သညာက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၆။ ဝတ္ထု ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၇။ အာရုံ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။
၈။ ဖဿ ချုပ်ခြင်းကြောင့် သညာ ချုပ်၏။

(ဤကား အနုပ္ပါဒနိရောဓတည်း။)

* သညာ၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

## ပဋိသန္ဓေ – သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ (ပထမနည်း – စေတနာကို ကောက်)

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၆။ ဝတ္ထု ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၇။ အာရုံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၈။ ဖဿ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။

(ဤကား အနုပ္ပါဒနိရောဓတည်း။)

* သင်္ခါရ၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

## ပဋိသန္ဓေ – သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ (ဒုတိယနည်း)

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၆။ ဝတ္ထု ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၇။ အာရုံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
၈။ ကျန်နာမ်ခန္ဓာ သုံးပါး ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
(ဤကား အနုပ္ပါဒနိရောဓတည်း။)
✻ သင်္ခါရ၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

## ပဋိသန္ဓေ – ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
၆။ နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
(ဤကား အနုပ္ပါဒနိရောဓတည်း။)
✻ ဝိညာဏ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း၌ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့် ပုံစံကို ကျေပွန်ပါက ဤအပိုင်းတွင် ထိုပုံစံအတိုင်းပင် အကြောင်းအကျိုးစပ်၍ ဥဒယသဘော ဝယသဘောကို ရှုရမည် ဖြစ်ပါသည်။ ပဋိသန္ဓေ ခန္ဓာငါးပါးကို ရှုပြီးပါက ဘဝင် ခန္ဓာငါးပါးကိုလည်း နည်းမှီ၍ ဆက်ရှုပါ။ ထိုနောင် ဘဝနိကန္တိက လောဘဇော = ဘဝသစ်ကို တွယ်တာတပ်မက်သော လောဘဇောကျသော ဝီထိ၌ မနောဒွါရာဝဇ္ဇန်း၌ ခန္ဓာငါးပါး, ဘဝနိကန္တိက လောဘဇော၌ ခန္ဓာငါးပါးစီ အသီးအသီး နည်းမှီး၍ ရှုပါ။ ထိုနောင် ရူပါရုံလိုင်း စက္ခုဒွါရဝီထိ မနောဒွါရဝီထိတို့၌ ဆက်လက် ရှုပါ။ ကုသိုလ်ဇော စောသည့် စက္ခုဒွါရဝီထိ, မနောဒွါရဝီထိ၊ အကုသိုလ်ဇော စောသည့် စက္ခုဒွါရဝီထိ, မနောဒွါရဝီထိတို့၌ စိတ္တက္ခဏတိုင်းဝယ် ခန္ဓာငါးပါး ဖွဲ့၍ ခန္ဓာတိုင်း၌ ပစ္စယတော ဝယဒဿန, ခဏတော ဝယဒဿန ဟူသော ရှုကွက် နှစ်မျိုးလုံးကိုပင် ရှုပါ။ သောတဒွါရဝီထိ မနောဒွါရဝီထိ စသည်တို့၌လည်း နည်းတူပင် ရှုပါ။ (၆)လိုင်းလုံး အတွင်း၌ ရှိသော ဝီထိ စိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါး ဖွဲ့၍လည်းကောင်း, ဝီထိများ၏ အကြားအကြား၌ တည်ရှိသော ဘဝင်စိတ္တက္ခဏတို့၌ ခန္ဓာငါးပါး ဖွဲ့၍လည်းကောင်း အသီးအသီး ရှုရမည် ဖြစ်ပေသည်။ ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း ရှုကွက်ကို ကျေပွန်ပါက ဤရှုကွက်သည်လည်း အသင်သူတော်ကောင်းအဖို့ လွယ်ကူနေမည်သာ ဖြစ်ပေသည်။

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ် ရှုကွက် ဒေသနာတော်ကို အဖွတ္တ ရုပ်နာမ် သန္တာန်အစဉ်၌ ကြောင်းကျိုး ဆက်နွယ်မှု သဘောတရားကိုသာ ပဓာနထား၍ ဦးစားပေးကာ ဟောကြားထားတော်မူသဖြင့် ဗဟိဒ္ဓကို ရှုရာ၌ အဖွတ္တိက ပမာဏအားဖြင့်သာ အသင်သူတော်ကောင်းသည်လည်း ရှုနိုင်မည်ဖြစ်သည်။ ထိုသို့ ရှုရာ၌ ပုဂ္ဂိုလ် သတ္တဝါ စသည်ကို ခွဲခြားဝေဖန်မှု မပြုဘဲ ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍သာ ရှုပါ။ သာဝကပါရမီ-ဉာဏ်အရာ၌ကား သတ္တဝါ အသီးအသီး၏ သန္တာန်၌ရှိသော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ အသီးအသီးကို သာဝကတို့၏ ဝိပဿနာဉာဏ်ဖြင့် ကုန်စင်အောင် စုံလင်အောင် သိရှိနိုင်မည်ကား မဟုတ်ပေ။ ပုဗ္ဗေနိဝါသာ-နုဿတိအဘိညာဏ်, ဒိဗ္ဗစက္ခုအဘိညာဏ်, ပရစိတ္တဝိဇာနနအဘိညာဏ် စသော ထိုထို အဘိညာဏ်တို့ဖြင့်သာ အထိုက်အလျောက် သိရှိနိုင်ပေသည်။ သို့သော် ဤအပိုင်းတွင် ပညာရှိ သူတော်ကောင်းများအနေဖြင့် ဆန်းစစ်-ဖွယ်ရာ အချက်အလက်များသည် များစွာပင် ရှိနေပေသည်။ ဤတွင် ဉာဏ်နုသူတို့သည် ရှုကွက်ကို ပိုမို၍ သဘောပေါက်နိုင်ကြစေရန်အတွက် စက္ခုဝိညာဏ် စိတ္တက္ခဏအတွင်း၌ တည်ရှိသော ခန္ဓာငါးပါး ရှုကွက်တစ်ခုကို ထပ်မံ၍ ရေးသားတင်ပြအပ်ပါသည်။

## စက္ခုဝိညာဏ် – ရူပက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၂။ တဏှာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
၅။ ကံ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
* (ကမ္မဇ) ရုပ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

၆။ စိတ် ချုပ်ခြင်းကြောင့် (စိတ္တဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
* (စိတ္တဇ) ရုပ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

၇။ ဥတု ချုပ်ခြင်းကြောင့် (ဥတုဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
* (ဥတုဇ) ရုပ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

၈။ အာဟာရ ချုပ်ခြင်းကြောင့် (အာဟာရဇ) ရုပ် ချုပ်၏။ (အနုပ္ပါဒနိရောဓတည်း။)
* (အာဟာရဇ) ရုပ်၏ ချုပ်ခြင်းသဘော။ (ဥပ္ပါဒနိရောဓတည်း။)

## စက္ခုဝိညာဏ် – ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၇။ အာရုံ (= ရူပါရုံ) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။

၈။ စက္ခုသမ္ဖဿ (= ၈ - ဝေဒနာ = ၇) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၉။ အာလောက ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာ ချုပ်၏။
၁၀။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) ဝေဒနာချုပ်၏။
* (စက္ခုဝိညာဏ်) ဝေဒနာ၏ ချုပ်ခြင်းသဘော။
(အနုပ္ပါဒနိရောဓနှင့် ဥပ္ပါဒနိရောဓပေါင်တည်း။)

## စက္ခုဝိညာဏ် – သညာက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၇။ အာရုံ (= ရူပါရုံ) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၈။ စက္ခုသမ္ဖဿ (= ၈ - သညာ = ၇) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၉။ အာလောက ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
၁၀။ မနသိကာရ (= ပဉ္စဒွါရာဝဇ္ဇန်း = ၁၁) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သညာ ချုပ်၏။
* (စက္ခုဝိညာဏ်) သညာ၏ ချုပ်ခြင်းသဘော။

## စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ (ပထမနည်း)

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၇။ အာရုံ (= ရူပါရုံ) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၈။ စက္ခုသမ္ဖဿ (= ၈ - စေတနာ = ၇) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၉။ အာလောက ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၁၀။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
* (စက္ခုဝိညာဏ်) သင်္ခါရ၏ ချုပ်ခြင်းသဘော။

## စက္ခုဝိညာဏ် – သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ (ဒုတိယနည်း)

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။

၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၆။ ဝတ္ထု (= စက္ခုဝတ္ထု) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၇။ အာရုံ (= ရူပါရုံ) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၈။ ကျန်နာမ်ခန္ဓာ သုံးပါး ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၉။ အာလောက ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
၁၀။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့် (စက္ခုဝိညာဏ်) သင်္ခါရ ချုပ်၏။
* (စက္ခု ဝိညာဏ်) သင်္ခါရ၏ ချုပ်ခြင်းသဘော။

## စက္ခုဝိညာဏ် – ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၆။ နာမ်-ရုပ် ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၇။ အာလောက ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
၈။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့် စက္ခုဝိညာဏ် ချုပ်၏။
* စက္ခုဝိညာဏ်၏ ချုပ်ခြင်းသဘော။

## ယေဘုယျ အကြံပေးချက်

ပဋိစ္စသမုပ္ပါဒ် ပဥ္စမနည်း ရှုကွက်ဝယ် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းခဲ့သည့် ပုံစံအတိုင်း ပိုက်စိပ်တိုက်၍ စက္ခုဒွါရဝီထိ စသော ထိုထို ဝီထိစိတ်တို့၏ စိတ္တက္ခဏတိုင်း၌လည်းကောင်း, အချို့အချို့သော ဘဝင် စိတ္တက္ခဏတို့၌လည်းကောင်း ခန္ဓာငါးပါးစီ အသီးအသီး ဖွဲ့၍ သမုဒယသဘော ဝယသဘောကို ရှုရမည် ဖြစ်သည်။

ထိုသို့ ရှုရာ၌ သမုဒယချည်းသက်သက် အဖြစ်ချည်းသက်သက် (၆)လိုင်းလုံး၌ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်မျိုးလုံး ကုန်စင်အောင် ပစ္စုပ္ပန်ဝယ် ရှုပါ။ ပစ္စုပ္ပန်၌ သမုဒယချည်းသက်သက် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ရှုပြီးသောအခါ အတိတ်၌လည်းကောင်း အနာဂတ်၌လည်းကောင်း နည်းမှီး၍ ပုံစံတူပင် ရှုပါ၊ မိမိ သိမ်းဆည်း-ထားနိုင်သမျှသော အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် သမု-ဒယချည်း သက်သက်ကို အားရကျေနပ်သည်တိုင်အောင် ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။ နာမ်ပိုင်း ဇယားများအတိုင်း ရှုပါ။

ထိုနောင် ပစ္စုပ္ပန်၌ ဝယသဘောချည်းသက်သက် = အချုပ်ချည်းသက်သက် အဇ္ဈတ္တ ဗဟိဒ္ဓ၌ (၆)လိုင်းလုံး ကုန်စင်အောင် ရှုပါ။ အားရကျေနပ်မှုရှိပါက မိမိ ရှုရသမျှ အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် ဝယသဘောချည်းသက်သက်ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။

တစ်နည်း — စိတ္တက္ခဏတိုင်း၌ ခန္ဓာငါးပါး ဖွဲ့၍ ခန္ဓာ တစ်ပါး တစ်ပါး၌ —

၁။ သမုဒယချည်း သက်သက် = အဖြစ်ချည်း သက်သက်,

၂။ ဝယချည်း သက်သက် = အချုပ်ချည်း သက်သက် —

ဤသို့လည်း ရှုနိုင်ပါသည်။ စိတ္တက္ခဏတစ်ခု၏ အတွင်း၌ တည်ရှိသော ခန္ဓာငါးပါးကို သမုဒယချည်း သက်သက်လည်းကောင်း, ဝယချည်းသက်သက်လည်းကောင်း ရှုပြီးသောအခါ အခြားစိတ္တက္ခဏ တစ်ခု၏ အတွင်း-၌ တည်ရှိသော ခန္ဓာငါးပါးကို ပြောင်း၍ ရှုနိုင်ပါသည်။ ဥပမာ — ပဉ္စဒွါရာဝဇ္ဇန်း ခန္ဓာငါးပါး၌ သမုဒယချည်း သက်သက်, ဝယချည်းသက်သက် ရှုပြီးသောအခါ စက္ခုဝိညာဏ် ခန္ဓာငါးပါး၌ သမုဒယချည်းသက်သက်, ဝယချည်းသက်သက် ပြောင်းရှုနိုင်ပါသည်။ ဉာဏ်နုသူများအတွက် သောတဝိညာဏ် စိတ္တက္ခဏ၌ ခန္ဓာငါးပါး ရှုကွက်ကို နမူနာအဖြစ် ပုံစံထုတ်၍ ရေးသားတင်ပြအပ်ပါသည်။ —

## သောတဝိညာဏ် – ရူပက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။

၂။ တဏှာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။

၅။ ကံ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။

* (ကမ္မဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၆။ စိတ် ဖြစ်ခြင်းကြောင့် (စိတ္တဇ) ရုပ် ဖြစ်၏။

* (စိတ္တဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၇။ ဥတု ဖြစ်ခြင်းကြောင့် (ဥတုဇ) ရုပ် ဖြစ်၏။

* (ဥတုဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

၈။ အာဟာရ ဖြစ်ခြင်းကြောင့် (အာဟာရဇ) ရုပ် ဖြစ်၏။

* (အာဟာရဇ) ရုပ်၏ ဖြစ်ခြင်းသဘော။

## သောတဝိညာဏ် – ရူပက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

၂။ တဏှာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

၄။ သင်္ခါရ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

၅။ ကံ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

* (ကမ္မဇ) ရုပ်၏ ချုပ်ခြင်းသဘော။

၆။ စိတ် ချုပ်ခြင်းကြောင့် (စိတ္တဇ) ရုပ် ချုပ်၏။

* စိတ္တဇရုပ်၏ ချုပ်ခြင်းသဘော။

၇။ ဥတု ချုပ်ခြင်းကြောင့် (ဥတုဇ) ရုပ် ချုပ်၏။
* (ဥတုဇ) ရုပ်၏ ချုပ်ခြင်းသဘော။

၈။ အာဟာရ ချုပ်ခြင်းကြောင့် (အာဟာရဇ) ရုပ် ချုပ်၏။
* (အာဟာရဇ) ရုပ်၏ ချုပ်ခြင်းသဘော။

## သောတဝိညာဏ် – ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၂။ တဏှာ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၅။ ကံ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၆။ သောတဝတ္ထု (၅၄) ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၇။ သဒ္ဒါရုံ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၈။ သောတသမ္ဖဿ (၇) ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၉။ အာကာသ ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
၁၀။ မနသိကာရ (= ၁၁) ဖြစ်ခြင်းကြောင့် (သောတဝိညာဏ်) ဝေဒနာ ဖြစ်၏။
* (သောတဝိညာဏ်) ဝေဒနာ၏ ဖြစ်ခြင်းသဘော။

## သောတဝိညာဏ် – ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၆။ သောတဝတ္ထု ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၇။ သဒ္ဒါရုံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၈။ သောတသမ္ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၉။ အာကာသ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
၁၀။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
* (သောတဝိညာဏ်) ဝေဒနာ၏ ချုပ်ခြင်းသဘော။

သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့၌ ရှုကွက်ကို နည်းမှီး၍ရှုပါလေ။

## သောတဝိညာဏ် – ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၂။ တဏှာ ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၅။ ကံ ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၆။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၇။ အာကာသ ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
၈။ မနသိကာရ (= ၁၁) ဖြစ်ခြင်းကြောင့် သောတဝိညာဏ် ဖြစ်၏။
* သောတဝိညာဏ်၏ ဖြစ်ခြင်းသဘော။

## သောတဝိညာဏ် – ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၃။ ဥပါဒါန် ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၄။ သင်္ခါရ ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၅။ ကံ ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၆။ နာမ်ရုပ် ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၇။ အာကာသ ချုပ်ခြင်းကြောင့် သောတဝိညာဏ် ချုပ်၏။
၈။ မနသိကာရ (= ၁၁) ချုပ်ခြင်းကြောင့်သောတဝိညာဏ် ချုပ်၏။
* သောတဝိညာဏ်၏ ချုပ်ခြင်းသဘော။

နာမ် = သောတဝိညာဏ်နှင့်ယှဉ်ဖက် စေတသိက် (၇) လုံး။
ရုပ် = သောတဝတ္ထု (= ၅၄) နှင့် သဒ္ဒါရုံ။

ဤမျှဆိုလျှင် သဘောပေါက်နိုင်လောက်ပေပြီ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ အထက်ပါအတိုင်း ဝီထိစိတ် ဝီထိမုတ်စိတ်ဟူသော စိတ္တက္ခဏ အသီး အသီး၌ ခန္ဓာငါးပါးစီ ဖွဲ့၍ ခန္ဓာတစ်ပါး တစ်ပါး၌ ဥဒယသဘော ဝယသဘောတို့ကို အားရပါးရ ကျေကျေ နပ်နပ် ရှုနိုင်ပါက အောက်ပါ မဟာသတိပဋ္ဌာနသုတ္တန် ကျင့်စဉ်ပိုင်း၌ ဟောကြားထားတော်မူသော ရှုကွက်တို့တွင် အမှတ် (၁-၂) ရှုကွက်တို့ကို သဘောပေါက်နိုင်လောက်ပေပြီ။

၁။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။
၂။ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။
၃။ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ (ဒီ-၂-၂၃၂။)

၁။ သမုဒယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။
၂။ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။
၃။ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။ (ဒီ-၂-၂၃၇။)

၁။ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။
၂။ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။
၃။ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။ (ဒီ-၂-၂၃၇။)

၁။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။
၂။ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။
၃။ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ (ဒီ-၂-၂၃၉။)

၁။ ကာယ၌ (= ရူပကာယ နာမကာယ၌) ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။
၂။ ကာယ၌ (= ရူပကာယ နာမကာယ၌) ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။
၃။ ကာယ၌ (= ရူပကာယ နာမကာယ၌) ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို  အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။ (ဒီ-၂-၂၃၂။)

၁။ ဝေဒနာတို့၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။
၂။ ဝေဒနာတို့၌ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေလေ၏။
၃။ ဝေဒနာတို့၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။ (ဒီ-၂-၂၃၇။)

၁။ စိတ်၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။
၂။ စိတ်၌ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်အထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။
၃။ စိတ်၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေလေ၏။ (ဒီ-၂-၂၃၇။)

၁။ ဓမ္မသဘောတရားတို့၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေလေ၏။
၂။ ဓမ္မသဘောတရားတို့၌ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေလေ၏။
၃။ ဓမ္မသဘောတရားတို့၌ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေလေ၏။ (ဒီ-၂-၂၃၉။)

ဤသတိပဋ္ဌာန် ဒေသနာတော် ကျင့်စဉ် သုံးရပ်တို့တွင် အသင်သူတော်ကောင်းသည် အမှတ် (၁-၂) ကျင့်စဉ်တို့ကို ယခုအခါဝယ် ကျင့်သုံးပြီး ဖြစ်ပေသည်။ အမှတ်စဉ် (၃) ဖြစ်သည့် – သမုဒယဝယဓမ္မာနုပဿီ ဟူသော ကျင့်စဉ်ကို ဆက်လက်၍ ကျင့်ရဦးမည် ဖြစ်ပေသည်။ ထိုကျင့်စဉ်နှင့် ပတ်သက်၍ အဋ္ဌကထာ ဋီကာတို့က အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူ၏။

## သမုဒယဝယဓမ္မာနုပဿီပိုင်း

## သမုဒယဝယဓမ္မာနုပဿီဟူသည်

**သမုဒယဝယဓမ္မာနုပဿီ ဝါ**တိ ကာလေန သမုဒယံ, ကာလေန ဝယံ အနုပဿန္တော။ (မ-ဋ္ဌ-၁-၂၅၅။)

အဇ္ဈတ္တဗဟိဒ္ဓါနုပဿနာ ဝိယ ဘိန္နဝတ္ထုဝိသယတာယ သမုဒယဝယဓမ္မာနုပဿနာပိ ဧကကာလေ န လဗ္ဘတီတိ အာဟ **"ကာလေန သမုဒယံ ကာလေန ဝယံ အနုပဿန္တော"**တိ။ (မ-ဋီ-၁-၃၅၀။)

ဤအထက်ပါ အဋ္ဌကထာဋီကာတို့၏ ဖွင့်ဆိုချက်နှင့်အညီ ခန္ဓာငါးပါးတို့၏ ရံခါ သမုဒယသဘောကို, ရံခါ ဝယသဘောကို တစ်လှည့်စီ လှည့်လည်၍ ရှုမှုကို သမုဒယဝယဓမ္မာနုပဿီဟု ဆိုလိုသည် မှတ်ပါ။ ခန္ဓာငါးပါးတို့၌ သမုဒယသက်သက်ကို ဝယသက်သက်ကို ရှုပြီးမှ ဤသမုဒယဝယဓမ္မာနုပဿီ ရှုကွက်ကို ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ တစ်ခုတည်းသော ဝိပဿနာစိတ်ဖြင့် သမုဒယနှင့် ဝယနှစ်မျိုးလုံးကို တစ်ချိန်တည်း၌ ပြိုင်တူကား ရှု၍ မရနိုင်။ အဇ္ဈတ္တတရားနှင့် ဗဟိဒ္ဓတရားတို့သည် ရှုနေသော ဝိပဿနာဉာဏ်ဟူသော (မဟာကုသိုလ်) မနောဒွါရိကဇောဝီထိ စိတ်အစဉ်၏ အာရုံပြုရာ တည်ရာဝတ္ထုများ ဖြစ်ကြ၏။ အဇ္ဈတ္တ ခန္ဓာငါးပါးကား ဝိပဿနာဉာဏ်၏ တည်ရာဝတ္ထု တစ်မျိုး ဖြစ်၏။ ဗဟိဒ္ဓ ခန္ဓာငါးပါးကား ဝိပဿနာဉာဏ်၏ တည်ရာဝတ္ထု တစ်မျိုး ဖြစ်၏။ တည်ရာဝတ္ထု ကွဲပြားကြ၏။ ဤသို့ တည်ရာဝတ္ထု ကွဲပြားနေသော အဇ္ဈတ္တနှင့် ဗဟိဒ္ဓ တရားနှစ်မျိုးလုံးကို တည်ရာဝတ္ထု ကွဲပြားနေသည့်အတွက် တစ်ခုတည်းသော ဝိပဿနာစိတ်ဖြင့် တစ်ချိန်တည်း၌ ပြိုင်တူ မရှုနိုင်။ အလားတူပင် သမုဒယဓမ္မနှင့် ဝယဓမ္မတို့သည် ကွဲပြားသော အာရုံဓမ္မများ ဖြစ်ကြသဖြင့် တစ်ခုတည်းသော ဝိပဿနာစိတ်ဖြင့် တစ်ချိန်တည်း၌ ယင်းသမုဒယဓမ္မ ဝယဓမ္မ နှစ်မျိုးလုံးကို ပြိုင်တူ မရှုနိုင်ပေ။ သို့သော် အသီးအသီးသော ဝိပဿနာစိတ်ဖြင့်ကား ရှု၍ရနိုင်၏။ ထိုကြောင့် သမုဒယသဘောကို ရှုပြီးသောအခါ ဝယသဘောကိုလည်း ဆက်လက်၍ ရှုပါက ရှု၍ ရနိုင်သည်သာ ဖြစ်သည်။ ယင်းသို့ ရှုခဲ့သော် ရံခါ သမုဒယသဘော, ရံခါ ဝယသဘောကို ရှုသည်ပင် မည်ပေသည်။ ထိုကြောင့် ဤတွင် သမုဒယနှင့် ဝယနှစ်မျိုးလုံးကို တစ်ခုပြီး တစ်ခု တစ်ဆက်တည်း ဆက်လက်၍ ဝိပဿနာရှုပုံ ပုံစံအချို့ကို စံနမူနာအဖြစ် ဖော်ပြအပ်ပါသည်။ ထိုသို့ ရှုရာ၌ လက္ခဏာယာဉ်ကို တင်သင့်ပါသေးသလားဟု မေးရန်ရှိ၏။ အဖြေမှာ တင်သင့်သော ဟူ၏။

သပ္ပစ္စယနာမရူပဝသေန တိလက္ခဏံ အာရောပေတွာ ဝိပဿနာပဋိပါဋိယာ "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ သမ္မသန္တော ဝိစရတိ။ (မ-ဋ္ဌ-၁-၂၈၁။)

ဤအထက်ပါ အဋ္ဌကထာတွင် လက္ခဏာယာဉ် သုံးချက်ကို တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ရမည့် တရားများကို သပ္ပစ္စယ-နာမရူပဝသေန = အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ဖြစ်ကြောင်းကို ဖွင့်ဆိုထားတော်မူ၏။ ယင်းအဋ္ဌကထာ အဖွင့်များနှင့် အညီ အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာဉာဏ်စဉ်အတိုင်း အဆင့်ဆင့် ရှုပွားသုံးသပ်ရမည်သာဟု မှတ်သားပါလေ။ အကြောင်း အကျိုး နှစ်ရပ်လုံးကို ဆက်စပ်၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုရန်အတွက် ဤအပိုင်းကား အခွင့်ကောင်းကြီး တစ်ရပ်ပင် ဖြစ်သည်။ ထိုကြောင့် အသင်သူတော်ကောင်းသည် အကြောင်းတရား ထင်ရှား ဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံ, အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရား ချုပ်ငြိမ်းပုံကို သမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍, အကြောင်းတရား အကျိုးတရား နှစ်ရပ်လုံးတို့၏ ဖြစ်မှု ပျက်မှု ဥဒယ-ဝယကိုလည်း မြင်အောင်ကြည့်၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ ဤတွင် ရှုကွက် အနည်းငယ်ကို ပုံစံအဖြစ် ရေးသားတင်ပြအပ်ပါသည်။

## ပဋိသန္ဓေ – ရူပက္ခန္ဓာ၌ ဥဒယ–ဝယ ရှုပုံ
## (သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။)

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၂။ တဏှာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
တဏှာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
တဏှာ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
ဥပါဒါန် ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
ဥပါဒါန် — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
သင်္ခါရ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၅။ ကံ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
ကံ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
ကံ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

ဒုက္ခလက္ခဏာယာဉ် အနတ္တလက္ခဏာယာဉ်တို့ကိုလည်း တစ်လှည့်စီ တင်၍ နည်းတူပင် ဝိပဿနာ ရှုပါ။ ရှေးပဋိစ္စသမုပ္ပါဒ်ပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့မှာ လောဘဒိဋ္ဌိအုပ်စု နာမ်တရားများ ဖြစ်ကြ၍ မနောဒွါရိက ဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့သာ ဖြစ်ကြ၏။ သင်္ခါရ-ကံတို့မှာလည်း လူသားတစ်ဦးသာ ဖြစ်နေသေးသော အသင်သူတော်ကောင်းအတွက် မဟာကုသိုလ် မနောဒွါရိက ဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့သာ ဖြစ်ကြ၏။ အသင်သူတော်ကောင်းသည် ယင်းကိလေသဝဋ္ဋ ကမ္မဝဋ္ဋတရားတို့ကို ရှုရာ၌ ယင်းတို့ဖြစ်ခဲ့သည့် စိတ်စေတသိက် အရေအတွက် အတိုင်းသာ ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။ တစ်ဖန် အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းသည့်အပိုင်း ရှုပွားသည့်အပိုင်းတွင် ကံ-အရ နာနာ-က္ခဏိက ကမ္မသတ္တိကို အရကောက်၍ ရှုပွားရ၏။ သို့သော် ဝိပဿနာပိုင်း = ဖြစ်-ပျက် ရှုသည့် အပိုင်း၌ကား ယင်းကမ္မသတ္တိမှာ ဥပါဒ်-ဌီ-ဘင် အနေအအားဖြင့် ထင်ရှားရှိသော တရားမျိုး မဟုတ်သဖြင့် ဝိပဿနာ မရှုကောင်း-သော တရားဖြစ်၏။ ယင်းကမ္မသတ္တိ၏ တည်ရာစေတနာကား တစ်နည်း စေတနာ ဦးဆောင်သည့် သမ္ပယုတ် တရားစုကား ဝိပဿနာ ရှုကောင်း၏။ သင်္ခါရနှင့် တရားကိုယ် အရချင်း တူညီ၏။ ရှေး ပဋိစ္စသမုပ္ပါဒ်ပိုင်းတွင်

သင်္ခါရနှင့် ကမ္မဘဝအထူးကို ဖော်ပြခဲ့၏။ ယင်း ခွဲထားချက်အတိုင်း ဝိပဿနာရှုရန် ဖြစ်သည်။ ကောင်းမှုကုသိုလ် မပြုမီ ပြုနေစဉ် အတွင်းဝယ် ဖြစ်ပေါ်ခဲ့သော မနောဒွါရိကဇောဝီထိ စိတ်များစွာတို့၏ အတွင်း၌ တည်ရှိသော အသီးအသီးသော ဇော (၇)ကြိမ် ဇော (၇)ကြိမ်တို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုနိုင်ပါက သင်္ခါရ-ကံ နှစ်မျိုးလုံး အကျုံးဝင်သွားမည်သာ ဖြစ်သည်။ နောက်၌လည်း နည်းတူ မှတ်ပါ။

## ပဋိသန္ဓေ – ဝေဒနာက္ခန္ဓာ၌ ဥဒယ–ဝယ ရှုပုံ

## (သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟာရတိ။)

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၂။ တဏှာ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
တဏှာ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
တဏှာ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
ဥပါဒါန် ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
ဥပါဒါန် — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
သင်္ခါရ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၅။ ကံ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
ကံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
ကံ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၆။ ဝတ္ထု ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
ဝတ္ထု ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
ဝတ္ထု — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၇။ အာရုံ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
အာရုံ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။

အာရုံ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

၈။ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။
ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။
ဖဿ — ဖြစ်-ပျက် - အနိစ္စ။
ဝေဒနာ — ဖြစ်-ပျက် - အနိစ္စ။

ဤပဋိသန္ဓေ (ဘဝင်-စုတိ) တို့၏ အာရုံမှာ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော အာရုံ သုံးမျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်၏။ ထိုတွင် ကံမှာ လူသားများအတွက် ကုသိုလ်စေတနာတည်း။ ဂတိနိမိတ်မှာလည်း ရူပါရုံဟုပင် သတ်မှတ်ချက်ရှိ၏။ (အဘိ-ဌ-၂-၁၄၉။) ကမ္မနိမိတ်မှာ ပညတ် ပရမတ် ထိုက်သည့်အားလျော်စွာ ဖြစ်ဖွယ်ရာ ရှိသည်။ ယင်းကမ္မနိမိတ်မှာ ဘုရားစေတီတော်ဖြစ်လျှင် ဘုရားစေတီတော်၌ တည်ရှိသော ဓာတ်ကြီး (၄)ပါးကို စိုက်၍ ရှုလိုက်ပါက ယခုကဲ့သို့ ဥဒယဗ္ဗယဉာဏ်ပိုင်းသို့ ရောက်ရှိနေသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ ဉာဏ်ဝယ် ရုပ်ကလာပ်အမှုန်များကိုသာ မကြာမီ တွေ့ရှိမည် ဖြစ်၏။ ယင်းရုပ်ကလာပ်တို့မှာ ဥတုဇသြဇဋ္ဌမကရုပ်တို့သာ ဖြစ်ကြ၏။ ရုပ်ကလာပ် အသီးအသီး၌ တည်ရှိသော ယင်းဥတုဇသြဇဋ္ဌမက ရုပ်တရားတို့ကို သိမ်းဆည်းလျက် ယင်းပရမတ် ရုပ်တရားတို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပါ။ ပန်း ဆီမီး စသော လှူဖွယ်ဝတ္ထု ကမ္မ-နိမိတ်၌လည်း နည်းတူပင် ရှုပါ။ အကယ်၍ ယင်းကမ္မနိမိတ်မှာ အလှူခံပုဂ္ဂိုလ်များ ဖြစ်ကြသည့် ရဟန်းတော်များ စသည့် သက်ရှိသတ္တဝါတို့ ဖြစ်ကြလျှင် ယင်း အလှူခံပုဂ္ဂိုလ် များထိုထိုတို့၏ ရုပ်နာမ်သန္တာန်အစဉ်၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါ။ ရုပ်ကလာပ်များကို တွေ့ရှိသောအခါ (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်ပရမတ်တရားတို့ကို ပေါင်းစုခြုံငုံ သိမ်းဆည်း၍ ယင်းပရမတ်တရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပါ။ ယင်းကမ္မနိမိတ်ဖြစ်သော အလှူခံ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပွားနေ-ကြသော နာမ်တရားများကိုကား သာဝကတို့၏ ဝိပဿနာဉာဏ်က အတိအကျ သိအောင် မရှုနိုင်။ ပရစိတ္တဝိဇာနန အဘိညာဏ် ဒိဗ္ဗစက္ခုအဘိညာဏ်တို့၏ အရာသာဖြစ်၏။ ထို့ကြောင့် ယင်းဗဟိဒ္ဓနာမ်တရားတို့ကို နာမ်တရားချင်း တူညီ၍ သာမညအားဖြင့် ပေါင်းစုခြုံ၍သာ ဝိပဿနာ ရှုပါ။ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တရားစုတို့ကို အဦးမူ၍ ဝိပဿနာရှုခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌ အကျုံးဝင်၏။ ဤတွင် သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာ ပထမနည်း ရှုကွက်ကို ဝေဒနာက္ခန္ဓာ ရှုကွက်အတိုင်း ရှုပါ။ သင်္ခါရက္ခန္ဓာ ဒုတိယနည်း ရှုကွက်ကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ —

## ပဋိသန္ဓေ – သင်္ခါရက္ခန္ဓာ၌ ဥဒယ–ဝယရှုပုံ (ဒုတိယနည်း)

### (သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။)

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၂။ တဏှာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
တဏှာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။

တဏှာ — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
ဥပါဒါန် ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
ဥပါဒါန် — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် (စေတသိက်) သင်္ခါရ ဖြစ်၏။
သင်္ခါရ ချုပ်ခြင်းကြောင့် (စေတသိက်) သင်္ခါရ ချုပ်၏။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။
(စေတသိက်) သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၅။ ကံ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
ကံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
ကံ — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၆။ ဝတ္ထု ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
ဝတ္ထု ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
ဝတ္ထု — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၇။ အာရုံ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
အာရုံ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
အာရုံ — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

၈။ ကျန် နာမ်ခန္ဓာ သုံးပါး ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏။
ကျန် နာမ်ခန္ဓာ သုံးပါး ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏။
ကျန် နာမ်ခန္ဓာ သုံးပါး — ဖြစ်-ပျက် - အနိစ္စ။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။

### ပဋိသန္ဓေ – ဝိညာဏက္ခန္ဓာ၌ ဥဒယ–ဝယရှုပုံ
### (သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။)

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

၂။ တဏှာ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
တဏှာ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
တဏှာ — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
ဥပါဒါန် ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
ဥပါဒါန် — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
သင်္ခါရ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

၅။ ကံ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
ကံ ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
ကံ — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

၆။ နာမ်-ရုပ် ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။
နာမ်-ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ် ချုပ်၏။
နာမ်-ရုပ် — ဖြစ်-ပျက် - အနိစ္စ။
ဝိညာဏ် — ဖြစ်-ပျက် - အနိစ္စ။

ဒုက္ခနှင့် အနတ္တတို့ကိုလည်း နည်းတူပင် ဆက်ရှုပါ။

## ဘဝင် ရူပက္ခန္ဓာ စသည့် ရူပက္ခန္ဓာ၌ ဥဒယ–ဝယရှုပုံ

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၂။ တဏှာ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
တဏှာ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
တဏှာ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၃။ ဥပါဒါန် ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
ဥပါဒါန် ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။

ဥပါဒါန် — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၄။ သင်္ခါရ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
သင်္ခါရ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
သင်္ခါရ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၅။ ကံ ဖြစ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ဖြစ်၏။
ကံ ချုပ်ခြင်းကြောင့် (ကမ္မဇ) ရုပ် ချုပ်၏။
ကံ — ဖြစ်-ပျက် - အနိစ္စ။
(ကမ္မဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၆။ စိတ် ဖြစ်ခြင်းကြောင့် (စိတ္တဇ) ရုပ် ဖြစ်၏။
စိတ် ချုပ်ခြင်းကြောင့် (စိတ္တဇ) ရုပ် ချုပ်၏။
စိတ် — ဖြစ်-ပျက် - အနိစ္စ။
(စိတ္တဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၇။ ဥတု ဖြစ်ခြင်းကြောင့် (ဥတုဇ) ရုပ် ဖြစ်၏။
ဥတု ချုပ်ခြင်းကြောင့် (ဥတုဇ) ရုပ် ချုပ်၏။
ဥတု — ဖြစ်-ပျက် - အနိစ္စ။
(ဥတုဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

၈။ အာဟာရ ဖြစ်ခြင်းကြောင့် (အာဟာရဇ) ရုပ် ဖြစ်၏။
အာဟာရ ချုပ်ခြင်းကြောင့် (အာဟာရဇ) ရုပ် ချုပ်၏။
အာဟာရ — ဖြစ်-ပျက် - အနိစ္စ။
(အာဟာရဇ) ရုပ် — ဖြစ်-ပျက် - အနိစ္စ။

ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူရှုပါ။ ဤမျှ ရေးသားတင်ပြထားသော နမူနာပုံစံတို့ကို ကြည့်၍ ဝီထိ စိတ်တို့၏ စိတ္တက္ခဏတိုင်း၌လည်းကောင်း, ပဋိသန္ဓေစိတ် စုတိစိတ်တို့၌လည်းကောင်း, ဝီထိစိတ်တို့၏ အကြား အကြား၌ တည်ရှိသော ဘဝင် စိတ္တက္ခဏ အချို့တို့၌လည်းကောင်း ခန္ဓာငါးပါးဖွဲ့၍ သမုဒယသဘော, ဝယသဘော, သမုဒယဝယသဘောတို့ကို ကုန်စင်အောင် ရှုပါ။ ရှုပါရုံလိုင်းစသည့် (၆) လိုင်းလုံး၌ လိုင်းတိုင်း လိုင်းတိုင်းဝယ် အကောင်းအုပ်စု မကောင်းအုပ်စု နာမ်တရားတို့ကို ကုန်စင်အောင် ရှုပါ။ ဤမျှဆိုလျှင် ပဋိစ္စသမုပ္ပါဒ် ပဉ္စမနည်း ရှုကွက်ကို ကျေပွန်စွာ လေ့လာထားပြီး ရှုထားပြီးဖြစ်သော အသင်သူတော်ကောင်းသည် — သမုဒယဝယဓမ္မာ-နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ-စသည်ဖြင့် သတိပဋ္ဌာန်ပိုင်း ကျင့်စဉ်တွင် ထည့်သွင်း၍ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူသော သမုဒယဝယဓမ္မ ရှုကွက်ကို နားလည် သဘောပေါက် နိုင်လောက်ပေပြီ၊ ရှုတတ် နိုင်လောက်ပေပြီ။

ဤရှုကွက်ဝယ် - "အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏" - ဤသို့ စသည်ဖြင့် နှလုံးသွင်း ရှုပွားခြင်းကား — **ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်ပျက် ရှုနည်းတည်း။** "အဝိဇ္ဇာ - ဖြစ်-ပျက် - အနိစ္စ, ရုပ် - ဖြစ်-ပျက် - အနိစ္စ" — ဤသို့ စသည့် ရှုကွက်ကား

**ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်–ပျက် ရှုနည်းတည်း။**

အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံ, အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံကို ရှုခြင်းဟူသော ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုနည်းကို ပဓာန အဦးမူ၍ ရှုပြီးလျှင် တစ်ဖန် ယင်းအကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်းကျိုးဆက်နွယ်မှု သဘော တရားကို စွန့်လွှတ်လိုက်၍ ယင်းကြောင်းကျိုးဆက်နွယ်မှု သဘောတရားကို မကြည့်တော့ဘဲ ဥပါဒ်စွန်း ဘင်စွန်း ရှိကြသော အဝိဇ္ဇာစသော ခန္ဓာ, ရုပ်စသော ခန္ဓာတို့ကို ဉာဏ်ဖြင့် ယူ၍ ယင်းခန္ဓာတို့၏ ဖြစ်မှု-ပျက်မှု ဥပါဒ်စွန်း ဘင်စွန်းဟူသော ခဏပစ္စုပ္ပန်ကို = ခဏတ္တယသမင်္ဂီ = ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စ-စသောအားဖြင့် လက္ခဏာယာဉ်ကို တင်ကာ ရှုပါ။ ယင်းသို့ ရှုခြင်းမှာ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်ပျက်ရှုနည်းပင် ဖြစ်၏။ ထိုသို့လည်း ရှုသင့်ကြောင်းကို အောက်တွင် ဆက်လက်၍ ရေးသားတင်ပြမည့် မဟာဋီကာစကားရပ်ဖြင့်လည်း သိရှိနိုင်ပေသည်။

နာမ်တရားတို့၏ ဖြစ်ပျက်ကို ဝိပဿနာ ရှုရာ၌ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှု၍ ရနိုင်-မရနိုင်ဟူသော အကြောင်းအရာနှင့် ပတ်သက်၍ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာဆရာတော် ဘဒ္ဒန္တမဟာနာမ မထေရ်နှင့် ဝိသုဒ္ဓိ-မဂ္ဂမဟာဋီကာဆရာတော် အာစရိယဓမ္မပါလ မထေရ်တို့သည် တစ်ပါးနှင့် တစ်ပါး အချီအချ အငြင်းပွားလျက် ရှိကြ၏။ ယင်းအငြင်းပွားမှုကား ပညာရှိတို့၏ တရားစစ်ထိုးခန်း တစ်ခုပင် ဖြစ်၏။ ဝိပဿနာရှုရာ၌ အလွန် အရေးတကြီး သိထားသင့်သော အကြောင်းအရာ တစ်ခုပင် ဖြစ်သည်။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာတွင် ဤသို့ ဖွင့်ဆိုထား၏။

## ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ အဆို

**နိဗ္ဗတ္တိလက္ခဏန္တိ** အဒ္ဓါ-သန္တတိ-ခဏဝသေန ရူပဿ ဥပ္ပါဒံ။ ဥပ္ပါဒေါယေဝ သင်္ခတလက္ခဏတ္တာ လက္ခဏန္တိ စ ဝုတ္တော။ ပ ။ **ဝိပရိဏာမလက္ခဏန္တိ** အဒ္ဓါ-သန္တတိ-ခဏဝသေန ရူပဿ ဘင်္ဂံ ။ ဘင်္ဂေါယေဝ သင်္ခတလက္ခဏတ္တာ လက္ခဏန္တိ ဝုတ္တော။ ပ ။ အယံ ပန ဝိသေသော — အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ အဒ္ဓါ-သန္တတိဝသေန၊ န ခဏဝသေန။ (ပဋိသံ-ဌ-၁-၂၃၅-၂၃၆။)

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာဆရာတော်က ဤသို့အယူရှိတော်မူ၏- ရုပ်တရား၏ ဥဒယဗ္ဗယ = ဖြစ်ပျက်ကို ရှုရာ၌ —

၁။ ဘဝတစ်ခုဖြင့် ပိုင်းခြားအပ်သော အခွန့်ကာလ အဒ္ဓါ၏ အစွမ်းဖြင့် ဖြစ်မှု ပျက်မှု,

၂။ သန္တတိ = ရုပ်အစဉ်အတန်း၏ အစွမ်းဖြင့် ဖြစ်မှု ပျက်မှု,

၃။ ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏ၏ အစွမ်းဖြင့် ဖြစ်မှု ပျက်မှု —

ဤဥဒယဗ္ဗယ = ဖြစ်-ပျက် သုံးမျိုးလုံးကို ရှု၍ ရနိုင်၏ဟု အယူရှိတော်မူ၏၊ တစ်ဖန် နာမ်တရားတို့၏ ဥဒယဗ္ဗယ = ဖြစ်မှု ပျက်မှုကို ရှုရာ၌ကား —

၁။ ဘဝတစ်ခုဖြင့် ပိုင်းခြားအပ်သော အခွန့်ကာလ အဒ္ဓါ၏ အစွမ်းဖြင့် ဖြစ်မှု ပျက်မှု,

၂။ သန္တတိ = တစ်ခုသော ဝီထိဟူသော နာမ်အစဉ်အတန်း၏ အစွမ်းဖြင့် ဖြစ်မှု ပျက်မှု —

ဤဥဒယဗ္ဗယ = ဖြစ်မှု ပျက်မှု နှစ်မျိုးကိုသာ ရှု၍ ရနိုင်၏၊ ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏ၏ အစွမ်းဖြင့် ဥဒယဗ္ဗယ = ဖြစ်မှု ပျက်မှုကို ရှု၍ မရနိုင်ဟုလည်း ဖွင့်ဆိုထားတော်မူ၏၊ ဤဖွင့်ဆိုချက်နှင့် ပတ်သက်၍ မဟာဋီကာ ဆရာတော်က မကျေနပ်သဖြင့် အောက်ပါအတိုင်း ပြန်လည်ချေပထား၏။

## မဟာဋီကာ၏ ပြန်လည်ချေပချက်

မဟာဋီကာဆရာတော်၏ ချေပချက်မှာ အောက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏အဖွင့်ပင် ဖြစ်၍ ယင်းဝိသုဒ္ဓိ-မဂ္ဂအဋ္ဌကထာ စကားရပ်ကို ရှေးဦးစွာ ရေးသားတင်ပြအပ်ပါသည်။ —

ဧဝံ ဧကေကဿ ခန္ဓဿ ဥဒယဗ္ဗယဒဿနေ ဒသ ဒသ ကတွာ ပညာသ လက္ခဏာနိ ဝုတ္တာနိ။ တေသံ ဝသေန ဧဝမ္ပိ ရူပဿ ဥဒယော ဧဝမ္ပိ ရူပဿ ဝယော၊ ဧဝမ္ပိ ရူပံ ဥဒေတိ၊ ဧဝမ္ပိ ရူပံ ဝေတီတိ ပစ္စယတော စေဝ ခဏတော စ ဝိတ္ထာရေန မနသိကာရံ ကရောတိ။ (ဝိသုဒ္ဓိ-၂-၂၆၇။)

ဧတ္ထ စ ကေစိ တာဝ အာဟု — "အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ အဒ္ဓါ-သန္တတိဝသေနေဝ, န ခဏဝသေနာ"တိ။ တေသံ မတေန ခဏတော ဥဒယဗ္ဗယဒဿနမေဝ န သိယာ။ အပရေ ပနာဟု "ပစ္စယတော ဥဒယဗ္ဗယဒဿနေ အတီတာဒိဝိဘာဂံ အနာမသိတွာ သဗ္ဗသာဓာရဏတော အဝိဇ္ဇာဒိပစ္စယာ ဝေဒနာသမ္ဘဝံ လဗ္ဘမာနတံ ပဿတိ၊ န ဥပ္ပါဒံ။ အဝိဇ္ဇာဒိအဘာဝေ စ တဿာ အသမ္ဘဝံ အလဗ္ဘမာနတံ ပဿတိ၊ န ဘင်္ဂံ။ ခဏတော ဥဒယဗ္ဗယဒဿနေ ပစ္စုပ္ပန္နာနံ ဥပ္ပါဒံ ဘင်္ဂဉ္စ ပဿတီ"တိ၊ တံ ယုတ္တံ။ သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒ-ဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တီတိ။ အယဉ္စ ပဌမံ ပစ္စယတော ဥဒယဗ္ဗယံ မနသိကရောန္တော အဝိဇ္ဇာဒိကေ ပစ္စယဓမ္မေ ဝိဿဇ္ဇေတွာ ဥဒယဗ္ဗယဝန္တေ ခန္ဓေ ဂဟေတွာ တေသံ ပစ္စယတော ဥဒယဗ္ဗယဒဿန မုခေန ခဏတောပိ ဥဒယဗ္ဗယံ မနသိကရောတိ။ တဿ ယဒါ ဉာဏံ တိက္ခံ ဝိသဒံ ဟုတွာ ပဝတ္တတိ၊ တဒါ ရူပါရူပဓမ္မာ ခဏေ ခဏေ ဥပ္ပဇ္ဇန္တာ, ဘိဇ္ဇန္တာ စ ဟုတွာ ဥပဋ္ဌဟန္တိ။ တေန ဝုတ္တံ **"ဧဝမ္ပိ ရူပဿ ဥဒယော"**တိအာဒိ။

တတ္ထ **ဧဝမ္ပိ ရူပဿ ဥဒယော**တိ ဧဝံ ဝုတ္တနယေန အဝိဇ္ဇာသမုဒယာပိ။ ပ။ တဏှာ။ ပ။ ကမ္မ။ ပ။ အာဟာရသမုဒယာပိ ရူပဿ သမ္ဘဝေါ။ **ဧဝမ္ပိ ရူပဿ ဝယော**တိ ဧဝံ ဝုတ္တနယေနေဝ အဝိဇ္ဇာနိရောဓာပိ။ ပ။ တဏှာ။ ပ။ ကမ္မ။ ပ။ အာဟာရနိရောဓာပိ ရူပဿ ဝယော အနုပ္ပါဒေါတိ **ပစ္စယတော ဝိတ္ထာရေန မနသိကာရံ ကရောတိ။ ဧဝမ္ပိ ရူပံ ဥဒေတီ**တိ ဧဝံ ဝုတ္တနယေန နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ကမ္မသမုဋ္ဌာနရူပမ္ပိ အာဟာရ-ဥတု-စိတ္တသမုဋ္ဌာနရူပမ္ပိ ဥဒေတိ ဥပ္ပဇ္ဇတိ နိပ္ဖဇ္ဇတီတိ။ ဧဝံ ဝုတ္တနယေနေဝ ဝိပရိဏာမလက္ခဏံ ပဿန္တော ကမ္မသမုဋ္ဌာနရူပမ္ပိ အာဟာရ-ဥတု-စိတ္တသမုဋ္ဌာနရူပမ္ပိ **ဝေတိ** နိရုဇ္ဈတီတိ ခဏတော ဝိတ္ထာရေန မနသိကာရံ ကရောတီတိ ယောဇနာ။ (မဟာဋီ-၂-၄၂၂-၄၂၃။)

အထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။ ခန္ဓာတစ်ပါး တစ်ပါးကို ဥဒယဗ္ဗယ ရှုရာ၌ ဥဒယဉာဏ် ငါးပါး, ဝယဉာဏ် ငါးပါးစီ အသီးအသီး ရှိရကား ခန္ဓာတစ်ပါး တစ်ပါး၌ ဥဒယဗ္ဗယဉာဏ် (၁၀)ပါး ဖြစ်၏။

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
၂။ တဏှာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
၃။ ကံ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
၄။ အာဟာရ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
၅။ ရုပ်၏ ဖြစ်ခြင်းသဘော။ (ဥဒယဉာဏ်-ငါးပါး)

၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။
၂။ တဏှာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။

၃။ ကံ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။
၄။ အာဟာရ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။
၅။ ရုပ်၏ ချုပ်ခြင်းသဘော။ (ဝယဉာဏ်-ငါးပါး)

ဤသို့လျှင် ခန္ဓာတစ်ပါး တစ်ပါး၌ ဥဒယဉာဏ် ငါးပါး, ဝယဉာဏ် ငါးပါး နှစ်ရပ်ပေါင်းသော် ဥဒယဗ္ဗယ-ဉာဏ် (၁၀)ပါး ဖြစ်သည်။ (အဝိဇ္ဇာ-တဏှာ၌ ဥပါဒါန်ဟူသော အကြောင်းတရားကိုလည်းကောင်း, ကံ-၌ သင်္ခါရ ဟူသော အကြောင်းတရားကိုလည်းကောင်း, အာဟာရ၌ စိတ်-ဥတုဟူသော အကြောင်းတရားများကိုလည်း-ကောင်း ပေါင်းယူထားသည်။) ဥဒယဗ္ဗယလက္ခဏာဟုလည်း ခေါ်၏။ ခန္ဓာငါးပါး၌ကား ဥဒယဗ္ဗယဉာဏ် = ဥဒယဗ္ဗယလက္ခဏာ (၅၀) ဖြစ်သည်။ ထို (၅၀)သော ဥဒယဗ္ဗယဉာဏ်တို့၏ အစွမ်းဖြင့် ယောဂါဝစရပုဂ္ဂိုလ်သည်-

၁။ ဤအကြောင်းကြောင့်လည်း ရုပ်တရားသည် ထင်ရှား ဖြစ်ပေါ်လာ၏။
၂။ ဤအကြောင်းကြောင့်လည်း ရုပ်တရားသည် ချုပ်ငြိမ်းသွား၏။
၃။ ဤသို့လည်း ရုပ်တရားသည် ဥပါဒ်အားဖြင့် ထင်ရှား ဖြစ်ပေါ်လာ၏။
၄။ ဤသို့လည်း ရုပ်တရားသည် ဘင်အားဖြင့် ချုပ်ပျက်သွား၏။ —

ဤသို့လျှင် အကြောင်းတရားအားဖြင့်လည်းကောင်း ခဏအားဖြင့်လည်းကောင်း အကျယ်အားဖြင့် ဥဒယ-ဗ္ဗယ သဘောကို နှလုံးသွင်းရှုပွား၏။ (ဝိသုဒ္ဓိ-၂-၂၆၇။)

ယင်းအထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာစကားရပ်များကို ဖွင့်ဆိုရင်းဖြင့် မဟာဋီကာဆရာတော်က ပဋိသမ္ဘိဒါ-မဂ္ဂအဋ္ဌကထာဆရာတော် ဘဒ္ဒန္တမဟာနာမ မထေရ်၏ အယူအဆကို အောက်ပါအတိုင်း ပြန်လည်ချေပသွား၏။

ဆက်၍ဆိုဦးအံ့ — ဤအရာ၌ အချို့သောဆရာ = ကေစိဆရာတို့သည် ဤ ဥဒယဗ္ဗယဒဿန = သင်္ခါရ တရားတို့၏ ဖြစ်ပျက်ကို ရှုရာ၌ ရှေးဦးစွာ ဤသို့ ဆိုကြကုန်၏။ "နာမ်ခန္ဓာ လေးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်း = ဥဒယဗ္ဗယသဘောကို ရှုခြင်းသည် အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့်သာလျှင် ဖြစ်နိုင်၏ = အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့်သာလျှင် ရှုလို့ရနိုင်၏။ ခဏပစ္စုပ္ပန်၏ အစွမ်းဖြင့် မဖြစ်နိုင် = ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှုလို့ မရနိုင်"ဟု ဆိုကြကုန်၏။ ထိုကေစိဆရာတို့၏ အလိုအားဖြင့် ခဏအားဖြင့် ဥဒယဗ္ဗယဒဿန = အဖြစ်-အပျက်ကို ရှုခြင်းသည်ပင်လျှင် မဖြစ်နိုင်တော့ပေရာ။

အပရေဆရာ = အခြားတစ်ပါးသော ဆရာတို့သည်ကား ဤသို့ ဆိုတော်မူကြကုန်၏။ "အကြောင်းတရား အားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ရှုခြင်းဟူသော ပစ္စယတော ဥဒယဗ္ဗယဒဿနအရာ၌ အတိတ်စသည်ဝေဖန်ခြင်းကို မသုံးသပ်မူ၍ အလုံးစုံတို့နှင့် ဆက်ဆံသောအားဖြင့် အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ဝေဒနာစသည်၏ ဖြစ်သင့်ခြင်းကို ရကောင်းသည်၏ အဖြစ်ကို ရှု၏၊ ဖြစ်ဆဲဆဲ ဥပါဒ်ကို မရှု။ (= အဝိဇ္ဇာ၏ ဖြစ်ဆဲဆဲ ဥပါဒ် ဝေဒနာစသည်၏ ဖြစ်ဆဲဆဲ ဥပါဒ်ကိုမရှု၊ အဝိဇ္ဇာစသည်ကြောင့် ဝေဒနာ စသည်၏ ဖြစ်မှုဟူသော ကြောင်းကျိုး ဆက်နွယ်မှု သဘောကိုသာ ရှု၏။) ထိုမှတစ်ပါး အဝိဇ္ဇာစသော အကြောင်းတရားတို့သည် ထင်ရှားမရှိလတ်သော် ထိုဝေဒနာ၏ (= ထိုဝေဒနာစသည်၏ ) မဖြစ်သင့်ခြင်းကိုသာ မရကောင်းသည်၏ အဖြစ်ကိုသာ ရှု၏၊ ပျက်ဆဲဆဲ ဘင်ကို မရှု။ (= အကြောင်းတရား၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရား၏လည်း အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကိုသာ ရှု၏။ အကြောင်း အကျိုး နှစ်ရပ်လုံး၏ သို့မဟုတ် အကျိုး နာမ်တရားစု၏ ခဏအားဖြင့် ပျက်မှု = ခဏဘင်ကို မရှု။) ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုရာ၌ကား ပစ္စုပ္ပန်ဖြစ်ကုန်သော ဝေဒနာက္ခန္ဓာစသော တရားတို့၏ ဖြစ်ဆဲဆဲ ဥပါဒ်ကိုလည်းကောင်း, ပျက်ဆဲဆဲ ဘင်ကိုလည်းကောင်း ရှု၏"ဟု ဆိုတော်မူကြကုန်၏။

ထိုအပရေဆရာတို့၏ စကားသည် သင့်မြတ်လှပေသည်။ အကြောင်းကား ဤသို့ ဖြစ်၏ — သန္တတိပစ္စုပ္ပန်၏ အစွမ်းဖြင့် (= သန္တတိပစ္စုပ္ပန်မှစ၍) ရုပ်တရား နာမ်တရားတို့ကို အဖြစ်အားဖြင့်လည်းကောင်း, အပျက်အားဖြင့်လည်းကောင်း နှလုံးသွင်း ရှုပွားလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်အား အစဉ်သဖြင့် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်း၍လာရာ ဝိပဿနာ ဘာဝနာ၏ သန်မြန်အားကောင်းခြင်း အားရှိခြင်းသို့ ရောက်ရှိလာသောအခါကာလ၌ ဝိပဿနာဉာဏ်၏ ထက်မြက် စူးရှသည်၏အဖြစ် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်သို့ ရောက်ရှိလာခြင်းကြောင့် ခဏအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း = ဥဒယဗ္ဗယသဘောတို့သည် ထင်လာကုန်၏။ ထိုကြောင့် အပရေဆရာတို့၏ စကားသည် သင့်မြတ်လှပေသည်။

မှန်ပေသည် - ဤယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ “အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏”- ဤသို့ စသည်ဖြင့် အကြောင်းတရားအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းဟူသော ပစ္စယတော ဥဒယဗ္ဗယသဘောကို နှလုံးသွင်း၏။ ယင်းသို့ နှလုံးသွင်းပြီးနောက် အဝိဇ္ဇာစသော အကြောင်းတရားတို့ကို နှလုံးသွင်းမှုကို စွန့်လွှတ်လိုက်၍ (= အဝိဇ္ဇာစသော အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံကို နှလုံးမသွင်းတော့ဘဲ) ဖြစ်ခြင်း ပျက်ခြင်း = ဥဒယ-ဝယသဘော ရှိကြကုန်သော ခန္ဓာတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ထိုခန္ဓာတို့၏ အကြောင်းတရားအားဖြင့် ဖြစ်ခြင်း ပျက်ခြင်းကို ပဓာနပြုသဖြင့် ခဏအားဖြင့်လည်း ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးသွင်း၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကြင်အခါ၌ ဝိပဿနာဉာဏ်သည် ထက်မြက် စူးရှလာ၏၊ သန့်ရှင်းလာ၏။ ထိုအခါ၌ ရုပ်တရား နာမ်တရားတို့သည် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတိုင်း ခဏတိုင်း၌ ဖြစ်ကုန်သည်လည်းကောင်း, ပျက်ကုန်သည်လည်းကောင်း ဖြစ်၍ ထင်လာကုန်၏။ ထိုကြောင့် —

၁။ ဤအကြောင်းကြောင့်လည်း ရုပ်တရားသည် ထင်ရှား ဖြစ်ပေါ်လာ၏။
၂။ ဤအကြောင်းကြောင့်လည်း ရုပ်တရားသည် ချုပ်ငြိမ်းသွား၏။
၃။ ဤသို့လည်း ရုပ်တရားသည် ဥပါဒ်အားဖြင့် ထင်ရှား ဖြစ်ပေါ်လာ၏။
၄။ ဤသို့လည်း ရုပ်တရားသည် ဘင်အားဖြင့် ချုပ်ပျက်သွား၏။ —

ဤသို့စသော စကားကို အဋ္ဌကထာ ဆရာတော်သည် (ဝိသုဒ္ဓိ-၂-၂၆၇)၌ မိန့်ဆိုတော်မူခြင်း ဖြစ်ပေသည်။
(မဟာဋီ-၂-၄၂၂-၄၂၃။)

## ထပ်မံ ရှင်းလင်းချက်

ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုသည့် အရာဝယ် အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်း ထင်ရှားရှိခြင်း ဟူသည်မှာလည်း (အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း) အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော အကြောင်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိ အနေအားဖြင့် ထင်ရှားရှိမှုကို ဆိုလို၏။ (စိတ်-ဥတု-အာဟာရ-ဝတ္ထု-အာရုံ-ဖဿစသော အကြောင်းတရားတို့ကို မဆိုလိုပါ။) ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းကဲ့သို့သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-သင်္ခါရ-ကံဟူသော အကြောင်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိအနေအားဖြင့် ထင်ရှားရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းအကြောင်းတရားနှင့် ယင်းအကျိုးဝိပါက်ခန္ဓာတို့၏ ကြောင်း-ကျိုးဆက်နွယ်မှု သဘောကိုသာ ပဓာနထား၍ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ စသည်ဖြင့် ရှုခြင်းဖြစ်၏။

တစ်ဖန် ပဝတ္တိပစ္စယ ဖြစ်ကြကုန်သော ပစ္စုပ္ပန် အကြောင်းတရားတို့သည်လည်း ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါး အပေါင်းနှင့် ပြည့်စုံကြသော တရားများပင် ဖြစ်ကြ၏၊ သို့သော် ယင်းအကြောင်းတရား-တို့၏ ဖြစ်မှု ပျက်မှုကို ပဓာနမထားဘဲ အကြောင်းတရားတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် အကျိုးတရားတို့၏

ထင်ရှားဖြစ်မှုကိုသာ ပဓာနထား၍ “စိတ်ဖြစ်ခြင်းကြောင့် စိတ္တဇရုပ်ဖြစ်၏” ဤသို့စသည်ဖြင့် ရှုခြင်းဖြစ်၏။ ဤသို့ ရှုစဉ်ဝယ် အကြောင်းတရားတို့၏ ခဏအားဖြင့် ဖြစ်မှုပျက်မှုကို နှလုံးမသွင်းသကဲ့သို့ အကျိုးတရားတို့၏ ခဏအားဖြင့် ဖြစ်မှုပျက်မှုကိုလည်း နှလုံးမသွင်းပေ။ ဤသို့လျှင် အကြောင်း အကျိုးနှစ်ရပ်လုံးတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှု ဥဒယဝယသဘောကို မရှုဘဲ နှလုံးမသွင်းဘဲ အကြောင်းတရား၏ ထင်ရှားရှိခြင်း ထင်ရှားဖြစ်ခြင်း-ကြောင့် အကျိုးတရား၏ ထင်ရှားရှိမှု ထင်ရှားဖြစ်မှုကိုသာ ရှုခြင်းသည် ပစ္စယတော ဥဒယဒဿန လုပ်ငန်း ဖြစ်သည်။ အကြောင်းတရား၏ ထင်ရှားမရှိခြင်း ထင်ရှားမဖြစ်ခြင်းကြောင့် အကျိုးတရား၏ ထင်ရှားမရှိမှုကို ရှုခြင်းသည် ပစ္စယတော ဝယဒဿနလုပ်ငန်း ဖြစ်သည်။

ထိုသို့ရှုရာ၌ အတိတ်စသည်ဖြင့် ခွဲခြမ်းဝေဖန်မှုပြု၍ မသုံးသပ်ရန် ညွှန်ကြားထား၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော အကြောင်းတရားတို့၏ နာနာက္ခဏိကကမ္မသတ္တိဟူသည်မှာ ဥပါဒ်-ဋ္ဌီ-ဘင် အနေ-အားဖြင့် ထင်ရှားရှိနေသော တရားမျိုး မဟုတ်သဖြင့် အတိတ်အနာဂတ် စသည်ဖြင့် ဝေဖန်ရန် မဖြစ်နိုင်ပေ၊ သို့သော် ယင်းနာနာက္ခဏိကကမ္မသတ္တိတို့၏ မြစ်ဖျားခံရာ မူလစတင်၍ ဖြစ်ပွားခဲ့သည့် ဖြစ်ပွားဆဲ ဖြစ်သည့် ဖြစ်ပွားလတ္တံ့ ဖြစ်သည့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ကား, ဥပါဒ်-ဋ္ဌီ-ဘင်အားဖြင့် ထင်ရှားဖြစ်ခိုက် တည်ရှိခိုက်အခါကို ရည်ရွယ်၍ ဆိုရမူ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု ဝေဖန် ခွဲခြမ်း၍ ရနိုင်ပေသည်။

> အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
> ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။ (ဝိသုဒ္ဓိ-၂-၂၁၄။)

= အတိတ်အကြောင်းတရား ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ငါးပါး ဖြစ်၏။
ပစ္စုပ္ပန်အကြောင်းတရား ငါးပါးကြောင့် အနာဂတ်အကျိုးတရား ငါးပါး ဖြစ်၏။

ဤသို့စသော ဒေသနာတော်များကို ထောက်ရှုပါ။ တစ်ဖန် ပဝတ္တိပစ္စယ အမည်ရသော စိတ်-ဥတု-အာဟာရ -ဝတ္ထု-အာရုံ-ဖဿစသော အကြောင်းတရားတို့ကား ဖြစ်ခိုက်ဝယ် ဥပါဒ်-ဋ္ဌီ-ဘင် ရစကောင်းသော တရားမျိုးများ ဖြစ်ကြသဖြင့် အတိတ် စသည်ဖြင့် ခွဲခြမ်းဝေဖန်၍ ရစကောင်းသည်သာ ဖြစ်ကြ၏။ သို့သော် ယင်းပဝတ္တိပစ္စယ တရားတို့နှင့် ယင်းတို့၏ ဆိုင်ရာဆိုင်ရာ အကျိုးတရားတို့၏ ကြောင်းကျိုးဆက်နွယ်မှုသဘောကို ရှုရာ၌ အတိတ် စသည်ဖြင့် ခွဲခြမ်းဝေဖန် သုံးသပ်မှုမပြုဘဲ စိတ်စသော အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် စိတ္တဇရုပ်စသော အကျိုးတရား၏, ဝတ္ထုစသော အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် ဝေဒနာစသော အကျိုးတရား၏ ဖြစ်သင့်-ခြင်းကိုသာ ရကောင်းသည်၏ အဖြစ်ကိုသာ ရှုရမည် ဖြစ်သည်။

ဆိုလိုရင်းကို သဘောမပေါက်နိုင်သေးသော ယောဂီသူတော်ကောင်းများအတွက် အနည်းငယ် ထပ်မံ၍ ရှင်းလင်းတင်ပြပေဦးအံ့ — ထိုအဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့မှာ အတိတ်အကြောင်းတရား ပစ္စုပ္ပန် အကြောင်းတရား အနာဂတ်အကြောင်းတရား စသည်ဖြင့် ထိုက်သည့်အားလျော်စွာ ဖြစ်နိုင်ကြ၏။ ထိုသို့ပင် ဖြစ်နိုင်သော်လည်း ပစ္စယတော ဥဒယဗ္ဗယဒဿနဟူသော အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုသည့် အပိုင်း၌ အတိတ်အကြောင်းတရား ပစ္စုပ္ပန်အကျိုးတရား, ပစ္စုပ္ပန်အကြောင်းတရား အနာဂတ်အကျိုးတရား စသည်ဖြင့် ခွဲခြမ်းဝေဖန်၍ နှလုံးမသွင်းတော့ဘဲ အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး တရား၏ ဖြစ်သင့်ပုံကိုသာ ရကောင်းသည်၏ အဖြစ်ကိုသာ ရှုပါ။ ဥပါဒ်သဘောကို မရှုပါနှင့်။ အဝိဇ္ဇာစသော အကြောင်းတရားများသည် ထင်ရှားမရှိလတ်သော် ထင်ရှားမဖြစ်လတ်သော် ဝေဒနာစသည့် အကျိုးတရားတို့၏ မဖြစ်သင့်ပုံကိုသာ မရကောင်းသည်၏ အဖြစ်ကိုသာ ရှုပါ။ ဘင်သဘောကို မရှုပါနှင့်။ ဥပါဒ်နှင့် ဘင်ကိုရှုခြင်းမှာ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်ပျက်ရှုနည်းသာ ဖြစ်၏၊ အကြောင်းခန္ဓာ အကျိုးခန္ဓာတို့၏

နိဗ္ဗတ္တိလက္ခဏာနှင့် ဝိပရိဏာမလက္ခဏာတို့သာတည်း။

ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးတို့ အပေါင်းနှင့် ပြည့်စုံခိုက် ခဏတ္တယသမင်္ဂီ အတွင်း၌သာ တည်ရှိသော တရားသည် ပစ္စုပ္ပန်ဖြစ်၍ ယင်းခဏတ္တယ၏ ရှေး၌တည်ရှိသော တရားမှာ အတိတ်ဖြစ်၍ နောက်၌ တည်ရှိသော တရားမှာ အနာဂတ်ဖြစ်၏။ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက်ကို မြင်အောင် ရှုမှုကား ယင်းဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက် ခဏတ္တယသမင်္ဂီ အတွင်း၌ တည်ရှိသော တရား၏ ဥပါဒ်စွန်း ဘင်စွန်းနှင့် ဆိုင်၏။ ယင်းဥပါဒ်စွန်း ဘင်စွန်းကို မြင်အောင်ကြည့်၍ ဝိပဿနာရှုရ၏။

အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ရှုမှု၌ကား ထိုသို့ ဥပါဒ်စွန်း ဘင်စွန်းကိုလည်း စူးစိုက်၍ သုံးသပ်ဖွယ် မလို။ အတိတ် အနာဂတ်ကိုလည်း စူးစိုက်၍ သုံးသပ်ဖွယ် မလိုပေ။ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်မှုကိုသာ စူးစိုက်၍ သုံးသပ်ဖို့ လိုသဖြင့် အတိတ်စသည်ဖြင့် မသုံးသပ်မူ၍ ပစ္စယတော ဥဒယဗ္ဗယဒဿနကို ရှုရန် ညွှန်ကြားခြင်း ဖြစ်သည်။ ထိုသို့ ညွှန်ကြားထားသဖြင့်- အတိတ်အကြောင်းတရားများ၏ ထင်ရှားဖြစ်ခြင်း-ကြောင့် ပစ္စုပ္ပန်အကျိုးတရားများ၏ ထင်ရှားဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားများ၏ ထင်ရှားဖြစ်ခြင်းကြောင့် အနာဂတ်အကျိုးတရားများ၏ ထင်ရှားဖြစ်ပုံဟူသော ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်ပိုင်းဝယ် အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး, ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုးတို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်ဖို့ မလိုဟု အယူအဆ မမှားစေလိုပါ။ ဆိုင်ရာဆိုင်ရာ အကြောင်းတရားနှင့် ဆိုင်ရာဆိုင်ရာ အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏ — ဤသို့ စသည်ဖြင့်လည်းကောင်း,

ဆိုင်ရာဆိုင်ရာ အကြောင်းတရားများ၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းမှုကြောင့် ဆိုင်ရာဆိုင်ရာ အကျိုးတရားများ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ချုပ်ငြိမ်းမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏ — ဤသို့ စသည်ဖြင့်လည်းကောင်း,

ဝိပဿနာ ရှုပွားသုံးသပ်ရမည်သာ ဖြစ်ပါသည်။ ထိုသို့ရှုစဉ်အတွင်း၌ "ဤကား အတိတ်တရား, ဤကား ပစ္စုပ္ပန်တရား, ဤကား အနာဂတ်တရား"စသည်ဖြင့် ခွဲခြားဝေဖန်သုံးသပ်မှုကိုကား မပြုပါနှင့်ဟူ၍သာ ဆိုလိုရင်း ဖြစ်သည်ကို သတိပြုပါ။ အဘယ်ကြောင့်နည်းဟူမူ –အကြောင်းတရား ထင်ရှားရှိခြင်း ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားရှိပုံ ထင်ရှားဖြစ်ပုံကိုလည်းကောင်း, အကြောင်းတရား ထင်ရှားမရှိခြင်း ချုပ်ခြင်းကြောင့် အကျိုးတရား ထင်ရှားမရှိပုံ ချုပ်ပုံကိုလည်းကောင်း ပဓာနရှေးသွားပြု၍ ဝိပဿနာ ရှုပွားသုံးသပ်ရမည့် အလုပ်စခန်း ဖြစ်သောကြောင့်ပင်တည်း။ အလွန်တိုတောင်းသော အချိန်ကာလအတွင်း၌ အကြောင်းတရားအားဖြင့်လည်းကောင်း, ခဏအားဖြင့်လည်းကောင်း ဖြစ်-ပျက်တို့ကို အကွက်ကျကျ ချက်ကျကျ သွက်သွက်လက်လက် ထက်ထက်မြက်မြက် လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ် ရှုတတ်ရမည် ဖြစ်သဖြင့် —

၁။ ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ကို ရှုရာ၌ မည်သို့နှလုံးသွင်း-ရမည်ကိုလည်းကောင်း,

၂။ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုရာ၌ မည်သို့နှလုံးသွင်းရမည်ကိုလည်းကောင်း

ဤသို့ နှလုံးသွင်းပုံကို သတ်မှတ်ပြခြင်း ဖြစ်သည်ဟု သဘောပေါက်ပါ။ ထိုသို့ ရှုရာ၌ ရှေးဦးစွာ အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံ, အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံဟူသော ပစ္စယတော ဥဒယဗ္ဗယကို ရှုပြီးမှ ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုရမည်ဖြစ်သည်။ ခဏအားဖြင့် ဖြစ်-ပျက်ကို

ရှုရာ၌ ဥဒယဗ္ဗယဝန္တေ ခန္ဓေ-ဟု ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်သော ခန္ဓာတို့ကို ရှုရန် သတ်မှတ်ပေးထား၏။ ထိုသတ်မှတ်ချက်အရ ဥပါဒ်-ဋီ-ဘင် မရစကောင်းသော နာနာက္ခဏိကကမ္မသတ္တိများကို အကြောင်းတရားစုတွင် ပါဝင်သော်လည်း ဖြစ်-ပျက် မရှုရဟု သိရှိပါလေ။ ယင်းနာနာက္ခဏိကကမ္မသတ္တိ၏ တည်ရာ စေတနာကိုသာ ဝိပဿနာရှုပါ။

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏။
အဝိဇ္ဇာ — ဖြစ်-ပျက် - အနိစ္စ။
ရုပ် — ဖြစ်-ပျက် - အနိစ္စ။

ဤသို့စသည်ဖြင့် ရှုပုံမျိုးတည်း။ သို့သော် **ပစ္စယစေမ္မ ဝိသေဒ္ဒေတွာ** = အကြောင်းတရားတို့ကို စွန့်လွှတ်ထား၍ ဖြစ်-ပျက် ရှုရန် အထက်ပါ မဟာဋီကာ၌ ဖွင့်ဆိုထားသဖြင့် အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်-ပျက်ကို ရှုမှုနှင့် ပတ်သက်၍ သံသယ ဖြစ်မနေဖို့ရန် သတိပြုပါ။ ဤအပိုင်းတွင် အကြောင်းတရားတို့၏ ဖြစ်-ပျက် = ဥဒယဗ္ဗယသဘောကို နှလုံးမသွင်းလိုပါက ခေတ္တ ချန်လှပ်ထားလိုက်၍ အကျိုးခန္ဓာငါးပါးတို့၏ ဖြစ်-ပျက်ကိုသာ နှလုံးသွင်းလိုပါက နှလုံးသွင်းရှုပွားပါ။ သို့သော် အကြောင်းတရားတို့၏ ဖြစ်-ပျက်ကိုလည်း လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုရမည်သာ ဖြစ်သဖြင့် နောက်ထပ်တစ်ဖန် ထပ်မံ၍ ယင်းအဝိဇ္ဇာစသော အကြောင်းတရား-တို့ကိုလည်း သီးသန့် ဝိပဿနာရှုရမည်သာ ဖြစ်ပါသည်။ အကြောင်းမူ ဤ ဥဒယဗ္ဗယာနုပဿနာဉာဏ်၏ ဝိပဿနာ အရှုခံ အာရုံစာရင်းတွင် ဘဝတိုင်အောင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များလည်း ပါဝင်နေသောကြောင့် ဖြစ်သည်၊ ဤသို့လျှင် —

၁။ ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက် ရှုခြင်း,
၂။ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက် ရှုခြင်း —

ဤ ဥဒယဗ္ဗယဒဿန = ဖြစ်-ပျက်နှစ်မျိုးတို့ကို ရှုခြင်းတည်းဟူသော ဝိပဿနာဘာဝနာ လုပ်ငန်းရပ်ကို နေရာတကျ ပွားများတတ်ပါက ရှုပွားတတ်ပါက ဥဒယဗ္ဗယာနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာသောအခါ ရုပ်-နာမ်တို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှုတို့သည်လည်း ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်တွင် ထင်လာကုန်သည်သာ ဖြစ်ပေသည်။ ဤစကားရပ်တို့မှာ အထက်တွင် ရေးသားတင်ပြထားသော မဟာဋီကာစကားရပ်ကို ဉာဏ်နုသူများ နားလည်နိုင်ရန် ရည်သန်၍ ထပ်မံ ရှင်းလင်းတင်ပြထားသော စကားရပ်တို့ပင် ဖြစ်ကြသည်။

## အဋ္ဌကထာကြီးများနှင့် နီးနှောမိပါသည်

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာဆရာတော်မှာ ဘဒ္ဒန္တမဟာနာမ မထေရ် ဖြစ်ပါသည်။ ထိုဘဒ္ဒန္တမဟာနာမ မထေရ်-ကို မဟာဋီကာဆရာတော် အရှင်ဓမ္မပါလ မထေရ်မြတ်က ကေစိဆရာဟု သုံးစွဲထား၏။ ထိုမဟာနာမ မထေရ်၏ အယူအဆကို မဟာဋီကာဆရာတော်က မနှစ်သက်ပါ။ နာမ်တရားတို့ကို ဝိပဿနာရှုရာ၌ ယင်းနာမ်တရားတို့၏ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ခဏအားဖြင့် ဖြစ်မှု ပျက်မှုကိုလည်း သာဝကများသည် ရှု၍ ရနိုင်သည်ဟူသော ဝါဒကိုသာ မဟာဋီကာဆရာတော်က နှစ်သက်မြတ်နိုးတော်မူ၏။ ထိုဝါဒမှာလည်း အဋ္ဌကထာကြီးများနှင့် နီးနှောမိသည်သာ ဖြစ်ပေသည်။ သာမညဖလသုတ္တန် သတိသမ္ပဇညကထာတွင် အာလောကိတ-ဝိလောကိတ = တည့်တည့်ကြည့်ရာ-စောင်းငဲ့ကြည့်ရာ၌ မူလပရိညာ၏ အစွမ်းဖြင့်လည်း အသမ္မောဟသမ္ပဇဉ်ဖြစ်အောင် ရှုပုံကို ဤသို့ ဖွင့်ဆိုထားတော်မူ၏။

ဘဝဂ္ဂါဝဇ္ဇနရုဓေ၀၊ ဒဿနံ သမ္မဒိုဋ္ဌနံ။
သန္တိရဏံ ဝေါဋ္ဌဗ္ဗနံ၊ ဇဝနံ ဘဝတိ သတ္တမံ။ (ဒီ-ဋ္ဌ-၁-၁၇၄။)

မူလပဏ္ဏာသအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ္တန် သမ္မဇဉ်ပိုင်းအဖွင့် (မ-ဋ္ဌ-၁-၂၆၆)တွင်လည်းကောင်း, သတိပဋ္ဌာနသံယုတ် သတိသုတ္တန်အဖွင့် (သံ-ဋ္ဌ-၃-၂၂၆)တွင်လည်းကောင်း, သမ္မောဟဝိနောဒနီအဋ္ဌကထာ ဈာနဝိဘင်းအဖွင့် (အဘိ-ဋ္ဌ-၂-၃၄၁)တွင်လည်းကောင်း ပုံစံတူပင် တညီတညွတ်တည်း ဖွင့်ဆိုထားတော်မူသည်။ ဤအဋ္ဌကထာကြီးများ၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။ —

တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ၌ ရူပါရုံကိုမြင်ရာဝယ် (အတီတဘဝင်-ဘဝင်စလန-ဘဝင်ုပစ္ဆေဒ) ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇)ကြိမ်၊ (တဒါရုံ ၂-ကြိမ်)ဟူသော စက္ခုဒွါရိက ဝီထိစိတ်အစဉ်များသည် သမ္ပယုတ်တရားတို့နှင့် အတူတကွ ဖြစ်ပေါ်လာကြ၏။ (အတိမဟန္တာရုံ, မဟန္တာရုံ ဝီထိများကို ရည်ညွှန်းထားသည်။) သမ္ပယုတ်တရားတို့နှင့်တကွသော ယင်းဝီထိစိတ်အစဉ် နာမ်တရားစုများကို ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ထွင်းဖောက် သိမြင်ပါက အသမ္မောဟသမ္ပဇဉ်ဉာဏ် ဖြစ်ပြီ ဟူလိုသည်။ အကျယ်ကို နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရှင်းလင်း တင်ပြ-ခဲ့ပြီးပင် ဖြစ်သည်။ ဤရှင်းလင်းချက်မှာ ရုပ်နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူသည့် နာမရူပပရိဂ္ဂဟဉာဏ်ပိုင်းကို ရည်ညွှန်းထားသော ဖွင့်ဆိုချက်ပင် ဖြစ်သည်။

တစ်ဖန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သမ္မသနဉာဏ်ပိုင်း (ဝိသုဒ္ဓိ-၂-၂၅၂-၂၅၃)၌လည်း စက္ခုဒွါရိကဝီထိစသော ထိုထို ဝီထိစိတ္တက္ခဏတိုင်း၌ သမ္ပယုတ်တရားတို့နှင့် တကွသော ဝီထိစိတ် နာမ်တရားစုတို့၏ ဖြစ်မှု ပျက်မှုကို လည်းကောင်း, ဝီထိများ၏ အကြားအကြား၌ တည်ရှိသော သမ္ပယုတ်တရားတို့နှင့် တကွသော ဘဝင်စိတ်တို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်ကို တင်ကာ ဝိပဿနာ ရှုရန် ညွှန်ကြားထား၏။ (ရှေးသမ္မသနဉာဏ်ပိုင်းတွင် ရှင်းပြခဲ့ပြီး ဖြစ်သည်။)

တစ်ဖန် သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့တွင်လည်း ဤသို့ ဖွင့်ဆိုထားတော်မူ၏။

နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

(အဘိ-ဋ္ဌ-၂-၄၇။ ဝိသုဒ္ဓိ-၂-၂၇၆။)

အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဟူသော ရုပ်ဃန နာမ်ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ခွဲခြမ်းစိတ်ဖြာ၍ ရှုနိုင်ခဲ့သော် အနတ္တလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်လာပေ၏။

(အဘိ-ဋ္ဌ-၂-၄၇။ ဝိသုဒ္ဓိ-၂-၂၇၆။)

ထိုတွင် ရုပ်ကလာပ် နာမ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော ရုပ်ပရမတ် နာမ်ပရမတ်ဟူသော ပရမတ္ထဓာတ်သားတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏတ္တယ = ခဏသုံးပါးအပေါင်း၏ အတွင်း၌ ဖြစ်မှု ပျက်မှုကို မြင်ပါမှ သန္တတိဃန ပြိုမည် ဖြစ်သည်။ သန္တတိဃနစသည့် ဃန အသီးအသီး ပြိုပါမှ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်မည်။ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ပါမှ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်တွင် အနတ္တလက္ခဏာသည် ဟုတ်-မှန်တိုင်းသော မိမိသဘောအားဖြင့် ထင်လာမည်ဖြစ်သည်။ ထို့ကြောင့် အနတ္တဉာဏ်အမြင် ရရှိရေး ဝိပဿနာဉာဏ်အမြင် ရရှိရေးအတွက် ရုပ်ဃန နာမ်ဃန အသီးအသီးကို ပြိုကွဲအောင် ဝိပဿနာဉာဏ်ဖြင့် ဖြိုခွဲလျက် ဝိပဿနာ ရှုရတော့မည် ဖြစ်သည်။ ဃနပြိုပါမှလည်း ခဏပစ္စုပ္ပန်သို့ ဆိုက်မည်။ ခဏအားဖြင့် ဖြစ်ပျက်ကို ရှုမြင်နိုင်ပါမှလည်း သန္တတိဃန ပြိုမည်၊ ထို့ကြောင့် ဃနပြိုရေး အနတ္တဉာဏ်အမြင်ကို ရရှိရေးအတွက် ခဏအားဖြင့် ဖြစ်-ပျက်ကို မြင်အောင် ရုပ်နာမ် နှစ်မျိုးလုံး၌ ဝိပဿနာ ရှုရမည်သာ ဖြစ်ပေသည်။

ထိုကြောင့် မဟာဋီကာဆရာတော်၏ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၏ အဆိုအမိန့်ကို ပြန်လည်ချေပချက်မှာ, တစ်နည်း — နာမ်တရားတို့၌လည်း ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ခဏအားဖြင့် ဖြစ်-ပျက်ကိုလည်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရမည်ဟူသော မဟာဋီကာဆရာတော်၏ အဆိုအမိန့်မှာ အဋ္ဌကထာကြီးများ၏ ဖွင့်ဆိုချက်များနှင့် ဂင်္ဂါရေနှင့် ယမုနာရေ ရောသကဲ့သို့ တစ်သားတည်း ညီညွတ်နေသော အဆိုအမိန့်သာ ဖြစ်ပေသည်။

## သစ္စ – ပဋိစ္စသမုပ္ပါဒ် – နယ – လက္ခဏာတို့ ထင်ရှားပြီ

## သစ္စာလေးပါး ထင်ရှားပုံ

ဤသို့ ရေးသားတင်ပြခဲ့သည့်အတိုင်း —

၁။ ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ကို ရှုခြင်း,
၂။ ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုခြင်း ဟူသော —

နှစ်မျိုးသော ဥဒယဗ္ဗယသဘောတို့ကို နှလုံးသွင်းရှုပွားသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ "ဤရုပ်တရား နာမ်တရားတို့သည် ရှေးက မရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာကုန်သတတ်၊ ဖြစ်ကုန်ပြီး၍လည်း ရုတ်ခြည်း ချုပ်ပျက် ပျောက်ကင်းကုန်သတတ်"ဟု ထိုးထွင်းသိသော ဝိပဿနာဉာဏ်သည် အထူးသဖြင့် သာလွန်၍ သန့်ရှင်းစင်ကြယ်လာ၏။ ဤသို့ အကြောင်းတရားအားဖြင့်လည်းကောင်း, ခဏအားဖြင့်လည်းကောင်း နှစ်မျိုး နှစ်စားအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောကို ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝယ် —

၁။ သစ္စာ လေးပါး,
၂။ ပဋိစ္စသမုပ္ပါဒ် သဘောတရား,
၃။ ဧကတ္တ စသော နည်း လေးပါး,
၄။ အနိစ္စလက္ခဏာ စသော လက္ခဏာ ငါးပါး —

ဤတရားတို့သည် ထင်ရှားလာကြကုန်၏။ (ဝိသုဒ္ဓိ-၂-၂၆၇။)

ဤသို့ နှလုံးသွင်းသော ထိုယောဂီအား အကြင်ရှေ့လောက် ကာလပတ်လုံး ဥဒယဗ္ဗယဉာဏ်သည် မဖြစ်ပေါ်လာသေး၊ ထိုရှေ့လောက် ကာလပတ်လုံး ရုပ်နာမ်တို့၏ ဥဒယဗ္ဗယ = ဖြစ်မှု ပျက်မှုတို့သည် လွန်စွာထင်သည် မဖြစ်ကုန်ရကား ဝိုးဝါးသာမျှ အနုမာနဆ၍ အလျော်ရမ်းလိုက်ရသည်ကို အကြောင်းပြု၍ "ဣတိ ကိရိမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တိ = ဤရုပ်တရား နာမ်တရားတို့သည် ရှေးကမရှိမူ၍ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာကုန်သတတ်၊ ဖြစ်ကုန်ပြီး၍လည်း ရုတ်ခြည်း ချုပ်ပျက် ပျောက်ကင်းကုန်သတတ်"ဟု ပစ္စက္ခမဟုတ် အနုမာနပြ ကိရ = သတတ်-ဟူသော သဒ္ဒါနှင့် ယှဉ်၍ ဆိုသတည်း။ ။ တစ်နည်း — နယဒဿန = နည်းလမ်းကို ညွှန်ပြသည့် အနေအားဖြင့် ဤသို့ ဆိုသတည်း။ ရှေးဦးစွာ ပစ္စုပ္ပန္နဓမ္မတို့၏ ဥဒယဗ္ဗယကို ပစ္စက္ခဖြင့် မြင်ပြီး၍ ထိုနောင်မှ အတိတ်-အနာဂတ်တို့၌လည်း ၄င်းနည်းဟု နည်းကိုဆောင်သည် ဖြစ်ဘိသော်။ (မဟာဋီ-၂-၄၂၃။ ပြည်-ဝိသုဒ္ဓိမဂ်နိဿယ-၅-၁၆၅။) (နည်းကို ဆောင်ပုံကို ပထမတွဲ၌ ရှင်းပြခဲ့ပြီ။)

အကျယ်မှာ ဤသို့တည်း- အဝိဇ္ဇာစသည်၏ ရှေးဘဝ၌ ဖြစ်ပြီးခြင်းကြောင့် ခန္ဓာတို့၏ ဖြစ်သင့်ခြင်းကိုလည်းကောင်း, အဝိဇ္ဇာစသော အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းသွားခြင်းကြောင့် ခန္ဓာတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကိုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် ရှု၏။ ယင်းသို့ ရှုခြင်းသည်ကား ထိုယောဂါဝစရပုဂ္ဂိုလ်၏

ပစ္စယတော ဥဒယဗ္ဗယဒဿန မည်၏။ တစ်ဖန် နိဗ္ဗတ္တိလက္ခဏာနှင့် ဝိပရိဏာမလက္ခဏာတို့ကို ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ခန္ဓာတို့၏ ဥဒယဗ္ဗယကို ရှု၏။ ယင်းသို့ ခန္ဓာတို့၏ ဥဒယဗ္ဗယကို ရှုခြင်းသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ခဏတော ဥဒယဗ္ဗယဒဿန မည်၏။ ခန္ဓာတို့၏ ဖြစ်ဆဲ ဥပါဒ်ခဏ၌သာလျှင် နိဗ္ဗတ္တိလက္ခဏာသည် ဖြစ်၏။ ပျက်ဆဲ ဘင်ခဏ၌သာလျှင် ဝိပရိဏာမလက္ခဏာသည်လည်း ဖြစ်၏။ ထို့ကြောင့် ထိုနိဗ္ဗတ္တိလက္ခဏာ ဝိပရိဏာမလက္ခဏာတို့ကို ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ခဏအားဖြင့် ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယတို့ကို ရှုသည် မည်၏။ (ဝိသုဒ္ဓိ-၂-၂၆၇။)

၁။ ထို့ကြောင့် ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း အကြောင်းတရားအားဖြင့်လည်းကောင်း, ခဏအားဖြင့်လည်းကောင်း နှစ်မျိုးသော အခြင်းအရာအားဖြင့် ဥဒယ-ဝယသဘောကို ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ပစ္စယတော ဥဒယဒဿန = အကြောင်းတရားအားဖြင့် အဖြစ်သက်သက်ကို ရှုခြင်းဖြင့် (= အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ သက်သက်ကို ရှုခြင်းဖြင့်) ခန္ဓာငါးပါးတို့ကို (= ဒုက္ခသစ္စာတရားတို့ကို) တိုက်ရိုက်ဖြစ်စေတတ်သော ဇနက အကြောင်းတရားကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့် **သမုဒယသစ္စာ**သည် ထင်ရှားလာ၏။

၂။ ခဏတော ဥဒယဒဿန = ခဏအားဖြင့် ခန္ဓာတို့၏ အဖြစ်သက်သက်ကို ရှုခြင်းဖြင့် (ခန္ဓာတို့၏ ဖြစ်မှု နိဗ္ဗတ္တိလက္ခဏာကို ရှုမြင်ခြင်းဖြင့်) ခန္ဓာငါးပါးတို့၏ ဖြစ်မှု ဇာတိဒုက္ခကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့် **ဒုက္ခသစ္စာ**သည် ထင်ရှားလာ၏။

၃။ ပစ္စယတော ဝယဒဿန = အကြောင်းတရားအားဖြင့် အပျက်သက်သက်ကို ရှုမြင်ခြင်းဖြင့် = (အကြောင်းတရားတို့၏ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရားတို့၏ နောင်တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ခြင်းဟူသော အနုပ္ပါဒနိရောဓသဘောကို ရှုမြင်ခြင်းဖြင့်) **နိရောဓသစ္စာ**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ အကြောင်းတရားတို့၏ မဖြစ်ခြင်းဖြင့် = အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းဖြင့် အကြောင်းတရား ထင်ရှား ရှိကြကုန်သော အကျိုးတရားတို့၏ = အကြောင်းတရားကြောင့် ဖြစ်ကြရကုန်သော အကျိုးတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၇။)

**"ပစ္စယာနုပ္ပါဒေနာ"**တိ ဧတေန ပစ္စယာနံ အနုပ္ပါဒနိရောဓော ဣဓ ပစ္စယနိရောဓောတိ ဒဿေတိ။

(မဟာဋီ-၂-၄၂၄။)

၄။ ခဏတော ဝယဒဿန = ခန္ဓာတို့၏ ဘင်ကာလ၌ ဖောက်ပြန် ပျက်စီးခြင်း ဝိပရိဏာမလက္ခဏာဟူသော အပျက်သက်သက်ကို ရှုမြင်ခြင်းဖြင့် မရဏဒုက္ခဟု ခေါ်ဆိုအပ်သော သံသရာဝဋ်ဆင်းရဲဒုက္ခကြီးကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့် **ဒုက္ခသစ္စာ**တရားသည်ပင်လျှင် ထင်ရှားလာ၏။ (ဝိသုဒ္ဓိ-၂-၂၆၇။)

သမုဒ္ဒေါ မယာ ဒိဋ္ဌော = ငါသည် သမုဒ္ဒရာကို မြင်၏-ဟူရာ၌ သမုဒ္ဒ-သဒ္ဒါသည် အပေါင်းဖြစ်သော သမုဒ္ဒရာ တစ်စင်းလုံး၏ အမည် ဖြစ်ငြားသော်လည်း သမုဒ္ဒရာတစ်စင်းလုံး၏ သမုဒ္ဒ-ဟူသော အမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာ တစ်စိတ်တစ်ဒေသ၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာတစ်စိတ်တစ်ဒေသကိုပင် ဧကဒေသူပစာရအားဖြင့် သမုဒ္ဒရာဟု ခေါ်ဝေါ်သကဲ့သို့လည်းကောင်း, သမုဒ္ဒရာကို မြင်၏ဟု ဆိုသကဲ့သို့လည်းကောင်း,

ပဗ္ဗတော မယာ ဒိဋ္ဌော = ငါသည် တောင်ကို မြင်၏ ဟူရာ၌ ပဗ္ဗတ-တောင်သဒ္ဒါသည် အပေါင်းဖြစ်သော တောင်တစ်ခုလုံး၏ အမည် ဖြစ်ငြားသော်လည်း တောင်တစ်တောင်လုံး၏ ပဗ္ဗတ-ဟူသော အမည်ကို အစိတ် ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော တောင် တစ်စိတ်တစ်ဒေသ၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော တောင် တစ်စိတ်တစ်ဒေသကိုပင် ဧကဒေသူပစာရအားဖြင့် ပဗ္ဗတ = တောင်ဟု ခေါ်ဝေါ်-သကဲ့သို့လည်းကောင်း, ငါသည် တောင်ကို မြင်၏ဟု ဆိုသကဲ့သို့လည်းကောင်း,

တစ်စိတ်တစ်ဒေသအားဖြင့် သမုဒ္ဒရာကို မြင်သူအား အပေါင်းဖြစ်သော သမုဒ္ဒရာသည် ထင်ရှားသကဲ့သို့, တစ်စိတ်တစ်ဒေသအားဖြင့် တောင်ကို မြင်သူအား အပေါင်းဖြစ်သော တောင်သည် ထင်ရှားသကဲ့သို့ အလားတူပင် ခန္ဓာတို့၏ တစ်စိတ်တစ်ဒေသ၏ ဖြစ်မှု = ဇာတိဒုက္ခ, ပျက်မှု = မရဏဒုက္ခကို ဝိပဿနာဉာဏ်ဖြင့် သိမြင်သော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း အပေါင်းဖြစ်သော ဒုက္ခသစ္စာကို ထင်ထင်ရှားရှား သိသည်ပင် မည်ပေသည်။ (မဟာဋီ-၂-၄၂၃-၄၂၄။)

၅။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော —

(က) ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် သင်္ခါရတရားတို့၏ ဖြစ်ပျက်ကို ရှုမြင်ခြင်း,

(ခ) ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် သင်္ခါရတရားတို့၏ ဖြစ်ပျက်ကို ရှုမြင်ခြင်းဟူသော -

ဤနှစ်မျိုးသော သင်္ခါရတရားတို့၏ ဥဒယဗ္ဗယ သဘာဝမှန်ကို မတွေမဝေ သိတတ်သော အသမ္မောဟ = သမ္မာဒိဋ္ဌိ ပြဓာန်းသော —

(က) သမ္မာဒိဋ္ဌိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝမှန်ကို သိမြင်ခြင်း,

(ခ) သမ္မာသင်္ကပ္ပ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝအာရုံပေါ်သို့ သမ္ပယုတ်တရား-တို့ကို ရှေးရှုတင်ပေးခြင်း,

(ဂ) သမ္မာဝါယာမ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘောကို သိအောင် ကြိုးစားအားထုတ်-ခြင်း,

(ဃ) သမ္မာသတိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝအာရုံကို အမှတ်ရခြင်း, ယင်းအာရုံ၌ စိတ်ခိုင်မြဲခြင်း,

(င) သမ္မာသမာဓိ = သင်္ခါရတရားတို့၏ နှစ်မျိုးသော ဥဒယဗ္ဗယ သဘာဝအာရုံ၌ စိတ်၏ ကောင်းစွာ တည်ကြည်နေခြင်း ဟူသော

ဤ မဂ္ဂင်တရားကိုယ် ငါးပါးသည် လောကီမဂ္ဂင်တရား ဖြစ်ရကား ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **မဂ္ဂသစ္စာ**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ – သင်္ခါရတရားတို့၏ ထိုနှစ်မျိုးသော ဥဒယဗ္ဗယ၌ ဟုတ်တိုင်းမှန်စွာ မသိမမြင်တတ်သော တွေဝေနေသော သမ္မောဟတရားကို ထိုလောကီမဂ္ဂင်တရားတို့က တဒင်္ဂ အားဖြင့် ပယ်သတ်သည်၏ အဖြစ်ကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၇-၂၆၈။ မဟာဋီ-၂-၄၂၃-၄၂၄။)

ယင်းလောကီမဂ္ဂင် တရားကိုယ် ငါးပါး ထင်ရှား ဖြစ်ပေါ်လာသောအခါ ယင်းမဂ္ဂင်တရားတို့သည် ယင်း သမ္မောဟတရားကို ပယ်သတ်လျက်သာလျှင် ထင်ထင်ရှားရှား ဖြစ်ပေါ်လာကြကုန်၏ ဟူပေ။ (မဟာဋီ-၂-၄၂၄။)

## ပဋိစ္စသမုပ္ပါဒ် သဘောတရား ထင်ရှားလာပုံ

အဝိဇ္ဇာ အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် သင်္ခါရ အကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်လာ၏၊ သင်္ခါရ အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် ဝိညာဏ် အကျိုးတရားသည် ထင်ရှားဖြစ်ပေါ်လာ၏ – ဤသို့ စသည်ဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော်ကား အနုလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ဖြစ်၏။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသည်ဖြင့် ဟောကြားတော်မူအပ်သော သံသရာစက်လည်ပတ်ပုံဖြစ်စဉ်ဒေသနာတော် ပင်တည်း။ တစ်ဖန် အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော = အဝိဇ္ဇာ၏ အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရ၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏ — ဤသို့စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ချုပ်ငြိမ်းပုံကို ထင်ရှားဖော်ပြသော ချုပ်စဉ်ဒေသနာတော်သည် ပဋိလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော် မည်၏။

တစ်ဖန် ပစ္စယတော ဉဒယဒဿန = အကြောင်းတရားအားဖြင့် အဖြစ်သက်သက်ကို ရှုမြင်ခြင်းဖြင့် = အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပုံ သက်သက်ကို ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ သံသရာဝဋ်ဆင်းရဲဒုက္ခ ဖြစ်ခြင်းအားလျော်သော - အဝိဇ္ဇာပစ္စယာ သင်္ခါရာ - ဤသို့စသည်ဖြင့် ဟောကြားတော်မူအပ်သော **အနုလောမပဋိစ္စသမုပ္ပါဒ်** သဘောတရားသည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — “ဤအဝိဇ္ဇာစသော အကြောင်းတရားသည် ထင်ရှားရှိလတ်သော် ဤသင်္ခါရစသော အကျိုးတရားသည် ထင်ရှား ဖြစ်ပေါ်လာ၏”- ဤသို့စသည့် သဘောတရားကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်ပင်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

ပစ္စယတော ဝယဒဿန = အကြောင်းတရားအားဖြင့် အပျက်သက်သက်ကို ရှုမြင်ခြင်းဖြင့် = အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းမှုကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ဖြစ်ခြင်းအား မလျော် ထိပ်တိုက် ဆန့်ကျင်ဘက်ဖြစ်သော “အဝိဇ္ဇာယ-တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော” ဤသို့စသော **ပဋိလောမပဋိစ္စသမုပ္ပါဒ်** သဘောတရားသည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — “ဤ အဝိဇ္ဇာစသော အကြောင်းတရား၏ အနုပ္ပါဒနိရောဓ သဘောအားဖြင့် ချုပ်ခြင်းကြောင့် ဤ သင်္ခါရစသော အကျိုးတရားသည် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွား၏” — ဤသို့စသည့် ချုပ်စဉ်သဘောတရားကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

တစ်ဖန် ခဏတော ဉဒယဗ္ဗယဒဿန = သင်္ခါရတရားတို့၏ နိဗ္ဗတ္တိလက္ခဏာ ဝိပရိဏာမလက္ခဏာဟု ခေါ်ဆိုအပ်သော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏအားဖြင့် ဖြစ်မှု ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ခြင်းဖြင့် ထို ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **ပဋိစ္စသမုပ္ပန္န** အမည်ရသော ဇာတိစသော အကြောင်းတရားကို အစွဲပြု၍ ဖြစ်ပေါ်လာကုန်သော ဇရာ-မရဏစသော အကျိုးတရားတို့သည် ထင်ရှားလာကုန်၏။ အဘယ်ကြောင့်နည်းဟူမူ သင်္ခတတရားတို့၏ = သင်္ခါရတရားတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော သင်္ခတလက္ခဏာကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း။ ဖြစ်ခြင်း ပျက်ခြင်း သဘောတရား ထင်ရှားရှိကြကုန်သော တရားမှန်သမျှတို့သည် သင်္ခတတရားတို့ ဖြစ်ကုန်၏၊ ထို သင်္ခတတရားတို့သည်လည်း-

ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ။ (သံ-၁-၂၆၄။)

= ရဟန်းတို့ ဇရာ-မရဏတရားသည် အနိစ္စတရားတည်း၊ သင်္ခတတရားတည်း၊ အကြောင်းတရားကို စွဲမှီ၍ ဖြစ်ပေါ်လာရသော ပဋိစ္စသမုပ္ပန္နတရားတည်း။ (သံ-၁-၂၆၄။)

ဤသို့စသည်ဖြင့် ဘုရားရှင် ဟောကြားထားတော်မူခြင်းကြောင့် ပဋိစ္စသမုပ္ပန္နတရားတို့သာ ဖြစ်ကုန်၏။ ထိုကြောင့် သင်္ခါရတရားတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ အသိဉာဏ်၌ ပဋိစ္စသမုပ္ပန္နတရားတို့သည် ထင်ရှားလာကုန်၏ဟု ဆိုသည်။ (ဝိသုဒ္ဓိ-၂-၂၆၈။)

## နည်းလေးပါး ထင်ရှားလာပုံ

၁။ တစ်ဖန် ပစ္စယတော ဥဒယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်မှုကို ရှုမြင်ခြင်းဖြင့် = အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံကို ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **ဧကတ္တနည်း**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေသော ရုပ်နာမ် သန္တာန် အစဉ်၏ အစဉ်အဆက်မပြတ် အထပ်ထပ် ဖြစ်နေသည်ကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း ဟူပေ။ ထိုသို့ ရုပ်နာမ် သန္တာန် အစဉ်၏ အကြောင်းနှင့် အကျိုး ဆက်စပ်လျက် အစဉ် အဆက်မပြတ် အထပ်ထပ် ဖြစ်နေသည်ကို ဝိပဿနာ ဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်လတ်သော် အလွန့်အလွန် ကောင်းမွန်စွာ သေလျှင် ပြတ်၏ဟု စွဲယူသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ (ဝိသုဒ္ဓိ-၂-၂၆၈။)

ရှေးရှေးဖြစ်သော တရားတို့၏ ချုပ်ပျက်ခြင်းကို နောက်နောက်သော တရားတို့၏ ဖြစ်ခြင်း ဥပါဒ်က အစဉ် တစိုက် လိုက်ပါနေ၏ - ဟူသော ဤကဲ့သို့သော အနက်သဘောသည် ပစ္စယတော ဥဒယဒဿန = အကြောင်း တရားကြောင့် အကျိုးတရားဖြစ်ပုံ ဥဒယသက်သက်ကို ရှုမြင်ခြင်းဖြင့် ပြီးစီးလတ်သော် ဧကတ္တနည်းကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ခြင်းငှာ = သိခြင်းငှာ ဖြစ်၏။ ယင်းဧကတ္တနည်းကို သိခြင်းကြောင့် - "အညော ကရောတိ၊ အညော ပဋိသံဝေဒယတိ = အခြားတစ်ယောက်သော သူသည် ပြုလုပ်၏၊ အခြားတစ်ယောက်သော သူသည် ခံစား၏ = ပြုသူ တခြား ခံစားသူ တခြားတည်း = ဤဘဝ ဤကိုယ် စံ၍ ထိုဘဝ ထိုကိုယ် ခံလိမ့်မည်" ဤသို့ စသော အယူဝါဒ ဝေါဟာရ၏ ပြီးစီးကြောင်းဖြစ်သော ဥစ္ဆေဒဒိဋ္ဌိ၏ ထောက်ရာတည်ရာ မရှိသည်၏ အဖြစ်သည် ဖြစ်ပေါ်လာ၏။ ထိုကြောင့် "အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေသော ရုပ်နာမ် သန္တာန် အစဉ်၏ အစဉ်အဆက်မပြတ် အထပ်ထပ် ဖြစ်နေသည်ကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့် ဧကတ္တနည်းသည် ထင်ရှားလာ၏ - ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၂၄။)

၂။ ခဏတော ဥဒယဒဿန = ခဏအားဖြင့် သင်္ခါရတရားတို့၏ ဖြစ်မှုကို ရှုမြင်ခြင်းဖြင့် ထိုသို့ ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **နာနတ္တနည်း**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်နေကြကုန်သော သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ဖြစ်ခြင်း ဥပါဒ်ကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း။ ထိုသို့ သိမြင်လတ်သော် လွန်မင်း-စွာလျှင် မြဲ၏ဟု စွဲယူတတ်သော သဿတဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ (ဝိသုဒ္ဓိ-၂-၂၆၈။)

သင်္ခါရတရားတို့သည် ဥပါဒ်-ဠီ-ဘင်ဟူသော ခဏသုံးပါးတို့၏ အပေါင်းဖြစ်သော ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ်နေကြကုန်၏ - ဟူသော ဤသို့သော အနက်သဘောသည် ခဏတော ဥဒယဒဿန = ခဏအားဖြင့် အဖြစ်သက်သက်ကို ရှုမြင်ခြင်းဖြင့် ပြီးစီးလတ်သော် နာနတ္တနည်းကို သိခြင်းငှာ ရရှိခြင်းငှာ ဖြစ်ပေ၏။ ယင်းသို့

နာနတ္တနည်းကို သိသဖြင့် အကြောင်း = ပစ္စည်းတရား, အကျိုး = ပစ္စယုပ္ပန်တရားတို့၏ အသီးအသီးသော ကိုယ်ပိုင်သဘာဝလက္ခဏာ၏ တစ်ခုစီ ကွဲပြားမှုကို ထိုးထွင်း၍ သိခြင်းကြောင့် — သော ကရောတိ၊ သော ပဋိသံဝေဒေတိ = ထိုသူသည်ပင် ပြု၏၊ ထိုသူသည်ပင် ခံစား၏ - ဤသို့စသော နည်းဖြင့် ဖြစ်ပေါ်လာသော သဿတဒိဋ္ဌိ၏ ထောက်ရာတည်ရာ မရှိသည်၏အဖြစ် ဖြစ်ခွင့်မရှိသည်၏ အဖြစ်သည် ထင်ရှားသတည်း။ ထိုကြောင့် အထက်ပါ စကားရပ်ကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။

(မဟာဋီ-၂-၄၂၄။)

ရုပ်တရား နာမ်တရားတို့သည် ဥပါဒ်-ဌီ-ဘင်ဟူသော အချိန်ကာလ သက်တမ်းစေ့က ချုပ်ပျက်သွားကြရ၏။ သို့သော် အကြောင်းတရားတို့သည် အကျိုးတရားတို့ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနေသမျှ ကာလပတ်လုံး အကျိုး ရုပ်နာမ်တရားတို့သည် အကြောင်း မကုန်သေးသမျှ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်လျက်ပင် ရှိကြ၏။ ထိုသို့ ဖြစ်ရာ၌ ရှေးရှေးသင်္ခါရတရားတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြား နောက်နောက်သင်္ခါရ တရားတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြားဖြစ်၏။ ရှေးရှေးပထဝီ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြား နောက်နောက် အသစ်အသစ်ဖြစ်သော ပထဝီ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြား, ရှေးရှေးဖဿ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြား နောက်နောက်ဖဿ၏ ကိုယ်ပိုင်သဘာဝလက္ခဏာကား တခြား ဖြစ်၏။ ရှေးရှေးပရမတ်တရား၏ ဥပါဒ်ကာလနှင့် နောက်နောက်ပရမတ်တရား၏ ဥပါဒ်ကာလတို့သည် ခဏချင်း မတူ-ညီကြသောကြောင့် ဖြစ်၏။ ဥပါဒ်ကာလချင်း မတူညီကြသောကြောင့် ဖြစ်၏။ ဥပါဒ်ချင်း ပြိုင်၍ ဖြစ်ကြသော တရားတို့၌ ကိုယ်ပိုင်သဘာဝလက္ခဏာ ကွဲပြားမှုမှာ ပြောဖွယ်ရာပင် မလိုတော့ပေ။ ထိုကြောင့် သင်္ခါရတရားတို့၏ ခဏမစဲတသဲသဲ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်မှုကို ဝိပဿနာဉာဏ်ဖြင့် မြင်နေသော သိနေသော သူတော်ကောင်း၏ ဉာဏ်၌ နာနတ္တနည်း ထင်ရှားလာခြင်း ဖြစ်ပေသည်။

၃။ ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံ, အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံကို ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **အဗျာပါရနည်း**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — ပရမတ္ထဓမ္မတို့၏ မည်သည့် ပုဂ္ဂိုလ်သတ္တဝါ တစ်စုံတစ်ယောက်၏ အလိုသို့မျှ မလိုက်ပါတတ်သည်၏ အဖြစ်ကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်း-ဖောက် သိမြင်တတ်သောကြောင့်တည်း။ ထိုသို့ သိမြင်လတ်သော် လွန်မင်းစွာလျှင် အတ္တရှိ၏ဟု စွဲလမ်း ယုံကြည်သော အတ္တဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ (ဝိသုဒ္ဓိ-၂-၂၆၈။)

ပစ္စယတော ဥဒယဗ္ဗယဒဿန ဉာဏ်ဖြင့် – အကြောင်းတရားသည် ထင်ရှားရှိလတ်သော် အကျိုးတရား၏ ထင်ရှားဖြစ်ခြင်းသည် ဖြစ်ပေါ်လာ၏၊ အကြောင်းတရားသည် ထင်ရှားမရှိလတ်သော် အကျိုးတရား၏ ထင်ရှား မဖြစ်ခြင်းသည် ဖြစ်ပေါ်လာ၏ - ဤသို့သော အနက်သဘော၏ ပြီးစီးခြင်းကြောင့် ထင်ရှားရှိသည်၏ အဖြစ်မျှဖြင့် သာလျှင် ထိုအဝိဇ္ဇာစသော တရားတို့သည် အကြောင်းတရားဖြစ်ကုန်၏။ အကြောင်းတရားတို့၌ အကျိုးတရား-တို့ကို ဖြစ်ပေါ်လာအောင် ပြုလုပ်ရန် ကြောင့်ကြဗျာပါရ သဘောတရားသည် ထင်ရှား မရှိပေ။ ဤသို့လျှင် ပစ္စယတော ဥဒယဗ္ဗယဒဿန ဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ အဗျာပါရနည်းသည် ထင်ရှားလာ၏။ ယင်းသို့ အဗျာပါရနည်း၏ ထင်ရှားလာခြင်းကြောင့် အတ္တဒိဋ္ဌိ၏ ထောက်ရာတည်ရာ မရှိသည်၏ အဖြစ် ဖြစ်ခွင့်မရှိသည်၏အဖြစ်သည် ဖြစ်ပေါ်လာ၏၊ အဘယ်ကြောင့်နည်းဟူမူ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ သို့မဟုတ် အတ္တ၏ အလိုအတိုင်း ဖြစ်ခြင်းကို မရအပ် မရနိုင်သည်၏ အဖြစ်ကြောင့်တည်း။ ထိုကြောင့် ပရမတ္ထဓမ္မတို့၏ မည်သည့် ပုဂ္ဂိုလ်သတ္တဝါ တစ်စုံတစ်ယောက်၏ အလိုသို့မျှ မလိုက်ပါတတ်သည်၏ အဖြစ်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်

သိမြင်ခြင်းကြောင့် ထိုဝိပဿနာဉာဏ်က အတ္တရှိ၏ဟု စွဲလမ်းယုံကြည်သော အတ္တဒိဋ္ဌိကို ပယ်စွန့်နိုင်ကြောင်းကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်။ အကြောင်းတရားတည်းဟူသော သူတစ်ပါးနှင့် ဆက်စပ်မှုရှိနေသည်၏ အဖြစ်သည် ပရမတ္ထဓမ္မတို့၏ အဝသဝတ္တိဘာဝ မည်၏ = တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ သို့မဟုတ် အတ္တ၏ အလိုအတိုင်း ဖြစ်ခြင်းကို မရအပ် မရနိုင်သည်၏ အဖြစ် မည်၏။ သင်္ခတ ပရမတ်တရားတို့၌ ဆိုင်ရာဆိုင်ရာ အကြောင်းတရား၏ ထင်ရှားရှိနေမှုကိုပင်လျှင် သူတစ်ပါးနှင့် ဆက်စပ်မှု ရှိသည်၏ အဖြစ်ဟု သိရှိပါလေ။ (မဟာဋီ-၂-၄၂၅။)

၄။ ပစ္စယတော ဥဒယဒဿန = အကြောင်းတရား ထင်ရှားဖြစ်ခြင်း ထင်ရှားရှိနေခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကို ရှုမြင်သဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **ဓမ္မဓာတုနည်း**သည် ထင်ရှားလာ၏။ အဘယ်-ကြောင့်နည်းဟူမူ — အကြောင်းတရားအားလျော်သဖြင့် အကျိုးတရား၏ ဖြစ်ခြင်းကို ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်းကြောင့်တည်း။ ထိုသို့ သိမြင်လတ်သော် လုံ့မစောက် မြဲမြံစွာလျှင် အကိရိယဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ (ဝိသုဒ္ဓိ-၂-၂၆၈။)

ပစ္စယတော ဥဒယဒဿန = အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကို ရှုမြင်တတ်သော ပစ္စယတော ဥဒယဒဿနဉာဏ်ဖြင့် ထိုထို ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ကြောင့် ဤအကျိုးသင်္ခါရတရားတို့သည် ဖြစ်ပေါ်လာကြရကုန်၏၊ ထိုသို့ ဖြစ်ကုန်သော်လည်း ဖြစ်လိုသရွေ့ ဟုတ်ဟုတ် ညားညား ဖြစ်ချင်သလိုကား မဖြစ်၊ အကြောင်းအားလျော်စွာသာလျှင် ဖြစ်ကုန်၏ဟု အကြောင်းတရား ထင်ရှားရှိသော အကျိုးတရား၏ အကြောင်းနှင့် လျော်ညီစွာသာလျှင် ပြီးစီးလာရခြင်း ဖြစ်ပေါ်လာရခြင်းကြောင့် "ထိုထိုကုသိုလ် အကုသိုလ်ကို ပြုသော်လည်း ပြုသည်မမည် = အကျိုးမပေး"ဟု စွဲယူတတ်သော အကိရိယဒိဋ္ဌိ၏ ထောက်ရာ တည်ရာ မရှိသည်၏ အဖြစ်သည်သာလျှင် ဖြစ်ခွင့် မရှိသည်၏ အဖြစ်သည်သာလျှင် ထင်ရှား ဖြစ်ပေါ်လာ၏။ ထိုကြောင့် အထက်ပါစကားရပ်ကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်ပေသည်၊ ကာရဏ = အကြောင်းတရားသည် ထင်ရှားရှိလတ်သော် အကိရိယဝါဒသည် အဘယ်မှာလျှင် ထောက်ရာတည်ရာကို ရရှိနိုင်-ပါတော့အံ့နည်း။ မှန်ပေသည် — ကာရဏ = အကြောင်းတရားဟူသည် ပြုလုပ်တတ်သောကြောင့် သာလျှင် ကာရဏ = အကြောင်းတရား မည်ပေသည်။ အကျိုးတရားကို ပြုလုပ်တတ်သောကြောင့် ကာရဏ = အကြောင်း တရား မည်၏ ဟူလိုသည်။ (မဟာဋီ-၂-၄၂၅။) (ဤနည်းလေးပါးအကြောင်းကို ရှေးပဋိစ္စသမုပ္ပါဒ်ပိုင်းတွင်လည်း အကျယ် ရှင်းလင်းတင်ပြခဲ့၏။ ထိုအပိုင်းနှင့် ဤအပိုင်းကို ဆက်စပ်၍ ပြန်လည် ဖတ်ရှုကြည့်ပါ။)

## လက္ခဏာ ငါးပါး ထင်ရှားလာပုံ

၁။ ပစ္စယတော ဥဒယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်မှုကို အကြောင်းတရား ထင်ရှားရှိလာခြင်း-ကြောင့် အကျိုးတရား ထင်ရှားဖြစ်မှုကို ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **အနတ္တလက္ခဏာ**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — သင်္ခတပရမတ်တရားတို့၏ အကျိုးတရားကို ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း ဗျာပါရ ကင်းသည်၏ အဖြစ်၊ အကြောင်းတရားနှင့် စပ်၍သာ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကို ရှုမြင်နေသော ပစ္စယတော ဥဒယ-ဒဿနဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ — အကြောင်းတရားသည် ထင်ရှား ရှိလတ်သော်, အကြောင်းတရားတို့၌ အကျိုးတရားတို့ကို ဖြစ်စေနိုင်သော သဘာဝသတ္တိစွမ်းအင်သည် ထင်ရှား

ရှိလတ်သော် အကျိုးတရား၏ ဖြစ်ခြင်းသည် ထင်ရှားဖြစ်ပေါ်လာ၏ - ဤသို့လျှင် အကြောင်းတရားတို့သည် = အကြောင်းတရားတို့၏ အကျိုးတရားတို့ကို ဖြစ်စေနိုင်သော သဘာဝသတ္တိစွမ်းအင်သည် ထင်ရှားရှိသည်၏ အဖြစ်မျှဖြင့် အကျိုးတရားတို့ကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် ဖြစ်ခဲ့ရကား သင်္ခတတရားတို့၏ အကျိုးတရားတို့ ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း ကြောင့်ကြဗျာပါရ မရှိသည်၏ အဖြစ်သည် လည်းကောင်း, အကြောင်းတရားသည် ထင်ရှား မရှိလတ်သော် အကျိုးတရား၏ ထင်ရှား မရှိခြင်းသည် ဖြစ်ပေါ်လာ၏ - ဤသို့လျှင် အကျိုးတရားတို့၏ အကြောင်းတရားနှင့်စပ်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်သည် လည်းကောင်း ထင်ရှားသိအပ်သည်ဖြစ်၍ အတ္တမှ ဆိတ်သုဉ်းသည်၏ အဖြစ်ကို ထင်ရှားပြတတ်ရကား ပစ္စယတော ဥဒယဒဿန ဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အနတ္တလက္ခဏာ ထင်ရှားလာကြောင်းကို အဋ္ဌကထာဆရာတော်က အထက်ပါအတိုင်း ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၂-၄၂၅။)

၂။ ခဏတော ဥဒယဗ္ဗယဒဿန = သင်္ခါရတရားတို့၏ ခဏအားဖြင့် အဖြစ် အပျက်ကို ရှုမြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ **အနိစ္စလက္ခဏာ**သည် ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — ရှေးကမရှိ ယခုမှ ရုတ်ခြည်းဖြစ်ပေါ်လာ၍ အရှည်မတည် ချက်တစ်ဖြုတ် ပျက်စီးချုပ်ပျောက်ခြင်းကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကြောင့်လည်းကောင်း, မဖြစ်မီ ရှေးအဖို့, ချုပ်ပျက်ပြီး နောက်အဖို့၌ မရှိခြင်းသဘောသို့ ရောက်သည်၏အဖြစ် = ကင်းဆိတ်သည်၏ အဖြစ်ကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကြောင့်လည်းကောင်းတည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

သင်္ခါရတရားတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှုကို ရှုမြင်ခြင်းဖြင့် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း အားဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကို သိအပ်သည်၏ အဖြစ်ကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ အနိစ္စလက္ခဏာသည် ထင်ရှားလာပေ၏။ ထိုကြောင့် — ရှေးက မရှိ၊ ယခုမှ ရုတ်ခြည်း ဖြစ်ပေါ်လာ၍ အရှည်မတည် ချက်တစ်ဖြုတ် ပျက်စီးချုပ်ပျောက်ခြင်းကို ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းကြောင့် အနိစ္စလက္ခဏာ ထင်ရှားလာကြောင်းကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ မှန်ပေသည် — ဖြစ်ပြီး၍ ချုပ်ပျက်ခြင်းဟူသည် ဖြစ်ပြီး ရှိပြီး၍ မရှိခြင်းပေတည်း။ မဖြစ်မီ ရှေးအဖို့၌ ကင်းဆိတ်ခြင်း ဖြစ်ပြီး နောက်အဖို့၌ ကင်းဆိတ်ခြင်း = မဖြစ်မီ ရှေးအဖို့၌ မရှိခြင်း ဖြစ်ပြီး နောက်အဖို့၌ မရှိခြင်းသည် သင်္ခါရတရားတို့၏ မဖြစ်မီ ရှေးအဖို့ဟူသော အတိတ် ချုပ်ပြီး နောက်အဖို့ဟူသော အနာဂတ် - ဤအတိတ် အနာဂတ်အဖို့အစုတို့၌ ကင်းဆိတ်သည်၏ အဖြစ် = မရှိသည်၏ အဖြစ်ဟူသော သုညဖြစ်မှု သဘောပင်တည်း။ မှန်ပေသည် — သင်္ခါရတရားတို့သည် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်းမှ ရှေး၌လည်းကောင်း, နောက်၌ လည်းကောင်း ထင်ရှား မရှိကြကုန်။ ထိုကြောင့် မဖြစ်မီ ရှေးအဖို့ ချုပ်ပျက်ပြီး နောက်အဖို့၌ ကင်းဆိတ်သည်၏ အဖြစ်ကို ထိုးထွင်းသိခြင်းကြောင့် - ဟူသည် အစနှင့် အဆုံး ရှိသည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့် ဟူသော အနက်သဘောကို သိရှိပါလေ။ (မဟာဋီ-၂-၄၂၅။)

၃။ **ဒုက္ခလက္ခဏာ**သည်လည်း ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောတို့သည် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။

(ဝိသုဒ္ဓိ-၂-၂၆၈။)

ဖြစ်ကုန်ပြီး၍ ပျက်ကုန်သော သင်္ခါရတရားတို့ကို ဥပါဒ်ခဏမှ အထက်၌ အိုခြင်း ရင့်ခြင်း = ဇရာ = ဌီခဏ, ပျက်ခြင်း = ဘင်ခဏဟူသော အခိုက်အတန့် အထူးတို့၏ ဖြစ်ခြင်းဖြင့် အမြဲမပြတ် နှိပ်စက်အပ်ကုန်သည် သာလျှင်တည်း။ ထိုသင်္ခါရတရားတို့၏ ထိုသို့ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အနှိပ်စက်ခံရသည်၏ အဖြစ်သည်လည်း ကောင်းမွန်မှန်ကန်စွာ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုမြင်ခြင်းဖြင့် ထင်ရှားလာ၏။

ထိုကြောင့် သင်္ခါရတရားတို့ကို ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောတို့သည် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့် ဒုက္ခလက္ခဏာသည်လည်း ထင်ရှားလာ၏ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၂-၄၂၅။)

၄။ သင်္ခါရတရားတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှုကို ရှုမြင်ခြင်းဖြင့် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ သက်သက်သာလျှင် ထင်ရှားသည်မဟုတ်သေး, စင်စစ်သော်ကား ပထဝီဓာတ်၏ ကက္ခဠတ္တလက္ခဏာ = မာမှုသဘော, ဖဿ၏ ဖုသနလက္ခဏာ = အာရုံကို တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော ဤသို့ စသည်ဖြင့် သတ်မှတ်အပ်သော ပရမတ္ထဓမ္မတို့၏ သဘာဝဟု ဆိုအပ်သော ကိုယ်ပိုင်**သဘာဝလက္ခဏာ**သည်လည်း ထင်ရှားလာ၏၊ အဘယ်ကြောင့်နည်းဟူမူ — သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကို ဝိပဿနာဉာဏ်ပညာဖြင့် ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

**ပါဂဘာဝဝိဒ္ဓံသာဘာဝါဝစ္ဆိန္န** — သင်္ခါရတရားတို့သည် မဖြစ်မီ ရှေးမဆွက မရှိသေးခြင်း, ပျက်ခြင်း ဘင်ကာလ၏ နောက်၌ မရှိခြင်း - ဤမရှိခြင်း နှစ်မျိုးတို့ဖြင့် ပိုင်းခြားအပ်သည် ဖြစ်၍, ယင်း ရှေး နောက် နှစ်ရပ် မရှိခြင်း နှစ်မျိုးတို့၏ အလယ်အကြား၌သာလျှင် ဥပါဒ်-ဌီ-ဘင် အားဖြင့် ယာယီ ခေတ္တခဏ ရှိလျက် ထင်ရှားလာသည် ဟူလို။ (မဟာဋီ-၂-၄၂၅။)

၅။ ပရမတ္ထဓမ္မတို့၏ ကိုယ်ပိုင်သဘာဝလက္ခဏာသည် ထင်ရှားလတ်သော် **သင်္ခတလက္ခဏာ**၏ ဥပါဒ်-ဌီ-ဘင် ဟူသော အလွန်တိုသော ကာလရှိသည်၏ အဖြစ်သည်လည်း ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ ဖြစ်ဆဲ ဥပါဒ်ခဏ၌ ပျက်ခြင်း ဘင်၏, ပျက်ဆဲ ဘင်ခဏ၌လည်း ဖြစ်ခြင်း ဥပါဒ်၏ မရှိသည်၏ အဖြစ်ကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၆၈။)

သင်္ခတတရားတိုင်း၌ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးစီ အသီးအသီး ရှိ၏။ ထိုကြောင့် ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးရှိသော တရားမှန်သမျှသည် သင်္ခတတရားတည်း။ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်းသည် သင်္ခတတရားဟု သိကြောင်း အမှတ်အသား = သင်္ခတလက္ခဏာတည်း။

သင်္ခါရတရားတို့၏ ခဏအားဖြင့် ဖြစ်မှု ပျက်မှုကို ရှုမြင်ခြင်းဖြင့် ဥပါဒ်-ဌီ-ဘင်ဟူသော သင်္ခတလက္ခဏာ၏ ဥပါဒ်ခဏ ဌီခဏ ဘင်ခဏဟူသော အလွန်တိုတောင်းသော ကာလရှိသည်၏ အဖြစ်သည်လည်း ထင်ရှားလာ၏။ အဘယ်ကြောင့်နည်းဟူမူ — ထိုသင်္ခတလက္ခဏာ၏ ခဏတစ်ပါးသို့ တိုင်အောင် မတည်တံ့ခြင်းကြောင့်တည်း။ (ဥပါဒ်ခဏသည် ဌီခဏသို့ တိုင်အောင်, ဌီခဏသည်လည်း ဘင်ခဏသို့ တိုင်အောင်, ဘင်ခဏသည်လည်း အခြားသော ပရမတ်တရား၏ = အသစ်အသစ်သော ပရမတ်တရား၏ ဥပါဒ်ခဏသို့ တိုင်အောင် မတည်တံ့ခြင်း-ကြောင့်ဟု ဆိုလို၏။) ထိုကြောင့် ဖြစ်ဆဲ ဥပါဒ်ခဏ၌ ပျက်ခြင်း ဘင်၏, ပျက်ဆဲ ဘင်ခဏ၌လည်း ဖြစ်ခြင်း ဥပါဒ်၏ မရှိသည်၏ အဖြစ်ကို ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် သင်္ခတလက္ခဏာ၏ အလွန်တိုတောင်းသော သက်တမ်းကာလ ရှိသည်၏အဖြစ်သည်လည်း ထင်ရှားလာကြောင်းကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ တစ်ဖန် ဤအရာ၌ ဥဒယ-ဝယ = အဖြစ်-အပျက်မျှကို ယူ၍ ဖွင့်ဆိုခြင်းသည် ဤ ဥဒယဗ္ဗယဉာဏ်၏ သင်္ခါရတရားတို့၏ အဖြစ်-အပျက်ကို ရှုမြင်သည်၏ အစွမ်းဖြင့်သာလျှင် ဖြစ်ခြင်းကြောင့်တည်း။ သင်္ခါရတရားတို့၏ ဌီခဏ၏ မရှိခြင်းကြောင့်ကား မဟုတ်ဟု မှတ်ပါ။ (မဟာဋီ-၂-၄၂၅-၄၂၆။)

ဤသို့လျှင် သစ္စ - ပဋိစ္စသမုပ္ပါဒ် - နယ - လက္ခဏ အပြားတို့ ထင်ရှားလာသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝယ် “ဤသို့လျှင် ဤသင်္ခါရတရားတို့သည် ရှေး၌ မဖြစ်ဖူးကုန်သည် ဖြစ်၍ ယခုမှ အသစ်ဖြစ်ကုန်သတတ်၊

ဖြစ်ကုန်ပြီးသော သင်္ခါရတရားတို့သည် အရှည်မတည် ချက်တစ်ဖြုတ် ချုပ်ပျက်ကုန်သတတ်”ဟု အမြဲ အသစ် အသစ်တို့သည်သာလျှင် ဖြစ်ကုန်၍ သင်္ခါရတရားတို့သည် ထင်လာပေကုန်၏။ အမြဲ အသစ်အသစ်တို့သာ ဖြစ်ကုန်၍ ထင်လာကုန်သည် မဟုတ်သေး၊ စင်စစ်မှာမူ နေခြည်ထိပျောက် နှင်းရည်ပေါက်ကဲ့သို့လည်းကောင်း, ရေပွက်ကဲ့သို့လည်းကောင်း, ရေပေါ်၌ တောင်ဝှေးတုတ်ချောင်းဖြင့် သားလိုက်သော အရေးအသားကဲ့သို့ လည်းကောင်း, ပွတ်ဆောက်ဖျားပေါ်၌ တင်ထားလိုက်သော မုန်ညင်းစေ့ကဲ့သို့လည်းကောင်း, လျှပ်စစ်ပြက်သကဲ့သို့ လည်းကောင်း = လျှပ်စစ် လျှပ်ပန်းနွယ်ကဲ့သို့လည်းကောင်း သက်တမ်းအားဖြင့် တိုတောင်းလှစွာသော အချိန် ကာလမျှသာ တည်ခြင်း ရှိကုန်၏ ဟူ၍လည်း ထင်လာကုန်၏။

သည်မျှသာမကသေး၊ မျက်လှည့်ပမာ, တံလှပ်ပမာ, အိပ်မက်ပမာ, ထင်းမီးစကိုကိုင်၍ ပတ်ပတ်လည်-အောင် လှည့်အပ်သော မီးစက်မီးဝိုင်းပမာ, ဂန္ဓဗ္ဗနတ်တို့၏ မြူးတူးပျော်ပါး ကစားလိုသော အလိုဆန္ဒဖြင့် မြို့ကဲ့သို့ ကောင်းကင်၌ ထင်စေအပ်သော = တည်ထောင်ဖန်ဆင်းအပ်သော နတ်မြို့ပမာ, ရေမြှုပ်စိုင်ပမာ, ငှက်ပျောတုံး ပမာ- အစရှိသည်တို့ကဲ့သို့ အနှစ်ကင်းကုန်သည်ဖြစ်၍ အနှစ်မဲ့ကုန်၏ - ဟုလည်း ထင်လာကုန်၏။

(ဝိသုဒ္ဓိ-၂-၂၆၈-၂၆၉။)

## တရုဏ ဝိပဿနာဉာဏ်

ဧတ္တာဝတာနေန “ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတီ”တိ ဣမိနာ အာကာရေန သမပညာသ-လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ **ဥဒယဗ္ဗယာနုပဿနံ** နာမ **တရုဏဝိပဿနာဉာဏံ** အဓိဂတံ ဟောတိ။ ယဿာဓိဂမာ **အာရဒ္ဓဝိပဿကော**တိ သင်္ချံ ဂစ္ဆတိ။ (ဝိသုဒ္ဓိ-၂-၂၆၉။)

ဤမျှ အတိုင်းအရှည် ရှိသော သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်း = ဥဒယဗ္ဗယကို ဝိပဿနာဘာဝနာဉာဏ်-ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်သည့် တိုင်အောင်သော ဘာဝနာ အစီအရင်ဖြင့် ဤယောဂါဝစရ ပုဂ္ဂိုလ်သည် “သင်္ခါရတရား မှန်သမျှသည် ပျက်ခြင်းသဘောတရား ရှိသည် ဖြစ်၍သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီး၍လည်း မိမိ၏ သဘောဓမ္မတာအားဖြင့် ပျက်ခြင်းသို့သာလျှင် ကပ်ရောက်သွား၏”ဟု ဤသို့သော အခြင်း အရာအားဖြင့် အမျှ (၅၀)သော လက္ခဏာတို့ကို ထိုးထွင်းသိမြင်ပြီး၍ တည်နေသော **ဥဒယဗ္ဗယာနုပဿနာ** မည်သော နုနယ်သော **တရုဏဝိပဿနာဉာဏ်**သည် ရအပ်ပြီး ဖြစ်ပေသည်။ ယင်း ဥဒယဗ္ဗယာနုပဿနာဉာဏ်ကို ရရှိခြင်းကြောင့် **အာရဒ္ဓဝိပဿက** = အားထုတ်အပ်သော ဝိပဿနာ ရှိသော = အားထုတ်ဆဲ ဝိပဿနာ ရှိသော ယောဂါဝစရပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်ရှိလာပေသည်။ (ဝိသုဒ္ဓိ-၂-၂၆၉။)

## သစ္စကအမေး – ဘုရားရှင်အဖြေ

ကိတ္တာဝတာ စ နု ခေါ ဘောတော ဂေါတမဿ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတီတိ။ ဣဓ အဂ္ဂိဝေဿန မမ သာဝကော ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ။ ယာ ကာစိ ဝေဒနာ။ ပ ။ ယာ ကာစိ သညာ။ ပ ။ ယေ ကေစိ သင်္ခါရာ။ ပ ။ ယံ ကိဉ္စိ ဝိညာဏံ။ ပ ။ ။ ဧတ္တာဝတာ ခေါ အဂ္ဂိဝေဿန မမ သာဝကော သာသနကရော ဟောတိ ဩဝါဒပတိကရော၊ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတီတိ။ (မ-၁-၂၉၇။ စူဠသစ္စကသုတ္တန်။)

**သမ္မပ္ပညာယ ပဿတီ**တိ သဟ ဝိပဿနာယ မဂ္ဂပညာယ သုဋ္ဌု ပဿတိ။ (သံ-ဋ္ဌ-၂-၁၉၇။)

**သမ္မ။ ပ ။ ပဿတီ**တိ ပုဗ္ဗဘာဂေ ဝိပဿနာဉာဏေန သမ္မသနဝသေန, မဂ္ဂက္ခဏေ အဘိသမယဝသေန သုဋ္ဌု အတ္တပစ္စက္ခေန ဉာဏေန ပဿတိ။ (သံ-ဋီ-၂-၁၈၁။)

**သစ္စက–အမေး —** အဘယ်မျှသော အတိုင်းအရှည်ဖြင့် အရှင်ဂေါတမ၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ ညွှန်ကြားချက်ကို လိုက်နာသူ ဖြစ်သနည်း၊ ယုံမှားခြင်းကို လွန်မြောက်လျက် သို့လော သို့လော တွေးတောခြင်း ကင်းလျက် ရဲရင့်ခြင်း (= ရဲရင့်သောဉာဏ်) သို့ရောက်လျက် သူတစ်ပါးကို ကိုယ်းစား ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ နေပါသနည်း - ဟု မေး၏။

**ဘုရားရှင့်–အဖြေ —** အဂ္ဂိဝေဿန . . . ဤသာသနာတော်၌ ငါ၏ တပည့်သာဝကသည် —

၁။ အတွင်း (= အဇ္ဈတ္တ)၌ ဖြစ်သည်ဖြစ်စေ,
၂။ အပ (= ဗဟိဒ္ဓ)၌ ဖြစ်သည်ဖြစ်စေ,
၃။ ရုန့်ရင်းသည်ဖြစ်စေ,
၄။ သိမ်မွေ့သည်ဖြစ်စေ,
၅။ ယုတ်သည်ဖြစ်စေ,
၆။ မြတ်သည်ဖြစ်စေ,
၇။ အဝေး၌ (တည်သည်) ဖြစ်စေ,
၈။ အနီး၌ (တည်သည်) ဖြစ်စေ,
၉။၁၀။၁၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်အားလုံးကို —

"ဤရုပ်သည် ငါပိုင် မဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ ဤရုပ်သည် ငါ့ကိုယ် = အတ္တ မဟုတ်" - ဟု

ဤသို့လျှင် ဤရုပ်ကို အမှန်အတိုင်း (ဝိပဿနာပညာ မဂ်ပညာဟူသော) ကောင်းသောပညာဖြင့် ရှုမြင်၏။

ခံစားခြင်း = ဝေဒနာကို။ ပ ။
မှတ်သားခြင်း = သညာကို ။ ပ ။
ပြုပြင်စီရင်မှု = သင်္ခါရတို့ကို။ ပ ။
အထူးသိမှု = ဝိညာဏ်အားလုံးကို။ ပ ။ ရှုမြင်၏။

အဂ္ဂိဝေဿန . . . ဤမျှသော အတိုင်းအရှည်ဖြင့် ငါ၏ တပည့်သာဝကသည် အဆုံးအမကို လိုက်နာသူ ညွှန်ကြားချက်ကို လိုက်နာသူဖြစ်၏၊ ယုံမှားခြင်းကို လွန်မြောက်လျက် သို့လော သို့လော တွေးတောခြင်းကင်းလျက် ရဲရင့်ခြင်း ဉာဏ်သို့ ရောက်လျက် သူတစ်ပါးကို ကိုယ်းစားယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရားသာသနာတော်၌ နေ၏ဟု မိန့်တော်မူ၏။ (မ-၁-၂၉၇။ မူလပဏ္ဏာသပါဠိတော်မြန်မာပြန်-၃၀၅။ စူဠသစ္စကသုတ္တန်။)

**[မှတ်ချက် — အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စတော ဝဝတ္ထေတီ**တိအာဒိနာ နယေန အတီတတ္တိကဿေဝ စ ဝသေန သမ္မသနဿ ဝုတ္တတ္တာ အဇ္ဈတ္တာဒိဘေဒံ အနာမသိတွာပိ အတီတတ္တိကဿေဝ ဝသေန ပရိစ္ဆိန္ဒိတွာပိ အနိစ္စာဒိတော သမ္မသနံ ကာတဗ္ဗမေဝ။ (ပဋိသံ-ဋ္ဌ-၁-၂၃၃။) — အထက်ပါ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်မှာ ဤ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာအဖွင့်နှင့် အညီပင် ဖြစ်သည်။]

ယသ္မာ ပနေတ္ထ ပဿတီတိ ဝုတ္တတ္တာ သေက္ခဘူမိ ဒဿိတာ။ တသ္မာ ဥတ္တရိ အသေက္ခဘူမိံ ပုစ္ဆန္တော ဒုတိယံ ပဉှံ ပုစ္ဆိ၊ တမ္ပိဿ ဘဂဝါ ဗျာကာသိ။ (မ-ဋ္ဌ-၂-၁၈၂။)

ဤ အထက်ပါ အဖြေမှာ – ပဿတိ = ရှုမြင်၏ဟု ဟောကြားထားတော်မူသည့်အတွက် သေက္ခဘုံကို ညွှန်ပြလျက်ရှိ၏။ ထိုကြောင့် အထက် အသေက္ခဘုံကို မေးလျှောက်လို၍ ဒုတိယပြဿနာကို ဆက်လက်၍ မေးမြန်းပြန်၏၊ ဘုရားရှင်ကလည်း အဖြေပေးတော်မူ၏။ ယင်းဒုတိယ အမေးအဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

ကိတ္တာဝတာ ပန ဘော ဂေါတမ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တောတိ။

ဣဓ အဂ္ဂိဝေဿန ဘိက္ခု ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ “နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ”တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အနုပါဒါ ဝိမုတ္တော ဟောတိ။ ယာ ကာစိ ဝေဒနာ။ ပ ။ ယာ ကာစိ သညာ။ ပ ။ ယေ ကေစိ သင်္ခါရာ။ ပ ။ ယံ ကိဉ္စိ ဝိညာဏံ။ ပ ။

ဧတ္တာဝတာ ခေါ အဂ္ဂိဝေဿန ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော။ (မ-၁-၂၉၈။)

**သစ္စက–အမေး —** အရှင်ဂေါတမ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီး- သော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော ဝန်ကို ချထားပြီးသော မိမိ (အရဟတ္တဖိုလ်) အကျိုးစီးပွားသို့ ရောက်ပြီးသော ဘဝကို နှောင်ဖွဲ့ခြင်း = သံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်ပါသနည်းဟု မေး၏။

**ဘုရားရှင့်–အဖြေ —** အဂ္ဂိဝေဿန . . . ဤ သာသနာတော်၌ ရဟန်းသည် —

၁။ အတွင်း = (အဇ္ဈတ္တ)၌ ဖြစ်သည်ဖြစ်စေ,
၂။ အပ = (ဗဟိဒ္ဓ)၌ ဖြစ်သည်ဖြစ်စေ,
၃။ ရုန့်ရင်းသည်ဖြစ်စေ,
၄။ သိမ်မွေ့သည်ဖြစ်စေ,
၅။ ယုတ်သည်ဖြစ်စေ,
၆။ မြတ်သည်ဖြစ်စေ,
၇။ အဝေး၌ (တည်သည်) ဖြစ်စေ,
၈။ အနီး၌ (တည်သည်) ဖြစ်စေ,
၉။၁၀။၁၁။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်အားလုံးကို —

“ဤရုပ်သည် ငါ့ဟာ မဟုတ်၊ ဤရုပ်သည် ငါ မဟုတ်၊ ဤရုပ်သည် ငါ့ကိုယ် မဟုတ်” - ဟု

ဤသို့ ဤရုပ်ကို အမှန်အတိုင်း (ဝိပဿနာပညာ မဂ်ပညာဟူသော) ကောင်းသောပညာဖြင့် ရှုမြင်၍ မစွဲလမ်းဘဲ လွတ်မြောက်၏။

ခံစားခြင်း = ဝေဒနာကို။ ပ ။
မှတ်သားခြင်း = သညာကို ။ ပ ။
ပြုပြင်စီရင်မှု = သင်္ခါရတို့ကို။ ပ ။
အထူးသိမှု = ဝိညာဏ်အားလုံးကို။ ပ ။

အဂ္ဂိဝေဿန . . . ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော ဝန်ကိုချထားပြီးသော မိမိ (အရဟတ္တဖိုလ်) အကျိုးစီးပွားသို့ ရရောက်ပြီးသော ဘဝကို နှောင်ဖွဲ့ခြင်း = သံယောဇဉ် ကုန်ခန်းပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်၏ဟု မိန့်တော်မူ၏။ (မ-၁-၂၉၈။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်-၃၀၅-၃၀၆။)

ဤ ဒေသနာတော်တွင် ဘုရားရှင်၏ ညွှန်ကြားထားတော်မူသည့် ရှုကွက်နှင့်အညီ ယောဂါဝစရပုဂ္ဂိုလ်သည် သေက္ခဘုံသို့ ရောက်ရှိရေးအတွက်လည်းကောင်း, အသေက္ခဘုံသို့ ရောက်ရှိရေးအတွက်လည်းကောင်း, တစ်နည်း သေက္ခအရိယာ သူတော်ကောင်း ဖြစ်ရေးအတွက် လည်းကောင်း, အသေက္ခရဟန္တာသူတော်ကောင်း ဖြစ်ရေး အတွက်လည်းကောင်း — အဇ္ဈတ္တဖြစ်စေ, ဗဟိဒ္ဓဖြစ်စေ, ဩဠာရိကဖြစ်စေ, သုခုမဖြစ်စေ, ဟီနဖြစ်စေ, ပဏီတဖြစ်စေ, ဒူရဖြစ်စေ, သန္တိကဖြစ်စေ, အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သည့် ရုပ်အားလုံးကို, ဝေဒနာအားလုံးကို, သညာအားလုံးကို, သင်္ခါရအားလုံးကို, ဝိညာဏ်အားလုံးကို — "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" ဟု = အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှုရမည်သာ ဖြစ်ပေသည်။

ဤညွှန်ကြားချက်များနှင့်အညီ အသင်သူတော်ကောင်းသည်လည်း ဥဒယဗ္ဗယာနုပဿနာဉာဏ် ရင့်သန်ရေးအတွက် —

၁။ ရံခါ ရုပ်တရားကို,
၂။ ရံခါ နာမ်တရားကို,
၃။ ရံခါ အဇ္ဈတ္တ ခန္ဓာငါးပါးကို,
၄။ ရံခါ ဗဟိဒ္ဓ ခန္ဓာငါးပါးကို,
၅။ ရံခါ အတိတ် ခန္ဓာငါးပါးကို,
၆။ ရံခါ အနာဂတ် ခန္ဓာငါးပါးကို,
၇။ ရံခါ ပစ္စုပ္ပန် ခန္ဓာငါးပါးကို,
၈။ ရံခါ အကြောင်းတရားကို,
၉။ ရံခါ အကျိုးတရားကို တစ်လှည့်စီ လှည့်လည်၍ —
၁၀။ ရံခါ အနိစ္စလက္ခဏာကို,
၁၁။ ရံခါ ဒုက္ခလက္ခဏာကို,
၁၂။ ရံခါ အနတ္တလက္ခဏာကို တစ်လှည့်စီ တင်၍ တွင်တွင်ကြီးသော ဝိပဿနာ ရှုပါလေ။ ရှေးတွင် ရေးသား တင်ပြခဲ့သည့်အတိုင်း ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ နည်းတို့ဖြင့်လည်း တစ်လှည့်စီ လှည့်လည်၍ ဝိပဿနာရှုပါလေ။

## သတိပဋ္ဌာန်ကျင့်စဉ် – တတိယဆင့်

ဤနုနယ်သော တရုဏဝိပဿနာသို့ တိုင်အောင် တင်ပြခဲ့သော စကားအစဉ် တရားအယဉ်တို့ဖြင့် —

၁။ အာနာပါနဿတိသမာဓိကို စတုတ္ထစျာန်သို့ တိုင်အောင် ရှုပွားပုံ ကာယာနုပဿနာ သတိပဋ္ဌာန် ကျင့်စဉ် ပထမဆင့်ကိုလည်းကောင်း,

၂။ အဇ္ဈတ္တ၌ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မတည်းဟူသော ခန္ဓာငါးပါး, ဗဟိဒ္ဓ၌ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ တည်းဟူသော ခန္ဓာငါးပါး, ဤသို့လျှင် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ-အမည်

ရသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို သိမ်းဆည်းပုံ သတိပဋ္ဌာန်ကျင့်စဉ် ဒုတိယဆင့်ကိုလည်းကောင်း, အာနာပါနဿတိသမာဓိပိုင်း, ရုပ်ကမ္မဋ္ဌာန်းပိုင်း နာမ်ကမ္မဋ္ဌာန်းပိုင်းတို့တွင် ရေးသားတင်ပြခဲ့ပြီးလေပြီ။ ယခုအခါ သတိပဋ္ဌာန်ကျင့်စဉ် တတိယဆင့်ကို ရေးသားတင်ပြနေဆဲ ဖြစ်၏။ ထိုတတိယဆင့်တွင် — (က) ပဋိစ္စသမုပ္ပါဒ်ပိုင်း, (ခ) သမ္မသနဉာဏ်ပိုင်း, (ဂ) ဥဒယဗ္ဗယဉာဏ်ပိုင်းဟု အပိုင်းကြီး သုံးပိုင်း ပါဝင်၏၊ ယင်းတတိယဆင့်ကို ညွှန်ကြားထားတော်မူသော ဒေသနာတော်မှာ အောက်ပါအတိုင်း ဖြစ်၏။ —

၃။ သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။ (မ-၁-၇၁။)

သမုဒယဓမ္မာနုပဿီဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဝေဒနာသု ဝိဟရတိ။ (မ-၁-၇၅။)

သမုဒယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။ (မ-၁-၇၆။)

သမုဒယဓမ္မာနုပဿီဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ (မ-၁-၇၇-၇၈။)

ဤဒေသနာတော်တို့ကား-ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော သတိ၏ ကပ်၍တည်ရာ အာရုံဓမ္မတို့၌ —

၁။ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော,

၂။ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘော,

၃။ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောတို့ကို —

အဖန်ဖန် အထပ်ထပ် ရှုပွားသုံးသပ်ရန် ညွှန်ကြားထားတော်မူသော ဒေသနာတော်များပင် ဖြစ်ကြ၏။ ဤဒေသနာတော်များနှင့်အညီ **နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရှိသော ဤကျမ်း၌လည်း — **သတိပဋ္ဌာန်ကျင့်စဉ် တတိယဆင့်**သို့ တိုင်အောင်သော ကျင့်စဉ် အရပ်ရပ်တို့ကို ရေးသားတင်ပြခဲ့လေပြီ။ နိဗ္ဗာန်ကို လိုလားတောင့်တသော သူတော်ကောင်းအပေါင်းတို့သည် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။ ဤတရုဏဝိပဿနာပိုင်းတွင် ဥပက္ကိလေသတရား (၁၀)ပါးတို့ ဖြစ်တတ်ကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် ရေးသားဖွင့်ဆိုထားပေသည်။ ယင်းဥပက္ကိလေသတရား အကြောင်းကို ဆက်လက်၍ ရေးသားတင်ပြပေအံ့။ –

## ဝိပဿနုပက္ကိလေသ (၁၀) ပါး

ထိုနောင် ဥဒယဗ္ဗယာနုပဿနာဟု ဆိုအပ်သော ဤ တရုဏဝိပဿနာ၏ အစွမ်းဖြင့် အားထုတ်ဆဲ ဝိပဿနာရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ဝိပဿနာကို ညစ်ညူးစေတတ်ကုန်သော ဥပက္ကိလေသ တရား (၁၀)မျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ပြောင်းပြန်အားဖြင့် ဆိုရမူ ဝိပဿနုပက္ကိလေသတရားတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပဋိဝေဓသို့ ဆိုက်ရောက်ပြီးသော အရိယသာဝက၏ သန္တာန်၌လည်းကောင်း, သီလပျက်စီး-ခြင်းစသော တစ်စုံတစ်ခုသော ပျက်ပြားနေသော အကျင့်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ဝိပဿနာ ဘာဝနာကို အားထုတ်ပါသော်လည်း ဘာဝနာလုပ်ငန်း၏ စပ်ကြားကာလ လမ်းခုလတ် တစ်နေရာ၌ စိတ်ဓာတ်များ တွန့်ဆုတ်၍ စွန့်ပစ်ချထားအပ်သော ဝိပဿနာကမ္မဋ္ဌာန်းရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, သီလစသည် ပြည့်စုံပါသော်လည်း ပျင်းရိလျက် ဝိပဿနာဘာဝနာကို အားမထုတ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း

မဖြစ်ပေါ်လာကြကုန်။ အလျော်အားဖြင့် ဆိုရမူ — ကောင်းမွန်မှန်ကန်သော ဘုရားဟောဒေသနာတော်နှင့် ညီညွတ်သော ကျင့်စဉ်ရှိသော ရှေ့လုံ့လ နောက်လုံ့လစပ်၍ ကောင်းသောလုံ့လဖြင့် ဝိပဿနာဉာဏဘာဝနာကို မပြတ်အားထုတ်သော ဥဒယဗ္ဗယဉာဏ်သို့ တိုင်အောင် အားထုတ်ဆဲ ဝိပဿနာ ရှိသော အာစာရကုလပုတ္တ = အမျိုးကောင်းသား၏ သန္တာန်၌ကား ဧကန် ဖြစ်ကုန်သည်သာတည်း။ မဖြစ်ကုန်သည်ကား မဟုတ်ကုန်။ (အကယ်၍ မဖြစ်ကုန်ခဲ့သော် မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားသိတတ်သော မဂ္ဂါမဂ္ဂဉာဏ်သည်ပင်လျှင် မဖြစ်သင့်-တော့သောကြောင့် ဖြစ်၏။) (ဝိသုဒ္ဓိ-၂-၂၆၉။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၌ ပဋိဝေဓနယ်သို့ ဆိုက်ရောက်ပြီးသော အရိယသာဝက သူတော်-ကောင်း၏ သန္တာန်၌ ဥပက္ကိလေသတရားများသည် မဖြစ်ကုန်ဟူသော စကားမှာ ဥက္ကဋ္ဌနိဒ္ဒေသနည်း အရ အကောင်းဆုံးကို ညွှန်ပြသည့်အနေဖြင့် အလွန်ဆုံးကို သတ်မှတ်၍ ဆိုခြင်းဖြစ်သည်။ ဘင်္ဂါနုပဿနာဉာဏ် ဘယာနုပဿနာဉာဏ် အာဒီနဝါနုပဿနာဉာဏ်ဟု ဆိုအပ်သော နုနယ်သော တရုဏဝိပဿနာ၏ အစွမ်းဖြင့် အားထုတ်ဆဲ ဝိပဿနာရှိသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း မဖြစ်နိုင်ကုန်၊ နိဗ္ဗိဒါနုပဿနာ-ဉာဏ်စသည်ဖြင့် ခေါ်ဆိုအပ်သော အားကောင်းမောင်းသန်၍ သန်မာ အားရှိသော ဗလဝဝိပဿနာ၏ အစွမ်း-ဖြင့်လည်း အားထုတ်ဆဲ ဝိပဿနာရှိသော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း မဖြစ်နိုင်ကြကုန်။ ထို့ကြောင့် အထက်ပါ အဋ္ဌကထာစကားရပ်ကို ဥက္ကဋ္ဌနိဒ္ဒေသနည်းဟု မှတ်ပါ။ (မဟာဋီ-၂-၄၂၇။)

ယင်းဥပက္ကိလေသတရားတို့မှာ ဩဘာသ, ဉာဏ, ပီတိ, ပဿဒ္ဓိ, သုခ, အဓိမောက္ခ, ပဂ္ဂဟ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိ ဟု (၁၀)မျိုး ရှိပေ၏။

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပုံ

အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ၊ "ဩဘာသော ဓမ္မော"တိ ဩဘာသံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ။ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။ ဒုက္ခတော။ အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။

အနိစ္စတော မနသိကရောတော ဉာဏံ ဥပ္ပဇ္ဇတိ။ ပ။ ပီတိ။ ပဿဒ္ဓိ။ သုခံ။ အဓိမောက္ခော။ ပဂ္ဂဟော။ ဥပဋ္ဌာနံ။ ဥပေက္ခာ။ နိကန္တိ ဥပ္ပဇ္ဇတိ။ "နိကန္တိ ဓမ္မော"တိ နိကန္တိံ အာဝဇ္ဇတိ၊ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ။ တေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။ ဒုက္ခတော။ အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။ (ပဋိသံ-၂၉၁။ ဝိသုဒ္ဓိ-၂-၂၆၉။)

ဩဘာသာဒီသု "အရိယဓမ္မော"တိ ပဝတ္တံ ဥဒ္ဓစ္စံ ဝိက္ခေပေါ ဓမ္မုဒ္ဓစ္စံ၊ တေန ဓမ္မုဒ္ဓစ္စေန ဝိပဿနာဝီထိတော ဥက္ကမနေန ဝိရူပံ ဂဟိတံ ပဝတ္တိတံ မာနသံ **ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ**။ **ဩဘာသော ဓမ္မော**တိ ကာရဏူပစာ-ရေနာဟ။ ဤဒိသံ ဩဘာသံ ဝိဿဇ္ဇေန္တော မမ အရိယမဂ္ဂေါတိ အတ္ထော။ ဩဘာသံ အာဝဇ္ဇတိ "နိဗ္ဗာန"န္တိ ဝါ "မဂ္ဂေါ"တိ ဝါ "ဖလ" န္တိ ဝါ။ **နိဗ္ဗာန**န္တိ ဂဏှန္တော တတ္ထ ပဝတ္တဓမ္မေ မဂ္ဂဖလဘာဝေန ဂဏှာတိ။ ဉာဏာဒိကေ ပန မဂ္ဂဖလဘာဝေနေဝ ဂဏှာတိ။ ပ။ တတ္ထ **အနိစ္စ**။ **ပ**။ **နပ္ပဇာနာတိ** "မဂ္ဂံ ပတ္တောသ္မိ"တိ သညာယ အနိစ္စတာ-ဒိဝသေန မနသိကာရဿေဝ အဘာဝတော။ (မဟာဋီ-၂-၄၂၇-၄၂၈။)

သင်္ခါရတရားတို့ကို အနိစ္စဟု ရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်းသို့ အနိစ္စဟု ရှုပွား-နေသော ဝိပဿနာဉာဏ်၏ အာနုဘော်ကြောင့် ဩဘာသ = အရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ သင်္ခါရ တရားတို့ကို ဒုက္ခဟု ရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်းသို့ ဒုက္ခဟု ရှုပွားနေသော ဝိပဿနာ

ဉာဏ်၏ အာနုဘော်ကြောင့် ဩဘာသ = အရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ သင်္ခါရတရားတို့ကို အနတ္တဟု ရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်းသို့ အနတ္တဟု ရှုပွားနေသော ဝိပဿနာဉာဏ်၏ အာနုဘော်ကြောင့် ဩဘာသ = အရောင်အလင်းသည် ဖြစ်ပေါ်လာ၏။ "ဤသို့သော အရောင်အလင်းကို လွှတ်သော အရောင်အလင်းကို ဖြစ်ပေါ်စေသော တရားသည် ငါလိုချင်တောင့်တအပ်သော အရိယမဂ်ဖိုလ် နိဗ္ဗာန်တရား တည်း"ဟု ဩဘာသ = အရောင်အလင်းကို နှလုံးသွင်း၏။ ထိုဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ထို အရောင်အလင်းကို အရိယမဂ်ဖိုလ် နိဗ္ဗာန်ဟု နှလုံးသွင်းခြင်းဟူသော စိတ်ပျံ့လွင့်မှုကား ဥဒ္ဓစ္စ မည်၏။ ထိုဥဒ္ဓစ္စ သည် သင်္ခါရတရားတို့၏အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှုနေသော ဝိပဿနာ လမ်းရိုး လမ်းဟောင်းကြီးမှ ဖဲခွာသွားပြီ ဖြစ်၏။ သင်္ခါရတရားတို့ကို အနိစ္စစသည်တို့၏ အစွမ်းဖြင့် နှလုံးသွင်းမှု မရှိသောကြောင့် ဖြစ်၏။ သင်္ခါရတရားတို့ကို အနိစ္စစသည်တို့၏ အစွမ်းဖြင့် နှလုံးမသွင်းတော့ဘဲ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းကိုသာလျှင် အရိယဓမ္မ အရိယာသူတော်ကောင်းတို့၏ တရားစစ် တရားမှန်ဟု နှလုံးသွင်းနေ၏။ ထိုသို့ နှလုံးသွင်းနေသော ယောဂါဝစရ ပုဂ္ဂိုလ်ကို ဝိပဿနာလမ်းရိုးလမ်းဟောင်းကြီးမှ ဖဲခွာသွားသဖြင့် ဖောက်ပြန်စွာ စွဲယူအပ် ဖြစ်စေအပ်သော စိတ် ရှိသော ယောဂါဝစရပုဂ္ဂိုလ်ဟု ခေါ်ဆို၏။ ထိုသို့ဖောက်ပြန်စွာ စွဲယူအပ် ဖြစ်စေအပ်သော စိတ်ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်သည် "မဂ်ဆိုက်ပြီ" ဟူသော အမှတ်သညာဖြင့် သင်္ခါရတရားတို့ကို အနိစ္စစသည်တို့၏ အစွမ်းဖြင့် နှလုံး သွင်းမှု၏ပင်လျှင် အလျှင်းမရှိတော့ခြင်းကြောင့် အနိစ္စအားဖြင့် ထင်လာသော သင်္ခါရအာရုံကို အနိစ္စဟု မဖောက် မပြန် ဟုတ်တိုင်းမှန်စွာ မသိ။ ဒုက္ခအားဖြင့် ထင်လာသော သင်္ခါရအာရုံကို ဒုက္ခဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ မသိ။ အနတ္တအားဖြင့် ထင်လာသော သင်္ခါရအာရုံကို အနတ္တဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသို့ မသိမှုသည်ပင် ဝိပဿနာလမ်းခရီးမှ လွဲချော်သွားပြီ ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၆၉။ မဟာဋီ-၂-၄၂၇-၄၂၈။)

ဤကဲ့သို့ သဘောရှိသော ဩဘာသ = အရောင်အလင်းကို လွှတ်နေသော ထွက်စေသော တရားသည် ငါ၏ အရိယမဂ်တည်း, ငါ၏ အရိယဖိုလ်တည်းဟု စွဲယူ၏။ ဩဘာသ = အရောင်အလင်းကို နိဗ္ဗာန်ဟု စွဲယူ၏။ ဩဘာသ = အရောင်အလင်းကို နိဗ္ဗာန်ဟု စွဲယူသည်ရှိသော် ထိုဩဘာသ = အရောင်အလင်း၌ အာရုံပြု၍ ဖြစ်ပေါ်နေကြကုန်သော တရားတို့ကို အရိယမဂ်တရား, အရိယဖိုလ်တရား၏ အဖြစ်ဖြင့် စွဲယူ၏။ ဉာဏ်စသော အခြားအခြားသော ဥပက္ကိလေသတရားတို့ကိုကား အရိယမဂ် အရိယဖိုလ် အဖြစ်ဖြင့်သာလျှင် စွဲယူ၏။ နိဗ္ဗာန် ဟုကား မစွဲယူ။ (မဟာဋီ-၂-၄၂၇-၄၂၈။)

## ၁။ ဩဘာသ = အရောင်အလင်း

ပဉ္စဝေါကာရဘုံဝယ် ပဝတ္တိအခါ၌ ဟဒယဝတ္ထုကို မှီ၍ ဖြစ်ပေါ်နေသော စိတ်တိုင်း စိတ်တိုင်းသည် စိတ္တဇ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေနိုင်၏။ ဝိပဿနာစိတ်များသည်လည်း ဟဒယဝတ္ထုရုပ်ကိုပင် မှီတွယ်၍ ဖြစ်ပေါ်နေသော စိတ်များပင် ဖြစ်ကြရကား စိတ္တဇဩဇဋ္ဌမကရုပ်များကို ဖြစ်စေနိုင်သော စိတ်များပင် ဖြစ်ကြ၏။

ဝိပဿနာဘာဝနာစိတ်ကြောင့် ဖြစ်ပေါ်လာသော စိတ္တဇဩဇဋ္ဌမကရုပ်တို့တွင် ရုပ်ကလာပ်တိုင်း ရုပ် ကလာပ်တိုင်း၌ ဝဏ္ဏဓာတ် = ရူပါရုံ ပါဝင်လျက်ရှိ၏။ ယင်း ရူပါရုံ = ဝဏ္ဏဓာတ်ကား အလွန် တောက်ပလျက်ရှိ၏။ ဝိပဿနာ ဘာဝနာစိတ် တစ်ခု တစ်ခုသည် စိတ္တဇဩဇဋ္ဌမကရုပ်ကလာပ်ပေါင်းများစွာကို ဖြစ်စေနိုင်၏။ စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း၌ ဝိပဿနာဘာဝနာစိတ်ပေါင်းလည်း များစွာပင် ဖြစ်နိုင်၏။ စိတ္တဇရုပ်ကလာပ်ပေါင်းလည်း အလွန့်အလွန် များပြားစွာပင် ဖြစ်နိုင်၏။ ရုပ်ကလာပ်တစ်ခု၏အတွင်း၌ ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်အလင်းနှင့် အခြားရုပ်ကလာပ်တစ်ခု၏ အတွင်း၌ ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်

အလင်းတို့သည် အလွန်နီးကပ်စွာ ပွတ်ချုပ် ထိခိုက်လျက် ဖြစ်ပေါ်လာကြ၏။ ထို့ကြောင့်, ထင်းမီးစ တစ်ခုကို ကိုင်၍ဝှေ့ရမ်းလိုက်ဘိသကဲ့သို့, ယင်းရုပ်ကလာပ်တို့တွင် ပါဝင်သော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်အလင်းတို့ကို တစ်ဆက်တည်းဟု ယောဂါဝစရပုဂ္ဂိုလ်က ထင်ရ၏။

တစ်ဖန် ယင်းဝိပဿနာဘာဝနာစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ကလာပ်တိုင်းတွင် တေဇောဓာတ် = ဥတုလည်း ပါဝင်၏။ ယင်းတေဇောဓာတ် = ဥတုကလည်း ဥတုဇသြဇဋ္ဌမကရုပ်ကလာပ် အသစ် အသစ်ကို ဝိပဿနာဉာဏ်၏ အာနုဘော်က ကြီးလျှင် ကြီးသလို များစွာ ဖြစ်စေနိုင်ပြန်၏။ ယင်းဥတုသမုဋ္ဌာန်ရုပ်တို့ကို သသန္တတိပတိတ-ဥတုသမုဋ္ဌာနရူပ = မိမိ၏ ရုပ်သန္တတိအစဉ်၌ ကျရောက်ဖြစ်ပွားလျက်ရှိသော ဥတုသမုဋ္ဌာန် ရုပ်များဟု ခေါ်၏။ ယင်းဥတုသမုဋ္ဌာန် ရုပ်ကလာပ်တိုင်းတွင်လည်း ဝဏ္ဏဓာတ် = ရူပါရုံ ပါဝင်၏။ ယင်းရူပါရုံ-သည်လည်း ဉာဏ်အာနုဘော် ကြီးလျှင် ကြီးသလို အလွန်တောက်ပ၏။

ဤဥဒယဗ္ဗယဉာဏ်ကဲ့သို့သော ဝိပဿနာဘာဝနာစိတ်ကြောင့် ဖြစ်ပေါ်လာသော စိတ္တဇသြဇဋ္ဌမကရုပ်-တို့တွင် ပါဝင်သော အလွန်တောက်ပသော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်အလင်းကိုလည်းကောင်း, မိမိ၏ ရုပ်သန္တတိ အစဉ်၌ ကျရောက်ဖြစ်ပွားလျက်ရှိသော ယင်းစိတ္တဇသြဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော တေဇောဓာတ် = ဥတုကြောင့် ဉာဏ်အာနုဘော် ကြီးလျှင် ကြီးသလို ဆင့်ကဲဆင့်ကဲ ထပ်ကာထပ်ကာ အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်နေသော ဥတုသမုဋ္ဌာန်ရုပ်တို့တွင် ပါဝင်သော အလွန်တောက်ပသော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင် အလင်းကိုလည်းကောင်း **ဝိပဿနောဘာသ = ဝိပဿနာဉာဏ်ရောင်**ဟု ခေါ်ဆိုပေသည်။ **ဥပက္ကိလေသာ လောက**ဟုလည်း ခေါ်ဆိုသည်။

ထိုအရောင်အလင်း နှစ်မျိုးတို့တွင် ဝိပဿနာစိတ်ကြောင့် ဖြစ်သော စိတ္တဇသြဇဋ္ဌမကရုပ်တို့တွင် ပါဝင် သော ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်အလင်းသည်ကား ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာကိုယ်အတွင်း၌သာလျှင် ပြိုးပြိုးပြက် တလက်လက် တောက်ပလျက် တည်နေ၏။ ယင်းဥတုဇသြဇဋ္ဌမကရုပ်တို့တွင် ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် = ရူပါရုံ၏ အလွန်တောက်ပသော အရောင်အလင်းသည်ကား ယောဂါဝစရပုဂ္ဂိုလ်၏ ကိုယ်တွင်း၌ သာမက ခန္ဓာကိုယ်ကို လွှတ်၍ ဉာဏ်၏ အာနုဘော်အားလျော်စွာ ဝန်းကျင်ပတ်ချာ အရပ် (၁၀)မျက်နှာသို့တိုင်-အောင် ပျံ့နှံ့၍ တည်၏။ (ဝိပဿနာစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တိုင်းတွင် ပါဝင်သော တေဇောဓာတ် = ဥတုတိုင်းက ဥတုဇသြဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေ၏။ ယင်း ဥတုဇသြဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော တေဇောဓာတ် = ဥတုကလည်း အခြားအခြားသော ဥတုဇသြဇဋ္ဌမကရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်စေပြန်၏။ ဤနည်းဖြင့် ဝိပဿနာဉာဏ်၏ အာနုဘော်က ကြီးလျှင်လည်း ကြီးသလို, သေးလျှင်လည်း သေး-သလို ဘုတ်အဆက်ဆက် ရိုက်ခတ်လျက် အထပ်ထပ် ဖြစ်နေ၏။ ထိုဥတုဇသြဇဋ္ဌမကရုပ်တို့သည် အဇ္ဈတ္တတွင် သာမက ဗဟိဒ္ဓသို့တိုင်အောင် ဘုတ်အဆက်ဆက် ရိုက်ခတ်လျက် = ရုပ်ကလာပ်တစ်ခုတွင် ပါဝင်တည်ရှိသော တေဇောဓာတ်က နောက်ထပ် ရုပ်ကလာပ် အသစ်အသစ်ကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုလျက် ဖြစ်ပေါ်နေ-ကြ၏။ ယင်းရုပ်ကလာပ်တို့ ပျံ့နှံ့သည်နှင့်အမျှ ယင်းရုပ်ကလာပ်တို့၏ ဝဏ္ဏဓာတ် = ရူပါရုံ၏ အရောင်သည်လည်း ဝန်းကျင်ပတ်ချာ အရပ်ဆယ်မျက်နှာသို့ တိုင်အောင် ပျံ့နှံ့၍ တည်၏။) ထိုသြဘာသ = အရောင်အလင်းသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အားသာလျှင် ထင်ရှား၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအရောင်အလင်းဖြင့် တွေ့ထိမိရာ အရပ်၌ တည်ရှိသော ရူပါရုံအပေါင်းကိုလည်း တွေ့မြင်နိုင်၏။ ထိုသို့ တွေ့မြင်လေသော် စက္ခု-ဝိညာဏ်ဖြင့်ပင် တွေ့မြင်လေသလော၊ သို့မဟုတ် မနောဝိညာဏ်ဖြင့်ပင် တွေ့မြင်လေသလော — ဤသို့ စူးစမ်းဆင်ခြင်ကြည့်သင့်ပေသည်ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူကြကုန်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိတော် မူကြကုန်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ကဲ့သို့ ထိုရူပါရုံအပေါင်းသည် (= ပန်းအမျိုးမျိုးစသော ရူပါရုံအပေါင်းသည်)

မနောဝိညာဏ်ဖြင့်သာလျှင် သိမြင်အပ်သော တရားဖြစ်၏ဟု ယူခဲ့သော် သင့်သကဲ့သို့ ထင်ပေသည်။
(မဟာဋီ-၂-၄၂၈-၄၂၉။)

ထိုဝိပဿနာ ဩဘာသ = အရောင်အလင်းသည် ဖြစ်ပေါ်လာသည်ရှိသော် ယောဂါဝစရပုဂ္ဂိုလ်သည် “ငါ့အား ဤအခါမှ ရှေး၌ ဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်ဖူးလေစွတကား၊ မချွတ်ဧကန်ပင် ငါသည် အရိယမဂ်သို့ ဆိုက်ရောက်သည် ဖြစ်လတ်ပြီ၊ အရိယဖိုလ်သို့ ဆိုက်ရောက်သည် ဖြစ်လတ်ပြီ”- ဤသို့လျှင် အရိယမဂ် မဟုတ်သော ဩဘာသကိုပင်လျှင် အရိယမဂ်ဟူ၍ အရိယဖိုလ်မဟုတ်သော ဩဘာသကိုပင်လျှင် အရိယဖိုလ်ဟူ၍ စွဲယူ၏။ အရိယမဂ် မဟုတ်သည်ကို အရိယမဂ်ဟူ၍ အရိယဖိုလ် မဟုတ်သည်ကို အရိယဖိုလ်ဟူ၍ စွဲယူသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာလမ်းရိုးသည် လွဲချော်သွားပြီ ဖြစ်၏။ (ယောဂါဝစရပုဂ္ဂိုလ်-သည် ‘ငါ အရိယမဂ်သို့ ဆိုက်ရောက်ပေပြီ’ဟု ရနိုးခြင်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို စွန့်လွှတ်လိုက်သောကြောင့် ထိုပုဂ္ဂိုလ်၏ ဝိပဿနာသည်  ဝိပဿနာလမ်းရိုးလမ်းမှန်မှ ဖဲတက်သွားသည် လမ်းချော်သွားသည် မည်၏။ တစ်နည်း – ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာသည် ထိုသို့ မဂ်ရပြီဟု ထင်မှတ်ခြင်းကြောင့်ပင်လျှင် ဝိပဿနာ လမ်းရိုးလမ်းမှန်မှ ဖဲတက်သွားသည် မည်ပေသည်။) ထိုယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ဝိပဿနာဟူသော မူလ ကမ္မဋ္ဌာန်းကို လွှတ်လိုက်၍ ဩဘာသ = အရောင်အလင်းကိုသာလျှင် သာယာလျက် ထိုင်နေ၏။ (လမ်းမှား လမ်းလွဲသို့ ရောက်ရှိနေခြင်း ဖြစ်၏။) (ဝိသုဒ္ဓိ-၂-၂၇၀။ မဟာဋီ-၂-၄၂၉။)

**[မှတ်ချက်** — န ဝတ မေ ဣတော ပုဗ္ဗေ ဧဝရူပေါ ဩဘာသော ဥပ္ပန္နပုဗ္ဗော = ငါ့အား ဤအခါမှ ရှေး၌ ဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်ဖူးလေစွတကား – ဤသို့ ဖွင့်ဆိုထားသော အဋ္ဌကထာ စကားရပ်၌ အယူအဆ မလွဲမှားမိဖို့ရန် သတိပြုပါ။ ဤသို့ သဘောရှိသော အရောင်အလင်းမျိုးသည် ရှေးက မဖြစ်ဖူးသေးဟုသာ ဆိုသည်။ ဤမှ ရှေး၌ အရောင်အလင်း လုံးဝ မဖြစ်ဖူးသေးဟုကား မဆိုပေ။ ဤ ဥဒယ-ဗ္ဗယာနုပဿနာဉာဏ်ပိုင်းသို့ ရောက်ရှိပါမှ အရောင်အလင်းသည် စ၍ ဖြစ်ပေါ်သည်ကား မဟုတ်ပေ။ သမထ-ပိုင်း ဥပစာရသမာဓိနှင့် နီးကပ်နေသော ပရိကမ္မသမာဓိပိုင်းမှ စ၍ သမထဘာဝနာ တစ်လျှောက် ဝိပဿနာ ဘာဝနာတစ်လျှောက်လုံး၌ အရောင်အလင်းကား ရှိသည်သာ ဖြစ်သည်။ ရှေး အာနာပါနဿတိသမာဓိပိုင်း-တွင်လည်း ရှင်းလင်းတင်ပြခဲ့လေပြီ။]

ထိုဩဘာသ = အရောင်အလင်းသည် အချို့သော ယောဂါဝစရ ရဟန်းတော်အား ထက်ဝယ်ဖွဲ့ခွေလျက် ထိုင်နေရာ အရပ်မျှကိုသာလျှင် ထွန်းလင်းလျက် ဖြစ်ပေါ်လာ၏။ အချို့သော ယောဂါဝစရ ရဟန်းတော်အား တရားထိုင်နေသည့် တိုက်ခန်း အတွင်းကို ထွန်းလင်းစေလျက် ဖြစ်ပေါ်လာ၏။ အချို့သော ယောဂါဝစရ ရဟန်း-တော်အား တရားထိုင်နေသည့် တိုက်ခန်း၏ ပြင်ပကိုလည်း ထွန်းလင်းလျက် ဖြစ်ပေါ်လာ၏။ အချို့သော ယောဂါ-ဝစရရဟန်းတော်အား ကျောင်းတိုက် တစ်ခုလုံးကို။ တစ်ဂါဝုတ် အရပ်ကို။ ယူဇနာခွဲ အရပ်ကို။ တစ်ယူဇနာ အရပ်ကို။ နှစ်ယူဇနာ အရပ်ကို။ သုံးယူဇနာ အရပ်ကို။ ပ။ အချို့သော ယောဂါဝစရရဟန်းတော်အား မြေအပြင်မှ အကနိဋ္ဌပြဟ္မာပြည် အရပ်သို့ တိုင်အောင် တစ်ခဲနက်သော အရောင်အလင်းကို ပြုလျက် ဖြစ်ပေါ်လာ၏။ သမ္မာ သမ္ဗုဒ္ဓဘုရားရှင်၏ ဝိပဿနာဉာဏ်တော်မြတ်ကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းတော်သည်ကား တစ်သောင်းသော လောကဓာတ်ကို ထွန်းလင်းစေလျက် ထင်ရှား ဖြစ်ပေါ်တော်မူခဲ့လေပြီ။ (ဝိသုဒ္ဓိ-၂-၂၇၀။)

ဤသို့လျှင် ထိုဩဘာသ = အရောင်အလင်း၏ နည်းသည်၏ အဖြစ် ကြီးမားကျယ်ပြန့်သည်၏ အဖြစ်ဖြင့် မတူထူးခြား ကွဲပြားသည်၏ အဖြစ်၌ ဤဆိုလတ္တံ့သည်ကား ဝတ္ထုသက်သေတည်း။

သီဟိုဠ်ကျွန်း စိတ္တလတောင်ကျောင်းတိုက်၌ စကြံ ပတ်ပတ်လည် လှည့်ထားသော ကျောင်းဆောင် တစ်ခု ရှိ၏။ အတွင်း အိပ်ခန်းဆောင်ကိုလည်း ကာရံထား၏။ အိပ်ခန်းဆောင်ကို လှည့်ပတ်ထားသော စကြံကိုလည်း

ကာရံထား၏။ နံရံအကာ နှစ်ထပ်ရှိသော ယင်းကျောင်းဆောင် အတွင်း၌ မထေရ်ကြီး နှစ်ဦးတို့သည် သီတင်းသုံးတော်မူကြကုန်၏။ မထေရ်မြတ်ကြီး နှစ်ပါးတို့ ဩဘာသ = အရောင်အလင်းနှင့် ပတ်သက်၍ ဆွေးနွေးမိသော ထိုနေ့သည်လည်း လကွယ်ပက္ခ ဥပုသ်နေ့ ဖြစ်၏။ အရပ်မျက်နှာတို့ကို မိုးတိမ်လွှာဖြင့် ဖုံးလွှမ်းထားအပ်ကုန်၏။ ညဥ့်အဖို့၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်သည် ဖြစ်ပေါ်လျက် ရှိ၏။ ထိုအခါ၌ တစ်ဦးသော သီတင်းငယ် မထေရ်က —

"အရှင်ဘုရား . . . တပည့်တော်အား ယခုအခါ၌ စေတီရင်ပြင်တော်ဝယ် မြတ်သော နေရာထက်၌ ညနေချမ်းအခါက ခင်းကျင်းပူဇော်ထားအပ်ကုန်သော ငါးပါးသော အဆင်းရှိကုန်သော ပန်းတို့သည် ထင်နေပါကုန်၏"ဟု လျှောက်ထား၏။ (သန့်ရှင်းသော ဝိပဿနာဉာဏ် ရှိသော ပုဂ္ဂိုလ်အား ဩဘာသ အရောင်အလင်းဖြင့် ပျံ့နှံ့ရာ အရပ်၌ အဆင်းရူပါရုံ အပေါင်းသည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရရှိသော ပုဂ္ဂိုလ်အားကဲ့သို့ ထင်လာကုန်၏။ — မဟာဋီ-၂-၄၂၉။)

ထိုမထေရ်ငယ်ကို မဟာထေရ်ကြီးက —

"ငါ့ရှင် . . . သင်သည် မအံ့ဩလောက်သည်ကို ဆိုဘိ၏၊ ငါ့အားမူကား ယခုအခါ၌ မဟာသမုဒ္ဒရာဝယ် ယူဇနာအရပ်၌ တည်ရှိကြကုန်သော ငါးလိပ်တို့သည် ထင်လာကုန်၏" ဟု ဆို၏။

ဤကား ဩဘာသ၏ ထူးထွေကွဲပြားမှု ရှိပုံ ဝတ္ထုတည်း။ ရှည်မြင့်စွာသော ကာလပတ်လုံး ချွတ်ယွင်း၍ ပြောဆိုသည့်၌ ဝတ္ထုမှာ ဤသို့ ဖြစ်၏။ —

ဤဩဘာသကို မဂ်ဖိုလ် နိဗ္ဗာန်ဟု ထင်မှားမှုသည် ယေဘုယျအားဖြင့် သမထယာနိကလမ်းဖြင့် ဝိပဿနာဉာဏ်ကို ရရှိသော ယောဂါဝစရ ရဟန်းတော်၏ သန္တာန်၌ အဖြစ်များ၏။ ဤကဲ့သို့သော အရောင်အလင်းကို လွှတ်နေသော ဖြစ်ပေါ်စေသော ဉာဏ်သည် အရိယမဂ်ဖိုလ်တည်းဟု ရနိုးခြင်းကို အဓိမာနဟု ခေါ်ဆို၏။ သမထယာနိကလမ်းမှ ဝိပဿနာသို့ ကူးလာပြီးနောက် ဝိပဿနာဉာဏ်ကို ရရှိသောအခါ ယင်းကဲ့သို့ အဓိမာန ဖြစ်နေသော ယောဂါဝစရ ရဟန်းတော်သည် ဈာန်သမာပတ်ဖြင့် ခွာထားအပ်ပြီးကုန်သော ကိလေသာတို့၏ မဖြစ်ပေါ်ခြင်းကြောင့် "ငါရဟန္တာ"ဟူ၍ စိတ်ကို ဖြစ်စေ၏။ ဥစ္စဝါလိကအရပ်၌ သီတင်းသုံးတော်မူသော မဟာနာဂမထေရ်ကဲ့သို့လည်းကောင်း, ဟံကနကအရပ်၌ သီတင်းသုံးတော်မူသော မဟာဒတ္တမထေရ်ကဲ့သို့လည်းကောင်း, စိတ္တလတောင်ကျောင်းတိုက် နိက်ပေဏ္ဏကမည်သော ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးတော်မူသော စူဠသုမနထေရ်ကဲ့သို့လည်းကောင်း မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၇၀။)

## မဟာနာဂမထေရ်

တလင်္ဂရ အရပ်၌ သီတင်းသုံးတော်မူသော ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ ရောက်ရှိတော်မူသော ဓမ္မဒိန္နာ အမည်ရှိတော်မူသော ရဟန္တာမထေရ်မြတ်ကြီး တစ်ပါးသည် များစွာသော ရဟန်းသံဃာတော်အား အဆုံးအမ ဩဝါဒပေးလျက် သီတင်းသုံးတော်မူ၏။ ထိုဓမ္မဒိန္န မထေရ်သည် မိမိ၏ နေ့သန့်စင်တော်မူရာ အရပ်၌ နေထိုင်၍ "အသို့နည်း . . ငါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော ဥစ္စဝါလိကအရပ်၌ သီတင်းသုံးတော်မူသော မဟာနာဂမထေရ်၏ ရဟန်းအဖြစ်ကို ပြုလုပ်ပေးတတ်သော ရဟန်းကိစ္စသည် အပြီးအဆုံးသို့ ရောက်ရှိလေပြီလော၊ အပြီးအဆုံးသို့ မရောက်ရှိသေးလေသလော" — ဤသို့ ဆင်ခြင်လတ်သော် = အဘိညာဏ်ဝင်စား၍ ကြည့်တော်မူလတ်သော် ထိုမဟာနာဂ မထေရ်မြတ်ကြီး၏ ပုထုဇန်သာ ဖြစ်နေသေးသည်ကို တွေ့မြင်၍ "ငါသည် မသွားခဲ့သည်ရှိသော် ငါ၏ ဆရာသမားသည် ပုထုဇန်၏ အဖြစ်ဖြင့်သာလျှင် သေခြင်းကို ပြုတော်မူပေလတ္တံ့"— ဤသို့-

လည်း သိရှိ၍ အဘိညာဏ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်၍ နေ့သန့်စင်ရာ အရပ်၌ သီတင်းသုံးတော်မူသော မဟာနာဂ မထေရ်၏ အနီး၌ သက်ဆင်း၍ ဆရာသမားအား ရှိခိုး၍ ဝတ်ကြီး ဝတ်ငယ်ကို ပြု၍ သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်၍ သီတင်းသုံးတော်မူလိုက်၏။ ထိုနောင် ဆရာတပည့်တို့ အချီအချ စကားပြော-ဆိုကြသည်မှာ ဤသို့ ဖြစ်၏။ —

ဆရာ — ငါ့ရှင် ဓမ္မဒိန္န . . . အခါမဟုတ်သည်၌ အဘယ်ကြောင့် လာရှိပါသနည်း။

တပည့် — အရှင်ဘုရား . . . ပြဿနာကို လျှောက်ထားမေးမြန်းလို၍ လာပါသည် ဘုရား။

ဆရာ — ငါ့ရှင် ဓမ္မဒိန္န . . . မေးလေလော့၊ သိကုန်သည်ရှိသော် ဖြေဆိုပါကုန်အံ့။

ဤသို့ မိန့်ဆိုလတ်သော် ပြဿနာပေါင်း တစ်ထောင်ကို မေးမြန်းလျှောက်ထား၏။ မဟာနာဂ မထေရ်-မြတ်ကြီးကလည်း မေးတိုင်း မေးတိုင်းသော ပြဿနာကို မငြိမယှက်မူ၍သာလျှင် လျင်မြန်စွာ ဖြေကြားတော်မူ၏။

တပည့် — အရှင်ဘုရား . . .အရှင်ဘုရားတို့၏ဉာဏ်တော်သည် အလွန်ထက်မြက်တော်မူပါပေစွ၊ဘယ်သော အခါ၌ အရှင်ဘုရားတို့သည် ဤအရိယမဂ်ဖြင့်လာသော ပဋိသမ္ဘိဒါတရားကို ရအပ်ပါပေသနည်း။ (မဟာနာဂ မထေရ်၏ အလိုအတိုင်း မေးခြင်း ဖြစ်သည်။)

ဆရာ — ငါ့ရှင် ဓမ္မဒိန္န . . . ဤနေ့မှ ရေတွက်သော် လွန်ခဲ့သော အနှစ်ခြောက်ဆယ်ကာလ၌ ရအပ်ခဲ့ပါ၏။

တပည့် — အရှင်ဘုရား . . . အရှင်ဘုရားတို့သည် အဘိညာဏ်သမာဓိကို သုံးဆောင်နိုင်ပါကုန်၏လော။

ဆရာ — ငါ့ရှင် ဓမ္မဒိန္န . . . ဤအဘိညာဏ်သမာဓိကို သုံးဆောင်ခြင်းသည်ဝန်လေးဖွယ် မဟုတ်ပါ။

တပည့် — အရှင်ဘုရား . . . ထိုသို့ ဝန်မလေးပါလျှင် ဆင်တစ်ကောင် ဖန်ဆင်းတော်မူပါကုန်ဘုရား။

မဟာနာဂ မထေရ်မြတ်ကြီးသည် ငွေတောင်နှင့်တူသည့် ကိုယ်လုံးဖြူသော ဆင်ကြီးကို ဖန်ဆင်းတော်မူ၏။

တပည့် — အရှင်ဘုရား . . . ယခုအခါ၌ ဤဆင်ဖြူတော်သည် မတုန်မလှုပ် ထားအပ်သော နားရွက်ရှိသည် ဖြစ်၍, ထောင်ထားအပ်သော အမြီးရှိသည်ဖြစ်၍, နှာမောင်းကို ခံတွင်း၌ ထည့်၍ ကြောက်မက်-ဖွယ်သော ကြိုးကြာသံကို ပြုလျက် အရှင်ဘုရားတို့၏ အထံသို့ ရှေးရှုပြေးလာသော အခြင်းအရာဖြင့် ထိုဆင်ကို တန်ခိုးဖြင့် ပြုတော်မူပါ။

မဟာနာဂမထေရ်ကြီးသည် ထိုဓမ္မဒိန္နာ မထေရ် လျှောက်ထားသည်အတိုင်းပင် ဖန်ဆင်းတော်မူလိုက်၏။ လျင်မြန်သော အဟုန်ဖြင့် ပြေးလာသော ဆင်ပြောင်ကြီး၏ ကြောက်မက်ဖွယ်ဖြစ်သော အမူအရာကို တွေ့မြင်ရ၍ ကြောက်သဖြင့် ထ၍ ပြေးခြင်းငှာ အားထုတ်တော်မူ၏။ ထိုမဟာနာဂ မထေရ်မြတ်ကြီးကို ရဟန္တာ ဖြစ်တော်မူ-သော တပည့်ဖြစ်သူ ဓမ္မဒိန္နာ မထေရ်က လက်ကို ဆန့်ကာ သင်္ကန်းစွန်း၌ ကိုင်၍ "အရှင်ဘုရား ရဟန္တာပုဂ္ဂိုလ်အား ရွံ့ရှာထိတ်လန့်ခြင်းမည်သည် ဖြစ်သေးသလော"ဟု မေးမြန်းတော်မူ၏။

ထို မဟာနာဂ မထေရ်သည် ထိုအချိန်အခါ ကာလ၌ မိမိ ပုထုဇန် ဖြစ်မှန်းကို သိရှိ၍ "ငါ့ရှင် ဓမ္မဒိန္န ငါ့ရှင်သည် ငါ၏ ကိုးကွယ်အားထားရာ ဖြစ်ပါလော့"ဟုဆို၍ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်တော်မူ၏။

"အရှင်ဘုရား . . . အရှင်ဘုရားတို့၏ ကိုးကွယ်အားထားရာ ဖြစ်စေရမည်ဟု နှလုံးပိုက်လျက်သာလျှင် တပည့်တော်သည် လာရောက်ခဲ့ပါ၏၊ စိုးရိမ်တော် မမူပါလင့်" ဟု လျှောက်ထား၍ ကမ္မဋ္ဌာန်းတရားကို ဟောကြား ပေးတော်မူ၏။

မဟာနာဂမထေရ်မြတ်ကြီးသည် ကမ္မဋ္ဌာန်းကို ယူဆောင်၍ စင်္ကြံသို့ တက်၍ နှလုံးသွင်းတော်မူရာ သုံးကြိမ်မြောက် ခြေလှမ်း၌ အမြတ်ဆုံးဖိုလ်ဟုဆိုအပ်သော အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။ မဟာနာဂ မထေရ်မြတ်ကြီးကား ဒေါသစရိုက် ထူပြောတော်မူ၏။ ဤသို့ သဘောရှိကုန်သော ရဟန်းတော်တို့သည် ဩဘာသ အမည်ရသော ဝိပဿနာအရောင်အလင်း၌ တုန်လှုပ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၂၇၀-၂၇၁။)

## ၂။ ဉာဏ = ဝိပဿနာဉာဏ်

ဥပက္ကိလေသတွင် ပါဝင်သော ဉာဏ = ဉာဏ်ဟူသည် ဝိပဿနာဉာဏ်ပင်တည်း။ ရုပ်တရား နာမ်တရားတို့ကို ပစ္စယတော ဥဒယဗ္ဗယဒဿန = အကြောင်းတရားအားဖြင့် ဖြစ်-ပျက်ကို ရှုခြင်း, ခဏတော ဥဒယဗ္ဗယဒဿန = ခဏအားဖြင့် ဖြစ်-ပျက်ကို ရှုခြင်း -ဤသို့စသော နည်းဖြင့် လက္ခဏာယာဉ်ကိုတင်၍ နှိုင်းချိန်လျက် စူးစမ်းလျက် ဝိပဿနာရှုနေသော ထိုဥဒယဗ္ဗယဉာဏ်ကို အပြီးအဆုံးသို့ ရောက်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်အား ပစ်လွှတ်လိုက်သော သိကြားမင်း၏ ဝရဇိန်လက်နက်ကဲ့သို့ မပျက်သော အဟုန်ရှိသော ထက်မြက်သော တန်ခိုးရှိသော သွေးအပ်သည်ဖြစ်၍ အလွန်ထက်မြက်သော အလွန်သန့်ရှင်းသော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်လာတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၁။)

## ၃။ ပီတိ = ဝိပဿနာပီတိ

ပီတိဟူသည် ဝိပဿနာစိတ်နှင့် ယှဉ်သော ပီတိတည်း။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ထိုအချိန်အခါ၌ ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ ဥဗ္ဗေဂါပီတိ ဖရဏာပီတိ ဟူသော ငါးမျိုးသော ပီတိသည် တစ်ကိုယ်လုံးကို ပြည့်စေလျက် ဖြစ်ပေါ်လာတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၂။)

ဥဒယဗ္ဗယာနုပဿနာဉာဏ်သည် လမ်းမှန်သွားလတ်သော် ဤပီတိ ငါးမျိုးတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာတတ်သောကြောင့် ဤပီတိ ငါးမျိုးတို့ ဖြစ်ပေါ်လာကြောင်းကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ အထွတ်အထိပ်သို့ ရောက်နေသော ဥဒယဗ္ဗယဉာဏ်နှင့် အတူတကွမူကား ဖရဏာပီတိ တစ်မျိုးသာလျှင် ဖြစ်ပေါ်လာတတ်ပေသည်။ ဥပစာရသမာဓိ အခိုက်အတန့် အပ္ပနာသမာဓိ အခိုက်အတန့်မှ တစ်ပါးသော အခါ၌လည်း ဖရဏာပီတိသည် ဖြစ်ပေါ်လာတတ်သည်သာလျှင်တည်း။ ထိုကြောင့် "ပီတိသည် တစ်ကိုယ်လုံးကို ပြည့်စေလျက် ဖြစ်ပေါ်လာတတ်၏"ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၃၀။) ယင်းဝိပဿနာပီတိနှင့်ယှဉ်သော မွန်မြတ်သော ဝိပဿနာစိတ်ကြောင့် မွန်မြတ်သော ပဏီတ စိတ္တဇရုပ်တို့၏ တစ်ကိုယ်လုံးအပြည့် အနှံ့အပြား ပြည့်စေလျက် ဖြစ်ပေါ်လာခြင်းကို အထူးရည်ညွှန်းထားသည်ဟု မှတ်ပါ။

## ၄။ ပဿဒ္ဓိ = ဝိပဿနာပဿဒ္ဓိ

ပဿဒ္ဓိဟူသည် ဝိပဿနာစိတ်နှင့်ယှဉ်သော ပဿဒ္ဓိတည်း။ ထိုအချိန်အခါ၌ ညဉ့်သန့်စင်ရာ နေရာ၌လည်းကောင်း, နေ့သန့်စင်ရာ နေရာ၌လည်းကောင်း ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် ထိုင်နေသော ထိုယောဂါဝစရပုဂ္ဂိုလ်အား ကိုယ်စိတ်တို့၏ ပူပန်ခြင်းသည် မဖြစ်တော့ပေ။ လေးလံမှုသည် မဖြစ်တော့ပေ။ ကြမ်းတမ်းခက်မာသည်၏ အဖြစ်သည် မဖြစ်တော့ပေ။ ဝိပဿနာ ဘာဝနာမှု၌ မခံ့ညားမှုသည် မဖြစ်တော့ပေ။ အလျော်အားဖြင့်ဆိုရမူ ထို ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်တို့သည် ငြိမ်းအေးကုန်သည် ပေါ့ပါးကုန်သည် နူးညံ့ကုန်သည် ဝိပဿနာဘာဝနာမှု၌ ခံ့ညားကုန်သည် အလွန်စင်ကြယ်သန့်ရှင်းကုန်သည် ဖြောင့်မတ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤပဿဒ္ဓိ လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ ဥဇုကတာ

စေတသိက်တို့ဖြင့် ချီးမြှောက်အပ်သော ကိုယ်-စိတ် ရှိသည်ဖြစ်၍ ထိုဥဒယဗ္ဗယဉာဏ် ဖြစ်သောကာလ၌ ကာမဂုဏ် ခံစားသူ လူတို့၏ ဥစ္စာ မဟုတ်သော, ကာမဂုဏ် ခံစားသူ လူတို့ ခံစားခြင်းငှာ လျောက်ပတ်သော ကာမချမ်းသာသုခ၌ မွေ့လျော်ခြင်းကို လွန်သည်ဖြစ်၍ အမာနုသီ မည်သော မွေ့လျော်ခြင်းကို ခံစားရပေ၏။

(ဝိသုဒ္ဓိ-၂-၂၇၂။)

တတ္ထ ကာယဂ္ဂဟဏေန ရူပကာယဿာပိ ဂဟဏံ ဝေဒိတဗ္ဗံ၊ န ဝေဒနာဒိက္ခန္ဓတ္တယဿေဝ။ ကာယပဿဒ္ဓိအာဒယော ဟိ ရူပကာယဿာပိ ဒရထာဒိနိမ္မဒ္ဒိကာတိ။ (မဟာဋီ-၂-၄၃၀။)

ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ, ကာယလဟုတာ စိတ္တလဟုတာ, ကာယမုဒုတာ စိတ္တမုဒုတာ, ကာယကမ္မညတာ စိတ္တကမ္မညတာ, ကာယပါဂုညတာ စိတ္တပါဂုညတာ, ကာယုဇုကတာ စိတ္တုဇုကတာ — ယုဂဠ = အစုံ စေတသိက် (၆)မျိုးတို့သည် အချင်းချင်း မကွေမကွာ ယှဉ်လေ့ ရှိကြကုန်၏။ ထို့ကြောင့် ပဿဒ္ဓိ ဖြစ်လတ်သော် လဟုတာ စသော စေတသိက်တို့သည်လည်း ဖြစ်ကြကုန်သည်သာတည်း။ ထို့ကြောင့် ထိုစေတသိက်တို့၏ ဆိုင်ရာ လုပ်ငန်းကိစ္စရပ်ကို ဖော်ပြခြင်းကို ပဓာနပြုသဖြင့် ထိုအလုံးစုံသော ယုဂဠစေတသိက်တို့ကိုလည်း ပြလိုသည်ဖြစ်၍ "ကိုယ်-စိတ်တို့၏ ပူပန်ခြင်းသည် မဖြစ်တော့ပေ၊ လေးလံမှုသည် မဖြစ်တော့ပေ။" ဤသို့စသည်ဖြင့် အဋ္ဌကထာ ဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်သည်။

ထိုကာယပဿဒ္ဓိ စသည်တို့၌ ကာယ-သဒ္ဒါဖြင့် ရူပကာယ = ရုပ်တရားအပေါင်းကိုလည်း သိမ်းကျုံး ယူရခြင်းကို သိရှိပါလေ။ ဝေဒနာစသော နာမ်ခန္ဓာသုံးပါးကိုသာလျှင် ကောက်ယူရခြင်းကို သိအပ်သည် မဟုတ်ပေ။ မှန်ပေသည် — ကာယပဿဒ္ဓိစသော စေတသိက်တို့သည် ရူပကာယ၏လည်း ပူပန်ခြင်းစသည်ကို နင်းနယ် ချေမှုန်းတတ်ကုန်၏ဟု သိရှိပါလေ။ အဘယ်ကြောင့် ကိုယ်စိတ်တို့သည် ငြိမ်းအေးကုန်သည်သာလျှင် ပေါ့ပါးကုန်သည်သာလျှင် နူးညံ့ကုန်သည်သာလျှင် ဝိပဿနာဘာဝနာမှု၌ ခံ့ညားကုန်သည်သာလျှင် အလွန်စင်ကြယ် သန့်ရှင်းကုန်သည်သာလျှင် ဖြောင့်မတ်ကုန်သည်သာလျှင် ဖြစ်ကုန်သနည်းဟူမူ - ကိုယ်-စိတ်တို့၏ —

၁။ မငြိမ်းအေးမှု၏ အကြောင်းရင်းစစ် ဖြစ်သော ဥဒ္ဓစ္စစသော ကိလေသာ,

၂။ မပေါ့ပါးမှု၏ အကြောင်းရင်းစစ် ဖြစ်သော ထိနမိဒ္ဓစသော ကိလေသာ,

၃။ မနူးညံ့မှု၏ အကြောင်းရင်းစစ် ဖြစ်သော ဒိဋ္ဌိမာနစသော ကိလေသာ,

၄။ ဝိပဿနာဘာဝနာမှု၌ မခံ့ညားမှု၏ အကြောင်းရင်းစစ် ဖြစ်သော ကြွင်းသော နီဝရဏတရား (ကာမစ္ဆန္ဒဗျာပါဒစသည့် နီဝရဏတရား),

၅။ ဝိပဿနာဘာဝနာမှု၌ မကျွမ်းကျင် မလိမ္မာခြင်း မစင်ကြယ် မသန့်ရှင်းခြင်း၏ အကြောင်းရင်းစစ် ဖြစ်သော မယုံကြည်ခြင်း အဿဒ္ဓိယစသော ကိလေသာ,

၆။ မဖြောင့်မတ်ခြင်း ကွေ့ကောက်ခြင်း၏ အကြောင်းရင်းစစ်ဖြစ်သော မာယာ-သာဌေယျစသော ကိလေသာ-

ဤသို့စသော စိတ်ဓာတ်ညစ်နွမ်းကြောင်း သံကိလေသဓမ္မတို့ကို ပယ်ဖျောက်သည်၏ အစွမ်းဖြင့် ထိုအခါ၌ ဝိပဿနာစိတ္တုပ္ပါဒ်၏ ဖြစ်ပေါ်နေခြင်းကြောင့် "ကိုယ်-စိတ်တို့၏ ပူပန်မှုသည် မဖြစ်တော့ပေ၊ လေးလံမှုသည် မဖြစ်တော့ပေ" ဤသို့စသည်ဖြင့် အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်ပေ၏။ (မဟာဋီ-၂-၄၃၀။)

ဤ အမာနုသီ အမည်ရသော ဝိပဿနာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှုမျိုးကိုပင် ရည်ရွယ်၍ ဤသို့ ဟောကြားထားတော်မူ၏။ —

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။ (ခု-၁-၆၇။)

သုညာဂါရံ = ဆိတ်ငြိမ်ရာ ကျောင်းသို့ ဝါ၊ နိစ္စနိမိတ် သုခနိမိတ် အတ္တနိမိတ် သုဘနိမိတ်တို့မှ ကင်းဆိတ်ရာ ဖြစ်သော, ယောဂါဝစရပုဂ္ဂိုလ်၏ ချမ်းသာသုခ၏ မှီရာဖြစ်သော ဝိပဿနာသို့။ ပဝိဋ္ဌဿ = ဝင်ရောက်လာပြီးသော။ သန္တစိတ္တဿ = တည်ကြည်ငြိမ်သက် မလောက်လက်သော စိတ်ရှိသော။ သမ္မာ = ကောင်းမွန်မှန်ကန်စွာ အသင့်အားဖြင့်။ ဓမ္မံ = ရုပ်နာမ်ဓမ္မ သင်္ခါရတရားစုကို။ ဝိပဿတော = ဥဒယဗ္ဗယာနုပဿနာ စသည်တို့၏ အစွမ်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်လျက်ရှိသော။ ဘိက္ခုနော = ယောဂါဝစရ ရဟန်းတော်အား။ အမာနုသီ = အားထုတ်အပ်သော ဝိပဿနာ မရှိသော လူသာမန်တို့၏ အရာမဟုတ်သည်၏ အဖြစ်ကြောင့် အမာနုသီ အမည်ရသော။ ရတိ = ဝိပဿနာဘာဝနာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်း ဝိပဿနာရတိသည်။ ဟောတိ = ဖြစ်ပေါ်၍ လာပေ၏။

ယတော ယတော = အကြင်အကြင် ရုပ်အဖို့ နာမ်အဖို့မှ (ရုပ်ကို ဦးတည်၍ နာမ်ကို ဦးတည်၍)။ ခန္ဓာနံ = ခန္ဓာငါးပါးတို့၏။ ဥဒယဗ္ဗယံ = ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောကို။ သမ္မသတိ = လက္ခဏာယာဉ်တင်ကာ ရှုပွားသုံးသပ်၏။ တတော တတော = ထိုထို သုံးသပ်တိုင်းသော ရုပ်နာမ် အဖို့အစုမှ။ ပီတိပါမောဇ္ဇံ = နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရားကို။ လဘတိ = ရရှိပေ၏။ တံ = ထိုနှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရားသည်။ ဝိဇာနတံ = ဝိဇာနန္တာနံ = အဖြစ်အပျက်ကို သိမြင်ကုန်သော ပညာရှိတို့၏။ အမတံ = အမြိုက်နိဗ္ဗာန် အဆုံးရှိသောကြောင့် အမြိုက်တရားပါပေတည်း။ (ပြည်-ဝိသုဒ္ဓိမဂ်-နိဿယ-၅-၁၈၂-၁၈၃။)

ဤသို့လျှင် ထိုယောဂါဝစရပုဂ္ဂိုလ်အား ဤနတ်လူတို့ ခံစားခြင်းငှာ လျောက်ပတ်သော ကာမဂုဏ်ချမ်းသာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းကို ကျော်လွန်သည်ဖြစ်၍ အမာနုသီအမည်ရသော ဝိပဿနာ၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်း ဝိပဿနာရတိကို ပြီးစီးစေလျက် လဟုတာ စသော စေတသိက်တို့နှင့် ယှဉ်တွဲကာ ပဿဒ္ဓိတရားသည် ဖြစ်ပေါ်လာ၏။

## ၅။ သုခ = ဝိပဿနာသုခ

သုခဟူသည် ဝိပဿနာစိတ်နှင့်ယှဉ်သော စေတသိကသုခတည်း။ ထိုယောဂါဝစရပုဂ္ဂိုလ်အား ဥဒယဗ္ဗယာနုပဿနာဉာဏ်နှင့် ပြည့်စုံနေသော ထိုအချိန်အခါ၌ တစ်ကိုယ်လုံးကို စွတ်စိုစေလျက် အလွန်မွန်မြတ်သော ဝိပဿနာသုခသည် ဖြစ်ပေါ်လာတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၂။)

ဝိပဿနာ သုခနှင့် ယှဉ်သော စိတ်ကြောင့် ဖြစ်ကုန်သော အလွန်မွန်မြတ်သော အတိပဏီတ စိတ္တဇရုပ်တို့ဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အလုံးစုံသော ကိုယ်ကာယသည် တွေ့ထိအပ် ပျံ့နှံ့အပ်သည်လည်း ဖြစ်၏၊ ထက်ဝန်းကျင်မှ ပွားစေအပ်သည်လည်း ဖြစ်၏။ ထိုအလွန်မွန်မြတ်သော အတိပဏီတ စိတ္တဇရုပ်တို့၏ တစ်ကိုယ်လုံးသို့ အနှံ့အပြား တွေ့ထိနေခြင်း ထက်ဝန်းကျင် ပွားနေခြင်းကိုပင် "တစ်ကိုယ်လုံးကို စွတ်စိုစေလျက် အလွန်မွန်မြတ်သော ဝိပဿနာသုခသည် ဖြစ်ပေါ်လာတတ်၏"ဟု အဋ္ဌကထာဆရာတော်က ဖွင့်ဆိုတော်မူခြင်းဖြစ်သည်။
(မဟာဋီ-၂-၄၃၁။)

## ၆။ အဓိမောက္ခ = သဒ္ဓါဓိမောက္ခ

အဓိမောက္ခဟူသည် ပရမတ္ထတရားကိုယ် အနက်သဘောအားဖြင့် သဒ္ဓါ-စေတသိက်တည်း။ (ဓမ္မသင်္ဂဏီ ပါဠိတော်၌ လာရှိသော ယေဝါပနက-စေတသိက် အမျိုးအစားများတွင် ပါဝင်သော အဓိမောက္ခစေတသိက် မဟုတ် ဟူလိုသည်။) မှန်ပေသည် — ထိုအချိန်အခါ၌ ဝိပဿနာဉာဏ်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော ထို ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်စေတသိက်တို့ကို အလွန်အကဲ ကြည်လင်စေတတ်သည် ဖြစ်၍ဖြစ်သော သန်မြန်သော ခွန်အားရှိသော သဒ္ဓါ-စေတသိက်သည် ဖြစ်ပေါ်လာတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၂။)

ထိုသဒ္ဓါ-တရားဟူသည် ဤဝိပဿနာအရာ၌ အထူးသဖြင့် ဤဉဒယဗ္ဗယဉာဏ်ပိုင်း၌ ကံ၏အကျိုးကို သော်လည်းကောင်း ရတနာသုံးပါးကိုသော်လည်းကောင်း ယုံကြည်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည်ကား မဟုတ်၊ စင်စစ်သော်ကား စိတ်ကို နောက်ကျုစေတတ်သော ကိလေသာအညစ်အကြေး ကင်းသဖြင့် ဝိပဿနာ-ဉာဏ်နှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့၏ အလွန်အကဲ ကြည်လင်မှုဖြစ်ရန် အကြောင်းရင်းဖြစ်သော သဒ္ဓါတရား ပင်တည်း။ ယင်းသဒ္ဓါတရားကိုပင် ဤ၌ အဓိမောက္ခဟု ခေါ်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၃၁။)

## ၇။ ပဂ္ဂဟ = ဝိပဿနာဝီရိယ

ပဂ္ဂဟဟူသည် ဝီရိယတည်း။ မှန်ပေသည် — ထိုအချိန်အခါဝယ် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဝိပဿနာဉာဏ်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော မလျော့လွန်း မတင်းလွန်းသော ဝိပဿနာဉာဏ်နှင့်တကွသော သမ္ပယုတ်တရားတို့ကို ဆိုင်ရာဝိပဿနာဉာဏ်၏ အာရုံမှ လျှောကျ မသွားရအောင် ကောင်းစွာ ချီးပင့်ထား-တတ်သော ဝီရိယသည် ဖြစ်ပေါ်လာတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၂။)

ရှေး၌ ဖြစ်ခဲ့သော ဘာဝနာ၏ စွမ်းအားဖြင့်ပြီးသော အညီအမျှဖြစ်သော ဝီရိယသည် ဝိပဿနာဉာဏ်နှင့် တကွသော မိမိနှင့် ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ညစ်ညူးကြောင်း သံကိလေသ အဖို့ဖြစ်သော ပျင်းရိခြင်းမှ ချီးမြှောက် မြှင့်တင်ပေးတတ်သောကြောင့် ပဂ္ဂဟ မည်၏။ ထိုကြောင့် “ပဂ္ဂဟ-ဟူသည် ဝီရိယတည်း” - ဤသို့ စသော စကားကို အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၃၁။)

## ၈။ ဥပဋ္ဌာန = ဝိပဿနာသတိ

ဥပဋ္ဌာနဟူသည် သတိပင်တည်း။ မှန်ပေသည် — ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဝိပဿနာ-ဉာဏ်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ စသော သဘာဝကို ကောင်းစွာ မှတ်သားခြင်းဖြင့် သင်္ခါရအာရုံ၌ မြဲစွာကပ်၍ တည်သော, ဆန့်ကျင်ဘက် နီဝရဏစသော အညစ်အကြေး ကင်းခြင်းကြောင့် ထိုဆန့်ကျင်ဘက်တရားသည် မလှုပ်မရှားစေအပ်သည်၏ အဖြစ်ဖြင့် မြဲစွာတည်သော, ထိုသို့ မြဲစွာတည်သည်၏ အဖြစ်ကြောင့်သာလျှင် စိုက်ထူထားအပ်သော ကျောက်စာတိုင်ကဲ့သို့ မတုန်မလှုပ်သော, မတုန်မလှုပ်သည်၏ အဖြစ်ကြောင့်သာလျှင် မြင့်မိုရ်တောင်မင်းနှင့် တူသော သတိသည် ဖြစ်ပေါ်လာတတ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အကြင်အကြင် မိမိဉာဏ်အား ရှေးရှုထင်သော ရုပ်နာမ်ဟူသော အရာဌာနကို ဆင်-ခြင်၏၊ နှလုံးသို့ ကောင်းစွာဆောင်၏၊ နှလုံးသွင်း၏၊ နှလုံး၌ထား၏၊ အသီးအသီး ရှု၏၊ ထိုထို ရုပ်နာမ်ဟူသော အရာဌာနသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သတိအား သက်ဝင်၍ သက်ဝင်၍ — ဒိဗ္ဗစက္ခုအဘိညာဉ်၏ အရံဌာနခွဲဖြစ်သော ယထာကမ္မူပဂဉာဏ်အား တစ်ပါးသော လောကသည် ထင်လာသကဲ့သို့ — ထင်လာ၏။ (ဝိသုဒ္ဓိ-၂-၂၇၂။)

ယဒဂ္ဂေန ဟိ သတိ အာရမ္မဏံ ဩက္ခန္ဒိတွာ ဥပတိဋ္ဌတိ၊ တဒဂ္ဂေန အာရမ္မဏမ္ပိဿ ဩက္ခန္ဒိတွာ ဥပတိဋ္ဌတီတိ ဝုစ္စတိ။ (မဟာဋီ-၂-၄၃၁-၄၃၂။)

အကြင်အကြင်အဖို့ အစုအားဖြင့် သတိသည် သင်္ခါရအာရုံသို့ သက်ဝင်၍ ကပ်၍ တည်၏၊ ထိုထို အဖို့အစု အားဖြင့် သင်္ခါရအာရုံသည်လည်း ထိုသတိအား သက်ဝင်၍ ကပ်၍ တည်၏ ထင်၏ဟု ဆိုအပ်ပေသည်။

(မဟာဋီ-၂-၄၃၁-၄၃၂။)

ဤအထက်ပါ အဋ္ဌကထာဋီကာတို့၏ ဖွင့်ဆိုထားတော်မူသည့်အတိုင်း ပြောဆိုရပါမူ — ယောဂါဝစရ ပုဂ္ဂိုလ်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရား မှန်သမျှကို အလိုရှိသလို လွယ်လွယ်ကူကူ မပင်မပန်း ရှုချင်သလို ရှုနိုင်၏၊ ရှုချင်တိုင်း ရှုနိုင်၏၊ ရှုတိုင်းလည်း ထိုသင်္ခါရ အာရုံသည် ထင်လျက် လင်းလျက် ရှင်းလျက်သာ ရှိနေ၏ဟု  သိနိုင်ပေသည်။ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦး၏ သန္တာန်၌ စံချိန်မှီ ဥဒယဗ္ဗယဉာဏ်သည် ရှိ၏ မရှိ၏ကို သိနိုင်သည့် မှတ်ကျောက် တစ်ခုပင်တည်း။

## ၉။ ဥပေက္ခာ = ဝိပဿနုပေက္ခာ + အာဝဇ္ဇနုပေက္ခာ

အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် စိစစ်စူးစမ်းအပ်ပြီးသော သင်္ခါရအာရုံရှိသည်၏ အဖြစ်ကြောင့် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် စိစစ်စူးစမ်းခြင်း၌ အလယ်အလတ် လျစ်လျူရှုသည်၏ အဖြစ်ဖြင့်တည်သော တတြမဇ္ဈတ္တတာ-စေတသိက်ဟူသော ဝိပဿနုပေက္ခာသည်လည်းကောင်း, သင်္ခါရတရား-တို့ကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် စိစစ်စူးစမ်းခြင်း၌ အညီအမျှ လျစ်လျူရှုသည်၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် မနောဒွါရိက ဝိပဿနာဇောဝီထိ စိတ်အစဉ်တွင် ပါဝင်သော မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်သော စေတနာဟူသော အာဝဇ္ဇနုပေက္ခာသည်လည်းကောင်း ဥပေက္ခာမည်၏။ မှန်ပေသည် — ထိုဥဒယဗ္ဗယဉာဏ် ဖြစ်နေသည့် အချိန်အခါ၌ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အလုံးစုံသော ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားမှန်သမျှတို့၌ လျစ်လျူရှုသည်ဖြစ်၍ ဖြစ်သော တတြမဇ္ဈတ္တတာ-စေတသိက် ဟူသော ဝိပဿနုပေက္ခာသည်လည်း သန်မြန်သော ခွန်အားရှိသည် ဖြစ်၍ ဖြစ်ပေါ်လာ၏။ မနောဒွါရ၌ မနော-ဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာဟူသော အာဝဇ္ဇနုပေက္ခာသည်လည်း သန်မြန်သော ခွန်အားရှိသည်ဖြစ်၍ ဖြစ်ပေါ်လာ၏။ မှန်ပေသည် – ထိုထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားစု၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကို စိစစ်စူးစမ်းဆင်ခြင်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုအာဝဇ္ဇနုပေက္ခာသည် သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်ကဲ့သို့လည်းကောင်း, ခြောက်သွေ့နေသော ဖက်ထုပ်ဖက်ပုံ အတွင်း၌ ပြေးဝင်သွားသော မီးရဲရဲ တောက်သော စဉ်းသွားကဲ့သို့လည်းကောင်း ရဲရင့်သည် ဖြစ်၍ ထက်မြက်စူးရှသည် ဖြစ်၍ ဖြစ်ပေါ်လာ၏။

(ဝိသုဒ္ဓိ-၂-၂၇၃။)

သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယတို့၏ ယောဂါဝစရပုဂ္ဂိုလ်၏ဉာဏ်ဝယ် အလွန်ထင်သည်၏ အဖြစ်ကြောင့် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း = ဥဒယဗ္ဗယကို ရှုခြင်း၌ လျစ်လျူဖြစ်သော တတြမဇ္ဈတ္တု-ပေက္ခာသည် ဤ၌ ဝိပဿနုပေက္ခာ မည်သတည်း။ ထိုဥဒယဗ္ဗယတို့သည်ကား ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ခပ်သိမ်းဉဿုံ အလုံးစုံသော သင်္ခါရတရားတို့၏ ဥဒယဗ္ဗယတို့ပင်တည်းဟု နှလုံးပိုက်တော်မူ၍ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယတို့၌ လျစ်လျူရှုခြင်း တတြမဇ္ဈတ္တုပေက္ခာဟု မဆိုမူ၍ ခပ်သိမ်းသော သင်္ခါရ တရားတို့၌ လျစ်လျူရှုခြင်း ဖြစ်၍ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာဟု အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။

(မဟာဋီ-၂-၄၃၂။)

## အာဝဇ္ဇန်း၏ ထက်မြက်မှု

မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာဟူသော အာဝဇ္ဇနုပေက္ခာ၏ သိကြားမင်း၏ ဝရဇိန်လက်နက်နှင့် တူသည်၏အဖြစ်, လောလောပူ ရဲရဲတောက်သော စဉ်းသွားမြားနှင့် တူသည်၏ အဖြစ်ကိုလည်းကောင်း, ရဲရင့် ထက်မြက်သည်၏ အဖြစ်ကိုလည်းကောင်း သဗ္ဗညုတဉာဏ်တော်မြတ်၏ ရှေ့သွားဖြစ်သော မနောဒွါရာဝဇ္ဇန်းကဲ့သို့ ထိုမနောဒွါရာဝဇ္ဇန်းသို့ အစဉ်လိုက်သော ထိုမနောဒွါရာဝဇ္ဇန်း၏ နောင်၌ ဆက်လက်ဖြစ်ပေါ်လာသော ဝိပဿနာ-ဉာဏ်၏ သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်နှင့် တူစွာ လောလောပူရဲရဲတောက်သော စဉ်းသွား-မြားနှင့် တူစွာ ရဲရင့်ထက်မြက်သော အခြင်းအရာအားဖြင့် ဖြစ်သောကြောင့်ဟု မှတ်ပါ။ (ဝိပဿနာဉာဏ်က ထက်မြက်စူးရှသောကြောင့် ဝိပဿနာဉာဏ်၏ ရှေး၌ဖြစ်သော မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာဟူသော အာဝဇ္ဇနုပေက္ခာသည်လည်း ထက်မြက်စူးရှသည် ဟူလို။) (မဟာဋီ-၂-၄၃၂။)

## ၁၀။ နိကန္တိ = ဝိပဿနာနိကန္တိ

နိကန္တိဟူသည် ဝိပဿနာ၌ အလိုရှိသော ငဲ့ကွက်တပ်မက်သော နိကန္တိတည်း။ ဝိပဿနာကို အလိုရှိသော ငဲ့ကွက်တွယ်တာမှုတည်း။ ဝိပဿနာ၏ တင့်တယ်စမွာယ်ကြောင်း ဖြစ်ကုန်သော ဩဘာသ = အရောင်အလင်း စသည်တို့သည် ထိုဝိပဿနာ၏ အဆင်းတန်ဆာကဲ့သို့ ဖြစ်ကြကုန်၏။ ဤသို့ ဩဘာသ စသည်တို့ဖြင့် တန်ဆာ ဆင်အပ်သော ဝိပဿနာ၌ ငဲ့ကွက်ခြင်းကိုပြုလျက် သိမ်မွေ့သည်လည်းဖြစ်သော ငြိမ်သက်သော အခြင်းအရာ ရှိသည်လည်းဖြစ်သော နိကန္တိသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဖြစ်ပေါ်လာ၏။ ယင်းနိကန္တိကို ကိလေ-သာဟူ၍ပင် သိမ်းဆည်းခြင်းငှာ မတတ်ကောင်း မတတ်နိုင် ဖြစ်တတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၃။)

ထိုနိကန္တိ၏ ထိုသို့ သိမ်မွေ့သည်၏ အဖြစ် ငြိမ်သက်သော အခြင်းအရာရှိသည်၏ အဖြစ်သည် ဘာဝနာ၏ အလွန်အကဲနှင့်တကွ ဖြစ်ခြင်းကြောင့် = ဝိပဿနာဘာဝနာ၏ အလွန်အကဲ အားကောင်းလာသောကြောင့် ဖြစ်၏။ ထိုသို့ဖြစ်၍ နိကန္တိ၏ ကိလေသာ၏ အဖြစ်ကိုလည်း သိနိုင်ခဲသည် ဖြစ်သတည်း။ (မဟာဋီ-၂-၄၃၂။)

ဩဘာသ = အရောင်အလင်း၌ကဲ့သို့ပင် ဤပြဆိုအပ်ခဲ့ပြီးသော ဉာဏ်စသည်တို့တွင် တစ်ခုခုဖြစ်လတ်သော် ယောဂါဝစရပုဂ္ဂိုလ်သည် "စင်စစ် ငါ့အား ဤအခါမှ ရှေး၌ ဤသို့သဘောရှိသော ဉာဏ်သည် မဖြစ်ဖူးစွတကား။ ဤသို့သဘောရှိသော ပီတိသည်။ပ။ ပဿဒ္ဓိသည်။ သုခသည်။ အဓိမောက္ခသည်။ ပဂ္ဂဟသည်။ ဥပဋ္ဌာနသည်။ ဥပေက္ခာသည်။ နိကန္တိသည် မဖြစ်ဖူးစွတကား၊ မချွတ်ဧကန် အမှန်ပင် ငါသည် အရိယာမဂ်သို့ ဆိုက်ရောက်ပြီ ဖြစ်၏၊ အရိယာဖိုလ်သို့ ဆိုက်ရောက်ပြီ ဖြစ်၏"ဟု အရိယာမဂ် မဟုတ်သည်ကို အရိယာမဂ်ဟု အရိယာဖိုလ် မဟုတ်သည်ကို အရိယာဖိုလ်ဟု စွဲယူသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာသည် ဝိပဿနာခရီးလမ်းရိုးမှ ဘေးသို့ ဖဲသွားသည် ချော်ကျသွားသည် မည်ပေသည်။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ဝိပဿနာဘာဝနာ ဟူသော မူလကမ္မဋ္ဌာန်းကို လွှတ်လိုက်၍ မရှုတော့ဘဲ ဝိပဿနာဉာဏ်ကိုသာလျှင်။ပ။ ပီတိ။ ပဿဒ္ဓိ။ သုခ။ အဓိမောက္ခ။ ပဂ္ဂဟ။ ဥပဋ္ဌာန။ ဥပေက္ခာ။ နိကန္တိကိုသာလျှင် သာယာလျက် ထိုင်နေပေ၏။ (ဝိသုဒ္ဓိ-၂-၂၇၃။)

ဤအထက်ပါစကားရပ်ဝယ် — ဉာဏစသည်တို့တွင် တစ်ပါးပါး ဖြစ်လတ်သော် - ဟူသော စကားကို "တစ်ပါးပါး ဖြစ်လတ်သော် ငါ မဂ်သို့ ဆိုက်ရောက်ပြီ" စသည်ဖြင့် စွဲယူခြင်းကို ပြခြင်းငှာသာလျှင် ဆိုခြင်းဖြစ်သည်။ တစ်ပါးစီ တစ်ပါးစီ ဖြစ်သောကြောင့် ဆိုသည်ကား မဟုတ်။ မှန်ပေသည် — နိကန္တိမှ တစ်ပါးသော (၉)ပါးသော ဥပက္ကိလေသတို့သည် တစ်ခုသော စိတ္တက္ခဏ၌သော်လည်း ပြိုင်တူဖြစ်နိုင်ကြကုန်၏။ အရိယမဂ်တရား အရိယဖိုလ်တရား စသည်ဖြင့် ဆင်ခြင်မှုသည်ကား အသီးအသီး တစ်ပါးစီ တစ်ပါးစီ၌သာ ဖြစ်သည်။

တစ်ဖန် "ဤမှ ရှေး၌ ငါ၏ သန္တာန်ဝယ် ဤသို့သဘောရှိသော နိကန္တိသည် မဖြစ်ဖူးပေ" ဟူသော စကားကို ဓမ္မသဘောကို ထင်ရှားအောင် ပြသည်၏ အစွမ်းဖြင့်သာ အဋ္ဌကထာက ဖွင့်ဆိုအပ်ပေသည်။ ထိုအခါ၌ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ထိုသို့ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် စိတ်ဖြစ်ခြင်း၏ အစွမ်းဖြင့် ဆိုသည်ကား မဟုတ်ပေ၊ မှန်ပေသည် ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုနိကန္တိဖြစ်ချိန်အခါ၌ နိကန္တိဟူ၍ပင် မသိပေ၊ အကယ်၍ နိကန္တိဟူ၍ သိငြားအံ့ ထိုသို့ နိကန္တိဟူ၍ သိခဲ့သော် ယင်းနိကန္တိလျှင် အာရုံရှိသော"ငါ မဂ်သို့ ဆိုက်ရောက်ပြီ" ဤသို့စသော စွဲယူခြင်း၏ မဖြစ်သင့်ခြင်းသည်သာလျှင် ဖြစ်၏။ (= နိကန္တိဟု သိသော် နိကန္တိကို မဂ်ဟု ဖိုလ်ဟု နိဗ္ဗာန်ဟု မစွဲယူမိလေရာ၊နိကန္တိကို နိကန္တိဟု မသိသဖြင့်သာ နိကန္တိကို မဂ်ဟု ဖိုလ်ဟု နိဗ္ဗာန်ဟု စွဲယူမိခြင်း စွဲယူမှားခြင်း ဖြစ်သည် ဟူလိုသည်။) ထိုကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဤသို့သာ ဖြစ်လေရာ၏။ —

န ဝတ မေ ဧဝရူပါ ဘာဝနာဘိရတိ ဥပ္ပန္နပုဗ္ဗာ၊ အဒ္ဓါ မဂ္ဂပ္ပတ္တောမှိ။

= "ငါ့အား ဤသို့သဘောရှိသော ဘာဝနာ၌ မွေ့လျော်ခြင်းသည် စင်စစ် မဖြစ်ဖူးသေးပေ၊ မချွတ်ဧကန် အမှန်ပင် ငါသည် အရိယမဂ်သို့ ဆိုက်ရောက်ပြီ ဖြစ်၏။"

ဤသို့သော စိတ်အကြံသာ ဖြစ်လေရာ၏။ (မဟာဋီ-၂-၄၃၂။)

## ဥပက္ကိလေသနှင့် ဥပက္ကိလေသဝတ္ထု

ဤ (၁၀)ပါးတို့တွင် သြဘာသ အစ ဥပေက္ခာ အဆုံးရှိသော (၉)ပါးသော တရားတို့ကို မုချအားဖြင့် ဥပက္ကိလေသ အစစ်ဖြစ်သော တဏှာ-မာန-ဒိဋ္ဌိတို့၏ စွဲမှီ၍ ဖြစ်ရာဌာန အကြောင်းတရား ဖြစ်သည့်အတွက်ကြောင့် ဥပက္ကိလေသဟူ၍ ဆိုအပ်ကုန်၏၊ သဘာဝအားဖြင့် အကုသိုလ်ဖြစ်သောကြောင့် ဆိုအပ်သည်ကား မဟုတ်ကုန်။ အထူးကား နိကန္တိသည် အကုသိုလ်တရား စင်စစ် ဖြစ်သောကြောင့် ဥပက္ကိလေသလည်း မည်၏။ တဏှာ-မာန-ဒိဋ္ဌိဟူသော ဥပက္ကိလေသ၏ တည်ရာဖြစ်သောကြောင့် ဥပက္ကိလေသဝတ္ထုလည်း မည်၏။

စွဲလမ်းမှုကို ဂါဟဟု ဆို၏။ စွဲလမ်းမှုဂါဟတို့ကို မသုံးသပ်မူ၍ စွဲလမ်းမှုဂါဟတို့၏ တည်ရာဝတ္ထုဖြစ်ခြင်း၏ အစွမ်းဖြင့်သာလျှင် ဤဥပက္ကိလေသတို့သည် (၁၀)ပါး ဖြစ်ကြကုန်၏။ စွဲလမ်းမှုဂါဟ၏ အစွမ်းဖြင့် ခွဲဝေလိုက်သော် အမျှ (၃၀)တို့ ဖြစ်ကုန်၏။ ဖြစ်ပုံကား ဤသို့တည်း။ —

"ငါ၏ = အတ္တ၏ အရောင်အလင်းသည် ဖြစ်ပေါ်လာပြီ" —

ဤသို့စွဲယူသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဒိဋ္ဌိဂါဟ = ဒိဋ္ဌိစွဲ ဖြစ်၏။ (၁)။

"စင်စစ် နှစ်သက်ဖွယ်သော စိတ်နှလုံးကို တိုးပွားစေတတ်သော အရောင်အလင်းသည် ဖြစ်ပေါ်လာပြီ။"

ဤသို့ စွဲယူသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ မာနဂါဟ = မာနစွဲ ဖြစ်၏။ (နှစ်လိုဖွယ်ဟု စွဲယူခြင်းကို ပဓာနပြုသဖြင့် မိမိကိုယ်ကို အမြတ် စသည်အားဖြင့် ထားတတ်သောကြောင့် = "ငါ သိပ်တော်၏ သူများထက်သာ၏" စသည်ဖြင့် စွဲယူတတ်သောကြောင့် ယင်းသို့ စွဲယူမှုကို မာနစွဲ ဖြစ်ကြောင်းကို အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။) (၂)။

သြဘာသ အရောင်အလင်းကို ချစ်မြတ်နိုးသော ယောဂါဝစရပုဂ္ဂိုလ်အား တဏှာစွဲ ဖြစ်၏။ (၃)။

ဤသို့လျှင် သြဘာသ၌ ဒိဋ္ဌိ-မာန-တဏှာ ဟူသော သုံးပါးကုန်သော စွဲယူတတ်သော ဂါဟတရားတို့သည် ဖြစ်ပေါ်လာကုန်၏။ ကြွင်းသော ဉာဏ်-ပီတိစသော (၉)ပါးကုန်သော တရားတို့၌လည်း ထို့အတူ သုံးပါးစီပင် ဖြစ်ကုန်၏။ ဤသို့လျှင် စွဲလမ်းတတ်သော ဒိဋ္ဌိမာန တဏှာတို့၏ အစွမ်းဖြင့် အမျှသုံးဆယ်ကုန်သော ဥပက္ကိ-

လေသတို့သည် ဖြစ်ကုန်၏။ ထိုဒိဋ္ဌိဂါဟ = ဒိဋ္ဌိစွဲစသည်ဖြင့် မှတ်အပ်ကုန်သော ဥပက္ကိလေသတို့၏ အစွမ်းဖြင့် မလိမ္မာသော ထင်လင်းသောဉာဏ် မရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ဩဘာသ စသည်တို့ကြောင့် တုန်လှုပ်-တတ်၏၊ ပျံ့လွင့်တတ်၏။ ဩဘာသစသည်တို့တွင် တစ်ပါးပါးကို —

ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ။

= ဤသည်ကား ငါ့ဟာတည်း၊ ဤသည်ကား ငါဖြစ်၏၊ ဤသည်ကား ငါ၏ အတ္တတည်း။

ဤသို့ အဖန်တလဲလဲ ရှုတတ်၏။ (ဝိသုဒ္ဓိ-၂-၂၇၃-၂၇၄။)

## အရိယမဂ် ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားမှတ်သားခြင်း

အလျော်အားဖြင့် ဆိုရမူကား ကမ္မဋ္ဌာန်း၌ ကျွမ်းကျင်ခြင်းနှင့် ယှဉ်ခြင်းကြောင့် ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ လိမ္မာသော, ရင့်ကျက်သော ဉာဏ်ရှိသည်၏အဖြစ်ကြောင့် မှည့်ရင့်သော ပညာရှိသော, အာရုံပါဠိ နှံ့သိလိမ္မာသော, ဥပက္ကိလေသတို့၌ အပြစ်, ထိုဥပက္ကိလေသတို့ကို သုတ်သင်ခြင်း၌ အကျိုးကို သိသော ပညာနှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ဩဘာသစသည်တို့သည် ဖြစ်လာလတ်ကုန်သော် "ကမ္မဋ္ဌာန်း ပေးလိုက်သော ငါ၏ ဆရာသည် ကမ္မဋ္ဌာန်းပေးသော ကာလ၌ ဥဒယဗ္ဗယဉာဏ်ဖြစ်သော အခါဝယ် အကြင် ဩဘာသစသည်ကို ဖြစ်တတ်၏ဟူ၍ မှာတော်မူအပ်၏။ ငါ့အားစင်စစ် ထိုငါ့ဆရာ မှာလိုက်သော သဘောရှိသော ဤဝိုးဝိုးဝင်းဝင်း ထွန်းလင်းသော အရောင်အလင်း ဩဘာသသည် ဖြစ်ပေါ်လာလတ်ပြီ၊ ထိုဆရာ မှာလိုက်သော သဘောရှိသော ဤဩဘာသသည် —

၁။ ဖြစ်ပြီးလျှင် ပျက်တတ်သော မမြဲသော အနိစ္စ တရားတည်း။

၂။ အကြောင်းတရားတို့သည် ပြုပြင်အပ်သော သင်္ခတ တရားတည်း။

၃။ အကြောင်းတရားတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပန္န တရားတည်း။

၄။ ကုန်ခြင်းသဘော ရှိသော ခယဓမ္မတည်း။

၅။ ပျက်ခြင်းသဘော ရှိသော ဝယဓမ္မတည်း။

၆။ ကင်းပြတ်ခြင်း = ချုပ်ခြင်းသဘောရှိသော ဝိရာဂဓမ္မတည်း။

၇။ ချုပ်ပျက်ခြင်း သဘောရှိသော နိရောဓဓမ္မတည်း။

ဤသို့သော အခြင်းအရာအားဖြင့်မူလည်း ထိုဩဘာသကို ပညာဖြင့် ပိုင်းခြား၏၊ အဖန်တလဲလဲ စုံစမ်း ဆင်ခြင်၏။ (ဝိသုဒ္ဓိ-၂-၂၇၄။)

ရှုပုံစနစ်မှာ ဤသို့ဖြစ်၏။ အသင်သူတော်ကောင်းသည် ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသော ပရမတ် သင်္ခါရတရားတို့ကိုသာ လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုကောင်းသည်ဟူသော အချက်ကို မမေ့ပါနှင့်။ ဩဘာသဟူသည် အထက်တွင် အကြိမ်ကြိမ် ရှင်းပြခဲ့သည့်အတိုင်း အဇ္ဈတ္တ၌ စိတ္တဇဩဇဋ္ဌမကရုပ် ဥတုဇ ဩဇဋ္ဌမကရုပ်တို့၏, ဗဟိဒ္ဓ၌ ဥတုဇဩဇဋ္ဌမကရုပ်တို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ ထိုဩဇဋ္ဌမကရုပ်တို့တွင် ပါဝင်သော ဝဏ္ဏဓာတ် = ရူပါရုံ၏ လွန်လွန်ကဲကဲ တောက်ပမှုသာ ဖြစ်သည်။ ထိုကြောင့် ထိုဩဘာသ၌ ဓာတ်ကြီး လေးပါးကို မြင်အောင် စိုက်ရှုပါ။ ဤအဆင့်သို့ တိုင်အောင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းထားပြီးသော အသင်သူတော်ကောင်းတို့အဖို့ ယင်းဩဘာသ၌ တည်ရှိသော ဓာတ်ကြီး(၄)ပါးကို ဉာဏ်ဖြင့် မြင်အောင် စိုက်ရှု-လိုက်ပါက မကြာမီ ရုပ်ကလာပ်အမှုန်များကို တွေ့ရှိနိုင်ပါသည်။ ဓာတ်ကြီးလေးပါးကို စိုက်၍ ရှုနေသော်လည်း ဉာဏ်ဖြင့် တွေ့မြင်နေသော်လည်း ရုပ်ကလာပ်အမှုန်များကို လွယ်လွယ်ကူကူ မတွေ့မြင်ခဲ့သော် ယင်းဓာတ်ကြီး

(၄)ပါးတို့၏ အစိုင်အခဲ၌ အာကာသဓာတ်ကို မြင်အောင် ထိုးစိုက်၍ ရှုလိုက်ပါက ရုပ်ကလာပ် အမှုန်များကို တွေ့ရှိနိုင်ပါသည်။ ယင်းရုပ်ကလာပ်တို့မှာ စိတ္တဇသြဇဋ္ဌမကရုပ်, ဥတုဇသြဇဋ္ဌမကရုပ်တို့သာ ဖြစ်ကြ၏။ ယင်း သြဇဋ္ဌမက ရုပ်တို့ကို ပရမတ်သို့ ဆိုက်အောင် ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရှုပါ၊ ဓာတ်ခွဲပါ။ ယင်းရုပ်ပရမတ် တရားတို့ကိုသာ အနိစ္စဟု ရှုပါ။ သင်္ခတဟု။ပ။ ပဋိစ္စသမုပ္ပန္နဓမ္မ။ ခယဓမ္မ။ ဝယဓမ္မ။ ဝိရာဂဓမ္မ။ နိရောဓဓမ္မဟု အသီးအသီး ရှုပါ။ သြဘာသ = အရောင်အလင်း အတုံးလိုက် အခဲလိုက် အတိုင်းကား သန္တတိပညတ်, သမူဟ ပညတ်, သဏ္ဌာနပညတ် စသည့်ပညတ်တို့ မကွာသေးသဖြင့် ပညတ်နယ်မှာသာ တည်ရှိနေသေးသော ဃန အတုံးအခဲ ဖြစ်၏။ ဃနမပြိုသေးသည့် ယင်းသြဘာသ အတုံးအခဲကိုကား ဝိပဿနာ မရှုကောင်း၊ ပရမတ်ကိုသာ ဝိပဿနာ ရှုကောင်း၏။ သတိရှိစေ။

> တတ္ထ ပဌမနယေ အနိစ္စလက္ခဏဝိဘာဝနမေဝ ဒဿိတံ၊
> တသ္မိံ သိဒ္ဓေ ဣတရမ္ပိ လက္ခဏဒွယံ သိဒ္ဓမေဝ ဟောတိ။ (မဟာဋီ-၂-၄၃၃။)

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် သြဘာသကို ဝိပဿနာ ရှုရာ၌ နည်းနှစ်နည်း ဖွင့်ဆိုထားတော်မူ၏။ အထက်တွင် ရေးသားတင်ပြထားသော ဝိပဿနာရှုနည်းမှာ ပဌမနည်းဖြစ်၏။ ယင်းပဌမနည်း၌ အနိစ္စမှသည် နိရောဓဓမ္မသို့ တိုင်အောင် (၇)မျိုးသော ရှုကွက်မှာ အနိစ္စလက္ခဏာကိုသာလျှင် ထင်ထင်ရှားရှား ဖော်ပြခြင်းဖြစ်၏။ ထိုအနိစ္စ လက္ခဏာကို ရှုပွားမှုသည် ပြီးစီးခဲ့သော် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ နှစ်ပါးကို ရှုပွားမှုသည်လည်း ပြီးစီးတော့-သည်သာ ဖြစ်၏။

**သတိပြုရန်** — ရှေးတွင် အကြိမ်ကြိမ် ရှင်းပြခဲ့သည့်အတိုင်း အနိစ္စလက္ခဏာကား မာနစွဲကို ဖြိုဖျက်၏။ မာနစွဲကို တဒင်္ဂအားဖြင့်လည်းကောင်း, အကြွင်းမဲ့ သမုစ္ဆေဒအားဖြင့်လည်းကောင်း ဖြိုဖျက်ပြီးလျှင်ကား သင်္ခါရ တရားတို့၌ အနိစ္စလက္ခဏာကိုတင်ကာ ဝိပဿနာရှုပွားမှုသည်လည်း နေရာတကျ ပြီးစီးတော့၏။ ယင်းအနိစ္စာ-နုပဿနာဉာဏ်က မာနစွဲကို နေရာတကျ ဖြိုဖျက်နိုင်ရေး တဒင်္ဂသမုစ္ဆေဒအားဖြင့် ပယ်သတ်နိုင်ရေးမှာ ဒုက္ခာ-နုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အားပေး ထောက်ပံ့မှုကို ရရှိပါမှသာလျှင် အနိစ္စာနုပဿနာဉာဏ်က မာနစွဲကို ဖြိုဖျက်နိုင်၏။ ဒုက္ခာနုပဿနာဉာဏ် အနတ္တာ-နုပဿနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့်ကျေးဇူးပြုပေးမှု အားပေးထောက်ပံ့မှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသော အနိစ္စာနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာ၏ ရဲရင့်လာ၏ သန့်ရှင်းလာ၏။ ယင်းသို့ ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာသော အနိစ္စာနုပဿနာဉာဏ်ကသာလျှင် မာနစွဲကို ဖြိုဖျက်နိုင်၏ ပယ်သတ်နိုင်၏။ ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါထူးကို မဆက်ခံရသော အနိစ္စာနုပဿနာဉာဏ်သည် ထက်မြက်စူးရှမှု ရဲရင့်မှု သန့်ရှင်းမှု မရှိပေ။ ယင်းကဲ့သို့ မထက်မြက် မစူးရှ မရဲရင့် မသန့်ရှင်းသော အနိစ္စာနုပဿနာဉာဏ်က မာနစွဲကို မဖြိုခွဲနိုင်ပေ။ မာနစွဲကို ဖြိုခွဲနိုင်လောက်အောင် စွမ်းအင်သတ္တိ ပြည့်ဝလာသော အနိစ္စာနုပဿနာဉာဏ်သည် ဒုက္ခာနုပဿနာ-ဉာဏ် အနတ္တာနုပဿနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံနေရသည်သာ ဖြစ်၏။ ထို့ကြောင့် အနိစ္စဘာဝနာ၏ မာနစွဲကို ဖြိုဖျက်ခြင်း လုပ်ငန်းရပ် ပြီးစီးပါက သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုပွားမှု ဘာဝနာလုပ်ငန်းရပ်သည်လည်း ပြီးစီးပြီးသာ ဖြစ်တော့သည်ဟု မဟာဋီကာဆရာတော်က ဖွင့်ဆိုတော်မူခြင်း ဖြစ်၏။

(မဟာဋီ-၂-၄၃၃+၄၁၆-ကြည့်။)

ဤဖွင့်ဆိုချက် ညွှန်ကြားချက်များနှင့်အညီ အသင်သူတော်ကောင်းသည် သြဘာသကို ပရမတ်သို့ဆိုက် ရောက်အောင် ရုပ်တရားတို့ကို သိမ်းဆည်းလျက် ယင်းသြဘာသ၏ သြဇာလျှင် ရှစ်ခုမြောက်ရှိသော သြဇဋ္ဌမက

ရုပ်တရားတို့ကို အနိစ္စလက္ခဏာယာဉ်တင်၍ ဝိပဿနာရှုရုံတွင်သာမက ဒုက္ခလက္ခဏာယာဉ်, အနတ္တလက္ခဏာ-ယာဉ်တို့ကိုလည်း တင်၍ ဝိပဿနာရှုပါ။ ယင်းသို့ ရှုစေလိုသည့်အတွက် အဋ္ဌကထာဆရာတော်က နောက်ထပ် တစ်နည်း ထပ်၍ ဖွင့်ဆိုတော်မူပြန်သည်။ ဒုတိယနည်းပင်တည်း။

တစ်နည်း — ဩဘာသသည် အကယ်၍ အတ္တဖြစ်ငြားအံ့၊ အတ္တဟူ၍ စွဲယူခြင်းငှာ မှတ်ယူခြင်းငှာ ဖြစ်နိုင်ရာ၏၊ သို့သော် အနတ္တစင်စစ် ဖြစ်ပါလျက် ဤဩဘာသကို အတ္တဟူ၍ စွဲယူထားခြင်း ဖြစ်၏။ ထိုကြောင့် ထိုဩဘာသသည် အလိုသို့ လိုက်တတ်သောသဘော မရှိသည်၏ အဖြစ်ကြောင့် အနတ္တ မည်၏။ ရှေးက မရှိယခုမှ ရုတ်ခြည်းဖြစ်၍ အရှည်မတည် ပျက်စီးတတ်ရကား မရှိခြင်း အဘာဝသဘော ရှိသောကြောင့် အနိစ္စ မည်၏။ ဖြစ်ခြင်း ပျက်ခြင်းတို့သည် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်တည်းဟူသော အနက်သဘော-ကြောင့် ဒုက္ခမည်၏။ ဤသို့သော စိတ်သည် ဖြစ်ပေါ်လာ၏။ အလုံးစုံကို အရူပသတ္တက၌ ဖွင့်ဆိုအပ်ခဲ့သည့် နည်းအတိုင်း ချဲ့အပ်၏။ အလားတူပင် ကြွင်းသော (၉)ပါးသော ဥပက္ကိလေသတို့၌လည်း ချဲ့အပ်၏။
(ဝိသုဒ္ဓိ-၂-၂၇၄။)

ဤအထက်ပါ အဋ္ဌကထာ၏ ညွှန်ကြားတော်မူချက်နှင့်အညီ အသင်သူတော်ကောင်းသည် ဩဘာသ၌ တည်ရှိသော စိတ္တဇဩဇဋ္ဌမကရုပ် , ဥတုဇဩဇဋ္ဌမကရုပ်တို့ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာလျက် —

၁။ နေတံ မမ = ဤရုပ်တရားသည် ငါ့ဟာ မဟုတ်။
၂။ နေသောဟမသ္မိ = ဤရုပ်တရားသည် ငါ မဟုတ်။
၃။ န မေသော အတ္တာ = ဤရုပ်တရားသည် ငါ၏အတ္တ မဟုတ်။

ဤသို့ ဝိပဿနာ ရှုပါ။ တစ်နည်းဆိုရသော် ယင်းရုပ်တရားကို အနိစ္စဟု ရှုပါ။ ဒုက္ခဟု ရှုပါ။ အနတ္တဟု ရှုပါ။ ဉာဏ်မှစ၍ နိကန္တိတိုင်အောင်သော တရားတို့ကိုလည်း နည်းတူ ရှုပါ။

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် ဝိပဿနာဉာဏ်ဖြင့် စုံစမ်းဆင်ခြင်၍ ဩဘာသ အမည်ရသော ရုပ်တရားကိုလည်းကောင်း, ဉာဏ် ပီတိ ပဿဒ္ဓိ သုခ အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာန ဥပေက္ခာ နိကန္တိဟူသော ဥပက္ကိလေသတရားတို့ကိုလည်းကောင်း — နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ - ဟု , တစ်နည်း အနိစ္စဟု ဒုက္ခဟု အနတ္တ - ဟု လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်နိုင်၍ တွင်တွင်ကြီး ဝိပဿနာ ရှုနိုင်သဖြင့် တွင်တွင်ကြီး ဝိပဿနာရှုနိုင်ရကား ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်ဓာတ်သည် ဩဘာသ စသည်တို့-ကြောင့် တုန်လှုပ်မှု မရှိတော့ပေ။ စိတ်ပျံ့လွင့်မှု မရှိတော့ပေ။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့ စိတ်ပျံ့လွင့်ခြင်းသို့ မရောက်ရှိသည်ဖြစ်၍ အမျှသုံးဆယ် အပြားရှိသောထိုဥပက္ကိလေသတည်းဟူသော အမြေးအယှက်ကို သုတ်သင် ရှင်းလင်းနိုင်၏။ (ဝိသုဒ္ဓိ-၂-၂၇၄။)

ဩဘာသစသည့် ဥပက္ကိလေသတရားကို — နေတံ မမ - ဟု အဖန်တလဲလဲ ရှုသော ယောဂါဝစရပုဂ္ဂိုလ်-သည် တဏှာဂါဟ = ငါ့ဟာဟု စွဲယူသော တဏှာစွဲမှ စိတ်ကို စင်ကြယ်စေသည် မည်၏။ နေသောဟမသ္မိ -ဟု ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် မာနဂါဟ = ငါ-ငါဟု စွဲယူတတ်သော မာနစွဲမှ စိတ်ကို စင်ကြယ်စေသည် မည်၏။ န မေသော အတ္တာ - ဟု ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဒိဋ္ဌိဂါဟ = အတ္တရှိ၏ဟု စွဲယူတတ်သော ဒိဋ္ဌိစွဲမှ စိတ်ကို စင်ကြယ်စေသည် မည်၏။ တစ်နည်း — ယင်း ဥပက္ကိလေသဓမ္မ အသီးအသီးကို အနိစ္စဟု ရှုသော် မာနစွဲမှ, ဒုက္ခဟု ရှုသော် တဏှာစွဲမှ, အနတ္တဟု ရှုသော် အတ္တဒိဋ္ဌိစွဲမှ စိတ်ကို စင်ကြယ်စေသည် မည်၏။
(မဟာဋီ-၂-၄၃၄။)

ထိုသို့ ဥပက္ကိလေသတည်းဟူသော အမြေးအယှက်ကို သုတ်သင် ရှင်းလင်းနိုင်သည် ဖြစ်၍ ဩဘာသ စသော တရားတို့ကား အရိယာမဂ်တရား မဟုတ်ကုန်၊ ဥပက္ကိလေသ အမြေးအယှက်မှ လွတ်သော သင်္ခါရ တရားတို့၏ အဖြစ်-အပျက်ကို တွင်တွင်ရှုနေသော ဥဒယဗ္ဗယာနုပဿနာဉာဏ်၏ အစွမ်းဖြင့် ဝိပဿနာ ခရီး လမ်းမှန်ပေါ်သို့ မှန်မှန် သွားနေသော ဝိပဿနာဉာဏ်သည်သာလျှင် ဖြောင့်မှန်သော ခရီးတည်းဟု နိဗ္ဗာန်သို့ သွားရာ ခရီး ဟုတ်သည်ကိုလည်းကောင်း, ခရီး မဟုတ်သည်ကိုလည်းကောင်း ပိုင်းခြား မှတ်သား၏။ ထို ယောဂါဝစရပုဂ္ဂိုလ်၏ —

အယံ မဂ္ဂေါ၊ အယံ န မဂ္ဂေါ။

ဤကား လမ်းခရီးမှန်တည်း၊ ဤကား လမ်းခရီးမှန် မဟုတ်။

ဤသို့ လမ်းခရီးမှန် ဟုတ်သည်ကိုလည်းကောင်း, လမ်းခရီးမှန် မဟုတ်သည်ကိုလည်းကောင်း = မဂ် ဟုတ်သည်ကိုလည်းကောင်း, မဂ် မဟုတ်သည်ကိုလည်းကောင်း သိ၍ တည်သော ဉာဏ်သည် — **မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိ = မဂ် ဟုတ်သည် မဟုတ်သည်ကို သိတတ်သော မြင်တတ်သော ဉာဏ်၏ စင်ကြယ်ခြင်း** မည်၏ဟု သိပါလေ။ (ဝိသုဒ္ဓိ-၂-၂၇၄။)

## အကျိုးဂုဏ်အင် အာနိသင်

ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းသို့ တိုင်အောင် ဆိုက်ရောက်လာပြီးဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည် သစ္စာသုံးပါးကို ပိုင်းခြားမှတ်သားခြင်း = ပိုင်းပိုင်းခြားခြား သိခြင်းကို ပြုအပ်ပြီး ဖြစ်ပေသည်။ အဘယ်သို့ ဖြစ်လေသနည်း။ —

၁။ **ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်**ကို ရအပ်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ = အတ္တဒိဋ္ဌိတည်းဟူသော မိစ္ဆာအယူကို သုတ်သင်ခြင်း၌ ရှေးဦးစွာ နာမ်-ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြား မှတ်သားခြင်းဖြင့် = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းဖြင့် **ဒုက္ခသစ္စာ**ကို ဉာဏ်ဖြင့် ပိုင်းခြား မှတ်သားခြင်းကို = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းကို ပြုပြီး ဖြစ်တော့၏။ အကြောင်းမူ ဒုက္ခသစ္စာ၌ အကျုံးဝင်သော နာမ်-ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြား မှတ်သားခြင်း = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းကြောင့် ဖြစ်၏။

၂။ **ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်အမြင်**ကို ရအပ်သည်ရှိသော် အကြောင်းပစ္စည်းတရားကို ဉာဏ်ဖြင့် ပိုင်းခြား ယူခြင်း သိမ်းဆည်းခြင်းဖြင့် **သမုဒယသစ္စာ**ကို ဉာဏ်ဖြင့် ပိုင်းခြားမှတ်သားခြင်းကို = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းကို ပြုအပ်ပြီး ဖြစ်တော့၏။

၃။ ဤ **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်အမြင်**ကို ရအပ်သည် ရှိသော် အရိယမဂ်၏ အကြောင်းရင်းစစ် ဖြစ်သော ဝိပဿနာဉာဏ်ဟူသော လောကီမဂ်ကို ဉာဏ်ဖြင့် ပိုင်းခြားမှတ်သားခြင်း = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းဖြင့် **မဂ္ဂသစ္စာ**ကို ဉာဏ်ဖြင့် ပိုင်းခြားမှတ်သားခြင်း = ဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား သိခြင်းကို ပြုအပ်ပြီး ဖြစ်တော့၏။ ဤသို့လျှင် လောကီသာလျှင်ဖြစ်သော ဉာဏ်ဖြင့် ရှေးဦးစွာ သစ္စာသုံးပါးတို့ကို ပိုင်းခြားမှတ်သား-ခြင်းကို = ပိုင်းပိုင်းခြားခြား သိခြင်းကို ပြုအပ်ပြီး ဖြစ်တော့၏။ (ဝိသုဒ္ဓိ-၂-၂၇၄-၂၇၅။)

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။**

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ

## ဥပက္ကိလေသမှ လွတ်မြောက်သွားသော ဥဒယဗ္ဗယဉာဏ်

ဥပက္ကိလေသ အညစ်အကြေးမှ လွတ်သော ဝိပဿနာ ခရီးလမ်းမှန်ပေါ်သို့ သွားနေသော ဝိပဿနာဟု ဆိုအပ်သော ဝိပဿနာ၏ အပြီးအဆုံး အထွတ်အထိပ် အထွတ်အဖျားသို့ ရောက်နေသော — ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, သစ္စာနုလောမိကဉာဏ် = သစ္စာလေးပါးကို သိခြင်းအားလျော်သော အနုလောမဉာဏ် — ဤ (၉)တန်သော ဉာဏ်သည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။ (ဝိသုဒ္ဓိ -၂-၂၇၆။)

အဘယ်ကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်သနည်း? — သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း စသည်တို့ကို သိခြင်း အနက်သဘောကြောင့်လည်းကောင်း, ပစ္စက္ခအားဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်ခြင်း အနက်သဘောကြောင့်လည်းကောင်း ဥဒယဗ္ဗယဉာဏ်စသော (၉)ပါးကုန်သော ဝိပဿနာဉာဏ် တို့သည် **ဉာဏဒဿန** မည်ကုန်၏။ ထိုဉာဏဒဿနအမည်ရသော ယင်း (၉)မျိုးသော ဝိပဿနာဉာဏ်တို့သည် ပင်လျှင် နိစ္စသညာစသော ဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်သည်၏ အဖြစ်ကြောင့် **ဉာဏဒဿနဝိသုဒ္ဓိ**မည်၏။ ထို ဉာဏဒဿနဝိသုဒ္ဓိသည်ပင်လျှင် — ဤ ဉာဏဒဿနဝိသုဒ္ဓိဖြင့် အရိယမဂ်သို့ ရောက်အပ်သောကြောင့် အရိယမဂ်ကိုရအောင် ကျင့်အပ်သောကြောင့် အရိယမဂ်သည် ဖြစ်ပေါ်လာတတ်သောကြောင့် **ပဋိပဒါ**လည်း မည်၏။ ထို့ကြောင့် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။ (မဟာဋီ-၂-၄၃၅။)

သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတတ်သော ရှုန့်ရှင်း ရှုန့်ရှင်းသော မောဟတည်းဟူသော အမိုက်-တိုက် အမိုက်မှောင်ကို ကင်းစေခြင်း, ပယ်ဖျောက်ခြင်းဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်းငှာ လျော်သည်၏ အဖြစ်ကြောင့် **အနုလောမဉာဏ်**ကို **သစ္စာနုလောမိကဉာဏ်**ဟု ဆိုသည်။ ထို့ကြောင့် သစ္စာနုလောမိကဉာဏ်သို့ တိုင်အောင်သော (၉)ပါးသော ဝိပဿနာဉာဏ်ဟူသော **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**ကို ပြည့်စုံစေလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဥပက္ကိလေသအညစ်အကြေးမှ လွတ်သော ဥဒယဗ္ဗယဉာဏ်ကို အစပြု၍ ထို (၉)ပါးသော ဉာဏ်တို့၌ အားထုတ်ခြင်းကို ပြုအပ်၏။ (ဝိသုဒ္ဓိ-၂-၂၇၆။)

ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းသည် အဘယ်အကျိုးရှိသနည်းဟု အကယ်၍ မေးငြားအံ့။ — အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကို ကောင်းစွာ ပိုင်းခြားမှတ်သားနိုင်ခြင်း အကျိုးရှိ၏ဟု ဖြေဆိုလေရာ၏။ အကြောင်းကား ဤသို့တည်း။ ဥဒယဗ္ဗယဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ မတိုင်မီ အောက်ပိုင်း၌ (၁၀)ပါးကုန်သော ဥပက္ကိလေသတရား အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသည်ဖြစ်၍ မဖောက်မပြန် မိမိ၏သဘော မိမိ၏ကိစ္စအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကို ကောင်းစွာ မှတ်သားခြင်းငှာ မစွမ်းနိုင်-ခဲ့ပေ။ (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမှ အောက်ပိုင်းဖြစ်သော ဥဒယဗ္ဗယဉာဏ်သည် ဩဘာသစသည်တို့ ဖြစ်ခြင်း၏ အကြောင်းရင်းစစ် ဖြစ်သောကြောင့် ထက်မြက်စူးရှသည် သန့်ရှင်းသည်ကား မှန်၏၊ ထိုသို့ ထက်မြက် စူးရှ သန့်ရှင်းစွာ ဖြစ်ပင်ဖြစ်ငြားသော်လည်း တဏှာ-မာန-ဒိဋ္ဌိစသော ကိလေသာတို့သည် ညစ်နွမ်းစေအပ်သည် ဖြစ်သောကြောင့် ယင်း ဥဒယဗ္ဗယဉာဏ်သည် တုံးသည်သာလျှင် ဖြစ်၏၊ မသန့်ရှင်းသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ဤသို့ဆိုခြင်း ဖြစ်သည်။) သို့သော် ဥပက္ကိလေသအညစ်အကြေးမှ လွတ်သော ဥဒယဗ္ဗယဉာဏ်သည်-ကား လက္ခဏာရေးသုံးတန်ကို ကောင်းစွာ ပိုင်းခြားမှတ်သားခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် လက္ခဏာရေး သုံးတန်-ကို ကောင်းစွာ ပိုင်းခြားမှတ်သားနိုင်ခြင်း အကျိုးငှာ ဤဥဒယဗ္ဗယဉာဏ်၌ တစ်ဖန် ကြိုးစားအားထုတ်ခြင်းကို ပြုအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၇၆။) (မဟာဋီ-၂-၄၃၆။)

ဥဒယဗ္ဗယဉာဏ်မည်သည် သင်္ခါရတရားတို့၏ အဖြစ်-အပျက်ကိုသာလျှင် ရှုသည် မဟုတ်လော၊ အနိစ္စစသော လက္ခဏာသုံးပါးကို မရှုသည် မဟုတ်လော။ ထိုဥဒယဗ္ဗယဉာဏ်ဖြင့် အနိစ္စစသော လက္ခဏာ သုံးပါးကို ကောင်းစွာ ပိုင်းခြားမှတ်သားခြင်းသည် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ဖြစ်နိုင်ပါသနည်းဟု မေးဖွယ်ရာရှိ၏။ အဖြေကား ဤသို့တည်း။ —

၁။ "ဥဒယဗ္ဗယဉာဏ်သည် လက္ခဏာရေး သုံးတန်လျှင် အာရုံရှိသည်"ဟု ဤသို့ကား မမှတ်သင့်ပေ။ စင်စစ်မှာမူ သင်္ခါရတရားတို့၏ အဖြစ်-အပျက်ကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပြီးသည်ရှိသော် အနိစ္စလက္ခဏာသည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် ထင်ရှားပေါ်လွင်သည် ဖြစ်၍ ထင်လာ၏။ ထိုသို့ ထင်ခြင်းကြောင့် —

"ယဒနိစ္စံ၊ တံ ဒုက္ခံ။ ယံ ဒုက္ခံ၊ တဒနတ္တာ"။ (သံ-၂-၁၉ . . . )

= အကြင်တရားသည် အနိစ္စ ဖြစ်၏၊ ထိုတရားသည် ဒုက္ခ ဖြစ်၏။ အကြင်တရားသည် ဒုက္ခ ဖြစ်၏၊ ထိုတရားသည် အနတ္တ ဖြစ်၏။ (သံ-၂-၁၉ . . . )

ဤသို့လျှင် အနိစ္စလက္ခဏာမှ တစ်ပါးသော ဒုက္ခလက္ခဏာ အနတ္တလက္ခဏာသည်လည်း ထင်ရှားလာပေသည်။ (မဟာဋီ-၂-၄၃၆။)

ဖြစ်ပြီးလျှင် ပျောက်ပျက်သွားခြင်းဟူသော သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကား အနိစ္စလက္ခဏာတည်း၊ အနိစ္စဟု သိကြောင်း အမှတ်အသားတည်း။ ယင်းအနိစ္စအချက်ကို ဉာဏ်သက်ဝင်မိပါက သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အနှိပ်စက်ခံရမှု ဒုက္ခသဘောသည်လည်း ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်လာတော့သည်သာ ဖြစ်၏။ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အနှိပ်စက်ခံရမှုသဘောကို ရှင်းရှင်းကြီး သိမြင်နေပါက"ဤသင်္ခါရတရားသည် ဤသို့ ဖြစ်ပါစေ၊ ဤသို့ မပျက်ပါစေနှင့်"- ဤသို့စသည်ဖြင့် မိမိတို့တောင့်တသည့် အလိုဆန္ဒအတိုင်း မဖြစ်နိုင်မှု အဝသဝတ္တနဋ္ဌ အနတ္တသဘောကိုလည်းကောင်း, မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအနေဖြင့် တည်နေသည့် အတ္တသဘော၏ သင်္ခါရတရားတို့၌ တစိုးတစိမျှ မရှိသည့် အနတ္တသဘောကိုလည်းကောင်း ဉာဏ်အမြင် သက်ဝင်တော့သည်သာ ဟူလိုသည်။

၂။ တစ်နည်း — သင်္ခါရတရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း ဥဒယဗ္ဗယကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းဖြင့် —

(က) ဖြစ်ပေါ်ပြီး၍ မရှိသော အခြင်းအရာသည်လည်းကောင်း,

(ခ) ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အနှိပ်စက်ခံရသော အခြင်းအရာသည်လည်းကောင်း,

(ဂ) သင်္ခါရတရားတို့၏ မိမိတို့ တောင့်တသည့် အလိုအတိုင်း မဖြစ်သော အခြင်းအရာသည်လည်းကောင်း

ဤအခြင်းအရာ သုံးမျိုးလုံးသည် အထူးသဖြင့် ထင်ရှားလာ၏။ ထို့ကြောင့် သင်္ခါရတရားတို့၏ ဖြစ်မှု-ပျက်မှု ဥဒယဗ္ဗယကို နှလုံးသွင်းမှုသည် လက္ခဏာရေးသုံးတန် ထင်ရှားလာဖို့ရန် အကြောင်းရင်းစစ် ဧကန်ပင် ဖြစ်၏။ ထို့သို့ လက္ခဏာရေးသုံးတန် ထင်ရှားမှု၏ အကြောင်းရင်းစစ် ဖြစ်သောကြောင့် ဥဒယဗ္ဗယဉာဏ်၌ အားထုတ်ခြင်း၏ လက္ခဏာရေးသုံးပါးကို ကောင်းစွာ ပိုင်းခြားမှတ်သားခြင်း အကျိုးရှိသည်၏ အဖြစ်ကို သိရှိပါလေ။ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြုနိုင်ရုံမျှသာ သိအပ်သည် မဟုတ်ပေ။ (သင်္ခါရတရားတို့၏ ဖြစ်-ပျက်ကို မြင်ရုံမျှသာ ရှုနေသည် မဟုတ်၊ လက္ခဏာရေးသုံးတန် ထင်ရှားအောင် ရှုခြင်း ဖြစ်သည်ဟု သိရှိပါ ဟူလိုသည်။) (မဟာဋီ-၂-၄၃၆။)

## လက္ခဏာရေး သုံးတန် မထင်မှု ထင်မှု

လက္ခဏာရေး သုံးတန်တို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားသည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ မထင်ကုန်သနည်းဟူမူ —

အနိစ္စလက္ခဏာသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းတိုကို နှလုံးမသွင်းခြင်းကြောင့် ရုပ်သန္တတိ အစဉ်အတန်း နာမ်သန္တတိအစဉ်အတန်းဟူသော သန္တတိပညတ်သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ မထင်လာခြင်း ဖြစ်၏ = (သင်္ခါရတရားတို့၏ ဥဒယဗ္ဗယကို နှလုံးမသွင်းပါက သင်္ခါရတရားတို့ကို ဉာဏ်ဖြင့် ရှုရာဝယ် တစ်ဆက်တည်းထင်နေမည် ဖြစ်၏။ သန္တတိဃန ဖုံးသည်ဟု ခေါ်ဆို၏။ ယင်းသန္တတိဃနက ဖုံးလွှမ်းထားသောကြောင့် သင်္ခါရတရားတို့၏ အနိစ္စလက္ခဏာသည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ မထင်လာခြင်း ဖြစ်သည် ဟူလိုသည်။)

ဒုက္ခလက္ခဏာသည်ကား သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲမပြတ် အဖန်တလဲလဲ အနှိပ်စက်ခံရမှုကို နှလုံးမသွင်းခြင်းကြောင့် ခဏခဏ ပြုပြင်ပြောင်းလဲပေးနေသော ဣရိယာပုထ်တို့သည် ဖုံးလွှမ်းအပ်-သည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ မထင်လာခြင်း ဖြစ်၏။

အနတ္တလက္ခဏာသည်ကား အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ် ပရမတ္ထဓမ္မသဘာဝတို့ကို ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန နာမ်ဃန အသီးအသီးပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးလျက် ပရမတ္ထဓမ္မသဘာဝကို နှလုံးမသွင်းခြင်းကြောင့် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန နာမ်ဃနသည် ဖုံးလွှမ်းအပ်-သည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ မထင်လာခြင်းဖြစ်၏။ (အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ရုပ်ဃန နာမ်ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ဆိုက်အောင် နှလုံးမသွင်းခြင်းကြောင့် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲအဖြစ် အတုံးလိုက် အခဲလိုက် ထင်နေတတ်၏။ ယင်းသို့ အတုံးလိုက် အခဲလိုက် ထင်မြင်နေပါက ဃန အတုံးအခဲ အဖုံးလွှမ်းခံရသည်ဟု ဆိုသည်။ ဃန အဖုံးအလွှမ်း ခံရခြင်းကြောင့် အနတ္တလက္ခဏာသည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဟုတ်တိုင်းမှန်စွာ မထင်ရှားပေ ဟူလိုသည်။) (ဝိသုဒ္ဓိ-၂-၂၇၆။)

ရုပ်အစဉ်အတန်း အတုံးအခဲ, နာမ်အစဉ်အတန်း အတုံးအခဲဟူသော သန္တတိပညတ်သည် ဖုံးလွှမ်းထား-အပ်သည်၏ အဖြစ်ကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အနိစ္စလက္ခဏာသည် မထင်လာခြင်း ဖြစ်၏။ ထိုသန္တတိပညတ်သည်လည်း သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယကို နှလုံးမသွင်းခြင်းကြောင့် ဖုံးလွှမ်းတတ်ခြင်း ဖြစ်၏။ (အနိစ္စလက္ခဏာကို သန္တတိဖုံး၏ ဟူလိုသည်။)။ ခဏခဏ ပြုပြင်ပြောင်းလဲပေးနေသော ဣရိယာပုထ်တို့က ဖုံးလွှမ်းထားအပ်သည်၏ အဖြစ်ကြောင့် ဒုက္ခလက္ခဏာသည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိ-ဉာဏ်၌ မထင်လာခြင်းဖြစ်၏။ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အမြဲမပြတ် အဖန်တလဲလဲ အနှိပ်စက်ခံရခြင်းကို = ဖြစ်ခြင်း ပျက်ခြင်းတို့က သင်္ခါရတရားတို့ကို အမြဲမပြတ် အဖန်တလဲလဲ နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ထိုဣရိယာပုထ်တို့ကလည်း ဒုက္ခလက္ခဏာကို ဖုံးလွှမ်းတတ်ကြခြင်း ဖြစ်ကုန်၏။ (ဒုက္ခလက္ခဏာကို ဣရိယာပုထ် ဖုံး၏ ဟူလိုသည်။) ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော ဃနသည် ဖုံးလွှမ်းထားအပ်သည်၏ အဖြစ်ကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ အနတ္တလက္ခဏာသည် မထင်လာခြင်းဖြစ်၏။ ထိုဃနတို့သည်လည်း — အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ပရမတ်သို့ဆိုက်အောင် တစ်လုံးစီ တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းကို ပြု၍ နှလုံးမသွင်းခြင်းကြောင့် အနတ္တလက္ခဏာကို ဖုံးလွှမ်းတတ်ကြခြင်း ဖြစ်ကုန်၏။ (အနတ္တလက္ခဏာကို ဃနဖုံးသည် ဟူလိုသည်။) (မဟာဋီ-၂-၄၃၆ -၄၃၇။)

အလျော်အားဖြင့် ဆိုရမူ — သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယသဘောကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ သိမ်းဆည်း၍ ရုပ်အစဉ်အတန်း အတုံးအခဲ နာမ်အစဉ်အတန်း အတုံးအခဲဟူသော သန္တတိဃန အတုံးအခဲကို ဝိပဿနာဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးနိုင်ခဲ့သော် **အနိစ္စလက္ခဏာ**သည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏။ (ဝိသုဒ္ဓိ-၂-၂၇၆။)

ယောဂါဝစရပုဂ္ဂိုလ်သည် ရုပ်ကလာပ် နာမ်ကလာပ် အသီးအသီး အတွင်း၌ တည်ရှိသော ရုပ်ဓာတ် နာမ်ဓာတ် အသီးအသီးတို့၏ ပရမတ္ထဓမ္မသဘာဝသတ္တိတည်းဟူသော ကိုယ်ပိုင်သဘာဝလက္ခဏာကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်၍ ယင်းပရမတ္ထဓမ္မ သဘာဝသတ္တိတို့၏ ဥပါဒ်-ဌီ-ဘင် - ဟူသော ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံခိုက် ခဏတ္တယသမင်္ဂီ အတွင်း၌ ဖြစ်မှု ပျက်မှု = ဥပါဒ်စွန်း ဘင်စွန်းကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားယူနိုင်ခဲ့သော် ရှုမြင်နိုင်ခဲ့သော် ရုပ်အစဉ်အတန်း အတုံးအခဲ နာမ်အစဉ်အတန်း အတုံးအခဲ တည်းဟူသော သန္တတိ ဃနသည် ပြိုပြီဖြစ်၏။ သန္တတိဃန ပြိုသည်နှင့် တစ်ပြိုင်နက် သင်္ခါတရားတို့၏ ဥပါဒ်စွန်း ဘင်စွန်းကို မြင်သဖြင့် အနိစ္စလက္ခဏာသည်လည်း ထင်ရှားလာပေ၏။ သင်္ခါရတရားတို့၏ ဥဒယဗ္ဗယကို ရှုမြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဤသို့ထင်လာ၏။ "ဖြစ်ခြင်း အခိုက်အတန့်သည် ပျက်ခြင်း အခိုက်အတန့်သို့ မရောက်၊ ပျက်ခြင်း အခိုက်အတန့်သည်မူလည်း တစ်ဖန် ဖြစ်ခြင်း အခိုက်အတန့်သို့ မရောက်၊ ဖြစ်ခိုက်ခဏသည် တစ်ပါးတခြား သာတည်း၊ ပျက်ခိုက်ခဏသည် တစ်ပါးတခြားသာတည်း။"- ဤသို့ ထင်လာ၏။ ဤသို့လျှင် တစ်ခုတည်းသော သင်္ခါရတရားသည်သော်လည်း ခဏ၏ အစွမ်းဖြင့် ကွဲပြားသောအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်နိုင်တုံသေး၏၊ အတိတ်စသော သင်္ခါရတရားသည်ကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်း။ ထိုကြောင့် သင်္ခါရတရားတို့၏ ဥဒယဗ္ဗယကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် ရှုနိုင်၍ သန္တတိဃနကို ဖြိုခွဲဖျက်ဆီးနိုင်ခဲ့သော် = ရုပ်ကလာပ် နာမ်ကလာပ် တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ ဥပါဒ်စွန်း ဘင်စွန်းကို မြင်အောင် ရှုနိုင်ခဲ့သော် အနိစ္စလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏သဘောလက္ခဏာအားဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်းဖြစ်သည်။ ရှေ့နောက်အစဉ်အားဖြင့် ဖြစ်ကုန်သော သင်္ခါရဓမ္မတို့၏ တစ်ပါးစီ တစ်ပါးစီ၏ အဖြစ်ကို "ဤကား ပဉ္စဒွါရာဝဇ္ဇန်း, ဤကား စက္ခုဝိညာဏ်, ဤကား သမ္ပဋိစ္ဆိုင်း" စသည်ဖြင့် ကောင်းစွာ ပိုင်းခြားမှတ်သားခြင်းဖြင့် သန္တတိအစဉ်အတန်းကို ခွာအပ်သည်ကို 'သန္တတိဃနကို ဖြိုခွဲဖျက်ဆီးနိုင်သည် သန္တတိပညတ်ကို ခွာနိုင်သည် သန္တတိအဖုံး အပိတ်ကို ဖွင့်လှစ်နိုင်သည်'ဟု ဆိုသည်။ မှန်ပေသည် — သင်္ခါရတရားတို့၏ ဥဒယဗ္ဗယကို ဉာဏ်ဖြင့် ကောင်းစွာ ပိုင်းခြားမှတ်သားသော ယောဂါဝစရပုဂ္ဂိုလ်အား သင်္ခါရဓမ္မတို့သည် တစ်စပ်တည်းအားဖြင့် မထင်ကုန်၊ စင်စစ်သော်ကား သံချောင်းတို့ကဲ့သို့ အချင်းချင်း မစပ်သောအားဖြင့်သာလျှင် ထင်ကုန်သည်ဖြစ်၍ ကောင်းမွန်စွာလျှင် အနိစ္စလက္ခဏာသည် ထင်ရှား ဖြစ်သတည်း။ (မဟာဋီ-၂- ၄၃၇။)

အကြင်အကြင် သိမ်းဆည်းအပ်ပြီးသော ဥဒယဗ္ဗယ၏ အစွမ်းဖြင့် သင်္ခါရတရားတို့၏ အကြားအလပ် မရှိအောင် အမြဲမပြတ် တစ်စပ်တည်း တစ်ဆက်တည်း ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အနှိပ်စက်ခံရမှုသဘောကို နှလုံးသွင်း၍ ဣရိယာပုထ်၌ ရသင့်သော ဆင်းရဲ ဒုက္ခကို ဖုံးလွှမ်းတတ်သည်၏အဖြစ်ကို ခွာနိုင် နှုတ်နိုင် ဖွင့်လှစ်-နိုင်ခဲ့သည်ရှိသော် ဒုက္ခလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏။ (ဝိသုဒ္ဓိ-၂-၂၇၆။)

မှန်ပေသည် — တစ်ခုသော ဣရိယာပုထ်၌ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခကို ပယ်ဖျောက်တတ်သော အခြားတစ်မျိုးသော ဣရိယာပုထ်သည် ထိုဆင်းရဲဒုက္ခကို ဖုံးလွှမ်းသကဲ့သို့ ဖြစ်၏။ ဣရိယာပုထ်ကို ပြုပြင်ပြောင်းလဲ ပေးလိုက်ပါက ဖြစ်ပေါ်နေသော ဆင်းရဲဒုက္ခ၏ အတော်အသင့် သက်သာရာကို ရသွားသောကြောင့် ဖြစ်၏။

ကြွင်းသော ဣရိယာပုထ်တို့သည်လည်း ဤအတူပင်တည်း။ ထိုကြောင့် ဣရိယာပုထ်တို့၏ ထိုထိုဆင်းရဲဒုက္ခကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကို ဟုတ်တိုင်းမှန်စွာ သိအပ်သည်ရှိသော် ထိုဣရိယာပုထ်တို့၏ ဆင်းရဲ ဒုက္ခကို ဖုံးလွှမ်းတတ်သည်၏ အဖြစ်ကို ခွာအပ်သည် နှုတ်အပ်သည် ဖွင့်လှစ်အပ်သည် မည်ပေသည်။ အကြောင်းမှု-သင်္ခါရတရားတို့၏ အမြဲမပြတ် အကြားအလပ်မရှိအောင် ဆင်းရဲဒုက္ခဖြင့် ထိုးဆွနှိပ်စက် အပ်သည်၏ အဖြစ်၏ ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက် ခံရမှုသဘောကို နှလုံးသွင်း၍ ဣရိယာပုထ်ကို ခွာထားနိုင်ခဲ့သော် ဒုက္ခလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၃၇။)

ရုပ်ကလာပ် တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိသော ရုပ်ဓာတ်တို့ကို ဤကား ပထဝီဓာတ်, ဤကား အာပေါဓာတ်, ဤကား တေဇောဓာတ်, ဤကား ဝါယောဓာတ် စသည်ဖြင့်လည်းကောင်း, ပထဝီဓာတ်ကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ အာပေါဓာတ်ကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ တေဇောဓာတ်ကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ ဝါယောဓာတ်ကား တစ်မျိုးတခြား တစ်ပါးသာတည်း — ဤသို့ စသည်ဖြင့်လည်းကောင်း, စိတ္တက္ခဏ တစ်ခုတစ်ခုဟု ခေါ်ဆိုအပ်သော နာမ်ကလာပ်တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိသော နာမ်ဓာတ်တို့ကို ဤကား ဖဿ, ဤကား ဝေဒနာ, ဤကား သညာ, ဤကား စေတနာ, ဤကား ဝိညာဏ် စသည်ဖြင့်လည်းကောင်း, ဖဿကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ ဝေဒနာကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ သညာကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ စေတနာကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ ဝိညာဏ်ကား တစ်မျိုးတခြား တစ်ပါးသာတည်း — ဤသို့ စသည်ဖြင့်လည်းကောင်း အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာ၍ ရုပ်တရားတို့၏ သမူဟဃန ကိစ္စဃန, နာမ်တရားတို့၏ သမူဟဃန ကိစ္စဃန အာရမ္မဏ ဃနဟူသော ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးခြင်းကို ပြုလုပ်နိုင်ခဲ့သော် အနတ္တလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာပေ၏။ (ဝိသုဒ္ဓိ-၂-၂၇၆။ မဟာဋီ-၂-၄၃၇။)

ဝိပဿနာဉာဏ် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းဖြင့် မနင်းနယ် မကြိတ်ချေအပ်သေးသော သင်္ခါရတရား ရှိကုန်သော သူတို့သည် = သင်္ခါရတရားတို့ကို ပရမတ်သို့ဆိုက်အောင် ဝိပဿနာဉာဏ်ဖြင့် မကြိတ်ချေဖူးကုန်သော သူတို့သည်  သဟဇာတ အညမညစသော ပစ္စယသတ္တိတို့ဖြင့် အချင်းချင်း ထောက်ပံ့ထားအပ်ကုန်သော ရုပ်-ကလာပ် နာမ်ကလာပ်အနေအားဖြင့် အုပ်စုအလိုက်  ဖြစ်ပေါ်နေကြကုန်သော ရုပ်တရား နာမ်တရားတို့၌ ပထဝီ တစ်ခုတည်း အာပေါတစ်ခုတည်း တေဇောတစ်ခုတည်း ဝါယောတစ်ခုတည်း စသည်ဖြင့်လည်းကောင်း, ဖဿ တစ်ခုတည်း, ဝေဒနာတစ်ခုတည်း, သညာတစ်ခုတည်း, စေတနာတစ်ခုတည်း, ဝိညာဏ်တစ်ခုတည်း စသည်ဖြင့် လည်းကောင်း တစ်ခုတည်း၏ အဖြစ်ဖြင့် နှလုံးသွင်းသည်၏ အစွမ်းဖြင့် စွဲယူအပ်သော ယူဆထားသော အကြင် သမူဟဃန၏ အဖြစ်သည်လည်းကောင်း, ထို့အတူ ထိုထိုပထဝီ, ဖဿစသော သဘာဝဓမ္မတို့၏ ကိစ္စအထူး အပြား၏ အသီးအသီး ကိန်းသေ မှတ်အပ်သည်၏ အဖြစ်သည် ထင်ရှားရှိပါသော်လည်း ကိစ္စတစ်ခုစီ တစ်ခုစီဟု မကွဲပြားဘဲ ကိစ္စတစ်ခုတည်းအားဖြင့် စွဲယူအပ်သော ယူဆအပ်သော အကြင်ကိစ္စဃန၏ အဖြစ်သည်လည်း-ကောင်း, ထို့အတူ အာရုံကို ယူတတ်ကုန်သော သာရမ္မဏဓမ္မ အမည်ရသော နာမ်တရားတို့၏ အာရုံယူခြင်း၏ ထူးခြားကွဲပြားသည်၏ အဖြစ်သည် = အာရုံယူတတ်သော နာမ်တရားတို့၌ ဖဿ၏ အာရုံကိုတွေ့ထိသော အခြင်း အရာအားဖြင့် ဖြစ်ခြင်းသဘော, ဝေဒနာ၏ အာရုံ၏ အရသာကို ခံစားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း သဘော – ဤသို့ စသည်ဖြင့် အာရုံယူပုံ ထူးခြား ကွဲပြားသည်၏ အဖြစ်သည် ထင်ရှား ရှိပါသော်လည်း ဖဿ

ဝေဒနာ စသည်ဖြင့် ကွဲကွဲပြားပြား မထင်ဘဲ ပရမတ္ထဓာတ်သား တစ်ခုတည်း အနေအားဖြင့် စွဲယူအပ် ယူဆထားအပ်သော အကြင် အာရမ္မဏဃနသည်လည်းကောင်း ရှိ၏။ ထိုသုံးမျိုးကုန်သော ဃနတို့သည် ရုပ်ဓာတ် နာမ်ဓာတ်တို့၌ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ပရမတ်သို့ ဆိုက်အောင် ဥပါဒ်စွန်း ဘင်စွန်းကို မြင်အောင် အသီးအသီး ရှုအပ်ကုန်သည်ရှိသော် လက်ဖြင့် ဆုပ်နယ်အပ်သော ရေမြှုပ်ဆိုင် (= ရေမြှုပ်စိုင်)ကဲ့သို့ ကျေပျက်ခြင်းသို့ ရောက်သွားကြကုန်၏။ "မိမိ မိမိတို့၏ ဆိုင်ရာဆိုင်ရာ အကြောင်းတရားအားလျော်စွာ ဖြစ်ပေါ်လာကြကုန်သော ထိုရုပ်တရား နာမ်တရားတို့သည် အတ္တမှ ကင်းဆိတ်ကုန်၏၊ ရုပ်နာမ်ပရမတ္ထဓမ္မသဘာဝမျှသာ ဖြစ်ကြကုန်၏" ဤသို့သော အနတ္တလက္ခဏာဉာဏ်အမြင်သည် အထူးသဖြင့် ထင်ရှားလာပေ၏။ ထို့ကြောင့် အသီးအသီးသော ရုပ်ဓာတ် နာမ်ဓာတ်တို့ကို ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာ၍ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲတည်းဟူသော ရုပ်ဃန နာမ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးခြင်းကို ပြုလုပ်နိုင်ခဲ့သော် အနတ္တလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိ၏ သဘောလက္ခဏာအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာ၏ဟု အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၇၆။ မဟာဋီ-၂-၄၃၇။)

ဤအရာ၌ —

၁။ အနိစ္စ, အနိစ္စလက္ခဏာ,

၂။ ဒုက္ခ, ဒုက္ခလက္ခဏာ,

၃။ အနတ္တ, အနတ္တလက္ခဏာ —

ဤ (၆)မျိုးသော ခွဲခြားဝေဖန်မှုကို ယောဂါဝစရပုဂ္ဂိုလ်သည် သိထားသင့်ပေသည်။ ထိုတွင် —

**အနိစ္စ**ဟူသည် ဥပါဒါနက္ခန္ဓာ ငါးပါးတည်း။ အဘယ်ကြောင့်နည်းဟူမူ ယင်းဥပါဒါနက္ခန္ဓာတို့၌ —

၁။ နိဗ္ဗတ္တိလက္ခဏာဟူသော ဖြစ်ခြင်း ဥပါဒ်သဘော = ဇာတိသဘော,

၂။ ဝိပရိဏာမလက္ခဏာဟူသော ဖောက်ပြန်ပျက်စီးခြင်း ဘင်သဘော = မရဏသဘော,

၃။ အညထတ္တ = ဥပါဒ်သဘောမှ တစ်ပါးသော အခြင်းအရာအားဖြင့် ပြောင်းလဲ၍ ဖြစ်ခြင်း ဌီသဘော = ဇရာသဘော, —

ဤသဘောတရား သုံးပါးတို့သည် ထင်ရှားရှိကြကုန်၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဇာတိသဘော ဇရာသဘော မရဏသဘော ထင်ရှားရှိသည်၏ အဖြစ်ကြောင့် **အနိစ္စ** မည်၏။

တစ်နည်း — ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ရှေးကမရှိ ယခုမှ (= ဥပါဒ်ကာလသို့ ရောက်မှ) ရုတ်ခြည်းဖြစ်၍ အရှည်မတည် ပျက်စီးခြင်းကြောင့် အနိစ္စ မည်၏။ မဖြစ်မီ ရှေးမဆွက မရှိသေးခြင်း, ဖြစ်ပြီးနောက် ဘင်ခဏသို့ ရောက်က ဘင်ခဏဖြင့် ပျက်ပြီး၍ မရှိတော့ခြင်းကြောင့် **အနိစ္စ** မည်၏ဟု ဆိုလိုသည်။

(ဝိသုဒ္ဓိ-၂-၂၇၆-၂၇၇။ မဟာဋီ-၂-၄၃၈။)

ဖြစ်ခြင်းသဘော = ဇာတိသဘော, ပျက်ခြင်းသဘော = မရဏသဘော, ဖြစ်ခြင်း ပျက်ခြင်းမှ တစ်ပါးသော ဌီဟူသော ဇရာသဘော၏ အဖြစ်သည် **အနိစ္စလက္ခဏာ** မည်၏ = အနိစ္စဟု မှတ်ကြောင်း လက္ခဏာ မည်၏။ တစ်နည်း — ဖြစ်ပြီး၍ ပျက်ခြင်း = မရှိခြင်းဟု ဆိုအပ်သော ဖောက်ပြန်သော အခြင်းအရာထူးသည် **အနိစ္စလက္ခဏာ** မည်၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

ခန္ဓာငါးပါးတို့၏ ပျက်သော အခြင်းအရာကို ဖောက်ပြန်သော သဘောအားဖြင့် သိအပ်၏။ ယင်းပျက်သော အခြင်းအရာကား ဖောက်ပြန်သော သဘောဖြစ်သောကြောင့် ဖြစ်သောအခြင်းအရာ မဟုတ်ပေ။ ဤ၌ အာကာရဝိကာရဟူသည် အာကာရဝိသေသ = အခြင်းအရာအထူးတည်း။ မှန်ပေသည် — ဖြစ်ပြီး၍ မရှိခြင်း

ဟူသော အဘာဝသည် ပျက်စီးခြင်းဟူသော မရှိခြင်း အဘာဝသဘော ဖြစ်သောကြောင့် မဖြစ်မီ ရှေးမဆွက မရှိခြင်းဟူသော အဘာဝမှ ကွဲပြား၏။ ထိုဖြစ်ပြီး၍ မရှိခြင်း = ထိုပျက်ခြင်းဟူသော မရှိခြင်း၌လည်း အနိစ္စလက္ခဏာသည် ထင်၏။ မှန်ပေသည် — အနိစ္စအခြင်းအရာသည် ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့မှ ထူးခြားသကဲ့သို့ ဖြစ်မှု ဥပါဒ်အခြင်းအရာမှလည်း ထူးခြားပေ၏။ အသံ = သဒ္ဒရုပ်၏ ပျက်ခြင်းဟူသော မရှိခြင်း အဘာဝကို သဒ်တ၏ အဖြစ်ဖြင့် ပြီးစီးစေအပ်၏။ သဒ်တ၏ အဖြစ်သည်လည်း ပရမတ္ထတရားကိုယ် အနက်သဘောအားဖြင့် ဖြစ်မှု ဥပါဒ်ရှိသည်၏ အဖြစ်ပေတည်း။ ဥပါဒ်သည်လည်း မဖြစ်မီ ရှေးမဆွက မရှိခြင်းဖြင့် ပြီးစေအပ်သော ထင်ရှားရှိသော အခိုက်အတန့်ပင်တည်း။ ဤနည်းဖြင့် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကိုလည်း သိရှိပါလေကုန်။ (မဟာဋီ-၂-၄၃၈။)

ယဒနိစ္စံ တံ ဒုက္ခံ = အနိစ္စဖြစ်သော သဘောတရားသည် ဒုက္ခ မည်၏။ (သံ-၂-၁၉ . . . ) ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူသောကြောင့် ထိုအနိစ္စဖြစ်သော ခန္ဓာငါးပါးအပေါင်းသည်ပင်လျှင် **ဒုက္ခ** မည်၏။ အဘယ်ကြောင့်နည်းဟူမူကား — ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲမပြတ် အဖန်တလဲလဲ နှိပ်စက် ညှဉ်းဆဲအပ်သည်၏ အဖြစ်ကြောင့် ဒုက္ခမည်၏။ ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲမပြတ် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲသော အခြင်းအရာသည် **ဒုက္ခလက္ခဏာ** = ဒုက္ခဟု မှတ်ကြောင်းလက္ခဏာ မည်၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

ယံ ဒုက္ခံ တဒနတ္တာ = ဒုက္ခမည်သော တရားသည် အနတ္တမည်၏။ (သံ -၂-၁၉ . . . )ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူသောကြောင့် ဒုက္ခမည်သော ခန္ဓာငါးပါးအပေါင်းသည် **အနတ္တ**မည်၏။ အဘယ်ကြောင့်နည်းဟူမူကား — တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ = အတ္တ၏ အလိုသို့ မလိုက်ခြင်းကြောင့်တည်း။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ = အတ္တ၏ အလိုသို့ မလိုက်ပါသော အခြင်းအရာသည် အနတ္တလက္ခဏာ = အနတ္တဟု မှတ်ကြောင်းလက္ခဏာ မည်၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

တစ်နည်း — နိစ္စသဘောကို ပယ်ခြင်းကြောင့် အနိစ္စမည်သကဲ့သို့ နိစ္စအခြင်းအရာကို ပယ်ခြင်းကြောင့် ဆိုအပ်ခဲ့ပြီးသော ဖြစ်ပြီးနောက် မရှိခြင်း = အဘာဝအခြင်းအရာဟု ဆိုအပ်သော အနိစ္စအခြင်းအရာသည် **အနိစ္စလက္ခဏာ** မည်၏။ အလားတူပင် သုခသဘောကို ပယ်ခြင်းကြောင့် ဒုက္ခမည်ရကား သုခအခြင်းအရာကို ပယ်ခြင်းကြောင့် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အဖန်တလဲလဲ ညှဉ်းပန်းနှိပ်စက်သော အခြင်းအရာဟု ဆိုအပ်သော ဒုက္ခအခြင်းအရာသည် **ဒုက္ခလက္ခဏာ** မည်၏။ ထို့အတူ အတ္တသဘောကို ပယ်ခြင်းကြောင့် အနတ္တမည်ရကား အတ္တအခြင်းအရာကို ပယ်ခြင်းကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ = အတ္တ၏ အလိုအကြိုက်သို့ မလိုက်ပါသော အခြင်းအရာဟု ဆိုအပ်သော အနတ္တအခြင်းအရာသည် **အနတ္တလက္ခဏာ**မည်၏ဟု မှတ်သားပါ။ (မဟာဋီ-၂-၄၃၈။)

## တဇ္ဇာပညတ်

တေ ယိမေ တယောပိ အာကာရာ အသဘာဝဓမ္မတ္တာ ခန္ဓပရိယာပန္နာ န ဟောန္တိ။ ခန္ဓေဟိ ဝိနာ အနုပလဗ္ဘနီယတော ခန္ဓဝိနိမုတ္တာပိ န ဟောန္တိ။ ခန္ဓေ ပန ဥပါဒါယ ဝေါဟာရဝသေန လဗ္ဘမာနာ တဒါဒီနဝဝိဘာဝနာယ ဝိသေသကာရဏဘူတာ တဇ္ဇာပညတ္တိဝိသေသာတိ ဝေဒိတဗ္ဗာ။ (မဟာဋီ-၂-၄၃၈။)

လက္ခဏံ နာမ ပညတ္တိဂတိကံ နဝတ္တဗ္ဗဓမ္မဘူတံ။ (အဘိ-ဋ္ဌ-၁-၂၆၉။)

အနိစ္စတာ ဒုက္ခတာ အနတ္တတာတိ ဟိ ဝိသုံ ဂယှမာနံ လက္ခဏံ **ပညတ္တိဂတိကံ** ပရမတ္ထတော အဝိဇ္ဇမာနံ၊ အဝိဇ္ဇမာနတ္တာ ဧဝ ပရိတ္တာဒိဝသေန **နဝတ္တဗ္ဗဓမ္မဘူတံ**။ (မူလဋီ-၁-၁၁၅။)

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဟူသော သုံးပါးကုန်သော လက္ခဏာတို့သည် သဘာဝဓမ္မ မဟုတ်သောကြောင့် ခန္ဓာ၌ အတွင်းဝင်ကုန်သည် = ခန္ဓာ၌ အကျုံးဝင်ကုန်သည် မဖြစ်ကုန်။ ခန္ဓာနှင့်လည်း ကင်း၍ မရအပ်သောကြောင့် ခန္ဓာမှ လွတ်ကုန်သည်လည်း မဖြစ်ကုန်။ ခန္ဓာတို့ကိုကား အစွဲပြု၍ ဝေါဟာရအားဖြင့် ရအပ်သော ခန္ဓာတို့၏ ဖောက်ပြန်ပျက်စီးခြင်း အပြစ်အာဒီနဝကို ထင်ရှားစွာပြခြင်း၏ ထူးကဲသော အကြောင်း ဖြစ်သော **တဒ္ဒာပညတ်အထူး** = ထိုခန္ဓာတို့ကြောင့် ဖြစ်ပေါ်လာသော ပညတ်အထူးဟူ၍ မှတ်သားအပ်၏။ (မဟာဋီ-၂-၄၃၈။)

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဟူသော လက္ခဏာရေးသုံးတန် မည်သည် ပညတ်နှင့် အလားတူ၏။ ကာမာဝစရတရား ရူပါဝစရတရား အရူပါဝစရတရား လောကုတ္တရာတရားဟူ၍ မဆိုထိုက်သော နဝတ္တဗ္ဗဓမ္မ ဖြစ်၏။ (အဘိ-ဋ္ဌ-၁-၂၆၉။)

အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာဟူသော လက္ခဏာကို ယင်းလက္ခဏာချည်း သက်သက် ကွက်၍ ယူခဲ့သော် လက္ခဏာဟူသည် ပညတ်နှင့် အလားတူ၏။ ပရမတ္ထအားဖြင့် ထင်ရှား မရှိ။ ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့်ပင်လျှင် ကာမာဝစရတရားစသည်တို့၏ အစွမ်းဖြင့် မဆိုသင့် မဆိုထိုက်သော နဝတ္တဗ္ဗဓမ္မ ဖြစ်၏။ ( မူလဋီ-၁-၁၁၅။ )

ထိုအလုံးစုံသော လက္ခဏာရေး သုံးပါး အပေါင်းကိုလည်းကောင်း, ထိုလက္ခဏာရေး သုံးတန်ဖြင့် ပိုင်းခြား မှတ်သားအပ်သော အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ခန္ဓာငါးပါးအပေါင်းကိုလည်းကောင်း ဤဥဒယဗ္ဗယဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ဥပက္ကိလေသ အညစ်အကြေးတို့မှ လွတ်မြောက်သော ဝိပဿနာခရီး လမ်းမှန်ပေါ်သို့ သွားနေသော ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် မဖောက်မပြန် ဟုတ်မှန်သော မိမိ၏ သဘော လက္ခဏာအားဖြင့် ကောင်းစွာ ပိုင်းခြားမှတ်သား၏။ ကောင်းစွာ ပိုင်းခြားမှတ်သားပါလေ။ (ဝိသုဒ္ဓိ-၂-၂၇၇။)

"ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် မဖောက်မပြန် ဟုတ်မှန်သော မိမိ၏ သဘောလက္ခဏာအားဖြင့် ကောင်း-စွာ ပိုင်းခြားမှတ်သား၏" ဟူသော စကားကို ဖလူပစာရအားဖြင့် ဆိုအပ်သတည်း။ ဥဒယဗ္ဗယဉာဏ် အကျိုးငှာ ဖြစ်စေအပ်သော လက္ခဏာရေးသုံးတန်လျှင် အာရုံရှိသော လက္ခဏာရမ္မဏိကဝိပဿနာကို ဥဒယဗ္ဗယဉာဏ်ဟု ဆိုထားသောကြောင့်တည်း။ မှန်ပေသည် — ဥဒယဗ္ဗယဉာဏ်သည် ဒုက္ခလက္ခဏာ အစရှိသည်လျှင် အာရုံ ရှိသည်ကား မဟုတ်ပေ။ တစ်နည်းဆိုသော် – ထိုဒုက္ခလက္ခဏာစသည်လျှင် အာရုံရှိသည်၏ အဖြစ်သည် ထင်ရှား ရှိလတ်သော် ဥဒယဗ္ဗယဉာဏ်မည်သည်သာလျှင် မဖြစ်လေရာ။ စင်စစ်သော်ကား ဥဒယဗ္ဗယဉာဏ်ကို ထက်မြက် စူးရှသည်ကိုလည်းကောင်း, သန့်ရှင်းသည်ကိုလည်းကောင်း ပြုခြင်းငှာအလိုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် လက္ခဏာရေး သုံးပါးအပေါင်းကို စူးစမ်းခြင်းကိုသာလျှင် = သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း, ဒုက္ခအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟုလည်း-ကောင်း, အနတ္တအခြင်းအရာကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း ဆုံးဖြတ်ခြင်းကိုသာလျှင် ပြုသင့် ပြုထိုက်ပေ၏။ မှန်ပေသည် — ဤလက္ခဏာရေး သုံးပါးအပေါင်းကို စူးစမ်းဆင်ခြင် ဆုံးဖြတ်တတ်သော ဉာဏ်သည် ထို ဥဒယဗ္ဗယဉာဏ်၏ ပရိကံနှင့် တူပေ၏ (= ဥဒယဗ္ဗယဉာဏ် ရရှိဖို့ရန် စီးဖြန်းမှုကို ပရိကံဟု ဆိုသည်)။ ကြွင်းသော အထက်ပိုင်း ဉာဏ်တို့၌လည်း ဤနည်းပင်တည်း။ (မဟာဋီ-၂-၄၃၈-၄၃၉။)

## လက္ခဏာယာဉ်ကို တင်ပါ

ဥဒယဗ္ဗယဉာဏ်သည် ဒုက္ခလက္ခဏာစသည်လျှင် အာရုံရှိသည်ကား မဟုတ်၊ သင်္ခါရတရားတို့၏ ဖြစ်-ပျက်ကိုသာ အာရုံယူသော ဉာဏ်ဖြစ်၏။ သို့သော် အသင်သူတော်ကောင်းသည် ဥဒယဗ္ဗယဉာဏ်ကို ရရှိလိုပါက အထက်ပါ အဋ္ဌကထာဋီကာတို့၏ ညွှန်ကြားချက်နှင့်အညီ သင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီ တင်၍သာ တွင်တွင်ကြီး ဝိပဿနာရှုပါ။ ထိုသို့ တွင်တွင်ကြီး ဝိပဿနာရှုခဲ့သော် ဥဒယဗ္ဗယဉာဏ်အမြင်သည် ထက်မြက်စူးရှလာမည် သန့်ရှင်းလာမည်သာ ဖြစ်ပေသည်။ ထိုသို့ ရှုရာ၌ —

၁။ ရုပ်ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုခြင်းဟူသော ကာယာနုပဿနာနည်း,

၂။ ဝေဒနာကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုခြင်းဟူသော ဝေဒနာနုပဿနာနည်း,

၃။ အသိစိတ် ဝိညာဏ်ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုခြင်းဟူသော စိတ္တာ-နုပဿနာနည်း,

၄။ ဖဿကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုခြင်းဟူသော ဓမ္မာနုပဿနာနည်း, ခန္ဓာ (၅)ပါးနည်း, အာယတန (၁၂)ပါးနည်း, ဓာတ် (၁၈)ပါးနည်း, ပဋိစ္စသမုပ္ပါဒ်နည်း, သစ္စဒေသနာတော်နည်း ဤသို့စသော ဓမ္မာနုပဿနာနည်း —

ဤ နည်းအမျိုးမျိုးတို့ဖြင့် မိမိ အလိုရှိသလို ဝိပဿနာ ရှုနိုင်ပေသည်။ ထိုသို့ ရှုဖန်များလတ်၍ အသင် သူတော်ကောင်း၏ ဝိပဿနာဉာဏ်သည် ထက်မြက်စူးရှလာသောအခါ ပစ္စုပ္ပန်တွင် —

၁။ ရံခါ ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း,

၂။ ရံခါ နာမ်တရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း,

၃။ ရံခါ ရုပ်-နာမ် နှစ်မျိုးလုံးတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း,

ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေး သုံးတန်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ (၆)လိုင်းလုံး၌ တည်ရှိသော ရုပ်နာမ်တို့ကို နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြထားသည့်အတိုင်း ကုန်စင်အောင် ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ရှုပါ။ ဗဟိဒ္ဓကိုရှုရာ၌ အနီးမှသည် အဝေးသို့ တစ်စ တစ်စ တိုး၍ (၃၁)ဘုံကို ခြုံမိ ငုံမိအောင် ရှုပါ။ စွမ်းနိုင်ပါက အနန္တစကြဝဠာသို့တိုင်အောင် ဖြန့်ကြက်၍ ရှုပါ။ အနိစ္စလက္ခဏာကို တင်၍ အခေါက်ပေါင်းများစွာ, ဒုက္ခလက္ခဏာကို တင်၍ အခေါက်ပေါင်းများစွာ, အနတ္တလက္ခ-ဏာကို တင်၍ အခေါက်ပေါင်းများစွာ ရှုပါ။ ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှင်းရှင်းကြီး သိမြင်ရ၍ အားရကျေနပ်မှု ရရှိသောအခါ မိမိ သိမ်းဆည်းထားသမျှ အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်, ပစ္စုပ္ပန်မှသည် အနာဂတ်ဆုံးသည်အထိ —

၁။ ရုပ်သက်သက်ကို,

၂။ နာမ်သက်သက်ကို,

၃။ ရုပ်-နာမ် နှစ်မျိုးလုံးကို တွဲ၍

ယင်း ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ အခေါက်ပေါင်းများစွာ ရှုနိုင်ဖို့ကား အလွန်အရေးကြီးလှ၏။ အတိတ်ခန္ဓာ ပစ္စုပ္ပန်ခန္ဓာ အနာဂတ်ခန္ဓာတို့အပေါ်၌ အစွဲကြီး စွဲနေသော တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ကို ဖြိုခွဲနေသော လုပ်ငန်းရပ်ကြီးပင် ဖြစ်ပေသည်။

## ဣရိယာပထ – သမ္ပဇည ရှုကွက်

ဤဝိပဿနာပိုင်း၌ ဣရိယာပထရှုကွက် သမ္ပဇညရှုကွက်တို့ကို ဆက်လက်၍ တင်ပြအပ်ပါသည်။ သွား-ရပ်-ထိုင်-လျောင်း-ကွေး-ဆန့်စသော ဣရိယာပထအခိုက် သမ္ပဇညအခိုက်တို့၌ ခန္ဓာငါးပါးကို ဉာဏ်ဖြင့် ပိုင်းခြားယူပုံ သိမ်းဆည်းပုံကို ရုပ်ကမ္မဋ္ဌာန်းပိုင်း နာမ်ကမ္မဋ္ဌာန်းပိုင်းတို့တွင် ရေးသားတင်ပြခဲ့၏။ ဤဉဒယဗ္ဗယဉာဏ်သို့တိုင်အောင် အဆင့်ဆင့် အောင်မြင်စွာ ကြိုးပမ်းလာသော အသင်သူတော်ကောင်းသည်လည်း ယင်းခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်ပြီး ဖြစ်ပေမည်။ ဤတွင် ရှုပုံစနစ်ကို ဆက်လက်တင်ပြအပ်ပါသည်။

အသင်သူတော်ကောင်းသည် စင်္ကြံတစ်နေရာ၌ ရှေးဦးစွာ မတ်တတ်ရပ်လျက် သမာဓိကို ထူထောင်ပြီးလျှင် ရုပ်တရားတို့ကို သိမ်းဆည်းပါ။ ထိုနောင် နာမ်တရားတို့ကို ဆက်လက်သိမ်းဆည်းပါ။ ထိုနောင် အနည်းငယ်သွားကြည့်ပါ။

၁။ သယ်ဆောင်တတ်သော ရုပ်တရား (= ဣရိယာပထရုပ်),

၂။ အသယ်ဆောင်ခံရသော ရုပ်တရား (= စတုသမုဋ္ဌာနိကရုပ်) —

ဤ ရုပ်တရားတို့ကို သိမ်းဆည်းပါ။ ထိုတွင် ကာယဝိညတ် လဟုတာ မုဒုတာ ကမ္မညတာ အာကာသဓာတ်စသော ရုပ်အတုတို့ကို အာရုံမယူဘဲ ရုပ်အစစ်တို့ကို အာရုံယူ၍ ယင်းရုပ်တရားတို့၏ ဖြစ်ပြီး ပျက်သည့်သဘောကို အာရုံယူ၍ အနိစ္စဟု ရှုပါ။ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့် သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟု ရှုပါ။ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေ-သည့် အတ္တ မရှိသည့်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟု ရှုပါ။

ရုပ်တရားသက်သက်ကို ဝိပဿနာရှု၍ အောင်မြင်မှု ရရှိသောအခါ စင်္ကြံသွားခြင်း ဣရိယာပုထ်ကို ဖြစ်စေ-တတ်သော အကြောင်းရင်းဖြစ်သော မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ကိုလည်း အလားတူပင် လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။

အာလောကိတေ ဝိလောကိတေ = တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာ၌ သိမ်းဆည်းထားသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုလည်း သိမ်းဆည်းလျက် လက္ခဏာယာဉ်ကိုတင်ကာ ပုံစံတူပင် ဝိပဿနာရှုပါ။ အလားတူပင် စင်္ကြံသွားခိုက်၌ အာရုံ (၆)ပါးကို ထိုက်သလို အာရုံပြု၍ ဖြစ်ပေါ်လာကြကုန်သော စက္ခုဒွါရဝီထိ မနောဒွါရဝီထိ, သောတဒွါရဝီထိ မနောဒွါရဝီထိ, ဃာနဒွါရဝီထိ မနောဒွါရဝီထိ, ဇိဝှါဒွါရဝီထိ မနောဒွါရဝီထိ, ကာယဒွါရဝီထိ မနောဒွါရဝီထိ, မနောဒွါရဝီထိ — ဤဝီထိ နာမ်တရားစုတို့ကိုလည်းကောင်း, ယင်းတရားစုတို့၏ မှီရာဝတ္ထုရုပ်များနှင့် အာရုံရုပ်တို့ကိုလည်းကောင်း သိမ်းဆည်း၍ ယင်းရုပ်တရား နာမ်တရားတို့ကိုလည်း လက္ခဏာ-ယာဉ် သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပါ။ ကွေးခိုက် ဆန့်ခိုက် သပိတ်သင်္ကန်းကို ဆောင်ခိုက် စားခိုက် သောက်ခိုက်စသော ထိုထိုသမ္ပဇဉ်ပိုင်းဆိုင်ရာ အခိုက်အတန့်တို့၌လည်း ရုပ်-နာမ်တို့ကို သိမ်းဆည်းလျက် အလားတူပင် ဝိပဿနာရှုပါ။

၁။ ရုပ်သက်သက်ကိုလည်းကောင်း,

၂။ နာမ်သက်သက်ကိုလည်းကောင်း,

၃။ ရုပ်နှင့်နာမ်ကို တွဲ၍လည်းကောင်း —

လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ အတိတ်-အနာဂတ်-ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ-ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးလုံး၌ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုပါ။ ခန္ဓာ

ငါးပါးနည်း, အာယတန တစ်ဆယ့်နှစ်ပါးနည်းစသည်တို့ဖြင့်လည်း ဆက်လက်၍ ဝိပဿနာရှုပါ။ ထိုသို့ ရှုရာ၌ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကို မြင်ခဲ့သော် အားရကျေနပ်မှု ရခဲ့သော် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံစသော အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးရုပ်နာမ်တို့ ထင်ရှားဖြစ်ပေါ်လာပုံ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ —

၁။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ – ဤသို့စသည်ဖြင့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကိုလည်းကောင်း,

၂။ အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ – ဤသို့စသည်ဖြင့် အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံကိုလည်းကောင်း,

၃။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ – ဤသို့စသည်ဖြင့် အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရား ချုပ်ပုံကိုလည်းကောင်း ဉာဏ်ဖြင့် မြင်အောင် ရှုပါ။

၄။ အကြောင်းတရား အကျိုးတရား နှစ်မျိုးလုံးတို့၏ ဖြစ်မှု ပျက်မှုသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍လည်း ဝိပဿနာရှုပါ။

ကာလသုံးပါး, သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ ရံခါ အသုဘသဘောကိုလည်း ရှုပါ။ လက္ခဏာရေးသုံးပါးလုံးကို အကွက်စေ့အောင် ရှုပြီးသောအခါ ကြိုက်ရာ လက္ခဏာတစ်ပါးကို ဦးစားပေး၍ ဝိပဿနာရှုနိုင်ပေသည်။ တစ်ဖန်

(၁) ဝတ္ထု - ဖြစ်-ပျက်-အနိစ္စ။ ။ (၂) အာရုံ - ဖြစ်-ပျက်-အနိစ္စ။ ။ (၃) ဝေဒနာ - ဖြစ်-ပျက်-အနိစ္စ။ (ဝေဒနာနုပဿနာ)

(၁) ဝတ္ထု - ဖြစ်-ပျက်-အနိစ္စ။ ။ (၂) အာရုံ - ဖြစ်-ပျက်-အနိစ္စ။ ။ (၃) ဝိညာဏ် - ဖြစ်-ပျက်-အနိစ္စ။ (စိတ္တာနုပဿနာ)

(၁) ဝတ္ထု - ဖြစ်-ပျက်-အနိစ္စ။ ။ (၂) အာရုံ - ဖြစ်-ပျက်-အနိစ္စ။ ။ (၃) ဖဿ - ဖြစ်-ပျက်-အနိစ္စ။ (ဓမ္မာနုပဿနာ) — ဤသို့ စသည်ဖြင့် လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်လျက်လည်း ဝိပဿနာ ရှုနိုင်ပေသည်။ (ရှင်းလင်းချက်ကို ဘင်္ဂါနုပဿနာဉာဏ်ခန်း -၂၉၃-၂၉၄-တွင် ကြည့်ပါ။)

ဤသို့လျှင် ဣရိယာပုထ်လေးပါးလုံး၌ သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ လက္ခဏာရေးသုံးတန်ကိုလည်း တစ်လှည့်စီ တင်ကာ တွင်တွင်ကြီး ဝိပဿနာ ရှုနိုင်သော် အသင်သူတော်ကောင်း၏ ဥဒယဗ္ဗယာနုပဿနာဉာဏ်အမြင်သည် ထက်မြက်သည်ထက် ထက်မြက် သန့်ရှင်းသည်ထက် သန့်ရှင်း၍ လာပေမည်။ ယင်းသို့ ထက်မြက်သန့်ရှင်း၍ ရံရင့်လာသောအခါ သင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံး မသွင်းတော့ဘဲ အပျက်သက်သက်ကိုသာ တစ်ဖက်သတ် နှလုံးသွင်းလိုက်ပါက အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ အဖြစ်ကို မမြင်တော့ဘဲ အပျက်သက်သက်ကိုသာ တစ်ဖက်သတ် မြင်သည့် ဘင်္ဂဉာဏ်ဘက်သို့ တဖြည်းဖြည်း ကူးသွားမည် ဖြစ်ပေသည်။ ထိုအခါ အသင်သူတော်ကောင်း၏ ဥဒယဗ္ဗယာနုပဿနာဉာဏ်သည် ဆုံးခန်းတိုင်သို့ ရောက်ရှိသွားပြီ ဖြစ်ပေသတည်း။

**ဥဒယဗ္ဗယဉာဏ်ခန်း ပြီး၏။**

# ဘင်္ဂါနုပဿနာဉာဏ်ခန်း

## ဘင်္ဂါနုပဿနာဉာဏ်ဟူသည်

တဿေဝံ သလ္လက္ခေတွာ ပုနပ္ပုနံ “အနိစ္စံ ဒုက္ခမနတ္တာ”တိ ရူပါရူပဓမ္မေ တုလယတော တီရယတော တံ ဉာဏံ တိက္ခံ ဟုတွာ ဝဟတိ၊ သင်္ခါရာ လဟုံ ဥပဋ္ဌဟန္တိ၊ ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပာပုဏာတိ။ ခယဝယဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ တဿ “ဧဝံ ဥပ္ပဇ္ဇိတွာ ဧဝံ နာမ သင်္ခါရဂတံ နိရုဇ္ဈတီ”တိ ပဿတော ဧတသ္မိံ ဌာနေ ဘင်္ဂါနုပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၂-၂၇၇။)

ဤသို့လျှင် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတို့ကို ကောင်းစွာ ပိုင်းခြားမှတ်သားလျက် အဖန်တလဲလဲ “အနိစ္စဟု ဒုက္ခဟု အနတ္တဟု” ရုပ်တရား နာမ်တရားတို့ကို ချိန်၍နေသော စူးစမ်းစိစစ်နေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုဉာဏ်သည် ထက်မြက်စူးရှသည် ဖြစ်၍ ဖြစ်ပေါ်လာ၏။ သင်္ခါရတရားတို့သည် ဉဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင်မြန်မြန် ထင်လာကုန်၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

ဝိပဿနာဉာဏ်၏ ထက်မြက်စူးရှသည်၏ အဖြစ်သည် ဘာဝနာ၏ အဝါးဝစွာ လေ့လာအပ်သည်၏အဖြစ်, နိုင်နင်းစွာ လေ့လာအပ်သည်၏အဖြစ်, ကျေပွန်ပြွမ်းတီးသည်၏ အဖြစ်ကြောင့် = ပဂုဏဖြစ်သောကြောင့် ဖြစ်၏။ ယင်းပဂုဏဖြစ်သော ဘာဝနာသည်လည်း စိတ်ဓာတ်ပျံ့လွင့်မှု မရှိခြင်းကြောင့် ရှုပွားနေသော သင်္ခါရအာရုံ၌ ဝင်ရောက်သကဲ့သို့ အဆက်မပြတ် ဖြစ်နေ၏ = ဘာဝနာစိတ်ကို စိုက်ထားသကဲ့သို့ ဖြစ်နေ၏။ ထိုကြောင့် ဉာဏ်၏ ထက်မြက် စူးရှသည်၏ အဖြစ်ကြောင့် သင်္ခါရတရားတို့၏ လျင်လျင်မြန်မြန် ထင်သည်၏အဖြစ်ကို ပြအပ်ပေသည်။ (မဟာဋီ-၂-၄၃၉။)

ဝိပဿနာဉာဏ်သည် ထက်မြက်သည် ဖြစ်၍ ဖြစ်ပေါ်လာလတ်သော် ထက်မြက်သည်၏ အဖြစ်ကို ရွက်ဆောင်သည်ရှိသော် သင်္ခါရတရားတို့သည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ဉဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင် မြန်မြန် ထင်လာလတ်ကုန်သော် —

၁။ ဥပ္ပါဒ = ဖြစ်ခြင်း ဥပါဒ်ဟူသော အခြင်းအရာထူးသို့လည်းကောင်း,
၂။ ဌိတိ = တည်ခြင်း ဌီဟူသော ဇရာသို့လည်းကောင်း,
၃။ ပဝတ္တ = ဥပါဒိန္နကပဝတ္တတရားသို့လည်းကောင်း,
၄။ နိမိတ္တ = သင်္ခါရတရားတို့၏ အထည်ကိုယ် လုံးလုံးလျောင်းလျောင်း သဏ္ဌာန်စသည် ထင်ခြင်းမျှသို့ လည်းကောင်း —

ဝိပဿနာဉာဏ်သည် မရောက်ရှိတော့ပေ။ ဝိပဿနာဉာဏ်သည် လိုက်မမီတော့ပေ။

၁။ ခယ = ကုန်ခြင်းသဘော,
၂။ ဝယ = ပျက်ခြင်းသဘော,
၃။ ဘေဒ = ပြိုခြင်းသဘော,
၄။ နိရောဓ = ခဏမစဲ တသဲသဲ ချုပ်ခြင်းသဘော —

ဤ ခယ ဝယ ဘေဒ နိရောဓဟု ဆိုအပ်သော ခဏိကနိရောဓ = ခဏအားဖြင့် ချုပ်ပျက်ခြင်းသဘော တရား၌သာလျှင် သတိသည် ကောင်းစွာ တည်နေ၏။

"သင်္ခါရ၌ အတွင်းဝင်သော တရားအပေါင်းသည် ဤသို့ ဖြစ်၍ ဤသို့ စက်ဆုပ်ဖွယ် လိလိ ချုပ်ဘိ၏ တကား" ဟု —

ဤသို့ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းကိုသာလျှင် နှလုံးသွင်းရာ ဤအရာ၌ ပျက်ခြင်း ဘင်ကိုသာလျှင် အဖန်တလဲလဲ ရှုခြင်းကြောင့် ဘင်္ဂါနုပဿနာ အမည်ရသော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၇၇။)

သင်္ခါရတရားတို့သည် ဥဒယဗ္ဗယ၏ အစွမ်းဖြင့် လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် ယင်းသင်္ခါရ တရားတို့၏ ဖြစ်မှု = ဥဒယကို ရှုမြင်ခြင်းဟူသည်မှာလည်း "ဖြစ်ခြင်းသဘောရှိသော တရားသည် ပျက်စီး၏"ဟု ပျက်မှု = ဝယကို ရှုမြင်နိုင်ဖို့ရန် အလို့ငှာသာလျှင် ဖြစ်၏။ အဘယ်ကြောင့် အပျက်ကို ရှုရသနည်းဟူမူ — ထို အပျက်ကို ရှုမြင်သော ဉာဏ်၏ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းဟူသော နိဗ္ဗိဒါဉာဏ်ကို ဆောင်တတ် ဖြစ်စေတတ်-သည်၏ အဖြစ်ကြောင့် ရှုခြင်းဖြစ်၏။ ထိုကြောင့် သင်္ခါရတရားတို့၏ အပျက်သက်သက်၌သာလျှင် ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ နှလုံးသွင်း = အာဘောဂကို ကောင်းစွာဆောင်တတ်သော နှလုံးသွင်း ရှုပွားမှု = မနသိကာရသည် ဖြစ်ပေါ်နေ၏။ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တတို့သို့ မ ရောက်ခြင်း, ဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တတို့ကို ဉာဏ်က လိုက်မမီခြင်း ဖြစ်၏။ (မဟာဋီ-၂-၄၃၉။)

**ဥပ္ပါဒ — ဥပ္ပါဒန္တိ** နိဗ္ဗတ္တိဝိကာရံ။ (မဟာဋီ-၂-၄၃၉။)

ဤ၌ ဥပ္ပါဒ = ဥပါဒ်ဟူသည် သင်္ခါရတရားတို့၏ ဖြစ်ခြင်း ဥပါဒ်ဟူသော အခြင်းအရာ အထူးတည်း။ သင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံးမသွင်းဘဲ အပျက်သက်သက်ကိုသာ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ထက်မြက် လာသောအခါ အဖြစ်ကို မမြင်ခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၃၉။)

**ဌိတိ — ဌိတိန္တိ** ဌိတိပ္ပတ္တံ၊ ဇရန္တိ အတ္ထော။ (မဟာဋီ-၂-၄၃၉။)

သင်္ခါရတရားတို့၏ ဥပါဒ်ပြီးနောက် ဘင်သို့ မရောက်မီ အခိုက်အတန့်မျှ တည်ခြင်းသဘောကို ဌီဟု ခေါ်ဆို၏။ ဇရာ-ဟု ဆိုလိုသည်။ သင်္ခါရတရားတို့၏ ယင်း ဌီ-သဘောကိုလည်း ယောဂါဝစရပုဂ္ဂိုလ်သည် နှလုံး မသွင်းတော့သဖြင့် သင်္ခါရတရားတို့၏ အပျက်သက်သက်ကို အမြင်သန်သည့် ဝိပဿနာဉာဏ်သည် ထက်မြက် လာသောအခါ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်း ဌီသဘောကိုလည်း မမြင်တော့ပေ။

**ပဝတ္တ — ပဝတ္တန္တိ** ဥပါဒိန္နကပ္ပဝတ္တံ။ (မဟာဋီ-၂-၄၃၉။)

အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ **ဥပါဒိန္နာ**၊ အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ **ဥပါဒါနိယာ**၊ ဥပါဒါနဿ အာရမ္မဏပစ္စယ-ဘူတာနမေတံ အဓိဝစနံ။ ဥပါဒိန္နာ စ တေ ဥပါဒါနိယာ စာတိ **ဥပါဒိန္နုပါဒါနိယာ**၊ သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပဓမ္မာနမေတံ အဓိဝစနံ။ (အဘိ-ဋ္ဌ-၁-၈၅။)

တဏှာဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ကပ်ရောက်အပ်သော ကံက "ဤတရားတို့သည် ငါ၏ အကျိုး တရားများ ဖြစ်ကြသည်"ဟု စွဲယူအပ်သော တရားများသည် **ဥပါဒိန္န** မည်၏။ တဏှာဒိဋ္ဌိတို့သည် လောကီတရား-တို့ကိုသာလျှင် အာရုံပြုနိုင်ကြရကား ယင်းတို့အာရုံပြုအပ်သော ကံဟူသည် လောကီကုသိုလ်ကံ အကုသိုလ်ကံ သာတည်း။ ထိုကြောင့် ဥပါဒိန္နအရ လောကီကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးဖြစ်သော လောကီဝိပါက် စိတ်+စေတသိက် = နာမ်တရားစုနှင့် ကမ္မဇရုပ်များကို ကောက်ယူရ၏။ ယင်းလောကီဝိပါက် နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်းသဘောကို **ဝိပါကပဝတ္တ**ဟု ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပဋိသံ-ဋ္ဌ-၂-၁၆၆) တွင် ခေါ်ဝေါ် သုံးစွဲထား၏။

ယင်းဝိပါက် နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်သည့် ဖြစ်မှု ဥပါဒ်သဘောကား အထက်တွင် ဖော်ပြထားသော အမှတ် (၁)ဖြစ်သည့် **ဥပ္ပါဒ**အရတွင် ပါဝင်ပြီး ဖြစ်၏။ ဤဥပါဒိန္နကပဝတ္တဟူသည် ယင်း ဝိပါက် နာမ်တရားစုနှင့် ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်မျှကို ရည်ရွယ်သည်ကား မဟုတ်ပေ။တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံကြောင့် ဝိပါက်ရုပ်နာမ်တို့၏ဖြစ်မှုဟူသော ကြောင်းကျိုး ဆက်နွယ်လျက် ဖြစ်မှုကို ရည်ညွှန်းထားခြင်း ဖြစ်သည်။ ယောဂါဝစရပုဂ္ဂိုလ်သည် ရှေး ဥဒယဗ္ဗယ အကျယ် ရှုပွားနည်း၌ —

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ကမ္မဇရုပ် ဖြစ်၏။ ပ ။

ကံ ဖြစ်ခြင်းကြောင့် ကမ္မဇရုပ် ဖြစ်၏။

ဤသို့စသည်ဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်းတရားများကြောင့် ဆိုင်ရာဆိုင်ရာ ဝိပါကဝဋ် အကျိုးတရားတို့၏ ဖြစ်မှုကို ဝိပဿနာဉာဏ်ဖြင့် ရှုခဲ့၏၊ ပစ္စယတော ဥဒယဒဿနပင်တည်း။

ဤဘင်္ဂဉာဏ်ပိုင်း၌ကား ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ ဖြစ်မှုကို နှလုံးမသွင်းတော့ဘဲ အပျက် သက်သက်ကိုသာ နှလုံးသွင်းရှုပွားခြင်းကြောင့် ဝိပဿနာဉာဏ်၏ ထက်မြက်စူးရှ သန့်ရှင်းခြင်းသို့ ရောက်ရှိလာ-သောအခါ သင်္ခါရတရားတို့၏ အဖြစ်ကို မမြင်တော့ဘဲ အပျက်သက်သက်ကိုသာ မြင်လာ၏။ ထိုသို့ မြင်လာသော အခါ အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်မှုကိုလည်း နှလုံးမသွင်းတော့သဖြင့် အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်မှုကိုလည်း မမြင်တော့ဘဲ အကြောင်း အကျိုး နှစ်ရပ်လုံးတို့၏ အပျက်သက်သက် ကိုသာ မြင်နေရကား အကြောင်းတရား ထင်ရှားရှိခြင်း ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်မှု = ဥပါဒိန္နက ပဝတ္တကိုလည်း မမြင်တော့ဘဲ ဝိပဿနာဉာဏ်သည် ယင်းဥပါဒိန္နကပဝတ္တသို့လည်း မသက်ရောက်တော့ဟု ဆိုလိုသည်။ အောက်ဖော်ပြပါ အဖွင့်ကိုလည်း ဆက်လက် ဖတ်ရှုကြည့်ပါ။

**ပဝတ္တန္တိ** ရူပါရူပဘဝပဝတ္တိံ။ (ဝိသုဒ္ဓိ-၂-၂၈၄။)

ပဝတ္တံ နာမ ကာမံ သဗ္ဗာ ဘဝပဝတ္တိ၊ မတ္ထကပ္ပတ္တာယ ပန ဘင်္ဂါနုပဿနာယ သဗ္ဗဘဝေသု အဘိဏှ-သမ္ပဋိပီဠနသ ဿ သုဋ္ဌုတရံ ဥပဋ္ဌာနတော သန္တသုခါဘိမတာပိ ဘဝါ ဒုက္ခသဘာဝတာယ ဘယတော ဥပဋ္ဌဟန္တီတိ ဒဿနတ္ထံ **“ပဝတ္တန္တိ ရူပါရူပဘဝပဝတ္တိ”**တိအာဒိ ဝုတ္တံ။ (မဟာဋီ-၂-၄၄၇။)

**ပဝတ္တ**ဟူသည် ရူပဘဝ အရူပဘဝ၏ ဖြစ်ခြင်းတည်း။ အကယ်စင်စစ်အားဖြင့်မူ ကာမ ရူပ အရူပဟူသော အလုံးစုံသောဘဝ၏ ဖြစ်ခြင်းမှန်သမျှသည် ပဝတ္တမည်သည်သာ ဖြစ်၏။ သို့သော်လည်း အထွတ်အထိပ်သို့ ရောက်ရှိနေသော ဘင်္ဂါနုပဿနာကြောင့် အလုံးစုံသော ဘဝတို့၌ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် သို့မဟုတ် အပျက်ဒဏ်ချက်ဖြင့် အမြဲမပြတ် အဖန်တလဲလဲ ညှဥ်းပန်းနှိပ်စက်ခြင်း၏ အထူးသဖြင့် သာ၍ကောင်းစွာ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်မြင်လာခြင်းကြောင့် ငြိမ်သက်သည့် ချမ်းသာဟု သမုတ်အပ်သည်လည်း ဖြစ်ကုန်သော ရူပဘဝ အရူပဘဝတို့သည်သော်မှလည်း ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် သို့မဟုတ် အပျက် ဒဏ်ချက်ဖြင့် အမြဲမပြတ် အဖန်တလဲလဲ အညှဥ်းပန်း အနှိပ်စက်ခံရခြင်း ဒုက္ခသဘောရှိသည်၏ အဖြစ်ကြောင့် ကြောက်လန့်ဖွယ်ဘေး = ဘယသဘောအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာကုန်၏။ ဤသို့သော အနက်သဘောကို ညွှန်ပြခြင်းငှာ “ပဝတ္တ ဟူသည် ရူပဘဝ အရူပဘဝ၏ ဖြစ်ခြင်းတည်း” ဤသို့စသော စကားကို အဋ္ဌကထာက မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၄၈။ မဟာဋီ-၂-၄၄၇။)

အထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုတော်မူချက်နှင့်အညီ **ပဝတ္တ**ဟူသည် အလုံးစုံသော ကာမ ရူပ အရူပ ဟူသော ဘဝ၏ ဖြစ်ခြင်းပင်တည်း၊ ဝိပါကပဝတ္တဟူ၍လည်း ခေါ်ဆို၏။

ဥပပတ္တိဘဝေါ ပန သင်္ခေပတော ကမ္မာဘိနိဗ္ဗတ္တာ ခန္ဓာ။ (ဝိသုဒ္ဓိ-၂-၂၀၆။)

ဤအဋ္ဌကထာနှင့်အညီ ဘဝဟူသည် တရားကိုယ်အားဖြင့် ဝိပါကဝဋ်တွင် အကျုံးဝင်သော ကံကြောင့် ဖြစ်ပေါ်လာကြရသော ဝိပါက်နာမ်ခန္ဓာ ဝိပါက်ရုပ်ခန္ဓာတို့ပင်တည်း။ ဘဝပဝတ္တိဟူသည် ယင်းဝိပါက်ခန္ဓာတို့၏ ကံကြောင့် ဖြစ်မှုပင်တည်း။ ဘဝအမည်ရသော ယင်းဝိပါက်ခန္ဓာတို့၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး၌ အကျုံးဝင်သော ဥပါဒ်ထင်ရှားဖြစ်မှုမှာ ဥပ္ပါဒ-ဋ္ဌိတိ-ပဝတ္တ-နိမိတ္တ (၄)မျိုးတို့တွင် ဥပ္ပါဒအရတွင် အကျုံးဝင်သွားသဖြင့် ဤ၌ ဘဝပဝတ္တိ = ဘဝ၏ ဖြစ်ခြင်းဟူသည်မှာလည်း အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံထားအပ်သော သင်္ခါရ ကံ အကြောင်းတရားများက ဥပနိဿယ နာနာက္ခဏိကကမ္မစသော အကြောင်းသတ္တိတို့ဖြင့် ကျေးဇူးပြုပေးမှုကြောင့် ဘဝအမည်ရသော ဝိပါက်ခန္ဓာတို့၏ ထင်ရှားဖြစ်မှုကိုပင် ဆိုလိုသည်။ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်သည် ဘင်္ဂါနုပဿနာဉာဏ် ထက်မြက်လာသောအခါ အကြောင်းတရား အကျိုးတရား နှစ်ရပ်လုံးတို့၏ အပျက်ကိုသာ မြင်နေ၏။ အဖြစ်ကို နှလုံးမသွင်းခြင်းကြောင့် အဖြစ်ကိုလည်း မမြင်တော့ပေ။ အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးတရား ဖြစ်ပုံကို နှလုံးမသွင်းခြင်းကြောင့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံကိုလည်း မမြင်တော့ပေ။ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ပဝတ္တသို့လည်း မရောက်ခြင်း ဖြစ်ပေသည်။ ပဝတ္တသို့လည်း ဉာဏ်ဖြင့် လိုက်၍ မမီခြင်း ဖြစ်ပေသည်။

**နိမိတ္တ — နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ။ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သင်္ခါရနိမိတ္တံ။ (မဟာဋီ-၂-၄၃၉။)

နိမိတ္တဟူသည် သင်္ခါရနိမိတ်တည်း။ သင်္ခါရတရားတို့၏ အပျက်ကိုသာ ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဘင်္ဂါနုပဿနာဉာဏ်သည် ထက်မြက်စူးရှလာသော် သန့်ရှင်းစင်ကြယ်လာသော် ရုပ်တရားတို့၏ သမူဟဃန ကိစ္စဃန, နာမ်တရားတို့၏ သမူဟဃန ကိစ္စဃန အာရမ္မဏဃနဟူသော ရုပ်ဃန နာမ်ဃန = ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲများသည် ပြိုကွဲသွားပြီ ဖြစ်၏။ (သန္တတိဃနကား ရှေးမဆွကပင် ပြိုပြီး ဖြစ်၏။) ရှေ့ပိုင်းဉာဏ်များ ဖြစ်ကြသော သင်္ခါရပရိစ္ဆေဒဉာဏ်ပိုင်း = နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းမှ စ၍ ဥဒယဗ္ဗယဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ်တို့၏ အတွင်း၌ကား ရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃန အသီးအသီး ပြို၍ မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃန အသီးအသီး မပြိုဘဲ ရှိတတ်၏။ မရှုလိုက်မိသော ရုပ်ကလာပ် နာမ်ကလာပ်အတိုင်း တွေ့နေတတ်သေး၏။ ရှုလိုက်မိသော ရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်တို့၌ ဃန အသီးအသီး ပြို၍ မရမတ်သို့ ဉာဏ်အမြင် ဆိုက်သွား၏။ အကြောင်းမူ — သာဝကပါရမီဉာဏ်အရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနတို့၌ ရုပ်ကလာပ် နာမ်ကလာပ်တို့ကို ကုန်စင်အောင် မရှုနိုင်ဘဲ အချို့အဝက် တစ်စိတ် တစ်ဒေသလောက်ကိုသာ ရှုနိုင်သောကြောင့် ဖြစ်၏။ သို့သော် ဤဘင်္ဂါနုပဿနာဉာဏ်သည် ရင့်သန်လာသော အခါ၌ကား ယောဂါဝစရပုဂ္ဂိုလ်သည် ရုပ်ကလာပ် နာမ်ကလာပ်စသော သဏ္ဌာန် ဒြပ်ဟူသမျှကို မတွေ့ရတော့ပေ။ ရုပ်သဘောတရားသက်သက် နာမ်သဘောတရား သက်သက်ကိုသာ တွေ့နေ၏။ ဃန အသီးအသီး ပြိုနေ၏။ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော သင်္ခါရနိမိတ်များသည် ပျောက်ကွယ်သွားကြ၏။

ဤ၌ သင်္ခါရနိမိတ်ဟူသည် သင်္ခါရတရားတို့၏ သမူဟဃန ကိစ္စဃန အာရမ္မဏဃနတို့၏ အစွမ်းဖြင့်လည်းကောင်း, မိမိ မိမိကိစ္စလျှင် အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း အထည်ဒြပ်ရှိကုန်သကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာခြင်းတည်း။ (မဟာဋီ-၂-၄၃၉။)

ဘင်္ဂါနုဿနာဉာဏ်သည် ယင်းသင်္ခါရနိမိတ်သို့လည်း မရောက်ရှိတော့ပေ။

ဤ ဘင်္ဂါနုပဿနာဉာဏ်ပိုင်း၌ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ရုပ်တရားတို့၏ သန္တတိဃန သမူဟဃန ကိစ္စဃန, နာမ်တရားတို့၏ သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃနဟူသော ဃန အသီးအသီးသည် ပြိုကွဲနေပြီ ဖြစ်၏။ ဥဒယဗ္ဗယဉာဏ်ပိုင်း၌ကား သင်္ခါရတရားတို့၏ ဥပါဒ်စွန်း ဘင်စွန်းကို ယောဂါဝစရပုဂ္ဂိုလ်သည် မြင်ပြီး ဖြစ်၍ သန္တတိဃနကား ပြိုပြီးပင် ဖြစ်၏။ ထို့ကြောင့် ဤဘင်္ဂဉာဏ်ပိုင်း၌ သမူဟဃန ကိစ္စဃန အာရမ္မဏဃနတို့ ပြိုခြင်းကိုသာ ထပ်မံ၍ ဖွင့်ဆိုခြင်း ဖြစ်၏။ ဤဘင်္ဂဉာဏ်ပိုင်းသို့ မဆိုက်မီ၌ အထည်ဒြပ် ရှိကုန်သကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်ခြင်းဟူသည် ရုပ်ကလာပ် နာမ်ကလာပ်တို့သာ ဖြစ်ကြ၏။ ယင်းရုပ်ကလာပ် နာမ်ကလာပ်တို့ကိုပင် ဤ၌ သင်္ခါရနိမိတ်ဟု ခေါ်ဆိုသည်။ ဘင်္ဂါနုပဿနာဉာဏ်သည် ယင်းသင်္ခါရနိမိတ်သို့လည်း မရောက်တော့ပေ ဟူလိုသည်။

ဤအရာ၌ ခြွင်းချက် အနည်းငယ်ရှိ၏။ အချို့သော ယောဂါဝစရပုဂ္ဂိုလ်များသည် ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားတို့ကို ရက်ရှည်လများ နှစ်နှင့်ချီ၍ သိမ်းဆည်းနေခဲ့သော် ဉာဏ်များသည် တဖြည်းဖြည်း ရင့်ကျက်လာသဖြင့် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာမရှုရသေးသော်လည်း ရုပ်ကလာပ် နာမ်ကလာပ်များကို ရှာဖွေမတွေ့တော့ဘဲ ရုပ်ပရမတ် နာမ်ပရမတ် သဘောတရားသက်သက်၌သာ တစ်ရံတစ်ခါ ဉာဏ်သက်ဝင်၍ နေတတ်သည်လည်း ရှိ၏။ ဤကား ရံခါ ဖြစ်တတ်သည့် အနည်းငယ်သော ခြွင်းချက်သာ ဖြစ်သည်။

ယင်းသို့ **ဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တ**တို့ကို ဉာဏ်က ပိုင်းခြားမယူခြင်းကြောင့် ယင်းဥပ္ပါဒ ဌိတိ ပဝတ္တ နိမိတ္တတို့သို့ ဉာဏ် မသက်ရောက် မဆိုက်ရောက်တော့လျှင် အဘယ်သို့ကား ဉာဏ်သည် ဆိုက်ရောက်နေပါသနည်း ဟူမူ — **ခယ ဝယ ဘေဒ နိရောဓ**သို့ ရောက်လျက် သတိသည် ကောင်းစွာ တည်နေပေသည် ဟူ၏။

**နိရောဓ**သဒ္ဒါသည် ဥပ္ပါဒနိရောဓ အနုပ္ပါဒနိရောဓ နှစ်မျိုးကို ဟော၏။ နောင်တစ်ဖန် ဖြစ်မှုရှိသော ချုပ်ခြင်းကား ဥပ္ပါဒနိရောဓတည်း။ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်း ဖြစ်မှုမရှိသော ချုပ်ခြင်းကား အနုပ္ပါဒနိရောဓ တည်း။ထိုအနုပ္ပါဒနိရောဓ၌လည်း နိရောဓသဒ္ဒါ၏ အနက်သည် ထင်ရကား ဤ၌ ဥပ္ပါဒနိရောဓဟု သိစေလိုသဖြင့် ဘေဒ-သဒ္ဒါဖြင့် အထူးပြုကာ ဖွင့်ဆိုထားပေသည်။

**ဘေဒ-**သဒ္ဒါသည်လည်း အထူးဝိသေသကို ဟောသော ဘေဒ-သဒ္ဒါသည်လည်း ရှိရကား ဤ၌ ဘေဒ-သဒ္ဒါသည် အထူးဝိသေသအနက်ကို မဟော၊ ပြိုပျက်ခြင်း ကုန်ခန်းခြင်း ခယ-အနက်ကို ဟောသည်ဟု သိစေလို၍ ခယ-သဒ္ဒါဖြင့် အထူးပြုကာ ဖွင့်ဆိုထားပြန်သည်။ ထို့ကြောင့် ဤ၌ ဆိုလိုရင်း အဓိပ္ပါယ်မှာ ဤသို့ ဖြစ်၏။ —

ခယ-ဝယ-ဘေဒသင်္ခါတေ ခဏိကနိရောဓေတိ အတ္ထော။ (မဟာဋီ-၂-၄၃၉။)

ယောဂါဝစရပုဂ္ဂိုလ်၏ ဘင်္ဂါနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ပြိုခြင်းဟု ဆိုအပ်သော ခဏိကနိရောဓ = ခဏအားဖြင့် ချုပ်ပျက်မှု၌သာလျှင် ကောင်းစွာ တည်နေ၏။ အလားတူပင် ယင်းဘင်္ဂါနုပဿနာဉာဏ်နှင့် ယှဉ်လျက်ရှိသော သတိသည်လည်း သင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ပြိုခြင်းဟု ဆိုအပ်သော ခဏိကနိရောဓ = ခဏအားဖြင့် ချုပ်ပျက်မှု သဘောတရား၌သာလျှင် ကောင်းစွာ တည်နေပေ၏ ဟု ဆိုလို၏။

**သတိ သန္တိဋ္ဌတီ**တိ သတိသီသေန ဉာဏမာဟ။ (မဟာဋီ-၂-၄၃၉။)

သင်္ခါရတရားတို့၏ ခယ ဝယ ဘေဒ နိရောဓသဘော၌ သတိသည် ကောင်းစွာတည်နေ၏ ဟူသည်၌ သတိကို အဦးမူသဖြင့် ဝိပဿနာဉာဏ်ကို ဆိုလိုရင်း ဖြစ်၏။ ထို့ကြောင့် သတိဦးဆောင်သည့် ဝိပဿနာဉာဏ်-

သည် သင်္ခါရတရားတို့၏ ခယ = ကုန်ခြင်း, ဝယ = ပျက်ခြင်း, ဘေဒ = ပြိုခြင်းဟု ခေါ်ဆိုအပ်သော ခဏိက နိရောဓ = ခဏအားဖြင့် ချုပ်ပျက်မှုသဘောတရား၌သာလျှင် ကောင်းစွာ တည်နေသည်ဟု မှတ်ပါ။

## ချုပ်မှုဟူသည်

ဤဘင်ဉာဏ်သို့ တိုင်အောင် ရေးသားတင်ပြခဲ့သော စကားအစဉ် တရားအယဉ်တို့နှင့် ဆက်စပ်၍ ချုပ်မှု အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြအပ်ပါသည်။ ဝိပဿနာအရာ၌ ချုပ်မှုကား နှစ်မျိုး ရှိနေ၏။

၁။ ဥပ္ပါဒနိရောဓ = နောင်တစ်ဖန် ဖြစ်ခွင့်ရှိသော ချုပ်နည်း,

၂။ အနုပ္ပါဒနိရောဓ = နောင်တစ်ဖန် ဖြစ်ခွင့်မရှိသော ချုပ်နည်း —

ဤသို့လျှင် ချုပ်ပုံနှစ်မျိုး ရှိနေ၏။ ဝိပဿနာဉာဏ်တို့၏ အဆုံး၌ ဖြစ်ပေါ်လာမည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်-တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ကား အစ္စန္တနိရောဓတည်း = စင်စစ် ဒုက္ခ-သမုဒယတို့၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သော နိရောဓသစ္စာတရားတည်း။ ယင်းအစ္စန္တနိရောဓကို ဤ၌ မဆိုလိုပါ။ ဥပ္ပါဒနိရောဓ နှင့် အနုပ္ပါဒနိရောဓအကြောင်းကိုသာ တင်ပြလိုပါသည်။

သင်္ခါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြိုနေသည့် = ခယ ဝယ ဘေဒဟု ခေါ်ဆိုအပ်သော ခဏိက နိရောဓ = ခဏမစဲ တသဲသဲ ချုပ်ပျက်မှုသဘောကား ဥပ္ပါဒနိရောဓတည်း။ အကြောင်းတရားများ မကုန်ဆုံးသေး သမျှ ကာလပတ်လုံး ဤနည်းနှင်နှင် ချုပ်ပျက်နေကြမည်သာ ဖြစ်၏။ အကြောင်းမကုန်သေးသမျှ အလားတူ ရုပ်နာမ်များ ဖြစ်ခွင့်ရှိနေသေးသော ချုပ်ခြင်းပင် ဖြစ်၏။

အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် ဖြစ်ခွင့်ရှိနေသော ရုပ်နာမ်ခန္ဓာ မှန်သမျှတို့သည်လည်း နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွား-ကြ၏၊ အနုပ္ပါဒနိရောဓပင်တည်း။ ပစ္စယတော ဝယဒဿနဟူသော အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုး တရား ချုပ်ငြိမ်းပုံကို မြင်အောင် ရှုရသည့် ဥဒယဗ္ဗယဉာဏ်ပိုင်းနှင့် ဆိုင်၏။ ဥပ္ပါဒနိရောဓကား ဝိပဿနာပိုင်း အားလုံးနှင့် ဆိုင်၏။

ဝိပဿနာအရာ၌ ယင်းဥပ္ပါဒနိရောဓနှင့် အနုပ္ပါဒနိရောဓ နှစ်မျိုးသာ ရှိ၏။ မျက်မှောက်ခေတ်တွင် ပြော-နေသော ရုပ်ချုပ် နာမ်ချုပ်ဟူသော ချုပ်နည်း ချုပ်ပုံများနှင့်ကား များစွာပင် ကွဲလွဲနေဟန် ရှိပေသည်။ တစ်ဖန် ဝေဒနာ ကုန်သွားပြီ၊ ဝေဒနာ မရှိတော့ပြီ၊ ဝေဒနာ ချုပ်ဆုံးသွားပြီဟူသော စကားများမှာလည်း ပရိယတ္တိ-ပေတံ ပဋိပတ္တိ-ပေတံတို့ဖြင့် အတိုင်းမခံနိုင်သော စကားတို့သာ ဖြစ်ကြ၏။

ဝေဒနာချုပ်သွားပြီဟု ပြောနေသော ပုဂ္ဂိုလ်ကို အသိစိတ် ဝိညာဏ် ရှိနေပါသေးသလားဟု မေးလျှင် ရှိနေသေး၏ဟု ဖြေဆိုတတ်၏။ အသိစိတ်ကား ရှိနေသေး၏၊ ဝေဒနာကား မရှိတော့ပြီ ချုပ်သွားပြီဟု ဆိုလို၏။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ ပရိယတ္တိတရားတော်၌ကား ဝေဒနာသည် စိတ်အားလုံးနှင့်ဆက်ဆံသော သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ဖြစ်၏။ ထို့ကြောင့် အသိစိတ် ဝိညာဏ်ရှိနေပါက ဝေဒနာ ရှိနေမည်သာ ဖြစ်သည်။ ထိုဝေဒနာသည် သုခဝေဒနာသော်လည်း ဖြစ်လေရာ၏၊ သို့မဟုတ် ဒုက္ခဝေဒနာသော်လည်း ဖြစ်လေရာ၏၊ သို့မဟုတ် ဥပေက္ခာဝေဒနာသော်လည်း ဖြစ်လေရာ၏။ ဝေဒနာမယှဉ်သော အသိစိတ် ဝိညာဏ်ဟူသည် ဘုရားရှင်-၏ ပရိယတ်တရားတော်၌ မရှိပေ။

တစ်ဖန် ဝေဒနာ ချုပ်ငြိမ်းသွားပြီဟု ပြောနေသော ပုဂ္ဂိုလ်ကို (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ပရမတ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် = သိမ်းဆည်းတတ် ရှုပွားတတ်ပြီလားဟု မေးပြန်လျှင်လည်း မရှုတတ်သေးဟု အဖြေပေးပြန်၏။ အချို့ကား ရုပ် (၂၈)ပါးဟူသည် သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အရာသာ ဖြစ်သည်၊ သာဝကတို့၏ အရာမဟုတ်ဟု အဖြေပေးတတ်ကြပြန်၏။ တစ်ဖန် ဝေဒနာကို ဝိပဿနာ ရှုနေသော အသင်သူတော်ကောင်းသည် ဝေဒနာကို ဝိပဿနာရှုသောအခါ ဝေဒနာနှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကိုပါ ဝီထိစဉ်အတိုင်း ဖြစ်ပေါ်သွားကြသော စိတ္တက္ခဏ အသီးအသီး၌လည်းကောင်း, ဝီထိမှအလွတ်ဖြစ်သော ဝီထိ-မုတ်စိတ်တို့၌လည်းကောင်း ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ် ဝိပဿနာ ရှုတတ်ပါသလားဟု မေးလျှင်-လည်း မရှုတတ်ဟု အဖြေပေးပြန်၏။ ယင်းနာမ်တရားတို့ကို သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သာ ရှု၍ ရနိုင်သည်ဟုလည်း အဖြေပေးပြန်၏။ ဘုရားရှင်၏ ကျင့်စဉ်ပဋိပတ်တရားတော်၌ကား ဝေဒနာကို ဝိပဿနာရှုပွားတော့မည့် ယောဂါဝစရပုဂ္ဂိုလ်သည် ဝေဒနာကို မရှုမီ —

၁။ ရုပ်ကမ္မဋ္ဌာန်းကို = ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူပြီး = သိမ်းဆည်းပြီး ဖြစ်ရမည်။

၂။ ဝေဒနာ တစ်ခုတည်းကိုသာ ရှုရသည် မဟုတ်၊ ဝေဒနာနှင့် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို အားလုံး သိမ်းဆည်း ရှုပွားရမည်။

ဤသို့စသည်ဖြင့် ကျင့်စဉ်ပဋိပတ်ကို သတ်မှတ်ထား၏။ (နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ပြန်ကြည့်ပါ။) ထို့ကြောင့် ဝေဒနာ ကုန်သွားပြီ၊ ဝေဒနာ မရှိတော့ပြီ၊ ဝေဒနာ ချုပ်သွားပြီဟူသော စကားများမှာ သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ ပရိယတ္တိ-ပေတံ, ပဋိပတ္တိ-ပေတံတို့ဖြင့် အတိုင်းမခံနိုင်သော စကားတို့သာ ဖြစ်ကြပေသည်။

## ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံ ပရမတ်တရားများ

ကထံ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ၊ ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ **အနုပဿတီ**တိ ကထံ အနုပဿတိ၊ အနိစ္စတော အနုပဿတိ နော နိစ္စတော၊ ဒုက္ခတော အနုပဿတိ နော သုခတော၊ အနတ္တတော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိ၊ နိရောဓေတိ နော သမုဒေတိ၊ ပဋိနိဿဇ္ဇတိ နော အာဒိယတိ။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော အနုပဿန္တော သုခသညံ၊ အနတ္တတော အနုပ-ဿန္တော အတ္တသညံ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ၊ ဝိရဇ္ဇန္တော ရာဂံ၊ နိရောဓေန္တော သမုဒယံ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။

ဝေဒနာရမ္မဏတာ။ပ။ သညာရမ္မဏတာ။ သင်္ခါရာရမ္မဏတာ။ ဝိညာဏာရမ္မဏတာ။ စက္ခုာရမ္မဏတာ။ ပ။ ဇရာမရဏာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ။ပ။ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။

(ပဋိသံ-၅၅။ ဝိသုဒ္ဓိ-၂-၂၇၇-၂၇၈။)

အာရုံကို ကုန်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့် ဆင်ခြင်၍ အပျက်ကို ရှုမြင်နိုင်သော ပညာသည် အဘယ်သို့လျှင် ဝိပဿနာဉာဏ် မည်သနည်း။

ရုပ်တရား၏ ကုန်ခြင်း ပျက်ခြင်းလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့် ဝိပဿနာစိတ်သည် ဖြစ်၍ ပျက်၏၊ ထိုရုပ်တရားတည်းဟူသော အာရုံကို ကုန်ခြင်း ပျက်ခြင်းအားဖြင့် ဆင်ခြင်၍ = (ဉာဏ်ဖြင့် မြင်၍) ထိုစိတ်၏ ပျက်ခြင်းကို အဖန်တလဲလဲ ရှု၏။

အဖန်တလဲလဲ ရှု၏ ဟူရာ၌ အဘယ်သို့လျှင် အဖန်တလဲလဲ ရှုသနည်း၊ အနိစ္စအားဖြင့် အဖန်တလဲလဲ ရှု၏၊ နိစ္စအားဖြင့် မရှု။ ဒုက္ခအားဖြင့် အဖန်တလဲလဲ ရှု၏၊ သုခအားဖြင့် မရှု။ အနတ္တအားဖြင့် အဖန်တလဲလဲ

ရှု၏၊ အတ္တအားဖြင့် မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်နှစ်သက်ခြင်း ကင်း၏၊ တပ်နှစ်သက်သည် မဟုတ်။ ချုပ်ငြိမ်းစေ၏၊ မဖြစ်ပေါ်စေ။ စွန့်လွှတ်၏၊ စွဲယူခြင်း မရှိ။

အနိစ္စအားဖြင့် အဖန်တလဲလဲ ရှုသော် နိစ္စဟူသော အမှတ်သညာကို ပယ်စွန့်၏၊ ဒုက္ခအားဖြင့် အဖန်တလဲလဲ ရှုသော် သုခဟူသော အမှတ်သညာကို ပယ်စွန့်၏၊ အနတ္တအားဖြင့် အဖန်တလဲလဲ ရှုသော် အတ္တဟူသော အမှတ်သညာကို ပယ်စွန့်၏၊ ငြီးငွေ့သော် နှစ်သက်ခြင်းကို ပယ်စွန့်၏၊ တပ်မက်ခြင်း ကင်းသော် တပ်မက်တတ်သော ကာမရာဂ ဘဝရာဂကို ပယ်စွန့်၏၊ ချုပ်စေသည် ရှိသော် ဖြစ်ခြင်း သမုဒယကို ပယ်စွန့်၏၊ တစ်ဖန် စွန့်လွှတ်သော် စွဲလမ်းခြင်း = အာဒါနကို ပယ်စွန့်၏။

ဝေဒနာ၏ ကုန်ခြင်း ပျက်ခြင်းလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။ ပ ။

သညာ၏ ကုန်ခြင်း ပျက်ခြင်းလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။

သင်္ခါရ၏ ကုန်ခြင်း ပျက်ခြင်းလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။

ဝိညာဏ်၏ ကုန်ခြင်း ပျက်ခြင်းလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။

စက္ခုပသာဒ = စက္ခာယတန၏ ကုန်ခြင်း ပျက်ခြင်းလျှင်။ ပ ။ ဇရာမရဏလျှင် အာရုံရှိသည်၏ အဖြစ်ဖြင့် ဝိပဿနာစိတ်သည် ဖြစ်၍ ပျက်၏၊ ထိုအာရုံကို ဆင်ခြင်၍ ထိုစိတ်၏ ပျက်ခြင်းကို အဖန်တလဲလဲ ရှု၏။ ပ ။ (ပဋိသံ-၅၅။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်နှင့်အညီ ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံ ပရမတ္ထ ဓာတ်သားများမှာ ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ် တစ်ဆယ့်ရှစ်ပါး, ဝိပဿနာဉာဏ်၏ အရှုခံ လောကီဣန္ဒြေများ, ဘဝတိုင်အောင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များ ဖြစ်ကြ၏။ ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့တွင် ဤဘင်ဉာဏ်ပိုင်း၌ ဇာတိ-ဇရာ-မရဏတို့လည်း ပါဝင်နေကြ၏။ ဇာတိ-ဇရာ-မရဏတို့၏ တရားကိုယ်မှာ ဉပပတ္တိဘဝအမည်ရသော ကံကြောင့် ဖြစ်ပေါ်လာသော ဥပါဒိန္နကက္ခန္ဓာ ငါးပါးတို့ပင်တည်း။

ယင်းဥပါဒိန္နကက္ခန္ဓာ ငါးပါးတို့၏ ဖြစ်မှု ဥပါဒ်ကို ဇာတိဟုလည်းကောင်း, တည်မှု ဌီကို ဇရာဟုလည်းကောင်း, ပျက်မှု ဘင်ကို မရဏဟုလည်းကောင်း ခေါ်ဆိုပေသည်။ ယင်း ဥပါဒိန္နကက္ခန္ဓာတို့၏ ဖြစ်ဆဲအခိုက်ကို ဇာတိ ခေါ်ဆိုသဖြင့် ယင်းဖြစ်ဆဲအခိုက်ကိုကား တစ်ဖန်ပြန်၍ အပျက်ရှုရန် မလိုပေ။ တည်ဆဲအခိုက်ကို ဇရာခေါ်သဖြင့် ယင်းတည်ဆဲအခိုက်ကိုလည်း တစ်ဖန်ပြန်၍ အပျက်ရှုရန် မလိုပေ။ ပျက်ဆဲအခိုက်ကို မရဏခေါ်သဖြင့် ယင်းမရဏကိုလည်း တစ်ဖန်ပြန်၍ အပျက်ရှုရန် မလိုပေ။ ဇာတိ-ဇရာ-မရဏအမည်ရသော ဥပါဒိန္နကက္ခန္ဓာ ငါးပါးကိုသာ အပျက်ရှုရမည် ဖြစ်သည်။ သို့သော် ဇာတိ-ဇရာ-မရဏကို သို့မဟုတ် ဇာတိကို ဇရာကို မရဏကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝိပဿနာဇောစိတ်ကိုကား = ဝိပဿနာဇောဝီထိစိတ်အစဉ်ကိုကား တစ်ဖန်ပြန်၍ အပျက်ရှုကောင်း၏၊ ဝိပဿနာရှုကောင်း၏။

## အချုပ်မှတ်သားရန်

ယောဂါဝစရပုဂ္ဂိုလ်သည် ထိုခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်လိုက်သောအခါ ရှုလိုက်သောအခါ ယင်းသင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ခယ-ဝယ သဘောကို ဝိပဿနာဉာဏ်ဖြင့် သိမြင်၏။ ထိုသို့ သိမြင်သော ဝိပဿနာဉာဏ်ပြဓာန်းသော ဝိပဿနာ ဇောဝီထိစိတ်အစဉ်နာမ်တရားစုကိုလည်း ယင်းနာမ်တရားစု၏ အပျက်ကို မြင်အောင်ကြည့်၍ တစ်ဖန်ပြန်၍ ဝိပဿနာရှုအပ်ပေသည်။ ထိုကြောင့် အတိုချုပ် မှတ်သားထားရန်မှာ ဤသို့ ဖြစ်၏။ —

ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။ (ဝိသုဒ္ဓိ-၂-၂၇၈။)

**ဉာတ**န္တိ အာရမ္မဏမာဟ အနုပဿနာဝသေန ဉာတတ္တာ။ **ဉာဏ**န္တိ အနုပဿနာ ဉာဏံ။ **ဥဘောပိ ဝိပဿတီ**တိ တဒုဘယမ္ပိ ခယတော ဝယတော ဝိပဿတီတိ။ အယံ ဟေတ္ထ သင်္ခေပတ္ထော — ရူပဿ ယာဝ ဇရာမရဏဿ ခယတော ဝယတော ဒဿနံ အာရမ္မဏပဋိသင်္ခါတံ ဒဿနကဉာဏဿ ခယတော ဝယတော ဒဿနံ အာရမ္မဏပဋိသင်္ခါယ ဘင်္ဂဿ အနုပဿနန္တိ ဥဘယတ္ထပညာ။ ပုရိမံ ဝါ တဒဘာဝေ အဘာဝတော ပစ္ဆိမာယံ ပက္ခိပိတွာ ပစ္ဆိမာ ဧဝ ပညာ ဝိပဿနေ ဉာဏန္တိ။ (မဟာဋီ-၂-၄၄၀။)

**ဉာတ** — ဟူသည် ရူပက္ခန္ဓာမှသည် ဇရာ-မရဏသို့တိုင်အောင်သော ခန္ဓာ (၅)ပါး = အာယတန (၁၂)ပါး = ဓာတ် (၁၈)ပါးနှင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်ဟူသော ဝိပဿနာဉာဏ်၏ အရှုခံ အာရုံ တရားများတည်း။ သစ္စာဒေသနာတော်နည်းအရ ဆိုရမူ ဒုက္ခသစ္စာတရားစု သမုဒယသစ္စာတရားစုတို့ပင်တည်း။ အနုပဿနာဉာဏ် = ဝိပဿနာဉာဏ်၏ စွမ်းအင်ဖြင့် သိအပ်သော တရားများ ဖြစ်သောကြောင့် ယင်းတရားစုတို့သည် ဉာတဟူသော အမည်ကို ရရှိကြသည်။

**ဉာဏ** — ဟူသည် ယင်းဉာတအမည်ရသော တရားစုကို အဖန်ဖန် အထပ်ထပ် ဝိပဿနာ ရှုနေသော အနုပဿနာဉာဏ်တည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် ထို **ဉာတ–ဉာဏ** အမည်ရသော တရားနှစ်မျိုးလုံးကိုပင် ယင်းတရားစု၏ ကုန်တတ် ပျက်တတ်သော သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှု၏ = ဝိပဿနာရှုရမည်ဟု သိရှိပါလေ။

မှန်ပေသည် — ဤ ဆိုလတ္တံ့သည်ကား ဤနေရာ၌ အကျဉ်းချုပ် ဆိုလိုရင်း အနက်သဘောတည်း။ ရူပက္ခန္ဓာမှသည် ဇရာမရဏသို့ တိုင်အောင်သော တရားစုကို ယင်းတရားစု၏ ကုန်တတ် ပျက်တတ်သော သဘော-ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာယာဉ်ကို တစ်လှည့်စီတင်ကာ ရှုတတ်သော ဝိပဿနာဉာဏ်သည် **အာရမ္မဏပဋိသင်္ခါဉာဏ်** မည်၏။ ယင်းအာရမ္မဏပဋိသင်္ခါဉာဏ်ကိုပင် တစ်ဖန်ထပ်၍ ယင်းဉာဏ်၏ ကုန်တတ် ပျက်တတ်သောသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပြန်၏ = ဝိပဿနာရှုရ၏။ ထိုသို့ ရှေးဖြစ်သော **အာရမ္မဏပဋိသင်္ခါ**အမည်ရသော ဝိပဿနာဉာဏ်၏ ပျက်ခြင်း = ဘင်ကို အာရုံပြု၍ တစ်ဖန် ထပ်၍ ဝိပဿနာ ရှုသော နောက်ဝိပဿနာဉာဏ်သည် **ဘင်္ဂါနုပဿနာဉာဏ်ပညာ** မည်၏။

တစ်နည်း — **အာရမ္မဏပဋိသင်္ခါဉာဏ်**ကား ရှေးဝိပဿနာဉာဏ်တည်း။ **ဘင်္ဂါနုပဿနာဉာဏ်**ကား နောက်ဝိပဿနာဉာဏ်တည်း။ ရှေးဖြစ်သော ထို**အာရမ္မဏပဋိသင်္ခါဉာဏ်**သည် မရှိလတ်သော် နောက်ဖြစ်သော **ဘင်္ဂါနုပဿနာဉာဏ်**၏ မရှိနိုင်ခြင်းကြောင့်, လက္ခဏာဟာရနေတ္တိ နည်းအားဖြင့် သင်္ခါရတရားတို့၏ အပျက် သက်သက်ကိုပင် ရှုတတ်သော သဘာဝလက္ခဏာချင်းတူရကား, ရှေးဖြစ်သော အာရမ္မဏပဋိသင်္ခါဉာဏ်ကို နောက်ဖြစ်သော ဘင်္ဂါနုပဿနာဉာဏ်၌ ထည့်သွင်း၍ နောက်ဖြစ်သော ဘင်္ဂါနုပဿနာဉာဏ်သည်သာလျှင် ဝိပဿနာဉာဏ်မည်၏ဟု ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပေသည်။ (မဟာဋီ-၂-၄၄၀။)

## လက္ခဏာရေး သုံးတန်

အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

(ဝိသုဒ္ဓိ-၂-၂၄၅။ အဘိဓမ္မတ္ထသင်္ဂဟ-၁၅၉။)

အထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့်အညီ အသင်သူတော်ကောင်းသည် ဉာတ-ဉာဏ အမည်ရသော သင်္ခါရတရားတို့ကို လက္ခဏာရေး သုံးတန် တင်ကာ ဝိပဿနာ ရှုရတော့မည် ဖြစ်၏။

၁။ ယင်း သင်္ခါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက်သွားသည့် သဘောကို ဝိပဿနာ-ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း,

၂။ ယင်း သင်္ခါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက်သွားသဖြင့် ကြောက်လန့်ဖွယ် ကောင်း-သည့် သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခဟုလည်းကောင်း,

၃။ ယင်း သင်္ခါရတရားတို့၌ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမရှိသည့်သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟုလည်းကောင်း —

ဤသို့ အသီးအသီး ဝိပဿနာရှုပါ။

## ရှုစိတ်ဟူသည်

**စိတ္တန္တိ** စေတ္ထ သသမ္ပယုတ္တစိတ္တံ အဓိပ္ပေတံ။ (ပဋိသံ-ဋ္ဌ-၁-၂၃၉။)

ဤဝိပဿနာအရာ၌ ရှုတတ်သော ဝိပဿနာစိတ်ဟူသည် သမ္ပယုတ်ယှဉ်ဖက် စေတသိက်များနှင့် တကွ-သော ဝိပဿနာစိတ်ကိုသာ အလိုရှိအပ်ပေသည်။ ယင်း ယှဉ်ဖက်သမ္ပယုတ်တရားများနှင့် တကွသော ဝိပဿနာ စိတ်၌ ဉာဏ်သည် ပြဓာန်းလျက်ရှိ၏၊ ထို့ကြောင့် ယင်းဉာဏ်ပြဓာန်းသော ယှဉ်ဖက်သမ္ပယုတ်တရားများနှင့် တကွသော ဝိပဿနာစိတ်ကို ပဓာနနည်းအားဖြင့် ဉာတ-ဉာဏ နှစ်မျိုးတို့တွင် ဉာဏ-ဟု ခေါ်ဝေါ်သုံးစွဲထား-ပေသည်။ ဤဖွင့်ဆိုချက်များနှင့်အညီ ဝိပဿနာစိတ် ဝိပဿနာဉာဏ် = ရှုသည့်စိတ် ရှုသည့်ဉာဏ်ဟုဆိုလျှင် ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် တကွသော ဝိပဿနာနာမ်တရားစု အားလုံးကိုပင် ဆိုလိုသည်ဟု မှတ်ပါ။ ယင်း နာမ်တရားစုတို့မှာ ပုထုဇန်အဆင့်တွင်သာ တည်ရှိနေသေးသော အသင်သူတော်ကောင်းအဖို့ မဟာကုသိုလ် မနောဒွါရိက ဝိပဿနာဇော နာမ်တရားစုတို့သာ ဖြစ်ကြသည်။ ထို့ကြောင့် ဉာဏတရားကို ဝိပဿနာရှုလိုသော် ဝိပဿနာဉာဏ် ပြဓာန်းသော မဟာကုသိုလ် မနောဒွါရိက ဇောဝီထိ နာမ်တရားစုတို့ကိုပင် ဝိပဿနာရှုပါ။ ဤ ဘင်္ဂဉာဏ်ပိုင်းတွင် ယေဘုယျအားဖြင့် တဒါရုံ မကျတတ်ပေ။ မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်, ဇော (၇)ကြိမ် အနေအား ဖြင့် များသောအားဖြင့် ဖြစ်တတ်၏။ ဇော၌ ပီတိပါ-မပါ = ယှဉ်-မယှဉ် နှစ်မျိုး ရှိနိုင်၏။ ပီတိယှဉ် ဉာဏ်ယှဉ်သော် နာမ်တရား (၃၄)လုံးစီ ရှိ၏။ ပီတိ မယှဉ်ဘဲ ဉာဏ်သာ ယှဉ်သော် နာမ်တရား (၃၃)လုံးစီ ရှိမည် ဖြစ်၏။

## ရှုကွက်ပုံစံများ

သင်္ခါရတရားတို့ကို လက္ခဏာရေးတင်ကာ ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ ရှုပွားသုံးသပ်လျက်ရှိသော အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်များသည် ထက်မြက်စူးရှ သန့်ရှင်းလာခဲ့သော် ရှေးရှေးသော ဝိပဿနာ ဘာဝနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံလာခဲ့ရသော နောက်နောက်သော ဝိပဿနာဉာဏ်တို့နှင့် ယှဉ်တွဲလျက်ရှိသော သတိသည် သင်္ခါရတရား-တို့၏ ကုန်မှု ပျက်မှု ပြိုမှု ချုပ်မှုသဘော၌သာလျှင် ကောင်းစွာ တည်နေပေလိမ့်မည်။ ထိုအခါ —

၁။ ယင်းသင်္ခါရတရားတို့၏ ကုန်မှု ပျက်မှု ပြိုမှု ချုပ်မှု သဘောကို အာရုံယူ၍ = ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနိစ္စ-အနိစ္စ ဟု ရှုပါ။

၂။ ယင်းသင်္ခါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက် ချုပ်ချုပ်နေသဖြင့် ကြောက်လန့်ဖွယ် ကောင်းသည့် အနက်သဘောကို အာရုံယူ၍ = ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခ-ဒုက္ခ ဟု ရှုပါ။

၃။ ယင်းသင်္ခါရတရားတို့၏ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့်

ခိုင်မာသည့် အနှစ်သာရ အတ္တ မဟုတ်သည့် သဘောကို အာရုံယူ၍ = ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တ-အနတ္တ-ဟု ရှုပါ။

နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ရေးသားတင်ပြထားသည့်အတိုင်း အဇ္ဈတ္တဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး၌–

၁။ ရံခါ ရုပ်သက်သက်ကို,

၂။ ရံခါ နာမ်သက်သက်ကို,

၃။ ရံခါ ရုပ်-နာမ် နှစ်မျိုးလုံးကို —

လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဝိပဿနာရှုပါ။ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ, ရံခါ ရုပ်တရား, ရံခါ နာမ်တရားတို့ကို ရံခါ အနိစ္စလက္ခဏာကိုတင်၍ ရံခါ ဒုက္ခလက္ခဏာကိုတင်၍ ရံခါ အနတ္တလက္ခဏာကိုတင်၍ ရှုရမည့်အပိုင်းပင် ဖြစ်ပေသည်။ ထိုသို့ရှုရာ၌ ဗဟိဒ္ဓ၌ ချဲ့နိုင်သမျှ ချဲ့ထွင်၍ ရှုပါ။ အတိတ် အနာဂတ် ခန္ဓာတို့၌လည်း အလားတူပင် ဝိပဿနာရှုပါ။ ထိုသို့ရှုရာ၌ မိမိသိမ်းဆည်းနိုင်သမျှ အတိတ်အဆက်ဆက်မှသည် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှသည် အနာဂတ် ဆုံးသည့်အထိ တိုးလျှိုပေါက် —

၁။ ရုပ်သက်သက်ကိုလည်းကောင်း,

၂။ နာမ်သက်သက်ကိုလည်းကောင်း,

၃။ ရုပ်-နာမ် နှစ်မျိုးလုံးကိုလည်းကောင်း —

လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်၍ တွင်တွင်ကြီး ဝိပဿနာရှုပါ။ ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ, ရံခါ ရုပ်တရား, ရံခါ နာမ်တရားတို့ကို ရှုပါ။ ယင်း ရုပ်-နာမ်တို့ကို ငါးပုံ ပုံ၍ ခန္ဓာငါးပါးနည်းဖြင့်လည်း အလားတူပင် ဝိပဿနာရှုပါ။

**သတိပြုရန်** — ထိုသို့ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်၍ ဝိပဿနာရှုရာ၌ သင်္ခါရတရားတို့၏ ပျက်မှုသဘောကား မြန်ချင်သလောက် မြန်ပါစေ၊ အနိစ္စဟု သို့မဟုတ် ဒုက္ခဟု သို့မဟုတ် အနတ္တဟု လက္ခဏာရေး တင်၍ ဝိပဿနာရှုမှုမှာ ခပ်ဖြည်းဖြည်းသာ ဖြစ်ပါစေ။ ဝီထိပေါင်းများစွာ၏ သို့မဟုတ် စိတ္တက္ခဏပေါင်းများစွာ၏ ပျက်မှုသဘောကို မြင်ချင် မြင်နေပါစေ၊ မြင်အောင်လည်း ကြိုးစားပါ။ ကုဋေပေါင်းများစွာသော နာမ်တရားစုတို့၏ = စိတ္တက္ခဏတို့၏ ပျက်မှုကို အလွန်တိုတောင်းလှသော အချိန်ကာလအတွင်း၌ မြင်နိုင်သမျှ မြင်အောင် ကြိုးစားပါ။ သို့သော် မြင်နိုင်သမျှ စိတ္တက္ခဏတိုင်း၏ ပျက်မှုတိုင်းကို အနိစ္စဟု လက္ခဏာယာဉ်တင်၍ အမီလိုက်ရှုရန် မဟုတ်ပါ။ စိတ္တက္ခဏပေါင်းများစွာ၏ ပျက်မှုကို အာရုံယူ၍ အနိစ္စ-အနိစ္စဟု ဤသို့စသည်ဖြင့် ခပ်ဖြည်းဖြည်းသာ လက္ခဏာ-ယာဉ်တင်၍ ဝိပဿနာရှုပါ။ ရုပ်တရားတို့၌လည်း နည်းတူပင် မှတ်ပါ။ ဒုက္ခအနတ္တတို့ကိုလည်း နည်းတူပင် ရှုပါ။

## ဘင်္ဂဉာဏ်၏ မှတ်ကျောက် တစ်ခု

ယောဂါဝစရပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိစခန်း နာမရူပပရိစ္ဆေဒဉာဏ်ခန်းမှ စ၍ ရုပ်တရား နာမ်တရားတို့ကို ရုပ်ဃန နာမ်ဃနဟူသော ရုပ်တုံး ရုပ်ခဲများ ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ရှုပွားလာရာ ယခုအခါ ဘင်္ဂဉာဏ်ပိုင်းသို့ ရောက်ရှိလာပြီ ဖြစ်၏။ ဘင်္ဂဉာဏ်သို့ မရောက်ရှိသေးမီ အပိုင်း အသီးအသီး၌ကား —

၁။ အကြောင်း ရုပ်နာမ် သင်္ခါရ, အကျိုး ရုပ်နာမ် သင်္ခါရတို့၏ ဖြစ်မှု ဥပါဒ်သဘောကိုလည်း တွေ့မြင်နေရ-သေး၏။

၂။ ထိုသင်္ခါရတရားတို့၏ အခိုက်အတန့်အားဖြင့် တည်မှု ဇရာသဘော = ဌီသဘောကိုလည်း တွေ့မြင်နေရသေး၏။

၃။ အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ဝိပါက်ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်းဟူသော ဥပါဒိန္နက ပဝတ္တိ = ဘဝပဝတ္တိ = ဘဝ၏ ဖြစ်ခြင်း သဘောတရားများကိုလည်း တွေ့မြင်နေရသေး၏။

၄။ ရုပ်ဃန နာမ်ဃနများကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင် ဆိုက်အောင် ရှုပွားနေသော်လည်း ရံခါ မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ် အချို့လည်း ရှိနေတတ်သေး၏၊ ရုပ်ကလာပ် နာမ်ကလာပ်တို့၏ အလွန့်အလွန် များပြားမှု အလွန့်အလွန် လျင်လျင်မြန်မြန် ဖြစ်မှုများ-ကြောင့်ပင် ဖြစ်၏။ မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်များ၌ သမူဟဃန ကိစ္စဃန စသည့် ဃန = အတုံးအခဲများသည် မပြိုသဖြင့် အသေးဆုံး အတုံးအခဲဟု ဆိုအပ်သော ရုပ်ကလာပ် နာမ်ကလာပ်အတိုင်း တွေ့နေရတတ်သေး၏။

သို့သော် ဤဘင်ဉာဏ်ပိုင်းသို့ ဆိုက်ရောက်လာသောအခါ၌ကား ဝိပဿနာဉာဏ်သည် အလွန်ထက်မြက် စူးရှ သန့်ရှင်းလာသောကြောင့် သင်္ခါရတရားတို့သည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ အလွန့်အလွန် လျင်လျင်မြန်မြန် ထင်လာကြကုန်၏။

သို့သော် ဤအရာ၌ အသင်သူတော်ကောင်းသည် အယူအဆ မမှားစေလိုပါ။ သင်္ခါရတရားတို့သည် ယခုမှ လျင်လျင်မြန်မြန် ဖြစ်ပေါ်နေသည်ဟု ဆိုလိုရင်း မဟုတ်သည်ကို သတိပြုပါ။ သင်္ခါရတရားတို့ကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း၌ပင် အကြိမ်ကုဋေပေါင်းများစွာ ဖြစ်နိုင်ပျက်နိုင်သော တရားများသာ ဖြစ်ကြ၏။ ယင်း သင်္ခါရတရားတို့၏ ယင်းကဲ့သို့ ဖြစ်ပျက်နေသော မူလပုံစံမှန်သဘာဝကို ဝိပဿနာဉာဏ် မထက်မြက် မစူးရှ-သေးခင်က မသိ မမြင်ရသေး၊ ယခုဘင်ဉာဏ်ပိုင်းသို့ ရောက်ရှိလာပါမှ ဝိပဿနာဉာဏ်များလည်း ထက်မြက်စူးရှ လာသဖြင့် သင်္ခါရတရားတို့၏ ယင်းကဲ့သို့သော မူလပုံစံမှန် သဘာဝကို သိခြင်း မြင်ရခြင်း ဖြစ်သည်ဟုသာ ဆိုလိုရင်း ဖြစ်သည်။ ဝိပဿနာဉာဏ်က အလွန်ထက်မြက် စူးရှ သန့်ရှင်းလာသောကြောင့် သင်္ခါရတရားတို့သည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ အလွန့်အလွန် လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် —

၁။ သင်္ခါရတရားတို့၏ ဖြစ်မှု ဥပါဒ်သဘောကိုလည်း ဉာဏ်ဖြင့် မီအောင် မလိုက်နိုင် ရှိနေ၏။

၂။ သင်္ခါရတရားတို့၏ တည်မှု = ဌီသဘော = ဇရာသဘောကိုလည်း ဉာဏ်ဖြင့် မီအောင် မလိုက်နိုင် ရှိနေ၏။

၃။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံစသော အကြောင်းတရားတို့၏ ထင်ရှား ဖြစ်ခြင်းကြောင့် = ထင်ရှား ရှိခြင်းကြောင့် အကျိုး ဝိပါက်ခန္ဓာတို့၏ ထင်ရှား ဖြစ်ပေါ်လာခြင်းဟူသော ဘဝပဝတ္တိ = ဘဝ၏ ဖြစ်ခြင်း သဘောကိုလည်း ဉာဏ်ဖြင့် မီအောင် မလိုက်နိုင် ရှိနေ၏။

အဘယ်ကြောင့်နည်းဟူမူ — န သမ္ပာပုဏာတိ အဂ္ဂဟဏတော။ (မဟာဋီ-၂-၄၃၉။) ယင်းသင်္ခါရ တရားတို့၏ ဥပ္ပါဒ, ဌိတိ, ပဝတ္တ, နိမိတ္တတို့ကို ယောဂါဝစရပုဂ္ဂိုလ်က ဉာဏ်ဖြင့် ပိုင်းခြား မယူခြင်းကြောင့် နှလုံး မသွင်းခြင်းကြောင့် ယင်းသင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ နှလုံးသွင်းခြင်းကြောင့် ဖြစ်၏။ ယင်းသို့ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ တစ်ဖက်သတ် နှလုံးသွင်းသဖြင့် သင်္ခါရတရားတို့၏ အပျက် သက်သက်ကိုသာ မြင်သောအခါ အကြောင်းသင်္ခါရ အကျိုးသင်္ခါရတရားတို့၏ ဖြစ်မှု ဥပါဒ်သဘော, တည်မှု ဌီသဘောသို့ပင် ဝိပဿနာဉာဏ်သည် မသက်ဝင်နိုင်တော့ဘဲ ယင်းကြောင်း-ကျိုး သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက်နေသော ခဏိကနိရောဓခေါ်သော ချုပ်ပျက်မှုသဘော၌သာ ဝိပဿနာဉာဏ်သည် သက်ဝင်၍ ကောင်းစွာ တည်နေ၏။ အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်း အကျိုး တရားတို့၏ ထင်ရှားဖြစ်ခြင်းဟူသော ဥပါဒ်သဘောသို့ပင် ဝိပဿနာဉာဏ်သည် မသက်ဝင်နိုင် ဖြစ်နေသဖြင့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ခြင်းဟူသော ဥပါဒိန္နကပဝတ္တိသဘောသို့

လည်း ဝိပဿနာဉာဏ်သည် မသက်ဝင်နိုင်တော့ပေ။

၄။ တစ်ဖန် ဤဘင်ဉာဏ်ပိုင်း၌ ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အလွန်ထက်မြက် စူးရှလာသော-ကြောင့် သမူဟဃန ကိစ္စဃနများ မပြိုသေးသော ရုပ်တုံးရုပ်ခဲများကိုလည်း မတွေ့မမြင်ရတော့ပေ။ ဤ၌ သမူဟ ဃန ကိစ္စဃန မပြိုသေးသော ရုပ်တုံးရုပ်ခဲဟူသည် ရုပ်ကလာပ်များပင် ဖြစ်ကြ၏။ ဤအပိုင်း၌ သဝိဂ္ဂဟဟူသော အထည်ကိုယ် သဏ္ဍာန်ဒြပ် ရှိသကဲ့သို့သော အတုံးအခဲများမှာ ရုပ်ကလာပ်များပင် ဖြစ်ကြ၏။ သဝိဂ္ဂဟဟူသော အထည်ကိုယ် သဏ္ဍာန်ဒြပ် ရှိသကဲ့သို့သော အသေးဆုံး အတုံးအခဲဖြစ်သည့် ယင်းရုပ်ကလာပ်များကိုလည်းကောင်း, နာမ်ကလာပ်များကိုလည်းကောင်း သင်္ခါရတရားဟု သိကြောင်း အမှတ်အသားများ ဖြစ်ခြင်းကြောင့် သင်္ခါရနိမိတ်ဟု ခေါ်ဆို၏၊ ယင်းသင်္ခါရနိမိတ်များကိုလည်း ဝိပဿနာဉာဏ်က မတွေ့မြင်တော့ပေ။ အကြောင်းမူ ကုန်ကုန် ပျက်ပျက် ပြိုပြို ပျောက်ပျောက် ချုပ်ချုပ်နေသည့် ခဏိကနိရောဓသို့ ဆိုက်ရောက်နေသော ရုပ်ပရမတ်သက်သက်-ကိုသာ တွေ့မြင်နေသောကြောင့် ဖြစ်သည်။ ရုပ်ကလာပ် နာမ်ကလာပ်ဟူသော အတုံးအခဲများကို ဝိပဿနာ ဉာဏ်ဖြင့် မတွေ့မြင်ရသော်လည်း ရုပ်ပရမတ်သဘောတရား နာမ်ပရမတ်သဘောတရားတို့ကို ရှေးယခင်အပိုင်း-များနှင့် မတူဘဲ ဤဘင်ဉာဏ်ပိုင်းတွင် သန့်သန့်ရှင်းရှင်းနှင့် အလွန့်အလွန်ပင် ထင်ထင်ရှားရှား တွေ့မြင်နေရ တတ်ပေသည်။

ဤဘင်ဉာဏ်ပိုင်းတွင် ယောဂါဝစရပုဂ္ဂိုလ်သည် အထက်တွင် ဖော်ပြထားသော ဥပ္ပါဒ-ဌိတိ-ပဝတ္တ-နိမိတ္တ တို့ကို နှလုံးမသွင်းခြင်းကြောင့် ဝိပဿနာဉာဏ်ဖြင့် လိုက်၍ မမီခြင်းဖြစ်သည်ဟူသော စကားအရ ယင်း ဥပ္ပါဒ -ဌိတိ-ပဝတ္တ-နိမိတ္တတို့ကို နှလုံးသွင်းပါက ဝိပဿနာဉာဏ်ဖြင့် လိုက်၍ မီနိုင်သေးသည်ဟူသော အချက်ကိုလည်း သတိပြု မှတ်သားပါလေ။

ကာလသုံးပါး, သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ တစ်ဖက်-သတ် နှလုံးသွင်း၍ ဝိပဿနာရှုပွားသဖြင့် အပျက်သက်သက်ကိုသာ သန့်သန့်ရှင်းရှင်း မြင်တွေ့နေသောအခါ ရုပ်ကလာပ်များကိုလည်း မမြင်တော့ဘဲ ရုပ်ပရမတ်သက်သက် နာမ်ပရမတ်သက်သက်ကိုသာ ဉာဏ်အမြင် ဆိုက်သွားသောအခါ ရှုနေသည့် ဘင်္ဂါနုပဿနာဉာဏ် ဦးဆောင်ပြဓာန်းသည့် မဟာကုသိုလ် ဝိပဿနာ မနော-ဒွါရိက ဇောဝီထိ စိတ်အစဉ်ကိုလည်း တစ်ဖန်ပြန်၍ လက္ခဏာရေးတင်ကာ ဝိပဿနာရှုပါ။

| | | |
|---|---|---|
| ၁။ ရုပ် ရှု | — | ရုပ် - ပျက် - အနိစ္စ၊ |
| | | ရှုသည့်ဉာဏ်လည်း ပျက် - အနိစ္စ။ |
| ၂။ နာမ် ရှု | — | နာမ် - ပျက် - အနိစ္စ၊ |
| | | ရှုသည့်ဉာဏ်လည်း - ပျက် - အနိစ္စ။ |
| ၃။ ရုပ်-နာမ် ရှု | — | ရုပ်-နာမ် - ပျက် - အနိစ္စ၊ |
| | | ရှုသည့်ဉာဏ်လည်း - ပျက် - အနိစ္စ။ |
| ၄။ အကြောင်း ရှု | — | အကြောင်းတရား - ပျက် - အနိစ္စ၊ |
| | | ရှုသည့်ဉာဏ်လည်း - ပျက် - အနိစ္စ။ |
| ၅။ အကျိုး ရှု | — | အကျိုးတရား - ပျက် - အနိစ္စ၊ |
| | | ရှုသည့်ဉာဏ်လည်း - ပျက် - အနိစ္စ။ |
| | | (ဒုက္ခ - အနတ္တတို့ကိုလည်း နည်းတူ ရှုပါ။) |

ဤအထက်ပါ ရှုကွက်ကို ရှုရာ၌ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း (၆)လိုင်းလုံးကို ကုန်စင်အောင် ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန် နှစ်ပါးလုံး၌ ရှုပါ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌လည်း ပုံစံတူပင် ရှုပါ။ ဤအပိုင်းတွင် ရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော ရုပ်တရားကို ဝိပဿနာရှုနေ-သော ဝိပဿနာဉာဏ်ကိုသာ = ဝိပဿနာဉာဏ်ဦးဆောင်သည့် မဟာကုသိုလ် မနောဒွါရိကဇောဝီထိ နာမ်တရားစုကိုသာ တစ်ဖန်ပြန်၍ ဝိပဿနာ ရှုရသည်မဟုတ်သေး၊ နာမ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော = နာမ်-တရားကို ဝိပဿနာရှုနေသော ဝိပဿနာဉာဏ်ကိုလည်း = ဝိပဿနာဉာဏ် ဦးဆောင်သည့် မဟာကုသိုလ် မနောဒွါရိက ဇောဝီထိ နာမ်တရားစုကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုရမည်သာ ဖြစ်ပေသည်။ အထက်တွင် ရေးသားတင်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ — ခန္ဓာငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဓာတ် တစ်ဆယ့်ရှစ်ပါး, လောကီဣန္ဒြေတရားများ, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တစ်ဆယ့်နှစ်ပါးတို့ကို အာရုံပြု၍ ဝိပဿနာ ရှုနေသော ဉာဏ်ကို တစ်ဖန်ပြန်၍ ဝိပဿနာရှုရန် ညွှန်ကြားထားသည့်အချက်ကို ပြန်လည်၍ သတိပြုပါ။

ဤအပိုင်းတွင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့၏ အပျက်သက်သက်ကို အာရုံပြု၍လည်း လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပါ။ ထိုသို့ ရှုရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါး, အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ မိမိသိမ်းဆည်းထားသမျှ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့်အထိ ရှုပါ။ သို့သော် — အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်ပုံ စသည့် ကြောင်း-ကျိုး ဆက်နွယ်မှုသဘောကို အာရုံမယူပါနှင့်။

၁။ အဝိဇ္ဇာ - ပျက် - အနိစ္စ။ ရှုသည့်ဉာဏ်လည်း ပျက် - အနိစ္စ။
၂။ သင်္ခါရ - ပျက် - အနိစ္စ။ ရှုသည့်ဉာဏ်လည်း ပျက် - အနိစ္စ။

ဤသို့စသည်ဖြင့် ထိုထိုအင်္ဂါရပ်တို့၏ အပျက်သက်သက်ကို တစ်ဖက်သတ် နှလုံးသွင်း၍ ဝိပဿနာရှုပါ။ ထိုသို့ ရှုရာ၌ မည်သည့်ဘဝ၌ မည်ကဲ့သို့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့ ဖြစ်ခဲ့သည် ဖြစ်ဆဲဖြစ်သည် ဖြစ်လတ္တံ့ ဖြစ်သည်ကို ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးပဋိစ္စသမုပ္ပါဒ်ပိုင်းကတည်းက သိပြီး ဖြစ်နေ၏။ ထိုအတိုင်းသာ ရှုပါ။

ဤဘင်ဉာဏ်ပိုင်းတွင် သင်္ခါရတရားတို့၌ ဖြစ်မှု ထင်ရှားရှိနေသည် မှန်ပါလျက် အဖြစ်ကို နှလုံးမသွင်းဘဲ အပျက်သက်သက်ကိုသာလျှင် အဘယ်ကြောင့် နှလုံးသွင်းနေရပါသနည်းဟူမူ — သင်္ခါရတရားတို့၌ ငြီးငွေ့ ရွံ့မုန်းစက်ဆုပ်သည့် နိဗ္ဗိဒါနုပဿနာဉာဏ်စသော အထက်အထက်သော ဝိပဿနာဉာဏ်များကို ရရှိနိုင်ရန် အလို့ငှာ ဝိပဿနာဉာဏ်များကို တစ်စထက် တစ်စ ရင့်ကျက်လာရန် အလို့ငှာ ယင်းသို့ ရင့်ကျက်သော ဝိပဿနာ ဉာဏ်တို့ကသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိရန်အလို့ငှာ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ အာရုံယူ၍ ဝိပဿနာ ရှုခြင်းဖြစ်သည်ဟု ဖြေဆိုလေရာ၏။

## သတိပဋ္ဌာန် လေးပါး = အနုပဿနာ လေးပါး

အသင်သူတော်ကောင်းသည် ဤဘင်ဉာဏ်ပိုင်း၌လည်း ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတည်းဟူသော အနုပဿနာနည်း အမျိုးမျိုးတို့ဖြင့် အသင်သူတော်ကောင်း နှစ်ခြိုက်သလို ဝိပဿနာ ရှုနိုင်ပေသည်။

၁။ ရုပ်တရားကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာ ရှုသော်, ယင်းဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုသော် **ကာယာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၂။ ဝေဒနာကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာ

ရှုသော်, ယင်းဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုသော် **ဝေဒနာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၃။ အသိစိတ် ဝိညာဏ်ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာရှုသော်, ယင်းဝိဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုသော် **စိတ္တာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။

၄။ ဖဿကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်းရုပ်နာမ်တို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာရှုသော်, ယင်းဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုသော် **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။ ခန္ဓာငါးပါးနည်း, အာယတန တစ်ဆယ့်နှစ်ပါးနည်းစသည်တို့ဖြင့် ဝိပဿနာ ရှုပွားသုံးသပ်ခဲ့သော်, ယင်းဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပွားသုံးသပ်ခဲ့သော် **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သို့ပင် သက်ဝင်၏။

ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, ပဋိစ္စသမုပ္ပါဒ်နည်းတို့ဖြင့် ပစ္စုပ္ပန်တွင် ဝိပဿနာရှု၍ အားရကျေနပ်မှု ရသောအခါ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့် တိုင်အောင်သော ကာလသုံးပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကိုလည်း အလားတူပင် ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, ပဋိစ္စသမုပ္ပါဒ်နည်းတို့ဖြင့် ဆက်လက်၍ ဝိပဿနာရှုပါ။ ရံခါ ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စာမျက်နှာ (၅၅)တွင် ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံအာရုံ ပရမတ္ထဓာတ်သားတို့ကို ထုတ်ဆောင် ဟောကြားပြသရာ၌ — ဇရာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ (ပဋိသံ-၅၅။) — ဤသို့စသည်ဖြင့် အဝိဇ္ဇာမှသည် ဇရာမရဏသို့တိုင်အောင်သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကိုပါ ထည့်သွင်း၍ ဟောကြားထားတော်မူ၏။ ယင်း ခန္ဓာငါးပါး, အာယတန (၁၂)ပါး တို့ကိုလည်း ထည့်သွင်း ဟောကြားထားတော်မူ၏။ ယင်း ခန္ဓာငါးပါးတို့တွင် အထက်တွင် ရှင်းလင်း တင်ပြခဲ့သော စူဠသစ္စကသုတ္တန်နှင့်အညီ သေက္ခဘုံ အသေက္ခဘုံသို့ ဆိုက်ရောက်ရေးအတွက် ပစ္စုပ္ပန်ခန္ဓာငါးပါးတွင်သာမက အတိတ်-အနာဂတ်ခန္ဓာတို့လည်း ပါဝင်ကြသည်ဟု မှတ်ပါ။ ထိုကြောင့် —

၁။ ရုပ်နာမ်နှစ်ပါးနည်း,
၂။ ခန္ဓာငါးပါးနည်း,
၃။ အာယတန (၁၂)ပါး, ဓာတ် (၁၈)ပါးနည်း,
၄။ ပဋိစ္စသမုပ္ပါဒ်နည်းတို့ဖြင့် —

ယင်း သင်္ခါရတို့၏ အပျက်သက်သက်ကို အာရုံယူ၍ ပစ္စုပ္ပန်တွင် ဝိပဿနာရှု၍ အားရကျေနပ်မှု ရရှိသော အခါ မိမိ စွမ်းအားရှိသမျှ ရှုထားပြီးသည့် အတိတ် အဆက်ဆက်မှသည် အနာဂတ် ဆုံးသည်တိုင်အောင်သော ကာလသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကိုလည်း အလားတူပင် ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, အာယတနနည်း, ပဋိစ္စသမုပ္ပါဒ်နည်း စသည်တို့ဖြင့် ယင်းသင်္ခါရတို့၏ အပျက်ကို အာရုံယူ၍ ဆက်လက်၍ ဝိပဿနာ ရှုပါ။ ရံခါ ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့ကို ဝိပဿနာရှုရာ၌ကား အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်ပုံစသည့် ဥပါဒ်န္နကပဝတ္တ အမည်ရသည့် အကြောင်းကြောင့် အကျိုးဖြစ်ပုံကို နှလုံးမသွင်းတော့ဘဲ အဝိဇ္ဇာ၏ ပျက်မှု, ရှုသည့် ဝိပဿနာဉာဏ်၏ ပျက်မှု, သင်္ခါရ၏ ပျက်မှု, ရှုသည့် ဝိပဿနာဉာဏ်၏ ပျက်မှု စသည့် အပျက်သက်သက်ကိုသာ အာရုံယူ၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။

တစ်ဖန် အာဒိတ္တပရိယာယသုတ္တန် (သံ-၂-၃၇၇-၃၇၉။) စသော သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်များ၌ ဘုရားရှင် ညွှန်ကြားထားတော်မူသည့်အတိုင်း ဝတ္ထု + အာရုံ + ဝေဒနာ, ဝတ္ထု +အာရုံ + ဝိညာဏ်, ဝတ္ထု + အာရုံ + ဖဿ - ဟူသော ရှုကွက်များအတိုင်းလည်း ရှုလိုက ရှုနိုင်ပါသည်။ အသင်သူတော်ကောင်းသည် နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများကို တစ်ဖန်ပြန်၍ အာရုံယူထားပါ။ ယင်းဇယားများတွင် စိတ္တက္ခဏ အသီးအသီး၌ မှီရာ ဝတ္ထုရုပ်များကိုလည်း ဖော်ပြထား၏၊ အာရုံရုပ်များကိုလည်း ဖော်ပြထား၏၊ နာမ်တရားစုတို့ကိုလည်း ဖော်ပြထား၏။ ယင်းနာမ်တရားစုတို့ကို ဝေဒနာကို အဦးမူ၍ သိမ်းဆည်းလျက် ဝိပဿနာရှုပွားခဲ့သော် ဝတ္ထု + အာရုံ + ဝေဒနာ ရှုကွက် ဖြစ်၏၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။ အသိစိတ် ဝိညာဏ်ကို အဦးမူ၍ ယင်းနာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားခဲ့သော် ဝတ္ထု + အာရုံ + ဝိညာဏ် ရှုကွက် ဖြစ်၏၊ စိတ္တာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။ ဖဿကို အဦးမူ၍ ယင်းနာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားခဲ့သော် ဝတ္ထု + အာရုံ + ဖဿ ရှုကွက် ဖြစ်၏၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်၏။ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို ပူးတွဲ သိမ်းဆည်းပြီးမှ ယင်းနာမ်တရားစုတို့ကို ဝေဒနာကို သို့မဟုတ် အသိစိတ် ဝိညာဏ်ကို သို့မဟုတ် ဖဿကို အဦးမူ၍ သိမ်းဆည်းလျက် ဝိပဿနာ ရှုပွားသုံးသပ်ခြင်းကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်လည်း အကျုံးဝင်လျက်ပင် ရှိ၏။ မည်သည့် သတိပဋ္ဌာန်ကို အဦးမူ၍ ရှုပွားသည်ပင် ဖြစ်စေ၊ သင်္ခါရ တရားတို့ကား အားလုံးစုံညီလျက်သာ ရှိရမည် ဖြစ်သည်။ တစ်နည်း — ဤရှုကွက်များကို သင်္ဂါယနာ မထေရ်မြတ်-တို့က သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၌ ထည့်သွင်း၍ သင်္ဂါယနာ တင်ထားတော်မူသဖြင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သို့ သက်ဝင်၏ဟုလည်း ဆိုနိုင်ပေသည်။

## ဝတ္ထု + အာရုံ + ဝေဒနာ

၁။ ဝတ္ထု - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၂။ အာရုံ - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၃။ ဝေဒနာ - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။

## ဝတ္ထု + အာရုံ + ဝိညာဏ်

၁။ ဝတ္ထု - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၂။ အာရုံ - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၃။ ဝိညာဏ် - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။

## ဝတ္ထု + အာရုံ + ဖဿ

၁။ ဝတ္ထု - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၂။ အာရုံ - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။
၃။ ဖဿ - ပျက် - အနိစ္စ၊ ရှုသည့် ဉာဏ်လည်း - ပျက် - အနိစ္စ။

**၁။ ဝတ္ထု** — နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် မှီရာဝတ္ထုရုပ်များကို ဖော်ပြထားခဲ့သည့်အတိုင်း စက္ခုဒွါရဝီထိ, ရူပါရုံကို ဆက်လက်အာရုံပြုကြသည့် မနောဒွါရဝီထိစသည့် ထိုထိုဝီထိအတွင်း၌ တည်ရှိကြသော စိတ္တက္ခဏ အသီးအသီး၏ မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း, ယင်းဝီထိတို့၏ အကြားအကြား၌ တည်ရှိကြကုန်သော ဘဝင် စိတ္တက္ခဏတို့၏ မှီရာဝတ္ထုရုပ်တို့ကိုလည်းကောင်း ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်း အသီးအသီးသော ဝတ္ထုရုပ်တို့၏ အပျက်သက်သက်ကို အာရုံပြု၍ အနိစ္စဟုလည်းကောင်း, အနိစ္စဟု ရှုနေသော ယင်းဝိပဿနာဉာဏ်ကို တစ်ဖန်

ပြန်၍ အပျက်ကို အာရုံပြု၍ အနိစ္စဟုလည်းကောင်း ရှုပါ။ ဒုက္ခ အနတ္တတို့ကိုလည်း နည်းတူ ရှုပါ။ ထိုသို့ရှုရာ၌ နာမ်ကမ္မဋ္ဌာန်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း တစ်တန်းပြီး တစ်တန်း ရှုပါ။ ရှေးက စက္ခုဒွါရဝီထိ တစ်ဝီထိ ဖြစ်က နောက်က မနောဒွါရဝီထိများ အကြိမ်များစွာ ဖြစ်ပုံကိုလည်း သဘောပေါက်အောင် ရှုပါ။ သောတဒွါရဝီထိ မနောဒွါရဝီထိစသည်တို့၌လည်း နည်းတူပင် ရှုပါ။

၂။ **အာရုံ** — ရူပါရုံစသည့် ဆိုင်ရာအာရုံကို ယန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ခွဲခြား စိတ်ဖြာလျက် အပျက်ကို မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ ယင်း ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ အနိစ္စဟု ရှုပါ။

၃။ **ဝေဒနာ** — နာမ်ကမ္မဋ္ဌာန်းပိုင်း ဇယားများတွင် ဖော်ပြထားသည့်အတိုင်း ဝေဒနာကို အဦးမူ၍ နာမ်တရား အားလုံးကို သိမ်းဆည်းပြီးလျှင် ယင်း နာမ်တရားတို့၏ အပျက်ကို အာရုံယူ၍ အနိစ္စဟု ရှုပါ။ ယင်း ဝိပဿနာ ဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ အနိစ္စဟု ရှုပါ။ ဝီထိများ၏ အကြားအကြားတွင် တည်ရှိသော ဘဝင်နာမ်တရား- တို့ကိုလည်း ရောနှော၍ ရှုပါ။ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း တစ်တန်းပြီး တစ်တန်း ကုန်စင်အောင် ရှုပါ။ ကုသိုလ်ဇောဝီထိ အကုသိုလ်ဇောဝီထိများကို (၆)လိုင်းလုံး၌ ကုန်စင်အောင် ရှုပါ။

၄။ **ဝိညာဏ်** — ယင်း အထက်ပါ နာမ်တရားတို့ကိုပင် အသိစိတ် = ဝိညာဏ်ကို အဦးမူ၍ သိမ်းဆည်း- ပြီးလျှင် ယင်းနာမ်တရားစုတို့၏ အပျက်ကို အာရုံယူ၍ အနိစ္စဟု ရှုပါ။ ယင်း ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန် ပြန်၍ အနိစ္စဟု ရှုပါ။

၅။ **ဖဿ** — ယင်းတရားတို့ကိုပင် ဖဿကို အဦးမူ၍ သိမ်းဆည်းပြီးလျှင် ယင်းနာမ်တရားစုတို့၏ အပျက်ကို အာရုံယူ၍ အနိစ္စဟု ရှုပါ။ ယင်း ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

## ဝိပဿနာရှုသည့် ဉာဏ်

ဝိပဿနာရှုသည့် ဉာဏ်ဟူသည်မှာ ဝိပဿနာဉာဏ် ပြဓာန်းသည့် မဟာကုသိုလ် (မဟာကြိယာ) မနော- ဒွါရိက ဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ပင် ဖြစ်ကြောင်းကို အထက်တွင် ရှင်းပြထားသည့်အတိုင်း ဝိပဿနာ ဉာဏ်နှင့် တကွသော ယင်းနာမ်တရားစုတို့၏ အပျက်ကို မြင်အောင်ကြည့်၍ တစ်ဖန် ထပ်၍ ဝိပဿနာရှုရမည် ဖြစ်သည်။ ထိုသို့ ရှုရာ၌ သင်္ခါရတရား = ဉာတတရားတို့၏ အပျက်ကို အာရုံယူ၍ —

၁။ အနိစ္စဟု ရှုသော ဝိပဿနာဉာဏ်ကို (က) အနိစ္စဟုလည်းကောင်း,
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း,

၂။ ဒုက္ခဟု ရှုသော ဝိပဿနာဉာဏ်ကို (က) အနိစ္စဟုလည်းကောင်း
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း,

၃။ အနတ္တဟု ရှုသော ဝိပဿနာဉာဏ်ကို (က) အနိစ္စဟုလည်းကောင်း,
(ခ) ဒုက္ခဟုလည်းကောင်း,
(ဂ) အနတ္တဟုလည်းကောင်း —

ဤသို့ အသီးအသီး ခွဲ၍ ရှုပါ။ ခန္ဓာငါးပါးနည်း, အာယတန တစ်ဆယ့်နှစ်ပါးနည်း, ဓာတ်တစ်ဆယ့်ရှစ်ပါး နည်း, ပဋိစ္စသမုပ္ပါဒ်နည်းစသည်တို့၌လည်း နည်းမှီး၍ ရှုပါလေ။

## အကျိုးဂုဏ်အင် အာနိသင်

သင်္ခတတရား = သင်္ခါရတရားမှန်သမျှသည် ဇာတိ ဇရာ မရဏ သဘောရှိ၏ = ဉပါဒ်-ဌီ-ဘင် = ဖြစ်-တည်-ပျက် သဘောရှိ၏။ ထို ဇာတိ ဇရာ မရဏ သဘောရှိသော သင်္ခတတရား၏ ဇာတိသည် အာဒိကောဋ္ဌိ = အစဖြစ်သော အဖို့အစွန်းတည်း။ ဇရာသည် မဇ္ဈိမကောဋ္ဌိ = အလယ်ဖြစ်သော အဖို့အစွန်းတည်း။ မရဏသည် ပြဲသာနကောဋ္ဌိ = အဆုံးဖြစ်သော အဖို့အစွန်းတည်း။ ဇာတိ ဇရာ မရဏ သဘောရှိသော သင်္ခတတရားတို့၌ ဉပါဒ်-ဌီ-ဘင်ဟူသော သုံးမျိုးသော လက္ခဏာသည်လည်း သင်္ခတလက္ခဏာပင် ဖြစ်သောကြောင့် အကယ်၍ကား အနိစ္စလက္ခဏာ မည်ပါပေ၏။ သို့သော် ဇာတိ ဇရာ ဟူသော ဉပါဒ်နှင့် ဌီတို့ကို မြင်အပ်ကုန်သော်လည်း ပျက်ဆဲဝယခဏ = ဘင်ခဏ၌သာ အနိစ္စလက္ခဏာသည် ထင်ထင်ရှားရှားဖြစ်၍ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာ-သကဲ့သို့ ထို့အတူ ဇာတိ ဇရာ ဟူသော ဉပါဒ်အခိုက် ဌီအခိုက်တို့၌ အနိစ္စလက္ခဏာသည် ထင်ထင်ရှားရှား ဖြစ်၍ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ မထင်မြင်ခဲ့ပေ။ ထို့ကြောင့် ဘင်မည်သည် သင်္ခတတရားတို့၏ အနိစ္စအဖြစ်၏ အဆုံးဖြစ်သော အဖို့အစွန်း = ပရမာကောဋ္ဌိတည်း။

ထင်ရှားစေအံ့ — ဇရာသဘော = ဌီသဘော, မရဏသဘော = ဘင်သဘောရှိသည်သာလျှင် ဖြစ်သော တရားသည်သာလျှင် ဖြစ်တတ်၏ = ဇာတိသဘော ရှိ၏။ ထိုကြောင့် ဇာတိ = ဉပါဒ်သည် အနိစ္စဖြစ်မှု၏ အာဒိ-ကောဋ္ဌိ = အစအဖို့အစွန်း ဖြစ်သကဲ့သို့ ထို့အတူ ဇာတိသဘော မရဏသဘောရှိသည်သာလျှင် ဖြစ်သော တရား-သည်လည်း အိုမင်းရင့်ကျက်၏ = ဇရာသဘော ဌီသဘောရှိ၏။ ထို့ကြောင့် ဇရာ = ဌီသည် သင်္ခတတရားတို့၏ မဇ္ဈိမကောဋ္ဌိ = အလယ်ဖြစ်သော အဖို့အစွန်း ဖြစ်၏။ ဇာတိသဘော ဇရာသဘောရှိသည်သာလျှင် ဖြစ်သော တရားသည် ပျက်တတ်၏ = မရဏသဘောသို့ ရောက်တတ်၏။ ထိုကြောင့် ပျက်ခြင်း = ဘင်သည် သင်္ခတ တရားတို့၏ ပရမာကောဋ္ဌိ = အဆုံးဖြစ်သော အဖို့အစွန်း ဖြစ်၏ဟု မှတ်ပါ။ (မဟာဋီ-၂-၄၄၀-၄၄၁။)

ထိုကြောင့် သင်္ခါရတရားတို့၏ အပျက် = ဘင်ကို ရှုနေသော ဘင်္ဂါနုပဿက ယောဂါဝစရပုဂ္ဂိုလ်သည် ရူပက္ခန္ဓာမှသည် ဇရာ-မရဏသို့တိုင်အောင်သော အလုံးစုံသော သင်္ခါရနယ်၌ အကျုံးဝင်သော တရားအပေါင်းကို အနိစ္စအားဖြင့်သာလျှင် = အနိစ္စဟုသာလျှင် အဖန်တလဲလဲ ရှု၏။ နိစ္စအားဖြင့်ကား မရှု။ ထိုနောင် ထိုဘင်္ဂါနုပ-ဿက ယောဂါဝစရပုဂ္ဂိုလ်သည် အနိစ္စဖြစ်သော သင်္ခါရတရား၏ ဒုက္ခစင်စစ် ဖြစ်သောကြောင့် ထိုအနိစ္စအားဖြင့် ယူအပ်ပြီး ရှုအပ်ပြီးသော သင်္ခါရတရားအပေါင်းကိုပင်လျှင် ဒုက္ခအားဖြင့် (= ဒုက္ခဟု) အဖန်တလဲလဲ ရှု၏၊ သုခ အားဖြင့် (= သုခဟု) မရှု။ ဒုက္ခဖြစ်သော သင်္ခါရတရား၏ အနတ္တစင်စစ် ဖြစ်သောကြောင့် ထို အနိစ္စ-ဒုက္ခ အားဖြင့် ရှုအပ်ပြီးသော သင်္ခါရတရားအပေါင်းကိုပင်လျှင် အနတ္တအားဖြင့် (= အနတ္တဟု) အဖန်တလဲလဲ ရှု၏၊ အတ္တအားဖြင့် (= အတ္တဟု) မရှု။ (ဝိသုဒ္ဓိ-၂-၂၇၉။)

ရုပ်နာမ်တို့ကို အပေါင်းအစုအလိုက် ခြုံငုံ၍ လက္ခဏာရေးသုံးတန် တင်ကာ ရှုပွားသုံးသပ်ခြင်း ကလာပ သမ္မသန ဝိပဿနာဘာဝနာ အမှုကို အားသစ်နေဆဲဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်ကဲ့သို့ သင်္ခါရတရားတို့ကို ကုန်ခြင်း အနက်သဘောကြောင့် အနိစ္စဟု အနုမာန = မျက်ရမ်းဆ၍ မှန်းဆသည်၏ အစွမ်းဖြင့် ဝိပဿနာ ရှုသည်လည်း မဟုတ်။ အားထုတ်ဆဲ ဝိပဿနာရှိသော အာရဒ္ဓဝိပဿက အမည်ရသော ဉဒယဗ္ဗယဉာဏ်သို့ ရောက်နေသော ယောဂါဝစရပုဂ္ဂိုလ်ကဲ့သို့ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းလျှင် ရှေ့သွားရှိသော ပျက်ခြင်းကို ရှုခြင်း၏ အစွမ်းဖြင့် ဝိပဿနာရှုသည်လည်း မဟုတ်။ စင်စစ်မှာမူ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုသာ ဝိပဿနာရှုသော ဤဘင်္ဂါနုပဿက ယောဂါဝစရပုဂ္ဂိုလ်သည် ဉဒယဗ္ဗယဉာဏ်၏ အစွမ်းအာနုဘော်ကြောင့် မျက်မှောက်ပစ္စက္ခအားဖြင့် ဉာဏ်ဝ၌ ထင်လာကုန်သော ဖြစ်ခြင်း ပျက်ခြင်း ဉဒယ-

ဝယတို့တွင် ဆိုအပ်ခဲ့ပြီးသည့်အတိုင်းပင် ဖြစ်ခြင်းကို လွတ်၍ ပျက်ခြင်း ဘင်ကိုသာ ရှုမြင်သည်၏ အစွမ်းဖြင့်သာလျှင် အနိစ္စဟု အဖန်တလဲလဲ ရှု၏၊ ဤသို့ ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား သင်္ခါရတရားတို့ကို မြဲ၏ဟု စွဲလမ်းခြင်း = နိစ္စဂါဟ၏ အရိပ်အမြွက်မျှသော်လည်း မရှိတော့သောကြောင့် နိစ္စအားဖြင့် မရှုဟု ဆိုသည်။ ထိုကြောင့်ပင်လျှင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ "ဤသို့ သင်္ခါရတရားတို့ကို အနိစ္စဟု ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၌ နိစ္စဟု အမှတ်မှားသော နိစ္စသညာကို ပယ်စွန့်နိုင်၏" – ဤသို့စသော စကားကို ဟောကြားတော်မူခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၄၁။)

## လက္ခဏာယာဉ်ကို တင်ပါ

ကေစိ ပနေတ္ထ **"အနိစ္စတော အနုပဿတိ၊ နော နိစ္စတော"**တိအာဒိနာ ဝိသုံ ဒဿနကိစ္စံ နတ္ထိ၊ ဘင်-ဒဿနေနေဝ သဗ္ဗံ ဒိဋ္ဌံ ဟောတီ"တိ ဝဒန္တိ၊ တံ ဘင်္ဂါနုပဿနာယ မတ္တကပ္ပတ္တိယံ ယုတ္တံ၊ တတော ပန ပုဗ္ဗဘာဂေ အနေကာကာရဝေါကာရာ အနုပဿနာ ဣစ္ဆိတဗ္ဗာ၀။ အညထာ "အနိစ္စတော အနုပဿတီ"တိအာဒိကာ ပါဠိ, "အနေကေဟိ အာကာရေဟိ ပုနပ္ပုနံ ပဿတီ"တိ အာဂတာ တဿာ အဋ္ဌကထာ စ ဝိရောဓိတာ သိယာ။
(မဟာဋီ-၂-၄၄၁။)

အချို့သော ကေစိဆရာတို့ကား ဤဘင်္ဂါနုပဿနာအရာ၌ — **အနိစ္စတော အနုပဿတိ၊ နော နိစ္စတော** = အနိစ္စအားဖြင့် = အနိစ္စဟုအဖန်တလဲလဲ ရှု၏၊ နိစ္စအားဖြင့် = နိစ္စဟု မရှု — ဟူသော ဤသို့စသော ပဋိ-သမ္ဘိဒါမဂ္ဂပါဠိတော်စကားရပ်ဖြင့် အသီးအခြား ဝိပဿနာရှုခြင်း လုပ်ငန်းကိစ္စရပ် မရှိပါ။ ဘင်ဒဿန = သင်္ခါရတရားတို့၏ အပျက်သက်သက်ကို ရှုခြင်း မြင်ခြင်းဖြင့်ပင်လျှင် အလုံးစုံကို မြင်အပ်ပြီးသာလျှင် ဖြစ်၏ဟု ဆိုကြကုန်၏။ ထိုကေစိဆရာတို့၏ စကားသည် ဘင်္ဂါနုပဿနာဉာဏ်၏ အထွတ်အထိပ်သို့ ရောက်လတ်သော်သာ သင့်မြတ်သော စကားဖြစ်၏။ သို့သော် ထိုအထွတ်အထိပ်သို့ ရောက်သော ဘင်ဉာဏ်မှ ရှေးအဖို့၌ကား သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြု၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ဤသို့စသည့် ရှုပုံ အခြင်းအရာ အမျိုးမျိုးတို့ဖြင့် ရောပြွမ်းကုန်သော ရှုပုံရှုနည်း အနုပဿနာ အမျိုးမျိုးတို့ကို အလိုရှိအပ်ကုန်သည်သာလျှင် ဖြစ်သည်။ သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြု၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ဤသို့စသည်ဖြင့် ရှုဖို့မလိုဟု ဤသို့သော အနက်အဓိပ္ပါယ်ကို ယူဆခဲ့သော် လက်ခံခဲ့သော် – **"အနိစ္စတော အနုပဿတိ = အနိစ္စအားဖြင့် = အနိစ္စဟု ရှု၏"** ဤသို့စသည်ဖြင့် ဟောကြားထားတော်မူအပ်သော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်သည်လည်းကောင်း,

**အနုပဿတီ**တိ အနု အနု ပဿတိ၊ အနေကေဟိ အာကာရေဟိ ပုနပ္ပုနံ ပဿတီတိ အတ္ထော။
(ဝိသုဒ္ဓိ-၂-၂၇၉။)

**အနုပဿတိ** ဟူသည် အဖန်ဖန် အထပ်ထပ် ရှု၏၊ တစ်ပါးမက များပြားလှစွာသော အခြင်းအရာတို့ဖြင့် ရှု၏ဟု ဆိုလိုသည် – ဤသို့စသည်ဖြင့် လာရှိသော ထိုပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုသော အဋ္ဌကထာ စကားသည်လည်းကောင်း ယင်းကေစိဆရာတို့၏ စကားကို ဆန့်ကျင်စေအပ်သည် ဖြစ်လေရာ၏။
(မဟာဋီ-၂-၄၄၁။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် အညီ ဤဘင်္ဂါနုပဿနာဉာဏ်ပိုင်း၌လည်း ယောဂါဝစရ ပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု ဤသို့စသည်ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုရမည်သာဟု မှတ်ပါ။

## ဝိပဿနာ အခိုက် သမုဒယ ချုပ်ပုံ

ယသ္မာ ပန ယံ အနိစ္စံ ဒုက္ခမနတ္တာ၊ န တံ အဘိနန္ဒိတဗ္ဗံ။ ယဉ္စ အနဘိနန္ဒိတဗ္ဗံ၊ န တတ္ထ ရဇ္ဇိတဗ္ဗံ။ တသ္မာ ဧတသ္မိံ ဘင်္ဂါနုပဿနာနုသာရေန "အနိစ္စံ ဒုက္ခမနတ္တာ"တိ ဒိဋ္ဌေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ၊ နော နန္ဒတိ။ ဝိရဇ္ဇတိ၊ နော ရဇ္ဇတိ။ သော ဧဝံ အရဇ္ဇန္တော လောကိကေနေဝ တာဝ ဉာဏေန ရာဂံ နိရောဓေတိ၊ နော သမုဒေတိ။ သမုဒယံ န ကရောတီတိ အတ္ထော။ (ဝိသုဒ္ဓိ-၂-၂၇၉။)

အကြင် သင်္ခါရတရားအပေါင်းသည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်၏၊ ထိုသင်္ခါရတရားအပေါင်းကို "ဧတံ မမ၊ ဧသော မေ အတ္တာ = ဤသင်္ခါရတရားသည် ငါ့ဟာတည်း၊ ဤသင်္ခါရတရားသည် ငါ၏အတ္တတည်း" - ဟု တဏှာ-ဒိဋ္ဌိတို့ဖြင့် လွန်လွန်မင်းမင်း မနှစ်သက်အပ်ပေ။ ထိုသင်္ခါရတရားအပေါင်း၌ မတပ်မက်အပ်ပေ။ (ကာမရာဂ ဘဝရာဂကို မဖြစ်စေအပ်ဟု ဆိုလို၏။) ထို့ကြောင့် သင်္ခါရတရားတို့၏ အပျက်ကို ရှုတတ်သော ဘင်္ဂါနုပဿနာ ဉာဏ်ကို အစဉ်လျှောက်သဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်အပ်ပြီးသော သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ မနှစ်သက်တော့ပေ။ စက်ဆုပ်၏၊ မတပ်မက်တော့ပေ။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့ မတပ်မက်သည်ဖြစ်၍ ရှေးဦးစွာ လောကီသာလျှင် ဖြစ်သော ဉာဏ်ဖြင့် ရာဂကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ချုပ်ခြင်း နိရောဓသို့ ရောက်စေ၏။ (ခပ်ကြာကြာ ခွာထား၏ဟု ဆိုလိုသည်။) ဘဝဖြစ်ကြောင်း သမုဒယကို မဖြစ်စေ၊ ဘဝဖြစ်ကြောင်း သမုဒယကို မပြုတော့ဟု ဆိုလို၏။ (ဝိသုဒ္ဓိ-၂-၂၇၉။)

## အန္ဝယဉာဏ်ဖြင့် မှန်းဆရှုပုံ

အထ ဝါ သော ဧဝံ ဝိရတ္တော ယထာဒိဋ္ဌံ သင်္ခါရဂတံ၊ တထာ အဒိဋ္ဌမ္ပိ အန္ဝယဉာဏဝသေန နိရောဓေတိ၊ နော သမုဒေတိ။ နိရောဓတောဝ မနသိကရောတိ။ နိရောဓမေဝဿ ပဿတိ၊ နော သမုဒယန္တိ အတ္ထော။

(ဝိသုဒ္ဓိ-၂-၂၇၉။)

**ဧဝံ ဝိရတ္တော**တိ ဧဝံ ဘင်္ဂါနုပဿနာနုသာရေန ဝိရတ္တော။ ယထာဒိဋ္ဌံ သမ္ပတိ ဥပဋ္ဌိတံ သင်္ခါရဂတံ နိရောဓေတိ နိရောဓံ မနသိ ကရောတိ၊ အဒိဋ္ဌမ္ပိ အတီတာနာဂတံ အန္ဝယဉာဏဝသေန ယထာ က္ခဒံ ဧတရဟိ၊ ဧဝံ က္ခတရေပီတိ အနုမိနန္တော နိရောဓေတိ မနသိကတသာပိ နိရောဓံ (မနသိ) ကရောတိ။ **နော သမုဒေတီ**တိ တွောပိ ဧသေဝ နယော။ နော သမုဒယံ မနသိ ကရောတီတိ အတ္ထော။ (မဟာဋီ-၂-၄၄၂။)

တစ်နည်း — ဤ ဘင်္ဂါနုပဿနာဉာဏ်သို့ အစဉ်လျှောက်သဖြင့် သင်္ခါရတရားတို့အပေါ်၌ (ခပ်ကြာကြာ ခွာထားနိုင်သောအားဖြင့်) တပ်မက်ခြင်း ရာဂကင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် မျက်မှောက်သိမြင်အပ်သော ဉာဏ်ဝ၌ ရှေးရှုထင်လာသော သင်္ခါရတရားအပေါင်းကို ချုပ်ခြင်းကို နှလုံးသွင်းသကဲ့သို့ ထို့အတူ ဝိပဿနာ ဉာဏ်ဖြင့် မတွေ့မမြင်အပ်သေးသော မရှုရသေးသော အတိတ် အနာဂတ် သင်္ခါရတရားအပေါင်းကိုလည်း အလျော် ဆ၍ ယူတတ်သော **အန္ဝယဉာဏ်**၏ အစွမ်းဖြင့်, ယခုမျက်မှောက် လက်ငင်း ပစ္စက္ခဉာဏ်ဖြင့် မြင်အပ်သော ဤသင်္ခါရတရားကဲ့သို့ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် မမြင်အပ်သေးသော မရှုရသေးသော အတိတ် အနာဂတ် သင်္ခါရတရားသည်လည်း "ဤသို့ ချုပ်ခြင်းသဘော ရှိသည်သာတည်း"ဟု ဤသို့ နှိုင်းရှည့်လျက် ချုပ်ခြင်း နိရောဓ သဘောကို နှလုံးသွင်း၏။ ဖြစ်ခြင်း သမုဒယကို နှလုံးမသွင်း၊ ချုပ်သောအားဖြင့် သာလျှင် = အချုပ်ကိုသာလျှင် နှလုံးသွင်း၏၊ ထို သင်္ခါရတရားအပေါင်း၏ ချုပ်ခြင်း နိရောဓကိုသာလျှင် ရှု၏၊ ဖြစ်ခြင်း သမုဒယကို မရှု။ ဤကား အထက်တွင် ဖော်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ ဆိုလိုရင်း အနက်သဘောတရားတည်း။

(ဝိသုဒ္ဓိ-၂-၂၇၉။ မဟာဋီ-၂-၄၄၂။)

အထက်ပါ အဋ္ဌကထာ ဋီကာတို့၌ လာရှိသော —

၁။ **ယထာဒိဋ္ဌံ သင်္ခါရဂတံ** ဟူသော အဋ္ဌကထာစကား,

၂။ **ယထာဒိဋ္ဌံ သမ္မတိ ဥပဋ္ဌိတံ သင်္ခါရဂတံ** ဟူသော မဟာဋီကာစကား,

၃။ **အဒိဋ္ဌမ္ပိ** ဟူသော အဋ္ဌကထာစကား,

၄။ **အဒိဋ္ဌမ္ပိ အတီတာနာဂတံ** ဟူသော မဟာဋီကာစကား —

ဤစကားလေးရပ်၌ကို ရှေ့နောက် ဆက်စပ်ကြည့်၍ ဤဘင်္ဂါနုပဿနာဉာဏ်သည် ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုသည်၊ အတိတ်-အနာဂတ်ကိုကား ထိုနည်းလည်းကောင်းဟု အနုမာန = အလျော်မှန်းဆ၍သာ ရှုရသည်ဟု အယူအဆ မမှားစေလိုပါ။

ရှေးဥဒယဗ္ဗယဉာဏ်ပိုင်း၌ ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း — **ပစ္စုပ္ပန် အယူအဆ**ကို လက်ခံနိုင်ပါမှ သဘောကျနိုင်ပါမှ ရှေးစကားနှင့် နောက်စကားသည် ညီညွတ်၍ အဓိပ္ပါယ် ဆက်စပ်မိမည် ဖြစ်ပါသည်။ အကြောင်းမူ — ဤ ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံပရမတ္ထဓာတ်သား သင်္ခါရတရားတို့တွင် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးဖြင့် သိမ်းကျုံးရေတွက်အပ်သော ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့သည်လည်း ပါဝင်ကြ၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးဖြင့် သိမ်းကျုံးရေတွက်အပ်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ် (၁၂)မျိုးတို့သည်လည်း ပါဝင်ကြ၏။ အဝိဇ္ဇာ သင်္ခါရတို့ကား အတိတ်အဓွန့်ကာလတရားစုတို့ ဖြစ်ကြ၏။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝတို့ကား ပစ္စုပ္ပန် အဓွန့်ကာလတရားစုတို့ ဖြစ်ကြ၏။ ဇာတိ ဇရာ မရဏတို့ကား အနာဂတ် အဓွန့်ကာလတရားစုတို့ ဖြစ်ကြ၏။ ယင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် အားလုံးတို့မှာ မျက်မှောက်ခေတ်တွင် အများစု နားလည်နေသည့် ပစ္စုပ္ပန်ဆတ်ဆတ် တရားမျိုးချည်း ပစ္စုပ္ပန်တည့်တည့် တရားမျိုးတို့ချည်းကား မဟုတ်ကြပေ။ အတိတ်ကာလ အတိတ်ဘဝ, ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဘဝ, အနာဂတ်ကာလ အနာဂတ်ဘဝဟူသော ကာလသုံးပါး ဘဝသုံးပါး အဓွန့်သုံးပါး အတွင်း၌ တည်ရှိသော သင်္ခါရတရား အသီးအသီးတို့သာ ဖြစ်ကြ၏။ ယင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ် အားလုံးတို့သည် —

၁။ **ယထာဒိဋ္ဌံ သင်္ခါရဂတံ** ဟူသော အဋ္ဌကထာစကား,

၂။ **ယထာဒိဋ္ဌံ သမ္မတိ ဥပဋ္ဌိတံ သင်္ခါရဂတံ** ဟူသော ဋီကာစကား –

ဤစကားရပ်တို့ဖြင့် ဖော်ပြအပ်သော ယောဂါဝစရပုဂ္ဂိုလ်၏ မျက်မှောက်လက်ငင်း သိမြင်အပ်သော ပစ္စက္ခဉာဏ်ဝ၌ ရှေးရှုထင်လာသော သင်္ခါရတရားအပေါင်းတွင် အကျုံးဝင်လျက်ပင် ပါဝင်လျက်ပင် ရှိကြပေသည်။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော မည်သည့် သင်္ခါရတရားကို မဆို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် လှမ်းရှုလိုက်ပါက ယင်းယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ဥပါဒ်-ဋ္ဌီ-ဘင်ဟူသော ခဏတ္တယသမင်္ဂီ = ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံနေသော အနေအားဖြင့် ထင်လာသော တရားမှန်သမျှသည် အတိတ်ဘဝ အတိတ်ကာလက ဖြစ်ခဲ့သော တရားပင် ဖြစ်ချင်ဖြစ်ပါစေ, ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဘဝ အတွင်း၌ ဖြစ်သော တရားပင် ဖြစ်ချင်ဖြစ်ပါစေ, အနာဂတ်ဘဝ အနာဂတ်ကာလ၌ အကျုံးဝင်သော တရားပင် ဖြစ်ချင်ဖြစ်ပါစေ မျက်မှောက်လက်ငင်း သိမြင်အပ်သော ပစ္စက္ခဉာဏ်ဝ၌ ရှေးရှု ထင်လာသော သင်္ခါရတရား အပေါင်းဟုပင် ဆိုနိုင်ပေသည်။

ဤသို့ အဓိပ္ပါယ် မယူဆနိုင်ပါက ဤသို့သော ဆိုလိုရင်း သဘောတရားကို လက်မခံနိုင်ပါက အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ကို ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူသော အနတ္တလက္ခဏသုတ္တန်စသော ထိုထိုသုတ္တန်တို့၌ လာရှိသော

တေပရိဝဋ္ဋဓမ္မဒေသနာတော်များသည်လည်း အဓိပ္ပါယ်ကင်းမဲ့နေသည့် ဒေသနာတော်တို့သာ ဖြစ်ကြဖွယ်ရာ ရှိနေပေသည်။ တစ်ဖန် ကာလသုံးပါးလုံး၌ အကျုံးဝင်သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူသော ဒေသနာတော်များသည်လည်း အဓိပ္ပါယ်ကင်းမဲ့နေသည့် ဒေသနာ-တော်တို့သာ ဖြစ်နေကြဖွယ်ရာ ရှိလာပြန်ပေသည်။

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်သည် မည်သည့်သင်္ခတတရားကို မဆို ဝိပဿနာဉာဏ်ဖြင့် ရှုလိုက်ပါက မိမိ၏ ဉာဏ်၌ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်းနှင့် ပြည့်စုံနေသည့် ခဏတ္တယသမင်္ဂီ တရားလုံး တစ်ခု အနေဖြင့် တွေ့မြင်ပါက ယင်းတရားသည် သမ္ပတိ ဥပဋ္ဌိတ = မိမိ၏ ဉာဏ်၌ လက်ငင်းမျက်မှောက် ဒိဋ္ဌထင်ထင် ရှေးရှုထင်လာ တည်လာသော တရားပင်ဖြစ်လျှင် ယင်းသင်္ခတတရား၏ ဥပါဒ်-ဌီ-ဘင် ခဏသုံးပါးလုံးကိုပင် ဘင်္ဂါနုပဿနာဉာဏ်က ရှုနေပါသလောဟု မေးရန် ရှိ၏။ အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း ဥပါဒ်နှင့် ဌီကို နှလုံးမသွင်းဘဲ ခဏိကနိရောဓဟု ခေါ်ဆိုအပ်သော အပျက် ဘင်ကိုသာ နှလုံးသွင်းသဖြင့် ဘင်္ဂါနုပဿနာပင် ဖြစ်သည် ဟူပေ။

ကာလသုံးပါးအတွင်း၌ တည်ရှိသော ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံသည့် ခဏတ္တယသမင်္ဂီတရား၏ အပျက် = ဘင်ကို ရှုမြင်နေလျှင် ဘင်္ဂါနုပဿနာဉာဏ် ဖြစ်သည်ဆိုပါက — (အဒိဋ္ဌမ္ပိ) အတီတာနာဂတံ အန္ဝယဉာဏဝသေန နိရောဓေတိ = ဉာဏ်ဖြင့် မမြင်အပ်သော = ဝိပဿနာဉာဏ်ဖြင့် မရှုရ သေးသော အတိတ် အနာဂတ် သင်္ခတတရားကိုလည်း အနုမာန အလျော်ဆ၍ ယူတတ်သော အန္ဝယဉာဏ်၏ အစွမ်းဖြင့် ခဏိကနိရောဓဟူသော ခဏအားဖြင့် ချုပ်ခြင်းကို နှလုံးသွင်း၏ – ဟု ဤသို့ ဖွင့်ဆိုထားသော စကားကို မည်သို့ အဓိပ္ပါယ် ယူဆရမည်နည်းဟု မေးရန်ရှိ၏။ ဤအရာတွင် အသင်သူတော်ကောင်း အနေဖြင့် ဉာဏ်ကြီးကြီး နားကြီးကြီး မျက်စိကြီးကြီးထား၍ စဉ်းစားတတ်ဖို့ ယူဆတတ်ဖို့ လိုပေသည်။

လိပ်ခဲပမာ၊ မြဲမြဲစွာလျက်၊ သတ္တဝါ တစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားချေချွတ်၊ ဖြေမလွတ်ဘူး။ (မဃဒေဝ-စာပိုဒ်-၃၁၉။)

မိမိ၏ မှားယွင်းနေသော အယူဝါဒကို လိပ်ခဲပမာ မြဲမြဲစွာ ဆုပ်ကိုင်ထားသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦး မဖြစ်မိဖို့ရန် အထူးသတိပြုရမည့် အရာဌာန ဖြစ်ပေသည်။

အသင်သူတော်ကောင်းသည် အတိတ်ဘဝ အဆက်ဆက်၌ အကြောင်းတရား အကျိုးတရားတို့ကို ဝိပ-ဿနာဉာဏ်ဖြင့် ရှုလို့ ရသည်  ရှုနိုင်သည်ဟု ဆိုသော်လည်း အသင်သူတော်ကောင်း အနေဖြင့် ရှုလိုက်နိုင်သည့် အတိတ်အကြောင်းတရား အတိတ်အကျိုးတရားတို့မှာ ဘဝပေါင်း အနည်းငယ်အတွင်း၌ တည်ရှိသည့် အကြောင်း တရား အကျိုးတရားမျှသာ ဖြစ်ဖွယ်ရာ ရှိပါသည်။ သတ္တဝါတစ်ဦးအဖို့ အစမထင် သံသရာ၌ ကျင်လည်ကျက်စား ခဲ့ရသော ဘဝတွေကား များလှသည်သာ ဖြစ်၏။ အသင်သူတော်ကောင်း၏ ဝိပဿနာဉာဏ်ဖြင့် ရှုလိုက်နိုင်သော အတိတ်ဘဝ အတိတ်သင်္ခါရတရားနှင့်  မရှုလိုက်နိုင်သော အတိတ်ဘဝ အတိတ်သင်္ခါရတရားဟူသော ဤသင်္ခါရ တရား နှစ်မျိုးတို့ကို တိုင်းတာ နှိုင်းစာ ကြည့်လိုက်သော် မရှုလိုက်နိုင်သော အတိတ်ဘဝ အတိတ်သင်္ခါရတရား-တို့ကသာ အလွန့်အလွန် သာလွန်၍ များကြ၏။ အလားတူပင် အနာဂတ်၌လည်း နည်းတူ သဘောပေါက်ပါ။ အရဟတ္တမဂ်သို့ဆိုက်သည်တိုင်အောင်သော အနာဂတ်သည် အနည်းငယ်ပင် ရှိသည် ထားဘိဦးတော့၊ ထိုအရ-ဟတ္တမဂ်သို့ မဆိုက်ရောက်မီ အချိန်ကာလအတွင်း၌ ဖြစ်လတ္တံ့သော သင်္ခါရတရားစုကို အကြွင်းအကျန် မရှိ ကုန်စင်အောင် ဝိပဿနာ ရှုနိုင်ရေးမှာ သာဝကပါရမီဉာဏ်အရာ၌ မလွယ်ကူသော အချက်တစ်ရပ်သာ ဖြစ်သည်။

အကြောင်းမူ — သာဝကတို့သည် တစ်စိတ်တစ်ဒေသသော သင်္ခါရတရားစုတို့ကိုသာ ဝိပဿနာ ရှုနိုင်ကြသောကြောင့် ဖြစ်၏။ ထိုကြောင့် အတိတ် အနာဂတ် သင်္ခါရတရားစုတို့တွင် အသင်သူတော်ကောင်း ကိုယ်တိုင် ရှုလိုက်နိုင်သော အတိတ် အနာဂတ် သင်္ခါရတရားစုမှာ ရှည်လျားလှစွာသော သံသရာခရီးနှင့် တိုင်းတာ နှိုင်းစာလိုက်ပါက အနည်းငယ် အချို့အဝက် တစ်စိတ်တစ်ဒေသမျှသာ ဖြစ်၏။ ထို မိမိရှုလိုက်နိုင်သော သမ္မတိဒိဋ္ဌ = သမ္မတိ ဥပဋ္ဌိတ = မျက်မှောက်ထင်ထင် ဝိပဿနာဉာဏ်ဖြင့် မြင်လိုက်သော ရှုလိုက်မိသော တရားစု၏ ခဏမစဲ တသဲသဲချုပ်မှု ခဏိကနိရောဓသဘောကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် တွေ့မြင်သောအခါ မိမိ၏ ဝိပဿနာဉာဏ်ဖြင့် မရှုလိုက်မိ မရှုလိုက်နိုင်သော အတိတ် အနာဂတ် သင်္ခါရတရားစုသည်လည်း ထိုနည်းလည်းကောင်း ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏိကနိရောဓသဘော ရှိသည်သာဟု အတိတ်သံသရာ တစ်လျှောက်လုံး အနာဂတ် သံသရာ တစ်လျှောက်လုံး အတွင်း၌ တည်ရှိသော သင်္ခါရတရား မှန်သမျှကို အနုမာန မျက်ရမ်းဆ၍ ရှုခြင်းမျိုးသာ ဖြစ်သည်ဟု သဘောကျပါလေ။ အတိတ် အနာဂတ်ကို လုံးလုံးမရှုဘဲ အတိတ် အနာဂတ်တရားကိုလည်း ထိုနည်းလည်းကောင်းဟု ရှုသည် မဟုတ်သည်ကိုကား သတိပြုလေရာသည်။

ဤသို့ အဓိပ္ပါယ် မယူဆတတ်ပါက ဥဒယဗ္ဗယဉာဏ်တိုင်အောင်သော ရှေးပိုင်း ဝိပဿနာဉာဏ်တို့၏ အရှုခံအာရုံ သင်္ခါရတရားက တစ်မျိုး တခြား တစ်ပါးတည်း၊ ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံအာရုံ သင်္ခါရတရားက တစ်မျိုးတခြား တစ်ပါးတည်းဟု အဓိပ္ပါယ်သက်ရောက်သွားမည် ဖြစ်သည်။ ထိုကဲ့သို့လည်း အဓိပ္ပါယ် မသက်ရောက်သင့်ပေ။ အဘယ်ကြောင့်နည်းဟူမူ — ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဥဒယဗ္ဗယဉာဏ် တိုင်အောင်သော ဝိပဿနာဉာဏ်တို့၏ အရှုခံအာရုံ ပရမတ္ထဓာတ်သားနှင့် ဤဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံအာရုံ ပရမတ္ထဓာတ်သားတို့ကို အတူတူပင် ထုတ်ဖော်၍ ဟောကြားထားတော်မူသောကြောင့် ဖြစ်သည်။ ရှေးပိုင်း ဝိပဿနာဉာဏ်တို့၌ အတိတ် အနာဂတ် တရားများကို ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်သည် တိုင်အောင် ရှု၍ရသည်ဖြစ်ပါလျှင် ဤဘင်္ဂါနုပဿနာဉာဏ်ပိုင်းသို့ ရောက်ရှိမှ အတိတ်အနာဂတ် သင်္ခါရတရား မှန်သမျှကို အနုမာန အလျော်မှန်းဆသည့် အန္ဝယဉာဏ်ဖြင့်သာ ရှုရမည်ဟု ဆိုသင့် မဆိုသင့်ကိုကား အသင်သူတော်ကောင်း ကိုယ်တိုင် စဉ်းစားသင့်လှပေသည်။

ထိုကြောင့် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့တွင် မိမိ ရှုနိုင်သမျှသော သင်္ခါရတရားမှန်သမျှ၏ ဥပါဒ်-ဌီ-ဘင်ဟူသော ခဏသုံးပါး အပေါင်းနှင့် ပြည့်စုံနေသည့် ခဏတ္တယသမင်္ဂီအခိုက်အတန့်ကို အထူးသဖြင့် ဘင်အခိုက်အတန့်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုနိုင်ပါက ယင်း ခဏတ္တယသမင်္ဂီ အခိုက်အတန့်အတွင်း၌ တည်ရှိနေသော သို့မဟုတ် ဘင်ခဏ ဘင်ကာလအတွင်း၌ တည်ရှိသော သင်္ခါရတရားမှန်သမျှသည် သမ္မတိဒိဋ္ဌ = လက်ငင်း မျက်မှောက် သိမြင်အပ်သော တရားပင် ဖြစ်သည်။ ဝိပဿနာဉာဏ်ဖြင့် ရှုလိုက်မိ ရှုလိုက်နိုင်သော တရား၏ ရှေ့နောက်၌ တည်ရှိသော မရှုလိုက်မိ မရှုလိုက်နိုင်သော အတိတ် အနာဂတ်တရားတို့ကား အဒိဋ္ဌ-အတီတာနာဂတ တရားတို့ ဖြစ်ကြ၏။ ဤသို့ ခွဲခြား မှတ်သားပါလေ။ ဤသို့ ယူဆပါမှ လက်ခံနိုင်ပါမှ ရှေးရှေး ဝိပဿနာဉာဏ်၏ အရှုခံ အာရုံနှင့် နောက်နောက် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့သည် တစ်သားတည်း ညီညွတ်ကြမည် ဖြစ်ပေသည်။

## ခွာနိုင် ပယ်နိုင်သည်

ဤ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော အနိစ္စာနုပဿနာစသည်တို့၏ အစွမ်းဖြင့် ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လျက်ရှိသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် စွန့်လွှတ်၏၊ မစွဲလမ်းတော့ပေ။ အဘယ်သဘောကို ဆိုလိုပါသနည်း? ဟူမူ —

အနိစ္စာနုပဿနာစသော အနုပဿနာဉာဏ်သည် တဒင်္ဂ၏ အစွမ်းဖြင့် ကိလေသာတို့ကို ပယ်စွန့်၏။ ကိလေသာတို့ကို ပယ်စွန့်ခဲ့သော် ထိုကိလေသဝဋ်လျှင် အကြောင်းရင်းခံရှိသော ကမ္မဝဋ်ဖြင့် သင်္ခါရတို့ ရေတွက်အပ်သော ဘဝသစ်ကို ပြုပြင်စီမံတတ်သော အဘိသင်္ခါရတရားတို့ကိုလည်း ပယ်စွန့်ပြီး ဖြစ်၏။ တစ်ဖန် ကံ - ကိလေသာတို့ကို ပယ်စွန့်သည်ရှိသော် ထိုကံမှ = ထိုကံကြောင့် ဖြစ်လတ္တံ့ ဖြစ်ကုန်သော ဝိပါက်ခန္ဓာတို့ကိုလည်း ပယ်စွန့်သည်ပင် မည်၏။

ဤအနိစ္စာနုပဿနာဉာဏ်စသော ဘင်္ဂါနုပဿနာဉာဏ်သည် ခန္ဓာတို့နှင့်တကွ အဘိသင်္ခါရတရားတို့နှင့် တကွ ကိလေသာတို့ကို ပယ်စွန့်ခြင်းကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂလည်း မည်၏။ သင်္ခတတရားတို့၌ အနိစ္စဖြစ်မှုစသော အပြစ်ကို မြင်သဖြင့်လည်း ထိုအနိစ္စစသည်မှ ပြောင်းပြန်ဖြစ်သော နိစ္စ-သုခစသော သဘောရှိသော နိဗ္ဗာန်၌ ထိုနိဗ္ဗာန်သို့ ညွတ်သော စိတ်နှလုံးရှိသည်၏ အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်း မည်၏ဟု ဆိုအပ်ပေသည်။ ထိုကြောင့် ထိုအနိစ္စာနုပဿနာစသော ဘင်္ဂါနုပဿနာဉာဏ်နှင့် ပြည့်စုံသော ယောဂါဝစရ ရဟန်းတော်သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ကိလေသာတို့ကိုလည်း တဒင်္ဂအားဖြင့် ပယ်စွန့်၏၊ နိဗ္ဗာန်၌လည်း ညွတ်ကိုင်းရှိုင်းသောအားဖြင့် ပြေးဝင်၏ = စိတ်နှလုံး ညွတ်ကိုင်းရှိုင်း၏။ ကိလေသာတို့ကို ဖြစ်စေသည်၏ အစွမ်းဖြင့် ကိလေသာတို့ကို ယူလည်း မယူ။ သင်္ခတတရားတို့၏ အနိစ္စဖြစ်မှုစသော အပြစ်ကို ရှင်းရှင်းကြီး လင်းလင်းကြီး သိမြင်နေသည့်အတွက်, သင်္ခတတရားတို့၏ အနိစ္စဖြစ်မှုစသော အပြစ်ကို မမြင်သည်၏ အစွမ်းဖြင့် သင်္ခတဖြစ်သော အာရုံကို "ငါ-ငါ့ဟာ"ဟု တဏှာ-ဒိဋ္ဌိတို့ဖြင့် မစွဲယူ။ ထိုကြောင့် — ပဋိနိဿဇ္ဇတိ နော အာဒိယတိ = စွန့်လွှတ်၏၊ မစွဲယူ — ဟု ဆိုခြင်း ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၂၇၉။)

ဤတိုင်အောင်သော စကားရပ်တို့ကား အထက်တွင် ရေးသားတင်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းလင်းဖွင့်ဆိုထားသော အဋ္ဌကထာ ဋီကာ စကားရပ်တို့ကို ရှင်းလင်းတင်ပြချက်များပင် ဖြစ်ကြသည်။ ယခုတစ်ဖန် ယင်း ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် ဘင်ဉာဏ်ခန်း၌ လာရှိသော ဂါထာ (၄)ဂါထာတို့ကို ဆက်လက်၍ ရှင်းလင်းတင်ပြအပ်ပါသည်။ ဂါထာ တစ်ခုပြီးမှ တစ်ခုကို ရှင်းလင်းတင်ပြပေအံ့။

## ဂါထာဒေသနာများ

၁။ ဝတ္ထုသင်္ကမနာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။
အာဝဇ္ဇနာဗလဉ္စေဝ၊ ပဋိသင်္ခါဝိပဿနာ။ (ပဋိသံ-၅၆။)

၁။ ဝတ္ထုသင်္ကမနာ စေဝ = ရှေးဝတ္ထုမှ တစ်ပါးသော နောက်ဝတ္ထုသို့ ပြောင်းခြင်းလည်းကောင်း။ ပညာယ = သင်္ခါရတရားတို့၏ ဖြစ်ခြင်း-ပျက်ခြင်း ဉဒယ-ဝယကို ရှုမြင်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ဝိပဿနာပညာ၏။ ဝိဝဋ္ဋနာ စ = အပျက်(= ဝယ)သက်သက်ကိုသာ ဉာဏ်ဖြင့် ပိုင်းခြားယူသည်၏အစွမ်းအားဖြင့် ဖြစ်ခြင်း (= ဉဒယ)မှ နစ်ခြင်းလည်းကောင်း။ အာဝဇ္ဇနာဗလဉ္စ = အခြားမဲ့၌ ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်လည်းကောင်း။ ဧသော = ဤသည်ကား။ ပဋိသင်္ခါဝိပဿနာ = ရုပ်စသော သင်္ခါရအာရုံကို သိ၍ အပျက် ဘင်ကို ရှုသော ပဋိသင်္ခါဝိပဿနာ = ဘင်္ဂါနုပဿနာ မည်၏။

ဤဂါထာ၌ (က) ဝတ္ထုသင်္ကမနာ, (ခ) ပညာယ ဝိဝဋ္ဋနာ, (ဂ) အာဝဇ္ဇနဗလ - ဟု ရှင်းလင်းတင်ပြရန် စကားသုံးခွန်း ရှိနေ၏။ ယင်း စကားရပ်တို့ကို တစ်ခုပြီး တစ်ခု ဆက်လက်၍ ရှင်းလင်းတင်ပြအပ်ပါသည်။

(က) **ဝတ္ထုသင်္ကမနာ = ဝတ္ထုပြောင်းခြင်း** — ဤအရာ၌ ရူပက္ခန္ဓာ အစ ဇရာ-မရဏ အဆုံးတိုင်အောင်သော သင်္ခတတရား အားလုံးတို့သည် ဝိပဿနာဉာဏ်၏ အရှုခံအာရုံတရားများ ဖြစ်ကြသဖြင့် ဝိပဿနာဉာဏ်၏

ဖြစ်ရာ ဌာန = တည်ရာ အာရုံဖြစ်သောကြောင့် **ဝတ္ထု**ဟူသော အမည်ကို ရရှိကြသည်။ ဝတ္ထုပြောင်းခြင်းဟူသည် ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံ = ဝတ္ထုကို ပြောင်းရွှေ့၍ ရှုခြင်းကို ဆိုလိုပေသည်။

**ပုံစံ** — ရူပက္ခန္ဓာ = ရုပ်တရားတို့၏ အပျက် = ဘင်ကို ရှုပြီးလတ်သော် တစ်ဖန် — အကြင် စိတ်ဖြင့် ရုပ်တရား၏ အပျက် = ဘင်ကို ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်၏လည်း အပျက် = ဘင်ကို တစ်ဖန်ရှုသည်၏ အစွမ်းဖြင့် ရုပ်တရား၏ ဘင်ဟူသော ရှေးဖြစ်သော အာရုံမှ ဝိပဿနာစိတ်၏ ဘင်ဟူသော တစ်ပါးသော အာရုံသို့ ပြောင်းခြင်း = ပြောင်း၍ ရှုခြင်းတည်း။ (ဝိသုဒ္ဓိ-၂-၂၈၀။)

**သင်္ကမနာ = ပြောင်းရွှေ့ခြင်း** — ဝိပဿနာစိတ်တို့သည်လည်း အနိစ္စတရားမျိုးတို့သာ ဖြစ်ကြသဖြင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အကျုံးဝင်သော တစ်ခုတည်းသော ဝိပဿနာစိတ်သည် တစ်နေရာမှ တစ်နေရာသို့ = အာရုံတစ်ခုမှ အာရုံတစ်ခုသို့ ပြောင်းရွှေ့ဖြစ်ရိုး ဓမ္မတာမရှိပေ။ ရုပ်တရားကို အာရုံယူ၍ ရှုနေသော ဝိပဿနာစိတ်သည် ဝေဒနာတရားကို အာရုံယူ၍ ဝိပဿနာ ရှုခိုက်၌ မရှိတော့ပြီ ဖြစ်၏။ ဖြစ်သည့်နေရာ ဖြစ်သည့် အာရုံ၌သာ ပျက်သွား၏။ ထို့ကြောင့် ဤ၌ ပြောင်းရွှေ့မှုဟူသည် ရုပ်တရား၏ အပျက် = ဘင်ကို ရှုသော ရှေး ဝိပဿနာစိတ်နှင့် ယင်းဝိပဿနာစိတ်၏ အပျက် = ဘင်ကို ရှုသော နောက်ဝိပဿနာစိတ်တို့၏ ဝိပဿနာ စိတ်ခြင်း တူညီသည်၏ အဖြစ်ကြောင့် ဧကတ္တနည်းအားဖြင့် တစ်ခုတည်းကဲ့သို့ ပြု၍ ဆိုခြင်း ဖြစ်သည်။ အခြား တစ်မျိုးတစ်ဖုံအားဖြင့် အနက်အဓိပ္ပါယ်ကို ယူဆလက်ခံခဲ့သော် "ရုပ်တရား၏ အပျက်လျှင် အာရုံရှိသော ဝိပဿနာ ဉာဏ်သည် အခြားတစ်မျိုးသာတည်း၊ ထိုရုပ်တရား၏ အပျက်လျှင် အာရုံရှိသော ဝိပဿနာစိတ်၏ အပျက်လျှင် အာရုံရှိသော ဝိပဿနာဉာဏ်သည် အခြားတစ်မျိုးသာလျှင်တည်း။ ဝိပဿနာစိတ် တစ်လုံးစီ တစ်မျိုးစီသာ ဖြစ်၏၊ ထို့ကြောင့် ပြောင်းရွှေ့ခြင်းသည် အဘယ်မှာလျှင် ရှိနိုင်အံ့နည်း" - ဤကဲ့သို့သော မလိုလားအပ်သော အနက် အဓိပ္ပါယ်မျိုးသည် ဖြစ်ပေါ်လာနိုင်ပေသည်။ အောက်တွင် ဆက်လက် တင်ပြမည့် - ပညာယ ဝိဝဋ္ဋနာ ဟူသော စကားရပ်၌လည်း အဓိပ္ပါယ်နည်းတူ မှတ်ပါ။ (မဟာဋီ-၂-၄၄၂-၄၄၃။)

ဤဘင်္ဂါနုပဿနာဉာဏ်ပိုင်း၌ကား အထက်ပါအတိုင်း ဝတ္ထုများကို ပြောင်း၍ ပြောင်း၍ ရှုရမည် ဖြစ်သည်။ စိတ်ဟူရာ၌ မဟာကုသိုလ် ဝိပဿနာ မနောဒွါရိကဇောဝီထိ နာမ်တရားစုကိုပင် ဆိုလိုကြောင်းကိုလည်း မှတ်သား-ပါ။ ယေဘုယျအားဖြင့် မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်, ဇော ခုနစ်ကြိမ်တို့ ဖြစ်ကြသည်။

(ခ) **ပညာယ ဝိဝဋ္ဋနာ = ဝိပဿနာပညာ၏ အဖြစ် (= ဥဒယ) မှ ဆုတ်နစ်ခြင်း** — ဉာတအမည်ရသော သင်္ခါရတရားတို့၏လည်းကောင်း, ဉာဏအမည်ရသော ဝိပဿနာဉာဏ်၏လည်းကောင်း အဖြစ်-အပျက် = ဥဒယ-ဝယကို ရှုသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်နေသော ဝိပဿနာပညာ၏ ယင်း ဉာတ-ဉာဏတရားတို့၏ ဖြစ်မှု = ဥဒယကို လွှတ်၍ အပျက် = ဝယကိုသာလျှင် ယူသည်၏အစွမ်းဖြင့် ဖြစ်မှု = ဥဒယမှ ဆုတ်နစ်ခြင်းသဘောသာ တည်း။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် ဉာတတရား ဉာဏတရားနှစ်မျိုးလုံးတို့၏ ဖြစ်မှု = ဥဒယကို စွန့်ပယ်၍ အပျက် = ဝယ၌သာ မိမိ၏ ဝိပဿနာဘာဝနာစိတ်ကို ကောင်းစွာတည်အောင် ကြိုးစားအားထုတ်ရမည် ဖြစ်သည်။
(ဝိသုဒ္ဓိ-၂-၂၈၀။ မဟာဋီ-၂-၄၄၃။)

(ဂ) **အာဝဇ္ဇနဗလ = ဆင်ခြင်နိုင်သည့် စွမ်းအင်** — ရုပ်တရား၏ အပျက်ဘင်ကို ရှုပြီးလတ်သော် တစ်ဖန် ယင်း ရုပ်တရား၏ အပျက် = ဘင်လျှင် အာရုံရှိသော = ရုပ်တရား၏ အပျက် = ဘင်ကိုရှုသော ဝိပဿနာ စိတ်၏ အပျက် = ဘင်ကို ရှုခြင်း မြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည် အာဝဇ္ဇနဗလ မည်၏။ ဤစကားရပ်ဖြင့် ဘင်္ဂါနုပဿနာဉာဏ်၏ အဝါးဝစွာ နိုင်နိုင်နင်းနင်း ရှုနိုင်မှု စွမ်းအားရှိမှုကို ပြောဆိုပေသည်။

ဝတ္ထုသင်္ကမနာ, ပညာယ ဝိဝဋ္ဋနာ, အာဝဇ္ဇနဗလ — ဤသုံးမျိုးသည်ကား **အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနာဉာဏ်** မည်ပေသည်။ ရုပ်တရား၏ အပျက် = ဘင်ကို ဉာဏ်ဖြင့် သိ၍ ထိုသိသော ဉာဏ်၏ အပျက် = ဘင်ကို တစ်ဖန်ပြန်၍ ဝိပဿနာရှုသော အနုပဿနာ ဟူလိုသည်။ (ဝိသုဒ္ဓိ-၂-၂၈၀။ မဟာဋီ-၂-၄၄၃။)

ဝေဒနာက္ခန္ဓာ အစ, ဇရာ-မရဏ အဆုံးရှိသော သင်္ခါရတရားတို့၏ အပျက် = ဘင်ကို ရှု၍ ထို အပျက် = ဘင်ကို ရှုသော ဝိပဿနာဉာဏ်၏ အပျက် = ဘင်ကိုပင် တစ်ဖန်ပြန်၍ ဝိပဿနာရှုရာတို့၌လည်း အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနာဉာဏ် မည်ပုံကို သဘောပေါက်ပါလေ။

၂။ အာရမ္မဏအန္ဝယေန၊ ဥဘော ဧကဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏဝိပဿနာ။ (ပဋိသံ-၅၅။)

အာရမ္မဏအန္ဝယေန = လက်ငင်း မျက်မှောက် သိမြင်အပ်သော ဒိဋ္ဌဖြစ်သော အာရုံကို အစဉ်လျှောက်သဖြင့်။ ဥဘော = ဒိဋ္ဌ-အဒိဋ္ဌ အာရုံနှစ်မျိုးတို့ကို။ ဧကဝဝတ္ထနာ = ခဏဘင်ဟူသော တစ်ခုတည်းသော သဘောအားဖြင့် ပိုင်းခြားမှတ်သားခြင်းလည်းကောင်း။ နိရောဓေ = သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏိကနိရောဓ၌။ အဓိမုတ္တတာ = ညွတ်ကိုင်းရှိုင်းသော အဖြစ်လည်းကောင်း။ ဧသာ = ဤသည်ကား။ ဝယလက္ခဏဝိပဿနာ = သင်္ခါရတရားတို့၏ ပျက်ခြင်း ဝယလက္ခဏာကို ရှုသော ဝိပဿနာ မည်၏။

**အာရမ္မဏအန္ဝယေန ဥဘော ဧကဝဝတ္ထနာ** — ပစ္စက္ခအားဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်အပ်ပြီးသော ရှုမြင်အပ်ပြီးသော ဉာတ-ဉာဏ အမည်ရသော သင်္ခါရအာရုံကို အစဉ်လျှောက်သဖြင့် လက်ငင်းဒိဋ္ဌ သိမြင်အပ်သော ဤပစ္စုပ္ပန်ဖြစ်သော သင်္ခါရတရားသည် ပျက်သကဲ့သို့ ထို့အတူ အတိတ်၌လည်း သင်္ခါရတရားအပေါင်းသည် ပျက်ခဲ့ပြီ၊ နောင်အနာဂတ်၌လည်း ပျက်လတ္တံ့ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်အပ်ပြီးသော ဒိဋ္ဌအာရုံ, ဝိပဿနာဉာဏ်ဖြင့် မရှုမြင်အပ်သေးသော အဒိဋ္ဌအာရုံဟူသော နှစ်ပါးကုန်သော အာရုံတို့ကို ဤခဏဘင်အားဖြင့် ခဏမစဲ တသဲသဲ ပျက်ခြင်းဟူသော တူသော သဘောအားဖြင့်သာလျှင် ကောင်းစွာ မှတ်သားခြင်းကို ယောဂါဝစရပုဂ္ဂိုလ်သည် ပြုလုပ်အပ်ပေသည်။ (ဤ၌ ဒိဋ္ဌတရား အဒိဋ္ဌတရားနှင့် ပတ်သက်၍ ယူဆပုံကို အထက်တွင် ရှင်းပြခဲ့သည့် အတိုင်းသာ မှတ်ပါ။)

မှန်ပေသည် — ရှေးရှေးအဋ္ဌကထာ ဆရာတော်တို့သည် ဤစကားကို မိန့်ဆိုတော်မူကြကုန်၏။

သံဝိဇ္ဇမာနမှိ ဝိသုဒ္ဓဒဿနော၊ တဒန္ဝယံ နေတိ အတီတနာဂတေ။
သဗ္ဗေပိ သင်္ခါရဂတာ ပလောကိနော၊ ဥဿာဝဗိန္ဒူ သူရိယေဝ ဥဂ္ဂတေ။

သံဝိဇ္ဇမာနမှိ = ပစ္စက္ခအားဖြင့် ရအပ်သော သိအပ် မြင်အပ်သော ပစ္စုပ္ပန် သင်္ခါရတရားအပေါင်း၌ (= ဒိဋ္ဌတရား ဟူလိုသည်)။ ဝိသုဒ္ဓဒဿနော = အထူးသဖြင့် စင်ကြယ်သော သင်္ခါရတရားတို့၏ ဘင်ကို ရှုသောဉာဏ်အမြင် ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်။ တဒန္ဝယံ = ထိုပစ္စုပ္ပန် သင်္ခါရတရား၏ ဘင်ကိုရှုသော ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်သော ဝိပဿနာဉာဏ်ကို။ အတီတေ = အတိတ်ဖြစ်သော သင်္ခါရတရား၌လည်းကောင်း။ အနာဂတေ = အနာဂတ်ဖြစ်သော သင်္ခါရတရား၌လည်းကောင်း။ နေတိ = ဆောင်၏ = ဖြစ်စေ၏။ သဗ္ဗေပိ = ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခါရဂတာ = အတိတ်သင်္ခါရ အနာဂတ်သင်္ခါရ ပစ္စုပ္ပန်သင်္ခါရတရားအပေါင်းတို့သည်။ ပလောကိနော = ပျက်ခြင်းသဘော ရှိကုန်၏။ ကိမိဝ = အဘယ်ကဲ့သို့နည်းဟူမူကား။ သူရိယေ = နေသည်။ ဥဂ္ဂတေ = တက်လတ်သည်ရှိသော်။ ဥဿာဝဗိန္ဒူ = ဆီးနှင်းပေါက်သည်။ ပလောကတိ ဣဝ = ပျောက်ပျက်သကဲ့သို့တည်း။ (ဝိသုဒ္ဓိ-၂-၂၈၀။)

= ပစ္စက္ခအားဖြင့် ပစ္စုပ္ပန်သင်္ခါရတရား အပေါင်း၌ ဘင်ကို ရှုသော အထူးသဖြင့် စင်ကြယ်သော ဝိပဿနာ ဉာဏ်အမြင်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ထိုပစ္စုပ္ပန်သင်္ခါရတရားတို့၏ ဘင်ကိုရှုသော ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်သော ဝိပဿနာဉာဏ်ကို အတိတ်သင်္ခါရတရား အနာဂတ်သင်္ခါရတရား၌ နည်းကို ဆောင်၏ ဝိပဿနာ ဉာဏ်ကို ဖြစ်စေ၏။ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် သင်္ခါရတရား မှန်သမျှတို့သည် ပျက်ခြင်း သဘောရှိကုန်၏၊ အဘယ်ကဲ့သို့နည်းဟူမူကား – နေခြည် ထိပျောက် ဆီးနှင်းပေါက် ကဲ့သို့တည်း။ (ဝိသုဒ္ဓိ-၂-၂၈၀။) ဤရှုကွက်မှာ ဘင်္ဂဉာဏ်၌ ထူးခြားသော ရှုကွက်ပင် ဖြစ်သည်။

**နိရောဓေ အဓိမုတ္တတာ = ခဏနိရောဓ၌ ညွတ်ကိုင်းရှိုင်းမှု** — ဤသို့လျှင် ဒိဋ္ဌ-သင်္ခါရ, အဒိဋ္ဌ-သင်္ခါရ အားဖြင့် နှစ်မျိုးကုန်သော ဝိပဿနာဉာဏ်၏ အရှုခံအာရုံတို့၏ ခဏမစဲ တသဲသဲ ပျက်နေသော ခဏဘင်၏ အစွမ်းအားဖြင့် တူမျှကုန်၏ဟု ပိုင်းခြားမှတ်သားခြင်းကို ပြု၍ သင်္ခါရတရားတို့၏ ဘင်ဟု ဆိုအပ်သော ထိုချုပ်ခြင်း ခဏနိရောဓ၌သာလျှင် နှလုံးသွင်းသည်၏ အဖြစ်သည် ထိုခဏနိရောဓ၌ အလေးပြုသည်၏ အဖြစ်သည် ထိုခဏ နိရောဓ၌ ညွတ်သည်၏ အဖြစ်သည် ထိုခဏနိရောဓသို့ ကိုင်းသည်၏ အဖြစ်သည် ထိုခဏနိရောဓသို့ ရှိုင်းသည်၏ အဖြစ်သည် နိရောဓေ အဓိမုတ္တတာ = နိရောဓ၌ နှလုံးသွင်းမှု မည်၏။ ဤသို့ ပစ္စက္ခအားဖြင့် ရှုမြင်အပ်သည့် သင်္ခါရအာရုံသို့ အစဉ်လျှောက်သဖြင့် နှစ်ပါးကုန်သော ဒိဋ္ဌအာရုံ အဒိဋ္ဌအာရုံတို့ကို ခဏဘင်အားဖြင့် တူသည်၏ အဖြစ်ဖြင့် ပိုင်းခြားမှတ်သားခြင်းသည် ပျက်ခြင်းဟု ဆိုအပ်သော ဝယလက္ခဏာကို ရှုသော ဝယလက္ခဏာ-နုပဿနာ = ဘင်္ဂါနုပဿနာ မည်၏။ (ဝိသုဒ္ဓိ-၂-၂၈၀။)

၃။ အာရမ္မဏဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ။
သုညတော စ ဥပဋ္ဌာနံ၊ အဓိပညာဝိပဿနာ။ (ပဋိသံ-၅၆။)

အာရမ္မဏဉ္စ = ရူပက္ခန္ဓာမှသည် ဇရာ-မရဏသို့ တိုင်အောင်သော သင်္ခါရအာရုံကိုလည်း။ ပဋိသင်္ခါ = သိ၍။ ဘင်္ဂဉ္စ = ထိုရုပ်တရားစသည်လျှင် အာရုံရှိသော စိတ်၏ ဘင်ကိုလည်း။ အနုပဿတိ = အဖန်တလဲလဲ ရှု၏။ သုညတော စ = သုညအားဖြင့်လည်း။ ဥပဋ္ဌာနံ = ထင်ခြင်းသည်။ ကပ္ပတိ = ပြီးပြည့်စုံ၏။ အယံ = ဤသည်လျှင်။ အဓိပညာဝိပဿနာ = အဓိပညာဝိပဿနာ မည်၏။

**အာရမ္မဏဉ္စ ပဋိသင်္ခါ ဘင်္ဂဉ္စ အနုပဿတိ** = ရှေးဖြစ်သော ရုပ်တရားစသော သင်္ခါရအာရုံကို သိပြီး၍ ထိုရုပ်တရားစသော သင်္ခါရ၏ ပျက်ခြင်း ဘင်ကို ဉာဏ်ဖြင့် မြင်အောင်ရှု၍, ထိုရုပ်တရားစသော သင်္ခါရတရား၏ ပျက်ခြင်း ဘင်ကိုရှုသော ဝိပဿနာစိတ်၏ ပျက်ခြင်းဘင်ကို တစ်ဖန်ထပ်၍ ဝိပဿနာရှု၏။ ဤသို့ ဉာတ-ဉာဏ အမည်ရသော နှစ်မျိုးသော တရားတို့၏ ပျက်ခြင်း ဘင်ကို ဝိပဿနာရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား —

"သင်္ခါရတရားတို့သည်သာလျှင် ပျက်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်သည် မရဏ မည်၏၊ သင်္ခါရတရားတို့မှ တစ်ပါးသော အတ္တ မည်စကောင်းသော တစ်စုံတစ်ယောက်သည် မရှိ။" –

ဤသို့လျှင် အတ္တမှ ဆိတ်သုဉ်းသော **သုညတသဘော**အားဖြင့် သင်္ခါရတရားတို့၌ ထင်ခြင်းသည် ပြည့်စုံ လာပေသည်။ (ဝိသုဒ္ဓိ-၂-၂၈၀။)

**အဓိပညာဝိပဿနာ** — (၁) ရုပ်တရားစသော သင်္ခါရအာရုံကို သိပြီး၍ ထိုရုပ်တရားစသော သင်္ခါရ အာရုံ၏ ပျက်ခြင်း ဘင်ကို အာရုံပြု၍ ဝိပဿနာရှုသော **အာရမ္မဏပဋိသင်္ခါဉာဏ်,** (၂) ထိုရုပ်တရားစသော သင်္ခါရတရား၏ ပျက်ခြင်း ဘင်ကို ရှုသော ဝိပဿနာစိတ်၏ ပျက်ခြင်းဘင်ကို တစ်ဖန်ထပ်၍ ဝိပဿနာရှုသော **ဘင်္ဂါနုပဿနာဉာဏ်,** (၃) သင်္ခါရတရားတို့၌ အတ္တမှ ဆိတ်သုဉ်းသော သုညတသဘောအားဖြင့် ဉာဏ်၌ ထင်ခြင်း

**သုညတာနုပဿနာဉာဏ်** ဤ ဉာဏ်အမြင် သုံးမျိုးသည် **အဓိပညာဝိပဿနာ** မည်ပေသည်။

(ဝိသုဒ္ဓိ-၂-၂၈၀။)

ထိုဉာတ-ဉာဏ အမည်ရသော နှစ်မျိုးသော သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကို ရှုမြင်တတ်သော ဘင်္ဂါ-နုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တ၏ အလိုသို့ မလိုက်ပါသည့် သဘောကို ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းကြောင့် အနတ္တလက္ခဏာကို ထိုးထွင်း သိမြင်ခြင်းငှာ ဖြစ်၏။ ထိုကြောင့် သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကို ဝိပဿနာ ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ သင်္ခါရ တရားတို့၌ သုညတသဘောအားဖြင့် ထင်မြင်မှု ပြီးပြည့်စုံလာကြောင်းကို ဟောကြားတော်မူခြင်း ဖြစ်၏။

(မဟာဋီ-၂-၄၄၃။)

သင်္ခါရတရားတို့သည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တ၏အလိုအတိုင်း လိုက်ပါ၍ ဖြစ်နိုင်ပါမူ သင်္ခါရတရားတို့ကို ဤသို့ မပျက်ပါစေလင့်ဟု တောင့်တခဲ့သော် တောင့်တသည့်အတိုင်း ရလေရာ၏၊ သို့သော် သင်္ခါရတရားတို့၌ တောင့်တသည့်အတိုင်း ရကားမရ ဖြစ်ခဲ့၏။ ထိုကြောင့် သင်္ခါရတရားတို့၌ အတ္တမှ ဆိတ်သုဉ်း-သော သုညတသဘောသည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်နေသည် ဟူလို။ ထိုကြောင့် ရှေး အဋ္ဌကထာ ဆရာတော်တို့သည် ဤသို့ မိန့်ဆိုတော်မူကြသည်။ —

> ခန္ဓာ နိရုဇ္ဈန္တိ န စတ္ထိ အညော၊ ခန္ဓာန ဘေဒေါ မရဏန္တိ ဝုစ္စတိ။
> တေသံ ခယံ ပဿတိ အပ္ပမတ္တော၊ မဏိံ ဝ ဝိဇ္ဈံ ဝဇိရေန ယောနိသော။ (ဝိသုဒ္ဓိ-၂-၂၈၁။)

ခန္ဓာ = ခန္ဓာဖြစ်သော သင်္ခါရတရားတို့သည်သာလျှင်။ နိရုဇ္ဈန္တိ = ချုပ်ကုန်၏။ ဣမသ္မိံ လောကေ = ဤလောက၌။ အညော = ခန္ဓာမှတစ်ပါးသော ချုပ်တတ်သောတရား သေတတ်သောသူ မည်သည်။ န စ အတ္ထိ = မရှိသည်သာလျှင်တည်း။ ခန္ဓာနံ = ခန္ဓာတို့၏။ ဘေဒေါ = ပျက်ခြင်းကို။ မရဏန္တိ = မရဏဟူ၍။ ဝုစ္စတိ = ဆိုအပ်၏။ တေသံ ခန္ဓာနံ = ထိုခန္ဓာဖြစ်သော တရားတို့၏။ ခယံ = ခဏတိုင်း ခဏတိုင်း ထင်လှာသော ဘင်ကို။ အပ္ပမတ္တော = မမေ့မလျော့သော ယောဂါဝစရပုဂ္ဂိုလ်သည်။ ပဿတိ = ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။ ယထာ ကိံ = အဘယ်ကဲ့သို့နည်းဟူမူကား။ ကုသလော ပုရိသော = လိမ္မာကျွမ်းကျင်သော ရွဲထွင်းသမား မင်းယောက်ျား-သည်။ ယောနိသော ဥပါယေန = သင့်သောအကြောင်းဖြင့်။ မဏိံ = ရွဲပတ္တမြားကို။ ဝဇိရေန = စိန်ဖြင့်။ ဝိဇ္ဈံ = ဝိဇ္ဈန္တော =ထွင်းလတ်သည်ရှိသော်။ မဏိဿ = ရွဲပတ္တမြား၏။ ဆိဒ္ဒမေဝ = အပေါက်ကိုသာလျှင်။ မနသိကရောတိ ဣဝ = နှလုံးမူသကဲ့သို့၊ မဏိဿ = ရွဲပတ္တမြား၏။ ဝဏ္ဏာဒိံ = အရောင်အဆင်း စသည်ကို။ န မနသိကရောတိ ဣဝ = နှလုံးမမူသကဲ့သို့။ ဧဝမေဝ = ဤဥပမာ အတူပင်လျှင်။ သင်္ခါရာနံ = သင်္ခါရတရားတို့၏။ နိရန္တရံ = အမြဲမပြတ် အကြားအလပ် မရှိသော။ ဘင်္ဂမေဝ = အပျက်ဘင်ကိုသာလျှင်။ ယောနိသော = အသင့်နည်း-မှန်အားဖြင့်။ မနသိကရောတိ (= အနိစ္စဟု ဒုက္ခဟု အနတ္တဟု) နှလုံးသွင်း၏။ သုညတော = အတ္တမှ ကင်းဆိတ်သော သုညသဘောအားဖြင့်။ မနသိကရောတိ = နှလုံးသွင်း၏။ သင်္ခါရေ = သင်္ခါရတရား သက်သက်တို့ကိုသာလျှင်။ န မနသိကရောတိ = နှလုံးသွင်းသည်ကား မဟုတ်။ (ဝိသုဒ္ဓိ-၂-၂၈၁။)

ခန္ဓာဖြစ်သော တရားတို့သည်သာလျှင် ချုပ်ကုန်၏။ ဤလောက၌ ခန္ဓာမှ တစ်ပါးသော ချုပ်တတ်သော တရား သေတတ်သောသူ မည်သည် မရှိသည်သာလျှင်တည်း။ခန္ဓာတို့၏ ပျက်ခြင်းကို ဘင် = မရဏဟူ၍ ဆိုအပ်၏။ ထိုခန္ဓာဖြစ်သော တရားတို့၏ ခဏတိုင်း ခဏတိုင်း ထင်လှာသော ဘင်ကို မမေ့မလျော့သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား — လိမ္မာကျွမ်းကျင်သော ရွဲထွင်းသမား မင်းယောက်ျားသည် သင့်သောအကြောင်း ဥပါယ်နည်းလမ်းဖြင့် ရွဲပတ္တမြားကို စိန်ဖြင့် ထွင်းဖောက်လတ်သည် ရှိသော် ရွဲပတ္တမြား၏ အပေါက်ကိုသာလျှင် နှလုံးမူသကဲ့သို့ ရွဲပတ္တမြား၏ အရောင်အဆင်း စသည်ကို နှလုံးမမူ

သကဲ့သို့ ဤဥပမာအတူပင်လျှင် သင်္ခါရတရားတို့၏ အမြဲမပြတ် ခဏမစဲ တသဲသဲ ပြိုပြို ပျက်ပျက်နေသော ခဏဘင်ကိုသာလျှင် အသင့်နည်းမှန် လမ်းမှန်အားဖြင့် အနိစ္စဟု ဒုက္ခဟု အနတ္တဟု နှလုံးသွင်း၏။ အတ္တမှ ကင်းဆိတ်သော သုညသဘောအားဖြင့် နှလုံးသွင်း၏။ သင်္ခါရတရားတို့၏ ခဏဘင်ကို နှလုံးမသွင်းဘဲ သင်္ခါရတရား သက်သက်ကိုကား နှလုံးမသွင်းပေ။ တစ်နည်း – စိန်ဖြင့် ရွှံ့ပတ္တမြားကို ထွင်းဖောက်သော ရွှံ့သမား၏ ထွင်းဖောက်ပြီးရာ အရပ်သည် တစ်ဖန်ပြန်၍ ပြည့်ခြင်းသို့ မရောက်သကဲ့သို့ ဤဥပမာအတူပင်လျှင် စိန်ကောင်းနှင့်တူသော ဘင်္ဂါနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကို ရှုမြင်အပ်ပြီးသည်ရှိသော် ယင်းသင်္ခါရတရားတို့၌ တစ်ဖန်ပြန်၍ နိစ္စဟု စွဲယူခြင်းသည် မသက်ရောက်နိုင်တော့ပေ။ ဤသို့လျှင် သင်္ခါရတရားတို့၏ အပျက် ဘင်ကို သာလျှင် ရှု၏။ (ဝိသုဒ္ဓိ-၂-၂၈၁။)

> ၄။ ကုသလော တီသု အနုပဿနာသု၊ စတဿော စ ဝိပဿနာသု။
> တယော ဥပဋ္ဌာနေ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။ (ပဋိသံ-၅၆။)

တီသု အနုပဿနာသု = အနိစ္စာနုပဿနာ စသော သုံးမျိုးကုန်သော အနုပဿနာတို့၌။ ကုသလော = လိမ္မာကျွမ်းကျင်သော။ ဘိက္ခု = ယောဂါဝစရရဟန်းတော်သည်။ စတဿော စ ဝိပဿနာသု = နိဗ္ဗိဒါနုပဿနာ စသော လေးမျိုးသော အနုပဿနာတို့၌လည်းကောင်း။ တယော ဥပဋ္ဌာနေ စ = သုံးပါးသော ထင်ခြင်းတို့၌ လည်းကောင်း။ ကုသလတာ = လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု = အထူးထူးသော ဒိဋ္ဌိတို့ကြောင့်။ န ကမ္ပတိ = မတုန်မလှုပ်။

အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟူသော အနုပဿနာ သုံးမျိုးတို့၌ လိမ္မာကျွမ်းကျင်-သော ယောဂါဝစရရဟန်းတော်သည် နိဗ္ဗိဒါနုပဿနာ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာ ဟူသော အနုပဿနာ လေးမျိုးတို့၌လည်းကောင်း, အနိစ္စတော ဥပဋ္ဌာန, ဒုက္ခတော ဥပဋ္ဌာန, အနတ္တတော ဥပဋ္ဌာန - ဟူသော သုံးမျိုးသော ထင်ခြင်းတို့၌လည်းကောင်း လိမ္မာသည်၏ အဖြစ်ကြောင့် အထူးထူးသော ဒိဋ္ဌိတို့ကြောင့် မတုန်မလှုပ်တော့ပေ။ (ပဋိသံ-၅၆။)

**တယော ဥပဋ္ဌာန = သုံးမျိုးသော ထင်ခြင်း** — သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ အနိစ္စဟု ဝိပဿနာရှုရာ၌ သင်္ခါရတရားတို့၌ ကုန်ကုန် ပျက်ပျက်သွားသော ခယ-ဝယသဘောအားဖြင့် ထင်လှာခြင်းသည် အနိစ္စတော ဥပဋ္ဌာန = အနိစ္စအားဖြင့် ထင်ခြင်းတည်း။ သင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူ၍ ဒုက္ခဟု ဝိပဿနာရှုရာ၌ သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ် အခြင်းအရာအားဖြင့် ထင်လှာခြင်းသည် ဒုက္ခတော ဥပဋ္ဌာန = ဒုက္ခအားဖြင့် ထင်ခြင်းတည်း။ သင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူ၍ အနတ္တဟု ဝိပဿနာရှုရာ၌ သင်္ခါရတရားတို့၌ အတ္တမှ ဆိတ်သုဉ်းသော သုညသဘောအားဖြင့် ထင်လှာခြင်းသည် အနတ္တတော ဥပဋ္ဌာန = အနတ္တအားဖြင့် ထင်ခြင်းတည်း။ (မဟာဋီ-၂-၄၄၄။)

နိဗ္ဗိဒါနုပဿနာစသော အနုပဿနာလေးမျိုးတို့၏ အဓိပ္ပါယ်သည် နောက်တွင် ထင်ရှားလတ္တံ့။

ဤသို့လျှင် အမျိုးမျိုးသော ဒိဋ္ဌိတို့ကြောင့် တုန်လှုပ်မှု မရှိသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် "မချုပ်သေးသော သင်္ခါရတရားသည်သာလျှင် ချုပ်၏၊ မပျက်သေးသော သင်္ခါရတရားသည်သာလျှင် ပျက်၏"- ဤသို့ ဖြစ်ပေါ်လှာသော နှလုံးသွင်းခြင်း ရှိသည်ဖြစ်၍ ကွဲနေသော အားနည်းသော စိုစွတ်သော မြေခွက်စိမ်း၏ ကွဲခြင်းကို သာလျှင် ရှုမြင်ရသကဲ့သို့လည်းကောင်း, ဖရိုဖရဲ ကြဲလွင့်အပ်သော သိမ်မွေ့သောမြူ၏ ပျောက်ပျက်ခြင်းကိုသာလျှင် ရှုမြင်ရသကဲ့သို့လည်းကောင်း, အိုးကင်း၌ လှော်အပ်ကုန်သော နှမ်းတို့၏ ပျက်ခြင်းကိုသာလျှင် ရှုမြင်ရသကဲ့သို့

လည်းကောင်း - အလုံးစုံသော သင်္ခါရတရားတို့၏ ဥပ္ပါဒ-ဌိတိ-ပဝတ္တ-နိမိတ္တကို လွှတ်၍ ယင်းသင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကိုသာလျှင် ဝိပဿနာရှု၏။ ဥပမာ မည်သည်ကား မျက်စိအမြင်ရှိသော ယောက်ျားသည် ရေကန်၏ ကမ်းပါး၌သော်လည်းကောင်း, မြစ်ကမ်းပါး၌သော်လည်းကောင်း ရပ်တည်လျက် ကြီးစွာသော မိုးသီး မိုးပေါက် ရှိသော မိုးသည် ရွာသွန်းလတ်သည် ရှိသော် ရေပြင်ပေါ်၌ ကြီးကုန် ကြီးကုန်သော ရေပွက်တို့ကို ဖြစ်၍ဖြစ်၍ လျင်လျင်မြန်မြန် ပျက်သည်တို့ကိုသာလျှင် တွေ့မြင်ရာသကဲ့သို့ — ဤ ဥပမာ အတူသာလျှင် ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရား မှန်သမျှတို့သည် လျင်စွာ လျင်စွာ ပျက်ကုန် ပျက်ကုန်သည်တကားဟူ၍ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။ မှန်ပေသည် — ဤသို့ ရေပွက် တန္တု ပျက်လွယ်သည်ကို ရှုသော သဘော ရှိသော ယောဂါဝစရပုဂ္ဂိုလ်ကို ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် အောက်ပါ ဂါထာ ဒေသနာတော်ကို ဟောကြား-တော်မူ၏။ —

> ယထာ ဗုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
> ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ (ဝိသုဒ္ဓိ-၂-၂၈၁။)

ဗုဗ္ဗုဠကံ = ရေပွက်ကို။ ပဿေ - ပဿေယျ ယထာ = ရှုသကဲ့သို့လည်းကောင်း။ မရီစိကံ = တံလျှပ်ကို။ ပဿေ - ပဿေယျ ယထာ= ရှုသကဲ့သို့လည်းကောင်း။ ဧဝံ တထာ = ထို့အတူ။ လောကံ = သင်္ခါရလောကကို။ အဝေက္ခန္တံ = ဝိပဿနာဉာဏ်ဖြင့် သက်ဝင်၍ အပျက် အပျက်ကိုသာ ရှုသော ယောဂါဝစရပုဂ္ဂိုလ်ကို။ မစ္စုရာဇာ = ရှင်သေမင်းသည်။ န ပဿတိ = မမြင်ရလေပြီ။

ရေပွက်ကို ရှုမြင်သကဲ့သို့လည်းကောင်း, တံလျှပ်ကို ရှုမြင်သကဲ့သို့လည်းကောင်း ထို့အတူ ရုပ်နာမ်ဓမ္မ သင်္ခါရလောကကို ဝိပဿနာဉာဏ်ဖြင့် သက်ဝင်၍ အပျက် အပျက်ကိုသာ ရှုသော ယောဂါဝစရပုဂ္ဂိုလ်ကို ရှင်သေမင်းသည် မတွေ့မြင်ရလေပြီ။ သင်္ခါရတရားတို့၏ အပျက်ကို အရဟတ္တမဂ်ကို ရသည့်တိုင်အောင် ကြိုးစား အားထုတ်သဖြင့် အရဟတ္တမဂ်ကို ရရှိခြင်းဖြင့် တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်း၏ မရှိခြင်းကြောင့် ပရိနိဗ္ဗာနစုတိ၏ နောင်တွင် ရှင်သေမင်း မမြင်နိုင်ရာ နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူလေပြီဟု ဆိုလိုသည်။
(ဝိသုဒ္ဓိ-၂-၂၈၁။ မဟာဋီ-၂-၄၄၄။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၌ ဥပမာသုံးရပ်နှင့် ဆက်စပ်၍ ဆိုလိုရင်းသဘောကို မဟာဋီကာ ဆရာတော်က ဤသို့ ရှင်းလင်း တင်ပြထားတော်မူ၏။ —

၁။ **ဒုဗ္ဗလဘာဇနူပမာ** = ကွဲနေသော အားနည်းသော စိုစွတ်သော မြေခွက်စိမ်း = မြေအိုး ဥပမာသည် သင်္ခါရတရားတို့၏ မိမိသဘောအားဖြင့် ပျက်တတ်သည်၏ အဖြစ်ကို ပြရခြင်း အကျိုးရှိ၏။

၂။ **ဝိပ္ပကိရိယမာနသုခုမရဇူပမာ =** ဖရိုဖရဲ ကြဲလွင့်အပ်သော သိမ်မွေ့သော မြူ ဥပမာသည် သင်္ခါရတရား-တို့၏ အချင်းချင်း မဆက်စပ်သည်၏အဖြစ် ဖရိုဖရဲ ပြန့်ကြဲသည်၏ အဖြစ်ကို ပြရခြင်းအကျိုးရှိ၏။

၃။ **ဘိဇ္ဇိယမာနတိလူပမာ =** အိုးကင်း၌ လှော်အပ်သော နှမ်းဥပမာသည် သင်္ခါရတရားတို့၏ ခဏတိုင်း ခဏတိုင်း၌ ပျက်ခြင်း သဘောရှိသည်၏ အဖြစ်ကို ပြရခြင်း အကျိုး ရှိ၏။ ဤသို့ မှတ်သားပါလေ။
(မဟာဋီ-၂-၄၄၄။)

## အကျိုးအာနိသင် (၈) ပါးဖြင့် ခြံရံအပ်သော ဘင်္ဂါနုပဿနာဉာဏ်

ဤသို့လျှင် ခပ်သိမ်းသော သင်္ခါရတရားတို့သည် လျင်စွာ လျင်စွာ ပျက်ကုန် ပျက်ကုန်ကာသာဟူ၍ အမြဲ မပြတ် ဝိပဿနာဉာဏ်ဖြင့် ရှုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား ရှစ်ပါးသော အကျိုးအာနိသင်ဖြင့် ခြံရံအပ်သော ဘင်္ဂါနုပဿနာ ဉာဏ်သည် သန်မြန်သော စွမ်းအားသို့ ရောက်ရှိလာ၏။ ထိုဘင်္ဂါနုပဿနာဉာဏ်၌ ဤဆိုလတ္တံ့-တို့သည်ကား ရှစ်ပါးသော အကျိုးအာနိသင်တို့တည်း။

၁။ ဘဝဒိဋ္ဌိ = သဿတဒိဋ္ဌိကို ပယ်ခွာနိုင်ခြင်း, (သင်္ခါရတရားတို့၏ အပျက်ကိုပင် အမြဲမပြတ် ဝိပဿနာ-ဉာဏ်ဖြင့် ရှုမြင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အတ္တသည် မြဲ၏ဟု စွဲယူသော သဿတဒိဋ္ဌိ၏ ဖြစ်နိုင်ခွင့်သည် မရှိနိုင်တော့ပြီ။)

၂။ အသက်ကို စွန့်နိုင်ခြင်း,

၃။ နေ့ညဉ့် မပြတ် ဘာဝနာ၌ လွန်စွာ လွန်စွာ အားထုတ်နိုင်စွမ်းရှိခြင်း,

၄။ ယုတ်မာသော အလိုရမ္မက် ဝေးသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှု ရှိခြင်း,

၅။ ထက်သန်သော သံဝေဂကြောင့် ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်ခြင်း,

၆။ မိမိကိုယ်ကို ချစ်မြတ်နိုးခြင်း ကင်းသည်ဖြစ်၍ တစ်စုံတစ်ခုသော အကြောင်းကြောင့်လည်း ဘေးမရှိသည် ဖြစ်၍ ဘေးကင်းခြင်း,

၇။ သင်္ခါရတရားတို့၏ အနိစ္စဖြစ်မှုကို ကောင်းစွာ မြင်အပ်သည်၏ အဖြစ်ကြောင့် သည်းခံခြင်း, ကောင်းသော အမှု၌ မွေ့လျော်ခြင်းကို ရခြင်း,

၈။ ဆိတ်ငြိမ်သော တောကျောင်း တောင်ကျောင်းတို့၌ မမွေ့လျော်ခြင်း, သမထဝိပဿနာ ဘာဝနာဟူသော လွန်ကဲမြင့်မြတ်သော ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း, ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ခြင်းတို့ကို နှိမ်နင်းဖျက်ဆီးနိုင်ခြင်း —

ဤကား ဘင်္ဂါနုပဿနာဉာဏ်၌ ခြံရံထားအပ်သော အကျိုးအာနိသင် (၈)မျိုးတည်း။ (ဝိသုဒ္ဓိ-၂-၂၈၁။)

ထိုကြောင့် ရှေးရှေး အဋ္ဌကထာဆရာတော်တို့သည် ဤသို့ မိန့်ဆိုထားတော်မူကြကုန်၏။

> ဣမာနိ အဋ္ဌဂ္ဂုဏမုတ္တမာနိ၊ ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ။
> အာဒိတ္တစေလဿိရသူပမော မုနိ၊ ဘင်္ဂါနုပဿီ အမတဿ ပတ္တိယာ။ (ဝိသုဒ္ဓိ-၂-၂၈၂။)

တဟိံ = ထိုဘင်္ဂါနုပဿနာ၌။ ဣမာနိ အဋ္ဌဂ္ဂုဏမုတ္တမာနိ = ဘဝဒိဋ္ဌိကို ပယ်ခြင်းအစရှိသော ဤရှစ်ပါးသော မြတ်သော အကျိုးအာနိသင်တို့ကို။ ဒိသွာ = တွေ့မြင်၍။ အာဒိတ္တစေလဿိရသူပမော = ဦးခေါင်း၌ တပြောင်ပြောင် မီးတောက်လောင်သော ဦးရစ်ခေါင်းပေါင်း ရှိသောသူလျှင် ဥပမာရှိသော။ ဘင်္ဂါနုပဿီ = ဘင်ကို ရှုလေ့ ရှိသော။ မုနိ = ယောဂါဝစရ ရဟန်းသည်။ အမတဿ = မသေရာ အမြိုက်နိဗ္ဗာန်သို့။ ပတ္တိယာ = ရောက်ရှိခြင်းငှာ။ ပုနပ္ပုနံ = အဖန်တလဲလဲ။ သမ္မသတေ = သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြု၍ လက္ခဏာရေးတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်လေ၏။

ဦးခေါင်း၌ တည်ရှိသော ဦးရစ်ခေါင်းပေါင်း၌ မီးစွဲလောင်နေသော ယောက်ျားအဖို့ ဦးရစ်ခေါင်းပေါင်း၌ စွဲလောင်နေသော မီးကို ငြိမ်းသတ်ဖို့ရန် လုပ်ငန်းရပ်သည် အရေးကြီးဆုံးသော လုပ်ငန်းရပ်ဖြစ်၏။ သို့သော် ထို လုပ်ငန်းရပ်ထက် သာလွန်၍ အရေးကြီးသော လုပ်ငန်းရပ်ကား သက္ကာယဒိဋ္ဌိ ငရဲမီးကြီး ငြိမ်းဖို့ရန် လုပ်ငန်းရပ်ပင်

ဖြစ်သည်။ ယင်း သက္ကာယဒိဋ္ဌိ ငရဲမီးကြီးကို ငြိမ်းအောင် ငြိမ်းသတ်လိုသော ယောဂါဝစရ ရဟန်းတော်သည် ထိုဘင်္ဂါနုပဿနာဉာဏ်၌ ဘဝဒိဋ္ဌိ = သဿတဒိဋ္ဌိကို ပယ်ခြင်း အစရှိသော ဤရှစ်ပါးသော မြတ်သော အကျိုး အာနိသင်တို့ကို တွေ့မြင်၍ မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီးသို့ ရောက်ရှိရန် အလို့ငှာ —

အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ဉာတအမည်ရသော သင်္ခါရတရားတို့ကိုလည်းကောင်း, ယင်းသင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန် တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနေသော ဉာဏအမည်ရသော ဝိပဿနာဉာဏ်ကိုလည်းကောင်း - ယင်းဉာတ ဉာဏအမည်ရသော တရားနှစ်မျိုးတို့၏ အပျက်သက်သက်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီတင်၍ တွင်တွင်ကြီး ဝိပဿနာရှုလေရာ၏။ ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်းစသော နည်းအမျိုးမျိုးတို့ဖြင့် နှစ်ခြိုက်သလို ရှုပွားသုံးသပ်ပါလေ။ ယင်းသင်္ခါရတရားစုတို့တွင် အာနာပါန ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် နာမ်တရားစုတို့လည်း ပါဝင်ကြသည်ကို သတိပြုထားပါလေ။

## သတိပဋ္ဌာန်လေးပါးသို့ သက်ဝင်ပုံ

ယသ္မာ ပနေတ္ထ ဣဒမေဝ စတုက္ကံ အာဒိကမ္မိကဿ ကမ္မဋ္ဌာနဝသေန ဝုတ္တံ။ ဣတရာနိ ပန တီဏိ စတုက္ကာနိ ဧတ္ထ ပတ္တဇ္ဈာနဿ ဝေဒနာ-စိတ္တ-ဓမ္မာနုပဿနာဝသေန ဝုတ္တာနိ။ (ဝိသုဒ္ဓိ-၁-၂၆၉။)

**နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရှိသော ဤကျမ်း၌ အာနာပါနဿတိ သမာဓိပိုင်းမှ စ၍ ဘင်္ဂါနုပဿနာဉာဏ်သို့ တိုင်အောင်သော သမထဝိပဿနာ ဘာဝနာကျင့်စဉ်တို့ကို ရေးသားတင်ပြခဲ့ပြီးလေပြီ။ ဘုရားရှင်သည် အာနာပါနကျင့်စဉ်ကို စတုက္ကလေးမျိုးတို့ဖြင့် ပိုင်းခြား၍ ဟောကြားထားတော်မူခဲ့၏။

၁။ ကာယာနုပဿနာသတိပဋ္ဌာန်၏ အစွမ်းဖြင့် ပထမစတုက္ကကို,
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၏ အစွမ်းဖြင့် ဒုတိယစတုက္ကကို,
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၏ အစွမ်းဖြင့် တတိယစတုက္ကကို,
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၏ အစွမ်းဖြင့် စတုတ္ထစတုက္ကကို —

အသီးအသီး ပိုင်းခြားထား၍ ဟောကြားထားတော်မူ၏။

## (၁) ပထမ စတုက္က

ကာယေသု ကာယညတရာဟံ ဘိက္ခဝေ ဧဝံ ဝဒါမိ ယဒိဒံ အဿာသပဿာသာ။ (မ-၃-၁၂၆။)

သမထအလိုအားဖြင့် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော အဿာသပဿာသ ကာယကို, ဝိပဿနာအလိုအားဖြင့် ရူပကာယ နာမကာယကို အဖန်ဖန် အထပ်ထပ် ရှုပွားသုံးသပ်ခြင်း ဘာဝနာလုပ်ငန်းရပ်သည် **ကာယာနုပဿနာသတိပဋ္ဌာန် ဘာဝနာ** လုပ်ငန်းရပ်ပင် ဖြစ်သည်။

(က) သမထအလိုအားဖြင့် အာနာပါနပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော အဿာသပဿာသ ကာယကို အာရုံပြု၍ သမာဓိဘာဝနာလုပ်ငန်းရပ်ကို ပွားများအားထုတ်ခြင်းသည်လည်းကောင်း, အာနာပါန ပဋိဘာဂနိမိတ်ဟူသော အဿာသပဿာသ ကာယကို အာရုံပြု၍ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ဖြစ်စေခြင်း ယင်းဈာန်တို့ကို အဖန်ဖန် အထပ်ထပ် ဝင်စားခြင်းသည်လည်းကောင်း ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသည် ပြည့်စုံစေသည် မည်၏။

(ခ) ဝိပဿနာအလိုအားဖြင့် ယင်းစျာန်လေးပါးတို့၏ အတွင်း၌ တည်ရှိသော စျာန်အင်္ဂါနှင့်တကွ စျာနသမ္ပ-ယုတ်တရားဟူသော စျာန်နာမ်တရားတို့ကိုလည်းကောင်း, ယင်းစျာန်နာမ်တရားတို့၏ မှီရာဟဒယ၌ တည်ရှိသော ဟဒယဝတ္ထုနှင့် တကွသော (၅၄)မျိုးသော ရုပ်တရားတို့ကိုလည်းကောင်း, ကြွင်းကျန်သော ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ပကိဏ္ဏက-သင်္ခါရ အမည်ရသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကိုလည်းကောင်း ရုပ်တရားကို အဦးမူ၍ သိမ်းဆည်းပြီးလျှင် ယင်းသင်္ခါရတရားတို့ကို အဖန်ဖန် အထပ်ထပ် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းသည်လည်း ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသည် ပြည့်စုံစေ-သည်ပင် မည်ပေသည်။ ယင်းသို့ ဝိပဿနာရှုပွားရာ၌ ရုပ်တရားကို အဦးမူ၍ ရုပ်တရားကို ပဓာနထား၍ ရုပ်-တရားကို ဦးစားပေး၍ ဝိပဿနာ ရှုပြီးပါမှ နာမ်တရားတို့ကို ဝိပဿနာရှုသဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်သို့ သက်ဝင်ခြင်း ဖြစ်သည်။ ဘင်္ဂဉာဏ်သို့ တိုင်အောင်သော ပထမစတုက္က ရှုကွက်ကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြ-ခဲ့ပြီးလေပြီ။ ယခုအခါ၌ ဒုတိယစတုက္က ရှုကွက်စသည်တို့ကို ဆက်လက်၍ ရေးသားတင်ပြပေအံ့။ —

## (၂) ဒုတိယ စတုက္က

(က) ပီတိပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
ပီတိပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(ခ) သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
သုခပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(ဂ) စိတ္တသင်္ခါရပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
စိတ္တသင်္ခါရပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(ဃ) ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။ (မ-၃-၁၂၅။ သံ-၃-၂၇၉။ ဝိ-၁-၈၈။)

(က) ပီတိပဋိသံဝေဒီ = စျာန်ပီတိကို ထင်ထင်ရှားရှား သိသည်ဖြစ်၍။ အဿသိဿာမိ = ဝင်သက်လေကို ဖြစ်စေအံ့။ ဣတိ = ဤသို့။ သိက္ခတိ = ကျင့်၏။ ပီတိပဋိသံဝေဒီ = စျာန်ပီတိကို ထင်ထင်ရှားရှား သိသည်ဖြစ်၍။ ပဿသိဿာမိ = ထွက်သက်လေကို ဖြစ်စေအံ့။ ဣတိ = ဤသို့။ သိက္ခတိ = ကျင့်၏။

(ခ) သုခပဋိသံဝေဒီ = စျာန်သုခကို ထင်ထင်ရှားရှား သိသည်ဖြစ်၍။ ပ ။

(ဂ) စိတ္တသင်္ခါရပဋိသံဝေဒီ = စျာနဓမ္မဖြစ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရတရားကို ထင်ထင်ရှားရှား သိသည်ဖြစ်၍။ ပ ။

(ဃ) စိတ္တသင်္ခါရံ = ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ = ငြိမ်းစေလျက်။ ပ ။

ပထမစတုက္က၌ စျာန်သို့ ရောက်ရှိပြီးသော စျာန်ကို ရရှိပြီးသော ယောဂါဝစရပုဂ္ဂိုလ်အတွက် — ဒုတိယ စတုက္ကကို ဝေဒနာနုပဿနာ၏ အစွမ်းဖြင့်, တတိယစတုက္ကကို စိတ္တာနုပဿနာ၏ အစွမ်းဖြင့်, စတုတ္ထစတုက္ကကို ဓမ္မာနုပဿနာ၏ အစွမ်းဖြင့် ဤစတုက္ကသုံးမျိုးတို့ကို ဘုရားရှင်သည် ဟောကြားထားတော်မူအပ်ကုန်၏။ (ဝိသုဒ္ဓိ-၁-၂၆၉။) ထိုကြောင့် ယင်း ဒုတိယစတုက္က ပါဠိတော်၏ မြန်မာပြန်ကို အောက်ပါအတိုင်း မှတ်သားပါလေ။ —

(က) ပထမစျာန် ဒုတိယစျာန်နှင့် ယှဉ်သော ပီတိကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ ဟု ကျင့်၏။ ပထမစျာန် ဒုတိယစျာန်နှင့် ယှဉ်သော ပီတိကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ထွက်သက်-

လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ခ) ပထမဈာန် ဒုတိယဈာန် တတိယဈာန်နှင့် ယှဉ်သော သုခဝေဒနာကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ပထမဈာန် ဒုတိယဈာန် တတိယဈာန်နှင့် ယှဉ်သော သုခဝေဒနာကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဂ) ဈာန်လေးပါးနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရတရားကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ဈာန်လေးပါးနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟူသော စိတ္တသင်္ခါရတရားကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဃ) ဈာန်လေးပါးနှင့် ယှဉ်သော ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဟူသော ရုန့်ရင်း ရုန့်ရင်းသော စိတ္တသင်္ခါရတရားကို ငြိမ်းစေလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ဈာန်လေးပါးနှင့် ယှဉ်သော ရုန့်ရင်း ရုန့်ရင်းသော စိတ္တသင်္ခါရတရားကို ငြိမ်းစေလျက် ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

## (က) ပီတိ ပဋိသံဝေဒီ

ပီတိကို ထင်ရှားစေမှု, ပီတိကို ထင်ရှားအောင်ပြု၍ အဿာသပဿာသကို ဖြစ်အောင် ကျင့်မှုသည် —

၁။ အာရမ္မဏတော = အာရုံအားဖြင့် ထင်ရှားအောင် ကျင့်မှု,

၂။ အသမ္မောဟတော = မတွေမဝေ သိသောအားဖြင့် ထင်ရှားအောင် ကျင့်မှုဟု —

ဤသို့လျှင် နှစ်မျိုး ရှိ၏။

၁။ အာရုံသဘောအားဖြင့် ပီတိထင်ရှားမှု ဟူသည်ကား — ပီတိယှဉ်သော ပထမဈာန် ဒုတိယဈာန်တို့ကို ဝင်စား၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဈာန်ဝင်စားဆဲ သမာပတ်အခိုက်၌ ဈာန်ကို ရရှိခြင်းဖြင့် ပီတိကို လွန်လွန်ကဲကဲ ဖြစ်စေနိုင်သော ပီတိ လွန်လွန်ကဲကဲ ဖြစ်လာနိုင်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသော အာနာပါနပဋိဘာဂနိမိတ်အာရုံ၏ ထင်ရှားခြင်းကြောင့် = အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထင်ထင်ရှားရှား သိနေခြင်းကြောင့် အာရုံသဘောအားဖြင့် ပီတိကို ထင်ထင်ရှားရှား သိခြင်း ဖြစ်၏။

၂။ တစ်ဖန် ပီတိယှဉ်သော ယင်းပထမဈာန် ဒုတိယဈာန်တို့ကို ဝင်စား၍ ယင်းဈာန်မှ ထ၍ ဈာန်နှင့်ယှဉ်သော ပီတိကို ကုန်တတ် ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ပီတိကို ဝိပဿနာရှုသော ခဏ မြင်သော ခဏ၌ ပီတိ၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းဖြင့် မတွေမဝေသော အသမ္မောဟသဘောအားဖြင့် ပီတိသည် ထင်ထင်ရှားရှား သိအပ်သည့် တရား ဖြစ်၏။ (ဝိသုဒ္ဓိ-၁-၂၇၉။)

## (ခ) သုခ ပဋိသံဝေဒီ

၁။ သုခဝေဒနာနှင့် ယှဉ်သော ပထမဈာန် ဒုတိယဈာန် တတိယဈာန်တို့ကို ဝင်စား၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဈာန်သမာပတ်ကို ဝင်စားဆဲ ခဏ၌ ဈာန်ကို ရရှိနေခြင်း ဈာန်နှင့် ပြည့်စုံနေခြင်းဖြင့် သုခဝေဒနာကို လွန်လွန်ကဲကဲ ဖြစ်စေနိုင်သော သုခဝေဒနာ လွန်လွန်ကဲကဲ ဖြစ်လာနိုင်လောက်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသော အာနာပါနပဋိဘာဂနိမိတ် အာရုံ၏ ထင်ထင်ရှားရှား ဖြစ်နေခြင်းကြောင့် အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထင်ထင်ရှားရှား သိနေခြင်းကြောင့် ထိုအာနာပါနပဋိဘာဂနိမိတ်အာရုံကို အာရုံယူနိုင်-

ခြင်းကို အကြောင်းပြုသဖြင့် ထို အာနာပါနပဋိဘာဂနိမိတ်လျှင် အာရုံရှိသော စျာန်၌ အကျုံးဝင်သော သုခ-ဝေဒနာကို ထင်ထင်ရှားရှား သိခြင်း ဖြစ်၏။

၂။ တစ်ဖန် သုခဝေဒနာနှင့် ယှဉ်သော ပဌမစျာန် ဒုတိယစျာန် တတိယစျာန်တို့ကို ဝင်စား၍ ယင်းစျာန်မှ ထ၍ စျာန်နှင့်ယှဉ်သော သုခဝေဒနာကို ကုန်တတ်ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ယင်းသုခဝေဒနာကို ဝိပဿနာရှုသော ခဏ ဝိပဿနာဉာဏ်ဖြင့် မြင်သော ခဏ၌ သုခဝေဒနာ၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထွင်း၍ သိမြင်-ခြင်းဖြင့် မတွေမဝေ သိသော အသမ္မောဟသဘောအားဖြင့် သုခဝေဒနာသည် ထင်ထင်ရှားရှား သိအပ်သည့် တရား ဖြစ်ပေသည်။

သုခပဋိသံဝေဒီပဒေ စေတ္ထ ဝိပဿနာဘူမိဒဿနတ္ထံ “သုခန္တိ ဒွေ သုခါနိ ကာယိကဉ္စ သုခံ စေတသိ-ကဉ္စာ”တိ ပဋိသမ္ဘိဒါယံ ဝုတ္တံ။ (ဝိသုဒ္ဓိ-၁-၂၈၀။)

**ဝိပဿနာဘူမိဒဿနတ္ထန္တိ** ပကိဏ္ဏကသင်္ခါရသမ္မသနဝသေန ဝိပဿနာယ ဘူမိဒဿနတ္ထံ **“သုခန္တိ ဒွေ သုခါနိ”**တိအာဒိ ဝုတ္တံ သမထေ ကာယိကသုခါဘာဝတော။ (မဟာဋီ-၁-၃၄၁။)

**ပကိဏ္ဏကသင်္ခါရေ**တိ ပါဒကဇ္ဈာနတော အညသင်္ခါရေ။ တေန ပါဒကဇ္ဈာနသင်္ခါရေသု သမ္မသိတေသု ဝတ္တဗ္ဗမေဝ နတ္ထီတိ ဒဿေတိ။ (မူလဋီ -၁-၁၁၆။)

**သုခပဋိသံဝေဒီ** – ပုဒ်၌ သုခအရ ကာယိကသုခဝေဒနာ စေတသိကသုခဝေဒနာဟူသော သုခဝေဒနာ နှစ်မျိုးလုံးကိုပင် ကောက်ယူရမည် ဖြစ်ကြောင်းကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (၁၈၆)၌ ဟောကြားထားတော်မူ၏။ သမထစျာန်တရား၌ စေတသိက သုခဝေဒနာသာ ယှဉ်၏၊ ကာယိက သုခဝေဒနာကား မယှဉ်ပေ။ ကာယိက သုခဝေဒနာကား သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌သာ ယှဉ်၏။ သမထစျာန်နာမ်တရားစု၌ သုခသဟဂုတ် ကာယဝိညာဏ်စိတ်လည်း မပါဝင် ဖြစ်ခဲ့၏။ ထိုသို့ မပါဝင်ပါဘဲလျက် အဘယ်ကြောင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ကာယိကသုခဝေဒနာကိုပါ ထည့်သွင်း၍ ကောက်ယူရန် ဟောကြားထားတော်မူပါသနည်းဟူမူ – ဝိပဿနာ၏ အခြေခံ ပါဒကစျာန်မှ တစ်ပါးသော အခြားအခြားသော ပကိဏ္ဏကသင်္ခါရ အမည်ရသော သင်္ခါရတရားတို့ကိုပါ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာရှုရမည်ဟု ဝိပဿနာရှုရမည့် ဝိပဿနာဘူမိ အမည်ရသော ဝိပဿနာ-ဉာဏ်၏ တည်ရာဘုံကို ညွှန်ကြားပြသတော်မူလိုသည့်အတွက် သုခအရ ကာယိက သုခဝေဒနာကိုပါ ထည့်သွင်း၍ ဟောကြားတော်မူခြင်း ဖြစ်သည်ဟု ဖြေဆိုလေရာ၏။ (ဝိသုဒ္ဓိ-၁-၂၈၀။ မဟာဋီ-၁-၃၄၁။ မူလဋီ-၁-၁၁၆။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် အညီ အာနာပါနကမ္မဋ္ဌာန်းကိုလည်းကောင်း အခြား အခြားသော သမထကမ္မဋ္ဌာန်းကိုလည်းကောင်း စျာန်ရသည့်တိုင်အောင် ပွားများအားထုတ်ထားသော သမထ-ယာနိက ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာပိုင်း၌ ဝိပဿနာ၏ အခြေပါဒကအဖြစ် ထူထောင်ထားသော ပါဒက စျာန်မှ တစ်ပါးသော ပကိဏ္ဏက သင်္ခါရ = ပြိုးပြွမ်းသော သင်္ခါရ အမည်ရသော ကြွင်းကျန်သော ရုပ်နာမ်ခမ္မ သင်္ခါရတရားတို့ကိုလည်း ဝိပဿနာ ရှုပွားသုံးသပ်ရမည်ဟု သန္နိဋ္ဌာန်ကျ မုချပုံသေ မှတ်သားနာယူလေရာသည်။ ထိုစကားရပ်ဖြင့် ပါဒကစျာန်နှင့် ယှဉ်သော စျာန်သင်္ခါရတရားတို့၌ လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွား သုံးသပ်ခြင်းတို့၌ ဆိုဖွယ်ရာပင် မရှိတော့ပြီဟု ပြ၏။

ဤကျမ်း၌ကား အာနာပါနစျာန်များကို အထူးသဖြင့် အာနာပါန စတုတ္ထစျာန်ကို ဝိပဿနာ၏ အခြေခံ အကြောင်းရင်းဖြစ်သော ပါဒကစျာန်အဖြစ် ရေးသားတင်ပြထား၏။ ထိုပါဒကစျာန်မှ ကြွင်းကျန်သော ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရား မှန်သမျှသည် ပကိဏ္ဏကသင်္ခါရအမည်ရသော ဝိပဿနာဉာဏ်၏

အရှုခံအာရုံ သင်္ခါရတရားစုတို့ပင် ဖြစ်ကြသည်။ ဝိပဿနာဘူမိ = ဝိပဿနာဉာဏ်၏ တည်ရာဘုံပင် ဖြစ်သည်။ အမှန်တရားကို လိုလားတောင့်တလျက် ရှိသော အသင်သူတော်ကောင်းသည် ဤပါဠိတော် အဋ္ဌကထာ ဋီကာ-ကြီးတို့ကို အလွန့်အလွန် ရိုသေလေးစားစွာဖြင့် ကြည်ညိုမြတ်နိုးသင့်လှပေသည်၊ ကျေးဇူးတင်ထိုက်လှပေသည်။

## (ဂ) စိတ္တသင်္ခါရ ပဋိသံဝေဒီ

**စိတ္တသင်္ခါရောတိ** ဝေဒနာဒယော ဒွေ ခန္ဓာ။ (ဝိသုဒ္ဓိ-၁-၂၈၀။)

ပဌမစျာန် ဒုတိယစျာန် တတိယစျာန်တို့နှင့် ယှဉ်သော သုခဝေဒနာနှင့် သညာ, စတုတ္ထစျာန်နှင့် ယှဉ်သော ဥပေက္ခာဝေဒနာနှင့် သညာ — ဤဝေဒနာက္ခန္ဓာ သညာက္ခန္ဓာတို့ကား စိတ္တသင်္ခါရတရားတို့တည်း။ ယောဂါဝစရ ပုဂ္ဂိုလ်သည် ယင်းစိတ္တသင်္ခါရတရားစုကို ထင်ရှားစေလျက် ထင်ထင်ရှားရှား သိလျက် ဝင်သက်လေ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်ရ၏။ စိတ္တသင်္ခါရတရားစုကို ထင်ထင်ရှားရှား သိလျက် အသက်ရှုရန် ဘုရားရှင်က ညွှန်-ကြားထားတော်မူ၏။ အကျိုးရှိသော အသက်ရှုနည်းစနစ်များပင်တည်း။ ဤ၌လည်း သမထပိုင်း ဝိပဿနာပိုင်း နှစ်ပိုင်းခွဲ၍ အောက်ပါအတိုင်း မှတ်သားပါ။

၁။ သုခဝေဒနာနှင့်ယှဉ်သော အာနာပါန ပဌမစျာန် ဒုတိယစျာန် တတိယစျာန်, ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စတုတ္ထစျာန်တို့ကို ဝင်စား၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် စျာန်သမာပတ်ကို ဝင်စားဆဲ ခဏ၌ စျာန်ကို ရရှိနေခြင်း စျာန်နှင့် ပြည့်စုံနေခြင်းဖြင့် ဝေဒနာ သညာဟူသော စိတ္တသင်္ခါရတရားစုကို လွှန်လွှန်ကဲကဲ ဖြစ်စေနိုင်သော လွှန်လွှန်ကဲကဲ ဖြစ်လာနိုင်လောက်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသော အာနာပါနပဋိဘာဂ နိမိတ်အာရုံ၏ ထင်ထင်ရှားရှား ဖြစ်နေခြင်းကြောင့် အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထင်ထင်ရှားရှား သိနေ-ခြင်းကြောင့် ထိုအာနာပါနပဋိဘာဂနိမိတ်အာရုံကို အာရုံယူနိုင်ခြင်းကို အကြောင်းပြုသဖြင့် ထိုအာနာပါနပဋိဘာဂ နိမိတ်လျှင် အာရုံရှိသော စျာန်၌ အကျုံးဝင်သော စိတ္တသင်္ခါရတရားစုကို ထင်ထင်ရှားရှား သိခြင်း ဖြစ်၏။ ဤကား သမထပိုင်း၌ အာရုံ ထင်ရှားဖြစ်ခြင်းကြောင့် အာရုံသဘောအားဖြင့် စိတ္တသင်္ခါရတရား ထင်ရှားခြင်း ဖြစ်၏။ ဤကား သမထပိုင်း၌ စိတ္တသင်္ခါရတရားကို ထင်ထင်ရှားရှား သိပုံတည်း။

၂။ တစ်ဖန် ဝေဒနာ သညာနှင့် ယှဉ်သော အာနာပါန စျာန်လေးပါးတို့ကိုဝင်စား၍ ယင်းစျာန်မှ ထ၍ စျာန်နှင့် ယှဉ်သော ဝေဒနာ သညာကို ကုန်တတ် ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ယင်းဝေဒနာ သညာကို ဝိပဿနာရှုသောခဏ ဝိပ-ဿနာ ဉာဏ်ဖြင့် သိမြင်သောခဏ၌ ဝေဒနာသညာ၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းဖြင့် မတွေမဝေသိသော အသမ္မောဟ သဘောအားဖြင့် စိတ္တသင်္ခါရအမည်ရသော ဝေဒနာ သညာ တရားနှစ်ပါးသည် ထင်ထင်ရှားရှား သိအပ်သည့် တရားများ ဖြစ်လာပေသည်။ ဤကား ဝိပဿနာပိုင်း၌ စိတ္တ သင်္ခါရတရားကို ထင်ထင်ရှားရှား သိပုံတည်း။

## (ဃ) ပဿမ္ဘယံ စိတ္တသင်္ခါရံ

အာနာပါနဿတိသမာဓိပိုင်းတွင် — ကာယသင်္ခါရ အမည်ရသော အဿာသပဿာသ၏ အဆင့်ဆင့် ငြိမ်းပုံကို ရေးသားတင်ပြခဲ့၏။ အလားတူပင် စိတ္တသင်္ခါရတရား၏ အဆင့်ဆင့် ငြိမ်းပုံကိုလည်း နည်းမှီ၍ သိရှိ-ပါလေ။ တစ်ဖန် ဝိပဿနာပိုင်း၌ ကာယသင်္ခါရ အမည်ရသော အဿာသပဿာသ၏ အဆင့်ဆင့် ငြိမ်းပုံကိုလည်း ရေးသားတင်ပြခဲ့၏။ အလားတူပင် စိတ္တသင်္ခါရတရား၏လည်း အဆင့်ဆင့် ငြိမ်းပုံကို နည်းမှီ၍ သိရှိပါလေ။

## ဝေဒနာနုပဿနာ

ပီတိပဋိသံဝေဒီ-ပုဒ်၌ ပီတိကို အဦးမူသဖြင့် ဝေဒနာကို ဟောကြားထားတော်မူ၏။ သုခပဋိသံဝေဒီ-ပုဒ်၌ သရုပ်ထုတ်လျက် ဝေဒနာကို တိုက်ရိုက် ဟောကြားထားတော်မူ၏။ စိတ္တသင်္ခါရပဋိသံဝေဒီနှင့် ပဿမ္ဘယံစိတ္တသင်္ခါရံ ဟူသော စိတ္တသင်္ခါရနှစ်ပုဒ်တို့၌ “သညာသည်လည်းကောင်း ဝေဒနာသည်လည်းကောင်း ဤစေတသိက်တရား နှစ်မျိုးတို့သည် စိတ်နှင့်စပ်သော စိတ္တပဋိဗဒ္ဓတရား စိတ္တသင်္ခါရတရားတို့ မည်ကုန်၏”ဟု (မ-၁-၃၇၆။ ပဋိသံ-၁၈၇။) တို့၌ ဟောကြားထားတော်မူခြင်းကြောင့် သညာနှင့် ယှဉ်ဖက် သမ္ပယုတ်ဖြစ်သော ဝေဒနာကို ဟောကြား ထားတော်မူ၏။ ဤသို့လျှင် ဤဒုတိယစတုက္ကကို **ဝေဒနာနုပဿနာနည်း**ဖြင့် ဟောကြားထားတော်မူသည်ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၀။)

ဝေဒနာသု ဝေဒနာညတရာဟံ ဘိက္ခဝေ ဧတံ ဝဒါမိ ယဒိဒံ အဿာသပဿာသာနံ သာဓုကံ မနသိကာရံ။ (မ-၃-၁၂၆။)

ရဟန်းတို့ . . . အဿာသပဿာသတို့ကို ပီတိ ထင်ရှားအောင် သုခ ထင်ရှားအောင် စသည့် လို့လ ဉဿာဟထူးနှင့် ကောင်းမွန်ရှိသေစွာ နှလုံးသွင်းခြင်းသဘောကို ဝေဒနာအမျိုးမျိုးတို့တွင် ဝေဒနာတစ်မျိုးကို နှလုံးသွင်းခြင်းဟူ၍ ငါဘုရား ဟောတော်မူ၏။ (မ-၃-၁၂၆။ အာနာပါနဿတိသုတ္တန်။)

## ဝေဒနာ တစ်ခုတည်းကိုပင် ရှုရမည်လော?

ယဿ ဝေဒနာ ပါကဋာ ဟောတိ။ သော “န ကေဝလံ ဝေဒနာဝ ဥပ္ပဇ္ဇတိ၊ တာယ သဒ္ဓိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ၊ သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ, ဝိဇာနနမာနံ ဝိညာဏမ္ပိ ဥပ္ပဇ္ဇတီ”တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ။ (ဒီ-ဋ္ဌ-၁-၃၁၄။ မ-ဋ္ဌ-၁-၂၈၀။ အဘိ-ဋ္ဌ-၂-၂၅၂။)

ဤ အထက်ပါ အဋ္ဌကထာကြီးများနှင့် ယင်းတို့၏ အဖွင့် ဖြစ်ကြသော ဋီကာကြီးများနှင့် အညီ ဝေဒနာ တစ်ခုတည်းကိုသာ ရှုရသည် မဟုတ်။ ယင်းဈာနဝေဒနာနှင့် ယှဉ်ဖက် သမ္ပယုတ်တရားအားလုံးကိုပင် ဝိပဿနာ ရှုရမည်ဟု မှတ်ပါ။ ထိုနောင် ဈာန်နာမ်တရားတို့ကို ဝိပဿနာရှုပြီးသောအခါ ယင်းဈာန်နာမ်တရားတို့၏ မှီရာ ဘူတရုပ် ဥပါဒါရုပ်တို့ကိုလည်း ဆက်လက်၍ သိမ်းဆည်းကာ ဝိပဿနာရှုရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ -၂ -၂၂၂)၌ ညွှန်ကြားထားတော်မူပေသည်။ ရှင်းလင်းချက် အပြည့်အစုံကို ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရှင်းလင်း တင်ပြခဲ့ပေပြီ။ အလိုရှိပါက ယင်းနာမ်ကမ္မဋ္ဌာန်းပိုင်းတွင် တစ်ဖန်ပြန်၍ ကြည့်ပါလေ။

## (၃) တတိယ စတုက္က

(က) စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

(ခ) အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

(ဂ) သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။

(ဃ) ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ။
ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။ (မ-၃-၁၂၅။)

(က) စိတ္တပဋိသံဝေဒီ = ဈာန်စိတ်ကို ထင်ထင်ရှားရှား သိသည်ဖြစ်၍။ အဿသိဿာမိ = ဝင်သက်လေကို ဖြစ်စေအံ့။ ဣတိ = ဤသို့။ သိက္ခတိ = ကျင့်၏။ ပ ။

(ခ) စိတ္တံ = စိတ်ကို။ အဘိပ္ပမောဒယံ = လွန်စွာ ရွှင်လန်း ဝမ်းမြောက်စေလျက်။ ပ ။

(ဂ) စိတ္တံ = စိတ်ကို။ သမာဒဟံ = အာရုံ၌ ကောင်းစွာ ထားလျက်။ ပ ။

(ဃ) စိတ္တံ = စိတ်ကို။ ဝိမောစယံ = နီဝရဏစသည်တို့မှ လွတ်မြောက်စေလျက်။ ပ ။

(က) ပထမဈာန်စိတ် ဒုတိယဈာန်စိတ် တတိယဈာန်စိတ် စတုတ္ထဈာန်စိတ်ကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ပထမဈာန်စိတ် ဒုတိယဈာန်စိတ် တတိယဈာန်စိတ် စတုတ္ထဈာန်စိတ်ကို ထင်ထင်ရှားရှား သိသည်ဖြစ်၍ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ခ) စိတ်ကို လွန်စွာ ရွှင်လန်း ဝမ်းမြောက်စေလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။
စိတ်ကို လွန်စွာ ရွှင်လန်း ဝမ်းမြောက်စေလျက် ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဂ) စိတ်ကို အာရုံ၌ ကောင်းစွာ ထားလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။
စိတ်ကို အာရုံ၌ ကောင်းစွာ ထားလျက် ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဃ) စိတ်ကို နီဝရဏစသည်တို့မှ လွတ်မြောက်စေလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။
စိတ်ကို နီဝရဏစသည်တို့မှ လွတ်မြောက်စေလျက် ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။
(မ-၃-၁၂၅။ သံ-၃-၂၇၉။ ဝိ-၁-၈၈။)

## (က) စိတ္တ ပဋိသံဝေဒီ

ဈာန်စိတ်ကို ထင်ထင်ရှားရှား သိအောင် ပြု၍ အဿာသပဿာသကို ဖြစ်အောင် ကျင့်မှုသည် အာရုံသဘောအားဖြင့် ထင်ထင်ရှားရှား သိအောင် ကျင့်မှု, မတွေမဝေ သိသော အသမ္မောဟ သဘောအားဖြင့် ထင်ထင်ရှားရှား သိအောင် ကျင့်မှုဟု နှစ်မျိုး ရှိ၏။

၁။ ဈာန်စိတ် အသီးအသီးကို အထူး ထင်ထင်ရှားရှား သိအောင် ဦးတည်၍ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အသီးအသီး ဝင်စား၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဈာန်သမာပတ်ကို ဝင်စားဆဲ ခဏ၌ ဈာန်ကို ရရှိနေခြင်း ဈာန်နှင့် ပြည့်စုံနေခြင်းဖြင့် ဈာန်စိတ်ကို လွန်လွန်ကဲကဲ ဖြစ်စေနိုင်သော ဈာန်စိတ် လွန်လွန်ကဲကဲ ဖြစ်လာနိုင်လောက်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသော အာနာပါနပဋိဘာဂနိမိတ် အာရုံ၏ ထင်ထင်ရှားရှား ဖြစ်နေခြင်းကြောင့် အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထင်ထင်ရှားရှား သိနေခြင်းကြောင့် ထိုအာနာပါနပဋိဘာဂနိမိတ်အာရုံကို အာရုံယူနိုင်ခြင်းကို အကြောင်းပြုသဖြင့် ထိုအာနာပါနပဋိဘာဂနိမိတ်လျှင် အာရုံရှိသော ဈာန်စိတ်ကို ထင်ထင်ရှားရှား သိခြင်း ဖြစ်၏။ ဤကား အာရုံသဘောအားဖြင့် ဈာန်စိတ်ကို ထင်ထင်ရှားရှား သိပုံတည်း။

၂။ တစ်ဖန် အာနာပါန ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အသီးအသီးကို ဝင်စား၍ ယင်းဈာန်အသီးအသီးမှ ထ၍ ဈာန်နှင့်ယှဉ်သော ဈာန်စိတ် အသီးအသီးကို ကုန်တတ်ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ယောဂါဝစရ

ပုဂ္ဂိုလ်သည် ယင်းဈာန်စိတ်ကို ဝိပဿနာရှုသော ခဏ ဝိပဿနာဉာဏ်ဖြင့် မြင်သော ခဏ၌ ဈာန်စိတ်၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းဖြင့် မတွေမဝေ သိသော အသမ္မောဟ သဘော အားဖြင့် ယင်းဈာန်စိတ်သည် ထိုယောဂါဝစရပုဂ္ဂိုလ်က ထင်ထင်ရှားရှား သိအပ်သည့် တရား ဖြစ်နေပေသည်။ ဤကား ဈာန်စိတ်ကို အသမ္မောဟ သဘောအားဖြင့် ထင်ထင်ရှားရှား သိပုံတည်း။

ဤသို့လျှင် ယင်းဈာန်စိတ် အသီးအသီးကို အာရုံသဘောအားဖြင့်လည်းကောင်း, အသမ္မောဟ သဘော အားဖြင့်လည်းကောင်း ထင်ထင်ရှားရှား သိလျက် အသက်ရှူရန် ဘုရားရှင်က အသက်ရှူပုံစနစ်ကို ညွှန်ကြား ထားတော်မူ၏။ နိဗ္ဗာန်သို့တိုင်အောင် ပို့ဆောင်ပေးနိုင်သော စွမ်းအင် အပြည့်အဝ ရှိသော အသက်ရှူပုံ နည်း စနစ် ကောင်းများပင် ဖြစ်ကြသည်။

## (ခ) အဘိပ္ပမောဒယံ စိတ္တံ

စိတ်ကို လွန်စွာ ရွှင်လန်း ဝမ်းမြောက်စေလျက် ဝင်သက်လေကို ဖြစ်အောင် ထွက်သက်လေကို ဖြစ်အောင် ကျင့်ရာ၌ သမာဓိ၏ အစွမ်းဖြင့်လည်းကောင်း ဝိပဿနာ၏ အစွမ်းဖြင့်လည်းကောင်း စိတ်၏ လွန်စွာ ရွှင်လန်း ဝမ်းမြောက်ခြင်းသည် ဖြစ်၏။

၁။ အဘယ်သို့လျှင် သမာဓိ၏ အစွမ်းဖြင့် စိတ်၏ လွန်စွာ ရွှင်လန်း ဝမ်းမြောက်ခြင်းသည် ဖြစ်လေသနည်း၊ ပီတိနှင့် ယှဉ်သော ပဌမဈာန် ဒုတိယဈာန်ဟူသော ဈာန်နှစ်ပါးတို့ကို အသီးအသီး ဝင်စား၏။ ထိုယောဂါဝစရ ပုဂ္ဂိုလ်သည် ဈာန်သမာပတ်ကို ဝင်စားဆဲ ခဏ၌ ဈာန်စိတ်နှင့် ယှဉ်သော ဈာန်ပီတိဖြင့် ထိုသမ္ပယုတ် ဈာန်စိတ်ကို ပင်လျှင် လွန်စွာ ဝမ်းမြောက်စေ၏၊ လွန်စွာ ရွှင်လန်း တက်ကြွစေ၏။ သမာဓိ၏ အစွမ်းဖြင့် စိတ်ရွှင်လန်း တက်ကြွမှုတည်း။ (ဝိသုဒ္ဓိ-၁-၂၈၀။)

ဈာန်စိတ်နှင့် ယှဉ်သော ပီတိကား ပီတိသမ္ဗောဇ္ဈင်တရား ဖြစ်၏။ ကိုယ်စိတ်တို့ကို တက်ကြွရွှင်လန်းစေခြင်း သဘာဝလက္ခဏာ ရှိ၏။ ယင်းဈာန်ပီတိက ထိုမိမိနှင့် ယှဉ်ဖက် ဈာန်စိတ်ကိုပင်လျှင် သဟဇာတစသော ပစ္စယ သတ္တိတို့ဖြင့်လည်းကောင်း ဈာနပစ္စယသတ္တိဖြင့်လည်းကောင်း ကျေးဇူးပြုပေးလျက် ကိုယ်စိတ်တို့ကို ထက်ဝန်းကျင်မှ နှစ်သက်ပြည့်ဖြိုး တိုးပွားစေလျက် ရွှင်လန်းတက်ကြွသော အခြင်းအရာသို့ ရောက်စေလျက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်စေ၏။ ထိုကြောင့် ယင်းဈာန်နှစ်ပါးတို့ကို ဝင်စားလျက် အသက်ရှူရန် ဘုရားရှင်က ညွှန်ကြားတော် မူခြင်း ဖြစ်ပေသည်။ (မဟာဋီ-၁-၃၄၁။)

၂။ အဘယ်သို့လျှင် ဝိပဿနာ၏ အစွမ်းဖြင့် စိတ်၏ လွန်စွာ ရွှင်လန်း ဝမ်းမြောက်ခြင်းသည် ဖြစ်လေသနည်း၊ ပီတိနှင့် ယှဉ်ကုန်သော ပဌမဈာန် ဒုတိယဈာန်ဟူသော ဈာန်နှစ်ပါးတို့ကို အသီးအသီး ဝင်စား၍ ယင်းဈာန် အသီးအသီးမှ ထလျက် ဈာန်နှင့်ယှဉ်သော ပီတိကို ကုန်တတ် ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤသို့လျှင် ဝိပဿနာခဏ၌ ဈာန်နှင့် ယှဉ်သော ပီတိကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝိပဿနာစိတ်ကို ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်သော ပီတိဖြင့်ပင်လျှင် ယောဂါဝစရပုဂ္ဂိုလ်သည် ရွှင်လန်းတက်ကြွသော အခြင်းအရာသို့ ရောက်စေ၏၊ နှစ်သက်ရွှင်လန်း တက်ကြွစေ၏။ ဤသို့ ကျင့်သော ယောဂါဝစရပုဂ္ဂိုလ်ကို စိတ်ကို ဝမ်းမြောက်စေလျက် ဝင်သက်လေကို ဖြစ်စေအံ့ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်နေ၏ ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၁-၂၈၀-၂၈၁။)

အသင်သူတော်ကောင်းသည် စိတ်ဓာတ် ရွှင်ရွှင်လန်းလန်းဖြင့် အမြဲတမ်း အသက်ရှူနေလိုပါသလား၊ အလိုရှိပါလျှင် ပီတိနှင့်ယှဉ်သော ဈာန်တို့ကို ဝင်စားပါ။ ပီတိနှင့်တကွသော ယင်းဈာန်နာမ်တရားတို့ကို ကြိမ်ဖန်

များစွာ ထပ်ကာထပ်ကာ ဝိပဿနာရှုပါ။ ထိုသို့ ဈာန်ဝင်စားနေသမျှ ကာလပတ်လုံး ထိုသို့ ဝိပဿနာ ရှုနေသမျှ ကာလပတ်လုံး အသင်သူတော်ကောင်းသည် ပျော်ပျော်ရွှင်ရွှင်ဖြင့် အမြဲတမ်း အသက်ရှုနေရမည်သာ ဖြစ်ပေသည်။ အသင်သူတော်ကောင်း၏ ဘဝဝယ် ပျော်ပျော်ရွှင်ရွှင် နေနိုင်ရေးအတွက် အပြစ် အကင်းဆုံးသော နည်းလမ်းများ-ပင် ဖြစ်ကြပေသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အား အလွန်အကြူး အထူး ကျေးဇူးတင်ထိုက်ပေစွ။

အသင်သူတော်ကောင်းသည် ပြုံးရွှင်နေသော လေးစားမြတ်နိုးဖွယ်ရာ မိတ်ဆွေတစ်ဦးကို တွေ့မြင်ရသော အခါ အသင်သူတော်ကောင်း၏ စိတ်အစဉ်၌လည်း အပြုံးပန်းများသည် ပွင့်လန်းလာကြသကဲ့သို့ အလားတူပင် ပီတိနှင့် ယှဉ်သော ဈာန်နာမ်တရားတို့ကို ဝိပဿနာရှုနေသော စိတ်၌လည်း ပီတိများ ယှဉ်တွဲလျက်ပင် ရှိနေ-ပေသည်။ ယင်းပီတိနှင့်ယှဉ်သော ဈာန်စိတ်, ယင်းပီတိယှဉ်သော ဈာန်နာမ်တရားတို့ကို ဝိပဿနာရှုနေသော ဝိပဿနာစိတ် — ဤစိတ်တို့ကြောင့် ဖြစ်ပေါ်လာကြကုန်သော မွန်မြတ်သော စိတ္တဇရုပ်တို့သည်လည်း တစ်-ကိုယ်လုံး၌ ပျံ့နှံ့လျက် ဖြစ်ပွားနေကြ၏။ ထိုကြောင့် ပီတိသည် ကိုယ်စိတ်တို့ကို နှစ်သက်ရွှင်လန်း တက်ကြွ စေခြင်း သဘောလက္ခဏာရှိ၏ဟု ဆိုသည်။

## (ဂ) သမာဒဟံ စိတ္တံ

စိတ်ကို ကောင်းကောင်း ထား၍ တည်တည်ကြည်ကြည် ထား၍ အသက်ရှုနည်း။

၁။ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အစဉ်အတိုင်း ဝင်စား၏၊ ဈာန်သမာပတ် အသီး အသီး၏ အတွင်းဝယ် ဈာန်စိတ်သည် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ကောင်းစွာတည်နေ၏။ ယင်းသို့ တည်နေသော် သမထပိုင်းဝယ် သမာဓိ၏ အစွမ်းဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ကောင်းစွာ ထားလျက် စိတ် တည်တည်ကြည်ကြည်ဖြင့် အသက်ရှုနေ၏ဟုပင် ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၁-၂၈၁။)

အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ကောင်းစွာ ထားလျက် အသက်ရှု၏ ဟူသည် — အကြင် အခြင်းအရာအားဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ထားအပ်သည် ရှိသော် အနည်းငယ်မျှသော်လည်း စိတ်ဓာတ်၏ တွန့်ဆုတ်ခြင်းအဖို့သို့လည်းကောင်း ပျံ့လွင့်ခြင်းအဖို့သို့လည်းကောင်း မကပ်ရောက်မူ၍ မညွတ်ကျဘဲ မတက်ကြွဘဲ စိတ်သည် တည်တံ့နေ၏။ အကြင်အခြင်းအရာအားဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ထားအပ်သည်ရှိသော် ဣန္ဒြေတို့ကို ညီမျှအောင် ကျင့်နိုင်သဖြင့် စိတ်သည် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ အညီအမျှ တည်တံ့နေ၏။ တစ်နည်း — အကြင်အခြင်းအရာအားဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ထားအပ်သည်ရှိသော် သမာဓိ၏ လွန်ကဲသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့် မတုန်မလှုပ်ခြင်းသို့ ရောက်သဖြင့် စိတ်သည် အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ကောင်းစွာသာလျှင် တည်တံ့နေ၏။ ဤကဲ့သို့သော အခြင်းအရာ အားဖြင့် အပ္ပနာဈာန်၏ အစွမ်းဖြင့် ဈာန်စိတ်ကို အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ကောင်းစွာ ထားလျက် ဝင်သက်လေကို ဖြစ်အောင် ထွက်သက်လေကို ဖြစ်အောင် = အသက်ရှုနိုင်အောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ပါဟု ဆိုလိုသည်။ (မဟာဋီ-၁-၃၄၁-၃၄၂။) ဤကား သမထပိုင်း၌ စိတ်ကို ကောင်းကောင်းထားလျက် အသက်ရှုပုံတည်း။ ဝိပဿနာပိုင်း၌ အာရုံ၌ စိတ်ကို ကောင်းစွာထားလျက် အသက်ရှုပုံမှာ ဤသို့ဖြစ်၏။

တာနိ ဝါ ပန ဈာနာနိ သမာပဇ္ဇိတွာ ဝုဋ္ဌာယ ဈာနသမ္ပယုတ္တံ စိတ္တံ ခယတော ဝယတော သမ္မသတော ဝိပဿနာက္ခဏေ လက္ခဏပဋိဝေဓေန ဥပ္ပဇ္ဇတိ ခဏိကစိတ္တေကဂ္ဂတာ။ ဧဝံ ဥပ္ပန္နာယ ခဏိကစိတ္တေကဂ္ဂတာယ ဝသေနပိ အာရမ္မဏေ စိတ္တံ သမံ အာဒဟန္တော သမံ ဌပေန္တော “သမာဒဟံ စိတ္တံ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီ”တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ-၁-၂၈၁။)

**လက္ခဏပဋိဝေဓေနော**တိ အနိစ္စာဒိကသ္မ လက္ခဏသ္မ ပဋိ ပဋိ ဝိဇ္ဈနေန ခဏေ ခဏေ အဝဗောဓေန။ **ခဏိကစိတ္တေကဂ္ဂတာ**တိ ခဏမတ္တဋ္ဌိတိကော သမာဓိ။ သောပိ ဟိ အာရမ္မဏေ နိရန္တရံ ဧကာကာရေန ပဝတ္တမာနော ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ။ တေန ဝုတ္တံ **"စေ ဥပ္ပန္နာယာ"**-တိအာဒိ။ (မဟာဋီ-၁-၃၄၂။)

၂။ ယောဂါဝစရပုဂ္ဂိုလ်သည် အာနာပါန ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အစဉ်အတိုင်း တစ်ခုပြီးတစ်ခု ဝင်စား၏။ ဈာန်မှ ထတိုင်း ထတိုင်း ဈာန်နှင့်ယှဉ်သော ဈာနသမ္ပယုတ်စိတ်ကို ကုန်တတ် ပျက်တတ်သော ခယ-ဝယ သဘောအားဖြင့် ယင်းဈာန်စိတ်၏ အပျက်ကို အာရုံပြု၍ လက္ခဏာယာဉ်သုံးတန်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ (= အာနာပါန ပထမဈာန်ကို ဝင်စား၍ ယင်းပထမဈာန်မှ ထပြီးလျှင် ယင်းပထမဈာန်စိတ်ကို အပျက်ကို အာရုံယူ၍ အနိစ္စဟုလည်းကောင်း ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်းကောင်း လက္ခဏာယာဉ်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာရှု၏။ ဒုတိယဈာန်စသည်တို့၌လည်း နည်းတူပင် သဘောပေါက်ပါ။) ထိုသို့ ဝိပဿနာ ရှုပွားသုံးသပ်သောအခါ ယင်းဈာန်စိတ်၏ ခဏတိုင်း ခဏတိုင်း၌ ပျက်ပျက်နေသည့် သဘောကို အာရုံယူ၍ အနိစ္စဟုရှုခဲ့သော် အနိစ္စလက္ခဏာကို ထိုးထွင်း သိနေ၏၊ ဒုက္ခဟု ရှုခဲ့သော် ဒုက္ခလက္ခဏာကို ထိုးထွင်း သိနေ၏၊ အနတ္တဟု ရှုခဲ့သော် အနတ္တလက္ခဏာကို ထိုးထွင်း သိနေ၏။ ယင်းသို့ အဆက်မပြတ် ထိုးထွင်းသိနေခဲ့သော် ဝိပဿနာစိတ်သည် ယင်းဈာန်စိတ်၏ အနိစ္စအခြင်းအရာ၌သော်လည်း ကောင်းစွာ တည်နေ၏၊ ဒုက္ခအခြင်းအရာ၌သော်လည်း ကောင်းစွာ တည်နေ၏၊ အနတ္တအခြင်းအရာ၌သော်လည်း ကောင်းစွာ တည်နေ၏။ ယင်းသို့ ဈာန်စိတ်၏ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာဟူသော တစ်မျိုးမျိုးသော အခြင်းအရာ၌ အဆက်မပြတ် အကြားအလပ် မရှိအောင် ကောင်းစွာ တည်နေသော ဝိပဿနာသမာဓိကို ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိဟု ခေါ်ဆို၏။ ထိုခဏိကစိတ္တေ-ကဂ္ဂတာ = ခဏိကသမာဓိသည်လည်း ယင်းဈာန်စိတ်၏ အပျက်အာရုံ၌ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာဟူသော အခြင်းအရာသုံးမျိုးတို့တွင် တစ်မျိုးသော အခြင်းအရာအားဖြင့် အဆက်မပြတ် အကြားအလပ် မရှိအောင် ဖြစ်နေလတ်သော် ဆန့်ကျင်ဘက်တရားသည် မလွှမ်းမိုးအပ် မလွှမ်းမိုးနိုင်သည်ဖြစ်၍ ဈာန်စိတ်၏ အပျက်အာရုံ၌ ဝိပဿနာစိတ်ကို စိုက်ထားသကဲ့သို့ ဖြစ်၍ = မြေကြီးပေါ်၌ တိုင်တစ်တိုင်ကို စိုက်ထူထားသကဲ့သို့ ဖြစ်၍ ဝိပဿနာစိတ်သည် တုန်လှုပ်မှုမရှိဘဲ တည်တံ့နေပေ၏။ ဤသို့ ဖြစ်ပေါ်လာသော ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိ၏ အစွမ်းဖြင့်လည်း ဈာန်စိတ်၏ အပျက်အာရုံ၌ ဝိပဿနာစိတ်ကို အညီအညွတ် ကောင်းစွာ ရှေးရှုထားသော ရဟန်းကို — "စိတ်ကို အညီအညွတ် ကောင်းစွာ ရှေးရှုထားလျက် ဝင်သက်လေကို ဖြစ်စေအံ့၊ ထွက်သက်လေကို ဖြစ်စေအံ့" - ဟု ကျင့်နေ၏ဟူ၍ ခေါ်ဆိုအပ်ပေသည်။

(ဝိသုဒ္ဓိ-၁-၂၈၁။ မဟာဋီ-၁-၃၄၂။)

ဤကား သမထပိုင်း ဝိပဿနာပိုင်း နှစ်ပိုင်းလုံး၌ အာရုံ၌ စိတ်ကို အညီအညွတ် ကောင်းစွာ ရှေးရှုထားလျက် အသက်ရှူပုံစနစ် တစ်ခုကို ညွှန်ကြားထားတော်မူသော ဘုရားရှင်၏ အဆုံးအမဩဝါဒကထာ ဒေသနာတော် တစ်ခုပင် ဖြစ်သည်။ အသင်သူတော်ကောင်းသည် စိတ်ကို ကောင်းကောင်းထားပြီး အသက်ရှူတတ်ပြီလော?-

## (ဃ) ဝိမောစယံ စိတ္တံ

ဤ၌လည်း သမထပိုင်း ဝိပဿနာပိုင်းဟု အပိုင်းနှစ်ပိုင်း ရှိနေပေ၏။ သမထပိုင်း၌ ဝိမောစယစိတ် = ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်သော စိတ် ဖြစ်အောင် ကျင့်ပုံမှာ ဤသို့ ဖြစ်၏။ —

၁။ အာနာပါန ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို အစဉ်အတိုင်း တစ်ခုပြီး တစ်ခု ဝင်စားပါ။ ပထမဈာန် သမာပတ်ကို ဝင်စားခိုက် ဈာန်သမာပတ်အတွင်း၌ ဈာန်စိတ်သည် နီဝရဏ အညစ်-အကြေးတို့မှ လွတ်မြောက်နေ၏။ ဒုတိယဈာန် သမာပတ်ကို ဝင်စားခိုက်၌ ဈာန်စိတ်သည် ဝိတက်ဝိစာရတို့မှ လွတ်မြောက်နေ၏။ တတိယဈာန် သမာပတ်ကို ဝင်စားခိုက်၌ ဈာန်စိတ်သည် ပီတိမှ လွတ်မြောက်နေ၏။ စတုတ္ထဈာန် သမာပတ်ကို ဝင်စားခိုက်၌ ဈာန်စိတ်သည် သုခ-ဒုက္ခတို့မှ လွတ်မြောက်နေ၏၊ ဝိက္ခမ္ဘနဝိမုတ္တိတည်း။

ထိုကြောင့် အသင်သူတော်ကောင်းသည် ပထမဈာန်ကို ဝင်စားခြင်းဖြင့် ဈာန်စိတ်ကို နီဝရဏ အညစ်-အကြေးတို့မှ လွတ်မြောက်စေလျက် ဝင်သက်လေ ထွက်သက်လေကို ဖြစ်အောင်ကျင့်ပါ။ ဒုတိယဈာန်ကို ဝင်စား-ခြင်းဖြင့် ဈာန်စိတ်ကို ဝိတက် ဝိစာရတို့မှ လွတ်မြောက်စေလျက် ဝင်သက်လေ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။ တတိယဈာန်ကို ဝင်စားခြင်းဖြင့် ဈာန်စိတ်ကို ပီတိမှ လွတ်မြောက်စေလျက် ဝင်သက်လေ ထွက်သက် လေကို ဖြစ်အောင် ကျင့်ပါ။ စတုတ္ထဈာန်ကို ဝင်စားခြင်းဖြင့် ဈာန်စိတ်ကို သုခ-ဒုက္ခတို့မှ လွတ်မြောက်စေလျက် ဝင်သက်လေ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။ ဤကား သမထပိုင်း၌ ဆန့်ကျင်ဘက် တရားတို့မှ စိတ်ကို လွတ်မြောက်စေလျက် ဝင်သက်လေကို ဖြစ်စေအံ့၊ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်ပုံတည်း။

(ဝိသုဒ္ဓိ-၁-၂၈၁။)

၂။ ဝိပဿနာပိုင်း၌ စိတ်ကို ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်စေလျက် ကျင့်ပုံမှာ ဤသို့တည်း။

အာနာပါနပထမဈာန်ကို ဝင်စား၏။ ယင်းပထမဈာန်မှ ထ၍ ဈာန်နှင့်ယှဉ်သော ဈာန်စိတ်ကို = ဈာန်စိတ်ကို အဦးမူလျက် နာမကာယ ရူပကာယ အပေါင်းဟူသော အလုံးစုံသော သင်္ခါရတရားအပေါင်းကို ကုန်တတ် ပျက်-တတ်သော ခယ-ဝယ သဘောအားဖြင့် ခယ-ဝယ သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။

စိတ္တမုခေန သဗ္ဗသင်္ခါရဂတံ အနိစ္စတော ပဿတိ၊ နော နိစ္စတော။ (မဟာဋီ-၁-၃၄၂။)

အာနာပါန ဒုတိယဈာန်ကို ဝင်စား၏ ။ ပ ။

အာနာပါန တတိယဈာန်ကို ဝင်စား၏။ ပ ။

အာနာပါန စတုတ္ထဈာန်ကို ဝင်စား၏။ ယင်းဈာန်မှထ၍ ဈာန်နှင့်ယှဉ်သော ဈာန်စိတ်ကို = ဈာန်စိတ်ကို အဦးမူလျက် နာမကာယ ရူပကာယအပေါင်းဟူသော အလုံးစုံသော သင်္ခါရတရားအပေါင်းကို ကုန်တတ် ပျက်-တတ်သော ခယ-ဝယ သဘောအားဖြင့် ကုန်တတ်ပျက်တတ်သော ခယ-ဝယ သဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ယင်းသို့ ဝိပဿနာ ရှုပွားသုံးသပ်နေသော ဝိပဿနာဉာဏ် အခိုက်၌ အထူးသဖြင့် ဘင်္ဂါနုပဿနာဉာဏ်အခိုက်၌ ဆန့်ကျင်ဘက် တရားတို့မှ စိတ်သည် လွတ်မြောက်သွား၏။ မှန်ပေသည် — ပျက်ခြင်း ဘင်မည်သည် အနိစ္စဖြစ်မှု၏ = အနိစ္စ လက္ခဏာ၏ လွန်ကဲသော အဆုံးစွန်သော အဖို့အစွန်းတည်း။ ထိုကြောင့် ထိုဘင်္ဂါနုပဿနာဉာဏ်ဖြင့် ဈာန်စိတ်ကို အဦးမူလျက် သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကို ရှုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဈာန်စိတ်ကို ပဓာနပြုသဖြင့် အဦးမူသဖြင့် အလုံးစုံသော သင်္ခါရတရားအပေါင်းကို အနိစ္စဟု ရှု၏၊ နိစ္စဟု မရှု။ အနိစ္စတရား၏ ဒုက္ခစင်စစ် ဖြစ်သောကြောင့်လည်းကောင်း, ဒုက္ခတရား၏ အနတ္တစင်စစ်ဖြစ်သောကြောင့်လည်းကောင်း ထိုသင်္ခါရတရား အပေါင်းတို့ကို ဒုက္ခဟု အဖန်တလဲလဲ ရှု၏၊ သုခဟု မရှု။ အနတ္တဟု အဖန်တလဲလဲ ရှု၏၊ အတ္တဟု မရှု။ တစ်ဖန် အကြင်တရားသည် အနိစ္စဖြစ်၏ ဒုက္ခဖြစ်၏ အနတ္တဖြစ်၏၊ ထိုတရားကို မနှစ်သက်အပ် မနှစ်သက်ထိုက်။ အကြင် တရားကိုလည်း မနှစ်သက်အပ် မနှစ်သက်ထိုက်၊ ထိုတရားကို ရာဂဖြင့် မတပ်မက် မစွဲလမ်းထိုက်။ ထိုကြောင့်

သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်ကို ရှုတတ်သော ဘင်္ဂါနုပဿနာဉာဏ်သို့ အစဉ်လျှောက်သဖြင့် အနိစ္စဟု ဒုက္ခဟု အနတ္တဟု သင်္ခါရတရားအပေါင်းကို ဝိပဿနာဉာဏ်ဖြင့် မြင်အပ်သော် ထိုဝိပဿနာဉာဏ်ဖြင့် မြင်အပ်ပြီးသော သင်္ခါရတရားအပေါင်း၌ ငြီးငွေ့တော့၏၊ မနှစ်သက်။ တပ်မက်ခြင်း ကင်းတော့၏၊ မတပ်မက်။ ဤသို့ ငြီးငွေ့သော တပ်မက်ခြင်းကင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ လောကီဝိပဿနာဉာဏ်ဖြင့်ပင်လျှင် ရာဂကို ချုပ်စေ၏၊ မဖြစ်စေ။ ထိုရာဂ၏ ဖြစ်ခြင်းကို မပြု၊ ဖြစ်ကြောင်းတရားကို မပြု။ ဤကား ဆန့်ကျင်ဘက်တရားတို့မှ စိတ်ကို လွတ်မြောက်စေလျက် အဿာသပဿာသကို ဖြစ်စေရာ၌ ဆိုလိုရင်း အနက်သဘောတည်း။ (မဟာဋီ-၁-၃၄၂။)

မဟာဋီကာဆရာတော်က နောက်တစ်နည်း ထပ်မံ ဖွင့်ဆိုထားတော်မူပြန်၏။ ယင်းနည်း၌ ဒိဋ္ဌတရား အဒိဋ္ဌတရားဟု နှစ်မျိုးခွဲ၍ ဖွင့်ဆိုထားတော်မူ၏။

## ဒိဋ္ဌ – အဒိဋ္ဌ တရား

အထ ဝါ သော ဧဝံ ဝိရတ္တော ယထာ ဒိဋ္ဌံ သင်္ခါရဂတံ၊ တထာ အဒိဋ္ဌံ အတ္တနော ဉာဏေန နိရောဓေတိ၊ နော သမုဒေတိ။ နိရောဓမေဝဿ မနသိ ကရောတိ၊ နော သမုဒယန္တိ အတ္ထော။ (မဟာဋီ-၁-၃၄၂။)

တစ်နည်း — ဤသို့ တပ်မက်ခြင်းကင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့် မျက်မှောက် ရှုမြင်အပ်ပြီးသော သင်္ခါရတရားအပေါင်းကို ခဏမစဲ တသဲသဲ ချုပ်ပျက်မှုကို နှလုံးသွင်းသကဲ့သို့ ထို့အတူ ဝိပဿနာဉာဏ်ဖြင့် မျက်မှောက် မရှုမြင်အပ်သေးသော သင်္ခါရတရားအပေါင်းကို မိမိ၏ ဝိပဿနာဉာဏ်ဖြင့် ချုပ်မှုကို နှလုံးသွင်း၏၊ ဖြစ်မှုကို နှလုံးမသွင်း။ ထို မျက်မှောက် မမြင်ရသေးသော သင်္ခါရတရားအပေါင်း၏ ချုပ်ခြင်းကိုသာလျှင် နှလုံးသွင်း၏၊ ဖြစ်ခြင်း ကြီးပွားခြင်းကို နှလုံးမသွင်းဟု ဆိုလို၏။ (မဟာဋီ-၁-၃၄၂။)

ဤသို့ကျင့်သော ထိုယောဂါဝစရပုဂ္ဂိုလ်သည် တစ်ဖန် စွန့်၏၊ မစွဲယူ။ အဘယ်သို့သော အနက်အဓိပ္ပါယ်ကို ဆိုလိုပါသနည်းဟူမူ ဤအနိစ္စာနုပဿနာစသော အနုပဿနာဉာဏ်သည် ခန္ဓာတို့ကိုလည်းကောင်း ဘဝသစ်ကို ပြုစီမံတတ်သော အဘိသင်္ခါရတရားတို့ကိုလည်းကောင်း စွန့်လွှတ်ခြင်းကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂလည်း မည်၏။ သင်္ခတတရား = သင်္ခါရတရားတို့၏ ဖောက်ပြန်ပျက်စီးခြင်းဟူသော အပြစ်ကို မြင်သဖြင့် ထိုသင်္ခတတရားတို့မှ ပြောင်းပြန်ဖြစ်သော အသင်္ခတ နိဗ္ဗာန်တရားတော်မြတ်၌ ထိုနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသည်၏ အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်းမည်၏ဟု ဆိုအပ်၏။ ထို့ကြောင့် ထိုပဋိနိဿဂ္ဂါနုပဿနာနှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ကိလေသာတို့ကိုလည်း စွန့်၏ နိဗ္ဗာန်၌လည်း ပြေးဝင်၏။ ထို့ကြောင့် အောက်ပါ စကားရပ်များကို အဋ္ဌကထာဆရာတော်က ဆက်လက်ဖွင့်ဆိုထားတော်မူ၏။ (မဟာဋီ-၁-၃၄၂။)

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဈာန်စိတ်ကို အဦးမူ၍ သင်္ခါရတရားအပေါင်းကို ဝိပဿနာရှုလေရာ ဝိပဿနာ အခိုက်၌ အနိစ္စာနုပဿနာဉာဏ်ဖြင့် နိစ္စသညာမှ စိတ်ကို လွတ်မြောက်စေလျက် ဝင်သက်လေကို ဖြစ်စေ၏၊ ထွက်သက်လေကို ဖြစ်စေ၏။ ဒုက္ခာနုပဿနာဉာဏ်ဖြင့် သုခသညာမှ, အနတ္တာနုပဿနာဉာဏ်ဖြင့် အတ္တသညာမှ, နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် နှစ်သက်ခြင်း နန္ဒီတရားမှ, သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ကုန်ကုန် ပျက်ပျက် နေသည့် ခယ ဝိရာဂသဘောကို ရှုနေသော ခယဝိရာဂါနုပဿနာဉာဏ်ဖြင့် တပ်မက်ခြင်း ရာဂမှ, သင်္ခါရတရား-တို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏနိရောဓသဘောကို ရှုနေသော နိရောဓာနုပဿနာဉာဏ်ဖြင့် ဖြစ်ခြင်း သမုဒယမှ, ပဋိနိဿဂ္ဂါနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့ကို နိစ္စစသည်ဖြင့် ပြင်းစွာစွဲယူခြင်း အာဒါနမှ စိတ်ကို လွတ်မြောက်စေလျက် ဝင်သက်လေကို ဖြစ်စေ၏၊ ထွက်သက်လေကို ဖြစ်စေ၏။ ထို့ကြောင့် — "စိတ်ကို

ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်စေလျက် ဝင်သက်လေကို ဖြစ်စေအံ့၊ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏”ဟူ၍ ဘုရားရှင်သည် ဟောကြားတော်မူပေသည်။ ဤသို့လျှင် **စိတ္တာနုပဿနာ**၏ အစွမ်းဖြင့် ဤတတိယ စတုက္ကကို ဟောကြားတော်မူ၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၁။)

## စိတ်တစ်ခုတည်းကိုပင် ရှုရမည်လော?

ယဿ ဝိညာဏံ ပါကဋံ ဟောတိ၊ သော “န ကေဝလံ ဝိညာဏမေဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝါ-ရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ၊ အနုဘဝမာနာ ဝေဒနာပိ, သဉ္ဇာနနမာနာ သညာပိ, စေတယမာနာ စေတနာပိ ဥပ္ပဇ္ဇတီ”တိ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ။ (ဒီ-ဋ္ဌ-၁-၃၁၄။ မ-ဋ္ဌ-၁-၂၈၀-၂၈၁။ အဘိ-ဋ္ဌ-၂-၂၅၂။)

တသ္မာ တာယ ဘင်္ဂါနုပဿနာ ယောဂါဝစရော စိတ္တမုခေန သဗ္ဗသင်္ခါရဂတံ အနိစ္စတော ပဿတိ၊ နော နိစ္စတော။ (မဟာဋီ-၁-၃၄၂။)

အလုံးစုံသော ဉပါဒါနက္ခန္ဓာ ငါးပါး သင်္ခါရတရားတို့ကို ပရိညာ ပညာ သုံးမျိုးတို့ဖြင့် ပိုင်းပိုင်းခြားခြား မသိရှိပါက သံသရာဝဋ်ဆင်းရဲဒုက္ခ မကုန်နိုင်ဟု အပရိဇာနနသုတ္တန် (သံ-၂-၂၄၉-၂၅၀) စသည့် ထိုထိုသုတ္တန်တို့၌ ဘုရားရှင် ဟောကြားထားတော်မူသည်နှင့် အညီ အထက်ပါ အဋ္ဌကထာ ဋီကာကြီးတို့ကလည်း စိတ်ကို အဦးမူ သဖြင့် သင်္ခါရတရား အားလုံးကိုပင် ဝိပဿနာရှုရန် ဖွင့်ဆိုထားတော်မူကြ၏။ ထိုကြောင့် အသင်သူတော်ကောင်း-သည်လည်း စျာန်စိတ်ကို အဦးမူသဖြင့် သင်္ခါရတရား အားလုံးကိုပင် ဝိပဿနာရှုပါ။

## (၄) စတုတ္ထ စတုက္က

(က) အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။
အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

(ခ) ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။
ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

(ဂ) နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ။
နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

(ဃ) ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။
ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။

(က) အနိစ္စာနုပဿီ = သင်္ခါရတရားတို့ကို အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ အဿသိ-ဿာမိ = ဝင်သက်လေကို ဖြစ်စေအံ့။ ဣတိ = ဤသို့။ သိက္ခတိ = ကျင့်၏။ပ။

(ခ) ဝိရာဂါနုပဿီ = ခယဝိရာဂ, အစ္စန္တ ဝိရာဂသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ တစ်နည်း — သင်္ခါရတရားတို့၏ ပျက်ခြင်း ဘင်နှင့် ရာဂ၏ ကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ပ။

(ဂ) နိရောဓာနုပဿီ = ခယနိရောဓ, အစ္စန္တနိရောဓသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ တစ်နည်း — သင်္ခါရတရားတို့၏ ချုပ်ခြင်း ခဏဘင်နှင့် ရာဂ၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ်

ရှုလေ့ရှိသည် ဖြစ်၍။ ပ ။

(ဃ) ပဋိနိဿဂ္ဂါနုပဿီ = ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂသဘောကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ တစ်နည်း — ကိလေသာ-ခန္ဓာ-အဘိသင်္ခါရတရားတို့ကို စွန့်လွှတ်ကြောင်း ဖြစ်သော သင်္ခါရတရားတို့၏ ပျက်ခြင်း ခဏဘင်နှင့် နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍။ ပ ။

(က) သင်္ခါရတရားတို့ကို အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ သင်္ခါရတရားတို့ကို အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုလျက် ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ခ) သင်္ခါရတရားတို့၏ ပျက်ခြင်း ခဏဘင်နှင့် ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ပ ။ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဂ) သင်္ခါရတရားတို့၏ ချုပ်ခြင်း ခဏဘင်နှင့် ရာဂ၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ပ ။ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(ဃ) ကိလေသာ-ခန္ဓာ-အဘိသင်္ခါရတရားတို့ကို တဒင်္ဂအားဖြင့် စွန့်လွှတ်ရာ သင်္ခါရတရားတို့၏ ပျက်ခြင်း ခဏဘင်နှင့် သမုစ္ဆေဒအားဖြင့် စွန့်လွှတ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလျက် ဝင်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။ ပ ။ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏။

(မ-၃-၁၂၅။ သံ-၃-၂၇၉။ ဝိ-၁- ၈၈။)

## (က) အနိစ္စာနုပဿီ

ဤ၌ အနိစ္စ, အနိစ္စတာ, အနိစ္စာနုပဿနာ, အနိစ္စာနုပဿီ - ဤ (၄)မျိုးကို သိထားသင့်ပေသည်။

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကဟူသော (၁၁) မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် **အနိစ္စ** မည်၏။ အဘယ်ကြောင့်နည်း? ဖြစ်ခြင်း = ဥပ္ပါဒသဘော, ပျက်ခြင်း = ဝယသဘော, ဖြစ်ခြင်းသဘောမှ ပျက်ခြင်းသဘောသို့ ယိုင်လဲနေသော အညထာဘာဝဟူသော ဌီသဘော - ဤသဘောတရား သုံးမျိုး ထင်ရှားရှိသောကြောင့် ယင်း ဥပါဒါနက္ခန္ဓာ ငါးပါးသည် အနိစ္စ မည်၏။ (ဝိသုဒ္ဓိ-၁-၂၈၁။)

ဥပ္ပါဒ, ဝယ, အညထတ္တတို့၏ အထူးကား အဘယ်နည်း။ ထိုသုံးမျိုးတို့တွင် သင်္ခတတရားတို့၏ တိုက်ရိုက် ဖြစ်စေတတ်သော ဇနက အကြောင်း, အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာခြင်းသည် ရှေး၌ မဖြစ်သေးမူ၍ = ရှေးက မရှိသေးမူ၍ ယခုမှ ရုတ်ခြည်းအသစ် ဖြစ်ပေါ်လာခြင်းသည် ပရမတ္ထအထည်ကိုယ် သရုပ်သဘောကို ရခြင်းသည် ဥပ္ပါဒ = ဖြစ်ခြင်း ဥပါဒ် မည်၏။ ဖြစ်ပြီးကုန်သော ထိုသင်္ခတ တရားတို့၏ ခဏအားဖြင့် ချုပ်ခြင်းသည် ပရမတ္ထ သရုပ်အထည်ကိုယ်ဒြပ်၏ ပျက်စီးခြင်းသည် ဝယ မည်၏။ ပရမတ္ထဓမ္မတို့၏ ဖြစ်စမှ တစ်ပါးသော ပျက်ခြင်းသို့ ရှေးရှုနေသော အခြင်းအရာထူးဖြင့် ဖြစ်ခြင်းသည် အညထတ္တ မည်၏။ သင်္ခတပရမတ်တရားတို့၏ ဇရာသဘောတည်း။ ဇရာ၏ ဥပါဒ်-ဘင်တို့မှ တစ်ပါးသော ပျက်ခြင်းသို့ ရှေးရှုသော အခြင်းအရာအားဖြင့် = အပြားအားဖြင့် ဖြစ်ခြင်းသည် အညထတ္တ မည်၏။ (မဟာဋီ-၁-၃၄၃။)

ထင်ရှားစေအံ့ — သင်္ခတပရမတ်တရားတို့၏ ဥပါဒ်အခိုက်မှ ကွဲပြားသော ဘင်အခိုက်၌ ပရမတ္ထဓာတ်သား တည်းဟူသော ဝတ္ထု၏ ကွဲပြားခြင်းသည် မရှိနိုင်သကဲ့သို့ အလားတူပင် သင်္ခတတရားတို့၏ ဌီတိဟု ဆိုအပ်သော ပျက်ခြင်း = ဘင်သို့ ရှေးရှုသော အခိုက်၌လည်း ပရမတ္ထဓာတ်သားတည်းဟူသော တရားကိုယ် အထည်ဝတ္ထုဒြပ်၏

ကွဲပြားခြင်းသည် မရှိသည်သာတည်း။ အကြွင်ပျက်ခြင်း = ဘင်သို့ ရှေးရှုနေသော အခိုက်၌ ဇရာဟူသော အမည်ဝေါဟာရသည် ဖြစ်ပေါ်လာ၏။ ထိုကြောင့် တစ်ခုတည်းသော သင်္ခတပရမတ်တရား၏သော်လည်း အိုခြင်း ရင့်ခြင်း ဇရာသည် သင့်သည်သာဖြစ်၏။ ယင်းတစ်ခုတည်းသော သင်္ခတပရမတ်တရား၏ အိုခြင်း ရင့်ခြင်း ဇရာကို ခဏိက ဇရာဟူ၍ ခေါ်ဆို၏။ မှန်ပေသည် – စင်စစ်အားဖြင့် ဥပါဒ်အခိုက် ဘင်အခိုက်တို့၌ ပရမတ္ထဓာတ်သား တရားကိုယ် အထည်ဝတ္ထုဒြပ်၏ မကွဲပြားခြင်းကိုသာလျှင် အလိုရှိအပ်ပေ၏။ မကွဲပြားဟု မယူဆဘဲ ကွဲပြား၏ဟု ယူဆခဲ့သော် "အခြားတစ်ပါးသော သင်္ခတပရမတ်တရား တစ်ခုသည် ဖြစ်ပေါ်လာ၏၊ အခြားတစ်ပါးသော သင်္ခတပရမတ်တရား တစ်ခုသည် ပျက်၏" ဤသို့သော အပြစ်ဒေါသသည် ထိုသို့ ယူဆသူမှာ ရောက်ရှိလေရာ၏။ ထိုဆိုခဲ့ပြီးသော ခဏိကဇရာကိုပင် ရည်ရွယ်တော်မူ၍ **အညထတ္တံ** ဟူ၍ ဘုရားရှင် ဟောကြားတော်မူခြင်း ဖြစ်၏။

(မဟာဋီ-၁-၃၄၃-၃၄၄။)

၂။ ထိုခန္ဓာငါးပါးတို့၏သာလျှင် (က) ဖြစ်ခြင်း, (ခ) ပျက်ခြင်း, (ဂ) ဖြစ်စမှ တစ်ပါးသော ပျက်ခြင်း = ဘင်ဘက်သို့ ရှေးရှုနေသော အခိုက်အတန့်တည်းဟူသော အခြင်းအရာထူးသည် **အနိစ္စတာ** မည်၏။ တစ်နည်း – ရှေးကမရှိ ယခုမှဖြစ်တည်၍ ချက်တစ်ဖြုတ်အားဖြင့် ဖြုတ်ခြည်း ပျက်ခြင်းသည် ဖြစ်ကုန်သော ခန္ဓာတို့၏ ထိုဖြစ်တိုင်းသော အခြင်းအရာအားဖြင့်သာလျှင် = ဖြစ်စသော ဓမ္မတို့၏ အခြင်းအရာအတိုင်းသာလျှင် မတည်မူ၍ ခဏဘင်ဖြင့် ပျက်ခြင်းသည် **အနိစ္စတာ**မည်၏ဟု ဆိုလို၏။ (ဝိသုဒ္ဓိ-၁-၂၈၁။)

တတ္ထ ဥပ္ပါဒပုဗ္ဗကတ္တာ အဘာဝဿ ဟုတွာ ဂဟဏံ။ တေန ပါဂဘာဝပုဗ္ဗကတ္တံ ဝိနာသာဘာဝဿ ဒဿေတိ။ (မဟာဋီ-၁-၃၄၄။)

ဟုတွာ အဘာဝေါ = ဖြစ်ပြီးနောက် မရှိခြင်း အဘာဝသည် အနိစ္စတာမည်၏ — ဟူသော စကားရပ်၌ ဟုတွာ = ဖြစ်ပြီးနောက်ဟူသော စကားရပ်ဖြင့် ပျက်စီးခြင်းဟူသော အဘာဝ၏ မဖြစ်သေးမီ ရှေးအဖို့က မရှိ-သေးခြင်း ရှေးရှိသည်၏အဖြစ်ကို ညွှန်ပြ၏။ ဆိုလိုသည်မှာ ဤသို့ ဖြစ်၏။ မရှိခြင်း အဘာဝသည် ဥပါဒ်ကာလသို့ မရောက်သေးမီ မဖြစ်သေးမီက ရုပ်နာမ်တို့၏ မရှိသေးခြင်းဟူသော ပါဂဘာဝက တစ်မျိုး, ဘင်ကာလသို့ ရောက်၍ ပျက်စီးကွယ်ပျောက်သွားသဖြင့် ဖြစ်ပြီးသော ရုပ်နာမ်တို့၏ မရှိခြင်းဟူသော ဝိဒ္ဓံသာဘာဝက တစ်မျိုးဟူ၍ အဘာဝနှစ်မျိုးရှိရာ ထိုနှစ်မျိုးတို့တွင် ဟုတွာ အဘာဝေါ = ဖြစ်ပြီးနောက် မရှိခြင်း = အဘာဝဟူသော ပါဠ်၌ အဘာဝေါဟူသော ပုဒ်ဖြင့် ဖြစ်ပြီးသော ရုပ်နာမ်တို့၏ ဖြစ်ပြီးသော ဘင်ကာလသို့ ရောက်၍ မရှိခြင်း = ဝိဒ္ဓံသာ-ဘာဝဟု ခေါ်သော ဝိနာသအဘာဝကို ပြ၏။ တစ်ဖန် ဟုတွာ = ဖြစ်ပြီး၍ဟု ဆိုသဖြင့် မဖြစ်မီက ရုပ်နာမ်အ-ထည်ကိုယ် မရှိသေးခြင်း = အဘာဝအဖို့မှ ဖြစ်ပေါ်လာသည်ဟု သိရသောကြောင့် ၎င်းပုဒ်ဖြင့် ဖြစ်ပေါ်ပြီးနောက် ပျက်ခြင်းဟူသော ဝိနာသအဘာဝသည် မဖြစ်မီ ရှေးအဖို့က မရှိသေးခြင်းဟူသော ပါဂဘာဝ = ပါအဘာဝလျှင် ရှေးရှိသည်၏အဖြစ်ကို ပြသည်ဟု ဆိုလို၏။ ဤ ပါဂဘာဝပုဗ္ဗကတ္တံဟူသော ပါဌ်အနက်သည် ရုပ်နာမ်တို့သည် မရှိသေးသော အဘာဝအဖို့မှ ဖြစ်ပေါ်လာပြီးလျှင် ပျက်၍ မရှိခြင်း အဘာဝသို့ပင် ပြန်ရောက် သွားကြသည် ဟူသော အနက်ကိုပြသောကြောင့် အနိစ္စလက္ခဏာကို အလွန်ပင် ထင်ပေါ်စေနိုင်ပေ၏။

(ဝိသုဒ္ဓိမဂ်နိဿယ-၂-၂၇၇-၂၇၈ - ကြည့်ပါ။)

၃။ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ယင်းတို့၏ ဖြစ်မှု ပျက်မှုကို အထူးသဖြင့် အပျက်သက်သက်ကို အာရုံပြု၍ အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုပွားသုံးသပ်နေသော ဝိပဿနာဉာဏ်သည် **အနိစ္စာနုပဿနာ** မည်၏။

(ဝိသုဒ္ဓိ-၁-၂၈၁။)

၄။ ထို အနိစ္စာနုပဿနာဉာဏ်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် **အနိစ္စာနုပဿီ**ပုဂ္ဂိုလ် မည်၏။

ထိုကြောင့် ဤသို့ အနိစ္စာနုပဿနာဉာဏ်နှင့် ပြည့်စုံသော ဤသို့ သင်္ခါရတရားတို့ကို အနိစ္စဟု တလုံလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေသော ပုဂ္ဂိုလ်ကိုလည်းကောင်း, ထွက်သက်လေကို ဖြစ်စေသော ပုဂ္ဂိုလ်ကို လည်းကောင်း ဤစတုတ္ထစတုက္က၌ အနိစ္စဟု တလုံလဲလဲ ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်သော ပုဂ္ဂိုလ်ဟူ၍ သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၁-၂၈၂။)

## (ခ) ဝိရာဂါနုပဿီ

**ဝိရာဂါနုပဿီ** — ဟူသော ဤပုဒ်၌ ဝိရာဂတို့သည် ခယဝိရာဂ, အစ္စန္တဝိရာဂဟု ဝိရာဂ နှစ်မျိုး ရှိ၏။ သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ပျက်နေခြင်း ခဏဘင်သည် **ခယဝိရာဂ** မည်၏။ နိဗ္ဗာန်တရားတော်မြတ်သည် **အစ္စန္တဝိရာဂ** မည်၏။ သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ကို ရှုမြင်နေသော ဝိပဿနာဉာဏ်သည် လည်းကောင်း, အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားတော်မြတ်ကြီးကို သိမြင်နေသော အရိယမဂ်ဉာဏ်သည် လည်းကောင်း **ဝိရာဂါနုပဿနာ** မည်၏။ ထိုနှစ်မျိုးသော ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် **ဝိရာဂါနုပဿီ**ပုဂ္ဂိုလ် မည်၏။ ထိုနှစ်မျိုးသော ဝိရာဂါနုပဿနာဉာဏ်နှင့် ပြည့်စုံသည် ဖြစ်၍ ဝင်သက်လေ ထွက်သက်လေကို ဖြစ်စေခဲ့သည်ရှိသော် " ဝိရာဂသဘောကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့၊ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏" ဟူ၍ သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၂။)

ဝိပဿနာအခိုက်၌ကား သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ကို သိမြင်သော ခယဝိရာဂါနုပဿနာဉာဏ်သာ ဖြစ်သေးသည်။ ယင်းခယဝိရာဂကို ခဏိကနိရောဓဟုပင် မဟာဋီကာ (မဟာဋီ-၁-၃၄၄။)၌ ဖွင့်ဆိုထား၏။ ယင်းသင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်မှု ပျက်မှု ကုန်မှု ကင်းမှုသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီတင်ကာ ဝိပဿနာရှုနေလျှင် ဝိရာဂါနုပဿီပုဂ္ဂိုလ်ပင်ဖြစ်သည်ဟု မှတ်ပါ။ ထိုဝိပဿနာဉာဏ်တို့က ရာဂကို တဒင်္ဂအားဖြင့် ပယ်စွန့်နိုင်သောကြောင့် ဝိရာဂါနုပဿနာဟူသော အမည်ကို ရရှိကြသည်။ ယင်းဝိပဿနာဉာဏ်တို့၏ အဆုံးတွင်မှ စင်စစ် ရာဂ၏ ချုပ်ငြိမ်းရာ ဖြစ်သောကြောင့် အစ္စန္တဝိရာဂအမည်ရသော နိဗ္ဗာန်ကို အာရုံပြု၍ အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ယင်းအရိယမဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုလည်း ဝိရာဂါနုပဿီပုဂ္ဂိုလ်ဟုပင် ခေါ်ဆိုသည်။ ရာဂကင်းရာ နိဗ္ဗာန်ကို ရှုမြင်နေသောကြောင့် ဖြစ်၏။ တွယ်တာတပ်မက်မှု ကင်းအောင် အသက်ရှူနည်း တွယ်တာတပ်မက်မှု ကင်းသော အသက်ရှူနည်းများပင် ဖြစ်ကြသည်။

သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ကို အဖန်ဖန် အထပ်ထပ် ရှုနေသော ဝိပဿနာဉာဏ်ကို ခယဝိရာဂါနုပဿနာဟု ခေါ်ဆို၏။ ရာဂ၏ အကယ်စင်စစ် ကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို ရှုမြင်သော အရိယမဂ်ဉာဏ်ကို အစ္စန္တဝိရာဂါနုပဿနာဟု ခေါ်ဆို၏။ တစ်နည်းဆိုရသော် — ဝိပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြုသောကြောင့် အာရုံသဘောအားဖြင့် ခယဝိရာဂါနုပဿနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ ရာဂ၏ အကယ်စင်စစ် ကင်းရာဖြစ်သော နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းလျက် ဖြစ်ပေါ်လာသောကြောင့် အစ္စန္တဝိရာဂါနုပဿနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အရိယမဂ်ဉာဏ်သည်ကား သင်္ခါရတရားတို့၏ ကုန်ခြင်း ပျက်ခြင်း ခယဝိရာဂသဘောကို မသိ မမြင်အောင် ဖုံးလွှမ်းထားတတ်သော မောဟကို အကြွင်းမဲ့ ပယ်သတ်တတ်သော အသမ္မောဟ သဘောအားဖြင့် ခယဝိရာဂါနုပဿနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ ရာဂ၏ အကယ်စင်စစ် ကင်းရာ ဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံမျက်မှောက် တိုက်ရိုက် ထွင်းဖောက် သိမြင်သောကြောင့် အာရုံသဘောအားဖြင့် အစ္စန္တဝိရာဂါနုပဿနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ ဤသို့ တစ်နည်းလည်း သိရှိပါလေ။ (မဟာဋီ-၁-၃၄၄။)

## (ဂ) နိရောဓာနုပဿီ

**နိရောဓာနုပဿီ**ဟူသော ဤပုဒ်၌ ခယနိရောဓ အစ္စန္တနိရောဓဟု နိရောဓနှစ်မျိုး ရှိ၏။ သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်နေခြင်း ခဏဘင်သည် **ခယနိရောဓ** မည်၏။ နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား ရာဂ၏ အကယ်စင်စစ် ချုပ်ငြိမ်းရာ ဖြစ်သောကြောင့် **အစ္စန္တနိရောဓ** မည်၏။ သင်္ခါရတရားတို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏဘင်ကို ရှုမြင်သော ဝိပဿနာဉာဏ်သည်လည်း **နိရောဓာနုပဿနာ** မည်၏။ သင်္ခါရတရား-တို့၏ ခဏမစဲ တသဲသဲ ချုပ်ပျက်ခြင်း ခဏဘင်ကို အာရုံပြု၍ အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှုနေသော ဝိပဿနာဉာဏ်များပင်တည်း။ အကယ်စင်စစ် ရာဂ၏ ချုပ်ရာဖြစ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို သိမြင်နေသော အရိယမဂ်ဉာဏ်သည်လည်း **နိရောဓာနုပဿနာ**ပင် မည်၏။ ထိုနှစ်မျိုးသော ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် **နိရောဓာနုပဿီ**ပုဂ္ဂိုလ် မည်၏။ ထိုနှစ်မျိုးသော နိရောဓာနုပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက်လေ ထွက်သက်လေကို ဖြစ်စေသည် ရှိသော် "နိရောဓသဘောကို အဖန်ဖန် အထပ်ထပ် ရှုသည်ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့၊ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏" ဟူ၍ သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၂။ မဟာဋီ-၁-၃၄၄။)

## (ဃ) ပဋိနိဿဂ္ဂါနုပဿီ

**ပဋိနိဿဂ္ဂါနုပဿီ**ဟူသော ဤပုဒ်၌လည်း ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂဟု ပဋိနိဿဂ္ဂ နှစ်မျိုး ရှိ၏။ ပဋိနိဿဂ္ဂဟူသည် စိတ်ကို စေလွှတ်ခြင်းပင်တည်း။ ယင်းစေလွှတ်ခြင်း ပဋိနိဿဂ္ဂသည်ပင်လျှင် အနုပ-ဿနာ မည်ရကား ပဋိနိဿဂ္ဂါနုပဿနာဟု ခေါ်ဆိုသည်။ တစ်နည်း — ကိလေသာတို့ကို စွန့်လွှတ်တတ်သော အနုပဿနာကို ပဋိနိဿဂ္ဂါနုပဿနာဟု ခေါ်ဆိုသည်။ ယင်းပဋိနိဿဂ္ဂါနုပဿနာဟူသော ဤအမည်သည် ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့၏ အမည်တည်း။

မှန်ပေသည် — ဝိပဿနာဉာဏ်သည် ခန္ဓာငါးပါး, ဘဝသစ်ကို ပြုစီမံတတ်သော အဘိသင်္ခါရတရားတို့နှင့် တကွ ကိလေသာတို့ကို တဒင်္ဂ၏ အစွမ်းဖြင့် စွန့်လွှတ်တတ်သောကြောင့် **ပရိစ္စာဂပဋိနိဿဂ္ဂ**လည်း မည်၏ဟု ဆိုအပ်၏။ ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားအပေါင်း၏ ဖောက်ပြန်ပျက်စီးတတ်သော အနိစ္စ ဝိပရိဏာမ စသော သင်္ခတ အပြစ်ကိုလည်း မြင်နေသဖြင့် ထိုသင်္ခတတရားနှင့် ပြောင်းပြန်ဖြစ်သော နိဗ္ဗာန်တရား-တော်မြတ်၌ ထိုနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသည်၏အဖြစ်ဖြင့် ပြေးဝင်တတ်သောကြောင့် **ပက္ခန္ဒနပဋိနိဿဂ္ဂ**လည်း မည်၏ဟု ဆိုအပ်၏။ (ဝိသုဒ္ဓိ-၁-၂၈၂။)

အနိစ္စာနုပဿနာဉာဏ်သည် ရှေဦးစွာ တဒင်္ဂပဟာန်၏ အစွမ်းဖြင့် နိစ္စသညာကို ပယ်စွန့်၏။ ဒုက္ခာနုပဿ-နာဉာဏ်သည် သုခသညာကို, အနတ္တာနုပဿနာဉာဏ်သည် အတ္တသညာကို တဒင်္ဂ၏ အစွမ်းဖြင့် ပယ်စွန့်၏။ ထိုသို့ ပယ်စွန့်ရာဝယ် နိစ္စဟု စွဲယူမှု သုခဟု စွဲယူမှု အတ္တဟု စွဲယူမှု အသီးအသီးကို အကြောင်းခံ၍ ဖြစ်ပေါ်လာသည့် ကိလေသာ, ယင်းကိလေသာလျှင် အကြောင်းရင်းခံရှိသော ဘဝသစ်ကို ပြုစီမံတတ်သော အဘိသင်္ခါရ အမည်ရသော ကမ္မဝဋ်တရား, ယင်းအဘိသင်္ခါရ = ကမ္မဝဋ်တရားလျှင် အကြောင်းရင်းခံရှိသော ဝိပါက်ခန္ဓာ-တို့သည် နောင်အနာဂတ်၌ ဖြစ်ပေါ်လာကုန်ရာ၏၊ ထိုကိလေသာ, အဘိသင်္ခါရ, ဝိပါက်ခန္ဓာ အားလုံးတို့ကို မဖြစ်ခြင်းကို ပြုသည်၏ အစွမ်းဖြင့် စွန့်လွှတ်၏ဟု မှတ်ပါ။ (မဟာဋီ-၁-၃၄၅။)

အရိယမဂ်ဉာဏ်သည် အကြွင်းမဲ့ အမြစ်ပြတ်ပယ်သတ်ခြင်း သမုစ္ဆေဒ၏ အစွမ်းဖြင့် ခန္ဓ, အဘိသင်္ခါရတရား တို့နှင့်တကွ ကိလေသာတို့ကို စွန့်လည်း စွန့်လွှတ်တတ်၏၊ ထိုကြောင့် အရိယမဂ်ဉာဏ်ကို **ပရိစ္စာဂပဋိနိဿဂ္ဂ**

ဟူ၍လည်း ခေါ်ဆိုအပ်၏။ အရိယမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းဖြင့် နိဗ္ဗာန်၌ ပြေးလည်းပြေးဝင်တတ်၏၊ ထိုကြောင့် အရိယမဂ်ဉာဏ်ကို **ပက္ခန္ဒနပဋိနိဿဂ္ဂ**ဟူ၍လည်း ခေါ်ဆိုအပ်၏။ (ဝိသုဒ္ဓိ-၁-၂၈၂။)

ဝိပဿနာဉာဏ်သည် ရှေးရှေး ဝိပဿနာဉာဏ်တို့၏ ရှုသွားသော သင်္ခါရနိမိတ်အာရုံကို အစဉ်လိုက်၍ အဖန်တလဲလဲ နောက်နောက်၌ ရှုတတ်သောကြောင့်, ရှေးရှေးဝိပဿနာဉာဏ်တို့က နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းလျက် ပြေးဝင်သကဲ့သို့ နောက်နောက်ဝိပဿနာဉာဏ်တို့သည်လည်း နောက်နောက်၌ အဖန်တလဲလဲ နိဗ္ဗာန်သို့ ညွတ်-ကိုင်းရှိုင်းလျက် ပြေးဝင်သကဲ့သို့ ဖြစ်တတ်သောကြောင့် **အနုပဿနာ** မည်၏။ အရိယမဂ်ဉာဏ်သည်လည်း ဂေါတြဘုဉာဏ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကို နောက်နောက်၌ ရှုမြင်တတ်သောကြောင့် ယင်းအရိယမဂ်ဉာဏ်-ကိုလည်း **အနုပဿနာ**ဟူ၍ ခေါ်ဆိုအပ်၏။ ထိုနှစ်မျိုးသော အနုပဿနာနှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် **ပဋိနိဿဂ္ဂါနုပဿီ**ပုဂ္ဂိုလ် မည်၏။ ထို ပဋိနိဿဂ္ဂါနုပဿနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက်လေ ထွက်သက်လေကို ဖြစ်စေခဲ့သည် ရှိသော် "ပဋိနိဿဂ္ဂသဘောကို = သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်နှင့် ကိလေသာတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည် ဖြစ်၍ ဝင်သက်လေကို ဖြစ်စေအံ့ ထွက်သက်လေကို ဖြစ်စေအံ့ဟု ကျင့်၏" ဟူ၍ သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၂၈၂။ မဟာဋီ-၁-၃၄၅။)

## သုဒ္ဓဝိပဿနာနှင့် သမထဝိပဿနာ

ဤစတုတ္ထစတုက္ကကို သုဒ္ဓဝိပဿနာ = ဝိပဿနာသက်သက်၏ အစွမ်းဖြင့် ဘုရားရှင်သည် ဟောကြားထား-တော်မူ၏။ ပထမစတုက္က ဒုတိယစတုက္က တတိယစတုက္ကတို့ကိုကား သမထပိုင်း ဝိပဿနာပိုင်း နှစ်မျိုး ရောယှက်၍ သမထဝိပဿနာ၏ အစွမ်းဖြင့် ဟောကြားတော်မူ၏။ (ဝိသုဒ္ဓိ-၁-၂၈၂။)

ဤအထက်ပါ ဖွင့်ဆိုချက်များနှင့်အညီ စတုတ္ထစတုက္ကကျင့်စဉ်ကို ကျင့်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်-

၁။ အနိစ္စာနုပဿီ ပုဂ္ဂိုလ်,
၂။ ဝိရာဂါနုပဿီ ပုဂ္ဂိုလ်,
၃။ နိရောဓာနုပဿီ ပုဂ္ဂိုလ်,
၄။ ပဋိနိဿဂ္ဂါနုပဿီ ပုဂ္ဂိုလ် ဖြစ်အောင် ကျင့်ပါ။

အနိစ္စာနုပဿီ ပုဂ္ဂိုလ် ဖြစ်ရေးအတွက် အသင်သူတော်ကောင်းသည် အတိတ် အနာဂတ် ပစ္စုပ္ပန်စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဥပါဒါနက္ခန္ဓာငါးပါး သင်္ခါရတရားတို့ကို ယင်းသင်္ခါရတရား-တို့၏ ပျက်ခြင်း ခဏဘင်ကို အာရုံပြု၍ အနိစ္စဟု ရှုပါ။ ယင်းသို့ အနိစ္စဟု ရှုနေသော ဝိပဿနာဉာဏ်ဟု ခေါ်ဆိုအပ်သော မဟာကုသိုလ် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုကိုလည်း အနိစ္စဟု တစ်ဖန်ပြန်၍ ရှုပါ။ သို့သော် အနိစ္စာနုပဿနာဉာဏ် ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းရေးအတွက် ဒုက္ခာနုပဿနာဉာဏ် အနတ္တာ-နုပဿနာဉာဏ်တို့၏ အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အားပေးထောက်ပံ့မှုကား လိုအပ်လျက်ပင် ရှိ၏။ ထိုကြောင့် ယင်းသင်္ခါရတရားတို့ကိုလည်းကောင်း ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း-ကောင်း ရှေးတွင် ရေးသားတင်ပြခဲ့ပြီးသည့်အတိုင်း လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပါ။

တစ်ဖန် အသင်သူတော်ကောင်းသည် ဘင်ဉာဏ်ပိုင်းတွင်သာ တည်ရှိနေသေးသဖြင့် အရိယမဂ်ဉာဏ်သို့-လည်း မဆိုက်ရောက်သေးသဖြင့် အစ္စန္တဝိရာဂ, အစ္စန္တနိရောဓ, ပရိစ္စာဂပဋိနိဿဂ္ဂ ပက္ခန္ဒနပဋိနိဿဂ္ဂ အမည်ရသော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ကိုလည်း မရှုနိုင်သေး ဖြစ်၏။ ထိုကြောင့် ဤအပိုင်းတွင် အသင်သူတော်ကောင်းသည် ဝိရာဂါနုပဿီပုဂ္ဂိုလ်, နိရောဓာနုပဿီပုဂ္ဂိုလ်, ပဋိနိဿဂ္ဂါနုပဿီပုဂ္ဂိုလ် ဖြစ်ရေးအတွက်

သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ကို အာရုံယူ၍ ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီး ဝိပဿနာရှုပါ။ ယင်း ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန် နှစ်ပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကို ရုပ်နာမ်နှစ်ပါးခွဲ၍ ဝိပဿနာရှုနည်း, ခန္ဓာငါးပါးခွဲ၍ ဝိပဿနာရှုနည်း, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်ခွဲ၍ ဝိပဿနာရှုနည်းစသော နည်းအမျိုးမျိုးတို့ဖြင့် အသင်သူတော်ကောင်း နှစ်ခြိုက်သလို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဝိပဿနာရှုပါ။ ယင်းသို့ ဝိပဿနာ ရှုနိုင်ခဲ့သော် အသင်သူ-တော်ကောင်း၏ ဝိပဿနာဉာဏ်တို့က —

၁။ ကိလေသာတို့ကိုလည်းကောင်း အထူးသဖြင့် ရာဂကိုလည်းကောင်း,

၂။ ယင်းကိလေသဝဋ္ဋလျှင် အကြောင်းရင်းခံရှိသော ဘဝသစ်ကို ပြုစီမံတတ်သော အဘိသင်္ခါရတရားတို့ကို လည်းကောင်း,

၃။ ယင်း အဘိသင်္ခါရတရားတို့ကြောင့် ဖြစ်ပေါ်လာမည့် ဝိပါက်ခန္ဓာတို့ကိုလည်းကောင်း —

တဒင်္ဂအားဖြင့် ပယ်စွန့်လိမ့်မည်သာ ဖြစ်ပေသည်။ ဤသို့လျှင် စတုက္က (၄)မျိုးတို့၏အစွမ်းဖြင့် = (၄×၄ = ၁၆) မျိုးသော တည်ရာဝတ္ထု ရှိသော အာနာပါနဿတိ၏ ဘာဝနာကို သိရှိပါလေ။ ဤသို့လျှင် (၁၆)မျိုးသော တည်ရာဝတ္ထုတို့၏အစွမ်းဖြင့် ဤအာနာပါနဿတိသည် ကြီးကျယ်ဖွံ့ဖြိုးများမြတ်သော အကျိုးအာနိသင် ရှိပေ၏။ (ဝိသုဒ္ဓိ-၁-၂၈၂။)

ဝင်သက်လေ၌ (၁၆)မျိုး, ထွက်သက်လေ၌ (၁၆)မျိုး - နှစ်ရပ်ပေါင်းသော် (၃၂)မျိုးတည်း။ အသက်ရှူ တတ်ပါက နိဗ္ဗာန်သို့တိုင်အောင် ပေါက်ရောက်စေနိုင်သော ဘုရားရှင်၏ အသက်ရှူပုံ နည်းလမ်းများပင်တည်း။ အပြစ်ကင်းစင်လှသော အသက်ရှူပုံ စနစ်ကောင်းများပင်တည်း။ အသင်သူတော်ကောင်းသည် ဘုရားရှင်၏ အလိုတော်ကျအတိုင်း အသက်ရှူတတ်ပြီလော။ အကယ်၍ မရှူတတ်သေးပါက အသင်သူတော်ကောင်းနှင့် တကွသော သတ္တဝါအားလုံးတို့၏ အပေါ်၌ အလွန့်အလွန် ကြီးမြတ်သော မဟာကရုဏာတော် ရှိတော်မူသော ဘုရားရှင်၏ အသက်ရှူပုံ နည်းလမ်းကောင်းများကို လက်တွေ့လိုက်နာ ကျင့်သုံးကြည့်ပါ။ ဘုရားရှင်၏ တရား-တော်များသည်ကား "လာစမ်းပါ, ရှုကြည့်စမ်းပါ"ဟု ဤသို့ ဖိတ်ခေါ်ထိုက်သော ဖိတ်ခေါ်နေသော ဧဟိပဿိက ဂုဏ်တော်နှင့် ပြည့်စုံတော်မူသည့် တရားတော်တို့သာ ဖြစ်ကြ၏။ သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်-မှောက် ထွင်းဖောက်သိမြင်ထိုက်သော သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံတော်မူသည့် တရားတော်တို့သာဖြစ်ကြ၏။ ကြိုးစားက ဘုရားဖြစ်နိုင်၏။ နေ့ညမစဲ လုံ့လသဲလော့။

## သတိပဋ္ဌာန်ကျင့်စဉ် စတုတ္ထဆင့်သို့ ဆိုက်ပြီ

ဤသို့လျှင် သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုလည်းကောင်း, ရှုနေသည့် ဝိပဿနာဉာဏ်၏ အပျက် သက်သက်ကိုလည်းကောင်း အာရုံပြု၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်ကာ တွင်တွင်ကြီး ဝိပဿနာ ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်သည် ရုပ်ကလာပ် နာမ်ကလာပ်များကို မတွေ့မြင်တော့ဘဲ ရုပ်ပရမတ်သက်သက် နာမ်ပရမတ်သက်သက်တို့၏ အပျက်သက်သက်ကိုသာ တွေ့မြင်နေပါက သတိပဋ္ဌာန်ကျင့်စဉ် စတုတ္ထဆင့်သို့ ဆိုက်ရောက်ပေပြီ။

"အတ္ထိ ကာယော"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ (မ-၁-၇၁။)

"အတ္ထိ ဝေဒနာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ (မ-၁-၇၅။)

"အတ္ထိ စိတ္တ"န္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ (မ-၁-၇၆။)

"အတ္ထိ ဓမ္မာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ (မ-၁-၇၈။)

"ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူနတ် ဗြဟ္မာ မရှိ၊ အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် မရှိ၊ ဖန်ဆင်းတတ်သော ပရမအတ္တ မရှိ၊ အဖန်ဆင်းခံရသော ဇီဝအတ္တ မရှိ။ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ အမည်ရသော ရုပ်တရားအစုအပုံ သက်သက် နာမ်တရားအစုအပုံ သက်သက်သာ ရှိ၏၊ အကြောင်းတရားအစုအပုံ သက်သက် အကျိုးတရားအစုအပုံ သက်သက်သာ ရှိ၏၊ အနိစ္စတရားအစုအပုံ သက်သက် ဒုက္ခတရားအစုအပုံ သက်သက် အနတ္တတရားအစုအပုံ သက်သက်သာ ရှိ၏"ဟု ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ (ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော) သတိသည် ရှေးရှုတည်လှာ၏။ ထိုသတိသည် ဝိပဿနာဉာဏ်၏ အဆင့်ဆင့် တိုးပွားရန်အလို့ငှာသာလျှင်, ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ထိုသတိ၏ အဆင့်ဆင့် တိုးပွားရန် အလို့ငှာသာလျှင် ဖြစ်ပေ၏။ (မ-၁-၇၁ . . . ။ မ-ဋ္ဌ-၁-၂၅၅ . . . ။)

ဤဘင်္ဂဉာဏ်မှ စ၍ အထက်အထက်သော ဝိပဿနာဉာဏ်တို့ကား သင်္ခါရတရားတို့၏ အပျက် သက်သက်ကိုသာ အာရုံပြုကြသော ဝိပဿနာဉာဏ်တို့ချည်းပင်တည်း။ ထိုကြောင့် ဝိပဿနာဉာဏ်များ အဆင့်ဆင့် တိုးပွားရန်, ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက် ရှိသော သတိများ အဆင့်ဆင့် တိုးပွားရန်အတွက် အသင်သူတော်ကောင်းသည် သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ လက္ခဏာယာဉ် တင်ကာ တွင်တွင်ကြီးသာ ဝိပဿနာ ရှုနေပါ။

## ဣရိယာပထ – သမ္ပဇည ရှုကွက်

ဤအပိုင်း၌ အလွန်ထက်မြက် စူးရှသော ဝိပဿနာဉာဏ်များကို ရရှိနိုင်ရေးအတွက် ယောဂါဝစရပုဂ္ဂိုလ်သည် ဣရိယာပထ သမ္ပဇည ရှုကွက်တို့ကိုလည်း ဆက်လက်၍ ရှုသင့်ပေသည်။

စင်္ကြံသွားခိုက်၌ ရှေးပိုင်းတွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း သမာဓိကို အဆင့်ဆင့် ထူထောင်လျက် သယ်ဆောင်တတ်သော ရုပ်တရား, အသယ်ဆောင်ခံရသော ရုပ်တရားတို့ကိုလည်းကောင်း, ယင်းရုပ်တရားတို့ကို ဖြစ်စေတတ်သော အကြောင်းရင်း နာမ်တရားတို့ကိုလည်းကောင်း, ကြွင်းကျန်သော ပကိဏ္ဏကသင်္ခါရတရားတို့ကို လည်းကောင်း သိမ်းဆည်းလျက် ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်းစသည်တို့ဖြင့် ယင်းသင်္ခါရတရားတို့၏ အပျက်ကို အာရုံပြု၍ လက္ခဏာရေးသုံးတန် တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပါ။ အထက်ပိုင်း ဝိပဿနာဉာဏ်-တို့၌လည်း ပုံစံတူပင် ရှုပါလေ။

ဤဘင်္ဂဉာဏ်မှစ၍ အထက်ပိုင်း ဝိပဿနာဉာဏ်တို့၌ ယောဂါဝစရပုဂ္ဂိုလ်သည် သဝိဂ္ဂဟခေါ်သည့် သဏ္ဌာန်ဒြပ်တို့ကို လုံးလုံးမတွေ့တော့ဘဲ ပရမတ်အသားတင် သက်သက်ကိုသာ ဉာဏ်ဖြင့် တွေ့ရှိနေတော့မည် ဖြစ်၏။ ဆိုင်ရာဆိုင်ရာ အနုပဿနာဉာဏ်တို့က ဆိုင်ရာဆိုင်ရာ ကိလေသာတို့နှင့်တကွ ဆန့်ကျင်ဘက်တရားတို့ကို စွမ်းအင်ကြီးမားစွာဖြင့် ပယ်သတ်ကြမည် ဖြစ်ပေသည်။

## သေသူ – ရှင်သူ = လူသေ နှင့် လူရှင်

ဆယ်ပါးပညတ်၊ ကုသိုလ်ရပ်ကို၊ ပြုအပ်ပြီးသည်၊ လူတစ်မည်ကား၊ လူ့ပြည် နတ်ပွဲ၊ ရမခဲတည့်၊ ယူစွဲမုချ၊ ယွင်းမခွဘူး။  ဒါနသီလ၊ ကုသလ၌၊ လုံ့လလွှတ်လျှော့၊ လေးဖင့်ပေါ့၍၊ မေ့လျော့သောသူ၊ **သူသေ**ဟူ၏။ အလျှူသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်ကို၊ လူနတ်ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြညောင်း၊ ဘဝသဘော၊ ရွှေ့လျောခြင်းဟူ၊ စုတိမူလည်း၊ **သေသူမမည်**၊ ဟူတုံသည်တည့်။ (မဃဒေဝ-စာပိုဒ်-၂၉၁။)

ဝိပလ္လာသ၊ ဖောက်ပြန်ကလည်း၊ မောဟလွှမ်းပြီး၊ အယူသီး၍၊ စပါးကြီးချက်ငြိ၊ ဟူတုံဘိသို့၊ အဝီစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမ မနာ၊ ရှိတတ်စွာခဲ့။  ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစ္ဆာ၌၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏။  ပရမတ်အရာ၊ မလိမ္မာဘဲ၊ သဒ္ဓါနှံ့နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်းခွ၊ တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လျှူဝတ္ထုကို၊ စွန့်ပြုမလွှတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ မြောက်သောဟူ၍၊ အယူဖောက်လွဲ၊ မိစ္ဆာစွဲ၏။ လိပ်ခဲပမာ၊ မြဲမြံစွာလျက်၊ သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြား ချေချွတ်၊ ဖြေမလွှတ်ဘူး။  အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲ ခံလိမ့်မည်သောကြောင့် — (မဃဒေဝ-စာပိုဒ်-၃၁၉။)

**ဘင်္ဂါနုပဿနာဉာဏ်ခန်း ပြီး၏။**

# ဘယတုပဋ္ဌာနဉာဏ်ခန်း

## ဘယဉာဏ်ဟူသည်

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌တည်ရှိသော အလုံးစုံကုန်သော သင်္ခါရတရားတို့၏ ကုန်ခြင်း = ခယသဘော, ပျက်ခြင်း = ဝယသဘော, ပြိုပြိုသွားခြင်း = ဘေဒသဘောဟု ဆိုအပ်သော ခဏမစဲ တသဲသဲ ချုပ်ခြင်း = ခဏိကနိရောဓလျှင် အာရုံရှိသော ဘင်္ဂါနုပဿနာဉာဏ်ကို ရှိရှိသေသေ လေးလေးစားစား မှီဝဲသော ဖြစ်စေသော ပွားစေသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ (၃၁)ဘုံအတွင်း၌ တည်ရှိသော သင်္ခါရတရား မှန်သမျှတို့သည် ကြီးစွာသော ကြောက်မက်ဖွယ် ဖြစ်၍ ထင်လာကုန်၏။

တဿ "အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတေ နိဗ္ဗတ္တနကသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိ-ဿန္တီ"တိ ပဿတော ဧတသ္မိံ ဌာနေ **ဘယတုပဋ္ဌာနဉာဏံ** နာမ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၂-၂၈၂။)

"လွန်ကုန်ပြီးသော အတိတ်သင်္ခါရတရားတို့သည် ချုပ်ခဲ့ပြီးကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတရားတို့သည် ချုပ်ကုန်ဆဲ ဖြစ်ကြကုန်၏၊ အနာဂတ်သင်္ခါရတရားတို့သည် ချုပ်ကုန်လတ္တံ့။"

ဤသို့ ရှုသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ သင်္ခါရတရားတို့၏ အပျက်ကို အဦးမူသဖြင့် သင်္ခါရတရားတို့၏ ကြောက်မက်ဖွယ်အဖြစ်ဖြင့် ထင်သော ဤအရာ၌ သင်္ခါရတရားတို့သည် ကြောက်မက်ဖွယ်အားဖြင့် ဉာဏ်၌ ထင်လာလတ်ကုန်သော် ကြောက်အပ်သော အခြင်းအရာကိုယူတတ်သော **ဘယတုပဋ္ဌာန**မည်သော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၈၂။)

## ဘယဉာဏ်သည် ကြောက်တတ်ပါသလော?

ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ န ဘာယတီတိ။ န ဘာယတိ။ တဉှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၈၃။)

**န ဘာယတိ** ဉာဏဿ ဘယနာကာရေန အပ္ပဝတ္တနတော။ ပဋိဃစိတ္တုပ္ပါဒဝသေန ဟိ ဘာယနံ၊ ဉာဏံ ပန ဘာယိတဗ္ဗဝတ္ထုံ ဘာယိတဗ္ဗန္တိ ယာထာဝတော ဇာနာတိ။ (မဟာဋီ-၂-၄၄၆။)

**ဘယတုပဋ္ဌာနဉာဏ်**သည် ကြောက်သလော မကြောက်သလောဟု မေးခဲ့သော် မကြောက်ဟု ဖြေဆိုရာ၏၊ အကြောင်းမူ ဉာဏ်သည် ကြောက်သောအခြင်းအရာအားဖြင့် မဖြစ်သောကြောင့်တည်း။ မှန်ပေသည် — စိတ်ခတ်ခက်ထန် ကြမ်းတမ်းမှု ပဋိဃနှင့်ယှဉ်သော ဒေါသမူစိတ္တုပ္ပါဒ်၏ အစွမ်းဖြင့်သာလျှင် ကြောက်ခြင်းသည် ဖြစ်၏။ (ကြောက်ခြင်းဟူသည်မှာ တရားကိုယ်အားဖြင့် ဒေါသပြဓာန်းသော စိတ္တုပ္ပါဒ်သာ ဖြစ်၏။) ဉာဏ်သည်ကား ကြောက်မက်ဖွယ်ကောင်းသော ဝတ္ထုကို ကြောက်သင့် ကြောက်ထိုက်၏ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ မှန်ပေသည် ထိုဘယတုပဋ္ဌာနဉာဏ်သည် —

"အတိတ်ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ချုပ်ကုန်ဆဲ ဖြစ်ကြ၏။ အနာဂတ်ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ချုပ်ကုန်လတ္တံ့။"

ဤသို့ စူးစမ်းဆင်ခြင်ခြင်းမျှသာ ဖြစ်၏။

## ပစ္စုပ္ပန်ဟူသည်

**ပစ္စုပ္ပန္နာ**တိ အဒ္ဓါပစ္စုပ္ပန္နာ ဩဠာရိကာ ဒီဃတရပဗန္ဓာ၊ ခဏပစ္စုပ္ပန္နာ သုခုမတရာ ဣတ္တရကာလာ၊ သန္တတိပစ္စုပ္ပန္နာ မဇ္ဈိမာ ဣမ အာဒိတော ပရိဂ္ဂဟေတဗ္ဗာ။ (မဟာဋီ-၂- ၄၄၅။)

ပဋိသန္ဓေနှင့် စုတိအတွင်း ဘဝတစ်ခုဖြင့် ပိုင်းခြားထားအပ်ကုန်သော အဒ္ဓါပစ္စုပ္ပန် ဖြစ်ကြကုန်သော သင်္ခါရတရားတို့သည် အထူးသဖြင့် ရှည်ကြာသော အစဉ် ရှိကြကုန်သည်ဖြစ်၍ ရုန့်ရင်း ကြမ်းတမ်းကြကုန်၏။ ခဏပစ္စုပ္ပန် ဖြစ်ကြကုန်သော သင်္ခါရတရားတို့သည် သက်တမ်းတိုသော ကာလ ရှိကြကုန်သည်ဖြစ်၍ အထူးသဖြင့် သိမ်မွေ့ကုန်၏။ အလယ်အလတ်ဖြစ်ကုန်သော သန္တတိပစ္စုပ္ပန် သင်္ခါရတရားတို့သည် ဤဘယတုပဋ္ဌာနဉာဏ်ပိုင်း၌ ရှေးဦးစွာ စတင်သိမ်းဆည်းရမည့် ရှုပွားရမည့် တရားတို့ ဖြစ်ကြသည်။ (မဟာဋီ-၂-၄၄၅။)

ဤအရာဝယ် အသင်သူတော်ကောင်းသည် အဒ္ဓါပစ္စုပ္ပန်တရား ခဏပစ္စုပ္ပန်တရားတို့ကို မရှုကောင်းဟု အယူအဆ မမှားစေလိုပါ။ သန္တတိပစ္စုပ္ပန်တရားက စ၍ ရှုပြီးလျှင် သန္တတိပစ္စုပ္ပန်မှသည် ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ရှုရမည်ဟုသာ ဆိုလိုသည်။ ထိုသို့ ရှုနိုင်ပါမှ ရုပ်ယန နာမ်ယနဟူသော ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲများ ပြိုမည်။ ယနပြိုမှ ပရမတ်သို့ ဆိုက်မည်။ ပရမတ်တရားကိုသာလျှင် ဝိပဿနာရှုပါမှ ဘင်္ဂဉာဏ်စသော အထက်ပိုင်း ဝိပဿနာဉာဏ်များလည်း ဖြစ်ပေါ်လာကြမည်။ ထိုသို့ ယူပါမှသာလျှင် ရှေ့ပိုင်းဉာဏ်များတွင် ဖွင့်ဆိုရေးသားခဲ့သော စကားရပ်တို့နှင့်လည်း တစ်သားတည်း ညီညွတ်ပေမည်။ ဘင်္ဂဉာဏ်က သင်္ခါရတရားတို့၏ ခဏဘင်ကို အာရုံပြုနိုင်ပါလျက် ဘင်္ဂဉာဏ်ထက် သာလွန်၍ အဆင့်မြင့်နေသော ဤဘယတုပဋ္ဌာနဉာဏ်သို့ ရောက်ရှိပါမှ ဤဘယတုပဋ္ဌာနဉာဏ်က သန္တတိပစ္စုပ္ပန်ကို အာရုံယူနိုင်သည်ဟု ဆိုလျှင် ဤဘယဉာဏ်သည် အဆင့်နိမ့်သွားဖွယ်ရာ ရှိပေသည်။

### လောကဥပမာများ

မျက်စိအမြင်ရှိသော ယောက်ျားသည် မြို့တံခါး၏ အနီး၌ မီးကျီး အတိပြီးသော မီးကျီးတွင်း သုံးခုတို့ကို ကြည့်လတ် မြင်လတ်သော် မိမိကိုယ်တိုင်ကား မကြောက်၊ မှန်သည် — သက်သက် ထိုယောက်ျား၏ သန္တာန်ဝယ် "ဤမီးကျီးတွင်း၌ ကျကြသသူ ခပ်သိမ်းကုန်သော သူတို့သည် များစွာကုန်သော ဆင်းရဲဒုက္ခတို့ကို ခံစားကြကုန်လတ္တံ့"ဟု ဤသို့ စူးစမ်းဆင်ခြင်ခြင်းမျှသည်သာလျှင် ဖြစ်သကဲ့သို့လည်းကောင်း,

တစ်ဖန် မျက်စိအမြင်ရှိသော ယောက်ျားသည် ရှားတံကျင် သံတံကျင် ရွှေတံကျင်ဟူသော အစဉ်အတိုင်း တည်ထားအပ်သော တံကျင်သုံးခုတို့ကို ကြည့်လတ်သော် မြင်လတ်သော် မိမိကိုယ်တိုင်ကား မကြောက်။ မှန်ပေသည် — သက်သက် ထိုယောက်ျား၏ သန္တာန်ဝယ် ဤတံကျင်တို့၌ ကျကုန်သသူ ခပ်သိမ်းသူတို့သည် များစွာကုန်သော ဆင်းရဲဒုက္ခကို အစဉ်ခံစားရကုန်လတ္တံ့"ဟု ဤသို့ စူးစမ်းဆင်ခြင်ခြင်းမျှသည်သာလျှင် ဖြစ်သကဲ့သို့လည်းကောင်း —

ဤဥပမာအတူပင်လျှင် ဘယတုပဋ္ဌာနဉာဏ်သည် မကြောက်ပေ။ မှန်ပေသည် — သက်သက် ထိုဘယတုပဋ္ဌာနဉာဏ်အား မီးကျီးတွင်းသုံးခုနှင့် တူကုန်သော တံကျင်သုံးခုနှင့် တူသည်လည်းဖြစ်ကုန်သော ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးတို့၌ အတိတ်ဖြစ်ကုန်သော သင်္ခါရတရားတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော သင်္ခါရတရားတို့သည်လည်း ချုပ်ဆဲ ဖြစ်ကြကုန်၏၊ အနာဂတ်ဖြစ်ကုန်သော သင်္ခါရတရားတို့သည်လည်း ချုပ်ကုန်လတ္တံ့"ဟု ဤသို့ စူးစမ်းခြင်း စိစစ်ခြင်းမျှသည်သာလျှင် ဖြစ်၏။ ထိုဘယတုပဋ္ဌာနဉာဏ်အား (၃၁)ဘုံ အလုံးစုံ

အတွင်း၌ တည်ကုန်သော သင်္ခါရတရားတို့သည် အထူးထူး အပြားပြားရှိသော ကြီးကျယ်သော ဘေးဒုက္ခသို့ ရောက်ကုန်သည် ဘေးဘျမ်းရှိကုန်သည်ဖြစ်၍ ကြောက်မက်ဖွယ် ဘယသဘောအားဖြင့် ထင်လာသောကြောင့် ထိုဉာဏ်ကို **ဘယတုပဋ္ဌာနဉာဏ်**ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၈၃။)

## ကြောက်မက်ဖွယ် ဘယသဘောအားဖြင့် ထင်ပုံ

အနိစ္စတော မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ။ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတိ။

(ပဋိသံ-၂၅၈။ ဝိသုဒ္ဓိ-၂-၂၈၃။)

**နိမိတ္တ**ဟူသည် သင်္ခါရနိမိတ်တည်း။ သမူဟဃနစသော ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ၏ အစွမ်းဖြင့် လည်းကောင်း, မိမိကိစ္စ အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော သင်္ခါရတရားတို့၌ အထည်ကိုယ်ဒြပ် သဏ္ဌာန် လုံးလုံးလျောင်းလျောင်း ရှိကုန်သကဲ့သို့ ထင်ခြင်းသည် သင်္ခါရ နိမိတ် မည်၏။ (ဝိသုဒ္ဓိ-၂-၂၈၄။ မဟာဋီ-၂-၄၄၇။) ဤဘယဉာဏ်ပိုင်း၌ ယောဂါဝစရပုဂ္ဂိုလ်သည် သန္တတိ ပစ္စုပ္ပန်မှသည် ခဏပစ္စုပ္ပန်သို့ ဆိုက်သည်တိုင်အောင် သင်္ခါရတရားတို့ကို ရှုထားပြီးဖြစ်သဖြင့် သန္တတိဃန အတုံး အခဲလည်း မထင်တော့ပြီ ဖြစ်၍ သန္တတိဃနကို ထည့်သွင်း၍ မဖွင့်ဆိုခြင်း ဖြစ်သည်ဟု မှတ်ပါ။

ကာမဘဝ ရူပဘဝ အရူပဘဝတည်းဟူသော မပြတ်မစဲ ဖြစ်ပေါ်နေသော ရုပ်နာမ်အစဉ်ဟူသော ဝဋ္ဋ-တရားသည် **ပဝတ္တ** မည်၏။ အကယ်စင်စစ်အားဖြင့်မူ ဘဝအားလုံး၏ ဖြစ်ခြင်း ဘဝပဝတ္တိဟူသမျှသည် ပဝတ္တ မည်သည်သာဖြစ်၏။ သို့သော်လည်း အထွတ်အထိပ်သို့ ရောက်ရှိနေသော ဘင်္ဂါနုပဿနာဉာဏ်ဖြင့် အလုံးစုံသော ဘဝဟူသမျှတို့၌ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အထူးသဖြင့် ပျက်ခြင်းဒဏ်ချက်ဖြင့် အမြဲမပြတ် ညှဉ်းပန်း နှိပ်စက်ခံရခြင်းသဘော၏ အလွန့်အလွန် ထင်ထင်ရှားရှား ထင်နေသောကြောင့် ငြိမ်သက်သည့် ချမ်းသာသုခဟု သမုတ်အပ်သည်လည်းဖြစ်ကုန်သော ရူပဘဝ အရူပဘဝတို့မှသော်မှလည်း ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အညှဉ်းပန်း အနှိပ်စက်ခံရခြင်း ဒုက္ခသဘောတရား၏ ထင်ရှားဧကန် ရှိနေသည်၏ အဖြစ်ကြောင့် ကြောက်မက်ဖွယ် ဘယသဘောအားဖြင့် ထင်လာကုန်၏။ ဤသို့သော အနက်သဘောကို ထင်ရှားပြခြင်းငှာ ရည်ရွယ်တော်မူ၍ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ပဝတ္တအရ ရူပဘဝ အရူပဘဝ၏ ဖြစ်ခြင်း ဘဝပဝတ္တိဟု ဖွင့်ဆိုခြင်း ဖြစ်ပေသည်။

(မဟာဋီ-၂-၄၄၇။)

ကာလသုံးပါး, သန္တာန်နှစ်ပါးတည်းဟူသော (၃၁)ဘုံအတွင်း၌ တည်ရှိသော သင်္ခါရတရားအားလုံးတို့ကို-

၁။ အနိစ္စဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား **နိမိတ္တ** = သင်္ခါရနိမိတ် = သင်္ခါရတရားအပေါင်းသည် ကြောက်မက်ဖွယ် ဘေးအားဖြင့် ထင်လာ၏။

၂။ ဒုက္ခဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား အလုံးစုံသော ဘုံဘဝတို့၌ ဖြစ်ရခြင်း **ဘဝပဝတ္တ**သည် ကြောက်မက်ဖွယ် ဘေးအားဖြင့် ထင်လာ၏။

၃။ အနတ္တဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား **နိမိတ္တ** = သင်္ခါရနိမိတ် = သင်္ခါရတရားအပေါင်းသည် လည်းကောင်း, အလုံးစုံသော ဘုံဘဝ၌ ဖြစ်ရခြင်း = ဘဝအမည်ရသော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ ဖြစ်ရခြင်း = **ဘဝပဝတ္တ**သည်လည်းကောင်း ကြောက်မက်ဖွယ် ဘေးအားဖြင့်ထင်လာ၏။

သင်္ခါရတရားတို့ကို အနိစ္စဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ဟူသော မရဏ = သေမှုကိုသာ မြင်နေ၏။ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်အား သင်္ခါရနိမိတ်သည်

ကြောက်မက်ဖွယ်ဘေးအားဖြင့် ထင်လာခြင်း ဖြစ်သည်။ သင်္ခါရတရားတို့ကို ဒုက္ခဟု နှလုံးသွင်းသော ယောဂါဝစရ ပုဂ္ဂိုလ်သည် သုခဟု သမုတ်အပ်သော ရူပဘဝ အရူပဘဝ၌ ဖြစ်ခြင်း = ရူပဘဝ အရူပဘဝ အမည်ရသော ရုပ်ခန္ဓာ-နာမ်ခန္ဓာ-ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း ဘဝပဝတ္တိ၏သော်မှလည်း ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် မပြတ်မစဲ အဖန်တလဲလဲ နှိပ်စက်အပ်သည်၏ အဖြစ်ကိုသာလျှင် မြင်နေ၏။ ထိုသို့ မြင်နေခြင်းကြောင့် ထိုယောဂါဝစရ ပုဂ္ဂိုလ်အား ရူပဘဝ အရူပဘဝ၏ ဖြစ်ခြင်းဟူသော ပဝတ္တသော်မှလည်း ကြောက်မက်ဖွယ် ဘေးအားဖြင့် ထင်-လာ၏။ ကာမဘဝ၏ ဖြစ်ခြင်းဟူသော ပဝတ္တ၌ကား ဆိုဖွယ်ရာပင် မရှိဖြစ်တော့၏။ တစ်ဖန် သင်္ခါရတရားတို့ကို အနတ္တဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်သည် နိမိတ္တ ပဝတ္တ နှစ်ပါးစုံကိုလည်း လူသူကင်းဆိတ်သော ရွာကဲ့သို့လည်းကောင်း, တံလျှပ်ကဲ့သို့လည်းကောင်း, ကောင်းကင်၌ မြူးထူးခြင်းငှာ ဂန္ဓဗ္ဗနတ်တို့သည် ဖန်ဆင်းအပ်သော နတ်မြို့ကဲ့သို့လည်းကောင်း အတ္တမှကင်း၏ဟူ၍ အတ္တဟူသည့် အနှစ်မမှီး အချည်းနှီးဟူ၍ အတ္တမှ ဆိတ်သုဉ်း၏ဟူ၍ အတ္တဟူသော အရှင်သခင် မရှိဟူ၍ အတ္တဟူသော အကြီးအကဲမရှိဟူ၍ မြင်နေ၏ ရှုနေ၏။ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်အား နိမိတ္တ ပဝတ္တနှစ်မျိုးစုံသည် ကြောက်မက်ဖွယ် ဘေးအားဖြင့် ထင်လာ-ပေသည်။

## ဘယဉာဏ်၏ အရှုခံအာရုံတရား

**နိမိတ္တန္တိ** သင်္ခါရနိမိတ္တံ။ အတီတာနာဂတပစ္စုပ္ပန္နာနံ သင်္ခါရာနမေဝေတံ အဓိဝစနံ။ ပ ။ **ပဝတ္တန္တိ** ရူပါရူပဘဝပဝတ္တိ။ (ဝိသုဒ္ဓိ-၂-၂၈၄။)

ဤ အထက်ပါ အဋ္ဌကထာ၏ ဖွင့်ဆိုချက်နှင့်အညီ ဤဘယဝိပဿနာဉာဏ်၏ အရှုခံအာရုံ တရားများမှာ-လည်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားအားလုံးပင် ဖြစ်သည်ဟု မှတ်ပါ။ ရှေးပိုင်း ဝိပဿနာဉာဏ်တို့၏ အရှုခံအာရုံနှင့် အတူတူပင် ဖြစ်သည်။

ထိုကြောင့် အသင်သူတော်ကောင်းသည် ဤဘယဉာဏ်ပိုင်း၌လည်း ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူ၍ ရံခါ အဇ္ဈတ္တ၌ ရံခါ ဗဟိဒ္ဓ၌ ရံခါ ရုပ်တရားကို ရံခါ နာမ်တရားကို ရံခါ အနိစ္စဟု ရံခါ ဒုက္ခဟု ရံခါ အနတ္တဟု တွင်တွင်ကြီး ဝိပဿနာရှုပါ။ ရံခါ ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ ရံခါ အနိစ္စဟု ရံခါ ဒုက္ခဟု ရံခါ အနတ္တဟုလည်း တွင်တွင်ကြီး ဝိပဿနာရှုပါ။ ကာလသုံးပါးလုံး၌ ရှုပါ။ ရံခါ ရှုသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန် ပြန်၍ ဝိပဿနာရှုပါ။

ရုပ်ရှု — ရုပ် - ပျက် - အနိစ္စ,
ရှုသည့် ဉာဏ် - ပျက် - အနိစ္စ,
နာမ်ရှု — နာမ် - ပျက် - အနိစ္စ,
ရှုသည့် ဉာဏ် - ပျက် - အနိစ္စ — ဤသို့ စသည်ဖြင့်လည်းကောင်း,
အဝိဇ္ဇာရှု — အဝိဇ္ဇာ - ပျက် - အနိစ္စ,
ရှုသည့် ဉာဏ် - ပျက် - အနိစ္စ — ဤသို့ စသည်ဖြင့်လည်းကောင်း ရှုပါလေ။

**ဘယတုပဋ္ဌာနဉာဏ်ခန်း ပြီး၏။**

## အာဒီနဝါနုပဿနာဉာဏ်ခန်း

ထို ဘယတုပဋ္ဌာနဉာဏ်ကို ရှိရှိသေသေ လေးလေးစားစား မှီဝဲသော ဖြစ်စေသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား အလုံးစုံသော (၃၁)ဘုံတို့ အတွင်း၌ သင်္ခါရလျှင် အကြောင်းရင်းရှိသော ဇာတိ-ဇရာ-မရဏ = ဖြစ်-တည်-ပျက် စသော အကျိုးမဲ့များမှ စောင့်ရှောက်တတ်သော တရားသည် ဉာဏ်၌ မထင်တော့ပေ။ အလုံးစုံသော ဖြစ်မှုဘဝ မှန်သမျှ၏ အနိစ္စ ဝိပရိဏာမစသော ဖောက်ပြန် ပျက်စီးခြင်း အပြစ်ရှိသည်၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်တည်း။ သင်္ခါရတရားလျှင် အကြောင်းရင်းရှိသော ဇာတိဇရာမရဏစသော အကျိုးမဲ့ကို ရှောင်လွှဲသဖြင့် စောင့်ရှောက်ခြင်းငှာ ပုန်းအောင်းရာသည် မထင်တော့ပေ။ သင်္ခါရတရားလျှင် အကြောင်းရင်းရှိသော ဇာတိဇရာမရဏစသော အကျိုးမဲ့ကို ရှောင်လွှဲခြင်းငှာ ပြေးသွားရာသည် မထင်တော့ပေ။ သင်္ခါရတရားလျှင် အကြောင်းရင်းရှိသော ဇာတိဇရာမရဏစသော အကျိုးမဲ့မှ ကိုယ်းကွယ် အားထားရာသည် မထင်တော့ပေ။ အလုံးစုံသော ဘုံဘဝတို့၌ ဖြစ်ကုန်သော သင်္ခါရတရားတို့တွင် တစ်ခုသော သင်္ခါရတရား၌သော်လည်း တောင့်တခြင်းသည်သော်လည်းကောင်း "ဧသော မေ အတ္တာ = ငါ၏ အတ္တ"ဟု မှားသောအားဖြင့် သုံးသပ်ခြင်းသည်သော်လည်းကောင်း မဖြစ်တော့ပေ။

၁။ ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးတို့သည် မီးတောက် မီးလျှံကင်းသော မီးကျီးတို့ဖြင့် ပြည့်သော မီးကျီးတွင်းတို့ကဲ့သို့ ထင်လှာကုန်၏။

၂။ မဟာဘုတ် ဓာတ်ကြီးလေးပါးတို့သည် ကြမ်းတမ်းသော အဆိပ်ရှိသော မြွေ, လျင်သော အဆိပ်ရှိသော မြွေတို့ကဲ့သို့ ထင်လှာကုန်၏။

၃။ ခန္ဓာငါးပါးတို့သည် သန်လျက် မြှောက်ချီမိုးလျက် နောက်က ထပ်ကြပ်မကွာ လိုက်ပါလာသော လူသတ်ယောက်ျား ငါးဦးတို့ကဲ့သို့ ထင်လှာကုန်၏။

၄။ အတွင်း အဇ္ဈတ္တိက အာယတန (၆)ပါးတို့သည် လူသူတို့မှ ဆိတ်သုဉ်းသော ရွာပျက်ကုန်း ရွာဆိုးကုန်းကဲ့သို့ ထင်လှာကုန်၏။

၅။ အပြင်ဗာဟိရ အာယတန (၆)ပါးတို့သည် ရွာကို လုယက်ဖျက်ဆီးသော ခိုးသားတို့ကဲ့သို့ ထင်လာကုန်၏။

၆။ အလုံးစုံသော ဘုံဘဝတို့သည် ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီး သောကမီး ပရိ-ဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီးတည်းဟူသော (၁၁)သီးသော မီးတို့ဖြင့် တောက်လောင်-အပ်ကုန်သကဲ့သို့လည်းကောင်း, ထက်ဝန်းကျင်မှ အလျှံပြောင်ပြောင် တောက်ကုန်သကဲ့သို့လည်းကောင်း, တစ်ပြိုင်နက်သော မီးတောက် မီးလျှံအပေါင်းနှင့်တကွ ဖြစ်ကုန်သကဲ့သို့လည်းကောင်း ထင်လှာကုန်၏။

၇။ အလုံးစုံသော သင်္ခါရတရားတို့သည် အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း, များစွာသော အနာကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း, မြားငြောင့်ကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း, အစီးအပွားမဲ့ကို ဆောင်သကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း, အမြဲစွဲနေသော ယာပျရောဂါဟူသော မူလဓာတ်ခံရောဂါမှ တစ်ပါးသော ပြင်းပြ သည်းထန်စွာသော အနာရောဂါကဲ့သို့ ဖြစ်ကုန်၍လည်းကောင်း, ဒုက္ခသဘောရှိသည်၏ အဖြစ်ကြောင့် သာယာအပ်သော သဘောမှ ကင်းကုန်သည့်, ပျက်စီးခြင်း အဆုံးရှိသည်၏ အဖြစ်ကြောင့် ပြည့်စုံခြင်းမှ ကင်းကုန်သည့် ကြီးမားသော အပြစ်အစုအပုံကြီးဖြစ်၍ ထင်လှာကုန်၏။

ဤယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့၏ ပျက်ခြင်း = ဘင်ကို ရှုသော ဘင်္ဂါနုပဿနာ၏ အစွမ်းဖြင့် အလုံးစုံသော သင်္ခါရတရားတို့သည် ကြောက်လန့်အပ်သည့် ဘေးအဖြစ်ဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ

ပြည့်စုံခြင်း ကင်းသော, သာယာအပ်သည်၏အဖြစ် ကင်းသော, အမြဲမပြတ် ပျက်ခြင်းဟူသော ဘေးဘျမ်းနှင့်တကွ ဖြစ်ခြင်းဟူသော အပြစ်အာဒီနဝကိုသာလျှင် တွေ့မြင်နေ၏။ ဤသို့သော နည်းဖြင့် ရှုသော ထိုယောဂါဝစရ ပုဂ္ဂိုလ်အား သင်္ခါရတရားတို့၏ အပြစ်အာဒီနဝကို ရှုတတ်သော ရှုမြင်သော **အာဒီနဝဉာဏ် = အာဒီနဝါ-နုပဿနာဉာဏ်** မည်သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၈၄-၂၈၅။)

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူပုံ

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနာ အပ္ပဋိသန္ဓိ၊ ဉာဏံ သန္တိပဒေ ဣဒံ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။
(ပဋိသံ-၅၆-၅၈။ ဝိသုဒ္ဓိ-၂-၂၈၆။)

ဤ အာဒီနဝါနုပဿနာဉာဏ် ဖြစ်ပုံ အပိုင်းဝယ် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ လာရှိသော အကြောင်းအရာ-များကို အကျဉ်းချုပ်၍ ဖော်ပြအပ်ပါသည်။ ဤဉာဏ်ပိုင်း၌ — ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ - ဤ (၅)မျိုး, အနုပ္ပါဒ, အပ္ပဝတ္တ, အနိမိတ္တ, အနာယူဟနာ, အပ္ပဋိသန္ဓိ - ဤ (၅)မျိုး, နှစ်ရပ်ပေါင်းသော် (၁၀)မျိုး သော တရားတို့ကို အထူးဂရုပြု၍ မှတ်သားပါ။ ယင်းတို့ကို အစဉ်အတိုင်း တင်ပြပေအံ့။ —

၁။ **ဥပ္ပါဒ** — ရှေးအတိတ်ကံကြောင့် ဤဘဝ၌ ဝိပါကဝဋ်ခန္ဓာဟူသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းသည် ကြောက်မက်ဖွယ် ဘေးတည်း။ ဤသို့လျှင် သင်္ခါရတရားတို့၏ ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် သင်္ခါရတရားတို့၏ အပြစ်ကို ရှုမြင်တတ်သော **အာဒီနဝါနုပဿနာဉာဏ်** မည်၏။

၂။ **ပဝတ္တ** — ပဝတ္တိအခါ သင်္ခါရတရားတို့၏ စပ်ကာစပ်ကာဖြစ်ခြင်းသည် ကြောက်မက်ဖွယ် ဘေးတည်း။ပ။

၃။ **နိမိတ္တ** — သင်္ခါရနိမိတ်သည် ကြောက်မက်ဖွယ် ဘေးတည်း။ ပ ။

၄။ **အာယူဟန** — နောင်အခါ ပဋိသန္ဓေ၏အကြောင်းဖြစ်သော ကံသည် ကြောက်မက်ဖွယ် ဘေးတည်း။ ပ။

၅။ **ပဋိသန္ဓေ** — နောင်အခါ ပဋိသန္ဓေသည် ကြောက်မက်ဖွယ် ဘေးတည်း။ ပ ။

ပဋိသန္ဓေ၏ ဖြစ်ရာဖြစ်သော ငါးဖြာသော ဂတိသည် ကြောက်မက်ဖွယ် ဘေးတည်း။ ပ ။ အလုံးစုံသော ခန္ဓာတို့၏ ဖြစ်ခြင်း = နိဗ္ဗတ္တိသည်။ပ။ ဝိပါက်တရား၏ ဖြစ်ခြင်း = ဥပပတ္တိသည်။ပ။ ဇာတိသည်။ ဇရာသည်။ ဗျာဓိသည်။ မရဏသည်။ သောကသည်။ ပရိဒေဝသည်။ ဥပါယာသသည် ကြောက်မက်ဖွယ် ဘေးတည်း။ ဤသို့လျှင် သင်္ခါရတရားတို့၏ ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် သင်္ခါရတရား-တို့၏ အပြစ်ကို ရှုသော **အာဒီနဝါနုပဿနာဉာဏ်**မည်၏။ ဤကား ပထမဝါရတည်း။ (ပဋိသံ-၅၆။)

ဤပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ လာရှိသော တရားတို့တွင် **ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ** ဤ ငါးပါးတို့ကိုသာလျှင် အာဒီနဝါနုပဿနာဉာဏ်၏ အာရုံဟုဆိုအပ်သော ယင်းဝိပဿနာဉာဏ်၏ ဖြစ်ရာဌာန၏ အစွမ်းဖြင့် အထက်တွင် ဖော်ပြထားသော ပဋိသမ္ဘိဒါမဂ္ဂဂါထာများ၌ ဟောကြားတော်မူအပ်ကုန်၏။ ကြွင်းကုန်သော

ဂတိစသည်တို့ကို ထိုငါးမျိုးတို့၏ ပရိယာယ် ဝေဝုစ်၏ အစွမ်းဖြင့် ဟောကြားထားတော် မူအပ်ကုန်၏။ မှန်ပေသည် **နိမ္မတ္တိ**နှင့် **ဓာတိ** ဤနှစ်ပုဒ်အပေါင်းသည် **ဥပ္ပါဒ**ပုဒ်၏ လည်းကောင်း, **ပဋိသန္ဓိ**ပုဒ်၏လည်းကောင်း ပရိယာယ် ဝေဝုစ်စကားသာတည်း။ **ဂတိ, ဥပပတ္တိ** - ဤနှစ်ပုဒ်အပေါင်းသည် **ပဝတ္တ**-သဒ္ဒါ၏ ပရိယာယ်ဝေဝုစ်စကားတည်း။ **ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဥပါယာသ**ပုဒ်တို့သည် **နိမိတ္တ**ပုဒ်၏ ပရိယာယ်ဝေဝုစ်စကားတို့တည်း။ ဤသို့ အသီးအသီး မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၈၆။)

၁။ **အနုပ္ပါဒ** — ဖြစ်ခြင်း မရှိသော နိဗ္ဗာန်သည်, တစ်နည်း — သင်္ခါရတရားတို့၏ နောင်အခါ ဖြစ်ခြင်း ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ၊ ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ ဖြစ်သော အမြိုက်နိဗ္ဗာန်၌ ဖြစ်သော ဉာဏ် မည်၏။

၂။ **အပ္ပဝတ္တ** — ပဝတ္တ မရှိသော နိဗ္ဗာန်သည်, တစ်နည်း ပဝတ္တကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ ပ ။

၃။ **အနိမိတ္တ** — နိမိတ္တ မရှိသော နိဗ္ဗာန်သည်, တစ်နည်း သင်္ခါရကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ ပ ။

၄။ **အနာယူဟနာ** — အာယူဟန မရှိသော နိဗ္ဗာန်သည်, တစ်နည်း အာယူဟနကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ ပ ။

၅။ **အပ္ပဋိသန္ဓိ** — ပဋိသန္ဓေ မရှိသော နိဗ္ဗာန်သည်, တစ်နည်း ပဋိသန္ဓေကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည်။ ပ ။

**အနုပါယာသ** — ဥပါယာသ မရှိသော နိဗ္ဗာန်သည်, တစ်နည်း ဥပါယာသကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ — ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ ဖြစ်သော အမြိုက်နိဗ္ဗာန်၌ ဖြစ်သော ဉာဏ် မည်၏။ (ပဋိသံ-၅၇။) ဤကား ဒုတိယဝါရတည်း။

ဤဒုတိယဝါရကို အန္ဝယ = အလျော်အားဖြင့် ပြအပ်သော အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော ဉာဏ်ကို — "အကြင်တရား၌ ဖြစ်ခြင်းသည် မရှိ၊ ထိုတရား၌ အချင်းခပ်သိမ်း ကြောက်မက်ဖွယ် ဘေးဘျမ်းသည်လည်း မရှိ"ဟု ဗျတိရိက် = ပြောင်းပြန်အားဖြင့် ပြခြင်းငှာ ဟောကြားတော်မူအပ်ပေသည်။ တစ်နည်း သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ထင်ခြင်းဖြင့် သင်္ခါရတရားတို့၏ အပြစ်ကို မြင်၍ ထိတ်လန့်သော သံဝေဂ စိတ်နှလုံးထားရှိကြကုန်သော ယောဂီသူတော်ကောင်းတို့အား ဘေးမရှိရာ ဘေးဥပါဒ်ကုန်ရာ အပြစ်မရှိသော တရားသည်လည်း ရှိပါသေး၏ဟု သက်သာခြင်းကို ဖြစ်စေခြင်း အကျိုးငှာလည်း ဤဒုတိယဝါရကို ဟောကြားတော်မူအပ်ပေသည်။ တစ်နည်း — ထိုယောဂါဝစရပုဂ္ဂိုလ်အား ဥပ္ပါဒစသည်တို့သည် ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ထင်လှာကုန်၏၊ ထိုယောဂါဝစရပုဂ္ဂိုလ်အား ထိုကြောက်မက်ဖွယ် ဘေးဘယ၏ ဆန့်ကျင်ဘက် ဖြစ်သော ဘေးမဲ့ရာ အဘယသို့ ညွတ်သောစိတ်သည် ဖြစ်ပေါ်လှာ၏။ အဘယ်ကြောင့်နည်းဟူမူ — ပူလောင်ခြင်းဖြင့် အနှိပ်စက်ခံရသောသူ၏ အအေးဓာတ်၌ ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ်ရှိမှုသည် ထင်ရှား ဖြစ်တတ်သကဲ့သို့ ကောင်းစွာ မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားအပေါင်းမှ စင်စစ်အားဖြင့် လွတ်မြောက်ခြင်းငှာ အလိုရှိသည်၏ အဖြစ်ဟူသော မုဉ္စိတုကမျတာဉာဏ်သည် ဖြစ်ပေါ်လှာသောကြောင့် ဖြစ်၏။ ထိုကြောင့် သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် ထင်သည်၏ အစွမ်းဖြင့် ပြီးသော သင်္ခါရတရားတို့၏ အပြစ်ကို မြင်သော အာဒီနဝါနုပဿနာဉာဏ်၏ အကျိုးအာနိသင်ကို ပြခြင်းငှာလည်း ဤဒုတိယဝါရကို ဟောကြားတော်မူအပ်သည်ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၂၈၇။)

**ဥပ္ပါဒ – အနုပ္ပါဒ** — သင်္ခါရတရားတို့၏ ဖြစ်ခြင်းသည် ကြောက်မက်ဖွယ်ဘေးတည်း၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်း မရှိသော နိဗ္ဗာန်သည်, တစ်နည်း — သင်္ခါရတရားတို့၏ နောင်အခါ ဖြစ်ခြင်း ကင်းကြောင်း

ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ - ဤသို့သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ ဖြစ်သော အမြိုက်နိဗ္ဗာန်၌ ဖြစ်သော ဉာဏ် မည်၏။ ပ ။

**ဥပါယာသ**သည် ကြောက်မက်ဖွယ် ဘေးတည်း၊ ဥပါယာသ မရှိသော နိဗ္ဗာန်သည်, တစ်နည်း – ဥပါယာသ ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ - ဤသို့ သိသော ဉာဏ်သည် အလုံးစုံသော သင်္ခါရတရားတို့၏ ကင်းငြိမ်းရာဖြစ်သော အမြိုက်နိဗ္ဗာန်၌ ဖြစ်သော ဉာဏ် မည်၏။ ဤကား တတိယဝါရတည်း။

ပထမဝါရကား ပဝတ္တိတည်း။ ပဝတ္တိ၌ အာဒီနဝဉာဏ်ဖြစ်ပုံကို ပြ၏။ ဒုတိယဝါရကား နိဝတ္တိတည်း၊ နိဝတ္တိ၌ အကျိုးအာနိသင်ကို ပြ၏။ ပဝတ္တိ၌ အပြစ်အာဒီနဝကိုမြင်၍ ထိုမြင်သည်၏ အခြားမဲ့မှာလျှင် နိဝတ္တိ၌ အကျိုးအာနိသင်ကို မြင်သဖြင့် လျင်မြန်စွာ ဝိပဿနာကို လှံ့လကြိုးကုတ် အားထုတ်သူတို့၏ အစွမ်းအားဖြင့် — ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ = သင်္ခါရတရားတို့၏ ဖြစ်ခြင်းသည် ကြောက်မက်ဖွယ် ဘေးတည်း၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်သည်, တစ်နည်း — သင်္ခါရတရားတို့၏ နောင်အခါ ဖြစ်ခြင်း ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ - ဤသို့စသော ဤတတိယဝါရကို အားထုတ်သတည်း။ ဆဋ္ဌဝါရစသည်တို့၌လည်း နည်းတူ မှတ်ပါ။ (မဟာဋီ-၂-၄၄၉။)

**ဂတိ** — ဂတိဟူသည်ကား ပရမတ္ထတရားကိုယ်အားဖြင့် ထိုထိုကံဖြင့် မှတ်အပ်ကုန်သော ဘဝဟူသော အမည်ကို ရခြင်းငှာ ထိုက်ကုန်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ပင် ဟူ၍ သိအပ်၏။ ဤပုဒ်တို့တွင်လည်း **ဥပ္ပါဒ, ပဝတ္တ, အာယူဟန** သဒ္ဒါဖြင့် ပစ္စုပ္ပန်အခွန့်ကာလ၌ အတွင်းဝင်ကုန်သော (= ပဋိသန္ဓေမှသည် စုတိသို့ တိုင်အောင်သော ဘဝတစ်ခုအတွင်း၌ တည်ရှိကုန်သော) သင်္ခါရတရားတို့ကို ကောက်ယူအပ်ကုန်၏။ **ပဋိသန္ဓိ** သဒ္ဒါဖြင့် အနာဂတ်အခွန့်၌ အတွင်းဝင်ကုန်သော ကံကြောင့် ဖြစ်ကုန်သော ဥပါဒိန္နက္ခန္ဓာတို့ကို ကောက်ယူအပ်ကုန်၏။ **ဥပ္ပါဒ** သဒ္ဒါဖြင့်လည်း အတိတ်အခွန့်ကာလ၌ အတွင်းဝင်ကုန်သော ကမ္မ-သင်္ခါရတို့ကို ထုတ်ပြအပ်ကုန်၏။ **နိမိတ္တ**သဒ္ဒါဖြင့်ကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော သုံးပါးသော အခွန့်ကာလ၌ တည်သော ရုပ်တရား နာမ်တရား, အဇ္ဈတ္တ ဗဟိဒ္ဓစသည် ဝေဖန်ခြင်းရှိသော ကုန်အောင်စုံသော သင်္ခါရတရားတို့ကိုလည်း ကောက်ယူအပ်ကုန်၏။ (မဟာဋီ-၂-၄၄၉-၄၅၀။)

## ဒုက္ခ – သာမိသ – သင်္ခါရ

ဤပါဠိတော်၌ ဥပ္ပါဒစသည်သည် ကြောက်မက်ဖွယ်ဘေးတည်း။ ထိုကြောက်မက်ဖွယ် ဘေးဖြစ်သည့် ဥပ္ပါဒစသည်သည် အမြဲအားဖြင့် ဒုက္ခသာတည်း။ (ထိုဥပ္ပါဒစသည်၏ ဒုက္ခ၏ အဖြစ်ဖြင့် ကြောက်မက်ဖွယ် ဘေးဆိုးကြီးဖြစ်ရကား ကြောက်မက်ဖွယ် ဘေးဆိုးကြီးသည် ဒုက္ခ၏အဖြစ်ကို လွန်၍မဖြစ်ဟု ဤစကားက ဖော်ပြသည်။) ထိုမြဲသောအားဖြင့် ဒုက္ခဖြစ်သော ကြောက်မက်ဖွယ် သဘောရှိသော ဥပ္ပါဒစသည်သည် — (၁) ဝဋ္ဋာမိသ, (၂) လောကာမိသ, (၃) ကိလေသာမိသတို့မှ မလွတ်သည်၏ အဖြစ်ကြောင့် အာမိသနှင့်တကွ ဖြစ်သည်သာလျှင်တည်း။ (ဝိသုဒ္ဓိ-၂-၂၈၇။)

၁။ **ဝဋ္ဋာမိသ** — ကံကြောင့် ဖြစ်သော ဥပါဒိန္နက္ခန္ဓာ ငါးပါးတို့ကို ဝဋ္ဋာမိသ မည်၏ဟု ဆရာမြတ်တို့ ဆိုကြကုန်၏။ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋဟူသော ဝဋ္ဋသုံးပါးသည်လည်းကောင်း, ယင်းဝဋ္ဋကို မှီသော တရားသည်လည်းကောင်း ဝဋ္ဋာမိသ မည်၏။ (မဟာဋီ-၂-၄၅၀။)

၂။ **လောကာမိသ** — ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဟူကုန်သော အာရုံငါးပါး ကာမဂုဏ် တရားတို့သည် ရာဂ ဒေါသ မောဟစသော ကိလေသာတို့သည် ငါ-ငါ့ဉစ္စာ စသည်ဖြင့် သုံးသပ်အပ်သည်၏

အဖြစ်ကြောင့် လောကာမိသမည်၏။ ကိလေသာတို့၏ စားဖတ် ဝါးဖတ် နင်းနယ် ကြိတ်ချေရာ တရားစုတို့ ပင်တည်း။ (မဟာဋီ-၂-၄၅၀။)

၃။ **ကိလေသာမိသ** — ရာဂ ဒေါသ မောဟ စသော ကိလေသာတို့သည် ကိလေသာမိသ မည်၏။ (မဟာဋီ-၂-၄၅၀။)

အကြင် ဥပ္ပါဒစသော သဘောတရားသည် သာမိသ = အာမိသနှင့်တကွ ဖြစ်၏။ ထိုအာမိသနှင့်တကွ ဖြစ်သော ဥပ္ပါဒစသော တရားသည် **သင်္ခါရမတ္တမေဝ** = လောကီသင်္ခါရမျှသာတည်း။ (ဝိသုဒ္ဓိ-၂-၂၈၇။)

ဤ သင်္ခါရမတ္တမေဝ-၌ 'ဧဝ = သာလျှင်'ဟူသော စကားဖြင့် (= လောကီသင်္ခါရမျှသာ-၌ 'သာ' ဟူသော စကားဖြင့်) ဝိသင်္ခါရဟု ဆိုအပ်သော နိဗ္ဗာန်ကို နစ်စေ၏။ အကြောင်းမူ — ထိုဝိသင်္ခါရဖြစ်သော နိဗ္ဗာန်၌ သာမိသအဖြစ်၏ အမြွက်မျှသော်လည်း မရှိသောကြောင့် ဖြစ်၏။ 'မတ္တ = မျှ' ဟူသော စကားဖြင့် မပြည့်စုံသော သင်္ခါရတရားကို ထင်ရှားပြ၏။ အကြောင်းမူ အလုံးစုံသော ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော သင်္ခါရတရား မှန်သမျှသည် အာမိသနှင့် အတူတကွ ဖြစ်သည်ချည်း မဟုတ်။ အာမိသနှင့်တကွ မဖြစ်သော မဂ်-ဖိုလ်တရားလည်း ပါဝင်နေ၏။ မဂ်-ဖိုလ်တရားတို့သည်လည်း ဖြစ်ခြင်း ပျက်ခြင်းရှိသော သင်္ခါရတရားစုတို့တွင် ပါဝင်ကြ၏။ ထိုတွင် ဤ၌ လောကီ သင်္ခါရတရားမျှကိုသာ ကောက်ယူရသောကြောင့် ဖြစ်သည်။ (မဟာဋီ -၂-၄၅၀။)

ထိုသို့ ဘယဟု ဆိုအပ်သော ဥပ္ပါဒစသည်သည် ဒုက္ခစသည်ပင် ဖြစ်သောကြောင့် "ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ = ဖြစ်ခြင်း ဥပ္ပါဒသည် ဒုက္ခတည်း။ ဤသို့ သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ် အဖြစ်ဖြင့် ထင်ခြင်း၌ ဖြစ်သော ပညာသည် အာဒီနဝဉာဏ် မည်၏။" ဤသို့ စသည်ကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားတော်မူခြင်း ဖြစ်သည်။ ဤ၌ တစ်ပုဒ်ပုဒ်ဖြင့် ဒုက္ခသဘောဟူသော အနက် သည် ပြီးကောင်းပါသော်လည်း —

၁။ ဘယာကာရ = ကြောက်အပ်သည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်,

၂။ ဒုက္ခာကာရ = ဒုက္ခဟူသော အခြင်းအရာအားဖြင့်,

၃။ သာမိသာကာရ = အာမိသနှင့်တကွ ဖြစ်ခြင်းဟူသော အခြင်းအရာအားဖြင့် —

ဤသို့ အခြင်းအရာ ထူးသောအားဖြင့် ဉာဏ်ဖြစ်ပုံ ထူးသည်၏ အစွမ်းဖြင့် ဤပုဒ်တို့၌ ဉာဏ်ထူးသည်၏ အဖြစ်ကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၂၈၇။)

ထို သင်္ခါရတရားတို့၌ပင်လျှင် အနိစ္စအားဖြင့် ဒုက္ခအားဖြင့် အနတ္တအားဖြင့် ဖြစ်ခြင်းထူးသည်၏ အစွမ်းဖြင့် အခြင်းအရာထူးသည်၏ အဖြစ်ကြောင့် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် ဟု အနုပဿနာဉာဏ်၏ ထူးခြားမှု ဖြစ်သကဲ့သို့ ထို့အတူ ဘယာကာရ ဒုက္ခာကာရ သာမိသာကာရ ဟူသော အခြင်းအရာ အာကာရ ထူးခြားသည်၏ အဖြစ်ကြောင့် ဖြစ်ပေါ်လာပုံ၏ အစွမ်းဖြင့် ဉာဏ်၏ ထူးခြားသည်၏ အဖြစ်ကို သိအပ်ပေသည်။ ထိုအခြင်းအရာ အာကာရတို့တွင် ဘယာကာရအားဖြင့်ဖြစ်သော ဉာဏ်သည် **ဘယတုပဋ္ဌာနဉာဏ်** မည်၏။ ဒုက္ခာကာရ, သာမိသာကာရ အားဖြင့် ဖြစ်သော ဉာဏ်သည် **အာဒီနဝဉာဏ်** မည်၏။ (မဟာဋီ-၂-၄၅၀-၄၅၁။)

## ဉာဏ် (၁၀) ပါး

အာဒီနဝဉာဏ်ကို သိသော ယောဂါဝစရပုဂ္ဂိုလ်သည် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိဟူသော (၅)မျိုးတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော, ယင်း (၅)မျိုးလျှင် တည်ရာ ဖြစ်ရာ ရှိကုန်သော (၅)ပါးသော **အာဒီနဝဉာဏ်**, အနုပ္ပါဒ, အပ္ပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိဟူသော (၅)မျိုးသော ဉာဏ်၏ ဖြစ်ရာ တည်ရာ ဝတ္ထုကို အာရုံပြု၍ ဖြစ်ပေါ်လာကုန်သော (၅)မျိုးသော **သန္တိပဒဉာဏ်** – နှစ်ရပ်ပေါင်း ဤ (၁၀)မျိုး-သော ဉာဏ်တို့ကို ထိုးထွင်း၍ သိ၏ မျက်မှောက်ပြု၏။ (ဝိသုဒ္ဓိ-၂-၂၈၇။)

ဉာဏ်တစ်ခုက ဉာဏ်တစ်ခုကိုကား သိနိုင်၏။ သို့သော် ဉာဏ်သည် မိမိကိုယ်ကို မိမိ မသိ။ အဘယ်-ကြောင့် **ဒသ ဉာဏေ ပဇာနာတိ = (၁၀) ပါးသော ဉာဏ်တို့ကို သိ၏** — ဟု ဤသို့ ဆိုသနည်းဟု မေးရန်ရှိ၏။ အဖြေကား ဤသို့တည်း။ —

ဤအရာ၌ သိခြင်းဟူသည်မှာလည်း ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိဟူသော အာရုံ, အနုပ္ပါဒ, အပ္ပဝတ္တ, အနိမိတ္တ, အနာယူဟန, အပ္ပဋိသန္ဓိဟူသော အာရုံ၌ တည်သော ကျရောက်နေသော ဉာဏ်သည် ယင်းအာရုံပေါ်၌ လွှန်လွှန်ကဲကဲ တွေဝေခြင်း ကင်းနေ၏၊ တွေဝေမှု မောဟ အမိုက်တိုက်ကို ပယ်ဖျောက်ပြီး လွင့်စင်စေပြီး ဖြစ်၏။ ထိုသို့ တွေဝေမှု ကင်းသဖြင့် ယင်းအာရုံ (၁၀)မျိုး၌ မတွေဝေသည် ဖြစ်၍ တွေဝေခြင်း ကင်းသည်ဖြစ်၍ ဉာဏ်ဟူသော မိမိ၌လည်း တွေဝေခြင်း ကင်းသည်သာလျှင် ဖြစ်နေ၏။ ထိုကြောင့် ဉာဏ်သည် မိမိကိုယ်ကိုလည်း မိမိ သိသကဲ့သို့ ဖြစ်နေ၏။ ဤသို့သော အကြောင်းကြောင့် (၁၀)ပါးသော ဉာဏ်တို့ကို သိ၏ဟု ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၅၁။)

ယောဂါဝစရပုဂ္ဂိုလ်သည် ရံခါ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တစသည်တို့ကို ဝိပဿနာ ရှုနေသော ဝိပဿနာဉာဏ်-ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုရ၏။ ထိုသို့ ရှေးဝိပဿနာဉာဏ်ကို နောက်ဝိပဿနာဉာဏ်ဖြင့် တစ်ဖန် ပြန်၍ ဝိပဿနာရှုနိုင်သော် — 'ဒသ ဉာဏေ ပဇာနာတိ = (၁၀)ပါးသော ဉာဏ်တို့ကို သိ၏' - ဟု ဤသို့ ဆိုနိုင်သည်သာ ဖြစ်ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် ဤဖော်ပြပါ အာဒီနဝဉာဏ်, သန္တိပဒဉာဏ် နှစ်ပါးတို့၌ လိမ္မာသည်၏အဖြစ်-ကြောင့် အထူးထူးသော ဒိဋ္ဌိတို့ကြောင့် မတုန်လှုပ်တော့ပေ။ (ပဋိသံ-၅၆-၅၈။)

မပြတ်ဖြစ်သော ရုပ်နာမ်အစဉ်ဟူသော ပဝတ္တိ၌ မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း ဝိပဿနာဉာဏ်ဖြင့် မြင်ပြီးသည်၏ အဖြစ်ကြောင့် ထိုပဝတ္တိနှင့် ဆန့်ကျင်ဘက်အားဖြင့် သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန် တရားတော်မြတ်သည် ကောင်းစွာ ဆုံးဖြတ်အပ်သည် ဖြစ်၍သာလျှင် ထင်လာ၏။ ထိုကြောင့် ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ စိတ်သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ အလွန်မွန်မြတ်သော **"ပရမဒိဋ္ဌဓမ္မ နိဗ္ဗာန်"** ရှိ၏ – ဤသို့ စသော မိစ္ဆာအယူ၏ အစွမ်းဖြင့် မတုန်လှုပ်တော့ပေ။ အဘယ်ကြောင့်နည်းဟူမူ — ရုပ်နာမ်အယဉ် ပဝတ္တိ၌ ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်သော အပြစ်အာဒီနဝ ရှိသောကြောင့် ဖြစ်၏။ ထိုကြောင့် အထူး ထူးသော ဒိဋ္ဌိတို့ကြောင့် မတုန်လှုပ်တော့ပေဟု မိန့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၅၁။)

**အာဒီနဝါနုပဿနာဉာဏ်ခန်း ပြီး၏။**

# နိဗ္ဗိဒါနုပဿနာဉာဏ်ခန်း

## နိဗ္ဗိဒါနုပဿနာဉာဏ် = နိဗ္ဗိန္ဒဉာဏ်

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် ကာမ ရူပ အရူပတည်းဟူသော ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားအားလုံးတို့ကို အပြစ်အာဒီနဝအားဖြင့် ရှုသည်ဖြစ်၍ ပျက်စီးခြင်းသဘောနှင့်တကွ ဖြစ်သော ဘုံသုံးပါး အတွင်း၌ တည်ရှိသော သင်္ခါရတရား အပေါင်း၌ ငြီးငွေ့၍ ဆန့်ကျင်၍ မမွေ့လျော်တော့ပေ။ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာ မည်သည်ကား အနောတတ္တအိုင်၏ အနောက်မျက်နှာ စိတ္တကူဋတောင်ရင်း၌ မွေ့လျော်သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍာရွာတံခါးအနီး အိုင်ငယ်၌ မမွေ့လျော်သကဲ့သို့ အိုင်ကြီး ခုနစ်အိုင်တို့၌သာလျှင် မွေ့လျော်သကဲ့သို့ — ဤဥပမာ အတူသာလျှင် ဤယောဂါဝစရ ဟင်္သာမင်းသည်လည်း ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်သော အပြစ်ရှိသော ပျက်စီးခြင်းသဘောနှင့် တကွ ဖြစ်သော ဘုံသုံးပါးအတွင်း၌ တည်ရှိသော တေဘူမက သင်္ခါရတရားအပေါင်း၌ မမွေ့လျော်တော့ပေ။ စင်စစ်သော်ကား ဘာဝနာဟူသော မွေ့လျော်ရာ ရှိသည်၏ အဖြစ်ကြောင့် ဘာဝနာ၌ မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်သော ပီတိနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာဟူသော ခုနစ်ပါးသော အနုပဿနာတို့၌သာလျှင် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၏။ (ဝိသုဒ္ဓိ-၂-၂၈၇။)

တစ်ဖန် ရွှေချိုင့်လှောင်အိမ်၌ လှောင်ထားအပ်သော သားတို့၏ မင်းဖြစ်သော ခြင်္သေ့သည် လှောင်အိမ်၌ မမွေ့လျော်သကဲ့သို့, စင်စစ်သော်ကား ယူဇနာသုံးထောင် အပြောကျယ်သော ဟိမဝန္တာ၌သာလျှင် မွေ့လျော် သကဲ့သို့ ဤဥပမာအတူပင် ဤယောဂါဝစရ ခြင်္သေ့မင်းသည်လည်း ကာမသုဂတိ ရူပသုဂတိ အရူပသုဂတိဟူသော သုံးမျိုးပြားသော သုဂတိဘုံ၌သော်လည်း မမွေ့လျော်၊ စင်စစ်သော်ကား အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟူသော သုံးမျိုးကုန်သော အနုပဿနာတို့၌သာလျှင် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍ နေပေ၏။ (ဝိသုဒ္ဓိ-၂-၂၈၈။)

တစ်ဖန် ငွေတောင်အတူ ကိုယ်လုံးဖြူသော, လက်နှစ်ဖက် ခြေနှစ်ဖက် အမြီး နှာမောင်း သိုအိမ်ဟူသော မြေ၌တည်သော ခုနစ်ပါးသော အင်္ဂါရှိသော တန်ခိုးကြီးမားသော ကောင်းကင်၌ ပျံသွားနိုင်သော ဆဒ္ဒန်ဆင်မင်း- သည် မြို့လယ်၌ မမွေ့လျော်ဘဲ ဟိမဝန္တာ ဆဒ္ဒန်အိုင်ရှိရာ တော၌သာလျှင် မွေ့လျော်သကဲ့သို့ ဤဥပမာအတူ ပင်လျှင် ဤယောဂါဝစရ ဆင်မြတ်သည်လည်း အလုံးစုံလည်းဖြစ်သော တေဘူမက သင်္ခါရတရား အပေါင်း၌ မမွေ့လျော်။ "အနုပ္ပါဒေါ ခေမံ = သင်္ခါရတရားတို့၏ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်သည်= သင်္ခါရတရားတို့၏ နောင်အခါ ဖြစ်ခြင်း ကင်းကြောင်း ဖြစ်သော နိဗ္ဗာန်သည် ဘေးမရှိ" — ဤသို့စသော နည်းဖြင့် နှလုံးသွင်းခြင်း ရှေးရှိသော အလျော် သဘောဉာဏ်ဖြင့် မြင်အပ်သော သန္တိပဒအမည်ရသော အလုံးစုံသော သင်္ခါရတရားတို့၏ ကင်းငြိမ်းရာ ဖြစ်သော အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီး၌သာလျှင် မွေ့လျော်၏။ ထိုသန္တိပဒသို့ ညွတ်သော, ထိုသန္တိပဒသို့ ကိုင်းသော, ထိုသန္တိပဒသို့ ရှိုင်းသော စိတ်ဓာတ် ရှိသည်သာလျှင် ဖြစ်နေ၏။ (ဝိသုဒ္ဓိ-၂-၂၈၈။)

**နိဗ္ဗိဒါနုပဿနာဉာဏ်ခန်း ပြီး၏။**

## တရားကိုယ် အနက်သဘောတူသော ဉာဏ်သုံးပါး

ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝါနုပဿနာဉာဏ်, နိဗ္ဗိဒါနုပဿနာဉာဏ် — ဤဉာဏ် သုံးပါးသည် တရားကိုယ် အနက်သဘောအားဖြင့် တူညီ၏။ ထို့ကြောင့် ရှေးရှေး အဋ္ဌကထာဆရာတော်တို့သည် ဤသို့ မိန့်ဆို-တော်မူကြကုန်၏။ —

"ဘယတုပဋ္ဌာနဉာဏ် တစ်မျိုးတည်းသည်ပင်လျှင် အမည် သုံးမျိုးတို့ကို ရရှိ၏။

၁။ အလုံးစုံသော သင်္ခါရတရားတို့ကို ကြောက်မက်ဖွယ် ဘေးအဖြစ်ဖြင့် မြင်ပြီးသောကြောင့် **ဘယတုပ-ဋ္ဌာနဉာဏ်** မည်ခြင်း ဖြစ်၏။

၂။ ထို သင်္ခါရတရားတို့၌ပင်လျှင် အပြစ်ကို ထင်ရှား ပြုတတ်သောကြောင့် ထင်ရှား ပြတတ်သောကြောင့် **အာဒီနဝါနုပဿနာဉာဏ်** မည်ခြင်း ဖြစ်၏။

၃။ ထို သင်္ခါရတရားတို့၌သာလျှင် ငြီးငွေ့သည် ဖြစ်၍ ဖြစ်ပေါ်လာသောကြောင့် **နိဗ္ဗိဒါနုပဿနာဉာဏ်** မည်ခြင်း ဖြစ်၏။" (ဝိသုဒ္ဓိ-၂-၂၈၈။)

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌လည်း — ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝါနုပဿနာဉာဏ်, နိဗ္ဗိဒါနုပဿနာဉာဏ် ဤ ဉာဏ် သုံးမျိုးသည် အနက်သဘောအားဖြင့် တူ၏၊ သဒ္ဒါမျှသာ ထူး၏ - ဟု ဟောကြားထားတော်မူ၏။ (ပဋိသံ-၂၅၉။ ဝိသုဒ္ဓိ-၂-၂၈၈။)

## မုဉ္စိတုကမျတာဉာဏ်ခန်း

### = သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောဉာဏ်

ဤနိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၌ ငြီးငွေ့သော သင်္ခါရတရားတို့၌ ဆန့်ကျင်သော သင်္ခါရတရားဟူသမျှ၌ မမွေ့လျော်သော အာစာရကုလပုတ္တ အမည်ရသော ဤ အမျိုးကောင်းသား အမျိုးကောင်းသမီးအား အလုံးစုံသော ဘုံဘဝတို့၌ ဖြစ်ကုန်သော ခဏမစဲ တသဲသဲ ပျက်ခြင်းသဘော ရှိကုန်သော သင်္ခါရတရားတို့တွင် တစ်ခုသော သင်္ခါရတရား၌သော်မျှလည်း မငြိမကပ် မမိမဖွဲ့ အပ်တော့ပေ။ အလုံးစုံသော သင်္ခါရတရားအပေါင်းမှ လွတ်ခြင်းငှာသာ အလိုရှိနေ၏၊ ထွက်မြောက်ခြင်းငှာသာ အလိုရှိနေ၏။

**လောကဥပမာ** — ကွန်ရက် အတွင်းသို့ ရောက်နေသော ငါး, မြွေခံတွင်းသို့ ရောက်နေသော ဖား, လှောင်ချိုင့်၌ ထည့်သွင်းထားအပ်သော တောကြက်, မြဲမြံစွာ ဖွဲ့ချည်ထားအပ်သော ကျော့ကွင်း၏ နိုင်ငံသို့ လိုက်ပါရသော သားသမင်, အလမ္ပာယ်ဆရာ၏ လက်တွင်းသို့ရောက်နေသော မြွေ, ကြီးစွာသော ညွန်အိုင်တွင်းသို့ သက်ဆင်းမိသော ဆင်, ဂဠုန်မင်း၏ ခံတွင်းသို့ ရောက်နေသော နဂါးမင်း, ရာဟုအသုရိန်၏ ခံတွင်းသို့ ရောက်နေသော လမင်း, ရန်သူတို့ အဝိုင်းခံနေရသော ယောက်ျား — ဤသို့စသော သတ္တဝါတို့သည် ထိုထို ကွန်ရက်စသော အနှောင်အဖွဲ့မှ လွတ်လိုကုန်သည်သာလျှင် ထွက်မြောက်လိုကုန်သည်သာလျှင် ဖြစ်ကုန်သကဲ့သို့ ဤဥပမာအတူပင်လျှင် ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် အလုံးစုံသော တေဘူမက သင်္ခါရတရား အပေါင်းမှ လွတ်မြောက်ခြင်းငှာသာလျှင် အလိုရှိနေ၏။ ထွက်မြောက်ခြင်းငှာသာလျှင် အလိုရှိနေ၏။ ထိုအခါ ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း အလုံးစုံသော တေဘူမက သင်္ခါရတရားတို့၌ ကင်းသော အာလယရှိသော အလုံးစုံသော သင်္ခါရတရားအပေါင်းတို့မှ လွတ်ခြင်းငှာ အလိုရှိသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ **မုဉ္စိတုကမျတာဉာဏ်** သည် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၂-၂၈၈-၂၈၉။)

ဘင်္ဂဉာဏ်မှသည် ဤ မုဉ္စိတုကမျတာဉာဏ်သို့ တိုင်အောင်သော ဉာဏ်တို့ကား သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီတင်ကာ တွင်တွင်ကြီး ဝိပဿနာ ရှုနေသော ဉာဏ်များ ဖြစ်ကြ၏။ ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကို ယင်းသင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ လက္ခဏာရေးသုံးတန်ကို တစ်လှည့်စီ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုခဲ့သော် ယင်းသင်္ခါရတရားတို့အပေါ်၌ —

၁။ ကြောက်မက်ဖွယ် ဘေးအားဖြင့် ထင်ခဲ့သော် ဘယဉာဏ်,

၂။ ယင်းသင်္ခါရတရားတို့၏ အပြစ်ကို ရှုမြင်ခဲ့သော် အာဒီနဝဉာဏ်,

၃။ ယင်းသင်္ခါရတရားတို့၌ ငြီးငွေ့ခဲ့သော် နိဗ္ဗိဒါဉာဏ်,

၄။ ယင်းသင်္ခါရတရားတို့မှ လွတ်မြောက်လိုခဲ့သော် မုဉ္စိတုကမျတာဉာဏ် —

ဤသို့ အသီးအသီး ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ပါ။

**မုဉ္စိတုကမျတာဉာဏ်ခန်း ပြီး၏။**

# ပဋိသင်္ခါနုပဿနာဉာဏ်ခန်း

## ပဋိသင်္ခါနုပဿနာဉာဏ်

သော ဧဝံ သဗ္ဗဘဝ-ယောနိ-ဂတိ-ဋ္ဌိတိ-နိဝါသဂတေဟိ သဘေဒကေဟိ သင်္ခါရေဟိ မုစ္စိတုကာမော သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုံ ပုန တေ ဧဝံ သင်္ခါရေ ပဋိသင်္ခါနုပဿနာဉာဏေန တိလက္ခဏံ အာရောပေတွာ ပရိဂ္ဂဏှာတိ။ (ဝိသုဒ္ဓိ-၂-၂၈၉။)

တိလက္ခဏံ အာရောပေတွာ သင်္ခါရပရိဂ္ဂဏှနံ ပုဗ္ဗေပိ ကတန္တိ **ပုန**ဂ္ဂဟဏံ။ ပ။ သင်္ခါရာနံ ပရိဂ္ဂဏှနံ နာမ ပရိပုဏ္ဏလက္ခဏဝသေနေဝ ဟောတီတိ **"တိလက္ခဏံ အာရောပေတွာ"**တိ ဝုတ္တံ။ (မဟာဋီ-၂-၄၅၃။)

ထို ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် အလုံးစုံသော ဘုံဘဝ, ယောနိ, ဂတိ, ဋ္ဌိတိ, သတ္တာဝါသတို့၌ ဖြစ်ကုန်သော ပျက်ခြင်းသဘော ရှိကုန်သော သင်္ခါရတရားတို့မှ လွတ်မြောက်လိုသည်ဖြစ်၍ အလုံးစုံသော သင်္ခါရ တရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ တစ်ဖန် ထိုတေဘူမက သင်္ခါရတရားတို့ကို ဤဆိုလတ္တံ့သော အခြင်းအရာ အတိုင်း **ပဋိသင်္ခါနုပဿနာဉာဏ်**ဖြင့် လက္ခဏာရေး သုံးတန်ကို တင်၍ သိမ်းဆည်း၏ = ဝိပဿနာ ရှုပွားသုံး-သပ်၏။ (ဝိသုဒ္ဓိ-၂-၂၈၉။)

သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်ကို တင်၍ ဝိပဿနာရှုမှုမှာ ရှေ့ပိုင်း ဝိပဿနာဉာဏ်များ၌လည်း ရှိခဲ့၏။ ထို့ကြောင့် ဤ၌ ပုန = တစ်ဖန်ဟူ၍ အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူခြင်း ဖြစ်၏။ သင်္ခါရတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်းခြင်း မည်သည်ကား ပြည့်စုံသော လက္ခဏာ၏ အစွမ်းဖြင့်သာလျှင် ဖြစ်နိုင်၏။ ထို့ကြောင့် — တိလက္ခဏံ အာရောပေတွာ = လက္ခဏာရေးသုံးတန်ကိုတင်၍ ဝိပဿနာရှုရန် အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၅၃။)

ဤညွှန်ကြားချက်များနှင့်အညီ အသင်သူတော်ကောင်းသည် သင်္ခါရတရားတို့ကို တစ်ဖန် အကျဉ်းအားဖြင့် လက္ခဏာရေးသုံးတန်ကို တင်၍ ဝိပဿနာရှုပါ။ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ ရှုရန် ဖြစ်သည်။ အကျယ်အားဖြင့် ဘာဝနာ (၄၀) ခေါ် တော (၄၀) ရှုကွက်ဖြင့်လည်း ဤအပိုင်းတွင် တစ်ဖန် ထပ်၍ ဝိပဿနာ ရှုပါ။ သို့သော် ဤအပိုင်းတွင် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ —

၁။ အနိစ္စအခြင်းအရာ (၁၄) မျိုး,
၂။ ဒုက္ခအခြင်းအရာ (၂၈) မျိုး,
၃။ အသုဘအခြင်းအရာ (၉) မျိုး,
၄။ အနတ္တအခြင်းအရာ (၉) မျိုး,

အားလုံးပေါင်းသော် ဘာဝနာ (၆၀) ရှုကွက်တို့ကို ဖွင့်ဆိုထားတော်မူ၏။ ဘာဝနာ (၆၀) မျှမက ရှုနိုင်ရန် အာဒိ = အစရှိသော စကားတို့ဖြင့် ဖွင့်ဆိုထားပေသည်။ တစ်နည်းဆိုရသော် အနိစ္စအခြင်းအရာကို (၁၄)မျိုး, ဒုက္ခအခြင်းအရာကို (၂၈)မျိုး, အသုဘအခြင်းအရာကို (၉)မျိုး, အနတ္တအခြင်းအရာကို (၉)မျိုး ဖွင့်ဆိုထားသဖြင့် ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းအခြင်းအရာ အသီးအသီးကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စဟု လည်းကောင်း, ဒုက္ခဟုလည်းကောင်း, အသုဘဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အသီးအသီး ရှုရမည် ဖြစ်ပါသည်။ အခြင်းအရာ တစ်ခုစီ တစ်ခုစီ ခွဲ၍ ရှုရန် ဖြစ်သည်။

## အနိစ္စဟု ရှုပုံ

ထိုယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့ကို —

၁။ **အနစ္စန္တိကတော** = နောက်အစွန်း ဘင်ကို လွန်နိုင်သော = လွန်၍ တည်နိုင်သော သဿတ မဟုတ်သည်၏ အဖြစ်ကြောင့် = နောက်အစွန်းဘင်ကို မလွန်နိုင် လွန်၍ မတည်နိုင်သည်၏ အဖြစ်ကြောင့် **အနိစ္စ**ဟု ရှု၏။

၂။ **တာဝကာလိကတော** = အခိုက်အတန့်မျှ တည်သည်၏ အဖြစ်ကြောင့် . . .

၃။ **ဥပ္ပါဒဝယပရိစ္ဆိန္နတော** = ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့် . . .

၄။ **ပလောကတော** = ဗျာဓိ-ဇရာ-မရဏတို့ဖြင့် ပေါက်ကွဲပျက်စီးတတ်သည်၏ အဖြစ်ကြောင့် . . .

၅။ **စလတော** = ဗျာဓိ-ဇရာ-မရဏနှင့် လာဘ-အလာဘစသော လောကဓံတို့ကြောင့် တုန်လှုပ်တတ်သည်၏ အဖြစ်ကြောင့် . . .

၆။ **ပဘင်္ဂုတော** = ပျက်ခြင်းသို့ ရောက်ခြင်းကြောင့် . . .

၇။ **အဒ္ဓုဝတော** = မြဲသောသဘော မရှိခြင်းကြောင့် . . .

၈။ **ဝိပရိဏာမဓမ္မတော** = ဇရာ-မရဏဟူသော နှစ်ပါးသော အဖို့ဖြင့် ဖောက်ပြန်ခြင်းသဘော ရှိခြင်း-ကြောင့် . . .

၉။ **အသာရကတော** = အနှစ်မဟုတ် အကာနှင့် တူခြင်းကြောင့် . . .

၁၀။ **ဝိဘဝတော** = အစီးအပွား ကင်းခြင်းကြောင့် . . .

၁၁။ **သင်္ခတတော** = အကြောင်းတရားတို့သည် ပေါင်းစု၍ ပြုပြင်အပ်သည်၏ အဖြစ်ကြောင့် . . .

၁၂။ **မရဏဓမ္မတော** = သေခြင်း ပျက်ခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၁၃။ **အာဒိအန္တဝန္တတော** = ဥပါဒ်-ဘင်ဟူသော အစ-အဆုံးရှိသည်၏ အဖြစ်ကြောင့် . . .

၁၄။ **နိစ္စပဋိက္ခေပတော** = နိစ္စသဘောကို ပယ်ခြင်းကြောင့် . . .

ဤသို့အစရှိကုန်သော အကြောင်းတို့ကြောင့် **အနိစ္စ**ဟု ရှု၏။ (ဝိသုဒ္ဓိ-၂-၂၈၉။)

အသင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့ကို ယင်းအခြင်းအရာ တစ်ခုစီ တစ်ခုစီကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စ-အနိစ္စဟုပင် တွင်တွင် ရှုပါလေ။

## ဒုက္ခဟု ရှုပုံ

၁။ **အဘိဏှပဋိပီဠနတော** = သင်္ခါရတရားတို့ကို ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ် အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် **ဒုက္ခ**ဟု ရှု၏။

၂။ **ဒုက္ခမတော** = သည်းခံနိုင်ခဲသည်၏ အဖြစ်ကြောင့် . . .

၃။ **ဒုက္ခဝတ္ထုတော** = ဒုက္ခ၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့် . . .

၄။ **ရောဂတော** = ယာပျနာဟူသော မူလရောဂါနှင့် တူသည်၏အဖြစ်ကြောင့် . . .

၅။ **ဂဏ္ဍတော** = အိုင်းအမာနှင့် တူသည်၏အဖြစ်ကြောင့် . . .

၆။ **သလ္လတော** = မြားငြောင့်နှင့် တူသည်၏ အဖြစ်ကြောင့် . . .

၇။ **အဃတော** = အစီးအပွားမဲ့ကို ဆောင်သည်၏ အဖြစ်ကြောင့် . . .

၈။ **အာဗာဓတော** = ယာပျနာဟူသော မူလရောဂါမှတစ်ပါးသော ပြင်းပြသည်းထန်စွာသော အနာ၏ အဖြစ်ကြောင့် . . .

၉။ **ဤတိတော** = (များစွာသော ပျက်စီးခြင်း ဗျသနကို ဆောင်သည်ဖြစ်၍ အသစ်အာဂန္တုက ဧည့်သည် သဖွယ်ဖြစ်သော အကုသိုလ် အသင်းအပင်း ပျက်စီးကြောင်း တရားနှင့် တူ၍) ပျက်စီးကြောင်း၏ အဖြစ်ကြောင့် . . .

၁၀။ **ဥပဒ္ဒဝတော** = (အထူးထူး အပြားပြား များစွာသော အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်) မင်းဘေးမင်းဒဏ်စသော ဥပဒ္ဒဝေါ၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့် . . .

၁၁။ **ဘယတော** = ခပ်သိမ်းသော ဘေးတို့၏ တည်ရာ၏ အဖြစ်ကြောင့် . . .

၁၂။ **ဥပသဂ္ဂတော** = အကျိုးမဲ့တို့သည် အစဉ်လိုက်အပ်သည်ဖြစ်၍ ငြိတွယ်ခြင်းရှိသည်၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — ရာဂစသော အပြစ်တို့နှင့် ကပ်ငြိခြင်း မကင်းသည်၏ အဖြစ်ကြောင့် . . .

၁၃။ **အတာဏတော** = ဘေးကို မစောင့်ရှောက်နိုင်သည်၏ အဖြစ်ကြောင့် . . .

၁၄။ **အလေဏတော** = ခိုမှီး ပုန်းအောင်းရာ မဟုတ်သည်၏ အဖြစ်ကြောင့် . . .

၁၅။ **အသရဏတော** = ကိုးကွယ်ရာ မဟုတ်သည်၏ အဖြစ်ကြောင့် . . .

၁၆။ **အာဒီနဝတော** = အပြစ်ဒေါသ၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — အထီးကျန်သော သူဆင်းရဲနှင့် တူသည်၏ အဖြစ်ကြောင့် . . .

၁၇။ **အဃမူလတော** = မကောင်းမှု၏ အကြောင်းမူလ၏ အဖြစ်ကြောင့် . . .

၁၈။ **ဝဓကတော** = အဆွေခင်ပွန်း၏ မျက်နှာကဲ့သို့ ချိုသာသော မျက်နှာရှိသည်ဖြစ်၍ အကျွမ်းဝင်သော သူကို သတ်တတ်သော သူသတ်ရန်သူနှင့် တူသည်၏ အဖြစ်ကြောင့် . . .

၁၉။ **သာသဝတော** = အာသဝေါတရားတို့၏ အာရုံ၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — အာသဝေါ တရားတို့၏ အနီးစပ်ဆုံး အကြောင်း ပဒဋ္ဌာန်၏ အဖြစ်ကြောင့် . . .

၂၀။ **မာရာမိသတော** = သေခြင်းတရားတည်းဟူသော မစ္စုမာရ်, ကိလေသာ (၁၀)ပါးတည်းဟူသော ကိလေသမာရ်တို့၏ အစာအာမိသ၏ အဖြစ်ကြောင့် . . .

၂၁။ **ဇာတိဓမ္မတော** = ဖြစ်ခြင်း = ဇာတိသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၂၂။ **ဇရာဓမ္မတော** = ရင့်ခြင်း ဟောင်းခြင်း သဘောရှိသည်၏ အဖြစ်ကြောင့် . . .

၂၃။ **ဗျာဓိဓမ္မတော** = နာခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၂၄။ **သောကဓမ္မတော** = စိုးရိမ်ခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၂၅။ **ပရိဒေဝဓမ္မတော** = ငိုကြွေးခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၂၆။ **ဥပါယာသဓမ္မတော** = လွန်စွာ ပင်ပန်းခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် . . .

၂၇။ **သံကိလေသိကဓမ္မတော** = တဏှာသံကိလေသ, ဒိဋ္ဌိသံကိလေသ, ဒုစ္စရိတသံကိလေသတို့၏ အာရုံ ဖြစ်ခြင်းတည်းဟူသော သဘော၏ အဖြစ်ကြောင့် . . .

၂၈။ **သုခပဋိက္ခေပတော** = ချမ်းသာသုခကို ပယ်ခြင်းကြောင့် . . .

ဤသို့ အစရှိကုန်သော အကြောင်းတို့ကြောင့် **ဒုက္ခ**ဟု ရှု၏။ (ဝိသုဒ္ဓိ-၂-၂၈၉။)

## အသုဘဟု ရှုပုံ

၁။ **အဇညတော** = မနှစ်သက်ဖွယ် ရှိသည်၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — မတင့်တယ်သည်၏ အဖြစ်ကြောင့် **အသုဘ**ဟု ရှု၏။

၂။ **ဒုဂ္ဂန္ဓတော** = မကောင်းသောအနံ့ ရှိသည်၏ အဖြစ်ကြောင့် . . .

၃။ **ဇေဂုစ္ဆတော** = စီ-စီ - ဟု ထွီဖွယ်ရှိသည်၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့် . . .

၄။ **ပဋိက္ကူလတော** = လိုလားနှစ်သက်ခြင်း၏ ပြောင်းပြန် ဆန့်ကျင်ဘက်အားဖြင့် စက်ဆုပ်ရွံရှာအပ်သည်၏ အဖြစ်ကြောင့် . . .

၅။ **အမဏ္ဍနာရဟတော** = ဝတ်စားတန်ဆာ မဆင်သဖြင့် ထိုသဘာ်ရတရားတို့၏ သုဘ၏ အဖြစ်ကို ပယ်ဖျောက်ခြင်းငှာ တတ်ကောင်းသည်၏ အဖြစ်ဖြင့် . . .၊ တစ်နည်း — တန်ဆာ မဆင်သဖြင့် သုဘအဖြစ် ပျောက်၍ အသုဘအဖြစ် ထင်သည်၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — တန်ဆာ ဆင်သဖြင့် မပယ်နိုင် မပျောက်နိုင် မပျောက်ပျက်နိုင်သော သဘောရှိသော အသုဘ၏ အဖြစ်ကြောင့် . . .

၆။ **ဝိရူပတော** = အသုန္ဒရတော = မကောင်းသည်၏ အဖြစ်ကြောင့် . . .

၇။ **ဗီဘစ္ဆတော** = ပဋိဃ (= ဒေါသ) သံယောဇဉ်၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့် ရှုကုန်သော သူတို့ကို မိမိ၌ (= မိမိဟူသော ခန္ဓာငါးပါး၌) ဖွဲ့ထားတတ်သည်၏ အဖြစ်ကြောင့် . . .၊ တစ်နည်း — မနှစ်သက်ဖွယ် ရွံရှာစက်ဆုပ်ဖွယ်၏ အဖြစ်ကြောင့် မစင်ကဲ့သို့ စွန့်အပ်သည်၏ အဖြစ်ကြောင့် . . .

၈။ **အသုစိတော** = မစင်ကြယ်သည်၏ အဖြစ်ကြောင့် . . .

၉။ **အမနာပတော** = စိတ်နှလုံးကို မတိုးပွားစေတတ်သည်၏ အဖြစ်ကြောင့် . . .

ဤသို့အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြံအရံ ပရိဝါရဖြစ်သော **အသုဘ**အားဖြင့် = **အသုဘ**ဟု ရှု၏။ (ဝိသုဒ္ဓိ-၂-၂၈၉။)

## အနတ္တဟု ရှုပုံ

၁။ **ပရတော** = ပြင်ပသူစိမ်းနှင့် တူသော အဖြစ်ကြောင့် **အနတ္တ**ဟု ရှု၏။

၂။ **ရိတ္တတော** = ဓုဝ - သုဘ - သုခ - အတ္တစသည်အဖြစ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် . . .

၃။ **တုစ္ဆတော** = ဓုဝ - သုဘ - သုခ - အတ္တစသည့် အနှစ်မမှီး အချည်းနှီး၏ အဖြစ်ကြောင့် . . .

၄။ **သုညတော** = သာမီ - နိဝါသီ - ကာရက - ဝေဒက - အဓိဋ္ဌာယကဟူသော တိတ္ထိတို့သည် ကြံဆအပ်သော အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် . . .

၅။ **အသာမိကတော** = အတ္တ - အရှင် မရှိသည်၏ အဖြစ်ကြောင့် . . .

၆။ **အနိဿရတော** = အစိုးမရသည်၏ အဖြစ်ကြောင့် . . .

၇။ **အဝသဝတ္တိတော** = အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကြောင့် . . .

၈။ **အပရိဏာယကတော** = ရှေ့ဆောင် (အတ္တ) ကင်းမဲ့သည်၏ အဖြစ်ကြောင့် . . .

၉။ **အတ္တပဋိက္ခေပတော** = အတ္တကိုပယ်ခြင်းကြောင့် . . .

ဤသို့အစရှိကုန်သော အကြောင်းတို့ကြောင့် **အနတ္တ**အားဖြင့် = **အနတ္တ**ဟု ရှု၏။ (ဝိသုဒ္ဓိ-၂-၂၈၉။)

အကျိုးကား ဤသို့တည်း — ဤသို့ရှုသော ဤယောဂါဝစရပုဂ္ဂိုလ်သည် လက္ခဏာရေးသုံးပါးကို တင်၍ သင်္ခါရတရားတို့ကို သိမ်းဆည်းအပ်သည် မည်ကုန်၏။ အဘယ်ကြောင့် ဤသင်္ခါရတရားတို့ကို ဤသို့ သိမ်းဆည်း-အပ်သနည်းဟူမူ — နောင်တစ်ဖန် သင်္ခါရတရားတို့ မလိုက်ခြင်း အကျိုးငှာ, သင်္ခါရတရားတို့မှ ကောင်းစွာ လွတ်ခြင်းဟု ဆိုအပ်သော မုစ္စန၏ = အလွတ်ကြီး လွတ်ခြင်း၏ အကြောင်းဥပါယ်၏ ပြည့်စုံခြင်း အကျိုးငှာ, အကြောင်းဥပါယ်ကို ပြီးစေခြင်း အကျိုးငှာ ဤသို့ သိမ်းဆည်းရပေသည် ဟူပေ။ (ဝိသုဒ္ဓိ-၂-၂၉၀။)

## လောကဥပမာ တစ်ရပ်

ဆယ်လံအခေါက်၊ ရေထဲအောက်သို့၊ ထုတ်ချောက်စုပ်စုပ်၊ စုံးစုံးငုပ်၍၊ စမ်းခုပ်သရော်၊ သူဖော်စိမ်းစား၊ တံငါ့သားလျှင်၊ လည်ကျားသုံးရစ်၊ မည်းချစ်ရင်ပြောက်၊ ရေမြွေဟောက်ကို၊ လန့်ကြောက်မရှိ၊ ငါးဟုမိ၍၊ လည်စိလဆုပ်၊ ဝမ်းသာရုပ်ဖြင့်၊ သူနုပ်ကျွန်လျော်၊ ကြည့်လျက်ပေါ်သော်၊ မြော်ကတုံးတုံး၊ ဟလူဆုံးဟု၊ နှလုံးမဆံ့၊ ရင်တီးအံ့သို့၊ သိန့်ပညာ၊ ထိုရော်ငါလည်း၊ ပမာဤတူ၊ စည်းစိမ်ထူ၍၊ ရိပ်ပူမထိ၊ ချမ်းသာရှိလျက်၊ သတိမြင်ကျယ်၊ သူတော်နွယ်သို့၊ ယိုးမယ်မဲ့လျှင်း၊ အချင်းစစ်ဘွေ၊ ကြံတုံချေက၊ မွေးရေခမင်း၊ နှလုံးတွင်း၌၊ သားညှင်းအသွင်၊ မီးဝယ်ကင်သော်၊ ပိတ်ပင်မပြန့်၊ ရှုံ့ရှုံ့တွန့်လျက်၊ ကြောက်လန့်ထိတ်စွာ၊ ဘော်သုံးရွာတွင်၊ ဝါဝါလရောင်၊ လူတို့ဘောင်ကား၊ ပြောင်ပြောင် ငါ့အား ညီးသတည်း။ (အရှင်မဟာသီလဝံသ - ဝိသုဒ္ဓိမဂ်နိဿယ-၅-၂၄၂။)

ဤသို့သော အခြင်းအရာ အမျိုးမျိုးတို့ဖြင့် သင်္ခါရတရားတို့၏ အနိစ္စစသည်၏ အဖြစ်ကို ကောင်းစွာ မှတ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ဆင်ခြင်ခြင်းဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ **ပဋိသင်္ခါဉာဏ်**သည် ဖြစ်ပေါ်လာ၏။

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ ဟောကြားတော်မူချက်

အနိစ္စတော မနသိကရောတော နိမိတ္တံ ပဋိသင်္ခါ ဉာဏံ ဥပ္ပဇ္ဇတိ။ ဒုက္ခတော မနသိကရောတော ပဝတ္တံ ပဋိသင်္ခါ ဉာဏံ ဥပ္ပဇ္ဇတိ။ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ပဋိသင်္ခါ ဉာဏံ ဥပ္ပဇ္ဇတိ။ (ပဋိသံ-၂၅၉။)

၁။ သင်္ခါရတရားတို့ကို အနိစ္စဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား သင်္ခါရနိမိတ်ကို — "အဒ္ဓုဝ= မမြဲ မခိုင်ခံ့။ တာဝကာလိက = အခိုက်အတန့် တစ်သက်လျှာမျှသာတည်း" - ဟု ဤသို့ အနိစ္စလက္ခဏာ၏ အစွမ်းဖြင့် သိပြီး၍ ဉာဏ်သည် ဖြစ်ပေါ်လာ၏။

၂။ သင်္ခါရတရားတို့ကို ဒုက္ခဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား ပဝတ္တတရားကို ဒုက္ခလက္ခဏာ၏ အစွမ်းဖြင့် သိပြီး၍ ဉာဏ်သည် ဖြစ်ပေါ်လာ၏။

၃။ သင်္ခါရတရားတို့ကို အနတ္တဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား နိမိတ္တကိုလည်းကောင်း ပဝတ္တကိုလည်းကောင်း အနတ္တလက္ခဏာ၏ အစွမ်းဖြင့် သိပြီး၍ ဉာဏ်သည် ဖြစ်ပေါ်လာ၏။ (ပဋိသံ-၂၅၉။)

အထက်ပါ ပါဠိတော်စကားရပ်၌ — ပဋိသင်္ခါပုဒ်၏ နိမိတ္တ-ပဝတ္တ အမည်ရသော သင်္ခါရတရားတို့ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ၏ အစွမ်းဖြင့် အသီးအသီး သိပြီး၍- ဟူသော အနက်သဘောကို ဆိုပြီးနောက် — ဉာဏံ ဥပ္ပဇ္ဇတိ = ဉာဏ်သည် ဖြစ်ပေါ်လာ၏ - ဟု သိမှု ကြိယာနှင့် ဉာဏ်ဖြစ်မှု ကြိယာကို ရှေးကာလ နောက်ကာလ၏ အစွမ်းဖြင့် ကာလကွဲပြားသကဲ့သို့ ဆိုထား၏။ သို့သော် ဤအရာ၌ ရှေးကာလ

နောက်ကာလဟု ကာလကွဲပြားမှုကား မရှိပေ။ ယင်းသို့ မရှိသော်လည်း သဒ္ဒါဝေါဟာရ၏ အစွမ်းဖြင့်သာ ကာလကွဲပြားသကဲ့သို့ ဆိုထားခြင်း ဖြစ်သည်။ အမှန်မှာ သိမှုနှင့် ဉာဏ်ဖြစ်မှုကား သမာနကာလ = တူညီသော အချိန်ကာလရှိ၏။ မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ = ဘဝင်မနောဒွါရကိုလည်း အစွဲပြု၍ ဓမ္မာရုံ သဘောတရားတို့ကိုလည်း အစွဲပြု၍ မနောဝိညာဏ်သည် ဖြစ်ပေါ်လာ၏ — စသည်တို့၌ အစွဲပြုခြင်း ကြိယာ-နှင့် မနောဝိညာဏ်၏ ဖြစ်မှုကြိယာတို့သည် ကာလ အကွဲအပြား မရှိ ကာလချင်း တူညီသကဲ့သို့ — အလားတူပင် ဤအရာ၌လည်း သိမှုကြိယာနှင့် ဉာဏ်ဖြစ်ပေါ်မှု ကြိယာသည် ကာလအကွဲအပြား မရှိ ကာလချင်း တူညီသည်ဟုပင် မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၉၁။ မဟာဋီ-၂-၄၅၄။)

တစ်နည်း — အဆင့်ဆင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ မပြတ် ဒလစပ် ဖြစ်နေသော ဉာဏ်တို့တွင် ရှေးဖြစ်သော ဉာဏ်၏ အစွမ်းဖြင့် နိမိတ္တ ပဝတ္တကို လက္ခဏာရေးသုံးတန်၏ အစွမ်းဖြင့် အသီးအသီး သိခြင်း ပဋိသင်္ခါနကြိယာကို ရည်အပ်၏။ ထိုမှတစ်ပါး နောက်ဖြစ်သော ဉာဏ်၏ အစွမ်းဖြင့် ဉာဏ်ဖြစ်ခြင်း ကြိယာကို ရည်အပ်၏။ ထိုဉာဏ် နှစ်ပါးတို့ကိုကား ဉာဏ်တစ်ခုစီသာဟု ကွဲပြားသော အားဖြင့် မရှုအပ်ကုန်။ အကြောင်းမူ တစ်ခုသော နာမ်သန္တတိအစဉ်၌ ကျရောက်သည်၏ အဖြစ်ကြောင့် ဧကတ္တနည်းအားဖြင့် တစ်ခုတည်းဟု ယူအပ်-သည်၏ အဖြစ်ကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၂၉၁။ မဟာဋီ-၂-၄၅၅။)

ဤဉာဏ်ပိုင်း၌လည်း ရူပက္ခန္ဓာမှသည် ဇရာ-မရဏသို့ တိုင်အောင်သော ခန္ဓာ-အာယတန-ဓာတ်-ပဋိစ္စသမုပ္ပါဒ် အင်္ဂါရပ်တို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းသင်္ခါရတရားတို့၏ အပျက်ကိုပင် အာရုံယူ၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်ကာ ဝိပဿနာရှုပါ၊ ယင်းဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

**ပဋိသင်္ခါနုပဿနာဉာဏ်ခန်း ပြီး၏။**

## သင်္ခါရုပေက္ခာဉာဏ်ခန်း

## ဒွိကောဋိကာ သုညတာနုပဿနာ

ထို ယောဂါဝစရပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသော နည်းဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် —

**သဗ္ဗေ သင်္ခါရာ သုညာ** = အလုံးစုံသော သင်္ခါရတရားတို့သည် အတ္တမှ ကင်းဆိတ်ကုန်၏။

ဤသို့ သိမ်းဆည်းပြီး၍ တစ်ဖန် —

**သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ** = ဤသင်္ခါရတရားအပေါင်းသည် အတ္တမှလည်းကောင်း, အတ္တနိယ = အတ္တနှင့် စပ်သော ဥစ္စာမှလည်းကောင်း ကင်းဆိတ်၏။

ဤသို့ ဒွိကောဋိကာသုညတ = နှစ်ပါးသော အဖို့ရှိသော သုညတသဘောကို ပညာဖြင့် သိမ်းဆည်း၏။ (ဝိသုဒ္ဓိ-၂-၂၉၁။)

သဗ္ဗေ သင်္ခါရာ သုညာ = သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ စသည်တို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = သိမ်းဆည်းခြင်း၏ အစွမ်းဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်သည် ဖြစ်ငြားသော်လည်း အထူးအားဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ အနတ္တအခြင်းအရာကို သိမ်းဆည်း-ခြင်းလျှင် ရှေ့သွားပြဓာန်းခြင်း ရှိ၏။ ထိုကြောင့် အဋ္ဌကထာဆရာတော်သည် — **သဗ္ဗေ သင်္ခါရာ သုညာတိ ပရိဂ္ဂဟေတွာ** = အလုံးစုံသော သင်္ခါရတရားတို့သည် အတ္တမှ ကင်းဆိတ်ကုန်၏ဟု ဤသို့ သိမ်းဆည်းပြီး၍ အစချီသော အထက်ပါ စကားရပ်ကို ဖွင့်ဆိုခြင်း ဖြစ်သည်။

မှန်ပေသည် — သင်္ခါရတရားတို့၏ ထိုအနတ္တအခြင်းအရာကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း သိမ်းဆည်း-ခြင်းသည် ရှိသော်သာလျှင် သစ္စာလေးပါးကို ထိုးထွင်း သိမြင်ခြင်း = သစ္စပဋိဝေဓသည် ပြီးပြည့်စုံနိုင်၏။ မရှိသော် မပြီးစီး မပြည့်စုံနိုင်။ မှန်ပေသည် — သင်္ခါရတရားတို့၏ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းခြင်း၏ မရှိခြင်း-ကြောင့် **သရဘင်္ဂဆရာရသေ့**စသူတို့၏ အဆုံးအမ သာသနာသည် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ နှစ်ပါးကို ပညတ်တင်၍ ဟောနိုင်, သာဝကတို့အား သိစေနိုင်ငြားသော်လည်း အနတ္တလက္ခဏာကို ပညတ်တင်၍ မဟော-နိုင်, သာဝကတို့ကို မသိစေနိုင်သည့်အတွက် သာဝကတို့ကို သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထုတ်ဆောင် ကယ်တင်-နိုင်ခြင်း မရှိသည်သာလျှင် ဖြစ်သော အနိယျာနိကသာသနာ ဖြစ်ရပေသည်။ (မဟာဋီ-၂-၄၅၅။)

တစ်နည်း — ထိုသင်္ခါရတရားတို့၏ နိစ္စအနှစ်, သုခအနှစ်, အတ္တအနှစ်တို့မှလည်း ကင်းဆိတ်သည်၏ အဖြစ်ကို ရည်ရွယ်တော်မူ၍ – "အလုံးစုံသော သင်္ခါရတရားတို့သည် အတ္တမှ ကင်းဆိတ်ကုန်၏ဟု ပညာဖြင့် သိမ်းဆည်း၍" ဟူသော စကားကို အဋ္ဌကထာဆရာတော် မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ မှန်ပေသည် — အကြင် သင်္ခါရတရားသည် အကြင် နိစ္စအနှစ် စသည်မှ ကင်း၏၊ ထိုသင်္ခါရတရားသည် ထိုနိစ္စအနှစ် စသည်မှ ဆိတ်သုဉ်း-သည်သာ ဖြစ်၏ဟု သိမှတ်ပါလေ။

သင်္ခါရတရားတို့၏ အတ္တမှ ဆိတ်သုဉ်းသည်၏ အဖြစ်ကို သိနိုင်ခဲသည်၏ အဖြစ်ကြောင့် အကြိမ်များစွာ သိအပ်ပြီး ဖြစ်သော်လည်း သင်္ခါရတရားတို့၏ အတ္တမှ ကင်းဆိတ်မှုကို ရှုသော သုညတာနုပဿနာ၏ မြဲမြံခိုင်ခံ့ တည်တံ့သည်၏ အဖြစ်သို့ ရောက်စေခြင်း အကျိုးငှာ တစ်ဖန် — "**သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ** = ဤသင်္ခါရတရားအပေါင်းသည် အတ္တမှလည်းကောင်း အတ္တနှင့်စပ်သော ဥစ္စာမှလည်းကောင်း ကင်းဆိတ်၏" ဟု စသည်ဖြင့် ဒွိကောဋိကာသုညတာနုပဿနာကို ဆက်လက်၍ အဋ္ဌကထာဆရာတော်သည် အားထုတ်တော်

မှုခြင်း ဖြစ်သည်။ ထို စကားရပ်၌ အကြင်အဖို့အားဖြင့် သင်္ခါရတရားတို့သည် အတ္တ မရှိကုန် အတ္တ မဖြစ်ကုန်၊ ထိုအဖို့အစုအားဖြင့် အတ္တ၏ဥစ္စာ မဟုတ်ကုန်။ မှန်ပေသည် — အတ္တရှိသော်သာ အတ္တ၏ဥစ္စာ ရှိသင့်ပေသည်။ (အတ္တ မရှိသဖြင့် အတ္တ၏ဥစ္စာလည်း မရှိပေ။ ) ထို့ကြောင့် — သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ = ဤ သင်္ခါရတရားအပေါင်းသည် အတ္တမှလည်းကောင်း, အတ္တနှင့်စပ်သော ဥစ္စာမှလည်းကောင်း ကင်းဆိတ်၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။

အဘယ်ကြောင့် သင်္ခါရတရားတို့၌ ထိုသို့ အတ္တ အတ္တနိယ နှစ်မျိုးမှ ကင်းဆိတ်ရပါသနည်းဟူမူ – သင်္ခါရတရားတို့ကို ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စက္ခဉာဏ် အနုမာနဉာဏ် နှစ်မျိုးတို့ဖြင့် စူးစမ်းရှာဖွေ စိစစ်သော်လည်း ယင်းသင်္ခါရတရားတို့၌ အတ္တ အတ္တနိယ နှစ်မျိုးလုံးကို ရှာဖွေ၍ မရနိုင်သောကြောင့်ပင် ဖြစ်သည်။ တစ်ပါးသော သတ္တဝါကိုလည်းကောင်း, တစ်ပါးသော သင်္ခါရတရားကိုလည်းကောင်း အတ္တ၏ပရိက္ခရာ အသုံးအဆောင် ဖြစ်မှု၌ အတ္တ၏ သုခ-ဒုက္ခကို ပြီးစေတတ်သည်၏ အဖြစ်၌ တည်နေသည်ကို ပစ္စက္ခဉာဏ် အနုမာနဉာဏ် နှစ်မျိုးတို့ဖြင့် စူးစမ်းရှာဖွေသော်လည်း မတွေ့မမြင်သောကြောင့် ဖြစ်သည်ဟု ဆိုလိုပေသည်။ (မဟာဋီ-၂- ၄၅၅။)

**ဒွိကောဋိကာ သုညတာနုပဿနာ** — အထက်တွင် ဖော်ပြခဲ့သော "ဤ သင်္ခါရတရား အပေါင်းသည် အတ္တမှလည်းကောင်း, အတ္တနှင့်စပ်သော ဥစ္စာမှလည်းကောင်း ကင်းဆိတ်၏"ဟူသော ဤ ရှုနည်းမှာ အတ္တ အတ္တနိယဟူသော အဖို့အစု နှစ်ခုရှိသော ဒွိကောဋိကာ သုညတာနုပဿနာ ရှုပွားနည်းပင် ဖြစ်သည်။

## စတုကောဋိကာ သုညတာနုပဿနာ

သော ဧဝံ နေဝ အတ္တာနံ၊ န ပရံ ကိဉ္စိ အတ္တနော ပရိက္ခာရဘာဝေ ဌိတံ ဒိသွာ ပုန "နာဟံ ကွစနိ၊ ကဿစိ ကိဉ္စနတသ္မိံ၊ န စ မမ ကွစနိ၊ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ"တိ ယာ ဧတ္ထ စတုကောဋိကာ သုညတာ ကထိတာ၊ တံ ပရိဂ္ဂဏှာတိ။ (ဝိသုဒ္ဓိ-၂-၂၉၁။)

ဤ စတုကောဋိကာ သုညတာနုပဿနာ ရှုနည်းမှာ ဥပရိပဏ္ဏာသပါဠိတော် စာမျက်နှာ (၅၀), အာနေဉ္ဇ-သပ္ပါယသုတ်၌ လာရှိပေသည်။ ဤရှုကွက်၏ ဆိုလိုရင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဤသို့ရှင်းပြထား၏။

ဧဝမယံ ယသ္မာ နေဝ ကတ္ထစိ အတ္တာနံ ပဿတိ၊ န တံ ပရဿ ကိဉ္စနဘာဝေ ဥပနေတဗ္ဗံ ပဿတိ၊ န ပရဿ အတ္တာနံ ပဿတိ၊ န ပရဿ အတ္တာနံ အတ္တနော ကိဉ္စနဘာဝေ ဥပနေတဗ္ဗံ ပဿတိ။ တသ္မာနေန စတုကောဋိကာ သုညတာ ပရိဂ္ဂဟိတာ ဟောတီတိ။ (ဝိသုဒ္ဓိ-၂-၂၉၂။)

ဧဝံ အဇ္ဈတ္တံ, ဗဟိဒ္ဓါ စ ခန္ဓာနံ အတ္တတ္တနိယသုညတာ သုဒ္ဓသင်္ခါရပုဉ္ဇတာ စတုကောဋိကသုညတာ ပရိဂ္ဂဏှနေန ဒိဋ္ဌာ ဟောတိ။ တေန ဝုတ္တံ **"ဧဝမယ"**န္တိအာဒိ။ (မဟာဋီ-၂-၄၅၆။)

ဤအထက်ပါ အဋ္ဌကထာဋီကာတို့၏ ဖွင့်ဆို ရှင်းလင်းချက်များနှင့်အညီ အသင်သူတော်ကောင်းသည်–

၁။ အဇ္ဈတ္တ ခန္ဓာ (၅)ပါး၌ အတ္တ မရှိမှုသဘော,
၂။ အဇ္ဈတ္တ ခန္ဓာ (၅)ပါး၌ အနတ္တနိယ = အတ္တနှင့်စပ်သော ဥစ္စာ မရှိမှုသဘော,
၃။ ဗဟိဒ္ဓ ခန္ဓာ (၅)ပါး၌ အတ္တ မရှိမှုသဘော,
၄။ ဗဟိဒ္ဓ ခန္ဓာ (၅)ပါး၌ အနတ္တနိယ = အတ္တနှင့်စပ်သော ဥစ္စာ မရှိမှုသဘော —

ဤ (၄)မျိုးသော သဘောတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရမည် ဖြစ်သည်။ ဤသို့ (၄)ဌာနတို့၌ အတ္တ - အတ္တနိယ မရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုနိုင် သိမ်းဆည်းနိုင်ပါလျှင် —

**စတုကောဋိက သုညတာနုပဿနာ**ကို ရှုပွားနိုင်သည် မည်ပေသည်။

## ၁။ နာဟံ ကွစနိ

ငါသည် — တစ်စုံတစ်ခုသော ဌာန၌သော်လည်းကောင်း, တစ်စုံတစ်ခုသော ကာလ၌သော်လည်းကောင်း, တစ်ခုတစ်ခုသော ဓမ္မ၌သော်လည်းကောင်း, အဇ္ဈတ္တ ခန္ဓာ (၅)ပါး၌သော်လည်းကောင်း, ဗဟိဒ္ဓ ခန္ဓာ (၅)ပါး၌သော်လည်းကောင်း အတ္တကို မမြင်ပေ။ ထို ဖော်ပြပါ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာန၌ တည်ရှိသော ခန္ဓာ (၅)ပါးတည်း ဟူသော ဓမ္မ အသီးအသီးတို့၌ ဥပါဒ်-ဌီ-ဘင်ဟူသော ထိုကာလအတွင်းဝယ် တစ်စုံတစ်ခုသော အတ္တ၏ မရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တ-အနတ္တဟု အနတ္တာနုပဿနာကို ရှုပါ ဟူလိုသည်။ ယင်း အနတ္တာနုပဿနာ ဘာဝနာလုပ်ငန်းရပ်ကိုပင် အတ္တမှ ကင်းဆိတ်မှုကို ရှုနေသောကြောင့် သုညတာနုပဿနာ ဟုလည်း ခေါ်ဆိုပေသည်။ ဤကား ကောဋိအဖို့အစု တစ်ခုတည်း၊ ပထမ ကောဋိတည်း။

## ၂။ ကဿစိ ကိဉ္စနတသ္မိံ

မိမိ၏အတ္တကို တစ်စုံတစ်ယောက်သော သူတစ်ပါး၏ ကြောင့်ကြအပ်သော ဥစ္စာ၏ အဖြစ်၌ ဆောင်အပ်-သည်ကို မမြင် = မိမိ၏ အတ္တကို တစ်စုံတစ်ယောက်သော သူတစ်ပါး၏ ကြောင့်ကြအပ်သော အသုံးအဆောင် အခြံအရံ ပရိက္ခရာအဖြစ်၌ ဆောင်ထားအပ်သည်ကို မမြင် = မိမိ၏အတ္တကို တစ်စုံတစ်ယောက်သော သူတစ်ပါး၏ အစ်ကိုအရာ၌မူလည်း အစ်ကိုဟု, အဆွေခင်ပွန်း အဖော်သဟာယ် အရာ၌မူလည်း အဆွေခင်ပွန်း အဖော် သဟာယ်ဟု, အသုံးအဆောင် ပရိက္ခရာအရာ၌မူလည်း အသုံးအဆောင် ပရိက္ခရာဟု အောက်မေ့ မှတ်ထင်၍ ဆောင်ထားအပ်သည်ကို မမြင်။ ထိုသို့ မမြင်အောင် ဝိပဿနာရှုရမည် ဖြစ်သည်။ မိမိ၏ အတ္တနှင့် စပ်နေသော အရာများ မရှိပုံ အတ္တနိယသဘောမှ ဆိတ်သုဉ်းပုံကို မြင်အောင်ရှုရသော အတ္တနိယ သုညတာနုပဿနာပင်တည်း။ ဤကား ကောဋိအဖို့အစု တစ်ခုတည်း၊ ဒုတိယ ကောဋိတည်း။

ပထမကောဋိကား ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၌ မိမိ၏ အတ္တ မရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟု ဝိပဿနာရှုရန် ညွှန်ကြားထားသော ဒေသနာတော် တည်း။ ဤ ဒုတိယ ကောဋိကား ယင်းသင်္ခါရတရားတို့၌ မိမိ၏ အတ္တနှင့် စပ်သော တစ်စုံတစ်ခုသော တရား၏ မရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တဟု ဝိပဿနာရှုရန် ညွှန်ကြားထားသော ဒေသနာတော်ပင် ဖြစ်သည်။

မိမိ၏ အတ္တလည်း မရှိ, မိမိ၏ အတ္တနှင့် စပ်သော ဥစ္စာလည်း မရှိလျှင် အဘယ်အရာသာ ရှိသနည်းဟူမူ **သုဒ္ဓသင်္ခါရပုဉ္ဇတာ** = ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသော သင်္ခါရတရား အစုအပုံ သက်သက်သာ ရှိသည် ဟူ၏။ ယင်းသင်္ခါရတရားတို့၌ မိမိ၏ အတ္တမှလည်းကောင်း, အတ္တနိယမှလည်းကောင်း ကင်းဆိတ်မှု, သင်္ခါရတရား အစုအပုံ သက်သက်သာ ရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနတ္တ-အနတ္တဟု ရှုရမည် ဖြစ်သည်။ အနတ္တဉာဏ် အမြင်သန်လာ၍ အတ္တမှ ကင်းဆိတ်မှုကို သင်္ခါရတို့၌ ဉာဏ်အမြင် ဆိုက်နေသော် အတ္တမျှ မရှိလျှင် အတ္တနှင့်စပ်နေသော ဥစ္စာ မရှိမှုကိုလည်း သဘောတွေ့မည်သာ ဖြစ်သည်။ သင်္ခါရတရားတို့၏ ဥပါဒ်စွန်း ဘင်စွန်း-ကို တစ်နည်း ဘင်စွန်းကို ဉာဏ်အမြင်သန်ပါက အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေသည့် အတ္တမရှိမှုကို သဘောကျမည်သာ ဖြစ်သည်။ အတ္တကို ရှာမတွေ့လျှင် အဘယ်မှာလျှင် အတ္တနှင့်စပ်သော ဥစ္စာလည်း ရှိနိုင်တော့-မည်နည်း။ မရှိနိုင်သည်သာ ဖြစ်သည်။ တစ်ဖန် အတ္တနှင့်စပ်သော ဖန်ဆင်းရှင် ပရမ-အတ္တ မရှိပုံကိုလည်း မှတ်သားပါဦး။

## အတ္တာ အတ္တနိယ သုညတ

“ဤအရှင်သည် ဗြဟ္မာ ဖြစ်၏၊ မဟာဗြဟ္မာ ဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ် အလုံးစုံကို မြင်သူ ဖြစ်၏၊ စီမံသူ ဖြစ်၏၊ ဈာန်၌ လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့၏ အဖ ဖြစ်၏၊ ငါတို့ကို ဤအရှင်ဗြဟ္မာ ဖန်ဆင်းထား၏။” (ဒီ-၁-၁၇။ ဗြဟ္မဇာလသုတ်။) –

ဤသို့ စသည့် သာသနာပ အယူအဆ ရှိကြကုန်သော သမဏ ဗြာဟ္မဏတို့ ကြံဆထားအပ်သော ထို ဖန်ဆင်းရှင် အတ္တ၏ ကြောင့်ကြဖွယ်ဖြစ်သော ထိုဖန်ဆင်းရှင် အတ္တနှင့် စပ်ဆိုင်နေသော မိမိအတ္တ မရှိမှုကို ယင်းသင်္ခါရတရားတို့၌ ဉာဏ်ဖြင့် မြင်အောင် ကြည့်ရှုရမည် ဖြစ်သည်။ ထိုကြောင့် အသင်သူတော်ကောင်းသည် ယင်းသင်္ခါရတရားတို့၌ မိမိ၏ အတ္တလည်း မရှိ၊ မိမိအတ္တနှင့် စပ်ဆိုင်သော မိမိအတ္တကို ဖန်ဆင်းလိုက်သော မိမိမှ တစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါဟူသော ဖန်ဆင်းရှင်အတ္တလည်း မရှိသည်ကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ယင်းသင်္ခါရတရား အစုအပုံကို အနတ္တ အနတ္တဟု ရှုပါ။

## ၃။ န စ (မမ) ကွစနိ

သူတစ်ပါး၏ အတ္တကိုလည်း တစ်စုံတစ်ခုသော ဌာန၌သော်လည်းကောင်း, တစ်စုံတစ်ခုသော ကာလ၌သော် လည်းကောင်း, တစ်စုံတစ်ခုသော တရားဓမ္မ၌သော်လည်းကောင်း, အဇ္ဈတ္တ ခန္ဓာငါးပါး၌သော်လည်းကောင်း, ဗဟိဒ္ဓ ခန္ဓာငါးပါး၌သော်လည်းကောင်း မရှိသည်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိကုန်သော ယင်းသင်္ခါရတရားတို့ကို အနတ္တ အနတ္တဟု ရှုပါ။ ဤကား တတိယ ကောဋိတည်း။

## ၄။ မမ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ

ထိုယောဂါဝစရပုဂ္ဂိုလ်သည် သူတစ်ပါး၏ အတ္တသည် ငါ၏ တစ်စုံတစ်ခုသော အဇ္ဈတ္တ ဗဟိဒ္ဓတရား၌ ကြောင့်ကြအပ်သော ပရိက္ခရာ အသုံးအဆောင်အဖြစ်၌ ရှိ၏ဟူ၍ မမြင်။ မိမိ၏ အစ်ကိုအရာ၌ အစ်ကိုဟူ၍ အဆွေခင်ပွန်း အဖော်သဟာယ အရာ၌မူလည်း အဆွေခင်ပွန်း အဖော်သဟာယဟူ၍, အသုံးအဆောင် ပရိက္ခရာ အရာ၌မူလည်း အသုံးအဆောင် ပရိက္ခရာဟူ၍ ဤသို့ တစ်စုံတစ်ခုသော ဌာန၌ မိမိမှ တစ်ပါးသောသူ၏ အတ္တကို ဤမိမိ၏ ကြောင့်ကြအပ်သော ဥစ္စာ၏အဖြစ်ဖြင့် ဆောင်အပ်သည်ကို မမြင် ဟူလိုသည်။ ယင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းသင်္ခါရတရားတို့ကို အနတ္တဟုပင် ရှုရမည် ဖြစ်သည်။ ဤကား စတုတ္ထ ကောဋိတည်း။

“ငါ၏ အကျိုးငှာ စီရင်တတ်သော တည်နေသော ပရော ပုရိသော = တစ်ပါးသော ယောကျ်ား ပုဂ္ဂိုလ် မည်သည် ရှိ၏၊ ထိုတစ်ပါးသော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ငါ့အား အလုံးစုံသည် ပြီးစီး၏။” ဤသို့လျှင် အချို့သော မိစ္ဆာအယူရှိသူတို့သည် ကြံဆအပ်သည်၏ အစွမ်းအားဖြင့် မိမိမှ တစ်ပါးသော အတ္တကိုလည်းကောင်း, ထိုမိမိမှ တစ်ပါးသော အတ္တကို မိမိ၏ ကြောင့်ကြဖွယ်ဖြစ်၍ ဖြစ်သည်ကိုလည်းကောင်း, အဇ္ဈတ္တ ဗဟိဒ္ဓ သင်္ခါရတရားစုတို့၌ ဉာဏ်ဖြင့် ရှာဖွေကြည့်သော်လည်း မတွေ့ မမြင်ဟု နံပါတ် (၃)နှင့် (၄)တို့က ဆိုလိုပေသည်။ ထိုကြောင့် ဤရှုကွက် (၄)မျိုးတို့၏ ဆိုလိုရင်းကို အောက်ပါအတိုင်း မှတ်သားပါ။ —

၁။ **နာဟံ ကွစနိ** — ဤပဌမ ရှုကွက်မှာ သင်္ခါရတရားတို့၌ မိမိ၏ အတ္တ မရှိမှုကို မြင်အောင် ရှုရန် ညွှန်ကြားသော ရှုကွက်ဖြစ်၏။

၂။ **ကဿစိ ကိဉ္စနတသ္မိံ** — ဤဒုတိယရှုကွက်မှာ မိမိအတ္တ၏ပင်လျှင် တစ်စုံတစ်ယောက်သော သူ၏ အတ္တနိယ မဟုတ်သည်ကို = အတ္တနှင့်ဆက်စပ်မှု မရှိသည်ကို မြင်အောင်ရှုရန် ညွှန်ကြားသော ရှုကွက်ဖြစ်၏။

၃။ **န စ (မမ) ကွစနိ** — ဤ တတိယရှုကွက်မှာ သင်္ခါရတရားတို့၌ သူတစ်ပါး၏ အတ္တမရှိမှုကို မြင်အောင် ရှုရန် ညွှန်ကြားသော ရှုကွက် ဖြစ်၏။

၄။ **(မမ) ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ** — ဤ စတုတ္ထရှုကွက်မှာ သူတစ်ပါးအတ္တ၏ အနတ္တနိယသဘော = မိမိ အတ္တနှင့် ဆက်စပ်မှုမရှိသည့် သဘောကို မြင်အောင်ရှုရန် ညွှန်ကြား၏။

(ဝိသုဒ္ဓိ-၂-၂၉၁-၂၉၂။ မဟာဋီ-၂-၄၅၅-၄၅၆။)

အသင်သူတော်ကောင်းသည် ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားအစုအပုံ၌ ဤ (၄)မျိုးသော အတ္တ အတ္တနိယ သဘောများ မရှိမှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းသင်္ခါရ တရားအစုအပုံကို အနတ္တ အနတ္တဟု ရှုပါ။ ဤသို့လျှင် အဇ္ဈတ္တ၌လည်းကောင်း, ဗဟိဒ္ဓ၌လည်းကောင်း အတ္တ အတ္တနိယမှ ဆိတ်သည်၏ အဖြစ်ဟု ဆိုအပ်သော သက်သက်သော သင်္ခါရတရားအစု၏ အဖြစ်ကို စတုကောဋိက သုညတာကို သိမ်းဆည်းသဖြင့် ရှုအပ်သည် ဖြစ်၏။

## ဆကောဋိက – ဆဟာကာရသုညတာနုပဿနာ

စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ ပ။ မနော သုညော။ ရူပါ သုညာ။ ပ။ ဓမ္မာ သုညာ။ စက္ခုဝိညာဏံ။ ပ။ မနောဝိညာဏံ။ စက္ခုသမ္ဖဿောတိ ဧဝံ ယာဝ ဇရာမရဏာ နယော နေတဗ္ဗော။ (ဝိသုဒ္ဓိ-၂-၂၉၂။ စူဠနိဒ္ဒေသ-၁၈၃။)

ဤအထက်ပါ ပါဠိတော် အဋ္ဌကထာတို့နှင့်အညီ သင်္ခါရုပေက္ခာ ဝိပဿနာဉာဏ်၏ အရှုခံ အာရုံ ပရမတ္ထ တရားများမှာ ရှေးပိုင်း ဝိပဿနာဉာဏ်များနည်းတူ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်သဘော တရားများပင် ဖြစ်ကြသည်ဟု မှတ်ပါ။ ယင်း သင်္ခတပရမတ်တရားတို့ကို ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, အာယတန (၁၂)ပါးနည်း, ဓာတ် (၁၈)ပါးနည်း, ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါးနည်း စသည်ဖြင့် ပုံ၍ ယင်း အစု အပုံလိုက်သော ပရမတ္ထဓာတ်သား အသီးအသီးကို —

၁။ အတ္တမှ လည်းကောင်း,

၂။ အတ္တနိယ = အတ္တနှင့် စပ်သော ဥစ္စာမှလည်းကောင်း,

၃။ နိစ္စဟု ကြံဆထားအပ်သော အတ္တမှသော်လည်းကောင်း, အခြား တစ်စုံတစ်ခု တစ်စုံတစ်ယောက်မှ လည်းကောင်း,

၄။ မြဲမြံ ခိုင်ခံ့သည့် ဓုဝ သဘောမှလည်းကောင်း,

၅။ အခါခပ်သိမ်း ထင်ရှားရှိသည်၏ အဖြစ်ဟူသော သဿတ သဘောမှလည်းကောင်း,

၆။ ဖောက်ပြန်ခြင်း ကင်းသည်၏ အဖြစ်ဟူသော အဝိပရိဏာမဓမ္မ သဘောမှလည်းကောင်း —

ဆိတ်သုဉ်းမှု ကင်းဆိတ်မှု သုညတသဘောကို ယင်းသင်္ခါရတရားတို့၌ ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်၍ **သုညံ သုညံ** - ဟု ရှုပါ။ တစ်နည်း — အနတ္တ အနတ္တ , အနိစ္စ အနိစ္စ - ဟု ရှုပါ။

(၁) (၂) တို့ကား အနတ္တာနုပဿနာပင် ဖြစ်၏။ (၃ - ၄ - ၅ - ၆) တို့ကား အနိစ္စာနုပဿနာတို့ ဖြစ်ကြ၏။ ဤ အထက်ဖော်ပြပါ သင်္ခါရတရား အသီးအသီး၌ ဤသဘောတရား (၆)မျိုးမှ ကင်းဆိတ်မှု သုညတ

သဘောကို အဖန်ဖန် အထပ်ထပ် ရှုသော အနုပဿနာဖြစ်သဖြင့် ဤ အနုပဿနာကို ဆကောဋိက သုညတာ-နုပဿနာ = ဆဟာကာရ သုညတာနုပဿနာဟု ခေါ်ဆိုပေသည်။

## အဋ္ဌ အာကာရ = အဋ္ဌကောဋိက သုညတာနုပဿနာ

အထက်တွင် ဖော်ပြထားသော ရူပက္ခန္ဓာမှသည် ဇရာ-မရဏသို့တိုင်အောင်သော ခန္ဓာ အာယတန ဓာတ် ဣန္ဒြေ သစ္စ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ငါးပုံ တစ်ဆယ့်နှစ်ပုံစသည်ဖြင့် အုပ်စုအလိုက် တစ်ပုံစီ တစ်ပုံစီ ခွဲ၍ (၈)မျိုးသော အခြင်းအရာတို့ဖြင့် ရှုရမည် ဖြစ်သည်။ ပုံစံတစ်ခုကို ဆိုအံ့။ —

ရုပ်တရားသည် —

၁။ နိစ္စသာရ = မြဲသည့် အနှစ်ဖြင့်လည်းကောင်း,
၂။ ဓုဝသာရ = ခိုင်ခံ့သည့် အနှစ်ဖြင့်လည်းကောင်း,
၃။ သုခသာရ = ချမ်းသာအစစ် သုခ အနှစ်ဖြင့်လည်းကောင်း,
၄။ အတ္တသာရ = အတ္တ အနှစ်ဖြင့်လည်းကောင်း,
၅။ မြဲသည့် နိစ္စ အဖြစ်ဖြင့်လည်းကောင်း,
၆။ ခိုင်ခံ့သည့် ဓုဝ အဖြစ်ဖြင့်လည်းကောင်း,
၇။ အခါခပ်သိမ်း တည်ရှိသည့် သဿတ အဖြစ်ဖြင့်လည်းကောင်း,
၈။ ဖောက်ပြန်ခြင်း ကင်းသည့် အဝိပရိဏာမဓမ္မ အဖြစ်ဖြင့်လည်းကောင်း —

အသာရ = အနှစ် မဟုတ်၊
နိဿာရ = အနှစ် မရှိ၊
သာရာပဂတ = အနှစ်မှ ကင်း၏ဟု ရှုပါ။

ဝေဒနာမှသည် ဇရာ-မရဏသို့ တိုင်အောင် နည်းတူ ရှုပါ။

ကျူပင်, ကြက်ဆူပင်, ရေသဖန်းပင်, ရေခတက်ဖြူပင် = ကြောင်မီးတူပင်, ပေါက်ပင်, ရေမြှုပ်စိုင်, ရေပွက်, တံလျှပ်, ငှက်ပျောတုံး, မျက်လှည့်သမား ပြအပ်သော အရာဝတ္ထုသည် အနှစ်မဟုတ်သကဲ့သို့ အနှစ်မရှိသကဲ့သို့, အနှစ်မှ ကင်း၏သို့ မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၉၂။)

## ဒသဟာကာရ = ဒသကောဋိက သုညတာနုပဿနာ

ရုပ်တရားကို —

၁။ **ရိတ္တတော** = နိစ္စသာရ = မြဲသော အနှစ်သာရစသည်တို့၏ မရှိခြင်းကြောင့် အနှစ်ကင်းသော တရားဟု = ရိတ္တဟု ရှု၏။

၂။ **တုစ္ဆတော** = နိစ္စအနှစ် စသည် ကင်းသဖြင့် အချည်းနှီးသော တရားဟု = တုစ္ဆဟု ရှု၏။

၃။ **သုညတော** = အတ္တအနှစ်မှ ကင်းဆိတ်သော တရားဟု = သုညဟု ရှု၏။

၄။ **အနတ္တတော** = မိမိကိုယ်တိုင် အတ္တမဟုတ်သည်၏ အဖြစ်ကြောင့် အနတ္တဟု ရှု၏။

၅။ **အနိဿရိယတော** = အစိုးရသည်၏အဖြစ် အစိုးရခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း, တစ်စုံတစ်ယောက်သော သူသည် အစိုးရသည်၏ အဖြစ် အစိုးရခြင်းကို ပြုစေခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်-ကြောင့်လည်းကောင်း အစိုးမရဟု = အနိဿရိယဟု ရှု၏။

၆။ **အကာမကာရိယတော** = ရေမြှုပ်စိုင်ဖြင့် အိုးခွက်စသည်ကို ပြုလုပ်လိုသော ပုဂ္ဂိုလ်အား ထိုမိမိ ပြု-လုပ်လိုသော အိုးခွက်စသည့် အမှုလုပ်ငန်းကိစ္စသည် မပြီးစီးနိုင်သကဲ့သို့ ရုပ်တရား၏ မြဲသည့်နိစ္စ အဖြစ်စသည်ကို ပြုလုပ်လိုသော ပုဂ္ဂိုလ်အား ထို မိမိပြုလုပ်လိုသော အမှုလုပ်ငန်း ကိစ္စရပ်သည် မပြီးစီးနိုင်ပေ။ တစ်နည်းဆိုသော် မိမိအလိုဆန္ဒ၏ အစွမ်းအားဖြင့် တစ်စုံတစ်ခုသော ပြုလုပ်ခြင်း ကိရိယာသည် မရှိ၊ ထိုကြောင့် အကာမကာရိယဟု ရှု၏။

၇။ **အလဗ္ဘနီယတော** = “ ရုပ်သည် ဤသို့ ဖြစ်စေသတည်း၊ ဤသို့ မဖြစ်ပါစေသတည်း၊” ဤသို့ တောင့်တ၍ မရအပ် မရနိုင်ဟု = အလဗ္ဘနီယဟု ရှု၏။

၈။ **အဝသဝတ္တကတော** = (က) မိမိသည် သူတစ်ပါး၏ အလိုသို့ မလိုက်တတ်သည်၏ အဖြစ်ကြောင့် အလိုအတိုင်း မဖြစ်ဟု, (ခ) သူတစ်ပါးကိုလည်း မိမိ၏အလို၌ မဖြစ်စေနိုင်သောကြောင့် အလိုအတိုင်း မဖြစ်စေနိုင်ဟု = အဝသဝတ္တကဟု ရှု၏။

၉။ **ပရတော** = အကြင်ရုပ်နာမ်သန္တတိ အစဉ်၌ မိမိရုပ်တရားကိုယ်တိုင် ဖြစ်နေ၏၊ ထို ရုပ်နာမ်သန္တတိ အစဉ်ကို သူတစ်ပါးကဲ့သို့ပင် မစီမံအပ် မစီမံနိုင်သည်၏ အဖြစ်ကြောင့် သူစိမ်းပြင်ပဟု = ပရဟု ရှု၏။

၁၀။ **ဝိဝိတ္တတော** = ရုပ်တရားသည် ပြုလုပ်တတ်သူ = ဖန်ဆင်းတတ်သူ အတ္တစသည်တို့မှ ကင်းဆိတ်သကဲ့သို့ ထို့အတူ ရုပ်တရားသည် အကြောင်းတရားမှလည်းကောင်း, အကျိုးတရားမှလည်းကောင်း ကင်းဆိတ်၏ဟု = ဝိဝိတ္တဟု ရှု၏။ မှန်ပေသည် — အကြောင်းတရားနှင့် အကျိုးတရားသည်လည်းကောင်း, အကျိုးတရားနှင့် အကြောင်းတရားသည်လည်းကောင်း ကိုယ်ဝန်ရှိလျက် ကိုယ်ဝန်နှင့်တကွ တည်နေသည်ကား မဟုတ်ပေ။ အကြောင်းတရား၌ အကျိုးတရားသည် မတည်၊ အကျိုးတရား၌လည်း အကြောင်းတရားသည် မတည်။ ကိုယ်ဝန်တည်နေသကဲ့သို့ အကြောင်း၌ အကျိုး, အကျိုး၌ အကြောင်း တည်နေကြသည်ကား မဟုတ်။ အကြောင်းတရားထင်ရှားတည်ရှိနေပါက အကျိုးတရား၏ ထင်ရှားဖြစ်ခြင်းမျှသာ ဖြစ်သည်။ အကြောင်းကား သတ်သတ်, အကျိုးကားသတ်သတ် တခြားစီသာ ဖြစ်သည်။ ဤသို့လျှင် အကြောင်းတရားနှင့် အကျိုးတရားတို့သည် အချင်းချင်း ကင်းဆိတ်ကြပေသည်။

ဝေဒနာက္ခန္ဓာမှသည် ဇရာမရဏသို့ တိုင်အောင်သော တရားတို့ကို နည်းတူပင် ရှုပါ။ (ဝိသုဒ္ဓိ-၂-၂၉၃။)

## ဒွါဒသဟာကာရ သုညတာနုပဿနာ

ရုပ်တရားသည် —

၁။ **န သတ္တော** = သတ္တဝါ မဟုတ် = တိတ္ထိတို့သည် ကြံဆအပ်သော အတ္တဟုဆိုအပ်သော သတ္တဝါ မဟုတ်။

၂။ **န ဇီဝေါ** = ဇီဝမဟုတ် = တိတ္ထိတို့သည် ကြံဆအပ်သော ဇီဝကောင် = အသက်ကောင် မဟုတ်။

၃။ **န နရော** = နရ မဟုတ် = ဆောင်တတ်သော သူ မဟုတ် = ဆောင်တတ်သော အတ္တ မဟုတ်။

၄။ **န မာဏဝေါ** = မာဏဝ မဟုတ် = မာနဖြစ်ရာ မဟုတ် = မာနဖြစ်ရာ အတ္တ မဟုတ်။

၅။ **န ဣတ္ထီ** = ဣတ္ထိ မဟုတ် = တိတ္ထိတို့သည် ကြံဆအပ်သော ကိုယ်ဝန်တည်ရာ ဣတ္ထိ = အတ္တ မဟုတ်။

၆။ **န ပုရိသော** = ပုရိသ မဟုတ် = တိတ္ထိတို့သည် ကြံဆအပ်သော ပုရိသ မဟုတ် = ပြခန်းသည်၏ အဖြစ်ဖြင့် ရှေး၌ တည်တတ်သော အတ္တ မဟုတ်။

၇။ **န အတ္တာ** = အတ္တမဟုတ် = တိတ္ထိတို့သည် ကြံဆအပ်သော ငါ-ဟူသော မာနကိုထားရာ အတ္တ မဟုတ်။

ရုပ်တရားသည် ငါ-ဟု ပြအပ်သော ဒိဋ္ဌိ၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့် ယင်းရုပ်တရားကို အဟံဟူ၍လည်းကောင်း, အတ္တဟူ၍လည်းကောင်း အတ္တဒိဋ္ဌိဝါဒ အယူရှိသော ပုဂ္ဂိုလ်တို့က ခေါ်ဆိုအပ်ပေသည်။

၈။ **န အတ္တနိယံ** = အတ္တ၏ ဉစ္စာ မဟုတ်။

**မှတ်ချက်** — အကယ်စင်စစ်မှာမူ ရုပ်တရားသည် ထိုသို့ အတ္တဇီဝစသော သဘောတရားရှိသည်ကား မဟုတ်ပေ၊ ထိုကြောင့် သုညတသဘောကို သိမ်းဆည်းခြင်း အစီအရင်ကို ပြခြင်းငှာ ရူပံ န သတ္တော = ရုပ်တရား-သည် သတ္တဝါ မဟုတ်စသည်ကို မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ ထိုကြောင့် ဤဖော်ပြခဲ့သော (၁)မှ (၈)သို့ တိုင်-အောင်သော ပုဒ်တို့ဖြင့် ရုပ်တရား၏ အတ္တသုညတ = အတ္တမှ ကင်းဆိတ်မှု သဘောကို ရှုရန် ညွှန်ကြားပြသနေ၏။ နောက်တွင် ဆက်လက်ဖော်ပြမည့် (၄)ပုဒ်တို့ဖြင့် ကြောင့်ကြဖွယ် ပလိဗောဓအဖြစ်၏ မရှိမှု, ရုပ်တရား၌ အတ္တနှင့် စပ်ဆိုင်သော တစ်စုံတစ်ရာ အဖြစ်၏ မရှိခြင်းကို ရှုရန် ညွှန်ပြထားအပ်ပေသည်။ (မဟာဋီ-၂-၄၅၈။)

၉။ **နာဟံ** = ငါ မဟုတ်။

၁၀။ **န မမ** = ငါ၏ အတ္တ၏ ဉစ္စာ မဟုတ်။

၁၁။ **န အညဿ** = သူတစ်ပါး၏ အတ္တ၏ ဉစ္စာ မဟုတ်။

၁၂။ **န ကဿစိ** = တစ်စုံတစ်ယောက်သော သူ၏ အတ္တ၏ ဉစ္စာလည်း မဟုတ်။

**မှတ်ချက်** — ရုပ်တရား၌ မိမိ၏ အတ္တ သူတစ်ပါး၏ အတ္တဟူသော တစ်စုံတစ်ခုသော အတ္တ၏ မရှိခြင်း-ကြောင့် ဖြစ်သည်။ **န အတ္တနိယံ** - ဟူသော ပုဒ်ဖြင့် ပြအပ်ပြီးသည်သာလျှင် ဖြစ်သော အနက်ကို ပရိယာယ် တစ်မျိုး ဖြစ်ကုန်သော - န မမ, န အညဿ, န ကဿစိဟူသော သုံးပုဒ်တို့ဖြင့် ထပ်မံ ဖော်ပြအပ်သည်ဟု မှတ်ပါ။ (မဟာဋီ-၂-၄၅၈။)

ဝေဒနာက္ခန္ဓာမှသည် ဇရာမရဏသို့တိုင်အောင်သော တရားတို့၌လည်း ဤနည်းပင်တည်း။
(ဝိသုဒ္ဓိ-၂-၂၉၃။ မဟာဋီ-၂-၄၅၇-၄၅၈။)

## ဒွါစတ္တာလီသာ အာကာရ – သုညတာနုပဿနာ

ရှေးကလာပသမ္မသနဉာဏ်ပိုင်း၌ ကလာပသမ္မသနဉာဏ် မြဲမြံခိုင်ခံ့ရန်အတွက် ရည်ရွယ်၍ ပွားများ-အပ်သော တော (၄၀)ခေါ် ဘာဝနာ (၄၀)သည်လည်း ဤအပိုင်း၌ **သုညတာနုပဿနာ**၏ မြဲမြံခြင်း အကျိုးငှာ ဖြစ်ကုန်၏ဟု ပြခြင်းအကျိုးငှာ ဤ (၄၂)မျိုးသော အခြင်းအရာတို့ဖြင့် သုညတာနုပဿနာကို ဖော်ပြခြင်း ဖြစ်-ပေသည်။ တော (၄၀)ခေါ် ဘာဝနာ (၄၀)တို့၏ အဓိပ္ပါယ်ကို ရှေး၌ ရေးခဲ့ပြီ။ ဤ၌ ရှေးတွင် မရေးခဲ့ရသေးသော ပုဒ်တို့ကို ထပ်မံ၍ ဖော်ပြအပ်ပါသည်။

**အသာရကဋ္ဌေန ဘူတတော** = ရုပ်တရားသည် ဘေးကို မဖျောက်ပယ်တတ်သောကြောင့် ကိုးကွယ်ရာဟု ယူခြင်းငှာ မသင့်သည်ဖြစ်၍ ကိုးကွယ်ရာဖြစ်မှု မဟုတ်သည်၏ အဖြစ်ကြောင့် အသရဏီဘူတ ဖြစ်ပေသည်။ ယင်းသဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အသရဏီဘူတဟု ရှုပါ။

**အနဿာဒတော** = ရုပ်တရားသည် သာယာအပ်သည် မဟုတ်သောကြောင့် ယင်းရုပ်တရားကို မသာယာ အပ်ဟု = အနဿာဒဟု ရှုပါ။ (ဤပုဒ်ကား နိဒ္ဒေသပါဠိတော်၌ မရှိပါ၊ ရှိခဲ့သော် (၄၃)မျိုးသော အခြင်းအရာ ဖြစ်ပေလိမ့်မည်။ — မဟာဋီ-၂-၄၅၈။)

**အာဒီနဝတော** = ရုပ်တရား၏ ဖြစ်ခြင်းသည် ရှိလတ်သော် အလုံးစုံသော အပြစ်စု အပြစ်ပုံကြီး = အာဒီနဝကို ရခြင်းကြောင့် ရုပ်တရားကို အပြစ်အစု အပြစ်အပုံ ရှိသော တရားဟု = အာဒီနဝဟု ရှုပါ။ (ဤပုဒ်လည်း တော - ၄၀ - တွင် ပါဝင်ပေသည်။)

**သမုဒယတော** = ဖြစ်ခြင်းသဘောအားဖြင့် သမုဒယဟု ရှုပါ။

**အတ္ထင်္ဂမတော** = ချုပ်ခြင်းသဘောအားဖြင့် အတ္ထင်္ဂမဟု ရှုပါ။

**မှတ်ချက်** — ရုပ်နာမ် သင်္ခါရတရားတို့ကို ဖြစ်စေတတ်သော အကြောင်းတရားတို့သည်လည်း အနိစ္စ တရားတို့သာ ဖြစ်ကြ၏။ အနိစ္စဖြစ်သော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာကြရကုန်သော အကျိုး ရုပ်နာမ်-တို့သည်လည်း အနိစ္စတရားတို့ပင် ဖြစ်ကြရကုန်၏။ ရုပ်နာမ် သင်္ခါရတရားတို့၏ အနိစ္စဖြစ်မှုသည် အကြောင်းတရား ဟူသော သူတစ်ပါး၏အလိုအတိုင်း ဖြစ်ကြရ၏။ အနိစ္စာနုပဿနာကို ရှုပွားသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း သင်္ခါရတရားတို့၏ အနိစ္စဖြစ်မှုသည် အကြောင်းတရားဟူသော သူတစ်ပါး၏ အနိစ္စဖြစ်မှုနှင့် ဆက်စပ်နေပုံကို မြင်အောင် ရှုရမည် ဖြစ်သည်။ တစ်ဖန် သင်္ခါရတရားတို့၌ နိစ္စဟူသော အနှစ်သာရမှ ကင်းသည်ကိုလည်း မြင်အောင် ရှုရမည် ဖြစ်သည်။ ယင်းသို့ ရှုမြင်နိုင်ခဲ့သော် အနိစ္စာနုပဿနာဉာဏ်က — “သင်္ခါရတရားတို့သည် အကြောင်းတရားဟူသော သူတစ်ပါး၏ အလိုအတိုင်း ဖြစ်သည်၏ အဖြစ်ဖြင့်လည်းကောင်း, နိစ္စအနှစ်မှ ကင်း-သည်၏ အဖြစ်ကို ဖော်ပြသဖြင့်လည်းကောင်း”— သင်္ခါရတရားတို့၌ သုညတသဘောကို ထင်ရှားစေသကဲ့သို့ အလားတူပင် ဤသမုဒယဟု အတ္ထင်္ဂမဟု သင်္ခါရတရားတို့ကို ရှုခြင်းသည်လည်း သင်္ခါရတရားတို့၌ အကျိတ်အခဲ အမြဲတည်နေသည့် ခိုင်မာသည့် အနှစ်သာရ အတ္တမှ ဆိတ်သုဉ်းမှု သုညတသဘောကိုပင် ထင်ရှားဖော်ပြ နေပေသည်ဟု နှလုံးပိုက်၍ ဤရှုကွက် နှစ်မျိုးကို မိန့်ဆိုတော်မူခြင်း ဖြစ်ပေသည်။ (မဟာဋီ-၂-၄၅၈။) ဤရှုကွက်မှာ အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ ပစ္စယတော ဥဒယဒဿန, အကြောင်းတရားချုပ်ခြင်းကြောင့် အကျိုးတရားချုပ်ပုံ ပစ္စယတော ဝယဒဿန ရှုကွက်ပင် ဖြစ်သည်။ ခဏတော ဥဒယဗ္ဗယဒဿနသည်လည်း အကျုံးဝင်လျက်ပင် ရှိသည်။

**အဿာဒတော** = သုခ သောမနဿဟူသော သာယာဖွယ်ကို ဖြစ်စေတတ်သော သဘောတရားဟု = အဿာဒဟု ရှုပါ။

ရုပ်တရားစသော သင်္ခါရတရားတို့သည် အဿာဒအားဖြင့် ရှုသင့်သော တရားတို့လည်း ဖြစ်ကြပြန်ကုန်၏။

ယံ ခေါ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ။ (သံ-၂-၂၃။)

= ရုပ်တရားကို အစွဲပြု၍ ဖြစ်ပေါ်လာသော သုခဝေဒနာ သောမနဿဝေဒနာသည် ရုပ်တရား၏ သာယာဖွယ် သဘောတရားတည်း။ (သံ-၂-၂၃။)

ဤသို့ အဿာဒ = သာယာဖွယ် သဘောတရားအားဖြင့် ရုပ်တရားကို ရှုခြင်းသည် အကြောင်း ပစ္စည်း တရားနှင့် အကျိုး ပစ္စယုပ္ပန်တရား၏ ဖြစ်ပုံကို ထင်ရှားစွာ ဖော်ပြသဖြင့် သုညတသဘောကို ထင်ရှားစေ၏။

**အာဒီနဝတော** = အပြစ်အားဖြင့် အာဒီနဝ အာဒီနဝဟု ရှုပါ။

ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။ (သံ-၂-၂၁။)

= အကြင် ရုပ်တရားသည် အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ ဖြစ်၏၊ ဤ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ သဘော တရားသည် ရုပ်တရား၏ အပြစ်အာဒီနဝတည်း။ (သံ-၂-၂၁။)

ဤသို့ ရုပ်တရား၏ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ်အာဒီနဝကို ရှုခြင်းသည် ရုပ်တရား၌ နိစ္စသဘော သုခသဘော အဝိပရိဏာမဓမ္မသဘောတရားတို့မှ ဆိတ်သုဉ်းမှု သုညတသဘောကို ထင်ရှားစေခြင်း ထင်ရှားဖော်ပြခြင်းကြောင့် ရုပ်တရား၌ သုညတသဘောကိုပင် ထင်ရှားစေ၏။ ရှေး၌ ဤ အာဒီနဝရှုကွက်ကို အကြိမ်ကြိမ် ဆိုပြီးလျက် ဤ၌ တစ်ဖန်ထပ်၍ ဆိုခြင်းသည် အဿာဒသဘောကို ပယ်သောအားဖြင့် ရှုကွက်ကို ရည်ရွယ်၍ တစ်ဖန် ဆိုသည်ဟု သိပါလေ။ (မဟာဋီ-၂-၄၅၈။)

**နိဿရဏတော** = ထွက်မြောက်ကြောင်းသဘောအားဖြင့် နိဿရဏ နိဿရဏဟု ရှုပါ။

ယော ရူပေ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ။ (သံ-၂-၂၃။)

ရုပ်တရား၌ တွယ်တာတပ်မက်နေသော ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းသည် ရုပ်တရား၏ ထွက်မြောက်ရာ = ရုပ်တရားမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း တရားတည်း။ (သံ-၂-၂၃။)

ဤသို့ ဟောကြားတော်မူသည့်အတိုင်း ရုပ်တရား၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း နိဿရဏ သဘောကို ရှုခြင်းသည်လည်း ရုပ်တရား၏ သုညတသဘောကို ထင်ရှားစေ၏။

သို့အတွက် သမုဒယသဘော အတ္ထင်္ဂမသဘောစသော ထိုထိုရှုနည်း ရှုကွက်တို့သည် သုညတာနုပဿနာကို တိုးပွားစေသော ဘာဝနာလုပ်ငန်းရပ်တို့သာ ဖြစ်ကြသည်ဟု မှတ်ပါ။

## (၄၂) ပါးသော အခြင်းအရာ

(၁) အနိစ္စတော (၂) ဒုက္ခတော (၃) ရောဂတော (၄) ဂဏ္ဍတော (၅) သလ္လတော (၆) အဃတော (၇) အာဗာဓတော (၈) ပရတော (၉) ပလောကတော (၁၀) ဤတိတော (၁၁) ဥပဒ္ဒဝတော (၁၂) ဘယတော (၁၃) ဥပသဂ္ဂတော (၁၄) စလတော (၁၅) ပဘင်္ဂုတော (၁၆) အဒ္ဓုဝတော (၁၇) အတာဏတော (၁၈) အလေဏတော (၁၉) အသရဏတော (၂၀) အသရဏီဘူတတော (၂၁) ရိတ္တတော (၂၂) တုစ္ဆတော (၂၃) သုညတော (၂၄) အနတ္တတော (၂၅) အနဿာဒတော (၂၆) အာဒီနဝတော (၂၇) ဝိပရိဏာမဓမ္မတော (၂၈) အသာရကတော (၂၉) အဃမူလတော (၃၀) ဝဓကတော (၃၁) ဝိဘဝတော (၃၂) သာသဝတော (၃၃) သင်္ခတတော (၃၄) မာရာမိသတော (၃၅) ဇာတိဓမ္မတော (၃၆) ဇရာဓမ္မတော (၃၇) ဗျာဓိဓမ္မတော (၃၈) မရဏဓမ္မတော (၃၉) သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသဓမ္မတော (၄၀) သမုဒယတော (၄၁) အတ္ထင်္ဂမတော (၄၂) အဿာဒတော * အာဒီနဝတော (၄၃) နိဿရဏတော။ (ဝိသုဒ္ဓိ-၂-၂၉၃။)

**မှတ်ချက်** — (၂၅) အနဿာဒတောကို နုတ်ပါက (၄၂) ဖြစ်သည်။ (၂၆)တွင် အာဒီနဝတော ပါပြီး ဖြစ်၏။ တစ်ဖန် (၄၃) နေရာတွင်လည်း အာဒီနဝတော ထပ်ပါ နေပြန်၏။ ယင်းနှစ်ခုကို တစ်ခုအဖြစ် ရေတွက်ပါက (၄၂)ပါးသော အခြင်းအရာပင် ဖြစ်၏။ ရှေးကလာပသမ္မသနပိုင်းတွင် သဘောတူရာ စုပေါင်း၍ အနိစ္စလက္ခဏာ (၁၀)ချက်, ဒုက္ခလက္ခဏာ (၂၅)ချက်, အနတ္တလက္ခဏာ (၅)ချက်တို့ကိုရေးသားတင်ပြခဲ့၏။ ဤ၌ ပါဠိတော်ကြီးများနှင့် အဋ္ဌကထာတို့၌ ဖွင့်ဆိုထားသည့်အတိုင်း ရေးသားတင်ပြထားပါ၏။ စွမ်းနိုင်ပါက ဤအထက်ပါ အစဉ်အတိုင်းလည်း ထပ်မံ၍ ရှုပါ။ ဝေဒနာက္ခန္ဓာမှသည် ဇရာမရဏသို့ တိုင်အောင်သော တရားတို့၌လည်း နည်းတူပင် ရှုပါ။ မထင်ရှားသော အနက်အဓိပ္ပါယ်များကို ရှေး တော (၄၀)ပိုင်းတွင် ပြန်ကြည့်ပါ။ ရှေးပိုင်းတွင် သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှု ဥဒယဗ္ဗယ နှစ်မျိုးလုံးကို အာရုံယူ၍ ဝိပဿနာ ရှု၏။ ဤအပိုင်းတွင်ကား ပျက်မှု ဝယသဘောသက်သက်ကိုသာ အာရုံယူ၍ ဝိပဿနာရှုရ၏။ ဤမျှသာ ထူးသည်။

## ရှင်သေမင်း မမြင်နိုင်သူ

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(ခု-၁-၄၄၈။ စူဠနိ-၁၈၀။)

မောဃရာဇ = ဒါယကာတော် မောဃရာဇရသေ့။ သဒါ = နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ သတော = သတိပဋ္ဌာန် လေးပါး မပြတ်ပွားလျက် ထင်သော သတိနှင့် ပြည့်စုံသည် ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ = အတ္တဟူ၍ အစဥ်ပြေးသွားသော နှစ်ဆယ်သော တည်ရာဝတ္ထု ရှိသော သက္ကာယဒိဋ္ဌိကို။ ဦဟစ္စ = နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် နှုတ်ပစ်ပယ်ခွာ၍။ သုညတော = နိစ္စ သုခ အတ္တ သုဘစသော အနှစ်သာရမှ ဆိတ်သုဉ်းသောအားဖြင့်။ လောကံ = ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် ရုပ်နာမ်ဓမ္မ သင်္ခါရလောကကို။ အဝေ-က္ခဿု = ဝိပဿနာဉာဏ်ပညာ စက္ခုဖြင့် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်လျက် အဖန်ဖန် အထပ်ထပ် ရှုပွား သုံးသပ်ပါလေလော။ ဧဝံ = ဤသို့ ရှုပွား သုံးသပ်နိုင်ခဲ့သည်ရှိသော်။ မစ္စုတရော = (၃၁)နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်းကို ကျော်လွှားလွန်မြောက်၍ သွားနိုင်သည်။ သိယာ = ဖြစ်လေရာ၏။ ဧဝံ = ဤသို့ ဟောအပ်ပြီးသော နိစ္စ သုခ အတ္တ ဓုဝ သဿတ အဝိပရိဏာမဓမ္မစသော အနှစ်သာရမှ ဆိတ်သုဉ်းသော အခြင်းအရာအားဖြင့်။ လောကံ = ဒုက္ခသစ္စာ သမုဒယသစ္စာဟူသည့် ရုပ်နာမ်ဓမ္မ သင်္ခါရလောကကို။ အဝေက္ခန္တံ = ဝိပဿနာဉာဏ်ပညာ စက္ခုဖြင့် စေ့စေ့ငုငု မြော်ရှုဆင်ခြင်လျက်ရှိသော သူကို။ မစ္စုရာဇာ = (၃၁)နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်းသည်။ န ပဿတိ = ဘယ်တော့မှ မမြင်နိုင်လေပြီ။ (ခု-၁-၄၄၈။ စူဠနိ-၁၈၀။ ဝိသုဒ္ဓိ-၂-၂၉၃။)

## ဘယ နှင့် နန္ဒီ

ဧဝံ သုညတော ဒိသွာ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ ပရိဂ္ဂဏှန္တော ဘယဉ္စ နန္ဒိဉ္စ ဝိပ္ပဟာယ သင်္ခါရေသု ဥဒါသီနော အဟောသိ မဇ္ဈတ္တော၊ အဟန္တိ ဝါ မမန္တိ ဝါ န ဂဏှာတိ ဝိဿဋ္ဌဘရိယော ဝိယ ပုရိသော။ ပ။ ဣစ္စဿ **သင်္ခါရုပေက္ခာဉာဏံ** နာမ ဥပ္ပန္နံ ဟောတိ။ (ဝိသုဒ္ဓိ-၂-၂၉၄။)

ဤသို့လျှင် သင်္ခါရတရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို စူးစမ်းဆင်ခြင် ဆုံးဖြတ်ခြင်း တီရဏပရိညာ၏ အစွမ်းဖြင့် ခန္ဓာတစ်ပါးစီ တစ်ပါးစီ အသီးအသီး ခွဲခြား၍ ခန္ဓာ (၅)ပါးတို့၌ (၄၂)ပါးသော အခြင်းအရာတို့ဖြင့် သုညတသဘောကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် သိမ်းဆည်းနိုင် မြင်နိုင်သော်လည်း အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟူသော သုံးမျိုးသော အနုပဿနာ၏ အစွမ်းဖြင့်သာလျှင် ဝိပဿနာဘာဝနာကို လုံ့လကြိုးကုတ် ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် သင်္ခါရု-ပေက္ခာဉာဏ်သည် ဖြစ်ပေါ်လာနိုင်၏။ ထိုကြောင့် သင်္ခါရတရားတို့၌ သုညတသဘောကို မြင်ပြီး၍ လက္ခဏာရေး သုံးတန်ကို တင်ပြီး၍ သင်္ခါရတရားတို့ကို စူးစမ်းဆင်ခြင် သုံးသပ်သော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ သင်္ခါရတရားတို့၌ လျစ်လျူ မရှုသည့်အတွက် သင်္ခါရတရားတို့၏ ပျက်စီးခြင်းကို မှီ၍ ဖြစ်လတ္တံ့သော ကြောက်ရွံ့ခြင်း = ဘယကိုလည်းကောင်း,

၂။ ထိုသင်္ခါရတရားတို့၏ ပြည့်စုံခြင်းကို မှီ၍ ဖြစ်လတ္တံ့သော ဝမ်းမြောက်နှစ်သက်ခြင်း = နန္ဒီ = ပီတိ, ပီတိနှင့် တကွသော တဏှာကိုလည်းကောင်း ပယ်စွန့်နိုင်၏။ တစ်နည်း —

၁။ သင်္ခါရတရားတို့၌ အပျက်သက်သက်ကိုသာ ဝိပဿနာဉာဏ်ဖြင့် မြင်နေသဖြင့် ကြောက်မက်ဖွယ်ရာ ဘေးဟု ထင်မြင်သည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော ဉာဏ်ဟူသော ကြောက်ခြင်း ဉာဏဘယကိုလည်းကောင်း,

၂။ သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးချက်ကို တင်၍ ရှုပွားသုံးသပ်ခြင်း သမ္မသန၏ အစွမ်းဖြင့် ဖြစ်ပေါ်-လာသော နှစ်သက်ဝမ်းမြောက်ခြင်း ပီတိဟူသော နန္ဒီကိုလည်းကောင်း ပယ်စွန့်နိုင်၏။

ပယ်စွန့်နိုင်သည်ဖြစ်၍ သင်္ခါရတရားတို့၌ လေးတူချိန်သို့ ဥဒါသိန်မူနေ၏ = အလယ်အလတ်၌ တည်၍ လျစ်လျူရှုနေ၏။ သင်္ခါရတရားတို့ကို ငါဟူ၍လည်းကောင်း, ငါ၏ ဥစ္စာဟူ၍လည်းကောင်း မစွဲယူတော့ပေ။ မှန်ပေသည် — အချင်းခပ်သိမ်းအားဖြင့် သင်္ခါရတရားတို့၌ ကြောက်ခြင်း ဘယ, သင်္ခါရတရားတို့၌ နှစ်သက် ပျော်မွေ့ခြင်း = နန္ဒီတရားတို့၏ သက်ဝင်ခွင့် ဖြစ်နိုင်ခွင့်သည် မရှိတော့ပြီ ဖြစ်သည်။ စင်စစ်အားဖြင့်သော်ကား သင်္ခါရတရားတို့၌ အညီအမျှ လျစ်လျူရှုခြင်း = ဥပေက္ခာသည်သာလျှင် ကောင်းစွာတည်နေပေသည်။ စွန့်လွှတ်ထားအပ်ပြီးသော မယားရှိသော ယောကျ်ားကဲ့သို့ ဖြစ်နေ၏။

ယောကျ်ားတစ်ယောက်၌ အလွန်နှစ်သက်မြတ်နိုးအပ်သော အမျိုးသမီးတစ်ဦး ရှိနေ၏။ ထိုအမျိုးသမီး၏ အခြားယောကျ်ားတို့နှင့် ဖောက်ပြားမှုကို တွေ့မြင်သဖြင့် ထိုယောကျ်ားသည် ထိုအမျိုးသမီးကို မယားအဖြစ်မှ စွန့်လွှတ်လိုက်၏။ ထိုသို့ စွန့်လွှတ်ပြီးသည့် နောက်ပိုင်းတွင် ထိုအမျိုးသမီးကို ယောကျ်ားတစ်ပါးတို့နှင့် ဖောက်ပြား-နေသည်ကို ထိုယောကျ်ား တွေ့မြင်သော်လည်း ထိုယောကျ်ား၏ သန္တာန်ဝယ် ထိုအမျိုးသမီး၏ အပေါ်၌ အမျက်ထွက်ခြင်းလည်း မဖြစ်, စိတ်နှလုံး မသာယာခြင်းလည်း မဖြစ်တော့ဘဲ စင်စစ်အားဖြင့် ထိုအမျိုးသမီးအပေါ်၌ ဥဒါသိန်မူလျက် ဥပေက္ခာပြုသည် လျစ်လျူရှုသည် ဖြစ်ရာသကဲ့သို့ ဤဥပမာအတူပင်လျှင် —

ဤယောဂါဝစရပုဂ္ဂိုလ်သည် အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်မြောက်လိုသည် ဖြစ်၍ **ပဋိသင်္ခါ-နုပဿနာဉာဏ်**ဖြင့် သင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးချက်ကို တင်၍ စူးစမ်းလတ် သုံးသပ်လတ်သော် သင်္ခါရတရားတို့၌ "ငါ-ငါ့ဥစ္စာ"ဟု စွဲယူအပ်သည်ကို မမြင်မူ၍ ဘယ-နန္ဒီ ဟူသော အစွန်းနှစ်ဘက်ကို ပယ်စွန့်၍ ခပ်သိမ်းသော သင်္ခါရတရားတို့၌ ဥဒါသိန်မူသည် = ဥပေက္ခာပြုသည် = အလယ်အလတ်၌ တည်လျက်နေသည် = လျစ်လျူရှုသည် ဖြစ်နေ၏။

ဤသို့ သိသော ဤသို့ ရှုသော ဤသို့ မြင်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် (၃၁)ဘုံတို့၌ တွန့်၏ ရှုံ့၏ နစ်၏ မပျံ့, မွေ့လျော်သောအားဖြင့် မပြေးဝင်၊ လျစ်လျူရှုခြင်း ဥပေက္ခာသည်လည်းကောင်း, စက်ဆုပ် ရွံရှာသည်၏ အဖြစ်သည်လည်းကောင်း ကောင်းစွာ တည်နေ၏။

ပဒုမ္မာကြာဖက်၌ ရေပေါက်တို့သည် တွန့်ကုန် ရှုံ့ကုန် နစ်ကုန် မပျံ့ကုန်သကဲ့သို့, မီး၌ ပစ်ထည့်အပ်သော ကြက်တောင်သည်လည်းကောင်း အကြောတုံးသည်လည်းကောင်း တွန့်၏ ရှုံ့၏ နစ်၏ မပျံ့၏သို့, ဤဥပမာ အတူပင်လျှင် ထိုယောဂါဝစရပုဂ္ဂိုလ်အား (၃၁)ဘုံတို့၌ စိတ်သည် တွန့်နေ၏ ရှုံ့နေ၏ နစ်နေ၏ မပျံ့ဖြစ်နေ၏၊ ဥပေက္ခာသည်လည်းကောင်း စက်ဆုပ်ရွံရှာသည်၏ အဖြစ်သည်လည်းကောင်း ကောင်းစွာ တည်နေ၏။ ဤသို့ တည်နေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် **သင်္ခါရုပေက္ခာ**မည်သော ဉာဏ်သည် ဖြစ်ပေါ်လာပေသည်။
(ဝိသုဒ္ဓိ-၂-၂၉၄။)

## ငြိမ်နေတတ်ပုံ

ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ဘင်္ဂဉာဏ်ပိုင်းမှ အစပြု၍ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံစိုက်၍ ဝိပဿနာ ရှုပွားသုံးသပ်လာရာ ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ဆိုက်ရောက်လာသောအခါ၌လည်း ယင်းသင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်ကာ ဝိပဿနာရှုမြဲပင် ဆက်လက်၍ ရှုနေရ၏။ သင်္ခါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူ၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်လျက် ဝိပဿနာ ရှုနေသောအခါ သင်္ခါရတရားတို့၏ ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ သဘောများသည် အဆင့်ဆင့် ဉာဏ်တွင် ထင်လာ၏။ ထိုမှတစ်ဆင့် သင်္ခါရတရားတို့မှ လွတ်ရာဘက်သို့ စိတ်ကို စေလွှတ်၍ သင်္ခါရတရားတို့၏ အပျက်သက်သက်ကိုပင် အာရုံယူ၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်လျက် ဆက်လက်၍ ဝိပဿနာရှုလာရာ မုဉ္စိတုကမျတာသဘော ပဋိသင်္ခါသဘောများသည်လည်း သက်ဝင်လာပေသည်။

အချို့ယောဂါဝစရပုဂ္ဂိုလ်များ၌ ဘင်္ဂဉာဏ်မှစ၍ ပဋိသင်္ခါဉာဏ်သို့တိုင်အောင်သော ဉာဏ်တို့၌ ဉာဏ်စဉ် တစ်ဆင့် တစ်ဆင့်တွင် မကြာသည်လည်း ရှိ၏။ အချို့၌ အနည်းငယ် ပို၍ ကြာသည်လည်း ရှိ၏။ ထိုသို့ သင်္ခါရ တရားတို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာ ရှုပွားသုံးသပ်နေရာက သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ခါနီးအချိန် ဆိုက်ရောက်ချိန်တို့၌ ဝိပဿနာစိတ်သည် ပို၍ ငြိမ်သက်လာ၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး အတွင်း၌ တည်ရှိသော ရုပ်တရား နာမ်တရားတို့ကို အဇ္ဈတ္တ တစ်လှည့်, ဗဟိဒ္ဓ တစ်လှည့်, ရုပ် တစ်လှည့်, နာမ် တစ်လှည့်, လက္ခဏာယာဉ် သုံးချက်ကိုလည်း တစ်လှည့်စီ တင်၍ အဆက်မပြတ် ဝိပဿနာရှုနေသော် စိတ်သည် တဖြည်းဖြည်း ပို၍ ပို၍ ငြိမ်လာတတ်၏။

ဘာဝနာစိတ်သည် သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြု၍ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်း အရာ သို့မဟုတ် အနတ္တအခြင်းအရာ၌ ထိုကဲ့သို့ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော် အဇ္ဈတ္တ သင်္ခါရအာရုံ၌ ငြိမ်ဝပ်စွာ ကပ်တည်နေလျှင် အဇ္ဈတ္တ၌သာ ဆက်လက်ရှုနေပါ။ ဗဟိဒ္ဓ သင်္ခါရအာရုံ၌ ငြိမ်ဝပ်စွာ ကပ်တည်နေလျှင် ဗဟိဒ္ဓ၌သာ ဆက်လက်ရှုနေပါ။ ထိုကဲ့သို့သော အချိန်အခါမျိုး၌ အဇ္ဈတ္တ တစ်လှည့် ဗဟိဒ္ဓ တစ်လှည့် လှည့်၍ ရှုရန် မကြိုးစားပါနှင့်။ အဇ္ဈတ္တ ဗဟိဒ္ဓတို့၌ ရှုကွက်များ စုံနေပြီ ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်၍ အဇ္ဈတ္တ၌ ရုပ်တစ်လှည့် နာမ်တစ်လှည့် လှည့်လည်၍ လက္ခဏာယာဉ်တင်လျက် ရှုနေခိုက်၌ ဘာဝနာစိတ်သည် ဘာဝနာအာရုံ၌ ငြိမ်ဝပ်စွာ ကပ်တည်နေလျှင် အဇ္ဈတ္တ၌သာ ဆက်ရှုနေပါ။ ရုပ်တရားကို ရှုခိုက် ငြိမ်လာလျှင် ရုပ်တရားကိုသာ ဆက်ရှုနေပါ။ နာမ်တရားကို ရှုခိုက် ငြိမ်လာလျှင်လည်း နာမ်တရားကိုသာ ဆက်ရှုနေပါ။ ဗဟိဒ္ဓ၌လည်း နည်းတူပင် မှတ်ပါ။ ထိုသို့ ဘာဝနာစိတ်သည် ဘာဝနာအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ အလွန်အကြူး အထူး တည်ငြိမ်လာသောအခါ ကြောင့်ကြ မစိုက်ရတော့ဘဲ အညီအမျှ သက်သက်သာသာ ရှုနေရသောအခါ ရံခါ ရုပ်တရားများကိုလည်း ရှုမရ ဖြစ်နေတတ်၏။ စက္ခုဒွါရဝီထိစသော ပဉ္စဒွါရ ဝီထိများကိုလည်း ရှုမရ ဖြစ်နေတတ်၏။ မနောဒွါရဝီထိ နာမ်တရားစုများကိုသာ ရှုရနေတတ်၏။ ပို၍ ပို၍ ကောင်းသည်သာ ဖြစ်သည်။

တစ်ဖန် ထိုမနောဒွါရဝီထိ နာမ်တရားစုတို့တွင်လည်း အကောင်းအုပ်စု နာမ်တရားစုတို့ကိုသာ ဤအချိန်တွင် ဦးစားပေး၍ ရှုနေပါ။ ကုသိုလ်ဇောများ စောသည့် မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ကိုသာ လက္ခဏာယာဉ်တင်၍ ဦးစားပေးလျက် ဝိပဿနာရှုပါ။ အကယ်၍ ရုပ်ကိုလည်း ရှုရနေသေးပါက —

၁။ ရုပ် - ရှု — ရုပ် - ပျက် - အနိစ္စ (ဒုက္ခ - အနတ္တ)၊
ရှုသည့်ဉာဏ်လည်း - ပျက် - အနိစ္စ (ဒုက္ခ - အနတ္တ)၊
၂။ နာမ် - ရှု — နာမ် - ပျက် - အနိစ္စ (ဒုက္ခ - အနတ္တ)၊
ရှုသည့်ဉာဏ်လည်းပျက် - အနိစ္စ (ဒုက္ခ - အနတ္တ) –

ဤသို့ စသည်ဖြင့် လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်၍ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုနေပါ။

အကယ်၍ အသင်သူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ်ဖြစ်၍ ဈာန်ရသူဖြစ်လျှင် ဤအချိန်ကား, ပကိဏ္ဏကသင်္ခါရတရားတို့ကို ကြိမ်ဖန်များစွာ ရှုပွားပြီး ဖြစ်သဖြင့်, ယုဂနဒ္ဓနည်းကို ကြိုးပမ်းရန် အကောင်းဆုံးသော အချိန်ကာလကြီးတစ်ခုပင် ဖြစ်သည်။ အခွင့်ကောင်းကြီး တစ်ရပ်ကား ဆိုက်ရောက်လာပေပြီ။ မိမိရရှိထားသော ဈာန်အသီးအသီးကို တစ်ခုစီ ဝင်စား၍ ယင်းဈာန်နာမ်တရားစုတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပါ။ ဥပမာ — ပထမဈာန်ကို ဝင်စားပါ။ ယင်းဈာန်မှထ၍ ယင်းဈာန်နာမ်တရားစုတို့ကို လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ အလားတူပင် ဒုတိယဈာန်ကို ဝင်စားပါ။ ယင်း ဒုတိယဈာန် နာမ်တရား-တို့ကိုလည်း လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ တတိယဈာန် စသည်တို့၌လည်း နည်းတူပင် ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် အာနာပါနစတုတ္ထဈာန်တွင်သာမက ကသိုဏ်း (၁၀)ပါး အသီးအသီး၌ သမာပတ် (၈)ပါးတို့ကိုပါ ရရှိထားသူ ဖြစ်ပါက ထိုထို ရရှိပြီး ဈာန်များကို တစ်ဖန် ဝင်စား၍ ထိုထိုဈာန်မှ ထတိုင်း ထတိုင်း ထိုထိုဈာန်နာမ်တရားစုတို့ကို အနိစ္စတစ်လှည့် ဒုက္ခတစ်လှည့် အနတ္တတစ်လှည့် လှည့်၍သာ ဝိပဿနာရှုပါ။ အကယ်၍ စတုရာရက္ခကမ္မဋ္ဌာန်းများကိုပါ ပွားများထားပြီးသူ ဖြစ်ပါက ထိုနာမ်တရားစုတို့ကိုလည်း ပုံစံတူပင် ရှုပါ။ ရံခါ ရှု၍ရနေသေးပါက ယင်းဈာန်နာမ်တရားစုတို့၏ မှီရာ ဝတ္ထုရုပ်တို့ကိုလည်း ဝိပဿနာရှုပါ။ ရံခါ ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန် ထပ်မံ၍ ဝိပဿနာရှုပါ။ ရံခါ ရှု၍ ရနေသေးပါက အဇ္ဈတ္တ တစ်လှည့်, ဗဟိဒ္ဓ တစ်လှည့် လှည့်၍ ဝိပဿနာ ရှုပါ။

ဤသို့ ဝိပဿနာရှုရာ၌ အချို့သော ယောဂါဝစရပုဂ္ဂိုလ်များသည် ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းတွင် ခပ်ကြာကြာ နေနေရတတ်သည်လည်း ရှိ၏။ အချို့ သူတော်ကောင်းတို့ကား ဤဉာဏ်ပိုင်းတွင် ခပ်ကြာကြာ မနေရဘဲ သန္တိပဒအမည်ရသည့် အငြိမ်းဓာတ်သို့ ပြေးသွားသက်ဝင်သွားတတ်ကြသည်လည်း ရှိ၏။ အများအားဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနလုံးတို့၌ အပျက်ကိုချည်း မြင်နေသော ဝိပဿနာဉာဏ်သည် အလွန်အားကောင်း မောင်းသန်လာပါက ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းတွင် ခပ်ကြာကြာမနေတော့ဘဲ မဖြစ်မပျက်သည့် နယ်ဘက်သို့ ကူးတက်သွားတတ်ပေ၏။ သင်္ခါရတရားတို့၏ အပျက်ကိုချည်း ရှုမြင်နေသော ဝိပဿနာဉာဏ်မှာ အနည်းငယ် အားပျော့နေပါက အရှိန် သိပ်အားမကောင်းလှသဖြင့် မဖြစ်မပျက်သည့် နယ်ဘက်သို့ လွယ်လွယ်နှင့် မကူးနိုင်-သေးဘဲ ဤငြိမ်နေသည့်အပိုင်းတွင် ခပ်ကြာကြာ နေနေရတတ်ပေ၏။

## အရေးအကြီးဆုံးသော အချိန်တစ်ချိန်

ဥဒယဗ္ဗယဉာဏ်ပိုင်းမှ စ၍ ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ တိုင်အောင် ဖော်ပြခဲ့သော ဉာဏ်အစဉ် အဆင့်ဆင့်တို့မှာ ပါရမီရင့်ညောင်းနေသည့် သူတော်ကောင်းများအဖို့ တစ်ထိုင်တည်းအတွင်းမှာသော်လည်း ရရှိနိုင်သော ပေါက်ရောက်နိုင်သော ဉာဏ်များ ဖြစ်ကြ၏။ တစ်ထိုင်တည်းအတွင်းမှာပင် ထိုဉာဏ်များကို ရရှိသည်ဖြစ်စေ, မရရှိသည်ဖြစ်စေ ဥဒယဗ္ဗယဉာဏ်မှ စ၍ ဤသင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ်တို့၏ အဆင့်ဆင့် ဖြစ်ပေါ်ခိုက် အချိန်များကား အသင်သူတော်ကောင်းအတွက် အရေးကြီးသော အချိန်ကာလများပင် ဖြစ်ကြသည်။

ဣရိယာပုထ်လေးပါးလုံး၌ ဝိပဿနာစိတ်များ ဆက်စပ်မိအောင် ဆက်တိုက် ရှုနိုင်ဖို့ အရေးကြီးလှပေသည်။ သွားခိုက် လာခိုက် ကွေးခိုက် ဆန့်ခိုက်စသော ထိုထို ဣရိယာပထ သမ္ပဇဉ်အခိုက်တို့၌ — ရုပ်နာမ် နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း, အာယတန တစ်ဆယ့်နှစ်ပါးနည်း, ဓာတ် တစ်ဆယ့်ရှစ်ပါးနည်း, ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်နှစ်ပါးနည်း စသည့် ထိုထိုဝိပဿနာ ရှုနည်းတို့တွင် မိမိကြိုက်နှစ်သက်ရာ နည်းတစ်ခုဖြင့်ပင် ဖြစ်စေ, နှစ်ခု သုံးခုဖြင့်ပင် ဖြစ်စေ, နည်းအားလုံးတို့ဖြင့်ပင် ဖြစ်စေ ယင်းသင်္ခါရတရားတို့ကို သိမ်းဆည်းလျက် လက္ခဏာရေး သုံးတန်ကို တစ်လှည့်စီတင်၍ ကာလသုံးပါး သန္တာန်နှစ်ပါးတို့၌ တစ်လှည့်စီ ဝိပဿနာ ရှုနေပါ။ သင်္ခါရုပေက္ခာဉာဏ်ကို မကျော်လွှားနိုင်သူ သူတော်ကောင်းတို့အတွက် ဝိပဿနာဉာဏ်များကို ရင့်ကျက်အောင် ဣန္ဒြေများ ရင့်ကျက်အောင် ထပ်မံ၍ လေ့ကျင့်ခြင်းပင် ဖြစ်သည်။ အရှင်ရာဟုလာမထေရ်မြတ်တို့ လေ့ကျင့်ခဲ့သော ထုံးဟောင်း အတိုင်းပင် ဖြစ်သည်။

## ဣရိယာပထ – သမ္ပဇဉ ရှုကွက် အမြွက်

ဤအပိုင်းကား ဝိပဿနာပိုင်း သက်သက် ဖြစ်သဖြင့် ရုပ်အတုများကို ဝိပဿနာရှုရန် ရှုကွက်ကို ချန်လှပ် ထားပါ။ စင်္ကြံတစ်နေရာတွင် ခေတ္တရပ်၍ မျက်စိမှိတ်လျက် သမာဓိကို ထူထောင်ပါ။ ရုပ်နာမ်တို့ကို သိမ်းဆည်းပါ။ ရုပ်တရားတို့ကို သိမ်းဆည်းရာ၌ (၆)ဒွါရ, (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်အစစ်တို့ကိုသာ သိမ်းဆည်းပါ။ နာမ်တရားတို့ကို သိမ်းဆည်းရာ၌ အာယတနဒွါရအလိုက် ဖြစ်ပေါ်နေသော နာမ်တရားတို့ကို ဖြစ်စေ, ဣရိယာ-ပုထ်ကို ဖြစ်စေနိုင်သော မနောဒွါရိကဇောဝီထိ စိတ်အစဉ်အတွင်း၌ တည်ရှိသော နာမ်တရားတို့ကို ဖြစ်စေ, ဘဝင်နာမ်တရားစုတို့နှင့် တကွ အားလုံးရောနှော၍ သိမ်းဆည်းပါ။ ယင်း ရုပ်နာမ်တို့ကို လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုပါ။ ဝိပဿနာဉာဏ် အရှိန်အဝါ ကောင်း၍ တော်တော်လေး အသားကျလာသောအခါ ဖြည်းဖြည်း စင်္ကြံလျှောက်ကြည့်ပါ။ ဖြည်းဖြည်း စင်္ကြံလျှောက်လျက် ရုပ်နာမ်တို့ကို ဆက်လက် သိမ်းဆည်းကာ ဝိပဿနာ ဆက်လက် ရှုနေပါ။ တော (၄၀)ခေါ် ဘာဝနာ (၄၀) ရှုကွက် စသည့် ဝိပဿနာဉာဏ်စဉ် အတိုင်း အဆင့်ဆင့် ဖော်ပြခဲ့သော ဝိပဿနာရှုကွက် အားလုံးကိုလည်း သွားခိုက် စသည်တို့၌ ရှုနိုင်သည်သာ ဖြစ်ပါသည်။ ရှေ့သို့ တိုးခိုက်, နောက်သို့ ဆုတ်ခိုက်, တည့်တည့်ကြည့်ခိုက်, စောင်းငဲ့ကြည့်ခိုက်, ကွေးခိုက်, ဆန့်ခိုက်, ဒုကုဋ်-သပိတ် -သင်္ကန်းကို ဆောင်ခိုက်, စားခိုက်, သောက်ခိုက်, ခဲခိုက်, လျက်ခိုက်, ကျင်ကြီး-ကျင်ငယ်စွန့်ခိုက်, သွားခိုက်, ရပ်ခိုက်, ထိုင်ခိုက်, အိပ်ခိုက်, နိုးခိုက်, စကားပြောခိုက်, စကားမပြော ဆိတ်ဆိတ်နေခိုက် စသည့် ထိုထို ဣရိယာ-ပထပိုင်းဆိုင်ရာ သမ္ပဇဉပိုင်းဆိုင်ရာ ရှုကွက်တို့၌လည်း ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုပါ။ ဝိပဿနာ အရှိန်အားကောင်းလာသောအခါ ယင်းသင်္ခါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူ၍ ဝိပဿနာရှုပါ။ ရှံခါ ရှုသည့် ဝိပဿနာဉာဏ်= ဝိပဿနာ မနောဒွါရိကဇောဝီထိ စိတ်အစဉ် နာမ်တရားစုတို့ကိုလည်း ဝိပဿနာ ရှုပေးပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။

ရှံခါ အတိတ် အဆက်ဆက်မှသည် အနာဂတ်ဆုံးသည့်တိုင်အောင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါရုပ် အသီးအသီး၏ အပျက်သက်သက်ကိုလည်း အာရုံယူ၍ ဝိပဿနာ ရှုပါ။ ရှံခါ ရှုသည့် ဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။

## မျက်စိဖွင့်၍ ရှုကြည့်ပါ

ဤသို့ ဣရိယာပုထ် လေးပါးလုံး၌ ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ယင်း ရုပ်နာမ်သင်္ခါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူ၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ တွင်တွင်ကြီး ဝိပဿနာ ရှုနေ-

ခဲ့သော် သင်္ခါရတရားတို့၏ အပျက်ကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ အလွန် လျင်လျင်မြန်မြန် ဉာဏ်ဖြင့် တွေ့မြင်လာမည် ဖြစ်၏။ ထိုအခါတွင် တစ်နေရာရာတွင် ရပ်၍ဖြစ်စေ ထိုင်၍ဖြစ်စေ သင်္ခါရတရားတို့၏ အပျက်-ကိုပင် အာရုံယူကာ ဆက်လက်၍ ဝိပဿနာရှုပါ။ သင်္ခါရတရားတို့၏ အပျက်များသည် အလွန် လျင်လျင်မြန်မြန် ဉာဏ်၌ ထင်လာသောအခါ မျက်စိဖွင့်၍လည်း ရှုကြည့်ပါ။ ထိုသို့ရှုရာ၌ ရှေးဦးအစတွင် အဝါးဝစွာ မလေ့ကျင့်ရသေးသဖြင့် သက်ရှိသက်မဲ့ တစ်လောကလုံးဝယ် ကြည့်လိုက်သမျှ ဘယ်အရာ၌ မဆို ရုပ်ကလာပ် အမှုန်များ-ကိုသာ တွေ့မြင်နေတတ်သေး၏။ ထိုသို့ တွေ့မြင်ခဲ့သော် ယင်းရုပ်ကလာပ်များကို ယန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်ရုပ်တရားတို့ကို ဆက်လက်၍ ဝိပဿနာရှုပါ။ ရုပ်ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ပါမှ ယင်းရုပ်တရားတို့ကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပါ။ ဝိပဿနာဉာဏ်များ တစ်ဖန် ရင့်ကျက်လာပြန်သောအခါ ရုပ်ကလာပ် အမှုန်များကို မတွေ့တော့ဘဲ ရုပ်ပရမတ် သက်သက်ကိုသာ တွေ့ရှိနေမည် ဖြစ်ပေသည်။ ထိုအခါ ယင်းရုပ်ပရမတ်တရားတို့၏ အပျက်ကိုပင် အာရုံယူ၍ ဆက်လက်၍ ဝိပဿနာရှုပါ။ အလားတူပင် ဗဟိဒ္ဓ သက်ရှိသတ္တဝါတို့၏သန္တာန်၌ တည်ရှိသော နာမ်တရားတို့ကိုလည်း ဗဟိဒ္ဓချင်း တူညီ၍ ခြုံငုံပြီး ဝိပဿနာ ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓတို့၌ တစ်လှည့်စီ ရှုနေပါ။ ထိုသို့ ဣရိယာပုထ်ချင်း စပ်မိအောင် ဝိပဿနာ ရှုနိုင်ပါက သင်္ခါရတရားတို့၏ အပျက်ကို သိသော ဝိပဿနာဉာဏ်သည် အလွန် အားကောင်းလာကာ မကြာမီ အချိန်ကာလအတွင်းမှာပင် သင်္ခါရတရားတို့ကို လျစ်လျူရှုနိုင်သော သင်္ခါရုပေက္ခာဉာဏ်အဆင့်သို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။

## ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ သင်္ခါရအာရုံ၌ ကပ်၍ တည်နေခဲ့သော်

ထိုသို့ ဝိပဿနာရှုလာရာ၌ အဇ္ဈတ္တ၌ဖြစ်စေ ဗဟိဒ္ဓ၌ဖြစ်စေ ရှုနေရင်း သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိ-တို့သည် ညီမျှလာကြသဖြင့် ဘာဝနာစိတ်သည် သင်္ခါရတရားတို့၏ အပျက်အာရုံပေါ်၌ ကြောင့်ကြမစိုက်ရတော့ဘဲ သက်သက်သာသာ ထိုင်ကြည့်နေရသကဲ့သို့ ငြိမ်ဝပ်စွာကပ်၍ တည်လာတတ်ပေသည်။ ဘာဝနာစိတ်မှာ လှုပ်ရှားမှု မရှိ ဖြစ်နေတတ်၏။ အဇ္ဈတ္တ တစ်လှည့်, ဗဟိဒ္ဓ တစ်လှည့်, ရုပ် တစ်လှည့်, နာမ် တစ်လှည့်, အကြောင်း တစ်လှည့်, အကျိုး တစ်လှည့် လှည့်၍ လက္ခဏာရေးသုံးတန်တွင်လည်း တစ်လှည့်စီ လှည့်၍ ဆက်လက်၍ ဝိပဿနာရှုရန် မကြိုးစားပါနှင့်။ ထိုသို့ ကြိုးစားလိုက်ပါက ဝိပဿနာသမာဓိမှာ ပျက်ပြားသွားတတ်ပေသည်။ အဇ္ဈတ္တ သင်္ခါရ တရားတို့ကို ဝိပဿနာရှုခိုက် ဘာဝနာစိတ်သည် ယင်းသင်္ခါရအာရုံ၌ ငြိမ်လာလျှင် အဇ္ဈတ္တ သင်္ခါရတရားမှာပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ ဗဟိဒ္ဓ သင်္ခါရတရားတို့ကို ဝိပဿနာရှုခိုက် ယင်းသင်္ခါရအာရုံ၌ ဘာဝနာ-စိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာလျှင် ယင်းဗဟိဒ္ဓ သင်္ခါရတရားကိုပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ ရုပ်တရားကို ဝိပဿနာရှုခိုက် ယင်းရုပ်တရားအာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေလျှင် ယင်းရုပ် တရားကိုပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ နာမ်တရားကို ဝိပဿနာရှုခိုက် ဘာဝနာစိတ်သည် ယင်းနာမ်တရား အာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍တည်နေလျှင် ယင်းနာမ်တရားကိုပင် ဆက်လက်၍ ဝိပဿနာ ရှုနေပါ။ ရံခါ ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ ရှုကွက်စုံနေသဖြင့် ကြိုက်ရာကို ရွေးချယ်ရှုခြင်းဖြစ်သည်။

## ပုဂ္ဂလဇ္ဈာသယ

ဤအချိန်တွင် အသင်သူတော်ကောင်းသည် အကယ်၍ သမထယာနိကပုဂ္ဂိုလ် ဖြစ်လျှင် မိမိကြိုက်ရာ ဈာန်ကို ရွေးချယ်၍ ထိုဈာန်နှင့် ဈာနသမ္ပယုတ်တရားဟူသော ဈာန်နာမ်တရားတို့ကို ဦးစားပေး၍ လက္ခဏာရေး သုံးတန်တွင်လည်း အနတ္တလက္ခဏာကို ဦးစားပေး၍ ဝိပဿနာ ရှုပေးပါ။ ပြိုပြို ပျက်ပျက်နေသော သင်္ခါရ

တရားတို့၏ ကုန်ဆုံးရာ မဖြစ်မပျက်သည့် အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ဘက်သို့ စိတ်ကို ညွတ်ကိုင်းလျက် သင်္ခါရတရားတို့၏ အပျက်မှ လွတ်ရန် ဦးတည်ချက်ဖြင့် ဈာန်နာမ်တရားတို့ကိုလည်းကောင်း, ရှုနေသည့် ဝိပဿနာ-ညာဏ်ကိုလည်းကောင်း အနတ္တလက္ခဏာယာဉ်ကို တင်ကာ တွင်တွင်ကြီးသာ ဝိပဿနာ ရှုနေပါ။ ရံခါ ယင်းဈာန်နာမ်တရားတို့၏ မှီရာ ဟဒယဝတ္ထု တည်ရှိသော ဘူတရုပ် ဥပါဒါရုပ် (၅၄)မျိုးတို့ကိုလည်းကောင်း, ရှုနေသည့် ဝိပဿနာညာဏ်ကိုလည်းကောင်း အနတ္တလက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နေပါ။

ဤသို့ ရှုနေသော်လည်း မဖြစ်မပျက်သည့် နယ်ဘက်သို့ လွယ်လွယ်နှင့် မကူးနိုင်သေး ဖြစ်နေခဲ့သော် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါးလုံး အတွင်း၌ တည်ရှိသော ရုပ်နာမ်တို့ကို သိမ်းဆည်းလျက် ရုပ်နာမ်နှစ်ပါးနည်းဖြင့်ပင် ဖြစ်စေ, ခန္ဓာငါးပါးနည်းဖြင့်ပင် ဖြစ်စေ လက္ခဏာယာဉ်တင်ကာ တစ်ဖန်ပြန်၍ ဝိပဿနာ ရှုပါ။ အတိတ်အဆက်ဆက်မှသည် အနာဂတ်ဆုံးသည်အထိ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုနေပါ။ ရုပ်နာမ်နှစ်ပါးနည်း, ခန္ဓာငါးပါးနည်း နှစ်နည်းလုံးဖြင့်လည်း ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။ တစ်ဖန် ပဋိစ္စသမုပ္ပါဒ် ပထမနည်းအတိုင်း ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်တို့ကိုလည်း အသီးအသီးခွဲခြား၍ — "အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်၏"- ဤသို့ စသည်ဖြင့် အကြောင်းအကျိုးမစပ်တော့ဘဲ အဝိဇ္ဇာ သင်္ခါရစသည့် ထိုထိုအင်္ဂါရပ်တို့ကို ဖြစ်ခဲ့သည့် ဖြစ်နေသည့် ဖြစ်လတ္တံ့ဖြစ်သည့် ဝီထိစိတ်အစဉ်အတိုင်း သမ္ပယုတ် တရားတို့နှင့်တကွ လက္ခဏာယာဉ်ကို တင်ကာ တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ ကာလသုံးပါးလုံး၌ အတိတ်အဆက်ဆက်မှသည် အနာဂတ်အဆက်ဆက် ဆုံးသည်တိုင်အောင် တိုးလျှိုပေါက် ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုပါ။ ဗဟိဒ္ဓကို ရှုရာ၌ကား ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍သာ ရှုပါ။ ထိုသို့ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုရာ၌ နောက်ဆုံးတွင် အနတ္တလက္ခဏာကို ဦးစားပေး၍ ရှုပါ။

ဤသို့လျှင် သင်္ခါရတရားတို့ကို အဖန်ဖန် အထပ်ထပ် ဝိပဿနာညာဏ်ဖြင့် ကြိတ်ချေ နင်းနယ်ခဲ့သော် သင်္ခါရတရားတို့၏ အပျက်သက်သက်ကို ရှုနေသော ဝိပဿနာညာဏ်များသည် အလွန်အားကောင်းလာမည် ဖြစ်သည်။ သင်္ခါရတရားတို့၏ အပျက်များသည် အသင် သူတော်ကောင်း၏ ဝိပဿနာညာဏ်၌ အလွန် လျင်လျင်မြန်မြန် ထင်လာမည် ဖြစ်သည်။ ဝိပဿနာဘာဝနာစိတ်သည်လည်း သင်္ခါရတရားတို့၏ အပျက်အာရုံ၌ တဖြည်းဖြည်း ငြိမ်ဝပ်စွာကပ်၍ တည်လာမည် ဖြစ်သည်။

ဝိပဿနာ ဘာဝနာစိတ်သည် သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ထိုသို့ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော အချိန်၌ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် သင်္ခါရတရားတို့အပေါ်၌ ကြောင့်ကြမှု တောင့်တမှု မရှိတော့သဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဘာဝနာစိတ်သည်လည်း ဘယ - နန္ဒီဟူသော အစွန်းနှစ်ဘက်မှ လွတ်နေမည် ဖြစ်သည်။ သင်္ခါရတရားတို့အပေါ်၌ ကြောင့်ကြပြေ၍ တောင့်တပြေ၍ နေသာထိုင်သာ ရှိလာသော ညာဏ်ဖြစ်သည်။ ထိုအချိန် အခါတွင် ပျက်ပျက်နေသော သင်္ခါရတရားတို့မှ လွတ်ရာ မဖြစ်မပျက်သည့် နိဗ္ဗာန်ဘက်သို့ မိမိ၏ စိတ်ကို စေလွှတ်-၍ = နိဗ္ဗာန်သို့ ဆိုက်ရောက်ရန် ဦးတည်၍ ညွတ်ကိုင်းရှိုင်း၍ မိမိရရှိထားသော ဈာန်နာမ်တရားတို့မှ နှစ်သက်ရာ ဈာန်နာမ်တရားတို့ကို ရွေးချယ်၍ ဦးစားပေး၍ အနတ္တလက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုနေပါ။ ဤအပိုင်း-တွင် အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့ကား စတုတ္ထဈာန်ကို အနတ္တလက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုရသည်ကို ပို၍ နှစ်ခြိုက်ကြ၏။ အချို့ကား တတိယဈာန်ကို ပို၍ နှစ်ခြိုက်ကြ၏။ အကြိုက်ချင်း အဇ္ဈာသယ-ချင်းကား မတူညီကြပေ။ ထိုသို့ရှုရာ၌ ရံခါ ရှုသည့် ဝိပဿနာညာဏ်ကိုလည်း တစ်ဖန် ပြန်၍ ဝိပဿနာရှုပါ။

အကယ်၍ အသင်သူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ် မဟုတ်သဖြင့် ဈာန်မရသူ ဖြစ်ခဲ့သော် ဓာတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ဝိပဿနာသို့ ကူးလာသူ ဖြစ်ခဲ့သော် ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော

တေဘူမကသင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးချက် တစ်လှည့်စီ တင်၍ အကွက်စေ့အောင် ဝိပဿနာဉာဏ်စဉ်အတိုင်း အကြိမ်ကြိမ် ရှုပြီးပါက ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ရောက်ရှိလာသောအခါ ရုပ်တရားတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အကောင်းအုပ်စု နာမ်တရားတို့ကိုသာ ဦးစားပေး၍ ဝိပဿနာရှုပါ။ ထိုသို့ ရှုခဲ့သော် သင်္ခါရတရားတို့၏ အပျက်ကို အာရုံပြုနေသော ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သမာဓိမှာ အလွန်အားကောင်းလာတတ်၏။ သင်္ခါရတရားတို့၏ အပျက်အာရုံ၌ ငြိမ်ဝပ်စွာကပ်၍ တည်နေတတ်၏။ အချို့ ယောဂီများ၌ ဤဉာဏ်ပိုင်းသို့ ရောက်ရှိလာသောအခါ သင်္ခါရတရားတို့ကို ဝိပဿနာရှုရင်း ဝိပဿနာဉာဏ်လည်း တဖြည်းဖြည်း တစ်စထက် တစ်စ ရင့်ကျက်လာပါက ရုပ်တရားတို့၏ အပျက်ကို မတွေ့ရတော့ဘဲ နာမ်တရားတို့၏ အပျက်မျှကိုသာ တွေ့ရတတ်သည်လည်း ရှိတတ်၏။ ထိုအခါ၌ ရုပ်တရားတို့၏ အပျက်ကို သိအောင် သက်သက်မကြိုးစားပါနှင့်။ ရုပ်သဘောများကို မတွေ့တွေ့အောင် စူးစမ်းခဲ့သော် သမာဓိ ပျက်ပြားသွားတတ်သဖြင့် သမာဓိန္ဒြေသည်လည်း ယုတ်လျော့သွားတတ်ပေသည်။ သို့အတွက် နာမ်အပျက်သက်သက်ကိုသာ ဆက်လက်၍ ဝိပဿနာရှုနေပါ။ ရှုသည့်ဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုနေပါ။ လက္ခဏာရေးသုံးတန်တွင်လည်း မိမိနှစ်ခြိုက်ရာ လက္ခဏာကို ဦးစားပေး၍ ရှုပါ။ ဤအပိုင်းတွင် ကြာနေသော ယောဂါဝစရပုဂ္ဂိုလ်များအဖို့ ဓမ္မာရုံလိုင်းဝယ် ကုသိုလ်ဇော စောသည့် မနောဒွါရိကဇောဝီထိ နာမ်တရားစုတို့ကို ယင်းနာမ်တရားတို့၏ အပျက်ကို အာရုံယူ၍ အနတ္တလက္ခဏာကို ဦးစားပေး၍ ရှုခြင်းသည် ယောဂီအများစု၌ ပို၍ ကောင်းသည်ကို တွေ့ရ၏။ ဤကား သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်အတွက် ပြောဆိုချက်တည်း။

သမထယာနိကပုဂ္ဂိုလ်ပင် ဖြစ်စေ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ပင် ဖြစ်စေ အကယ်၍ ဤအပိုင်းတွင် ရက်နှင့်ချီ၍ လနှင့်ချီ၍ ရက်ပေါင်းများစွာ လပေါင်းများစွာ ကြာညောင်းနေပါက ရူပသတ္တကရှုနည်း အရူပသတ္တကရှုနည်းတို့ဖြင့် ဝိပဿနာဘာဝနာကို အရှိန်အားကောင်းအောင် တစ်ဖန် ပြန်လည်၍ ကြိုးစားပါ။ ဝိပဿနာဉာဏ်စဉ်အတိုင်းလည်း အစဉ်အတိုင်း ဆက်လက်၍ ကြိုးစားပါ။ ဤသို့ အကြိမ်ကြိမ် အဖန်ဖန် ကြိုးစားခဲ့သော် ဤသင်္ခါရုပေက္ခာဉာဏ်သို့ အရှိန်ကောင်းကောင်းဖြင့် တစ်ဖန်ပြန်လည်၍ ဆိုက်ရောက်လာမည်သာ ဖြစ်ပေသည်။ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသော ဣန္ဒြေများလည်း ရင့်ကျက်လာခဲ့သော် ညီမျှလာခဲ့သော် သန္တိပဒ အမည်ရသည့် မဖြစ်မပျက်သည့် အငြိမ်းဓာတ် နယ်ဘက်သို့ ကူးတက်သွားနိုင်မည် ဖြစ်ပေသည်။

ဤတွင် အခွင့်သင့်၍ ယုဂနဒ္ဓ နည်းအကြောင်းကို ရေးသားတင်ပြအပ်ပါသည်။ —

## ယုဂနဒ္ဓသုတ္တန် (အံ-၁-၄၇၅။)

ဧဝံ မေ သုတံ။ ဧကံ သမယံ အာယသ္မာ အာနန္ဒော ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။ တတြ ခေါ အာယသ္မာ အာနန္ဒော ဘိက္ခူ အာမန္တေသိ “အာဝုသော ဘိက္ခဝေ”တိ။ “အာဝုသော”တိ ခေါ တေ ဘိက္ခူ အာယသ္မတော အာနန္ဒဿ ပစ္စဿောသုံ။ အာယသ္မာ အာနန္ဒော ဧတဒဝေါစ —

ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ၊ သဗ္ဗော သော စတူဟိ မဂ္ဂေဟိ ဧတေသံ ဝါ အညတရေန။ ကတမေဟိ စတူဟိ။

၁။ ဣဓ အာဝုသော ဘိက္ခု သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ၊ တဿ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

၂။ ပုန စပရံ အာဝုသော ဘိက္ခု ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ တဿ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ

ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ၊ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

၃။ ပုန စပရံ အာဝုသော ဘိက္ခု သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ၊ တဿ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

၄။ ပုန စပရံ အာဝုသော ဘိက္ခုနော ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတံ မာနသံ ဟောတိ၊ သော အာဝုသော သမယော ယံ တံ စိတ္တံ အဇ္ဈတ္တမေဝ သန္တိဋ္ဌတိ သန္နိသီဒတိ ဧကောဒိ ဟောတိ သမာဓိယတိ၊ တဿ မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

ယော ဟိ ကောစိ အာဝုသော ဘိက္ခု ဝါ ဘိက္ခုနီ ဝါ မမ သန္တိကေ အရဟတ္တပ္ပတ္တိံ ဗျာကရောတိ၊ သဗ္ဗော သော ဣမေဟိ စတူဟိ မဂ္ဂေဟိ ဧတေသံ ဝါ အညတရေနာတိ။ (အံ-၁-၄၇၅-၄၇၆။)

## ဘာသာပြန်နှင့် အဓိပ္ပါယ် ရှင်းလင်းချက်

တပည့်တော်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတစ်ပါး၌ အရှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် သီတင်းသုံးဖော် ရဟန်းတော်တို့ကို “ငါ့ရှင် ရဟန်းတို့”ဟု ခေါ်တော်မူ၏။

သီတင်းသုံးဖော် ရဟန်းတော်တို့က “အရှင်ဘုရား”ဟု အရှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကြကုန်၏။ အရှင်အာနန္ဒာမထေရ်မြတ်သည် ဤတရားစကားတော်ကို မိန့်ကြားတော်မူ၏။ —

ငါ့ရှင်တို့ . . . ရဟန်းယောက်ျား ဖြစ်စေ ရဟန်းမိန်းမ ဖြစ်စေ မည်သူမဆို တပည့်တော်၏ အထံ၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခြင်းကို ပြောကြားလျှောက်ထား၏၊ ထိုရဟန်းယောက်ျား ရဟန်းမိန်းမအားလုံးသည် မဂ်လေးပါးတို့ဖြင့်လည်းကောင်း, ထိုမဂ်လေးပါးတို့တွင် တစ်ပါးပါးဖြင့်လည်းကောင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြောင်းကို ပြောကြားလျှောက်ထား၏။ အဘယ်လေးပါးတို့နည်းဟူမူ? —

၁။ ငါ့ရှင်တို့ . . . ဤသာသနာတော်၌ ရဟန်းတော်သည် သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏၊ သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများသော ထိုရဟန်းတော်အား သောတာပတ္တိမဂ်သည် ထင်ရှားဖြစ်ပေါ်လာ၏၊ တစ်နည်း — ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဟူသော လောကိယ ဝိပဿနာမဂ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်းတော်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်းတော်အား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ = ပယ်ပြီးဖြစ်ကုန်၏။ အနုသယတို့သည် ကင်းပျောက် ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။ (အံ-၁-၄၇၅။)

**သမထပုဗ္ဗင်္ဂမန္တိ** သမထံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတွာ။ **မဂ္ဂေါ သဉ္ဇာယတီ**တိ ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တတိ။ **သော တံ မဂ္ဂန္တိ** ဧကစိတ္တက္ခဏိကမဂ္ဂဿ အာသေဝနာဒီနိ နာမ နတ္ထိ၊ ဒုတိယမဂ္ဂါဒယော ပန ဥပ္ပါဒေန္တော တမေဝ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတီတိ ဝုစ္စတိ။ (အံ-ဋ္ဌ-၂-၃၄၆။)

**သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ**တိ ဣဒံ သမထယာနိကဿ ဝသေန ဝုတ္တံ။ သော ဟိ ပဌမံ ဥပစာရသမာဓိံ ဝါ အပ္ပနာသမာဓိံ ဝါ ဥပ္ပါဒေတိ၊ အယံ သမထော။ သော တဉ္စ တံသမ္ပယုတ္တေ စ ဓမ္မေ အနိစ္စာ-ဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ၊ ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဝိပဿနာ။ တေန ဝုစ္စတိ "သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ"တိ။ ပ။ **ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တတီ**တိ သောတာပတ္တိမဂ္ဂေါ သန္ဓာယ ဝဒတိ၊ လောကိယမဂ္ဂဝသေနေဝ ဝါ ဣမိဿာ ပါဠိယာ အတ္ထော ဝေဒိတဗ္ဗော။ ကထံ? **မဂ္ဂေါ သဉ္ဇာယတီ**၊ ပုဗ္ဗဘာ-ဂိယော လောကိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။ **အာသေဝတိ** နိဗ္ဗိဒါနုပဿနာဝသေန။ **ဘာဝေတိ** မုစ္စိတုကမျတာဝသေန။ **ဗဟုလီကရောတိ** ပဋိသင်္ခါနုပဿနာဝသေန။ **အာသေဝတိ** ဝါ ဘယတုပဋ္ဌာနာဒိဉာဏဝသေန။ **ဘာဝေတိ** မုစ္စိတုကမျတာဒိဉာဏဝသေန။ **ဗဟုလီကရောတိ** ဝုဋ္ဌာနဂါမိနိဝိပဿနာဝသေန။

(အံ-ဋ္ဌ-၂-၃၄၄။ မ-ဋ္ဌ-၁-၁၁၂။)

**သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ပွားများ၏** – ဟူသော ဤစကားကို သမထယာနိကပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ မှန်ပေသည် — ထိုသမထယာနိကပုဂ္ဂိုလ်သည် ရှေးဦးစွာ ဥပစာရ သမာဓိကိုလည်းကောင်း အပ္ပနာစျာန်သမာဓိကိုလည်းကောင်း ဖြစ်ပေါ်စေ၏။ ဤသမာဓိကား သမထတည်း။ ထိုသမထယာနိကပုဂ္ဂိုလ်သည် ထိုဥပစာရသမာဓိ သို့မဟုတ် အပ္ပနာစျာန်သမာဓိကိုလည်းကောင်း, ထိုသမာဓိနှင့် ယှဉ်သော သမ္ပယုတ်တရားစုတို့ကိုလည်းကောင်း အနိစ္စ စသည်တို့ဖြင့် လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာရှု၏။ ဤသို့ ရှုခြင်းသည်ကား ဝိပဿနာတည်း။ ထို့ကြောင့် "သမထလျှင် ရှေ့သွားရှိသော ဝိပဿနာကို ဖြစ်စေ၏"ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။ (အံ-ဋ္ဌ-၂-၃၄၆။ အံ-ဋီ-၂-၃၄၄။) ဤနည်းကား ယေဘုယျအားဖြင့် သမထ ယာနိကပုဂ္ဂိုလ်တို့သည် နာမ်တရားကို အဦးမူသဖြင့်, ထိုနာမ်တရားတို့တွင်လည်း စျာန်နာမ်တရား= စျာန်သင်္ခါရ တရားတို့ကို အဦးမူသဖြင့် ဝိပဿနာ နှလုံးသွင်းခြင်းကို ပြုလုပ်ကြကုန်၏ဟု နှလုံးပိုက်၍ ဖွင့်ဆိုခြင်း ဖြစ်သည်။

(မ-ဋီ-၁-၂၀၄။)

**မဂ္ဂေါ သဉ္ဇာယတီ** = မဂ်သည် ထင်ရှားဖြစ်၏ ဟူရာ၌ ပဌမလောကုတ္တရမဂ် = သောတာပတ္တိမဂ်၏ ထင်ရှားဖြစ်ခြင်းတည်း။ ထိုသောတာပတ္တိမဂ်ကား စိတ္တက္ခဏ တစ်ချက်သာ ဖြစ်ရိုးဓမ္မတာ ရှိသဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဖြစ်ခြင်းမည်သည် မရှိရကား ပွားများ၍ မရနိုင်၊ အာသေဝနပစ္စည်း စသည်ဖြင့် ကျေးဇူးပြုခြင်း မည်သည် မရှိပေ။ သို့သော် ဒုတိယမဂ်= သကဒါဂါမိမဂ် အစရှိသည့် အရိယမဂ်တို့ကို ဖြစ်စေနိုင်ခဲ့သော်= ဖြစ်ပေါ်-လာအောင် ဝိပဿနာကို ဆက်လက်ပွားများနိုင်ခဲ့သော် ထိုသောတာပတ္တိမဂ်ကိုပင်လျှင် မှီဝဲ၏ ပွားများ၏ ကြိမ်ဖန် များစွာ အလေ့အလာပြု၏ဟု ခေါ်ဆိုနိုင်ပေ၏။ (အံ-ဋ္ဌ-၂-၃၄၆။)

တစ်နည်း — အရိယမဂ်၏ ရှေ့အဖို့၌ ဖြည့်ကျင့်အပ်သော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဟူသော လောကိယမဂ် = ဝိပဿနာမဂ်၏ အစွမ်းဖြင့်သာလျှင် ဤပါဠိတော်၏ အနက်အဓိပ္ပါယ်ကို သိရှိပါလေ။ အဘယ်သို့ သိရှိရမည်-နည်းဟူမူ? — **မဂ္ဂေါ သဉ္ဇာယတီ** = မဂ်သည် ထင်ရှားဖြစ်ပေါ်လာ၏ဟူသည် အရိယမဂ်၏ ရှေ့အဖို့၌ ဖြစ်သော လောကိယဝိပဿနာမဂ်သည် ဖြစ်ပေါ်လာ၏။ ဤသို့ ဆိုလို၏။ (အံ-ဋီ-၂-၃၄၄။)

**အာသေဝတိ** = မှီဝဲ၏ဟူသည် နိဗ္ဗိဒါနုပဿနာ၏ အစွမ်းဖြင့် မှီဝဲ၏။ **ဘာဝေတိ** = ပွားများ၏ဟူသည် မုဉ္စိတုကမျတာဉာဏ်၏ အစွမ်းဖြင့် ပွားများ၏။ **ဗဟုလီကရောတိ** = ကြိမ်ဖန်များစွာ အလေ့အလာပြု၏ဟူသည် ပဋိသင်္ခါနုပဿနာဉာဏ်၏ အစွမ်းဖြင့် ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ (= နိဗ္ဗိဒါနုပဿနာဉာဏ်သို့ ဆိုက်သော် လောကိယဝိပဿနာမဂ်ကို မှီဝဲသည် မည်၏။ မုဉ္စိတုကမျတာဉာဏ်သို့ ဆိုက်သော် လောကိယဝိပဿနာမဂ်ကို ပွားများသည်မည်၏။ ပဋိသင်္ခါနုပဿနာဉာဏ်သို့ ဆိုက်သော် လောကိယဝိပဿနာမဂ်ကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည် မည်၏။) (အံ-ဋီ-၂-၃၄၄။)

တစ်နည်း — ဘယတုပဋ္ဌာနဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါနုပဿနာဉာဏ်တို့သို့ ဆိုက်ခဲ့သော် လောကိယ ဝိပဿနာမဂ်ကို မှီဝဲသည် မည်၏။ မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့သို့ ဆိုက်ခဲ့သော် ယင်းလောကိယမဂ်ကို ပွားများသည် မည်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာသို့ ဆိုက်ရောက်ခဲ့သော် ယင်းလောကိယမဂ်ကို ကြိမ်ဖန်များစွာ အလေ့အလာပြုသည် မည်၏။ (အံ-ဋ္ဌီ-၂-၃၄၄။) (ဝုဋ္ဌာနဂါမိနိဝိပဿနာ အကြောင်းအရာသည် နောက်တွင် ထင်ရှားလတ္တံ့။)

ဤကား အမှတ်(၁) ပုဂ္ဂိုလ် ဖြစ်သည်၊ အမှတ်(၂) ပုဂ္ဂိုလ်၏ အကြောင်းကို ဆက်လက်၍ ဖတ်ရှုကြည့်ပါ။

၂။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား ရဟန်းတော်သည် ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွား-များ၏၊ ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကိုပွားများသော ထိုရဟန်းတော်အား သောတာပတ္တိမဂ်သည် သို့မဟုတ် လောကိယမဂ်သည် ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်းတော်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာ ပြုသော ထိုရဟန်းအား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ = ပယ်ပြီး ဖြစ်ကုန်၏။ အနုသယတို့သည် ကင်းပျောက် ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။ (အံ-၁-၄၇၅။)

**ဝိပဿနာပုဗ္ဗင်္ဂမန္တိ** ဝိပဿနံ ပုဗ္ဗင်္ဂမံ ပုရေစာရိကံ ကတွာ သမထံ ဘာဝေတိ၊ ပကတိယာ ဝိပဿနာလာဘီ ဝိပဿနာယ ဌတွာ သမာဓိံ ဥပ္ပါဒေတီတိ အတ္ထော။ (အံ-ဋ္ဌ-၂-၃၄၆။)

**ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီ**တိ ဣဒံ ပန ဝိပဿနာယာနိကဿ ဝသေန ဝုတ္တံ။ သော တံ ဝုတ္တ-ပ္ပကာရံ သမထံ အသမ္ပာဒေတွာ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ။ (အံ-ဋ္ဌီ-၂-၃၄၄။)

အမှတ်(၁) ပုဂ္ဂိုလ်ကား သမထယာနိက ပုဂ္ဂိုလ် ဖြစ်၏။ ဤ အမှတ်(၂) ပုဂ္ဂိုလ်ကား သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်ဖြစ်၏။ ထိုသုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် ထိုဆိုခဲ့ပြီးသည့် ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော နှစ်မျိုးပြားသော သမထကို မဖြစ်စေမူ၍ မပြည့်စုံစေမူ၍ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စစသည်တို့ဖြင့် လက္ခ-ဏာယာဉ်ကို တင်ကာ ဝိပဿနာရှု၏။ ဤသို့လျှင် ဝိပဿနာကို ရှေ့သွားပြု၍ ထိုနောင် သမထကို ပွားများ၏။ ပကတိအားဖြင့် ဝိပဿနာဉာဏ်ကို ရလေ့ရှိသော ပုဂ္ဂိုလ်သည် ဝိပဿနာ၌ ရပ်တည်၍ သမာဓိကို ဖြစ်စေ၏ဟု ဆိုလို၏။ ထိုကဲ့သို့သော ရဟန်းတော်၏ သန္တာန်၌လည်း အရိယမဂ်တရားသည် ထင်ရှားဖြစ်ပေါ်လာနိုင်သည်သာ ဖြစ်ပေသည်။ (အံ-ဋ္ဌ-၂-၃၄၆။ အံ-ဋ္ဌီ-၂-၃၄၄။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာအဖွင့်တို့ကို ကြည့်၍ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် သမာဓိကို လုံးဝ မထူထောင်ဟူ၍ အယူအဆ မမှားစေလိုပါ။ ဈာန်၏ အနီးအနား၌ ဖြစ်လေ့ရှိသော ဥပစာရသမာဓိ အစစ်နှင့် အပ္ပနာဈာန်သမာဓိကိုသာ ရရှိအောင် မထူထောင်ခြင်း ဖြစ်သည်။ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်တို့ လိုက်နာ ပြုကျင့်အပ်သော ဓာတ်ကမ္မဋ္ဌာန်းလမ်းမှ သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ, မုချအားဖြင့် ခဏိကသမာဓိ အမည်ရသော သမာဓိကိုကား သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် ထူထောင်ရသည်သာ ဖြစ်၏။ အောက်ပါ အဋ္ဌကထာ ဋီကာအဖွင့်တို့ကို ကြည့်ပါ။

က္ကစ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာဝ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။ တဿ ဝိပဿနာပါရိပူရိယာ တတ္ထ ဇာတာနံ ဓမ္မာနံ ဝေါဿဂ္ဂါရမ္မဏတော ဥပ္ပဇ္ဇတိ စိတ္တဿ ဧကဂ္ဂတာ၊ အယံ သမထော။ က္ကတိ ပဌမံ ဝိပဿနာ၊ ပစ္ဆာ သမထော။ တေန ဝုစ္စတိ "ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီ"တိ။ (မ-ဋ္ဌ-၁-၁၁၃။)

**သမထံ အနုပ္ပါဒေတွာ**ဝါတိ အဝဓာရဏေန ဥပစာရသမာဓိံ နိဝတ္တေတိ၊ န ခဏိကသမာဓိံ။ န ဟိ ခဏိကသမာဓိံ ဝိနာ ဝိပဿနာ သမ္ဘဝတိ။ **ဝိပဿနာပါဒိကုန္တိယာ**တိ ဝိပဿနာယ ပရိပုဏ္ဏတာယ ဝုဋ္ဌာနဂါမိနိဘာဝပ္ပတ္တိယာ။ (မ-ဋီ-၁-၂၀၄။)

ဤသာသနာတော်၌ အချို့သော သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပြီးသော ဥပစာရသမာဓိ အပ္ပနာသမာဓိဟု နှစ်မျိုးပြားသော သမထကို မဖြစ်စေမူ၍သာလျှင် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စစသည်တို့ဖြင့် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွား သုံးသပ်၏။ ဤကား ဝိပဿနာတည်း။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဝိပဿနာဉာဏ်များ၏ ပြည့်စုံလာခြင်းကြောင့် သင်္ခါရအာရုံမှ ထမြောက်၍ သင်္ခါရတို့မှ လွတ်ရာ နိဗ္ဗာန်သို့ တစ်ဟုန်တည်းပြေးသွားသော ဝုဋ္ဌာနဂါမိနိဝိပဿနာသည် ဖြစ်ပေါ်လာ၏။ ယင်း ဝုဋ္ဌာနဂါမိနိ ဝိပဿနာတွင် အရိယမဂ်တရားလည်း ပါဝင်၏။ ထိုအရိယမဂ်ခဏ၌ ဖြစ်ပေါ်သွားကြကုန်သော သမ္မာဒိဋ္ဌိ အစရှိကုန်သော အရိယမဂ္ဂဓမ္မတို့သည် နိဗ္ဗာန်ကို အာရုံပြုလျက် ရှိကြ၏။ ထိုအရိယမဂ္ဂဓမ္မတို့တွင် သမ္မာသမာဓိ ခေါ် စိတ္တေကဂ္ဂတာလည်း ပါဝင်၏။ ယင်းစိတ္တေကဂ္ဂတာ သမာဓိသည်လည်း နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ဤ၌ စိတ္တေကဂ္ဂတာဟူသည် နိဗ္ဗာန်ဟူသည့် အာရုံတစ်ခုတည်းပေါ်သို့ စိတ်ကျရောက်နေခြင်းသဘော တည်း။ ဤမဂ္ဂသမာဓိကား သမထတည်း။ ထိုကြောင့်ဝိပဿနာလျှင် ရှေ့သွားရှိသော သမထကို ပွားများ၏ဟု မိန့်ဆိုခြင်း ဖြစ်သည်။ (မ-ဋ္ဌ-၁-၁၁၃။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်၌ "သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် သမထကို မဖြစ်စေမူ၍သာ-လျှင်"ဟု ကန့်ကွက်ခြင်း အနက်သဘောရှိသော သာလျှင်-ဟူသော စကားဖြင့် အဋ္ဌကထာ၌ သုံးစွဲထား၏။ ထို သာလျှင်-ဟူသော စကားဖြင့် ဈာန်၏ အနီးအပါး၌ ဖြစ်လေ့ရှိသော ဥပစာရသမာဓိ အစစ်ကိုသာ နစ်စေ၏။ ခဏိကသမာဓိကို မနစ်စေပါ။ သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ အမည်ရသော မုချအားဖြင့် ခဏိက သမာဓိအမည်ရသော ခဏိကသမာဓိကိုကား မနစ်စေပါ။ အကြောင်းမူ ခဏိကသမာဓိနှင့် ကင်း၍ ဝိပဿနာ-ဉာဏ်၏ မဖြစ်နိုင်သောကြောင့်ပင်တည်း။ (မ-ဋီ-၁-၂၀၄။)

ခဏိကသမာဓိဟူသည် မည်ကဲ့သို့သော သမာဓိမျိုးကို ဆိုလိုသည်ဟူသော အကြောင်းအရာများနှင့် ပတ်သက်သည့် အချက်အလက်အများကို ပထမတွဲ **သမာဓိထူထောင်သင့်ပုံ** အပိုင်းတွင် ရှင်းလင်းတင်ပြခဲ့ပြီးပင် ဖြစ်၏။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၂၂၂) တွင် ညွှန်ကြားထားသော ယေဘုယျ စည်းကမ်း သတ်မှတ်ချက် အရ — သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်သည် ရုပ်ကမ္မဋ္ဌာန်းမှစ၍ နှလုံးသွင်းရမည်ဖြစ်ရာ ဓာတ်ကြီးလေးပါးကို အာရုံယူ၍ စတင်ကာ သမာဓိကို ထူထောင်ရမည် ဖြစ်၏။ ရုပ်တုံးရုပ်ခဲတည်းဟူသော ရုပ်ဃန အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော ဓာတ်ကြီးလေးပါးကို ရှုမြင်နိုင်ပါက သိမ်းဆည်းနိုင်ပါက သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ အမည်ရသော မုချအားဖြင့် ခဏိကသမာဓိဟု ခေါ်ဆိုသော ခဏိကသမာဓိသို့ ဆိုက်ရောက်ပြီ ဖြစ်၏။ ထိုခဏိကသမာဓိကိုကား မတားမြစ်ပါ၊ ထိုကဲ့သို့သော ခဏိကသမာဓိသို့ ဆိုက်အောင်ကား သမာဓိကို ထူထောင်ရမည်သာ ဖြစ်သည်ဟု ဆိုလိုပါသည်။ ခဏိကသမာဓိ အကြောင်း အပြည့်အစုံကို ပထမတွဲ၌ ပြန်ကြည့်ပါ။

အောက်ပါ အမှတ် (၃) ပုဂ္ဂိုလ်ကား ယုဂနဒ္ဓနည်းကို ပွားများအားထုတ်သူ ရဟန်းတော်ပင်ဖြစ်၏။ ထမ်းပိုး တစ်ခု၌ နွားနှစ်ကောင်ကို ယှဉ်စုံ ကထားသကဲ့သို့ သမထနှင့် ဝိပဿနာကို ယှဉ်တွဲ၍ အားထုတ်သော ယောဂါဝစရ ရဟန်းတော်ပင် ဖြစ်၏။

၃။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား ရဟန်းတော်သည် သမထ-ဝိပဿနာကို အစုံဖွဲ့၍ ပွားများ၏၊ သမထ ဝိပဿနာကို အစုံဖွဲ့၍ ပွားများသော ထိုရဟန်းတော်အား မဂ်သည် (= သောတာပတ္တိမဂ်သည် သို့မဟုတ် လောကိယမဂ်သည် ) ထင်ရှားဖြစ်ပေါ်လာ၏။ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏ ပွားများ၏ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်း-တော်အား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ = ပယ်ပြီး ဖြစ်ကုန်၏၊ အနုသယတို့သည် ကင်းပျောက် ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။ (အံ-၁-၄၇၅။)

**ယုဂနဒ္ဓံ ဘာဝေတီ**တိ ယုဂနဒ္ဓံ ကတွာ ဘာဝေတိ။ တတ္ထ တေနေဝ စိတ္တေန သမာပတ္တိံ သမာပဇ္ဇိတွာ တေနေဝ သင်္ခါရေ သမ္မသိတုံ န သက္ကာ။ အယံ ပန ယာဝတာ သမာပတ္တိယော သမာပဇ္ဇတိ၊ တာဝတာ သင်္ခါရေ သမ္မသတိ။ ယာဝတာ သင်္ခါရေ သမ္မသတိ၊ တာဝတာ သမာပတ္တိယော သမာပဇ္ဇတိ။ ကထံ? ပဌမဇ္ဈာနံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ သင်္ခါရေ သမ္မသတိ၊ သင်္ခါရေ သမ္မသိတွာ ဒုတိယဇ္ဈာနံ သမာပဇ္ဇတိ။ တတော ဝုဋ္ဌာယ ပုန သင်္ခါရေ သမ္မသတိ။ သင်္ခါရေ သမ္မသိတွာ တတိယဇ္ဈာနံ။ပ။ နေဝသညာနာသညာယတနသမာပတ္တိံ သမာပဇ္ဇတိ၊ တတော ဝုဋ္ဌာယ သင်္ခါရေ သမ္မသတိ။ ဧဝမယံ သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ နာမ။ (အံ-ဋ္ဌ-၂-၃၄၆။)

**ယုဂနဒ္ဓနည်းကို ပွားများ၏** ဟူသည် သမထ-ဝိပဿနာကို အစုံဖွဲ့၍ = ယှဉ်စုံဖွဲ့၍ ပွားများ၏။ ထိုသို့ ပွားရာ၌ ထိုစိတ်ဖြင့်ပင်လျှင် ဈာန်သမာပတ်ကို ဝင်စား၍ ထိုစိတ်ဖြင့်ပင်လျှင် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းငှာ မတတ်ကောင်းပေ။ ဤယောဂါဝစရ ရဟန်းတော်သည်ကား အကြင်မျှ-လောက်သော ဈာန်သမာပတ်တို့ကို ဝင်စား၏၊ ထိုမျှလောက်သော ဈာန်သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ အကြင်မျှလောက်သော ဈာန်သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကိုတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏၊ ထိုမျှလောက်သော ဈာန်သမာပတ်တို့ကို ဝင်စား၏။ အဘယ်သို့ ပွားများ အားထုတ်-သနည်းဟူမူ? — ပဌမဈာန်ကို ဝင်စား၏၊ ထိုပဌမဈာန်မှ ထ၍ သင်္ခါရတရားတို့ကို (= ပဌမဈာန် နာမ်တရား = ပဌမဈာန် သင်္ခါရတရားတို့ကို) လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ယင်းသင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြီးနောက် ဒုတိယဈာန်ကို ဝင်စား၏၊ထိုဒုတိယဈာန်မှ ထ၍ ဒုတိယဈာန် သင်္ခါရတရား (= ဒုတိယဈာန် နာမ်တရား )တို့ကို တစ်ဖန် လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြန်၏။ ယင်း ဒုတိယဈာန် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပြီး-နောက် တတိယဈာန်သမာပတ်ကို။ပ။ နေဝသညာနာသညာယတနဈာန်သမာပတ်ကို ဝင်စားပြန်၏။ ထို နေဝ-သညာနာသညာယတနဈာန်မှ ထ၍ နေဝသညာနာသညာယတန သင်္ခါရတရား = နေဝသညာနာသညာယတန ဈာန်နာမ်တရားစုတို့ကို လက္ခဏာယာဉ်ကို တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤသို့ ပွားများသည်ရှိသော် ဤယောဂါဝစရ ရဟန်းတော်သည် သမထဝိပဿနာကို အစုံဖွဲ့၍ ပွားများသည် မည်၏ = ယုဂနဒ္ဓနည်းကို ပွားများသည် မည်၏။ (အံ-ဋ္ဌ-၂-၃၄၆။)

ဤယုဂနဒ္ဓနည်းမှာ အများနားလည်နေသော ယုဂနဒ္ဓနည်းနှင့် မတူသည်ကိုကား အသင်သူတော်ကောင်း-သည် သတိပြုသင့်၏။ ဈာန်သမာပတ်ကို ဝင်စား၍ ဝိပဿနာရှုနိုင်သော သူတော်ကောင်းတို့၏ အရာသာ ဖြစ်ချေသည်။ ဤသင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ရောက်ရှိလာသော အသင်သူတော်ကောင်းသည် ဤအချိန်တွင် ဤ ယုဂနဒ္ဓနည်းကို ဦးစားပေး၍ ရှုပွားရန် အထူး သင့်လျော်လှပေသည်။ တစ်ဖန် အမှတ် (၄) ပုဂ္ဂိုလ်ကို ဆက်လက်၍ ဖတ်ရှုကြည့်ပါ။

၄။ ငါ့ရှင်တို့ . . . နောက်တစ်မျိုးကား ရဟန်းတော်အား တရားတို့၌ ပျံ့လွင့်ခြင်း 'ဓမ္မုဒ္ဓစ္စ'သည် အထူးသဖြင့် ယူထားအပ်သော စိတ်သည် ဖြစ်ပေါ်နေ၏။ ငါ့ရှင်တို့ . . . အကြင်အခါ၌ ထိုဝိပဿနာစိတ်သည်

(ဂေါစရဇ္ဈတ္တ) နိဗ္ဗာန်၌သာလျှင် ကောင်းစွာ တည်နေ၏၊ ကောင်းစွာ နစ်နေ၏၊ ကောင်းစွာ တည်ကြည်နေ၏၊ စိတ်ကို ကောင်းစွာ ထားနိုင်၏။ ထိုအခါ ထိုရဟန်းအား မဂ်သည် (= သောတာပတ္တိမဂ်သည် သို့မဟုတ် လောကိယမဂ်သည်) ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုရဟန်း-အား သံယောဇဉ်တို့သည် ပျောက်ပျက်ကုန်၏ = ပယ်ပြီး ဖြစ်ကုန်၏၊ အနုသယတို့သည် ကင်းပြတ် ရုပ်သိမ်း ချုပ်ငြိမ်းကုန်၏။

ငါ့ရှင်တို့ . . . ရဟန်းယောက်ျားဖြစ်စေ, ရဟန်းမိန်းမဖြစ်စေ မည်သူမဆို တပည့်တော်၏ အထံ၌ အရ-ဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏၊ ထိုရဟန်းယောက်ျား ထိုရဟန်းမိန်းမ အားလုံးသည် ဤမဂ်လေးပါး-တို့ဖြင့်လည်းကောင်း, တစ်ပါးပါးဖြင့်လည်းကောင်း အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ပြောကြား၏ဟု မိန့်ဆိုတော်မူ၏။ (အံ-၁-၄၇၅-၄၇၆။)

**ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတ**န္တိ သမထဝိပဿနာဓမ္မေသု ဒသဝိပဿနုပက္ကိလေသ သင်္ခါတေန ဥဒ္ဓစ္စေန ဝိဂ္ဂဟိတံ၊ သုဂ္ဂဟိတန္တိ အတ္ထော။ (အံ-ဋ္ဌ-၂-၃၄၆။)

**ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသ**န္တိ ဩဘာသာဒီသု အရိယဓမ္မောတိ ပဝတ္တံ ဥဒ္ဓစ္စံ ဝိက္ခေပေါ ဓမ္မုဒ္ဓစ္စံ၊ တေန ဓမ္မုဒ္ဓစ္စေန ဝိပဿနာဝီထိတော ဥဂ္ဂမနေန ဝိရူပံ ဂဟိတံ ပဝတ္တိယမာနံ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ။

(အံ-ဋီ-၂-၃၄၄။)

သမထ ဝိပဿနာ ဘာဝနာတို့ကို ပွားများအားထုတ်ရာ၌ ဩဘာသစသော ဥပက္ကိလေသတရားတို့ ထင်ရှားဖြစ်ပေါ်လာသောအခါ ယင်းဩဘာသစသည်ကိုပင် အရိယဓမ္မဟု စွဲယူလျက် ဖြစ်ပေါ်လာသော စိတ်ကား မူလကမ္မဋ္ဌာန်းအာရုံမှ ပျံ့လွင့်သွားသော ဓမ္မုဒ္ဓစ္စပင်တည်း။ ယင်းဓမ္မုဒ္ဓစ္စဖြင့် ကောင်းစွာယူထားအပ်သော စိတ်ကား ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသအမည်ရသော စိတ်ပင်တည်း။ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) နှလုံးသွင်း၏။ ယင်းသို့ နှလုံးသွင်းနေရာက ဩဘာသ စသည်တို့ ဖြစ်ပေါ်လာသော် ယင်းဩဘာသ စသည်ကိုပင် အရိယဓမ္မဟု နှလုံးသွင်းမိသဖြင့် ဝိပဿနာလမ်းကြောင်းမှ တိမ်းစောင်းသွားသော စိတ် ဖြစ်၏။ ထိုစိတ် ဖြစ်ပေါ်-နေသောအခါ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) ဟုတ်တိုင်းမှန်စွာ မသိတော့ပေ။ သို့သော် သပ္ပါယ (၇)ပါး စသည်တို့ကို ရရှိသောအခါ၌ကား ယင်း ဥပက္ကိလေသတရားတို့ကို ကျော်လွှား လွန်မြောက်၍ ဝိပဿနာလမ်းကြောင်းပေါ်သို့ တစ်ဖန်ပြန်၍ ရောက်ရှိသွားပြန်၏။ ဆက်လက်၍ ကြိုးပမ်းရာ ဝိပဿနာ လမ်း-ကြောင်းကို လွှမ်းမိုးလျက် ဂေါစရဇ္ဈတ္တအမည်ရသော ထိုနိဗ္ဗာန်အာရုံ၌သာလျှင် ကောင်းစွာ တည်နေပေသည်။

(အံ-ဋ္ဌ-၂-၃၄၆-၃၄၇။)

## ဒိသာကာက – ကျီး

တံ ပနေတံ သစေ သန္တိပဒံ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ။ နော စေ နိဗ္ဗာနံ သန္တတော ပဿတိ၊ ပုနပ္ပုနံ သင်္ခါရာရမ္မဏမေဝ ဟုတွာ ပဝတ္တတိ သာမုဒ္ဒိကာနံ ဒိသာကာကော ဝိယ။ (ဝိသုဒ္ဓိ-၂-၂၉၄-၂၉၅။)

ထိုသင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်းမှ ငြိမ်းအေးရာ ဖြစ်သော အမတဓာတ် မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်း = သင်္ခါရပ္ပဝတ္တကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်သွား၏။ (ဝိသုဒ္ဓိ-၂-၂၉၄-၂၉၅။)

သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ လက္ခဏာယာဉ်ကို တင်ကာ ရှုနေသော သင်္ခါရုပေက္ခာဉာဏ်သည် ထက်မြက်စူးရှခြင်း သန့်ရှင်းခြင်း ရဲရင့်ခြင်းဟူသော အင်္ဂါရပ်များ စုံညီခြင်းသို့ ရောက်ရှိလာသဖြင့် သင်္ခါရတရားတို့၌ လျစ်လျူရှုခြင်းသည် ပြီးစီးလတ်သော် ထိုသင်္ခါရုပေက္ခာဉာဏ်သည် အကြိမ်များစွာ ဖြစ်၍ ရင့်ကျက်ခြင်းသို့ ရောက်ရှိလာ၏၊ ယင်းသို့ ရင့်ကျက်ခြင်းသို့ ရောက်ရှိလာသဖြင့် အရိယမဂ်ဉာဏ်အားလျော်သော အနုလောမ-ဉာဏ်၏ အကြောင်းတရား၏ အဖြစ်သို့ ရောက်ရှိ၍ နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မြင်သည် မည်၏။ ထိုသို့ ဖြစ်သော ဉာဏ်သည်လည်း အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းဟူသော သင်္ခါရပ္ပဝတ္တကို စွန့်လွှတ်၍ နိဗ္ဗာန်သို့ ပြေးသွားသက်ဝင်သည် မည်ပေသည်။ ဤအပိုင်းတွင် ဤအထက်ပါ သင်္ခါရုပေက္ခာဉာဏ်ကို အနုလောမ-ဉာဏ် ဂေါတြဘုဉာဏ်တို့နှင့်တကွ တစ်ခုတည်းအဖြစ်သို့ ဆောင်၍ ဧကတ္တနည်း၏အစွမ်းဖြင့် သင်္ခါရုပေက္ခာဉာဏ် ဟူ၍ပင် ဆိုထားသည် မှတ်ပါ။ (မဟာဋီ-၂-၄၅၉-၄၆၀။)

နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့ = ထိုရွှေ့လောက် နိဗ္ဗာန်ကို ငြိမ်သက်သော အားဖြင့် မမြင်သေးသမျှ ကာလပတ်လုံး သင်္ခါရုပေက္ခာဉာဏ်သည်လည်း မရင့်ကျက်သေးပေ။ ထိုသို့ မရင့်ကျက် သေးပါက သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် မမြင်နိုင်သေးပေ။ ထိုသို့ မမြင်နိုင်သေး-ငြားအံ့ — ယင်းသင်္ခါရုပေက္ခာဉာဏ်သည် အဖန်တလဲလဲ သင်္ခါရတရားလျှင် အာရုံရှိသည်သာလျှင် ဖြစ်၍ ဖြစ်ပေါ်နေ၏။ သင်္ခါရတရားတို့၏ အပျက်ကိုလည်းကောင်း, ရှုသည့် ဝိပဿနာဉာဏ်၏ အပျက်ကိုလည်းကောင်း ဝိပဿနာ ရှုနေ၏။ သမုဒ္ဒရာကို ကူးသန်းသွားလာကုန်သော သင်္ဘောသားတို့၏ အရပ်မျက်နှာကို သိသော ဒိသာကာက ကျီးကဲ့သို့ မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၂၉၄-၂၉၅။)

ရှေးယခင် ခေတ်ဟောင်းက သမုဒ္ဒရာကို ကူးကုန်သော သင်္ဘောသားတို့သည် လှေသင်္ဘောသို့ တက်စီးကြ-ကုန်သည် ရှိသော် အရပ်မျက်နှာကို ကြည့်သော သိသော ဒိသာကာက မည်သည့် ကျီးကို ယူဆောင်၍ သွားတတ်-ကြကုန်၏။ ထိုသင်္ဘောသားတို့သည် လှေသင်္ဘောသည် လေပြင်းမုန်တိုင်းဒဏ်ကြောင့် သွားနေကျ လမ်းကြောင်းမှ တိမ်းစောင်း၍ လမ်းလွဲသို့ ရောက်ရှိသွားသောအခါ ဆိပ်ကမ်းများ မထင်မရှား ဖြစ်လာတတ်၏၊ ထိုအခါ၌ ဒိသာကာက ကျီးကို လွှတ်လိုက်ကြကုန်၏။ ထိုကျီးသည် လင်းယဉ်တိုင်ဖျားမှ ကောင်းကင်သို့ ပျံတက်၍ အရှေ့ အနောက် တောင် မြောက် ဟူသော တူရူအရပ်, အထောင့်အရပ်ဟူသော အလုံးစုံသော အရပ်မျက်နှာတို့သို့ လှည့်လည်၍ ပျံသန်းကြည့်လေ၏။ ထိုထိုအရပ်သို့ တစ်ခုပြီး တစ်ခု အစဉ်သဖြင့် ပျံသန်းကြည့်လေရာ ကမ်းကို အကယ်၍ မြင်ငြားအံ့၊ ထိုမြင်ရာ ကမ်းဘက်သို့သာလျှင် ပျံသန်းသွားလေ၏၊ အကယ်၍ ကမ်းကို မမြင်ငြားအံ့၊ အဖန်တလဲလဲ လှေသင်္ဘောသို့ပင် ပြန်လာ၍ လင်းယဉ်တိုင်ထိပ်၌သာလျှင် နားနေ၏။

ဤဥပမာအတူပင်လျှင် သင်္ခါရုပေက္ခာဉာဏ်သည် ပူပန်ခပ်သိမ်းမှ ငြိမ်းအေးရာဖြစ်သော အမတဓာတ် မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီးကို ငြိမ်သက်သောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ အလုံးစုံသော သင်္ခါရတရားတို့၏ ဖြစ်ခြင်းဟူသော သင်္ခါရပ္ပဝတ္တကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ အဖန်တလဲလဲ သင်္ခါရတရားလျှင် အာရုံရှိသည်ဖြစ်၍ ဖြစ်ပေါ်နေ၏။ (ဝိသုဒ္ဓိ-၂-၂၉၅။)

ထိုသင်္ခါရုပေက္ခာဉာဏ်သည် မန်းဖျား = စကောဖျား၌ လိုမ့်အပ် ဆင့်အပ်သော မုန့်ညက်ကဲ့သို့လည်းကောင်း, ဝါဖန်လေးငယ်ဖြင့် ခတ်အပ်သော အစေ့ထုတ်ထားပြီးသော ဝါဂွမ်းကဲ့သို့လည်းကောင်း, အထူးထူး အပြားပြား အားဖြင့် သင်္ခါရတရားတို့ကို သိမ်းဆည်း၍ ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ဘယနှင့် နန္ဒီဟူသော အစွန်းနှစ်ဘက်ကို ပယ်၍ - သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ စသော အခြင်းအရာအားဖြင့် စိစစ်ခြင်း၏ အထွတ်အထိပ်သို့

ရောက်ရှိနေသည်၏ အဖြစ်ကြောင့် သင်္ခါရတရားတို့၌ အလယ်အလတ် လျစ်လျူရှုသကဲ့သို့ သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တစသော အခြင်းအရာအားဖြင့် စိစစ်ခြင်း၌လည်း လျစ်လျူရှုသည်ဖြစ်၍ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟူသော သုံးမျိုးသော အနုပဿနာ၏ အစွမ်းဖြင့် တည်နေပေ၏။ ဤသို့ တည်နေသော သင်္ခါရုပေက္ခာဉာဏ်သည် —

၁။ သုံးမျိုးသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်ရှိ၍,

၂။ (၇)မျိုးသော အရိယပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းငှာ အကြောင်းတရား ဖြစ်၍ နေပေသည်။

## ဝိမောက္ခမုခ (၃) မျိုး

အနိစ္စတော မနသိကရောန္တော အဓိမောက္ခဗဟုလော အနိမိတ္တံ ဝိမောက္ခံ ပဋိလဘတိ။ ဒုက္ခတော မနသိကရောန္တော ပဿဒ္ဓိ ဗဟုလော အပ္ပဏိဟိတံ ဝိမောက္ခံ ပဋိလဘတိ။ အနတ္တတော မနသိကရောန္တော ဝေဒဗဟုလော သုညတဝိမောက္ခံ ပဋိလဘတိ။ (ပဋိသံ-၂၅၄။ ဝိသုဒ္ဓိ-၂-၂၉၆။)

## အနိစ္စာနုပဿနာ = အနိမိတ္တဝိမောက္ခ

သင်္ခါရတရားတို့ကို ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့် ယင်းသင်္ခါရတရားတို့၏ ဥပါဒ်စွန်း ဘင်စွန်းကို ဉာဏ်ဖြင့် ပိုင်းခြားယူလျက် အနိစ္စဟု ရှု၏။ အနိစ္စာနုပဿနာဉာဏ်တည်း။ ယင်းအနိစ္စာနုပဿနာဉာဏ်သည် –"ဥဒယတော ပုဗ္ဗေ သင်္ခါရာ နတ္ထိ = ဖြစ်ခြင်း (= ဥဒယ) မှ ရှေး၌ သင်္ခါရတရားတို့သည် မရှိကုန်" ဟူ၍ ထိုသင်္ခါရတရားတို့၏ သွားရာဂတိကို သို့မဟုတ် ဆက်လက်ဖြစ်ပုံကို ကောင်းစွာလိုက်၍ ရှာသည်ရှိသော် – "ဝယတော ပရံ န ဂစ္ဆန္တိ၊ ဧတ္ထေဝ အန္တရဓာယန္တိ = ပျက်ခြင်း (= ဘင်) မှ နောက်ကာလ၌ သင်္ခါရတရားတို့သည် ဆက်၍ မသွားကုန်၊ ဤ ပျက်ရာ ဘင်ကာလ၌ပင်လျှင် ကွယ်ပျောက်ကုန်၏"ဟု သင်္ခါရတရားတို့၏ သွားရာ ခရီးအားဖြင့် ကောင်းစွာ သုံးသပ်၏။ ယင်းသို့ သုံးသပ်သော အနိစ္စဟု သင်္ခါရတရားတို့ကို နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား ကုန်တတ် ပျောက်တတ်သော ခယသဘောအားဖြင့် သင်္ခါရတရားတို့သည် ထင်လာကုန်၏၊ အဓိမောက္ခဗဟုလ = ယုံကြည်ချက် သဒ္ဓိန္ဒြေ အဖြစ်များလာ၏။ သင်္ခါရနိမိတ်မှ ကင်းဆိတ်သည့် အနိမိတ္တ အမည်ရသော ဝိမောက္ခကို ရရှိနိုင်၏။ (ဝိသုဒ္ဓိ-၂-၂၉၅-၂၉၆ - ကြည့်။)

သင်္ခါရတရားတို့ကို အနိစ္စဟု တွင်တွင် ရှုနေရာ, ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ခံယူရသော အနိစ္စာ-နုပဿနာဉာဏ်သည် ဣန္ဒြေစုံညီ၍ ရင့်ကျက်လာသောအခါ သင်္ခါရနိမိတ် ကင်းခြင်းကြောင့် အနိမိတ္တအမည် ရသော နိဗ္ဗာနဓာတ်ကို အနိမိတ္တ အခြင်းအရာအားဖြင့် အာရုံပြု၍ = ဝိပဿနာဉာဏ်၏ အဆုံး၌ အနိမိတ္တအမည် ရသော နိဗ္ဗာန်ကိုပင် အနိမိတ္တ အခြင်းအရာအားဖြင့် အာရုံပြု၍ အရိယမဂ်တရားသည် ဖြစ်ပေါ်လာ၏၊ ထိုအရိယ-မဂ်ဉာဏ်သည် အနိမိတ္တ အမည်ရသော နိဗ္ဗာနဓာတ်၌ အာရုံပြုသောအားဖြင့် ဖြစ်ပေါ်လာသောကြောင့် **အနိမိတ္တ**လည်း အမည်ရ၏၊ ကိလေသာတို့မှ လွတ်မြောက်သည်၏ အဖြစ်ကြောင့် **ဝိမောက္ခ**လည်း အမည်ရ၏။ သတ္တလောက အမည်ရသော သတ္တဝါအပေါင်း၏ လောကသုံးပါးမှ ထွက်မြောက်ခြင်း၏ အကြောင်း ဖြစ်သော-ကြောင့် **မုခ**လည်း အမည်ရ၏။

ထိုကြောင့် ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် သင်္ခါရတရားတို့ကို အနိစ္စဟု ရှုသော အနိစ္စာနုပဿနာ-ဉာဏ်ဖြင့် နိမိတ္တ၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို သိမ်းဆည်း၍ ဝိပဿနာကို အားထုတ်လတ်သော် "အကြင် နိဗ္ဗာန်၌ ဤသင်္ခါရနိမိတ်သည် အချင်းခပ်သိမ်း မရှိ၊ ထိုနိဗ္ဗာန်သည် အနိမိတ္တ မည်၏"ဟု အနိမိတ္တ အခြင်းအရာ

အားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဝုဋ္ဌာနဂါမိနိဝိပဿနာကို အရိယမဂ်နှင့် စပ်စေ၏၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုအရိယမဂ်သည် **အနိမိတ္တဝိမောက္ခ** သို့မဟုတ် **အနိမိတ္တဝိမောက္ခမုခ** အမည်ရပေသည်။ ထိုအရိယမဂ်သည် အနိမိတ္တအခြင်းအရာအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟု ဆိုအပ်ပေသည်။

(ပဋိသံ-၂၄၄-၂၅၄။ ဝိသုဒ္ဓိ-၂-၂၉၅-၂၉၆ - ကြည့်ပါ။)

နိဗ္ဗာန်တရားတော်မြတ်၏ ထိုသို့သော အနိမိတ္တာကာရ = သင်္ခါရနိမိတ်မှ ဆိတ်သုဉ်းသော အခြင်းအရာကို အရိယမဂ်သည်လည်း မပြုအပ်၊ ဝိပဿနာဉာဏ်သည်လည်း မပြုအပ်။ စင်စစ်သော်ကား သဘာဝအားဖြင့်သာ ပြီး၏။ နိဗ္ဗာန်တရားတော်မြတ်ကြီးသည် တစ်စုံတစ်ခုသော အကြောင်းတရားတို့က မပြုပြင်အပ်သော အသင်္ခတ-ဓာတ် ဖြစ်သောကြောင့် ဖြစ်၏။ ထို အနိမိတ္တ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် အရိယမဂ်ကို အနိမိတ္တဟု ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၉၆ - ကြည့်ပါ။)

## သဒ္ဓိန္ဒြေ အပြစ်များပုံ

ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်လာရာ အထူးသဖြင့် **အနိစ္စာနုပဿနာဉာဏ်**သည် ထက်မြက်စူးရှလာ၏ ရဲရင့်လာ၏။ ထိုအခါ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် သဒ္ဓိန္ဒြေသည် လွန်ကဲလာ၏။ မှန်ပေသည် — အားထုတ်ခါစ၌ "သင်္ခါရတရားတို့သည် အနိစ္စဖြစ်ကုန်၏"ဟု ယုံကြည်ခြင်း သဒ္ဓါမျှဖြင့် ကျင့်လာ၍ ဝိပဿနာဉာဏ်သည် လွန်ကဲခြင်း အထွတ်အထိပ်သို့ ရောက်လာလတ်သော် ရွက်နုစသည့် သက်မဲ့ ဗဟိဒ္ဓလောက၌ ဩဇဋ္ဌမကရုပ်တို့၏ အနိစ္စဖြစ်မှုကို ဉာဏ်ဖြင့် မြင်သကဲ့သို့ ဉာဏ်၌ ထင်နေသကဲ့သို့ , အလားတူပင် ပတ္တမြား ရွှေ စသည်တို့၌လည်း ဩဇဋ္ဌမကရုပ်ဟူသော သင်္ခါရတရားတို့၏ အနိစ္စဖြစ်မှုကို အလွန်အကဲနှင့် တကွ ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက် သိမြင်နေ၏။

**[မှတ်ချက်** — ရူပသတ္တက ရှုနည်းဝယ် ဓမ္မတာရုပ် ရှုသည့်အပိုင်းကို အသင်သူတော်ကောင်းသည် ပြန်လည်၍ အာရုံယူထားပါ။ သစ်ရွက်နုစသည်တို့ကိုလည်းကောင်း, ပတ္တမြား ရွှေ စသည်တို့ကိုလည်းကောင်း ဝိပဿနာဉာဏ်ရောင်ဖြင့် ထိုးစိုက်၍ ယင်းတို့၌ တည်ရှိနေသော ဓာတ်ကြီးလေးပါးကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုလိုက်သောအခါ ဥတုဇဩဇဋ္ဌမကရုပ် = ရုပ်ကလာပ် တစ်ခုတစ်ခု အတွင်း၌ တည်ရှိသော တေဇော-ဓာတ် ဥတုကြောင့် ရှေ့နောက် အစဉ်မပြတ် ဆက်စပ်လျက် အထပ်ထပ် ဖြစ်နေသော ဩဇာလျှင် (၈)ခုမြောက် ရှိသော ရုပ်တရား အစုအပုံဟူသော သင်္ခါရတရား အစုအပုံကိုသာ ယောဂါဝစရပုဂ္ဂိုလ်သည် တွေ့မြင်နေမည် ဖြစ်၏။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းသင်္ခါရတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် ကြိတ်ချေလိုက်သောအခါ ယင်း သင်္ခါရတရားတို့၏ အနိစ္စသဘောကိုသာ လွန်လွန်ကဲကဲ ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေ၏ဟု ဆိုလိုသည်။]

သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာကို ထိုသို့ ပစ္စက္ခဉာဏ်ဖြင့် ထိုးထွင်းသိမြင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ —

"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ = ထိုဘုရားရှင်သည် မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် မှန်စွာ သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်တည်းဟူသော သိသင့် သိထိုက်သည့် ဉေယျဓမ်တရား ငါးပါးတို့ကို သိတော်မူသည့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် စင်စစ် ဖြစ်တော်မူပါပေစွတကား"ဟု —

ဆရာဖြစ်တော်မူသော ဘုရားရှင်၏ အပေါ်၌ အလွန်အားကြီးသော ယုံကြည်မှု သဒ္ဓါတရားသည် ဖြစ်ပေါ် လာ၏၊ ထိုကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်သည် သဒ္ဓါဓိမောက္ခ အဖြစ်များသည်လည်းကောင်း, လွန်ကဲသော

သဒ္ဓါတရားနှင့် ပြည့်စုံသည်လည်းကောင်း ဖြစ်ရပေသည်။ ထိုသို့ သဒ္ဓါတရားနှင့် ပြည့်စုံနေသော သဒ္ဓိန္ဒြေ လွန်ကဲနေသော ယောဂါဝစရပုဂ္ဂိုလ်၏ အဓိစိတ္တအမည်ရသော ဝိပဿနာဘာဝနာစိတ်သည် အနုလောမဉာဏ် စသည့် ဉာဏ်စဉ် အဆင့်ဆင့်သို့ တက်ရောက်၍ အနိမိတ္တ အမည်ရသော အသင်္ခတဓာတ်၌ ပြေးဝင်ခြင်းငှာလည်း ဖြစ်၏။ ထိုကြောင့် ယင်းအနိစ္စာနုပဿနာဉာဏ်၏ အဆုံး၌ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်သည် **အနိမိတ္တ ဝိမောက္ခမုခ** အမည်ရပေသည်။ (မဟာဋီ-၂-၄၆၁-၄၆၂။)

## ဒုက္ခာနုပဿနာ = အပ္ပဏိဟိတဝိမောက္ခ

သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ရှုပွားလာရာ ဒုက္ခလက္ခဏာ အထင်များ သဖြင့် ဒုက္ခလက္ခဏာကိုပင် ဦးစားပေး၍ တွင်တွင် ရှုနေ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဒုက္ခာနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ ဒုက္ခသဘောမှန်ကို ထင်ရှားပြနေ၏။ ထိုသို့ ဒုက္ခာနုပဿနာဉာဏ်က သင်္ခါရတရားတို့၏ ဒုက္ခသဘောမှန်ကို ထင်ရှားပြနေသဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဘာဝနာစိတ်သည် ထိတ်လန့်လာ၏၊ ကြောက်-သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာ၏ (ဉာဏဘယ ဟူလို)။ ထိုသို့ သင်္ခါရတရားတို့၏ သဘောမှန်ကို = ဖြစ်-ပျက် ဒဏ်ချက်ဖြင့် အမြဲမပြတ် အနှိပ်စက်ခံရမှု ဒုက္ခသဘောမှန်, ပြိုပြို ပျက်ပျက်နေသဖြင့် ကြောက်လန့်-ဖွယ်ကောင်းသည့် ဒုက္ခသဘောမှန်ကို ထင်ရှားပြခြင်းဖြင့် ထိတ်လန့်စေအပ်သော ဒုက္ခာနုပဿနာ ဘာဝနာစိတ်-သည် ကောင်းမြတ်မှန်ကန်သော သမ္မာပဋိပတ်ကျင့်စဉ်၌ စိတ်ကို ကောင်းစွာ ထက်မြက်စေသည် မည်ပေသည်။ ထိုကြောင့် ဒုက္ခာနုပဿနာ ဘာဝနာစိတ်သည် စိတ်ကို ထိတ်လန့်စေခြင်းငှာလည်း ဖြစ်၏၊ သမ္မာပဋိပတ်ကျင့်စဉ်၌ ထက်မြက်စေခြင်းငှာလည်း ဖြစ်၏။

တစ်ဖန် ယင်းဒုက္ခာနုပဿနာဉာဏ်ကို အဖန်တလဲလဲ ကြိုးစားအားထုတ်နေသော ယောဂါဝစရပုဂ္ဂိုလ်သည် "သင်္ခါရတရားတို့ကား ဒုက္ခတို့သာတည်း၊ ထိုသင်္ခါရတရားတို့၏ ဆန့်ကျင်ဘက်အားဖြင့် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်သည်ကား သုခစင်စစ်တည်း"ဟု ဤသို့ နှလုံးသွင်းသည်၏ အစွမ်းဖြင့် နိဗ္ဗာန်တရားတော်မြတ်ကြီး၏ ငြိမ်းအေးမှု မွန်မြတ်မှု ချမ်းသာမှု = သန္တ-ပဏီတ-သုခ၏အဖြစ်ကို နှလုံးသွင်းလျက် ရှိနေရကား ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် အမြဲမပြတ် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရားနှင့် ယှဉ်နေခြင်းကြောင့် **ပဿဒ္ဓိဗဟုလ** = ပဿဒ္ဓိ အဖြစ်များ၍ နေပေ၏။

ထိုသို့ ပဿဒ္ဓိ အဖြစ်များသောကြောင့် လွန်ကဲသော **သမာဓိန္ဒြေ**ကို ရရှိသဖြင့် ရာဂပဏိဓိ ဒေါသပဏိဓိ မောဟပဏိဓိ = သင်္ခါရတရားတို့၌ ရာဂ ဒေါသ မောဟ ဟူသော တောင့်တခြင်းသည် ဝေးကွာသွား၏။ ရာဂ-ပဏိဓိ စသည်မှ ဝေးစွာ ဖြစ်ခြင်းကြောင့် ထိုဒုက္ခာနုပဿနာဉာဏ်သည် **အပ္ပဏိဟိတဝိမောက္ခ** အမည်ရသော အရိယမဂ်ဉာဏ်ကို ရခြင်း၏ အကြောင်း ဖြစ်သွားပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို သိမ်းဆည်း၍ ဝိပဿနာကို ပွားများအားထုတ်သည်ရှိသော် ဒုက္ခာနုပဿနာဉာဏ်ဖြင့် ရာဂပဏိဓိ စသည်၏ ဝေးစွာ ဖြစ်ခြင်းကို ပြုလုပ်သဖြင့် ရာဂဟူသော တောင့်တခြင်း ကင်းရာ နိဗ္ဗာန်သို့ စိတ်ညွတ်ကိုင်းရှိုင်းလျက် ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ကို အရိယမဂ်ဉာဏ်နှင့် ဆက်စပ်မိစေ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုအရိယမဂ်ဉာဏ်သည် အပ္ပဏိဟိတာကာရ = ရာဂစသော တောင့်တခြင်းကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသောကြောင့် **အပ္ပဏိဟိတ** အမည်ရပေသည်။ ဆိုင်ရာ ကိလေသာတို့မှ ကောင်းစွာ လွတ်မြောက်သောကြောင့် **ဝိမောက္ခ**လည်း အမည်ရပေသည်။ သတ္တလောက အမည်ရသော သတ္တဝါအပေါင်း၏ လောကသုံးပါးမှ ထွက်မြောက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် **မုခ**လည်း

အမည်ရ၏။ ထို့ကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုအရိယမဂ်သည် **အပ္ပဏိဟိတဝိမောက္ခ**လည်း မည်ပေသည်၊ **အပ္ပဏိဟိတဝိမောက္ခမုခ**လည်း မည်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၉၅-၂၉၆။ မဟာဋီ-၂-၄၆၂ - ကြည့်ပါ။)

## အနတ္တာနုပဿနာ = သုညတဝိမောက္ခ

ယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို သိမ်းဆည်း၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှုလာရာ အနတ္တာနုပဿနာဉာဏ်အမြင်သန်သဖြင့် အနတ္တာနုပဿနာကို တွင်တွင်ကြီး နှလုံးသွင်းနေ၏။ ယင်းအနတ္တာနုပဿနာ၏ စွမ်းအင်ကြောင့် ဝိပဿနာဘာဝနာစိတ်သည် အတ္တရှိ၏ဟု စွဲယူသော အယူမှားမှ ဝေးကွာသွား၏၊ အနတ္တာနုပဿနာဉာဏ်က အတ္တရှိ၏ဟု စွဲယူမှု အတ္တစွဲမှ ဝိပဿနာဘာဝနာစိတ်ကို ဝေးကွာ-သွားအောင် ပြုလုပ်ပေး၏။ သင်္ခါရတရားတို့၌ အတ္တမှ ကင်းဆိတ်မှု အတ္တ-သုညတသဘောသို့ ဉာဏ်အမြင် ဆိုက်နေ၏၊ သင်္ခါရတရားတို့သည် သုညတသဘောအားဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်လာကုန်၏။ ယင်းအတ္တ-သုညတသဘောတရား၏ သိမ်မွေ့သော ဉာဏ်၏ အာရုံဖြစ်သောကြောင့် အနတ္တာနုပဿနာဉာဏ်ကို ပွားများအားထုတ်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပညိန္ဒြေ အဖြစ်များလာ၏။ (ဤ၌ ပညိန္ဒြေဟူသည် သင်္ခါရတရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အထူးသဖြင့် အနတ္တသဘောတို့ကို ထိုးထိုးထွင်းထွင်း ရှင်းရှင်း လင်းလင်းကြီး သိမှုကို ဆိုလိုပေသည်။ )ထိုသို့ ပညိန္ဒြေ အဖြစ်များသောကြောင့် လွန်ကဲသော ပညိန္ဒြေကို ရရှိသဖြင့် မောဟ = အဝိဇ္ဇာလည်း ဝေးကွာသွား၏။ (သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် သဘော-မှန်တို့ကို မသိမှုကား မောဟ = အဝိဇ္ဇာပင်တည်း။) ယင်းသို့ မောဟ = အဝိဇ္ဇာ၏ ဝေးကွာမှုကြောင့် အနတ္တာ-နုပဿနာဉာဏ်ကို ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် အနတ္တာနုပဿနာဉာဏ်၏ အဆုံး၌ **သုညတဝိမောက္ခ** အမည်ရသော အရိယမဂ်ဉာဏ်ကို ရရှိနိုင်ပေသည်။

ယောဂါဝစရပုဂ္ဂိုလ်သည် အနတ္တာနုပဿနာဉာဏ်၏ စွမ်းအင်ကြောင့် သင်္ခါရတရားတို့၌ အတ္တဟု စွဲယူမှု အတ္တစွဲမှ ဝေးကွာသွားသဖြင့် အနတ္တာနုပဿနာဉာဏ်က ဝိပဿနာဘာဝနာစိတ်ကို အတ္တစွဲမှ ဝေးကွာသွားအောင် ပြုလုပ်ပေးသဖြင့် ဝိပဿနာဘာဝနာစိတ်သည် အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် သုညတဟု ရအပ်သော အမည်ရှိသော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်း ညွတ်ကိုင်းရှိုင်းလျက် ဝုဋ္ဌာနဂါမိနီ အမည်ရသော ဝိပဿနာဉာဏ်ကို အရိယမဂ်ဉာဏ်နှင့် ဆက်စပ်မိစေ၏။ ဤသည်ကိုပင် အလုံးစုံသော သင်္ခါရတရားတို့ကို သုစိမ်းပြင်ပ ပရအားဖြင့် ရှုခြင်းကြောင့် သုညတဓာတ်သို့ စိတ်သည် ပြေးသွားသက်ဝင်သွား၏ဟု ဆိုပေသည်။

အတ္တမှ ဆိတ်သုဉ်းသော သုညတာကာရ = သုညတအခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ အရိယ-မဂ်ဉာဏ်သည် ဖြစ်ပေါ်လာသောကြောင့် ယင်းအရိယမဂ်ဉာဏ်ကို **သုညတ**ဟူ၍ သိပါလေ။ ယင်းအရိယမဂ်-ဉာဏ်သည် ဆိုင်ရာကိလေသာတို့မှ လွတ်မြောက်သောကြောင့် **ဝိမောက္ခ**လည်း အမည်ရ၏၊ သတ္တလောက အမည်ရသော သတ္တဝါအပေါင်း၏ လောကသုံးပါးမှ ထွက်မြောက်ခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့် **မုခ**လည်း အမည်ရ၏။ ထို့ကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုအရိယမဂ်သည် **သုညတဝိမောက္ခ** သို့မဟုတ် **သုညတဝိမောက္ခမုခ** မည်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၉၅-၂၉၆။ မဟာဋီ-၂-၄၆၂။)

## မုချ နှင့် ပရိယာယ်

အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၈၄-၈၅) ၌ **အပ္ပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခ** ဟု ဝိမောက္ခ နှစ်မျိုးကိုသာ ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ ယင်းဟောကြားထားတော်မူသည့် အဘိဓမ္မာ ဒေသနာတော်ကား ပရမတ္ထဒေသနာတော်ဖြစ်သဖြင့် မုချအားဖြင့် ဟောကြားထားတော်မူသည့် ဒေသနာတော်ပင် ဖြစ်သည်။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (ပဋိသံ-၂၆၂-၂၆၃။)စသည့် သုတ္တန်ဒေသနာတော်တို့၌ကား သုတ္တန္တိက ပရိယာယ် အားဖြင့် **သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ**ဟု ဝိမောက္ခသုံးမျိုးကို ဟောကြားထား-တော်မူ၏။

အရိယမဂ်ဉာဏ်သည် ယင်းဝိမောက္ခ အမည်များကို ရရှိခြင်းမှာ ဝိပဿနာဉာဏ်၏ အရိယမဂ်ဉာဏ်သို့ တိုင်အောင် ဆိုက်ရောက်လာပုံ အခြင်းအရာအားဖြင့်သာ ရရှိခြင်းဖြစ်သည်။

အနိစ္စာနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၌ နိစ္စဟု စွဲယူမှု နိစ္စနိမိတ်ကို, ဒုက္ခာနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၌ သုခဟု စွဲယူမှု သုခနိမိတ်ကို, အနတ္တာနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၌ အတ္တဟု စွဲယူမှု အတ္တနိမိတ်ကို ဝိပဿနာအခိုက်ဝယ် တဒင်္ဂအားဖြင့် အရိယမဂ်ဉာဏ်အခိုက်ဝယ် သမုစ္ဆေဒအားဖြင့် ဖျက်ဆီးလျက် စွန့်လွှတ်၏။ ထို့ကြောင့် ဤသုံးမျိုးသော အနုပဿနာသည် နိစ္စနိမိတ် သုခနိမိတ် အတ္တနိမိတ်ကို စွန့်လွှတ်-သောကြောင့် ယင်းနိမိတ်တို့မှ လွတ်သောကြောင့် **အနိမိတ္တဝိမောက္ခ** အမည်ရသည်ကား မှန်၏။

သို့သော် အရိယမဂ်ဉာဏ်၏ အာရုံဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကြီးသည်ကား သင်္ခါရနိမိတ် လုံးလုံး ကင်းဆိတ်နေသောကြောင့် အနိမိတ္တတရားစစ် အဖြစ်ကြီး ဖြစ်တော်မူ၏။ အထက်ပါ အနိစ္စာနုပဿနာ စသော သုံးမျိုးသော အနုပဿနာတို့ကား သင်္ခါရတရားတို့ကိုသာလျှင် အာရုံယူ၍ ရှုပွားသုံးသပ်နေသော တရားများ ဖြစ်ကြသဖြင့် စင်စစ် သင်္ခါရနိမိတ်မှ မလွတ်မြောက်သေးပေ။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။ (ခု-၁-၃၂၉။)

အနိမိတ္တာနုပဿနာကို ပွားများပါ၊ မာနာနုသယကို ပယ်နှုတ်ပါဟု ဝိဇယသုတ္တန်စသော ထိုထိုသုတ္တန် ဒေသနာတော်တို့၌ အနိမိတ္တာနုပဿနာကို ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ ထိုဝိပဿနာသည် နိစ္စနိမိတ် ဓုဝနိမိတ် သုခနိမိတ် အတ္တနိမိတ်တို့ကို ခွာပင်ခွာငြားသော်လည်း မိမိဝိပဿနာဉာဏ် ကိုယ်တိုင်က သင်္ခါရနိမိတ်အာရုံတို့၌သာလျှင် လှည့်လည်ကျက်စားနေရတုန်း ရှိနေသေးသည့်အတွက် သနိမိတ္တတရားသာ = သင်္ခါရနိမိတ်ရှိသော တရားသာလျှင် ဖြစ်နေသေး၏။ သင်္ခါရနိမိတ်ကို မစွန့်နိုင်သေးသောကြောင့် မုချအားဖြင့် အနိမိတ္တ မမည်ပေ။ နိစ္စနိမိတ် ဓုဝနိမိတ် သုခနိမိတ် အတ္တနိမိတ်တို့ ကင်းဆိတ်ခြင်းတည်းဟူသော အကြောင်း ပရိယာယ်အားဖြင့်သာ အနိမိတ္တ အမည်ရခြင်း ဖြစ်သည်။ မုချအားဖြင့်ကား သုညတမည်သည်လည်းကောင်း အပ္ပဏိဟိတမည်သည်လည်းကောင်း ဖြစ်ပေ၏။ ထိုဝိပဿနာဉာဏ်၏လည်း အရိယမဂ်သို့ ရောက်ကြောင်း ကျင့်စဉ်၏ အစွမ်းဖြင့်သာလျှင် အရိယမဂ်ခဏ၌ ဝိမောက္ခကို ထုတ်ဆောင် ဟောကြားထားတော်မူအပ်၏။ ထိုသို့ ထုတ်ဆောင်ဟောကြားထားတော်မူအပ်သည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတဝိမောက္ခနှင့် သုညတဝိမောက္ခ နှစ်မျိုးကိုသာလျှင် အဘိဓမ္မာ ဒေသနာတော်၌ ဟောကြားထားတော်မူအပ်၏ဟု သိရှိပါလေ။

(ဝိသုဒ္ဓိ-၂-၂၉၆-၂၉၇။ မဟာဋီ-၂-၄၆၂-၄၆၃ - ကြည့်ပါ။)

တစ်နည်း — အဘိဓမ္မာဒေသနာတော်ကား ပရမတ္ထဒေသနာ= မဖောက်မပြန် မှန်ကန်သော အနက်ကို ဟောသော ဒေသနာတော်ဖြစ်၏၊ အနိမိတ္တအမည်ရသော အရိယမဂ်သည်လည်း ပရမတ္ထအားဖြင့် အကြောင်း

ချို့တဲ့သည်သာလျှင် ဖြစ်နေ၏။

အနိစ္စာနုပဿနာ၏ အစွမ်းအားဖြင့် အနိမိတ္တဝိမောက္ခကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စသည်တို့၌ ဟောကြား-ထားတော်မူ၏။ ထိုအနိစ္စာနုပဿနာ ဘာဝနာလုပ်ငန်းရပ်ဖြင့် ဖြစ်ပေါ်လာသော အနိမိတ္တဝိမောက္ခ အမည်ရသော အရိယမဂ်တရား၌လည်း သဒ္ဓိန္ဒြေသည် လွန်ကဲလျက်ရှိ၏၊ ထိုသဒ္ဓိန္ဒြေသည် အရိယမဂ္ဂင် (၈)ပါး၌ အကျုံးဝင်သော တစ်ခုသော အင်္ဂါရပ်မျှသော်လည်း မဖြစ်ပေ။ သဒ္ဓိန္ဒြေသည် မိမိကိုယ်တိုင်က မဂ္ဂင်တရား မဟုတ်ခြင်းကြောင့် မိမိ၏ အကျိုးဖြစ်သော အရိယမဂ်အား အမည်နာမကို ပေးခြင်းငှာ မစွမ်းနိုင်ပေ။

ဤအနိမိတ္တဝိမောက္ခမှ တစ်ပါးသော အခြားတစ်ပါးသော ဝိမောက္ခတို့၌ ဒုက္ခာနုပဿနာ၏ အစွမ်းဖြင့် အပ္ပဏိဟိတဝိမောက္ခကို, အနတ္တာနုပဿနာ၏ အစွမ်းဖြင့် သုညတဝိမောက္ခကို ဟောကြားထားတော်မူ၏။ ထိုနှစ်ပါးသော ဝိမောက္ခတို့တွင် အပ္ပဏိဟိတဝိမောက္ခဖြင့် သမာဓိန္ဒြေသည်, သုညတဝိမောက္ခဖြင့် ပညိန္ဒြေသည် လွန်ကဲလျက်ရှိ၏။ ထိုသမာဓိန္ဒြေ ပညိန္ဒြေတို့ကား အရိယမဂ်၏ အင်္ဂါရပ်များ ဖြစ်ကြ၏၊ မဂ္ဂင် (၈)ပါးတွင် ပါဝင်ကြ၏။ ထိုသို့ အရိယမဂ်တရား၏ အင်္ဂါရပ်များ ဖြစ်ကြသောကြောင့် မိမိ၏ အကျိုးဖြစ်သော အရိယမဂ်တရားအား အမည်နာမကို ပေးခြင်းငှာ စွမ်းနိုင်ကြကုန်၏။

ဤသို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း အနိမိတ္တဝိပဿနာသည် မိမိကိုယ်တိုင်က မိမိလာရာ လမ်းကြောင်း၌ ရပ်တည်၍ မိမိ၏ အရိယမဂ်အား အမည်နာမကို ပေးခြင်းငှာ မစွမ်းနိုင်သောကြောင့် အနိမိတ္တ-မဂ်ကို အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်၌ မဟောအပ် မယူအပ်ဟု မှတ်ပါ။

(ဝိသုဒ္ဓိ-၂-၂၉၅-၂၉၆-၂၉၇။ အဘိ-ဋ္ဌ-၁-၂၆၇-၂၆၈-၂၆၉။ မဟာဋီ-၂-၄၆၂-၄၆၃ - ကြည့်ပါ။)

## သုညတ အမည်ရပုံ

ဤအရာ၌ **သုညတ**ဟူသည် လောကုတ္တရာမဂ်တရား၏ နာမည် ဖြစ်၏။ ထိုလောကုတ္တရာမဂ်သည် —

၁။ အာဂမန = အရိယမဂ် ဖြစ်ပေါ်လာကြောင်း ဝိပဿနာ,

၂။ သဂုဏ = မိမိဟူသော အရိယမဂ်၏ဂုဏ်,

၃။ အာရမ္မဏ = အာရုံ = နိဗ္ဗာန် —

ဤသုံးမျိုးကုန်သော အကြောင်းတရားတို့ကြောင့် သုညတ ဟူသော အမည်ကို ရရှိ၏၊ ရရှိပုံမှာ ဤသို့ ဖြစ်၏။ —

ဤသာသနာတော်၌ ယောဂါဝစရရဟန်းတော်သည် သင်္ခါရတရားတို့ကို အနတ္တအားဖြင့် = အနတ္တဟု စွဲစွဲမြဲမြဲ နှလုံးသွင်း၍ သင်္ခါရတရားတို့ကို အနတ္တအားဖြင့်= အနတ္တဟု ရှု၏။ သို့သော် သင်္ခါရတရားတို့ကို အနတ္တဟု ရှုရုံသက်သက်မျှဖြင့် အနတ္တဟု ဝိပဿနာဉာဏ်ဖြင့် မြင်ရုံသက်သက်မျှဖြင့်ကား သင်္ခါရတရားတို့မှလည်းကောင်း ဝဋ္ဋဒုက္ခတို့မှလည်းကောင်း ထမြောက်တတ်သောကြောင့် ထမြောက်လျက် နိဗ္ဗာန်ဘက်သို့ တစ်ဟုန်တည်း ပြေးသွားတတ်သောကြောင့် ဝုဋ္ဌာနအမည်ရသော အရိယမဂ်တရားသည် မဖြစ်ပေါ်လာနိုင်။ အနိစ္စအားဖြင့် လည်းကောင်း = အနိစ္စဟုလည်းကောင်း, ဒုက္ခအားဖြင့်လည်းကောင်း = ဒုက္ခဟုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုခြင်းငှာ သင့်မြတ်သည်သာ ဖြစ်ပေသည်။ ထိုကြောင့် အနိစ္စ ဒုက္ခ အနတ္တဟု သုံးမျိုးသော အနုပ-ဿနာသို့ စိတ်ကို တက်ရောက်စေ၍ စိတ်ကို တင်၍ သင်္ခါရတရားတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု တစ်လှည့်စီ သုံးသပ်လျက် လှည့်လည်ရှုပွားနေ၏။ (ဝိပဿနာစိတ်သည် သင်္ခါရတရားတို့၏ အနိစ္စအချက်သို့ ရောက်လိုက် ဒုက္ခအချက်သို့ ရောက်လိုက် အနတ္တအချက်သို့ ရောက်လိုက် အားဖြင့် သင်္ခါရတရားတို့ကို သုံးသပ်လျက် လှည့်လည်

ရှုပွားနေသည် ဟူလို။) သို့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနိဝိပဿနာသည် ဘုံသုံးပါး၌ ဖြစ်သည်လည်း ဖြစ်ကုန်သော သင်္ခါရတရားတို့ကို အတ္တမှ ကင်းဆိတ်၏သာ ဟူ၍ သုညချည်းသာ= သုညတချည်းသာ ဟူ၍ ရှုနေ၏။ ဤဝိပဿနာသည် သုညတဝိပဿနာ= သုညတာနုပဿနာ မည်၏။ (မူလက အနတ္တာနုပဿနာကို အခြေတည်လာသောကြောင့် အရိယမဂ်သို့ ဝင်ခါနီးဖြစ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာ အခိုက်အတန့်၌ သင်္ခါရတရားတို့ကို သုညတဟု ရှုတတ်သော အနတ္တာနုပဿနာသာ ဖြစ်ရမည် ဟူလိုသည်။) ထိုဝုဋ္ဌာနဂါမိနိဝိပဿနာ-သည် အရိယာမဂ်ဉာဏ်၏ ဖြစ်ပေါ်လာကြောင်း အကျင့်အရာ၌ တည်၍ မိမိ၏ အရိယမဂ်အား သုညတဟူသော အမည်ကို ပေး၏။ ဤသို့လျှင် အရိယမဂ်သည် မဂ်၏ ဖြစ်ပေါ်လာကြောင်း ဝိပဿနာကြောင့် **သုညတ**ဟူသော အမည်ကို ရရှိပေသည်။

နောက်တစ်မျိုးကား ထိုအရိယမဂ်သည် ရာဂ ဒေါသ မောဟတို့မှ ကင်းဆိတ်၏၊ ထိုသို့ ရာဂစသည်တို့မှ ကင်းဆိတ်သည်၏ အဖြစ်သည် အရိယမဂ်၏ ဂုဏ်ပင် ဖြစ်၏။ ယင်းမိမိ၏ ရာဂစသည်တို့မှ ကင်းဆိတ်မှု ဂုဏ်ကြောင့်လည်း အရိယမဂ်သည် **သုညတ**ဟူသော အမည်ကို ရရှိပေသည်။

တစ်ဖန် နိဗ္ဗာန်တရားတော်မြတ်ကြီးကိုလည်း ရာဂစသည်တို့မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် သုညတ ဟူ၍ပင် ခေါ်ဆိုအပ်ပေသည်။ ထိုသုညတ မည်သော နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံပြု၍ ဖြစ်ပေါ်လာ-သည်၏ အဖြစ်ကြောင့် အရိယမဂ်သည် နိဗ္ဗာန်ဟူသော အာရုံကြောင့်လည်း **သုညတ**ဟူသော အမည်ကို ရရှိပေသည်။

ထိုသုညတဟူသော အမည်ကို ရရှိနိုင်ကြောင်း အကြောင်းတရား သုံးမျိုးတို့တွင် သုတ္တန်ဒေသနာတော် နည်းအားဖြင့် မိမိဂုဏ်ကြောင့်လည်းကောင်း အာရုံကြောင့်လည်းကောင်း အရိယမဂ်သည် သုညတဟူသော အမည်ကို ရရှိ၏။ မှန်ပေသည် — ဤသုတ္တန် ဒေသနာတော်သည် ပရိယာယ် ဒေသနာတော်တည်း။ အဘိဓမ္မ ကထာ = အဘိဓမ္မာဒေသနာတော်သည်ကား ပရိယာယ်မဟုတ် မုချဒေသနာတော်တည်း။ ထို့ကြောင့် ဤအဘိဓမ္မာ အရာ၌ မိမိဂုဏ်ကြောင့်သော်လည်းကောင်း အာရုံကြောင့်သော်လည်းကောင်း သုညတဟူသော အမည်ကို မရနိုင်၊ အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဝိပဿနာဂမနကြောင့်သာလျှင် သုညတဟူသော အမည်ကို ရရှိနိုင်ပေသည်။ မှန်ပေသည် — အာဂမနသည်သာလျှင် ဓုရ = ပဓာနဖြစ်၏၊ ပြဓာန်း၏၊ ထိုအာဂမနသည် —

၁။ ဝိပဿနာဂမန,

၂။ မဂ္ဂါဂမန - ဟု

နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အရိယမဂ်၏ ဖြစ်ပေါ်လာရာဌာန၌ အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော ဝိပဿနာဟူသော ဝိပဿနာဂမနသည် ဓုရ = ပဓာနဖြစ်၏ = ပြဓာန်း၏။ အရိယဖိုလ်၏ ဖြစ်ပေါ်လာရာ ဌာန၌ အရိယဖိုလ်၏ ဖြစ်ပေါ်လာကြောင်း အရိယမဂ်ဟူသော မဂ္ဂါဂမနသည် ဓုရ = ပဓာနဖြစ်၏ = ပြဓာန်း၏။ ဤလောကုတ္တရာအရာ၌ကား အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်းနှင့် သက်ဆိုင်သည့် အပိုင်းဖြစ်သောကြောင့် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာဂမနသည်သာလျှင် ဓုရ= ပဓာနဖြစ်၏= ပြဓာန်းလျက်ရှိ၏။ ထို့ကြောင့် ဝိပဿနာဂမနအားဖြင့် ရရှိအပ်သော အရိယမဂ်၏ **သုညတ**ဟူသော အမည်သည်သာလျှင် ပရိယာယ် မဖက် မုချသက်သက် ဖြစ်သော အမည်ဖြစ်ပေသည်။ (မိမိဂုဏ်ကြောင့် အာရုံကြောင့် ရရှိသော အမည်တို့ကား ဓုရမဟုတ်သဖြင့် ပရိယာယ်အားဖြင့် ရရှိသော အမည်တို့သာ ဖြစ်ကြသည် ဟူလို။) (အဘိ-ဋ္ဌ-၁-၂၆၆။)

**[မှတ်ချက်** — အကြောင်းဝိပဿနာ၏ သုညတဟူသော အမည်ကို အကျိုးဖြစ်သော အရိယမဂ်ပေါ်၌ တင်စား၍ အကျိုးဖြစ်သော အရိယမဂ်ကို သုညတဟူ၍ ခေါ်ဆိုထားရကား အရိယမဂ်သည် ကာရဏူပစာရ

အားဖြင့် သုညတ မည်၏။ အာရုံနိဗ္ဗာန်၏ သုညတအမည်ကို အာရုံယူတတ်သော အာရမ္မဏိက အရိယမဂ်ပေါ်၌ တင်စား၍ အရိယမဂ်ကို သုညတဟု ခေါ်ဆိုရာ၌လည်း ကာရဏူပစာရပင်တည်း။ မိမိအရိယမဂ်၌ ရာဂ ဒေါသ မောဟတို့မှ ကင်းဆိတ်သောကြောင့် သဂုဏ = မိမိဂုဏ်အားဖြင့် သုညတအမည်ရရာ၌ကား သုညတအမည်က ကောင်းကင်, အဘာဝပညတ်တို့နှင့်လည်း သက်ဆိုင်သောကြောင့် ဧကဒေသျူပစာတည်း။]

## အပ္ပဏိဟိတ အမည်ရပုံ

အရိယမဂ်သည် ဤ အပ္ပဏိဟိတဟူသော အမည်ကိုလည်း အကြောင်းသုံးမျိုးတို့ကြောင့်ပင် ရရှိပေသည်။ ရရှိပုံမှာ ဤသို့ ဖြစ်၏။ —

ဤသာသနာတော်၌ ယောဂါဝစရရဟန်းတော်သည် ရှေးဦးအစ၌ပင်လျှင် သင်္ခါရတရားတို့ကို ဒုက္ခအားဖြင့် စွဲစွဲမြဲမြဲ နှလုံးသွင်း၍ သင်္ခါရတရားတို့ကို ဒုက္ခအားဖြင့် = သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အပျက်ဒဏ်ချက်ဖြင့် အမြဲမပြတ် အနှိပ်စက်ခံရမှုသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ယင်းသင်္ခါရ တရားတို့ကို ဒုက္ခဟု ရှု၏။ သင်္ခါရတရားတို့ကို ဒုက္ခဟု ရှုနေရုံမျှ, ဉာဏ်ဖြင့် မြင်နေရုံမျှ သက်သက်ကြောင့်ကား သင်္ခါရတရားတို့မှလည်းကောင်း, သံသရာဝဋ္ဋဒုက္ခတို့မှလည်းကောင်း ထမြောက်တတ်သော = ထမြောက်လျက် နိဗ္ဗာန်ဘက်သို့ တစ်ဟုန်တည်း ပြေးသွားတတ်သော ဝုဋ္ဌာနအမည်ရသော အရိယမဂ်တရားသည် မဖြစ်နိုင်၊ သင်္ခါရတရားတို့ကို အနိစ္စအားဖြင့်လည်းကောင်း= အနိစ္စဟုလည်းကောင်း, အနတ္တအားဖြင့်လည်းကောင်း = အနတ္တဟုလည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုခြင်းငှာ သင့်မြတ်သည်သာလျှင် ဖြစ်ပေသည်။ ထိုကြောင့် အနိစ္စ ဒုက္ခ အနတ္တဟု သုံးမျိုးသော အနုပဿနာသို့ စိတ်ကို တက်ရောက်စေ၍ = စိတ်ကို တင်၍ သင်္ခါရတရားတို့ကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း တစ်လှည့်စီ သုံးသပ်-လျက် လှည့်လည်နေ၏ ကျင့်နေ၏။ သို့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဘုံသုံးပါး အတွင်း၌ ဖြစ်ကုန်သော တေဘူမက သင်္ခါရတရားတို့၌ တောင့်တတတ်သော တဏှာကို ခြောက်သွေ့စေ၍ ထက်ဝန်းကျင် ပိုင်းခြားကာယူ၍ = ကုန်ခန်းစေ၍ သင်္ခါရတရားတို့ကို စွန့်လွှတ်၏။ ဤဝိပဿနာသည် အပ္ပဏိဟိ-တဝိပဿနာ မည်ပေသည်။ (ဒုက္ခာနုပဿနာကို တစ်ဖန်ပြန်၍ ဦးစားပေးလျက် ရှုနေသောကြောင့် ဖြစ်၏။) ထို အပ္ပဏိဟိတဝိပဿနာသည် အာဂမနီယဋ္ဌာန = အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း အကျင့်အရာ၌ တည်၍ မိမိ၏ အရိယမဂ်အား အပ္ပဏိဟိတဟူသော အမည်ကို ပေး၏။ ဤသို့လျှင် လောကုတ္တရအရိယမဂ်သည် ဖြစ်ပေါ် လာကြောင်း ဝိပဿနာကြောင့် = ဝိပဿနာဂမနကြောင့် **အပ္ပဏိဟိတ**ဟူသော အမည်ကို ရရှိပေသည်။

နောက်တစ်မျိုးကား — ထိုအရိယမဂ်၌ ရာဂပဏိဓိ ဒေါသပဏိဓိ မောဟပဏိဓိဟူသော တောင့်တတတ်-သော ရာဂ ဒေါသ မောဟပဏိဓိတရားတို့သည် မရှိကုန်၊ ထို့ကြောင့် ထိုအရိယမဂ်သည် မိမိ၌ ထင်ရှားရှိနေသော ဂုဏ်ကြောင့်ပင်လျှင် **အပ္ပဏိဟိတ**ဟူသော အမည်ကို ရရှိပေသည်။

ထိုအရိယမဂ်၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကိုလည်း ထိုတောင့်တတတ်-သော ရာဂ ဒေါသ မောဟပဏိဓိတရားတို့၏ ထင်ရှား မရှိခြင်းကြောင့် အပ္ပဏိဟိတဟူ၍ပင် ခေါ်ဆိုအပ်ပေသည်။ အရိယမဂ်သည် ထိုအပ္ပဏိဟိတ အမည်ရသော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံပြု၍ ဖြစ်ပေါ်လာသောကြောင့် ယင်းအရိယမဂ်သည် အာရုံကြောင့် **အပ္ပဏိဟိတ**ဟူသော အမည်ကို ရရှိပေသည်။

ထိုအပ္ပဏိဟိတဟူသော အမည်ကို ရကြောင်းဖြစ်သည့် အကြောင်းတရား သုံးမျိုးတို့တွင် သုတ္တန်ဒေသ-နာတော် နည်းအားဖြင့် မိမိဂုဏ်ကြောင့်လည်းကောင်း အာရုံကြောင့်လည်းကောင်း အရိယမဂ်သည် အပ္ပဏိဟိတ

ဟူသော အမည်ကို ရရှိပေသည်။ မှန်ပေသည် — ဤသုတ္တန်ဒေသနာတော်သည် ပရိယာယ်ဒေသနာတော်တည်း။ အဘိဓမ္မကထာ = အဘိဓမ္မာတရားတော်သည်ကား ပရိယာယ်မဖက် မုချသက်သက် ဒေသနာတော် ဖြစ်၏။ ထိုကြောင့် ဤအဘိဓမ္မာအရာ၌ မိမိဂုဏ်ကြောင့်လည်းကောင်း, အာရုံကြောင့်လည်းကောင်း အပ္ပဏိဟိတဟူသော အမည်ကို မရရှိနိုင်။ အရိယမဂ်ဖြစ်ပေါ်လာကြောင်း ဝိပဿနာဂမနကြောင့်သာလျှင် အပ္ပဏိဟိတဟူသော အမည်ကို ရရှိနိုင်ပေသည်။ မှန်ပေသည် — အာဂမနသည်သာလျှင် ဓုရ = ပဓာန ဖြစ်၏၊ ပြဓာန်း၏။ ထို အာဂမနသည် ဝိပဿနာဂမန, မဂ္ဂါဂမနဟု နှစ်မျိုးပြား၏။ ထိုနှစ်မျိုးတို့တွင် အရိယမဂ်၏ ဖြစ်ပေါ်လာရာဌာန၌ အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော ဝိပဿနာဟူသော အာဂမနသည် = ဝိပဿနာဂမနသည် ဓုရ = ပဓာနဖြစ်၏ = ပြဓာန်း၏။ အရိယဖိုလ်၏ ဖြစ်ပေါ်လာရာဌာန၌ အရိယဖိုလ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သည့် အရိယမဂ်ဟူသော မဂ္ဂါဂမနသည် ဓုရ = ပဓာန ဖြစ်၏ = ပြဓာန်း၏။ ဤလောကုတ္တရာအရာ၌ကား အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်းနှင့် သက်ဆိုင်သည့် အပိုင်းဖြစ်သောကြောင့် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော ဝိပဿနာဟူသော အာဂမန = ဝိပဿနာဂမနသည်သာလျှင် ဓုရ = ပဓာန ဖြစ်၏ = ပြဓာန်းလျက် ရှိ၏၊ ထိုကြောင့် ဝိပဿနာဂမနအားဖြင့် ရရှိအပ်သော အရိယမဂ်၏ အပ္ပဏိဟိတဟူသော အမည်သည်သာလျှင် ပရိယာယ်မဖက် မုချသက်သက်ဖြစ်သော အမည် ဖြစ်ပေသည်။ (မိမိဂုဏ်ကြောင့်, အာရုံကြောင့် ရရှိသော အမည်တို့ကား ဓုရ မဟုတ်သဖြင့် ပရိယာယ် အားဖြင့် ရရှိသော အမည်တို့သာ ဖြစ်သည်ဟူလို။) (အဘိ-ဋ္ဌ-၁-၂၆၆-၂၆၇။)

[**မှတ်ချက်** — အထက်ပါ သုညတအမည်ရပုံ အပ္ပဏိဟိတအမည်ရပုံနှင့် ဆက်စပ်၍ ဖော်ပြထားသော စကားရပ်တို့တွင် — "အနတ္တလက္ခဏာကို စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း၍ လက္ခဏာရေးသုံးတန်လုံးကို အကွက် စေ့အောင် ဆက်လက်၍ နှလုံးသွင်းလာရာ တစ်ဖန် အနတ္တလက္ခဏာကိုပင် ပြန်၍ နှလုံးသွင်းခိုက် အရိယမဂ်သို့ ဆိုက်သော် ထိုအရိယမဂ်သည် သုညတအမည်ရ၏။ ဒုက္ခလက္ခဏာကို စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း၍ လက္ခဏာရေး သုံးတန်လုံးကို အကွက်စေ့အောင် ဆက်လက်၍ နှလုံးသွင်းလာရာ တစ်ဖန် ဒုက္ခလက္ခဏာကိုပင် ပြန်၍ နှလုံး သွင်းခိုက် အရိယမဂ်သို့ ဆိုက်သော် ထိုအရိယမဂ်သည် အပ္ပဏိဟိတ အမည်ရ၏။" ဟူသော စကားရပ်တို့မှာ သုညတအမည်ရပုံ အပ္ပဏိဟိတအမည်ရပုံနှင့် ဆက်စပ်၍ လိုရင်းကို ပဓာနအားဖြင့် ဖော်ပြသော စကားများဟု မှတ်သားပါ။ အနတ္တလက္ခဏာကို စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း၍ လက္ခဏာရေးသုံးတန်လုံးကို အကွက်စေ့အောင် နှလုံးသွင်းပြီးနောက် အနတ္တလက္ခဏာကိုပင် တစ်ဖန်ပြန်၍ နှလုံးသွင်းခိုက်ဝယ် အရိယမဂ်သို့ ဆိုက်ရောက်နိုင် သကဲ့သို့ အလားတူပင် အနိစ္စလက္ခဏာကို နှလုံးသွင်းခိုက်၌လည်းကောင်း, ဒုက္ခလက္ခဏာကို နှလုံးသွင်းခိုက်၌ လည်းကောင်း အရိယမဂ်သို့ ဆိုက်ရောက်နိုင်သည်သာ ဖြစ်ပေသည်။ တစ်ဖန် ဒုက္ခလက္ခဏာကို စွဲစွဲမြဲမြဲ စတင် နှလုံးသွင်း၍ လက္ခဏာရေးသုံးတန်လုံးကို အကွက်စေ့အောင် နှလုံးသွင်းပြီးနောက် ဒုက္ခလက္ခဏာကိုပင် တစ်ဖန် ပြန်၍ နှလုံးသွင်းခိုက်ဝယ် အရိယမဂ်သို့ ဆိုက်ရောက်နိုင်သကဲ့သို့ အလားတူပင် အနိစ္စလက္ခဏာကို နှလုံး သွင်းခိုက်၌လည်းကောင်း အနတ္တလက္ခဏာကို နှလုံးသွင်းခိုက်၌လည်းကောင်း အရိယမဂ်သို့ ဆိုက်ရောက်နိုင်-သည်လည်း ရှိပေသည်။ (ဝိသုဒ္ဓိ-၂-၃၀၁ - နှင့် အောက်ပါ အဋ္ဌသာလိနီအဋ္ဌကထာကို ကြည့်ပါ။)]

## လက္ခဏာရေး သုံးတန်

အနိစ္စာဒီသု ဟိ ယတ္ထ ကတ္ထစိ အဘိနိဝိသိတွာ ဣတရမ္ပိ လက္ခဏဒ္ဝယံ ဒဋ္ဌုံ ဝဋ္ဋတိ ဧဝ။ ဧကလက္ခဏ-ဒဿနမတ္တေနေဝ ဟိ မဂ္ဂဝုဋ္ဌာနံ နာမ န ဟောတိ။ တသ္မာ အနိစ္စတော အဘိနိဝိဋ္ဌော ဘိက္ခု န ကေဝလံ အနိစ္စတောဝ ဝုဋ္ဌာတိ၊ ဒုက္ခတောပိ အနတ္တတောပိ ဝုဋ္ဌာတိယေဝ။ ဒုက္ခတော အနတ္တတော အဘိနိဝိဋ္ဌေပိ ဧသေဝ နယော။ ဣတိ အာဒိတော ယတ္ထ ကတ္ထစိ အဘိနိဝေသော ဟောတု၊ ဝုဋ္ဌာနဂါမိနီ ပန ဝိပဿနာ ယံ ယံ

သမ္မသိတွာ ဝုဋ္ဌာတိ၊ တဿ တသောဝ ဝသေန အာဂမနီယဋ္ဌာနေ ဌတွာ အတ္တနော မဂ္ဂဿ နာမံ ဒေတိ။ တတ္ထ အနိစ္စတော ဝုဋ္ဌဟန္တဿ မဂ္ဂေါ အနိမိတ္တော နာမ ဟောတိ၊ ဒုက္ခတော ဝုဋ္ဌဟန္တဿ အပ္ပဏိဟိတော၊ အနတ္တတော ဝုဋ္ဌဟန္တဿ သုညတောတိ ဇဝံ သုတ္တန္တပရိယာယေန အာဟရိတွာ ဒီပိတော။ (အဘိ-ဋ္ဌ-၁-၂၆၉။)

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို အားသစ်စ အခါ၌ လက္ခဏာရေးသုံးတန်တို့တွင် အမှတ်မထား တစ်ပါးပါး-သော လက္ခဏာ၌ စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်းသည် ဖြစ်ချင်ဖြစ်ပါစေ၊ ဝုဋ္ဌာနဂါမိနိဝိပဿနာသည်ကား အကြင် အကြင် လက္ခဏာကို သုံးသပ်ပြီး၍ သင်္ခါရတို့မှ ထ၏၊ ထိုထို လက္ခဏာ၏ အစွမ်းဖြင့်သာလျှင် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သည့် ဝိပဿနာဂမနအရာ၌ တည်၍ မိမိ၏ အကျိုးဖြစ်သော အရိယမဂ်အား အမည် နာမကို ပေးနိုင်၏။ ပေးနိုင်ပုံမှာ ဤသို့ ဖြစ်၏။ —

အနိစ္စစသော လက္ခဏာရေးသုံးတန်တို့တွင် အမှတ်မထား တစ်ပါးပါးသော လက္ခဏာ၌ စွဲစွဲမြဲမြဲ နှလုံး သွင်းပြီး၍ ထိုနောင် မိမိ စွဲစွဲမြဲမြဲ နှလုံးသွင်းရာ လက္ခဏာမှတစ်ပါးသော ကျန်လက္ခဏာနှစ်ပါးကိုလည်း ရှုခြင်းငှာ = ဉာဏ်ဖြင့် မြင်ခြင်းငှာ သင့်သည်သာလျှင် ဖြစ်၏။ တစ်ခုတည်းသော လက္ခဏာကို ရှုရုံ မြင်ရုံ သက်သက်-ကြောင့်ကား ဝုဋ္ဌာနအမည်ရသော အရိယမဂ်သည် မည်သည့်နည်းနှင့်မျှ ဖြစ်ပေါ်မလာနိုင်။ ထိုကြောင့် သင်္ခါရ တရားတို့ကို အနိစ္စအားဖြင့် = အနိစ္စဟု စွဲစွဲမြဲမြဲ နှလုံးသွင်းသော ယောဂါဝစရ ရဟန်းသည် ဒုက္ခ-အနတ္တ မဖက် အနိစ္စသက်သက် နှလုံးသွင်းခြင်းဖြင့်သာလျှင် = အနိစ္စဟု ရှုနေရုံသက်သက်ကြောင့်သာလျှင် ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်မလာနိုင်သေး၊ ဒုက္ခအားဖြင့်လည်းကောင်း = ဒုက္ခဟုလည်းကောင်း, အနတ္တအားဖြင့် လည်းကောင်း = အနတ္တဟုလည်းကောင်း နှလုံးသွင်းခြင်းကြောင့်လည်း ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ်-သည် ဖြစ်ပေါ်လာသည်သာလျှင် ဖြစ်ပေသည်။ တစ်နည်း — အနိစ္စသက်သက်ဖြစ်သော သင်္ခါရမှသာ ထမြောက်သည် မဟုတ်သေး၊ ဒုက္ခဖြစ်သော သင်္ခါရမှလည်းကောင်း အနတ္တဖြစ်သော သင်္ခါရမှလည်းကောင်း ထမြောက်သည်သာလျှင် ဖြစ်ပေသည်။ ဒုက္ခအားဖြင့်လည်းကောင်း အနတ္တအားဖြင့်လည်းကောင်း စွဲစွဲမြဲမြဲ နှလုံးသွင်းရာ၌လည်း ဤနည်းပင်တည်း။

ဤသို့လျှင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခါစ၌ လက္ခဏာရေးသုံးတန်တို့တွင် အမှတ် မထား တစ်ပါးပါးသော လက္ခဏာ၌ စွဲစွဲမြဲမြဲ နှလုံးသွင်းမှုသည် ဖြစ်ချင်ဖြစ်ပါစေ၊ ဝုဋ္ဌာနဂါမိနိဝိပဿနာသည်ကား အကြင်အကြင် လက္ခဏာကို သုံးသပ်ပြီး၍ သင်္ခါရတရားတို့မှ ထ၏၊ ထိုထို လက္ခဏာ၏ အစွမ်းဖြင့်သာလျှင် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဝိပဿနာဂမနအရာ၌ တည်၍ မိမိ၏ အကျိုးဖြစ်သော အရိယမဂ်အား အမည်နာမကို ပေးနိုင်၏။

ထိုတွင် သင်္ခါရတရားတို့ကို အနိစ္စဟု နှလုံးသွင်းခိုက် သင်္ခါရတရားတို့မှ ထသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည်, တစ်နည်း – အနိစ္စဖြစ်သော သင်္ခါရတရားတို့မှ ထသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည် အနိမိတ္တမဂ် မည်၏။ သင်္ခါရတရားတို့ကို ဒုက္ခဟု နှလုံးသွင်းခိုက် သင်္ခါရတရားတို့မှ ထသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည်, တစ်နည်း – ဒုက္ခဖြစ်သော သင်္ခါရတရားတို့မှ ထသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည် အပ္ပဏိဟိတ မည်၏။ သင်္ခါရတရားတို့ကို အနတ္တဟု နှလုံးသွင်းခိုက် သင်္ခါရတရားတို့မှ ထသော ယောဂါဝစရ ပုဂ္ဂိုလ်၏ အရိယမဂ်သည်, တစ်နည်း – အနတ္တဖြစ်သော သင်္ခါရတရားတို့မှ ထသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည် သုညတ မည်၏။ ဤသို့လျှင် သုတ္တန်နည်းအားဖြင့် ဆောင်၍ အနိမိတ္တမဂ် ရှိကြောင်းကို ရှေးအဋ္ဌကထာဆရာတော်တို့သည် ဆောင်ယူ၍ ပြအပ်လေသည်ဟု မှတ်ပါ။ (အဘိ-ဋ္ဌ-၁-၂၆၉။)

## အရိယပုဂ္ဂိုလ် (၇) မျိုး – ဝေဖန်ပုံ

(၁) သဒ္ဓါနုသာရီ, (၂) သဒ္ဓါဝိမုတ္တ, (၃) ကာယသက္ခီ, (၄) ဥဘတောဘာဂဝိမုတ္တ, (၅) ဓမ္မာနုသာရီ, (၆) ဒိဋ္ဌိပ္ပတ္တ, (၇) ပညာဝိမုတ္တဟု အရိယပုဂ္ဂိုလ် (၇)မျိုး ရှိ၏။ ထိုပုဂ္ဂိုလ်တို့ကို ဝေဖန် ပိုင်းခြားဖို့ရန် ဤ သင်္ခါရုပေက္ခာဉာဏ်သည် အကြောင်းတရား ဖြစ်၏။

**ရှင်းလင်းချက်** — ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည် သင်္ခါရတရားတို့ကို **အနိစ္စ**အားဖြင့် = **အနိစ္စ**ဟု နှလုံးသွင်းသည် ဖြစ်၍ သဒ္ဓိန္ဒြေ အဖြစ် များ၏။ သဒ္ဓါနုသာရီ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော လွန်ကဲသော သဒ္ဓိန္ဒြေကို ရရှိ၏။ [ရှုနေသော ဝိပဿနာဉာဏ်တွင် ယေဘုယျအားဖြင့် နာမ်တရား (၃၄)လုံးခန့် ရှိ၏၊ ယင်းတို့တွင် ပါဝင်သော သဒ္ဓါ-စေတသိက်မှာ အလွန် ထက်မြက်စူးရှ၍ အားကောင်းနေ၏ဟု ဆိုလိုသည်။] ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ **သဒ္ဓါနုသာရီ**ပုဂ္ဂိုလ် မည်၏။ ကြွင်းသော သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ် အရဟတ္တဖိုလ် ဟူသော (၇)ဌာနတို့၌ **သဒ္ဓါဝိမုတ္တ**ပုဂ္ဂိုလ် မည်၏။ (ဝိသုဒ္ဓိ-၂-၂၉၇။)

သင်္ခါရတရားတို့၌ အနိစ္စအခြင်းအရာကို ကောင်းစွာ ရှုသော ယောဂါဝစရပုဂ္ဂိုလ်အား ယင်းအနိစ္စာနုပဿနာဉာဏ်က သဒ္ဓါတရား ပွားများလာအောင် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေး၏။ အနိစ္စာနုပဿနာဉာဏ်သည် သဒ္ဓါ တိုးပွားခြင်း၏ အားကြီးသော မှီရာ ဥပနိဿယ ဖြစ်ရကား ထိုသဒ္ဓါအားလျော်သော အရိယမဂ်၌ တစ်နည်း — သဒ္ဓါလွန်ကဲလျက် ရှိသော ဝိပဿနာဉာဏ်အားလျော်သော အရိယမဂ်၌ သဒ္ဓါသည် လွန်ကဲလျက်ပင် ရှိ၏။ ထိုသို့ ဝိပဿနာဂမနကြောင့် သဒ္ဓါ လွန်ကဲလျက် ရှိသော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော အဋ္ဌမကအမည်ရသော သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် **သဒ္ဓါနုသာရီ** = အရိယမဂ် ဖြစ်ပေါ်ကြောင်း ဝိပဿနာအရာ၌ တည်သော သဒ္ဓါသို့ အစဉ်လိုက်သော ပုဂ္ဂိုလ်မည်၏ ဟူလိုသည်။

(မဟာဋီ-၂-၄၆၄-၄၆၅ - ကြည့်။)

[**မှတ်ချက်** — အရဟတ္တဖိုလ်၌ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် မရှိ၊ သုတ္တန်ဒေသနာ ပရိယာယ်အားဖြင့် အရဟတ္တမဂ်ခဏ၌ သဒ္ဓါဝိမုတ္တ ဖြစ်ခဲ့သော် အကြောင်း အရဟတ္တမဂ်၌ သဒ္ဓါ လွန်ကဲသဖြင့် သို့မဟုတ် သဒ္ဓါဝိမုတ္တ ဖြစ်သဖြင့် အကျိုးတရားဖြစ်သော အရဟတ္တဖိုလ်၌လည်း သဒ္ဓါဝိမုတ္တဟု ဆိုခြင်း ဖြစ်သည်။ ဤသို့ မှတ်သားပါ။

(မဟာဋီ-၂-၄၆၄-၄၆၅ - ကြည့်ပါ။)]

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် သင်္ခါရတရားတို့ကို **ဒုက္ခ**အားဖြင့် = **ဒုက္ခ**ဟု စွဲစွဲမြဲမြဲ နှလုံးသွင်း၏။ ယင်းသို့ နှလုံးသွင်းခြင်းကြောင့် ပဿဒ္ဓိ အဖြစ်များလာ၏၊ ပဿဒ္ဓိ အဖြစ်များလာခြင်းကြောင့် လွန်ကဲသော စိတ်တည်ကြည်မှု သမာဓိန္ဒြေကို ရရှိနိုင်၏။ ထိုဒုက္ခာနုပဿနာဖြင့် သင်္ခါရတို့မှထသော ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်မှ စ၍ အရဟတ္တဖိုလ်သို့တိုင်အောင် အလုံးစုံသော (၈)ဌာနတို့၌ **ကာယသက္ခီ** ပုဂ္ဂိုလ် မည်ပေသည်။

(ဝိသုဒ္ဓိ-၂-၂၉၇။)

## မေးမြန်းဖွယ် အချက်

အဋ္ဌကထာ၌ (အဘိ-ဋ္ဌ-၁-၂၆၆ - ၌) ဝိပဿနာဂမနဓုရ, မဂ္ဂါဂမနဓုရဟု ဓုရ နှစ်မျိုးတို့ကို ကိန်းသေ နိယမအားဖြင့် သတ်မှတ်အပ်သည်၏ အဖြစ်ကြောင့် သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီသော်လည်းကောင်း ဓမ္မာနုသာရီသော်လည်းကောင်း ဖြစ်သင့်သည် မဟုတ်ပါလော ဟူငြားအံ့။ အဖြေကား ဤသို့တည်း။ —

ဤအရာ၌ သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီပင် ဖြစ်သင့်၏။ (ကာယသက္ခီ မဖြစ်သင့် ဟူလိုသည်။) အရဟတ္တဖိုလ်ခဏ၌လည်း ကာယသက္ခီ မရှိပေ။ အဘိဓမ္မာပါဠိတော် (အဘိ-၃-၁၈၄။ )၌ ဤသို့ ဟောကြား-ထားတော်မူ၏။ —

"အဘယ်မည်သော ပုဂ္ဂိုလ်သည် ကာယသက္ခီ မည်သနည်း၊ ဤသာသနာတော်၌ အချို့သော ယောဂါဝစရ ပုဂ္ဂိုလ်သည် ရှစ်ပါးကုန်သော ဝိမောက္ခတရားတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေ၏၊ ပညာဖြင့်လည်း သိမြင်၍ ထိုပုဂ္ဂိုလ်အား အချို့ကုန်သော အာသဝေါတရားတို့သည် ကုန်သွားကုန်၏၊ ဤပုဂ္ဂိုလ်ကို ကာယသက္ခီဟူ၍ ခေါ်ဆိုအပ်၏။" (အဘိ-၃-၁၈၄။)

ဤသို့လျှင် အချို့ကုန်သော အာသဝေါတရားတို့၏ ကုန်ခန်းမှုကိုသာ ဟောကြားထားတော်မူခြင်းကြောင့် ကာယသက္ခီပုဂ္ဂိုလ်၏ သေက္ခပုဂ္ဂိုလ်ဖြစ်ကြောင်းကိုသာလျှင် သိအပ်သည်မဟုတ်လော ဟု မေးရန်ရှိ၏။ —

ဤအမေးသည် ပရိယာယ်မဖက် မုချသက်သက်အားဖြင့်ကား မှန်၏၊ သို့သော် ဤဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ပရိယာယ်အားဖြင့် ဖွင့်ဆိုခြင်း ဖြစ်၏။ ထိုပရိယာယ်ဟူသည် အဘယ်နည်းဟူမူ — ကာယသက္ခီ ပုဂ္ဂိုလ်နှင့် တူသည်၏ အဖြစ်ပင်တည်း။

ထင်ရှားစေအံ့ — ကာမာဝစရ-ဥပစာရသမာဓိ, ရူပါဝစရ-ဈာန်သမာဓိတို့ထက် သာလွန်သော အရူပ ဈာန်သမာဓိ အတွေ့ကို ရရှိသည်ဖြစ်၍ ကာယသက္ခီပုဂ္ဂိုလ်ဟု ခေါ်ဝေါ်မှု ပြီးစီးခြင်း ဖြစ်ရကား အချို့သော အာသဝေါတရားတို့၏ ကုန်ခန်းမှုကို အစွဲပြု၍ "ကာယသက္ခီ"ဟု ခေါ်ဆိုအပ်သော သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်-မှသည် အရဟတ္တမဂ်ပုဂ္ဂိုလ်သို့ တိုင်အောင်သော အရိယပုဂ္ဂိုလ်နှင့် —

၁။ ဥပစာရသမာဓိ, ရူပါဝစရဈာန်သမာဓိတို့ထက် သာလွန်သော အလွန်အကဲနှင့် တကွဖြစ်သော အရူပါဝစရ ဈာန်သမာဓိ အတွေ့နှင့်,

၂။ ထိုသမာဓိလျှင် တည်ရာရှိသော အာသဝေါတရားတို့၏ ကုန်ခန်းခြင်း –

ဤနှစ်မျိုးတို့၏ တူသည်၏အဖြစ်ကို ငဲ့၍ ကာယသက္ခီပုဂ္ဂိုလ်ကဲ့သို့ ရဟန္တာပုဂ္ဂိုလ်ကိုလည်း **ကာယသက္ခီ** ဟု ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားတော်မူ၏။ ထိုကြောင့် ဤဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌လည်း ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်နည်းကိုပင်လျှင် ယူ၍ ရဟန္တာပုဂ္ဂိုလ်၏လည်း ကာယသက္ခီပုဂ္ဂိုလ် အဖြစ်ကို ဖွင့်ဆိုအပ်ပေသည်။ မှန်ပေသည် — ဤဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအဖွင့်သည် သုတ္တန်ဒေသနာတော်၏ အဖွင့်ဖြစ်သည်ဟု သိရှိပါလေ။ (မဟာဋီ-၂-၄၆၅-၄၆၆။)

## မုချအားဖြင့် ယူပုံ

ပရိယာယ်မဖက် မုချသက်သက်အားဖြင့်ကား သောတာပတ္တိဖိုလ်မှ စ၍ အရဟတ္တမဂ် တိုင်အောင် (၆)ပါး ကုန်သော အရာဌာနတို့၌ **ကာယသက္ခီ** မည်၏။ ထို ကာယသက္ခီ အမည်ရသော အရိယပုဂ္ဂိုလ်သည်လည်း သမာပတ် (၈)ပါးလုံးကို ရရှိထားသော အရိယပုဂ္ဂိုလ်တည်း။ သုဒ္ဓဝိပဿနာယာနိကဖြစ်သော ဈာန်အစေး ခန်းခြောက်သော သုက္ခဝိပဿကပုဂ္ဂိုလ်သည်လည်းကောင်း, ဥပစာရဈာန်မျှကိုသာ ရသော ပုဂ္ဂိုလ်သည်လည်း-ကောင်း (ဈာန်ရနိုင်သော ကမ္မဋ္ဌာန်းတို့တွင် ဈာန်ကို ရအောင် အားမထုတ်ဘဲ ဥပစာရသမာဓိမှ ဝိပဿနာသို့ ကူးသော ပုဂ္ဂိုလ်များကို ရည်ရွယ်သည်။) ရူပါဝစရဈာန်မျှကိုသာ ရသော ပုဂ္ဂိုလ်သည်လည်းကောင်း ကာယ-သက္ခီ ပုဂ္ဂိုလ် မဖြစ်နိုင်။

**ပဿဒ္ဓိဗဟုလ** = ပဿဒ္ဓိ အဖြစ်များ၏ ဟူသည်မှာလည်း ပဿဒ္ဓိကို အဦးမူ ပဓာန ပြုသဖြင့် ကာမာဝစရ သမာဓိထက် သာလွန်သော အလွန်အကဲနှင့် တကွဖြစ်သော သမာဓိကိုရသော သမထယာနိကပုဂ္ဂိုလ်ကိုသာလျှင် အလိုရှိအပ်ပေသည်။ သမထယာနိကပုဂ္ဂိုလ်၏သာလျှင် ကာယသက္ခီ အရိယပုဂ္ဂိုလ် ဖြစ်နိုင်ပုံကို အောက်၌ ဖွင့်ဆိုခဲ့လေပြီ။ (မဟာဋီ-၂-၄၆၅-၄၆၆။)

အရူပါဝစရဈာန် (၄)ပါးတို့တွင် ဈာန်တစ်ပါးပါးကိုလည်းကောင်း, လေးပါးလုံးကိုလည်းကောင်း ရောက်ရှိ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်သည် **ဥဘတောဘာဂဝိမုတ္တ** မည်၏။ (ဝိသုဒ္ဓိ-၂-၂၉၇။)

အာကာသာနဉ္စာယတနသမာပတ်သို့ ဆိုက်ရောက်ပြီး၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော ပုဂ္ဂိုလ် – စသည်ဖြင့် အရူပဈာန်သမာပတ် (၄)မျိုးတို့၏ အစွမ်းဖြင့်လည်းကောင်း, နိရောဓသမာပတ်၏ အစွမ်းဖြင့် လည်းကောင်း **ဥဘတောဘာဂဝိမုတ္တ** ပုဂ္ဂိုလ် (၅)မျိုး ရှိ၏။

အရူပဈာန်ဖြင့် ရူပကာယမှလည်းကောင်း နာမကာယ တစ်စိတ်တစ်ဒေသမှလည်းကောင်း ဝိက္ခမ္ဘန = ခွာသည်၏ အစွမ်းဖြင့် လွတ်မြောက်၏။ အရိယမဂ်ဖြင့် နာမကာယမှ သမုစ္ဆေဒ = အကြွင်းမဲ့ ဖြတ်သည်၏ အစွမ်းဖြင့် လွတ်မြောက်၏။ ဤသို့လျှင် နှစ်ပါးကုန်သော အဖို့တို့ဖြင့် နှစ်ကြိမ်တိုင်တိုင် လွတ်မြောက်သောကြောင့် **ဥဘတောဘာဂဝိမုတ္တ** မည်ပေသည်။ (မဟာဋီ-၂-၄၆၆-၄၆၈။)

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် သင်္ခါရတရားတို့ကို **အနတ္တ**အားဖြင့် = **အနတ္တ**ဟု နှလုံးသွင်းသည် ဖြစ်၍ ပညာ အဖြစ်များရကား လွန်ကဲသော ပညိန္ဒြေကို ရရှိ၏။ (ပညာဉာဏ်ကြီးမားသော ပုဂ္ဂိုလ်အား အထူးသဖြင့် သိမ်မွေ့သည်လည်းဖြစ်ကုန်သော နက်နဲသည်လည်း ဖြစ်ကုန်သော ပရမတ္ထ အနက်သဘောတရားတို့သည် ထင်ထင်ရှားရှား ဖြစ်ကုန်၍ ဉာဏ်ဝ၌ ထင်လာကုန်၏၊ ထို့ကြောင့် သင်္ခါရတရားတို့ကို အနတ္တအားဖြင့် = အနတ္တဟု နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်အား ဉာဏ်ပညာ အဖြစ်များသည်၏ အဖြစ်ကိုလည်းကောင်း, ပညိန္ဒြေကို ရခြင်းကိုလည်းကောင်း အဋ္ဌကထာဆရာတော်က ဖွင့်ဆိုခြင်း ဖြစ်သည်။) ထိုယောဂါဝစရပုဂ္ဂိုလ်သည် ပညိန္ဒြေ လွန်ကဲသည်၏ အဖြစ်ကြောင့် သောတာပတ္တိမဂ်ဉာဏ် ခဏ၌ **ဓမ္မာနုသာရီ** ပုဂ္ဂိုလ် မည်၏။ သောတာပတ္တိဖိုလ်မှသည် အရဟတ္တမဂ်သို့ တိုင်အောင် (၆)ဌာနတို့၌ **ဒိဋ္ဌိပ္ပတ္တ**ပုဂ္ဂိုလ် မည်၏။ အရဟတ္တဖိုလ် ခဏ၌ **ပညာဝိမုတ္တ** ပုဂ္ဂိုလ် မည်၏။ (ဝိသုဒ္ဓိ-၂-၂၉၈။)

## နိပ္ပရိယာယ = မုချအားဖြင့် ယူပုံ – ပုဂ္ဂိုလ် (၇) မျိုး

ဤပုဂ္ဂိုလ် (၇)မျိုးတို့နှင့် ပတ်သက်၍ ပရိယာယ်မဖက် မုချသက်သက်အားဖြင့် ယူဆပုံ အကျဉ်းစကားမှာ ဤသို့တည်း —

၁။ အကြင်ယောဂါဝစရပုဂ္ဂိုလ်အား **အနိစ္စ**အခြင်းအရာအားဖြင့် သင်္ခါရတို့မှ ထမြောက်သော ဝုဋ္ဌာန အမည် ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်သည် သဒ္ဓါဓိမောက္ခ အဖြစ်များသည်ဖြစ်၍ သဒ္ဓိန္ဒြေ၏ ထက်မြက်သည်၏ အဖြစ်ကြောင့် သောတာပတ္တိမဂ်ခဏ၌ **သဒ္ဓါနုသာရီ** မည်၏၊ သောတာပတ္တိဖိုလ်မှသည် အရဟတ္တမဂ်သို့ တိုင်အောင်သော အလယ် (၆)ဌာနတို့၌ **သဒ္ဓါဝိမုတ္တ**မည်၏၊ အရဟတ္တဖိုလ်ခဏ၌ **ပညာဝိမုတ္တ** မည်၏။

၂။ ထို့အတူ အကြင်ယောဂါဝစရပုဂ္ဂိုလ်အား **ဒုက္ခ**အခြင်းအရာအားဖြင့် သင်္ခါရတို့မှ ထမြောက်သော ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်အား ပဿဒ္ဓိ အဖြစ်များသောကြောင့် သမာဓိ-

ခြေသည် လွန်လွန်ကဲကဲ ဖြစ်နေ၏၊ ဒုက္ခလျှင် မှီရာ အကြောင်းရင်း ရှိသော သဒ္ဓါတရား၏လည်း အထူးသဖြင့် ထက်မြက်သည်၏ အဖြစ်ကြောင့်လည်းကောင်း, ဝိပဿနာဂမန မဂ္ဂဂမနဟူသော ခုရနှစ်ပါးတို့၏ ကိန်းသေ မြဲခြင်းကြောင့်လည်းကောင်း ထိုပုဂ္ဂိုလ်သည်လည်း ပထမမဂ်ဉာဏ်ခဏ၌ **သဒ္ဓါနုသာရီ**ပင် မည်ပေသည်။ အလယ် (၆)ဌာနတို့၌ **သဒ္ဓါဝိမုတ္တ** မည်၏၊ အဆုံးအရဟတ္တဖိုလ်၌ **ပညာဝိမုတ္တ**ပင် မည်ပေသည်။

၃။ နောက်တစ်မျိုးကား — အကြင်ယောဂါဝစရပုဂ္ဂိုလ်အား **အနတ္တ**အခြင်းအရာအားဖြင့် သင်္ခါရတရားတို့မှ ထမြောက်သော ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုပုဂ္ဂိုလ်သည် ပညာဉာဏ် အဖြစ်များသည် ဖြစ်၍ ပညိန္ဒြေ၏ ထက်မြက်စူးရှသည်၏ အဖြစ်ကြောင့် သောတာပတ္တိမဂ်ခဏ၌ **ဓမ္မာနုသာရီ** မည်သည်သာ ဖြစ်ပေသည်။ အလယ် (၆)ဌာနတို့၌ **ဒိဋ္ဌိပ္ပတ္တ**မည်၍ အဆုံးအရဟတ္တဖိုလ်၌ **ပညာဝိမုတ္တ** မည်သည်သာ ဖြစ်ပေသည်။

၄။ ဤပြဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့သည် (၈)ပါးကုန်သော ဝိမောက္ခစျာန်တို့ကို ရရှိကြသော ပုဂ္ဂိုလ်တို့ မဟုတ်ကြကုန်။ (၈)ပါးကုန်သော ဝိမောက္ခစျာန်တို့ကို ရရှိသော ပုဂ္ဂိုလ်သည်ကား သောတာပတ္တိမဂ်ခဏ၌ **သဒ္ဓါနုသာရီ** သော်လည်းကောင်း, **ဓမ္မာနုသာရီ**သော်လည်းကောင်း ဖြစ်ပေသည်။ အလယ် (၆)ဌာနတို့၌ **ကာယသက္ခိ** ဖြစ်၏။ အဆုံးအရဟတ္တဖိုလ်၌ **ဥဘတောဘာဂဝိမုတ္တ** ဖြစ်ပေသည်။ (မဟာဋီ-၂-၄၆၈။)

## သုံးမည်ရ ဉာဏ်

ယာ စ မုစ္စိတုကမျတာ, ယာ စ ပဋိသင်္ခါနုပဿနာ, ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ။ (ပဋိသံ-၂၅၉၊ ဝိသုဒ္ဓိ-၂-၂၉၉။)

မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါနုပဿနာဉာဏ်, သင်္ခါရုပေက္ခာဉာဏ် – ဤဉာဏ်သုံးမျိုးတို့သည် တူသော အနက်သဘော ရှိကြကုန်၏၊ သဒ္ဒါသည်သာလျှင် ထူး၏။ (ပဋိသံ-၂၅၉။)

အရိယမဂ်၏ ရှေးအဖို့၌ သင်္ခါရတရားတို့အပေါ်၌ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော ပုဂ္ဂိုလ်၏ ဥပ္ပါဒ, ပဝတ္တ, ဌိတိ, နိမိတ္တဟု ညွှန်းဆိုခေါ်ဝေါ်အပ်သော သင်္ခါရတရားတို့ကို ထိုသင်္ခါရတရားတို့၌ တပ်မက်တွယ်တာတတ်သော ဆန္ဒရာဂကို ပယ်သဖြင့် စွန့်လွှတ်လိုသည်၏ အဖြစ်သည် **မုဉ္စိတုကမျတာ = မုစ္စိတုကမျတာ** မည်၏။

ယင်းသင်္ခါရတရားတို့ကို စွန့်လွှတ်ခြင်း၏ အကြောင်းဥပါယကို ပြုလုပ်ခြင်းငှာ အလယ်၌ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်ကို အဖန်တလဲလဲ စုံစမ်းဆင်ခြင်ခြင်းသည် **ပဋိသင်္ခါ** မည်၏။

သင်္ခါရတရားတို့အပေါ်၌ တွယ်တာမှု အာလယ ကင်းသည်၏ အဖြစ်သို့ ရောက်ခြင်းဖြင့် သင်္ခါရတရားတို့ အပေါ်၌ ငဲ့ကွက်မှုကို စွန့်လွှတ်သည်၏ အစွမ်းဖြင့် လွှတ်၍ ထိုသို့ စွန့်လွှတ်ခြင်းကို ပြုခြင်း၏ အဆုံး နောက်ကာလ၌ သင်္ခါရတရားတို့ကို လျစ်လျူရှုခြင်းသည် အညီအညွတ် တည်သည် မည်၏။ **သင်္ခါရုပေက္ခာ** မည်၏။ (အကြင်ရွှေ့လောက် နိဗ္ဗာန်သို့ သက်ဝင် ပြေးသွားခြင်းသည် မပြည့်စုံသေး၊ ထိုရွှေ့လောက် သင်္ခါရတရားတို့၌ လက္ခဏာရေး သုံးတန်ကို စုံစမ်းစိစစ်ခြင်း၌လည်း လျစ်လျူနေသည်၏ အဖြစ်ဖြင့် ဉာဏ်အစဉ်အားဖြင့် ဖြစ်ခြင်းကို ရည်၍ – အဇ္ဈုပေက္ခနံ သန္တိဋ္ဌနာ = သင်္ခါရတရားတို့ကို လျစ်လျူရှုခြင်းသည် အညီအညွတ် တည်သည် မည်၏ ဟူလိုသည်။)

ယင်းသင်္ခါရတရားတို့ကို လျစ်လျူရှုလျက် အညီအညွတ်တည်သော ငြိမ်သက်နေသော သင်္ခါရုပေက္ခာ ဉာဏ်ကိုပင် ရည်ရွယ်၍ —

ဥပ္ပါဒေါ သင်္ခါရာ၊ တေ သင်္ခါရေ အဇ္ဈုပေက္ခတီတိ သင်္ခါရုပေက္ခာ။ (ပဋိသံ-၅၉။)

ဥပ္ပါဒ = ဖြစ်သော သဘောတရားသည် သင်္ခါရတရားတို့တည်း။ ထိုသင်္ခါရတရားတို့ကို လျစ်လျူရှု၏၊ ထို့ကြောင့် သင်္ခါရုပေက္ခာ မည်၏။ (ပဋိသံ-၅၉။)

ဤသို့စသော စကားတော်ကို မိန့်ဆိုခြင်း ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၂၉၉။)

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

ဤသို့ ရအပ်သော သင်္ခါရုပေက္ခာဉာဏ် ရှိသော ဤအမျိုးကောင်းသား အမျိုးကောင်းသမီး၏ ဝိပဿနာဉာဏ်သည် အထွတ်အမြတ်သို့ ရောက်သည်ဖြစ်၍ ဝုဋ္ဌာနဟုဆိုအပ်သော အရိယမဂ်သို့ ဆိုက်သောကြောင့် **ဝုဋ္ဌာနဂါမိနီ** မည်ပေသည်။ သိခါပတ္တဝိပဿနာ = အထွတ်အထိပ်သို့ ရောက်ရှိနေသော ဝိပဿနာဟူ၍လည်း-ကောင်း, ဝုဋ္ဌာနဂါမိနီဟူ၍လည်းကောင်း ခေါ်ဆိုအပ်သော ဤအမည်သည် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် ဂေါတြဘုဉာဏ်ဟု မှတ်အပ်သော ဉာဏ်သုံးပါးအပေါင်း၏သာလျှင် အမည်ဖြစ်ပေသည်။ မှန်ပေသည် — ထိုသုံးမျိုးသော ဉာဏ်ဟူသော ဝိပဿနာသည် ဝိပဿနာဉာဏ်တို့၏ အထွတ်အမြတ် အဖြစ်သို့ ရောက်သည်၏ အဖြစ်ကြောင့် **သိခါပတ္တာ ဝိပဿနာ**လည်း မည်ပေ၏။ ဝုဋ္ဌာန အမည်ရသော အရိယမဂ်သို့ ဆိုက်ရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ**လည်း မည်ပေ၏။

**ဝုဋ္ဌာန** — ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းကို မိမိသန္တာန်၌ အကျုံးဝင်သော်လည်းကောင်း, မဝင်သော်လည်းကောင်း သူစိမ်းပြင်ပအားဖြင့် ရှုအပ်သည်၏ အဖြစ်ကြောင့် ဗဟိဒ္ဓဟုပင်ဆိုအပ်၏။ ထိုဗဟိဒ္ဓဖြစ်သော ဝိပဿနာဉာဏ်၏ အာရုံနိမိတ် ဖြစ်၍ဖြစ်သော ဝိပဿနာဉာဏ်ဖြင့် အာရုံပြုခြင်းဟု ဆိုအပ်သော သုံးသပ်ခြင်းဖြင့် နှလုံးသွင်း သုံးသပ်အပ်သော ဥပါဒါနက္ခန္ဓာငါးပါးဟူသော ဝိပဿနာဉာဏ်၏ တည်ရာဝတ္ထုမှလည်းကောင်း (= သင်္ခါရနိမိတ်မှလည်းကောင်း ဟူလိုသည်။) မိမိ ရုပ်နာမ်သန္တာန် အစဉ်၌ မပြတ်ဖြစ်နေသော ကိလေသာအယဉ်, ဥပါဒိန္နက္ခန္ဓာအယဉ် = ဝိပါက်ခန္ဓာအယဉ်ဟူသော ပဝတ္တမှလည်းကောင်း ထသည်၏ အဖြစ်ကြောင့် အရိယမဂ်ကို ဝုဋ္ဌာနဟူ၍ ခေါ်ဆိုအပ်ပေသည်။ ထိုဝုဋ္ဌာန မည်သော အရိယမဂ်သို့ ဆိုက်ရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ** မည်၏။ အရိယမဂ်ဉာဏ်နှင့် အတူတကွ ဆက်စပ်မိ၏ဟု ဆိုလို၏။ (ဝိသုဒ္ဓိ-၂-၂၉၉။)

အဘယ်သို့လျှင် အရိယမဂ်သည် ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး အပေါင်း-တည်းဟူသော သင်္ခါရနိမိတ်မှ ထသနည်း၊ အဘယ်သို့ကား မိမိ ရုပ်နာမ်သန္တာန် အစဉ်၌ မပြတ်ဖြစ်နေသော ကိလေသာအယဉ်နှင့် ဥပါဒိန္နက္ခန္ဓာအယဉ် = ဝိပါက်ခန္ဓာအယဉ် ဟူသော အဇ္ဈတ္တပဝတ္တမှ ထသနည်းဟူမူ?—

ဝုဋ္ဌဟနဉ္စ နေသံ အာရမ္မဏာကရဏံ, အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဉ္စ။ (မဟာဋီ-၂-၄၆၉။)

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အမည်ရသော သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ် ဂေါတြဘုဉာဏ်တို့သည် မဂ္ဂဝီထိအတွင်း၌ တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်ပေါ်သွားကြ၏။ ယင်းဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်၏ အခြားမဲ့၌ (ဂေါတြဘုဉာဏ်၏ အခြားမဲ့၌) အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် အရိယမဂ်ဉာဏ်သည် ဆက်စပ်မိနေ၏။ ဝိပဿနာဉာဏ်သည် ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော သင်္ခါရတရားတို့ကို ယင်းသင်္ခါရတရားတို့၏ အပျက်ကို အာရုံယူ၍ လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နေ၏။ ယင်းသို့ ဝိပဿနာရှုလာရာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ ဆိုက်ရောက်လာသောအခါ အနုလောမဉာဏ်သို့တိုင်အောင်သော ဝိပဿနာဉာဏ်တို့သည် သင်္ခါရနိမိတ်ကို အာရုံပြုသော်လည်း အရိယမဂ်တရားသည် သင်္ခါရနိမိတ်ကို အာရုံ

မပြုတော့ဘဲ အနိမိတ္တအမည်ရသော သင်္ခါရနိမိတ်ကင်းရာ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကိုသာ အာရုံပြုသွား၏။ ယင်းသို့လျှင် အရိယမဂ်ဉာဏ်သည် သင်္ခါရနိမိတ်ကင်းရာ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကိုသာ အာရုံပြုသောကြောင့် ဥပါဒါနက္ခန္ဓာငါးပါး အပေါင်းတည်းဟူသော သင်္ခါရနိမိတ်ကို အာရုံမပြုပေ။ ယင်းသို့ သင်္ခါရနိမိတ်ကို အာရုံမပြုခြင်းသည် ထိုသင်္ခါရနိမိတ်မှ ထသည် မည်၏။

အရိယမဂ်တရား အသီးအသီးသည် မိမိ မိမိ ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်လိုက်သဖြင့် ကိလေသာများသည် နောင်အခါ၌ နောင်တစ်ဖန် ဖြစ်ခြင်းသဘော မရှိသော ချုပ်ငြိမ်းခြင်းသို့ ရောက်ရှိသွား၏။ မဂ္ဂဘာဝနာ မရှိပါက ထိုကိလေသာလျှင် အကြောင်းရင်း ရှိသော ဖြစ်လတ္တံ့သော ဥပါဒိန္နက္ခန္ဓာ = ဝိပါက်ခန္ဓာတို့သည်လည်း ရှိကြ၏။ မဂ္ဂဘာဝနာကြောင့် ကိလေသာများသည် အဆင့်ဆင့် အကြွင်းမဲ့ ကုန်ခန်းသွားကြသဖြင့် ကိလေသာ ထင်ရှားရှိပါမှ တဏှာအစိုဓာတ် အစေးဓာတ် ထင်ရှားရှိပါမှ ဖြစ်ခွင့်ရှိသော ဝိပါက်ခန္ဓာ အစဉ်သည်လည်း မဖြစ်နိုင်တော့ပြီ = မဖြစ်ခြင်းသဘောသို့ပင် ရောက်ရှိသွား၏။ ထိုသို့ အရိယမဂ်က ကိလေသာနှင့် ခန္ဓာတို့၏ နောင်အခါ၌ တစ်ဖန် မဖြစ်ခြင်းသဘော ရှိသည်၏ အဖြစ်သို့ ရောက်စေခြင်းသည် အဇ္ဈတ္တပဝတ္တမှ ထသည် မည်၏ ဟူလိုသည်။ ဤသဘောတရားများကို ရှင်းရှင်း နားလည်မိစေရန် မဂ္ဂဝီထိများကို ဤတွင် ဆက်လက်၍ ဖော်ပြအပ်ပါသည်။ —

## မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ

ဘ " န - ဒ - မ - ပ - ဥ - နု - ဂေါ - မ - ဖ - ဖ " ဘ - ဘ . . .

## တိက္ခပညာပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ

ဘ " န - ဒ - မ - ဥ - နု - ဂေါ - မ - ဖ - ဖ - ဖ " ဘ - ဘ . . .

ဘ = ဘဝင်။ န = ဘဝင်စလန။ ဒ = ဘဝင်ုပစ္ဆေဒ။ မ = မနောဒွါရာဝဇ္ဇန်း။ ပ = ပရိကံ။ ဥ = ဥပစာ။ နု = အနုလုံ။ ဂေါ = ဂေါတြဘု။ မ = အရိယမဂ်။ ဖ = အရိယဖိုလ်။

ဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, မဂ်, ဖိုလ် (၂)ကြိမ်, ထိုနောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်၏။ ဤကား ပညာနုံ့သော မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိတည်း။ တိက္ခပညာပုဂ္ဂိုလ်၌ ပရိကံ မပါဘဲ ဖိုလ်ဇော သုံးကြိမ် စော၏။ သကဒါဂါမိမဂ္ဂဝီထိစသည့် အထက်ပိုင်းမဂ္ဂဝီထိများ၌ ဂေါတြဘုအရာတွင် ဝေါဒါန်ဟု အမည်ပြောင်းသွားသည်သာ ထူး၏။

ထိုဝီထိစိတ်တို့တွင် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့မှာ ကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောများ ဖြစ်ကြ၏။ သောမနဿနှင့် ဥပေက္ခာ ထိုက်သလို ဖြစ်နိုင်၏။ ယင်းဇောတို့တွင် ပရိကံ, ဥပစာ, အနုလုံတို့ကား သင်္ခါရနိမိတ်ကို အာရုံပြု၍ ဂေါတြဘု (ဝေါဒါန်), မဂ်, ဖိုလ်တို့ကား အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုကြသည်။

ဤအရိယမဂ်ဉာဏ်နှင့် ဆက်စပ်လျက်ရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘု (ဝေါဒါန်) တို့ကိုလည်းကောင်း, မဂ္ဂဝီထိ၏ ရှေးတွင် ဘဝင်ခြားလျက် မဂ္ဂဝီထိနှင့် ဆက်စပ်နေသော အလွန်နီးကပ်နေသော အထွတ်အထိပ်သို့ ရောက်ရှိလာသည့် သင်္ခါရုပေက္ခာဉာဏ်ပါသည့် ဝိပဿနာဇောဝီထိကိုလည်းကောင်း **ဝုဋ္ဌာနဂါမိနီ ဝိပဿနာ**ဟု ခေါ်ဆိုပေသည်။ သင်္ခါရုပေက္ခာဉာဏ်ကို သုံးပိုင်း ပိုင်းလျှင် အရိယမဂ်ဉာဏ်နှင့် ဆက်စပ်နေသည့် အလွန်နီးကပ်နေသည့် နောက်ဆုံးပိုင်း ဖြစ်သည်။

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အာရုံ

ဝုဋ္ဌာနဂါမိနီ ပန ဝိပဿနာ ကိမာရမ္မဏာတိ၊ လက္ခဏာရမ္မဏာတိ။ လက္ခဏံ နာမ ပညတ္တိဂတိကံ နဝတ္တဗ္ဗဓမ္မဘူတံ။ ယော ပန "အနိစ္စံ ဒုက္ခမနတ္တာ"တိ တီဏိ လက္ခဏာနိ သလ္လက္ခေတိ၊ တဿ ပဉ္စက္ခန္ဓာ ကဏ္ဌေ ဗဒ္ဓကုဏပံ ဝိယ ဟောန္တိ၊ သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ။ ယထာ ဟိ ဧကော ဘိက္ခု ပတ္တံ ကိဏိတုကာမော ပတ္တဝါဏိဇေန ပတ္တံ အာဘတံ ဒိသွာ ဟဋ္ဌပဟဋ္ဌော "ဂဏှိဿာမီ"တိ စိန္တေတွာ ဝီမံသမာနော တီဏိ ဆိဒ္ဒါနိ ပဿေယျ။ သော န ဆိဒ္ဒေသု နိရာလယော ဟောတိ၊ ပတ္တေ ပန နိရာလယော ဟောတိ၊ ဧဝမေဝ တီဏိ လက္ခဏာနိ သလ္လက္ခေတွာ သင်္ခါရေသု နိရာလယော ဟောတိ၊ သင်္ခါရာရမ္မဏေနေဝ ဉာဏေန သင်္ခါရတော ဝုဋ္ဌာတီတိ ဝေဒိတဗ္ဗံ။ ဒုဿောပမာယပိ ဧသေဝ နယော။ (အဘိ-ဋ္ဌ-၁-၂၆၉။)

အနိစ္စတာ ဒုက္ခတာ အနတ္တတာတိ ဟိ ဝိသုံ ဂယှမာနံ လက္ခဏံ **ပညတ္တိဂတိကံ** ပရမတ္ထတော အဝိဇ္ဇမာနံ၊ အဝိဇ္ဇမာနတ္တာ ဧဝ ပရိတ္တာဒိဝသေန **နဝတ္တဗ္ဗဓမ္မဘူတံ**။ တသ္မာ ဝိသုံ ဂဟေတဗ္ဗဿ လက္ခဏဿ ပရမတ္ထတော အဘာဝါ "အနိစ္စံ ဒုက္ခမနတ္တာ"တိ သင်္ခါရေ သဘာဝတော သလ္လက္ခန္တော၀ လက္ခဏာနိ သလ္လက္ခေတိ နာမာတိ အာဟ **"ယော ပန အနိစ္စံ ဒုက္ခမနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတီ"**တိ။ (မူလဋီ-၁-၁၁၅။)

**ဝုဋ္ဌာနဂါမိနီ ဝိပဿနာ**သည် အဘယ်အာရုံ ရှိသနည်းဟူမူ အနိစ္စတာ ဒုက္ခတာ အနတ္တတာဟူသော လက္ခဏာလျှင် အာရုံရှိသည်ဟု ဖြေဆိုရာ၏။ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာဟူသော လက္ခဏာသည် ပညတ်၏ ဖြစ်ခြင်းကဲ့သို့သော ဖြစ်ခြင်းရှိ၏၊ ပညတ်နှင့် အလားတူနေ၏။ (အဘိ-ဋ္ဌ-၁-၂၆၉။)

ထိုကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနိစ္စတာစသော လက္ခဏာကို အာရုံပြုနေလျှင် ထိုလက္ခဏာသည် ပညတ်သဘော ဖြစ်၏၊ ထိုကြောင့် အရိယမဂ် ဖြစ်သောအခါ ထိုမဂ်သည် ဝုဋ္ဌာန အမည်ရရာ၌ ထိုဝုဋ္ဌာနသည် သင်္ခါရအာရုံတို့မှ မထမြောက်နိုင်ဘဲ ရှိရာ၏၊ တစ်ဖန် ယင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် သင်္ခါရတရားကို အာရုံပြုပြန်လျှင်လည်း သင်္ခါရတရားတို့၏ အနိစ္စတာစသော လက္ခဏာကို ထိုးထွင်း၍ မသိဘဲ ရှိရာ၏။ ဤသို့ အစွန်းနှစ်ဘက် ထွက်နေသောကြောင့် ဤမေးခွန်းကို ထုတ်၍ အဋ္ဌကထာဆရာတော်က ဖြေဆိုနေခြင်း ဖြစ်၏။ (မူလဋီ-၁-၁၁၅။)

**လက္ခဏာရမ္မဏာ** — "အနိစ္စ"ဟု ဆိုရာ၌ အနိစ္စဖြစ်သော မမြဲသော ခန္ဓာ (၅)ပါး ရ၏။ "အနိစ္စတာ"ဟု ဆိုရာ၌ကား ထိုအနိစ္စဖြစ်သော ခန္ဓာ (၅)ပါး၏ မမြဲခြင်းဟူသော အမှတ်လက္ခဏာ ရ၏။ ဒုက္ခနှင့် ဒုက္ခတာ, အနတ္တနှင့် အနတ္တတာတို့၌လည်း နည်းတူ မှတ်ပါ။

လောကီ ဉပါဒါနက္ခန္ဓာ (၅)ပါးကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုရာ၌ အာရုံပြုရင်းက သင်္ခါရဖြစ်သော ပရမတ္ထ ခန္ဓာကို အာရုံပြုသော်လည်း ဉာဏ်၌ ထင်လာသောအခါ ဤခန္ဓာ (၅)ပါး၏ အနိစ္စတာစသော အခြင်းအရာသာ ထင်လာ၏၊ ဤသို့ထင်လာပုံကို စွဲ၍ လက္ခဏာရမ္မဏာ = အနိစ္စတာ ဒုက္ခတာ အနတ္တတာဟူသော လက္ခဏာလျှင် အာရုံရှိသည်ဟု အဋ္ဌကထာ ဆိုခြင်း ဖြစ်သည်။ (မူလဋီ-၁-၁၁၅။)

လက္ခဏာမည်သည် ပညတ်၏ဖြစ်ခြင်းကဲ့သို့သော ဖြစ်ခြင်းရှိ၏။ ပညတ်နှင့် အလားတူ၏၊ ပရိတ္တ = ကာမတရား, မဟဂ္ဂုတ်တရားစသည်ဖြင့် မဆိုထိုက်သော တရားဖြစ်၍ ဖြစ်၏။ ထိုသို့ပင် ဖြစ်သော်လည်း အကြင်ယောဂါဝစရ ရဟန်းသည် "အနိစ္စ ဒုက္ခ အနတ္တ"ဟု လက္ခဏာရေးသုံးတန်တို့ကို မှတ်သား၏၊ ထိုရဟန်း၏ သန္တာန်ဝယ် ခန္ဓာငါးပါးတို့သည် လည်ပင်း၌ ဖွဲ့ချည်၍ ထားအပ်သော အကောင်ပုပ်ကဲ့သို့ ဖြစ်လာကုန်၏၊ ထင်လာကုန်၏၊ သင်္ခါရဟူသော အာရုံရှိသည်သာလျှင် ဖြစ်သော ဉာဏ်သည် သင်္ခါရမှ ထ၏။ (အဘိ-ဋ္ဌ-၁-၂၆၉။)

လက္ခဏာသည် = လက္ခဏာရေးသုံးတန်သည် ပညတ်နှင့် အလားတူပင် တူပါသော်လည်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သည် သင်္ခါရတရားကိုသာလျှင် အာရုံပြုလျက် နေပါသည်။ သင်္ခါရတရားကို အာရုံပြုသောကြောင့် ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာသောအခါ သင်္ခါရကို လွှတ်၍ နိဗ္ဗာန်ကို အာရုံပြုရကား အရိယမဂ်သည် သင်္ခါရမှ ထမြောက်ရာ ရောက်၏။ ထို့ကြောင့် — သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ = သင်္ခါရတရားဟူသော အာရုံရှိသည်သာလျှင် ဖြစ်သော ဉာဏ်သည် သင်္ခါရမှ ထ၏ - ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ ဤ၌ သင်္ခါရဟူသော အာရုံရှိသော ဉာဏ်ကား ဝိပဿနာဉာဏ်တည်း၊ သင်္ခါရမှ ထသော ဉာဏ်ကား အရိယမဂ်ဉာဏ်တည်း။ ဉာဏ်ချင်းတူသောကြောင့် ဧကတ္တနည်းအားဖြင့် "ဉာဏံ"ဟု ဉာဏ်တစ်ခု-တည်းအဖြစ် အဋ္ဌကထာက မိန့်ဆိုထားတော်မူသည်။

**လောကဥပမာ** — ရဟန်းတော်တစ်ပါးသည် သပိတ်ကို ဝယ်ယူလိုသည် ဖြစ်၍ သပိတ်ဈေးသည်က သပိတ်ကို ဆောင်ယူလာသည်ကို မြင်၍ ဝမ်းမြောက် ဝမ်းသာ ရွှင်လန်းတက်ကြွစွာ ဖြစ်လျက် "ဝယ်ယူရတော့-ပေအံ့"ဟု ကြံစည်စဉ်းစား၍ သပိတ်ကို စူးစမ်းကြည့်လတ်သော် သပိတ်၌ အပေါက်သုံးခုတို့ကို တွေ့မြင်လေ-ရာ၏၊ ထိုရဟန်းသည် အပေါက်တို့၌ တွယ်တာမှု အာလယ မရှိသည်ကား မဟုတ်၊ အဟုတ်မှာမူ သပိတ်၌သာ တွယ်တာမှု အာလယ မရှိ ဖြစ်သွား၏။ ဤဥပမာအတူပင်လျှင် ယောဂါဝစရ ရဟန်းတော်သည် သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးတန်ကို မှတ်သား၍ သင်္ခါရတရားတို့၌ တွယ်တာမှု အာလယ မရှိ ဖြစ်သွား၏၊ သင်္ခါရဟူသော အာရုံရှိသည်သာလျှင် ဖြစ်သော ဉာဏ်ဖြင့် သင်္ခါရမှ ထမြောက်၏ဟု သိရှိပါလေ။ ပုဆိုးကို ဝယ်ရာဝယ် ပုဆိုး၌ အပေါက်သုံးခုကို တွေ့သည့် ဥပမာ၌လည်း နည်းတူပင်တည်း။ (အဘိ-ဋ္ဌ-၁-၂၆၉။)

## အဘိနိဝေသနှင့် ဝုဋ္ဌာန အမျိုးအစား

(ဝိသုဒ္ဓိ-၂-၃၀၀-၃၀၁။ အဘိ-ဋ္ဌ-၁-၂၇၀-၂၇၁။)

၁။ ဤသာသနာတော်၌ အချို့သော ယောဂါဝစရပုဂ္ဂိုလ်သည် အားထုတ်ခါစ ရှေးဦးအစ၌ပင်လျှင် မိမိသန္တာန်၌ တည်ရှိသော အဇ္ဈတ္တ ခန္ဓာငါးပါး သင်္ခါရတရားတို့၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၏၊ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး၍ ထိုအဇ္ဈတ္တ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍ အနိစ္စဟု (ဒုက္ခဟု အနတ္တဟု ) ဝိပဿနာရှု၏။ သို့သော် အဇ္ဈတ္တသင်္ခါရတရား သက်သက်ကို ဝိပဿနာရှုရုံမျှဖြင့်ကား ဝုဋ္ဌာနအမည်ရသော အရိယမဂ်သည် မဖြစ်ပေါ်လာနိုင်။ ဗဟိဒ္ဓသင်္ခါရတရားတို့ကိုလည်း ဝိပဿနာရှုရမည်သာလျှင် ဖြစ်သည်။ (မမံ ကာရဝတ္ထုနောပိ ပရိဉ္ဉေယျတ္တာ = ငါ၏ ဥစ္စာဟု နှလုံးသွင်းအပ်သော တဏှာ၏ တည်ရာ စွဲမှီ၍ ဖြစ်ရာ သက်ရှိ သက်မဲ့ ဗဟိဒ္ဓ ရုပ်ဝတ္ထု နာမ်ဝတ္ထု၏ ပိုင်းခြား၍ သိအပ်သော ပရိဉ္ဉေယျတရားပင် ဖြစ်သောကြောင့်တည်း။) ထို့ကြောင့် သူတစ်ပါး၏ သန္တာန်၌ တည်ရှိသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း, အနုပါဒိန္နသင်္ခါရ အမည်ရသော သက်မဲ့လောက၌ တည်ရှိသော ဥတုဇရုပ်တရားတို့ကိုလည်းကောင်း အနိစ္စဟု ဒုက္ခဟု အနတ္တဟု လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာရှု၏။ (ဗဟိဒ္ဓချင်း တူညီ၍ သာမန်ပေါင်းစု ခြုံငုံ၍ ရှုရန်ဖြစ်သည်။) ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရံခါ အဇ္ဈတ္တဖြစ်သော မိမိသန္တာန်၌ အကျုံးဝင်သော သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏၊ ရံခါ ဗဟိဒ္ဓဖြစ်သော သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤသို့သောနည်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်သော ထိုယောဂါဝစရပုဂ္ဂိုလ်အား အဇ္ဈတ္တ သင်္ခါရ တရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်သော ကာလ၌ ဝိပဿနာဉာဏ်သည် အရိယမဂ်ဉာဏ်နှင့် အတူတကွ ဆက်စပ်မိ၏။ (ဝိပဿနာဉာဏ်၏ အခြားမဲ့မှာပင်လျှင် အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာသောကြောင့် ဤသို့ ဆိုသည်။) ဤယောဂါဝစရပုဂ္ဂိုလ်သည် **အဇ္ဈတ္တ၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ အဇ္ဈတ္တမှ ထသည်** မည်၏။

၂။ နောက်တစ်မျိုးကား - ဗဟိဒ္ဓသင်္ခါရတရား၌ ဝိပဿနာ ရှုပွားသုံးသပ်သောအခါ၌ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အရိယမဂ်ဉာဏ်နှင့် အတူတကွ အကယ်၍ ဆက်စပ်မိသည် ဖြစ်အံ့၊ ဤ ယောဂါဝစရ ပုဂ္ဂိုလ်သည် **အဇ္ဈတ္တ၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ ဗဟိဒ္ဓမှ ထသည်** မည်၏။

[ **မှတ်ချက် — အဇ္ဈတ္တမှ ထ၏၊ ဗဟိဒ္ဓမှ ထ၏** - ဟူသော ဤစကားများကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အဇ္ဈတ္တသင်္ခါရတရားလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်, ဗဟိဒ္ဓသင်္ခါရတရားလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် ပရိယာယ်အားဖြင့် ဆိုခြင်း ဖြစ်သည်။ ပရိယာယ် မဖက် မုချသက်သက်အားဖြင့်ကား အဇ္ဈတ္တ သင်္ခါရ ဗဟိဒ္ဓသင်္ခါရ အလုံးစုံမှ ထသည်သာလျှင် ဖြစ်သည်။ ]

၃။ ဗဟိဒ္ဓသင်္ခါရတရား၌ စတင်၍ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ ဗဟိဒ္ဓသင်္ခါရတရားမှလည်းကောင်း,

၄။ အဇ္ဈတ္တသင်္ခါရတရားမှလည်းကောင်း ထခြင်း၌လည်း ဤနည်းကို သိရှိပါလေ။

၅။ အခြားတစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးအစ အားထုတ်ခါစ၌ပင်လျှင် ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၏၊ စွဲစွဲမြဲမြဲ နှလုံးသွင်းပြီး၍ ဘူတရုပ်ကိုလည်းကောင်း, ဥပါဒါရုပ်ကိုလည်းကောင်း တစ်ပေါင်းတစ်စုတည်း ပြု၍ (ကလာပသမ္မသနနည်းအားဖြင့် စတင်၍) ဝိပဿနာ ရှုပွားသုံးသပ်၏၊ သို့သော် ရုပ်တရားသက်သက်ကို ဝိပဿနာ ရှုရုံမျှဖြင့်ကား ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ်သည် မဖြစ်ပေါ်လာနိုင်၊ နာမ်တရားကိုလည်း ဝိပဿနာရှုရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ထိုရုပ်တရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဝေဒနာကို လည်းကောင်း, သညာကိုလည်းကောင်း, သင်္ခါရတို့ကိုလည်းကောင်း ဝိညာဏ်ကိုလည်းကောင်း "ဤ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်သည် နာမ်တရားတည်း"ဟု ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းနာမ်တရားတို့ကို အနိစ္စစသော အားဖြင့် လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ရံခါ ရုပ်တရားကို လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်၏၊ ရံခါ နာမ်တရားကို လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤသို့ သုံးသပ်သော ထိုယောဂါဝစရ ပုဂ္ဂိုလ်အား ရုပ်တရားကို ဝိပဿနာ ရှုပွားသုံးသပ်စဉ် အခါ၌ ဝိပဿနာဉာဏ်သည် အရိယမဂ်ဉာဏ်နှင့် အတူ တကွ ဆက်စပ်မိ၏၊ ဤပုဂ္ဂိုလ်သည် **ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ ရုပ်တရားမှ ထသည်** မည်၏။

၆။ နောက်တစ်မျိုးကား – နာမ်တရားကို ဝိပဿနာ ရှုပွားသုံးသပ်စဉ်အခါကာလ၌ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အရိယမဂ်ဉာဏ်နှင့် အတူတကွ အကယ်၍ ဆက်စပ်မိသည် ဖြစ်အံ့၊ ဤပုဂ္ဂိုလ်သည် **ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ နာမ်တရားမှ ထသည်** မည်၏။

၇။ နာမ်တရား၌ စတင်၍ စွဲစွဲမြဲမြဲ နှလုံးသွင်း၍ နာမ်တရားမှလည်းကောင်း,

၈။ ရုပ်တရားမှလည်းကောင်း ထရာ၌လည်း ဤနည်းကိုပင် သိပါလေ။

[**မှတ်ချက်** — ရုပ်တရား၌ စတင်၍ ဝိပဿနာကို နှလုံးသွင်းခြင်းသည် ယေဘုယျအားဖြင့် ဝိပဿနာ-ယာနိက ပုဂ္ဂိုလ်အား ဖြစ်သကဲ့သို့ ဤအတူပင် နာမ်တရား၌ စတင်၍ ဝိပဿနာကို နှလုံးသွင်းခြင်းသည် ယေဘုယျအားဖြင့် သမထယာနိကပုဂ္ဂိုလ်အား ဖြစ်၏။ **အဘိနိဝေသ** = စွဲစွဲမြဲမြဲ နှလုံးသွင်း၏ဟူသည်ကိုလည်း ဝိပဿနာ၏ ရှေးအဖို့၌ ပြုသင့် ပြုထိုက် ပြုအပ်သော ရုပ်တရား နာမ်တရားတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် စသောအားဖြင့် ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းဟူ၍ သိအပ်ပေသည်။ ထိုကြောင့် လက်ဦးစွာ ရုပ်တရားကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နည်းအားဖြင့်လည်းကောင်း အဝိဇ္ဇာစသော အကြောင်းတရား ထင်ရှား ဖြစ်ခြင်းကြောင့် အကျိုးရုပ်တရား ထင်ရှား ဖြစ်ပုံဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်လည်းကောင်း သိမ်း-ဆည်းခြင်း ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းသည် ရုပ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်း မည်၏။ နာမ်တရားကို လက္ခဏ

ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နည်းအားဖြင့်လည်းကောင်း, အဝိဇ္ဇာစသော အကြောင်းတရား ထင်ရှား ဖြစ်ခြင်းကြောင့် အကျိုး နာမ်တရား၏ ထင်ရှား ဖြစ်ပုံဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်လည်းကောင်း သိမ်းဆည်းခြင်း ဉာဏ်-ဖြင့် ပိုင်းခြား၍ ယူခြင်းသည် နာမ်တရား၌ စွဲစွဲမြဲမြဲ နှလုံးသွင်းခြင်း မည်၏။ အထက်ပါ အဋ္ဌကထာစကားရပ်၌ ပစ္စယပရိဂ္ဂဟကို ပရိဂ္ဂဟချင်း တူညီ၍ ရူပပရိဂ္ဂဟ နာမပရိဂ္ဂဟ၌ လက္ခဏာဟာရနေတ္တိနည်းအရ စုပေါင်း ဖွင့်ဆိုထားသည်ဟု မှတ်ပါ။]

၉။ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ ဧဝံ အဘိနိဝိသိတွာ ဧဝမေဝ ဝုဋ္ဌာနကာလေ ပန **ဧက-ပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ** နာမ။ (ဝိသုဒ္ဓိ-၂-၃၀၀။)

**ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ** ကာမံ ဥဒယဗ္ဗယပရိဂ္ဂဏှနံ အဘိနိဝေသောတိ ဒဿိတံ၊ ယထာဥပဋ္ဌိတေ ပန ရူပါရူပဓမ္မေ, တေသဥ္စ ပစ္စယေ ပရိဂ္ဂဟေတွာ သင်္ခေပေနေဝ ဝိပဿနာဉာဏံ စာရေန္တော ဉာဏုတ္တရော ယထာနိသိန္နောဝ ဉာဏပဋိပါဋိယာ ခိပ္ပမေဝ သစ္စာနိ ပဋိဝိဇ္ဈန္တော ဧကပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ နာမ။ အညထာ ဧကေနေဝ လောကိယစိတ္တေန ပဉ္စန္နံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒီနံ အသမ္ဘဝတော။ န ဟိ သနိဒဿနသပ္ပဋိဃာဒိ ဧကေဏ္ဍ အာရမ္မဏံ ကာတုံ သက္ကာ။ ယဿ ပန ဧကဝါရံ ညာဏေန ဖဿိတံ၊ ပုန တံ ဖဿိတဗ္ဗမေဝ။ တာဒိသဿ ဝသေန ဝုတ္တန္တိ ဝဒန္တိ။ (မဟာဋီ-၂-၄၇၀။)

ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ။ (ဒီ-၁-၁၀၂ . . . )

"အမှတ်မရှိ အလုံးစုံသော ဘုံသုံးပါး အတွင်း၌ တည်ရှိသော တေဘူမက သင်္ခါရတရား အပေါင်းသည် ဖြစ်ခြင်းသဘော ရှိ၏၊ ထိုဖြစ်ခြင်းသဘော ရှိသော ဘုံသုံးပါး အတွင်း၌ တည်ရှိသော တေဘူမက သင်္ခါရတရား အလုံးစုံသည် ချုပ်ခြင်းသဘော ပျက်ခြင်းသဘော ရှိသည်ချည်း နှင့်နှင့်တည်း" ဤသို့ နှလုံးသွင်း၍ ဤသို့သော နည်းအားဖြင့်သာလျှင် ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ် ဖြစ်သောကာလ၌ တစ်ပြိုင်နက် တစ်ချက်တည်း အားဖြင့် တစ်ပေါင်းတစ်စုတည်း ဖြစ်၍ ခန္ဓာငါးပါးတို့မှ ထသည် မည်၏။

**ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ** = ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှသည် ချုပ်ခြင်း သဘောရှိ၏ - ဟူသော ဤစကားရပ်ဖြင့် ဥဒယဗ္ဗယပရိဂ္ဂဏှန = သင်္ခါရတရားတို့၏ အဖြစ်-အပျက်ကို သိမ်း-ဆည်းတတ်သော ဉာဏ်ဟူသော ဝိပဿနာဘိနိဝေသ = ဝိပဿနာ နှလုံးသွင်းမှုကို အဋ္ဌကထာဆရာတော်က အကယ်၍ကား ပြအပ်ပေ၏။ ထိုသို့ပင် ဥဒယဗ္ဗယဉာဏ်ဟူသော တစ်ခုတည်းသော ဝိပဿနာနှလုံးသွင်းမှု အဘိ-နိဝေသကို ပြအပ်ပါသော်လည်း ရှေးရှေးဘဝက လေ့လာခဲ့ဖူးသော ပါရမီဉာဏ်ဟုန် ဝသီဘော်ဂုဏ်ပြ၍ လက်ထက် ဥသျှစ်သို့ ထစ်ထစ်ထင်ထင် ရှေးရှုထင်လာသော ဘူတရုပ် ဥပါဒါရုပ်အားဖြင့် နှစ်ပါးအပြားရှိသော ရုပ်ကို ပထဝီ အာပေါ တေဇော ဝါယော စသော ရုပ်တစ်မျိုး တစ်မျိုး၌ ပထဝီပေါင်းများစွာ အာပေါပေါင်းများစွာ တေဇောပေါင်း များစွာ ဝါယောပေါင်းများစွာ စသည်ဖြင့် အတွင်းဝင်သော အပြားအားဖြင့် တစ်ပါးမက များသော အပြားရှိသည် ဖြစ်သော်လည်း **"ရုပ္ပနဋ္ဌေန ရူပံ = ဖောက်ပြန်တတ်သောကြောင့် ရုပ်"**ဟု အကျဉ်းအားဖြင့်သာ လက္ခဏာကို သိမ်းဆည်း၍, ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်တရားကို တစ်ပါးမက များသောအပြား ရှိသော်လည်း **"နမနဋ္ဌေန နာမံ = အာရုံသို့ ညွတ်တတ်သော အနက်သဘောကြောင့် နာမ်"**ဟု အကျဉ်းအားဖြင့် သိမ်း-ဆည်း၍ ထိုရုပ်နာမ်တို့၏ အကြောင်းတရားကိုလည်း **"အဝိဇ္ဇာ သင်္ခါရာ တဏှာ ဥပါဒါနံ ဘဝေါ ဟေတု = အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝ = ကံသည် အကြောင်းတရား"**ဟု အကျဉ်းအားဖြင့်သာ သိမ်းဆည်း၍ ဝိပဿနာဉာဏ်ကို ညီညာသော မြေပြင်အတိ၌ သိန္ဓောမြင်းကို နှင်၏သို့ ရုပ်+နာမ်+ကြောင်း+ကျိုး = သင်္ခါရ အာရုံပေါ်၌ လျင်မြန်စွာ ပြေးသွားစေ၍ သူများထက်လွန်ကဲသော ဉာဏ်ရှိရကား ဣရိယာပုထ် မပြောင်းမရွေ့

တစ်ဆွေ့မလှမ်း ဘုရားရှေ့တော်မှောက် စသည်၌ ဒေသနာတော်ကို အစဉ်လျှောက်သဖြင့် ဝိပဿနာဉာဏ်ကို စေလွှတ်လျက် ထိုင်နေမြဲသော ဣရိယာပုထ်ဖြင့်သာလျှင် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်စသော ဉာဏ်ကိုးပါး အစဉ်ဖြင့် လျင်မြန်စွာ သစ္စာလေးပါးကို ထိုးထွင်း၍ သိသော ပုဂ္ဂိုလ်သည် တစ်ပြိုင်နက် တစ်ချက်တည်း အားဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ စသော ဝေဖန်ခြင်းကို မပြု တစ်ခုတည်းဖြင့်သာလျှင် ယင်းယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည် ငါးပါးသော ခန္ဓာတို့မှ ထသည် မည်၏ ဟူလိုသည်။

ဤသို့ ဆိုအပ်သည်မှ တစ်ပါးသော အပြားအားဖြင့် အနက်အဓိပ္ပါယ်ကို မယူဆသင့်ပေ။ ယူဆခဲ့သော် တစ်ခုတည်းသော မဟာကုသိုလ် ဝိပဿနာဇောစိတ်သည် ခန္ဓာငါးပါးတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သိမ်းဆည်းနိုင်၏ ပိုင်းခြားယူနိုင်၏ သိ၏ — ဤသို့စသည့် အလိုမရှိအပ်သော အနက်အဓိပ္ပါယ်သည် သက်ရောက်လာနိုင်ဖွယ်ရာ ရှိ၏၊ ထိုသို့ လည်း မဖြစ်သင့်ပေ။ အဆင်း အသံ အနံ့ အရသာစသော တရားတို့ကို တစ်ပေါင်းတည်း အာရုံပြုခြင်းငှာ မတတ်ကောင်း သောကြောင့် ဖြစ်၏။ ဖြစ်သင့် ဖြစ်ထိုက်သော သင့်လျော်သော အနက်အဓိပ္ပါယ်ကို ဆိုရမူ - အကြင်ယောဂါဝစရ ပုဂ္ဂိုလ်သည် အကြင်ရုပ်တရား နာမ်တရားကို ဉာဏ်ဖြင့် တစ်ကြိမ် တွေ့ထိအပ်၏ တွေ့ထိဖူး၏၊ ယင်းဝိပဿနာ-ဉာဏ်သည် သန်မာသည် ဖြစ်၍ ထက်မြက်သည် ဖြစ်၍ မိုးကြိုးကျသို့ တွေ့ထိချက် နာရကား ထိုရုပ်နာမ်တရားကို နောက်ထပ်တစ်ဖန် တွေ့ထိဖွယ် မရှိ တွေ့ထိပြီး မည်သည်သာတည်း။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ ကုဋေတစ်သိန်းမျှမက ဖြစ်သော ဉာဏသမ္ပယုတ် ဝိပဿနာ မဟာကုသိုလ် ဇောစိတ်အစဉ် ဇောစိတ်အစုသည် ရုပ်နာမ်ကို သိမ်းဆည်းခြင်း, အကြောင်းတရားကို သိမ်းဆည်းခြင်း, ဝိပဿနာရှုခြင်းဟူသော အမှုတော်ကို ထမ်းရ-လျက် အချည်းစည်း မရှိသည်ဖြစ်၍ ကိစ္စပြေကုန်လွယ်သည်။ ဉာဏ်ထိုင်း ဉာဏ်လေး နုံ့နှေးသော ပုဂ္ဂိုလ်အား ဘဝင်အကျများ၍လည်းကောင်း, အကြားအကြား၌ အခြားအခြားသော အာရုံ၌ ပြေးဝင်၍လည်းကောင်း ကိစ္စ မပြီးနိုင်ဘဲ နှေးဖျည်းသကဲ့သို့ မဟုတ်၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော သဘောရှိသော ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ထက်မြက် လျင်မြန် အားကောင်း သန်မာသော ဉာဏ်ရှိပုဂ္ဂိုလ် တိက္ခပညဝါ၏ ဝိပဿနာပညာ အစွမ်းဖြင့် — ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ ဟူသော ခန္ဓာငါးပါးမှ ထခြင်းကို အဋ္ဌကထာ ဖွင့်ဆိုသည် ဟူလို။

(မဟာဋီ-၂-၄၇၀ - ကြည့်ပါ။)

**ကေပဒုဟာရေနော**တိ ဧကေဇ္ဈံ၊ တံ ပန အဇ္ဈတ္တာဒိ ဝိဘာဂံ အကတွာ "ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ အဝိဘာဂေန ဝုဋ္ဌာနဂါမိနိယာ ပဝတ္တိဝသေန ဝေဒိတဗ္ဗံ၊ တယိဒံ သတ္ထုသမ္မုခါ ဒေသနာနုသာ-ရေန ဉာဏံ ပေသေန္တဿ ဉာဏုတ္တရဿ သမ္ဘဝတီတိ ဝဒန္တိ။ (မဟာဋီ-၂-၄၇၀။)

တေဘူမက သင်္ခါရတရား မှန်သမျှမှ တစ်ပြိုင်နက် ထခြင်းဟူသည် — ကလာပသမ္မသနဉာဏ်ပိုင်း၌ ဖော်ပြခဲ့သော အဇ္ဈတ္တ ဗဟိဒ္ဓစသော ခွဲခြမ်းဝေဖန်မှုကို မပြုတော့ဘဲ — **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ** = ဖြစ်ခြင်းသဘော ရှိသော တရားအားလုံးသည် ချုပ်ခြင်း = ပျက်ခြင်း သဘောရှိ၏"ဟူ၍ အဇ္ဈတ္တ ဗဟိဒ္ဓ စသည်ဖြင့် မခွဲမခြမ်း မဝေဖန်သောအားဖြင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ဖြစ်နိုင်သည်၏ အစွမ်းအားဖြင့် သိရှိပါလေ။ ထိုသို့သော ထခြင်းသည် မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်၌ ဒေသနာတော်ကို အစဉ်လျှောက် သဖြင့် နာယူနေသည့် ဒေသနာတော်၌ ဟောကြားထားတော်မူသည့် ဝိပဿနာရှုကွက်အတိုင်း ဉာဏ်ကို စေလွှတ်-နိုင်သော ဝိပဿနာရှုနိုင်သော ဉာဏ်ပညာ လွန်ကဲထက်မြက်သော ပုဂ္ဂိုလ်အားသာ ဖြစ်သင့်ပါ၏ဟု ကျမ်းဂန် သိမြင် ဆရာကြီး ဆရာကျော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မော်တို့က မိန့်ဆိုတော်မူကြသည်။ (မဟာဋီ-၂-၄၇၀။)

ဤအထက်ပါ သတ်မှတ်ချက်များနှင့် အညီ – ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ - ဟူသော ရှုကွက်မှာ ဘုရားရှင်၏ လက်ထက်တော်၌ တရားနာယူရင်း ကျွတ်တမ်းဝင်တော်မူကြသည့် ဥဃ္ဃဋိတညူ ဝိပဉ္စိတညူ

ဟူသော သမ္မုခသာဝက အမည်ရတော်မူကြသော ဘုရားရှင်၏ မျက်မှောက် သာဝကကြီးများနှင့်သာ သက်ဆိုင်-သည်ဟု မှတ်ပါ။

အသင်ယောဂီသူတော်ကောင်းသည်လည်း မိမိကိုယ်ကို မိမိ တရားနာယူရုံဖြင့် တရားရနိုင်သည့် ဥဂ္ဃဋိတ-ညူပုဂ္ဂိုလ်မျိုး ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး ဟုတ်-မဟုတ်ကို ဝေဖန် ဆန်းစစ်ကြည့်ပါ။ တရားနာယူရုံဖြင့် သို့မဟုတ် တရားနာရင်း ဟောသည့် တရားအတိုင်း ဉာဏ်ကို စေလွှတ်၍ ကျင့်သဖြင့် တရားဆုံးသောအခါ တရားထူး တရားမြတ်ဟူသည့် လောကုတ္တရာတရားကို ရနိုင်သည့် ပုဂ္ဂိုလ်အမျိုးအစားတွင် မိမိ မပါဝင်ဟု မိမိကိုယ်ကို မိမိ ဆုံးဖြတ်ချက် ချနိုင်ပါက သိရှိပါက —

ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

= ဖြစ်သည့်တရား မှန်သမျှ အားလုံး ပျက်၏ - ဟု

တစ်နည်း — ဖြစ်-ပျက် - ဟု

ပရမတ်ရုပ်နာမ်ကိုမျှ မသိသေးဘဲလျက်, ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားကိုမျှ မသိသေးဘဲလျက်, ကမ္မဋ္ဌာန်းကျောင်း အတွင်းသို့ ဝင်လျှင်ဝင်ချင်း — ဤသို့ချည်းနှင်နှင် ဖြစ်-ပျက်ချည်း ထိုင်ရှု-နေပါက တိုးတက်မှု ရနိုင် မရနိုင်ကို စဉ်းစားပါလေ။

တစ်ဖန် ဤရှုကွက်မှာ ဝိပဿနာနယ်၌ အကျဉ်းဆုံး ရှုကွက် ဖြစ်၏။ ယင်း အကျဉ်းဆုံး ရှုကွက်မှာလည်း တရားတော်ကို နာယူရင်း ဒေသနာတော်၏ နောက်သို့ ဉာဏ်ကို စေလွှတ်၍ ဒေသနာစဉ်ဝယ် လာရှိသည့်အတိုင်း ကျင့်နိုင် သိနိုင် ဝိပဿနာရှုနိုင်သဖြင့် ဒေသနာတော်အဆုံးတွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်သော ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့အတွက်သာ သတ်မှတ်ချက်ရှိသော ရှုကွက်ဖြစ်သဖြင့် မိမိကား နေယျပုဂ္ဂိုလ်အဆင့်တွင် တည်ရှိနေပါလျှင် ထိုရှုကွက် အတိုင်း ရှု၍ ရနိုင် မရနိုင်ကိုကား စဉ်းစားရမည် ဖြစ်ပေသည်။ (ဤစကားကို မဟာဋီကာ-၂-၄၇၀ - ၌ လာရှိသော ဝဒန္တိဝါဒ အရ ဆိုသည်ဟု မှတ်ပါ။)

အကြောင်းမူ — အကျဉ်းဆုံးနည်းဖြင့်ပင် ဖြစ်စေ, အကျယ်နည်းဖြင့်ပင် ဖြစ်စေ, မည်သည့်နည်းဖြင့်ပင် ဖြစ်စေ ဝိပဿနာရှုရာ၌ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း သိမြင်ရမည့် ဝိပဿနာဉာဏ်၏ အရှုခံ ပရမတ္ထဓာတ်သား-များမှာ တေဘူမကသင်္ခါရ အမည်ရသော ဒုက္ခသစ္စာတရားစုနှင့် အကြောင်း သမုဒယသစ္စာတရားစုပင် ဖြစ်သည်။ ကျဉ်းသည် ဖြစ်စေ ကျယ်သည် ဖြစ်စေ ထိုးထွင်းသိမြင်ရမည့် ပရမတ္ထဓာတ်သားချင်းကား အတူတူပင် ဖြစ်သည်။ အကျဉ်းဆုံး ခြုံ၍ ရှုမှုနှင့် အကျယ် ခွဲခြားစိတ်ဖြာ၍ ရှုမှုဟူသော ရှုပုံအခြင်းအရာသာ ကွာခြားသည်။ ဝိပဿနာ-ဉာဏ်ဖြင့် သိရှိရမည့် တရားနှင့် သိရှိပုံ အခြင်းအရာကား အတူတူသာ ဖြစ်ပေသည်။ သာဝကပါရမီဉာဏ်အရာ၌ သမ္မသနစာရခေတ်ဟု ခေါ်ဆိုသော ဝိပဿနာဘူမိ = ဝိပဿနာဉာဏ်၏ ဖြစ်ရာဘုံမှာ တစ်မျိုးတစ်စားတည်းသာ ရှိသောကြောင့် ဖြစ်သည်။

## တေဘူမက ကမ္မဋ္ဌာနိက ပုဂ္ဂိုလ်မြတ်ကြီး

စတုတ္ထော တေဘူမကကမ္မဋ္ဌာနိကော။ တဿ ကိရ သမပ္ပဝတ္တာ ဓာတုယော အဟောသုံ၊ ကလ္လသရီရံ ဗလပတ္တံ၊ ကမ္မဋ္ဌာနနိပိဿ သဗ္ဗာနေဝ သပ္ပါယာနိ၊ အတီတာ ဝါ သင်္ခါရာ ဟောန္တု အနာဂတာ ဝါ ပစ္စုပ္ပန္နာ ဝါ ကာမာဝစရာ ဝါ ရူပါဝစရာ ဝါ အရူပါဝစရာ ဝါ၊ သဗ္ဗေပိ သပ္ပါယာဝ။ အသပ္ပါယကမ္မဋ္ဌာနံ နာမ နတ္ထိ။ ကာလေသုပိ ပုရေဘတ္တံ ဝါ ဟောတု ပစ္ဆာဘတ္တံ ဝါ ပဌမယာမာဒယော ဝါ၊ အသပ္ပါယကာလော နာမ နတ္ထိ။ (သံ-ဋ္ဌ-၃-၉၈။)

ဤရှုကွက်ကို ဝိပဿနာ ရှုပွားသုံးသပ်တော်မူသော ရဟန္တာမထေရ်မြတ်ကြီး တစ်ပါး၏ အကြောင်းအရာ-သည် ကိံသုကောပမသုတ္တန် (သံ-၂-၃၉၆-၃၉၇) တွင် လာရှိပေ၏။ တေဘူမက ကမ္မဋ္ဌာနိက ပုဂ္ဂိုလ်ဟု အဋ္ဌ-ကထာ (သံ-ဋ္ဌ-၃-၉၈) က အမည်တပ်ထားပေသည်။ ထိုမထေရ်မြတ်ကြီးကား ကမ္မဋ္ဌာန်းအားလုံးနှင့် သပ္ပါယ ဖြစ်သော မထေရ်ကြီးပင် ဖြစ်၏။ အတိတ်သင်္ခါရတရားကိုပင် ဖြစ်စေ, အနာဂတ်သင်္ခါရတရားကိုပင် ဖြစ်စေ, ပစ္စုပ္ပန်သင်္ခါရတရားကိုပင် ဖြစ်စေ, ကာမာဝစရတရားကိုပင် ဖြစ်စေ, ရူပါဝစရတရားကိုပင် ဖြစ်စေ, အရူပါဝစရ တရားကိုပင် ဖြစ်စေ မည်သည့်တရားကိုမဆို လွယ်လွယ်ကူကူ မပင်မပန်း ဝိပဿနာ ရှုနိုင်၏၊ ကမ္မဋ္ဌာန်းအားလုံး နှင့် သပ္ပါယဖြစ်၏။ အသပ္ပါယဖြစ်သော ကမ္မဋ္ဌာန်း အသပ္ပါယဖြစ်သော အချိန်ကာလဟူသည် ထိုမထေရ်မြတ်ကြီး အဖို့ မရှိပေ။ (သံ-ဋ္ဌ-၃-၉၈။)

၁၀။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာ ပွားများအားထုတ်စ ရှေးဦးအစ၌ **အနိစ္စအားဖြင့် = အနိစ္စ**ဟု သင်္ခါရတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်၏။ သင်္ခါရတရားတို့ကို **အနိစ္စ**အားဖြင့် = **အနိစ္စ**ဟု ဝိပဿနာ ရှုပွားသုံးသပ်ကာမျှဖြင့်ပင်လျှင် ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ်သည် မဖြစ်ပေါ်လာနိုင်၊ ဒုက္ခအားဖြင့် လည်းကောင်း = ဒုက္ခဟုလည်းကောင်း, အနတ္တအားဖြင့်လည်းကောင်း = အနတ္တဟုလည်းကောင်း ဝိပဿနာ ရှုပွားသုံးသပ်အပ်သည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် သင်္ခါရတရားတို့ကို ဒုက္ခအားဖြင့်လည်းကောင်း, အနတ္တအားဖြင့်လည်းကောင်း ဝိပဿနာ ရှုပွားသုံးသပ်၏။ ဤနည်းအတိုင်း ကျင့်သော ထိုယောဂါဝစရပုဂ္ဂိုလ်အား အနိစ္စအားဖြင့် = အနိစ္စဟု သုံးသပ်သော အခါကာလ၌ ဝုဋ္ဌာနအမည်ရသော အရိယမဂ်ဉာဏ်သည် အကယ်၍ ဖြစ်ပေါ်လာငြားအံ့၊ ဤယောဂါဝစရပုဂ္ဂိုလ်သည် သင်္ခါရတရားတို့ကို **အနိစ္စအားဖြင့် = အနိစ္စဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း၍ အနိစ္စအားဖြင့် သင်္ခါရတို့မှ ထသည်** မည်၏။

၁၁။ နောက်တစ်မျိုးကား – ထိုယောဂါဝစရပုဂ္ဂိုလ်အား ဒုက္ခအားဖြင့် = ဒုက္ခဟု သင်္ခါရတရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်စဉ်ကာလ၌ ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် အကယ်၍ ဖြစ်ငြားအံ့ – **သင်္ခါရတရားတို့ကို အနိစ္စအားဖြင့် = အနိစ္စဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း၍ ဒုက္ခအားဖြင့် သင်္ခါရတို့မှ ထသည်** မည်၏။

၁၂။ အကယ်၍ အနတ္တအားဖြင့် = အနတ္တဟု ဝိပဿနာ ရှုပွားသုံးသပ်နေသော အခါကာလ၌ ဝုဋ္ဌာန အမည် ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာငြားအံ့၊ **အနိစ္စအားဖြင့် = အနိစ္စဟု သင်္ခါရတရားတို့ကို စွဲစွဲမြဲမြဲ စတင် နှလုံးသွင်း၍ အနတ္တအားဖြင့် သင်္ခါရတို့မှ ထသည်** မည်၏။

၁၃ - ၁၈။ သင်္ခါရတရားတို့ကို အနိစ္စဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်းပြီးနောက် သင်္ခါရတို့မှ ထရာ၌ ပုဂ္ဂိုလ်သုံးမျိုး ရှိသကဲ့သို့ အလားတူပင် သင်္ခါရတရားတို့ကို ဒုက္ခဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်းပြီးနောက် သင်္ခါရတို့မှ ထရာ၌လည်း ပုဂ္ဂိုလ်သုံးမျိုး, သင်္ခါရတရားတို့ကို အနတ္တဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်းပြီးနောက် သင်္ခါရတို့မှ ထရာ၌လည်း ပုဂ္ဂိုလ်သုံးမျိုးပင် ရှိပေသည်။ (ဝိသုဒ္ဓိ-၂-၃၀၀-၃၀၁။)

## ပုဂ္ဂိုလ် အမျိုးအစား

သင်္ခါရတရားတို့ကို အနိစ္စဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်းသော ပုဂ္ဂိုလ်, ဒုက္ခဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်း-သော ပုဂ္ဂိုလ်, အနတ္တဟု စွဲစွဲမြဲမြဲ စတင်နှလုံးသွင်းသော ပုဂ္ဂိုလ်ဟု ပုဂ္ဂိုလ်သုံးမျိုး ရှိ၏။ ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာရာကာလ၌ကား အနိစ္စဟု နှလုံးသွင်းခိုက် ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်-သည် ဖြစ်ပေါ်လာငြားအံ့၊ ထိုသုံးမျိုးလုံးသော ပုဂ္ဂိုလ်တို့သည် သဒ္ဓါဓိမောက္ခ အဖြစ်များကုန်၏၊ သဒ္ဓိန္ဒြေကို ရနိုင်ကုန်၏၊ အနိမိတ္တဝိမောက္ခဖြင့် လွတ်ကုန်၏။ သောတာပတ္တိမဂ်ခဏ၌ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

သောတာပတ္တိဖိုလ်မှ အရဟတ္တဖိုလ်သို့တိုင်အောင် ကျန် (၇)ဌာနတို့၌ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အကယ်၍ သင်္ခါရတရားတို့ကို ဒုက္ခဟု နှလုံးသွင်းခိုက် ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာငြားအံ့၊ ပုဂ္ဂိုလ် သုံးမျိုးလုံးတို့သည်ပင် ပဿဒ္ဓိ အဖြစ်များကုန်၏၊ သမာဓိန္ဒြေကို ရနိုင်ကုန်၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်ကုန်၏၊ သောတာပတ္တိမဂ်မှသည် အရဟတ္တဖိုလ်သို့တိုင်အောင် အားလုံးသော (၈)ဌာနတို့၌ ကာယသက္ခီ ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏။ အထူးကား — ဤပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်အား အရူပဈာန်သည် ဝိပဿနာ၏ အခြေပါဒက ဖြစ်၏၊ ထို အရူပဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြုသော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်၌ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် မည်ပေသည်။

ထိုမှတစ်ပါး – ထိုပုဂ္ဂိုလ်သုံးမျိုးတို့အား သင်္ခါရတရားတို့ကို အနတ္တဟု နှလုံးသွင်းခိုက် ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာငြားအံ့၊ ထိုပုဂ္ဂိုလ်သုံးမျိုးလုံးတို့သည်ပင် ပညာ အဖြစ်များကုန်၏၊ ပညိန္ဒြေကို ရနိုင်ကုန်၏၊ သုညတဝိမောက္ခဖြင့် လွတ်ကုန်၏၊ သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီ မည်ကုန်၏၊ သောတာပတ္တိဖိုလ်မှ အရဟတ္တမဂ်သို့ တိုင်အောင်သော အလယ် (၆)ဌာနတို့၌ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ အရဟတ္တဖိုလ်၌ ပညာဝိမုတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၃၀၁။)

## ဥပမာ (၁၂) ရပ် (ဝိသုဒ္ဓိ-၂-၃၀၁-၃၀၅။)

ယခုအခါ၌ ဘယတုပဋ္ဌာနဉာဏ်မှသည် ဂေါတြဘုဉာဏ်သို့တိုင်အောင်သော ရှေးဝိပဿနာဉာဏ် နောက်ဝိပဿနာဉာဏ်တို့နှင့် အတူတကွ ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ထင်ရှားပြခြင်းငှာ (၁၂)မျိုးသော ဥပမာတို့ကို သိသင့်သိထိုက်ကုန်၏။ ဤဆိုလတ္တံ့သည်ကား ထိုဥပမာတို့၏ အကျဉ်းဥဒ္ဒေသတည်း။ —

> ဝဂ္ဂုလီ ကဏှသပ္ပေါ စ၊ ဃရံ ဂေါ ယက္ခိ ဒါရကော။
> ခုဒ္ဒံ ပိပါသံ သီတုဏှံ၊ အန္ဓကာရံ ဝိသေန စ။

ဤဥပမာတို့ကို ဘယတုပဋ္ဌာနဉာဏ်မှ စ၍ ဆောင်ပြခြင်းငှာ သင့်ကုန်ရာ၏၊ ထိုထိုဉာဏ်အရာ၌ တည်သော ဥပမာဝတ္ထု၏ ရသင့်သောကြောင့်ပင်တည်း။ အကျိုးကား — ဤဝုဋ္ဌာနဂါမိနီဝိပဿနာအရာ၌ ဆောင်ယူပြအပ်ကုန်သည် ရှိသော် ဘယတုပဋ္ဌာနဉာဏ်မှသည် ဖိုလ်ဉာဏ်သို့ တိုင်အောင် အလုံးစုံသော ဉာဏ်၏ ကိစ္စသည် ထင်ရှားနိုင်၏၊ အလယ်၌ တည်၍ ထင်ရှားပြသောကြောင့်ပင်တည်း။ ထို့ကြောင့် ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အရာ၌သာလျှင် ဤဥပမာတို့ကို ဆောင်ယူပြထိုက်ကုန်၏ဟု ဝိသုဒ္ဓိကထာ၌ ဆိုအပ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၃၀၁။)

## ၁။ ဝဂ္ဂုလီ = လင်းနို့

လင်းနို့ တစ်ကောင်သည် — "ဤ သစ်ပင်၌ အပွင့်ကိုသော်လည်းကောင်း အသီးကိုသော်လည်းကောင်း ရလတ်အံ့" ဤသို့ နှလုံးပိုက်၍ ခက်မ ငါးဖြာ ရှိသော သစ်မည်စည်ပင်၌ ဝင်နား၏၊ နားပြီးနောက် သစ်ခက် တစ်ခက်ကို စုံစမ်းကြည့်၏၊ စုံစမ်းလတ်သော် ထိုအခက်၌ တစ်စုံတစ်ခုသော အပွင့်ကိုသော်လည်းကောင်း, အသီးကိုသော်လည်းကောင်း ကိုက်ယူအပ်သည်၏ အဖြစ်သို့ ရောက်သည်ကို မမြင်ပေ၊ သစ်ခက် တစ်ခက်ကို စုံစမ်းသကဲ့သို့ အလားတူပင် ဒုတိယ အခက်ကိုလည်းကောင်း တတိယ အခက်ကိုလည်းကောင်း စတုတ္ထ အခက်ကို လည်းကောင်း ပဉ္စမ အခက်ကိုလည်းကောင်း စုံစမ်းပြန်၏၊ စုံစမ်းလတ်သော် ကိုက်ယူထိုက်သော တစ်စုံတစ်ခုသော အပွင့်အသီးကို မမြင်ပြန်ပေ။ ထိုလင်းနို့သည် — "ဤသစ်ပင်သည် အသီးမဲ့စွတကား၊ ဤသစ်ပင်၌

ကိုက်ယူအပ်သည်၏ အဖြစ်သို့ရောက်သော တစ်စုံတစ်ခုသော အသီးအပွင့်သည် မရှိခဲ့လေစွတကား” ဤသို့ နှလုံးပိုက်၍ ထိုလင်းနို့သည် ထိုသစ်ပင်၌ တွယ်တာတပ်မက်ခြင်း အာလယကို စွန့်၍ ဖြောင့်ဖြောင့်တက်သော အခက်သို့ တက်၍ သစ်ခွကြားမှ ဦးခေါင်းကို ဖော်၍ အထက်သို့ မော်၍ ကောင်းကင်၌ ပျံတက်၍ အသီးရှိသော အခြားသစ်တစ်ပင်၌ ဝင်နား၏။

ထိုဥပမာ၌ လင်းနို့ကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ ခက်မ ငါးဖြာ ရှိသော သစ်မည်စည်ပင်ကဲ့သို့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို မှတ်အပ်ကုန်၏။ ထိုသစ်ပင်၌ လင်းနို့၏ ဝင်ရောက်နားခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဥပါဒါနက္ခန္ဓာငါးပါး၌ စ၍ နှလုံးသွင်းခြင်းကို မှတ်အပ်၏။ ထိုလင်းနို့၏ တစ်ခုတစ်ခုသော သစ်ခက်ကို စုံစမ်း၍ ကိုက်ယူထိုက်သော တစ်စုံတစ်ခုသော အပွင့် အသီးကို မမြင်ရ၍ ကြွင်းသော အခက်တို့ကို စုံစမ်းခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်ပြီး၍ ထိုရူပက္ခန္ဓာ၌ စွဲယူခြင်းငှာ လျော်ကပ်သော တစ်စုံတစ်ခုသော နိစ္စဟူသော အနှစ်သာရ, သုခဟူသော အနှစ်သာရ, အတ္တဟူသော အနှစ်သာရ, သုဘဟူသော အနှစ်သာရစသော အနှစ်သာရကို မတွေ့မြင်ရသည် ဖြစ်၍ ကြွင်းသော နာမ်ခန္ဓာတို့ကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းကို မှတ်သားအပ်၏။ ထိုလင်းနို့၏ “ဤသစ်ပင်သည် အသီးမဲ့စွတကား” ဤသို့ နှလုံးပိုက်၍ သစ်ပင်ပေါ်၌ တွယ်တာမက်မောခြင်း အာလယကို စွန့်ခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာငါးပါးတို့၌လည်း အနိစ္စလက္ခဏာစသည်ကို မြင်သည်၏ အစွမ်းဖြင့် လည်ဝယ်ဆွဲထားအပ်သော ခွေးသေကောင်ပုပ်ကဲ့သို့ စက်ဆုပ်ငြီးငွေ့ရကား သင်္ခါရတရားတို့ကို စွန့်လွှတ်သော မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာဉာဏ် သင်္ခါရုပေက္ခာဉာဏ် ဟူသော ဝိပဿနာဉာဏ်သုံးပါး အပေါင်း၏ ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာခြင်းကို မှတ်သားအပ်၏။ ထိုလင်းနို့၏ အပေါ်သို့ ဖြောင့်ဖြောင့် တက်သွားသော သစ်ခက်၏ အထက်သို့ ပျံတက်သွားခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ နိဗ္ဗာန်ဟူသည့် အထက်ဘက်သို့ ဖြောင့်ဖြောင့်တက်သွားတတ်သော အနုလောမဉာဏ်ကို မှတ်သားအပ်၏။ ဦးခေါင်းကိုဖော်၍ အထက် ကောင်းကင်ဘက်သို့ မော်ကြည့်ခြင်းကဲ့သို့ နိဗ္ဗာန်တရားတော်မြတ်ကြီးကို လှမ်းမော်ကြည့်တတ်သော ဂေါတြဘုဉာဏ်ကို, ကောင်းကင်၌ ပျံတက်ခြင်းကဲ့သို့ နိဗ္ဗာန်သို့ ပြေးသွားသက်ဝင်သော အရိယမဂ်ဉာဏ်ကို မှတ်သားအပ်၏။ (ဝိသုဒ္ဓိ-၂-၃၀၂။)

စိတ်၏ ကောက်ကျစ်သည်၏ အဖြစ်ကို ပြုတတ်ကုန်သော မာယာ-သာဌေယျစသည့် အကွေ့အကောက် အလှည့်အပတ်တို့ကို ခွာနိုင်သဖြင့် အနုလောမဉာဏ်၏ အထက်သို့ ဖြောင့်ဖြောင့်တက်သွားသော သစ်ခက်နှင့် တူသည်၏ အဖြစ်ကို, နိဗ္ဗာန်ကိုကြည့်သောအားဖြင့် ဂေါတြဘုဉာဏ်၏ အထက်သို့ မော်ကြည့်ခြင်းနှင့် တူသည်၏ အဖြစ်ကို, တည်ရာမရှိသော နိဗ္ဗာန်၌ တည်ခြင်းကြောင့် မဂ်ဉာဏ်၏ ကောင်းကင်၌ ပျံတက်ခြင်းနှင့် တူသည်၏ အဖြစ်ကို မှတ်သားအပ်၏။ (မဟာဋီ-၂-၄၇၁။)

## ၂။ ကဏှသပ္ပ = မြွေဟောက်

တံငါသည်တစ်ဦးသည် ငါးတို့ကို ဖမ်းအုံ့ဟူသော ရည်ရွယ်ချက်ဖြင့် ငါးထောင်မြုံးကို ယူ၍ ရေထဲ၌ မြုံးကို ထောင်ထား၏။ ထိုနောင် သင့်လျော်လောက်သော အချိန်တွင် ထိုတံငါသားသည် မြုံးဝမှ လက်ကို ထိုးနှိုက်၍ မြုံးအတွင်း၌ စမ်းသပ်လေသော် မြုံးအတွင်း ရေထဲ၌ ရေမြွေဟောက်ကို လည်စိ၌ ဆုပ်မိရက်သား ဖြစ်သွား၏၊ သို့သော် တံငါသားသည် “ငါသည် ငါးကို မိလေပြီ”ဟု နှစ်လိုဝမ်းမြောက်လေ၏။ ထိုတံငါသားသည် – “ငါသည် ငါးကြီးရောကို ရအပ်လေပေ့ ”ဟု မြှောက်၍ ကြည့်လေသော် လည်ကျား သုံးရစ်ကို မြင်သဖြင့် ရေမြွေဟောက်ဟု

သိလတ်၍ ကြောက်ရွံ့သည် ဖြစ်၍ ရောက်လတ္တံ့သော အပြစ်ဘေးကို မြင်၍ မိထားပြီးသော မြွေဟောက်ကို သိမ်းပိုက်ထားဖို့ရန် ငြီးငွေ့သည်ဖြစ်၍ လွတ်လိုရကား လွတ်ခြင်း၏ အကြောင်းဥပါယ်ကို ပြုလျက် အမြီးဖျားမှ စ၍ မြွေကိုယ်ဖြင့် ရစ်ပတ်ထားအပ်သော လက်ကို ဖြေ၍ လက်မောင်းကို မြှောက်၍ ဦးခေါင်းအထက်၌ နှစ်ပတ် သုံးပတ် ပတ်ပတ်လှည့်လျက် မြွေဟောက်ကို အားနည်းအောင် ပြု၍ "ဟယ် မြွေဆိုး . . . သွားလေတော့"ဟု စွန့်လွှတ်ပြီးနောက် လျင်မြန်စွာ ကန်ပေါင်သို့ တက်၍ — "အချင်းတို့ . . . ငါသည် ကြီးစွာသော မြွေ၏ ခံတွင်းမှ လွတ်ခဲ့လေပြီပေါ့ "ဟု လာခဲ့သော လမ်းခရီးကို ကြည့်လျက် တည်နေ၏။ (ဝိသုဒ္ဓိ-၂-၂၉၀။)

ဂေါတြဘုဉာဏ်သည် သင်္ခါရတရားအားလုံးကို စွန့်လွှတ်၍ နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် ယင်းဂေါတြ-ဘုဉာဏ်သည် မြွေဟောက်ကို လွှတ်ခြင်းနှင့် တူ၏။ မြွေဟောက်ကို လွှတ်ပြီး၍ လာရာခရီးကို ကြည့်လျက် ရပ်တည်နေခြင်းကဲ့သို့ အရိယမဂ်ဉာဏ်ကို မှတ်သားပါ။ အရိယမဂ်ဉာဏ်သည် အာရုံတိုက်ရိုက် မျက်မှောက်ပြုခြင်း = အာရမ္မဏပဋိဝေဓသဘောအားဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ မတွေမဝေသိခြင်း အသမ္မောဟပဋိဝေဓ၏ အစွမ်းဖြင့် မိမိဟူသော အရိယမဂ်ကိုလည်း မြင်၏။ (အရိယမဂ်ကို မသိ မမြင်အောင် ဖုံးလွှမ်းထားအပ်သော မောဟအဝိဇ္ဇာကို အရိယမဂ်က ပယ်သတ်လိုက်သဖြင့် မသိမှုပျောက်၍ သိမှု ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာ၏၊ ကိစ္စသိဒ္ဓိအားဖြင့် သိခြင်း ကိစ္စ ပြီးစီးသွား၏၊ ဤသည်ကိုပင် အသမ္မောဟပဋိဝေဓဟု ဆို၏။) ထိုကြောင့် အရိယမဂ်၏ နိဗ္ဗာန်ကို လှမ်းမြော် ကြည့်ခြင်းသည် မြွေဟောက်ကို လွှတ်ပြီးနောက် တံငါသည်၏ လာရာလမ်းကို ရပ်ကြည့်ခြင်းနှင့် တူ၏ဟု ဆိုသည်။ တံငါသည်၏ လာရာလမ်းကို ရပ်ကြည့်ပြီးနောက် ရှေ့သို့သွား၍ ဘေးကင်းရာအရပ်၌ ရပ်တည်နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်သားအပ်၏။ (ဤစကားရပ်ဖြင့် ဘေးကင်းရာအရပ်သို့ ရောက်ပြီးသည်ကို ဆိုသည်၊ ထိုဘေးကင်းရာ အရပ်သို့ ရောက်စိမ့်သောငှာ ကျင့်ခြင်းကို မဆို။) (ဝိသုဒ္ဓိ-၂-၃၀၂။ မဟာဋီ-၂-၄၇၁။)

## ၃။ ဃရံ = အိမ်

အိမ်ရှင်သည် ညအခါ စားသောက်ပြီး၍ အိပ်ရာထက်သို့ တက်လတ်သော် အိပ်ပျော်သွား၏၊ အိပ်ပျော်စဉ် အိမ်ကို မီးလောင်၏၊ ထိုအိမ်ရှင်သည် နိုးလတ်၍ မီးကို မြင်၍ ကြောက်ရကား "ကိုယ်ကို မီးမလောင်မီ အကယ်၍ ထွက်ပြေးရမူ အကောင်းကြီး စစ်စစ် ဖြစ်လေရာ၏"ဟု နှလုံးပိုက်၍ ထွက်ပြေးရန် အရပ်ကို ကြည့်လတ်သော် လမ်းကို မြင်၍ လျင်မြန်စွာ ထွက်ပြေးလေရာ ဘေးကင်းရာ အရပ်သို့ ရောက်၍ တည်နေလေ၏။ ထိုဥပမာ၌ အိမ်ရှင်၏ အစာစားပြီးနောက် အိပ်ရာထက်သို့ တက်၍ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ ပရမတ်ဉာဏ်ပညာ မျက်စိ မရှိသေးသော ပုထုဇန် ငမိုက်သား၏ ခန္ဓာငါးပါးတို့ကို "ငါ - ငါ၏ ဥစ္စာ"ဟု စွဲလမ်းခြင်းနှင့် တူ၏။ နိုးလာပြီးနောက် မီးမြင်၍ ကြောက်သော ကာလကဲ့သို့ သမ္မာပဋိပဒါ အမည်ရသော ကောင်းမွန် မှန်ကန်သော ကျင့်ဝတ်ပဋိပတ်ကို ကျင့်၍ လက္ခဏာရေးသုံးတန်ကို မြင်၍ ဘယတုပဋ္ဌာနဉာဏ် ဖြစ်ပေါ်လာခြင်းကို မှတ်သားပါ။ ထွက်ပေါက်လမ်းကို ကြည့်ခြင်းကဲ့သို့ သင်္ခါရတို့မှ လွတ်မြောက်ခြင်းငှာ အလိုရှိသော မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သန္တိဋ္ဌနာ အမည်ရသော ကောင်းစွာ တည်ငြိမ်နေသော သင်္ခါရုပေက္ခာဉာဏ်တို့၏ ဖြစ်ပေါ်-လာခြင်းကို မှတ်သားပါ။ လမ်းကို မြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်သားပါ။ မီးလောင်သော အိမ်မှ ထွက်ခြင်းကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်သားပါ။ (ဂေါတြဘုဉာဏ်သည် သင်္ခါရနိမိတ်မှ ထွက်မြောက်သည်၏ အဖြစ်ကြောင့်တည်း။) လျင်မြန်သော အဟုန်ဖြင့် ပြေးခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်သားပါ။ (စွန့်အပ်သော အရပ်, ယူအပ်သော အရပ်တို့၌ ပြီးစေခြင်း ကိစ္စအထူးနှင့် ယှဉ်ခြင်းကြောင့်တည်း။) ဘေးကင်းရာ အရပ်၌ ရပ်တည်-နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်သားပါ။ (ဝိသုဒ္ဓိ-၂-၃၀၂-၃၀၃။ မဟာဋီ-၂-၄၇၁။)

## ၄။ ဂေါ = နွား

လယ်သမားတစ်ဦး၏ ညဉ့်အခါ အိပ်ပျော်စဉ် နွားခြံကို ဖောက်၍ နွားတို့သည် ထွက်ပြေးကုန်၏။ ထိုလယ်သမားသည် မိုးသောက်ထအခါ၌ ထိုနွားခြံသို့ သွား၍ ကြည့်လတ်သော် ထိုနွားတို့၏ ထွက်ပြေးသောအဖြစ်ကို သိရှိ၍ နွားခြေရာကို ခံ၍ အစဉ်အတိုင်း လိုက်လေသော် ရှင်ဘုရင်၏ နွားတို့ကို မြင်လေ၏။ ထိုရှင်ဘုရင်၏ နွားတို့ကို ငါ့နွားတို့ဟု မှတ်ထင်၍ ဆောင်ယူသွားလေသော် မိုးသောက်သော ကာလ၌ ဤနွားတို့သည် ငါ့နွား မဟုတ်ကုန်၊ ရှင်ဘုရင်၏ နွားတော်တို့တည်းဟု မှတ်မိ၍ "ငါ့ကို ဤသူကား သူခိုးတည်း"ဟု မင်းချင်း ယောကျ်ားတို့က ဖမ်းဆီး၍ ပျက်စီးခြင်းသို့ ရောက်အောင် မပြုလုပ်ရသေးမီ ထွက်ပြေးပေအံ့ဟု ကြောက်ရွံ့သည် ဖြစ်၍ နွားတို့ကို စွန့်၍ လျင်မြန်စွာ ပြေး၍ ဘေးကင်းရာ အရပ်၌ ရပ်တည်၏။

ထိုဥပမာစကားရပ်၌ — "ငါ့နွားတို့"ဟူ၍ မင်း၏ နွားတော်တို့ကို ဖမ်းယူခြင်းကဲ့သို့ ပရမတ်ဉာဏ်ပညာ မျက်စိ မရှိသော ပုထုဇန် ငမိုက်သား၏ ဉပါဒါနက္ခန္ဓာငါးပါးတို့ကို "ငါ - ငါ့ဟာ" ဟူ၍ စွဲလမ်းခြင်း စွဲယူခြင်းကို မှတ်သားပါ။ (သူစိမ်းပြင်ပအားဖြင့်လည်းကောင်း မြတ်နိုးဖွယ် မရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း ပြုအပ်ကုန်သော ဝိပဿနာဉာဏ်ဖြင့် ရှုအပ်ကုန်သော ဉပါဒါနက္ခန္ဓာတို့ကို "ငါပဲ - ငါ့ဟာပဲ"ဟု စွဲလမ်းခြင်း၏ မင်းနွားတော်တို့ကို မိမိနွားဟူ၍ ဖမ်းယူခြင်းနှင့် တူသည်၏ အဖြစ်ကို ဆိုအပ်၏။) မိုးလင်းလတ်သော် မင်း၏ နွားတော်တို့ဟူ၍ သိခြင်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ လက္ခဏာရေးသုံးတန်၏ အစွမ်းဖြင့် ဉပါဒါနက္ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တဟူ၍ သိခြင်းကို မှတ်သားအပ်၏။ မင်းချင်းယောကျ်ားတို့၏ ဖမ်းယူသတ်ဖြတ်ခြင်းမှ ကြောက်သော ကာလကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်သားအပ်၏။ နွားတို့ကို လွှတ်၍ ပြေးလိုသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်သားအပ်၏။ နွားတို့ကို လွှတ်ခြင်းကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်သားအပ်၏။ ပြေးခြင်းကဲ့သို့ အရိယမဂ်ကို မှတ်သားအပ်၏။ ပြေးပြီးနောက် ဘေးကင်းရာ အရပ်၌ ရပ်တည်ခြင်းကဲ့သို့ အရိယဖိုလ်ကို မှတ်သားအပ်၏။ (ဝိသုဒ္ဓိ-၂-၃၀၃။ မဟာဋီ-၂-၄၇၂။)

## ၅။ ယက္ခီ = ဘီလူးမ

ယောကျ်ား တစ်ယောက်သည် (ဘီလူးမမှန်း မသိသဖြင့်) ဘီလူးမနှင့် အိမ်ထောင်ခြင်းကို ပြုလေ၏၊ ထိုဘီလူးမသည် ညဉ့်အခါ၌ "ဤယောကျ်ားသည် အိပ်ပျော်လေပြီ"ဟု မှတ်ထင်၍ သူသေကောင် စွန့်ပစ်ရာ သုသာန်သို့ သွား၍ လူသားကို စား၏။ ထိုယောကျ်ားသည် ဤမိန်းမသည် အဘယ်သို့ သွားသနည်းဟု အစဉ်သဖြင့် လိုက်၍ ရှာလေသော် လူသားကို စားနေသည်ကို တွေ့မြင်၍ ထိုဘီလူးမ၏ လူသား မဟုတ်သည်၏ အဖြစ်ကိုသိ၍ "ငါ့ကို မစားသေးမီ"ပြေးအံ့ဟု ကြောက်ရွံ့သည်ဖြစ်၍ လျင်မြန်စွာ ပြေး၍ ဘေးကင်းရာအရပ်၌ ရပ်တည်လေ၏။

ထိုဥပမာ၌ — ဘီလူးမနှင့် အတူတကွ ပေါင်းဖော်ခြင်းကဲ့သို့ ဉပါဒါနက္ခန္ဓာတို့ကို "ငါ - ငါ၏ဥစ္စာ"ဟု စွဲလမ်းခြင်းကို မှတ်သားအပ်၏။ သုသာန်၌ လူသားကို စားနေသည်ကို တွေ့မြင်ရ၍ "ဤမိန်းမကား ဘီလူးမ တည်း"ဟု သိခြင်းကဲ့သို့ ခန္ဓာတို့၏ လက္ခဏာရေးသုံးတန်ကို မြင်၍ အနိစ္စစသည်၏ အဖြစ်ကို သိခြင်းကို မှတ်သားအပ်၏။ ကြောက်ရွံ့သော အချိန်ကာလကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်သားအပ်၏။ ပြေးလိုသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို , သုသာန်ကို စွန့်ခြင်းကဲ့သို့ ဂေါတြဘုဉာဏ်ကို , လျင်မြန်စွာ ပြေးခြင်းကဲ့သို့ မဂ်ဉာဏ်ကို, ဘေးကင်းရာအရပ်၌ ရပ်တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်သားအပ်၏။ (ဝိသုဒ္ဓိ-၂-၃၀၃။)

ဘေးရှိရာ၌ ဘေးမရှိဟု ရှုခြင်း၏ အကြောင်း ဖြစ်သောကြောင့် ခန္ဓာတို့ကို "ငါ - ငါ့ဟာ"ဟု စွဲလမ်းခြင်း၏ ဘီလူးမနှင့် ပေါင်းဖော်အိမ်ထောင်ခြင်းနှင့် တူသည်၏ အဖြစ်ကို မှတ်သားအပ်၏။ သုသာန်ကို စွန့်ခြင်းကဲ့သို့

သင်္ခါရဟူသော သုသာန်ကို စွန့်၍ နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အစွမ်းဖြင့် ဖြစ်သော ဂေါတြဘုဉာဏ်ကို မှတ်သား အပ်၏။ (မဟာဋီ-၂-၄၇၂။)

## ၆။ ဒါရက = သူငယ်

တစ်ယောက်သော အမျိုးသမီးသည် သားအပေါ်၌ အလွန်ပြင်းပြစွာ ချစ်မြတ်နိုးခြင်း ရှိ၏၊ နမူးနထူး သားအပေါ်၌ ချစ်မြတ်နိုးခြင်း ကြူးသော ထိုမိန်းမသည် ပြာသာဒ်ထက်၌ ထိုင်လျက်ပင်လျှင် အိမ်ကြားလမ်း၌ သူငယ်ငိုသံကို ကြားလိုက်၍ – "ငါ၏ သားကို တစ်စုံတစ်ယောက်သော သူသည် ပုတ်ခတ်ညှဉ်းဆဲလေသလော"ဟု လျင်မြန်စွာ သွား၍ မိမိသားဟူသော အမှတ်သညာဖြင့် သူတစ်ပါးသားကို ပိုက်ယူလိုက်၏။ ထိုအမျိုးသမီးသည် "ဤသူငယ်သည် သူတစ်ပါးသားတည်း"ဟူ၍ မှတ်မိ၍ ကြောက်ရွံ့ ရှံ့ရှာနိုးသည်ဖြစ်၍ ထိုမှ ဤမှလည်း ကြည့်၍ ငါ့ကို တစ်စုံတစ်ယောက်သော သူသည် - "ဤသူသည် ကလေးသူခိုးတည်း"ဟု မဆိုပါစေလင့်ဟု နှလုံးပိုက်၍ သူငယ်ကို ထိုလမ်း၌ပင်လျှင် ချထားခဲ့၍ တစ်ဖန် ပြာသာဒ်ထက်သို့ တက်၍ ထိုင်နေ၏။

ထိုဥပမာ၌ မိမိသားဟူသော အမှတ်သညာဖြင့် သူတစ်ပါးသားကို ပိုက်ယူခြင်းကဲ့သို့ — "ငါပဲ - ငါ့ဟာပဲ" ဟု ဥပါဒါနက္ခန္ဓာငါးပါးတို့ကို စွဲလမ်းခြင်းကို မှတ်သားအပ်၏။ "ဤသူငယ်ကား သူတစ်ပါးသားတည်း"ဟု သိခြင်းကဲ့သို့ လက္ခဏာရေးသုံးတန်၏ အစွမ်းဖြင့် –"ငါ မဟုတ် - ငါ့ဟာ မဟုတ်"ဟု သိခြင်းကို မှတ်သားအပ်၏။ "ကလေးသူခိုးမ"ဟု အပြောခံရမည်မှ ကြောက်ရွံ့ခြင်းကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်သားအပ်၏။ ထိုထို ဤဤ အရပ်သို့ ကြည့်ခြင်းကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်သားအပ်၏။ ထိုယူရာလမ်း၌သာလျှင် ကလေး သူငယ်ကို ချထားခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်သားအပ်၏။ (ရုန့်ရင်း ရုန့်ရင်းသော လောဘထု အစိုင်အခဲ စသည်ကို ခွာသဖြင့် သင်္ခါရတရားတို့ကို ခွာခြင်းကြောင့် အနုလောမဉာဏ်၏ ထိုလမ်း၌ပင်လျှင် သူငယ်ကို ချထားသည်နှင့် တူသည်၏ အဖြစ်ကို သိအပ်၏။) သူငယ်ကို ချထားပြီး၍ အိမ်ကြားလမ်း၌ ရပ်တည်နေသော ကာလကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်သားအပ်၏။ ပြာသာဒ်ထက်သို့ တက်ရောက်သကဲ့သို့ အရိယမဂ်ကို မှတ်သားအပ်၏၊ ပြာသာဒ်ထက်သို့ တက်၍ နေခြင်းကဲ့သို့ အရိယဖိုလ်ကို မှတ်သားအပ်၏။

(ဝိသုဒ္ဓိ-၂-၃၀၃- ၃၀၄။ မဟာဋီ-၂-၄၇၂။ )

## ကြွင်းဥပမာ (၆) ရပ်

၇။ **ခုဒ္ဒ** = **အစာတော်မွတ်ခြင်း,**
၈။ **ပိပါသ** = **ရေမွတ်သိပ်ခြင်း,**
၉။ **သီတ** = **အချမ်း,**
၁၀။ **ဥဏှ** = **အပူ,**
၁၁။ **အန္ဓကာရ** = **အမိုက်တိုက်,**
၁၂။ **ဝိသ** = **အဆိပ်** —

ဤ (၆)ပါးကုန်သော ဥပမာတို့ကို အရိယမဂ်သို့ ဆိုက်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ တည်သော ယောဂါဝစရပုဂ္ဂိုလ်၏ လောကုတ္တရာတရားသို့ ရှေးရှုညွတ်သည်၏ အဖြစ်, ရှိုင်းသည်၏ အဖြစ်, ကိုင်းသည်၏ အဖြစ်ကို ပြခြင်းငှာ မိန့်ဆိုတော်မူအပ်ကုန်၏။ (ရှေးဥပမာတို့ကဲ့သို့ ဘယတုပဋ္ဌာနစသည့် ဉာဏ်တို့၌ တည်သော ယောဂါဝစရပုဂ္ဂိုလ်၏ ကြောက်သော အခြင်းအရာစသည့် အခြင်းအရာ အာကာရကို ပြခြင်းငှာ မဆိုအပ်ကုန် ဟူလိုသည်။) ထင်ရှားစေအံ့ —

၇။ **စုဒ္ဒ = အစာတော်မွတ်ခြင်း** — အစာတော်မွတ်ခြင်းသည် အပြင်းအထန် နှိပ်စက်အပ်သော အလွန် ငတ်မွတ်သော ယောကျ်ားသည် ကောင်းသော အရသာ ရှိသော ဘောဇဉ်ကို တောင့်တသကဲ့သို့ ဤဥပမာ အတူပင်လျှင် သံသရာဝဋ်၌ ဖြစ်သော ငတ်မွတ်ခြင်းသည် နှိပ်စက်အပ်သော ဤယောဂါဝစရ ရဟန်းတော်သည် မသေရာ အမြိုက်အရသာ ရှိသော ကာယဂတာသတိဟူသော ဘောဇဉ်ကို တောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

အဆင့်ဆင့် ဖြစ်သောအားဖြင့်လည်းကောင်း, ရှည်မြင့်စွာသော ကာလပတ်လုံး အစဉ်လိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း, သည်းခံနိုင်ခဲသည်၏ အဖြစ်ကြောင့်လည်းကောင်း သံသရာဝဋ်ဆင်းရဲဒုက္ခသည် ငတ်မွတ်သော ဆင်းရဲဒုက္ခနှင့် တူ၏ဟု နှလုံးပိုက်၍ **သံသာရဝဋ္ဋဇိဃစ္ဆာယ = သံသရာဝဋ်၌ ဖြစ်သော ငတ်မွတ်ခြင်း** – ဟု အဋ္ဌကထာက မိန့်ဆိုခြင်း ဖြစ်သည်။

## အမတရသံ ကာယဂတာသတိဘောဇနံ

ကာယဂတာသတိ ဧဝ ဘောဇနံ **ကာယဂတာသတိဘောဇနံ**။ သာ ပနေတ္ထ မဂ္ဂသမ္ပယုတ္တာ သမ္မာသတိ ကာယာနုပဿနာဒိ ကိစ္စသာဓနဝသေန အမတရသပရိဘောဂတာယ စ **"အမတရသံ ကာယဂတာသတိ-ဘောဇနံ"**န္တိ ဝုတ္တာ။ တေနာဟ ဘဂဝါ " အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇ-န္တီ"တိအာဒိ။ (မဟာဋီ-၂-၄၇၂။)

ထိုကာယဂတာသတိကား ဤ၌ အရိယမဂ်နှင့် ယှဉ်သော သမ္မာသတိတည်း။ ထိုသတိကို ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာဟူသော ကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ-သောကြောင့်လည်းကောင်း, မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီး၏ အမတရသ = အမြိုက်အရသာကို သုံးဆောင်သောအားဖြင့် ဖြစ်ပေါ်လာသောကြောင့်လည်းကောင်း — အမတရသံ ကာယဂတာသတိဘောဇနံ = မသေရာ အမြိုက်အရသာ ရှိသော ကာယဂတာသတိ ဘောဇဉ် - ဟူ၍ ဆိုအပ်သတည်း။ ထိုကြောင့် ဘုရားရှင်-သည် အင်္ဂုတ္တိုရ်ပါဠိတော် ဧကနိပါတ် အမတဝဂ်၌ —

"အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။" (အံ-၁-၄၇။)

= "ရဟန်းတို့ . . . အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကြကုန်၏၊ ထိုသူတို့သည် မသေရာ အမြိုက် နိဗ္ဗာန်ကို သုံးဆောင်ကြသည် မည်ကုန်၏" – ဤသို့ ဟောကြားထားတော်မူ၏။

(မဟာဋီ-၂-၄၇၂။)

**အမေး** — နိဗ္ဗာန်ကား လောကုတ္တရာ တရားတည်း၊ ကာယဂတာသတိကား လောကိယ တရားတည်း။ (လောကီ ကာယဂတာသတိကို ဆိုလိုသည်။) အဘယ်သို့လျှင် ထိုကာယဂတာသတိကို သုံးဆောင်ကုန်သော သူတို့သည် မသေရာ အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ကြကုန်သနည်း၊

**အဖြေ** — ကာယဂတာသတိကို ပွားများသောပုဂ္ဂိုလ်သည် မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကို ရရှိနိုင်၏၊ မပွားများသော ပုဂ္ဂိုလ်သည် မရရှိနိုင်။ ထိုကြောင့် ဤသို့ ဘုရားရှင်က ဟောကြားတော်မူခြင်းဖြစ်သည်။

(အံ-ဋ္ဌ-၁-၄၁၆။)

ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားများပါကလည်း သတိပဋ္ဌာန် လေးပါးလုံး စုံညီသွားကြောင်းကို ရှေး-ပိုင်းတွင် အကြိမ်များစွာ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။ မည်သည့် သတိပဋ္ဌာန်ကို မဆို နည်းမှန် လမ်းမှန် ပွားများပါက သတိပဋ္ဌာန် လေးပါးလုံးကို ပွားများခြင်း ကိစ္စလည်း ပြီးစီးသည်သာ ဖြစ်သည်။ အရိယမဂ်သို့ ဆိုက်ရောက်သောအခါ ယင်းအရိယမဂ်က သတိ၏ တည်ရာ အာရုံလေးမျိုး ဖြစ်သည့် ကာယ ဝေဒနာ စိတ္တ

ဓမ္မတို့ အပေါ်၌ မသိအောင် ဖုံးလွှမ်းထားသော မောဟကို အပြီးတိုင် ပယ်သတ်လိုက်၏။မသိမှု အဝိဇ္ဇာပျောက်၍ သိမှု ဝိဇ္ဇာဉာဏ်သည် ပေါ်ပေါက်လာ၏၊ ဤသည်ကိုပင် သတိပဋ္ဌာန်လေးပါးလုံး၌ = ကာယာနုပဿနာစသော အနုပဿနာ လေးပါးလုံး၌ ကိစ္စကို ပြီးစေသည်ဟု ဆိုသည်။ အရိယမဂ်နှင့် ယှဉ်သော သမ္မာသတိက ယင်းကိစ္စကို ရွက်ဆောင်ပေးသည်။ လောကီဝိပဿနာဉာဏ်နှင့် ယှဉ်သော သမ္မာသတိက တဒင်္ဂအားဖြင့်သာ ကိလေသာကို ပယ်နိုင်သဖြင့် မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီးကိုလည်း မမြင်သေးသဖြင့် ယင်းကိစ္စကို ပြည့်ပြည့် ဝဝ မရွက်ဆောင်နိုင်။ ထို့ကြောင့် အထက်ပါ ရှင်းလင်းချက်များကို အဋ္ဌကထာ ဋီကာတို့က ဖွင့်ဆိုတော်မူကြခြင်း ဖြစ်သည်။

၈။ **ပိပါသ = ရေမွတ်သိပ်ခြင်း** — ရေမွတ်သိပ်သော ယောကျ်ားသည် ခြောက်ကပ်သော လည်ချောင်း ခံတွင်း ရှိသည်ဖြစ်၍ အသီးရည်, သျှစ်သျှား, ချင်း – အစရှိသော များစွာသော အကြောင်း အဆောက်အဦ ရှိသော အဖျော်ကို တောင့်တသကဲ့သို့ ဤဉပမာအတူပင်လျှင် သံသရာဝဋ္ဋတည်းဟူသော ရေမွတ်သိပ်ခြင်းသည် နှိပ်စက်အပ်သော ဤယောဂါဝစရပုဂ္ဂိုလ်သည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ် အဖျော်ရည်ကို တောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

၉။ **သီတ = အအေး** — အအေးဒဏ်ဖြင့် အနှိပ်စက်ခံရသော ယောကျ်ားသည် အပူကို တောင့်တသကဲ့သို ဤဉပမာအတူသာလျှင် သံသရာဝဋ္ဋ၌ အလွန် တပ်နှစ်သက်ခြင်းတည်းဟူသော အချမ်းဖြင့် အနှိပ်စက်ခံရသော ဤယောဂါဝစရပုဂ္ဂိုလ်သည် ကိလေသာကို ပူပန်စေတတ် လောင်ကျွမ်းစေတတ်သော အရိယမဂ်တည်းဟူသော မီးကို တောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

၁၀။ **ဥဏှ = အပူ** — အပူဒဏ်ဖြင့် အနှိပ်စက်ခံရသော ယောကျ်ားသည် အအေးကို တောင့်တသကဲ့သို့ ဤဉပမာအတူသာလျှင် သံသရာဝဋ္ဋ၌ (၁၁)ပါးသော မီးပူဖြင့် ပြင်းစွာ ပူပန်နေရသော အလောင်မြိုက်ခံနေ-ရသော ဤယောဂါဝစရပုဂ္ဂိုလ်သည် ရာဂမီး ဒေါသမီးစသည့် မီး (၁၁)သီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် တရားတော်မြတ်ကြီးကို တောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

၁၁။ **အန္ဓကာရ = အမိုက်တိုက်** — သန်းခေါင်ယာမ် ဖြစ်ခြင်း, လကွယ်နေ့ည ဖြစ်ခြင်း, တောအုပ်အလယ်၌ ဖြစ်ခြင်း, ရှစ်နယ်ပတ်ကုံး အပြည့်ဖုံးသည့် လျှပ်ရောင်မျှ မရှိသည့် မိုးလုံးတိမ်တိုက် အပြည့်ဖုံးအုပ်ကာ မိုးရွာ-သွန်းနေခြင်းတည်းဟူသော အင်္ဂါလေးပါး ရှိသော အမိုက်တိုက် အမိုက်မှောင်ဖြင့် အနှိပ်စက်ခံရသော= မိမိအကျိုး သူတစ်ပါးအကျိုးကို ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ဖြင့် အနှိပ်စက်ခံရသော ယောကျ်ားသည် အလင်း-ရောင်ကို တောင့်တသကဲ့သို့ ဤဉပမာအတူပင်လျှင် သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ တည်းဟူသော အမိုက်တိုက်သည် ဖုံးလွှမ်းအပ် အဖန်တလဲလဲ မြေးယှက်အပ်သော ဤယောဂါဝစရပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ပြီးသော အလင်းရောင်ရှိသော မဂ္ဂဘာဝနာကို လိုလားတောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

ဉာဏမယော အာလောကော ဧတိဿာတိ **ဉာဏာလောကော၊** မဂ္ဂဘာဝနာ။ (မဟာဋီ-၂-၄၇၂။)

ဉာဏာလောကံ မဂ္ဂဘာဝနံ ပတ္ထေတိ။ (ဝိသုဒ္ဓိ-၂-၃၀၄။)

မဂ္ဂဘာဝနာ အမည်ရသော အရိယမဂ်ဉာဏ်၌ ဉာဏ်ဖြင့် ပြီးသော = ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်ရှိသော ဟူ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။ မဟာဋီ-၂-၄၇၂။) ( ဉာဏ်ပြဓာန်းသော မဂ္ဂဘာဝနာစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့၌ ပါဝင်သော ဝဏ္ဏဓာတ် ရူပါရုံ, ယင်းစိတ္တဇရုပ်ကလာပ်တို့၌ တည်ရှိသော တေဇောဓာတ် ဥတုကြောင့် ထပ်ဆင့်ဖြစ်ပွားလာသော ဥတုဇရုပ်တို့၌ ပါဝင်တည်ရှိသော ဝဏ္ဏဓာတ် ရူပါရုံတို့၏ တောက်ပမှုတည်း။ အကျိုးရုပ်တရားတို့၏ အာလောကဟူသော အမည်ကို အကြောင်း ဉာဏ်၌ တင်စား၍ အကြောင်းဉာဏ်၌

အရောင်အလင်းရှိသည်ဟု ဆိုထားသော ဖလူပစာရစကားတည်း။ )

၁၂။ **ဝိသ = အဆိပ်** — မြွေဆိပ်စသည့် အဆိပ်ဖြင့် အနှိပ်စက်ခံရသော ယောကျ်ားသည် အဆိပ်ကို ပယ်ဖျောက်တတ်သော ဆေးကို တောင့်တသကဲ့သို့ ဤဥပမာအတူပင်လျှင် ကိလေသာဟူသော အဆိပ်ဖြင့် အနှိပ်စက်ခံရသော ဤယောဂါဝစရရဟန်းတော်သည် ကိလေသာဟူသော အဆိပ်ကို နှိပ်နင်းနိုင်သော မသေ-သည်၏ အဖြစ်ကို ပြီးစေတတ်သော ဆေးဟု ဆိုအပ်သော အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီးကို တောင့်တ၏။ (ဝိသုဒ္ဓိ-၂-၃၀၄။)

## တွန့်လိပ်သော စိတ်ထားရှိသူ

ဤမျှအတိုင်းအရှည် ရှိသော ဝိပဿနာအစဉ်ဖြင့်သာလျှင် ဤယောဂါဝစရပုဂ္ဂိုလ်သည် ဘဝ စသည်တို့မှ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်သောပုဂ္ဂိုလ် မည်ပေ၏။ ယင်းပုဂ္ဂိုလ်မျိုးကို ရည်ရွယ်၍ အောက်ပါ ဂါထာကို ဟောကြားထားတော်မူ၏။ —

> ပတိလီနစရဿ ဘိက္ခုနော၊ ဘဇမာနဿ ဝိဝိတ္တမာသနံ။
> သာမဂ္ဂိယမာဟု တဿ တံ၊ ယော အတ္တာနံ ဘဝနေ န ဒဿယေ။
> (ခု-၁-၄၀၆။ မဟာနိ-၁၀၀။)

ဘိက္ခဝေ = ရဟန်းတို့ . . . ။ ယော ဘိက္ခု = အကြင်ရဟန်းသည်။ ဘဝနေ = ဘုံသုံးပါး၌။ အတ္တာနံ = မိမိအတ္တဘောကို။ န ဒဿယေ = မပြရာ၊ ဝါ၊ မမြင်ရာ။ ဝိဝိတ္တမာသနံ = ကာယဝိဝေက စိတ္တဝိဝေက၌ ယှဉ်သော နေရာသို့၊ ဘဇမာနဿ = ဆည်းကပ်သော။ ပဋိလီနစရဿ = ပတိလီနစရဿ = ဘဝသုံးပါးတို့မှ တွန့်လိပ်သော စိတ်ထားရှိသည်၏ အဖြစ်ဖြင့် ကျင့်နိုင်ပေသော။ တဿ ဘိက္ခုနော = ထိုယောဂီရဟန်း၏။ တံ = အဒဿနံ = ထိုဘုံသုံးပါး၌ မိမိအတ္တဘောကို မမြင်ရခြင်းကို။ သာမဂ္ဂိယံ = ပဋိရူပံ = သင့်တင့်လှ၏ဟူ၍။ ဗုဒ္ဓါဒယော = ဘုရားအစရှိကုန်သော အရိယာ အရှင်မြတ်တို့သည်။ အာဟု = ကထေန္တိ = ချီးမွမ်းစကား မြွက်ကြားတော်မူကြကုန်၏။

## ဗောဇ္ဈင် – မဂ္ဂင် – ဈာနင် – ပဋိပဒါ – ဝိမောက္ခ ထူးခြားမှု (ဝိသုဒ္ဓိ-၂-၃၀၅။ )

သင်္ခါရတရားတို့၌ ဘယ-နန္ဒီ အစွန်းနှစ်ဘက်မှ လွတ်၍ လျစ်လျူရှုနိုင်သော ဤသင်္ခါရုပေက္ခာဉာဏ်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သည် ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၌ အာလယကင်းသည်၏ အဖြစ်ဖြင့် တဏှာ၏ အစွမ်းအားဖြင့် ဘဝစသည်တို့၌ မပြန့်ပြူးသော အဇ္ဈာသယဓာတ် ရှိသည်ဖြစ်၍ ထိုဘဝ စသည်တို့မှ တွန့်လိပ်သော စိတ်ဓာတ်ရှိရကား ဘဝသုံးပါးတို့မှ တွန့်လိပ်သော စိတ်ထားရှိသည်၏ အဖြစ်ဖြင့် ကျင့်နိုင်သော ပဋိလီနစရ = ပတိလီနစရပုဂ္ဂိုလ် မည်ပေသည်။

ဤသို့လျှင် ဤသင်္ခါရုပေက္ခာဉာဏ်သည် ယောဂါဝစရပုဂ္ဂိုလ်၏ တွန့်လိပ်သော စိတ်ထားရှိသည်၏ အဖြစ်ဖြင့် ကျင့်နိုင်သော ပုဂ္ဂိုလ်၏ အဖြစ်ကို အမြဲဧကံသိက တစ်ဖက်သတ် ဖြစ်အောင် ပြု၍ အထက်အရိယမဂ်၏လည်း အရိယမဂ်ခဏ၌ ရစကောင်းသော —

၁။ ဗောဇ္ဈင် (၆)ပါး, ဗောဇ္ဈင် (၇)ပါးဟူသော အထူး,
၂။ မဂ္ဂင် (၈)ပါး, မဂ္ဂင် (၇)ပါးဟူသော အထူး,
၃။ ဈာနင် (၅)ပါး (၄)ပါး စသော အထူး,

၄။ ပဋိပဒါ အထူး,

၅။ ဝိမောက္ခ အထူး —

ဤထူးခြားမှု အမျိုးမျိုးကို မြဲစေ၏။ အကျယ်မှာ ဤသို့ ဖြစ်၏။ —

၁။ အချို့သော **တိပိဋက စူဠနာဂမထေရ်**တို့သည် အရိယမဂ်ခဏ၌ ရစကောင်းသော ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ထူးခြားမှု ကွဲပြားမှုကို အရိယမဂ်၏ အနီးဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အခြေပါဒက ဖြစ်သော ပါဒကဈာန်သည် မြဲစေ၏ဟု ဆိုကြကုန်၏။

**[မှတ်ချက်** — ဥပမာ - ဤကျမ်း၌ အာနာပါနစတုတ္ထဈာန်ကို ဝိပဿနာ၏ အခြေပါဒက ဖြစ်သော ပါဒကဈာန်အဖြစ် ရေးသားတင်ပြခဲ့၏။ ထိုဈာန်မျိုးပင်တည်း။ သမာပတ် (၈)ပါးလုံးကို ကျွမ်းကျင်သော သူတော်ကောင်းသည် မည်သည့်ဈာန်သမာပတ်ကို မဆို ဝိပဿနာ၏ အခြေပါဒကဖြစ်သော ပါဒကဈာန် အဖြစ် ထူထောင်နိုင်သည်သာ ဖြစ်ပေသည်။]

၂။ အချို့သော **မောရဝါပီဝါသီ မဟာဒတ္တမထေရ်**တို့သည် အရိယမဂ်နှင့် နီးကပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အရှုခံအာရုံ ဖြစ်၍ဖြစ်ကုန်သော ခန္ဓာတို့သည် ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ထူးခြားမှု ကွဲပြားမှုကို မြဲစေကုန်၏ဟု ဆိုကြကုန်၏။

၃။ အချို့သော **တိပိဋက စူဠာဘယမထေရ်**တို့သည် ပါဒကဈာန်နှင့် (ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သော လက္ခဏာယာဉ်တင်၍ သုံးသပ်အပ်သော) သမ္မသိတဈာန် နှစ်ပါးတို့၏ ကွဲပြားခြင်းသည် ရှိသော် ဝိပဿနာရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ အလိုအဇ္ဈာသယစာတ်ဟု ဆိုအပ်သော ပုဂ္ဂလဇ္ဈာသယသည် ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ထူးခြားမှု ကွဲပြားမှုကို မြဲစေကုန်၏ဟု ဆိုကြကုန်၏။

ထိုသုံးဦးသော ဆရာမြတ်တို့၏ အယူဝါဒတို့၌ ဤအရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော ပုဗ္ဗဘာဂ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်သာလျှင် ဗောဇ္ဈင် မဂ္ဂင် ဈာနင်စသည်တို့၏ ထူးခြားမှုကို မြဲစေသည်သာဟု သိပါလေ။ ထို ဗောဇ္ဈင်စသည်တို့၏ ထူးခြားမှုကို မှတ်သားခြင်း၌ ဤဆိုလတ္တံ့သည်ကား အစဉ်အတိုင်းဖြစ်သော အနုပုဗ္ဗိကထာ စကားတည်း။

## ၁။ ပထမထေရဝါဒ – ပါဒကဈာနဝါဒ

၁။ ဝိပဿနာနိယမ = ဝိပဿနာဟူသော မှတ်ကြောင်းဖြင့် ဈာန်ဟူသော အစေးကင်း၍ ခြောက်သွေ့သော ဝိပဿနာရှိသော သုက္ခဝိပဿက ပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော အရိယမဂ်သည်လည်းကောင်း,

၂။ ဈာန်သမာပတ်ကိုရရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ မိမိရရှိထားသော ဈာန်ကို ဝိပဿနာ၏ အခြေပါဒက မပြုမူ၍ ဖြစ်ပေါ်လာသော အရိယမဂ်သည်လည်းကောင်း,

၃။ ပထမဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဝိပဿနာသို့ ကူးလာရာ ဝိပဿနာ၏ အခြေပါဒက ပြုထားသော ပထမဈာန်မှ တစ်ပါးသော ပကိဏ္ဏက သင်္ခါရ အမည်ရသော ပြိုးပြွမ်းသော သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်၍ သုံးသပ်သဖြင့် ဖြစ်စေအပ်သော အရိယမဂ်သည်လည်းကောင်း —

ဤသုံးမျိုးသော အရိယမဂ်သည် ပထမဈာန်နှင့် ယှဉ်ကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ထိုသုံးမျိုးလုံးသော အရိယမဂ်တို့၌ ဗောဇ္ဈင်(၇)ပါး, မဂ္ဂင် (၈)ပါး, ဈာနင် (၅)ပါးတို့ ဖြစ်ကြကုန်၏၊ ရှိကြကုန်၏၊ ပါဝင်ကြကုန်၏။ (ဝိသုဒ္ဓိ-၂-၃၀၅။)

**မှတ်ချက်** — ဤ၌ **သုက္ခဝိပဿကပုဂ္ဂိုလ်**ဟူသည် ဈာန်မရသော သုဒ္ဓဝိပဿနာယာနိကဖြစ်သော ဈာန်တည်းဟူသော အစိုဓာတ် အစေးဓာတ် မရှိသည့်အတွက် ခြောက်သွေ့သောဝိပဿနာရှိသော ပုဂ္ဂိုလ်တည်း။ **ပကိဏ္ဏကသင်္ခါရ**ဟူသည် မိမိအခြေခံထားသော ဝိပဿနာ၏ အခြေပါဒကအဖြစ် ထူထောင်ထားသော (ဤ၌) ပထမဈာန် အတွင်း၌ တည်ရှိသော သင်္ခါရတရားတို့မှ တစ်ပါးသော လက္ခဏာယာဉ် တင်၍ ဝိပဿနာ ရှုပွား သုံးသပ်ထိုက်သော တေဘူမက သင်္ခါရတရားတို့ပင်တည်း။ ထိုပကိဏ္ဏကသင်္ခါရတရားတို့ကို ဝိပဿနာရှုခိုက် အရိယမဂ်သို့ ဆိုက်ခဲ့သော် ထိုအရိယမဂ်သည် ပထမဈာန်နှင့် ယှဉ်သည်သာ ဖြစ်၏။ အကယ်၍ ဝိပဿနာ၏ အခြေပါဒကဖြစ်သော ပထမဈာန်ကိုပင် လက္ခဏာယာဉ် တင်၍ ဝိပဿနာရှုခိုက် အရိယမဂ်သို့ ဆိုက်ခဲ့ပါမူ ထိုအရိယမဂ်၏ ပထမဈာန်နှင့် ယှဉ်မှုမှာ ဆိုဖွယ်ရာပင် မရှိ ဖြစ်တော့သည်။ ဤအရာ၌ သုက္ခဝိပဿကပုဂ္ဂိုလ် စသည်တို့၏ အရိယမဂ်သည် ပထမဈာန်နှင့် ယှဉ်၏ စသည်ဖြင့် ဆိုခြင်းသည် အရိယမဂ်၏ ဗောဇ္ဈင် မဂ္ဂင် စသည့် ထူးခြားမှု ကွဲပြားမှုကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာကသာလျှင် မြဲစေ၏ — ဟူသော ဝိပဿနာနိယမ၏ တစ်ခုတည်းသော အဖို့ရှိသည်၏ အဖြစ်ဟူသော ဧကန်ဖြစ်မှုကို ပြခြင်းအကျိုးငှာ ဆိုခြင်းဖြစ်သည်။ မှန်ပေသည် ဝုဋ္ဌာနဂါမိနီဝိပဿနာကို ကြည်ဖယ်၍ သက်သက်သော အရိယမဂ်၏ ဗောဇ္ဈင် မဂ္ဂင် စသည့် အရေအတွက် ထူးခြားမှုကို မြဲစေသော အကြောင်းရင်းဖြစ်ကုန်သော ပါဒကဈာန်စသည်တို့ကို မတွေ့မမြင်အပ်ကုန်ပေ။ အထူးမှာ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ပါဒကဈာန်စသည်တို့ မရှိသော်လည်း သုက္ခဝိပဿကစသော ပုဂ္ဂိုလ်တို့အား ဖြစ်ပေါ်လာသော အရိယမဂ်၏ ပထမဈာန်နှင့် ယှဉ်ခြင်း ဖြစ်နိုင်မှု အကြောင်းတရားသည် ဖြစ်နိုင်သည်သာ ဖြစ်၏။ ထိုကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်သာလျှင် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် စသည်တို့၏ အရေအတွက် ထူးခြားမှု ကွဲပြားမှုကို မှတ်သားခြင်း မြဲစေခြင်း၌ တစ်ခုတည်းသော အဖို့ရှိသော ဧကန်အကြောင်းတရား ဖြစ်ပေသည်ဟု မှတ်ပါ။ (မဟာဋီ-၂-၄၇၄။)

ထင်ရှားစေအံ့ — ထိုအထက်ပါ အရိယမဂ်တို့၏ ရှေးအဖို့၌ ဖြစ်သော ပုဗ္ဗဘာဂဝိပဿနာသည် သောမနဿဝေဒနာနှင့် ယှဉ်သော်လည်း ယှဉ်ရာ၏၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော်လည်း ယှဉ်ရာ၏၊ ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာရာအခါ၌, တစ်နည်း – ဝုဋ္ဌာနဂါမိနီ ဝိပဿနာအခါ၌ သင်္ခါရုပေက္ခာ အဖြစ်သို့ ရောက်ရှိမှု သောမနဿဝေဒနာနှင့် ယှဉ်သည်သာလျှင် ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၀၅။)

၄။ ပဉ္စကနည်း၌ ဒုတိယဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ (၄)ပါး ယှဉ်၏။

၅။ တတိယဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌ ပီတိ သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ (၃)ပါး ယှဉ်၏။

၆။ စတုတ္ထဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌ သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ (၂)ပါး ယှဉ်၏။

အထူးမှာ ယင်းဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်ပေါ်စေအပ်သော အရိယမဂ်တို့၌ (ဝိတက် ဈာန်အင်္ဂါ မယှဉ်သဖြင့် သမ္မာသင်္ကပ္ပမဂ္ဂင် တစ်ပါး လျော့ရကား) မဂ္ဂင် (၇)ပါးတို့သာ ဖြစ်ကုန်၏။ စတုတ္ထဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌ (ပီတိမယှဉ်သဖြင့် ပီတိလျော့ရကား) ဗောဇ္ဈင် (၆)ပါးတို့ ဖြစ်ကုန်၏။ ဤထူးခြားမှုသည် ပါဒကဈာန နိယမ = ပါဒကဈာန်ဟူသော မြဲစေသော အကြောင်းကြောင့်လည်း ဖြစ်၏၊ ဝိပဿနာနိယမ = ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူသော မြဲစေသော အကြောင်းကြောင့်လည်း ဖြစ်၏။ (ရှေး သုက္ခဝိပဿကစသော ပုဂ္ဂိုလ်သုံးမျိုးတို့၏ အရိယမဂ်၌ကဲ့သို့ ဝိပဿနာနိယမကြောင့်သာ ဖြစ်သည်မဟုတ် ဟူလိုသည်။) မှန်ပေသည် - ထိုပဉ္စကနည်း၌ ဒုတိယ-

ဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်တို့၏လည်း ရှေးအဖို့၌ ဖြစ်သော ပုဗ္ဗဘာဂဝိပဿနာသည် သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်သည်လည်း ဖြစ်နိုင်၏၊ ဥပေက္ခာဝေဒနာနှင့် အတူတကွ ဖြစ်သည်လည်း ဖြစ်နိုင်၏။ သို့သော် ဝုဋ္ဌာနဂါမိနီဝိပဿနာသည် သောမနဿဝေဒနာနှင့် အတူတကွသာ ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၀၅)

၇။ တစ်ဖန် — စတုက္ကနည်းအရ စတုတ္ထဈာန် ပဉ္စကနည်းအရ ပဉ္စမဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌ ဥပေက္ခာ စေတဂ္ဂတာ၏ အစွမ်းဖြင့် ဈာန်အင်္ဂါ နှစ်ပါးတို့ ဖြစ်ကုန်၏၊ ပီတိသမ္ဗောဇ္ဈင် မပါသဖြင့် ဗောဇ္ဈင် (၆)ပါးတို့ ဖြစ်ကုန်၏။ သမ္မာသင်္ကပ္ပမဂ္ဂင် မပါသဖြင့် မဂ္ဂင် (၇)ပါးတို့ ဖြစ်ကုန်၏။ ဤဈာနင် ဗောဇ္ဈင် မဂ္ဂင်တို့၏ အရေအတွက် ထူးခြားမှုသည်လည်း ပါဒကဈာနနိယမ, ဝိပဿနာနိယမ နှစ်မျိုးတို့၏ စွမ်းအားကြောင့်ပင် ဖြစ်ရပေသည်။ မှန်ပေသည် – ဤနည်း၌ အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော ပုဗ္ဗဘာဂဝိပဿနာသည် သောမနဿဝေဒနာနှင့် အတူတကွသော်လည်း ဖြစ်နိုင်၏၊ ဥပေက္ခာဝေဒနာနှင့် အတူတကွသော်လည်း ဖြစ်နိုင်၏၊ သို့သော် ဝုဋ္ဌာနဂါမိနီဝိပဿနာကား ဥပေက္ခာဝေဒနာနှင့်သာ အတူတကွ ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၀၆။)

၈။ အရူပဈာန်တို့ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဖြစ်စေအပ်သော အရိယမဂ်၌လည်း ဤနည်းကိုသာလျှင် သိပါလေ။

ဤသို့လျှင် ဝိပဿနာ၏ အခြေပါဒကဖြစ်သော ပါဒကဈာန်မှ ထ၍ **ယေ ကေစိ သင်္ခါရ** အမည်ရသော ဘုံသုံးပါး အတွင်း၌ တည်ရှိသော **တေဘူမကသင်္ခါရ**တရားတို့ကို လက္ခဏာယာဉ်တင်လျက် သုံးသပ်ဆင်ခြင်၍ ဖြစ်စေအပ်သော အရိယမဂ်၏ အာသန္န-ပဒေသ ဟူသော နီးကပ်သော အရပ်၌ ထအပ်သော သမာပတ်သည် အရိယမဂ်ကို မိမိနှင့် တူညီမှု ဖြစ်အောင် ပြုလုပ်တတ်ပေသည်။ မြေကြီး၏ အရောင်အဆင်းသည် ဖွတ်၏ အရောင်အဆင်းကို မိမိ မြေကြီး၏ အရောင်အဆင်းနှင့် တူညီမှု ဖြစ်အောင် ပြုလုပ်သကဲ့သို့တည်း။
(ဝိသုဒ္ဓိ-၂-၃၀၆။) (အဘိ-ဌ-၁-၂၇၁-၂၇၂-၌လည်း ကြည့်ပါ။)

ဖွတ်၏ နေရာတွင်းသည် မြေနီ ဖြစ်အံ့၊ ထိုမြေနီသည် ဖွတ်နှင့် အနီးဆုံး မြေအရပ် ဖြစ်သောကြောင့် ဖွတ်ကို နီသော အရောင်အဆင်း ရှိအောင် ပြု၏။ အနက်ရောင် မြေတွင်း ဖြစ်အံ့၊ ထို့အတူ ဖွတ်ကို နက်သော အရောင်အဆင်း ရှိအောင် ထိုမြေက ပြု၏။ ဤဥပမာအတူ မှတ်သားပါ ဟူလိုသည်။

ဤ၌ အာသန္နပဒေသ = အရိယမဂ်နှင့် နီးကပ်သော အရပ်ဟူသည် ဝုဋ္ဌာနဂါမိနီဝိပဿနာကိုပင် ရည်ညွှန်းထားပေသည်။ သို့အတွက် အာသန္နပဒေသဟူသော ဤစကားရပ်ဖြင့် ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေသော ဝိပဿကပုဂ္ဂိုလ်သည် အကြားအကြား ကာလတို့၌ မိမိဝင်စားသော သမာပတ်၏ စွမ်းအင်ကြောင့် ဤသို့သော အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ ထူးခြားမှုမျိုးသည် မရှိနိုင်ဟု ဖော်ပြအပ်ပေသည်။
(မဟာဋီ-၂-၄၇၄။)

ဤကား အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ ထူးခြားမှု အရေအတွက် ကွဲပြားမှုကို ဝိပဿနာ၏ အခြေပါဒက ဖြစ်သော ပါဒကဈာန်က မြဲစေ၏ဟူသော ပထမထေရဝါဒဖြစ်သော **တိပိဋက စူဠနာဂမထေရ်ဝါဒ**နှင့် ဆက်စပ်၍ ပါဒကဈာန်နှင့် ဝုဋ္ဌာနဂါမိနီဝိပဿနာတို့က အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ ထူးခြားမှု ဖြစ်အောင် ဖြစ်စေပုံ စကားရပ်များပင် ဖြစ်သည်။ ဤဝါဒ၌ ဆိုလိုရင်းမှာ ဤသို့တည်း။ —

အရိယမဂ်၏ အနီးဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်ခဲ့သော် အရိယမဂ်သည်လည်း သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်၏။ (ပဉ္စကနည်းအရ ယင်းအရိယမဂ်သည် ပထမဈာန် သို့မဟုတ် ဒုတိယဈာန် သို့မဟုတ် တတိယဈာန် သို့မဟုတ် စတုတ္ထဈာန်နှင့် ထိုက်သလို ယှဉ်မည်

ဖြစ်၏။) အရိယမဂ်၏ အနီးဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဥပေက္ခာဝေဒနာနှင့် အတူတကွ ဖြစ်ခဲ့သော် အရိယမဂ်သည်လည်း ဥပေက္ခာဝေဒနာနှင့်ပင် ယှဉ်၏။ ပဉ္စကနည်းဝယ် ပဉ္စမဈာနိကမဂ် = ပဉ္စမဈာန်နှင့် ယှဉ်သော မဂ်တည်း။ ထိုကြောင့် အရိယမဂ်၌ ဗောဇ္ဈင် စသည်တို့၏ ထူးခြားမှုသည် ဖြစ်ပေါ်လာရ၏။ သို့အတွက် ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ထိုဗောဇ္ဈင်စသည်တို့၏ အရေအတွက် ထူးခြားမှုကို မြဲစေရာ၌ —

၁။ အာသန္နကာရဏ = နီးကပ်သော အကြောင်းတရားလည်း ဖြစ်၍

၂။ ပဓာနကာရဏ = ပြဓာန်းသော ပဓာနအကြောင်းတရားလည်း ဖြစ်သကဲ့သို့ —

အလားတူပင် ပါဒကဈာန်စသည်တို့သည် နီးသော အကြောင်းတရား ပြဓာန်းသော အကြောင်းတရား မဖြစ်ကြကုန်။ သို့သော် ပါဒကဈာန်နှင့် ကင်း၍ ဝုဋ္ဌာနဂါမိနီဝိပဿနာ သက်သက်ဖြင့်ပင် ဤဆိုအပ်ခဲ့ပြီးသော ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ ထူးခြားမှု အမျိုးမျိုးကိုလည်း မြဲစေခြင်းငှာ မစွမ်းနိုင်ပေ။ (ဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဈာန်ကို ဝင်စားပြီးမှ ယင်းဈာန်မှ ထ၍ ယင်းဈာန်နှင့် ဈာနသမ္ပယုတ် သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်၍ သုံးသပ်နိုင်ပါမှသာလျှင် ယင်းထူးခြားမှု အမျိုးမျိုး ဖြစ်နိုင်သည် ဟူလိုသည်။) စင်စစ် အားဖြင့်သော်ကား ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပါဒကဈာန်သည် ပြဓာန်းသော ပဓာနအကြောင်းတရား ဖြစ်သည်သာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ထူးခြားမှု အမျိုးမျိုးကို ဝုဋ္ဌာနဂါမိနီဝိပဿနာကသာလျှင် မြဲစေ၏ဟု မဆိုဘဲ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် မြဲစေသည်သာလျှင်တည်းဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၄၇၃-၄၇၄။)

## ၂။ ဒုတိယတ္ထေရဝါဒ = သမ္မသိတဈာနဝါဒ

နောက်တစ်မျိုးကား — ဒုတိယတ္ထေရဝါဒဖြစ်သော **မောရဝါပီဝါသီ မဟာဒတ္တမထေရ်**၏ ဝါဒ၌ အကြင် အကြင် သမာပတ်မှထ၍ အကြင်အကြင် သမာပတ်၏ အတွင်း၌ တည်ရှိသော ဈာန်နှင့် ဈာနသမ္ပယုတ်တရားစု ဟူသော သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်၍ အရိယမဂ်သည် (= အရိယမဂ်ကို) ဖြစ်စေအပ်သည် ဖြစ်ငြားအံ့၊ ထိုထို လက္ခဏာယာဉ်တင်လျက် ဝိပဿနာ ရှုပွားသုံးသပ်အပ်သော သမာပတ် = သမ္မသိတဈာန်နှင့် တူသည်သာလျှင် ဖြစ်၏ဟု ဆိုလို၏။ အကယ်၍ ကာမာဝစရတရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်သည် ဖြစ်အံ့၊ ထိုအခိုက် အရိယမဂ်သို့ ဆိုက်အံ့၊ ယင်းအရိယမဂ်သည် ပထမဈာန်နှင့် ယှဉ်သည်သာလျှင် ဖြစ်ပေသည်။ ထိုဒုတိယတ္ထေရဝါဒ၌လည်း ဝိပဿနာနိယမကို ပထမ ထေရဝါဒ၌ ဆိုခဲ့ပြီးသည့် နည်းအတိုင်းသာ သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၀၆။ အဘိ-ဋ္ဌ-၁-၂၇၂။)

ဤ၌ ဝိပဿနာဟူသည် သင်္ခါရုပေက္ခာဉာဏ်၏ နောက်ဆုံးပိုင်းဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာပင်တည်း။ ဒုတိယဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ သင်္ခါရတစ်ခုခုကို အနိစ္စ စသည်ဖြင့် သုံးသပ်ရှုပွားမှု ပြုသော ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာသည် ဒုတိယဈာန်ဖြင့် လွန်မြောက်အပ်သော ဝိတက်အပေါ်၌ မဝင်စား လိုသောအားဖြင့် စက်ဆုပ်သော **ဝိတက္ကဝိရာဂဘာဝနာ** ဖြစ်၏။ ထို့ကြောင့် ထိုဘာဝနာမှ တက်၍ ရအပ်သော အရိယမဂ်၌လည်း ဝိတက် မပါသော ဒုတိယဈာန်နှင့် ယှဉ်သော အရိယမဂ်သာ ဖြစ်ရ၏။ တတိယဈာန်စသည့် ထိုထိုဈာန်တို့၌လည်း နည်းမှီ၍ သိရှိပါလေ။ ဤနည်းအားဖြင့် ပါဒကဈာနဝါဒဟူသော ပထမထေရဝါဒ၌လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာက သောမနဿဝေဒနာ ဥပေက္ခာဝေဒနာ, ဗောဇ္ဈင် မဂ္ဂင် ဈာနင် ကွဲပြားအောင် သတ်မှတ်လျက် ရှိ၏၊ ယင်းကွဲပြားမှု ထူးခြားမှုကို မြဲစေ၏၊ ဤနည်းကို မှီ၍ နောက်ဝါဒတို့၌လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာက မြဲအောင် ပြုနိုင်ပုံကို ယှဉ်စပ်ပါလေ။ (မူလဋီ-၁-၁၁၅ - ကြည့်ပါ။)

## ၃။ တတိယတ္ထေရဝါဒ = ပုဂ္ဂလဇ္ဈာသယ ဈာနဝါဒ

**တိပိဋကစူဠာဘယမထေရ်**၏ ဝါဒဖြစ်သော တတိယတ္ထေရဝါဒ၌ —

“အဟော ဝတာဟံ သတ္တင်္ဂိကံ မဂ္ဂံ ပါပုဏေယျံ၊ အဋ္ဌင်္ဂိကံ မဂ္ဂံ ပါပုဏေယျံ”

“ငါသည် (သမ္မာသင်္ကပ္ပမဂ္ဂင် မပါသော) အင်္ဂါ (၇)ပါး ရှိသော ဒုတိယဈာန်နှင့်ယှဉ်သော ဒုတိယဈာနိကမဂ်စသည်သို့ ရောက်ရပါမူကား ဩော် ကောင်းလေစွ။ အင်္ဂါ (၈)ပါးရှိသော ပထမဈာန်နှင့် ယှဉ်သော ပထမဈာနိကမဂ်သို့ ရောက်ရပါမူကား ဩော် ကောင်းလေစွ။” —

ဤသို့ မိမိ၏ အလိုအဇ္ဈာသယဓာတ်အားလျော်စွာ အကြင်အကြင် ဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍သော်လည်းကောင်း, အကြင်အကြင် ဈာန်တရားတို့ကို သုံးသပ်၍သော်လည်းကောင်း ဖြစ်စေအပ်သော အရိယမဂ်သည် ထိုထိုဈာန်နှင့် တူသည်သာလျှင် ဖြစ်ပေသည်။ ပါဒကဈာန်ကိုသော်လည်းကောင်း, ဝိပဿနာ ရှုပွားသုံးသပ်သော သမ္မသိတဈာန်ကိုသော်လည်းကောင်း ကြဉ်ဖယ်၍ အလိုအဇ္ဈာသယဓာတ် သက်သက်မျှကြောင့်ကား ထိုထိုဈာန်နှင့်တူစွာ အရိယမဂ်၏ ဖြစ်ခြင်းသည် မပြီးစီးနိုင်။ (အဇ္ဈာသယဓာတ်ကြောင့် ပြီးစီးရာ၌ ပါဒကဈာန်ရှိလျှင် ထိုပါဒကဈာန်သည်, သမ္မသိတဈာန်ရှိလျှင် ထိုသမ္မသိတဈာန်သည် အဇ္ဈာသယဓာတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုလျက်ရှိ၏၊ ထိုကြောင့် ပါဒကဈာန် သမ္မသိတဈာန် တစ်မျိုးမျိုးက ပကတူပနိဿယသတ္တိ = ပင်ကိုယ်ပကတိအားဖြင့် အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှ အဇ္ဈာသယဓာတ်အတိုင်း ပြီးစီးရသည်ဟု ဆိုလိုသည်။)

ပါကဒဈာန် သို့မဟုတ် သမ္မသိတဈာန်ကို ကြဉ်၍ ထိုဈာန်မပါဘဲ အလိုအဇ္ဈာသယဓာတ် သက်သက်မျှကြောင့်ကား ထိုထိုဈာန်နှင့် တူစွာ အရိယမဂ်၏ ဖြစ်ခြင်းသည် မပြီးစီးနိုင်ဟူသော ဤအနက်သဘောကို **နန္ဒကောဝါဒသုတ္တန်** ဖြင့် ထင်ရှားပြထိုက်ပေ၏၊ သာဓကကား ဤသို့ ဖြစ်၏။ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် သဠာယတနဝဂ် **နန္ဒကောဝါဒသုတ္တန်** ၌ —

“ရဟန်းတို့ . . . ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်ကား (၁၅)ရက်မြောက် ဖြစ်သော ထိုလပြည့်ဥပုသ်နေ့၌ လသည် ယုတ်လျော့လေသလော = မပြည့်လေသလော ပြည့်လေသလောဟု လူများ အပေါင်း၏ သန္တာန်ဝယ် အနည်းငယ် ယုံမှားခြင်းသည်လည်းကောင်း, အထူးထူး အထွေထွေ တွေးတော ကြံစည်ခြင်းသည်လည်းကောင်း မဖြစ်ဘဲ စင်စစ်အားဖြင့် လသည် ပြည့်၏ဟူ၍သာ စိတ်အကြံအစည် ဖြစ်ရာ သကဲ့သို့ ရဟန်းတို့ . . . ဤဥပမာအတူပင်လျှင် ထိုဘိက္ခုနီမတို့သည် နန္ဒက၏ တရားဒေသနာတော်ကြောင့် နှစ်လိုဝမ်းမြောက်သော စိတ် ရှိကြကုန်သည်လည်းကောင်း, ပြည့်စုံသော အကြံအစည် ရှိကြကုန်သည်လည်းကောင်း ဖြစ်ကြကုန်၏။ ရဟန်းတို့ . . . ထို (၅၀၀)သော ဘိက္ခုနီမတို့တွင် အကြင်ဘိက္ခုနီမသည် နောက်ဆုံး၌ ဖြစ်၏၊ ထိုဘိက္ခုနီမသည် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရခြင်းသဘော မရှိတော့သော သမ္ဗောဓိနိယမ အမည်ရသော အရိယမဂ်ဉာဏ်အားဖြင့် ကိန်းသေမြဲသော အထက်မဂ်ဉာဏ် (၃)ပါးဟူသော လည်းလျောင်းရာ ရှိသော သောတာပန်တည်း” (မ-၃-၃၂၄။) —

ဤစကားတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ ထင်ရှားစေအံ့ — ထို (၅၀၀)ကုန်သော ဘိက္ခုနီမတို့တွင် အကြင်ဘိက္ခုနီမ၏ ရုပ်နမ်သန္တာန်အစဉ်၌ သောတာပတ္တိဖိုလ်ကို ရခြင်း၏ အားကြီးသော မှီရာ အကြောင်းတရား ကောင်းမှု ဥပနိဿယသည် ထင်ရှား ရှိနေ၏၊ ထိုဘိက္ခုနီမသည် သောတာပတ္တိဖိုလ်ဖြင့်သာ ပြည့်စုံသော စိတ်အကြံအစည် ရှိသည် ဖြစ်ရလေပြီ။ ပ။ အကြင်ဘိက္ခုနီမ၏ ရုပ်နာမ်သန္တာန်အစဉ်၌ အရဟတ္တ-

ဖိုလ်၏ အားကြီးသော မှီရာ အကြောင်းတရား ကောင်းမှု ဥပနိဿယသည် ထင်ရှား ရှိနေ၏၊ ထိုဘိက္ခုနီမသည် အရဟတ္တဖိုလ်ဖြင့်သာ ပြည့်စုံသော စိတ်အကြံအစည် ရှိသည် ဖြစ်ရလေပြီ။ (အကြံအစည် သက်ပွနှင့် လိုလား တောင့်တမှု အဇ္ဈာသယဓာတ် ရှိရုံမျှသက်သက်ဖြင့် မဂ်ဖိုလ်ကို မရ၊ ဥပနိဿယ အကြောင်းကောင်းလည်း ရှိပါမှ မဂ်ဖိုလ်ကို ရနိုင်သည် ဟူလိုသည်။)

ဤဥပမာအတူပင်လျှင် ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈာသယဓာတ်နှင့် လျော်စွာ အကြင်အကြင် ဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍သော်လည်းကောင်း, အကြင်အကြင် ဈာနဓမ္မ = ဈာန်နှင့် ဈာနသမ္ပယုတ် တရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၍သော်လည်းကောင်း ဖြစ်စေအပ်သော အရိယ မဂ်သည် ထိုထို ဈာန်နှင့် တူသည်သာလျှင် ဖြစ်ပေသည်။ သို့သော် ဝိပဿနာ၏ အခြေပါဒကဖြစ်သော ပါဒက-ဈာန်ကိုသော်လည်းကောင်း, ဝုဋ္ဌာနဂါမိနီဝိပဿနာပိုင်း၌ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်-အပ်သော သမ္မသိတဈာန်ကိုသော်လည်းကောင်း ကြဉ်ဖယ်ထား၍ = ထိုပါဒကဈာန် သမ္မသိတဈာန်ကို မရဘဲ မပါဘဲ သောတာပန်ဖြစ်လိုခြင်း သကဒါဂါမ်ဖြစ်လိုခြင်း အနာဂါမ်ဖြစ်လိုခြင်း ရဟန္တာဖြစ်လိုခြင်းဟူသော အလို အဇ္ဈာသယဓာတ် ရှိရုံသက်သက်မျှဖြင့်ကား ထိုသို့ ထိုထိုဈာန်နှင့် တူစွာ အရိယမဂ်၏ ဖြစ်ခြင်းသည် မပြီးစီး မပြည့်စုံနိုင်ဟု မှတ်ပါ။ ဤပုဂ္ဂလဇ္ဈာသယဝါဒ၌လည်း ဝိပဿနာနိယမကို ဆိုခဲ့ပြီးသည့် နည်းအတိုင်းသာ သိရှိပါလေ။ (အဘိ-ဋ္ဌ-၁-၂၇၃။)

ထို**နန္ဒကောဝါဒသုတ္တန်**၌ ဘိက္ခုနီမတို့မှာ သောတာပန်ဖြစ်သူတို့သည်လည်း ထိုသောတာပန်ဖြစ်ရခြင်း အားဖြင့် အတ္တမန = နှစ်လိုဝမ်းမြောက်ကြရ၏။ ပရိပုဏ္ဏသင်္ကပ္ပ = အရှင်နန္ဒက၏ တရားတော်ကို နာယူရ၍ သောတာပန်ဖြစ်ရန် ကြံစည်ထားသည့် အကြံအစည်များသည်လည်း ကြံစည်သည့် အတိုင်း ပြည့်စုံကြရ၏။ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သူတို့သည်လည်း သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ရခြင်းအားဖြင့် နည်းတူပင် အတ္တမန = နှစ်လိုဝမ်းမြောက်ကြရ၏။ ပရိပုဏ္ဏသင်္ကပ္ပ = အရှင်နန္ဒက၏ တရားတော်ကို နာယူရ၍ သကဒါဂါမ် ဖြစ်ရန် အနာဂါမ်ဖြစ်ရန် ရဟန္တာဖြစ်ရန် ကြံစည်ထားသည့် အကြံအစည်များသည်လည်း ကြံစည်သည့်အတိုင်း ပြည့်စုံကြရ၏။ ထိုသို့ မိမိတို့ အသီးအသီး ရရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားထူးဖြင့် အတ္တမန ပရိပုဏ္ဏ-သင်္ကပ္ပ = နှစ်လိုဝမ်းမြောက်ရခြင်း ကြံစည်သည့်အတိုင်း ပြည့်စုံကြရခြင်းမှာ ရှေးရှေးဘဝ၌ ဆည်းပူး ဖြည့်ကျင့်-ခဲ့သော သောတာပန်ဖြစ်ကြောင်း သကဒါဂါမ်ဖြစ်ကြောင်း အနာဂါမ်ဖြစ်ကြောင်း ရဟန္တာဖြစ်ကြောင်း ကောင်းမှုက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးနေသောကြောင့်တည်း။ ထို့အတူ ဤလောကုတ္တရာ မဂ်ဉာဏ်အရာ၌-လည်း ပါဒကဈာန် သို့မဟုတ် သမ္မသိတဈာန်က ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့် ပါဒကဈာန် သို့မဟုတ် သမ္မသိတဈာန်နှင့် အလားတူသော ဈာန်အင်္ဂါရှိသော အရိယမဂ်ကို လိုလားသော အဇ္ဈာသယဓာတ် ဖြစ်ရသည်။ ထိုအဇ္ဈာသယဓာတ်မျိုးနှင့် လျော်သော အရိယမဂ်ဖြစ်မှုကို ရည်ညွှန်းမိန့်ဆိုခြင်းသာ ဖြစ်သည် ဟူလိုသည်။ (မူလဋီ-၁-၁၁၆။ မဟာဋီ-၂-၄၇၅။)

## တိပိဋက စူဠနာဂ မထေရ်၏ ဝါဒ၌ စိစစ်ချက်

**အမေး** — ထိုမထေရ်သုံးပါးတို့တွင် "ပါဒကဈာန်သည်သာလျှင် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ထူးခြားမှုကို မှတ်သား၏ = မြဲစေ၏။" ဤသို့ ပြောဆိုလေ့ရှိသော **တိပိဋက စူဠနာဂထေ**ရ်ကို အန္တေဝါသိက = အနီးနေ = အတွင်းနေ တပည့်တို့သည် ဤသို့ လျှောက်ထားမေးမြန်းကြကုန်၏။ —

"အရှင်ဘုရား . . . ရှေးဦးစွာ ပါဒကဈာန်ရှိရာဘဝ၌ ထိုပါဒကဈာန်က အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ထူးခြားမှုကို မှတ်သားပါစေတော့ = မြဲပါစေတော့။ သို့သော် ပါဒကဈာန် မရှိသည့် အရူပဘဝ၌

အဘယ်တရားသည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ထူးခြားကွဲပြားမှုကို မှတ်သားပါသနည်း = မြဲစေပါသနည်း”ဟု မေးမြန်းလျှောက်ထားကြကုန်၏။

စတုက္ကနည်းအရ စတုတ္ထဈာန်မှ တစ်ပါးသော အခြားသော ပါဒကဈာန်များ၏ မရှိနိုင်ခြင်းကို ရည်ရွယ်၍ မေးခြင်းဖြစ်သည်ဟု မှတ်ပါ။ အရူပဘုံ၌ အရူပဈာန်တို့သည် စတုက္ကနည်းအရ စတုတ္ထဈာန်တို့ချည်းတည်း။ ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးစီ ရှိသောကြောင့် ဖြစ်၏။ ယင်းစတုတ္ထဈာန်နှင့် ယှဉ်သော အရိယမဂ်အား အရူပဘုံ၌ ဆိုင်ရာ အရူပဈာန်သည်သာလျှင် ဝိပဿနာ၏ အခြေပါဒက ဖြစ်နိုင်သည်။ စတုက္ကနည်းအရ စတုတ္ထ-ဈာန်တွင် အကျုံးဝင်သော ဆိုင်ရာ အရူပဈာန်သာ ဝိပဿနာ၏ အခြေပါဒက ဖြစ်နိုင်မှုမှာ ရိုးရာ ဖြစ်သဖြင့် ထို အရူပဘုံ၌ ရရှိမည့် အရိယမဂ်၌ ဗောဇ္ဈင် (၆)ပါး, မဂ္ဂင် (၇)ပါး, ဈာနင် = ဥပေက္ခာ + ဧကဂ္ဂတာ နှစ်ပါးသာ မြဲသည်။ ပါဒကဈာန်ကို လိုက်၍ ထူးခြားမှု မဖြစ်နိုင်။ (အရူပဈာန်လေးပါးလုံး၌ ဈာန်အင်္ဂါ တူနေသောကြောင့် ဖြစ်၏။) ထို့ကြောင့် အရူပဘုံ၌ ရရှိမည့် အရိယမဂ်၌ ပါဒကဈာန်သို့ လိုက်၍ ဗောဇ္ဈင် မဂ္ဂင် ဈာနင် ထူးခြား ကွဲပြားမှု မရှိနိုင် တစ်မျိုးသာ ရှိနိုင်သည်ဟု တပည့်တို့က ရည်ညွှန်း၍ မေးနေခြင်း ဖြစ်သည်။ ဤမေးခွန်း၏ အဖြေကို နားလည်ရန် ကြိုတင်သိထားရမည့် အချက်မှာ အရူပဘုံ၌ တည်ရှိသော တိဟိတ် ပုထုဇန်ပုဂ္ဂိုလ်သည် အရူပဘုံမှာပင် သောတာပတ္တိမဂ်ကို မရနိုင်၊ ပရတောဃောသဟူသော ဘုရားအစရှိသော သူတော်ကောင်းများ ထံမှ တရားနာယူရမှု အကြောင်း ချို့တဲ့သောကြောင့် ဖြစ်၏။ ကာမဘုံ ရူပဘုံတည်းဟူသော ခန္ဓာငါးပါးရှိသည့် ပဉ္စဝေါကာရဘုံ၌ တည်ခိုက် သောတာပတ္တိမဂ်ကို ရ၍ ထိုပဉ္စဝေါကာရဘုံမှ တစ်ဆင့် အရူပဘုံသို့ ရောက်ရှိခဲ့သော် ထိုအရူပဘုံ၌ ဆက်လက်၍ ဝိပဿနာတရားများကို ပွားများအားထုတ်ပါက အထက်မဂ်ဖိုလ်ကိုကား ရရှိနိုင်-ပေသည်။ ဤရှင်းလင်းချက်ကို ကြိုတင်၍ မှတ်သားထားပါက အောက်ပါအဖြေကို လွယ်ကူစွာ သဘောပေါက် နိုင်ပါသည်။

**အဖြေ** — ငါ့ရှင်တို့ . . . ထိုအရူပဘဝ၌လည်း ပါဒကဈာန်သည်သာလျှင် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ထူးခြားမှု ကွဲပြားမှုကို မှတ်သား၏ = မြဲစေ၏။ မှန်ပေသည် - ယောဂါဝစရ ရဟန်း-တော် တစ်ပါးသည် သမာပတ် (၈)ပါးကို ရခြင်းရှိသည် ဖြစ်၍ ပထမဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ သောတာပတ္တိမဂ်ဖိုလ်တို့ကို ဖြစ်စေပြီးနောက် မယုတ်လျော့သော ဈာန် = မလျှောကျသော ဈာန်ရှိသည် ဖြစ်၍ ပျံလွန်တော်မူလတ်သော် အရူပဘဝ၌ ကပ်ရောက်ဖြစ်သည် ဖြစ်အံ့၊ ထိုအရူပဘုံ၌ ပထမဈာန်နှင့် ယှဉ်သော = (ဈာန်အင်္ဂါ ငါးပါးရှိသော) သောတာပတ္တိဖလသမာပတ်ကို တစ်ဖန်ဝင်စား၍ ထိုသောတာပတ္တိဖလသမာပတ်မှ ထလျက် ဝိပဿနာကို ဖြစ်စေ၍ အထက်မဂ် အထက်ဖိုလ် သုံးပါးတို့ကို ဖြစ်စေအံ့၊ ထိုရဟန်း၏ ထိုအထက်မဂ် အထက်ဖိုလ်တို့သည် ပထမဈာန်၌ = ပထမဈာန်နှင့် ယှဉ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ (ဈာန်အင်္ဂါ ငါးပါးရှိ၏ ဟု ဆိုလိုသည်။) ဒုတိယဈာန်၌ ယှဉ်သော မဂ်ဖိုလ်စသည်တို့၌လည်း ဤနည်းပင်တည်း။ (ပဉ္စဝေါကာရဘုံဝယ် ဒုတိယဈာန်ကို ဝိပဿနာ၏ အခြေပါဒက ပြု၍ သောတာပတ္တိမဂ်ဖိုလ်ကို ရရှိပြီးလျှင် အရူပဘုံသို့ ရောက်မှ ဝိပဿနာကို ပွားများအားထုတ်သဖြင့် အထက်မဂ်ဖိုလ်တို့ကို ရရှိရာ၌ ဒုတိယဈာန်သည်ပင်လျှင် ပါဒကဈာန် ဖြစ်၍ ယင်း အထက်မဂ်ဖိုလ်တို့မှာလည်း ဒုတိယဈာန်နှင့်သာ ယှဉ်ကုန်၏၊ ဈာန်အင်္ဂါ သုံးပါး ရှိကုန်၏။ ဤသို့ စသည်ဖြင့် သိရှိပါလေ။)

အရူပဘုံ၌ ပဉ္စကနည်းအရ ပဉ္စမဈာန် စတုက္ကနည်းအရ စတုတ္ထဈာန်သာ ရှိသည် မဟုတ်ပါလော၊ အဘယ်-နည်းဖြင့် ဒုတိယဈာန် စသည်သည် ရှိနိုင်ပါသနည်းဟု မေးမြန်းဖွယ် ရှိ၍ မထေရ်မြတ်က ဤသို့ ဆက်လက် ဖြေဆို၏။

အရူပဘုံ၌ စတုက္ကနည်းအရ ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟူသော တိကဈာန်, ပဉ္စကနည်းအရ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟူသော စတုက္ကဈာန်သည် ဖြစ်နိုင်၏။ ထို တိကဈာန် စတုက္က

ဈာန်သည်လည်း လောကုတ္တရာဈာန်သာတည်း၊ [အရိယမဂ်နှင့် ယှဉ်သော အရိယမဂ်အခိုက် ဖြစ်သော ဈာန် ဟူလိုသည်။ အရိယမဂ်ဖြစ်ခိုက် ယင်းအရိယမဂ်နှင့် ယှဉ်သော ဈာန်အင်္ဂါ (၅)ပါး, (၄)ပါး, (၃)ပါး, (၂)ပါးတို့ကို ရည်ညွှန်းထားပေသည်။] လောကီဈာန် မဟုတ်။ ဤသို့ပင်လျှင် ငါ့ရှင်တို့ . . . ထိုအရူပဘုံ၌လည်း ပါဒကဈာန်-သည်သာလျှင် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ထူးခြား ကွဲပြားမှုကို မှတ်သား၏ = မြဲစေ၏ ဟု မိန့်တော်မူပြီ။

"အရှင်ဘုရား . . . ပြဿနာကို ကောင်းစွာ ဖြေဆိုအပ်ပါပြီ"ဟု တပည့်တို့က လျှောက်ထားကြကုန်ပြီ။ (အဘိ-ဋ္ဌ-၁-၂၇၃-၂၇၄။)

## မောရဝါပီဝါသီ မဟာဒတ္တမထေရ်၏ ဝါဒ၌ စိစစ်ချက်

"ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကုန်သော ခန္ဓာတို့သည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ကွဲပြားမှု အထူးကို မှတ်သားကုန်၏ = မြဲစေကုန်၏။ မှန်ပေသည် – အကြင်ခန္ဓာကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၍ ဝုဋ္ဌာနအမည်ရသော အရိယမဂ်သည် = ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဖြစ်-ပေါ်လာ၏။ ယင်းအရိယမဂ်သည် ထိုထို ဝိပဿနာရှုပွားသုံးသပ်အပ်သော ခန္ဓာနှင့်တူသည်သာလျှင် ဖြစ်၏။"

ဤသို့ ပြောဆိုတော်မူလေ့ရှိသော **မောရဝါပီဝါသီ မဟာဒတ္တမထေရ်**ကိုလည်း (= မောရဝါပီအရပ်၌ သီတင်းသုံးတော်မူလေ့ရှိသော မဟာဒတ္တမထေရ်ကိုလည်း) အန္တေဝါသိက = အတွင်းနေ = အတူနေ တပည့်တို့-သည် ဤသို့ လျှောက်ထားကြကုန်၏။ —

"အရှင်ဘုရား . . . အရှင်ဘုရားတို့၏ ထိုထိုဝိပဿနာဉာဏ်ဖြင့် ရှုပွားသုံးသပ်အပ်သော ဝိပဿနာဉာဏ်၏ အရှုခံအာရုံနှင့် တူသော ဗောဇ္ဈင် မဂ္ဂင် ဈာနင်ရှိသော အရိယမဂ်သည် ဖြစ်ပေါ်လာ၏ဟူသော သမ္မသိတဝါဒ၌ အပြစ်ဒေါသ ထင်ရှားနေပါ၏၊ မှန်ပေသည် – ရုပ်တရားကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၍ သင်္ခါရနှင့် ပဝတ္တမှ ထသောကြောင့် ဝုဋ္ဌာနအမည်ရသော အရိယမဂ်သို့ ဆိုက်သော ယောဂါဝစရ ရဟန်း၏ ရုပ်တရားနှင့်တူသော အဗျာကတဖြစ်သော အရိယမဂ်တရားသည် ဖြစ်စရာ ရှိပါ၏။ နေဝသညာနာသညာ-ယတနဈာန်ကို ကလာပသမ္မသန နည်းအားဖြင့် ဉာဏ်ဖြင့် ပိုင်းခြားယူ၍ သိမ်းဆည်း၍ ဝိပဿနာကို ဖြစ်စေ၍ သင်္ခါရနှင့် ပဝတ္တမှ ထသောကြောင့် ဝုဋ္ဌာနအမည်ရသော အရိယမဂ်သို့ ဆိုက်ရောက်သော ယောဂါဝစရ ရဟန်း၏ ထိုနေဝသညာနာသညာယတနဈာန်နှင့် တူသည်သာလျှင်ဖြစ်သော နေဝသညာနာသညာ၏ အဖြစ်သို့ ရောက်-သော အရိယမဂ်သည် ဖြစ်သင့်ရာပါ၏" - ဟု လျှောက်ထားကြကုန်၏။

"ငါ့ရှင်တို့ . . . ဤသို့ မဖြစ်ပါ။ အကြောင်းကား ဤသို့ ဖြစ်၏။ လောကုတ္တရာ အရိယမဂ်သည် အပ္ပနာသို့ မရောက်သော အရိယမဂ်မည်သည် မရှိနိုင်၊ ထိုကြောင့် ရုပ်တရားကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွား သုံးသပ်၍ ဝုဋ္ဌာနအမည်ရသော အရိယမဂ်သို့ ဆိုက်ရောက်သော ရဟန်း၏ အရိယမဂ်သည် မဂ္ဂင် (၈)ပါးတည်း ဟူသော အင်္ဂါ (၈)ပါးရှိသော သောမနဿဝေဒနာနှင့် အတူတကွ ဖြစ်သော အဋ္ဌင်္ဂိက သောမနဿသဟဂတမဂ် ဖြစ်သည်။ တစ်ဖန် နေဝသညာနာသညာယတနဈာန်ကို ကလာပသမ္မသန နည်းအားဖြင့် လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်မှု = ကလာပသမ္မသန အမှုပြု၍ သင်္ခါရတို့မှ ထမြောက်သော အရိယမဂ်တရားကို ရရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ အရိယမဂ်သည် သင်္ခါရာဝသေသ = ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ထိုဈာန်နှင့် အားလုံးမတူနိုင်၊ စတုတ္ထဈာန်ချင်း ဥပေက္ခာသဟဂုတ်ချင်းသာ တူနိုင်၏၊ ထိုကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင် မပါဘဲ အင်္ဂါ (၇)ပါးရှိသော သတ္တင်္ဂိက ဥပေက္ခာသဟဂုတ် အရိယမဂ်သာ ဖြစ်ရသည်" - ဟု မိန့်တော်မူ၏။ (အဘိ-ဋ္ဌ-၁-၂၇၄။)

အရိယမဂ်၏ ရုန့်ရင်းကြမ်းတမ်းသော ဝိတက်စသော ဈာန်အင်္ဂါတို့ကို လွန်မြောက်ခြင်း၏ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရားတို့ကား ဝိပဿနာညာဏ်၏ တည်ရာ အရှုခံအာရုံ ဖြစ်ကြကုန်သော ဒုတိယ ဈာန် စသည်တို့တည်း။ ရုပ်တရားကို အနိစ္စစသည်ဖြင့် သုံးသပ်သောအခါ ထိုဝိပဿနာညာဏ်၌ ရူပါဝစရဈာန်ကို အခြေမခံခဲ့ = ဝိပဿနာ၏ အခြေပါဒက မပြုခဲ့သောကြောင့်လည်းကောင်း, ရူပါဝစရဈာန်ကို ဝိပဿနာ မရှု-သောကြောင့် မသုံးသပ်သောကြောင့်လည်းကောင်း ထိုထိုဈာန်အင်္ဂါကို လွန်မြောက်ခြင်းဟူသော အားကြီးသော မှီရာ ဥပနိဿယ မရှိလျှင် ထိုထိုဈာန်အင်္ဂါပေါ်၌ စက်ဆုပ်ခြင်းဟူသော ဝိရာဂသတ္တိလည်း မရှိသဖြင့် ဈာန်အင်္ဂါ (၅)ပါးနှင့် ကင်း၍ မဖြစ်နိုင်။ ထိုကြောင့် မဂ္ဂင် (၈)ပါး စုံညီသော အဋ္ဌင်္ဂိကမဂ်သာ ဖြစ်ခွင့်ရှိရကား - **အဋ္ဌင်္ဂိကော သောမနဿသဟဂတမဂ္ဂေါ ဟောတိ** = အဋ္ဌင်္ဂိက (= မဂ္ဂင် ရှစ်ပါး စုံညီသော) သောမနဿ သဟဂတမဂ် ဖြစ်သည်ဟု မိန့်ဆိုခြင်း ဖြစ်သည်။ တစ်ဖန် နေဝသညာနာသညာယတနဈာန်ကို ဝိပဿနာ ရှုပွားသုံးသပ်၍ အရိယမဂ်သို့ ဆိုက်သော် ထိုအရိယမဂ်သည် ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်ိက ဖြစ်သော်လည်း အနုဿယဓာတ်ကို ပယ်ခွာခြင်းငှာ စွမ်းနိုင်သော ထိုယောဂါဝစရရဟန်းတော်၏ အရိယမဂ်သည် သင်္ခါရာဝသေသ = ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ထိုနေဝသညာ-နာသညာယတနဈာန်နှင့် အားလုံး မတူနိုင်၊ စတုတ္ထဈာန်ချင်း ဥပေက္ခာသဟဂုတ်မဂ်ဖြစ်ခြင်းသာ တူနိုင်၏ ဟူသော အဓိပ္ပါယ်ကိုလည်း **ဥပေက္ခာသဟဂတမဂ္ဂေါ** (အဘိ-ဌ-၁-၂၇၄။) ဟူသော စကားက ညွှန်ပြလျက် ရှိပေသည်။ (မူလဋီ-၁-၁၁၆။ )

## တိပိဋက စူဠာဘယမထေရ်၏ ဝါဒ၌ စိစစ်ချက်

“ပုဂ္ဂလဇ္ဈာသယဈာန်သည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် အရေအတွက် ထူးခြား ကွဲပြားမှုကို မှတ်-သား၏ = မြဲစေ၏”- ဟု ဤသို့ ပြောဆိုလေ့ ရှိတော်မူသော **စူဠာဘယ = စူဠအဘယမထေရ်**၏ ဝါဒကိုလည်း ဆောင်ယူ၍ **တိပိဋက စူဠနာဂမထေရ်**အား လျှောက်ထားကြကုန်၏။ ထို တိပိဋက စူဠနာဂမထေရ်က ဤသို့ မိန့်ဆို၏။ —

အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ရှေးဦးစွာ ဝိပဿနာ၏ အခြေခံပါဒကဖြစ်သော ပါဒကဈာန်သည် ရှိနေ၏၊ ထိုရဟန်း၏ သန္တာန်၌ ပုဂ္ဂလဇ္ဈာသယဈာန် = ယောဂါဝစရပုဂ္ဂိုလ်၏ အလိုအဇ္ဈာသယအတိုင်း ဝိပဿနာ ရှုပွားသုံးသပ်အပ်သော ဈာန်သည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင် ကွဲပြားမှု အထူးကို မှတ်သားပါစေတော့ = မြဲပါစေတော့။ (စူဠအဘယမထေရ်၏ ဝါဒအတိုင်း မှတ်သားပါစေတော့ ဟူလိုသည်။) ထိုပါဒကဈာန် မရှိသော ယောဂါဝစရ ရဟန်း၏ သန္တာန်၌ အဘယ်မည်သော အဇ္ဈာသယသည်= ပုဂ္ဂလဇ္ဈာသယဈာန်သည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ကွဲပြားခြားနားမှု အထူးကို မှတ်သားနိုင်လတ္တံ့နည်း = မြဲစေနိုင်လတ္တံ့နည်း၊ ရင်းနှီးဖို့ရာ ဥစ္စာမရှိသော သူ၏ စီးပွားဥစ္စာ၏ ကြီးပွားတိုးတက်မှု အတိုးအပွားကို ရှာမှီးရာ ကာလနှင့် တူသလို ဖြစ်နေ၏”ဟု မိန့်ဆိုတော်မူလေသည်။

ထိုအထက်ပါစကားကို သယ်ဆောင်၍ **တိပိဋက စူဠအဘယမထေရ်**အား တစ်ဖန် တင်ပြလျှောက်ထား-ကြကုန်၏၊ ထိုတိပိဋက စူဠအဘယမထေရ်က ဤသို့ မိန့်ဆိုတော်မူ၏။ —

“ငါ့ရှင်တို့ ပါဒကဈာန် ရှိသော ပုဂ္ဂိုလ်အတွက် ပုဂ္ဂလဇ္ဈာသယက = ပုဂ္ဂလဇ္ဈာသယဈာန်က အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ကွဲပြားခြားနားမှု အထူးကို မှတ်သား၏ = မြဲစေ၏ ဟူသော ဤစကားကို ငါ မိန့်ဆိုအပ်၏”ဟု မိန့်ဆိုလေသည်။

တစ်ဖန် — ပါဒကစျာန် ရှိသော ပုဂ္ဂိုလ်အတွက် ပုဂ္ဂလဇ္ဈာသယက = ပုဂ္ဂလဇ္ဈာသယစျာန်က အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ကွဲပြားခြားနားမှု အထူးကို ဆိုအပ်သကဲ့သို့ ထို့အတူပင်လျှင် သမ္မသိတစျာန်ရှိသော ယောဂါဝစရပုဂ္ဂိုလ်အတွက်လည်း သိရှိပါလေ။ မှန်ပေသည် - ပဉ္စမစျာန်ကို ဝိပဿနာ၏ အခြေပါဒက ပြုပြီး၍ ပဉ္စမစျာန်မှ ထ၍ ပထမစျာန် စသည်တို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော အရိယမဂ်သည် ပထမ မထေရ်၏ ဝါဒအားဖြင့် ပဉ္စမစျာန်နှင့် ယှဉ်သည် ဖြစ်ရာ၏၊ ဒုတိယမထေရ်၏ ဝါဒအားဖြင့် ပထမစျာန်စသော (ဝုဋ္ဌာနဂါမိနီဝိပဿနာ အခိုက်) ဝိပဿနာ ရှုပွားသုံးသပ်လျက်ရှိသော စျာန်နှင့် ယှဉ်သည် ဖြစ်ရာ၏။ ထိုကြောင့် ပါဒကဇ္ဈာနဝါဒ သမ္မသိတစျာနဝါဒ ဟူသော ဝါဒနှစ်ပါးတို့သည်လည်း တစ်ခုနှင့် တစ်ခု ဆန့်ကျင်ဘက် ဖြစ်နေကြကုန်၏၊ တတိယ မထေရ်၏ ဝါဒ၌ကား ဤစျာန်တို့တွင် အကြင်အကြင် စျာန်ကို အလိုရှိ၏၊ ထိုထို အလိုရှိအပ်သော စျာန်၌ ယှဉ်၏။ ထိုကြောင့် ထိုပါဒကဇ္ဈာနဝါဒ သမ္မသိတစျာနဝါဒတို့သည်လည်း တတိယ ပုဂ္ဂလဇ္ဈာသယဝါဒနှင့် မဆန့်ကျင်ကြတော့ကုန်၊ အဇ္ဈာသယသည်လည်း = ပုဂ္ဂလဇ္ဈာသယစျာန်သည်လည်း အကျိုးရှိသည်သာ ဖြစ်ပေသည်။ ဤသို့ သိမှတ်ပါလေ။
(အဘိ-ဋ္ဌ-၁-၂၇၄။)

ပါဒကစျာန်က ပဉ္စမစျာန်ဖြစ်၍ သမ္မသိတစျာန်က ပထမစျာန် ဖြစ်နေရာဝယ် ပါဒကစျာနဝါဒ အတိုင်းဆိုရမူ ပဉ္စမစျာနိကမဂ် ဖြစ်စရာရှိ၍ သမ္မသိတစျာနဝါဒအတိုင်း ဆိုလျှင် ပထမစျာနိကမဂ် ဖြစ်စရာရှိ၏၊ ဤသို့ ဝါဒနှစ်ရပ် ဆန့်ကျင်နေရာဝယ် အဇ္ဈာသယက ပဉ္စမစျာနိကမဂ် = ပဉ္စမစျာန်နှင့် ယှဉ်သော မဂ်ကို အလိုရှိနေလျှင် ပဉ္စမစျာနိက အရိယမဂ်သာ ဖြစ်၏၊ အဇ္ဈာသယက ပထမစျာနိကမဂ်ကို အလိုရှိပြန်လျှင်လည်း ပထမစျာနိက အရိယမဂ်သာ ဖြစ်စရာရှိ၏။ အကြောင်းမူ — မိမိ၏ အဇ္ဈာသယဓာတ်နှင့် လျော်သော စျာန်ကိုသာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာအခိုက်၌ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နေသောကြောင့် ဖြစ်၏။ ဤသို့ ဆန့်ကျင်ဘက် ဖြစ်နေသော ထိုနှစ်ဝါဒသည် အဇ္ဈာသယက ကူစွက်၍ ပေးလိုက်သောကြောင့် ဆန့်ကျင်ဘက် မဖြစ်တော့ပါ ဟူလိုသည်။ ဤသို့လျှင် အဇ္ဈာသယမပါဘဲ ထိုနှစ်ဝါဒချည်း သက်သက်သာရှိလျှင် ဆန့်ကျင်ဘက် ဖြစ်စရာရှိ၍ အဇ္ဈာသယဝါဒကို သွင်းပေးမှ အဇ္ဈာသယပါသည့်ဘက်က အနိုင်ရသောကြောင့် အဇ္ဈာသယလည်း = ပုဂ္ဂလဇ္ဈာသယလည်း အချည်းအနှီး အကျိုးမဲ့ မဟုတ်ဘဲ အကျိုးထူးရှိသည်သာဟု အဋ္ဌကထာ (အဘိ-ဋ္ဌ-၁-၂၇၄)က ဖွင့်ဆိုခြင်း ဖြစ်ပေသည်။ (မူလဋီ-၁-၁၁၆ - ကြည့်ပါ။)

ဤသို့လျှင် ဤဖော်ပြပါ မထေရ်မြတ်ကြီး သုံးပါးတို့သည်လည်း ကြောင်းကျိုး မြင်သိသည့် သဘာဝပညာရှိကြီးတို့သည်သာလျှင် ဖြစ်ကြကုန်၏။ ထက်မြက်ကြကုန်၏၊ ဉာဏ်ပညာနှင့် ပြည့်စုံကြကုန်သည်သာလျှင် ဖြစ်ကြကုန်၏။ ထိုကြောင့် ထိုသုံးပါးကုန်သော မထေရ်မြတ်ကြီးတို့၏ ဝါဒကို အဋ္ဌကထာ အစဉ်ကို ပြု၍ ရှေးရှေး အဋ္ဌကထာဆရာမြတ်ကြီးတို့သည် အဋ္ဌကထာ၌ ထည့်သွင်း ထားတော်မူခဲ့ကြကုန်ပြီ။ ဤအဋ္ဌသာလိနီအဋ္ဌကထာ ကျမ်း၌ကား ထိုဝါဒ အသီးအသီး၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကိုသာလျှင် ထုတ်ဆောင်၍ ဤသုံးဝါဒတို့ကို = (သုံးဝါဒ၌ ဆိုအပ်သော စျာန်တို့ကို) ဝုဋ္ဌာနဂါမိနီဝိပဿနာသည် မှတ်သား၏ = မြဲစေ၏ = သတ်မှတ်ပေး၏ဟု ဖော်ပြအပ်ပါသတည်း။ (အဘိ-ဋ္ဌ-၁-၂၇၄။)

မှန်ပေသည် — ထိုထိုဝါဒတို့သည် ဝိပဿနာနှင့် အတူတကွ ဖြစ်ကုန်ကြပါမှသာလျှင် ထိုထိုဝါဒ၌ ဆိုခဲ့သော အနက်သဘောတရားများ၏ ပြီးစီးခြင်းသည် ဖြစ်နိုင်၏။ ဝိပဿနာမပါဘဲ ပါဒကစျာန်ရှိရုံမျှဖြင့် အဇ္ဈာသယရှိရုံမျှဖြင့် အရိယမဂ်ရခြင်းကိစ္စသည် မပြီးစီးနိုင်။ ဝိပဿနာပါမှသာလျှင် ပြီးစီးနိုင်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အရိယမဂ်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်အရေအတွက် ကွဲပြားခြားနားမှု အထူးကို မှတ်သား၏ = မြဲစေ၏ဟု ပြအပ်ပါသည် ဟူလို။ (မူလဋီ-၁-၁၁၇။)

## ပဋိပဒါ (၄) မျိုး

အရိယမဂ်အခိုက်၌ ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့၏ ထူးထွေ ကွဲပြားမှု ခြားနားမှုကို တင်ပြပြီး၍ ယခုအခါ၌ ပဋိပဒါ၏ ထူးထွေကွဲပြားမှု ခြားနားမှုကို ဆက်လက်တင်ပြပေအံ့။ —

၁။ ဤသင်္ခါရုပေက္ခာဉာဏ်သည် လက်ဦးအစ၌ ကိလေသာတို့ကို ခွာသည်ရှိသော် ဆင်းရဲငြိုငြင်သဖြင့် စိတ္တပယောဂ = စိတ်၏ လှုံ့လပယောဂဟု ဆိုအပ်သော ဘာဝနာပွားများအားထုတ်ခြင်းနှင့် တကွ တိုက်တွန်းခြင်းနှင့်တကွ ခွာခြင်းငှာ အကယ်၍ တတ်နိုင်ခဲ့သည် ဖြစ်အံ့၊ **ဒုက္ခပဋိပဒါ** = ဆင်းရဲငြိုငြင်သော အကျင့်ရှိသည် မည်၏။

၂။ ထိုမှ ပြောင်းပြန်ဖြစ်သော ဆင်းရဲငြိုငြင်မှု မရှိသော, စိတ္တပယောဂ = စိတ်၏ လှုံ့လပယောဂဟု ဆိုအပ်သော အားထုတ်ခြင်း မရှိသော, တိုက်တွန်းရခြင်း မရှိသော အကျင့်ဖြင့် ကိလေသာတို့ကို ခွာခြင်းငှာ အကယ်၍ စွမ်းနိုင်ခဲ့သည် ဖြစ်အံ့၊ **သုခပဋိပဒါ** = ချမ်းသာလွယ်ကူသော အကျင့်ရှိသည် မည်၏။

၃။ ကိလေသာတို့ကို ခွာပြီး၍ အရိယမဂ်ဟု ဆိုအပ်သော တောင့်တအပ်သော အရာသို့ မကပ်ရောက်သေးဘဲ အရိယမဂ်နှင့် ကင်းကွာလျက်နေရာ ဝိပဿနာရှိသော ဝိပဿနာ ကျင့်သုံးခြင်းကို ကျင့်သုံးလတ်သော် အရိယမဂ်၏ ဖြစ်ပေါ်လာခြင်းကို နှေးနှေးလေးလေး ပြုနေသော ဤသင်္ခါရုပေက္ခာဉာဏ်သည် **ဒန္ဓာဘိညာ** = နှေးနှေးလေးလေး = နှေးသော လေးသော အသိဉာဏ်ရှိသည် မည်၏။ (သင်္ခါရုပေက္ခာဉာဏ်၌ ခပ်ကြာကြာနေမှု ထစ်နေမှုကို ဆိုလိုသည်။)

၄။ ထိုမှ ပြန်သောအားဖြင့် အရိယမဂ်၏ ဖြစ်ပေါ်လာခြင်းကို လျင်လျင်မြန်မြန် ပြုနေသော ဤသင်္ခါရုပေက္ခာဉာဏ်သည် **ခိပ္ပါဘိညာ** = လျင်မြန်သော အသိဉာဏ်ရှိသည် မည်ပေသည်။

ဤသို့လျှင် ဤသင်္ခါရုပေက္ခာဉာဏ်သည် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော အရာ၌ တည်၍ မိမိ မိမိ၏ အရိယမဂ်အား ဒုက္ခပဋိပဒါစသော အမည်ကို ပေး၏၊ ထိုအမည်ဖြင့် အရိယမဂ်သည် ဒုက္ခပဋိပဒါ စသော လေးမျိုးသော အမည်တို့ကို ရရှိ၏။ (ဝိသုဒ္ဓိ-၂-၃၀၆။)

## အဋ္ဌသာလိနီ အဋ္ဌကထာ၏ သုံးသပ်ချက်

အဘိဓမ္မအဋ္ဌကထာ (အဘိ-ဋ္ဌ-၁-၂၆၀-၂၆၁)၌ လာရှိသော ဒုက္ခပဋိပဒါ ဖြစ်ပုံ အကြောင်းအရာ စသည်ကို ဤတွင် ဆက်လက်၍ တင်ပြအပ်ပါသည်။ —

**ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ** – စသော စကားရပ်၌ အဆုံးအဖြတ်ကို ဤသို့ သိရှိပါလေ။ ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည် အစမှ စ၍သာလျှင် ကိလေသာတို့ကို ခွာလတ်သော် ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ခဲခဲယဉ်းယဉ်းဖြင့် တိုက်တွန်းခြင်း သင်္ခါရနှင့်တကွသော ကိလေသာတို့ကို ခွာဖို့ရန် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းဟူသော စိတ္တပယောဂနှင့် တကွဖြစ်သော အကြောင်းအပေါင်းဖြင့် ပင်ပန်းလျက် ကိလေသာတို့ကို ခွာရ၏၊ ထိုပုဂ္ဂိုလ်၏ အကျင့်ပဋိပဒါသည် **ဒုက္ခာပဋိပဒါ** = ဆင်းရဲငြိုငြင်သော အရိယမဂ်သို့ ရောက်ကြောင်း အကျင့် ဖြစ်၏။ တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ခွာအပ်ပြီးသော ကိလေသာရှိသည်ဖြစ်၍ ဝိပဿနာပရိဝါသ = ဝိပဿနာ ကျင့်သုံးခြင်းကို ကျင့်သုံးလတ်သော် ကြာမြင့်မှ အရိယမဂ်၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်၏ အဘိညာဏ်သည် = အသိဉာဏ်သည် **ဒန္ဓာဘိညာ** = လေးနှေးသော အဘိညာဏ် = အသိဉာဏ် ဖြစ်၏။ ဤသို့လျှင် အမှတ်မထား တစ်ပါးပါးသော ဝါရကို **ဒုက္ခပဋိပဒ ဒန္ဓာဘိည** အမည်ရှိ၏ဟူ၍ ရှေးဆရာမြတ်တို့သည် ပြုတော်မူအပ်ပေပြီ။ (အဘိ-ဋ္ဌ-၁-၂၆၀။)

**ယောကောစိ ဝါရော** = ဤအထက်ပါ အဋ္ဌကထာစကားအရ ကိလေသာတို့ကို ဘာဝနာစွမ်းအားဖြင့် တစ်ကြိမ်ခွာရသော ဝါရ, နှစ်ကြိမ်ခွာရသော ဝါရ, သုံးကြိမ်ခွာရသော ဝါရ, လေးကြိမ်ခွာရသော ဝါရ, အကြိမ်များစွာ ခွာရသော ဝါရတို့တွင် မည်သည့်ဝါရကို မဆို ဒုက္ခပဋိပဒ ဒန္ဓာဘိည မည်၏ဟု ရှေးဆရာတို့ နာမည်ပြုအပ်ရာ ရောက်နေပေသည် ဟူလို။ (မူလဋီ-၁-၁၁၁။)

## အဋ္ဌကထာဆရာတော်တို့ နှစ်သက်သည့် ဝါရ

ထိုဝါရတို့တွင် မည်သည့်ဝါရကို အဋ္ဌကထာဆရာတော်တို့သည် နှစ်သက်တော်မူကြကုန်သနည်းဟူမူ အကြင်ဝါရ၌ တစ်ကြိမ်ခွာအပ်ပြီးကုန်သော ကိလေသာတို့သည် အထက်အထက်၌ ဖြစ်ပေါ်လာပြီး၍ = ထပ်မံဖြစ်ပေါ်လာပြီး၍ နှစ်ကြိမ်မြောက်လည်း ခွာရပြန်၏၊ နှစ်ကြိမ်မြောက် ခွာအပ်ပြီးသော ကိလေသာတို့သည်လည်း တစ်ဖန် ထပ်မံ ဖြစ်ပေါ်လာကြပြန်ကုန်၏။ သို့သော် သုံးကြိမ်မြောက် ခွာအပ်ပြီးသော ကိလေသာတို့ကိုကား ခွာမြဲတိုင်း ခွာထားအပ်ပြီးသည်တို့ကိုသာ ပြု၍ အရိယမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ကုန်သည်၏ အဖြစ်သို့ ရောက်စေ၏၊ ဤဝါရကို အဋ္ဌကထာဆရာတော်တို့က နှစ်သက်တော်မူကြကုန်ပြီ၊ ဤဝါရ၏ **ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ**ဟူသော အမည်ကို ပြုတော်မူအပ်လေပြီ။ (အဘိ-ဋ္ဌ-၁-၂၆၀။)

ဤသုံးကြိမ်တိုင်အောင် ကိလေသာတို့ကို ခွာနေရသော ဝါရကို "ဒုက္ခပဋိပဒါ" ဟု ရှေးအဋ္ဌကထာဆရာမြတ်တို့က နှစ်သက်မြတ်နိုးတော်မူကြသည်။ သုံးကြိမ်ထက်ပို၍ ကိလေသာတို့ကို ခွာရသော ဝါရတို့၏ ဒုက္ခပဋိပဒါ ဖြစ်ကြောင်းမှာ ဆိုဖွယ်ရာပင် မလိုတော့ပေ။ တစ်ကြိမ်ခွာရုံဖြင့် နှစ်ကြိမ်ခွာရုံဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သော အရိယမဂ်ဖြစ်ပေါ်လာနိုင်သော ဝါရကိုကား သုခပဋိပဒါဟု ဆိုလိုသည်။ နှစ်ကြိမ်ထက် ပိုလွန်၍ ကိလေသာတို့ကို ခွာရသော ဝါရကား သုခပဋိပဒါ မဟုတ်သောကြောင့် သုံးကြိမ်တိုင်တိုင် ကိလေသာတို့ကို ခွာရသော ဝါရကို ဒုက္ခာပဋိပဒါဟု အဋ္ဌကထာဆရာတော်တို့က နှစ်သက်မြတ်နိုးတော်မူကြသည်။ ထိုသုံးကြိမ်တိုင်တိုင် ကိလေသာတို့ကို ခွာယူရသော ဝါရကို ထိုသို့ ဒုက္ခာပဋိပဒါဟု နှစ်သက်တော်မူခဲ့သော် ထိုသုံးကြိမ်ထက် ပိုလွန်၍ လေးကြိမ်တိုင်တိုင် အကြိမ်များစွာ ကိလေသာတို့ကို ခွာယူရသော ဝါရ စသည့် အခြားသော ဝါရတို့၌ ဒုက္ခာပဋိပဒါဟု ဆိုဖွယ်ရာပင် မရှိတော့ပြီဟု မှတ်ပါ။ (မူလဋီ-၁-၁၁၁-၁၁၂။)

ဆက်၍ ဆိုဦးအံ့။ ဤမျှ အတိုင်းအရှည် ရှိသော စကားဖြင့်ကား ထင်ရှားမှု မဖြစ်သေး၊ ထို့ကြောင့် ဤဒုက္ခာပဋိပဒါ ဒန္ဓာဘိညာစသော စကားရပ်၌ ဤဆိုလတ္တံ့သောနည်းဖြင့် အစမှ စ၍ ထင်ရှားစွာ ဖြစ်စေခြင်းကို သိရှိပါလေ။ —

## ၁။ ပထမ – ရူပါရူပပရိဂ္ဂဟ ဝါရ

အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် မဟာဘုတ်ဓာတ်ကြီး (၄)ပါးတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိမ်းဆည်းပြီး၍ = ဉာဏ်ဖြင့် ပိုင်းခြားယူပြီး၍ (၂၄)မျိုးသော ဥပါဒါရုပ်တို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိမ်းဆည်း၏ = ဉာဏ်ဖြင့် ပိုင်းခြားယူ၏။ နာမ်တရားတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိမ်းဆည်း၏ = ဉာဏ်ဖြင့် ပိုင်းခြားယူ၏။ ရုပ်နှင့် နာမ်ကို ပူးတွဲ၍ "ရုပ်တရား - နာမ်တရား"ဟု သိမ်းဆည်းလတ်သော် = ဉာဏ်ဖြင့် ပိုင်းခြားယူလတ်သော် ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ကသိကအောက်ဖြင့် သိမ်းဆည်းခြင်းငှာ = ဉာဏ်ဖြင့် ပိုင်းခြားယူခြင်းငှာ စွမ်းနိုင်၏။ ထိုပုဂ္ဂိုလ်၏အကျင့် ပဋိပဒါသည် ဒုက္ခာပဋိပဒါ မည်၏။ တစ်ဖန် သိမ်းဆည်းထားအပ်ပြီးသော ဉာဏ်ဖြင့် ပိုင်းခြားယူထားအပ်ပြီးသော ရုပ်နာမ်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာကို ကျင့်သုံးရာအခါ၌ အရိယမဂ်ဉာဏ်

ထင်ရှားဖြစ်ပေါ်လာခြင်း၏ လေးနှေးသည်၏ အဖြစ်ကြောင့် ဒန္ဓာဘိညာမည်၏။

(အဘိ-ဋ္ဌ-၁-၂၆၀။ မူလဋီ-၁-၁၁၂။)

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် ရုပ်တရား နာမ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူမှုကိုပင် ဤ၌ (က) ရုပ်ကို သိမ်းဆည်းမှု (ခ) နာမ်ကို သိမ်းဆည်းမှု (ဂ) ရုပ်နာမ်ကို သိမ်းဆည်းမှုဟု ဆိုလိုပေသည်။ ထိုသို့ ဉာဏ်ဖြင့် ပိုင်းခြားယူရာ၌ ခက်ခက်ခဲခဲ ဉာဏ်ဖြင့် ပိုင်းခြားယူရလျှင် ဒုက္ခပဋိပဒါ ဖြစ်၏။ ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူစဉ်က လွယ်ကူခဲ့စေကာမူ နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူရာ၌ ခဲယဉ်းနေပြန်လျှင်လည်း ဒုက္ခပဋိပဒါပင် ဖြစ်၏။ ဤသို့လျှင် ပဋိပဒါနယ် မကုန်သေးသမျှ တစ်နေရာရာ၌ ခဲယဉ်းနေလျှင် ဒုက္ခာပဋိပဒါဟု ချည်းခေါ်ဆိုရသည်ဟု မှတ်သားပါ။

## ၂။ ဒုတိယ – နာမရူပဝဝတ္ထာပန ဝါရ

နာမရူပမတ္တမေဝေတံ၊ န အညော ကောစိ သတ္တာဒိကောတိ ဝဝတ္ထာပနံ နာမရူပဝဝတ္ထာပနံ။

(မူလဋီ-၁-၁၁၂။)

နာမ်ရုပ်မျှသာ ရှိ၏၊ နာမ်ရုပ်မှတစ်ပါး ပုဂ္ဂိုလ် သတ္တဝါ ဇီဝ အတ္တ လူ နတ် ဗြဟ္မာစသည် မရှိဟု ပိုင်းခြားမှတ်သားခြင်းသည် နာမရူပဝဝတ္ထာနတည်း။ ဒိဋ္ဌိဝိသုဒ္ဓိစခန်းပင် ဖြစ်သည်။ (မူလဋီ-၁-၁၁၂။)

အကြင်ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည်လည်း (မပင်မပန်း လွယ်လွယ်ကူကူနှင့်ပင် ဖြစ်စေ , ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်းနှင့်ပင် ဖြစ်စေ) ရုပ်-နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားကာယူ၍ နာမ်ရုပ်ကို ပိုင်းခြားမှတ်သားလတ်သော် ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ကသိကအောက်ဖြင့် ပိုင်းခြားမှတ်သားယူရ၏။ (ပုဂ္ဂိုလ် သတ္တဝါ ဇီဝ အတ္တ လူ နတ် ဗြဟ္မာစသည် မရှိ၊ ရုပ်နာမ်မျှသာ ရှိ၏ဟု ပိုင်းခြားမှတ်သားခြင်းတည်း။) ရုပ်-နာမ်ကို ပိုင်းခြားမှတ်သားအပ်ပြီးပြန်သော်လည်း ဝိပဿနာကျင့်သုံးခြင်းကို ကျင့်သုံး-လတ်သော် ကြာမြင့်မှ မဂ်ဉာဏ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်၏၊ ထိုပုဂ္ဂိုလ်၏ ပဋိပဒါနှင့် အဘိညာဏ်သည်လည်း ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာပင် မည်ပေသည်။ (အဘိ-ဋ္ဌ-၁-၂၆၀။)

ရုပ်နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူသော ရူပါရူပပရိဂ္ဂဟဉာဏ်၏ ခက်ခဲစွာ ဖြစ်ရ၍ ဒုက္ခပဋိပဒါ ဖြစ်ပြီးနောက် ရုပ်-နာမ်ကို ပိုင်းခြားမှတ်သားခြင်း နာမရူပဝဝတ္ထာနစသော ဉာဏ်တို့သည် ဆန့်ကျင်ဘက် ကိလေသာတို့က နည်းပါးလျှင် လွယ်ကူစွာ ပြီးစီးကာ သုခပဋိပဒါ ဖြစ်နိုင်၏။ ထိုသို့ သုခပဋိပဒါ ဖြစ်သော်လည်း ထိုသို့ လွယ်ကူစွာ ပြီးစီးသောပုဂ္ဂိုလ်မှာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသော ဣန္ဒြေတို့က နှံ့နေ ညံ့နေလျှင် အရိယမဂ်၏ ထင်ရှားဖြစ်ပေါ်လာဖို့ရန်လည်း နှံ့နှေးနေမည်သာ ဖြစ်၏။ ဤသို့လျှင် နာမရူပဝဝတ္ထာနဉာဏ် = နာမ်ရုပ်ကို ပိုင်းခြားမှတ်သားသောဉာဏ် = ရုပ်နာမ်ကို ပိုင်းခြားမှတ်သားသောဉာဏ် စသော ဉာဏ်တို့၏ ခဲယဉ်းစွာ ပြီးစီးရ-ခြင်းသည် အရိယမဂ်တရား ဖြစ်ပေါ်လာရာ၌ နှံ့နှေးမှု ဖြစ်ဖို့ရန် ဧကန်အကြောင်း မဟုတ်ပေ။ ဝိပဿနာဉာဏ်နှင့် အတူတကွ ယှဉ်တွဲလျက်ရှိသော သဒ္ဓါစသော ဣန္ဒြေတို့၏ နှံ့ခြင်း ညံ့ခြင်းကသာ အရိယမဂ်တရား ဖြစ်ပေါ်-လာရာ၌ နှံ့နှံ့နှေးနှေး ထင်ရှားဖြစ်ပေါ်လာဖို့ရန် ဧကန်အကြောင်း ဖြစ်သောကြောင့် နာမရူပဝဝတ္ထာပနစသော ဉာဏ်တို့၏ ခဲယဉ်းစွာ ပြီးစီးပုံကို ပထမ ရူပါရူပပရိဂ္ဂဟဝါရ၌ မထည့်ဘဲ ရုပ်နာမ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း ရူပါရူပပရိဂ္ဂဟဉာဏ်၏ ခဲယဉ်းစွာ ဖြစ်ခြင်းကြောင့်သာ ဒုက္ခပဋိပဒါ ဖြစ်ထိုက်ပုံကို ဆိုထိုက်သဖြင့် အဋ္ဌကထာက မိန့်ဆိုထားသည် ဟူ၏။

၁။ ရူပါရူပပရိဂ္ဂဟ ဝါရနှင့် အလားတူပင်,

၂။ နာမရူပဝဝတ္ထာပန = နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်း,

၃။ ပစ္စယပရိဂ္ဂဟ = အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း,
၄။ လက္ခဏပဋိဝေဓ = လက္ခဏာရေးသုံးတန်ကို ထိုးထွင်းသိခြင်း,
၅။ နိကန္တိပရိယာဒါန = ဩဘာသစသည်၌ သာယာသော နိကန္တိကို ကုန်ခန်းစေခြင်း —

ဤဝါရတို့၌လည်း ဒုက္ခာပဋိပဒါ ဖြစ်ပုံကို ထိုက်သလို မှတ်ပါ။ ပထမဝါရဖြစ်သော ရူပါရူပပရိဂ္ဂဟ ဝါရနှင့် ပေါင်းသော် ဒုက္ခာပဋိပဒါနယ်၌ အားလုံး (၅)ဝါရ လာရှိ၏။ ထို (၅)ဝါရတို့တွင် မည်သည့်နေရာမှာ မဆို ခက်ခဲနေပါက ဒုက္ခာပဋိပဒါ မည်သည်ချည်းသာဟု မှတ်ပါ။ (မူလဋီ-၁-၁၁၂ - ကြည့်ပါ။)

## ၃။ တတိယ – ပစ္စယပရိဂ္ဂဟ ဝါရ

အခြားတစ်ယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည် နာမ်ရုပ်ကို ပိုင်းခြားမှတ်သားပြီး၍လည်း နာမ်ရုပ်၏ အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူလတ်သော် သိမ်းဆည်းလတ်သော် ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ကသိကအောက်ဖြင့် ဉာဏ်ဖြင့် ပိုင်းခြား၍ ယူရ၏ သိမ်းဆည်းရ၏။ (ဤအပိုင်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းကို ပြ၏၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ စခန်းတည်း။) နာမ်ရုပ်၏ အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားကာ ယူပြီး၍လည်း ဝိပဿနာ ကျင့်သုံးခြင်းကို ကျင့်သုံးလတ်သော် ကြာမြင့်မှ အရိယမဂ်ဉာဏ်ကို ဖြစ်စေနိုင်၏၊ ဤသို့ ဖြစ်ပြန်ကလည်း ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာပင် မည်ပေသည်။ (အဘိ-ဋ္ဌ-၁-၂၆၀။)

## ၄။ စတုတ္ထ – လက္ခဏပဋိဝေဓ ဝါရ

အခြားတစ်ယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည် နာမ်ရုပ်၏ အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားကာ ယူပြီး၍လည်း အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ထိုးထွင်း၍ သိလတ်သော် ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ကသိကအောက်ဖြင့် ထိုးထွင်း၍ သိရ၏၊ သိအောင် ကျင့်ရ၏။ (ဤအပိုင်းဖြင့် လက္ခဏာသမ္မသနဟု ခေါ်သော သမ္မသနဉာဏ်ကို ပြ၏။) လက္ခဏာရေးသုံးတန်ကို ထိုးထွင်း၍ သိပြီးပြန်ပါကလည်း ဝိပဿနာကျင့်သုံးခြင်းကို ကျင့်သုံးလတ်သော် ကြာမြင့်မှ အရိယမဂ်ဉာဏ်ကို ဖြစ်စေနိုင်၏။ ဤသို့ ဖြစ်ကလည်း ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာပင် မည်ပေသည်။ (အဘိ-ဋ္ဌ-၁-၂၆၁။)

## ၅။ ပဉ္စမ – နိကန္တိပရိယာဒါနဝါရ

အခြားတစ်ယောက်သော ယောဂါဝစရပုဂ္ဂိုလ်သည် လက္ခဏာရေးသုံးတန်တို့ကို ထိုးထွင်းကာ သိပြီး၍လည်း ဝိပဿနာဉာဏ်သည် —

(က) တိက္ခ = ထက်မြက်စူးရှသည်ဖြစ်၍,
(ခ) သူရ = ရဲရင့်သည်ဖြစ်၍,
(ဂ) ပသန္န = ကြည်လင်သည်ဖြစ်၍ —

ဝိပဿနာဝန်ကို ရွက်ဆောင်လတ်သည်ရှိသော် မိမိ၏ သန္တာန်တွင် ဖြစ်ပေါ်လာသော ဩဘာသ စသည်၌ နှစ်သက်နေသော ဝိပဿနာနိကန္တိကို ထက်ဝန်းကျင် သိမ်းကျုံးယူငင်လတ်သော် = လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုခြင်းဖြင့် ကုန်ခန်းစေလတ်သော် ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ကသိကအောက်ဖြင့် ထက်ဝန်းကျင် သိမ်းကျုံးယူရ၏ = ဝိပဿနာရှုလျက် ကုန်ခန်းစေရ၏။ ဆက်၍ဆိုဦးအံ့ — ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်သော ဩဘာသ စသည်တို့၌ နှစ်သက်နေသော ဝိပဿနာနိကန္တိကို ထက်ဝန်း-

ကျင် သိမ်းကျုံးယူပြီး၍ = ဝိပဿနာရှုလျက် ကုန်ခန်းစေပြီး၍ ဝိပဿနာ ကျင့်သုံးခြင်းကို ကျင့်သုံးလတ်သော် ကြာမြင့်မှ အရိယမဂ်ဉာဏ်ကို ဖြစ်ပေါ်စေနိုင်၏။ ဤသို့လည်း ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ မည်သည်သာ ဖြစ်ပေ-သည်။ ဤဝါရကို အဋ္ဌကထာဆရာတော်တို့က ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဟု နှစ်သက်တော်မူကြကုန်၏။ ဤ ဝါရကို ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာဟူသော ဤအမည်ကို ပြုတော်မူအပ်၏။ ဤသို့ အစမှ စ၍ ထင်ရှားပြခြင်းကို သိရှိပါလေ။ ဤနည်းလမ်းဥပါယ်အတိုင်း နောက်၌ လာကုန်သော ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ, သုခါပဋိပဒါ ဒန္ဓာဘိညာ, သုခါပဋိပဒါ ခိပ္ပါဘိညာဟူသော သုံးမျိုးကုန်သော ပဋိပဒါတို့ကိုလည်း သိရှိပါလေကုန်။ (အဘိ-ဋ္ဌ-၁-၂၆၁။)

## အဋ္ဌကထာဆရာတော်တို့ နှစ်သက်တော်မူသော ဝါရ

သင်္ခါရတရားတို့၏ လက္ခဏာရေးသုံးတန်ကို ထိုးထွင်း၍ သိသော ကလာပသမ္မသနဉာဏ် = လက္ခဏ-ပဋိဝေဓ ဝါရ၏ အဆုံး၌ ယင်းသင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုကို ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် သိမြင်သော ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထို ဥဒယဗ္ဗယဉာဏ်ပိုင်း၌ ဩဘာသ စသော ဝိပဿနာ၏ ညစ်ညူး-ကြောင်း ဥပက္ကိလေသတရားတို့သည် ထင်ရှား ဖြစ်ပေါ်လာကြ၏။ ထိုဥပက္ကိလေသတရားတို့ကို သုံးကြိမ်တိုင်တိုင် ဝိပဿနာဉာဏ်ဖြင့် ခွာရခြင်းအားဖြင့် ခဲယဉ်းမှုရှိသော ဝါရကို ဒုက္ခာပဋိပဒါဟူ၍ အဋ္ဌကထာဆရာတော်တို့က နှစ်သက်တော်မူကြကုန်၏။ အကြောင်းမူ — ပဋိပဒါနယ်၏ ဤဝိပဿနုပက္ကိလေသကို ပယ်ခွာရခြင်း = နိကန္တိ ပရိယာဒါန ဝါရလျှင် အဆုံးအပိုင်းအခြား ရှိသောကြောင့် ဖြစ်၏။

ဤဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသကို ပယ်ခွာရသော ဝိပဿနုပက္ကိလေသ ဝိက္ခမ္ဘန ဝါရ = နိကန္တိပရိယာဒါန ဝါရ၏ မငြိမ်မငြင် မပင်မပန်း မခဲမယဉ်းသည်၏ အဖြစ်သည် ရှိပါသော်လည်း ရှေးဖြစ်ကုန်-သော ရူပါရူပပရိဂ္ဂဟ ဝါရ စသည်တို့၏ ခဲယဉ်းကုန်သည်၏ အဖြစ်သည် ရှိလတ်သော် ဒုက္ခာပဋိပဒါ ဖြစ်မှုသည် အဋ္ဌကထာ၌ဆိုအပ်ပြီးသော နည်းရှိသည်သာ ဖြစ်သောကြောင့် မတားမြစ်အပ်သည်သာဟု မှတ်သားနာယူပါလေ။ (မူလဋီ-၁-၁၁၂။)

တစ်နည်း — ဣမံ ဝါရံ ရောစေသုံ = ဤဝါရကို နှစ်သက်တော်မူကြကုန်၏ - ဟူရာဝယ် ဤဝါရဟူသည် နောက်ဆုံးဖြစ်သော နိကန္တိပရိယာဒါန ဝါရကိုသာ ဆိုလိုသည် မဟုတ်၊ ရူပါရူပပရိဂ္ဂဟ ဝါရဟူသော ပထမဝါရမှ စ၍ သုံးကြိမ်တိုင်အောင် ကိလေသာတို့ကို ခဲခဲယဉ်းယဉ်း ခွာယူရသော ဝါရအားလုံးကိုပင် **“ဣမံ ဝါရံ = ဤဝါရ”** ဟု ဆိုလိုပေသည်။ သုံးကြိမ်တိုင်တိုင် ကိလေသာတို့ကို ခွာယူရသော ဝါရအားလုံးသည်ပင် ဒုက္ခာပဋိပဒါချည်း မည်သည်သာ ဟူလိုသည်။

အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အားလုံးသော (၅)ဝါရတို့၌ ကိလေသာတို့ကို တစ်ကြိမ်ခွာရုံဖြင့် နှစ်ကြိမ်ခွာရုံဖြင့် ဝိပဿနာဉာဏ်သည် တိုးတက်၍ အရိယမဂ်သို့ ဆိုက်ရောက်သွားလျှင်ကား ထိုယောဂါဝစရ ပုဂ္ဂိုလ်အဖို့ အလုံးစုံသော ရူပါရူပပရိဂ္ဂဟစသော ဉာဏ်တို့၌ ခဲယဉ်းမှု မရှိ ဖြစ်နေ၏၊ ထိုပုဂ္ဂိုလ်၏ ပဋိပဒါကို သုခါပဋိပဒါဟု သိရှိပါလေ။ (မူလဋီ-၁-၁၁၂။)

## မဟာဋီကာဆရာတော်၏ သုံးသပ်ချက်

ကလာပသမ္မသန ဝါရ၏ အဆုံး၌ ဥဒယဗ္ဗယာနုပဿနာဉာဏ်သည် ဖြစ်ပေါ်လာလတ်သော် ထိုဥဒယ-ဗ္ဗယဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ဝိပဿနုပက္ကိလေသ = ဝိပဿနာ၏ ညစ်ညူးကြောင်းတရားတို့ကို သုံးကြိမ် တိုင်တိုင် ခွာသဖြင့် ဆင်းရဲပင်ပန်းငြိုငြင်မှုရှိသော ဝါရကို ဒုက္ခာပဋိပဒါဟူ၍ အဋ္ဌကထာဆရာမြတ်တို့က နှစ်-

သက်တော်မူကြကြောင်းကို မူလဋီကာဆရာမြတ်တို့ ဖွင့်ဆိုတော်မူကြသည်ကား မှန်ပါပေကုန်၏၊ သို့သော် အဋ္ဌသာလိနီအဋ္ဌကထာ (၂၆၁)၌ —

ဝိပဿနာဉာဏေ တိက္ခေ သူရေ ပသန္နေ ဝဟန္တေ ဥပ္ပန္နံ ဝိပဿနာနိကန္တိံ ပရိယာဒိယမာနော ဒုက္ခေန ကသိရေန ကိလမန္တော ပရိယာဒိယတိ။ (အဘိ-ဋ္ဌ-၁-၂၆၁။)

ဝိပဿနာဉာဏ်သည် ထက်မြက်စူးရှသည်ဖြစ်၍ ရဲရင့်သည်ဖြစ်၍ ကြည်လင်သည်ဖြစ်၍ ဝိပဿနာဝန်ကို ရွက်ဆောင်နိုင်လတ်သည်ရှိသော် မိမိသန္တာန်တွင် ဖြစ်ပေါ်လာသော ဩဘာသစသည်၌ နှစ်သက်နေသော ဝိပဿနာနိကန္တိကို ထက်ဝန်းကျင် သိမ်းကျုံးယူလတ်သော် = ဝိပဿနာရှုလျက် ကုန်ခန်းစေလတ်သော် ဆင်း-ဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ကသိကအောက်ဖြင့် ထက်ဝန်းကျင် သိမ်းကျုံးယူရ၏ = ဝိပဿနာရှုလျက် ကုန်ခန်းစေရ၏။ (အဘိ-ဋ္ဌ-၁-၂၆၁။)

ဤသို့ မိန့်ဆိုထားတော်မူသောကြောင့် ဤဂုဋ္ဌာနဂါမိနီဝိပဿနာသို့ မတိုင်မီ ရှေးအဖို့၌ မုဋ္ဌိတုကမျတာ-ဉာဏ်စသည်တို့၏ အဖြစ်ဖြင့် ဖြစ်သော ထိုသင်္ခါရုပေက္ခာဉာဏ်သည်လည်း မိမိ၏ ဆန့်ကျင်ဘက်တရားတို့ကို ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်းဖြင့် ခွာယူရသည်ရှိသော် **ဒုက္ခပဋိပဒါ** အဖို့၌သာလျှင် တည်နေ၏ဟု မှတ်သားပါ။ ကေစိဆရာတို့ကား ဝိပဿနာ၏ ညစ်ညူးကြောင်း ဥပက္ကိလေသတို့ကို ခွာသော မဂ္ဂါမဂ္ဂဝဝတ္ထာန ဉာဏ် = ဥဒယဗ္ဗယဉာဏ်နှင့် ဤသင်္ခါရုပေက္ခာဉာဏ်ကို ဉာဏ်ချင်းတူ၍ တစ်ခုတည်းအဖြစ် ပေါင်းယူသော ဧကတ္တနည်း၏ အစွမ်းဖြင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ပဋိပဒါပိုင်းတွင် ဖွင့်ဆိုထားသည်ဟု အယူရှိ၏။ (အထက်တွင် ရေးသားတင်ပြခဲ့သော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ လာရှိသော ပဋိပဒါလေးမျိုးကို ပြန်ကြည့်ပါ။)

(မဟာဋီ-၂-၄၇၆။)

## ပဋိပဒါ ကွဲပြားမှု တူညီမှု

ထိုပဋိပဒါသည် အချို့သော ရဟန်းအား အသီးအသီး ဖြစ်၏၊ အချို့သော ရဟန်းအား အရိယမဂ်လေးပါး-လုံးတို့၌ တစ်မျိုးတည်းသာ ဖြစ်၏။ အထူးမှာ ဘုရားရှင်တို့အား အရိယမဂ်လေးပါးလုံးတို့သည်လည်း **သုခါပဋိပဒါ ခိပ္ပါဘိညာချည်းသာ** = ချမ်းသာသော အကျင့် ရှိကုန်၍ လျင်မြန်သော အသိဉာဏ် ရှိကုန်သည်ချည်းသာ ဖြစ်ကုန်၏။ ထို့အတူ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တ ကိုယ်တော်မြတ်ကြီး၏ အရိယမဂ် လေးပါလုံးတို့သည်လည်း **သုခါပဋိပဒါ ခိပ္ပါဘိညာ** ချည်းသာ ဖြစ်ကုန်၏၊ တစ်ဖန် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး၏ သောတာပတ္တိမဂ်သည် **သုခါပဋိပဒါ ခိပ္ပါဘိညာ** ဖြစ်၏။ အထက်မဂ်သုံးပါးတို့သည် **ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ**တို့ ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၃၀၇။)

အဘိဓမ္မာ အဋ္ဌသာလိနီအဋ္ဌကထာ၌ကား ဤသို့ ဖွင့်ဆိုထား၏။ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး၏ အထက်မဂ် သုံးပါးတို့သည် **ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ**တို့ ဖြစ်ကုန်၏။ အကြောင်းမူ ငိုက်မျဉ်းခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် (၇)ရက်ပတ်လုံး ငယ်ရွယ်သော သတိုးသားကိုကဲ့သို့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး၏ မဂ်ဖိုလ်အလို့ငှာ ရွက်ဆောင်ပေးတော်မူခဲ့၏။ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည်လည်း မဟာသက္ကရာဇ် (၁၀၃)ခုနှစ် တပို့တွဲလဆန်း (၁)ရက်နေ့တွင် အရှင်သာရိပုတ္တမထေရ်အလောင်း ဖြစ်တော်မူသည့် ဥပတိဿ ပရိဗိုဇ်ထံမှ အရှင်အဿဇိမထေရ် ဟောကြားတော်မူလိုက်သည့် — ယေ ဓမ္မာ ဟေတုပ္ပဘဝါ - အစရှိသော တရားဂါထာ ဒေသနာတော်ကို နာကြားခွင့် ရရှိတော်မူသည့်အတွက် သောတာပတ္တိမဂ်ဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ ထိုနေ့ ညနေပိုင်းတွင် ဧဟိ ဘိက္ခုရဟန်း ဖြစ်တော်မူပြီးနောက် မဂဓတိုင်း အဝင်အပါ ကလ္လဝါဠပုတ္တရွာကို

ဆွမ်းခံရွာအဖြစ် အမှီပြု၍ တောအုပ်တစ်ခု အတွင်း၌ ရဟန်းတရားကို ဆက်လက်၍ ပွားများအားထုတ်တော်မူစဉ် (၇)ရက်မြောက်သော နေ့၌ ငိုက်မျဉ်းလျက် ထိုင်နေတော်မူခဲ့၏၊ ထိုအခါ၌ ထိုမထေရ်မြတ်ကို ဘုရားရှင်က "မောဂ္ဂလ္လာန . . . သင်သည် ငိုက်မျဉ်းနေသလော၊ မောဂ္ဂလ္လာန . . . သင်သည် ငိုက်မျဉ်းနေသလော" ဟု မေးတော်မူ၏။ ယင်းသို့ အိပ်ချင်ငိုက်မျဉ်းမှုသည် လွှမ်းမိုး နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီး၏ အထက်မဂ် သုံးပါးတို့သည် **ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ**တို့ ဖြစ်ကုန်၏။ ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း အိပ်ချင်ငိုက်မျဉ်းမှုကို အာလောက သညာကို ပွားလျက် ပယ်ဖျောက်တော်မူပြီးနောက် ရဟန်းတရားကို ဆက်လက် အားထုတ်တော်မူရာ လျင်မြန်စွာ အထက်မဂ်ဖိုလ် သုံးပါးသို့ ဆိုက်ရောက်သွားတော်မူသောကြောင့် ခိပ္ပါဘိညာ ပုဂ္ဂိုလ် ဖြစ်တော်မူရပေသည်။

ဤသို့ သဘောရှိသော မဟာဘိညပ္ပတ္တ = ကြီးမားသော အသိဉာဏ်ရှိသူ၏ အဖြစ်သို့ ရောက်ရှိ၍နေသော သာဝက၏သော်မှလည်း အရိယမဂ်လေးပါးသို့ ရောက်ကြောင်း အကျင့်ပဋိပဒါသည် လှုပ်ရှားသေး၏၊ ပြောင်းလဲမှု ကွဲပြားမှု ရှိတုံသေး၏၊ ကြွင်းသော ပုဂ္ဂိုလ်တို့၏ ပဋိပဒါသည်ကား အဘယ်ကြောင့် မလှုပ်ရှားဘဲ ရှိနိုင်လတ္တံ့နည်း၊ မပြောင်းလဲဘဲ မကွဲပြားဘဲ ရှိနိုင်လတ္တံ့နည်း၊ လှုပ်ရှားမှုရှိလတ္တံ့သည်သာ ရှိနိုင်သည်သာ ဖြစ်၏၊ ပြောင်းလဲမှု ကွဲပြားမှုရှိလတ္တံ့သည်သာ ရှိနိုင်သည်သာ ဖြစ်၏။

၁။ အချို့သော ရဟန်း၏ အရိယမဂ်လေးပါးလုံးတို့သည် **ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ**တို့ချည်းသာ ဖြစ်ကုန်၏။

၂။ အချို့သော ရဟန်း၏ အရိယမဂ်လေးပါးလုံးတို့သည် **ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ**တို့ချည်းသာ ဖြစ်ကုန်၏။

၃။ အချို့သော ရဟန်း၏ အရိယမဂ်လေးပါးလုံးတို့သည် **သုခါပဋိပဒါ ဒန္ဓာဘိညာ**တို့ချည်းသာ ဖြစ်ကုန်၏။

၄။ အချို့သော ရဟန်း၏ အရိယမဂ်လေးပါးလုံးတို့သည် **သုခါပဋိပဒါ ခိပ္ပါဘိညာ**တို့ချည်းသာ ဖြစ်ကုန်၏။

၅။ အချို့သော ရဟန်း၏ ပဌမမဂ် = သောတာပတ္တိမဂ်သည် **ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ** ဖြစ်၏။ ဒုတိယ မဂ် = သကဒါဂါမိမဂ်သည် **ဒုက္ခာပဋိပဒါ ခိပ္ပါဘိညာ** ဖြစ်၏။ တတိယမဂ် = အနာဂါမိမဂ်သည် **သုခါပဋိပဒါ ဒန္ဓာဘိညာ** ဖြစ်၏။ စတုတ္ထမဂ် = အရဟတ္တမဂ်သည် **သုခါပဋိပဒါ ခိပ္ပါဘိညာ** ဖြစ်၏။

ဤသို့လျှင် သင်္ခါရုပေက္ခာဉာဏ်သည် ပဋိပဒါ၏ ထူးခြားမှုကို သတ်မှတ်ပေး၏ဟု မှတ်ပါ။
(အဘိ-ဋ္ဌ-၁-၂၈၀။)

ပဋိပဒါသည် လှုပ်ရှားမှု ပြောင်းလဲမှုရှိသကဲ့သို့ အလားတူပင် အဓိပတိသည်လည်း လှုပ်ရှားမှု ရှိ၏၊ ပြောင်းလဲမှု ရှိ၏၊ ထူးခြားမှု ရှိ၏။ အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ် လေးပါးလုံးတို့သည်လည်း ဆန္ဒာဓိပတေယျ = ဆန္ဒဟူသော အဓိပတိကြောင့် ဖြစ်ကုန်၏။ အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ် လေးပါးလုံးတို့သည် ဝီရိယာဓိပတေယျ = ဝီရိယဟူသော အဓိပတိကြောင့် ဖြစ်ကုန်၏။ အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ် လေးပါးတို့သည် စိတ္တာဓိပတေယျ = စိတ်ဟူသော အဓိပတိကြောင့် ဖြစ်ကုန်၏။ အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ် လေးပါးလုံးတို့သည် ဝီမံသာဓိပတေယျ = ဝီမံသ = ပညာ ဟူသော အဓိပတိကြောင့် ဖြစ်ကုန်၏။ (အဘိ-ဋ္ဌ-၁-၂၈၀။)

တစ်ဖန် အချို့သော ယောဂါဝစရ ရဟန်းတော်၏ ပဌမမဂ်သည် ဆန္ဒဟူသော အဓိပတိကြောင့် ဖြစ်၏၊ ဒုတိယမဂ်သည် ဝီရိယဟူသော အဓိပတိကြောင့် ဖြစ်၏၊ တတိယမဂ်သည် စိတ်ဟူသော အဓိပတိကြောင့် ဖြစ်၏။ စတုတ္ထမဂ်သည် ဝီမံသဟူသော အဓိပတိကြောင့် ဖြစ်၏။ ဤသို့လျှင် အဓိပတိတို့သည်လည်း အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ် လေးပါးတို့၌ ထူးခြားမှု ကွဲပြားမှု ရှိကုန်၏။ အချို့သော ယောဂါဝစရ ရဟန်းတော်၏ အရိယမဂ်လေးပါးတို့၌ တစ်မျိုးတည်းသာ ဖြစ်ကုန်၏ဟု မှတ်သားပါ။ ဤသို့လျှင် သင်္ခါရုပေက္ခာ-

ဉာဏ်သည် ပဋိပဒါ၏ ထူးထွေ ကွဲပြားမှုကို မှတ်သား၏ မြဲစေ၏။ ဝိမောက္ခ၏ ထူးထွေကွဲပြားမှုကို မြဲစေကြောင်း-ကိုကား ရှေး၌ ဆိုခဲ့ပြီ။ (အဘိ-ဋ္ဌ-၁-၂၈၀။ ဝိသုဒ္ဓိ-၂-၃၀၇။)

## တစ်နည်း အရိယမဂ်ဉာဏ်၏ အမည်များ ရရှိပုံ

တစ်နည်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဆိုရသော် အရိယမဂ်သည် —

၁။ **သရသ** = မိမိသဘောအားဖြင့် (မိမိ၏ ဖြစ်ကြောင်း ဝိသေသအားဖြင့်) သော်လည်းကောင်း,

၂။ **ပစ္စနီက** = ဆန့်ကျင်ဘက်အားဖြင့် သော်လည်းကောင်း,

၃။ **သဂုဏ** = မိမိဂုဏ်အားဖြင့် သော်လည်းကောင်း,

၄။ **အာရမ္မဏ** = အာရုံအားဖြင့် သော်လည်းကောင်း,

၅။ **အာဂမန** = အရိယမဂ်ဖြစ်ကြောင်း ဝိပဿနာအားဖြင့် သော်လည်းကောင်း —

ဤ (၅)မျိုးသော အကြောင်းတရားတို့ကြောင့် အမည်နာမကို ရရှိ၏။ ထင်ရှားစေအံ့ —

**၁။ သရသ** — အကယ်၍ သင်္ခါရုပေက္ခာဉာဏ်သည် အနိစ္စအားဖြင့် = အနိစ္စဟု တေဘူမက သင်္ခါရတရား-တို့ကို သုံးသပ်ခြင်းဟူသော အကြောင်းကြောင့် နိမိတ္တမှ ထသည် ဖြစ်အံ့၊ အနိမိတ္တ ဝိမောက္ခ = အနိမိတ္တဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့် အရိယမဂ်သည် လွတ်၏။ အကယ်၍ ဒုက္ခဟု သုံးသပ်သောကြောင့် နိမိတ္တမှ ထသည် ဖြစ်အံ့၊ အပ္ပဏိဟိတဝိမောက္ခ = အပ္ပဏိဟိတဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့် အရိယမဂ်သည် လွတ်၏။ အကယ်၍ အနတ္တဟု သုံးသပ်ခြင်းကြောင့် နိမိတ္တမှ ထသည် ဖြစ်အံ့၊ သုညတဝိမောက္ခ = သုညတဟူ၍ မှတ်အပ်သော လွတ်ခြင်းဖြင့် အရိယမဂ်သည် လွတ်၏။ အနိမိတ္တ အပ္ပဏိဟိတ သုညတဟူသော ဤအမည်သည် အရိယမဂ်၏ သရသ = မိမိသဘောအားဖြင့် ပြီးသော အမည်ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၃၀၇။)

မဂ္ဂကတ္တုကာယ ဝုဋ္ဌာနကိရိယာယ ဇေန္တိကဟေတုဘူတာ သင်္ခါရုပေက္ခာ ဖလူပစာရေန **"ဝုဋ္ဌာတိ"**တိ ဝုတ္တာ။ ယသ္မာ ဝါ သင်္ခါရုပေက္ခာတိ ဝုဋ္ဌာနဂါမိနိယာ ဇေတံ ဥပလက္ခဏံ၊ တဒန္တောဂဓေ့ ဂေါတြဘုဉာဏံ နိမိတ္တတော ဝုဋ္ဌာတိ၊ တသ္မာ ဝုတ္တံ ဇေတ္တနယေန **"သမ္မသိတွာ ဝုဋ္ဌာတိ"**တိ။ (မဟာဋီ-၂-၄၇၇။)

အရိယမဂ်သည်သာလျှင် ဝုဋ္ဌာနမဟုတ်လောဟူမူ — အဖြေမှာ ဤသို့ဖြစ်၏။ ဝုဋ္ဌာနကိရိယာ = နိမိတ္တနှင့် ပဝတ္တမှ ထခြင်းကြိယာ၏ ထတတ်သော တရား = ကတ္တားမှာ အရိယမဂ် ဖြစ်၏။ ထိုအရိယမဂ်၏ ဇေန်စင်စစ် အကြောင်းရင်းဖြစ်သော တရားကား သင်္ခါရုပေက္ခာဉာဏ်တည်း။ (သင်္ခါရုပေက္ခာဉာဏ်ကို ကွက်၍ ဆိုခြင်းမှာ ပဓာနနည်းဟု မှတ်ပါ။) အကျိုးဖြစ်သော အရိယမဂ်၏ နိမိတ္တ - ပဝတ္တမှ ထခြင်းဟူသော အမည်ကို အကြောင်း ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်အပေါ်၌ တင်စား၍ အကြောင်းဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ကို **ဖလူပစာရ** အားဖြင့် နိမိတ္တ = သင်္ခါနိမိတ်မှ ထ၏ဟု အဋ္ဌကထာက ဖွင့်ဆိုထားသည် မှတ်ပါ။ တစ်နည်း — သင်္ခါရုပေက္ခာကို အထက်ပါ အဋ္ဌကထာ၌ ဖော်ပြခြင်းသည် ဥပလက္ခဏနည်း နိဒဿနနည်းသာတည်း။ ထိုသင်္ခါရုပေက္ခာဉာဏ်ဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ အားလုံးကို ကောက်ယူပါ။ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာ၌ အတွင်းဝင်သော ဂေါတြဘု-ဉာဏ်သည်လည်း သင်္ခါရနိမိတ်မှ ထသည်သာ ဖြစ်၏၊ ထိုကြောင့် သင်္ခါရုပေက္ခာဉာဏ်နှင့် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်ချင်းတူ၍ တစ်ပေါင်းတည်း တစ်စုတည်း ယူလျက် **ဇေတ္တနည်း**အားဖြင့် သင်္ခါရုပေက္ခာဉာဏ်-သည် အနိစ္စဟု ဒုက္ခဟု အနတ္တဟု သုံးသပ်၍ သင်္ခါရနိမိတ်မှ ထ၏ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်း ဖြစ်သည်။
(မဟာဋီ-၂-၄၇၇။)

**မှတ်ချက်** — အထက်တွင် ဘာသာပြန်ဆိုထားသည့်အတိုင်း သမ္မသိတ္တာ၌ တွာ-ပစ္စည်း၏ အနက်ကို ဟိတ်-အနက် ကြံ၍ သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) ဝိပဿနာ ရှုပွားသုံးသပ်ခြင်းဟူသော အကြောင်းကြောင့် အရိယမဂ်သည် နိမိတ္တနှင့် ပဝတ္တမှ ထသည် ဖြစ်အံ့ဟု အဖြောင့် အဓိပ္ပါယ်ယူခဲ့လျှင်ကား ဤ ဖလူပစာရနည်းနှင့် ဧကတ္တနည်းတို့ကို ထပ်မံကြံဖွယ် မလိုဟု မှတ်ပါ။

၂။ **ပစ္စနီက** — အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော ဝိပဿနာဉာဏ်ဟူသော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်နှင့် အရိယမဂ်ကို မဂ်ချင်းတူ၍ ဉာဏ်ချင်းတူ၍ တစ်ခုတည်းအဖြစ် ယူလျက် ဧကတ္တနည်းအားဖြင့် မဂ်ဟု ခေါ်ဆို- အပ်သော ထိုမဂ်သည် (= ထိုလောကီ လောကုတ္တရာမဂ်သည်) အနိစ္စာနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၏ သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃန ဟူသော ဃန အသီးအသီး = ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ အသီးအသီးကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးခြင်း ခွဲခြမ်းစိတ်ဖြာခြင်းကို ပြု၍ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကို ပယ်စွန့်လျက် လာ၏၊ ထိုကြောင့် ထိုမဂ်သည် **အနိမိတ္တ** မည်၏။

တစ်ဖန် ဒုက္ခာနုပဿနာဉာဏ်ဖြင့် သုခသညာကို ပယ်စွန့်၍ ပဏိဓိဟု ဆိုအပ်သော သင်္ခါရတရားတို့၌ တောင့်တခြင်းကို ခြောက်ခန်းစေ၍ လာသည်၏ အဖြစ်ကြောင့် ထိုမဂ်သည် **အပ္ပဏိဟိတ** မည်၏။

အနတ္တာနုပဿနာဉာဏ်ဖြင့် အတ္တ-သတ္တ-ပုဂ္ဂလဟူသော အမှတ်သညာကို ပယ်စွန့်၍ သင်္ခါရတရား၌ အတ္တ-သတ္တ-ပုဂ္ဂလမှ ကင်းဆိတ်သည်၏ အဖြစ်ကို မြင်အပ်သည်၏ အဖြစ်ကြောင့် ထိုမဂ်သည် အတ္တ-သတ္တ- ပုဂ္ဂလမှ ကင်းဆိတ်သော **သုညတ** မည်၏။ ထို့ကြောင့် ဤအနိမိတ္တ, အပ္ပဏိဟိတ, သုညတဟု ဆိုအပ်သော အမည်သုံးပါး အပေါင်းသည် ပစ္စနီက = ဆန့်ကျင်ဘက်အားဖြင့် ပြီးသော အမည် ဖြစ်၏။

(ဝိသုဒ္ဓိ-၂-၃၀၇။ မဟာဋီ-၂-၄၇၇။)

၃။ **သဂုဏ** — တစ်ဖန် အရိယမဂ်၌ ရာဂစသည် မရှိခြင်းကြောင့် ထိုမဂ်သည် ရာဂစသည်တို့မှ ကင်းဆိတ်- သည်၏ အဖြစ်ကြောင့် **သုညတ** မည်၏။ "ငါ-ငါ့ဟာ"ဟူ၍ စွဲလမ်းအပ်ကုန်သော ရူပနိမိတ် ဝေဒနာနိမိတ် စသည်တို့၏ မရှိခြင်းကြောင့်, တစ်နည်း — ရာဂနိမိတ် ဒေါသနိမိတ် မောဟနိမိတ် စသည်တို့၏သာလျှင် မရှိခြင်းကြောင်, တစ်နည်း — အထည်ကိုယ် သဏ္ဌာန်ဒြပ် ရှိကုန်သကဲ့သို့ ထင်တတ်သော သင်္ခါရနိမိတ်တို့၏ မရှိခြင်းကြောင့် **အနိမိတ္တ** မည်၏။ ရာဂပဏိဓိ, ဒေါသပဏိဓိ, မောဟပဏိဓိတို့၏ မရှိခြင်းကြောင့် = ရာဂ ဟူသော တောင့်တခြင်း, ဒေါသဟူသော တောင့်တခြင်း, မောဟဟူသော တောင့်တခြင်းတို့၏ မရှိခြင်းကြောင့် **အပ္ပဏိဟိတ** မည်၏။ ထိုကြောင့် ဤ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဟူသော အမည်သုံးပါး အပေါင်းသည် ထိုအရိယမဂ်၏ **သဂုဏ** = မိမိဂုဏ်အားဖြင့် ပြီးသော အမည် မည်၏။ (ဝိသုဒ္ဓိ-၂-၃၀၇။ မဟာဋီ-၂-၄၇၇။)

၄။ **အာရမ္မဏ** — နိဗ္ဗာန်တရားတော်မြတ်သည် အလုံးစုံသော သင်္ခါရတရားမှ ကင်းဆိတ်သည်၏အဖြစ်ကြောင့် လည်းကောင်း, အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း **သုညတ** မည်၏။ ထိုအရိယမဂ်သည် သုညတ အမည်ရသော နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုရသောကြောင့် **သုညတ** မည်၏ဟူ၍ ဆိုအပ်၏။ နိဗ္ဗာန်တရားတော်မြတ်သည် အလုံးစုံသော သင်္ခါရနိမိတ် မရှိသောကြောင့် **အနိမိတ္တ** မည်၏။ ထိုအရိယမဂ်သည် အနိမိတ္တ အမည်ရသော နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုသောကြောင့် **အနိမိတ္တ** မည်၏ဟူ၍ ဆိုအပ်၏။ နိဗ္ဗာန်တရားတော်မြတ်သည် တဏှာပဏိဓိ စသည်တို့၏ မရှိသည်၏ အဖြစ်ကြောင့် **အပ္ပဏိဟိတ** မည်၏။ ထို အရိယမဂ်သည် အပ္ပဏိဟိတ အမည်ရသော နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုသောကြောင့် **အပ္ပဏိဟိတ** မည်၏ဟူ၍ ဆိုအပ်၏။ ဤသုညတ အနိမိတ္တ အပ္ပဏိဟိတဟူသော အမည်သုံးပါး အပေါင်းသည် ထိုအရိယမဂ်၏ အာရုံအားဖြင့် ရအပ်သော အမည်တည်း။ (ဝိသုဒ္ဓိ-၂-၃၀၇။ မဟာဋီ-၂-၄၇၇-၄၇၈။)

၅။ **အာဂမန** — ရှေး၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အာဂမနသည် ဝိပဿနာဂမန, မဂ္ဂါဂမနဟု နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင် အရိယမဂ်၌ ဝိပဿနာဂမနကို ရအပ်၏၊ အရိယဖိုလ်၌ မဂ္ဂါဂမနကို ရအပ်၏။ (အရိယ မဂ်၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သည့် ဝိပဿနာကို ဝိပဿနာဂမနဟုလည်းကောင်း, အရိယဖိုလ်၏ ဖြစ်ပေါ်-လာကြောင်း ဖြစ်သည့် အရိယမဂ်တရားကို မဂ္ဂါဂမနဟုလည်းကောင်း အသီးအသီး ခေါ်ဆို၏။) မှန်ပေသည် အနတ္တာနုပဿနာသည် သင်္ခါရတရားတို့၌ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကို ရှုမြင်အပ်သည်၏ အဖြစ်ကြောင့် မိမိ သဘောအားဖြင့် သုညတ မည်၏။ သုညတဝိပဿနာ၏ အရိယမဂ်သည် = သုညတဝိပဿနာကြောင့် ဖြစ်ပေါ်လာသော အရိယမဂ်သည် ဝိပဿနာဂမနအားဖြင့် သုညတ မည်၏။ အနိစ္စာနုပဿနာသည် နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်တို့ကို ပယ်ခွာခြင်းကြောင့် အနိမိတ္တ မည်၏။ အနိမိတ္တဝိပဿနာ၏ အရိယမဂ်သည် = အနိမိတ္တဝိပဿနာကြောင့် ဖြစ်ပေါ်လာရသော အရိယမဂ်သည် ဝိပဿနာဂမနအားဖြင့် အနိမိတ္တ မည်၏။ ဤအရိယမဂ်၏ အနိမိတ္တဟူသော အမည်ကို အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် မရအပ် မရနိုင်၊ သုတ္တန် ဒေသနာတော်နည်းအားဖြင့်သာ ရနိုင်သည်။ မှန်ပေသည် — ထိုသုတ္တန်၌ ဂေါတြဘုဉာဏ်သည် အနိမိတ္တ အမည်ရသော နိဗ္ဗာန်ကို အာရုံပြု၍ အနိမိတ္တ အမည်ရှိသည် ဖြစ်၍ မိမိသည် အရိယမဂ်၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သည့် ဝိပဿနာဂမန ပဋိပဒါ အရာ၌တည်၍ အရိယမဂ်အား အနိမိတ္တဟူသော အမည်ကို ပေး၏။ ဤသို့ ရှေးဆရာမြတ်တို့ ဆိုတော်မူကြကုန်၏။ ထိုအကြောင်းဖြစ်သော ဝိပဿနာသည် ပေးအပ်သော အမည်ဖြင့် အရိယမဂ်ကို အနိမိတ္တဟူ၍ ဆိုအပ်၏။

တစ်ဖန် မဂ္ဂါဂမနအားဖြင့် အရိယဖိုလ်သည် အနိမိတ္တ မည်၏ဟူသော စကားသည် သင့်မြတ်သည်သာလျှင် ဖြစ်ပေသည်။ ဒုက္ခာနုပဿနာသည် တေဘူမက သင်္ခါရတရားတို့၌ တဏှာဟူသော တောင့်တခြင်းကို ခြောက်-သွေ့စေ၍ အရိယမဂ်သို့တိုင်အောင် လာသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတ မည်၏။ အပ္ပဏိဟိတဝိပဿနာဖြင့် အရိယမဂ်သည် = အပ္ပဏိဟိတဝိပဿနာကြောင့် ဖြစ်ပေါ်လာရသော အရိယမဂ်သည် အပ္ပဏိဟိတ မည်၏။ အပ္ပဏိဟိတအရိယမဂ်၏ အရိယဖိုလ်သည် အပ္ပဏိဟိတအရိယဖိုလ် မည်၏။ ဤသို့သောနည်းဖြင့် ဝိပဿနာ-သည် မိမိ၏ အပ္ပဏိဟိတဟူသော အမည်ကို အရိယမဂ်အား ပေး၏၊ အရိယမဂ်သည် မိမိ၏ အပ္ပဏိဟိတ ဟူသော အမည်ကို မိမိ၏ အရိယဖိုလ်အား ပေး၏၊ ထိုကြောင့် ဤအပ္ပဏိဟိတဟူသော အမည်သည် **အာဂမန** အားဖြင့် ပြီးသော အမည်တည်း။ ဤသို့လျှင် ဤသင်္ခါရုပေက္ခာဉာဏ်သည် ဝိမောက္ခ အထူးအပြားကို မြဲစေ၏ သတ်မှတ်ပေး၏။ (ဝိသုဒ္ဓိ-၂-၃၀၇-၃၀၈။)

## ပဋိသန္ဓေကျိုးကို ပေးနိုင်သည့် သင်္ခါရုပေက္ခာမျိုး

ကထံ ပုထုဇ္ဇနဿ စ သေက္ခဿ စ သင်္ခါရုပေက္ခာယ စိတ္တဿ အဘိနီဟာရော ဟောတိ။ ပုထုဇ္ဇနဿ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ၊ ဘာဝနာယ ပရိပန္ထော ဟောတိ၊ ပဋိဝေဓဿ အန္တရာယော ဟောတိ၊ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။ သေက္ခဿာပိ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ၊ ဘာဝနာယ ပရိပန္ထော ဟောတိ၊ ဥတ္တရိ ပဋိဝေဓဿ အန္တရာယော ဟောတိ၊ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။ ဧဝံ ပုထုဇ္ဇနဿ စ သေက္ခဿ စ သင်္ခါရုပေက္ခာယ စိတ္တဿ အဘိနီဟာရော ဧကတ္တံ ဟောတိ အဘိနန္ဒနဋ္ဌေန။ (ပဋိသံ-၆၀။)

ပုထုဇန်ပုဂ္ဂိုလ်အားလည်းကောင်း သေက္ခပုဂ္ဂိုလ်အားလည်းကောင်း သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှု ဆောင်ခြင်း၏ တူညီသည်၏ အဖြစ်သည် အဘယ်သို့ ဖြစ်သနည်းဟူမူ — သင်္ခါရုပေက္ခာကို နှစ်သက်သော ပုထုဇန်၏ စိတ်သည် ညစ်နွမ်း၏၊ ဝိပဿနာဘာဝနာ၏ ဘေးရန် ဖြစ်၏၊ အရိယမဂ်ဖြင့် သစ္စာလေးပါးကို

ထိုးထွင်းသိခြင်း = ပဋိဝေဓ၏ အန္တရာယ် ဖြစ်၏။ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းတရားဖြစ်၏။

သင်္ခါရုပေက္ခာကို နှစ်သက်သော သေက္ခပုဂ္ဂိုလ်၏လည်း စိတ်သည် ညစ်နွမ်း၏၊ ဝိပဿနာဘာဝနာ၏ ဘေးရန် ဖြစ်၏၊ အထက်အထက် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း သိခြင်း = ပဋိဝေဓ၏ အန္တရာယ် ဖြစ်၏၊ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းတရား ဖြစ်၏။ ဤသို့လျှင် ပုထုဇန်ပုဂ္ဂိုလ်၏လည်းကောင်း, သေက္ခ ပုဂ္ဂိုလ်၏လည်းကောင်း သင်္ခါရုပေက္ခာ၌ စိတ်ကိုရွှေးရှုဆောင်ခြင်းသည် နှစ်သက်တတ်သော သဘောအားဖြင့် တူညီသည်၏ အဖြစ်သည် ဖြစ်ပေသည်။ (ပဋိသံ-၆၀။)

**အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတီ**တိ သင်္ခါရုပေက္ခာသမ္ပယုတ္တကမ္မဿ ဗလဝတ္တာ တေနေဝ သုဂတိပဋိသန္ဓိယာ ဒီယမာနာယ အဘိနန္ဒနသင်္ခါတော လောဘကိလေသော အနာဂတေ ကာမာဝစရသုဂတိ-ပဋိသန္ဓိယာ ပစ္စယော ဟောတိ။ ယသ္မာ ကိလေသသဟာယံ ကမ္မံ ဝိပါကံ ဇနေတိ၊ တသ္မာ ကမ္မံ ဇနကပစ္စယော ဟောတိ၊ ကိလေသော ဥပတ္ထမ္ဘကပစ္စယော။ ပ ။

**အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတီ**တိ သေက္ခေသု သောတာပန္နသကဒါဂါမီနံ အနဓိဂတဈာနာနံ သင်္ခါရုပေက္ခာကမ္မေန ဒီယမာနာယ ကာမာဝစရသုဂတိပဋိသန္ဓိယာ အဘိနန္ဒနကိလေသော ပစ္စယော ဟောတိ၊ ဈာနလာဘီနံ ပန အနာဂါမိဿ စ ဗြဟ္မလောကေယေဝ ပဋိသန္ဓာနတော ပစ္စယော န ဟောတိ။ အနုလောမ-ဂေါတြဘူဟိ စ ဒီယမာနာယ ပဋိသန္ဓိယာ အယမေဝ ကိလေသော ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗော။
(ပဋိသံ-ဋ္ဌ-၁-၂၅၀။)

ပုထုဇန်ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်နှင့်ယှဉ်သော စေတနာဟူသော ကံ၏ အားကောင်းသည်၏ အဖြစ်-ကြောင့် ထိုကံသည်ပင်လျှင် ကာမသုဂတိပဋိသန္ဓေကျိုးကို ပေးလတ်သော် သင်္ခါရုပေက္ခာကို နှစ်သက်ခြင်းဟု ဆိုအပ်သော လောဘကိလေသာသည် အနာဂတ် ကာမသုဂတိပဋိသန္ဓေ၏ အကြောင်းတရား ဖြစ်၏၊ လောဘ တည်းဟူသော ကိလေသာ အပေါင်းအဖော်ကို ရရှိသော သင်္ခါရုပေက္ခာဉာဏ်နှင့် ယှဉ်တွဲလျက် ရှိသော စေတနာ-ကံသည် ကာမသုဂတိပဋိသန္ဓေ စသော အကျိုးဝိပါက်ကို ဖြစ်စေနိုင်၏၊ ထိုကြောင့် သင်္ခါရုပေက္ခာဉာဏ်နှင့် ယှဉ်သော စေတနာကံသည် အကျိုးဝိပါက်ကို တိုက်ရိုက်ဖြစ်စေတတ်သော ဇနက အကြောင်းတရား ဖြစ်၏။ သင်္ခါရုပေက္ခာကို နှစ်သက်တတ်သော လောဘကိလေသာသည် အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရား ဖြစ်၏။ ပ ။

သေက္ခပုဂ္ဂိုလ်တို့တွင် ဈာန်ကို မရရှိကြကုန်သော သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ သင်္ခါရုပေက္ခာ-ဉာဏ်နှင့် ယှဉ်သော စေတနာဟူသော သင်္ခါရုပေက္ခာကံသည် အကျိုးပေးအပ်သော ကာမသုဂတိပဋိသန္ဓေ၏ သင်္ခါရုပေက္ခာကို နှစ်သက်သော လောဘကိလေသာသည် အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်း တရားဖြစ်၏၊ ဈာန်ရသော သောတာပန် သကဒါဂါမ်တို့နှင့် အနာဂါမ်ပုဂ္ဂိုလ်၏ ဗြဟ္မာပြည်၌သာလျှင် ပဋိသန္ဓေ ယူခြင်းသဘော ရှိသောကြောင့် သင်္ခါရုပေက္ခာကို နှစ်သက်သော လောဘကိလေသာသည် ယင်းဗြဟ္မာ ပဋိ-သန္ဓေစသော အကျိုးဝိပါက်၏ အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားသည် မဖြစ်နိုင်ပေ။ အနုလောမ, ဂေါတြဘူဉာဏ်တို့နှင့် ယှဉ်တွဲလျက်ရှိသော စေတနာဟူသော ကံတရားတို့က အကျိုးပေးအပ်သော ပဋိသန္ဓေ၏လည်း ဤသင်္ခါရုပေက္ခာကို နှစ်သက်တတ်သော လောဘကိလေသာသည်ပင်လျှင် အားပေး ထောက်-ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရား ဖြစ်သည်ဟု သိရှိပါလေ။ (ပဋိသံ-ဋ္ဌ-၁-၂၅၀။)

**သတိပြုရန် အချက်တစ်ရပ်** — ဤ၌ အနုလောမဉာဏ်နှင့် ယှဉ်တွဲလျက် ရှိသော ကုသိုလ်စေတနာ-ကလည်း ကာမသုဂတိ၌ တစ်ခုသော ပဋိသန္ဓေကျိုးကို ပေးနိုင်၏ဟူသော အဆိုကိုလည်းကောင်း, ဂေါတြဘု-

ဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ကုသိုလ်စေတနာကလည်း ကာမသုဂတိ၌ တစ်ခုသော ပဋိသန္ဓေကျိုးကို ပေးနိုင်၏ ဟူသော အဆိုကိုလည်းကောင်း သတိပြု၍ မှတ်သားထားပါ။ အနုလောမ = အနုလုံသည်လည်း တစ်ကြိမ်သာ ဖြစ်သော စိတ် ဖြစ်၏၊ ဂေါတြဘုသည်လည်း တစ်ကြိမ်သာ ဖြစ်သော စိတ် ဖြစ်၏။ တစ်ခုသော စေတနာက တစ်ခုသော ဘဝကို ဖြစ်စေနိုင်သည့်ထုံး သက်သေ သာဓကများပင်တည်း။ အလားတူပင် သင်္ခါရုပေက္ခာကံ-ကလည်း ထိုကဲ့သို့ အကျိုးပေးနိုင်ပုံကို သဘောပေါက်သင့်ပေသည်။

## အရေးအကြီးဆုံးသော အချိန်

သံသရာခရီးတွင် ကျင်လည်နေရသော ပုထုဇန်လူသား တစ်ဦးအတွက် တစ်ဘက်တွင် အပါယ်၌ အကျိုးပေးခြင်းမြဲသော ပဉ္စာနန္တရိယကံနှင့် သေသည့်တိုင်အောင် မစွန့်လွှတ်ရသေးသော နိယတမိစ္ဆာဒိဋ္ဌိကံတို့တွင် တစ်ခုခုလည်း မရှိသည်ဖြစ်အံ့၊ တစ်ဘက်တွင်လည်း ဗြဟ္မာ့ပြည်၌ အကျိုးပေးခြင်းမြဲသော သေသည့်တိုင်အောင် မလျှော့ကျသော ဈာန်တရားတည်းဟူသော မဟဂ္ဂုတ်ကံ တစ်ခုခုလည်း မရှိသည်ဖြစ်အံ့၊ တစ်ဘက်တွင်လည်း ပစ္စယပရိဂ္ဂဟဉာဏ်သို့တိုင်အောင်သော ဝိပဿနာဉာဏ်များကို အောက်ထစ်ဆုံးအားဖြင့် မရရှိသေးသည်ဖြစ်အံ့၊ သေခါနီး မရဏာသန္န အချိန်ကာလကား အရေးအကြီးဆုံးသော အချိန်ကာလပင် ဖြစ်၏။ ထိုပုထုဇန်များအဖို့ သေခါနီး မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်အံ့၊ အပါယ်လေးဘုံ တစ်ဘုံဘုံသို့ ကျိန်းသေရောက်၏။ သေခါနီး မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်အံ၊ ထိုက်သည့်အားလျော်စွာ သုဂတိ တစ်ဘုံဘုံသို့ ရောက်၏။ ထိုကုသိုလ်ကံတို့တွင် ဤသင်္ခါရုပေက္ခာကံကား အလွန် အဆင့်မြင့်မားသော ကံတစ်ခု ဖြစ်၏။ သမ္မာသမ္ဗောဓိ-ဉာဏ် ပစ္စေကဗောဓိဉာဏ် အဂ္ဂသာဝကဗောဓိဉာဏ် မဟာသာဝကဗောဓိဉာဏ်ဟူသော ဗောဓိဉာဏ်များကို ရည်ရွယ်တောင့်တထားသူ မဟုတ်လျှင် ထိုသင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းထားသူ သူတော်ကောင်းများသည် ယေဘုယျအားဖြင့် သေပြီးနောက် ဒုတိယဘဝတွင် အရိယမဂ်ဖိုလ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်ကြောင်းကို သောတာနုဂတသုတ္တန်တွင် ဘုရားရှင်ကိုယ်တော်-တိုင် ဟောကြားထားတော်မူခဲ့၏။ ယင်းသို့ ခိုင်လုံသည့် အာမခံချက် ရှိသည့် ဘုရားရှင်၏ တရားတော်များကို အာဂမသုတဟူသော သင်သိ, အဓိဂမသုတဟူသော ကျင့်သိ — ဤအသိ နှစ်မျိုးဖြင့် အသိကြီး သိအောင် အသိဉာဏ်ရှိသည့် လူ့ဘဝကို ရခိုက် ရဟန်းဘဝကို ရခိုက် အထူး ကြိုးပမ်းသင့်လှပေသည်။ သံသရာခရီး မဆုံး-သေးသူတို့အတွက် အထက်တွင် ရေးသားခဲ့သည့်အတိုင်း သေခါနီး မရဏာသန္နအခါသည် အပါယ်ဒုဂ္ဂတိနှင့် ကောင်းရာသုဂတိကို လမ်းခွဲပေးသည့် အရေးအကြီးဆုံးသော အချိန်ကာလ ဖြစ်၏။ ထိုအခါ၌ ကောင်းရာ သုဂတိသို့ ကျိန်းသေဧကန် ရောက်စေနိုင်သော ကံများကို ထူထောင်ထားပြီး ဖြစ်ဖို့ လိုပေသည်။ သံသရာခရီးကို အဆုံးသတ်နိုင်အောင် ကြိုးစားထားပြီး ဖြစ်လျှင်ကား တိုင်းထက်အလွန် တံခွန်နှင့် ဘုရားပင် ဖြစ်ချေသည်။ ဤတွင် သောတာနုဂတသုတ္တန် မြန်မာပြန်ကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။

## သောတာနုဂတသုတ္တန်

ရဟန်းတို့ . . . ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှု ဆင်ခြင် သုံးသပ်အပ်ပြီးကုန်သော,တရားကိုယ်အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်း-ကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရား-တော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်ကုန်သော အကျိုးဆက်တို့သည် ဤလေးမျိုးတို့တည်း။

အဘယ်လေးမျိုးတို့နည်းဟူမူ —

**၁။** ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် —

| | |
|---|---|
| ၁။ သုတ္တ | = သုတ္တအမည်ရသော တရားတော်, |
| ၂။ ဂေယျ | = ဂါထာနှင့် စကားပြေ နှစ်ထွေရောနေသော တရားတော်, |
| ၃။ ဝေယျာကရဏ | = ဂါထာမဖက် သက်သက်သော စကားပြေတရားတော်, |
| ၄။ ဂါထာ | = ဂါထာတရားတော်, |
| ၅။ ဥဒါန | = ဥဒါန်း = ဝမ်းမြောက်စွာ ကျူးရင့်တော်မူအပ်သော တရားတော်, |
| ၆။ ဣတိဝုတ္တက | = ဣတိဝုတ် = ဤသို့ ဘုရားရှင်သည် ဟောကြားတော်မူအပ်၏ — ဤသို့ အစချီလျက် နိဒါန်းပျိုးထားသော တရားတော်, |
| ၇။ ဇာတက | = ဇာတ်တော်, |
| ၈။ အဗ္ဘုတဓမ္မ | = မဖြစ်စဖူး အဦးအသစ် အံ့သြဖွယ်ရာတို့နှင့် ဆက်စပ်နေသော တရားတော်, |
| ၉။ ဝေဒလ္လ | = အသိထူး ဉာဏ်ထူးကိုလည်း ရရှိ၍ နှစ်သက်ဝမ်းမြောက်မှုကိုလည်း ရရှိသော အမေး အဖြေ ဖြစ်သော တရားတော် — |

ဤအင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏။ ထိုရဟန်း၏ သန္တာန်၌ ထိုတရား-တော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်-အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း, အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။

(အံ-၁-၅ဝ၄-၅ဝ၅။)

**[မှတ်ချက် — ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ**တိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ ပစ္စက္ခံ ကတာ။ (အံ-ဋ္ဌ-၂-၃၆၄။) – ဘုရားရှင်၏ အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော ပိဋကတ်သုံးပုံ တရားတော်၌ ဟောကြားထားတော်မူအပ်သော တရားကိုယ် အနက်သဘောတရားတို့မှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော ပရမတ္ထတရား (၄)ပါးတို့သာ ဖြစ်ကြ၏။ စတုတ္ထပရမတ် ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို အလို ရှိသော သူတော်ကောင်းသည် ရှေးဦးစွာ လောကီ စိတ်-စေတသိက်-ရုပ်ဟူသော တရားကိုယ် အနက်သဘော တရားတို့ကိုလည်းကောင်း, ယင်းစိတ်-စေတသိက်-ရုပ်တရားတို့၏ အကြောင်းတရားတို့လည်းကောင်း သမ္မာ ဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားရ၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တည်း။ ဉာတပရိညာတည်း။ အာဒိဒီပကနည်းတည်း။ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာဟု ပရိညာ သုံးမျိုးရှိရာ အစဖြစ်သော ဉာတပရိညာကို ယူသဖြင့် အလယ်ဖြစ်သော တီရဏ ပရိညာ, အဆုံးဖြစ်သော ပဟာနပရိညာတို့ကိုလည်း သိမ်းကျုံးယူရသော နည်းတည်း။ နာမရူပပရိစ္ဆေဒဉာဏ်မှ သည် သင်္ခါရုပေက္ခာညာဏ်သို့ တိုင်အောင်သော ဝိပဿနာဉာဏ်များနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ရန် ရည်ညွှန်းထား၏။ ယင်းသို့ ကြိုးပမ်းရာ၌ ရှေးဦးစွာ ယင်း စိတ်-စေတသိက်-ရုပ်တရားတို့ကို သင်သိအနေဖြင့် သိအောင် ကြိုးစားရ၏၊ အာဂမသုတတည်း။ ထိုနောင် သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် သင်္ခါရုပေက္ခာညာဏ်သို့ ဆိုက်သည်တိုင်အောင် ကြိုးစားရ၏၊ အဓိဂမသုတတည်း။ ယင်းသို့ အာဂမသုတ အဓိဂမသုတဟူသော သုတတရားနှင့် ပြည့်စုံသော သူတော်ကောင်းကို အထူး ရည်-ညွှန်းထားသည်ဟု မှတ်ပါ။]

ထိုရဟန်းသည် သတိ လွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏။ (အံ-၁-၅၀၅။)

**[မှတ်ချက် — မုဋ္ဌဿတိ ကာလံ ကုရုမာနော**တိ နယိဒံ ဗုဒ္ဓဝစနံ အနုဿရဏသတိယာ အဘာဝေန ဝုတ္တံ၊ ပုထုဇ္ဇနကာလကိရိယံ ပန သန္ဓာယ ဝုတ္တံ။ ပုထုဇ္ဇနော ဟိ မုဋ္ဌဿတိ ကာလံ ကရောတိ နာမ။ (အံ-ဋ္ဌ-၂-၃၆၄။) —

**သတိလွတ်ကင်းသည် ဖြစ်၍ သေလွန်ရသော်** ဟူသော ဤစကားကို ဘုရားစကားတော်ကို အစဉ်လျှောက်၍ အောက်မေ့တတ်သော သတိ၏ မရှိခြင်းကြောင့် ဟောတော်မူသည်ကား မဟုတ်၊ ပုထုဇန်အဖြစ်နှင့် ကွယ်လွန်ခြင်းကိုသာ ရည်ရွယ်တော်မူ၍ ဟောကြားတော်မူခြင်း ဖြစ်၏။ မှန်ပေသည် — ပုထုဇန်သည် သတိလွတ်ကင်း၍ သေလွန်ရသည် မည်ပေသည်။ (အံ-ဋ္ဌ-၂-၃၆၄။) ]

ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ်အစုတို့သည် ပေါ်လွင်ထင်ရှားလာကြကုန်၏။ (လွန်ခဲ့သော ဘဝ၌ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းလျှင် အကြောင်းရင်းခံ ရှိသော နှုတ်ဖြင့် လေ့ကျက်ထားအပ်ပြီးကုန်သော သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားအားလုံးတို့သည် ကြည်လင်သော ကြေးမုံပြင်၌ အရိပ်ကဲ့သို့ ပေါ်လွင်ထင်ရှား၍ လာကြကုန်၏။)

ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မူမှာ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။ ရဟန်းတို့ . . . ဤသည်ကား ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီးကုန်သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်သော ရှေးဦးစွာသော ပထမ အကျိုးဆက်တည်း။ (အံ-၁-၅၀၅။)

၂။ ရဟန်းတို့ . . . နောက်တစ်မျိုးသော်ကား ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လ ဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏၊ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း, အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏။ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ်အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ စင်စစ်သော်ကား တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည် နတ်ပရိသတ်၌ တရားတော်ကို ဟောကြားလေ၏။ ထိုနတ်သား၏ သန္တာန်ဝယ် “ဤယခု ဓမ္မကထိက ရဟန်းတော် ဟောကြားနေသော တရား-

တော်သည်ကား ရှေးယခင် ငါ လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံး ရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည် ရသည့် ထိုဓမ္မဝိနယပင်တည်း" ဟု စိတ်အကြံ ဖြစ်လာ၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။

ရဟန်းတို့ . . . ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောက ဥပမာသည်ကား စည်ကြီးသံ၌ လိမ္မာကျွမ်းကျင်သော ယောက်ျားသည် ခရီးရှည်သွားလတ်သော် စည်ကြီးသံကို ကြားလေရာ၏၊ ထိုယောက်ျား၏ သန္တာန်ဝယ် ထိုစည်ကြီးသံ၌ "စည်ကြီးသံလေလော, စည်ကြီးသံ မဟုတ်လေလော"ဟု ယုံမှားခြင်း တွေးတောခြင်းသည် မဖြစ်တော့ဘဲ စည်ကြီးသံဟူ၍သာလျှင် အမှန်အတိုင်း ဆုံးဖြတ်ခြင်းသို့ ရောက်ရာသကဲ့သို့ – ရဟန်းတို့ . . . ဤဥပမာအတူသာလျှင် ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏။ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ်အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထို ရဟန်းသည် သတိလွတ်ကင်းသည် ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏၊ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ် အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ စင်စစ်သော်ကား တန်းခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည် နတ်ပရိသတ်၌ တရားတော်ကို ဟောကြားလေ၏။ ထိုနတ်သား၏ သန္တာန်ဝယ် "ဤယခု ဓမ္မကထိက ရဟန်းတော် ဟောကြားနေသော တရားတော်သည်ကား ရှေးယခင် ငါ လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံး ရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည် ရသည့် ထိုဓမ္မဝိနယပင်တည်း" ဟု စိတ်အကြံ ဖြစ်လာ၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။ ရဟန်းတို့ . . . ဤသည်ကား ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီးကုန်သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့် လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်သော နှစ်ခုမြောက်သော ဒုတိယ အကျိုးဆက်တည်း။ (အံ-၁-၅၀၅-၅၀၆။)

၃။ ရဟန်းတို့ . . . နောက်တစ်မျိုးကား ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏။ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြား မှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ်

စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏၊ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ် အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟောကြားတော် မမူသေး ဖြစ်နေ၏၊ စင်စစ်သော်ကား ဓမ္မကထိက နတ်သားသည် နတ်ပရိသတ်၌ တရားတော်ကို ဟောကြားလေ၏။ ထိုအခါ ထိုနတ်သား၏ သန္တာန်ဝယ် “ဤယခု ဓမ္မကထိက နတ်သား ဟောကြားနေသော တရားတော်သည်ကား ရှေးယခင် ငါ လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည်ရသည့် ထိုဓမ္မဝိနယပင်တည်း”ဟု စိတ်အကြံ ဖြစ်လာ၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။

ရဟန်းတို့ . . . ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောက ဥပမာသည်ကား ခရုသင်းသံ၌ လိမ္မာကျွမ်းကျင်သော ယောကျ်ားသည် ခရီးရှည်သွားလတ်သော် ခရုသင်းသံကို ကြားလေရာ၏၊ ထိုယောကျ်ား၏ သန္တာန်ဝယ် ထိုခရုသင်းသံ၌ “ခရုသင်းသံလေလော၊ ခရုသင်းသံ မဟုတ်လေလော”ဟု ယုံမှားခြင်း တွေးတောခြင်းသည် မဖြစ်တော့ဘဲ “ခရုသင်းသံ”ဟူ၍သာလျှင် အမှန်အတိုင်း ဆုံးဖြတ်ခြင်းသို့ ရောက်ရာသကဲ့သို့ - ရဟန်းတို့ . . . ဤဥပမာအတူသာလျှင် ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏။ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း, အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏၊ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ် အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟောကြားတော် မမူသေး ဖြစ်နေ၏။ စင်စစ်သော်ကား ဓမ္မကထိက နတ်သားသည် နတ်ပရိသတ်၌ တရားတော်ကို ဟောကြားလေ၏။ ထိုအခါ ထိုနတ်သား၏ သန္တာန်ဝယ် “ဤယခု ဓမ္မကထိက နတ်သား ဟောကြားနေသော တရားတော်သည်ကား ရှေးယခင် ငါ လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံး ရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည်ရသည့် ထိုဓမ္မဝိနယပင်တည်း”ဟု စိတ်အကြံ ဖြစ်လာ၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။

ရဟန်းတို့ . . . ဤသည်ကား ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီးကုန်သော, တရားကိုယ်အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်း-ကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်သော သုံးခုမြောက်သော တတိယ အကျိုးဆက်တည်း။ (အံ-၁-၅၀၆။)

၄။ ရဟန်းတို့ . . . နောက်တစ်မျိုးကား ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘုတဓမ္မ ဝေဒလ္လဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏၊ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြား မှတ်သားအပ်ကုန်၏၊ နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း, အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်း-ဖောက် သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထိုရဟန်းသည် သတိလွတ်ကင်းသည်ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏။ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ် အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟော-ကြားတော် မမူသေး ဖြစ်နေ၏၊ ဓမ္မကထိက နတ်သားသည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟောကြားမှု မရှိသေး ဖြစ်နေ၏။ စင်စစ်သော်ကား နတ်ပြည် နတ်လောက၌ ရှေးဦးစွာ နတ်သားဖြစ်နှင့်သော လူ့ဘဝက သီတင်းသုံးဖော် ဖြစ်ခဲ့ဖူးသော နတ်သားသည် နောက်ဖြစ်လာသော နတ်သားကို “အချင်းနတ်သား . . . ရှေးယခင် လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါတို့ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည်ရသည့် မြတ်သော အကျင့်ဟူသော ထို ဓမ္မဝိနယကို သင် အောက်မေ့လော့၊ အချင်းနတ်သား . . . သင် အောက်မေ့လော့”ဟု အောက်မေ့စေ၏။ ထိုနတ်သားသည် “အချင်းနတ်သား . . . ငါသည် အောက်မေ့၏၊ အချင်းနတ်သား . . . ငါသည် အောက်မေ့၏”ဟု ဆို၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်-စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။

ရဟန်းတို့ . . . ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်ကား မြေမှုန့်ကစားဖက် ဖြစ်ကုန်သော သူငယ်ချင်း နှစ်ယောက်တို့သည် တစ်ခါတစ်ရံ တစ်နေရာ၌ အချင်းချင်း တွေ့ဆုံပေါင်းမိကြကုန်ရာ၏၊ သူငယ်ချင်း တစ်ယောက်က သူငယ်ချင်း တစ်ယောက်ကို “အဆွေ . . . သင်သည် ဤအမှုကိုလည်း အောက်မေ့လော့၊ သင်သည် ဤအမှုကိုလည်း အောက်မေ့လော့၊” ဟု ဤသို့ ဆိုရာ၏။ ထိုသူငယ်ချင်းသည် “အဆွေ . . . ငါသည် အောက်မေ့၏ = အမှတ်ရပါ၏၊ အဆွေ . . . ငါသည် အောက်မေ့၏ = အမှတ်ရပါ၏”ဟု ဆိုလေရာ၏။ ရဟန်းတို့ ဤဥပမာအတူသာလျှင် ရဟန်းသည် သုတ္တ ဂေယျ ဝေယျာကရဏ ဂါထာ ဥဒါန ဣတိဝုတ္တက ဇာတက အဗ္ဘု-တဓမ္မ ဝေဒလ္လဟူသော အင်္ဂါ (၉)တန်နှင့် ပြည့်စုံတော်မူသော တရားတော်ကို သင်ကြား၏၊ ထိုရဟန်း၏ သန္တာန်၌ ထိုတရားတော်တို့သည် ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်၏။ နှုတ်ဖြင့်

အလွတ်ရအောင် လေ့ကျက်အပ်ပြီး ဖြစ်ကုန်၏၊ စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီး ဖြစ်ကုန်၏၊ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်း- ကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီး ဖြစ်ကုန်၏။

ထိုရဟန်းသည် သတိလွတ်ကင်းသည် ဖြစ်၍ သေလွန်ရသော် အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောက၌ ဖြစ်၏၊ ထိုနတ်ပြည် နတ်လောက၌ ချမ်းသာခြင်းရှိသော ထိုနတ်သား၏ သန္တာန်ဝယ် တရားပုဒ် အစုတို့သည် ပေါ်လွင်ထင်ရှား၍ကား မလာကြကုန်သေး၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍ စိတ်ကို နိုင်နိုင်နင်းနင်း လေ့လာနိုင်ခြင်းသို့ ရောက်ပြီးသော ဓမ္မကထိက ရဟန်းတော်သည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟော- ကြားတော် မမူသေး ဖြစ်နေ၏၊ ဓမ္မကထိက နတ်သားသည်လည်း နတ်ပရိသတ်၌ တရားတော်ကို ဟောကြားမှု မရှိသေး ဖြစ်နေ၏၊ စင်စစ်သော်ကား နတ်ပြည် နတ်လောက၌ ရှေးဦးစွာ နတ်သားဖြစ်နှင့်သော လူ့ဘဝက သီတင်းသုံးဖော်ဖြစ်ခဲ့ဖူးသော နတ်သားသည် နောက်ဖြစ်လာသော နတ်သားကို "အချင်း နတ်သား . . . ရှေးယခင် လူဖြစ်စဉ် ရဟန်းဘဝတုန်းက ငါတို့ ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ခဲ့ဖူးသော သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်အားဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသနာ့ဗြဟ္မစရိယ အမည်ရသည့် မြတ်သော အကျင့်ဟူသော ထိုဓမ္မဝိနယကို သင် အောက်မေ့လော့ (= အမှတ်ရလော့)၊ အချင်း နတ်သား . . . သင် အောက်မေ့လော့ (= အမှတ်ရလော့။)" ဟု အောက်မေ့စေ၏ = အမှတ်ရစေ၏။ ထိုနတ်သားသည် "အချင်း နတ်သား . . . ငါသည် အောက်မေ့၏ (= အမှတ်ရ၏၊) အချင်း နတ်သား . . . ငါသည် အောက်မေ့၏ = (အမှတ်ရ၏)" ဟု ဆို၏။ ရဟန်းတို့ . . . တရားတော်ကို အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် နှံ့နှေးလှသေး၏၊ အကယ်စင်စစ်မှာမူ ထိုနတ်သားဖြစ်သော သတ္တဝါသည် လျင်မြန်စွာသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို ရရှိနိုင်၏။ ရဟန်းတို့ . . . ဤသည်ကား ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီးကုန်- သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်းကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်သော လေးခုမြောက်သော စတုတ္ထ အကျိုးဆက်ပေတည်း။

ရဟန်းတို့ . . . ပသာဒသောတသို့ သက်ဝင်၍ ဉာဏသောတဖြင့် ပိုင်းခြားမှတ်သားအပ်ကုန်သော, နှုတ်ဖြင့် အလွတ်ရအောင် လေ့ကျက်အပ်ပြီးကုန်သော, စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် သုံးသပ်အပ်ပြီးကုန်သော, တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း အကြောင်းတရားအားဖြင့်လည်း- ကောင်း သမ္မာဒိဋ္ဌိ ဉာဏ်ပညာဖြင့် ကောင်းစွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အပ်ပြီးကုန်သော တရားတော်တို့၏ မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်ကုန်သော အကျိုးဆက်တို့သည် ဤလေးမျိုးတို့တည်း ဟု မိန့်တော်မူ၏။ (အံ-၁-၅၀၆-၅၀၇။)

**သင်္ခါရုပေက္ခာဉာဏ်ခန်း ပြီး၏။**

## အနုလောမဉာဏ်ခန်း

## သစ္စာနုလောမိကဉာဏ်

ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် စသည့် ကြည်ညိုဖွယ်ရာ ဂုဏ်အရပ်ရပ် စသည်တို့ကား စိတ်ကြည်လင်မှု ပသာဒတရား ထင်ရှားဖြစ်ပေါ်ရန် အကြောင်းရင်းဖြစ်သော စိတ်ကြည်လင်မှု ပသာဒတရား၏ တည်ရာဝတ္ထုတို့ ဖြစ်ကြ၏။ ယင်းစိတ်ကြည်လင်မှု ပသာဒတရား၏ ထင်ရှားဖြစ်ပေါ်လာကြောင်း ဖြစ်သော ပသာဒတရား၏ တည်ရာဝတ္ထုတို့၌ တည်သော ဘုရားစစ် ဘုရားမှန် ဧကန်ဟုတ်၏၊ တရားစစ် တရားမှန် ဧကန်ဟုတ်၏၊ သံဃာစစ် သံဃာမှန် ဧကန်ဟုတ်၏၊ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော သာသနာ့ဖြဟ္မစရိယ အမည်ရသည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ် တရားတော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်းစင်စစ် ဧကန်မှန်၏၊ အကြောင်းတရား ထင်ရှားရှိခြင်းကြောင့် အကျိုးတရား၏ ထင်ရှားရှိမှုဟူသော ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားသည် ဧကန်မှန်၏ — ဤသို့ စသည်ဖြင့် ဆုံးဖြတ်ချက် ချလျက် ယုံကြည်မှုမျိုးကို သဒ္ဓါဓိမောက္ခ = **အဓိမောက္ခသဒ္ဓါ**ဟု ခေါ်ဆို၏။

၁။ ထိုသင်္ခါရုပေက္ခာဉာဏ်ကို အရိုအသေ မှီဝဲသော ပွားစေသော မီးပွတ်သောလား မနေမနား ကြိမ်ဖန်များစွာ အလေ့အလာပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်အား **အဓိမောက္ခသဒ္ဓါ**တရားသည် သင်္ခါရုပေက္ခာဘာဝနာဝိသေသကိစ္စအားဖြင့် လွန်ကဲသော အတိုင်းအရှည် ရှိသည်၏ အဖြစ်ကြောင့် အလွန်အားသန်သည်ဖြစ်၍ ဖြစ်ပေါ်လာ၏။

၂။ ကောင်းစွာ ချီးမြှောက်အပ်သော = ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ဝိပဿနာဘာဝနာ လုပ်ငန်းကိစ္စရပ်၌ လျော့လျော့ရဲရဲ မရှိရအောင် ချီးပင့် ထောက်ပံ့ထားနိုင်သော မတွန့်မဆုတ်သော အလွန်အကြူး အထူး ထက်-မြက်သည်၏ အဖြစ်ဖြင့် ဆန့်ကျင်ဘက် ပဋိပက္ခတရားတို့ကို လွင့်ပျောက်စေခြင်း ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်သော **ဝီရိယ**သည် ဖြစ်ပေါ်လာ၏။

၃။ အလွန်အကြူး အထူးထက်မြက်သည်၏ အဖြစ်ကြောင့် မိမိရှုပွားနေသော သင်္ခါရအာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ကောင်းစွာ ထင်သော **သတိ**သည် ဖြစ်ပေါ်လာ၏။

၄။ ပဿဒ္ဓိနှင့် သုခတို့၏ လွန်လွန်ကဲကဲ ဖြစ်ပေါ်နေခြင်းကြောင့် သင်္ခါရအာရုံ၌ အညီအညွတ် ကောင်းစွာ ထားအပ်သော တည်ကြည်သော စိတ်သည် = **သမာဓိ**သည် ဖြစ်ပေါ်လာ၏။

၅။ အနုလောမဉာဏ် ဖြစ်ပေါ်လာခြင်း၏ အကြောင်းတရား ဖြစ်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် အလွန်အကဲနှင့် တကွ = လွန်လွန်ကဲကဲ ထက်မြက်လှစွာသော သင်္ခါရတရားတို့ကို အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာအားဖြင့် စူးစမ်း စိစစ်ခြင်း၌ အလယ်အလတ် လျစ်လျူ ဖြစ်၍ ဖြစ်သော **သင်္ခါရုပေက္ခာပညာ**သည် ဖြစ်ပေါ်လာ၏။

ထိုသို့ ဣန္ဒြေငါးပါးတို့၏ ထက်မြက်မှု ရင့်ကျက်မှု စုံညီသဖြင့် သင်္ခါရုပေက္ခာ ဖြစ်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် "ယခုအခါ အရိယမဂ်တရားသည် ဖြစ်ပေါ်လာတော့လတ္တံ့" ဟု ဆိုထိုက်သော အခါ၌ သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတရားတို့ကို အနိစ္စဟူ၍သော်လည်းကောင်း ဒုက္ခဟူ၍သော်လည်းကောင်း အနတ္တဟူ၍သော်လည်းကောင်း ယင်းသုံးမျိုးသော အခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာအားဖြင့် သုံးသပ်-

သည်ဖြစ်၍ ထိုသို့သုံးသပ်သော သင်္ခါရုပေက္ခာ ဝိပဿနာဇောသည် (၇)ကြိမ်တိုင်တိုင် ဖြစ်၍ ချုပ်ပျက်၏၊ ထိုနောင် ဘဝင်သို့ သက်၏၊ ဘဝင်၏ အခြားမဲ့၌ သင်္ခါရုပေက္ခာပညာသည် ပြုအပ်သော အနိစ္စစသောအားဖြင့် အာရုံပြုသော နည်းဖြင့်သာလျှင် (= ယခင် ချုပ်လေပြီးသော သင်္ခါရုပေက္ခာပညာက သင်္ခါရတရားတို့ကို အနိစ္စဟု သုံးသပ်လျှင် ထိုအနိစ္စဟု အာရုံပြုသော နည်းဖြင့်သာလျှင်, ဒုက္ခဟု သုံးသပ်လျှင် ထိုဒုက္ခဟု အာရုံပြုသော နည်းဖြင့်သာလျှင်, အနတ္တဟု သုံးသပ်လျှင် ထိုအနတ္တဟု အာရုံပြုသော နည်းဖြင့်သာလျှင်ဟု ဆိုလိုသည်။ ကတနယေနေဝ = အာရုံပြုသော နည်းဖြင့်သာလျှင်ဟု ဆိုသဖြင့် သုံးသပ်သောနည်း မဟုတ်ဟု သိပါ။ ရှေးက ချုပ်သွားလေသော သင်္ခါရုပေက္ခာက သုံးသပ်၏၊ ယခု သင်္ခါရုပေက္ခာကား မသုံးသပ်၊ အာရုံပြုရုံသာ ပြုသည် ဟူလိုသည်။) သင်္ခါရတရားတို့ကို အနိစ္စဟူ၍လည်းကောင်း ဒုက္ခဟူ၍လည်းကောင်း အနတ္တဟူ၍လည်းကောင်း အာရုံပြုလျက် မနော-ဒွါရာဝဇ္ဇန်းသည် ဖြစ်ပေါ်လာ၏။ စိတ်အား ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခြင်းငှာ အခွင့်မပေးဘဲ ဘဝင်ကို လည်စေနစ်စေ၍ ဖြစ်ပေါ်လာသော ထိုမနောဒွါရာဝဇ္ဇန်း ကြိယာစိတ်၏ အခြားမဲ့၌ မတူညီသော စိတ်၏ ဖြစ်ခြင်းဟု ဆိုအပ်သော အခြားအဆီး မရှိသော စိတ်အစဉ်ကို အစဉ်မပြတ် ဆက်စပ်လျက် သင်္ခါရုပေက္ခာဝိပဿနာ ပထမဇောစိတ်သည် နှစ်ခု သုံးခုသော ရှေးဝိပဿနာဇော ဝီထိစိတ်အစဉ်တို့ နည်းတူပင်လျှင် ထိုဇောဝီထိစိတ်အစဉ်တို့က သင်္ခါရတရားတို့ကို အနိစ္စဟု အာရုံပြုလျှင် မိမိပထမဇောကလည်း သင်္ခါရတရားတို့ကို အနိစ္စဟုပင် အာရုံပြု၍, ဒုက္ခဟု အာရုံပြုလျှင် မိမိကလည်း ဒုက္ခဟုပင် အာရုံပြု၍, အနတ္တဟု အာရုံပြုလျှင် မိမိကလည်း အနတ္တဟုပင် အာရုံပြု၍ ဖြစ်ပေါ်လာ၏။ ယင်း ပထမဇောစိတ်ကို အရိယမဂ်ကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်သည်၏ အဖြစ်ကြောင့် **ပရိကံ**ဟူ၍ ခေါ်ဆိုအပ်၏။

ထိုပရိကံဇော၏ အခြားမဲ့၌ ထိုရှေးအတူပင်လျှင် သင်္ခါရတရားတို့ကို အနိစ္စစသော အခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာအားဖြင့် အာရုံပြု၍ ဒုတိယ သင်္ခါရုပေက္ခာ ဝိပဿနာဇောစိတ်သည် ဖြစ်ပေါ်-လာ၏၊ ယင်းဒုတိယဇောစိတ်ကို အရိယမဂ်၏ အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့် **ဥပစာရ**ဟူ၍ ခေါ်ဆို-အပ်၏။

ထိုဥပစာရအမည်ရသော ဇောစိတ်၏ အခြားမဲ့၌လည်း ထိုရှေးအတူပင်လျှင် သင်္ခါရတရားတို့ကို အနိစ္စစသော အခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာအားဖြင့် အာရုံပြု၍ တတိယ သင်္ခါရုပေက္ခာ ဝိပ-ဿနာဇောစိတ်သည် ဖြစ်ပေါ်လာ၏၊ ယင်းတတိယဇောစိတ်ကို ရှေ့နောက်ဖြစ်သော ဓမ္မတို့အား လျော်သည်၏ အဖြစ်ကြောင့် **အနုလောမ = အနုလုံ**ဟူ၍ ခေါ်ဆိုအပ်၏။ ဤ ပရိကံ ဥပစာ အနုလုံဟူသော အမည်သည် ထိုသုံးမျိုးသော ဇောတို့၏ အသီးအခြား ဖြစ်သော အမည်တည်း။

သို့သော်လည်း ခပ်သိမ်းသော ဇောတို့အား ဆက်ဆံသော သာမညအားဖြင့် ဆိုရမူ သုံးမျိုးလုံးသော ထိုဇောစိတ်ကိုလည်း —

၁။ ရိုသေစွာ မှီဝဲတတ်သည်၏ အဖြစ်ကြောင့် **အာသေဝန**ဟူ၍လည်းကောင်း,

၂။ အရိယမဂ်ကို ဖြစ်ပေါ်လာအောင် ပြုပြင်တတ်သည်၏ အဖြစ်ကြောင့် **ပရိကံ**ဟူ၍လည်းကောင်း,

၃။ အရိယမဂ်၏ အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့် **ဥပစာရ**ဟူ၍လည်းကောင်း,

၄။ ရှေ့နောက်ဖြစ်သော ဓမ္မတို့အား လျော်သည်၏ အဖြစ်ကြောင့် **အနုလောမ = အနုလုံ** ဟူ၍လည်းကောင်း

ခေါ်ဆိုခြင်းငှာလည်း သင့်သည်သာ ဖြစ်ပေသည်။

**အနုလောမ = အနုလုံ** — အဘယ်မည်သော ဓမ္မအား လျော်ပါသနည်းဟူမူ – ရှေးအဖို့ နောက်အဖို့တို့၌ ဖြစ်ကုန်သော ဓမ္မအဖို့အစုတို့အား လျော်၏ဟူပေ။ မှန်ပေသည် - ထိုတတိယအနုလုံဇောသည် ရှေးအဖို့၌ ဖြစ်-ကုန်သော ဥဒယဗ္ဗယဉာဏ် အစရှိကုန်သော ရှစ်ပါးသော ဝိပဿနာဉာဏ်တို့၏ မဖောက်မပြန် မှန်သော သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်ကို တင်၍ ဝိပဿနာ ရှုပွားသုံးသပ်ခြင်း လုပ်ငန်းကိစ္စ ရှိသည်၏ အဖြစ်အား-လည်း လျော်၏၊ အထက်ဖြစ်သော အရိယမဂ်ခဏ၌ ဖြစ်ပေါ်လာမည့် (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့၏ မဖောက်မပြန် မှန်သော ကိစ္စရှိသည်၏ အဖြစ်အားလည်း လျော်၏။ (ဝိသုဒ္ဓိ-၂-၃၀၈။)

အနုလောမဉာဏ်သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတုံး မောဟခဲ မောဟအစုစသည်တို့ကို အလွန်အကဲနှင့်တကွ = လွန်လွန်ကဲကဲ ပယ်ဖျောက်သဖြင့် လောကီဝိပဿနာဉာဏ်တို့၌ ဥက္ကံသပရိယန္တဂတ = လွန်ကဲခြင်း၏ အဆုံးသို့ ရောက်နေ၏။ ထိုကြောင့်ပင်လျှင် အောက်၌ဖြစ်စေအပ်သော ဥဒယဗ္ဗယဉာဏ်စသည်တို့၏လည်း ကိစ္စကို ဆန့်ကျင်ဘက် ပဋိပက္ခမှ ဝေးစွာ ဖြစ်ခြင်းဖြင့် အနက်သဘောအားဖြင့် ပြီးစေသည်သာလျှင် ဖြစ်၍ ဖြစ်ပေါ်လာ၏။ တစ်ဖန် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်လတ်သော် ထိုဥဒယဗ္ဗယဉာဏ်စသည်တို့၏ ကိစ္စကို လျော်စေဘိသကဲ့သို့ ဖြစ်နေ၏။ ထိုကြောင့် တတိယမြောက်ဇော ဖြစ်သည့် အနုလုံဇောသည် ရှေးအဖို့၌ ဖြစ်ကုန်သော ဥဒယဗ္ဗယဉာဏ် အစရှိကုန်သော (၈)ပါးသော ဝိပဿနာဉာဏ်တို့၏ မဖောက်မပြန် မှန်သော သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်ကို တင်၍ ရှုပွားသုံးသပ်ခြင်း လုပ်ငန်းကိစ္စ ရှိသည်၏ အဖြစ်အားလည်း လျော်၏၊ အထက်ဖြစ်သော အရိယမဂ်ခဏ၌ ဖြစ်ပေါ်လာမည့် (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့၏ မဖောက်မပြန် မှန်သော ကိစ္စရှိသည်၏ အဖြစ်အားဖြင့်လည်း လျော်၏ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်းဖြစ်သည်။
(မဟာဋီ-၂-၄၈၀။)

အကျယ်မှာ ဤသို့ ဖြစ်၏။ ထိုအနုလောမဉာဏ်သည် = ထိုအနုလောမဉာဏ်၏ အနိစ္စစသော လက္ခဏာတို့တွင် တစ်မျိုးမျိုးသော လက္ခဏာ၏ အစွမ်းဖြင့်သာလျှင် တေဘူမက သင်္ခါရတရားတို့ကို အာရုံပြု၍ ဖြစ်သည်၏ အဖြစ်ကြောင့် —

၁။ "ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိသည်သာလျှင် ဖြစ်ကုန်သော သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိသော ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ခြင်း ပျက်ခြင်းတို့ကို စင်စစ် မြင်ပြီ"ဟူ၍လည်းကောင်း,

၂။ "ဘင်္ဂက္ခဏ = ပျက်ခြင်း ဘင်ခဏ ရှိသည်သာလျှင် ဖြစ်ကုန်သော သင်္ခါရတရားတို့၏ အပျက်ကို ရှုသော ဘင်္ဂဉာဏ်သည် အပျက်ကို စင်စစ် မြင်ပြီ"ဟူ၍လည်းကောင်း,

၃။ "ကြောက်အပ်သော သဘောရှိသော သင်္ခါရတရားသည်သာလျှင် သင်္ခါရတရားတို့ကို ကြောက်မက်ဖွယ် ဘေးဟု ရှုမြင်တတ်သော ဘယတုပဋ္ဌာနဉာဏ်အား စင်စစ် ကြောက်မက်ဖွယ် ဘေးအားဖြင့် ရှေးရှု ထင်၏"ဟူ၍လည်းကောင်း,

၄။ "အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဟူသော အပြစ်ရှိသော သင်္ခါရတရား၌သာလျှင် ယင်းအပြစ်ကို ရှုမြင်တတ်သော အာဒီနဝါနုပဿနာဉာဏ်သည် သင်္ခါရတရားတို့၏ ယင်းအပြစ်ကို စင်စစ် မြင်ပြီ"ဟူ၍လည်းကောင်း,

၅။ "ငြီးငွေ့အပ်သော သင်္ခါရတရား၌သာလျှင် သင်္ခါရတရားတို့၌ ငြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်သော နိဗ္ဗိဒါဉာဏ်သည် စင်စစ် ငြီးငွေ့၏"ဟူ၍လည်းကောင်း,

၆။ "စွန့်လွှတ်အပ်သော သင်္ခါရတရား၌သာလျှင် သင်္ခါရတရားတို့ကို စွန့်လွှတ်လိုသော မုဉ္စိတုကမျတာဉာဏ်-သည် လွတ်လိုသည် စင်စစ် ဖြစ်ပြီ"ဟူ၍လည်းကောင်း,

၇။ “တစ်ဖန် လက္ခဏာရေးသုံးတန်ကို တင်၍ သုံးသပ်ဆင်ခြင်အပ်သော သင်္ခါရတရားကိုသာလျှင် လက္ခဏာ-ရေးသုံးတန် တင်၍ သုံးသပ်ဆင်ခြင်တတ်သော ပဋိသင်္ခါဉာဏ်ဖြင့် စင်စစ် သုံးသပ်ဆင်ခြင်အပ်ပြီ”ဟူ၍ လည်းကောင်း,

၈။ “လျစ်လျူရှုအပ်သော သင်္ခါရတရားကိုသာလျှင် သင်္ခါရတရားတို့၌ လျစ်လျူရှုတတ်သော သင်္ခါရုပေက္ခာ-ဉာဏ်သည် စင်စစ် လျစ်လျူရှုအပ်ပြီ”ဟူ၍လည်းကောင်း —

မဆိုသော်လည်း အနက်သဘောကျရောက်သော အတ္ထာပတ္တိနည်းအားဖြင့် ဆိုဘိသကဲ့သို့ ဤရှစ်မျိုးသော ဉာဏ်တို့၏ မဖောက်မပြန် မှန်သော ကိစ္စရှိသည်၏ အဖြစ်အားဖြင့်လည်း လျော်၏၊ အထက်ဖြစ်သော အရိယမဂ် ခဏ၌ (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့၏ မဖောက်မပြန် မှန်သော ကိစ္စရှိသည်၏ အဖြစ်အားဖြင့်လည်း လျော်၏။ (ထိုကိစ္စကား သစ္စာလေးပါးကို မေ့လျော့ခြင်း = သမ္မောသ စသော ဆန့်ကျင်ဘက်တရားကို ပယ်-ဖျောက်ခြင်း ကိစ္စတည်း။) အဘယ်ကြောင့်နည်းဟူမူ — ထိုအနုလောမဉာဏ်၏ ရှုန့်ရင်း ရှုန့်ရင်းသော သစ္စာလေးပါးကို ဖုံးလွှမ်းထားတတ်သော သံကိလေသ အညစ်အကြေးကို ပယ်ခွာခြင်း ပဋိပတ်ဖြင့် ရောက်အပ်-သည်၏ အဖြစ်ကြောင့်တည်း။ မှန်ပေသည် — အနုလောမဉာဏ်သည် ထိုကဲ့သို့သော အခြင်းအရာအားဖြင့် မဖြစ်ခဲ့သော် ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်ပေ။ ဂေါတြဘုဉာဏ်သည်မူလည်း မဖြစ်လတ်သော် အရိယမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ မဖြစ်ပေါ်လာနိုင်ဟု သိရှိပါလေ။ ထိုသို့လျှင် အောက်ဖြစ်သော ဉာဏ် (၈)ပါးတို့အား လျော်ခြင်းကို အဦးမူသဖြင့် အထက်ဖြစ်သော အရိယမဂ်၌ ဖြစ်ပေါ်-လာမည့် ဗောဓိပက္ခိယတရား (၃၇)ပါးတို့အား လျော်ခြင်းကြောင့်ပင်လျှင် မဂ္ဂသစ္စာအား လျော်စွာ ဖြစ်သည်၏ အဖြစ်ကြောင့် ဤအနုလောမဉာဏ်ကို **သစ္စာနုလောမိကဉာဏ်**ဟူ၍ ခေါ်ဆိုအပ်ပေသည်။

(ဝိသုဒ္ဓိ-၂-၃၀၈-၃၀၉။ မဟာဋီ-၂-၄၇၉-၄၈၀။)

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အမည်များ

တဥ္စ ပိသေသတော ဝုဋ္ဌာနံ အရိယမဂ္ဂံ ဂစ္ဆတိ ဥပေတီတိ ဝုဋ္ဌာနဂါမိနီတိ ဝတ္တဗ္ဗတံ လဘတိ။ (မဟာဋီ-၂-၄၈၁။)

သဗ္ဗေန သဗ္ဗံ ပန ဂေါတြဘုဉာဏံ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ။ (ဝိသုဒ္ဓိ-၂-၃၀၉။)

ဤ အနုလောမဉာဏ်သည်သာလျှင် သင်္ခတတရား = သင်္ခါရတရားလျှင် အာရုံရှိသော အရိယမဂ်သို့ ချဉ်းကပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ နယ်ဆုံး ဖြစ်၏။ အကယ်စင်စစ်မှာမူကား အချင်းခပ်သိမ်း ဂေါတြဘုဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အဆုံး ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၃၀၉။)

အရိယမဂ်သည် နိမိတ္တနှင့် ပဝတ္တမှ ထသောကြောင့် ဝုဋ္ဌာန အမည်ရ၏။ ထိုဂေါတြဘုဉာဏ်သည် အထူးသဖြင့် ဝုဋ္ဌာနအမည်ရသော အရိယမဂ်သို့ သွားတတ် ချဉ်းကပ်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီဟူ၍ ဆိုသင့် ဆိုထိုက်သည်၏ အဖြစ်ကို ရရှိပေ၏။ ထို့ကြောင့် သင်္ခတတရား = သင်္ခါရတရားကို အာရုံပြုသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အဆုံးကား အနုလောမဉာဏ်တည်း။ နိဗ္ဗာန်ကို အာရုံပြုသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးကား ဂေါတြဘုဉာဏ်တည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအလိုအားဖြင့် ဂေါတြဘုဉာဏ်သည်လည်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာတွင်ပင် အကျုံးဝင်သည်ဟု မှတ်ပါ။

ထို ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ထိုထိုသုတ္တန်တို့၌ ပရိယာယ် အမျိုးမျိုးဖြင့် ဟောကြားထားတော်မူခဲ့၏၊ ယခုအခါ၌ ထိုထို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌သာလျှင် ထိုထိုသုတ္တန်တို့၌ ပရိယာယ် အမျိုးမျိုးဖြင့် လာရှိရာဝယ် မတွေ့မဝေစိမ့်သောငှာ အသိဉာဏ် မရှုပ်ထွေးစိမ့်သောငှာ ဤဆိုလတ္တံ့သော ထိုထိုသုတ္တန်တို့အား လျော်စွာ စေ့စပ်နှီးနှောခြင်းကို သိရှိပါလေ။

### ၁။ အတမ္မယတာ

အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ ယာယံ ဥပေက္ခာ ဧကတ္တာ ဧကတ္တသိတာ၊ တံ ပဇဟထ တံ သမတိက္ကမထ။ (မ-၃-၂၆၃။)

ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **သဠာယတနဝိဘင်္ဂသုတ်**၌ —

"ရဟန်းတို့ . . . တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို အမှီပြု အခြေပြု၍ ပွားစေ၍ တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို အစွဲပြု၍ အကြောင်းပြု၍ အကြင် အရူပါဝစရ စိတ္တုပ္ပါဒ် = အရူပါဝစရ စိတ်စေတသိက်၌ အတွင်းဝင်သော အရူပါဝစရစိတ်နှင့် ယှဉ်သော ဥပေက္ခာဝေဒနာ ဟူသော ဝေဒနုပေက္ခာ, ထိုအရူပါဝစရ စိတ်စေတသိက် = နာမ်တရားစုကို အာရုံပြု၍ ဝိပဿနာရှုနေသော ဝိပဿနာဉာဏ်ပညာဟူသော ဝိပဿနုပေက္ခာသည် တစ်ခုတည်းသော တူသော သဘောလည်း ရှိသောကြောင့်, တစ်ခုတည်းသော တူသော အာရုံလည်း ရှိသောကြောင့် ဧကတ္တ မည်၏၊ တစ်ခုတည်းသော တူသောသဘော ရှိသော အာရုံကို မှီသောကြောင့် အာရုံပြုသောကြောင့် ဧကတ္တသိတလည်း မည်၏။ ထိုဧကတ္တ, ဧကတ္တသိတ ဥပေက္ခာကို ယင်းဧကတ္တ ဧကတ္တသိတဥပေက္ခာကို အာရုံပြု၍ ဖြစ်ပေါ်လာသော ကိလေသာကို ပယ်သော အားဖြင့် ပယ်စွန့်ကြကုန်လော၊ ထိုဥပေက္ခာကို လွန်မြောက်နိုင်အောင် ကြိုးစား၍ ကျင့်ကြကုန်လော" ဟု **အတမ္မယတာ** = တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဝိပဿနာဟု ဟောတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၀၉-၃၁၀။)

**အတမ္မယတာ** = အကြင်ဝိပဿနာ၏ အရှုခံအာရုံ ဖြစ်သော လောကီ သင်္ခါရတရားတို့ကို အာရုံပြု၍ **အနုလောမဉာဏ်**အဆုံးရှိသော ဝုဋ္ဌာနဂါမိနီဝိပဿနာသည် ဖြစ်ပေါ်လာ၏၊ ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်သော သင်္ခါရတရားတို့ကို မှီ၍ ဖြစ်သော ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော သင်္ခါရတရားတို့နှင့် ဆက်စပ်လျက် ရှိသော ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်သော သင်္ခါရတရားတို့ကို တပ်မက်သော တဏှာ-သည် ထိုဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်သော သင်္ခါရတရားတို့နှင့် ကင်း၍ မဖြစ်ခြင်းကြောင့် **တမ္မယာ** မည်၏၊ **တမ္မယာ**သည်ပင်လျှင် **တမ္မယတာ** မည်၏။

တစ်နည်း — တဏှာနှင့် ယှဉ်ဖက်သမ္ပယုတ် ဖြစ်ကုန်သော လောဘမူ နာမက္ခန္ဓာတို့သည် **တမ္မယာ** မည်ကုန်၏၊ ထိုလောဘမူ နာမက္ခန္ဓာတို့၏ ဖြစ်ကြောင်းသဘောတရားသည် **တမ္မယတာ** မည်၏။ ထိုလောဘမူ နာမက္ခန္ဓာတို့၏ ဖြစ်ကြောင်းသဘောတရားဟူသည်မှာလည်း ထိုတဏှာပင်တည်း။ ထိုတဏှာ၏ ဆန့်ကျင်ဘက် ဖြစ်သော = သင်္ခါရတရားတို့အပေါ်၌ တွယ်တာနေသည့် ထိုတဏှာကို ပယ်ခွာနိုင်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ-သည် **အတမ္မယတာ** မည်၏။ ထိုကြောင့် မဇ္ဈိမနိကာယ် အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူ၏။

တမ္မယတာ နာမ တဏှာ၊ တဿာ ပရိယာဒိယနတော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အတမ္မယတာတိ ဝုစ္စတိ။ (မ-ဋ္ဌ-၄-၁၈၉။)

တမ္မယတာမည်သည်ကား တဏှာတည်း၊ ထိုတဏှာကို ကုန်စေတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **အတမ္မယတာ**ဟူ၍ ခေါ်ဆိုအပ်၏။ (မ-ဋ္ဌ-၄-၁၈၉။) (မဟာဋီ-၂-၄၈၁။)

**ဧကတ္တ – ဧကတ္တသိတာ** — ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံ ငါးပါးတို့ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဥပေက္ခာဝေဒနာကား အမျိုးမျိုးရှိ၏။ (ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ စသည်တို့၌ ဥပေက္ခာဝေဒနာများသည် ထိုက်သလို ယှဉ်နိုင်သဖြင့် ဥပေက္ခာ ဝေဒနာ အမျိုးမျိုးရှိ၏ဟု ဆိုခြင်းဖြစ်သည်။) ထိုကြောင့် နာနတ္တ ဖြစ်၏။ အာရုံကလည်း (၅)မျိုးရှိသဖြင့် အထူးထူး သော အာရုံကို မှီနေ၏၊ အာရုံပြုနေ၏။ ထိုကြောင့် နာနတ္တသိတ ဖြစ်၏။ ထိုနာနတ္တ နာနတ္တသိတ ဖြစ်သော ဥပေက္ခာကို သို့မဟုတ် ယင်းဥပေက္ခာနှင့်တကွသော နာမ်တရားစုကို ဝိပဿနာရှုနေသော ဝိပဿနာပညာကို အထူးသဖြင့် သင်္ခါရုပေက္ခာပညာကို ဝိပဿနုပေက္ခာဟူ၍ သိရှိပါလေ။

အာကာသာနဉ္စာယတနစျာန်စိတ်, ဝိညာဏဉ္စာယတနစျာန်စိတ်, အာကိဉ္စညာယတနစျာန်စိတ်, နေဝသ-ညာနာသညာယတနစျာန်စိတ်ဟူသော အရူပါဝစရ စိတ်စေတသိက်၌ အကျုံးဝင်သော ဥပေက္ခာဝေဒနာသည် တူသောသဘော ရှိသောကြောင့်လည်းကောင်း, တူသောအာရုံ ရှိသောကြောင့်လည်းကောင်း **ဧကတ္တ** မည်၏။ တူသောသဘော ရှိသော အာရုံကို မှီသောကြောင့် အာရုံပြုသောကြောင့် **ဧကတ္တသိတာ** မည်၏။ ထို ဧကတ္တ ဧကတ္တသိတဖြစ်သော ဥပေက္ခာဝေဒနာနှင့် တကွသော အရူပါဝစရစျာန်တို့ကို ဝိပဿနာရှုနေသော ဝိပဿနာ ပညာဟူသော ဝိပဿနုပေက္ခာသည်လည်း **ဧကတ္တ ဧကတ္တသိတ** မည်၏။ ထိုဧကတ္တ ဧကတ္တသိတ အမည်ရသော သင်္ခါရတရားစုတို့ကို အာရုံပြု၍ တွယ်တာတပ်မက်နေသော တဏှာတရားကို ယင်းသင်္ခါရတရားတို့ကို ဝိပဿနာ ရှုလျက် ပယ်စွန့်ပါဟု ဆိုလိုသည်။ ယင်း တဏှာကို ပယ်စွန့်နိုင်သော ကုန်စေတတ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **အတမ္မယတာ**ဟူ၍ ဟောကြားတော်မူသည်။

## ၂။ နိဗ္ဗိဒါ

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။ (မ-၁-၁၉၂။)

ငြီးငွေ့သည်ဖြစ်၍ တပ်မက်ခြင်း ကင်း၏၊ တပ်မက်ခြင်း ကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏။
(မ-၁-၁၉၂။)

ဤ အလဂဒ္ဒသုတ္တန်၌ ဤ**ဝုဋ္ဌာနဂါမိနီဝိပဿနာ**ကို **နိဗ္ဗိဒါ**ဟူ၍ ဟောကြားထားတော်မူ၏။ ထိုသုတ္တန်၌-

၁။ နိဗ္ဗိန္ဒံ - ဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာကို,

၂။ ဝိရဇ္ဇတိ = တပ်မက်ခြင်းကင်း၏- ဟူသော စကားရပ်ဖြင့် မဂ်ကိစ္စကို,

၃။ ဝိမုစ္စတိ = ကိလေသာမှ လွတ်မြောက်၏ဟူသော စကားရပ်ဖြင့် ဖိုလ်ကိစ္စကို အသီးအသီး ဟောတော်မူ၏ဟု မှတ်ပါ။ (မဟာဋီ-၂-၄၈၁။)

## ၃။ ဓမ္မဋ္ဌိတိဉာဏ်

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ။ (သံ-၁-၃၄၄။)

သုသိမ . . . သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ၌ ကောင်းစွာ တည်သော ဓမ္မဋ္ဌိတိအမည်ရသော ဝိပဿနာဉာဏ်သည် ရှေးမဆွကပင် ဖြစ်၏၊ နိဗ္ဗာန်တရားတော်မြတ်၌ အာရုံပြုသော အရိယမဂ်ဉာဏ်သည် နောက်ကာလ၌ ဖြစ်၏။ (သံ-၁-၃၄၄။)

ဤသို့လျှင် ဤသုသိမသုတ္တန်၌ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **ဓမ္မဋ္ဌိတိဉာဏ်**ဟူ၍ ဟောကြားထားတော်မူ၏။ အဘယ်ကြောင့်နည်းဟူမူ — ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ဓမ္မဋ္ဌိတိ အမည်ရသော ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ မတွေဝေသည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့်တည်း။
(ဝိသုဒ္ဓိ-၂-၃၁၀။ မဟာဋီ-၂-၄၈၂။)

**ဓမ္မဋ္ဌိတိဉာဏ**န္တိ ပစ္စယာကာရေ ဉာဏံ။ ပစ္စယာကာရော ဟိ ဓမ္မာနံ ပဝတ္တိဋ္ဌိတိကာရဏတ္တာ ဓမ္မဋ္ဌိတီတိ ဝုစ္စတိ၊ ဧတ္ထ ဉာဏံ ဓမ္မဋ္ဌိတိဉာဏံ၊ ဧတဿေဝ ဆဗ္ဗိဓဿ ဉာဏဿေတံ အဓိဝစနံ။
(သံ-ဋ္ဌ-၂-၆၃။ ဒုတိယဉာဏဝတ္ထုသုတ်။)

အကျိုးတရားမှန်သမျှသည် အကြောင်းတရားနှင့်သာ ဆက်စပ်လျက် ဖြစ်ရိုးဓမ္မတာ ရှိ၏၊ အကျိုးတရား-သည် ထိုသို့ အကြောင်းတရားနှင့် ဆက်စပ်၍ ဖြစ်ခြင်းသဘော ရှိခြင်းကြောင့် ထိုအကြောင်းတရား၌ ရပ်တည် နေရကား အကျိုး (= ရုပ်နာမ်)တရား၏ တည်ရာ အကြောင်းတရားကို **ဌိတိ**ဟု ခေါ်ဆို၏။ ခဏတ္တယသမင်္ဂီ = ဥပါဒ်-ဌီ-ဘင်-ဟူသော ခဏသုံးပါးအပေါင်းနှင့် ပြည့်စုံသော အကျိုး သင်္ခတရုပ်နာမ်**ဓမ္မ**၏ တည်ရာ အကြောင်း တရား **ဌိတိ**သည် **ဓမ္မဋ္ဌိတိ** မည်၏။ တစ်နည်းကား — **ဓမ္မ**ဟူသည် အကြောင်းတရားတည်း။ ယင်းအကြောင်း ဓမ္မ၏ အကြင်တည်ရှိနေမှု သဘောတရားသည် ရှိ၏၊ ထိုတည်ရှိနေမှု သဘောတရားသည်ပင်လျှင် ဓမ္မ = အကြောင်းတရားမှ တစ်ပါး အခြား တစ်စုံတစ်ရာ မရှိခြင်းကြောင့် **ဓမ္မဋ္ဌိတိ** မည်၏။ တည်ရှိနေသော အကြောင်း တရားဟု ဆိုလိုသည်။ ထိုအကျိုး ရုပ်နာမ်ဓမ္မ၏ တည်ရာ အကြောင်းတရား၌ သိသော ဉာဏ်သည်, တစ်နည်း တည်ရှိနေသော အကြောင်းတရားကို သိသော ဉာဏ်သည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။ ထို့ကြောင့် **ဓမ္မဋ္ဌိတိဉာဏ်** ဟူသည် ပစ္စယာကာရ အမည်ရသော အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရား၌ သိသော ဉာဏ်တည်းဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ မှန်ပေသည် —

ပစ္စယာကာရ အမည်ရသော အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားသည် အကျိုး ပစ္စယုပ္ပန်တရား ဖြစ်ကြကုန်သော ရုပ်နာမ်ဓမ္မ သင်္ခတတရားတို့၏ ဥပါဒ်-ဌီ-ဘင်- အနေအားဖြင့် ရှေးနောက် အစဉ်မပြတ် အယဉ်မပြတ် ဖြစ်၍နေခြင်း **ပဝတ္တိ**ဟု ခေါ်ဆိုအပ်သော တည်နေရမှု **ဌိတိ**တရား၏ အကြောင်းတရား ဖြစ်သောကြောင့် **ဓမ္မဋ္ဌိတိ**ဟူ၍ ခေါ်ဆိုအပ်၏။ ဤဓမ္မဋ္ဌိတိ၌ သိသော ဉာဏ်- သည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏၊ ထို့ကြောင့် —

ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ။ (ပဋိသံ-၁။)

အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြား၍ ယူခြင်း၌ ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏။ (ပဋိသံ-၁။)

ဤသို့လျှင် အရှင်သာရိပုတ္တကိုယ်တော်မြတ်ကြီးသည် ဟောကြားထားတော်မူ၏။ ဤ**ဓမ္မဋ္ဌိတိဉာဏ်**ဟူသော အမည်သည် —

၁။ ပစ္စုပ္ပန်၌လည်း အဝိဇ္ဇာ ဖြစ်ခြင်းကြောင်း သင်္ခါရ ဖြစ်၏ဟု သိသောဉာဏ်,

၂။ အဝိဇ္ဇာ ထင်ရှားမရှိခြင်းကြောင့် သင်္ခါရ ထင်ရှားမရှိဟု =
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏ဟု သိသောဉာဏ်,

၃။ အတိတ်ကာလ၌လည်း အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏ဟု သိသောဉာဏ်,

၄။ အဝိဇ္ဇာ ထင်ရှားမရှိခြင်းကြောင့် သင်္ခါရ ထင်ရှားမရှိဟု =
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏ဟု သိသောဉာဏ်,

၅။ အနာဂတ်ကာလ၌လည်း အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရ ဖြစ်၏ဟု သိသောဉာဏ်,

၆။ အဝိဇ္ဇာ ထင်ရှားမရှိခြင်းကြောင့် သင်္ခါရ ထင်ရှားမရှိဟု =
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်၏ဟု သိသော ဉာဏ် —

ဤသို့လျှင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ (၆)မျိုးသော ဉာဏ်, သင်္ခါရပစ္စယာ ဝိညာဏံ စသည်၌လည်း အလားတူပင် (၆)မျိုးစီသော ဉာဏ်၏အမည် ဖြစ်ပေသည်။ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလသုံးပါးဖြင့် သိမ်းကျုံးရေတွက်အပ်သော ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ အနွယ - ဗျတိရေက = ဖြစ်ပုံ-ချုပ်ပုံ၏ အစွမ်းဖြင့် ဖြစ်သော (၆)မျိုးသော ဉာဏ်တည်း။

ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကား ယင်း (၆)မျိုးသော ဉာဏ်ကိုပင် တစ်ဖန်ပြန်၍ လက္ခဏာရေးသုံးတန်ကို တင်ကာ ဝိပဿနာရှုသော ရှုနိုင်သော ဉာဏ်ဖြစ်သဖြင့် ပဋိစ္စသမုပ္ပါဒ်သဘောတရား၌ မတွေမဝေသောအားဖြင့် ဖြစ်၏၊ ထို့ကြောင့် ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **ဓမ္မဋ္ဌိတိဉာဏ်**ဟူ၍ ခေါ်ဆိုပေသည်။ (မဟာဋီ-၂-၄၈၂။)

**ဓမ္မဋ္ဌိတိဉာဏ**န္တိ ဝိပဿနာဉာဏံ၊ တံ ပဌမတရံ ဥပ္ပဇ္ဇတိ။ (သံ-ဌ-၂-၁၁၇။)

ဓမ္မာနံ ဌိတတာ တံသဘာဝတာ ဓမ္မဋ္ဌိတိ၊ အနိစ္စဒုက္ခာနတ္တတာ၊ တတ္ထ ဉာဏံ **ဓမ္မဋ္ဌိတိဉာဏ**န္တိ အာဟ **"ဝိပဿနာဉာဏ"**န္တိ။ (သံ-ဋီ-၂-၁၂၄။)

ဤအဖွင့်များ အလိုသော် ရုပ်နာမ် ပရမတ္ထဓမ္မတို့၏ အနိစ္စအနေအထား ဒုက္ခအနေအထား အနတ္တအနေ အထားအားဖြင့် တည်နေခြင်း၌ သိသော ဝိပဿနာဉာဏ်သည် **ဓမ္မဋ္ဌိတိဉာဏ်** မည်ပေသည်။ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာအားဖြင့် တည်နေသော ရုပ်နာမ် ပရမတ္ထဓမ္မ၌ အကြောင်း ရုပ်နာမ်, အကျိုး ရုပ်နာမ် အားလုံး

ပါဝင်သည်သာ ဖြစ်သည်။ ထို အကြောင်း ရုပ်နာမ် အကျိုး ရုပ်နာမ် ပရမတ်တို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို သိသော ဝိပဿနာဉာဏ်တို့တွင် ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကား ထိပ်ဆုံး ဖြစ်ပေ- သည်။ ထို့ကြောင့် ဓမ္မဋ္ဌိတိ အမည်ရသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်က ရှေးကဖြစ်၍ ယင်းဝိပဿနာဉာဏ်၏ နောက်၌ ဝိပဿနာဉာဏ် လေ့ကျက်ပြီးသည်၏ အဆုံး၌ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်- ဉာဏ်သည် ဖြစ်ပေါ်လာ၏ဟု သုသိမ ရဟန်းတော်အား ဘုရားရှင်သည် ဟောကြားတော်မူ၏။ (ဆိုလိုသည်မှာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်သည် ဝိပဿနာဉာဏ်၏ အကျိုးဆက်သာ ဖြစ်သည်၊ အဘိညာဏ်၏ အကျိုးဆက် မဟုတ် = သမာဓိ၏ အကျိုးဆက် မဟုတ် ဟူလိုသည်။)

## ၄။ သညဂ္ဂ

သညာ ခေါ ပေါဋ္ဌပါဒ ပဌမံ ဥပ္ပဇ္ဇတိ၊ ပစ္ဆာ ဉာဏံ။ (ဒီ-၁-၁၇၂။)

ပေါဋ္ဌပါဒ . . . စင်စစ် သညာသည် ရှေးဦးစွာ ဖြစ်၏၊ နောက်၌ အရိယမဂ်ဉာဏ်သည် ဖြစ်၏။ (ဒီ-၁-၁၇၂။)

ဤသို့လျှင် ပေါဋ္ဌပါဒသုတ္တန်၌ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **သညဂ္ဂ** ဟူ၍ ဟောတော်မူအပ်၏။ (ဝိသုဒ္ဓိ-၂-၃၁၀။)

မူရင်း သုတ္တန်ပါဠိတော်၌ အထက်တွင် ရေးသားတင်ပြထားသည့်အတိုင်း — သညာ ခေါ ပေါဋ္ဌပါဒ စသည်ဖြင့် သညာဟူ၍သာလျှင် ဟောထားတော်မူ၏၊ သို့သော်လည်း သုတ္တန်ရှေ့ပိုင်း၌ အစဉ်သဖြင့် "သညဂ္ဂံ ဖုသတိ = အထွတ်အမြတ်ဖြစ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာနှင့် ယှဉ်သော သညာသို့ ရောက်ရှိ၏"ဟု ဟောကြား ထားတော်မူအပ်သည်၏ အဖြစ်ကြောင့် **"သညဂ္ဂ"**ဟူ၍ အဋ္ဌကထာက ဖွင့်ဆိုခြင်းဖြစ်သည်။ (မဟာဋီ-၂-၄၈၂။)

## ၅။ ပါရိသုဒ္ဓိပဓာနိယင်္ဂ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပါရိသုဒ္ဓိပဓာနိယင်္ဂံ။ (ဒီ-၃-၂၅၂။)

= ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် ပါရိသုဒ္ဓိ၏ ပြဓာန်းသော အကြောင်းအင်္ဂါ မည်၏။ (ဒီ-၂-၂၅၂။)

ဤသို့လျှင် **ဒသုတ္တရသုတ္တန်**၌ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **ပါရိသုဒ္ဓိပဓာနိယင်္ဂ** = ထက်ဝန်းကျင်မှ ကိလေသာ အညစ်အကြေးတို့၏ ကင်းဝေးစင်ကြယ်ခြင်း (= ပါရိသုဒ္ဓိ) ၏ ပြဓာန်းသော အကြောင်းအင်္ဂါဟု ဟောကြားထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၁၀။)

ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၏ တစ်စိတ်တစ်ဒေသ ဖြစ်၏။ ဥပက္ကိလေသ အညစ်အကြေးတို့မှ လွတ်မြောက်သော ဥဒယဗ္ဗယဉာဏ်ပိုင်းမှသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ တိုင်အောင်သော ဝိပဿနာဉာဏ် အားလုံးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိချည်းသာတည်း။ အပေါင်း၏ အမည်ကို အစိတ်၌ တင်စား၍ တစ်စိတ်တစ်ဒေသ ဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို ဧကဒေသူပစာရအားဖြင့် ပါရိသုဒ္ဓိ၏ ပြဓာန်းသော အကြောင်း အင်္ဂါဟု ဖွင့်ဆိုထားသည်။ (မဟာဋီ-၂-၄၈၂။)

## ၆။ မုဉ္စိတုကမျတာဉာဏ် + ပဋိသင်္ခါနုပဿနာဉာဏ် + သင်္ခါရုပေက္ခာဉာဏ်

ယာ စ **မုဉ္စိတုကမျတာ** ယာ စ **ပဋိသင်္ခါနုပဿနာ** ယာ စ **သင်္ခါရုပေက္ခာ**၊ ဣမေ ဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။ (ပဋိသံ-၂၅၉။)

= အကြင် **မုဉ္စိတုကမျတာဉာဏ်**သည်လည်းကောင်း, အကြင် **ပဋိသင်္ခါနုပဿနာဉာဏ်**သည်လည်းကောင်း, အကြင် **သင်္ခါရုပေက္ခာဉာဏ်**သည်လည်းကောင်း ရှိ၏၊ ဤ သုံးမျိုးကုန်သော ဓမ္မ = ဉာဏ်တို့သည် တူသော အနက်သဘော ရှိကုန်၏၊ သဒ္ဒါမျှသာလျှင် ထူး၏။ (ပဋိသံ-၂၅၉။)

ဤသို့လျှင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါ–နုပဿနာဉာဏ်, သင်္ခါရုပေက္ခာဉာဏ်**ဟူသော အမည် သုံးမျိုးတို့ဖြင့် ဟောကြားထားတော်မူ၏။

(ဝိသုဒ္ဓိ-၂-၃၁၀။)

ဤ ပါဠိတော် အဋ္ဌကထာတို့နှင့် အညီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာအရ ယင်းဉာဏ် သုံးမျိုးလုံးကိုပင် အရ ကောက်ယူရမည် ဖြစ်သည်။ ယင်းဉာဏ် သုံးမျိုးလုံးကိုပင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ခေါ်ဆိုနိုင်သည် မှတ်ပါ။

## ၇။ အနုလုံ ဂေါတြဘု ဝေါဒါန်

**အနုလောမံ ဂေါတြဘုဿ**၊ အနုလောမံ **ဝေါဒါနဿ**။

**ဂေါတြဘု** မဂ္ဂဿ၊ **ဝေါဒါနံ** မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၃၈။)

= **အနုလုံ**သည် **ဂေါတြဘု**အား, အနုလုံသည် **ဝေါဒါန်**အား, **ဂေါတြဘု**သည် သောတာပတ္တိမဂ်အား, **ဝေါဒါန်**သည် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်အား (ရှေးရှေး ကုသိုလ်ခန္ဓာတို့က နောက်နောက် ကုသိုလ်ခန္ဓာတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးခြင်းဟူသော) အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(ပဋ္ဌာန-၁-၁၃၈။)

ဤသို့လျှင် ပဋ္ဌာန်းဒေသနာတော်၌ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **အနုလုံ ဂေါတြဘု ဝေါဒါန်**ဟူသော အမည် သုံးမျိုးတို့ဖြင့် ဟောကြားထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၁၀။)

## ၈။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ

ကိံ ပနာဝုသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ။ (မ-၁-၂၀၁။)

= ငါ့ရှင် . . . အသို့နည်း၊ **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** အကျိုးငှာ ဘုရားရှင်၏ အထံတော်၌ ဗြဟ္မစရိယ အမည်ရသော မြတ်သောအကျင့်ကို ကျင့်သုံးသလော။ (မ-၁-၂၀၁။)

ဤသို့လျှင် **ရထဝိနီတသုတ္တန်**၌ ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** ဟူ၍ ဟောကြားထားတော်မူအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၁၀။)

သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ = ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသို့ တိုင်အောင်သော မြတ်သော ကျင့်ဝတ် ပဋိပတ်ကား သာသနာ့ဗြဟ္မစရိယ တည်း။ အရိယမဂ်ဉာဏ်ကား မဂ္ဂဗြဟ္မစရိယတည်း။ ဤ၌ သာသနာ့ဗြဟ္မစရိယကို အထူးရည်ညွှန်းထားပေသည်။ သို့သော် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ အမည်ရသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ စခန်းသို့ ဆိုက်ရောက်ပါက ဉာဏ-ဒဿနဝိသုဒ္ဓိ အမည်ရသော အရိယမဂ်ဉာဏ်သည် ကိန်းသေမြဲသော ဖြစ်ခြင်းဖြင့် ဧကန် ဖြစ်တော့မည်သာ တည်း၊ ထိုကြောင့် ဗြဟ္မစရိယအရ အထက်ပါ ရထဝိနီတသုတ်၌ သာသနာ့ဗြဟ္မစရိယကို အထူး ရည်ညွှန်း-ထားသော်လည်း မဂ္ဂဗြဟ္မစရိယကိုလည်း မပယ်မြစ်ပါဟု မှတ်ပါ။ သို့သော် မဂ္ဂဗြဟ္မစရိယကား ဉာဏဒဿန ဝိသုဒ္ဓိဟူသော အမည်ဖြင့် လာပေလတ္တံ့။

## နိမိတ္တနှင့် ပဝတ္တမှ ထပုံ ဖြတ်ထုံး

နိမိတ္တနှင့် ပဝတ္တမှ ထပုံကို ရှေးတွင် အကျဉ်းအားဖြင့် ရေးသားတင်ပြခဲ့၏။ ဤတွင် အဋ္ဌသာလိနီ အဋ္ဌကထာ၏ ဖွင့်ဆိုချက်ကို ထပ်မံ၍ ရေးသားတင်ပြအပ်ပါသည်။ (အဘိ-ဋ္ဌ-၁-၂၇၅-၂၇၉-မှ။)

အထက်၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ဗောဓိုင် မဂ္ဂင် ဈာနင်တို့၏ အရေအတွက် ပြောင်းလွဲခြင်း ရှိသော အရိယမဂ်၏ ဖြစ်ရာအခါ၌ **ဂေါတြဘု**သည် အဘယ်မှထသနည်း၊ **အရိယမဂ်**သည် အဘယ်မှ ထသနည်း၊ ဤကား အမေးတည်း၊ အဖြေမှာ ဤသို့တည်း။ —

ရှေးဦးစွာ **ဂေါတြဘု**သည် သင်္ခါရနိမိတ်အာရုံဟူသော နိမိတ္တမှ ထ၏။ သို့သော် အဆက်မပြတ် ဖြစ်နေ-သော ဝဋ္ဋတရားတည်းဟူသော ပဝတ္တကို ဖြတ်ခြင်းငှာကား မစွမ်းနိုင်ပေ။ မှန်ပေသည် — ဤဂေါတြဘုသည် ဧကတော ဝုဋ္ဌာန = တစ်ဘက်မှသာ ထခြင်းရှိသော တရားဖြစ်၏။ အရိယမဂ်သည်ကား သင်္ခါရနိမိတ်အာရုံ ဟူသော နိမိတ္တမှလည်း ထ၏၊ အဆက်မပြတ် ဖြစ်သော ဝဋ္ဋတရားတည်းဟူသော ပဝတ္တကိုလည်း ဖြတ်နိုင်၏။ မှန်ပေသည် — ဤ အရိယမဂ်တရားသည် ဥဘတောဝုဋ္ဌာန = နိမိတ္တ ပဝတ္တဟူသော နှစ်ပါးစုံမှ ထခြင်းရှိသော တရားဖြစ်၏။

ဤဆိုလတ္တံ့သည်ကား ထိုဂေါတြဘုနှင့် အရိယမဂ်တို့၏ ဖြစ်ပေါ်ပုံကို သိကြောင်းဖြစ်သော နည်းတည်း။ အကျယ်မှာ ဤသို့တည်း။ အကြင် ဝိပဿနာဝါရ အလှည့်အကြိမ်၌ အရိယမဂ်တည်းဟူသော ဝုဋ္ဌာနသည် ဖြစ်ပေါ်လာ၏၊ ထို ဝိပဿနာအလှည့်အကြိမ်၌ အနုလောမ = အနုလုံသည် တစ်ကြိမ်တည်းသာ ဖြစ်သည် မဟုတ်၊ ငါးကြိမ်မြောက်လည်း ဖြစ်သည် မဟုတ်၊ အကြောင်းမူ - တစ်ကြိမ်တည်းသော အနုလုံသည် အာသေဝန ပစ္စည်း အထောက်အပံ့ကို မရ၊ ငါးကြိမ်မြောက် အနုလုံသည် ဘဝင်နှင့် နီးသည်၏ အဖြစ်ကြောင့် ဂေါတြဘုအား ကျေးဇူးပြုနိုင်လောက်အောင် မခိုင်မြဲရကား တုန်လှုပ်၏။ မှန်ပေသည် — ငါးကြိမ်မြောက်ဖြစ်ရာ ထိုအခါ၌ ဇောမည်သည် အရှိန်လျော့ကျသွားပြီ ဖြစ်၏၊ ထိုကြောင့် အနုလုံသည် တစ်ကြိမ်တည်းလည်း မဖြစ်၊ ငါးကြိမ်မြောက်လည်း မဖြစ်ပေ။ (အဘိ-ဋ္ဌ-၁-၂၇၅။)

**ပဝေဓတိ = တုန်လှုပ်၏** – ဟူသည် ဂေါတြဘု၏ အကြောင်းတရားဖြစ်ခြင်းငှာ မစွမ်းနိုင်ဟု ဆိုလိုသည်။ ငါးကြိမ်မြောက် ပဥ္စမစိတ္တက္ခဏ၌ ဇောမည်သည် အကယ်၍ အရှိန်လျော့ကျသည် ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်လတ်သော် အဘယ်ကြောင့် ပဥ္စမစိတ္တက္ခဏဖြစ်ရာ ထိုအခါ၌ ဂေါတြဘုသည်လည်းကောင်း, ထိုဂေါတြဘု၏ အခြားမဲ့၌ အရိယမဂ်သည်လည်းကောင်း ဇော၏ အရှိန်လျော့ကျရာအခါ၌ ဖြစ်ရပါသနည်းဟု မေးရန် ရှိ၏၊ အဖြေကား အသစ်ဖြစ်သော ဇောတစ်မျိုး၏ အရှိန်လျော့ကျမှု မရှိခြင်းကြောင့် ဖြစ်၏ဟူပေ။ မှန်ပေသည် — ထိုမူလ ဇောသည်ပင် အကြိမ်များစွာ ဖြစ်လတ်သော် အရှိန်လျော့ကျသည် ဖြစ်ရာ၏။ ဂေါတြဘုသည်ကား သင်္ခါရအာရုံမှ တစ်ပါးသော နိဗ္ဗာန်အာရုံ၌ ဖြစ်ပေါ်လာသော အသစ်ဖြစ်သော ဇောတည်း။ ထို့အတူ အရိယမဂ်သည် ကာမဘုံမှ တစ်ပါးသော လောကုတ္တရာဘုံဟူသော ဘုံတစ်ပါးအားဖြင့်လည်း အသစ်ဖြစ်သော ဇောပင်တည်း။ (အနုလုံ ဂေါတြဘုဇောတို့ကား ကာမာဝစရ မဟာကုသိုလ်ဇောများ ဖြစ်ကြသဖြင့် ကာမတရား = ကာမဘုံ၌ အကျုံး ဝင်သော တရားစုတည်း၊ အရိယမဂ်ကား လောကုတ္တရာဘုံ၌ အကျုံးဝင်သော တရားတည်း။ ဤသို့ ဘုံအားဖြင့် တစ်ပါးစီ တခြားစီ ဖြစ်၍ အရိယမဂ်သည် လောကုတ္တရာဇာတ် လောကုတ္တရာဘုံ၌ အသစ်စက်စက် ဖြစ်စ ဇောသာ ဖြစ်သည်။ အာရုံတစ်မျိုးတည်း ဘုံတစ်မျိုးတည်း ဖြစ်ပါမှ ဇောသည် ပဥ္စမစိတ္တက္ခဏ၌ အရှိန် လျော့ ကျသည်ဟု ဆိုရ၏။ ဂေါတြဘုသည် နိဗ္ဗာန်ဟူသော အာရုံသစ်ကို ယူရသောကြောင့် အရှိန် လျော့ကျသည် မမည်။ အရိယမဂ်သည်လည်း နိဗ္ဗာန်ဟူသော အသစ်အာရုံ တစ်မျိုး၌ ဖြစ်ရုံသာမက ကာမဘုံတရားမှ တစ်မျိုး

တခြားသော လောကုတ္တရာဘုံတရား ဖြစ်၍ အရှိန်လျော့ကျသည် မမည်။ ထို့ကြောင့် ပဥ္စမစိတ္တက္ခဏ၌ ဂေါ-တြဘုသည်လည်းကောင်း, ဆဋ္ဌစိတ္တက္ခဏ၌ အရိယမဂ်သည်လည်းကောင်း ဖြစ်နိုင်ပါသည် ဟူလိုသည်။)

သည်သာမကသေး — သတ္တမဇောစေတနာ၏ ရှေးရှေးဇောတို့၏ အာသေဝနပစ္စည်း အထောက်အပံ့ကို ရရှိသဖြင့် အားကောင်းသည်၏ အဖြစ်ကြောင့် ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌ အကျိုးပေးသောကံ၏ အဖြစ်-သည်လည်းကောင်း, အာနန္တရိယကံ၏ အဖြစ်သည်လည်းကောင်း ဖြစ်သည်မဟုတ်ပါလောဟုလည်း မေးရန်ရှိ၏။ ထိုအမေး၌ ဆိုလိုသော အဓိပ္ပါယ်မှာ ဤသို့တည်း။ သတ္တမဇောသည် မိမိ၏နောက်၌ ဆက်လက်ဖြစ်ပေါ်လာသော ဘဝင်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုကာ မိမိ၏ သတ္တိကို ထိုဘဝင်ဝိပါက်အား အပ်နှံလိုက်၏။ ထိုသတ္တိသည် ဝိပါက်သန္တာန်အစဉ်၌ ကိန်းဝပ်လျက် ပါသွား၏။ ထိုဘဝင်ဟူသော ဝိပါက်သန္တတိအစဉ်သည် ဝီထိစိတ် မဖြစ်-ချိန်ဝယ် အစဉ်အတိုင်း ဘဝတစ်လျှောက်လုံး ဖြစ်-ပျက်နေရာ၌ နောက်ဆုံး စုတိကိစ္စတပ်သော စိတ်သည်လည်း ဤဝိပါက်စိတ်အစဉ်ပင်တည်း။ ဤနည်းအားဖြင့် သတ္တမဇော စေတနာသည် ဝိပါက်သန္တတိအစဉ်အား အနန္တရ သတ္တိဖြင့် မိမိ၏ သတ္တိ အရှိန်အဝါများ ကပ်ပါသွားအောင် ကောင်းစွာ ပြုစီမံနိုင်ရကား နောက်ဘဝအတွက် အနီးကပ်ဆုံးကံ ဖြစ်သောကြောင့် ဥပပဇ္ဇဝေဒနီယကံလည်း ဖြစ်နိုင်၏၊ အာနန္တရိယကံလည်း ဖြစ်နိုင်၏။ အရှိန် အဝါ လျော့ကျချိန် မရောက်သေးသော ရှေးရှေးဇော လေးကြိမ်ကဲ့သို့ ပင်ကိုယ်သဘောအတိုင်း အားကောင်း-သောကြောင့် ဥပပဇ္ဇဝေဒနီယကံ အာနန္တရိယကံ ဖြစ်ရသည် မဟုတ်ပါ ဟူလိုသည်။ (မူလဋီ-၁-၁၁၇။)

အလျော်အားဖြင့် ဆိုရမူ ကြီးမားသော ဉာဏ်ပညာရှိသော မဟာပညပုဂ္ဂိုလ်၏သန္တာန်၌ အနုလုံ နှစ်ကြိမ်တို့ ဖြစ်ကုန်၏၊ သုံးကြိမ်မြောက်၌ ဂေါတြဘု ဖြစ်၏၊ လေးကြိမ်မြောက်၌ အရိယမဂ်စိတ် ဖြစ်၏။ ဖိုလ်ဇော သုံးကြိမ်တို့ ဖြစ်ကုန်၏။ ထိုနောင် ဘဝင်သို့ သက်၏။ (အဘိ-ဋ္ဌ-၁-၂၇၅။)

## ၁။ မဟာပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ

ဘ - ဘ - န - ဒ - မ - နု - နု - ဂေါ - မဂ် - ဖိုလ် - ဖိုလ် - ဖိုလ် - ဘ . . .

အလယ်အလတ် ပညာရှိသော မဇ္ဈိမပညပုဂ္ဂိုလ်၏ သန္တာန်၌ အနုလုံ သုံးကြိမ်တို့ ဖြစ်ကုန်၏၊ လေးကြိမ် မြောက်၌ ဂေါတြဘု ဖြစ်၏၊ ငါးကြိမ်မြောက်၌ မဂ်စိတ် ဖြစ်၏၊ ဖိုလ်ဇော နှစ်ကြိမ်တို့ ဖြစ်ကုန်၏။ ထိုနောင် ဘဝင်သို့ သက်၏။ (အဘိ-ဋ္ဌ-၁-၂၇၅။)

## ၂။ မဇ္ဈိမပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ

ဘ - ဘ - န - ဒ - မ - နု - နု - နု - ဂေါ - မဂ် - ဖိုလ် - ဖိုလ် - ဘ - ဘ . . .

နုံ့သော ပညာရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ အနုလုံ (၄)ကြိမ်တို့ ဖြစ်ကုန်၏၊ ငါးကြိမ်မြောက်၌ ဂေါတြဘု-သည် ဖြစ်၏။ ခြောက်ကြိမ်မြောက်၌ မဂ်စိတ် ဖြစ်၏။ ခုနစ်ကြိမ်မြောက်၌ ဖိုလ်ဇော ဖြစ်၏။ ထိုနောင် ဘဝင်သို့ သက်၏။ (အဘိ-ဋ္ဌ-၁-၂၇၅။)

## ၃။ မန္ဒပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ

ဘ - ဘ - န - ဒ - မ - နု - နု - နု - နု - ဂေါ - မဂ် - ဖိုလ် - ဘ - ဘ . . .

**မှတ်ချက်** — “ဤနည်းသည် ရှေးအဋ္ဌကထာ၌ ပါသောကြောင့် ဆိုအပ်သော နည်း”ဟု ယောဇနာ၌ ဆို၏။ အရှင်ဗုဒ္ဓဃောသမထေရ်မြတ် အလိုရှိအပ်သော နည်း မဟုတ်ပေ။ ထို့ကြောင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ အနုလုံ (၄)ကြိမ်ဝါရကို တားမြစ်ထားသည်။ အနုလုံများကိုလည်း ပရိကံ ဥပစာ အနုလုံဟု နာမည်ချင်း ခွဲ၍

သုံးကြိမ်သာ တစ်နည်း ပြထားသည်။ အထက်၌ ရေးသားတင်ပြခဲ့ပြီ။

ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင် မဟာပညပုဂ္ဂိုလ် မန္ဒပညပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် မဖွင့်ဆိုဘဲ မဇ္ဈိမပညပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဖွင့်ဆိုပေအံ့။ အကျယ်ကား ဤသို့တည်း။ —

အကြင်ဝိပဿနာအလှည့်အကြိမ်၌ ဝုဋ္ဌာန အမည်ရသော အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုအလှည့်အကြိမ်၌ ဥပေက္ခာသဟဂုတ် ကြိယာ အဟိတ် မနောဝိညာဏဓာတ်သည် မနောဒွါရာဝဇ္ဇန်း၏ အဖြစ်ဖြင့် ဖြစ်၍ ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကုန်သော ရုပ်နာမ်ခန္ဓာတို့ကို အာရုံပြု၍ (= ရုပ်ကိုသော်လည်းကောင်း, နာမ်ကိုသော်လည်းကောင်း, ရုပ်နာမ် နှစ်မျိုးလုံးကိုသော်လည်းကောင်း, ခန္ဓာတစ်ပါးပါးကိုသော်လည်းကောင်း ဤသို့စသည်ဖြင့် အာရုံပြုမှုကို ဆိုလိုသည်။) ဘဝင်ကို ပြန်လည်စေ၏ = ဘဝင်အယဉ်ကို ဖြတ်၏။ ထို မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထိုမနောဒွါရာဝဇ္ဇန်းသည်ပင် အာရုံယူအပ်ပြီးသော ရုပ်နာမ်ခန္ဓာတို့ကို အာရုံယူ၍ ပထမဇော ဖြစ်သော အနုလောမဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုအနုလောမဉာဏ်သည် ထိုရုပ်နာမ်ခန္ဓာတို့၌ အနိစ္စတို့ဟူ၍သော်လည်းကောင်း, ဒုက္ခတို့ဟူ၍သော်လည်းကောင်း, အနတ္တတို့ဟူ၍သော်လည်းကောင်း ဖြစ်ပြီး၍ = (ဝိပဿနာရှုပွားမှုကို ဖြစ်စေပြီး၍) ရုန့်ရင်းကြမ်းတမ်းသော ရုန့်ရင်းကြမ်းတမ်းသော သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်၍ လက္ခဏာရေး သုံးတန်တို့ကို အလွန့်အလွန် ထင်ရှားသည်တို့ကို ပြု၍ ချုပ်ပျက်သွားလေ၏။ ထိုပထမအနုလောမဉာဏ်၏ အခြားမဲ့၌ ဒုတိယအနုလောမဉာဏ်သည် ဖြစ်ပေါ်လာပြန်၏။ ထိုပထမ ဒုတိယ အနုလောမဉာဏ် နှစ်မျိုးတို့တွင် ရှေးဖြစ်သော ပထမအနုလောမဉာဏ်သည် (မိမိ၏ ရှေး၌ ဇောမရှိသဖြင့်) အာသေဝနပစ္စည်း အကြောင်းအထောက်အပံ့ကို မရ၊ ဒုတိယအနုလောမဉာဏ်၏ အာသေဝနပစ္စည်း အကြောင်းတရားကား ဖြစ်၏၊ ထိုဒုတိယအနုလောမဉာဏ်သည် ပထမအနုလောမဉာဏ်၏ အာသေဝနပစ္စည်း အကြောင်းအထောက်အပံ့ကောင်းကို ရအပ်သောကြောင့် ထက်မြက်စူးရှ၏ ရဲရင့်၏ ကြည်လင်၏၊ ထိုသို့ထက်မြက်စူးရှ ရဲရင့်ကြည်လင်သည်ဖြစ်၍ ထိုရုပ်နာမ်ခန္ဓာဟူသော အာရုံ၌ပင်လျှင် ထိုအနိစ္စ ဒုက္ခ အနတ္တဟူသော အခြင်းအရာ (သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာ) အားဖြင့်ပင် ဖြစ်ပြီး၍ အလယ်အလတ် ပမာဏရှိသော, သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်၍ လက္ခဏာရေးသုံးတန်တို့ကို အလွန့်အလွန် ထင်ရှားသည်တို့ကို ပြု၍ ချုပ်ပျက်သွားလေ၏။ ထို ဒုတိယအနုလောမဉာဏ်၏ အခြားမဲ့၌ တတိယအနုလောမဉာဏ်သည် ဖြစ်ပေါ်လာပြန်၏၊ ထိုဒုတိယအနုလောမဉာဏ်သည် ထိုတတိယအနုလောမဉာဏ်၏ အာသေဝနပစ္စည်း အကြောင်းတရား ဖြစ်ပြန်၏။ ထိုတတိယအနုလောမဉာဏ်သည်လည်း ထိုဒုတိယအနုလောမဉာဏ်၏ အားပေးထောက်ပံ့မှုဟူသော ရအပ်သော အာသေဝနပစ္စည်း အကြောင်းတရား ရှိသည်၏ အဖြစ်ကြောင့် ထက်မြက်စူးရှ ရဲရင့်ကြည်လင်သည် ဖြစ်၍ ထိုရုပ်နာမ်ခန္ဓာဟူသော အာရုံ၌ပင်လျှင် ထိုအနိစ္စ ဒုက္ခ အနတ္တဟူသော အခြင်းအရာ (သုံးမျိုးတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာ) အားဖြင့်ပင် ဖြစ်ပြီး၍ ထိုဒုတိယအနုလောမဉာဏ်သည် ပယ်အပ်သော သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟတည်းဟူသော အမိုက်တိုက်မှ ကြွင်းကျန်သော သိမ်မွေ့မှုနှင့် အတူတကွ ဖြစ်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်၍ အကြွင်းအကျန် မရှိသည်ကို ပြု၍ လက္ခဏာရေးသုံးတန်တို့ကို အလွန့်အလွန် ထင်ရှားသည်တို့ကို ပြု၍ ချုပ်ပျက်လေ၏။ ဤသို့လျှင် သုံးကြိမ်ကုန်သော အနုလောမဉာဏ်တို့သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်အပ်ပြီးသော် ထိုသုံးကြိမ်ကုန်သော အနုလောမဉာဏ်တို့၏ အခြားမဲ့၌ ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်ပေါ်လာ၏။

ထိုစကားရပ်၌ ဤဆိုလတ္တံ့သည်ကား ဥပမာတည်း — တစ်ယောက်သော စက္ခုပသာဒရှိသော မျက်စိ အမြင်ကောင်းသော ယောက်ျားသည် နက္ခတ်၏ စန်းနှင့် ယှဉ်ပုံကို သိအောင် ပြုလုပ်အံ့ဟု ကြံစည် စိတ်ကူး၍ ညဉ့်အဖို့၌ အိမ်တွင်းမှ ထွက်၍ လကို မြင်ရန် အထက်ကောင်းကင်သို့ မော်ကြည့်၏။ တိမ်တိုက်တို့သည် ဖုံး-လွှမ်းထားအပ်သည်၏ အဖြစ်ကြောင့် ထိုယောက်ျား၏ စက္ခု၌ လသည် မထင်ရှားပေ။ ထိုအခါ၌ တစ်မျိုးသော လေသည် တက်လာ၍ ထူထဲကုန် ထူထဲကုန်သော တိမ်တိုက်တို့ကို ဖျက်ဆီးလေ၏၊ ပထမလေမှ တစ်ပါးသော ဒုတိယလေ တစ်မျိုးသည် အလယ်အလတ်ဖြစ်ကုန်သော တိမ်တိုက်တို့ကို ဖျက်ဆီးလေ၏။ ဒုတိယလေမှ တစ်-ပါးသော တတိယလေ တစ်မျိုးသည် သိမ်မွေ့ကုန်သော တိမ်တိုက်တို့ကို ဖျက်ဆီးလေ၏။ ထိုမှ နောက်၌ ထို ယောက်ျားသည် တိမ်တိုက်ကင်းစင်သော ကောင်းကင်၌ လကို မြင်ရ၍ နက္ခတ်၏ စန်းနှင့် ယှဉ်ပုံကို သိရှိရလေပြီ။

ထိုဥပမာစကားရပ်၌ သုံးမျိုးကုန်သော တိမ်တိုက်တို့ကဲ့သို့ သစ္စာလေးပါးကို မသိအောင် မမြင်အောင် ဖုံးလွှမ်းတတ်ကုန်သော ထူထဲသော ကိလေသာမှောင် အလယ်အလတ်ဖြစ်သော ကိလေသာမှောင် သိမ်မွေ့သော ကိလေသာမှောင်တို့ကို မှတ်သားထိုက်ကုန်၏။ ပသာဒစက္ခုရှိသော ယောက်ျားကဲ့သို့ ဂေါတြဘုဉာဏ်ကို မှတ်-သားထိုက်၏။ လကဲ့သို့ နိဗ္ဗာန်ကို မှတ်သားထိုက်၏။ တစ်မျိုးတစ်မျိုးသော လေ၏ အစဉ်အတိုင်း တိမ်တိုက်သုံးမျိုး အပေါင်းကို ဖျက်ဆီးခြင်းကဲ့သို့ တစ်ခုတစ်ခုသော အနုလုံစိတ်၏ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းကို မှတ်သားထိုက်၏။ တိမ်တိုက်ကင်းစင်သော ကောင်းကင်၌ ထိုယောက်ျား၏ အထူးသဖြင့် စင်ကြယ်သော လကို မြင်ရခြင်းကဲ့သို့ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်သည် ကင်းစင်လတ်သော် ဂေါတြဘုဉာဏ်၏ အလွန်အကြူး အထူးသဖြင့် စင်-ကြယ်သော နိဗ္ဗာန်ကို အာရုံပြုရခြင်းကို မှတ်သားထိုက်၏။

ထင်ရှားစေအံ့ — သုံးမျိုးကုန်သော လေတို့သည် လကို ဖုံးလွှမ်းတတ်သော တိမ်တိုက်တို့ကိုသာလျှင် ဖျက်ဆီးခြင်းငှာ စွမ်းနိုင်ကုန်သကဲ့သို့ လကို မြင်ခြင်းငှာ မစွမ်းနိုင်ကုန်သကဲ့သို့ ဤနည်းအတူ သုံးကြိမ်ကုန်သော အနုလုံတို့သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်တို့ကိုသာလျှင် ပယ်-ဖျောက်ခြင်းငှာ စွမ်းနိုင်ကုန်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်ကြကုန်။ စက္ခုပသာဒရှိသော ထိုယောက်ျား-သည် လကိုသာလျှင် မြင်ခြင်းငှာ စွမ်းနိုင်သကဲ့သို့ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ဤအတူ ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကိုသာလျှင် အာရုံပြုခြင်းငှာ စွမ်းနိုင်၏၊ ကိလေသာတည်းဟူသော အမိုက်တိုက် အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပေ။ ဤသို့လျှင် အနုလောမဉာဏ်သည် သင်္ခါရတရားလျှင် အာရုံ ရှိ၏၊ ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်တရားလျှင် အာရုံရှိ၏။

ရရှိနိုင်သော အပြစ်ကို ထင်ရှားပြဦးအံ့ — ဂေါတြဘုဉာဏ်သည် အနုလောမဉာဏ်က ယူအပ်ပြီးသော သင်္ခါရအာရုံကိုပင် အကယ်၍ ဆက်လက်၍ အာရုံယူနေငြားအံ့၊ ဤသို့ ဂေါတြဘုသည် နိဗ္ဗာန်ကို အာရုံမပြုဘဲ မိမိရှေ့က အနုလုံသည် ယူအပ်ပြီးသော သင်္ခါရအာရုံကိုသာလျှင် ဆက်လက်၍ အာရုံယူနေလျှင် အာရုံပြုနေလျှင် ဂေါတြဘုသည်လည်း ဂေါတြဘုဟူသော အမည်ကို မရနိုင်တော့ဘဲ အနုလောမ = အနုလုံဟူသော အမည်ကိုသာ ဆက်လက်၍ ရရှိနေလေရာ၏၊ သူသည် အနုလုံသို့ အစဉ်လိုက်သကဲ့သို့ သူ့ကိုလည်း နောက်အနုလုံက အစဉ် လိုက်လေရာ၏၊ ဤသို့ အနုလုံချည်းသာ ဆက်၍ ဆက်၍ ဖြစ်နေပါမူ အရိယမဂ်သည် မိမိနှင့် အာရုံတူ၍ အာဝဇ္ဇန်းအရာ၌ တည်လျက် အနန္တရစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေးမည့် ဂေါတြဘုကို မရရှိခြင်း-ကြောင့် သင်္ခါရအာရုံမှ ထမြောက်သော ဝုဋ္ဌာန အမည်ရသော တရားအဖြစ်ဖြင့် မဖြစ်တော့လေရာ = ဝုဋ္ဌာန အမည်ရသော အရိယမဂ်သည်ပင် မဖြစ်နိုင်တော့လေရာ။

စင်စစ်မှာမူ ဂေါတြဘုဉာဏ်သည် အနုလောမဉာဏ်၏ အာရုံဖြစ်သော သင်္ခါရအာရုံကို မယူမူ၍ ထိုအနု-လုံကို နောက်၌ တစ်ဖန်ဖြစ်ခြင်း မရှိသည်ကို ပြု၍ မိမိဂေါတြဘုကိုယ်တိုင်က အာဝဇ္ဇန်း မဟုတ်ပါသော်လည်း အာဝဇ္ဇန်းအရာ၌ ရပ်တည်၍ "ဤအတိုင်း နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဖြစ်ရစ်ပေတော့" ဟု အရိယမဂ်အား အမှတ်သညာကို ပေးသကဲ့သို့ ဖြစ်ပြီးနောက် ချုပ်ပျက်သွားလေ၏။ (ပေးတတ်သော သတ္တိ မရှိပါဘဲလျက် သတ္တိရှိသကဲ့သို့ တင်စား၍ ပြောဆိုရကား ပေးသကဲ့သို့ဟု တဒ္ဓမ္မူပစာ ဥပရိက္ခာ စကားဖြင့် ဆိုသည်။)

အရိယမဂ်သည်လည်း ထိုဂေါတြဘုသည် ပေးအပ်သော အမှတ်သညာကို မလွှတ်မူ၍သာလျှင် အကြား မရှိသော နာမ်သန္တတိအစဉ်၏ အစွမ်းဖြင့် ထိုဂေါတြဘုဉာဏ်သို့ အစဉ်လိုက်လျက် အစမထင်သော အနမတဂ္ဂ သံသရာတစ်ခွင်ဟု ဆိုအပ်သော ရှေး၌ တစ်ကြိမ်တစ်ခါမျှ မဖောက်ထွင်းအပ်ဖူးသေးသော မဖောက်ခွဲအပ်-ဖူးသေးသော လောဘအတုံးအခဲကို ဒေါသအတုံးအခဲကို မောဟအတုံးအခဲကို ဖောက်ထွင်းလျက်သာလျှင် ဖောက်ခွဲလျက်သာလျှင် ဖြစ်ပေါ်လာပေ၏။

ထိုသို့ ဖြစ်ရာ၌ ဤဆိုလတ္တံ့သည်ကား ဥပမာစကားရပ်တည်း။ တစ်ယောက်သော လေးသမားသည် လေး အပြန် တစ်ရာ၏ အထက်၌ ပျဉ်ချပ် တစ်ရာကို ထားစေ၍ အဝတ်ဖြင့် မျက်နှာကို ရစ်ပတ်၍ မြားကို ကောင်းစွာ ဖွဲ့၍ စက်ယန္တယားပေါ်၌ ရပ်တည်လေပြီ။ (ဘီးတပ်ထားသော စက်ယန္တယားလှည်းပေါ်၌ ရပ်တည်လေပြီ ဟူလို) အခြားတစ်ယောက်သော ယောကျ်ားသည် စက်ယန္တယားကို ဆွဲငင်၍ အကြင်အခါ၌ လေးသမား၏ မျက်နှာသည် ပျဉ်ချပ် တစ်ရာနှင့် ရှေးရှုရင်ဆိုင် တည့်တည့် ဖြစ်နေ၏၊ ထိုအခါ၌ ထိုပျဉ်ချပ်၌ တုတ်ဖြင့် (ပျဉ်ချပ်ကို ဒေါက်ကနဲ အသံမြည်အောင်ခေါက်လိုက်၍) အမှတ်သညာကို ပေးလိုက်၏။ လေးသမားသည် တုတ်ဖြင့် ခေါက်၍ အသံ ပေးလိုက်သော အမှတ်အသားကို မလွှတ်မူ၍သာလျှင် မြားကို ပစ်၍ ပျဉ်ချပ် တစ်ရာကို ဖောက်ထွင်းလိုက်၏။

ထိုဥပမာ စကားရပ်၌ တုတ်ဖြင့် ခေါက်၍ အသံပြုလိုက်သော အမှတ်သညာနှင့် ဂေါတြဘုဉာဏ်သည် တူ၏၊ လေးသမားနှင့် အရိယမဂ်ဉာဏ်သည် တူ၏၊ လေးသမား၏ တုတ်ဖြင့် ခေါက်၍ အသံပြုလိုက်သော အမှတ်အသားကို မလွှတ်မူ၍သာလျှင် ပျဉ်ချပ် တစ်ရာကို မြားဖြင့် ပစ်ခွင်း၍ ဖောက်ထွင်းလိုက်ခြင်းနှင့် အရိယ မဂ်ဉာဏ်၏ ဂေါတြဘုဉာဏ်သည် ပေးအပ်သော အမှတ်အသားကို မလွှတ်မူ၍သာလျှင် နိဗ္ဗာန်ကို အာရုံပြု၍ အနမတဂ္ဂ သံသရာတစ်ခွင်ဝယ် တစ်ကြိမ်တစ်ခါမျှ မဖောက်ထွင်းအပ်ဖူးသေးသော မဖောက်ခွဲအပ်ဖူးသေးသော လောဘအတုံးအခဲ စသည်ကို ဖောက်ထွင်းခြင်း ဖောက်ခွဲခြင်းနှင့် တူ၏။ ဤလောဘအတုံးအခဲ စသည်ကို ဖောက်ထွင်းခြင်း ဖောက်ခွဲခြင်းကိုပင် **ဘူမိလဒ္ဓဝဋ္ဋသေတုသမုဂ္ဃာတကရဏ** = ရအပ်သော တည်ရာဘုံရှိသော ဝဋ်တရားကို နှောင်ဖွဲ့တတ်သော ကိလေသာတို့ကို အကြွင်းမဲ့ဖြုတ်မှုကို ပြုခြင်းဟူ၍လည်း ခေါ်ဆိုအပ်ပေသည်။

[**မှတ်ချက်** — အရိယမဂ်တရားသည် မပယ်ရှားအပ်ကုန်သေးသည်၏ အဖြစ်ကြောင့် ဥပါဒါန်၏ အာရုံ ဖြစ်ကုန်သော ဥပါဒါနက္ခန္ဓာတို့၌ အဖန်ဖန် ကိန်းဝပ်တည်နေကြကုန်သော အနုသယကိလေသာတို့သည် ဥပါ-ဒါနက္ခန္ဓာငါးပါးဟူသော ရအပ်သော တည်ရာဘုံရှိသောကြောင့် **ဘူမိလဒ္ဓ**တို့လည်း မည်ကုန်၏။ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်တရားကို လွတ်မသွားအောင် နှောင်ဖွဲ့တတ်ကုန်သောကြောင့် **ဝဋ္ဋ-သေတု**တို့လည်း မည်ကုန်၏။ အရိယမဂ်သည် ယင်းဘူမိလဒ္ဓဝဋ္ဋသေတု အမည်ရသော အနုသယ ကိလေသာ-တို့ကို အကြွင်းမဲ့ ကုန်စင်အောင် အဆင့်ဆင့် ပယ်သတ်တတ်ပေသည်။ ယင်းသို့ ပယ်သတ်ခြင်းသည် လောဘ အတုံးအခဲ ဒေါသအတုံးအခဲ မောဟအတုံးအခဲတို့ကို ဖောက်ထွင်းခြင်း ဖောက်ခွဲခြင်းပင် ဖြစ်ပေသည်။]

မှန်ပေသည် — အရိယမဂ်၏ တစ်ခုတည်းသော ကိစ္စကား အနုသယ ကိလေသာကို ပယ်ခြင်းပင်တည်း။ ဤသို့လျှင် ထိုအရိယမဂ်သည် အနုသယ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်လျက် ပယ်စွန့်လျက် **နိမိတ္တာ**

ဟူသော သင်္ခါရအာရုံနိမိတ်မှ ထသည် မည်၏။ **ပဝတ္တ**ဟူသော အဆက်မပြတ် ဖြစ်တတ်သော ဝဋ္ဋတရားကို ဖြတ်သည် မည်၏။ (အဘိ-ဋ္ဌ-၁-၂၇၅-၂၇၇။)

**နိမိတ္တန္တိ** ရူပ-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏနိမိတ္တံ။ **ပဝတ္တမ္ပိ** ရူပ-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ-ပဝတ္တမေဝ။ တံ ဒုဝိဓံ ဟောတိ ဥပါဒိန္နကံ အနုပါဒိန္နကန္တိ။ (အဘိ-ဋ္ဌ-၁-၂၇၇။)

**နိမိတ္တ** — ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော သင်္ခါရနိမိတ်သည် **နိမိတ္တ** မည်၏။

**ပဝတ္တ** — ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော အဆက်မပြတ် ဖြစ်တတ်သော ဝဋ္ဋတရား-သည်ပင် **ပဝတ္တ**လည်း မည်၏။ ထို**ပဝတ္တ**သည် ဥပါဒိန္နကပဝတ္တဟူ၍လည်းကောင်း, အနုပါဒိန္နကပဝတ္တဟူ၍လည်းကောင်း နှစ်မျိုး ရှိ၏။

ထိုနှစ်မျိုးတို့တွင် အရိယမဂ်၏ အနုပါဒိန္နကပဝတ္တမှ ထခြင်းဟူသော အရိပ်အယောင်ကို တွေ့မြင်အပ်၏ ဟု ဆို၍ အနုပါဒိန္နကပဝတ္တမှ ထ၏ဟု ဆိုကြကုန်၏။

## အနုပါဒိန္နက ဝုဋ္ဌာန = အနုပါဒိန္နက ခန္ဓာအစဉ်မှ ထပုံ

အကျယ်သိရန်ကား ဤသို့တည်း။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးမျိုး, ဝိစိကိစ္ဆာ သဟဂုတ်စိတ် တစ်မျိုး - ပေါင်း ငါးမျိုးသော စိတ်တို့ကို ပယ်သတ်အပ်ကုန်၏၊ ထိုစိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေတတ်ကြကုန်၏ = စိတ္တဇရုပ်ကို ဖြစ်စေနိုင်သော စွမ်းအင်သတ္တိရှိသည့် စိတ်တို့သာ ဖြစ်ကြကုန်၏။ ထိုစိတ် ငါးမျိုးတို့က ဖြစ်စေအပ်သော စိတ္တဇရုပ်သည် အနုပါဒိန္နက ရူပက္ခန္ဓာတည်း။ (စိတ္တဇရုပ် ဖြစ်သောကြောင့် ကမ္မဇ ရုပ်ဟူသော ဥပါဒိန္နက မရှိရကား အနုပါဒိန္နက ရူပက္ခန္ဓာဟု ဆိုသည်။ တဏှာဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် "ငါ့ဟာ"ဟု မစွဲယူအပ်သော ရူပက္ခန္ဓာဟူလိုသည်။) ထိုစိတ် ငါးမျိုးတို့သည် ဝိညာ-ဏက္ခန္ဓာတည်း။ ထိုစိတ် ငါးမျိုးတို့နှင့် ယှဉ်ကုန်သော ဝေဒနာ သညာ သင်္ခါရ စေတသိက်တို့သည် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဟူသော နာမ်ခန္ဓာသုံးပါးတို့တည်း။ အားလုံးပေါင်းသော် ခန္ဓာငါးပါး ဖြစ်၏။

ထိုငါးမျိုးသော စိတ်တို့ကို ပယ်ရာ၌ အကယ်၍ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို မဖြစ်စေ အပ်သည် ဖြစ်အံ့၊ ထိုငါးမျိုးကုန်သော စိတ်တို့သည် ခြောက်ပါးကုန်သော အာရုံတို့၌ ထကြွခြင်းသို့ ရောက်ကုန် ရာ၏။ သို့သော် ထိုယောဂါဝစရပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်သဖြင့် ယင်းသောတာပတ္တိမဂ်သည် ထိုငါးမျိုးသော စိတ်တို့၏ ထကြွမှုဖြစ်ခြင်းကို တားမြစ်လျက် ဝဋ္ဋတရားကို လွတ်မသွားအောင် ဖွဲ့နှောင်တတ်သော ကိလေသာတည်းဟူသော အကြောင်းတရားကို အကြွင်းမဲ့ ဖြတ်ခြင်းကို နောက်ထပ်တစ်ဖန် မဖြစ်ထိုက်သည်၏ အဖြစ်ကို ပြုလျက် အထက်ဖော်ပြပါ ခန္ဓာငါးပါးတည်းဟူသော အနုပါဒိန္နကဖြစ်သော ပဝတ္တမှ ထသည် မည်ပေ-သည်။

သကဒါဂါမိမဂ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် လေးမျိုး ဒေါသမူစိတ် နှစ်မျိုးဟူသော ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂ ဗျာပါဒတို့၏ အစွမ်းဖြင့် ခြောက်ပါးကုန်သော စိတ်တို့ကို ပယ်သတ်အပ်ကုန်၏။ အနာဂါမိမဂ်သည် သိမ်မွေ့သည်၏ အဖြစ်နှင့် တကွဖြစ်သော ကာမရာဂ ဗျာပါဒတို့၏ အစွမ်းဖြင့် ထိုခြောက်ပါးကုန်သော စိတ်-တို့ကိုပင်လျှင် ပယ်သတ်အပ်ကုန်၏။ အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂတည်းဟူသော ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် လေးမျိုးတို့ကိုလည်းကောင်း, ဥဒ္ဓစ္စသဟဂုတ်စိတ်ကိုလည်းကောင်း ဤငါးမျိုးကုန်သော အကုသိုလ်စိတ်တို့ကို ပယ်သတ်အပ်ကုန်၏။

ထိုအကုသိုလ်စိတ်တို့ကို ပယ်သတ်ရာ၌ အကယ်၍ ထိုအရိယပုဂ္ဂိုလ်တို့သည် ထိုဆိုင်ရာ အရိယမဂ်တရားတို့ကို မဖြစ်စေအပ်ကုန်သည် ဖြစ်ကုန်ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့သော် ထိုအကုသိုလ်စိတ်တို့သည် အာရုံ (၆)ပါးတို့၌ ထကြွခြင်းသို့ ရောက်ကုန်ရာ၏၊ သို့သော် ထိုအရိယပုဂ္ဂိုလ်တို့သည် ထိုထိုဆိုင်ရာ အရိယမဂ်တရားကို ဖြစ်စေနိုင်ကြကုန်သဖြင့် ထိုအရိယမဂ်တရားတို့သည် ထိုအကုသိုလ်စိတ်တို့၏ ထကြွမှု ဖြစ်ခြင်းကို တားမြစ်ကုန်လျက် ဝဋ္ဋတရားကို လွတ်မသွားအောင် ဖွဲ့နှောင်တတ်သော ကိလေသာတည်းဟူသော အကြောင်းတရားကို အကြွင်းမဲ့ ဖြတ်ခြင်းကို နောက်ထပ်တစ်ဖန် မဖြစ်ထိုက်သည်၏ အဖြစ်ကို ပြုလျက် ယင်းအကုသလ စိတ္တဇရုပ်နှင့် ယင်းအကုသိုလ် စိတ်စေတသိက်တည်းဟူသော အနုပါဒိန္နက ဖြစ်သော ခန္ဓာငါးပါး ပဝတ္တတရားမှ ထကုန်သည် မည်ကုန်၏။ ဤကား အနုပါဒိန္နက ခန္ဓာအစဉ်မှ ထပုံတည်း။ (အဘိ-ဋ္ဌ-၁-၂၇၇-၂၇၈။)

## ဥပါဒိန္နက ဝုဋ္ဌာန = ဥပါဒိန္နက ခန္ဓာအစဉ်မှ ထပုံ

ဥပါဒိန္နကပဝတ္တမှ ထခြင်းဟူသော အရိပ်အယောင်ကို တွေ့မြင်အပ်၏ဟု ဆိုပြီး၍ ဥပါဒိန္နကပဝတ္တမှ ထ၏ဟုလည်း ဆိုကြကုန်ပြီ။ (ဥပါဒိန္နကဟူသည် အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ခြံရံအပ် ကပ်ရောက်အပ်သော ကံသည် "ငါ၏ အကျိုး"ဟု အကျိုး၏ အဖြစ်ဖြင့် စွဲယူအပ်သော လောကီဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တည်း။ ဥပါဒိန္နကပဝတ္တဟူသည် ယင်းခန္ဓာတို့၏ အဆက်မပြတ် ဖြစ်မှု အစဉ်တည်း။) အကျယ်မှာ ဤသို့တည်း။ —

အကယ်၍ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို မဖြစ်စေသည် ဖြစ်ငြားအံ့၊ ဤသို့ မဖြစ်စေခဲ့သော် (၇)ပါးကုန်သော ဘဝတို့ကို ထား၍ မသိအပ်သော အစရှိသော အနမတဂ္ဂ သံသရာဝဋ္ဋ၌ ဥပါဒိန္နကပဝတ္တ = အဆက်မပြတ်ဖြစ်သော ဥပါဒိန္နက ခန္ဓာအစဉ်သည် ဖြစ်လေရာ၏။ အဘယ်ကြောင့်နည်းဟူမူ — ထို ဥပါဒိန္နက ခန္ဓပဝတ္တ၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာတို့၏ ထင်ရှားရှိကုန်သေးသည်၏ အဖြစ်ကြောင့်တည်း။ သက္ကာယဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ်ဟူသော သံယောဇဉ် သုံးပါး, ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယဟူသော အနုသယ နှစ်ပါး - ပေါင်း ငါးပါးကုန်သော ဤကိလေသာတို့ကို သောတာပတ္တိမဂ်သည် ဖြစ်လျှင် ဖြစ်ချင်းပင် မိမိဖြစ်ဆဲ ခဏမှာပင် အကြွင်းမဲ့ ပယ်သတ်နိုင်၏။ ဤသို့ ပယ်သတ်ပြီးရာ ယခု သောတာပန်ဖြစ်ရာအခါ၌ သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ (၇)ဘဝတို့ကို ထား၍ အနမတဂ္ဂ သံသရာဝဋ္ဋ၌ ဥပါဒိန္နကပဝတ္တ = အဆက်မပြတ် ဖြစ်သော ဥပါဒိန္နက ခန္ဓာအစဉ်သည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်း။ (ဖြစ်နိုင်ဖို့ရန် အကြောင်းတရား မရှိတော့ပြီ ဟူလို။) ဤသို့လျှင် သောတာပတ္တိမဂ်သည် ဥပါဒိန္နကပဝတ္တကို အဆက်မပြတ် မဖြစ်အောင် ပြုလုပ်လျက် ဥပါဒိန္နကပဝတ္တမှ ထသည် မည်၏။ (အဘိ-ဋ္ဌ-၁-၂၇၈။)

## (၇) ဘဝ အယူအဆ

ဧကဝါရံ ကာမာဝစရဒေဝေသု ဧကဝါရံ မနုဿေသူတိ ဧဝမ္ပိ မိဿိတူပပတ္တိဝသေန တေသု ဧကိဿာ ဧဝ ဥပပတ္တိယာ နာယံ ပရိစ္ဆေဒေါ (အယံ ပရိစ္ဆေဒေါ-မူကွဲ။)။ ယံ ပန "န တေ ဘဝံ အဋ္ဌမမာဒိယန္တိ"တိ ဝုတ္တံ၊ တမ္ပိ ကာမဝစရဘဝံယေဝ သန္ဓာယာဟ၊ မဟဂ္ဂတဘာဝါနံ ပရိစ္ဆေဒေါ နတ္ထီတိ ဝဒန္တိ။ (အနုဋီ-၁-၁၂၄။)

တစ်ကြိမ်တစ်ခါ ကာမာဝစရ နတ်ပြည်၌ ဖြစ်လိုက်, တစ်ကြိမ်တစ်ခါ လူ့ပြည်၌ ဖြစ်လိုက်ဖြင့် - ဤသို့ ရောနှောအပ်သော ဘဝ၏ အစွမ်းဖြင့် (၇)ဘဝဟု ဆိုသည်။ ထို နတ်-လူ ဥပပတ္တိဘဝတို့တွင် နတ်ဖြစ်စေ, လူဖြစ်စေ တစ်ခုသော ဥပပတ္တိဘဝ၌သာ ဤ (၇)ဘဝ ဖြစ်သည်ဟု အပိုင်းအခြားပြခြင်း မဟုတ်။ "န တေ ဘဝံ အဋ္ဌမမာဒိယန္တိ = ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် ရှစ်ကြိမ်မြောက် ဘဝကို ယူရိုး မရှိကြကုန်"ဟူသော ရတန

သုတ်၌ ဟောကြားတော်မူအပ်သော စကားကိုလည်း လူ-နတ်ဟူသော ကာမဘဝကိုသာ ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် ဟောကြားတော်မူအပ်သော စကားတော် ဖြစ်သည်၊ မဟဂ္ဂုတ်ဖြစ်သော ရူပဘဝ အရူပဘဝတို့၌-ကား ဤ (၇)ဘဝဟု အပိုင်းအခြား မရှိဟု ဆရာမြတ်တို့ ဆိုတော်မူကြသည်။ (အနုဋီ-၁-၁၂၄။)

## သောတာပန် သုံးမျိုး

ဤရှစ်ခုမြောက်သော ဘဝကိုမယူ ဆိုသည်မှာ သောတာပန်တို့တွင် အညံ့ဆုံး သတ္တက္ခတ္တုပရမ သောတာ-ပန်ကို ရည်ရွယ်၍ မိန့်ဆိုခြင်း ဖြစ်သည်။ သောတာပန် ဖြစ်ပြီးနောက် အထက်မဂ်ဉာဏ်များကို လျင်လျင်မြန်မြန် ရနိုင်မှု မရနိုင်မှုမှာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟူသော ဣန္ဒြေများ၏ ထက်မြက်မှု မထက်မြက်မှုကို အစွဲပြု၍ ဖြစ်၏။

၁။ ထက်မြက်သော ဣန္ဒြေရှိသော သောတာပန်မှာ တစ်ဘဝသာ ပဋိသန္ဓေ နေရ၍ ရဟန္တာ ဖြစ်၏။ ထို ပုဂ္ဂိုလ်မျိုးကို **ဧကဗီဇီ** = တစ်ခုသော ပဋိသန္ဓေမျိုးစေ့ ရှိသော  သောတာပန်ဟု ဆို၏။

၂။ နှစ်ဘဝမှ ခြောက်ဘဝ အထိ ပဋိသန္ဓေနေသော သောတာပန်ကား အလတ်စား ဣန္ဒြေရှိသူ ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးကို **ကောလံကောလ** = အမျိုးကောင်း တစ်ခုမှ အမျိုးကောင်း တစ်ခုသို့ ရောက်တတ်သော ယုတ်ညံ့-သော အနိမ့်စား အမျိုးအနွယ်၌ မည်သည့်အခါမျှ ဖြစ်ခွင့်မရှိသော သောတာပန်ဟု ဆို၏။

၃။ ခုနစ်ဘဝ ပဋိသန္ဓေရှိသော ပဋိသန္ဓေနေသော သောတာပန်ကား နုံ့သော ဣန္ဒြေ ရှိသူတည်း။ ထိုပုဂ္ဂိုလ်-မျိုးကို **သတ္တက္ခတ္တုပရမ** = ခုနစ်ကြိမ် အလွန် ပဋိသန္ဓေရှိသူ သောတာပန်ဟု ခေါ်သည်။ (ပဋိသံ-ဋ္ဌ-၂-၆၇။)

ဣမေ တယောပိ သောတာပန္နာ ကာမဘဝဝသေန ဝုတ္တာ၊ ရူပါရူပဘဝေ ပန ဗဟုကာပိ ပဋိသန္ဓိယော ဂဏှန္တိ။ (ပဋိသံ-ဋ္ဌ-၂-၆၇။)

ဤသောတာပန် သုံးမျိုးတို့၏ ဘဝအရေအတွက် ကန့်သတ်ချက်မှာ ကာမဘုံအတွက်သာ ဖြစ်၍ ရူပ အရူပဘုံများက သောပန်များမှာမူ ပဋိသန္ဓေ အကြိမ်များစွာ ယူနိုင်ကြကုန်၏။ (ပဋိသံ-ဋ္ဌ-၂-၆၇။)

## သတ်မှတ်ပေးသောတရား

သောတာပန် သုံးမျိုး ကွဲပြားရာ၌ ထိုသို့ကွဲပြားရန် အဘယ်တရားက အတည်ပြု သတ်မှတ်ပေးသည်ဟူ-သော အချက်နှင့် ပတ်သက်၍ ဆရာမြတ်တို့ အယူအဆ မတူမျှဘဲ ကွဲပြားလျက် ရှိကြ၏။ ကွဲပြားပုံကို ပုဂ္ဂလ ပညတ် အဋ္ဌကထာ (အဘိ-ဋ္ဌ-၃-၄၇)၌ ဖွင့်ဆိုထား၏။ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

ထိုသို့ သတ်မှတ်ပေးသော တရားမှာ —

၁။ အချို့က ပုဗ္ဗဟေတု = ရှေးကံ အကြောင်းဟုလည်းကောင်း,

၂။ အချို့က ပဌမမဂ်  = သောတာပတ္တိမဂ်ဟုလည်းကောင်း,

၃။ အချို့က အထက်မဂ် သုံးပါးဟုလည်းကောင်း,

၄။ အချို့ကမူ အထက်မဂ် သုံးပါး၏ ရှေး၌ဖြစ်သော ဝိပဿနာဟုလည်းကောင်း အသီးအသီး အဆိုရှိကြ၏။

ထိုဝါဒ လေးရပ်တို့တွင် အထက်မဂ် သုံးပါး၏ ရှေး၌ဖြစ်သော ဝိပဿနာကသာ သတ်မှတ်ပေးသည် ဟူသော နောက်ဆုံး အယူအဆသာ သင့်မြတ်ကြောင်းကို “တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ နိယမေတီ”တိ ဝါဒေါ ပန ယုဇ္ဇတိ။ (အဘိ-ဋ္ဌ-၃-၄၇။) ဟု အတည်ပြု ဆုံးဖြတ်ထားပေသည်။

သို့သော် ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၌ကား —

တံ ပနေတံ တေသံ မုဒုမဇ္ဈိမတိက္ခပညတံ ပုဗ္ဗဟေတု နိယမေတိ။ (ပဋိသံ-ဋ္ဌ-၂-၆၇။)

ထိုသောတာပန် သုံးမျိုးတို့၏ ဣန္ဒြေထက်မှု ညံ့မှုမှာ ပုဗ္ဗဟေတု = ရှေးအကြောင်းကံက သတ်မှတ်ပေး၏။ (ပဋိသံ-ဋ္ဌ-၂-၆၇။)

ဤသို့ ဖွင့်ဆိုထားပေသည်။ အထက်ပါ ပုဂ္ဂလပညတ်အဋ္ဌကထာ၌ လာရှိသော ပထမဆရာ၏ အယူအဆနှင့် တူမျှလျက် ရှိပေသည်။

## ထပ်မံ ရှင်းလင်းချက်များ

ထိုအထက်ဖော်ပြပါ ဝါဒ လေးရပ်တို့တွင် ရှေးကံအကြောင်းတရားက သောတာပန် သုံးမျိုးတို့၏ ဣန္ဒြေထက်မှု ညံ့မှုကို သတ်မှတ်ပေး၏ — ဟူသော ပထမဝါဒ၌ "ပထမမဂ်၏ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရားကို ရှေးကံအကြောင်းတရားသည် ပြုလုပ်အပ်သည် မည်၏၊ အထက်မဂ် သုံးပါးတို့သည် အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရား မရှိကုန်ဘဲ ဖြစ်ပေါ်လာကုန်၏" ဟူသော ဤအပြစ်စကားသည် ရောက်ရှိဖြစ်ပေါ်နေ၏။

တစ်ဖန် ပထမမဂ် = သောတာပတ္တိမဂ်သည် သောတာပန် သုံးမျိုးတို့၏ ဣန္ဒြေ ထက်မှု ညံ့မှုကို သတ်မှတ်ပေး၏ဟူသော ဒုတိယဝါဒ၌ အထက်မဂ် သုံးပါးတို့၏ အကျိုးမရှိကုန်သည်၏ အဖြစ်သည် ရောက်ရှိလေရာ၏ ဖြစ်လေရာ၏။

အထက်မဂ် သုံးပါးတို့က သောတာပန် သုံးမျိုးတို့၏ ဣန္ဒြေ ထက်မှု ညံ့မှုကို သတ်မှတ်ပေးကုန်၏ဟူသော တတိယဝါဒ၌ ပထမမဂ်သည် မဖြစ်မီကပင် အထက်မဂ်သုံးပါးတို့သည် ဖြစ်နှင့်ကုန်ပြီဟူသော ဤအပြစ်သည် ရောက်ရှိလေရာ၏။

ထို့ကြောင့် အလျော်အားဖြင့်ဆိုရမူ အထက်မဂ်သုံးပါးတို့၏ ရှေးအဖို့၌ ဖြစ်သော ဝိပဿနာကသာလျှင် သောတာပန် သုံးမျိုးတို့၏ ဣန္ဒြေ ထက်မှု ညံ့မှုကို သတ်မှတ်ပေး၏ဟူသော ဝါဒသည်သာလျှင် သင့်မြတ်ပေသည်။ အကြောင်းကား ဤသို့ ဖြစ်၏။ —

အကယ်၍ အထက်မဂ် သုံးပါးတို့၏ ရှေးအဖို့၌ ဖြစ်သော ဝိပဿနာသည် အားရှိသည် ဖြစ်အံ့၊ ဤသို့ အားရှိခဲ့သော် ဝိပဿနာက အားကောင်းသောကြောင့် တစ်ဘဝတည်း၌ ပဋိသန္ဓေနေရရုံဖြင့် အထက်မဂ်တို့ကို ရနိုင်ရကား ဧကဗီဇိ သောတာပန် မည်၏။ ထိုဧကဗီဇိ သောတာပန် ဖြစ်ကြောင်း ဝိပဿနာအောက် သာ၍ အားနည်းသော ဝိပဿနာကြောင့်ကား ကောလံကောလ သောတာပန် ဖြစ်နိုင်၏။ ထို ကောလံကောလ သောတာပန် ဖြစ်ကြောင်း ဝိပဿနာအောက် သာ၍ အားနည်းသော ဝိပဿနာကြောင့်ကား သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်နိုင်၏။ ထို့ကြောင့် နောက်ဆုံးဖြစ်သော "အထက်မဂ် သုံးပါးတို့၏ ဝိပဿနာကသာလျှင် ယင်း သောတာပန်တို့၏ ဣန္ဒြေ ထက်မှု ညံ့မှုကို မြဲစေ၏"ဟူသော စတုတ္ထဝါဒသည်သာလျှင် သင့်မြတ်ပေသည်။ (အဘိ-ဋ္ဌ-၃-၄၇။)

**သတိပြုရန်** — မြတ်စွာဘုရားရှင်သည် ယူတော်မူအပ်သော နာမည်၏ အစွမ်းဖြင့်သာလျှင် ဤ သတ္တက္ခတ္တုပရမ, ကောလံကောလ, ဧကဗီဇိဟူသော အမည်တို့၏ ဤသုံးမျိုးကုန်သော သောတာပန်ပုဂ္ဂိုလ်တို့၏ အမည်တို့ ဖြစ်ကြရကုန်၏၊ ဤမျှ အတိုင်းအရှည် ရှိသော အရပ်သို့ ဘဝသို့ ကပ်ရောက်သော သောတာပန် ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ မည်၏၊ ဤမျှ အတိုင်းအရှည် ရှိသော အရပ်သို့ ဘဝသို့ ကပ်ရောက်သော သော-

တာပန်ပုဂ္ဂိုလ်သည် ကောလံကောလ မည်၏၊ ဤမျှ အတိုင်းအရှည် ရှိသော အရပ်သို့ ဘဝသို့ ကပ်ရောက်သော သောတာပန် ပုဂ္ဂိုလ်သည် ဧကဗီဇီ မည်၏ဟု ဘုရားရှင်သည် ဤသောတာပန်ပုဂ္ဂိုလ်တို့၏ အမည်ကို ယူတော်မူအပ်ပြီ၊ ထိုသို့ ယူတော်မူအပ်ပါသော်လည်း မြဲသောအားဖြင့် ဤပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန်တည်း၊ ဤပုဂ္ဂိုလ်သည် ကောလံကောလ သောတာပန်တည်း၊ ဤပုဂ္ဂိုလ်သည် ဧကဗီဇီ သောတာပန်တည်းဟု ဤသို့ ဆုံးဖြတ်ခြင်းသည် မရှိပေ။ (အဘိ-ဋ္ဌ-၃-၄၆။)

## သမ္မောဟဝိနောဒနီ အဋ္ဌကထာ၏ ဖွင့်ဆိုချက်

ကောစိ ပန ပုဂ္ဂလော သတ္တန္နံ ဘဝါနံ နိယတော နာမ နတ္ထိ၊ အရိယသာဝကော ပန ယေန ကေနစိပိ အာကာရေန မန္ဒပညော သမာနော အဋ္ဌမံ ဘဝံ အပ္ပတွာ အန္တရာဝ ပရိနိဗ္ဗာတိ။ သက္ကသဒိသောပိ ဝဋ္ဋာဘိရတော သတ္တမံယေဝ ဘဝံ ဂစ္ဆတိ၊ သတ္တမေ ဘဝေ သဗ္ဗာကာရေန ပမာဒဝိဟာရိနောပိ ဝိပဿနာဉာဏံ ပရိပါကံ ဂစ္ဆတိ၊ အပ္ပမတ္တကေပိ အာရမ္မဏေ နိဗ္ဗိန္ဒိတွာ နိဗ္ဗုတိံ ပါပုဏာတိ။ သစေပိ ဟိဿ သတ္တမေ ဘဝေ နိဒ္ဒံ ဝါ ဩက္ကမန္တဿ ပရမ္မုခံ ဝါ ဂစ္ဆန္တဿ ပစ္ဆတော ဌတွာ တိခိဏေန အသိနာ ကောစိဒေဝ သီသံ ပါတေယျ၊ ဥဒကေ ဝါ ဩသာ-ဒေတွာ မာရေယျ၊ အသနိ ဝါ ပနဿ သီသေ ပတေယျ၊ ဇဝရူပေပိ ကာလေ သပ္ပဋိသန္ဓိကာ ကာလံကိရိယာ နာမ န ဟောတိ၊ အရဟတ္တံ ပတွာဝ ပရိနိဗ္ဗာတိ။ တေန ဝုတ္တံ "အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတီ"တိ။ (အဘိ-ဋ္ဌ-၂-၄၁၁။)

ခုနစ်ဘဝတို့ပတ်လုံး သံသရာ၌ ကျင်လည်ရမည်ဟု သတ်မှတ်ထားအပ်သော ကိန်းသေမြဲသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်မည်သည် မရှိပေ။ အရိယသာဝကသည်ကား အမှတ်မရှိ တစ်စုံတစ်ခုသော အကြောင်း-ကြောင့်လည်း မန္ဒပညာ= နုံ့နှေးသောပညာရှိသည် ဖြစ်လတ်သော် ရှစ်ခုမြောက်သော ဘဝသို့ မရောက်မူ၍ ရှစ်ခုမြောက် ဘဝ၏ အကြား၌သာလျှင် ပရိနိဗ္ဗာန်စံရ၏။ သိကြားမင်းနှင့် တူသော သံသရာဝဋ်၌ အလွန်မွေ့လျော်-သော သောတာပန်သော်မှလည်း ခုနစ်ခုမြောက်သော ဘဝသို့ တိုင်ရုံသာ သွားရ၏။ ခုနစ်ခုမြောက် ဘဝ၌ကား အလုံးစုံသော အခြင်းအရာအားဖြင့် မေ့မေ့လျော့လျော့ နေလေ့ရှိသော သောတာပန်ပုဂ္ဂိုလ်၏သော်မှလည်း ဝိပဿနာဉာဏ်သည် ရင့်ကျက်ခြင်းသို့ ရောက်ရှိသွား၏။ အနည်းငယ် အတိုင်းအရှည်ရှိသော အာရုံ၌သော်မှလည်း ငြီးငွေ့၍ ကိလေသာတို့၏ ငြိမ်းအေးခြင်းသို့ ရောက်ရ၏။ မှန်ပေသည် – ထိုသောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ခုမြောက်သော ဘဝ၌ အိပ်ပျော်ခြင်းသို့ သက်ရောက်နေစဉ်၌သော်လည်းကောင်း, တစ်ဘက်သို့ မျက်နှာမူကာ သွားနေစဉ် နောက်မှ ရပ်၍သော်လည်းကောင်း တစ်စုံတစ်ယောက်သော သူကပင်လျှင် ထက်လှစွာသော သံ-လျက်ဖြင့် ဦးခေါင်းကို မြေသို့ ကျစေငြားအံ့၊ ရေထဲ၌ နှစ်၍သော်လည်း သတ်ငြားအံ့၊ ထိုသောတာပန်ပုဂ္ဂိုလ်၏ ဦးထိပ်ထက်၌ မိုးကြိုးသော်လည်း ကျရောက်ငြားအံ့၊ ဤသို့ သဘောရှိသော အချိန်အခါ ကာလမျိုး၌သော်လည်း ပဋိသန္ဓေနှင့် တကွဖြစ်သော သေခြင်းမည်သည် မရှိပေ။ အရဟတ္တဖိုလ်သို့ ရောက်ပြီးမှသာလျှင် ပရိနိဗ္ဗာန်စံရ၏။ ထို့ကြောင့် —

အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ (အဘိ-၂-၃၄၉။)

= သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ်သည် ရှစ်ကြိမ်မြောက်ဘဝကို ဖြစ်စေလေ-ရာ၏၊ ဤသဘောတရားသည် မရှိသည်သာတည်း။ (အဘိ-၂-၃၄၉။)

ဤသို့ ဘုရားရှင်သည် ဟောကြားထားတော်မူပေသည်။ (အဘိ-ဋ္ဌ-၂-၄၁၁။)

ဤအထက်ပါ စကားရပ်ကိုလည်း အဋ္ဌကထာဆရာတော်သည် ကာမဘဝကိုသာ ရည်ရွယ်တော်မူ၍ ဖွင့်ဆို ထားသည်ဟု ယူလျှင် အဋ္ဌကထာ ဋီကာတို့၏ စကားများသည် ရှေးနှင့်နောက် မဆန့်ကျင်သည် ဖြစ်လေရာ၏။

သောတာပန်ပုဂ္ဂိုလ် သုံးမျိုးတို့၏ အကြောင်းအရာကို တင်ပြပြီးနောက် ယခု တစ်ဖန် ဆက်လက်၍ အထက်မဂ် သုံးပါးတို့၏ ပဝတ္တမှ ထပုံ အကြောင်းအရာကို ရေးသားတင်ပြအပ်ပါသည်။

## အထက်မဂ် သုံးပါးတို့ ပဝတ္တမှ ထပုံ

အကယ်၍ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ကို မဖြစ်စေသည် ဖြစ်အံ့၊ ဤသို့ မဖြစ်စေခဲ့သော် သောတာပန်ပုဂ္ဂိုလ်၏ အလွန်ဆုံးဖြစ်ရာ (၇)ဘဝတို့တွင် နှစ်ဘဝသာ ဖြစ်စရာရှိသောကြောင့် ယင်းနှစ်ဘဝတို့ကို ထား၍ ကျန်ငါးဘဝတို့၌ ဥပါဒိန္နက ခန္ဓပဝတ္တသည် ဖြစ်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ — ထို ဥပါဒိန္နက ခန္ဓပဝတ္တ၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ကိလေသာတို့၏ ရှိကုန်သေးသည်၏ အဖြစ်ကြောင့်တည်း။ သို့သော် ရုန့်ရင်းကုန်သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် ရုန့်ရင်းကုန်သော ကာမရာဂါနုသယ ပဋိဃာနုသယ ဟူသော ဤကိလေသာ လေးမျိုးတို့ကို ထိုသကဒါဂါမိမဂ်သည် ဖြစ်လျှင် ဖြစ်ချင်းပင် မိမိဖြစ်ဆဲ ခဏမှာပင် အကြွင်းမဲ့ ပယ်သတ်လိုက်နိုင်၏။ ယင်းသို့ ပယ်သတ်ပြီးရာ သကဒါဂါမ်ဖြစ်ရာ ဤအခါမျိုး၌ သကဒါ-ဂါမ်ပုဂ္ဂိုလ်၏ သန္တာန်ဝယ် နှစ်ဘဝတို့ကို ထား၍ ငါးဘဝတို့၌ ဥပါဒိန္နက ခန္ဓပဝတ္တ = အဆက်မပြတ် ဖြစ်သော ဥပါဒိန္နက ခန္ဓာအစဉ်သည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်း။ ဤသို့လျှင် သကဒါဂါမိမဂ်သည် ဥပါဒိန္နက ခန္ဓပဝတ္တကို အဆက်မပြတ် မဖြစ်အောင် ပြုလုပ်လျက် ဥပါဒိန္နက ခန္ဓပဝတ္တမှ ထသည် မည်၏။

(အဘိ-ဋ္ဌ-၁-၂၇၈။)

**နှစ်ဘဝ** — သကဒါဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ကို ရအောင် ဆက်လက်အားမထုတ်ဘဲ သကဒါဂါမ် အဖြစ်နှင့် နေခဲ့သော် သကဒါဂါမ်အဖြစ်နှင့် ဥပါဒိန္နကခန္ဓပဝတ္တ နှစ်ဘဝ ဖြစ်စရာ ရှိနေသေး၏။ ယင်းနှစ်ဘဝကို ထား၍ ဥပါဒိန္နကခန္ဓပဝတ္တ ဖြစ်စရာ မရှိတော့ပေ။ ဤအရာ၌ နှစ်ဘဝဟူသည် ကာမာဝစရနတ်ဘဝနှင့် လူ့ဘဝ တည်း။ ရူပ အရူပဘဝတို့၌ကား သကဒါဂါမ်ကို မဆိုထားဘိ အနာဂါမ်သည်ပင် သုဒ္ဓါဝါသဘုံ စသည်၌ ဘဝ များစွာ ဖြစ်နိုင်သေး၏။ — တထာ "ဌပေတွာ ဒွေ ဘဝေ"တိ ဧတ္ထာပိ ကာမာဝစရဒေဝမနုဿဘဝါနံ မိဿက-ဝသေနေဝ။ (အနုဋီ-၁-၁၂၄။)

အကယ်၍ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်ကို မဖြစ်စေသည် ဖြစ်အံ့၊ ဤသို့ မဖြစ်စေခဲ့သော် တစ်မျိုး-သော ရူပဘဝ အရူပဘဝကို ထား၍ ဒုတိယဘဝ၌ ဥပါဒိန္နက ခန္ဓပဝတ္တသည် ဖြစ်လေရာ၏၊ အကြောင်းမူ — ထိုဥပါဒိန္နက ခန္ဓပဝတ္တ၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ကိလေသာတို့၏ ရှိကုန်သေးသည်၏ အဖြစ်ကြောင့် တည်း။ သို့သော် သိမ်မွေ့သည်၏ အဖြစ်နှင့် အတူတကွဖြစ်ကုန်သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်, သိမ်မွေ့သည်၏ အဖြစ်နှင့် အတူတကွဖြစ်ကုန်သော ကာမရာဂါနုသယ ပဋိဃာနုသယဟူသော ဤလေးမျိုးသော ကိလေသာတို့ကို ထိုအနာဂါမိမဂ်သည် ဖြစ်လျှင်ဖြစ်ချင်းပင် မိမိဖြစ်ဆဲ ခဏမှာပင် အကြွင်းမဲ့ ပယ်သတ်နိုင်၏၊ ယင်းသို့ ပယ်သတ်ပြီးရာ အနာဂါမ်ဖြစ်ရာ ဤအခါမျိုး၌ အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်ဝယ် တစ်မျိုးသော ရူပဘဝ အရူပဘဝကိုထား၍ ဒုတိယဘဝ၌ ဥပါဒိန္နက ခန္ဓပဝတ္တ = အဆက်မပြတ်ဖြစ်သော ဥပါဒိန္နက ခန္ဓာအစဉ်သည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်း။ ဤသို့လျှင် အနာဂါမိမဂ်သည် ဥပါဒိန္နက ခန္ဓပဝတ္တကို အဆက်မပြတ် မဖြစ်အောင် ပြုလုပ်လျက် ဥပါဒိန္နက ခန္ဓပဝတ္တမှ ထသည် မည်၏။ (အဘိ-ဋ္ဌ-၁-၂၇၈။)

**ဧကံ ဘဝ**န္တိ အနာဂါမိနော အနေကက္ခတ္တုံ တတ္ထေဝ ဥပပဇ္ဇန္တဿ ပေဟ္ပာ အနာဂမနဝသေန ဧကော ဘဝေါတိ ဂဟေတွာ ဝုတ္တံ။ (မူလဋီ-၁-၁၁၇။)

အနာဂါမ်ပုဂ္ဂိုလ်သည် ရူပဘဝ အရူပဘဝ၌ အကြိမ်များစွာ ထပ်ကာထပ်ကာ ဖြစ်သော်လည်း မဟဂ္ဂုတ် ဘဝ တစ်ခုတည်းသာ တစ်မျိုးတည်းသာ ဖြစ်သောကြောင့် အောက်ကာမဘုံသို့ ပြန်လာခြင်းသဘော မရှိသည်၏

အစွမ်းဖြင့် — ဧကော ဘဝေါ = တစ်မျိုးသော ဘဝဟု ယူ၍ အဋ္ဌကထာက မိန့်ဆိုထားပေသည်။
(မူလဋီ-၁-၁၁၇။)

အကယ်၍ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို မဖြစ်စေအပ်သည် ဖြစ်ငြားအံ့၊ ဤသို့ မဖြစ်စေအပ်ခဲ့သော် ရူပဘဝ အရူပဘဝတို့၌ အဆက်မပြတ်ဖြစ်သော ဥပါဒိန္နကခန္ဓပဝတ္တသည် ဖြစ်လေရာ၏၊ အဘယ်ကြောင့်နည်းဟူမူ ထိုဥပါဒိန္နကခန္ဓပဝတ္တ၏ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာတို့၏ ထင်ရှား ရှိကုန်သေးသည်၏ အဖြစ်ကြောင့်တည်း။ သို့သော် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာဟူသော အထက်ပိုင်း သံယောဇဉ်ငါးပါး, မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယဟူသော အနုသယသုံးပါး - ပေါင်း (၈)ပါးကုန်သော ဤကိလေသာတို့ကို ထိုအရဟတ္တမဂ်သည် ဖြစ်လျှင်ဖြစ်ချင်းပင်လျှင် မိမိဖြစ်ဆဲ ခဏမှာပင် အကြွင်းမဲ့ ပယ်သတ်နိုင်၏၊ ယင်းသို့ ပယ်သတ်ပြီးရာ ရဟန္တာဖြစ်ပြီးရာ ဤအခါမျိုး၌ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်ဝယ် နောက်ထပ် ဘဝတစ်ခု၌ ဥပါဒိန္နကခန္ဓပဝတ္တ = အဆက်မပြတ်ဖြစ်သော ဥပါဒိန္နက ခန္ဓာအစဉ်သည် အဘယ်မှာလျှင် ဖြစ်နိုင်တော့အံ့နည်း။ ဤသို့လျှင် အရဟတ္တမဂ်သည် ဥပါဒိန္နကပဝတ္တကို အဆက်မပြတ် မဖြစ်အောင် ပြုလုပ်လျက် ဥပါဒိန္နကခန္ဓပဝတ္တမှ ထသည် မည်၏။ (အဘိ-ဋ္ဌ-၁-၂၇၈-၂၇၉။)

ဆက်၍ ဆိုဦးအံ့ — ဥပါဒိန္နကခန္ဓပဝတ္တကိုပင် ဘဝအမည်ဖြင့် ဆိုရသော် ဤအရိယမဂ်လေးပါးတို့တွင် သောတာပတ္တိမဂ်သည် အပါယ်ဘဝမှ ထ၏၊ သကဒါဂါမိမဂ်သည် ကာမသုဂတိဘဝဟူသော ဘဝတစ်စိတ်တစ်ဒေသမှ ထ၏။ အနာဂါမိမဂ်သည် ကာမဘဝ အားလုံးမှ ထ၏။ အရဟတ္တမဂ်သည် ရူပဘဝ အရူပဘဝတို့မှ ထ၏။ အလုံးစုံသော ဘဝတို့မှ ထသည်သာဟုလည်း ဆရာမြတ်တို့ ဆိုတော်မူကြကုန်၏။ (အဘိ-ဋ္ဌ-၁-၂၇၉။)

ဤဆိုအပ်ခဲ့ပြီးသော ဥပါဒိန္နကခန္ဓပဝတ္တမှ အရိယမဂ်သည် ထ၏ဟူသော ဤအနက်ကို ထင်ရှားစွာ ဖြစ်စေခြင်းအကျိုးငှာ ဤဆိုလတ္တံ့သည်ကား စူဠနိဒ္ဒေသ ပါရာယနဝဂ်ံ အဇိတမာဏဝပုစ္ဆာနိဒ္ဒေသပါဠိတော်တည်း။

သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန သတ္တ ဘဝေ ဌပေတွာ အနမတဂ္ဂေ သံသာရဝဋ္ဋေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

သကဒါဂါမိမဂ္ဂဉာဏေနေ အဘိသင်္ခါရဝိညာဏဿ နိရောဓေန ဒွေ ဘဝေ ဌပေတွာ ပဉ္စသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

အနာဂါမိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန ဧကံ ဘဝံ ဌပေတွာ ကာမဓာတုယာ ဒွီသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

အရဟတ္တမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန ရူပဓာတုယာ ဝါ အရူပဓာတုယာ ဝါ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။ အရဟတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တဿ စရိမဝိညာဏဿ နိရောဓေန ပညာ စ သတိ စ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။ (ခု-၈-၃၃ - စူဠနိဒ္ဒေသ။)

သောတာပတ္တိမဂ်ဉာဏ်ကြောင့် ဘဝသစ် အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်၏ ချုပ်ဆုံးသွားခြင်းကြောင့် (၇)ပါးကုန်သော ဘဝတို့ကို ထား၍ အစမထင် အနမတဂ္ဂ သံသာရဝဋ္ဋဒုက္ခ တစ်ခွင်၌ နာမ်သည်လည်းကောင်း ရုပ်သည်လည်းကောင်း အကြင်တရားတို့သည် ဖြစ်ကုန်ရာ၏။ ဤသောတာပတ္တိမဂ်ဉာဏ်ကြောင့် ဤနာမ်ရုပ်တရားတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏ ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏ ငြိမ်းအေးကုန်၏။

သကဒါဂါမိမဂ်ဉာဏ်ကြောင့် ဘဝသစ်၌ အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်၏ ချုပ်ဆုံးသွားခြင်းကြောင့် နှစ်ဘဝတို့ကို ထား၍ ငါးဘဝတို့၌ နာမ်သည် လည်းကောင်း ရုပ်သည်လည်းကောင်း အကြင်တရားတို့သည် ဖြစ်ကုန်ရာ၏။ ဤသကဒါဂါမိမဂ်ဉာဏ်ကြောင့် ဤနာမ်ရုပ်တရားတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏ ချုပ်ပျက်ခြင်းသို့ ရောက်ကုန်၏ ငြိမ်းအေးကုန်၏။

အနာဂါမိမဂ်ဉာဏ်ကြောင့် ဘဝသစ်၌ အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်၏ ချုပ်ဆုံးသွားခြင်းကြောင့် တစ်ဘဝကို ထား၍ ကာမဓာတ်၌ (အနာဂါမိမဂ်ကို မဖြစ်စေနိုင်သဖြင့် သကဒါဂါမ်အဖြစ်နှင့် ဖြစ်ခွင့်ရှိသော) နှစ်ဘဝတို့၌ နာမ်သည်လည်းကောင်း ရုပ်သည်လည်းကောင်း အကြင်တရားတို့သည် ဖြစ်ကုန်ရာ၏။ ဤအနာဂါမိမဂ်ကြောင့် ဤနာမ်ရုပ်တရားတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏ ချုပ်ပျက်ခြင်းသို့ ရောက်ကုန်၏ ငြိမ်းအေးကုန်၏။

အရဟတ္တမဂ်ဉာဏ်ကြောင့် ဘဝသစ်၌ အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် ပြုစီမံတတ်သော အဘိသင်္ခါရဝိညာဏ် = ကမ္မဝိညာဏ်၏ ချုပ်ဆုံးသွားခြင်းကြောင့် အရဟတ္တမဂ်ကိုမရက အနာဂါမ်အဖြစ်နှင့် ရူပဓာတ်၌ သော်လည်းကောင်း အရူပဓာတ်၌သော်လည်းကောင်း နာမ်သည်လည်းကောင်း ရုပ်သည်လည်းကောင်း အကြင်တရားတို့သည် ဖြစ်ကုန်ရာ၏။ ဤအရဟတ္တမဂ်ကြောင့် ဤနာမ်ရုပ်တရားတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏ ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏ ငြိမ်းအေးကုန်၏။ ရဟန္တာပုဂ္ဂိုလ်သည် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် = ဝိပါက်နာမ်တရားနှင့် ကမ္မဇရုပ် အကြွင်းအကျန် မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံရုပ်သိမ်းချုပ်ငြိမ်းရလေသော် နောက်ဆုံးဖြစ်သော ပရိနိဗ္ဗာနစုတိ ဝိညာဏ်၏ နောင်တစ်ဖန် ဖြစ်ခြင်းသဘောမရှိသော အနုပ္ပါဒနိရောဓသဘောဖြင့် ချုပ်ခြင်းကြောင့် ပညာသည်လည်းကောင်း သတိသည်လည်းကောင်း နာမ်သည်လည်းကောင်း ရုပ်သည်လည်းကောင်း ဤတရားတို့သည် ချုပ်ကုန်၏ ငြိမ်းကုန်၏ ချုပ်ပျက်ခြင်းသို့ ရောက်ကုန်၏ ငြိမ်းအေးကုန်၏။ (ခု-၈-၃၃-စူဠနိဒ္ဒေသ။ အဘိ-၄-၁-၂၇၉။)

**အဘိသင်္ခါရဝိညာဏ်** — ပုညာဘိသင်္ခါရစသည်၌ကဲ့သို့ အဘိသင်္ခါရ-သဒ္ဒါသည် အကျိုးတရားကို ပြုစီမံတတ်သော ကံဟူသော အနက်ကို ဟော၏။ ထိုကြောင့် အဘိသင်္ခါရဝိညာဏ်ဟူသည် ထိုကမ္မ = စေတနာနှင့် ယှဉ်သော ဝိညာဏ်တည်း၊ ကမ္မဝိညာဏ်ဟုလည်း ခေါ်ဆို၏။ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိသောအခါ ခုနစ်ဘဝမှ နောက်၌ အကျိုးပေးမည့် အဘိသင်္ခါရဝိညာဏ်သည် ချုပ်လေတော့၏။ ထိုကြောင့် ခုနစ်ဘဝမှ နောက်၌ ဝိပါက်ဖြစ်သော နာမ်နှင့် ကမ္မဇရုပ်များသည် မဖြစ်ကြတော့ပေ။ သကဒါဂါမိမဂ်ဉာဏ် စသည်တို့ကြောင့် အဘိသင်္ခါရဝိညာဏ် ချုပ်ပုံကိုလည်း နည်းတူ သိပါလေ။ (ဤ၌ ခုနစ်ဘဝစသည် ယူဆပုံကိုလည်း အထက်က ရေးခဲ့ပြီးသည့် အတိုင်းသာ မှတ်ပါ။)

**နိရောဓ** — အပါယေသု သတ္တမဘဝတော ဉဒ္ဓံ သုဂတိယဥ္စ ဝိပါကဒါယကဿ အဘိသင်္ခါရဝိညာဏဿ ပစ္စယဃာတော သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓော ဒဋ္ဌဗ္ဗော။ (မူလဋီ-၁-၁၁၇။)

**အဘိသင်္ခါရဝိညာဏ်၏ ချုပ်ငြိမ်းမှု** — "အဘိသင်္ခါရဝိညာဏ်"ဟူသော ကံသည် အရိယမဂ်ဉာဏ်တို့က ပယ်သတ်အပ်သော တရားမဟုတ်၊ "အဘယ်နည်းအားဖြင့် အဘိသင်္ခါရဝိညာဏ်ဟူသော ကံသည် ချုပ်သနည်း" ဟု မေးမြန်းဖွယ် ရှိ၏။ အဖြေကား — အဘိသင်္ခါရဝိညာဏ်သည် အဝိဇ္ဇာ-တဏှာဟူသော အဖော်ကို ရရှိပါမှ အကျိုးဝိပါက်တရားများကို ဖြစ်ပေါ်လာအောင် ပြုစီမံနိုင်၏၊ ထိုအဝိဇ္ဇာ-တဏှာတို့ကား အရိယမဂ်တရားတို့က အကြွင်းမဲ့ ပယ်သတ်အပ်သော တရားတို့တည်း။ အရိယမဂ်တရားတို့က အဘိသင်္ခါရဝိညာဏ်၏ အကြောင်းဖြစ်သော အဝိဇ္ဇာ-တဏှာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် ဖြေရှင်းပယ်သတ်လိုက်လျှင် အဘိသင်္ခါရဝိညာဏ်သည်-

လည်း ချုပ်ရာရောက်၏။ ထို့ကြောင့် အကြောင်း အဝိဇ္ဇာ-တဏှာ၏ ချုပ်ခြင်းကိုပင် ကာရဏူပစာရအားဖြင့် အဘိသင်္ခါရဝိညာဏ်၏ ချုပ်ခြင်းဟု ဆိုပေသည်။ ထိုကြောင့် အပါယ် ဒုဂ္ဂတိဘုံဘဝတို့၌လည်းကောင်း, ခုနစ်ဘဝမှ အထက်ဖြစ်သော နောက်၌ သုဂတိဘုံဘဝ၌လည်းကောင်း အကျိုးပေးတတ်သော အဘိသင်္ခါရဝိညာဏ်၏ အကြောင်းဖြစ်သော ကိလေသာတို့ကို သတ်ခြင်းကို သောတာပတ္တိမဂ်ဉာဏ်ကြောင့် အဘိသင်္ခါရဝိညာဏ်၏ ချုပ်ခြင်းဟူ၍ မှတ်ပါ။ ကျန် အရိယမဂ်ဉာဏ်တို့ကြောင့် ဆိုင်ရာ ဆိုင်ရာ အဘိသင်္ခါရဝိညာဏ်၏ ချုပ်ပုံကိုလည်း နည်းတူ မှတ်ပါ။ (မူလဋီ-၁-၁၁၇ - ကြည့်။)

ဤကား အဋ္ဌသာလိနီအဋ္ဌကထာ၌ လာရှိသော အရိယမဂ်၏ နိမိတ္တနှင့် ပဝတ္တမှ ထပုံ အဆုံးအဖြတ်တည်း။ (အဘိ-ဋ္ဌ-၁-၂၇၇-၂၇၉။)

## အနုပဒဓမ္မ ဝိပဿနာ

သမူဟဂဟဏဝသေန ပဝတ္တံ **ကလာပသမ္မသနံ**။ ဖဿာဒိဧကေကဓမ္မဂဟဏဝသေန ပဝတ္တာ **အနုပဒ–ဓမ္မဝိပဿနာ**။ (မူလဋီ-၁-၁၀၉။)

ရုပ်နာမ် နှစ်ပါးနည်း, ခန္ဓာ ငါးပါးနည်း, အာယတန တစ်ဆယ့်နှစ်ပါးနည်း, ဓာတ် တစ်ဆယ့်ရှစ်ပါးနည်း, ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ရပ်နည်း စသည့် ဝိပဿနာရှုပွားနည်းတို့ကား ပရမတ်တရားတို့ကို ပေါင်းစုခြုံ၍ ဝိပ-ဿနာ ရှုပွားသော **ကလာပသမ္မသန ဝိပဿနာရှုပွားနည်း**တည်း။ ရုပ်ပိုင်းတွင် စက္ခုဒသကကလာပ်စသော ထိုထို ရုပ်ကလာပ်တို့၌ တည်ရှိသော ပထဝီဓာတ်စသော ပရမတ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းပရမတ် တရားတို့တွင် ပထဝီဓာတ်စသော ပရမတ္ထဓာတ်သား တစ်လုံးစီ တစ်လုံးစီကိုလည်းကောင်း, နာမ်ပိုင်းတွင်လည်း ပထမဈာန်နာမ်တရားစသော ထိုထိုနာမ်တရားစုတို့တွင် ဖဿစသော တစ်ခုတစ်ခုသော တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ သိမ်းဆည်း၍ ယင်းနာမ်တရား တစ်လုံးစီ တစ်လုံးစီကိုလည်းကောင်း လက္ခဏာရေးတင်ကာ ဝိပ-ဿနာ ရှုပွားသုံးသပ်သော နည်းကား ပထဝီစသော ဖဿစသော တစ်ခုတစ်ခုသော တရားကို ဉာဏ်ဖြင့် ပိုင်းခြား ယူသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော **အနုပဒဓမ္မ ဝိပဿနာရှုပွားနည်း**တည်း။

(မူလဋီ-၁-၁၀၉။ အဘိ-ဌ-၁-၂၅၃။)

ဤသို့လျှင် ကလာပသမ္မသနဝိပဿနာ ရှုပွားနည်း အနုပဒဓမ္မဝိပဿနာရှုပွားနည်းဟု ဝိပဿနာရှုပွား နည်း နှစ်နည်းရှိရာ အထက်တွင် ရေးသားတင်ပြခဲ့သော ဝိပဿနာရှုပွားနည်းများမှာ ကလာပသမ္မသန ဝိပဿနာ ရှုပွားနည်းတို့သာ ဖြစ်ကြသည်။ ဤကလာပသမ္မသန ဝိပဿနာရှုပွားနည်း အမျိုးမျိုးတို့ဖြင့် ကြိုးပမ်းပါသော်လည်း အသင်သူတော်ကောင်းသည် ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ မဆိုက်ရောက်နိုင်ဘဲ ရှိနေငြားအံ့၊ ထိုအခါတွင် အနုပဒဓမ္မ ဝိပဿနာရှုပွားနည်းကို ပြောင်း၍ အားသစ်လိုပါက အားသစ်နိုင်ပါသည်။

အနုပဒဓမ္မ ဝိပဿနာရှုပွားနည်းသည် ဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အနုပဒသုတ္တန် (မ-၃-၇၅) တွင် လာရှိပေသည်။ ပုံစံထုတ်၍ ဆိုရသော် – အသင်သူတော်ကောင်းသည် အာနာပါန ပထမဈာန်ကို ဝင်စားပါ၊ ယင်းပထမဈာန် နာမ်တရား (၃၄)တို့တွင် ဖဿကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းဖဿကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။ အလားတူပင် ကျန်နာမ်တရားတို့ကိုလည်း တစ်လုံးစီ တစ်လုံးစီ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် ကသိုဏ်း (၁၀)ပါးလုံး၌ သမာပတ် (၈)ပါးစီကို ရရှိထားသူဖြစ်အံ့၊ နေဝသညာနာသညာယတန ဈာန်သမာပတ် နာမ်တရားစုကို ချန်ထား၍ ကြွင်းကျန်သော ဈာန်သမာပတ် နာမ် တရားစုတို့၌ ပုံစံတူပင် တစ်လုံးစီ တစ်လုံးစီသော နာမ်ပရမတ်တရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်းနာမ် တရား အသီးအသီးကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။ သာဝကများသည် နေဝသညာနာသညာယတန ဈာန်သမာပတ် နာမ်တရားစုတို့ကို အနုပဒဓမ္မ ဝိပဿနာနည်းဖြင့် တစ်လုံးစီ တစ်လုံးစီကို ဝိပဿနာ မရှုနိုင်။ ကလာပသမ္မသနနည်းဖြင့်သာလျှင် ပေါင်းစုခြုံ၍ ဝိပဿနာရှုနိုင်သည်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး သော်မှလည်း ယင်းနေဝသညာနာသညာယတန ဈာန်သမာပတ်တရားတို့ကို အနုပဒဓမ္မ ဝိပဿနာနည်းဖြင့် ဝိပဿနာ မရှုနိုင်။ ကလာပသမ္မသန ဝိပဿနာရှုပွားနည်းဖြင့်သာ ပေါင်းစုခြုံ၍ ဝိပဿနာရှုနိုင်သည်။ အနုပဒ ဓမ္မ ဝိပဿနာနည်းဖြင့် ယင်းနေဝသညာနာသညာယတန ဈာန်သမာပတ်တရားတို့ကို ဝိပဿနာရှုခြင်းသည် သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရာသာ ဖြစ်ပေသည်။ (အဘိ-ဌ-၁-၂၅၃ - ကြည့်ပါ။)

(၆)ဒွါရ (၄၂)ကောဋ္ဌာသ၌ တည်ရှိသော ရုပ်တရားတို့ကိုလည်း ရုပ်ကလာပ်တို့ကို ဓာတ်ခွဲလျက် တစ်လုံးစီ တစ်လုံးစီသော ပထဝီဓာတ်စသော ရုပ်တရားတိုင်းကို ရုပ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် ဖော်ပြထားသည့်အတိုင်း

ဉာဏ်ဖြင့် ပိုင်းခြားယူ၍ ယင်း ရုပ်ပရမတ် အသီးအသီး တစ်လုံးစီ တစ်လုံးစီကိုလည်း အလားတူပင် လက္ခဏာ-ယာဉ် တင်ကာ အနုပဒဓမ္မဝိပဿနာနည်းဖြင့် ဝိပဿနာ ရှုပွားနိုင်ပေသည်။ အလားတူပင် စက္ခုဒွါရဝီထိစသော ကာမာဝစရ နာမ်တရား = ထိုထိုစိတ္တက္ခဏ၏ အတွင်း၌ တည်ရှိသော နာမ်တရား တစ်လုံးစီ တစ်လုံးစီကိုလည်း ဝိပဿနာ ရှုနိုင်ပေသည်။

ဤသို့လျှင် ကလာပသမ္မသနနည်း, အနုပဒဓမ္မဝိပဿနာနည်းဟူသော ဝိပဿနာရှုနည်း နှစ်နည်းတို့တွင် တစ်နည်းနည်းဖြင့်ပင် ဖြစ်စေ, နှစ်နည်းလုံးဖြင့်ပင် ဖြစ်စေ ဝိပဿနာ ရှုပွားသုံးသပ်ပါက အသင်သူတော်ကောင်း-သည် ပါရမီအားလျော်စွာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ ဆိုက်ရောက်နိုင်ပေသည်။

## နာမ်ကမ္မဋ္ဌာန်း အကျယ်ရှုပွားနည်း

**နာမ်ကမ္မဋ္ဌာန်းပိုင်း**တွင် နာမ်တရားများကို အကျယ် သိမ်းဆည်းပုံကို ရေးသားတင်ပြထားခဲ့၏။ အကျယ် နည်းအားဖြင့် သိမ်းဆည်းထားသော ယင်းနာမ်တရားတို့ကိုလည်း သမ္မသနဉာဏ်ပိုင်း ဥဒယဗ္ဗယဉာဏ်ပိုင်းမှ စ၍ သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင်သော ဤဝိပဿနာဉာဏ်ပိုင်းတွင်လည်း လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပေသည်။

အထက်တွင် ရေးသားတင်ပြထားခဲ့သော ဝိပဿနာရှုနည်း အမျိုးမျိုးတို့ဖြင့် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ကို အပတ်တကုတ် ကြိုးပမ်းပါသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် တိုင်အောင်သော အောင်မြင်မှုကို မရဖြစ်နေ-ခဲ့လျှင်သော်လည်းကောင်း, သို့မဟုတ် အသင်သူတော်ကောင်း ကိုယ်တိုင်ကလည်း နာမ်ကမ္မဋ္ဌာန်း အကျယ် ရှုပွားနည်းဖြင့်လည်း ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုခဲ့သော်လည်းကောင်း နာမ်တရားများကို အကျယ်နည်းအားဖြင့် သိမ်းဆည်းလျက် ယင်းနာမ်တရားတို့ကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါလေ။

ရှုပွားနည်းစနစ်နှင့် ပတ်သက်၍ ဉာဏ်နုသူများအတွက် အနည်းငယ် ထပ်မံ၍ ရှင်းလင်းတင်ပြအပ်ပါသည်။ ဥပမာ – စက္ခုဒွါရ = မျက်စိ၌ (၅၄)မျိုးသော ရုပ်တရားများရှိရာ ရုပ်တစ်လုံးတစ်လုံးစီကို အာရုံပြု၍ ဖြစ်ပေါ်-လာသော ကုသိုလ်ဇော စောသည့် နာမ်တရားအားလုံး, အကုသိုလ်ဇော စောသည့် နာမ်တရားအားလုံးတို့ကို သိမ်းဆည်းလျက် ယင်းနာမ်တရားတို့ကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။ အလား-တူပင် သောတဒွါရစသော ကြွင်းဒွါရ (၅)မျိုးတို့၌ တည်ရှိသော ရုပ်တရား အသီးအသီးကို = ရုပ်တရား တစ်မျိုးစီ တစ်မျိုးစီကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကိုလည်းကောင်း, (၄၂)ကောဋ္ဌာသတို့တွင် ကောဋ္ဌာသ အသီးအသီး၌ တည်ရှိသော (၄၄)မျိုးစသော ရုပ်တရားတို့တွင် ရုပ်တရား တစ်မျိုးစီ တစ်မျိုးစီကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကိုလည်းကောင်း သိမ်းဆည်းလျက် လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

ထိုသို့ ရှုရာ၌ စက္ခုဒွါရ၌ ရုပ် (၅၄)မျိုး ရှိရာတွင် စက္ခုဒသက ကလာပ်၌ ရုပ် (၁၀)မျိုး ရှိရာ ယင်း စက္ခု ဒသက ကလာပ်၌ တည်ရှိသော ပထဝီဓာတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကို ဝိပဿနာ ရှုပွားသုံးသပ်ပြီးပါမှ ယင်းစက္ခုဒသက ကလာပ်၌ပင် တည်ရှိသော အာပေါဓာတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကို ဝိပဿနာရှုပါ။ ဤနည်းအားဖြင့် စက္ခုဒသက ကလာပ်၌ (၁၀)မျိုးသော ရုပ်တရားတို့တွင် ရုပ်တစ်မျိုးစီ တစ်မျိုးစီကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရား အသီးအသီးကို ဝိပဿနာ ရှုပြီးသော အခါမှ ယင်းစက္ခုဒွါရ၌ပင် တည်ရှိသော ကာယဒသက ကလာပ်ဝယ် (၁၀)မျိုးသော ရုပ်တို့တွင် ရုပ်တစ်မျိုးစီ

တစ်မျိုးစီကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကိုလည်း အစဉ်အတိုင်း နည်းတူပင် ဝိပဿနာရှုပါ။ စက္ခုဒွါရ၌ (၅၄)မျိုးသော ရုပ်တို့တွင် ရုပ်တစ်မျိုးစီ တစ်မျိုးစီကို အာရုံပြု၍ ဖြစ်ပေါ်လာသော နာမ်တရားတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်မျိုးလုံး၌ ဝိပဿနာ ရှုပြီးသောအခါမှ သောတဒွါရ စသည်သို့ ပြောင်းရှုပါ။ (၄၂) ကောဋ္ဌာသတို့၌လည်း နည်းတူပင် ရှုပါ။

ထို (၆)ဒွါရ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိသော ရုပ်တရားတို့ကို အာရုံအလိုက် ခွဲတမ်းချလိုက်ပါက အာရုံ (၆)မျိုးသာ ရှိပေသည်။ ရုပ်ကလာပ် အသီးအသီး၌ တည်ရှိသော —

၁။ ဝဏ္ဏမှာ ရူပါရုံ ဖြစ်၏။

၂။ ဂန္ဓမှာ ဂန္ဓာရုံ ဖြစ်၏။

၃။ ရသမှာ ရသာရုံ ဖြစ်၏။

၄။ ပထဝီ တေဇော ဝါယောတို့မှာ ဖောဋ္ဌဗ္ဗာရုံ ဖြစ်၏။

၅။ အဿာသပဿာသ သဒ္ဒနဝက ကလာပ် စသည်တို့၌ တည်ရှိသော အသံ-သဒ္ဒရုပ်မှာ သဒ္ဒါရုံ ဖြစ်၏။

၆။ အာပေါဓာတ် ဘာဝရုပ် ဇီဝိတ ဟဒယရုပ် ပသာဒရုပ်စသည့် ကြွင်းသော ပသာဒရုပ် သုခုမရုပ်တို့မှာ ဓမ္မာရုံ ဖြစ်၏။

နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ရူပါရုံလိုင်း သဒ္ဒါရုံလိုင်း စသည်တို့၌ နာမ်တရားများကို သိမ်းဆည်းခဲ့သည့်အတိုင်း = နာမ်ကမ္မဋ္ဌာန်းဇယားများအတိုင်း ယင်းနာမ်တရားတို့ကို သိမ်းဆည်း၍ ဝိပဿနာ ရှုပါ။ ကုသိုလ်ဇောဝီထိ, အကုသိုလ်ဇောဝီထိများကို ကုန်စင်အောင် ရှုပါ။

ထိုသို့ ရှုရာ၌ **ကလာပသမ္မသန ဝိပဿနာရှုနည်း, အနုပဒဓမ္မဝိပဿနာရှုနည်း**ဟူသော ဝိပဿနာ ရှုနည်း နှစ်နည်းလုံးဖြင့် မိမိနှစ်ခြိုက်သလို ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါသည်။ အသင်သူတော်ကောင်း၏ ပါရမီအပေါ် အခြေတည်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ ဆိုက်ရောက်ကောင်း ဆိုက်ရောက်နိုင်ပေလိမ့်မည်။

## အဝိဇ္ဇာနှင့် ဝိဇ္ဇာ

တစ်ချိန် ဘုရားရှင်သည် သာဝတ္ထိပြည်မှန်၌ သီတင်းသုံးစံနေတော်မူခိုက် ဖြစ်၏။ ထိုအခါ ရဟန်းတော် တစ်ပါးသည် မြတ်စွာဘုရားရှင်၏ ထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်အား ရိုသေစွာ ရှိခိုးပြီးနောက် သင့်-တင့်လျောက်ပတ်သော တစ်ခုသော အရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား . . . အဝိဇ္ဇာ အဝိဇ္ဇာဟု ဆိုအပ်ပါ၏၊ မြတ်စွာဘုရား . . . အဘယ်တရားသည် အဝိဇ္ဇာ ပါနည်း၊ အဘယ်မျှဖြင့် အဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု ဤစကားကို လျှောက်ထား၏။

"ချစ်သားရဟန်း . . . ဤလောက၌ အကြောင်းတရားနှင့် တကွသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အာဂမ သုတဟူသော သင်သိ, အဓိဂမသုတဟူသော ကျင့်သိ — ဤသင်သိ ကျင့်သိဟူသော အသိနှစ်မျိုးဖြင့် အကြား အမြင် ဗဟုသုတ မရှိသော ပရမတ်ဉာဏ်ပညာမျက်စိ ကာဏ်းနေသော ပုထုဇန်သည် —

၁။ (က) ရုပ်တရားကို မသိ၊
(ခ) ရုပ်တရား၏ ဖြစ်ပေါ်ကြောင်း သမုဒယကို မသိ၊
(ဂ) ရုပ်တရား၏ ချုပ်ရာ နိရောဓကို မသိ၊
(ဃ) ရုပ်တရား၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို မသိ။

၂။ (က) ဝေဒနာတရားကို မသိ။ ပ ။

၃။ (က) သညာတရားကို မသိ။ ပ ။

၄။ (က) သင်္ခါရတရားတို့ကို မသိ။ ပ ။

၅။ (က) ဝိညာဏ်တရားကို မသိ၊
(ခ) ဝိညာဏ်တရား၏ ဖြစ်ပေါ်ကြောင်း သမုဒယကို မသိ၊
(ဂ) ဝိညာဏ်တရား၏ ချုပ်ရာ နိရောဓကို မသိ၊
(ဃ) ဝိညာဏ်တရား၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို မသိ။

"ချစ်သားရဟန်း . . . ဤသို့ မသိခြင်းကို အဝိဇ္ဇာဟု ဆိုအပ်၏၊ ဤမျှဖြင့် အဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏" ဟု မိန့်တော်မူ၏။ (သံ-၂-၁၃၂ - အဝိဇ္ဇာသုတ်။)

တစ်ချိန် ဘုရားရှင်သည် သာဝတ္ထိပြည်မှန်၌ သီတင်းသုံးစံနေတော်မူခိုက်ဖြစ်၏၊ ထိုအခါ ရဟန်းတော် တစ်ပါးသည် မြတ်စွာဘုရားရှင်၏ ထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်အား ရိုသေစွာ ရှိခိုးပြီးနောက် သင့်-တင့် လျောက်ပတ်သော တစ်ခုသော အရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထား၏။

"မြတ်စွာဘုရား . . . ဝိဇ္ဇာ ဝိဇ္ဇာဟု ဆိုအပ်ပါ၏၊ အဘယ်တရားသည် ဝိဇ္ဇာပါနည်း။ မြတ်စွာဘုရား . . . အဘယ်မျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်ပါသနည်း"ဟု ဤစကားကို လျှောက်ထား၏။

"ချစ်သားရဟန်း . . . ဤလောက၌ အကြောင်းတရားနှင့်တကွသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အာဂမ သုတ အဓိဂမသုတဟူသော သင်သိ ကျင့်သိ ဤအသိ နှစ်မျိုးဖြင့် အကြားအမြင် ဗဟုသုတရှိသော, အရိယာ ဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် —

၁။ (က) ရုပ်တရားကို သိ၏၊
(ခ) ရုပ်တရား၏ ဖြစ်ပေါ်ကြောင်း သမုဒယကို သိ၏၊
(ဂ) ရုပ်တရား၏ ချုပ်ရာ နိရောဓကို သိ၏၊
(ဃ) ရုပ်တရား၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို သိ၏။

၂။ (က) ဝေဒနာတရားကို ။ ပ ။
၃။ (က) သညာတရားကို ။ ပ ။
၄။ (က) သင်္ခါရတရားတို့ကို။ ပ ။

၅။ (က) ဝိညာဏ်တရားကို သိ၏၊
(ခ) ဝိညာဏ်တရား၏ ဖြစ်ပေါ်ကြောင်း သမုဒယကို သိ၏၊
(ဂ) ဝိညာဏ်တရား၏ ချုပ်ရာ နိရောဓကို သိ၏၊
(ဃ) ဝိညာဏ်တရား၏ ချုပ်ရာ နိရောဓသို့ ရောက်ကြောင်း ကျင့်စဉ်ကို သိ၏။

ချစ်သားရဟန်း . . . ဤသည်ကို ဝိဇ္ဇာဟု ဆိုအပ်၏။ ဤမျှဖြင့် ဝိဇ္ဇာသို့ ရောက်သူ ဖြစ်၏”ဟု မိန့်တော်မူ၏။ (သံ-၂-၁၃၂ - ဝိဇ္ဇာသုတ္တန်။)

တစ်ချိန် ဘုရားရှင်သည် သာဝတ္ထိပြည်မွှန်၌ သီတင်းသုံးစံနေတော်မူခိုက် ဖြစ်၏၊ ထိုအခါ ရဟန်းတော် တစ်ပါးသည် မြတ်စွာဘုရားရှင်၏ ထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်အား ရှိသေစွာ ရှိခိုးပြီးနောက် သင့်တင့်လျောက်ပတ်သော တစ်ခုသော အရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်အား ဤသို့ လျှောက်ထား၏။

“မြတ်စွာဘုရား . . . အဘယ်သို့ သိသူ အဘယ်သို့ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်ကင်းနိုင်ပါသနည်း၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်ပါသနည်း”ဟု လျှောက်ထား၏။

“ချစ်သား ရဟန်း . . .

၁။ (က) စက္ခုအကြည်ဓာတ်ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) သိသူ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်ကင်းနိုင်၏၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်၏။
(ခ) ရူပါရုံတို့ကို ။ ပ ။
(ဂ) စက္ခုဝိညာဏ်ကို။ ပ ။
(ဃ) စက္ခုသမ္ဖဿကို ။ ပ ။
(င) စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) သိသူ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်ကင်းနိုင်၏၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်၏။

၂။ (က) သောတအကြည်ဓာတ်ကို။ ပ ။
(ခ) သဒ္ဒါရုံတို့ကို ။ ပ ။
(ဂ) သောတဝိညာဏ်ကို ။ ပ ။
(ဃ) သောတသမ္ဖဿကို ။ ပ ။
(င) သောတသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို။ ပ ။

၃။ (က) ဃာနအကြည်ဓာတ်ကို။ ပ ။
(ခ) ဂန္ဓာရုံတို့ကို ။ ပ ။
(ဂ) ဃာနဝိညာဏ်ကို ။ ပ ။
(ဃ) ဃာနသမ္ဖဿကို ။ ပ ။
(င) ဃာနသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို။ ပ ။

၄။ (က) ဇိဝှါအကြည်ဓာတ်ကို။ ပ ။
(ခ) ရသာရုံတို့ကို ။ ပ ။
(ဂ) ဇိဝှါဝိညာဏ်ကို ။ ပ ။
(ဃ) ဇိဝှါသမ္ဖဿကို ။ ပ ။
(င) ဇိဝှါသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေ-က္ခာဝေဒနာကို။ ပ ။

၅။ (က) ကာယအကြည်ဓာတ်ကို။ ပ ။
(ခ) ဖောဋ္ဌဗ္ဗာရုံတို့ကို ။ ပ ။
(ဂ) ကာယဝိညာဏ်ကို ။ ပ ။
(ဃ) ကာယသမ္ဖဿကို ။ ပ ။
(င) ကာယသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို။ ပ ။

၆။ (က) မနောအကြည်ဓာတ်ကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) သိသူ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်-ကင်းနိုင်၏၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်၏။
(ခ) ဓမ္မာရုံတို့ကို ။ ပ ။
(ဂ) မနောဝိညာဏ်ကို။ ပ ။
(ဃ) မနောသမ္ဖဿကို ။ ပ ။
(င) မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို အနိစ္စဟု (ဒုက္ခဟု အနတ္တဟု) သိသူ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်-ကင်းနိုင်၏၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်၏။

ချစ်သားရဟန်း . . . ဤသို့ သိသူ ဤသို့ မြင်သူအား မသိမှု = အဝိဇ္ဇာ ပျောက်ကင်းနိုင်၏၊ သိမှု = ဝိဇ္ဇာဉာဏ် ပေါ်ပေါက်နိုင်၏”ဟု မိန့်တော်မူ၏။ (သံ-၂-၂၅၉-၂၆၀ - အဝိဇ္ဇာပဟာနသုတ္တန်။)

အသင်သူတော်ကောင်းသည်လည်း ဤဒေသနာတော်များကို ဦးထိပ်ရွက်ပန်ဆင်လျက် အဝိဇ္ဇာ ကင်း-ပျောက်ကာ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ကြိုးပမ်းလေရာသည်။

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။**

## ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ

### ပထမမဂ်ဉာဏ် = သောတာပတ္တိမဂ်ဉာဏ်

ဝုဋ္ဌာနဂါမိနီဝိပဿနာတွင် အကျုံးဝင်သော ဤ**အနုလောမဉာဏ်**မှ အထက်၌ ဂေါတြဘုဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထို**ဂေါတြဘု**ဉာဏ်သည် အရိယမဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သည်၏ အဖြစ်ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့လည်း မသက်ဝင်၊ အနိစ္စစသည်တို့၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို မယူခြင်းကြောင့် = သင်္ခါရအာရုံကို အာရုံမယူခြင်း အာရုံမပြုခြင်းကြောင့်တည်း။ နိဗ္ဗာန်ကို အာရုံပြုသည်၏ အဖြစ်သည် ရှိပါသော်-လည်း ကိလေသာတို့ကို မကုန်စေနိုင်သည်၏ အဖြစ်ကြောင့် ဉာဏဒဿနဝိသုဒ္ဓိသို့လည်း မသက်ဝင်ပေ။ ထိုသို့ ကိလေသာတို့ကို မကုန်စေနိုင်သည်၏ အဖြစ်ကြောင့်သာလျှင် ထိုဂေါတြဘုဉာဏ်ကို — စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏဓာတ်တို့အား ပဉ္စာရုံတို့တွင် ရူပါရုံစသည့် အာရုံတစ်မျိုးမျိုးကို ညွှန်ပြတတ်သည်ဖြစ်၍ အာရုံကို ညွှန်ပြခြင်းကိစ္စကို ပြုလုပ်တတ်သော ကိရိယာမနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်းကဲ့သို့ — အရိယမဂ်အား နိဗ္ဗာန်ကို ညွှန်ပြတတ်သောကြောင့် အရိယမဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၏ဟူ၍ ဆိုအပ်ပေသည်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနှင့် ဉာဏဒဿနဝိသုဒ္ဓိတို့၏ အလယ်၌ ထိုဝိသုဒ္ဓိနှစ်ပါးတို့၏ လက္ခဏာမရှိသောကြောင့် အဗ္ဗောဟာရိက = ဝေါဟာရအားဖြင့် အဘယ်ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သည်သာ ဖြစ်၏။ သို့သော်လည်း - ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏အဆုံး အဖြစ်ဖြင့် ဝိပဿနာ၏ အသင်းအပင်း ဘက်တော်သား ဖြစ်ရကား ဝိပဿနာသောတ = ဝိပဿနာအယဉ်၌ ကျရောက်နေသည်၏အဖြစ်ကြောင့် ဝိပဿနာဟု = ဝုဋ္ဌာနဂါမိနီဝိပဿနာဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ (ဤစကားရပ်ဖြင့် ဂေါတြဘုဉာဏ်၏ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ပင် သက်ဝင်ခြင်းကိုပါ ပြ၏။)

(ဝိသုဒ္ဓိ-၂-၃၁၂။ မဟာဋီ-၂-၄၈၃။)

သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဟူသော ဤမဂ်လေးပါးတို့၌ ဖြစ်သော ဉာဏ်သည် **ဉာဏဒဿနဝိသုဒ္ဓိ** မည်၏။ (ဝိသုဒ္ဓိ-၂-၃၁၂။)

ထိုလေးပါးသော အရိယမဂ်ဉာဏ်တို့တွင် ရှေးဦးစွာ ပထမမဂ်ဉာဏ် = သောတာပတ္တိမဂ်ဉာဏ်ကို ပြည့်စုံစေလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အခြားတစ်ပါးသော တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စ မည်သည်ကား မရှိပြီ။ မှန်ပေသည် — ထိုယောဂါဝစရပုဂ္ဂိုလ်သည် ပြုလုပ်သင့်သော ကိစ္စကား အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်စေခြင်းသည် ပြုသင့်ပြုထိုက်သော လုပ်ငန်းကိစ္စရပ်ကို ပြုအပ်ပြီးသာလျှင် ဖြစ်ပေသည်။ ပြုလုပ်ပြီးသာလျှင် ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၁၂။)

**[သတိပြုရန်** — ဤအပိုင်းကား သင်္ခါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူ၍ လက္ခဏာယာဉ် သုံးချက်ကို တစ်လှည့်စီတင်၍, အထူးသဖြင့် အနတ္တလက္ခဏာကို ဦးစားပေး၍ အသားပေး၍ ဝိပဿနာရှုနေသော အပိုင်းဖြစ်သည်။ ဤအပိုင်းတွင် အသင်ယောဂီသူတော်ကောင်းသည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်ပါက, ပကိဏ္ဏက သင်္ခါရတရားတို့ကို ရှုကွက်စုံအောင် ဝိပဿနာ ရှုထားပြီးဖြစ်၍, ဓမ္မာရုံလိုင်း အကောင်းအုပ်စု နာမ်တရားသက်သက်ကိုသာ ဦးစားပေး၍ ဝိပဿနာရှုပါ။ ယင်းနာမ်တရားနှင့် ရံခါ ယင်းနာမ်တရားတို့၏ မှီရာဝတ္ထု-ရုပ်တို့ကိုသာ ဦးစားပေး၍ ရုပ်တစ်လှည့် နာမ်တစ်လှည့် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် လှည့်၍ လက္ခဏာ-ယာဉ်သုံးချက်တွင်လည်း တစ်လှည့်စီ တင်၍ သို့မဟုတ် မိမိအနှစ်ခြိုက်ဆုံး လက္ခဏာတစ်ခုကို ဦးစားပေး၍ ဝိပဿနာ ရှုနေပါ။ ရံခါ ရှုနေသည့် ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

အကယ်၍ အသင်ယောဂီသူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ် ဖြစ်ပါက မိမိရရှိထားသော ဈာန် နာမ်တရားစုတို့ကို တစ်လှည့်, ယင်းဈာန်နာမ်တရားတို့၏ မှီရာဝတ္ထုရုပ်တို့ကို တစ်လှည့်, အဇ္ဈတ္တ တစ်လှည့်

ဗဟိဒ္ဓ တစ်လှည့်, လက္ခဏာယာဉ်သုံးချက်တွင်လည်း တစ်လှည့်စီ တင်၍ဖြစ်စေ၊ မိမိနှစ်သက်ရာ လက္ခဏာကို ဦးစားပေး၍ဖြစ်စေ ဝိပဿနာရှုနေပါ။ မိမိအနှစ်ခြိုက်ဆုံး ဈာန်တစ်ခုတည်းကိုပင် ဦးစားပေး၍ အနှစ်ခြိုက်ဆုံး လက္ခဏာယာဉ် တစ်ခုကို ဦးစားပေး၍လည်း ဝိပဿနာရှုနိုင်သည်။ ရှုကွက်များကို စုံအောင်ရှုထားပြီးဖြစ်သဖြင့် မိမိနှစ်ခြိုက်ရာ သင်္ခါရတရား တစ်ခုခုကို ဦးစားပေး၍ ဝိပဿနာ ရှုနိုင်သည်သာ ဖြစ်သည်။ ထိုသို့ ရှုရာ၌ ဝိပ-ဿနာရှုနေသည့် ဉာဏ်ကိုလည်း = မနောဒွါရိက ဝိပဿနာဇောဝီထိ စိတ်အစဉ် နာမ်တရားစုကိုလည်း ရံခါ ရံခါ တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။

ကလာပသမ္မသနဝိပဿနာ ရှုပွားနည်း အနုပဒဓမ္မဝိပဿနာ ရှုပွားနည်းဟူသော ဝိပဿနာ ရှုပွားနည်း နှစ်နည်းတို့တွင် မိမိကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ဝိပဿနာ ရှုပွားသုံးသပ်နိုင်သည်သာ ဖြစ်ပေသည်။

ထိုသို့ ဝိပဿနာရှုနေရာ၌ ဝိပဿနာစိတ်သည် အဇ္ဈတ္တတရားတို့ကို ဝိပဿနာရှုခိုက်ဝယ် အဇ္ဈတ္တသင်္ခါရ အာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေလျှင် အဇ္ဈတ္တသင်္ခါရတရားတို့ကိုပင် ဆက်လက်၍ ဝိပဿနာရှုနေပါ။ ဗဟိဒ္ဓ သင်္ခါရတရားတို့ကို ဝိပဿနာရှုခိုက်ဝယ် ဗဟိဒ္ဓအာရုံ၌ ယင်းဝိပဿနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေလျှင် ဗဟိဒ္ဓသင်္ခါရတရားတို့ကို ဆက်လက်၍ ဝိပဿနာရှုနေပါ။ ထိုကဲ့သို့သော အချိန်အခါမျိုး၌ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ဝိပဿနာရှုရန် ကြိုးစားပါက သင်္ခါရအာရုံ၌ စိတ်ငြိမ်ဝပ်စွာ ကပ်၍ တည်နေမှု သမာဓိန္ဒြေမှာ လျော့-သွားတတ်သောကြောင့် ဖြစ်၏။ သင်္ခါရတရားတို့အပေါ်၌ လျစ်လျူရှုမှု သင်္ခါရုပေက္ခာသဘောလည်း လျော့သွား-တတ်သောကြောင့် ဖြစ်၏။

တစ်ဖန် သင်္ခါရတရားတို့ကို အနိစ္စဟု ဝိပဿနာရှုခိုက် ယင်းသင်္ခါရအာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာလျှင် ယင်းသင်္ခါရတရားတို့ကို အနိစ္စဟုပင် ဆက်လက်၍ ဝိပဿနာရှုနေပါ။ ယင်း သင်္ခါရတရားတို့ကို ဒုက္ခဟု ဝိပဿနာရှုခိုက် ယင်းသင်္ခါရအာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာလျှင် ယင်းသင်္ခါရတရားတို့ကို ဒုက္ခဟုပင် ဆက်လက်၍ ဝိပဿနာရှုနေပါ။ ယင်းသင်္ခါရတရားတို့ကို အနတ္တဟု ဝိပဿနာရှုခိုက် ယင်းသင်္ခါရအာရုံ၌ ဝိပဿနာဘာဝနာစိတ်သည် ငြိမ်ဝပ်စွာကပ်၍ တည်လာလျှင် ယင်းသင်္ခါရတရားတို့ကို အနတ္တဟုပင် ဆက်လက်၍ ဝိပဿနာရှုနေပါ။ သမာဓိန္ဒြေနှင့် သင်္ခါရုပေက္ခာ သဘော တရားတို့ မလျော့ကျသွားရန် အတွက်ပင် ဖြစ်ပေသည်။

ထိုသို့ သင်္ခါရတရားတို့၏ အနိစ္စအချက် သို့မဟုတ် ဒုက္ခအချက် သို့မဟုတ် အနတ္တအချက်ပေါ်၌ ငြိမ်ဝပ်စွာ ကပ်၍တည်နေသော ဝိပဿနာစိတ်သည် အထက်တွင် ဖော်ပြခဲ့သော သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသော ဣန္ဒြေများ စုံညီလာပြီဖြစ်သော ဝိပဿနာစိတ်ပင် ဖြစ်သည်။ ထိုဝိပဿနာစိတ်နှင့် ယှဉ်နေသော ဣန္ဒြေများကို ရင့်ကျက်သထက် ရင့်ကျက်အောင် ဆက်လက်၍ မိမိရှုနေသော ရုပ်သင်္ခါရ သို့မဟုတ် နာမ်သင်္ခါရ၏ အပျက်ကိုပင် အာရုံယူ၍ လက္ခဏာရေးသုံးတန်တွင်လည်း ရှုမြဲတိုင်းသော လက္ခဏာယာဉ် တစ်ခုခုကိုသာ စူးစိုက်၍ တင်ကာ ဝိပဿနာရှုနေပါ။ ထိုသို့ရှုနေသော ဝိပဿနာစိတ်သည် ဣန္ဒြေငါးပါး ညီမျှ၍ ရင့်ကျက်လာပါက ထက်မြက်လာပါက ရဲရင့်လာပါက သန့်ရှင်းလာပါက အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်စေတော့-မည်သာ ဖြစ်ပေသည်။ အနုလောမဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ်ကို ဖြစ်ပေါ်လာအောင် ပြုလုပ်ရမည့် လုပ်ငန်းကိစ္စရပ်ကို ပြုလုပ်ပြီးသာ ဖြစ်နေပေသည်။]

ထိုသို့ ပြုသင့်ပြုထိုက်သော လုပ်ငန်းကိစ္စရပ်ကို ပြုလုပ်ပြီးသဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏သန္တာန်၌ သုံးကြိမ် သို့မဟုတ် နှစ်ကြိမ်သော အနုလောမဉာဏ်တို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုဉာဏ်တို့တွင် ပဌမ အနုလောမဉာဏ် = ပရိကံသည် အလုံးစုံအောက် ရုန့်ရင်းသော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို,

ဒုတိယ အနုလောမဉာဏ် = ဥပစာသည် ထိုထက် မရုန့်ရင်းလွန်းသော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို, တတိယ အနုလောမဉာဏ် = အနုလုံသည် ထိုထက် မရုန့်ရင်းလွန်းသော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို ကွယ်စေနိုင်၏။ တစ်နည်းဆိုသော် အောက်သင်္ခါရုပေက္ခာဉာဏ်သည် ထုံထားအပ်သော အားအစွမ်းအား လျော်သဖြင့် ရုန့်ရင်း ရုန့်ရင်းကုန်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟ အမိုက်မှောင်ကို ကွယ်စေ၏။ ထိုသို့ ကွယ်စေသည်ရှိသော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် အလုံးစုံသော သင်္ခါရတရားတို့၌ မပြေးဝင်တော့ပေ၊ မတည်နေတော့ပေ၊ နှလုံးမသွင်းတော့ပေ၊ မကပ်တော့ပေ၊ မငြိတော့ပေ၊ မစပ်တော့ပေ၊ စဉ်းငယ်ရှိုင်းသော ပဒုမာကြာရွက်မှ ရေကဲ့သို့ တွန့်၏ ရှုံ့၏ လည်၏။ ဉာတ ဉာဏ အမည်ရသော ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော အလုံးစုံသော သင်္ခါရနိမိတ်ဟူသော အာရုံသည်လည်းကောင်း, မပြတ်မစဲ ဖြစ်သော ဥပါဒိန္နက ခန္ဓပဝတ္တဟူသော အာရုံသည်လည်းကောင်း ကြောင့်ကြမှု ပလိဗောဓ အဖြစ်ကို ဖုံးလွှမ်းတတ်သော မောဟအမိုက်မှောင်ကို ကွယ်စေအပ် ဖျောက်အပ်ပြီးသည်၏ အဖြစ်ကြောင့် ပလိဗောဓအားဖြင့် ထင်လာ၏။ ထိုနောင် ထိုယောဂါဝစရပုဂ္ဂိုလ်အား အလုံးစုံသော နိမိတ္တ ပဝတ္တဟူသော အာရုံသည် ပလိဗောဓအားဖြင့် ထင်ပြီးလတ်သော် အာသေဝနပစ္စည်းကို ရရှိသော ဒုတိယ အနုလောမဉာဏ်၏ သို့မဟုတ် တတိယ အနုလောမဉာဏ်၏ အဆုံး၌ ထိုဒုတိယ သို့မဟုတ် တတိယ အနုလောမဉာဏ်၏ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုမှုကိုခံယူရရှိသော —

၁။ အနိမိတ္တ = သင်္ခါရနိမိတ်ကင်းသော သင်္ခါရနိမိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော,

၂။ အပ္ပဝတ္တ = ပဝတ္တကင်းသော ပဝတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သော,

၃။ ဝိသင်္ခါရ = သင်္ခါရ မဟုတ်သော,

၄။ နိရောဓ = သင်္ခါရ၏ ချုပ်ရာဖြစ်သော —

နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုလျက် ပုထုဇန်တို့၏ အနွယ်ဇာတ်ကို = ပုထုဇန်ဟူသော အမည်ကို, ပုထုဇန်ဟူသော ဝေါဟာရကို, ပုထုဇန်တို့၏ ဘုံကို = ပုထုဇန်တို့၏ အရာကို = ပုထုဇန်တို့၏ အခိုက်အတန့်ကို လွန်မြောက်၍ အရိယာတို့၏ အနွယ်ဇာတ်သို့ အရိယာဟူသော ဝေါဟာရသို့ အရိယာတို့၏ အဝတ္ထာဘုံသို့ သက်ဝင်လျက် နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာ လည်ခြင်း ရှေးဦးစွာ နှလုံးသွင်းခြင်း ရှေးဦးစွာ ဆင်ခြင်ခြင်း ဖြစ်၍ဖြစ်သော ပထမမဂ်ဉာဏ်အား အနန္တရ သမနန္တရ အာသေဝန ဥပနိဿယ နတ္ထိ ဝိဂတတို့၏ အစွမ်းဖြင့် ခြောက်မျိုးကုန်သော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုအပ်သည်၏ အဖြစ်ကို ပြီးစေလျက် အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်သော ဝိပဿနာ၏ ဦးထိပ်ဖြစ်၍ ဖြစ်သော ဧကန္တိကအဖြစ်ကြောင့်လည်းကောင်း, တစ်ကြိမ်သာလျှင် ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း တစ်ဖန်ပြန်၍ မလည်လာသော **ဂေါတြဘုဉာဏ်** သည် ဖြစ်ပေါ်၍ လာ၏။ (ဝိသုဒ္ဓိ-၂-၃၁၂။)

ထိုအနုလောမဉာဏ် ဂေါတြဘုဉာဏ် နှစ်မျိုးတို့တွင် အနုလောမဉာဏ်သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာဟူသော အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာသာလျှင် စွမ်းနိုင်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာမူကား မစွမ်းနိုင်ပေ။ ဂေါတြဘုသည်ကား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုခြင်းငှာ စွမ်းနိုင်၏၊ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပေ။ ထိုသို့ မစွမ်းနိုင်ခြင်းကြောင့်သာလျှင် ထိုဂေါတြဘုဉာဏ်ကို အရိယမဂ်၏ အာဝဇ္ဇန်းဟူ၍ ခေါ်ဆိုအပ်ပေသည်။ မှန်ပေသည် – ထိုဂေါတြဘုသည် အာဝဇ္ဇန်းမဟုတ်သည် ဖြစ်ငြားသော်လည်း အာဝဇ္ဇန်းအရာ၌ တည်၍ — “ဤသို့ ဖြစ်လေလော့ = အနုလောမဉာဏ်တို့သည် သင်္ခါရကို အာရုံပြုသကဲ့သို့ ထို့အတူ သင်္ခါရကို အာရုံမပြုမူ၍ ငါကဲ့သို့ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်လေလော့”ဟု အရိယမဂ်အား အမှတ်သညာကိုပေးသကဲ့သို့ ဖြစ်၍ ချုပ်၏။ အရိယမဂ်သည်လည်း

ထိုဂေါတြဘုဉာဏ်သည် ပေးအပ်သော အမှတ်သညာကို မလွှတ်မူ၍သာလျှင် အကြားမရှိသော နာမ်သန္တတိ အစဉ်၏အစွမ်းဖြင့် ထိုဂေါတြဘုဉာဏ်သို့ အစဉ်လိုက်လျက် ထိုဂေါတြဘုဉာဏ်သည် အာရုံပြုအပ်သော နိဗ္ဗာန်ကို ပင်လျှင် အာရုံပြုလျက် မဖောက်မထွင်းဖူးသေးသော မခွဲမစိတ်ဖူးသေးသော လောဘအတုံးအခဲ ဒေါသအတုံးအခဲ မောဟအတုံးအခဲကို ဖောက်ထွင်းလျက်သာလျှင် ခွဲစိတ်လျက်သာလျှင် ဖြစ်ပေါ်၍လာ၏။

(ဝိသုဒ္ဓိ-၂-၃၁၃-၃၁၄။)

ထိုအရိယမဂ်သည် လောဘအတုံးအခဲစသည်တို့ကို ဖောက်ထွင်းခြင်းကိုသာလျှင် သက်သက်ပြုသည်ကား မဟုတ်သေး၊ စင်စစ်သော်ကား လာမည့်အနာဂတ် ပထမဘဝမှ စ၍ ဖြစ်လတ္တံ့သော မသိအပ်သော အစရှိသော သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာရေကို ခြောက်ခန်းစေ၏၊ အလုံးစုံသော အပါယ်တံခါးတို့ကို ပိတ်၏၊ သဒ္ဓါ သီလ ဟိရိ ဩတ္တပ္ပ သုတ စာဂ ပညာဟူသော သူတော်ကောင်းဥစ္စာ (၇)ပါးတို့၏ မျက်မှောက်၌ ပြီးစီးပြည့်စုံ-သည်၏ အဖြစ်ကို ပြု၏၊ မိစ္ဆာဒိဋ္ဌိစသော အင်္ဂါ (၈)ပါးရှိသော မိစ္ဆာမဂ်ကို ပယ်စွန့်၏၊ ပါဏာတိပါတ စသော ငါးပါးသော ဘေးရန်, (၂၅)ပါးသော ဘေးဆိုးကြီးတို့ကို ငြိမ်းစေ၏၊ သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ ရှေ့ရှင်-တော်နှစ် သားတော်စစ် သမီးတော်စစ်၏ အဖြစ်သို့ ဆောင်ပို့၏၊ ထိုမှတစ်ပါးကုန်သော အရာမက များပြား-ကုန်သော ရတနာ သုံးပါး၌ သက်ဝင်ယုံကြည်ခြင်းစသော အာနိသင်တို့ကိုလည်း ရခြင်းငှာ ဖြစ်ပေ၏။ ဤသို့လျှင် များစွာသော အကျိုးအာနိသင်ကို ပေးတတ်သော သောတာပတ္တိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သောတာပတ္တိ မဂ်၌ ဖြစ်သော ဉာဏ် မည်၏။ (ဝိသုဒ္ဓိ-၂-၃၁၄-၃၁၅။)

## သောတာပန် ပုဂ္ဂိုလ်

ဤသောတာပတ္တိမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုသောတာပတ္တိမဂ်စိတ်၏သာလျှင် အကျိုးဖြစ်ကုန်သော နှစ်ကြိမ် သော ဖိုလ်စိတ်တို့သည်လည်းကောင်း, သုံးကြိမ်သော ဖိုလ်စိတ်တို့သည်လည်းကောင်း ဖြစ်ပေါ်လာကြကုန်၏။ မှန်ပေသည် — လောကုတ္တရာ ကုသိုလ်တို့၏ မိမိဖြစ်ပြီးသည်၏ အခြားမဲ့၌ အကျိုးပေးခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်သာလျှင် —

"သမာဓိမာနန္တရိကညမာဟု" (ခု-၁-၅။)

= ယင်းအရိယမဂ်နှင့် တွဲဖက်ယှဉ်ဘိ သမာဓိတရားတော်မြတ်ကို မိမိကွယ်ပ အခြားမဲ့ကာလ၌ မုချဆတ်ဆတ် အရိယဖိုလ်ဟူသော အကျိုးတရားကို ပေးတတ်၏ဟူ၍ ဘုရားရှင်တို့သည် ဟောကြားတော်မူကုန်၏ - ဟု လည်းကောင်း,

ဒန္ဓံ အာနန္တရိကံ ပါပုဏာတိ အာသဝါနံ ခယာယ။ (အံ-၁-၄၆၇။)

= အာသဝေါတရားတို့၏ ကုန်ခြင်းငှာ ဖြည်းဖြည်းနှေးနှေး မိမိ၏ အခြားမဲ့၌သာလျှင် ဖြစ်သော အရိယဖိုလ် ဟူသော အကျိုးရှိသော အရိယမဂ်သို့ ရောက်ရှိ၏ - ဟု လည်းကောင်း —

ဤသို့စသော စကားတော်ကို ဘုရားရှင်သည် ဟောကြားတော်မူပေသည်။ (ဝိသုဒ္ဓိ-၂-၃၁၅။)

အချို့သော ကေစိဆရာတို့သည်ကား တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် သို့မဟုတ် လေးကြိမ်သော ဖိုလ်စိတ်-တို့သည် ဖြစ်နိုင်ကုန်၏ဟု ဆိုကြ၏။ ထိုကေစိဆရာတို့၏ စကားကို မယူအပ်သည်သာတည်း။ အကြောင်းမူ အာသေဝနပစ္စည်းကို ရရှိသော အနုလောမဉာဏ်၏ အခြားမဲ့၌ ဂေါတြဘုဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ထိုကြောင့် အလုံးစုံတို့အောက် ယုတ်သော အဖို့၌ ဖြစ်သော အပိုင်းအခြားအားဖြင့် နှစ်ကြိမ်သော အနုလုံစိတ်တို့သည် ဖြစ်သင့်ကုန်၏။ မှန်ပေသည် – တစ်ကြိမ်သော အနုလုံသည် အာသေဝနပစ္စည်းကို မရရှိနိုင်။ တစ်ဖန် တစ်ခုသော

အာဝဇ္ဇန်းရှိသော ဝီထိသည် ခုနစ်ချက်သော စိတ် အတိုင်းအရှည် ရှိ၏။ (အလွန်ဆုံးအားဖြင့် ဇောတို့သည် ခြောက်ကြိမ် ခုနစ်ကြိမ်သာ ဖြစ်ကုန်၏ဟူလို။) ထိုကြောင့် အကြင်ယောဂါဝစရပုဂ္ဂိုလ်၏သန္တာန်၌ အနုလုံ နှစ်ကြိမ်တို့သည် ဖြစ်ကုန်အံ့၊ ထိုပုဂ္ဂိုလ်၏သန္တာန်၌ သုံးကြိမ်မြောက်သော ဂေါတြဘုဇောသည် ဖြစ်ပေါ်လာ၏၊ လေးကြိမ်မြောက်သော အရိယမဂ်စိတ်သည် ဖြစ်ပေါ်လာ၏၊ သုံးကြိမ်ကုန်သော အရိယဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၃၁၅။)

အကြင်ယောဂါဝစရပုဂ္ဂိုလ် သန္တာန်၌ အနုလုံ သုံးကြိမ်တို့သည် ဖြစ်ကုန်အံ့၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ လေး-ကြိမ်မြောက်သော ဂေါတြဘုသည်, ငါးကြိမ်မြောက်သော အရိယမဂ်စိတ်သည်, နှစ်ကြိမ်ကုန်သော အရိယဖိုလ်စိတ်တို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုကြောင့် နှစ်ကြိမ် သုံးကြိမ်ကုန်သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏ဟူ၍ ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၁၅။)

ကေစိဆရာတို့ကား အကြင်ယောဂီပုဂ္ဂိုလ်အား အနုလုံ လေးကြိမ်တို့သည် ဖြစ်ကုန်အံ့၊ ထိုပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဂေါတြဘု, ခြောက်ကြိမ်မြောက် အရိယမဂ်စိတ်, တစ်ကြိမ်သော အရိယဖိုလ်စိတ် ဖြစ်၏ဟု ဆိုကြကုန်၏။ ထိုကေစိဆရာတို့၏ စကားကိုကား အနှစ်သာရအားဖြင့် မယုံကြည်အပ်ပေ။ အကြောင်းမူ — လေးကြိမ်မြောက်လည်းကောင်း, ငါးကြိမ်မြောက်လည်းကောင်း အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထိုငါးကြိမ်ထက် အလွန် အပ္ပနာ၏အစွမ်းအားဖြင့် မဖြစ်၊ ဘဝင်နှင့် နီးကပ်သည်၏ အဖြစ်ကြောင့်တည်းဟု ပယ်အပ်၏။ ထိုကြောင့် ကေစိဝါဒကို အနှစ်သာရအားဖြင့် မယုံကြည်အပ်ပေ။ (ဝိသုဒ္ဓိ-၂-၃၁၅။)

ဤမျှ အတိုင်းအရှည်ရှိသော ပထမမဂ်၏ အခြားမဲ့၌ အရိယဖိုလ်၏ ဖြစ်ခြင်းမျှဖြင့်သာလျှင် ဤ ယော-ဂါဝစရပုဂ္ဂိုလ်သည် သောတာပန်မည်သော နှစ်ယောက်မြောက်သော အရိယပုဂ္ဂိုလ် ဖြစ်ပေသည်။ သိကြားမင်း အဖြစ် စကြဝတေးမင်းအဖြစ် အစရှိသော မေ့လျော့ခြင်း၏ အရာသို့ ရောက်၍ ပြင်းစွာ မေ့လျော့သည် ဖြစ်ငြားသော်လည်း ခုနစ်ကြိမ် နတ်ပြည်တို့၌လည်းကောင်း လူ့ပြည်တို့၌လည်းကောင်း အဖန်တလဲလဲ ပြေးသွား၍ ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ စွမ်းနိုင်ပေ၏။ အရိယဖိုလ်စိတ်၏ အဆုံး၌ တစ်ဖန် ထိုယောဂါဝစရပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်၏။ ထိုဘဝင်သို့ သက်သည်မှနောက်၌ ဘဝင်ပြတ်ခြင်းကြောင့် အရိယမဂ်ကို ဆင်ခြင်-ခြင်းငှာ မနောဒွါရာဝဇ္ဇန်းသည် ဖြစ်ပေါ်လာ၏။ ထိုမနောဒွါရာဝဇ္ဇန်းသည် ချုပ်ပြီးလတ်သော် အစဉ်အတိုင်း အရိယမဂ်ကို ဆင်ခြင်သော ခုနစ်ကြိမ်သော ဇောတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ဤသည်ကား အရိယမဂ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတည်း။ တစ်ဖန် ဘဝင်သို့သက်၍ ထိုနည်းဖြင့်သာလျှင် အရိယဖိုလ်စသည်တို့ကို ဆင်ခြင်ခြင်းငှာ အာဝဇ္ဇန်း စသည်တို့သည် ဖြစ်ပေါ်လာကြကုန်၏။ ယင်းအာဝဇ္ဇန်းနှင့် ဇောစိတ်တို့၏ ဖြစ်ခြင်း-ကြောင့် ဤသောတာပန်ပုဂ္ဂိုလ်သည် —

၁။ မဂ်ကို ဆင်ခြင်သည် မည်၏၊
၂။ ဖိုလ်ကို ဆင်ခြင်သည် မည်၏၊
၃။ ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊
၄။ ပယ်ပြီးကိလေသာမှ ကြွင်းသော မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်သည် မည်၏၊
၅။ နိဗ္ဗာန်ကို ဆင်ခြင်သည် မည်၏။

ထိုပုဂ္ဂိုလ်သည် "ငါသည် ဤမဂ်ဖြင့် လာခဲ့၏တကား" ဟု ဤသို့ မဂ်ကို ဆင်ခြင်၏။ ထိုနောင်မှ "ငါသည် ဤအကျိုးအာနိသင်ကို ရအပ်၏" ဟု ဖိုလ်ကို ဆင်ခြင်၏။ ထိုနောင်မှ "ငါသည် ဤမည်သော ကိလေသာတို့ကို ပယ်အပ်ကုန်ပြီ"- ဟု ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏။ ထိုနောင်မှ "ငါ့အား ဤမည်သော ကိလေသာတို့သည် ကြွင်းကုန်သေး၏"- ဟု အထက် အရိယမဂ် သုံးပါးအပေါင်းသည် ပယ်သတ်ထိုက်ကုန်သော

ကိလေသာတို့ကို ဆင်ခြင်၏။ အဆုံး၌လည်း “ငါသည် ဤတရားကို အာရုံပြုသောအားဖြင့် သိအပ်ပြီ”ဟု သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ကို ဆင်ခြင်၏။ ဤသို့လျှင် သောတာပန်ဖြစ်သော အရိယသာဝက၏သန္တာန်၌ ငါး-ကြိမ်သော ပစ္စဝေက္ခဏာတို့သည် ဖြစ်ကြကုန်၏။ သောတာပန်ပုဂ္ဂိုလ်အား ငါးကြိမ်သော ပစ္စဝေက္ခဏာတို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ်တို့အားလည်း ငါးကြိမ်စီသော ပစ္စဝေက္ခဏာတို့သည် ဖြစ်ကြကုန်၏။ အထူးမှာ ရဟန္တာပုဂ္ဂိုလ်အား ကြွင်းသော ကိလေသာကို ဆင်ခြင်ခြင်းမည်သည် မရှိပြီဟု မှတ်ပါ။ (ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ပစ္စဝေက္ခဏာ လေးမျိုးသာ ဖြစ်နိုင်သည် ဟူလို။) ဤသို့လျှင် အားလုံးပေါင်းသော် (၁၉)မျိုးသော ပစ္စဝေက္ခဏာတို့သည် ရှိကြကုန်၏။ (ဝိသုဒ္ဓိ-၂-၃၁၅-၃၁၆။)

ဤသို့ ဖော်ပြခြင်းကား ဥက္ကဋ္ဌပရိစ္ဆေဒ = အလွန်ဆုံး အပိုင်းအခြားအားဖြင့် ဖော်ပြခြင်းတည်း။ မှန်ပေသည် ပယ်အပ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ခြင်း, မပယ်ရသေးသော ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်-ခြင်းသည် သေက္ခပုဂ္ဂိုလ်တို့အားလည်း ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏။ မှန်ပေသည် — ထိုသို့ ပယ်ပြီးသော ကိလေသာ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည် အချို့သော သေက္ခပုဂ္ဂိုလ်အား ဖြစ်၏၊ အချို့သော သေက္ခပုဂ္ဂိုလ်အား မဖြစ်။ ထိုကြောင့် ထိုသို့ ဆင်ခြင်ခြင်း၏ မရှိခြင်းကြောင့် ပင်လျှင် မဟာနာမ် သာကီဝင်မင်းသားကြီးသည် မြတ်စွာဘုရားကို “ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာ-ဘုရား . . . အကြင်မပယ်အပ်သေးသော ကိလေသမွေဖြင့် တပည့်တော်၏ ကုသိုလ်စိတ်ကို ရံခါ လောဘတရားတို့သည်လည်း ကုန်စေ၍ တည်ကုန်၏၊ ဒေါသတရားတို့သည်လည်း ကုန်စေ၍ တည်ကုန်၏၊ မောဟတရားတို့-သည်လည်း ကုန်စေ၍ တည်ကုန်၏၊ တပည့်တော်၏ အဇ္ဈတ္တသန္တာန်၌ ထိုမပယ်အပ်သေးသော ကိလေသမွေသည် အဘယ်မည်သော ကိလေသမွေပါနည်း”ဟု မေးလျှောက်၏။ (မ-၁-၁၂၆။) ဤအလုံးစုံသော သုတ်ကို အကျယ်အားဖြင့် သိပါလေ။ (ဝိသုဒ္ဓိ-၂-၃၁၆။)

ဤအထက်ပါ အဆိုအမိန့်တို့ကား ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ဖွင့်ဆိုချက်တို့တည်း။ မူလပဏ္ဏာသအဋ္ဌကထာ စူဠဒုက္ခက္ခန္ဓသုတ္တန် (မ-ဋ္ဌ-၁-၃၆၆။) အဖွင့်၌ကား ဤသို့လည်း ဖွင့်ဆိုထား၏။ —

သာ ပန န သဗ္ဗေသံ ပရိပုဏ္ဏာ ဟောတိ။ ဧကော ဟိ ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ၊ ဧကော အဝသိဋ္ဌကိလေသမေဝ၊ ဧကော မဂ္ဂမေဝ၊ ဧကော ဖလမေဝ၊ ဧကော နိဗ္ဗာနမေဝ။ ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု ဧကံ ဝါ ဒွေ ဝါ နော လဒ္ဓုံ န ဝဋ္ဋန္တိ။ ဣတိ ယဿ ပစ္စဝေက္ခဏာ န ပရိပုဏ္ဏာ၊ တဿ မဂ္ဂဝဇ္ဈကိလေသပဏ္ဏတ္တိယံ အကောဝိဒတ္တာ ဧဝံ ဟောတိ။ (မ-ဋ္ဌ-၁-၃၆၆။)

ထိုပစ္စဝေက္ခဏာသည် အလုံးစုံသော အရိယပုဂ္ဂိုလ်တို့အား အမြဲဧကန် အပြည့်အစုံ မဖြစ်ပေ။ တစ်ဦးသော အရိယပုဂ္ဂိုလ်သည် ပယ်ပြီး ကိလေသာကိုသာလျှင် ဆင်ခြင်၏၊ တစ်ဦးသော အရိယပုဂ္ဂိုလ်သည် ကြွင်းသော မပယ်ရသေးသော ကိလေသာကိုသာလျှင် ဆင်ခြင်၏၊ တစ်ဦးသော အရိယပုဂ္ဂိုလ်သည် မဂ်ကိုသာလျှင် ဆင်-ခြင်၏၊ တစ်ဦးသော အရိယပုဂ္ဂိုလ်သည် ဖိုလ်ကိုသာလျှင် ဆင်ခြင်၏၊ တစ်ဦးသော အရိယပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို သာလျှင် ဆင်ခြင်၏။ ဤငါးမျိုးကုန်သော ပစ္စဝေက္ခဏာတို့တွင် တစ်မျိုးသော ပစ္စဝေက္ခဏာကိုသော်လည်းကောင်း နှစ်မျိုးသော ပစ္စဝေက္ခဏာကိုသော်လည်းကောင်း ရရှိခြင်းငှာ သင့်ကုန်၏။ ဤသို့လျှင် အကြင်ပုဂ္ဂိုလ်အား ပစ္စဝေက္ခဏာ ငါးမျိုးတို့သည် မပြည့်စုံကုန်၊ ထိုပုဂ္ဂိုလ်သည် အရိယမဂ်က ပယ်သတ်အပ်သော ကိလေသာတို့၏ အမည်နာမ ပညတ်၌ လိမ္မာကျွမ်းကျင်မှု မရှိသောကြောင့် ဤသို့ မပြည့်စုံခြင်း ဖြစ်ရပေသည်။ (မ-ဋ္ဌ-၁-၃၆၆။)

ဤအထက်ပါ အဋ္ဌကထာအလိုအားဖြင့် ပစ္စဝေက္ခဏာ ငါးမျိုးတို့တွင် တစ်မျိုးကိုဖြစ်စေ, နှစ်မျိုးကိုဖြစ်စေ ဧကန်ရရှိမည် ဖြစ်သည်၊ သို့သော် မည်သည့် ပစ္စဝေက္ခဏာဟု အတိအကျကား မဆိုပေ။ ပယ်ပြီးကိလေသာ

မပယ်ရသေးသော ကိလေသာ, မဂ်, ဖိုလ်, နိဗ္ဗာန် — ဤငါးမျိုးတို့တွင် တစ်မျိုးကို ဖြစ်စေ, နှစ်မျိုးကို ဖြစ်စေ ဧကန် ဆင်ခြင်ရမည် ဖြစ်သည်။ သို့သော် အရိယမဂ်က ပယ်သတ်အပ်သော ကိလေသာတို့၏ အမည်နာမ ပညတ်၌ လိမ္မာကျွမ်းကျင်မှု မရှိသောကြောင့် ဤသို့ မပြည့်စုံခြင်း ဖြစ်ရသည်ဟူသော နောက်စကားကို ထောက်ရှုပါက ယေဘုယျအားဖြင့် ပယ်ပြီးကိလေသာ မပယ်ရသေးသော ကိလေသာတို့ကိုသာ မဆင်ခြင်မိခြင်းဖြစ်သည်။ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကိုကား အများအားဖြင့် ဆင်ခြင်မိကြသည်သာဟု အထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် နှီးနှော၍ ယူရန် ရှိပေသည်။

## ဒုတိယမဂ်ဉာဏ်ပိုင်း

တစ်ဖန် ဤသို့ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ပြီး၍ သောတာပန်ဖြစ်ပြီးသော ထိုအရိယသာဝကသည် ထိုနေရာ၌ပင်လျှင်မူလည်း နေလျက်, တစ်ပါးသောအခါ၌မူလည်း တစ်နေရာရာတွင် နေလျက် အားကောင်းမောင်းသန်သော ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးစေခြင်းငှာလည်းကောင်း, နှစ်ခုမြောက်သော သကဒါဂါမိဖိုလ်သို့ ရောက်ရှိခြင်း ရရှိခြင်းငှာလည်းကောင်း ဝိပဿနာဘာဝနာ၌ အားထုတ်ခြင်း လုံ့လပယောဂကို ပြု၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်း၍ ယင်းဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေလျက် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးနည်းအရ ငါးမျိုးပြားသော ထိုသင်္ခါရတရားအပေါင်းကိုပင်လျှင် အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးတန်ကို စူးစမ်းသည်၏ အစွမ်းဖြင့် အပြန်ပြန် အလှန်လှန် သုံးသပ်၏၊ ဆင့်ကာ ဆင့်ကာ အဖန်တလဲလဲ ဝိပဿနာဉာဏ်ကို ဖြစ်စေ၏၊ ဝိပဿနာအစဉ်သို့ သက်ဝင်၏။ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကျင့်သော ထိုသောတာပန်ပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် စသည်တို့ကို ဖြစ်စေခြင်း၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တစ်ခုသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘုဉာဏ်တို့သည် တစ်နည်း အနုလောမဉာဏ် ဝေါဒါနဉာဏ်တို့သည် ဖြစ်ကုန်လတ်သော် ဂေါတြဘုနှင့်တူသော ဝေါဒါန်၏ အခြားမဲ့၌ သကဒါဂါမိမဂ်သည် ဖြစ်ပေါ်လာ၏၊ ထိုသကဒါဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သကဒါဂါမိမဂ်၌ ဖြစ်သော ဉာဏ် မည်၏။ ဤသကဒါဂါမိမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤမျှဖြင့် ဤပုဂ္ဂိုလ်သည် **သကဒါဂါမိ** မည်၏၊ လေးယောက်မြောက်သော အရိယပုဂ္ဂိုလ် ဖြစ်၏၊ တစ်ကြိမ်သာလျှင် ဤလောကသို့ ပဋိသန္ဓေအားဖြင့်လာ၍ ဝဋ္ဋဒုက္ခ၏ အဆုံးကို ပြုခြင်းငှာ စွမ်းနိုင်သူ ဖြစ်၏။ ထိုသို့ သကဒါဂါမိဖိုလ်သို့ ရောက်သည်မှ နောက်၌ ပစ္စဝေက္ခဏာကား ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်တည်း။

(ဝိသုဒ္ဓိ-၂-၃၁၆ -၃၁၇။)

## ကိလေသာ ခေါင်းပါးမှု

အားကောင်းမောင်းသန်သော ကာမရာဂ ဗျာပါဒတို့၏ ခေါင်းပါးမှုကို အဘယ်သို့သော အကြောင်းဖြင့် သိအပ်ပါသနည်းဟူမူ —

၁။ ရံခါ ကြိုးကြားကြိုးကြားသာ ဖြစ်သဖြင့်လည်းကောင်း,

၂။ စိတ်အစဉ်တွင် ဉပါဒ်-ဋ္ဌီ-ဘင်အနေဖြင့် ထင်ထင်ရှားရှား ထကြွ ဖြစ်ပေါ်လာမှု ပရိယုဋ္ဌာနသဘော နုံ့ညံ့သည်၏အဖြစ် အားပျော့သည်၏ အဖြစ်ဖြင့်လည်းကောင်း —

ဤနှစ်မျိုးကုန်သော အကြောင်းတို့ဖြင့် ကာမရာဂ ဗျာပါဒတို့၏ ခေါင်းပါးသည်၏ အဖြစ် ကျဲပါးသည်၏ အဖြစ် သေးသိမ်နုံ့ညံ့သည်၏အဖြစ်ကို သိအပ်ပေ၏ ဟူပေ။ သံသရာဝဋ်သို့ အစဉ်လမ်းလျှောက်နေသော လူများစု၏ သန္တာန်၌ ကိလေသာတို့သည် အမြဲမပြတ် ဖြစ်နေကြကုန်သကဲ့သို့ သကဒါဂါမိပုဂ္ဂိုလ်အား ကိလေသာ-

တို့သည် အမြဲမပြတ် မဖြစ်ကြကုန်။ ရံခါရံခါ ကြိုးကြားကြိုးကြား၌သာလျှင် ကျဲသော ပါးသော အခြင်းအရာ ရှိကုန်သည်ဖြစ်၍ ဖြစ်ပေါ်လာကုန်၏၊ထိုသို့ ရံခါ ကြိုးကြား ကျဲပါးသော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော်လည်း နှိပ်နင်းကုန်လျက် ဖုံးလွှမ်းကုန်လျက် အမိုက်မှောင်ကို ပြုကုန်လျက် အရမ်းမဲ့ မဖြစ်ပေါ်လာကြကုန်။ စင်စစ် အားဖြင့်သော်ကား သောတာပတ္တိမဂ် သကဒါဂါမိမဂ်ဟူသော နှစ်ပါးသော မဂ်တို့ဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်-ကြောင့် အလွန်နုံ့ကုန်သည် ကျဲပါးသော အခြင်းအရာ ရှိကုန်သည်ဖြစ်၍ ဖြစ်ပေါ်လာကြကုန်၏။ ဤသို့ ဖြစ်မှုကို ကြည့်၍ ခေါင်းပါးမှုကို သိရှိပါလေ။ (မဟာဋီ-၂-၄၈၇။)

**ဂေါတြဘု** — သောတာပတ္တိမဂ်ဉာဏ်၏ ရှေး၌ ဖြစ်သော ဉာဏ်ကို ပုထုဇန်အနွယ်ကို နှိပ်နင်းခြင်းကြောင့် လည်းကောင်း, အရိယအနွယ်ကို ပွားစေခြင်းကြောင်းလည်းကောင်း မုချအားဖြင့် ဂေါတြဘုဟူ၍ ဆိုအပ်၏။ ဤသကဒါဂါမိမဂ်၏ ရှေး၌ ဖြစ်သော ဉာဏ်ကိုကား ထိုဂေါတြဘုအစစ်နှင့် တူသောကြောင့် ပရိယာယ်အားဖြင့် သဒိသူပစာရအားဖြင့် ဂေါတြဘုဟူ၍ ဆိုအပ်၏။ အဘယ်ကြောင့် ဝေါဒါနိဟူ၍ ဆိုအပ်သနည်းဟူမူ - အချို့သော သံကိလေသမှ စင်ကြယ်သောကြောင့်လည်းကောင်း, စင်စစ် စင်ကြယ်စွာသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့် လည်းကောင်း **ဝေါဒါန်**ဟူ၍ ဆိုအပ်၏။ ထိုကြောင့် ပဋ္ဌာန်းဒေသနာတော်၌ —

အနုလောမံ ဝေါဒါနဿ အနန္တရပစ္စယေန ပစ္စယော။ (အဘိ-၁-၁၃၈။)

အနုလောမဉာဏ်သည် ဝေါဒါန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (အဘိ-၁-၁၃၈။)

ဤသို့ ဟောကြားထားတော်မူ၏။ ယင်းသို့ ဝေါဒါန်သာ မုချအမည်ဖြစ်ခဲ့သော် ဝေါဒါနာနန္တရံ = ဝေါဒါန်၏ အခြားမဲ့၌ဟု မဆိုမူ၍ ဂေါတြဘုအနန္တရံ = ဂေါတြဘု၏ အခြားမဲ့၌ဟု အဘယ်ကြောင့် အထက်ပါ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၌ ဖွင့်ဆိုရပါသနည်းဟူမူ — ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် ဂတိသို့လိုက်၍ ဖွင့်ဆိုသည်ဟူပေ။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (၆၅)၌ ဥပ္ပါဒစသည်ကို လွှမ်းမိုးခြင်းအနက်ကို စွဲမှီ၍ "ရှစ်ပါးကုန်သော ဂေါတြဘု တရားတို့သည် သမာဓိ၏ အစွမ်းဖြင့် ဖြစ်ကုန်၏၊ ဆယ်ပါးကုန်သော ဂေါတြဘုတရားတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏" — ဤသို့စသည့် စကားရပ်တို့၌ ဂေါတြဘုဟူသော အမည်ဖြင့်သာလျှင် ဤ သကဒါဂါမိမဂ်ဉာဏ်စသည်တို့၏ ရှေး၌ရှိသော ဉာဏ်၏ အမည်သည် လာရှိပေသည်။ ထိုကြောင့် ဤဝိသုဒ္ဓိမဂ္ဂ ကျမ်း၌လည်း ဂေါတြဘုအနန္တရံ = ဂေါတြဘု၏ အခြားမဲ့၌ ဟူ၍ ဖွင့်ဆိုခြင်း ဖြစ်သည်။

(မဟာဋီ-၂-၄၈၇-၄၈၈။)

## တစ်ကြိမ်သာ ပြန်လာသူ = သကဒါဂါမိပုဂ္ဂိုလ်

အထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ စကားရပ်တွင် တစ်ကြိမ်သာလျှင် ဤလူ့လောကသို့ ပဋိသန္ဓေအားဖြင့် လာ၍ ဝဋ္ဋဒုက္ခ၏ အဆုံးကို ပြုခြင်းငှာ စွမ်းနိုင်သူဖြစ်၍ **သကဒါဂါမိ**မည်ကြောင်း ဖော်ပြချက်မှာ သကဒါဂါမိ ပုဂ္ဂိုလ် ငါးမျိုးတို့တွင် လေးမျိုးသော ပုဂ္ဂိုလ်တို့ကို ကြဉ်ဖယ်၍ တစ်မျိုးသော ပုဂ္ဂိုလ်ကိုသာလျှင် ယူထားခြင်း ဖြစ်၏။

၁။ အချို့သော ပုဂ္ဂိုလ်သည် ဤလူ့ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ ရောက်ပြီး၍ ဤလူ့ပြည်လောက၌ သာလျှင် ပရိနိဗ္ဗာန်ပြု၏။

၂။ အချို့သော ပုဂ္ဂိုလ်သည် ဤလူ့ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ ရောက်ပြီး၍ နတ်ပြည်လောက၌ ပရိနိဗ္ဗာန်ပြု၏။

၃။ အချို့သော ပုဂ္ဂိုလ်သည် နတ်ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ ရောက်ပြီး၍ ထိုနတ်ပြည်လောက၌ ပင်လျှင် ပရိနိဗ္ဗာန်ပြု၏။

၄။ အချို့သော ပုဂ္ဂိုလ်သည် နတ်ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ ရောက်ပြီး၍ ဤ လူ့ပြည်လောက၌ တစ်ဖန် ပဋိသန္ဓေအားဖြင့် ဖြစ်ပြီး၍ ပရိနိဗ္ဗာန်ပြု၏။

ဤလေးမျိုးသော ပုဂ္ဂိုလ်တို့ကို မယူဘဲ —

၅။ အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်လောက၌ သကဒါဂါမိဖိုလ်သို့ ရောက်ရှိပြီး၍ တစ်ဖန် နတ်ပြည်လောက၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ နတ်ပြည်လောက၌ အသက်ထက်ဆုံးနေ၍ တစ်ဖန် ဤလူ့ပြည်လောက၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ ဤလူ့ပြည်မှာပင် ပရိနိဗ္ဗာန်ပြု၏။ —

ဤပုဂ္ဂိုလ်တစ်မျိုးကိုသာလျှင် ဤဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ယူ၍ ဖွင့်ဆိုထားသည်ဟု သိရှိပါလေ။
(မဟာဋီ-၂-၄၈၈။)

## တတိယမဂ်ဉာဏ်ပိုင်း

ဤသကဒါဂါမိဖိုလ်နောက်၌ ပစ္စဝေက္ခဏာဇောဝီထိများ ကျပြီး၍ မဂ်ဖိုလ် နိဗ္ဗာန်စသည်တို့ကို ထိုက်သလို ဆင်ခြင်ပြီးလတ်သော် သကဒါဂါမ်ဖြစ်ပြီးသော ထိုအရိယသာဝကသည် ထိုနေရာ၌မူလည်းနေလျက်, တစ်ပါး-သောအခါ၌မူလည်း ထိုနေရာ၌ ဖြစ်စေ အခြားသောနေရာ၌ ဖြစ်စေ နေလျက် သကဒါဂါမိမဂ်ဖြင့် ခေါင်းပါး စေအပ်ပြီးသော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်တို့ကို အကြွင်းမဲ့ပယ်သတ်ခြင်းငှာ သုံးခုမြောက်သော တတိယ အနာဂါမိဖိုလ်သို့ ရောက်ရှိခြင်းငှာ ဝိပဿနာ၌ အားထုတ်ခြင်း လုံ့လကို ပြု၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု၍ ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေလျက် ထိုရုပ်နာမ်ဓမ္မ တေဘူမကသင်္ခါရ တရား အပေါင်းကိုပင်လျှင် အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့် သုံးသပ်နယ်ချေ၏။ ဝိပဿနာဉာဏ်ကို အဖန်ဖန် ဖြစ်စေ၏၊ ဝိပဿနာဉာဏ်အစဉ်သို့ သက်ဝင်၏။ (ဥဒယဗ္ဗယဉာဏ်မှ စ၍ သင်္ခါရုပေက္ခာဉာဏ်ဆုံးသည် တိုင်အောင် အစဉ်အတိုင်း ဖြစ်စေမှုကို ဆိုလိုသည်။) ဤသို့သောနည်းဖြင့် ကျင့်နေသော ထိုသကဒါဂါမ်ပုဂ္ဂိုလ်-အား ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တစ်ခုသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘု (= ဝေါဒါန်) ဉာဏ်တို့သည် ဖြစ်ကုန်လတ်သော် ဂေါတြဘု (= ဝေါဒါန်) ဉာဏ်၏ အခြားမဲ့၌ **အနာဂါမိမဂ်**သည် ဖြစ်ပေါ်လာ၏၊ ထိုအနာဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် အနာဂါမိမဂ်၌ဖြစ်သော ဉာဏ် မည်၏။ (ဝိသုဒ္ဓိ-၂-၃၁၇။)

ဤအနာဂါမိမဂ်ဉာဏ်၏လည်း အခြားမဲ့၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်လျှင် ဖိုလ်စိတ်တို့ကို သိရှိ-ပါလေကုန်။ ဤမျှ အတိုင်းအရှည်ရှိသော အနာဂါမိမဂ်၏ အခြားမဲ့၌ အနာဂါမိဖိုလ်၏ ဖြစ်ခြင်းဖြင့်သာလျှင် ဤပုဂ္ဂိုလ်သည် ဗြဟ္မာပြည်၌ ကိုယ်ထင်ရှားဖြစ်ခြင်း = ဩပပါတိက = ဥပပါတ် ပဋိသန္ဓေသာရှိသော ထိုဗြဟ္မာ့ဘုံ၌ သို့မဟုတ် သုဒ္ဓါဝါသဘုံ၌ ပရိနိဗ္ဗာန်ပြုလေ့ရှိသော ပဋိသန္ဓေ၏ အစွမ်းဖြင့် ဤကာမဘဝသို့ တစ်ဖန် မပြန် လာသော သဘောရှိသော ပုဂ္ဂိုလ်ဖြစ်၍ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဤကာမလောကဓာတ်သို့ တစ်ဖန် မလာ-ခြင်းကြောင့် **အနာဂါမ်** မည်သော ခြောက်ယောက်မြောက်သော အရိယပုဂ္ဂိုလ် ဖြစ်ပေ၏။ ထိုသို့ အနာဂါမိဖိုလ်သို့ ရောက်သည်မှ နောက်၌ ပစ္စဝေက္ခဏာဖြစ်ပုံသည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်းသာတည်း။ (ဝိသုဒ္ဓိ-၂-၃၁၇။)

ပဋိသန္ဓေ၏ အစွမ်းဖြင့်သာ ထိုဗြဟ္မာ့ပြည်မှ ဤကာမဘုံသို့ မလာခြင်း သဘောရှိ၏၊ ဘုရားအား ဖူး-မြော်ရန် တရားတော်ကို နာယူရန် ဟူသော အကျိုးတရားများအတွက်ကား ဤလူ့လောက အပါအဝင်ဖြစ်သော

ကာမလောကသို့ လာရောက်သည်သာ ဖြစ်ပေသည်။ သနင်္ကုမာရဗြဟ္မာတို့ကဲ့သို့ သုဓမ္မာဓမ္မသဘင်တွင် တရားဟောရန် အတွက်လည်း ကာမလောကသို့ လာရောက်သည်သာ ဖြစ်သည်။ (မဟာဋီ-၂-၄၈၈-၄၈၉။)

## စတုတ္ထမဂ်ဖိုလ် = အရဟတ္တမဂ်ဖိုလ်

ဤသို့လျှင် ပစ္စဝေက္ခဏာဇောဝီထိတို့ဖြင့် မဂ် ဖိုလ် နိဗ္ဗာန်စသည်တို့ကို ထိုက်သလို ဆင်ခြင်ပြီးသော် အနာဂါမ်ဖြစ်ပြီးသော ထိုအရိယသာဝကသည် ထိုနေရာ၌မူလည်း နေလျက်, တစ်ပါးသော အခါ၌မူလည်း ထိုနေရာ၌ဖြစ်စေ အခြားသော နေရာ၌ဖြစ်စေ နေလျက် ရူပဘုံ၌ တပ်မက်တတ်သော ရူပရာဂ, အရူပဘုံ၌ တပ်မက်တတ်သော အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟု ဆိုအပ်ကုန်သော အထက်ပိုင်း ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ငါးပါးတို့ကို အကြွင်းမဲ့ ပယ်ခြင်း အကျိုးငှာ လေးခုမြောက်သော အရဟတ္တဖိုလ်သို့ ရောက်ရှိခြင်းငှာ ဝိပဿနာ၌ အားထုတ်ခြင်းလုံ့လကို ပြု၏၊ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု၍ ထက်မြက်သည်၏ အဖြစ်သို့ ရောက်စေလျက် ထိုရုပ်နာမ်ဓမ္မ တေဘူမက သင်္ခါရတရားအပေါင်းကိုပင်လျှင် ဝိပဿနာဉာဏ်ဖြင့် သုံးသပ်နယ်ချေ၏၊ ဝိပဿနာဉာဏ်ကို အဖန်ဖန် ဖြစ်စေ၏။ ဝိပဿနာအစဉ်သို့ သက်ဝင်၏။ (ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ် ဆုံးသည်တိုင်အောင် အစဉ်အတိုင်းကျင့်၏ ဟူလို။) ဤသို့သောနည်းဖြင့် ကျင့်နေသော ထိုအနာဂါမ်ပုဂ္ဂိုလ်အား ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တစ်ခု-သော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ်, ဂေါတြဘု = ဝေါဒါန်ဉာဏ်တို့သည် ဖြစ်ကုန်လတ်သော် ဂေါတြဘု = ဝေါဒါန်ဉာဏ်၏ အခြားမဲ့၌ပင်လျှင် **အရဟတ္တမဂ်**သည် ဖြစ်ပေါ်လာ၏၊ ထိုအရဟတ္တမဂ်နှင့် ယှဉ်သော ဉာဏ်သည် **အရဟတ္တမဂ်၌ ဖြစ်သောဉာဏ်** မည်၏။ (ဝိသုဒ္ဓိ-၂-၃၁၇-၃၁၈။)

ဤအရဟတ္တမဂ်၏လည်း အခြားမဲ့၌ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းပင်လျှင် အရဟတ္တဖိုလ်စိတ်တို့ကို သိပါလေကုန်။ ဤမျှ အတိုင်းအရှည် ရှိသော အရဟတ္တမဂ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်၏ ဖြစ်ခြင်းဖြင့်သာလျှင် ဤပုဂ္ဂိုလ်သည် **ရဟန္တာ**မည်သော ရှစ်ယောက်မြောက်သော အရိယပုဂ္ဂိုလ် ဖြစ်ပေသည်။

၁။ မဟာခီဏာသဝ = ပူဇော်အပ် ကြီးမြတ်သော အာနုဘော်ရှိသော အာသဝေါ ကုန်ပြီးသော,

၂။ အန္တိမ ဒေဟဓာရီ = အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်တတ်သော,

၃။ ဩဟိတဘာရ = ချထားအပ်ပြီးသော ခန္ဓာဝန်, ကိလေသာဝန်, အဘိသင်္ခါရဝန်ရှိသော,

၄။ အနုပ္ပတ္တသဒတ္ထ = အစဉ်အတိုင်း ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိသော,

၅။ ပရိက္ခီဏဘဝသံယောဇန = ကုန်ပြီးသော ဆယ်ပါးသော ဘဝသံယောဇဉ်ရှိသော,

၆။ သမ္မာဒညာဝိမုတ္တ = ခန္ဓာ စသည်တို့၏ သဘောကို အသင့်အားဖြင့် သိပြီး၍ အထူးသဖြင့် လွတ်ပြီးသော,

၇။ အဂ္ဂဒက္ခိဏေယျ = နတ်နှင့် တကွသော သတ္တလောက၏ မြတ်သော အလှူဝတ္ထုကို ခံယူထိုက်သော

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

ဤဆိုအပ်ခဲ့ပြီးသော အရိယမဂ်လေးပါးတို့နှင့် ယှဉ်သော ဉာဏ်သည် **ဉာဏဒဿနဝိသုဒ္ဓိ** မည်ပေသည်။

## သတိပဋ္ဌာန် လေးပါး ပြည့်စုံပြီ

ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားသည့် အပိုင်း အထိ —

၁။ သမုဒယဓမ္မာနုပဿီ - အရ သမုဒယသဘောကို ရှုပုံကိုလည်းကောင်း,

၂။ ဝယဓမ္မာနုပဿီ - အရ ဝယသဘောကို ရှုပုံကိုလည်းကောင်း,

၃။ သမုဒယဝယဓမ္မာနုပဿီ - အရ သမုဒယ-ဝယသဘောကို ရှုပုံကိုလည်းကောင်း အသေးစိတ် ဖော်ပြခဲ့၏။

ထိုဥဒယဗ္ဗယ အကျယ်ရှုပွားပုံ၏ နောက်ပိုင်းဝယ် ဥပက္ကိလေသ အညစ်အကြေးတို့မှ လွတ်မြောက်သွား-သော ဥဒယဗ္ဗယဉာဏ်ပိုင်းမှ စ၍ ဤအရဟတ္တဖိုလ်တိုင်အောင် ဖော်ပြအပ်သော အဆင့်ဆင့် ရှုပွားပုံ စနစ်တို့ကား အောက်ပါ သတိပဋ္ဌာန်ဒေသနာတော်တို့၏ အသေးစိတ် ရှုကွက်တို့သာ ဖြစ်ကြပေသည်။

၁။ အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။ (မ-၁-၇၁။)

၂။ အတ္ထိ ဝေဒနာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ (မ-၁-၇၅-၇၆။)

၃။ အတ္ထိ စိတ္တန္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ (မ-၁-၇၆။)

၄။ အတ္ထိ ဓမ္မာတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။ အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ (မ-၁-၇၈။)

၁။ ထိုပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏"ဟု ထိုရဟန်း၏ သန္တာန်၌ သတိသည် ရှေးရှုတည်၏ = ရှေးရှု ထင်လာ၏။ ထိုသတိသည် ရုပ်အပေါင်းကို အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်၏ တိုးပွားခြင်းငှာ သာလျှင် ဖြစ်၏၊ ရုပ်အပေါင်းကို သိမ်းဆည်းတတ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော သတိ၏ အဆင့်ဆင့် တစ်ဖန်တိုးပွားခြင်းငှာသာလျှင် ဖြစ်၏၊ ထိုရဟန်းသည် တဏှာ-ဒိဋ္ဌိတို့ဖြင့် မမှီတွယ်မူ၍လည်း နေ၏။ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ တစ်စုံတစ်ခုသော စွဲ-လမ်းဖွယ်ကိုမျှ "ငါ-ငါ့ဟာ"ဟု စွဲလည်း မစွဲလမ်းတော့ပေ။ ရဟန်းတို့ . . . ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေလေ၏။ (မ-၁-၇၁။)

၂။ ထို့ပြင် "ဝေဒနာသည်သာလျှင် ရှိ၏"ဟု ထိုရဟန်း၏ သန္တာန်၌ သတိသည် ရှေးရှုတည်၏ = ရှေးရှု ထင်လာ၏။ ထိုသတိသည် ဝေဒနာကို အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်၏ တိုးပွားခြင်းငှာသာလျှင် ဖြစ်၏၊ ဝေဒနာကို သိမ်းဆည်းတတ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော သတိ၏ အဆင့်ဆင့် တစ်ဖန် တိုးပွားခြင်းငှာသာလျှင် ဖြစ်၏။ ထိုရဟန်းသည် တဏှာ-ဒိဋ္ဌိတို့ဖြင့် မမှီတွယ်မူ၍လည်း နေ၏၊ ဥပါ-ဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ တစ်စုံတစ်ခုသော စွဲလမ်းဖွယ်

ကိုမျှ “ငါ-ငါ့ဟာ”ဟူ၍ စွဲလည်း မစွဲလမ်းတော့ပေ။ ရဟန်းတို့ . . . ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေလေ၏။ (မ-၁-၇၅-၇၆။)

၃။ ထိုပြင် “စိတ်သည်သာလျှင် ရှိ၏”ဟု ထိုရဟန်း၏ သန္တာန်၌ သတိသည် ရှေးရှုတည်၏ = ရှေးရှုထင်လာ၏၊ ထိုသတိသည် စိတ်ကို အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်၏ တိုးပွားခြင်းငှာသာလျှင် ဖြစ်၏၊ စိတ်ကို သိမ်းဆည်းတတ်သော ဝိပဿနာဉာဏ်နှင့်ယှဉ်သော သတိ၏ အဆင့်ဆင့် တစ်ဖန် တိုးပွားခြင်းငှာသာလျှင် ဖြစ်၏။ ထိုရဟန်းသည် တဏှာ-ဒိဋ္ဌိတို့ဖြင့် မမှီတွယ်မူ၍လည်း နေ၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ တစ်စုံတစ်ခုသော စွဲလမ်းဖွယ်ကိုမျှ “ငါ-ငါ့ဟာ”ဟူ၍ စွဲလည်း မစွဲလမ်းတော့ပေ။ ရဟန်းတို့ . . . ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေလေ၏။ (မ-၁-၇၆။)

၄။ ထို့ပြင် “ဓမ္မသဘောတရားတို့သည်သာလျှင် ရှိကုန်၏”ဟု ထိုရဟန်း၏ သန္တာန်၌ သတိသည် ရှေးရှုတည်၏ = ရှေးရှုထင်လာ၏။ ထိုသတိသည် ဓမ္မသဘောတရားကို အဖန်ဖန် ရှုတတ်သော ဝိပဿနာဉာဏ်၏ တိုးပွားခြင်းငှာသာလျှင် ဖြစ်၏၊ ဓမ္မသဘောတရားကို သိမ်းဆည်းတတ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော သတိ၏ အဆင့်ဆင့် တစ်ဖန် တိုးပွားခြင်းငှာသာလျှင် ဖြစ်၏။ ထိုရဟန်းသည် တဏှာ-ဒိဋ္ဌိတို့ဖြင့် မမှီ-တွယ်မူ၍လည်း နေ၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ တစ်စုံတစ်ခုသော စွဲလမ်းဖွယ်ကိုမျှ “ငါ-ငါ့ဟာ”ဟူ၍ စွဲလည်း မစွဲလမ်းတော့ပေ။ ရဟန်းတို့ . . . ဤသို့လည်း ရဟန်းသည် ဓမ္မသဘောတရားတို့၌ ဓမ္မသဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေလေ၏။ (မ-၁-၇၈။)

## ဗောဓိပက္ခိယတရား (၃၇) ပါး

သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေ ငါးပါး, ဗိုလ် ငါးပါး, ဗောဇ္ဈင် ခုနစ်ပါး, ဖြူစင်မြင့်မြတ်သော အရိယမဂ္ဂင် ရှစ်ပါး, အားလုံးပေါင်းသော် ဤ (၃၇)ပါးကုန်သော တရားတို့သည် သစ္စာလေးပါးကို သိတတ်သောကြောင့် **ဗောဓ**ဟူ၍ ရအပ်သောအမည်ရှိသော အရိယမဂ်၏ အကူအမြောင် လက်ဆောင် အသင်းအပင်း၌ ဖြစ်သည်၏ အဖြစ်ကြောင့် ကျေးဇူးပြုတတ်သော အသင်းအပင်း အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့် **ဗောဓိပက္ခိယတရား**တို့ မည်ကုန်၏။

**သတိပဋ္ဌာန် လေးပါး** — ထိုဗောဓိပက္ခိယတရားတို့တွင် ကာယ ဝေဒနာ စိတ္တ ဓမ္မ အာရုံတို့၌ ပြေးသွား သက်ဝင်၍ အသုဘအခြင်းအရာ ဒုက္ခအခြင်းအရာ အနိစ္စအခြင်းအရာ အနတ္တအခြင်းအရာကို ယူသည်၏ အစွမ်းဖြင့် ကပ်၍ တည်တတ်သည်၏ အဖြစ်ကြောင့် (သုဘသညာ သုခသညာ နိစ္စသညာ အတ္တသညာကို ပယ်ခြင်းကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်) သတိသည်ပင်လျှင် သတိပဋ္ဌာန် မည်ပေသည်။

ဗောဓိပက္ခိယတရားတို့ကို အရိယမဂ်၏ ရှေးအဖို့၌ လောကီဝိပဿနာဉာဏ် ဖြစ်ခိုက်၌ အထူးထူးသော စိတ်တို့၌ ရအပ်ကုန်၏၊ ရရှိပုံမှာ ဤသို့ ဖြစ်၏။ —

၁။ အာနာပါနပဗ္ဗ = အာနာပါနကို ရှုပွားသည့် အပိုင်း,
၂။ ဣရိယာပထပဗ္ဗ = ဣရိယာပုထ်ကို ရှုပွားသည့် အပိုင်း,
၃။ သမ္ပဇညပဗ္ဗ = သတိသမ္ပဇဉ်ပိုင်းဆိုင်ရာကို ရှုပွားသည့် အပိုင်း,
၄။ ပဋိကူလမနသိကာရပဗ္ဗ = ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို ရှုပွားသည့် အပိုင်း,

၅။ ဓာတုမနသိကာရပဗ္ဗ = ဓာတ်ကို နှလုံးသွင်းရှုပွားသည့် အပိုင်း,
၆-၁၄။ နဝသိဝထိက ပဗ္ဗ = သူသေကောင် (၉)မျိုးကို ရှုပွားသည့် အပိုင်း —

ဤ (၁၄)မျိုးသော အခြင်းအရာအားဖြင့် ရူပကာယကို သိမ်းဆည်းသော ယောဂါဝစရပုဂ္ဂိုလ်အား ကာယာ-နုပဿနာ သတိပဋ္ဌာန်ကို ရ၏။

ယင်းအာနာပါနပဗ္ဗစသည်တို့တွင် ရှေးပိုင်းတွင် သမာဓိကို ထူထောင်၍ ထိုသမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ရုပ်ကို အဦးမူ၍ ရုပ်နာမ်တို့ကို သိမ်းဆည်းပြီးလျှင် ယင်း ရုပ်နာမ်တို့၏ အကြောင်းတရားတို့ကို ရှာဖွေလျက် အကြောင်းတရားနှင့် တကွသော ထိုရုပ်နာမ် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်ကို တင်ကာ ကာလ သုံးပါး သန္တာန် နှစ်ပါးလုံး၌ ဝိပဿနာရှုခဲ့သော် ရုပ်ကို အဦးမူ၍ ဝိပဿနာရှုပွားခြင်း ဖြစ်သဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်ဟူ၍ ဆိုသည်။ (၁)

(၉)မျိုးသော အခြင်းအရာအားဖြင့် ဝေဒနာကို သိမ်းဆည်းသော ယောဂါဝစရပုဂ္ဂိုလ်အား ဝေဒနာနုပ-ဿနာ သတိပဋ္ဌာန်ကို ရရှိ၏။ နာမ်တရားတို့ကို သိမ်းဆည်းရာ၌ ဝေဒနာကို အဦးမူ၍ ယှဉ်ဖက် သမ္ပယုတ် တရားတို့နှင့်တကွ သိမ်းဆည်းခြင်း ဖြစ်၏။ နာမ်ကို သိမ်းဆည်းပြီးပါက ယင်းနာမ်တရားစု၏ အာရုံရုပ်နှင့် မှီရာ ဝတ္ထုရုပ်တို့ကို တစ်ဖန်ပြန်၍ သိမ်းဆည်းရ၏။ ဤသို့ ဝေဒနာကို အဦးမူ၍ နာမ်ရုပ်တို့ကို သိမ်းဆည်းလျက် ယင်းနာမ်ရုပ်၏ အကြောင်းတရားကို ရှာဖွေပြီးလျှင် အကြောင်းတရားနှင့် တကွသော ယင်း နာမ်ရုပ်တို့ကို လက္ခ-ဏာယာဉ် တင်ကာ ဝိပဿနာရှုခဲ့သော် ဝေဒနာနုပဿနာ သတိပဋ္ဌာန်သို့ သက်ဝင်၏။ (၂)

(၁၆)မျိုးသော အခြင်းအရာအားဖြင့် စိတ်ကို သိမ်းဆည်းသော ယောဂါဝစရပုဂ္ဂိုလ်အား စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ရရှိ၏။ နာမ်တရားကို သိမ်းဆည်းရာ၌ စိတ်ကို အဦးမူ၍ ယှဉ်ဖက်သမ္ပယုတ်တရားတို့နှင့် တကွ နာမ်တရားတို့ကို သိမ်းဆည်းလျက် ယင်းနာမ်တရားတို့၏ အာရုံရုပ်နှင့် မှီရာဝတ္ထုရုပ်တို့ကို တစ်ဖန်ပြန်၍ သိမ်း-ဆည်းရ၏။ ဤသို့ စိတ်ကို အဦးမူ၍ နာမ်ရုပ်တို့ကို သိမ်းဆည်းလျက် ယင်းနာမ်ရုပ်တို့၏ အကြောင်တရားကို ရှာဖွေပြီးလျှင် အကြောင်းတရားနှင့် တကွသော ယင်းနာမ်ရုပ်တို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုခဲ့သော် စိတ္တာနုပဿနာ သတိပဋ္ဌာန်သို့ သက်ဝင်၏။ (၃)

၁။ နီဝရဏငါးပါးကို အဦးမူ၍ ရုပ်နာမ်ကို သိမ်းဆည်းရှုပွားခြင်း = နီဝရဏပဗ္ဗ,
၂။ ခန္ဓာငါးပါးကို သိမ်းဆည်းရှုပွားခြင်း = ခန္ဓပဗ္ဗ,
၃။ အာယတန (၁၂)ပါးကို သိမ်းဆည်းရှုပွားခြင်း = အာယတနပဗ္ဗ,
၄။ ဗောဇ္ဈင် (၇)ပါးကို အဦးမူ၍ ရုပ်နာမ်ကို သိမ်းဆည်းရှုပွားခြင်း = ဗောဇ္ဈင်္ဂပဗ္ဗ,
၅။ ဒုက္ခသစ္စာ သမုဒယသစ္စာတို့ကို သိမ်းဆည်းလျက် သစ္စာလေးပါးကို သိအောင် ရှုပွားခြင်း = သစ္စပဗ္ဗ —

ဤငါးမျိုးသော အခြင်းအရာအားဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို သိမ်းဆည်းသော ယောဂါဝစရ ပုဂ္ဂိုလ်အား ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရရှိ၏။ နာမ်ကမ္မဋ္ဌာန်း သုံးမျိုးတို့တွင် ဖဿကို အဦးမူ၍ နာမ်တရား-တို့ကို သိမ်းဆည်းလျက် ထိုနောင် ယင်းနာမ်တရားတို့၏ အာရုံရုပ်နှင့် မှီရာဝတ္ထုရုပ်တို့ကို သိမ်းဆည်းကာ ယင်း နာမ်ရုပ်တို့၏ အကြောင်းတရားကိုရှာဖွေပြီးလျှင် အကြောင်းတရားနှင့်တကွသော ယင်းနာမ်ရုပ်တို့ကို လက္ခဏာ-ယာဉ် တင်ကာ ဝိပဿနာရှုနေသော နည်းသည်လည်း ဓမ္မာနုပဿနာသို့ပင် သက်ဝင်၏။ ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်သော သင်္ခါရတရားတို့ကို ခန္ဓာနည်း အာယတနနည်း ဗောဇ္ဈင်နည်း သစ္စာနည်းတို့ဖြင့် သိမ်း-ဆည်းလျက် အကြောင်းတရားတို့ကို ရှာဖွေပြီးလျှင် အကြောင်းတရားနှင့်တကွသော ယင်းရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုနေသောနည်းသည်လည်း ဓမ္မာနုပဿနာသတိပဋ္ဌာန်သို့ပင်

သက်ဝင်၏။ (၄)

ယင်းအနုပဿနာ လေးပါးတို့၌ အဦးမူထားသော ကာယ = ရုပ် ဝေဒနာ စိတ္တ ဓမ္မတို့မှာ ရုပ်နာမ် ကြောင်းကျိုး = သင်္ခါရတရားတို့သာ ဖြစ်ကြ၏။ သို့အတွက် ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်နာမ် ကြောင်းကျိုး = သင်္ခါရတရားတို့ကို လက္ခဏာယာဉ်သုံးချက်တင်၍ တွင်တွင်ကြီး ဝိပဿနာရှုနေသော် သတိပဋ္ဌာန်တရား လေးပါးလုံးကိုပင် ပွားများနေသည် မည်ပေသည်။ သို့သော် လောကီဝိပဿနာအခိုက်၌ စိတ္တက္ခဏတစ်ခုအတွင်း၌ သတိပဋ္ဌာန်လေးပါးလုံးသည် စုံစုံညီညီ ပြိုင်တူ မဖြစ်နိုင်၍ လောကီဝိပဿနာအခိုက်၌ သတိပဋ္ဌာန်လေးပါးကို စိတ္တက္ခဏ အသီးအသီးတို့၌ ရအပ်ကုန်၏ဟု ဆိုပေသည်။ သို့သော် အရိယမဂ်အခိုက်၌ကား သတိပဋ္ဌာန် လေးပါးလုံးသည်ပင် စုံစုံညီညီ ဖြစ်ပေသည်။

**သမ္မပ္ပဓာန် လေးပါး** — ဤမျက်မြင် ပစ္စုပ္ပန် အတ္တဘော၌ မိမိ၏ ရုပ်နာမ်သန္တာန် အစဉ်တွင် မဖြစ်စဖူးသေးသော သူတစ်ပါး၏သန္တာန်၌ ဖြစ်ပေါ်သွားသော အကုသိုလ်ကိုလည်းကောင်း, ထိုအကုသိုလ်လျှင် အကြောင်းရင်းခံရှိသော သတ်ခြင်း နှောင်ဖွဲ့ခြင်းငှာ ထိုက်သော အပြစ်စသည်တို့ကိုလည်းကောင်း တွေ့မြင်ရ၍ "အကြင်သို့သော အခြင်းအရာအားဖြင့် ကျင့်သသူအား ဤအကုသိုလ်လျှင် အကြောင်းရင်းရှိသော အပြစ်သည် ဖြစ်ပေါ်လာနိုင်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ငါသည် မကျင့်ပေအံ့၊ ဤသို့ ကောင်းစွာ ကျင့်သည်ရှိသော် ငါ့အားအကုသိုလ်လျှင် အကြောင်းရင်းခံရှိသော အပြစ်သည် မဖြစ်လတ္တံ့." — ဤသို့ နှလုံးပိုက်၍ ထိုကဲ့သို့သောအကုသိုလ်လျှင် အကြောင်းရင်းခံရှိသော အပြစ်ကို မဖြစ်စေခြင်းငှာ အားထုတ်လုံ့လပြုသော ကာလ၌ မဖြစ်ပေါ်ဖူးသေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် လုံ့လပြုခြင်းဟူသော ရှေးဦးစွာသော သမ္မပ္ပဓာန်ကို ရအပ်၏။ (၁)

မိမိ၏ သန္တာန်ဝယ် အကြိမ်များစွာ ဖြစ်ခြင်းသို့ ရောက်ရှိနေသော, အဖြစ်များသဖြင့် လေ့ကျင့်သားရခြင်းသို့ ရောက်ရှိနေသော အကုသိုလ်တရားကို မြင်ရ၍ ထိုကဲ့သို့သော အကုသိုလ်တရားကို ပယ်သတ်နိုင်ရန် အလို့ငှာ အားထုတ်လုံ့လပြုသောကာလ၌ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ခြင်းဟူသော နှစ်ခုမြောက်သော သမ္မပ္ပဓာန်ကို ရအပ်၏။ (၂)

ဤမျက်မြင် ပစ္စုပ္ပန် အတ္တဘော၌ မိမိသန္တာန်ဝယ် မဖြစ်စဖူးသေးသော ဈာန်ကိုသော်လည်းကောင်း ဝိပဿနာကိုသော်လည်းကောင်း ဖြစ်ပေါ်လာစေခြင်းငှာ အားထုတ်လုံ့လပြုသော ပုဂ္ဂိုလ်အား မဖြစ်ပေါ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်ခြင်းဟူသော သုံးခုမြောက်သော သမ္မပ္ပဓာန်ကို ရအပ်၏။ (၃)

ဤမျက်မြင် ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်ပေါ်ဖူးသော ဈာန်ကိုသော်လည်းကောင်း, ဝိပဿနာကိုသော်လည်းကောင်း အကြင်အခြင်းအရာအားဖြင့် ဖြစ်စေအပ်သည် ရှိသော် မဆုတ်ယုတ်ပေ၊ ထိုအခြင်းအရာအားဖြင့် အဖန်တလဲလဲ ဖြစ်စေသော ပုဂ္ဂိုလ်အား ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားအောင် ကြိုးစားအားထုတ်ခြင်းဟူသော လေးခုမြောက်သော သမ္မပ္ပဓာန်ကို ရအပ်၏။ (၄)

**ဣဒ္ဓိပါဒ် လေးပါး** — ဈာန်တရား ဝိပဿနာတရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတို့ကို လိုလားတောင့်တသော ဆန္ဒကို အကြီးအမှူး ပြု၍ သမထဝိပဿနာစသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရာကာလ၌ ဆန္ဒိဒ္ဓိပါဒ်ကို ရအပ်၏။ (၁)

စိတ်ကို အကြီးအမှူး ပြု၍ သမထဝိပဿနာစသော ကုသိုလ်ကို ဖြစ်စေရာကာလ၌ စိတ္တိဒ္ဓိပါဒ်ကို ရအပ်၏။ (၂)

ဝီရိယကို အကြီးအမှူး ပြု၍ သမထဝိပဿနာ စသော ကုသိုလ်ကို ဖြစ်စေရာ၌ ဝီရိယိဒ္ဓိပါဒ်ကို ရအပ်၏။ (၃)

ဝီမံသ = ပညာကို အကြီးအမှူး ပြု၍ သမထဝိပဿနာ စသော ကုသိုလ်ကို ဖြစ်စေရာ၌ ဝီမံသိဒ္ဓိပါဒ်ကို ရအပ်၏။ (၄)

**ဣန္ဒြေ ငါးပါး** — သဒ္ဓါတရား၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အကုသိုလ်တရားတို့သည်လည်းကောင်း, ကိုးကွယ်ရာ ဝတ္ထုမှန် ရတနာသုံးပါးမှ တစ်ပါး ရတနာသုံးပါး၏ ပြင်ဘက်၌ တည်ရှိသော သက်ရှိသက်မဲ့ အရာဝတ္ထုတို့၌ ကြည်ညိုသော ပသာဒအတုအယောင်ဖြစ်သော မိစ္ဆာဓိမောက္ခသည်လည်းကောင်း အဿဒ္ဓိယ မည်၏။ သဒ္ဓိန္ဒြေသည် ယင်း အဿဒ္ဓိယတရားကို နှိပ်နင်းနိုင်၏၊ လွှမ်းမိုးနိုင်၏၊ အဿဒ္ဓိယမှ ထွက်မြောက်ကြောင်း သမ္ပယုတ်တရားတို့ကို အစိုးရ၏။ (၁)

ထိနမိဒ္ဓပြဓာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော ပျင်းရိခြင်း = ကောသဇ္ဇတရားကို ဝီရိယိန္ဒြေသည် နှိပ်နင်းနိုင်၏၊ လွှမ်းမိုးနိုင်၏၊ ကောသဇ္ဇမှ ထွက်မြောက်ကြောင်း သမ္ပယုတ်တရားတို့ကို အစိုးရ၏။ (၂)

သတိ၏ မေ့လျော့ခြင်း ကင်းလွတ်ခြင်း ပျောက်ပျက်ခြင်း ထိုသတိကင်းသော အခြင်းအရာကြောင့် ဖြစ်သော အကုသိုလ်ခန္ဓာဟူသော ပမာဒတရားကို သတိန္ဒြေသည် နှိပ်နင်းနိုင်၏၊ လွှမ်းမိုးနိုင်၏၊ ပမာဒမှ ထွက်မြောက်ကြောင်း သမ္ပယုတ်တရားတို့ကို အစိုးရ၏။ (၃)

စိတ်ပျံ့လွင့်ခြင်းဟူသော ဝိက္ခေပတရားကို သမာဓိန္ဒြေသည် နှိပ်နင်းနိုင်၏၊ လွှမ်းမိုးနိုင်၏၊ ဝိက္ခေပမှ ထွက်မြောက်ကြောင်း သမ္ပယုတ်တရားတို့ကို အစိုးရ၏။ (၄)

ပရမတ်အာရုံ၌ တွေဝေခြင်း ပရမတ်သို့ဆိုက်အောင် အမှန်အတိုင်း မသိခြင်းသဘောရှိသော သမ္မောဟ တရားကို ပညိန္ဒြေသည် နှိပ်နင်းနိုင်၏ လွှမ်းမိုးနိုင်၏ သမ္မောဟမှ ထွက်မြောက်ကြောင်း သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ဤဣန္ဒြေ ငါးပါးတို့ကား လောကီဝိပဿနာ အခိုက်၌လည်း စိတ္တက္ခဏတစ်ခု အတွင်းဝယ် ပြိုင်တူ ဖြစ်နိုင်ကြ၏။ (၅)

**ဗိုလ် ငါးပါး** — ယင်း အဿဒ္ဓိယ ကောသဇ္ဇ ပမာဒ ဝိက္ခေပ သမ္မောဟတရားတို့သည် မနှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, မတုန်လှုပ်သည်၏ အဖြစ်တည်းဟူသော သဘောကြောင့်လည်းကောင်း, (သင်္ခါရအာရုံ၌) မြဲမြံ ခိုင်ခံ့သည်၏ အဖြစ်ကြောင့်လည်းကောင်း သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟူသော တရား ငါးပါးတို့သည် ဗိုလ် မည်၏။ ယင်းတရားငါးပါးတို့သည်လည်း လောကီဝိပဿနာ အခိုက်၌လည်း စိတ္တက္ခဏ တစ်ခု အတွင်းဝယ် အတူယှဉ်တွဲ၍ ပြိုင်တူ ဖြစ်နိုင်ကြသည်။

**ဗောဇ္ဈင်္ဂ = ဗောဇ္ဈင် ခုနစ်ပါး** — လေးပါးသော အရိယသစ္စာတို့ကို သိတတ်သော သတ္တဝါ၏ အကြောင်း တရား၏ အဖြစ်ကြောင့် သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ — ဤတရား (၇)ပါးတို့သည် ဗောဇ္ဈင် မည်ကုန်၏။ ဤဗောဇ္ဈင် (၇)ပါးတို့သည်လည်း လောကီဝိပဿနာအခိုက်၌ စိတ္တက္ခဏတစ်ခု၏ အတွင်းဝယ် အတူယှဉ်တွဲ၍ ဖြစ်နိုင်ကြ၏။

အကြောင်းတရားနှင့် တကွသော ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ အမည်ရသော သင်္ခါရတရားတို့ကို သိမ်းဆည်းတတ်သော သတိကား သတိသမ္ဗောဇ္ဈင်, ယင်းသင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို စူးစမ်း ဆင်ခြင် ဆုံးဖြတ်လျက် ထိုးထွင်းသိတတ်သော ဝိပဿနာဉာဏ်ကား ဓမ္မဝိစယသမ္ဗောဇ္ဈင်, ယင်းဝိပဿနာ ဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ဝီရိယကား ဝီရိယသမ္ဗောဇ္ဈင်, ပီတိကား ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိကား ပဿဒ္ဓိ

သမ္ဗောဇ္ဈင်, သမာဓိကား သမာဓိသမ္ဗောဇ္ဈင်, တတြမဇ္ဈတ္တတာစေတသိက်ကား ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။ ဤကား လောကီဝိပဿနာအခိုက်၌ ဗောဇ္ဈင်တရား (၇)ပါးတို့ ပြိုင်တူဖြစ်ပုံတည်း။

လောကုတ္တရာ အရိယမဂ်အခိုက်၌ကား — နိဗ္ဗာန်တရားတော်မြတ်ကို သိမ်းဆည်းတတ်သော သတိကား သတိသမ္ဗောဇ္ဈင်, နိဗ္ဗာန်တရားတော်မြတ်ကို ထိုးထိုးထွင်းထွင်း သိမြင်တတ်သော အရိယမဂ်ဉာဏ်ကား ဓမ္မဝိစယ သမ္ဗောဇ္ဈင်, ယင်းအရိယမဂ်ဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ (= တတြမဇ္ဈတ္တတာစေတသိက်)တို့ကား ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ ဖြစ်ကြ၏။

**မဂ္ဂင် ရှစ်ပါး** — သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ ထွက်မြောက်ခြင်း၏ အကြောင်းတရား ဖြစ်သော-ကြောင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဤ (၈)ပါးတို့သည် မဂ္ဂင် မည်ကုန်၏။

ထို (၈)ပါးတို့တွင် မိစ္ဆာဝါစာမှ ရှောင်ကြဉ်သော ကာလ၌ သမ္မာဝါစာကို, မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်သော ကာလ၌ သမ္မာကမ္မန္တကို, မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်သောကာလ၌ သမ္မာအာဇီဝကို အသီးအသီး ရအပ်၏။ သမ္မာဒိဋ္ဌိစသော ကျန်မဂ္ဂင်ငါးပါးတို့ကား လောကီဝိပဿနာဉာဏ်အခိုက်၌ စိတ္တက္ခဏတစ်ခု အတွင်းဝယ် အတူယှဉ်တွဲ ဖြစ်နိုင်ကြ၏။ ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသော သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ထိုးထိုးထွင်းထွင်း သိမြင်တတ်သော ဝိပဿနာဉာဏ်ကား သမ္မာဒိဋ္ဌိ, ယင်းဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော ဝိတက်ကား သမ္မာသင်္ကပ္ပ, ဝီရိယကား သမ္မာဝါယာမ, သတိကား သမ္မာသတိ, သမာဓိကား သမ္မာသမာဓိ အသီးအသီး ဖြစ်၏။ လောကီဝိပဿနာအခိုက်၌ ဤမဂ္ဂင်ငါးပါးတို့သည် စိတ္တက္ခဏတစ်ခု၏ အတွင်းဝယ် အတူယှဉ်တွဲ၍ ဖြစ်နိုင်ကြ၏။ လောကုတ္တရာ အရိယမဂ်ဉာဏ်အခိုက်၌ကား ယင်းမဂ္ဂင်ရှစ်ပါးတို့သည် အရိယမဂ်စိတ္တက္ခဏတစ်ခု၏ အတွင်း၌ ထိုက်သလို အတူယှဉ်တွဲ၍ ပြိုင်တူ ဖြစ်နိုင်ကြ၏။ အားလုံးသော မဂ္ဂင်-တို့သည် နိဗ္ဗာန်ကိုပင် အာရုံပြုကြ၏။

အထူးသဖြင့် ပညိန္ဒြေစေတသိက်ကို တရားကိုယ်ကောက်ယူရသော ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်သည် ရံခါ ဉာဏဝိပ္ပယုတ် = ဉာဏ်မယှဉ်သည့် လောကီဝိပဿနာစိတ်တို့၌ မယှဉ်ပေ။ ဤသို့လျှင် ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် လောကီဝိပဿနာအခိုက်၌ အသီးအသီးသော စိတ္တက္ခဏတို့၌ ရအပ်ကုန်၏။

နောက်တစ်မျိုးကား ဤလေးပါးသော အရိယမဂ်ဉာဏ်တို့၏ ဖြစ်ရာကာလ၌ကား ဤ (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို တစ်ခုသော မဂ်စိတ္တုပ္ပါဒ်၌ ရအပ်ရနိုင်ကုန်၏။ ဖိုလ်စိတ္တက္ခဏ၌ သမ္မပ္ပဓာန်တရား လေးပါးတို့ကို ထား၍ သမ္မပ္ပဓာန်တရား လေးပါးမှ ကြွင်းကုန်သော (၃၃)ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏။ ဗောဓိပက္ခိယတရားအားလုံးတို့သည် လောကုတ္တရာအခိုက်၌ နိဗ္ဗာန်ကိုပင် အာရုံပြုကြသည်။

(ဝိသုဒ္ဓိ-၂-၃၂၀ - ကြည့်ပါ။)

အလုံးစုံလည်းဖြစ်ကုန်သော ဗောဓိပက္ခိယတရားတို့သည် အကယ်၍ကား အရိယမဂ်စိတ္တုပ္ပါဒ်၌ အကျုံးဝင်ကုန်၏၊ ထိုသို့ အကျုံးဝင်သော်လည်း အရိယမဂ်ခဏ၌ သမ္မပ္ပဓာန်၏ ကိစ္စသည် အလွန်အကဲနှင့်တကွ ဖြစ်ရကား ဖိုလ်ခဏ၌ သမ္မပ္ပဓာန်တရား လေးပါးတို့ကို ကြဉ်ဖယ်ထား၍ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်းဖြစ်သည်။ ဖိုလ်ခဏ၌ (၃၃)ပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ကုန်၏ဟု ဆိုသော်လည်း မုချအားဖြင့် ရအပ်သည်ကား မဟုတ်၊ ပရိယာယ်အားဖြင့်သာလျှင် ရအပ်၏ဟု မှတ်ပါ။ (မဟာဋီ-၂-၄၉၂။)

## အရိယမဂ်ခဏ၌ ဗောဓိပက္ခိယတရား (၃၇) ပါး ဖြစ်ပုံ

ဧဝံ ဧကစိတ္တေ လဗ္ဘမာနေသု စေတေသု ဧကောဝ နိဗ္ဗာနာရမ္မဏာ သတိ ကာယာဒီသု သုဘသညာဒိ-ပ္ပဟာနကိစ္စသာဓနဝသေန စတ္တာရော သတိပဋ္ဌာနာတိ ဝုစ္စတိ။ ဧကမေဝ စ ဝီရိယံ အနုပ္ပန္နာနံ အနုပ္ပါဒါဒိကိစ္စ-သာဓနဝသေန စတ္တာရော သမ္မပ္ပဓာနာတိ ဝုစ္စတိ။ သေသေသု ပန ဟာပနဝဍ္ဎနံ နတ္ထိ။ (ဝိသုဒ္ဓိ-၂-၃၂၀။)

တစ်ခုသော အရိယမဂ်စိတ်ခဏ၌ ရသင့်ရထိုက်ကုန်သော ထိုဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် နိဗ္ဗာန်ကိုပင် အားလုံး အာရုံပြုကြ၏။ မဂ်စိတ်သည် အကယ်၍ ပထမဈာနိကမဂ်စိတ်ဖြစ်လျှင် စိတ်စေတသိက် (၃၇)လုံး ရှိမည် ဖြစ်သည်။ စတုက္ကနည်းအရ ဒုတိယဈာနိကမဂ်ဖြစ်လျှင် ဝိတက် ဝိစာရနှုတ် ကျန်စိတ်စေတသိက် (၃၅), တတိယဈာနိကမဂ်ဖြစ်လျှင် ပီတိထပ်ကြဉ်သော် စိတ်စေတသိက် (၃၄), စတုတ္ထဈာနိကမဂ်ဖြစ်လျှင် သုခဝေဒနာ အရာ၌ ဥပေက္ခာဝေဒနာဖြစ်၍ စိတ်စေတသိက် (၃၄)ပင် ရှိမည် ဖြစ်သည်။ အားလုံးသော ထိုမဂ် စိတ်-စေတ-သိက်ဟူသော မဂ်စိတ္တုပ္ပါဒ်သည် နိဗ္ဗာန်ကိုပင် အာရုံပြု၏။ ထိုမဂ်စိတ္တုပ္ပါဒ်တွင် သတိလည်း ပါဝင်၏။ ထိုသတိ-သည်လည်း နိဗ္ဗာန်ကိုပင် အာရုံပြု၏။ ထိုနိဗ္ဗာန်ကို အာရုံပြုသော တစ်ခုတည်းသော သတိသည် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်း ဖြင့် ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား လေးပါးကို အာရုံပြုပါသနည်း ဟု မေးဖွယ်ရာ ရှိ၏။ အဖြေကား ဤသို့တည်း။ —

အရိယမဂ်စိတ္တက္ခဏ တစ်ခုအတွင်း၌ ရသင့်ရထိုက်ကုန်သော ထိုဗောဓိပက္ခိယတရားတို့တွင် နိဗ္ဗာန်ကိုပင် အာရုံပြု၍ ဖြစ်ပေါ်လာသော တစ်မျိုးတည်းသော သတိသည် —

၁။ ကာယ = ရုပ်တရားအပေါင်း၌ သုဘသညာကို,
၂။ ဝေဒနာ၌ သုခသညာကို,
၃။ စိတ်၌ နိစ္စသညာကို,
၄။ ဓမ္မသဘောတရားတို့၌ အတ္တသညာကို —

ပယ်ရှားခြင်းကိစ္စကို ပြီးစေ၏။ ဤသို့လျှင် ကာယ ဝေဒနာ စိတ္တ ဓမ္မဟူသော သတိပဋ္ဌာန်တို့ အပေါ်၌ စွဲလျက်ရှိသော သုဘသညာ သုခသညာ နိစ္စသညာ အတ္တသညာကို သတိနှင့်တကွသော အရိယမဂ်တရားက ပယ်ရှားဖျက်ဆီးပြီး ဖြစ်သဖြင့် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့အပေါ်၌ သုဘ သုခ နိစ္စ အတ္တဟူသော သညာများ-သည် လုံးဝ ကင်းရှင်းသွား၏။ မည်သည့် အချိန်အခါ၌ မဆို ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို အာရုံယူလိုက်ပါက သုဘ သုခ နိစ္စ အတ္တဟူသော သညာများသည် ပေါ်ပေါက်၍ မလာတော့ပေ။ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ အသုဘ ဒုက္ခ အနိစ္စ အနတ္တဟူသော သညာသာလျှင် ဖြစ်ပေါ်နေ၏။ ဤသို့ သိမှုမျိုးကို ကိစ္စသိဒ္ဓိအားဖြင့် သတိပဋ္ဌာန်လေးပါးကို သိသည်ဟု ဆိုပေသည်။ ဤသို့လျှင် တစ်ခုသော အရိယမဂ်စိတ္တက္ခဏအတွင်း၌ ရသင့် ရထိုက်ကုန်သော ဗောဓိပက္ခိယတရားတို့တွင် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော သတိတစ်မျိုးတည်းကိုပင် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ သုဘ သုခ နိစ္စ အတ္တသညာကို ပယ်ရှားဖျက်ဆီးခြင်းကိစ္စ၏ အစွမ်းဖြင့် သတိ-ပဋ္ဌာန် လေးပါးဟု ခေါ်ဆိုအပ်ပေသည်။

အလားတူပင် တစ်ခုသော အရိယမဂ်စိတ္တက္ခဏ အတွင်း၌ ရသင့်ရထိုက်သော တစ်မျိုးတည်းသော ဝီရိယ-ကိုပင် မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်အောင် ကြိုးစားအားထုတ်ခြင်းစသော လေးမျိုး-သော ကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့် သမ္မပ္ပဓာန် လေးပါးဟူ၍ ဆိုအပ်ပေသည်။ ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တို့၌ကား တရားကိုယ် အရေအတွက် အတိုးအလျော့ မရှိပေ။ (ဝိသုဒ္ဓိ-၂-၃၂၀။)

**[မှတ်ချက်** — ပထမဈာနိက အရိယမဂ်ဖြစ်လျှင် ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကို ထိုက်သလို ရရှိ-နိုင်သည်။ ဒုတိယဈာနိက အရိယမဂ်ဖြစ်လျှင် ဝိတက် မယှဉ်သဖြင့် သမ္မာသင်္ကပ္ပမဂ္ဂင် လျော့မည်။ စတုက္က နည်းအရ တတိယဈာနိက အရိယမဂ်ဖြစ်လျှင် ပီတိသမ္ဗောဇ္ဈင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင် လျော့မည်။ စတုက္က နည်းအရ စတုတ္ထဈာနိက အရိယမဂ် ဖြစ်လျှင်လည်း အလားတူပင် ပီတိသမ္ဗောဇ္ဈင်နှင့် သမ္မာသင်္ကပ္ပမဂ္ဂင် လျော့မည်။**]**

**သတိပြုရန်** — အထက်ပါ စကားရပ်များ၌ အရိယမဂ်ခဏ၌ ရသင့်သော နိဗ္ဗာန်ကို အာရုံပြုသော သတိသည် သို့မဟုတ် သတိနှင့် တကွသော အရိယမဂ်တရားသည် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌ ဖြစ်ပေါ်နေသော သုဘသညာ သုခသညာ နိစ္စသညာ အတ္တသညာတို့ကို ပယ်ရှားဖျက်ဆီးခြင်းကိစ္စကို ပြီးစီးစေသည်ဟူသော စကားကို အထူးသတိပြုပါ။ ဝိပဿနာနယ်၌ —

၁။ ကာယအရ ရုပ် (၂၈)ပါးတည်းဟူသော ရူပကာယကို ပဓာနအားဖြင့် ကောက်ယူရ၏။ အပ္ပဓာနအားဖြင့် ယင်းရုပ်တရားကို အာရုံပြု၍ ယင်းရုပ်တရားကို မှီ၍ ဖြစ်ပေါ်လာသော နာမ်တရားတည်းဟူသော နာမ ကာယကိုလည်း ကောက်ယူရ၏။

၂။ ဝေဒနာအရ ဝေဒနာ (၉)မျိုးကို ပဓာနအားဖြင့် ကောက်ယူရ၏။ အပ္ပဓာနအားဖြင့် ဝေဒနာကို အဦးမူ၍ ယင်းဝေဒနာနှင့် တကွသော နာမ်တရားတို့ကိုလည်းကောင်း, ယင်းနာမ်တရားတို့၏ အာရုံဖြစ်သော ရုပ်, မှီရာရုပ်တရားတို့ကိုလည်းကောင်း ကောက်ယူရ၏။

၃။ စိတ္တအရ (၁၆)မျိုးသောစိတ် သို့မဟုတ် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ရသင့်ရထိုက်သော စိတ်များကို ပဓာနအားဖြင့် ကောက်ယူရ၏။ အပ္ပဓာနအားဖြင့် စိတ်ကို အဦးမူလျက် စိတ်နှင့်ယှဉ်ဖက် နာမ်တရား အားလုံးကိုလည်းကောင်း, ယင်းနာမ်တရားတို့၏ အာရုံဖြစ်သော ရုပ်, မှီရာဖြစ်သော ရုပ်တရားတို့ကို လည်းကောင်း ကောက်ယူရ၏။

၄။ ဓမ္မ-အရ ကာယ ဝေဒနာ စိတ္တတို့တွင် ပဓာနအားဖြင့် ကောက်ယူထားသော ရုပ် ဝေဒနာ စိတ္တတို့မှတစ်ပါး ကြွင်းကျန်သော ဖဿ စေတနာဦးဆောင်သည့် စေတသိက်တရားစုတို့ကို ပဓာနအားဖြင့် ကောက်ယူရ၏။ အပ္ပဓာနအားဖြင့် ယင်းစေတသိက်တရားစုနှင့် သမ္ပယုတ်ဖြစ်သော ဝေဒနာ စိတ္တတို့ကိုလည်းကောင်း, ယင်းနာမ်တရားစုတို့၏ အာရုံပြု၍ဖြစ်ရာ ဖြစ်သော ရုပ်တရား, မှီ၍ဖြစ်ရာ ဖြစ်သော ရုပ်တရားတို့ကို လည်းကောင်း ကောက်ယူရ၏။ တစ်နည်း — ဓမ္မ-အရ ခန္ဓာ ငါးပါး, အာယတန တစ်ဆယ့်နှစ်ပါး, ဗောဇ္ဈင် ခုနစ်ပါး, သစ္စာ လေးပါးတို့ကို ကောက်ယူရ၏။

အရိယမဂ်တရားသည် ယင်းကာယ ဝေဒနာ စိတ္တ ဓမ္မတရားတို့အပေါ်၌ မသိအောင် ဖုံးလွှမ်းထားသည့် မောဟတရားကို ပယ်သတ်ခြင်း ကိစ္စကို နိဗ္ဗာန်မြင်သည့်အခိုက် တစ်ပါတည်း ဆောင်ရွက်သွားသဖြင့် ယင်း ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ယောဂါဝစရပုဂ္ဂိုလ်သည် ပြန်လည်၍ အာရုံယူပါက အလွယ်တကူပင် သိရှိ-နေမည် ဖြစ်သည်။

အကယ်၍ အသင်သူတော်ကောင်းသည် မိမိကိုယ်ကို မိမိ အရိယာသူတော်ကောင်း ဖြစ်ပြီဟု ယူဆပါလျှင် ဤအထက်ပါ အချက်မှာ မိမိကိုယ်ကို မိမိ အရိယာ ဟုတ်-မဟုတ် စမ်းသပ်နိုင်သည့် မှတ်ကျောက်တစ်ခုပင် ဖြစ်ပါသည်။ မိမိကိုယ်ကို မိမိ အရိယာဖြစ်ပြီးပါပြီဟု ယုံကြည်စိတ်ချရသော အချိန်အခါမျိုး၌သော်ပင် ရုပ် (၂၈)ပါးကိုမျှ မသိမ်းဆည်းတတ်သေး ဉာဏ်ဖြင့် ပိုင်းခြားမယူတတ်သေး မရှုတတ်သေး မသိသေးလျှင်,

စိတ်စေတသိက်များကို စိတ္တနိယာမ သဘောတရားအတိုင်း မသိမ်းဆည်းတတ်သေး ဉာဏ်ဖြင့် ပိုင်းခြားမယူ-တတ်သေး မရှုတတ်သေး မသိသေးလျှင်, ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတရားတို့၏ ကြောင်း-ကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် သဘောတရားများကို မသိမ်းဆည်းတတ်သေး ဉာဏ်ဖြင့် ပိုင်းခြားမယူတတ်သေး မရှုတတ်သေး မသိသေးလျှင် ငါသည် အရိယာ မဟုတ်သေးဟု သန္နိဋ္ဌာန်ကျ မုချပုံသေ ဧကန် ဆုံးဖြတ်ချက် ချလေရာသည်။ အကြောင်းမူ — သစ္စာလေးပါးကို သို့မဟုတ် ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို မသိအောင် ဖုံးလွှမ်းထားတတ်-သည့် မောဟ = အဝိဇ္ဇာကို အရိယမဂ်တရားက အကြွင်းမဲ့ ပယ်သတ်ထားပြီး ဖြစ်သောကြောင့်တည်း။

သူများအပြောနှင့် လွမ်း၍ (အရိယာအစစ် မဟုတ်ဘဲ) အရိယာဖြစ်ရသည်ထက် ဘုရားရှင်၏ အလို-တော်ကျအတိုင်း အရိယာသာဝကအစစ် ဖြစ်ရခြင်းက အသင်သူတော်ကောင်းအတွက် အကျိုးပို၍ ကြီးမား-မည်သာ ဖြစ်ပေသည်။ သူများမြှောက်ပေးတိုင်း မြောက်ချင်နေလျှင်ကား သံသရာတစ်ခွင်တွင် တွင်တွင်ကြီး ဆက်လက်၍ အမျောကြီး မျောရဦးမည်သာဟု မှတ်သားလေရာသည်။ အရိယာသူတော်ကောင်း ဖြစ်ပြီးမှသာ ဤကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို သိရှိနိုင်သည် မဟုတ်၊ အရိယာမဖြစ်ခင်ကလည်း အရိယာသူတော်ကောင်း ဖြစ်အောင် ကြိုးစားအားထုတ်ရာ၌ ဤကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကား သိရှိအောင် ကြိုးပမ်းရမည့်တရားများ-သာ ဖြစ်ကြသည်။ အကြောင်းမူ ဒုက္ခသစ္စာ သမုဒယသစ္စာတွင် အကျုံးဝင်သော ကာယ ဝေဒနာ စိတ္တဓမ္မတို့ကား ဝိပဿနာဉာဏ်၏ အရှုခံအာရုံများပင် ဖြစ်သောကြောင့်တည်း။

## တရားကိုယ် ကောက်ယူပုံ

ဤဗောဓိပက္ခိယတရားတို့၌ အဂ္ဂဟိတဂ္ဂဟဏ = မယူရသေးသည်ကို ယူရသောနည်းအားဖြင့် ပုဒ်တစ်ပါး တို့နှင့် မရောယှက်ဘဲ တရားကိုယ်သက်သက် သဘောတူရာ စုပေါင်း၍ ကောက်ယူရသော် — သတိ, ဝီရိယ, ဆန္ဒ, စိတ္တ, ပညာ, သဒ္ဓါ, သမာဓိ, ပီတိ, ပဿဒ္ဓိ, ဥပေက္ခာ (= တတြမဇ္ဈတ္တတာ), သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု ပေါင်းသော် (၁၄)ပါး ရှိသည်။

ထိုတရားတို့တွင် သတိစသော အချို့သော တရားသည် သဘာဝအားဖြင့် တစ်မျိုးတည်း ဖြစ်မူလည်း မိမိ မိမိ၏ အာနုဘော်အားလျော်စွာ ကာယာနုပဿနာစသော ထိုထိုကိစ္စကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့် (၈)မျိုးစသည်ဖြင့် ခွဲခြား၍ ဟောကြားထားတော်မူ၏။ စိတ္တိဒ္ဓိပါဒ်စသည့် အချို့သောတရားသည် သရုပ်အားဖြင့်သာ ဖြစ်ခြင်းကြောင့် ယင်းတရားများကို တစ်မျိုးစီသာ ဟောကြားထားတော်မူ၏။

ဤ၌ ဗောဓိပက္ခိယတရားတို့ကို (၁၄)မျိုးဟု တရားကိုယ် ကောက်ယူပြခြင်းမှာ အလွန်ဆုံး ရနိုင်သော တရားကိုယ်ကိုသာ ကောက်ယူပြခြင်း ဖြစ်သည်။ ပဌမဈာနိကမဂ်၌သာ (၁၄)မျိုးသောတရားတို့သည် ဖြစ်နိုင်-ကြသည်။ ဒုတိယဈာနိကမဂ်၌ သမ္မာသင်္ကပ္ပကို မရရှိသဖြင့် (၁၃)ပါး, ပဉ္စကနည်းအရ တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်တို့၌ ပီတိသမ္ဗောဇ္ဈင်ကို မရရှိနိုင်သဖြင့် (၁၂)ပါးတို့ ဖြစ်ကြသည်။

**(၁) ဌာန၊ ၉–မျိုး** — သရုပ်အားဖြင့် တစ်မျိုးသာပြားသော တရားတို့မှာ ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ, ဥပေက္ခာ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု (၉)မျိုး ရှိ၏။ ဆန္ဒိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ပီတိ သမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်, သမ္မာသင်္ကပ္ပမဂ္ဂင်, သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင်ဟု ဌာနတစ်ခုစီ၌သာ အသီးအသီး ဖြစ်ကြသည်။

**သဒ္ဓါ – (၂) ဌာန** — သဒ္ဓါသည် သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်ဟု နှစ်မျိုးပြား၏၊ နှစ်ဌာန၌ ဖြစ်၏။

**သမာဓိ** – **(၄) ဌာန** — သမာဓိသည် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင် ဟု လေးမျိုးပြား၏၊ လေးဌာန၌ ဖြစ်၏။

**ပညာ** – **(၅) ဌာန** — ပညာသည် ဝီမံသိဒ္ဓိပါဒ် , ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ မဂ္ဂင်ဟု (၅)မျိုးပြား၏၊ (၅)ဌာန၌ ဖြစ်၏။

**သတိ** – **(၈) ဌာန** — သတိသည် သတိပဋ္ဌာန် လေးပါး, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်အားဖြင့် (၈)မျိုးပြား၏၊ (၈)ဌာန၌ ဖြစ်၏။

**ဝီရိယ** – **(၉) ဌာန** — သမ္မပ္ပဓာန် လေးပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်၏ အစွမ်းဖြင့် ဝီရိယသည် (၉)မျိုးပြား၏၊ (၉)ဌာန၌ ဖြစ်၏။

ဗောဓအမည်ရသော အရိယမဂ်၏ အကူအမြောင် အသင်းအပင်း ဘက်တော်သား ဖြစ်သည်၏ အဖြစ်ကြောင့် , တစ်နည်း — အရိယမဂ်အား ကျေးဇူးပြုတတ်သော အသင်းအပင်း၏ အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့် ဤဖော်ပြပါ (၃၇)ပါးသော, တရားကိုယ်အားဖြင့် (၁၄)ပါးသော တရားတို့သည် ဗောဓိပက္ခိယ တရား မည်ကုန်၏။ လောကီဝိပဿနာပိုင်း၌လည်း ဝိပဿနာအခိုက်ဝယ် ဤ ဗောဓိပက္ခိယတရားတို့ကို ထိုက်သလို ရရှိနိုင်ပေသည်။

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။ (မ-၃-၁၂၄။)

ရဟန်းတို့ . . . အာနာပါနဿတိကို ပွားများလေ့လာသည်ရှိသော် သတိပဋ္ဌာန် လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများလေ့လာကုန်သည်ရှိသော် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွားများလေ့လာကုန်သည်ရှိသော် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေကုန်၏။
(မ-၃-၁၂၄။)

## နိမိတ္တ–ပဝတ္တမှ ထပုံ ဝုဋ္ဌာနပိုင်း

ဝိပဿနာသည် လောကီဝိပဿနာ လောကုတ္တရာဝိပဿနာဟု နှစ်မျိုးရှိ၏။ ထိုတွင် အရိယမဂ်ပညာသည်

၁။ ပရိညာဘိသမယ၏ အစွမ်းဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း,

၂။ ပဟာနာဘိသမယ၏ အစွမ်းဖြင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်း,

၃။ သစ္ဆိကိရိယာဘိသမယ၏ အစွမ်းဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း,

၄။ ဘာဝနာဘိသမယ၏ အစွမ်းဖြင့် မဂ္ဂသစ္စာကို ပွားများခြင်း —

ဤ အဘိသမယတို့၏ အစွမ်းဖြင့် သစ္စာလေးပါးတို့၌ အထူးသဖြင့် ရှုတတ် မြင်တတ်သည်၏ အဖြစ်ကြောင့် ယင်းမဂ်ပညာကိုလည်း ဝိပဿနာဟူ၍ ဆိုအပ်ပေသည်၊ လောကုတ္တရာဝိပဿနာတည်း။

ထိုလောကိယဝိပဿနာ လောကုတ္တရာဝိပဿနာ နှစ်မျိုးတို့တွင် လောကိယဝိပဿနာသည် သင်္ခါရနိမိတ်ဟူသော အာရုံရှိသည်၏အဖြစ်ကြောင့် သင်္ခါရနိမိတ်မှလည်း မထနိုင်။ ပဝတ္တိ = ဝိပါက်ခန္ဓာတို့၏ ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော သမုဒယသစ္စာကို အကြွင်းမဲ့ မပယ်ဖြတ်နိုင်ခြင်းကြောင့် ပဝတ္တမှလည်း မထနိုင်။

ဂေါတြဘုဉာဏ်သည် သမုဒယသစ္စာကို အကြွင်းမဲ့ မပယ်သတ်နိုင်ခြင်းကြောင့် ပဝတ္တမှ မထနိုင်။ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် သင်္ခါရနိမိတ်မှ ထ၏။ သို့အတွက် ဧကတောဝုဋ္ဌာန = တစ်ခုသော အဖို့မှသာလျှင် ထသော တရား မည်၏။

ဤအရိယမဂ်ဉာဏ် လေးပါးတို့သည်ကား သင်္ခါရနိမိတ်ကင်းသော အနိမိတ္တ အမည်ရသော နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့် သင်္ခါရနိမိတ်မှလည်း ထကုန်၏။ သမုဒယသစ္စာကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်ခြင်း-ကြောင့် ပဝတ္တမှလည်း ထကုန်၏။ ထိုကြောင့် ဥဘတောဝုဋ္ဌာန = နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထမြောက်သောတရားတို့ ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၂-၃၂၁။)

**နိမိတ္တ–ပဝတ္တ** — တတ္ထ နိမိတ္တတော ဝုဋ္ဌာနံ သင်္ခါရနိမိတ္တံ နိဿဇ္ဇိတွာ နိဗ္ဗာနာရမ္မဏကရဏံ။ ပဝတ္တတော ဝုဋ္ဌာနံ ဟေတုနိရောဓေန အာယတိံ ဝိပါကပ္ပဝတ္တဿ အနုပ္ပတ္တိဓမ္မတာပါဒနံ။ တေနာဟ **“သမုဒယဿ အသ–မုစ္ဆိန္ဒနတော ပဝတ္တာ န ဝုဋ္ဌာတိ”**တိ။ (မဟာဋီ-၂-၄၉၄။)

သင်္ခါရနိမိတ်ကို စွန့်၍ နိဗ္ဗာန်ကို အာရုံပြုခြင်းသည် နိမိတ္တတော ဝုဋ္ဌာန = သင်္ခါရနိမိတ်မှ ထသည် မည်၏။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော အကြောင်း သမုဒယသစ္စာတရားတို့၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် (သောတာပတ္တိမဂ်ကြောင့် အပါယ်ရောက်ကြောင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံစသော အကြောင်း သမုဒယသစ္စာများသည် ချုပ်ကုန်၏။ ဤသို့ စသည်ဖြင့် အဆင့်ဆင့် သိပါလေ။) နောင်အခါ၌ အကျိုးဝိပါက် ခန္ဓာတို့၏ဖြစ်ခြင်းဟူသော ဥပါဒိန္နကပဝတ္တ၏ တစ်ဖန် မဖြစ်ခြင်းသဘော ရှိသည်၏အဖြစ်သို့ ရောက်စေခြင်းသည် ပဝတ္တတော ဝုဋ္ဌာန = ပဝတ္တမှထသည် မည်၏။ ထိုကြောင့် “ဂေါတြဘုသည် သမုဒယသစ္စာကို အကြွင်းမဲ့ မပယ်-သတ်နိုင်ခြင်းကြောင့် ပဝတ္တမှ မထနိုင်”ဟု အဋ္ဌကထာဆရာတော်က မိန့်ဆိုတော်မူခြင်း ဖြစ်သည်။

(မဟာဋီ-၂-၄၉၄။)

ဤအထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် မဟာဋီကာတို့ အလိုအားဖြင့် ပဝတ္တအရ ဥပါဒိန္နကပဝတ္တကိုသာ ယူလိုရိပ် ရှိပေသည်။ သို့သော် ရှေးတွင် အဋ္ဌသာလိနီအဋ္ဌကထာ၏ အဆိုကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုအဋ္ဌကထာ အလိုအားဖြင့် ပဝတ္တအရ အနုပါဒိန္နကပဝတ္တ, ဥပါဒိန္နကပဝတ္တ နှစ်မျိုးလုံးကိုပင် ယူရမည် ဖြစ်ပေသည်။

# ဂေါတြဘုဉာဏ်

ဂေါတြဘုဉာဏ်ကား ဗဟိဒ္ဓဖြစ်သော သင်္ခါရနိမိတ်မှ ထခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာဖြစ်၏။ ဗဟိဒ္ဓ သင်္ခါရနိမိတ်၏ အဓိပ္ပါယ်ကို ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာတွင် ဤသို့ ရှင်းပြထား၏။

**ဗဟိဒ္ဓါ သင်္ခါရနိမိတ္တာ**တိ သကသန္တာနပ္ပဝတ္တ-အကုသလက္ခန္ဓတော ဗဟိဒ္ဓါဘူတံ သင်္ခါရနိမိတ္တံ။ လောကိယ-သင်္ခါရာ ဟိ ကိလေသာနံ နိမိတ္တတ္တာ, နိမိတ္တာကာရေန ဥပဋ္ဌာနတော ဝါ နိမိတ္တန္တိ ဝုစ္စန္တိ။ (ပဋိသံ-ဋ္ဌ-၁-၂၅၃။)

**ဗဟိဒ္ဓဖြစ်သော သင်္ခါရနိမိတ်**ဟူသည်ကား မိမိသန္တာန်၌ ဖြစ်သော အကုသိုလ်နာမက္ခန္ဓာမှ အပြင်အပ ဖြစ်သော ရုပ်နာမ်သင်္ခါရနိမိတ်တည်း။ မှန်ပေသည် — လောကိယဖြစ်သော ရုပ်နာမ်သင်္ခါရတရား မှန်သမျှ တို့သည် ကိလေသာတို့၏ ဖြစ်ပေါ်ခြင်း၏ အကြောင်းနိမိတ်များ ဖြစ်ကြသောကြောင့်လည်းကောင်း, ပရမတ် ဉာဏ်ပညာမျက်စိ မရှိသေးသူတို့အဖို့ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာစသော သဏ္ဌာန် နိမိတ် အခြင်းအရာအားဖြင့် ထင်မြင်သောကြောင့်လည်းကောင်း နိမိတ္တတရားတို့ဟူ၍ ခေါ်ဆိုအပ်ကုန်သည်။ (ပဋိသံ-ဋ္ဌ-၁-၂၅၃။)

ဤအဖွင့်အရ မိမိသန္တာန်၌ ဖြစ်ပေါ်သော ကိလေသာကား အဇ္ဈတ္တတရားတည်း၊ မိမိ၏ အတွင်းလူတည်း။ ယင်းကိလေသာမှ တစ်ပါးသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားမှန်သမျှ, (၃၁)ဘုံအတွင်း၌ တည်ရှိသော ရှိရှိသမျှ တေဘူမက ဓမ္မမှန်သမျှ, မိမိသန္တာန်မှာပင် ဖြစ်ဖြစ်, သူတစ်ပါး၏ သန္တာန်မှာပင် ဖြစ်ဖြစ်, သက်ရှိ ဥပါဒိန္နက သင်္ခါရပင် ဖြစ်ဖြစ်, သက်မဲ့ အနုပါဒိန္နကသင်္ခါရပင် ဖြစ်ဖြစ်, အားလုံးသည် ဗဟိဒ္ဓဖြစ်သော သင်္ခါရတရားချည်းဟု မှတ်ပါ။ ဤ ဗဟိဒ္ဓသင်္ခါရတရားမှ ထပုံ နိဗ္ဗာန်သို့ ပြေးသွားသက်ဝင်ပုံနှင့် ပတ်သက်၍ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်တွင် ဤသို့ ဟောကြားထားတော်မူ၏။

ရှေးအတိတ်ကံကြောင့် ဤဘဝ၌ အကျိုးဝိပါကဝဋ် ခန္ဓာတို့၏ ဖြစ်ပေါ်ရခြင်း ဥပ္ပါဒမှ ထ၍ = ဆုတ်နစ် ဖဲခွာ၍ ဝိပါကဝဋ် ခန္ဓာတို့၏ မဖြစ်ပေါ်ခြင်း အနုပ္ပါဒသို့ ပြေးဝင်တတ်၏၊ ထိုကြောင့် ဂေါတြဘု မည်၏။ ရှေး အတိတ်ကံကြောင့်ဖြစ်သော ဝိပါကဝဋ် ခန္ဓာအယဉ်၏ အဆက်မပြတ် ဖြစ်ခြင်း ဥပါဒိန္နကပဝတ္တမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ အပ္ပဝတ္တ = ဝိပါကဝဋ် ခန္ဓာအယဉ်၏ မဖြစ်ရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ နောင်အနာဂတ်၌ ပဋိသန္ဓေ၏ အကြောင်းရင်းဖြစ်သော ကံကို အားထုတ်ခြင်း = အာယူဟနမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ အနာယူဟန = ပဋိသန္ဓေ၏ အကြောင်းရင်းဖြစ်သော ကံကို အားထုတ်ခြင်းကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ပ။ နောင် အနာဂတ်၌ ဝိပါက်ခန္ဓာတို့၏ ဖြစ်ရခြင်း ပဋိသန္ဓေမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ပဋိသန္ဓေကင်းရာ နိဗ္ဗာန်သို့ ပြေးဝင် တတ်၏။ပ။ ပဋိသန္ဓေ၏စွဲမှီရာ ဂတိမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ပဋိသန္ဓေ၏ စွဲမှီရာ ဂတိမရှိရာဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ပ။ ခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ခြင်း နိဗ္ဗတ္တိမှထ၍ = ဆုတ်နစ်ဖဲခွာ၍ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း နိဗ္ဗတ္တိမရှိရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ဝိပါက်ခန္ဓာအယဉ်၏ဖြစ်ခြင်း ဝိပါကပ္ပဝတ္တိမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ဝိပါကပ္ပဝတ္တိ၏ မရှိရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ဘဝတစ်ခု၌ ခန္ဓာတို့၏ ရှေးဦးအစ ထင်ရှားဖြစ်ခြင်း ဇာတိမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ဇာတိ၏ ထင်ရှားမရှိရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ဇရာမှထ၍ = ဆုတ်နစ် ဖဲခွာ၍ ဇရာမရှိရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ဗျာဓိမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ဗျာဓိမရှိရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ သေခြင်းမရဏမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ သေခြင်းမရဏကင်းရာ နိဗ္ဗာန်သို့ ပြေးဝင် တတ်၏။ ပ။ စိုးရိမ်ပူဆွေးရခြင်း သောကမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ သောကကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ငိုကြွေးခြင်း ပရိဒေဝမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ပရိဒေဝကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ပြင်းစွာ ပူပန်ရခြင်း ဥပါယာသမှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ ဥပါယာသကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ပ။ ဗဟိဒ္ဓ

ဖြစ်သော သင်္ခါရနိမိတ်မှ ထ၍ = ဆုတ်နစ်ဖဲခွာ၍ သင်္ခါရတို့၏ ချုပ်ငြိမ်းရာ နိရောဓနိဗ္ဗာန်သို့ ပြေးဝင်တတ်၏၊ ထိုကြောင့် ဂေါတြဘု မည်၏။ (ပဋိသံ-၆၃-၆၄။)

## ဥဘတော ဝုဋ္ဌာန – မဂ်ဉာဏ်

နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှထခြင်း = ဆုတ်နစ်ဖဲခွာခြင်း၌ဖြစ်သော ပညာသည် မဂ်ဉာဏ်မည်သည် အဘယ်သို့ ဖြစ်သနည်းဟူမူ —

**သမ္မာဒိဋ္ဌိ** — သောတာပတ္တိမဂ်ခဏ၌ ပရိညာဘိသမယ ပဟာနာဘိသမယ သစ္ဆိကိရိယာဘိသမယ ဘာဝနာဘိသမယ လက္ခဏာရှိသော သစ္စာအနက် လွန်ခဲခက်ကို ပြက်ပြက်ထင်ထင် သိမြင်တတ်သော အနက် သဘောအားဖြင့် သမ္မာဒိဋ္ဌိသည် (၆၂)ပါး အပြားရှိသော မိစ္ဆာဒိဋ္ဌိမှ ထ၏။ အပါယ်သို့ ရောက်စေတတ်သော အကြောင်းတရား၏ အဖြစ်ဖြင့် ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော ဝိစိကိစ္ဆာစသော ကိလေသာတို့မှလည်းကောင်း, ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်းကောင်း ထ၏။ မိမိသန္တာန်၌ဖြစ်သော ကိလေသာခန္ဓာမှ တစ်ပါး အပြင်အပ ဗဟိဒ္ဓဖြစ်သော အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထိုကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၆။)

**တဒနုဝတ္တက ကိလေသာ** – သောတာပတ္တိမဂ်ဉာဏ်သည် ဒိဋ္ဌာနုသယ = ဒိဋ္ဌိအနုသယဓာတ်ကို အကြွင်း အကျန်မရှိ ကုန်စင်အောင် သမုစ္ဆေဒအားဖြင့် ပယ်သတ်လိုက်ခြင်းဖြင့် (၆၂)မျိုးသော မိစ္ဆာဒိဋ္ဌိမှ ထ၏။ ယင်း မိစ္ဆာဒိဋ္ဌိနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူယှဉ်တွဲ၍ဖြစ်ကြသော မိစ္ဆာဒိဋ္ဌိလျှင် အားကြီးသောမှီရာ ဥပနိဿယ ရှိလျက် ဖြစ်ပေါ်လာကြကုန်သော မိစ္ဆာဒိဋ္ဌိနောက်သို့ အစဉ်လိုက်ကုန်သော ကိလေသာအမျိုးမျိုးတို့မှလည်း ထ၏။ ထိုစကားရပ်ဖြင့် တဒေကဋ္ဌကိလေသာကို ပယ်ခြင်းကို ဆိုလိုပေသည်။ ဧကဋ္ဌသည် သဟဇေကဋ္ဌ, ပဟာနေကဋ္ဌ ဟု နှစ်မျိုးရှိ၏။

**သဟဇေကဋ္ဌ** — ထိုဒိဋ္ဌိနှင့် တစ်ခုသော စိတ္တက္ခဏ၌လည်းကောင်း, တစ်ဦးသော ပုဂ္ဂိုလ်၏ သန္တာန်၌ လည်းကောင်း အရိယမဂ်တရားဖြင့် ပယ်ရှားသည့်တိုင်အောင် တည်ရှိနေသော ကိလေသာတို့သည် တဒေကဋ္ဌ = ထိုဒိဋ္ဌိနှင့်တူသော တည်ရာရှိသော ကိလေသာတို့ ဖြစ်ကြ၏။ အရိယမဂ်တရားက ဒိဋ္ဌိကို ပယ်သတ်လိုက်သော် လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်နှစ်မျိုးတို့၌ ထိုဒိဋ္ဌိနှင့် အတူတကွ ယှဉ်တွဲဖြစ်သော လောဘ မောဟ ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူသော ဤကိလေသာတို့ကိုလည်းကောင်း, လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်နှစ်မျိုးတို့၌ ထိုဒိဋ္ဌိနှင့်အတူတကွ ယှဉ်တွဲဖြစ်ကုန် တည်ကုန်သော လောဘ မောဟ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူသော ဤကိလေသာတို့ကိုလည်းကောင်း **သဟဇေကဋ္ဌ**၏ အစွမ်းဖြင့် သောတာပတ္တိမဂ်က ပယ်-သတ်အပ်ကုန်၏။

**ပဟာနေကဋ္ဌ** — သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိကိလေသာကိုပင်လျှင် ပယ်သတ်အပ်သည်ရှိသော် ထိုဒိဋ္ဌိကိလေသာနှင့် အတူတကွ တစ်ဦးတည်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ တည်နေကြကုန်သော အပါယ်ရောက်-ကြောင်း ဖြစ်ကြသည့် လောဘ ဒေါသ မောဟ မာန ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟု ဆိုအပ် ကုန်သော ဤကိလေသာတို့ကို **ပဟာနေကဋ္ဌ**၏ အစွမ်းဖြင့် ပယ်သတ်အပ်ကုန်၏။

**ခန္ဓေဟိ** — ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်း ထ၏ဟူရာဝယ် ထိုခန္ဓာတို့ကား —

(က) ထိုဒိဋ္ဌိသို့ အစဉ်လိုက်၍ ဖြစ်ကြကုန်သော ထိုဒိဋ္ဌိနှင့် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ အတူတကွ ယှဉ်တွဲ

ဖြစ်ကြကုန်သော လောဘဒိဋ္ဌိအုပ်စု = လောဘမူဒိဋ္ဌိဂတသမ္ပယုတ် စိတ်စေတသိက် နာမက္ခန္ဓာလေးပါး, (သဟဇေကဋ္ဌ ခန္ဓာ)

(ခ) ထို ဒိဋ္ဌိကိလေသာနှင့် ပဟာနေကဋ္ဌ ဖြစ်ကြကုန်သော လောဘ ဒေါသ မောဟ စသော အပါယ် ရောက်ကြောင်း ကိလေသာတို့နှင့် ယှဉ်တွဲဖြစ်ကြကုန်သော လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်စေတသိက် နာမက္ခန္ဓာ, ဒေါသမူ စိတ်စေတသိက် နာမက္ခန္ဓာ, မောဟမူ စိတ်စေတသိက် နာမက္ခန္ဓာ လေးပါး, (ပဟာနေကဋ္ဌ ခန္ဓာ)

(ဂ) ထိုသဟဇေကဋ္ဌ ပဟာနေကဋ္ဌဖြစ်သော အကုသိုလ် စိတ်စေတသိက်တို့ကြောင့် ဖြစ်ကုန်သော စိတ္တဇ ရုပ်ဟူသော ရူပက္ခန္ဓာ — အားလုံးပေါင်းသော် ခန္ဓာ (၅)ပါး, (အနုပါဒိန္နကပဝတ္တ ခန္ဓာငါးပါးတည်း။)

(ဃ) ထို မိစ္ဆာဒိဋ္ဌိစသော ကိလေသာတို့ကြောင့် နောင်အနာဂတ်၌ ဖြစ်ထိုက်ကုန်သော ဝိပါက်ခန္ဓာ ငါးပါး = (ဥပါဒိန္နကပဝတ္တ ခန္ဓာငါးပါးတည်း။)

ဤ အနုပါဒိန္နကပဝတ္တ ခန္ဓာငါးပါး, ဥပါဒိန္နကပဝတ္တ ခန္ဓာငါးပါးတို့မှ သောတာပတ္တိမဂ်ဉာဏ်သည် ထ၏။

(င) **ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟီ**တိ ယထာဝုတ္တကိလေသက္ခန္ဓတော ဗဟိဘူတေဟိ သဗ္ဗသင်္ခါရနိမိတ္တေဟိ။ (ပဋိသံ-ဋ္ဌ-၁-၂၅၅-၂၅၆။)

**ဗဟိဒ္ဓဖြစ်သော အလုံးစုံသော သင်္ခါရနိမိတ်**ဟူသည် ဆိုခဲ့ပြီးသော မိမိသန္တာန်၌ ဖြစ်သော ကိလေသာ ခန္ဓာတို့မှ အပဖြစ်ကုန်သော အလုံးစုံသော လောကီဖြစ်သော (အဇ္ဈတ္တ ဗဟိဒ္ဓ) သင်္ခါရတရားအားလုံးမှလည်း သောတာပတ္တိမဂ်သည် ထ၏ဟု သိရှိပါလေ။ (ပဋိသံ-ဋ္ဌ-၁-၂၅၅-၂၅၆။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာသည်လည်း ရှေးတွင်ဖော်ပြခဲ့သော အဋ္ဌသာလိနီအဋ္ဌကထာ အဆို အတိုင်း အရိယမဂ်သည် အနုပါဒိန္နက ခန္ဓပဝတ္တ, ဥပါဒိန္နက ခန္ဓပဝတ္တ နှစ်မျိုးလုံးမှလည်းကောင်း, အလုံးစုံသော သင်္ခါနိမိတ်မှလည်းကောင်း ထသည်ဟုပင် အယူရှိပေသည်။

**သမ္မာသင်္ကပ္ပ** — နိဗ္ဗာန်အာရုံပေါ်သို့ သမ္ပယုတ်တရားတို့ကို ရှေးရှုတင်ပေးတတ်သော အနက်သဘော အားဖြင့် အရိယမဂ်နှင့် ယှဉ်သော သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏။ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်ကုန်သော အလုံး စုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် နိမိတ္တ ပဝတ္တနှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၆။)

သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ကုန်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)မျိုး, ဝိစိကိစ္ဆာသဟဂုတ်စိတ် တစ်မျိုး ပေါင်း ငါးမျိုးသော စိတ်တို့၌လည်းကောင်း, အပါယဂမနီယ = အပါယ်သို့ ရောက်ခြင်း၏ အကြောင်းရင်း ဖြစ်ကြ ကုန်သော ကြွင်းအကုသိုလ်စိတ်တို့၌လည်းကောင်း ယှဉ်သော မိစ္ဆာသင်္ကပ္ပ = ဝိတက်မှ သောတာပတ္တိမဂ်ဉာဏ် သည် ထ၏။ (ပဋိသံ-ဋ္ဌ-၁-၂၅၆။)

**သမ္မာဝါစာ** — သိမ်းဆည်းတတ်သော အနက်သဘောအားဖြင့် အရိယမဂ်နှင့်ယှဉ်သော သမ္မာဝါစာ သည် မိစ္ဆာဝါစာမှ ထ၏။ ထို မိစ္ဆာဝါစာသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်ကုန်သော အလုံးစုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ဖြစ်သော ဉာဏ်မည်၏ ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၆။) (မုသာဝါဒါမှလည်းကောင်း အပါယ်လားကြောင်း ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာတို့မှလည်းကောင်း ထ၏ ဟူလိုသည်။)

**သမ္မာကမ္မန္တ** — ကိုယ်အမူအရာ မရိုင်းပျရအောင် ကောင်းစွာ ဖြစ်စေတတ်သော အနက်သဘော အားဖြင့် အရိယမဂ်နှင့် ယှဉ်သော သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ ထ၏။ ထို မိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်ကုန်သော အလုံး စုံသော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲ့ခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၆။) (ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရတို့မှ ထ၏။)

**သမ္မာအာဇီဝ** — အသက်မွေးမှုကို ဖြူစင်စေသော အနက်သဘောအားဖြင့် အရိယမဂ်နှင့်ယှဉ်သော သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝမှ ထ၏။ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှ လည်းကောင်း ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်ကုန်သော အလုံးစုံကုန်သော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထိုကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲ့ခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၆။)

[အံ့ဖွယ်သူရဲဖြစ်အောင် ပြုလုပ်၍ပြခြင်း ကုဟန, ဝါကြွားပလွှား မြှောက်ပင့်ပြောဆိုခြင်း = လပန, ပစ္စည်း လေးပါး ရရှိအောင် နိမိတ်အရိပ်အယောင်ပြခြင်း = နေမိတ္တိကတာ, စကားဖြင့် ကြိတ်ချေခြင်း စကားနာထိုးခြင်း = နိပ္ပေသိကတာ, လာဘ်တစ်ခုဖြင့် လာဘ်တစ်ခုကို ရှာမှီးခြင်း အပေးအယူလုပ်ခြင်း = လာဘေန လာဘံ နိဇိ- ဂီသနတာ, အသက်မွေးမှုလျှင် အကြောင်းရင်း ရှိကြကုန်သော အသက်မွေးဝမ်းကြောင်းနှင့် သက်ဆိုင်ကုန်သော ကာယဒုစရိုက် သုံးပါး ဝစီဒုစရိုက် လေးပါး — ဤသို့သော မိစ္ဆာဇီဝတို့မှ ထ၏။]

**သမ္မာဝါယာမ** — အရိယမဂ်နှင့် ယှဉ်ဖက် သမ္ပယုတ်တရားစုတို့ကို နိဗ္ဗာန်အာရုံပေါ်သို့ ရောက်အောင် ချီးမြှောက်ထားတတ်သော အနက်သဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ ထ၏။ ထိုမိစ္ဆာဝါယာမသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်- ကုန်သော အလုံးစုံကုန်သော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထိုကြောင့် နိမိတ္တ ပဝတ္တနှစ်ပါးစုံမှ ထခြင်း ဆုတ်နစ် ဖဲ့ခွာခြင်း၌ဖြစ်သော ပညာသည် အရိယမဂ်၌ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၇။) (ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခု, ဝိစိကိစ္ဆာ – ဤစိတ်ငါးမျိုးတို့၌ ယှဉ်သော မိစ္ဆာဝါယာမ = ဝီရိယ, အပါယ်သို့လား- ကြောင်း အပါယဂမနီယဖြစ်သော ကြွင်းသော အကုသိုလ်စိတ်တို့၌ ယှဉ်သော မိစ္ဆာဝါယာမ = ဝီရိယမှ ထ၏။)

**သမ္မာသတိ** — နိဗ္ဗာန်အာရုံသို့ ကပ်၍တည်တတ်သော အနက်သဘောအားဖြင့် အရိယမဂ်နှင့် ယှဉ်သော သမ္မာသတိသည် မိစ္ဆာသတိမှ ထ၏။ ထိုမိစ္ဆာသတိသို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှလည်း- ကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏၊ ဗဟိဒ္ဓဖြစ်ကုန်သော အလုံးစုံကုန်သော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထိုကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲ့ခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၇။)

**မိစ္ဆာသတီ**တိ စ သတိယာ ပဋိပက္ခာကာရေန ဥပ္ပဇ္ဇမာနာ အကုသလစိတ္တုပ္ပါဒမတ္တမေဝ။

(ပဋိသံ-ဋ္ဌ-၁-၂၅၆။)

**မိစ္ဆာသတိ** တထာပဝတ္တာ စတ္တာရော ခန္ဓာ။ (မဟာဋီ-၂-၄၉၄။)

သတိ၏ဆန့်ကျင်ဘက် အခြင်းအရာအားဖြင့် မကောင်းမှုကို အမှတ်ရသော အခြင်းအရာအားဖြင့် ဖြစ်သော ထိုထို အကုသိုလ်စိတ္တုပ္ပါဒ် = စိတ်စေတသိက် တရားစုသည်ပင် မိစ္ဆာသတိ မည်၏။ (ပဋိသံ-ဋ္ဌ-၁-၂၅၆။)

**သမ္မာသမာဓိ** — နိဗ္ဗာန်အာရုံမှ အခြားတစ်ပါးသော အာရုံ၌ မပျံ့လွင့်တတ်သော အနက်သဘောအား- ဖြင့် အရိယမဂ်နှင့်ယှဉ်သော သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ ထ၏။ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ ဖြစ်တတ် ကုန်သော ကိလေသာတို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ထ၏။ ဗဟိဒ္ဓဖြစ်ကုန်သော အလုံးစုံကုန်သော သင်္ခါရနိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာ သည် အရိယမဂ်၌ ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၆၇။) (ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးမျိုး, ဝိစိကိစ္ဆာစိတ် တစ်မျိုး — ဤငါးမျိုးသော စိတ်တို့၌ ယှဉ်သော ဧကဂ္ဂတာ အပါယ်သို့လားကြောင်း = အပါယ ဂမနီယဖြစ်သော ကြွင်းအကုသိုလ်စိတ်တို့၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်ဟူသော မိစ္ဆာသမာဓိမှ သမ္မာ- သမာဓိသည် ထ၏။)

**မှတ်ချက်** — ထိုထိုသုတ္တန်ပါဠိတော်များ၌ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာသတိမဂ္ဂင်များကို- လည်း ဟောထားတော်မူ၏။ ထိုမဂ္ဂင်များ၌ တရားကိုယ် သီးခြားမရှိ၊ သတိမှန်လျှင် သမ္မာသတိ အမည်ရသော သောဘနစေတသိက်သာ ရှိသည်။ ထိုသို့ တရားကိုယ် သီးခြားမရသောကြောင့် အဘိဓမ္မာပါဠိတော်၌ ဟောပြတော် မမူ။ ထိုထို မကောင်းစကား ဝစီဒုစရိုက် လေးပါးကို ပြောဆိုသည့်အခါ ဖြစ်ပေါ်သော အကုသိုလ်စိတ်စေတသိက် တရားစုကို မိစ္ဆာဝါစာဟုလည်းကောင်း, ထိုထို မကောင်းမှု ကာယဒုစရိုက် သုံးပါးကို ပြုလုပ်သည့်အခါ ဖြစ်ပေါ် လာသော အကုသိုလ်စိတ်စေတသိက် တရားစုကို မိစ္ဆာကမ္မန္တဟုလည်းကောင်း, ထိုထိုမကောင်းမှု မိစ္ဆာအာဇီဝ လုပ်ငန်းရပ်တို့ကို ပြုလုပ်သည့်အခါ ဖြစ်ပေါ်သည့် အကုသိုလ် စိတ်စေတသိက် တရားစုကို မိစ္ဆာအာဇီဝဟုလည်း- ကောင်း, ထိုထို မကောင်းမှုကို အမှတ်ရသည့်အခါ ဖြစ်ပေါ်လာသော အကုသလသညာ ပြဓာန်းသော အကုသိုလ် စိတ်စေတသိက် တရားစုကို မိစ္ဆာသတိဟုလည်းကောင်း အသီးအသီး တရားကိုယ် ကောက်ယူရသည်ဟု မှတ်ပါ။ ထိုအကုသိုလ် စိတ်စေတသိက်တရားစုတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးမျိုး ဝိစိကိစ္ဆာသဟဂုတ်စိတ် တစ်မျိုး ဤငါးမျိုးသော စိတ်စေတသိက်တရားစုတို့ကိုလည်းကောင်း, အပါယ်သို့လားရောက်ကြောင်း = အပါယဂမနီယ ဖြစ်သော ကြွင်းသော အကုသိုလ် စိတ်စေတသိက် တရားစုကိုလည်းကောင်း သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ် သဖြင့် သောတာပတ္တိမဂ်သည် ယင်းဒိဋ္ဌိဝိစိကိစ္ဆာနှင့် တကွသော အကုသိုလ်တရားစုနှင့် ကြွင်းသော အပါယ်သို့ လားရောက်ကြောင်း = အပါယဂမနီယ အကုသိုလ်တရားစုမှ ထသည် မည်ပေသည်။

ဤကား သောတာပတ္တိမဂ်ဉာဏ်အခိုက်၌ မဂ္ဂင်(၈)ပါးတို့၏ မိစ္ဆာဒိဋ္ဌိစသော ဆန့်ကျင်ဘက်တရား အသီး အသီးမှလည်းကောင်း, ထိုမိစ္ဆာဒိဋ္ဌိစသော ဆန့်ကျင်ဘက်တရား အသီးအသီးသို့ အစဉ်လိုက်သော ကိလေသာ တို့မှလည်းကောင်း, ခန္ဓာတို့မှလည်းကောင်း ဗဟိဒ္ဓဖြစ်သော အလုံးစုံကုန်သော သင်္ခါရနိမိတ်တို့မှလည်းကောင်း ထမြောက်ပုံတည်း။ ယခုအခါ၌ သကဒါဂါမိမဂ်ဉာဏ်အခိုက်စသည်တို့၌ ကိလေသာခန္ဓာစသည်တို့မှ ထမြောက် ပုံကို အကျဉ်းချုပ်၍ ဆက်လက်တင်ပြအပ်ပါသည်။

**သကဒါဂါမိမဂ်** — သကဒါဂါမိမဂ်ခဏ၌ သစ္စာလေးပါးကို သိမြင်တတ်သော အနက်သဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ ပ။ နိဗ္ဗာန်အာရုံမှ တစ်ပါးသော အာရုံ၌ မပျံ့လွင့်တတ်သော အနက်သဘောအားဖြင့် သမ္မာ- သမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်မှလည်းကောင်း ပဋိဃသံယောဇဉ်မှလည်းကောင်း ရုန့်ရင်း- သော ကာမရာဂါနုသယမှလည်းကောင်း ပဋိဃာနုသယမှလည်းကောင်း ထ၏။ ပ ။

**အနာဂါမိမဂ်** — အနာဂါမိမဂ်ခဏ၌ သစ္စာလေးပါးကို သိမြင်တတ်သော အနက်သဘောအားဖြင့် သမ္မာ ဒိဋ္ဌိသည်။ ပ။ နိဗ္ဗာန်အာရုံမှ တစ်ပါးသောအာရုံ၌ မပျံ့လွင့်တတ်သော အနက်သဘောအားဖြင့် သမ္မာသမာဓိ သည် ကျဲပါးသိမ်မွေ့သည်၏ အဖြစ်သို့ ရောက်သော ကျဲပါးသိမ်မွေ့သည် ဖြစ်၍ဖြစ်သော ကာမရာဂသံယောဇဉ်မှ

လည်းကောင်း ပဋိဃသံယောဇဉ်မှလည်းကောင်း ကျဲပါးသိမ်မွေ့သည်၏ အဖြစ်သို့ ရောက်သော ကျဲပါးသိမ်-မွေ့သည် ဖြစ်၍ဖြစ်သော ကာမရာဂါနုသယမှလည်းကောင်း ပဋိဃာနုသယမှလည်းကောင်း ထ၏။ ပ ။

**အရဟတ္တမဂ်** — အရဟတ္တမဂ်ခဏ၌ သစ္စာလေးပါးကိုသိမြင်တတ်သော အနက်သဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ ပ။ နိဗ္ဗာန်အာရုံမှ တစ်ပါးသော အာရုံ၌ မပျံ့လွင့်တတ်သော အနက်သဘောအားဖြင့် သမ္မာသမာဓိသည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာသံယောဇဉ်မှလည်းကောင်း မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယမှလည်းကောင်း ထ၏။ ထိုထို ရူပရာဂစသည်သို့ အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း ထိုကိလေသာသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်းကောင်း ထ၏၊ ဗဟိဒ္ဓဖြစ်သော အလုံးစုံသော သင်္ခါရနိမိတ်မှလည်း ထ၏။ ထိုကြောင့် နိမိတ္တ ပဝတ္တ နှစ်ပါးစုံမှ ထမြောက်ခြင်း ဆုတ်နစ်ဖဲခွာခြင်း၌ ဖြစ်သော ပညာသည် အရိယမဂ်၌ ဖြစ်သော ဉာဏ်မည်၏ဟူ၍ ဆိုအပ်ပေသည်။ (ပဋိသံ-၆၇။ ဝိသုဒ္ဓိ-၂-၃၂၁-၃၂၂။)

သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဟူသော အထက်မဂ်သုံးပါးအပေါင်း၌ သမ္မာဒိဋ္ဌိသည် ထိုထိုသို့သော အရိယမဂ်သည် ပယ်သတ်အပ်သော မာနမှ ထ၏။ မှန်ပေသည် — ထိုမာနသည် "ငါ ဖြစ်၏"- ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ဒိဋ္ဌိအရာ၌ တည်၏၊ သို့သော်လည်း ဤအထက်မဂ်သုံးပါးအပေါင်း၌ မိစ္ဆာမဂ်မှ ထခြင်းကို "မိစ္ဆာဒိဋ္ဌိမှ ထ၏" — ဤသို့စသည်ဖြင့် မထုတ်ဆောင် မဟောကြားမူ၍ ထိုထိုသို့သော အရိယမဂ်သည် ပယ်သတ်အပ်သော သံယောဇဉ်အနုသယတို့မှသာလျှင် ထခြင်းကို ထုတ်ဆောင်ဟောကြားတော်မူအပ်၏ဟု မှတ်သားပါလေ။ (မဟာဋီ-၂-၄၉၅။)

## သမထဗလ ဝိပဿနာဗလ = သမထစွမ်းအား ဝိပဿနာစွမ်းအား

လောကီစျာန်သမာပတ် (၈)ပါးတို့ကို ပွားများရာအခါ၌ သမာဓိဘာဝနာဖြစ်သောကြောင့် သမထဗလ = သမာဓိစွမ်းအားသည် လွန်ကဲ၏။ အနိစ္စာနုပဿနာစသည်တို့ ပွားများအားထုတ်ရာအခါ၌ ဝိပဿနာဘာဝနာ၏ ဉာဏ်အလွန်အကဲ ရှိသည်၏ အဖြစ်ကြောင့် ဝိပဿနာဗလ = ဝိပဿနာပညာ စွမ်းအားသည် လွန်ကဲ၏။ တစ်ဖန် အရိယမဂ်ခဏ၌ကား သမထနှင့် ဝိပဿနာ = သမာဓိနှင့် ပညာတို့သည် အချင်းချင်း တစ်ခုကို တစ်ခုက မလွန်သောကြောင့်, သမာဓိ၏ကိစ္စ ပညာ၏ကိစ္စအားဖြင့် အချင်းချင်း မယုတ်မလွန်သည်၏ အဖြစ်ကြောင့် ထိုသမထ ဝိပဿနာ အမည်ရသော သမာဓိနှင့် ပညာတရားတို့သည် ထမ်းပိုး၌ ယှဉ်စုံဖွဲ့အပ်သော အားတူ နွားကဲ့သို့ အားတူ အချင်းချင်း မယုတ်မလွန်ကုန်သည် ဖြစ်၍ = ယုဂနဒ္ဓ ဖြစ်ကုန်၍ ဖြစ်ပေါ်လာကြကုန်၏။ ထိုကြောင့် ဤလေးပါးသော မဂ်ဉာဏ်တို့၌လည်း နှစ်ပါးစုံသော သမထဗလ = သမထစွမ်းအား, ဝိပဿနာဗလ = ဝိပဿနာစွမ်းအားတို့နှင့် တူမျှသော အပိုင်းအခြားအားဖြင့် ယှဉ်ခြင်းသည် ဖြစ်ပေါ်လာပေသည်။ (ဝိသုဒ္ဓိ-၂-၃၂၂။)

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ဟောကြားထားပုံ

"ဥဒ္ဒစ္စသဟဂတကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌဟတော စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ နိရောဓဂေါစရော၊ အဝိဇ္ဇာသဟဂတကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌဟတော အနုပဿနဋ္ဌေန ဝိပဿနာ နိရောဓဂေါစရော။ ဣတိ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနာ ဧကရသာ ဟောန္တိ၊ ယုဂနဒ္ဓါ ဟောန္တိ၊ အညမညံ နာတိ-ဝတ္တန္တီတိ။ တေန ဝုစ္စတိ ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတီ"တိ။ (ပဋိသံ-၂၈၉။)

ဥဒ္ဒစ္စနှင့် အတူတကွဖြစ်သော ဥဒ္ဒစ္စပြဓာန်းသော ကိလေသာတို့မှလည်းကောင်း, ဥဒ္ဒစ္စသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်းကောင်း ထသော စိတ်၏ တစ်ခုသော အာရုံရှိသည်၏ အဖြစ်ဟူသော စိတ်ပျံ့လွင့်ခြင်း ဝိက္ခေပ၏

ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော အရိယမဂ်ဉာဏ်နှင့် ယှဉ်သော သမာဓိသည် နိဗ္ဗာန်ဟူသော အာရုံရှိ၏။ အဝိဇ္ဇာပြဓာန်းသော ကိလေသာတို့မှလည်းကောင်း ထိုအဝိဇ္ဇာသို့ အစဉ်လိုက်သော ခန္ဓာတို့မှလည်းကောင်း ထသော စိတ်၏ အဖန်တလဲလဲ ရှုတတ်သည်၏ အဖြစ်ကြောင့် ဝိပဿနာသည် နိဗ္ဗာန်ဟူသော အာရုံရှိ၏။

ဤသို့လျှင် နိမိတ္တ = သင်္ခါရနိမိတ်မှလည်းကောင်း, ပဝတ္တ = ဥပါဒိန္နကပဝတ္တ အနုပါဒိန္နကပဝတ္တမှ လည်းကောင်း ထတတ်သည်၏ အဖြစ်ဖြင့် သမထ = သမာဓိနှင့် ဝိပဿနာ = ပညာတို့သည် တူသောကိစ္စ ရှိကြ ကုန်၏။ ထမ်းပိုး၌ ယှဉ်စုံဖွဲ့အပ်သော အားတူနွားကဲ့သို့ အားတူအချင်းချင်း မယုတ်မလွန်ကြသည် ဖြစ်ကုန်၏၊ အချင်းချင်း မလွန်ကြကုန်။ ထိုကြောင့် နိမိတ္တနှင့် ပဝတ္တမှ ထတတ်သည်၏ အဖြစ်ဖြင့် သမထနှင့် ဝိပဿနာကို = သမာဓိနှင့် ပညာကို ထမ်းပိုး၌ ယှဉ်စုံဖွဲ့အပ်သော အားတူနွားကဲ့သို့ အားတူပြု၍ ပွားစေသည်ဟူ၍ ဆိုအပ်၏။ (ပဋိသံ-၂၈၉။)

ဤကား အရိယမဂ်ဉာဏ်အခိုက်၌ သမာဓိနှင့် ပညာတို့၏ အားချင်းညီမျှသဖြင့် ဣန္ဒြေညီမျှခြင်းကြောင့် ယုဂနဒ္ဓဖြစ်ပုံ, အရိယမဂ်ဉာဏ်သည် သမထစွမ်းအား ဝိပဿနာစွမ်းအား နှစ်မျိုးလုံးနှင့် ယှဉ်နေပုံတည်း။ ဝိပဿနာအခိုက်၌ ယုဂနဒ္ဓဖြစ်ပုံကို ရှေးဝိပဿနာပိုင်းတွင် ယုဂနဒ္ဓသုတ္တန်ကို ကိုးကား၍ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။

## အရိယမဂ်တရားက ပယ်ရှားသည့် ကိလေသာ

၁။ အကယ်၍ အရိယမဂ်သည် အတိတ်ကိလေသာတို့ကို ပယ်ခြင်းဖြစ်ခဲ့သော် ယင်းအရိယမဂ်သည် ကုန်ပြီး-သော ကိလေသာကို ကုန်စေသည် မည်၏၊ ချုပ်ပြီးသော ကိလေသာကို ချုပ်စေသည် မည်၏၊ ကင်းပြီးသော ကိလေသာကို ကင်းစေသည် မည်၏။ ချုပ်ခြင်းသို့ရောက်ပြီးသော ကိလေသာကို တစ်ဖန်ချုပ်ခြင်းသို့ ရောက်-စေသည် မည်၏။ အတိတ်ဖြစ်သော ယင်းကိလေသာသည် ဥပါဒ်-ဋ္ဌီ-ဘင်အားဖြင့် ခဏတ္တယသက်တမ်းစေ့က သဘာဝအလျောက် ချုပ်ပျောက်ပြီး ဖြစ်၏၊ ယင်းသို့ ချုပ်ပျောက်ပြီး၍ မရှိသော ကိလေသာကို အရိယမဂ်သည် ပယ်သည်မည်လေရာသည်။ ထိုကြောင့် အရိယမဂ်သည် အတိတ်ဖြစ်သော ကိလေသာတို့ကိုလည်း ပယ်သည် မဟုတ်။

၂။ အကယ်၍ အရိယမဂ်သည် အနာဂတ်ဖြစ်သော ကိလေသာတို့ကို ပယ်ခြင်းဖြစ်ခဲ့သော် — အနာဂတ် ကိလေသာဟူသည် ရုပ်နာမ်သန္တတိအစဉ်တွင် ဥပါဒ်-ဋ္ဌီ-ဘင် အနေအားဖြင့် ထင်ထင်ရှားရှား မဖြစ်သေးသော ကိလေသာ ဖြစ်သဖြင့် အရိယမဂ်သည် မဖြစ်သေးသော ကိလေသာကို ပယ်သည် မည်၏၊ မရောက်သေးသော ကိလေသာကို ပယ်သည် မည်၏၊ ခဏတ္တယသို့ မရောက်သေးသော ကိလေသာကို ပယ်သည် မည်၏၊ ထင်ရှားစွာ မဖြစ်သေးသော ကိလေသာကို ပယ်သည် မည်၏၊ အနာဂတ်ဖြစ်သော ကိလေသာသည် ရုပ်နာမ်သန္တတိအစဉ်တွင် ဥပါဒ်-ဋ္ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိသေးရကား ထိုထင်ရှားမရှိသေးသော ကိလေသာကို ပယ်သည် မည်၏၊ ထို့ကြောင့် အရိယမဂ်သည် အနာဂတ်ဖြစ်သော ကိလေသာတို့ကိုလည်း ပယ်သည် မဟုတ်။

၃။ အကယ်၍ အရိယမဂ်သည် ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်ခြင်းဖြစ်ခဲ့သော် ရာဂဖြင့် တပ်မက်လျက် ရာဂကို ပယ်သည် မည်၏၊ ဒေါသဖြင့် အမျက်ထွက်လျက် ဒေါသကို ပယ်သည် မည်၏၊ မောဟဖြင့် တွေဝေလျက် မောဟကို ပယ်သည် မည်၏၊ မာနဖြင့် ခက်ထန်သောစိတ်ရှိသည် ဖြစ်လျက် မာနကို ပယ်သည် မည်၏။ မိစ္ဆာ-ဒိဋ္ဌိဖြင့် မှားသောအားဖြင့် နှလုံးသွင်းသည်ဖြစ်လျက် ဖောက်ပြန်သော ဒိဋ္ဌိအယူကို ပယ်သည်မည်၏။ ဥဒ္ဓစ္စဖြင့် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်လျက် ဥဒ္ဓစ္စကို ပယ်သည် မည်၏၊ ဝိစိကိစ္ဆာဖြင့် မဆုံးဖြတ်နိုင်ခြင်းသို့ ရောက်လျက် ဝိစိကိစ္ဆာကို ပယ်သည် မည်၏။ မြဲမြံစွာ တည်သည်၏အဖြစ်သို့ ရောက်သော ထာမဂတ ကိလေသာ ရှိသည်

ဖြစ်လျက် မြဲမြံစွာ တည်သည်၏အဖြစ်သို့ ရောက်သော အနုသယဓာတ်ရှိသည် ဖြစ်လျက် အနုသယကိလေသာကို ပယ်သည် မည်၏။ စိတ္တက္ခဏတစ်ခု အတွင်း၌ အကုသိုလ်တရားနှင့် ကုသိုလ်တရားတို့သည် ထမ်းပိုး၌ ယှဉ်စုံကအပ်သော နွားတို့ကဲ့သို့ ယှဉ်စုံအပြိုင် ဖြစ်သည် မည်ကုန်၏။ စိတ်ညစ်နွမ်းကြောင်း ကိလေသာအညစ်အကြေး သံကိလေသတရားနှင့် ယှဉ်တွဲ၍ ဖြစ်သော အရိယမဂ်ကို ပွားစေခြင်း ဖြစ်သည် မည်၏။ ထိုကြောင့် အရိယမဂ်သည် ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်သည် မဟုတ်။

ထိုသို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကိလေသာတို့ကို အရိယမဂ်တရားက မပယ်ရှားသည်ရှိသော် ကိလေသာတို့ကား ကာလသုံးပါး၌သာဖြစ်သော တရားတို့ ဖြစ်ကြသဖြင့် အရိယမဂ်ကို ပွားစေခြင်း မဂ္ဂဘာဝနာသည် မရှိ-တော့ပြီလော = မဂ်ကိုပွားစေခြင်း ဖြစ်စေခြင်းဖြင့် ပြီးစီးစေအပ်သော ကိလေသာကို ပယ်ရှားခြင်း လုပ်ငန်းကိစ္စရပ်သည် မရှိတော့ပြီလော၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် မရှိတော့ပြီလော၊ ကိလေသာကို ပယ်ခြင်းသည် မရှိတော့ပြီလော၊ သစ္စာလေးပါးကို ရှေးရှုမျက်မှောက် ထွင်းဖောက်၍ သိမြင်ခြင်းသည် မရှိတော့ပြီလောဟု မေးရန်ရှိ၏၊ အဖြေကား မရှိမဟုတ်၊ ရှိသည်သာဟု ဖြေဆိုရာ၏။

**လောကဥပမာ** — အသီး မသီးသေးသော အကြင်နုနယ်သော သစ်ပင်သည် ရှိ၏၊ ထိုအသီး မသီးသေး-သော နုနယ်သော သစ်ပင်ကို ယောကျ်ားတစ်ယောက်သည် အမြစ်ကို ဖြတ်လေရာ၏၊ ထိုသစ်ပင်၏ အကြင် မသီးသေးသော အသီးတို့သည် ရှိကုန်ရာ၏၊ ထိုမသီးသေးသော အသီးတို့သည် ထင်ရှားမဖြစ်ကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှား မဖြစ်ကြကုန်၊ မပေါ်ကုန်သေးသည် ဖြစ်၍သာလျှင် မပေါ်ကြကုန်၊ မဖြစ်ပေါ်ကုန်-သေးသည် ဖြစ်၍သာလျှင် မဖြစ်ပေါ်ကြကုန်၊ ထင်ရှားမရှိကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှားမရှိကုန်။

ဤဥပမာအတူပင်လျှင် ရှေးအတိတ်ကံကြောင့် ဤဘဝ၌ ဖြစ်ခြင်း ဥပါဒ်သဘော ရှိကြကုန်သော ဝိပါက ဝဋ် ခန္ဓာတို့သည် ကိလေသာတို့၏ စွဲမှီ၍ ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း၊ အထောက်အပံ့ဖြစ်သော ပစ္စယ အကြောင်းတည်း၊ ယင်းဖြစ်ခြင်းသဘောရှိသော ဥပါဒိန္နက ခန္ဓာငါးပါး၌ အပြစ်ကိုမြင်၍ ယင်းဖြစ်ခြင်း ဥပါဒ် သဘောရှိသော ဥပါဒိန္နကခန္ဓာတို့၏ ကင်းရာ အနုပ္ပါဒနိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ ယင်းအနုပ္ပါဒနိဗ္ဗာန်၌ စိတ်သည် ပြေးဝင်သည်၏ အဖြစ်ကြောင့် ယင်းဖြစ်ခြင်း ဥပါဒ်သဘောရှိသော ဥပါဒိန္နကခန္ဓာဟူသော အကြောင်း-ကြောင့် အကြင်ကိလေသာတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်ရာ၏၊ ထိုကိလေသာတို့သည် ထင်ရှားမဖြစ်သေးကုန် မူ၍သာလျှင် ထင်ရှားမဖြစ်ကုန်၊ မပေါ်ကုန်သေးသည်ဖြစ်၍သာလျှင် မပေါ်ကြကုန်၊ မဖြစ်ပေါ်ကုန်သေးသည် ဖြစ်၍သာလျှင် မဖြစ်ပေါ်ကြကုန်၊ ထင်ရှားမရှိကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှားမရှိကုန်၊ ဤသို့လျှင် အကြောင်းဖြစ်သော ကိလေသာတို့၏ ချုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်လတ္တံ့သော အကျိုးဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်၏။

ကိလေသာတို့၏ ဖြစ်ခြင်းငှာ ဥပါဒိန္နကခန္ဓာအယဉ်၏ အဆက်မပြတ် ဖြစ်ပွားခြင်း ပဝတ္တသည် ကိလေသာ တို့၏ စွဲမှီ၍ ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း။ ပ ။

သင်္ခါရနိမိတ်သည် ကိလေသာတို့၏ စွဲမှီ၍ ဖြစ်ခြင်း၏ ဟေတုအကြောင်းတည်း။ ပ ။

နောင်တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံကို အားထုတ်ခြင်း အာယူဟနသည် ကိလေ-သာတို့၏ စွဲမှီ၍ ဖြစ်ရာ ဟေတုအကြောင်းတည်း၊ ယင်းအာယူဟနသည် အားပေးထောက်ပံ့တတ်သော ပစ္စယ အကြောင်းတည်း။ ဤသို့ နောင်အခါ ပဋိသန္ဓေ၏ အကြောင်းရင်းကံကို အားထုတ်ခြင်း အာယူဟန၌ အပြစ်ကို မြင်၍ ယင်းကံကို အားမထုတ်ခြင်း အနာယူဟန၌ = အာယူဟနကင်းသော နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ အာယူဟနကင်းရာ နိဗ္ဗာန်၌ စိတ်၏ ပြေးဝင်သည်၏ အဖြစ်ကြောင့် ယင်းအာယူဟနဟူသော အကြောင်းကြောင့်

အကြောင်ကိလေသာတို့သည် ဖြစ်ပေါ်လာကုန်ရာ၏၊ ထိုကိလေသာတို့သည် ထင်ရှားမဖြစ်သေးကုန်မူ၍သာလျှင် ထင်ရှားမဖြစ်လာကုန်၊ မပေါ်ကုန်သေးသည် ဖြစ်၍သာလျှင် မပေါ်လာကြကုန်၊ မဖြစ်ပေါ်သေးကုန်သည် ဖြစ်၍ သာလျှင် မဖြစ်ပေါ်ကြကုန်၊ ထင်ရှားမရှိကုန်သေးသည် ဖြစ်၍သာလျှင် ထင်ရှားမရှိကုန်။ ဤသို့လျှင် အကြောင်း ဖြစ်သော ကိလေသာတို့၏ ချုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်လတ္တံ့သော အကျိုးဒုက္ခ၏ ချုပ်ခြင်းသည် ဖြစ်၏။

ဤသို့လျှင် အရိယမဂ်ကို ပွားစေခြင်း ဖြစ်စေခြင်း မဂ္ဂဘာဝနာသည် ရှိ၏၊ အရိယဖိုလ်ကို မျက်မှောက် ပြုခြင်းသည် ရှိ၏၊ ကိလေသာကို ပယ်ခြင်းသည် ရှိ၏၊ သစ္စာလေးပါးကို ရှေးရှုမျက်မှောက် ထွင်းဖောက်၍ သိမြင်ခြင်းသည် ရှိ၏။ (ပဋိသံ-၃၉၄-၃၉၅။)

အသီး မသီးသေးသော နုသော သစ်ပင်ကို အမြစ်၌ ဖြတ်အပ်သည်ရှိသော်, အကယ်၍ ထိုသို့ ဖြတ်ခြင်း မရှိလတ်သော် နောင်အခါ၌ ဖြစ်ခြင်းငှာ ထိုက်ကုန်သော, ဖြတ်လိုက်ခြင်းတည်းဟူသော အကြောင်းကြောင့် မဖြစ်လတ္တံ့ကုန်သော အသီးတို့သည် ပျက်စီးသည် မည်ကုန်သည် ဖြစ်ကုန်သကဲ့သို့ ဤဥပမာအတူပင်လျှင် အရိယ မဂ်ကို ပွားစေခြင်း ဖြစ်စေခြင်း မဂ္ဂဘာဝနာသည် မရှိလတ်သော် ဖြစ်ခြင်းငှာ ထိုက်ကုန်သော ကိလေသာတို့ကို အရိယမဂ်ကို ပွားစေခြင်း ဖြစ်စေခြင်း မဂ္ဂဘာဝနာကြောင့် မဖြစ်ကုန်သည်ရှိသော် ပယ်အပ်ကုန်၏ဟူ၍သာလျှင် ဆိုအပ်ကုန်၏။ ဤသို့ ဥပမာ ဥပမေယျ နှီးနှောစပ်ဟပ်ပါ။

## ဘူမိလဒ္ဓုပ္ပန္န ကိလေသာ

ဧတေန ကိံ ဒီပိတံ ဟောတိ၊ ဘူမိလဒ္ဓါနံ ကိလေသာနံ ပဟာနံ ဒီပိတံ ဟောတိ။ ဘူမိလဒ္ဓါ ပန ကိံ အတီတာနာဂတာ ဥဒါဟု ပစ္စုပ္ပန္နာတိ။ ဘူမိလဒ္ဓုပ္ပန္နာ ဧဝ နာမ တေ။ (ဝိသုဒ္ဓိ-၂-၃၂၈။)

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စကားရပ်ဖြင့် အဘယ်အနက်သဘောကို ပြအပ်ပါသနည်း။ **ဘူမိ–လဒ္ဓ** အမည်ရသော အနုသယကိလေသာတို့ကို ပယ်ခြင်းကို ပြအပ်ပေသည်။ ထိုဘူမိလဒ္ဓ အမည်ရသော အနုသယကိလေသာတို့သည် အတိတ် အနာဂတ်တရားလော သို့မဟုတ် ပစ္စုပ္ပန်တရားလောဟု မေးရန်ရှိ၏။ အဖြေကား ထိုကိလေသာတို့သည် **ဘူမိလဒ္ဓုပ္ပန္န**သာလျှင် မည်ကုန်၏ဟူပေ။

တာသု တာသု ဘူမီသု အသမူဟတံ အကုသလံ **ဘူမိလဒ္ဓုပ္ပန္နံ** နာမ။ ဧတ္ထ စ ဘူမိယာ ဘူမိလဒ္ဓဿ စ နာနတ္တံ ဝေဒိတဗ္ဗံ။ **ဘူမီ**တိ ဟိ ဝိပဿနာယ အာရမ္မဏဘူတာ တေဘူမကာ ပဉ္စက္ခန္ဓာ။ **ဘူမိလဒ္ဓံ** နာမ တေသု ခန္ဓေသု ဥပ္ပတ္တိရဟံ ကိလေသဇာတံ။ တေန ဟိ သာ ဘူမိလဒ္ဓါ နာမ ဟောတီတိ တသ္မာ ဘူမိလဒ္ဓန္တိ ဝုစ္စတိ၊ သာ စ ခေါ နော အာရမ္မဏဝသေန။ အာရမ္မဏဝသေန ဟိ သဗ္ဗေပိ အတီတာနာဂတေ ပရိညာတေပိ စ ခီဏာသဝါနံ ခန္ဓေ အာရဗ္ဘ ကိလေသာ ဥပ္ပဇ္ဇန္တိ မဟာကစ္စာန-ဥပ္ပလဝဏ္ဏာဒီနံ ခန္ဓေ အာရဗ္ဘ သောရေယျသေဋ္ဌိ-နန္ဒမာဏဝကာ-ဒီနံ ဝိယ။ ယဒိ စ တံ ဘူမိလဒ္ဓံ နာမ သိယာ၊ တဿ အပ္ပဟေယျတော န ကောစိ ဘဝမူလံ ပဇဟေယျ။ ဝတ္ထုဝသေန ပန ဘူမိလဒ္ဓံ ဝေဒိတဗ္ဗံ။ ယတ္ထ ယတ္ထ ဟိ ဝိပဿနာယ အပရိညာတာ ခန္ဓာ ဥပ္ပဇ္ဇန္တိ၊ တတ္ထ တတ္ထ ဥပ္ပါဒတော ပဘုတိ တေသု ဝဋ္ဋမူလံ ကိလေသဇာတံ အနုသေတိ။ တံ အပ္ပဟီနဋ္ဌေန ဘူမိလဒ္ဓန္တိ ဝေဒိတဗ္ဗံ။

(ဝိသုဒ္ဓိ-၂-၃၂၈-၃၂၉။)

လူနတ် စသည်တို့၏ အတ္တဘောဟု ဆိုအပ်သော ထိုထို ဥပါဒိန္နက္ခန္ဓာတို့၌ ထိုထိုရုပ်နာမ် အစဉ်သန္တာန်၌ နောင်တစ်ဖန် မဖြစ်ခြင်း သဘောရှိသည်၏ အဖြစ်သို့ မရောက်စေအပ်သေးသည်၏ အဖြစ်ကြောင့် အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသော, အရိယမဂ်ဖြင့် အကြွင်းမဲ့ မပယ်နှုတ်အပ်သေးသည်၏ အဖြစ်ကြောင့်ပင်လျှင် မရှိဟူ၍ မဆိုထိုက်ရကား ဖြစ်ခြင်းသဘောရှိသော ဥပ္ပန္နဟု ခေါ်ဝေါ်ထိုက်သော အကုသိုလ်သည် **ဘူမိလဒ္ဓုပ္ပန္န** မည်၏။

ဤ၌ **ဘူမိ**နှင့် **ဘူမိလဒ္ဓ**၏ အထူးကို သိသင့်ပေသည်။ **ဘူမိ**ဟူသည် ဝိပဿနာဉာဏ်၏ အရှုခံအာရုံ ဖြစ်ကြကုန်သော ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာဟူသော ပရိညာသုံးမျိုးဖြင့် ပိုင်းခြားမသိရသေးကုန်သော ဘုံသုံးပါး၌ ဖြစ်ကုန်သော တေဘူမက ခန္ဓာငါးပါးတို့တည်း။ မှန်ပေသည် – ပရိညာဉာဏ်တို့ဖြင့် ပိုင်းခြား မသိ-ရသေးသော ခန္ဓာတို့ကား ကိလေသာတို့၏ စွဲမှီ၍ ဖြစ်ရာဘုံ = ဘူမိ မည်ပေသည်။

အပရိညာတာ ဟိ ခန္ဓာ ကိလေသာနံ ဘူမီတိ အဓိပ္ပေတာ။ (မဟာဋီ-၂-၅၀၀။)

ထိုတေဘူမက ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်းငှာ ထိုက်သော ကိလေသာတရား အပေါင်းသည် **ဘူမိလဒ္ဓ** မည်၏။ အကြောင်းမူကား — ထိုပရိညာဉာဏ်ဖြင့် မပိုင်းခြားအပ်သေးသော ပိုင်းပိုင်းခြားခြား မသိရသေးသော တေဘူမက ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော, ကိလေသာတို့၏ဖြစ်ရာ ထိုဘုံကို ထိုကိလေသာတရားအပေါင်းသည် ရအပ်သည် မည်ပေသည်။ ထိုကြောင့် ထိုကိလေသာတရားအပေါင်းကို **ဘူမိလဒ္ဓ**ဟူ၍ ဆိုအပ်ပေသည်။

ထိုဘူမိကိုလည်း ထိုကိလေသာတရားအပေါင်းသည် အာရုံပြုသည်၏ အစွမ်းဖြင့် မရအပ်၊ အကယ်၍ အာရုံပြုသည်၏ အစွမ်းဖြင့် ရအပ်၏ဟု ယူခဲ့သော် အပြစ်ကား ဤသို့တည်း။ ကိလေသာ မကုန်သေးသော သတ္တဝါ တစ်ဦးဦးက အာရုံယူကြည့်လိုက်လျှင် အယောနိသောမနသိကာရ ရှေ့သွားပြခန်းမှုရှိလျှင် ထိုသတ္တဝါ၏ သန္တာန်ဝယ် အာရုံပြုသည်၏ အစွမ်းဖြင့် ပစ္စုပ္ပန်ခန္ဓာတို့ကို မဆိုထားဘိ အတိတ်အနာဂတ် ခန္ဓာတို့ကိုသော်ပင် အာရုံပြု၍ ကိလေသာတို့သည် ဖြစ်နိုင်ကြကုန်၏။ အရှင်မြတ်ကြီးတို့သည် ပရိညာဉာဏ် သုံးပါးတို့ဖြင့် ပိုင်းပိုင်း ခြားခြား သိထားပြီးဖြစ်သဖြင့် ပရိညာတဖြစ်ပြီးကုန်သော ဘုရား ရဟန္တာ အရှင်မြတ်ကြီးတို့၏ ခန္ဓာတို့ကိုသော်လည်း အာရုံပြု၍ ကိလေသာတို့သည် ဖြစ်နိုင်ကြကုန်၏။ အရှင်မဟာကစ္စည်း၏ ခန္ဓာတို့ကို အာရုံပြု၍ သောရေယျ သူဌေးသားအား ကိလေသာတို့သည် ဖြစ်ကုန်သကဲ့သို့, ဥပ္ပလဝဏ်ထေရီမ၏ ခန္ဓာတို့ကို အာရုံပြု၍ နန္ဒလုလင်၏ သန္တာန်ဝယ် ကိလေသာတို့သည် ဖြစ်ကုန်သကဲ့သို့ မှတ်ပါ။ အရှင်မဟာကစ္စည်း၏ ခန္ဓာတို့ကား အရှင်မဟာ ကစ္စည်းကိုယ်တိုင် ပရိညာဉာဏ်တို့ဖြင့် ပိုင်းခြားသိထားပြီး ဖြစ်သည့် ပရိညာတခန္ဓာတို့တည်း၊ ဥပ္ပလဝဏ်ထေရီမ၏ ခန္ဓာတို့သည်လည်း ရှင်မကိုယ်တိုင် ပရိညာဉာဏ်တို့ဖြင့် ပိုင်းခြားသိထားပြီး ဖြစ်သည့် ပရိညာတခန္ဓာတို့ပင်တည်း။ ယင်းပရိညာတခန္ဓာတို့ကို အာရုံယူ၍ နန္ဒလုလင်ကဲ့သို့ အခြားသောသတ္တဝါတို့၏ သန္တာန်၌ ကိလေသာများလည်း ဖြစ်နိုင်ကြသဖြင့် အာရုံပြုသည်၏ အစွမ်းဖြင့် ကိလေသာဖြစ်မှုကို ဘူမိလဒ္ဓဟု ယူခဲ့သော် သောရေယျသူဌေး-သားနှင့် နန္ဒလုလင်တို့ကဲ့သို့သော ထိုသူတစ်ပါး၏ သန္တာန်၌ ကျရောက်သော ကိလေသာတရားအပေါင်း၏ သူ-တစ်ပါး၏ သန္တာန်၌ ကျရောက်နေသည်၏ အဖြစ်ကြောင့် အရှင်မဟာကစ္စည်း ဥပ္ပလဝဏ်ထေရီတို့ကဲ့သို့သော ရဟန္တာအရှင်မြတ်တို့က မိမိတို့၏ အရိယမဂ်ဖြင့် ထိုသူတစ်ပါး၏ သန္တာန်၌ တည်ရှိသော ကိလေသာကို မပယ်-သတ်နိုင်ရကား တစ်စုံတစ်ယောက်သောသူမျှ ဘဝ၏ အရင်းအမြစ်ဖြစ်သော ကိလေသာကို မပယ်မနှုတ်နိုင်-လေရာဟူသော အပြစ်သည် ရောက်ရှိလေရာ၏။ ဘူမိလဒ္ဓအမည်ရသော ကိလေသာသည် ကိန်းဝပ်နေသည်ပင် မည်လေရာသည်။

ထိုကြောင့် ဘုရား ရဟန္တာ အရိယာသူတော်ကောင်းတို့၏ မိမိတို့ကိုယ်တိုင် ပရိညာဉာဏ်တို့ဖြင့် ပိုင်းခြား သိအပ်ပြီးကုန်သော ပရိညာတခန္ဓာတို့ကိုလည်းကောင်း, ပရိညာဉာဏ်ဖြင့် မပိုင်းခြားရသေးသော ပိုင်းခြားပြီးလည်း မဟုတ်သေးသော ကျန်ပုဂ္ဂိုလ်တို့၏ အပရိညာတခန္ဓာတို့ကိုလည်းကောင်း အာရုံပြုသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်-လာသော ကိလေသာကို ဘူမိလဒ္ဓဟု မယူရ။ အလျော်အားဖြင့်ကား — ကိလေသာတို့၏ တည်ရာ ဝတ္ထု = စွဲမှီ၍ဖြစ်ရာ ဌာနအားဖြင့် ဘူမိလဒ္ဓကို သိရှိပါလေ။ မှန်ပေသည် — အကြင်အကြင်ဘဝ၌ သို့မဟုတ် အကြင် အကြင် ရုပ်နာမ်သန္တာန်အစဉ်၌ ဝိပဿနာဉာဏ်ဖြင့် မပိုင်းခြားအပ်ကုန်သေးသော အပရိညာတခန္ဓာတို့သည် ဖြစ်ပေါ်နေကြကုန်၏၊ ထိုထိုဘဝ၌ သို့မဟုတ် ထိုထိုရုပ်နာမ် သန္တာန်အစဉ်၌ ထိုခန္ဓာတို့၏ ရှေးဦးအစ ဥပါဒ်-

သည်မှ စ၍ ကိလေသာတို့၏ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသည်၏ အဖြစ်ကို ထား၍ အခြားတစ်ပါးသော အကြောင်းတရား၏ မရှိခြင်းကြောင့် ထိုခန္ဓာတို့၌ သံသရာဝဋ်၏ အမြစ်ဖြစ်သော ကိလေသာအပေါင်းသည် ကိန်းဝပ်လျက်သာ ရှိ၏။ ထိုကြောင့် ထိုခန္ဓာတို့၌ ကိန်းဝပ်နေသော ကိလေသာတရားအပေါင်းကိုပင် အရိယမဂ်ဖြင့် မပယ်သတ်အပ်သေးသည်၏ အဖြစ်ကြောင့် **ဘူမိလဒ္ဓ = ရအပ်သော ဖြစ်ရာဌာနဘုံရှိသော ကိလေသာ** ဟူ၍ သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၂၈-၃၂၉။)

ဤစကားများအရ နှုတ်ပယ်အပ်ပြီးသော ကိလေသာရှိသော ခန္ဓာသည် ပရိညာတခန္ဓာ မည်၏။ ထိုပရိ-ညာတခန္ဓာသည် ကိလေသာ၏ ဖြစ်ရာဌာန = ဥပ္ပတ္တိဋ္ဌာန မဟုတ်။ မနှုတ်ပယ်အပ်သေးသော ကိလေသာရှိသော ခန္ဓာသည် အပရိညာတခန္ဓာ မည်၏၊ ထိုအပရိညာတခန္ဓာသည် ကိလေသာ၏ ဖြစ်ရာဌာန = ဥပ္ပတ္တိဋ္ဌာန မည်၏။ ပရိညာတခန္ဓာကား အသေက္ခပုဂ္ဂိုလ် = ရဟန္တာပုဂ္ဂိုလ်တို့၏ ခန္ဓာတည်း။ အပရိညာတခန္ဓာကား အသေက္ခ = ရဟန္တာမှ တစ်ပါးသော ကျန်အရိယာပုဂ္ဂိုလ်တို့နှင့် ပုထုဇန်ပုဂ္ဂိုလ်တို့၏ ခန္ဓာတည်း။ ယင်းအပရိညာတခန္ဓာကား ကိလေသာတို့၏ ဖြစ်ရာဌာန ဘူမိတည်း။ ယင်းဘူမိ၌ ကိန်းဝပ်တည်နေသော အနုသယကိလေသာကား ဘူမိလဒ္ဓ တည်းဟု မှတ်ပါ။

**ကိန်းဝပ်ပုံ** — ထိုကိလေသာတို့၏ ဖြစ်ရာ ဥပ္ပတ္တိဋ္ဌာနဘုံဖြစ်ကုန်သော ခန္ဓာတို့တွင်လည်း အကြင်ပုဂ္ဂိုလ်၏ ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသည်၏ အဖြစ်ကြောင့် အနုသယကိလေသာတို့သည် ကိန်းဝပ်ကုန်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအနုသယ ကိလေသာတို့၏ ကိန်းဝပ်ရာဖြစ်သော ခန္ဓာတို့သည်သာလျှင် ထိုအနုသယ ကိလေသာတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏။ တစ်ပါးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ကုန်သော ခန္ဓာတို့သည်ကား ထိုအနုသယကိလေသာတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။

အတိတ်ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေခဲ့ကြကုန်သော အနုသယ ကိလေသာတို့အဖို့ အတိတ်ခန္ဓာတို့သည်သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏။ ပစ္စုပ္ပန်ခန္ဓာ အနာဂတ်ခန္ဓာတို့သည် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ အနာဂတ်ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေလတ္တံ့ ဖြစ်ကြကုန်သော အနာဂတ် အနုသယကိလေသာတို့အဖို့ အနာဂတ်ခန္ဓာတို့သည်သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏။ ပစ္စုပ္ပန်ခန္ဓာ အတိတ်ခန္ဓာတို့သည် ယင်းအနာဂတ် အနုသယကိလေသာတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ ပစ္စုပ္ပန်ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေဆဲ ဖြစ်ကြကုန်သော အနုသယကိလေသာတို့အဖို့ ပစ္စုပ္ပန်ခန္ဓာတို့သည်သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏၊ အတိတ်ခန္ဓာ အနာဂတ်ခန္ဓာတို့သည် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ (ဝိသုဒ္ဓိ-၂-၃၂၉။)

ဤစကားရပ်များဖြင့် တည်ရာဝတ္ထု၏ အစွမ်းဖြင့် ဘူမိလဒ္ဓသည် ဖြစ်၏၊ အာရုံ၏ အစွမ်းအားဖြင့် မဖြစ်၊ ထိုကြောင့် ဝတ္ထု၏ ပျက်စီးခြင်းဖြင့် ထိုအနုသယ၏ ပျက်စီးခြင်းသည် ဖြစ်၏ဟု ပြ၏။ (မဟာဋီ-၂-၅၀၁။)

တစ်ဖန် ကာမာဝစရက္ခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေကြကုန်သော အနုသယကိလေသာတို့အဖို့ ကာမာဝစရခန္ဓာတို့သည်သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏၊ ရူပါဝစရခန္ဓာ အရူပါဝစရခန္ဓာတို့သည် ယင်းအနုသယတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ ရူပါဝစရခန္ဓာတို့၌ အရိယမဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေကြကုန်သော အနုသယကိလေ-သာတို့အဖို့ ယင်းရူပါဝစရခန္ဓာတို့သည်သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏၊ ကာမာဝစရ ခန္ဓာ အရူပါဝစရခန္ဓာတို့သည် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ အရူပါဝစရခန္ဓာတို့၌ အရိယ

မဂ်ဖြင့် မပယ်နှုတ်အပ်သေးသဖြင့် ကိန်းဝပ်တည်နေကြကုန်သော ကိလေသာတို့အဖို့ အရူပါဝစရခန္ဓာတို့သည် သာလျှင် တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မည်ကုန်၏၊ ကာမာဝစရခန္ဓာ ရူပါဝစရခန္ဓာတို့သည် တည်ရာ ဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မမည်ကုန်။ (ဆိုလိုသည်မှာ သံသရာတစ်ခွင် ကျင်လည်ရခိုက် ထိုထိုဘုံဘဝ၌ တည်ရှိဆဲ ခန္ဓာတို့သည်သာလျှင် ထိုထို အနုသယဓာတ်တို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဖြစ်ကြသည်။ အတိတ် အနာဂတ် စသည်ဖြင့် ကာလခြားနေသော ခန္ဓာ, ဘုံဘဝခြားနေသော ခန္ဓာတို့ကား ယင်းသို့ ကာလခြားနေသည့် ဘဝခြားနေသည့် အနုသယဓာတ်တို့၏ တည်ရာမဟုတ်ကုန်ဟူလိုသည်။) (ဝိသုဒ္ဓိ-၂-၃၂၉။)

## ဘူမိအမည် မရနိုင်သည့် ခန္ဓာ

အထူးမှာ — သောတာပန်ပုဂ္ဂိုလ်စသည်တို့တွင် အကြင်အကြင် အရိယပုဂ္ဂိုလ်၏ ခန္ဓာတို့၌ သံသရာဝဋ်၏ အရင်းအမြစ် ဖြစ်သော ထိုထို အနုသယကိလေသာအပေါင်းကို ထိုထို အရိယမဂ်ဖြင့် ပယ်ရှားအပ်ပြီး ဖြစ်၏။ ထိုအရိယပုဂ္ဂိုလ်၏ ထိုခန္ဓာတို့သည် ပယ်ရှားအပ်ကုန်ပြီးသော ထိုထို ဝဋ်၏ အရင်းအမြစ် ဖြစ်ကုန်သော ဝဋ္ဋမူလ အနုသယကိလေသာတို့၏ တည်ရာဝတ္ထု ဖြစ်ရာဌာန ဝတ္ထုယာခင်း မဟုတ်သည်၏ အဖြစ်ကြောင့် ဘူမိဟူသော ခေါ်ဝေါ်ခြင်းကို မရနိုင်ကုန်။ စိတ်အစဉ်သန္တတိတွင် ဉပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားစွာ ဖြစ်ပွားလာသော ထကြွလာသော ထိုးကျင့်လာသော ပရိယုဋ္ဌာန ကိလေသာ၏ လွှမ်းမိုးနှိပ်စက်အပ်သည်၏ အစွမ်းဖြင့် ကိလေသာ-တို့၏ အနုသယဓာတ်သဘောအားဖြင့် ခန္ဓာအစဉ်၌ ကိန်းဝပ်တည်နေခြင်းသဘောကို မှန်းဆ၍ သိအပ် သိနိုင် ပေသည်။ အကြောင်းမူ အနုသယဓာတ်သည် ထင်ရှားမရှိလတ်သော် ယင်းပရိယုဋ္ဌာန ကိလေသာ၏ လွှမ်းမိုး နှိပ်စက်ခြင်းသဘောသည် မဖြစ်သောကြောင့်တည်း။ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ အနုသယဓာတ်တို့ကို အရိယ မဂ်ဖြင့် ပယ်နှုတ်အပ်ပြီး ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် အနုသယဓာတ်တို့၏ တည်ရာဝတ္ထုဖြစ်သော ခန္ဓာငါးပါးတို့ကို ပရိညာတ ပြုအပ်ပြီးသည် ဖြစ်၍ = ပရိညာပညာတို့ဖြင့် ပိုင်းခြားသိအပ်ပြီးသည် ဖြစ်၍ အနုသယဓာတ်တို့ကို ကောင်းစွာ လွှန်မြောက်အပ်ပြီးသည် မည်၏။ ထိုကြောင့် ထိုဝတ္ထုသည် = ထိုခန္ဓာငါးပါးသည် ထိုအနုသယ-ဓာတ်တို့၏ တည်ရာ ဘူမိဟူသော အမည်သမညာ မဖြစ်နိုင်တော့ပြီ ဟူလိုသည်။

(ဝိသုဒ္ဓိ-၂-၃၂၉။ မဟာဋီ-၂-၅၀၁-၅၀၂။)

## မည်သည့် ခန္ဓာ၌ ကိန်းသနည်း?

တစ်စုံတစ်ခုသော အနုသယဓာတ်ကိုမျှ မပယ်နှုတ်ရသေးသဖြင့် များစွာသော ကိလေသာကို ဖြစ်စေ-တတ်သော ပုထုဇန်အား အချင်းခပ်သိမ်းသာလျှင် သံသရာဝဋ်၏ အရင်းအမြစ်ဖြစ်ကုန်သော ဝဋ္ဋမူလ အနုသယ ကိလေသာတို့၏ မပယ်သတ်အပ်သေးသည်၏ အဖြစ်ကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော ကာယကံ ဝစီကံ မနောကံသည် ကုသိုလ်သည်မူလည်း ဖြစ်နိုင်၏ အကုသိုလ်သည်မူလည်း ဖြစ်နိုင်၏။ ဤမပယ်အပ်သေးသော အနုသယဓာတ် ရှိသည်၏ အဖြစ်ကြောင့် ထိုပုထုဇန်အား ကံ-ကိလေသာဟူသော အကြောင်းကြောင့် ဝိပါက ဝဋ်သည် လည်၏။ ထိုပုထုဇန်အား ထိုဝဋ္ဋမူလအနုသယဓာတ်သည် ရူပက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ဝေဒနာက္ခန္ဓာ စသည်တို့၌ မကိန်း၊ သို့မဟုတ် ဝိညာဏက္ခန္ဓာ၌သာလျှင် ကိန်း၏ ရူပက္ခန္ဓာစသည်တို့၌ မကိန်းဟု ဤသို့ကား မဆိုသင့် မဆိုထိုက်ပေ။ အကြောင်းမူ သာမညအားဖြင့် အနုသယဓာတ်တို့သည် ခန္ဓာငါးပါးလုံးတို့၌ပင် ကိန်း-ဝပ်သည်၏ အဖြစ်ကြောင့်တည်း။ (ဝိသုဒ္ဓိ-၂-၃၂၉။)

**လောကဥပမာ** — သစ်ပင်ကြီး တစ်ပင်၌ ကိန်းဝပ်တည်နေသော သသမ္ဘာရပထဝီ၏ ရသ သသမ္ဘာရ အာပေါ၏ ရသတို့ကဲ့သို့ မှတ်ပါ။ ထင်ရှားစေအံ့ — သစ်ပင်ကြီးတစ်ပင်သည် မြေအပြင်၌ တည်၍ သသမ္ဘာရ

ပထဝီ၏ ရသကိုလည်းကောင်း, သသမ္ဘာရအာပေါ၏ ရသကိုလည်းကောင်း အမှီပြု၍ ထိုပထဝီရသ အာပေါ ရသဟူသော အကြောင်းကြောင့် (= ထိုသောက်သုံးထားသော မြေဆီ ရေဆီ ဩဇာဟူသော အကြောင်းကြောင့် ဟူလို) အမြစ် ပင်စည် ခက်မ ခက်ငယ် အညွန့် အရွက် အပွင့် အသီးတို့ဖြင့် ကြီးပွား၍ ကောင်းကင်ပြင်ကို ပြည့်စေ၍ ကမ္ဘာကြီးဆုံးသည်တိုင်အောင် မျိုးစေ့ အဆက်ဆက်ဖြင့် သစ်ပင် အဆက်ဆက်ကို = သားမြေးမြစ် စသည်ဖြင့် သစ်ပင် အဆက်ဆက်ကို ဖြစ်စေလျက် တည်သည်ရှိသော် ထိုပထဝီရသ အာပေါရသဓာတ်ရည်သည် အမြစ်၌သာလျှင် အစဉ်လျှောက်၍ နှံ့၏၊ ပင်စည် ခက်မ ခက်ငယ် စသည်တို့၌ အစဉ်လျှောက်၍ နှံ့သည် မဟုတ်။ ပ။ အသီး၌သာလျှင် အစဉ်လျှောက်၍ နှံ့၏၊ အမြစ်စသည်တို့၌ အစဉ်လျှောက်၍ နှံ့သည်မဟုတ်ဟု ဤသို့စသည်ဖြင့် မဆိုသင့် မဆိုထိုက်ပေ။ အကြောင်းမူ သာမညအားဖြင့် အလုံးစုံသော အမြစ် ပင်စည် ခက်မ ခက်ငယ် အညွန့် အပွင့် အသီးတို့၌ အစဉ်လျှောက်၍ နှံ့သည်၏အဖြစ်ကြောင့် ထိုသို့ မဆိုသင့် မဆိုထိုက်ပေ။ ဤဥပမာအတူပင်လျှင် အနုသယဓာတ်တို့သည်လည်း သာမညအားဖြင့် ခန္ဓာငါးပါးလုံးတို့၌ အစဉ်လျှောက်၍ ကိန်းဝပ်နေသောကြောင့် မည်သည့် ခန္ဓာ၌သာ ကိန်းဝပ်သည် မည်သည့် ခန္ဓာ၌ မကိန်းဝပ်ဟု မဆိုသင့် မဆို ထိုက်ပေ။ (ဝိသုဒ္ဓိ-၂-၃၂၉။)

**ပြောင်းပြန်အစီမွံယ်သဘော** — ထိုသစ်ပင်၏သာလျှင် အပွင့် အသီးစသည်တို့၌ ငြီးငွေ့ စက်ဆုပ် နိုးသော တစ်စုံတစ်ယောက်သော ယောကျ်ားသည် သစ်ပင်၏ လေးမျက်နှာတို့၌ လိပ်ကျောက်ဆူးဟူ၍လည်း- ကောင်း, ငါးမာန်းစွယ်ဟူ၍လည်းကောင်း ဆရာမြတ်တို့ အဆိုရှိကြသော မဏ္ဍူက ကဏ္ဍကမည်သော အဆိပ် ရှိသော ဆူးကို ရိုက်နှက်လေရာ၏။ ထိုသို့ ရိုက်နှက်သောအခါ၌ ထိုသစ်ပင်သည် ထိုအဆိပ်၏ အတွေ့ဖြင့် တွေ့ထိအပ် နှိပ်စက်အပ်သည်ဖြစ်၍ ပထဝီရသ အာပေါရသတို့၏ ကုန်ခန်းသည်၏ အဖြစ်ကြောင့် မကြီးပွား နိုင်သော သဘောရှိသည်၏ အဖြစ်သို့ ရောက်လတ်၍ တစ်ဖန် သစ်ပင်၏ သားစဉ် မြေးဆက်ဟူသော သန္တာန် အစဉ်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်ရာသကဲ့သို့ ဤဥပမာအတူပင်လျှင် ခန္ဓာတို့၏ ဆက်ကာ ဆက်ကာ ဖြစ်ခြင်း၌ ငြီးငွေ့စက်ဆုပ်နိုးလှသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် – ထိုယောကျ်ား၏ သစ်ပင်၌ လေးဘက် လေးတန်တို့၌ အဆိပ်ကို = အဆိပ်ရှိသော ဆူးကို ယှဉ်စေသကဲ့သို့ ရိုက်နှက်သွင်းသကဲ့သို့ — မိမိ၏ ရုပ်နာမ်ခန္ဓာ သန္တတိအစဉ်၌ လေးပါးသော အရိယမဂ်တို့ကို ပွားစေခြင်း စတုမဂ္ဂဘာဝနာကို အားထုတ်၏။ ထိုသို့ အားထုတ် လတ်သော် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီး၏ ရုပ်နာမ်ခန္ဓာ သန္တတိအစဉ်သည် ထိုလေးပါးသော အရိယ မဂ်တည်းဟူသော အဆိပ်၏ အတွေ့ကြောင့် ခပ်သိမ်းကုန်သော သံသရာဝဋ်၏ အကြောင်းရင်း ဝဋ္ဋမူလအနုသယ ကိလေသာတို့ကို ကုန်ခန်းစေသည်၏အဖြစ်ကြောင့် ထိုအမျိုးကောင်းသား အမျိုးကောင်းသမီး၏ ပြုပြုသမျှ ကာယကံမှု မှန်သမျှ ဝစီကံမှု မှန်သမျှ မနောကံမှု မှန်သမျှသည် ပြုကာမတ္တ ကြိယာအဖြစ်၌သာ တည်နေ- တော့၏။ (ကုသိုလ် အကုသိုလ် မဖြစ်တော့ ဟူလို။) ထိုသို့ပြုကာမတ္တ ကြိယာ၏ အဖြစ်မျှသို့ ကပ်ရောက်သွားသော ကာယကံ အစရှိသော အလုံးစုံသော ကံအပြားရှိသည်ဖြစ်၍ ထိုအမျိုးကောင်းသား ထိုအမျိုးကောင်းသမီးသည် နောင်အခါဝယ် ဘဝသစ်၌ တစ်ဖန်မဖြစ်ခြင်း သဘောရှိသည်၏ အဖြစ်သို့ ကပ်ရောက်သွား၏၊ ထိုသို့ ကပ်ရောက်- သည်ဖြစ်၍ ဘဝတစ်ပါးတည်းဟူသော ရုပ်နာမ်သန္တတိ ခန္ဓာအစဉ်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်တော့ပေ။ အကယ် စင်စစ်အားဖြင့်ကား အဆုံးစွန်သော စုတိဟူသော ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းကြောင့် လောင်စရာ မီးစာမရှိသော တောမီးကဲ့သို့ မီးလောင်စာသဖွယ်ဖြစ်သော ဥပါဒိန္နက္ခန္ဓာ ငါးပါးတို့တွင် တစ်စုံတစ်ခုသော ခန္ဓာကိုမျှ "ငါ- ငါ့ဟာ"ဟု မစွဲလမ်းသည် ဖြစ်၍ ပရိနိဗ္ဗာန်ပြုရ၏ ချုပ်ငြိမ်းရ၏။ ဤသို့လျှင် ဘူမိ၏လည်းကောင်း ဘူမိလဒ္ဓ၏ လည်းကောင်း ထူးခြားသည်၏ အဖြစ်ကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၂၉-၃၃၀။)

## သစ္စာလေးပါးကို တစ်ပြိုင်နက် သိပုံ

ဆီမီးသည် မရှေးမနှောင်း တစ်ပြိုင်နက်သော တစ်ခုသော ခဏ၌ လေးမျိုးသော ကိစ္စတို့ကို ပြုလုပ်၏။

၁။ ဆီမီးစာကို လောင်၏ = ကုန်စေ၏။

၂။ အမိုက်မှောင်ကို ဖျက်ဆီး၏။

၃။ အလင်းရောင်ကို ထင်ရှားပြ၏။

၄။ ဆီဟူသော အစေးကို ကုန်စေ၏။

ဤဥပမာအတူပင်လျှင် အရိယမဂ်ဉာဏ်သည် မရှေးမနှောင်း တစ်ပြိုင်နက်သော တစ်ခုသော ခဏ၌ အရိယသစ္စာ လေးပါးတို့ကို ထိုးထွင်း၍ သိ၏။

၁။ ဒုက္ခသစ္စာကို အကြွင်းမဲ့ ပိုင်းခြား၍ သိခြင်းဟုဆိုအပ်သော ထိုးထွင်း၍ သိခြင်း = ပရိညာဘိသမယဖြင့် ထိုဒုက္ခသစ္စာကို မသိအောင် ဖုံးလွှမ်းထားတတ်သည့် သမ္မောဟတရားကို ပယ်သောအားဖြင့် ထိုးထွင်း၍ သိ၏။

၂။ သမုဒယသစ္စာကို ဆိုင်ရာကိလေသာကို အကြွင်းမဲ့ ပယ်သတ်ခြင်း = ပဟာနာဘိသမယဖြင့် ထိုသမုဒယ သစ္စာကို မသိအောင် ဖုံးလွှမ်းထားတတ်သည့် သမ္မောဟတရားကို ပယ်သောအားဖြင့် ထိုးထွင်း၍ သိ၏။

၃။ အရိယမဂ်ဉာဏ်သည် သမ္မာသင်္ကပ္ပစသော ကြွင်းသော (၇)ပါးသော သတ္တင်္ဂမဂ်ကို ဖြစ်ပေါ်လာအောင် သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေး၏၊ ယင်းသို့ သဟဇာတစသော အကြောင်းပစ္စယ သတ္တိတို့ဖြင့် အတူဖြစ်သောမဂ္ဂင်တရားတို့ကို ဖြစ်စေခြင်း ပွားစေခြင်း = ဘာဝနာဘိသမယဖြင့် ဝိပဿ-နာဉာဏ်ဟုဆိုအပ်သော အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်သော ဘာဝနာကြောင့် ဖြစ်ပေါ်လာသော အရိယ မဂ္ဂဘာဝနာဟုဆိုအပ်သော ထိုးထွင်း၍သိခြင်းဖြင့် မဂ္ဂသစ္စာကို မသိအောင် ဖုံးလွှမ်းထားတတ်သော သမ္မောဟတရားကို ဖျက်ဆီးသောအားဖြင့် ထိုးထွင်း၍ သိ၏။ (ဝိသုဒ္ဓိ-၂-၃၃၁။)

မဂ္ဂဉာဏဉှိ သမ္ပယုတ္တဓမ္မေသု သမ္မောဟံ ဝိဒ္ဓံသေန္တံ အတ္တနိပိ သမ္မောဟံ ဝိဒ္ဓံသေတိယေဝ။

(မဟာဋီ-၂-၅၀၃။)

အရိယမဂ်ဉာဏ်သည် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို မသိအောင် ဖုံးလွှမ်းကွယ်ကာထားတတ်သော သမ္မောဟတရားကို ဖျက်ဆီးလျက် မိမိမဂ်ဉာဏ်ကို မသိအောင် ဖုံးလွှမ်းထားတတ်သော သမ္မောဟတရားကို-လည်း ဖျက်ဆီးသည်သာ ဖြစ်သည်။ (မဟာဋီ-၂-၅၀၃။)

၄။ နိရောဓသစ္စာဟု ဆိုအပ်သော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်း = သစ္ဆိကိရိယာဘိသမယဖြင့် ထိုနိရောဓသစ္စာ နိဗ္ဗာန်ကို မသိအောင် ဖုံးလွှမ်းထား-တတ်သော သမ္မောဟကို ဖျက်ဆီးလျက် ထိုးထွင်း၍ သိ၏။

ဤစကားရပ်များဖြင့် မည်သို့သော အနက်သဘောကို ဆိုလိုပါသနည်းဟူမူ – နိရောဓသစ္စာဖြစ်သည့် အသင်္ခတဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာလေးပါးလုံးတို့ကိုလည်း ရရှိ၏ သိ၏ မြင်၏ ထိုးထွင်း၍ သိ၏ဟု ဆိုလိုပေသည်။

ဆီမီးသည် ဆီမီးစာကို လောင်၏ ကုန်စေ၏သို့ ဤအတူ အရိယမဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား သိ၏။ ဆီမီးသည် အမိုက်မှောင်ကို ဖျက်ဆီး၏သို့ ဤအတူ အရိယမဂ်ဉာဏ်သည် သမုဒယသစ္စာကို ပယ်စွန့်၏။ ဆီမီးသည် အလင်းရောင်ကို ထင်ရှားပြ၏သို့ ဤအတူ အရိယမဂ်ဉာဏ်သည် သဟဇာတစသော ပစ္စယသတ္တိ-

တို့ဖြင့် ကျေးဇူးပြုပေးခြင်းဖြင့် သမ္မာသင်္ကပ္ပစသောဓမ္မဟု ခေါ်ဆိုအပ်သော မဂ္ဂင်ကို ထင်ရှားပြ၏ ဖြစ်စေ၏။ ဆီမီးသည် ဆီဟူသော အစေးကို ကုန်စေ၏သို့ ဤအတူ ကိလေသာဟူသော အစေး၏ ကုန်ရာဖြစ်သော နိရောဓ သစ္စာ နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြု၏။ (ဝိသုဒ္ဓိ-၂-၃၃၁။)

မှီရာနိဿယရှိခြင်း၏ အကြောင်း၏အဖြစ်ကြောင့် ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း၏ မီးစာကိုလောင်သည်နှင့် တူသည်၏အဖြစ်ကို မှတ်အပ်၏။ ဆန့်ကျင်ဘက် ကိလေသာကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် သမုဒယ သစ္စာကို ပယ်ခြင်း၏ အမိုက်မှောင်ကို လွင့်ဖျောက်သည်နှင့် တူသည်၏ အဖြစ်ကို မှတ်အပ်၏။ ဉာဏ်ဟူသော အလင်းကို ထက်ဝန်းကျင် ပွားစေတတ်သည်၏ အဖြစ်ကြောင့် မဂ္ဂသစ္စာကို ပွားစေခြင်း၏ အရောင်အလင်းကို ထင်ရှားပြသည်နှင့် တူသည်၏အဖြစ်ကို မှတ်အပ်၏။ ထိုထို အရိယမဂ်ဖြင့် အကြင်အကြင်သို့သော အခြင်းအရာ အားဖြင့် ကိလေသာဟူသော အစေးကို ခန်းစေခြင်းသည် ဖြစ်ရကား နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၏ ဆီအစေးကို ခန်းစေခြင်းနှင့် တူသည်၏ အဖြစ်ကို ကာရဏူပစာရအားဖြင့် ဆိုအပ်၏။ (မဟာဋီ-၂-၅၀၄။)

အရိယမဂ်ဉာဏ်က သစ္စာလေးပါးကို သိမြင်ရာ၌ အာရမ္မဏပဋိဝေဓအားဖြင့် သိမြင်ခြင်း, အသမ္မောဟ ပဋိဝေဓအားဖြင့် သိမြင်ခြင်းဟု ထိုးထွင်း၍ သိမြင်ပုံ နှစ်မျိုးရှိ၏။ အာရုံပြုလျက် မျက်မှောက်ပြုလျက် ထိုးထွင်း သိခြင်းကို အာရမ္မဏပဋိဝေဓအားဖြင့် ထိုးထွင်းသိမြင်ခြင်းဟု ခေါ်ဆို၏။ သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်း ထားသည့် မောဟတရားကို ဖျက်ဆီးလျက် ကိစ္စသိဒ္ဓိ = သိမှုကိစ္စ ပြီးစီးခြင်းအားဖြင့် ထိုးထွင်းသိမြင်ခြင်းကို အသမ္မောဟပဋိဝေဓဟု ခေါ်ဆို၏။ အရိယမဂ်ဉာဏ်က သစ္စာလေးပါးကို သိမြင်ရာ၌ နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်ကို အာရမ္မဏပဋိဝေဓအားဖြင့်လည်းကောင်း, အသမ္မောဟပဋိဝေဓအားဖြင့်လည်းကောင်း နှစ်မျိုးသော ပဋိဝေဓအားဖြင့် သိ၏၊ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာတို့ကို အသမ္မောဟပဋိဝေဓအားဖြင့် သိ၏။

အရိယမဂ်ခဏဝယ် သစ္စာလေးပါးလုံးကို သိ၏ဟု ဆိုရာ၌ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လာသောအခါ နိရောဓ သစ္စာ နိဗ္ဗာန်တရားတော် မြတ်ကြီးကိုသာ အာရုံပြုသောအားဖြင့် သိ၏ အာရုံပြု၍ သိ၏၊ အာရမ္မဏပဋိဝေဓတည်း။ ကျန်သော သစ္စာသုံးပါးကို သိပုံမှာ ဤသို့ဖြစ်၏။ အရိယမဂ်ဉာဏ်သည် ဖြစ်ပေါ်လာသောအခါ သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းပိတ်ကွယ်လျက် ထားတတ်သော မောဟအမိုက်မှောင်ကို အကြွင်းမထား အမြစ်ပြတ် ပယ်သတ် လိုက်၏၊ ထိုသို့ ပယ်သတ်လိုက်သဖြင့် ထိုအရိယပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာ တရားကို ဒုက္ခသစ္စာမှန်း မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟ, အဝိဇ္ဇာတဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော သမုဒယသစ္စာကို သမုဒယသစ္စာမှန်း မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟ, နိရောဓသစ္စာ နိဗ္ဗာန်ကို နိရောဓသစ္စာမှန်း မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟ, မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာတရားကို မဂ္ဂသစ္စာမှန်း မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟတည်းဟူသော ဤသစ္စာလေးပါးလုံးကို မသိအောင် ဖုံးလွှမ်းပိတ်ကွယ် ထားတတ်သော အဝိဇ္ဇာ မောဟတရား၏ အမြစ်ပြတ်ကင်းရှင်းသွားသောကြောင့် ထိုအရိယပုဂ္ဂိုလ်သည် ကျန်သော သစ္စာသုံးပါးတို့ကို အာရုံမပြုဘဲ နိရောဓသစ္စာ နိဗ္ဗာန်ကိုသာ အာရုံပြုသော်လည်း ထိုကျန်သော သစ္စာသုံးပါးတို့ကို သိခြင်းကိစ္စ ပြီးပြီးသူ ဖြစ်လေတော့သည်။ ယင်းသို့ သိခြင်းကိစ္စ ပြီးပြီးသား ဖြစ်သည်ကိုပင် ကိစ္စသိဒ္ဓိအားဖြင့် ကျန်သော သစ္စာသုံးပါးတို့ကိုလည်း သိ၏ဟု ခေါ်ဆိုရပေသည်။

**သတိပြုရန်** — အကယ်၍ အသင်သူတော်ကောင်းသည်လည်း မိမိကိုယ်ကို မိမိ အရိယာပုဂ္ဂိုလ်ဟု သို့မဟုတ် သောတာပန်ဟု ထင်မြင်ယူဆပါလျှင် အထက်ပါ ရှင်းလင်းချက်ကို ထပ်၍ဖတ်ရှုပါ။ ဒုက္ခသစ္စာ အမည် ရသော ကာလသုံးပါး သန္တာန်နှစ်ပါး အတွင်း၌ တည်ရှိသော ဥပါဒါနက္ခန္ဓာငါးပါးကိုလည်း ယန အသီးအသီးကို ဖြိုခွဲလျက် ပရမတ်သို့ ဆိုက်အောင် ကုန်စင်အောင် မသိသေးသည် ဖြစ်အံ့၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ ဟူသော သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာအမည်ရသည့် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ပေါ်နေပုံကိုလည်း

ပုံစံမှန် မသိသေးသည်ဖြစ်အံ့၊ အသင်သူတော်ကောင်းသည် ဘုရားရှင် သတ်မှတ်ထားသော အရိယာပုဂ္ဂိုလ် အဆင့်နှင့်ကား မိုးနှင့်မြေကြီးပမာ အလွန့်အလွန် အလှမ်းဝေးကွာလျက်ပင် ရှိနေသေးသည်ဟု သဘောပေါက်ပါ။ အကြောင်းမူ အရိယပုဂ္ဂိုလ်တိုင်း၏ မဂ်ဉာဏ်က ယင်းဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတို့ကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟ အဝိဇ္ဇာကို အကြွင်းမဲ့ ကုန်စင်အောင် ပယ်သတ်ထားပြီး ဖြစ်သဖြင့် အရိယပုဂ္ဂိုလ်တိုင်း အရိယပုဂ္ဂိုလ်တိုင်းသည် ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရသည့် အကြောင်း-အကျိုးသင်္ခါရတရားတို့ကို အာရုံ ယူလိုက်တိုင်း သိနေသောကြောင့် ဖြစ်သည်။ အရိယာသူတော်ကောင်းမှန်ပါက ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို သာမက နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ကိုလည်း အာရုံယူလိုက်တိုင်း သိနိုင်သည်သာ ဖြစ်သည်။ ဤသို့ သိမှုကိုပင် အသမ္မောဟပဋိဝေဓအားဖြင့် သိခြင်းဟု ခေါ်ဆိုရပေသည်။

## ယုတ္တိသာဓက ပါဠိတော်

အရိယမဂ်ဉာဏ်သည် နိရောဓသစ္စာ နိဗ္ဗာန်တစ်ခုကို အာရမ္မဏပဋိဝေဓအားဖြင့် ကျန်သစ္စာ သုံးပါးတို့ကို တစ်နည်း သစ္စာလေးပါးလုံးကို အသမ္မောဟပဋိဝေဓအားဖြင့် ထိုးထွင်းသိမြင်၏ဟူသော အချက်နှင့် ပတ်သက်၍ ယုတ္တိသာဓက ပါဠိတော်ကား အောက်ပါအတိုင်း ဖြစ်၏။ —

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒမ္ပိ ပဿတိ။ (သံ-၃-၃၈၂။)

ရဟန်းတို့ . . . အကြင်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကို သိမြင်၏။ ထိုပုဂ္ဂိုလ်သည် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယ သစ္စာကိုလည်း သိမြင်၏၊ ဒုက္ခ၏ ချုပ်ရာချုပ်ကြောင်း နိရောဓသစ္စာကိုလည်း သိမြင်၏၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်ဖြစ်သော မဂ္ဂသစ္စာကိုလည်း သိမြင်၏။ (သံ-၃-၃၈၂။)

ဤအထက်ပါ ပါဠိတော်၌ သစ္စာလေးပါးကိုသိမြင်မှုမှာ သစ္စာတစ်ပါးပြီးမှ သစ္စာတစ်ပါးကို ကာလခြားလျက် သိမြင်မှုမျိုးကို ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် ဟောကြားတော်မူသည်ကား မဟုတ်ပေ၊ စင်စစ်သော်ကား ဧက ပဋိဝေဓ = တစ်ခုသော စိတ္တက္ခဏ၌ သစ္စာလေးပါးလုံးကို တစ်ပြိုင်နက် ထိုးထွင်း သိမြင်မှုမျိုးကိုသာလျှင် ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် ဟောကြားတော်မူပေသည်။ သာဓကမှာ ဤသို့ ဖြစ်၏။ —

မဂ္ဂသမင်္ဂိဿ ဉာဏံ၊ ဒုက္ခေပေတံ ဉာဏံ၊ ဒုက္ခသမုဒယေပေတံ ဉာဏံ၊ ဒုက္ခနိရောဓေပေတံ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယပေတံ ဉာဏံ။ (ဝိဘင်္ဂ-၃၄၁။ ပဋိသံ-၁၁၉။)

အရိယမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အကြင်အရိယမဂ်ဉာဏ်သည် ရှိ၏၊ ထိုအရိယမဂ်ဉာဏ်သည် ဒုက္ခ သစ္စာ၌လည်း ဖြစ်၏၊ ထိုအရိယမဂ်ဉာဏ်သည် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာ၌လည်း ဖြစ်၏၊ ထိုအရိယ မဂ်ဉာဏ်သည် ဒုက္ခ၏ ချုပ်ရာချုပ်ကြောင်း နိရောဓသစ္စာ၌လည်း ဖြစ်၏၊ ထိုအရိယမဂ်ဉာဏ်သည် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်ဖြစ်သော မဂ္ဂသစ္စာ၌လည်း ဖြစ်၏။ (ဝိဘင်္ဂ-၃၄၁။ ပဋိသံ-၁၁၉။)

ဤကား အရိယမဂ်ဉာဏ်သည် သစ္စာလေးပါးလုံးကို တစ်ပြိုင်နက်သိပုံ, အာရမ္မဏပဋိဝေဓအားဖြင့် နိရောဓသစ္စာကို, အသမ္မောဟပဋိဝေဓအားဖြင့် ကျန်သစ္စာသုံးပါးကို တစ်နည်း သစ္စာလေးပါးလုံးကို သိပုံ, ပရိညာဘိသမယဖြင့် ဒုက္ခသစ္စာကို ပဟာနာဘိသမယဖြင့် သမုဒယသစ္စာကို, သစ္ဆိကိရိယာဘိသမယဖြင့် နိရောဓသစ္စာကို, ဘာဝနာဘိသမယဖြင့် မဂ္ဂသစ္စာကို သိပုံ သဘာဝယုတ္တိ အာဂမယုတ္တိတို့တည်း။

## ဥပမာ ဥပမေယျ နှိုးနှောချက်

၁။ ဒုက္ခသစ္စာ အမည်ရသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း, ထိုခန္ဓာငါးပါးတို့၏ ဒုက္ခသစ္စာဖြစ်ပုံကိုလည်း-ကောင်း ပိုင်းပိုင်းခြားခြား သိခဲ့လျှင် ထိုပိုင်းပိုင်းခြားခြား သိအပ်ပြီးကုန်သော ပရိညာတခန္ဓာတို့၌ တဏှာ-ဒိဋ္ဌိတို့သည် မှီတွယ်ခွင့်ကို မရရှိနိုင်ပေ။ ထိုကြောင့် ဒုက္ခသစ္စာအမည်ရသော ခန္ဓာငါးပါးတို့ကိုလည်းကောင်း, ယင်းခန္ဓာငါးပါးတို့၏ ဒုက္ခသစ္စာဖြစ်ပုံကိုလည်းကောင်း ပိုင်းပိုင်းခြားခြား သိခြင်းသည် တဏှာ-ဒိဋ္ဌိတည်းဟူသော "ငါ-ငါ့ဟာ"ဟု စွဲယူခြင်း၏ မှီရာနိဿယ မရှိခြင်း၏ အကြောင်းရင်းစစ် ဖြစ်၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းသည် ယင်းသို့ တဏှာ-ဒိဋ္ဌိတို့၏ မှီရာနိဿယ မရှိခြင်း၏ အကြောင်းရင်းစစ်ဖြစ်သောကြောင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းသည် ဆီမီးက ဆီမီးစာကို လောင်သည်နှင့်တူ၏ ကုန်စေသည်နှင့် တူ၏။

၂။ အရိယမဂ်သည် ဆိုင်ရာဆိုင်ရာ ဆန့်ကျင်ဘက် ကိလေသာကို အကြွင်းမဲ့ ပယ်တတ် ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့် ယင်းသို့ ပယ်သတ်ခြင်း ဖျက်ဆီးခြင်းမှာ သမုဒယသစ္စာကို ပယ်စွန့်ခြင်းပင်ဖြစ်၏။ အရိယမဂ်-ဉာဏ်က ဆိုင်ရာဆိုင်ရာ ဆန့်ကျင်ဘက် ကိလေသာ သမုဒယသစ္စာကို ပယ်စွန့်ခြင်း ဖျက်ဆီးခြင်း လွှင့်ဖျောက်-ခြင်းသည် ဆီမီးက ဆန့်ကျင်ဘက် အမိုက်မှောင်ကို လွှင့်ဖျောက်သည်နှင့် တူ၏။

၃။ အရိယမဂ်ဉာဏ် = သမ္မာဒိဋ္ဌိသည် ကြွင်းသော သမ္မာသက်ပွစသော မဂ္ဂင် (၇)ပါးကို ဖြစ်ပေါ်လာအောင် သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏၊ ယင်းသို့ ကျေးဇူးပြုပေးခြင်းဖြင့် အတူဖြစ်သော မဂ္ဂင် (၇)ပါးတို့ကို ဖြစ်စေ၏ ပွားစေ၏၊ မဂ္ဂဘာဝနာတည်း။ ယင်းသို့ မဂ္ဂသစ္စာ = လောကုတ္တရာမဂ္ဂသစ္စာ အမည်ရသော မဂ္ဂဘာဝနာကို ပွားစေခြင်း ဖြစ်စေခြင်းသည် အရိယမဂ်ဉာဏ် အရောင်အလင်းကို ထက်ဝန်းကျင် ပွားစေသည် မည်၏။ သို့အတွက် မဂ္ဂသစ္စာကို ပွားစေခြင်းသည် ဉာဏ်အရောင်အလင်းကို ထက်ဝန်းကျင် ပွားစေတတ်သည်၏ အဖြစ်ကြောင့် ဆီမီးက အလင်းရောင်ကို ထင်ရှားပြသည်နှင့် တူ၏။

ဉာဏာလောကပရိဗြူဟနတာယ မဂ္ဂဘာဝနာယ အာလောကဝိဒံသနသဒိသတာ = ပရိဝိဒံသနသဒိသတာ။
(မဟာဋီ-၂-၅၀၄။)

မဂ်စိတ်စေတသိက် (ဖိုလ်စိတ်စေတသိက် ) တို့ကြောင့် ဩဇာလျှင် ရှစ်ခုမြောက်ရှိသော စိတ္တဇဩဇဋ္ဌမက ရုပ်တို့သည် ဖြစ်ပေါ်လာကြ၏၊ ယင်းရုပ်တို့တွင် ဝဏ္ဏခေါ်သော ရူပါရုံလည်း ပါဝင်၏၊ ယင်း ရူပါရုံသည် ဘာသုရ = အလွန်တောက်ပ၏။ တစ်ဖန် ယင်းစိတ္တဇဩဇဋ္ဌမကရုပ်တို့တွင် ဥတုခေါ်သော တေဇောဓာတ်သည်လည်း ရုပ်ကလာပ်တိုင်းဝယ် ပါဝင်လျက်ပင် ရှိ၏။ ယင်းတေဇောဓာတ် = ဥတုကြောင့်လည်း ဩဇာလျှင် ရှစ်ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်များသည် အဇ္ဈတ္တတွင်သာမက ဗဟိဒ္ဓသို့တိုင်အောင်ပင် ပျံ့နှံ့ထွက်သွားပြန်၏။ ယင်းဥတုဇရုပ်များတွင်လည်း ဝဏ္ဏခေါ်သော ရူပါရုံ ပါဝင်၏၊ ယင်းရူပါရုံသည်လည်း ဘာသုရ = အလွန်တောက်ပသည်သာ ဖြစ်သည်။ အကျိုးဖြစ်သော ရုပ်တရားတို့၏အရောင်အလင်းဟူသော အမည်ကို အကြောင်းဉာဏ်ပေါ်၌ တင်စား၍ အကြောင်းဉာဏ်၌ အရောင်ရှိသကဲ့သို့ တဒ္ဓမ္မူပစာရ ဖလူပစာရအားဖြင့် ခေါ်ဝေါ်သုံးစွဲထားသည်ဟု မှတ်ပါ။

၄။ ကိလေသာဟူသော အစိုဓာတ် အစေးဓာတ်၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ဆီမီးက ဆီအစေးကို ကုန်စေသည်နှင့် တူ၏။ ထိုအရိယမဂ်ဖြင့် အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းသည် ဖြစ်၏၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ကိလေသာဟူသော အစိုဓာတ် အစေးဓာတ်ကို ထိုအရိယမဂ်ဉာဏ်က ကုန်စေခြင်း ခန်းစေခြင်းသည် ဖြစ်ရကား နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းသည် ဆီမီးက ဆီအစေးကို ကုန်စေခြင်း ခန်းစေခြင်းနှင့်တူသည်ဟု ဆိုအပ်၏။

**ဖလူပစာရစကား** — အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကား နိရောဓသစ္စာတည်း၊ အရိယမဂ်-ဉာဏ်၏ အာရုံအကြောင်းတရားတည်း၊ အရိယမဂ်ဉာဏ်ကား အာရမ္မဏိက အကျိုးတရားတည်း။ ကိလေသာကို ကုန်ခန်းစေခြင်းမှာ အကျိုးဖြစ်သော အရိယမဂ်ဉာဏ်ကသာ ကုန်ခန်းစေခြင်း ဖြစ်၏။ အကျိုးဖြစ်သော အရိယမဂ်ဉာဏ်၏ ကိလေသာ အစိုဓာတ် အစေးဓာတ်ကို ကုန်ခန်းစေခြင်းဟူသော အမည်ကို အကြောင်းဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားတော်မြတ်ကြီးအပေါ်၌ တင်စား၍ အကြောင်းဖြစ်သော နိရောဓသစ္စာနိဗ္ဗာန်က ကိ-လေသာ အစိုဓာတ် အစေးဓာတ်ကို ကုန်ခန်းစေသည်ဟု အကျိုး၏အမည်ကို အကြောင်း၌ တင်စား၍ ခေါ်ဝေါ် သုံးစွဲထားသော ဖလူပစာရစကားဟု မှတ်ပါ။

[ဤ - **သစ္စာလေးပါးကို တစ်ပြိုင်နက် သိပုံ အပိုင်း**ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ - ၃၃၁-၃၃၂။ မဟာဋီကာ ဒုတိယတွဲ - ၅၀၃-၅၀၄တို့မှ လိုရင်းကို ထုတ်နုတ်၍ ဖော်ပြအပ်ပါသည်။]

## သစ္စာအနက် (၁၆) ချက်

ကထံ တထဋ္ဌေန စတ္တာရိ သစ္စာနိ ဧကပဋိဝေဓာနိ။ သောဠသဟိ အာကာရေဟိ တထဋ္ဌေန စတ္တာရိ သစ္စာနိ ဧကပဋိဝေဓာနိ။

၁။ **ဒုက္ခဿ** ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော, တထဋ္ဌော။

၂။ **သမုဒယဿ** အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော, တထဋ္ဌော။

၃။ **နိရောဓဿ** နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော, တထဋ္ဌော။

၄။ **မဂ္ဂဿ** နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော, တထဋ္ဌော။

ဣမေဟိ သောဠသဟိ အာကာရေဟိ တထဋ္ဌေန စတ္တာရိ သစ္စာနိ ဧကသင်္ဂဟိတာနိ။ ယံ ဧကသင်္ဂဟိတံ၊ တံ ဧကတ္တံ။ ယံ ဧကတ္တံ၊ တံ ဧကေန ဉာဏေန ပဋိဝိဇ္ဈတီတိ စတ္တာရိ သစ္စာနိ ဧကပဋိဝေဓာနီတိ။

(ပဋိသံ-၂၉၆။ ဝိသုဒ္ဓိ-၂-၃၃၂။)

အဘယ်သို့လျှင် မဖောက်မပြန် မှန်သော သဘောအားဖြင့် သစ္စာလေးပါးတို့သည် တစ်ခုတည်းသော ဉာဏ်ဖြင့် တစ်ပြိုင်နက် တစ်ချက်တည်း ထိုးထွင်း၍ သိအပ်သော အခြင်းအရာ ရှိကုန်သည် ဖြစ်ကုန်သနည်း။ (၁၆)ပါးကုန်သော အခြင်းအရာတို့ဖြင့် မဖောက်မပြန် မှန်သော သဘောအားဖြင့် သစ္စာလေးပါးတို့သည် တစ်ခုတည်းသောဉာဏ်ဖြင့် တစ်ပြိုင်နက် တစ်ချက်တည်း ထိုးထွင်း၍သိအပ်သော အခြင်းအရာရှိကုန်သည် ဖြစ်ကုန်၏။

## ဒုက္ခသစ္စာအနက် (၄) ချက်

**ပီဠနဋ္ဌ** — ဒုက္ခဒုက္ခတာ တံနိမိတ္တတာဟိ အနိဋ္ဌတာ ပီဠနဋ္ဌော။ (မူလဋီ-၂-၅၀။)

**၁။ ပီဠနဋ္ဌ** — ဒေါသမူဒွေး၌ ယှဉ်သော စေတသိကဒေါမနဿဝေဒနာဟူသော စိတ်ဆင်းရဲရသည့် ခံစားချက်, ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ယှဉ်သော ကာယိကဒုက္ခဝေဒနာဟူသော ကိုယ်ဆင်းရဲရသည့် ခံစားချက် — ဤခံစားချက် = ဝေဒနာ နှစ်မျိုးတို့ကား သဘာဝအားဖြင့်လည်းကောင်း, ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲ မပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသော တရားမှန်သမျှသည် ဒုက္ခချည်း အမည်ရနိုင်သောကြောင့် အမည်နာမ အားဖြင့်လည်းကောင်း အစစ်အမှန် ဒုက္ခဖြစ်သောကြောင့် အမှန်ဆင်းရဲသောကြောင့် ဒုက္ခဒုက္ခတာ မည်၏။ ထိုဒုက္ခဖြစ်ခြင်း၏ အကြောင်းတရားဟူသမျှသည် တံနိမိတ္တတာ မည်၏။ တရားကိုယ်မှာ သုခဝေဒနာ ဥပေက္ခာ

ဝေဒနာနှင့် ကြွင်းသော တေဘူမကသင်္ခါရတရားစုတို့တည်း။ သုခဝေဒနာသည် တည်ခိုက် သုခဖြစ်သော်လည်း ဖောက်ပြန်ပျက်စီးသွားပါက ဒုက္ခပင် ဖြစ်ရ၏၊ ဆင်းရဲရ၏။ သို့အတွက် အရှည်မတည်ဘဲ ဖောက်ပြန်ပျက်စီးသွားခြင်းသည် သို့မဟုတ် ဖောက်ပြန်ပျက်စီးသွားတတ်သော သုခဝေဒနာသည် ထိုဒုက္ခဝေဒနာဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်၏၊ တံနိမိတ္တတာတည်း။ (သုခါ ဝေဒနာ ဌိတိ သုခါ ဝိပရိဏာမဒုက္ခာ – မ-၁-၃၇၇။) ဥပေက္ခာဝေဒနာနှင့် ကြွင်းသော တေဘူမကသင်္ခါရတရား မှန်သမျှသည် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသောကြောင့် သင်္ခါရဒုက္ခ မည်၏။ ယင်းသင်္ခါရဒုက္ခ အမည်ရသော တေဘူမကသင်္ခါရတရားစုသည်လည်း ကာယိကဒုက္ခ စေတသိကဒုက္ခဟူသော ဒုက္ခအမျိုးမျိုးဖြစ်ရခြင်း၏ အကြောင်းရင်းပင် ဖြစ်၏၊ တံနိမိတ္တတာတည်း။ ဝိပ္ပလ္လာသမကင်းသေးသူတို့အဖို့ ဖြစ်ပေါ်နေကြရသော ကာယိကဒုက္ခ စေတသိကဒုက္ခ မှန်သမျှသည် ယင်းတေဘူမကသင်္ခါရတရားတို့ကို အကြောင်းပြု၍ပင် ဖြစ်ကြရ၏၊ ထိုကြောင့် ယင်းတေဘူမက သင်္ခါရတရားစုသည် = ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားမှန်သမျှသည် ဒုက္ခဖြစ်ရခြင်း၏ အကြောင်းရင်း တံနိမိတ္တတာတည်း။ ထိုကြောင့် ဒုက္ခဒုက္ခ အမည်ရသော ဒုက္ခဝေဒနာ, ဝိပရိဏာမဒုက္ခ အမည်ရသော သုခဝေဒနာ, သင်္ခါရဒုက္ခ အမည်ရသော ဥပေက္ခာဝေဒနာနှင့် ကြွင်းသော တေဘူမကသင်္ခါရတရား မှန်သမျှသည် အရိယာသူတော်ကောင်းတို့၏ ဉာဏ်အမြင်၌ အလိုမရှိအပ်သော အနိဋ္ဌ တရားစုသာ ဖြစ်သည်၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော ဒုက္ခသုံးမျိုးတို့ဖြင့် အနှိပ်စက်ခံရခြင်း သဘောရှိသော = ပီဠနဋ္ဌ သဘောရှိသော တရားစုသာ ဖြစ်သည်။

တထာ ပီဠနံ ပန မဂ္ဂဖလာနမ္ပိ အတ္ထိ။ တသ္မာ ဧတေ ဓမ္မာ ဒုက္ခသစ္စပရိယာပန္နတ္တေန သင်္ခါရဒုက္ခံ နာမာတိ ဝေဒိတဗ္ဗာ။ (အဘိ-ဋ္ဌ-၂-၈၈။)

ဘုံသုံးပါးအတွင်း၌ တည်ရှိသော တေဘူမကသင်္ခါရတရား မှန်သမျှသည် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယ ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသည့်အတွက် သင်္ခါရဒုက္ခ အမည်ရသကဲ့သို့ ထို့အတူ မဂ်စိတ္တုပ္ပါဒ် = မဂ်စိတ်စေတသိက်, ဖိုလ်စိတ္တုပ္ပါဒ် = ဖိုလ်စိတ်စေတသိက်တရားတို့သည်လည်း ထိုဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရသော ဥဒယဗ္ဗယပဋိပီဠနသဘော ရှိသောကြောင့် မုချ မဟုတ် ပရိယာယ်အားဖြင့် ဒုက္ခသစ္စာ၌ ပါဝင်ရကား သင်္ခါရဒုက္ခမည်၏ဟု သိရှိပါလေ။ (အဘိ-ဋ္ဌ-၂-၈၈။)

ပုဂ္ဂလဟိံသနံ ဝါ **ပီဠနံ**။ (မူလဋီ-၂-၅၀။)

**ပီဠနဋ္ဌော** တံသမင်္ဂိနော သတ္တဿ ဟိံသနံ အဝိပ္ဖါရိကတာကရဏံ။ (မဟာဋီ-၁-၂၅၇။)

တစ်နည်း — ဒုက္ခဖြစ်သောအခါ ခန္ဓာအစဉ်၏ မစည်ပင်ခြင်း ညှိုးနွမ်းခြင်းသည် ဒုက္ခက ထိုဒုက္ခသစ္စာ အမည်ရသော ခန္ဓာငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ညှဉ်းဆဲခြင်းတည်း။ ထိုသို့ ဒုက္ခက ညှဉ်းဆဲထားသော-ကြောင့်ပင် ဆင်းရဲသူတို့သည် အသက်ပင်ငယ်ငြားသော်လည်း မရွှင်လန်းဘဲ ညှိုးညှိုးနွမ်းနွမ်း ဖြစ်ကြရလေသည်။ လိုရင်းအချုပ်ကား ဒုက္ခဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခဟူသော ဒုက္ခသုံးမျိုး၏ လိုချင်စရာ မကောင်းလောက်-အောင် အနှိပ်စက်ခံရမှုသဘောကား ဒုက္ခသစ္စာ အမည်ရသော ခန္ဓာငါးပါး၏ ပီဠနဋ္ဌသဘောတည်းဟု မှတ်ပါ။

ထို ပီဠနဋ္ဌဒုက္ခ၏ အမြင့်မားဆုံးသော နယ်မြေကား အပါယ် လေးဘုံတည်း၊ ထိုတွင်လည်း ငရဲဘုံကား ထိပ်ဆုံးက တည်နေပေ၏။ သုဂတိဘုံတို့၌လည်း ထိုပီဠနဋ္ဌဒုက္ခ၏ ဒဏ်ချက်မှာ ပြင်းထန်သည်သာဖြစ်ပေသည်။ အယုတ်ဆုံးအားဖြင့်ကား သင်္ခါရတရား မှန်သမျှတို့သည် ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံရနေသည်သာ ဖြစ်ကြသည်။

၂။ **သစ်တဋ္ဌ** — ယင်းဒုက္ခသစ္စာ အမည်ရသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း = ပဋိစ္စသမုပ္ပါဒ်ပိုင်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အဝိဇ္ဇာ တဏှာ ဉပါဒါန် သင်္ခါရ ကံ အာဟာရ ဖဿစသော ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့က ပြုစီမံပေးပါမှ ဖြစ်ပေါ်လာနိုင်သော ဖြစ်ပေါ်လာရသော သဘောတရားတို့တည်း။ ယင်းသို့ ဒုက္ခသစ္စာ အမည်ရသော သင်္ခတ ရုပ်နာမ်တရားစု၏ အကြောင်းတရားတို့က အညီအညွတ် ပေါင်းစု၍ အတူတကွဖြစ်၍ ဖြစ်ပေါ်လာအောင် ပြုစီမံအပ်သည်၏ အဖြစ်ဟူသော သဘောသည် **သစ်တဋ္ဌ** သဘောတည်း။

ယင်းသို့ ပြုစီမံရခြင်းသည်လည်း ဒုက္ခသာတည်း။ အပါယ်ရောက်ကြောင်း အကုသိုလ်ဒုစရိုက်တို့ကို ပြုစုပျိုးထောင်ရာ၌ပင်လျှင် ကိုယ်ဆင်းရဲရမှု စိတ်ဆင်းရဲရမှု စသည့် ဒုက္ခဒုက္ခ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခဒဏ်ချက်တို့က ဝိုင်းရံကာ ညှဉ်းပန်းနှိပ်စက်လျက်ပင် ရှိ၏။ ရိုးရိုးသာမန်သာဝကများကို မဆိုထားဘိ အလောင်းတော်ကြီးများပင်သော်မှလည်း သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိရေးအတွက် တာစူလျက် ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးရာ၌ အသက်ကို စွန့်ရ၏၊ အင်္ဂါခြေလက်ကို စွန့်ရ၏၊ သားကို စွန့်ရ၏၊ သမီးကို စွန့်ရ၏၊ ဇနီးမယားကို စွန့်ရ၏၊ စည်းစိမ်ဥစ္စာတို့ကို စွန့်ရ၏၊ ထီးနန်းကို စွန့်ရ၏၊ သင်္ခတဒုက္ခဒဏ်ချက်၏ ကြီးမားပုံတည်း။ ဒါနသည် သူဌေးတစ်ဦးကို တစ်နေ့တာ အတွင်း၌ပင် သူဆင်းရဲ ဖြစ်စေနိုင်၏။ သီလဟူသည်မှာလည်း ဆင်းရဲငြိုငြင်စွာ ဖြည့်ကျင့်ရသောသဘော ရှိ၏၊ သမထ ဝိပဿနာတို့ကို အားထုတ်ရာ၌လည်း အပြင်းအထန် ကြိုးပမ်းရသဖြင့် သင်္ခတ ဒဏ်ချက်ကား ကြီးမားလှသည်သာ ဖြစ်ပေသည်။ ဘဝတစ်ခု ဖြစ်ပေါ်လာအောင် ထိုထို ဘုံဘဝသို့ ရောက်ကြောင်း ကုသိုလ် အကုသိုလ်တို့ကို ပြုစုပျိုးထောင်ရခြင်းဟူသမျှသည် သင်္ခတဒုက္ခသဘောချည်းသာတည်း။

၃။ **သန္တာပဋ္ဌ** — ဒုက္ခသစ္စာ အမည်ရသော သင်္ခတတရားစု၏ အထက်တွင် ဖော်ပြခဲ့သော ဒုက္ခဒုက္ခတာ, တံနိမိတ္တတာ = တကယ်ကိုယ်ဆင်းရဲ စိတ်ဆင်းရဲရခြင်း, ထိုကိုယ်ဆင်းရဲ စိတ်ဆင်းရဲရခြင်း၏ အကြောင်းရင်းဖြစ်ခြင်း ဟူသော နှစ်မျိုးသော အခြင်းအရာတို့ဖြင့် ပြင်းစွာပူလောင်ခြင်း အနက်သဘောသည် **သန္တာပဋ္ဌ**သဘောတည်း။ တစ်နည်း – ကိလေသာတည်းဟူသော ပူလောင်စေတတ် နှိပ်စက်တတ်သော အပူဓာတ်နှင့် ဒုက္ခသစ္စာ အမည်ရသော တရားစု၏ ရုပ်နာမ်သန္တတိအစဉ် တစ်ခုအတွင်း၌ အတူယှဉ်တွဲ၍ နေရခြင်းသဘောသည် **သန္တာပဋ္ဌ** သဘောတည်း။ တစ်နည်း – ဒုက္ခသစ္စာဖြစ်သော သင်္ခတတရားစုသည် မိမိ၏ ပင်ကိုသဘောအားဖြင့် ဆင်းရဲ နာကျင်ခြင်းသဘောကို ဆောင်ထားနိုင်သော ထက်မြက်သော သဘောရှိ၏၊ ဤသို့ မိမိသဘောအားဖြင့်ပင် ထက်မြက်သည်၏ အဖြစ်သည် **သန္တာပဋ္ဌ** = ပြင်းစွာပူလောင်ခြင်း သဘောပင်ဖြစ်သည်။

သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် စေ့စေ့ ငုငု ကြည့်ရှုဆင်ခြင်ကာ လင်းလင်းမြင်သိပြီးသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအဖို့ ဒုက္ခသစ္စာတရားစုတို့၏ ယင်း သန္တာပဋ္ဌသဘောကို ရှင်းရှင်းကြီး ထင်းထင်းကြီး တွေ့မြင်နေမည်သာ ဖြစ်ပေသည်။

၄။ **ဝိပရိဏာမဋ္ဌ** — ပဋိသန္ဓေတည်နေရခြင်းဇာတိ အမည်ရသော ဒုက္ခသစ္စာတရား၏ အိုခြင်းဇရာတရား, တစ်ဘဝတစ်ခါ သေကျေပျက်စီးရခြင်း မရဏတရားဟူသော နှစ်မျိုးသောအပြားအားဖြင့် ဖောက်ပြန်ပျက်စီး ရခြင်း သဘောတရားသည် **ဝိပရိဏာမဋ္ဌ**သဘောတည်း။ ဤကား သမုတိသစ္စာတည်း။ ပရမတ္ထသစ္စာအားဖြင့်-ကား ဥပါဒ်အနေအားဖြင့် ထင်ရှားဖြစ်ပွားလာသော ခန္ဓာငါးပါးကား ဒုက္ခသစ္စာတရားစုတည်း။ ယင်း ဒုက္ခသစ္စာ တရား၏ ဖြစ်ခြင်းဥပါဒ်အနေဖြင့်သာ အမြဲတမ်း တည်မနေဘဲ တည်ခြင်းဌီဟူသော ဇရာ, ပျက်ခြင်းဘင်ဟူသော မရဏ — ဤနှစ်မျိုးသော အပြားအားဖြင့် ဖောက်ပြန်ပျက်စီးရခြင်း သဘောတရားသည် **ဝိပရိဏာမဋ္ဌ**သဘောတည်း။

## မှတ်သားထားရန် ထူးခြားချက်

ဒုက္ခသစ္စာအတွက် သဘောအနက် (၄)ချက်ရှိရာဝယ် **ပီဠနဋ္ဌ**အနက်သည် အခြားသစ္စာတို့ကို မထောက်ရဘဲ မိမိဒုက္ခသစ္စာ၏ သဘောရင်းအတိုင်း ထင်ရှားသော အနက်သဘောတည်း။ **သင်္ခတဋ္ဌ**သည် ဒုက္ခသစ္စာကို ပြုစီမံတတ်သော သမုဒယသစ္စာကို ထောက်၍ “ဒုက္ခသစ္စာဟူသမျှသည် တဏှာသမုဒယသစ္စာက ပြုစီမံအပ်သော သင်္ခတ တရားချည်းပါတကား”ဟု ထင်ရှားလာရသော အနက်သဘော ဖြစ်၏။ **သန္တာပဋ္ဌ**သည် အမတဓာတ် အမြိုက်ရေစင်၏ သန္တိသုခ အငြိမ်းဓာတ် အရသာကို သောက်သုံးနေရသော အေးမြသော မဂ္ဂသစ္စာကို ထောက်၍ “ဖြစ်-ပျက်နေသော သို့မဟုတ် ပျက်နေသော သင်္ခတဒုက္ခသစ္စာတရား မှန်သမျှသည် မဂ်ကဲ့သို့ မအေးမြဘဲ အမှန်ပူသော ဒုက္ခပါတကား”ဟု ထင်ရှားလာရသော အနက်သဘော ဖြစ်၏။ (ယောဂါဝစရပုဂ္ဂိုလ်သည် အသင်္ခတနယ်၏ အေးမြပုံကို ထောက်ဆ၍ သင်္ခတနယ်၏ ပူလောင်ပုံကို သိလာနိုင်သည် ဟူလိုသည်။) **ဝိပရိဏာမဋ္ဌ** အနက်သဘောသည် မဖောက်ပြန်သော နိရောဓနိဗ္ဗာန်ကို ထောက်၍ (= မဖြစ် မပျက်သော နိရောဓသစ္စာ နိဗ္ဗာန်ကို ထောက်၍) “ဒုက္ခသစ္စာ သင်္ခတတရားစုသည် နိဗ္ဗာန်ကဲ့သို့ မဖောက်မပြန် မဟုတ်ဘဲ = မဖြစ် မပျက်သည့် ဓာတ်သဘာဝမဟုတ်ဘဲ ဇရာအားဖြင့်လည်းကောင်း မရဏအားဖြင့်လည်းကောင်း ဖောက်ပြန်ပျက်စီးတတ်သော = ဖြစ်-ပျက်နေသော ဒုက္ခတွေပါတကား”ဟု ထင်ရှားလာရသော အနက်ဖြစ်သည်။ (မူလဋီ-၂-၅၀။)

ဒုက္ခသစ္စာ၏ လေးမျိုးကုန်သော ဤအနက်သဘောတရားတို့သည် မှန်ကုန်၏၊ မမှန်ကန် မဟုတ်ကုန်၊ မချွတ်ယွင်းကုန်၊ ဒုက္ခသစ္စာတရားတို့သည် ပီဠနစသော လေးမျိုးသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထိုကြောင့် သစ္စာမည်ပေသည်။

## သမုဒယသစ္စာအနက် (၄) ချက်

၁။ **အာယူဟနဋ္ဌ** — ထိုထိုဘဝ ထိုထိုအာရုံတို့၌ အလွန်နှစ်သက်ခြင်း၏ အစွမ်းဖြင့် ဒုက္ခအစုကို ပြုခြင်းသည် ဒုက္ခကို ဖြစ်စေခြင်းသည် = ဒုက္ခအစုကို ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်ခြင်းသည် **အာယူဟန** မည်၏။ တစ်နည်း – ဒုက္ခသစ္စာတရားစုသည် သမုဒယသစ္စာကြောင့် ဖြစ်ပေါ်လာတတ်သောကြောင့် အာယ မည်၏။ ထို အာယမည်သော ဒုက္ခသစ္စာကို ဖြစ်စေခြင်း သဘောတရားသည် **အာယူဟန** မည်၏။ ဤအာယူဟန အနက်သဘောတရားသည် သမုဒယသစ္စာ၏ မိမိသဘောအားဖြင့် မိမိသဘောအတိုင်း ထင်ရှားစွာ ဖြစ်ပေါ်လာသော အခြင်းအရာ အနက်သဘောတည်း။ (အခြားအခြားသော သစ္စာတို့ကို ထောက်၍ ရရှိသော အနက်သဘော မဟုတ် ဟူလိုသည်။)

၂။ **နိဒါနဋ္ဌ** — ဒုက္ခသစ္စာတရားစုကို အပ်နှင်းတတ် အပ်နှင်းသကဲ့သို့ ဖြစ်တတ်သောကြောင့် **နိဒါန** မည်၏။ “ထိုဒုက္ခဟူသည် ဤဟာတည်း”ဟု လက်ခံစေသကဲ့သို့ အပ်နှင်းသကဲ့သို့ ဒုက္ခကို ဖြစ်ပေါ်စေတတ်၏ဟု ဆိုလိုသည်။ ဒုက္ခသစ္စာကို သိမြင်ပါမှ ဒုက္ခသစ္စာကို သိမြင်ရခြင်းကြောင့် သမုဒယသစ္စာ၏ ဤ**နိဒါနဋ္ဌ** အနက်သဘောတရားသည် ထင်ရှား ဖြစ်ပေါ်လာပေသည်။ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံဟူသော သမုဒယသစ္စာကြောင့် ဤဘဝတွင် ပဋိသန္ဓေ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၏ ထင်ရှားဖြစ်ပုံ စသည်ကို ကိုယ်တိုင်မျက်မှောက် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ထွင်းဖောက်သိမြင်သောအခါ ဤနိဒါနဋ္ဌ အနက်သဘောသည် ထင်ရှားနေမည် ဖြစ်ပေသည်။ ကာလသုံးပါးလုံး၌ နည်းတူ သဘောပေါက်ပါ။

၃။ **သံယောဂဋ္ဌ** — သမုဒယသစ္စာ၏ သံသရာဝဋ်ဆင်းရဲဒုက္ခနှင့် ယှဉ်တွယ်စေခြင်း မကွာနိုင်အောင် ကပ်ထားခြင်း သဘောသည် **သံယောဂဋ္ဌ** မည်၏။ သံသရာဝဋ်ဒုက္ခမှ မလွတ်ရအောင် ဖွဲ့နှောင်ထားခြင်း အနက်

သဘောတည်း။ သမုဒယသစ္စာ၏ ဤသံယောဂဋ္ဌ အနက်သဘောတရားသည် သံသရာ၌ မယှဉ်သော နိရောဓ သစ္စာကို သိမြင်ရခြင်းကြောင့် ထင်ရှားလာ၏။ ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ်ဖြစ်မှုကို သံသရာဟု ခေါ်၏၊ ဖြစ်-ပျက်နေသော ပျက်ပျက်နေသော ရုပ်နာမ်သင်္ခတတရားစုတည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် သံသရာဟု ခေါ်ဆိုအပ်သော သင်္ခတတရားတို့၏ အပျက်ကို ရှုနေရာမှ မဖြစ်-မပျက်သည့် ပျက်ခြင်းသဘောတရား မရှိသည့် အသင်္ခတဓာတ် နိရောဓသစ္စာကို မျက်မှောက်ပြုမိသွား၏။ ထိုအသင်္ခတဓာတ် နိရောဓသစ္စာကား ဖြစ်မှု-ပျက်မှု မရှိသဖြင့် ဖြစ်-ပျက် သင်္ခတသံသရာနှင့် မယှဉ်သော တရားဖြစ်၏။ ယင်းသံသရာနှင့် မယှဉ်သော အသင်္ခတဓာတ် နိရောဓသစ္စာကို မြင်ရခြင်းကြောင့် သံသရာ၌ ယှဉ်စေခြင်းဟူသော အခြင်းအရာရှိသော သမုဒယသစ္စာ၏ သံ-ယောဂဋ္ဌအနက်သဘောတရားသည် ထင်ရှားလာသည် ဟူလိုသည်။ အကြောင်း သမုဒယသစ္စာတရား ထင်ရှား ရှိခြင်းကြောင့် ဖြစ်ခြင်းကြောင့် အကျိုး ဒုက္ခသစ္စာတရား၏ ထင်ရှားရှိပုံ ထင်ရှား ဖြစ်နေပုံကိုလည်းကောင်း, အကြောင်း သမုဒယသစ္စာတရားတို့၏ ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးဒုက္ခသစ္စာတရားတို့၏ ချုပ်ငြိမ်းပုံကို လည်းကောင်း ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် သိအောင် ရှုမြင်ထားပြီးဖြစ်သော ထိုယောဂါဝစရပုဂ္ဂိုလ် အဖို့ နိရောဓသစ္စာကို အရိယမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုမိသောအခါ ထိုသမုဒယသစ္စာ၏ ဒုက္ခသစ္စာတရား တွေကို ထပ်ကာထပ်ကာ အဆက်မပြတ် ယှဉ်စေခြင်း ဖြစ်စေခြင်း သံယောဂဋ္ဌ အနက်သဘောမှာ ထင်ရှားပေါ်-လွင်ပြီးသာ ဖြစ်နေပေသည်ဟု ဆိုလိုပေသည်။

၄။ **ပလိဗောဓဋ္ဌ** — သံသရာမှ ထွက်မြောက်သွားကြောင်းဖြစ်သော အရိယမဂ်တရားကို နှောင့်ယှက်တား-မြစ်ခြင်း မြစ်တားဟန့်ဆီးခြင်း အနက်သဘောသည် သမုဒယသစ္စာ၏ **ပလိဗောဓဋ္ဌ** အနက်သဘောတည်း။ ရုပ်နာမ်သင်္ခတတရားတို့၏ ချုပ်ဆုံးရာ ဖြစ်ပျက်သင်္ခတတရားတို့၏ မရှိရာဖြစ်သည့် မဖြစ်မပျက်သည့် အသင်္ခတ ဓာတ် နိရောဓသစ္စာကို အာရမ္မဏပဋိဝေဓ = အာရုံမျက်မှောက် တိုက်ရိုက်ထွင်းဖောက် သိမြင်ခြင်းဖြင့် အရိယ မဂ်ဉာဏ်က မျက်မှောက်ပြုမိသောအခါ သံသရာမှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်းဖြစ်သည့် ဖြစ်ပျက်သင်္ခတတရားတို့မှ လွတ်မြောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် မဂ္ဂင် (၈)ပါး မဂ္ဂသစ္စာတရားကိုလည်း အသမ္မောဟပဋိဝေဓ = မသိအောင် ဖုံးလွှမ်းထားသည့် မောဟကို ပယ်သတ်သော သဘောအားဖြင့် ထိုးထွင်း သိခြင်းကိစ္စ ပြီးစီးသွား၏။ ထိုသို့ ဖြစ်ပျက်သံသရာမှ ထွက်မြောက်ကြောင်း ကျင့်စဉ်ဖြစ်သည့် မဂ္ဂသစ္စာကို သိမြင် ရခြင်းကြောင့် သမုဒယသစ္စာ၏ သံသရာမှ ထွက်မြောက်ကြောင်း အရိယမဂ်ကို တားမြစ်ခြင်း အခြင်းအရာ-ကိုလည်း ဉာဏ်သက်ဝင်ပြီး ဖြစ်သွားသည်။ မဂ္ဂသစ္စာကား သံသရာမှ ထွက်မြောက်ကြောင်း တရားတည်း။ သမုဒယသစ္စာကား သံသရာ၌ လည်ပတ်ကြောင်း တရားတည်း။ သံသရာမှ မထွက်မြောက်ကြောင်း တရားတည်း။ သံသရာမှ ထွက်မြောက်ကြောင်း တရားကို သိမြင်သောအခါ သမုဒယသစ္စာသည် သံသရာမှ မထွက်မြောက်-အောင် သံသရာမှ ထွက်မြောက်ကြောင်း တရားကို တားမြစ်နှောင့်ယှက်နေသော တရားဟု သိမြင်လာရသည် ဟူလို။

သမုဒယသစ္စာ၏ လေးမျိုးကုန်သော ဤအနက်သဘောတရားတို့သည် မှန်ကုန်၏ မမှန်မဟုတ်ကုန် မချွတ် ယွင်းကုန်၊ အာယူဟနစသော လေးမျိုးသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထို့ကြောင့် သစ္စာ မည်ပေသည်။

## နိရောဓသစ္စာအနက် (၄) ချက်

၁။ **နိဿရဏဋ္ဌ** — ဤနိဗ္ဗာန်ဟူသော အာရုံသည် အရိယာတို့၏ သန္တာန်၌ ရရှိလတ်သော် = အရိယာတို့၏ ရုပ်နာမ်သန္တာန်အစဉ်၌ ဖြစ်ပွားသွားသော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သိမြင် လတ်သော် ဤနိဗ္ဗာန်ဟူသော အာရုံကြောင့် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်ရသော အရိယာတို့သည်

သံသရာမှ ထွက်မြောက်ကြရကုန်၏၊ ထိုသို့ သံသရာမှ ထွက်မြောက်ကြောင်း၏ အဖြစ်ကြောင့် ထိုနိဗ္ဗာန်သည် **နိဿရဏ** မည်၏။ တစ်နည်း —

၁။ ကာမူပဓိဟူသော အာရုံငါးပါး ကာမဂုဏ်တရား,

၂။ ခန္ဓူပဓိဟူသော ခန္ဓာ ငါးပါး,

၃။ ကိလေသူပဓိဟူသော ကိလေသာ ဆယ်ပါး,

၄။ အဘိသင်္ခါရူပဓိဟူသော ဘဝသစ်ခန္ဓာကို ပြုစီမံတတ်သော အဘိသင်္ခါရကံတရား —

ဤအလုံးစုံသော ဥပဓိတရားတို့၏ စွန့်လွှတ်ရာ၏ အဖြစ်ကြောင့် အလုံးစုံသော ဥပဓိတရားတို့ကို စွန့်လွှတ်ရာ ဖြစ်သောကြောင့် ဥပဓိအားလုံးတို့၏ ကင်းဆိတ်ရာ မရှိရာ ဖြစ်သောကြောင့် နိဗ္ဗာန်ဟူသော မိမိသည်ပင် အလုံးစုံသော သင်္ခတတရားတို့မှ ထွက်မြောက်၏၊ သင်္ခတတရားတို့နှင့် မယှဉ်၊ ထိုကြောင့် ထိုနိဗ္ဗာန်သည် အလုံးစုံသော သင်္ခတတရားတို့မှ ထွက်မြောက်တတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့် **နိဿရဏ** မည်၏။

တစ်နည်း — အသင်္ခတနိဗ္ဗာန်က အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသောကြောင့် ထိုနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာရသော အာရမ္မဏိက = အာရုံပြုတတ်သော အရိယမဂ်ဉာဏ်သည် ကိလေသာတို့ကို အဆင့်ဆင့် ပယ်သတ်လိုက်၏၊ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်လိုက်သဖြင့် ကိလေသာ အဖော်ရရှိပါမှ အကျိုးပေးနိုင်သော ကံတရားတို့သည်လည်း အကျိုးပေးခွင့်ကို မရကြတော့ပေ။ ကံ-ကိလေသာတို့သည် ချုပ်ငြိမ်းသွားကြသဖြင့် ကံ-ကိလေသာတို့ကြောင့် ဖြစ်ပေါ်လာရမည့် ဝိပါကဝဋ် ခန္ဓာငါးပါး သင်္ခတတရားတို့-သည်လည်း ဖြစ်ခွင့်ကို မရကြတော့ပြီ ဖြစ်၏။ ဥပဓိအားလုံးတို့သည် ချုပ်ငြိမ်းသွားကြ၏။ ထိုကြောင့် အသင်္ခတ ဓာတ် နိဗ္ဗာန်တရားတော်မြတ်သည် ဥပဓိအားလုံးတို့မှ ကျွတ်လွတ်ခြင်း၏ အကြောင်းရင်းတရား ဖြစ်ရပေသည်။ ယင်းသို့ ဥပဓိအားလုံးတို့မှ ကျွတ်လွတ်ခြင်း၏ အကြောင်းရင်းတရား ဖြစ်ခြင်းဟူသော အနက်သဘောတရားသည် နိရောဓသစ္စာ၏ **နိဿရဏဋ္ဌ** အနက်သဘောတရားပင် ဖြစ်သည်။

နိဿရန္တိ ဧတ္ထ သတ္တာ, သယမေဝ ဝါ နိဿဋံ ဝိသံယုတ္တံ သဗ္ဗသင်္ခတေဟိ သဗ္ဗူပဓိပဋိနိဿဂ္ဂဘာဝတောတိ **နိဿရဏံ**။ (မူလဋီ-၂-၅၀။)

နိရောဓေ **နိဿရဏဋ္ဌော** သဗ္ဗူပဓီနံ ပဋိနိဿဂ္ဂသဘာဝတ္တာ တတော ဝိနိဿဋတာ၊ တန္နိဿရဏ-နိမိတ္တတာ ဝါ။ (မဟာဋီ-၁-၂၅၇။)

ထိုနိရောဓသစ္စာ၏ ဤနိဿရဏဋ္ဌ = နိဿရဏ အနက်သဘောသည် မိမိ၏ထင်ရှားရှိခြင်း အနက်သဘော အားဖြင့် ထင်ရှားစွာ ဖြစ်ပေါ်လာရသော အခြင်းအရာ အနက်သဘောတည်း။ (အခြားသော သစ္စာတို့ကို ထောက်-ဆ၍ သိရှိရသော အနက်သဘောတရား မဟုတ် ဟူလိုသည်။)

၂။ **ဝိဝေကဋ္ဌ** တဏှာ သမုဒယမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော အနက်သဘောသည် နိရောဓသစ္စာ၏ **ဝိဝေကဋ္ဌ** အနက်သဘော မည်၏။ တဏှာ ကင်းဆိတ်ခြင်းကြောင့် တဏှာဟူသော အဖော်သဟာယ်ကို ရရှိပါမှ အကျိုးပေးနိုင်စွမ်းရှိသော ကံသည်လည်း ကင်းဆိတ်သွား၏။ ကံ-ကိလေသာ ကင်းဆိတ်ခြင်းကြောင့် ကံ ကိလေသာကြောင့် ဖြစ်ရမည့် ဝိပါကဝဋ် သင်္ခတတရားတို့မှလည်း ကင်းဆိတ်တော့သည်သာ ဖြစ်၏။ အလုံးစုံသော သင်္ခါရတရားတို့နှင့် မယှဉ်မနှော သင်္ခါရတရားတို့မှ ကင်းဆိတ်ခြင်း သဘောသည်လည်း နိရောဓသစ္စာ၏ **ဝိဝေကဋ္ဌ** အနက်သဘောပင် မည်၏။

နိရောဓသစ္စာသည် တဏှာ၏ ကုန်ကြောင်း သင်္ခတတရား၏ ကုန်ကြောင်း ဖြစ်ရကား သမုဒယတဏှာမှ ကင်းဆိတ်၏၊ ဖြစ်-ပျက်သင်္ခတတရားမှ ကင်းဆိတ်၏။ ထိုကြောင့် နိရောဓသစ္စာ၏ ဝိဝေကဋ္ဌ အနက်သဘောသည်

ဝိဝေက မဟုတ်သော သမုဒယကို ဝိဝေက မဟုတ်သော သင်္ခတကို အသမ္မောဟပဋိဝေဓအားဖြင့် အရိယမဂ်က သိမြင်ရခြင်းကြောင့် ထင်ရှားလာရသော နိရောဓသစ္စာ၏ အနက်တစ်ပါး ဖြစ်သည်။

၃။ **အသင်္ခတဋ္ဌ** — အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော တစ်စုံတစ်ခုသော မည်သည့် အကြောင်းတရားသော်မှ မပြုပြင်အပ်သည်၏ အဖြစ်ဟူသော အနက်သဘောသည် နိရောဓသစ္စာ၏ **အသင်္ခတဋ္ဌ** အနက်သဘော မည်၏။ နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကြီးကို သိရကြောင်းဖြစ်သော အရိယမဂ်တရားသော်မှ အဆင့်ဆင့်သော ဝိပဿနာဉာဏ်တို့က အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှ ဖြစ်ပေါ်လာရသော အကြောင်းတရား ထင်ရှားရှိသော သပ္ပစ္စယတရားသာ ဖြစ်၏၊ အကြောင်းတရားတို့က ပြုပြင်ပေးပါမှ ဖြစ်ပေါ်လာရသော သင်္ခတတရားသာ ဖြစ်၏။ အရိယမဂ်တရားသော်မှလည်း သပ္ပစ္စယသဘော သင်္ခတသဘောမှ မကင်းနိုင်သေးပေ။ ထိုသို့ အရိယမဂ်တရား၏ သင်္ခတဖြစ်ပုံကို မြင်ရခြင်းကြောင့် နိရောဓသစ္စာ၏ အသင်္ခတအနက်သည် ထင်ရှားလာရသော အနက်တစ်ပါး ဖြစ်၏။ မဂ္ဂသစ္စာ၏ သင်္ခတဖြစ်ပုံကို ထောက်ဆ၍ နိရောဓသစ္စာ၏ အသင်္ခတဖြစ်ပုံသည် ထင်ရှားလာရသည် ဟူလို။

၄။ **အမတဋ္ဌ** — နိရောဓသစ္စာ နိဗ္ဗာန်တရားတော်မြတ်သည် မြဲသော နိစ္စသဘောရှိသောကြောင့်, တစ်နည်း သတ္တဝါတို့၏ သေခြင်း မရှိခြင်း၏ အကြောင်းတရားဖြစ်သောကြောင့် မအို မသေ အမတတော်၏ အဖြစ်ဟူသော သဘောသည် မပျက်သောသဘောသည် ပျက်ခြင်းမရှိသော သဘောသည် နိရောဓသစ္စာ၏ **အမတဋ္ဌ** အနက်သဘော မည်၏။

မရဏသဘောရှိသည့်အတွက် ပျက်၍ ပျက်၍ နေရသော သင်္ခတဒုက္ခသစ္စာတရားကို သိမြင်ရခြင်းကြောင့် မရဏသဘော မရှိသော နိရောဓသစ္စာ နိဗ္ဗာန်တရားတော်၏ အမတဋ္ဌ အနက်သဘောသည်လည်း ထင်ရှားလာရပြန်ပေသည်။ ဝိပဿနာပိုင်း၌ ရှုနေသော သင်္ခတတရားတို့ကား အပျက်နယ် ဖြစ်ကြ၏၊ မရဏနယ် ဖြစ်ကြ၏။ ထိုအပျက်နယ်၏ အဆုံးတွင် (= သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူနေသော ဝိပဿနာဉာဏ်၏ အဆုံးတွင်) အရိယမဂ်ဉာဏ်၌ ထင်ရှားပေါ်လာသော အသင်္ခတဓာတ်ကား မပျက်နယ် ဖြစ်၏၊ မသေရာ အမတနယ် ဖြစ်၏။ သင်္ခတ၏ မရဏသဘောကို ထောက်ဆ၍ အသင်္ခတ၏ အမတသဘောသည် ထင်ရှားလာရပြန်သည် ဟူလို။

နိရောဓသစ္စာ၏ ဤလေးမျိုးကုန်သော အနက်သဘောတရားတို့သည် မှန်ကုန်၏ မမှန် မဟုတ်ကုန် မချွတ်ယွင်းကုန်၊ နိဿရဏစသော လေးမျိုးသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထိုကြောင့် သစ္စာ မည်ပေသည်။

တစ်နည်း – နိဗ္ဗာန်တရားတော်မြတ်သည် သမုဒယတဏှာ၏ ကုန်ရာဖြစ်သောကြောင့် သမုဒယတဏှာမှ ကင်းဆိတ်ခြင်းသဘော **ဝိဝေကဋ္ဌ**လည်း မည်၏၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံစသော အကြောင်း မရှိသော အပ္ပစ္စယသဘော **အသင်္ခတဋ္ဌ**လည်း မည်၏၊ မပျက်စီးသော ပျက်စီးခြင်းသဘော မရှိသော **အမတဋ္ဌ**–လည်း မည်၏။ (မူလဋီ-၂-၅၀။)

## မဂ္ဂသစ္စာအနက် (၄) ချက်

၁။ **နိယျာနဋ္ဌ** — မဂ္ဂသစ္စာ၏ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း၏ အဖြစ်ဟူသော အနက်သဘောသည် **နိယျာနဋ္ဌ** မည်၏။ ဤ နိယျာနဋ္ဌသဘောသည် ထိုမဂ္ဂသစ္စာ၏ မိမိကိစ္စအားဖြင့် ထင်ရှားသော အခြင်းအရာတည်း။ ဝိပဿနာဉာဏ်တို့ဖြင့် သင်္ခတတရားတို့၏ အပျက်ကို အာရုံပြု၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုနေရာမှ ဝိပဿနာဉာဏ်၏ အဆုံးတွင် ဖြစ်ပေါ်လာသော အရိယမဂ်ဉာဏ်က မပျက်သည့် အသင်္ခတ

ခတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို လှမ်း၍အာရုံယူလိုက်နိုင်၏။ ထို့ကြောင့် အရိယမဂ်ဉာဏ်သည် သင်္ခတအပျက်နယ်မှ ထွက်မြောက်ခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။ **နိယျာနဋ္ဌ**သဘောတည်း။ အရိယ မဂ်ဉာဏ်က ပျက်ခြင်းကင်းသည့် အသင်္ခတဓာတ်ကို အာရုံလှမ်းယူလိုက်သောအခါ အသင်္ခတဓာတ်၏ အအေးရှိန် သန္တိသုခဓာတ်ကြောင့် အရိယမဂ်ဉာဏ်၏ ကိန်းဝပ်ရာ ဖြစ်ပေါ်ရာ သတ္တဝါ၏ ရုပ်နာမ်အစဉ်၌ ကိန်းဝပ်နေသော အနုသယဓာတ်မီးတို့သည် အဆင့်ဆင့် ငြိမ်းအေးသွားကြကုန်၏။ ကိလေသာ ကုန်သဖြင့် ကံများသည်လည်း အဆင့်ဆင့် ကုန်သွားကြရာ ကံ-ကိလေသာကြောင့် ထင်ရှားဖြစ်ရမည့် ဝိပါက်ခန္ဓာအစဉ်တို့သည်လည်း အဆင့် ဆင့် ချုပ်ငြိမ်းသွားကြရ၏။ ဝိပါက်ခန္ဓာတို့၏ အဆင့်ဆင့် ချုပ်ငြိမ်းသွားခြင်းသည် သံသရာဝဋ္ဋဒုက္ခမှ အဆင့်ဆင့် လွတ်မြောက်သွားခြင်းပင် ဖြစ်၏။ ယင်းသို့ သံသရာမှ လွတ်မြောက်ခြင်းသည် အရိယမဂ်ဉာဏ်ကြောင့်သာ ရရှိ လာသော အကျိုးတရားဖြစ်ရကား အရိယမဂ်တရားသည် သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ရခြင်း၏ အကြောင်းရင်း **နိယျာန**တရား ဖြစ်ရပေသည်။

ဤနိယျာနဋ္ဌ သဘောတရားသည် ထိုမဂ္ဂသစ္စာ၏ ဆိုင်ရာဆိုင်ရာ ကိလေသာကို ပယ်သတ်ခြင်းဟူသော မိမိကိစ္စအားဖြင့် ထင်ရှားလာသော အခြင်းအရာ ဖြစ်ပေသည်။

၂။ **ဟေတုဋ္ဌ = ဟေတွဋ္ဌ** — နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း၏အဖြစ်ဟူသော အနက်သဘောသည် မဂ္ဂသစ္စာ၏ **ဟေတုဋ္ဌ** အနက်သဘော မည်၏။

တတ္ထ ပလိဗောဓုပစ္ဆေဒဝသေန နိဗ္ဗာနာဓိဂမော ဝ နိဗ္ဗာနနိမိတ္တတာ **ဟေတွဋ္ဌော**။ (မူလဋီ-၂-၅၀-၅၁။)

**ပလိဗောဓုပစ္ဆေဒဝသေနာ**တိ သမုဒယပ္ပဟာနဝသေန။ (အနုဋီ-၂-၆၁။)

**ဟေတုအတ္ထော** နိဗ္ဗာနဿ သမ္ပာပကဘာဝေါ။ (မဟာဋီ-၁-၂၅၇။)

အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ကို အာရုံပြု၍ အရိယမဂ်တရားသည် ထင်ရှားဖြစ်ပေါ်လာပါမှ ယင်း အရိယမဂ်တရားက မိမိအရိယမဂ်ကို ကန့်ကွက်နှောင့်ယှက်တတ်သော သမုဒယသစ္စာ အမည်ရသော အနုသယ ကိလေသာများကို အဆင့်ဆင့် အကြွင်းမဲ့ ပယ်သတ်နိုင်၏။ အနုသယကိလေသာများ၏ အဆင့်ဆင့် အကြွင်းမဲ့ ကုန်သွားခြင်းကား ကိလေသပရိနိဗ္ဗာန်ဝင်စံရခြင်းပင်တည်း။ သဥပါဒိသေသနိဗ္ဗာန်ကို ရရှိခြင်းတည်း။ ကိလေ- သာများသည် အဆင့်ဆင့်ကုန်သွားကြသဖြင့် ကိလေသာ အစိုဓာတ် အစေးဓာတ်ရှိပါမှ အကျိုးပေးနိုင်စွမ်းရှိသော ကံတို့သည်လည်း ကိလေသာအဖော်သဟာယ်ကို မရရှိသဖြင့် အကျိုးပေးနိုင်သည့် စွမ်းအင်များ ကုန်ဆုံးသွားကြ ရပြန်၏။ ကံ-ကိလေသာတို့၏ စွမ်းအင်များ ကုန်ဆုံးသွားကြသဖြင့် ကံ-ကိလေသာကြောင့် ဖြစ်ကြရမည့် ဝိပါက် ခန္ဓာတို့သည်လည်း အဆင့်ဆင့် ချုပ်ငြိမ်းသွားကြရ၏။ နောက်ဆုံး အရဟတ္တမဂ်သို့ ဆိုက်ရောက်သောအခါ ကိလေသာများသည် အကြွင်းမဲ့ ကုန်သွားကြ၏။ ကိလေသာတို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ထိုရဟန္တာ အရှင်- မြတ်၏ ပရိနိဗ္ဗာနစုတိ၏အခြားမဲ့၌ ခန္ဓာငါးပါးတို့သည်လည်း နောင်တစ်ဖန် ပြန်လည်၍ ဖြစ်ခြင်းသဘော မရှိ- သော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားကြရ၏၊ ခန္ဓပရိနိဗ္ဗာန် ဝင်စံရခြင်းတည်း၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်ခြင်းတည်း။ ထိုသို့ အသင်္ခတဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, သဥပါဒိသေသ နိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ်တို့ကို ရရှိခြင်းသည် အရိယမဂ်တရားကြောင့်သာ ဖြစ်ပေါ်လာနိုင်ရကား မဂ္ဂသစ္စာအမည်ရသော အရိယမဂ်တရားသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းရင်း **ဟေတု** ဖြစ်ရပေသည်။

ဤသို့လျှင် မဂ္ဂသစ္စာ၏ ဟေတုဋ္ဌသဘော ထင်ရှားရခြင်းမှာ သမုဒယသစ္စာကို ထောက်ဆ၍ ထင်ရှားလာ- ရခြင်း ဖြစ်သည်။ သမုဒယသစ္စာ တဏှာကို မြင်ရခြင်းကြောင့် ဤတဏှာသည် ဒုက္ခသစ္စာ၏သာ အကြောင်းရင်း ဖြစ်သဖြင့် နိဗ္ဗာန်ကို ရရှိဖို့ရန် အကြောင်းရင်း မဟုတ်၊ မဂ္ဂသစ္စာ အမည်ရသော ဤမဂ္ဂင် (၈)ပါးသည်သာလျှင်

နိဗ္ဗာန်ကို ရရှိဖို့ရန် အကြောင်းရင်းဖြစ်၏ဟု ဤသို့လျှင် သမုဒယသစ္စာကို မြင်ရခြင်းကြောင့် မဂ္ဂသစ္စာ၏ နိဗ္ဗာန်သို့ ရောက်ကြောင်း ဟေတုဋ္ဌ = ဟေတွဋ္ဌ အနက်သဘောတရားသည် ထင်ရှားလာရပေသည်။

**၃။ ဒဿနဋ္ဌ** — မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ္ဂသစ္စာ၏ သမ္မာဒိဋ္ဌိဟူသော ပညာလျှင် ပဓာန = ပြဓာန်းခြင်း ရှိသည်၏ အဖြစ်ကြောင့် အသင်္ခတဓာတ် နိဗ္ဗာန်ကို မြင်တတ်သည်၏အဖြစ်ဟူသော အနက်သဘောတရားသည်, တစ်နည်း – သစ္စာလေးပါးကို သိမြင်တတ်သည်၏ အဖြစ်တည်းဟူသော အနက်သဘောတရားသည်, တစ်နည်း စင်စစ် သိမ်မွေ့သော အသင်္ခတနိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ပြုခြင်း အနက်သဘောတရားသည် မဂ္ဂ သစ္စာ၏ **ဒဿနဋ္ဌ**သဘော မည်၏။ အလွန်သိမ်မွေ့ နက်နဲသော နိရောဓသစ္စာဖြစ်သည့် အသင်္ခတဓာတ် နိဗ္ဗာန် တရားတော်မြတ်ကို တကယ် မြင်စွမ်းနိုင်ခြင်းကြောင့် ထိုနိရောဓသစ္စာကို မြင်ရခြင်းဖြင့် မဂ္ဂသစ္စာ၏ ဒဿနဋ္ဌ သဘောသည် ထင်ရှားလာရပေသည်။ ( မြင်အပ်သောတရားကို မြင်ခြင်းကြောင့် မြင်တတ်သော တရားသည် မြင်အပ်သော တရားကြောင့် ထင်ရှားလာရသည်ဟူပေ။)

**၄။ အဓိပတေယျဋ္ဌ** — သစ္စာလေးပါးကို သိမြင်ခြင်း, ကိလေသာ ဒုက္ခအပူကို ငြိမ်းစေခြင်း၌ အကြီးအကဲ၏ အဖြစ်ဟူသော အနက်သဘောသည် မဂ္ဂသစ္စာ၏ **အဓိပတေယျဋ္ဌ**သဘော မည်၏။

စတုက္ကနည်းအရ မဂ်စိတ္တုပ္ပါဒ်သည် ပဌမဈာနိကမဂ်စိတ္တုပ္ပါဒ်ဖြစ်လျှင် စိတ်စေတသိက် (၃၇), ဒုတိယ ဈာနိကမဂ်စိတ္တုပ္ပါဒ်ဖြစ်လျှင် စိတ်စေတသိက် (၃၅), တတိယဈာနိကမဂ်စိတ္တုပ္ပါဒ်ဖြစ်လျှင် စိတ်စေတသိက် (၃၄), စတုတ္ထဈာနိကမဂ်စိတ္တုပ္ပါဒ်ဖြစ်လျှင် စိတ်စေတသိက် (၃၄) — အသီးအသီး ရှိမည်ဖြစ်သည်။ ထိုမဂ်စိတ္တုပ္ပါဒ် = မဂ်စိတ်စေတသိက်တို့တွင် ပါဝင်သော မဂ္ဂင်တရားကိုယ်များသည် မဂ္ဂသစ္စာဟူသော အမည်ကို ရရှိကြသည်။ ယင်း မဂ္ဂသစ္စာအမည်ရသော မဂ္ဂင်တရားကိုယ်များသည် သစ္စာလေးပါးကို သိမြင်ရာ၌လည်းကောင်း, ကိလေသာ ဒုက္ခတို့၏ လွန်စွာပူလောင်ခြင်းကို ငြိမ်းစေရာ၌လည်းကောင်း သမ္ပယုတ်တရားတို့၌ အကြီးအကဲ၏ အဖြစ်ကို ပြုနိုင်ကြကုန်၏။ ထို့ကြောင့် ထိုအကြီးအကဲ၏အဖြစ်သည် မဂ္ဂသစ္စာ၏ **အဓိပတေယျဋ္ဌ** အနက်သဘော မည်၏။

တစ်နည်း — မဂ္ဂါဓိပတိနော ဓမ္မာ-ဟူ၍ ဟောကြားထားတော်မူခြင်းကြောင့် မဂ္ဂင်တရားတို့သည် အခြား ယှဉ်ဖက် သမ္ပယုတ်တရားတို့မှ ထူးသောအားဖြင့် အာရမ္မဏာဓိပတိပစ္စည်းတရားတို့ ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုမဂ္ဂင်တရားတို့၏ ထိုအာရမ္မဏာဓိပတိပစ္စည်း ဖြစ်ခြင်းဟူသော အခြင်းအရာသည် **အဓိပတေယျဋ္ဌ** အနက် သဘော မည်၏။

များစွာသောရောဂါတို့၏ အနှိပ်စက်ကို ခံ၍နေရသော လူဆင်းရဲကို မြင်ရခြင်းကြောင့် ရောဂါကင်းစင်သော ရာထူးရှင်၏ မြင့်မြတ်ပုံသည် ထင်ရှားသကဲ့သို့ ဒုက္ခသစ္စာတရားစုကို မြင်ရခြင်းကြောင့် မဂ္ဂသစ္စာ၏ အစိုးတရ အကြီးအကဲ၏ အဖြစ်သည် ထင်ရှားလာရပေသည်။

မဂ္ဂသစ္စာ၏ ဤလေးမျိုးကုန်သော အနက်သဘောတရားတို့သည် မှန်ကုန်၏ မမှန် မဟုတ်ကုန် မချွတ် ယွင်းကုန်၊ နိယျာနဋ္ဌစသော လေးမျိုးသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထို့ကြောင့် သစ္စာ မည်ပေသည်။

ဤ (၁၆)မျိုးကုန်သော အခြင်းအရာတို့ဖြင့် မဖောက်မပြန် ဟုတ်မှန်သောသဘောအားဖြင့် သစ္စာလေးပါး တို့သည် တစ်ခုတည်းသော သဘောအားဖြင့်သာလျှင် ပေါင်း၍ ယူအပ်ကုန်၏။ အကြင် (၁၆)မျိုးသော အနက် သဘောကို တစ်ခုတည်းသော မဖောက်မပြန် မှန်သည်၏ အဖြစ်ဟူသော သဘောအားဖြင့် ပေါင်း၍ ယူအပ်၏၊ ထိုပေါင်း၍ ယူအပ်သော (၁၆)ပါးသော သဘောသည် သစ္စာလေးပါးတို့၏ တူသည်၏ အဖြစ်ဟူသော ဧကတ္တ

သဘော မည်၏။ အကြောင်းဧကတ္တသဘောသည် ရှိ၏။ ထိုဧကတ္တသဘောကို တစ်ခုတည်းသော မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ထိုကြောင့် သစ္စာလေးပါးတို့သည် (၁၆)ပါးကုန်သော အခြင်းအရာတို့ဖြင့် မဖောက်မပြန် မှန်သော သဘောအားဖြင့် တစ်ခုတည်းသော မဂ်ဉာဏ်ဖြင့် တစ်ပြိုင်နက် တစ်ချက်တည်း ထိုးထွင်း၍ သိအပ်သော အခြင်းအရာ ရှိကုန်သည် ဖြစ်ကုန်၏။

[ဤသစ္စာအနက် (၁၆)ချက်တို့ကို ပဋိသံ-၂၉၆။ အဘိ-ဌ-၂-၇၈။ ဝိသုဒ္ဓိ-၂-၃၃၂။ မူလဋီ-၂-၅၀-၅၁။ မဟာဋီ-၁-၂၅၇ - တို့မှ ထုတ်နုတ် ဖော်ပြအပ်ပါသည်။]

**ကောပဋိဝေဓသေန** — အရိယမဂ်ဉာဏ်သည် နိရောဓသစ္စာ နိဗ္ဗာန်တစ်ခုကိုသာ အာရုံပြုသော်လည်း ဒုက္ခသစ္စာစသည်တို့၌ မှန်သည်၏အဖြစ် မဖောက်ပြန်သည်၏အဖြစ် ဟုတ်သည်၏အဖြစ်ဟုဆိုအပ်သော အကြောင်း မှန်သော သစ္စဋ္ဌ = သစ္စာအနက်သဘောသည် ဖြစ်၏။ ထိုဟုတ်မှန်သော သစ္စဋ္ဌသဘောကို ထိုသစ္စဋ္ဌသဘောကို ဖုံးလွှမ်းထားတတ်သော မောဟကို ဖျက်ဆီးသဖြင့် အသမ္မောဟပဋိဝေဓအားဖြင့် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိသည်ဖြစ်၍ မျက်မှောက်ပြုသည်ဖြစ်၍သာလျှင် သိ၏။ (သစ္စာအနက်ကို မသိအောင် ဖုံးလွှမ်း ထားသည့် မောဟကို ဖျက်ဆီးပြီးဖြစ်သဖြင့် ထိုသစ္စာအနက်တို့ကို ပစ္စက္ခဉာဏ်ဖြင့် ထိုးထွင်းသိပြီးသာဖြစ်သည် ဟူလို။) ထိုသို့ မျက်မှောက်ပြု၍ ထိုးထွင်းသိမှု ဖြစ်သည်၏ အဖြစ်ကြောင့် အရိယမဂ်ဉာဏ် ဖြစ်ပေါ်ပြီး နောက်ပိုင်း ကာလတို့၌လည်း သစ္စာအနက် (၁၆)ချက်တို့သည် အရိယပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ လက်ဝါးပေါ်၌ တင်ထားအပ်သော အညစ်အကြေးကင်းသော ပတ္တမြားကဲ့သို့ တစ်နည်း လက်ထက်ဥသျှစ် ဆုတ်ပစ်ရှစ်ရှားကဲ့သို့ ဟုတ်တိုင်းမှန်စွာ ထင်လာသည်သာ ဖြစ်ကုန်သည်။ (မဟာဋီ-၂-၅၀၅။)

## စောဒနာပွယ် အချက်များ

ဒုက္ခ သမုဒယစသည်တို့၏ ပီဠန သင်္ခတစသည့် အနက်သဘောတို့မှ တစ်ပါးလည်းဖြစ်ကုန်သော ရောဂါနှင့် တူသည်၏အဖြစ် အိုင်းအမာနှင့် တူသည်၏အဖြစ် အစရှိကုန်သော အခြင်းအရာ အနက်သဘောတို့သည် ရှိပါ-ကုန်လျက် အဘယ်ကြောင့် လေးမျိုးကုန်သော အနက်သဘောတို့ကိုသာလျှင် ဟောကြားတော် မူအပ်ပါကုန် သနည်းဟု မေးရန်ရှိ၏၊ အဖြေကား ဤသို့တည်း။ —

အခြားသစ္စာတစ်ပါးကို မြင်သည်၏ အစွမ်းဖြင့် ထင်ရှားလာသည်၏ အဖြစ်ကြောင့် လေးမျိုးတို့ကိုသာလျှင် ဟောကြားတော်မူအပ်ကုန်သည်။ မှန်ပေသည် —

တတ္ထ ကတမံ ဒုက္ခေ ဉာဏံ၊ ဒုက္ခံ အာရဗ္ဘ ယာ ဥပ္ပဇ္ဇတိ ပညာ ပဇာနနာ။ (ဝိဘင်္ဂ-၃၄၁။ ပဋိသံ-၁၁၄။)

ထိုတွင် ဒုက္ခသစ္စာ၌ဖြစ်သော ဉာဏ်သည် အဘယ်နည်း၊ ဒုက္ခသစ္စာကို အာရုံပြု၍ ဖြစ်ပေါ်လာသော အကြောင်းပညာသည် အကြင် ကွဲကွဲပြားပြား သိခြင်းသည် ရှိ၏။ (ဝိဘင်္ဂ-၃၄၁။ ပဋိသံ-၁၁၄။)

ဤသို့စသောနည်းဖြင့် တစ်ပါး တစ်ပါးသော သစ္စာကို အာရုံပြုသည်၏ အစွမ်းအားဖြင့် သစ္စဉာဏ်ကို ဟောကြားထားတော်မူ၏။

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ သမုဒယမ္ပိ သော ပဿတိ။ (သံ-၃-၃၈၂။)

ရဟန်းတို့ . . . အကြင်ရဟန်းသည် ဒုက္ခသစ္စာကို သိမြင်၏၊ ထိုရဟန်းသည် သမုဒယသစ္စာကိုလည်း သိမြင်၏။ (သံ-၃-၃၈၂။)

ဤသို့စသော နည်းဖြင့် တစ်ခုသော သစ္စာကို အာရုံပြု၍ ကြွင်းသော သစ္စာသုံးပါးတို့၌လည်း သိမှုကိစ္စ ပြီးစီးခြင်း၏ အစွမ်းအားဖြင့်လည်း သစ္စဉာဏ်ကို ဟောကြားထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၃၃။)

ထိုနှစ်မျိုးသော ဒေသနာတော်တို့တွင် သိမှုကိစ္စ ပြီးစီးသည်၏ အစွမ်းဖြင့် သစ္စာလေးပါးကို အသမ္ဘောဟ ပဋိဝေဓဖြင့် ထိုးထွင်းသိမြင်ခြင်းသည် ထင်ရှားစွာ ဖြစ်ခြင်းကြောင့် မြင်ခြင်းနှင့် တူ၏။ ထိုသိမှုကိစ္စ ပြီးစီးသော အားဖြင့် မြင်ခြင်းကို မသုံးသပ်မူ၍ သစ္စာတစ်ပါးတစ်ပါးစီကို မြင်ခြင်းကိုသာလျှင် သုံးသပ်လျက် အဋ္ဌကထာတွင် ဤသို့ ဆက်လက်ဖွင့်ဆိုထားပေသည်။ (မဟာဋီ-၂-၅၀၅။)

ထိုနှစ်မျိုးသော ဒေသနာတော်တို့တွင် အကြင်အခါ၌ တစ်ခုတစ်ခုသော သစ္စာကို အာရုံပြု၏၊ ထိုအခါ၌ သမုဒယသစ္စာကို သိမြင်ခြင်းကြောင့် ရှေးဦးစွာ သဘာဝအားဖြင့် ပီဠနလက္ခဏာ ရှိသည်လည်းဖြစ်သော ဒုက္ခ သစ္စာ၏ သင်္ခတအနက်သဘောသည် ထင်ရှား ဖြစ်ပေါ်လာရ၏။ အဘယ်ကြောင့် ထင်ရှားလာရသနည်း?

ထိုဒုက္ခသစ္စာကို အလွန်နှစ်သက်သည်၏ အစွမ်းဖြင့် ဒုက္ခအစုကို ပြုခြင်း ဒုက္ခကို ဖြစ်စေခြင်း ဒုက္ခသစ္စာ ဖြစ်ပေါ်လာအောင် အားထုတ်ခြင်း = အာယူဟနလက္ခဏာရှိသော သမုဒယသစ္စာသည် ထိုဒုက္ခသစ္စာကို ပေါင်းစု-သောအားဖြင့် အပေါင်းအစုအလိုက် = ရုပ်ကလာပ် နာမ်ကလာပ်ဟု ခေါ်ဆိုအပ်သော အုပ်စုအလိုက် အစုလိုက် အပြုံလိုက် ဖြစ်စေအပ်၏။ မှန်ပေသည် — အမှတ်မရှိ တစ်စုံတစ်ခုသော ပစ္စယုပ္ပန်မည်သော အကျိုးတရားသည် ရှိ၏။ ထိုအကျိုးတရားအားလုံးသည် အပေါင်းအစုဖြစ်၍သာလျှင် ဖြစ်ပေါ်လာရိုး ဖြစ်ပေါ်လာနိုင်ရိုး ဓမ္မတာရှိ၏။ သမုဒယသက်သက် မဟုတ်ဘဲ ဂတိ ဥပဓိ ကာလ ပယောဂစသော အကြောင်းတစ်ပါးတို့နှင့် အညီအညွတ် ပေါင်းစု၍ တစ်ပေါင်းတည်းဖြစ်၍ ပြုပြင်အပ်၏။ ရုပ်ကလာပ် နာမ်ကလာပ်ဟူသော အပေါင်းအစု အုပ်စုကလေး-များ အစုအပုံကလေးများ ဖြစ်အောင် ပြုလုပ်အပ်၏။ မှန်ပေသည် – တစ်ပါးမက များစွာသာလျှင်ဖြစ်သော ပစ္စယုပ္ပန် အကျိုးတရားသည် တစ်ပေါင်းတည်း အတူတကွ ရုပ်ကလာပ်တစ်ခုအတွင်း နာမ်ကလာပ်ဟူသော စိတ္တက္ခဏတစ်ခုအတွင်း၌ ဖြစ်လတ်သော် မိမိတို့၏ ဆိုင်ရာအကြောင်းတရားတို့က အပေါင်းအစု ပြုပေးသကဲ့သို့ ဖြစ်၏။ ထိုသို့ သမုဒယသစ္စာသည် ဒုက္ခသစ္စာ အကျိုးတရားကို အပေါင်းအစုအားဖြင့် ဖြစ်စေသည်၏အဖြစ်ကြောင့် ထိုဒုက္ခသစ္စာ၏ ထိုသင်္ခတသဘောသည် ထင်ရှားလာ၏။ (ဝိသုဒ္ဓိ-၂-၃၃၃။)

တစ်ဖန် မဂ္ဂသစ္စာသည် ကိလေသာဟူသော ပူပန်ခြင်းကို ပယ်ရှားတတ်သည်ဖြစ်၍ မိမိ မဂ္ဂသစ္စာ ကိုယ်တိုင်-ကလည်း ကိလေသာဟူသော ပူလောင်ခြင်း ကင်းသည်၏ အဖြစ်ကြောင့် အလွန်အေးချမ်း၏။ ထိုကြောင့် မဂ္ဂ သစ္စာကို မြင်သဖြင့် ထိုဒုက္ခသစ္စာ၏ သန္တာပသဘောသည် ထင်ရှားဖြစ်ပေါ်လာ၏။ အဘယ်ကဲ့သို့နည်းဟူမူကား ညီတော် အရှင်နန္ဒအား နတ်သမီးကို မြင်သဖြင့် သုန္ဒရီမည်သော ဇနပဒကလျာဏီ မင်းသမီး၏ အဆင်းမလှ မျောက်မအိုသို့ အရုပ်ဆိုးသည်၏ အဖြစ်သည် ထင်ရှားဖြစ်သကဲ့သို့တည်း။ (ဝိသုဒ္ဓိ-၂-၃၃၃။)

တစ်ဖန် ဖြစ်ခြင်း ပျက်ခြင်း မရှိသဖြင့် မဖောက်မပြန် မပျက်မစီး မြဲသောသဘောရှိသော ဇရာသဘော ဘင်သဘောသို့ ပြောင်းလဲဖောက်ပြန်ခြင်း ဝိပရိဏာမသဘော မရှိသော နိရောဓသစ္စာ အသင်္ခတနိဗ္ဗာန်ကို မြင် သဖြင့် ထိုဒုက္ခသစ္စာ၏ ဥပါဒ်ပြီးနောက် ဇရာသဘော ဘင်သဘောသို့ ပြောင်းလဲသွားခြင်း ဖောက်ပြန်သွားခြင်း ဝိပရိဏာမ အနက်သဘောသည် ထင်ရှားဖြစ်ပေါ်လာ၏။ ဤသို့လျှင် နိရောဓသစ္စာကို မြင်ရသဖြင့် ဒုက္ခသစ္စာ၏ ဝိပရိဏာမဋ္ဌ အနက်သဘော ထင်ရှားလာရခြင်းသည် ဆန့်ကျင်ဘက် ပဋိပက္ခသဘောအားဖြင့် ထင်ရှားဖြစ်ပေါ် လာသော အခြင်းအရာ၏ လွယ်ကူစွာ ပြီးစီးခြင်းကြောင့် ဆိုဖွယ်ရာပင် မရှိဖြစ်တော့၏။ (ဝိသုဒ္ဓိ-၂-၃၃၃။)

တစ်ဖန် ပင်ကိုသဘောအားဖြင့် အာယူဟနလက္ခဏာရှိသည်လည်းဖြစ်သော သမုဒယသစ္စာ၏ နိဒါနဋ္ဌ အနက်သဘောသည် ဒုက္ခသစ္စာကို သိမြင်သဖြင့် “ဤသမုဒယသစ္စာသည် ထိုဒုက္ခသစ္စာကို အပ်နှင်းတတ်၏” ဟု ဤသို့ ထင်ရှားဖြစ်လာရ၏။ မလျော်ကပ်သော ဘောဇဉ်ကို သုံးဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာသော အနာရောဂါကို တွေ့မြင်ရသဖြင့် ဘောဇဉ်၏ အနာရောဂါ၏ အကြောင်းတရားဖြစ်မှုသည် ထင်ရှားဖြစ်သကဲ့သို့

မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၃၃၃။)

ဝဋ်ဆင်းရဲ၌ ယှဉ်ခြင်းကင်းသည်ဖြစ်၍ဖြစ်သော နိရောဓသစ္စာကို မြင်ခြင်းဖြင့် သမုဒယသစ္စာ၏ ကိလေသာဒုက္ခတို့နှင့် ယှဉ်တွဲခြင်းသဘောသည် ထင်ရှားဖြစ်လာရ၏။ သံသရာဝဋ်မှ ထွက်မြောက်တတ် ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို မြင်သဖြင့်ကား သမုဒယသစ္စာ၏ သံသရာနှောင်အိမ်၌ သွတ်သွင်း၍ နှိပ်စက်တားမြစ်ခြင်း သဘောသည် ထင်ရှားဖြစ်လာ၏။ (ဝိသုဒ္ဓိ-၂-၃၃၃။)

တစ်ဖန် ကိလေသာဟူသော အပေါင်းအဖော်နှင့် ပေါင်းဖော်ယှဉ်တွဲခြင်း စသည်တို့၏ အစွမ်းဖြင့် မဆိတ်ညံသည် မကင်းဆိတ်သည် ဖြစ်၍ဖြစ်သော သမုဒယသစ္စာကို မြင်ခြင်းဖြင့် နိဿရဏလက္ခဏာ ရှိသည်လည်းဖြစ်သော နိရောဓသစ္စာ၏ ဥပဓိလေးပါးမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော ဝိဝေကဋ္ဌသဘောသည် ထင်ရှားဖြစ်ပေါ်လာ၏။ မဂ္ဂသစ္စာကို မြင်ခြင်းဖြင့် နိရောဓသစ္စာ၏ အသင်္ခတဋ္ဌ သဘောသည် ထင်ရှားဖြစ်ပေါ်လာ၏။ မှန်ပေသည် – ဤယောဂါဝစရပုဂ္ဂိုလ်သည် အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်၌ အရိယမဂ်ကို = မဂ္ဂသစ္စာကို ရှေး၌ မမြင်စဖူးခဲ့ပေ။ ထိုအစမထင် သံသရာတစ်ခွင်၌ မမြင်စဖူးသော အရိယမဂ်သည်လည်း, အစမထင် သံသရာတစ်ခွင်၌ မမြင်စဖူးသည်၏ အဖြစ်ဖြင့် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသောသဘော ဖြစ်သော်လည်း, အဆင့်ဆင့်သော ဝိပဿနာဉာဏ်တို့က အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှ ဖြစ်ပေါ်လာရသဖြင့် ဝိပဿနာဉာဏ်ဟူသော အကြောင်းတရား ထင်ရှားရှိသော သပ္ပစ္စယဓမ္မသာ ဖြစ်သောကြောင့် အကြောင်းတရားတို့သည် မပြုပြင်အပ်သော အပ္ပစ္စယဓမ္မသာဖြစ်သော နိရောဓသစ္စာ၏ အသင်္ခတအဖြစ်သည် အလွန်လျှင် ထင်ရှားလာပေသည်။ တစ်ဖန် ဒုက္ခသစ္စာကို သိမြင်သဖြင့် ထိုနိရောဓသစ္စာ၏ အမတဋ္ဌသဘော မသေသောသဘော မပျက်စီးသော သဘော ပျက်ခြင်းမရှိသော သဘောသည် ထင်ရှားလာပေသည်။ မှန်ပေသည် — ဒုက္ခသစ္စာသည် ပျက်စီးခြင်း သေခြင်း သဘောရှိသည်၏ အဖြစ်ကြောင့် အဆိပ်နှင့် တူ၏။ ထိုအဆိပ်သဖွယ်ဖြစ်သော ဒုက္ခသစ္စာ၏ ဆေးသဖွယ်ဖြစ်၍ဖြစ်သော နိဗ္ဗာန်တရားတော်သည် သေခြင်း ပျက်စီးခြင်း ကင်းလွတ်ငြိမ်းကြောင်း မသေဆေး အမြိုက်ဆေးသဖွယ် ဖြစ်၏ဟု ဤသို့ ထင်ရှားလာပေသည်။ (ဝိသုဒ္ဓိ-၂-၃၃၃။)

တစ်ဖန် သမုဒယသစ္စာကို သိမြင်သဖြင့် ဥဒယဗ္ဗယဉာဏ်ပိုင်း၌ အရိယမဂ်ဟူ၍ပင် ချီးမွမ်းအပ်သည်၏ အဖြစ်သို့ရောက်သော သိမ်မွေ့ငြိမ်သက်သည်၏အဖြစ်ဖြင့် ထင်လာသော နိကန္တိပင်ဖြစ်သော်လည်း "ဤသမုဒယသစ္စာသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း မဟုတ်၊ ဤအရိယမဂ်သည်သာလျှင် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းတည်း"ဟု မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပိုင်း၌ ဆိုအပ်ခဲ့ပြီးသည့် နည်းအတိုင်း သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ခြင်း နိယျာနလက္ခဏာ ရှိသည်လည်းဖြစ်သော မဂ္ဂသစ္စာ၏ ဟေတုဋ္ဌသဘောသည် = နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်း၏အဖြစ်ဟူသော အနက်သဘောသည် ထင်ရှားလာ၏။ အလွန်လျှင် သိမ်မွေ့ နက်နဲလှစွာသော နိရောဓသစ္စာကို သိမြင်သဖြင့် မဂ္ဂသစ္စာ၏ ဒဿနဋ္ဌ = အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို မြင်တတ်သည်၏ အဖြစ်ဟူသော သဘောတရားသည် ထင်ရှားလာ၏။ အလွန်သိမ်မွေ့ကုန်သော ရူပါရုံတို့ကို မြင်သောသူအား ငါ၏ စက္ခုပသာဒသည် အလွန်ကြည်လင်စွတကားဟု ဤသို့လျှင် စက္ခုပသာဒ အကြည်ဓာတ်၏ အလွန်ကြည်လင်သည်၏အဖြစ်သည် ထင်ရှားဖြစ်လာသကဲ့သို့တည်း။ အလွန်လျှင် ဆင်းရဲငြိုငြင်ခြင်းသို့ ရောက်သဖြင့် ပြန့်ပြောပေါများထူထပ်သော အပြစ်အာဒီနဝရှိသော ဒုက္ခသစ္စာကို သိမြင်သဖြင့် ထိုဒုက္ခသစ္စာ၏ ဆန့်ကျင်ဘက်အားဖြင့် မဂ္ဂသစ္စာ၏ သစ္စာလေးပါးကိုသိမြင်ခြင်း ကိလေသာဒုက္ခအပူမီးကို ငြိမ်းစေခြင်း၌ အကြီးအမျုး၏အဖြစ်တည်းဟူသော အဓိပတေယျဋ္ဌသဘောသည် ထင်ရှားလာ၏။ အဘယ်ကဲ့သို့နည်းဟူမူ များစွာသော အနာရောဂါတို့ဖြင့် ကျင်နာခံခက်နေသော အထီးကျန် သူဆင်းရဲကို မြင်ရသဖြင့် စည်းစိမ်ခြွေရံ စံစံပယ်ပယ် လူဝယ်အစိုးရသော မင်း၏ မြင့်မြတ်သည်၏အဖြစ်သည် ထင်ရှားဖြစ်လာသကဲ့သို့တည်း။ (ဝိသုဒ္ဓိ-၂-၃၃၃-၃၃၄။)

ဤသို့လျှင် ဤသစ္စာလေးပါးတို့၌ မိမိ မိမိ၏ သဘောလက္ခဏာ၏အစွမ်းဖြင့် ပီဠနဋ္ဌ အာယူဟနဋ္ဌ နိဿ-ရဏဋ္ဌ နိယျာနဋ္ဌဟူသော တစ်ခုတစ်ခုသော သဘော၏လည်းကောင်း အခြားသော သစ္စာတစ်ပါးကို မြင်သည်၏ အစွမ်းဖြင့် ပီဠနဋ္ဌ အာယူဟနဋ္ဌ နိဿရဏဋ္ဌ နိယျာနဋ္ဌဟူသော ဤလေးမျိုးမှ တစ်ပါးကုန်သော သုံးမျိုး သုံးမျိုး ကုန်သော အနက်သဘောတို့၏လည်းကောင်း ထင်ရှားသည်၏အဖြစ်ကြောင့် တစ်ခုတစ်ခုသော သစ္စာ၏ လေးမျိုး လေးမျိုးကုန်သော အနက်သဘော အခြင်းအရာ အာကာရတို့ကို ဟောကြားတော်မူအပ်ကုန်၏။ အရိယမဂ် ခဏ၌ကား အလုံးစုံသာလျှင် ဖြစ်ကုန်သော ထို (၁၆)ချက်သော သဘောလက္ခဏာ အာကာရတို့သည် သစ္စာ လေးပါးတို့၌ လေးကိစ္စထင်သော တစ်ခုတည်းသော အရိယမဂ်ဉာဏ်ဖြင့်သာလျှင် ထိုးထွင်း၍ သိအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏ဟု မှတ်ပါ။ (ဝိသုဒ္ဓိ-၂-၃၃၄။)

## ပရိညာဘိသမယ

၁။ ဉာတပရိညာ,
၂။ တီရဏပရိညာ,
၃။ ပဟာနပရိညာဟု ပရိညာ သုံးမျိုး ရှိ၏။

**၁။ ဉာတပရိညာ** — တဿာ သပ္ပစ္စယနာမရူပါဘိဇာနနာ အာဝေဏိကာ ဘူမိ။ (ဝိသုဒ္ဓိ-၂-၃၃၄။)

အကြောင်းတရားနှင့် တကွသော နာမ်ရုပ်ကို ရှေးရှုမျက်မှောက် ပစ္စက္ခဉာဏ်ဖြင့် ပရမတ်သို့ဆိုက်အောင် ထွင်းဖောက်သိမြင်တတ်သော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်သည် ထိုဉာတပရိညာ၏ တစ်ပါး-သော ပရိညာတို့၏အရာ မဟုတ်သောကြောင့် အသီးအခြားဖြစ်သော ဘူမိတည်း။ ယင်းဉာတပရိညာ၏ တည်ရာ ဖြစ်ရာ ဘုံတည်း။ (ဝိသုဒ္ဓိ-၂-၃၃၄။)

၂။ **တီရဏပရိညာ** — တဿာ ကလာပသမ္မသနတော ပဋ္ဌာယ အနိစ္စံ ဒုက္ခမနတ္တာတိ တီရဏဝသေန ပဝတ္တမာနာယ ယာဝ အနုလောမာ အာဝေဏိကာ ဘူမိ။ (ဝိသုဒ္ဓိ-၂-၃၃၄။)

ကလာပသမ္မသန အမည်ရသော နယဝိပဿနာမှ စ၍ ရုပ်နာမ် ကြောင်းကျိုး သင်္ခါရတရားတို့ကို အနိစ္စ ဟူ၍လည်းကောင်း ဒုက္ခဟူ၍လည်းကောင်း အနတ္တဟူ၍လည်းကောင်း စူးစမ်းသည်၏အစွမ်းဖြင့် ဆင်ခြင်ဆုံး-ဖြတ်သည်၏အစွမ်းဖြင့် ဖြစ်သော ထို**တီရဏပရိညာ**၏ အနုလောမဉာဏ်ဖြစ်သည်တိုင်အောင်သော ဝိပဿနာ သည် အသီးအခြားဖြစ်သော ဘူမိတည်း၊ ယင်း**တီရဏပရိညာ**၏ တည်ရာဖြစ်ရာ ဘုံတည်း။ (ဝိသုဒ္ဓိ-၂-၃၃၄။)

အနုလောမဉာဏ်သည်သော်လည်း အနိစ္စစသောအားဖြင့်သာ သင်္ခါရတရားတို့ကို အာရုံပြု၍ ဖြစ်တုံ-သေး၏၊ ပဋိသင်္ခါနုပဿနာစသော ရှေ့ပိုင်းဝိပဿနာဉာဏ်တို့ကား ဆိုဖွယ်ရာပင် မရှိတော့ပြီဖြစ်သည်။ ထိုကြောင့် အနုလောမဉာဏ်သို့တိုင်အောင် တီရဏပရိညာ၏ဘူမိဟု သတ်မှတ်ခြင်း ဖြစ်သည်။ ဤတီရဏပရိညာ၏ ဘုံ၌ ဉာတပရိညာ ပဟာနပရိညာတို့သည်လည်း ရအပ်သော အရာရှိသည် မဟုတ်လောဟူမူ ရုပ်နာမ် ကြောင်းကျိုး သင်္ခါရတရားတို့ကို အာရုံယူ၍ ဝိပဿနာ ရှုနေသောကြောင့် ဉာတပရိညာကိုလည်းကောင်း, ပယ်သင့်ပယ်-ထိုက်သော ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်စွန့်လျက် သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တ အချက်တို့ကို ပိုင်းပိုင်းခြားခြား သိသောကြောင့် ပဟာနပရိညာကိုလည်းကောင်း ရသင့်သော်လည်း တီရဏ ပရိညာသည် အလွန်အကဲနှင့် တကွ သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို စူးစမ်း ဆင်ခြင် ဆုံးဖြတ်ခြင်းကိစ္စကို ပြုသကဲ့သို့ ထို့အတူ ဉာတပရိညာ ပဟာနပရိညာတို့သည် မပြုကုန်ရကား တီရဏ ပရိညာ၏ အာဝေဏိက = အသီးအခြားဘုံဟု ဆိုသတည်း။ (မဟာဋီ-၂-၅၀၇။)

၃။ **ပဟာနပရိညာ** — တသ္မာ ဘင်္ဂါနုပဿနတော ပဋ္ဌာယ ယာဝ မဂ္ဂဉာဏာ ဘူမိ၊ အယံ ဧတ္ထ အဓိပ္ပေတာ။ (ဝိသုဒ္ဓိ-၂-၃၃၅။)

ဘင်္ဂါနုပဿနာဉာဏ်မှ စ၍ အရိယမဂ်ဉာဏ်သို့ တိုင်အောင်သော ဘုံသည် ထိုပဟာနပရိညာ၏ ဖြစ်ရာ တည်ရာ ဘုံ မည်၏။ မုချအားဖြင့် အရိယမဂ်ဉာဏ်သည်သာလျှင် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်လျက် သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို အသမ္မောဟပဋိဝေဓအားဖြင့်, အသင်္ခတ နိဗ္ဗာန်ကို အာရမ္မဏပဋိဝေဓအားဖြင့် ထိုးထိုးထွင်းထွင်း ပိုင်းပိုင်းခြားခြား သိခြင်းကြောင့် ပဟာနပရိညာ မည်ပေ-သည်။ အရိယာပုဂ္ဂိုလ်တို့သည် သို့မဟုတ် အရိယာတို့၏ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပရိညာဘိသမယကိစ္စ အားဖြင့် ထိုးထွင်း၍သိမှုကို စိစစ်ရာဝယ် ဤပဟာနပရိညာကိုသာ အလိုရှိအပ်ပေသည်။ ပဟာနပရိညာဘိသမယ ဖြင့် ဒုက္ခသစ္စာကို သိသည်ဟူလိုသည်၊ အသမ္မောဟပဋိဝေဓပင်တည်း။ ဉာတပရိညာ တီရဏပရိညာတို့၏ ပဟာန ပရိညာဟူသော အကျိုးရှိသည်၏ အဖြစ်ကြောင့်တည်း။ ပဟာနပရိညာ ရရှိရေးအတွက်သာလျှင် ဉာတပရိညာ တီရဏပရိညာတို့ကို ပြုလုပ်ရသည် ဟူလိုသည်။ (ဝိသုဒ္ဓိ-၂-၃၃၅။ မဟာဋီ-၂-၅၀၇-၅၀၈။)

တစ်နည်း — ဉာတပရိညာ တီရဏပရိညာတို့သည်လည်း ထိုပဟာနပရိညာဟူသော အကျိုးရှိကုန်သည် သာလျှင် = ထိုကိလေသာကို ပယ်ခြင်းဟူသော အကျိုးရှိကုန်သည်သာလျှင် = အရိယမဂ်ကို ရခြင်းဟူသော အကျိုးရှိကုန်သည်သာလျှင် ဖြစ်ကုန်၏။ မှန်ပေသည် — ဉာတပရိညာ တီရဏပရိညာတို့သည် အရိယမဂ်ကို ရခြင်းအကျိုးငှာသာလျှင် ဖြစ်ပေါ်လာကြကုန်၏။ တစ်ဖန် အကြင်တရားတို့ကို ပယ်စွန့်၏၊ ထိုတရားတို့သည် သိအပ်ပြီးကုန်သည့် ဉာတတရားတို့သည်လည်းကောင်း, လက္ခဏာယာဉ်သုံးချက်ကို တင်ကာ စူးစမ်းအပ် ဆင်ခြင် ဆုံးဖြတ်အပ်ပြီးကုန်သည့် တီရိတ တရားတို့သည်လည်းကောင်း ကိန်းသေမြဲသော နိယမသဘောအားဖြင့် ဖြစ်ကြကုန်၏။ ထို့ကြောင့် ပရိညာ သုံးပါးလုံးသည်လည်း ဤနည်းပရိယာယ်အားဖြင့် အရိယမဂ်ဉာဏ်၏ ကိစ္စ သာလျှင် ဖြစ်၏ဟု သိရှိပါလေ။ အကြောင်းကား ဤသို့တည်း။

ရုပ်နာမ် ကြောင်းကျိုး = သင်္ခါရတရားတို့ကို ပိုင်းပိုင်းခြားခြား သိမှု ဉာတပရိညာ, ရုပ်နာမ် ကြောင်းကျိုး = သင်္ခါရတရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို စူးစမ်းဆင်ခြင်ဆုံးဖြတ်မှု တီရဏပရိညာ သဘောတရားတို့နှင့် ကင်း၍ ပဟာနပရိညာ၏ မဖြစ်ခြင်းကြောင့်လည်းကောင်း, ပဟာနပရိညာကိစ္စ ပြီးစီးပါက လည်း ဉာတပရိညာ တီရဏပရိညာဖြစ်မှု ပြီးစီးပြီးဖြစ်သောကြောင့်လည်းကောင်း "အကြင်တရားတို့ကို ပယ်-စွန့်၏၊ ထိုတရားတို့သည် ကိန်းသေမြဲသော နိယမသဘောအားဖြင့် သိအပ်ပြီးကုန်သည့် ဉာတတရားတို့သည် လည်းကောင်း, လက္ခဏာယာဉ်သုံးချက်ကို တင်ကာ စူးစမ်းဆင်ခြင် ဆုံးဖြတ်အပ်ပြီးသည့် တီရိတ တရားတို့သည် လည်းကောင်း ဖြစ်ကြကုန်၏"ဟု မိန့်ဆိုခြင်းဖြစ်သည်။ မှန်ပေသည် – အရိယမဂ်ဉာဏ်သည် ဒုက္ခသစ္စာတရား၌ ပရိညာဘိသမယ၏ အစွမ်းဖြင့် ဖြစ်သည်ရှိသော် ထိုဒုက္ခသစ္စာ အမည်ရသော ဥပါဒါနက္ခန္ဓာ ငါးပါး ပရမတ္ထ ဓာတ်သား အသီးအသီး၏ ကိုယ်ပိုင်သဘာဝလက္ခဏာကို ထိုးထွင်း၍ သိသကဲ့သို့ ယင်းဒုက္ခသစ္စာတရား ဥပါဒါ-နက္ခန္ဓာငါးပါး ပရမတ္ထဓာတ်သားတို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာဟူသော သာမည လက္ခဏာကိုလည်း ထိုးထွင်းသိ၏ဟု ဆိုအပ်ပေသည်။ အကြောင်းမူ ထိုပရမတ္ထဓာတ်သား ဥပါဒါနက္ခန္ဓာငါးပါး တို့၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟကို အရိယမဂ်ဉာဏ်က သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးတတ်သောကြောင့် ဖျက်ဆီးပြီးဖြစ်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ပရိညာ သုံးပါးလုံးသည်လည်း ဤနည်းပရိယာယ်အားဖြင့် အရိယမဂ်ဉာဏ်၏ ကိစ္စသာ ဖြစ်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၃၄-၃၃၅။ မဟာဋီ-၂-၅၀၇-၅၀၈။)

## ပဟာနာဘိသမယ

အရိယမဂ်ဉာဏ်သည် သမုဒယသစ္စာကို ပဟာနာဘိသမယဖြင့် သိ၏ဟူရာဝယ် ပဟာန = ကိလေသာကို ပယ်နှုတ်မှုနှင့် ပတ်သက်၍ ပဟာန = ပဟာန် သုံးမျိုး ရှိပေသည်။

၁။ ဝိက္ခမ္ဘနပ္ပဟာန်,

၂။ တဒင်္ဂပ္ပဟာန်,

၃။ သမုစ္ဆေဒပ္ပဟာန်ဟု သုံးမျိုး ရှိ၏။

**၁။ ဝိက္ခမ္ဘနပ္ပဟာန်** — ထိုသုံးမျိုးတို့တွင် မှော်ရှိသော ရေ၌ ပစ်ချအပ်သော အိုးကြောင့် မှော်၏ ကွာခြင်း ရှဲခြင်းကဲ့သို့ ထိုထို လောကီစျာန် သမာဓိဖြင့် နီဝရဏ, ဝိတက်, ဝိစာရ အစရှိကုန်သော စျာန်သမာဓိ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော တရားတို့ကို ခွာခြင်းသည် ဝိက္ခမ္ဘနပ္ပဟာန် မည်၏။ ကာမစ္ဆန္ဒနီဝရဏစသည်တို့သည် အကြင်သို့သော အခြင်းအရာအားဖြင့် စိတ်အစဉ်ဝယ် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထကြွဖြစ်ပေါ်လာသော ပရိယုဋ္ဌာန် သဘောအားဖြင့် စိတ်ကို ထိုးကျင့်နှိပ်စက်၍ မတည်ကုန်၊ ထိုသို့သော အခြင်းအရာအားဖြင့် ထိုးကျင့်နှိပ်စက်ခြင်းကို တားမြစ်ခြင်း မဖြစ်ခြင်းကို ပြုခြင်းသည် ဝိက္ခမ္ဘန = ခွာသည် မည်၏။ ထိုခွာမှုသည်ပင် ပယ်ခြင်းတစ်မျိုး မည်ရကား ဝိက္ခမ္ဘနပ္ပဟာန် ဟူလိုသည်။ ပါဠိတော်၌ကား ဤသို့ လာရှိ၏။

ဝိက္ခမ္ဘနပ္ပဟာနဉ္စ နီဝရဏာနံ ပဌမံ ဈာနံ ဘာဝယတော။ (ပဋိသံ-၂၆။)

ပထမစျာန်ကို ပွားစေသော ပုဂ္ဂိုလ်အား နီဝရဏတို့ကို ခွာခြင်းဟူသော ပဟာန်သည်လည်းကောင်း . . . (ပဋိသံ-၂၆။)

ဤသို့စသည်ဖြင့် နီဝရဏတရားတို့ကိုသာလျှင် ခွာခြင်းကို ဟောကြားထားတော်မူ၏။ ထိုဟောကြားချက်ကို "ဤသူသည် ဒေါသမနှိပ်စက်အပ်သော စိတ်ရှိ၏၊ ကင်းပြီးသော ထိနမိဒ္ဓရှိ၏"- ဤသို့စသည်ဖြင့် သူတစ်ပါးတို့အားလည်း ထင်ရှားသည်၏ အဖြစ်ကြောင့် ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ မှန်ပေသည် – နီဝရဏတို့သည် စျာန်၏ ရှေးအဖို့၌လည်းကောင်း, နောက်အဖို့၌လည်းကောင်း အဆောတလျင် စိတ်ကို = သမထဘာဝနာစိတ်ကို မလွှမ်းမိုး မနှိပ်စက်နိုင်ကုန်။ ဝိတက် ဝိစာရ ပီတိ သုခ ရူပသညာ စသည်တို့သည် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်စသည်ကို ဝင်စားသောခဏ၌သာလျှင် ကင်းကွာသွားကုန်၏။ ထိုသို့ ကင်းကွာသော်လည်း ထိုထို ဒုတိယစျာန်စသည်မှ ထကာမျှဖြစ်သော ပုဂ္ဂိုလ်၏သန္တာန်၌ နီဝရဏတို့သည် ဖြစ်ပေါ်လာနိုင်ကြကုန်၏၊ အကြောင်းမူ စျာန်မှထခြင်းဟူသည် ကာမာဝစရစိတ်၏ အစွမ်းဖြင့်သာလျှင် = ကာမာဝစရစိတ်ဖြစ်မှသာလျှင် စျာန်မှ ထနိုင်ခြင်းကြောင့် ဖြစ်သည်။ (ဝိသုဒ္ဓိ-၂-၃၃၅။ မဟာဋီ-၂-၅၀၈။)

နီဝရဏတို့သည် စျာန်၏ ရှေ့အဖို့၌လည်းကောင်း, နောက်အဖို့၌လည်းကောင်း အဆောတလျင် စိတ်ကို မလွှမ်းမိုး မနှိပ်စက်နိုင်ကုန်ဟူသော စကားကို ရအပ်ပြီးခါမျှသာဖြစ်သော စျာန်၏အစွမ်းဖြင့် မိန့်ဆိုခြင်းဖြစ်သည်။ ကြိမ်ဖန်များစွာ ကောင်းစွာ ပွားများထားအပ်ပြီးသော အဝါးဝစွာ လေ့လာနိုင်နင်းထားပြီးဖြစ်သော ပဂုဏစျာန်၌မူကား နောက်ဆုံး စုတိစိတ်သို့ တိုင်အောင်သော်လည်း နီဝရဏတရားတို့သည် မလွှမ်းမိုးနိုင်သည်သာလျှင် ဖြစ်ကုန်၏။ တစ်နည်းဆိုရသော် — စျာန်ကို ရရှိအောင် ကြိုးစားအားထုတ်နေသည့် စျာန်၏ ရှေ့အဖို့၌ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါကျင့်စဉ်၌လည်းကောင်း, စျာန်ကို ရရှိပြီးနောက် အခြားအခြားသော ကိစ္စတို့၌ အလုပ်များလျက်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း နီဝရဏတို့သည် အဆောတလျင် စိတ်ကို မလွှမ်းမိုးနိုင်ကုန်ဟု သိရှိပါလေ။ (မဟာဋီ-၂-၅၀၈။)

၂။ **တဒင်္ဂပ္ပဟာန်** — ညဉ့်အခါ၌ ထွန်းညှိအပ်သော ဆီမီးဖြင့် အမိုက်မှောင်၏ ပျောက်ခြင်းကဲ့သို့ ဝိပဿ-နာ၏ အစိတ်ဖြစ်၍ဖြစ်သော ထိုထိုဉာဏ်ဟူသော အကြောင်းတရားဖြင့် ဆန့်ကျင်ဘက် ပဋိပက္ခ၏ အစွမ်းဖြင့် သာလျှင် ထိုထိုပယ်သင့်ပယ်ထိုက်သော တရားကို ပယ်ခြင်းသည် တဒင်္ဂပ္ပဟာန် မည်၏။ (ဤစကားကိုလည်း ဝိပဿနာနယ်သို့ ရောက်ရှိလာသော တဒင်္ဂပ္ပဟာန်ကို ပြခြင်းငှာသာလျှင် ဆိုအပ်သည်၊ သီလကို စင်ကြယ်အောင် ဆောက်တည် သုတ်သင်ခြင်း = သီလဝိသောဓန စသည့် လုပ်ငန်းရပ်ဖြင့်လည်း ထိုထို ပယ်သင့် ပယ်ထိုက်သော တရားကို တဒင်္ဂအားဖြင့် ပယ်နိုင်သည်ဟု မှတ်ပါ။) (ဝိသုဒ္ဓိ-၂-၃၃၅။ မဟာဋီ-၂-၅၀၈-၅၀၉။)

ရှေးဦးစွာ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ (၂၀) ကို ပယ်၏။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်း မရှိဟု ယူသော အဟေတုကဒိဋ္ဌိ, ပြဟ္မာ ဗိဿနိုး ထာဝရဘုရားစသော ဖန်ဆင်းရှင်ဟူသော အကြောင်းရှိ၏ဟု ယူသော ဝိသမဟေတုဒိဋ္ဌိ, (၁၆)ပါးသော တည်ရာဝတ္ထုရှိသော ယုံမှားခြင်း ကင်္ခါ ဝိစိကိစ္ဆာ, ရှစ်ပါးသော တည်ရာ ဝတ္ထုရှိသော ရှစ်ဌာနတို့၌ ယုံမှားခြင်း ကင်္ခါ ဝိစိကိစ္ဆာဟူသော အညစ်အကြေးကို ပယ်၏။ ကလာပသမ္မသန ဉာဏ်ဖြင့် "ငါ-ငါ့ဟာ"ဟု သင်္ခါရတရားအပေါင်းကို အပေါင်းအစုအလိုက် စွဲလမ်းခြင်းကို ပယ်၏။ မဂ္ဂါမဂ္ဂဝဝတ္ထာန = မဂ် ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားမှတ်သားသော ဥဒယဗ္ဗယဉာဏ်ဖြင့် အရိယမဂ် မဟုတ်သည်၌ အရိယ မဂ်ဟုဖြစ်သော သညာများကို ပယ်၏။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ဥဒယကို ရှုမြင်ခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိ = အတ္တသည် သေလျှင်ပြတ်၏ဟု စွဲယူသော အယူများကို ပယ်၏။ ခန္ဓာငါးပါးတို့၏ ပျက်ခြင်း ဝယကို ရှုမြင်ခြင်းဖြင့် သဿတဒိဋ္ဌိ = အတ္တသည် မြဲ၏၊ သေလျှင် ပျက်စီးမှု မရှိဟု စွဲယူသော အယူများကို ပယ်၏။ ဘယတုပဋ္ဌာနဉာဏ်ဖြင့် ကြောက်-အပ်သော သဘောရှိသော ပျက်ခြင်းဟူသော ဘေးဆိုးကြီးနှင့် တကွဖြစ်သော တေဘူမကသင်္ခါရတရားအပေါင်း၌ ကြောက်အပ်သောသဘော မရှိဟု ဖြစ်သော အဘယသညာ = သညာအမှားကို ပယ်၏။ သင်္ခါရတရားတို့၏ အပျက်ကို ရှုမြင်တတ်သော အာဒီနဝါနုပဿနာဉာဏ်ဖြင့် ခန္ဓာငါးပါး၌ သာယာဖွယ် အဿာဒ၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာသညာ = သညာမှားကို ပယ်၏။ သင်္ခါရတရားတို့၌ ငြီးငွေ့ရွံမုန်းမှု နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် သံသရာဝဋ်၌ အလွန်မွေ့လျော်သည်၏ အစွမ်းဖြင့် ဖြစ်သော အဘိရတိသညာကို ပယ်၏။ မုဉ္စိတုကမျတာဉာဏ်ဖြင့် သင်္ခါရတရားတို့မှ မလွတ်လိုသည်၏ အဖြစ်ကို ပယ်၏။ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် ပဋိသင်္ခါနုပဿနာဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟကို ပယ်၏။ သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတရားတို့၌ လျစ်လျူ မရှု မငဲ့ကွက်ခြင်း အနုပေက္ခနသဘောကို ပယ်၏။ အနုလောမဉာဏ်ဖြင့် မဂ္ဂသစ္စာကို ရရှိခြင်း သိခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သင်္ခါရတရားတို့၌ နိစ္စ စသောအားဖြင့် စွဲလမ်းခြင်းကို ပယ်၏။ ဤသို့ ပယ်ခြင်းကား **တဒင်္ဂပ္ပဟာန်** = တဒင်္ဂ အားဖြင့် ပယ်ခြင်းတည်း။ (ဝိသုဒ္ဓိ-၂-၃၃၅။)

## မဟာဝိပဿနာ (၁၈) မျိုး

တစ်နည်းအားဖြင့်ကား (၁၈)ပါးကုန်သော မဟာဝိပဿနာတို့တွင် **အနိစ္စာနုပဿနာဉာဏ်**ဖြင့် နိစ္စ သညာကို ပယ်၏။ **ဒုက္ခာနုပဿနာဉာဏ်**ဖြင့် သုခသညာကို ပယ်၏။ **အနတ္တာနုပဿနာဉာဏ်**ဖြင့် အတ္တသညာကို ပယ်၏။ **နိဗ္ဗိဒါနုပဿနာဉာဏ်**ဖြင့် နန္ဒီ ခေါ် သပီတိက-တဏှာ = ပီတိနှင့်တကွသော တဏှာကို ပယ်၏။ ရာဂ၏ ကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုသော **ဝိရာဂါနုပဿနာဉာဏ်**ဖြင့် ရာဂကို ပယ်၏။ ရာဂ၏ ချုပ်ရာ နိဗ္ဗာန်ကို အဖန် တလဲလဲ ရှုသော **နိရောဓာနုပဿနာဉာဏ်**ဖြင့် ရာဂ၏ ဖြစ်ခြင်း သမုဒယကို ပယ်၏။ ရာဂ၏ စွန့်လွှတ်ရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုသော **ပဋိနိဿဂ္ဂါနုပဿနာဉာဏ်**ဖြင့် ပြင်းစွာ စွဲလမ်းခြင်း အာဒါနကို ပယ်၏။ သင်္ခါရ တရားတို့၏ ကုန်ခြင်း ပျက်ခြင်း ခယသဘောကို အဖန်တလဲလဲ ရှုသော **ခယာနုပဿနာဉာဏ်**ဖြင့် သန္တတိဃန သမူဟဃန ကိစ္စဃန အာရမ္မဏဃနတို့၏ အစွမ်းဖြင့် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟု တစ်ပေါင်းတစ်ခဲတည်း

ဖြစ်သော ဃနသညာကို ပယ်၏။ သင်္ခါရတရားတို့၏ အပျက်ဘင်ခဏကို ရှုသော **ဝယာနုပဿနာဉာဏ်**ဖြင့် ဘဝသစ် ပဋိသန္ဓေကို ဖြစ်ပေါ်လာအောင် ပြုပြင်ကြောင်း ဖြစ်သော စေတနာကို အားထုတ်ခြင်း အာယူဟနကို ပယ်၏။ သင်္ခါရတရားတို့၏ တည်ခြင်း ဌီဟူသော ဇရာ, ပျက်ခြင်း ဘင်ဟူသော မရဏ ဤ ဇရာမရဏဟူသော နှစ်ပါးသော အကြောင်းတို့ဖြင့် သင်္ခါရတရားတို့၏ ဖောက်ပြန်ခြင်းကို ရှုသော **ဝိပရိဏာမာနုပဿနာဉာဏ်**ဖြင့် သင်္ခါရတရားတို့၌ မြဲမြဲခိုင်ခံ့၏ဟု အမှတ်မှားသော ဓုဝသညာကို ပယ်၏။

**အနိမိတ္တာနုပဿနာဉာဏ်** = အနိစ္စာနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၌ နိစ္စဟု စွဲယူမှု နိစ္စနိမိတ်ကို ပယ်၏။ **အပ္ပဏိဟိတာနုပဿနာဉာဏ်** = ဒုက္ခာနုပဿနာဉာဏ်ဖြင့် သင်္ခါရတရားတို့၌ သုခကို တောင့်တခြင်း သုခပဏိဓိကို ပယ်၏။ သင်္ခါရတရားတို့၌ အတ္တမှ ဆိတ်သုဉ်းမှု သုညတသဘောကို ရှုမြင်တတ်သော **သုညတာနုပဿနာဉာဏ်** = အနတ္တာနုပဿနာဉာဏ်ဖြင့် "အတ္တသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း အတ္တာဘိနိဝေသကို ပယ်၏။ ဉာတအမည်ရသော ဝိပဿနာဉာဏ်၏ အရှုခံသင်္ခါရတရား, ဉာဏအမည်ရသော ရှုနေသောဝိပဿနာဉာဏ် ပရမတ္ထတရားဟူသော နှစ်မျိုးသော ပရမတ္ထတရားတို့၏ အပျက်ဘင်ကို ရှုလျက် အတ္တမှ ဆိတ်သုဉ်းသော သုညတသဘောကို ဆိုက်အောင် ရှုသော **အဓိပညာဓမ္မဝိပဿနာဉာဏ်**ဖြင့် အနှစ်မရှိသော ခန္ဓာငါးပါးတို့၌ နိစ္စဟူသော အနှစ် အတ္တဟူသော အနှစ် ရှိ၏ဟူ၍ စွဲယူတတ်သော မှားသောအားဖြင့် နှလုံးသွင်းခြင်း သာရာဒါနာဘိနိဝေသကို ပယ်၏။

သင်္ခါရတရားတို့ကို အကြင်အကြင် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘောဖြင့် သိတတ် မြင်တတ်သော **ယထာဘူတဉာဏဒဿနဉာဏ်** = သပ္ပစ္စယနာမရူပပရိဂ္ဂဟဉာဏ်ဖြင့် "ငါသည် အတိတ်ကာလက ဖြစ်ခဲ့လေသလော" ဤသို့ စသည်ဖြင့်လည်းကောင်း, "ပြဟ္မာ ဗိဿနိုး တန်ခိုးကြီးမားသော ထာဝရဘုရားစသည့် ဖန်ဆင်းရှင် ဣဿရကြောင့် လောကသည် ဖြစ်ပေါ်လာ၏" ဤသို့စသည်တို့၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်ပေါ်လာသော သံသယမိစ္ဆာဉာဏ်တို့၏ အစွမ်းဖြင့် တွေဝေခြင်းသာလျှင် ဖြစ်သော နှလုံးသွင်းခြင်း သမ္မောဟာဘိနိဝေသကို ပယ်၏။ ဘုံသုံးပါးအတွင်း၌ တည်ရှိသော သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ် ဘေးဘျမ်းဟု ရှေးရှုထင်လာသော ဘယတုပဋ္ဌာန၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော အလုံးစုံသော ဘုံဘဝတို့၌ အပြစ်အာဒီနဝကို ရှုသော **အာဒီနဝါနုပဿနာဉာဏ်**ဖြင့် သင်္ခတ တရားတို့၌ ပုန်းအောင်းရာဟု ယူခြင်းတည်းဟူသော နှလုံးသွင်းခြင်း, ဘုံသုံးပါးတို့၌ ကပ်ငြိခြင်းတည်းဟူသော နှလုံးသွင်းခြင်း အာလယာဘိနိဝေသကို ပယ်၏။ (၃၁)ဘုံ အတွင်း၌ တစ်စုံတစ်ခုသော ပုန်းအောင်းရာ စောင့်ရှောက်ရာဟု ကပ်ငြိ တွယ်တာအပ်သော တရားကို မတွေ့ မမြင် မထင်သောကြောင့် ဖြစ်၏။ ဘုံသုံးပါးတို့မှ လွတ်ခြင်း၏ = သင်္ခါရတရားတို့ကို စွန့်လွှတ်ခြင်း၏ အကြောင်း ဥပါယ်ကို ပြုတတ်သော ပညာဟူသော **ပဋိသင်္ခါနုပဿနာဉာဏ်**ဖြင့် ပဋိသင်္ခါ၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟကို ပယ်၏။

ဝဋ်ကင်းရာ နိဗ္ဗာန်သို့ ပြေးဝင်သော သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်ဟူသော **ဝိဝဋ္ဋာနုပဿနာဉာဏ်**ဖြင့် ကာမတို့နှင့် ယှဉ်တွဲခြင်း ကာမသံယောဂ စသော ကိလေသာဟူသော နှလုံးသွင်းခြင်း အဘိနိဝေသကို = ကာမသံယောဂ စသော ကိလေသာ၏ ဖြစ်ခြင်းကို ပယ်၏။ ဤသို့ ပယ်ခြင်းသည် တဒင်္ဂပ္ပဟာန် မည်၏။

(ဝိသုဒ္ဓိ-၂-၃၃၅-၃၃၇။)

**၃။ သမုစ္ဆေဒပ္ပဟာန်** — မိုးကြိုးစက်ဝန်းသည် နှိပ်စက်အပ်သော မိုးကြိုးပစ်ခံရသော သစ်ပင်၏ တစ်ဖန် အသက်ရှင်လာခြင်းသည် မဖြစ်ပြန်သကဲ့သို့ အရိယမဂ်ဉာဏ်ဖြင့် သံယောဇဉ် အစရှိကုန်သော အကုသိုလ်တရားတို့ကို နောင်တစ်ဖန် မဖြစ်သောအားဖြင့် အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်ခြင်းသည် သမုစ္ဆေဒပ္ပဟာန် မည်၏။ ယင်း သမုစ္ဆေဒပ္ပဟာနကို ရည်ရွယ်တော်မူ၍ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် (၂၇)၌ "လောကုတ္တရာဖြစ်သော, ကံ

ကိလေသာတို့၏ကုန်ရာ အလုံးစုံသော သင်္ခါရတရားတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်သော အရိယမဂ်ကို ဖြစ်စေ-သော ပွားများသော ပုဂ္ဂိုလ်၏ သန္တာန်၌ သမုစ္ဆေဒပ္ပဟာန်သည်လည်း ဖြစ်ပေါ်လာ၏”ဟု ဟောကြားတော်မူအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၃၇။)

ဤသုံးမျိုးကုန်သော ပဟာန်တို့တွင် သမုစ္ဆေဒပ္ပဟာန်ကိုသာလျှင် ပဟာနာဘိသမယဖြင့် သမုဒယသစ္စာကို သိ၏ဟု အဘိသမယကို ဆိုရာ၌ အလိုရှိအပ်ပေသည်။ ဤကား နိပ္ပရိယာယ = ပရိယာယ်မဖက် မုချသက်သက်အားဖြင့် ဆိုသော စကားတည်း။ သို့သော် ထိုယောဂါဝစရပုဂ္ဂိုလ်အဖို့ သမုစ္ဆေဒပ္ပဟာန်၏ ရှေးအဖို့၌ ဖြစ်ကုန်သော ဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့သည်လည်း ထိုသမုစ္ဆေဒပ္ပဟာန်ဟူသော အကျိုးရှိကုန်သည်သာလျှင် ဖြစ်ကုန်၏။ ဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့သည် သမုစ္ဆေဒပ္ပဟာန် စွမ်းအင်ရှိသော အရိယမဂ်၏ အကြောင်း အဆောက်အဦတို့ ဖြစ်ကြသည်ဟု ဆိုလိုသည်။ အကြောင်းမူ ထိုဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့နှင့် ကင်း၍ သမုစ္ဆေဒ-ပ္ပဟာန်၏ မပြီးစီးခြင်းကြောင့် ဖြစ်၏။ တစ်နည်း — ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အရိယမဂ်၏ ရှေးအဖို့၌ ဖြစ်ကုန်သော ဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့သည်လည်း အရိယမဂ်ဟူသော အကျိုးရှိကုန်သည်သာ-လျှင် ဖြစ်ကုန်၏။ ထိုအရိယမဂ်ဟူသော အကျိုးရှိသည်၏အဖြစ်ကြောင့် ထိုဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့သည် ထိုအရိယမဂ်၏ ကိစ္စ ရှိကြကုန်သည်သာ ဖြစ်ကုန်၏။ ထို့ကြောင့် ပဟာန် သုံးမျိုးလုံးသည်လည်း ဤနည်း ပရိယာယ်အားဖြင့် အရိယမဂ်ဉာဏ်၏ ကိစ္စတည်းဟု သိရှိပါလေ။

**လောကဥပမာ** — ရန်သူမင်းကို သတ်၍ မင်းအဖြစ်သို့ ရောက်ရှိလာသော ဘုရင်မင်းသည် ထိုရှင်ဘုရင်ဖြစ်သည်မှ ရှေး၌ အကြင် အမှုကိစ္စကိုလည်း ပြုအပ်၏၊ အလုံးစုံသော ထိုအမှုကို “ဤမည်သော အမှု ဤမည်သော အမှုကိုလည်း မင်းသည် ပြုအပ်၏”ဟူ၍သာလျှင် ဆိုအပ်၏။ ဤဥပမာအတူပင်လျှင် ဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့ကို လောကီဉာဏ်တို့ဖြင့် ပြီးစီးအပ်ကုန်သော်လည်း သမုစ္ဆေဒပ္ပဟာန်၏ အစွမ်းဖြင့် ဖြစ်သော အရိယမဂ်၏ ကိစ္စ၏ အဖြစ်ဖြင့် ဆိုအပ်ကုန်၏၊ အဘယ်ကြောင့်နည်းဟူမူ ထိုဝိက္ခမ္ဘနပ္ပဟာန် တဒင်္ဂပ္ပဟာန်တို့၏ အရိယမဂ်ဟူသော အကျိုးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, အရိယမဂ်၏ ထိုဝိက္ခမ္ဘန တဒင်ဟူသော သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်အစဉ်၌ ကျရောက်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဖြစ်သည်။
(ဝိသုဒ္ဓိ-၂-၃၃၇-၃၃၈။ မဟာဋီ-၂-၅၁၀။)

## သစ္ဆိကိရိယာဘိသမယ

အရိယမဂ်ဉာဏ်သည် နိရောဓသစ္စာ နိဗ္ဗာန်ကို သစ္ဆိကိရိယာဘိသမယဖြင့် မျက်မှောက်ပြုလျက် ထိုးထွင်းသိ၏ ဟူရာ၌ သစ္ဆိကိရိယာ အကြောင်းကို ဤသို့ သိအပ်၏။ သစ္ဆိကိရိယာသည်လည်း လောကီဖြစ်သော သစ္ဆိကိရိယာ, လောကုတ္တရာဖြစ်သော သစ္ဆိကိရိယာဟု နှစ်မျိုးပင် ပြားသော်လည်း လောကုတ္တရာ သစ္ဆိကိရိယာ၌ ဒဿနသစ္ဆိကိရိယာ ဘာဝနာသစ္ဆိကိရိယာ၏ အစွမ်းဖြင့် နှစ်မျိုးပြားခြင်းကြောင့် အားလုံး သုံးမျိုး ပြားလေသည်။

၁။ **လောကိယ သစ္ဆိကိရိယာ,**

၂။ **လောကုတ္တရာ ဒဿနသစ္ဆိကိရိယာ,**

၃။ **လောကုတ္တရာ ဘာဝနာသစ္ဆိကိရိယာ** ဟု သုံးမျိုးပြားသည် ဟူလို။

**၁။ လောကိယသစ္ဆိကိရိယာ** — ထိုသုံးမျိုးသော သစ္ဆိကိရိယာတို့တွင် “ငါသည် ပထမဈာန်ကို ရခြင်းရှိသည်ဖြစ်ပြီ၊ ပထမဈာန်ကို ငါသည် မျက်မှောက် ပြုအပ်ပြီ” (ဝိ-၁-၁၂၁-၁၂၂။) ဤသို့စသည်ဖြင့် လာရှိသော ပထမဈာန်စသည်တို့ကို တွေ့ထိခြင်း = ဖဿနာသည် လောကိယ သစ္ဆိကိရိယာ မည်၏။ တွေ့ထိခြင်း = ဖဿနာ

ဟူသည် ပထမစျာန်စသည်ကို ရရှိပြီး၍ "ဤစျာန်ကို ငါသည် ရရှိအပ်ပြီ"ဟု မျက်မှောက် ပစ္စက္ခအားဖြင့် အာရုံပြုခြင်းဟု ဆိုအပ်သော ဉာဏ်ဖြင့် တွေ့ထိခြင်းဖြင့် တွေ့ထိခြင်း = ဖုသနာတည်း။ မှန်ပေသည် – ဤအနက်သဘောကိုပင် ရည်ရွယ်တော်မူ၍ "တွေ့ထိခြင်းဟူသော အနက်သဘောအားဖြင့် မျက်မှောက်ပြုတတ်သော ပညာသည် ဉာဏ် မည်၏" (ပဋိသံ-၂။) ဟု ဤသို့ ဟောညွှန်ပြီး၍"အကြင်အကြင်တရားတို့ကို မျက်မှောက်ပြုအပ်သည် ဖြစ်ကုန်၏၊ ထိုထိုတရားတို့သည် ဉာဏ်ဖြင့် တွေ့ထိအပ်ကုန်သည် ဖြစ်ကုန်၏" (ပဋိသံ-၈၅။) ဟု ဤသို့လျှင် သစ္ဆိကိရိယာနိဒ္ဒေသကို ဟောကြားတော်မူအပ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၃၈။)

**ပစ္စက္ခတော = မျက်မှောက် ပစ္စက္ခအားဖြင့်**ဟူသော ဤစကားရပ်ဖြင့် မျက်ရမ်းမှန်းဆသော အနုမာနအားဖြင့် အာရုံပြုခြင်းကို နစ်စေ၏။ မှန်ပေသည် — "ဤတရားသည် ဤသို့သဘောရှိ၏" ဤသို့ စျာန်ကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာ၏ အစွမ်းဖြင့် မျက်မှောက် ပစ္စက္ခအားဖြင့် စျာန်ကို သိခြင်းကို ဤ၌ ဉာဏဖဿ = ဉာဏ်အတွေ့ဟူ၍ အလိုရှိအပ်ပေသည်။ (မဟာဋီ-၂-၅၁၀။)

တစ်နည်း — မိမိ၏ သန္တာန်၌ စျာန်မဂ်ဖိုလ်တို့ကဲ့သို့ မဖြစ်စေမူ၍လည်း အကြင်တရားတို့ကို သက်သက်သူတစ်ပါးကို ယုံကြည်ရခြင်းကင်းသော အပရပ္ပစ္စယဉာဏ်ဖြင့် သိအပ်ကုန်၏၊ ထိုတရားတို့သည် သစ္ဆိကတ = မျက်မှောက်ပြုအပ်ပြီးသော တရားတို့ ဖြစ်ကုန်၏။ မှန်ပေသည် — ထိုကြောင့်ပင်လျှင် "ရဟန်းတို့ . . . အလုံးစုံသော တရားကို မျက်မှောက်ပြုအပ်၏၊ ရဟန်းတို့ . . . အဘယ်အလုံးစုံသော တရားကို မျက်မှောက်ပြုအပ်သနည်း၊ ရဟန်းတို့ . . . စက္ခုကို မျက်မှောက်ပြုအပ်၏" (ပဋိသံ-၃၄။) ဤသို့ စသော ဒေသနာတော်ကို ဟောတော်မူ၏။ ထိုပြင် တစ်ပါးသော ဒေသနာတော်ကိုလည်း ဟောကြားထားတော်မူပြန်၏။ "ရုပ်တရားကို ပစ္စက္ခအားဖြင့် ကိုယ်တိုင်မျက်မှောက် သိမြင်သည်ဖြစ်၍ မျက်မှောက်ပြု၏။ ဝေဒနာကို။ ပ။ သညာကို။ ပ။ သင်္ခါရတို့ကို။ ပ။ ဝိညာဏ်ကို ပစ္စက္ခအားဖြင့် ကိုယ်တိုင်မျက်မှောက် သိမြင်သည်ဖြစ်၍ မျက်မှောက်ပြု၏။ စက္ခုကို။ ပ။ ဇရာမရဏကို။ ပ။ မသေရာ အမြိုက်နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့် ကိုယ်တိုင်မျက်မှောက် သိမြင်သည်ဖြစ်၍ မျက်မှောက်ပြု၏။ အကြင်အကြင် တရားတို့သည် မျက်မှောက်ပြုအပ်သည် ဖြစ်ကုန်၏၊ ထိုထိုတရားတို့သည် ဉာဏ်ဖြင့် တွေ့ထိအပ်ကုန်သည် ဖြစ်ကုန်၏။" (ပဋိသံ-၃၄။)ဟု ဟောကြားထားတော်မူ၏။ (ဝိသုဒ္ဓိ-၂-၃၃၈။)

ထိုမျက်မှောက်ပြုအပ်သော သစ္ဆိကာတဗ္ဗဓမ္မတို့ကို ဖုံးလွှမ်းထားတတ်သော သမ္မောဟကို ပယ်သည်၏ အစွမ်းအားဖြင့် ထိုသို့ ဖုံးလွှမ်းထားတတ်သော မောဟကို ဖျက်ဆီးတတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးအဆုံး၌ ဖြစ်သော ဉာဏ်သည် သူတစ်ပါးကိုသာ ယုံကြည်ရခြင်း ကင်းရကား အပရပ္ပစ္စယဉာဏ် မည်သတည်း။ သူတစ်ပါးကို ယုံကြည်၍သာ မမှတ်ရ၊ ကိုယ်တိုင် သိမြင်တတ်သော ဉာဏ်ဟူလို။

(ပြည်-ဝိသုဒ္ဓိမဂ်နိဿယ-၅-၄၀၅။)

ဤသတ်မှတ်ချက်များအရ စျာန်မဂ်ဖိုလ်တရားတို့ကဲ့သို့ပင် လောကီ ဥပါဒါနက္ခန္ဓာငါးပါး အာယတနတစ်ဆယ့်နှစ်ပါး ဓာတ်တစ်ဆယ့်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ် သဘောတရားတို့ကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိသောဉာဏ်, ယင်းစျာန်ကို ဆင်ခြင်သော ဉာဏ်, မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာတရားတို့ကို တစ်ဖန်ပြန်၍ အာရုံပြုသောဉာဏ် ဆင်ခြင်သောဉာဏ်တို့ကား လောကိယသစ္ဆိကိရိယာတည်းဟု မှတ်ပါ။

၂။ **ဒဿနသစ္ဆိကိရိယာ** — သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကို မြင်ခြင်းသည် ဒဿနမည်သော သောတာပတ္တိမဂ်ဖြင့် မျက်မှောက်ပြုခြင်း **ဒဿနသစ္ဆိကိရိယာ** မည်၏။

၃။ **ဘာဝနာသစ္ဆိကိရိယာ** — သကဒါဂါမိမဂ်ခဏ, အနာဂါမိမဂ်ခဏ, အရဟတ္တမဂ်ခဏတို့၌ နိဗ္ဗာန်ကို မြင်ခြင်းသည် ဘာဝနာမည်သော အထက်မဂ်ဖြင့် မျက်မှောက်ပြုခြင်း **ဘာဝနာသစ္ဆိကိရိယာ** မည်၏။

ထိုနှစ်မျိုးသော ဒဿနသစ္စိကိရိယာ ဘာဝနာသစ္စိကိရိယာကို အရိယပုဂ္ဂိုလ်တို့သည် သစ္စိကိရိယာဘိ-သမယဖြင့် နိရောဓသစ္စာကို မြင်ပုံကို ပြဆိုရာ ဤအဘိသမယကထာ၌ အလိုရှိအပ်ပေသည်။ ထိုကြောင့် ဒဿနမဂ် ဘာဝနာမဂ်၏အစွမ်းအားဖြင့် နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် ဤလောကုတ္တရာ မဂ်ဉာဏ်၏ ကိစ္စမည်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၃၈။)

ဂေါတြဘုဉာဏ်သည် ထိုမဂ်ဉာဏ်ထက် နိဗ္ဗာန်ကို ရှေးဦးစွာ တွေ့မြင်သော်လည်း နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် သိမြင်ပြီးနောက် ပြုသင့်ပြုထိုက်သော ကိလေသာကို ပယ်ခြင်း လုပ်ငန်းကိစ္စကို မပြုလုပ်နိုင်ခြင်းကြောင့် ဒဿနဟူ၍ မခေါ်ဆိုနိုင်။ တစ်ဖန် အထက်ပါ စကားရပ်တို့တွင် ဒဿနမဂ် ဘာဝနာမဂ်၏ အစွမ်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို ဖွင့်ဆိုသော စကားဖြင့် အရိယမဂ် မဟုတ်သည်၏ အစွမ်းဖြင့် ဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို နစ်စေ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိုသာ ဤ၌ အလိုရှိအပ်၏ ဟု ဆိုသဖြင့် မဂ်ဖိုလ်တို့၌ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းကို နစ်စေ၏။ (မဟာဋီ-၂-၅၁၁။)

## ဘာဝနာဘိသမယ

**အရိယမဂ်ဉာဏ်**သည် မဂ္ဂသစ္စာကို ဘာဝနာဘိသမယဖြင့် ထိုးထွင်း၍ သိ၏ဟူရာဝယ် ဘာဝနာကား **လောကိယဘာဝနာ လောကုတ္တရဘာဝနာ**ဟု နှစ်မျိုး ပြား၏။

**၁။ လောကိယဘာဝနာ** — ထိုနှစ်မျိုးတို့တွင် လောကီဖြစ်ကုန်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်း-သည်လည်းကောင်း, ထိုသီလ သမာဓိ ပညာတို့ဖြင့် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်ကို ထုံခြင်းသည်လည်းကောင်း လောကိယဘာဝနာ မည်၏။ (ထုံ၏ဟူသည် ရုပ်နာမ်သန္တတိအစဉ်၌ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဖြစ်စေမှုကို ဆိုလိုသည်။)

**၂။ လောကုတ္တရဘာဝနာ** — လောကုတ္တရာဖြစ်ကုန်သော သီလ သမာဓိ ပညာတို့ကို ဖြစ်စေခြင်းသည် လည်းကောင်း, ထိုလောကုတ္တရာ သီလ သမာဓိ ပညာတို့ဖြင့် ရုပ်နာမ်သန္တာန်အစဉ်ကို ထုံခြင်းသည်လည်းကောင်း လောကုတ္တရဘာဝနာ မည်၏။ ထိုလောကိယဘာဝနာ လောကုတ္တရဘာဝနာ နှစ်မျိုးတို့တွင် ဤဉာဏဒဿန ဝိသုဒ္ဓိကထာ၌ အရိယမဂ်က မဂ္ဂသစ္စာကို ဘာဝနာဘိသမယဖြင့် ထိုးထွင်းသိမြင်မှုကို ပြဆိုရာ၌ လောကုတ္တရ ဘာဝနာကိုသာ အလိုရှိအပ်ပေသည်၊ လောကိယဘာဝနာကို အလိုမရှိအပ်ပေ။ လောကိယဘာဝနာဟူသည် ထိုလောကုတ္တရာဘာဝနာ၏ အဆောက်အဦသာ ဖြစ်သောကြောင့် ဖြစ်သည်။

မှန်ပေသည် — အရိယမဂ်ဉာဏ် လေးမျိုးလုံးသည်လည်း လောကုတ္တရာ ဖြစ်ကုန်သော သီလမဂ္ဂင် သုံးပါး သမာဓိမဂ္ဂင် သုံးပါးတို့ကို သို့မဟုတ် သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်တို့ကို ဖြစ်စေ၏။ အဘယ်သို့ ဖြစ်စေ သနည်းဟူမူ — ထိုသီလမဂ္ဂင်စသည်တို့အား သဟဇာတပစ္စည်းစသော ပစ္စယသတ္တိတို့ဖြင့် ဖြစ်စေ၏။ တစ်နည်း သဟဇာတစသော ပစ္စယသတ္တိ အနန္တရစသော ပစ္စယသတ္တိတို့ဖြင့် ဖြစ်စေ၏။

အရိယမဂ်ဉာဏ်သည် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝတို့ကို လွန်ကျူးကြောင်း ကိလေသာတို့ကို အ-ကြွင်းမဲ့ ပယ်သတ်၏။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်, သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟူသော သမာဓိမဂ္ဂင်တို့ကို မသိအောင် ဖုံးလွှမ်းထားတတ်သော မောဟကိုလည်း အကြွင်းမဲ့ ပယ်သတ်၏။ ဖိုလ်ဉာဏ်သည် ထိုအရိယမဂ်က ပယ်သတ်အပ်သော ကိလေသာတို့ကို တစ်ဖန် ထပ်၍ ငြိမ်းသထက် ငြိမ်းအောင် ပဋိပဿဒ္ဓပဟာန်၏ အစွမ်းဖြင့် ငြိမ်းသတ်၏။ ထိုသို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓပဟာန်၏ အစွမ်းဖြင့်

ဖြစ်စေအပ်ကုန်သော လောကုတ္တရာ ဖြစ်ကုန်သော သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်တို့ဖြင့် အရိယပုဂ္ဂိုလ်သည် မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်ကို ထုံစေ၏၊ ထိုကြောင့် လောကုတ္တရဘာဝနာသည်သာလျှင် ထိုအရိယမဂ်ဉာဏ်၏ ကိစ္စ မည်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၃၈-၃၃၉။)

သမ္မာဒိဋ္ဌိ အမည်ရသော အရိယမဂ်ဉာဏ်သည် မိမိနှင့် ယှဉ်ဖက် မဂ္ဂင် (၇)ပါးတို့အား သဟဇာတစသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏၊ ဖိုလ်စိတ္တုပ္ပါဒ် စသည်တို့နှင့် ယှဉ်သော သမ္မာဒိဋ္ဌိ။ ပ ။ သမ္မာသမာဓိတို့အား အနန္တရစသော ပစ္စယသတ္တိတို့ဖြင့်လည်းကောင်း, ဥပနိဿယစသော ပစ္စယသတ္တိတို့ဖြင့်လည်းကောင်း ကျေးဇူးပြုပေး၏။ ထိုကြောင့် အရိယမဂ်ဉာဏ်သည် မဂ္ဂင်တရားကိုယ်များဖြစ်သော သီလ သမာဓိ ပညာတို့ကိုလည်း ဖြစ်စေ၏၊ ရုပ်နာမ် သန္တာန် အစဉ်၌လည်း ထုံ၏ ထုံစေ၏၊ ထိုကြောင့် ဘာဝနာ မည်၏။ ယင်း ဘာဝနာကို ဘာဝနာဘိသမယ၌ အလိုရှိအပ်၏ ဟူလိုသည်။

**ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ ပြီး၏။**

## ပညာဘာဝနာ၏ အကျိုးဂုဏ်အင် အာနိသင်

ဤ ပညာဘာဝနာ မည်သည်ကား ပကတိသာဝကဗောဓိ မဟာသာဝကဗောဓိ အဂ္ဂသာဝကဗောဓိ ပစ္စေကဗောဓိ သမ္မာသမ္ဗောဓိစသော ကြီးကျယ်မြင့်မြတ် ပြန့်ပြော ဖြူစင်သော အကျိုးဂုဏ်အင် အာနိသင် အထူးကို ဆောင်ပေးတတ်သည်၏ အဖြစ်ကြောင့် အရာမက များပြားသော အကျိုးဂုဏ်အင် အာနိသင် ရှိ၏။ ထို ပညာဘာဝနာ၏ အကျိုးဂုဏ်အင် အာနိသင်ကို ရှည်မြင့်စွာသော ကာလပတ်လုံးလည်း အကျယ်အားဖြင့် ထင်ရှား ပြခြင်းငှာ အကျိုးတရားတို့၏ အလွန် များပြားသည်၏ အဖြစ်ကြောင့် မလွယ်ကူလှပေ။ သို့သော် ထိုပညာ ဘာဝနာ၏ အကျိုးအာနိသင်မှာ အကျဉ်းချုပ်အားဖြင့် လေးမျိုး ရှိ၏။

| | | |
|---|---|---|
| ၁။ | နာနာကိလေသဝိဒ္ဓံသန | = ကိလေသာအမျိုးမျိုးတို့ကို ဖျက်ဆီးခြင်း, |
| ၂။ | အရိယဖလရသာနုဘဝန | = အရိယဖိုလ်ချမ်းသာ၏ အရသာကို သုံးဆောင်ခံစားခြင်း, |
| ၃။ | နိရောဓသမာပတ္တိသမာပဇ္ဇနသမတ္ထတာ | = နိရောဓသမာပတ်ကို ဝင်စားခြင်းငှာ စွမ်းနိုင်ခြင်း, |
| ၄။ | အာဟုနေယျဘာဝါဒိသိဒ္ဓိ | = သံဃာ့ဂုဏ်တော်တို့အနက် အကျိုးဂုဏ်တော်တို့တွင် ပါဝင်သော အာဟုနေယျဂုဏ် စသည်၏ ပြီးစီးခြင်း — |

ဤသို့ လေးမျိုး ရှိ၏။ ထိုလေးမျိုးတို့တွင် ဤကျမ်း၌ အရိယဖိုလ်ချမ်းသာ၏ အရသာကို သုံးဆောင် ခံစားခြင်းအပိုင်းကိုသာ ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။ (ဝိသုဒ္ဓိ-၂-၃၄၀။)

## ဖလသမာပတ္တိကထာ

၁။ ဖလသမာပတ်ဟူသည် အဘယ်နည်း၊
၂။ အဘယ်သူတို့သည် ထိုဖလသမာပတ်ကို ဝင်စားနိုင်ကြကုန်သနည်း၊
၃။ အဘယ်သူတို့သည် မဝင်စားနိုင်ကြကုန်သနည်း၊
၄။ အဘယ်ကြောင့် ဝင်စားကြကုန်သနည်း၊
၅။ အဘယ်သို့လျှင် ထိုဖလသမာပတ်ကို ဝင်စားခြင်းသည် ဖြစ်သနည်း၊
၆။ အဘယ်သို့လျှင် တည်တံ့ခြင်းသည် ဖြစ်သနည်း၊
၇။ အဘယ်သို့လျှင် ဖလသမာပတ်မှ ထခြင်းသည် ဖြစ်သနည်း၊
၈။ အရိယဖိုလ်၏ အခြားမဲ့၌ အဘယ်တရားသည် ဖြစ်ပေါ်လာသနည်း၊
၉။ အရိယဖိုလ်သည်လည်း အဘယ်တရား၏ အခြားမဲ့၌ ဖြစ်သနည်း၊ —

ဤမေးခွန်းများကား ဖလသမာပတ်နှင့် ဆက်စပ်၍ သိသင့်သော အချက်များပင် ဖြစ်ကြသည်။

၁။ ထိုမေးခွန်းတို့တွင် **ဖလသမာပတ်ဟူသည် အဘယ်နည်း** ဟူသော မေးခွန်း၏ အဖြေကား — အရိယ ဖိုလ်နှင့် ယှဉ်သော ဈာန်၏ နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်အာရုံ၌ အကြင် အပ္ပနာအခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ရှိ၏၊ ထိုအပ္ပနာသည် = ထိုအပ္ပနာအခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏ ဟူပေ။ (ဝိသုဒ္ဓိ-၂-၃၄၁။)

**အပ္ပနာ** — အပ္ပနာဟူသော အမည်သည် "တက္ကော ဝိတက္ကော သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ သမ္မာသင်္ကပ္ပေါ"ဟူသော ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၁၈။) နှင့်အညီ ဝိတက်၏ နာမည် ရင်းတည်း။ စိတ္တံ အာရမ္မဏေ အပ္ပေတိ အဘိနိရောပေတီတိ အပ္ပနာ = ယှဉ်ဖက်သမ္ပယုတ်စိတ်ကို အာရုံ၌ အပ်နှံတတ် ရှေးရှုတင်ပေးတတ်သောကြောင့် ဝိတက်သည် အပ္ပနာ မည်၏။

**အဋ္ဌကထာ ဝေါဟာရ** — ဝိတက္ကသ ကိစ္စဝိသေသေန ထိရဘာဝပ္ပတ္တေ ပဌမဇ္ဈာနသမာဓိမှိ, ပစ္စနီက-ဒူရီဘာဝကတေန ထိရဘာဝေန တံသဒိသေသု ဝိတက္ကရဟိတေသု ဒုတိယဇ္ဈာနာဒိသမာဓီသု စ အပ္ပနာတိ အဋ္ဌကထာဝေါဟာရော။ (မူလဋီ-၁-၁၀၁။)

အထက်တွင် တင်ပြထားသော ဓမ္မသင်္ဂဏီပါဠိတော်၌ ဝိတက်ကိုသာ အပ္ပနာဟု နာမည်တပ်ထား၏။ သို့သော် အဋ္ဌကထာ အသုံးအနှုန်းအားဖြင့် ဝိတက်၏ စိတ်ကို = သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း ကိစ္စအထူးကြောင့် ဆိုင်ရာ သမထအာရုံ၌ သို့မဟုတ် နိဗ္ဗာန်အာရုံ၌ ခိုင်မြဲသည်၏ အဖြစ်သို့ ရောက်ရှိနေသော လောကီ လောကုတ္တရာ ပဌမစျာန်သမာဓိကို အပ္ပနာမည်သော ဝိတက်စေတသိက်နှင့် စိတ္တက္ခဏတစ်ခုအတွင်း၌ အတူယှဉ်တွဲ၍ ဖြစ်သောကြောင့် တကွ ဖြစ်ဖက် = သဟစရဏနည်းအရ အပ္ပနာဟု ခေါ်ဆို၏။ ပဌမစျာန် သမာဓိက ဆန့်ကျင်ဘက် နီဝရဏတို့မှ ဝေးကွာမှု ဖြစ်အောင် ပြုလုပ်ထားအပ်သဖြင့် ဆိုင်ရာ သမထအာရုံ၌ သို့မဟုတ် နိဗ္ဗာန်အာရုံ၌ ခိုင်မြဲသည်၏ အဖြစ်ကြောင့် ထို ပဌမစျာန်သမာဓိနှင့် သမာဓိချင်း တူကုန်သော လောကီ လောကုတ္တရာဖြစ်သော ဒုတိယစျာန်သမာဓိတို့၌လည်း သဒိသူပစာရအားဖြင့် အပ္ပနာဟူ၍ပင် ခေါ်ဝေါ်လေသည်။ ထိုကြောင့် လောကီ လောကုတ္တရာ စျာန်အားလုံးကို အပ္ပနာဟု ခေါ်ဝေါ်သုံးစွဲခြင်းသည် အဋ္ဌကထာဝေါဟာရ = အဋ္ဌကထာ၏ အသုံးအနှုန်း ဖြစ်သည် ဟူပေ။ (မူလဋီ-၁-၁၀၁။)

## ၂။ အဘယ်သူတို့သည် ဝင်စားနိုင်ကြကုန်သနည်း။
## ၃။ အဘယ်သူတို့သည် မဝင်စားနိုင်ကြကုန်သနည်း။

ဤသို့မေးမူ — လောကီစျာန်ကို ရရှိသော ပုထုဇန်, လောကီစျာန်ကို မရရှိသော ပုထုဇန်ဟူသော ပုထုဇန် အားလုံးတို့သည် ထိုမဂ်ဖိုလ်ကို မရအပ်သေးသည်၏ အဖြစ်ကြောင့် မဝင်စားနိုင်ကုန်။ အရိယာပုဂ္ဂိုလ်အားလုံး တို့ကား ထိုထိုမဂ်ဖိုလ်ကို ရထားပြီး ဖြစ်သောကြောင့် ဝင်စားနိုင်ကြကုန်၏။ ထိုသို့ ဝင်စားရာ၌ လောကီစျာန်များ၌ အထက်အထက် စျာန်ကို ရရှိထားသော သူတို့သည် အောက်အောက် စျာန်ကိုလည်း ဝင်စားကုန်သကဲ့သို့ကား မဟုတ်ကြကုန်။ အထက်ဖြစ်သော သကဒါဂါမ်စသော အရိယပုဂ္ဂိုလ်တို့သည် အောက်ဖြစ်သော သောတာပတ္တိ ဖိုလ်စသည်ကို မဝင်စားကြကုန်။ အကြောင်းမူ — သကဒါဂါမ်စသော ပုဂ္ဂိုလ်တစ်မျိုး အဖြစ်သို့ ရောက်ရှိသွား-ခြင်းဖြင့် အောက်အောက်သော ဖလသမာပတ်တို့၏ ငြိမ်းပြီးသည်၏ အဖြစ်ကြောင့် တစ်ဖန် မဖြစ်ခြင်းသဘော ရှိသည်၏ အဖြစ်သို့ ရောက်ရှိသွားခြင်းကြောင့်တည်း။ အောက်ဖြစ်သော သောတာပန်ပုဂ္ဂိုလ်စသည်တို့သည်လည်း အထက်ဖြစ်သော သကဒါဂါမိဖိုလ် စသည်ကို မဝင်စားနိုင်ကြကုန်၊ မရရှိသေးသောကြောင့် ဖြစ်၏။ အလျော် အားဖြင့် ဆိုရမူ —

၁။ သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖလသမာပတ်ကို,

၂။ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိဖလသမာပတ်ကို,

၃။ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖလသမာပတ်ကို,

၄။ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖလသမာပတ်ကို —

အသီးအသီး ဝင်စားနိုင်၏၊ မိမိ မိမိ၏ ရရှိထားရာ ဆိုင်ရာ ဆိုင်ရာ အရိယဖိုလ်ကိုသာလျှင် = ဖလသမာ-ပတ်ကိုသာလျှင် ဝင်စားနိုင်ကြကုန်၏။ (ဝိသုဒ္ဓိ-၂-၃၄၁-၃၄၂။)

## ၄။ အဘယ်ကြောင့် ဝင်စားကြကုန်သနည်း။

ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထံ = မျက်မှောက်သော ကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်း အကျိုးငှာ ဝင်စားကြကုန်၏။ မျက်မြင်ဖြစ်သော ခန္ဓာကိုယ် အတ္တဘော၌ပင်လျှင် = မျက်မှောက်ဘဝ၌ပင်လျှင် ပူပန်စေတတ် ထက်ဝန်း-ကျင်မှ လောင်တတ်သော ကိလေသာဟူသောမီး ငြိမ်းသဖြင့် ငြိမ်သက်ချမ်းမြေ့သော နေထိုင်ခြင်းဖြင့် နေထိုင်-ခြင်းအကျိုးငှာ ဝင်စားကြကုန်၏ဟူပေ။ လောကဥပမာအားဖြင့် စကြဝတေးမင်းသည် မင်း၏ ချမ်းသာကို ခံစားသကဲ့သို့ ဤဥပမာအတူ အရိယာသခင် အရှင်မြတ်တို့သည် ရာဂစသော ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးဖြူစင် မြင့်မြတ်သော လောကုတ္တရာဖိုလ်ချမ်းသာကို = နိဗ္ဗာန်၏ သန္တိသုခ အငြိမ်းဓာတ်ချမ်းသာကို ခံစားကုန်အံ့ဟု အချိန်ကာလကို ပိုင်းခြားခြင်းကို ပြု၍ အလိုရှိတိုင်းသော ခဏ၌ ဖလသမာပတ်ကို ဝင်စားကြကုန်၏။

(ဝိသုဒ္ဓိ-၂-၃၄၂။)

## ၅။ ဝင်စားပုံ ၆။ တည်တံ့ပုံ ၇။ ထပုံ

နှစ်မျိုးကုန်သော အကြောင်းတို့ဖြင့် ထိုဖလသမာပတ်ကို ဝင်စားခြင်းသည် ဖြစ်၏။

၁။ နိဗ္ဗာန်မှ အခြားတစ်ပါးသော အာရုံကို နှလုံးမသွင်းခြင်း,

၂။ နိဗ္ဗာန်ကိုသာ နှလုံးသွင်းခြင်း —

ဤအကြောင်း နှစ်မျိုးတို့ဖြင့် ဝင်စားခြင်းသည် ဖြစ်၏။

ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ သမာပတ္တိယာ သဗ္ဗနိမိတ္တာနဉ္စ အမနသိ-ကာရော, အနိမိတ္တာယ စ ဓာတုယာ မနသိကာရော။ (မ-၁-၃၇၀-၃၇၁။)

ငါ့ရှင် ကောဋ္ဌိက . . . သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်လျှင် အာရုံရှိသော စေတောဝိမုတ္တိဟု ဆိုအပ်သော ဖလသမာပတ်ကို တစ်နည်း – အနိစ္စာနုပဿနာကို အဦးပြုသဖြင့် ဝင်စားအပ်သော စေတောဝိမုတ္တိဟု ဆိုအပ်-သော ဖလသမာပတ်ကို ဝင်စားဖို့ရန် အကြောင်းတရားတို့ကားနှစ်မျိုးတို့တည်း။ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို အပြစ်ကို မြင်ပြီး၍ စွန့်လွှတ်အပ်သည်၏ အဖြစ်ကြောင့် မဆင်ခြင်ခြင်း နှလုံးမသွင်းခြင်းလည်းကောင်း, အလုံးစုံသော သင်္ခါရနိမိတ်မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တအမည်ရသော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို ဖလသမာပတ်၏ ဖိုလ်စိတ်နှင့် အတူတကွဖြစ်သော မနသိကာရစေတသိက်ဖြင့် နှလုံးသွင်းခြင်း ဖလသမာပတ်ဖြစ်သော ဖိုလ်စိတ်၌ ထားခြင်းလည်းကောင်း - ဤနှစ်မျိုးတို့တည်း။

(မ-၁-၃၇၀-၃၇၁ - မဟာဝေဒလ္လသုတ္တန်။ ဝိသုဒ္ဓိ-၂-၃၄၂။)

ဤ၌ နိဗ္ဗာန်ကို နှလုံးသွင်းခြင်းဟု အကြောင်းတစ်ခုကိုပင်ဆိုလျှင် လိုရင်းကိစ္စ ပြီးကောင်းပြီ ဖြစ်ပါလျက် နိဗ္ဗာန်မှ အခြားတစ်ပါးသော အာရုံကို နှလုံးမသွင်းခြင်းဟူသော အကြောင်းတစ်မျိုးကို အကျယ်ပွား၍ ဆိုရ-ခြင်း၏ အကြောင်းရင်းမှာ ဤသို့ ဖြစ်၏။

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (မ-၁-၈၉။)

ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိ၏ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ မြင့်မြတ်သော တည်ကြည်မှု သမာဓိကို ဖြစ်စေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း မရှိ-သော ပဌမဈာန်သမာဓိကြောင့် ဖြစ်သော သို့မဟုတ် သမ္ပယုတ်သမာဓိကြောင့် ဖြစ်သော နှစ်သက်ခြင်း ပီတိ ချမ်းသာခြင်း သုခရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ (မ-၁-၈၉။)

ဘုရားရှင်သည် လောကီစျာန်တို့ကို ဟောကြားတော်မူရာ၌ အထက်ပါ ပါဠိတော်၌ကဲ့သို့ ပီတိ သုခ ဧက-ဂ္ဂတာဟူသော စျာန်အင်္ဂါ သုံးပါးနှင့် ပြည့်စုံလျှင် ဒုတိယစျာန်ကို ရရှိမှုသည် ပြီးစီးကောင်းပါလျက် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် = ဝိတက် ဝိစာရတို့ကို ကျော်လွှား လွန်မြောက်ခြင်းကြောင့်ဟု ပယ်အပ်သော စျာန်အင်္ဂါတို့ကိုပါ ထည့်သွင်း၍ ဟောကြားတော်မူခဲ့၏။

လောကီစျာန်တို့ကို ရရှိခြင်းကို ထိုထို ဆိုင်ရာစျာန်နှင့် သမ္ပယောဂအင်္ဂါ = ယှဉ်သော စျာန်အင်္ဂါနှင့် ပြည့်စုံ-သည်၏ အဖြစ်ဖြင့် ပြီးကောင်းပါလျက် ပယ်သင့်ပယ်ထိုက်သော စျာန်အင်္ဂါကို ကျော်လွှားလွန်မြောက်နိုင်ပါမှ ထိုထိုစျာန်ကို ရအပ်သည်၏အဖြစ်ကြောင့် ပယ်အပ်သော စျာန်အင်္ဂါကို အဦးပြုသဖြင့် ဟောကြားတော်မူသကဲ့သို့ ထို့အတူ ဖလသမာပတ်ကိုလည်း နိဗ္ဗာန်ကို နှလုံးသွင်းမှုဖြင့် ပြီးသည်ဖြစ်လျက် နိဗ္ဗာန်မှတစ်ပါးသော အခြားသော အာရုံတို့ကို နှလုံးမသွင်းမှုကိုလည်း ဆိုအပ်ပေသည်၊ အကြောင်းကား — အလုံးစုံသော သင်္ခါရတို့မှ ဆုတ်နစ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ပြီးခြင်းကြောင့်တည်း။ ထို့ကြောင့် နိဗ္ဗာန်မှတစ်ပါး အခြားသောအာရုံတို့ကို နှလုံးမသွင်းခြင်း အကြောင်းကိုလည်း ဆိုအပ်ပေသည်။ ဥဒယဗ္ဗယဉာဏ်စသော ဉာဏ်အဆက်ဆက် အဆင့်ဆင့်၏ အစွမ်းဖြင့် အလုံးစုံသော သင်္ခါရမှ အချင်းခပ်သိမ်း ငြီးငွေ့၍ သင်္ခါရတို့၌ တပ်မက်ခြင်းကင်းသော စိတ်ရှိသော အရိယာသခင်အား ထိုအလုံးစုံသော သင်္ခါရမှ ထွက်မြောက်ရာ နိဗ္ဗာန်လျှင် အာရုံရှိသော ဖိုလ်စိတ်သည် ဖြစ်-ပေါ်လာပေသည်။ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ဖိုလ်စိတ်ကိုလည်း နိဗ္ဗာန်မှ အခြားတစ်ပါးသော အာရုံကို နှလုံးမသွင်းခြင်းကြောင့် နိဗ္ဗာန်ကိုသာလျှင် နှလုံးသွင်းခြင်းကြောင့် ဖြစ်ပေါ်လာ၏ဟု ဆိုသင့်လှပေသတည်း ဟူလိုသည်။ (မဟာဋီ-၂-၅၁၇။)

**ဝင်စားပုံ အစီအစဉ်** — ဖလသမာပတ် ဝင်စားပုံ အစီအရင်ကား ဤသို့တည်း။ ဖလသမာပတ်ကို ဝင်စားလိုသော အရိယသာဝကသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် အထူးထူးသော အာရုံမှ ဖဲခွာ၍ တစ်ယောက်တည်းသာ ကိန်းအောင်းလျက် ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်သို့တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်တို့၏အစွမ်းဖြင့် သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်လျက် ဝိပဿနာ ရှုအပ်ကုန်၏။ ထိုသို့ ရှုသဖြင့် ဖြစ်ပေါ်လာသော ဥဒယဗ္ဗယဉာဏ် ဘင်ဉာဏ် ဘယဉာဏ်စသော အစဉ်အတိုင်းသော ဝိပဿနာဉာဏ် ရှိသော ထိုအရိယသာဝက၏ သန္တာန်၌ သင်္ခါရတရားလျှင် အာရုံရှိသော ဝေါဒါန်ဟု ရအပ်သော အမည်ရှိသော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဖလသမာပတ်၏ အစွမ်းဖြင့် နိရောဓသစ္စာဖြစ်သော နိဗ္ဗာန်အာရုံ၌ စိတ်သည် အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်၏။ ဤသို့ အစဉ်အတိုင်း ရှုအပ်သော အနုပုဗ္ဗဝိပဿနာ၏ အစွမ်းဖြင့် ဖလသ-မာပတ်ကို ဝင်စားရာ၌ ဖလသမာပတ်သို့ စိတ်ညွတ်ကိုင်းရှိုင်းသည်၏ အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်အားလည်း အရိယဖိုလ်သည်သာလျှင် ဖြစ်၏၊ အရိယမဂ်သည် မဖြစ်ပေ။ (ဝိသုဒ္ဓိ-၂-၃၄၂။)

**သင်္ခါရတရားလျှင် အာရုံရှိသော ဂေါတြဘု** — အဘယ်ကြောင့် ဤဖလသမာပတ်ကို ဝင်စားရာ၌ ဂေါတြဘုဉာဏ်သည် အရိယမဂ်ဉာဏ်၏ ရှေ့သွားဖြစ်သော ဂေါတြဘုဉာဏ်ကဲ့သို့ နိဗ္ဗာန်လျှင် အာရုံရှိသည် မဖြစ်သနည်းဟူမူ – အရိယဖိုလ်တရားတို့၏ အရိယမဂ်တရားတို့ကဲ့သို့ သံသရာဝဋ်မှ ထွက်မြောက်စေတတ်သော သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်း မဟုတ်သည်၏ အဖြစ်ကြောင့် ယင်းဂေါတြဘုသည် သင်္ခါရတရားလျှင် အာရုံရှိသည် ဖြစ်၍ နိဗ္ဗာန်လျှင် အာရုံရှိသည် မဖြစ်ဟူပေ။ မှန်ပေသည် — အရိယမဂ်တရားတို့သည်သာလျှင် သံသရာဝဋ်မှ ထွက်မြောက်စေတတ်သော သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်း စင်စစ် ဧကန် ဖြစ်ကြကုန်၏။ သာဓကမှာ အောက်ပါအတိုင်း ဖြစ်၏။

ကတမေ ဓမ္မာ နိယျာနိကာ၊ စတ္တာရော မဂ္ဂါ အပရိယာပန္နာ။ (အဘိ-၁-၂၅၄-၂၉၈။)

အဘယ်တရားတို့သည် သံသရာဝဋ်မှ ထွက်မြောက်စေတတ်သော သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်းတို့ စင်စစ် မည်ကြကုန်သနည်း။ သံသရာဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန်သော လေးပါး ကုန်သော အရိယမဂ်ဉာဏ်တို့တည်း။ (အဘိ-၁-၂၅၄-၂၉၈။)

ဤစကားတော်ကို ဘုရားရှင်သည် ဟောကြားထားတော်မူ၏၊ ထိုသို့ အရိယဖိုလ်တရား၏ အရိယမဂ်တရား ကဲ့သို့ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်း မဟုတ်သည်၏ အဖြစ်ကြောင့် စင်စစ် ဧကန်အားဖြင့် နိယျာနိကသဘောရှိသော, နိမိတ္တ ပဝတ္တ နှစ်ပါးသော အဖို့မှ ထသည်၏ အဖြစ်ဖြင့် ဖြစ်သော အရိယမဂ်ဉာဏ်၏ အနန္တရပစ္စည်း အကြောင်းတရားဖြစ်၍ဖြစ်သော ဂေါတြဘုဉာဏ်သည် သင်္ခါရနိမိတ်မှ ထသည် သာလျှင် ဖြစ်သင့်၏။ ထိုကြောင့် ထိုအရိယမဂ်၏ ရှေ့သွားဖြစ်သော ဂေါတြဘုဉာဏ်၏ နိဗ္ဗာန်လျှင် အာရုံ ရှိသည်၏အဖြစ်သည် သင့်သည်သာဖြစ်၏။ ပြောင်းပြန်အားဖြင့်ဆိုရမူ အရိယမဂ်၏ ပွားစေအပ်ပြီးသည်၏ အဖြစ်ကြောင့် ထိုအရိယမဂ်၏ အကျိုးဝိပါက်၏ အဖြစ်ဖြင့် ဖြစ်ပေါ်လာကြကုန်သော, ကိလေသာတို့ကို သမုစ္ဆေ-ဒပ္ပဟာန်ဖြင့် အကြွင်းမဲ့ မပယ်သတ်နိုင်ခြင်း မဖြတ်နိုင်ခြင်းကြောင့် နိယျာနိကမဟုတ်သည်၏ အဖြစ်ကြောင့် ဝုဋ္ဌာနသဘော မရှိကြကုန်သော, ဖိုလ်ဉာဏ်တို့၏ ရှေ့သွားဖြစ်သော ဝေါဒါန်ဟု ရအပ်သော အမည်ရှိသော ဂေါတြဘုဉာဏ်၏ တစ်ရံတစ်ဆစ်မျှသော်လည်း နိဗ္ဗာန်လျှင် အာရုံရှိသည်၏ အဖြစ်သည် မဖြစ်သင့်ပေ။ အ-ကြောင်းကား — နှစ်မျိုးသော မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိတို့၌ အနုလောမဉာဏ်တို့၏ မတူသော အခြင်းအရာ ရှိသည်၏ အဖြစ်ကြောင့်တည်း။

ထင်ရှားစေအံ့ — အရိယမဂ္ဂဝီထိ၌ အနုလောမဉာဏ်တို့သည် မဖောက်မခွဲအပ်ဖူးကုန်သော ရုန့်ရင်း ကြမ်းတမ်းသော ရုန့်ရင်းကြမ်းတမ်းသော လောဘအတုံးအခဲ ဒေါသအတုံးအခဲ မောဟအတုံးအခဲ စသည်တို့ကို အလွန်အကဲနှင့် တကွ ဖောက်ခွဲခြင်းကြောင့် လောကီဝိပဿနာဉာဏ်တို့တွင် အလွန်အကဲ အထွတ်အထိပ်သို့ ရောက်ကုန်လျက် အရိယမဂ်ဉာဏ်အား လျော်ကုန်သည် ဖြစ်၍ ဖြစ်ပေါ်လာကြကုန်၏။ သို့သော် ဖလသမာပတ္တိ ဝီထိ၌ကား ထိုအနုလောမဉာဏ်တို့သည် ထိုထိုအရိယမဂ်ဖြင့် ထိုထို ဆိုင်ရာကိလေသာတို့၏ အကြွင်းမဲ့ ပယ်-သတ်အပ် ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ထိုဖလသမာပတ္တိဝီထိ၌ ကိလေသာကို ခွာခြင်း၌ ကြောင့်ကြဗျာ-ပါရ ကင်းကုန်သည်ဖြစ်၍ သက်သက် အရိယပုဂ္ဂိုလ်တို့၏ ဖလသမာပတ်ချမ်းသာနှင့် ပြည့်စုံသည်၏ အဖြစ်၏ ပရိကမ်မျှတို့သည်သာ ဖြစ်ကုန်၍ ဖြစ်ပေါ်လာကြကုန်၏။ ထိုကြောင့် ထိုအရိယဖိုလ်၏ ရှေ့သွားဖြစ်ကြကုန်သော အနုလောမဉာဏ်တို့၏ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဝုဋ္ဌာန၏ ဖြစ်သင့်ခြင်းသည် မရှိနိုင်ပြီ။ "အကြင် သို့သော အကြောင်းကြောင့် ထိုအရိယဖိုလ်၏ ရှေ့သွားဖြစ်ကြကုန်သော အနုလောမဉာဏ်တို့တွင် အဆုံးဖြစ်သော အနုလောမဉာဏ်သည် သင်္ခါရနိမိတ်မှ ထခြင်းကြောင့် နိဗ္ဗာန်လျှင် အာရုံရှိသည် ဖြစ်လေရာ၏၊ ထိုသို့ သဘော ရှိသော ဝုဋ္ဌာန၏ ဖြစ်သင့်ခြင်းသည် မရှိနိုင်ပြီ" ဟူလိုသည်။ ဤသို့သော အကြောင်းကြောင့် "မိမိ၏ ဖလ သမာပတ် ချမ်းသာကို သုံးဆောင်ခြင်းငှာ ဥဒယဗ္ဗယဉာဏ်စသည်တို့၏ အစွမ်းဖြင့် သင်္ခါရတရားတို့ကို လက္ခဏာ-ယာဉ် တင်လျက် သုံးသပ်သော သေက္ခပုဂ္ဂိုလ်အား ဝိပဿနာဉာဏ်အစဉ်ဖြင့် အရိယဖိုလ်သည်သာလျှင် ဖြစ်-ပေါ်လာ၏၊ အရိယမဂ်သည် မဖြစ်" ဟူသော ဤအဋ္ဌကထာစကားသည်လည်း ပြီးစီးပြည့်စုံသည် ဖြစ်ပေသည်။ ထိုကြောင့် သေက္ခပုဂ္ဂိုလ်အား "အရိယဖိုလ်သည်သာလျှင် ဖြစ်၏၊ အရိယမဂ်သည် မဖြစ်"ဟု အဋ္ဌကထာက မိန့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၅၁၈-၅၁၉။)

**ဖလသမာပတ်** — နိရောဓသစ္စာ နိဗ္ဗာန်အာရုံ၌ အပ္ပနာဈာန်၏ အစွမ်းအားဖြင့် အကြင်အကြင် ပိုင်းခြားအပ်သော ပိုင်းခြားထားသော အချိန်ကာလပတ်လုံး အခြားအပြတ်မရှိ အကြားအပြတ်မရှိ တစ်စပ်တည်း ဖိုလ်စိတ်၏သာလျှင် ဆက်တိုက်ဖြစ်ခြင်းသည် ဝင်စားခြင်းသည် ဖလသမာပတ် မည်၏။ (မဟာဋီ-၂-၅၁၉။)

**ဖလသမာပတ်၌ ညွတ်ကိုင်းရှိုင်းမှု** — သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်လျက် အစဉ်အတိုင်း ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ်သို့ တိုင်အောင် ရှုနေသော အနုပဗ္ဗဝိပဿနာတို့၏ အစွမ်းဖြင့် ဖလ သမာပတ်ကို ဝင်စား ခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ ထိုသို့ အစဉ်အတိုင်းဖြစ်သော အနုပုဗ္ဗဝိပဿနာနည်းဖြင့် သေက္ခပုဂ္ဂိုလ်အား အထက်မဂ်သည်လည်း ဖြစ်သင့်ရာ၏ဟူသော မေးစိစစ်ခြင်း၏ ဖြစ်သင့်မှုကို ရည်ရွယ်၍ "ဖလသမာပတ္တိနိန္နတာယ = ဖလသမာပတ်သို့ စိတ်ညွတ်ကိုင်းရှိုင်းသည်၏အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်အားလည်း အရိယဖိုလ်သည်သာလျှင် ဖြစ်၏၊ အရိယမဂ်သည် မဖြစ်"ဟု အဋ္ဌကထာက မိန့်ဆိုခြင်းဖြစ်သည်။ ထိုစကားရပ်ဖြင့် အရိယမဂ်ကို ဆောင်တတ် ဖြစ်စေတတ်သော ဝိပဿနာစာရ = ဝိပဿနာဉာဏ်၏ ဖြစ်ခြင်းကား တစ်မျိုးတခြား တစ်ပါးသာတည်း၊ ဖလသမာပတ်ကို ဆောင်တတ် ဖြစ်စေတတ်သော ဝိပဿနာစာရ = ဝိပဿနာဉာဏ်၏ ဖြစ်ခြင်းကား တစ်မျိုးတခြား တစ်ပါးသာတည်းဟု ညွှန်ပြပေသည်။ (မဟာဋီ-၂-၅၁၈-၅၁၉။)

**ကေစိဝါဒကို ချေပချက်** — အချို့သော အဘယဂိရိဂိုဏ်းဆရာတို့ကား "သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖလသမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေခဲ့သော် သကဒါဂါမ် ဖြစ်၏၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း သကဒါဂါမိဖလသမာပတ်ကို ဝင်စားအံ့ဟု ဝိပဿနာကို ဖြစ်စေခဲ့သော် အနာဂါမ် ဖြစ်၏" ဟု ဤသို့ ဆိုကြကုန်၏။ ထိုဆရာတို့ကို ဤသို့ ဆိုထိုက်လှ၏ — "ဤသို့ ဖလသမာပတ်ကို ဝင်စားအံ့ဟု ဝိပဿ-နာဉာဏ်ကို ဖြစ်စေလျက် သောတာပန်သည် သကဒါဂါမ်, သကဒါဂါမ်သည် အနာဂါမ်ဖြစ်သည်ရှိသော် အနာ-ဂါမ်သည် ရဟန္တာ ဖြစ်လတ္တံ့၊ ရဟန္တာသည် ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့၊ ပစ္စေကဗုဒ္ဓါသည်လည်း သဗ္ဗညုဗုဒ္ဓ ဖြစ်လတ္တံ့." ဟု ဆိုသင့် ဆိုထိုက်လှပေသည်။ ထိုကြောင့် ဖလသမာပတ်ကို ဝင်စားလိုသော ဦးတည်ချက်ဖြင့် ဝိပဿနာကို ဖြစ်စေသည်ရှိသော် အရိယဖိုလ်မှ တစ်ပါးသော တစ်စုံတစ်ခုသော အကျိုးသည် မရှိပေ။ ထိုအယူမညီ အဘယ ဂိရိဝါသီဆရာတို့၏ စကားကို —

ဒသ ဂေါတြဘုဓမ္မာ ဝိပဿနာဝသေန ဥပ္ပဇ္ဇန္တိ။ (ပဋိသံ-၆၅။)

= ဆယ်ပါးကုန်သော ဂေါတြဘုဓမ္မတို့သည် ဝိပဿနာ၏ အစွမ်းဖြင့် ဖြစ်ကုန်၏။ (ပဋိသံ-၆၅။)

ဤသို့ အရိယမဂ် အကျိုးရှိသော ဝိပဿနာ, အရိယဖိုလ် အကျိုးရှိသော ဝိပဿနာကို အသီးအခြားပြု၍ ဟောကြားထားတော်မူအပ်သော ပဋိသမ္ဘိဒါမဂ္ဂပါဠိ၏ အစွမ်းဖြင့်ပင်လျှင် ပယ်ရှားအပ်၏။ ဤသို့သော အကြောင်း ကြောင့်လည်း ထိုဆရာတို့၏ စကားကို မယူအပ်။ အသင့်အလျော်ကို ဆိုရမူ – ဖလသမာပတ်ကို ဝင်စားလိုသည့် သေက္ခပုဂ္ဂိုလ်အားလည်း ဖလသမာပတ်၌ပင် ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ် ရှိနေသောကြောင့် အရိယဖိုလ်သည် သာလျှင် ဖြစ်၍ အရိယမဂ်သည် မဖြစ်ဟူသော ဤဆိုအပ်ပြီးသော သဘောတရားကိုသာလျှင် မှတ်ယူပါလေ။ (ဝိသုဒ္ဓိ-၂-၃၄၂။)

တစ်ဖန် အကယ်၍ ဤအရိယသာဝကသည် ပထမဈာန်နှင့် ယှဉ်သော အရိယမဂ်ကို ရရှိထားခဲ့သည် ဖြစ်အံ့၊ ထိုအရိယသာဝက၏ ထိုဖလသမာပတ်အတွင်း၌ ဖြစ်ပေါ်လာသော အရိယဖိုလ်သည်လည်း ပထမဈာန် နှင့် ယှဉ်သော အရိယဖိုလ်သာလျှင် ဖြစ်ပေသည်။ အကယ်၍ ဒုတိယဈာန်စသည်တို့တွင် တစ်ပါးပါးနှင့် ယှဉ်သော အရိယမဂ်ကို ရရှိခဲ့သည် ဖြစ်အံ့၊ ထိုဖလသမာပတ်၏ အတွင်း၌ ဖြစ်ပေါ်လာသော အရိယဖိုလ်သည်လည်း ဒုတိယဈာန် စသည်တို့တွင် တစ်မျိုးမျိုးသော ဈာန်နှင့် ယှဉ်သော အရိယဖိုလ်သည်သာလျှင် ဖြစ်ပေသည်။ ဤသို့-လျှင် ရှေးဦးစွာ ထိုဖလသမာပတ်ကို ဝင်စားခြင်းသည် ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၄၂။)

**ဖလဉ္စဿာ**တိအာဒိ မဟဂ္ဂတဝိပါကာနံ ဝိယ လောကုတ္တရဝိပါကာနဉ္စ ကုသလသရိက္ခတာဒဿနံ။ ဈာနတော သရိက္ခတာဒဿနေနေဝစေတ္ထ ဗောဇ္ဈင်္ဂ-မဂ္ဂင်္ဂဝသေနာပိ သရိက္ခတာ ဒဿိတာယေဝါတိ ဝေဒိတဗ္ဗံ။ (မဟာဋီ-၂-၅၁၉။)

ဤအထက်ပါ အဋ္ဌကထာစကားရပ်သည်ကား မဟာဂ္ဂုတ်ဝိပါက်တို့ကဲ့သို့ လောကုတ္တရာဝိပါက်တို့၏လည်း ကုသိုလ်နှင့် တူသည်၏အဖြစ်ကို ပြသော စကားတည်း။ ဤဖလသမာပတ်အရာ၌ အရိယမဂ်နှင့် အရိယဖိုလ်တို့၏ စျာန်အားဖြင့် တူသည်၏အဖြစ်ကို ပြခြင်းဖြင့်ပင်လျှင် ဗောဇ္ဈင် မဂ္ဂင်တို့၏ အစွမ်းအားဖြင့်လည်း တူသည်၏ အဖြစ်ကို ပြအပ်ပြီးသည်သာလျှင် ဖြစ်သည်ဟု သိရှိပါလေ။ (မဟာဋီ-၂-၅၁၉။)

## အသိစိတ် မချုပ်ပါ

ဤဖလသမာပတ်သည် အသိစိတ် ချုပ်သော သမာပတ် ဖြစ်လေသလောဟု မေးရန် ရှိ၏၊ အသိစိတ် ချုပ်သော သမာပတ် မဟုတ်ကြောင်းကို ဘုရားရှင်ကိုယ်တော်တိုင်က ဟောကြားထားတော်မူခဲ့၏။ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ဘုရားရှင်အား ဤသို့ လျှောက်ထားတော်မူခဲ့၏။

အရှင်ဘုရား . . . ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ၊ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ၊ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာ၌ တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤ လောက၌ ဤလောကဟု  အမှတ်ရှိသူ မဖြစ်ရာ၊ တစ်ပါးသော လောက၌ တစ်ပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ ထိုသို့ပင် ဖြစ်သော်လည်း သညာရှိသူကား ဖြစ်ရာ၏ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် အဘယ်သို့လျှင် ဖြစ်နိုင်ရာပါသနည်းဟု လျှောက်ထား၏။ (အံ-၃-၂၆၂-၂၆၃။)

ထိုအခါဘုရားရှင်က အောက်ပါအတိုင်း ဖြေကြားတော်မူ၏။ —

ဣဓာနန္ဒ ဘိက္ခု ဧဝံ သညီ ဟောတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာန"န္တိ။ ဧဝံ ခေါ အာနန္ဒ သိယာ ဘိက္ခုနော တထာရူပေါ သမာဓိပဋိလာဘော၊ ယထာ နေဝ ပထဝိယံ ပထဝီသညီ အဿ၊ န အာပသ္မိံ အာပေါသညီ အဿ၊ န တေဇသ္မိံ တေဇောသညီ အဿ၊ န ဝါယသ္မိံ ဝါယောသညီ အဿ၊ န အာကာသာနဉ္စာယတနေ အာကာသာနဉ္စာယတနသညီ အဿ၊ န ဝိညာဏဉ္စာယတနေ ဝိညာဏဉ္စာယတနသညီ အဿ၊ န အာကိဉ္စညာယတနေ အာကိဉ္စညာယတနသညီ အဿ၊ န နေဝသညာနာသညာယတနေ နေဝသညာနာသညာယတနသညီ အဿ၊ န ဣဓလောကေ ဣဓလောကသညီ အဿ၊ န ပရလောကေ ပရလောကသညီ အဿ။ သညီ စ ပန အဿာတိ။ (အံ-၃-၂၆၃။)

အာနန္ဒာ . . . ဤသာသနာတော်၌ ရဟန်းသည် "သင်္ခါရအားလုံး ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ရာ တဏှာကုန်ရာ တပ်မက်ခြင်း ကင်းရာ တပ်မက်ခြင်း ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်၏၊ ထိုနိဗ္ဗာန်သည် မွန်မြတ်၏"ဟု အမှတ်ရှိသူ ဖြစ်၏။ အာနန္ဒာ . . . ဤသို့လျှင် ရဟန်းအား မြေ၌ မြေဟု အမှတ်ရှိသူ မဖြစ်ရာ၊ ရေ၌ ရေဟု အမှတ်ရှိသူ မဖြစ်ရာ။ မီး၌ မီးဟု အမှတ်ရှိသူ မဖြစ်ရာ။ လေ၌ လေဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ။ တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာ၌ တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ သညာရှိသည်လည်း မဟုတ်

သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ် ဟူသော တည်ရာဟု အမှတ်ရှိသူ မဖြစ်ရာ၊ ဤလောက၌ ဤလောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ တစ်ပါးသော လောက၌ တစ်ပါးသော လောကဟု အမှတ်ရှိသူ မဖြစ်ရာ၊ ထိုသို့ပင် ဖြစ်သော်လည်း သညာရှိသူကား ဖြစ်ရာ၏ ဟူသော သဘောရှိသည့် တည်ကြည်မှု 'သမာဓိ'ကို ရခြင်းသည် ဖြစ်ရာ၏ဟု မိန့်တော်မူ၏။ (အံ-၃-၂၆၃။)

အသင်သူတော်ကောင်း နားလည်နိုင်ရန် အနည်းငယ် ထပ်မံ၍ ရှင်းလင်း တင်ပြပါရစေ။ ယောဂါဝစရ ပုဂ္ဂိုလ် တစ်ဦးသည် ပထဝီကသိုဏ်းဝန်းကို အနန္တစကြဝဠာသို့တိုင်အောင် ဖြန့်ကြက်လျက် ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပထမဈာန်ကို ဝင်စား၏။ ယင်းပထမဈာန်နာမ်တရားတို့ကား ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပထဝီကသိုဏ်းလျှင် အမှတ်သညာ ရှိသော ပထဝီ = မြေ၌ ပထဝီ = မြေဟု အမှတ်သညာ ရှိသော နာမ်တရားစု-တို့တည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းပထဝီကသိုဏ်းလျှင် အာရုံရှိသော ဈာန်နာမ်တရားတို့ကို လက္ခဏာရေး သုံးတန် တင်ကာ ဝိပဿနာရှုလျက် ဖလသမာပတ်ကို ဝင်စား၏။ ယင်းဖိုလ်စိတ်ကား ပထဝီကသိုဏ်းကို အာရုံ မပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ မြေ၌ မြေဟု အမှတ်မရှိ၊ နိဗ္ဗာန်တရားတော်မြတ်၌သာ အမှတ်သညာနှင့် ယှဉ်-သော တည်ကြည်သော သမာဓိသည် ဖြစ်နေ၏။ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ဝင်စား၍ ယင်း ဈာန်နာမ်တရားတို့ကို ဝိပဿနာရှု၍ ဖလသမာပတ်ကို ဝင်စားရာ၌လည်း နည်းတူမှတ်ပါ။ တစ်ဖန် ယင်းပထဝီ ကသိုဏ်း၌ အာကာသကို တစ်ဖက်သတ် နှလုံးသွင်း၍ အာကာသကို မြင်ခဲ့သော် အာကာသကိုသာ နှလုံး သွင်းလျက် ယင်းအာကာသကို အနန္တစကြဝဠာသို့ တိုင်အောင် ဖြန့်ကြက်လျက် အာကာသာနဉ္စာယတနဈာန် သမာပတ်ကို ဝင်စား၏။ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ် ရှိသူ ဖြစ်၏။ တစ်ဖန် ယင်းအာကာသာနဉ္စာယတနဈာန်နာမ်တရားစုကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှု-လျက် ဖလသမာပတ်ကို ဝင်စား၏၊ ယင်းဖလသမာပတ်နာမ်တရားစုသည် နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ ကောင်းကင် ပညတ်ကို အာရုံ မပြု၊ အဆုံးမရှိသော ကောင်းကင်တည်ရာ၌ အဆုံးမရှိသော ကောင်းကင်တည်ရာဟု အမှတ် ရှိသူ မဖြစ်လေရာ။

တစ်ဖန် ယင်းအဆုံးမရှိသော ကောင်းကင်အာရုံလျှင် တည်ရာရှိသော အာကာသာနဉ္စာယတနဈာန်စိတ် ဝိညာဏ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနဈာန်သမာပတ်ကို ဝင်စား၏၊ အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော ဈာန်သမာပတ်တည်း၊ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်-ရာဟု အမှတ်ရှိသူတည်း။ တစ်ဖန် ယင်းဝိညာဏဉ္စာယတန ဈာန်နာမ်တရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုလျက် ဖလသမာပတ်ကို ဝင်စား၏။ ယင်းဖလသမာပတ် နာမ်တရားစုတို့သည် နိဗ္ဗာန်ကိုသာ အာရုံ ပြုကြ၏၊ အာကာသာနဉ္စာယတနဝိညာဏ် = အဆုံးမရှိသော ကောင်းကင်ပညတ်လျှင် တည်ရာအာရုံ ရှိသော ဝိညာဏ်ကို အာရုံ မပြုကြပေ။ အဆုံးမရှိသော ဝိညာဏ်တည်ရာ၌ အဆုံးမရှိသော ဝိညာဏ်တည်ရာဟု အမှတ် မရှိသူ ဖြစ်၏။

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနဈာန် ဖြစ်နေခိုက်ဝယ် အာကာသာနဉ္စာယတန ဝိညာဏ်၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိမှုကို အာရုံပြု၍ "နတ္ထိ ကိဉ္စိ = ဘာမျှ မရှိ"ဟု ရှုလျက် အာကိဉ္စညာယတနဈာန်သမာပတ်ကို ဝင်စား၏၊ ယင်းသမာပတ်ကား အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၏။ ယောဂါဝစရပုဂ္ဂိုလ်သည် တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာ၌ တစ်စုံတစ်ခုမျှ မရှိဟူသော တည်ရာဟု အမှတ်ရှိသူ ဖြစ်၏။ တစ်ဖန် ယင်းအာကိဉ္စညာယတနဈာန်နာမ်တရားတို့ကို လက္ခဏာ ယာဉ် တင်ကာ ဝိပဿနာရှုလျက် ဖလသမာပတ်ကို ဝင်စား၏၊ ယင်း ဖလသမာပတ်နာမ်တရားစုသည် နိဗ္ဗာန်ကို-သာ အာရုံပြု၏၊ တစ်စုံတစ်ခုမျှ မရှိသော တည်ရာ၌ တစ်စုံတစ်ခုမျှ မရှိသော တည်ရာဟု အမှတ်မရှိသူ ဖြစ်၏။

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်၌ ငြိမ်-ဝပ်စွာ ကပ်၍ တည်နေသော ယင်းအာကိဉ္စညာယတနစျာန်စိတ်ကိုပင် အရှုခံအာရုံထား၍ "ဤဝိညာဏ်သည် ငြိမ်သက်၏၊ ဤဝိညာဏ်သည် မွန်မြတ်၏"ဟု ရှုလျက် နေဝသညာနာသညာယတနစျာန်သမာပတ်ကို ဝင်စား၏။ နေဝသညာနာသညာယတနသမာပတ်ဟူသည် ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ၊ အလွန့်အလွန် သိမ်မွေ့နူးညံ့သော သညာသာရှိသဖြင့် သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သော သမာပတ်တည်း။ ဤ ယောဂါဝစရပုဂ္ဂိုလ်သည် သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာဟု အမှတ်ရှိသူတည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်း နေဝသညာနာသညာယတနစျာန်သမာပတ် နာမ်တရားစုကို လက္ခဏာယာဉ် တင်ကာ ဝိပဿ-နာရှုလျက် ဖလသမာပတ်ကို ဝင်စား၏။ ယင်း ဖလသမာပတ်နာမ်တရားစုကား နိဗ္ဗာန်ကို အာရုံပြု၏။ ယောဂါ-ဝစရပုဂ္ဂိုလ်သည် သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟူသော တည်ရာ၌ (= နေဝသညာနာသညာယတန နာမ်တရားစု၌) သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်သော တည်ရာဟု အမှတ်မရှိသူ ဖြစ်လေ၏။ သို့သော် သညာရှိသူကား ဖြစ်ရာ၏။ အာပေါကသိုဏ်း တေဇောကသိုဏ်း ဝါယောကသိုဏ်း စသည်တို့၌လည်း နည်းတူ သဘောပေါက်ပါလေ။ ဤကား အထက်ပါ ပါဠိတော်၏ အကျဉ်းချုပ်တည်း။ ယခုအခါ၌ အထက်ပါ ပါဠိတော်၏ ဆိုလိုရင်းကို ဖွင့်ဆိုသော အဋ္ဌကထာအဖွင့်ကို ဆက်လက်၍ တင်ပြအပ်ပါသည်။

**သညီ စ ပန အဿာ**တိ အထ စ ပနဿ သမာပတ္တိ သဝိတက္ကသမာပတ္တိယေဝ အဿာတိ ဝုစ္စတိ။ **ဧတံ သန္တံ ဧတံ ပဏီတ**န္တိ သန္တံ သန္တန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ "သန္တံ သန္တ"န္တေဝ ပဝတ္တတိ၊ ပဏီတံ ပဏီတန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ "ပဏီတံ ပဏီတ"န္တေဝ ပဝတ္တတိ။ **ယဒိဒံ သဗ္ဗသင်္ခါရသမထော**တိ နိဗ္ဗာနံ နိဗ္ဗာနန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ "နိဗ္ဗာနံ နိဗ္ဗာန"န္တေဝ ပဝ-တ္တတီတိ သဗ္ဗမ္ပေတံ ဖလသမာပတ္တိသမာဓိံ သန္ဓာယ ဝုတ္တံ။ ပ။ သစိတ္တကာ မေ သာ သမာပတ္တိ အဟောသိ။ (အံ-၃-၃-၂၈၈။)

ဤ ဖလသမာပတ်ကား သညာရှိသော သမာပတ် ဖြစ်၏၊ စိတ်ရှိသော သစိတ္တက သမာပတ် ဖြစ်၏။ "ဧတံ သန္တံ ဧတံ သန္တံ = ဤနိဗ္ဗာန်တရားတော်မြတ်သည် ငြိမ်းအေး၏၊ ဤနိဗ္ဗာန်တရားတော်မြတ်သည် ငြိမ်း-အေး၏။"ဟု နှလုံးသွင်းကာ အပ္ပနာဖိုလ်သို့ ဆိုက်ရောက်စေ၍ ဖလသမာပတ်ကို ဝင်စားလျက် ထိုင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ တစ်နေ့ပတ်လုံးသော်လည်း "သန္တ သန္တ"ဟူ၍ပင်လျှင် ဖိုလ်စိတ်စေတသိက် အစဉ်သည် ဖြစ်ပေါ်၍ နေ၏။ "ပဏီတ ပဏီတ = မွန်မြတ်၏ မွန်မြတ်၏"ဟု နှလုံးသွင်းကာ အပ္ပနာဖိုလ်သို့ ဆိုက်ရောက်စေ၍ ဖလသမာပတ်ကို ဝင်စားလျက် ထိုင်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ တစ်နေ့ပတ်လုံး သော်လည်း ဖိုလ်စိတ်စေတသိက်အစဉ်သည် "ပဏီတ ပဏီတ"ဟူ၍သာလျှင် ဖြစ်ပေါ်နေ၏။ "နိဗ္ဗာန် နိဗ္ဗာန်"ဟူ၍ နှလုံးသွင်းကာ အပ္ပနာဖိုလ်သို့ ဆိုက်ရောက်စေ၍ ဖလသမာပတ်ကို ဝင်စားလျက် ထိုင်နေသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ တစ်နေ့ပတ်လုံးသော်လည်း ဖိုလ်စိတ်စေတသိက် အစဉ်သည် "နိဗ္ဗာန် နိဗ္ဗာန်"ဟူ၍သာလျှင် ဖြစ်ပေါ်နေ၏။ ဤစကားရပ်အားလုံးကို ဖလသမာပတ္တိသမာဓိကို ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် ဟောကြားတော်မူ၏။ ဤဖလသမာပတ်ကား စိတ်ရှိသော စိတ်မချုပ်သော သစိတ္တက သမာပတ် ဖြစ်လေပြီ။

(အံ-၃-၃-၂၈၈။)

ဤပါဠိတော် အဋ္ဌကထာတို့နှင့်အညီ ဖလသမာပတ်ဟူသည် အသိစိတ်ချုပ်ငြိမ်းသော သမာပတ်မျိုးကား မဟုတ်ပေ။ အသိစိတ်ချုပ်ငြိမ်းသော သမာပတ်ကား နိရောဓသမာပတ်သာ ဖြစ်သည်။ အောက်ပါ အဋ္ဌကထာ အဖွင့်ကို ဖတ်ရှုကြည့်ပါ။

**ကသ္မာ သမာပဇ္ဇန္တီ**တိ သင်္ခါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဌိတွာ ဒိဋ္ဌေဝ ဓမ္မေ အစိတ္တကာ ဟုတွာ “နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာ”တိ သမာပဇ္ဇန္တိ။ (ဝိသုဒ္ဓိ-၂-၃၄၇။)

**နိဗ္ဗာနံ ပတွာ**တိ အနုပါဒိသေသနိဗ္ဗာနံ ပတွာ ဝိယ။ (မဟာဋီ-၂-၅၂၆။)

သမာပတ်ရှစ်ပါးကို ရရှိတော်မူကြသည့် အနာဂါမ် ရဟန္တာအရှင်မြတ်တို့သည် နိရောဓသမာပတ်ကို ဝင်စား-တော်မူနိုင်ကြ၏။ အဘယ်ကြောင့် နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်သနည်းဟူမူ သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း၌ အမြဲလိုလို မြင်တွေ့နေရသဖြင့် ငြီးငွေ့တော်မူကြ၍ မျက်မြင်လောက ပစ္စက္ခ အတ္တဘော၌ ပင်လျှင် စိတ်စေတသိက် မရှိကုန်သည်ဖြစ်၍ သညာ-ဝေဒနာတို့နှင့် တကွသော စိတ်စေတသိက်တို့၏ ချုပ်ရာ ဖြစ်သော အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်ကုန်သကဲ့သို့ ဆင်းရဲကင်းသည်ဖြစ်၍ ချမ်းချမ်းသာသာ နေကုန်-အံ့ဟု ဤသို့ နှလုံးသွင်းသောကြောင့် နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်၏။ (ဝိသုဒ္ဓိ-၂-၃၄၇။)

အဋ္ဌ သမာပတ္တိလာဘိနော ပန အနာဂါမိနော, ခီဏာသဝါ စ သမာပဇ္ဇန္တိ။ (ဝိသုဒ္ဓိ-၂-၃၄၄။)

ဤ စိတ်စေတသိက်တို့၏ ချုပ်ငြိမ်းမှု (စိတ္တဇရုပ်တို့၏ ချုပ်ငြိမ်းမှု) နိရောဓသမာပတ်ကား လောကီဈာန် သမာပတ် (၈)ပါးတို့ကို ရရှိတော်မူကြသည့် အနာဂါမ်နှင့် ရဟန္တာအရှင်မြတ်ကြီးတို့သာ ဝင်စား၍ ရနိုင်သော သမာပတ်တစ်မျိုး ဖြစ်၏။

အကယ်၍ အသင်သူတော်ကောင်းသည် လောကီဈာန်သမာပတ် (၈)ပါးကိုလည်း မရရှိသေးသည် ဖြစ်အံ့၊ အနာဂါမ် ရဟန္တာလည်း မဖြစ်သေးသည် ဖြစ်အံ့၊ အသင်သူတော်ကောင်း၏သန္တာန်၌ အသိစိတ် ချုပ်ငြိမ်းနေသော သမာပတ် တစ်မျိုးသည် ဖြစ်နိုင်၏ မဖြစ်နိုင်၏ဟူသော အချက်ကို စဉ်းစားသင့်လှပေသည်။ အကြောင်းမူ — ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ-၂-၃၄၄။) ၌ —

၁။ ပုထုဇန်အားလုံးတို့သည်လည်းကောင်း,

၂။ သောတာပန်အားလုံးတို့သည်လည်းကောင်း,

၃။ သကဒါဂါမ်အားလုံးတို့သည်လည်းကောင်း,

၄။ ဈာန်အစေး ခန်းခြောက်နေသည့် အနာဂါမ်အားလုံးတို့သည်လည်းကောင်း,

၅။ ဈာန်အစေး ခန်းခြောက်နေသည့် ရဟန္တာအားလုံးတို့သည်လည်းကောင်း —

နိရောဓသမာပတ်ကို မဝင်စားနိုင်ကြောင်းကို ဖွင့်ဆိုထားပေသည်။ ယခုတစ်ဖန် ဆက်လက်၍ ဖလသမာပတ် အကြောင်းကို ဆက်လက် တင်ပြအပ်ပါသည်။

## အရှည်တည်တံ့ရန် အကြောင်း သုံးမျိုး

တယော ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ ဌိတိယာ သဗ္ဗနိမိတ္တာနဉ္စ အမနသိ-ကာရော၊ အနိမိတ္တာယ စ ဓာတုယာ မနသိကာရော၊ ပုဗ္ဗေ စ အဘိသင်္ခါရော။ (မ-၁-၃၇၁။)

ငါ့ရှင် ကောဋ္ဌိက . . . သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်လျှင် အာရုံရှိသော စေတောဝိမုတ္တိဟု ဆိုအပ်သော ဖလသမာပတ်၏, တစ်နည်း အနိစ္စာနုပဿနာကို အဦးပြုသဖြင့် ဝင်စားအပ်သော စေတောဝိမုတ္တိဟုဆိုအပ်သော ဖလသမာပတ်၏ ဖိုလ်စိတ်အစဉ် ပဗန္ဓအားဖြင့် ကြာမြင့်စွာ တည်တံ့ခြင်းငှာ အကြောင်းတရားတို့သည် သုံးမျိုးတို့ တည်း။

၁။ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို = သင်္ခါရတရားတို့ကို နှလုံးမသွင်းခြင်း,

၂။ သင်္ခါရနိမိတ် ကင်းဆိတ်ခြင်းကြောင့် အနိမိတ္တ အမည်ရသော အသင်္ခတဓာတ် နိဗ္ဗာန်ကို နှလုံးသွင်းခြင်း နှလုံးမူခြင်း,

၃။ ဖလသမာပတ်ဝင်စားသည်မှ ရှေးအဖို့၌ = ဖလသမာပတ် မဝင်စားမီ လသည်လည်းကောင်း နေသည် လည်းကောင်း (နာရီသည်လည်းကောင်း) ဤမျှလောက်သော အရပ်သို့ ရောက်လတ်သော် ဖလသမာပတ်မှ ထအံ့ဟု ကာလ အပိုင်းအခြားကို ယူသည်၏ အစွမ်းဖြင့် စိတ်ကို ပြုပြင်ခြင်း —

ဤသုံးမျိုးကုန်သော အကြောင်းတို့ဖြင့် ဖိုလ်စိတ်အစဉ် ပဗန္ဓအားဖြင့် ကြာမြင့်စွာ တည်တံ့ခြင်းသည် ဖြစ်၏။ (မ-၁-၃၇၁။)

**ပုဗ္ဗေ စ အဘိသင်္ခါရ** — ထိုသုံးမျိုးတို့တွင် ပုဗ္ဗေ စ အဘိသင်္ခါရဟူသည် ဖလသမာပတ်ကို ဝင်စားသည်မှ ရှေး၌ ဖလသမာပတ်ကို မဝင်စားမီ "လသည်လည်းကောင်း နေသည်လည်းကောင်း ဤမျှသော အရပ်ဌာနသို့ ရောက်လတ်သော် ဖလသမာပတ်မှ ထအံ့"ဟု အချိန်ကာလကို ပိုင်းခြားခြင်းသည် အဘိသင်္ခါရ မည်၏။ မှန်ပေ-သည် — ဤမည်သော ကာလ၌ ဖလသမာပတ်မှ ထအံ့ဟု ဤသို့ ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့် ထို ဖလသမာပတ်၏ အကြင်မျှလောက်သော ကာလပတ်လုံး ထိုပိုင်းခြားအပ်သော အချိန်ကာလသည် မရောက်ရှိ လာသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုဖလသမာပတ်၏ အစဉ်မပြတ် ပဗန္ဓအားဖြင့် တည်တံ့ခြင်းသည် ဖြစ်၏။ ဤသို့လျှင် ထိုဖလသမာပတ်၏ ကြာရှည်စွာ တည်တံ့ခြင်းသည် ဖြစ်၏ဟု မှတ်သားပါလေ။ (ဝိသုဒ္ဓိ-၂-၃၄၃။)

## ဖလသမာပတ်မှ ထနိုင်ခြင်း၏ အကြောင်း နှစ်မျိုး

ဒွေ ခေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ ဝုဋ္ဌာနာယ သဗ္ဗနိမိတ္တာနဉ္စ မနသိကာရော, အနိမိတ္တာယ စ ဓာတုယာ အမနသိကာရော။ (မ-၁-၃၇၁။)

ငါ့ရှင် ကောဋ္ဌိက . . . အနိမိတ္တမည်သော စေတောဝိမုတ္တိ = ဖလသမာပတ်မှ ထခြင်း၏ အကြောင်း တရားတို့သည် နှစ်မျိုးတို့တည်း။

၁။ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးသွင်းခြင်းလည်းကောင်း,

၂။ သင်္ခါရနိမိတ်တို့မှ ကင်းဆိတ်ခြင်းကြောင့် အနိမိတ္တ အမည်ရသော အသင်္ခတဓာတ်ကို နှလုံးမသွင်းခြင်း-ကြောင့်လည်းကောင်း —

ဤနှစ်မျိုးတို့တည်းဟု ဟောကြားတော်မူခြင်းကြောင့် ထိုဖလသမာပတ်မှ နှစ်မျိုးကုန်သော အခြင်းအရာ-တို့ဖြင့် ထခြင်းသည် ဖြစ်၏။ (မ-၁-၃၇၁။)

ထိုပါဠိတော်၌ **သဗ္ဗနိမိတ္တာနံ**အရ အလုံးစုံသော နိမိတ်ဟူသည် အလုံးစုံသော ရုပ်နိမိတ် ဝေဒနာနိမိတ် သညာနိမိတ် သင်္ခါရနိမိတ် ဝိညာဏနိမိတ်တို့တည်း။ ယောဂါဝစရပုဂ္ဂိုလ်သည် ထိုနိမိတ်အားလုံးတို့ကို တစ်ပေါင်း-တည်း တစ်ပြိုင်နက်တည်း အကယ်၍ကား နှလုံးမသွင်းနိုင်ပေ။ သို့သော် သဗ္ဗသင်္ဂါဟိက = အလုံးစုံကို အကြွင်း အကျန် မရှိ ကုန်စင်အောင် သိမ်းကျုံးယူသည်၏ အစွမ်းဖြင့် ဤသဗ္ဗနိမိတ္တာနံဟူသော စကားကို ဟောကြားတော် မူခြင်း ဖြစ်သည်။ ထိုသို့ အလုံးစုံသော သင်္ခါရနိမိတ်တို့ကို တစ်ပေါင်းတည်း တစ်ပြိုင်နက်တည်း နှလုံးသွင်းခြင်း၏ မဖြစ်သင့်သောကြောင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဘဝင်၏ အာရုံဖြစ်သော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်ဟူသော သုံး မျိုးသော အာရုံတို့တွင် တစ်မျိုးမျိုးသော အာရုံကို ဘဝင်စိတ်နှင့် ယှဉ်သော မနသိကာရစေတသိက်ဖြင့် နှလုံး

သွင်းသော အရိယသာဝကအား ဖလသမာပတ်မှ ထခြင်းသည် ဖြစ်၏။ ဤသို့လျှင် ထိုဖလသမာပတ်မှ ထခြင်းကို သိရှိပါလေ။ (ဝိသုဒ္ဓိ-၂-၃၄၃။)

## ၈။ ဖိုလ်၏ အခြားမဲ့၌ အဘယ်တရားသည် ဖြစ်ပေါ်လာသနည်း
## ၉။ ဖိုလ်သည်လည်း အဘယ်တရား၏ အခြားမဲ့၌ ဖြစ်သနည်း

၁။ ရှေးရှေးသော ဖိုလ်စိတ်၏ အခြားမဲ့၌ နောက်နောက်သော ဖိုလ်စိတ်သည်သာလျှင်မူလည်း ဖြစ်၏။
၂။ အလုံးစုံသော ဖိုလ်စိတ်တို့၏ နောက်ဆုံးဖြစ်သော ဖိုလ်စိတ်၏ အခြားမဲ့၌ ဘဝင်သည်မူလည်း ဖြစ်၏။

တစ်ဖန် အရိယဖိုလ်သည်လည်း —

၁။ အရိယမဂ်၏ အခြားမဲ့၌ဖြစ်သော အရိယဖိုလ်လည်း ရှိ၏၊
၂။ အရိယဖိုလ်၏ အခြားမဲ့၌ဖြစ်သော အရိယဖိုလ်လည်း ရှိ၏။
၃။ အနုလုံမည်သော ဂေါတြဘု၏ အခြားမဲ့၌ဖြစ်သော အရိယဖိုလ်လည်း ရှိ၏။
၄။ နေဝသညာနာသညာယတန ကုသိုလ် ကြိယာ၏ အခြားမဲ့၌ဖြစ်သော အရိယဖိုလ်လည်း ရှိ၏။

၁။ ထိုတွင် မဂ္ဂဝီထိ၌ အရိယမဂ်၏ အခြားမဲ့၌ဖြစ်သော အဦးဆုံးဖြစ်သော အရိယဖိုလ်သည် ဖြစ်၏။
၂။ မဂ္ဂဝီထိ၌သော်လည်းကောင်း ဖလသမာပတ္တိဝီထိ၌သော်လည်းကောင်း ရှေးရှေးသော အရိယဖိုလ်၏ အခြားမဲ့၌ဖြစ်သော နောက်နောက်သော အရိယဖိုလ်သည် အရိယဖိုလ်၏ အခြားမဲ့၌ဖြစ်သော အရိယဖိုလ် ဖြစ်၏။
၃။ ဖလသမာပတ္တိဝီထိတို့၌ ရှေးဦးခေါင်ဆုံးဖြစ်သော အစဆုံး အရိယဖိုလ်သည် အနုလုံမည်သော ဂေါတြဘု၏ အခြားမဲ့၌ ဖြစ်၏။

ဤ ဖလသမာပတ္တိ ဝီထိတို့၌ အနုလုံကို ဂေါတြဘုဟူ၍ သိရှိပါလေ။ ပဋ္ဌာန်းဒေသနာတော်၌ ဤသို့ ဟောကြားထားတော်မူ၏။ —

အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ သေက္ခာနံ အနုလောမံ ဖလ-သမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန-၁-၁၃၈။)

ရဟန္တာပုဂ္ဂိုလ်၏ အနုလုံသည် အရဟတ္တဖိုလ် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သေက္ခပုဂ္ဂိုလ်၏ အနုလုံသည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ (ပဋ္ဌာန-၁-၁၃၈။)

၄။ အကြင် အနာဂါမိဖိုလ် သို့မဟုတ် အရဟတ္တဖိုလ်ဖြင့် အနာဂါမ်ပုဂ္ဂိုလ် သို့မဟုတ် ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထခြင်းသည် ဖြစ်၏၊ ထို နိရောဓသမာပတ်မှ ထခြင်း ဝုဋ္ဌာနအဖြစ်ဖြင့် ဆိုအပ်သော အနာဂါမိဖိုလ် သို့မဟုတ် အရဟတ္တဖိုလ်သည် နေဝသညာနာသညာယတနကုသိုလ် သို့မဟုတ် ကြိယာဇော၏ အခြားမဲ့၌ ဖြစ်၏။ (ဝိသုဒ္ဓိ-၂-၃၄၃။)

သမာပတ် ရှစ်ပါးကို ရရှိတော်မူသော အနာဂါမ်ပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကို ဝင်စားလိုခဲ့သော် ယုဂနဒ္ဓနည်းဖြင့် ပထမစျာန်မှသည် ဝိညာဏဉ္စာယတနစျာန်သို့ တိုင်အောင် သမထဝိပဿနာကို ပွားများရ၏၊ အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီး၍ ယင်းစျာန်မှထ၍ ပုဗ္ဗကိစ္စ လေးပါးတို့ကို ပြုရ၏၊ ထိုနောင် နေဝသညာ-နာသညာယတနစျာန်သမာပတ်ကို ဝင်စားရ၏။ ထိုနောင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်သော နေဝသညာနာသ-ညာယတနစျာန်တို့ ဖြစ်ပြီးနောက် စိတ်မရှိ ဖြစ်သွား၏ = နိရောဓသမာပတ်သို့ ဆိုက်ရောက်သွား၏။ အချိန်

ကာလစေ့၍ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော တစ်ကြိမ် ကျ၏။ နေဝသညာနာသညာ-ယတန ကုသိုလ်ဇော၏ နောင်၌ဖြစ်သော အနာဂါမိဖိုလ်ဇောတည်း။ အကယ်၍ ရဟန္တာပုဂ္ဂိုလ်သည် နိရောဓ သမာပတ်ကို ဝင်စားသည် ဖြစ်အံ့ အလားတူပင် ပြုကျင့်ရ၏။ ထူးခြားသည်မှာ ရဟန္တာအရှင်မြတ်၏ သန္တာန်၌ ကြိယာဇောများသာ ဖြစ်နိုင်ကြ၏။ ထိုကြောင့် ရဟန္တာအရှင်မြတ်၏ သန္တာန်၌ နေဝသညာနာသညာယတနကြိယာ ဇော၏ အခြားမဲ့၌ အရဟတ္တဖိုလ်ဇော ကျ၏ဟု မှတ်ပါ။

**အချိန်ကာလ ကွာခြားမှု** — အနာဂါမ် သို့မဟုတ် ရဟန္တာအရှင်မြတ်တို့သည် ခုနစ်ရက် ပိုင်းခြား၍ နိရောဓသမာပတ်ကို ဝင်စားသည် ဖြစ်အံ့၊ နိရောဓသမာပတ်သို့ မဆိုက်မီ ဖြစ်ပေါ်သွားသော နေဝသညာနာသညာ ယတနဇောနှင့် နိရောဓသမာပတ်မှ ထသောအခါ အစဦးစွာ ဖြစ်သော အနာဂါမိဖိုလ်ဇော သို့မဟုတ် အရဟတ္တ ဖိုလ်ဇောတို့သည် ခုနစ်ရက်ပတ်လုံး အချိန်ကာလ ဝေးကွာမှုရှိနေ၏။ နိရောဓသမာပတ်အတွင်း၌ စိတ်စေတသိက် စိတ္တဇရုပ်တို့သည် လုံးဝ ချုပ်ငြိမ်းနေကြ၏။ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့သာ ဆက်လက်ဖြစ်နေကြ၏။

ထိုသို့ နေဝသညာနာသညာယတနဇောနှင့် အရိယဖိုလ်ဇောတို့၏ ခုနစ်ရက်လွန်ခြင်း ရှိသော်လည်း ဇာတ် မတူသော ရုပ်တရားဖြင့် (= ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်ဖြင့်) အခြားအဆီးရှိသည်၏ အဖြစ်ကြောင့် ထို ဇာတ်မတူသော ရုပ်တရားဖြင့် ခြားဆီးထားသော်လည်း ခြားဆီးသည် မမည်ရကား နေဝသညာနာသညာယတန ဈာန်ကို ဝင်စားပြီးနောက် နိရောဓသမာပတ်သို့ ဆိုက်ရောက်၍ တစ်ဖန် နိရောဓသမာပတ်မှ ထသောအခါ ခုနစ်ရက်လောက်ပင် ကြာသော်လည်း အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော အရဟန္တပုဂ္ဂိုလ်အား အရဟတ္တ ဖိုလ်ဇော ကျ၏။ ယင်းဖိုလ်ဇောသည် နေဝသညာနာသညာယတနဇော၏ အခြားမဲ့၌ဖြစ်သော ဖိုလ်ဇော မည်၏။

ထိုအထက်ပါ ဖိုလ်ဇောအမျိုးမျိုးတို့တွင် မဂ္ဂဝီထိ၌ဖြစ်သော ဖိုလ်ဇောကို ထား၍ ကြွင်းသော အလုံးစုံသော အရိယဖိုလ်သည် ဖလသမာပတ်၏ အစွမ်းဖြင့် ဖြစ်သော အရိယဖိုလ် မည်၏။ မဂ္ဂဝီထိ၌သော်လည်းကောင်း ဖလသမာပတ္တိဝီထိ၌သော်လည်းကောင်း ဖြစ်သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော, ကိလေသာ အပူဓာတ်၏ အချင်းခပ်သိမ်း ငြိမ်းအေးလေပြီးသော မသေရာ အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိသော, မတင့်တယ်စရာ ကိလေသာ အညစ်အကြေး မရှိသည်၏ အဖြစ်ကြောင့် တင့်တယ်လှသော, တဏှာဟူသော လောကာမိသကို ထွေးအန်ပြီး-သော, အငြိမ်းကြီးငြိမ်း အအေးကြီးအေးသည့် သန္တိသုခအစစ် အဖြစ်ကြီးဖြစ်သော, မွန်မြတ်သော အရိယမဂ်၏ အကျိုးဖြစ်သော အရိယဖိုလ်သည် မသေရာ အမြိုက်ဆေးဖြင့် ရောစပ်ထားအပ်သော ပျားကဲ့သို့ မှန်ကန်သော သဘောတည်းဟူသော အဆီသြဇာဓာတ်နှင့် ပြည့်စုံသော စင်ကြယ်လှသော သာယာအပ်သော, မဟဂ္ဂုတ်ကုသိုလ် လောကုတ္တရာကုသိုလ်တို့ထက် အလွန်လျှင် သာယာအပ် ချိုမြိန်ကောင်းမြတ်သော အရသာရှိသော, မဂ်ချမ်းသာ ထက်လည်း ဖိုလ်ချမ်းသာသည် သာလွန်၍ ငြိမ်သက်အေးမြသည်၏ အဖြစ်ကြောင့် အမွန်မြတ်ဆုံး ဖြစ်သော, အကြင် အသာဆုံး အမြတ်ဆုံးသော အနုတ္တရသုခဖြင့် အချင်းခပ်သိမ်း ခြောက်သွေ့သည်၏ အဖြစ်မှ ကင်းသဖြင့် စွတ်စိုလျက် ရှိ၏။

အရိယာသခင် အရှင်ကောင်း အရှင်မြတ်တို့သည်သာ သုံးဆောင်ခံစားထိုက်သဖြင့် အရိယာသခင် အရှင်-မြတ်တို့၏သာ ဥစ္စာဖြစ်သော ထိုသာမညဖိုလ်၏ ရသဓာတ်ရည် အဆီအနှစ်ဖြစ်၍ ဖြစ်သော, မိမိထက် အလွန် အကဲမရှိ အကောင်းဆုံး အသာဆုံး အမြတ်ဆုံး အရသာဖြစ်သော ထိုသို့သော ဖိုလ်ချမ်းသာကို ပညာရှိ ယောဂါ-ဝစရပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာကို ပွား၍ ကြိုးပမ်းခဲ့သော် ရရှိနိုင်ပေ၏။ ထို့ကြောင့် အရိယဖိုလ်၏ ဤအတု မရှိ အကောင်းဆုံး အသာဆုံး အမြတ်ဆုံး အရသာကို သုံးဆောင်ခံစားရခြင်းသည် ဤသာသနာတော်၌ ဝိပဿနာ ဘာဝနာ၏ အကျိုးအာနိသင်ဟူ၍ ခေါ်ဆိုအပ်ပါပေသတည်း။ (ဝိသုဒ္ဓိ-၂-၃၄၃-၃၄၄။)

## ဝိပဿနာ သုံးမျိုး

ဝိပဿနာ ပနေသာ တိဝိဓာ ဟောတိ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ, ဖလသမာပတ္တိဝိပဿနာ, နိရောဓ-သမာပတ္တိ ဝိပဿနာတိ။ တတ္ထ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ မန္ဒာ ဝါ ဟောတု တိက္ခာ ဝါ၊ မဂ္ဂဿ ပဒဋ္ဌာနံ ဟောတိယေဝ။ ဖလသမာပတ္တိဝိပဿနာ တိက္ခာဝ ဝဋ္ဋတိ မဂ္ဂဘာဝနာသဒိသာ။ နိရောဓသမာပတ္တိ ဝိပဿနာ ပန နာတိမန္ဒနာတိတိက္ခာ ဝဋ္ဋတိ။ (ဝိသုဒ္ဓိ-၂-၃၄၇-၃၄၈။)

ဤ ဝိပဿနာသည် —

၁။ သင်္ခါရတရားတို့ကို သိမ်းဆည်းတတ်သော ဝိပဿနာ,

၂။ ဖလသမာပတ်ကို ဆောင်တတ်သော ဝိပဿနာ,

၃။ နိရောဓသမာပတ်ကို ဆောင်တတ်သော ဝိပဿနာဟု —

ဤသို့လျှင် သုံးမျိုး ရှိပေသည်။

၁။ ထိုသုံးမျိုးတို့တွင် သင်္ခါရတရားတို့ကို သိမ်းဆည်းတတ်သော သင်္ခါရပရိဂ္ဂဏှနကဝိပဿနာသည် နုံ့သည်မူလည်း ဖြစ်ချင်ဖြစ်ပါစေ, ထက်သည်မူလည်း ဖြစ်ချင်ဖြစ်ပါစေ အရိယမဂ်၏ နီးစွာသော အကြောင်းတရားသည် ဖြစ်သည်သာလျှင်တည်း။ (ဝိသုဒ္ဓိ-၂-၃၄၇။)

အကယ်၍ ဝိပဿနာသည် နုံ့သည်ဖြစ်မူ နှေးသော အဘိညာဉ်ရှိသော ဒန္ဓာဘိညမဂ်ကို ပြီးစီးစေနိုင်၏။ အကယ်၍ ဝိပဿနာသည် ထက်သည်ဖြစ်မူ လျင်မြန်သော အဘိညာဉ်ရှိသော ခိပ္ပါဘိညမဂ်ကို ပြီးစီးစေနိုင်၏။ ဤကား ဝိပဿနာ၏ နုံ့သည်၏အဖြစ် ထက်သည်၏အဖြစ်၌ ထူးခြားမှုတည်း။ စင်စစ်မှာမူ ဝိပဿနာလက္ခဏာသို့ ရောက်ရှိနေသော ဝိပဿနာမှန်က အရိယမဂ်၏ အကြောင်းတရားသည် ဖြစ်သည်သာလျှင်တည်းဟု မှတ်ပါ။ (မဟာဋီ-၂-၅၂၆။)

၂။ ဖလသမာပတ်ကို ဆောင်တတ်သော ဖလသမာပတ္တိဝိပဿနာကား ထက်မြက်သော တိက္ခဝိပဿနာသည် သာလျှင် ဖြစ်သင့်ပေသည်။ ထိုဝိပဿနာသည် သင်္ခါရတရားလျှင် အာရုံရှိသည် မှန်သော်လည်း အလုံးစုံသော သင်္ခါရတရားတို့မှ ဆုတ်နစ်ပြန်လည်သော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်ခြင်းကြောင့်လည်းကောင်း, အရိယမဂ်ကဲ့သို့ သင်္ခါရတရားတို့၏ ကင်းဆိတ်ရာ ဝိသင်္ခါရ နိဗ္ဗာန်အာရုံ၌ ဖြစ်သော အရိယဖိုလ်၏ အကြောင်းတရား ဖြစ်သောကြောင့်လည်းကောင်း ဖြစ်ပေသည်။ အရိယမဂ်ကို ပွားစေခြင်း မဂ္ဂဘာဝနာနှင့် တူညီပေသည်။ (ဝိသုဒ္ဓိ-၂-၃၄၈။ မဟာဋီ-၂-၅၂၆-၅၂၇။)

၃။ နိရောဓသမာပတ္တိဝိပဿနာကား မနုံ့လွန်း မထက်လွန်းမူကား သင့်သည်သာ ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၂-၃၄၈။)

အလွန်နုံ့သော ဝိပဿနာသည် သမထ လွန်ကဲသည်ဖြစ်၍ သင်္ခါရတရားတို့ကို ချုပ်စေခြင်း၌ မစွမ်းနိုင်-သည်ဖြစ်ရကား သမထလျှင် အပြီးအဆုံးရှိသည် ဖြစ်တတ်၏။ အလွန်ထက်မြက်သော ဝိပဿနာသည်ကား ဉာဏ် လွန်ကဲသည်ဖြစ်၍ အလွန်အကဲနှင့်တကွ သင်္ခါရတရားတို့၌ အပြစ်ကို မြင်ခြင်းကြောင့် ဖလသမာပတ်လျှင် အပြီးအဆုံး ရှိသည် ဖြစ်တတ်၏။ ထို့ကြောင့် "နိရောဓသမာပတ္တိဝိပဿနာကား မနုံ့လွန်း မထက်လွန်းမူကား သင့်သည်သာ ဖြစ်ပေသည်"ဟု အဋ္ဌကထာက ဖွင့်ဆိုခြင်း ဖြစ်သည်။ (မဟာဋီ-၂-၅၂၇။)

ဤအထက်ပါ အဋ္ဌကထာ၏ သတ်မှတ်ချက်အရ ဖလသမာပတ်ကို ဝင်စားလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ကို ထက်မြက်စူးရှသည့် တိက္ခဝိပဿနာဉာဏ်ဖြစ်အောင် အထူးပင် ကြိုးပမ်းရမည် ဖြစ်-ပေသည်။

အကယ်၍ ဖလသမာပတ်အလို့ငှာ ရည်ရွယ်ချက်မရှိဘဲ အထက်မဂ် အထက်ဖိုလ်အလို့ငှာ မကုန်သေးသော ကိလေသာများကို ကုန်ရန် အလို့ငှာဟူသော ရည်ရွယ်မှန်းထားချက် ဦးတည်ချက်ဖြင့် ဝိပဿနာကို ဖြစ်စေခဲ့မူကား ရှေးတွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ထိုဝိပဿနာသည် အထက်မဂ် အထက်ဖိုလ်ကို ရခြင်း၏ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရားသာ ဖြစ်မည် ဖြစ်ပေသတည်း။ ဤတွင်ရွေ့ကား —

သဗ္ဗံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ။ ပ ။ သဗ္ဗံ စ ခေါ ဘိက္ခဝေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ။ (သံ-၂-၂၄၉-၂၅၀။)

ရဟန်းတို့ . . . အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားကို ဉာတပရိညာ ပညာဖြင့် ထိုး-ထွင်း၍ မသိပါဘဲ, တီရဏပရိညာ ပညာဖြင့် ပိုင်းခြား၍ မသိပါဘဲ, ထိုအလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့၏ အပေါ်၌ တွယ်တာ မက်မောလျက်ရှိသော တဏှာကို ပဟာနပရိညာ ပညာဖြင့် ကင်းပြတ် ရုပ်သိမ်း ချုပ်ငြိမ်းအောင် မကျင့်နိုင်ပါဘဲ မပယ်စွန့်နိုင်ပါဘဲ ဒုက္ခကုန်ခြင်းငှာ မထိုက်။ ပ ။

ရဟန်းတို့ . . . စင်စစ်မှာမူ အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားကို ဉာတပရိညာ ပညာဖြင့် ထိုးထွင်း၍ သိသည်ရှိသော်, တီရဏပရိညာ ပညာဖြင့် ပိုင်းခြား၍ သိသည်ရှိသော်, ထိုအလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့အပေါ်၌ တွယ်တာ မက်မောလျက်ရှိသော တဏှာကို ပဟာနပရိ-ညာ ပညာဖြင့် ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းအောင် ကျင့်နိုင်ခဲ့သော် ပယ်စွန့်နိုင်ခဲ့သော် ဒုက္ခကုန်ခြင်းငှာ ထိုက်၏။

ဤသို့ စသော ဘုရားရှင်၏ မုခပါဌ်တော်များကို ဦးထိပ်ရွက် ပန်ဆင်လျက် သံသရာဝဋ်ဆင်းရဲ ဒုက္ခ အဝဝတို့၏ ကုန်ဆုံးရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အလို့ငှာ **နိဗ္ဗာနဂါမိနိပဋိပဒါ = နိဗ္ဗာန် ရောက်ကြောင်း ကျင့်စဉ်** အမည်ရသော အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့ကို ပရိညာ ပညာ သုံးပါးတို့ဖြင့် ပိုင်းပိုင်းခြားခြား သိအောင် ကျင့်ပုံ ကျင့်စဉ် အလုံးစုံသည် ပြီးဆုံးပြီ ဖြစ်ပေသည်။

## ဘုရားရှင်၏ တိုက်တွန်းချက် ဥယျောဇဉ်

ရဟန်းတို့ . . . မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤငါဘုရားရှင် ဟောပြထားသော နည်းအတိုင်း ပွားများအားထုတ်ငြားအံ့၊ ထိုသို့ ပွားများအားထုတ်သော ပုဂ္ဂိုလ်အား မျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ, ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ - ဤဖိုလ်နှစ်ပါး တို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု အလိုရှိအပ်ပေ၏။

ရဟန်းတို့ . . . ခုနစ်နှစ်ကို ထားဘိဦး၊ ရဟန်းတို့ . . . မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤငါဘုရားရှင် ဟောပြထားသော နည်းအတိုင်း ပွားများအားထုတ်ငြားအံ့။ ပ ။ ငါးနှစ်တို့ ပတ်လုံး။ လေးနှစ်တို့ပတ်လုံး။ သုံးနှစ်တို့ပတ်လုံး။ နှစ်နှစ်တို့ပတ်လုံး။ တစ်နှစ်ပတ်လုံး။

ရဟန်းတို့ . . . တစ်နှစ်ကို ထားဘိဦး၊ ရဟန်းတို့ . . . မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤငါဘုရားရှင် ဟောပြထားသော နည်းအတိုင်း ပွားများအားထုတ်ငြားအံ့၊ ထိုသို့ ပွားများ အားထုတ်သော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကို ဖြစ်စေ, ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ - ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု အလိုရှိအပ်ပေ၏။

ရဟန်းတို့ . . . ခုနစ်လကို ထားဘိဦး၊ ရဟန်းတို့ . . . မည်သည့် ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤငါဘုရားရှင် ဟောပြထားသော နည်းအတိုင်း ပွားများအားထုတ်ငြားအံ့။ ပ ။ ငါးလတို့

ပတ်လုံး။ လေးလတို့ပတ်လုံး။ သုံးလတို့ပတ်လုံး။ နှစ်လတို့ပတ်လုံး။ တစ်လပတ်လုံး။ လခွဲပတ်လုံး။

ရဟန်းတို့ . . . လခွဲကို ထားဘိဦး၊ ရဟန်းတို့ . . . မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး ဤငါဘုရားရှင် ဟောပြထားသော နည်းအတိုင်း ပွားများအားထုတ်ငြားအံ့။ ထိုသို့ ပွားများအားထုတ်သော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ, ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ - ဤဖိုလ်နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု အလိုရှိအပ်၏။

(မ-၁-၉၀။)

[ သဗ္ဗမ္ပိ စေတံ မဇ္ဈိမသောဝ နေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ။ တိက္ခပညံ ပန သန္ဓာယ "ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊ သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီ"တိ ဝုတ္တံ။

(မ-ဋ္ဌ-၁-၃၀၅။)

ခုနစ်နှစ်ကို အလွန်ဆုံးထား၍ ခုနစ်ရက်ကို အစောဆုံးထား၍ သတ်မှတ်ဖော်ပြထားအပ်သော အထက်ပါ ဘုရားရှင်၏ စကားတော်အားလုံးသည် ဉာဏ်အလယ်အလတ်စား ရှိသော ကျွတ်ထိုက်သော နေယျပုဂ္ဂိုလ်၏ အစွမ်းဖြင့်သာလျှင် မိန့်ဆိုတော်မူခြင်း ဖြစ်သည်။ ဉာဏ်ပညာ ထက်မြက်သော တိက္ခပညဝ ပုဂ္ဂိုလ်ကိုကား — "နံနက်၌ ဆုံးမသော် ညချမ်းအခါ၌ မဂ်ဖိုလ်တရားထူးကို ရရှိ ရောက်ရှိလတ္တံ့၊ ညချမ်းအခါ၌ ဆုံးမခဲ့သော် နံနက်အခါ၌ မဂ်ဖိုလ်တရားထူးကို ရရှိ ရောက်ရှိလတ္တံ့"ဟု (မ-၂-၃၀၀။) ဗောဓိရာဇကုမာရသုတ္တန်၌ ဘုရားရှင် ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့၏။ (မ-ဋ္ဌ-၁-၃၀၅။) ]

" ရဟန်းတို့ . . . ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်ဓာတ် စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို ကျော်လွှားလွန်မြောက်ရန် အရိယမဂ်ကို ရရှိရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်း ဖြစ်၏။ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း"ဟု ဤသို့သော အကြင်သတိပဋ္ဌာန်တရား ကြေညာချက်ကို ငါဘုရားသည် မိန့်ဆိုတော်မူခဲ့၏၊ ဤကြေညာချက်ကို ဤအနာဂါမိဖိုလ် အရဟတ္တဖိုလ်ဟူသော အကျိုးနှစ်ပါးတို့တွင် တစ်ပါးပါးကို အမှန်ရရှိနိုင်ခြင်းကို ရည်ရွယ်တော်မူ၍ ငါဘုရား မိန့်ဆိုတော်မူခြင်းပင် ဖြစ်၏။

(မ-၁-၉၀-၉၁။)

## အာနာပါနဿတိ၏ အကျိုးဂုဏ်အင်အာနိသင်

ရဟန်းတို့ . . . အာနာပါနဿတိကို ပွားများလေ့လာသည်ရှိသော် သတိပဋ္ဌာန် လေးပါးတို့ကို ပြည့်စေကုန်၏၊ သတိပဋ္ဌာန် လေးပါးတို့ကို ပွားများလေ့လာကုန်သည်ရှိသော် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွားများလေ့လာကုန်သည်ရှိသော် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ပြည့်စေကုန်၏။

(မ-၃-၁၂၄။)

ရာဟုလာ . . . ဤသို့ (၁၆)မျိုးသော အခြင်းအရာအားဖြင့် ဟောတော်မူခဲ့သောနည်းဖြင့် ပွားစေအပ်သော ဤသို့ (၁၆)မျိုးသော အခြင်းအရာအားဖြင့် ဟောတော်မူအပ်ခဲ့သောနည်းဖြင့် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သော အာနာပါနဿတိဖြင့် အဆုံး၌ ဖြစ်ကုန်သော အကြင် အဿာသပဿာသတို့သည် ရှိကုန်၏၊ ထို အဿာသပဿာသတို့သည်လည်း ထင်ထင်ရှားရှား သိအပ်ကုန်သည်ဖြစ်၍သာလျှင် ချုပ်ကုန်၏၊ ထင်ထင်ရှားရှား မသိအပ်ကုန်သည်ဖြစ်၍ကား မချုပ်ကြလေကုန်။ (မ-၂-၈၉။)

ထိုစရိမက = အဆုံးစွန်၌ ဖြစ်ကုန်သော အဿာသ ပဿာသဟူရာ၌ အဿာသ ပဿာသချုပ်သည်၏ အစွမ်းဖြင့် စရိမက သုံးမျိုး ရှိ၏။

၁။ ဘဝစရိမက = ဘဝ၏အစွမ်းဖြင့် အဆုံးစွန်၌ ဖြစ်ကုန်သော အဿာသပဿာသ,

၂။ ဈာနစရိမက = ဈာန်၏အစွမ်းဖြင့် အဆုံးစွန်၌ ဖြစ်ကုန်သော အဿာသပဿာသ,
၃။ စုတိစရိမက = စုတိခဏ၏ အစွမ်းဖြင့် အဆုံးစွန်၌ ဖြစ်ကုန်သော အဿာသပဿာသ —

ဤသို့လျှင် စရိမက သုံးမျိုး ရှိ၏။ ဘဝတို့တွင် ကာမဘဝ၌သာ အဿာသပဿာသတို့သည် ဖြစ်ကုန်၏၊ ရူပဘဝ အရူပဘဝတို့၌ မဖြစ်ကုန်၊ ထိုကြောင့် ထိုအဿာသပဿာသတို့သည် ဘဝစရိမက မည်ကုန်၏။ ဈာန်တို့တွင် ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟူသော ရှေးဈာန်သုံးပါးအပေါင်း၌သာ အဿာသပဿာသတို့-သည် ဖြစ်ကုန်၏၊ စတုတ္ထဈာန်၌ မဖြစ်ကုန်၊ ထိုကြောင့် ထိုအဿာသပဿာသတို့သည် ဈာနစရိမက မည်ကုန်၏၊ စုတိစိတ်မှ ပြန်၍ ရေတွက်သော် (၁၆)ချက်မြောက်သော တစ်နည်း (၁၇)ချက်မြောက်သော စိတ်နှင့် အတူတကွ အကြင် အဿာသပဿာသတို့သည် ဖြစ်ကြကုန်၏ စုတိစိတ်နှင့် အတူတကွ ချုပ်ကုန်၏၊ ဤစုတိစိတ်နှင့် အတူတကွ ချုပ်ကုန်သော အဿာသပဿာသတို့သည် စုတိစရိမက မည်ကုန်၏။ ဤစုတိစရိမက အဿာသပဿာသတို့ကို ဤအာနာပါနဿတိဘာဝနာ၏ အကျိုးအာနိသင်ကို ပြဆိုရာ၌ စရိမကဟူ၍ အလိုရှိအပ်ကုန်၏။

ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို အဖန်တလဲလဲ လှို့လသဲလျက် ကြိုးစားအားထုတ်လျက်ရှိသော ယောဂါ-ဝစရ ရဟန်းတော်၏ သန္တာန်၌ အာနာပါနအာရုံကို ကောင်းစွာ ဉာဏ်ဖြင့် ပိုင်းခြားယူနိုင်သည်၏ အဖြစ်ကြောင့် စုတိစိတ်၏ ရှေး၌ (၁၆)ချက်မြောက်သော သို့မဟုတ် (၁၇)ချက်မြောက်သော စိတ်၏ ဖြစ်ဆဲ ဉပါဒ်ခဏ၌ ယင်း အဿာသပဿာသတို့၏ ဖြစ်ခြင်း ဉပါဒ်ကို ဆင်ခြင်လိုက်သည်ရှိသော် ယင်းအဿာသပဿာသတို့၏ ဖြစ်ခြင်း ဉပါဒ်သည်လည်း ထင်ရှားနေ၏၊ တည်မှု ဋ္ဌီကာလကို ဆင်ခြင်လိုက်သည်ရှိသော် ယင်းအဿာသပဿာသတို့၏ တည်မှု ဋ္ဌီကာလသည်လည်း ထင်ရှားလျက်ပင် ရှိ၏၊ ပျက်မှု ဘင်ကို ဆင်ခြင်လိုက်သည်ရှိသော် ယင်းအဿာသ ပဿာသတို့၏ ပျက်မှု ဘင်သည်လည်း ထင်ရှားလျက်ပင် ရှိ၏။

မှန်ပေသည် – ဤအာနာပါနကမ္မဋ္ဌာန်းမှ အခြားတစ်ပါးသော ကမ္မဋ္ဌာန်းကို ပွားများ၍ အရဟတ္တဖိုလ်သို့ ရောက်ရှိသော ရဟန်းတော်သည် အသက်ရှင်သော ခဏ၏ အပိုင်းအခြား သက်တမ်း အချိန်ကာလကို ပိုင်းခြား နိုင်သည်လည်း ရှိ၏၊ မပိုင်းခြားနိုင်သည်လည်း ရှိ၏။ (၁၆)မျိုးသော တည်ရာဝတ္ထုရှိသော ဤအာနာပါနဿတိကို (၁၆)မျိုးသော အခြင်းအရာအားဖြင့် စုံလင်အောင် ပွားများအားထုတ်ပြီး၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးသော ရဟန္တာအရှင်မြတ်အဖို့ကား အသက်ရှင်သော ခဏ၏ အပိုင်းအခြား သက်တမ်း အချိန်ကာလကို ပိုင်းခြားနိုင်-သည်သာလျှင်ဖြစ်၏။ ထိုရဟန်းတော်သည် “ယခုအခါ၌ ဤမျှလောက်သော ကာလပတ်လုံး ငါ၏ အာယုသင်္ခါရ တို့သည် ဖြစ်ကုန်လတ္တံ့၊ ဤမျှလောက်သော ကာလထက် အလွန် မဖြစ်ကုန်လတ္တံ့”ဟု ဤသို့ သိရှိ၍ မိမိ၏ ဓမ္မတာသဘောအတိုင်းသာလျှင် မိမိ၏ အလိုဆန္ဒအတိုင်းသာလျှင် ကိုယ်လက်သုတ်သင်ခြင်း, သင်းပိုင်ဝတ်ခြင်း, ကိုယ်ဝတ်ရုံခြင်း အစရှိကုန်သော ကိစ္စအားလုံးတို့ကို ပြုလုပ်ပြီးနောက် မျက်လုံးတော်တို့ကို မှိတ်လေ၏။ ကောဋ္ဋ-ပဗ္ဗတတောင်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော တိဿမထေရ်, သင်းဝင်ပင်ကြီးရှိသော မဟာကရဉ္ဇိယ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော မဟာတိဿမထေရ်, ဒေဝပုတ္တတိုင်း၌ သီတင်းသုံးတော်မူသော ပိဏ္ဍ-ပါတိကတိဿမထေရ်, စိတ္တလတောင်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ညီတော် နောင်တော် မထေရ် နှစ်ပါး — ဤမထေရ်မြတ်ကြီးတို့ကား စံထားထိုက်ကုန်သော အာနာပါနကမ္မဋ္ဌာနိက မထေရ်မြတ်ကြီးတို့တည်း။

**ဝတ္ထုတစ်ခု** — နှစ်ဦးသော ညီနောင် မထေရ်တို့တွင် တစ်ဦးသော မထေရ်သည် တစ်ခုသော လပြည့် ဥပုသ်နေ့၌ ပါတိမောက်ကို ပြဆိုပြီးဆုံးစေပြီး၍ ရဟန်းတော်အပေါင်းခြံရံလျက် မိမိနေရာအရပ်သို့ ကြွတော်မူ၍ စင်္ကြံ၌ ရပ်တည်တော်မူလျက် — လဆန်းပက္ခ ညဉ့်ဦးယာမ် အချိန်၌ ဝန်းကျင်ပတ်ချာ အရပ်ဆယ်မျက်နှာမှ သွန်းလောင်းအပ်သော နို့ရည်အယဉ်ရှိသကဲ့သို့သော ကောင်းကင်အပြင်ကိုလည်းကောင်း ငွေပြားနှင့်တူသော သဲဖြင့် ဖြန့်ခင်းထားအပ်သော မြေအရပ်ကိုလည်းကောင်း တွေ့မြင်ရ၍ “ဤအချိန်အခါကာလသည်လည်းကောင်း

ဤအရပ်ဒေသသည်လည်းကောင်း မွေ့လျော်ဖွယ် ရှိစွတကား၊ ငါ၏ စင်ကြယ်သော အလိုအဇ္ဈာသယဓာတ်နှင့် တူညီနေပေ၏၊ ဤခန္ဓဒုက္ခ ဝန်ထုပ်ဝန်ပိုးကြီးကို အဘယ်မျှကြာအောင် ထမ်းဆောင်ထားရဦးမည်နည်း”ဟု ဤသို့လျှင် လရောင်ကို တစိန်းစိန်းကြည့်လျက် မိမိ၏ အာယုသင်္ခါရတို့ကို စူးစမ်းမြော်တင်း၍ ကြည့်ရှုလတ်လေ-သော် အာယုသင်္ခါရတို့ကား ကုန်လေပြီဟု စူးစမ်းဆင်ခြင် သိမြင်ပြီး၍ ရဟန်းသံဃာကို ဤသို့ မိန့်ဆိုတော်မူ၏။

“ငါ့ရှင်တို့ . . . သင်တို့သည် အဘယ်သို့သော ဣရိယာပုထ်ဖြင့် ပရိနိဗ္ဗာန်ပြုကုန်သော ရဟန်းတို့ကို မြင်ဖူးပါကုန်သနည်း” – ဤသို့ မေးတော်မူလိုက်၏။

ထိုရဟန်းအပေါင်းတို့တွင် အချို့သော ရဟန်းတို့က “အရှင်ဘုရား . . . တပည့်တော်တို့သည် နေရာ၌ ထိုင်ကုန်လျက်ပင်လျှင် ပရိနိဗ္ဗာန်ပြုကုန်သော မထေရ်တို့ကို ဖူးမြော်ဖူးပါကုန်၏”ဟု လျှောက်ထားကြ၏။

အချို့သော ရဟန်းတို့က “ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေကာ ထိုင်ကုန်လျက် ပရိနိဗ္ဗာန်ပြုကုန်သော မထေရ်မြတ်ကြီးတို့ကို ဖူးမြင်လိုက်ဖူးပါကုန်၏”ဟု လျှောက်ထားကြကုန်၏။ ထိုအခါ မထေရ်မြတ်ကြီးက ဤသို့ အမိန့်ရှိတော်မူ၏။

“ငါ့ရှင်တို့ . . . ငါသည် ယခုအခါ၌ သင်တို့ကို စင်္ကြံခတ်လျက်သာလျှင် = စင်္ကြံလျှောက်နေတုန်းမှာပင် ပရိနိဗ္ဗာန်ပြုသည်ကို ပြပေအံ့” —

ဤသို့ မိန့်ကြားတော်မူလိုက်၏။ ထိုနောင် မထေရ်မြတ်ကြီးသည် စင်္ကြံတစ်နေရာ၌ ဗီလာကန့်လန့် အရေးအကြောင်းတစ်ခုကို သားတော်မူလိုက်၏ = မျဉ်းသားလိုက်၏။ ထိုသို့ မျဉ်းသားပြီးနောက် —

“ငါ့ရှင်တို့ . . . ငါသည် ဤမှာဘက် စင်္ကြံစွန်းမှ ထိုမှာဘက် စင်္ကြံစွန်းသို့သွား၍ တစ်ဖန် ပြန်လှည့်လာခဲ့-သော် ဤမျဉ်းသားထားသော အရေးအကြောင်းသို့ ရောက်ရှိသောအခါ၌ပင်လျှင် ပရိနိဗ္ဗာန် ပြုတော်မူပေအံ့”-

ဤသို့ပြောဆို၍ စင်္ကြံသို့ သက်၍ ထိုမှာဘက် စင်္ကြံသို့ လျှောက်သွား၍ တစ်ဖန်ပြန်လှည့်လာခဲ့သည်ရှိသော် တစ်ဘက်သော ခြေဖြင့် မျဉ်းသားထားသော အရေးအကြောင်းကို နင်းမိသော ခဏ၌သာလျှင် ပရိနိဗ္ဗာန် စံတော်မူလေ၏။

ထိုသို့ (၁၆)မျိုးသော အခြင်းအရာအားဖြင့် ပြည့်ပြည့်စုံစုံ ပွားများထားအပ်သော အာနာပါနဿတိ၏ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်၏ အဖြစ်ကြောင့် ပညာရှိ သူတော်-ကောင်းသည် စင်စစ်ဧကန် အမှန်အားဖြင့် (**နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသော ဤကျမ်း၌ ပါဠိတော် အဋ္ဌ-ကထာ ဋီကာ အရပ်ရပ်တို့ကို အစဉ်မှီးလျက် ရေးသားဖွင့်ဆိုအပ်ခဲ့သည့်အတိုင်း) တစ်ပါးမက များပြားသော အကျိုးအာနိသင် ရှိသော **အာနာပါနဿတိ**ကို နေ့ရောညဉ့်ပါ ဘယ်ခါမလပ် အခါခပ်သိမ်း သမထဝိပဿနာ ဘာဝနာအမှု၌ မမေ့မလျော့ခြင်း အပ္ပမာဒတရား လက်ကိုင်ထားလျက် အဖန်ဖန် အထပ်ထပ် ပွားများအား-ထုတ်လေရာသတည်း။ (ဝိသုဒ္ဓိ-၁-၂၈၃-၂၈၄။ မဟာဋီ-၁-၃၄၆။)

## ဝိပဿနာပိုင်း ပြီး၏။

သာသနာတော်သက္ကရာဇ် - ၂၅၃၈ - ခု၊ ကောဇာသက္ကရာဇ် - ၁၃၅၆ - ခု - နတ်တော်လပြည့်နေ့၊ ခရစ်သက္ကရာဇ် - ၁၉၉၄ - ခု - ဒီဇင်ဘာ - ၁၇ - ရက်နေ့၊ နံနက် (၁၀)နာရီ မိနစ် (၄၀)တွင် ပြီးသည်။

ဖားအောက်တောရဆရာတော်
စိတ္တလတောင်ကျောင်း
ဖားအောက်တောရ

# သမထကမ္မဋ္ဌာန်းပိုင်း

## ရည်ညွှန်းချက် အာဿီသ

**နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသော ဤကျမ်း၌ အာနာပါနဿတိသမာဓိကို ဝိပဿနာ၏ အခြေပါဒက ပြု၍ ဝိပဿနာရှုပွားပုံကို အရဟတ္တဖိုလ်ပေါက် ရေးသားတင်ပြခဲ့၏။ သို့အတွက် သမာဓိကို ထူထောင်ပုံ သမထ ကမ္မဋ္ဌာန်းပိုင်းတွင် အာနာပါနကမ္မဋ္ဌာန်း တစ်မျိုးကိုသာလျှင် ရေးသားတင်ပြရသေး၏။ ကြွင်းကျန်သော ကမ္မဋ္ဌာန်း တို့ကို မရေးသား မတင်ပြရသေးပေ။ ထို့ကြောင့် ဤ**သမထကမ္မဋ္ဌာန်းပိုင်း**တွင် သမထကမ္မဋ္ဌာန်းအချို့ကို ရေးသား တင်ပြထားပေအံ့။ ထိုသို့ ရေးသားတင်ပြရာ၌ ယခုကဲ့သို့ အာနာပါနဿတိသမာဓိကို အခြေခံ၍ ဝိပဿနာသို့ ကူးပြီးနောက် ဝိပဿနာပိုင်းတွင် အတော်အသင့် ကျေနပ်မှုကို ရရှိသောအခါ အခြားအခြားသော သမထကမ္မ-ဋ္ဌာန်းများကိုပါ ဆက်လက်၍ အားထုတ်လိုသေးသူ ယောဂီသူတော်ကောင်းများအတွက် အထူးသဖြင့် ရည်ရွယ်၍ ဤသမထကမ္မဋ္ဌာန်းပိုင်းကို ရေးသားတင်ပြခြင်း ဖြစ်ပေသည်။ သို့သော် အာနာပါနကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန် သမာဓိသို့ ဆိုက်အောင်ဖြစ်စေ, ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်းဖြင့် ဥပစာရသမာဓိသို့ ဆိုက်အောင်ဖြစ်စေ ပွားများ အားထုတ်ပြီးသော သူတော်ကောင်းတို့သည်လည်း ဝိပဿနာသို့ မကူးသေးမီ ဤ သမထကမ္မဋ္ဌာန်းများကို အားထုတ်လိုက အားထုတ်နိုင်သည်သာ ဖြစ်ပေသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များအတွက်သာ ရည်ရွယ်၍ ဤ အပိုင်းကို ရေးသားတင်ပြထားပေသည်။ သမာဓိ တစ်ခုခုကို အောင်အောင်မြင်မြင် အားမထုတ်ရသေးသော ပုဂ္ဂိုလ်ဖြစ်မူ သို့မဟုတ် ဝိပဿနာပိုင်းတွင်လည်း အားရကျေနပ်မှု မရသေးသော ပုဂ္ဂိုလ်ဖြစ်မူ ထိုထိုကမ္မဋ္ဌာန်းကို စတင်အားသစ်လိုပါက ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် ညွှန်ကြားထားသည့်အတိုင်းသာ အားထုတ်လေရာသည်။

### ကမ္မဋ္ဌာန်း အမျိုးအစား

ကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းအားဖြင့် နှစ်မျိုး ရှိ၏။
(မဟာနိ-ဋ္ဌ-၃၅၇။ ဝိသုဒ္ဓိ-၁-၂၃၅။ မဟာဋီ-၁-၃၂၇။ သံ-ဋီ-၂-၉၇။)

### ကမ္မဋ္ဌာန်း (၄၀)

သမထကမ္မဋ္ဌာန်းကို ကျမ်းဂန်များ၌ အမျိုးအစား (၄၀) ဖော်ပြထားပေသည်။ ပါဠိတော်၌ တိုက်ရိုက်လာသော

၁။ ကသိုဏ်း (၈)ပါး,
၂။ အသုဘ (၁၀)ပါး,
၃။ အနုဿတိ (၁၀)ပါး,
၄။ ဗြဟ္မဝိဟာရ (၄)ပါး,
၅။ အရူပ (၄)ပါး,
၆။ ဧကသညာ = အာဟာရေ ပဋိကူလသညာ (၁)ပါး,
၇။ ဧကဝဝတ္ထာန = စတုဓာတုဝဝတ္ထာန် (၁)ပါး,

အားလုံးပေါင်းသော် သမထကမ္မဋ္ဌာန်း (၃၈)ပါး —

ပါဠိတော်၌ တိုက်ရိုက်လာသော ဤ (၃၈)ပါးတို့၌ အဋ္ဌကထာ၌ လာသော အာလောက ကသိုဏ်းနှင့် အာကာသ ကသိုဏ်းကို သွင်း၍ ကမ္မဋ္ဌာန်း (၄၀) ဖြစ်သည်။ (ဒီ-ဋီ-၁-၁၇။ သံ-ဋီ-၁-၁၈။ အံ-ဋီ-၁-၂၁။)

ကသိုဏ်း (၁၀)ပါးရှိရာ အာလောက ကသိုဏ်းကို ဩဒါတ ကသိုဏ်း၌ သွင်း၍, အာကာသ ကသိုဏ်းကို အနန္တာကာသ ကသိုဏ်း၌ သွင်း၍ ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၅၅။) ၌ ကသိုဏ်း (၈)ပါး ဟောတော်မူသည်။ မဇ္ဈိမပဏ္ဏာသပါဠိတော် မဟာသကုလုဒါယီသုတ္တန် (မ-၂-၂၀၇။) ၌ ကသိုဏ်း (၁၀)ပါး တစ်နည်း ဟောတော်မူသည်။

## သဗ္ဗတ္ထက – ပါရိဟာရိယ

ထို သမထကမ္မဋ္ဌာန်း (၄၀)ကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်း = သဗ္ဗတ္ထိက ကမ္မဋ္ဌာန်း, ပါရိဟာရိယ ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုး ခွဲခြားလျက် ခေါ်ဝေါ်သုံးစွဲသည်။

## သဗ္ဗတ္ထကကမ္မဋ္ဌာန်း

တတ္ထ သဗ္ဗတ္ထကကမ္မဋ္ဌာနံ နာမ ဘိက္ခုသံဃာဒီသု မေတ္တာ မရဏဿတိ စ။ အသုဘသညာတိပိ ဧကေ။
(ဝိသုဒ္ဓိ-၁-၉၄။)

**သဗ္ဗတ္ထကကမ္မဋ္ဌာနန္တိ (သဗ္ဗတ္ထိကကမ္မဋ္ဌာနန္တိ)** ဗုဒ္ဓါနုဿတိ, မေတ္တာ, မရဏဿတိ, အသုဘဘာဝနာ စ။
(ဒီ-ဋ္ဌ-၂-၂၉၆။ မ-ဋ္ဌ-၁-၃၄၅။ မူလဋီ-၂-၁၄၉။)

ဤအထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာအရ **သဗ္ဗတ္ထကကမ္မဋ္ဌာန်း**သည် မေတ္တာကမ္မဋ္ဌာန်း, မရဏာနုဿတိ ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိ၏။ ဧကေဟူသော အချို့သော ဆရာမြတ်တို့၏ အလိုအားဖြင့် မေတ္တာကမ္မဋ္ဌာန်း, မရဏာ-နုဿတိကမ္မဋ္ဌာန်း, အသုဘသညာ = အသုဘဘာဝနာ = အသုဘကမ္မဋ္ဌာန်းဟူ၍ သုံးမျိုးရှိ၏။ အထက်တွင် တင်ပြထားသော ဋီကာတို့အရ **သဗ္ဗတ္ထကကမ္မဋ္ဌာန်း**သည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, မေတ္တာကမ္မဋ္ဌာန်း, မရဏဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်း, အသုဘဘာဝနာ = အသုဘကမ္မဋ္ဌာန်းဟူ၍ လေးမျိုး ရှိ၏။

## အကျိုးဂုဏ်အင် အာနိသင်

**၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း —** ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အဖန်ဖန် အထပ်ထပ် ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ဘုရားရှင်အပေါ်၌ ရိုသေခြင်း တုပ်ဝပ်ကျိုးနွံခြင်း ရှိ၏။ သဒ္ဓါဝေပုလ္လ = အရိယာ သူတော်ကောင်းတို့၏ ဘုရားရှင်အပေါ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း အဝေစ္စပသာဒနှင့် တူစွာ သဒ္ဓါ တရား ပြန့်ပြောပေါ်များသည်၏ အဖြစ်ကိုလည်းကောင်း, ပညာဝေပုလ္လ = ပညာတရား ပြန့်ပြောပေါ်များသည်၏ အဖြစ်ကိုလည်းကောင်း, ပုညဝေပုလ္လ = ကုသိုလ်တရား ပြန့်ပြောပေါ်များသည်၏အဖြစ်ကိုလည်းကောင်း ရရှိနိုင်၏။ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇတရား များပြားပြန့်ပြောနိုင်၏။ ဘေးငယ် ဘေးကြီး အသွယ်သွယ်ကို နှိပ်နင်းနိုင်၏။ ဘုရားရှင်၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ပွားများခြင်းဖြင့် ကာယိကဒုက္ခ၏ ပိန်းကြာဖက်၌ ကျသော ရေကဲ့သို့ လျှောဖြေ၍ ကာယိကဒုက္ခကို သည်းခံခြင်းငှာ စွမ်းနိုင်၏။ ဘုရားရှင်နှင့် အတူတကွ နေထိုင် ရသည့် အမှတ်သညာကို ရနိုင်၏။ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်ကို အဖန်ဖန် အလီလီ အောက်မေ့ ဆင်ခြင်သော သတိ၏ စွဲနေကိန်းအောင်းရာလည်း ဖြစ်သော ထိုဗုဒ္ဓါနုဿတိကမ္မဋ္ဌာနိက ယောဂီသူမြတ်၏ ခန္ဓာ အိမ်သည်လည်း စေတိယဃရ = စေတီအိမ်ကဲ့သို့ ပူဇော်ထိုက်၏၊ အပူဇော်ခံထိုက်၏။ ဗုဒ္ဓဘူမိသို့ စိတ်ဓာတ်သည် ညွတ်ကိုင်းရှိုင်း၏။ သီလကို ပျက်စီးစေနိုင်သော လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ကြုံလတ်သော် ထိုယောဂီ သူတော်ကောင်း၏ မျက်မှောက်၌ ဘုရားရှင်ကို ဖူးမြင်ရသကဲ့သို့ မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားတို့မှ ရှက်ခြင်း ဟိရိတရား, မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားတို့မှ ကြောက်ခြင်း ဩတ္တပ္ပတရားသည်လည်း ရှေးရှုတည်လာ၏။ အထက်ဖြစ်သော မင်္ဂဖိုလ်ကို ထွင်းဖောက် မသိမမြင်နိုင်ခဲ့သော် သုဂတိဘုံဘဝလျှင် လည်း-

လျော်ငြားရာ ရှိ၏။ (ဝိသုဒ္ဓိ-၁-၂၀၆။)

၂။ **မေတ္တာကမ္မဋ္ဌာန်း —** မေတ္တာကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လိုသော ပွားများအားထုတ်နေသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ရှေးဦးစွာ ပိုင်းခြား၍ ဥပစာရသိမ် = ကျောင်းတိုက်အတွင်း၌ တည်ရှိသော ဘိက္ခုသံဃာ၌ "ဤကျောင်းတိုက်၌ ခပ်သိမ်းကုန်သော ရဟန်းတော်တို့သည် ချမ်းသာကြပါစေ စိတ်ဆင်းရဲ ကင်း-ကြပါစေ" ဤသို့စသည်ဖြင့် မေတ္တာဘာဝနာကို ပွားများအပ်၏။ ထိုနောင် ဥပစာရသိမ် ကျောင်းတိုက်အတွင်း၌ တည်ရှိနေကြကုန်သော နတ်တို့၌, ထိုနောင် ဆွမ်းခံရွာ၌ အစိုးရသော အုပ်ချုပ်သူ မင်း၌, ထိုနောင် ဆွမ်းခံရွာနေ လူသားအားလုံးတို့ကို အစပြု၍ ခပ်သိမ်းကုန်သော သတ္တဝါတို့၌ မေတ္တာကို ပွားများအပ်၏။

ထိုကမ္မဋ္ဌာနိက ယောဂါဝစရပုဂ္ဂိုလ်သည် ကျောင်းတိုက်အတွင်း၌ တည်ရှိသော ဘိက္ခုသံဃာ၌ ပွားစေ-အပ်သော မေတ္တာဖြင့် သီတင်းသုံးဖော် သံဃာတော်တို့၏ မိမိအပေါ်၌ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ကို ဖြစ်စေနိုင်၏၊ ထိုသို့ ဖြစ်စေသည်ရှိသော် ထိုကမ္မဋ္ဌာနိကယောဂါဝစရပုဂ္ဂိုလ်အား ထိုသီတင်းသုံးဖော် ရဟန်းတော်တို့သည် အချင်းချင်း စိတ်နှလုံး ချမ်းမြေ့သော ဆက်ဆံခြင်း ရှိလာနိုင်ကုန်၏။ တစ်ဖန် ဥပစာရသိမ် ကျောင်းတိုက် အတွင်း၌ တည်ရှိနေကုန်သော နတ်တို့၌ ပွားစေအပ်သော မေတ္တာဖြင့် မိမိအပေါ်၌ နူးညံ့အောင် ပြုအပ်သော စိတ်ရှိကုန်သော နတ်တို့သည် တရားနှင့်လျော်သော စောင့်ရှောက်ခြင်းဖြင့် ကောင်းစွာ စီရင်အပ်သော အစောင့် အရှောက် ရှိလာနိုင်၏။ ဆွမ်းခံရွာ၌ အစိုးရသော အုပ်ချုပ်သူ မင်းအပေါ်၌ ပွားစေအပ်သော မေတ္တာဖြင့် မိမိ အပေါ်၌ နူးညံ့အောင်ပြုအပ်သော စိတ်နေစိတ်ထားရှိကြကုန်သော အစိုးရသူ အုပ်ချုပ်သူမင်းတို့သည် တရား-နှင့်လျော်သော စောင့်ရှောက်မှုဖြင့် ကောင်းစွာ စောင့်ရှောက်အပ်သော ပရိက္ခရာ ရှိလာနိုင်၏။ ထိုဆွမ်းခံရွာ၌ လူသားတို့အပေါ်၌ ပွားစေအပ်သော မေတ္တာဖြင့် မိမိအပေါ်၌ ကြည်လင်စေအပ် ကြည်ညိုစေအပ်သော စိတ် ရှိကုန်သော ထိုရွာနေလူတို့သည် မနိုပ်စက်အပ်သည်ဖြစ်၍ ကျင်လည်ကျက်စား သွားလာနေထိုင်ရ၏။ အလုံး စုံသော သတ္တဝါတို့အပေါ်၌ ပွားစေအပ်သော မေတ္တာဖြင့် ခပ်သိမ်းသော အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ တို့၌ အထိအခိုက် အနှောင့်အယှက် မရှိသော ကျင်လည်ကျက်စား သွားလာနေထိုင်ရခြင်း ရှိနိုင်၏။

(ဝိသုဒ္ဓိ-၁-၉၄။)

၃။ **မရဏဿတိ = မရဏာနုဿတိ —** သေရအုံ့ သေရအုံ့ဟု အဖန်တလဲလဲ အောက်မေ့သော မရဏ-ဿတိဖြင့် "ငါသည် မချွတ်ဧကန် သေရအုံ့"ဟု ကြံစည်အောက်မေ့သော သူသည် မလျောက်ပတ်သော ပစ္စည်း ရှာမှီးခြင်းကို ပယ်စွန့်၍ အဆင့်ဆင့် မင်္ဂဖိုလ် ဖိုလ်ဉာဏ်သို့ တိုင်အောင် တိုးပွားသော ထိတ်လန့်ခြင်း သံဝေဂ ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းမှန်ကျင့်စဉ်ဟူသော သမ္မာပဋိပတ်မှ မတွန့်ဆုတ်သော စိတ်ဓာတ် ရှိနိုင်၏။ (ဝိသုဒ္ဓိ-၁-၉၄။)

၄။ **အသုဘသညာ = အသုဘဘာဝနာ —** အသုဘသညာ၌ အဝါးဝစွာ လေ့လာအပ်သော စိတ်ထားရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ စိတ်ကို လူ၌ဖြစ်သော အာရုံတို့ကို ထားဘိဦး၊ နတ်၌ဖြစ်ကုန်သော အာရုံတို့သော်မှလည်း လောဘ၏ အစွမ်းဖြင့် ထက်ဝန်းကျင်မှ မဆွဲဆောင်နိုင်ကုန်။ (ဝိသုဒ္ဓိ-၁-၉၄။)

ဧဝံ ဗဟူပကာရတ္တာ သဗ္ဗတ္ထ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗန္တိ စ အဓိပ္ပေတဿ ယောဂါနုယောဂကမ္မဿ ဌာန-ဉ္စာတိ **သဗ္ဗတ္ထကကမ္မဋ္ဌာန**န္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ-၁-၉၄။)

**သဗ္ဗတ္ထ** သဗ္ဗသ္မိံ သမဏကရဏီယေ၊ သဗ္ဗသ္မိံ ဝါ ကမ္မဋ္ဌာနာနုယောဂေ။ ပုဗ္ဗာသေဝနဝသေန **အတ္ထယိ-တဗ္ဗံ**။ ယောဂဿ ဘာဝနာယ အနုယုဥ္ဇနံ ယောဂါနုယောဂေါ၊ တဒေဝ ကရဏီယဋ္ဌေန ကမ္မံ၊ တဿ **ယောဂါနု-ယောဂကမ္မဿ ဌာနံ** နိပ္ဖတ္တိဟေတု။ (မဟာဋီ-၁-၁၁၉။)

ဤ ဆိုခဲ့ပြီးသည့်အတိုင်း များပြားသော ကျေးဇူးဂုဏ်ရှိသည်၏ အဖြစ်ကြောင့် အလုံးစုံသော ရဟန်းကိစ္စ ဟူသမျှ၌, တစ်နည်း — အလုံးစုံသော သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌ ရှေးဦးမဆွ အဖန်ဖန် အထပ်ထပ် မှီဝဲပွားများသည်၏ အစွမ်းဖြင့် အလိုရှိအပ်သောကြောင့်လည်းကောင်း, မိမိတို့ လိုလား တောင့်တအပ်သော သမထဝိပဿနာ ဘာဝနာလုပ်ငန်းရပ်ကို ပွားများအားထုတ်ခြင်းဟူသော လုပ်ငန်းကိစ္စ အမှု၏ ပြီးစီးခြင်း ပြီးမြောက်ခြင်း၏ အကြောင်းတရား ဖြစ်သောကြောင့်လည်းကောင်း **သဗ္ဗတ္ထကကမ္မဋ္ဌာန်း**ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (ဝိသုဒ္ဓိ-၁-၉၄။ မဟာဋီ-၁-၁၁၉။)

## စတုရာရက္ခ ကမ္မဋ္ဌာန်း = အစောင့်လေးပါး ကမ္မဋ္ဌာန်း

ဒိဝသေ ဒိဝသေ  သီလာနိ အာဝဇ္ဇေတွာ စတုရာရက္ခံ အဟာပေန္တော မနသိကာရဗဟုလာ ဝိဟရထ။

(ဝိ-၅-၄-၇၃။ ဝိ-သင်္ဂဟ-၂၂၂။ သာရတ္ထ-၂-၁၁၆။)

**စတုရာရက္ခံ အဟာပေန္တော**တိ ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘံ မရဏဿတီတိ ဣမံ စတုရာရက္ခံ အပရိ-ဟာပေန္တော။ (သာရတ္ထ-၃-၄၀၂။)

နေ့တိုင်း နေ့တိုင်း၌ မိမိ၏ သီလတို့ကို ဆင်ခြင်လျက် ဖြူစင်အောင် ဆေးကြောသုတ်သင်လျက် ဗုဒ္ဓါ-နုဿတိ, မေတ္တာ, အသုဘ, မရဏဿတိဟူသော စတုရာရက္ခ = အစောင့်လေးပါးကမ္မဋ္ဌာန်းကို မယုတ်လျော့ စေဘဲ သမထ ဝိပဿနာ ဘာဝနာအမှု၌ နှလုံးသွင်းခြင်း မနသိကာရများသည် ဖြစ်၍ နေထိုင်လေရာ၏။

(ဝိ-၅-၄-၇၃။ ဝိ-သင်္ဂဟ-၂၂၂။ သာရတ္ထ-၂-၁၁၆။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၌ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏဿတိဟူသော ဤကမ္မဋ္ဌာန်း လေးမျိုးကို ယောဂါဝစရပုဂ္ဂိုလ်အား စောင့်ရှောက်တတ်သောကြောင့် **စတုရာရက္ခ = အစောင့်လေးပါး ကမ္မ–ဋ္ဌာန်း**ဟူ၍ ခေါ်ဝေါ်သုံးစွဲထားပေသည်။

## ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း

စတ္တာလီသာယ ပန ကမ္မဋ္ဌာနေသု ယံ ယဿ စရိယာနုကူလံ၊ တံ တဿ နိစ္စံ ပရိဟရိတဗ္ဗတ္တာ ဥပရိမဿ စ ဥပရိမဿ ဘာဝနာကမ္မဿ ပဒဋ္ဌာနတ္တာ **ပါရိဟာရိယကမ္မဋ္ဌာန**န္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ-၁-၉၄။)

**နိစ္စံ ပရိဟရိတဗ္ဗတ္တာ**တိ သဗ္ဗတ္ထကကမ္မဋ္ဌာနံ ဝိယ ကေဒါဝ အနနုယုဥ္ဇိတွာ သဗ္ဗကာလံ ပရိဟရဏီယတ္တာ အနုယုဥ္ဇိတဗ္ဗတ္တာ။ (မဟာဋီ-၁-၁၁၉။)

ကမ္မဋ္ဌာန်း (၄၀)တို့တွင် ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ စရိုက်နှင့် လျော်စွာ ရွေးချယ်စိစစ်၍ ပွားများ အားထုတ်အပ်သော ကမ္မဋ္ဌာန်းတစ်ခုခုကို ထိုကမ္မဋ္ဌာနိက ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း လေးမျိုးကဲ့သို့ တစ်ရံတစ်ခါသာ အားထုတ်သည် မဟုတ်ဘဲ  အခါခပ်သိမ်း အမြဲမပြတ် ဆောင်ထားအပ် ပွားများ အားထုတ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, အထက်အထက်၌ ဖြစ်သော ဘာဝနာလုပ်ငန်းရပ် မှန်သမျှ၏ အနီးစပ်ဆုံး အကြောင်းပဒဋ္ဌာန်၏ အဖြစ်ကြောင့်လည်းကောင်း **ပါရိဟာရိယကမ္မဋ္ဌာန်း**ဟူ၍ ခေါ်ဆိုအပ်၏။

(ဝိသုဒ္ဓိ-၁-၉၄။ မဟာဋီ-၁-၁၁၉။)

ယံ ပန သဒါ ပရိဟရိတဗ္ဗံ စရိတာနုကူလေန ဂဟိတတ္တာ ဒသာသုဘကသိဏာနုဿတီသု အညတရံ, စတုဓာတုဝဝတ္ထာနမေဝ ဝါ၊ တံ သဒါ ပရိဟရိတဗ္ဗတော ရက္ခိတဗ္ဗတော ဘာဝေတဗ္ဗတော စ **ပါရိဟာရိယ**န္တိ ဝုစ္စတိ။ **မူလကမ္မဋ္ဌာန**န္တိပိ တဒေဝ။ (သုတ္တနိ-၅-၁-၄၈-၄၉။)

စရိုက်အားလျော်စွာ စရိုက်နှင့်လျော်စွာ ဆရာသမားထံမှ သင်ယူထားအပ်သည်၏ အဖြစ်ကြောင့် အခါ ခပ်သိမ်း ဆောင်ထားအပ်သော အသုဘ (၁၀)ပါး, ကသိုဏ်း (၁၀)ပါး, အနုဿတိ (၁၀)ပါးတို့တွင် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကိုလည်းကောင်း, သို့မဟုတ် စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကိုလည်းကောင်း အခါခပ်သိမ်း အမြဲမပြတ် ဆောင်ထားအပ်သောကြောင့်လည်းကောင်း, စောင့်ရှောက်အပ်သောကြောင့်လည်းကောင်း, ပွားများအားထုတ် အပ်သောကြောင့်လည်းကောင်း **ပါရိဟာရိယကမ္မဋ္ဌာန်း**ဟူ၍ ခေါ်ဆိုအပ်ပေသည်။ ထိုပါရိဟာရိယကမ္မဋ္ဌာန်းကို ပင် **မူလကမ္မဋ္ဌာန်း**ဟူ၍လည်း ခေါ်ဆိုအပ်ပေသည်။ (သုတ္တနိ-ဋ္ဌ-၁-၄၈-၄၉။)

တတ္ထ ယံ ပဌမံ သဗ္ဗတ္ထကကမ္မဋ္ဌာနံ မနသိ ကရိတွာ ပစ္ဆာ ပါရိဟာရိယကမ္မဋ္ဌာနံ မနသိ ကရောတိ၊ တံ စတုဓာတုဝဝတ္ထာနမုခေန ဒဿေဿာမ။ (သုတ္တနိ-ဋ္ဌ-၁-၄၉။)

ဤအထက်ပါ အဋ္ဌကထာ၌ **သဗ္ဗတ္ထကကမ္မဋ္ဌာန်း**ကို ပထမဦးစွာ နှလုံးသွင်းပြီးလျှင် ဓာတ်ကမ္မဋ္ဌာန်းဟူသော **စတုဓာတုဝဝတ္ထာန်**ကမ္မဋ္ဌာန်းကို **ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း**အဖြစ် အားထုတ်ပုံများကို ဖော်ပြ ထားပေသည်။

ဤအထက်ပါ အဋ္ဌကထာ ဋီကာ အဆိုအမိန့်များကို နည်းမှီး၍ **နိဗ္ဗာနဂါမိနိပဋိပဒါ** အမည်ရသော ဤ ကျမ်း၌လည်း **အာနာပါနကမ္မဋ္ဌာန်း** ကို **ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း** အဖြစ်ဖြင့်လည်းကောင်း, **ဓာတ်ကမ္မဋ္ဌာန်း**ဟူသော **စတုဓာတုဝဝတ္ထာန်**ကမ္မဋ္ဌာန်းကိုလည်း **ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း** အဖြစ် ဖြင့်လည်းကောင်း ရေးသားတင်ပြခဲ့၏။ ထိုတွင် အာနာပါနကမ္မဋ္ဌာန်းကို ပဓာနအားဖြင့် ဓာတ်ကမ္မဋ္ဌာန်း အကျဉ်း နည်းကို အပ္ပဓာနအားဖြင့် ပါရိဟာရိယကမ္မဋ္ဌာန်းအဖြစ်ဖြင့် အားထုတ်ပုံစနစ်များကို ရေးသားတင်ပြခဲ့၏။

## ဥပစာရကမ္မဋ္ဌာန်း – အပ္ပနာကမ္မဋ္ဌာန်း

**ဥပစာရပ္ပနာဝဟာတော**တိ ဌပေတွာ ကာယဂတာသတိဉ္စ အာနာပါနဿတိဉ္စ အဝသေသာ အဋ္ဌ အနုဿ- တိယော, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာနန္တိ ဣမာနေဝ ဟေတ္ထ ဒသကမ္မဋ္ဌာနာနိ ဥပစာရဝဟာနိ။ သေသာနိ အပ္ပနာဝဟာနိ။ (ဝိသုဒ္ဓိ-၁-၁၀၇။)

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, မရဏာ- နုဿတိ, ဥပသမာနုဿတိဟူသော အနုဿတိ (၈)ပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် – ဤ (၁၀)မျိုးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရသမာဓိကိုသာ ဆောင်နိုင်သောကြောင့် **ဥပစာရကမ္မဋ္ဌာန်း**မည်ကုန်၏။ ကသိုဏ်း (၁၀)ပါး, အသုဘ (၁၀)ပါး, ကာယဂတာသတိ, အာနာပါနဿတိ, ဗြဟ္မဝိဟာရ (၄)ပါး, အာရုပ္ပ (၄)ပါး – ဤ (၃၀)သော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာခေါ်သော ဈာန်သမာဓိကို ဆောင်နိုင်သောကြောင့် **အပ္ပနာ ကမ္မဋ္ဌာန်း** မည်ကုန်၏။ (ဝိသုဒ္ဓိ-၁-၁၀၇။)

ထိုအပ္ပနာဈာန်သမာဓိကို ဆောင်နိုင်သော ကမ္မဋ္ဌာန်းတို့တွင် အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် ကသိုဏ်း (၁၀)ပါးတို့သည် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟူသော ဈာန်လေးပါးသို့ အစဉ်အတိုင်း ဆိုက်ရောက်နိုင်သည့်အတွက် စတုက္ကဇ္ဈာနိကကမ္မဋ္ဌာန်းတို့တည်း။ ကာယဂတာသတိနှင့် အသုဘ (၁၀)ပါးတို့သည် ပထမဈာန်ကို ရရှိနိုင်သော ပထမဇ္ဈာနိကကမ္မဋ္ဌာန်းတို့တည်း။ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း တို့သည် တတိယဈာန်အထိ ပေါက်ရောက်နိုင်သော တိကဇ္ဈာနိကကမ္မဋ္ဌာန်းတို့တည်း။ ဥပေက္ခာဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းနှင့် အာရုပ္ပ (၄)ပါးတို့သည် စတုတ္ထဈာန်ကိုသာ ပေါက်ရောက်စေနိုင်သော စတုတ္ထဇ္ဈာနိကကမ္မဋ္ဌာန်း တို့တည်း။ (ဝိသုဒ္ဓိ-၁-၁၀၇။)

# (၃၂) ကောဋ္ဌာသ

ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးသည် အာနာပါနကမ္မဋ္ဌာန်းကို စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင် ပွားများ အားထုတ်ပြီးပါက ထိုစတုတ္ထစျာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်စွမ်းအင်၏ အကူအညီကို ရယူလျက် (၃၂)ကောဋ္ဌာသများကို မြင်အောင် ဆက်လက် ကြိုးစားအားထုတ်ပါက အာနာပါန စတုတ္ထစျာန် သမာဓိ၏ အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိထူးကြီးကို ဆက်ခံရသည့် အတွက် (၃၂)ကောဋ္ဌာသတို့ကို ဉာဏ်ပညာမျက်စိဖြင့် လွယ်လွယ်ကူကူပင် တွေ့မြင်ရတတ်ပေသည်။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်းဖြင့် သမာဓိထူထောင်ထားသူ ဖြစ်ပါကလည်း အကြည်ဓာတ်သို့ ဆိုက်အောင် ဥပစာရသမာဓိနယ်မြေသို့ ဆိုက်အောင် တစ်ဖန် သမာဓိကို ထူထောင်ပြီးလျှင် ယင်းဓာတုမနသိကာရ = စတုဓာတုဝဝတ္ထာနသမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်-ခြည်စွမ်းအင်၏ အကူအညီကို ရယူလျက် (၃၂)ကောဋ္ဌာသများကို မြင်အောင် ဆက်လက်ကြိုးစားအားထုတ် ပါက ယင်းစတုဓာတုဝဝတ္ထာနသမာဓိ၏ အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသည့်အတွက် (၃၂)ကောဋ္ဌာသတို့ကို ဉာဏ်ပညာမျက်စိဖြင့် လွယ်လွယ်ကူကူပင် တွေ့မြင်ရတတ်ပေသည်။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အာနာပါနကျင့်စဉ်လမ်းမှဖြစ်စေ, ဓာတုမနသိကာရ ကျင့်စဉ် လမ်းမှဖြစ်စေ ဝိပဿနာသို့ ကူးပြီးနောက် ဝိပဿနာပိုင်းတွင် အထိုက်အလျောက် အားရကျေနပ်မှုကို ရရှိ၍ အခြားအခြားသော ကမ္မဋ္ဌာန်းများကို ဆက်လက်အားထုတ်လိုသေးပါက ထိုအခါမျိုးတွင်လည်း မိမိ ရရှိထား-ပြီးသော သမာဓိကိုပင် တစ်ဖန် ပြန်လည်ထူထောင်၍ ထိုသမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည် စွမ်းအင်၏ အကူအညီကို ရယူလျက် (၃၂)ကောဋ္ဌာသများကို မြင်အောင် ဆက်လက် ကြိုးစားအားထုတ်ပါက ယင်းသမာဓိ၏ အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံ ရသည့်အတွက် (၃၂)ကောဋ္ဌာသတို့ကို ဉာဏ်ပညာမျက်စိဖြင့် လွယ်လွယ်ကူကူပင် တွေ့မြင်ရတတ်ပေသည်။

အခြားအခြားသော ကမ္မဋ္ဌာန်းတစ်ခုခုဖြင့် သမာဓိကို အောင်အောင်မြင်မြင် ထူထောင်ထားပြီးသော ယော-ဂါဝစရပုဂ္ဂိုလ်သည်လည်း အလားတူပင် (၃၂)ကောဋ္ဌာသတို့ကို မြင်အောင် ဆက်လက် ရှုပွားနိုင်သည်သာ ဖြစ်-ပေသည်။ ဤတွင် အာနာပါနကျင့်စဉ်ဖြင့် စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင် သမာဓိထူထောင်ထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်၏ (၃၂)ကောဋ္ဌာသတို့ကို မြင်အောင်ရှုပုံကို အဦးမူ၍ သမထကမ္မဋ္ဌာန်းပိုင်းကို ရေးသား တင်ပြအပ်ပါသည်။ ဓာတုမနသိကာရလမ်းမှ သမာဓိကို အောင်အောင်မြင်မြင် ထူထောင်ထားပြီးသူသည်လည်း နည်းမှီး၍ ပုံစံတူပင် ရှုနိုင်ပါသည်။

အသင်သူတော်ကောင်းသည် အာနာပါနဿတိသမာဓိကို စတုတ္ထစျာန်သို့ဆိုက်အောင် သမာဓိထူထောင် ပါ။ ထိုစတုတ္ထစျာန်သမာဓိကြောင့် လင်းရောင်ခြည်များသည် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် တောက်ပ လာသောအခါ (၃၂)ကောဋ္ဌာသတို့ကို ယင်းလင်းရောင်ခြည်စွမ်းအင်၏ အကူအညီဖြင့် ရှုကြည့်ပါ။

အကယ်၍ ဓာတုမနသိကာရလမ်းမှ သမာဓိကို ထူထောင်ထားသူ ဖြစ်လျှင်လည်း ယင်းစတုဓာတုဝဝတ္ထာန သမာဓိကြောင့် လင်းရောင်ခြည်များသည် ပြိုးပြိုးပြက်ပြက် အရောင်တလက်လက် တောက်ပလာသောအခါ ယင်းလင်းရောင်ခြည်စွမ်းအင်၏ အကူအညီဖြင့် (၃၂)ကောဋ္ဌာသတို့ကို ရှုကြည့်ပါ။

ထိုသို့ ရှုကြည့်ရာ၌ ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ - ဟူသော ကောဋ္ဌာသ ငါးခုကို စတင်ရှုကြည့်ပါ။ ယင်းကောဋ္ဌာသများ၏ တည်ရှိရာ နေရာ၌သာ ရှုကြည့်ပါ။ မှန်ထဲတွင် မြင်ရသကဲ့သို့ သဲသဲကွဲကွဲ မြင်ရသောအခါ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, ကျောက်ကပ်ဟူသော ကောဋ္ဌာသ ငါးခုကို ထပ်မံကြည့်ရှုပါ။ အောင်မြင်မှုရပါက နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုပ်ဟူသော ကောဋ္ဌာသ ငါးခုကို ဆက်-လက်ရှုပါ။ အောင်မြင်မှုရပါက အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်ဟူသော ကောဋ္ဌာသ ငါးခု, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲဟူသော ကောဋ္ဌာသ ခြောက်ခု, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်ဟူသော ကောဋ္ဌာသ ခြောက်ခုတို့ကို တစ်စတစ်စ တိုး၍ တိုး၍ ရှုကြည့်ပါ။

ဓာတ်ကမ္မဋ္ဌာန်း အကျယ်ရှုပွားနည်းဖြင့် (၄၂)ကောဋ္ဌာသတို့၌ ရုပ်တရားတို့ကို စနစ်တကျ သိမ်းဆည်းထားတတ်ပြီးသော ယောဂါဝစရပုဂ္ဂိုလ် ဖြစ်လျှင်မူကား ဤ (၃၂)ကောဋ္ဌာသတို့ကို ယခုကဲ့သို့ တစ်ဖန် ပြန်၍ ရှုရာ၌ အခက်အခဲ အလွန်ကြီး မရှိနိုင်တော့ပြီ ဖြစ်၏။ ထိုသို့ ရှုရာ၌ ရှေးဦးစွာ ကောဋ္ဌာသအနေဖြင့် အစုလိုက် အပုံလိုက် အတုံးလိုက် အခဲလိုက် တည်ရှိသည့် ပုံသဏ္ဌာန်အတိုင်းသာ ထင်မြင်အောင် နှလုံးသွင်းပါ။

ပေါရာဏကတ္ထေရာ ကိရ "ကောဋ္ဌာသမနသိကာရောဝ ပမာဏ"န္တိ အာဟံသု။ (အဘိ-ဋ္ဌ-၂-၂၄၃။)

ရှေးရှေးအဋ္ဌကထာဆရာ မဟာထေရ်မြတ်ကြီးတို့ကား ဤကောဋ္ဌာသကမ္မဋ္ဌာန်း၌ ပထမဦးစွာ "ကောဋ္ဌာသ အတိုင်း အစုလိုက် အပုံလိုက် အတုံးလိုက် အခဲလိုက် ပုံသဏ္ဌာန်အတိုင်း နှလုံးသွင်းခြင်းသည်သာလျှင် ပမာဏ ဖြစ်၏"ဟု မိန့်ဆိုတော်မူကြသည်။ (အဘိ-ဋ္ဌ-၂-၂၄၃။)

သို့သော် ဝိပဿနာပိုင်း၌ (၄၂)ကောဋ္ဌာသတို့၌ တည်ရှိကြသော ရုပ်တရားတို့ကို အဝါးဝစွာ လက္ခဏာ ယာဉ်တင်ကာ ဝိပဿနာရှုဖန်များနေသော ယောဂါဝစရပုဂ္ဂိုလ်ဖြစ်လျှင်မူကား ကောဋ္ဌာသများကို စိုက်၍ရှုလိုက်သည်နှင့် တစ်ပြိုင်နက် ရုပ်ကလာပ်အမှုန်များကိုသာ မြင်မြင်နေတတ်ပေ၏။ ထိုအခါ၌ စိတ်ကို အနည်းငယ် လျှော့၍ ကောဋ္ဌာသပုံသဏ္ဌာန်ကိုသာ နှလုံးသွင်းပေးပါ။ ကောဋ္ဌာသများကို တစ်ခုပြီး တစ်ခု ခပ်သွက်သွက် မြင်အောင် ရှုကြည့်ပါ။ ပညတ်အတုံးအခဲ ပုံသဏ္ဌာန်ကိုသာ အာရုံစူးစိုက်ပေးပါ။ ကောဋ္ဌာသအနေဖြင့်သာ မြင်အောင်ရှုပါ။ ဆံပင်မှ ကျင်ငယ်, ကျင်ငယ်မှ ဆံပင်သို့တိုင်အောင် အခေါက်ခေါက် အခါခါ နှလုံးသွင်းပါ။ ဆံပင်ဟု ရှုလိုက် နှလုံးသွင်းလိုက်လျှင် ကျင်ငယ်သို့တိုင်အောင် တိုးလျှိုပေါက် (၃၂)ကောဋ္ဌာသလုံးကို မြင်အောင်ရှုပါ။ ကျင်ငယ်ဟု နှလုံးသွင်းလိုက်လျှင်လည်း ဆံပင်သို့တိုင်အောင် (၃၂)ကောဋ္ဌာသလုံးကို တိုးလျှိုပေါက် မြင်အောင် လေ့ကျင့်ပါ။

(၃၂)မျိုးသော အရောင်အဆင်းရှိကုန်သော ပန်းတို့ကို ချည်ကြိုးတစ်ခုတည်းဖြင့် ပန်းကုံးတစ်ခုအဖြစ် သီကုံးထား၏။ မျက်စိအမြင်ရှိသော ယောက်ျားသည် ထိုပန်းကုံးကို ကြည့်ရှုလတ်သော် အစဉ်အတိုင်းအားဖြင့် (၃၂)မျိုးသော အရောင်အဆင်း ရှိကုန်သော ပန်းတို့သည် ထိုယောကျ်ားအား ထင်ရှားလာကုန်၏။ တစ်နည်း - (၃၂)လုံးသော တိုင်တို့ကို ခြံစည်းရိုးတိုင်အဖြစ် စိုက်ထူထား၏။ ထိုသို့ စိုက်ထူထားအပ်ပြီးကုန်သော (၃၂)တိုင်သော စည်းရိုးခြေတို့ကို နောက်သို့ဆုတ်၍ မြင်လောက်သော တစ်နေရာမှ လှမ်းကြည့်လတ်သော် (၃၂)တိုင်သော စည်းရိုးခြေတို့သည် မျက်စိအမြင်ရှိသော ထိုယောကျ်ားအား ထင်ရှားလာကုန်၏။ ဤဥပမာအတူသာလျှင် (၃၂)ကောဋ္ဌာသတို့သည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်ရှားလာကုန်၏။ လှည့်လည်ကျက်စား သွားလာနေကြကုန်သော တိရစ္ဆာန်တို့သည်လည်းကောင်း လူသားတို့သည်လည်းကောင်း ထိုယောဂါဝစရပုဂ္ဂိုလ်၏ဉာဏ်၌ သတ္တဝါတို့ဟူ၍ မထင်ကုန်၊ ကောဋ္ဌာသတို့ဟူ၍ ထင်လာကုန်၏၊ ယင်းတို့ ခဲစားအပ်သော ခဲဖွယ်ဘောဇဉ်သည် ကောဋ္ဌာသတို့၏ အကြား၌ ထည့်သွင်းထားအပ်သကဲ့သို့ ဖြစ်နေ၏။ (အဘိ-ဋ္ဌ-၂-၂၄၂။)

ဤအဋ္ဌကထာ၏ ညွှန်ကြားချက်နှင့် အညီ အသင်သူတော်ကောင်းသည် (၃၂)လုံးသော ခြံစည်းရိုးတိုင်တို့ကို တန်း၍ စိုက်ထူထားရာ၌ မျက်စိအမြင်ရှိသော ယောကျ်ားတစ်ဦးသည် မြင်လောက်သည့် ခပ်လှမ်းလှမ်း တစ်နေရာမှ လှမ်း၍ကြည့်လေသော် အစဆုံးတိုင်မှ ကြည့်လိုက်လျှင် အဆုံးစွန်တိုင်သို့ ရောက်အောင်, အဆုံးစွန်တိုင်မှ ကြည့်လိုက်လျှင်လည်း အစဆုံးတိုင်သို့ ရောက်အောင် တစ်ခဏချင်း ကြည့်၍မြင်နိုင်သကဲ့သို့ အလားတူပင် (၃၂)ကောဋ္ဌာသတို့ကိုလည်း ထိုနည်းအတိုင်း ဉာဏ်ဖြင့် မြင်အောင် လေ့ကျင့်ပါ။ ခြံစည်းရိုးတိုင်တို့ကို ကြည့်ရာ၌ (၁-၂-၃-၄) ဤသို့စသည်ဖြင့် ရေတွက်ကြည့်နေသော် အချိန်အနည်းငယ် ကြာသွားမည် ဖြစ်၏၊ မရေတွက်တော့ဘဲ ကြည့်ရှုံသက်သက်သာ ကြည့်ခဲ့သော် ခပ်သွက်သွက် ခပ်မြန်မြန် ကြည့်နိုင်မည် ဖြစ်၏။ အလားတူပင် (၃၂)ကောဋ္ဌာသတို့ကို ကြည့်ရာ၌ ဆံပင်, မွေးညင်း စသည်ဖြင့် ရွတ်ဆိုနေခဲ့သော် ဤအပိုင်း၌ နှေးကွေးနေဦးမည် ဖြစ်၏။ ဆံပင်, မွေးညင်း စသည်ဖြင့် မရွတ်ဆိုတော့ဘဲ လင်းရောင်ခြည်စွမ်းအင်၏ အကူအညီဖြင့် ကြည့်ရှုံသက်သက်သာ ကြည့်နေခဲ့သော် ကောဋ္ဌာသတို့ကို ခပ်သွက်သွက် ခပ်မြန်မြန် ကြည့်၍ရနိုင်မည် ဖြစ်ပေသည်။

**ဝိုးတိုးဝါးတား မထင်ရှားခဲ့သော် —** ယင်းသို့ (၃၂)ကောဋ္ဌာသတို့ကို ရှုရာ၌ ဝိုးတိုးဝါးတားဖြစ်၍ မထင်မရှား ဖြစ်ခဲ့သော် အာနာပါနသတိသမာဓိကို သို့မဟုတ် ဓာတုမနသိကာရ = စတုဓာတုဝဝတ္ထာနသမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုသမာဓိကြောင့်, တစ်နည်း — ထိုသမာဓိနှင့်ယှဉ်သော ဉာဏ်ကြောင့် လင်းရောင်ခြည်များ အားကောင်းလာသောအခါ ယင်းမထင်ရှားသည့် ကောဋ္ဌာသများကို တစ်ဖန်ပြန်၍ ရှုပါ။ အောင်မြင်မှု ရတတ်ပါသည်။ ဤနည်းစနစ်ကို အရောင်အလင်း မှေးမှိန်သွား၍ ကောဋ္ဌာသများ မထင်ရှားတိုင်း မထင်ရှားတိုင်း အသုံးပြုပါ။ ဤနည်းဖြင့် ရှုပွားသော်လည်း အောင်မြင်မှု နည်း၍ အခက်အခဲရှိနေပါသေးလျှင် အောက်ပါ နည်းစနစ်ကို အသုံးပြုကြည့်ပါ။

အနမတဂ္ဂသ္မိဉှိ သံသာရဝဋ္ဋေ စ နာနာရမ္မဏေသု ဝမိုတံ စိတ္တံ ကေဿတိ အာဝဇ္ဇိတမတ္တေ သဇ္ဈာယ-သောတာနုသာရေန ဂန္တွာ မတ္ထလုင်္ဂေ ပတိဋ္ဌာတိ။ မတ္ထလုင်္ဂန္တိ အာဝဇ္ဇိတမတ္တေ သဇ္ဈာယသောတာနုသာရေန အာဂန္တွာ ကေသေသု ပတိဋ္ဌာတိ။ မနသိကရောန္တဿ မနသိကရောန္တဿ ပန သော သော ကောဋ္ဌာသော ဥပဋ္ဌာတိ၊ သတိ သမာဓိနာပိ တိဋ္ဌဟမာနာ ပဝတ္တတိ။ တေန ယော ယော ကောဋ္ဌာသော အဓိကတရံ ဥပဋ္ဌာတိ၊ တတ္ထ တတ္ထ ဒိဂုဏေန ယောဂံ ကတွာ အပ္ပနာ ပါပေတဗ္ဗာ။ ဧဝံ အပ္ပနာယ ပါပိတကာလတော ပဋ္ဌာယ သေသကောဋ္ဌာသေသု အကိလမန္တော အပ္ပနံ ပါပေတိ။ (အဘိ-ဌ-၂-၂၄၆-၂၄၇။)

ထိုသို့ (၃၂)ကောဋ္ဌာသများကို နှလုံးသွင်းရာ၌ အချို့အချို့သော ယောဂီများအဖို့ အချို့အချို့သော ကောဋ္ဌာသများက ပို၍ ထင်ရှားပြီးလျှင် အချို့အချို့သော ကောဋ္ဌာသများက မထင်မရှား ဝိုးတိုးဝါးတားလည်း ရှိတတ်၏၊ ရှေးဦးစွာ အားထုတ်ခါစ၌ကား (၃၂)ကောဋ္ဌာသအားလုံးလည်း မထင်မရှား ဖြစ်နိုင်၏၊ ထိုသို့ ဖြစ်ရာ၌ ကျင့်ရန် ဤသို့ ညွှန်ကြားထား၏။

အစမထင် အနမတဂ္ဂသံသရာတစ်ခွင်၌ အာရုံအမျိုးမျိုးတို့၌ ကြီးပွားစေအပ်သော စိတ်ဓာတ်သည် ဆံပင်ဟူ၍ နှလုံးသွင်းဆင်ခြင်ကာမျှ၌ ပွားများသရဇ္ဈာယ်ခြင်း၏ အယဉ်သို့ အစဉ်လိုက်သဖြင့် သရဇ္ဈာယ်မှု နောက်သို့ လိုက်၍ ဦးနှောက်ဟူသော ကောဋ္ဌာသအာရုံ၌ တည်နေတတ်၏။ ဦးနှောက်ဟူ၍ တစ်ဖန် ပြောင်းပြန်လှန်၍ ကောဋ္ဌာသကို နှလုံးသွင်းဆင်ခြင်ရာ၌ ဆင်ခြင်ကာမျှ၌ပင်လျှင် နှလုံးသွင်းမှု သရဇ္ဈာယ်ခြင်း၏ အယဉ်သို့ အစဉ်လိုက်သဖြင့် ရှေးဘက်သို့ ပြန်လာ၍ ဆံပင်ဟူသော ကောဋ္ဌာသအာရုံ၌ တည်နေတတ်၏။ နှလုံးသွင်းစဉ် နှလုံးသွင်းစဉ်၌ကား ထိုထိုကောဋ္ဌာသသည် အသိဉာဏ်၌ ထင်နေ၏၊ သတိသည် သမာဓိနှင့် အတူတကွလည်း

ဖြစ်နေ၏၊ ထိုကြောင့် အကြင်အကြင် ကောဋ္ဌာသသည် သာ၍ လွန်ကဲစွာ ထင်လာ၏၊ ထိုထိုကောဋ္ဌာသ၌ နှစ်ဆ တက်အားဖြင့် တိုး၍ အားထုတ်ခြင်းကို ပြု၍ အပ္ပနာဈာန်သို့ ရောက်စေထိုက်၏ = အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ထိုက်၏။ ဤသို့ အပ္ပနာဈာန်သို့ ရောက်စေအပ်ရာ အခါမှစ၍ ကြွင်းသော ကောဋ္ဌာသတို့၌ လည်း ပင်ပန်းမှုမရှိဘဲ အပ္ပနာဈာန်သို့ ရောက်စေနိုင်၏။ (အဘိ-ဋ္ဌ-၂-၂၄၆-၂၄၇။)

အထဿ မနသိကရောတော ကေစိ ကောဋ္ဌာသာ ဥပဋ္ဌဟန္တိ၊ ကေစိ ပန န ဥပဋ္ဌဟန္တိ။ တေန ယေ ယေ ဥပဋ္ဌဟန္တိ၊ တေသု တေသု တာဝ ကမ္မံ ကာတဗ္ဗံ၊ ယာဝ ဒွီသု ဥပဋ္ဌိတေသု တေသမ္ပိ ဧကော သုဋ္ဌုတရံ ဥပဋ္ဌဟတိ။ ဧဝံ ဥပဋ္ဌိတံ ပန တမေဝ ပုနပ္ပုနံ မနသိကရောန္တေန အပ္ပနာ ဥပ္ပါဒေတဗ္ဗာ။ (အဘိ-ဋ္ဌ-၂-၂၁၇။)

ထိုသို့ ကောဋ္ဌာသကမ္မဋ္ဌာန်းကို အားထုတ်သောအခါ၌ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ အချို့ကုန်သော ကောဋ္ဌာသတို့သည် ထင်ကုန်၏၊ အချို့ကုန်သော ကောဋ္ဌာသတို့သည်ကား မထင်ကုန်။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် မထင်ရှားရာ ကောဋ္ဌာသ အချို့အဝက်ကို လွှတ်ထား၍ ထင်ရှားရာ ကောဋ္ဌာသ၌သာလျှင် ဘာဝနာအမှုကို ပြုနိုင်၏။ အယုတ်ဆုံးအားဖြင့် ကောဋ္ဌာသနှစ်ခုမျှ ထင်ရှားရာ၌သော်လည်း ထိုနှစ်ခုတွင် အထင်ရှားဆုံး ဖြစ်သည့် ပို၍ ထင်ရှားသည့် ကောဋ္ဌာသတစ်ခုကို ရွေးချယ်၍ ထိုကောဋ္ဌာသတစ်ခုတည်း၌ပင်လျှင် အဖန်ဖန် အထပ်ထပ် နှလုံးသွင်းခြင်းဖြင့် အပ္ပနာသမာဓိကို ဖြစ်စေအပ်ပေသည်။ (အဘိ-ဋ္ဌ-၂-၂၁၇။)

ဤနေရာတွင် ထန်းပင် (၃၂)ပင်၌ ကျက်စားနေသော မျောက်ကို အရဖမ်းယူနေသောဥပမာဖြင့် နှိုင်းယှဉ် ဖော်ပြထား၏။ ထန်း (၃၂)ပင်ထိပ်၌ ကျက်စားနေသော မျောက်သည် မုဆိုး၏ မြားဒဏ်ချက်ကို ရှောင်လျက် ထန်း (၃၂)ပင်ကို ခေါက်တုံ့ခေါက်ပြန် ပြေးရာ နောက်ဆုံး၌ လုံခြုံစိတ်ချရသည့် ထန်းပင် တစ်ပင်၏ အလက် အရွက် ကြား၌သာလျှင် ဝပ်နေသကဲ့သို့ – ဤဥပမာအတူပင်လျှင် (၃၂)ကောဋ္ဌာသကို အပြန်ပြန် အလှန်လှန် နှလုံးသွင်းရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း (၃၂)ကောဋ္ဌာသတို့တွင် အထင်ရှားဆုံး ကောဋ္ဌာသ တစ်ခု၌ပင် ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထား၍ အပ္ပနာဈာန်သို့ ဆိုက်အောင် ရှုပွားနိုင်ပေသည် ဟူလို။ (အဘိ-ဋ္ဌ-၂-၂၁၇-၂၁၈။)

ဤအထက်ပါ အဋ္ဌကထာဝယ် ကောဋ္ဌာသတစ်ခု၌ အပ္ပနာဈာန်သို့ဆိုက်အောင်အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်နိုင်ပါက ကြွင်းသော ကောဋ္ဌာသတို့၌လည်း ပင်ပန်းမှုမရှိဘဲ အပ္ပနာဈာန်သို့ ရောက်စေနိုင်၏ ဟူသော စကားရပ်ကို အထူးဂရုပြု၍ နာယူမှတ်သားထားပါ။ ကောဋ္ဌာသတစ်ခု၌ အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်နိုင်ပါက ကြွင်းကျန်သော ကောဋ္ဌာသတို့၌လည်း အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ် သော် လွယ်ကူသကဲ့သို့ အာနာပါနကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန်သမာဓိ = အပ္ပနာဈာန်သမာဓိသို့ ဆိုက်အောင် ပွားများအားထုတ်ထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်အဖို့လည်း (၃၂)ကောဋ္ဌာသတို့ကို မြင်အောင် ရှုရာ၌လည်း-ကောင်း, ယင်း (၃၂)ကောဋ္ဌာသတို့၌ အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရာ၌လည်းကောင်း လွယ်ကူ နေမည်သာ ဖြစ်သည်။ အလားတူပင် ဓာတုမနသိကာရ = စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းဖြင့် ဥပစာရသမာဓိ = ဥပစာရဈာန်သို့ ဆိုက်အောင် ပွားများထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်အဖို့လည်း (၃၂)ကောဋ္ဌာသတို့ကို မြင်-အောင် ရှုရာ၌လည်းကောင်း, ယင်း (၃၂)ကောဋ္ဌာသတို့၌ အပ္ပနာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရာ၌ လည်းကောင်း ပင်ပန်းမှုမရှိဘဲ လွယ်ကူနေမည်သာ ဖြစ်ပေသည်။ ရှေးရှေးသော ဘာဝနာသမာဓိတို့က နောက်-နောက်သော ဘာဝနာသမာဓိအား အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသောကြောင့် လွယ်ကူနေခြင်း ဖြစ်၏။ ရှေးရှေးဘာဝနာသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ဖြစ်ပေါ်နေသော လင်းရောင်ခြည် စွမ်းအင်တို့မှာ နောက်နောက်သော ဘာဝနာသမာဓိအား ကျေးဇူးပြုလျက်ပင် ရှိနေပေသည်။ ထိုကြောင့် လွယ်ကူနေခြင်း ဖြစ်၏။

## ဗဟိဒ္ဓလောကသို့ စိတ်ကို စေလွှတ်ကြည့်ပါ

သစေ ပန ဗဟိဒ္ဓါပိ မနသိကာရံ ဥပသံဟရတိ၊ အထဿ ဧဝံ သဗ္ဗကောဋ္ဌာသေသု ပါကဋီဘူတေသု အာဟိဏ္ဍန္တာ မနုဿတိရစ္ဆာနာဒယော သတ္တာကာရံ ဝိဇဟိတွာ ကောဋ္ဌာသရာသိဝသေနေဝ ဥပဋ္ဌဟန္တိ။ တေဟိ စ အဇ္ဈောဟရိယမာနံ ပါနဘောဇနာဒိ ကောဋ္ဌာသရာသိမှိ ပက္ခိပိယမာနမိဝ ဥပဋ္ဌာတိ။ (အဘိ-ဋ္ဌ-၂-၂၃၆။)

တစ်ဖန် ဗဟိဒ္ဓလောကသို့လည်း (၃၂)ကောဋ္ဌာသကို နှလုံးသွင်းခြင်း မနသိကာရကို အကယ်၍ ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်သည် ဖြစ်အံ့၊ ထိုသို့ ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်လတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ကောဋ္ဌာသအားလုံးတို့သည် ထင်ရှားသည်ဖြစ်၍ ဖြစ်ကုန်လတ်သော် လှည့်လည်သွားလာ ကျက်စားနေကြကုန်သော လူ တိရစ္ဆာန်အစရှိသော သတ္တဝါတို့သည် သတ္တဝါဟူသော အခြင်းအရာကို စွန့်၍ ကောဋ္ဌာသအစုအပုံ၏ အဖြစ်ဖြင့်သာလျှင် ထင်လာကုန်၏။ ထိုသတ္တဝါတို့သည် စားမျိုအပ်သော သောက်ဖွယ် စားဖွယ်အစရှိသော အာဟာရသည် ကောဋ္ဌာသအစုအပုံ၌ ထည့်သွင်းအပ်သကဲ့သို့ ထင်လာ၏။ (အဘိ-ဋ္ဌ-၂-၂၃၆။)

## စိတ်ဓာတ်၏ ထက်မြက်သော စွမ်းအင်သတ္တိ

စိတ်ဓာတ်၏ စွမ်းအင်သတ္တိကား အလွန်ထက်မြက်၏၊ တစ်သက်လုံး တိရစ္ဆာန် အကောင်အထည်, လူ ပုံသဏ္ဌာန်ကို မြင်လာခဲ့သော်လည်း ဆံပင် မွေးညင်းစသော ကောဋ္ဌာသအစုအပုံကို တစ်ခုစီတစ်ခုစီ ကြည့်ရှုဖန် များသောအခါ တိရစ္ဆာန်ဟု လူကိုယ်ကောင်ကြီးဟု မမြင်တော့ဘဲ ဆံပင် မွေးညင်းစသော ကောဋ္ဌာသအစုအပုံ ကိုသာ မြင်နေတော့၏။ ထိုကြောင့်လည်း ထိုသို့ သိမြင်တော်မူကြသည့် သူတော်ကောင်းတို့သည် တရားထူး တရားမြတ်ကို ရရှိတော်မူကြခြင်း ဖြစ်ပေသည်။ အသင်သူတော်ကောင်း၏ စိတ်ဓာတ်၌လည်း ထိုကဲ့သို့သော စွမ်းအင်များသည် တည်ရှိနေသည်သာ ဖြစ်သည်။ ထိုစွမ်းအင်သတ္တိများ ထွက်ပေါ်လာအောင် အသင်သူတော်ကောင်း၏ စိတ်ကို ဘာဝနာရေစင်ဖြင့် ဆေးကြောပါ။

## လုပ်ငန်းခွင် စတင်ပုံ

အသင်သူတော်ကောင်းသည် အဇ္ဈတ္တ၌ (၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့ကျင့်နိုင်သောအခါ ရှုနိုင်သောအခါ ဗဟိဒ္ဓကောဋ္ဌာသတို့ကို စတင် နှလုံးသွင်းကြည့်ပါ။ (၃၂)ကောဋ္ဌာသကို ရှုနေသော ဉာဏ်ကြောင့်လည်း အရောင်အလင်းများသည် ဝန်းကျင်ပတ်ချာ၌ ပျံ့နှံ့လျက်သာ ရှိနေမည် ဖြစ်သည်။ ထိုလင်းရောင်ခြည်ဖြင့် တွေ့ထိမိသော မိမိထိုင်နေသည့် ရှေ့တည့်တည့်တွင် ရှိနေသော အနီးကပ်ဆုံး ပုဂ္ဂိုလ်တစ်ဦးကို စတင်၍ ရှုကြည့်ပါ။ အကယ်၍ ထိုပုဂ္ဂိုလ်၏ (၃၂)ကောဋ္ဌာသတို့ကို ထိုးစိုက်၍ ရှုလိုက်ရာ လွယ်လွယ်ကူကူ ရှုမရ ဖြစ်နေလျှင် မိမိ၏ အဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့ကို တစ်ဖန်ပြန်၍ ရှုပါ။ တစ်ဖန် ဗဟိဒ္ဓသို့ ပြန်ရှုကြည့်ပါ။ ဤနည်းဖြင့် အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုခဲ့သော် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ လွယ်လွယ်ကူကူ မပင်မပန်းဘဲ (၃၂)ကောဋ္ဌာသကို ရှုနိုင်မည်ဖြစ်သည်။ အကယ်၍ လင်းရောင်ခြည်စွမ်းအင်များ မှေးမှိန်နေသဖြင့် ကောဋ္ဌာသများသည် မထင်မရှား ဖြစ်နေပြန်သော် အာနာပါနကို အာရုံယူ၍ဖြစ်စေ, ဓာတ်ကြီး လေးပါးကို အာရုံယူ၍ဖြစ်စေ သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်း လာသောအခါ တစ်ဖန်ပြန်၍ (၃၂)ကောဋ္ဌာသတို့ကို ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ရှုပါ။ အလင်းရောင် မှေးမှိန်တိုင်း ဤနည်းစနစ်ကို အသုံးပြုပါ။ နီးစပ်ရာ အနီးအနား၌တည်ရှိသော ပုဂ္ဂိုလ်တစ်ဦး၌ (၃၂)ကောဋ္ဌာသကို ရှု၍အောင်မြင်ခဲ့သော် နောက်တစ်ယောက်သို့ ပြောင်းရှုကြည့်ပါ။ ရှု၍ ရရှိပါက အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓ

တစ်လှည့် တစ်လှည့်စီရှုပါ။ ထိုသို့ တစ်လှည့်စီရှုပါက ဘာဝနာစွမ်းအားမှာ အရှိန်အဝါကြီးမားလာတတ်ပေသည်။ ထိုကြောင့် ဗဟိဒ္ဓ၌ ရှု၍ရတိုင်း အဇ္ဈတ္တသို့ တစ်ဖန်ပြန်၍ ရှုပါ။ ဤနည်းအတိုင်း ဗဟိဒ္ဓ၌ တစ်ယောက်ပြီး တစ်ယောက် ပြောင်း၍ ရှုပါ။ အနီးမှ အဝေးသို့ တစ်စတစ်စ ချဲ့ထွင်၍ နှလုံးသွင်းကြည့်ပါ။ လင်းရောင်ခြည်ဖြင့် တွေ့ထိမိရာ လူ တိရစ္ဆာန်စသည့် သတ္တဝါတိုင်းကို ရှုကြည့်ပါ။ အလင်းရောင် မှေးမှိန်သွားပါက အထက်တွင် တင်ပြခဲ့သည့်အတိုင်း သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင် အားကောင်းလာပါက တစ်ဖန်ပြန်၍ (၃၂)ကောဋ္ဌာသတို့ကို ဆက်လက်ရှုပါ။ ဝန်းကျင်ပတ်ချာအရပ် (၁၀)မျက်နှာ၌ ရှု၍ ရနိုင်သမျှ ရောက်ဖူးသောအရပ် မရောက်ဖူးသောအရပ်တို့၌ တည်ရှိသော လင်းရောင်ခြည်ဖြင့် တွေ့ထိမိရာ သတ္တဝါတိုင်း၌ တည်ရှိသော ကောဋ္ဌာသတို့ကို ချဲ့ထွင်ရှုပါလေ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်ဌာနလုံး၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာပြီးပါက ပဂုဏ ဖြစ်ပေပြီ။

အသင်သူတော်ကောင်းသည် ဤသို့ ကောဋ္ဌာသအနေဖြင့် လေ့လာပွားများခိုက်၌ —

၁။ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် အနေအားဖြင့်လည်းကောင်း,
၂။ ဝဏ္ဏ = အရောင်အဆင်းအားဖြင့်လည်းကောင်း,
၃။ သုညတ = အတ္တမှ ဆိတ်သုဉ်းသည့် ဓာတ်သဘောအားဖြင့်လည်းကောင်း —

နှလုံးမသွင်းပါနှင့်ဦး၊ ကောဋ္ဌာသအနေဖြင့်သာ နှလုံးသွင်းပါဦး။ ကောဋ္ဌာသများကို အဝါးဝစွာ လေ့လာပြီးမှ ကြိုက်ရာလမ်းကို ရွေးချယ်ပါ။

## လမ်းသုံးသွယ်

ကောဋ္ဌာသာနံ ပဂုဏကာလတော ပဋ္ဌာယ တီသု မုခေသု ဧကေန မုခေန ဝိမုစ္စိဿတိ၊ ကမ္မဋ္ဌာနံ ဝဏ္ဏတော ဝါ ပဋိကူလတော ဝါ သုညတော ဝါ ဉပဋ္ဌာတိ။ ယထာ နာမ ပူဝေ ပစိတုကာမာ ဣတ္ထိ မဒ္ဒိတွာ ဌပိတပိဋ္ဌတော ယံ ယံ ဣစ္ဆတိ၊ တံ တံ ပစတိ။ ယထာ ဝါ ပန သမေ ဘူမိပ္ပဒေသေ ဌပိတံ ဉဒကပူရံ ကုမ္ဘံ ယတော ယတော အာဝိဇ္ဈန္တိ၊ တတော တတောဝ ဉဒကံ နိက္ခမတိ၊ ဧဝမေဝ ကောဋ္ဌာသာနံ ပဂုဏကာလတော ပဋ္ဌာယ တီသု မုခေသု ဧကေန မုခေန ဝိမုစ္စိဿတိ။ အာကင်္ခမာနဿ ဝဏ္ဏတော, အာကင်္ခမာနဿ ပဋိကူလတော, အာကင်္ခမာနဿ သုညတော ကမ္မဋ္ဌာနံ ဉပဋ္ဌဟိဿတိယေဝ။ အယံ ဇေတ္တကော ဉဂ္ဂဟသန္ဓိ နာမ။ ဣမသ္မိံ ဉဂ္ဂဟသန္ဓိသ္မိံ ဌတွာ အရဟတ္တံ ပတ္တာ ဘိက္ခူ ဂဏနပထံ ဝီတိဝတ္တာ။ (အဘိ-ဋ္ဌ-၂-၂၄၂-၂၄၃။)

(၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ လေ့လာပြီးရာ အခါမှစ၍ —

၁။ ဝဏ္ဏ = ဝဏ္ဏကသိုဏ်းလမ်း = အရောင်ကသိုဏ်းလမ်း,
၂။ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလမနသိကာရလမ်း,
၃။ သုညတ = အတ္တမှ ဆိတ်သုဉ်းသည့် သုညတဓာတ်ကမ္မဋ္ဌာန်းလမ်း —

ဤသုံးမျိုးကုန်သော နိဗ္ဗာန်သို့ ဝင်ရာ အဝင်ပေါက်မုခ်ဦးတို့တွင် တစ်ခုသော အဝင်ပေါက်မုခ်ဦးကြီးဖြင့် နိဗ္ဗာန်သို့ ဝင်နိုင်အောင် ကြိုးစားအားထုတ်ခဲ့သော် ကိလေသာတို့မှ လွတ်မြောက်နိုင်ပေလိမ့်မည်။ (၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ လေ့လာပြီးသောအခါ၌ ကမ္မဋ္ဌာန်းသည် —

၁။ ဝဏ္ဏ = အရောင်အဆင်းအားဖြင့်သော်လည်းကောင်း,
၂။ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့်သော်လည်းကောင်း,
၃။ သုညတ = အတ္တမှ ဆိတ်သုဉ်းသည့် သုညတဓာတ်သဘောအားဖြင့်သော်လည်းကောင်း —

ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာမည် ဖြစ်၏။ ဥပမာ – မုန့်ကို ကြော်ချက်ခြင်းငှာ အလို ရှိသော အမျိုးသမီးသည် နယ်၍ထားအပ်သောမုန့်ညက်စိုင်မှ မုန့်ညက်စိုင်၏ ပျော့ပျောင်းနူးညံ့နေသည့်အတွက် အကြင်အကြင် မုန့်ညက်ကို ကြော်ချက်ခြင်းငှာ အလိုရှိသည် ဖြစ်အံ့၊ ထိုထို အလိုရှိရာ မုန့်ညက်ကို ကြော်ချက် သကဲ့သို့လည်းကောင်း, ဥပမာတစ်နည်းကား – ညီညွတ်သော မြေအရပ်၌ တည်ထားအပ်သော ရေပြည့်အိုးကို အကြင်အကြင်ဘက်သို့ စောင်းငဲ့သွန်ကုန်အံ့၊ ထိုထိုဘက်မှ ရေသည် ထွက်သကဲ့သို့လည်းကောင်း ဤဥပမာများ အတူသာလျှင် (၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ လေ့လာပြီးရာ အခါမှစ၍ ဝဏ္ဏ, ပဋိကူလ, သုညတဟူသော သုံးမျိုးကုန်သော နိဗ္ဗာန်သို့ ဝင်ရာ အဝင်ပေါက်မုခ်ဦးကြီးတို့တွင် တစ်ခုသော အဝင်ပေါက်ဖြင့် နိဗ္ဗာန်သို့ ဝင်-နိုင်အောင် ကြိုးစားအားထုတ်ခဲ့သော် ကိလေသာတို့မှ လွတ်မြောက်နိုင်မည်သာ ဖြစ်ပေသည်။

၁။ အလိုရှိခဲ့သော် ဝဏ္ဏကသိုဏ်း = အရောင်ကသိုဏ်းအားဖြင့်လည်းကောင်း,
၂။ အလိုရှိခဲ့သော် ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလအားဖြင့်လည်းကောင်း,
၃။ အလိုရှိခဲ့သော် သုညတဓာတ်သဘောအားဖြင့်လည်းကောင်း –

ကောဋ္ဌာသကမ္မဋ္ဌာန်းသည် ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ထင်ရှားလာမည်သာ ဖြစ်ပေသည်။ ဤသည့်တိုင်အောင်သော စတုပါရိသုဒ္ဓိသီလကို သုခ်သင်ခြင်း (= သုတ်သင်ခြင်း), ပလိဗောဓ = ကြောင့်ကြ ကြီးငယ် အသွယ်သွယ် အရပ်ရပ်ကို ဖြတ်ခြင်း, ကလျာဏမိတ္တအမည်ရသော ဆရာကောင်း သမားကောင်းထံ၌ ကမ္မဋ္ဌာန်းကို သင်ယူခြင်း, သင်ယူထားသည့်အတိုင်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း, နှလုံးသွင်းသည့်အတိုင်း ဝဏ္ဏ ကသိုဏ်း အနေအားဖြင့်သော်လည်းကောင်း ပဋိကူလအနေအားဖြင့်သော်လည်းကောင်း သုညတဓာတ်သဘော အနေအားဖြင့်သော်လည်းကောင်း ကမ္မဋ္ဌာန်း၏ထင်လာခြင်းစသော ဤအစီအစဉ် အဆက်အစပ် အရပ်ရပ်သည် **ဥဂ္ဂဟသန္ဓိ** မည်၏။ ဤဥဂ္ဂဟသန္ဓိ၌ ရပ်တည်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြကုန်သော ရဟန်းတော်တို့ သည်ကား ရေတွက်နိုင်ခြင်း ဂဏန်းသင်္ချာလမ်းကို ကျော်လွန်၍ သွားကြလေကုန်ပြီ။ (အဘိ-ဋ္ဌ-၂-၂၄၂-၂၄၃။)

ဣဒဉ္စ မဟာသတိပဋ္ဌာနေ ပဋိကူလဝသေနေဝ ကထိတံ၊ မဟာဟတ္ထိပဒေါပမ-မဟာရာဟုလောဝါဒ-ဓာတုဝိဘင်္ဂေသု ဓာတုဝသေန ကထိတံ။ ကာယဂတာသတိသုတ္တေ ပန ယဿ ဝဏ္ဏတော ဥပဋ္ဌာတိ၊ တံ သန္ဓာယ စတ္တာရိ ဈာနာနိ ဝိဘတ္တာနိ။ တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ၊ ပဋိကူလဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။ တဒေတံ ဣဓ သမထကမ္မဋ္ဌာနံ အဝိသေသတော သဗ္ဗသာဓာရဏဝသေန ကထိတန္တိ ဝေဒိတဗ္ဗံ။ (အဘိ-ဋ္ဌ-၂-၂၁၆။)

ဤ ကာယာနုပဿနာ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာနသုတ္တန် (ဒီ-၂-၂၃၁။ မ-၁-၇၀။) ဒေသနာတော်၌ ရွံရှာစက်ဆုပ်ဖွယ်သဘောအားဖြင့် နှလုံးသွင်းရှုပွားရသော ပဋိကူလမနသိကာရကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ မဟာဟတ္ထိပဒေါပမသုတ္တန် (မ-၁-၂၄၂။), မဟာရာဟုလော ဝါဒသုတ္တန် (မ-၂-၈၃။), ဓာတုဝိဘင်္ဂသုတ္တန် (မ-၃-၂၈၁။) တို့၌ ဓာတ်၏အစွမ်းဖြင့် နှလုံးသွင်း ရှုပွားရသော ဓာတ်ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် ဟောကြားထားတော်မူ၏။ တစ်ဖန် ဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ်ကာယ-ဂတာသတိသုတ္တန် (မ-၃-၁၃၀။) ဒေသနာတော်မြတ်၌ကား ကောဋ္ဌာသတို့ကို နှလုံးသွင်းရာ၌ အရောင်အဆင်း အားဖြင့် ထင်လာသော ယောဂါဝစရပုဂ္ဂိုလ်အား ရည်ရွယ်တော်မူ၍ ဝဏ္ဏကသိုဏ်းလမ်း၏ အစွမ်းဖြင့် ဈာန် လေးပါးတို့ကို ဝေဖန်ခွဲခြားလျက် ဟောကြားထားတော်မူလေသည်။ ထိုတွင် ဓာတ်ကမ္မဋ္ဌာန်းအစွမ်းဖြင့် ဟော-ကြားထားတော်မူအပ်သော ကောဋ္ဌာသ ကာယာနုပဿနာကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်၏။ ပဋိကူလ မနသိကာရ၏ အစွမ်းဖြင့် ဟောကြားထားတော်မူအပ်သော ကောဋ္ဌာသ ကာယာနုပဿနာကမ္မဋ္ဌာန်းသည် သမထ ကမ္မဋ္ဌာန်း ဖြစ်၏။ ထိုကောဋ္ဌာသ ကာယာနုပဿနာကမ္မဋ္ဌာန်းကို ဤအဘိဓမ္မဝိဘင်းပါဠိတော် သတိပဋ္ဌာနဝိဘင်း

၌ သမထကမ္မဋ္ဌာန်းဖြစ်ရကား သာမညအားဖြင့် ဝဏ္ဏကသိုဏ်းလည်း ရနိုင်အောင် ပဋိကူလမနသိကာရလည်း ရနိုင်အောင် အလုံးစုံသော သမထကမ္မဋ္ဌာန်းတို့နှင့် ဆက်ဆံသည်၏အစွမ်းဖြင့် ဘုရားရှင်သည် ဟောကြားထား-တော်မူအပ်၏ဟု ဆရာမြတ်တို့ မိန့်ဆိုတော်မူကြကုန်သေး၏။ ဤသို့ မှတ်သားပါလေ။ (အဘိ-ဋ္ဌ-၂-၂၁၆။)

ဤလမ်းသုံးသွယ်တို့တွင် ပဋိကူလမနသိကာရလမ်းမှစ၍ နှလုံးသွင်းပုံ အစီအရင်ကို စတင်၍ ရေးသား တင်ပြပေအံ့။

## ပဋိကူလမနသိကာရ

အထဿ အနုပုဗ္ဗမုဥ္စနာဒိဝသေန ပဋိက္ကူလာ ပဋိက္ကူလာတိ ပုနပ္ပုနံ မနသိကရောတော အနုက္ကမေန အပ္ပနာ ဥပ္ပဇ္ဇတိ။ တတ္ထ ကေသာဒီနံ ဝဏ္ဏသဏ္ဌာနဒိသောကာသပရိစ္ဆေဒဝသေန ဥပဋ္ဌာနံ ဥဂ္ဂဟနိမိတ္တံ။ သဗ္ဗာကာရတော ပဋိက္ကူလဝသေန ဥပဋ္ဌာနံ ပဋိဘာဂနိမိတ္တံ။ တံ အာသေဝတော ဘာဝယတော ဝုတ္တနယေန အသုဘကမ္မဋ္ဌာနေသု ဝိယ ပဌမဇ္ဈာနဝသေနေဝ အပ္ပနာ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၁-၂၅၇။)

ကေသာ လောမာတိ ပဏ္ဏတ္တိံ ဝိဿဇ္ဇေတွာ ပဋိကူလံ ပဋိကူလန္တိ သတိ ဌပေတဗ္ဗာ။ ပဌမံယေဝ ပန ပဋိကူလတော န ဥပဋ္ဌာတိ။ ယာဝ န ဥပဋ္ဌာတိ၊ တာဝ ပဏ္ဏတ္တိ န ဝိဿဇ္ဇေတဗ္ဗာ။ ယဒါ ဥပဋ္ဌာတိ၊ တဒါ ပဏ္ဏတ္တိံ ဝိဿဇ္ဇေတွာ ပဋိကူလန္တိ မနသိကာတဗ္ဗံ။ (အဘိ-ဋ္ဌ-၂-၂၄၅။)

ဧတ္ထ ပန အတ္တနော ဇီဝမာနကသရီရေ ပဋိကူလန္တိ ပရိကမ္မံ ကရောန္တဿ အပ္ပနာပိ ဥပစာရမ္ပိ ဇာယတိ။ ပရဿ ဇီဝမာနကသရီရေ ပဋိကူလန္တိ မနသိကရောန္တဿ နေဝ အပ္ပနာ ဇာယတိ၊ န ဥပစာရံ။ နနု စ ဒသသု အသုဘေသု ဥဘယမ္ပေတံ ဇာယတီတိ။ အာမ ဇာယတိ။ တာနိ ဟိ အနုပါဒိန္နကပက္ခေ ဋ္ဌိတာနိ၊ တသ္မာ တတ္ထ အပ္ပနာပိ ဥပစာရမ္ပိ ဇာယတိ။ ဣဒံ ပန ဥပါဒိန္နကပက္ခေ ဋ္ဌိတံ၊ တေနေဝေတ္ထ ဥဘယမ္ပေတံ န ဇာယတိ။ အသုဘာနုပဿနာသင်္ခါတာ ပန ဝိပဿနာဘာဝနာ ဟောတီတိ ဝေဒိတဗ္ဗာ။ (အဘိ-ဋ္ဌ-၂-၂၄၈။)

**အနုပါဒိန္နကပက္ခေ ဋ္ဌိတာနီ**တိ ဧတေန စေတိယပဗ္ဗတဝါသီ မဟာတိဿတ္ထေရော ဝိယ, သံဃရက္ခိတ-ထေရုပဋ္ဌာကသာမဏေရော ဝိယ စ အနုပါဒိန္နကပက္ခေ ဌပေတွာ ဂဟေတုံ သက္ကောန္တဿ ဒသဝိဓာသုဘဝသေန ဇီဝမာနကသရီရေပိ ဥပဋ္ဌိတေ ဥပစာရပ္ပတ္တိ ဒဿိတာ ဟောတီတိ ဝေဒိတဗ္ဗာ။ “အတ္ထိ ကာယေ”တိ ပန သတ္တဝသေန ကေသာဒီသု ဂယှမာနေသု ယထာ “ဣမသ္မိံ ကာယေ”တိ သတ္တဂ္ဂဟဏရဟိတေ အဟံကာရဝတ္ထုမှိ ဝိဒ္ဓဿာဟံကာရေ သဒါ သန္နိဟိတေ ပါကဋေ စ အတ္တနော ကာယေ ဥပဋ္ဌာနံ ဟောတိ၊ န တထာ တတ္ထာတိ အပ္ပနံ အပ္ပတ္တာ အာဒီနဝါနုပဿနာဝ တတ္ထ ဟောတီတိ အဓိပ္ပါယေနာဟ **“အသုဘာနုပဿနာသင်္ခါတာ ပန ဝိပဿနာဘာဝနာ ဟောတီတိ ဝေဒိတဗ္ဗာ”**တိ။ (မူလဋီ-၂-၁၅၆။)

**သတ္တဂ္ဂဟဏရဟိတေ**တိ သတ္တပညတ္တိမ္ပိ အနာမသိတွာ ဒေသိတတ္တာ ဝုတ္တံ။ သသန္တာနတာယ အဟံ-ကာရဝတ္ထုမှိ အပ္ပဟီနမာနဿ ပဟီနာကာရံ သန္ဓာယာဟ **“ဝိဒ္ဓဿာဟံကာရေ”**တိ။ (အနုဋီ-၂-၁၅၇။)

မိမိ၏ အဇ္ဈတ္တကာယ, သူတစ်ပါး၏ ဗဟိဒ္ဓကာယတို့တွင် မိမိ၏ အသက်ရှင်နေဆဲဖြစ်သော ကိုယ်၌ တည်-ရှိသော ကောဋ္ဌာသကို အာရုံပြု၍ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ်ဟူ၍ ဘာဝနာပရိကမ်ကိုပြုသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ အပ္ပနာဈာန်သည်လည်းကောင်း, ဥပစာရဈာန်သည်လည်းကောင်း နှစ်မျိုးစလုံး ဖြစ်နိုင်၏။ အသက်ရှင်နေဆဲဖြစ်သော သက်ရှိသတ္တဝါဟူသော သူတစ်ပါး၏ ဗဟိဒ္ဓကာယ၌ တည်ရှိသော ကောဋ္ဌာသကို အာရုံပြု၍ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ်ဟူ၍ ဘာဝနာပရိကမ်ကိုပြုသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ = နှလုံးသွင်းမှု မနသိကာရကိုပြုသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ အပ္ပနာဈာန်သည်လည်း မဖြစ်နိုင်၊ ဥပစာရ

စျာန်သည်လည်း မဖြစ်နိုင်။ (အဘိ-ဋ္ဌ-၂-၂၄၈။)

**အမေး —** အသုဘကမ္မဋ္ဌာန်း (၁၀)မျိုးတို့၌ ဤနှစ်မျိုးလုံးသော အပ္ပနာစျာန် ဥပစာရစျာန်သည်လည်း ဖြစ်နိုင်သည် မဟုတ်လောဟု မေးရန် ရှိ၏။

**အဖြေ —** အိမ်း . . . ဖြစ်နိုင်ပေ၏။ မှန်ပေသည် – ထိုအသုဘ (၁၀)ပါးတို့သည် အနုပါဒိန္နက = တဏှာ-ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် "ငါ၏အကျိုး"ဟု အကျိုး၏ အဖြစ်ဖြင့် မစွဲယူအပ်သော သက်မဲ့အဖို့အစု၌ တည်ကုန်၏။ ထို့ကြောင့် ထိုဗဟိဒ္ဓ အသုဘ (၁၀)မျိုးတို့၌ အပ္ပနာစျာန်သည်လည်းကောင်း, ဥပစာရစျာန်သည်လည်းကောင်း နှစ်မျိုးလုံး ဖြစ်နိုင်၏။ တစ်ဖန် သူတစ်ပါး၏သန္တာန်၌ တည်ရှိသော ဤ (၃၂) ကောဋ္ဌာသသည်ကား တဏှာ-ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် "ငါ၏အကျိုး"ဟု အကျိုး၏အဖြစ်ဖြင့် စွဲယူအပ်သော = ဥပါဒိန္နက ဖြစ်သော သက်ရှိအဖို့အစု၌ တည်နေ၏။ ထို့ကြောင့်ပင်လျှင် ဤသူတစ်ပါး၏ကိုယ်၌ တည်ရှိသော (၃၂)ကောဋ္ဌာသ၌ ဤအပ္ပနာစျာန် ဥပစာရစျာန် နှစ်မျိုးလုံးသည်လည်း မဖြစ်နိုင်။ သို့သော် အသုဘာနုပဿနာဟု ဆိုအပ်သော ဝိပဿနာ ဘာဝနာသည်ကား ဖြစ်နိုင်ပါ၏။ ဤသို့ သိရှိပါလေ။

(အဘိ-ဋ္ဌ-၂-၂၄၈။)

စေတိယတောင်၌ သီတင်းသုံးတော်မူလေ့ရှိသော မဟာတိဿမထေရ်မြတ်ကြီးကဲ့သို့လည်းကောင်း, သံဃ-ရက္ခိတ မထေရ်မြတ်ကြီး၏ အလုပ်အကျွေးဖြစ်သော ရှင်သာမဏေကဲ့သို့လည်းကောင်း ဗဟိဒ္ဓ သက်ရှိသတ္တဝါ၏ ကောဋ္ဌာသကို အနုပါဒိန္နက သက်မဲ့အဖို့အစု၌ ထား၍ အာရုံယူခြင်းငှာ စွမ်းနိုင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ (၁၀)ပါး အပြားရှိသော အသုဘ၏ အဖြစ်ဖြင့် အသက်ရှင်ဆဲဖြစ်သော သူတစ်ပါး၏ ကိုယ်၌လည်း ရှုံ့ရှာစက်ဆုပ်ဖွယ် ပဋိကူလအခြင်းအရာသည် ထင်လာလတ်သော် ဥပစာရစျာန်သို့ ရောက်ခြင်းကို ပြအပ်သည်ဟု သိထိုက်၏။ (မူလဋီ-၂-၁၅၆။)

သတ္တဝါ၏အဖြစ်ဖြင့် ဆံပင်အစရှိသော ကောဋ္ဌာသတို့ကို ယူအပ်ကုန်လတ်သော် – ဣမသ္မိံ ကာယေ = ဤကိုယ်ဟု ယူသည်၊ မည်သူ၏ ကိုယ်ဟု မယူ။ ထိုသို့ သတ္တဝါဟု ယူခြင်းမှကင်းသော ငါဟု ပြုအပ်သော ကိုယ်၌ "ငါ၏ ကိုယ်"ဟု မဆိုသောကြောင့် ဖျက်ဆီးအပ်ပြီးသော ငါဟု နှလုံးသွင်းခြင်းရှိသော အခါခပ်သိမ်း အနီး၌ တည်နေသော ထင်ရှားသည်လည်းဖြစ်သော မိမိ၏ ကာယ၌ ပဋိကူလအခြင်းအရာအားဖြင့် ထင်လာခြင်းသည် ဖြစ်သကဲ့သို့ ထို့အတူ ထိုသူတစ်ပါး၏ ကိုယ်၌ ထင်လာခြင်းသည် မဖြစ်ပေ။ ထို့ကြောင့် အပ္ပနာစျာန်သို့ မရောက်-သော, အပြစ်ကို အဖန်ဖန် အထပ်ထပ် ရှုတတ်သော အာဒီနဝါနုပဿနာ အမည်ရသော ဝိပဿနာဉာဏ်သည် သာလျှင် ထိုသူတစ်ပါး၏ ကာယ၌ တည်ရှိသော ကောဋ္ဌာသ၌ ဖြစ်၏။ ဤသို့သော အဓိပ္ပါယ်ဖြင့် "အသုဘာ-နုပဿနာဟု ဆိုအပ်သော ဝိပဿနာဘာဝနာသည်ကား ဖြစ်နိုင်ပါ၏၊ ဤသို့သိရှိပါလေ"ဟု အဋ္ဌကထာက ဖွင့်ဆိုတော်မူခြင်း ဖြစ်သည်။ (မူလဋီ-၂-၁၅၆။)

## မဟာတိဿမထေရ်မြတ်ကြီး

မဟာတိဿမထေရ်မြတ်ကြီးသည် စေတိယတောင်ကျောင်းတိုက်မှ အနုရာဓမြို့သို့ ဆွမ်းခံကြွလာတော်မူ၏။ မထေရ်မြတ်ကြီးကား အဋ္ဌိက-ကမ္မဋ္ဌာန်းလမ်းစဉ်မှ ပထမစျာန်သမာဓိသို့ဆိုက်အောင် သမာဓိကို ထူထောင်၍ ထိုသမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ကူးလျက် သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုနေကျ ဖြစ်၏။ ထိုနေ့တွင်လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဆွမ်းခံကြွနေခိုက် ဖြစ်၏။ အရိုးစုကမ္မဋ္ဌာန်း = အဋ္ဌိကကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ကြွလာရာ ပထမစျာန်သို့ မဆိုက်မီ အရိုးစုကို ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ်အနေဖြင့် နှလုံးသွင်းခိုက်ဖြစ်သည့် ပုဗ္ဗဘာဂမနသိကာရ အခိုက်ဝယ် အသံသည် ယင်း

မနသိကာရ၏ ဆူးငြောင့်ခလုတ်ဖြစ်သောကြောင့် အသံတစ်ခုကို ကြား၍ လှမ်းကြည့်လိုက်ရာ အသံထွက်အောင် ပြုံးရယ်လိုက်သော အမျိုးသမီးတစ်ဦးကို တွေ့မြင်လိုက်၏။ ထိုအမျိုးသမီးကား အိမ်ရှင်ယောက်ျားနှင့် အငြင်းပွားသဖြင့် နတ်သမီးတမျှ အလှဆုံးပြင်ဆင်ကာ နံနက်စောစောပင် အနုရာဓမြို့မှ ထွက်ခွာ၍ မိဘအိမ်သို့အသွား လမ်းခုလတ်တစ်နေရာတွင် မဟာတိဿမထေရ်မြတ်ကြီးကို မြင်လေသော် ရာဂဖြင့် ဖောက်ပြန်သော စိတ်ရှိကာ အသံထွက်အောင် ပြုံးရယ်လိုက်သူ ဖြစ်၏။ မထေရ်မြတ်ကြီးသည် "ဤအသံသည် အဘယ်အသံနည်း"ဟု ကြည့်ရှုလေသော် ထိုအမျိုးသမီး၏ သွားရိုးကို မြင်လျှင်မြင်ခြင်းပင် ရှေးအဖို့ကပင် ကြိုတင်၍ အဋ္ဌိကအသုဘဘာဝနာကို ပွားများထားပြီးဖြစ်သောကြောင့် အဋ္ဌိကသညာ = အရိုးစု၏ ရွံရှာစက်ဆုပ်ဖွယ် အမှတ်သညာကို ရရှိတော်မူ၏။ သွားရိုးကို အစပြု၍ တစ်ကိုယ်လုံး၌ အရိုးစုကိုသာ မြင်တွေ့နေ၏။ ရွံရှာစက်ဆုပ်ဖွယ် အသုဘသညာသည်လည်း အလွန်ထင်ရှားလာသည့်အတွက် ယင်းအရိုးစု၌ ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်သွား၏။ အလွန်အကဲနှင့် တကွ ဥပစာရဈာန်ကို ရရှိသွားတော်မူ၏။ ရပ်တော်မူလျက်ပင်လျှင် ထိုအရိုးစု၌ ပထမဈာန်သမာဓိကို ရအောင် ဆက်လက်ကြိုးပမ်းတော်မူ၏။ (ဤ၌ ဥပစာရဈာန်သို့ဆိုက်သော အရိုးစုအာရုံမှာ ထိုအမျိုးသမီး၏ အရိုးစုအာရုံ ဖြစ်၏။ ပထမဈာန်သို့ ဆိုက်သော အရိုးစုအာရုံမှာ ထိုအမျိုးသမီးနှင့် မတွေ့မီ ရှုပွားနေသော အရိုးစု ဖြစ်၏။) ထိုပထမဈာန်သမာဓိကို ဝိပဿနာ၏ အခြေပါဒကပြု၍ သင်္ခါရတရားတို့ကို သိမ်းဆည်းလျက် လက္ခဏာရေးတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်တော်မူလေသော် ဝိပဿနာကို တိုးပွားအောင် ကြိုးပမ်းတော်မူလေရာ မဂ်အစဉ် ဖိုလ်အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ၏။

(ဝိသုဒ္ဓိ-၁-၂၀-၂၁။ မဟာဋီ-၁-၄၈-၄၉။)

## သံဃရက္ခိတမထေရ်မြတ်ကြီး၏ အလုပ်အကျွေး သာမဏေ

ရဟန်းငယ် တစ်ပါးသည် ယင်းရှင်သာမဏေကို ခေါ်ဆောင်၍ တံပူအလို့ငှာ တောသို့ သွားတော်မူ၏။ ရှင်သာမဏေသည် လမ်းမှ ဘေးဘက်သို့ သက်ဆင်း၍ ရှေးသို့ လျှောက်သွားလေသော် အသုဘအလောင်းကောင်ကို မြင်၍ ယင်းအသုဘကောင်ကို ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် နှလုံးသွင်းလျက် ပထမဈာန်ကို ဖြစ်စေတော်မူ၏။ ထိုပထမဈာန်ကိုပင်လျှင် ဝိပဿနာ၏ အခြေပါဒကပြု၍ သင်္ခါရတရားတို့ကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်တော်မူသည်ရှိသော် အနာဂါမိဖိုလ်သို့တိုင်အောင် မျက်မှောက်ပြုတော်မူနိုင်၏။ (ဒီ-ဋ္ဌ-၁-၁၆၆။)

ဤအဋ္ဌကထာ ဋီကာတို့၏ ညွှန်ကြားချက်များနှင့်အညီ (၃၂)ကောဋ္ဌာသတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ အဝါးဝစွာ နိုင်နိုင်နင်းနင်း လေ့လာပြီးသော အသင်သူတော်ကောင်းသည် ပဋိကူလမနသိကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ပြီ ဖြစ်သည်။ ပဋိကူလ = ပဋိက္ကူလ = ရွံရှာစက်ဆုပ်ဖွယ်အနေဖြင့် ယင်း (၃၂)ကောဋ္ဌာသတို့ကို နှလုံးသွင်းရာ၌ အဇ္ဈတ္တ ကောဋ္ဌာသများကို စတင်၍ နှလုံးသွင်းပါက ပထမဈာန်သမာဓိသို့ ဆိုက်နိုင်မည်ဖြစ်သဖြင့် အဇ္ဈတ္တကစ၍ နှလုံးသွင်းပုံကို ရေးသားတင်ပြအပ်ပါသည်။ သို့သော် ဗဟိဒ္ဓ ကောဋ္ဌာသက စ၍ အားထုတ်လိုကလည်း အားထုတ်နိုင်ပါသည်။

ရှေးဦးစွာ အာနာပါနကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်ပါ။ (အကယ်၍ အသင်သူတော်ကောင်းသည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်လျှင် ဓာတ်ကြီးလေးပါးကို အာရုံယူ၍ ဥပစာရသမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်ပါ။) လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသော အခါ မိမိ၏ အဇ္ဈတ္တသန္တာန်၌ (၃၂)ကောဋ္ဌာသတို့ကို တစ်ဖန်ပြန်၍ ရှုပါ။

အားထုတ်စ အာဒိကမ္မိကပုဂ္ဂိုလ်အဖို့ ဆံပင်ဟု နှလုံးသွင်းလိုက်သော် နှလုံးသွင်းမှုသည် ကျင်ငယ်သို့ တိုင်အောင် ဆိုက်၍တည်သွားတတ်၏။ ကျင်ငယ်ဟု နှလုံးသွင်းလိုက်သော် နှလုံးသွင်းမှုသည် ဆံပင်သို့တိုင်အောင် ဆိုက်၍တည်နေတတ်၏။ ဤသို့ နှလုံးသွင်းရာ၌ အချို့အချို့သော ကောဋ္ဌာသများသည် ထင်ရှား၍ အချို့အချို့-သော ကောဋ္ဌာသများသည် မထင်မရှားလည်း ဖြစ်လာတတ်ကုန်၏။ ထိုသို့ ဖြစ်လာသောအခါ မထင်ရှားသော ကောဋ္ဌာသများကို လွှတ်၍ ထင်ရှားရာ ကောဋ္ဌာသ၌သာလျှင် စူးစိုက်၍ ဘာဝနာအမှုကို ပြုလုပ်ရမည် ဖြစ်သည်။ (အဘိ-ဋ္ဌ-၂-၂၁၇။)

အထူးထူးသော အာရုံ၌ ပျံ့လွင့်သော စိတ်ကို တားမြစ်လျက် (၃၂)ကောဋ္ဌာသ အာရုံ၌သာလျှင် ဘာဝနာစိတ်ကို ကောင်းစွာထား၍ နှလုံးသွင်းရှုပွားရမည် ဖြစ်သည်။ ဆံပင် မွေးညင်းစသော အမည်နာမ ပညတ်ကို စွန့်လွှတ်၍ ပဋိကူလ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် ရွံရှာစက်ဆုပ်ဖွယ်ဟု နှလုံးသွင်း၍ ကောဋ္ဌာသတို့၌ သတိကို ကပ်ထားပါ။ သို့သော် ရှေးဦးအစ၌ကား ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် မထင်မြင်နိုင်သေးပေ။ ထိုသို့ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ မထင်မြင်သေးသမျှ ကာလ ပတ်လုံး ဆံပင် မွေးညင်းစသော အမည်နာမ ပညတ်ကို မစွန့်လွှတ်ပါနှင့်၊ ဆံပင် မွေးညင်း စသည်ဖြင့်သာ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ ရှုနေပါ။ အကြင်အခါ၌ကား ယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောတရားသည် ထင်လာ၏၊ ထိုအခါ၌ကား ဆံပင် မွေးညင်းစသော အမည်နာမ ပညတ်ကို စွန့်လွှတ်လိုက်၍ ပဋိကူလ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် ရွံရှာစက်ဆုပ်ဖွယ်ဟုသာ နှလုံးသွင်းနေပါ။ (အဘိ-ဋ္ဌ-၂-၂၄၅။)

အကယ်၍ အသင်သူတော်ကောင်း၏ အသိဉာဏ်၌ (၃၂)ကောဋ္ဌာသလုံး ထင်ရှားနေပါက (၃၂)ကောဋ္ဌာ-သလုံးကို ခြုံငုံ၍ ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာဟု ရှုနိုင်၏။ ပထမဈာန်သမာဓိသို့ ဆိုက်နိုင်၏။ အဇ္ဈတ္တ ကာယကို ဆိုလိုပါသည်။

မိမိ၏အဇ္ဈတ္တကာယ၌ ဆံပင်စသော ကောဋ္ဌာသတို့တွင် အချို့အချို့သာ ထင်ရှား၍ အချို့အချို့က မထင်-ရှားခဲ့သော် နောက်ဆုံး အထင်ရှားဆုံး ကောဋ္ဌာသတစ်ခု၌ စူးစိုက်၍ ပဋိကူလ ပဋိကူလ = ရွံရှာစက်ဆုပ်ဖွယ် ရွံရှာစက်ဆုပ်ဖွယ်ဟု အဖန်ဖန် အထပ်ထပ် နှလုံးသွင်းနေပါ။ ထိုသို့ နှလုံးသွင်းရာ၌ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို ညီမျှအောင် ကျင့်နိုင်ခဲ့သော် အပ္ပနာဈာန် သမာဓိသို့ တဖြည်းဖြည်း အစဉ်အတိုင်း ဆိုက်ရောက်နိုင်ပေသည်။ (မဟာဋီ-၁-၃၁၀။)

ထိုကောဋ္ဌာသအပေါင်း၌ ဆံပင်စသည်တို့၏ —

၁။ ဝဏ္ဏ = အရောင်အဆင်း,

၂။ သဏ္ဌာန = ပုံသဏ္ဌာန်,

၃။ ဒိသ = ခန္ဓာကိုယ်၏ အထက်ပိုင်းအရပ် အောက်ပိုင်းအရပ်ဟူသော အရပ်ဒေသ,

၄။ ဩကာသ = တည်ရာဌာန,

၅။ (က) သဘာဂပရိစ္ဆေဒ = သဘောတူသော မိမိအဖို့ အပိုင်းအခြား,

(ခ) ဝိသဘာဂပရိစ္ဆေဒ = သဘောမတူသော အခြားကောဋ္ဌာသအဖို့ဖြင့် ပိုင်းခြားအပ်သော အပိုင်းအခြား

ဤဝဏ္ဏ, သဏ္ဌာန, ဒိသ, ဩကာသ, သဘာဂပရိစ္ဆေဒ, ဝိသဘာဂပရိစ္ဆေဒတို့၏ အစွမ်းဖြင့် ရှေးရှု ထင်-လာသော အာရုံသည် **ဥဂ္ဂဟနိမိတ်** မည်၏။ ဤ ဥဂ္ဂဟနိမိတ်အပိုင်း၌ ကောဋ္ဌာသတို့၏ မူလရှိရင်း အရောင် အဆင်း ပုံသဏ္ဌာန်စသည် အတိုင်းသာ ထင်နေသေးသည်။ အထက်ပါ ဝဏ္ဏစသော ငါးပါးသော အခြင်းအရာ

ဟူသော ခပ်သိမ်းသော အခြင်းအရာ အပြားအားဖြင့် ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလ၏ အစွမ်းဖြင့် ရှေးရှု ထင်-လာသော အာရုံသည် **ပဋိဘာဂနိမိတ်** မည်၏။ (ဝိသုဒ္ဓိ-၁-၂၅၇။)

ထိုပဋိဘာဂနိမိတ်ကို မှီဝဲသော ပွားစေသော ယောဂါဝစရပုဂ္ဂိုလ်အား အကြင်အခါ၌ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသော ဣန္ဒြေငါးပါးတို့သည် ရအပ်သော ညီမျှမှုရှိကြကုန်၏၊ အထူးသန့်ရှင်းကြကုန်၏၊ ထိုအခါ၌ မယုံကြည်မှု အဿဒ္ဓိယစသော အညစ်အကြေးတို့၏ ဝေးကွာသည်၏ အဖြစ်ကြောင့် လွန်လွန်ကဲကဲ အားအစွမ်း ရှိကြကုန်သော ဗောဇ္ဈင်တရား (၇)ပါးတို့ဖြင့် အားပေးထောက်ပံ့ ခိုင်ခံ့စေအပ်ကုန်သော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့သည် အထူးသဖြင့် ထက်မြက်ကုန်သည်ဖြစ်၍ ထင်ရှားစွာ ဖြစ်ပေါ်လာကြ ပေကုန်၏။ ထိုဈာန်အင်္ဂါတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြကုန်သော နီဝရဏတရားတို့သည် မိမိတို့နှင့် တူသော တည်ရာရှိကြကုန်သော အကုသိုလ်တရားတို့နှင့်အတူတကွ ကွာသည်သာလျှင် ဖြစ်ကုန်၏။ ဥပစာရ သမာဓိဖြင့် စိတ်သည် တည်ကြည်နေပေ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုဥပစာရသမာဓိဖြစ်ကြောင်း ထို ပဋိဘာဂနိမိတ်ကိုပင်လျှင် မှီဝဲခဲ့သော် ပွားများခဲ့သော် ကြိမ်ဖန်များစွာ အလေ့အလာပြုခဲ့သော် အပ္ပနာခေါ် ဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်ပေသည်။ (ဝိသုဒ္ဓိ-၁-၂၅၇။ မဟာဋီ-၁-၃၁၀။)

ထိုပထမဈာန်သမာဓိဟူသော အပ္ပနာဈာန်သည် ကောဋ္ဌာသတစ်ခုသာလျှင် ထင်ရှားသော ယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ ပထမဈာန် အပ္ပနာတစ်ခုသာလျှင် ဖြစ်၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အကယ်၍ အခြား အခြားသော ကောဋ္ဌာသသို့ ပြောင်းရွှေ့၍ အားထုတ်ခြင်း မရှိမူ ပထမဈာန်တစ်မျိုးသာလျှင် ထိုယောဂါဝစရ ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်နိုင်ပေသည်။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ် တစ်ဦး၏ သန္တာန်၌ များစွာကုန်သော ကောဋ္ဌာသတို့သည် ထင်ရှားကုန်မူကား ကောဋ္ဌာသတစ်ခု၌ ပထမဈာန်သို့ ရောက်စေပြီး၍ တစ်ဖန် အခြားသော ကောဋ္ဌာသ၌လည်း အားထုတ်ခြင်းကို ပြုငြားအံ့၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ မလ္လကမထေရ်မြတ်၏ သန္တာန်၌ကဲ့သို့ ကောဋ္ဌာသ အရေအတွက်အားဖြင့် ပထမဈာန်တို့သည် ဖြစ်နိုင်ကုန်၏။ (ဝိသုဒ္ဓိ-၁-၂၅၇။)

## မလ္လကမထေရ်မြတ်

ထိုမလ္လကမထေရ်မြတ်ကြီးသည် ဒီဃဘာဏကဖြစ်တော်မူသော အဘယမထေရ်ကို လက်၌ကိုင်၍ "ငါ့ရှင် အဘယ . . . ရှေးဦးစွာ ဤပြဿနာကို သင်ယူထားပါ"ဟု ပြောဆို၍ " (၃၂) ကောဋ္ဌာသတို့၌ (၃၂)မျိုးသော ပထမဈာန်တို့ကိုရသော မလ္လကမထေရ်သည် ညဉ့်၌ တစ်ခုသောဈာန်ကို နေ့၌ တစ်ခုသောဈာန်ကို အကယ်၍ ဝင်စားအံ့၊ လခွဲကို လွန်သဖြင့် တစ်ဖန် စပ်မိ၏။ ထိုသို့မဟုတ်ဘဲ နေ့တိုင်း နေ့တိုင်း ကောဋ္ဌာသတစ်ခုကိုသာ အာရုံယူ၍ ပထမဈာန်တစ်ခုကိုသာ အကယ်၍ ဝင်စားအံ့၊ တစ်လကို လွန်သဖြင့် တစ်ဖန် စပ်မိ၏"ဟု ဤသို့ မိန့်ဆိုဖူးသတတ်။ (ဝိသုဒ္ဓိ-၁-၂၅၇။)

ဤအထက်ပါ ရှင်းလင်းချက်များနှင့် အညီ (၃၂)ကောဋ္ဌာသလုံးကို ထင်ရှားစွာ ရှုနိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် ကောဋ္ဌာသ တစ်ခုခု၌ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် နှလုံးသွင်း၍ ပထမ ဈာန်သို့ ဆိုက်အောင် ရှုပွားနိုင်သည်သာ ဖြစ်ပေသည်။ ဤ၌ အရိုးကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလ သဘောကို အာရုံယူ၍ ပထမဈာန်သို့ ဆိုက်အောင် ရှုပွားပုံစနစ်ကို နမူနာပုံစံအဖြစ် ရေးသားတင်ပြပေအံ့၊ အခြားအခြားသော ကောဋ္ဌာသတို့၌လည်း နည်းမှီး၍ ပုံစံတူပင် ရှုနိုင်ပေသည်။

## အရိုးစုကမ္မဋ္ဌာန်း

အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သို့ ဆိုက်အောင် ထူထောင်ပါ။ သို့မဟုတ် မိမိရရှိထားပြီးသည့် သမာဓိတစ်ခုခုကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ အဇ္ဈတ္တ၌ (၃၂)ကောဋ္ဌာသတို့ကို တစ်ဖန် ပြန်ရှုပါ။ ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသတို့ကိုလည်း အနည်းငယ် ပြန်ရှုပါ။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓ တစ်လှည့်စီရှုပါ။ ကောဋ္ဌာသများသည် ဉာဏ်၌ အလွန်ထင်ရှားလာသောအခါ အဇ္ဈတ္တ အရိုးစုကောဋ္ဌာသကို ခြုံငုံ၍ ရှုပါ။ ထိုသို့ ရှုရာ၌ အရိုးစု အားလုံးကို ခြုံငုံ၍ ရှုနိုင်ပါက ပို၍ကောင်းသည်သာ ဖြစ်ပေသည်။ ထိုသို့ မဟုတ်ဘဲ အရိုးစု၏အချို့အဝက်မှာ မထင်မရှားဖြစ်၍ အချို့အဝက်သာ ထင်ထင်ရှားရှား ဖြစ်နေပါမူ ထင်ရှား-ရာ အရိုးစုအချို့၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားပါ။

ထိုနောင် အသိဉာဏ်၌ ထင်ထင်ရှားရှား တည်နေသော ထိုအရိုးစုအားလုံးကို သို့မဟုတ် အချို့အဝက်ကို အာရုံပြု၍ ယင်းအရိုးစု၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို နှလုံးသွင်း၍ "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟု ရှုနေပါ။ အာနာပါန စတုတ္ထဈာန်သမာဓိကဲ့သို့သော ရှေးရှေးဘာဝနာသမာဓိ၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံထားရသော အရိုးစုကောဋ္ဌာသကို ရှုပွားနေသော နောက်နောက်သော သမာဓိမှာလည်း အရှိန်အဝါ အားကောင်းနေသဖြင့် အရိုးစု ဥဂ္ဂဟနိမိတ် အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍တည်နေမည်သာ ဖြစ်သည်။ တစ်ဖန် ထပ်ဆင့်၍ ယင်းအရိုးစု၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို နှလုံးသွင်းလိုက်သောအခါ၌လည်း ယင်းအရိုးစုကောဋ္ဌာသ၏ ရွံရှာစက်-ဆုပ်ဖွယ် ပဋိကူလသဘောသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ထင်ရှားလာမည်သာ ဖြစ်သည်။ ထိုအခါ ပဋိဘာဂနိမိတ်ဘက်သို့ ကူးသွားပြီ ဖြစ်၏။ အရိုးစုကောဋ္ဌာသ အာရုံ၌လည်း ဘာဝနာစိတ်သည် ငြိမ်သက်သလောက် ငြိမ်သက်နေမည်သာ ဖြစ်သည်။ အရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို ရှုနေသော ဘာဝနာစိတ်က ငြိမ်သက်လေလေ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလအခြင်းအရာအားဖြင့် ထင်နေသော အရိုးစုကောဋ္ဌာသမှာလည်း ငြိမ်သက်လေလေပင် ဖြစ်၏။ ဘာဝနာစိတ်သည် ပို၍ ပို၍ ငြိမ်သက်လာပါက အရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောသည်လည်း ပို၍ ပို၍ ထင်ရှားလာမည် ဖြစ်ပေသည်။ အချို့ယောဂီများ၌ ယင်းအရိုးစု၏အရောင်အဆင်းမှာလည်း ဖြူဖွေးကြည်လင်လာတတ်၏။ ထိုအခါမျိုး၌ ဖြူဖွေးသော အရောင်ကို နှလုံးမသွင်းသေးဘဲ အရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကိုသာ အာရုံယူ၍ အရိုးစုကောဋ္ဌာသနိမိတ်၌ ဘာဝနာစိတ်ကို ငြိမ်သက်စွာ ကပ်၍တည်နေအောင်သာ ကြိုးစားပါ။ ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာဟုသာ နှလုံးသွင်းနေပါ။ မကြာမီ ဘာဝနာစိတ်သည် ရွံရှာစက်ဆုပ်ဖွယ် အရိုးစုကောဋ္ဌာသ အာရုံနိမိတ်ပေါ်၌ ငြိမ်ဝပ်စွာ ကပ်၍တည်နေပေလိမ့်မည်။ လှုပ်မရအောင် ငြိမ်ဝပ်စွာ ကပ်၍တည်နေခဲ့သော် ထိုသမာဓိကို ခိုင်ခံ့အောင် တစ်နာရီ နှစ်နာရီ စသည်ဖြင့် တည်တံ့အောင် ဆက်လက်ကြိုးစားပါ။

အကယ်၍ အသင်သူတော်ကောင်းသည် ဝိပဿနာပိုင်းတွင် အဝါးဝစွာ လေ့လာထားပြီးသူ ဖြစ်သဖြင့် အရိုးစုကို စိုက်၍ ရှုရာ၌ အစိုက်မခံဘဲ ပြိုပြိုကျသွားပါက ရုပ်ကလာပ်အမှုန်များသာ ဖြစ်၍နေပါက စိတ်ကို အနည်းငယ် လျှော့ချလိုက်ပါ။ (၃၂)ကောဋ္ဌာသကို တစ်ဖန်ပြန်၍ ခပ်သွက်သွက် ရှုကြည့်ပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ရှုကြည့်ပါ။ ရုပ်ကလာပ်အမှုန်များကို မတွေ့တော့ဘဲ ကောဋ္ဌာသအစုအပုံအတိုင်း ထင်ထင်ရှားရှား တွေ့နေပါက တစ်ဖန် အဇ္ဈတ္တအရိုးစုကို ပြန်ရှုကြည့်ပါ။ အောင်မြင်မှု ရတတ်ပါသည်။ အကယ်၍ ဤနည်းစနစ်ကို အသုံးပြုကြည့်သော်လည်း အောင်မြင်မှုမရ ဖြစ်နေသေးပါက ဗဟိဒ္ဓအရိုးစုကို ပြောင်းရှုကြည့်ပါ။ မိမိ၏ ရှေ့တည့်တည့်တွင် ထိုင်နေသော ယောဂါဝစရပုဂ္ဂိုလ် တစ်ဦးဦး၏ အရိုးစုကို စိုက်ရှုနိုင်လျှင် ပို၍ကောင်းတတ်ပါ

သည်။ ရှေးဦးစွာ (၃၂)ကောဋ္ဌာသကို အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် ရှုကြည့်ပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ (၃၂)ကောဋ္ဌာသတို့ကို အဝါးဝစွာ လေ့လာပြီးသောအခါ မိမိ၏ ရှေ့တည့်တည့် မလှမ်းမကမ်းတွင် တည်ရှိသော (၃၂)ကောဋ္ဌာသတို့တွင် အရိုးစုကောဋ္ဌာသကို အာရုံယူ၍ ယင်းအရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလ သဘောကို နှလုံးသွင်းလျက် "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟု ရှုနေပါ။ ရွံရှာစက်ဆုပ်ဖွယ် ထိုအရိုးစု အာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်အောင် ကပ်ထားပါ။ ထိုဗဟိဒ္ဓ အရိုးစုအာရုံ၌ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေသောအခါ အဇ္ဈတ္တ အရိုးစုကောဋ္ဌာသကို တစ်ဖန် ပြန်၍ ရှုကြည့်ပါ၊ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့်သာ နှလုံးသွင်းပါ၊ အောင်မြင်မှုကို ရရှိတတ်ပါသည်။

ရွံရှာစက်ဆုပ်ဖွယ်သဘော ထင်ရှားလာသောအခါ အရိုးစုဟူသော အမည်နာမ ပညတ်ကို စွန့်လွှတ်၍ "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟုသာ နှလုံးသွင်းနေပါ။ တစ်နာရီ နှစ်နာရီစသည်ဖြင့် အရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလ အခြင်းအရာ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေသောအခါ သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိတို့ကို ညီမျှအောင် ကျင့်ပါ။ (ညီမျှအောင် ကျင့်ပုံကို ရှေးအာနာပါနဿတိသမာဓိပိုင်းတွင် ရေးသားခဲ့ပြီ။) သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟူသော ဣန္ဒြေငါးပါးတို့သည် ညီမျှလာသောအခါ ရင့်ကျက်ခြင်း- သို့ ရောက်ရှိလာသောအခါ ထိုအရိုးစုနိမိတ်၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကိုပင် အာရုံပြု၍ ထပ်ကာ ထပ်ကာ မှိုဝဲပွားများခဲ့သော် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပဋိကူလသဘော ထင်လာသောအခါ ဥပစာရ သမာဓိနယ်မြေသို့ တဖြည်းဖြည်း ဆိုက်ရောက်သွားပေလိမ့်မည်။ သို့သော် ဥပစာရသမာဓိအခိုက်၌ ဈာန်အင်္ဂါတို့၏ စွမ်းအင်ကား အလွန်ကြီး သိပ်အားမကောင်းလှသေးပေ။ ထိုအခါတွင် အရိုးစုအာရုံမှာ အချို့ယောဂီများ၌ ဖြူ- ဖွေး၍ ကြည်လင်သန့်ရှင်းလာတတ်၏၊ ဘာဝနာစိတ်ကြောင့်လည်း ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသော လင်းရောင်ခြည်များသည် တဖျပ်ဖျပ် ထွက်ပေါ်လာတတ်၏။ ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံပေါ်၌ ဘာဝနာ စိတ်သည် လှုပ်မရအောင် ငြိမ်ဝပ်စွာ ကပ်၍ တည်နေခဲ့သော် ဘာဝနာအရှိန်သည် အားကောင်းလာပြီ ဖြစ်၏။ ဘာဝနာစိတ်သည် တစ်နာရီ နှစ်နာရီစသည်ဖြင့် ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံပေါ်၌ လှုပ်မရအောင် ငြိမ်ဝပ် စွာ ကပ်၍တည်နေခဲ့သော် ဈာန်အင်္ဂါများသည်လည်း စွမ်းအင်ပြည့်ဝကာ အလွန်အားကောင်း၍ အထူးထင်ရှား လာမည် ဖြစ်ပေသည်။

## ဈာန်အင်္ဂါ ငါးပါး

၁။ ဝိတက် = ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော၊
၂။ ဝိစာရ = ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော၊
၃။ ပီတိ = ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံကို နှစ်သက်ခြင်းသဘော၊
၄။ သုခ = ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားနေခြင်းသဘော၊
၅။ ဧကဂ္ဂတာ = ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံ တစ်ခုတည်းပေါ်သို့ စိတ်ကျရောက်နေခြင်းသဘော = တည်ငြိမ်နေခြင်းသဘော၊

ရွံရှာစက်ဆုပ်ဖွယ် အရိုးစုအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော ယောဂါဝစရပုဂ္ဂိုလ်၏ ထိုဘာဝနာ စိတ်သည်ကား ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဟဒယဝတ္ထုရုပ်ကိုပင် မှီတွယ်၍ ဖြစ်နေ၏။ ထိုဟဒယဝတ္ထု ရှိရာဘက်သို့ လှမ်း၍ အာရုံယူကြည့်လိုက်သောအခါ ဘဝင်မနောအကြည်ဓာတ် = မနောဒွါရကိုလည်းကောင်း, ဈာန်အင်္ဂါများကို လည်းကောင်း ထင်ရှားစွာ တွေ့ရှိနိုင်ပေသည်။ အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သို့ ဆိုက်အောင် ရှုပွား တတ်ပြီးဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်အဖို့ ဤအဆင့်၌လည်း မခက်ခဲတော့ပြီ ဖြစ်၏။ ယင်း ပထမဈာန်သမာဓိကို ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ ကြွင်း ကောဋ္ဌာသတို့၌လည်း ပုံစံတူ ရှုကြည့်ပါ။

## ဗဟိဒ္ဓသို့

**အဇ္ဈတ္တ ဗဟိဒ္ဓ**နှစ်မျိုးတို့တွင် နှစ်သက်ရာကစ၍ ဤ အရိုးစုကောဋ္ဌာသကို ရှုနိုင်သည်သာ ဖြစ်သည်။ အကယ်၍ အသင်သူတော်ကောင်းသည် အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အဇ္ဈတ္တ အရိုးစုကောဋ္ဌာသမှစ၍ ပထမဈာန်သို့ ဆိုက်သည်တိုင်အောင် ရှုပွားခဲ့သည်ဖြစ်လျှင် ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသသို့လည်း ပြောင်း၍ ပုံစံတူ ရှုကြည့်ပါ။ အထက်တွင် ရေးသားတင်ပြခဲ့သော မူလဋီကာ၏ ဖွင့်ဆိုချက်နှင့် အညီ စေတိယတောင်ကျောင်း၌ သီတင်းသုံးတော်မူသော မဟာတိဿ မထေရ်မြတ်ကြီးကဲ့သို့ ဗဟိဒ္ဓ သက်ရှိသတ္တဝါတို့၏ အရိုးစုကောဋ္ဌာသ၌ သက်မဲ့ အရိုးစုကောဋ္ဌာသကဲ့သို့ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသညာ = အသုဘသညာကို ပွားများနိုင်ပါလျှင် ဥပစာရသမာဓိသို့ ဆိုက်ရောက်နိုင်၏။ သို့သော် ဗဟိဒ္ဓ သက်မဲ့ အရိုးစုကောဋ္ဌာသ၌ကား ပထမဈာန်သမာဓိသို့ ဆိုက်အောင် ရှုပွားနိုင်သည်သာ ဖြစ်ပေသည်။ ဤအပိုင်း၌ကား သက်ရှိသတ္တဝါတို့၏ အရိုးစု ကောဋ္ဌာသ၌ ပဋိကူလမနသိကာရအားဖြင့် နှလုံးသွင်းရှုပွားပုံကိုသာ ဆက်လက်၍ တင်ပြပေအံ့။

အဇ္ဈတ္တ အရိုးစုကောဋ္ဌာသ၌ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ရရှိထားသော ပထမဈာန်သမာဓိကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးသောအခါ ယင်းပထမဈာန်သမာဓိကိုပင် တစ်ဖန် ပြန်၍ ဝင်စားပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ ဗဟိဒ္ဓသို့တိုင်အောင် ပျံ့နှံ့ထွက်နေသော ယင်းလင်းရောင်ခြည်ဖြင့်ပင် မြင်တွေ့နေရသော မိမိ၏ ရှေ့တွင် တည်ရှိနေသော ယောဂါဝစရပုဂ္ဂိုလ် တစ်ဦး၏ အရိုးစုကောဋ္ဌာသကို လှမ်း၍ အာရုံယူကြည့်ပါ။ သို့မဟုတ် လွယ်ကူရာ ပုဂ္ဂိုလ်တစ်ဦး၏ အရိုးစုကောဋ္ဌာသကို လှမ်း၍ အာရုံယူကြည့်ပါ။ ထင်ထင်ရှားရှား တွေ့မြင်ခဲ့သော် ယင်းအရိုးစုကောဋ္ဌာသကို ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာဟုပင် နှလုံးသွင်းပါ။

အကယ်၍ ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသကို လွယ်လွယ်ကူကူဖြင့် အာရုံယူ၍မရ ဖြစ်နေခဲ့သော် အာနာပါနသတိသမာဓိကို စတုတ္ထဈာန်သို့ ဆိုက်အောင် တစ်ဖန် ပြန်၍ သမာဓိကို ထူထောင်ပါ။ လင်းရောင်ခြည် စွမ်းအင်များ အားကောင်းလာသောအခါ (၃၂)ကောဋ္ဌာသတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ပြန်ရှုပါ။ ဗဟိဒ္ဓကို ရှုရာ၌ မိမိရှုလိုသော ရှေ့တည့်တည့် ပုဂ္ဂိုလ်တစ်ဦးကိုသာ သို့မဟုတ် လွယ်ကူရာ ပုဂ္ဂိုလ်တစ်ဦးကိုသာ ဦးစားပေး၍ရှုပါ။ ဤစနစ်ကို တရားထိုင်တိုင်း အသုံးပြုပါက ပို၍ကောင်းပေသည်။ ထိုသို့ရှုရာ၌ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ (၃၂)ကောဋ္ဌာသတို့ကို ဉာဏ်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်ပါက ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသတစ်ခုကို ထပ်မံ၍ ရွေးချယ်ကာ ထိုအရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟု ရှုပါ။ ဘာဝနာစိတ်သည် ယင်းရွံရှာစက်ဆုပ်ဖွယ် အရိုးစုကောဋ္ဌာသအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်လာပါက ဈာန်အင်္ဂါ ငါးပါးတို့သည်လည်း ထင်ရှားလာပေမည်။ သို့သော် ဥပစာရဈာန်မျှသာ ဖြစ်သည်။ ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ တစ်ခု၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ ဥပစာရသမာဓိသို့ ဆိုက်အောင် ရှုနိုင်ပါက နောက်ထပ် ဗဟိဒ္ဓ သတ္တဝါတစ်ဦး၏ အရိုးစုကောဋ္ဌာသကို အာရုံယူ၍ ပုံစံတူပင် ရှုပါ။ ဤနည်းဖြင့် ဗဟိဒ္ဓ သက်ရှိလောကတစ်ခုလုံးသို့ ဖြန့်ကြက်၍ စွမ်းနိုင်သမျှ တစ်ယောက်ပြီးတစ်ယောက် အရိုးစုကောဋ္ဌာသ တစ်ခုပြီးတစ်ခု ရှုကြည့်ပါ။ ဈာန်အင်္ဂါများ ထင်ရှားလာသည့်တိုင်အောင် အရိုးစုကောဋ္ဌာသတိုင်း၌ ရှုပါ။ ဉာဏ်ထက်လာပါက ခပ်သွက်သွက် ရှုနိုင်ပါသည်။ အရပ်ဆယ်မျက်နှာ၌ မည်သည့်အရပ်ကိုမဆို မည်သည့်သတ္တဝါကိုမဆို ကြည့်လိုက်တိုင်း အရိုးစုချည်း တွေ့မြင်နေအောင် လေ့ကျင့်ပါ။ ဩဒါတကသိဏ်းသို့ လွယ်လွယ်ကူကူ ကူးနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းပင် ဖြစ်ပေသည်။

## မေးမြန်းတတ်သော မေးခွန်းတစ်ရပ်

ဤအရာ၌ အချို့အချို့သော သူတော်ကောင်းများက ဤသို့ မေးကြ၏။ အဇ္ဈတ္တ၌ပင် ဖြစ်စေ ဗဟိဒ္ဓ၌ပင် ဖြစ်စေ ဤမျှ ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော အရိုးစုကောဋ္ဌာသအာရုံ၌ "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟု နှလုံးသွင်းနေသော ယောဂါဝစရပုဂ္ဂိုလ်၏သန္တာန်၌ အဘယ်သို့လျှင် ထိုအရိုးစုကောဋ္ဌာသအာရုံ၌ နှစ်သက်ခြင်း ပီတိတရားသည် ထင်ရှား ဖြစ်လာနိုင်ပါသနည်းဟု မေးကြ၏။

**အဖြေ —** ပဋိကူလမနသိကာရလမ်းမှ ရှုပွားသုံးသပ်နေသော ဤ အရိုးစု ကောဋ္ဌာသသည် ရွံရှာစက်ဆုပ်ဖွယ် ဧကန်ဖြစ်သော်လည်း ထိုအရိုးစု ကောဋ္ဌာသပဋိဘာဂနိမိတ်အာရုံ၌ **"အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ"** = မချွတ်ဧကန် အမှန်အားဖြင့် ဤကျင့်ဝတ် ပဋိပတ်ဖြင့် အိုဘေးဆိုးကြီး သေဘေးဆိုးကြီးမှ ငါလွတ်မြောက်ရပေတော့အံ့ – ဟု မိမိ ရရှိမည့် အကျိုးအာနိသံသကို ရှုမြင်လေ့ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း, နီဝရဏအညစ်အကြေးတည်းဟူသော စိတ်အစဉ်ကို ပူပန်စေတတ်သော တရားဆိုးကို ပယ်နိုင်ခြင်းကြောင့်လည်းကောင်း ပီတိသောမနဿသည် ဖြစ်ပေါ်လာနိုင်၏။ လောကူပမာအားဖြင့်ကား "ယခုအခါ၌ များစွာသော အဖိုးအခကို ငါရပေတော့အံ့"ဟု အကျိုးအာနိသံသကို ရှုမြင်လေ့ရှိသော ပုပ္ဖဆဍ္ဍက = ပန်းမှိုက်သွန် မစင်ဘင်ကျုံးသမားအား မစင်ပုံကြီးကို အာရုံပြု၍ မစင်ပုံကြီး၌ ပီတိသောမနဿ ဖြစ်သကဲ့သို့လည်းကောင်း, အပြင်းအထန် ဖျားနာခြင်း ဗျာဓိဒုက္ခသို့ ရောက်ရှိနေသော ရောဂါသည်အား ပျို့အန်ခြင်း ဝမ်းလျှောခြင်း ဖြစ်ရာ၌ ပီတိသောမနဿသည် ဖြစ်ပေါ်လာသကဲ့သို့လည်းကောင်း မှတ်ပါ။ (ဝိသုဒ္ဓိ-၁-၁၈၈။)

**လောကူပမာတစ်မျိုး —** လူအများ နှစ်ခြိုက်သော ငါးပိသည် ရွံရှာစက်ဆုပ်ဖွယ် အာရုံတစ်ခုပင် ဖြစ်၏။ သို့သော် ကျွမ်းကျင်လိမ္မာသူ စားဖိုသည်တစ်ဦးက စားချင်စဖွယ်ဖြစ်အောင် ပြုပြင်မွမ်းမံလိုက်သောအခါ ထိုငါးပိမှာ နှစ်သက်မြတ်နိုးဖွယ်ရာ အာရုံတစ်ခု ဖြစ်လာရပေသည်။ ဤဥပမာအတူပင် ရွံရှာစက်ဆုပ်ဖွယ် အရိုးစုကောဋ္ဌာသ အာရုံပင် ဖြစ်သည်မှန်သော်လည်း ထိုအာရုံကို ပဋိကူလအနေဖြင့် နှလုံးသွင်းဖန်များ၍ ဘာဝနာသမာဓိသည် ရင့်ကျက်လာသောအခါ ယင်းဘာဝနာသမာဓိ၏ စွမ်းအင်ကြောင့် ယင်းဘာဝနာသမာဓိက နှစ်သက်မြတ်နိုးဖွယ်ရာ အာရုံတစ်ခုဖြစ်အောင် ပြုပြင်ဖန်တီးပေးလိုက်သဖြင့် ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ယင်းရွံရှာစက်ဆုပ်ဖွယ် အရိုးစုကောဋ္ဌာသ အာရုံကို နှစ်သက်ခြင်း ပီတိသဘောတရားသည် ထင်ရှား ဖြစ်ပေါ်လာပေသည်။ ဥပမာ တစ်နည်း — ရွံရှာစက်ဆုပ်ဖွယ် (၃၂)ကောဋ္ဌာသတို့ဖြင့် ပြည့်နေသော ခန္ဓာအိမ်တစ်ခုကို ဝတ်စားတန်ဆာ ပန်း နံ့သာ နံ့သာပျောင်းတို့ဖြင့် အစွမ်းကုန် မွမ်းမံခြယ်သလျက် ပြင်ဆင်ထားလိုက်သောအခါ ပညာမျက်စိမရှိသူ လူအ လူနတို့အဖို့ မြတ်နိုးဖွယ်ရာ အာရုံတစ်ခုအဖြစ်ဖြင့် ထင်လာရပေ၏။ အလားတူပင် ရင့်ကျက်လာသော ဘာဝနာသမာဓိက ပြုပြင်မွမ်းမံပေးလိုက်သဖြင့် ရွံရှာစက်ဆုပ်ဖွယ်ရာ အရိုးစုအာရုံသည် နှစ်သက်ဖွယ်ရာ အာရုံ တစ်ခု ဖြစ်လာရပေသည်။

## အရိုးစု ကမ္မဋ္ဌာန်း (၂) မျိုး

ဤ (၃၂)ကောဋ္ဌာသတွင် ပါဝင်သော အဋ္ဌိကောဋ္ဌာသ = အရိုးစုကောဋ္ဌာသကို ရွံရှာစက်ဆုပ်ဖွယ်အနေဖြင့် နှလုံးသွင်းရှုပွားရသော ပဋိကူလမနသိကာရကမ္မဋ္ဌာန်းအဖြစ်ဖြင့် မဟာသတိပဋ္ဌာနသုတ္တန် ပဋိကူလမနသိကာရ ပဗ္ဗတွင် ဘုရားရှင်သည် ဟောကြားထားတော်မူခဲ့၏။ အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ဂိရိမာနန္ဒသုတ္တန် (အံ-၃-၃၄၃။) ၌ကား အသုဘသညာ အမည်ဖြင့် ဟောကြားထားတော်မူခဲ့၏။ ဝိဇယသုတ္တန် (ခု-၁-၃၀၈။) ၌ကား သဝိညာဏက အသုဘ = ရှင်အသုဘ အမည်ဖြင့် ဟောကြားထားတော်မူခဲ့၏။ အသုဘဟူသည်မှာလည်း မစင်

မကြယ် ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကိုပင် အာရုံယူ၍ ရှုပွားရသော ကမ္မဋ္ဌာန်းပင် ဖြစ်သည်။ ထို့ကြောင့် ပဋိကူလနှင့် သဝိညာဏက အသုဘမှာ သဘောအဓိပ္ပါယ်ချင်း တူညီလျက်ပင် ရှိသည်။

တစ်ဖန် အဝိညာဏကအသုဘ = သေအသုဘ ကမ္မဋ္ဌာန်း (၁၀)မျိုးတို့တွင် နောက်ဆုံး အသုဘကမ္မဋ္ဌာန်းကား အဋ္ဌိကကမ္မဋ္ဌာန်း = အရိုးစုကမ္မဋ္ဌာန်းပင် ဖြစ်သည်။ ထိုအရိုးစု၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကိုပင် အာရုံယူ၍ "ပဋိကူလ ပဋိကူလ = ရွံစရာ ရွံစရာ"ဟု ရှုပွားသုံးသပ်ရသော ကမ္မဋ္ဌာန်းတည်း။ ပထမစျာန်သမာဓိသို့ တိုင်အောင် ပေါက်ရောက်နိုင်၏။ ထို့ကြောင့် ဤအရိုးစုကမ္မဋ္ဌာန်းသည် ရှင်အသုဘ သေအသုဘ နှစ်မျိုးလုံး၌ ရှုပွား၍ရသော ကမ္မဋ္ဌာန်းတစ်မျိုးဖြစ်သည်ဟု မှတ်သားပါလေ။

သို့သော် ရှင်အသုဘ အမည်ရသော ဤပဋိကူလမနသိကာရမှာ အာရုံ၏ ရုန့်ရင်းကြမ်းတမ်းမှုကြောင့် အဇ္ဈတ္တ (၃၂)ကောဋ္ဌာသ၌ ပထမစျာန်သမာဓိတိုင်ရုံမျှသာ ပေါက်ရောက်နိုင်၏၊ ဗဟိဒ္ဓ သက်ရှိ (၃၂)ကောဋ္ဌာသ၌ ဥပစာရသမာဓိတိုင်ရုံမျှသာ ပေါက်ရောက်နိုင်၏၊ ဗဟိဒ္ဓ သက်မဲ့ အရိုးစုကောဋ္ဌာသ၌လည်း ပထမစျာန်သမာဓိ တိုင်ရုံမျှသာ ပေါက်ရောက်နိုင်၏။ အထက်အထက်သော စျာန်သမာဓိများသို့ကား မပေါက်ရောက်နိုင်ပေ။ အကယ်၍ အသင်သူတော်ကောင်းသည် အထက်အထက်သော စျာန်သမာဓိများသို့ တိုင်အောင် ပေါက်ရောက်လိုပါက ယင်း (၃၂)ကောဋ္ဌာသတို့၏ ဝဏ္ဏ = အရောင်အဆင်းကို အာရုံယူ၍ ရှုပွားရသော ဝဏ္ဏကသိုဏ်းများသို့ ဦးလှည့်၍ ရှုပွားပါ။ စတုတ္ထစျာန်သို့ တိုင်အောင် ပေါက်ရောက်နိုင်၏။ ထိုမှ တစ်ဆင့်တက်၍ ရှုပွားခဲ့သော် နေဝသညာနာသညာယတနသမာပတ်သို့ တိုင်အောင် ပေါက်ရောက်နိုင်၏။

## အဘိဘာယတနစျာန်

(၃၂)ကောဋ္ဌာသမှ ဝဏ္ဏကသိုဏ်းသို့ ပြောင်း၍ စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင်, ထိုမှတစ်ဆင့် အရူပစျာန်များသို့ ကူးလိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်တို့အနေဖြင့် ရှုပွားပုံနည်းစနစ်များကို သဘောပေါက် လက်ခံနိုင်ရန် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူအပ်သော **အဘိဘာယတနစျာန်များ** အကြောင်းကို ကြိုတင်၍ သိထားသင့်ပေသည်။

ဤအဘိဘာယတနစျာန်များ အကြောင်းကို ဘုရားရှင်သည် မဟာပရိနိဗ္ဗာနသုတ္တန် (ဒီ-၂-၉၂-၉၆။)၌ လည်းကောင်း, အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် (အံ-၃-၁၂၅-၁၂၇။) ၌လည်းကောင်း, ဓမ္မသင်္ဂဏီပါဠိတော် (အဘိ-၁-၅၅-၅၆။)၌လည်းကောင်း ဤသို့စသော ဒေသနာတော်အရပ်ရပ်တို့၌ အဘိဘာယတနစျာန် ဝိမောက္ခစျာန်ဟူသော အမည်များဖြင့် ဟောကြားတော်မူခဲ့ပေသည်။ ဤတွင် မဟာပရိနိဗ္ဗာနသုတ္တန်၌ လာရှိသော **အဋ္ဌ အဘိဘာယတနကထာ**ကို ထုတ်နုတ်၍ ရေးသားတင်ပြအပ်ပါသည်။

၁။ အဋ္ဌ ခေါ ဣမာနိ အာနန္ဒ အဘိဘာယတနာနိ၊ ကတမာနိ အဋ္ဌ။ အဇ္ဈတ္တံ ရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ “တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ”တိ ဧဝံ သညီ ဟောတိ။ ဣဒံ ပဌမံ အဘိဘာယတနံ။ (ဒီ-၂-၉၂။)

အာနန္ဒာ . . . ဆန့်ကျင်ဘက် နီဝရဏ ကိလေသာတရားနှင့် ကသိုဏ်းပညတ်အာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း = အဘိဘာယတန စျာန်တရားတို့သည် (၈)မျိုးတို့ ရှိကုန်၏။ အဘယ် (၈)မျိုးတို့နည်းဟူမူ —

၁။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို, အရွှေ = အဝါ, အနီ, အဖြူဟူသော အရောင်အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာရှိ၍ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ကောင်းသောအဆင်း ရှိကြသည့် မကောင်းသောအဆင်း ရှိကြသည့် ငယ်သော ကသိုဏ်းရုပ်တို့ကို အပ္ပနာဘာဝနာဖြင့် ရှု၏၊ ထိုငယ်သော ကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏၊ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို “ငါသိသည် ငါမြင်သည်”ဟု ဤသို့လည်း အမှတ်သညာ ရှိ၏။ ဤကား ပဌမအဘိဘာယတနစျာန်တည်း။ (ဒီ-၂-၉၂။)

**အဇ္ဈတ္တံ ရူပသညီ —** အဇ္ဈတ္တ၌ နီလကသိုဏ်း = အညိုကသိုဏ်း ပရိကမ်ကို ပြုလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဆံပင်၌လည်းကောင်း, သည်းခြေ၌လည်းကောင်း, မျက်နက်ဝန်း၌လည်းကောင်း - ဤကဲ့သို့သော ညိုသောကောဋ္ဌာသကို အာရုံယူ၍ အညို အညိုဟုလည်းကောင်း, ပီတကသိုဏ်း = အဝါရောင်ကသိုဏ်း ပရိကမ်ကို ပြုလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အဆီခဲ၌လည်းကောင်း, ဝါဝင်းသော အရေကောဋ္ဌာသ၌လည်းကောင်း, လက်ဖဝါး ခြေဖဝါးတို့၌လည်းကောင်း, မျက်လုံးတို့၏ ဝါရွှေရာအရပ်၌လည်းကောင်း - ဤကဲ့သို့သော ဝါသော ကောဋ္ဌာသကို အာရုံယူ၍ အဝါ အဝါဟုလည်းကောင်း, လောဟိတကသိုဏ်း = အနီကသိုဏ်း ပရိကမ်ကို ပြုလို-သော ယောဂါဝစရပုဂ္ဂိုလ်သည် အသား၌သော်လည်းကောင်း, သွေး၌သော်လည်းကောင်း, လျှာ၌သော်လည်း-ကောင်း မျက်လုံးတို့၏ နီမြန်းရာ အရပ်၌သော်လည်းကောင်း - ဤကဲ့သို့သော နီသော ကောဋ္ဌာသကို အာရုံယူ၍ အနီ အနီဟုလည်းကောင်း, ဩဒါတကသိုဏ်း = အဖြူကသိုဏ်း ပရိကမ်ကို ပြုလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အရိုးကောဋ္ဌာသ၌လည်းကောင်း, သွားကောဋ္ဌာသ၌လည်းကောင်း, လက်သည်း ခြေသည်း ကောဋ္ဌာသ၌လည်း-ကောင်း, မျက်လုံးတို့၏ ဖြူရာအရပ်၌သော်လည်းကောင်း - ဤကဲ့သို့သော ဖြူသော ကောဋ္ဌာသကို အာရုံယူ၍ အဖြူ အဖြူဟုလည်းကောင်း ကသိုဏ်းပရိကမ်ကို ပြုလုပ်ရ၏။ သို့သော် အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့အဖို့

ထိုအဇ္ဈတ္တကသိုဏ်းဝန်းမှာ အလွန်ညိုသော အလွန်ဝါသော အလွန်နီသော အလွန်ဖြူသော ကသိုဏ်းဝန်းကား မဖြစ်နိုင်၊ မစင်ကြယ်သော ကသိုဏ်းဝန်းသာလျှင် ဖြစ်နေ၏။ အဇ္ဈတ္တကောဋ္ဌာသကို ပရိကမ်ပြုသည်၏ အစွမ်းဖြင့် ရရှိအပ်သော ကသိုဏ်းနိမိတ်သည် မစင်ကြယ်သည်သာလျှင် ဖြစ်နေ၏။ ဗဟိဒ္ဓကောဋ္ဌာသ၌ ပရိကမ်ပြုသည်၏ အစွမ်းဖြင့် ရရှိအပ်သော ကသိုဏ်းနိမိတ်ကဲ့သို့ကား မစင်ကြယ်ပေ။ ထိုကြောင့် အဇ္ဈတ္တကောဋ္ဌာသ၌ ပရိကမ်ပြုသည်၏ အစွမ်းဖြင့် ရရှိအပ်သော ကသိုဏ်းနိမိတ် အမှတ်သညာရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ဗဟိဒ္ဓ ကောဋ္ဌာသ၌ သို့မဟုတ် ဗဟိဒ္ဓ ကသိုဏ်းရုပ်၌ ပြောင်း၍ အပ္ပနာစျာန် ဆိုက်သည်တိုင်အောင် ရှု၏။ ဤသို့လျှင် အကြင်ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပရိကမ်ကား အဇ္ဈတ္တ၌ ဖြစ်၏၊ နိမိတ် = ပဋိဘာဂနိမိတ်ကား ဗဟိဒ္ဓ၌ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို ဤသို့လျှင် အဇ္ဈတ္တ၌ ပရိကမ်၏ အစွမ်းဖြင့် ဗဟိဒ္ဓ၌ အပ္ပနာစျာန်၏ အစွမ်းဖြင့် "မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို, အရွှေ = အဝါ, အနီ, အဖြူ ဟူသော အရောင်အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မ ဘာဝနာရှိ၍ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ကောင်းသော အဆင်း ရှိကြသည့် မကောင်းသောအဆင်း ရှိကြသည့် ငယ်သော ကသိုဏ်းရုပ်တို့ကို အပ္ပနာဘာဝနာဖြင့် ရှု၏" ဟု ဆိုအပ်၏။ (ဒီ-ဋ္ဌ-၂-၁၅၁။)

၂။ အဇ္ဈတ္တံ ရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ ဒုတိယံ အဘိဘာယတနံ။ (ဒီ-၂-၉၂။)

၂။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အဖြူ အနီ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာရှိ၍ ယင်းသို့ သညာရှိပြီးနောက် အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ကောင်းသောအဆင်း မကောင်းသောအဆင်း ရှိကြသည့် ကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်တို့ကို အပ္ပနာဘာဝနာဖြင့် ရှု၏။ ထိုကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏၊ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့ လည်း အမှတ်သညာ ရှိ၏။ ဤကား ဒုတိယ အဘိဘာယတနစျာန်ပေတည်း။ (ဒီ-၂-၉၂။)

၃။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ တတိယံ အဘိဘာယတနံ။ (ဒီ-၂-၉၂။)

၃။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ (= မရရှိခြင်းကြောင့် လည်းကောင်း သို့မဟုတ် အလိုမရှိခြင်းကြောင့်လည်းကောင်း အဇ္ဈတ္တကောဋ္ဌာသတို့၏ အရောင်ကသိုဏ်းဘာဝနာ လုပ်ငန်းရပ်ကို စတင်ပြည့်တည်၍ အညို အညို စသည်ဖြင့် ပရိကမ္မဘာဝနာကို ပြုစုပျိုးထောင်မှု လုံးဝ မပြု-တော့ဘဲ) အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ကောင်းသောအဆင်း မကောင်းသောအဆင်း ရှိကြသည့် ငယ်သော ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာတို့ဖြင့် အစဉ်အတိုင်း ရှု၏၊ ထိုငယ်သော က-သိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ (ပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်သို့, ဥဂ္ဂဟနိမိတ်မှ ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်အောင် နိုင်နိုင်နင်းနင်း ပွားများအားထုတ်နိုင်မှုကို ဆိုလိုသည်။) အပ္ပနာစျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာ ရှိ၏။ ဤကား တတိယ အဘိ-ဘာယတနစျာန်ပေတည်း။ (ဒီ-၂-၉၂။)

၄။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ စတုတ္ထံ အဘိဘာယတနံ။ (ဒီ-၂-၉၃။)

၄။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ကောင်းသောအဆင်း မကောင်းသောအဆင်း ရှိကြသည့် ကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ထိုကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာ ရှိ၏။ ဤကား စတုတ္ထ အဘိဘာယတနစျာန်တည်း။ (ဒီ-၂-၉၃။)

၅။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ နီလာနိ နီလဝဏ္ဏာနိ နီလနိဒဿနာနိ နီလနိဘာသာနိ။ သေယျထာပိ နာမ ဥမာပုပ္ဖံ နီလံ နီလဝဏ္ဏံ နီလနိဒဿနံ နီလနိဘာသံ။ သေယျထာပိ ဝါ ပန တံ ဝတ္ထံ ဗာရာဏသေယျကံ ဥဘတောဘာဂဝိမဋ္ဌံ နီလံ နီလဝဏ္ဏံ နီလနိဒဿနံ နီလနိဘာသံ။ ဧဝမေဝ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ နီလာနိ နီလဝဏ္ဏာနိ နီလနိဒဿနာနိ နီလနိဘာသာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ ပဉ္စမံ အဘိဘာယတနံ။ (ဒီ-၂-၉၃။)

၅။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော **ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်**ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် — ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင် ရှိသည့် ညိုသော အောက်မဲညိုပန်းကဲ့သို့လည်းကောင်း (= ညိုသော အောက်မဲညိုပန်းထက် သာ၍ညိုသော နှမ်းကြတ်ပန်းကဲ့သို့လည်းကောင်း), ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသော ဗာရာဏသီပြည်ဖြစ် နှစ်ဘက်ချော အဝတ်ကဲ့သို့လည်းကောင်း – ဤအတူ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ညိုသောအဆင်း ညိုသောအသွေး ညိုသောအရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏၊ ထို ကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာ ရှိ၏။ ဤကား ပဉ္စမ အဘိဘာယတနစျာန်တည်း။ (ဒီ-၂-၉၃။)

၆။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပီတာနိ ပီတဝဏ္ဏာနိ ပီတနိဒဿနာနိ ပီတနိဘာသာနိ။ သေယျထာပိ နာမ ကဏိကာရပုပ္ဖံ ပီတံ ပီတဝဏ္ဏံ ပီတနိဒဿနံ ပီတနိဘာသံ။ သေယျထာပိ ဝါ ပန တံ ဝတ္ထံ ဗာရာဏသေယျကံ ဥဘတောဘာဂဝိမဋ္ဌံ ပီတံ ပီတဝဏ္ဏံ ပီတနိဒဿနံ ပီတနိဘာသံ။ ဧဝမေဝ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပီတာနိ ပီတဝဏ္ဏာနိ ပီတနိဒဿနာနိ ပီတနိဘာသာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ ဆဋ္ဌံ အဘိဘာယတနံ။ (ဒီ-၂-၉၃။)

၆။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အဖြူ အနီ ဟူသော အဆင်းရုပ်၌ ကသိုဏ်း ပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော **ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်**ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် ဝါရွှေသော အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသည့် မဟာလှေကားပန်းကဲ့သို့လည်းကောင်း, ဝါရွှေသော

အဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဘက်ချော အဝတ်ကဲ့သို့လည်း-ကောင်း — ဤအတူ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ဝါရွှေသောအဆင်း ဝါရွှေသောအသွေး ဝါရွှေသောအရောင် ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၍၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို " ငါသိသည် ငါမြင်သည်" ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤကား ဆဋ္ဌ အဘိဘာယတနစျာန်ပေတည်း။ (ဒီ-၂-၉၃။)

၇။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ လောဟိတကာနိ လောဟိတကဝဏ္ဏာနိ လောဟိတက-နိဒဿနာနိ လောဟိတကနိဘာသာနိ။ သေယျထာပိ နာမ ဗန္ဓုဇီဝကပုပ္ဖံ လောဟိတကံ လောဟိတကဝဏ္ဏံ လောဟိတကနိဒဿနံ လောဟိတကနိဘာသံ။ သေယျထာပိ ဝါ ပန တံ ဝတ္ထံ ဗာရာဏသေယျကံ ဥဘတော-ဘာဂဝိမဋ္ဌံ လောဟိတကံ လောဟိတကဝဏ္ဏံ လောဟိတကနိဒဿနံ လောဟိတကနိဘာသံ။ ဧဝမေဝ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ လောဟိတကာနိ လောဟိတကဝဏ္ဏာနိ လောဟိတကနိဒဿနာနိ လောဟိတကနိဘာသာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ သတ္တမံ အဘိဘာယတနံ။ (ဒီ-၂-၉၃။)

၇။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ အတွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော **နီသောအဆင်း နီသောအသွေး နီသောအရောင်**ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၍။ ဥပမာအားဖြင့် နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသည့် မိုးဆွေပန်းကဲ့သို့လည်းကောင်း, နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဘက်ချော အဝတ်ကဲ့သို့လည်းကောင်း — ဤအတူ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော နီသောအဆင်း နီသောအသွေး နီသောအရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၍၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာစျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာ ရှိ၏။ ဤကား သတ္တမ အဘိဘာယတနစျာန်တည်း။ (ဒီ-၂-၉၃။)

၈။ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ဩဒါတာနိ ဩဒါတဝဏ္ဏာနိ ဩဒါတနိဒဿနာနိ ဩဒါတနိဘာသာနိ။ သေယျထာပိ နာမ ဩသဓိတာရကာ ဩဒါတာ ဩဒါတဝဏ္ဏာ ဩဒါတနိဒဿနာ ဩဒါတ-နိဘာသာ။ သေယျထာပိ ဝါ ပန တံ ဝတ္ထံ ဗာရာဏသေယျကံ ဥဘတောဘာဂဝိမဋ္ဌံ ဩဒါတံ ဩဒါတဝဏ္ဏံ ဩဒါတနိဒဿနံ ဩဒါတနိဘာသံ။ ဧဝမေဝ အဇ္ဈတ္တံ အရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ ဩဒါတာနိ ဩဒါတဝဏ္ဏာနိ ဩဒါတနိဒဿနာနိ ဩဒါတနိဘာသာနိ၊ "တာနိ အဘိဘုယျ ဇာနာမိ ပဿာမီ"တိ ဧဝံ သညီ ဟောတိ။ ဣဒံ အဋ္ဌမံ အဘိဘာယတနံ။ ဣမာနိ ခေါ အာနန္ဒ အဋ္ဌ အဘိဘာယတနာနိ။ (ဒီ-၂-၉၃-၉၄။)

၈။ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော **ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်**ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ

ဘာဝနာသညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသည့် သောက်ရှူးကြယ်ကဲ့သို့လည်းကောင်း, ဖြူသောအဆင်း ဖြူသောအ-သွေး ဖြူသောအရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဘက်ချော အဝတ်ကဲ့သို့လည်းကောင်း — ဤအတူ တစ်ဦးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းရုပ်၌ ကသိုဏ်းပရိကမ္မဘာဝနာသညာ မရှိဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော ဖြူသောအဆင်း ဖြူသောအသွေး ဖြူသောအရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာ သညာ အပ္ပနာဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှ ထသောအခါ ထိုကသိုဏ်းရုပ်တို့ကို "ငါသိသည် ငါမြင်သည်"ဟု ဤသို့လည်း အမှတ် သညာရှိ၏။ ဤကား အဋ္ဌမ အဘိဘာယတနဈာန်တည်း။ အာနန္ဒာ . . . ဆန့်ကျင်ဘက် နီဝရဏတရားနှင့် ကသိုဏ်းအာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း အဘိဘာယတနဈာန်တို့သည် ဤရှစ်ပါးတို့ပင်တည်း။ (ဒီ-၂-၉၃-၉၄။)

**အဘိဘာယတနဈာန်** — ဤဈာန်များသည် ဈာန်၏ဆန့်ကျင်ဘက် နီဝရဏတရားတို့ကိုလည်း လွှမ်းမိုး နိုင်၏၊ ကသိုဏ်းပညတ်အာရုံကိုလည်း အလိုရှိသလို နိုင်နိုင်နင်းနင်း ပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်သို့ ဥဂ္ဂဟနိမိတ် မှ ပဋိဘာဂနိမိတ်သို့ ဆိုက်အောင် လွှမ်းမိုးနိုင်၏။ နီဝရဏတရားတို့သည် ဈာန်နှင့် ထိပ်တိုက် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ယင်းနီဝရဏတရားတို့ကို ဤဈာန်တရားတို့က လွှမ်းမိုးနိုင်ခြင်း ဖြစ်၏။ ယောဂါဝစရပုဂ္ဂိုလ်က ဉာဏ်အလွန်ထက်မြက်သောကြောင့် ကသိုဏ်းပညတ်အာရုံကို နိုင်နိုင်နင်းနင်း လွှမ်းမိုးနိုင်ခြင်း ဖြစ်၏။ ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်က အလွန်ဉာဏ်ကြီးမြတ်သူ ဖြစ်သည့်အတွက် အလွယ်တကူနှင့်ပင် ဆန့်ကျင်ဘက် နီဝရဏ တရားတို့ကိုလည်း ပယ်ရှားနိုင် လွှမ်းမိုးနိုင်သည့်ပြင် ဈာန်၏ အာရုံဖြစ်သော အရောင်ကသိုဏ်းတို့ကို ငယ်သော ကြီးသော မဟူ အလွယ်တကူနှင့်ပင် နိုင်နင်းစွာ ရှုမှတ်ပွားများ၍ ရရှိအပ်သော ဈာန်ကို **အဘိဘာယတနဈာန်** ဟူ၍ ခေါ်ဆိုသည်ဟု မှတ်ပါ။ (ဒီ-ဋ္ဌ-၂-၁၅၁။ ဒီ-ဋီ-၂-၁၅၉။)

## အမှတ် (၁) ပုဂ္ဂိုလ်

ထို အဘိဘာယတနဈာန်ကို ရရှိအောင်ကြိုးစားအားထုတ်ရာ၌ အစပျိုး၍ ပွားများအားထုတ်သော ပရိကမ္မ ဘာဝနာအလုပ်မှာ —

၁။ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အရောင်ကသိုဏ်းရုပ်ဟူသော အဇ္ဈတ္တရုပ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာကို အစပျိုး ပွားများသည်လည်း ရှိ၏။

၂။ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော အရောင်ကသိုဏ်းရုပ်ဟူသော ဗဟိဒ္ဓရုပ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာ ကို အစပျိုး ပွားများသည်လည်း ရှိ၏။

၁။ ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တရုပ်၌ **နီလကသိုဏ်း**ပရိကမ်ကို ပြုလုပ်ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် (က) ဆံပင်၌ ဖြစ်စေ, (ခ) သည်းခြေ၌ ဖြစ်စေ, (ဂ) မျက်နက်ဝန်း၌ ဖြစ်စေ **နီလံ နီလံ နီလံ = အညို အညို အညို**ဟု အဖန်ဖန် အထပ်ထပ် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။

၂။ ထိုအဇ္ဈတ္တရုပ်၌ **ပီတကသိုဏ်း**ပရိကမ်ကို ပြုလုပ်ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် (က) အဆီခဲ၌ ဖြစ်စေ, (ခ) အရေ၌ ဖြစ်စေ, (ဂ) လက်ဖမိုး ခြေဖမိုး၌ ဖြစ်စေ, (ဃ) မျက်စိအတွင်း ဝါရွှေသောအရပ်၌ ဖြစ်စေ, (င) ဝါရွှေသော ကျင်ငယ်၌ ဖြစ်စေ **ပီတံ ပီတံ ပီတံ = အဝါ အဝါ အဝါ**ဟု, သို့မဟုတ် **အရွှေ အရွှေ အရွှေ** ဟု အဖန်ဖန် အထပ်ထပ် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။

၃။ ထိုအဇ္ဈတ္တရုပ်၌ **လောဟိတကသိုဏ်း** ပရိကံကို ပြုလုပ်ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် — (က) အသား၌ ဖြစ်စေ, (ခ) အသွေး၌ ဖြစ်စေ, (ဂ) လျှာ၌ ဖြစ်စေ, (ဃ) မျက်စိအတွင်း နီမြန်းရာအရပ်၌ ဖြစ်စေ **လောဟိတံ လောဟိတံ လောဟိတံ = အနီ အနီ အနီ**ဟု အဖန်ဖန် အထပ်ထပ် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။

၄။ ထိုအဇ္ဈတ္တရုပ်၌ **ဩဒါတကသိုဏ်း**ပရိကံကို ပြုလုပ်ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် (က) အရိုး၌ ဖြစ်စေ, (ခ) သွား၌ ဖြစ်စေ, (ဂ) လက်သည်း ခြေသည်း၌ ဖြစ်စေ, (ဃ) မျက်ဖြူ၌ ဖြစ်စေ **ဩဒါတံ ဩဒါတံ ဩဒါတံ = အဖြူ အဖြူ အဖြူ**ဟု အဖန်ဖန် အထပ်ထပ် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့အား ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာသာ ပြည့်စုံနိုင်သည်၊ အပ္ပနာဘာဝနာကား မပြည့်စုံနိုင်။ ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာကို ပြုလုပ်ပွားများ၍ ရရှိအပ်သော ကသိုဏ်းနိမိတ်အာရုံသည် ပဋိဘာဂနိမိတ်အာရုံ ဖြစ်နိုင်လောက်အောင် မစင်ကြယ်နိုင်၊ ထိုကြောင့် ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ပရိကမ္မသမာဓိ အားရှိလာသောအခါ ပဋိဘာဂနိမိတ်အာရုံကို ရရှိရန် အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော အရောင်ကသိုဏ်းရုပ်တို့ကို ပြောင်း၍ တစ်ဖန် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရပြန်သည်။ ထိုသို့ အားထုတ်သောအခါ အစဉ်အတိုင်း ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်အာရုံကို ရရှိ၍ ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိသုံးမျိုးသို့ အစဉ်အတိုင်း ဆိုက်ရောက်ကာ အပ္ပနာစျာန်တရားကို ရရှိနိုင်လေသည်။ ဤကား အဇ္ဈတ္တ၌ ကသိုဏ်းပရိကံကို စတင်ပြည်တည်၍ ဗဟိဒ္ဓအရောင်ကသိုဏ်းရုပ်တို့ကိုလည်း အပ္ပနာစျာန်ကို ရရှိရန် ပြောင်း၍ ရှုသော အမှတ် (၁) ပုဂ္ဂိုလ်မျိုးတည်း။ [ဤပုဂ္ဂိုလ်မျိုးကား အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ်တို့၌ မထင်ရှားသောကြောင့် အပ္ပနာစျာန်ကို မရရှိနိုင်သော ပုဂ္ဂိုလ်မျိုးတည်း။ အဇ္ဈတ္တကောဋ္ဌာသများက ထင်ရှားသဖြင့် အဇ္ဈတ္တကသိုဏ်းရုပ်တို့ ထင်ရှားသော ပုဂ္ဂိုလ်တို့အတွက် ဝိမောက္ခစျာန်များကိုလည်း ဆက်လက်၍ ဟောကြားထားတော်မူပေသည်။ စာမျက်နှာ - ၅၇၁-စသည်၌ ကြည့်ပါ။]

ဤ၌ ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိသုံးမျိုးကို ဖြစ်စေတတ်သော ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဘာဝနာသုံးမျိုးတို့၏ ကသိုဏ်းအာရုံနိမိတ်သည် သည်းခြေကဲ့သို့ ငယ်သည်လည်း ရှိ၏၊ ဦးခေါင်းရိုး ဦးခေါင်းခွံကဲ့သို့ ကြီးသည်လည်း ရှိ၏။ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဉာဏ်အလွန်ထက်မြက်သော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ထိုကသိုဏ်းနိမိတ်ကို တိုးပွား-အောင် မပြုလုပ်တော့ဘဲ (သည်းခြေကဲ့သို့) ငယ်သော ကသိုဏ်းအာရုံနိမိတ်ဖြစ်လျှင် – ပါစကတေဇောဓာတ် ဝမ်းမီး ထက်မြက်ကောင်းမွန်သော သူသည် တစ်ယောက်ချိမျှသော အစာထမင်းကို ရရှိလတ်သော် "ဤထမင်း၌ စားဖွယ်ရာ အဘယ်လောက်များရှိ၍နည်း"ဟု နှလုံးပိုက်၍ ရှိသမျှအစာထမင်းကို စုရုံးပြီးလျှင် တစ်လုတ်စာမျှသာ ပြု၍ အလျှင်အမြန် စားသောက်လေသကဲ့သို့ -ဤအတူပင် ဉာဏ်အမြင်သန့်ရှင်းသူ ဖြစ်ရကား "ဤအနည်းငယ်မျှသော ကသိုဏ်းအာရုံ၌ ခဲခဲယဉ်းယဉ်း နှလုံးသွင်းဝင်စားဖွယ်ရာ အဘယ်မှာလျှင် ရှိနိုင်အံ့နည်း၊ ဤအာရုံ၌ အပ္ပနာစျာန်ကို ရရှိဖို့ရန်အလုပ်သည် ငါ့အဖို့ရာ ဝန်လေးသော အလုပ်မဟုတ်"ဟု နှလုံးပိုက်၍ ထိုအဆင်းရုပ် = သေးငယ်သော ကသိုဏ်းအာရုံနိမိတ်တို့ကို လွှမ်းမိုး၍ ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို အလွယ်တကူနှင့်ပင် ရရှိကာ ဥပစာရသမာဓိ = ဥပစာရစျာန်ကို ရရှိပြီးလျှင် ထိုဥပစာရစျာန်၏ အခြားမဲ့မှာပင်လျှင် အပ္ပနာစျာန်ကို ဖြစ်စေနိုင်လေသည်၊ အပ္ပနာစျာန်ကို ဝင်စားနိုင်လေသည်။ ထိုသို့ ရရှိသော စျာန်ကို ဆန့်ကျင်ဘက် နီဝရဏတရားနှင့် အရောင်ကသိုဏ်းအာရုံတို့ကို အလွယ်တကူနှင့် လွှမ်းမိုးနိုင်နင်းလျက် ဖြစ်ပွားလာသောကြောင့် အဘိဘာယ-တနစျာန်ဟူ၍ ခေါ်ဆိုအပ်လေသည်။ (ဒီ-ဋ္ဌ-၂-၁၅၁-၁၅၂။)

# အမှတ် (၂) ပုဂ္ဂိုလ်မှ အမှတ် (၈) ပုဂ္ဂိုလ်

တစ်ဖန် ထိုဉာဏ်အလွန်ထက်မြက်သော (၂) အမှတ်ပြ ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ကြီးမားကျယ်ပြန့်သော ကသိုဏ်းအာရုံနိမိတ်ဖြစ်လျှင် – ပါစကတေဇောဓာတ် ဝမ်းမီး အလွန်ထက်မြက် ကောင်းမွန်၍ အစားကြီးသော ယောက်ျားသည် ခူးပြီးပြင်ပြီးသော ထမင်းပွဲကြီး တစ်ပွဲကို ရရှိလတ်သော် "အခြားထမင်း တစ်ပွဲပင် ရှိလင့်ဦးတော့၊ ငါ့အဖို့ရာ ထိုထမင်းပွဲသည် အဘယ်မူစအံ့နည်း = အရေးလုပ်ဖွယ်ရာမလို ကုန်အောင် စားနိုင်သည်သာ"ဟု နှလုံးပိုက်ကာ ထိုထမင်းကို ကြီးကျယ်များပြားသော အနေဖြင့် မရေတွက်ဘဲ အလွယ်တကူနှင့်ပင် ကုန်စင်အောင် စားသုံးပစ်လိုက်သကဲ့သို့ – ဤအတူပင် မိမိက ဉာဏ်အမြင်သန့်ရှင်းသူ ဖြစ်ရကား "ဤကြီးမားကျယ်ပြန့်သော ကသိုဏ်းအာရုံ၌ ခဲခဲယဉ်းယဉ်း နှလုံးသွင်းဝင်စားဖွယ်ရာ အဘယ်မှာ ရှိအံ့နည်း၊ ဤကသိုဏ်းအာရုံသည် ငါ့အဖိုရာ နှလုံးမသွင်းနိုင်လောက်အောင် မဝင်စားနိုင်လောက်အောင် ကြီးကျယ်သော အာရုံမဟုတ်၊ ဤကသိုဏ်းအာရုံ၌ သမာဓိရအောင် ပြုလုပ်ဖို့ရန် ဝန်လေးဖွယ်ရာ အနည်းငယ်မျှ မရှိ"ဟု နှလုံးပိုက်ကာ ထိုကြီးမားကျယ်ပြန့်သော ကသိုဏ်းအာရုံနိမိတ်တို့ကို လွှမ်းမိုး၍ ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို အလွယ်တကူနှင့်ပင် ရရှိကာ ဥပစာရသမာဓိ = ဥပစာရစျာန်ကို ရရှိလေသည်၊ ဥပစာရစျာန်ကို ရရှိပြီးသည်၏ အခြားမဲ့မှာပင်လျှင် အပ္ပနာသမာဓိ = အပ္ပနာစျာန်ကို ဖြစ်စေနိုင်လေသည်။ ထိုသို့ ရရှိသော စျာန်ကို ဆန့်ကျင်ဘက် နီဝရဏတရားနှင့် ကသိုဏ်းအာရုံတို့ကို လွှမ်းမိုးနိုင်နင်းလျက် ဖြစ်ပွားလာသောကြောင့် အဘိဘာယတနစျာန်ဟူ၍ ခေါ်ဆိုအပ်လေသည်။ (ဒီ-ဋ္ဌ-၂-၁၅၂။)

ဤအဘိဘာယတနစျာန် (၈)ပါးတို့အနက် (၁)အမှတ်ပြ အဘိဘာယတနစျာန်မှာ ရှေးဦးစွာ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အရောင်ကသိုဏ်းရုပ်၌ အညို အညို စသည်ဖြင့် ပရိကမ္မဘာဝနာလုပ်ငန်းရပ်ကို ပြုစုပျိုးထောင်ပြီးနောက်မှ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသည့် ကောင်းသောအဆင်း ရှိသော သေးငယ်သော ကသိုဏ်းရုပ်၌ သို့မဟုတ် မကောင်းသောအဆင်း ရှိသော သေးငယ်သော ကသိုဏ်းရုပ်၌ ပဋိဘာဂနိမိတ်အာရုံကို ရရှိကာ အလွယ်တကူ လျင်မြန်စွာ ဥပစာရသမာဓိစျာန် အပ္ပနာသမာဓိစျာန်သို့ တိုင်အောင် ပေါက်ရောက်ရရှိသော စျာန်ဖြစ်သည်။ ဤစျာန်၌ ကသိုဏ်းနိမိတ်အာရုံကို တိုးပွားအောင် ဖြန့်ကြက်မှု မရှိပေ။ ထိုကြောင့် ကသိုဏ်းဝန်းမှာ သေးငယ်နေခြင်း ဖြစ်၏။

(၂)အမှတ်ပြ အဘိဘာယတနစျာန်မှာ ထို့အတူ အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ်၌ ပရိကမ္မဘာဝနာ လုပ်ငန်းရပ်ကို ပြုစုပျိုးထောင်ပြီးနောက် အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသည့် ကောင်းသောအဆင်း ရှိသော ကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်၌ သို့မဟုတ် မကောင်းသောအဆင်း ရှိသော ကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ်၌ ပဋိဘာဂနိမိတ်အာရုံကို ရရှိသဖြင့် ဥပစာရသမာဓိ အပ္ပနာသမာဓိသို့ တိုင်အောင် ပေါက်ရောက် ရရှိသော စျာန်ဖြစ်သည်။ ဤ၌ ကသိုဏ်းဝန်းအာရုံကို အရပ်ဆယ်မျက်နှာ၌ အလိုရှိသလောက် တိုးပွားအောင် ပြုလုပ်ထားသဖြင့် ကသိုဏ်းဝန်းမှာ ကြီးမားကျယ်ပြန့်သွားခြင်း ဖြစ်၏။ စွမ်းနိုင်ပါက အနန္တစကြဝဠာသို့တိုင်အောင် ကသိုဏ်းဝန်းကို ဖြန့်ကြက်နိုင်၏။

(၃)အမှတ်ပြ အဘိဘာယတနစျာန်မှာ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အရောင်ကသိုဏ်းရုပ်၌ ပရိကမ္မဘာဝနာကို မထူထောင်တော့ဘဲ အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသည့် ကောင်းသောအဆင်း ရှိသော သေးငယ်သော အရောင်ကသိုဏ်းရုပ်၌ သို့မဟုတ် မကောင်းသောအဆင်း ရှိသော သေးငယ်သော အရောင်ကသိုဏ်းရုပ်၌ ပရိကမ္မနိမိတ်အာရုံ, ဥဂ္ဂဟနိမိတ်အာရုံ, ပဋိဘာဂနိမိတ်အာရုံဟူသော ဤအာရုံသုံးမျိုးကို အစဉ်အတိုင်းရရှိကာ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဤဘာဝနာ

သုံးမျိုးတို့ကို အစဉ်အတိုင်း အလွယ်တကူ ပွားများပေါက်ရောက်ကာ ရရှိအပ်သော စျာန်ဖြစ်သည်။ ဤစျာန်၌ ကသိုဏ်းဝန်းကို ဖြန့်ကြက်မှု မရှိသဖြင့် တိုးပွားအောင် မပြုလုပ်သဖြင့် ကသိုဏ်းဝန်းမှာ သေးငယ်နေခြင်း ဖြစ်၏။

(၄)အမှတ်ပြ အဘိဘာယတနစျာန်မှာ (၃)အမှတ်ပြ အဘိဘာယတနစျာန်နှင့် အလားတူပင် ကြီးမား ကျယ်ပြန့်သော ဗဟိဒ္ဓ အရောင်ကသိုဏ်းရုပ်၌ ပေါက်ရောက်ရရှိအပ်သော စျာန်ဖြစ်သည်။ ဤ၌ ကသိုဏ်းဝန်းကို အလိုရှိသလောက် ဝန်းကျင်ပတ်ချာ ခပ်သိမ်းသော အရပ်ဆယ်မျက်နှာသို့တိုင်အောင် ဖြန့်ကြက်ထားသဖြင့် ကသိုဏ်းဝန်းမှာ ကြီးမားကျယ်ပြန့်နေခြင်း ဖြစ်၏။

(၅-၆-၇-၈)အမှတ်ပြ အဘိဘာယတနစျာန် လေးပါးတို့မှာ အလွန် သန့်ရှင်းစင်ကြယ်သော အရောင် အဆင်းရှိသည့် အပြင်အပ ဗဟိဒ္ဓ၌ တည်ရှိသော —

၁။ နီလ = အညို,
၂။ ပီတ = အဝါ = အရွှေ,
၃။ လောဟိတ = အနီ,
၄။ ဩဒါတ = အဖြူ —

ဤကသိုဏ်းရုပ် အာရုံလေးမျိုးတို့၌ အလွယ်တကူ ရရှိအပ်သော —

၁။ နီလကသိုဏ်းလျှင် အာရုံရှိသောစျာန်,
၂။ ပီတကသိုဏ်းလျှင် အာရုံရှိသောစျာန်,
၃။ လောဟိတကသိုဏ်းလျှင် အာရုံရှိသောစျာန်,
၄။ ဩဒါတကသိုဏ်းလျှင် အာရုံရှိသောစျာန် —

ဤစျာန်လေးမျိုးတို့ ဖြစ်လေသည်။ ဤသို့ အစဉ်အတိုင်း မှတ်ယူလေ။

## စရိုက်နှင့် လျော်စွာ ဟောကြားတော်မူပုံ

ထိုအဘိဘာယတနစျာန် (၈)မျိုးတို့တွင် ရှေးစျာန် (၄)ပါးတို့၌ —

၁။ ဝိတက်စရိုက် ထူပြောများပြားသော ယောဂါဝစရပုဂ္ဂိုလ်အတွက် ငယ်သော ကသိုဏ်းရုပ်စျာန်သည် လာရှိ၏။
၂။ မောဟစရိုက် ထူပြောများပြားသော ယောဂါဝစရပုဂ္ဂိုလ်အတွက် ကြီးမားကျယ်ပြန့်သော ကသိုဏ်းရုပ် စျာန်သည် လာရှိ၏။
၃။ ဒေါသစရိုက် ထူပြောများပြားသော ယောဂါဝစရပုဂ္ဂိုလ်အတွက် ကောင်းသော အဆင်းရှိသည့် ကသိုဏ်း ရုပ်စျာန်သည် လာရှိ၏။
၄။ ရာဂစရိုက် ထူပြောများပြားသော ယောဂါဝစရပုဂ္ဂိုလ်အတွက် မကောင်းသော အဆင်းရှိသည့် ကသိုဏ်း ရုပ်စျာန်သည် လာရှိ၏။

မှန်ပေသည် ထိုပုဂ္ဂိုလ်လေးမျိုးတို့အား ထိုကသိုဏ်းရုပ် လေးမျိုးတို့သည် အစဉ်အတိုင်း သပ္ပါယ ဖြစ်ကြ ကုန်၏။

[**မှတ်ချက်** — ဤ (၃၂)ကောဋ္ဌာသနှင့် ဆက်သွယ်နေသော ဤအဘိဘာယတနစျာန် အကြောင်းအရာ များကို သုတ်မဟာဝါအဋ္ဌကထာ **အဘိဘာယတနဝဏ္ဏနာ** (ဒီ-ဋ္ဌ-၂-၁၅၁-၁၅၂-၁၅၃။) မဟာဝဂ္ဂဋီကာ (ဒီ-ဋီ-၂-၁၅၉-၁၆၂။) အင်္ဂုတ္တရအဋ္ဌကထာ (အံ-ဋ္ဌ-၃-၂၄၃-၂၄၄-၂၄၅။) အဘိဓမ္မာ အဋ္ဌသာလိနီအဋ္ဌကထာ

(အဘိ-ဋ္ဌ-၁-၂၃၃-၂၃၄။) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော မင်းကွန်းဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် ပဥ္စမတွဲ စာမျက်နှာ (၃၄၆-၃၅၄။) — ဤအရပ်ရပ်သော ကျမ်းဂန် အဆိုအမိန့်တို့ကို မှီငြမ်းပြု၍ လိုရင်းကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

## အဇ္ဈတ္တံ ရူပသညီ – ဟု ဟောတော်မူခြင်း

မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူဟူသော အရောင်ကသိုဏ်းရုပ်တို့၌ ပရိကမ္မဘာဝနာသညာသာ ရရှိနိုင်၍ အဘယ်ကြောင့် ဥပစာရဘာဝနာသညာ အပ္ပနာဘာဝနာသညာများကို မရရှိနိုင်ပါသနည်းဟူမူ – အဖြေကို အဋ္ဌသာလိနီအဋ္ဌကထာနှင့် မူလဋီကာတို့၌ ဤသို့ ဖွင့်ဆိုထား၏။

အဇ္ဈတ္တရူပါနံ အနဘိဘဝနီယတော။ (အဘိ-ဋ္ဌ-၁-၂၃၄။)

အဇ္ဈတ္တရူပါနံ အနဘိဘဝနီယတာ စ ဗဟိဒ္ဓါရူပါနံ ဝိယ အဝိဘူတတ္တာ။ (မူလဋီ-၁-၁၀၆။)

အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား အဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အညို အဝါ အနီ အဖြူ ဟူသော အရောင်ကသိုဏ်းရုပ်တို့ကား ဗဟိဒ္ဓ၌ တည်ရှိသော အရောင်ကသိုဏ်းရုပ်တို့ကဲ့သို့ မထင်ရှားပေ။ ထိုသို့ အဇ္ဈတ္တအရောင်ကသိုဏ်းရုပ်တို့၏ ဗဟိဒ္ဓအရောင်ကသိုဏ်းရုပ်တို့ကဲ့သို့ မထင်ရှားခြင်းကြောင့် အဇ္ဈတ္တအရောင်ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ်သို့ ဆိုက်အောင် နိုင်နိုင်နင်းနင်း ရှုပွား၍ မရနိုင်ဖြစ်နေ၏၊ ထိုအဇ္ဈတ္တအရောင်ကသိုဏ်းရုပ်တို့ကို ဘာဝနာစိတ်က နိုင်နိုင်နင်းနင်း မလွှမ်းမိုးနိုင်သောကြောင့် ပဋိဘာဂနိမိတ်သို့ မဆိုက်ရောက်နိုင်ရကား ဆန့်ကျင်ဘက် နီဝရဏတရားတို့ကိုလည်း မလွှမ်းမိုးနိုင်ဖြစ်နေ၏။ ထိုသို့ အဇ္ဈတ္တအရောင်ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ်သို့ ဆိုက်အောင် ဘာဝနာစိတ်က မလွှမ်းမိုးနိုင်ခြင်း, ဆန့်ကျင်ဘက် နီဝရဏတရားတို့ကိုလည်း မလွှမ်းမိုးနိုင်ခြင်းကြောင့် အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ်တို့ကို နှလုံးသွင်းရှုပွားခြင်းဖြင့် ဥပစာရသမာဓိ အပ္ပနာသမာဓိကို မရရှိခြင်း ဖြစ်သည်။

ထိုသို့ ပရိကမ္မဘာဝနာသညာမျှသာ ရရှိနိုင်ပြီးလျှင် ဥပစာရဘာဝနာသညာ အပ္ပနာဘာဝနာသညာကို မရရှိနိုင်သော် အဘယ်ကြောင့် ဘုရားရှင်သည် – အဇ္ဈတ္တံ ရူပသညီ ဧကော ဗဟိဒ္ဓါ ရူပါနိ ပဿတိ - စသည်ဖြင့် မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသတို့၏ အရောင်ကသိုဏ်းရုပ်တို့ကိုလည်း ရှုရန် ဟောကြားတော်မူရသနည်းဟူမူ — အဋ္ဌသာလိနီအဋ္ဌကထာနှင့် အနုဋီကာတို့၌ ဤသို့ အကြောင်းပြထား၏၊

"အဇ္ဈတ္တံ အရူပသညီ"တိ ဣဒံ ပန သတ္ထု ဒေသနာဝိလာသမတ္တမေဝ။ (အဘိ-ဋ္ဌ-၁-၂၃၄။)

ဒေသနာဝိလာသော ဟိ နာမ ဝိနေယျဇ္ဈာသယာနုရူပံ ဝိဇ္ဇမာနသေဝ ပရိယာယဿ ဝိဘာဝနံ န ယဿ ကဿစီတိ။ (အနုဋီ-၁-၁၁၄။)

ဓမ္မသင်္ဂဏီပါဠိတော် အဘိဘာယတနစျာန်ခန်း (အဘိ-၁-၅၅။) ၌ အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ် ရှုကွက်တို့ကို အပ္ပနာစျာန်ကို မရရှိနိုင်သော ပုဂ္ဂိုလ်တို့အတွက် မဟောဘဲ ဗဟိဒ္ဓ အရောင်ကသိုဏ်းရုပ် ရှုကွက်ကိုသာလျှင် ဘုရားရှင်သည် ဟောကြားထားတော်မူ၏။ ထိုသို့ အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ် ရှုကွက်ကို မဟောပါဘဲ လျက် အဇ္ဈတ္တံ အရူပသညီ -ဟု ထည့်၍ ဟောခြင်းမှာ တရားနာပရိသတ် ဖြစ်ကြကုန်သော နတ်ဗြဟ္မာဝေနေယျတို့၏ အတွင်းသဘော အလိုဆန္ဒ = အဇ္ဈာသယဓာတ်အားလျော်စွာ ဒေသနာတော်ကို တင့်တယ်စေလို၍ ဟောတော်မူသည်ဟု အကြောင်းပြထား၏။ အလားတူပင် ဤ မဟာပရိနိဗ္ဗာနသုတ္တန်၌ လာရှိသော အဘိဘာယတနကထာ၌လည်း အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ်တို့၌ အပ္ပနာစျာန်ကို အားထုတ်သော်လည်း မရရှိနိုင်သောပုဂ္ဂိုလ်

သို့မဟုတ် အားထုတ်လိုသော ဆန္ဒဓာတ် မရှိသော ယောဂါဝစရပုဂ္ဂိုလ်တို့ ရှိသော်လည်း တရားနာပရိသတ် ဝေနေယျတို့၏ အဇ္ဈာသယ အားလျော်စွာ အဇ္ဈတ္တ အရောင်ကသိုဏ်းရုပ်တို့၌ ပရိကမ္မဘာဝနာသညာ ရရှိနိုင်ပုံကို သိစေလို၍ ဟောကြားတော်မူသည်ဟုပင် ယူဆသင့်ပေသည်။ (ဒီ-ဋ္ဌ-၂-၁၆၁-၁၆၂ - ကြည့်ပါ။)

သို့သော် အဇ္ဈတ္တကောဋ္ဌာသတို့၌ ဝဏ္ဏကသိုဏ်းဘာဝနာကို စီးဖြန်းရာ၌ ပရိကမ္မဘာဝနာသာ ရရှိနိုင်သော ဥပစာရဘာဝနာ အပ္ပနာဘာဝနာတို့ကို မရရှိနိုင်သော ယောဂါဝစရပုဂ္ဂိုလ်, အားထုတ်လိုသော ဆန္ဒ မရှိသော ယောဂါဝစရပုဂ္ဂိုလ် ရှိသကဲ့သို့ အဇ္ဈတ္တ ဗဟိဒ္ဓ ကောဋ္ဌာသနှစ်မျိုးလုံး၌ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာ ဘာဝနာ သုံးမျိုးလုံး ရနိုင်သော ယောဂါဝစရပုဂ္ဂိုလ်, အားထုတ်လိုသော ဆန္ဒရှိသော ယောဂါဝစရပုဂ္ဂိုလ်တို့လည်း ရှိကြောင်းကို ဝိမောက္ခကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပေသည်။

ဘုရားရှင်သည် **ဝိမောက္ခ**တရား (၈)ပါးကိုလည်း ဟောကြားတော်မူခဲ့၏။ ယင်း ဝိမောက္ခတရား (၈)ပါး တို့တွင် ပထမဝိမောက္ခတရားနှင့် ဒုတိယဝိမောက္ခတရားတို့မှာ ဤသို့ ဖြစ်၏။

၁။ ရူပီ ရူပါနိ ပဿတိ၊ အယံ ပဌမော ဝိမောက္ခော။

၂။ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ၊ အယံ ဒုတိယော ဝိမောက္ခော။ (အံ-၃-၁၂၆။)

**ရူပီ ရူပါနိ ပဿတီ**တိ ဧတ္ထ အဇ္ဈတ္တံ ကေသာဒီသု နီလကသိဏာဒိဝသေန ဥပ္ပါဒိတံ ရူပဇ္ဈာနံ ရူပံ၊ တဒဿတ္ထီတိ ရူပီ။ ဗဟိဒ္ဓါပိ နီလကသိဏာဒီနိ ရူပါနိ ဈာနစက္ခုနာ ပဿတိ။ ဣမိနာ အဇ္ဈတ္တဗဟိဒ္ဓဝတ္ထုကေသု ကသိဏေသု ဥပ္ပါဒိတဇ္ဈာနဿ ပုဂ္ဂလဿ စတ္တာရိ ရူပါဝစရဇ္ဈာနာနိ ဒဿိတာနိ။ **အဇ္ဈတ္တံ အရူပသညီ**တိ အဇ္ဈတ္တံ န ရူပသညီ၊ အတ္တနော ကေသာဒီသု အနုပ္ပါဒိတရူပါဝစရဇ္ဈာနောတိ အတ္ထော။ ဣမိနာ ဗဟိဒ္ဓါ ပရိကမ္မံ ကတွာ ဗဟိဒ္ဓါဝ ဥပ္ပါဒိတဇ္ဈာနဿ ရူပါဝစရဇ္ဈာနာနိ ဒဿိတာနိ။ (အံ-ဋ္ဌ-၃-၂၄၅။)

**ရူပီ**တိ ယေနာယံ သသန္တတိပရိယာပန္နေန ရူပေန သမန္နာဂတော၊ တံ ယဿ ဈာနဿ ဟေတုဘာဝေန ဝိသိဋ္ဌရူပံ ဟောတိ၊ ယေန ဝိသိဋ္ဌေန ရူပေန "ရူပီ"တိ ဝုစ္စေယျ ရူပီသဒ္ဒဿ အတိသယတ္ထဒီပနတော၊ တဒေဝ သသန္တတိပရိယာပန္နရူပဿ ဝသေန ပဋိလဒ္ဓဇ္ဈာနံ ဣဓ ပရမတ္ထတော ရူပီဘာဝသာဓကန္တိ ဒဋ္ဌဗ္ဗံ။ တေနာဟ အဇ္ဈတ္တန္တိအာဒိ။ **ရူပဇ္ဈာနံ ရူပံ** ဥတ္တရပဒလောပေန။ **ရူပါနီ**တိ ပနေတ္ထ ပုရိမပဒလောပေါ ဒဋ္ဌဗ္ဗော။ တေန ဝုတ္တံ **"နီလကသိဏာဒီနိ ရူပါနီ"**တိ။ ရူပေ ကသိဏရူပေ သညာ ရူပသညာ။ သာဿ အတ္ထီတိ ရူပသညီ၊ သညာသီသေန ဈာနံ ဝဒတိ။ တပ္ပဋိပက္ခေန **အရူပသညီ**။ တေနာဟ **"အဇ္ဈတ္တံ န ရူပသညီ"**တိအာဒိ။ (အံ-ဋီ-၃-၂၄၉။)

အထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏။

၁။ မိမိ အဇ္ဈတ္တသန္တာန်၌ ကသိုဏ်းရုပ်ဈာန် ရှိသည်ဖြစ်၍ အပြင်ဗဟိဒ္ဓသန္တာန်၌လည်း ကသိုဏ်းရုပ်ဈာန်တို့ကို ရှု၏။ ဤကား ပထမ လွတ်မြောက်မှု **ဝိမောက္ခ** ပေတည်း။

၂။ မိမိ အဇ္ဈတ္တသန္တာန်၌ ကသိုဏ်းရုပ်ဈာန်ကို မရှုမူ၍ အပြင်ဗဟိဒ္ဓသန္တာန်၌ ကသိုဏ်းရုပ်ဈာန်တို့ကို ရှု၏။ ဤကား ဒုတိယ လွတ်မြောက်မှု **ဝိမောက္ခ** ပေတည်း။ (အံ-၃-၁၂၆။)

ဤတွင် အဋ္ဌကထာက အဇ္ဈတ္တ (၃၂)ကောဋ္ဌာသတို့တွင် ဆံပင်စသော ကောဋ္ဌာသတို့၌ နီလကသိုဏ်း စသည်တို့၏အစွမ်းဖြင့် ဖြစ်စေအပ်သော ရူပါဝစရဈာန်ရှိသောပုဂ္ဂိုလ်ကို **ရူပီ = ကသိုဏ်းရုပ်ဈာန်ရှိသော ပုဂ္ဂိုလ်** ဟု ဖွင့်ဆိုထား၏။ အဇ္ဈတ္တ ကောဋ္ဌာသတို့၌ ရူပါဝစရ ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိပြီးသော ယောဂါဝစရပုဂ္ဂိုလ် သည် ဗဟိဒ္ဓ ကသိုဏ်းရုပ်တို့ကိုလည်း ဈာန်စက္ခုဖြင့် ရှုပြန်၏ = ဗဟိဒ္ဓ ကောဋ္ဌာသတို့၌လည်း ကသိုဏ်းရုပ်ဈာန် တို့ကို ရရှိအောင် ကြိုးစားအားထုတ်၏။ အဇ္ဈတ္တ ဗဟိဒ္ဓ ကောဋ္ဌာသ နှစ်မျိုးလုံး၌ ရူပါဝစရဈာန်တို့ကို ရရှိအောင် ကြိုးစားအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တည်း၊ ပထမဝိမောက္ခတရားနှင့် ပြည့်စုံသူတည်း။

ဒုတိယပုဂ္ဂိုလ်ကား အဇ္ဈတ္တ ကောဋ္ဌာသတို့၌ ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိအောင် မကြိုးစားတော့ဘဲ ဗဟိဒ္ဓ ကောဋ္ဌာသတို့၌သာလျှင် ကသိုဏ်းရုပ်ဈာန်တို့ကို ရရှိအောင် ကြိုးစားအားထုတ်၏။ ဒုတိယဝိမောက္ခတရားနှင့် ပြည့်စုံသူတည်း။ (အံ-၄-၃-၂၄၅။ အံ-ဋ္ဌ-၃-၂၄၉။ အဘိ-၄-၁-၂၃၅-၌လည်း ကြည့်ပါ။)

## **ဩဒါတကသိုဏ်း**

(၃၂)ကောဋ္ဌာသကို အခြေခံ၍ **အဘိဘာယတနဈာန်** များကို ပွားများအားထုတ်လိုပါက စတုတ္ထဈာန် သမာဓိသို့တိုင်အောင် ဆိုက်ရောက်နိုင်ကြောင်းကိုလည်းကောင်း, ထိုမှတစ်ဆင့် နေဝသညာနာသညာယတန ဈာန်သို့တိုင်အောင် ဆိုက်ရောက်နိုင်ကြောင်းကိုလည်းကောင်း ပါဠိတော် အဋ္ဌကထာ ဋီကာ အဆိုအမိန့်များနှင့် အညီ ရှင်းလင်းတင်ပြပြီးလေပြီ။ ယခုအခါ၌ ဩဒါတကသိုဏ်းမှ စ၍ ဝဏ္ဏကသိုဏ်း လေးမျိုးကို ပွားများအား-ထုတ်ပုံ အစီအရင်ကို ရေးသားတင်ပြပေအံ့။

၁။ အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို တစ်ဖန်ပြန်၍ ထူ-ထောင်ပါ။ အကယ်၍ အသင်သူတော်ကောင်းသည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဓာတ်ကြီး လေးပါးကို အာရုံယူ၍ ဓာတုမနသိကာရလမ်းမှ ဥပစာရသမာဓိသို့ ဆိုက်အောင် သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။

၂။ ထိုသမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ဝန်းကျင်ပတ်ချာ အရပ်ဆယ်မျက်နှာ၌ အရောင်အလင်းများသည် တဖျပ်ဖျပ် တောက်ပလာသောအခါ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော (၃၂)ကောဋ္ဌာသနှင့် အပြင်အပ ဗဟိဒ္ဓဖြစ်သော မိမိ၏ ရှေ့တည့်တည့်တွင် ထိုင်နေသော ယောဂါဝစရပုဂ္ဂိုလ် တစ်ဦး၏ (၃၂) ကောဋ္ဌာသတို့ကို ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ တစ်ခေါက် နှစ်ခေါက်လောက် ရှုပါ။

၃။ ထိုရှေ့တည့်တည့်တွင် တည်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ (၃၂)ကောဋ္ဌာသတို့တွင် အရိုးစုကောဋ္ဌာသကို အာရုံယူ၍ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ ဥပစာရဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်ပါ။ (အခက်အခဲရှိပါက အဇ္ဈတ္တ အရိုးစုကောဋ္ဌာသက စ၍ ပထမဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်၍ ထိုနောင် ဗဟိဒ္ဓအရိုးစု၌ ဥပစာရသမာဓိသို့ဆိုက်အောင် သမာဓိကို ထူထောင်ပါ။ ဗဟိဒ္ဓအရိုးစုကို ရှုရာ၌ ရှေ့တည့်တည့်တွင် တရားထိုင်နေသော ယောဂါဝစရပုဂ္ဂိုလ် မရှိပါက လွယ်ကူရာ အရိုးစုကို စတင်၍ ရှုနိုင်ပါသည်။)

၄။ ထိုဗဟိဒ္ဓ အရိုးစုကောဋ္ဌာသကို ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောအားဖြင့် ရှုပွားလေရာ ဥပစာရသမာဓိ သို့ ဆိုက်သောအခါ ထိုအရိုးစုကောဋ္ဌာသမှာ ဖြူဖွေး၍ ကြည်လင်တောက်ပလာမည် ဖြစ်သည်၊ ထိုအခါ၌ ထိုအရိုးစုတစ်ခုလုံးကို ခြုံ၍ဖြစ်စေ, အထူးသဖြင့် မိမိကို ကျောခိုင်းထားသော ဦးခေါင်းခွံကိုဖြစ်စေ အာရုံ ယူ၍ ဩဒါတံ ဩဒါတံဟု ဖြစ်စေ, အဖြူ အဖြူ ဟု ဖြစ်စေ ရှုပါ။ (အကယ်၍ အခက်အခဲရှိပါက အဇ္ဈတ္တ အရိုးစု၏ အဖြူဆုံးတစ်နေရာမှစ၍ အဖြူ အဖြူ ဟု ရှုပါ၊ ထိုနောင် ဗဟိဒ္ဓအရိုးစု၏ အဖြူဆုံးတစ်နေရာမှ စ၍ အဖြူ အဖြူ ဟု ရှုပါ။)

ဤနံပါတ် (၁-၂- ၃-၄)အစီအစဉ်များမှာ ဩဒါတကသိုဏ်းကို ရှုလိုသူတိုင်း ပြုလုပ်ရမည့် အစီအစဉ်ဟု မှတ်ပါ။ ဤ အစီအစဉ်မှာ သမာဓိတစ်ခုခုကို အောင်အောင်မြင်မြင် ထူထောင်ပြီးနောက် (၃၂)ကောဋ္ဌာသမှ တစ်ဆင့် ကသိုဏ်းတစ်ခုခုသို့ ကူးလိုသော ယောဂါဝစရပုဂ္ဂိုလ်အတွက်သာ ရည်ညွှန်း၍ ပြောဆိုနေခြင်း ဖြစ်-

သည်ကိုလည်း သတိပြုပါ။ တစ်ဖန် အရိုးစုကောဋ္ဌာသကမ္မဋ္ဌာန်းကို ပဋိကူလမနသိကာရလမ်းမှ အရပ် (၁၀) မျက်နှာသို့ တိုင်အောင် ဥပစာရသမာဓိသို့ဆိုက်အောင် ပွားများထားပြီးသော သူတော်ကောင်းကိုလည်း အထူး ရည်ညွှန်းထားပေသည်။

ထိုဗဟိဒ္ဓအရိုးစု၏ အဖြူဆုံးတစ်နေရာသို့ အထူးသဖြင့် ဦးခေါင်းခွံသို့ စိတ်စိုက်လျက် အဖြူ အဖြူ ဟု ရှုနေပါ။ အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား အဇ္ဈတ္တ၌ ပရိကမ္မဘာဝနာသညာမျှကိုသာ ရရှိနိုင်သဖြင့် ဗဟိဒ္ဓက စ၍ အရှုခိုင်းခြင်း ဖြစ်သည်။ အခက်အခဲရှိမှသာလျှင် အဇ္ဈတ္တကစ၍ ရှုပြီးလျှင် ထိုနောင် ဗဟိဒ္ဓသို့ ပြောင်းရှုပါ။ အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်ပြီးသည်က တစ်ကြောင်း, ဗဟိဒ္ဓအရိုးစု၌ ပဋိကူလမနသိကာရလမ်းမှ ဥပစာရသမာဓိသို့ ဆိုက်အောင် ပွားများထားပြီးသည်ကလည်း တစ်ကြောင်း - ဤအကြောင်းများကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် အရိုးစုကောဋ္ဌာသကို တည်တံ့အောင် မ ပျောက်မပျက်အောင် ဤအချိန်၌ ရှုထားနိုင်ပြီ ဖြစ်၏။ ဤသို့ နိုင်နိုင်နင်းနင်း ရှုပွားထားပြီး ဖြစ်နေသည့်အတွက် ထိုအရိုးစုကောဋ္ဌာသမှာလည်း အလွန်ဖြူဖွေးနေမည် ဖြစ်သည်။ ကြာရှည်စွာ စိုက်၍ အဖြူ အဖြူ ဟု ရှုနေပါ ကလည်း ဖြူဖွေးနေသော ထိုအရိုးစုမှာ သို့မဟုတ် အဖြူရောင် ကသိုဏ်းဝန်းမှာ လျင်လျင်မြန်မြန် ပျောက်ပျက် မသွားဘဲ တာရှည်စွာ အရှုခံနေမည် အစိုက်ခံနေမည် ဖြစ်သည်။

အကယ်၍ ပဋိကူလမနသိကာရလမ်းမှ အဇ္ဈတ္တ အရိုးစုကောဋ္ဌာသ၌ ပထမဈာန်သမာဓိသို့ ဆိုက်သည် တိုင်အောင်, ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၌လည်း ဥပစာရသမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို မထူထောင် တော့ဘဲ ထိုအရိုးစုကောဋ္ဌာသကို အာရုံယူ၍ ဩဒါတကသိုဏ်းသို့ တိုက်ရိုက်ပြောင်းရှုပါက ဉာဏ်ထက်မြက်သူ ဖြစ်လျှင် လွယ်ကူစွာပင် ရရှိမည် ဖြစ်ပါသည်။ သို့သော် အချို့အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၌ အထက်ပါ အတိုင်း အရိုးစုကောဋ္ဌာသ၌ ပဋိကူလမနသိကာရလမ်းမှ သမာဓိကို မထူထောင်တော့ဘဲ အဖြူရောင် ကသိုဏ်း ဘက်သို့ ပြောင်း၍ရှုပါက ကြာကြာအစိုက်မခံဘဲ အရိုးစုအာရုံမှာ ပျောက်ပျောက်သွားတတ်သည်လည်း ရှိပေ သည်။ ထိုသို့ အခက်အခဲ မရှိစေရန် အရိုးစုကောဋ္ဌာသအာရုံ ခိုင်မြဲရန်အတွက် ပဋိကူလမနသိကာရလမ်းမှ အဇ္ဈတ္တ အရိုးစုကောဋ္ဌာသ၌ ပထမဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင်, ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၌ ဥပစာရ သမာဓိသို့ ဆိုက်သည်တိုင်အောင်, ဗဟိဒ္ဓကို ရှုရာ၌ အရပ်ဆယ်မျက်နှာလုံး၌ ကြည့်လိုက်တိုင်း အရိုးစုချည်း ဖြစ်အောင် လေ့ကျင့်ခိုင်းခြင်းပင် ဖြစ်ပေသည်။ နောက်အကြောင်းတစ်ခုမှာကား ဩဒါတကသိုဏ်းသို့ မဆိုက်မီ မကူးမီ စပ်ကြားကာလ၌ ပဋိကူလမနသိကာရကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းတတ်ရန် စီးဖြန်းပြီးလည်းဖြစ်ရန် ရည် ရွယ်၍ အရိုးစုကောဋ္ဌာသ၌ ပဋိကူလမနသိကာရလမ်းမှ အဇ္ဈတ္တ၌ ပထမဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် ဗဟိဒ္ဓ၌လည်း ဥပစာရသမာဓိသို့ ဆိုက်သည်တိုင်အောင် အရှုခိုင်းခြင်းလည်း ဖြစ်ပေသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောပင်တည်း။

ထိုကြောင့် ထိုအရိုးစုအာရုံပေါ်၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်နေသောအခါ ထိုအရိုးစု ကောဋ္ဌာသ၏ အဖြူဆုံးတစ်နေရာကို အထူးသဖြင့် မိမိကို နောက်ခိုင်းလျက် တည်နေသော ဦးခေါင်းခွံကို ရွေးချယ်၍ ထိုနေရာ၌ ဘာဝနာစိတ်ကို စိုက်ထားပြီးလျှင် —

ဩဒါတံ ဩဒါတံ ဩဒါတံ = အဖြူ အဖြူ အဖြူ ဟု ရှုနေပါ။

ထိုအဖြူရောင်အာရုံပေါ်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍တည်နေအောင် ရှုနေပါ။ ဘာဝနာစိတ် သည် အဖြူရောင်အာရုံ၌ တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍တည်နေသောအခါ ယင်းဘာဝနာကို **ပရိကမ္မဘာဝနာ**ဟု ခေါ်ဆို၏၊ ယင်းဘာဝနာသညာကို **ပရိကမ္မဘာဝနာသညာ**ဟုလည်း ခေါ်ဆို၏။ ယင်း

သမာဓိကိုလည်း **ပရိကမ္မ ဘာဝနာသမာဓိ** ဟု ခေါ်ဆိုလေသည်။ ယင်း အဖြူရောင် ကသိုဏ်းနိမိတ်အာရုံကို လည်း **ပရိကမ္မနိမိတ်**ဟု ခေါ်ဆိုလေသည်။ ပရိကမ္မနိမိတ်ကား အရောင်ညိုညစ်မှု အသင့်အတင့်ရှိ၏၊ ဥဂ္ဂဟ နိမိတ်ကား ဆွတ်ဆွတ်ဖြူ၍ ပဋိဘာဂနိမိတ်ကား အလွန် ကြည်လင်တောက်ပ၏။ အကယ်၍ အဖြူရောင် ကသိုဏ်းနိမိတ်အာရုံကို ယခုကဲ့သို့ ဗဟိဒ္ဓက စတင်၍မရှုဘဲ အဇ္ဈတ္တက စ၍ရှုခဲ့သော် အလားတူပင် **ပရိကမ္မ ဘာဝနာသညာ, ပရိကမ္မဘာဝနာသမာဓိ, ပရိကမ္မနိမိတ်**ဟု ခေါ်ဆိုပုံကိုလည်း သဘောပေါက်ပါလေ။

ထိုသို့ရှုရာ၌ ဝိပဿနာပိုင်းတွင် အလေ့အကျက်များခဲ့သဖြင့် အဇ္ဈတ္တ အရိုးကောဋ္ဌာသကိုပင် ဖြစ်စေ, ဗဟိဒ္ဓ အရိုးကောဋ္ဌာသကိုပင် ဖြစ်စေ စိုက်၍ ရှုလိုက်တိုင်း ရုပ်ကလာပ်အမှုန်များ ဖြစ်ဖြစ်သွားတတ်၏။ ထိုအရိုး ကောဋ္ဌာသ၌ အဖြူရောင်ကို အာရုံယူ၍ စိုက်ရှုလိုက်ရာ၌လည်း အလားတူပင် ရုပ်ကလာပ်အမှုန်များ ဖြစ်ဖြစ်သွား တတ်၏။ ထိုအခါ၌ စိတ်ကို အနည်းငယ် လျှော့ချ၍ အဖြူကိုပင် တစ်ဖက်သတ် နှလုံးသွင်းပါ။ ထိုသို့ နှလုံး သွင်း၍မှ မအောင်မြင်လျှင် (၃၂)ကောဋ္ဌာသကို အဇ္ဈတ္တ ဗဟိဒ္ဓ ခပ်သွက်သွက် ပြန်ရှုပါ။ ပညတ်အတုံးအခဲကိုပင် တစ်ဖက်သတ် အာရုံပြုပါ။ အောင်မြင်မှု ရရှိသောအခါမှ ဗဟိဒ္ဓအရိုးစု၏ အဖြူရောင်ကို တစ်ဖန်ပြန်၍ အာရုံ ယူကာ ရှုပွားပါ။ အကယ်၍ ဝိပဿနာသို့ မကူးမီ (၃၂)ကောဋ္ဌာသမှ ဝဏ္ဏကသိုဏ်းသို့ ပြောင်းရှုပါက ရုပ်ကလာပ် များကို တွေ့ရှိနေသည့် ပြဿနာမှာ လျော့ပါးဖွယ်ရာ ရှိပေသည်။

၁။ အဇ္ဈတ္တ အဖြူရောင်ကသိုဏ်း ပရိကမ္မနိမိတ်၌ ပရိကမ္မဘာဝနာလုပ်ငန်းရပ်ဖြင့် ပရိကမ္မဘာဝနာသမာဓိကို ထူထောင်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်းကောင်း,

၂။ အဇ္ဈတ္တ အဖြူရောင်ကသိုဏ်းရုပ်ကို အရှိန်အားကောင်းနေသော ဘာဝနာသမာဓိနှင့် ယှဉ်သော စိတ်ဖြင့် စိုက်ရှုလိုက်သောအခါ ကသိုဏ်းရုပ်မှာ ပြိုပြိုကျကျနေသဖြင့် သို့မဟုတ် ရုပ်ကလာပ်အမှုန်များ ဖြစ်ဖြစ် သွားတတ်သဖြင့် အဖြူရောင်ကသိုဏ်းနိမိတ်၌ ပရိကမ္မဘာဝနာ ပြုစုပျိုးထောင်မှုလုပ်ငန်း မအောင်မြင် ဖြစ်နေသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်းကောင်း,

၃။ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ တည်ရှိသော အရောင်ကသိုဏ်းရုပ်တို့၌ ပရိကမ္မဘာဝနာ လုပ်ငန်းရပ်ကို ပွားများအားထုတ်ခြင်းငှာ အလိုမရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်းကောင်း,

၄။ သို့တည်းမဟုတ် ဗဟိဒ္ဓက ပို၍ရှုကောင်းသဖြင့် ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသမှ စတင်၍ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာတို့ကို ပြုစုပျိုးထောင်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်းကောင်း

မိမိကိုကျောခိုင်းလျက် တည်နေသော မိမိ၏ရှေ့တည့်တည့်တွင် တည်နေသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦး ၏ သို့မဟုတ် ရှု၍လွယ်ကူရာ ပုဂ္ဂိုလ်တစ်ဦး၏ အရိုးစုကောဋ္ဌာသ၏ အဖြူဆုံးတစ်နေရာကို ရွေးချယ်၍ အထူး သဖြင့် ဦးခေါင်းခွံကို ရွေးချယ်၍ ထိုအရိုးကောဋ္ဌာသ၌ ဘာဝနာစိတ်ကို စိုက်ထားပြီးလျှင် အဖြူ အဖြူဟု ရှုနေပါ။

ဤသို့ ဗဟိဒ္ဓ၌ ဩဒါတကသိုဏ်းပရိကံကို စတင်ထူထောင်ရာ၌ ပန်းအဖြူ အဝတ်အဖြူ ကျောက်တုံး အဖြူ ကျောက်ဖျာအဖြူ လပြည့်ဝန်း ငွေလင်ပန်း စသည်တို့၌လည်း အဖြူရောင်ကသိုဏ်းနိမိတ်ကို ယူလိုက ယူနိုင်သည်သာ ဖြစ်ပေသည်။ (ဝိသုဒ္ဓိ-၁-၁၆၈ - ကြည့်ပါ။) ဤ၌ကား ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၏ အဖြူရောင် နိမိတ်ကို အာရုံယူ၍ ရှုပွားပုံကို ပုံစံအဖြစ် ဖော်ပြထားပေသည်။

ထိုဗဟိဒ္ဓအရိုးစု၏ အဖြူဆုံးတစ်နေရာသို့ စိတ်စိုက်၍ ရှုပွားနှလုံးသွင်းနေသော အဖြူရောင်နိမိတ်ကို **ပရိကမ္မနိမိတ်**ဟု ခေါ်၏။ ထိုပရိကမ္မနိမိတ်ကို လှမ်းအာရုံယူနေသော အဖြူ အဖြူဟု နှလုံးသွင်းရှုပွားနေသော ဘာဝနာလုပ်ငန်းရပ်ကို **ပရိကမ္မဘာဝနာ**ဟု ခေါ်၏။ ထိုအဖြူရောင် ပရိကမ္မနိမိတ်ကို အာရုံပြု၍ ဖြစ်ပေါ်နေ- သော ဘာဝနာသမာဓိကို **ပရိကမ္မဘာဝနာသမာဓိ**ဟု ခေါ်၏။

ထိုဗဟိဒ္ဓအရိုးစု၏အဖြူရောင်ကသိုဏ်းနိမိတ်၌ ဘာဝနာစိတ်ကိုငြိမ်ဝပ်စွာကပ်၍တည်သွားအောင် ဆက်လက်၍ အဖြူ အဖြူဟု နှလုံးသွင်းရှုပွားနေပါ။ ဆန်ကောငယ် ဗန်းငယ် စလောင်းဖုံးငယ်စသည့် အရွယ်အားဖြင့်သော်လည်းကောင်း, အရိုးစုတစ်ခုလုံးသော်လည်းကောင်း ဖြူသွား၍ အရိုးကို မတွေ့မမြင်ရတော့ဘဲ အဖြူပြင်သက်သက် အဖြစ်ဖြင့်သာ တွေ့မြင်လာရသော် **ဥဂ္ဂဟနိမိတ်**သို့ ဆိုက်ရောက်ပြီ ဖြစ်၏။ အရိုးစု ပုံသဏ္ဌာန်များသည် ပျောက်ကွယ်သွားကြ၍ အဖြူရောင်ကသိုဏ်းဝန်းသာ ကျန်ရှိနေမည် ဖြစ်၏။ ထိုဥဂ္ဂဟနိမိတ်အခိုက်၌ –

ဥဂ္ဂဟနိမိတ္တေ ကသိဏဒေါသော ပညာယတိ။ (ဝိသုဒ္ဓိ-၁-၁၆၇။)

ဥဂ္ဂဟနိမိတ်၌ ကသိုဏ်းအပြစ်သည် ထင်ရှားနေသေး၏။ (ဝိသုဒ္ဓိ-၁-၁၆၇။)

ဤသို့ ဖွင့်ဆိုထားသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် အညီ အဖြူကသိုဏ်းနိမိတ်မှာ ဆွတ်ဆွတ်ဖြူ မဟုတ်သေးဘဲ ကသိုဏ်းအပြစ် အညစ်အကြေးများ အတော်အသင့် ရှိနေဦးမည် ဖြစ်သည်။

ထိုအဖြူရောင် ဥဂ္ဂဟနိမိတ်ကိုပင် အဖြူ အဖြူဟု ထပ်ကာထပ်ကာ နှလုံးသွင်းရှုပွားခဲ့သော် ထိုအဖြူရောင်ကသိုဏ်းနိမိတ်သည် တစ်စတစ်စ အထူးသဖြင့် ကြည်လင်သန့်ရှင်း၍ ဆွတ်ဆွတ်ဖြူလာပေမည်။ မူလအရိုးစုအဖြူရောင်မှ လွတ်ထွက်သွားပြီးလျှင် ကောင်းကင်၌ မိုးသားတိမ်တိုက်ကြားမှ ထွက်ပေါ်လာသော လဝန်းကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်နေမည် ဖြစ်သည်။ (ဝိသုဒ္ဓိ-၁-၁၆၇-၁၆၈ - ကြည့်ပါ။)

အညစ်အကြေး မထင် စင်ကြယ်သန့်ရှင်းလျက် ဆွတ်ဆွတ်ဖြူနေသော ထိုကသိုဏ်းဝန်းကား **ပဋိဘာဂနိမိတ်** တည်း။ ထိုအဖြူရောင် ကသိုဏ်းပဋိဘာဂနိမိတ်ကား ကြည်လင်တောက်ပမှုလည်း ရှိ၏။ ယင်း ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများနေသော ဘာဝနာလုပ်ငန်းကား **ဥပစာရဘာဝနာ**တည်း။ ထိုအဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၌ ငြိမ်ဝပ်စွာကပ်၍ တည်နေသော သမာဓိကား **ဥပစာရသမာဓိ**တည်း။ ဤဥပစာရသမာဓိအခိုက်၌ နီဝရဏအညစ်အကြေးများသည် ကွာကျသွားကြပြီ ဖြစ်၏။ ဘာဝနာစိတ်သည်လည်း အလွန်တည်ငြိမ်လာပြီ ဖြစ်၏။ ဤဥပစာရသမာဓိအခိုက်၌ အချို့အချို့သော ပါရမီအရှိန်အဝါလည်း အားကောင်း, ဘာဝနာအရှိန်အဝါလည်း အားကောင်း၍ ဉာဏ်ထက်မြက်သူ ယောဂါဝစရပုဂ္ဂိုလ်များအဖို့ ထိုပဋိဘာဂနိမိတ်အာရုံကို အထူးမဖြန့်ရတော့ဘဲ ဘာဝနာသမာဓိအရှိန်ကြောင့် တဖြည်းဖြည်း ပြန့်ထွက်သွားသည်လည်း ရှိတတ်၏။ ပါရမီအားပျော့သူ ဉာဏ်နုံ့သူများအဖို့ ကသိုဏ်းပဋိဘာဂနိမိတ်မှာ ပြန့်ထွက်မသွားဘဲ ဗန်းငယ် ဆန်ကောငယ် စလောင်းဖုံးငယ်ခန့်လောက်တွင် ငြိမ်ဝပ်စွာ တည်နေသည်လည်း ရှိတတ်၏။

အကယ်၍ ကသိုဏ်းပဋိဘာဂနိမိတ်သည် ပြန့်ထွက်သွားလျှင်လည်း ထိုပြန့်ထွက်သွားသော ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၌ပင် ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ တည်နေအောင် ကပ်ထားပါက မကြာမီ အချိန်ကာလအတွင်းမှာပင် ဈာန်အင်္ဂါများသည် အလွန်ထင်ရှားလာကြ၍ အားရှိကာ အပ္ပနာသမာဓိခေါ်သော ပဌမဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်၏။ ဤပုဂ္ဂိုလ်မျိုးကား (၂)အမှတ်ပြ အဘိဘာယတနဈာန်ကို ရရှိသော ပုဂ္ဂိုလ်မျိုးတည်း။

(ဒီ-ဋ္ဌ-၂-၁၅၂။ ဒီ-ဋီ-၂-၁၆၁။)

အကယ်၍ ကသိုဏ်းပဋိဘာဂနိမိတ်အာရုံမှာ အရပ်ဆယ်မျက်နှာသို့တိုင်အောင် ပြန့်ထွက်မသွားဘဲ ဆန်ကောငယ် ဗန်းငယ် စလောင်းဖုံးငယ် ပမာဏခန့်လောက်သာလည်းကောင်း, ထိုအောက် အနည်းငယ်လျော့၍လည်းကောင်း, ထိုထက် အနည်းငယ်ပို၍သော်လည်းကောင်း တည်ရှိနေပါလျှင်လည်း ထိုတည်မြဲတိုင်းသော ပဋိဘာဂနိမိတ်ကိုပင် ထပ်ကာထပ်ကာ နှလုံးသွင်းပွားများနေပါက သမာဓိအရှိန်အဝါ အားကောင်းလျှင် အားကောင်းသည်နှင့်အမျှ လျင်မြန်စွာ အပ္ပနာသမာဓိသို့ = ဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်ပေသည်။ ဤသို့သော ပုဂ္ဂိုလ်မျိုးကို ရည်ရွယ်တော်မူ၍ (၁)အမှတ်ပြ အဘိဘာယတနဈာန်ကို ဟောတော်မူခြင်း ဖြစ်သည်။

(ဒီ-ဋ္ဌ-၂-၁၅၁။ ဒီ-ဋီ-၂-၁၆၀။)

## နိမိတ္တာဝဍ္ဎနနယ = နိမိတ်ကို တိုးပွားအောင် ပြုလုပ်နည်း

စိတ္တဘာဝနာဝေပုလ္လတ္ထဉ္စ ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗံ။ တဿ ဒွေ ဝဍ္ဎနာဘူမိယော ဥပစာရံ ဝါ အပ္ပနံ ဝါ။ ဥပစာရံ ပတွာပိ ဟိ တံ ဝဍ္ဎေတုံ ဝဋ္ဋတိ အပ္ပနံ ပတွာပိ။ ဧကသ္မိံ ပန ဌာနေ အဝဿံ ဝဍ္ဎေတဗ္ဗံ။ တေန ဝုတ္တံ "ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗ"န္တိ။ (ဝိသုဒ္ဓိ-၁-၁၄၇။)

စိတ္တဘာဝနာဟု ခေါ်ဆိုအပ်သော ဘာဝနာစိတ်၏ ပြန့်ပြောကြီးကျယ်ခြင်း အကျိုးငှာ မိမိရရှိထားပြီး ဖြစ်သော ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးကျယ်ပြန့်ပြောအောင် ပြုလုပ်သင့် ပြုလုပ်ထိုက်ပေသည်။ မှန်ပေသည် – ဘာဝနာ၏ စွမ်းအားကြောင့် ဤပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာရသကဲ့သို့ ဤအတူ ဘာဝနာ၏ စွမ်းအားကြောင့်ပင်လျှင် ထိုပဋိဘာဂနိမိတ်၏ တိုးပွားခြင်း ကြီးမားကျယ်ပြန့်ခြင်းသည်လည်း ဖြစ်ပေါ်နိုင်၏။ ထိုကြောင့် လက်တစ်သစ် လက်နှစ်သစ်စသည်တို့၏ အစွမ်းဖြင့် ထိုပဋိဘာဂနိမိတ်ကို တိုးပွားစေ ကြီးမားကျယ်ပြန့်စေသော ယောဂါဝစရပုဂ္ဂိုလ်အား ကြိမ်ဖန်များစွာ ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခြင်းဖြင့် အပ္ပနာ ဈာန်သည်လည်းကောင်း, သမာဓိဘာဝနာသည်လည်းကောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသည်တိုင်အောင် တိုးတက် စည်ကား ကြီးပွားခြင်း ပြန့်ပြောခြင်းသို့ ရောက်ရှိနိုင်ပေသည်။ ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးမား ကျယ်ပြန့်အောင် ပြုလုပ်နိုင်သောဘုံ = အရာဌာနတို့သည်ကား နှစ်မျိုး ရှိကြကုန်၏။

၁။ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိသို့ ဆိုက်ရောက်ပြီးသောအခါ၌လည်း ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးမားကျယ်ပြန့်အောင် ပြုလုပ်သင့်၏။

၂။ ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ဥပစာရသမာဓိကို ရရှိအောင် ထူထောင်ပြီးနောက် ထိုပဋိဘာဂနိမိတ် ကိုပင် ကြိမ်ဖန်များစွာ ဆက်လက်ရှုပွားနေသော ယောဂါဝစရပုဂ္ဂိုလ်အဖို့ ထိုပဋိဘာဂနိမိတ်သည် ကြီးမား ကျယ်ပြန့်၍ မသွားဘဲ ဗန်းငယ် ဆန်ကောငယ် စလောင်းဖုံးငယ် ပမာဏခန့်၌သာ တည်၍သာနေမူ ထို ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ အဖြူ အဖြူဟု ဆက်လက်ပွားများနေပါက အပ္ပနာဈာန်သို့လည်း ဆိုက်ရောက်နိုင်၏။ ထိုအပ္ပနာဈာန်သို့ ဆိုက်ရောက်ပြီးရာအခါ၌လည်း ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးမားကျယ်ပြန့်အောင် ပြုလုပ်နိုင်ပေသည်။

ထိုနှစ်မျိုးသော ဘုံဌာနတို့တွင် တစ်မျိုးမျိုးသော ဘုံဌာန၌ မချွတ်ဧကန် ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးမားကျယ်ပြန့်အောင် ပြုလုပ်သင့် ပြုလုပ်ထိုက်ပေသည်။ ထို့ကြောင့် "မိမိရရှိထားပြီးဖြစ်သော ပဋိဘာဂနိမိတ် ကို တိုးပွားအောင် ကြီးမားကျယ်ပြန့်အောင် ကြီးကျယ်ပြန့်ပြောအောင် ပြုလုပ်သင့် ပြုလုပ်ထိုက်၏"ဟု ဆိုခြင်း ဖြစ်သည်။ (ဝိသုဒ္ဓိ-၁-၁၄၇။ မဟာဋီ-၁-၁၇၇။)

အထက်ပါ အဋ္ဌကထာ ဋီကာ စကားရပ်များ၌ ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ကြီးမားကျယ်ပြန့်အောင် မပြုလုပ်ပါက ဈာန်နှင့် ဘာဝနာလုပ်ငန်းတို့သည် တိုးတက်စည်ကား ကြီးပွားခြင်း ပြန့်ပြောခြင်းသို့ မရောက်နိုင်ဟု ဖွင့်ဆိုထား၏။ ဤဖွင့်ဆိုချက်များနှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်များကို သုတေသနပြုကြည့်ရာ ပဋိဘာဂနိမိတ်ကို တိုးပွားအောင် မပြုလုပ်ဘဲ သမာဓိကိုသာ ဆက်လက်ထူထောင်နေပါက ဥပစာရသမာဓိ အပ္ပနာသမာဓိ နှစ်မျိုး လုံးပင် ဖြစ်ပေါ်နိုင်သော်လည်း ထိုသမာဓိမှာ အခွန့်ရှည်စွာ တည်တံ့မှု မရှိသည်ကို တွေ့ရ၏။ အဖြူရောင်ပဋိ- ဘာဂနိမိတ်သည် ကြီးမားကျယ်ပြန့်မှု မရှိသေးဘဲ ဗန်းငယ် ဆန်ကောငယ် စလောင်းဖုံးငယ်ခန့်လောက်သာ တည်ရှိနေသေးသော ထိုပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားသော်လည်း အချို့ယောဂါဝစရ ပုဂ္ဂိုလ်တို့၌ အောင်မြင်မှု နည်းပါးသည်ကို တွေ့ရ၏။

ထိုကြောင့် အဖြူရောင် ပဋိဘာဂနိမိတ်ကို ဝန်းကျင်ပတ်ချာ ခပ်သိမ်းသော အရပ် (၁၀)မျက်နှာသို့ တိုင်အောင် မဖြန့်ကြက်ရသေးလျှင် ယောဂါဝစရပုဂ္ဂိုလ်သည် ထိုနိမိတ်ကို တိုးပွားအောင် ဖြန့်သင့်ပေသည်။

ထိုကြောင့် အသင်သူတော်ကောင်းသည် ထိုမဖြန့်ကြက်ရသေးသော ဗဟိဒ္ဓ အဖြူရောင်ကသိုဏ်း ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ ဘာဝနာစိတ်ကို အနည်းဆုံး နာရီဝက်ခန့် ငြိမ်ဝပ်စွာ တည်နေအောင် ကြိုးစားပါ။ ထို အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍တည်နေပြီးနောက် ယင်းအဖြူ-ရောင်ကသိုဏ်း ပဋိဘာဂနိမိတ်သည်လည်း အထူးသဖြင့် ကြည်လင်သန့်ရှင်း၍ တည်ငြိမ်လာသောအခါ — "ကသိုဏ်းဝန်း၏ ဘေးပတ်လည်သို့ လက်တစ်သစ်ခန့် တိုးပွားပါစေ"ဟု စိတ်ဖြင့် ပိုင်းခြား၍ ဖြန့်ကြည့်ပါ။ ထို ကသိုဏ်းပဋိဘာဂနိမိတ်သည် ပြန့်သွားပါလိမ့်မည်။ ထိုသို့ ဖြန့်လိုက်ရာ၌ ကသိုဏ်းပဋိဘာဂနိမိတ်မှာ အနည်းငယ် လှုပ်သွားတတ်၏။ ထိုအခါ ကသိုဏ်းဝန်းကို ငြိမ်ဝပ်သွားအောင် ယင်းကသိုဏ်းဝန်းကိုပင် အာရုံပြု၍ အဖြူ အဖြူ အဖြူ ဟု နှလုံးသွင်းရှုပွားပါ။ ကသိုဏ်းဝန်းသည် ငြိမ်ဝပ်၍ ကြည်လင်သန့်ရှင်းလာပေလိမ့်မည်။ ထိုနောက် "ကသိုဏ်းဝန်း၏ ဘေးပတ်လည်သို့ လက်နှစ်သစ်ခန့် တိုးပွားပါစေ, လက်လေးသစ်ခန့်, တစ်မိုက်ခန့်, တစ်ထွာခန့်, တစ်တောင်ခန့်, တစ်လံခန့် တိုးပွားပါစေ" – ဤသို့စသည်ဖြင့် စိတ်ဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ အထက်ပါအတိုင်း ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်ပါ။ တဖြည်းဖြည်း စကြဝဠာအပိုင်းအခြား တိုင်အောင်လည်းကောင်း, ထိုထက်အလွန်လည်းကောင်း ထိုအဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်ပါ။ ကသိုဏ်း ဝန်းမှာ အလွယ်တကူနှင့် တဖြည်းဖြည်း ပြန့်သွားပါက အဖြူ အဖြူ အဖြူ ဟုသာရှုလျက် ယင်းအဖြူကသိုဏ်းဝန်း ကို အနန္တစကြဝဠာသို့ တိုင်အောင် တိုးပွားအောင် ဖြန့်ကြက်ပါ။ အရပ်ဆယ်မျက်နှာအားလုံး၌ အဖြူရောင်ဖြင့် လွှမ်းခြုံထားသကဲ့သို့ ဖြူနေပါစေ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်ဆက်တည်းဖြူ၍ အဇ္ဈတ္တအဖြူနှင့် ဗဟိဒ္ဓအဖြူသည် တစ်သားတည်းဖြစ်ကာ အဖြူသက်သက်ကိုသာ ဉာဏ်ဖြင့် တွေ့မြင်နေပါစေ။ အရပ် ဆယ်မျက်နှာ၌ မည် သည့်အရပ်ကိုမဆို ကြည့်ကြည့်, ကြည့်လိုက်တိုင်း ဖြူလာပြီဖြစ်က ထိုအဖြူရောင်ကသိုဏ်းအာရုံ၌ ဘာဝနာ စိတ်ကို ငြိမ်ဝပ်စွာ ကပ်၍တည်နေအောင် အဖြူ အဖြူ ဟု ဆက်လက်၍ နှလုံးသွင်းရှုပွားနေပါ။ ဤအချိန်အခါ မျိုး၌ အဖြူရောင်ကသိုဏ်းမှာ ကြီးမားကျယ်ပြန့်လွန်းသဖြင့် ဘာဝနာဉာဏ်က မငုံမိနိုင် ဖြစ်နေပါက – ဖြူဖွေး သော နံရံတစ်ခုပေါ်၌ ဦးထုပ်တစ်လုံးကို ချိတ်ဆွဲထားသကဲ့သို့ – အလားတူပင် မိမိကြိုက်နှစ်သက်ရာ ရှု၍ ပိုကောင်းသည့်နေရာ၌ ဘာဝနာစိတ်ကို စိုက်၍ အဖြူ အဖြူ ဟု ရှုနေပါ။ အဖြူရောင်ကသိုဏ်းဝန်းက ဘာဝနာ စိတ်ကို လှုပ်မရအောင် ချုပ်ကိုင်ထားသကဲ့သို့, အဖြူရောင်ကသိုဏ်းဝန်း၌ ဘာဝနာစိတ်သည် နစ်မြုပ်သကဲ့သို့ ဖြစ်ကာ ဘာဝနာစိတ်သည် ယင်းကသိုဏ်းဝန်းနိမိတ်၌ ငြိမ်ဝပ်စွာကပ်၍ တည်နေပေလိမ့်မည်။

ထိုသို့ အဖြူရောင်ကသိုဏ်းဝန်းနိမိတ်၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍ တည်လာသောအခါ အဖြူ ရောင်ကသိုဏ်းဝန်းနိမိတ်သည်လည်း အထူးသဖြင့် ကြည်လင်သန့်ရှင်းလျက် ဆွတ်ဆွတ် ဖြူလာပေလိမ့်မည်။ မူလပထမ ဗန်းငယ် ဆန်ကောငယ် စလောင်းဖုံးငယ်ခန့်လောက်ရှိသော ကသိုဏ်းဝန်းနိမိတ်သည်လည်း ဘာဝနာ သမာဓိ၏ စွမ်းဟုန်ကြောင့် ပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်, ဥဂ္ဂဟနိမိတ်မှ ပဋိဘာဂနိမိတ်သို့တိုင်အောင် ပြောင်းလဲ ခဲ့၏။ ယင်းသေးငယ်သော ပဋိဘာဂနိမိတ်ကို တစ်ဖန်ထပ်၍ ယခုကဲ့သို့ အနန္တစကြဝဠာသို့တိုင်အောင် သို့မဟုတ် မိမိစွမ်းအားရှိသမျှ ဝန်းကျင်ပတ်ချာ အရပ်ဆယ်မျက်နှာသို့တိုင်အောင် ကသိုဏ်းဝန်းကို ဖြန့်ကြက်ပြီးနောက် ဘာဝနာသမာဓိကို ဆက်လက်ထူထောင်လေရာ ဒုတိယအကြိမ် ပဋိဘာဂနိမိတ်သို့ ဆိုက်ရောက်လာခြင်း ဖြစ်၏။ ထိုအခါ ထိုပဋိဘာဂနိမိတ်အာရုံကိုပင် အာရုံပြု၍ အဖြူ အဖြူ ဟုသာ ဆက်လက်၍ နှလုံးသွင်းရှုပွားနေပါက ထိုပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်သည်လည်း ငြိမ်ဝပ်သထက် ငြိမ်ဝပ်ကာ ဈာန်အင်္ဂါများသည်လည်း ရှေးကထက် ပို၍ အထူးထင်ရှားလာပေလိမ့်မည်။

အကယ်၍ သေးငယ်သော ကသိုဏ်းဝန်းနိမိတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ဥပစာရသမာဓိကို အခြေခံ၍ ယင်းသေးငယ်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခဲ့လျှင်လည်း နိမိတ်ကို ဖြန့်ကြက်ပြီးနောက် ပဋိဘာဂနိမိတ်သို့ တစ်ဖန်ပြန်၍ ဆိုက်ရောက်လာရာ ဤအပိုင်းတွင် အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံနှင့် ဘာဝနာစိတ်တို့သည် တစ်သားတည်းလိုဖြစ်ကာ ဘာဝနာစိတ်သည် အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ လှုပ်၍ မရအောင် ငြိမ်ဝပ်စွာ ကပ်၍ တည်နေပေလိမ့်မည်။ ထိုအခါတွင်ကား ဈာန်အင်္ဂါများသည်လည်း စွမ်းအား ပြည့်ပြည့်ဝဝဖြင့် အထူးထင်ရှားလာသည့်အတွက် အပ္ပနာဈာန်သို့ ဆိုက်ရောက်ပြီ ဖြစ်ပေသည်။

အကယ်၍ ယင်းသေးငယ်သော ကသိုဏ်းဝန်းပဋိဘာဂနိမိတ်၌ အပ္ပနာဈာန်သမာဓိကို ဖြစ်စေပြီးမှ အဖြူရောင် ကသိုဏ်းဝန်းနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခဲ့လျှင်လည်း နိမိတ်ကို ဖြန့်ကြက်ပြီးနောက် ပဋိဘာဂနိမိတ်သို့ တစ်ဖန်ပြန်၍ ဆိုက်ရောက်လာရာ ဤအပိုင်းတွင် အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံနှင့် ဘာဝနာစိတ်တို့သည် တစ်သားတည်းလိုဖြစ်ကာ ဘာဝနာစိတ်သည် အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ လှုပ်၍ မရအောင် ငြိမ်ဝပ်စွာ ကပ်၍တည်နေပေလိမ့်မည်။ ထိုအခါတွင်ကား ဈာန်အင်္ဂါများသည်လည်း စွမ်းအား ပြည့်ပြည့်ဝဝဖြင့် အထူးထင်ရှားလာသည့်အတွက် ဒုတိယအကြိမ် အပ္ပနာဈာန်သို့ တစ်ဖန်ဆိုက်ရောက်ပြီ ဖြစ်ပေသည်။ ငယ်သော ကသိုဏ်းဝန်းပဋိဘာဂနိမိတ်၌ တစ်ကြိမ်, ကြီးမားကျယ်ပြန့်သော အတိုင်းအတာပမာဏ မရှိသော ကသိုဏ်းဝန်းပဋိဘာဂနိမိတ်၌ တစ်ကြိမ် – ဤသို့ နှစ်ကြိမ်တိုင်တိုင် အပ္ပနာဈာန်သို့ ဆိုက်ရောက်သည် ဟူ၏။

အာနာပါနဿတိသမာဓိပိုင်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ဤဩဒါတကသိုဏ်း၌လည်း ပဌမဈာန်ကို ရစ အာဒိကမ္မိကပုဂ္ဂိုလ်သည် ဈာန်အင်္ဂါတို့ကို ခဏခဏ ဆင်ခြင်မှုလုပ်ငန်းကို ခေတ္တရပ်ဆိုင်းထား၍ ထိုအဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ ဘာဝနာစိတ်၏ ငြိမ်ဝပ်စွာ ကပ်၍ တည်နေမှု = ဈာန်ဝင်စားမှု လုပ်ငန်းရပ်ကိုသာ ဦးစားပေး၍ အလုပ်လုပ်ရမည်ဖြစ်သည်။ ထိုကြောင့် ဈာန်သမာဓိကို တစ်နာရီ နှစ်နာရီခန့် စသည်ဖြင့် တည်တံ့အောင် အဓိဋ္ဌာန်ပြုကာ ကြိုးစားအားထုတ်ပါ။

**အပြစ်** — အကယ်၍ ဈာန်သမာပတ်ကို ဝင်စားမှု အားနည်း၍ ဈာန်အင်္ဂါများကို ဆင်ခြင်မှု များပြားပါက ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဈာန်အင်္ဂါတို့သည် ရုန့်ရင်းကုန်သည်ဖြစ်၍ ထင်လာတတ်ကုန်၏။ ထိုသို့ထင်လာလတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထိုဈာန်အင်္ဂါတို့သည် ဤသို့ ရုန့်ရင်းကုန်သည် အားနည်းကုန်သည်ဖြစ်၍ ထင်လာသည်၏ အဖြစ်ကြောင့် ဘာဝနာဖြင့် အထက်အထက်သော ဈာန်သို့ တက်ခြင်းငှာ အကြောင်းတရား၏ အဖြစ်သို့ မရောက်ရှိကြလေကုန်။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဈာန်သမာဓိကို မပွားစေအပ် မလေ့လာအပ်သည် ရှိသော် အထက်အထက်သောဈာန်ကို ရရှိစိမ့်သောငှာ အားထုတ်ပါသော်လည်း မိမိရရှိထားပြီးသော ပဌမဈာန်မှလည်း ဆုတ်ယုတ်တတ်၏၊ ဒုတိယဈာန်သို့ ရောက်ရှိဖို့ရန်လည်း မစွမ်းနိုင်ရှိတတ်သည်။ ဤကား အပြစ်တည်း။
(ဝိသုဒ္ဓိ-၁-၁၄၈။)

ထို့ကြောင့် မိမိရရှိထားပြီးသော ပဌမဈာန်ကို ခိုင်ခံ့အောင် ရှည်မြင့်စွာ တည်တံ့အောင် ကြိုးစားဖို့ လိုအပ်ပေသည်။ ထိုဈာန်ကို ရရှိစဉ်အခါက (၁) စားသုံးခဲ့သော ဘောဇဉ်, (၂) မှီဝဲခဲ့သော ပုဂ္ဂိုလ်, (၃) မှီဝဲခဲ့သော ကျောင်း, (၄) မှီဝဲခဲ့သော ဣရိယာပုထ်, (၅) ပွားများခဲ့သော အချိန်တို့ကို ကောင်းစွာ မှတ်သား၍ထားပါ။ အကယ်၍ ရပြီးဈာန်သည် ပျောက်ပျက်ခဲ့သော် ထိုအခြင်းအရာတို့ကို ပြည့်စုံစေ၍ တစ်ဖန် ဈာန်ကို ဖြစ်စေခြင်းငှာလည်း စွမ်းနိုင်ပေလိမ့်မည်။ ကျေပွန်စွာ မလေ့လာအပ်သေးသော ဈာန်သမာဓိကိုလည်း ကျေပွန်စွာ လေ့လာမှုကို ပြုလျက် အဖန်ဖန် အထပ်ထပ် အပ္ပနာဈာန်ကို ဝင်စားခြင်းငှာလည်း စွမ်းနိုင်ပေလိမ့်မည်။
(ဝိသုဒ္ဓိ-၁-၁၄၆။)

ထိုအခြင်းအရာနိမိတ်ကို မှတ်သားခြင်းဖြင့် ထိုအခြင်းအရာတို့ကို ပြည့်စုံစေသော ထိုယောဂါဝစရပုဂ္ဂိုလ်အား အပ္ပနာဈာန်မျှသည်သာလျှင် ပြည့်စုံနိုင်၏၊ မြင့်ရှည်စွာ တည်တံ့ခြင်းသည်မူကား မပြည့်စုံသေးပေ။ ဈာန်သမာဓိ၏ ဘေးရန်ဖြစ်ကြကုန်သော ကာမစ္ဆန္ဒနီဝရဏစသော ကိလေသာ အညစ်အကြေးတို့ကို ကောင်းစွာ သုတ်သင်သန့်ရှင်းအောင် ပြုလုပ်ခြင်းဟူသော အကြောင်းတရားကြောင့် ဈာန်သမာဓိ၏ မြင့်ရှည်စွာသော ကာလပတ်လုံး တည်တံ့ခြင်းသည် ဖြစ်နိုင်၏။ မှန်ပေသည် အကြင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် (၁) သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစု၌ အပြစ်ကို ဆင်ခြင်ခြင်း, မစင်မကြယ် ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို နှလုံးသွင်းခြင်း (အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း), ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးအာနိသင်ကို ဆင်ခြင်ခြင်း စသည်တို့ဖြင့် ကာမဂုဏ်တို့၌ လိုလားတောင့်တမှု = ကာမစ္ဆန္ဒနီဝရဏ အညစ်အကြေးကို ကောင်းစွာ မခွာမူ၍, (၂) ကိုယ်စိတ်တို့ ပူပန်ခြင်းကို ကောင်းစွာ ငြိမ်းအေးသည်ကို မပြုမူ၍ = ကိုယ်စိတ်တို့၏ ပူပန်ခြင်း၏အကြောင်းဖြစ်သော ဒေါသဟူသော ဗျာပါဒနီဝရဏကို ကောင်းစွာ သုတ်သင်ရှင်းလင်းခြင်းကို မပြုမူ၍, (၃) ရှေးဦးအစကြိုးစားအားထုတ်ခြင်း = အာရမ္ဘဓာတ်စသော ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့ကို နှလုံးသွင်းခြင်း, အာလောကသညာ = အရောင်အလင်း အမှတ်သညာကို နှလုံးသွင်းခြင်း စွမ်းနိုင်ပါက အာလောကကသိုဏ်းကို နှလုံးသွင်းခြင်း စသည်တို့၏ အစွမ်းဖြင့် စိတ်စေတသိက်တို့၏ ထိုင်းမှိုင်းမှု ထိနမိဒ္ဓနီဝရဏကို ကောင်းစွာ မပယ်-ဖျောက်မူ၍, (၄) စိတ်တည်ငြိမ်မှု သမာဓိဖြစ်ကြောင်း သမထနိမိတ်ကို နှလုံးသွင်းခြင်း, သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားတို့ကို နှလုံးသွင်းခြင်း စသည်တို့၏ အစွမ်းဖြင့် စိတ်ပျံ့လွင့်မှု = ဥဒ္ဓစ္စ, နောင်တတစ်ဖန် ပူပန်မှု = ကုက္ကုစ္စဟူသော နီဝရဏ အညစ်အကြေးတို့ကို ကောင်းစွာပယ်နှုတ်အပ်သည်ကို မပြုမူ၍, (၅) ရတနာသုံးတန် ကံ-ကံ၏အကျိုးတရားစသည့် (၈)ဌာနတို့၌ သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာနီဝရဏ အညစ်အကြေး, မာန်ယစ်ခြင်း မာန်ထောင်လွှားခြင်းစသော သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော ကိလေသာ အညစ်အကြေးတို့ကို ကောင်းစွာ သုတ်သင်ရှင်းလင်းခြင်းကို မပြုမူ၍ ဈာန်ကို ဝင်စား၏။

ထိုကဲ့သို့သော ယောဂါဝစရပုဂ္ဂိုလ်မျိုးသည် မသုတ်သင်အပ်သော မိမိတို့ကိန်းအောင်းရာ ဝါးခေါင်းစသော နေရာသို့ ဝင်ရောက်သော ပျားပိတုန်းကဲ့သို့လည်းကောင်း, ဘေးရန်ကို မသုတ်သင်အပ်သေးသော ဉယျာဉ်သို့ ဝင်ရောက်မိသော ရှင်ဘုရင်ကဲ့သို့လည်းကောင်း လျင်မြန်စွာသာလျှင် ဈာန်မှထွက်၍ လာရတတ်၏၊ ဈာန်မှ ထရတတ်၏၊ အချိန်ကြာမြင့်စွာ ဈာန်ဝင်စား၍ မရနိုင်။ အလျော်အားဖြင့်ကား အကြင်ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော သမာဓိ၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ကောင်းစွာ သုတ်သင်ရှင်းလင်း စင်ကြယ်စေ၍ ဈာန်ကို ဝင်စားသည် ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် ကောင်းစွာ သုတ်သင်အပ်သော မိမိတို့ကိန်းအောင်းရာ ဝါးခေါင်းစသော နေရာသို့ ဝင်ရောက်သော ပျားပိတုန်းကဲ့သို့လည်းကောင်း, ရွံရှာအပ်သော ဘေးရန်မရှိသဖြင့် ကောင်းစွာ စင်ကြယ်သော ဉယျာဉ်သို့ ဝင်ရောက်လာသော ရှင်ဘုရင်ကဲ့သို့လည်းကောင်း တစ်နေ့ပတ်လုံးသော်လည်း ဈာန်သမာပတ်၏ အတွင်း၌သာလျှင် နေနိုင်ပေသည်။ ထိုကြောင့် ဈာန်သမာဓိ၏ ရှည်မြင့်စွာ တည်တံ့ခြင်းကို အလိုရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် သမာဓိ၏ ဘေးရန်ဖြစ်သော နီဝရဏ အညစ်အကြေးတို့ကို သုတ်သင်ရှင်းလင်း စင်ကြယ်စေ၍ ဈာန်သမာပတ်ကို ဝင်စားပါလေ။ (ဝိသုဒ္ဓိ-၁-၁၄၅-၁၄၇။ မဟာဋီ-၁-၁၇၆-၁၇၇။)

**[မှတ်ချက် —** ကာမစ္ဆန္ဒနီဝရဏကို နှိမ်နင်းနိုင်ရေးအတွက် အသုဘကမ္မဋ္ဌာန်းကို ပွားများမှုကိုလည်း-ကောင်း, ဗျာပါဒနီဝရဏကို တိုက်ဖျက်ရေးအတွက် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ပွားများမှုကိုလည်းကောင်း, ထိနမိဒ္ဓနီဝရဏကို နှိမ်နင်းနိုင်ရေးအတွက် အာလောကကသိုဏ်းကို ပွားများမှုကိုလည်းကောင်း အထူးလိုအပ်သည်ကို သတိပြုမှတ်သားပါ။ မေဃိယသုတ္တန်နှင့် အညီပင်တည်း။]

အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း ဈာန်ဖြစ်ပေါ်ခဲ့ရာ အချိန်ကာလ အခြင်းအရာများကို အမှတ် မထားမိခြင်းကြောင့် ထိုအခြင်းအရာတို့ကို မပြည့်စုံစေနိုင်ခြင်း, ဈာန်ဝင်စားမှု နည်းပါးခြင်း, ကာမဂုဏ်နှင့် ပတ်-သက်၍ ကြံစည်စိတ်ကူးမှု ကာမဝိတက်, တစ်ဦးဦးအပေါ် မကျေနပ်မှုနှင့် ဆက်စပ်နေသော ဗျာပါဒဝိတက်စသော နီဝရဏ အညစ်အကြေးတို့၏ နှိပ်စက်မှုကို ခံရခြင်းစသော အကြောင်းတရားတို့ကြောင့် ဈာန်မှ လျှောကျခြင်း, သမထနိမိတ်ဖြစ်သော အဖြူရောင်ကသိုဏ်းနိမိတ် ပျောက်ကွယ်သွားခြင်းစသည့် ပြဿနာများသည် ပေါ်ပေါက် လာခဲ့သော် အထက်တွင် ရေးသားတင်ပြခဲ့သည့် အစီအစဉ်အတိုင်း အာနာပါနကမ္မဋ္ဌာန်းမှစ၍ တစ်ဖန် သမာဓိကို ထူထောင်ဖို့ လိုအပ်ပေသည်။

၁။ အာနာပါန စတုတ္ထဈာန်သမာဓိ, သို့မဟုတ် ဓာတုမနသိကာရ ဥပစာရသမာဓိ,
၂။ (၃၂)ကောဋ္ဌာသ (အဇ္ဈတ္တ - ဗဟိဒ္ဓ),
၃။ ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ - ပဋိကူလမနသိကာရ,
၄။ ဗဟိဒ္ဓ အရိုးကောဋ္ဌာသ၏ အဖြူရောင်ကသိုဏ်း –

ဤ အစီအစဉ်ကို ထိုင်တိုင်း ထိုင်တိုင်း ပြုလုပ်သင့်၏။ လေ့ကျင့်ခန်း ကျွမ်းကျင်လာပါက အချိန်အနည်း-ငယ် အတွင်းမှာပင် အဖြူရောင်ကသိုဏ်းရုပ်ကို အာရုံယူ၍ ပထမဈာန်စသည့် ဈာန်သမာဓိများ ဖြစ်ပေါ်လာသည့် တိုင်အောင် ကြိုးပမ်းနိုင်မည် ဖြစ်သည်။

## အထူးသတိပြုရန် အချက်တစ်ရပ်

ဤသမထနိမိတ်ဖြစ်သော (၁) အာနာပါနနိမိတ်၌လည်းကောင်း, (၂) သုံးဆယ့်နှစ်ကောဋ္ဌာသ၌လည်း-ကောင်း, (၃) ပဋိကူလမနသိကာရလမ်းမှ ပွားများအပ်သော အရိုးစုကောဋ္ဌာသ၌လည်းကောင်း, (၄) ဗဟိဒ္ဓ အရိုးကောဋ္ဌာသ၏ အဖြူရောင်ကို ပြည်တည်၍ ပြုစုပျိုးထောင်ထားအပ်သော အဖြူရောင်ကသိုဏ်းရုပ်၌လည်း-ကောင်း – န လက္ခဏံ မနသိကာတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၂၁။)ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်နှင့် အညီ ယခုကဲ့သို့ သမာဓိကို ထူထောင်ခိုက်၌ သဘာဝလက္ခဏာနှင့် သာမညလက္ခဏာများကို နှလုံးမသွင်းဖို့ အထူးသတိပြုပါ။ အကယ်၍ နှလုံးသွင်းခဲ့လျှင် ကမ္မဋ္ဌာန်း လမ်းပြောင်းသွား၍ သမာဓိဖြစ်ခြင်း၏ အကြောင်း ဖြစ်သော သမထနိမိတ်ကို ရရှိလိမ့်မည် မဟုတ်ပေ။

၁။ အာနာပါနပဋိဘာဂနိမိတ်ဟူသော ပညတ်အစုအပုံ,
၂။ (၃၂)ကောဋ္ဌာသဟူသော ပုံသဏ္ဌာန်ပညတ် အစုအပုံ,
၃။ အရိုးစုကောဋ္ဌာသဟူသော ပညတ်အစုအပုံ,
၄။ အဖြူရောင်ကသိုဏ်းဝန်းဟူသော ပညတ်အစုအပုံ –

ဤ အသီးအသီးသော ပညတ်အစုအပုံ၌သာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားပါ။ ဤကဲ့သို့သော ပညတ်နိမိတ် အသီးအသီးကို အာရုံယူ၍ နှလုံးသွင်း ရှုပွားပါမှသာလျှင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်ဟူသော နိမိတ်သုံးမျိုး ထင်လာနိုင်၍ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဘာဝနာ သမာဓိများသည်လည်း အစဉ်အတိုင်း ဖြစ်လာနိုင်သောကြောင့် ဖြစ်သည်။

အကယ်၍ (၃၂)ကောဋ္ဌာသတို့၌လည်းကောင်း, အဖြူရောင်ကသိုဏ်းဝန်း၏ တည်ရာ အရိုးစုအာရုံ၌ လည်းကောင်း ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို စိုက်၍ ရှုလိုက်မိပါက ဓာတ်ကမ္မဋ္ဌာန်းလမ်းသို့ ပြောင်း သွားပြီဖြစ်၍ ယောဂါဝစရပုဂ္ဂိုလ်၏ သမာဓိသည် ထက်လျှင်ထက်သလို ထိုထိုကောဋ္ဌာသများ အဖြူရောင်

ကသိုဏ်းဝန်း၏တည်ရာ ထိုထိုအရိုးစုများသည် ပြိုပြိုကျကျသွားသည်ကိုလည်းကောင်း, ယင်းတို့၌ တည်ရှိသော ရုပ်ကလာပ်အမှုန်များကိုလည်းကောင်း တွေ့ရှိနိုင်ပေသည်။ ထိုသို့ ဖြစ်နေပါက ဈာန်သမာဓိကို ရရှိဖို့ရန်မှာ အလွန်ခဲယဉ်းသွားပြီ ဖြစ်ပေသည်။ တစ်ဖန် ရုပ်ကလာပ်အမှုန်များကို တွေ့၍လည်းကောင်း, (၃၂)ကောဋ္ဌာသ တို့၏ ပြိုပြိုကျနေသည်ကို တွေ့မြင်၍လည်းကောင်း လက္ခဏာယာဉ်သုံးချက်တင်၍ ဝိပဿနာရှုမိပါကလည်း သို့မဟုတ် ဖြစ်-ပျက် ရှုမိပါကလည်း ပို၍ပင် လမ်းလွဲသွားပြီ ဖြစ်ပေသည်။

ဝိပဿနာဉာဏ်၏ အရှုခံအာရုံများမှာ ရုပ်အစစ် နာမ်အစစ် ပရမတ်အစစ်များသာ ဖြစ်ကြ၏။ ရုပ်ကလာပ် တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိသော (၈)မျိုး, (၉)မျိုး, (၁၀)မျိုး စသော ရုပ်ပရမတ်တရား, နာမ်ကလာပ် တစ်ခုတစ်ခု၏ အတွင်း၌ တည်ရှိသော (၈)မျိုး, (၁၁)မျိုး, (၁၂)မျိုး, (၃၄)မျိုး စသော နာမ်ပရမတ်တရားတို့ကို ဝိပဿနာဉာဏ်ပညာမျက်စိဖြင့် ခွဲခြားစိတ်ဖြာ၍ ဓာတ်ခွဲနိုင် ရှုနိုင်ပါမှ ရုပ်အစစ် နာမ်အစစ် ပရမတ်အစစ် ဓာတ် အနှစ်ကို တွေ့မည် ဖြစ်၏။ ရုပ်အစစ် နာမ်အစစ် ပရမတ်အစစ် ဓာတ်အနှစ်ကိုမျှ မသိမမြင်သေးဘဲ ဖြစ်-ပျက် ဖြစ်-ပျက်ဟု ဝိပဿနာရှုနေလျှင်ကား ပိုးသာကုန်၍ မောင်ပုံစောင်းမတတ် ဖြစ်ချေမည်၊ ဘုရားသာသနာနှင့် အလွဲကြီး လွဲလေပြီ၊ သတိရှိစေ။

## နိမိတ်သုံးမျိုး နှင့် ဘာဝနာသုံးမျိုး

ဇန်းငယ် ဆန်ကောငယ် စလောင်းဖုံးငယ် ပမာဏခန့်ရှိသော သေးငယ်သော အဖြူရောင်ကသိုဏ်း ပဋိ- ဘာဂနိမိတ်ကို အပ္ပနာဈာန်သို့ မဆိုက်ခင်မှာပင် ဖြစ်စေ, အပ္ပနာဈာန်သို့ ဆိုက်ပြီးနောက်မှပင် ဖြစ်စေ ကသိုဏ်း ဝန်းကို တိုးပွားအောင် ပြုလုပ်ခဲ့သော် စကြဝဠာတစ်ခုလုံးမှသည် စကြဝဠာအနန္တသို့တိုင်အောင် ဖြန့်ကြက်နိုင်၏။ ထိုသို့ ဖြန့်ကြက်ပြီးနောက် ကြီးမားကျယ်ပြန့်သွားသော ထိုကသိုဏ်းဝန်းကို သို့မဟုတ် ထိုကသိုဏ်းဝန်း၏ အစိတ် အပိုင်း တစ်ခုကို အာရုံပြု၍ အဖြူ အဖြူဟုပင် ထပ်ကာထပ်ကာ ရှုပွားသုံးသပ်နေပါက ဘာဝနာစိတ်သည် ထို အဖြူရောင်ကသိုဏ်းဝန်းအာရုံ၌ တဖြည်းဖြည်း ငြိမ်ဝပ်စွာ ကပ်၍ တည်လာပေလိမ့်မည်။ ထိုကသိုဏ်းဝန်းနိမိတ် သည်လည်း တဖြည်းဖြည်း ပရိကမ္မနိမိတ်မှသည် ဥဂ္ဂဟနိမိတ်သို့, ဥဂ္ဂဟနိမိတ်မှသည် ပဋိဘာဂနိမိတ်သို့တိုင်အောင် ပြောင်းလဲသွားမည် ဖြစ်၏။ ထိုပဋိဘာဂနိမိတ်ကား အလွန်စင်ကြယ်သန့်ရှင်း၏။ ဥဂ္ဂဟနိမိတ်၌ အပြစ်ဒေါသ အနည်းငယ်ရှိသော်လည်း ဤပဋိဘာဂနိမိတ်ကား အပြစ်ဒေါသ လုံးဝကင်းစင်၍ စကြဝဠာအနန္တသို့တိုင်အောင် ပျံ့သွားသော်လည်း ကသိုဏ်းဝန်း၌ မညီညာမှုများ လုံးဝမရှိဘဲ အလွန်ညီညာချောမွေ့သော အလွန်သန့်ရှင်း စင်ကြယ် ကြည်လင်သော နိမိတ် ဖြစ်နေပေမည်။ ထိုနိမိတ်၌ကား ပုံသဏ္ဌာန်လည်း မရှိတော့ပေ။ ဤတွင် နိမိတ်သုံးမျိုးနှင့် ဘာဝနာသုံးမျိုးကို ထပ်မံ၍ ရှင်းလင်းတင်ပြအပ်ပါသည်။

၁။ အရိုးစုအာရုံ၌ အဖြူ အဖြူ ဟု အဖြူရောင်ဩဒါတကသိုဏ်းနိမိတ်ကို ယူနေခိုက် ထိုနိမိတ်မှာ **ပရိကမ္မ နိမိတ်** ဖြစ်၏။ ထိုအဖြူရောင် ပရိကမ္မနိမိတ်ကို အာရုံယူ၍ အဖြူ အဖြူဟု ဘာဝနာလုပ်ငန်းရပ်ကို စတင် ပြုစု ပျိုးထောင်မှုသည် **ပရိကမ္မဘာဝနာ** မည်၏။ ထိုအခိုက်၌ ဖြစ်ပေါ်နေသော သမာဓိကို **ပရိကမ္မဘာဝနာသမာဓိ** ဟုလည်း ခေါ်ဆိုနိုင်ပေသည်။ အဇ္ဈတ္တ အရိုးကောဋ္ဌာသ၌လည်းကောင်း, ဗဟိဒ္ဓ အရိုးကောဋ္ဌာသ၌လည်းကောင်း အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ ဤပရိကမ္မဘာဝနာသညာကို ရရှိနိုင်ပေသည်။

၂။ အကြင်အခါ၌ကား ထိုအဖြူရောင် ပရိကမ္မနိမိတ်ကို စိတ်ဖြင့် ကောင်းစွာ ယူနိုင်၏၊ ပကတိသော ပသာဒ စက္ခုဖြင့် မြင်ရသကဲ့သို့ မနောဒွါရ၌ ထင်လာ၏။ အရိုးစုကောဋ္ဌာသ ပျောက်၍ အဖြူရောင်ကသိုဏ်းဝန်း ဖြစ်- လာ၏။ ထိုအခါ၌ ယောဂါဝစရပုဂ္ဂိုလ်သည် အဇ္ဈတ္တ အရိုးစုကောဋ္ဌာသမှစ၍ အဖြူရောင်ကသိုဏ်းဝန်း၌ ပရိကမ္မ

ဘာဝနာသညာကို ရရှိအောင် ကြိုးစားအားထုတ်နေသူဖြစ်လျှင် ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၏ အဖြူရောင်ကို အာရုံယူ၍ ပရိကမ္မဘာဝနာသညာကို ရရှိအောင် ပြောင်း၍ ရှုလိုက ရှုနိုင်ပြီ။ (အကယ်၍ ဗဟိဒ္ဓသို့ ပြောင်း၍ မရှုလိုဘဲ အဇ္ဈတ္တ အရိုးစုကောဋ္ဌာသ၌သာ အပ္ပနာစျာန်သို့ တိုင်အောင် ကြိုးစားလိုကလည်း ကြိုးစားနိုင်ပေသည်။) အကယ်၍ ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၏ အဖြူရောင်ကို အာရုံယူ၍ အဖြူရောင်ကသိုဏ်း ပရိကမ် လုပ်ငန်းကို စတင်ပြုစုပျိုးထောင်သူ ပရိကမ္မဘာဝနာသညာကို ရရှိအောင် ကြိုးစားအားထုတ်သူဖြစ်လျှင် အခြား ဗဟိဒ္ဓအရိုးစုကောဋ္ဌာသသို့ ထပ်ပြောင်းနေဖွယ် မလိုတော့ပေ။ မူလအရိုးစုကောဋ္ဌာသမှ အဖြူရောင်ကသိုဏ်း ဝန်းအဖြစ် ထင်လာမြင်လာသော ထိုနိမိတ်ကား **ဥဂ္ဂဟနိမိတ်**တည်း။ ဘာဝနာမှာ အဖြူရောင်ကသိုဏ်း ပရိကမ် လုပ်ငန်းကို ပြုစုပျိုးထောင်နေသည့် **ပရိကမ္မဘာဝနာ**သာ ရှိသေး၏။ သို့သော် ထိုဘာဝနာကား အဖြူရောင် ကသိုဏ်းအာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေပြီ ဖြစ်၏၊ **ပရိကမ္မဘာဝနာသမာဓိ**ဟုပင် ခေါ်ဆိုနိုင်၏။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ (ဝိသုဒ္ဓိ-၁-၁၄၀။), အဋ္ဌသာလိနီအဋ္ဌကထာ (အဘိ-ဋ္ဌ-၁-၁၆၀။), မဟာနိဒ္ဒေသအဋ္ဌကထာ (မဟာနိ-ဋ္ဌ-၁၁၁။)တို့၌ သုခသည် ကိုယ်ဝန်တည်၍ ရင့်ကျက်ခြင်းသို့ ရောက်လတ်သော် ခဏိကသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သုံးမျိုးကုန်သော သမာဓိကို ပြည့်စေနိုင်၏ဟု ဖွင့်ဆိုထား၏။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပဋိသံ-ဋ္ဌ-၁-၁၁၇။)၌ကား ခဏိကသမာဓိ ဝိပဿနာသမာဓိ ဥပစာရသမာဓိ ပဌမဇ္ဈာနသမာဓိဟု လေးမျိုး ဖွင့်ဆိုထား၏။ ဤပရိကမ္မဘာဝနာသမာဓိကိုပင် ခဏိကသမာဓိဟူ၍လည်း ယင်းအဋ္ဌကထာတို့၌ ခေါ်ဝေါ် သုံးစွဲထားပေသည်။

၃။ ထိုသို့ ပရိကမ္မဘာဝနာသမာဓိဖြင့် အဖြူရောင်ကသိုဏ်းအာရုံ၌ ငြိမ်ဝပ်စွာကပ်၍ တည်ကြည်နေသော သမာဓိရှိသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်၏ သန္တာန်၌ ထိုနောင် ထိုဥဂ္ဂဟနိမိတ်၌ပင် ပရိကမ္မဘာဝနာသမာဓိဖြင့် အဖြူ အဖြူဟု အဖန်တလဲလဲ ပွားများအားထုတ်ခြင်း ဘာဝနာလုပ်ငန်းရပ်ကို ဆက်လက်၍ ကြိုးပမ်းခဲ့သော် အရိုးစုကောဋ္ဌာသအာရုံပေါ်၌ ထင်နေသော အဖြူရောင် သြဒါတကသိုဏ်းဝန်းနှင့် ပုံစံတူ အဖြူရောင် သြဒါတ ကသိုဏ်းဝန်းသည် မူလတည်ရာ အရိုးစုအာရုံနိမိတ်မှ လွတ်၍ တည်နေသည် ဖြစ်အံ့၊ တစ်နည်း – မူလ အဖြူ-ရောင် သြဒါတကသိုဏ်းဝန်း၏ တည်ရာဖြစ်သော အရိုးစုကောဋ္ဌာသအာရုံသည် ပျောက်ကွယ်သွား၍ ဆွတ်ဆွတ် ဖြူနေသော အဖြူရောင် သြဒါတကသိုဏ်းဝန်းသာ တည်နေသည် ဖြစ်အံ့၊ ထိုကသိုဏ်းဝန်းကား ဘာဝနာသညာ ကြောင့် ဖြစ်ပေါ်လာသော ပညတ်အဖြူရောင် သြဒါတကသိုဏ်းဝန်းအာရုံတည်း။ ထိုအာရုံသည် ယောဂါဝစရ ပုဂ္ဂိုလ်၏စိတ်၌ ငြိမ်သက်စွာ တည်နေ၏၊ လှုပ်ရှားမှု မရှိ ဘာဝနာစိတ်၌ ကောင်းစွာ သွင်းထားအပ်သကဲ့သို့ဖြစ်၏။ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း ကြည်ကြည်လင်လင် ထင်ထင်ရှားရှား ထင်လာ၏။ ထိုနိမိတ်ကား ဥဂ္ဂဟနိမိတ်ထက် အဆအရာအထောင်မက သာလွန်၍ ကြည်လင်၏။ ဆွတ်ဆွတ်ဖြူသော ဗျိုင်း ငယ်သည် ညိုမှောင်သော မိုးတိမ်တိုက်အတွင်း၌ ပျံဝဲနေသကဲ့သို့, တိမ်တိုက်ကြားမှ ထွက်ပေါ်လာသော လဝန်း ကဲ့သို့, ဥဂ္ဂဟနိမိတ်ကို ဖောက်ခွဲ၍ ထွက်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆပေါင်း အရာအထောင်မက စင်ကြယ်သည်ဖြစ်၍ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်လာ၏။

ထိုနိမိတ်ကား ပရမတ္ထဓမ္မမှ လွတ်နေသော ပညတ်သက်သက်သာတည်း။ မူလပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် တို့၏တည်ရာ အရိုးစုကောဋ္ဌာသကား ဤ၌ သက်ရှိသတ္တဝါတို့၏အရိုးစုကောဋ္ဌာသ ဖြစ်ခြင်းကြောင့် ရုပ်ကမ္မဋ္ဌာန်း ပိုင်းတွင်း ရေးသားတင်ပြခဲ့သည့်အတိုင်း (၄၄)မျိုးသော ရုပ်ပရမတ်တရားတို့၏ အစုအပုံသာတည်း။ ထို့ကြောင့် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်တို့ကား ပရမတ္ထဓမ္မမှ မလွတ်သေးပေ။ ယင်း ဥဂ္ဂဟနိမိတ်မှ လွတ်ထွက်လာသော အလွန် ကြည်လင်တောက်ပနေသော ဤနိမိတ်ကား မူလပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်များနှင့် အလားတူသော-ကြောင့် **ပဋိဘာဂနိမိတ်**တည်း။ ထိုနိမိတ်ကို အာရုံယူ၍ ပွားများနေသော ကာမာဝစရသမာဓိကား နီဝရဏ

ဘေးရန်များကို ပယ်ခွာနိုင်၏။ ထိုဘာဝနာကို **ဥပစာရဘာဝနာ**ဟု ခေါ်ဆို၍ ထိုသမာဓိကို **ဥပစာရသမာဓိ**ဟု ခေါ်ဆိုလေသည်။ ဤအပိုင်းတွင် နိမိတ်ကို တိုးပွားအောင် ပြုလုပ်လိုပါက ပြုလုပ်နိုင်သည်။

ထိုပဋိဘာဂနိမိတ်ကိုပင် ဥပစာရသမာဓိဖြင့် ဆက်လက်ပွားများခဲ့သော် ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ သမာဓိကို ဆက်လက်ထူထောင်ခဲ့သော် ရူပါဝစရ ပထမဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်၏။ ထိုရူပါဝစရ ပထမ ဈာန်သမာဓိကို **အပ္ပနာသမာဓိ**ဟု ခေါ်ဆိုပေသည်။ ထိုဘာဝနာကိုလည်း **အပ္ပနာဘာဝနာ**ဟု ခေါ်ဆိုပေသည်။ ဤကား ဉာဏ်ကြီးရှင်တို့အတွက်တည်း။ ဤအပိုင်းတွင်လည်း အဖြူရောင်ကသိုဏ်းဝန်းနိမိတ်သည် ကြီးမား ကျယ်ပြန့်မှု မရှိသေးက တိုးပွားအောင် ပြုလုပ်လိုပါက ပြုလုပ်နိုင်ပေသည်။ ကသိုဏ်းဝန်းကို တိုးပွားအောင် ဖြန့်ကြက်ပြီးနောက် ဖြစ်ပေါ်လာသော ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့ကို အာရုံယူ၍ အစဉ်အတိုင်း ဖြစ်ပေါ်လာသော ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိတို့၌လည်း နည်းတူ သဘောပေါက်ပါလေ။ (ဝိသုဒ္ဓိ-၁-၁၂၂။ အဘိဓမ္မတ္ထသင်္ဂဟ ကမ္မဋ္ဌာန်းပိုင်း ကြည့်ပါ။)

ဆန်ကောငယ် ဗန်းငယ် စလောင်းဖုံးငယ်လောက် သေးငယ်သော အဖြူရောင် ဩဒါတကသိုဏ်းဝန်း ပဋိဘာဂနိမိတ်၌ အပ္ပနာဈာန်သမာဓိသို့ ဆိုက်လောက်အောင် ဉာဏ်မထက်မြက်သူတို့မှာကား တစ်ထိုင်တည်း အတွင်းမှာပင် ပဋိဘာဂနိမိတ်ပေါ်လာပြီးနောက် ထိုနိမိတ်ကို တိုးပွားအောင် ပြုလုပ်၍ အပ္ပနာဈာန်သို့ ဆိုက်-အောင် ရှုပွားနိုင်ရန် မစွမ်းနိုင်ပေ။ သို့သော် ထိုပဋိဘာဂနိမိတ်၏ ဖြစ်ပေါ်လာခြင်း မည်သည်ကား အလွန် ခဲခဲ ယဉ်းယဉ်း ပြုကျင့်ရသော လုပ်ငန်းရပ်တစ်ခု ဖြစ်၏။ ထိုကြောင့် ကသိုဏ်းဝန်းကို ဖြန့်ကြက်လျက် အပ္ပနာဈာန်သို့ ဆိုက်ရောက်အောင် တစ်ရှိန်ထိုး ကြိုးပမ်းရန် မစွမ်းဆောင်နိုင်သော ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် — စကြာမင်း ဖြစ်လိမ့်မည်ဟု ဟောကိန်းထွက်ထားပြီးသော ကိုယ်ဝန်သားငယ်ကို မယ်တော်မိဖုရားကြီးက အထူး ယုယစောင့်ရှောက်သကဲ့သို့ ထိုရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို ပျောက်ကွယ်မသွားအောင် အသပ္ပါယ ခုနစ်ပါး တို့ကို ရှောင်ရှားလျက် သပ္ပါယ ခုနစ်ပါးတို့ကို မှီဝဲလျက် အပ္ပနာကောသလ္လတရား (၁၀)ပါးနှင့် ပြည့်စုံအောင် ဖြည့်ကျင့်လေရာသည်။ ဣန္ဒြေ ငါးပါး ဗောဇ္ဈင် ခုနစ်ပါးတို့ကို ညီမျှအောင် ကြိုးပမ်းလေရာသည်။ (ကြိုးစားပုံ အစီအရင်ကို အာနာပါနဿတိသမာဓိပိုင်းတွင် ပြန်ကြည့်ပါ။)

## ဈာန်အင်္ဂါ ငါးပါး

၁။ ဝိတက် = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော။
၂။ ဝိစာရ = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော။
၃။ ပီတိ = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကို နှစ်သက်ခြင်းသဘော။
၄။ သုခ = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော။
၅။ ဧကဂ္ဂတာ = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ တစ်ခုတည်းပေါ်သို့ စိတ်ကျရောက် တည်ငြိမ် နေခြင်းသဘော။

ယောဂါဝစရပုဂ္ဂိုလ်သည် အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အဖြူရောင်ကသိုဏ်းဝန်းကို အရပ် ဆယ်မျက်နှာသို့ တိုင်အောင် စွမ်းအားရှိသလောက် ဖြန့်ကြက်ပြီးနောက် ရရှိလာသော အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်ကို, သပ္ပါယ ခုနစ်ပါးတို့ကို ပြည့်စုံစေလျက် အပ္ပနာကောသလ္လတရား ဆယ်ပါးတို့ကို ပြီးစီးပြည့်စုံ စေလျက်, ဥပစာရသမာဓိဘာဝနာဖြင့် အဖန်ဖန် အထပ်ထပ် မှီဝဲပွားများခဲ့သည်ရှိသော် မကြာမြင့်မီ အချိန်ကာလ အတွင်းမှာပင် နီဝရဏများ ကွာရှဲကာ ဈာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသည့် ပထမဈာန်သမာဓိသို့ ဆိုက်ရောက် ပေလတ္တံ့။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (မ-၁-၈၉။)

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော နီဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပီတိ သုခရှိသော ပထမဈာန်သို့ ရောက်၍ နေ၏။ (မ-၁-၈၉။)

## ဒုတိယဈာန်သို့

မိမိရရှိထားပြီးသော ပထမဈာန်ကို ဝသီဘော်ငါးတန်တို့ဖြင့် နိုင်နင်းအောင် လေ့ကျင့်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်သည် အဝါးဝစွာ လေ့လာအပ်ပြီးသော အဖြူရောင် ဩဒါတကသိုဏ်းလျှင် အာရုံရှိသော ပထမ ဈာန်မှ ထ၍ ပထမဈာန်၏ အပြစ်ဒေါသကို ဤသို့ဆင်ခြင်အပ်၏။ ဤပထမဈာန်သမာပတ်ကား နီဝရဏ ပယ်-ခွာရေးလုပ်ငန်း၌ ရှေးဦးပထမ ဖြစ်သောကြောင့် နီးကပ်သော နီဝရဏ ရန်သူရှိ၏ဟုလည်းကောင်း, ဩဒါတ ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံပေါ် သို့ ဘာဝနာစိတ်ကို ရှေးရှုတင်ပေးရခြင်း ဝိတက်, ဩဒါတကသိုဏ်း ပဋိဘာဂ နိမိတ်အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်း ဝိစာရ – ဤဈာန်အင်္ဂါ နှစ်ပါးတို့သည်ကား ငြိမ်သက်မှု သမာဓိစွမ်းအင်ကို အလိုရှိနေသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်အတွက် အလွန်ပင်ပန်းသော တရားများဖြစ်နေ၍ ရုန့်ရင်းကြမ်းတမ်းနေ၏။ အာရုံပေါ် သို့ ဘာဝနာစိတ်ကို တင်တင်ပေးနေရခြင်း အာရုံကို ထပ်ကာထပ်ကာ သုံးသပ်နေရခြင်း သဘောတို့သည် ငြိမ်သက်မှုသမာဓိကို အလိုရှိသော ပုဂ္ဂိုလ်အဖို့ စိတ်၏ ကြမ်းတမ်းသော အမူအရာ တစ်မျိုး ဖြစ်နေ၏။ ရုန့်ရင်းကြမ်းတမ်းသော အရာဝတ္ထုမည်သည် ပြန့်ပြောကြီးမားသော်လည်း အကာကဲ့သို့ လွယ်ကူစွာ ချိုးဖျက်နိုင်၏။ သို့အတွက် ဈာန်အင်္ဂါများကား အားနည်းလှ၏ဟုလည်းကောင်း -ဤသို့ ပထမဈာန်၏ အပြစ်ကို မြင်အောင်ရှု၍, ဒုတိယဈာန်ကို ငြိမ်သက်သော တရားဟူ၍ နှလုံးသွင်းပြီးလျှင်, ပထမဈာန်၌ လိုချင် ငဲ့ကွက် တသက်သက်ရှိခြင်းကို ကုန်စေ၍ ဒုတိယဈာန်ကို ရရှိခြင်းငှာ ဘာဝနာလုပ်ငန်းရပ်၌ ကြိုးစားအားထုတ်-ခြင်းကို ပြုအပ်ပေ၏။

ထိုသို့ အားထုတ်လတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်အား အကြင်အခါ၌ ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ် လျှင် အာရုံရှိသော ပထမဈာန်မှ ထ၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဈာန်အင်္ဂါ ငါးပါးတို့ကို ရှေးရှုဉာဏ်ဖြင့် သက်၍ ဆင်ခြင်စဉ် ဝိတက်ဝိစာရတို့သည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာ ကုန်၏၊ ပီတိ သုခ ဧကဂ္ဂတာတို့သည် ငြိမ်သက်သောအားဖြင့် ထင်လာကုန်၏၊ ထိုအခါ၌ ရုန့်ရင်းကြမ်းတမ်းသော ဝိတက် ဝိစာရ ဈာန်အင်္ဂါတို့ကို ပယ်ခြင်းငှာလည်းကောင်း, ငြိမ်သက်သော ပီတိ သုခ ဧကဂ္ဂတာတို့ကို ရရှိခြင်းငှာ လည်းကောင်း ထိုဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင် အာရုံပြု၍ အဖြူ အဖြူ ဟု အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် မကြာမီ အချိန်ကာလ အတွင်းမှာပင်လျှင် ဝိတက် ဝိစာရတို့ ငြိမ်း-သွားသော ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးသာ ကျန်ရှိသော ဒုတိယဈာန်သို့ ဆိုက်ရောက်နိုင် ပေသည်။ (ဝိသုဒ္ဓိ-၁-၁၅၀-၁၅၂။)

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (မ-၁-၈၉။)

ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိ၏ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော မြတ်သော တည်ကြည်မှု သမာဓိကို ပွားစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း မရှိသော ပထမ ဈာန်သမာဓိကြောင့်ဖြစ်သော တစ်နည်း သမ္ပယုတ်သမာဓိကြောင့်ဖြစ်သော ပီတိ သုခရှိသော ဒုတိယဈာန်သို့

ရောက်၍နေ၏။ (မ-၁-၈၉။)

## တတိယဈာန်သို့

ဤဒုတိယဈာန်ကိုလည်း ၀သီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ ယင်းဈာန်ကို ၀သီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးသော် ယောဂါဝစရပုဂ္ဂိုလ်သည် အဝါးဝစွာ လေ့လာအပ်ပြီးသော ဒုတိယဈာန်မှ ထ၍ ဤဒုတိယဈာန်သမာပတ်ကား နီးကပ်သော ဝိတက် ဝိစာရဟူသော ရန်သူရှိ၏ဟုလည်းကောင်း, ထိုဒုတိယဈာန် သမာပတ်၌ စိတ်၏ လောက်လက်ပေါ်သည်၏ အဖြစ်ဟူသော ပေါ်လွင်သော အခြင်းအရာအားဖြင့် ဖြစ်သော အကြင်ပီတိသည် ရှိ၏၊ ဤပီတိကြောင့်ပင်လျှင် ဤဒုတိယဈာန်ကို ရုန့်ရင်းကြမ်းတမ်း၏ဟူ၍ ဘုရားအစရှိသော သူတော်ကောင်း သူမြတ်လောင်းတို့သည် ဟောကြားတော်မူအပ်ကုန်၏ဟု ဘုရားရှင်သည် ဟောကြားတော် မူအပ်သော ပီတိ၏ ရုန့်ရင်းကြမ်းတမ်းသည်၏ အဖြစ်ကြောင့် ဈာန်အင်္ဂါများကား အားနည်းလှ၏ဟုလည်း-ကောင်း ထိုဒုတိယဈာန်၌ အပြစ်ဒေါသကို မြင်အောင်ရှု၍, တတိယဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍, ဒုတိယဈာန်၌ လိုချင်ငဲ့ကွက် တသက်သက်ရှိခြင်းကို ကုန်စေ၍ တတိယဈာန်ကို ရရှိခြင်းငှာ ယင်းအဖြူရောင် ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ အဖြူ အဖြူ ဟု ရှုပွားခြင်း ဘာဝနာလုပ်ငန်းရပ်၌ ကြိုးစား အားထုတ်ခြင်းကို ပြုအပ်ပေ၏။

ထိုသို့ အားထုတ်လတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကြင်အခါ၌ ဒုတိယဈာန်မှ ထ၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့ကို ရှေးရှု ဉာဏ်ဖြင့် သက်၍ဆင်ခြင်စဉ် ပီတိသည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာ၏၊ သုခနှင့် ဧကဂ္ဂတာ-ကား ငြိမ်သက်သောအားဖြင့် ထင်လာ၏။ ထိုအခါ၌ ရုန့်ရင်းကြမ်းတမ်းသော ပီတိဈာန်အင်္ဂါကို ပယ်ခြင်းငှာ ငြိမ်သက်သော သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါကို ရရှိခြင်းငှာ ထိုဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင် အဖြူ အဖြူ ဟု အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် မကြာမီ အချိန်ကာလအတွင်းမှာပင် တတိယဈာန်သို့ ဆိုက်ရောက်နိုင်ပေသည်။ (ဝိသုဒ္ဓိ-၁-၁၅၃-၁၅၄။)

ဤဈာန်၌ ပီတိသည် တစ်ဖန်ပြုတ်သွား၍ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးသာ ကျန်ရှိပေလိမ့်မည်။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

(မ-၁-၈၉။)

ပီတိ၏လည်း ကင်းခြင်းကြောင့် ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ကို အညီအမျှ လျစ်လျူရှုလျက် သတိ ရှိလျက် သမ္ပဇဉ်ဉာဏ်ရှိလျက် နေ၏၊ ကာယိကသုခ စေတသိကသုခကိုလည်း ရူပကာယ နာမကာယဖြင့် ခံစား၏။ အကြင် တတိယဈာန်ကြောင့် ထိုတတိယဈာန်နှင့် ပြည့်စုံသူကို "အညီအမျှ လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းစကား ပြောကြားတော်မူကြကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏။ (မ-၁-၈၉။)

## စတုတ္ထဈာန်သို့

ဤတတိယဈာန်ကိုလည်း ၀သီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပါ။ တတိယဈာန်ကို ၀သီဘော် ငါးတန်တို့ဖြင့် နိုင်နိုင်နင်းနင်း လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အဝါးဝစွာ လေ့လာအပ်ပြီး-သော တတိယဈာန်မှ ထ၍ — ဤ တတိယဈာန်သမာပတ်သည် ပီတိဟူသော နီးကပ်သောရန်သူ ရှိ၏ဟု လည်းကောင်း, ထိုတတိယဈာန်၌ အကြင်ဈာန်အင်္ဂါကို သုခဟူ၍ စိတ်နှလုံးသွင်းမှုသည် ရှိ၏၊ ဤသုခဖြင့်ပင်လျှင်

ထို တတိယဈာန်ကို ရုန့်ရင်းကြမ်းတမ်း၏ဟူ၍ ဟောကြားတော်မူအပ်၏၊ ဤသို့ ဟောကြားတော်မူအပ်သော သုခ၏ ရုန့်ရင်းကြမ်းတမ်းသည်၏ အဖြစ်ကြောင့် ဈာန်အင်္ဂါများကား အားနည်းလှ၏ဟုလည်းကောင်း ဤသို့လျှင် တတိယဈာန်၌ အပြစ်ဒေါသကို မြင်အောင်ရှု၍ စတုတ္ထဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ တတိယ ဈာန်၌ လိုချင်ငဲ့ကွက် တသက်သက်ရှိခြင်းကို ကုန်စေ၍ စတုတ္ထဈာန်ကို ရရှိခြင်းငှာ အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ အဖြူ အဖြူ ဟု ပွားများအားထုတ်ခြင်း ဘာဝနာလုပ်ငန်းရပ်၌ ကြိုးစားအား-ထုတ်ခြင်းကို ပြုအပ်ပေ၏။

ထိုသို့ အားထုတ်လတ်သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် အကြင်အခါ၌ တတိယဈာန်မှ ထ၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့ကို ရှေးရှု ဉာဏ်ဖြင့် သက်၍ ဆင်ခြင်စဉ် ထိုတတိယဈာန်ရ ပုဂ္ဂိုလ်အား စိတ်၌ဖြစ်သော ဝမ်းမြောက်ခြင်း စေတသိက သောမနဿဟု ခေါ်ဆိုအပ်သော သုခသည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာ၏၊ ဥပေက္ခာဝေဒနာသည် သာလျှင်လည်းကောင်း, စိတ္တေကဂ္ဂတာ = စိတ်၏တည်ငြိမ်မှု သမာဓိသည်လည်းကောင်း ငြိမ်သက်သောသဘော အားဖြင့် ထင်လာ၏။ ထိုအခါ၌ ရုန့်ရင်းကြမ်းတမ်းသော သုခဈာန်အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း ငြိမ်သက်-သော ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါကို ရရှိခြင်းငှာလည်းကောင်း ထိုဩဒါတကသိုဏ်း ပဋိဘာဂနိမိတ် အာရုံကိုပင်လျှင် အဖြူ အဖြူ ဟု အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်သည် မကြာမီ အချိန်ကာလ အတွင်းမှာပင်လျှင် စတုတ္ထဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်ပေသည်။ ဤစတုတ္ထဈာန်သမာဓိကို လည်း ဝသီဘော်ငါးတန်တို့ဖြင့် နိုင်နင်းအောင် လေ့ကျင့်ပါ။ (ဝိသုဒ္ဓိ-၁-၁၅၉။)

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။ (မ-၁-၈၉။)

ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်လည်းကောင်း, ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာယာခြင်းတို့၏ ချုပ်ခြင်းကြောင့်လည်းကောင်း ဆင်းရဲ ချမ်းသာကင်းသော ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ . . . ဤသမာဓိကို မှန်စွာ တည်ကြည်ခြင်း သမ္မာသမာဓိဟူ၍ ဆိုအပ်၏။ (မ-၁-၈၉။)

ဤကား ဗဟိဒ္ဓအရိုးစု၏ အဖြူရောင် ဩဒါတကသိုဏ်းနိမိတ်ကို အာရုံယူ၍ စတုတ္ထဈာန်သမာဓိသို့ ဆိုက်-အောင် ရှုပွားပုံ အကျဉ်းတည်း။ အကျယ်ကို အာနာပါနဿတိသမာဓိပိုင်းတွင် ရေးသားတင်ပြခဲ့သည့် အချက် အလက်များကို နည်းမှီး၍ သိရှိပါလေ။ ပဉ္စကနည်းကိုလည်း သဘောပေါက်လောက်ပေပြီ။ (အဇ္ဈတ္တ အရိုးစု ကောဋ္ဌာသ၌ အဖြူရောင် ပရိကမ္မဘာဝနာသညာကို ရရှိပြီးသော သူတော်ကောင်းသည်လည်း အလိုရှိပါက, ရှု၍လည်း ကောင်းပါက ယင်းအဇ္ဈတ္တအဖြူရောင်ကသိုဏ်းရုပ်၌ ကသိုဏ်းရုပ်ကို အလိုရှိသလောက် ဖြန့်ကျက် လျက် ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာတို့ကို နည်းတူပင် ပွားများနိုင်သည်။) အကယ်၍ အသင် သူတော်ကောင်းသည် အလိုရှိခဲ့ပါမူ ဤအချိန်တွင် ပန်းပွင့်အဖြူ ပိတ်စအဖြူ ကျောက်တုံးအဖြူစသော အဖြူ ရောင် ဩဒါတကသိုဏ်းနိမိတ်တို့ကို ပြောင်း၍ အာရုံယူပြီး ရှုလိုက ရှုနိုင်သည်သာ ဖြစ်သည်။ အကျော်ပန်းခိုင် ကဲ့သို့သော ပန်းခိုင်တစ်ခု၏ အဖြူရောင်ကို ဩဒါတကသိုဏ်းနိမိတ်အဖြစ် လှမ်း၍ အာရုံယူလိုက်သောအခါ အချို့အချို့သော ဉာဏ်ထက်မြက်သူ ယောဂါဝစရပုဂ္ဂိုလ်တို့အဖို့ မကြာမီ အချိန်ကာလအတွင်းမှာပင် အဖြူ ရောင်ကသိုဏ်းဝန်း အသွင်သို့ ပြောင်းသွားတတ်၏၊ အရပ်ဆယ်မျက်နှာသို့ ကြည့်လိုက်တိုင်း တစ်လောကလုံးကို အဖြူရောင်ဖြင့် လွှမ်းခြုံထားသည်ကို တွေ့မြင်ရတတ်၏။ ငြိမ်သက်သော သမာဓိကို လျင်မြန်စွာ ရရှိတတ်၏။ ရှေးရှေးသော ဘာဝနာသမာဓိတို့၏ အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှုကြောင့် ဘာဝနာ

သမာဓိမှာ လျင်မြန် လွယ်ကူစွာ ဖြစ်ပေါ်လာပြီးနောက် အဖြူရောင် ဩဒါတကသိုဏ်းဝန်းမှာလည်း အချိန်အနည်းငယ် အတွင်းမှာပင် ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နိမိတ်သုံးမျိုးသို့ အစဉ်အတိုင်း ပြောင်းသွားကာ ပဌမဈာန်သမာဓိ ဒုတိယဈာန်သမာဓိ တတိယဈာန်သမာဓိ စတုတ္ထဈာန်သမာဓိများသည်လည်း တစ်ခုပြီးတစ်ခု အစဉ်အတိုင်း ဖြစ်ပေါ်လာတတ်ပေသည်။ ပန်းပွင့်တစ်ပွင့်အတွင်းမှ ဘာဝနာဟူသော အနှစ်ကို ထုတ်ယူလိုက်ခြင်းပင်တည်း။ အလားတူပင် ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှသော အဋ္ဌိတ္တ သို့မဟုတ် ဗဟိဒ္ဓ သက်ရှိ သွားကောဋ္ဌာသမှလည်း စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်သော ဘာဝနာအနှစ်ကို ထုတ်ယူလိုက အလွယ်တကူပင် ရယူနိုင်မည် ဖြစ်ပေသည်။ ကြိုးစားက ဘုရားဖြစ်နိုင်၏။

အာနာပါနကျင့်စဉ်လမ်းမှ စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် ပွားများအားထုတ်ထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်အဖို့ ဩဒါတကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် ပွားများအားထုတ်မှု ဘာဝနာလုပ်ငန်းခွင်မှာ အလွန်ကြီးမခက်ခဲတော့ပြီ ဖြစ်၏။ အကယ်၍ ဝိပဿနာပိုင်းအထိ ကျေနပ်မှု အထိုက်အလျောက် ရရှိထားသော ယောဂါဝစရပုဂ္ဂိုလ် ဖြစ်မူကား ဆိုဖွယ်ရာပင် မရှိ ဖြစ်တော့သည်။

## အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၌ ဖြစ်တတ်ပုံ

၁။ အာကင်္ခမာနဿ ဝဏ္ဏတော,
၂။ အာကင်္ခမာနဿ ပဋိကူလတော,
၃။ အာကင်္ခမာနဿ သုညတော ကမ္မဋ္ဌာနံ ဥပဋ္ဌဟိဿတိယေဝ။ (အဘိ-ဋ္ဌ-၂-၂၄၃။)

၁။ အလိုရှိသသူအား ဝဏ္ဏကသိုဏ်းအားဖြင့်,
၂။ အလိုရှိသသူအား ပဋိကူလမနသိကာရအားဖြင့်,
၃။ အလိုရှိသသူအား သုညတအားဖြင့် ကမ္မဋ္ဌာန်းသည် ထင်ရှားလာလိမ့်မည်သာတည်း။(အဘိ-ဋ္ဌ-၂-၂၄၃။)

အထက်တွင် ရေးသားတင်ပြခဲ့သော ရှုကွက်များမှာ ဤအဋ္ဌကထာအဖွင့်နှင့် အညီ —

၁။ အရိုးစုကောဋ္ဌာသ၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံယူ၍ ပဌမဈာန်သမာဓိသို့ ဆိုက်အောင် ရှုပွားပုံ,
၂။ ထိုအရိုးစုကောဋ္ဌာသ၏ ဩဒါတ = အဖြူရောင်ကို အာရုံယူ၍ ဝဏ္ဏကသိုဏ်းလမ်းမှ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် ရှုပွားပုံ ဖြစ်သည်။
၃။ သုညတရှုပွားပုံကို ရုပ်ကမ္မဋ္ဌာန်းပိုင်း နာမ်ကမ္မဋ္ဌာန်းပိုင်း ပဋိစ္စသမုပ္ပါဒ်ပိုင်း ဝိပဿနာပိုင်းတို့တွင် ရေးသားတင်ပြခဲ့ပြီးလေပြီ။

သို့သော် အချို့အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၌ အရိုးစုကောဋ္ဌာသ၏ ပဋိကူလသဘောကို အာရုံယူ၍ ပဌမဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် ရှုထားပြီးသော်လည်း အဖြူရောင် ဩဒါတကသိုဏ်းသို့ ပြောင်း၍ ရှုလိုက်သောအခါ ထိုအဖြူရောင်ကသိုဏ်း ဘာဝနာလုပ်ငန်းရပ်က အလွန်မြဲမြံခိုင်ခံ့လာလျှင် အရိုးစု၏ ပဋိကူလသဘောကို တစ်ဖန် ပြန်အာရုံယူ၍ ရှုမရတော့ဘဲ အရိုးစုကိုမြင်အောင် စိုက်လိုက်ရုံမျှဖြင့် တစ်ခဏအတွင်းမှာပင် အဖြူရောင်ကသိုဏ်းဘက်သို့ လွယ်လင့်တကူ ကူး၍ သွားတတ်၏။ ထိုအခါမျိုး၌ အရိုးစု၏ ပဋိကူလသဘောကို အာရုံစိုက်ဖို့ရန် အချိန်မပေးနိုင် ဖြစ်နေတတ်၏။ ထိုကဲ့သို့ အရိုးစုကို စိုက်၍ရှုလိုက်ကာမျှ အချိန်အနည်းငယ်အတွင်းမှာပင် အလွန်လျင်လျင်မြန်မြန် အဖြူရောင် ဩဒါတကသိုဏ်းဘက်သို့ ပြောင်းပြောင်း သွားတတ်ပါက အရိုးစု၏ ပဋိကူလအာရုံသို့ ဘာဝနာစိတ်ကို ပြန်လည်ရောက်ရှိအောင် အထူးကြိုးပမ်းနေပါလျှင်

အသင်သူတော်ကောင်းအတွက် စိတ်ပင်ပန်းဖွယ်ရာ ဖြစ်တတ်ပေသည်။ အချိန်လည်း ကြန့်ကြာသွားတတ်ပေသည်။ သို့အတွက် အရိုးစုကို စိုက်၍ ရှုလိုက်ကာမျှဖြင့် လွယ်လင့်တကူ လျင်လျင်မြန်မြန် အဖြူရောင် ဩဒါတကသိုဏ်း ဘက်သို့ ပြောင်းလဲသွားပါက အဖြူရောင် ဩဒါတကသိုဏ်းလမ်းမှ စတုတ္ထစျာန်သမာဓိသို့ ပေါက်သည်တိုင်- အောင် ဆက်လက်၍သာ ရှုပါ။ အကယ်၍ အသင်သူတော်ကောင်းသည် ဝိပဿနာသို့ မကူးရသေးသူ ဖြစ်လျှင် ယင်းစတုတ္ထစျာန်သမာဓိကိုပင် ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးလိုက ကူးနိုင်ပြီ ဖြစ်ပေသည်။ သို့သော် ဤကျမ်း၌ကား အရိုးစုကောဋ္ဌာသ၏ ပဋိကူလသဘောကို အာရုံယူ၍ ပထမစျာန်သမာဓိသို့ဆိုက်အောင် လည်းကောင်း, အဇ္ဈတ္တ သို့မဟုတ် ဗဟိဒ္ဓ အရိုးစုကောဋ္ဌာသ၏ အဖြူရောင်ကို အာရုံယူ၍ ဩဒါတကသိုဏ်း လမ်းမှ စတုတ္ထစျာန်သမာဓိသို့ ဆိုက်သည်တိုင်အောင်လည်းကောင်း နှစ်မျိုးလုံးကို ရှုပွားနိုင်သူ ရှု၍ရသူတို့အနေ ဖြင့် အလုပ်စခန်းကို ဆက်လက်ဖော်ပြထားပါသည်။ ထိုသို့ပင် ဖော်ပြထားသော်လည်း အရိုးစုကောဋ္ဌာသ၏ ပဋိ ကူလသဘောကို ပြန်၍ရှုရန် အချိန်မရတော့ဘဲ အဖြူရောင် ဩဒါတကသိုဏ်းဘက်သို့ အလွယ်တကူ လျင်လျင် မြန်မြန် ပြောင်းသွားတတ်သူတို့ကား အရိုးစု၏ ပဋိကူလသဘောကို အာရုံယူ၍ ပထမစျာန်သမာဓိသို့ ဆိုက် အောင် ရှုပွားသည့်အပိုင်းကို ချန်လှပ်ထားနိုင်သည်ဟု မှတ်ပါ။

## နီလကသိုဏ်း = အညိုရောင်ကသိုဏ်း

အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အာနာပါနကမ္မဋ္ဌာန်းမှစ၍ ဩဒါတကသိုဏ်း စတုတ္ထစျာန် သမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို ထူထောင်ပါ။ အသင်သူတော်ကောင်းသည် ဓာတ်ကမ္မဋ္ဌာန်းကို စတင်အားထုတ်ထားသူ ဖြစ်လျှင်လည်း ဓာတ်ကြီးလေးပါးမှစ၍ ဩဒါတကသိုဏ်း စတုတ္ထစျာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ —

၁။ ညိုသော ပန်းပွင့်များ၌သော်လည်းကောင်း,

၂။ ညိုသော အဝတ်၌သော်လည်းကောင်း,

၃။ ညိုသော အဆင်းရှိသော မျက်စဉ်းညိုကျောက် အစရှိသော ကျောက်ဓာတ်၌သော်လည်းကောင်း —

နီလကသိုဏ်းနိမိတ်ကို ရယူနိုင်ပေသည်။ (ဝိသုဒ္ဓိ-၁-၁၆၇။)

ထို့ပြင် အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း (၃၂)ကောဋ္ဌာသတို့တွင် ဆံပင် သည်းခြေ စသည်တို့ကဲ့သို့ ညိုသော ကောဋ္ဌာသတို့၏ ညိုသော အရောင်ကို အာရုံယူ၍ နီလကသိုဏ်းနိမိတ်ကိုလည်း ယူနိုင်သည်သာ ဖြစ်သည်။

ထိုကြောင့် အသင်ယောဂီသူတော်ကောင်းသည် ဩဒါတကသိုဏ်းလမ်းမှ စတုတ္ထစျာန်သမာဓိသို့ ဆိုက်- အောင် သမာဓိထူထောင်ပြီးသောအခါ ထိုစတုတ္ထစျာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော ဉာဏ်အရောင်အလင်း ဖြင့် မိမိ၏ရှေ့တွင် သို့မဟုတ် ရှု၍လွယ်ကူရာ အရပ်တွင် တည်ရှိသော ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသတို့တွင် ဆံပင် ကောဋ္ဌာသ၏ ညိုသော အရောင်အဆင်းကို လှမ်းအာရုံယူပါ။ သို့မဟုတ် အလိုရှိပါက, ရှု၍လည်းရပါက အဇ္ဈတ္တ ဆံပင်ကောဋ္ဌာသ၏ ညိုသော အရောင်အဆင်းကို လှမ်းအာရုံယူပါ။ ထိုအညိုရောင်ကို အာရုံယူ၍ —

နီလံ နီလံ နီလံ = အညို အညို အညို ဟု ရှုနေပါ၊ နှလုံးသွင်းနေပါ။

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဟူသော နိမိတ်သုံးပါး, ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာဘာဝနာဟူသော ဘာဝနာသုံးပါး, ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိဟူသော သမာဓိသုံးပါး တို့ကို အစဉ်အတိုင်း ရသည်တိုင်အောင် ရှေးဩဒါတကသိုဏ်း၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဆက်လက် နှလုံး သွင်းပါ။

ဥဂ္ဂဟနိမိတ်၌ကား ကသိုဏ်းအပြစ်ဒေါသများ ထင်နေသေး၏၊ ပဋိဘာဂနိမိတ်ကား ကသိုဏ်းဝန်းမှလွတ်၍ ကောင်းကင်၌တည်နေသော ဣန္ဒနီလာပတ္တမြားဖြင့် ပြီးသော ယပ်ဝန်းအတူ ထင်လာ၏။ ပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြုလိုကပြု၍ ဆက်လက်ကာ သမာဓိကို ထူထောင်ခဲ့သော် အစဉ်အတိုင်း စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် ဆိုက်ရောက်နိုင်ပေသည်။ ကြွင်းသော အကြောင်းအရာများကို ရှေးသြဒါတကသိုဏ်း၌ ဆိုအပ်-ခဲ့ပြီးသည့် နည်းအတိုင်း သိရှိပါလေ။

အသင်သူတော်ကောင်းသည် ဆံပင်နိမိတ်ကို အာရုံပြု၍ နီလကသိုဏ်းကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်-သည်တိုင်အောင် သမာဓိကို ထူထောင်ပြီးသောအခါ အောက်မဲညိုပွင့်ကဲ့သို့ သို့မဟုတ် မြခွာညိုပွင့်ကဲ့သို့သော ပန်းတစ်ပွင့်ကို အာရုံယူ၍ အညိုရောင်ကသိုဏ်းကို ပွားများအားထုတ်ကြည့်ပါ။ ယင်းအညိုရောင် ပန်းပွင့် တစ်-ပွင့်က အသင်သူတော်ကောင်း၏ ဘာဝနာစိတ်ကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် အားကြီးသော မှီရာ အာရုံအကြောင်းတရားအဖြစ် ရပ်တည်ကာ အာရမ္မဏူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလိမ့်မည်သာ ဖြစ်ပေသည်။ ပန်းတစ်ပွင့်မှ စတုတ္ထဈာန်သမာဓိဟူသော ဘာဝနာအနှစ်ကို ထုတ်ယူလိုက်ခြင်းပင် ဖြစ်၏။ နည်းမှန် လမ်းမှန် နှလုံးသွင်းတတ်သည့် ယောနိသောမနသိကာရရှိသူကို ကုသိုလ်တရားတို့က အမြဲတမ်း စောင့်ကြိုလျက်ပင် ရှိပေသည်။ ဘုရားရှင်၏ ကျေးဇူးတော်ကား အလွန်ကြီးမားတော်မူပါပေစွ။

## ပီတကသိုဏ်း = အဝါရောင်ကသိုဏ်း

မိမိရရှိထားပြီးဖြစ်သော စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်သော သမာဓိကို တစ်ဖန် ထူထောင်ပါ။ လင်း-ရောင်ခြည် စွမ်းအင်များ အားကောင်းလာသောအခါ —

၁။ ရွှေသော အဆင်း = ဝါသော အဆင်းရှိသော ပန်း၌သော်လည်းကောင်း,

၂။ ရွှေသော အဆင်း = ဝါသော အဆင်းရှိသော အဝတ်၌လည်းကောင်း,

၃။ ရွှေသော အဆင်း = ဝါသော အဆင်းရှိသော ဆေးဒန်း မြင်းသီလာ အစရှိသော ကျောက်ဓာတ်၌သော် လည်းကောင်း —

ပီတကသိုဏ်းနိမိတ်ကို ရယူနိုင်၏။ (ဝိသုဒ္ဓိ-၁-၁၆၈။)

၄။ (၃၂)ကောဋ္ဌာသတို့တွင် အဆီခဲစသည်ကဲ့သို့ ဝါရွှေသော အရောင်အဆင်းရှိသော ကောဋ္ဌာသ၌လည်း ပီတကသိုဏ်းနိမိတ်ကို ရယူနိုင်၏။

စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် သမာဓိကို ထူထောင်ပြီးသောအခါ ထိုစတုတ္ထဈာန်သမာဓိကြောင့် လင်းရောင်ခြည်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ယင်းလင်းရောင်ခြည် အကူအညီ ဖြင့် အဇ္ဈတ္တ သို့မဟုတ် ဗဟိဒ္ဓ (၃၂)ကောဋ္ဌာသတို့တွင် အဆီခဲ၏ သို့မဟုတ် ကျင်ငယ်၏ အဝါရောင်ကို အာရုံယူ၍

ပီတကံ ပီတကံ ပီတကံ = အဝါ အဝါ အဝါ ဟု နှလုံးသွင်းပါ။

ကြွင်းသော အချက်အလက်များကို သြဒါတကသိုဏ်း၌ ဆိုခဲ့သည့် အချက်များကို နည်းမှီ၍ သိရှိပါလေ။ စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် ပွားများပါ။

ကျင်ကြီး ကျင်ငယ်တို့သည် သဘာဝအားဖြင့် အလွန်ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော ကောဋ္ဌာသများပင် ဖြစ်ကြ၏။ မည်မျှပင် ရွံရှာဖွယ်ကောင်းသော ကောဋ္ဌာသပင် ဖြစ်ချင်ဖြစ်ပါစေ၊ အသင်သူတော်ကောင်း၏သန္တာန်၌ နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်သည့် ယောနိသောမနသိကာရတရားသည် ထင်ရှား တည်ရှိနေသည် ဖြစ်အံ့၊

ထိုကျင်ကြီးသည် သို့မဟုတ် ထိုကျင်ငယ်သည် အဝါရောင်ဖြစ်ပါက ဝါရွှေသော အရောင်ရှိသော ထိုကျင်ကြီးက သို့မဟုတ် ထိုကျင်ငယ်က အသင်သူတော်ကောင်း၏ သန္တာန်ဝယ် စတုတ္ထဈာန်သမာဓိ ဖြစ်ပေါ်လာသည်တိုင်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် အာရုံအဖြစ် ရပ်တည်ကာ ကျေးဇူးပြုပေးနေမည်သာ ဖြစ်ပေသည်။ ယင်း စတုတ္ထဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ ဝိပဿနာသို့ ကူးခဲ့သော် ပါရမီအားလျော်စွာ အရဟတ္တဖိုလ်သို့ တိုင်အောင်ပင် ဆိုက်ရောက်နိုင်ပေသည်။ ထိုကြောင့် နိဗ္ဗာန်ကို လိုလားတောင့်တလျက်ရှိသော အသင်သူတော်ကောင်းသည်လည်း ယောနိသောမနသိကာရကို အမြဲတမ်း မွေးမြူပါ။ အနှစ်သာရ ဘာမျှရှာမရသော ခန္ဓာအိမ် အတွင်းမှ ဘာဝနာဟူသော အနှစ်ကို ထုတ်ယူစမ်းပါ။ တန်ဖိုးရှိသော ဘဝတစ်ခုဖြစ်အောင် အစွမ်းကုန် ကြိုးပမ်း ပါလော့။

## ပန်းပိတောက်နှင့် ငုရွှေဝါ

ပိတောက်တွေ ရွှေရည်လူးသည့် အတာကူးသည့် လတန်ခူးပတ်ဝန်းကျင်တွင် ပင်လုံးကျွတ် ဖူးပွင့်ဝေဆာ လျက်ရှိသော ပန်းပိတောက်နှင့် ငုရွှေဝါတို့က ယခုကဲ့သို့ အဝါရောင် ပီတကသိုဏ်းကို ပွားများအားထုတ်လျက် ရှိသော သူတော်ကောင်းကို "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်နေသကဲ့သို့ ရှိကြ၏။ ပီတကသိုဏ်း၌ စတုတ္ထ ဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် အဝါးဝစွာ လေ့လာထားပြီသော အချို့သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် ပင်လုံးကျွတ် ပွင့်နေသော ပိတောက်ပန်းတို့ကို တွေ့မြင်ရသောအခါ, ပင်လုံးကျွတ် ပွင့်နေသော ငုရွှေဝါတို့ကို တွေ့မြင်ရသောအခါ ရှေးရှေးဘာဝနာသမာဓိတို့၏ အကူအညီကို ယူ၍ဖြစ်စေ, မယူဘဲနှင့်ပင်ဖြစ်စေ ယင်း ပင်းလုံးကျွတ် ပွင့်နေသော ပန်းတို့၏ အဝါရောင်ကို ပီတကသိုဏ်းနိမိတ်အဖြစ် လှမ်း၍ အာရုံယူလိုက်ပါက အချိန်အနည်းငယ်အတွင်းမှာပင် တစ်လောကလုံးကို အဝါရောင်ဖြင့် လွှမ်းခြုံထားသည်ကို တွေ့မြင်ရကာ စတုတ္ထဈာန်သမာဓိကို လွယ်ကူစွာပင် ထူထောင်ရရှိကြသော ဟူ၏။ ကားစီးသွားလျက်ပင် လေ့ကျင့်၍ ရတတ် ကြ၏။ တရားတော်၏ ဂုဏ်ကျေးဇူးတော်ကား ကြီးမားတော်မူလှပေသည်။ နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်သည့် ယောနိသောမနသိကာရရှိသူ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအဖို့ အဝါရောင် ဝတ်စုံတစ်ခုသည်လည်း ပီတ ကသိုဏ်း၏ တည်ရာ အာရုံနိမိတ် ဖြစ်နိုင်၏။ ယင်း အဝါရောင်ဝတ်စုံက ပီတကသိုဏ်းကို ပွားများလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ စတုတ္ထဈာန်သမာဓိ ဖြစ်ပေါ်လာသည့်တိုင်အောင် အာရမ္မဏပစ္စယသတ္တိဖြင့် အာရုံအကြောင်းတရားအဖြစ် ရပ်တည်ကာ ကျေးဇူးပြုလျက်ပင် ရှိ၏။

## လောဟိတကသိုဏ်း = အနီရောင်ကသိုဏ်း

၁။ နီသော အဆင်းရှိသော ပန်း၌သော်လည်းကောင်း,

၂။ နီသော အဆင်းရှိသော အဝတ်၌သော်လည်းကောင်း,

၃။ နီသော အဆင်းရှိသော ပတ္တမြားနီ စသော ကျောက်ဓာတ်၌သော်လည်းကောင်း —

လောဟိတကသိုဏ်း နိမိတ်ကို ရယူနိုင်သည်။ (ဝိသုဒ္ဓိ-၁-၁၆၈။)

၄။ သွေးကောဋ္ဌာသ စသည်တို့ကဲ့သို့ နီသော ကောဋ္ဌာသ၌လည်း လောဟိတကသိုဏ်းနိမိတ်ကို ရယူနိုင်သည်။

အာနာပါနဿတိသမာဓိကိုဖြစ်စေ ဩဒါတကသိုဏ်းလျှင် အာရုံရှိသော သမာဓိကိုပင်ဖြစ်စေ စတုတ္ထဈာန် သမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အထူး အားကောင်း လာသောအခါ ယင်းလင်းရောင်ခြည်၏ အကူအညီဖြင့် အဇ္ဈတ္တ၌ သို့မဟုတ် ဗဟိဒ္ဓ၌ တည်ရှိသော နီးစပ်ရာ လွယ်ကူရာ, အသည်း နှလုံးစသည်တို့၏ ဝန်းကျင်၌ တည်ရှိသော အိုင်နေသော သွေးကောဋ္ဌာသ၏ သို့မဟုတ်

နှလုံးအိမ်၏ အတွင်း၌ တည်ရှိသော သွေးကောဋ္ဌာသ၏ အနီရောင်ကို အာရုံယူ၍ **- လောဟိတကံ လောဟိတကံ လောဟိတကံ = အနီ အနီ အနီ** ဟု နှလုံးသွင်းနေပါ။ နိမိတ်သုံးမျိုး ဘာဝနာသုံးမျိုး သမာဓိသုံးမျိုးတို့ကို အစဉ်အတိုင်း ဖြစ်ပေါ်လာအောင် စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် ရှုပါ။

လောဟိတကသိုဏ်းကို စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် အဝါးဝစွာ လေ့လာထားပြီးသော သူတော်ကောင်း တစ်ဦးကို ပဒုမ္မာကြာပန်း တစ်ပွင့်ကလည်း "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်သကဲသို့ တည်ရှိနေမည်သာ ဖြစ်၏။ နီမြန်းသော လယ်ခေါင်ရန်းပန်း တစ်ပွင့်ကလည်း "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်သကဲ့သို့ တည်ရှိနေမည်သာ ဖြစ်၏။ ပတ္တမြားလက်စွပ် တစ်ကွင်းကလည်း "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်သကဲ့သို့ တည်ရှိနေမည်သာ ဖြစ်၏။ အနီရောင်ဝတ်စုံ တစ်စုံကလည်း "လာစမ်းပါ ရှုကြည့်စမ်းပါ"ဟု ဖိတ်ခေါ်သကဲ့သို့ တည်ရှိနေမည်သာ ဖြစ်၏။ မက်မောဖွယ်ရာ မြတ်နိုးဖွယ်ရာ နှစ်သက်ဖွယ်ရာ တဏှာလောဘ ဖြစ်စရာ ငါးဖြာအာရုံ ကာမဂုဏ်အတွင်းမှ ဘာဝနာဟူသော အနှစ်ကို ထုတ်ယူခြင်းပင် ဖြစ်၏။ ဤကဲ့သို့သော ကျင့်စဉ်များကို ဘုရားရှင်၏ လက်ထက်တော်မှသည် ယနေ့သိုတိုင်အောင် မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်တော်မူလာသော ဆရာစဉ်ဆက် မပျက်မကွက် သယ်ဆောင်တော်မူလာသော သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်ကား ကြီးမားတော်မူပါပေစွ။

အလွန်ရှိရှာစက်ဆုပ်ဖွယ်ကောင်းသော သွားတစ်ချောင်းသည်လည်း အဖြူရောင် ဩဒါတကသိုဏ်းအဖြစ် ရပ်တည်ကာ စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် ကျေးဇူးပြုပေးနိုင်သော စွမ်းအားရှိနေ၏။ အလွန်မြတ်နိုး ဖွယ်ရာသော ပတ္တမြားရတနာတစ်လုံးကလည်း အနီရောင် လောဟိတကသိုဏ်းအဖြစ် ရပ်တည်ကာ စတုတ္ထဈာန် သမာဓိသို့ ဆိုက်အောင် ကျေးဇူးပြုပေးနိုင်သော စွမ်းအားရှိနေ၏။ ယောနိသောမနသိကာရ ရှိသူ ယောဂါဝစရ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ငါးဖြာအာရုံ ကာမဂုဏ်ညွန်ဗွက်မှ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်သော ဘာဝနာ ဟူသော အနှစ်သာရကို အချိန်မရွေး ထုတ်ယူ၍ ရနိုင်၏။ ယင်းစတုတ္ထဈာန်သမာဓိကို ဝိပဿနာ၏ အခြေ ပါဒကပြု၍ ဝိပဿနာသို့ ကူးခဲ့သော် ပါရမီအားလျော်စွာ အရဟတ္တဖိုလ်သို့ တိုင်အောင်သော အကျိုးကျေးဇူးများ ကိုလည်း ရရှိနိုင်သည်သာ ဖြစ်၏။ အကယ်၍ ပါရမီနု၍ အရဟတ္တဖိုလ်သို့ မပေါက်ရောက်သေးခဲ့လျှင်လည်း မလျှောကျသော ဈာန်ရှိသော ထိုသူတော်ကောင်းကို သံသရာခရီးတွင် အလွန်အဆင့်အတန်း မြင့်မားလှသော ဗြဟ္မာချမ်းသာကြီးက "လာစမ်းပါ လာစမ်းပါ"ဟု ဆီးကြိုဖိတ်ခေါ်လျက် ရှိနေမည်သာ ဖြစ်ပေသည်။ ဤမျှ ကြီးမားလှသော ဂုဏ်ကျေးဇူးရှိသည့် ဤကဲ့သို့သော တရားထူး တရားမြတ်များကို သာသနာတော်၌ သက်ဝင် ယုံကြည်မှု သဒ္ဓါတရားကို လက်ကိုင်ထားလျက်ရှိသော သင်ကဲ့သို့သော သူတော်ကောင်းတစ်ဦးသည် အဘယ်-ကြောင့် မပွားများ အားမထုတ်ဘဲ နေထိုက်ပါအံ့နည်း။ အချိန်ရှိခိုက် လုံ့လစိုက်ပါလော့။

## ပထဝီကသိုဏ်း = မြေကသိုဏ်း

၁။ ကသိုဏ်းဝန်းအဖြစ် ပြုပြင်အပ်ပြီးသော မြေ,
၂။ ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော ပြကတေ့သော ကောက်စပါးနယ်ရာ တလင်းစသော မြေ,
၃။ အပိုင်းအခြားရှိသည်သာ ဖြစ်သော မြေ,
၄။ အပိုင်းအခြား မရှိသည်ကား မဟုတ်သော မြေ,
၅။ မန်းငယ် = ဗန်းငယ် ဆန်ကောငယ် ပမာဏရှိသော မြေ,
၆။ အိုးစရည်းဖုံး စလောင်းဖုံး ပမာဏရှိသော မြေ —

ဤမြေတို့၌ ပထဝီကသိုဏ်းနိမိတ်ကို ရယူနိုင်ပေသည်။ (ဝိသုဒ္ဓိ-၁-၁၂၀။)

တတ္ထ ယေန အတီတဘဝေပိ သာသနေ ဝါ ဣသိပဗ္ဗဇ္ဇာယ ဝါ ပဗ္ဗဇိတွာ ပထဝီကသိဏေ စတုက္က-ပဉ္စကဇ္ဈာနာနိ နိဗ္ဗတ္တိတပုဗ္ဗာနိ၊ ဧဝရူပဿ ပုညဝတော ဥပနိဿယသမ္ပန္နဿ အကတာယ ပထဝိယာ ကသိဏ-ဌာနေ ဝါ ခလမဏ္ဍလေ ဝါ နိမိတ္တံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၁-၁၂၀။)

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ရှေးရှေးအတိတ်ဘဝ၌လည်း သာသနာတော်တွင်း၌သော်လည်းကောင်း ရသေ့ရဟန်းအဖြစ်၌သော်လည်းကောင်း ရှင်ရဟန်းပြုဖူး၍ ပထဝီကသိုဏ်း၌ စတုက္ကစျာန် ပဉ္စကစျာန်တို့ကို ဖြစ်စေအပ်ဖူးကုန်၏၊ ဤသို့ သဘောရှိသော ဘာဝနာကြောင့်ဖြစ်သော ကောင်းမှုကုသိုလ် ပါရမီ ပုညသမ္ဘာရ အဆောက်အဦရှိသော အားကြီးသော ဘာဝနာကုသိုလ်တည်းဟူသော မှီရာ ဥပနိဿယနှင့် ပြည့်စုံသော ထို ယောဂါဝစရပုဂ္ဂိုလ်မြတ်အဖို့မူကား အလောင်းတော် ဟတ္ထိပါလသတို့သားသည် ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ် သေးသော ဂင်္ဂါမြစ်ရေအယဉ်ကို ကြည့်၍ အာပေါကသိုဏ်းနိမိတ်ကို လွယ်ကူစွာ ရယူနိုင်သကဲ့သို့ – အလားတူပင် ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော ပကတိသော မြေဝယ် လယ်ထွန်ရာ အရပ်၌သော်လည်းကောင်း ကောက်နယ်တလင်း အဝန်း၌သော်လည်းကောင်း ပရိကမ္မနိမိတ်ကို ယူခဲ့သော် ပထဝီ ပထဝီ ဟု စီးဖြန်းခဲ့သော် ထိုပရိကမ္မနိမိတ်မှ ဥဂ္ဂဟနိမိတ်သို့ တစ်ခဏချင်း ပြောင်းလဲသွား၍ ဥဂ္ဂဟနိမိတ်ကို ရရှိနိုင်ပေသည်။

(ဝိသုဒ္ဓိ-၁-၁၂၀။)

ဤအထက်ပါ ညွှန်ကြားချက်များနှင့်အညီ အသင်သူတော်ကောင်းသည်လည်း ပထဝီကသိုဏ်း၌ နိမိတ်ကို ရယူလိုခဲ့သော် ညီညာ၍ မြက် သစ်ရွက် ခဲစသော အပြစ်ကင်းသော ပကတိသော မြေကြီးတစ်နေရာတွင် တုတ်ဖြင့် ဖြစ်စေ အရာဝတ္ထုတစ်ခုဖြင့် ဖြစ်စေ ဝန်းဝိုင်းသော အရေးအသားတစ်ခုကို ပြုပါ။ မန်းငယ် = ဗန်းငယ် ဆန်ကော-ငယ် ပမာဏမှစ၍ အသင်သူတော်ကောင်း၏ ဆန္ဒရှိသလောက် ပမာဏကို ပြုပါ။ အရုဏဝဏ္ဏာယ မတ္တိကာယ ကသိဏံ ကာတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၂၀။)ဟူသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်နှင့်အညီ ကသိုဏ်းပြုလုပ်မည့် မြေကြီး၏ အရောင်မှာ မမည်းလွန်း မဖြူလွန်းသော အနီရောင် = အရုဏ်ရောင် အသင့်အတင့် သန်းနေသော မြေကြီးရောင် ဖြစ်ပါစေ။ ထို မြေအဝန်းအဝိုင်းကို စိုက်ကြည့်၍ —

ပထဝီ ပထဝီ ပထဝီ = မြေ မြေ မြေ ဟု နှလုံးသွင်းပါ။

မျက်စိကို ဖွင့်လိုက် ပိတ်လိုက် ပြုလုပ်၍ နိမိတ်ကို ယူကြည့်ပါ။ အကယ်၍ နိမိတ်မှာ မထင်မရှား ဖြစ်နေလျှင် အာနာပါနဿတိသမာဓိကို စတုတ္ထစျာန်သို့ ဆိုက်သည်တိုင်အောင် တစ်ဖန်ပြန်၍ သမာဓိကို ထူထောင်ပါ၊ သို့မဟုတ် ဩဒါတကသိုဏ်း စတုတ္ထစျာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် သမာဓိကို ထူထောင်ပါ။ ထို စတုတ္ထစျာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်း၏ အကူအညီဖြင့် ထို မိမိပြုပြင်ထားသော ပထဝီ ကသိုဏ်းဝန်းနိမိတ်ကို လှမ်းကြည့်၍ ပထဝီ ပထဝီ ပထဝီ = မြေ မြေ မြေ ဟု နှလုံးသွင်းပါ။ ပကတိသော မျက်စိဖြင့် မြင်ရသကဲ့သို့ နိမိတ်ကို ယူ၍ရခဲ့သော် မိမိနှစ်သက်ရာ နေရာသို့သွား၍ ထိုင်နိုင်ပြီ။ ထိုသို့ ထိုင်သော အခါ၌လည်း မိမိရရှိထားပြီးသော စတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်ထူထောင်၍ လင်းရောင်ခြည်စွမ်းအင်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ထိုလင်းရောင်ခြည်၏ အကူအညီဖြင့် ထိုပထဝီကသိုဏ်း နိမိတ်ကိုပင် တစ်ဖန်ပြန်လည်၍ လှမ်းကာ အာရုံယူပါ။ ကသိုဏ်းဝန်းနိမိတ်ကို တစ်ဖန် အာရုံယူ၍ ရခဲ့သော် ထိုပထဝီကသိုဏ်းနိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲပါ။

န ဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ န လက္ခဏံ မနသိကာတဗ္ဗံ။ အပိစ ဝဏ္ဏံ အမုဉ္စိတွာ နိဿယသဝဏ္ဏံ ကတွာ ဥဿဒဝသေန ပဏ္ဏတ္တိဓမ္မေ စိတ္တံ ပဋ္ဌပေတွာ မနသိကာတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၂၂။)

ထိုသို့ ပထဝီကသိုဏ်းနိမိတ်ကို နှလုံးသွင်းရာ၌ ထိုပထဝီကသိုဏ်းဝန်း၌ တည်သော အရုဏ်ရောင် အဆင်း-

နှင့်တူသော အရောင်အဆင်းကိုလည်း မနောဝိညာဏ်ဖြင့် မဆင်ခြင်အပ် နှလုံးမသွင်းအပ်။ ထိုပထဝီကသိုဏ်းဝန်း၏ တည်ရာ မြေကြီး၏ ထဒ္ဓလက္ခဏာ = ခက်မာခြင်း ပထဝီဓာတ် လက္ခဏာကိုလည်း နှလုံးမသွင်းအပ်။ စင်စစ်မူကား အရောင်အဆင်းကို မလွှတ်မူ၍ ထိုအရောင်အဆင်းကို မိမိအရောင်အဆင်း၏ မှီရာ ပထဝီကသိုဏ်းဝန်းနှင့်တူသော အခြင်းအရာ တူသောအလားရှိသည်ကို ပြု၍ ပထဝီဓာတ်ထုပြောသည်၏အဖြစ် သတ္တိအားဖြင့် လွန်သည်၏ အဖြစ်ဖြင့် ပထဝီ = မြေဟူသော လောကဝေါဟာရပညတ်၌ စိတ်ကို ရှေးရှုတည်စေ၍ ပထဝီ ပထဝီ = မြေ မြေ ဟု နှလုံးသွင်းပါ။

အကယ်၍ အသင်သူတော်ကောင်းသည် ပထဝီကသိုဏ်းဝန်း၌ တည်ရှိသော အရုဏ်ရောင် ဟူသော အရောင်အဆင်းကို နှလုံးသွင်းပါက ပထဝီကသိုဏ်း မဖြစ်တော့ဘဲ ဝဏ္ဏကသိုဏ်း = အရောင်ကသိုဏ်း ဖြစ်သွားပေလိမ့်မည်။ အကယ်၍ အသင်သူတော်ကောင်းသည် ပထဝီကသိုဏ်းဝန်း၌ ထုပြောလျက်ရှိသော ပထဝီဓာတ်၏ ခက်မာမှုသဘောကို နှလုံးသွင်းမိပါက ပထဝီကသိုဏ်းကို နှလုံးသွင်းသည် မမည်တော့ဘဲ ဓာတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည် မည်ပေလိမ့်မည်။ ပထဝီကသိုဏ်းလမ်းမှ ဓာတ်ကမ္မဋ္ဌာန်းလမ်းဘက်သို့ ပြောင်းသွားပြီ ဖြစ်၏။ ပို၍ရှုပ်ထွေးသော ပြဿနာတစ်ရပ်ကား ယင်းပထဝီကသိုဏ်းဝန်း၌ တည်ရှိသော မာမှုသဘောကို နှလုံးသွင်းမိပါက ယင်းပထဝီကသိုဏ်းဝန်းကလည်း အရပ်ဆယ်မျက်နှာသို့ ပြန့်ကားသွားသောအခါ ယင်းမာမှုသဘောက ယောဂါဝစရပုဂ္ဂိုလ်၏ ရူပကာယတစ်ခုလုံးကို လွှမ်းခြုံထားသကဲ့သို့ဖြစ်ကာ သမာဓိ၏ စွမ်းအင် ထက်မြက်လာ-သည်နှင့်အမျှ မာမှုသဘောမှာလည်း လွန်ကဲလာကာ ထိုယောဂီသူတော်ကောင်းအနေဖြင့် ထိုမာမှုသဘောကို သည်းမခံနိုင် ဖြစ်တတ်ပေသည်။ သတိရှိစေ။ ဤစည်းကမ်းချက်ကို ပကတိသော မြေဝန်း၌ နိမိတ်ယူစဉ်၌သော်လည်းကောင်း, တစ်နေရာတွင် တရားထိုင်စဉ် ယင်းနိမိတ်ကို တစ်ဖန်ပြန်၍အာရုံယူစဉ်၌လည်းကောင်း လိုက်နာပါ။

မြေကြီး၌တည်ရှိသော မူလပထဝီကသိုဏ်းဝန်းကို မျက်စိဖွင့်တုံမှိတ်တုံပြု၍ နိမိတ်ကိုယူရာ၌ ပကတိသော ဖွင့်ထားသော မျက်စိဖြင့် ကသိုဏ်းဝန်းနိမိတ်ကို မြင်ရသကဲ့သို့ မှိတ်ထားသောအခါ၌လည်း ထိုကသိုဏ်းဝန်းနိမိတ်သည် ထင်နေပါက ထိုအခါ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်လာပြီ ဖြစ်၏။ တစ်ဖန် တစ်နေရာတွင် သွားရောက်ကာ တရားထိုင်သောအခါ၌လည်း မိမိရရှိထားပြီးသော စတုတ္ထဈာန်သမာဓိကို ထူထောင်ပြီးနောက် ထိုစတုတ္ထဈာန်သမာဓိကြောင့် ဖြစ်ပေါ်လာသော လင်းရောင်ခြည်၏ အကူအညီဖြင့် ထိုမူလနိမိတ်ယူခဲ့ဖူးသော ပထဝီကသိုဏ်းဝန်းနိမိတ်ကိုပင် တစ်ဖန်ပြန်၍ အာရုံယူလိုက်သောအခါ ဖွင့်ထားသော မျက်စိဖြင့် မြင်ရသကဲ့သို့ ထင်လာပါမူ ထိုအခါတွင်လည်း ဥဂ္ဂဟနိမိတ်သည် ဖြစ်ပေါ်လာသည် မည်၏။ ထိုဥဂ္ဂဟနိမိတ်ကိုပင် ဆက်လက်၍ နှလုံးသွင်းခဲ့သော် မှီဝဲခဲ့သော် ပွားများခဲ့သော် အစဉ်အတိုင်း နီဝရဏတို့သည် ခွာအပ်ပြီး ဖြစ်ကုန်၏ = ကွာသွားကြကုန်၏၊ ကိလေသာတို့သည် အနည်ထိုင်သွားကြကုန်၏၊ ဥပစာရသမာဓိဖြင့် စိတ်သည် တည်ကြည်လာ၏။ ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာ၏။ ထိုပဋိဘာဂနိမိတ်ကို တိုးပွားအောင် ပြု၍သော်လည်းကောင်း မတိုးပွားစေဘဲသော်လည်းကောင်း ဆက်လက်၍ နှလုံးသွင်းခဲ့သော် စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် ဆိုက်ရောက်နိုင်ပေသည်။ သို့သော် နိမိတ်ကို ဖြန့်ကြက်ခဲ့သော် ဘာဝနာသမာဓိမှာ ရှည်မြင့်စွာ တည်နိုင်သဖြင့် နိမိတ်ကို စွမ်းအား ရှိသ-လောက် ဖြန့်ကြက်ပြီးလျှင် စတုတ္ထဈာန်သို့ ဆိုက်အောင် ရှုပါ။

ဥဂ္ဂဟနိမိတ်၌ လက်ချောင်းရာ တုတ်ရာ စသည့် ကသိုဏ်းအပြစ်ဒေါသများ ထင်ရှားနေတတ်၏။ ပဋိဘာဂနိမိတ်ကား အိတ်အတွင်းမှ ထုတ်ယူအပ်သော ကြေးမုံဝန်းကဲ့သို့လည်းကောင်း, ကောင်းစွာ ပွတ်အပ်ပြီးသော ခရုသင်းခွက်ကဲ့သို့လည်းကောင်း, တိမ်တိုက်အကြားမှ ထွက်ပေါ်လာသော လပြည့်ဝန်းကဲ့သို့လည်းကောင်း, မိုးတိမ်ညိုဝ၌ ပျံသန်းနေသော ဥဇျိုင်းတို့ကဲ့သို့ လည်းကောင်း ဥဂ္ဂဟနိမိတ်ကို ထွင်းဖောက်၍ ထွက်ပေါ်လာသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆပေါင်း အရာအထောင်မက အလွန်စင်ကြယ်သန့်ရှင်းသည်ဖြစ်၍ ထင်လာ

တတ်ပေ၏။ (ဝိသုဒ္ဓိ-၁-၁၂၂။)

အထက်တွင် ရေးသားတင်ပြထားသည့်အတိုင်း ဩဒါတကသိုဏ်းမှစ၍ အခြားအခြားသော ကသိုဏ်းတို့၌ ဘာဝနာသမာဓိအရှိန်အဝါ အားကောင်းလာသော အချို့သော ယောဂါဝစရပုဂ္ဂိုလ်အဖို့မူကား ပထဝီကသိုဏ်းနိမိတ်ဝန်းကိုပင် အထူးမပြုလုပ်ရတော့ဘဲ ဩဒါတကသိုဏ်းစသည်တို့ဖြင့် စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်၍ ထိုစတုတ္ထဈာန်သမာဓိဘာဝနာစိတ်ကြောင့် ဉာဏ်အရောင်အလင်းသည် ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ မိမိထိုင်၍ တရားနှလုံးသွင်းရာ အောက်၌ဖြစ်စေ ပတ်ဝန်းကျင်၌ဖြစ်စေ တည်ရှိနေသော အရုဏ်ရောင်အဆင်းရှိသော ပကတိမြေကြီးကိုပင် ယင်းစတုတ္ထဈာန် ဘာဝနာသမာဓိကြောင့် ထွက်ပေါ်လာသော ဉာဏ်အရောင်အလင်းဓာတ်ဖြင့် ထိုးစိုက်၍ ပထဝီကသိုဏ်းနိမိတ်ကို ယူခဲ့သော်လည်း ရရှိနိုင်သည်သာ ဖြစ်ပေသည်။ ယင်းနိမိတ်ကိုပင် အဖန်ဖန် အထပ်ထပ် မှီဝဲပွားများခဲ့သော် အစဉ်အတိုင်း နိမိတ်သုံးမျိုး ဘာဝနာသုံးမျိုး သမာဓိသုံးမျိုးတို့ ဖြစ်ပေါ်လာနိုင်၏။ ပဋိဘာဂနိမိတ်သို့ ဆိုက်သောအခါ နိမိတ်ကို စွမ်းအား ရှိသလောက် ဖြန့်ကြက်၍ စတုတ္ထဈာန်သမာဓိသို့ ဆိုက်သည်တိုင်အောင် ဆက်လက်ပွားများပါ။

## အာပေါကသိုဏ်း = ရေကသိုဏ်း

၁။ သပိတ်, ခွက်, ပုံးစသည်၌ အနားရေးနှင့်အမျှ ပြည့်အောင်ထည့်ထားအပ်သော ကသိုဏ်းဝန်းအဖြစ် ပြုလုပ်ထားအပ်သော, အညို အဝါ အဖြူ အနီ အရောင်တို့ဖြင့် ရောယှက်မှု မရှိ ပကတိ ကြည်လင်သန့်ရှင်းသော, ကောင်းကင်မှ ကျလာသော မိုးရေ, သို့မဟုတ် ထိုရေနှင့် အလားတူ သန့်ရှင်းသော ရေ၌သော်လည်းကောင်း,

၂။ ရေတွင်း, ရေကန်, တစ်ဘက်ဆည်ကန်, သမုဒ္ဒရာမှ တက်လာသော ဆားငံရေဖြင့် ပြည့်သော ဆားကျင်း, ဒီချောင်း, သမုဒ္ဒရာစသော ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သော ရေ၌သော်လည်းကောင်း အာပေါကသိုဏ်းနိမိတ်ကို ယူနိုင်ပေသည်။ (ဝိသုဒ္ဓိ-၁-၁၆၅။)

ဤ ညွှန်ကြားချက်များနှင့်အညီ အသင်သူတော်ကောင်းအတွက် အကောင်းဆုံးသော ရေမှာ ကြည်လင်သန့်ရှင်းသော ရေတွင်းရေပင် ဖြစ်သည်။ ရေတွင်းရေ မရခဲ့သော် သပိတ်၌ဖြစ်စေ, အိုးခွက်တစ်ခု၌ဖြစ်စေ ရေပြည့်အောင်ထည့်၍ အာပေါကသိုဏ်းနိမိတ်ကို ယူပါ။ ရေတွင်းရေ၌ဖြစ်စေ, သပိတ် အိုးခွက်စသည်၌ တည်ရှိသော ရေ၌ဖြစ်စေ အာပေါကသိုဏ်းနိမိတ်ကို ယူရာ၌ ရေဟူသော ပညတ်သက်သက်ကိုသာ အာရုံယူပါ။ ရေတွင်း နံရံနှင့် ရေတွင်းအောက်ခြေကိုလည်းကောင်း, သပိတ် အိုးခွက်တို့၏ နံရံနှင့် အောက်ခြေကိုလည်းကောင်း မကြည့်မိရန် သတိပြုပါ။ ရေသက်သက်ကိုသာ ကြည့်၍ နိမိတ်ယူပါ။ တစ်ဖန် ထိုသို့နိမိတ်ယူရာ၌ မိမိရရှိထားပြီးသော အာနာပါနစတုတ္ထဈာန်ကိုလည်းကောင်း သို့မဟုတ် ဩဒါတကသိုဏ်း စတုတ္ထဈာန်ကိုလည်းကောင်း ဝင်စားပြီးမှ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါမှ အာပေါကသိုဏ်းနိမိတ်ကို ယူခဲ့သော် ပို၍ အရမြန်တတ်သည်။ ရှေးရှေး ဘာဝနာသမာဓိများက အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးနေသောကြောင့် ဖြစ်သည်။

န ဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ န လက္ခဏံ မနသိကာတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၆၅။)

ထိုသို့ အာပေါကသိုဏ်းနိမိတ်ကို ယူရာ၌ ရေ၏အရောင်ကို နှလုံးမသွင်းပါနှင့်၊ အရောင်ကို နှလုံးသွင်းခဲ့သော် ဝဏ္ဏကသိုဏ်းဘက်သို့ ကူးသွားမည်။ အာပေါဓာတ်၏ ယိုစီးခြင်း ပဂ္ဃရဏလက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်၊ ရေ၏ အေးမှု သီတလက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်၊ ဓာတ်ကို နှလုံးသွင်းခဲ့သော် ဓာတ်ကမ္မဋ္ဌာန်းဘက်သို့ ကူးသွားမည် ဖြစ်၏။ အထူးသဖြင့် ရေ၏ အေးမှုသဘောကို နှလုံးသွင်းပါက သမာဓိအားကောင်းလာသောအခါ

ထိုသို့ နှလုံးသွင်းနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ခန္ဓာကိုယ်၌ ချမ်းတက်လာတတ်၏။ ထိုကြောင့် အဆင်း၏မှီရာ အာပေါကသိုဏ်းကို အဆင်းနှင့်တကွ တူသော အခြင်းအရာရှိသည်ကို ပြု၍ အာပေါဓာတ် ထူပြောသည်၏ အစွမ်းဖြင့် အာပေါ = ရေဟူသော လောကဝေါဟာရ၌ စိတ်ကို ထား၍ **— အာပေါ အာပေါ အာပေါ = ရေ ရေ ရေ** ဟု နှလုံးသွင်းပွားများပါ။ နိမိတ်သုံးမျိုး, ဘာဝနာသုံးမျိုး, သမာဓိသုံးမျိုး အစဉ်အတိုင်း ပေါ်လာ၍ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင် အစဉ်အတိုင်း ဆိုက်ရောက်နိုင်ပေသည်။

ဤအာပေါကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် လှုပ်သကဲ့သို့ ထင်လာတတ်၏။ အာပေါကသိုဏ်းနိမိတ်ကို ယူခဲ့စဉ်က ရေသည် ရေမြှုပ် ရေပွက်နှင့် ရောသော ရေဖြစ်ခဲ့မူ ထိုပုံစံအတိုင်းသာ ထင်လာတတ်၏။ လှိုင်းတံပိုးထခြင်း, ရေမြှုပ် ရေပွက်နှင့် ရောနှောနေခြင်းစသော ကသိုဏ်းအပြစ်ဒေါသသည် ထင်လာတတ်၏။ ထိုကြောင့် ငြိမ်သက်၍ နက်ရှိုင်းသော ရေ၌ နိမိတ်ယူခြင်းက အပြစ်ဒေါသ နည်းပါးသဖြင့် ပိုကောင်းလှပေသည်။ ပဋိဘာဂနိမိတ်ကား တုန်လှုပ်ခြင်းကင်းသည် ဖြစ်၍ ကောင်းကင်၌ ထားအပ်သော မြယပ်ဝန်းကဲ့သို့လည်းကောင်း, မြကြေးမုံဝန်းကဲ့သို့လည်းကောင်း ဖြစ်၍ ရှေးရှုထင်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ် ထင်သည်နှင့် အတူတကွသာလျှင် ဆိုခဲ့ပြီးသည့်အတိုင်း ဥပစာရဈာန် အပ္ပနာဈာန်တို့သို့ ရောက်ရှိနိုင်ပေသည်။
(ဝိသုဒ္ဓိ-၁-၁၆၅-၁၆၆။)

## တေဇောကသိုဏ်း = မီးကသိုဏ်း

ရှေးရှေး ဘဝထိုထိုက ပြုအပ်ဆည်းပူးအပ်ခဲ့ဖူးသော တေဇောကသိုဏ်း ဘာဝနာလုပ်ငန်း၌ ဘာဝနာကုသိုလ် ပုညသမ္ဘာရ ရှိခဲ့ဖူးသော ပုဂ္ဂိုလ်အား ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သေးသော မီး၌ တေဇောကသိုဏ်းနိမိတ်ကို ယူခဲ့သော် ရရှိနိုင်သည်သာ ဖြစ်၏။

၁။ ဆီမီးတောက် ဆီမီးလျှံ၌လည်းကောင်း,
၂။ ချက်ပြုတ်ရာ မီးဖို၌လည်းကောင်း,
၃။ သပိတ်ဖုတ်ရာ ဌာန၌တည်ရှိသော မီးပုံ၌လည်းကောင်း,
၄။ တောမီးလောင်ရာ မီးတောက် မီးလျှံ၌လည်းကောင်း —

အမှတ်မရှိ မီးတောက်လောင်ရာ အရပ်၌ မီးလျှံကို ကြည့်ရှုစဉ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာနိုင်၏။

အတိတ်ဘဝထိုထိုက တေဇောကသိုဏ်းကို စီးဖြန်းမှု ပါရမီ ပုညသမ္ဘာရ မရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်ကား တေဇောကသိုဏ်းဝန်းကို ပြုလုပ်ထိုက်၏။ ပြုလုပ်ပုံ အစီအရင်ကား – အနှစ်အဆီရှိ၍ ခြောက်သွေ့သော ထင်းခွဲခြမ်းတို့ကို သင့်တော်ရာ တစ်နေရာ၌ သပိတ်ဖုတ်သည့် ပုံစံအနေအထားအားဖြင့် အစုအပုံလိုက် မီးတောက် မီးလျှံ ထွက်ပေါ်လာသည်တိုင်အောင် မီးရှို့ပါ။

သင်ဖြူးဖျာ, သားရေပိုင်း, ပုဆိုးကြမ်း, သစ်သားပျဉ်ချပ် စသည့် တစ်ခုခုတွင် တစ်ထွာလောက် အတိုင်းအရှည်ရှိသော ဝန်းဝိုင်းသော အပေါက်ကို ဖောက်၍ ထိုအပေါက်ဖောက်ထားသော အရာဝတ္ထုကို ရှေး၌ထား၍ သို့မဟုတ် တစ်ထွာခန့် ဝန်းဝိုင်းသော အပေါက်ရှိသော ဇလုံပေါက်တစ်ခုကို ရှေး၌ထား၍ ထိုင်ပြီးလျှင် —

၁။ မီးပုံအောက်၌ လောင်နေသော မြက်ထင်းကိုလည်းကောင်း,
၂။ အထက်သို့ တက်သော အခိုးအညွန့်ကိုလည်းကောင်း —

နှလုံးမသွင်းမှု၍ အလယ်၌ မကျဲမှု၍ တစ်ခဲနက် တစ်လုံးတည်းအားဖြင့် တောက်လောင်နေသော မီးတောက် မီးလျှံ၌ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကို ယူပါလေ။ (ဝိသုဒ္ဓိ-၁-၁၆၆။)

ဝဏ္ဏော န ပစ္စဝေက္ခိတဗ္ဗော၊ ဥဏှတ္တဝသေန လက္ခဏံ န မနသိကာတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၁၆၆။)

ထိုသို့ တေဇောကသိုဏ်းနိမိတ်ကို ယူရာ၌ ထိုမီးတောက်မီးလျှံ၏ အညို အဝါ အနီစသည်အားဖြင့် ပြား-သော အရောင်ကို နှလုံးမသွင်းပါနှင့်။ အရောင်ကို နှလုံးသွင်းခဲ့သော် ဝဏ္ဏကသိုဏ်းဘက်သို့ ကူးသွားမည်ဖြစ်၏။ ထိုမီးတောက် မီးလျှံ၏ ပူသော လက္ခဏာကိုလည်း နှလုံးမသွင်းပါနှင့်။ ပူသော လက္ခဏာကို နှလုံးသွင်းပါက ဓာတ်ကမ္မဋ္ဌာန်းလမ်းဘက်သို့ ပြောင်းသွားမည် ဖြစ်၏။ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် တေဇောကသိုဏ်းကို ပွားရာ၌ မီးတောက်မီးလျှံ၏ ပူသော သဘောကို အာရုံယူမိသဖြင့် သမာဓိအရှိန်အဝါ အားကောင်း၍ ကသိုဏ်းဝန်းသည်လည်း အရပ်ဆယ်မျက်နှာသို့ ပြန့်သွားသောအခါ မူလ နှလုံးသွင်းမိသော ပူသောသဘောမှာ အလွန်ထင်ရှားလာ၍ ထိုအပူရှိန်၏ ဒဏ်ချက်ကို မခံနိုင်သဖြင့် ထွက်ပြေးရဖူး၏။ မီးတောက်မီးလျှံတွေက ထိုယောဂီ၏ ခန္ဓာကို ဝိုင်း၍ လောင်နေကြသော ဟူ၏။ ထို့ကြောင့် မီးတောက်မီးလျှံ၌ရှိသော အရောင်အဆင်း၏ တည်ရာမီးကို အဆင်းနှင့်တကွသာလျှင် ပြု၍ တေဇောဓာတ် များပြားထူပြောသည်၏အစွမ်းဖြင့် တေဇော = မီးဟူသော လောကဝေါဟာရပညတ်၌ စိတ်ကိုထား၍ **တေဇော တေဇော တေဇော = မီး မီး မီး** ဟု နှလုံးသွင်းပွားများပါ။ ဤသို့ ပွားများအားထုတ်သော ထိုယောဂါဝစရပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်များ ဖြစ်ပေါ်လာမည် ဖြစ်၏။ (ဝိသုဒ္ဓိ-၁-၁၆၆ - ကြည့်ပါ။)

ဤညွှန်ကြားချက်များနှင့်အညီ တေဇောကသိုဏ်းကို ပွားများအားထုတ်လိုသော အသင်ယောဂီ သူတော်-ကောင်းသည် မိမိရရှိထားပြီးသော စတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ၊ ရှေးဦးစွာ ထမင်း ဟင်းချက်ရာ မီးဖို၌ တည်ရှိသော မီးတောက်မီးလျှံ၌ အောက်ပိုင်းထင်းစ အပေါ်ပိုင်းမီးညွန့်တို့ကို မကြည့်ဘဲ အလယ်မီးတောက်ကိုသာ ကြည့်၍ တေဇောကသိုဏ်းနိမိတ်ကို ယူကြည့်ပါ။ မအောင်မြင်ခဲ့သော် ဆယ်လက်မခန့် အပေါက်ရှိသော ဇလုံပေါက်တစ်ခုကို ရှေးကခံထား၍ ထိုဇလုံပေါက်၏ ရှေး၌ တည်ရှိသော မီးတောက်မီးလျှံ၌ တေဇောကသိုဏ်းနိမိတ်ကို ယူကြည့်ပါ၊ အောင်မြင်တတ်ပါသည်။ နိမိတ်သုံးမျိုး ဘာဝနာသုံးမျိုး သမာဓိသုံးမျိုးတို့ကို အစဉ်အတိုင်း ရရှိအောင် ကြိုးစားအားထုတ်ပါ။ ရှေးယခင်က အိမ်ကိုမီးလောင်ခြင်း, တောမီးလောင်ခြင်း စသည်တို့ကို မြင်ခဲ့ဖူးလျှင်လည်း မိမိရရှိထားပြီးသည့် စတုတ္ထစျာန်သမာဓိ တစ်ခုခုကို ထူထောင်ပြီးနောက် ယင်းမီး-တောက်မီးလျှံ၏ အလယ်သားကို အာရုံယူ၍လည်း တေဇောကသိုဏ်းကို ပွားနိုင်ပါသည်။

ထိုသို့ အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်နှစ်မျိုးတို့တွင် ဥဂ္ဂဟနိမိတ်ကား မီးတောက်မီးလျှံသည် ပြတ်၍ပြတ်၍ ကျသည်နှင့် တူသည်ဖြစ်၍ ထင်လာ၏။ ကသိုဏ်းဝန်းအဖြစ် မပြုပြင်အပ်သော မီးပုံ၌ တေဇောကသိုဏ်းနိမိတ်ကို ယူသော ပုဂ္ဂိုလ်အားကား ကသိုဏ်း၏ အပြစ်ဒေါသသည် ထင်ရှား၏၊ မီးအပိုင်းအစ = မီးထင်းစသည်လည်းကောင်း, မီးကျီးစု မီးကျီးခဲပုံသည်လည်း-ကောင်း, ပြာသည်လည်းကောင်း, မီးခိုးသည်လည်းကောင်း ထင်နေတတ်၏။ ပဋိဘာဂနိမိတ်သည်ကား မတုန်လှုပ်သည်ဖြစ်၍ ကောင်းကင်၌ ဖြန့်ခင်းထားအပ်သော ကမ္ဗလာပိုင်းကဲ့သို့လည်းကောင်း, ရွှေယပ်ဝန်းကဲ့သို့လည်းကောင်း, ရွှေသည်တိုင်ကဲ့သို့လည်းကောင်း ထင်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပဋိဘာဂနိမိတ်၏ ထင်သည်နှင့် အတူတကွသာလျှင် ဥပစာရစျာန်သို့လည်းကောင်း အပ္ပနာစျာန်သို့လည်းကောင်း ရောက်ရှိနိုင်-ပေသည်။ (ဝိသုဒ္ဓိ-၁-၁၆၆။)

## ဝါယောကသိုဏ်း = လေကသိုဏ်း

ဝါယောကသိဏံ ဘာဝေတုကာမေနာပိ ဝါယုသ္မိံ နိမိတ္တံ ဂဏှိတဗ္ဗံ။ တဉ္စ ခေါ ဒိဋ္ဌဝသေန ဝါ ဖုဋ္ဌဝသေန ဝါ။ (ဝိသုဒ္ဓိ-၁-၁၆၇။)

ဝါယောကသိုဏ်းကို ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည်လည်း လေ၌ နိမိတ်ကို ယူအပ်၏။ ထို ဝါယောကသိုဏ်းနိမိတ်ကိုလည်း —

၁။ အမြင်၏ အစွမ်းဖြင့်လည်းကောင်း,

၂။ အတွေ့၏ အစွမ်းဖြင့်လည်းကောင်း —

ယူအပ်ပေသည်။ ထို့ကြောင့် —

၁။ သစ်ပင်ဖျား သစ်ရွက်ဖျားစသည်တို့၌ တိုက်ခတ်၍နေသော လေကို ကြည့်၍ မြင်၍လည်း ဝါယောကသိုဏ်း နိမိတ်ကို ယူနိုင်၏။

၂။ မိမိ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်နေရာ၌ လာရောက်တွေ့ထိနေသော လေကိုလည်း ဝါယောကသိုဏ်း နိမိတ်အဖြစ် ယူနိုင်၏။

မိမိ၏ ကိုယ်အင်္ဂါ၌ တွေ့ထိလာသော လေကို ဝါယောကသိုဏ်းနိမိတ်အဖြစ် ယူလိုသော် ရှေးဦးစွာ မိမိရရှိထားပြီးသော စတုတ္ထဈာန်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ လေသာပြူတင်းပေါက်စသည်မှ ဝင်လာ၍ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်နေရာ၌ လာရောက်ထိခိုက်သော လေအစု၌ သတိကို ဖြစ်စေ၍ **ဝါတော ဝါတော ဝါတော = လေ လေ လေ** ဟု နှလုံးသွင်း ပွားများပါ။

အကယ်၍ သစ်ပင်ဖျား သစ်ရွက်ဖျားစသည်တို့၌ တိုက်ခတ်၍နေသော လေကိုကြည့်၍ နိမိတ်ကို ယူလိုခဲ့သော် ရှေးဦးစွာ မိမိရရှိထားပြီးသော စတုတ္ထဈာန်သမာဓိကို ထူထောင်ပြီးနောက် လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ ထိုလင်းရောင်ခြည်၏ အကူအညီဖြင့် ထိုလေကို မြင်အောင်ကြည့်၍ ထိုလေ၌ သတိကို ဖြစ်စေ၍ **ဝါတော ဝါတော ဝါတော = လေ လေ လေ** ဟု နှလုံးသွင်းပွားများပါ။ နိမိတ်သုံးပါး, ဘာဝနာသုံးပါး, သမာဓိသုံးမျိုးလုံးရအောင် အစဉ်အတိုင်း ပွားများအားထုတ်ပါ။

ဥဂ္ဂဟနိမိတ်ကား ခုံလောက် = ဖိုခနောက်မှ ချအပ်ကာမျှဖြစ်သော နို့ယနာဆွမ်း၏ အခိုးအငွေ့အလုံးနှင့် တူစွာ တုန်လှုပ်သည် ဖြစ်၍ ထင်လာ၏။ ပဋိဘာဂနိမိတ်သည်ကား ငြိမ်သက်သော အနေအထိုင်ရှိသည် မတုန်လှုပ်သည်ဖြစ်၍ ထင်လာ၏။ ကြွင်းနည်းတူ မှတ်လေ။ (ဝိသုဒ္ဓိ-၁-၁၆၇။)

## အာလောကကသိုဏ်း = အလင်းရောင်ကသိုဏ်း

အာလောက ကသိုဏ်းကို နိမိတ်ယူလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ နံရံပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း,

၂။ သံကောက်ပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း,

၃။ လေသောက်တံခါးပေါက်ဖြင့် ဝင်၍ ထင်လာသော လရောင် နေရောင်အဝန်း —

ဤအဝန်း တစ်ခုခု၌ နိမိတ်ကို ယူနိုင်၏။ (ဝိသုဒ္ဓိ-၁-၁၆၉။)

အာလောကကသိုဏ်းဘာဝနာလုပ်ငန်း၌ ပြုအပ်ခဲ့ဖူးသော အဓိကာရကောင်းမှုကုသိုလ် ပါရမီရှိသော ပုဂ္ဂိုလ်အား နံရံပေါက်စသည်တို့တွင် တစ်ခုခုသော အပေါက်ဖြင့် နေရောင်သည်လည်းကောင်း လရောင်သည်လည်းကောင်း ဝင်၍ နံရံ၌လည်းကောင်း မြေ (= ကြမ်းပြင်) ၌လည်းကောင်း ထင်လာသော အလင်းရောင် အဝန်းကို မြင်၍သာလျှင် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာနိုင်၏။ တစ်ခဲနက်ထူသော အရွက်ရှိ-သော သစ်ပင်၏ အခက်ကြားဖြင့်လည်းကောင်း, တစ်ခဲနက်ထူသော သစ်ခက်မဏ္ဍပ်ကြားဖြင့်သော်လည်းကောင်း ထွက်၍ မြေ၌သာလျှင် ထင်လာသော အရောင်အဝန်းကို မြင်၍သာလျှင်လည်း ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာနိုင်၏။ (ဝိသုဒ္ဓိ-၁-၁၆၉။)

အာလောကကသိုဏ်း ဘာဝနာလုပ်ငန်း၌ ဖြည့်ဆည်းပူးခဲ့သော ပါရမီအရှိန်အဝါ အားပျော့သော ယောဂါဝစရပုဂ္ဂိုလ်သည်ကား အထက်တွင် ဖော်ပြခဲ့သော အလင်းရောင်သုံးမျိုးတို့တွင် တစ်မျိုးမျိုး၌ **အာလောကော အာလောကော အာလောကော = အလင်းရောင် အလင်းရောင် အလင်းရောင်** ဟု နှလုံးသွင်းပွားများပါ။ မအောင်မြင်ခဲ့သော် အိုးတစ်လုံး၏အတွင်း၌ ဆီမီးကို ညှိထွန်း၍ အိုးဝကိုပိတ်၍ အိုး၌ အပေါက်တစ်ခု ပြုလုပ်၍ နံရံသို့ ရှေးရှုတည်ထားပါ။ ထိုဖောက်ထားသောအပေါက်မှ ဆီမီးရောင်သည် ထွက်၍ နံရံ၌ အဝန်းအဝိုင်း ထင်နေပေမည်။ ထိုနံရံ၌ ထင်နေသော ဆီမီးရောင် အဝန်းအဝိုင်းကို **အာလောကော အာလောကော အာလောကော = အလင်းရောင် အလင်းရောင် အလင်းရောင်** ဟု နှလုံးသွင်းပွားများပါလေ။ ဤသို့ ပြုပြင်စီမံထားသော အလင်းရောင်ကသိုဏ်းဝန်းကား လရောင် နေရောင်တို့ကြောင့် ထင်နေသော ကသိုဏ်းဝန်းထက် ပို၍ တာရှည်ခံပေသည်။ (ဝိသုဒ္ဓိ-၁-၁၆၉။)

အာနာပါနဿတိသမာဓိကို စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်လည်းကောင်း အခြားအခြားသော ကသိုဏ်းတို့၌ စတုတ္ထဈာန်သမာဓိသို့ တိုင်အောင်လည်းကောင်း သမာဓိကို ထူထောင်ထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ညနေချမ်းအခါ သို့မဟုတ် နံနက်ခင်းအခါဝယ် ထူထဲသော သစ်ခက်သစ်ရွက်ရှိသော သစ်ပင်၏ အကြားမှ မြင်တွေ့ရသော နေရောင်ခြည်၏ အလင်းရောင်ကို အာရုံယူ၍ အာလောကကသိုဏ်းနိမိတ်ကို ရယူခဲ့သော် လွယ်လွယ်ကူကူပင် နိမိတ်ကိုယူ၍ ရတတ်ပေ၏၊ အလင်းရောင်စွမ်းအင်မှာလည်း ပို၍အားကောင်းတတ်ပေသည်။ မှောင်မိုက်နေသော ည၌အခါဝယ် ယင်းကဲ့သို့သော ကသိုဏ်းဝန်းနိမိတ်ကို ဖြန့်ကြက်ခဲ့သော် ကသိုဏ်းဝန်းကို ဖြန့်ကြက်ထားပြီးရာ အရပ်အတွင်း၌တည်ရှိနေသော အလင်းရောင်မှာ နေ့အခါ၌ကဲ့သို့ပင် လင်းနေသော ဟူ၏။ အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် ပစလာယမာနသုတ္တန် (အံ-၂-၄၆၃။) ၌ လာရှိသော ဘုရားရှင်၏ ညွှန်ကြားတော်မူချက်နှင့် ညီညွတ်လျက်ပင် ရှိပေသည်။

ဤအာလောကကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံ၌လည်းကောင်း, မြေ = ကြမ်းပြင်၌လည်းကောင်း, သစ်ခက် သစ်ရွက်ကြား စသည်၌လည်းကောင်း ထင်နေသော ပကတိအလင်းရောင် အဝန်းအဝိုင်းနှင့် တူ၏။ ပဋိ-ဘာဂနိမိတ်သည်ကား ဘုရားရှင်၏ တစ်လံမျှလောက်သော ရောင်ခြည်တော်ဝန်းကဲ့သို့ တစ်ခဲနက် အတုံးလိုက် အခဲလိုက် ဖြစ်၍ အထူးကြည်လင်လှသော အလင်းရောင်အစုနှင့် တူ၏။ ကြွင်းနည်းတူ မှတ်ပါ။

(ဝိသုဒ္ဓိ-၁-၁၆၉။)

ဤအာလောကသညာ ခေါ် အာလောကကသိုဏ်းမှာ ထိနမိဒ္ဓ ပယ်ဖျောက်ရေးတွင် အကောင်းဆုံးသော လက်နက်တစ်မျိုး ဖြစ်၏။ အင်္ဂုတ္တိုရ်ပါဠိတော် သတ္တကနိပါတ် ပစလာယမာနသုတ္တန်၌ ဘုရားရှင်သည် ထိနမိဒ္ဓ ပျောက်ကင်းကြောင်း တရား (၇)မျိုးကို ခွဲခြားဟောကြားထားတော်မူ၏။ ယင်း (၇)မျိုးတို့တွင် ဤအာလောက သညာသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ နိဗ္ဗာန်ကို လိုလားတောင့်တလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်တိုင်း

လက်ကိုင်ထားသင့်သော ကမ္မဋ္ဌာန်းတစ်ခုပင် ဖြစ်သည်။ ဒိဗ္ဗစက္ခုအဘိညာဏ်၏ အခြေခံကသိုဏ်းတို့တွင် ဤအာလောကကသိုဏ်းမှာ အကောင်းဆုံး အမြတ်ဆုံးသော ကသိုဏ်းတစ်ခုပင် ဖြစ်သည်။

## အာကာသကသိုဏ်း = ကောင်းကင်ကသိုဏ်း

၁။ နံရံပေါက်၌သော်လည်းကောင်း,
၂။ သံကောက်ပေါက်၌သော်လည်းကောင်း,
၃။ လေသောက်ပြူတင်းပေါက်ကြား၌သော်လည်းကောင်း —

အာကာသ ကသိုဏ်း = အကြားအပေါက် ကသိုဏ်း = ကောင်းကင် ကသိုဏ်းနိမိတ်ကို ရယူနိုင်ပေသည်။

ရှေးရှေးဘဝက အာကာသကသိုဏ်း ဘာဝနာလုပ်ငန်း၌ ပြုအပ်ခဲ့ဖူးသော အဓိကာရကောင်းမှု ကုသိုလ်ရှိသူအား နံရံပေါက်စသော အကြားအပေါက်တစ်ခုခုကို တွေ့မြင်ခဲ့သော် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် လွယ်ကူစွာပင် ဖြစ်ပေါ်လာနိုင်၏။ အဓိကာရ ကောင်းမှုကုသိုလ် အားနည်းသူကား နေပြောက်မထိုးရအောင် ကောင်းစွာမိုးထားအပ်သော မဏ္ဍပ်၌သော်လည်းကောင်း, သားရေ, ဖျာစသည်တို့တွင် တစ်ခုခု၌သော်လည်း-ကောင်း တစ်ထွာ လက်လေးသစ် စသည်ပမာဏရှိသော ဝန်းဝိုင်းသော အပေါက်ကို ပြုလုပ်၍ ထိုကသိုဏ်းဝန်းအဖြစ် ပြုလုပ်ထားအပ်သော အပေါက်ကိုသော်လည်းကောင်း, နံရံပေါက်စသော တစ်ခုခုသော အပေါက်ကိုသော်လည်းကောင်း အာကာသကသိုဏ်းနိမိတ်အဖြစ် အာရုံယူ၍ **အာကာသော အာကာသော အာကာသော = ကောင်းကင် ကောင်းကင် ကောင်းကင်** ဟူ၍ နှလုံးသွင်းပွားများအပ်၏။

အကယ်၍ အောင်မြင်မှု မရခဲ့လျှင် တစ်ထွာခန့် တစ်ပေခန့် အပေါက်အဝိုင်းတစ်ခုကို သစ်သားပျဉ်ချပ်တွင် စက်ဝိုင်းကျကျ ဖောက်ပါ။ ထိုအာကာသကသိုဏ်းဝန်းပါသော ပျဉ်ချပ်ကို သစ်ပင် မိုးသား တိမ်ရိပ်စသော အပြစ်ကင်းစင်သည့် ကောင်းကင်ဘက်သို့ မြှောက်၍ ကိုင်ထားပါ။ ထိုအဝန်းအဝိုင်း အာကာသနိမိတ်ကို ပျဉ်ပြားချပ်ဝန်းကျင်အတွင်း၌ စိတ်စိုက်၍ အာရုံယူကြည့်ပါ။ ကသိုဏ်းဝန်းအပေါက်ကို ကျော်လွန်၍ ကောင်းကင်ဘက်သို့ လိုက်မကြည့်ပါနှင့်။ ပျဉ်ပြားချပ်တွင် ဖောက်ထွင်းထားသော ကသိုဏ်းဝန်း၌သာ အာကာသကသိုဏ်းနိမိတ်ကို ယူပါ။ အကယ်၍ လွယ်ကူစွာဖြင့် နိမိတ်ကိုယူ၍ မရဖြစ်နေသေးလျှင် မိမိရရှိထားပြီးသော စတုတ္ထဈာန်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုနောင် ပုံစံတူပင် အာကာသကသိုဏ်းဝန်းနိမိတ်ကို မျက်စိဖွင့်၍ ပြန်ယူကြည့်ပါ။ မျက်စိမှိတ်လိုက်သောအခါ ဥဂ္ဂဟနိမိတ်သည် ထင်လာပါက အောင်မြင်မှုကို ရရှိပေပြီ။ အောင်မြင်မှုရရှိသောအခါ နိမိတ်ကိုခိုင်အောင် အနည်းငယ် ဆက်လက်လေ့ကျင့်၍ မိမိအလိုရှိရာ အရပ်သို့သွား၍ ထိုင်လျက် ပွားများနိုင်ပေသည်။

မိမိကြိုက်နှစ်သက်ရာ နေရာ၌ ထိုင်သောအခါ မိမိရရှိထားပြီးသည့် သမာဓိများကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုနောင် မိမိရရှိထားပြီးဖြစ်သည့် အာကာသကသိုဏ်းဝန်းနိမိတ်ကိုပင် တစ်ဖန်ပြန်၍ အာရုံယူပါ။ ရှေးရှေး ဘာဝနာသမာဓိတို့၏ အားကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိထူးကို ဆက်ခံရသော နောက်နောက်သော ဘာဝနာသမာဓိမှာလည်း လွယ်ကူချောမောလျက်ပင် ရှိနေတတ်ပါသည်။

ဤအာကာသကသိုဏ်း၌ ဥဂ္ဂဟနိမိတ်သည် နံရံပေါက်စသည်တို့နှင့် အတူတကွ ထိုမူလနံရံပေါက်စသည်တို့နှင့် တူသည်သာလျှင် ဖြစ်ပေသည်။ ဥဂ္ဂဟနိမိတ်အခိုက်၌ ဘာဝနာစွမ်းအား နည်းပါးသည့်အတွက်ကြောင့် ကသိုဏ်းဝန်းကို တိုးပွားအောင် ပြုလုပ်သော်လည်း မတိုးပွားနိုင်သေးပေ။ ပဋိဘာဂနိမိတ်ကား နံရံစွန်းစသည် မထင်တော့ဘဲ ကောင်းကင်အဝန်းသက်သက်သာ ဖြစ်၍ ထင်လာတော့သည်။ ထိုအခါ အာကာသကသိုဏ်း

ဘာဝနာလုပ်ငန်း အာကာသကသိုဏ်း ဘာဝနာသမာဓိသည် မြဲမြံသွားပြီ ဖြစ်သောကြောင့် ကသိုဏ်းဝန်းကို တိုးပွားစေသော်လည်း ကသိုဏ်းဝန်းသည် တိုးပွားလာနိုင်ပေသည်။ ကြွင်းနည်းတူပြီ။ (ဝိသုဒ္ဓိ-၁-၁၆၉။)

ကသိုဏ်း (၁၀)ပါး ဤတွင် ပြီးဆုံးသွားပြီ ဖြစ်ပါသည်။ ကသိုဏ်းဆယ်ပါးတို့၌ ကသိုဏ်းတိုင်း ကသိုဏ်းတိုင်းဝယ် စတုတ္ထဈာန်သမာဓိသို့ ဆိုက်အောင် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ် ပွားများအားထုတ်ပါလေ။ ထိုသို့ ကြိုးစားအားထုတ်နိုင်ပါက မည်သည့်အရာဝတ္ထုနှင့် တွေ့ကြုံရသည်ဖြစ်စေ ကသိုဏ်းဝန်းနိမိတ်အဖြစ် အာရုံယူ၍ ရနိုင်သည့် အရာဝတ္ထုမှန်ပါက ကသိုဏ်းနိမိတ်အဖြစ် လှမ်း၍ အာရုံယူလိုက်သည်နှင့် တစ်ပြိုင်နက် ကသိုဏ်းနိမိတ်ကို လွယ်လွယ်ကူကူပင် ရယူနိုင်ပေသည်။ သက်ရှိ သက်မဲ့ ကာမဝတ္ထုအစုစုမှ ဘာဝနာဟူသော အနှစ်ကို ထုတ်ယူတတ်ပါက ယခုကဲ့သို့သော ယောနိသောမနသိကာရ ထင်ရှားရှိနေသော ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးအဖို့ စတုတ္ထဈာန်သမာဓိကဲ့သို့သော ဘာဝနာအနှစ်သာရများကား လွယ်လွယ်ကူကူပင် ထွက်ပေါ်လာမည် ဖြစ်ပေသည်။ ယင်းစတုတ္ထဈာန်သမာဓိကို အခြေခံ၍ ဝိပဿနာသို့ ကူးတက်သွားပါက ယင်းသမာဓိတရားတို့က အရဟတ္တဖိုလ်ရသည်တိုင်အောင် ကျေးဇူးပြုနေမည်သာ ဖြစ်ပေသည်။ ယခုအခါ၌ကား ကသိုဏ်းပညတ်ကို အာရုံယူ၍ ရရှိသော စတုတ္ထဈာန်သမာဓိကို အခြေခံ၍ အရူပဈာန်များကို ပွားများအားထုတ်ပုံ အပိုင်းကို ဆက်လက်၍ ရေးသားတင်ပြအပ်ပါသည်။

## အရူပါဝစရစျာန်ပိုင်း

## အာကာသာနဉ္စာယတနစျာန်

အရူပါဝစရစျာန်သည် —

၁။ အာကာသာနဉ္စာယတနစျာန်,
၂။ ဝိညာဏဉ္စာယတနစျာန်,
၃။ အာကိဉ္စညာယတနစျာန်,
၄။ နေဝသညာနာသညာယတနစျာန် —

ဟူ၍ ဤသို့လျှင် လေးမျိုးပြား၏။ ထိုတွင် အာကာသာနဉ္စာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ ရုပ်တရားတို့၏ အပြစ်ကို မြင်အောင် ရှုဆင်ခြင်အပ်၏။

မိဘတို့၏ သုက်သွေးကြောင့် ထင်ရှားဖြစ်ပေါ်လာရသော ဤခန္ဓာကိုယ်ကို ကရဇကာယဟု ခေါ်ဆို၏။ ဤကရဇကာယ ထင်ရှားရှိခြင်းကြောင့် တုတ်ဓားစသော လက်နက်ကို စွဲကိုင်လျက် သတ်ပုတ်ကြ၏၊ ရိုက်နှက်ကြ၏၊ ညှဉ်းပန်းနှိပ်စက်ကြ၏၊ ခိုက်ရန်ဖြစ်ကြ၏၊ ငြင်းခုံကြ၏၊ မျက်စိရောဂါ နားရောဂါစသည်ဖြင့် ရောဂါအမျိုးမျိုးကို ခံစားရ၏။ ဤကရဇကာယ အမည်ရသော ရုပ်တရားသာ မရှိပါက ထိုကဲ့သို့သော ဒုက္ခမျိုးစုံမှ လွတ်ပေလိမ့်မည်ဟု ပညာဖြင့် ဆင်ခြင်၍ ရုပ်တရားကိုသာလျှင် ငြီးငွေ့ခြင်းငှာ စက်ဆုပ်ခြင်းငှာ ချုပ်စေခြင်းငှာ အာကာသာနဉ္စာယတနစျာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရ၏။ အာကာသာနဉ္စာယတနစျာန်ဟူသည် အာကာသကောင်းကင်ပညတ်လျှင် တည်ရာအာရုံရှိသော စျာန်တည်း။ ကရဇကာယအမည်ရသော ရုပ်တရား၌ အပြစ်ကို မြင်အောင်ရှု၍ ထိုရုပ်တရားကို ကျော်လွှားလွန်မြောက်ဖို့ရန် အာကာသကသိုဏ်းမှတစ်ပါး ကွင်းကျန်သော ပထဝီကသိုဏ်းစသော ကသိုဏ်း (၉)ပါးတို့တွင် တစ်ပါးပါးသော ကသိုဏ်း၌ စတုတ္ထစျာန်ကို ဖြစ်စေအပ်၏။

ယောဂါဝစရပုဂ္ဂိုလ်၏ မူလနိမိတ်ယူရာ ဖြစ်သော ပထဝီကသိုဏ်းဝန်း၏ တည်ရာ မြေကြီးကား ဥတုဇသြဇဋ္ဌမကရုပ်တို့၏ အပေါင်းအစု ဖြစ်သဖြင့် ရုပ်အစစ်ပင်တည်း။ သို့သော် ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်သို့ တိုင်အောင် စျာန်တရားတို့၏ အာရုံမှာ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်တည်း။ ယင်း ပဋိဘာဂနိမိတ်ကား မူလနိမိတ်ယူရာ မြေကြီးဟု ခေါ်ဝေါ်အပ်သော ဥတုဇသြဇဋ္ဌမကရုပ်ဟူသော ပရမတ္ထဓမ္မမှ အလွတ်ဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်၏ ဘာဝနာသညာကြောင့် ဖြစ်ပေါ်လာသော ပညတ်သာတည်း။ ရုပ်အစစ်ကား မဟုတ်ပေ။ ရူပါဝစရ စတုတ္ထစျာန်တိုင်အောင်သော စျာန်တရားတို့သည် ယင်းပညတ်ပဋိဘာဂနိမိတ်ကိုသာ အာရုံပြုကြ၏။ မူလကသိုဏ်းဝန်း၏ တည်ရာ ဥတုဇသြဇဋ္ဌမကရုပ်ဟူသော ရုပ်အစစ်ကို အာရုံ မပြုကြပေ။ ထို့ကြောင့် ရူပါဝစရစျာန်တို့သည်လည်း ကရဇရူပခေါ်သည့် ရုပ်အစစ်ကို ကျော်လွှားလွန်မြောက်ပြီးသာ ဖြစ်သည်။

ထိုယောဂါဝစရပုဂ္ဂိုလ်အား ရူပါဝစရစတုတ္ထစျာန်၏ အစွမ်းအားဖြင့် ကရဇရုပ်ကို ကျော်လွှားလွန်မြောက်ခြင်းသည် အကယ်၍ကား ဖြစ်ပါပေ၏၊ (ကရဇရုပ်ကို အာရုံမပြုခြင်း ပဋိဘာဂနိမိတ်ကိုသာ အာရုံပြုခြင်းကြောင့် ကျော်လွှားလွန်မြောက်ခြင်း ဖြစ်၏။) ထိုသို့ပင် ဖြစ်ပါသော်လည်း ကသိုဏ်းရုပ်သည်လည်း စျာန်၏ အာရုံအဖြစ်ဖြင့် အာရုံယူ၍ ရနိုင်ခြင်းကြောင့် ထိုကရဇရုပ်နှင့် တူသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ထိုကသိုဏ်းရုပ်ကိုလည်း ကျော်လွှားလွန်မြောက်ဖို့ရန် အလိုရှိအပ်ပေ၏။ ဥပမာ – မြွေကြောက်တတ်သော ယောကျာ်းသည် တောတွင်း၌ မြွေက နောက်မှလိုက်သဖြင့် အပန်းတကြီး လျင်လျင်မြန်မြန် ပြေးလေသော် ပြေးရာအရပ်၌ မြွေနှင့်တူအောင် ဆေးရောင် အမျိုးမျိုးဖြင့် ခြယ်သထားအပ်သော ဆန်းကြယ်သော ထန်းရွက်ကိုလည်းကောင်း, နွယ်ကိုလည်း-

ကောင်း, ကြိုးကိုလည်းကောင်း, မြေကြီး၌ ကွဲအက်နေသော အက်ကြောင်းကိုလည်းကောင်း အဝေးက လှမ်းမြင် လိုက်လျှင် ကြောက်ရွံ့ထိတ်လန့်သွား၏၊ ထိုဝတ္ထုကို မကြည့်လို ဖြစ်သွား၏။ နောက်ဥပမာ တစ်မျိုးကား — မိမိ၏ အကျိုးစီးပွားမဲ့ကို ပြုလုပ်တတ်သော ရန်သူယောက်ျား တစ်ဦးနှင့်အတူ တစ်ရွာတည်း၌ နေထိုင်ရသော ယောက်ျားသည် ထိုရန်သူယောက်ျားက ပုတ်ခတ်ခြင်း, နှောင်ဖွဲ့ခြင်း, အိမ်ကို မီးတိုက်ခြင်း စသည်တို့ဖြင့် နှိပ်စက် အပ်သည်ဖြစ်၍ အခြားတစ်ရွာသို့ ပြောင်းရွှေ့နေထိုင်လိုက်၏။ ထိုရွာ၌လည်း ထိုရန်သူယောက်ျားနှင့် အဆင်း သဏ္ဌာန် အသံ အပြုအမူ ပယောဂတူသော ယောက်ျားကို တွေ့မြင်ပြန်သော် ကြောက်ရွံ့ထိတ်လန့်သည်သာ ဖြစ်ပြန်၏။ ထိုသူ့ကိုလည်း မကြည့်လို ဖြစ်နေတတ်၏။

ဤဥပမာများအတူ ယောဂါဝစရပုဂ္ဂိုလ်သည် ကရဇရုပ်ကိုသာမက ထိုကရဇရုပ်ကို အခြေခံ၍ ဖြစ်ပေါ် လာသော ကသိုဏ်းရုပ်ကိုလည်း ဤကသိုဏ်းရုပ်သည် ထိုကရဇရုပ်နှင့် တူသည်သာလျှင်တည်းဟု စွဲမြဲစွာ မှတ်သား၍ ထိုကသိုဏ်းရုပ်ကိုလည်း ကြောက်ခြင်းလန့်ခြင်း မမြင်လိုခြင်း သဘောတရားများ ထင်ရှား ဖြစ်ပေါ် လာ၍ ယင်းကသိုဏ်းရုပ်ကိုလည်း ကျော်လွှားလွန်မြောက်ခြင်းငှာ အလိုရှိမှုကို မှတ်သားပါ။

[အာကာသာနဉ္စာယတနစျာန်ကို အလိုရှိသော အသင်သူတော်ကောင်းသည် ရှေးဦးစွာ ပထဝီကသိုဏ်း-လျှင် အာရုံရှိသော ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ကို အစဉ်အတိုင်း ဝင်စားထားပါ။ ထိုနောင် အောက်ပါအတိုင်း ဆက်လက်ကျင့်ပါ။]

ဤဆိုအပ်ခဲ့ပြီးသည့်နည်းအတိုင်း ထိုယောဂါဝစရပုဂ္ဂိုလ်သည် စတုတ္ထစျာန်၏ အာရုံဖြစ်သော ထိုပထဝီ ကသိုဏ်းရုပ်မှ ငြီးငွေ့၍ ကျော်လွှားလွန်မြောက်လိုသည်ဖြစ်၍ ဝသီဘော်ငါးတန်ကို နိုင်နင်းအောင် လေ့ကျက် အပ်ပြီးသည် ဖြစ်၍ အဝါးဝစွာ လေ့လာအပ်ပြီးသော ပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်မှ ထ၍ ထိုစတုတ္ထစျာန်၌ ဤသို့ အပြစ်ကို မြင်အောင်ရှုပါ။

၁။ ဤရူပါဝစရစတုတ္ထစျာန်သည် ငါငြီးငွေ့အပ်သော ကသိုဏ်းရုပ်ကို အာရုံပြုဘိ၏။

၂။ သောမနဿဝေဒနာဟူသော နီးကပ်သော ရန်သူရှိ၏။

၃။ ငြိမ်သက်သော ဝိမောက္ခဖြစ်သော အရူပစျာန်အောက် ရန့်ရင်း၏။ —

ဤသို့ အပြစ်ကို မြင်အောင်ရှု၏။ ဤရူပါဝစရစတုတ္ထစျာန်သည် ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ နှစ်ပါးသာ ရှိသကဲ့သို့ အလားတူပင် အရူပါဝစရစျာန်တို့သည်လည်း ဥပေက္ခာ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါ နှစ်ပါးတို့သာ ရှိကြသောကြောင့် ဤရူပါဝစရစတုတ္ထစျာန်၌ စျာန်အင်္ဂါ၏ ရန့်ရင်းကြမ်းတမ်းမှု သဘောတရား-ကား မရှိပေ။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုရူပါဝစရစတုတ္ထစျာန်၌ ဤဆိုအပ်ပြီးသောနည်းဖြင့် အပြစ်ကို မြင်အောင်ရှု၍ —

၄။ ထိုစတုတ္ထစျာန်၌ တွယ်တာငဲ့ကွက် တသက်သက်ရှိခြင်းကို ကုန်စေ၍,

၅။ အာကာသာနဉ္စာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် အဆုံးမရှိသောအားဖြင့် နှလုံးသွင်း၍,

၆။ စကြဝဠာ ဆုံးသည်တိုင်အောင်လည်းကောင်း, အလိုရှိသမျှအရပ်သို့ တိုင်အောင်လည်းကောင်း မိမိပွားထား ပြီးသော ပထဝီကသိုဏ်းရုပ်ကို ဖြန့်ကြက်၍,

၇။ ထိုကသိုဏ်းရုပ်ဖြင့် တွေ့ထိရာအရပ်ကို **အာကာသ အာကာသ** ဟူ၍လည်းကောင်း, **အနန္တအာကာသ အနန္တအာကာသ** ဟူ၍လည်းကောင်း နှလုံးသွင်း၍ —

ရူပါဝစရစတုတ္ထစျာန်၏ အာရုံဖြစ်သော ပထဝီကသိုဏ်းရုပ်ကို ခွာ၏။ ထင်ရှားစေအံ့ – ထိုပထဝီကသိုဏ်းရုပ်ကို ခွာသော ယောဂါဝစရပုဂ္ဂိုလ်သည် ဖျာတစ်ချပ်ကို ခေါက်လိပ်သကဲ့သို့ ပထဝီကသိုဏ်းကို ခေါက်လိပ်သည်လည်း မဟုတ်။ မုန့်အိုးကင်းမှ မုန့်ကို ခွာသကဲ့သို့ ပထဝီကသိုဏ်းဝန်းကို ခွာထုတ်သည်လည်း မဟုတ်။ အဟုတ်သော်ကား ပထဝီကသိုဏ်းကို သက်သက် မဆင်ခြင်ခြင်းတည်း၊ နှလုံးမသွင်းခြင်းတည်း၊ မသုံးသပ်ခြင်းတည်း။ ပထဝီကသိုဏ်းကို မဆင်ခြင်ဘဲ နှလုံးမသွင်းဘဲ မသုံးသပ်ဘဲ စင်စစ်မှာမူ ထိုပထဝီကသိုဏ်းရုပ်ဖြင့် တွေ့ထိရာ အာကာသကိုပင် **အာကာသ အာကာသ** ဟူ၍ တစ်ဖက်သတ် နှလုံးသွင်းသော ယောဂါဝစရပုဂ္ဂိုလ်သည် ကသိုဏ်းကို ခွာသည် မည်၏။ ယင်းသို့ ခွာအပ်သော ပထဝီကသိုဏ်းသည်လည်း မထမကြွ မနစ်မဆုတ်။ ဤယောဂါဝစရပုဂ္ဂိုလ်၏ ပထဝီကသိုဏ်းကို သက်သက် နှလုံးမသွင်းခြင်းကိုလည်းကောင်း, အာကာသ အာကာသဟု တစ်ဖက်သတ် နှလုံးသွင်းခြင်းကိုလည်းကောင်း အစွဲပြု၍ ပထဝီကသိုဏ်းကို ခွာသည် မည်ပေ၏။ ကသိုဏ်းကို ခွာရာ ခွာကြောင်း အာကာသကောင်းကင်ပညတ်မျှသည်သာလျှင် ထင်လာ၏။

၁။ ကသိဏုဂ္ဃါဋိမာကာသ = ကသိုဏ်းကို ခွာ၍ ရရှိအပ်သော အာကာသ,
၂။ ကသိဏဖုဋ္ဌောကာသ = ကသိုဏ်းဖြင့် တွေ့ထိမိရာ အာကာသ,
၃။ ကသိဏဝိဝိတ္တာကာသ = ကသိုဏ်းမှ ကင်းဆိတ်သွားသော အာကာသ —

ဤသုံးပုဒ်လုံးသည် ပရိယာယ်နှင့်နှင့် ဖြစ်သောကြောင့် အနက်အားဖြင့် တူသည်သာတည်း။
(ဝိသုဒ္ဓိ-၁-၃၂၀-၃၂၁။)

ဤအထက်ပါ ညွှန်ကြားချက်အတိုင်း အသင်သူတော်ကောင်းသည် နှလုံးသွင်းကြည့်ပါ။ အောင်မြင်မှုကို ရရှိနိုင်ပါသည်။ အကယ်၍ အောင်မြင်မှုမရရှိက ဤသို့လည်း နှလုံးသွင်းကြည့်ပါ။ ပထဝီကသိုဏ်းဝန်းကို စကြဝဠာတစ်ခုလုံး ပြည့်အောင် ဖြန့်ကြက်ပါ။ အလိုရှိခဲ့လျှင် အနန္တစကြဝဠာသို့ တိုင်အောင်လည်း ပထဝီကသိုဏ်းဝန်းကို ဖြန့်ကြက်ပါ။ ဖြန့်ကြက်ပြီးနောက် ထိုပထဝီကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထစျာန်ကို ဝင်စားပါ။ ထိုစတုတ္ထစျာန်မှထ၍ အထက်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း အမှတ် (၁)မှ (၆)သို့တိုင်အောင် ဆင်ခြင်ပါ။ ထိုနောင် ထိုပထဝီကသိုဏ်း၏ တစ်နေရာတွင် စိတ်စိုက်၍ ပထဝီကို နှလုံးမသွင်းဘဲ အာကာသကို တစ်ဖက်သတ် နှလုံးသွင်းပါ။ မကြာမီ အချိန်ကာလအတွင်းမှာပင် အာကာသအကြားအပေါက်ကို မြင်လာတတ်ပါသည်။ ထိုအခါတွင် အာကာသ မဖြစ်သေးသော ပထဝီကသိုဏ်းကို လုံးဝနှလုံးမသွင်းတော့ဘဲ ထင်လာသော အာကာသကိုသာလျှင် တစ်ဖက်သတ် နှလုံးသွင်းလျက် အာကာသ အာကာသ ဟု ရှုနေပါ။ အာကာသသည် ထင်ရှားသထက် ထင်ရှားလာ၍ ငြိမ်သက်လာသောအခါ ယင်းအာကာသကိုပင် ဖြန့်ကြက်၍ အာကာသ အာကာသ ဟု ရှုပါ။ အာကာသကျယ်ပြန့်လာသည်နှင့်အမျှ ပထဝီကသိုဏ်းဝန်းမှာ တဖြည်းဖြည်း နောက်သို့ ဆုတ်သွားကာ အာကာသက နေရာယူလာပေလိမ့်မည်။ အာကာသကို အရပ် (၁၀)မျက်နှာသို့ တဖြည်းဖြည်း ဖြန့်ပါ။ နောက်ဆုံးတွင် ပထဝီကသိုဏ်းပျောက်၍ အာကာသချည်းသက်သက် ကျန်ရှိပေလိမ့်မည်။ ယင်းသို့ ကျန်ရှိနေသော အာကာသကား ပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်ပင်တည်း။ ထိုအခါတွင် အောက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ညွှန်ကြားချက်အတိုင်း ဆက်လက်လေ့ကျင့်ပါ။

ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်ကို **အာကာသ အာကာသ** ဟူ၍ အဖန်ဖန် အထပ်ထပ် ဆင်ခြင်၏၊ ဝိတက်ဖြင့် အာကာသ အာကာသဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်ခေါက်သည်ကို ပြု၏။ ဤသို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သော ဝိတက်ဖြင့် အာကာသ အာကာသဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် ခေါက်သည်ကို ပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏

သန္တာန်၌ နီဝရဏတို့သည် ကွာကုန်၏၊ အာကာသနိမိတ်လျှင် အာရုံရှိသော သတိသည် အလွန်ထင်သည်ဖြစ်၍ ကောင်းစွာ တည်၏၊ ဥပစာရစျာန်သမာဓိဖြင့် စိတ်သည် အာကာသနိမိတ်၌ ကောင်းစွာ တည်ကြည်နေ၏။ ထို ယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသနိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲ၏ ပွားများ၏ ကြိမ်ဖန်များစွာ အလေ့ အလာပြု၏။ ဤသို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သော နှလုံးသွင်းသော ထိုယောဂါဝစရပုဂ္ဂိုလ်အား အာကာသ နိမိတ်အာရုံ၌ **အာကာသာနဉ္စာယတနစိတ်**သည် အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ ပထဝီကသိုဏ်း စသော ကသိုဏ်းပညတ်အာရုံတို့၌ ရူပါဝစရစျာန်စိတ်သည် အပ္ပနာစျာန်၏အစွမ်းဖြင့် ဖြစ်သကဲ့သို့တည်း။ မှန်ပေသည် — ဤ အာကာသာနဉ္စာယတနစျာန်စိတ်၌လည်း စျာန်၏ ရှေးအဖို့၌ သုံးကြိမ်သော ဥပစာရဇော သို့မဟုတ် လေးကြိမ်သော ဥပစာရဇောတို့ကား ကာမာဝစရဇောတို့တည်း။ ယင်းကာမာဝစရ ဥပစာရဇောတို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ လေးကြိမ်မြောက်ဇောသည် သို့မဟုတ် ငါးကြိမ်မြောက် ဇောသည် အာကာသာနဉ္စာယတန အမည်ရသော အရူပါဝစရဇော ဖြစ်၏။ အကြွင်းကား ပထဝီကသိုဏ်း၌ ဖွင့်ဆိုခဲ့သည့်အတိုင်းသာတည်း။ (ဝိသုဒ္ဓိ-၁-၃၂၁။)

**အထူးကား** — ဤသို့လျှင် အရူပါဝစရစျာန်စိတ်သည် ဖြစ်ပေါ်လာလတ်သော် ထိုယောဂါဝစရ ရဟန်း-သည် အိုးဝတွင် ဖုံးလွှမ်းထားအပ်သော အဝတ်ကို ဖွင့်လှစ်လိုက်သည့်အခါ အဝတ်ကွယ်ပျောက်၍ မျက်နှာဝ ဟင်းလင်းပေါက် အာကာသသည် ပေါ်ပေါက်လာသကဲ့သို့ — ဤဥပမာအတူပင်လျှင် ရှေး၌ ကသိုဏ်းဝန်းကို ရူပါဝစရစျာန်စက္ခုဖြင့် ကြည့်ရှုလျက် နေပြီးနောက် ယင်းပထဝီကသိုဏ်းဝန်းကို နှလုံးမသွင်းတော့ဘဲ အာကာသ အာကာသ ဟူ၍ ဤပရိကမ်ဖြစ်သော ဥပစာရစျာန် မနသိကာရဖြင့် အဆောတလျင် ထိုပထဝီကသိုဏ်းနိမိတ် အာရုံကို ခွာအပ်ပြီးလတ်သော် ထင်လာသော အာကာသနိမိတ်အာရုံကိုသာလျှင် အရူပါဝစရ စျာနစက္ခုဖြင့် ရှုလျက် နေ၏။ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ဤယောဂါဝစရပုဂ္ဂိုလ်ကို ဤသို့ ဆိုအပ်ပေ၏။

သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ 'အနန္တော အာကာသော'တိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ (အဘိ-၂-၂၅၄။ ဒီ-၂-၆၀။)

ကုန်အောင်စုံသော ရူပသညာ အမည်ရသော ပထဝီကသိုဏ်းရုပ်စသည်တို့ကို အာရုံပြုသော ရူပါဝစရ စျာန်တို့ကိုလည်းကောင်း ထိုရူပါဝစရစျာန်တို့၏ အာရုံဖြစ်သော ပထဝီကသိုဏ်းစသော အာရုံတို့ကိုလည်းကောင်း ကျော်လွှားလွန်မြောက်၍ သွားခြင်းကြောင့်, ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ ရသသညာ ဖောဋ္ဌဗ္ဗသညာ ဟူ-သော ဝတ္ထုအာရုံ ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာကုန်သော ပဋိဃသညာတို့၏ ချုပ်ငြိမ်းသွားခြင်းကြောင့်, ဒွေပဉ္စ ဝိညာဏ် (၁၀)နှင့်ယှဉ်သော သညာ (၁၀)မျိုးမှ တစ်ပါးသော ကာမာဝစရ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ဟူသော (၄၄)မျိုးသောစိတ်နှင့် ယှဉ်သော (၄၄)မျိုးသော သညာဟူသော အထူးထူးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် အနန္တအာကာသဟု နှလုံးသွင်းတတ်သော အာကာသာနဉ္စာယတနစျာန်ကို ပြည့်စုံစေ၍ နေထိုင်၏ဟူ၍ ဆိုအပ်ပေ၏။ (ဝိသုဒ္ဓိ-၁-၃၂၂။)

[**မှတ်ချက်** — ဤအထက်ပါ ပါဠိတော်ဖြင့် ခပ်သိမ်းကုန်သော (၅၄)မျိုးကုန်သော ကာမာဝစရ စိတ် စေတသိက်တို့ကို ပယ်ခြင်းကိုလည်းကောင်း နှလုံးမသွင်းခြင်းကိုလည်းကောင်း ဟောတော်မူအပ်၏ဟု သိရှိ ပါလေ။]

# ဝိညာဏဉ္စာယတနစျာန်

ဝိညာဏဉ္စာယတနစျာန်ဟူသည် အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော စျာန်တည်း။ အာကာသာနဉ္စာယတနဝိညာဏ်ကို အရှုခံအာရုံထား၍ ရှုပွား သုံးသပ်သဖြင့် ရရှိလာသော စျာန်တည်း။ ထို ဝိညာဏဉ္စာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အာကာသာ-နဉ္စာယတန စျာန်သမာပတ်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်အပ်၏။ အာကာသာနဉ္စာယတန စျာန်သမာပတ်၌ ဝသီဘော်ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ ဤ ငါရရှိထားသော အာကာသာနဉ္စာယတနစျာန်သမာပတ်သည် ရူပါဝစရစျာန်ဟူသော နီးကပ်သော ရန်သူ ရှိ၏။

၂။ ဝိညာဏဉ္စာယတနစျာန်သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့။ ဤသို့လျှင် အာကာသာနဉ္စာ-ယတနစျာန်သမာပတ်၌ အပြစ်ကို မြင်အောင် ရှု၍,

၃။ ထိုအာကာသာနဉ္စာယတနစျာန်၌ ခုံမင်တပ်မက်ခြင်း တဏှာကို ကုန်စေ၍,

၄။ ဝိညာဏဉ္စာယတနစျာန်ကို ငြိမ်သက်၏ဟူ၍ နှလုံးသွင်းပြီးလျှင် —

ထိုပထဝီကသိုဏ်းကို ခွာ၍ ရအပ်သော အာကာသနိမိတ်ကို ပျံ့နှံ့၍ ဖြစ်ပေါ်လာသော ထိုအာကာသာ-နဉ္စာယတနဝိညာဏ်ကို **ဝိညာဏံ ဝိညာဏံ** ဟူ၍ အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏ နှလုံးသွင်းအပ်၏ ညာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်အပ်၏။ ဝိတက်ဖြင့် **ဝိညာဏံ ဝိညာဏံ** ဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်၍ ခေါက်သည်ကို ပြုအပ်၏။ အနန္တံ အနန္တံ ဟူ၍ သက်သက်နှလုံးမသွင်းကောင်း၊ ဝိညာဏံ ဝိညာဏံ ဟုလည်းကောင်း, အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံ ဟုလည်းကောင်း နှလုံးသွင်းကောင်း၏။

ဤသို့သောနည်းအားဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်ဟူသော ဝိညာဏနိမိတ်၌ အဖန်တလဲလဲ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်အား နီဝရဏတရားတို့သည် ကွာကျသွားကြကုန်၏။ အာ-ကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာတည်လာ၏၊ ဥပစာရစျာန် သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာ-ယတနဝိညာဏ်ဟု ဆိုအပ်သော ထိုဝိညာဏနိမိတ်ကို အဖန်ဖန် အထပ်ထပ် မှီဝဲ၏ ပွားများ၏ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ဤသို့သောနည်းဖြင့် အကြိမ်များစွာ ပြုသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ — ကသိုဏ်းကိုခွာ၍ ရအပ်သော အာကာသနိမိတ်၌ အာကာသာနဉ္စာယတနစျာန်စိတ်သည် အပ္ပနာစျာန်၏ အစွမ်း-ဖြင့် ဖြစ်သကဲ့သို့ – ပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်ကို ပျံ့နှံ့၍ အာရုံပြု၍ ဖြစ်ပေါ် လာသော အာကာသာနဉ္စာယတနဝိညာဏ်အာရုံ၌ ဝိညာဏဉ္စာယတနစျာန်စိတ်သည် အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၁-၃၂၅။)

ဤ၌ အရှုခံအာရုံမှာ အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ဖြစ်၏။ ထိုအာကာသာနဉ္စာယတနစျာန် ဝိညာဏ်ကို ဝိညာဏံ ဝိညာဏံ ဟု ရှုခဲ့သော် ထိုအာကာသာနဉ္စာယတနဝိညာဏ်အာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်နေသော ဘာဝနာစိတ်တို့တွင် ဥပစာရစျာန်ဇောတို့၏ နောက်၌ အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ-သော စျာန်စိတ်သည် ဝိညာဏဉ္စာယတနစျာန်စိတ်တည်း။ အာကာသာနဉ္စာယတနဝိညာဏ်လျှင် တည်ရာအာရုံ ရှိသော စျာန်စိတ် ဟူလိုသည်။ အရှုခံအာရုံဖြစ်သော စျာန်စိတ်မှာ အာကာသာနဉ္စာယတနစျာန်စိတ်, ရှုတတ်သော စျာန်စိတ်မှာ ဝိညာဏဉ္စာယတနစျာန်စိတ်တည်း။ နှစ်မျိုးလုံးသည် စျာန်စိတ်ချည်းသာတည်း။

ဤမျှအတိုင်းအရှည်ရှိသော ဘာဝနာအစဉ်ဖြင့် ဤပုဂ္ဂိုလ်ကို ဤသို့ ခေါ်ဆိုအပ်ပေ၏။

သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမ္မ အနန္တံ ဝိညာဏန္တိ ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။
(အဘိ-၂-၂၅၄။ ဒီ-၂-၆၀။)

အကြွင်းမရှိ အလုံးစုံသော အာကာသာနဉ္စာယတနစျာန်နှင့် အာကာသနိမိတ်အာရုံကို ကျော်လွှားလွန်-မြောက်၍ "အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံ"ဟု ဤသို့ နှလုံးသွင်းသည်ဖြစ်၍ ဝိညာဏဉ္စာယတနစျာန်ကို ပြည့်စုံစေ၍ နေသူဟူ၍ ဆိုအပ်၏။ (အဘိ-၂-၂၅၄။ ဒီ-၂-၆၀။ ဝိသုဒ္ဓိ-၁-၃၂၅။)

ဤ၌ အာကာသာနဉ္စာယတနစျာန်ကိုလည်းကောင်း, ယင်းအာကာသာနဉ္စာယတနစျာန်၏ တည်ရာအာရုံဖြစ်သည့် အာကာသနိမိတ်ကိုလည်းကောင်း - ဤနှစ်မျိုးလုံးကိုပင် အာကာသာနဉ္စာယတနဟု ဆိုလို၏။ ထိုနှစ်မျိုးလုံးကိုပင် မဖြစ်ခြင်းကို ပြုသဖြင့်လည်းကောင်း နှလုံးမသွင်းသဖြင့်လည်းကောင်း အချင်းခပ်သိမ်း ကျော်-လွှားလွန်မြောက်သွားမှသာလျှင် ဤဝိညာဏဉ္စာယတန စျာန်ကို ပြည့်စုံစေ၍ နေနိုင်သောကြောင့် ဤစျာန်နှင့် အာရုံ နှစ်ပါးစုံကိုလည်း တစ်ပေါင်းတည်း ပြု၍ အာကာသာနဉ္စာယတနံ သမတိက္ကမ္မ = အာကာသာနဉ္စာယတန စျာန်နှင့် အာကာသာနဉ္စာယတနစျာန်၏ အာရုံကို ကျော်လွှားလွန်မြောက်၍ဟု ဘုရားရှင် ဟောတော်မူသည်။
(ဝိသုဒ္ဓိ-၁-၃၂၅-၃၂၆။)

**အနန္တံ ဝိညာဏံ** — အာကာသာနဉ္စာယတနဝိညာဏ်သည် အဆုံးအပိုင်းအခြား မရှိသည့် အနန္တ ဖြစ်-သော ကောင်းကင်ပညတ် = အာကာသနိမိတ်ကို အာရုံပြု၏။ ထိုအကြောင်းအာရုံ၏ အနန္တဟူသော အမည်ကို အကျိုးဖြစ်သော အာရုံယူတတ်သည့် အာရမ္မဏိက ဝိညာဏ်အပေါ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် အာ-ကာသာနဉ္စာယတနဝိညာဏ်ကိုပင် အနန္တံ ဝိညာဏံ ဟု ဆိုသည်။ ဝိညာဏဉ္စာယတနစျာန်ကို အလိုရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနဝိညာဏ်ကိုပင် "အနန္တံ ဝိညာဏံ"ဟု နှလုံးသွင်းရ၏ဟု ဆိုလို၏။ ဤနည်းအလို — အနန္တံ ဝိညာဏံ = အနန္တမည်သော ဥပါဒ်-ဘင်အားဖြင့် အပိုင်းအခြား မရှိသော ကောင်းကင်ပညတ်ကို = အာကာသနိမိတ်ကို အာရုံပြုသော ဝိညာဏ် = အာကာသာနဉ္စာယတနဝိညာဏ်ဟု ဆိုလိုသည်။

တစ်နည်း — ဝိညာဏဉ္စာယတနစျာန်ကို ရရှိအောင် အားထုတ်သော ဘာဝနာစိတ်သည် အာကာသာ-နဉ္စာယတနဝိညာဏ်ကို အာရုံပြုသည့်အခါ ဥပါဒ်ကို ပိုင်းခြား၍ဖြစ်စေ, ဌီကို ပိုင်းခြား၍ဖြစ်စေ, ဘင်ကို ပိုင်းခြား၍ဖြစ်စေ အာရုံပြုသည်ကား မဟုတ်၊ အပိုင်းအခြားမထားဘဲ အာကာသာနဉ္စာယတနဝိညာဏ် တစ်ခုလုံးကိုပင် အာရုံပြုသည်။ ဤသို့ အာရုံယူတတ်သော အာရမ္မဏိကဘာဝနာစိတ်က အထူးသဖြင့် ဝိညာဏဉ္စာယတနဘာဝနာ စိတ်က အနန္တ ဖြစ်အောင် = အပိုင်းအခြား မရှိအောင် အာရုံပြုအပ်သောကြောင့် အစွန်းအစ ဘင်မျှမကျန် အချင်းခပ်သိမ်း အလုံးစုံသော အာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးသွင်းသည်၏ အစွမ်းဖြင့် ယင်းအာ-ကာသာနဉ္စာယတနဝိညာဏ်ကို အနန္တံ ဝိညာဏံဟု ဆိုသည်။ ဤနည်းအလို — အနန္တံ ဝိညာဏံ = အပိုင်းအခြား မရှိဘဲ အာရုံပြုအပ်သော အာကာသာနဉ္စာယတနဝိညာဏ်ဟု ဆိုလိုသည်။
(ဝိသုဒ္ဓိ-၁-၃၂၆ - ကြည့်။)

# အာကိဉ္စညာယတနစျာန်

အာကိဉ္စညာယတနစျာန်ဟူသည် အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်း = နတ္ထိဘောပညတ်လျှင် တည်ရာ အာရုံရှိသော စျာန်ဟု ဆိုလိုသည်။ အာကိဉ္စညာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါ-ဝစရပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်သမာပတ်၌ ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်အပ်၏။ ဝသီဘော်ငါးတန်ကို နိုင်နင်းအောင်လေ့ကျင့်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့ ဆင်ခြင်အပ်၏။

၁။ ဤ ငါရရှိထားသော ဝိညာဏဉ္စာယတနစျာန်သမာပတ်သည် အာကာသာနဉ္စာယတနစျာန်ဟူသော နီးကပ်သော ရန်သူ ရှိ၏။ (အချိန်မရွေး အာကာသာနဉ္စာယတနစျာန်သို့ ပြန်၍ လျှောကျနိုင်၏ ဟူလို။)

၂။ အာကိဉ္စညာယတနစျာန်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့။ ဤသို့လျှင် ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကို မြင်အောင်ရှု၍,

၃။ ထိုဝိညာဏဉ္စာယတနစျာန်၌ တွယ်တာငဲ့ကွက် တသက်သက်ရှိခြင်းကို ကုန်စေ၍,

၄။ အာကိဉ္စညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,

၅။ အကြင် အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနစျာန်သည် ဖြစ်ပေါ်လာရ၏၊ ထိုဝိညာဏဉ္စာယတနစျာန်၏ပင်လျှင် အာရုံဖြစ်၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို ဆိတ်သည်၏အဖြစ်ကို ကင်းသောအခြင်းအရာကို နှလုံးသွင်းအပ်၏။

အဘယ်သို့ နှလုံးသွင်းအပ်သနည်း။ ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို အချင်းခပ်သိမ်း နှလုံးမသွင်းမူ၍ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းသဘော နတ္ထိဘောပညတ်ကိုသာ အာရုံပြု၍ —

၁။ နတ္ထိ နတ္ထိ = မရှိ မရှိ ဟူ၍လည်းကောင်း
= နတ္ထိ ကိဉ္စိ - နတ္ထိ ကိဉ္စိ = ဘာမျှမရှိ ဘာမျှမရှိ ဟူ၍လည်းကောင်း,

၂။ သုညံ သုညံ = ဆိတ်၏ ဆိတ်၏ ဟူ၍လည်းကောင်း,

၃။ ဝိဝိတ္တံ ဝိဝိတ္တံ = ကင်း၏ ကင်း၏ ဟူ၍လည်းကောင်း —

အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ဉာဏ်ဖြင့် သက်ဝင်၍ ရှုအပ်၏၊ ဝိတက်ဖြင့် နတ္ထိ ကိဉ္စိ - နတ္ထိ ကိဉ္စိ ဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်၍ ခေါက်သည်ကို ပြုအပ်၏။
(ဝိသုဒ္ဓိ-၁-၃၂၆-၃၂၇။)

ဤ ဆိုအပ်ခဲ့ပြီးသည့်နည်းအတိုင်း ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ဟု ဆိုအပ်သော စျာန်ဖြစ်ကြောင်းနိမိတ်၌ ဘာဝနာစိတ်ကို ဖြစ်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် နီဝ-ရဏတရားတို့သည် ကွာကျသွားကြကုန်၏၊ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာတည်လာ၏။ ဥပစာရစျာန်သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘော ပညတ်ဟု ဆိုအပ်သော စျာန်ဖြစ်ကြောင်းနိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏ ပွားများ၏ ကြိမ်ဖန်များစွာ အလေ့-အလာပြု၏။ ဤသို့သောနည်းဖြင့် ပြုကျင့်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပထဝီကသိုဏ်းကို ခွာ၍ ရအပ်သော အာကာသနိမိတ်ကို ပျံ့နှံ့၍ ဖြစ်ပေါ်လာသော ထိုမဟဂ္ဂုတ် အာကာသာနဉ္စာယတနဝိညာဏ်၏ သာလျှင် ဆိတ်သည်၏အဖြစ် ကင်းသည်၏အဖြစ် မရှိသည်၏အဖြစ်ဟူသော နတ္ထိဘောပညတ်၌ အာကိဉ္စ-ညာယတနစျာန်စိတ်သည် အပ္ပနာစျာန်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ အာကာသနိမိတ်၌ ပျံ့နှံ့၍ဖြစ်သော

အာကာသာနဉ္စာယတန ဝိညာဏနိမိတ်ကို အာရုံပြု၍ ဝိညာဏဉ္စာယတနစျာန်ဝိညာဏ်သည် ဖြစ်ပေါ်လာသကဲ့သို့ပင်တည်း။ (ဝိသုဒ္ဓိ-၁-၃၂၇။)

ဤဆိုလတ္တံ့သည်ကား အထူးတည်း။ ထို အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်အာရုံ၌ အာကိဉ္စညာယတန အပ္ပနာစျာန်စိတ်သည် ဖြစ်ပေါ်လာသည်ရှိသော် ထိုယောဂါဝစရ ရဟန်းတော်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကိုသာလျှင် ရှုလျက် နေ၏။ ဥပမာ — ယောက်ျားတစ်ယောက်သည် စည်းဝေးညီမူရာ တန်ဆောင်းဝန်း စသည်တို့၌ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် စည်းဝေးနေသော ရဟန်းသံဃာတော်ကို ဖူးမြော်ပြီးနောက် တစ်ခုသော အရပ်သို့ ထွက်ခွာသွား၏၊ တစ်ဖန် ရဟန်းသံဃာတော်များ စည်းဝေးညီမူရာ တန်ဆောင်းဝန်းသို့ ပြန်လာပြန်၏။ စည်းဝေးခြင်းကိစ္စ၏ ပြီးဆုံးသောအခါ၌ ရဟန်းတော်တို့သည် မိမိတို့စည်းဝေးညီမူရာအရပ်မှ ထကုန်၍ ဖဲခွာသွားကြကုန်သည်ရှိသော် ထိုယောက်ျားသည် ထိုစည်းဝေးညီမူရာအရပ်သို့ ဆိုက်ရောက်လာ၍ တံခါးဝ၌ ရပ်လျက် တစ်ဖန် ထိုစည်းဝေးညီမူရာအရပ်ကို ကြည့်လိုက်သည်ရှိသော် ရဟန်းတို့မှ ဆိတ်သည်ကိုသာလျှင် မြင်သကဲ့သို့ ရဟန်းတို့မှ ကင်းသည်ကိုသာလျှင် မြင်သကဲ့သို့, ထိုယောက်ျား၏ သန္တာန်၌ – ဤမျှလောက်သော ရဟန်းတော်တို့သည် သေမူလည်း သေလေကုန်သလော, အရပ်တစ်ပါးသို့မူလည်း သွားလေကုန်သလောဟု ဤသို့သော ကြံယောင်ကြံမှား အခြားစိတ်သည် မဖြစ်သကဲ့သို့, တကယ်စင်စစ်သော်ကား ဤစည်းဝေးရာအရပ်သည် ရဟန်းတို့မှ ဆိတ်၏၊ ရဟန်းတို့မှ ကင်း၏ဟု မရှိသည်၏အဖြစ်ကိုသာလျှင် ရှုသကဲ့သို့ ဤဥပမာအတူပင်လျှင် ရှေး၌ ပထဝီကသိုဏ်းကို ခွာ၍ ရရှိလာသော အာကာသနိမိတ်၌ ဖြစ်စေအပ်ပြီးသော အာကာသာနဉ္စာယတနဝိညာဏ်ကို ဝိညာဏဉ္စာယတနစျာန်စက္ခုဖြင့် ဝိညာဏံ ဝိညာဏံဟု ရှုလျက် နေပြီး၍ နောက်ကာလရောက်မှ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းသဘော နတ္ထိဘာဝပညတ်ကို အာရုံယူ၍ - နတ္ထိ နတ္ထိ သုညံ သုညံ ဝိဝိတ္တံ ဝိဝိတ္တံ ဟူသော ပရိကမ်ဖြစ်သော နှလုံးသွင်းခြင်း မနသိကာရဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်သည် ကွယ်ပျောက်သည်ရှိသော် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်း ပျောက်ခြင်းဟု ဆိုအပ်သော မရှိခြင်း နတ္ထိဘာဝပညတ်ကိုသာလျှင် ဘာဝနာစိတ်ဖြင့် အဖန်ဖန် ရှုလျက်နေ၏။ (ဝိသုဒ္ဓိ-၁-၃၂၇။)

“**နတ္ထိ နတ္ထိ သုညံ သုညံ ဝိဝိတ္တံ ဝိဝိတ္တံ** ဟူသော ပရိကမ်ဖြစ်သော နှလုံးသွင်းခြင်း မနသိကာရဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်သည် ကွယ်ပျောက်သည် ရှိသော်”ဟူသော ဤစကားရပ်ဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို အာရုံပြုခြင်း၏ မရှိခြင်းကြောင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ ကွယ်ပျောက်ခြင်းသည် ဖြစ်ပေါ်လာ၏၊ပျက်စီးသွားသည်၏ အဖြစ်ကြောင့် ကွယ်ပျောက်သွားသည်ကား မဟုတ်ပေ။ ဤသို့သော အဓိပ္ပါယ်ကို ညွှန်ပြလျက်ရှိ၏။ ထိုဥပမာစကားရပ်၌ ဤဆိုလတ္တံ့သည်ကား ဥပမာ ဥပမေယျ နှီးနှောခြင်းတည်း။ ထိုယောက်ျားသည် ထိုတန်ဆောင်းဝန်း အစရှိသော အရပ်၌ စည်းဝေးနေသော ရဟန်းသံဃာကို ဖူးမြင်ပြီး၍ သွားလေ၏၊ ထိုနောင်မှ ရဟန်းအားလုံးတို့သည် တစ်စုံတစ်ခုသာလျှင်ဖြစ်သော ပြုဖွယ်ကိစ္စဖြင့် ဖဲသွားကုန်သည်ရှိသော် ထိုယောက်ျားသည် တစ်ဖန်ပြန်လာ၍ ကြည့်လေက ထိုစည်းဝေးရာအရပ်ကို ရဟန်းတော်တို့မှ ဆိတ်သုဉ်းသည်ကိုသာလျှင် မြင်၏၊ ရဟန်းတော်တို့၏ ထိုစည်းဝေးညီမူရာ အရပ်မှလည်း ဖဲခွာခြင်း၏ အကြောင်းရင်းကို မရှုသကဲ့သို့ ဤအတူ ဤယောဂါဝစရပုဂ္ဂိုလ်သည် ရှေး၌ ဝိညာဏဉ္စာယတနစျာန်မျက်စိဖြင့် အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ကို ရှု၍ နောက်ကာလ၌ ယင်း အာကာသာနဉ္စာယတနဝိညာဏ်ကိုပင် နတ္ထိ = မရှိဟူ၍ ပရိကမ်ဟူသော ဘာဝနာမနသိကာရဖြင့် ရှုလေသော် ထိုအာကာသာနဉ္စာယတနဝိညာဏ်သည် ကင်းသွား၏၊ ကင်းသည်ရှိသော် အာကိဉ္စညာယတနစျာန်မျက်စိဖြင့် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နိတ္ထိဘာဝပညတ်ကိုသာလျှင် ရှုလျက်နေ၏။ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်း ချုပ်ခြင်း မရှိခြင်း၏

အကြောင်းကို မစူးစမ်း မဆင်ခြင်။ အဘယ်ကြောင့်နည်းဟူမူ — အာကိဉ္စညာယတန စျာန်၏ ထိုသို့သဘော ရှိသော နှလုံးသွင်းခြင်း၏ မရှိခြင်းကြောင့်တည်း။ (မဟာဋီ-၂-၄၀၂။)

**အခက်အခဲရှိခဲ့သော်** — ဤအထက်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာပြုကျင့်သော်လည်း အာ-ကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ မလွယ်ကူသေး ဖြစ်နေပါက ဆင်ခြင် ဖို့ရန် အချက်တစ်ရပ်ကို တင်ပြပါရစေ၊ စိတ်တို့မည်သည် စိတ္တက္ခဏတစ်ခု၏ အတွင်း၌ နှစ်ခုပြိုင်တူ ဖြစ်ရိုးဓမ္မတာ မရှိကြပေ။ စိတ္တက္ခဏတစ်ခု ဖြစ်ပြီး ချုပ်ပြီးမှသာလျှင် နောက်စိတ္တက္ခဏတစ်ခု ဖြစ်ရိုး ဓမ္မတာရှိ၏။ အာကာသာ-နဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်နေသော အချိန်၌ ဝိညာဏဉ္စာယတန ဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမဖြစ်သေးပေ။ ဝိညာဏဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားဖြစ်နေသော အချိန်၌လည်း အာကာသာနဉ္စာယတနဝိညာဏ်သည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိတော့ပေ။ ဝိညာဏဉ္စာယတနစျာန်ဝိညာဏ်များသည် အဆက်မပြတ် ဆက်တိုက် ဖြစ်နေချိန်ဝယ် ယင်းအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိမှု သဘောကို အာရုံယူ၍ နတ္ထိ ကိဉ္စိ = ဘာမျှမရှိဟု နှလုံးသွင်းပါ။ အောင်မြင်မှုကို ရရှိနိုင်ပါသည်။ ဤ၌ ယင်းဝိညာဏ်တို့၏ ဥပါဒ်-ဌီ-ဘင်တို့ကို နှလုံးသွင်း ခိုင်းနေသည်ကား မဟုတ်ပါ။ နတ္ထိဘောပညတ်ကို သဘောပေါက်နိုင်ရန်အတွက် ရှုမြင်နိုင်ရန်အတွက် တင်ပြ-ခြင်းသာ ဖြစ်သည်။

သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စီတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။
(အဘိ-၂-၂၅၄။ ဒီ-၂-၆၀။)

ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်ကို အလုံးစုံသော ဝိညာဏဉ္စာယတန စျာန်ကိုလည်းကောင်း ထိုဝိညာဏဉ္စာယတနစျာန်၏ တည်ရာအာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်ကို လည်းကောင်း ကောင်းစွာ ကျော်လွှားလွန်မြောက်၍ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘော ပညတ်ကို အာရုံယူ၍ နတ္ထိ နတ္ထိ, သုညံ သုညံ, ဝိဝိတ္တံ ဝိဝိတ္တံ ဟူ၍ ဤအခြင်းအရာအားဖြင့် နှလုံးသွင်းသည် ဖြစ်၍ အာကိဉ္စညာယတနစျာန်ကို ပြည့်စုံစေ၍ နေ၏ဟူ၍ ဆိုအပ်ပေ၏။

(အဘိ-၂-၂၅၄။ ဒီ-၂-၆၀။ ဝိသုဒ္ဓိ-၁-၃၂၇။)

**ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ** — ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဝိညာဏဉ္စာယတနစျာန်ကိုလည်း-ကောင်း, ထိုဝိညာဏဉ္စာယတနစျာန်၏တည်ရာ အာရုံဖြစ်သော အာကာသာနဉ္စာယတနစျာန်ကိုလည်းကောင်း ဤသို့လျှင် ဤစျာန် အာရုံ နှစ်ပါးစုံကိုလည်း မဖြစ်ခြင်းကို ပြုသဖြင့်လည်းကောင်း နှလုံးမသွင်းခြင်းကို ပြုခြင်းဖြင့် လည်းကောင်း ကောင်းစွာ ကျော်လွှားလွန်မြောက်၍သွားမှသာလျှင် ဤအာကိဉ္စညာယတနစျာန်ကို ပြည့်စုံစေ၍ နေသင့်၏၊ ထို့ကြောင့် ဤစျာန်နှင့် အာရုံ နှစ်ပါးစုံကိုလည်း တစ်ပေါင်းတည်းပြု၍ — ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၃၂၈။)

**နတ္ထိ ကိဉ္စိ** — နတ္ထိ နတ္ထိ, သုညံ သုညံ, ဝိဝိတ္တံ ဝိဝိတ္တံ ဟူ၍ ဤသို့ နှလုံးသွင်းလျက်ဟု ဆိုလို၏။ ဝိဘင်း ပါဠိတော်၌ကား – "ထိုရှေး၌ အနန္တံ ဝိညာဏံ ဟု နှလုံးသွင်းအပ်ပြီးသော အာကာသာနဉ္စာယတနဝိညာဏ်ကို ပင်လျှင် မထင်သည်ကိုပြု၏ ထင်ခြင်းကို ကင်းပျောက်စေ၏ = ပျောက်ပျက်စေ၏ ကွယ်ပျောက်စေ၏ အာကာ-သာနဉ္စာယတနဝိညာဏ်၏ စိုးစဉ်းဘင်မျှ အကျန်သည် မရှိ" ဤသို့ ရှု၏၊ ထို့ကြောင့် နတ္ထိ ကိဉ္စိ ဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ဟောတော်မူအပ်သော ထိုစကားကို ခယတော သမ္မသနဟူသော အပျက်ကို ရှုတတ်သော ဘင်္ဂါနု-ပဿနာကဲ့သို့ အကယ်၍ကား ဟောတော်မူအပ်ပါပေ၏။ ထိုသို့ပင် ဟောတော်မူသော်လည်း ထိုဝိဘင်းပါဠိတော်

၏ အနက်ကို ဤဆိုခဲ့ပြီးသည့်အတိုင်းသာလျှင် မှတ်သားပါ။ ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို မဆင်ခြင်မူ၍ နှလုံးမသွင်းမူ၍ ဉာဏ်ဖြင့် သက်ဝင်၍ မရှုမူ၍ သက်သက် ထိုဝိညာဏ်၏ နတ္ထိဘောပညတ်ကိုသာလျှင် = မရှိသည်၏အဖြစ်ကိုသာလျှင် နှလုံးသွင်းသည်ဖြစ်၍ မထင်သည်ကိုပြု၏ ထင်ခြင်းကို ကင်းပျောက်စေ၏ ကွယ်ပျောက်စေ၏၊ ဤသို့ ဆိုလို၏။ ဤဆိုအပ်ခဲ့ပြီးသော အနက်အဓိပ္ပါယ်မှ အခြားတစ်ပါးသော အနက်အဓိပ္ပါယ်အားဖြင့် ဤပါဠိတော်၏ အနက်အဓိပ္ပါယ်ကို မမှတ်သားထိုက်ပေ။ (ဝိသုဒ္ဓိ-၁-၃၂၈။)

**အာကိဉ္စညာယတန** – ယောဂါဝစရပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ ဤအာကိဉ္စညာယတနစျာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရ၏၊ ထိုသို့ အားထုတ်ရာ၌ အရှုခံအာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်အား အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် စိုးစဉ်းအနည်းငယ် ဘင်မျှသော်လည်း အကြွင်းအကျန် မရှိသောကြောင့် ယင်းအာကာသာနဉ္စာယတနဝိညာဏ်သည် **အကိဉ္စန** မည်၏။ စိုးစဉ်းအနည်းငယ် ဘင်မျှသော်လည်း အကြွင်းအကျန် မရှိသော အာကာသာနဉ္စာယတန ဝိညာဏ်၏ ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အားမထင် ကင်းကွာပျောက်ကွယ်ခြင်းသဘောသည် **အာ–ကိဉ္စည** မည်၏။ ယင်းမရှိခြင်းသဘောကို နတ္ထိဘာဝဟုဆို၏။ ထိုမရှိခြင်းသည် ပရမတ်အထည်ကိုယ် မဟုတ်, ပညတ်မျှသာ ဖြစ်သောကြောင့် နတ္ထိဘာဝပညတ် = နတ္ထိဘောပညတ်ဟု ဆိုအပ်၏။ နတ်တို့၏ နေရာသည် ဒေဝါယတနမည်သကဲ့သို့ ထိုစိုးစဉ်းအနည်းငယ် ဘင်မျှသော်လည်း အကြွင်းအကျန် မရှိသော အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိသည်၏အဖြစ်တည်းဟူသော နတ္ထိဘောပညတ်သည် ထိုတတိယ အရူပစျာန်၏ = အာကိဉ္စညာယတန စျာန်၏ တည်ရာဖြစ်သောကြောင့် **အာယတန** မည်၏။ ထိုကြောင့် ယင်းနတ္ထိဘောပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော တတိယ အရူပါဝစရစျာန်သည် **အာကိဉ္စညာယတန**စျာန် မည်၏။ (ဝိသုဒ္ဓိ-၁-၃၂၈။)

## နေဝသညာနာသညာယတနစျာန်

ရုန့်ရင်းကြမ်းတမ်းသော သညာကား မရှိ၊ အလွန့်အလွန် သိမ်မွေ့နူးညံ့သော သညာသာ ရှိသောကြောင့် သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သောစျာန်သည် နေဝသညာနာသညာယတနစျာန် မည်၏။ သညာကို အဦးမူသဖြင့် ဒေသနာတော်ကို ဟောကြားထားတော်မူခြင်း ဖြစ်၏။ ရုန့်ရင်းကြမ်းတမ်းသော နာမ်တရားကားမရှိ၊ အလွန့်အလွန် သိမ်မွေ့နူးညံ့သော နာမ်တရားစုသာ ယင်းသမာပတ်၌ တည်ရှိသည်။ ထိုကြောင့် ယင်းသမာပတ်ကို **သင်္ခါရာဝသေသသမာပတ်** = အပိုင်းအခြားကိုလွန်၍ သိမ်မွေ့သည်၏အဖြစ်သို့ ရောက်လျက် မပြောစလောက် သင်္ခါရမျှသာဖြစ်သော = အသိမ်မွေ့ဆုံး အဖြစ်သို့ရောက်သော သင်္ခါရမျှသာဖြစ်သော = အသိမ်မွေ့ဆုံးအဖြစ်သို့ရောက်သော သင်္ခါရမျှသာကြွင်းကျန်သော စတုတ္ထ အရူပါဝစရသမာပတ်ဟု ခေါ်ဆို၏။

နေဝသညာနာသညာယတနစျာန်ကို ရရှိအောင် ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်သမာပတ်၌ ဝသီဘော်ငါးတန်ကို နိုင်နင်းအောင် လေ့ကျင့်ရ၏၊ လေ့ကျင့်ပြီးသော် —

၁။ ဤ ငါရရှိထားသော အာကိဉ္စညာယတနစျာန်သမာပတ်သည် ဝိညာဏဉ္စာယတနစျာန်သမာပတ်ဟူသော နီးကပ်သော ရန်သူ ရှိ၏။

၂။ နေဝသညာနာသညာယတနစျာန်သမာပတ်ကဲ့သို့ ငြိမ်သက်သည်လည်း မဟုတ်ခဲ့ဟုလည်းကောင်း, သညာသည် ရောဂါတည်း၊ သညာသည် အိုင်းအမာနှင့် တူ၏၊ သညာသည် မြားငြောင့်နှင့် တူ၏၊ အကြင် နေဝသညာနာသညာသည် ရှိ၏၊ ဤနေဝသညာနာသညာယတနစျာန်သည် ငြိမ်သက်၏၊ ဤနေဝသညာနာသညာယတနစျာန်သည် မွန်မြတ်၏ဟုလည်းကောင်း — ဤသို့လျှင် အာကိဉ္စညာယတနစျာန်၌

အပြစ်ဒေါသကိုလည်းကောင်း အထက်ဖြစ်သော နေဝသညာနာသညာယတနစျာန်၌ အကျိုးအာနိသင်ကို လည်းကောင်း မြင်အောင်ရှု၍ —

၃။ အာကိဉ္စညာယတနစျာန်၌ တွယ်တာငဲ့ကွက် တသက်သက်ရှိခြင်း နိကန္တိတရားကို ကုန်ခန်းစေ၍,

၄။ နေဝသညာနာသညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍,

၅။ အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော ထို အာကိဉ္စညာယတနစျာန်သမာပတ်ကိုပင် အာရုံပြု၍ —

**သန္တာ သန္တာ** = ငြိမ်သက်ပေစွ ငြိမ်သက်ပေစွ ဟု အဖန်ဖန် အထပ်ထပ် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ညာဏ်ဖြင့် သက်ဝင်၍ ရှုအပ်၏၊ ဝိတက်ဖြင့် သန္တာ သန္တာ = ငြိမ်သက်ပေစွ ငြိမ်သက်ပေစွဟု ရှေးရှုခေါက်သည်ကို ထက်ဝန်းကျင် လှည့်လည်၍ ခေါက်သည်ကို ပြုအပ်၏။ (ဝိသုဒ္ဓိ-၁-၃၂၈-၃၂၉။)

ဤဆိုအပ်ခဲ့ပြီးသည့် နည်းအတိုင်း ထိုအာကိဉ္စညာယတနစျာန်သမာပတ် အာရုံနိမိတ်၌ အဖန်ဖန် အထပ်ထပ် ဘာဝနာမနသိကာရကို ဖြစ်စေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ နီဝရဏတရားတို့သည် ကွာကျသွားကြကုန်၏၊ အာကိဉ္စညာယတနဝိညာဏ်လျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာတည်လာ၏၊ ဥပစာရစျာန်သမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာ၏။ ထိုယောဂါဝစရပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ဖြစ်ကြောင်း ဖြစ်သည့် ထိုအာကိဉ္စညာယတနစျာန်သမာပတ်နိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏ ပွားများ၏ ကြိမ်ဖန်များစွာ အလေ့အလာပြု၏။ ဤသို့သောနည်းဖြင့် ပြုကျင့်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ — အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်းဟူသော နတ္ထိဘာဝပညတ်၌ အာကိဉ္စညာယတနစျာန်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာသကဲ့သို့ အာကိဉ္စညာယတနစျာန်သမာပတ်ဟု ခေါ်ဆိုအပ်ကုန်သော နာမ်ခန္ဓာလေးပါးတို့၌ အာရုံပြု၍ နေဝသညာနာသညာယတနစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာ၏။ (ဝိသုဒ္ဓိ-၁-၃၂၉။)

ဧတ္တာဝတာ စေသ "သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတီ"တိ ဝုစ္စတိ။ (အဘိ-၂-၂၅၄။ ဒီ-၂-၆၀။ ဝိသုဒ္ဓိ-၁-၃၂၉။)

ဤမျှအတိုင်းအရှည် ရှိသော စကားအစဉ် တရားအယဉ်ဖြင့် ထိုယောဂါဝစရပုဂ္ဂိုလ်ကို အလုံးစုံသော အာကိဉ္စညာယတနစျာန်ကိုလည်းကောင်း, ထိုအာကိဉ္စညာယတနစျာန်၏ တည်ရာအာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘာဝပညတ်အာရုံကိုလည်းကောင်း ကောင်းစွာ ကျော်လွှားလွန်မြောက်၍ အာကိဉ္စညာယတနဝိညာဏ်ကိုပင် သန္တာ သန္တာ ဟု နှလုံးသွင်းသည် ဖြစ်၍ နေဝသညာနာသညာယတနစျာန်ကို ပြည့်စုံစေ၍ နေ၏ဟူ၍ ဆိုအပ်ပေ၏။ (အဘိ-၂-၂၅၄။ ဒီ-၂-၆၀။ ဝိသုဒ္ဓိ-၁-၃၂၉။)

**အာကိဉ္စညာယတနံ သမတိက္ကမ္မ** — ဤ၌ အာကိဉ္စညာယတနစျာန်သည်လည်းကောင်း, အာကိဉ္စညာယတနစျာန်၏ အာရုံဖြစ်သော နတ္ထိဘာဝပညတ်သည်လည်းကောင်း နှစ်မျိုးလုံးသည်ပင် အာကိဉ္စညာယတန မည်၏။ အာကိဉ္စညာယတနစျာန်၏ အာရုံဖြစ်သော နတ္ထိဘာဝပညတ်သည် အထက်တွင် ဆိုခဲ့သည့်အတိုင်း **အာကိဉ္စည**လည်း မည်၏။ ထိုအာကိဉ္စညအမည်ရသော နတ္ထိဘာဝပညတ်အာရုံသည် တတိယအရူပါဝစရစျာန် = အာကိဉ္စညာယတနစျာန်၏ တည်ရာအာရုံဖြစ်သောကြောင့်, နတ်တို့၏တည်ရာ ဘုံဗိမာန်သည် ဒေဝါယတန မည်သကဲ့သို့ - တည်ရာဟူသော အနက်သဘောကြောင့် **အာယတန**လည်း မည်၏။ ထိုကြောင့် နတ္ထိဘာဝပညတ်အာရုံသည် **အာကိဉ္စညာယတန** မည်၏။ ကမ္ဗောဇတိုင်းသည် မြင်းတို့၏ ဖြစ်ထွန်းရာဒေသ အာယတန

ဖြစ်သကဲ့သို့ အလားတူပင် နတ္ထိဘောပညတ်သည် အာကိဉ္စညလည်းဟုတ်၏၊ ထိုအာကိဉ္စညဟူသည် ထိုတတိယ အရူပါဝစရဈာန် = အာကိဉ္စညာယတနဈာန်၏ ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းစစ် ဖြစ်သောကြောင့် **အာယတန**လည်းဟုတ်၏။ ထိုကြောင့်လည်း **အာကိဉ္စညာယတန** မည်၏။ ဤသို့လျှင် ဈာန်သည်လည်းကောင်း, နတ္ထိဘောပညတ်အာရုံသည်လည်းကောင်း - ဤနှစ်မျိုးလုံးကိုလည်း မဖြစ်ခြင်းကို ပြုသဖြင့်လည်းကောင်း နှလုံး မသွင်းခြင်းကို ပြုခြင်းဖြင့်လည်းကောင်း ကောင်းစွာ ကျော်လွှားလွန်မြောက်၍ သွားမှသာလျှင် ဤနေဝသညာ-နာသညာယတနဈာန်ကို ပြည့်စုံစေ၍ နေသင့်၏၊ ထိုကြောင့် ဤဈာန်နှင့် အာရုံ နှစ်ပါးစုံကိုလည်း တစ်ပေါင်း တည်းပြု၍ - အာကိဉ္စညာယတနံ သမတိက္ကမ္မ ဟူသော ဤစကားကို ဟောကြားတော်မူအပ်၏ဟု သိရှိပါလေ။ (ဝိသုဒ္ဓိ-၁-၃၂၉။)

**သန္တမေတံ ပဏီတမေတံ**တိ "သန္တာ ဝတာယံ သမာပတ္တိ၊ ယတြ ဟိ နာမ နတ္ထိဘာဝမ္ပိ အာရမ္မဏံ ကရိတွာ ဌဿတီ"တိ ဧဝံ သန္တာရမ္မဏတာယ တံ သန္တာတိ မနသိ ကရောတိ။ (ဝိသုဒ္ဓိ-၁-၃၂၉။)

နေဝသညာနာသညာယတနဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ရာ၌ အရှုခံအာရုံဖြစ်သော အာကိဉ္စညာ-ယတနဈာန်ကို —

၁။ ဧတံ သန္တံ ဧတံ ပဏီတံ = ဤဝိညာဏ်သည် ငြိမ်သက်၏ ဤဝိညာဏ်သည် မွန်မြတ်၏ဟုလည်းကောင်း,

၂။ သန္တံ သန္တံ = သန္တာ သန္တာ = ငြိမ်သက်၏ ငြိမ်သက်၏ဟုလည်းကောင်း,

၃။ ပဏီတံ ပဏီတံ = မွန်မြတ်၏ မွန်မြတ်၏ဟုလည်းကောင်း —

ဤသို့ နှလုံးသွင်းရ၏။ များစွာသော စိတ်တို့သည် တစ်စုံတစ်ခုသော ဒြပ်ကို တစ်စုံတစ်ခုသော သိစရာကို အာရုံပြုနေရမှ ကြာရှည်စွာ မွေ့လျော်နိုင်ကြ၏။ ဤတတိယအရူပါဝစရဈာန် = အာကိဉ္စညာယတနဈာန်သမာ-ပတ်ကား ဘာမျှမရှိခြင်း နတ္ထိဘောပညတ်ကိုပင် အာရုံပြုနိုင်သဖြင့် – "ဤသမာပတ်သည် ငြိမ်သက်ပေစွ၊ ယင်းသမာပတ်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ ဆိတ်သည်၏အဖြစ်ဟူသော ဘာမျှမရှိခြင်း နတ္ထိဘော ပညတ်ဟူသော သို့စင်မျှလောက် အလွန်သိမ်မွေ့စွာကိုသော်လည်း အာရုံပြု၍ တည်နိုင်တုံပေသည်တကား"ဟု ဤသို့လျှင် နတ္ထိဘောပညတ်ကိုပင် အာရုံပြုနိုင်သဖြင့် ငြိမ်သက်သော အာရုံရှိသည်၏ အဖြစ်ကြောင့် ထို အာ-ကိဉ္စညာယတနဈာန်ကို ငြိမ်သက်ပေစွဟု နှလုံးသွင်း၏။ (ဝိသုဒ္ဓိ-၁-၃၂၉။)

ဤ တတိယအရူပါဝစရဈာန် = အာကိဉ္စညာယတနဈာန်သည် ဘာမျှမရှိခြင်း နတ္ထိဘောပညတ်ကိုပင် အာရုံပြုနိုင်သဖြင့် အင်မတန် ငြိမ်သက်မွန်မြတ်ပေသည်ဟု ယောဂါဝစရပုဂ္ဂိုလ်က ယင်းဈာန်ကို ချီးမွမ်းသည်။ စတုတ္ထအရူပါဝစရဈာန် = နေဝသညာနာသညာယတနဈာန် စိတ်စေတသိက်များလောက် မငြိမ်သက်သဖြင့် "မငြိမ်သက်ဘူး"ဟု ရှေးပရိကမ်ပြုခါနီးတုန်းက အပြစ်ရှုခဲ့သည်။ သန္တမေတံ ပဏီတမေတံ = ဧတံ သန္တံ ဧတံ ပဏီတံ ဟု ချီးမွမ်းခြင်းကား မရှိခြင်းကို အာရုံပြုနိုင်သည့်အတွက် ချီးမွမ်းခြင်းတည်း။ ထိုကြောင့် အပြစ်အား လျော်စွာ အပြစ်ရှု၍ ဂုဏ်အားလျော်စွာ ချီးမွမ်းသည့်အတွက် ဆန့်ကျင်ဘက် မဖြစ်ဟု မှတ်ပါ။ အရုပ်ဆိုး၍ လိမ္မာသော မိန်းကလေး၌ ရုပ်အဆင်းအတွက် ကဲ့ရဲ့ထိုက်၍ အလိမ္မာအတွက် ချီးမွမ်းထိုက်သကဲ့သို့တည်း။

**အမေး** — အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် အကယ်၍ နှလုံးသွင်းအံ့၊ အဘယ်ကြောင့် ယင်းဈာန်နှင့် ဈာန်၏အာရုံကို ကျော်လွှားလွန်မြောက်ခြင်းသည် ဖြစ်နိုင်အံ့နည်း၊ ဤသို့မေးရန် ရှိ၏။

**အဖြေ** — အာကိဉ္စညာယတနသမာပတ်ကို ဝင်စားခြင်းငှာ အလိုမရှိသည်၏ အဖြစ်ကြောင့် ကျော်လွှား လွန်မြောက်ခြင်းသည် ဖြစ်နိုင်၏။ ထင်ရှားစေအံ့ – ထိုယောဂါဝစရပုဂ္ဂိုလ်သည် ထိုအာကိဉ္စညာယတနဈာန်ကို

ငြိမ်သက်သောအားဖြင့် အကယ်၍ နှလုံးသွင်းသည်ကား မှန်၏။ ထိုသို့ပင် နှလုံးသွင်းသည် မှန်သော်လည်း ထို ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ "ငါသည် ဤအာကိဉ္စညာယတနစျာန်ကို ဆင်ခြင်အံ့ ဝင်စားအံ့ ဆောက်-တည်အံ့ ထအံ့ ပစ္စဝေက္ခဏာဇောဖြင့် စျာန်အင်္ဂါကို ဆင်ခြင်အံ့"– ဤသို့သော နှလုံးသွင်းခြင်း အာဘောဂသည် ဤသို့ ကောင်းစွာ အဖန်ဖန် နှလုံးသို့ဆောင်ခြင်းသည် ဤသို့သော နှလုံးသွင်းမှု မနသိကာရသည် မဖြစ်။ အဘယ်ကြောင့်နည်းဟူမူ — အာကိဉ္စညာယတနစျာန်ထက် နေဝသညာနာသညာယတနစျာန်၏ သာလွန်၍ ငြိမ်သက် သာလွန်၍ မွန်မြတ်သည်၏ အဖြစ်ကြောင့်တည်း။ (ဝိသုဒ္ဓိ-၁-၃၃၀။)

**ဥပမာ** — ရှင်ဘုရင်တစ်ပါးသည် လက်မှုပညာပြပွဲကို လှည့်လည်ရှုစားတော်မူစဉ် ပုဆိုးတစ်ထည်ကို ခေါင်းပေါင်းကာ ပုဆိုးတစ်ထည်ကို ခါးတောင်းကျိုက်၍ တစ်ကိုယ်လုံး၌ ဖွေးဖွေးဖြူသော ဆင်စွယ်မှုန့်များဖြင့် လူးလည်းပေကျံလျက် ကြိုးကြိုးစားစားဖြင့် သားနားသပ်ယပ်သော ဆင်စွယ်ရုပ် ဆင်စွယ်ကြုတ် အမျိုးမျိုးကို ပြုလုပ်နေသော ဆင်စွယ်ပွတ်သမားတို့ကို မြင်တော်မူလေရာ "တော်ပါပေသည် စွမ်းပါပေသည်"ဟု အားရနှစ်သက် မြိန်ရှက်စွာ ချီးမွမ်းသော်လည်း ကိုယ်တိုင်ကား ထီးနန်းကို စွန့်လွှတ်၍ ဆင်စွယ်ပွတ်သမား မဖြစ်လို၊ ထိုကဲ့သို့ ချီးမွမ်းလျက်ပင် ဆင်စွယ်ပွတ်သမားတို့ကို ကျော်လွန်၍ နန်းတော်ရောက်အောင် ကြွမြန်းလေသကဲ့သို့တည်း။ (ဝိသုဒ္ဓိ-၁-၃၃၀။)

**နေဝသညာနာသညာ** — ဤ နေဝသညာနာသညာယတနစျာန်သမာပတ်၌ တည်ရှိသော သညာ သည်လည်း ထင်ရှားသော သညာကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် **နေဝသညာ** မည်၏။ ရုန့်ရင်းသော သင်္ခါရမှ ကြွင်းသော အလွန်သိမ်မွေ့သော သင်္ခါရ၏ အဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် **နာသညာ-**လည်း မည်၏။

**အမေး** — ဤ၌ ထင်ရှားသော သညာ၏ ကိစ္စဟူသည် အဘယ်နည်း။

**အဖြေ** — အာကိဉ္စညာယတနစျာန်အာရုံကို အမှတ်ပြု၍သိခြင်းသည်လည်းကောင်း, ဝိပဿနာဉာဏ်-၏ အာရုံ၏အဖြစ်သို့ ကပ်ရောက်၍ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းသည်လည်းကောင်း သညာကိစ္စ မည်၏။ ထင်ရှားစေအံ့ — ရေအေး၌ တေဇောဓာတ်သည် လောင်မြိုက်ခြင်းကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်သကဲ့သို့ အလား တူပင် ဤသညာသည် အာကိဉ္စညာယတနစျာန်အာရုံကို အမှတ်ပြု၍ သိခြင်းကိစ္စကိုလည်း ထင်ထင်ရှားရှား ပြုခြင်းငှာ မစွမ်းနိုင်။ ကြွင်းသော အရူပါဝစရသမာပတ်သုံးမျိုးတို့၌ တည်ရှိသော သညာကဲ့သို့ ဝိပဿနာဉာဏ်-၏ အရှုခံအာရုံ အဖြစ်သို့ ကပ်ရောက်၍ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းကိုလည်း ပြုခြင်းငှာ မစွမ်းနိုင်။ မှန်ပေသည် — နေဝသညာနာသညာယတနစျာန်မှ တစ်ပါးကုန်သော ခန္ဓာတို့၌ ဝိပဿနာဉာဏ်၏ အရှုခံ အာရုံအဖြစ် သိမ်းဆည်းဖူးခြင်း ဝိပဿနာ နှလုံးသွင်းဖူးခြင်းကို မပြုဖူးသော မဖြစ်စဖူးသော ယောဂါဝစရ ရဟန်းသည် နေဝသညာနာသညာယတနခန္ဓာတို့ကို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၍ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သို့ ရောက်ရှိခြင်းငှာ စွမ်းနိုင်သောသူ မည်သည် မရှိစဖူးပေ။ အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင် ဖြစ်စေကာမူ အခြားအခြားသော ခန္ဓာတို့၌ ဝိပဿနာ နှလုံးသွင်းခြင်းကို မပြုဖူးဘဲ နေဝသညာနာသညာယတနခန္ဓာတို့ကို လက္ခဏာရေးသုံးတန် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်၍ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်သည် မည်သည် မရှိပေ။ ခန္ဓာငါးပါးနည်း စသည်ကို အဦးမူသဖြင့် ဝိပဿနာဘာဝနာကို စတင်နှလုံးသွင်းခဲ့ပြီးနောက် ဒွါရ အာရုံတို့နှင့်တကွ ဒွါရ (၆)ပါး၌ မပြတ်ဖြစ်နေသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို ပြကတေ့အားဖြင့် ဝိပဿနာရှုတတ်သော ဝိပဿနာရှုဖူး-သော ပညာဉာဏ်ကြီးမားသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနှင့် ဝိပဿနာအရာ၌ ဉာဏ်ရည်တူသော သူသည်သာလျှင် နေဝသညာနာသညာယတနခန္ဓာတို့၌ ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေခြင်းငှာ တတ်နိုင်လေရာ၏။

ထို သာရိပုတ္တရာ ထေရ်ကျော် တူလျော်ဆိုဖွယ် ပညာကျယ်သော ပကတိဝိပဿကပုဂ္ဂိုလ်သည်လည်း “ဤသို့လျှင် ဤနေဝသညာနာသညာယတနတရားတို့သည် ရှေးက မရှိကုန်မူ၍ ယခုမှ ရုတ်ခြည်းဖြစ်ပေါ်လာကြကုန်သတတ်၊ ယခုမှ ရုတ်ခြည်းဖြစ်ကုန်၍ ချုပ်ပျက်ကုန်သတတ်” — ဤသို့လျှင် နေဝသညာနာသညာယတန နာမ်တရားအားလုံးတို့ကို ပေါင်းစုခြုံငုံ၍ ဝိပဿနာရှုပွားသုံးသပ်ခြင်း ကလာပသမ္မသနနည်း၏ အစွမ်းဖြင့်သာလျှင် ဝိပဿနာရှုပွား သုံးသပ်ခြင်းငှာ စွမ်းနိုင်လေရာ၏။ ယင်းနေဝသညာနာသညာယတနသမာပတ်အတွင်း၌ တည်ရှိသော ဖဿစသော တရား တစ်လုံးစီ တစ်လုံးစီကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ခြင်းတည်းဟူသော အနုပဒဓမ္မဝိပဿနာနည်း၏ အစွမ်းဖြင့်ကား မတတ်နိုင်ပေရာ။ ဤသို့လျှင် ဤနေဝသညာနာသညာယတန သမာပတ်သည် တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသော်မှလည်း အနုပဒဓမ္မဝိပဿနာနည်းအားဖြင့် ဝိပဿနာရှုပွားသုံးသပ်ခြင်းငှာ မစွမ်းနိုင်လေရကား အလွန်သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်ရှိသော သမာပတ် ဖြစ်လေသည်။ (ဝိသုဒ္ဓိ-၁-၃၃၁။)

## အဆင့်ဆင့် သာလွန်မြင့်မြတ်ပုံ

ဤအရူပါဝစရသမာပတ်တို့၌ ဥပေက္ခာ ဧကဂ္ဂတာအားဖြင့် ဈာန်အင်္ဂါနှစ်ပါးစီ ညီမျှသောကြောင့် တစ်ပါးနှင့် တစ်ပါး မထူးခြားသကဲ့သို့ ထင်ရသော်လည်း အောက်အောက်သော သမာပတ်ထက် အထက်အထက်သော သမာပတ်က တိုးတက်ပွားများအပ်သော ဘာဝနာစွမ်းအားကြောင့် သာလွန်မွန်မြတ်ပေသည်။ ဥပမာ – လေးထပ်တိုက်တစ်လုံးဝယ် အောက်ဆုံးအထပ်၌ စားသောက်ဖွယ်နှင့်တကွ ယုယဖျော်ဖြေမည့် ကချေသည်တို့ဖြင့် လှပမွေ့ကြိုင် တစ်ထပ်လုံး လှိုင်နေအောင် ပြင်ဆင်ထားရာ၏၊ ဒုတိယ တတိယ စတုတ္ထ အထပ်တို့၌လည်း ထိုနည်းအတိုင်းပင် ပြင်ဆင်ထားရာ၏။ သို့သော် အောက်အောက် အထပ်ထက် အထက်အထက် အထပ်က ပိုမိုသားနားသကဲ့သို့လည်းကောင်း, ရက်ကန်းသည် တစ်ယောက်သည် ကြမ်းသောချည်, နုသောချည်, ထိုထက်နုသောချည်, ထိုထက်ပင် အလွန်နုသောချည်ဟု ချည် (၄)မျိုးဖြင့် ပုဆိုး (၄)ထည်ကို ရက်ရာ၌ အလျားအနံ တူမျှသော်လည်း တစ်ထည်ထက် တစ်ထည်မှာ သာလွန်နုနယ်သကဲ့သို့လည်းကောင်း ဤဥပမာအတူ မှတ်သားပါ။

(ဝိသုဒ္ဓိ-၁-၃၃၂-၃၃၃။)

## မလွှဲသာ၍ အာရုံပြုရသည်

ဝိညာဏဉ္စာယတနဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်သူသည် အာကာသာနဉ္စာယတနဝိညာဏ်၌ အပြစ်မြင်သော်လည်း ဝိညာဏဉ္စာယတနဈာန်သို့ ရောက်ရှိဖို့ အရေးဝယ် အာကာသာနဉ္စာယတနဝိညာဏ်မှ တစ်ပါး အခြားပြုဖွယ်အာရုံ မရှိသောကြောင့် မလွှဲသာသဖြင့် အာကာသာနဉ္စာယတနဝိညာဏ်ကိုသာ ဘာဝနာအစဉ်နှင့်တကွ ဝိညာဏဉ္စာယတနဝိညာဏ်က အာရုံပြုရတော့သည်။ အလားတူပင် နေဝသညာနာသညာယတနဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်သူသည် အာကိဉ္စညာယတနဝိညာဏ်၌ အပြစ်မြင်သော်လည်း နေဝသညာနာသညာယတနဈာန်သို့ ရောက်ရှိဖို့ အရေးဝယ် အာကိဉ္စညာယတနဝိညာဏ်မှ တစ်ပါး အခြားပြုဖွယ်အာရုံ မရှိသောကြောင့် မလွှဲသာသဖြင့် အာကိဉ္စညာယတနဝိညာဏ်ကိုသာ ဘာဝနာအစဉ်နှင့်တကွ နေဝသညာနာသညာယတနဝိညာဏ်က အာရုံပြုရတော့သည်။ ဥပမာ — ရှင်ဘုရင်အပေါ်၌ အပြစ်မြင်နေသော မှူးမတ်တစ်ဦးသည် အသက်မွေးဝမ်းကြောင်းဖို့ အရေးဝယ် ရှင်ဘုရင်ကို ခစားမှုမှ တစ်ပါး အခြားလုပ်ငန်းကောင်း မရှိတော့သဖြင့် အပြစ်မြင်အပ်သော ဘုရင်ကိုပင် မလွှဲသာ၍ ခစားနေရသကဲ့သို့ မှတ်ပါ။ (ဝိသုဒ္ဓိ-၁-၃၃၄။)

ဤသို့ အာရုံပြုသော်လည်း တစ်စုံတစ်ယောက်သော ယောက်ျားသည် ရှည်စွာသော လှေကားသို့ တက်-သည်ရှိသော် အခြားတစ်ပါးသော ကိုင်တွယ်စရာ၏ မရှိခြင်းကြောင့် လှေကားပေါင်ကို ထောက်ရသကဲ့သို့လည်းကောင်း, တောင်ထိပ်အဖျားသို့ တက်သည်ရှိသော် ထိုတောင်၏ ထိပ်ဖျားကိုပင် ထောက်ရသကဲ့သို့လည်း-ကောင်း, ကျောက်တောင်သို့ တက်သည်ရှိသော် တုန်လှုပ်လျက်လာရာ၌ အခြားကိုင်တွယ်စရာ၏ မရှိခြင်းကြောင့် မိမိ၏ ပုဆစ်ဒူးကိုပင်လျှင် ထောက်ရသကဲ့သို့လည်းကောင်း - ထိုအတူပင်လျှင် ဝိညာဏဉ္စာယတနစျာန်သည် အာကာသာနဉ္စာယတနစျာန်ဝိညာဏ်ကို အာရုံပြု၍, နေဝသညာနာသညာယတနစျာန်သည် အာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ ဖြစ်ပေါ်လာရ၏။ (ဝိသုဒ္ဓိ-၁-၃၃၄-၃၃၅။)

ပထဝီကသိုဏ်းကို အခြေခံ၍ သမာပတ် (၈)ပါးတို့ကို ရရှိအောင် ပွားများအားထုတ်ပုံ အစီအရင်ကို ရေးသားတင်ပြခဲ့ပြီးလေပြီ။ အာပေါကသိုဏ်းစသော အခြားအခြားသော ကသိုဏ်းတို့၌လည်း သမာပတ် (၈)ပါး စီကို ရရှိအောင် နည်းမှီ၍ ကြိုးစားအားထုတ်ပါလေ။ ပုံစံတစ်ခု အနည်းငယ်ဆိုရသော် — အာပေါကသိုဏ်း၌ စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင် ပွားများပါ။ ထိုနောင် ယင်းအာပေါကသိုဏ်း၌ အာကာသနိမိတ်ကို မြင်အောင် ရှု၍ အာကာသာနဉ္စာယတနစျာန်ကိုလည်းကောင်း, ယင်းအာကာသာနဉ္စာယတနစျာန်ကို အာရုံပြု၍ ဝိညာဏ-ဉ္စာယတနစျာန်ကိုလည်းကောင်း, ယင်းအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း နတ္ထိဘောပညတ်ကို အာရုံပြု၍ အာကိဉ္စညာယတနစျာန်ကိုလည်းကောင်း, ယင်းအာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ နေဝသညာ-နာသညာယတနစျာန်ကိုလည်းကောင်း ရရှိအောင် ကြိုးစားအားထုတ်ပါ။ ဤမျှဆိုလျှင် သဘောပေါက်နိုင်-လောက်ပေပြီ။

ယခုအခါတွင် **စတုရာရက္ခကမ္မဋ္ဌာန်းများ**ကို ဆက်လက်၍ ရေးသားတင်ပြမည် ဖြစ်ပါသည်။ စတုရာရက္ခ = အစောင့်လေးပါး ကမ္မဋ္ဌာန်းဟူသည် မေတ္တာကမ္မဋ္ဌာန်း, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, အသုဘကမ္မဋ္ဌာန်း, မရဏာ-နုဿတိကမ္မဋ္ဌာန်းတို့ ဖြစ်ကြ၏။ ထိုတွင် မေတ္တာကမ္မဋ္ဌာန်းကို ရှေးဦးစွာ ရေးသားတင်ပြမည် ဖြစ်ပါသည်။ သို့သော် မေတ္တာကမ္မဋ္ဌာန်းကို ရေးသားပါက မေတ္တာကမ္မဋ္ဌာန်းနှင့် ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းချင်း တူညီနေသော ကရုဏာ ကမ္မဋ္ဌာန်း မုဒိတာကမ္မဋ္ဌာန်း ဥပေက္ခာကမ္မဋ္ဌာန်းတို့ကိုပါ တစ်ပါတည်း ရေးသားတင်ပြပေအံ့။ ထိုသို့ ရေးသားရာ၌ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ **ဗြဟ္မဝိဟာရနိဒ္ဒေသ**၌ လာရှိသော အားထုတ်ပုံအစဉ်ကို အကျဉ်းချုပ်၍ ရေးသား တင်ပြမည် ဖြစ်ပေသည်။

## ဗြဟ္မဝိဟာရနိဒ္ဒေသပိုင်း

## မေတ္တာဘာဝနာ

ဤမေတ္တာကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် –“ဤပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာဘာဝနာကို မပွားအပ်။ ဤပုဂ္ဂိုလ်တို့၌ အချင်းခပ်သိမ်း မေတ္တာဘာဝနာကို မပွားအပ်” – ဟု မေတ္တာဘာဝနာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်တို့ကို သိထားသင့်၏။

၁။ အပ္ပိယပုဂ္ဂလ = မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ် (= မိမိ၏လည်းကောင်း, မိမိချစ်သူ၏လည်းကောင်း အကျိုးစီးပွားကို ရွက်ဆောင်မပေးသော ပုဂ္ဂိုလ်, မိမိမုန်းသူ၏ အကျိုးစီးပွားကို ရွက်ဆောင်ပေးသော ပုဂ္ဂိုလ်, ရန်ငြိုးဖွဲ့ခြင်း ၉-မျိုး၏တည်ရာ ပုဂ္ဂိုလ်),

၂။ အတိပ္ပိယသဟာယက = အလွန်ချစ်ခင်အပ်သော အဖော်သူငယ်ချင်း,

၃။ မဇ္ဈတ္တ = မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်,

၄။ ဝေရီပုဂ္ဂလ = ရန်သူပုဂ္ဂိုလ် (= မိမိ၏လည်းကောင်း, မိမိချစ်သူ၏လည်းကောင်း အကျိုးစီးပွားမဲ့ကို ရွက်-ဆောင်ပေးသော ပုဂ္ဂိုလ်) –

ဤပုဂ္ဂိုလ် လေးမျိုးတို့ကား ရှေးဦးစွာ မေတ္တာမပွားသင့်သော ပုဂ္ဂိုလ်တို့တည်း။

၅။ လိင်္ဂဝိသဘာဂ = လိင်မတူသောပုဂ္ဂိုလ် (ဤပုဂ္ဂိုလ်ကား သီးသန့်တစ်ဦးချင်း အာရုံပြု၍ မေတ္တာ မပွား-ကောင်းသော ပုဂ္ဂိုလ်တည်း။)

၆။ ကာလကတ = ကွယ်လွန်သွားသောပုဂ္ဂိုလ် (ဤပုဂ္ဂိုလ်ကား လုံးဝ မေတ္တာမပွားသင့်သော ပုဂ္ဂိုလ်တည်း။)

အကြောင်းကား ဤသို့တည်း။ မချစ်မနှစ်သက်အပ်သော အပ္ပိယပုဂ္ဂိုလ်ကို ချစ်ခင်နှစ်သက်အပ်သော ပိယပုဂ္ဂိုလ်အရာ၌ ထား၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရသော ယောဂါဝစရပုဂ္ဂိုလ်သည် ပင်ပန်းတတ်၏။ အလွန်ချစ်ခင်မြတ်နိုးအပ်သော အပေါင်းအဖော်သူငယ်ချင်း ဖြစ်သည့် အတိပ္ပိယပုဂ္ဂိုလ်ကို အလယ်အလတ် မချစ်မမုန်း မဇ္ဈတ္တပုဂ္ဂိုလ်အရာ၌ ထားလျက် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂါဝစရ ရဟန်း၏ စိတ်သည်လည်း ပင်ပန်းတတ်၏။ မပြောပလောက် အနည်းငယ်မျှသာဖြစ်သော ဆင်းရဲဒုက္ခသည် ဖြစ်ပေါ်လာလတ်သော် မေတ္တာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ငိုအံ့သောအခြင်းအရာသို့ ရောက်အံ့သကဲ့သို့ ဖြစ်တတ်၏။ မချစ်မမုန်း လျစ်လျူရှုထိုက်သည့် မဇ္ဈတ္တပုဂ္ဂိုလ်ကို အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်အရာ၌လည်းကောင်း ချစ်မြတ်နိုးအပ်သော ပိယပုဂ္ဂိုလ်အရာ၌လည်းကောင်း ထားလျက် မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂါဝစရပုဂ္ဂိုလ်၏စိတ်သည်လည်း ပင်ပန်းတတ်၏။ ရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ အောက်မေ့သော ယောဂါဝစရပုဂ္ဂိုလ်အား အမျက်ဒေါသသည် ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့် ဤပုဂ္ဂိုလ် လေးမျိုးတို့၌ ရှေးဦးစွာ မေတ္တာမပွားအပ်။ (မေတ္တာဈာန်ရပြီးရာ အခါ၌ကား ပွားနိုင်သည်။)

လိင်မတူသော ပုဂ္ဂိုလ်ကို သီးသန့်တစ်ဦးချင်း အာရုံပြု၍ မေတ္တာပွားခဲ့သော် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ရာဂဖြစ်လာတတ်၏။ သေလွန်သွားသော ပုဂ္ဂိုလ်ကို အာရုံပြု၍ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်း-ခဲ့သော် မေတ္တာဈာန်ကို မရရှိနိုင်။ ထို့ကြောင့် လိင်မတူသူကို သီးသန့်တစ်ဦးချင်း အာရုံပြု၍ မေတ္တာမပွားအပ်။ သေသူကိုကား အချင်းခပ်သိမ်း မပွားအပ်။ သို့သော် မေတ္တာဈာန်ကို ရရှိပြီးရာ ပုဂ္ဂိုလ်အပိုင်းအခြား သီမကို ဖြိုဖျက်ပြီးရာအခါ၌ကား သဗ္ဗာ ဣတ္ထိယော = အမျိုးသမီးအားလုံးတို့သည်၊ သဗ္ဗေ ပုရိသာ = အမျိုးသားအားလုံးတို့သည် ဘေးရန်ကင်းကြပါစေ - ဤသို့စသည်ဖြင့် မေတ္တာဘာဝနာကို ပွားနိုင်သည်။ မေတ္တာပွားသင့်သော ပုဂ္ဂိုလ်အစဉ်မှာ ဤသို့ ဖြစ်၏။

၁။ အဟံ အဝေရော ဟောမိ = ငါသည် ဘေးရန်ကင်းပါစေ၊
၂။ အဟံ အဗျာပဇ္ဇော ဟောမိ = ငါသည် စိတ်ဆင်းရဲကင်းပါစေ၊
၃။ အဟံ အနီဃော ဟောမိ = ငါသည် ကိုယ်ဆင်းရဲကင်းပါစေ၊
၄။ အဟံ သုခီ အတ္တာနံ ပရိဟရာမိ = ငါသည် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ။

ဤသို့ မိမိကိုယ်ကို အာရုံယူ၍ ရှေးဦးစွာ အချိန်အနည်းငယ် မေတ္တာပွားခြင်းမှာ မေတ္တာဈာန်အတွက် မဟုတ်ပါ။ မိမိကိုယ်ကို မေတ္တာပွားရာ၌ သက်သေအဖြစ်၌ ထားသည်၏အစွမ်းဖြင့် မေတ္တာပွားရန် ဖွင့်ဆိုခြင်း ဖြစ်သည်။ မေတ္တာဈာန်ကို အလိုရှိ၍ မေတ္တာဈာန်ကို ရရှိအောင်ပွားများ အားထုတ်ရမည့် မေတ္တာဈာန်၏ တည်ရာ ပုဂ္ဂိုလ်အစဉ်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ပိယဂရုဘာဝနီယ = ချစ်ခင်အပ် လေးစားအပ်သောပုဂ္ဂိုလ်,
၂။ အတိပ္ပိယသဟာယက = အလွန်ချစ်ခင်အပ်သော သူငယ်ချင်းအပေါင်းအဖော်,
၃။ မဇ္ဈတ္တ = မချစ်မမုန်း အလယ်အလတ် လျစ်လျူရှုထိုက်သောပုဂ္ဂိုလ်,
၄။ ဝေရီ = ရန်သူပုဂ္ဂိုလ် —

ဤပုဂ္ဂိုလ် လေးမျိုးတို့သည် လိင်တူပုဂ္ဂိုလ်တို့သာ ဖြစ်စေရမည်။ ဓဝရူပေ စ ပုဂ္ဂလေ ကာမံ အပ္ပနာ သမ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၁-၂၈၉။) နှင့်အညီ အမှတ်(၁) ဖြစ်သည့် ချစ်ခင်လေးစားအပ်သော လိင်တူပုဂ္ဂိုလ်ကို မေတ္တာ ပွားရာ၌ အပ္ပနာဈာန်သမာဓိကို ဆိုက်သည်တိုင်အောင် ပွားများရမည် ဖြစ်သည်။ စိတ်ဓာတ် နူးညံ့ပျော့ပျောင်း လာပါမှ အခြားပုဂ္ဂိုလ်ကောဋ္ဌာသ တစ်ခုသို့ အစဉ်အတိုင်း ပြောင်းရွှေ့၍ မေတ္တာဈာန်ရသည့် တိုင်အောင် ပွားများရ၏။

## ပွားများပုံ

အယံ သပ္ပုရိသော —

၁။ အဝေရော ဟောတု၊
၂။ အဗျာပဇ္ဇော ဟောတု၊
၃။ အနီဃော ဟောတု၊
၄။ သုခီ အတ္တာနံ ပရိဟရတု။

ဤသူတော်ကောင်းသည် —

၁။ ဘေးရန်ကင်းပါစေ၊
၂။ စိတ်ဆင်းရဲကင်းပါစေ၊
၃။ ကိုယ်ဆင်းရဲကင်းပါစေ၊
၄။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ။

အသင်သူတော်ကောင်းသည် ရှေးဦးစွာ အထက်တွင် ရေးသားတင်ပြထားသည့်အတိုင်း မိမိကိုယ်ကို အချိန် အနည်းငယ် မေတ္တာပွားပါ။ မိမိကိုယ်ကို မေတ္တာပွားမှုမှာ မေတ္တာဈာန်ကို မရမီ ခေတ္တခဏပွားခြင်းသာ ဖြစ်သည်။ မေတ္တာဈာန် ရပြီးနောက်ပိုင်း၌ကား ပွားရန်မလိုပါ။ (သီမာသမ္ဘေဒဟူသော ပုဂ္ဂိုလ်အပိုင်းအခြားပြိုအောင် ပုဂ္ဂိုလ် အပိုင်းအခြားကို ဖြိုဖျက်ရန်အတွက်ကား မိမိကိုယ်ကိုလည်း ထိုအခါကျမှ ထပ်မံပွားရမည်သာ ဖြစ်သည်။) ထိုသို့ ပွားပြီးနောက် သည်းခံခြင်း ခန္တီတရား၏ အကျိုး, ဒေါသ၏ အပြစ်တို့ကို ဉာဏ်မှီသမျှ ဆင်ခြင်ပါ။ ထိုနောင်

အောက်ပါအတိုင်း ပြုကျင့်ပါ။

ရှေးဦးစွာ မိမိရရှိထားပြီးသည့် စတုတ္ထဈာန်သမာဓိကို ထူထောင်ပါ။ ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်းကို အာရုံယူ၍ စတုတ္ထဈာန်သမာဓိကို ထူထောင်ပါက ပိုကောင်းပါသည်။ ထိုနောင် လင်းရောင်ခြည်စွမ်းအင်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ယင်းလင်းရောင်ခြည်၏ အကူအညီဖြင့် မိမိချစ်ခင်လေးစားအပ်သော လိင်တူ ဆရာသမားတစ်ဦးကိုဖြစ်စေ ဆရာသမားနှင့် အလားတူ ပုဂ္ဂိုလ်တစ်ဦး-ကိုဖြစ်စေ လှမ်းအာရုံယူပါ။ ထိုပုဂ္ဂိုလ်၏ပုံမှာ မိမိမြင်ဖူးခဲ့စဉ်က စိတ်အကြည်နူးဆုံးပုံ ဖြစ်ပါစေ။ ထိုပုဂ္ဂိုလ်ကို သို့မဟုတ် ထိုပုဂ္ဂိုလ်၏ပုံကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည့်အခါ ထင်ထင်ရှားရှား မြင်ရသလို မြင်အောင် ကြည့်ပါ။ ပြုံးနေသည့်ပုံ တရားထိုင်နေသည့်ပုံ မတ်တတ်ရပ် တရားနှလုံးသွင်းနေသည့်ပုံ စသည်တို့တွင် မိမိ ကြိုက်နှစ်သက်ဆုံးပုံကို ပြန်၍ အာရုံယူပါ။ အသက်ထင်ရှား မြင်နေရသကဲ့သို့ ထိုပုဂ္ဂိုလ်ကို မြင်တွေ့အောင် ကြည့်ပါ။ မြင်သောအခါ —

ဤသူတော်ကောင်းသည် —

၁။ ဘေးရန်ကင်းပါစေ၊

၂။ စိတ်ဆင်းရဲကင်းပါစေ၊

၃။ ကိုယ်ဆင်းရဲကင်းပါစေ၊

၄။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ။

ဤသို့လျှင် အချိန်အနည်းငယ် မေတ္တာဘာဝနာကို ပွားများကြည့်ပါ။ ဤသို့ အချိန်အနည်းငယ် သို့မဟုတ် အကြိမ်အနည်းငယ် ပွားများပြီးသောအခါ ထိုမေတ္တာပွားနည်း (၄)မျိုးမှ မိမိကြိုက်နှစ်သက်ရာ, မေတ္တာပွား၍ စိတ်တွင် နှစ်နှစ်ကာကာဖြစ်ရာ မေတ္တာပွားနည်း တစ်ခုကို ရွေးချယ်ပါ။ ဥပမာ – ဤသူတော်ကောင်းသည် စိတ်ဆင်းရဲကင်းပါစေဟူသော မေတ္တာပွားနည်းကို ရွေးချယ်သည် ဆိုပါစို့။ ထိုသူတော်ကောင်း၏ စိတ်ကြည်နူး၍ ပြုံးရွှင်ကြည်လင်နေသောပုံကို လင်းရောင်ခြည်စွမ်းအင် အကူအညီဖြင့် မြင်အောင် စိုက်ကြည့်ပါ။ ထိုသူတော်-ကောင်းကို မိမိမြင်ခဲ့ဖူးစဉ်က စိတ်အချမ်းသာဆုံးပုံ ဖြစ်ပါစေ၊ အသက်ရှင်နေဆဲပုံ ဖြစ်ပါစေ။ ထိုပုဂ္ဂိုလ် သတ္တဝါ ပညတ်ကို အာရုံပြု၍ —

"ဤသူတော်ကောင်းသည် စိတ်ဆင်းရဲကင်းပါစေ စိတ်ဆင်းရဲကင်းပါစေ" —

ဤသို့လျှင် ကြိမ်ဖန်များစွာ ပွားများပါ။ ထိုပြုံးရွှင်လျက် စိတ်ကြည်နူးနေသော သတ္တဝါပညတ်အာရုံ၌ မေတ္တာဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားပါ။ ဩဒါတကသိုဏ်း အာလောကကသိုဏ်းစသည်တို့ဖြင့် စတုတ္ထဈာန်သမာဓိသို့တိုင်အောင် ထူထောင်ထားသော ရှေးရှေးဘာဝနာသမာဓိတို့၏ စွမ်းအားကြောင့် = အားကြီးသော မှီရာ ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေးမှုကြောင့် ယင်းမေတ္တာဘာဝနာစိတ်သည် ထိုသတ္တဝါပညတ်အာရုံ၌ အချိန်အနည်းငယ် အတွင်းမှာပင် ငြိမ်ဝပ်စွာကပ်၍ တည်နေတတ်ပေသည်။ အကယ်၍ ထိုသတ္တဝါပညတ်အာရုံမှာ ပျောက်ပျောက်သွားခဲ့သော် ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်း စတုတ္ထဈာန်သမာဓိကို တစ်ဖန် ပြန်၍ ဝင်စားပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ ထိုသတ္တဝါပညတ်ကို တစ်ဖန်ပြန်၍ အာရုံယူပါ။ ထိုသတ္တဝါပညတ်အာရုံသည် တစ်ဖန်ပြန်၍ ထင်ရှားလာသောအခါ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းကို ဆက်လက်စီးဖြန်းပါ။ ထိုသတ္တဝါပညတ်အာရုံ၌ မေတ္တာဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီစသည့် အချိန်မျှလောက် ငြိမ်ဝပ်စွာ ကပ်၍တည်နေအောင် ကြိုးစားအားထုတ်ပါ။ တစ်နာရီ နှစ်နာရီစသည်ဖြင့် မေတ္တာဘာဝနာစိတ်သည် ထိုသတ္တဝါပညတ်အာရုံ၌ ငြိမ်ဝပ်စွာ ကပ်၍ တည်လာသောအခါ ထိုသမာဓိသည်လည်း ထိုင်တိုင်းရ၍ ခိုင်မြဲလာသောအခါ ဈာန်အင်္ဂါများကို ဆင်ခြင်ကြည့်ပါ။ ဈာန်အင်္ဂါငါးပါးတို့ ထင်ရှားနေပါက ပထမဈာန်သမာဓိသို့

ဆိုက်ပြီ ဖြစ်၏။ ယင်း ပထမစျာန်သမာဓိကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်၍ ဒုတိယစျာန်သို့, ဒုတိယစျာန်သမာဓိကိုလည်း ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်၍ တတိယစျာန်သို့ ဆိုက်အောင် ဆက်လက်ပွားများပါ။

## စျာန်အင်္ဂါငါးပါး

၁။ **ဝိတက်** = သတ္တဝါပညတ် အာရုံ၌ မေတ္တာဘာဝနာစိတ်ကို ရှေးရှုတင်ပေးခြင်းသဘော။

၂။ **ဝိစာရ** = သတ္တဝါပညတ် အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော။

၃။ **ပီတိ** = သတ္တဝါပညတ် အာရုံကို နှစ်သက်ခြင်းသဘော။

၄။ **သုခ** = သတ္တဝါပညတ် အာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော။

၅။ **ဧကဂ္ဂတာ** = သတ္တဝါပညတ် အာရုံတစ်ခုတည်းပေါ်၌ စိတ်ကျရောက် တည်ငြိမ်နေခြင်းသဘော။

"ဤသူတော်ကောင်းသည် စိတ်ဆင်းရဲကင်းပါစေ"ဟူသော မေတ္တာဘာဝနာ၌ တတိယစျာန်သို့ ဆိုက်သည် တိုင်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပြီးသောအခါ ထိုသူတော်ကောင်းကိုပင် ထပ်မံအာရုံယူ၍ ဤသူတော်ကောင်းသည် —

၁။ ဘေးရန်ကင်းပါစေ (တတိယစျာန်သို့ ဆိုက်အောင်)

၂။ စိတ်ဆင်းရဲကင်းပါစေ (တတိယစျာန်သို့ ဆိုက်အောင်)

၃။ ကိုယ်ဆင်းရဲကင်းပါစေ (တတိယစျာန်သို့ ဆိုက်အောင်)

၄။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ (တတိယစျာန်သို့ ဆိုက်-အောင်) —

မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ဆက်လက်စီးဖြန်းပါ။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ လေ့ကျင့်ပါ။ မေတ္တာစျာန်ကို ကြိမ်ဖန်များစွာ ဝင်စားပါ။

သစေ ပနဿ ဝေရိမှိ စိတ္တမုပသံဟရတော တေန ကတာပရာဓာနုဿရဏေန ပဋိဃမုပ္ပဇ္ဇတိ၊ အထာနေန ပုရိမပုဂ္ဂလေသု ယတ္ထ ကတ္ထစိ ပုနပ္ပုနံ မေတ္တံ သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ ပုနပ္ပုနံ တံ ပုဂ္ဂလံ **မေတ္တာယန္တေန** ပဋိဃံ ဝိနောဒေတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၂၉၀။)

**ပုရိမပုဂ္ဂလေသူ**တိ ပိယာဒီသု စျာနဿ အာရမ္မဏဘူတေသု ပုရိမေသု ပုဂ္ဂလေသု။ **မေတ္တံ သမာပဇ္ဇိ-တွာ**တိ ပဋိဃံ ဝိက္ခမ္ဘေတွာ ဥပ္ပါဒိတံ မေတ္တာစျာနံ သမာပဇ္ဇိတွာ။ (မဟာဋီ-၁-၃၅၅)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့က ဝေရီ = ရန်သူပုဂ္ဂိုလ်၌ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ မေတ္တာစျာန်ကို ရသည်တိုင်အောင် အောင်မြင်မှုကို မရဖြစ်နေခဲ့သော် ပိယဂရုဘာဝနီယပုဂ္ဂိုလ်, အတိပ္ပိယ သဟာယကပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်တို့၌ မေတ္တာစျာန်ကို အဖန်ဖန် ဝင်စား၍ ဝေရီပုဂ္ဂိုလ်၌ တစ်ဖန်ပြန်၍ မေတ္တာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါဟု ညွှန်ကြားထား၏။ ဤညွှန်ကြားချက်များနှင့်အညီ ပုဂ္ဂိုလ်တစ်ဦးတစ်ဦးကို အာရုံပြု၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် ပွားများအားထုတ်ဖို့ လိုအပ်ပေသည်။ မေတ္တာစျာန်ကို ကြိမ်ဖန်များစွာ ဝင်စားနိုင်ဖို့ လိုအပ်ပေသည်။

ထိုကြောင့် အသင်သူတော်ကောင်းသည် အထက်ပါအတိုင်း ပိယဂရုဘာဝနီယ = ချစ်ခင်လေးစားအပ်-သော ဆရာသမားကိုဖြစ်စေ ဆရာသမားနှင့်အလားတူ ကြည်ညိုလေးစားထိုက်သူကို ဖြစ်စေ တတိယစျာန်သို့

တိုင်အောင်သော မေတ္တာဈာန်ကို အောင်မြင်စွာ ရရှိပြီးသောအခါ အလားတူပင် နောက်ထပ် ကြည်ညိုလေးစား ထိုက်သော ပုဂ္ဂိုလ်တစ်ဦးကို ပြောင်း၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ၊ တတိယဈာန်သို့ ဆိုက်သည့် တိုင်အောင် ပွားများပါ။ မေတ္တာပွားနည်း (၄)မျိုးလုံး၌ မေတ္တာဈာန်ကို ရရှိအောင် ပွားများပါ။

ဘာဝေန္တေန စ ဧကေကသ္မိံ ကောဋ္ဌာသေ မုဒုံ ကမ္မနိယံ စိတ္တံ ကတွာ တဒနန္တရေ တဒနန္တရေ ဥပသံဟရိ- တဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၂၈၉။)

ဈာနစိတ္တံ ဥပနေတဗ္ဗံ ဥပ္ပါဒေတဗ္ဗန္တိ အတ္ထော။ (မဟာဋီ-၁-၃၅၄။)

မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို မေတ္တာဈာန်ရသည့်တိုင်အောင် ပွားများအားထုတ်ရမည့် ပုဂ္ဂလကောဋ္ဌာသ = ပုဂ္ဂိုလ်အုပ်စုသည် ပိယဂရုဘာဝနီယ, အတိပ္ပိယသဟာယက, မဇ္ဈတ္တ, ဝေရီဟု လေးအုပ်စု ရှိ၏။ မေတ္တာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂါဝစရပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်အုပ်စု တစ်ခုတစ်ခု၌ စိတ်ဓာတ်ကို နူးညံ့- အောင် မေတ္တာဘာဝနာအမှု၌ ခံ့ညားအောင် ပြုပြင်ပြီးမှ မေတ္တာဈာန်ကို ကြိမ်ဖန်များစွာ ဝင်စား၍ နူးညံ့အောင် ပြုပြီးမှ နောက်ပုဂ္ဂိုလ်အုပ်စု တစ်ခု တစ်ခု၌ မေတ္တာဈာန်စိတ်ကို ရှေးရှုဆောင်အပ် ဖြစ်စေအပ်၏ဟု ညွှန်ကြား ထားသောကြောင့် ပုဂ္ဂိုလ်အုပ်စု တစ်မျိုးတစ်မျိုး၌ အနည်းဆုံး ဆယ်ယောက် အယောက်နှစ်ဆယ်ခန့်လောက် မေတ္တာဈာန်ကို ရရှိအောင် ကြိုးစားအားထုတ်ပါ။

၁။ ပိယဂရုဘာဝနီယပုဂ္ဂိုလ်၌ အယောက် (၂၀)ခန့်,
၂။ အတိပ္ပိယသဟာယကပုဂ္ဂိုလ်၌ အယောက် (၂၀)ခန့်,
၃။ မဇ္ဈတ္တပုဂ္ဂိုလ်၌ အယောက် (၂၀)ခန့်,
၄။ ဝေရီပုဂ္ဂိုလ်၌ ရှိခဲ့လျှင် ရှိသမျှပုဂ္ဂိုလ် —

ဤသို့ အစဉ်အတိုင်း ပွားပါ။ ပိယဂရုဘာဝနီယပုဂ္ဂိုလ်၌ မေတ္တာဈာန်ကို ဝင်စား၍ စိတ်ဓာတ် နူးညံ့ ပျော့ပျောင်းလာသောအခါ အတိပ္ပိယသဟာယကပုဂ္ဂိုလ်၌ ပြောင်း၍ မေတ္တာဈာန်ကို ရရှိအောင် ကြိုးစားပါ။ အနည်းဆုံး ဆယ်ယောက် အယောက်နှစ်ဆယ်ခန့်၌ မေတ္တာဈာန်ကို ရရှိအောင်ပွားများပါ။ ထိုအခါ ပိယဂရု- ဘာဝနီယပုဂ္ဂိုလ်နှင့် အတိပ္ပိယသဟာယကပုဂ္ဂိုလ်သည် ညီတူသွား၍ ထိုပုဂ္ဂိုလ်နှစ်မျိုးသည် ပိယပုဂ္ဂိုလ်အုပ်စု၌ တည်၍ ညီမျှသွားပေမည်။ ထိုအခါ မေတ္တာပွားရမည့် ပုဂ္ဂိုလ်အစဉ်မှာ **အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ** ဟု လေးမျိုး ရှိသွားပေမည်။

ပိယဂရုဘာဝနီယပုဂ္ဂိုလ်အုပ်စုနှင့် အတိပ္ပိယသဟာယကပုဂ္ဂိုလ်အုပ်စုသည် တစ်ပြေးတစ်ညီတည်းဖြစ်၍ မေတ္တာချင်းညီမျှသွားသော် မေတ္တာဈာန်ကို ကြိမ်ဖန်များစွာ ဝင်စားသဖြင့် စိတ်ဓာတ်သည် နူးညံ့ပျော့ပျောင်း၍ မဇ္ဈတ္တပုဂ္ဂိုလ်အုပ်စု၌ ပြောင်း၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရန် ခံ့ညားလတ်သော် မဇ္ဈတ္တ = မချစ် မမုန်း လျစ်လျူရှုထိုက်သူ အလယ်အလတ် ပုဂ္ဂိုလ်တစ်ဦးကို အာရုံယူ၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို တတိယ ဈာန်သို့ ဆိုက်သည့်တိုင်အောင် စီးဖြန်းပါ။ အောင်မြင်မှုကို ရရှိခဲ့သော် နောက်တစ်ယောက်၌ အလားတူ မေတ္တာ ပွားပါ။ အနည်းဆုံး အယောက် (၂၀)ခန့် မေတ္တာပွားပါ။ မေတ္တာဈာန်ကို ကြိမ်ဖန်များစွာ ဝင်စားပါ။ စိတ်ဓာတ် နူးညံ့ပျော့ပျောင်းလာ၍ ဝေရီ = ရန်သူပုဂ္ဂိုလ် မုန်းသည့်ပုဂ္ဂိုလ် အုပ်စု၌ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရန် ခံ့ညားလတ်သော် ရန်သူပုဂ္ဂိုလ် တစ်ယောက် = မုန်းသည့်ပုဂ္ဂိုလ် တစ်ယောက်၌ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စတင်၍ စီးဖြန်းပါ။ အနည်းငယ်မျှ မကျေမနပ်ဖြစ်ဖူးသူကို ရှေဦးစွာ မေတ္တာပွားပါ။ အမုန်းဆုံးပုဂ္ဂိုလ်ကို နောက်ဆုံး ထားပါ။ ရန်သူပုဂ္ဂိုလ် မုန်းသည့်ပုဂ္ဂိုလ် မကျေမနပ်ဖြစ်ဖူးသည့်ပုဂ္ဂိုလ် မရှိက သီးသန့်ရှာကြံ၍ ပွားရန် မလိုပါ။ ရန်သူပုဂ္ဂိုလ်ရှိမှသာလျှင် ရန်သူပုဂ္ဂိုလ်အုပ်စုကို ပွားရန်ဖြစ်သည်။ ရန်သူပုဂ္ဂိုလ်ရှိပါက ကုန်အောင်ပွားပါ။ ယခု

ရေးသားခဲ့သော ပိယ, မဇ္ဈတ္တ, ဝေရီပုဂ္ဂိုလ် အုပ်စုအားလုံးသည် လိင်တူသည့် အသက်ရှင်ဆဲပုဂ္ဂိုလ်သာ ဖြစ်စေရမည်။ အောင်မြင်မှု ရရှိပါက သီမာသမ္ဘေဒ = ပုဂ္ဂိုလ်အပိုင်းအခြား ပြိုရန် ဆက်လက်၍ အားထုတ်ရ၏။

## သီမာသမ္ဘေဒ = အပိုင်းအခြားပြိုရန်

ဤသူကို အာရုံပြု၍ မေတ္တာစျာန်ကို ပွားများ၍ရ၏၊ ဤသူကို အာရုံပြု၍ မေတ္တာစျာန်ကို ပွားများ၍ မရဟုဆိုလျှင် အပိုင်းအခြား ရှိနေသေး၏၊ အပိုင်းအခြား မပြိုသေးပေ။ ဤသူကို အာရုံပြု၍ မေတ္တာစျာန်ကို ဝင်စားရသည်မှာ ပို၍ ကောင်း၏၊ လွယ်ကူ၏၊ ဤသူကို အာရုံပြု၍ မေတ္တာစျာန်ကို ဝင်စားရသည်မှာ သိပ်မကောင်းလှ၊ မလွယ်ကူလှဟု ဆိုလျှင်လည်း အပိုင်းအခြား ရှိနေသေး၏၊ အပိုင်းအခြား မပြိုသေးပေ။ မေတ္တာချင်း မညီမျှသမျှ အပိုင်းအခြားကား ရှိနေသေးသည်သာ ဖြစ်၏။ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီဟူသော ပုဂ္ဂိုလ်လေးမျိုးလုံး၌ မေတ္တာစိတ်ဓာတ် ညီမျှအောင် ကြိုးစားအားထုတ်ရ၏။ ပုဂ္ဂိုလ်အုပ်စု အပိုင်းအခြားပြိုအောင် ပုဂ္ဂိုလ်အုပ်စု တစ်ခုနှင့် တစ်ခု မေတ္တာစိတ်ဓာတ် ညီမျှသွားအောင် ကြိုးစားရာ၌ အောက်ပါအစဉ်အတိုင်း ကြိုးစားအားထုတ်ပါ။

၁။ **အတ္တ** = မိမိ,
၂။ **ပိယ** = ပိယဂရုဘာဝနီယ + အတိပ္ပိယသဟာယက,
၃။ **မဇ္ဈတ္တ** = မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်,
၄။ **ဝေရီ** = ရန်သူပုဂ္ဂိုလ် မုန်းသည့်ပုဂ္ဂိုလ် —

ထိုတွင် မိမိကိုယ်ကို အာရုံပြု၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ကား မေတ္တာစျာန်ကို မရရှိနိုင်။ သို့သော် ဤအပိုင်း၌ သီမာသမ္ဘေဒ = ပုဂ္ဂိုလ်အုပ်စု အပိုင်းအခြားပြိုရန် အတွက်သာ ပွားများခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိကိုယ်ကို အာရုံပြု၍ အချိန်အနည်းငယ် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ ထို့နောင် ပိယပုဂ္ဂိုလ်တစ်ဦး၌ တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ ထို့နောင် မဇ္ဈတ္တပုဂ္ဂိုလ်တစ်ဦး၌လည်း တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ ထို့နောင် ဝေရီပုဂ္ဂိုလ်တစ်ဦး၌လည်း တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်သုံးဦးလုံး၌ (၄)ချက်စီ (၄)ချက်စီ ပွားပါ။ တစ်ချက်တစ်ချက်၌ တတိယစျာန်သို့ ဆိုက်ပါစေ။

အောင်မြင်မှုကို ရရှိခဲ့သော် —

၁။ **အတ္တ** = မိမိကိုယ်ကို တစ်ဖန် ပြန်ပွားပါ။
၂။ **ပိယ** = နောက်ချစ်သည့် ပုဂ္ဂိုလ်တစ်ယောက်,
၃။ **မဇ္ဈတ္တ** = နောက်အလယ်အလတ် မချစ်မမုန်းပုဂ္ဂိုလ်တစ်ယောက်,
၄။ **ဝေရီ** = နောက် ရန်သူပုဂ္ဂိုလ်တစ်ယောက် —

အလားတူပင် ထပ်၍ မေတ္တာပွားပါ။ အတ္တ၌ မေတ္တာစျာန်ကို မရနိုင်သော်လည်း ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်တို့ကို မေတ္တာပွားတိုင်း မေတ္တာပွားတိုင်း (၄)ချက်လုံး၌ တတိယစျာန်သို့ ဆိုက်ပါစေ။ ဤသို့လျှင် ပိယ, မဇ္ဈတ္တ, ဝေရီပုဂ္ဂိုလ်တို့၌ တစ်ယောက်ပြီး တစ်ယောက်, တစ်ယောက်ပြီး တစ်ယောက် ပြောင်း၍ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီဟူသော အစဉ်အတိုင်း အကြိမ်များစွာ အခေါက်ပေါင်းများစွာ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ ထိုသို့ မေတ္တာပွားရာ၌ မေတ္တာဘာဝနာ၏ အရှုခံအာရုံဖြစ်သည့် သတ္တဝါပညတ်များသည် တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေပါသော်လည်း မေတ္တာဘာဝနာစိတ် မေတ္တာစျာန်စိတ်မှာ ညီမျှမှု ရှိနေအောင် အကြိမ်များစွာ ပွားများပါ။ မေတ္တာဘာဝနာ၏ အရှုခံအာရုံဖြစ်သည့် သတ္တဝါပညတ်တွေသည် မည်သို့ပင် ပြောင်းသွားစေကာမူ

တူညီသော မေတ္တာဘာဝနာစိတ် တစ်မျိုးတစ်စားတည်းသာ တူမျှသော မေတ္တာဈာန် တစ်မျိုးတစ်စားတည်းသာ တည်ရှိနေပါက သီမာသမ္ဘေဒဟူသော ပုဂ္ဂိုလ်အပိုင်းအခြားကား ပြိုသွားပြီ ဖြစ်၏။ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ ဟူသော ပုဂ္ဂိုလ် လေးမျိုးတို့တွင် မည်သူ့ကို သတ်ဖို့ရန် ခေါ်သွားပါဟု ပြောဆိုနိုင်သေးလျှင် သီမာသမ္ဘေဒ မဖြစ်သေး၊ ပုဂ္ဂိုလ်အပိုင်းအခြား ရှိနေသေး၏။ မည်သူ့ကို သတ်ဖို့ရန် ခေါ်သွားပါဟု မပြောရက်လျှင် ပုဂ္ဂိုလ် လေးမျိုးလုံး၌ ညီမျှသော မေတ္တာစိတ်ဓာတ်ရှိလျှင် သီမာသမ္ဘေဒ ဖြစ်ပြီ၊ ပုဂ္ဂိုလ်အပိုင်းအခြား ပြိုလေပြီ။

ဧဝံ သီမာသမ္ဘေဒသမကာလမေဝ စ ဣမိနာ ဘိက္ခုနာ နိမိတ္တဉ္စ ဥပစာရဉ္စ လဒ္ဓံ ဟောတိ။ သီမာသမ္ဘေဒေ ပန ကတေ တမေဝ နိမိတ္တံ အာသေဝန္တော ဘာဝေန္တော ဗဟုလီကရောန္တော အပ္ပကသိရေနေဝ ပထဝီကသိဏေ ဝုတ္တနယေနေဝ အပ္ပနံ ပါပုဏာတိ။ (ဝိသုဒ္ဓိ-၁-၃၀၁။)

ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပုဂ္ဂိုလ်အပိုင်းအခြားကို ပယ်ဖျက်သည်နှင့်မျှသော ကာလ၌သာလျှင် ဤ မေတ္တာကမ္မဋ္ဌာနိက ရဟန်းတော်သည် ပုဂ္ဂိုလ်အပိုင်းအခြား ကင်းသော သတ္တဝါပညတ်နိမိတ်ကိုလည်းကောင်း, ဥပစာရဈာန်ကိုလည်းကောင်း ရရှိသည် ဖြစ်၏။ ပုဂ္ဂိုလ်အပိုင်းအခြားကို ပယ်ဖျက်ခြင်း = သီမာသမ္ဘေဒကို ပြုပြီး လတ်သော်ကား ထိုသီမာသမ္ဘေဒ၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အပိုင်းအခြား ကင်းနေသော သတ္တဝါ ပညတ်ဟူသော ထိုသမထနိမိတ်ကိုပင်လျှင် ရှိသေစွာ မှီဝဲခဲ့သော် ပွားများခဲ့သော် ကြိမ်ဖန်များစွာ အလေ့အလာ ပြုခဲ့သော် မပြိုမငြင်သဖြင့်လျှင် ပထဝီကသိုဏ်း၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပထမဈာန် ဒုတိယဈာန် တတိယဈာန် ဟူသော အပ္ပနာဈာန်သို့ ရောက်ရှိနိုင်၏။ (ဝိသုဒ္ဓိ-၁-၃၀၁။)

**နိမိတ်** — ကသိုဏ်းကမ္မဋ္ဌာန်းစသည်တို့၌ ထိုထိုကသိုဏ်းဝန်းစသည်ကို သိမ်းဆည်းခြင်းကို အရင်းခံ ပြုသဖြင့် ဘာဝနာ၏စွမ်းအားကြောင့် ရရှိလာသော ဥဂ္ဂဟနိမိတ်ကို အမှီပြု၍ ဈာန်၏ကျက်စားရာ အာရုံအဖြစ် ဖြင့် ပဋိဘာဂနိမိတ်သည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်လာသကဲ့သို့ ဤမေတ္တာကမ္မဋ္ဌာန်း၌ အလားတူ ထင်လာသော ပဋိဘာဂနိမိတ်မည်သည် မရှိပေ။ စင်စစ်အားဖြင့်သော်ကား ဆိုအပ်ခဲ့ပြီးသော အကြင်သို့သော ပုဂ္ဂိုလ်အပိုင်းအခြားကို ဖြိုခွဲဖျက်ဆီးခြင်း ဤသီမာသမ္ဘေဒကို ယောဂါဝစရပုဂ္ဂိုလ်သည် ရရှိ၏၊ ထိုသီမာသမ္ဘေဒ ဖြစ်သော ပုဂ္ဂိုလ်အပိုင်းအခြား ကင်းသော သတ္တဝါပညတ်အာရုံသည်သာလျှင် ပဋိဘာဂနိမိတ်ကဲ့သို့ ဖြစ်ခြင်း-ကြောင့် နိမိတ် မည်၏။ မှန်ပေသည် — ယောဂါဝစရပုဂ္ဂိုလ်သည် အတ္တ ပိယ မဇ္ဈတ္တ ဝေရီဟူသော ပုဂ္ဂိုလ် လေးမျိုးတို့ အပေါ်၌ မေတ္တာဘာဝနာ၏ စွမ်းအားကြောင့် ညီမျှသော မေတ္တာနှင့်ယှဉ်သော စိတ်ထားကို ရရှိသဖြင့် ပုဂ္ဂိုလ်အပိုင်းအခြားကို ဖြိုခွဲဖျက်ဆီးနိုင်ခြင်းဟူသော ထိုသီမာသမ္ဘေဒကို ရရှိလတ်သော် မေတ္တာဘာဝနာ၏ လွန်ကဲသော စွမ်းအား ရှိလာကြသည့် အတွက်ကြောင့် နီဝရဏတို့သည် ကွာကျသွားကြကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်သွားကြကုန်သည်သာလျှင် ဖြစ်ကုန်၏၊ ဥပစာရသမာဓိဖြင့် မေတ္တာဘာ-ဝနာစိတ်သည် ကောင်းစွာ တည်ကြည်လာသည်သာလျှင် ဖြစ်၏။ ထိုကြောင့် — ပုဂ္ဂိုလ်အပိုင်းအခြား ကင်းသော သတ္တဝါပညတ်နိမိတ်ကိုလည်းကောင်း, ဥပစာရဈာန်ကိုလည်းကောင်း ရရှိသည်ဖြစ်၏ – ဤသို့စသော အထက် ပါ စကားရပ်ကို အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။ (မဟာဋီ-၁-၃၆၃။)

ပုဂ္ဂိုလ်အပိုင်းအခြားကင်းသော သီမာသမ္ဘေဒကို မရရှိခင်တုန်းကလည်း ပိယ မဇ္ဈတ္တ ဝေရီဟူသော ပုဂ္ဂိုလ် တို့ကို အာရုံယူ၍ ဥပစာရမေတ္တာဈာန် အပ္ပနာမေတ္တာဈာန်တို့ကို ရရှိခဲ့သည်သာ ဖြစ်၏။ ယခုတစ်ဖန် ရရှိသော ဥပစာရဈာန် အပ္ပနာဈာန်တို့ကား ပုဂ္ဂိုလ်အပိုင်းအခြားကို ဖြိုခွဲဖျက်ဆီးနိုင်ခြင်း သီမာသမ္ဘေဒကို ရရှိပြီးနောက်မှ ပုဂ္ဂိုလ်အပိုင်းအခြားကင်းသော သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်ပေါ်လာသော ဥပစာရဈာန် အပ္ပနာဈာန်ဟူသော မေတ္တာဈာန်တို့ကိုသာ ရည်ညွှန်းထားသည်ဟု မှတ်သားပါ။

ထိုသို့ သီမာသမ္ဘေဒကို ရရှိပြီးနောက် ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ အနောဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၅)မျိုး,

၂။ ဩဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၇)မျိုး,

၃။ ဒိသာဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၁၀)မျိုး —

တို့ကို ဆက်လက်၍ အားထုတ်နိုင်ပေသည်။

ပဥ္စမဇ္ဈာနာဒိဝသေန အပ္ပနာပ္ပတ္တစိတ္တဿေဝ ဟိ အယံ ဝိကုဗ္ဗနာ သမ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-၁-၃၀၁။)

တမ္ပိ အပ္ပနာပ္ပတ္တစိတ္တဿေဝ သမ္ပဇ္ဇတီတိ ဝေဒိတဗ္ဗံ။ (ဝိသုဒ္ဓိ-၁-၃၀၂။)

**အပ္ပနာပ္ပတ္တစိတ္တဿေဝ** န ဥပစာရမတ္တလာဘိနော။ ပဂုဏဗလဝဘာဝါပါဒနေန ဝေပုလ္လာဒိဝိသေသ-ပ္ပတ္တဿ ဩဓိသော, အနောဓိသော စ ဒိသာဖရဏာဒိဝသေန ဈာနဿ ပဝိဇ္ဇန္တနာ ဝိကုဗ္ဗနာ ဝိဝိဓာ ကိရိယာတိ ကတွာ။ (မဟာဋီ-၁-၃၆၃။)

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ညွှန်ကြားတော်မူချက်နှင့်အညီ အနောဓိသောဖရဏာ မေတ္တာ, ဩဓိသောဖရဏာ မေတ္တာ, ဒိသာဖရဏာ မေတ္တာတို့ကို ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် သီမာသမ္ဘေဒကို ရရှိပြီးနောက် ပိယ မဇ္ဈတ္တ ဝေရီဟူသော သတ္တဝါပညတ် အာရုံ၌ ပထမဈာန် ဒုတိယဈာန် တတိယဈာန်ဟူသော အပ္ပနာဈာန်တို့ကို ရရှိထားပြီး ဖြစ်ရပေမည်။ ဥပစာရဈာန်ကို ရရှိရုံမျှဖြင့်ကား မလုံ-လောက်သေး ဟူလိုသည်။ (စတုက္ကနည်းအရ မေတ္တာတတိယဈာန် ပဥ္စကနည်းအရ မေတ္တာစတုတ္ထဈာန်ကို အဝါးဝစွာ လေ့လာထားပြီး ပွားများထားပြီး ဖြစ်ရမည် ဟူလို။)

## အနောဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၅) မျိုး

၁။ သဗ္ဗေ သတ္တာ (က) အဝေရာ ဟောန္တု၊
(ခ) အဗျာပဇ္ဈာ ဟောန္တု၊
(ဂ) အနီဃာ ဟောန္တု၊
(ဃ) သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပါဏာ ။ ပ ။

၃။ သဗ္ဗေ ဘူတာ ။ ပ ။

၄။ သဗ္ဗေ ပုဂ္ဂလာ ။ ပ ။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ (က) အဝေရာ ဟောန္တု၊
(ခ) အဗျာပဇ္ဈာဟောန္တု၊
(ဂ) အနီဃာ ဟောန္တု၊
(ဃ) သုခီ အတ္တာနံ ပရိဟရန္တု။

၁။ ခပ်သိမ်းကုန်သော ခန္ဓာငါးပါး၌ ငြိကပ်တွယ်တာခြင်း ရှိကြကုန်သော သတ္တဝါတို့သည် —

(က) ဘေးရန် ကင်းကြပါစေ၊

(ခ) စိတ်ဆင်းရဲ ကင်းကြပါစေ၊

(ဂ) ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

(ဃ) ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိတို့၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ ခပ်သိမ်းကုန်သော ထွက်သက် ဝင်သက် ရှိကြကုန်သော သတ္တဝါတို့သည်။ ပ ။

၃။ ခပ်သိမ်းကုန်သော ကံကိလေသာကြောင့် ထင်ရှားဖြစ်ကြကုန်သော သတ္တဝါတို့သည်။ ပ ။

၄။ ခပ်သိမ်းကုန်သော ငရဲသို့ ကျရောက်ခြင်းသဘော ရှိကြကုန်သော သတ္တဝါတို့သည်။ ပ ။

၅။ ခပ်သိမ်းကုန်သော ခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်ကြကုန်သော သတ္တဝါတို့သည်။ ပ ။

## ဩဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၇) မျိုး

၁။ သဗ္ဗာ ဣတ္ထိယော (က) အဝေရာ ဟောန္တု၊
(ခ) အဗျာပဇ္ဇာ ဟောန္တု၊
(ဂ) အနီဃာ ဟောန္တု၊
(ဃ) သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပုရိသာ ။ ပ ။

၃။ သဗ္ဗေ အရိယာ ။ ပ ။

၄။ သဗ္ဗေ အနရိယာ ။ ပ ။

၅။ သဗ္ဗေ ဒေဝါ ။ ပ ။

၆။ သဗ္ဗေ မနုဿာ ။ ပ ။

၇။ သဗ္ဗေ ဝိနိပါတိကာ (က) အဝေရာ ဟောန္တု၊
(ခ) အဗျာပဇ္ဇာ ဟောန္တု၊
(ဂ) အနီဃာ ဟောန္တု၊
(ဃ) သုခီ အတ္တာနံ ပရိဟရန္တု။

၁။ ခပ်သိမ်းကုန်သော အမျိုးသမီးတို့သည် —

(က) ဘေးရန်ကင်းကြပါစေ၊
(ခ) စိတ်ဆင်းရဲကင်းကြပါစေ၊
(ဂ) ကိုယ်ဆင်းရဲကင်းကြပါစေ၊
(ဃ) ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိတို့၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ ခပ်သိမ်းကုန်သော အမျိုးသားတို့သည်။ ပ ။

၃။ ခပ်သိမ်းကုန်သော အရိယာသူတော်ကောင်းတို့သည်။ ပ ။

၄။ ခပ်သိမ်းကုန်သော အရိယာမဟုတ်သော ပုထုဇန်တို့သည်။ ပ ။

၅။ ခပ်သိမ်းကုန်သော နတ် (ဗြဟ္မာ) တို့သည်။ ပ ။

၆။ ခပ်သိမ်းကုန်သော လူသားတို့သည်။ ပ ။

၇။ ခပ်သိမ်းကုန်သော အပါယ်သား သတ္တဝါတို့သည်။ ပ ။

အနောဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၅)မျိုး, ဩဓိသောဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၇)မျိုး နှစ်ရပ်ပေါင်းသော် (၁၂)မျိုးတည်း။ တစ်မျိုးတစ်မျိုး၌ ဘေးရန်ကင်းကြပါစေ - စသည်ဖြင့် (၄)ချက် (၄)ချက်စီ မေတ္တာပွားရသဖြင့် (၄ × ၁၂ = ၄၈) မျိုး ဖြစ်သည်။

## ပွားများအားထုတ်ပုံ အစီအစဉ်

၁။ မိမိရရှိထားပြီးသော ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်းကို အာရုံပြု၍ စတုတ္ထဈာန် သမာဓိသို့ ဆိုက်အောင် သမာဓိကို ထူထောင်ပါ။

၂။ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်လေးမျိုးတို့၌ ပုဂ္ဂိုလ်အပိုင်းအခြား ကင်းအောင် သီမာသမ္ဘေဒကို ရရှိပြီးနောက် ပိယ မဇ္ဈတ္တ ဝေရီဟူသော သတ္တဝါပညတ်အာရုံ၌ မေတ္တာဈာန်ကို ကြိမ်ဖန်များစွာ ဝင်စားပါ။

၃။ မေတ္တာညီမျှသောအခါ ကျောင်းဝင်းတစ်ခုအတွင်း၌ သို့မဟုတ် ခြံဝင်းတစ်ခုအတွင်း၌ တည်ရှိသော အထက်ပါ ပုဂ္ဂိုလ် (၁၂)မျိုးကို လင်းရောင်ခြည် စွမ်းအင်အကူအညီဖြင့် မြင်အောင်ကြည့်ပါ။ အမျိုးသား အမျိုးသမီး အရိယာ ပုထုဇန် လူ နတ် တိရစ္ဆာန် အပါယ်သားသတ္တဝါအားလုံးကို ခြုံငုံ၍ မြင်အောင် ကြည့်ပါ။ မြင်သောအခါ ထိုသတ္တဝါ အားလုံးကို အာရုံပြု၍ —

ခန္ဓာငါးပါး၌ ငြိကပ်တွယ်တာခြင်းရှိကြကုန်သော သတ္တဝါအားလုံးတို့သည် – ဘေးရန်ကင်းကြပါစေ ဘေးရန်ကင်းကြပါစေ ဟု မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ စီးဖြန်းပါ။ တတိယဈာန်သို့ ဆိုက်သည် တိုင်အောင် စီးဖြန်းပါ။ အောင်မြင်မှုကို ရရှိပါက စိတ်ဆင်းရဲကင်းကြပါစေ၌လည်း တတိယဈာန်သို့ ဆိုက်ရောက်အောင်, ကိုယ်ဆင်းရဲကင်းကြပါစေ၌လည်း တတိယဈာန်သို့ ဆိုက်အောင်, ကျန်းကျန်းမာမာ ချမ်းချမ်း သာသာဖြင့် မိမိတို့၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ၌လည်း တတိယဈာန်သို့ ဆိုက်အောင် ဆက်လက်၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ သဗ္ဗေသတ္တာ၌ (၄)ချက် မေတ္တာပွားရသကဲ့သို့ - သဗ္ဗေပါဏာ စသည် တို့၌လည်း အလားတူပင် (၄)ချက်စီ မေတ္တာပွားပါ။ အားလုံးပေါင်းသော် (၁၂ × ၄ = ၄၈) မျိုးသော မေတ္တာဈာန် များကို ရရှိအောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

ကျောင်းဝင်းတစ်ခုအတွင်း၌ (၄၈)မျိုးသော မေတ္တာဘာဝနာကမ္မဋ္ဌာန်းတို့ကို စီးဖြန်း၍ အောင်မြင်မှု ရရှိသောအခါ, ကျောင်းတိုက် နှစ်တိုက်သုံးတိုက် အတွင်း၌ သို့မဟုတ် ခြံဝင်း နှစ်ခုသုံးခုတို့၏ အတွင်း၌ (၄၈)မျိုး, ရပ်ကွက်တစ်ခုအတွင်း၌ သို့မဟုတ် ကျေးရွာတစ်ခုအတွင်း၌ (၄၈)မျိုး, မြို့နယ်တစ်ခုအတွင်း၌ (၄၈)မျိုး, ပြည်နယ် တစ်ခုအတွင်း၌ (၄၈)မျိုး, သို့မဟုတ် တိုင်းတစ်ခုအတွင်း၌ (၄၈)မျိုး, တိုင်းပြည်တစ်ပြည်အတွင်း၌ (၄၈)မျိုး, တစ်ကမ္ဘာလုံး၌ (၄၈)မျိုး, (၃၁)ဘုံဟူသော စကြဝဠာတစ်ခုလုံး၌ (၄၈)မျိုး, အနန္တစကြဝဠာတို့၌ (၄၈)မျိုး — ဤသို့ တဖြည်းဖြည်း ဖြန့်ကြက်၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

## ဒိသာဖရဏာ မေတ္တာ စေတောဝိမုတ္တိ (၁၀) မျိုး

အထက်ပါအတိုင်း အနန္တစကြဝဠာသို့ တိုင်အောင် ဖြန့်ကြက်၍ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ပွားများလျက် မေတ္တာဈာန်ကို ရရှိသောအခါ —

၁။ အရှေ့တည့်တည့် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၂။ အနောက်တည့်တည့် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၃။ မြောက်တည့်တည့် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၄။ တောင်တည့်တည့် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၅။ အရှေ့တောင်ထောင့်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၆။ အနောက်မြောက်ထောင့်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး,

၇။ အရှေ့မြောက်ထောင့်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး,
၈။ အနောက်တောင်ထောင့်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး,
၉။ အောက်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး,
၁၀။ အထက်အရပ် အနန္တစကြဝဠာ၌ (၄၈)မျိုး —

ဤသို့လျှင် အရပ်ဆယ်မျက်နှာတို့၌ (၁၀ × ၄၈ = ၄၈၀) သော မေတ္တာစျာန်တို့ကို ရရှိအောင် ကြိုးစားအားထုတ်ပါ။ အနန္တစကြဝဠာသို့တိုင်အောင် ဖြန့်ကြက်လျက် ပွားများထားအပ်သော မေတ္တာစျာန် (၄၈)မျိုးကိုပါ ထပ်၍ ပေါင်းသော် (၄၈ + ၄၈၀ = ၅၂၈) သွယ်သော မေတ္တာကမ္မဋ္ဌာန်း မေတ္တာစျာန်များကို ရရှိနိုင်ပေသည်။ ဤ (၅၂၈) သွယ်သော မေတ္တာစျာန်တို့ကို အဝါးဝစွာ နိုင်နိုင်နင်းနင်း ဝင်စားနိုင်သော ယောဂါဝစရပုဂ္ဂိုလ်သည် မေတ္တသုတ္တန်စသော ထိုထိုသုတ္တန်တို့၌လာရှိသော မေတ္တာပွားနည်းများကို ပြောင်း၍ ပွားများအားထုတ်ပါက မေတ္တာစျာန်များကို လွယ်ကူစွာပင် ရရှိနိုင်ပေသည်။

## မေတ္တာစျာန်၏ အကျိုး (၁၁) ပါး

ရဟန်းတို့ . . . စင်စစ်အားဖြင့် အရပ်ဆယ်မျက်နှာ အနန္တစကြဝဠာတို့၌ သတ္တဝါအားလုံးတို့အပေါ်ဝယ် ဖြန့်ကြက်၍ ရှိသေသဖြင့် မှီဝဲအပ်သော, မေတ္တာစျာန်ဆိုက်သည်တိုင်အောင် ပွားများ၍ ထားအပ်သော, မေတ္တာစျာန်ဝင်စားခြင်းကို ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သော, ကပြီးသော ယာဉ်ကဲ့သို့ ပြုအပ်ပြီးသော, တည်ရာဝတ္ထုကဲ့သို့ ပြုအပ်ပြီးသော, စွဲစွဲမြဲမြဲ ခိုင်ခိုင်ခံ့ခံ့ တည်တံ့အောင် ဆောက်တည်ထားအပ်သော, ဝသီဘော် ငါးတန် နိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသော, စိတ်၏ ဒေါသစသော ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းဖြစ်သော မေတ္တာ စေတောဝိမုတ္တိ၏ (၁၁)ပါးကုန်သော အကျိုးတရားတို့ကို မချွတ်ဧကန် ရလိမ့်မည်ဟု မျှော်လင့်အပ်ကုန်၏။ အဘယ် (၁၁)ပါးတို့နည်းဟူမူ —

၁။ ချမ်းသာစွာ အိပ်စက်ရ၏။
၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရ၏။
၃။ ယုတ်မာသော မကောင်းသော အိပ်မက်ဆိုးကို မမြင်မက်ရ။
၄။ လူသားတို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရ၏။
၅။ နတ်တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံယူရ၏။
၆။ နတ်တို့သည် ရင်ဝယ်သားကဲ့သို့ သနားစောင့်ရှောက်ကုန်၏။
၇။ ထိုမေတ္တာစျာန်ကို ဖြန့်ကြက်လေ့ ရှိသသူအား မီးသည်လည်းကောင်း, အဆိပ်သည်လည်းကောင်း, လက်နက်သည်လည်းကောင်း မရောက်မကပ်။
၈။ မေတ္တာစျာန်ဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်၏ စိတ်သည် လျင်မြန်စွာ တည်ကြည်၏၊ သမာဓိ အဖြစ်မြန်၏။
၉။ မျက်နှာအဆင်းသည် ကြည်လင်၏။
၁၀။ မတွေမဝေသည်ဖြစ်၍ စုတေရ၏။
၁၁။ မေတ္တာစျာန်သမာပတ်ထက် အလွန်ဖြစ်သော အရဟတ္တဖိုလ် တိုင်အောင်သော အထက် မဂ်ဖိုလ်ကို ထိုးထွင်း မသိခဲ့သော် ဗြဟ္မာပြည်သို့ လားရ၏။ (အံ-၃-၅၄၂။)

## ကရုဏာဘာဝနာ

အသင်သူတော်ကောင်းသည် ရှေးဦးစွာ မိမိနှင့် နီးစပ်ရာ လိင်တူ အသက်ရှင်ဆဲ ဒုက္ခိတသတ္တဝါတစ်ဦးကို ရွေးချယ်ပါ။ ထိုသတ္တဝါ၏ ဆင်းရဲဒုက္ခများကို ဆင်ခြင်ပါ။ ကရုဏာကို ဖြစ်စေပါ။

ထိုနောင် ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်း စတုတ္ထစျာန်ကို ပြန်ဝင်စားပါ။ လင်းရောင်-ခြည်စွမ်းအင်များ အားကောင်းလာသောအခါ အထက်ပါ ဒုက္ခိတသတ္တဝါကို လင်းရောင်ခြည်စွမ်းအင် အကူအညီဖြင့် မြင်အောင်ကြည့်ပါ။ မြင်သောအခါ ထိုဒုက္ခိတသတ္တဝါကို အာရုံပြု၍ မေတ္တာစျာန်ကို ဝင်စားပါ။ ထိုနောင် မေတ္တာစျာန်မှ ထ၍ ထိုဒုက္ခိတသတ္တဝါကိုပင် အာရုံပြု၍ —

အယံ သပ္ပုရိသော ဒုက္ခာ မုစ္စတု။

= ဤသူတော်ကောင်းသည် ဆင်းရဲဒုက္ခမှ လွတ်ပါစေ။ —

ဤသို့ကြိမ်ဖန်များစွာ ကရုဏာဘာဝနာကို ပွားပါ။ တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် ဝသီဘော်ငါးတန် နိုင်နင်းအောင် ပွားများပါ။ ထိုနောင် မေတ္တာကမ္မဋ္ဌာန်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ပိယပုဂ္ဂိုလ်၌, ထိုနောင် မဇ္ဈတ္တပုဂ္ဂိုလ်၌, ထိုနောင် ဝေရီပုဂ္ဂိုလ်၌ အစဉ်အတိုင်း ကရုဏာဘာဝနာကို တတိယစျာန်သို့ ဆိုက်သည်တိုင်အောင် ပွားပါ။

ပုထုဇန်မှန်သမျှ အပါယ်ဘေးဆိုးကြီးမှ မလွတ်သေးသဖြင့် သနားစရာ သတ္တဝါချည်းသာတည်း။ သံသရာအဆက်ဆက်မှသည် ယနေ့တိုင်အောင် မှားခဲ့မိသော ဒုစရိုက်တို့ကြောင့် အပါယ်ဝဋ်ဆင်းရဲဒုက္ခကို အပါယ်ဘေးမှ မလွတ်သမျှ ခံစားကြရဦးမည်သာ ဖြစ်ကြသဖြင့် သနားစရာချည်းသာတည်း။ သတ္တဝါတိုင်းသည် အိုဘေးဆိုးကြီး နာဘေးဆိုးကြီး သေဘေးဆိုးကြီးမှ မလွတ်မြောက်ကြသေးသဖြင့် သနားစရာချည်းသာတည်း။ ယင်းကဲ့သို့သော သနားစရာသဘောကို အာရုံယူ၍ သုခိတသတ္တဝါတို့၌လည်း ကရုဏာဘာဝနာကို ပွားနိုင်သည်။

အောင်မြင်မှုကို ရရှိပါက မေတ္တာစျာန်၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီဟူသော ပုဂ္ဂိုလ် လေးမျိုးတို့၌ ပုဂ္ဂိုလ်အပိုင်းအခြားကင်းအောင် သီမာသမ္ဘေဒကိုပြု၍ သီမာသမ္ဘေဒပြုပြီးသော ထိုသတ္တဝါ ပညတ်နိမိတ်ကို မှီဝဲခြင်း ပွားများခြင်း အကြိမ်များစွာ ပြုခြင်းဖြင့် ပထမစျာန် ဒုတိယစျာန် တတိယစျာန်သို့ ဆိုက်အောင် ကရုဏာ အပ္ပနာစျာန်ကို တိုးပွားအောင် ပြုလုပ်ပါ။ ထိုနောင် အနောဓိသောဖရဏာ ကရုဏာ, ဩဓိသောဖရဏာ ကရုဏာ, ဒိသာဖရဏာ ကရုဏာဘာဝနာတို့ကို ဆက်လက်ပွားများပါ။

အနန္တစကြဝဠာ သတ္တဝါအားလုံးတို့အပေါ်၌ ဖြန့်ကြက်၍ ပွားများထားအပ်သော —

၁။ အနောဓိသောဖရဏာ ကရုဏာဘာဝနာ (၅) မျိုး,

၂။ ဩဓိသောဖရဏာ ကရုဏာဘာဝနာ (၇) မျိုး,

၃။ ဒိသာဖရဏာ ကရုဏာဘာဝနာ (၁၀ × ၁၂ = ၁၂၀) မျိုး,

အားလုံးပေါင်းသော် ကရုဏာဘာဝနာ (၁၃၂) မျိုးတည်း။

## မုဒိတာဘာဝနာ

မုဒိတာဘာဝနာကို ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် သုခိတသတ္တဝါဖြစ်သည့် အလွန်ချစ်ခင်မြတ်နိုးအပ်သော အပေါင်းအဖော် သူငယ်ချင်းဖြစ်သည့် လိင်တူ အသက်ရှင်ဆဲ အတိပ္ပိယသဟာယကပုဂ္ဂိုလ်ကို ရွေးချယ်ပါ။ မြင်လိုက်က ဝမ်းသာမှု ရွှင်လန်းမှုကို အများဆုံး ဖြစ်စေနိုင်သည့် ပုဂ္ဂိုလ်ကို ရွေးချယ်ပါ။

ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်း စတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်၍ ဝင်စားပါ။ လင်းရောင်ခြည်စွမ်းအင်များ အားကောင်းလာသောအခါ အထက်ပါ သုခိတသတ္တဝါဖြစ်သည့် အတိပ္ပိယသဟာယက ပုဂ္ဂိုလ်ကို လှမ်းအာရုံ ယူပါ။ လက်နှိပ်မီးဖြင့် ထိုးစိုက်ကြည့်နေသကဲ့သို့ ထိုပုဂ္ဂိုလ်ကို မြင်သောအခါ ထိုပုဂ္ဂိုလ်ကို အာရုံပြု၍ မေတ္တာစျာန်ကို တစ်ဖန် ဝင်စားပါ၊ ထိုနောင် ကရုဏာစျာန်ကို တစ်ဖန် ဝင်စားပါ။ ထိုနောင် ကရုဏာစျာန်မှ ထ၍ ထိုပုဂ္ဂိုလ်ကိုပင် အာရုံပြု၍ —

အယံ သပ္ပုရိသော ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆတု။

ဤသူတော်ကောင်းသည် ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မရွေ့လျောပါစေသတည်း - ဟု —

ဤသို့ မုဒိတာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ တတိယစျာန်သို့ ဆိုက်အောင် ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ ပွားများပါ။ ရှေးရှေးသော ဘာဝနာသမာဓိတို့၏ အားကြီးသော မှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရသော ကရုဏာ မုဒိတာဘာဝနာသည် လွယ်ကူချောမောနေမည်သာ ဖြစ်ပေသည်။ အတိတ်က ချမ်းသာခဲ့သည့်ပုံ, ပစ္စုပ္ပန်ချမ်းသာနေဆဲပုံ, အနာဂတ်၌ ချမ်းသာလတ္တံ့ပုံတို့ကို အာရုံယူ၍ ရှုနိုင်သည်သာ ဖြစ်သည်။

ထိုနောင် ပိယပုဂ္ဂိုလ်, ထိုနောင် မဇ္ဈတ္တပုဂ္ဂိုလ်, ထိုနောင် ဝေရီပုဂ္ဂိုလ်၌ အစဉ်အတိုင်း မုဒိတာဘာဝနာကို ဖြစ်စေပါ၊ မုဒိတာစျာန်ကို ရရှိအောင် ကြိုးစားအားထုတ်ပါ။ မုဒိတာအပ္ပနာစျာန်ကို တိုးပွားအောင် ပြုလုပ်ပါ။ အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီ ပုဂ္ဂိုလ်လေးမျိုးတို့၌ ညီမျှသော မုဒိတာဘာဝနာစိတ်ရှိအောင် ပုဂ္ဂိုလ် အပိုင်းအခြားကင်းအောင် သီမာသမ္ဘေဒကို ပြု၍ သီမာသမ္ဘေဒကို ပြုပြီးသော ထိုသတ္တဝါပညတ်နိမိတ်ကိုပင်လျှင် မှီဝဲခြင်း ပွားများခြင်း ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းဖြင့် မုဒိတာဘာဝနာ အပ္ပနာစျာန်ကို တိုးပွားအောင် ပြုလုပ်ပါ။ ထိုနောင် အနန္တစကြဝဠာ၌ တည်ရှိကြသော အနန္တသတ္တဝါတို့ကို အာရုံပြု၍ —

၁။ အနောဓိသောဖရဏာ မုဒိတာဘာဝနာ (၅) မျိုး,
၂။ ဩဓိသောဖရဏာ မုဒိတာဘာဝနာ (၇) မျိုး,
၃။ ဒိသာဖရဏာ မုဒိတာဘာဝနာ (၁၀ × ၁၂ = ၁၂၀) မျိုး,
အားလုံးပေါင်းသော် မုဒိတာဘာဝနာ (၁၃၂) မျိုး,

ဤ မုဒိတာဘာဝနာတို့ကို ဆက်လက်၍ ပွားများပါ။ မေတ္တာစျာန်၌ ဆိုခဲ့သည့် အချက်အလက်တို့ကို နည်းမှီ၍သာ ပွားများပါ။

## ဥပေက္ခာဘာဝနာ

ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာကို ပွားများအားထုတ်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ —

၁။ ဩဒါတကသိုဏ်း သို့မဟုတ် အာလောကကသိုဏ်း စတုတ္ထဈာန်ကို တစ်ဖန်ပြန်၍ ဝင်စားပါ။ လင်းရောင်-ခြည် စွမ်းအင်များ အားကောင်းလာသောအခါ —

၂။ မချစ်မမုန်း အလယ်အလတ် မဇ္ဈတ္တ လိင်တူ အသက်ရှင်ဆဲ ပုဂ္ဂိုလ်တစ်ဦးကို အာရုံပြု၍ တတိယဈာန်သို့ ဆိုက်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

၃။ ထိုပုဂ္ဂိုလ်ကိုပင် အာရုံပြု၍ တတိယဈာန်သို့ ဆိုက်အောင် ကရုဏာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

၄။ ထိုပုဂ္ဂိုလ်ကိုပင် အာရုံပြု၍ တတိယဈာန်သို့ ဆိုက်အောင် မုဒိတာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

ထိုသို့ ရအပ်ပြီးသော တတိယဈာန်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် အဝါးဝစွာ လေ့လာအပ်ပြီးသော ယင်း ဗြဟ္မဝိဟာရ တတိယဈာန်မှ ထ၍ —

၁။ **သုခိတာ ဟောန္တု** = သတ္တဝါတို့သည် ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်းဟု ဤသို့ စသည်ဖြင့် မေတ္တာဗြဟ္မဝိဟာရ တတိယဈာန်သို့ ဆိုက်အောင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းသည် ယင်း တတိယဈာန်၏ သတ္တဝါတို့ အပေါ်၌ မြတ်နိုးတနာ ပြုသောအားဖြင့် နှလုံးသွင်းခြင်းနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

၂။ **ဒုက္ခာ မုစ္စန္တု** = သတ္တဝါတို့သည် ဆင်းရဲဒုက္ခမှ လွတ်ကြပါစေကုန်သတည်း – ဤသို့ ကရုဏာဗြဟ္မ-ဝိဟာရ ဘာဝနာကို တတိယဈာန်သို့ ဆိုက်သည့်တိုင်အောင် စီးဖြန်းခြင်းသည် ယင်း တတိယဈာန်၏ မုန်းခြင်း ချစ်ခြင်း၏ အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့်လည်းကောင်း,

၃။ **ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု** = သတ္တဝါတို့သည် ရရှိပြီးသော စည်းစိမ်ချမ်းသာမှ မရွေ့လျော ကြပါစေကုန်သတည်း – ဤသို့ မုဒိတာဗြဟ္မဝိဟာရ ဘာဝနာကို တတိယဈာန်သို့ ဆိုက်သည့်တိုင်အောင် စီးဖြန်းခြင်းသည် ယင်း တတိယဈာန်၏ ဝမ်းမြောက်ခြင်း သောမနဿနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် ရုန့်ရင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း —

ဤသို့လျှင် မေတ္တာဗြဟ္မဝိဟာရ တတိယဈာန် ကရုဏာဗြဟ္မဝိဟာရ တတိယဈာန် မုဒိတာဗြဟ္မဝိဟာရ တတိယဈာန်တို့၌ အပြစ်ကို မြင်အောင်ရှု၍ ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထဈာန်၏ ငြိမ်သက်သောသဘော ရှိ-သည်၏ အဖြစ်ကြောင့် အကျိုးအာနိသံသကိုလည်း မြင်အောင်ရှု၍ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ပြကတေ့အားဖြင့် သာလျှင် လျစ်လျူရှုလေ့ရှိသော ဥပေက္ခာအရာ၌ ထားနိုင်သော (အထက်၌ တင်ပြထားသည့်အတိုင်း မေတ္တာ ဗြဟ္မဝိဟာရ တတိယဈာန် ကရုဏာဗြဟ္မဝိဟာရ တတိယဈာန် မုဒိတာဗြဟ္မဝိဟာရ တတိယဈာန်တို့ကို ပွားထား ပြီးသော) အကြင် အလယ်အလတ် မချစ်မမုန်း မဇ္ဈတ္တပုဂ္ဂိုလ်သည် ရှိ၏၊ ထိုပြကတေ့ မဇ္ဈတ္တပုဂ္ဂိုလ်ကို လျစ်လျူ ရှု၍ ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာကို ဖြစ်စေအပ်၏။ ပွားများပုံမှာ — ထိုမဇ္ဈတ္တပုဂ္ဂိုလ် တစ်ဦးတည်းကိုပင် အာရုံပြု၍ မေတ္တာဗြဟ္မဝိဟာရ တတိယဈာန် ကရုဏာဗြဟ္မဝိဟာရ တတိယဈာန် မုဒိတာဗြဟ္မဝိဟာရ တတိယ ဈာန်တို့ကို ဝင်စားပြီးနောက် အထက်ပါအတိုင်း ဆင်ခြင်၍ သို့မဟုတ် ဤသူတော်ကောင်းသည် ငါက —

၁။ ဘေးရန်ကင်းပါစေဟု မေတ္တာဘာဝနာကို ပွားများသော်လည်း ဘေးရန်ကင်းချင်မှ ကင်းမည်၊ စိတ်ဆင်းရဲ ကင်းပါစေဟု မေတ္တာဘာဝနာကို ပွားများသော်လည်း စိတ်ဆင်းရဲ ကင်းချင်မှ ကင်းမည်၊ ကိုယ်ဆင်းရဲ

ကင်းပါစေဟု မေတ္တာဘာဝနာကို ပွားများသော်လည်း ကိုယ်ဆင်းရဲ ကင်းချင်မှ ကင်းမည်၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေဟု မေတ္တာဘာဝနာကို ပွားများသော်လည်း ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ချင်မှ ရွက်ဆောင်နိုင်မည်။

၂။ ဆင်းရဲဒုက္ခမှ လွတ်ပါစေဟု ကရုဏာဘာဝနာကို ပွားများသော်လည်း ဆင်းရဲဒုက္ခမှ လွတ်ချင်မှ လွတ်မည်။

၃။ ရရှိပြီး စည်းစိမ်ချမ်းသာမှ မရွေ့လျောပါစေသတည်းဟု မုဒိတာဘာဝနာကို ပွားများသော်လည်း ရရှိပြီး စည်းစိမ်ချမ်းသာမှ ရွေ့လျောချင်လည်း ရွေ့လျောမည်။

၄။ အဘယ်ကြောင့်နည်းဟူမူ သတ္တဝါအားလုံးတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏ဟု ဤသို့ ဆင်ခြင်၍ —

အယံ သပ္ပုရိသော ကမ္မဿကော။

ဤသူတော်ကောင်းသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိ၏။ —

ဤသို့လျှင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ပွားများပါ။ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မဝိဟာရတရားတို့၌ တတိယစျာန်ကို အခြေခံပြီးမှ တက်လာသဖြင့် ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထစျာန်သို့ မကြာမီ အချိန်ကာလ အတွင်းမှာပင် ဆိုက်ရောက်သွားပေလိမ့်မည်။ အောင်မြင်မှုရရှိပါက အလားတူပင် မဇ္ဈတ္တပုဂ္ဂိုလ် ခပ်များများ၌ လည်းကောင်း, ထိုနောင် ပိယပုဂ္ဂိုလ် ခပ်များများ၌လည်းကောင်း, ထိုနောင် အတိပ္ပိယသဟာယကပုဂ္ဂိုလ် ခပ် များများ၌လည်းကောင်း, ထိုနောင် ဝေရီပုဂ္ဂိုလ် ခပ်များများ၌လည်းကောင်း တစ်ဦးချင်းကို အာရုံပြု၍ ပုံစံတူပင် ဥပေက္ခာဘာဝနာကို ပွားများပါ။ ထိုနောင် အတ္တ, ပိယ, မဇ္ဈတ္တ, ဝေရီဟူသော ပုဂ္ဂိုလ်လေးမျိုးတို့၌ ပုဂ္ဂိုလ်အပိုင်း အခြား ကင်းအောင် သီမာသမ္ဘေဒကိုပြု၍ သီမာသမ္ဘေဒပြုပြီးနောက် ရရှိလာသော ထိုသတ္တဝါပညတ်နိမိတ် ကိုပင် အာရုံပြု၍ ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာကို မှီဝဲပါ ပွားများပါ ကြိမ်ဖန်များစွာ အလေ့အလာပြုပါ။ ဤသို့ ပြုကျင့်သော ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ပထဝီကသိုဏ်း၌ ဖွင့်ဆိုရေးသားခဲ့သည့်အတိုင်းပင်လျှင် ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထစျာန်သည် ဖြစ်ပေါ်၍လာပေ၏။ ထိုနောင် —

၁။ အနောဓိသောဖရဏာ ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာ (၅) မျိုး,
၂။ ဩဓိသောဖရဏာ ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာ (၇) မျိုး,
၃။ ဒိသာဖရဏာ ဥပေက္ခာဗြဟ္မဝိဟာရဘာဝနာ (၁၀ × ၁၂ = ၁၂၀) မျိုး,
အားလုံးပေါင်းသော် (၁၃၂) မျိုး,

ဤ (၁၃၂) မျိုးသော ဥပေက္ခာဗြဟ္မဝိဟာရ ဘာဝနာတို့ကို ဆက်လက်၍ ပွားများအားထုတ်ပါ။

**အမေး** — ဤ ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထစျာန်သည် ပထဝီကသိုဏ်းစသည်တို့၌ ဖြစ်ပြီးသော တတိယ စျာန်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဖြစ်လေသလောဟု မေးရန်ရှိ၏။

**အဖြေ** — မဖြစ်ဟူပေ။ အဘယ်ကြောင့်နည်းဟူမူ — ပထဝီကသိုဏ်းစသည်တို့၌ တတိယစျာန်ကား ပထဝီကသိုဏ်းစသည်လျှင် အာရုံရှိ၏။ ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထစျာန်ကား သတ္တဝါပညတ်လျှင် အာရုံရှိ၏။ ထိုသို့ အာရုံ၏ သဘောမတူသည်၏ အဖြစ်ကြောင့်တည်း။ အလျော်အားဖြင့်ဆိုရမူ မေတ္တာကမ္မဋ္ဌာန်း ကရုဏာ ကမ္မဋ္ဌာန်း မုဒိတာကမ္မဋ္ဌာန်းတို့၌ ဖြစ်ပြီးသော တတိယစျာန်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏သန္တာန်၌သာလျှင် ဤ ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထစျာန်သည် ဖြစ်ပေါ်လာနိုင်၏။ အဘယ်ကြောင့်နည်းဟူမူ သတ္တဝါပညတ်အာရုံချင်း

သဘောတူညီမှု ရှိသည်၏ အဖြစ်ကြောင့်တည်း။ ပိယပုဂ္ဂိုလ်၌ မေတ္တာစျာန် ကရုဏာစျာန် မုဒိတာစျာန်တို့ကို ဖြစ်စေလျှင် ယင်းပိယပုဂ္ဂိုလ်၌ပင် ဥပေက္ခာဗြဟ္မဝိဟာရစျာန်ကို ဖြစ်စေနိုင်၏။ ဤသို့စသည်ဖြင့် ပိယပုဂ္ဂိုလ်ချင်း မဇ္ဈတ္တပုဂ္ဂိုလ်ချင်း ဝေရီပုဂ္ဂိုလ်ချင်း တူညီကြ၏။ တစ်ဖန် သတ္တဝါအားလုံးတို့၌ မေတ္တာ တတိယစျာန် ကရုဏာ တတိယစျာန် မုဒိတာ တတိယစျာန်ကို ဖြစ်စေလျှင် ယင်းသတ္တဝါအားလုံးတို့၌ပင် ဥပေက္ခာဗြဟ္မဝိဟာရ စတုတ္ထ စျာန်ကို ဖြစ်စေနိုင်၏။ ဤသို့လျှင် သတ္တဝါပညတ်အာရုံချင်း တူညီမှု ရှိ၏။ (ဝိသုဒ္ဓိ-၁-၂၈၇-၃၁၉ - ကြည့်။)

## လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

၁။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ **မေတ္တာ**၊

၂။ ဟိတူပသံဟာရရသာ၊

၃။ အာဃာတဝိနယပစ္စုပဋ္ဌာနာ၊

၄။ သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ။

ဗျာပါဒူပသမော ဧတိဿာ သမ္ပတ္တိ၊ သိနေဟသမ္ဘဝေါ ဝိပတ္တိ။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ မေတ္တာသည် — သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။ ဝါ။ အကျိုးစီးပွားဟူသော အဖို့အစုကို ဖြစ်စေခြင်း လက္ခဏာ ရှိ၏။

၂။ သတ္တဝါတို့၏ အကျိုးစီးပွားကို ကပ်၍ ဆောင်ခြင်း ကိစ္စ (ရသ) ရှိ၏။ ဝါ။ သတ္တဝါတို့၏ အကျိုးစီးပွားကို ကပ်၍ ဆောင်ခြင်းဟူသော ပြည့်စုံသောဂုဏ် (သမ္ပတ္တိရသ) ရှိ၏။

၃။ ရန်ငြိုးကို ပယ်ဖျောက်တတ်သော သဘောတရားဟု ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှု ထင်တတ်၏။ (ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်)။ ဝါ။ ရန်ငြိုးပျောက်ခြင်းဟူသော အကျိုးကို ဖြစ်စေတတ်၏။ (ဖလပစ္စုပဋ္ဌာန်)။

၄။ သတ္တဝါတို့၏ မြတ်နိုးဖွယ်ရာကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်း ရှိ၏။ သတ္တဝါတို့အား ဖျက်ဆီးလိုသော ပျက်စီးစေလိုသော ဗျာပါဒ = ဒေါသ၏ ဝိက္ခမ္ဘနပဟာန်အားဖြင့် ငြိမ်းခြင်းသည် ထိုမေတ္တာ၏ ပြည့်စုံခြင်း မည်၏၊ ကောင်းစွာ ကိစ္စပြီးခြင်း မည်၏။ တွယ်တာတပ်မက်ခြင်း တဏှာသိနေဟ၏ ဖြစ်ခြင်းသည် ထိုမေတ္တာ၏ ပျက်စီးခြင်း မည်၏။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ **ကရုဏာ**၊

၂။ ပရဒုက္ခာသဟနရသာ၊

၃။ အဝိဟိံသာပစ္စုပဋ္ဌာနာ၊

၄။ ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿနပဒဋ္ဌာနာ။

ဝိဟိံသူပသမော တဿာ သမ္ပတ္တိ၊ သောကသမ္ဘဝေါ ဝိပတ္တိ။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ ကရုဏာသည် — သတ္တဝါတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော လက္ခဏာ ရှိ၏။

၂။ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုသည်၏ အဖြစ်ဖြင့် သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏။ (ကိစ္စရသ)။

၃။ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းကို ဖြစ်စေတတ်၏။ (ဖလပစ္စုပဋ္ဌာန်)။ သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း

ဝိပဿနာ၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့် ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်လာတတ်၏။ (ဉပဋ္ဌာနာကာရပစ္စုပဋ္ဌာန်)။

၄။ ဆင်းရဲဒုက္ခဖြင့် အညှဉ်းပန်း အနှိပ်စက်ခံနေကြရကုန်သော သတ္တဝါတို့၏ ကိုးကွယ်အားထားရာ မရှိသည်၏ အဖြစ်ကို ရှုတတ်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။ သတ္တဝါတို့ကို ညှဉ်းဆဲ-ကြောင်းဖြစ်သော ညှဉ်းဆဲသော အခြင်းအရာအားဖြင့် ဖြစ်သော ကရုဏာ၏ ထိပ်တိုက် ဆန့်ကျင်ဘက် ဒေါသမူ စိတ်စေတသိက်တရားစု၏ ငြိမ်းအေးခြင်းသည် ထိုကရုဏာ၏ ပြည့်စုံခြင်း မည်၏၊ ကောင်းစွာ ကိစ္စပြီးခြင်း မည်၏။ ဒုက္ခိတသတ္တဝါတို့အပေါ်၌ သောကဖြစ်ခြင်းသည် ထိုကရုဏာ၏ ပျက်စီးခြင်းမည်၏။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ ပမောဒနလက္ခဏာ **မုဒိတာ**၊
၂။ အနိဿာယနရသာ၊
၃။ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊
၄။ သတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။
အရတိဝူပသမော တဿာ သမ္ပတ္တိ၊ ပဟာသသမ္ဘဝေါ ဝိပတ္တိ။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ မုဒိတာသည် — သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ ကုံလုံပြည့်စုံသည်ကို ကြည်ရွှင်ဝမ်းမြောက်ခြင်း သဘော လက္ခဏာ ရှိ၏။

၂။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ ကုံလုံပြည့်စုံသည်ကို မငြူစူခြင်း ကိစ္စရှိ၏။ ဝါ။ ငြူစူခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၍ ထိုဣဿာကို ပယ်ဖျက်ခြင်းကိစ္စ ရှိ၏။

၃။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာတို့၌လည်းကောင်း လွန်ကဲမြင့်မြတ်သော သမထ ဝိပဿနာ အစဖြာသည့် အဓိကုသလဓမ္မတို့၌လည်းကောင်း မမွေ့လျော် မနှစ်သက်ခြင်းကို ပယ်ဖျောက်တတ်သော အခြင်းအရာ အားဖြင့် ရှုနေသော ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်လာတတ်၏။ (ဉပဋ္ဌာနာကာရပစ္စုပဋ္ဌာန်) တစ်နည်း — သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာတို့၌လည်းကောင်း လွန်ကဲမြင့်မြတ်သော သမထ ဝိပဿနာ အစဖြာသည့် အဓိကုသလဓမ္မတို့၌လည်းကောင်း မမွေ့လျော် မနှစ်သက်ခြင်း အရတိ၏ ပျောက်ငြိမ်း-ခြင်းကို ဖြစ်စေတတ်၏။ (ဖလပစ္စုပဋ္ဌာန်တည်း။)

၄။ သတ္တဝါတို့၏ စည်းစိမ်ကုံလုံ ပြည့်စုံသည်ကို အသင့်ရှုနိုင်သော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာတို့၌လည်းကောင်း လွန်ကဲမြင့်မြတ်သည့် သမထ ဝိပဿနာ အစဖြာသည့် အဓိကုသလဓမ္မတို့၌လည်ကောင်း မမွေ့လျော် မနှစ်သက်နိုင်ခြင်း အရတိ၏ ပျောက်ငြိမ်း-ခြင်းသည် ထိုမုဒိတာ၏ ပြည့်စုံခြင်း မည်၏။ ဝါ။ ကောင်းစွာ ကိစ္စပြီးခြင်း မည်၏။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာနှင့် အဓိကုသလဓမ္မတို့၌ ကာမဂုဏ်အိမ်၌ မှီ၍ဖြစ်ပေါ်လာသော ဂေဟသိတပီတိအားဖြင့် ကြည်ရွှင်ဝမ်းမြောက်ခြင်းသည် ထိုမုဒိတာ၏ ပျက်စီးခြင်း ဝိပတ္တိ မည်၏။ (ဝိသုဒ္ဓိ-၁-၃၁၁။)

၁။ သတ္တေသု မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ **ဥပေက္ခာ**၊
၂။ သတ္တေသု သမဘာဝဒဿနရသာ၊
၃။ ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊
၄။ "ကမ္မဿကာ သတ္တာ၊ တေ ကဿ ရုစိယာ သုခိတာ ဝါ ဘဝိဿန္တိ၊ ဒုက္ခတော ဝါ မုစ္စိဿန္တိ၊ ပတ္တသမ္ပတ္တိတော

ဝါ န ပရိဟာယိဿန္တိ”တိ ဧဝံ ပဝတ္တကမ္မဿကတာဒဿနပဒဋ္ဌာနာ။

ပဋိဃာနုနယဝူပသမော တဿာ သမ္ပတ္တိ၊ ဂေဟသိတာယ အညာဏုပေက္ခာယ သမ္ဘဝေါ ဝိပတ္တိ။

(ဝိသုဒ္ဓိ-၁-၃၁၁-၃၁၂။)

၁။ ဥပေက္ခာသည် — သတ္တဝါတို့၌ အလယ်အလတ်သဘောရှိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။

၂။ သတ္တဝါတို့၌ ဥဒါသိန်အားဖြင့် ဖြစ်ခြင်းကြောင့် ညီမျှသည်၏ အဖြစ်ကိုသာ ရှုခြင်းကိစ္စ ရှိ၏။

၃။ သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းတို့ကို ငြိမ်းစေခြင်းကို ဖြစ်စေတတ်၏။ (ဖလပစ္စုပဋ္ဌာန်တည်း။)

၄။ သတ္တဝါတို့သည် မိမိတို့ ပြုထားအပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် အဘယ်သူ၏ အလိုအားဖြင့် ချမ်းသာပါစေဟု မေတ္တာပို့သသည့်အတိုင်း ချမ်းသာခြင်းသို့ ရောက်ကုန်သည် မူလည်း ဖြစ်ကုန်လတ္တံ့နည်း။ ဆင်းရဲဒုက္ခမှ လွတ်ပါစေဟု ကရုဏာဘာဝနာကို ပွားသည့်အတိုင်း ဆင်းရဲဒုက္ခမှမူလည်း လွတ်ကုန်လတ္တံ့နည်း။ ရပြီးစည်းစိမ်မှ မရွေ့လျောပါစေသတည်းဟု မုဒိတာဘာဝနာကို ပွားသည့်အတိုင်း ရောက်ရှိအပ်ပြီး ရရှိအပ်ပြီးသည့် စည်းစိမ်မှမူလည်း မဆုတ်ယုတ်ဘဲ ရှိကုန်လတ္တံ့နည်း။ ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာသော ကံသာလျှင် မိမိ၏ ကိုယ်ပိုင်ဥစ္စာ ရှိသည်၏အဖြစ်ကို ရှုတတ်သော ဉာဏ်လျှင် နီးစွာသော အကြောင်း ရှိ၏။ မုန်းခြင်း ချစ်ခြင်းတို့ကို ငြိမ်းစေခြင်းသည် = မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းခြင်းသည် ထိုဥပေက္ခာဗြဟ္မဝိဟာရ၏ ပြည့်စုံခြင်း ကောင်းစွာပြီးစီးခြင်း သမ္ပတ္တိ မည်၏။ ကာမဂုဏ်ကို မှီသော ဉာဏ်ကင်းသော မောဟနှင့်ယှဉ်သော ဥပေက္ခာ၏ ဖြစ်ခြင်းသည် ထို ဥပေက္ခာဗြဟ္မဝိဟာရ၏ ပျက်စီးခြင်း ဝိပတ္တိ မည်၏။ (ဝိသုဒ္ဓိ-၁-၃၁၁။)

ယင်းဗြဟ္မဝိဟာရတရား လေးပါးတို့၌ တည်ရှိသော ဈာန်နာမ်တရားတို့ကို သိမ်းဆည်းပုံကို နာမ်ကမ္မဋ္ဌာန်း ပိုင်း ဇယားများတွင် ရေးသားတင်ပြခဲ့၏။ မေတ္တာဟူသည် အဒေါသစေတသိက်ပင်တည်း။ မေတ္တာပထမဈာန် နာမ်တရား (၃၄)တည်း။ ကရုဏာ၌ ကရုဏာတစ်လုံး ထပ်တိုး၍ ကရုဏာပထမဈာန် နာမ်တရား (၃၅)တည်း။ မုဒိတာ၌ မုဒိတာတစ်လုံး ထပ်တိုး၍ မုဒိတာပထမဈာန် နာမ်တရား (၃၅)တည်း။ ဥပေက္ခာဗြဟ္မဝိဟာရ၏ တရားကိုယ်မှာ တတြမဇ္ဈတ္တတာ စေတသိက်ပင်တည်း။ ဥပေက္ခာဗြဟ္မဝိဟာရဈာန် နာမ်တရား (၃၁)တည်း။

# ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

သော ဘဂဝါ ဣတိပိ အရဟံ။

၁။ ဝါသနာအငွေ့ခိုးတာတ်နှင့် တကွ ခပ်သိမ်းဥဿုံ ကုန်အောင်စုံသော (၁၅၀၀)ကိလေသာတို့မှ အဝေးကြီး ဝေးကွာတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့် အရဟံ မည်တော်မူပါပေသော မြတ်စွာဘုရား။

၂။ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ ပယ်သတ်ခြင်း တည်းဟူသော ဤအကြောင်းကြောင့် အရဟံ မည်တော်မူပါပေသော မြတ်စွာဘုရား။

၃။ အဝိဇ္ဇာ-တဏှာ ဦးစီးသည့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ထောက်အကန့်တို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ချိုးဖွဲ့ဖျက်ဆီးတော်မူခြင်းတည်းဟူသော ဤအကြောင်းကြောင့် အရဟံ မည်တော်မူပါပေ သော မြတ်စွာဘုရား။

၄။ သူမတူသော သီလ သမာဓိ ပညာ ဂုဏ်သကတ်ကြောင့် လူနတ်ပြဟ္မာ သတ္တဝါတို့၏ မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းတည်းဟူသော ဤအကြောင်းကြောင့် အရဟံ မည်တော်မူပါပေသော မြတ်စွာဘုရား။

၅။ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုဟူသမျှတို့ကို ပြုတော်မမူ ပြောတော်မမူ ကြံစည်တော် မမူသဖြင့် ဆိတ်ကွယ်ရာ မရှိခြင်းတည်းဟူသော ဤအကြောင်းကြောင့် အရဟံ မည်တော်မူပါပေသော မြတ်စွာဘုရား။

ဤအရဟံဂုဏ်တော်၏ အနက်ငါးချက်တို့ကို ကျေပွန်စွာ ရအောင် ကျက်ပါ။ သမ္မာသမ္ဗုဒ္ဓစသော အခြား အခြားသော ဂုဏ်တော်တို့၏ အနက်အဓိပ္ပါယ်ကိုလည်း ကျေပွန်စွာ ရအောင် ကျက်ပါ။ ထိုဂုဏ်တော်များထဲက မိမိကြိုက်နှစ်သက်ရာ ဂုဏ်တော်တစ်ခုကို ရွေးချယ်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စတင်စီးဖြန်းရမည် ဖြစ်သည်။ ပွားများပုံမှာ ဤသို့ ဖြစ်၏။

ရှေးဦးစွာ ဩဒါတကသိုဏ်း သို့မဟုတ် အလောကကသိုဏ်း စတုတ္ထဈာန်ကို ဝင်စားပါ။ လင်းရောင်ခြည် စွမ်းအင်များ အားကောင်းလာသောအခါ မိမိဖူးမြင်နေကျ ရုပ်ပွားတော် တစ်ဆူကို လင်းရောင်ခြည်၏ အကူ အညီဖြင့် လှမ်း၍အာရုံယူပါ။ ထိုရုပ်ပွားတော်ကို မျက်စိဖြင့် ဖူးတွေ့ရသကဲ့သို့ ထင်ထင်ရှားရှား မြင်တွေ့ရအောင် ကြိုးစားပါ။ သက်တော်ထင်ရှား ဘုရားကို မဖူးတွေ့လိုက်ရသဖြင့် ရုပ်ပွားတော်မှ တစ်ဆင့် သက်တော်ထင်ရှား ဘုရားအာရုံသို့ ရောက်အောင် ဉာဏ်ကို ရှေးရှုကပ်ဆောင်လို၍ ယခုကဲ့သို့ အာရုံယူခိုင်းဖြစ်သည်။ ရုပ်ပွားတော်ကို ပကတိမျက်စိဖြင့် ဖူးတွေ့ရသကဲ့သို့ ထင်ထင်ရှားရှား မြင်တွေ့ရသောအခါ ယင်းရုပ်ပွားတော်ကိုပင် သက်တော် ထင်ရှားဘုရားဟု အမှတ်ထားကာ အာရုံယူကြည့်ပါ။ အတိတ် နီးကပ်သော ဘဝတစ်ခုက သက်တော်ထင်ရှား ဘုရားကို ဖူးတွေ့ခဲ့ရဖူးပါက ထိုအခါတွင် ထိုသက်တော်ထင်ရှားဘုရား၏ မိမိဖူးတွေ့ခဲ့ရစဉ်က ပုံတော်အတိုင်း ပေါ်လာတတ်ပေသည်။ ပေါ်လာခဲ့သော် ထိုပုံတော်ကိုပင် အာရုံယူပါ။ အကယ်၍ သက်တော်ထင်ရှား ဘုရားရှင်၏ ပုံမပေါ်ခဲ့သော် မိမိဖူးတွေ့နေရသော ရုပ်ပွားတော်ကိုပင် သက်တော်ထင်ရှားဘုရားဟု အမှတ်ထားပါ။ တစ်ဖန် ထိုပုံတော်မှ ဂုဏ်တော်သို့ ပြောင်း၍ အာရုံယူပါ။ ဘဂဝါဂုဏ်တော်တို့တွင် အကျုံးဝင်သော သိရီဘုန်းတော်မှာ ဘုရားရှင်၏ ရူပကာယတော်၏ တင့်တယ်စမွယ်ပုံကို အာရုံယူ၍ ပွားများရသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတည်း။ ဤ၌ကား ဂုဏ်တော်ကိုသာ ပွားလိုသဖြင့် ပုံတော်မှ တစ်ဆင့် ဂုဏ်တော်သို့ ပြောင်း၍ အာရုံယူခိုင်းခြင်းဖြစ်သည်။ ဂုဏ်တော်များစွာထဲက အရဟံဂုဏ်တော် အမှတ် (၄)ကို ပုံစံအဖြစ်ထား၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများပုံကို တင်ပြပေအံ့။

ဘုရားရှင်၏ သန္တာန်၌ တည်ရှိသော သူမတူသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကြောင့် လူနတ်ပြဟ္မာ သတ္တဝါတို့၏ မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းတည်းဟူသော ဂုဏ်တော်ကို အာရုံပြု၍ —

**သော ဘဂဝါ ဣတိပိ အရဟံ** ဟု ဖြစ်စေ,

**အရဟံ အရဟံ** ဟု ဖြစ်စေ —

ပွားများအားထုတ်ပါ။ ယင်းဂုဏ်တော်အပေါ်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်၍တည်နေအောင် ကြိုးစားပါ။ တစ်နာရီ နှစ်နာရီခန့် ဂုဏ်တော်အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍တည်နေသော် ဈာန်အင်္ဂါ ငါးပါးတို့ ထင်ရှားလာမည် ဖြစ်သည်။ သို့သော် ဤ ဈာန်အင်္ဂါတို့မှာ ဥပစာရဈာန်မျှသာ ဖြစ်သည်။ ဂုဏ်တော်တို့၏ နက်နဲသည့်အတွက် အပ္ပနာဈာန်သို့ကား မဆိုက်နိုင်။ အခြားဂုဏ်တော်များကိုလည်း နည်းမှီး၍ ပွားပါလေ။

## အဝိညာဏက အသုဘ ကမ္မဋ္ဌာန်း (၁၀) မျိုး

အသုဘသဒ္ဒါသည် မတင့်တယ်ဟူသော အနက်ကို ဟော၏၊ ဤနေရာဝယ် ခန္ဓာကိုယ်နှင့် စပ်၍ သေသည့်အခါ အမျိုးမျိုး ဖြစ်ပေါ်လာတတ်သော အလောင်းကောင် ပုံသဏ္ဌာန်ဒြပ်ကို အသုဘဟု ခေါ်ဆိုအပ်၏။ ထို အသုဘသည် (၁၀)မျိုး ရှိ၏။

၁။ **ဥဒ္ဓုမာတက** = သေသည်မှ အထက် နှစ်ရက်သုံးရက် အကူး ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၂။ **ဝိနီလက** = အသားများရာ၌ နီ၍ ပြည်စုရာ၌ ဖြူသဖြင့် ဖြူနီသဘော ရောနှောစပ်တွဲ ညိုမည်းမည်းပုတ် စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၃။ **ဝိပုဗ္ဗက** = ပြည်တစိုစို ပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၄။ **ဝိစ္ဆိဒ္ဒက** = ထက်အောက် နှစ်ရပ် မဆက်စပ်အောင် ပိုင်းဖြတ်ထားသော စက်ဆုပ်ဖွယ်ရာ မသာ အလောင်းကောင်,

၅။ **ဝိက္ခာယိတက** = လင်းတ ခွေး ကျီး အသီးသီးတို့ နည်းမျိုးစုံပြား ဖုံဖုံအားဖြင့် ခဲစားထားအပ်သော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၆။ **ဝိက္ခိတ္တက** = လက် ခြေ ခေါင်းကို ဖရိုဖရဲ ထိုထိုကြဲအောင် ပစ်လွှင့်ထားအပ်သော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၇။ **ဟတဝိက္ခိတ္တက** = ကျီးခြေသဏ္ဌာန်ဖြစ်အောင် ဓားဖြင့် ခွှန်း၍ လက်ခြေစသော ကိုယ်အင်္ဂါတို့ကို ထိုထို အရပ်သို့ ဖရိုဖရဲကြဲအောင် ပစ်လွှင့်ထားအပ်သော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၈။ **လောဟိတက** = သွေးများထွက်ယိုလျက် တစ်ကိုယ်လုံးပေအောင် သွေးဖြင့် လိမ်းကျံနေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၉။ **ပုဠုဝက** = ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

၁၀။ **အဋ္ဌိက** = အရိုးစုအဆင့်၌ တည်ရှိနေသော စက်ဆုပ်ဖွယ်ရာ မသာအလောင်းကောင်,

အဝိညာဏက အသုဘ = သေအသုဘကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိရရှိထားပြီးသည့် စတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်၍ ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များ အား-ကောင်းလာသောအခါ မိမိမြင်ဖူးထားသည့် ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံးသော လိင်တူ အလောင်းကောင် တစ်ခုကို လင်းရောင်ခြည်၏ အကူအညီဖြင့် လှမ်းအာရုံယူပါ။ ထိုအလောင်းကောင်အာရုံကို ပကတိဖွင့်ထားသော မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်တွေ့ရသော် ယင်းအလောင်းကောင်ကို အာရုံပြု၍ ပုပ်ပွနေသော အလောင်းကောင် ပုံ၌ ဘာဝနာစိတ်ကို ကပ်ထားလျက် —

"ဥဒ္ဓုမာတက ပဋိက္ကူလံ ဥဒ္ဓုမာတက ပဋိက္ကူလံ"

"ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော ရွံစရာအလောင်းကောင်"

"ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော ရွံစရာအလောင်းကောင်"ဟု ရှုနေပါ။

ပကတိသော မျက်စိဖြင့် ဖွင့်ကြည့်သောအခါ အလောင်းကောင်ကို ထင်ထင်ရှားရှား မြင်တွေ့ရသကဲ့သို့ ယခုကဲ့သို့ မျက်စိကို မှိတ်၍ တစ်ဖန် ထိုအလောင်းကို အာရုံယူ၍ ရှုရာ၌ မျက်စိဖြင့် ဖွင့်ကြည့်သကဲ့သို့ ပုံစံတူ မြင်တွေ့နေရပါက ဥဂ္ဂဟနိမိတ်သို့ ဆိုက်ပြီ။ ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို ဆင့်ကာဆင့်ကာ ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်လာ၏။ ထိုပဋိဘာဂနိမိတ်၌ ဘာဝနာစိတ်ကို ဆင့်ကာ ဆင့်ကာ ဖြစ်စေသော ယောဂါဝစရပုဂ္ဂိုလ်သည် အပ္ပနာစျာန်သို့ ဆိုက်ရောက်နိုင်၏။ အပ္ပနာစျာန်၌ ရပ်တည်၍ ဝိပဿနာဉာဏ်ကို တိုးပွားစေခဲ့သော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်၏။

**ဥဂ္ဂဟနိမိတ်**သည် ဖောက်ပြန်သည် အရုပ်ဆိုးသည် ကြောက်မက်ဖွယ်သော အမြင်ရှိသည်ဖြစ်၍ ယော-ဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာ၏။ **ပဋိဘာဂနိမိတ်**သည်ကား အလိုရှိတိုင်းစား၍ လျှောင်းစက် အိပ်ပျော် နေသော ဆူဖြိုးသော အင်္ဂါကြီးငယ်ရှိသော ယောက်ျားကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်လာ၏။

(ဝိသုဒ္ဓိ-၁-၁၈၃-၁၈၄။)

ယင်းပဋိဘာဂနိမိတ် အလောင်းကောင်၌ ဘာဝနာစိတ်ကို ဆင့်ကာဆင့်ကာ ဖြစ်စေသော ယောဂါဝစရ ပုဂ္ဂိုလ်သည် မကြာမီအချိန်ကာလအတွင်းမှာပင် အပ္ပနာစျာန်သို့ ဆိုက်ရောက်နိုင်၏။ ပဌမစျာန်မျှသာတည်း။ အသုဘအလောင်းကောင်အာရုံ၏ ရုန့်ရင်းကြမ်းတမ်းသောကြောင့် ဝိတက်၏ အကူအညီ မပါဘဲ ယင်းပဋိဘာဂ နိမိတ်အာရုံ၌ ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ ကပ်၍မတည်နိုင်ရကား ဒုတိယစျာန်စသော အထက်အထက်သော စျာန်သို့ မတက်နိုင်ပြီ။

ဥဒ္ဓုမာတက အလောင်းကောင်၌ ပဌမစျာန်သို့ ဆိုက်အောင် ပွားသကဲ့သို့ ကြွင်းသော အသုဘအလောင်း-ကောင်တို့၌လည်း ပုံစံတူပင် ပွားနိုင်သည်။ ယခုကဲ့သို့ အသုဘဘာဝနာ၏ အရှုခံအာရုံအဖြစ် ယူလိုက်သော အလောင်းကောင်မှာ အကယ်၍ လွန်ခဲ့သော တစ်နှစ်ခန့်လောက်က မြင်ဖူးထားသော အလောင်းကောင်ဖြစ်မူ ထိုအလောင်းကောင်၏ ရွံရှာစက်ဆုပ်ဖွယ် အကောင်းဆုံးအနေအထား၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထား၍ အသုဘဘာဝနာကို ပွားများနိုင်သည်။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်က ထိုအလောင်းကောင်၏ မိမိမြင်ဖူး-ထားသောအချိန်မှ ယခုအချိန်သို့ တိုင်အောင်သော အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ လွန်ခဲ့သော တစ်-နှစ်ခန့်မှ ယခုအချိန်သို့တိုင်အောင် တဖြည်းဖြည်း ကြည့်လာပါက တစ်ထိုင်အတွင်းမှာပင် အရိုးစုသို့တိုင်အောင် အလောင်းကောင်အာရုံ၏ အဆင့်ဆင့် ပြောင်းလဲမှုကို တွေ့မြင်နိုင်ပေသည်။ ထိုအခါ မည်သည့်အဆင့်မှာမဆို ထိုအလောင်းကောင်အာရုံ၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထား၍ ပဌမစျာန်သို့ ဆိုက်အောင် အသုဘ ဘာဝနာကို ပွားများအားထုတ်နိုင်သည်သာ ဖြစ်ပေသည်။

## အာဒီနဝါနုပဿနာ

သော ဣမမေဝ ကာယံ ဥပသံဟရတိ “အယမ္ပိ ခေါ ကာယော ဧဝံ ဓမ္မော ဧဝံ ဘာဝီ ဧဝံ အနတီ-တော”တိ။ (မ-၁-၇၃။)

= ထိုယောဂါဝစရပုဂ္ဂိုလ်သည် ဤ မိမိ၏ ခန္ဓာကိုယ်ကိုပင်လျှင် — “ဤ ငါ၏ ခန္ဓာကိုယ်သည်လည်း ဤသို့ ဖူးဖူးရောင်ကြွ ပုပ်ပွခြင်းသဘော ရှိ၏၊ ဤသို့ ဖူးဖူးရောင်ကြွ ပုပ်ပွသည့် အလောင်းကောင် ဖြစ်လိမ့်မည်၊ ဤသို့ ဖူးဖူးရောင်ကြွ ပုပ်ပွသည့် အလောင်းကောင် ဖြစ်ခြင်းသဘောကို မလွန်မြောက်နိုင်”ဟု ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်၏။ (မ-၁-၇၃။ မဟာသတိပဋ္ဌာနသုတ္တန်။)

ထိုသို့ ဗဟိဒ္ဓအလောင်းကောင်၌ ပထမဈာန်သို့ ဆိုက်အောင် သို့မဟုတ် ပဋိဘာဂနိမိတ်သို့ ဆိုက်အောင် ပွားများထားပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် မိမိခန္ဓာအိမ် သူတစ်ပါးခန္ဓာအိမ်တို့၏ အပြစ်ကို မြင်အောင်ရှုခြင်း အာဒီနဝါနုပဿနာသို့ ကူးလိုက ကူးနိုင်ပါသည်။

ထိုဗဟိဒ္ဓအလောင်းကောင်၏ အသုဘအခြင်းအရာကို အာရုံယူ၍ ပထမဈာန်သို့ ဆိုက်အောင် သို့မဟုတ် ပဋိဘာဂနိမိတ်သို့ ဆိုက်အောင် ပွားများပြီးသောအခါ မိမိ၏ ရူပကာယခန္ဓာကိုယ်သို့ ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်၍ ဖူးဖူးရောင်ကြွ ပုပ်ပွလျက် သေနေသော မိမိ၏ အလောင်းကောင်ကို မြင်အောင် ကြည့်ပါ။ မြင်သောအခါ ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော မိမိ၏ အလောင်းကောင်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာကပ်လျက် — ဥဒ္ဓုမာတက ပဋိက္ကူလ = ဖူးဖူးရောင်ကြွ ပုပ်ပွလျက်ရှိသော ရွံစရာအလောင်းကောင်ဟု အဖန်ဖန်ရှုပါ။ ပဋိဘာဂနိမိတ်သို့ ဆိုက်နိုင်၏၊ ဥပစာရသမာဓိသို့ ဆိုက်နိုင်၏။ ဝိနီလကစသော ကြွင်းသော အသုဘအလောင်းကောင်တို့၌လည်း နည်းတူပင် ရှုပါ။

ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။ (ဝိဇယသုတ္တန်။)

ဤသက်ရှိ သဝိညာဏက အသုဘကောင်သည် ရုပ်ဇီဝိတ, ကမ္မဇတေဇော, စိတ်ဝိညာဏ်တည်းဟူသော သုံးပါးသော တရားတို့၏ မကင်းသေးခြင်းကြောင့် သွား-ရပ်-ထိုင်-လျောင်းသကဲ့သို့ ထိုအတူ သုသာန်၌ တည်ရှိ-သော ဤဗဟိဒ္ဓ အသုဘအလောင်းကောင်သည်လည်း မသေမီ ရှေးအခါက ထိုတရားသုံးမျိုးတို့၏ မကင်းသေး ခြင်းကြောင့် သွား-ရပ်-ထိုင်-လျောင်းခြင်း သဘောရှိသည် ဖြစ်ခဲ့လေပြီ။

ယခုသေနေသော သက်မဲ့ဖြစ်သည့် ထိုအဝိညာဏက သက်မဲ့အလောင်းကောင်သည် ထိုတရားသုံးမျိုး တို့၏ ချုပ်စဲကင်းပြတ်ခြင်းကြောင့် သွားရပ်ထိုင်လျောင်းခြင်း သဘော မရှိသကဲ့သို့ ထို့အတူ ဤသက်ရှိ သဝိညာ-ဏက အသုဘကောင်သည်လည်း ထိုတရားသုံးမျိုးတို့၏ ချုပ်စဲကင်းပြတ်ခြင်းကြောင့် သွားရပ်ထိုင်လျောင်းခြင်း သဘော မရှိသည် ဖြစ်ပေတ္တံ့။ ဤသို့ ကျင့်လျက် ယောဂါဝစရ ရဟန်းတော်သည် အဇ္ဈတ္တ ကိုယ်ကာယ၌လည်း-ကောင်း, ဗဟိဒ္ဓ ကိုယ်ကာယ၌လည်းကောင်း တွယ်တာငြိကပ် တပ်မက်ခြင်း ဆန္ဒရာဂကို ကင်းပြတ် ရုပ်သိမ်း ချုပ်ငြိမ်းစေရာ၏။ (ဝိဇယသုတ္တန်။ ခု-၁-၃၀၇-၃၀၈။)

ဤညွှန်ကြားချက်များနှင့်အညီ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌ အထက်ပါအတိုင်း အသုဘဘာဝနာကို ပွား-များနိုင်သော သူတော်ကောင်းသည် မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ခန္ဓာအိမ်၌ အပြစ်ကို ရှုမြင်တတ်သော အာဒီနဝါနုပဿနာအနေဖြင့် အသုဘဘာဝနာကို ဆက်လက်ပွားများနိုင်သည်။

ဗဟိဒ္ဓ သက်မဲ့ အသုဘအလောင်းကောင်၌ ပဋိဘာဂနိမိတ်သို့ ဆိုက်သည်တိုင်အောင် အသုဘဘာဝနာကို ပွားများထားပြီးသော ယောဂါဝစရ ရဟန်းတော်သည် အခြားအခြားသော မိမိ ရာဂဖြစ်နေကျ လိင်တူ လိင်မတူ-သော သက်ရှိသတ္တဝါတို့ကို အာရုံယူ၍ ထိုပုဂ္ဂိုလ်တို့၏ တစ်နေ့တွင် ဖူးဖူးရောင်ကြွ ပုပ်ပွနေသည့် အသုဘ အလောင်းကောင် ဖြစ်မည့်သဘောကို ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်၍ ကြည့်ပါ။ ရှေးရှေးဘာဝနာတို့၏ အား-ကြီးသောမှီရာ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါကြောင့် မကြာမီ အချိန်ကာလအတွင်းမှာပင် ယင်းဥဒ္ဓုမာတက အသုဘအခြင်းအရာသည် ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်လာမည် ဖြစ်ပါသည်။ ထိုအခါ "ဥဒ္ဓုမာတက ပဋိက္ကူလ = ဖူးဖူးရောင်ကြွ ပုပ်ပွနေသည့် ရွံစရာအလောင်းကောင်"ဟု ကြိမ်ဖန်များစွာ ရှုပါ။ ဥပစာရသမာဓိသို့ ဆိုက်နိုင်၏။ ကြွင်းအသုဘ အလောင်းကောင်တို့၌လည်း နည်းတူ ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ တစ်လှည့်စီ ရှုပါ။ ဗဟိဒ္ဓ၌လည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းရှုပါ။ ဤရှုကွက်မျိုးကိုပင် ရည်ရွယ်တော်မူ၍ ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ္တန်၌ အောက်ပါအတိုင်း ဟောကြားထားတော်မူ၏။

ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (မ-၁-၇၃။)

ဒီဃဘာဏကမဟာသီဝတ္ထေရော ပန "နဝသိဝထိကာ အာဒီနဝါနုပဿနာဝသေန ဝုတ္တာ"တိ အာဟ။

(မ-ဋ္ဌ-၁-၃၀၅။)

အဇ္ဈတ္တကာယ၌လည်း ဥဒ္ဓုမာတက အသုဘအခြင်းအရာကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုလျက် နေပါ။ ဗဟိဒ္ဓကာယ၌လည်း ဥဒ္ဓုမာတက အသုဘအခြင်းအရာကို ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုလျက် နေပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ ကာယနှစ်မျိုးလုံး၌လည်း ဥဒ္ဓုမာတက အသုဘအခြင်းအရာကို ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ ရှုလျက် နေပါ။ (မ-၁-၇၃။)

ဤညွှန်ကြားချက်မှာ မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ ခန္ဓာအိမ်၌ အပြစ်ကို မြင်အောင်ရှုတတ်သော အာဒီ-နဝါနုပဿနာ အနေဖြင့် ဟောကြားတော်မူခြင်း ဖြစ်ကြောင်းကို မဟာသီဝမထေရ်မြတ်ကြီးက မိန့်ဆိုထားတော်မူ၏။ (မ-ဋ္ဌ-၁-၃၀၅။)

ဤအသုဘဘာဝနာကား ရာဂကို တိုက်ဖျက်ရာ၌ အကောင်းဆုံးသော လက်နက်တစ်ခုပင် ဖြစ်၏။ ဤ ဘာဝနာကြောင့် မစင်ဘင်ကျုံးသမားဘဝမှ လွတ်မြောက်နိုင်၏၊ အိုဘေးဆိုးကြီးမှ လွတ်မြောက်နိုင်၏၊ နာဘေး ဆိုးကြီးမှ လွတ်မြောက်နိုင်၏၊ သေဘေးဆိုးကြီးမှ လွတ်မြောက်နိုင်၏။ အသင်သူတော်ကောင်း၏ စိတ်၌ ယင်း ဒုက္ခတို့မှ ထုတ်ဆောင်ကယ်တင်နိုင်သော စွမ်းအင်များရှိကြ၏။ ထိုစွမ်းအင်များကို ဤအရာ၌ အသုံးပြုပါလော့။

## မရဏဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်း

တစ်ခုသော ဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ = အသက်၏ ပြတ်စဲခြင်းသည် **မရဏ** မည်၏။ ယင်း ဇီဝိတိန္ဒြေအသက်၏ ပြတ်စဲခြင်းဟု ဆိုအပ်သော သေခြင်းမရဏကို အဖန်ဖန်အမှတ်ရခြင်း အဖန်ဖန်ရှုခြင်းသည် မရဏဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်း မည်၏။

တတ္ထ တတ္ထ ဟတမတသတ္တေ ဩလောကေတွာ ဒိဋ္ဌပုဗ္ဗသမ္ပတ္တီနံ သတ္တာနံ မတာနံ မရဏံ အာဝဇ္ဇေတွာ သတိဉ္စ သံဝေဂဉ္စ ဉာဏဉ္စ ယောဇေတွာ "မရဏံ ဘဝိဿတီ"တိအာဒိနာ နယေန မနသိကာရော ပဝတ္တေတဗ္ဗော။

(ဝိသုဒ္ဓိ-၁-၂၂၃။)

ထိုထိုအရပ်၌ အသတ်ခံရသော သတ္တဝါ, ဓမ္မတာအလျောက် သေသော သတ္တဝါတို့ကို ကြည့်၍ မြင်-လိုက်ဖူးသော စည်းစိမ်ရှိကုန်သော သေကုန်သော သတ္တဝါတို့၏ သေခြင်းကို ဆင်ခြင်၍ သတိကိုလည်းကောင်း, သံဝေဂကိုလည်းကောင်း, ဉာဏ်ကိုလည်းကောင်း ယှဉ်စေ ဖြစ်စေ၍ သေခြင်းမရဏသည် ငါ့အား ဖြစ်လတ္တံ့ဟု ဤသို့စသောနည်းဖြင့် နှလုံးသွင်းခြင်း မနသိကာရကို ဖြစ်စေအပ်၏။ ဤသို့ဖြစ်စေသောသူသည် ယောနိသော မနသိကာရအားဖြင့် ဖြစ်စေသည် မည်၏၊ လမ်းရိုးလမ်းမှန် သင့်သော အကြောင်းအားဖြင့် မရဏာနုဿတိကို ဖြစ်စေသည် မည်၏။ (ဝိသုဒ္ဓိ-၁-၂၂၃။)

ဤအထက်ပါ အဋ္ဌကထာ၏ ညွှန်ကြားချက်နှင့်အညီ မရဏဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိရရှိထားပြီးသော စတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်၍ ထူ-ထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်များသည် အထူးအားကောင်းလာသောအခါ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ထိုလင်းရောင်ခြည်၏ အကူအညီဖြင့် မိမိမြင်ဖူးသော လိင်တူ အသုဘအလောင်းကောင် ကို ပြန်လည်၍ အာရုံယူပါ။ ထိုအသုဘအလောင်းကောင်၏ ရွံရှာစက်ဆုပ်ဖွယ် ပဋိကူလသဘောကို အာရုံ ယူ၍ ပထမစျာန်သမာဓိသို့ ဆိုက်အောင် အသုဘဘာဝနာကို ပွားလိုက ဆက်လက်ပွားပါ။ ထိုနောင် မိမိ၏ ဇီဝိတိန္ဒြေပြတ်စဲကာ သေနေသောပုံကို ဉာဏ်ဖြင့် ကပ်ဆောင်၍ ကြည့်ပါ။ မိမိသေနေသောပုံကို တွေ့မြင်ပါက ဇီဝိတိန္ဒြေ၏ ပြတ်စဲမှုသဘောကို တစ်ဖန်ပြန်၍ အာရုံယူပါ။ ထိုဇီဝိတိန္ဒြေ၏ ပြတ်စဲမှု သဘောကို မြင်သော အခါ —

၁။ မရဏံ ဘဝိဿတိ = သေခြင်းတရားသည် မချွတ်ဖြစ်လတ္တံ့ဟုလည်းကောင်း,
၂။ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ = ဇီဝိတိန္ဒြေသည် ပြတ်စဲလတ္တံ့ဟုလည်းကောင်း,
၃။ မရဏံ မရဏံ = သေခြင်းသဘော သေခြင်းသဘောဟုလည်းကောင်း —

လမ်းရိုးလမ်းမှန် နည်းမှန်လမ်းမှန် သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း ယောနိသောမနသိ-ကာရကို ဖြစ်စေပါ။ မရဏံ မရဏံဟု ကြိမ်ဖန်များစွာ နှလုံးသွင်းပါ။ ဤသို့သော ယောနိသောမနသိကာရကို ဖြစ်စေသည်သာလျှင် ဖြစ်သော ဣန္ဒြေထက်မြက်သူ ဉာဏ်ထက်မြက်သူ အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား မကြာမီ အချိန်ကာလအတွင်းမှာပင် နီဝရဏတရားတို့သည် ကွာကျသွားကြကုန်၏။ သေခြင်း = မရဏလျှင် တည်ရာအာရုံရှိသော သတိသည် ကောင်းစွာတည်လာ၏။ ဥပစာရသမာဓိသို့ ဆိုက်ရောက်သည်သာလျှင် ဖြစ်-သော မရဏာနုဿတိကမ္မဋ္ဌာန်းသည် ဖြစ်ပေါ်လာ၏။ ထိုဇီဝိတိန္ဒြေအသက်၏ ပြတ်စဲမှု မရဏသဘောကို အာရုံ ယူ၍ မရဏံ မရဏံ ဟု ကြိမ်ဖန်များစွာ နှလုံးသွင်းနေသော ထိုယောဂါဝစရပုဂ္ဂိုလ်၏ မရဏဿတိဘာဝနာ စိတ်သည် တစ်နာရီ နှစ်နာရီစသည်ဖြင့် ထိုမရဏအာရုံ၌ ကပ်၍ တည်နေသော် စျာန်အင်္ဂါများကို ဆင်ခြင် ကြည့်လိုက်က စျာန်အင်္ဂါ ငါးပါးတို့သည် ထင်ရှားနေမည် ဖြစ်၏။ သို့သော် ဥပစာရစျာန်မျှသာ ဖြစ်၏။ ဇီဝိတိ-န္ဒြေကား ပရမတ္ထဓမ္မသဘာဝ ဖြစ်၏။ ယင်း ပရမတ္ထဓမ္မသဘာဝ၏ ပြတ်စဲမှုကို ဉာဏ်ဖြင့် ကပ်ဆောင်၍ ကြည့်ရှု ရသဖြင့် ယင်းပရမတ်တရား၏ နက်နဲရကား ဥပစာရသမာဓိမျှသို့သာ ဆိုက်ရောက်နိုင်၏၊ အပ္ပနာစျာန်သမာဓိသို့ မဆိုက်ရောက်နိုင်။

၁။ မရဏံ မေ ဓုဝံ = ငါ၏ သေခြင်းတရားသည် မြဲ၏ ဟုလည်းကောင်း,
၂။ ဇီဝိတံ မေ အဓုဝံ = ငါ၏ အသက်ရှင်ခြင်းသည် မမြဲ ဟုလည်းကောင်း,
၃။ မရဏပရိယောသာနံ မေ ဇီဝိတံ = ငါ၏ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးအပိုင်းအခြား ရှိ၏ ဟုလည်းကောင်း —

ဤသို့လည်း နှလုံးသွင်းနိုင်သည်သာ ဖြစ်သည်။ မိမိကြိုက်နှစ်သက်ရာ နှလုံးသွင်းနည်း တစ်ခုခုကို ရွေး-ချယ်၍ နှလုံးသွင်းပါ။ အကယ်၍ အထက်ပါအတိုင်း နှလုံးသွင်းသောအခါ အောင်မြင်မှုမရ ဖြစ်နေပါက မိမိ ရရှိထားပြီးသည့် စတုတ္ထဈာန်သမာဓိကိုပင် တစ်ဖန်ပြန်၍ ထူထောင်ပါ။ ထိုစတုတ္ထဈာန်သမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် လင်းရောင်ခြည်များ ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာသောအခါ ဗဟိဒ္ဓ အသုဘ အလောင်းကောင်ကို တစ်ဖန်ပြန်၍ အာရုံယူပါ။ ထိုနောင် မိမိ၏ ဤဘဝသေမည့် အနာဂတ်ဘက်သို့ ဉာဏ်ကို စေလွှတ်၍ ဉာဏ်ဖြင့်ကပ်ဆောင်၍ တဖြည်းဖြည်း လှမ်းကြည့်ပါ။ ထိုအခါ မိမိသေသည့် ပုံကို တွေ့ရှိနိုင်ပါသည်။ တွေ့ရှိသော် ဇီဝိတိန္ဒြေ၏ ပြတ်စဲမှုသဘောကို အာရုံယူ၍ အထက်ပါအတိုင်း ဆက်လက်ပွားများပါ။ ဥပစာရ သမာဓိသို့ တိုင်အောင်သော အောင်မြင်မှုကို ရရှိနိုင်ပေသည်။

## အောင်မြင်မှု ရရှိနေသော ကျင့်စဉ်

အာနာပါန စတုတ္ထဈာန်သမာဓိကိုဖြစ်စေ, ဩဒါတကသိုဏ်း စတုတ္ထဈာန်သမာဓိကိုဖြစ်စေ, အာလောက ကသိုဏ်း စတုတ္ထဈာန်သမာဓိကိုဖြစ်စေ အခြေခံ၍ ယင်းစတုတ္ထဈာန်သမာဓိနှင့် ယှဉ်သော ဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပနေသော လင်းရောင်ခြည်၏ အကူအညီကိုယူ၍ အထက်-တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း မေတ္တာကမ္မဋ္ဌာန်း, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, အသုဘကမ္မဋ္ဌာန်း, မရဏာနုဿတိ ကမ္မဋ္ဌာန်းတည်းဟူသော စတုရာရက္ခကမ္မဋ္ဌာန်းများကို ပွားများအားထုတ်ပါက ယောဂီအများစု၌ အောင်မြင်မှု များစွာ ရရှိသည်ကို တွေ့ရှိရပေ၏။ ဤစတုရာရက္ခကမ္မဋ္ဌာန်းတို့ကို ဝိပဿနာသို့ မကူးမီ ရုပ်ကမ္မဋ္ဌာန်း နာမ် ကမ္မဋ္ဌာန်းတို့ကို မကြိုးစားရသေးမီ ကြိုတင်၍ အားထုတ်ထားသင့်ပေ၏။

အကယ်၍ အသင်သူတော်ကောင်းသည် ဝိပဿနာသို့ မကူးမီ ကသိုဏ်းဆယ်ပါး သမာပတ်ရှစ်ပါး, ဗြဟ္မဝိဟာရ ခေါ် ဗြဟ္မစိုရ်တရားလေးပါး, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, အသုဘကမ္မဋ္ဌာန်း, မရဏာနုဿတိကမ္မဋ္ဌာန်း တို့ကို အဝါးဝစွာ လေ့လာထားပြီးဖြစ်ပါက ပို၍ပို၍ ကောင်းသည်သာ ဖြစ်၏၊ တိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်ချေသည်။ ယင်းကမ္မဋ္ဌာန်းအသီးအသီး၌ တည်ရှိသော နာမ်တရားတို့ကို နာမ်ကမ္မဋ္ဌာန်းပိုင်းတွင် ဇယားများ-ဖြင့် ရေးသားတင်ပြထားခဲ့၏။ နည်းမှီ၍ သိမ်းဆည်းပါ။ ယင်းနာမ်တရားတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် နည်းအားဖြင့် သိမ်းဆည်းပါ။ နေဝသညာနာသညာယတနဈာန်မှတစ်ပါး ဤသမထကမ္မဋ္ဌာန်းပိုင်း၌ ရေးသား တင်ပြထားသော ကမ္မဋ္ဌာန်းအားလုံးတို့၌ ဈာနဓမ္မတို့ကို လက္ခဏ ရသ စသောအားဖြင့် သိမ်းဆည်းပါ။ သိမ်းဆည်း ပြီးလတ်သော် ဈာနဓမ္မအမည်ရသော ယင်းဈာန်နာမ်တရားတို့ကို နယဝိပဿနာဟု ခေါ်ဆိုအပ်သော ကလာပ သမ္မသန နည်းအားဖြင့်လည်းကောင်း, အနုပဒဓမ္မဝိပဿနာအားဖြင့်လည်းကောင်း လက္ခဏာယာဉ် တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

**ကလာပသမ္မသန** — ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စားပါ။ ယင်း ပထမဈာန်သမာပတ် အတွင်း၌ တည်ရှိသော မနောဒွါရဝီထိဇောနှင့်တွင် ဟုမထင်ရ။ တည်ရှိသော မနောဒွါရာဝဇ္ဇန်း၌ နာမ်တရား (၁၂)လုံး, ဇောအသီးအသီး၌ နာမ်တရား (၃၄)လုံးစီ – ဤ နာမ်တရားတို့ကို ပေါင်းစုခြုံငုံ၍ လက္ခဏာယာဉ်သုံးချက်ကို တစ်လှည့်စီ တင်၍ တွင်တွင်ကြီး ဝိပဿနာရှုပါ။ ဗဟိဒ္ဓ၌လည်း နည်းတူရှုပါ။ ဒုတိယဈာန်စသည်တို့၌လည်းကောင်း, ကြွင်းကျန်သော ကသိုဏ်းတို့၌လည်းကောင်း ကြွင်းကျန်သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း ဥပစာရ ဈာနဓမ္မ အပ္ပနာဈာနဓမ္မတို့ကို နည်းတူ ရှုပါ။

**အနုပဒဓမ္မ ဝိပဿနာ** — ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စားပါ။ ယင်းပထမဈာန် သမာပတ် အတွင်း၌ တည်ရှိသော မနောဒွါရာဝဇ္ဇန်း၌ (၁၂)မျိုးသော နာမ်တရား, ဇော အသီးအသီး၌ (၃၄)မျိုးသော

နာမ်တရားတို့ကို သိမ်းဆည်း၍ ယင်းနာမ်တရားတို့မှ အသိစိတ်ကို ရွေးထုတ်၍ လက္ခဏာယာဉ် သုံးတန် တစ်-လှည့်စီ တင်၍ ဝိပဿနာ ရှုပါ။ ဖဿကို ရွေးထုတ်၍ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ ဤသို့စသည်အားဖြင့် ဈာန်သမာပတ်အတွင်း၌ တည်ရှိသော နာမ်တရားတို့ကို တစ်လုံးစီ တစ်လုံးစီ ရွေးထုတ်၍ လက္ခဏာယာဉ်သုံးချက် တင်၍ ဝိပဿနာရှုပါ။ ဤသမထကမ္မဋ္ဌာန်းပိုင်းတွင် ရေးသားတင်ပြထားသော ကြွင်း-ကျန်သော ကမ္မဋ္ဌာန်းတို့၌လည်း ဉပစာရဈာနဓမ္မ, အပ္ပနာဈာနဓမ္မ နာမ်တရားတို့ကို ပုံစံတူပင် ရှုပါ။

နေဝသညာနာသညာယတနဈာန်နာမ်တရားတို့ကိုကား နယဝိပဿနာခေါ်သော ကလာပသမ္မသနနည်းအားဖြင့်သာ ပေါင်းစုခြုံငုံ၍ ဝိပဿနာရှုပါ။ သာဝကတို့သည် ယင်းနေဝသညာနာသညာယတနဈာနဓမ္မတို့ကို တစ်လုံးစီ တစ်လုံးစီ အနုပဒဓမ္မ ဝိပဿနာနည်းအားဖြင့် ဝိပဿနာ မရှုနိုင်။ ဤ သမထကမ္မဋ္ဌာန်းပိုင်း၌ မဖော်ပြထားသော ကြွင်းကျန်သော သမထကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်လိုပါက ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ညွှန်ကြားထားသည့်အတိုင်း နည်းမှီ၍ အားထုတ်ပါလေ။

ရှေးဝိပဿနာပိုင်း၌ ရေးသားတင်ပြခဲ့သည့်အတိုင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌တည်ရှိသော တစ်နည်း (၁၁)ဘုံအတွင်း၌တည်ရှိသော အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန် တင်ကာ တွင်တွင်ကြီး ဝိပဿနာ ရှုထားပြီးဖြစ်သော အသင်သူတော်ကောင်းသည် ဤအပိုင်းတွင် ဖော်ပြထားသော ဈာနဓမ္မအမည်ရသော နာမ်တရားတို့ကိုလည်း ကလာပသမ္မသနနည်း အနုပဒဓမ္မဝိပဿနာနည်းဟူသော ဝိပဿနာရှုနည်းတို့ဖြင့် ဝိပ-ဿနာ ရှုပွားသုံးသပ်ခဲ့သော် ပါရမီအားလျော်စွာ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်မည်သာ ဖြစ်ပေသည်။ အငြိမ်းကြီးငြိမ်း အအေးကြီးအေးတော်မူသည့် မဟာအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဧကန် မျက်မှောက်ပြုနိုင်မည်သာ ဖြစ်ပေသတည်း။ ထိုအခါတွင် ဖလသမာပတ်ကို အကြိမ်ကြိမ် ဝင်စားလျက် အောက်ပါ ဉပသမာနုဿတိကမ္မဋ္ဌာန်းမြတ်ကို စီးဖြန်းကြည့်ပါ။ မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေထိုင်ရသည့် ဒိဋ္ဌဓမ္မသုခဝိဟာရ ချမ်းသာထူး ချမ်းသာမြတ်ကြီးကို အသင်သူတော်ကောင်းကိုယ်တိုင် ခံစားရ ခံစားနိုင်ပေလိမ့်မည်။

## ဥပသမာနုဿတိကမ္မဋ္ဌာန်း

ဆ အနုဿတိယော ဝိယ စ အယမ္ပိ အရိယသာဝကဿေဝ ဣဇ္ဈတိ၊ ဧဝံ သန္တေပိ ဥပသမဂရုကေန ပုထုဇ္ဇနေနာပိ မနသိ ကာတဗ္ဗာ။ သုတဝသေနာပိ ဟိ ဥပသမေ စိတ္တံ ပသီဒတိ။ (ဝိသုဒ္ဓိ-၁-၂၈၆။)

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော အနုဿတိ (၆)ပါးတို့သည် အရိယသာဝကတို့အားသာလျှင် ပြည့်စုံနိုင်ကြကုန်သကဲ့သို့ - အလားတူပင် ဤ ဥပသမာနုဿတိသည်လည်း အရိယသာဝကအားသာလျှင် ပြည့်စုံနိုင်၏။ ဤသို့ အရိယပုဂ္ဂိုလ်အားသာလျှင် ပြည့်စုံနိုင်သည် မှန်သော်လည်း နိဗ္ဗာန်တရားတော်မြတ်ကြီးကို အလေးအမြတ်ပြုလေ့ရှိသော နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ်ရှိသော ပုထုဇန်သည်လည်း အငြိမ်းဓာတ် နိဗ္ဗာန်၏ ဥပသမဂုဏ်တို့ကို နှလုံးသွင်းနိုင်ပါ၏။ မှန်ပေသည် — ကြားနာဖူးသည်၏ အစွမ်းဖြင့်လည်း ဥပသမ နိဗ္ဗာန်တရားတော်မြတ်၌ စိတ်သည် ကြည်လင်သည်သာလျှင် ဖြစ်ပေ၏။ (ဝိသုဒ္ဓိ-၁-၂၈၆။)

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယသမုဂ္ဃါတော ဝဋ္ဋူပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ (အံ-၁-၃၄၃။ ခု-၁-၂၅၄။)

ရဟန်းတို့ . . . အကြင်ရွေ့လောက်ကုန်သော အကြောင်းတရားတို့သည် ပေါင်းစု၍ပြုပြင်အပ်သည်လည်း ဖြစ်ကုန်သော သင်္ခတတရားတို့သည်လည်းကောင်း, အကြောင်းတရားတို့သည် ပေါင်းစု၍ မပြုပြင်အပ်သည်လည်း ဖြစ်ကုန်သော အသင်္ခတတရားတို့သည်လည်းကောင်း ရှိကြကုန်၏။ ထိုသင်္ခတ အသင်္ခတ တရားတို့တွင် ရာဂနှင့် တကွသော သံကိလေသဓမ္မတို့၏ သင်္ခါရတရားတို့၏ ကင်းပြတ်ရာ ပျက်ပြယ်ရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို အမြတ်ဆုံးဟူ၍ ဆိုအပ်၏။

၁။ မဒနိမ္မဒန = မာနအစရှိသော ယစ်စေတတ်သော တရားတို့၏ ယစ်စေတတ်သည့် သတ္တိကင်းရာ ဖြစ်သော နိဗ္ဗာန်,

၂။ ပိပါသဝိနယ = ကာမတို့ကို မွတ်သိပ်ဆာလောင်သော တဏှာ၏ ကင်းပျောက်ရာဖြစ်သော နိဗ္ဗာန်,

၃။ အာလယသမုဂ္ဃါတ = ငြိတွယ်စရာ ကာမဂုဏ်ငါးပါးတို့ကို အကြွင်းမဲ့ ဖြတ်ရာဖြစ်သော နိဗ္ဗာန်,

၄။ ဝဋ္ဋူပစ္ဆေဒ = ဝဋ်သုံးပါး၏ ပြတ်ရာဖြစ်သော နိဗ္ဗာန်,

၅။ တဏှာက္ခယ = တဏှာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်,

၆။ တဏှာဝိရာဂ = တဏှာ၏ ပျက်ပြယ်ရာ ကင်းရာဖြစ်သော နိဗ္ဗာန်,

၇။ တဏှာနိရောဓ = တဏှာ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်,

၈။ နိဗ္ဗာန = ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန် —

ဤ နိဗ္ဗာန်တရားတော်မြတ်သည် အသင်္ခတ တရားတည်း၊ သင်္ခတ အသင်္ခတ တရားတို့တွင် ယင်းအသင်္ခတ တရားသည် အသာဆုံး အမြတ်ဆုံး တရားတည်း။ (အံ-၁-၃၄၃။ ခု-၁-၂၅၄။)

နိဗ္ဗာန်တရားတော်မြတ်သည် မည်သည့် အကြောင်းတစ်စုံတစ်ရာကြောင့်မျှ မဖြစ်။ တစ်စုံတစ်ခုသော အကြောင်းတရားက ပြုပြင်ပေး၍ ဖြစ်ပေါ်လာရသော တရားလည်း မဟုတ်၊ မည်သည့် အကြောင်းတစ်စုံတစ်ရာမျှ မပြုပြင်ရဘဲ နိစ္စထာဝရ အမြဲတည်ရှိနေသော တရားဖြစ်၏။ ထိုကြောင့် အသင်္ခတ အမည်ရ၏။ ထိုအသင်္ခတ၏

ဂုဏ်ပုဒ်တို့ကို အထက်တွင် ရှစ်မျိုးတင်ပြထား၏။ နိဗ္ဗာန်တရားတော်မြတ်၏ အခြားအခြားသော ဂုဏ်ပုဒ်တွေလည်း များစွာပင်ရှိ၏။ ယင်းဂုဏ်ပုဒ်တို့မှ မိမိကြိုက်နှစ်သက်ရာ ဂုဏ်ပုဒ်တစ်ခုခုကို အာရုံယူ၍ ဥပသမာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ စီးဖြန်းပုံ အစီအစဉ်မှာ ဤသို့ ဖြစ်၏။

ရှေးဦးစွာ သမာဓိကို အဆင့်ဆင့်ထူထောင်၍ ဖလသမာပတ်သို့ ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ်ဖြင့် မိမိကြိုက်နှစ်သက်ရာ သင်္ခါရတရားတို့ကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပါ။ ရှေးယခင်က နိဗ္ဗာန်ကို အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုထားပြီးသူ သူတော်ကောင်းတစ်ဦးအဖို့ မကြာမီ အချိန်ကာလအတွင်းမှာပင် ထိုသူတော်ကောင်း၏ အရိယဖိုလ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုနေမည်ဖြစ်၏။ ဖလသမာပတ်ကို အကြိမ်များစွာ ဝင်စားထားပြီးသော နိဗ္ဗာန်ကို အာရုံပြု၍ တစ်နာရီ နှစ်နာရီစသည့် အချိန်ကြာအောင် ဖလသမာပတ်ကို နိုင်နိုင်နင်းနင်း ဝင်စားလေ့ရှိသော သူတော်ကောင်း ဖြစ်ပါမူ ဤအချိန်တွင် လွယ်လွယ်ကူကူပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ကို ဝင်စားနေမည် ဖြစ်သည်။ ထို ဖလသမာပတ်မှထ၍ ထိုနိဗ္ဗာန်ကို တစ်ဖန်ပြန် အာရုံပြု၍ — ထိုနိဗ္ဗာန်၌ တဏှာမရှိမှုကို အာရုံပြု၍ —

နိဗ္ဗာနံ နိဗ္ဗာနံ ဟု ရှုနေပါ။

ထိုနိဗ္ဗာန်အာရုံ၌ ဘာဝနာစိတ်သည် တစ်နာရီ နှစ်နာရီစသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်၍ တည်နေအောင် ကြိုးစားပါ။ တစ်နာရီ နှစ်နာရီခန့် ငြိမ်ဝပ်စွာ ကပ်၍တည်နေပါက နီဝရဏများ ကွာလျက် ဥပစာရသမာဓိသို့ ဆိုက်လေပြီ။ ဈာန်အင်္ဂါ ငါးပါးတို့လည်း ထင်ရှားလာပေလတ္တံ့။

ဥပသမ အမည်ရသော နိဗ္ဗာန်တရားတော်မြတ်၏ ဂုဏ်တော်တို့၏ အလွန်နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း, အထူးအထူး အပြားပြား များလှစွာသော နိဗ္ဗာန်တရားတော်မြတ်၏ ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့် နိဗ္ဗာန်အာရုံ၌ စုပ်စုပ်နှစ်နှစ် သက်ဝင်ဆုံးဖြတ်၍ လေးမြတ်ယုံကြည်သည်၏ အဖြစ်ကြောင့်လည်းကောင်း အပ္ပနာဈာန်သို့ မရောက်မူ၍ ဥပစာရသို့သာလျှင် ရောက်သော ဥပစာရဈာန်သည် ဖြစ်ပေါ်လာ၏။ ထိုဥပစာရဈာန်သည် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်၏ တဏှာစသော ကိလေသာ အပူမီးတို့မှ ငြိမ်းအေးမှု ဥပသမဂုဏ်ကို အဖန်ဖန် အောက်မေ့သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသောကြောင့် **ဥပသမာနုဿတိ** ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်ရှိပေ၏။ (ဝိသုဒ္ဓိ-၁-၂၈၅-၂၈၆။)

အခြားအခြားသော နိဗ္ဗာန်၏ ဂုဏ်ပုဒ်တို့ကို အာရုံယူ၍လည်း ပုံစံတူပင် ရှုနိုင်ပေသည်။

ဤဥပသမာနုဿတိကို ပွားများအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်စက်ရ၏။ ချမ်းသာစွာ အိပ်ရာမှ နိုးရ၏၊ ငြိမ်သက်သော ဣန္ဒြေရှိ၏၊ ငြိမ်သက်သော စိတ်ထားရှိ၏၊ ရှက်မှုကြောက်မှု ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံ၏၊ ကြည်ညိုဖွယ်ရှိ၏၊ နိဗ္ဗာန်အာရုံ၌ စုပ်စုပ်နှစ်နှစ် စွဲစွဲမြဲမြဲ သက်ဝင်ဆုံးဖြတ်၍ လေးမြတ်ယုံကြည်သည်၏ အဖြစ်ကြောင့် မွန်မြတ်သော နှလုံးသွင်းဓာတ်ခံရှိ၏၊ သီတင်းသုံးဖော်တို့က အလေးဂရုပြုအပ်၏၊ သီတင်းသုံးဖော်တို့၏ စိတ်နှလုံး၌ ကုသိုလ်တရားကိုလည်း တိုးပွားစေတတ်၏၊ အထက်အထက်ဖြစ်သော အရိယမဂ်ဖိုလ် တရားထူး တရားမြတ်ကို ထိုးထွင်းမသိနိုင်သော် မထိုးထွင်းနိုင်သော် သုဂတိဘုံဘဝလျှင် လည်းလျောင်းရာ ရှိ၏။ (ဝိသုဒ္ဓိ-၁-၂၈၆။)

ထိုသို့ များစွာသော အကျိုးရှိသည်၏ အဖြစ်ကြောင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွား၌ ထောက်တွေးဆင်ခြင် မြော်မြင်တတ်သော ပညာရှိသူတော်ကောင်းသည် ဤသို့ ကြီးမားများပြားသော အကျိုးအာနိသင်ရှိသောဖြူစင်မြင့်မြတ်သည့်အရိယာသူတော်ကောင်းတို့၏ ဖြူစင်မြင့်မြတ်သော ဥပသမအမည်ရသော

ပူပန်ခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်တရားတော်မြတ်၌ အဖန်ဖန် အောက်မေ့ခြင်း ဥပသမာနုဿတိကို စင်စစ် မမေ့မလျော့ မပေါ့မဆသည့် အပ္ပမာဒတရား လက်ကိုင်ထားလျက် ပွားများအားထုတ်လေရာ၏။

(ဝိသုဒ္ဓိ-၁-၂၈၆။)

အရိယာသူတော်ကောင်းတို့သည် ဖလသမာပတ်ကို ဝင်စားတော်မူကြကုန်လျက် ပူပန်ခပ်သိမ်းမှ အငြိမ်းကြီးငြိမ်းရာ အအေးကြီးအေးရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်၏ သန္တိသုခ အငြိမ်းဓာတ် အရသာထူးကြီးကို သုံးဆောင်ခံစားတော်မူကြကုန်၏။ တစ်ဖန် ထိုပူပန်ခပ်သိမ်းမှ အငြိမ်းကြီးငြိမ်းရာ အအေးကြီးအေးရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကြီး၏ ပူပန်ခပ်သိမ်းမှ အငြိမ်းကြီးငြိမ်း အအေးကြီးအေးသည် ဥပသမဂုဏ်ကို အာရုံပြု၍ အငြိမ်းကြီးငြိမ်း အအေးကြီးအေးသည့် ချမ်းသာသုခထူးကြီးကို ဥပသမာနုဿတိကမ္မဋ္ဌာန်းဘာဝနာဖြင့် ထပ်မံ ခံစားတော်မူကြပြန်ကုန်၏။ ငြိမ်းရာ၌ ငြိမ်းသထက် ငြိမ်းသည့် အေးရာ၌ အေးသထက် အေးသည့် ချမ်းသာ သုခထူးကြီးကို အနှစ်သာရ ဘာမျှရှာမရသော ခန္ဓာကိုယ်အတွင်းမှ သမထ ဝိပဿနာ ဘာဝနာဟူသော အနှစ် ကို ထုတ်ယူလျက် သန္တိသုခ ဥပသမသုခ အရသာထူးကြီးကို သုံးဆောင်ခံစားသွားတော်မူကြခြင်း ဖြစ်၏။

အသင်သူတော်ကောင်းသည်လည်း ဘုရားအစရှိသော အရိယာသူတော်ကောင်းကြီးတို့၏ထုံးကို နှလုံး မူ၍ အနှစ်သာရ ဘာမျှရှာမရသော အသင်သူတော်ကောင်း၏ ခန္ဓာကိုယ်အတွင်းမှ သမထဝိပဿနာဟူသော ဘာဝနာအနှစ်တို့ကို ထုတ်ယူလျက် ပူပန်ခပ်သိမ်းမှ အငြိမ်းကြီးငြိမ်း အအေးကြီးအေးသည့် နိဗ္ဗာန်တရားတော် မြတ်ကြီး၏ သန္တိသုခအငြိမ်းဓာတ် အရသာကြီးကို ဖလသမာပတ်ကို ဝင်စားလျက် သုံးဆောင်ခံစားနိုင်ပါစေ သတည်း။ ထိုသန္တိသုခနိဗ္ဗာန်တရားတော်မြတ်ကြီး၏ ပူပန်ခပ်သိမ်းမှ ငြိမ်းအေးသည့် ဥပသမဂုဏ်ကို အာရုံယူ၍ ဥပသမာနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက် ငြိမ်းသထက်ငြိမ်း အေးသထက်အေးသည့် ဥပသမသုခ ထူးကြီးကိုလည်း သုံးဆောင်ခံစားနိုင်ပါစေသတည်း။

**သမထကမ္မဋ္ဌာန်းပိုင်း ပြီး၏။**

## နိဗ္ဗာနဂါမိနိပဋိပဒါ – ပဉ္စမတွဲ ပြီး၏။

| | |
|---|---|
| သာသနာတော်သက္ကရာဇ် -၂၅၃၈ - ခု၊ | ဖားအောက်တောရဆရာတော် |
| ကောဇာသက္ကရာဇ် - ၁၃၅၆ - ခု၊ | စိတ္တလတောင်ကျောင်း |
| ပြာသိုလဆန်း (၇) ရက်၊ | ဖားအောက်တောရ |
| စနေနေ့ - ညနေ (၄) နာရီ - ပြီးဆုံးသည်။ | |

# နိဗ္ဗာနဂါမိနိပဋိပဒါ – ပဉ္စမတွဲ

## မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကျိုးအာနိသင် (၈)ပါးဖြင့် ခြံရံအပ်သော ဘင်္ဂါနုပဿနာဉာဏ် | 308 |
| အကျိုးဂုဏ်အင် အာနိသင် | 295, 266, 541 |
| အကျုံးဝင်နိုင်ပုံ | 44 |
| အကြောင်း ဥပါယ်တံမျဉ် | 7 |
| အခက်အခဲတစ်ရပ် | 68 |
| အချင်းချင်း ထောက်ဆ၍ ထောက်ဆ၍ သြဠာရိက သုခုမ ယူပုံ | 40 |
| အချို့သော ယောဂါဝစရပုဂ္ဂိုလ်များ၌ ဖြစ်တတ်ပုံ | 587 |
| အချုပ်မှတ်သားရန် | 285 |
| အဃတော | 85 |
| အဃမူလတော | 92 |
| အစောင့်လေးပါး ကမ္မဋ္ဌာန်း | 543 |
| အဆင့်ဆင့် သာလွန်မြင့်မြတ်ပုံ | 614 |
| အဇ္ဈတ္တဒုက္ခသုတ္တန် | 10 |
| အဇ္ဈတ္တာနတ္တသုတ္တန် | 10 |
| အဇ္ဈတ္တာနိစ္စသုတ္တန် | 10 |
| အဇ္ဈတ္တံ ရူပသညီ - ဟု ဟောတော်မူခြင်း | 570 |
| အဋ္ဌ အာကာရ = အဋ္ဌကောဋ္ဌိက- သုညတာနုပဿနာ | 354 |
| အဋ္ဌကထာကြီးများ၏ သတ်မှတ်ချက် | 73 |
| အဋ္ဌကထာကြီးများနှင့် နှီးနှောမိပါသည် | 234 |
| အဋ္ဌကထာဆရာတော်တို့ နှစ်သက်တော်မူသော ဝါရ | 416, 419 |
| အဋ္ဌသာလိနီ အဋ္ဌကထာ၏ သုံးသပ်ချက် | 415 |
| အဋ္ဌိက | 635 |
| အတ္တ | 49 |
| အတ္တ အတ္တနိယ သုညတ | 352 |
| အတမ္မယတာ | 437 |
| အတာဏတော | 90 |
| အတိပ္ပိယသဟာယက | 618 |
| အတိဟရဏ | 137 |
| အတိတ်, အနာဂတ်, ပစ္စုပ္ပန် | 58 |
| အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး၌ ဝိပဿနာရှုပုံ | 22 |
| အထူးသတိပြုရန်အချက် | 22, 580 |
| အထက်မဂ် သုံးပါးတို့ ပဝတ္တမှ ထပုံ | 453 |
| အဒ္ဓါပစ္စုပ္ပန် | 101 |
| အဒ္ဓုဝတော | 78 |
| အဓိဋ္ဌာယကအတ္တ | 16 |
| အဓိပညာဓမ္မဝိပဿနာ | 165, 517 |
| အဓိပတေယျဋ္ဌ | 509 |
| အဓိပ္ပါယ်ယူဆပုံ | 175 |
| အဓိမောက္ခ = သဒ္ဓါဓိမောက္ခ | 259 |
| အနတ္တ အခြင်းအရာ | 134 |
| အနတ္တတော | 97 |
| အနတ္တလက္ခဏသုတ္တန် ဒေသနာတော် | 112 |
| အနတ္တလက္ခဏသုတ္တန်ဒေသနာတော် မြန်မာပြန် | 114 |
| အနတ္တလက္ခဏာ | 15 |
| အနတ္တလက္ခဏာ (၅) ချက် | 96 |
| အနတ္တဟု ရှုပုံ | 346 |
| အနတ္တာ အသာရကဋ္ဌေန | 49 |
| အနတ္တာနုပဿနာဉာဏ် | 516 |
| အနတ္တာနုပဿနာ = သုညတဝိမောက္ခ | 377 |
| အန္ဓကာရ | 401 |
| အနန္တအာကာသ | 602 |
| အနာသဝဝေဒနာ | 39 |
| အနိစ္စအခြင်းအရာ | 131 |
| အနိစ္စတော | 77 |

အနိစ္စလက္ခဏာက စ၍ ရှုပုံ 13
အနိစ္စလက္ခဏာ (၁၀)ချက် 76
အနိစ္စသုတ္တန် 129
အနိစ္စဟု ရှုပုံ 344
အနိစ္စာနုပဿနာ = အနိမိတ္တဝိမောက္ခ 374
အနိစ္စာနုပဿနာဉာဏ် 516
အနိစ္စာနုပဿနာ ပရိယာယ် 51
အနိစ္စာနုပဿီ 322, 326
အနိစ္စံ 51
အနိန္ဒြိယဗဒ္ဓ 143
အနိမိတ္တာနုပဿနာ 161, 517
အနုပဒဓမ္မဝိပဿနာ 110, 457
အနုပါဒိန္နက ပက္ခ 59
အနုပါဒိန္နက ဝုဋ္ဌာန = အနုပါဒိန္နက
ခန္ဓာအစဉ်မှ ထပုံ 448
အနုပ္ပါဒနိရောဓ 196
အနုလောမပဋိစ္စသမုပ္ပါဒ် 239
အနုလောမိကာခန္တိ 129, 130
အနုလုံ 434
အနုလုံ ဂေါတြဘု ဝေါဒါန် 442
အနောဓိသောဖရဏာ မေတ္တာ 623
အန္ဝယဉာဏ်ဖြင့် မှန်းဆရှုပုံ 297
အနှစ်တစ်ရာဟူသည် 135
အပ္ပဏိဟိတ အမည်ရပုံ 381
အပ္ပဏိဟိတာနုပဿနာ 161, 164, 517
အပ္ပနာကမ္မဋ္ဌာန်း 544
အပ္ပမညာတရား (၄) ပါး 3
အပ္ပိစ္ဆပုဂ္ဂိုလ် D, K
အပ္ပိယပုဂ္ဂလ 616
အပရိဇာနနသုတ္တန် 106
အဖြစ်သက်သက် ရှုနည်း 197
အဗ္ဗျာတဓမ္မ 427
အဘိနိဝေသနှင့် ဝုဋ္ဌာန အမျိုးအစား 391
အဘိပ္ပမောဒယံ စိတ္တံ 316
အဘိဘာယတနစျာန် 562
အမတဋ္ဌ 507
အမတရသံ ကာယဂတာသတိ ဘောဇနံ 402
အမှတ် (၁) ပုဂ္ဂိုလ် 566
အမှတ် (၂) ပုဂ္ဂိုလ်မှ အမှတ် (၈) ပုဂ္ဂိုလ် 568
အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပုံ 61
အရဟတ္တမဂ်ကို ရရှိမည့် အချိန် 193
အရိယပုဂ္ဂိုလ် (၇) မျိုး - ဝေဖန်ပုံ 384
အရိယမဂ်ခဏ၌ ဗောဓိပက္ခိယတရား
(၃၇) ပါး ဖြစ်ပုံ 479
အရိယမဂ်ဉာဏ်၏အမည်များ ရရှိပုံ 422
အရိယမဂ်တရားက ပယ်ရှားသည့်ကိလေသာ 490
အရိယမဂ် ဟုတ်သည် မဟုတ်သည်ကို
ပိုင်းခြားမှတ်သားခြင်း 263
အရူပနိဗ္ဗတ္တိပဿနာကာရ 106
အရူပသတ္တက ဝိပဿနာ ရှုနည်း 144
အရူပဿ နိဗ္ဗတ္တိ 108
အရေးအကြီးဆုံးသော အချိန် 362, 426
အရိုးစုကမ္မဋ္ဌာန်း 557
အရိုးစု ကမ္မဋ္ဌာန်း (၂) မျိုး 560
အရှင်အဿဇိမထေရ် 120
အရှင်အာနန္ဒာကိုယ်တော်မြတ်ကြီး 121
အရှင်ပုဏ္ဏ 121
အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး 119
အရှင်သာရိပုတ္တကိုယ်တော်မြတ်ကြီး 120
အရှည်တည်တံ့ရန် အကြောင်း သုံးမျိုး 531
အလေဏတော 91
အလင်းရောင်ကသိုဏ်း 597
အလုပ်အကျွေး သာမဏေ 554
အဝသဝတ္တနဋ္ဌေန အနတ္တာ 153
အဝသဝတ္တိတော 134
အဝသဝတ္တိဘာဝ 242
အဝါရောင်ကသိုဏ်း 589
အဝိဇ္ဇာနိရောဓာ ရူပနိရောဓော 193
အဝိဇ္ဇာနှင့် ဝိဇ္ဇာ 460
အဝိညာဏကအသုဘ 62
အဝိညာဏက အသုဘကမ္မဋ္ဌာန်း (၁၀)မျိုး 635
အသင်္ခတဋ္ဌ 507

အသရဏတော 91
အသာမိကတော 134
အသာရကတော 79
အသိစိတ် မချုပ်ပါ 528
အသိဉာဏ်၌ မထင်လာသောတရားများ 127
အသုစိ 71
အသုဘ 62
အသုဘ ဘာဝနာ 58
အသုဘဟု ရှုပုံ 346

[အာ]

အာကာသကသိုဏ်း 599
အာကာသာနဉ္စာယတနစျာန် 601
အာကိဉ္စညာယတနစျာန် 607
အာဂမန 422
အာဒါနနိက္ခေပနအားဖြင့် ရှုနည်း 131
အာဒီနဝတော 92
အာဒီနဝါနုပဿနာ 71, 637
အာဒီနဝါနုပဿနာဉာဏ် 334, 517
အာနန္ဒသုတ္တန် ဒေသနာတော် 121
အာနန္ဒသုတ္တန် မြန်မာပြန် 121
အာနာပါနဿတိ၏ အကျိုးဂုဏ်အင်
အာနိသင် 537
အာပေါကသိုဏ်း = ရေကသိုဏ်း 594
အာဗာဓတော 87
အာယတန (၁၂) ပါးနည်း 52
အာယူဟနဠ 504
အာရမ္မဏ 422
အာလောကကသိုဏ်း 597
အာဝဇ္ဇနဖလ 302
အာဝဇ္ဇနုပေက္ခာ 260
အာဝဇ္ဇန်း၏ ထက်မြက်မှု 261
အာဝေဏိက 513
အာဟာရမယရုပ် - ရှုနည်း 139

[ဣ]

ဣတိဝုတ္တက 427
ဣတ္ထိဘာဝ 30
ဣန္ဒြိယ်ပါဒ် လေးပါး 476
ဣန္ဒြေ ငါးပါး 477
ဣန္ဒြေထက်မြက်ကြောင်းတရား (၉) ပါး 101
ဣရိယာပထ - ရှုကွက် 276, 328, 363

[ဤ]

ဤတိတော 88
ဤ၌ ဆိုလိုသော သဘောတရား 173

[ဥ]

ဥဂ္ဂဟနိမိတ် 555
ဥဏှ 401
ဥတုဇသြဇဋ္ဌမကရုပ် 601
ဥတုမယရုပ် - ရှုနည်း 140
ဥဒယတ္ထဂါမိနိယာ I
ဥဒယဗ္ဗယ အကျယ် ရှုပွားနည်း 187
ဥဒယဗ္ဗယဒဿန (၂) မျိုး 167
ဥဒ္ဓရဏ 137
ဥဒ္ဒုမာတက 635
ဥဒါန 427
ဥပက္ကိလေသ 1
ဥပက္ကိလေသနှင့် ဥပက္ကိလေသဝတ္ထု 262
ဥပက္ကိလေသမှ လွတ်မြောက်သွားသော
ဥဒယဗ္ဗယဉာဏ် 267
ဥပစာရ 434
ဥပစာရကမ္မဋ္ဌာန်း 544
ဥပဋ္ဌာန = ဝိပဿနာသတိ 259
ဥပတ္ထမ္ဘကအကြောင်း 80
ဥပတိဿပရိပုစ္ဆာ 120
ဥပဒ္ဒဝတော 87
ဥပမာ (၁၂) ရပ် 397
ဥပမာ ဥပမေယျ နှီးနှောချက် 500
ဥပသဂ္ဂတော 89
ဥပသမဂုဏ် 644
ဥပသမသုခ 644

ဥပသမာနုဿတိကမ္မဋ္ဌာန်း 642
ဥပါဒါယုပါဒါယ 32
ဥပါဒိန္နက ဝုဋ္ဌာန = ဥပါဒိန္နက ခန္ဓာအစဉ်မှ
ထပုံ 449
ဥပါယာသဓမ္မတော 95
ဥပ္ပါဒ - ဌီတိ - ပဝတ္တ 279
ဥပ္ပါဒနိရောဓ 196
ဥပ္ပါဒဝယပဋိပီဠနဋ္ဌေန ဒုက္ခာ 155
ဥပေက္ခာ 260
ဥပေက္ခာဘာဝနာ 629
ဥပါဒ်-ဌီ-ဘင် 25
ဥဘတောဘာဂဝိမုတ္တ 387
ဥဘတောဝုဋ္ဌာန - မဂ်ဉာဏ် 485

[ ဧ ]

ဧကဂ္ဂတာ 558
ဧကတ္တ 509
ဧကတ္တနည်း 146, 240
ဧကဒေသ 24
ဧကပဋိဝေဓဒဿန 510
ဧကဗီဇီ 450
ဧကာသညာ 540
ဧကာဝဝတ္ထာန 540
ဧဝံဓမ္မတာနည်း 242

[ ဩ, အောင် ]

ဩကာသ 555
ဩဒါတကသိုဏ်း 572
ဩဒါတံ 567
ဩမိသောဖရဏာ မေတ္တာ
စေတောဝိမုတ္တိ (၇) မျိုး 624
ဩဘာသ = အရောင်အလင်း 1, 251
ဩဠာရိက 29
ဩဠာရိကရုပ် - သုခုမရုပ် 29
ဩဠာရိက ဝေဒနာ - သုခုမ ဝေဒနာ 34
ဩဠာရိက သုခုမ ခွဲပုံ 41
အောင်မြင်မှု ရရှိနေသော ကျင့်စဉ် 640

[က]

ကဏှသပ္ပ = မြွေဟောက် 398
ကမ္မဋ္ဌာန်း (၄၀) 540
ကမ္မဋ္ဌာန်း အမျိုးအစား 540
ကမ္မဇရုပ် - ရှုနည်း 140
ကရဇကာယ 601
ကရုဏာဘာဝနာ 627
ကလာပအားဖြင့် ရှုနည်း 144
ကလာပသမ္မသန 101, 110, 120
ကလာပသမ္မသန ခေါ် နယဝိပဿနာ 1
ကဿစိ ကိဉ္စနတသ္မိံ 351
ကသိဏဖုဋ္ဌောကာသ 603
ကသိဏဝိဝိတ္တာကာသ 603
ကသိဏုဂ္ဃါဋိမာကာသ 603
ကာယအကြည် 29
ကာယဂတာသတိသုတ္တန် 72
ကာယဝိဝေက E
ကာယသက္ခီ 387
ကာယာနုပဿနာ 21, 55
ကာယိကဒုက္ခဝေဒနာ 133
ကာယိကသုခဝေဒနာ 133
ကာရကအတ္တ 15
ကာလကတ 618
ကိလေသာ ခေါင်းပါးမှု 469
ကုက္ကုစ္စ B
ကုဋေတစ်သိန်း 105, 132
ကေစိဝါဒကို ချေပချက် 527
ကောဋ္ဌာသ 545
ကောလံကောလ 450
ကောင်းကင်ကသိုဏ်း 599
ကိံသုကောပမသုတ္တန် 396
ကိုယ့်တွက်ကိုယ်တာ ကျင့်ကြံပါ 100
ကြောက်မက်ဖွယ် ဘယသဘောအားဖြင့်
ထင်ပုံ 332
ကြွ - ဆောင် - လွှဲ - လွှတ် - ချ - ဖိ 137
ကြွင်းဥပမာ (၆) ရပ် 401

## [ ခ ]


ခဏတော ဥဒယဒဿန 237
ခဏတော ဥဒယဗ္ဗယဒဿန F
ခဏတော ဝယဒဿန 237
ခဏပစ္စုပ္ပန် 101
ခဏဘင်္ဂနိရောဓ 197
ခဏိကအားဖြင့် ရှုနည်း 149
ခန္ဓာ (၅) ပါး ရှုနည်း 25
ခန္ဓာအစဉ်မှ ထပုံ 448
ခယဒဿန 102
ခယဓမ္မံ 51
ခယဝယဒဿန 104
ခယာနုပဿနာ 159
ခယာနုပဿနာဉာဏ် 516
ခိပ္ပါဘိညာ 415
ခုဒ္ဒ 401
ခုနစ်ဘဝ အယူအဆ 449
ချုပ်မှုဟူသည် 283
ခွာနိုင် ပယ်နိုင်သည် 300
ခြွင်းချက် အနည်းငယ် 67


## [ ဂ ]


ဂဏ္ဍတော 85
ဂတပစ္စာဂတိက ဝတ် 125
ဂန္ဓာရုံ 20
ဂါထာ 427
ဂါဟတရား 262
ဂိရိမာနန္ဒသုတ္တန် 62
ဂေယျ 427
ဂေါတြဘုဉာဏ် 484
ဂေါ = နွား 400


## [ ဃ ]


ဃရံ = အိမ် 399
ဃာနအကြည် 29


## [ င ]


ငြိမ်နေတတ်ပုံ 361


## [ စ ]


စက္ခုအကြည် 29
စက္ခုဒွါရဝီထိ - မဟာကုသိုလ် ဒုတိယဇော 209
စက္ခုဝိညာဏ် - ရူပက္ခန္ဓာ၌ ဝယရှုပုံ 214
စက္ခုဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 206
စက္ခုဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 216
စက္ခုဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 205
စက္ခုဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 214
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ 206
စက္ခုဝိညာဏ် - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ 215
စက္ခုဝိညာဏ် - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 205
စက္ခုဝိညာဏ် - သညာက္ခန္ဓာ၌ ဝယရှုပုံ 215
စတုကောဋိကာ သုညတာနုပဿနာ 350
စတုတ္ထ စတုက္က 321
စတုတ္ထဈာန်သို့ 585
စတုတ္ထမဂ်ဖိုလ် = အရဟတ္တမဂ်ဖိုလ် 472
စတုတ္ထ - လက္ခဏပဋိဝေဓ ဝါရ 418
စတုရာရက္ခ ကမ္မဋ္ဌာန်း 543
စတုသန္တတိရုပ် 139
စရိုက်နှင့် လျော်စွာ ဟောကြားတော်မူပုံ 569
စလတော 78
စလံ 77
စိတ္တ ပဋိသံဝေဒီ 314, 315
စိတ္တဝိဝေက E
စိတ္တဝိသုဒ္ဓိ E
စိတ္တသင်္ခါရ ပဋိသံဝေဒီ 313, 314
စိတ္တသမုဋ္ဌာန်ရုပ် 139
စိတ္တသမုဋ္ဌာန်ရုပ် - ရှုနည်း 140
စိတ္တာနုပဿနာ 21, 55
စိတ္တာနုပဿနာ သတိပဋ္ဌာန် 57
စီဝရသန္တောသ C
စူဠရာဟုလောဝါဒသုတ္တန် 53
စေတိယပဗ္ဗတဝါသီ မဟာတိဿထေရ် 60

စေတောဝိမုတ္တိ 623, 624, 625
စောဒနာဖွယ် အချက်များ 510
စဉ်းစားရန် အချက်များ 172
စိတ်ဓာတ်၏ ထက်မြက်သော စွမ်းအင်သတ္တိ 549
စိတ်တစ်ခုတည်းကိုပင် ရှုရမည်လော? 321

[ ဆ ]

ဆကောဋ္ဌိက - ဆဟာကာရ-
သုညတာနုပဿနာ 353

[ ဇ ]

ဇနကအကြောင်း 80
ဇရာ 71
ဇရာဓမ္မတော 94
ဇာတက 427
ဇာတိ = ဇာတ်၏ အစွမ်းဖြင့် သြဋ္ဌာရိက
သုခုမ ဖြစ်ပုံ 34
ဇာတိဓမ္မတော 94
ဇိဝှါအကြည် 29
ဇီဝိတနဝကကလာပ် 21
ဇီဝိတိန္ဒြေ 638

[ ဈ ]

ဈာနလာဘီ 6
ဈာနဝိဘင်းအဖွင့် 235
ဈာန်အင်္ဂါ ငါးပါး 558, 583, 619

[ ဉ ]

ဉာဏ 286
ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ 463
ဉာဏ = ဝိပဿနာဉာဏ် 256
ဉာတ 286
ဉာတပရိညာ 513
ဉာဏ် (၁၀) ပါး 339
ဉာဏ်၏ အာနုဘော် ကြီးမားပုံ 108

[ တ ]

တတိယ စတုက္က 314
တတိယဈာန်သို့ 585
တတိယတ္ထေရဝါဒ 409
တတိယ - ပစ္စယပရိဂ္ဂဟ ဝါရ 418
တတိယမဂ်ဉာဏ်ပိုင်း 471
တထာဂတ အမည်ရတော်မူခြင်း J
တဒါရုံ 147, 148
တဒင်္ဂနိရောဓ 196
တဒင်္ဂပဟာန် 325, 516
တယော ဥပဋ္ဌာနေ 306
တရားကိုယ် အနက်သဘောတူသော
ဉာဏ်သုံးပါး 341
တရားကိုယ် ကောက်ယူပုံ 481
တရုဏဝိပဿနာ 148
တရုဏ ဝိပဿနာဉာဏ် 245
တိက္ခပညပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ 389
တိပိဋကစူဠနာဂမထေရ် 405
တိပိဋကစူဠနာဂမထေရ်၏ဝါဒ၌ စိစစ်ချက် 410
တိပိဋက စူဠာဘယမထေရ် 405
တိပိဋကစူဠာဘယမထေရ်၏ဝါဒ၌ စိစစ်ချက် 413
တီရဏ ပရိညာ 513
တုစ္ဆတော 98
တူညီပုံကို ဤသို့ သဘောပေါက်ပါ 185
တေဇော 596
တေဇောကသိုဏ်း 595
တေပရိဝဋ္ဋမ္မ 124
တေဘူမက ကမ္မဋ္ဌာနိက ပုဂ္ဂိုလ်မြတ်ကြီး 395
တော (၄၀) ရှုကွက် 76
တစ်ကြိမ်သာပြန်လာသူ 470
တဒ္ဓာပညတ် 273
တွန့်လိပ်သော စိတ်ထားရှိသူ 404

[ ထ ]

ထင်ရှားရာ လွယ်ကူရာက စပါ 6
ထပ်မံ ရှင်းလင်းချက် 231, 451

[ ဒ ]

ဒန္ဓာဘိညာ 415
ဒသဟာကာရ = ဒသကောဋ္ဌိက
သုညတာနုပဿနာ 354
ဒဿနဠ္ဌ 509
ဒဿနသစ္ဆိကိရိယာ 519
ဒသုတ္တရသုတ္တန် 441
ဒါရက = သူငယ် 401
ဒိဋ္ဌ - အဒိဋ္ဌ တရား 320
ဒိဋ္ဌိဥဇ္ဇုကမ္မနိ 152
ဒိဋ္ဌိဥဇ္ဇုကမ္မနိ = ဒိဋ္ဌိကို ခွာသောအားဖြင့်ရှုနည်း 151
ဒိဋ္ဌိပ္ပတ္တ 387
ဒိဗ္ဗစက္ခုအဘိညာဏ် A,B
ဒိသ 555
ဒိသာကာက - ကျီး 372
ဒိသာဖရဏာ မေတ္တာ 625
ဒီယဘာဏက 65
ဒုက္ခအခြင်းအရာ 133
ဒုက္ခတော 82
ဒုက္ခဒုက္ခ 15, 50, 133
ဒုက္ခပဋိပဒါ 415
ဒုက္ခလက္ခဏာ 15
ဒုက္ခလက္ခဏာ (၂၅) ချက် 81
ဒုက္ခသစ္စာ 237
ဒုက္ခသစ္စာအနက် (၄) ချက် 501
ဒုက္ခ - သာမိသ - သင်္ခါရ 337
ဒုက္ခဟု ရှုပုံ 344
ဒုက္ခာနုပဿနာဉာဏ် 23, 516
ဒုက္ခာနုပဿနာ = အပ္ပဏိဟိတဝိမောက္ခ 376
ဒုက္ခာ မုစ္စန္တု 629
ဒုက္ခံ ဘယဋ္ဌေန 49
ဒုဂ္ဂန္ဓ 71
ဒုတိယ စတုက္က 310
ဒုတိယဈာန်သို့ 584
ဒုတိယတ္ထေရဝါဒ = သမ္မသိတဈာနဝါဒ 408
ဒုတိယ - နာမရူပဝဝတ္ထာပန ဝါရ 417
ဒုတိယမဂ်ဉာဏ်ပိုင်း 469
ဒုဗ္ဗလဘာဇနူပမာ 310
ဒူရ 29
ဒူရရုပ် - သန္တိကရုပ် 31
ဒူရ - သန္တိက = အဝေး - အနီး 43
ဒွါစတ္တာလီသာအာကာရ-သုညတာနုပဿနာ 356
ဒွါဒသဟာကာရ သုညတာနုပဿနာ 355
ဒွါရ (၆) ပါး 2
ဒွိကောဋ္ဌိကာ သုညတာနုပဿနာ 349

[ ဓ ]

ဓမ္မဋ္ဌိတိဉာဏ် 439, 440
ဓမ္မတာရုပ် - ရှုနည်း 143
ဓမ္မာနုပဿနာ 55
ဓမ္မာနုပဿနာ သတိပဋ္ဌာန် 22, 57
ဓမ္မာနုသာရီ 387
ဓမ္မာရုံ 20
ဓာတုဝိဘင်္ဂသုတ္တန် 72, 551
ဓုဝသညာ 160
ဓာတ် (၁၈) ပါးနည်း 52
ဓာတ်လွန် - ဓာတ်ယုတ် 138

[ န ]

န စ (မမ) ကွစနိ 352
နတ္ထိ 607
နန္ဒကောဝါဒသုတ္တန်၌ 409
နမေသော အတ္တာ 124
နယဝိပဿနာ 110
နဝသိဝထိကပဗ္ဗ 70
နာနတ္တနည်း 240
နာနာဒိဋ္ဌိသု 308
နာမရူပဝဝတ္ထာနဉာဏ် 126
နာဟံ ကွစနိ 351
နိကန္တိပရိယာဒါန = တဏှာ (= နိကန္တိ)
ကုန်အောင် မဖြစ်အောင် ရှုနည်း 152
နိကန္တိ = ဝိပဿနာနိကန္တိ 261

နိဒါနဠ 504
နိပ္ပရိယာယ = မုချအားဖြင့် ယူပုံ -
 ပုဂ္ဂိုလ် (၇) မျိုး 386
နိဗ္ဗတ္တိလက္ခဏာ 104, 192
နိဗ္ဗာနဂါမိနိပဋိပဒါ H
နိဗ္ဗာန်သို့ ကြွသွားတော်မူရာ လမ်းရိုး
 လမ်းဟောင်းကြီး 126
နိဗ္ဗိဒါ 439
နိဗ္ဗိဒါနုပဿနာဉာဏ် 340, 516
နိဗ္ဗိဒါနုပဿနာဉာဏ် = နိဗ္ဗိန္ဒဉာဏ် 340
နိဗ္ဗေဓိကာယ I
နိဘာသ ရူပ 123
နိမိတ္တ 281, 282
နိမိတ္တနှင့် ပဝတ္တမှ ထပုံ ဖြတ်ထုံး 443
နိမိတ္တ ပဝတ္တမှ ထပုံ ဝုဋ္ဌာနပိုင်း 483
နိမိတ္တဝဍ္ဍနနယ = နိမိတ်ကို တိုးပွားအောင်
 ပြုလုပ်နည်း 576
နိမိတ်သုံးမျိုးနှင့် ဘာဝနာသုံးမျိုး 581
နိရာမိသ 22
နိရောဓ 282
နိရောဓ (၅) မျိုး 196
နိရောဓဓမ္မံ 51
နိရောဓသစ္စာ 237
နိရောဓသစ္စာအနက် (၄) ချက် 505
နိရောဓာနုပဿနာဉာဏ် 516
နိရောဓာနုပဿီ 325, 326
နိယတမိစ္ဆာဒိဋ္ဌိ 41
နိယျာနဠ 507
နိဝါသီ 49
နိဿရဏဠ 505
နီလကသိုဏ်း = အညိုရောင်ကသိုဏ်း 588
နီလံ 566
နေဝသညာနာသညာယတနစျာန် 610
နေသောဟမသ္မိ 124
နာမ်ခန္ဓာ လေးပါး 45
နာမ်တရားတို့၏ အသုဘာသဘော 72
နာမ်တရားများကို ဝိပဿနာ ရှုပုံ 17

[ ပ ]

ပက္ခန္ဒနပဋိနိဿဂ္ဂ 325
ပဂ္ဂဟ = ဝိပဿနာဝီရိယ 259
ပဂုဏ ဖြစ်လေပြီ 158
ပစလာယမာနသုတ္တန်တရားတော်မြတ်ကို 120
ပစ္စနီက 422
ပစ္စယအကြောင်း 80
ပစ္စယတော ဥဒယဒဿန 237
ပစ္စယတော ဥဒယဗ္ဗယဒဿန F
ပစ္စယတော ဝယဒဿန 237
ပစ္စုပ္ပန်ဟူသည် 168, 331
ပဉ္စဒွါရာဝဇ္ဇန်း - ရူပက္ခန္ဓာ၌ ဥဒယရှုပုံ 203
ပဉ္စဒွါရာဝဇ္ဇန်း - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 205
ပဉ္စဒွါရာဝဇ္ဇန်း - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ 204
ပဉ္စဒွါရာဝဇ္ဇန်း - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 204
ပဉ္စမ - နိကန္တိပရိယာဒါနဝါရ 418
ပညာဘာဝနာ၏ အကျိုးဂုဏ်အင် အာနိသင် 522
ပညာဘာဝနာ ပြည့်စုံနိုင်ပါသည် 110
ပညာဝိမုတ္တ 387
ပညာယ ဝိဝဋ္ဋနာ 302
ပညာယ သမန္နာဂတော I
ပဋိကူလ 59, 550
ပဋိကူလမနသိကာရ 552
ပဋိစ္စသမုပ္ပန္နံ 51
ပဋိနိဿဂ္ဂါနုပဿနာ 159
ပဋိနိဿဂ္ဂါနုပဿနာဉာဏ် 516
ပဋိနိဿဂ္ဂါနုပဿီ 325, 326
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ 267
ပဋိပဿဒ္ဓိနိရောဓ 197
ပဋိဘာဂနိမိတ် 556
ပဋိလောမပဋိစ္စသမုပ္ပါဒ် 239
ပဋိသင်္ခါနုပဿနာဉာဏ် 343, 517
ပဋိသန္ဓေကျိုးကို ပေးနိုင်သည့်
 သင်္ခါရုပေက္ခာမျိုး 424

ပဋိသန္ဓေ - ရူပက္ခန္ဓာ 197
ပဋိသန္ဓေ - ရူပက္ခန္ဓာ၌ ဥဒယ-ဝယ ရှုပုံ 222
ပဋိသန္ဓေ - ရူပက္ခန္ဓာ၌ ဝယရှုပုံ 211
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 200
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဥဒယ-ဝယရှုပုံ 225
ပဋိသန္ဓေ - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 213
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 198
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဥဒယ-ဝယ ရှုပုံ 223
ပဋိသန္ဓေ - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 212
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ 199
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဥဒယ-ဝယရှုပုံ 224
ပဋိသန္ဓေ - သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ 212, 213
ပဋိသန္ဓေ - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 199
ပဋိသန္ဓေ - သညာက္ခန္ဓာ၌ ဝယရှုပုံ 212
ပဋိသမ္ဘိဒါပတ္တ 125
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ အဆို 228
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏
 ဟောကြားတော်မူချက် 347, 489
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌
 ဟောကြားထားတော်မူပုံ 167, 250, 335
ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်များ 75
ပဋိစ္စသမုပ္ပါဒ် သဘောတရား ထင်ရှားလာပုံ 239
ပဋိပဒါ ကွဲပြားမှု တူညီမှု 420
ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ 442
ပဋိပဒါ (၄) မျိုး 415
ပဋိပါဋိ = အစဉ်အားဖြင့် ရှုနည်း 150
ပဏီတ 29
ပထမ စတုက္က 309
ပထမတ္ထေရဝါဒ - ပါဒကဈ္ဈာနဝါဒ 405
ပထမမဂ်ဉာဏ် = သောတာပတ္တိမဂ်ဉာဏ် 463
ပထမ - ရူပါရူပပရိဂ္ဂဟ ဝါရ 416
ပထဝီကသိုဏ်း = မြေကသိုဏ်း 591
ပပဉ္စတရား F
ပဘင်္ဂုတော 78
ပရတော 97
ပရနိမ္မိတဝသဝတ္တိ 42
ပရမတ္ထသရူပဘေဒနီကျမ်း (ကောက်နုတ်ချက်) 76
ပရမတ်တရားများ 284
ပရိကမ္မနိမိတ် 574
ပရိကမ္မဘာဝနာ 573
ပရိကမ္မဘာဝနာသညာ 573
ပရိကံ 434
ပရိစ္စာဂပဋိနိဿဂ္ဂ 325
ပရိညာဘိသမယ 513
ပရိဒေဝဓမ္မတော 95
ပလိဗောဓေ 505
ပလောကတော 77
ပဿဒ္ဓိ = ဝိပဿနာပဿဒ္ဓိ 256
ပဿမ္ဘယံ စိတ္တသင်္ခါရံ 313
ပဟာနပရိညာ 513, 514
ပဟာနာဘိသမယ 515
ပါရိသုဒ္ဓိပဓာနိယင်္ဂ 441
ပါရိဟာရိယကမ္မဋ္ဌာန်း = မူလကမ္မဋ္ဌာန်း 543
ပိဏ္ဍပါတသန္တောသ C
ပိပါသ 401
ပီတကသိုဏ်း 589
ပီတိ 558
ပီတိ ပဋိသံဝေဒီ 311
ပီတိ = ဝိပဿနာပီတိ 256
ပီတံ 566
ပီဠနဋ္ဌ 501
ပုဂ္ဂလဇ္ဈာသယ 364
ပုဂ္ဂလဇ္ဈာသယ ဈာနဝါဒ 409
ပုဂ္ဂိုလ် အမျိုးအစား 396
ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ 38
ပုဗ္ဗေ စ အဘိသင်္ခါရ 532
ပုရိသဘာဝ 30
ပုဋ္ဌုဝက 635
ပန်းပိတောက်နှင့် ငုရွှေဝါ 590
ပွားများအားထုတ်ပုံ အစီအစဉ် 625
ပွားများပုံ 617

[ ဖ ]

ဖလသမာပတ္တိကထာ 522
ဖလသမာပတ်မှ ထနိုင်ခြင်း၏
အကြောင်း နှစ်မျိုး 532
ဖေဏပိဏ္ဍူပမသုတ္တန် 105
ဖောဋ္ဌဗ္ဗာရုံ 20

[ ဗ ]

ဗလဝဝိပဿနာ 148
ဗဟိဒ္ဓလောကသို့ စိတ်ကို စေလွှတ်ကြည့်ပါ 549
ဗဟိဒ္ဓသို့ 559
ဗာဟိရဒုက္ခသုတ္တန် 10
ဗာဟိရာနတ္တသုတ္တန် 10
ဗာဟိရာနိစ္စသုတ္တန် 10
ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း 634
ဗောဇ္ဈင် ခုနစ်ပါး 477
ဗောဇ္ဈင် - မဂ္ဂင် - ဈာနင် - ပဋိပဒါ -
ဝိမောက္ခ - ထူးခြားမှု 404
ဗောဓိပက္ခိယတရား (၃၇) ပါး 474
ဗောဓိရာဇကုမာရသုတ္တန် 537
ဗိုလ် ငါးပါး 477
ဗျာဓိ 71
ဗျာဓိဓမ္မတော 94
ဗြဟ္မဝိဟာရ 540

[ ဘ ]

ဘင်္ဂဉာဏ်၏ မှတ်ကျောက် တစ်ခု 288
ဘင်္ဂါနုပဿနာဉာဏ်ဟူသည် 278
ဘင်္ဂါနုပဿနာဉာဏ်၏ အရှုခံ
ပရမတ်တရားများ 284
ဘဒ္ဒန္တမဟာနာမ မထေရ် 230
ဘယဉာဏ်၏ အရှုခံအာရုံတရား 333
ဘယဉာဏ်သည် ကြောက်တတ်ပါသလော? 330
ဘယဉာဏ်ဟူသည် 330
ဘယတော 88
ဘယနှင့် နန္ဒီ 359
ဘဝကို အဆုံးထား၍ ဟောကြားတော်
မူရခြင်း 177
ဘဝင် - ရူပက္ခန္ဓာ၌ ဉဒယရှုပုံ 200
ဘဝင် ရူပက္ခန္ဓာ စသည့် ရူပက္ခန္ဓာ၌ ဉဒယ-
ဝယရှုပုံ 226
ဘဝင် - ဝိညာဏက္ခန္ဓာ၌ ဉဒယရှုပုံ 203
ဘဝင် - ဝေဒနာက္ခန္ဓာ၌ ဉဒယရှုပုံ 201
ဘဝင် - သင်္ခါရက္ခန္ဓာ၌ ဉဒယရှုပုံ 202
ဘဝင် - သညာက္ခန္ဓာ၌ ဉဒယရှုပုံ 202
ဘာဝနာစိတ်သည် ငြိမ်ဝပ်စွာ သင်္ခါရအာရုံ၌
ကပ်၍ တည်နေခဲ့သော် 364
ဘာဝနာဘိသမယ 520
ဘာဝနာသစ္ဆိကိရိယာ 519
ဘာသာပြန်နှင့် အဓိပ္ပါယ် ရှင်းလင်းချက် 367
ဘိဇ္ဇိယမာနတိလူပမာ 310
ဘုရားရှင်၏ တိုက်တွန်းချက် ဉယျောဇဉ် 536
ဘူမိအမည် မရနိုင်သည့် ခန္ဓာ 495
ဘူမိလဒ္ဓုပ္ပန္န ကိလေသာ 492
ဘေသဇ္ဇသန္တောသ C

[ မ ]

မမ ကိသ္မိဉ္စိ ကိဉ္စနတတ္ထိ 352
မဂ္ဂသစ္စာ 238
မဂ္ဂသစ္စာအနက် (၄) ချက် 507
မဇ္ဈတ္တ 618
မဇ္ဈိမပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
မဇ္ဈေဒီပက E
မန္တာဏီပုဏ္ဏေးမ၏ သား 121
မန္ဒပညာပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ 389
မရဏ 71
မရဏဓမ္မတော = မစ္စု 80
မရဏဿတိ = မရဏာနုဿတိကမ္မဋ္ဌာန်း 638
မရဏံ 639
မလ္လကမထေရ်မြတ် 556
မလွဲသာ၍ အာရုံပြုရသည် 614

မဟာဋီကာ၏ ပြန်လည်ချေပချက် 229
မဟာဋီကာဆရာတော် 230
မဟာဋီကာဆရာတော်၏ သုံးသပ်ချက် 419
မဟာတိဿမထေရ် 60, 553
မဟာနာဂမထေရ် 254
မဟာနိဒါနသုတ် 196
မဟာပညပုဂ္ဂိုလ်၏ မဂ္ဂဝီထိ 444
မဟာပဒါနသုတ် 196
မဟာပုရိသဝိတက္က B, C, K
မဟာရာဟုလောဝါဒသုတ္တန် 72
မဟာဝိပဿနာ (၁၈) မျိုး 158, 516
မဟာသတိပဋ္ဌာနသုတ္တန် 72
မဟာသီဝမထေရ် 65
မဟာဟတ္ထိပဒေါပမသုတ္တန် 72
မဟိစ္ဆပုဂ္ဂိုလ် D, K
မာနုဥဂ္ဃါဋ္ဋန 151, 152
မာရာမိသတော 93
မိစ္ဆတ္တနိယတ 41
မီးကသိုဏ်း 595
မုချအားဖြင့် ယူပုံ 385
မုချနှင့် ပရိယာယ် 378
မုဉ္စိတုကမျတာဉာဏ် + ပဋိသင်္ခါ-
နုပဿနာဉာဏ် + သင်္ခါရုပေက္ခာဉာဏ် 441
မုဒိတာဘာဝနာ 628
မူလကမ္မဋ္ဌာန်း 543
မူလဋီကာ အဖွင့် 58
မေတ္တာစျာန်၏ အကျိုး (၁၁) ပါး 626
မေတ္တာဘာဝနာ 616
မေးမြန်းတတ်သော မေးခွန်းတစ်ရပ် 560
မေးမြန်းဖွယ် အချက် 384
မောရဝါပီဝါသီ မဟာဒတ္တမထေရ် 405
မောရဝါပီဝါသီ မဟာဒတ္တမထေရ်၏ ဝါဒ၌
စိစစ်ချက် 412
မည်သည့် ခန္ဓာ၌ ကိန်းသနည်း? 495
မျက်စိဖွင့်၍ ရှုကြည့်ပါ 363
မြတ်သောအသက်ရှင်ခြင်း 186
မှတ်သားထားရန် ထူးခြားချက် 504


[ ယ ]


ယက္ခိ = ဘီလူးမ 400
ယထာကမ္မူပဂဉာဏ် 259
ယထာဘူတဉာဏဒဿန 165, 517
ယထာလဒ္ဓ သမ္ပတ္တိတော 629
ယမက = အစုံအားဖြင့် ရှုနည်း 149
ယုဂနဒ္ဓနည်း 371
ယုဂနဒ္ဓသုတ္တန် 366
ယုတ္တိသာဓက ပါဠိတော် 499
ယေဘုယျ အကြံပေးချက် 216
ယောက်ျားမြတ်တို့၏ အကြံ C, K


[ ရ ]


ရသာရုံ 20
ရာဂကိုတိုက်ဖျက်ရေး 68
ရိတ္တတော 98
ရူပက္ခန္ဓာ 28
ရူပါရုံ 20
ရူပုပါဒါနက္ခန္ဓာ 111
ရူပက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 187
ရူပက္ခန္ဓာ၌ ခွဲ၍ ရှုပုံ 45
ရူပက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 187
ရူပသတ္တကရှုနည်း 131
ရူပါရုံလိုင်း - ပဉ္စဒွါရာဝဇ္ဇန်း -
ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 203
ရူပါရုံလိုင်း - မနောဒွါရဝီထိ -
မဟာကုသိုလ် ဒုတိယဇော ဝေဒနာက္ခန္ဓာ 209
ရောဂတော 84
ရံခါ အဇ္ဈတ္တ, ရံခါ ဗဟိဒ္ဓ 18, 19
ရံခါ ရုပ်တရား, ရံခါ နာမ်တရား 19
ရည်ညွှန်းချက် အာသီသ 540
ရုပ်-နာမ် တွဲ၍လည်း ရှုပါ 74
ရုပ်နာမ် နှစ်ပါးနည်းအားဖြင့် ရှုနည်း 9
ရုပ်ပရမတ်တရားတို့ကိုလည်း အသုဘရှုပုံ 70

ရှင်သေမင်း မမြင်နိုင်သူ 359
ရှုကွက်ပုံစံများ 287
ရှုစိတ်ဟူသည် 287
ရှုပုံစနစ် 52, 179
ရှုလို့ရနိုင်ပါသလား 105
ရှေ့စိတ် - နောက်စိတ် 145
ရှေးဟောင်းလမ်းရိုးကြီးသာ ဖြစ်သည် 110
ရှောင်ရှားသင့်သော အချက် 39

[ လ ]

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် 631
လက္ခဏဝဝတ္ထာန ဝါရ = အနိစ္စသမ္မသန,
ဒုက္ခသမ္မသန, အနတ္တသမ္မသန 47
လက္ခဏာ ငါးပါး ထင်ရှားလာပုံ 242
လက္ခဏာယာဉ် တင်ပါ 67, 180, 275
လက္ခဏာရေး သုံးတန် 9, 286, 382
လက္ခဏာရေး သုံးတန် မထင်မှု ထင်မှု 269
လိင်္ဂဝိသဘာဂ 618
လေးဆယ်နှစ်ပါးသော အခြင်းအရာ 358
လောကဥပမာ တစ်ရပ် 347
လောကဥပမာများ 331
လောကိယသစ္စိကိရိယာ 518
လောကီ လောကုတ္တရာ၏ အစွမ်းဖြင့်
ဩဠာရိက သုခုမ ဖြစ်ပုံ 39
လောကီဝေဒနာ 39
လောကုတ္တရာဝေဒနာ 39
လောဟိတက 635
လောဟိတကသိုဏ်း = အနီရောင်ကသိုဏ်း 590
လောဟိတံ 567
လိုရင်းအကျဉ်းချုပ်မှတ်သားရန် 156
လမ်းသုံးသွယ် 550
လုံးဝ မေတ္တာမပွားသင့်သော ပုဂ္ဂိုလ် 618
လုပ်ငန်းခွင်စတင်ပုံ 549
လွယ်ကူသော စနစ်တစ်ခု 56
လှုပ်ရှားမှု - ချောက်ချားမှု 38

[ ဝ ]

ဝဂ္ဂုလိ = လင်းနို့ 397
ဝဏ္ဏ 550, 555
ဝတ္ထုရုပ် 55
ဝတ္ထု + အာရုံ + ဖဿ 293
ဝတ္ထု + အာရုံ + ဝိညာဏ် 293
ဝတ္ထု + အာရုံ + ဝေဒနာ 293
ဝဓကတော 91
ဝယဓမ္မာနုပဿီဟူသည် 210
ဝယဓမ္မံ 51
ဝယာနုပဿနာဉာဏ် 517
ဝယောဝုမှတ္တဂ်မအားဖြင့် ရှုနည်း 135
ဝါယောကသိုဏ်း = လေကသိုဏ်း 597
ဝိက္ခမ္ဘနနိရောဓ 196
ဝိက္ခာယိတက 635
ဝိက္ခိတ္တက 635
ဝိစ္ဆိဒ္ဒက 635
ဝိစာရ 558
ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ - ပါဠိတော် 189
ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 189
ဝိညာဏဥ္စာယတနဈာန် 605
ဝိညာဏုပါဒါနက္ခန္ဓာ 111
ဝိညာဏံ 605
ဝိတက် 558
ဝိနီလက 635
ဝိပဿနာ အခိုက် သမုဒယ ချုပ်ပုံ 297
ဝိပဿနာပိုင်း အဝိညာဏကအသုဘ =
သေအသုဘ ရှုကွက် 64
ဝိပဿနာ မဟုတ်သေးသည်ကို သတိပြုပါ 83
ဝိပဿနာရှုသည့် ဉာဏ် 294
ဝိပဿနာ သုံးမျိုး 535
ဝိပဿနုပက္ကိလေသ (၁၀) ပါး 249
ဝိပဿနုပေက္ခာ 260
ဝိပရိဏာမဋ္ဌ 503
ဝိပရိဏာမဒုက္ခ 50, 133
ဝိပရိဏာမဓမ္မတော 79

ဝိပရိဏာမာနုပဿနာဉာဏ် 517
ဝိပ္ပကိရိယမာနသုခုမရဇ္ဇုပမာ 310
ဝိပုဗ္ဗက 635
ဝိဘဝတော 79
ဝိမောက္ခမုခ (၃) မျိုး 374
ဝိမောစယံ စိတ္တံ 318
ဝိရာဂဓမ္မ 51
ဝိရာဂါနုပဿနာဉာဏ် 516
ဝိရာဂါနုပဿီ 324, 326
ဝိဝဋ္ဋာနုပဿနာဉာဏ် 517
ဝိဝိတ္တံ 607
ဝိဝေကဋ္ဌ 507
ဝိသ 401
ဝိသဘာဂပရိစ္ဆေဒ 555
ဝိသယီ ဝိသယ 29
ဝီတိဟရဏ 137
ဝုဋ္ဌာနဂါမိနီဝိပဿနာ 388
ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အမည်များ 437
ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အာရုံ 390
ဝေဒက 49
ဝေဒနာက္ခန္ဓာ 28
ဝေဒနာက္ခန္ဓာ၌ ဉဒယရှုပုံ 203
ဝေဒနာက္ခန္ဓာ၌ ဉဒယရှုပုံ - ပါဠိတော် 187
ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 187
ဝေဒနာ တစ်ခုတည်းကိုပင် ရှုရမည်လော? 314
ဝေဒနာနုပဿနာ 55, 314
ဝေဒနာနုပဿနာ သတိပဋ္ဌာန် 55
ဝေဒနုပါဒါနက္ခန္ဓာ 111
ဝေဒလ္လ 427
ဝေယျာကရဏ 427
ဝေရီပုဂ္ဂလ 618
ဝေါဒါန် 442
ဝေါဿဇ္ဇန 137

**[ သ ]**

သက်မနာ 302
သင်္ခတဋ္ဌ 503
သင်္ခတတော 80
သင်္ခတံ 51
သင်္ခါရက္ခန္ဓာ 28, 43
သင်္ခါရက္ခန္ဓာ၌ ဉဒယရှုပုံ - ပါဠိတော် 188
သင်္ခါရက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 188
သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောဉာဏ် 342
သင်္ခါရဒုက္ခ 50, 133
သင်္ခါရဒုက္ခသည်သာ လိုရင်းဖြစ်သည် 50
သင်္ခါရာဝသေသသမာပတ် 610
သင်္ခါရုပါဒါနက္ခန္ဓာ 111
သင်္ခါရုပေက္ခာမျိုး 424
သဂုဏ 422
သစ္စကအမေး - ဘုရားရှင်အဖြေ 245
သစ္စ - ပဋိစ္စသမုပ္ပါဒ် - နယ -
လက္ခဏာတို့ ထင်ရှားပြီ 236
သစ္ဆိကိရိယာဘိသမယ 518
သစ္စာအနက် (၁၆) ချက် 501
သစ္စာနုလောမိကဉာဏ် 433
သစ္စာလေးပါးကို တစ်ပြိုင်နက် သိပုံ 497
သစ္စာလေးပါး ထင်ရှားပုံ 236
သညဂ္ဂ 441
သညာက္ခန္ဓာ 28
သညာက္ခန္ဓာ၌ ဉဒယရှုပုံ - ပါဠိတော် 188
သညာက္ခန္ဓာ၌ ဝယရှုပုံ - ပါဠိတော် 188
သညုပါဒါနက္ခန္ဓာ 111
သဏ္ဌာန 555
သတ္တက္ခတ္တုပရမ 450
သတိပဋ္ဌာန်ကျင့်စဉ် စတုတ္ထဆင့်သို့ ဆိုက်ပြီ 327
သတိပဋ္ဌာန်ကျင့်စဉ် - တတိယဆင့် 248
သတိပဋ္ဌာန်ကျင့်ထုံး ဉပဒေသများ 54
သတိပဋ္ဌာန် လေးပါး = အနုပဿနာ လေးပါး 291
သတိပဋ္ဌာန် လေးပါး ပြည့်စုံပြီ 473
သတိပဋ္ဌာန်လေးပါးသို့ ဝင်သွားပုံ 21, 309
သတိပြုရန် အချက်တစ်ရပ် 14
သတိပြု၍ မှတ်သားပါ 7

သဒ္ဒနဝကကလာပ် 21
သဒ္ဒါရုံ 20
သဒ္ဒါရုံလိုင်း 18
သဒ္ဓါနုသာရီ 387
သဒ္ဓါဝိမုတ္တ 387
သဒ္ဓိန္ဒြေ အဖြစ်များပုံ 375
သန္တတိပစ္စုပ္ပန် 101
သန္တာပဋ္ဌ 503
သန္တာ သန္တာ 611
သန္တိက 29
သန္တိသုခနိဗ္ဗာန်တရားတော်မြတ် 644
သန္နိကဋ္ဌပန 137
သန္နိရုမ္ဘန 137
သဗ္ဗတ္ထက - ပါရိဟာရိယ 541
သဘာဂပရိစ္ဆေဒ 555
သဘာဂ - ဝိသဘာဂ 62
သဘာဝ၏အစွမ်းဖြင့် ဩဠာရိက သုခုမ ဖြစ်ပုံ 37
သမထစွမ်းအား ဝိပဿနာစွမ်းအား 489
သမထနှင့် ဝိပဿနာ 62, 71
သမထဗလ ဝိပဿနာဗလ 489
သမ္မဋ္ဌိစ္ဆိုင်း - ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 208
သမ္မဋ္ဌိစ္ဆိုင်း - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 207
သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ 208
သမ္မဋ္ဌိစ္ဆိုင်း သင်္ခါရက္ခန္ဓာ၌ ဥဒယရှုပုံ 207
သမ္မဋ္ဌိစ္ဆိုင်း - သညာက္ခန္ဓာ၌ ဥဒယရှုပုံ 207
သမ္မတ္တနိယာမ 129
သမ္မပ္ပဓာန် လေးပါး 476
သမ္မသနအပြား 50
သမာဒဟံ စိတ္တံ 317
သမုစ္ဆေဒနိရောဓ 196
သမုစ္ဆေဒပ္ပဟာန် 517
သမုဒယဓမ္မာနုပဿီပိုင်း 197
သမုဒယဝယဓမ္မာနုပဿီဟူသည် 221
သမုဒယသစ္စာ 237
သမုဒယသစ္စာအနက် (၄) ချက် 504
သမုဒ္ဒေါ မယာ ဒိဋ္ဌော 237
သမ္မောဟဝိနောဒနီအဋ္ဌကထာ၏ ဖွင့်ဆိုချက် 452
သမ္မောဟဝိနောဒနီ အဋ္ဌကထာနှင့်
မူလဋီကာ အဖွင့် 58
သယနာသနသန္တောသ C
သယံဝသီ 49
သယံဝသီအတ္တ 16
သရသ 422
သလ္လတော 86
သဝနူပစာရ 32
သဝိညာဏကအသုဘ 62
သဝိညာဏကအသုဘ = ရှင်အသုဘရှုကွက် 69
သဟေတုအနတ္တသုတ္တန် 10
သဟေတုအနိစ္စသုတ္တန် 10
သဟေတုဒုက္ခ သုတ္တန် 10
သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်ရှုကွက်များ 53
သာမိအတ္တ 16
သာမိသ 22
သာသဝတော 93
သာသဝဝေဒနာ 39
သီတ 401
သီမာသမ္ဘေဒ = အပိုင်းအခြားဖြိုရန် 621
သီဟောပမသုတ္တန် 47
သုခ 558
သုခပဋိပဒါ 415
သုခ ပဋိသံဝေဒီ 311
သုခ = ဝိပဿနာသုခ 258
သုခိတာ ဟောန္တု 629
သုခုမ 29
သုညတ 550
သုညတ အမည်ရပုံ 379
သုညတာနုပဿနာ 161, 165
သုညတာနုပဿနာဉာဏ် 517
သုညတော 99, 134
သုညံ 607
သုတ္တ 427
သုဒ္ဓဝိပဿနာနှင့် သမထဝိပဿနာ 326

သူသေကောင် (၉) မျိုး 66
သေအသုဘ ရှုကွက် 64
သေသူ - ရှင်သူ = လူသေ နှင့် လူရှင် 329
သောကဓမ္မတော 95
သောတအကြည် 29
သောတဝိညာဏ် -ဝိညာဏက္ခန္ဓာ၌ ဥဒယရှုပုံ 218
သောတဝိညာဏ် - ဝိညာဏက္ခန္ဓာ၌ ဝယရှုပုံ 219
သောတဝိညာဏ် - ရူပက္ခန္ဓာ၌ ဥဒယရှုပုံ 217
သောတဝိညာဏ် - ရူပက္ခန္ဓာ၌ ဝယရှုပုံ 217
သောတဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဥဒယရှုပုံ 218
သောတဝိညာဏ် - ဝေဒနာက္ခန္ဓာ၌ ဝယရှုပုံ 218
သောတာနုဂတသုတ္တန် 426
သောတာပန် ပုဂ္ဂိုလ် 466
သောတာပန် သုံးမျိုး 450
သံကိလေသိကဓမ္မတော 95
သံဃရက္ခိတမထေရ်မြတ်ကြီး၏
အလုပ်အကျွေး သာမဏေ 554
သံယောဂဋ္ဌ 504
သံသာရဒုက္ခ 133
သုံးမည်ရ ဉာဏ် 387
သတ်မှတ်ပေးသောတရား 450

[ ဟ ]

ဟတဝိက္ခိတ္တက 635
ဟတ္ထေဂဟိတပဥ္စဝတ္ထု = လက်ကိုကိုင်၍
ပြောပြသော ဝတ္ထု 62
ဟီန 29
ဟီန - ပဏီတ = အယုတ် - အမြတ် 43
ဟီနရုပ် - ပဏီတရုပ် 30
ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ 154
ဟေတုအကြောင်း 80
ဟေတုဋ္ဌ 508
ဟေတွဋ္ဌ 508


**မှတ်သားဖွယ်ရာ အက္ခရာစဉ် အညွှန်း ပြီး၏။**